http://www.dhammadownload.com

စိတ်ကူးချိုချိုအနုပညာ

ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ

|၏|

ဝိပဿနာရှုနည်းများ ပေါင်းချုပ်

ပထမအုပ်

ကျော်နန္ဒအောင်

စုဆောင်းပူဇော်သည်

ကျော်နန္ဒအောင် ● ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ ● ဝိပဿနာရှုနည်းများ ပေါင်းချုပ်

SEIKKU CHO CHO

http://www.dhammadownload.com



ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ | ၈၅ |

ဝိပဿနာရှုနည်းများပေါင်းချုပ်

ပထမအုပ်

ကျော်နန္ဒအောင်

စုဆောင်းပူဇော်သည်

http://www.dhammadownload.com

စိတ်ကူးချို့ချို့အနုပညာ
၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း-၅၄၆၈၄၅၊ ၉၂၆၆၂၄

1/2/2011, 3:17 PM

http://www.dhammadownload.com

ဒို့တာဝန်အခရေးဆုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

နိုင်ငံခရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားခရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုခရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

http://www.dhammadownload.com

စိတ်ကူးချိုချိုစာအုပ်

ကျေးရွှေးတော်ရှင်ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်းများ ၉ တွဲပေါင်းချုပ်

ကျော်နန္ဒအောင်

စုဆောင်းပူဇော်သည်။

(ပထမအုပ်)

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ
ပထမအကြိမ်

http://www.dhammadownload.com

ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ၏ဝိပဿနာဂူနည်းများပေါင်းချုပ် ပထမတွဲ

ပုံနှိပ်မှတ်တမ်း

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက် စာအမှတ် ၁၁၉/၀၁/(ပုံနှိပ်)သသန-၁၀၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်(မှတ်ပုံတင်အမှတ် - ၀၃၈၄၃၊ ၀၂၄၀၅) ဖြင့် ရိုက်နှိပ်ခွင့်ပြု၍ ဦးတင်အောင်ကျော် (မြ-၀၇၀၅၃)၊ စွယ်တော်ပုံနှိပ်တိုက်၊ အမှတ် ၁၄၇၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့က အဖုံးနှင့်အတွင်းစာသားများကို ရိုက်နှိပ်ပါသည်။ ပေါင်းချုပ် ပထမအကြိမ် စောင်ရေ- ၅၀၀ရိုက်နှိပ်ကာ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် တန်ဖိုး ၈၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် · ကိုမြင့်၊ ညိုဝင်းမြင့်

http://www.dhammadownload.com

မာတိကာ

ပထမအုပ်

– ကန်တော့ပန်းလွှာ ဃ
– ဝိပဿနာရှုနည်းများ (စာရေးသူ၏အမှာစာ) င
– ရတနာပုံဆိုက်သော်လည်း ထိုက်တန်မှ (မောင်သွေးချွန်) ဆ
– ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်းများ (ဦးထွန်းလှိုင်) ည
– ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)၏ ဆန္ဒမွန် ဖ
၁။ လယ်တီဆရာတော်ဘုရားကြီး ၁
၂။ မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး ၁၂
၃။ မိုးညှင်းဆရာတော်ဘုရားကြီး ၂၄
၄။ စွန်းလွန်းဆရာတော်ဘုရားကြီး ၄၁
၅။ ဟံသာဝတီဆရာတော်ဘုရားကြီး ၅၄
၆။ တောင်ပုလုတောရကမ္ဘာအေးဆရာတော်ဘုရားကြီး ၆၄
၇။ မိုးကုတ်ဆရာတော်ဘုရားကြီး ၈၀
၈။ ကသစ်ဝိုင်ဆရာတော်ဘုရားကြီး ၁၀၁
၉။ မဟာစည်ဆရာတော်ဘုရားကြီး ၁၂၀
၁၀။ ဘုန်းတော်ကြီးဦးသီလ ၁၃၉
၁၁။ ပခုက္ကူအရှေ့တိုက်ဆရာတော်ဘုရားကြီး ၁၄၉
၁၂။ ကန့်ရွေသိမ်တော်တောရဆရာတော်ဘုရားကြီး ၁၆၀
၁၃။ ပြည်မြို့နိဗ္ဗိန္နတောရဆရာတော်ဘုရားကြီး ၁၉၃
၁၄။ မူလသပိတ်အိုင်တောရဆရာတော်ဘုရားကြီး ၂၁၄
၁၅။ ဝန်းသိုခန္ဓီးဆရာတော်ဘုရားကြီး ၂၂၉
၁၆။ ဝေဘူဆရာတော်ဘုရားကြီး ၂၅၉
၁၇။ မြောင်းမြဝေဠုဝတီဆရာတော်ဘုရားကြီး ၂၈၄
၁၈။ မျောက်တစ်ရာတောရဆရာတော်ဘုရားကြီး ၃၀၄
၁၉။ ပထမရွှေကျင်ဆရာတော်ဘုရားကြီး ၃၁၅
၂၀။ ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ၃၃၈
၂၁။ မန်လည်ဆရာတော်ဘုရားကြီး ၃၅၈

F1A

http://www.dhammadownload.com

၂၂။ စစ်ကိုင်း ပထမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ၃၇၂
၂၃။ သိမ်တောင်အင်းမကြီးတောရဆရာတော်ဘုရားကြီး ၃၈၇
၂၄။ သိမ်တောင်ဆည်ကြီးတောရဆရာတော်ဘုရားကြီး ၄၀၅
၂၅။ တော်ကူးဆရာတော်ဘုရားကြီး ၄၂၈
၂၆။ အင်းလေးရွှေဥဒေါင်းတောင်ဆရာတော်ဘုရားကြီး ၄၄၃
၂၇။ အရှေ့ပရက္ကမဆရာတော်ဘုရားကြီး ၄၅၉
၂၈။ သီးလုံးဆရာတော်ဘုရားကြီး ၄၈၂
၂၉။ ထွဋ်ခေါင်ဆရာတော်ဘုရားကြီး ၅၁၀
၃၀။ ညောင်လွန်တောရဆရာတော်ဘုရားကြီး ၅၂၂
၃၁။ ရွှေတောင်ဦးတိကွိန္ဒြိယဆရာတော်ဘုရားကြီး ၅၅၀
၃၂။ လယ်တီဦးနန္ဒိယ(သဲဖြူ)ဆရာတော်ဘုရားကြီး ၅၇၆
၃၃။ ရေနံချောင်းဘေးမဲ့ဆရာတော်ဘုရားကြီး ၆၀၂
၃၄။ မောင်းထောင်ဆရာတော်ဘုရားကြီး ၆၁၄
၃၅။ တောင်တန်းနယ်ခြားသာသနာပြုဆရာတော်ဘုရားကြီး ၆၂၆
၃၆။ မိတ္ထီလာဝမ်းတော်ပြည့်ဆရာတော်ဘုရားကြီး ၆၄၃
၃၇။ ကန်တော်မင်းကျောင်းဆရာတော်ဘုရားကြီး ၆၆၄
၃၈။ သေကျွတောင်ဆရာတော်ဘုရားကြီး ၆၉၃
၃၉။ ဒီပဲရင်းဆရာတော်ဘုရားကြီး ၇၂၀
၄၀။ တောင်ပွားဆရာတော်ဘုရားကြီး ၇၄၂
၄၁။ မင်းကွန်း ပထမ ဓမ္မနာဒဆရာတော်ဘုရားကြီး ၇၆၇
၄၂။ ရွှေဟင်္သာဆရာတော်ဘုရားကြီး ၇၈၃
၄၃။ ဖားအောက်တောရ သစ်သီးဆရာတော်ဘုရားကြီး ၇၉၉

ဒုတိယအုပ်

၄၄။ အနောက်ပရက္ကမချောင်ဆရာတော်ဘုရားကြီး ၈၁၃
၄၅။ မင်းကွန်း တိပိဋကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ၈၃၀
၄၆။ စတုဂီရိ တောင်လေးလုံး ဆရာတော်ဘုရားကြီး ၈၄၈
၄၇။ အင်ကြင်းမြောင်တောရ ဆရာတော်ဘုရားကြီး ၈၆၁
၄၈။ မြို့မိဆရာတော်ဘုရားကြီး ၈၉၀
၄၉။ ခေမာသီဝံဆရာတော်ဘုရားကြီး ၉၁၄
၅၀။ စစ်ကိုင်း ဝိဇ္ဇောဒယချောင်ဆရာတော်ဘုရားကြီး ၉၃၇
၅၁။ ရွှေဂူတောရဆရာတော်ဘုရားကြီး ၉၅၃
၅၂။ စလင်းကန်လယ်ဆရာတော်ဘုရားကြီး ၉၇၃

http://www.dhammadownload.com

၅၃။ ကွမ်းတော တောရဆရာတော်ဘုရားကြီး ၉၈၉
၅၄။ ကျောက်ထီးတန္တ ဆရာတော်ဘုရားကြီး ၉၉၇
၅၅။ ပန်းလွှားဆရာတော်ဘုရားကြီး ၁၀၂၀
၅၆။ မှန်ကင်းဆရာတော်ဘုရားကြီး ၁၀၄၁
၅၇။ ငှက်တွင်းဆရာတော်ဘုရားကြီး ၁၀၅၄
၅၈။ ပထမ ဂျုံးဂျုံးကျတောရဆရာတော်ဘုရားကြီး ၁၀၇၄
၅၉။ ရေးမြို့ပစ္ဆိမာရုံဆရာတော်ဘုရားကြီး ၁၀၉၁
၆၀။ ပိုက်ကျုံးဆရာတော်ဘုရားကြီး ၁၁၀၉
၆၁။ ပခုက္ကူဆရာတော်ဘုရားကြီး ၁၁၄၀
၆၂။ အောင်ခဲ့စဉ်ဆရာတော်ဘုရားကြီး ၁၁၆၃
၆၃။ သူငယ်တော်တောရဆရာတော်ဘုရားကြီး ၁၁၈၆
၆၄။ ဇေယျဝတီ ဦးသီလာစာရဆရာတော်ဘုရားကြီး ၁၂၀၂
၆၅။ တေဇစက္ကီဆရာတော်ဘုရားကြီး ၁၂၂၆
၆၆။ မြေငူရွာ သရက်တော တောရဆရာတော်ဘုရားကြီး ၁၂၃၉
၆၇။ လူသိမခံလိုသောဆရာတော်ဘုရားကြီး ၁၂၆၅
၆၈။ အမတမဂ္ဂဓမ္မသာသနာ့ရိပ်သာဆရာတော်ဘုရားကြီး ၁၂၈၀
၆၉။ ရေဦးဆရာတော်ဘုရားကြီး ၁၃၀၇
၇၀။ ရွှေသာလျောင်းဘုရားသိမ်တော်ဆရာတော်ဘုရားကြီး ၁၃၁၆
၇၁။ သစ္စာဒီပကဆရာတော်ဘုရားကြီး ၁၃၃၉
၇၂။ ဖားအောက်တောရဆရာတော်ဘုရားကြီး ၁၃၆၂
၇၃။ တံခွန်တိုင်အနောက်ကျောင်းဝိပဿနာအလင်းပြဆရာတော်ဘုရားကြီး ၁၃၈၁
၇၄။ ရွှေဥမင်တောရဆရာတော်ဘုရားကြီး ၁၄၀၁
၇၅။ မူလတောင်ကိုးလုံးအုံကြီးဘေးမဲ့ဆရာတော်ဘုရားကြီး ၁၄၂၅
၇၆။ မွေတော်ကျွန်းဆရာတော်ဘုရားကြီး ၁၄၄၁
၇၇။ မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး ၁၄၅၆
၇၈။ အလိုတော်ပြည့်ဆရာတော်ဘုရားကြီး ၁၄၉၁
၇၉။ မူလဓမ္မဒူတတောရဆရာတော်ဘုရားကြီး ၁၅၁၆
၈၀။ မဟာဇောဓိမြို့ဆရာတော်ဘုရားကြီး ၁၅၃၅
၈၁။ အောင်လံဆရာတော် အရှင်စန္ဒိမာဆရာတော်ဘုရားကြီး ၁၅၆၇

http://www.dhammadownload.com

ကန်တော့ပန်းလွှာ

၅၅ ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ၏ ဝိပဿနာ ရှုနည်းများ ၉ တွဲပေါင်းချုပ်ကျမ်းဖြင့် ကျေးဇူးတော်ရှင် ဆင်ဒသိရိတိပုစ္ဆက မဟာစည်ဆရာတော်ဘုရားကြီး၊ လှိုင်မဟာစည်ဆရာတော် ဘဒ္ဒန္တ စန္ဒဝရမဟာထေရ်တို့နှင့် ရှုနည်းအသီးသီးတို့အတွက် ခွင့်ပြု၊ ညွှန်ကြား တော်မူကြသည့် ဆရာသခင်အသီးသီးတို့အားလည်းကောင်း၊ စာအုပ်များ ဝှေးရမ်းခြင်း၊ အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်း စသည်ဖြင့် ကူညီကြကုန်သော ဆရာသမား၊ မမွမိတ်ဆွေတို့အားလည်းကောင်း၊ မိဘနှစ်ပါးနှင့်တကွ အနန္တကျေးဇူးရှင် ဆရာအရှင်မြတ်တို့အားလုံးကို ၅၅နေရာမှ လေးမြတ်စွာ ဦးခိုက်ပူဇော်အပ်ပါသည်။

လေးမြတ်စွာဖြင့်
ကျော်နန္ဒအောင်
(စုဆောင်းရေးသားစီစဉ်ပူဇော်သူ)
၂၉-၁၀-၂၀၁၀

http://www.dhammadownload.com

ဝိပဿနာရှုနည်းများ

ကျွန်တော်သည် ၁၉၆၈ ခုနှစ်တွင် ကျေးဇူးတော်ရှင် ဆရာတော်ကြီး ၉ ပါး၏ ဝိပဿနာရှုနည်း (၉)နည်း ပထမတွဲစာအုပ်ကို စုဆောင်းပူဇော်၍ ထုတ်ဝေခဲ့ပါသည်။ ထို့နောက် ဆက်လက်၍ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမတွဲ စသည်များကို အလျဉ်းသင့်သလို ပူဇော်ထုတ်ဝေဖြစ်ခဲ့သည်။ ပထမတွဲသည် ဒုတိယကမ္ဘာစစ်ကြီးအပြီး မျက်မှောက်ခေတ်တွင် ထင်ရှားကျော်ကြားသည့် ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်းများဖြစ်သဖြင့် ဖတ်ရှုကျင့်ကြံကြသူ များပြားကြောင်း တွေ့ရှိခဲ့ရသည်။ အကြိမ်ကြိမ်လည်း ရိုက်နှိပ်ထုတ်ဝေခဲ့ရပါသည်။

ဝိပဿနာရှုနည်းအတွဲများကို အလျဉ်းသင့်သည့် စာပေတိုက်များနှင့် ရိုက်နှိပ်ခဲ့ရသဖြင့် ရှုနည်းအတွဲများမှာ တစ်စဆီ ပြန့်ကျဲနေခဲ့ရပါသည်။ အတွဲ ၅ တွဲ ထုတ်ဝေပူဇော်ခဲ့ပြီးဖြစ်သဖြင့် ရှုနည်းများအနေဖြင့် ဆရာတော်ကြီး ၄၅ ပါးအထိ ပူဇော်ခဲ့ပြီးဖြစ်ပါသည်။ ထိုဆရာတော်ကြီးများ၏ သာဝကများမှာလည်း များစွာရှိပေရာ မိမိတို့ ဆရာတော်၏ ရှုနည်းများကို ဖတ်ရှုကျင့်ကြံပွားများလိုသူတို့အတွက် အခက် အခဲများစွာ ရှိခဲ့ရပါသည်။

ထိုသို့ လိုအပ်နေသော ဝိပဿနာကျင့်စဉ်ကွက်လပ်ကို ပါရမီစာပေက ဖြည့်ဆည်းပေးလိုက်နိုင်ပြီ ဖြစ်ပါသည်။ ရှုနည်းအတွဲများကို တစ်တွဲလျှင် ၉ ပါးစီဖြင့် သူ့မူလအတိုင်း ထုတ်ဝေမည်ဖြစ်ပြီး စာအုပ်၏ အမည်ကို **ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်းများ** ပထမတွဲ၊ ဒုတိယတွဲ စသည်ဖြင့် ပြန်လည်၍ အစဉ်အတိုင်း ထုတ်ဝေရန် ပါရမီစာပေ ဦးကျော်ဦးနှင့် စာရေးသူတို့ ညှိနှိုင်း၍ သဘောတူခဲ့ကြပါသည်။ နောက်ထပ် ရေးသားပူဇော်ထားသည့် ဆဋ္ဌမတွဲ၊ သတ္တမတွဲ၊ အဋ္ဌမတွဲ၊ နဝမတွဲနှင့်ပါဆိုလျှင် စုစုပေါင်း ဝိပဿနာရှုနည်းအတွဲပေါင်း ၉ တွဲ အထိ ထွက်ပေါ်လာမည် ဖြစ်ပေသည်။

ရှုနည်းများကို ကြည်ဖြူစွာ ခွင့်ပြုတော်မူခဲ့ကြသည့် ဆရာတော်ကြီးများနှင့် သာဝကကြီးများကိုလည်း ဤနေရာမှ ဦးခိုက်ပူဇော်အပ်ပါသည်။

ထို့ကြောင့် ဝိပဿနာရှုနည်းအတွဲများနှင့် အတန်ကြာ ကင်းကွာနေကြသည့် ရဟန်းရှင်လူပြည်သူများအနေဖြင့် ဝိပဿနာရှုနည်းအတွဲများကို စဉ်ဆက်မပြတ် ဖတ်ရှုကြည်ညိုပွားများရတော့မည် ဖြစ်ပါကြောင်း ဤပထမတွဲမှနေ၍ သတင်းကောင်းပါးအပ်ပါသည်။ စေတနာသဒ္ဓါတရား ရှေ့ထား၍ ဝိပဿနာရှုနည်း အတွဲများကို ၇ တွဲအထိ ထုတ်ဝေပေးပါသော ပါရမီစာပေမိသားစုမှ ဦးကျော်ဦးနှင့်

http://www.dhammadownload.com

အမှာစာများ ရေးသားချီးမြှင့်ပေးပါသော ဆရာကြီး ဦးထွန်းလှိုင် (ဝိနယပါရဂူ)၊ ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)၊ ဆရာမောင်သွေးချွန်တို့ကို ကျေးဇူး အထူးတင်ပါကြောင်းနှင့် ယခုအခါ ပုံမနှိပ်ရသေး သည့် အဋ္ဌမတွဲနှင့် နဝမတွဲပါ တပေါင်းတစည်း တည်း ထုတ်ဝေပေးပါသော စိတ်ကူးချီချီစာပေအား လည်း အထူးပင် ကျေးဇူးတင်ပါကြောင်း မေတ္တာ စကား ဆိုပါရစေ။

○

ကျန်းမာချမ်းသာကြပါစေ
ကျော်နန္ဒအောင်

http://www.dhammadownload.com

ရတနာပုံဆိုက်သော်လည်း ထိုက်တန်မှ • • •

ဆရာကျော်နန္ဒအောင်ကို လူချင်း မရင်းနှီးမီကပင် ဆရာ၏ ဓမ္မစာပေများနှင့် ရင်းနှီးခဲ့ပြီးဖြစ်ပါသည်။ အထူးသဖြင့်တော့ 'ကျော်နန္ဒအောင်' ကို 'ကျော်နန္ဒအောင်' ဖြစ်စေခဲ့သော... 'ကျေးဇူးရှင်ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်း ၉ နည်း' စာအုပ်ကြီးမှာ... ရင်းနှီးရုံမျှမက အသက်တမျှပင် စွဲစွဲမြဲမြဲရှိလာခဲ့ပါသည်။ ရည်ညွှန်းစာအုပ် ကိုးကားစာအုပ်အဖြစ် လက်တစ်ကမ်းမှာ အမြဲထားရသော စာတစ်အုပ်ဖြစ်ခဲ့ပါသည်။ စာပေရေးသားမှုအတွက် ကိုးကားရုံသက်သက်မျှမဟုတ်၊ 'အကျင့်စခန်း' အတွက်လည်း လမ်းညွှန်မှုပေးနေသော စာအုပ်ကြီးအဖြစ် အကြိမ်ကြိမ်ဖတ်ရှုခဲ့ရပါသည်။ တစ်ခါဖတ်တိုင်းလည်း အသိသစ်၊ အမြင်သစ် တိုးပွားအောင် စွမ်းဆောင်နိုင်သော စာအုပ်ကြီးဖြစ်ပါသည်။ ဥပမာ... ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အာနာပါနကမ္မဋ္ဌာန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားပုံမျိုး ဖြစ်ပါသည်။

'ဝင်လေကိုတစ်ခါရှူလိုက်ရင် နှလုံးဟာ လေးကြိမ် လှုပ်ရှားရမယ်၊ ညွှစ်ထုတ်ရမယ်၊ တစ်မိနစ်မှာ ၁၆ ကြိမ်မှ ၁၈ ကြိမ်အထိ အသက်ကို ရှူရှိုက်ရမယ်။ နှလုံးကတော့ ၆၄ ကြိမ်မှ ၇၂ ကြိမ်အထိ လှုပ်ရှား ညွှစ်ထုတ်ရတော့ လေ (အသက်)ကို မြန်မြန်ရှူလိုက်ရင် နှလုံးဟာပင်ပန်းပြီး တရားမရဘဲ ရောဂါရဖို့သာသေချာနေပါတယ်...'

ဘယ်လောက်တိကျပါသနည်း၊ ဆေးသိပ္ပံခန္ဓာဗေဒတွေ့ရှိချက်များထက်ပင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မဉာဏ်အမြင်က ပို၍ စေ့စပ်သေချာနေတော့သည်။ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ခန္ဓာကိုယ်အလုပ်လုပ်ပုံ၊ အဆုတ်,အသည်း, နှလုံး,သွေးကြောများအလုပ်လုပ်ပုံကို နာမ်၏ အလုပ်လုပ်ပုံနှင့်ဆက်စပ်ဆက်နွယ်၍ သရုပ်ခွဲပြထားသည်။

ဤသို့သော ရှားရှားပါးပါး မှတ်သားစရာများကို သိ, မြင်ခွင့်ရခဲ့သည်မှာ ဆရာကျော်နန္ဒအောင် အစုအဆောင်းကောင်းသောကြောင့် ဖြစ်ပါသည်။ ကျေးဇူးရှင်ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်း ၉ နည်းဟု ဆိုသည့်အတိုင်း ဆရာတော်ကြီး ၉ ပါး၏ ထေရပွတ္တိအကျဉ်း၊ ဝိပဿနာရှုနည်းနှင့် ဩဝါဒအနှစ်ချုပ်များကို ဆရာတော်ကြီးများ၏ ကြည်ညိုဖွယ်ရာ ပုံတော်များနှင့်တကွ ဖော်ပြထားပါသည်။

ဆရာကျော်နန္ဒအောင် စုဆောင်းပူဇော်ခဲ့သော ဆရာတော်ကြီးများမှာလည်း တိုင်းသိပြည်သိ ကမ္ဘာသိ ဆရာတော်ကြီးများချည်း ဖြစ်ပါသည်။ ကမ္ဘာဗုဒ္ဓဘာသာသမိုင်းတွင် ဦးထိပ်ထားရမည့် ဆရာတော်ကြီးများချည်း ဖြစ်ပါသည်။ ဆရာတော်ကြီး ၉ ပါး၏ ဝိပဿနာရှုနည်း ၉ နည်း (ပဋ္ဌမတွဲ) အထိဆိုလျှင်

http://www.dhammadownload.com

ဆရာတော်ကြီးများ ၄၅ ပါး၏ ဝိပဿနာရှုနည်းများကို အားပါးတရ ပူဇော်ပြီးခဲ့လေပြီ။ ဤ၌ ဤမျှ စုဆောင်းပူဇော်နိုင်လောက်သော ဆရာကျော်နန္ဒအောင်၏ သဒ္ဓါတရားနှင့်လုံ့လဝီရိယတို့ကိုလည်း ဤစာအုပ်ကြီးများကပင် သက်သေခံနေပြီဖြစ်ပါသည်။

အမှန်စင်စစ်တော့... ဤ၌ ဤမျှ လေးနက်ခိုင်မာလှသည့် ဓမ္မစာပေ (ဝိပဿနာရှုနည်းများ)ကို စုဆောင်းပူဇော်နိုင်ခြင်းမှာ ဆရာကျော်နန္ဒအောင်ကိုယ်တိုင်မှာ ဓမ္မဓာတ်ခံရှိနေသောကြောင့်(ဝါ)ကိုယ်တိုင်အားထုတ်ထားသောကြောင့်သာလျှင် အထမြောက် အောင်မြင်ခြင်းဖြစ်ကြောင်း သိသာထင်ရှားလှပါသည်။ ထို့ကြောင့်လည်း ရနိုင်ခဲသော စာမူအမျိုးအစားများကို ကျော်နန္ဒအောင် စုဆောင်းရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဆရာကျော်နန္ဒအောင် အကူအညီတောင်းသမျှ ဆရာတော်ကြီးများ၏ သက်ဆိုင်ရာတပည့်ဒကာများက လိုလိုလားလား ကူညီရေးသားပေးခဲ့ကြပါသည်။ ဤသို့ တပည့်ရင်း ဒကာရင်းများကိုယ်တိုင်က တာဝန်ယူ၍ ရေးသားပေးသောစာမူများဖြစ်ခြင်းကြောင့်... ဝိပဿနာရှုမှတ်နည်းများနှင့် စပ်လျဉ်းပြီး ရွတ်ချော်တိမ်းယိမ်းမှု မရှိနိုင်တော့ဘဲ ယုံကြည်အားကိုးထိုက်သော ကျမ်းတစ်စောင် ပေတစ်ဖွဲ့ ဖြစ်လာခဲ့ပါသည်။ ဆရာကျော်နန္ဒအောင်ကလည်း ဆိုင်ရာအခန်းများ၏ အဖွင့်တွင် စာမူချီးမြှင့်သော ရဟန်းပညာရှိ လူပညာရှိတို့ကို ရှိခိုးကန်တော့ပန်းဆင်ကာ ကျေးဇူးတင်ကြောင်း ဖော်ပြထားလေရာ ဆရာ၏ရိုးသားမှု ကျေးဇူးသိတတ်မှုတို့အတွက် သာဓု ခေါ်ရပြန်ပါသည်။

စိမ်းလန်းသော တောအုပ်ကြီးအတွင်း နှစ်သက်ရာ သစ်ရိပ်အောက်တွင် ခိုနားအပန်းဖြေနိုင်သကဲ့သို့ ဝိပဿနာရှုနည်းအစုံစုံတွင် မိမိစရိုက်နှင့်ကိုက်မည့် ရှုမှတ်နည်းဖြင့်သာ စွဲစွဲမြဲမြဲ အားထုတ်ကြရန် ဖြစ်ပါသည်။ ရွေတိုဂုံဘုရား ရင်ပြင်တော်သို့ အရှေ့အနောက် တောင်မြောက် နှစ်သက်ရာ စောင်းတန်းမှ တက်ရောက်နိုင်ပါသည်။ အရေးကြီးသည်မှာ ရည်ရွယ်ရင်းဖြစ်သော ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်လာဖို့ပဲ ဖြစ်ပါသည်။ တက်ရောက်ရန် စောင်းတန်းချင်းမတူသဖြင့် ငြူငူငြင်းခုန်ရန်အကြောင်းမရှိပါ။ ရန်ကုန်သို့ လာရာတွင် ကား၊ ရထား၊ သင်္ဘော၊ လေယာဉ် ဘာနှင့်ပဲလာလာ ရန်ကုန်ရောက်ဖို့သာ လိုရင်းဖြစ်ပါသည်။

ကျေးဇူးရှင်ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်း ၉ နည်းမှာ ကျွန်တော်တို့ ခိုနားရမည့် သစ်ရိပ်လည်းဖြစ်ပါသည်။ ကျွန်တော်တို့ ဘုရားပေါ်သို့ တက်ရန် တည်ဖန်ပေးထားသော စောင်းတန်းကြီးများလည်း ဖြစ်ပါသည်။ မြို့တော်သို့ အရောက်သွားရန် အသင့်ပြင်ဆင်ပေးထားသော ယာဉ်ရထားများနှင့်လည်း တူပါသည်။ ဝိပဿနာရှုနည်းများကတော့ ရေကန်အသင့် ကြာအသင့် ဖြစ်နေပါချေပြီ။ ကျွန်တော်တို့ဘက်ကသာ အဆင်သင့်ဖြစ်ဖို့ လိုနေခြင်း ဖြစ်ပါသည်။

အမှန်စင်စစ်ကတော့... ဗုဒ္ဓဘုရားရှင်၏ တရားတော်များသည် ဗဟုသုတဖြစ်စေရုံမျှကိုသာ မရည်ရွယ်ပါ။ တရားတော်များအားလုံးသည် 'ကျင့်ကြံရမည်၊ အားထုတ်ရမည်'ဟူ၍သာ တည်တည်တည်း လမ်းညွှန်နေကြောင်း ဤ ဝိပဿနာရှုနည်းများ စာအုပ်ကြီးက သက်သေခံနေပါသည်။ လယ်တီ၊ မိုးကုတ်၊ မင်းကွန်းဇေတဝန်၊ မဟာစည်စသော ဆရာတော်ကြီးများသည် အလွန် စာတတ်ကြပါသည်။ စာတတ်နေရုံမျှဖြင့် တင်းတိမ်မနေခဲ့ဘဲ ဇွဲသန်သန် ဉာဏ်ကြီးကြီးဖြင့် ခရီးဆုံး ပန်းတိုင်ရောက်အောင် ကြိုးကုတ် အားထုတ်သွားခဲ့ကြပါသည်။ စွန်းလွန်းဆရာတော်ကြီးတို့ကဲ့သို့ စာပေအခြေခံနည်းပါးလှသော ဆရာတော်ကြီးများကပင် အားထုတ်မှုတစ်ခုတည်းဖြင့် ခရီးဆုံးရောက်အောင် လျှောက်လှမ်းတော်မူခဲ့ကြလေပြီ။

ကျေးဇူးရှင်ဆရာတော်ကြီးများ၏ ဝိပဿနာ

http://www.dhammadownload.com

ရှုနည်းများသည် မရောက်ဖူးသောခရီးကို မလျှောက်ဖူးသောလမ်းမှ မှန်းသန်း၍ လမ်းညွှန်နေခြင်းမဟုတ်၊ ကိုယ်တိုင်လျှောက်ခဲ့၍ ပေါက်ရောက်ခဲ့သော ခရီးလမ်းကို ပြဆိုထားခြင်း ဖြစ်ပါသည်။ လမ်းရှိပါလျက် အသွားခက်နေပါလျှင် လမ်းပြနှင့်လမ်းခရီးမှာ တာဝန်မရှိ၊ အပြစ်မရှိ။ မသွားဘဲ ထိုင်မှိုင်မိန်းမောနေသူများသာလျှင် သံသရာစက်ရဟတ်၏ ဝါးဖတ်အဖြစ် ကြိတ်ဝါးခြင်းကို အပြစ်ဒဏ်သဖွယ် ခံကြရပါမည်။

ဆရာကျော်နန္ဒအောင် စုဆောင်းပူဇော်လိုက်သော ကျေးဇူးရှင်ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်းများမှာ... သံသရာခရီးသွားများအတွက် ထွက်ပေါက်အမှန်ကိုညွှန်ပြသော လမ်းပြမြေပုံဖြစ်ပါသည်။ စိန် ရွှေငွေ ပတ္တမြားစသော လောကီရတနာ သိုက်ကြီးများရှိရာသို့ ညွှန်ပြသော မြေပုံထက်ပင် တန်ဖိုးကြီးလွန်းလှပါသည်။ ဤ ဝိပဿနာရှုနည်းများတွင် အချို့သောအကြောင်းအရာများမှာ ရှာမတွေ့အောင် ရှားပါးနေပြီ ဖြစ်ပါသည်။ (ဥပမာ– ဟံသာဝတီ ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း)

ယခုသော် ဆရာကျော်နန္ဒအောင်၏ ကျေးဇူးဖြင့် ဝိပဿနာရှုနည်းအစုံစုံကို အပုံလိုက် အပေါင်းလိုက် ရရှိလိုက်ပေရာ ရတနာပုံကြီးဆိုက်လိုက်သကဲ့သို့ပင် ရှိပါတော့သည်။ ဤရတနာများကား ဓမ္မရတနာများပါတည်း။ ဤရတနာများကား ဝိပဿနာရတနာများပါတည်း။ ရတနာနှင့် ထိုက်တန်အောင် သာ မိမိတို့၏ ကိလေသာ အညစ်အကြေးများကို ဆေးကြောသန့်စင်ကြပါလေဟူ၍ အမှာစကားပါးအပ်ပါသတည်း။

O

ကျန်းမာချမ်းသာကြပါစေ
လေးစားစွာဖြင့်
မောင်သွေးရွှန်
(၂၈၊ မတ်လ၊ ၂၀၀၅)

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ဆရာတော်ကြီးများ၏
ဝိပဿနာရှုနည်းများ

နိဒါန်း

အရှုပ်တော်ပုံကြီး ပြေရှင်းနည်း (အမေး)

"အို... ဂေါတမနွယ်ဖွား မြတ်စွာဘုရား၊ အရှင်မြတ်အား လျှောက်ထားပါရစေ။ ဤကမ္ဘာလောကသား လူအများတို့မှာ အတွင်းရှုပ် အပြင်ရှုပ် အရှုပ်များစွာဖြင့်သာလျှင် ရှုပ်ထွေးနေကြရပါသည်။ ယင်းအရှုပ် တော်ပုံကြီးကို အဘယ်သူသည် ဖြေရှင်း နိုင်ပါလိမ့်မည်နည်း....."

ဟူသော အမေးပုစ္ဆာပြဿနာကို နတ်သား တစ်ဦးသည် မြတ်စွာဘုရားထံသို့ ညဉ့်သန်းခေါင်းယံ အချိန်တွင် လာ၍ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း တော်၌ မေးလျှောက်ပါသည်။

ဤမေးခွန်းသည်ကား ကျွန်တော်တို့ ပုထုဇဉ် လူသား လူအည့်စားများနှင့် လွန်စွာသက်ဆိုင်၍ နေသည်ကို လေ့လာတွေ့ရှိရသောကြောင့် ဤနိဒါန်း မှာ စွမ်းအားရှိသမျှ သက်ဆိုင်ပုံကို ဖြေရှင်းရေးပြပါရ စေ...။

စာရှူသူ ပညာရှင် သူတော်စင်များခင်ဗျား...၊ ဤမေးခွန်းကို ကျွန်တော် ကြံစည်စိတ်ကူး၍ မေး သည် မဟုတ်ပါ၊ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ သံယုတ္တပါဠိတော်၊ သတ္တိဝဂ်- သုတ်နံပါတ်(၃) ဇဋ္ဌာသုတ်လာ-

အန္တောဇဋ္ဌာ ဗဟိဇဋ္ဌာ၊
ဇဋ္ဌာယဇဋ္ဌိတာ ပဇာ။
တံ တံ ဂေါတမ ပုစ္ဆာမိ၊
ကောကၠမံ ဝိဇဋ္ဌယေဇဋ္ဌံ-

ဟူသော ပါဠိဂါထာဖြင့် နတ်သားတစ်ဦး၏ အမေးကို ဆီလျော်အောင် မြန်မာပြန်ဆို၍ ကျွန်တော် ရေးထားခြင်းသာ ဖြစ်ပါသည်။

ဤမေးခွန်းတွင် ပါဝင်သော အတွင်းရှုပ်ဟူ သည်မှာ မိမိနှင့်သာ ဆိုင်သည့် ကိုယ်ပိုင်အရှုပ် ဖြစ်ပါ သည်။ အပြင်ရှုပ်ဟူသည်မှာ မိမိမှတစ်ပါး သော အခြားသူများနှင့်ဆိုင်သော အခြားသူများပိုင် အရှုပ် ဟူ၍ ဆိုလိုပါသည်။

ယင်း အတွင်းရှုပ်နှင့် အပြင်ရှုပ် နှစ်မျိုးပေါင်း ၍ ဤအရှုပ်တော်ပုံကြီးဖြစ်ပေါ်လာကာ လူသားတိုင်း မှာ နှောင်ဖွဲ့တုပ်ချည်ထားပါသည်။ ယင်းသို့ သတ္တဝါ တို့အား ဖွဲ့နှောင်တုပ်ချည်ထားသော အရှုပ်အထွေး ကြီးကို မည်သူသည် ဖြေရှင်းနိုင်ပါလိမ့်မည်နည်းဟူ ၍ နတ်သားက မြတ်စွာဘုရားအား အရှုပ်တော်ပုံ ဖြေနည်းကို မေးလျှောက်လိုက်ခြင်း ဖြစ်ပါသည်။

မှန်ပါသည်၊ မေးလျှောက်ရန် ထိုက်သင့်လှပါ သည်။ စာရှူသူ စဉ်းစားကြည့်ပါ။ ကျွန်တော်တို့ လူသားများသည် ကိုယ်တိုင်အတွက်ဖြစ်စေ၊ အခြား လူများအတွက်ဖြစ်စေ၊ ဦးစီးအုပ်စိုးနေသော တရားကို ရှာဖွေစစ်ထုတ်လိုက်လျှင် လိုချင်မက်မောမှု "တဏှာ" တရားသာလျှင် ဖြစ်သည်ကို တွေ့ရပါသည်။ ယင်း

http://www.dhammadownload.com

တဏှာဟူသည်မှာ အရင်းခံအားဖြင့် လောဘသာ လျှင် ဖြစ်ပါသည်။

ဘဝဟူ၍ ဖြစ်ပေါ်လာလျှင် တဏှာလောဘ ဟူသော လိုချင်မက်မောခြင်းသည် အစဆိုး,အဦးဆုံး ဖြစ်ပေါ်လာခဲ့သည်။ ယင်းကို ပါဠိဘာသာဖြင့် "ဘဝ နိကန္တိဇော" ဟူ၍ ခေါ်ပေသည်။ ကိုယ့်ဘဝကို ကိုယ် တိုင် မက်မောသည့် စိတ်အဟုန်ပင် ဖြစ်ချေသည်။ ဘဝကို နှစ်သက်သာယာ မက်မောမှုကြီးပေတည်း။ ယင်း ဘဝနိကန္တိမှ စ၍...သတ္တဝါတို့၏ စိတ်သန္တာန်၌ ဖြစ်ပွားလာလိုက်သော တဏှာလောဘတွေ... တဏှာ လောဘတွေ...ဘဝတစ်ခုအဖြစ် ရပ်တည်နိုင်ရန်အတွက် စားရေး, ဝတ်ရေး,သွားလာနေထိုင်ရေးတွေ အထွေ ထွေဖြစ်ပွားကာ များပြားရှုပ်လှပေတော့သည်။

ရှေးဦးစွာ စားရေးတစ်ခုတည်းကို ပြောကြပါ ဦးစို့၊ စားဆိုလို့ တွေ့ရာ မြင်ရာကို စားချင်သည် မဟုတ်ပါ။ ကိုယ်ကြိုက်တာ၊ ကိုယ်နှစ်သက်တာကို သာ စားချင်သည်။ ကိုယ့်စိတ်က ကောင်းသည်ဟု ထင်မှ စားချင်သည်။

ဖြစ်ရာ ရောက်ရာအချိန်တိုင်းမှာ စားချင်သည် မဟုတ်ပါ။ ကိုယ်တိုင်က လိုလား၍ စားချင်သည့် အချိန်ရောက်မှသာ စားလိုသည်။ မွတ်သိပ်ဆာ လောင်ခြင်းကင်း၍ ပြည့်တင်းနေသော အချိန်မျိုးမှာ မစားလိုချေ။

စားသောအခါ၌လည်း ကိုယ့်ရုပ်ခန္ဓာကြီးကို အလိုရှိသမျှသာ စားချင်သည်။ ယင်းအတိုင်းအတာ ထက် ပို၍လည်း မစားချင်ပေ။ လျော့၍လည်း မစား ချင်ချေ။

စားရေးနှင့်ပတ်သက်၍ ဤတဏှာလောဘ ၏အလိုအရ စားချင်သည့် အစာကို စားရပါပြီဆိုကြ ပါစို့၊ ကိုယ်လိုလားသည့် အတိုင်းအတာအရ စားရ ပြီ ဆိုကြပါစို့၊ ကိုယ့်ရုပ်ခန္ဓာကြီးက လိုလားသည့် ပမာဏထက် ပိုလည်းမပို၊ လျော့လည်း မလျော့ဘဲ တိတိကျကျ စားရပြီ ဆိုကြပါစို့၊ ပြီးသွားပြီလား၊ တော်ပြီလား၊ မပြီးသေးပါ၊ မတော်သေးပါ၊ ထပ်ကာ ထပ်ကာ စားချင်နေပါသည်။ စားရပါလိမ့်ဦးမည်။ တစ်ချိန်မဟုတ်ပါ၊ အချိန်တွေ အများကြီး စားရပါ လိမ့်ဦးမည်။ တစ်ရက် မဟုတ်ပါ၊ ရက်တွေ အများ ကြီး စားရပါလိမ့်ဦးမည်။ တစ်လ မဟုတ်ပါ၊ လတွေ အများကြီး စားရပါလိမ့်ဦးမည်။

စားပြီးတော့ကော ကောင်းတာဖြစ်လျှင် ဘယ်လောက် ကောင်းနေနိုင်သနည်း၊ မကောင်းတာ ကော မဖြစ်နိုင်ဘူးလား... သေသေချာချာ စဉ်းစားပါ၊ တွေးပါ၊ ကြံပါ။

ဤသည်မှာ ဘဝဟူ၍ ဖြစ်လာသည့်အခါ စားရေးအတွက် တစ်ခုတည်း၌ ဖြစ်တတ်သည့် အရှုပ် တရားအမြွက်မျှသာ ဖော်ပြခြင်းဖြစ်ပါသည်။ ဒီမျှ မကဘဲ စားရေးအတွက် ကြုံရတတ်သည့် အခက် အခဲ အရှုပ်အထွေးများစွာ ရှိနိုင်သေးသည်ကို စာရှုသူ ပညာရှင် သူတော်စင်များ ဆက်လက် တွေးကြံကြပါ လေဦး။ ထို့နောက် ဝတ်ရေးအတွက် အရှုပ်အထွေး တွေ၊ သွားလာနေထိုင်ရေးအတွက် ဖြစ်ပေါ်လာနိုင် သည့် အရှုပ်အထွေးတွေကိုလည်း မျှော်ကြည့်လိုက်ပါ လေ...။

ဤမျှအထိ ဖော်ပြခဲ့သည်တို့မှာ ကိုယ့်ဘဝရပ် တည်ရေးအတွက် လိုချင်မက်မောမှု တဏှာလောဘ ၏ အစွမ်းကြောင့် ဖြစ်ပွားလာသော စား ဝတ် သွား လာ နေထိုင်ရေးများ၏ အရှုပ်တော်ပုံ တစ်စိတ်၊ တစ် ဒေသမျှသာ ဖြစ်ပေသေးသည်။ အခြားသော ကျန်း မာရေး၊ စီးပွားရေး၊ ကြီးပွားရေးများကြောင့် တဏှာ လောဘအရင်းခံသည့် အရှုပ်တော်ပုံ ဖြစ်ရပ်များ မပါဝင်သေးချေ။ ဝတ်ရေး, သွားလာနေထိုင်ရေး များကို မျှော်ကြည့်ပါ။

ထို့အပြင် ကျန်ရှိသော ကျန်းမာရေး၊ စီးပွား ရေး၊ ကြီးပွားရေးများကြောင့် တဏှာ လောဘ အရင်း ခံသည့် အရှုပ်တော်ပုံများကား အလွန် ကြီးမားလှ လေသည်။ ခိုးမှု၊ တိုက်မှု၊ သတ်မှုများ ဖြစ်သည်အထိ

http://www.dhammadownload.com

ရင့်ကျက်ကြီးမားသော အရှုပ်တော်ပုံများအထိ ဖြစ်ပွားလာလေသည်။ ဂါတ်များ၊ ရုံးများ၊ ထောင်များအထိ အရှုပ်ကိုဖြေရှင်းရာ ဌာနများ ထားကြရလေတော့သည်။

တစ်ကိုယ်ရေအတွင်းရှုပ်က ဤမျှလောက်ကြီးမားလျှင် အပြင်ဗဟိဒ္ဓ လောကဟု ဆိုအပ်သော အခြားသူများမှာလည်း မိမိနည်းတူပင် စားဝတ်နေထိုင်ရေး အရှုပ်အထွေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကြီးပွားရေး အရှုပ်အထွေးများ ကိုယ်စီ,ကိုယ်စီ၌ ရှိနေကြမည်မှာ အမှန်မလွဲပါပေ၊ ဤသို့ အပြင်အရှုပ်အထွေးများရှိနေသည်ကို စာရှုသူများအသိပင် ဖြစ်ပါသည်။ ယင်းအပြင်ပ အရှုပ်အထွေးများကြောင့် ဖြေရှင်းရာ၌ တစ်ဦးချင်း ခိုးမှု၊ တိုက်မှု၊ သတ်မှုများမှ အစုလိုက်၊ အပြုံလိုက် ခိုးမှု၊ တိုက်မှု၊ သတ်မှု စသည်များကိုလည်း ကျူးလွန် ရှုပ်ထွေးလာတတ်ကြပြန်သောကြောင့် ဂါတ်များ၊ ရုံးများ၊ ထောင်များထား၍ ဖြေရှင်းကြရပြန်သည်။

ဖော်ပြခဲ့သည့်အတိုင်း အတွင်းရှုပ်နှင့် အပြင်ရှုပ် နှစ်မျိုးပေါင်းစပ်မိသောအခါ အရှုပ်တော်ပုံကြီးများ ဖြစ်ပေါ်လာကာ ဖြေမရ၊ ရှင်းမရ...အဝိုင်းအခြားရှိသည့် ဒေသစစ်ပွဲ၊ အဝိုင်းအခြားမဲ့ ကမ္ဘာစစ်ပွဲ၊ လူသတ်ပွဲကြီးများ ဖြစ်လာတော့သည်။ "တစ်လိမ်၊ နှစ်လိမ် ပွေလိမ်ရှုပ်သည့်၊ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်၊ ဘယ်သူဖျင်မှ သည်ရှုပ်ထွေး၊ ရှင်းပါ့မယ်လေး..."ဟူ၍ ဆိုတ, ညည်းညူရသည့် အဖြစ်သို့ ရောက်ရလေတော့သည်။

ထို့ကြောင့်... ဤနိဒါန်းတွင် အစဉ် ထား၍ ဖော်ပြခဲ့သည့်အတိုင်း နတ်သားတစ်ဦးက မြတ်စွာဘုရားထံ ချဉ်းကပ်၍ အရှုပ်တော်ပုံ ဖြေရှင်းနည်း လျှောက်ထားတောင်းပန်ခြင်း ဖြစ်လေသည်။ မြတ်ဗုဒ္ဓဘုရားရှင်က မည်သို့ အရှုပ်တော်ဖြေရှင်းနည်းကို ဖြေဆို ဟောကြားပါသနည်း။ စာရှုသူ ဆက်လက် လေ့လာပါဦး...။

အရှုပ်တော်ပုံကြီး ဖြေရှင်းနည်း (အဖြေ)

"အို...အမောင် နတ်သား... သန္ဓေပါ ပညာရှိလျက် ကြိုးစားခြင်းနှင့် အကြောင်းအားလျော်စွာ လိမ္မာသော သံသရာဘေးကို ရှုလေ့ရှိသောသူသည် သီလ၌တည်ကာ သမထတရားနှင့် ဝိပဿနာတရားကို ပွားခြင်းဖြင့် သင် ပြောသည့် အရှုပ်တော်ပုံကြီးကို ရှင်းလင်းနိုင်ပေသည်...။"

ဤသို့ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဤနိဒါန်းအစဉ် ဖော်ပြခဲ့သည့် နတ်သား မေးလျှောက်သော အရှုပ်တော်ပုံကြီး ဖြေရှင်းနည်းကို ဖြေဆို ဟောကြားတော်မူပါသည်။

ယင်းအဖြေကို မြတ်စွာဘုရားသည် သံယုတ္တနိကာယ၊ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် (ဇဋ္ဌသုတ်) စာမျက်နှာ(၁၃)၌ ဟောတော်မူပါသည်။ မူရင်းပါဠိဂါထာမှာ–

သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋံ။

ဟူ၍ ဖြစ်ပါသည်။ ယင်းမူလပါဠိတော်အဖြေဂါထာကို အထက်၌ ဖော်ပြထားသည့်အတိုင်း ကျွန်တော်က ဆီလျော်အောင် မြန်မာဘာသာ ပြန်ဆိုလိုက်ခြင်း ဖြစ်ပါသည်။ အရှုပ်တော်ပုံကြီး ဖြေရှင်းနည်း အမေးဂါထာနှင့် အဖြေဂါထာနှစ်မျိုး မြန်မာပြန်များ ဖြစ်ပါသည်။

ဤတွင် အမေးဂါထာ မြန်မာပြန်၌ မည်သို့မျှ ခဲရာခဲဆစ် သဘောအဓိပ္ပာယ် ရှင်းလင်းရေးပြရန် မလိုသော်လည်း အဖြေဂါထာ၌မူ အချို့ သောစကားလုံးများမှာ ခဲရာခဲဆစ် သဘောအဓိပ္ပာယ် ကျယ်ဝန်းလေသောကြောင့် စွမ်းအားရှိသမျှ ဖြေရှင်းချက်များ ရေးသားဖော်ပြပါအုံ...။ သံသရာဝဋ်မှ လွတ်လိုသူများ ကြိုးစားဖတ်ရှုစေချင်ပါသည်။

http://www.dhammadownload.com

အဖြေဂါထာ အဓိပ္ပာယ်ရှင်းလင်းချက်

ရေးသားဖော်ပြခဲ့သည့် အဖြေဂါထာ မြန်မာပြန်ကို ခွဲခြားကြည့်လျှင်...

၁။ သန္ဓေပါ ပညာရှိခြင်း၊

၂။ ကြိုးစားခြင်း၊

၃။ အကြောင်းအားလျော်စွာ လိမ္မာသောပညာရှိခြင်း၊

၄။ သံသရာဘေးကို ရှုလေ့ရှိခြင်း၊

၅။ သီလရှိခြင်း၊

၆။ သမထတရား–ပွားခြင်း

၇။ ဝိပဿနာတရား–ပွားခြင်း

ဟူ၍ အချက်(၇)မျိုး ပြည့်စုံမှ လိုချင်မက်မောမှု တဏှာလောဘကြောင့် ဖြစ်ပွားလာသော အရှုပ်အထွေးကြီးကို ဖြေရှင်းနိုင်လိမ့်မည်ဟူ၍ မြတ်စွာဘုရားရှင်က ဖြေဆိုကြောင်း သိနိုင်ပါသည်။

ယင်းသို့ မြတ်စွာဘုရား ဖြေဆိုဟောကြားချက်၌ပါသော အချက် ခုနစ်ချက်သည် သမထနှင့် ဝိပဿနာ ဘာဝနာနှစ်ပါးကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များမှာ အသင့်အတင့် ရှိနှင့်ထားရန်လိုအပ်ပေသည်။ လုံးဝမရှိလျှင်ကား ယောဂီတို့၏ လုပ်ငန်းစဉ်ကြီး အောင်မြင်နိုင်မည် မဟုတ်ပါချေ။ ထို့ကြောင့် ယင်းအချက်ကြီး ခုနစ်ပါးအကြောင်းကို အကျဉ်းချုပ်မျှ ရှင်းလင်းရေးပြပါအံ့...။

၁။ သန္ဓေပါ ပညာရှိခြင်း

(၁) သန္ဓေပါ ပညာရှိဟူသည်မှာ... ကျွန်တော်တို့ လူသားများ လူဖြစ်ရသည်မှာ ဗုဒ္ဓအဘိဓမ္မာသဘောအရ ပြုစုလုပ်ဆောင်ခဲ့သည့် ကာမာဝစရကုသိုလ်ရှစ်မျိုးတွင် တစ်မျိုးမျိုးက အကျိုးပေးလိုက်ခြင်းဖြစ်သည်။ ယင်းရှစ်မျိုးကြောင့် လူ့ဘုံ၌ ကာမကုသလဝိပါက်စိတ် ရှစ်မျိုးနှင့် အဟိတ်ကုသလဝိပါက်စိတ် နှစ်မျိုးဟူသော ကာမသုဂတိဝိပါက်စိတ် ဆယ်ပါးတို့မှ တစ်ပါးပါး မူလပဋိသန္ဓေစိတ် အခြေခံပြီး လူဖြစ်လာရပေသည်။

ယင်း ကာမသုဂတိပဋိသန္ဓေစိတ် ဆယ်ပါးတွင် အဟိတ်ကုသလ ဝိပါက်စိတ်နှစ်မျိုး၌ ဉာဏ်ပညာ လုံးဝမပါချေ။ ကာမကုသလဝိပါက်စိတ် ရှစ်မျိုးရှိရာတွင်လည်း လေးမျိုးမှာသာ ဉာဏ်ပညာပါသည်။ ယင်းသို့ ဉာဏ်ပညာပါသော လေးမျိုးကို ရည်ရွယ်၍ "သန္ဓေပါပညာရှိ" ဟူ၍ ဆိုပေသည်။

သန္ဓေပညာရှိသော ပဋိသန္ဓေစိတ် လေးမျိုးဟူသည်ကား...

၁။ သောမနဿသဟဂတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ဝိပါက်စိတ်၊

၂။ သောမနဿသဟဂတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ဝိပါက်စိတ်၊

၃။ ဥပေက္ခာသဟဂတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ဝိပါက်စိတ်၊

၄။ ဥပေက္ခာသဟဂတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ဝိပါက်စိတ်–

ဟူသော ပဋိသန္ဓေစိတ်လေးမျိုးပင် ဖြစ်ပေသည်။ ယင်းသို့ ဉာဏ်ပညာပါသော ပဋိသန္ဓေစိတ် လေးမျိုးတို့မှ တစ်မျိုးမျိုးဖြင့် ပဋိသန္ဓေတည်နေကာ လူဖြစ်လာသူကို ပဋိသန္ဓေပါ ပညာရှိ–ဟူ၍ ခေါ်နိုင်ပေသည်။

ဤစကားရပ်များတွင် ပဋိသန္ဓေပါ ပညာဉာဏ်ဟူသည်မှာ အဖြေဂါထာမှာပါရှိသော "သပ္ပညော" ဟူသော ပါဠိကို အဋ္ဌကထာဖွင့်အတိုင်း ပြန်ဆိုလိုက်ခြင်း ဖြစ်ပါသည်။ (သံ၊ ဋ္ဌ၊ ၁–၄၈) တိဟိတ်ပုဂ္ဂိုလ် ဖြစ်ခြင်းဟူ၍ ဆိုလိုပါသည်။ တိဟိတ်မဟုတ်ဘဲ တရားထိုင်လျှင် ဗျိုင်းကို လူစကား သင်သလို ဖြစ်တတ်ချေသည်။

၂။ ကြိုးစားခြင်း

ကြိုးစားခြင်း–ဟူသည်မှာ အဖြေပါဠိတော်ဂါထာ တတိယပါဒတွင်ရှိသော "အာတာပီ" ဟူသော ပါဠိစကားလုံးကို မြန်မာအဓိပ္ပာယ်အနက် ပြန်

http://www.dhammadownload.com

ဆိုခြင်းဖြစ်ပါသည်။ သဒ္ဒါအနက်အားဖြင့် ပြန်ရပါမူ- "ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော" ဟူ၍ ပြန်ရမည်ဖြစ်သည်။ (သံ၊ ၌၊ ၁-၄၈)

ဤ၌မူ...လိုရင်းအဓိပ္ပာယ်ကိုသာယူ၍ ကြိုးစားခြင်းဟူ၍သာ အင်္ဂါရပ်အဖြစ် ထုတ်လိုက်ပေသည်။ ယင်းကြိုးစားခြင်းဟူသည်မှာလည်း ကြိုးစားခြင်း၏ အင်္ဂါရပ်လေးချက်နှင့်အညီ-

(က) အသားတွေ ခြောက်သွားပါစေ၊
(ခ) အရေခွံသာ ကျန်ပါစေ၊
(ဂ) သွေးတွေ ခန်းခြောက်သွားပါစေ၊
(ဃ) အရိုးသာ ကျန်ပါစေ-

ဟူ၍ စိတ်ကို ဆောက်တည်လျက် တဏှာ လောဘ အရှုပ်အထွေးကြီးကို ဖြေရှင်းနိုင်အောင် တရားကို ပွားများခြင်းဖြစ်ပေသည်။

၃။ အကြောင်းအားလျော်စွာ လိမ္မာသော ပညာရှိခြင်း

အကြောင်းအားလျော်စွာ လိမ္မာသောပညာရှိခြင်း-ဟူသော စကားရပ်ကို အဖြေပါဋိတော် ဂါထာရှိ "နိပကော"ဟူသော ပါဋိစကားလုံးကို ပြန်ဆိုလိုက်ခြင်းဖြစ်သည်။ ယင်းမှာ... "နိပကောပုဒ်သည် ကျွမ်းကျင်ရင့်ကျက်သော ပညာကို ဆိုလိုသည်" စသည်ဖြင့် ဖွင့်ဆိုသော အဌကထာစကား (သံ၊ ၌၊ ၁-နှာ-၄၈)ကို ထောက်ရှု၍ မြန်မာအဓိပ္ပာယ် အနက်ယူ၍ မြန်မာပြန်ဆိုထားခြင်း ဖြစ်ပေသည်။

ယင်းသို့ အကြောင်းအရာ အားလျော်စွာ သိတတ်သည့် ပညာမျိုးကို ပါရိဟာရိယပညာ ဟူ၍ အဌကထာ၌ အမည်ပေးထားသည်။ ယင်းမှာ ဘုရားဝတ်ပြုချိန်မှာ ဘုရားဝတ်ပြုခြင်း၊ ဆွမ်းခံသွားချိန်မှာ ဆွမ်းခံသွားခြင်း စသည်ဖြင့် အကြောင်းအရာ အခါကာလအားလျော်စွာ ပိုင်းခြားသိရှိနိုင်သည့် ပညာမျိုးဖြစ်သည်။

ယင်း ပါရိဟာရိယပညာမရှိဘဲ တရားကို ပွားများအားထုတ်၍ အောင်မြင်ပေါက်မြောက်ရန် မလွယ်ကူပါချေ။ ယုန်တောင်ပြေး ခွေးမြောက်လိုက်၊ ပိုက်အနောက်ထောင်ကဲ့သို့ ဖြစ်တတ်ချေသည်။

၄။ သံသရာဘေးကို ရှုလေ့ရှိခြင်း

သံသရာဘေးကို ရှုလေ့ရှိခြင်း-ဟူသည်မှာ အဖြေဂါထာပါဋိတော် တတိယပါဒတွင်ရှိသော "ဘိက္ခု" ဟူသော စကားလုံးကို မြန်မာပြန်၍ ထားခြင်းဖြစ်ပါသည်။

ယင်း ဘိက္ခုဟူသော ပါဋိသည် ကိတ်နာမ်ပုဒ်ဖြစ်သောကြောင့် ဘေးကို ရှုမြင်တတ်သူ-ဟူ၍ လည်းကောင်း၊ ရဟန်းဟူ၍လည်းကောင်း အနက်နှစ်မျိုး ပြန်ဆိုနိုင်ပေသည်။ ဤအရာတွင်ကား ရဟန်းပုဂ္ဂိုလ်သာမကဘဲ သံသရာဘေးကို ရှုမြင်သော လူဝတ်ကြောင်များကိုလည်း ရယူသင့်သောကြောင့် ဘိက္ခုပါဋိကို သံသရာဘေးကို ရှုလေ့ရှိခြင်းဟူ၍ အင်္ဂါရပ်တစ်ချက်အဖြစ်ဖြင့် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

သံသရာဘေးကို မရှုမြင်ဘဲ သံသရာမှာ ပျော်မြူးနေသူများဖြစ်လျှင် သင်္ကန်းဝတ်ရုံနေသော ရဟန်းပုဂ္ဂိုလ်ဖြစ်စေ၊ လူဝတ်ကြောင်ပင်ဖြစ်စေ တရားပွားများမည်လည်း မဟုတ်ပါ၊ တရားပွားများ၍လည်း ပေါက်မြောက် နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် သံသရာဘေးကို ရှုလေ့ရှိခြင်းဟူ၍ အင်္ဂါရပ်တစ်ချက်အဖြစ်ဖြင့် ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

မသင့်ထင်လျှင် ပယ်နိုင်ပါသည်။

သံသရာဘေးဟူသည်မှာ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းစသည့် သံသရာဝဋ်တရားများ အဆက်မပြတ် လည်ပတ်ဖြစ်ပေါ်နေသော ဒုက္ခဆင်းရဲများ ဖြစ်ပါသည်။ ယင်းဝဋ်ဆင်းရဲများသည် တဏှာ လောဘအရှုပ်အထွေးကြီး ဖြေရှင်းမသွားသေးသမျှ ဖြစ်ပေါ်နေကြမည်သာ ဖြစ်ပါသည်။

http://www.dhammadownload.com

၅။ သီလရှိခြင်း

သီလရှိခြင်းဟူသော ငါးနံပါတ်အင်္ဂါရပ်ကို မြတ်စွာဘုရားရှင်၏ အဖြေဂါထာ ပါဠိတော် ပထမ ပါဒတွင်ရှိသော "သီလေပတိဋ္ဌာယ"ဟူသော ပါဠိကို ဆီလျော်အောင် မြန်မာပြန်ထားခြင်း ဖြစ်ပါသည်။ သီလေ-သီလ၌၊ ပတိဋ္ဌာယ-တည်၍-ဟု နိဿယ အနက်အတိုင်း မြန်မာပြန်ဆိုရမည် ဖြစ်သော်လည်း စာရှုသူများ လွယ်ကူစွာနားလည်စေရန်အတွက် သီလရှိခြင်း-ဟူ၍ မြန်မာပြန်၍ အင်္ဂါရပ်တစ်ချက် အဖြစ် ဤနိဒါန်း၌ ရေးသားလိုက်ပါသည်။

မှန်ပါသည်၊ သီလမရှိဘဲ တရားကို ပွားများအားထုတ်လျှင် "အိတ်ပေါက်နှင့် ဖားကောက်" ဟူသော မြန်မာစကားပုံကဲ့သို့ တရားထူး တရားမြတ်ကို ရနိုင်မည်မဟုတ်ပါ။ ဤသို့ အဖြေဂါထာပါ "သီလေ ပတိဋ္ဌာယ" ဟူသော ပါဠိတော်စကားအရ သီလရှိခြင်းဟူ၍ တဏှာလောဘ အရှုပ်အထွေးကို ဖြေရှင်းလိုသူတို့၌ ရှိသင့်သော အင်္ဂါရပ်တစ်ပါးအဖြစ် ထည့်သွင်းထားခြင်းသည်-

သီလမစင်ကြယ်သည့် ပညာမဲ့၌ စိတ်တည်ကြည်ခြင်း မဖြစ်နိုင်၊

စိတ်မတည်ကြည် ပျံ့လွင့်နေလျှင် သူတော်ကောင်းတရား မသိမြင်နိုင်၊

တရားကို မသိမြင်လျှင် ဒုက္ခဆင်းရဲမှ မလွတ်မြောက်နိုင်ချေ။

ဟူသော ဝိနည်းပါဠိတော်လာ တရားစကားတော်နှင့် ညီညွတ်လှပါပေသည်။

ထို့ကြောင့် လိုချင်မက်မောမှု တဏှာလောဘ အရှုပ်အထွေးကြီးကို ဖြေရှင်းလိုသော ပညာရှိသူတော်ကောင်းများမှာ သီလရှိခြင်းဟူသော ဤပဌမ အင်္ဂါရပ်နှင့်လည်း ပြည့်စုံရန် လိုအပ်လှပေသည်။

၆။ သမထတရား ပွားခြင်း

အရှုပ်တော်ပုံကြီး ဖြေရှင်းနည်းအဖြေ ပါဠိတော်ဂါထာတွင် ဒုတိယစာပိုဒ်၌ စိတ္တံ ပညဉ္စ ဘာဝယံ-ဟူ၍ ဟောထားပါသည်။ ယင်းစာပိုဒ်ကို ပါဠိသဒ္ဒါနည်းအရ စိတ္တံ စ ဘာဝယံ- ပညံ စ ဘာဝယံ-ဟူ၍ စာပိုဒ်ခွဲရသည်။

ယင်းသို့ နှစ်ပိုဒ်ဖြစ်လာသောအခါကျမှ စိတ္တံ စ- စိတ်ကိုလည်း၊ ဘာဝယံ- ပွားစေသော၊ ပညံ စ- ပညာကိုလည်း၊ ဘာဝယံ-ပွားစေသော-ဟူ၍ နှစ်ဝါကျ ဘာသာပြန်ရသည်။ ဤသို့ ပြန်ဆိုသည်မှာ သဒ္ဒါနည်းအရ ဖြစ်ပေသည်။

အဓိပ္ပာယ်နည်းအရဆိုပါလျှင် စိတ်ကို ပွားခြင်းဟူသည်မှာ စိတ်ကို တည်ကြည်အောင် ပွားခြင်းဖြစ်သည်။ စိတ်ကိုကြည်အောင် ပွားလိုပါလျှင်လည်း သမထတရားကို ပွားရမည် ဖြစ်ပါသည်။ ထို့ကြောင့် စိတ္တံ စ ဘာဝယံ-စာပိုဒ်ကို စိတ်ကိုပွားစေခြင်းဟူ၍ သဒ္ဒါနည်းကျ မြန်မာအနက် မပြန်ဆိုတော့ဘဲ လိုရင်းကို ရှင်းခနဲ သိရှိနိုင်စေရန် "သမထတရားကို ပွားခြင်း"ဟူ၍ အဓိပ္ပာယ်နည်းဖြင့် မြန်မာအနက် ပြန်ဆိုကာ အင်္ဂါရပ်အဖြစ် သတ်မှတ်လိုက်ပါသည်။

ဝိသုဒ္ဓိခုနစ်ပါးတို့တွင် သီလဝိသုဒ္ဓိ-ခေါ် သီလစင်ကြယ်ခြင်းဖြစ်ပြီးနောက် စိတ္တဝိသုဒ္ဓိဖြစ်ရန် အတွက် အနည်းဆုံး ဥပစာရ သမာဓိလောက် ရရှိစေမည့် သမထတရားကို ပွားခြင်းဟူ၍ ဆိုလိုပါသည်။ အများဆုံးဆိုလျှင် သမာပတ်ရှစ်ပါးကို ရထားသည့်အထိ သမထတရား ပွားများခြင်း ဖြစ်ရပါမည်။ (သံ၊ ဋ္ဌ၊ ၄၈)

ဥပမာအားဖြင့် ခြေလက်အင်္ဂါများ မသန်စွမ်းသေး၍ မတ်တတ်မှု မရပ်နိုင်သေးသည့် ကလေးသူငယ် လမ်းသွားရန် ပြေးလွှားရန်များကို မပြုလုပ်နိုင်ဘဲ လိုရာအရပ်သို့ မရောက်နိုင်သကဲ့သို့ ဖြစ်ပါသည်။ ထို့ကြောင့် အနည်းဆုံး ဥပစာရ သမာဓိ အများဆုံး အပ္ပနာသမာဓိလောက်အထိ ရောက်အောင် သမထတရားပွားထားသူ ဖြစ်သင့်ပါသည်။

http://www.dhammadownload.com

၇။ ဝိပဿနာတရား ပွားခြင်း

အရှုပ်တော်ပုံကြီး ဖြေရှင်းနည်းအရ ရှိရမည့် အင်္ဂါရုပ် ခုနစ်ချက်တို့တွင် နောက်ဆုံး ခုနစ်နံပါတ် ဖြစ်သော ဝိပဿနာပွားခြင်းဟူသော အင်္ဂါရုပ်ကို မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသည့် ဂါထာပါဠိတော်တွင် စတုတ္ထပါဒ၌ ပါဝင်သော ပညဉ္စဘာဝယံ– ပညာကို ပွားများသောဟူသည့် စကားရပ်ကို စာရှုသူတို့ ပေါ်လွင်ထင်ရှားစွာ သိရှိနိုင်စေရန် ယင်းသဒ္ဒါနည်း အနက်ပြန်ဆိုနည်းကို ပြောင်းလွဲကာ အဓိပ္ပာယ်နည်းဖြင့် ဝိပဿနာကို ပွားခြင်းဟူ၍ အင်္ဂါရုပ် သတ်မှတ်ဖော်ပြခဲ့ပါသည်။ ဤသည်မှာ ဝိပဿနာ–ဝိပဿနာကိုလည်း ပွားစေသော ဟူသည့် အဋ္ဌကထာ (သံ၊ ဋ္ဌ၊ ၁–နှာ–၄၈)နှင့် တစ်သားတည်းပင် ဖြစ်ပါသည်။

ဤ၌ ပါဠိတော်၌ ပညာ–ဟူ၍ သာမန်ဆိုသည်ကို အဋ္ဌကထာ၌ အဘယ်ကြောင့် ဝိပဿနာပညာ–ဟူ၍ ဖွင့်ဆိုခြင်းကို စိစစ်ကြည့်သင့်ပါသည်။ အကြောင်းရှာသင့်ပါသည်။ ကျွန်တော် ဉာဏ်မီသမျှ အထောက်အထား အကိုးအကားပြု၍ စာရှုသူတို့အား တင်ပြပါရစေ...။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဗုဒ္ဓဝါဒဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်လာလျှင် အဆုံးအဖြတ်အပေးနိုင်ဆုံး ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ပါသည်။ ကျွန်တော်တို့ ဗုဒ္ဓ၏တပည့်သားတွေသည် မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအဖြတ်ကို လေးလေးစားစား ခံယူကျင့်သုံးထိုက်လှပေသည်။ ထို့ကြောင့် ပညာအရကို ဝိပဿနာပညာကို ယူရမည်ဟု အဋ္ဌကထာ ဖွင့်ဆိုချက်ကို မြတ်ဗုဒ္ဓဒေသနာ၌ ဖွေရှာစိစစ်၍ ရှင်းပါဦးအံ့။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အခါ၌ ကျောင်းဒါယကာကြီး အနာထပိဏ်သူဌေးအား အလှူဒါနနှင့်ပတ်သက်၍ ဝေလာမသုတ်တရားတော်ကို မိန့်တော်မူ၏။

၁။ ဝေလာမသုတ်တရားတော်အကျဉ်းချုပ်ကား... ရှေးအခါက ဝေလာမအမည်ရှိသော ပုဏ္ဏားသူဌေးကြီးသည် မဟာဒါနအလှူတော်ကို ပေးလှူ၏။ ယင်းအလှူ၌ ငွေဒင်္ဂါး အပြည့်ပါသော ရွှေခွက်ကြီး ရှစ်သောင်းလေးထောင်၊ ရွှေဒင်္ဂါးအပြည့်ပါသော ငွေခွက်ကြီး ပေါင်း ရှစ်သောင်းလေးထောင် စသည်ဖြင့် ရှစ်သောင်းလေးထောင်ပေါင်း များစွာသော ရတနာခုနစ်ပါး ဆင်မြင်းကျွဲနွား၊ အဝတ်အထည် အသုံးအဆောင်ပစ္စည်းအစုံပေါင်း များစွာကို ပေးလှူသည်။

အလှူတော်ကြီးသည်ကား မြစ်ရေအလျင်ကြီး တရဟောစီးသကဲ့သို့ အကြီးအကျယ် လှူခြင်း ဖြစ်ပေသည်။

၂။ သာသနာပအခါ၌ ဤမျှကြီးကျယ်သော ဝေလာမပုဏ္ဏား၏ မဟာအလှူတော်ကြီးသည် သာသနာတော်တွင်း၌ အယူသီလနှင့် ပြည့်စုံသော ဗုဒ္ဓဘာသာဝင် လူဝတ်ကြောင်တစ်ယောက်အား ထမင်းတစ်ထပ် ပေးလှူရသလောက် အကျိုးမကြီးချေ။ ဗုဒ္ဓဘာသာဝင် လူဝတ်ကြောင်တစ်ယောက်အား ထမင်းတစ်ထပ်ပေးလှူရသည်က ပိုမို၍ အကျိုးတရားကြီးမားပေသည်။

၃။ ဗုဒ္ဓဘာသာဝင် လူဝတ်ကြောင်တစ်ရာကို ကျွေးမွေးပေးလှူရသည်ထက် သောတာပန်တစ်ယောက်အား ပေးလှူရသည်က အကျိုးပို၍ ကြီးမားသည်။

၄။ သောတာပန်တစ်ရာကို ပေးလှူရသည်ထက် သကဒါဂါမ်တစ်ယောက်အား ပေးလှူရသည်က အကျိုး ပို၍ ကြီးမားသည်။

၅။ သကဒါဂါမ်တစ်ရာကို ပေးလှူရသည်ထက် အနာဂါမ်တစ်ယောက်ကို ပေးလှူရသည်က

http://www.dhammadownload.com

ပို၍ အကျိုးကြီးမားသည်။

၆။ အနာဂါမ်တစ်ရာကို ပေးလှူရသည်ထက် ရဟန္တာတစ်ပါးကို ပေးလှူရသည်က ပို၍ အကျိုးကြီးမားသည်။

၇။ ရဟန္တာတစ်ရာကို ပေးလှူရသည်ထက် ပစ္စေကဗုဒ္ဓါတစ်ပါးကို ပေးလှူရသည်က ပို၍ အကျိုးကြီးမားသည်။

၈။ ပစ္စေကဗုဒ္ဓါတစ်ရာကို ပေးလှူရသည်ထက် သဗ္ဗညုဘုရားတစ်ဆူကို ပေးလှူရသည်က ပို၍ အကျိုးကြီးမားသည်။

၉။ ဘုရားရှင်အား ပေးလှူရသည်ထက် သံဃိက ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းရသည်က ပို၍ အကျိုးကြီးမားသည်။

၁၀။ ထို့ထက် မိမိကိုယ်တိုင် သရဏဂုံဆောက်တည်ခြင်းက ပို၍ အကျိုးကြီး၏။

၁၁။ ထို့ထက် မိမိကိုယ်တိုင် ငါးပါးသီလစောင့်ထိန်းခြင်းက ပို၍ အကျိုးကြီးမား၏။

၁၂။ ထို့ထက် မေတ္တာဘာဝနာကို နုံသာတစ်ခါရှု မှု ပွားခြင်းက ပို၍ အကျိုးကြီး၏။

၁၃။ ထို့ထက် အနိစ္စဝိပဿနာဘာဝနာကို နို့တစ်ညစ်မျှပွားခြင်းက ပို၍ အကျိုးကြီးမား၏။

ဟူ၍ ဟောကြားတော်မူပေသည်။ ယင်းတရားအားလုံးကို ခြုံ၍ သုံးသပ်လိုက်သောအခါ....

(၁) မှ (၉)အထိသည်... ဒါနကုသိုလ်တရားမျိုး ဖြစ်သည်။

(၂) မှ (၁၁)အထိသည်... သီလကုသိုလ်တရားမျိုး ဖြစ်သည်။

(၁၂) မှာ သမထဘာဝနာကုသိုလ်မျိုး ဖြစ်သည်။

(၁၃) မှာ ဝိပဿနာဘာဝနာကုသိုလ်မျိုး ဖြစ်သည်– ဟူ၍ ခွဲခြားသိရှိရသည်။ ယင်းသို့ သိရခြင်းဖြင့်...မြတ်စွာဘုရားသည် ဤဝေလာမသုတ်တော်ဖြင့်...

ဒါနကုသိုလ်မျိုးထက် သီလကုသိုလ်မျိုးက မြတ်သည်၊

သီလကုသိုလ်မျိုးထက် သမထဘာဝနာကုသိုလ်မျိုးက မြတ်သည်၊

သမထဘာဝနာ ကုသိုလ်မျိုးထက် ဝိပဿနာဘာဝနာ ကုသိုလ်မျိုးက မြတ်သည်–

ဟူ၍ ခွဲခြား သတ်မှတ်တော်မူထားကြောင်းကို မှတ်သားရရှိပြန်ပါသည်။ ယင်း သတ်မှတ်ချက်များမှာလည်း လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာတရားမျိုးတို့ကို ပယ်ခွာစွမ်းနိုင်သည့် အင်အားသတ္တိအရ ဖြစ်သည်ကိုလည်း ထပ်မံ သိမြင်ရပါသည်။

ယင်းသို့ သိမြင်ရခြင်းဖြင့်လည်း သံယုတ်ပါဠိတော်လာ အရှုပ်တော်ပုံဖြေရှင်းနည်း အဖြေဂါထာတွင် ဟောကြားထားသော၊ သာမန်မျှဖြစ်သော ပညာတရားကို ရိုးရိုးပညာများကို မကောက်ယူဘဲ ဝိပဿနာပညာကိုသာ ယူသင့်ကြောင်း အဋ္ဌကထာဆရာကြီးက ဖွင့်ဆိုခြင်းဖြစ်ကြောင်းကိုလည်း တစ်ဆင့်ထပ်မံ၍ သိရှိနိုင်ပြန်ပါသည်။

စာရှုသူပညာရှင် သူတော်စင်များခင်ဗျား... ဤမျှရေးပြလိုက်လျှင် တဏှာ လောဘ ဟူသော လိုချင်မက်မောမှုအရင်းခံသည့် အရှုပ်တော်ပုံကြီးကို ဝိပဿနာပညာကို ပွားများခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်သည်ကို စာရှုသူများ ဆုံးဖြတ်သိရှိနိုင်ကြပြီဟူ၍ ကျွန်တော် ယုံကြည်ပါသည်။ သို့ဖြစ်လျှင် ဝိပဿနာတရားကို ပွားများရန်အတွက် ဘယ်မြို့ ဘယ်ရွာ ဘယ်ဆရာထံ ချဉ်းကပ်နည်းခံရပါမည်နည်းဟူ၍ ဆက်လက်မေးမြန်းရန် သင့်လှပါသည်။

အကယ်၍များ ဤမေးခွန်းကို စာရှုသူတို့က နိဒါန်းဆရာအား မေးမည်ဆိုပါလျှင် နိဒါန်းဆရာက ကိုယ်တိုင်မေးသည့် မေးခွန်းကို ကိုယ့် အာဘော်ကျကျ ပုံတိုပတ်စတို့ဖြင့် ဝေဝေဆာဆာ ဖြေလိုပါသည်။

http://www.dhammadownload.com

"ဥပမာယ မိဓေကစ္စေ အတ္ထံ ဇာနန္တိ-ဥပမာယှဉ်၊ ရှင်းပြလျှင် ဉာဏ်ရှင် သိလွယ်သည်-" ဟူသော စိတြဓမ္မကထိက ဧတဒဂ်ဘွဲ့ရ အရှင်ကုမာရကဿပ၏ ပါယာသိသုတ် (ဒီ ၂-၂၅၃)လာ နိယံစကားနှင့်အညီ ဦးစံကြွား နှမ်းစားသည့် ဥပမာ ပုံပြင်ကလေးကို တင်ပြ၍ ဖြေဆိုပြပါရစေ။

ဤနေရာမှာ စာရှုသူပညာရှင်သူတော်စင်တို့အား ကြိုတင်၍ တောင်းပန်စကား ရေးသားထားလိုပါသည်။ "စကားကြောရှည်လိုက်တာဗျာ၊ ဝိပဿနာရှုနည်းများအတွက် နိဒါန်းကို ရှင်းရှင်းလိုရင်းရေး ပြီးရောပေါ့"ဟု အပြစ်မတင်ရန် မေတ္တာရပ်ခံ၍ တောင်းပန်လိုပါသည်။

နိဒါန်းရေးဆရာက ပုံပြင်များများ လေ့လာမှတ်သားထားမိသည်က တစ်ကြောင်း၊ ဥပမာယှဉ်၊ ရှင်းပြလျှင်၊ ဉာဏ်ရှင်သိလွယ်သည်ဟူ၍ အရှင်ကုမာရကဿပနိယံရှိသည်က တစ်ကြောင်းတို့ ကြောင့် . . .

"ဝိပဿနာရှုနည်းကို လေ့လာမှတ်သား ပွားရန် ဘယ်မြို့ ဘယ်ရွာ ဘယ်ဆရာ၏ထံသို့ ချဉ်းကပ်နည်းခံရပါမည်နည်း"ဟူသော မေးခွန်းကို နိဒါန်းရေးသူ ကျွန်တော်က ဦးစံကြွား နှမ်းစားသည့် ပုံပြင်ကို တင်ပြ ဖြေဆိုပါရစေ...။

ဦးစံကြွား နှမ်းစားသည့် ဥပမာ

ရှေးအခါက အညာအရပ် ရွာကြီးတစ်ရွာတွင် ဦးစံကြွားအမည်ရှိ လူကြီးတစ်ယောက် ရှိဖူးပါသည်။ ဦးစံကြွားသည် နှမ်းကို အလွန်ကြိုက်၍ အလွန်စားလေ့ရှိပါသည်။ နှမ်းပါသော မုန့်များနှင့် ထမင်းဟင်းများကိုသာ ဖွေရှာစားသောက်လေ့ရှိပါသည်။ တစ်ခါတစ်ရံ ကြံုကြိုက်လျှင် နှမ်းချည်း သက်သက်ကိုလည်း နှိုက်ယူစားလေ့ရှိတတ်ပါသည်။

တစ်နေ့သောအခါ ဦးစံကြွားသည် ကိစ္စတစ်ခုဖြင့် ရပ်ဝေးမြေတာသို့ ခရီးသွားပါသည်။ စီးနင်းစရာ ယာဉ်လည်းမပါဘဲ ခရီးဝေးစွာ သွားရပါသည်။ ယင်းခရီး၌ အသိမိတ်ဆွေအိမ်ရာများလည်းမရှိ၊ ဈေးဆိုင်ကန္ဓား ဝယ်စားရန်လည်း ဆိုင်မတွေ့သောကြောင့် ဦးစံကြွား ထမင်းစားချိန်လွန်သည် အထိ ဘာစားစရာတစ်ခုမျှ ပါးစပ်တွင်း မသွင်းရဘဲ ဖြစ်နေပါသည်။

ဝမ်းဟာဟာ ဆွမ်းဆာဆာဖြင့် လမ်းတာမနီး ခရီးရှည်စွာလျှောက်လာစဉ် လမ်းတစ်နေရာ၌ မောင်းနှင်လာသည့် လှည်းတစ်စီးသည် နောက်မှ မောင်းနှင်လာကာ နှေးကွေးစွာ လမ်းသွားနေသည့် ဦးစံကြွားကို ကျော်တက်မောင်းသွားသည်။

ထိုအခါ ဦးစံကြွားက လှည်းမောင်းသူကို ကြည့်လိုက်ရာ မိမိနှင့် ခင်မင်ရင်းနှီးသူ ဖြစ်နေသောကြောင့် အကျိုးအကြောင်းပြောဆိုတောင်းပန်၍ လှည်းပေါ်သို့ စီးနင်းလိုက်ခဲ့သည်။ ဦးစံကြွားသည် လှည်းပေါ်သို့ ရောက်သောအခါ ထိုင်၍မနေနိုင်ဘဲ ကျောဆန့်လျောင်းစက်လိုက်သည်။ ကံကောင်းချင်တော့ လှည်းပေါ်မှာတင်ထားသည့်အရာများမှာ နှမ်းတွေ ဖြစ်နေသည်။

နှမ်းပေါ်မှာလဲ၍ အိပ်စက်လိုက်ပါခဲ့သော ဦးစံကြွား၏တစ်ကိုယ်လုံးသည် လှည်းဆောင့်သောကြောင့် အချိန်မကြာမီ နှမ်းထဲသို့ မြုပ်ကျသွားသည်။

နှမ်းကြိုက်လှစွာသော ဦးစံကြွားသည် ဝမ်းဟာ၍ ပန်းလာသောကြောင့် နှမ်းမှာ နစ်နေရာမှ နှမ်းစားချင်သောကြောင့် လှည်းသမားအား ခွင့်တောင်းစကားပြောရန် စိတ်ကူးလျက် "နှမ်းစားပါရစေ" ဟု ပြောလိုက်သည်။

သို့သော် "စားပါရစေ"ဟူသော စကားလေးလုံးကို မပြောရသေးမီ "နှမ်း"ဟူသော ပထမဆုံးစကားလုံးပြောရန် ပါးစပ်ဟ,လိုက်ရုံမျှဖြင့် နှမ်းများသည် ဦးစံကြွား၏ ပါးစပ်အတွင်းသို့ အတင်းဝင်သွားလေတော့သည်။

http://www.dhammadownload.com

ဥပမာနှင့်ဥပမေယျ ရှင်းပြခြင်း

စာရှည်များခင်ဗျား... ကျွန်တော်သည် ဝိပဿနာတရားရှုပွားရန်အတွက် ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဆရာထံ ချဉ်းကပ်နည်းခံရပါမည်နည်း... ဟူသော မေးခွန်း၏ အဖြေကို ရေးရန်အတွက် ဦးစံကြွားနှမ်းစားသည့် အကြောင်းအရာ ဥပမာပုံပြင်ကလေးကို တင်ပြပြီးပါပြီ။ ယင်းဥပမာနှင့် ဥပမေယျကို ရှင်းပြ၍အဖြေပေးပါတော့မည်။

ဗုဒ္ဓသာသနာလင်းလှစွာသော ကျွန်တော်တို့ မြန်မာပြည်ကြီး၌ ဝိပဿနာဘာဝနာမိုး သွန်းဖြိုးရွာချနေပါသည်။ ဝိပဿနာမိုးရေအလျင်ကြီး တစီးစီးစီးဆင်းလျက်ရှိပါသည်။ အနည်းငယ်မျှ ဝိပဿနာမိုးစွေဖြိုးနေပုံကို တင်ပြပါရစေ...။

ဤနိဒါန်း၏အစ၌ ဖော်ပြခဲ့သည့် အရှုပ်တော်ပုံကြီး ဖြေရှင်းနည်း၏ အဖြေဖြစ်သော... သီလေ ပတိဋ္ဌာယ နရော...အစချီသော ပါဠိဂါထာကို အစချီကာ သံဝဏ္ဏေတဗ္ဗ–ခေါသော အဖွင့်အဖြစ်ထား၍ အဋ္ဌကထာဆရာ ကြီး အရှင်မဟာဗုဒ္ဓဃောသ–သည် ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာအမည်ရှိ ကမ္မဋ္ဌာန်းကျမ်းကြီးတစ်ဆူကို စီရင် ပြုစုတော်မူပါသည်။

ယင်း အဋ္ဌကထာကြီး၌...သီလခန်း၊ သမထခန်း၊ ဝိပဿနာခန်းများဖွင့်၍ နည်းပေါင်းများစွာထည့်သွင်းရေးသားထားပါသည်။ ပထမတွဲ၊ ဒုတိယတွဲဟူ၍ နှစ်တွဲ ခွဲခြား၍ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်က ရိုက်နှိပ်ဖြန့်ချိပါသည်။

ယင်း ဝိသုဒ္ဓိမဂ်ကျမ်းကြီး၌...ပါဠိတော်နည်း၊ အဋ္ဌကထာနည်း၊ ဆရာနည်း စုံလင်စွာဖြင့်... သမထ ဝိပဿနာနည်းပေါင်းများစွာကို ထည့်သွင်း၍ ပါဠိဘာသာဖြင့် စီရင်ရေးသားထားသောကြောင့် လွန်စွာနက်နဲခက်ခဲသော သဘောအဓိပ္ပာယ် အယူအဆများ ပါဝင်နေပါသည်။ ထို့ကြောင့် နောင်လာ နောက်သားရှင်လူအများတို့အား အနက်အဓိပ္ပာယ် လွယ်ကူစွာ ဖတ်ရှုသိရှိနိုင်ကြစေရန် ရည်သန်၍ ဦးကာဆရာကြီး အရှင်ဓမ္မပါလထေရ်က...ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှိ ပါဠိအခက်အခဲများ၊ အနက်အခက်အခဲများ၊ အဓိပ္ပာယ်အခက်အခဲများကို ဖြေရှင်းဖွင့်ဆိုသော ဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်းကြီးတစ်ဆူကို ရေးသားပြုစုတော်မူပါသည်။ ပထမ၊ ဒုတိယ နှစ်တွဲရှိပါသည်။

ပါဠိဘာသာရေး ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ဋီကာအဖွင့်နှင့် စပ်ဟပ်၍ မြန်ပြည်သား ပြည်ဆရာတော်ဘုရားကြီးက မြန်မာဘာသာသို့ ပါဠိတစ်ချက်၊ မြန်မာတစ်ချက် အနက်ပြန်ဆိုတော်မူပါသည်။ အဓိပ္ပာယ်အဆုံးအဖြတ်များပါဝင်၍ ကျယ်ဝန်းလှပါသည်။ ပ–ဒု–တ–စ–မ– ဟူ၍ ငါးတွဲ ရှိပါသည်။ စစ်ကိုင်းတောင်ရိုး ရွှေစေတီဆရာတော် နိဿယပြန်လည်း ရှိပါသည်။

ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာကိုလည်း ကမ္မဋ္ဌာနာစရိယ မဟာစည်ဆရာတော်ဘုရားကြီးက ပါဠိတစ်ချက်၊ မြန်မာတစ်ချက်အနက်ပြန်ဆိုပါသည်။

ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကိုပင် မြန်မာပြည်ကျိုက်ထိုမြို့ ဘုရားသုံးဆူ ဆရာတော်က မြန်မာဘာသာသက်သက်ဖြင့် ပြန်ဆိုရေးသားတော်မူပါသည်။ ပထမ၊ ဒုတိယ၊ တတိယ–ဟူ၍ သုံးတွဲရှိပါသည်။ ကမ္မဋ္ဌာနာစရိယ မဟာစည်ဆရာတော်ကလည်း မြန်မာပြန်ဆို ရေးသားတော်မူပါသေးသည်။

မည်သို့ဆိုစေ ဤမျှအထိ ရေးသားဖော်ပြခဲ့သော ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာကျမ်းကြီးနောက်လိုက်ဖြစ်သည့် ဋီကာ၊ နိဿယ၊ မြန်မာပြန် ကမ္မဋ္ဌာန်းတရားစာများမှ ဗုဒ္ဓသာသနာတော်တစ်ခုလုံး အသုံးပြုသည့် အဋ္ဌကထာနည်းဖြစ်ပေသည်။

နောင်းခေတ်ရောက်သောအခါ မြန်မာပြည်သား ကမ္မဋ္ဌာန်းဆရာတော်ကြီးများသည် မူလရှိထားနှင့်သည့် အဋ္ဌကထာ ကမ္မဋ္ဌာန်းများထဲမှ မိမိတို့ နှစ်သက်ရာနည်းများကို ထုတ်ယူ၍ မိမိတို့ နှစ်သက်သလို မိမိတို့၏ ပညာဉာဏ်ဖြင့် ဖြည့်စွက်ပြင်ဆင်ကာ ပွားများအားထုတ်သည့် မိမိတို့၏ တပည့်များ၊

http://www.dhammadownload.com

ဒကာ-ဒကာမများအား တစ်ဆင့်ထပ်မံ၍ ဖောက်သည်ချကာ ဟောပြောသင်ကြားပြသပေးသည်။ ယင်းကမ္မဋ္ဌာန်းနည်းများကို ဆရာနည်းဟူ၍ ဆိုသင့်ပါသည်။

ဤသို့ဖြင့် မြန်မာပြည် ပဋိပတ္တိသာသနာတော်၌ သမထကမ္မဋ္ဌာန်းနှင့် ဝိပဿနာကမ္မဋ္ဌာန်းတရားများသည် အဋ္ဌကထာနည်းနှင့် ဆရာနည်းဟူ၍ နှစ်မျိုးနှစ်နည်း ပြန့်ပွားတည်ရှိနေပေသည်။ ယင်းတွင်-

အဋ္ဌကထာနည်းကျကျ ကျမ်းရင်းကြီးများမှာ ပါဠိဘာသာ သက်သက်ဖြင့်လည်းကောင်း၊ မြန်မာပါဠိရောယှက်၍လည်းကောင်း တည်ရှိသည်။ ကျယ်လည်းကျယ်ဝန်းများပြားသည်။ ထို့ကြောင့် တော်ရုံတန်ရုံ မြန်မာစာတတ်၊ မြန်မာစာဖတ်များအတွက် အခက်အခဲရှိသည်။ ကမ္မဋ္ဌာန်းစာကို ဖတ်ရှုနားလည်ရန်ကို အသာဖယ်ထား၍ အဋ္ဌကထာနည်းဆိုင်ရာ ကျမ်းစာအုပ်များကို မြင်ဖူးရုံ၊ ကြည့်ဖူးရုံမျှပင်ဖြစ်ရန် မလွယ်ကူသည့် အခြေအနေသို့ ရောက်ရှိနေပေသည်။

ဆရာနည်းကမ္မဋ္ဌာန်းများကို ပွားများအား ထုတ်ပါလျှင် ဆိုင်ရာဆိုင်ရာ ကမ္မဋ္ဌာန်းရိပ်သာများသို့ သွားရောက်၍ အားထုတ်လျှင်ဖြစ်နိုင်ပါသည်။ သို့သော် ယင်းကမ္မဋ္ဌာန်းရိပ်သာများ၏ တည်ရှိရာအရပ်သည် ကမ္မဋ္ဌာန်းတရားကို ပွားများလိုလားသော ယောဂီနေထိုင်ရာအရပ်နှင့် နီးနီးနားနား ရှိချင်မှရှိမည်။ သွားလာရန် လွယ်ကူချင်မှ လွယ်ကူမည်။ အဆင်ပြေချင်မှ ပြေမည်။

ယင်း ဆရာနည်း ကမ္မဋ္ဌာန်းရိပ်သာ၏ တရားပွားများပုံ၊ ပွားများနည်း စည်းကမ်းစည်းမျဉ်း ဥပဒေများကိုလည်း ယောဂီများ သိချင်မှ သိပေမည်။ သွား၍ နေထိုင်ရန်၊ ဝိပဿနာတရား ပွားများအားထုတ်ရန် မလွယ်ကူချေ။

ဤသို့ ဖော်ပြခဲ့သည့်အကြောင်းအရာ အခက်အခဲများကို သဘောပေါက်နားလည်သော ဤဝိပဿနာရှုနည်းများကျမ်းကို ပြုစုသူ ဆရာ ကျော်နန္ဒအောင်သည် စာရှုသူများအတွက် ဆရာနည်းကမ္မဋ္ဌာန်းများစွာထဲမှ လွယ်ကူစွာ လေ့လာဖတ်ရှု၍ မိမိတို့နှစ်သက်ရာ ဝိပဿနာရှုနည်းကို ရွေးချယ်ပွားများနိုင်စေရန် ရည်ရွယ်ကာ ဝိပဿနာရှုနည်း ကျမ်းတွဲများကို စုဆောင်း ပေါင်းရုံးပြီး ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ပူဇော်ခြင်း ဖြစ်ပါသည်။

နောင်လည်း ဝိပဿနာရှုနည်း ကျမ်းတွဲများ ဆက်လက်ထွက်ပေါ်အောင် ပူဇော်လိမ့်ဦးမည်ဟု မျှော်လင့်ရပေသည်။ ဆရာကျော်နန္ဒအောင် အားလည်း ဝိပဿနာရှုနည်း ကျမ်းတွဲများစွာ ထုတ်ဝေပူဇော်လိုက်စမ်းပါဟူ၍ တိုက်တွန်းစကား ရေးသားလိုပါသည်။

ဤသို့ ဝိပဿနာရှုနည်း ကျမ်းတွဲပေါင်းများစွာ ထွက်ပေါ်ခြင်းဖြင့် မြန်မာပြည်ရှိ ဆရာတော်ကြီးများ၏ ပရိယတ္တိအင်အား၊ ပဋိပတ္တိအင်အား စွမ်းပကားကို လေးစားကြည်ညိုကြရမည်ဖြစ်ပါသည်။ မြန်မာပြည်၌ ဝိပဿနာရတနာမိုးကြီး သွန်းဖြိုးရွာချ၍ ဝိပဿနာရတနာရေအလျှင်ကြီး တရဟော စီးဆင်းသည်ကို ကြည်ညိုပူဇော်ရမည် ဖြစ်ပါသည်။

နိဒါန်း၏ နိဂုံးချုပ်အပြေစကား

စာရှုသူ ပညာရှင် သူတော်စင်များခင်ဗျား-

ကျွန်တော်သည် ဤဝိပဿနာရှုနည်းများ နိဒါန်း၌ ကမ္ဘာလောကသား လူအများတို့မှာ လိုချင်မက်မောမှု တဏှာလောဘတည်းဟူသော အရှုပ်အထွေးကြီးဖြင့် ရှုပ်ထွေးချည်နှောင်ခြင်းကို ခံစားနေကြပုံကို ရေးသားဖော်ပြခဲ့ပါသည်။

ယင်း အရှုပ်အထွေးကြီးကို ဝိပဿနာပညာဖြင့်သာ ဖြေရှင်းနိုင်သည် ဟူ၍လည်း ဆက်လက်ဖော်ပြခဲ့ပါသည်။

အရှုပ်တော်ပုံကြီးကို ဖြေရှင်းနိုင်သည့်

http://www.dhammadownload.com

ဝိပဿနာရှုနည်းကို ဘယ်မြို့ ဘယ်ရွာ ဘယ်ဆရာထံ၌ ချဉ်းကပ်နည်းခံရပါမည်နည်း ဟူ၍လည်း မေးခွန်းထုတ်၍ မေးမြန်းခဲ့ပါသည်။

ယင်း မေးခွန်းကို ဖြေရန်အတွက် အညာသား ဦးစံကြွား နှမ်းစားသည့် ဥပမာပုံပြင်ကိုလည်း တင်ပြရေးသားခဲ့ပါသည်။

ထို့နောက် ဆက်လက်၍ မြန်မာပြည်၌ အဋ္ဌကထာနည်း၊ ဝိပဿနာ ရှုနည်းကမ္မဋ္ဌာန်းကျမ်းများနှင့် ဆရာနည်းဝိပဿနာရှုနည်း ကမ္မဋ္ဌာန်းကျမ်းပေါင်းများစွာ ပေါ်ထွက် တည်ရှိနေပါကြောင်းကိုလည်း ရေးသားဖော်ပြခဲ့ပါသည်။

ဤမျှ... ပြည့်ပြည့်ဝဝ ဖော်ပြပြီးသည်၏ အဆုံး၌ နိဂုံးချုပ်အဖြစ်ဖြင့် နှမ်းကြိုက်သည့် ဦးစံကြွား နှမ်းထဲမှာ နစ်မြုပ်နေရာမှ "နှမ်းစားပါရစေ" ဟု ခွင့်တောင်းသောအခါ "နှမ်း"ဟု ပါးစပ်ကိုဟ,၍ ဆိုကာရှိသေးချိန်မှာပင် စားပါရစေသို့ မရောက်သေးမီ နှမ်းများ ပါးစပ်ထဲသို့ တရဟော ဝင်လာသကဲ့သို့ ဝိပဿနာရှုနည်းခံရန်အတွက် ဆရာရှာနေစဉ်မှာပင် ဝိပဿနာရှုနည်း ကျမ်းစာအုပ်ကြီးသည် စာရှုသူတို့၏ထံမှောက် မျက်စိအောက်သို့ ရောက်နေပြီဖြစ်ပါကြောင်း ရေးသား၍ အဖြေစကား ပြောကြားလိုက်ပါသည်ခင်ဗျား...။

စာရှုသူ ပညာရှင်သူတော်စင်များ ဝိပဿနာတရား ပွားများဆင်ခြင်၍ အောင်မြင်မှုရကြပါစေ...။

○

ဦးထွန်းလှိုင်

ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဋ်သကာ၊
သာသနဓဇ သိရိပဝရ ဓမ္မာစရိယ သိရောမဏိ၊
စေတိယင်္ဂဏ ဓမ္မာစရိယ ဂဏဝါစက။

http://www.dhammadownload.com

ဆရာကြီး ဦးဆန်းထွန်း(မန်းတက္ကသိုလ်)၏ ဆန္ဒမွန်

ကျော်နန္ဒအောင် စုဆောင်းပူဇော်အပ်သော ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ၏ ဝိပဿနာရှုနည်းများကို ဖတ်ရှုသည်။

'ပူဇော်'သည်ဟူသော စကားလုံးကို အမှတ်တရ သတိထားလိုက်မိသည်။ စုဆောင်းရေးသားခြင်းကိုပင် 'ပူဇော်'သည်ဟု ခံယူထားခြင်းမှာ မွန်မြတ်လှသော ခံယူမှုတစ်ရပ်ပင်ဖြစ်သည်။

ကျော်နန္ဒအောင်သည် ဝိပဿနာရှုနည်း ရေးထိုက်သော သူတော်ကောင်းတစ်ယောက်ဖြစ်သည်။ ဝိပဿနာရှုနည်းရေးရင်း ငါစွယ်ထောင်လျှင် 'မြင်မလျော် ဆင်တော်နှင့်ခလောက်'ဖြစ်နေပေလိမ့်မည်။ သူသည် ကျိုးနှံရိုးသားစွာ ဝန်ခံတတ်သည်။ အဘယ်မည်သော ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကို အဘယ်မည်သော ရဟန်းတော်၊ အဘယ်မည်သော လူပုဂ္ဂိုလ်ထံမှရသည်ဟူသော ဝန်ခံစကားရိုးသားစွာ ဆိုနိုင်ခြင်းသည် အလွန်ဆိုနိုင်ခဲသော ဒုလ္လဘကထာမျိုးဖြစ်ပါသည်။

ညောင်လွန်.တောရဆရာတော်ဘုရားကြီးစသော ဆရာတော်ဘုရားကြီးများ၏ ထေရုပ္ပတ္တိများကို ထည့်သွင်းထားခြင်းမှာလည်း ထေရာပဒါန်တစ်မျိုး တိုး၍ ကြည်ညိုဖွယ်ဆောင်နေပါသည်။

ယခုခေတ်သည် စာရေးကောင်းသော ရဟန်းတော်များ၊ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ထွန်းကားသော ခေတ်တစ်ခေတ်ဖြစ်သည်။

ဝိပဿနာရှုနည်းဟူသည်မှာ အရပ်သူအရပ်သား လူများစုနယ်ပယ်မှာ တွင်ကျယ်နိုင်စရာအကြောင်းမရှိသော်လည်း စာရေးကောင်းသော ဓမ္မာစရိယဦးဌေးလှိုင်လို ပုဂ္ဂိုလ်ကျော်များ ပေါ်ထွက်လာပြီးနောက် ယခုတစ်ဖန် ကျော်နန္ဒအောင်လို ပုဂ္ဂိုလ်တွေ ပေါ်လာပြန်သောကြောင့် ဤစာရေးသူအနေဖြင့် အင်မတန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

အမှန်အတိုင်း ကျွန်တော် ဝန်ခံပါမည်။ ကျွန်တော် စာပေဗဟုသုတ စုဆောင်းသိမှီးမှု ဝါသနာအင်မတန်ကြီးပါသည်။ သို့သော် ဗုဒ္ဓသာသနာတော်၏ ပဋိပတ္တိသာသနာတော်ရေးတွင် လေးလေးစားစား ထက်ထက်သန်သန်ကြီး မရှိခဲ့ပါ။

အိန္ဒိယတွင် ကျွန်တော် စာပေသင်ကြားနေစဉ်က မြန်မာနိုင်ငံမှ ပုဂ္ဂိုလ်ကြီးတစ်ဦးက 'အရှင် ဘုရား စာတွေတတ်လှပါပြီ၊ တော်ရောပေါ့၊ စာသင်မနေပါနှင့်တော့၊ တပည့်တော်နှင့်အတူ ပြန်လိုက်ပြီး တရားအားထုတ်ပါ' ဟု ပင့်ဖိတ်ပါသည်။ ကျွန်တော်က 'တရားအားထုတ်ဖို့ ဦးပဉ္စင်း ဝါသနာမပါဘူး' ဟု ပြန်ပြောလိုက်ပါသည်။

မွန်မွန်ရည်ရည် အကျိုးလို၍ ပြောသော

http://www.dhammadownload.com

စကား၏ အပြန် မိုက်မိုက်မဲမဲ ပြောမိသောစကား အတွက် အသက်ခုနစ်ဆယ်ကျော်သည့်တိုင်အောင် စိတ်မကောင်းဖြစ်နေပါသည်။

မိမိကိုယ်တိုင် ခံတွင်းမလိုက်ခဲ့သော ပဋိပတ် အရသာကို နှလုံးပျော့ပျောင်း သူတော်ကောင်းများ အရသာပေါ်အောင်၊ နှုတ်မြိန်အောင်၊ ခံတွင်းလိုက် အောင် ရေးသားနိုင်စွမ်းသော ကျော်နန္ဒအောင်အား သူတော်ကောင်းများနှင့်အတူ ကျွန်တော်တို့ ကျေးဇူး အထူးတင်ရမည်ဖြစ်ပါသည်။

ကျော်နန္ဒအောင်၏ ဝိပဿနာရှုနည်းအတွဲ များသည် ကျွန်တော့်အတွက် ခံတွင်းလိုက်စေသော ဆေးကောင်းများသဖွယ် ဖြစ်ပါသည်။

O

[illegible]
(ဘန်း ဖွန်း)

http://www.dhammadownload.com



http://www.dhammadownload.com



ကျေးဇူးတော်ရှင်

လယ်တီဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

လယ်တီဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၀၈-၁၂၈၅)

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးကို ဒီပဲယင်းမြို့၊ စိုင်ပြင်ရွာ၌ ၁၂၀၈-ခု၊ နတ်တော်လဆန်း ၁၃-ရက်၊ အင်္ဂါနေ့တွင် အဖ ဦးထွန်းသာ၊ အမိ ခေါ်ကျုံးတို့မှ မွေးဖွားသည်။ ငယ်နာမည် မောင်တက်ခေါင်၊ သားသမီး (၅)ယောက်အနက် ဒုတိယသားဖြစ်သည်။

လယ်တီဆရာတော် အလောင်းလျာ ဖွားမြင်ဆဲ၌ (စို့သက်တံ့) ကြီး ခေါင်မိုးအထက်သို့တက်ကာ ကောင်းကင်တစ်လွှား ပျံသွားသည့် နိမိတ်ထူးကို အစွဲပြု၍ မောင်တက်ခေါင်ဟု မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။

ဆယ်နှစ်သားအရွယ်တွင် စိုင်ပြင်ရွာ ကျောင်းမတိုက်ဆရာတော် ဦးနန္ဒထံ ပညာသင်ရန်အပ်နှံသည်။ မင်္ဂလသုတ်၊ နမက္ကာရ၊ အတွင်းအပြင် အောင်ခြင်း၊ ပရိတ်ကြီး၊ လောကနီတိ စသည်တို့ကို သင်ကြားတတ်မြောက်ပြီးနောက် (၁၅)နှစ်သားအရွယ်တွင် ရှင်သာမဏေပြုသည်။ ရှင်ဘွဲ့မှာ ဉာဏဓဇဖြစ်သည်။

ရှင်သာမဏေအဖြစ်ဖြင့် အရှင်နန္ဒထံ၌ပင် ကစ္စည်းသဒ္ဒါကြီး၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဝိထိလက်ရိုး၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း စသော နေ့ဝါ၊ ညဝါ ကျမ်းများကို သင်ကြားတတ်မြောက်တော်မူသည်။

၁၈နှစ်အရွယ်တွင် ရဲထွက်ရွာ အရှေ့ဘက်ဆရာတော် ဦးဂန္ဓမာထံ၌ ဗေဒင်ဘက်ဆိုင်ရာ ပညာများကို သင်ကြားတတ်မြောက်တော်မူသည်။ ကျည်းကန် ကိုရင်ကြီး၏ လင်္ကာကို နည်းယူကာ ဗိုလ်သုဇာတ်၊ ဗျွတ်တား ဇာတာဖွဲ့၊ သင်္ကြန်တွက် လက်ရိုးလင်္ကာရေးသားတော်မူသည်။ မဟော်ဇာတ်ထုပ်၊ မဟော်ကျေးစေခန်း ရတု၊ ရှင်လောင်းလှည့် (သျှိုးလိုက်) ရတုများကိုလည်း ရေးစပ်တော်မူသည်။ ဝစ္ဆဝါစက အကောက်ကိုလည်း ရေးသားတော်မူသည်။

၁၂၂၈-ခု၊ ကဆုန်လဆန်း ၆ ရက်၊ သက်တော် (၂၀)တွင် စိုင်ပြင်ရွာ မြင်ထင်တိုက်ရှိ သိမ်တော်၌ ဆရာတော် ဦးနန္ဒကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ စာကြည့်ဝါသနာပါတော်မူလှသော အရှင်ဉာဏဓဇအား ဆရာတော် ဦးနန္ဒက စာကြည့်တိုက်ကြီး (၅)လုံးရှိ နိဿယများကို ကြည့်ရှုခွင့်ပြုတော်မူသည်။

၁၂၂၉-ခုနှစ်တွင် မန္တလေးမြို့ မြောက်ပြင် မင်္ဂလာစံကျောင်းတိုက်သို့ ပညာသင်ရန် ကြွတော်မူသည်။ စံကျောင်းတိုက်တွင် ညစဉ် ဝတ်တက်ကြရာ၌ ပါတိမောက် (ဒွေမာတိကာ)ကို (၃)ပိုင်း ပိုင်း၍ ရွတ်ဆိုရမြဲဖြစ်ရာ အရှင်ဉာဏဓဇသည် ပါတိမောက်

http://www.dhammadownload.com

အတိုင်ပုဂ္ဂိုလ်အဖြစ် ရွတ်ဆိုတော်မူရသည်။

ပဋ္ဌမသင်္ဂါယနာတင်ပွဲကြီးတွင် (၁) သစ်ဆိမ့်တိုက်က ဝိနည်း (၂) စလင်းတိုက်က သုတ္တန်၊ (၃) စံကျောင်းတိုက်မှ အဘိဓမ္မာတို့ကို (နန်းတော်ကြီး၏ ဗြတိုက် ရာဇပလ္လင်ပေါ်တွင်) ပြန်ဆိုကြလေရာ ထိုအခါက အရှင်ဉာဏဓဇသည် ကထာဝတ္ထု ပါဠိတော်ကို တာဝန်ယူ၍ ပြန်ဆိုတော်မူခဲ့လေသည်။ (ယင်းသို့ တစ်ပါးစီ ပြန်ဆိုပြီးမှ သံဃာတော်အပါး (၆၂၀) တို့က စုပေါင်း ရွတ်ဆိုကြလေသည်။)

အရှင်ဉာဏဓဇသည် စံကျောင်းဆရာတော် ဘုရားကြီးထံ၌ ဝိနည်းပါဠိတော်အထကထာများနှင့် အဘိဓမ္မာ အဋ္ဌကထာသုံးကျမ်းတို့ကို သင်ယူတော်မူပြီးနောက် ထိုပါဠိ၊ အဋ္ဌကထာများကိုပင် မကုဋ္ဌာရာမ ဆရာတော်ဘုရားကြီးထံတွင် သင်တော်မူပြန်သည်။ စလင်းဆရာတော် (ဦးပဏ္ဍိစ္စ)ထံတွင် ပါစိတ္တာဒိ အဋ္ဌကထာ၊ သမ္မောဟ ဝိနောဒနီအဋ္ဌကထာ၊ ပဋ္ဌပကြို့ကော် အဋ္ဌကထာတို့ကို ဆိုဝါတက်ဝါနှင့် သင်ယူတော်မူပြန်လေသည်။

ရဟန်း (၈)ဝါအရွတွင် စံကျောင်းတိုက်၌ ပထမ စာချအဖြစ် ဆောင်ရွက်တော်မူရသည်။ စာချနေစဉ်လည်း အခြားဆရာတော်ကြီးများထံ နည်းခံတော်မူသည်။ ရူပသိဒ္ဓိသဒ္ဒါကျမ်းကိုလည်း အထူးတွင်ကျယ်အောင် ပို့ချတော်မူသည်။ ထိုစဉ်အတွင်း စံကျောင်းဆရာတော် ဘုရားကြီး၏ ခက်ခဲ နက်နဲလှသည့် ပုစ္ဆာ (၂၀) တို့ကို ပါရမီဒီပနီဟု အမည်မှည့်ကာ အဖြေရေးသားတော်မူသည်။

စံကျောင်းဆရာတော်ဘုရားကြီး၏ ရှေ့တွင် မာရ်အောင်ဆရာတော် ဘုရားကြီးကိုယ်တိုင် တိုက်တွန်းတော်မူချက်အရ မဏိသာရမဉ္ဇူသာ နိဂုံးနိဿယကို ရေးသားတော်မူရာ များစွာ အချီးမွမ်းခံတော်မူခဲ့ရသည်။

၁၂၇၆-ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို (မြန်မာနိုင်ငံတွင် ပထမဦးဆုံး) ခံယူရရှိတော်မူသည်။

၁၂၇၅-ခုနှစ်တွင် စတင်တည်ထောင်သည့် နိုင်ငံခြားသာသနာပြုအသင်းကြီး၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူရသည်။

၁၂၈၃-ခုနှစ်၊ နတ်တော်လ၌ ရန်ကုန်မြို့တက္ကသိုလ်ကျောင်းကြီးဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ် တက္ကသိုလ်အဓိပတိဖြစ်သော ဘုရင်ခံက ဒီလစ်(Doctor of Literature) ဘွဲ့တံဆိပ် ဆပ်ကပ်လှူဒါန်းခြင်းကို ခံယူရရှိတော်မူသည်။

အဘိဓမ္မတ္ထသင်္ဂဟအဖွင့်၊ ပရမတ္ထဒီပနီဋီကာ၊ ပဋ္ဌိစ္စသမုပ္ပာဒ်လင်္ကာစသည်တို့အပါအဝင် ကျမ်းပေါင်းတစ်ရာကျော် ရေးသားစီစဉ်တော်မူခဲ့လေသည်။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ၁၂၈၅-ခု၊ ပထမဝါဆိုလပြည့်၊ ဗုဒ္ဓဟူးနေ့ (၂၃၀)နာရီ အချိန်တွင် ပျဉ်းမနားမြို့၌ ဘဝနတ်ထံ စံဝင်တော်မူသည်။

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

× × ×

မှတ်ချက် ။ ။ အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ ဒေါက်တာဒီလစ်ဘွဲ့များကို ဆိုင်ရာဌာနသို့ ကြွရောက်အလှူခံရန် ဖြစ်သော်လည်း ကြွရောက်တော် မမူသဖြင့် အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော်ကို ဆရာတော်ကြီး၏တပည့် ရဟန်းတော်များနှင့် ဒကာများက ကိုယ်စား သွားရောက် ယူငင်ကြရသည်။ ဒီလစ်ဘွဲ့ကိုမူ ဆိုင်ရာက ဆရာတော်ကြီးရှိရာသို့ လာရောက်ဆက်ကပ်ကြရသည်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏
သြဝါဒတော်

- ဖြစ်လေသမျှ မမြဲရ အနိစ္စခန္ဓာကိုယ်၊
  အိုနာသေရ ဆင်းရဲလှ ဒုက္ခခန္ဓာကိုယ်၊
  ဘာတစ်ခုမျှ စိုးမရ အနတ္တခန္ဓာကိုယ်။
- ခန္ဓာမှတစ်ပါး အခြားဌ် ရှုနေဖွယ်မရှိပါ။
- ခန္ဓာသည်သာ ဒုက္ခအစစ်ဖြစ်၏။
- ဝိပဿနာဉာဏ်သုံးပါးတွင်
  ရှေးဦးစွာ အနိစ္စထင်မြင်မှုသည်
  အရေးကြီးဆုံးဖြစ်၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

လယ်တီဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ကမ္မဋ္ဌာန်းအလုပ်ခွင်တည်ခန်း

ဣဓ ပန ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္တာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတ္တွာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ ပန၊ ဤသာသနာတော်တွင်း၌။ ဘိက္ခု၊ သံသရာဘေးကို မြော်မြင်နိုင်သော သူသည်။ အရညဂတော ဝါ၊ တောအရပ်၌ တည်၍သော်လည်းကောင်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်း၌ တည်၍သော်လည်းကောင်း။ သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာ ကျောင်း၊ အိမ်၊ ဘုံနန်း၊ တိုက်ခန်းနေရာ၌ တည်၍သော်လည်းကောင်း။ ပလ္လင်္ကံ၊ ထက်ဝယ်ပလ္လင်ကို။ အာဘုဇိတ္တွာ၊ ဖွဲ့ခွေနေထိုင်၍။ ကာယံ၊ အထက်ကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထား၍။ သတိံ၊ သတိကို။ ပရိမုခံ၊ ကမ္မဋ္ဌာန်းအချက် ထွက်သက်ဝင်သက်ကို ရှေးရှု။ ဥပဋ္ဌပေတ္တွာ၊ ခိုင်မြစွာ စိုက်ထား၍။ နိသီဒတိ၊ နေ၏။ ထက်ဝယ်ဖွဲ့ခွေ နေထိုင်မှုသည် ကမ္မဋ္ဌာန်းအလုပ်နှင့် အထူးသင့်လျော်သောကြောင့် "ပလ္လင်္ကံ အာဘုဇိတ္တွာ" ဟူ၍ ဟောတော်မူသည်။ စင်စစ်သော်ကား ဣရိယာပုတ် လေးပါးထဲ၌ပင် စွဲမြဲရမည်ဖြစ်သည်။

ကာယဂတာသတိ

တစ်ခုခုသော ဝိပဿနာ ကမ္မဋ္ဌာန်းမှုကို ထင်မြင်အောင် အားထုတ်လိုသောသူသည် မိမိစိတ်ကို ကမ္မဋ္ဌာန်းအာရုံရှိရာသို့ မိမိကိုယ်ခန္ဓာအတွင်းသို့ သွင်းတိုင်း သွင်းတိုင်း စိုက်စိုက်စူးစူး ဝင်၍ထားရာ အာရုံ၌ တည်ငြိမ်စွာနေစေခြင်းငှာ ကာယဂတာသတိကို ရှေးဦးစွာ တည်ထောင်ရာ၏။

ကာယဂတာ သတိဆိုသည်ကား-အာနာပါန၌ စွဲမြဲသော သတိမှ ဣရိယာပထ သမ္ဗဇည၌ စွဲမြဲသောသတိ အစရှိသဖြင့် မဟာသတိပဋ္ဌာနသုတ်၌ လာသော သတိအစီရင်စုံကို ဆိုသနည်း။

ထိုအစီရင်နှစ်ပါးတို့တွင် အာနာပါန အစီအရင်သည် အာနာပါနဒီပနီပိုင်းမှာ ထင်ရှားလတ္တံ့။

ဣရိယာပထ သမ္ဗဇည

စတုဣရိယာပထ သမ္ဗဇည အစီရင် ဆိုသည်ကား-

ပုန စ ပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တော ဝါ "ဂစ္ဆာမီ" တိ ပဇာနာတိ၊ ဌိတော ဝါ "ဌိတောမှိ"တိ ပဇာနာတိ၊ နိသိန္နော ဝါ "နိသိန္နောမှိ" တိ ပဇာနာတိ၊ သယာနော ဝါ "သယာနောမှိ" တိ ပဇာနာတိ၊ ယထာယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊

http://www.dhammadownload.com

တထာ တထာနံ ပဇာနာတိ–

ဟူ၍ ဟောတော်မူသော အစီအရင်ပေတည်း။ ထွက်သက် ဝင်သက် သိမ်မွေ့လှ၍ မရှလိုလျှင် ဤ ကျရိယာပထသမ္ဘဇကို အားထုတ်ရသည်။

သွားခြင်း၌သတိပြုပုံ

အားထုတ်ပုံကား–သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ ကျရိယာပုတ် လေးပါးတွင် သွားခြင်း ကျရိယာပုတ်၌ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ငါသွား၏၊ ငါသွား၏ဟု ခြေ၌တည်သောစိတ်ကို ဖြစ်စေ၍ သွားရမည်။ ခြေတစ်လှမ်းမျှ အမှတ်တမဲ့ မလှမ်းမိစေနှင့်။ အာရုံတစ်ပါး မဝင်စေနှင့်။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ အကြွ အငင် အချ သုံးချက်လုံး ထင်စွာသိ၍ လှမ်းနိုင်ပေမူ ကောင်းလှ၏။ အစ၌ သုံးချက်လုံး မထင်နိုင်လျှင် အချ အချကိုသာ အသုံးပြုလေ။ လွယ်သည်ဟု မထင်နှင့်။ လေလိုလွင့်၍ နေသောစိတ်ကို ချုပ်တည်းမှုဖြစ်သည်။ အလှမ်းများစွာ သွား၍ စမ်းမှ ခက်မှန်းသိမည်။

ရပ်ခြင်း၌ သတိပြုပုံ

ရပ်ခြင်းအမှု၌ ရပ်မည်ပြုသောအခါ ငါရပ်မည်ဟု သိ၍ရပ်၊ အမှတ်တမဲ့ မရပ်မိစေနှင့်။ ရပ်နေစဉ် အခါ၌ မိမိကိုယ်ကို အာရုံပြု၍ ငါရပ်၏ဟု အမြဲစိတ်ကို ဖြစ်စေ၍ နေရမည်။ အပသို့ စိတ်ထွက်၍ မသွားစေနှင့်။ အာရုံတစ်ပါး မဝင်စေနှင့်။

ထိုင်ခြင်း၌ သတိပြုပုံ

ထိုင်ခြင်းအမှု၌ ထိုင်မည်ပြုသောအခါ ငါထိုင်သည်ဟု မိမိခန္ဓာကိုယ်ကို အာရုံပြု၍ ထိုင်ရမည်။ အမှတ်တမဲ့ မထိုင်မိစေနှင့်။ ထိုင်၍နေစဉ် အခါ၌ မိမိခန္ဓာကိုယ်ကို အာရုံပြု၍ ငါထိုင်၏ဟု အမြဲစိတ်ကို ဖြစ်စေရမည်။ အပသို့ မထွက်စေနှင့်။ အာရုံတစ်ပါး မဝင်စေနှင့်။

အိပ်ခြင်း၌ သတိပြုပုံ

အိပ်ခြင်းအမှု၌ အိပ်မည်ပြုသောအခါ၌ ငါအိပ်မည်ဟု သိ၍အိပ်၊ အမှတ်တမဲ့ မအိပ်မိစေနှင့်။ အိပ်၍နေစဉ်အခါ၌လည်း မိမိခန္ဓာကိုယ်ကို အာရုံပြု၍ ငါအိပ်ပြီဟု အမြဲစိတ်ကိုဖြစ်စေရမည်။ အပသို့ စိတ်မလွင့်စေနှင့်။ အာရုံတစ်ပါး မဝင်စေနှင့်။

ကျန်ရှိယ သံဝရသီလ

မျက်စိဥပစာ နားဥပစာ၌ ဖြစ်၍ မြင်လာကြားလာရသည်ရှိသော် မြင်ကာမတ္တ၊ ကြားကာမတ္တ၌ တည်စေရမည်။ ထိုအာရုံသို့ စိတ်ဝိတက်လိုက်စားခြင်းကို မပြုရသည်ကို ရည်၍–

တသ္မာ တိဟ တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတ မတ္တံ ဘဝိဿတိ၊ ဧဝဉ္ခိ တေ ဗာဟိယ သိက္ခိတဗ္ဗံ။

ဟူ၍ ကျန်ရှိယသံဝရ အစီရင်ကို ဟောတော်မူ၏။

ဗာဟိယ၊ ဗာဟိယ။ တသ္မာ၊ ထို့ကြောင့်လျှင် (တိဟကား အနက် မရှိ)။ တေ၊ သင့်အား။ ဒိဋ္ဌေ၊ မျက်စိတွင် မြင်လာသောအာရုံ၌။ ဒိဋ္ဌမတ္တံ၊ မြင်ရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သုတေ၊ နားတွင် ကြားလာသော အာရုံ၌။ သုတမတ္တံ၊ ကြားရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့။ မုတေ၊ နှာခေါင်း ခံတွင်း၊ ကိုယ်အင်္ဂါတို့မှာ လာရောက်ထိပါးသော အာရုံစု၌။ မုတမတ္တံ၊ ရောက်ရုံမျှ ထိရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဝိညာတေ၊ မနောတွင် ထင်လာ သိလာသော အာရုံ၌။ ဝိညာတမတ္တံ၊ သိရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်ရလတ္တံ့။ ဗာဟိယ၊ ဗာဟိယ။ ဧဝဉ္ခိ၊ ဤသို့လျှင်။ တေ၊ သင်သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ် အားထုတ်အပ်၏။

မိမိ၌ တည်ထောင်၍ လုပ်သော အာရုံတစ်ပါး ခြောက်ဖွါရ၌ ထင်လာတွေ့ကြုံလာသော အာရုံစု

http://www.dhammadownload.com

မှာ ဝိတက်၊ ဝိစာရ လိုက်စားခြင်းကို မပြုမူ၍၊ ရုတ်တရက် မြင်၍၊ ကြား၍၊ တွေ့ကြို၍ ကွယ်လွန်စေရသည်ဟု ဣန္ဒြိယသံဝရသီလ အစီအရင်ကို ဟောတော်မူသာ ပါဠိတော်ပေတည်း။

ကိုယ်အမူအရာပြုတိုင်း သတိပြု

"ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာနံ ပဇာနာတိ" ဟူသော–

ပါဠိဖြင့်ကား ပြဆိုခဲ့ပြီးသော ဣရိယာပုတ်ကြီး လေးပါးအတွင်း၌ဖြစ်သော ထိုထို ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့၏ လှုပ်ခြင်း၊ ရှားခြင်း၊ ထားခြင်း၊ သိုခြင်း၊ ချီခြင်း၊ ကြွခြင်း အစရှိသော ကိုယ်အမူအရာ အစုကို ပြုသောအခါ၌လည်း ပြုနေကျအတိုင်း အမှတ်တမဲ့ မပြုရာ၊ မည်သို့ ပြုမည်ဟု ထိုကိုယ်အင်္ဂါကို အာရုံပြု၍သာ ပြုရမည်ဟူသော အစီအရင်ကို ပြတော်မူသည်။

လိုရင်းအချုပ်ကား ကာယဂတာသတိ ဆိုသည်နှင့်အညီ မိမိခန္ဓာကိုယ်မှ လွတ်ရာအပသို့ မိမိစိတ်ကို ထွက်၍ မလွင့်ပါးရအောင် သတိဖြင့် ချုပ်ထိန်းမှုပေတည်း။

အသမ္မောဟ သမ္ပဇည

ဤသို့ ဣရိယာပုတ်ကြီး၊ ဣရိယာပုတ်ငယ်တို့ ပြုနေကျအတိုင်း အမှတ်တမဲ့ မပြုမိစေမူ၍ အလုံးစုံ အစေ့အင သိ၍သိ၍ စိတ်ထဲတွင် ထင်မြင်၍ ထင်မြင်၍သာ ပြုမိသည်ကို အသမ္မောဟ သမ္ပဇည ဆိုသတည်း။

အဌကထာလာ ဣရိယာပထ

အဌကထာတို့၌ပြသော ဣရိယာပထ အစီအရင်၊ အသမ္မောဟသမ္ပဇည အစီအရင်တို့သည်ကား နက်နဲသော ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်တို့နှင့်သာ သင့်လျော်သော အစီရင်တို့ပေတည်း။

ပြဆိုခဲ့ပြီးသော ဣရိယာပထသမ္ပဇည အစီအရင်၊ အသမ္မောဟသမ္ပဇည အစီအရင်တို့ကား ယခုကာလ၌ ရှိကြသော သူသူငါငါ အများတို့နှင့် သင့်လျော်သော အစီအရင်တို့ပေတည်း။ ယခုကာလ၌ ရှိကြသောသူတို့မှာမူကား ဣန္ဒြိယသံဝရသီလ ပြည့်စုံရုံမျှ၊ ကာယဂတာသတိ တည်ရုံမျှမှ ပင်လျှင် အလွန်ခဲယဉ်းကြကုန်၏။ ငါ သွားသည်၊ ငါ ရပ်သည် အစရှိသည်တို့၌ ငါ ဟူသော သတ္တ သညာ၊ အတ္တ သညာ၊ ဇီဝ သညာ ကွာပျောက်စေရန်အခွင့်နှင့် အလွန်ဝေးကွာကုန်၏။

လိုရင်း သံဝရ နှစ်ပါး

စင်စစ်မူကား ဝိပဿနာ ကမ္မဋ္ဌာန်း၏ ဥပစာအကျိုးငှာ ရှေးဦးစွာ ကာယဂတာ သတိကို မွေးမြူ၍ အစီအရင်ဖြစ်သော "ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ" အစရှိသော ပုဗ္ဗဘာဂ အစီအရင်များ၌ သတ္တ သညာ၊ အတ္တ သညာ၊ ဇီဝ သညာ ပျောက်ကင်းစေရန် အခွင့်သည် လိုရင်းပဓာန မဟုတ်သေး၊ အစဉ် ထာဝရ လေလိုလွင့်ပါး၍ အုပ်မရ ချုပ်မရ ရှိနေသော မိမိစိတ်ကို မိမိကိုယ် ခန္ဓာ အစိတ်အပေါင်း၌ သတိနှင့် ချုပ်တည်းရသော သတိ သံဝရ ဣန္ဒြိသံဝရ ကာယဂတာသတိမှုမျှသာ လိုရင်းပဓာနတည်း။

သတ္တ သညာ၊ အတ္တ သညာ၊ ဇီဝ သညာ ပျောက်ကင်းမှုမှာကား ထိုထို သတိပဋ္ဌာနပဗ္ဗ၏ အဆုံး၌ "သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ" အစရှိသဖြင့် ဥဒယဗ္ဗယဉာဏ် အစီရင်မှာမူ ပုဂ္ဂလ သတ္တ အတ္တ ဇီဝသညာ ပျောက်ကင်းစေရန် အခွင့်ပဓာနလိုရင်း ဖြစ်ပေသတည်း။

"သတောဝ အဿသတိ၊ သတောဝ ပဿသတိ"

ဟူသော ပါဠိတော်မြတ်နှင့်အညီ ထွက်သက်ဝင်သက်၌ သတိစွဲမြဲ၍ အပသို့ ခဏခဏ ထွက်သော

http://www.dhammadownload.com

စိတ်ဝိတက် ငြိမ်းမှုကိုသာ ကောင်းစွာငြိမ်အောင် အားထုတ်ရာ၏။

ထို့ကြောင့် အဋ္ဌကထာ၌-

ဗဟိ ဝိသဋ္ဌ ဝိတက္က ဝိစ္ဆေဒံ ကတွာ အဿာသ ပဿာသာရမ္မဏော သတိ သံထပနတ္တံ ယေဝ ဟိ ဂဏှာ။

ဟူ၍ မိန့်၏။

ဂဏှာ၊ ရေတွက်ခန်းမည်သည်။ ဗဟိ၊ မိမိကိုယ်ခန္ဓာမှ အပ အလွတ်၌။ ဝိသဋ္ဌ ဝိတက္က ဝိစ္ဆေဒံ၊ ဘဝအဆက်ဆက်ပျံ့နှံ့ ပြေးသွား၍နေသော စိတ်ဝိတက်အလျဉ်၏ ပြတ်ခြင်းကို။ ကတွာ၊ ပြု၍ အဿာသပဿာသာရမ္မဏော၊ မိမိကိုယ်အင်္ဂါမှ ဖြစ်သော ထွက်သက် ဝင်သက်အာရုံ၌။ သတိ သံထပနတ္တံ ယေဝ၊ သတိကို ခိုင်ခြစွာ ထားခြင်းငှာ သာလျှင်။ ဟောတိ၊ ဖြစ်၏။ အဓိပ္ပာယ်ပေါ်ပြီ။

အနုဗန္ဓနာနည်း

ဂဏှာခန်းပြီး၍ အနုဗန္ဓနာခန်းသို့ ရောက်သောအခါ၌-

ဒီဃံ ဝါ အဿန္တော ဒီဃံ အဿာသာမီတိ ပဇာနာတိ။

အစရှိသော ဒုတိယဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန စိတ်ကို ခိုင်မြဲစွာထားမှုနှင့်တကွ အရှည်အတို သိမှုကိုလည်း အစဉ်မှန်စွာသိအောင် သတိပြုရာ၏။

အရှည်အတိုကို သိပုံ

အရှည်အတိုသိမှုကိုလည်း သတိပြုရာ၌ ထွက် သက် ဝင်သက်တို့ကို အစ အလယ် အဆုံး အစဉ်လိုက်၍ တမင် အာရုံပြုရသည်မဟုတ်၊ စိတ်ကို ထိရာ ဌာန၌ ခိုင်မြဲစွာ ထားမြဲထား၍ အရှည်အတိုကိုလည်း အစဉ်မှန်စွာ ထိအောင် ငါ သတိပြုရမည်ဟု ဉဿာဟတစ်ခု တိုး၍ ပြုရုံမျှသာတည်း။ ရှည်သော အကြိမ်မှာ ထိရာဌာန၌ ထိခိုက်မှု တာရှည်၏။ တိုသောအချိန်မှာ ထိခိုက်ရာဌာန၌ ထိခိုက်မှု တာတို၏။ ထိခိုက်ချက် တာရှည်မှု၊ တာတိုမှုတို့၌ အရှည်အတိုကို သိ၏။

စိတ်၏ ဗျာပါရမည်သည် အလွန်ပျံ့နှံ့နိုင်သော သဘောသတ္တိရှိသောကြောင့် ထိရာဌာန၌ပင် စိုက်၍ထားငြားသော်လည်း ထိရာဌာနမှ အတွင်း၌ ထွက်၍လာသောအလား၊ ဝင်၍ သွားသောအလား များသည်လည်း အလိုလို ထင်မြင်လာလတ္တံ့။

အရှည်ကို သိမှု စွဲမြဲလာသောအခါ၌...

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။

ယင်း တတိယ ဝါရ ပါဠိတော်မြတ်နှင့်အညီ ထိရာဌာန၌ စိတ်ကို ခိုင်မြဲစွာ စိုက်ထား၍ အရှည်အတိုသိမှုနှင့်တကွ ထွက်သက်ကို အစ အလယ် အဆုံး အကုန်လုံး ထင်လင်းစေမှုကို အထူးအားထုတ်ရာ၏။ ထွက်သက်လွတ်မည်ရှိခဲ့လျှင် အမှတ်မဲ့ မလွတ်မူ၍ ဝမ်းတွင်း၌ ဖြစ်ပေါ်လာသော အစမှ စ၍ ထိရာဌာနတိုင်အောင် ထွက်သက်သန္တာန်ကို စိတ်၌ ထင်ရှားအောင်ပြု၍ ထွက်သက် လွတ်မည်ဟု ဉဿာဟပြု၍ ပြု၍ လွတ်ရမည်။ ထိရာဌာနမှစ၍ ဝမ်းတွင်း၌ ဆုံရာဌာနတိုင်အောင် ဝင်သက်သန္တာန်ကို စိတ်၌ ထင်ရှားအောင်ပြု၍ ဝင်သက် ရှုရမည်ဟု ဉဿာဟပြု၍ ရှုရမည်။

ထိရာဌ စိတ်ကို လွတ်မထားရ

ထိုသို့ပြုရာ၌လည်း နာသီးဖျားဟုဆိုအပ်သော ထိရာဌာနရှိ စိတ်ကို ခိုင်မြဲစွာ ထားမြဲထား၍ သာ ဉဿာဟပြုရမည်။ ထိရာဌာန၌ စိတ်ထားမှုကို လွတ်၍ မလိုက်ရ၊ ထိရာဌာနကို လွတ်၍ မလိုက်ရသော်လည်း အစ အလယ် အဆုံး အကုန်လုံး

http://www.dhammadownload.com

ထင်ရှားစေရမည်ဟူသော ဥဿာဟနှင့်တကွ ထိရာဌာနဒ္ဌ စိတ်ကို စိုက်၍ထားလျှင်ပင် တစ်စတစ်စ အားဖြင့် ထွက်သက်တို့သည် အစ အလယ် အဆုံး အကုန်လုံးလိုလို ထင်ရှားကုန်လတ္တံ့။

အစ အလယ် အဆုံး အကုန်လုံး ထင်လင်းစွာ ထင်မြင်သောအခါ၌

ပဿမ္ဘယ် ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊

ပဿမ္ဘယ် ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ။

ဟူသော စတုတ္ထဝါရ ပါဠိတော်မြတ်နှင့်အညီ အဆင့်ဆင့် ရှုနှုန်ရင်းမှု၏ ချုပ်ငြိမ်းခြင်း၊ အဆင့်ဆင့် သိမ်မွေ့ခြင်း ကွယ်ပျောက်၍ သွားပြီထင်ရအောင် သိမ်မွေ့ခြင်းသို့ အလိုအလျောက် မရောက်ခဲ့သည်ရှိသော် ထိုသို့ သိမ်မွေ့ခြင်းသို့ ရောက်အောင် အားထုတ်မည်ဟူသော ဥဿာဟကို ပြု၍ ထွက်သက် ဝင်သက်ကို ဖြစ်စေရမည်။ အမှတ်တမဲ့ မဖြစ်စေရာ။

ဝိပဿနာလမ်းသို့ တက်နည်း
ပဓာနဓာတ်ကြီးငါးပါး

မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်၊ စိတ်ဓာတ်ဟူ၍ ပဓာန ဓာတ်ကြီးငါးပါး။

ကံ, စိတ်, ဥတု, အာဟာရ ဟူ၍ ရုပ်၏ ဖြစ်ကြောင်းတရားလေးပါး။ ဝတ္ထု, အာရုံ ဟူ၍ နာမ်ဖြစ်ကြောင်း တရားနှစ်ပါး။

ဤတရားအစုကို ရုပ်နာမ်နှစ်ပါးပြု၍ ထားပြီးလျှင် ထိုတရားတို့ကို လည်းကောင်း၊ ထိုတရားတို့၏ ဖြစ်မှု ပျက်မှုကိုလည်းကောင်း ဉာဏ်ဖြင့် စေ့စေ့ရှု၍–

"ရူပံ အနိစ္စံ ခယဋ္ဌေန
ဒုက္ခံ ဘယဋ္ဌေန
အနတ္တာ အသာရကဋ္ဌေန"

ဟူ၍ လက္ခဏာရေးသုံးပါးဖြင့် အဖန်ဖန်သုံးသပ်ခြင်းဟူသော ဝိပဿနာတရားကို အားထုတ်ရာ၏။ ဤကား "အနိစ္စာနုပဿီ အဿ သိဿာမီတိ သိက္ခတိ" ဟူသော ဤပါဠိတော်နည်းအားဖြင့် ထွက်သက် ဝင်သက်နှင့် ဖက်တွဲ၍ ဝိပဿနာလမ်းကို တက်ပုံ အမြွက်တည်း။

တစ်နည်း

တစ်နည်းမူကား– ထွက်သက် ဝင်သက်ရှုမှုကို ဥပစာရကိစ္စပြု၍ မိမိ၌ သိရင်းရှိနေသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ထို့အတူ ဉာဏ်ဖြင့် စေ့စေ့ရှု၍လည်း သုံးသပ်ရာ၏။

ဥပစာရကိစ္စမှု ဆိုသည်ကား အချိန်နာရီထား၍ အားထုတ်ရသူတို့မှာ အလုပ်ခွင်သို့ဝင်သောအခါ ဝင်တိုင်း ဝင်တိုင်း စိတ်ကို ချုပ်တည်းခြင်းငှာ၊ တည်ငြိမ်စေခြင်းငှာ ရှေးဦးစွာ ထွက်သွက်ဝင်သက်ကို ရှုမှုတည်း။ စိတ်ငြိမ်သောအခါမှ အလိုရှိရာ ခန္ဓာကို ရှုရာ၏။

ဤကား ဂဏနာအခန်းမှ ဝိပဿနာလမ်းသို့ တက်ရာ၌ အမြွက်မျှ ပြဆိုချက်တည်း။ အပြည့်အစုံဖြစ်သော ဝိပဿနာလုပ်နည်း အစီအရင်မူကား လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်သော အာဟာရ ဒီပနီ, အနတ္တ ဒီပနီစာအုပ်တို့မှာ ကြည့်ရှု၍ ယူလေ။

မှာထားချက်

၁။ အနုဗန္ဓနာအခန်းမှ ဝိပဿနာလမ်းသို့ တက်နည်း၊
၂။ ဥပစာရသမာဓိ ဟူသော ထပနာအခန်းမှ ဝိပဿနာလမ်းသို့ တက်နည်း၊
၃။ အပွနာသမာဓိ ဟူသော ထပနာလေးရပ်တို့တွင် ပထမစျာန်မှ ဝိပဿနာလမ်းသို့ တက်နည်း၊
၄။ ဒုတိယစျာန်မှ ဝိပဿနာလမ်းသို့ တက်နည်း၊
၅။ တတိယစျာန်မှ ဝိပဿနာလမ်းသို့ တက်နည်း၊

http://www.dhammadownload.com

၆။ စတုတ္ထစျာန်မှ ဝိပဿနာလမ်းသို့ တက်နည်း-

ဟူ၍ ဂဏနာအခန်းမှ အထက်၌ ခြောက်ဆင့်ခြောက်လမ်း ရှိသည်မှာလည်း ဂဏနာအခန်းမှ ပြဆိုခဲ့ပြီးသော နည်းလမ်းကို အစဉ်မှီး၍ သိကြလေ။

၁။ ကျန်ရှိသော ဝိသုဒ္ဓိသုံးပါးတို့၏ ဖြစ်ပုံ အစီအရင်၊

၂။ ဝိပဿနာ ဉာဏ်ဆယ်ပါးတို့၏ ဖြစ်ပုံ အစီအရင်၊

၃။ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဟူသော ဝိဇ္ဇာဝိမုတ္တိတို့၏ ဖြစ်ပုံအစီအရင်ကို သံပေါက်လင်္ကာဖြင့် လယ်တီဆရာတော်ဘုရားကြီး ရေးသားစီရင်သော သင်္ကြိဟ် (၉) ပိုင်းအချုပ် ပရမတ္ထသံခိပ်ကျမ်း ကမ္မဋ္ဌာန်းပိုင်းမှာ ယူကြလေ။

ဝိပဿနာလုပ်ငန်း

ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့၏ လိုရင်းအချက်ကို ပြပေအံ့။ ဝိပဿနာဉာဏ် သုံးပါးတွင် ရှေးဦးစွာ အနိစ္စ ထင်မြင်မှုသည် အရေးအကြီးဆုံးဖြစ်၏။ အဘယ်သို့ ထင်မြင်နိုင်ရမည်နည်းဟူမူ အရိပ်ပြပွဲ၌ တစ်ခုသော အရိပ်မှာ တစ်ခဏအတွင်း၌ပင်လျှင် လူပ်ရှားမှုတွေ အဆက်ဆက်အဆင့်ဆင့် ပြောင်းလဲမှုတွေ အဘယ်မျှ လျင်မြန်လေသနည်း။ အဘယ်မျှ ထွေထွေပြားပြားများပြားလေသနည်းဟု ဓာတ်ရိပ်ကြီးငယ်တစ်ခုကို စေ့စုံစွာ စဉ်းစား၍ ကြည့်ရှုကြပါလျှင် ဓာတ်ရိပ်၌ ဝိပရိဏာမ အညထာဘာဝအချက်တို့သည် တစ်မိနစ်တစ်စက္ကန့် အတွင်းမှာပင် ရာထောင်မက ရှိနေကြသည်ကို တွေ့မြင်ကြကုန်ရာ၏။ တွေ့မြင်သမျှသော ထို ဝိပရိနာမ အညထာဘာဝမှုတို့သည် ထိုဓာတ်ရိပ်မှ အနိစ္စချည်းပေတည်း၊ မရဏမှုချည်းပေတည်း၊ ဓာတ်၏ သေဆုံးမှုချည်းပေတည်း။

ထိုဓာတ်ရိပ်ကို သွားခြင်း အခိုက်အတန့်၊ ရပ်ခြင်း အခိုက်အတန့်၊ ထိုင်ခြင်း အခိုက်အတန့်၊ အိပ်ခြင်း အခိုက်အတန့်၊ ကွေးခြင်း အခိုက်အတန့်၊ ဆန့်ခြင်း အခိုက်အတန့်၊ ထိုသို့ အင်္ဂါအစိတ်တို့၏ အထွေထွေပြောင်းလဲခြင်း၊ အခိုက်အတန့်တို့ကို၊ လုပ်ကြံ၍ စေ့စုံစွာ ကြည့်ရှုကြပါလျှင် ထိုအရိပ်မှာ ထိုထို အခိုက်အတန့်တွင်၌ ဓာတ်တို့၏ အနိစ္စမှုတွေ၊ မရဏမှုတွေ ပြည့်လျက်နေသည်ကို သိမြင်ကြကုန်လတ္တံ့။ သွားခြင်းအခိုက်အတန့်တွင် တစ်ခုတစ်ခုသော ခြေလှမ်းအတွင်း၌ ဓာတ်တို့၏ အနိစ္စတွေ၊ မရဏတွေ ပြည့်လျက်နေသည်ကို သိမြင်ကြ ကုန်လတ္တံ့။ ကြွင်းကျန်သော အခိုက်အတန့်၌လည်း ထိုနည်းတူ အသီးသီး အနိစ္စတွေ၊ မရဏမှုတွေပြည့်လျက် နေကြကုန်သည်သာတည်း။

ဤဓာတ်ရိပ် ဥပမာအတိုင်း မိမိ မိမိတို့၏ ကိုယ်ခန္ဓာမှာလည်း ဘယ်အခါမှာမဆို ရုပ်ဓာတ် နာမ်ဓာတ်တို့၏ အနိစ္စမှုတွေ၊ မရဏမှုတွေ ကိုယ်နှင့်အပြည့်၊ ခေါင်းနှင့်အပြည့် ထိုထို အင်္ဂါကြီးငယ်တို့နှင့်အပြည့်ရှိလျက် နေကြကုန်၏။

ထိုကဲ့သို့ ဘယ်အခါမဆို တစ်ကိုယ်လုံး တစ်ကောင်လုံး ပြည့်လျက်ရှိနေကြကုန်သော အနိစ္စအချက်၊ မရဏအချက်တို့ကို ဉာဏ်ဖြင့် ပေါင်းရုံး၍ ကြည့်ရှုတတ်ကြပါကုန်မူကား မိမိ မိမိတို့၏ ကိုယ်ခန္ဓာ၊ ကိုယ်အင်္ဂါတို့သည် တစ်စက္ကန့် တစ်မိနစ်အတွင်းမှာပင် အခါများစွာ ပျက်ဆုံး ပြိုကွဲပြောင်းလဲ၍ နေကြသည်ကိုလည်း သိမြင်နိုင်ကြကုန်လတ္တံ့။ တစ်စက္ကန့်၊ တစ်မိနစ်အတွင်းမှာပင် ကိုယ်ခန္ဓာကြီး အခါခါပြောင်းလဲမှု၊ ဦးခေါင်းအင်္ဂါ အခါခါ ပြောင်းလဲမှု၊ ခြေအင်္ဂါ လက်အင်္ဂါ အခါခါ ပြောင်းလဲမှု၊ ကျောအင်္ဂါ၊ ဝမ်းအင်္ဂါ အခါခါပြောင်းလဲမှု၊ အသည်းအင်္ဂါ အဆုတ်အင်္ဂါ အခါခါ ပြောင်းလဲမှုတို့ကိုလည်း သိမြင်ကြကုန်လတ္တံ့။

ဤသို့ သိကြ၊ မြင်ကြ၊ ထင်ကြကုန်သည်ရှိသော် အနိစ္စာ နုပဿနာ အလုပ်တွေ နေရာကျပြီဟု

http://www.dhammadownload.com

မှတ်၊ အနိစ္စာနုပဿနာအလုပ် နေရာကျလျှင်လည်း အနတ္တာနုပဿနာ အလုပ်လည်း နေရာကျလေတော့သည်။

နေရာကျဆိုသည်ကား တစ်သက်လုံး စွဲမြဲကြရန် အချက်ကျသည်ကို ဆိုသည်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ပေါက်ရောက်သည်ကို ဆိုသည်မဟုတ်၊ မဂ်ဉာဏ် ဖိုဉာဏ်ကို ပေါက်ရောက်မှုကား ဣန္ဒြေပါရမီ အရင့်အနုကို လိုက်၍ အမြန်အနှေးရှိပြန်၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ပေါက်ရောက်မှု မည်သည် အမှန်အားဖြင့် "အလွန်သိနိုင်ခဲ၏"တဲ့။

သောတာပန် ဖြစ်နေသော ပုဂ္ဂိုလ်သည် မိမိကိုယ်ကို ငါ သောတာပန် ဖြစ်သည်ဟု အမှန်အားဖြင့် သိနိုင်ခဲ၏။ အဘယ့်ကြောင့်နည်းဟူမူ ကိလေသာတို့၏ အနုသယ အခိုက်အတန့် နက်နဲလှသောကြောင့်တည်း။

ကိလေသာတို့၏ အနုသယ အခိုက်အတန့် နက်နဲပုံကို မသိကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည် ဒိဋ္ဌ ဝိစိကိစ္ဆာတို့၏ ဝိက္ခမ္ဘနကိစ္စနှင့် ကင်းကွာ၍ နေရုံမျှကိုပင် ငါ သောတာပန်ဖြစ်ပြီဟု ထင်တတ်ကြ၏။ ဒိဋ္ဌ ဝိစိ ကိစ္ဆာတို့၏ သမုစ္ဆေဒကိစ္စ အနုသယမှုကြီးပါ ကင်းပြတ်၍ သွားမှသာလျှင် သောတာပန် အစစ်ဖြစ်ပေသည်။ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့မှာမူကား အနိစ္စာနုပဿနဉာဏ်ကို ရနေကြလျှင်ပင် ကောင်းမြတ်လှပြီဟု ဝမ်းမြောက်၍သာ ထိုအလုပ်ကို တပ်မက်စွဲမြဲကြကုန်သည်။ ရဟန္တာဖြစ်ပြီးသော ပုဂ္ဂိုလ်တို့မှာသော်လည်း စိတ္တသုခအကျိုးငှာ ထိုအလုပ်ကို မလွတ်ကြပေကုန်။ ယောဂီပုဂ္ဂိုလ်တို့မှာလည်း ထိုအလုပ်ကို အသက်ထက်ဆုံး ဆွေးနွေးကြသည်ရှိသော် ဉာဏ်ပညာအဆင့် မြှင့်တင်၍ ပွားကြသဖြင့် ယခု ဘဝတွင်ပင် မသေမီအကြားဥ်သော်လည်းကောင်း၊ သေခါနီးအခါဥ်သော် လည်းကောင်း၊ ပုထုဇနဘူမိ ပုထုဇနဂတိတို့ကို လွန်မြောက်၍ အရိယဘူမိ အရိယဂတိသို့ ပေါက်ရောက်ကြကုန်လတ္တံ့၊ ယခုဘဝ၌ပင် မပေါက်ရောက်ရှိကြကုန်သော်လည်း နောင်ဘဝ၌ပင် နတ်ပြည်သို့ ရောက်ကြ၍ ပေါက်ရောက်ကြကုန်လတ္တံ့။

လယ်တီ ဝိပဿနာရှုနည်း ပြီး၏။

(အကျယ်ကို ရှုလိုမူ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းကျမ်းကြီးနှင့် ဝိပဿနာဒီပနီကျမ်း စသည်များတွင် ရှုပါလေ။)

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

မဟာသီတဂူဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မူလမင်းကွန်းဧတဝဏ်ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

[၁၂၃၀-၁၃၁၆]

ဖွားမြင်ခြင်း

ဧတဝဏ် ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ ကျောက်ပန်းရွာ၌ အဖ ဦးညို၊ အမိ ဒေါ်ပိုင်တို့မှ ၁၂၃၀ ပြည့်နှစ်၊ တပို့တွဲလဆန်း (၅)ရက် စနေနေ့၊ ညနေ (၆)နာရီအချိန်တွင် ဖွားမြင်သော ဒုတိယမြောက် အတိဇာတသားထူးသားမြတ်ရတနာဖြစ်၍ ငယ်မည်မှာ မောင်သာဗျော ဖြစ်ပါသည်။

ပဗ္ဗဇ္ဇ မင်္ဂလာ

ဆရာတော် အသက် (၁၄) နှစ် အရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တောင်ပေါ်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဖြစ်ခဲ့ပါသည်။ ဘွဲ့အမည်မှာ "ရှင်နာရဒ" ဖြစ်ပါသည်။

ဥပသမ္ပဒ မင်္ဂလာ

၁၂၄၉-ခုနှစ်တွင် မိခင်ကြီး၏ ညီမဝမ်းကွဲတော်စပ်သူ ကျောက်ပန်းရွာမှ ဒေါ်အဲဇာ၊ ဦးပေါ်စတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ နောင်တော်ဖြစ်သော မန်ကျည်းစုံတောရကျောင်း ဆရာတော် ဦးလက္ခဏာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပညာသင်ကြားခြင်း

ကျောင်းသားဘဝတွင် စော်ကဲကျောင်းဆရာတော်အထံ၌ သဒ္ဒါ-သင်္ဂဟ စသော အခြေခံသင်ရိုးကျမ်းစာများကို သင်ယူခဲ့ပြီး ရှင်သာမဏေ ဖြစ်သော အခါ၌ ဝိနည်းကို အလေးပေး၍ သင်ကြားခဲ့ရသဖြင့် သာမဏေ ဘဝ (၄)ဝါမှာပင် ဝိနည်းပါဠိတော်ကြီး (၅)ကျမ်းလုံး ပြီးဆုံးအောင် သင်ယူနိုင်ခဲ့ပါသည်။ ဝိနည်းပါဠိတော်ကြီးများကို ဆုံးခန်းတိုင် ပေါက်မြောက်အောင် သင်ယူပြီးသောအခါ၌ မိဘနှစ်ပါးတို့ ကွယ်လွန်အနိစ္စ ရောက်သဖြင့် အစ်မနှင့် နှမငယ်များကို ငဲ့ကွက်၍ လူထွက်ခဲ့ပါသေးသည်။

သို့သော် ပါရမီဉာဏ် ရင့်သန်ပြီး ယောကျ်ားအာဇာနည် ဖြစ်သည့် အလျောက် အသက် (၂၀)သို့ ရောက်သောအခါ ရဟန်းပြုခဲ့ပါသည်။

ရဟန်းဖြစ်သောအခါ နောင်တော်ဦးလက္ခဏာမင်းကွန်းတောင်ပေါ်ကြီးကျောင်းတိုက် ပဋ္ဌကအကျော် (၃) ဂိုဏ်းချုပ် ဆရာတော် ဦးရာဓိန္ဒ၊ မန္တလေးမြို့၊ မိုးကောင်းတိုက်၊ ဒက္ခိဏာဝန်တိုက်၊ မြတောင်တိုက်၊ စံကျောင်းတိုက် စသည်တို့၌ ပညာသင်ကြားခဲ့ပါသည်။

http://www.dhammadownload.com

စာပေပို့ချခြင်း

တောင်ပေါ်ကြီးကျောင်းတိုက်၌ လည်းကောင်း၊ မန္တလေးမြို့၌ လည်းကောင်း စာလိုက်စဉ်ကပင် ဆရာတော်သည် မိမိလည်း သင်ကြား၊ စာသင်သားတို့အားလည်း စာပေပို့ချ၍ အတွေ့-ပရနှစ်ဝအကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် လက်ပံတန်းမြို့၌ လည်းကောင်း၊ မင်းကွန်း အလယ်တောရွာ၌ လည်းကောင်း သီတင်းသုံး စာပေပို့ချခဲ့ပါသည်။

တရား အားထုတ်ခြင်း

ဘူတံ ဘူတတော ပဿတိ (အရှိကိုအရှိအတိုင်း အဟုတ်ကို အဟုတ်အတိုင်း သိမြင်လျှင်) နိဗ္ဗာန်ရနိုင်ပါထယ် ဟူသော အလယ်တောရ ဆရာတော် ဦးမဋ္ဌသာရ၏ နည်းလမ်းညွှန်ပြ ဩဝါဒကို ရသဖြင့် သက်တော်(၃၇)နှစ်အရွယ်တွင် အရိုးကျေကျေ အရေခြောက်ခြောက် မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် တရားအားထုတ်ခဲ့ပါသည်။

တရားပြသခြင်း

၁၂၇၂-ခုနှစ်မှ စတင်၍ အခက်အခဲပေါင်းမြောက်မြားစွာကို ရင်ဆိုင်၍ သတိပဋ္ဌာန်လမ်းစဉ်ကို ပွင့်လင်းအောင် ဟောကြားပြသခဲ့ပါသည်။

အဋ္ဌကထာ ရေးသားခြင်း

၁၂၈၂-ခုနှစ်တွင် မင်းကွန်းဇေတဝန်ချောင်ကမ္မဋ္ဌာန်းကျောင်းငယ်ကလေး၌ သီတင်းသုံး၍ ပေဋ္ဌကောပဒေသ အဋ္ဌကထာကိုလည်းကောင်း၊

၁၃၀၀-ပြည့်နှစ်တွင် မိုးညှင်းဆရာတော်ဘုရားကြီး၏ တောင်းပန်ချက်အရ မိလိန္ဒပဉှာ အဋ္ဌကထာကိုလည်းကောင်း ရေးသားခဲ့ပါသည်။

ဤနေရာ၌ အလျဉ်းသင့်၍ ဆရာတော်၏ စာရေးသားပုံကို တင်ပြလိုပါသည်။ ဆရာတော်သည် မိမိရေးသားမည့် အဋ္ဌကထာများကို ဦးစွာပထမ စာရွက်ပေါ်မတင်မီ နှုတ်မှာပင် အာဂုံဆောင်ပြီး နှုတ်မှာပင် ပြင်ဆင်၍ စိတ်တိုင်းကျသောအခါမှ စာရွက်ပေါ်တင်၍ ရေးသားစီရင်ခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့စီရင်ရေးသားရာ၌ ပေဋ္ဌကောပဒေသ အဋ္ဌကထာကို (၄)နှစ်ခန့်၊ "မိလိန္ဒပဉှာအဋ္ဌကထာ" ကို (၃) နှစ်ခန့် အာဂုံဆောင်ပြီး ရေးသားစီရင်ခဲ့ခြင်း ဖြစ်သည့်အတွက် မိမိရေးသည့်စာ၊ မိမိပြန်၍ အာဂုံဆောင်ရန် အလွန်မှပင် ခက်ခဲလှသည်။ ယင်းသို့ ခက်ခဲသည့်အလုပ်ကို နှစ်ပေါင်းမြောက်မြားစွာ အာဂုံဆောင်ထားနိုင်ပါသည်"ဟုချီးမွမ်းအံ့သြခြင်းကို ခံယူခဲ့ရပါသည်။

ထို့ပြင် ဆရာတော်သည် "ဝိနယ သမ္မုဟ ဝိနိစ္ဆယ" "တောလေးဆယ် အဖွင့်ကျမ်း"၊ "ဝိပဿနာ ဉာဏ်စဉ်ကျမ်းကြီး" စသော ကျမ်းပေါင်းများစွာကို စီရင် ရေးသားခဲ့ပါသည်။

၁၂၇၀-ပြည့်နှစ်တွင် တရားစတင် ပြသတော်မူသည်။ ထိုအချိန်မှစ၍ ဝေနေယျသတ္တဝါတို့အား တရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့လေသည်။ ကျမ်း(၂၃)ကျမ်း ရေးသားတော်မူခြင်း၊ မြန်မာပြည်အရပ်ရပ်တွင် ကမ္မဋ္ဌာန်းဌာန (၁၀၀)ကျော် ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ကမ္ဘာကျော်ဆရာတော် (၂)ပါး ဖြစ်သည့် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော် ဘုရားကြီးနှင့် မဟာစည်ဆရာတော်ဘုရားကြီးတို့၏ ပဋိပတ်ဆရာ ဖြစ်တော်မူခြင်း စသည်တို့မှာ ဆရာတော်ကြီး၏ ကြီးမားသော အံ့ဖွယ်များပါပေတည်း။

သက်တော် (၈၆) နှစ်ရွယ်၊ ၁၃၁၆-ခု၊ တပေါင်းလဆုတ် (၁၀) ရက် သောကြာနေ့ (၁၀) နာရီအချိန်တွင် သထုံမြို့၊ မင်းကွန်းဇေတဝန်ကျောင်းတိုက်၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့လေသည်။

ထေရပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မူလမင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး၏
သြဝါဒတော်

၊ ပေါ်လာသရွေ့ အာရုံထင်ရှားတာကို
ပစ္စုပ္ပန်တည့်တည့်
ကတွတ်ပေါက်မှာ ဗျိုင်း ငါးကောက်သလို
သတိဖြင့်မှတ်ပါ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မင်းကွန်းဧတဝန်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

မင်းကွန်းတောရမှာတော့ ကျေးဇူးရှင် ဧတဝန် ဆရာတော်ဘုရားကြီးများ ချမှတ်ပေးသွားတဲ့ စည်းကမ်းနည်းလမ်းအတိုင်း ဆရာတော်ဘုရားကြီး မကြာခဏ ပြောလေ့ပြောထ ဟောလေ့ဟောထ ရှိသည့် "နိဗ္ဗာန်ကို လိုချင်ရင် ဘူတံဘူတတော ပဿတိ– ဆိုတဲ့အတိုင်း အရှိကို အရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်းမြင်အောင် ကြည့်ဖို့ရှုဖို့" နည်းလမ်းပေးနေတာပဲ။

သတ္တဝါတွေရဲ့ သန္တာန်မှာ အရှိကို အရှိတိုင်း မမြင်အောင် ဖုံးဖိထားတဲ့ တွေဝေမှု မောဟအဝိဇ္ဇာ ရှိနေတယ်၊ ဒီအဝိဇ္ဇာ အဖုံးကို ဉီးစွာဖွင့်ကြဖို့ပါပဲ၊ နိဗ္ဗာန်လိုလားတဲ့ ယောဂီတွေလည်း ဒီအဝိဇ္ဇာအဖုံးကို ခွာရလိမ့်မယ်။

ဆရာတော်ဘုရားကြီးများက ရုပ်–နာမ်ကို ဘယ်သူဖုံးတယ်၊ အဝိဇ္ဇာ တဏှာ ကိလေသာ ဖုံးတယ်။ နိဗ္ဗာန်ကို ဘယ်သူဖုံးတယ်၊ ရုပ်နာမ်နှစ်ဖြာကွယ်ကာဖုံးတယ်။

အဖုံးကို ဘာနဲ့ ခွဲမယ်။ အဝိဇ္ဇာအဖုံးကို အမှတ်နဲ့ခွဲမယ်။ အမှတ်နဲ့ခွဲ၊ ကြေကွဲအဝိဇ္ဇာလို့ သြဝါဒ ပေးခဲ့ပါတယ်။

ဒီတော့ နံပါတ်တစ်ဖြစ်တဲ့ နိဗ္ဗာန်ကို ဖုံးနေတဲ့ အဖုံး ရုပ်နာမ်တွေမှာ အဖုံးကို ကွာအောင် ခွာချမှ ဖြစ်မှာပဲ၊ အဖုံးဖြစ်နေတဲ့ ရုပ်နာမ်ကို တစ်ထပ်ဖုံးထားတဲ့ မသိမှု အဝိဇ္ဇာအဖုံးကို ပထမဆုံး ခွာရပါလိမ့်မယ်၊ အချို့ ပြောလေ့ပြောထရှိပါတယ်။ လက္ခဏာရေး သုံးပါးရှုနေရင် ပြီးတာပါပဲလို့ ပြောကြတယ်။ လက္ခဏာရေးသုံးပါးဆိုတာက အကျိုးဆက် တရားပါ။ ရုပ်နာမ်ဆိုတာက အကျိုးတရား၊ အဝိဇ္ဇာဆိုတာက အကြောင်းတရားပါ။ မူလဘူတဖြစ်တဲ့အကြောင်း အဝိဇ္ဇာကို မသတ်လျှင် အကျိုး အကျိုးဆက်တွေသည် ဘယ်နည်းနှင့်မျှ မကုန်ဆုံးနိုင်တော့ပါ။ ဒါ့ကြောင့် မူလဘူတဖြစ်တဲ့ အကြောင်းကို ပထမဆုံး သတ်ရပါလိမ့်မယ်။

ဆရာတော်ကြီးများ သြဝါဒပေးခဲ့ပါတယ်။ အဝိဇ္ဇာသတ်မှ တရားမြတ်မလား၊ ရုပ်နာမ်သတ်မှ တရားမြတ်မလား၊ လက္ခဏာသတ်မှ တရားမြတ်မလား၊ အဝိဇ္ဇာရှိလို့ ရုပ်နာမ်ရှိ၊ ရုပ်နာမ်ရှိလို့ ဖြစ်ပျက်ရှိ။ ဖြစ်တဲ့သဘောကလည်း ဒုက္ခတရား၊ ပျက်တဲ့သဘောကလည်း အနိစ္စတရား။ ဖြစ်ပျက်သဘောကလည်း အနတ္တတရား။ အဝိဇ္ဇာမရှိတော့ ရုပ်နာမ်မရှိ။ ရုပ်နာမ်မရှိတော့ ဖြစ်ပျက်မရှိ။ ဖြစ်ပျက်မရှိတော့ လက္ခဏာမရှိ။ ဒီတော့ အဝိဇ္ဇာဆိုတဲ့ အမှတ်လက်နက် တုတ်ကောင်းကောင်းနဲ့ မြွေ၏ ဉီးခေါင်းနဲ့တူတဲ့ ပဋိစ္စသမုပ္ပာဒ် အဝိဇ္ဇာကို သတ်ရမှာ သေချာပါတယ်။

http://www.dhammadownload.com

မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ပင် သမုဒ္ဒရာရေ သည်သာလျှင် ခန်းခြောက်သွားမည်။ အဝိဇ္ဇာ အဖုံး မကွာသရွေ့ ယောဂီတို့လိုချင်တဲ့ စစ်မှန်သော ချမ်းသာသုခ ဘယ်နည်းနှင့်မျှ မရနိုင်ပါလို့ (သံ၊ ၂၊ နှာ-၁၂၁)မှာ ဟောထားပါတယ်။

ယောဂီတို့ရဲ့ သန္တာန်မှာ ရှိနေတဲ့ အဝိဇ္ဇာ ကိလေသာ အညစ်အကြေးတွေ စင်ကြယ်လိုလျှင်၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ စိတ်ဆင်းရဲ၊ ကိုယ် ဆင်းရဲတို့မှ ကင်းလိုလျှင် စစ်မှန်တဲ့ ချမ်းသာကို ရလိုလျှင် "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ- လို့ (သံ၊ ၃၊ နှာ-၁၂၃) ဟော ကြားတော်မူသည့်အတိုင်း သတိပဋ္ဌာန် ရှုမှတ်နည်း ကို အပွမတ္တော- ရှေ့အမှတ် နောက်အမှတ် ဆက်စပ် စေရမည်။ အာတာပီ- ပြင်းပြင်းထန်ထန် ရှုမှတ် ပွားများရမည်။ ပဟိတတ္တော- နိဗ္ဗာန်ကို တကယ် လိုချင်တဲ့စိတ် ဖြစ်နေရမည်ဆိုတဲ့ မူသုံးချက်နဲ့ နည်းလမ်းပေးလျက်ပါ။

တရားအားထုတ်ဖို့ လာတဲ့အချိန်မှာ ယောဂီ တို့ရဲ့ နှလုံးသွင်းရမယ့် စိတ်ထားပုံကို နည်းနည်း ညွှန်ပြပါမယ့်။ (အဇရံ မရံဝ ပညော၊ ဝိဇ္ဇမတ္တဥ္စစိန္တ ယေ။ ရဟိတော ဣဝ ကေသေသု၊ မစ္စုနာ ဓမ္မ မာစရေ။ ဆိုတဲ့) ဟိတောပဒေသ၊ နိဒါနကထာ၊ ဂါထာ နံပါတ် (-၂)မှာ လာတဲ့အတိုင်း-

စီးပွားပညာရှာချိန် ထားရမည့်စိတ်ထား

ကြောင်းကျိုး နှစ်တန် ဝေဖန်သိချင်၊ ယောဂီ ပညာရှင်သည်၊ တတ်သင့်တတ်ရာ ပညာအပေါင်း စုဆောင်းဆည်းပူးခြင်းကို လည်းကောင်း၊ ပစ္စည်း ဥစ္စာ ရရာရကြောင်း ရွှေငွေရတနာ စုပေါင်းဆည်းပူး ခြင်းကိုလည်းကောင်း၊ မိမိကိုယ်ကို ယွင်းယိုမရှိ၊ ပကတိကြံ့ခိုင်၊ မအိုနိုင်၊ မသေနိုင် ဘိသကဲ့သို့ ကြံစည်စိတ်ကူး၍ အတတ်ပညာ စီးပွားဥစ္စာရှာလေ။

တရားအားထုတ်ခိုက် ထားရမည့်စိတ်ထား

သတ္တဝါအားလုံးကို တဖြုန်းဖြုန်း မစဲ၊ အမြဲ တစေ သတ်၍နေသော သေမင်းသည် မလွတ်နိုင်ရန် ဦးသျှောင်ဆံပင်တို့ကို ခဏလတ်လတ် သတ်တော့ မည်မသွေ၊ ဆုပ်ကိုင်၍ နေလေဘိသကဲ့သို့ ကြံစည် စိတ်ကူး အထူးနှလုံးသွင်း၍ သူတော်တကာတို့နှုန်း၊ ကျင့်သုံးမှန်လှ၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ကာလမလင့် မဖင့်မနွဲ့စေဘဲ၊ အမြဲမပြတ်၊ ရှုမှတ် ကျင့်ရာ သတည်းဆိုတဲ့အတိုင်း အနီးကပ်ဆုံး လောကကြီးကို တစ်နည်းမဟုတ် တစ်နည်းဆိုသလို ဒီလို သံဝေဉာဏ် ဖြစ်ပေါ်လာမှသာလျှင် ကြောက် လန့်လာပြီး လွတ်မြောက်အောင် ပြင်းပြင်းထန်ထန် အားထုတ်မှာ ဖြစ်ပါတယ်။ ဒီလို အအိပ်အနေလျှော့ ပြီး အားထုတ်ရှုမှတ်ပါမှ လျင်လျင်မြန်မြန် တွေ့ လွယ် မြင်လွယ်ပါတယ်။

ရှုမှတ်ဖို့ကတော့ ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ- မူလအတိုင်းသွားလျှင် သွားတယ်လို့ မှတ်ရတာပါပဲ။

ရပ်နေတဲ့အခါမှာ ရပ်တယ်၊ ရပ်တယ်၊
ထိုင်နေတဲ့အခါမှာ ထိုင်တယ်၊ ထိုင်တယ်၊
လျောင်းနေတဲ့အခါမှာ လျောင်းတယ်၊ လျောင်းတယ်၊
မြင်တဲ့အခါမှာ မြင်တယ်၊ မြင်တယ်၊
ကြားတဲ့အခါမှာ ကြားတယ်၊ ကြားတယ်၊
နံတဲ့အခါမှာ နံတယ်၊ နံတယ်၊
စားတဲ့အခါမှာ စားတယ်၊ စားတယ်၊
ထိတဲ့အခါမှာ ထိတယ်၊ ထိတယ်၊
သိတဲ့အခါမှာ သိတယ်၊ သိတယ်လို့ မှတ်ရတာပါပဲ။

ဒီလိုမှတ်မှလည်း မိမိသန္တာန်မှာ လောင်နေတဲ့ လောဘ စတဲ့ မီးတွေ ငြိမ်းမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း ဆရာတော်ဘုရားကြီးများက "တစ်ဆယ့်တစ်မီး ထိန်ထိန်ပြောင်၊ မျက်စိထဲမှာ လောင်၊ မီငြိမ်းအောင် ဘယ်လိုသတ်၊ မြင်တယ်၊ မြင်တယ်မှတ်"လို့ စသည်ဖြင့်ပေါ့လေ၊ ယောဂီများရဲ့

http://www.dhammadownload.com

နှလုံးသားထဲမှာ မှတ်ပုံ မှတ်နည်းကလေးတွေ တစ်ခါတည်း စွဲသွားအောင် လက်ဆင့်လေးများနဲ့ ညွှန်ကြားပြသခဲ့ကြပါတယ်။ ဒါကတော့ မှတ်ပုံမှတ်နည်း နမူနာကလေးပါပဲ။

ငါပဲ သူပဲဆိုတဲ့သတ္တဝါပညတ်ကိုတော့ သုတမယနဲ့ပဲ ခွာထားရမှာပါ။ ရုပ်နာမ်သဘံတ တရားတို့သည်သာလျှင်အကြောင်းအားလျော်စွာ လှုပ်ရှားရွေ့လျားနေတဲ့ အခြင်းအရာကိုပေါ်လွင်လာအောင် အာရုံစူးစိုက်၍ လေ့ကျင့်ယူရပါတယ်။မှတ်ရပါတယ်။ ဒီလို ဣရိယာပုတ်တိုင်းမှာ မပြတ်မလပ်ရအောင်၊ အမှတ်ချင်းဆက်စပ်သွားအောင် လေ့ကျင့်ပြီးသကာလ မှတ်သွားလို့ရှိရင် (၂)ရက် လောက်ကြာရင် မှတ်ချက်အတော်လေး ကောင်းနေပါပြီ။ မှတ်စရာအာရုံနဲ့ မှတ်သိစိတ်တပ်ခနဲတပ်ခနဲအဆင်ပြေနေပါတယ်။နောက်တဖြည်းဖြည်း အမှတ်စိပ်ပြီး မှတ်ရပါမယ်။ ခြေတစ်လှမ်း ၂-မှတ်၊ နောက် ၃-မှတ်၊ ၄-မှတ်၊ ၅-မှတ်၊ ၆-မှတ်အထိ တဖြည်းဖြည်းချင်း လေ့ကျင့်ပြီး ရှုမှတ်ရပါတယ်။ အမှတ်စိတ် တစ်မှတ်တိုးပြီး မှတ်နိုင်အောင် အားပြတ်နေတဲ့ လူမမာကြီးကဲ့သို့ မိမိကိုယ်ကို သဘောထားပြီး ထကြွ လှုပ်ရှား ပြုပြင်ရတဲ့အစိတ်အပိုင်းတိုင်းမှာ ရွေ့အမှတ် နောက်အမှတ် မလစ်လပ်ရအောင် ဖြည်းညင်းသာသာ ကိုင်တွယ်လှုပ်ရှားမှုတွေကို ပြုရပါတယ်။

နေ့စဉ်နေ့တိုင်း တရားစစ်ပြီး လိုလျှင်ဖြည့်၊ ပိုလျှင်နုတ် သဘောမျိုးဖြင့် စစ်မေးပြီး ပြုပြင်ပေးရပါတယ်။ ဒီလို မှတ်နေတုန်း ဆူညံသံတွေ စသည်ကြားရ မြင်ရတဲ့အခါမှာလည်း ဒိဋ္ဌဒိဋ္ဌမတ္တံ အရထင်ရှားရာကို ကြားလျှင် ကြားတယ်၊ မြင်လျှင် မြင်တယ် စသည်ဖြင့် ပြောင်းမှတ်စေပြီး သမာဓိထူထောင်ခိုင်းပါတယ်၊ အိပ်ပျော်နေတဲ့ အချိန်ကလွဲလို့ ပေါ်လာသရွေ့ အာရုံထင်ရှားရာကို ပစ္စုပ္ပန်တည့်တည့်ပေါက်မှာ မျိုင်း ငါးကောက်သကဲ့သို့ မှတ်ဖို့ အမြဲသတိပေးလျက်ပါ။ ၄၊ ၅ရက်လောက်နဲ့ မှတ်အားကောင်းသွားတဲ့ ယောဂီတွေဆိုရင် သူတို့ရဲ့ကိုယ်တွေ့ ဉာဏ်မြင်လေးတွေ အသီးသီး ပြောကြပါတယ်။ ဘယ်လိုပြောသလဲဆိုတော့ သွားတဲ့ အခြင်းအရာလေးနဲ့ မှတ်သိစိတ်ကလေး (၂)ခုသာလျှင် အလှည့်ကျ အလုပ်လုပ်နေတာ သိသာပါကြောင်း ပြောပါတယ်။ ဤသို့ အလိုလို ထင်မြင်လာသည်ကို သာ သူ့သဘောအတိုင်း မလွတ်ရအောင် ရှုမှတ်ခိုင်းပါတယ်။အဘယ့်ကြောင့်ဆိုသော် ဝိပဿနာဟူသည် ဉာဏ်စခန်းပါ။ ဉာဏ်ဆိုတာ ဟုတ်သည့်အတိုင်း၊ မှန်သည့်အတိုင်း သိရမှာပါ။ ဖြစ်တာကို မြင်မှ ဖြစ်တယ်ဟု မှတ်ပါ၊ ပျက်တာကို မြင်မှ ပျက်တယ်ဟု မှတ်ပါ၊ မမြဲတာကို မြင်မှ မမြဲဟု မှတ်၊ ဆင်းရဲတာကို မြင်မှ ဆင်းရဲဟု မှတ်၊ အစိုးမရတာမြင်မှ အစိုးမရဟု မှတ်ပါ။ ဉာဏ်၌ မမြင်ဘဲ စိတ်အတွေးအထင်ဖြင့် ဆင်ခြင်ကြံဆ၍ မပြုလုပ်ရပါ။

ထို့ကြောင့် ကျေးဇူးရှင် ဓေတဝန်ဆရာတော်ကြီးက လက္ခဏာရေး (၃)ပါးကို အသီးအခြား အားထုတ်ရန် မလို၊ ယခင် ဆိုခဲ့ပြီးတဲ့ ပစ္စုပ္ပန် တည့်တည့်ဖြစ်ဆဲ အမူအရာတွေကိုသာ မှတ်စဉ်နည်းအရ အချိုးကျအောင် မှတ်ကြပါ၊ အမှတ်စိပ်လာသောအခါ ဉာဏ်ထဲမှာ မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ အစိုးမရခြင်းသဘောများ အလိုလို ပေါ်လွင်ထင်မြင်လာမှာပါ။ ဤကဲ့သို့ အလိုလို ထင်မြင်လာသည်ကိုသာ သူ့သဘောအတိုင်း မလွတ်ရအောင် ရှုမှတ်ရမည် ဟူလို။

ယခုလည်း ယောဂီမှာ သွားတဲ့ အခြင်းအရာက ရုပ်၊ မှတ်သိစိတ်က နာမ်တရားဆိုတာ အလိုလို ထင်လာတာပါ။ ဒီအတိုင်း ဆက်မှတ်သွားရင် ပရမတ် ရုပ်၊နာမ် တွေ့နေသောကြောင့် သူ့ရဲ့သဘာဝ လက္ခဏာ၊ သဓံတ လက္ခဏာ၊ သာမည လက္ခဏာတွေကို တွေ့ရမှာ သေချာနေပါပြီ။

သွားတခြား၊ သွားတယ် တခြား၊ မှတ်တခြား၊ ဉာဏ်အားသိလေပါ။ တခြားဟူက၊ မတွဲရ၊ ကွဲရ

http://www.dhammadownload.com

ရုပ်နာမ်ပါ။ သွား သွားတယ်မှတ်ဆိုတော့ သွားဆိုတာက မှတ်စရာအာရုံ၊ အာရုံဆိုတာက ရုပ်တရား၊ သွားတယ်ဆိုတာက သိတဲ့စိတ်၊ သိတဲ့စိတ်က နာမ်တရား၊ ပေါင်းလိုက်တော့ ရုပ်နာမ်တရား။ ဒါဟာ ရုပ်နာမ်ပရမတ် တွေ့ရတာပါပဲ။ မှတ်ဆိုတာက အသိပညာ။ အသိပညာဆိုတာက ဝိပဿနာဉာဏ်၊ တခြားစီဆိုတာက ပရိစ္ဆေဒကို ပြောတာ၊ ပေါင်းလိုက်တော့ နာမရူပ ပရိစ္ဆေဒပါပဲ။

ယထာဘူတဉာဏ်ဆိုတာ ဖြစ်တဲ့အတိုင်း အရှိကို အရှိအတိုင်း သိတာကို ဆိုပါတယ်။ ယထာဘူတန္တိ ယထာ သဘာဝံ၊ ယထာ အတ္ထိတိ ဝုတ္တံ ဟောတိ။ ခန္ဓပဉ္စကဉ္စ ဧတေနေဝ အာကာရေန အတ္ထိ၊ မမန္တိအာဒိနာ ပန ဂယှမာနမွိ တေနာကာရေန နေဝတ္ထိတိ အဓိပ္ပာယော။ (မ-၆ ၂၊ ၁၈၇)
ဘူတံ တစ္ဆံ သဘာဝံ။ (မ=၆ ၂၊ ၁၁၂)

သုံးရက်လောက် ပြသပေးတဲ့အတိုင်း အားထုတ်လေ့ကျင့်မှတ်လိုလျှင် ပရမတ်ဆိုက်လို့ နာမ်ရုပ်ပိုက်မိပါပြီ။ ဒီအချိန်မှာ ပုဂ္ဂိုလ်သတ္တဝါဆိုတာ မရှိဘူး၊ ဒီပရမတ် နာမ်ရုပ်တွေကိုသာ ရှိပါကလားလို့ သဘောပေါက်လာမယ်။ ဒါတွေကို ဆက်လက်ရှုမှတ်ရင်းနဲ့ မှတ်စရာအာရုံနဲ့ မှတ်သိစိတ်ကလေးတွေဟာ ပုတီးလုံးကလေးတွေ တစ်လုံးပြီးတစ်လုံး ကျ၊ ကျ သွားသလို အတန့်လိုက် အတန့်လိုက် တစ်သန့်စီ တစ်သန့်စီ တန်းစီပြီး ကျသွားသလို မှတ်လိုက်ပျောက်လိုက်နဲ့ ယောဂီဉာဏ်မှာ ကွက်ကွက် ကွင်းကွင်း မြင်လာတတ်ပါတယ်။

"ကေသဂ္ဂမတ္တမွိ ဒေသကံမနံနာမ နတ္ထိဆိုတဲ့အတိုင်း ဖြစ်လာသရွေ့၊ မရွေ့ဆဲခြည်၊ရပ်တစ်ပါးသို့ ရွေ့သွားမမည်။ ဖြစ်ဆိုပျက်ရ၊ ဓဏမတည် ဖြစ်ပြီးရင် ချက်ချင်းပျက်တော့သည်"ဆိုတာ ဒါကို ပြောတာပါ။

ဒီနည်းအတိုင်း ပေါ်ရာအာရုံကို အရှေ့မှတ် နောက်အမှတ် ဆက်စပ်သွားအောင် မှတ်သွားမယ်ဆိုရင် မဟာဘုတ်လေးပါးမှ တစ်ခုခုသော သဘောလက္ခဏာကိုသော်လည်းကောင်း၊ အခံရခက်လှပါတယ်ဆိုတဲ့ ကိုက်ခဲမှု ဆင်းရဲဒုက္ခ တစ်မျိုးမျိုးကိုသော်လည်းကောင်း တွေ့ရတတ်ပါတယ်။ ဒီဆင်းရဲပင်ပန်းမှု တွေ့ရတဲ့အချိန်မှာ ယောဂီဟာ သက်သာသွားအောင်ဆိုပြီး ကွရိယာပုတ်ပြောင်းတတ် ပြင်တတ်ကြတယ်၊ ပြောင်းလိုက် ပြင်လိုက်ရင်တော့ ပျောက်သွားမှာ သေချာတယ်၊ ဒီလိုသာ ပြင်းပြင်းထန်ထန် ပေါ်လာလိုက်၊ မခံမရပ်နိုင်ဖြစ်ပြီး ပြောင်းလိုက် ပြင်လိုက် လုပ်နေရင်တော့ ဘယ်တော့မှ ဒီဆင်းရဲပင်ပန်းမှုမျိုးက လွတ်မှာ မဟုတ်ပါဘူး။ နောက်ရှုမှတ်တဲ့ အချိန်တွေမှာလည်း ဒီသမာဓိမျိုး၊ ဒီအဆင့် အတန်းရောက်တိုင်း ရောက်တိုင်း ပေါ်နေမှာပါ၊ ဒီအချိန်မှာ ရှုမှတ်မှုကို လျှော့မပစ်ဖို့ ခန္ဓာနှင့် အသက်ကိုစွန့်ပြီး သကာလ အသက်နဲ့ တရားတော်ကို လဲလှယ်ပြီး ယူမည်ဟု ဇွဲသတ္တိရှိရှိနဲ့ မှတ်ရမည်။

ဒုက္ခသစ္စာကို ကိုယ်တိုင် အမှန်တကယ် တွေ့မြင်လာမှ ဒုက္ခဇြမ်းရာ လမ်းစကို တွေ့မြင်ရမှာပါ၊ ခန္ဓာအတွင်းရှိ ဒုက္ခဆင်းရဲ သဘောကို ကောင်းစွာ သဘောမပေါက်သမျှ အတ္တဟု စွဲလမ်းခြင်းကို ဖျောက်နိုင်မည်မဟုတ်။ ဆင်းရဲဒုက္ခမှ လွတ်မြောက်လျှင် ရုပ်နာမ်မှလည်း လွတ်မြောက်တော့မည်။ ကိလေသာဆိုတာက မီးကဲ့သို့ ပူလောင်တတ်သည့် သဘောရှိသည်။ ထိုပူလောင်မှု ကိလေသာကြောင့် ဆင်းရဲဒုက္ခဖြစ်ပေါ်၍ ဝေဒနာခံစားရသည်။ ပူလောင်မှု ကိလေသာလောင်စာရှိနေသရွေ့ လောင်ကျွမ်းနေသည် ဖြစ်သောကြောင့် ယောဂီ၏ ခန္ဓာတွင်းမှာ လောင်ကျွမ်းမှု ဆင်းရဲဒုက္ခ တည်ရှိဦးမည်။ စွန့်စားပြီး ပေါ်ဆဲဝေဒနာကို အနိစ္စ ဒုက္ခ အနတ္တတို့တွင် တစ်ခုခုသော သဘောတရားကို ရှုမှတ်လျက် ရှိ့မြို့က်ပစ်လိုက်ရမှာပါ။ ကိလေသာ လောင်စာများ တစ်စမကြွင်း အကုန်လောင်ကျွမ်းခြင်းသို့ ရောက်သွားမှာ မလွဲပါဘူး။ ကိလေသာရန်သူနှင့် တိုက်ပွဲဝင်ချိန်မှာ ယောဂီ၏ ဇွဲသတ္တိကို စမ်းကြည့်ခြင်းပင် ဖြစ်တော့

http://www.dhammadownload.com

၏။ ဒုက္ခ၏ ပေါက်ဖွားရာဖြစ်သော ရုပ်နာမ်ကြီးကို ကြောက်ကာ ရွံမုန်းလာ၍ စွဲလမ်းခြင်း ကင်းသည့် တိုင်အောင် မြင်အောင် ထင်အောင် ရှုရမှာပါ။

ယော ဧတာ နာဓိဝါသေတိ။ ဥပွန္ဓ ဝေဒနာ နုခါ။ ပ။ နသော ပါတာ လေ ပစ္စုဋ္ဌာသိ၊ အထာဂါဓမ္မိ နာဇ္ဈဂါ။ (သံ-၂၊ ပါတာလသုတ် နှာ-၄၀၇)ဆို တဲ့အတိုင်း သည်းခံပြီး ရှုမှတ်ရမှာပါ။

ဒုက္ခလက္ခဏံ အဘိဏ္ဍံ သမ္ပဋိ ပီဋ္ဌ နသ အမနသိကာရာ ဣရိယာ ပထေဟိ ပဋိစ္ဆန္ဓတ္တာ နုပဋ္ဌာသိ။ (ဝိသုဒ္ဓိ-၂၊ ၂၇၆။) မှာ မိန့်ကြားသည့် အတိုင်း သည်းခံ ရှုမှတ်လိုက်တော့ မကြာမီအတွင်း မှာပဲ လွတ်မြောက်သွားပါတယ်။

လွတ်မြောက်သွားလို့ ရှုစရာအာရုံနဲ့ ရှုမှတ်မှု အသိစိတ် အံဝင်ခွင်ကျ ရှုမှတ် ကောင်းနေတဲ့အချိန် မှာ ဩဘာသော ပီတိ ပဿဒ္ဓိ အစရှိတဲ့ ဝိပဿနာ ၏ အညစ်အကြေးကလေးတွေ တွေ့ရစမြဲပါ၊ တွေ့ရ တဲ့ အရောင်အလင်း နှစ်သက်မှု၊ ငြိမ်းချမ်းမှု စသည် တွေကိုလည်း မျှောမလိုက်ဘဲနဲ့ သတိအမှတ် မလွတ် ရအောင် အာရုံမှာ မြင်တဲ့အတိုင်း ထင်တဲ့အတိုင်း မလွတ်တမ်း ရှုမှတ်ပေးရပါတယ်။ ရုပ်နာမ်နှစ်ပါး၏ ဖြစ်ပျက်ကို မြင်စမှာ ဒီမှတ်တိုင်တွေ တွေ့ရမလွဲပါ ဘူး။ တစ်ခါ မတွေ့ဖူးတဲ့ ခံစားမှု အရသာထူးတွေ တွေ့ရတဲ့အချိန်မှာ ယောဂီဟာ သဘောကျနေတတ် ပါတယ်။ ဒါဟာ နိကန္တိ ဝင်လာသည် မည်သော ကြောင့် နိကန္တိမှ လွတ်သွားအောင် ချမ်းသာရင် ချမ်း သာတယ်၊ နှစ်သက်ရင် နှစ်သက်တယ် စသည်ဖြင့် မှတ်ပြီး ခွာရပါတယ်။ ဒီလို အရှိကို အရှိအတိုင်း မှတ်လိုက်ရင် မကြာခင် ပျောက်သွားပြီး ဝိပဿနာ လမ်းမှန်ဆိုတဲ့ ပရမတ်ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုသာ ယောဂီ၏ဉာဏ်မှာ ရှင်းနေမှာပါ။

အတွေ့ကို အတွေ့အတိုင်း ဆက်စပ်အောင် မှတ်သွားနိုင်လျှင် ဖြစ်ပျက် ထင်ရှားလာပြီး တဖြည်း ဖြည်း အပျက်ကိုချည်းသာလျှင် မြင်ရတော့မှာပါ။

ဉာဏော တိက္ခေ ဝဟန္တေ သခ်ါရေသု လဟုံ ဥပဋ္ဌာဟန္တေသု ဆိုတဲ့ (ဝိသုဒ္ဓိ - ၂၊ နှာ-၂၂၇) အတိုင်းပါပဲ။ ဒီအချိန်မှာ ယောဂီသည် အတော်ကြီး အမှတ်နိုင်နေပါပြီ။ မှတ်ဖို့ရန် အထူးကြောင့်ကြ မစိုက်ရပါဘူး။ ပေါ်လာတိုင်း ပေါ်လာတိုင်း သူ့အလို လို မှတ်သားပြီး ဖြစ်နေတတ်ပါတယ်။ မှတ်ရန် အလုပ်တစ်ခုရယ်လို့ ယောဂီမှာ ဝန်မလေးတော့ပါ ဘူး။ အိပ်ရာမှ နိုးတယ်ဆိုရင်ပဲ မှတ်စိတ်က တန်း ရောက်လာပြီ။ (ဝိသုဒ္ဓိ-၂၊ နှာ-၂၈၁)မှာ ပါရှိတဲ့ အတိုင်း ယောဂီတွေအတွက် နားလည်အောင် လင်္ကာ လေး စီထားပါတယ်။

ဘင်္ဂဉာဏ်ရောက်၊ ပေါက်မြောက်သူမှာ။
ကွဲမည့်မြေခွက်၊ ဉာဏ်သက်ထင်လာ။
နေရောင်ခြည်ရောက်၊ မြူပျောက်ပမာ။
နှမ်းလှော်အိုးကင်း၊ ရုံးရင်းနှမ်းတစ်ဖြာ။
ရေမျက်နှာထက်၊ ရေပွက်တူစွာ။
ဖြစ်တည်ကင်း၊ ပျက်ယွင်းချက်ချင်းပါ။
ရုပ်နာမ်နှစ်ကွင်း၊ ပျက်ချင်းတူလှတာ။
တရစပ်၊ ဆတ်ဆတ်ပျက်နေတာ။
ကြိုးစားမှတ်၊ တပ်အပ်ဉာဏ်တက်လာ။

ဒီအတိုင်း မပြတ်ရအောင် ရှုမှတ်နိုင်တဲ့အခါ အကျိုးတရား ရှစ်ပါးပါ ပါလာတဲ့ ဘင်္ဂဉာဏ် အထွတ် အထိပ်ရောက်နေပါပြီ။ ရရှိခံစားရတဲ့ အကျိုးတွေ ကတော့ (၁)သဿတဒိဋ္ဌိ ပယ်နိုင်ခြင်း (၂) အသက် ၌ ငဲ့ကွက်မှု မရှိခြင်း၊ (၃) မပြတ်မလပ် အားထုတ်နိုင် ခြင်း၊ (၄) အသက်မွေးမှု စင်ကြယ်ခြင်း၊ (၅) ကြောင့် ကြမှု နည်းပါးခြင်း၊ ပျက်ပြယ်ခြင်း၊ (၆) ကြောက် လန့်မှု မရှိခြင်း၊ (၇) သည်းခံနိုင်ခြင်း၊ ကောင်းကင်၌ မွေ့လျော်ခြင်း၊ (၈) တရားကို မမင်မှု၊ ကာမဂုဏ်ကို ခင်မင်မှုကို နှိမ်နင်း နှိပ်စက်နိုင်ခြင်းတည်း ဟူသော အကျိုးရှစ်ပါး ယောဂီကိုယ်တိုင် ခံစားရပါတယ်။

ဒီအကျိုးတရားတွေကို လက်တွေ့သိမြင်တော် မူကြပြီးဖြစ်သည့် ရှေးရှေး ဆရာတော်ဘုရားကြီးများ

http://www.dhammadownload.com

က "ဣမာနိ အင်္ဂဏ္ဍာ ပုတ္တမာနိ-ပ၊ အမ တဿ၊ ပတ္တိယာ" **ဦးခေါင်းမီးစွဲ၊ စိတ်မှာသဲ၊ အားခဲရှုစမ်းပါလို့** တိုက်တွန်းတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဒီလို မဟာဘုတ်လေးပါးထဲမှာ တစ်ပါးပါးသော ရုပ်ပရမတ်၏ အပျက်သော်လည်းကောင်း၊ နာမ်ခန္ဓာလေးပါးထဲမှာ တစ်ပါးပါးသော နာမ်ပရမတ်၏ အပျက်ကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို ပိုင်ပိုင်နိုင်နိုင် ရှုမှတ်နိုင်မှသာလျှင် သက္ကာယဒိဋ္ဌိ အနာသီခွင့် မရတော့ပါဘူး၊ ယောဂီတို့ လိုချင်တဲ့ ပန်းတိုင်ရောက်ဖို့ သေချာနေပါပြီ။

ဘာကြောင့်လဲဆိုတော့ "သာဝကာနံ သမ္မသနစာရံ ယဋ္ဌိကောဋ္ဌိယာ ဥပ္ပိဋ္ဌေန္တောဝိယ ဇကဒေသမေဝ သမ္မသန္တော အရဟတ္တံ ပတ္တော" လို့ (မ-၄-၄၊ နာ-၅၈၊ အနုပဒသုတ်) မှာ သာဝက ဖြစ်ကြတဲ့ ယောဂီတို့၏ ဝိပဿနာ ရှုမှတ်ခြင်းသည် တောင်ဝှေးစွန်းဖြင့် ထောက်သော၊ ထိသော နေရာကဲ့သို့ တစ်စိတ်တစ်ဒေသကို သာလျှင် ရှုမှတ်နိုင်သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်၏ဟူ၍ ဟောထားလျက်ပါ။ ရှုမှတ်ပွားများသော ယောဂီ၏ ဉာဏ်တွင် ထင်ရှားစရာတစ်ခုခုကိုသာလျှင် ပိုင်ပိုင်နိုင်နိုင် မှတ်သွားပါက ကိစ္စပြီးနိုင်လို့ပါပဲ။

ဒီတော့ ရုပ်နာမ်ပရမတ်မှာ ထင်ရှားရှိနေကြတဲ့ လက္ခဏာတွေကိုပဲ သည်းခံပြီး ရှုသွားရင် တဖြည်းဖြည်း ကိလေသာတွေ ပါးမှန်းမသိ ပါးပါးသွားမယ်၊ ယောဂီရဲ့ ဝိပဿနာဉာဏ်ကလည်း ရင့်မှန်းမသိ ရင့်ကျက်ရင့် ကျက်လာပြီးသကာလ ကြောက်လာမယ်၊ အပြစ်တွေ လက်ညှိုးထိုး မလွတ်အောင်မြင်လာမယ်၊ ရုပ်နာမ်ခန္ဓာကြီး၏ အပြစ်အနာအဆာတွေ ကောင်းကောင်းကြီး မြင်နေမှတော့ အပြစ်အနာအဆာတွေရှိနေတဲ့ ဒီရုပ် ဒီနာမ်တွေကို ခင်တွယ်နိုင်ပါ့မလား။ ဘယ်နည်းနဲ့မျှ ခင်တွယ်နိုင်မှ မရှိပါဘူး။ ရုံမုန်းလာပြီး နောက်ဆုံး မလိုချင်တဲ့ ရုပ်နာမ်တွေ ဆုံးသွားတာကို မြင်ရတွေ့ရမှာပါ။

ယောဂီတို့က တစ်နှစ်လာလည်း ဒီဖြစ်ပျက်ပဲ မြင်ရတယ်။ တစ်ခါဝင်လည်း ဒီဖြစ်ပျက်ပဲ တွေ့တွေ့နေရတယ် စသည်ဖြင့် အားမလို အားမရ လျှောက်တက်ကြတယ်။ ဝိပဿနာအလုပ်ဆိုတာ ရေရှည်အလုပ်ပါ။ ခေတ်ကလည်း နေယျပုဂ္ဂိုလ်ခေတ်ပါ။ ဒီတော့ **ရုပ်နာမ်နှစ်ခု၊ အပျက်ရှု၊ သတ္တုံ အချုပ်ပါ** ဆိုတဲ့အတိုင်း အမြဲမပြတ်ရှုမှတ်ဖို့ တာဝန်က ယောဂီတို့၏ တာဝန်ပါ။ ရှုမှတ်နေလျှင် ဉာဏ်အထွတ်အထိပ်ရောက်လာပြီး သဗ္ဗာယတစ်ခုခုနဲ့ တွေ့ရတဲ့အချိန် ဖြုန်းခနဲ ပေါ်လာမယ့် တရားတော်ပါ။ သာဓကလေးတစ်ခု ပေးပါမယ်။

သံ-၂၊ ၁၂၇ မှာ ပါပါတယ်။

ဘုရားရှင်လက်ထက်က လက်သမားဆရာကြီးတွေ ပဲခွပ်ကို အသုံးများကြပါတယ်။ ဓားဓမောက်တစ်ချောင်းတည်းနဲ့ ပြောင်မြောက်တဲ့ အရုပ်ကောင်းကောင်းတစ်ခု ထုလုပ်နိုင်တဲ့ခေတ်ပါ။ ပဲခွပ်နဲ့ ဝမ်းစာရှာဖွေနေရတဲ့ ဆင်းရဲသားလက်သမားတစ်ယောက်သည် အမြဲမပြတ် နေ့တိုင်း နေ့တိုင်း နှစ်နှင့်ချီပြီး တော့ အလုပ်လုပ်လာတော့၊ နှစ်ပေါင်းများစွာကြာတော့ သူ၏ ပဲခွပ်ရိုးမှာ လက်ချောင်းရာကလေးတွေ ခွက်ပြီး ထင်နေပါတယ်။ ထင်နေတာကို မြင်ရပေမယ့်လို့ ပဲခွပ်ကိုင်တဲ့ ဆရာကြီးရဲ့ ဉာဏ်မှာတော့ ငါ၏ပဲခွပ်ရိုးသည် မနေ့က ဘယ်လောက်ပါးသွားတယ်၊ စားသွားတယ်။ ဟိုနှစ် ဟိုလတွေတုန်းကလည်း ဘယ်လောက် ပါးသွားတယ်၊ စားသွားတယ် ဆိုတာ မသိနိုင်ပါဘူး။ လက်ချောင်းရာတွေထင်ပြီး ခွက်လာမှာပဲ သြ... အတော် ပါးသွားပါကလား၊ စားသွားပါကလား၊ လက်ရာတွေ ထင်ထင်ရှားရှားဖြစ်နေပါကလားလို့ သိရသလိုပါပဲ။ အမြဲပွားများအားထုတ်တဲ့ ယောဂီ၏ ကိလေသာသည် အမှတ်တိုင်း အမှတ်တိုင်း ပါးပါးနေပါပြီ။ နေ့တိုင်း လတိုင်း နှစ်တိုင်း အမှတ်နဲ့ သတ်သတ်နေလို့ ကိလေသာတွေ ပါးမှန်းမသိ ပါးလုပါပြီ။ ကုန်မှန်းမသိ ကုန်လုပါပြီ။

http://www.dhammadownload.com

အမြဲတမ်း အသုံးပြုနေတဲ့ လက်သမားဆရာကြီးရဲ့ ပဲခွပ်ရိုးလိုပါပဲ။ ဓရုနိုကွေပဲ အကတွာ–ဆိုတဲ့ အတိုင်း ဖွဲ့မလျှော့တမ်း ရှုမှတ်ရမယ့် အလုပ်က ယောဂီ၏ အလုပ်ပါ။ ဒီသာဓကလေး မှတ်မိအောင် လက်ာလေး ဆိုကြည့်ပါ။

- ပဲခွပ်ရိုးကို ပုံစံပြု၊ တို့များအတုယူရမှာ။
- လက်ချောင်းရာတွေ ခွက်ကာသွား၊ ကိုင်ဖန်များတော့ ပါးပါးလာ။
- ပါးပါသော်လည်း သိနိုင်ခဲ၊ ဖြစ်မြဲဓမ္မတာ။
- ဘယ်နေ့ဘယ်ရက်၊ဘယ်လောက်ခွက်၊တွက်ချက်မသိပါ။
- ထို့အတူပဲ၊ ယောကဂီလည်း၊ စွဲမြဲမှတ်သားပါ။
- စွဲမြဲမှတ်မှ၊ အာသဝ၊ မုချ ပါးပါးလာ။
- ပါးပါသော်လည်း၊ သိနိုင်ခဲ၊ စိတ်လည်း မပျက်ရာ။
- အမှတ်မစဲ၊ ထပ်တလဲ၊ မှတ်မြဲမှတ်ရမှာ။
- မှတ်ပါများလျှင်၊ အရာထင်၊ စိတ်စဉ်တည်ကြည်လာ။
- တည်ကြည်ပါမှ၊ သဘာဝ၊ မုချမြင်ရမှာ။
- သဘာဝမြင်၊ ရုပ်နာမ်ထင်၊ ဉာဏ်စဉ်တွေ့တော့မှာ။

ဉာဏ်စဉ်တွေ့က၊ မြတ်မှု၊ ရအပ်သေအချာ။

ယခုပြောတဲ့ သာဓကအတိုင်းပါပဲ။ ယောဂီရဲ့ အလုပ်က ပစ္စုပ္ပန်ကျကျ ကတွက်ပေါက်က ဗျိုင်းငါးကောက်သလို မလွတ်အောင် မှတ်နိုင်ဖို့ပဲ လိုပါတယ်။ ဖတ်စရာ အာရုံကို အကွက်ဖော် မယူရပါဘူး။ ဆရာတော်ဘုရားကြီး ကဖြစ်အောင်လည်း မပြုနဲ့၊ ပျက်အောင်လည်း မပြုနဲ့။ ဖြစ်အောင်ပြု လောဘ၊ ပျက်အောင်ပြု ဒေါသ။ ဖြစ်တိုင်း ပျက်တိုင်း မရှုတော့ မောဟတဲ့။ ဒီတော့ ယောဂီက စိတ်စောနေစရာ မလိုပါဘူး။ ပေးလာသရွေ့ ပေါ်လာတဲ့အတိုင်း ထင်ရှားရာကို ရှုမှတ်နိုင်ဖို့သာလျှင် အဓိကဆိုတာ သဘောပေါက်လောက်ပါပြီ။ ဒီလို မှတ်ရင်း မှတ်ရင်းနဲ့ပဲ ယောဂီ၏ လျော်ကန်သင့်မြတ်တဲ့၊ ကြိုက်နှစ်သက်တဲ့ သပ္ပာယကို တွေ့ပေါ့ဆိုရင် ခဏလေးနဲ့ ရနိုင်တာပါ။ ဒီသပ္ပာယကလည်း အတော်ကလေးလိုပါတယ်။ အထောက်အကူ အများကြီးရပါတယ်။ (မ၊ ၄–၁၊ နှာ ၃၉၅) မှာ တိဿဘွဲ့အမည်ရှိတဲ့ ကိုရင်ကြီး တစ်ပါးသည် တရားကို ကြိုးကြိုးစားစား အားထုတ်နေရင်းနဲ့ လူထွက်ချင်စိတ် ပေါက်လာတယ်။ ဒီတော့ သူ၏ဆရာတော်က မင်းလူထွက်ရင် ငါ့မှာ ရေအခက်အခဲရှိပါတယ်။ ရေလွယ်ကူတဲ့နေရာကို ပို့ပေးပြီးတော့ ထွက်ပါလေလို့ အမိန့်ရှိတယ်။ ရေလွယ်ကူတဲ့ နေရာကို ပို့ပေးလို့ ရောက်တဲ့အခါမှာ ဆရာတော်ကြီး နေဖို့နေရာကို ပင်ပင်ပန်းပန်းပဲ ရှင်းလင်းသုတ် သင်ရပါတယ်၊ ရှင်းပြီလို့ ဆရာတော်ကြီးကို သီတင်းသုံးရန် ပင့်တဲ့အခါကျတော့ ဆရာတော်က မင်း ပင်ပင်ပန်းပန်း လုပ်ရတယ်ကွာ၊ ဒီတစ်ညတော့ မင်းပဲ အဲဒီနေရာမှာ နေပေတော့လို့ အမိန့်ရှိလို့နေပြီး အားထုတ်လိုက်တာ (သောတံ၊ ရတ္တိ လေဏောဝသန္တော ဥတုသပ္ပာယံ လဘိတွာ အရဟတ္တံ ပတ္တော) ရဟန္တာ ဖြစ်သွားပါတယ်။ လူထွက်မယ့်ကိုရင် ဒီပုံစံအတိုင်းပါပဲ၊ ယောဂီတို့လည်း ဉာဏ်တွေက ရင့်လှပါပြီ။ တစ်ခုခုသော သပ္ပာယ လိုနေသေးလို့ပါ။ ကိလေသာတွေကလည်း ဆွေးမြည့်နေကြပါပြီ။ ဒီနေရာမှာလည်း (သံ–၂၊ ၁၂၇) သာဓကကလေးနဲ့ပဲ ဘုရားရှင်က နိဂုံးချုပ်ပြတော်မူခဲ့ပါတယ်။

သမုဒ္ဒရာထဲမှာ အမြဲမပြတ် မိုးလပတ်လုံး စုန်လိုက် ဆန်လိုက် ကူးလိုက် သန်းလိုက် လုပ်နေရတဲ့ လှေကြီးမှာ ကြိမ်နွယ်တွေ၊ လျှော်နွယ်တွေနဲ့ ချည်နှောင်တုပ်ဆိုင်းထားတဲ့ တက်မဆိုင်းကြိုး ခတ်ကွင်းကြိုးစသည် စသည် ကြိုးတွေရှိပါတယ်။

ဒီကြိုးကြိမ်နွယ် အတုပ်အဆိုင်းတွေသည် အမြဲတမ်း ပင်လယ်ရေနဲ့ ထိတွေ့နေရတယ်။ လေ၊ ရေရဲ့ ဆွဲအား တွန်းအားကိုလည်း နေ့တိုင်း ခံနေရတယ်။ ဒီတော့ ကြိုးနွယ်တွေမှာရှိတဲ့ ခိုင်ခံ့တဲ့ အဆိအစေးတွေသည် တဖြည်းဖြည်းချင်း လျော့မှန်းမသိ လျော့၊ ကုန်မှန်းမသိကုန်၊ ခန်းမှန်းမသိ ခန်းခန်းနေ

http://www.dhammadownload.com

ပါတယ်။ ရှေးက သစ်သားလေ့ဆိုပါတော့၊ ပင်လယ်မှာရှိတဲ့ ပိုးတစ်မျိုးက သစ်သားကို စားတယ်။ စပါးလုံး တစ်ထောက်လောက်များ နက်အောင် စားနိုင်တယ်လို့ ပြောကြတယ်။ လေ့ပိုင်ရှင်က နောက်နှစ်တွေမှာ ပိုးစားလို့ ပျက်စီးမသွားစေဘဲ ဆက်လက်အသုံးပြုနိုင်အောင်ဆိုပြီး မိုးကုန်သည်နှင့် တစ်ပြိုင်နက် လွန်းတင်ရပါတယ်။ လေ့ကြီး လွန်းတင်ထားတော့ ရေနှင့် လုံးလုံးမတွေ့မထိရတော့ဘူး။ ကြိမ်နွယ်ကိုလည်း မဖြတ်ဘဲ တင်ထားလိုက်တယ်။ ဆောင်းလေက အအေးဒဏ်၊ နှင်းဒဏ်၊ အကာအရံမရှိ ခံရတယ်။ နွေလများမှာလည်း ဒီကြိုးနွယ်၊ ကြိမ်နွယ်တွေဟာ အပူဒဏ်ခံနေရတာပါပဲ။ အဲဒီလို ပင်လယ်ထဲမှာရော၊ လွန်းတင်ထားတဲ့အခါ မှာရော မပြတ်မလပ် အနှိပ်စက်ခံနေရတော့ ကြိုးကြိမ်နွယ်တွေဟာ အတော်ကိုပဲ ဆွေးမြည့်နေပါပြီ။ အထိမခံတော့ပါဘူး။ ဒီအချိန်မှာ သည်းထန်တဲ့ မိုးရွာလိုက်တော့ ကြိုးနွယ်၊ ကြိမ်နွယ်တွေဟာ တစ်မျှင်မျှ မကျန်အောင် ပြတ်ကျကုန်ပါတယ်။

ဒီအတိုင်းပါပဲ။ အမြဲအားထုတ် ရှုမှတ်နေတဲ့ ယောဂီတို့၏ ကိလေသာ သံယောဇဉ်တွေသည် အမှတ်တိုင်း အမှတ်တိုင်း ဝိဇ္ဇာလက်နက်နဲ့ အနှိပ်စက် အသတ်အဖြတ် ခံနေရလို့ ဆွေးမြည့်လှပါပြီ။ သည်းထန်တဲ့ မိုးနဲ့တူတဲ့ သပ္ပာယမတွေကြသေးလို့ပါ။ စိတ်ကြိုက်သပ္ပာယတွေ့ပေါ့ဆိုရင် ခုနက ပြောခဲ့တဲ့ ကိုရင်တိသလို ချက်ချင်း ဒီကြိုးတွေ၊ သံယောဇဉ်ကြိုးတွေ လွယ်လွယ်လေးနဲ့ ပြုတ်ကျဖို့ အသင့်ရှိနေပါပြီ။ ဒါကြောင့် ကြိုးစားရှုမှတ်ပါလို့ နိဂုံးချုပ်ပါတယ်။ ပိုပြီးမှတ်မိသွားအောင် အခုပြောတဲ့ သာဓကလေး၏ လင်္ကာကို ဆိုကြည့်ကြပါဦး။

ပင်လယ်လေ့ကြိုး၊ ချည်ပြိုးတုပ်ဟန်
ကြိုးကြိမ်နွယ်ပေါင်း၊ ထပ်လောင်းဖန်ဖန်
ဟိုကမ်းသည်ကမ်း ကူးသန်း စုန်ဆန်
မိုးလေးလ၊ ရေမှမလွတ်ပြန်။
ဆောင်းနွေတစ်လျှောက်၊ ပူအေးလျှောက်ပြန်
လွန်းတင်ဌာန၊ ရောက်ရတစ်ဖန်
ရှိသမျှအအေးဓာတ်၊ နေ့မပြတ်လောင်ပြန်
ရက်တွေကြာညောင်း၊ ခြောက်သယောင်းနေဒဏ်
မိုးတစ်ဖြိုက်နှစ်ဖြိုက်၊ ဆိုက်ဆိုက်ထိမှန်
ရှိသမျှ ပြုတ်ကျတစ်မျှင်မကျန်။ ။
သံယောဇဉ်ကြိုး၊ ဘယ်လောက်ခိုင်ခိုင်။
မရုပ်မနား၊ မှတ်သွားလှိုင်လှိုင်
ရုပ်နာမ်နှစ်ပါး၊ မျက်ဝါးပိုင်ပိုင်
ဉာဏ်မျက်စိထဲ၊ ဖောက်ခွဲရှုနိုင်
သတ္တပျောက်၊ အတ္တကိုယ်မဆိုင်။

* * * * *

ဓာတ်ပရမတ်၊ တွေ့လတ်သောခါ
ငါပဲသူပဲ၊ မခွဲတော့ပါ
တရစပ်ဖြစ်ပျက်၊ ပျက်ပြုန်းသေအချာ
ငြီးငွေ့မုန်း၊ ကုန်ဆုံးစေချင်တာ။
ကြိမ်နွယ်ကြိုးပေါင်း၊ ခညောင်းမြေမှာ
စံနမူထား၊ မှတ်သားရမှာ
ရက်လကြာညောင်း၊ ခြောက်သယောင်း ကိလေသာ
မှတ်ပါများတော့၊ အားပျော့ခွေရှာ
သပ္ပာယ၊ တွေ့ကချက်ချင်းကွာ
သံယောဇန၊ မြူမျှ မျှင်မကျန်ပါ။

(မင်းကွန်းဇေတဝန်ဆရာတော်ကြီး၏ ဉာဏ်စဉ်ပေါင်းချုပ်ကျမ်းနှင့် ဆရာတော်ဦးတိက္ခ(ဇေတဝန်)၏ အလုပ်ပေးတရားတော်တို့မှ ဖော်ပြပါသည်။)

မင်းကွန်းဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
မိုးညှင်းဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မိုးညှင်းဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

[၁၂၃၄-၁၃၂၆]

ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီး၏ အလျောင်းလျာပါရမီရှင်သည် ကျွန်ုပ်တို့ မြန်မာ့ဦး စွန်း တည်ထွန်းသည့်အခါ၊ အသမ္ဘိန္နခတ္တိယနွယ်ဝင် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး လက် ထက်တော်အခါ၊ အောက်မြန်မာပြည် ဟံသာဝတီ ခရိုင် သန်လျင်မြို့အပိုင် မွန်အခေါ် ဝင်းခနီး၊ မြန်မာ အခေါ် ခုံညင်းစုရွာတွင် ဥပါသကာ၊ ဥပါသကီဂုဏ် နှင့်ပြည့်စုံကြသော ကရင်ဆိပ်ကြီးရွာသား ကုန်သည် ကြီး ခမည်းတော် ဦးမိုး၊ (အမိ) မယ်တော် ဆေးလုံး ကြီးရွာသူ ဒေါ်ဘော်တို့မှ သက္ကရာဇ် ၁၂၃၄-ခု၊ တပေါင်းလဆန်း (၂)ရက်၊ သောကြာနေ့တွင် မိုးကြီး (၃)နာရီကြာမျှ ရွာချပြီးနောက် မိုးညှင်းမိုးဖွဲကလေး များ ရွာနေချိန် နံနက် (၈)နာရီအခါတွင် သားထူး တစ်ယောက် ဖွားမြင်တော်မူလေသည်။ မိုးညှင်း အမည်ပေါ်မည့် နိမိတ်ပင် ဖြစ်ပါသည်။

ထူးဆန်းဖွယ်ရာများမှာ ဒေါ်ဘော် သတိမေ့၍ ကလေးကို အသာချထားပြီး မိခင်ကို ပြုစုနေကြစဉ် သတိရလို့ ကလေးကို ကြည့်ကြသောအခါ ငိုယိုခြင်း မရှိ၊ ပကတိ မျက်စိအဝိုင်းသား ကြည်လင်လျက်နေ သည်ကို အထူး အံ့သြကြရလေသည်။ နောက်တစ်ခု မှာ စကားပြောတတ်သောအရွယ်တွင် အိမ်ခေါင်မှ ကျလာသော ပိုးကောင်ကလေးအား လက်နှင့်တို့၍ ကစားနေသည်ကို မယ်တော်မြင်လျှင် "သား ပိုး ကောင်လေး သေသွားလိမ့်မယ်"ဟု ပြောသည်တွင် "သေတတ်သလား"ဟု ပြန်မေး၍ သေတတ်ကြောင်း ပြောသောအခါ အမေကော သေတတ်သလားဟု မေးလေ၏။ အမေက သေတတ်တယ်ဟု ဖြေ၍ အဖေကောဟု မေးပြန်လျှင်—ရှေးနည်းအတိုင်း ဖြေ လေသော် သားကော သေတတ်သလားဟုမေးလျှင် သားလည်း သေတတ်တယ်ဟု ပြောသံကြားသော အခါ ငါလည်း သေမှာပါတကား၊ အားလုံးသေကြ မှာပါတကားဟု ကလေးအရွယ်ကပင်လျှင် သေဘေး ကို ကြောက်လန့်သော သံဝေဂတရား ဖြစ်ခဲ့လေ သည်။

အသက် (၅)နှစ်သား ရောက်သောအခါ မောင်းမရွာ ဆရာတော် ဦးအာစရထံတွင် ဗုဒ္ဓစာပေ များကို သင်ကြားရာ အလွန်ဆုံးမလွယ်၍ ဉာဏ်ရွင် သောကလေးဖြစ်၍ လွယ်ကူစွာတတ်မြောက်လေ သည်။ ဦးအာစရထံတွင် မူလအခြေခံများ သင်ယူ ရင်း ရှင်သုမနဟူသော ဘွဲ့ဖြင့် ရှင်သာမဏေ ပြုလေ သည်။ ဆရာတော်ထံ နေ့ဝါညဝါများ သင်ကြားရုံ တွင်မက ငယ်သူ ကိုရင်များကိုပါ စာပေဝို့ချလေ သည်။ (၁၉)နှစ်၊ (၄)လ လွန်မြောက်သောအခါ ရဟန်းပြုလေသည်။

http://www.dhammadownload.com

မန္တလေးတွင် ပညာသင်

ရှင်သုမနသည် မန္တလေးဘုရားကြီးတိုက် စာတတ်အကျော် ဦးရန်ကုန် ဆရာတော်ဘုရားကြီးထံတွင် ပညာသင်လေသည်။ ထို့နောက် ကြည်ဝင်းဆရာတော်၊ မင်းဒင်ဆရာတော် အစရှိသော ဆရာတော်များထံ ပညာသင်ယူ စာတတ်မြောက်၍ စာတတ်ရာမှ စာချအဖြစ် ရောက်တော်မူလေသည်။

ပြိုမှုတောရောက်

ဦးသုမန ကိုယ်တော်ကလေးသည် ကျောက်ဆည်ဘက် အဲဗျမက္ခရာတွင် တောရဆောက်တည်ရာ ပရိသတ်များသဖြင့် ဝိနယဓရ ဖြစ်တော်မူသော ခင်မွန်ဆရာတော်၊ ထို့နောက် ရေစကြို ဂူဖြူဆရာတော်ထံ၊ ထိုမှ မုံရွာ လယ်တီဆရာတော်ထံတွင် ဝိပဿနာနည်းများ ရှာမှီးအားထုတ်ရာမှ ယခု သမ္မဒ္ဓေမိုးညင်းသို့ ဆိုက်ရောက်၍ (၁၀)နှစ်လုံးလုံး စကားမပြော၊ တရားမဟောဘဲ အားထုတ်လိုက်ရာ မိုးညင်းအလောင်းလျာ သာမဏေသည် ရှေးရှေးပါရမီ စုံညီတူမဝိရိယနှင့် စိတ္တဝိမံသ ဆန္ဒပြင်းထန်အကြောင်းမှန်တို့ကြောင့် ဝိပဿနာမှန် စွမ်းအားသန်၍ အမှန်ဒိဋ္ဌ သဘာဝတရားတို့ကို လက်ဝယ်တင်ထား ပတ္တမြားအသွင် ဘွားဘွားမြင်၍ ဉာဏ်စဉ်ပြီးမြောက် ခရီးရောက်သဖြင့် မဖောက်မပြန် အမှန်တရားတို့ကို ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုဉဒပါဒိ၊ ဉာဏဉဒပါဒိ၊ ပညာဉဒပါဒိ၊ ဝိဇ္ဇာဉဒပါဒိ၊ အာလောကောဉဒပါဒိ ဆိုသော ဓမ္မစက္ကာဒေသနာအတိုင်း ဉာဏ်အားဖြင့် ထွင်းဖောက် အလင်းရောက်ပေ သတည်း။

ဤယခု သိမြင်သော တရားသည် မမှား စကန် ဉာဏ်မှန်အလျောက် မဂ်ရောက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သော တရားထူး တရားမြတ်အစစ်ဟူ၍ ယုံကြည်သတ်မှတ် ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင် သတ်မှတ်ခြင်းသို့ ရောက်ပေသတည်း။ ဤသို့ မိုးညင်းကိုယ်တော် အရှင်မြတ်သည် မိမိအားထုတ်သော တရားကို မိမိစိတ်တိုင်းကျ အမြင်မှန်ရပြီး ဓမ္မအလင်းကြီး ရသောနေ့ထူးနေ့မြတ်ကြီးသည်ကား ၁၂၇၆-ခု၊ တန်ဆောင်မုန်းလပြည့်နေ့ ည သန်းခေါင်ယံအချိန်တွင် ဉာဏ်အားဖောက်ထွင်း တရားအလင်းကို ရရှိတော်မူလေသတည်း။ သက်တော် (၃၉)နှစ်အရွယ်တွင် ရရှိတော်မူသည်။

မိုးညင်းဆရာတော်ဘုရားကြီးသည် ပဋိပတ်အလုပ်ကို တစ်ကိုယ်ကောင်း အလုပ်မဟုတ်၊ ဝေနေယျသတ္တဝါများအတွက်ဖြစ်ကြောင်းလည်း လက်တွေ့ကျကျ ပြသတော်မူခဲ့လေသည်။ ထို့ပြင် ကျမ်းကြီးကျမ်းငယ် (၃၆)ကျမ်းကို ပြုစုတော်မူခဲ့သည်။

၁၃၂၆-ခု၊ တော်သလင်းလပြည့်ကျော် (၈) ရက်နေ့၊ ညနေ (၆:၀၄) နာရီ အချိန်တွင် ခန္ဓာဝန်ချတော်မူခဲ့ပါသည်။

ထေရပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မိုးညှင်းဆရာတော်ဘုရားကြီး၏
သြဝါဒတော်

- ခြွေရုံလင်မယား၊ သမီးသားနှင့်၊ စီးပွားအာရုံ၊ ကာမဂုဏ်တို့ကား မွဲဖို့အစစ်တည်း။
- ဒါန သီလနှင့် တုပကင်းကွာ၊ ဘာဝနာတို့ကား အစဉ်ထာဝရကောင်းဖို့နှင့် ပေါင်းဖို့အစစ်တည်း။
- အကွဲအမွဲ၊ အကောင်းအပေါင်းနှင့် ဘုံဆိုင်ကိုယ်ပိုင်တရားတို့ကို မိမိဉာဏ်တွင် ကြောင်ကြောင်ကြီး ထင်မြင်အောင် နေ့စဉ်ကြည့်ရှုကြပါလေ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မိုးညှင်းဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

မိုးညှင်းတောရ ဆရာတော်ဘုရားကြီး၏ ဝိပဿနာတရားတော်ကြီး အကျဉ်းမျှသာဟု လျှောက်ထားသဖြင့် အကျဉ်းမျှကိုသာ ရေးပေအံ့၊ အကယ်၍ အကျယ်ရေးမည်ဆိုပါက...

ဝိသုဒ္ဓိပိုင်းဆိုင်ရာ – ၁။ သီလ ဝိသုဒ္ဓိ
၂။ စိတ္တ ဝိသုဒ္ဓိ
၃။ ဒိဋ္ဌ ဝိသုဒ္ဓိများ

စသည့် ဝိသုဒ္ဓိများကို ဆက်စပ်ရေးမည် ဖြစ်သော်လည်း ယခုအခါ အကျဉ်းမျှသာဟု တိုက်တွန်းသဖြင့် အကျဉ်းမျှရေးလိုက်ရပါသည်။ အကျယ်ကို လိုအပ်ပါက နောက်နောင်တွင် ထွက်ပေါ်လာမည့် စာအုပ်များ ဖတ်ရှုနိုင်အောင် ကြိုးစားတော်မူကြရမည် ဖြစ်ပါသည်။

မိုးညှင်းဆရာတော်ဘုရားကြီး၏ သခ်ေပဝိပဿနာ

ရုပ်အပျက် ဒိဋ္ဌဝိသုဒ္ဓိဖြစ်ရန် အဖတ်မှုန့်၊ အရည်မှုန့်၊ ရွှံ့ရုပ်ဥပမာဖြင့် အာကာသဓာတ်ဖောက်ပုံ၊ အဖတ်ကလာပ် အရည်ကလာပ်တို့မှာ ပရမတ်ပညတ်ခွဲပုံ၊ ခြေတစ်လှမ်းမှာ နှစ်ချက်ပျက်နှင့် တွဲလျက် ဥဒယဗ္ဗယဉာဏ်သို့ တက်၍ ရှုနိုင်ရန်ကို ရေးသားပေအံ့။

ဝိပဿနာဓမ္မ ပွားများ၍ နိဗ္ဗာန်ရောက်လိုသူ ယောဂီတို့မှာ သက္ကာယ ဒိဋ္ဌိကြီးကို ပယ်စွန့်မှသာ လျှင် အိုနာသေရေး အပါယ်ဘေးတို့မှ လျင်မြန်စွာ လွတ်မြောက်ကြမည် ဖြစ်သောကြောင့် သက္ကာယဒိဋ္ဌိကြီး အရေးတကြီး ပယ်ဖြတ်ရပေမည်။

၁။ ရင်ဝ လုံ့လျှို့၊ ခေါင်းမီးကို၊ လွတ်လိုသူတို့သာ။
၂။ ဒိဋ္ဌိပြုတ်ကို၊ သတိပို့၊ သက်ကိုမငဲ့ညှာ။

ဟူသော လင်္ကာသံပေါက်နှင့်အညီ ရင်ဝမှာ လုံ့မကြီး စူးစိုက်၍ နေသောသူ၊ ဦးခေါင်းမှာ လောင်မီး စက်ကွင်းကြီးစွပ်လျက် လောင်မြိုက်နေသော သူတို့သည် တစ်ပါးသော လင်–မယား သား–သမီး–မြေး–မြစ် စသည့် အရေးတို့ကို မငဲ့မကွက်ဘဲ ၎င်း လုံ့မကြီး ကျွတ်မှု၊ မီးစက်ကွင်းကြီး ငြိမ်းမှုကိုသာ စောစောလျင်လျင် အရေးတကြီး အားထုတ်ကြဘိသကဲ့သို့၊ ထို့အတူ သူသူငါငါ၊ လူပဲ၊ နတ်ပဲ၊ သားပဲ၊ သမီးပဲ၊ လင်ပဲ၊ မယားပဲ စသည့် အထင်လွဲ၍ နေကြသော သက္ကာယဒိဋ္ဌိကြီး တန်းလန်းရှိ၍ နေကြသော ကလျာဏ ပုထုဇဉ် ဟူသမျှတို့သည် မျက်စိ၊ နား၊ အင်္ဂါခြေလက်နှင့် အသက်ကိုမျှ မငဲ့ကွက်ကြဘဲ အထင်လွဲသော သက္ကာယ ဒိဋ္ဌိကြီးဟူသော လုံ့မကြီးပြတ်မှု ကိစ္စကိုသာလျှင် အရေးတကြီး အဆောတလျင် မနေမနား ဝိပဿနာတရားကို အားထုတ်ကြ၍ ပယ်ဖြုတ် စွန့်ပစ်ကြရမည်။

http://www.dhammadownload.com

အကိုးပါဠိကား

သတ္တိယာ ဝိယ ဩမဇ္ဈော၊ ဒယ့်မာနောဝ မတ္ထကေ။

သက္ကာယဒိဋ္ဌိပဟာနာယ၊ သတော ဘိက္ခုပရိဗ္ဗဇေ။

သက္ကာယဒိဋ္ဌိကြီးကို ဖြုတ်ကြရန် ကိုယ်နှင့် အသက်မငဲ့ကွက်ဘဲ ဝိပဿနာ အလုပ်ကို အားထုတ်ရပါသည်။ ဝိပဿနာအလုပ်ကို အားမထုတ်မီ ဒိဋ္ဌိဝသုဒ္ဓိဖြစ်အောင် အားထုတ်ရပါမည်။ ဒိဋ္ဌိဝသုဒ္ဓိဆိုရာဝယ် အမှားစင်ကြယ်အောင် တစ်နည်း အမှန်ရအောင် အားထုတ်ရပါမည်။ အမှန်ဆိုရာမှာ ပညတ်အမှန်၊ ပရမတ်မှန်သိအောင် အားထုတ်ရပါမည်။ ပညတ်မှန်၊ ပရမတ်သိသောအခါ မြန်မာလို အမှားစင်ကြယ်၊ ပါဠိလို ဒိဋ္ဌိဝသုဒ္ဓိ ဖြစ်ပါသည်။ ဒိဋ္ဌိဝသုဒ္ဓိဖြစ်စေရန် သပ္ပုရိသသံသေဝ အင်္ဂါနှင့်အညီ ဆရာကောင်းထံ နည်းနာခံ၍ ဝိပဿနာအလုပ်ကို အားထုတ်ပါလျှင် ပရမတ်မှန်၊ ပညတ်မှန်ကို သိကြမည်။

ပရမတ်မှန်၊ ပညတ်မှန်ကိုမသိက အမှားစင်ကြယ်မည် မဟုတ်ပါ။ အမှားမစင်ကြယ်လျှင် ထိုသူတို့သည် ပရမတ်တွေကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည် အထင်အမြင်မှားတဲ့ မြန်မာလို ပရမတ်မှာ ပါဠိလို သက္ကာယဒိဋ္ဌိ ဖြစ်ပါသည်။

ယခုအခါတွင် ရုပ်ပျက်တရားကြီးကို ရေးပြရမှာဖြစ်၍ ဓာတ်ခြောက်ပါးရှိသည့်နောက် ရုပ်ဓာတ်ငါးပါးကို အောက်ပါအတိုင်း ရေးလိုက်ပါသည်။

ရုပ်ဓာတ်ငါးပါးတို့တွင်–

၁။ ပထဝီဓာတ်

၂။ အာပေါဓာတ်

၃။ တေဇောဓာတ်

၄။ ဝါယောဓာတ်

၅။ အာကာသဓာတ်

ဌင်းဓာတ် (၅)ပါးတွင် "အာကာသပေါက်မှ ယနပျောက်" ဟု ဆိုသောကြောင့် အဖတ်မှုန့်၊ အရည်မှုန့်၊ ရွှံ့ရုပ်ဥပမာဖြင့် အာကာသ ဓာတ်ပေါက်ပုံကို အစထား၍ အများသဘောပေါက် အလွယ်တကူသိစေရန် အမေးအဖြေများဖြင့် ရေးသားခြင်းအမှု ပြုလိုက်ရပါသည်။

အဖတ်မှုန့်၊ အရည်မှုန့်၊ ရွှံ့ပုပ် ဥပမာဖြင့် အာကာသဓာတ် ပေါက်ပုံကို ပြခြင်း

မေး။ ။ ဘယ်ဥပမာဖြင့် အာကာသဓာတ်၊ ရုပ်ပရမတ်ကို အသိဉာဏ်ပေါက်အောင် အားထုတ် ရပါသနည်း။

ဖြေ။ ။ ရွှံ့ရုပ် ဥပမာဖြင့် အသိဉာဏ်ပေါက်အောင် အားထုတ်ရပါသည်။

မေး။ ။ ရွှံ့ရုပ် ဥပမာကို ဘယ်လိုလုပ်ရပါသနည်း။

ဖြေ။ ။ မြူလေးမျိုးတို့တွင် ပရမာမြူလောက် သေးသိမ်သော မြေမှုန့်၊ လေးပြည်သားလောက်နှင့် ဌင်းအတူ သေးသိမ်သော အရည်မှုန့် ပေါင်း နှစ်ပြည်သားလောက်ကို ဘေးတစ်ဖက်တစ်ချက် တွင်ထည့်၍ ကြည့်ပါ။

မြေမှုန့်ကို ကိုင်လျက် အဖတ်မှုန့်၊ အဖတ်မှုန့်။

အရည်များကို အရည်မှုန့် အရည်မှုန့်ဟု ရှုပါ။

ဌင်းမြေမှုန့်၊ ရေမှုန့်များကို ရောစပ်၍ ပြုလုပ်ရပါမည်။

မေး။ ။ ဌင်းအမှုန့်နှစ်မျိုးနှင့် ဘယ်လိုရောစပ်၍ ပြုလုပ်ရပါသနည်း။

ဖြေ။ ။ အထက်က ပြခဲ့သည့်အတိုင်း ဇလုံကြီးနှင့် ခွက်ကြီးကို တည်ထားပြီးလျှင် မြေမှုန့်ကို ဇလုံထဲထည့်၊ အရည်မှုန့်ကို ခွက်ထဲသို့ ထည့်၍ ပြုလုပ်ရပါသည်။

မေး။ ။ မြေမှုန့်ကို ဇလုံထဲထည့်ရန် ဘယ်က ယူခဲ့ပါသနည်း။

ဖြေ။ ။ မြေထဲက ယူခဲ့ပါသည်။

http://www.dhammadownload.com

မေး။ ။ မြေထဲက ယူခဲ့စဉ်အခါက ခြေကြွေး လက်ကြွေး ရွံ့ရုပ်ကြွေးများ ပါပါသလား။

ဖြေ။ ။ ခြေကြွေး လက်ကြွေး၊ရွံ့ရုပ်ကြွေး စသည်တို့ မပါပါ။

မေး။ ။ ခြေလက်စသည်တို့ မပါလို့ရှိလျှင် ဘာသာပါပါသနည်း။

ဖြေ။ ။ မြေမှုန့်တွေသာ ပါပါသည်။

မေး။ ။ အရည်မှုန့်ကို ခွက်ထဲသို့ထည့်ရန် ဘယ်က ယူခဲ့ပါသနည်း။

ဖြေ။ ။ ရေထဲက ယူခဲ့ပါသည်။

မေး။ ။ ၎င်းရေထဲမှ ယူခဲ့စဉ်အခါက ခြေလက် စသည်တို့ ပါပါသလား။

ဖြေ။ ။ ခြေလက် စသည်တို့ မပါပါ။

မေး။ ။ ခြေလက် စသည်တို့ မပါလျှင် ဘာသာပါပါသနည်း။

ဖြေ။ ။ အရည်မှုန့်တွေသာပါပါသည်။

မေး။ ။ အရည်မှုန့်တွေကို အဖတ်မှုန့်တွေထဲသို့ ဉာဏ်နှင့်လောင်း၍ ကြည့်လိုက်စမ်းပါ။ ၎င်း အရည်တွေသည် အပေါ်မှာ စုပုံ၍ မတည်ဘဲ ဘယ်အထဲသို့ ဝင်သွားပါသနည်း။

ဖြေ။ ။ အဖတ်မှုန့်တွေထဲ ဝင်သွားပါသည်။

မေး။ ။ အဖတ်မှုန့်တွေထဲသို့ ဝင်သွားခြင်းသည် ဘာရှိလို့ ဝင်သွားပါသနည်း။

ဖြေ။ ။ အကြားရှိလို့ ဝင်သွားပါသည်။

မေး။ ။ ၎င်းကို နာနာနယ်၍ ကိုယ်ကြွေး ခေါင်းကြွေး ခြေကြွေး လက်ကြွေးတို့အစုံ မိမိနှင့်တူစွာ ရွံ့ရုပ်သဏ္ဌာန်ကြွေးလုပ်၍ ထားလိုက်ပါက ၎င်းကို ဘာလို့ ခေါ်ကြလိမ့်မည်နည်း။

ဖြေ။ ။ ကိုယ်ကြွေး ခေါင်းကြွေး လက်ကြွေး ရွံ့ရုပ်ကြွေးလို့ ခေါ်ကြပါလိမ့်မည်။

မေး။ ။ ကိုယ်ကြွေး ခေါင်းကြွေး စသည် ခေါ်ဝေါ်ကြသော သူတို့မှာ ကိုယ်ကြွေး ခေါင်းကြွေး စသည် မှတစ်ပါး အခြား ရှာလို့ ရပါမည်လော။

အတွင်းသား အဖတ်မှုန့်နှင့် အရည်မှုန့်နှင့် ကိုယ်ကြွေး ခေါင်းကြွေးစသည်နှင့် တစ်သားတည်းဖြစ်၍ နေကြမည် မဟုတ်ပါလော။

ဖြေ။ ။ ကိုယ်ကြွေး ခေါင်းကြွေး စသည်တို့မှတစ်ပါး အခြားရှာ၍ မရပါ။ အတွင်းသား အရည်မှုန့် အဖတ်မှုန့်နှင့် ကိုယ်ကြွေး ခေါင်းကြွေး စသည်တို့ တစ်သားတည်း ဖြစ်၍ နေပါသည်။

ဤကား ဥပမာ၌ သဏ္ဌာယဒိဋ္ဌိ ဖြစ်ချက်တည်း။

× × ×

အထက်ပါ ဥပမာ၌ အာကာသဓာတ်ပေါက်၍ သဏ္ဌာယဒိဋ္ဌိ ကွာရန် မေးခွန်းစစ်တမ်းထုတ်ပုံ

မေး။ ။ သင်တို့သည် ကိုယ်ကြွေး ခေါင်းကြွေး စသည် အယူရှိ၍ ပြောဆိုသော ရွံ့ရုပ်ကြွေးအတွင်းကို ဉာဏ်ထွင်း၍ ကြည့်ပါ။ အစိုဝတ္ထု ဖြစ်သလော၊ အခြောက်ဝတ္ထု ဖြစ်ပါသလော။

ဖြေ။ ။ အစိုဝတ္ထု ဖြစ်ပါသည်။

မေး။ ။ အစိုဝတ္ထု ဖြစ်ခဲ့လို့ရှိလျှင် အမှုန့်ဘယ်နှမျိုး ရှိပါသနည်း။

ဖြေ။ ။ အဖတ်မှုန့်၊ အရည်မှုန့်နှစ်မျိုးသာ ရှိပါသည်။

မေး။ ။ အဖတ်မှုန့်သည် ဘာ၏ အကြားထဲသို့ ရောက်နေပါသနည်း။

ဖြေ။ ။ အရည်မှုန့်၏ အကြားထဲသို့ ရောက်နေပါသည်။

မေး။ ။ အရည်မှုန့်၏ အကြားထဲ ရောက်၍ နေတာနှင့် ၎င်းအမှုန့်သည် မိမိ၏ သဘောကို စွန့်၍ အရည်မှုန့် ဖြစ်သွားပါသလား။

ဖြေ။ ။ အရည်မှုန့်များ ဖြစ်၍မသွားပါ။

http://www.dhammadownload.com

မေး။ ။ အရည်မှုန့် ဘာ၏ အကြားထဲသို့ ရောက်နေပါသနည်း။

ဖြေ။ ။ အဖတ်မှုန့်၏အကြားထဲရောက်၍နေပါသည်။

မေး။ ။ အဖတ်မှုန့်၏ အကြားထဲသို့ ရောက်၍နေတာနှင့် ၎င်းအရည်မှုန့်သည် မိမိ၏သဘောကို စွန့်၍ အဖတ်မှုန့်များ ဖြစ်သွားပါသလား။

ဖြေ။ ။ အဖတ်မှုန့်များ ဖြစ်၍မသွားပါ။

မေး။ ။ ဖြစ်၍ မသွားလို့ရှိလျှင် ၎င်းအဖတ်မှုန့်၊ အရည်မှုန့်တို့သည် အလုံးကြီး၊ အခဲကြီး၊ အပြားကြီး ဖြစ်သွားပါသလား။

ဖြေ။ ။ အလုံးကြီး၊ အခဲကြီး၊ အပြားကြီး စသည် မဖြစ်ပါ။

မေး။ ။ အလုံးကြီး၊ အခဲကြီး စသည်တို့ မဖြစ်ခဲ့လျှင် ဘာဖြစ်၍ နေပါသနည်း။

ဖြေ။ ။ အဖတ်မှုန့်၊ အရည်မှုန့်တွေသာ ဖြစ်၍နေပါသည်။

ဤကား အာကာသဓာတ် ပေါက်ပုံတည်း။

× × ×

သက္ကာယဒိဋ္ဌိကွာပုံကို ပြခြင်း

မေး။ ။ ၎င်းအဖတ်မှုန့်၊ အရည်မှုန့်တို့သည် ဘယ်အရုပ်သူ ဘယ်အရုပ်သား ဖြစ်ပါသနည်း။

ဖြေ။ ။ ဓာတိမြေသူ မြေသား၊ ရေသူ ရေသား ဖြစ်ကြပါသည်။

မေး။ ။ ယခု ပဝတ္တိအခါမှာ ဘယ်အရုပ်သူ ဘယ်အရုပ်သားများ ဖြစ်ကြပါသနည်း။

ဖြေ။ ။ ဇလုံသူ၊ ဇလုံသား၊ ရေခွက်သူ ရေခွက်သားများ ဖြစ်ကြပါသည်။

မေး။ ။ ပဝတ္တိအခါမှာ ဇလုံသူ ဇလုံသား၊ ရေခွက်သူ ရေခွက်သားများဖြစ်တဲ့ သင့်အဖတ်မှုန့်၊ အရည်မှုန့်တို့သည် ယခုအခါ ဘာရုပ်၏ ပုံသဏ္ဌာန်အတွင်းထဲ၌ ဖြစ်၍ နေပါသနည်း။

ဖြေ။ ။ ရွှံ့ရုပ်ကြီး ပုံသဏ္ဌာန်အတွင်း၌ ဖြစ်နေပါသည်။

မေး။ ။ ရွှံ့ရုပ်ကြီးပုံသဏ္ဌာန် အတွင်းမှာ ဖြစ်နေတာနှင့် ၎င်းအဖတ်မှုန့်၊ အရည်မှုန့်တို့သည် ကိုယ်ကြီး ခေါင်းကြီး လက်ကြီး ရွှံ့ရုပ်ကြီးများ ဖြစ်၍သွားပါသလား။

ဖြေ။ ။ ကိုယ်ကြီး၊ ခေါင်းကြီး ဖြစ်၍ မသွားပါ။

မေး။ ။ ကိုယ်ကြီး၊ ခေါင်းကြီး စသည်ဖြစ်၍ မသွားခဲ့လို့ရှိလျှင် ဘာသာဖြစ်၍ နေပါသနည်း။

ဖြေ။ ။ အဖတ်မှုန့်၊ အရည်မှုန့်သာဖြစ်၍နေပါသည်။

မေး။ ။ အဖတ်မှုန့်၊ အရည်မှုန့်၊ အဘယ်သစ္စာနယ်က ဖြစ်ပါသနည်း။

ဖြေ။ ။ ပရမတ္ထသစ္စာနယ်က ဖြစ်ပါသည်။

မေး။ ။ ဘာကြောင့် ပရမတ် ခေါ်ပါသနည်း။

ဖြေ။ ။ မဖောက်မပြန် မှန်သောကြောင့် ပရမတ်လို့ ခေါ်ပါသည်။

မေး။ ။ ဘယ်လို မဖောက်ပြန်ပါသနည်း။

ဖြေ။ ။ ဘယ်ပုံသဏ္ဌာန် ရောက်ရောက်သွားသော်လည်း အဖတ်မှုန့်၊ အရည်မှုန့်များသာ ဖြစ်ကြပါ၏။ ကိုယ်လက် ပုံသဏ္ဌာန် စသည် ဖြစ်သော အားဖြင့် မဖောက်ပြန်ပါ။

မေး။ ။ ဘယ်ပုံသဏ္ဌာန် ရောက်ရောက် အဖတ်မှုန့်၊ အရည်မှုန့်ပါပဲဟု အသိဉာဏ် ဆိုက်လိုက်တော့ ဘာအမှန် သိပါသနည်း။

ဖြေ။ ။ ပရမတ်အမှန်ကို သိရပါသည်။

မေး။ ။ ၎င်းပရမတ်အမှန် အသိဉာဏ်ဆိုက်လိုက်တော့ ကိုယ်ကြီး လက်ကြီးတွေ စသည် ရှိပါသေး၏လော၊ ဘာရှိပါသနည်း။

ဖြေ။ ။ ကိုယ်ကြီးလက်ကြီးတွေ စသည် မရှိတော့ပါ။အဖတ်မှုန့်၊ အရည်မှုန့်တွေသာရှိပါသည်။

ဤကား ဥပမာ၌ – သက္ကာယဒိဋ္ဌိ ခွာပုံတည်း။

× × ×

http://www.dhammadownload.com

မေး။ ။ ၎င်း၌ရုပ်ကြီးကို မိမိအနားမှာ ညာဘက်ကယှဉ်ထား၍ ဉာဏ်မျက်စိဖြင့် ပြူးပြူးပါအောင် ကြည့်လိုက်စမ်းပါ။ ၎င်းအရုပ်ကြီးသည် အစိုဝတ္ထုဖြစ်ဘိသကဲ့သို့ ငါကောင်မ-ငါကောင်ထီးဟု ထင်မြင်မှု ရှိနေသော မိမိခန္ဓာလည်း အစိုဝတ္ထုကြီး မဟုတ်ပါလော။

ဖြေ။ ။ မိမိခန္ဓာလည်း အစိုဝတ္ထုကြီးဟုတ်ပါသည်။

မေး။ ။ အစိုဝတ္ထု ဖြစ်ခဲ့လို့ရှိရင် အမှုန့်ဘယ်နမျိုး ရှိပါသနည်း။

ဖြေ။ ။ ၎ရုပ်ကြီးကဲ့သို့ အဖတ်မှုန့်၊ အရည်မှုန့် ဟူ၍ နှစ်မျိုးရှိပါသည်။

မေး။ ။ ကလာပ်အားဖြင့် ပြောဆိုမှုကလာပ် ဘယ်နှမျိုး ရှိပါသနည်း။

ဖြေ။ ။ အဖတ်ကလာပ်၊ အရည်ကလာပ် ဟူ၍ နှစ်မျိုးရှိပါသည်။

မေး။ ။ သဘောနှင့် ပြောဆိုမှု သဘောအားဖြင့် ဘယ်နှမျိုး ရှိပါသနည်း။

ဖြေ။ ။ အဖတ်သဘော၊ အရည်သဘောဟူ၍ နှစ်မျိုးရှိပါ၏။

မိမိကိုယ်၌ အာကာသ ပေါက်ပုံတည်း။

× × ×

မိမိကိုယ်မှာ ပရမတ်၊ ပညတ်ကွဲရန် မေးခွန်းစစ်တမ်းထုတ်ပုံ

မေး။ ။ ငါကောင်မ၊ ငါကောင်ထီး လုပ်နေသော မိမိခန္ဓာကိုယ်၏ အတွင်းသို့ ဉာဏ်သွင်း၍ ကြည့်လိုက်သောအခါ ဉာဏ်မျက်စိဖြင့် ကြောင်ကြောင်ကြီး မြင်ရသော အဖတ်မှုန့်၊ အရည်မှုန့်တို့သည် ဇာတိ ဘယ်ရုပ်သူ ဘယ်ရုပ်သားများ ဖြစ်ပါသနည်း။

ဖြေ။ ။ ပရမာ နုဘေဒ သဉ္ဇာဏာ သုခုမရဇာဘူတာ၊ ပထဝီဓာတု ဒေါဏ မတ္တာသိယာ၊ သာတသော ဥပမှ ပမာဏာယ အာပေါ ဓာတု ယာ သင်္ဂဟိတာ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

ပရမာဏုဘေဒ သဉ္ဇာဏာ၊ ပရမာအဏုမြူ အလား မခွဲခြမ်းထုခြေ မှုန့်မှုန့်ညက်ညက် ဖြစ်၍နေသော၊ သုခုမရဇာဘူတာ၊ သိမ်မွေ့လွစွာသော မြူအဖြစ်သို့ရောက်သော။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ ဒေါဏမတ္တာ၊ တစ်စိတ်သား၌ အတိုင်းအရှည်ရှိသည်။ သိယာ၊ ဖြစ်ရာ၏။ သာ၊ ထိုပထဝီဓာတ်ကို။ တတော၊ ထိုတစ်စိတ်သားမျှ အတိုင်းအရှည်ရှိသော ပထဝီဓာတ်အောက်။ ဥပမှ ပမာဏာယ၊ ထက်ဝက်မျှ အတိုင်းအရှည်ရှိသော။ အာပေါဓာတုယာ၊ အာပေါဓာတ်ဖြင့်။ သင်္ဂဟိတာ၊ လုံးထွေးဖွဲ့အပ်၏ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကျမ်းလာအရ ဤခန္ဓာကိုယ်ကြီး၌ ဆံပင်စသော ပထဝီဓာတ် ၂၀၊ သည်းခြေစသော အာပေါဓာတ် (၁၂)ပါးတို့သည် အမိဝမ်း၌ ပဋိသန္ဓေတည်နေစဉ်ကပင် စတင်၍ ဖြစ်ပေါ်လာသော ပထဝီလွန်ကဲသော မြေဓာတ်အဖတ် ကလပ်မှုန့် တစ်စိတ်သားတို့နှင့် လုံးထွေး၍ ထားအပ်သော ဓာတ်ပရမတ်တို့ ဖြစ်ကြ၍ ဇာတိမြေသူမြေသားရေသူ ရေသားဖြစ်ပါသည်။

မေး။ ။ ယခု ပဝတ္တိအခါ၌ ဘယ်ဘုံဌာန ဘယ်ဒေသမှာ ရောက်နေသနည်း။

ဖြေ။ ။ လူဘုံဌာန လူ့ဒေသမှာ ရောက်၍နေပါသည်။

မေး။ ။ လူ့ဘုံဌာနလူ့ဒေသမှာ ပုံသဏ္ဌာန်အမျိုးမျိုး ရှိရာတွင် ဘာ၏ပုံသဏ္ဌာန်အတွင်းမှာ အဖတ်မှုန့်၊ အရည်မှုန့်တို့သည် ဖြစ်၍နေပါသနည်း။

ဖြေ။ ။ လူ၏ပုံသဏ္ဌာန်အတွင်းမှာဖြစ်နေပါသည်။

မေး။ ။ လူ၏ပုံသဏ္ဌာန်အတွင်းမှာ ဖြစ်၍နေတာနှင့် သင် အဖတ်မှုန့်၊ အရည်မှုန့်တို့သည်

http://www.dhammadownload.com

လူကောင်မ၊ လူကောင်ထီးကြီးများ ဖြစ်၍ သွားပါသလား။

ဖြေ။ ။ လူကောင်မ၊ လူကောင်ထီး စသည် ဖြစ်၍ မသွားပါ။

မေး။ ။ လူကောင်မ၊ လူကောင်ထီးကြီးများ ဖြစ်၍ မသွားလို့ရှိရင် သင်သည် ဘာဖြစ်၍ နေပါသနည်း။

ဖြေ။ ။ အဖတ်မှုန့်၊ အရည်မှုန့်သာဖြစ်၍ နေပါသည်။

မေး။ ။ ၎င်းအဖတ်မှုန့်၊ အရည်မှုန့်သည် ဘယ်သစ္စာကပါနည်း။

ဖြေ။ ။ ပရမတ္ထသစ္စာနယ်ကပါတည်း။

မေး။ ။ ဘာကြောင့် ပရမတ်ခေါ်ပါသနည်း။

ဖြေ။ ။ မဖောက်မပြန်မှန်သောကြောင့် ပရမတ်ခေါ်ပါသည်။

မေး။ ။ ဘယ်လို မဖောက်ပြန်ပါသနည်း။

ဖြေ။ ။ ဘယ်ပုံသဏ္ဌာန်ရောက်ရောက် အဖတ်မှုန့်၊ အရည်မှုန့်ပါပဲ၊ လူကောင်မ၊ လူကောင်ထီး စသည်ဖြစ်၍ မဖောက်ပြန်ပါ။

မေး။ ။ လူကောင်မ၊ လူကောင်ထီးစသည်ဖြစ်၍ မဖောက်မပြန်သော အဖတ်မှုန့်၊ အရည်မှုန့်တွေကို အဖတ်မှုန့်၊ အရည်မှုန့်တွေပဲဟု သိတော့ ဘာအမှန်ကို သိပါသနည်း။

ဖြေ။ ။ ပရမတ်အမှန်ကို သိပါသည်။

မေး။ ။ ဘာပရမတ်အမှန်ကို သိပါသနည်း။

ဖြေ။ ။ အဖတ်ကလာပ်၊ အရည်ကလာပ် ပရမတ်အမှန်ကို သိပါသည်။

မေး။ ။ ၎င်းပရမတ်အမှန်ကို သိတော့ လူကောင်မ၊ လူကောင်ထီး ရှာလို့ရပါသေး၏လော။

ဖြေ။ ။ လူကောင်ထီး၊ လူကောင်မ၊ ငါကောင်မ၊ ငါကောင်ထီး စသည်များ ရှာလို့မရပါ။

ဤကား ပရမတ်အမှန် မြင်ပုံတည်း။

× × ×

ဒိဋ္ဌဝိသုဒ္ဓိ ဖြစ်ပုံကို ပြခြင်း

မေး။ ။ ဒိဋ္ဌဝိသုဒ္ဓိ ဖြစ်ချက်ကို ကျေးဇူးရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီးက စာမတတ် သူတို့ပါ လွယ်ကူစွာ သိစေခြင်း အကျိုးငှာ တို့မြန်မာလက်ဘသွားဖြင့် ရေးသားထားသည်ကို အဖတ်ကလာပ်၊ အရည်ကလာပ် ရုပ်ပရမတ်တို့ပေါ်လွင်အောင် ဘယ်လိုများ ပြင်ဆင်၍ ရှုတ်ရပါမည်နည်း။

ဖြေ။ ။ အတွင်းရှိ ဓာတ်ကား နေရာမှာ ယခု စစ်တမ်းထုတ်ခဲ့သော အဖတ်ကလာပ်၊ အရည်ကလာပ်ဖြစ်ပါ၍ အတွင်းရှိ အဖတ်ကလာပ်၊ အရည်ကလာပ်အား ပရမတ်သား၊ နောက် အစဉ်နှင့် အပေါ်ယံကြောတွင် ထင်မြင်ရပုံ သဏ္ဌာန်အကောင်အထည် ဒြပ်ကား ပညတ်သား နှစ်ပါးဉာဏ်မြင် ဒိဋ္ဌစင်ဟူ၍ ပြင်ဆင်ရှုတ်ရပါမည်။

ဤကား ပရမတ်အမှန် ပညတ်မှန်မြင်၍ ဒိဋ္ဌစင်ပုံတည်း

× × ×

ဥပမာဌ် ပညတ်မှန်မြင်ပုံကို ထပ်၍ ထင်ရှားစေရန် ပြဆိုပါအံ့

မေး။ ။ ပရမတ္ထ သစ္စာနယ်က ပရမတ်အမှန်ကို သိသောအခါ မြေမှုန့်၊ ရေမှုန့်တို့သည် ကိုယ်တွေ၊ ဦးခေါင်းတွေ ခြေလက်တွေ၊ လူရုပ်ကြီးတွေ မဟုတ်တာနှင့် သမ္မုတိသစ္စာနယ်ထဲမှာ ကိုယ်တွေ၊ ဦးခေါင်းကြီးတွေ၊ ခြေလက်တွေ၊ လူရုပ်ကြီးတွေ မရှိတော့ဘူးလို့ ပယ်လိုက်ရတော့မှာလား။

ဖြေ။ ။ မပယ်လိုက်ရပါ။

မေး။ ။ မပယ်လိုက်ရလို့ ရှိလျှင် ဘယ်သစ္စာနယ်က ရှိပါသနည်း။

http://www.dhammadownload.com

ဖြေ။ ။ သမုတိသစ္စာ၊ ပညတ်နယ်က ရှိပါသည်။

မေး။ ။ ဘာကြောင့်ပညတ်လို့ ခေါ်ပါသနည်း။

ဖြေ။ ။ ပညာဝိယတိ ဝေါဟာရိယတီတိ ပညတ္တိဟု ဆိုသောကြောင့် ခေါ်ဝေါ်အပ်လို့ ပညတ်လို့ ခေါ်ပါသည်။

မေး။ ။ ဘယ်လိုခေါ်ဝေါ်အပ်ပါသနည်း။

ဖြေ။ ။ ကိုယ်ကြီး၊ ဦးခေါင်းကြီး၊ ခြေလက်ကြီး၊ လူရုပ်ကြီးလို့ ခေါ်ဝေါ်အပ်ပါသည်။

မေး။ ။ ၎င်းခေါ်ဆိုနေတဲ့ ကိုယ်ကြီး၊ ဦးခေါင်းကြီး၊ ခြေလက်ကြီး၊ လူရုပ်ကြီး စသည်တို့သည် ဘာတွေစက်မှ ဟပ်မှ ဖြစ်ပေါ်လာပါသနည်း။

ဖြေ။ ။ မြေမှုန့်၊ ရေမှုန့်တွေကို စပ်မှ ဟပ်မှ ဖြစ်ပေါ်လာရပါသည်။

မေး။ ။ မြေမှုန့်၊ ရေမှုန့်တွေကို စပ်မှ ဟပ်မှ ဖြစ်ပေါ်လာသော ကိုယ်ပုံသဏ္ဌာန်ကြီးတွေ၊ ဦးခေါင်းပုံသဏ္ဌာန်ကြီးတွေ၊ ခြေလက်ပုံသဏ္ဌာန်ကြီးတွေ၊ လူရုပ်ပုံသဏ္ဌာန် ကြီးတွေသည် ဘာပညတ်များ ဖြစ်ပါသနည်း။

ဖြေ။ ။ သဏ္ဌာနပညတ် ဖြစ်ပါသည်။

မေး။ ။ လူရုပ်ကြီး စသည်တို့ဟာ တစ်လ၊ နှစ်လ၊ တစ်နှစ်၊ နှစ်နှစ် ကာလရှည်လာအောင် အစဉ်အဆက် ဖြစ်ပေါ်ချက်ကား ဘာပညတ် ဖြစ်ပါသနည်း။

ဖြေ။ ။ သန္တတိပညတ် ဖြစ်ပါသည်။

မေး။ ။ ကိုယ်၊ လက်၊ ခြေ၊ ဦးခေါင်း၊ လူရုပ်၊ ခွေးရုပ် စသည် ခေါ်ဝေါ်အပ်သော သဒ္ဒါက ဘာပညတ်ဖြစ်ပါသနည်း။

ဖြေ။ ။ သဒ္ဒပညတ် ဖြစ်ပါသည်။

ဥပမာ ဒိဋ္ဌဝိသုဒ္ဓိဖြစ်ချက် သဘာဝအနက်ကို ပြဆိုဦးအံ့

မေး။ ။ ပညတ် အစားစားတို့တွင် လူရုပ်ပုံသဏ္ဌာန်ကြီး မြေမှုန့်၊ ရေမှုန့် အမှန်ဟုတ်မည်လော။

ဖြေ။ ။ မြေမှုန့်၊ ရေမှုန့် မဟုတ်ပါ၊ ပညတ်မှန်သာ ဖြစ်ပါသည်။

မေး။ ။ မြေမှုန့်၊ ရေမှုန့်သည် လူရုပ်ပုံသဏ္ဌာန်ကြီး အမှန်ဟုတ်ပါမည်လော၊ ဘာအမှန်ဖြစ်ပါသနည်း။

ဖြေ။ ။ လူရုပ်ပုံသဏ္ဌာန်ကြီး မဟုတ်ပါ၊ မြေမှုန့်၊ ရေမှုန့်သာ အမှန်ဖြစ်ပါသည်။

မေး။ ။ မြေမှုန့်၊ ရေမှုန့်အတိုင်း လူရုပ်ကြီးစသည်ကို လူရုပ်ကြီး စသည်အတိုင်း သိတော့ ဘာအမှန်ကို သိပါသနည်း။

ဖြေ။ ။ ပရမတ်မှန်၊ ပညတ်မှန်ကို သိပါသည်။

မေး။ ။ ၎င်းပရမတ်မှန်၊ ပညတ်မှန်သိတော့ ဘာစင်ကြယ်ပါသနည်း။

ဖြေ။ ။ အမှား စင်ကြယ်ပါသည်။

မေး။ ။ အမှားစင်ကြယ်ဆိုတာက မြန်မာလို၊ ပါဠိလိုက ဘာလဲ။

ဖြေ။ ။ ဒိဋ္ဌဝိသုဒ္ဓိ ဖြစ်ပါသည်။

မေး။ ။ ဒိဋ္ဌဝိသုဒ္ဓိဖြစ်၊ အမှားစင်ကြယ်သော ပါဠိမြန်မာ နှစ်ဘာသာတို့သည် ဒိဋ္ဌဝိသုဒ္ဓိ အဟုတ် ပြီးစီးကြသော သဘာဝတရား မဟုတ်ချေသေးပေ။ ယခုကဲ့သို့ အရုပ်အတွင်းသားဟာ မြေမှုန့်၊ ရေမှုန့်တို့သာတည်း။ ၎င်းအမှုန့် ပေါင်းစပ်စုဝေးမိသော အခါမှာ အရုပ်လုပ်သူ၏ လက်ထဲတွင်သာ အပေါ်ယံ ပျဉ်စပ် ထိပ်စီးတပ်ပြီး ဖြစ်ပေါ်၍လာတဲ့ လူရုပ်ပုံသဏ္ဌာန်ကြီးပါလားလို့ ကွက်ကွက်ကွင်းကွင်း ရင်တွင်-နှလုံးတွင်းမှာ ကြည်လင်စွာနှင့် နှစ်မျိုးနှစ်စား ပိုင်းခြား၍ မြင်လိုက်ရခြင်းတည်းဟူသော ယထာ

http://www.dhammadownload.com

ဘူတဉာဏ်သည်ပင်လျှင် ၎င်းရွှံ့ရုပ် ဥပမာ၌ ဒိဋ္ဌိဝိသုဒ္ဓိ အဟုတ်ပြီးစီးကြသော သဘာဝ တရားအစစ်ဖြစ်မည်ဟု မှတ်ကြပါလေ ယောဂီမြတ်အပေါင်း သူတော်ကောင်းတို့။

ဥဒယဗ္ဗယ ဉာဏ်စခန်းကို ပြခြင်း

ထိုထို အမူအရာ ဖြစ်ပျက်ဟာ "ခန္ဓာပြတ်မှု အစစ်ရှု" ဟူသော ဆောင်ပုဒ် လင်္ကာအရ ခြေလှမ်း တစ်လှမ်းမှာ တစ်ခါပျက်စီးက စ၍ကြည့်ရှုကြ၊ အား ထုတ်ကြတိုင်းတို့၏ အစစတိုင်းမှာ ရပ်လျက်နေစဉ် အတွင်းသားဓာတ်ကြည် ကလာပ်ကြည်တို့ တေဇော မီးအတွက် ယမ်းပုံ မီးကျအလား၊ ပထဝီမီးသြဇာ၊ ဓာတ်ဆီတို့အကြောင်းလေးပါးကြောင့် တစ်ပြိုင်နက် ပျက်လိုက်ကြပြီးလျှင် အရွှေ့အပြောင်းမခံဘဲ ယမ်းပုံ မီးတွေ့ လိုက်သလို တစ်ပြိုင်နက် ပျက်လိုက်ကြကုန် လေ၏။ ယခုလို အရွှေ့မခံ အပြောင်းမခံချက်များကို ထင်ရှားအောင် ရှုကြပြီးမှ ထိုထိုညာလှမ်း ဘယ်လှမ်း အမူအရာ အသစ်အသစ်ဖြစ်ကြ၍ မိမိတို့ ကိုယ် ကောင်ကြီး ရှေ့ဘက်သို့ တက်သွားမှု၊ (ဝါ) အသစ် အသစ် ဖြစ်သွားမှု၊ ဥဒယစုကိုကား မိမိတို့ မျက်စိဖြင့် ဒိဋ္ဌထင်မြင် ထင်မြင်၊ လိုက်ချက် လိုက်ချက်နှင့် ရှုကြည့်ပြီး ထိုညာလှမ်း ဘယ်လှမ်းအမူအရာဟောင်း တွေ နောက်ဘက်က ပျက်ပျက်ပျောက်ပျောက် လိုက် နေမှု (ဝါ) အမူအရာဟောင်းတွေ မရှိမရှိလိုက်နေမှု၊ ဝယစုတို့ကို ရှုရှုလိုက်ရန်၊ မိမိတို့ဉာဏ်ကို နောက် ကျောဘက်မှ စိုက်ထားကြလျက် ညာလှမ်း ဘယ် လှမ်း အမူအရာပျက်ချက်ကိုသာ ကြည့်ကြသိကြပြီး စင်္ကြံသွားလျက် ဝိသုဒ္ဓိမဂ် ကျမ်းအလာ ကျေးဇူးရှင် မိုးညှင်းတောရ ဆရာတော်ဘုရားကြီး၏ နည်းကို မှီးပါ၍ ခြေတစ်လှမ်းတစ်ခါပျက်၍ ဥဒယဗ္ဗယဉာဏ် အချက်တို့ကို အမြင်သန်ကြစေရန် မေးခွန်းစစ်တမ်း ထုတ်ပုံမှာ –

မေး။ ။ ဝိပဿနာအလုပ်ကို အားထုတ်လို၍ စုံရပ် ဆဲအခါ ဘယ်လိုစိတ် ဖြစ်ပေါ်ပါသနည်း။

ဖြေ။ ။ စုံရပ်လိုစိတ် ဖြစ်ပေါ်လာပါသည်။

မေး။ ။ စုံရပ်လိုစိတ် ဖြစ်ဆဲအခါမှာ ဘယ်လိုအမူ အရာ ဖြစ်ပါသနည်း။

ဖြေ။ ။ စုံရပ်တဲ့ အမူအရာ ဖြစ်ပေါ်လာပါသည်။

မေး။ ။ ၎င်းစုံရပ်တဲ့ အမူအရာနှင့် အပြည့်ပြည့် ဖြစ် သော ရုပ်ကလာပ်တို့သည် ဘာကြောင့် ဖြစ် ပါသနည်း။

ဖြေ။ ။ အကြောင်းတရား လေးပါးကြောင့် ဖြစ် သော ရုပ်အစုံပင် ရှိငြားသော်လည်း ဤစင်္ကြံ သွားသောအခါ စိတ္တဇရုပ်ပျက် ထင်ရှားသည် ကို ပြလို၍ စုံရပ်လိုစိတ်ကြောင့် ဖြစ်ပါသည်။

မေး။ ။ ညာလှမ်း–လှမ်းလိုက်စမ်း၊ ယခုတင်က စုံရပ်လိုသောစိတ် ရှိပါသေး၏လော။

ဖြေ။ ။ စုံရပ်လိုစိတ် မရှိပါ။

မေး။ ။ စုံရပ်လိုစိတ် မရှိက စုံရပ်တဲ့အမူအရာကြီး ကော ရှိပါသေး၏လော။

ဖြေ။ ။ စုံရပ်တဲ့ အမူအရာ မရှိပါ။

မေး။ ။ စုံရပ်တဲ့ အမူအရာ မရှိက၊ စုံရပ်လိုသော စိတ်ကြောင့်ဖြစ်သော ရုပ်တို့ ရှိပါသေး၏ လော။

ဖြေ။ ။ ရူပံ ဘိက္ခဝေ အနိစ္စံ ယောပိဟေတု၊ ယောပိ ပစ္စယော၊ ရူပဿ ဥပ္ပါဒါယသောပိ အနိစ္စံ၊ အနိစ္စသမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ရူပဿ၊ ရုပ်၏။ ဥပ္ပာဒါယ၊ ဖြစ်ခြင်းငှာ။ ယောပိဟေ တု၊ အကြင် ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရားသည် လည်းကောင်း။ ယောပိပစ္စယော၊ အကြင် ကံစိတ် ဥတု အာဟာရတည်းဟူသော အထောက်အပံ့ သည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊

http://www.dhammadownload.com

ထိုကဲ့ စိတ် ဥတု အာဟာရတည်းဟူသော အထောက်အပံ့သည်လည်း။ အနိစ္စ၊ အမြဲမရှိ။ ဘိက္ခဝေ၊ ရဟန်းတို့။ အနိစ္စ သမ္မှုတ်၊ အနိစ္စဖြစ်သော ကဲ့ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းအထောက်အပံ့ ကြောင့် ဖြစ်ပေါ်လာသော။ ရှုပ်၊ ရုပ်သည်။ နိစ္စ၊ မြဲသည်။ ကုတောဘဝိဿတိ၊ အဘယ်မှာ ဖြစ်နိုင်လတ္တံ့နည်းဟူ၍ ဟောတော်မူအပ်သော ပါဠိတော်နှင့်အညီ အကြောင်းပျက်က အကျိုးပျက်ရမြဲ ဓမ္မတာဖြစ်လေသောကြောင့် စုံရုပ်လိုသော စိတ်ကြောင့်ဖြစ်သော ရုပ်သည် မရှိတော့ပါ။

မေး။ ။ ဘယ်ရောက်သွားပါသနည်း။

ဖြေ။ ။ ပျောက်သွားပါသည်။

မေး။ ။ ပျောက်သွားတယ်ဆိုတာ ဘာဖြစ်တာလဲ။

ဖြေ။ ။ ပျက်ပျက်သွားတာ။

မေး။ ။ ပျက်ပျက်တယ်ဆိုတာ ရှိနေသေးသလား။

ဖြေ။ ။ ရှိ၊ မရှိဖြစ်သွားတာ။

မေး။ ။ ရှိ၊ မရှိဖြစ်လျှင် ဝိပဿနာနှင့် ရှုမယ်ဆိုရင် ဘယ်လို ရှုမလဲ။

ဖြေ။ ။ အနိစ္စ အနိစ္စဟု ရှု။

မေး။ ။ ယခု ညာလှမ်းဆဲအခါ ဘယ်လိုစိတ် ဖြစ်ပေါ်ပါသနည်း။

ဖြေ။ ။ ညာလှမ်း လှမ်းလိုစိတ် ဖြစ်ပေါ်လာပါသည်။

မေး။ ။ ညာလှမ်း လှမ်းလိုစိတ် ဖြစ်ပေါ်လာသော အခါ ဘယ်လိုအမှုအရာ ဖြစ်ပေါ်၍ လာပါသနည်း။

ဖြေ။ ။ ညာလှမ်း အမှုအရာ ဖြစ်ပေါ်လာပါသည်။

မေး။ ။ ၎င်း ညာလှမ်းအမှုအရာ အပြည့် အပြည့် ရုပ်ကလာပ်တို့သည် ဘာကြောင့် ဖြစ်ပေါ်ပါသနည်း။

ဖြေ။ ။ ညာခြေလှမ်း လှမ်းလိုသောစိတ်ကြောင့် ဖြစ်ပေါ်ပါသည်။

မေး။ ။ တစ်ခါ ဘယ်လှမ်း လှမ်းလိုက်စမ်းပါ။ ယခုတင်က ညာလှမ်း လှမ်းလိုသောစိတ် ရှိပါသေး၏လော။

ဖြေ။ ။ ညာလှမ်း လှမ်းလိုသောစိတ် မရှိပါ။

မေး။ ။ ညာလှမ်း လှမ်းလိုသော စိတ်မရှိက ညာလှမ်း အမှုအရာကြီးကော ရှိပါသေး၏လော။

ဖြေ။ ။ ညာလှမ်းအမှုအရာကြီး မရှိတော့ပါ။

မေး။ ။ ညာလှမ်း အမှုအရာကြီးမရှိက ၎င်းညာလှမ်း လှမ်းလိုသော စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေရော ရှိပါသေး၏လော။

ဖြေ။ ။ ညာလှမ်း လှမ်းလိုသော စိတ်ကြောင့်ဖြစ်သော ရုပ်တွေလည်း မရှိတော့ပါ။

မေး။ ။ ဘယ်ရောက်သွားပါသနည်း။

ဖြေ။ ။ ပျောက်သွားပါသည်။

မေး။ ။ တစ်နည်းကော။

ဖြေ။ ။ မရှိဖြစ်သွားပါသည်။

မေး။ ။ ပါဠိလို ပြန်ဆိုစမ်းပါ။

ဖြေ။ ။ အနိစ္စ ဖြစ်ပါသည်။

မေး။ ။ ၎င်း ပျောက်–ပျက်–မရှိ၊ အနိစ္စရောက်သွားတာကို ကိုယ်ပိုင်ရှိသော ဉာဏ်ဖြင့် ကိုယ်ပိုင်သိရတာ ဘာဖြစ်လို့ သိရပါသနည်း။

ဖြေ။ ။ ရှုလို့၊ ပွားလို့၊ နှလုံးသွင်းလို့ သိရပါသည်။

မေး။ ။ ရှုလို့၊ ပွားလို့၊ နှလုံးသွင်းလို့ ဆိုတဲ့ မြန်မာစကားကို ပါဠိလို ပြန်ဆိုစမ်းပါ။

ဖြေ။ ။ ဝိပဿနာ။

မေး။ ။ အနိစ္စနှင့် တွဲလိုက်စမ်းပါ။

ဖြေ။ ။ အနိစ္စဝိပဿနာ။

မေး။ ။ မြန်မာလို ပြန်ဆိုစမ်းပါ။

ဖြေ။ ။ အပျောက်ကို ရှုတာ။

မေး။ ။ တစ်နည်းကော။

ဖြေ။ ။ အပျက်ကို ရှုတာ။

မေး။ ။ တစ်နည်းကော။

http://www.dhammadownload.com

ပြော။ ။ မရှိတာကို ရှုတာ။
မေး။ ။ ပါဠိလို ပြန်ဆိုစမ်းပါ။
ပြော။ ။ အနိစ္စဝိပဿနာ။
မေး။ ။ ဘာအပျက်ကို ရှုတဲ့ အနိစ္စဝိပဿနာ ဖြစ်ပါသနည်း။
ပြော။ ။ ရုပ်အပျက်ကို ရှုတဲ့ ဝိပဿနာ။
မေး။ ။ ယခု ဘယ်လှမ်း လှမ်းလိုသောအခါမှာ ဘယ်လိုစိတ် ဖြစ်ပေါ်ပါသနည်း။
ပြော။ ။ ဘယ်လှမ်း လှမ်းလိုစိတ် ဖြစ်ပေါ်ပါသည်။
မေး။ ။ ဘယ်လှမ်း လှမ်းလိုစိတ် ဖြစ်ဆဲအခါမှာ ဘယ်လို အမှုအရာ ဖြစ်ပေါ်ပါသနည်း။
ပြော။ ။ ဘယ်လှမ်းအမှုအရာ ဖြစ်ပေါ်လာပါသည်။
မေး။ ။ ၎င်း ဘယ်လှမ်းအမှုအရာနှင့် အပြည့် အပြည့် ဖြစ်သော ရုပ်ကလာပ်တို့သည် ဘာကြောင့် ဖြစ်ပေါ်ပါသနည်း။
ပြော။ ။ ဘယ်လှမ်း လှမ်းလိုသော စိတ်ကြောင့် ဖြစ်ပေါ်ပါသည်။
မေး။ ။ တစ်ဖန် ညာလှမ်းလှမ်းလိုက်စမ်းပါ၊ ယခု တင်က ဘယ်လှမ်း လှမ်းလိုသောစိတ် ရှိပါသေး၏လော။
ပြော။ ။ ဘယ်လှမ်း လှမ်းလိုစိတ် မရှိတော့ပါ။
မေး။ ။ ဘယ်လှမ်း လှမ်းလိုသောစိတ် မရှိက ဘယ်လှမ်း အမှုအရာကြီးကော ရှိပါသေး၏လော။
ပြော။ ။ ဘယ်လှမ်း အမှုအရာကြီး မရှိတော့ပါ။
မေး။ ။ ဘယ်လှမ်း အမှုအရာကြီး မရှိက ဘယ်လှမ်းလှမ်းလိုသော စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်ကလာပ်တို့ ရှိပါသေး၏လော။
ပြော။ ။ ၎င်းရုပ်ကလာပ်တို့ မရှိတော့ပါ။
မေး။ ။ ဘယ်ရောက်သွားပါသနည်း။
ပြော။ ။ ပျောက်ပျက်သွားပါသည်။
မေး။ ။ တစ်နည်းကော။
ပြော။ ။ ပျက်သွားပါသည်။
မေး။ ။ တစ်နည်းကော။
ပြော။ ။ မရှိ ဖြစ်ပါသည်။
မေး။ ။ ပါဠိလို ပြန်ဆိုစမ်းပါ။
ပြော။ ။ အနိစ္စ ဖြစ်ပါသည်။
မေး။ ။ ၎င်း ပျောက်၊ ပျက်၊ အနိစ္စ ရောက်ရောက် သွားတာကို ကိုယ်ပိုင်ရှိသော ဉာဏ်ဖြင့် ကိုယ်ပိုင်သိရတာ၊ ဘာဖြစ်လို့ သိရပါသနည်း။
ပြော။ ။ ရှုလို့၊ ပွားလို့၊ နှလုံးသွင်းလို့ သိရပါသည်။
မေး။ ။ ရှုလို့၊ ပွားလို့၊ နှလုံးသွင်းလို့ဆိုတဲ့ မြန်မာစကား ပါဠိလို ပြန်ဆိုစမ်းပါ။
ပြော။ ။ ဝိပဿနာ။
မေး။ ။ ၎င်းကို အနိစ္စနှင့် တွဲလိုက်စမ်းပါ။
ပြော။ ။ အနိစ္စဝိပဿနာ။
မေး။ ။ မြန်မာလို ပြန်ဆိုစမ်းပါ။
ပြော။ ။ အပျောက် ရှုတာ။
မေး။ ။ တစ်နည်းကော။
ပြော။ ။ အပျက်ကို ရှုတာ။
မေး။ ။ တစ်နည်းကော။
ပြော။ ။ မရှိတာကို ရှုတာ။
မေး။ ။ ပါဠိလို ပြန်ဆိုစမ်းပါ။
ပြော။ ။ အနိစ္စဝိပဿနာ။
မေး။ ။ အပျက်ကို ရှုတဲ့ အနိစ္စဝိပဿနာသည် ဘာဖြစ်ပါသနည်း။
ပြော။ ။ ရုပ်ပျက်ကို ရှုတဲ့ ဝိပဿနာ။

ဤကား တစ်လှမ်း တစ်ချက်ပျက် ရှုပုံတည်း။

× × ×

ဥဒယဗ္ဗယဉာဏ် အမြင်သန့်ပုံကို ပြခြင်း

မေး။ ။ ၎င်းစုံရုပ်ဆဲအခါမှာ ဖြစ်စ ဖြစ်ဆုံး၊ လှမ်းစ လှမ်းဆဲ စသည့်အခါ ဖြစ်စ ဖြစ်ဆုံး၊ ဘယ် လှမ်း လှမ်းဆဲ စသည့်အခါတိုင်းတို့မှာ ဖြစ်စ ဖြစ်ဆုံးရှိပါ၏လော။

http://www.dhammadownload.com

ဖြေ။ ။ ဖြစ်စဆိုတာ ရှိပါသည်။

မေး။ ။ ဖြစ်စကို ဘာခေါ်ပါသနည်း။

ဖြေ။ ။ ဥဒယ ခေါ်ပါသည်။

မေး။ ။ ဖြစ်ဆုံးကို ဘာခေါ်ပါသနည်း။

ဖြေ။ ။ ဝယ ခေါ်ပါသည်။

မေး။ ။ ၎င်းစုံရုပ်သည့်အခါကစ၍ ညာလှမ်း ဘယ်လှမ်းတို့၊ အမူအရာတိုင်းတို့မှာ အမြဲပါရှိသော ရုပ်ကလာပ်တို့၏ ဖြစ်စ ဖြစ်ဆုံးကို ရှုနိုင်သော ယောဂီပုဂ္ဂိုလ်တို့မှာ ဘယ်ဉာဏ်ကို ရပါသနည်း။

ဖြေ။ ။ အကြောင်းတရား၊ ငါးပါးကိုယ်စီ၊ အကုန်ချီလျက်၊ ဖြစ်ခြင်း, ပျက်ခြင်း၊ ဤနှစ်စင်းကို၊ ထင်လင်းသုံးသပ် သတိရှု ဆင်ခြင်နိုင်သော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်ဟု လယ်တီဆရာတော် ဘုရားကြီး စပ်ဆိုတော်မူသော လင်္ကာနှင့်အညီ ရုပ်တို့၏ အဖြစ် အပျက်ကို မြင်သူသည် ဥဒယဗ္ဗယဉာဏ်ကို ရပါသည်။

ဤကား ဥဒယဗ္ဗယဉာဏ် ပေါက်ပုံတည်း။

× × ×

မေး။ ။ အထက်ပါ ပြဆိုခဲ့သော ဖြစ်ခြင်း၊ ပျက်ခြင်း၊ သဘောရှိသော ရုပ်တရားတို့၏ အနိစ္စလက္ခဏာတို့ကို အသိဉာဏ် မယှဉ်သော သတ္တဝါအပေါင်းတို့သည် အဘယ်တရားကို နှလုံးမသွင်း၍၊ အဘယ်တရားဖြင့် ဖုံးလွှမ်းသောကြောင့် မယှဉ်နိုင်ကြလေသနည်း။

ဖြေ။ ။ **အနိစ္စလက္ခဏ် တာဝ ဥဒယဗ္ဗယာနံ၊ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာတိ။**

တာဝ၊ ရှေးဦးစွာ။ အနိစ္စလက္ခဏ်၊ အမြဲမရှိဟု မှတ်ကြောင်း သဘောတရားသည်။ (တစ်နည်း) အနိစ္စလက္ခဏ်၊ အနိစ္စလက္ခဏာသည်။ ဥဒယဗ္ဗယာနံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း သဘောတရားတို့ကို။ သန္တတိယာ၊ ပဋိသန္ဓေစိတ်၏ ဥပ္ပာဒက္ခဏမှ စ၍ စုတိစိတ်၏ ဘင်္ဂက္ခဏတိုင်အောင်၊ မီးအလျှံအစဉ်၊ ရေယာဉ်အလားခန္ဓာ (၅)ပါး ရုပ်နာမ်တရားတို့၏။ ဥပါဒ်၌ ဘင် အစဉ်မပြတ် ထပ်ကာ ထပ်ကာ ဖြစ်ပျက်ခြင်း အစဉ်ဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းသောကြောင့်လည်းကောင်း။ နု ဥပဋ္ဌာတိ၊ ကောင်းကင်စခန်းဝယ် ငှက်အပေါင်းတို့၏ သွားရာလမ်း မထင်သလို၊ ထိုထိုပုဂ္ဂိုလ် သတ္တဝါတို့ ဉာဏ်အစဉ်ဝယ် အနိစ္စလက္ခဏာ မထင်နိုင်။

ဤသို့ မိန့်အပ်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ လာသည်နှင့်အညီ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို နှလုံးမသွင်းသောကြောင့်လည်းကောင်း၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်း အစဉ်ဖြင့် ဖုံးလွှမ်းသောကြောင့် လည်းကောင်း အနိစ္စလက္ခဏာကို မထင်နိုင်ပါ။

မေး။ ။ ဘယ်တရားပညာဖြင့် သိမ်းဆည်း၍၊ ဘယ်တရားဖြစ်စဉ်ကို ပညာတည်းဟူသော လက်နက်ဖြင့် ဖောက်ခွဲ ဖျက်ဆီးရသော် မမြဲမှု အနိစ္စလက္ခဏာကို ထင်မြင်နိုင်ပါသနည်း။

ဖြေ။ ။ **ဥဒယဗ္ဗယာနံ ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ၊ အနိစ္စလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ။**

ဥဒယဗ္ဗယာနံ၊ အကြိမ်ကြိမ် ဖြစ်ခြင်း၊ အကြိမ်ကြိမ် ပျက်ခြင်း တို့ကို။ ပညာယ၊ အနိစ္စဟု ရှုသော ဝိပဿနာ ပညာစက္ခုဖြင့်။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းသောကြောင့်။ သန္တတိယာ၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်း အစဉ်ကို။ ဝိကောပိတာယ၊ အပိုင်းပိုင်း

http://www.dhammadownload.com

ပြု၍ ဖြတ်တောက်ဖျက်ဆီးအပ်သည်ရှိသော်။ အနိစ္စ လက္ခဏာ၊ အမြဲမရှိဟု မှတ်ကြောင်း လက္ခဏာသည်။ သတ္တာနံ၊ သတ္တဝါတို့အား။ ယထာဝသရသတော၊ မဖောက်မပြန် ဟုတ်မှန်သော မိမိတို့ကိစ္စအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။

ဤသို့ မိန့်တော်မူအပ်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠ် လာသည်နှင့်အညီ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အဖြစ် အပျက်ကို ဝိပဿနာပညာဖြင့် သိမ်းဆည်းမှတ်ယူ၍ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဖြစ်မှု၊ ပျက်မှု၊ အစဉ်သန္တတိကို ဥတုဖြင့်လည်းကောင်း၊ ကာလဖြင့်လည်းကောင်း၊ အမှုအရာဖြင့် လည်းကောင်း၊ အာဟာရဖြင့်လည်းကောင်း၊ ဖြတ်ကာ ဖြတ်ကာ ရှုနိုင်သည်ရှိသော် အမြဲမရှိဟု မှတ်ကြောင်း လက္ခဏာသည် ထင်မြင်နိုင်တော့သည်။

ဤသို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာသည်နှင့်လျော်ညီစွာ အနိစ္စဝိပဿနာဉာဏ်ကို အမြင်သန့်လိုသော ယောဂီပုဂ္ဂိုလ် ဟူသမျှတို့သည် အနိစ္စအပျက်၊ သန္တတိ ဖြစ်ပျက်တို့ကို မပျက်မကွက်ရအောင် ညဉ့်နေ့တိုင်း တို့မှာပင် ကျင့်ကြ ကြိုးကုတ် တွင်တွင်ကြီး အားထုတ်နိုင်ကြပါစေ၊ ယောဂီမြတ်အပေါင်း သူတော်ကောင်းတို့။

မိမိအတွင်းရှိ တစ်ကိုယ်လုံးနှင့် အပြည့်အပြည့်ဖြစ်ကြသော ရုပ်ပရမတ် ဓာတ်ကြည်၊ ကလာပ်ကြည် ဟူသမျှတို့၏ အမြဲပျက်ပျောက် အနိစ္စ ရောက်သည်တို့ကို ခြေတစ်လှမ်းမှာ တစ်ချက်၊ ဖြစ်စ၊ ဖြစ်ဆုံး၊ အမှုအရာပျက်တို့နှင့်တွဲလျက် ဥဒယဗ္ဗယဉာဏ်သို့ တက်၍ ရှုစား ပွားများပုံသည် ဤမှာတွင် အပြီးသတ်လိုက်ပါသည်။

ယခု ရုပ်ပျက်မျှသာ ရှိပါသည်။ အကျယ်ရေးမည် ဆိုပါက များစွာ ကျန်ပါသေးသည်။ စာမျက်နှာကို ငဲ့၍ ဤမျှနှင့် တစ်ခန်းရပ်လိုက်ရပါသည်။

× × ×

မိုးညှင်း ဆရာတော်ဘုရားကြီး၏
ဝိပဿနာ ဓာတ်အလုပ်၌ အရကျက်ရန်

၁။ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်၊ မြေထု၊ လေထု၊ ရေထု၊ မှောင်ထု။

၂။ မာလျှင်-ခက်မာ ပထဝီ၊ မမာလျှင် နူးညံ့ ပထဝီ၊ စိုလျှင်-စီးယို အာပေါ၊ မစိုလျှင်-ဖွဲ့စေး အာပေါ၊ ပူလျှင်-ဥဏှတေဇော။ မပူလျှင်- သီတတေဇော။ လှုပ်လျှင်-လှုပ်ရှား ဝါယော၊ မလှုပ်လျှင်- ထောက်ကန် ဝါယော။

၃။ မြေထုကလာပ်မှုန့် ခက်မာပထဝီ၊ ဖွဲ့စေး အာပေါ၊ သီတတေဇော၊ ထောက်ကန် ဝါယော။

၄။ ရေထုကလာပ်မှုန့်၌ နူးညံ့ ပထဝီ၊ စီးယို အာပေါ၊ သီတတေဇော၊ ထောက်ကန် ဝါယော။

၅။ လေထုကလာပ်မှုန့်၌ နူးညံ့ ပထဝီ၊ ဖွဲ့စေး အာပေါ၊ သီတတေဇော၊ လှုပ်ရှားဝါယော။

၆။ ထွေထွေလာလာ၊ သိမှုမှာ၊ ခန္ဓာဝိညာဏ်မှတ်။

၇။ မြင်-ကြား-နံ-လျက်-တွေ့ထိ ချက်၊ ဆက္ကဝိညာဏ်မှတ်။

၈။ အတိုက်အခံ၊ အသိညာဏ်လေ့ပျက်၊ စဉ်အဆက်မှာ၊ ထိုနည်းသာ ပြိုင်လာ ပျက်၍ လိုက်။

၉။ အရိပ်အရောင်၊ မှောင်အသံလေ၊ ရေနှင့်အနံ့၊ နူးညံ့လှစွာ၊ ဓာတ်တို့မှာ၊ ရှစ်ဖြာရုပ်စု၊ ပေါ်အောင်ရှု။

http://www.dhammadownload.com

၁၀။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏာဂန္ဓော၊ ရသောဩဇာ၊ ပေါင်းရှစ်ဖြာ၊ သုဒ္ဓဋ္ဌာဟုမှတ်။

၁၁။ ကလာပ်ဟူသမျှ၊ တူမျှသက်ရှည်၊ အမူရာဝယ်၊ နည်းငယ်များမူ အထူးရှု။

၁၂။ တိမ်တိုက်ထဲတွင်း၊ ရုပ်ပုံထင်သို့၊ ထင်မြင်သမျှ၊ သဏ္ဌာန်၊ ခေတ္တဓာတ်မှန်းသိ။

၁၃။ မီးစက်ဝန်းနယ်၊ သဲချောင်းသွယ်တို့၊ ရှေ့ပြယ်နောက်ထပ် စဉ်မပြတ်၊ မှတ်လေ သန္တတိ။

၁၄။ အတွင်းရှိ ဓာတ်ကလာပ်ကား၊ ပရမတ်သား၊ ရှေ့နောက်အစဉ်နှင့် အပေါ်ယံကြောတွင် ထင်ရသော ပုံသဏ္ဌာန် အကောင်အထည် ဒြပ်ကား ပညတ်သား၊ နှစ်ပါးဉာဏ်မြင် ဒိဋ္ဌိစင်၊ အတူထင်လတ် ပရမတ်မှာ၊ သက္ကာယဒိဋ္ဌိမှတ်။

၁၅။ ရထာရဏမြို့ တစ်လုံးကို တန္ဒာမြို့က ၃၆-လုံး၊ အဏုမြို့က ၁၂၉၆-လုံး၊ ပရမာဏုမြို့က ၄၆၆၅၆-လုံး၊ ရှိ၏။

၁၆။ ရုပ်သေရုပ်ပွား၊ နှစ်ပါးကိစ္စ၊ တေဇောက သဟကကောင်းရာ၊ တိုးဆုတ်ပါ၊ အနိစ္စမှု-အချက်စု။

၁၇။ ထိုထိုအမူရာ၊ ဖြစ်ပျက်ဟာ၊ ခန္ဓာဖြစ်ပျက်မှု၊ အစစ်ရှု။

၁၈။ စနက်ယမ်းမီး၊ ပမာမိုးကာ၊ သူ့ထက်ငါ လောင်၍ ပြေးရရှာ။

၁၉။ ဇာတိဇရာ၊ မရဏနှင့် ကိလေသာမီး၊ ပြောင်ပြောင်ညီးကာ၊ သူ့ထက်ငါသာ လောင်၍ ပြေးရရှာ။

၂၀။ သူ့ထက်ငါသာ၊ ဘေးကြီးရာ၊ ပြိုင်ကာပြေးရခြင်း။

၂၁။ ရှေ့နောက်ညှပ်ကာ၊ ဘေးများစွာ၊ အုံကာနှက်၏မင်း။

၂၂။ လူနတ်ဗြဟ္မာ၊ ပါယ်လေးရွာဘုံ၊ အလုံးစုံ၊ ဆုံ၍ ပျက်၍ မင်း။

၂၃။ အတိတ်သံသရာ၊ ခေါင်းဆိုက်လာ၊ နောက်မှာ ဟာလာဟင်း။

(မိုးညှင်းဆရာတော်ကြီး၏ တပည့်
ဗုဒ္ဓဇယန္တီဆရာတော်ကြီး၏
အလုပ်ပေးတရားစုမှ ဖော်ပြပါသည်။)

မိုးညှင်း ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

ဓွန်းလွန်းဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

စွန်းလွန်းဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၃၉-၁၃၁၄)

စွန်းလွန်းဆရာတော်လျောင်းလျာကို မြင်းခြံမြို့နယ်၊ စွန်းလွန်းရွာကြီးတွင် ခမည်းတော် ဦးသန့်၊ မယ်တော် ဒေါ်တုတ်တို့မှ ၁၂၃၉-ခုနှစ်၊ တပေါင်းလဆန်း (၂)ရက်၊ တနလ်းနေ့နံနက် လေးနာရီ မထိုးမီအချိန်တွင် မီးရှူးသန့်စင်ဖွားမြင်ပါသည်။

ကျော်စော ထင်ရှားသော နိမိတ်များကြောင့် ငယ်နာမည်ကို မောင်ကျော်ဒင်ဟု အမည်ပေးလေသည်။ လူလားမြောက်အရွယ်ရောက်လာသောအခါတွင် တစ်ရွာတည်းနေ မရွေရီနှင့် သင့်မြတ်၍ သားသမီးလေးယောက် ထွန်းကားလာခဲ့၏။ သုံးယောက်မှာ ငယ်စဉ်ကပင်ကွယ်လွန်ခဲ့၍ ကိုရှိန်ခေါ် ကိုကံညွန့် တစ်ယောက်သာ ကျန်ခဲ့၏။

လယ်ယာအလုပ်ကို လုပ်ကိုင်စားရင်း တစ်နေ့တွင် ဦးကျော်ဒင် အိမ်ရှေ့၌ မဏ္ဍပ်ထိုး၍ ဘုရားပင့်၊ ဝတ်တက်ပြုလုပ်လေသည်။ သုံးညမြောက် နေ့တွင် စတီးဘရားသားစက်မှ စာရေးကြီး ဦးစံတင်သည် လယ်တီဆရာတော်ဘုရားကြီး၏ အာနာပါန အကြောင်းကိုပြောရာ ဦးကျော်ဒင်က စာမတတ်ဘဲ ဒီတရားကို အားထုတ်၍ ရလားဟု မေးလေသည်။ ထိုအခါ ဦးစံတင်က စာတတ်ဖို့ လိုရင်းမဟုတ်၊ သဒ္ဓါနှင့် ဝီရိယသာ လိုရင်းဟုပြောသဖြင့် အိမ်ဘေးအဖိတွင် ဦးကျော်ဒင်သည် အာနာပါနကို စတင်အားထုတ်၏။ ထိုအချိန်မှ ဦးကျော်ဒင်သည် အိမ်မှာသော်လည်းကောင်း၊ ခံမောင်ရင်ပေါ် ချောက်ထဲမှာသော်လည်းကောင်း သဒ္ဓါတရား ထက်ထက်သန်သန် ဝီရိယသန်သန်ဖြင့် အဆက်မပြတ် အားထုတ်ခဲ့ပေသည်။

ထိုနှစ်တွင်ပင် လယ်ထွန်ထွက်ရင်း နွားနှစ်ကောင်နှင့် ထွန်းတုံးကို ဖြုတ်၍ ထားခဲ့ကာ ဘုန်းတော်ကြီး ဦးကျောက်ခေါ် ဦးဝိရိယထံမှ သင်းဝိုင်တစ်ထည်ကိုစွန့်ပြီး ရှင်ကဝိဆိုသောဘွဲ့ဖြင့် သာမဏေအဖြစ်သို့ ရောက်ရှိလေသည်။

၁၂၈၂-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂-ရက်၊ တနလ်းနေ့ ညနေ (၄)နာရီ (၉)မိနစ်အချိန်တွင် မိတ္ထိလာမြို့၊ ရေလယ်ကျောင်းတိုက် ခဏ္ဍသိမ် တွင် ရှင်ကဝိအား ဟင်းရန်ကန်ဆရာတော် ဥပဇ္ဈာယ်အဖြစ် ရေလယ်ဆရာတော်၊ ညောင်လွန့်ဆရာတော် နှင့်တကွ ရဟန်းတော် တစ်ကျိပ်ကျော်တို့က ကမ္မဝါစာဆရာတော်များ အသီးသီးလျာထားလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိလေသည်။ ရဟန်းဒါယကာမှာ မိတ္ထိလာမြို့နေ ပွဲစားကြီး ဦးပေါနှင့် ဒေါ်ကြီးညိုတို့ ဖြစ်ကြ၏။

ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီးသည် ၃၂-နှစ်တိုင်တိုင် တပည့်ကြီးပေါင်းများစွာ

http://www.dhammadownload.com

နှင့် စွန်းလွန်းသာသနာတော်မြတ်ကြီးကို ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုတော်မူခဲ့ရာ မြန်မာမဆံ့ ကမ္ဘာအနှံ့ပင် မွေးပျံ့လျက် ရှိလေသည်။

၁၃၁၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉-ရက်၊ စနေနေ့ ညနေ ၅နာရီ အချိန်တွင် ကျေးဇူးတော်ရှင် စွန်းလွန်းဆရာတော်ဘုရားကြီးသည် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း၌ ခန္ဓာဝန် ချတော်မူခဲ့လေသည်။

ထေရပုတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် စွန်းလွန်းဆရာတော်ဘုရားကြီး၏
သြဝါဒတော်

၁ ထိမှု သိမှု ထိုနှစ်ခု၊ သတိကြပ်ကြပ်ပြု၊
ထိတော့ သိလိမ့်မယ်၊
သိတဲ့အပေါ်မှာ သတိထား။

၂ အလုပ်ကိစ္စအားဖြင့် ထိတော့သိ။
သိတဲ့အပေါ်မှာ သတိထား။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

စွန်းလွန်းဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ပုဗ္ဗကိစ္စ ပရိကံပြု

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃ - ခေါက်ဆို)

ထိသိ-သတိ

မြတ်စွာဘုရား၊ ဘုရားတပည့်တော်၏ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ယခု တရားအားထုတ်ဆဲအခါ၌ မြတ်စွာဘုရားအား နိဗ္ဗာန်ကို ရည်မှန်း၍ လျှုဒါန်းပါ၏ အရှင်ဘုရား။ ကမ္မဋ္ဌာန်းဆရာ ဖြစ်တော်မူသော စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီးဘုရား၊ ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ယခု တရားအားထုတ်ဆဲအခါ၌ ဆရာတော်ဘုရားကြီးအား နိဗ္ဗာန်ကို ရည်မှန်း၍ လျှုဒါန်းပါ၏ အရှင်ဘုရား၊ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့သည် ကိုယ်စိတ် နှစ်ဖြာ ကျန်းမာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ဤကောင်းမှု ဤကုသိုလ်၏ အဖို့ဘာဂကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကြပါကုန်သော၊ ဝေနေယျသတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏။ အမျှယူတော်မူကြပါ။ အမျှ-အမျှ-အမျှ။ သူတော်ကောင်း သူမြတ်လောင်းတို့၏ ပို့သော မေတ္တာ၊ ပေးဝေသော ကုသိုလ်အဖို့ကိုလည်း ကျွန်ုပ်က ခံယူပါ၏။

(ပရိကံ ပြုပြီးလျှင် တရားထိုင်)

တရားထိုင်ပုံ

ယောက်ျားယောဂီများက ဘယ်ဘက်အခွေပေါ်တွင် ညာဘက်အခွေ ထပ်တင်၍ တင်ပျဉ်ခွေထိုင်ပါ။

အမျိုးသမီးယောဂီများက မိမိတို့ ထိုင်နေကျ အတိုင်း ကျဲ့ကျဲ့ ယဲ့ယဲ့ထိုင်ပါ။ ဘယ်ဘက်လက်ဝါး အပေါ် ညာဘက်လက်ဝါးထပ်တင်၍ လက်မထိပ်ချင်း အသာထိထားပါ။

အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ်ထား၊ မျက်လုံးကို မှိတ်၊ ပါးစပ်ကိုပိတ်၊ ဝင်သက်စ,ရှူပြီး အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်ပါ။

အချိန်

အနည်းဆုံး မိနစ် (၄၀) ရှိအောင် ထိုင်ပါ။ မိနစ် (၄၀) အာနာပါန ရှူပြီး (၁၀) မိနစ် ဝေဒနာလိုက်ပါ။

(၁)နာရီအားထုတ်လိုလျှင် (၄၀)မိနစ် အာနာပါနရှု၊ မိနစ် (၂၀) ဝေဒနာလိုက်ပြီး အားထုတ်ပါ။

http://www.dhammadownload.com

(၂) နာရီ (၃) နာရီ (၄) နာရီ (၅) နာရီ အားထုတ်ကြရမည်ဆိုလျှင် အာနာပါနကို (၁) နာရီခန့် ရှုပြီး ဝေဒနာကို ကြာကြာလိုက်ပါ။ ဝေဒနာကို ကြာကြာလိုက်လေ အသိဉာဏ် ရှင်းသည်ထက် ရှင်းလေဖြစ်လာသည်ကို ယောဂီများ ကိုယ်တိုင် တွေ့သိရပါလိမ့်မည်။

ဝေဒနာလိုက်ပုံ

ဝေဒနာလိုက်ဆိုသည်မှာ ပြင်းပြင်းထန်ထန် ရှလာသော အရှကို ရပ်ပြီး ရှနေကျ အရှလေနဲ့ နှာသီးဖျား ကာယတံခါးကို သတိထားပြီး ခန္ဓာတစ်ခုလုံး အသိဉာဏ် ဖြန့်လိုက်ပါ။

ဥပမာ စောင်လေးကို ခေါင်းမြီးခြုံထားဘိသကဲ့သို့ ခန္ဓာနယ် တစ်နယ်လုံးတွင် အသိဉာဏ် လုံနေပါစေ။

ပေါ်လာသော ဝေဒနာကို ပေါ်လာသည့် အတိုင်း သူ့ပေါ်မှနှင့် သတိနဲ့ ပြိုင်ကျအောင် သတိပြု သတိထားနေခြင်းကို ဆရာတော်ကြီးက ဒေဝနာလိုက်သည်ဟု ဆိုပါသည်။

ဥပမာ – ပူတဲ့ဝေဒနာ ပေါ်လျှင် ပူ–စ၊ ပူ–လယ်၊ ပူ–ဆုံး အထိ သိသာအောင် ဝေဒနာလိုက်ပါ။

ခန္ဓာနယ်ထဲမှ ဘယ်လိုဝေဒနာမျိုးပဲပေါ်ပေါ်၊ ချမ်းသာသည့် ဝေဒနာပေါ်ပေါ်၊ ဆင်းရဲသည့် ဝေဒနာပဲ ပေါ်ပေါ်၊ ဝေဒနာ၏ အစ–အလယ်–အဆုံး (၃) ပါးလုံး မိအောင် သတိနဲ့ လိုက်ပါ။ ဖြစ်ဆဲ ပျက်ဆဲ ပရမတ် ဆတ်ဆတ်သဘောမျှအထိ သိအောင် ဝေဒနာလိုက်ရပါသည်။ သဘောပေါ် သဘောတူ သွားမှ ဆရာတော်ကြီးက သာဓုခေါ်မည်တဲ့။

စွန်းလွှန်း တရားအားထုတ်နည်း

သံသရာစက်လည်ကြောင်း ပြတ်ကြောင်း နှစ်မျိုးရှိသည်တွင် သံသရာ စက်လည်ကြောင်း မဟုတ်ဘဲနဲ့ သံသရာစက်ပြတ်ကြောင်း တစ်မျိုးကိုသာ အားထုတ်ဖို့ပါပဲ။

သံသရာစက်ပြတ်ကြောင်း လုပ်ရမည်မှာ တံခါးက စောင့်၍ ဖြတ်ပါက သံသရာစက် ပြတ်ပါလိမ့်မည်။ တံခါးဆိုသည်မှာ ကာယတံခါးက စောင့်၍ ဖြတ်ပါ။ ကာယတံခါးက စောင့်၍ ဖြတ်ပါဆိုသည်မှာ ကာယတံခါးသည် စက္ခုနှလုံးသွင်းလွယ် သုံးသပ်လွယ်သည်ဖြစ်၍ နာမရူပ ပရိစ္ဆေဒဉာဏ် အမြင်သန့်စေခြင်းငှာသာ ဆိုပါသည်။

စက္ခု စသော တံခါးကလည်း စောင့်၍ သတ်ရပါသေး၏။ သတ်သော်လည်း စက္ခုစသော တံခါးသည် အလွန်သိမ်မွေ့သည်ဖြစ်၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်က နုနဲ့နေသောကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ် အမြင်မသန်နိုင်ပါ။ သို့ဖြစ်သောကြောင့် ကာယတံခါးက စောင့်၍ ဖြတ်ပါဆိုသည်။

ထိုကာယတံခါးကလည်း ထိမှု ဖြစ်တတ်ပါသည်။ အဲဒီထိမှုမှာ သိမှုလည်းပါပါသည်။ အဲဒီ ထိမှု သိမှု ထိုနှစ်ခုကို သတိကြပ်ကြပ်ပြုဖို့ လိုပါသည်။

ထိုကာယတံခါးကို ထိတော့ ဖဿ ဖြစ်သည်။ ဖဿဖြစ်တော့ ဝေဒနာဖြစ်သည်။ ၎င်း ဝေဒနာကို တဏှာ၊ ဥပါဒါန်၊ ဘဝစသည် မဖြစ်ရအောင် သတိနှင့်စောင့်၍ သတ်ဖို့ပါပဲ။

သတ်ရာမှာလည်း ဝေဒနာသညာ၊ ဝေဒနာပညာနှစ်ပါး ဖြစ်တတ်ရာ၌ ဝေဒနာသညာ ဆိုသည်မှာ ပညတ်ဒြပ်သဏ္ဌာန်ကို အာရုံပြု၍ သုံးသပ်ခြင်းကို ဆိုလိုပါသည်။ ဝေဒနာသညာ ဆိုသည်မှာ ပရမတ်ဓာတ်အစစ် ဓာတ်အနှစ်ကို အာရုံပြု၍ သုံးသပ်ခြင်းကို ဆိုလိုပါသည်။

ထိုဆိုခဲ့သော ဝေဒနာသညာ မဖြစ်ဘဲ ဝေဒနာပညာသာ ဖြစ်ပါက ဥဒယဗ္ဗယဉာဏ် အမြင်သန်၍ မိမိဉာဏ်မှာ တစ်စတစ်စ သန့်ရှင်း၍ လာပါလိမ့်မည်။ ထို့နောက် ကာယတံခါးက စောင့်၍ သတိနှင့် သုံးသပ်သဖြင့် ထင်ပါများသော် မနောဒွါရာဝဇ္ဇန်း ဖြစ်ပြီးသည့်နောက် သခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာ

http://www.dhammadownload.com

ပါလိမ့်မည်။

ထိုသခ်ါရပေကွာဉာဏ် ဆိုသည်မှာ ပရိက်ဥပစာ အနလုံဖောများက ကိလေသာတရား ကင်းစင်သွားအောင် ပြုပေတော့၊ ဂေါတြဘူက နိဗ္ဗာန်ကို မြင်ရရာ၊ ဒီတော့မှ ဂေါတြဘူက နိဗ္ဗာန်လို့ သညာပေးလိုက်တာနှင့် ဂေါတြဘူ၏ သညာသို့ လိုက်၍ ၎င်းဂေါတြဘူသညာပေးသော နိဗ္ဗာန်ကို အမှီသဟဲ ပြုပြီးမဂ်က အနုသယကို ပါယ်ပါရောတဲ့။

မှတ်ချက်။

၁၂၉၂-ခု၊ ဝါဆိုလဆုတ် (၃)ရက်၊ တနင်္ဂနွေနေ့တွင် ရေးသား၍ တောင်သာမြို့၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရ ဂိုဏ်းချုပ်ဆရာ ဦးအဂ္ဂဝံသထံသို့ ပေးပို့လိုက်သော စွန်းလွန်းတရားအားထုတ်နည်းကို ထေရုပ္ပတ္တိစာအုပ်မူအတိုင်း ကူးယူဖော်ပြလိုက်ပါသည်။

ထိမှု-သိမှု-ထိုနှစ်ခု-သတိကြပ်ကြပ်ပြု

ထိသော် သိလိမ့်မယ်၊ သိတဲ့အပေါ်မှာ သတိထား၊ နှာခေါင်းမှာ ရှိတဲ့ ကာယပသာဒ ရုပ်အကြည်နှင့် ထွက်လေ ဝင်လေ ရှိတဲ့ ဖောဋ္ဌဗ္ဗရုပ် သူတို့ ရုပ်နှစ်ဦး ထိတော့ သိမှုနာမ်လေး ပေါ်လာလိမ့်မယ်။ အဲဒီ ထိမှု-သိမှု ဆိုတဲ့ နာမ်ရုပ်နှစ်ပါးကိုပဲ သတိပြုရှု သတိထားရှု။

နှာခေါင်းလို့လည်း မှတ်မရှုနဲ့။ ထွက်လေ ဝင်လေလို့လည်း မှတ်မရှုနှင့် ထွက်သက် ဝင်သက်လို့လည်း မှတ်မရှုနှင့်။ အတွင်းလိုက် မရှုနှင့်။ အပြင်လည်း လိုက်မရှုနှင့်။ ထိကာမျှ သိကာမျှကို သိအောင် သတိပြု၍ရှု၊ သတိထားရှု၊ သူ့ထိမှုနှင့် သူ့သိမှုနှင့် သာ ဆတ်ဆတ်ရောက်အောင် ထိဆဲ သိဆဲသာ သိအောင် သတိပြု၍ သတိထားရှု။

အတို - အရှည်မျှအောင်ရှု၊ အနှေးအမြန်မျှအောင်ရှု၊ ထွက်သက်ဝင် သက်လည်သွားအောင် ရှု၊ ဆက်စပ်သွားအောင် ရှုပေး၊ (ဝိသေသ-မ, ပြီး) ခပ်တင်းတင်း ခပ်ပြင်းပြင်းလေးလည်း ရှုပေးကြ။

မော-မနားနှင့်၊ ညောင်း-မပြင်နှင့်။ ယား-မကုတ်နှင့်၊ သည်းခံပြီး ရှုနေ (သည်းခံ နိဗ္ဗာန်ရောက်သည် ဆိုတဲ့စကား လက်တွေ့အသုံးချ) ပျင်းတဲ့ စိတ် အိပ်ငိုက်ချင်တဲ့စိတ်၊ ထိုင်မှိုင်းတဲ့စိတ်၊ တွေဝေတဲ့စိတ်၊ ထိန မိဒ္ဓ ကောသဇ္ဇခေါ်တဲ့ နိဝရဏစိတ်၊ အဲဒီစိတ်တွေ ပျောက်ကင်းအောင် အကောင်းဆုံးနည်းကတော့ ဝိရိယတိုးပြီး ပြင်းပြင်းထန်ထန် (ဝိသေသ မ,ပြီး) ရှုပြီး အားထုတ်ရုံပါပဲ။

ပျင်းတယ်၊ အိပ်ချင်တယ်၊ ငိုက်မျည်းတယ်၊ ထိုင်းမှိုင်းတယ်၊ တွေဝေတယ်၊ ပျံ့လွင့်တယ်ဆိုတာ နိဝရဏ တရားတွေက အနိုင်ယူလွှမ်းမိုးနေတာ။ ဒီ နိဝရဏတရားတွေ လွှမ်းမိုးအနိုင်ယူနေတော့ သဒ္ဓါတရားတွေက လျော့လျော့ရဲရဲ။ ဝိရိယလည်း နှန့်နှန့်နေးနေး ထက်ထက်သန်သန် မရှိ။ သတိက မထင်ရှားတော့ပါဘူး။ သမာဓိနှင့် ပညာဆိုတာ လုံးဝကို မရှိတော့ဘူး၊ ဗိုလ်ငါးပါးစလုံး လက်မြှောက်ပေးနေရပြီ။ ဒါကြောင့် ဒီနိဝရဏ တရားတွေကို နိုင်ချင်ရင် ဗိုလ်ငါးပါး လက်ကိုင်ထားပြီး ပြင်းပြင်းထန်ထန်ကြီး ရှုပေးကြရမှာပဲ။ ဝိသေသ-မ,ပြီး ပြင်းပြင်းထန်ထန်ကြီး ရှုပေးကြ။

နိဝရဏတရားတွေက အနိုင်ယူနေကြတယ်ဆိုတာ ကိလေသာရန် သူပုန်တွေက ထကြွသောင်းကျန်းနေတာပဲ၊ အကုသိုလ်တရားတွေက လွှမ်းမိုးနှိပ်စက်ခြင်းကို မခံရလေအောင် ကိလေသာရန်သူတွေရဲ့ ထကြွသောင်းကျန်းမှု ငြိမ်းပျောက်အောင် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် ဗိုလ်ငါးပါးနှင့် ခုခံတိုက်ဖျက်ကြရမှာပဲတဲ့။

ဝိရိယတိုး ရှုရက်မျိုး

ဝီရိယတိုးပြီး ပြင်းပြင်းထန်ထန်ရှုလျှင်-

နိဝရဏတရားတွေလည်း ကင်းစင်သွားလိမ့်မည်။

http://www.dhammadownload.com

ကိလေသာရန် သူပုန်တွေလည်း ပျောက်ကွယ်သွားလိမ့်မည်။

အကုသိုလ်တရားဆိုးတွေလည်း မနှိပ်စက်နိုင်တော့ဘူး၊ ဒါကြောင့် ပြင်းပြင်းထန်ထန် ဝီရိယတိုးရှုလျှင်-

၁။ မဖြစ်ပေါ်သေးတဲ့ ကုသိုလ်တရားတွေလည်း ဖြစ်ပေါ်လာတယ်။

၂။ ဖြစ်ပေါ်ပြီးတဲ့ ကုသိုလ်တရားတွေလည်း တိုးပွားလာတယ်။

၃။ မဖြစ်ပေါ်သေးတဲ့ အကုသိုလ်တရားဆိုးများကိုလည်း တားမြစ်ထားနိုင်တယ်။

၄။ ဖြစ်ပေါ်ဆဲ အကုသိုလ်တရားဆိုးများကိုလည်း ပယ်နိုင်တယ်၊ သတ်နိုင်တယ်၊ ပယ်သတ်နိုင်တယ်၊ ဝိသေသ-မ ပြီး ဝီရိယ တိုးပြီး ပြင်းပြင်းထန်ထန် ရှုတာဟာ အကျိုး ကြီးမားလှပါတယ်။

နိဝရဏတရားခြောက်ပါးက အရှုံးပေးပြီး ဗိုလ်ငါးပါးက အနိုင်ရနေတဲ့ ယောဂီပုဂ္ဂိုလ်မှာ ကိုယ်ထဲမှာ မောတာ ပန်းတာတွေလည်း မရှိ၊ ညောင်းတာညာတာတွေလည်း မရှိ၊ ယားတာ ယဲတာတွေလည်း မရှိပဲ၊ ဒုက္ခဝေဒနာတွေ ငြိမ်းပြီး ချမ်းသာနေပါတယ်။

စိတ်ထဲမှာလည်း ပျင်းတဲ့စိတ်၊ အိပ်ချင်တဲ့စိတ်၊ ငိုက်မျဉ်းတဲ့စိတ်၊ တွေဝေတဲ့စိတ်၊ ဟိုဟိုဒီဒီပြေးလွှားနေတဲ့စိတ်တွေလည်း မရှိတော့ပါဘူး။ ချမ်းသာနေပါတယ်၊ ယောဂီ၏ တရားကတော့ အလွန် အထက်တန်း ရောက်နေပါပြီ။

သူ့ထိမှု သူ့ထိမှုနှင့် သတိနှင့် ထိဆဲ သိဆဲလေးပေါ်မှာ ပြိုင်ပြိုင်ကျနေပြီး ထိကာမျှ သိကာမျှလေးသာ မိနေပြီး (ဒါကို ဆရာတော်ကြီးက အာနာပါန စီးမိနေတာတဲ့၊ တစ်နည်း စွန့်ကလေး လေမိနေသလိုပါပဲတဲ့။

ရုပ်ပေါ် နာမ်ပေါ် ရောက်ပြီး ပရမတ်ဆတ်ဆတ်ကို မိနေပြီး ရုပ်ပေါ် နာမ်ပေါ် ရောက်နေတဲ့ အချိန် ပရမတ် ဆတ်ဆတ်ကိုသာ မိနေတဲ့ အချိန်၊ နာခေါင်းဆိုတဲ့ သတ္တဝါ အယူစွန့်တယ်၊ နာခေါင်းဆိုတဲ့ အတ္တသညာလည်း ကွာတယ်၊ နာခေါင်းဟာ ငါ့ကိုယ်လို့ စွဲယူနေတဲ့ သက္ကာယဒိဋ္ဌိ မဖြစ်တော့ဘူး၊ နာခေါင်း သက္ကာယဒိဋ္ဌိ ကွာပြီ၊ နာခေါင်းမှာ သက္ကာယဒိဋ္ဌိကွာတော့ တစ်ကိုယ်လုံး သက္ကယဒိဋ္ဌိ ကွာသွားပါပြီ။

သက္ကာယဒိဋ္ဌိကွာတဲ့စိတ်၊ ထိဆဲ သိဆဲလေးပေါ်မှာ ထိကာမျှ သိကာမျှ အာနာပါန စီးမိနေတဲ့ ယောဂီမှာ နာခေါင်းမှာ ငါ့ကိုယ် ငါ့ရဲ့ဥစ္စာလို့ စွဲယူထားတဲ့ တဏှာလည်း မရှိတော့ဘူး၊ နာခေါင်းမှာ တဏှာ ကွာပါတယ်၊ နာခေါင်းမှာ အာနာပါန ထိဆဲသိဆဲလေးပေါ်မှာ ထိကာမျှ သိကာမျှလေးသာ ရောက်နေလည်း ယောဂီမှာ နာခေါင်းမှာ ငါ ငါလို့ စွဲတဲ့စိတ် မရှိတော့ပါဘူး။

နာခေါင်းမှာ မာနကွာနေတယ်။ နာခေါင်းမှာ မာနကွာနေတော့ တစ်ကိုယ်လုံးမှာ မာနကွာနေတယ်။

ဒိဋ္ဌိက-ငါ။

တဏှာစွဲက-ငါဟာ။

မာနစွဲက-ငါ-ငါ။

ဟော-ဒိဋ္ဌိရယ်၊ တဏှာရယ်၊ မာနရယ်ဆိုတဲ့ သံသရာ နယ်ချဲ့နေတဲ့ ပပဉ္စတရား (၃) ပါး တဒင်္ဂငြိမ်းအေးသွားကာ လမ်းစပေါ်ပြီ မဟုတ်ပါလား၊ တဒင်္ဂငြိမ်းရင် သမုစ္ဆေဒ အပြီးအပိုင် ငြိမ်းဖို့ သေချာပြီ။

ဒိဋ္ဌိ၊ တဏှာ၊ မာနငြိမ်းရင် လောဘ-ဒေါသ-မောဟ-မာန-အဝိဇ္ဇာ စတဲ့ တစ်ထောင့် ငါ့ရာ ကိလေသာတွေလည်း ငြိမ်းသွားတော့တာပါပဲ။ အာနာပါနရဲ့ အကျိုးတရားတွေ များများ မြင်လိုက်တာ။

သာဓု...သာဓု...သာဓု။

http://www.dhammadownload.com

အာနာပါန အကျိုး

အာနာပါန သတိ ကမ္မဋ္ဌာန်း၏ အကျိုးများပုံကို မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ စာမျက်နှာ (၉၆) မဟာရာဟုလောဝါဒသုတ် အဖွင့်တွင် ထင်ရှားစွာ ဟောပြထားပါသည်။

၁။ တစ်ထိုင်တည်းနှင့် အာသဝေါတရား ကုန်၍ ရဟန္တာ ဖြစ်နိုင်ခြင်း။

၂။ ထိုမှ ရွှေတ်လွဲခဲ့သော် ဒုတိယအကြိမ် သေခါနီး ကာလ၌ သမသီ သီ ရဟန္တာ ဖြစ်နိုင်ခြင်း။

၃။ ထိုမှ ရွှေတ်ချော်ခဲ့သော် တတိယအကြိမ် နတ်ပြည်၌ နတ်ဓမ္မ ကထိကက ဟောကြားသော တရားကို နာကြားရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ခြင်း။

၄။ ထိုမှ မရောက်သေးသော် သာသနာပ အခါ၌ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ခြင်း။

၅။ ထိုမှ မရသေးသော် ကြုံရာ မြတ်စွာဘုရား မျက်မှောက်၌ ဗာဟိယဒါရုစီယ မထေရ်ကဲ့သို့ ရှစ်လုံးတစ်ပါဒ လေးပါဒ တစ်ဂါထာ အဆုံး၌ ရဟန္တာ ဖြစ်နိုင်ခြင်း။

အလွတ်မရှိဘဲ အမြဲနှင့် အနေးသာ ကွာခြားလေသည်။ အကျိုးပေးကား ကြီးမားလှပါပေသည်။

ထို့ကြောင့် "အာနာပါနသတိကမ္မဋ္ဌာန်း" သည် သမထလော၊ ဝိပဿနာလော ဟူ၍ ဝေဖန်စရာမလို၊ တစ်ထိုင်တည်းနှင့် မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးကို ရနိုင်သည်ဆိုပါ၍ ယုံကြည်စွာ အားထုတ်ကြစေလိုပါသည်။

မှတ်ချက်။

"တစ်ထိုင်တည်း၊ တစ်နေရာတည်း၌၊ အာသဝေါတရားလေးပါးကုန်ပြီး ရဟန္တာ ဖြစ်နိုင်တယ်" ဟု စာက ဆိုထားပြီး အာသဝေါတရားလေးပါး ကုန်ပြီး ရဟန္တာဖြစ်က ဗောဓိပက္ခိယတရား (၃၇)ပါး ပြည့်စုံလို့သာ ရဟန္တာ ဖြစ်သည်။ သီလ-သမာဓိ-ပညာ သိက္ခာသုံးပါး ပြည့်စုံလို့သာ ရဟန္တာ ဖြစ်သည်။ သီလ-သမာဓိကို 'သမထ'ခေါ်၊ ပညာကို 'ဝိပဿနာ'ခေါ်၊ သမထ၊ ဝိပဿနာ နှစ်ပါး ပြည့်စုံလို့သာ ရဟန္တာဖြစ်ကြောင်း စိတ်ချ ယုံကြည်သင့်ပါသည်။

အာနာပါန ပစ္စုပ္ပန်အကျိုးငါးပါး

သတိမမ့၊ ချိန်နေ့သိပြန်။
မျက်လှန်ကြောဆွဲ၊ မရှိဘဲနှင့်။
သေလည်း မတောင့်တင်း၊ ပုပ်နံ့ကင်းသည်။
ကျိုးရင် ဝိပဿနာ တန်ခိုးတည်း။

သံသရာလည်ပုံ

သညာက အနိစ္စကို နိစ္စထင်အောင် လိမ်တယ်၊ ဒုက္ခကိုလည်း သုခ ထင်အောင် လိမ်တယ်။ အတ္တကိုလည်း အနတ္တထင်အောင် လိမ်တယ်၊ အသုဘကိုလည်း သုဘထင်အောင် လိမ်နေတယ်။ သတ္တဝါတွေဟာ သညာ အလိမ်ကို ခံနေရတယ်။ သညာရဲ့အလိမ် မိနေတဲ့ သတ္တဝါတွေဟာ အမှန်ကို အမှန်အတိုင်း မသိဘူး။ မသိတော့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်။ ပြုလုပ်တော့ ရရှိ။ ရရှိတော့ ခံရတယ်။

မသိတာကို အဝိဇ္ဇာ ခေါ်သည်။ လိုချင်တာကို တဏှာခေါ်သည်။ စွဲလမ်းတာကို ဥပါဒါန်ပေးသည်။ မသိ လိုချင် စွဲလမ်းတာကို ကိလေသာဝဋ်ဦ ခေါ်သည်။

– စေတနာနဲ့ ပြုလုပ်တာကို သင်္ခါရနဲ့ ဘဝ ခေါ်သည်။

– စေတနာနဲ့ ပြုလုပ်တာကို ကမ္မဝဋ်ဦ ခေါ်သည်။

– ရရှိတာကို ဝိပါကဝဋ်ဦ ခေါ်သည်။

ရရှိတာတွေက ဘယ်သူတွေလဲ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အကျိုးတရားများ ဖြစ်ကြပါတယ်။ ကိလေသာဝဋ်ကြောင့် ဝိပါကဝဋ်ဦ ဝေဒနာအကျိုးတရားကြီးကိုတော့ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ မီးတွေ

http://www.dhammadownload.com

အလောင်ခံနေရပါတယ်။
သောက–စိုးရိမ်ပူဆွေးတဲ့ မီးတွေ အလောင်ခံနေရပါတယ်။
ပရိဒေဝ–မျက်ရည်ပေါက်ကြီးငယ်ကျပြီး ငိုကြွေးမြည်တမ်းရတဲ့ မီးတွေ အလောင်ခံနေရပါတယ်။
ဒုက္ခ–ကိုယ်ပင်ပန်း ဆင်းရဲရိုန်းမ်းတဲ့ ဒုက္ခမီးကြီးတွေ အလောင်ခံရပါတယ်။
ဒေါမနဿ–စိတ်ပင်ပန်း ဆင်းရဲရိုန်းမ်းတဲ့ ဆင်းရဲဒုက္ခ မီးကြီးတွေ အလောင်ခံရပါတယ်။
ဥပါယာသ–မှေးမြော သတိလွတ် ရူးသွပ်သွားသည်အထိ ဆင်းရဲ ဒုက္ခမီးကြီးတွေ အလောင်ခံရပါတယ်။

ဤနည်းအတိုင်း သတ္တဝါတွေဟာ သံသရာလည်ပြီး ဆင်းရဲဒုက္ခ ရောက်နေကြပါတယ်။

သံသရာပြတ်ပုံ

ထိမှု–သိမှု ထိုနှစ်ခုကို သတိပြု သတိထားပြီး ရှုတော့ အနိစ္စကို အနိစ္စမှန်း သိတယ်။ ဒုက္ခကိုလည်း ဒုက္ခမှန်း သိတယ်။ အနတ္တကိုလည်း အနတ္တမှန်း၊ ဒုက္ခကို ဒုက္ခမှန်း၊ အသုဘကို အသုဘမှန်းသိတော့ သညာ အလိမ်ပြေတယ်။ သညာအလိမ် ပျောက်တယ်။ သညာအလိမ် ကင်းသွားတယ်။ သညာအလိမ်ကင်းတော့ သညာရဲ့ အလိမ်ကို မခံရတော့ဘူး။ သညာရဲ့အလိမ်ကို မခံရတော့ ဝိပဿနာအသိတွေကို အပြည့်အဝ ရတယ်။

သိတော့ မလိုချင်။ မလိုချင်တော့ မစွဲလမ်း။ မစွဲလမ်းတော့ မပြုလုပ်။ မပြုလုပ်တော့ မရ။ မရတော့ ချမ်းသာသည်။

သိတော့ မလိုချင်။ မစွဲလမ်းတော့ ကိလေသာ ဝဋ်ငြိမ်းတာ။ စေတနာနဲ့ မပြုလုပ်တာက ကမ္မဝဋ် ငြိမ်းတာ။ (ဝေဒနာ) အကျိုးတရားကို ဝိပါကဝဋ် ငြိမ်းတာ။ ဝိပါကဝဋ် ငြိမ်းတော့ သောက ပရိဒေဝ၊ ဒုက္ခဒေါမနဿ ဥပါယာသ ဆိုတဲ့ မီးတွေ မတောက်လောင်နိုင်တော့ဘဲ၊ အစဉ်အတိုင်း အေးငြိမ်းကုန်သဖြင့် နိဗ္ဗာန်ရွေပြည် ချမ်းသာမြတ်ကြီးသို့ ရောက်ကြပါသတည်း။

အလိုလိုက် အမိုက်စော်ကားပုံ

(၁) မျက်စိအလိုကို မလိုက်နဲ့။ နားအလိုကို မလိုက်နဲ့။ နှာခေါင်းအလိုကို မလိုက်နဲ့။ လျှာအလိုကို မလိုက်နဲ့။ ခန္ဓာကိုယ်ကြီးရဲ့အလိုကို မလိုက်နဲ့၊ အလိုလိုက်တော့ အမိုက်စော်ကားတတ်သည်။

ငါးပါးမှောက်အောင် ဒုက္ခရောက်ပုံ

(၂) မျက်စိအလိုလိုက်တော့ မျက်စိပေါက်ကမှား
နားအလိုလိုက်တော့ နားပေါက်ကမှား
နှာခေါင်းအလိုလိုက်တော့
နှာခေါင်းပေါက်ကမှား
လျှာအလိုလိုက်တော့ လျှာပေါက်ကမှား
ခန္ဓာကိုယ်အလိုလိုက်တော့ ကိုယ်ပေါက်ကမှား
ငါးပါးမှားတော့ ငါးပါးမှောက်အောင် ဒုက္ခရောက်ရတယ်။

သညာအလိမ်မိပုံ

(၃) သတ္တဝါတွေဟာ သညာရဲ့အလိမ်ကို ခံနေရတယ်။ သညာအလိမ် မိနေတယ်။ သညာက ဘယ်ကနေပြီး လိမ်သလဲ။ မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်၊ ဒွါရ (၆) ပေါက် ကနေပြီး သညာက လိမ်နေပါတယ်။

ဒါကြောင့် စွန်းလွန်းဂူဆရာတော်ကြီး–

(၁) မြင်တာကို သညာဖုံးသည်။ သညာကို သင်္ကာရှင်းမှ သင်္ကာကင်းမည်။
မြင်တာကို သညာဖုံးသည်။ သညာကို သင်္ကာမရှင်းလျှင် သင်္ကာမကင်းပြီ။

http://www.dhammadownload.com

(၂) ကြားတာကို သညာဖုံးသည် ။ပ။ ပြီ။
(၃) နံတာကို သညာဖုံးသည် ။ပ။ ပြီ။
(၄) စားတာကို သညာဖုံးသည် ။ပ။ ပြီ။
(၅) ထိတာကို သညာဖုံးသည် ။ပ။ ပြီ။
(၆) သိတာကို သညာဖုံးသည် ။ပ။ ပြီ။

သတိနဲ့စားပုံ

ထမင်းစားတော့မယ် ဆိုပါတော့။ ထမင်းပွဲရှေ့သို့ ရောက်ပြီ ဆိုပါတော့၊ ကြိုက်တဲ့ ဣရိယာပုတ်နဲ့ ထိုင်ပါ။

ထမင်းဆီကို သွားတော့ မသိဘူးလား သိတယ်။ သိတဲ့အပေါ် သတိထား။

ထမင်းဟု အလုပ်အလွေးပြုတော့ မသိဘူးလား သိတယ်။ သိတဲ့အပေါ် သတိထားလုပ်။

ထမင်းကို ပါးစပ်ဆီယူတော့ မသိဘူးလား သိတယ်။ သိတဲ့အပေါ် သတိထားယူ။

ထမင်းကို ပါးစပ်ထဲ ခွဲ့တော့ မသိဘူးလား သိတယ်။ သိတဲ့အပေါ် သတိထားခွဲ့။

ထမင်းကို စားတော့ မသိဘူးလား သိတယ်။ သိတဲ့အပေါ် သတိထားပြီး မျိုပါတဲ့။

သတိနဲ့ အိပ်ပုံ

ညဘက်ဆောင်းပြီး (သီဟသေယျ) အိပ်ခြင်းမျိုးနဲ့ အိပ်ပါ။ ဒူးနှစ်လုံး ဆင့်မထားပါနဲ့။ ရှေ့တိုးနောက်ဆုတ် ယှဉ်ထားပါ။

စိတ်ထဲမှာ အဓိဋ္ဌာန်ပြုလိုက်ပါ (၎ တရားနဲ့ အိပ်မယ်။ တရားနဲ့ နိုးမယ်။ နိုးသည်နှင့် တစ်ပြိုင်နက်တည်း တရားဆက် အားထုတ်မယ်) အဓိဋ္ဌာန်ပြုပြီးလျှင် ထိမှု-သိမှုကို သတိပြု၍ ဖြည်းဖြည်းလေး ရှုအိပ်။ သာသာလေး ရှုအိပ်။ ထိဆဲ-သိဆဲလေးကိုသာ သိအောင် သတိပြုပြီး ရှုအိပ်။ ဘဝင်ကျပြီး အိပ်ပျော်သွားပါလိမ့်မယ်။ အိပ်မက်ထဲတွင်တောင် ရှုနေတတ်ပါတယ်။ ဒါကြောင့် စွန်းလွန်းဆရာတော်ကြီးက (အိပ်သော် တစ်ရေး၊ ကိုယ်ကျိုးပေး၊ ပေးသည် အမှန်၊ တစ်သိန်းတစ်သန်းမက တန်ပါသည်) တဲ့။

စွန်းလွန်းဝိပဿနာလင်္ကာ

တံခါးဝိပါက်၊ ပစ္စုပ်စွက်၊ အချက်တစ်ခုသာ။
တံခါးထိဆဲ။ သတိစွဲ၊ မလွဲဝိပါက်ပါ။
ဝိပါက်ပေါ်လွင်၊ သတိတင်၊ အစဉ်ချမ်းသာမှာ။
ပစ္စုပ္ပန်ခိုက်၊ သတိစိုက်၊ မျှော်စိုက်နိဗ္ဗုတာ။
ထိ-သိ နှစ်ပါး၊ သတိထား၊ ရင်ဘား နိဗ္ဗုတာ။
ဇာတိဆိုတာ၊ ဒီနေရာမှာ သေချာမလွဲပါ။
ဖဿကြောင့်သာ၊ ဝေဒနာ၊ ဒီဟာ မှတ်ကြပါ။
လေးပါးသတိပဋ္ဌာန်၊ ရှုကြပြန်၊ အမှန်သူ့ကိုသာ။
သခ်ါရဓမ္မ၊ ရှုပြန်က သူက မလွယ်ပါ။
နှစ်ပါးရုပ်နာမ်၊ ရှုသမျှ၊ သူက မလွယ်ပါ။
အကျဉ်းက ထိုင်၊ တစ်ခုပိုင်၊ ပြောနိုင်များလှစွာ။
ဧကောဓမ္မော၊ ဘုရားဟော၊ သဘောသူ့ထဲမှာ။
ဆိုင်းတီးသလို၊ ပမာဆို၊ သာကို မှတ်ကြပါ။
အနုသယဓာတ်၊ဘယ်အရပ်၊ တည်ကပ်နေသည်သာ။
ဝေဒနာမှာ၊ အနုသယာ၊ ပါတာသိဖို့ရာ။
မျိုးစေ့နှင့်သာ၊ ဥပမာ၊ တူစွာမှတ်ကြပါ။
အတွင်းမှာနေ၊ ပေါက်တတ်စေ၊ ကြည့်လေမမြင်ပါ။
ပေါက်စေသတ္တိ၊ အတွင်းရှိ၊ ခွဲကြည့် မမြင်ပါ။
ပေါက်စေတတ်သာ၊ အနုသယာ၊ တူစွာမှတ်ကြပါ။
မြေမှာချမူ၊ အညောက်စူ၊ ထွက်မူ ကြီးပွားရာ။
အိုးကင်းအပေါ်၊ မီးနှင့်လှော်၊ ကျွန်းသော် မပေါက်ပါ။
အာရုံတရား၊ မြေရေလား၊ မှတ်သားကြလေပါ။
ဝေဒနာတွင်၊ သတိကင်၊ ကြာလျှင် ကျွမ်းမည်သာ။
ဒိဋ္ဌနုသယ၊ ကျွမ်းသူမှ၊ သေရဝိတိက်သာ။
ဝိတိတ်သေလျှင်၊ အပါယ်ခွင်၊ အစဉ်လွတ်မည်သာ။
ဒေါသာနုသယ၊ ကျွမ်းသူမှ၊ သေရ ပရိယုဋ္ဌာန်။
ပရိယုဋ္ဌာန်၊ သေသူမှ၊ လားရ ဗြဟ္မာရွာ။
အကုန်နုသယ၊ သေလေက၊ လွတ်ရသံသရာ။
နုသယသတ်လျှင်၊ သတိပင်၊ သည့်ပြင်မရှိပါ။

http://www.dhammadownload.com

ထိသိ-သတိ

(၁) ထိ-သိ နှစ်ပါး သတိထား ရင်ဘား နိဗ္ဗုတာ။
(၂) ထိ-သိ ပေါ်၌ သတိစိုက် မျော်လိုက်နိဗ္ဗုတာ။
(၃) ထိ-သိ ပေါ်တွင် သတိတင် အစဉ်ချမ်းသာမှာ။
(၄) ထိ-သိ နှစ်ခု သတိပြု ကျင့်မှ ဤအတိုင်းသာ။

နိဗ္ဗာန်မြန်မြန် ရောက်လိုပြန်

(၁) ဝိပဿနာဉာဏ်ဆိုတာ ဘယ်ဟာရှု၍ ရသလဲ။
(၂) စွဲလမ်းနိုင်ရာ ငါးခန္ဓာ မှန်စွာရှု၍ ရစမြဲ။
(၃) ဘယ်အကျိုးငှာ ကိုယ်ခန္ဓာ ဘယ်ခါရှုရပါသလဲ။
(၄) မစွဲဖို့ရာ ဖြစ်ဆဲမှာ မှန်စွာရှုရမြဲ။
(၅) ဖြစ်ခိုက်မရှု ရပ်နာမ်စု စွဲမှု ဝင်ရောက်မြဲ။
(၆) ဖြစ်တိုင်းမှတ်ရှု ရပ်နာမ်စု စွဲမှုကင်းပျောက်မြဲ။
(၇) စွဲမှုကင်းလျှင် နိဗ္ဗာန်ခွင် ပြေးဝင် ဆိုက်ရောက်မြဲ။
(၈) နိဗ္ဗာန်မြန်မြန် ရောက်လိုပြန် နည်းမှန်စွန်းလွန်းပဲ။
(၉) ထိမှု သိမှု ထိုနှစ်ခု ကျင့်မှ သတိမြဲ။

ကိုယ့်အလုပ် ကိုယ့်တာဝန်

(၁) ငါးပါးပဉ္စလီ ခါးဝတ်အထည်လို မြဲကြ။
(၂) ရှစ်ပါးသီလ တဘက်ကို ခြုံကြ။
(၃) ရတနာသုံးပါး ပန်းသုံးပွင့်ကို ပန်ကြ။
(၄) သမထ ဝိပဿနာကို အမွေးနဲ့သာလိမ်းကြ။
(၅) ပိုတာ လျှံတာ လှူဒါန်းကြ။
အဲဒါ ကိုယ့်အလုပ် ကိုယ့်တာဝန်လို့ မှတ်ကြ။

သာဓု - သာဓု - သာဓု။

မေတ္တာဘာဝနာ ပွားနည်းများ

သဗ္ဗသဂ်ဟ မေတ္တာ

(က) ခပ်သိမ်းများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
(ခ) ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။

တိက မေတ္တာ

(က) ကြီး ငယ် အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။ ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။
(ခ) ရှည်-တို အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုစိတ်မြဲပါစေ။ ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။
(ဂ) ဆူ-ကြဲ အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။ ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။

ဒုက မေတ္တာ

(က) မြင်ဖူး မမြင်ဘူး နှစ်ဦးများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။ ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။
(ခ) ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။ ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။
(ဂ) ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။ ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။
(ဃ) ဘဝဓာတ်သိမ်း မသိမ်းများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။ ဘေးရန်ပယ်ရှင်း စိုးရိမ်ကင်း ဆင်းရဲမရှိ ဖြစ်ပါစေ။

http://www.dhammadownload.com

မေတ္တာအကျိုး (၁၁) ပါး

ချမ်းသာအိပ်စက် ချမ်းသာနိုးလျက် အိပ်မက်ဆိုးကင်း စောင့်ခြင်း နတ်များလည်းချစ် လူလည်းချစ်လျက် လက်နက်ဆိပ်မီး ပြီးသည့်တစ်ဖြာ မျက်နှာရွှင်ကြည် တည်ကြည်နှလုံး သေဆုံးမတွေ သေလျှင် ဗြဟ္မာ ဖြစ်ကြပါသည်၊ မေတ္တာအကျိုး (၁၁) မျိုးတည်း။

သာဓု – သာဓု – သာဓု။

မေတ္တာဖြင့် နေခြင်းသာ အမြတ်ဆုံး
တိဋ္ဌ စရံ နိသိန္နော၀၊
သယာနော ယာ၀တာဿ ဝိတမိဒ္ဓေါ။
ဧတံ သတိ အဓိဋ္ဌေယျ၊
ဗြဟ္မ မေတံ ဝိဟာရ မိဓမာဟု။

သော၊ ထိုမေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ်ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ တိဋ္ဌံ၀ါ၊ ရပ်၍နေစဉ် အခါမျိုးမှာပဲ ဖြစ်စေ။ စရံ၀ါ၊ သွား၍နေစဉ် အခါမျိုးမှာပဲ ဖြစ်စေ။ နိသိန္နော၀၊ ထိုင်၍နေစဉ် အခါမျိုးမှာပဲ ဖြစ်စေ။ သယာနော၀၊ အိပ်၍နေစဉ် အခါမျိုးမှာပဲ ဖြစ်စေ။ ဧတံသတိ၊ ငါ့ကြောင့် ဆင်းရဲမှုတွေ မဖြစ်ပါစေနှင့်။ ငါ့ကြောင့် ချမ်းသာမှုတွေသာ ဖြစ်ကြပါစေ ဟူသော မေတ္တာစိတ်နှင့် ယှဉ်သော သတိကို။ အဓိဋ္ဌေယျ၊ ကောင်းစွာ တည်ဆောက်ထားကြရာ၏။ ဧတံသတိ၊ မေတ္တာနှင့် ယှဉ်တဲ့ ဉာဏသတိတရားကို။ အဓိဋ္ဌေယျ၊ ကောင်းစွာ ဆောက်တည်ထားရာ၏။ ဧတံဝိဟာရံ၊ ဉာဏ်ကဲ့သို့ မေတ္တာစိတ်ဖြင့် နေခြင်းကို။ ဗြဟ္မာဝိဟာရံ၊ မြတ်သောနေခြင်းဟူ၍။ ဣဓ၊ ဉာဏ်ဘုရားသာသနာတော်မြတ်ကြီးအတွင်း၌။ သဗ္ဗဗုဒ္ဓါ၊ အလုံးစုံသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်။ အာဟု၊ ကရဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူအပ်ပါပေသတည်း။

သာဓု – သာဓု – သာဓု။

× × ×

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလ၀ါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊
န ဟိ စာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။

သော၊ ထိုမေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ်ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ဒိဋ္ဌိဉ္စ၊ အမြင်ဖောက်ပြန် မိစ္ဆာဉာဏ်တို့လည်း။ အနုပဂ္ဂမ္မ၊ မကပ်ရောက်မူ၍။ သီလ၀ါ၊ ခရုသင်း ပွတ်သစ် ပုလဲနှစ်သဖွယ် စင်ကြယ်စွာဘိ ကောင်းမြတ်သည့် အကျင့်သီလရှိသည်ဖြစ်၍။ ဒဿနေန၊ ဖောက်မပြန် မှန်ကန်သော ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံလျက်။ ကာမေသု၊ တေဘူမက သခါရ ဝတ္ထုကာမတို့၏ အပေါ်၌။ ဂေဓံ၊ ကာမစ္ဆန္ဒနီဝရဏတရားတို့ဖြင့် တောင့်တ မက်မော တွယ်တာခြင်း သဘောကို။ ဝိနေယျ၊ ပယ်စွန့်၍။ စာတု၊ ဧကန် မလွဲ အမြဲစင်စစ်။ ပုန၊ နောက်ထပ်တစ်ဖန်။ ဂဗ္ဘသေယျ၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေတည်နေရခြင်း သဘောသို့။ န ဧတံ၊ မရောက်ကြရပေတော့်သတည်း။ ဣတိ၊ ဤသို့။ သဗ္ဗမိဒ္ဓါ၊ အလုံးစုံသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်။ အာဟု၊ ကရဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားတော်မူအပ်ပါပေသတည်း။

သာဓု – သာဓု – သာဓု ။

စွန်းလွန်း ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
ဟံသာဝတီဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဟံသာဝတီဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

[၁၂၄၇-၁၃၂၁]

၁၂၄၇-ခု၊ တပို့တွဲလဆန်း (၅) ရက်၊ တနလံ်ာနေ့တွင် ဟသံ်ာတခရိုင် လေးမျက်နှာမြို့နယ် စင်ပြွမ်းကုန်းရွာ၌ ဖွားမြင်တော်မူသည်။ ၁၂၆၁ ခုနှစ်တွင် စင်ပြွမ်းကုန်းဆရာတော် ဦအာစရထံတော်တွင် သာမဏေအဖြစ် ခံယူ၍ ပိဋကတ် အခြေခံကျမ်းဂန်များကို သင်ယူတော်မူသည်။ ဘွဲ့အမည်မှာ အရှင်ဂန္ဓမာဖြစ်သည်။

ထို့နောက် မြန်အောင်မြို့ ဓမ္မိကာရာမ ဆရာတော်၊ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ မန္တလေးမြို့အနောက်ပြင် စကုတိုက် ဦးခေမိန္ဒ၊ ခင်မကန်တိုက် ဦးရေဝတ၊ ဦးသီလာစာရ၊ ဦးဇာဂရ၊ အဘိဓမ္မာအကျော် ဆင်တဲ ဆရာတော်ထံတွင် ပိဋကတ်တော်များကို သင်ယူတော်မူသည်။ ၁၂၇၆-ခုနှစ်တွင် ဥပဇ္ဈာယ်ဆရာတော်ထံသို့ ပြန်လည်ရောက်ရှိတော်မူသည်။

လယ်တီဆရာတော်ဘုရားကြီးထံမှ ဆရာသက်ကြီး၊ ဆရာသက်ကြီးထံမှ ဟံသာဝတီဆရာတော်ဘုရားကြီးသည် ကမ္မဋ္ဌာန်းနည်းကို အားထုတ်ခဲ့လေသည်။ ၁၂၉၇-ခု တန်ဆောင်မုန်းလမှစ၍ ဝေနေယျသတ္တဝါတို့အား တရားပြသတော်မူသည်။ ၁၃၁၁-ခုနှစ်တွင် ဟံသာဝတီကွက်သစ် (ယခင်စာပေဗိမာန်ကျောဘက်) တွင် ဗုဒ္ဓသာသနာ ပဋိပတ္တိသာသနာပြုအဖွဲ့၏ ပင့်လျှောက်ချက်အရ တရားပြတော်မူသည်။

၁၃၂၁- ခုနှစ်အထိ (၁၀) နှစ်အတွင်း ဝိပဿနာတိုက်ခွဲပေါင်း (၇၇) ဌာန၊ ဆရာတော်ကြီး ဟောပြောချက်များကို တပည့် အရှင်ဓမ္မာန္ဒ (ဓမ္မာစရိယ ဦးတင်စိုး)က ရေးသား၍ အဖွဲ့မှ ကိုယ်တွေ့ ဝိပဿနာရှာပုံ၊ နိဗ္ဗာန်ဝင်လမ်း (၇)ရက်စခန်း (၅) တွဲ၊ ဝိပဿနာပါရဂူ၊ ဟံသာဝတီဟောစဉ် (၃) တွဲ တို့ကို စွမ်းဆောင်တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ယောဂီပေါင်း (၇) သောင်းကျော်ကို တရားပြသတော်မူခဲ့သည်။ သက်တော် (၇၄)နှစ်၊ ဝါတော် (၅၄) ဝါအရ၊ ၁၃၂၁-ခု၊ တော်သလင်းလဆန်း (၉) ရက်၊ ကြာသပတေးနေ့၊ ညနေ (၅) နာရီတွင် စံလွန်တော်မူခဲ့ပါသည်။

ထေရပွတ္တိအကျဉ်းပြီး၏။

၀

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ဟံသာဝတီဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

၁ နာမ်လိမ္မာမှ ရုပ်သက်သာမည်။
၂ နာမ်မလိမ္မာ ရုပ်နာလိမ့်မည်။
၃ နာမ်မအေး ရုပ်ခွေးဖြစ်လိမ့်မည်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဟံသာဝတီဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ဝိပဿနာအလုပ်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များသည် ဗောဓိပက္ခိယတရား၌ လာသော သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆိုသည့် အတိုင်း ရှေးဦးစွာ ယုံကြည်သော သဒ္ဓါနှင့် ပြည့်စုံရမယ်။ ဝီရိယနှင့် သတိမှာ မေတ္တာသုတ်၌ မြတ်စွာဘုရား ဆုံးမတော်မူသောကြောင့် ရပ်သော်လည်းကောင်း၊ သွားသော်လည်းကောင်း၊ ထိုင်သော်လည်းကောင်း၊ လျောင်းသော်လည်းကောင်း၊ ဤရိယာပုတ် လေးပါးစလုံး မပြတ်သတိရှိရမယ်လို့ ဟောတော်မူသဖြင့်-

ဥပမာ- မနေမနား မီးပွတ်သော ယောကျ်ားကဲ့သို့ အားထုတ်ကြရလိမ့်မည်။ လွတိုက်သော ယောကျ်ားသည် သစ်တုံးကို မျဉ်းကြောင်း မလွဲအောင် အမြဲကြည့်၍ တိုက်သလို ယောဂီပုဂ္ဂိုလ်သည် မိမိ၏ (နာသိကဋ္ဌာန်) နာသီးဖျားကို အာရုံစိုက်ပြီး မျက်စိ အသာမှိတ်လျက် ထွက်သက်လေကို ထွက်မှန်းသိ၊ ဝင်သက်လေကို ဝင်မှန်းသိပြီး ဖုသန နည်းအတိုင်း လက်မချိုး၊ ပုတီးမစိပ်၊ မရေမတွက် မစဉ်းစား မကြဲစည် မတွေးတောဘဲနှင့် ဝီရိယ၊ သတိကို လက်ကိုင်ထားပြီး ဤရိယာပုတ် လေးပါးစလုံး အမြဲအားထုတ်ရမည်။

ပေါဠိလမထေရ်နှင့် ရှင်သာမဏေယ်

ပေါဠိလမထေရ်ကြီးကို သာမဏေယ် ဆုံးမသည့်အခါ "အရှင်ဘုရား၊ ကမ္မဋ္ဌာန်းတရားဟာ မခက်ပါဘူး၊ တောင်ပို့တစ်ခုမှာ ကယ်ပေါက် ခြောက်ပေါက်ရှိတယ်။ ထိုတောင်ပို့မှာ ဖွတ်တစ်ကောင် အောင်းနေတာ မိချင်လျှင် ကယ်ပေါက် ငါးပေါက်ကို အလုံပိတ်၊ တစ်ပေါက်ကနေ စောင့်နေလျှင် မိပါတယ်" လို့ ရှင်သာမဏေယ်က လျှောက်ထားတော့ ပေါဠိလ မထေရ်ကြီးက "ငါ့ရှင် ငါသိပြီ"ဆိုပြီး အားထုတ်လိုက်တာ တစ်ခဏချင်းနှင့် အရိယာ ဖြစ်သွားတယ်။ အဲဒါ ဥပမာပဲ။

ယခု စိတ်ကို ဖမ်းရာမှာ စိတ်ထွက်တဲ့ တံခါးပေါက်က ခြောက်ပေါက်ရှိတယ်။ မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ မနောပေါက်။ အဲဒီ ခြောက်ဒွါရက အမြဲထွက်နေတာ။ ဒါကြောင့် ဒွါရငါးပေါက် အလုံပိတ်ပြီးတော့ တစ်ပေါက်ကနေ စိတ်ကို ဖမ်းလျှင် အမှန်သမာဓိ ဖြစ်ပါတယ်။

ယခု (၇) ရက် အားထုတ်သော လုပ်ငန်းမှာ ရှေးဦးစွာ သီလဆောက်တည်၍ (၃)ရက် သမထအလုပ်ကို ကြိုးစားလိုက်လျှင် အမှန်ပင် သမာဓိ ရနိုင်ကြပါတယ်။ (၃) ရက် သမာဓိ ထူထောင်ပြီးလျှင်

http://www.dhammadownload.com

ဝိပဿနာသို့ ကူးပြောင်းရမယ်။ သမထ (၃) ရက် အားထုတ်ပြီး ဝိပဿနာသို့ ကူးပြောင်းတဲ့အခါမှာ အောက်ပါအတိုင်း ကမ္မဋ္ဌာန်း တောင်းရပါတယ်။

တုမှာကံ ဘန္တေ မမ ဇီဝိတံ ပရိစ္စာမိ။
(၃ - ခေါက်)

ဘန္တေ-အရှင်ဘုရား၊ တုမှာကံ-အရှင်ဘုရားတို့အား၊ မမ-အကျွန်ုပ်၏၊ ဇီဝိတံ-အသက်ကို၊ ပရိစ္စာမိ-စွန့်လှူပါ၏။

ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော
မောစနတ္ထာယ ဗီဇတ္ထာယစ
ကမ္မဋ္ဌာနံ ယာစာမိ။
(၃ - ခေါက်)

ဘန္တေ-အရှင်ဘုရား၊ သံသာရ ဝဋ္ဋ ဒုက္ခ တော- သံသရာ ဝဋ်ဆင်းရဲအပေါင်းမှ၊ မောစနတ္ထာယစ - ထွက်မြောက်ရခြင်း အကျိုးငှာ လည်းကောင်း၊ ဗီဇတ္ထာယစ - အတိတ်က ပါလာသော ဝိဇ္ဇာမျိုးစေ့ မရှိခဲ့သော် ယခု အားထုတ်အပ်သော ကမ္မဋ္ဌာန်းသည် မျိုးစေ့အဖြစ်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ လည်းကောင်း၊ ကမ္မဋ္ဌာနံ - ကမ္မဋ္ဌာန်းကို။ ယာစာမိ - တောင်းပါ၏။

သြကာသ - သြကာသ - သြကာသ၊ ကာယက် ဝစီက် မနောက်တည်းဟူသော သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းအကျိုးငှာ ဘုရား တရား သံဃာ ဆရာမိဘ ဂုဏဝုဒ္ဓိ ဝယဝုဒ္ဓိ အစရှိသော ပုဂ္ဂိုလ်တို့အား ရှိခိုးပါ၏။ ကန်တော့ပါ၏။ အတိတ် သံသရာမှစ၍ ယခုထိအောင် ပြစ်မှားဖူးသော ကာယက် ဝစီက် မနောက် အပြစ်များကို သည်းခံရန် တောင်းပန်ပါ၏၊ ကန်တော့ပါ၏။ မိမိအပေါ်၌ ပြစ်မှားမိဖူးသော ကာယက် ဝစီက် မနောက် အပြစ်များကို သည်းခံပါ၏။

ဤကဲ့သို့ ကန်တော့ပြီးသောအခါ သေချာစွာ ထိုင်၍ ဒူးပေါ်မှာ လက်တင်လျက် မျက်စိကို အသာမှိတ်ပြီး ဘုရားသခင် ဆုံးမတော်မူသည့်အတိုင်း မိမိစိတ်၌ ဥပမာပြုရမည်မှာ ပကတိ သစ်ပင် သစ်ကိုင်းများကို လေတိုက်သည့်အခါ မငြိမ်မသက် လှုပ်ရှားနေတာ တွေ့ရသလို မြဲလို့ လှုပ်သလား၊ မမြဲလို့ လှုပ်သလား စဉ်းစားလျှင် မမြဲလို့ လှုပ်တယ်ဆိုတာ အမှန် သိရတယ်၊ ဒါဟာ ဥပမာပဲ။

မိမိကိုယ်မှာ ဆဲပင်ကအစ ခြေဖျားအထိ လောက လူများက ဦးခေါင်း ခြေလက် ကိုယ် စသည်ဖြင့် ခေါ်ဝေါ်နေကြတယ်၊ ဤလိုခေါ်တာ မှန်သလား ဆိုတာတော့ မမှန်ဘူး၊ သမုတိသစ္စာနယ်က လူတွေ သမုတ်ပြီး ခေါ်ကြတာ၊ အမှန်ကတော့ဖြင့် ရုပ်ချည်း သာလျှင် ဖြစ်တယ်၊ ဆဲပင်ကအစ ခြေဖျားအထိ ရုပ်တွေချည်းပဲ၊ ဘယ်ရုပ်တွေလဲ ဆိုလျှင်-

အမာခံ ဓာတ်ကြီးလေးပါးရှိတယ်၊ "ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော" ဤဓာတ်လေးပါးရှိတယ်၊ ပထဝီဆိုတဲ့ မြေဓာတ်က မာတဲ့သဘော၊ နူးညံ့တဲ့သဘောရှိတယ်၊ တေဇောဆိုတဲ့ မီးဓာတ်က ပူတဲ့သဘော၊ အေးတဲ့ သဘောရှိတယ်၊ အာပေါဆိုတဲ့ ရေဓာတ်က ဖွဲ့စည်းတဲ့သဘော၊ ယိုစီးတဲ့ သဘော ရှိတယ်၊ ဝါယောဆိုတဲ့ လေဓာတ်က လှုပ်ရှားတဲ့၊ ထောက်ကန်တဲ့ သဘောရှိတယ်။ အဲဒီ ရုပ်တရားတွေက လွဲ၍ တစ်ကိုယ်လုံးမှာ ဘာမျှမရှိဘူး၊ ရုပ်ပဲရှိတယ်၊ ဒီရုပ်တရားတွေက လောကမှာ ဘာများသိတတ်သလဲဆိုရင် ဘာမျှ မသိတတ်ဘူး။

ဘုရားဟောတာ ဘယ်တော့မှ မမှားဘူး၊ မလွဲဘူး၊ မှန်တယ်၊ မှန်တာကို ဘယ်လိုသိရမလဲ၊ ဉာဏ်မှသိတယ်၊ ဉာဏ်က ဘယ်ကရသလဲ၊ သမာဓိရှိမှ ရမယ်၊ ဒါကြောင့် ဦးခေါင်းက အစ ခြေဖျားအထိ ရုပ်သာ ရှိတယ်ဆိုတာ အာရုံပြဉီး၊ ဦးခေါင်းမှ ငယ်ထိပ်နေရာ ဒဂ်ါးဝိုင်းမျှပမာ ကွက်၍ သမာဓိကို ခိုင်မြဲ

http://www.dhammadownload.com

စွာ ထားပြီးရှု တွေ့လိမ့်မယ်၊ ဘာနှင့်တွေ့မလဲ ပထဝီ ဖောဋ္ဌဗ္ဗနှင့်တွေ့လျှင် နာကျင်ကိုက်ခဲ တင်းတင်း ကျပ်ကျပ် အုံတုံတုံ ခေါင်းကြီးကိုယ်ကြီး တွေ့တတ်သည်။ တေဇော ဖောဋ္ဌဗ္ဗနှင့်တွေ့လျှင် ပူပူအေးအေး နွေးနွေး ရှိန်ရှိန် အခိုးထွက်သလို တွေ့တတ်သည်။ ဝါယော ဖောဋ္ဌဗ္ဗနှင့် တွေ့တွေ့ ရုပ်ပဲဆိုတာ မှတ်သားပြီး အာရုံပြုနေလျှင် တစ်ခေါင်းလုံး တစ်ကိုယ်လုံး ရုပ်ဓာတ်တွေ ခဏမစဲတဖွဲဖွဲ ဖြစ်ပျက်၍ ဖောက်ပြန် ပျက်စီးနေတာ တွေ့လိမ့်မယ်။ သမာဓိကောင်းလျှင် ကောင်းသလို များများတွေ့တတ်သည်။ ယောဂီပုဂ္ဂိုလ်မှာ ငါဘာဖြစ်ပါလိမ့်မလဲဟု အထင်မှားတတ်သည်။

သတိပြု။ သူ့သဘော သူဆောင်နေတာ ရုပ်သဘောတွေပဲဟု အမြင်မှန်ကို နှလုံးသွင်း၍ စွဲမြဲစွာ အားထုတ်ပါလေ။ "သို့သော်" အကယ်၍ အမြင်မှန်ကို ကျနစွာပြသနိုင်သော ဆရာကောင်း လိုလှပါသည်။ ထိုအခါ ပထမ ဆင်ခြင်တာက သမ္မသနဉာဏ်၊ ရုပ်ကိုတွေ့၍ ဖြစ်မှန်းပျက်မှန်းကို သိတာက ဥဒယဗ္ဗယဉာဏ်၊ ဥဒယဗ္ဗယဉာဏ် တွေ့တာနှင့် မမြဲတဲ့ အနိစ္စတရား၊ ဆင်းရဲတဲ့ ဒုက္ခတရား၊ အစိုးမရတဲ့ အနတ္တတရားကို အမှန်သိပြီ မှတ်ယူလေ။

ပညတ်-ပရမတ်

ယောဂီပုဂ္ဂိုလ်များ ပထမဦးစွာ သိထားဖို့ရာ တရားကတော့ ပညတ်နှင့် ပရမတ် ဖြစ်တယ်၊ ပညတ်နှင့် ပရမတ်ကို သိဖို့က ဉာဏ်သက်သက်ဖြစ်၍ ဉာဏ်စခန်းကို ရမှသာ ကွဲပြားနိုင်တယ်။

မိမိခန္ဓာကိုယ်မှာ ဆံပင်ကအစ ခြေဖျားအထိ လောကီ သမုတိ သစ္စာနယ်က ခေါ်ကြတဲ့ စကားမှာ ဆံပင်၊ ဦးခေါင်း၊ ခြေ၊ လက်၊ ကိုယ် စသည်ဖြင့် ခေါ်ဝေါ်ကြတယ်၊ ထိုကဲ့သို့ ခေါ်ဝေါ်ခြင်းက မှန်သလားဆိုတော့ မမှန်ဘူး၊ လောကီ သမုတိ သစ္စာနယ်က ခေါ်ကြတဲ့စကားများသာ ဖြစ်တယ်။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ ဆိုတဲ့ အဋ္ဌကလာပ် ရုပ်ရှစ်ပါးသာ ရှိတယ်။ မြန်မာလိုဆိုတော့ မြေ၊ ရေ၊ လေ၊ မီး၊ အဆင်း၊ အနံ့၊ အရသာ၊ သြဇာပါပဲ၊ ရှစ်မျိုး ပေါင်းစုနေတာ အဋ္ဌကလာပ်ရုပ်လို့ခေါ်တယ်။ ၎င်း အဋ္ဌကလာပ်ရုပ်ဟာ လုံးလုံးလား၊ ပြားပြားလား၊ အစိုင်အခဲရှိသလား လို့ဆိုလျှင် ဘာမျှမရှိ၊ သဘောအားဖြင့်တော့ ထင်ရှားရှိပါတယ်။

အဋ္ဌကလာပ်ရုပ် ရှစ်ပါးကို ဥပမာပြဖို့ မလွယ်လှဘူး၊ အနည်းငယ် ရိပ်စားမိအောင်ပြရလျှင် ရထားများ ပြေးသွားတဲ့အခါ လွှင့်တက်လာသော ဖုန်မှုန့် တစ်ခုကို ပါဠိဘာသာအားဖြင့် ရထရေဏုမြူ၊ မြန်မာလို ရထားများ ပြေးသွားတဲ့အခါ ထသော မြူမှုန်ကို ခေါ်တယ်၊ အဲဒီ ရထားမှုန်တစ်ခုကို (၃၆) စိတ် စိတ်လိုက်လျှင် တစ်စိတ်ကို တဇ္ဇာရီမြူလို့ ခေါ်တယ်၊ ၎င်းတဇ္ဇာရီ မြူတစ်လုံးကို (၃၆) စိတ် စိတ်ပြန်လျှင် တစ်စိတ်ကို အဏုမြူလို့ ခေါ်ပြန်တယ်။

တဇ္ဇာရီမြူ၊ အဏုမြူတို့ကို ပကတိမျက်စိနှင့်ပင် မြင်နိုင်ပါတယ်၊ နံနက်စောစော အရှေ့က နေထွက်လာတဲ့အချိန် အိမ်၏ နံရံပေါက် နေခြည်ပြောက်ကလေးများ ဝင်လာတဲ့အခါ နေရောင်ခြည်၌ မီးခိုးကဲ့သို့ မြင်ရမယ်၊ အဲဒီအရာများဟာ အမှုန့်ကလေးများဖြစ်၍ မြူမှုန့်ကလေးတစ်ခုကို အဏုမြူလို့ ခေါ်တယ်။

အဲဒီ အဏုမြူကလေးတစ်လုံးကို မိမိဉာဏ်နှင့် ဖမ်းပြီးကိုင်လိုက်၊ ထို အဏုမြူကလေး တစ်ခုကို (၃၆) စိတ် စိတ်လိုက်၊ တစ်စိတ်ကို ပကတိ မျက်စိနှင့်လည်း မမြင်ရဘူး၊ နတ်မျက်စိနှင့်လည်း မမြင်ရဘူး၊ ဗြဟ္မာမျက်စိနှင့်လည်း မမြင်ရဘူး၊ မမြင်ရလို့ မရှိဘူးလားဆိုလျှင် ဓကန်ရှိတယ်၊ မူလက အဏုမြူကို (၃၆)စိတ် စိတ်ထားတာကိုး၊ ရှိမှာပေါ့၊ ထို တစ်စိတ်

http://www.dhammadownload.com

သောအဖို့ကို ပညတ်အားဖြင့် ပရမာမြူလို့ ခေါ်တယ်၊ ခေါ်စရာရှိလို့ ပညတ်တင်ခေါ်တာ၊ အမှန်အားဖြင့် တော့ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးနှင့်တကွ အဆင်း၊ အနံ့၊ အရသာ၊ သြဇာ၊ ဒီအဋ္ဌကလာပ် ရုပ်ရှစ်ခုပဲ ရှိတယ်၊ ဒါလောက် နူးညံ့သော ပရမတ် အစစ် ဓာတ်အနှစ်ဖြစ်တဲ့ တရားများမှာ မျက်တောင် တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာ ကုဋေငါးထောင် ကျော် ဖြစ်တယ်လို့ မြတ်စွာဘုရား ဟောထားတာ ရှိတယ်။

ယခု ပုထုဇဉ်များ ရေတွက်နိုင်ပါသလား ဆိုလျှင် ဧကန် မရေတွက်နိုင်ဘူး။ သို့သော် ဝိဇ္ဇာ ဉာဏ်၊ ဝိပဿနာဉာဏ်နှင့် မိမိရဲ့ ခန္ဓာဉာဏ်အတွင်းမှာ ဉာဏ်သွင်းပြီး ကြည့်လိုက်မယ်ဆိုရင် အမှန်အား ဖြင့် ဓာတ်ကလာပ် ကလေးတွေ မပြတ်မစဲ တဖွဲဖွဲ ဖြစ်ပျက်နေတာကို ကိုယ်တိုင် တွေ့ရမယ်။ ဒီလို ကိုယ်တိုင်တွေ့မှ ရုပ်တရားတွေ၊ နာရီ၊ မိနစ်၊ စက္ကန့် မစဲအောင် ဖြစ်နေကြောင်းကို ထင်ရှားသိရတယ်။

ဒီလိုသိတဲ့အခါမှာ တရှိန်ရှိန်တက်နေသော တဏှာရုပ်၊ လှုပ်လှုပ်ရွရွဖြစ်နေသော ဝါယောရုပ်၊ ကိုက်ခဲနာကျင်တတ်သော ပထဝီရုပ်ကို ဧကန်တွေ့ရ မယ်။ အခုပြောခဲ့တဲ့ တဏှာ ဖောဋ္ဌဗ္ဗ၊ ဝါယော ဖောဋ္ဌဗ္ဗ၊ ပထဝီ ဖောဋ္ဌဗ္ဗတို့နှင့် တွေ့နိုင်၍ အပ်နှင့် ထိုးဆွရင် နာကျင်တတ်တဲ့ ဒွာနကို ကိုယ်လို့ ခေါ် တယ်။ အဲဒီကိုယ်နှင့် ဖောဋ္ဌဗ္ဗ တွေ့ထိတိုင်း တွေ့ထိ တိုင်း သိတဲ့ သဘောတရားကလေးကို ကာယဝိညာဉ် နာမ်လို့ ခေါ်တယ်။ ပြောခဲ့တဲ့ ရုပ်တရား၊ နာမ်တရား ကိုပင် ရုပ်က ရူပက္ခန္ဓာ၊ နာမ်က နာမက္ခန္ဓာလို့ ခေါ် တယ်။ နာမ်ခန္ဓာလေးပါး ရှိတယ်။ ခံစားတတ်တဲ့ ဝေဒနာက္ခန္ဓာ၊ မှတ်သားတတ်တဲ့ သညာက္ခန္ဓာ၊ စေ့ဆော်ကြောင့်ကြတတ်တဲ့ သင်္ခါရက္ခန္ဓာ၊ သိလုံး ကလေးက ဝိညာဏက္ခန္ဓာ၊ နာမ်တရား လေးပါးဟာ ဘယ်တော့မှ ခွဲလို့ ခွာလို့ မရကောင်းတဲ့ တရားအစုံ ပဲ။ သဟဇာတပစ္စည်းတွေနဲ့ ပေါင်းစည်းစု ဝေးပြီးနေ အောင် ကျေးဇူးပြုထားတယ်။

ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ ကိုယ်နှင့် အပြည့်၊ ခေါင်းနှင့် အပြည့် မပြတ်ဖြစ်ပျက်နေကြ တာတွေကို ဉာဏ်ဖြင့် မြင်နေမှ ဥဒယဗ္ဗယ ဉာဏ်လို့ ခေါ်တယ်။ တကယ်ဖြစ်ပျက်နေတာ မတွေ့သမျှ ကာလပတ်လုံး ဝိပဿနာ ယောဂီလို့ ခေါ်ဖို့ရာ အလွန်ခဲယဉ်းကြောင်းကို ထင်ရှားသိဖို့လိုတယ်။ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကို တကယ်မသိဘဲနှင့်၊ တကယ် မတွေ့ဘဲနှင့် ရော်ရမ်းမှန်းဆ၍ ရုပ်နာမ်တွေ ဖြစ်ပျက် နေတာပဲလို့ စိတ်ကူးရုံမျှနှင့် မည်သည့်အခါမျှ ဝိပဿနာ မဖြစ်နိုင်ဘူးဆိုတာ အမြဲမှတ်ထားပါ။ တကယ်အစစ် ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ပျက် မှုကို သိနိုင်ဖို့ရာ ဝိဇ္ဇာဉာဏ်ကို ချန်လှပ်၍ မည်သူမျှ မသိနိုင်ဘူးဆိုတာ ယုံကြည်ကြပါ။ ယခု ပြောခဲ့တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို တကယ်တွေ့ခါမှ-

သဗ္ဗေ သင်္ခါရာ အနိစ္စာ-လို့ ဆိုတဲ့အတိုင်း သင်္ခါရာ ပြုပြင်မှုကြောင့် ဖြစ်ပေါ်လာသော ရုပ် နာမ် ခန္ဓာတို့ကို မတွေ့ဘဲနှင့် မည်သည့်အခါမျှ အနိစ္စ တရားကို မသိဘူး။ ရုပ်နာမ်ကိုတွေ့၍ အနိစ္စမမြဲဘူး လို့ တွေ့ရခြင်းသာ လွယ်လွယ်နှင့် တွေ့တယ်လို့ မမှတ်နှင့်။ ဝိပဿနာပညာအစစ်ကို ရမှတွေ့တာ။ "ဝိပဿနာပညာ" အစစ်ကို မရဘဲနှင့် မည်သည့် အခါမှ ရုပ်နာမ် အနိစ္စကို မတွေ့ရဘူး။

ဝိပဿနာဉာဏ်ဖြင့် အနိစ္စကိုမြင်တော့ ရုပ်နာမ် သင်္ခါရတို့၏ မမြဲသော အဖြစ်ကို ဝိပဿနာ ဉာဏ်မှာ ငြိုးငွေ့သော နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်လာမယ်။ နိဗ္ဗိန္ဒဉာဏ် ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်း ဆိုတဲ့ ဥဒယဗ္ဗယ ဉာဏ်ကိုရမှ အစဉ်အတိုင်း ဘင်္ဂ ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒ ဆိုတဲ့ ဉာဏ်ကိုရတာ။ နိဗ္ဗိန္ဒဉာဏ်ကိုရလျှင် သံသရာဝဋ်ဆင်းရဲကြီးကို ဧကန် ငြိုးငွေ့လာလိမ့်မယ်။ သံသရာ ဝဋ်ဆင်းရဲဆိုတာက ယခု မိမိတို့ရဲ့ ခန္ဓာကိုယ်မှ ရုပ် တရား နာမ်တရားတွေ အဆက်မပြတ် ဖြစ်နေတာကို

http://www.dhammadownload.com

ခေါ်တယ်။

မြန်မာလို သက်သက်ပြောရလျှင် ခန္ဓာ၊ အာယတန၊ ဓာတ် မပြတ်ဖြစ်တာ သံသရာလို့ ဆိုတယ်၊ မိမိခန္ဓာထဲမှာ ရုပ်နာမ်တရားတွေ မပြတ်ဖြစ်နေတာ ခန္ဓာ၊ အာယတန ဓာတ်တရားအစစ်တွေပေါ့၊ မိမိကိုယ်နှင့် မပြတ်ဖြစ်ပေါ်နေတဲ့ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ဖောဋ္ဌဗ္ဗဓာတ်တွေ့တိုင်းတွေ့တိုင်း ကာယဝိညာဏ်ဆိုတဲ့ နာမ်တရားကို အမြဲမပြတ် သိနေတယ် မဟုတ်လား။ အဲဒီ ရုပ်နာမ်တရား မပြတ်ဖြစ်နေရာမှ အတွေ့ ဖောဋ္ဌဗ္ဗရုပ်က ရှုပကွန္ဓာ၊ သိသိနေတာက နာမ်ခန္ဓာလေးပါး၊ ပေါင်းတော့ ခန္ဓာငါးပါး ဖြစ်တယ်၊ အာယတန ခေါ်ဦးမလား၊ ကိုယ်အာယတန၊ အတွေ့အာယတန၊ တွေ့သိ အာယတန၊ အဲဒါ ရုပ်အာယတန၊ နာမ် အာယတနပေါ့၊ ဓာတ် ခေါ်ဦးမလား၊ ကိုယ်ဓာတ်၊ အတွေ့ဓာတ်၊ တွေ့သိ ဓာတ်၊ အဲဒါလည်း ရုပ်ဓာတ်၊ နာမ်ဓာတ်ပေါ့၊ ရုပ်နာမ်ခန္ဓာ၊ ရုပ်အာယတန၊ နာမ်အာယတန၊ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ မပြတ်ဖြစ်နေတာကို သံသရာဝဋ်ဆင်းရဲလို့ ခေါ်တယ်။ သံသရာဝဋ်ဆင်းရဲကို ငြီးငွေ့လာတဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ ကိလေသာ စင်ကြယ်ခြင်း အကြောင်းတရားကို ရရှိသဖြင့် နိဗ္ဗာန်ကို မုချ မျက်မှောက်ပြုနိုင်တယ်။

ခန္ဓာတွင်းက ရုပ်နာမ်ဖြစ်ပျက်ကို သိနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ သဗ္ဗေ သင်္ခါရာဒုက္ခဆိုတဲ့ ပါဠိနှင့်လည်း မလွဲတမ်းကိုက်ညီမယ်၊ ဤရုပ်နာမ်သည်ပင်လျှင် ဒုက္ခမဟုတ်လား။ "သဗ္ဗေဓမ္မာ အနတ္တာ" ဆိုတာကော ဤရုပ် နာမ်သည်ပင်လျှင် မပြတ်ဖြစ်ပျက်နေသောကြောင့် မုချ အစိုးမရ မိမိအလိုသို့ မလိုက်သောကြောင့် အနတ္တ၊ မြတ်စွာဘုရား၏ သာသနာအတွင်းမှာ ဘာလို ရင်းလဲဆိုလျှင် ယခု ထင်ရှားသိရတဲ့ အနတ္တဆိုတာပဲ လိုရင်းဖြစ်တယ်၊ မိမိခန္ဓာကိုယ်မှာ ဓဏမစဲ အမြဲတမ်း ဖြစ်ပျက်နေတာကို သိတော့ မမြဲဘူးဆိုတဲ့ အနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရခြင်းဆိုတဲ့ အနတ္တ ဧကန်သိလာတာပေါ့။

ဝိသေသတောပန၊ အထူးအားဖြင့်ကား။ ကျမသို့ဉာဏော၊ ဤဝိပဿနာ ဉာဏ်ပညာအရာ၌။ အနိစ္စလက္ခဏာ ဒဿနမေဝ၊ အနိစ္စလက္ခဏာကို မြင်ခြင်းသည်သာလျှင်။ ပဓာန်၊ လိုရင်းအရ ပဓာန သဘောသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိ၊ ထိုအနိစ္စလက္ခဏာကို။ ဒိဋ္ဌေယေဝ၊ မြင်အပ်သည်ရှိသော်။ ကတရာနိ၊ အနိစ္စလက္ခဏာမှ တစ်ပါးသော ဒုက္ခလက္ခဏာ၊ အနတ္တ လက္ခဏာတို့ကိုလည်း။ ကမေန၊ အစဉ်အားဖြင့်။ ဒိဋ္ဌိနိ၊ မြင်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အနိစ္စမမြဲလို့ ဒုက္ခကိုသိခြင်း၊ အနိစ္စမမြဲလို့ အနတ္တကို သိရခြင်းမှာ မမြဲသော အနိစ္စသာလျှင် ပဓာနဖြစ်တယ်၊ ဒါကြောင့် –

"အရှင်ဘုရား၊ ကမ္မဋ္ဌာန်းအလုပ်ဌဲ့ အဘယ်တရားသည် ပဓာနပါလဲ ဘုရား"ဟု မေးယိယ ရဟန်းက လျှောက်ထားသောအခါ ဘုရားသခင် ကိုယ်တော်မြတ်က–

အနိစ္စသညိနော မေးယိယ၊ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တ သညိ နော အသ္မိမာန သမုဂ္ဃါဋဉ်ပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။

[နဝဂုံတ္တရုပါဠိတော်မှ]

မေးယိယ၊ ချစ်သား မေးယိယ။ အနိစ္စသညိနော၊ အနိစ္စသညာထင်လာသည်ရှိသော်။ အနတ္တသညာ၊ အနတ္တသညာသည်။ သဏ္ဌာတိ၊ အလိုလို ထင်လာ၏။ အနတ္တသညိနော၊ အနတ္တသညာ ထင်လာသည်ရှိသော်။ အသ္မိမာန သမုဂ္ဃါဋဉ်၊ ငါဟူသော မာန်မာနတရား ကင်းပြတ်ခြင်းသို့။ ပါပုဏာတိ၊ ရောက်လေတော့၏။ ဒိဋ္ဌေဝဓမ္မေ၊ ယခု မျက်မှောက်သော ဘဝ၌ပင်လျှင်။ နိဗ္ဗာနံ၊ သဥပါဒိသေသ နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်လေတော့၏။

ဤမေးယိယ ရဟန်းအား ဟောကြားသည်ကို

http://www.dhammadownload.com

များစွာစဉ်းစားသင့်၏။ အနိစ္စသည်သာ ပဓာန၊ အနိစ္စလို့ ဧကန်သိလျှင် အနတ္တဆိုသော တရားကို အမြဲတမ်း သိနိုင်တယ်။ အနတ္တကို အမှန်သိလျှင် ငါဆိုတဲ့ မာန်မာနတရားဟာ အလိုလိုပြတ်သွားမယ်။ မာန်မာနတရား ပြတ်သွားလျှင် နိဗ္ဗာန်ကို မလွဲတမ်း မျက်မှောက်ပြုနိုင်တယ်။ ဒါကြောင့် ရုပ်နာမ်ကိုသိ၍ အနိစ္စကို သိဖို့လိုတယ် အနိစ္စကိုတွေ့လျှင် အနတ္တဟာ အလိုလို ပေါ်လာနိုင်တယ်။

ဖြစ်ပြီးသော အကုသိုလ်တရားကို ပယ်ရမယ်၊ မဖြစ်သေးသောအကုသိုလ်၊ အားထုတ်ရမယ်။ မရဖူးသောကုသိုလ်ကို ရအောင်ရှာရမယ်။

ရပြီးသော ကုသိုလ်တရားကို လွန်စွာအားထုတ် ပွားများရမယ်။

အဲဒီ သမ္မပ္ပဓာန်လေးပါးကို သဘောပေါက်အောင်ကြည့်၊ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ရမယ်လို့ ဆိုတယ်။ ဘာနှင့်ဘယ်လို ပယ်ရမလဲ။ ဒါနကို မည်မျှလောက် ကြီးစွာအားထုတ်၍ လျှဒါန်းသော်လည်း အကုသိုလ်က်ကို မပယ်နိုင်၊ လူ့ချမ်းသာ၊ နတ်ချမ်းသာကို အမှန်ပင်ရနိုင်သော်လည်း ပြုပြီးသော အကုသိုလ်က်ကို မပယ်နိုင်ဘူး။

သီလကို ဝါဂွမ်းကဲ့သို့ အညစ်အကြေးမထင်ဖြူစင်အောင်စောင့်၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်ကိုမူ ရနိုင်သော်လည်း ပြုပြီးသော အကုသိုလ်ကို မပယ်နိုင်ဘူး။

သမထတရားကို အားထုတ်၍ ဈာန်အဘိညာဉ် တန်ခိုးနှင့် မြေလျှိုး မိုးပျံ ကောင်းကင်ဈာန်နှင့် နေထိုင်သော်လည်း ဖြစ်ပြီးသော အကုသိုလ်ကို မပယ်နိုင်ဘူးဟူ၍မှတ်၊ အကုသိုလ်ကို မပယ်နိုင်သမျှ ကာလပတ်လုံး လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ခံစားနေရသော်လည်း ကုသိုလ် အရှိန်ကုန်က မလွဲတမ်း အပါယ်လေးပါးကို ကျမှာပဲ။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်က အပါယ်လေးပါးသို့ မကျချင်လျှင် ဖြစ်ပြီးသော အကုသိုလ်ကို ပယ်နိုင်အောင် ပယ်လိုက်ကြလို့ ဟောတော်မူတာပဲ။

အနတ္တကိုမြင်တာနှင့် ဘာကြောင့် အကုသိုလ်တရားကို ပယ်နိုင်သလဲဆိုလျှင် လောကဥပမာအားဖြင့် အလွန်တရာ မှောင်လှစွာသော တိုက်ခန်းကြီးထဲမှာ ဆီမီးတစ်တိုင်တည်း လင်းတာနှင့် အလုံးစုံ အမှောက်ပျောက်၍ အလင်းရောင် ရောက်လာသလို အတိတ်ကပြုခဲ့တဲ့ အကုသိုလ်အပေါင်း အနန္တတို့ကို အနတ္တလက္ခဏာမြင်တာနှင့် တစ်ပြိုင်နက် အလုံးစုံ အကုသိုလ် တရားတွေ ပျောက်သွားရမယ်။

ဘာကြောင့်လဲလို့ဆိုလျှင် အကုသိုလ်ဆိုတာ ပဟာတဗ္ဗ– ပယ်အပ်သော တရား၊ ကုသိုလ်ဆိုတာက ပဟာယက ပယ်တတ်သော တရားဖြစ်တယ်၊ ပြုပြီးသော အကုသိုလ်ကို မည်သူခေါ်လာသလဲ ဟူမူ–

ဥပမာ။ ။ ပုလဲကုံးကလေးတွေကို ခိုင်လှစွာသော ပိုးကြိုးဖြင့် သီကုံးထားလိမ့်မယ်ဆိုလျှင် ပုလဲတစ်လုံးကို ဆွဲယူတာနှင့် တစ်ပြိုလုံး ပါလာလိမ့်မယ်။ ဘာကြောင့် ပါလာသလဲ၊ ခိုင်လှစွာသော ပိုးကြိုးနှင့် သီတာကိုး၊ အဲဒီ ပိုးကြိုးကို နုပ်နုပ်ပါအောင် ဖြတ်တောက်ပစ်လိုက်လျှင် မည်သည့် ပုလဲလုံးမျှ မပါဘဲ အကုန်လုံး ကျန်ရစ်ခဲ့လိမ့်မယ်။

အဲဒီပိုးကြိုးလိုပဲ အတ္တဒိဋ္ဌိက မိမိပြုခဲ့ဖူးတဲ့ အကုသိုလ်တရားတွေကို တစ်ခုမကျန် အကုန်ဆွဲခေါ်လာလို့ သူ့ကိုဖြတ်တာနှင့် တစ်ပြိုင်နက် အကုသိုလ်တရားတွေ တစ်ခုမကျန် ပပျောက်သွားတယ်။

အနတ္တလက္ခဏာ မြင်တာက အမောဟ၊ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်အလင်းဓာတ်၊ အနတ္တကို မမြင်အောင် ကာကွယ်ထားတဲ့ အဝိဇ္ဇာက အမှောင်ဓာတ်၊ ဒါကြောင့် အလင်းရောက်က အမှောင်မျချ ပျောက်ရတယ်။

အနတ္တကို တကယ်တွေ့တော့ ယောဂီပုဂ္ဂိုလ်ဟာ ဖြစ်ပြီးသော အကုသိုလ်တရားကိုလည်း ပယ်နိုင်

http://www.dhammadownload.com

တယ်၊ မဖြစ်သေးသော အပါယ်ကျလောက်တဲ့ အကုသိုလ်ကို အသက်ကိုသာ အသေခံမယ်၊ မည်သည့်နည်းနှင့်မျှ အကုသိုလ်ကို မပြုတော့ဘူး။ မရဖူးသေးသော ကုသိုလ်ကံ အနုန္တကို ရသဖြင့် ထို အကုသိုလ်ကို ထိုယောဂီသည် မည်သည့်အခါမျှ လက်မလွတ်ဘဲ မပွားပါနှင့်ဆို၍ မရ၊ အမြဲတမ်း ပွားများနေရမယ်ဆိုတာ တထစ်ချ မှတ်သားကြပါ။

သာဓု – သာဓု – သာဓု

ဟံသာဝတီ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

တောင်ပုလုတောရ ကမ္မာအေးဆေးတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏

ထေရပ္ပတ္တိအကျဉ်း

(၁၂၅၈-၁၃၄၈)

မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ တဲစုရွာတွင် ခမည်းတော် ဦးရံနှင့် မယ်တော် ဒေါ်ရွှေသဲတို့မှ ၁၂၅၈-ခု၊ တပေါင်းလဆုတ် (၃)ရက်၊ စနေနေ့ တွင် ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်ပေါ်လာ၊ (၇)နှစ်အရွယ်တွင် တဲစုရေဝန်ကျောင်း ဆရာတော် ဦးတေဇထံတွင် ပညာသင်ကြားသည်။ ထိုကျောင်းမှ ဆရာတော် ဦးလက္ခဏထံတွင် သဒ္ဒါ၊ သင်္ကြိုဟ် စသော ပိဋကတ် အခြေခံစာပေများကိုပါ သင်ကြားခဲ့သည်။

အသက် (၁၄) နှစ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဆရာတော် ဦးတေဇ ထံတော်တွင် ပဗ္ဗဇ္ဇာရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူလေသည်။ ဘွဲ့တော်မှာ ရှင်နန္ဒိယ ဖြစ်၏။ သာမဏေ (၇) ဝါ၊ သက်တော် (၂၀)နှစ်သို့ အရောက်တွင် ဝမ်းတွင်းမြို့နယ်၊ တဲစုရွာနေ ဦးထွန်း အေး-ဒေါ်ကြာမွေးတို့၏ စတုပစ္စယာနုဂ္ဂဟကို ခံယူ၍ ဆရာတော် ဦးတေဇကိုပင် ဥပဇ္ဈာယ်ပြုကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

ရဟန်း (၅၀) ဝါမြောက်တွင် ဒကွိဏာရာမ ဘုရားကြီးတိုက် ရွှေဘိုကျောင်းမှ ဆရာတော် အရှင် အာစရ၊ ဆရာတော် ဦးဥယျ၊ ဆရာတော် ဦးတေဇဝန္တ၊ ဆရာတော် ဦးနာဒရ တို့ထံတွင် အဘိဓမ္မာကျမ်းစာ၊ ညဝါနှင့် ကခ်ဝိတရဏီအဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ ဝိနည်းကျမ်းတို့ကိုပါ သင်ယူခဲ့လေသည်။ ပခုက္ကူတိုက်တွင် ဆရာတော် ဦးသာသနထံတွင်လည်း ဝိနည်း (၅) ကျမ်း၊ သုတ် (၃)ကျမ်းကို ဆိုဝါများအဖြစ် ပေါက်မြောက်အောင် သင်ယူခဲ့၏။

ထို့နောက် ၁၂၈၇-ခုနှစ်တွင် သာစည်မြို့ ရေလယ်ကျောင်းတိုက်ကြီးတွင် စာချဆရာတော် အဖြစ် ဝါ (၂၀)အထိ သင်ကြားပို့ချခဲ့၏။ ၁၂၉၉-ခုနှစ်တွင် အရှင်နန္ဒောဘာသ၊ ထူးတွင်းဆရာတော် များနှင့်အတူ သထုံဇေတဝန် ဆရာတော်ဘုရားကြီးထံတွင် ဝိပဿနာတရားကို (၂)နှစ်မျှ အားထုတ်တော်မူခဲ့လေသည်။

၁၃၀၃-ခုနှစ်တွင် မိမိဇာတိဌာနဖြစ်သော တဲစုဝန်းကျင်တွင် (၁၂)နှစ်ကြာမျှ တောရဆောက်တည်ရာ ဓုတင် (၁၃)ပါးနှင့်တကွ သတိပဋ္ဌာန်တရားကို စွဲမြဲစွာ အားထုတ်တော်မူခဲ့၏။ ၁၃၁၃-ခုနှစ်တွင် တောင်ပုလုဆည်တော်ကြီး ပေါ်ပေါက်လာခဲ့ရာ ဒကာများ စုပေါင်း၍ တဲကျောင်းဆောက်လုပ်ပြီး လှူဒါန်းခြင်းကို လက်ခံ၍ တရားအားထုတ်ခြင်းကြောင့် တောင်ပုလုဆရာတော်ဟု အရပ် လေးမျက်နှာသို့ ပျံ့နှံ့ကျော်ကြားခဲ့လေသည်။

၁၃၁၅-ခုနှစ်တွင် တောင်ပုလုတောင်ထိပ်

http://www.dhammadownload.com

တွင် ကမ္ဘာအေးစေတီကို အုတ်မြစ်ချပေးခြင်းနှင့် ထိုနှစ်တွင် တောင်ပုလုဆည်နှင့် ကမ္ဘာအေးစေတီ ထီးတော်တင်ခြင်းတို့ ပူးတွဲကျင်းပခြင်းကိုစွဲလျက် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး ဟု ထင်ပေါ်ကျော်စောခဲ့၏။

ဆရာတော်ဘုရားကြီးသည် အမေရိကန်၊ အိန္ဒိယ၊ အင်္ဂလန်၊ နီပေါ၊ ယိုးဒယား(ထိုင်း) နိုင်ငံများတွင် မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ပြန့်ပွားစေရန် သာသနာပြုခဲ့လေသည်။

၁၃၄၈ ခုနှစ်၊ ကဆုန်လကွယ်၊ စနေနေ့တွင် ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းရှိ တောင်ပုလုကျောင်းတိုက်တွင် ခန္ဓာဝန် ချတော်မူခဲ့လေသည်။

ထေရပုတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် တောင်ပုလုတောရ ကမ္ဘာအေးဆေးရာတော်ဘုရားကြီး၏ သြဝါဒတော်

(၁) သင်တို့တတွေ အသိအမှတ်ပြုနိုင်သမျှ
သံသရာပြတ်ကြောင်း ဝိဇ္ဇာချည်းပဲ၊

(၂) အသိအမှတ်မပြုသမျှ
သံသရာလည်ကြောင်း အဝိဇ္ဇာချည်းပဲမှတ်ကြ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ဇေယျတုသမ္ဖမင်္ဂလံ
နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ယောဂီသူမြတ် ပရိသတ်တို့၊ ဤသတ္တဝါသန်းရတွေဟာ အဘယ် အကြောင်းကြောင့် ဖြစ်နေတာလဲဆိုတော့ အဝိဇ္ဇာနှင့် တဏှာကြောင့် ဖြစ်နေတာလို့ ဘုရားရှင်က ဟောကြားတော်မူတယ်။ ဘယ်လို ဟောတော်မူပါသတုံးဆိုတော့–

ယာယစ ဘိက္ခဝေ အဝိဇ္ဇာယ နိဝုတဿ
ဗာလဿ ယာယစ တဏှာယ သံယုတ္တဿ
အယံ ကာယော သမုဒါဂတော –

လို့ ဟောတော်မူတယ်။

အနက်ကတော့–

ဘိက္ခဝေ၊ ရဟန်းတို့။ ယာယ အဝိဇ္ဇာယ၊ အကြင်ဝိဇ္ဇာသည်။ နိဝုတဿစ၊ ဖုံးလွှမ်းအပ်သည်လည်းဖြစ်သော။ ယာယတဏှာယ၊ အကြင် တဏှာနှင့်။ သံယုတ္တဿ စ၊ ယှဉ်သည်လည်းဖြစ်သော။ ဗာလဿ၊ လူမိုက်၏။ အယံကာယော၊ ဤကိုယ်ကောင်သည်။ သမုဒါဂတော၊ ဖြစ်၏–လို့ ဟောတော်မူတယ်။

ဤကိုယ်ကောင်ကြီးဟာ အဝိဇ္ဇာနှင့် တဏှာကြောင့် ဖြစ်နေတာတဲ့၊ အဲဒီတော့ အဝိဇ္ဇာမဖြစ်အောင် အရေးအကြီးဆုံးဖြစ်တယ်။ တဏှာဆိုတာကတော့ အဝိဇ္ဇာမှ မဖြစ်လို့ရှိလျှင် ဖြစ်ခွင့် မရနိုင်ဘူး။ အဘယ်ကြောင့်တုံးလို့ဆိုတော့ တဏှာ၏ မှီရာတည်ရာ ခြေကန်အဝိဇ္ဇာ မရှိသောကြောင့်ဘဲ။ တဏှာသည် ခြေကန်အဝိဇ္ဇာရှိလို့ရှိလျှင် ဘဝခန္ဓာကိုယ်ကို ရတော့တာပဲတဲ့။

ထို့ကြောင့် အဝိဇ္ဇုပလဒ္ဓိယာ၊ ခန္ဓော ဥပလဗ္ဘတိ–တဲ့။

အဝိဇ္ဇုပလဒ္ဓိယာ၊ အဝိဇ္ဇာကို ရလျှင်တော့ ခန္ဓာကိုယ်ကို ရတော့မှာတဲ့။

အဲဒီတော့ အဝိဇ္ဇာမဖြစ်အောင် ကြံဖို့ပဲ၊ ကြံနိုင်ပါ့မလား။

မဖြစ်သေးတဲ့ ကုသိုလ်တရားဖြစ်တာ၊ ဖြစ်ပြီးတဲ့ အကုသိုလ်တရား ပျက်စီးတာ တစ်ခုသော တရားကို ထား၍ ငါဘုရား ပညာ, မဲသ နှစ်ဝသော စကွဲဖြင့် ကြည့်ရှု၍ မမြင်။ ချစ်သားတို့– တစ်ခုသော တရားဟူသည် အဘယ်ပါနည်း။

နာဟံဘိက္ခဝေ အညံ ဧကဓမ္မမ္ပိ သမနုပဿာမိ၊
ယေနအနုပ္ပန္နာ ဝါ ကုသလာဓမ္မာ ဥပ္ပဇ္ဇန္တိ။
ဥပ္ပန္နာ ဝါ အကုသလာဓမ္မာ ပရိဟာယန္တိ၊
ယဒိဒံ ဘိက္ခဝေ သမ္ဖဿော။

http://www.dhammadownload.com

သမ္မာနသ ဘိက္ခဝေ အနုပ္ပန္နာစေဝ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊
ဥပ္ပန္နာစ၊ အကုသလာ ဓမ္မာ ပရိဟာယန္တိ။ ။

သမ္မာ ပဇာနာတီတိ သမ္မဇည် ဟူသော အဋ္ဌကထာ လာရှိသည်နှင့်အညီ လွယ်အောင် တစ်ပိုင်း တစ်စကစ၍ ဖြတ်ပြီး ဟောပြမယ်။

အသိတေ ပီတေ ခါယိတေ သာယိတေ သမ္မဇာနကာရီ ဟောတိ။

(အဓိပ္ပာယ်ကတော့) အသိတေ အရ- စား တာကို စားတယ် စားတယ်လို့ သိလျှင် ဝိဇ္ဇာ ဖြစ် တယ်။ (ဝိကြိုဟ်) ဝိဒတိ ဇာနာတီတိဝိဇ္ဇာ။ ဝိသေသန ဇာနာတီတိ ဝါ ဝိဇ္ဇာ။ စားတဲ့အခါတိုင်း စားတယ် စားတယ်လို့ အထူးသိတာကို ဝိဇ္ဇာလို့ခေါ်တယ်။ စားတာကို စားတယ် စားတယ်လို့ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။ (ဝိကြိုဟ်) နဝိဇာနာတီတိ အဝိဇ္ဇာ။ အဝိဇ္ဇာ ဝုစ္စတိ အညာဏံ။ စားတဲ့အခါ မသိတာကို အဝိဇ္ဇာလို့ ခေါ်တယ်။

ပီတေ-အရ သောက်တာကို ရေသောက် သောက်၊ လက်ဖက်ရည် သောက်သောက်၊ ဆေး သောက်သောက်၊ သောက်တာကို သောက်တယ် သောက်တယ်လို့သိလျှင် ဝိဇ္ဇာဖြစ်တယ်။ သောက် တော့ သောက်တာပဲ။ အသိမပါလျှင် အဝိဇ္ဇာ ဖြစ် တယ်။

ခါယိတေ-အရ အမြစ်ခဲဖွယ် ဥခဲဖွယ်၊ စသည်ကို ကိုက်, ကိုက်တယ်၊ ဝါး, ဝါးတယ်၊ စား, စားတယ်သိလျှင် အဝိဇ္ဇာ ဖြစ်တယ်။ ကိုက်တော့ ကိုက်တာပဲ၊ ဝါးတော့ ဝါးတာပဲ၊ စားတော့ စားတာပဲ၊ အသိမပါလျှင် အဝိဇ္ဇာ ဖြစ်တယ်။

သာယိတေ-အရ ပျားတင်လဲ စသည် လျက် သောအခါ လျက်တယ် လျက်တယ်လို့ သိလျှင် ဝိဇ္ဇာ ဖြစ်တယ်။ လျက်တော့ လျက်တာပဲ၊ အသိမပါလျှင် အဝိဇ္ဇာ ဖြစ်တယ်။

ဥစ္စာရ ပဿာဝ ကမ္မေ သမ္မဇာနကာရီ ဟောတိ-အရ

ကျင်ကြီးကျင်ငယ်စွန့်တဲ့အခါ စွန့်တာကို စွန့်တယ်, စွန့်တယ်လို့ သိလျှင် ဝိဇ္ဇာဖြစ်တယ်။ စွန့်တော့ စွန့်နေတာပဲ၊ အသိမပါလျှင် အဝိဇ္ဇာ ဖြစ် တယ်။

ဂတေ ဋ္ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ၊ ဘာသိတေ တုဏှီဘာဝေ သမ္မဇာနကာရီ ဟောတိ။

ဂတေ-အရ သွားတာကို သွားတယ်, သွား တယ်လို့ သိလျှင် ဝိဇ္ဇာဖြစ်တယ်။ သွားတော့ သွား တာပဲ။ အသိမပါလျှင် အဝိဇ္ဇာ ဖြစ်တယ်။

ဋ္ဌိတေ-အရ ရပ်တာကို ရပ်တယ်, ရပ်တယ် လို့ သိလျှင် ဝိဇ္ဇာဖြစ်တယ်။ ရပ်တော့ ရပ်တာပဲ၊ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

နိသိန္နေ-အရ ထိုင်တာကို ထိုင်တယ်, ထိုင် တယ်လို့သိလျှင် ဝိဇ္ဇာဖြစ်တယ်။ ထိုင်တော့ ထိုင် တာပဲ၊ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

သုတ္တေ-အရ အိပ်တာကို အိပ်တယ်, အိပ် တယ်လို့သိလျှင် ဝိဇ္ဇာ ဖြစ်တယ်။ အိပ်တော့ အိပ် တာပဲ၊ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။

ဇာဂရိတေ အရ- အိပ်ရာကနိုးတာကို နိုး တယ်, နိုးတယ်လို့သိလျှင် ဝိဇ္ဇာဖြစ်တယ်။ နိုးတော့ နိုးတာပဲ၊ အသိမပါလျှင် အဝိဇ္ဇာ ဖြစ်တယ်။

ဘာသိတေ-အရ စကားပြောတာကို ပြော တယ်, ပြောတယ်လို့ သိလျှင် ဝိဇ္ဇာ ဖြစ်တယ်။ ပြော တော့ ပြောတာပဲ၊ အသိမပါလျှင် အဝိဇ္ဇာ ဖြစ်တယ်။

တုဏှီဘာဝေ-အရ ဆိတ်ဆိတ်နေတာကို, ဆိတ်ဆိတ်တော့ နေတာပဲ၊ အသိမပါလျှင် အဝိဇ္ဇာ ဖြစ်တယ်။

သိသည်ရှိသော် ဝိဇ္ဇာဖြစ်၏။ မသိလို့ရှိရင် ဘာဖြစ်ပါမတုံး၊ (မသိလို့ရှိရင် အဝိဇ္ဇာဖြစ်ပါတယ် ဘုရား)။ အဲ... ဟုတ်ပြီ၊ မင်းပြောတာ မှန်တယ်၊

http://www.dhammadownload.com

ဘာကြောင့်တုံးဆိုတော့ အဝိဇ္ဇာ ဝုစ္စတိ အညာဏံ ဆိုသောကြောင့် မင်းပြောတာမှန်တယ်။ အညာဏံ၊ မသိတာကို။ အဝိဇ္ဇာ၊ အဝိဇ္ဇာ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏တဲ့ မောင်ရေ။ မှန်လိုက်တာ၊ အဝိဇ္ဇာရယ်၊ မောဟရယ်၊ မသိတာရယ် အတူတူပဲ။ ဝိဇ္ဇာရယ်၊ အမောဟရယ်၊ သိတာရယ် အတူတူပဲ။ မသိတော့ ဘာဖြစ်သေးတုံးကွယ်၊ (မသိတော့ မသိတာဘဲ၊ ဘာမှ မဖြစ်ဘူး ဘုရား)၊ (ဟင်း) ချော်ပြီဟော့၊ မသိရင် အဝိဇ္ဇာမဖြစ်ဘူးလား။ (ဖြစ်ပါတယ်ဘုရား။)

အဲ... အဝိဇ္ဇာဖြစ်လို့ရှိရင်တော့ သခါရ ဝိညာဏ် နာမ်-ရုပ်စသော ပဋိစ္စသမုပ္ပဒ်လည်၍ သံသရာရှည်မည်၊ သိသော် ဝိဇ္ဇာဖြစ်၏။ ဝိဇ္ဇာဖြစ်သည် ရှိသော် အဝိဇ္ဇာမဖြစ်။ အဝိဇ္ဇာချုပ်၏။ အဝိဇ္ဇာချုပ်သည်ရှိသော် သခါရ, ဝိညာဏ်, နာမ်-ရုပ်စသော ပဋိစ္စသမုပ္ပဒ်ပြတ်၍ သံသရာရပ်ပြီ၊ မလည်တော့ပြီ။

ဤသတ္တဝါ သခါရတွေဟာ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သခါရ ဟူသော အကျိုးတရား သတ္တဝါတွေဖြစ်ကြောင်းကို ဘုရားရှင်သည် ဤသို့ ဟောတော်မူ၏။

ဣတိ ဣမသ္မိံ သတိ၊ ဣမဿ ဥပ္ပာဒါ ဣဒံ ဥပ္ပဇ္ဇတိ။

ဣတိ ဣမသ္မိံ အသတိ၊ ဣဒံ န ဟောတိ။

ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတီတိ- လို့ ဟောတော်မူ၏။

ဣတိ ဣမသ္မိံ၊ ဤ အဝိဇ္ဇာ ဟူသော အကြောင်းသည်။ သတိ၊ ရှိလတ်သော်။ ဣဒံ၊ ဤသခါရဟူသော အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ဣမဿ၊ ဤအဝိဇ္ဇာဟူသော အကြောင်း၏။ ဥပ္ပာဒါ၊ ဖြစ်ခြင်းကြောင့်။ ဣဒံ၊ ဤသခါရဟူသော အကျိုးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ ဣမသ္မိံ၊ ဤအဝိဇ္ဇာဟူသော အကြောင်းသည်။ အသတိ၊ မရှိလတ်သော်။ ဣဒံ၊ ဤသခါရဟူသော အကျိုးသည်။ နဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ့်ကြောင့်။ ဣမဿ၊ ဤအဝိဇ္ဇာဟူသော အကြောင်း၏။ နိရောဓာ၊ ချုပ်ခြင်းကြောင့်။ ဣဒံ၊ ဤသခါရဟူသော အကျိုးသည်။ နိရုဇ္ဈတိ၊ ချုပ်၏-တဲ့။

အကျဉ်းအားဖြင့် ကိုယ့်ဖြင့် ပြုတဲ့အမှု၊ နှုတ်ဖြင့်ပြုတဲ့အမှု၊ စိတ်ဖြင့်ပြုတဲ့အမှု အားလုံးကို အသိအမှတ်ပြုရမှာချည်းပဲ။ ဒါကြောင့် -

သဗ္ဗံ ဘိက္ခဝေ အဘိညေယ္ယံ- လို့ ဟောတော်မူပါတယ်။

အနက်ကတော့-

ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗံ၊ အလုံးစုံကို။ အဘိညေယ္ယံ၊ သိအပ်၏-တဲ့။ ဘုရားရှင်ကတော့ ဝိဇ္ဇာဖြစ်စေချင်လို့ ဟောတော်မူတာပဲ။

အဝိဇ္ဇာသမုဒယာ သခါရ သမုဒယော။

အဝိဇ္ဇာနိရောဓာ သခါရ နိရောဓော- တဲ့။

အဝိဇ္ဇာသမုဒယာ၊အဝိဇ္ဇာဟူသော အကြောင်းရှိသည်ဖြစ်သော်။ သခါရ- သမုဒယော၊ သခါရဟူသော အကျိုးသည် ဖြစ်၏။ အဝိဇ္ဇာ နိရောဓာ၊ အဝိဇ္ဇာ ဟူသော အကြောင်းချုပ်သည် ရှိသော်။ သခါရနိရောဓော၊ သခါရဟူသော အကျိုးတရားသည် ချုပ်၏။

အကြောင်းနှင့် အကျိုးဆိုတာ ကွဲခဲတယ်။ အကြောင်းနှင့်အကျိုး ကွဲအောင် လွယ်လွယ်နှင့် မှတ်ပုံ...

(ဥပမာ...) သစ်ပင်နှင့် အရိပ်ကဲ့သို့ မှတ်လေ။ သစ်ပင်နှင့် အရိပ်မှာ သစ်ပင်က အရင်ဖြစ်လို့ (အကြောင်း) အရိပ်က နောက်မှဖြစ်လို့ (အကျိုး)။

ဒါကြောင့် သစ်ပင်က(အကြောင်း)၊ အရိပ်က (အကျိုး) ဖြစ်သကဲ့သို့ ထို့အတူ အဝိဇ္ဇာနှင့် သခါရဟာ အဝိဇ္ဇာက (အကြောင်း)၊ သခါရက (အကျိုး)၊ အဝိဇ္ဇာဟူသော အကြောင်းမရှိခဲ့သော် သခါရဟူသော အကျိုးမရှိနိုင်။ သစ်ပင်မရှိလျှင် အရိပ်မရှိ၊ သစ်ပင်ရှိလျှင် အရိပ်ရှိ၏။

ဒါကြောင့် ဘုရားရှင်က အဝိဇ္ဇာသမုဒယာ

http://www.dhammadownload.com

သခ်ါရသမုဒယော။

အဝိဇ္ဇာနိရောဓာ သခ်ါရနိရောေဓာ- လို့ ဟောတော်မူတယ်။

အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာ ဖြစ်သည် ရှိသော်။ သခ်ါရ သမုဒယော၊ သခ်ါရဖြစ်၏။ အဝိဇ္ဇာနိရောဓာ၊ အဝိဇ္ဇာချုပ်သည်ရှိသော်။ သခ်ါရနိရောဓော၊ သခ်ါရ ချုပ်၏။ သခ်ါရချုပ်တယ်ဆိုတာက တိမ်တိမ်ကလေး မတွေးနဲ့၊ နက်နက်ပဲ တွေးပါ၊ ဘဝတစ်ခု ချုပ်ပြီ၊ ပြုတ်ပြီ၊ ပြတ်ပြီ၊ ရပ်ပြီဆိုတာ မှတ်ပါ။

ဘာကြောင့်တုံးလို့ဆိုတော့ အဝိဇ္ဇာမဖြစ်လို့ ဘဲ မှတ်ပါ။ အဝိဇ္ဇာ ဖြစ်ရင်တော့ သခ်ါရဖြစ်၏ဟု ဆိုအပ်သော ဘဝခန္ဓာကိုယ်ကို မုချမလွဲ အမြဲရတော့ မှာပဲ၊ အဘယ့်ကြောင့်ဆိုသော်-

အဝိဇ္ဇူပလဒ္ဓိယာ ခန္ဓော ဥပလဒ္ဓတိ- ဟု မိန့်တော်မူသောကြောင့်တည်း။

အဝိဇ္ဇူပလဒ္ဓိယာ၊ အဝိဇ္ဇာကို ရသည်ရှိသော်။ ခန္ဓော၊ ခန္ဓာကိုယ်ကို။ ဥပလဒ္ဓတိ၊ ရအပ်၏။

အဲဒါကြောင့် အဝိဇ္ဇာဖြစ်အောင် သူ့ဒွါရနှင့် သူ့အာရုံကြိုတိုင်း ကြိုတိုင်း မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ ထိတာ၊ သိတာကို မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်း၊ မြင်ကာမတ္တကလေး မြင်တယ်, မြင်တယ်လို့ အသိအမှတ်ပြုပါ။ ကြားကာမတ္တကလေး ကြားတယ်, ကြားတယ်လို့ အသိအမှတ်ပြုပါ။ နံကာမတ္တကလေး နံတယ်, နံတယ်လို့ အသိအမှတ်ပြုပါ။ စားကာမတ္တကလေး စားတယ်, စားတယ်လို့ အသိအမှတ်ပြုပါ။ ထိကာမတ္တလေး ထိတယ်, ထိတယ်လို့ အသိအမှတ်ပြုပါ။ သိကာမတ္တကလေး သိတယ်, သိတယ်လို့ အသိအမှတ်ပြုရမယ်တဲ့။ ဒါကြောင့်...

ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ စသော ဒေသနာတော်နှင့်အညီ ပွားများအားထုတ်ကြပါလေ။

ဒီမှတစ်ပါး မိမိပြုလုပ်နေသမျှ ရှုမှတ်ပုံများမှာ စားတာ၊ သောက်တာ၊ ခဲတာ၊ လျက်တာ၊ အိပ်တာ၊ နိုးတာ၊ စကားပြောတာ၊ ဆိတ်ဆိတ်နေတာ၊ ရှူတာ၊ ရှိုက်တာ၊ ထွက်လေ ထွက်တာ၊ ဝင်လေ ဝင်တာ၊ ပိန်တာ ဖောင်းတာ၊ ပူတာ အေးတာ၊ ပျော့တာ မာတာ၊ နုတာ ကြမ်းတာ၊ ချမ်းသာတာ၊ ဆင်းရဲ တာ၊ လောဘဖြစ်တာ၊ ဒေါသဖြစ်တာ၊ မောဟဖြစ်တာ၊ မာနဖြစ်တာ၊ ဣဿာ ဖြစ်တာ၊ မစ္ဆရိယဖြစ်တာ၊ ကောဓဖြစ်တာ၊ ဥပနာဟဖြစ်တာ၊ ထမ္ဘဖြစ်တာ၊ သာရမ္ဘဖြစ်တာ၊ သောကဖြစ်တာ၊ ပရိဒေဝဖြစ်တာ၊ ဒုက္ခဖြစ်တာ၊ ဒေါမနဿ ဖြစ်တာ၊ ဒီမှ တစ်ပါး များစွာသော အဖြစ်ဟူသသရွေ့တို့ကို အသိအမှတ်ပြုနိုင်သမျှ ဝိဇ္ဇာချည်း ဖြစ်တယ်။

ဝိဇ္ဇာဖြစ်ရင် အဝိဇ္ဇာချုပ်တယ်။ အဝိဇ္ဇာချုပ်ရင် ဘဝမရတော့ဘူး၊ ဘဝပြုတ်ပြီ၊ ပြတ်ပြီလို့မှတ်။

ဘာကြောင့်တုံးလို့ဆိုတော့

အဝိဇ္ဇာနိရောဓေနေဝ

သခ်ါရနိရောဓော နာ အည်ထ္ထာ- တဲ့။

အဓိပ္ပာယ်ကတော့-

တစ်ပါးသော အကြောင်းကြောင့် သခ်ါရ မချုပ်နိုင်၊ အဝိဇ္ဇာချုပ်မှသာလျှင် သခ်ါရချုပ်၏ဟု မှတ်။ အဘယ့်ကြောင့်နည်း၊ အဝိဇ္ဇူပလဒ္ဓိယာ ခန္ဓော ဥပလဒ္ဓတိဟု မိန့်ဆိုသောကြောင့်ပဲ၊ အလုံးစုံသော အကုသိုလ်ဟူသရွေ့တို့သည် အဝိဇ္ဇာရှေ့ဆောင် ရှေ့သွား ပြဋ္ဌာန်းသော တရားတို့ပေတည်း။

ထို့ကြောင့်-

အဝိဇ္ဇာ ဘိက္ခဝေ ပုဗ္ဗင်္ဂမာ အကုသလာနံ

ဓမ္မာနံ သမာပတ္တိယာ-ဟု ဟောတော်မူ၏။

အနက်ကတော့-

ဘိက္ခဝေ၊ ရဟန်းတို့။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့သို့။ သမာပတ္တိယာ၊ ရောက်ခြင်းငှာ။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပုဗ္ဗင်္ဂမာ၊ ရှေ့သွားတည်း။ အလုံးစုံသော ကိလေသာ

http://www.dhammadownload.com

တို့၏ အမြစ်အရင်းဖြစ်တဲ့ အဝိဇ္ဇာကို ဖြတ်သည်ရှိသော် ကိလေသာ ဟူဟူသရွေ့ ဘယ်ကိလေသာမျှ မရှိတော့ဘူး။ အဘယ့်ကြောင့်ဆိုသော် -

ကိလေသာနံ မူလဘူတာယ အဝိဇ္ဇာယ ဆိန္နာယ၊

သဗ္ဗ ကိလေသာ သမုဋ္ဌါတံ ဂစ္ဆန္တိ-ဟု မိန့်ဆိုတော်မူသောကြောင့်တည်း။

အနက်ကတော့-

ဘိက္ခဝေ၊ ရဟန်းတို့။ ကိလေသာနံ၊ ကိလေသာတို့၏။ မူလဘူတာယ၊ အမြစ်အရင်းဖြစ်၍ ဖြစ်သော။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ ဆိန္နာယ၊ ဖြတ်သည် ရှိသော်။ သဗ္ဗ ကိလေသာ၊ အလုံးစုံသော ကိလေသာတို့သည်။ သမုဋ္ဌါတံ၊ ကောင်းစွာပယ်ခွာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

အဲဒီတော့ အမြစ်အရင်းဖြစ်တဲ့ အဝိဇ္ဇာကို ဘာနဲ့ဖြတ်ပါ့မတုံး၊ အသိအမှတ်နဲ့ ဖြတ်ရမယ်၊ အသိအမှတ်ဟာ အဝိဇ္ဇာပါပဲ၊ ဝိဇ္ဇာဖြစ်လို့ရှိရင် အဝိဇ္ဇာ မဖြစ်နိုင်ပါ။

ထို့ကြောင့် ဝိဇ္ဇုပ္ပါဒါ အဝိဇ္ဇာယ ပဟာနံ ဝေဒိတဗ္ဗံ- တဲ့။

အနက်ကတော့-

ဝိဇ္ဇုပ္ပါဒါ၊ ဝိဇ္ဇာဖြစ်သည်ရှိသော်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ ပဟာနံ၊ ပယ်အပ်ပြီးသည်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏-တဲ့။ ဝိဇ္ဇာဖြစ်လို့ရှိရင် အဝိဇ္ဇာပယ်ပြီးသားဆိုတာ သိပါ။ အဝိဇ္ဇာပယ်ပြီးလို့ရှိရင် ကိလေသာ ဟူဟူသရွေ့ ဘယ်ကိလေသာမျှ မဖြစ်နိုင်ပါ။ ကိလေသာမရှိလို့ ကိလေသာ မဖြစ်ရင် ဘဝပဋိသန္ဓေအကျိုးကို မပေးနိုင်တော့ပါ။ အဘယ့်ကြောင့် ဆိုသော် -

ကိလေသာဘာဝေ ကမ္မံ အပွဋိသန္ဓိကံ ဟောတိ-ဟု မိန့်ဆိုသောကြောင့်တည်း။ ။

အနက်ကတော့-

ကိလေသာဘာဝေ ကမ္မံ၊ ကိလေသာ မပါမရှိသော ကံသည်။ အပွဋိ သန္ဓိကံ၊ ဘဝပဋိသန္ဓေအကျိုးကို မပေးသည်။ ဟောတိ၊ ဖြစ်၏-တဲ့ ။

အထူးသိဖို့ရာကတော့

ကိလေသာ မပါမရှိသော ကံဆိုတာဟာ ကုသိုလ်ကံကို ဆိုတယ်၊ ကုသိုလ်ကံဆိုတာ ဘဝသစ်ကို မဖြစ်စေတတ်ဘူး။ ဘဝကို ချုပ်ငြိမ်းစေ တတ်တယ်။ ကိလေသာ မပါမရှိပေ။ အကုသိုလ်ကံသည် သာလျှင် ဘဝသစ်ကို ဖြစ်စေတတ်၏။ ဒါပေမဲ့ အကုသိုလ်ဟူသမျှလည်းပဲ အကုန်လုံး ဘဝကို ဖြစ်စေတတ်သည် မဟုတ်ပေ။ တဏှာသည်သာလျှင် ဘဝသစ်ကို ဖြစ်စေတတ်၏-တဲ့။ ။

ထို့ကြောင့် -

အကုသလာ ဓမ္မာတိ ဒွါဒသ စိတ္တုပ္ပါဒါ ဓမ္မာ တဏှာယေဝ ဝါ

ဝိသေသေနဟိ ပုန ဘဝ ကရဏတော ပေါနောဘဝိကာ တိ ဝုတ္တံ- တဲ့။

အနက်ကတော့-

အကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာဟူသည်ကား။ ဒွါဒသ စိတ္တုပ္ပာ ဒါဓမ္မာ၊ တစ်ဆယ့်နှစ်ပါးသော စိတ္တုပ္ပာဒ် တရားတို့တွင်။ တဏှာယေဝ ဝါ၊ တဏှာသည်သာလျှင်။ ဝိသေသေန၊ အထူးသဖြင့်။ အကုသလာဓမ္မာ၊ အကုသိုလ်တရား မည်ကုန်၏။ ဟိသစ္ဒံ၊ မှန်၏။ သာတဏှာ၊ ထိုတဏှာသည်။ ပုနဘဝကရဏတော၊ တစ်ဖန် ဘဝသစ်ကို ပြုတတ်သည်၏ အဖြစ် ကြောင့်။ ပေါနောဘဝိကာတိ၊ ပေါနောဘဝိကာဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ ၊ ဟောတော်မူအပ်၏-တဲ့။ တဏှာသည်သာလျှင် အကုသိုလ်အစစ်အမှန်ဖြစ်၍ ဘဝသစ်ကို ဖြစ်စေတတ်တယ်။ လိုရင်း တိုတိုကျဉ်းကျဉ်း အဓိပ္ပာယ်ကတော့ တပ်မက် နှစ်သက်လို့ စေ့ဆော်အားထုတ်တတ်တဲ့ စေတနာကို ကံလို့ခေါ်တယ်။

ဒါကြောင့် - စေတနာဟံ ဘိက္ခဝေ ကမ္မံ

http://www.dhammadownload.com

ဝဒါမိ၊ စေဟတယိတ္ထာ ကမ္မံ ကရောဟိ၊ ကာယေန ဝါစာယ မနသာလို့ ဟောတော်မူတယ်။ ဒါကြောင့် **ဧကာ စေတနာ ဧက ပဋိသန္ဓိ ဒေတိ**–တဲ့။

အဓိပ္ပာယ်ကတော့–

ဒီလို ဘဝပဋိသန္ဓေအကျိုး မပေးနိုင်အောင် ဟာ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌ ပြုတိုင်း ပြုတိုင်း အသိအမှတ်ပြုကာ စေတနာပါပါနှင့် တစ်ကြိမ်မှတ်လျှင် ဘဝတစ်ခု ပြုတ်တယ်လို့မှတ်။ နောက်က ပြောခဲ့တဲ့ ကိလေသာ မပါရှိသော ကံဆို တာဟာ ဘာဝနာကုသိုလ်ကံကိုသာ ဆိုသည် မဟုတ် သေးဘူး၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ ကုသိုလ် စသည်တို့ကို သံသရာရှည်သည်ဟု အယူ အဆ မလွဲကြဖို့ရာ သတိထားရန်အချက်တော့ ဒါန ကုသိုလ်၊ သီလကုသိုလ်တို့သည် သံသရာ မရှည် ကြောင်းကို အမြွက်မျှ ထုတ်ပြဦးမယ်။

ဘုရားရှင် ဟောတော်မူပုံ

တီဏိမာနိ ဘိက္ခဝေ အကုသလမူလာနိ၊ ကတမာနိ တီဏိ၊ လောဘော အကုသလ မူလံ၊ ဒေါသော အကုသလမူလံ၊ မောဟော အကုသလ မူလံ၊ ဣမာနိခေါ ဘိက္ခဝေ တီဏိ၊ အကုသလ မူလာနိ–တဲ့။

ဒါနကုသိုလ် မူလတရား (၃)ပါး

တီဏိမာနိ ဘိက္ခဝေ ကုသလမူလာနိ၊ ကတမာနိ တီဏိ၊ အလောဘော ကုသလ မူလံ၊ အဒေါသော ကုသလမူလံ၊ အမောဟောအကု သလ မူလံ၊ ဣမာနိခေါ ဘိက္ခဝေ တီဏိ ကုသလ မူလာနိ–တဲ့။ ဒါက ကုသိုလ်မူလတရား သုံးပါး ပဲမှတ်။

အဓိပ္ပာယ်

၁။ လောဘ၊ ဒေါသ၊ မောဟ၊ ဤသုံးပါးသည် အကုသိုလ်မူလတရား သုံးပါးဟုမှတ်။

၂။ အလောဘ၊ အဒေါသ၊ အမောဟ ဤသုံးပါး သည် ကုသိုလ်မူလတရားသုံးပါးဟုမှတ်။

၁။ အကုသိုလ်မူလတရား သုံးပါးသည် ကံကို ဖြစ်စေတတ်၏။ ကံကို မချုပ်စေတတ်ဘူး။

၂။ ကုသိုလ် မူလတရား သုံးပါးသည် ကံကို ချုပ်စေတတ်၏။ ကံကို မဖြစ်စေတတ်ပုံကို ဟောတော်မူ၏။

ထို့ကြောင့် –

ယံ ဘိက္ခဝေ လောဘပကတံ ကမ္မံ လောဘဇံ၊ လောဘနိဒါနံ၊ လောဘသမုဒယံ၊ တံ ကမ္မံ အကုသလံ၊ တံ ကမ္မံ သာဝဇ္ဇံ၊ တံ ကမ္မံ ဒုက္ခ ဝိပါကံ၊ တံ ကမ္မံ ကမ္မသမုဒယာယ သံဝတ္တတိ နတံ ကမ္မံ ကမ္မနိရောဓာယ သံဝတ္တတိ။

ဒေါသ၊ မောဟ နည်းတူမှတ်လေ။

အနက် – ဘိက္ခဝေ၊ ရဟန်းတို့။ လောဘပကတံ၊ လောဘသည် ပြုအပ်သော။ လောဘဇံ၊ လောဘ ကြောင့်ဖြစ်သော။ လောဘနိဒါနံ၊ လောဘလျှင် အကြောင်းရင်းရှိသော။ လောဘသမုဒယံ၊ လောဘ လျှင် ဖြစ်ကြောင်းရှိသော။ ယံ ကမ္မံ၊ အကြင် ဝဋ်ဆင်းရဲသို့ ရောက်စေတတ်သော ကံသည်။ အတ္ထိ၊ ရှိ၏။ တံ ကမ္မံ၊ ထိုဝဋ်ဆင်းရဲသို့ ရောက်စေတတ် သော ကံသည်။ ဒုက္ခဝိပါကံ၊ မကောင်းသော အကျိုး ကို ပေး၏။ တံ ကမ္မံ၊ ထိုဝဋ်ဆင်းရဲသို့ ရောက်စေ တတ်သော ကံသည်။ကမ္မံ သမုဒယာယ၊ ကံဖြစ်ခြင်း ငှာ။ သံဝတ္တ တိ၊ ဖြစ်၏။ တံ ကမ္မံ၊ ထိုကံသည်။ ကမ္မနိရောဓာယ၊ ကံချုပ်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ တံ ကမ္မံ၊ ထိုကံသည်။ ကမ္မနိရောဓာယ၊ ကံချုပ်ခြင်း ငှာ။ နံ သံဝတ္တတိ၊ မဖြစ်။

(ဒေါသ၊ မောဟတို့ကို နည်းတူ အနက်ပေး လေ။ ဤကား ကံကိုသာ ဖြစ်စေတတ်၍ ကံကို မချုပ်စေတတ်ပုံတည်း။)

http://www.dhammadownload.com

ကဲ့ကို ချုပ်စေတတ်ပုံ သာဓက

ယံ ဘိက္ခဝေ အလောဘ ပကတံ ကမ္မံ၊ အလောဘဇံ၊

အလောဘနိဒါနံ၊ အလောဘ သမုဒယံ၊ တံ ကမ္မံ ကုသလံ။

တံ ကမ္မံ အနဝဇ္ဇံ၊ တံ ကမ္မံ သုခဝိပါကံ တံကမ္မံ ကမ္မ၊

နိရောဓာယ သံဝတ္တတိ၊ နု တံ ကမ္မံ ကမ္မ သမုဒယာယ

သံဝတ္တတိ–လို့ ဟောတော်မူတယ်။

အနက်ကတော့–

ဘိက္ခဝေ၊ ရဟန်းတို့။ အလောဘ ပကတံ၊ အလောဘသည် ပြုအပ်သော။ အလောဘဇံ၊ အလောဘကြောင့်ဖြစ်သော။ အလောဘနိဒါနံ၊ အလောဘလျှင် အကြောင်းရင်းရှိသော။ ယံကမ္မံ၊ အကြင် ဝဋ်ဆင်းရဲ ကင်းရာနိဗ္ဗာန်သို့ ရောက်စေတတ်သောကံသည်။ အတ္ထိ၊ ရှိ၏။ တံကမ္မံ၊ ထိုဝဋ်ဆင်းရဲ ကင်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ကံသည်။ ကုသလံ၊ ကုသိုလ်ကံမည်၏။ တံ ကမ္မံ၊ ထိုကံသည်။ အနဝဇ္ဇံ၊ အပြစ်မရှိ။ တံ ကမ္မံ၊ ထိုကံသည်။ ကမ္မ နိရောဓာယ၊ ကံချုပ်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ တံကမ္မံ၊ ထိုကံသည်။ ကမ္မသမုဒယာယ၊ ကံဖြစ်ခြင်းငှာ။ နု သံဝတ္တတိ၊ မဖြစ်ဟု ဟောတော်မူတယ်။

မိမိသန္တာန်၌ ကိလေသာ ဖြစ်ပုံ-မဖြစ်ပုံ ဤလက်ဘဲဖြင့် သိပါ။

၁။ မျက်စိ၌ ကိလေသာဖြစ်ပုံ

(က) မြင်ချင်တာကို၊ မြင်ရတာ၊ လောဘ ဖြစ်သည်သာ။

(ခ) မမြင်ချင်တာကို၊ မြင်ရတာ၊ ဒေါသ ဖြစ်သည်သာ။

(ဂ) မြင်ချင်တာကို၊ မသိတာ၊ မောဟ ဖြစ်သည်သာ။

(ဃ) မမြင်ချင်တာကို၊ မသိတာ၊ မောဟ ဖြစ်သည်သာ။

မျက်စိမှာ ကိလေသာပယ်ပုံ

(င) မြင်ချင်တာကို၊ သိသောခါ၊ ဝိဇ္ဇာ ဖြစ်သည်သာ။

(စ) မမြင်ချင်တာကို၊ သိသောခါ၊ ဝိဇ္ဇာ ဖြစ်သည်သာ။

၂။ နား၌ ကိလေသာဖြစ်ပုံ

(က) ကြားချင်တာကို၊ ကြားရတာ၊ လောဘ ဖြစ်သည်သာ။

(ခ) မကြားချင်တာကို၊ ကြားရတာ၊ ဒေါသ ဖြစ်သည်သာ။

(ဂ) ကြားချင်တာကို၊ မသိတာ၊ မောဟ ဖြစ်သည်သာ၊

(ဃ) မကြားချင်တာကို၊ မသိတာ၊ မောဟ ဖြစ်သည်သာ။

နားမှာ ကိလေသာပယ်ပုံ

(င) ကြားချင်တာကို၊ သိသောခါ၊ ဝိဇ္ဇာ ဖြစ်သည်သာ။

(စ) မကြားချင်တာ၊ သိသောခါ၊ ဝိဇ္ဇာ ဖြစ်သည်သာ။

၃။ နာခေါင်း၌ ကိလေသာဖြစ်ပုံ

(က) နံချင်တာကို၊ နံရတာ၊ လောဘဖြစ်သည်သာ။

(ခ) မနံချင်တာကို၊ နံရတာ၊ ဒေါသဖြစ်သည်သာ။

(ဂ) နံချင်တာကို၊ မသိတာ၊ မောဟဖြစ်သည်သာ။

(ဃ) မနံချင်တာ၊ မသိတာ၊ မောဟဖြစ်သည်သာ။

နာခေါင်းမှာ ကိလေသာပယ်ပုံ

(င) နံချင်တာကို၊ သိသောခါ၊ ဝိဇ္ဇာ ဖြစ်သည်သာ။

(စ) မနံချင်တာကို၊ သိသောခါ၊ ဝိဇ္ဇာ ဖြစ်သည်သာ။

http://www.dhammadownload.com

၄။ လျှာဠ် ကိလေသာဖြစ်ပုံ

(က) စားချင်တာ၊ စားရတာ၊ လောဘ ဖြစ်သည်သာ။

(ခ) မစားချင်တာ၊ စားရတာ၊ ဒေါသ ဖြစ်သည်သာ။

(ဂ) စားချင်တာကို၊ မသိတာ၊ မောဟ ဖြစ်သည်သာ။

(ဃ) မစားချင်တာကို၊ မသိတာ၊ မောဟ ဖြစ်သည်သာ။

လျှာမှာ ကိလေသာပယ်ပုံ

(င) စားချင်တာကို၊ သိသောခါ၊ ဝိဇ္ဇာ ဖြစ်သည်သာ။

(စ) မစားချင်တာကို၊ သိသောခါ၊ ဝိဇ္ဇာ ဖြစ်သည်သာ။

၅။ ကိုယ်ဠ် ကိလေသာဖြစ်ပုံ

(က) ထိချင်တာကို၊ ထိရတာ၊ လောဘ ဖြစ်သည်သာ။

(ခ) မထိချင်တာ၊ ထိရတာ၊ ဒေါသဖြစ်သည်သာ။

(ဂ) ထိချင်တာကို၊ မသိတာ၊ မောဟ ဖြစ်သည်သာ။

(ဃ) မထိချင်တာ၊ မသိတာ၊ မောဟ ဖြစ်သည်သာ။

ကိုယ်မှာ ကိလေသာပယ်ပုံ

(င) ထိချင်တာကို၊ သိသောခါ၊ ဝိဇ္ဇာ ဖြစ်သည်သာ။

(စ) မထိချင်တာကို၊ သိသောခါ၊ ဝိဇ္ဇာ ဖြစ်သည်သာ။

၆။ စိတ်ဠ် ကိလေသာဖြစ်ပုံ

(က) သိချင်တာကို၊ သိရတာ၊ လောဘ ဖြစ်သည်သာ။

(ခ) မသိချင်တာ၊ သိရတာ၊ ဒေါသဖြစ်သည်သာ။

(ဂ) သိချင်တာကို၊ မသိတာ၊ မောဟ ဖြစ်သည်သာ။

(ဃ) မသိချင်တာ၊ မသိတာ၊ မောဟ ဖြစ်သည်သာ။

စိတ်မှာ ကိလေသာပယ်ပုံ

(င) သိချင်တာကို၊ သိသောခါ၊ ဝိဇ္ဇာ ဖြစ်သည်သာ။

(စ) မသိချင်တာ၊ သိသောခါ၊ ဝိဇ္ဇာဖြစ်သည်သာ။

သတိပြု။ ။

သွားရင်း၊ ရပ်ရင်း၊ ထိုင်ရင်း၊ လျောင်းရင်း စသော အရာရာ ပြုတာ ဟူသရွေ့ ဤနည်းမှတ်လေ။ ကိုယ်ဖြင့် ပြုတဲ့အမှု၊ နှုတ်ဖြင့်ပြုတဲ့အမှု၊ ပြုသင့်ပြုထိုက်တဲ့ ကိစ္စဟူသရွေ့ အမှုကိစ္စချည်းပဲမှတ်လေ။ ဒါကြောင့် ရှေးသူတော်ကောင်းများ မှာကြား၍ ထားခဲ့သော စကားအစဉ်ဟာ ယခုတိုင်ရှိသေး၏။ မှာကြားပုံမှာ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် အမှုမဲ့အမှတ်မဲ့ မနေကြနဲ့လို့ ဆုံးမခဲ့တယ်။ အမှတ်ကတော့ မမဲ့ပါဘူး၊ ပြုပြုသမျှတွေဟာ အမှုချည်းပဲ၊ အမှတ်ကတော့ လုံးဝ မပါကြဘူး။ သင်တို့တစ်တွေ အသိအမှတ် ပြုနိုင်သမျှ သံသရာပြတ်ကြောင်း ဝိဇ္ဇာချည်းပဲ၊ အသိအမှတ်မပြုသမျှ သံသရာလည်ကြောင်း အဝိဇ္ဇာချည်းပဲ မှတ်ကြ။ ထို့ကြောင့်-

မသိဝိဇ္ဇာ၊ သိဝိဇ္ဇာ၊ နှစ်ဖြာခွဲဝေမှတ်။

မသိလျှင်ပတ်၊ သိလျှင်ပြတ်၊ ပဋိစ္စသမုပ္ပာဒ်-ဟု ပညာရှင်တို့စပ်ဆိုတော်မူကြ၏။

သမထနှင့် ဝိပဿနာ

ကာယာ နုပဿနာ ဝသေန ပဋိလဒ္ဓ သမထော သမ္မဇညေန ဝိပဿနာ။

အဓိပ္ပာယ်-

ကာယာနုပဿနာ - စသည်ဖြင့် အားထုတ်လို့ ရအပ်တဲ့ တရားကို သမထဟု မှတ်လေ။

http://www.dhammadownload.com

သမ္မဇညပဗ္ဗ-စသည်ဖြင့် အားထုတ်လို့ ရအပ်တဲ့ တရားသည် ဝိပဿနာဟု မှတ်လေ။

တစ်နည်း-

၁။ ကိလေသာ ငြိမ်းစေတတ်တာ သမထပဲ။

၂။ အထူးထူး အပြားပြားအားဖြင့် ရှုမှတ်ပွားများနေတာ ဝိပဿနာပဲ။

ပရမတ်နှင့် ပညတ်

၁။ ငါဆိုတာ၊ သူဆိုတာ၊ ယောကျ်ားဆိုတာ၊ မိန်းမဆိုတာ ဟူသမျှ ပညတ်ချည်းပဲ။
မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ ထိတာ၊ သိတာ ဟူသမျှ ပရမတ်ချည်းပဲ။

ဆောင်ပုဒ်-

ငါမဟုတ်ပါ၊ နာမ်ရုပ်သာ၊ သိတာပရမတ်။

နာမရူပ ပရိစ္ဆေဒဉာဏ် ခေါ်ပုံ

ဤသည်ကား နာမ်၊ ဤသည်ကား ရုပ်လို့၊ နာမ်ရုပ်လို့ ပိုင်းခြား မှတ်သားနိုင်သော ဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်။

နာမ်ကို ပိုင်းခြားသတ်မှတ်နိုင်သည့်ပြင် နာမ်ရုပ်များကို ထင်မြင်အောင် ပွားများနိုင်လို့ရှိလျှင် ပုထုဇဉ်ပင် ဖြစ်လင့်ကစား အာသဝေါတရားလေးပါး တဒင်္ဂပဟာန်ဖြင့် ကင်းနေတယ်။ ရဟန္တာများကဲ့သို့ ကောင်းစွာ ကျွတ်လွတ်သဖြင့် ချမ်းသာစွာ နေရပုံ သာဓက ကတော့...

နေ တံ မမ၊ နေသောဟမသ္မိ၊ နော မေသော အတ္တာတိ။

ပဿတော စိတ္တံ သုဝိမုစ္စတိ၊ အနုပါဒါ အာသဝေဟိ-တဲ့။

အနက်ကတော့-

ဧတံ၊ ဤရုပ်နာမ်တရားနှစ်ပါးသည်။ နော မမ၊ ငါမဟုတ်၊ နာမ်ရုပ်သာ ဟုတ်၏။ ဧသော၊ ဤ နာမ်ရုပ်တရားနှစ်ပါးသည်။ မေ၊ ငါ၏။ နော အတ္တာ၊ ကိုယ်မဟုတ်၊ နာမ်ရုပ်သာ ဟုတ်၏။ ဣတိ၊ ဤသို့။ ပဿတော၊ ရှုမြင်တတ်သော ယောဂီပုဂ္ဂိုလ်အား။ အနုပါဒါ၊ တဏှာ မာန ဒိဋ္ဌိအားဖြင့် စွဲလမ်းခြင်း ဥပါဒါန် မရှိသည်ဖြစ်၍။ အာသဝေဟိ၊ အာသဝေါတရားလေးပါးတို့မှ။ စိတ္တံ၊ စိတ်သည်။ သုဝိမုစ္စတိ၊ ကောင်းစွာလွတ်၏။

အဓိပ္ပာယ်-

နာမ်ရုပ်ကို တိတိကျကျ အမှန်တကယ် ထင်လျှင် ပုထုဇဉ်ပင်ဖြစ်သော်လည်း အာသဝေါတရားလေးပါး ကုန်ခန်းသော ရဟန္တာပုဂ္ဂိုလ်များကဲ့သို့ ချမ်းသာစွာ နေရ၏။ သို့သော် ပုထုဇဉ်ဖြစ်လို့ရှိလျှင် တဒင်္ဂပဟာန်သာ ရကောင်း၏လို့မှတ်။

နာမ်ရုပ်ထင်ပုံ ဉာဏ်သုံးမျိုး

နာမ်ရုပ်ထင်ပုံ ဉာဏ်သုံးမျိုးတို့တွင်(၁) သုတမယဉာဏ်၊ (၂) စိန္တာမယဉာဏ်၊ (၃) ဘာဝနာမယဉာဏ်လို့ သုံးမျိုးမှတ်။

ထိုဉာဏ်သုံးမျိုးတို့တွင် နာမ်ရုပ်ကို သုတမယဉာဏ်၊ စိန္တာမယဉာဏ် တို့ဖြင့် ထင်ပုံမဟုတ်။ ဘာဝနာမယဉာဏ်ဖြင့် ထင်မှသာလျှင် နာမ်ရုပ်ကို အဟုတ်အမှန် ထင်သည်မည်၏။

နာမ်ရုပ်ကို ထင်မြင်လွယ်အောင် မှတ်ပုံ

သွားချင်တာက နာမ်၊ သွားတာက ရုပ်၊ နာမ်က သွားချင်လို့သာ ရုပ်က သွားရတယ်။ နာမ်က မသွားချင်လို့ရှိလျှင် ရုပ်က လုံးဝမသွားဟုမှတ်။

အကျဉ်းချုပ်လက်ံာ

(၁) သွားချင်တာက နာမ်၊ သွားရတာက ရုပ်၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ဧဝလိပ်ပြာ၊ အတ္တမဟုတ်၊ နာမ်ရုပ်သာ သွားသည်၊ နာမ်ရုပ်သာ သွားသည်။

(၂) ရုပ်ချင်တာက နာမ်၊ ရုပ်တာက ရုပ်၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊

http://www.dhammadownload.com

ဇီဝလိပ်ပြာ၊ အတ္တမဟုတ်၊ နာမ်ရုပ်သာ ရုပ်သည်၊ နာမ်ရုပ်သာ ရုပ်သည်၊

(၃) ထိုင်ချင်တာက နာမ်၊ ထိုင်ရတာက ရုပ်၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ဇီဝလိပ်ပြာ၊ အတ္တမဟုတ်၊ နာမ်ရုပ်သာ ထိုင်သည်၊ နာမ်ရုပ်သာ ထိုင်သည်။

(၄) အိပ်ချင်တာက နာမ်၊ အိပ်ရတာက ရုပ်၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ဇီဝလိပ်ပြာ၊ အတ္တမဟုတ်၊ နာမ်ရုပ်သာ အိပ်သည်။

သတိ။ ။

သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း စသော ဣရိယာပုတ်လေးပါးသာ ပြလိုက်သည်။ ၎င်းမှ ကြွင်းကျန်သော လုပ်ငန်းစဉ် အရပ်ရပ်တို့၌ ဤနည်းအတိုင်းသာ ထင်မြင်လွယ်အောင် တပည့်များ သတိပေးမယ်။

စျေးရောင်း စျေးဝယ်၊ အသွယ်သွယ်နှင့်၊ လယ်လုပ်ယာခုတ်၊ ရေသွင်း၊ ပေါင်းသင်၊ လယ်ထွန်၊ ပျိုးကြဲ၊ ပျိုးနုတ်၊ ကောက်စိုက်၊ မြက်ရိတ်၊ မြက်စဉ်း၊ ဝါကောက်၊ ဝါကြိတ်၊ ဝါဖန်၊ ဗိုင်းငင်၊ ချည်စာနင်း၊ ချည်ချ၊ ဆေးဆိုးပန်းရိုက်၊ ရက်ကန်းရှယ်၊ ရက်ကန်းရက်၊ ထမင်းချက်၊ မောင်းထောင်း၊ ဟင်းရွက်ခူး၊ ဟင်းရွက်သင်၊ ထင်းခွေ၊ ရေခပ် အရပ်ရပ်သော ကိစ္စကြီးငယ် အသွယ်သွယ်တို့ကို ဆောင်ရွက်လုပ်ကိုင်ရာတွင် မည်သည့်ကိစ္စမဆို သတိမလစ်ရန် မြဲမြဲစွဲစွဲ သဲသဲမဲမဲ အထူးသတိဝီရိယစိုက်၍ မှတ်ကြတပည့်တို့။

နာမ်ရုပ်ကို ဟုတ်မှန်သောအတိုင်း ထင်မြင်လို့ရှိလျှင် (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိတွေ မကပ်တော့ဘူး။

ထို့ကြောင့်

နာမရူပါနံ ယထာဝ ဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ ဝေဒိတဗ္ဗံ–တဲ့။

အဓိပ္ပာယ်–

နာမ်ရုပ်ကို ပိုင်းခြား မှတ်သားပြီး သိသော ပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ မငြိတွယ် ပယ်စွန့်၍ ဉာဏ်အမြင် စင်ကြယ်၏။

နာမ်ရုပ်ကို အဟုတ်အမှန် ထင်ပုံ

အကြင်သူသည် နာမ်ရုပ်ကိုမြင်၏။ ထိုသူသည် ယောကျ်ား မိန်းမကို မမြင်၊ (မမြင်ပုံ ဥပမာ) သစ်သားရုပ်လို့မှတ်၊ ၎င်းသစ်သားရုပ်သည် သဏ္ဌာန်မပျောက်ဘဲ ယောကျ်ား မိန်းမ အစစ်အမှန် မဟုတ်ဟု မိမိ ဘာဝနာ မယဉာဏ် မပျောက်ဘဲ ယောကျ်ား မိန်းမ အစစ်အမှန် မဟုတ်ဟု မိမိ ဘာဝနာမယဉာဏ်ဖြင့် ထင်မြင်ပါလိမ့်မယ်။ ဉာဏ်အမြင် စင်ကြယ်ခဲ့သော် ပုထုဇဉ်ပင်ဖြစ်သော်လည်း အလွန် အကျိုးများသည့်အပြင် ဆင်းရဲဒုက္ခ ချုပ်ငြိမ်းပြီး၍ ချမ်းသာစွာ နေထိုင်ရ၏။ ဆင်းရဲတယ်ဆိုတာဟာ သက္ကာယ အားကြီးလေလေ ဆင်းရဲဒုက္ခများ လေလေပဲ။

ထို့ကြောင့်

သက္ကာယ သမုဒယာ ဒုက္ခသမုဒယော၊
သက္ကာယ နိရောဓာ ဒုက္ခနိရောဓော– ဟု ဟောတော်မူတယ်။

အထူးသဖြင့် အကျိုးများသော ဝိပဿနာဉာဏ်သုံးပါး

(၁) ယထာဘူတဉာဏ်

(၂) သမ္မာဒဿနဉာဏ်

(၃) ကခ်ါဝိတရဏဉာဏ်ရယ်လို့ သုံးမျိုးသုံးပါး အပြားရှိ၏။

ထိုသုံးပါးတို့တွင်

(၁) ယထာဘူတဉာဏ်ဆိုတာ ပရမတ္ထအားဖြင့် သုံးဆယ့်တစ်ဘုံမှာ နာမ်ရုပ်သာရှိ၏။ နာမ်ရုပ်မှတစ်ပါး အခြား ဘာမျှမရှိဟု သိမြင်သော ဉာဏ်ကို ခေါ်တယ်။

http://www.dhammadownload.com

(၂) သမ္မဒဿနဉာဏ်ဆိုတာ ကံကို ပြုတတ်တဲ့ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ စသည်မရှိ။ ကံ၏အကျိုးကို ခံစားရတတ်တဲ့ ငါ၊ သူတစ်ပါး ယောက်ျား မိန်းမ စသည်မရှိ။ သက်သက် နာမ်ရုပ်တရား နှစ်ပါးသာ ဖြစ်၏။ ဤသို့ ကောင်းစွာ သိမြင်သော ဉာဏ်ကို ခေါ်တယ်။

(၃) ကခ်ါဝိတရဏဉာဏ် ဆိုတာတော့ ပုဂ္ဂိုလ်လော၊ သတ္တဝါလော၊ ငါလော၊ သူလော၊ ယောက်ျားလော၊ မိန်းမလော၊ လူလော၊ နတ်လော၊ တိရစ္ဆာန်လော၊ ပြိတ္တာလောဟု အသက်ရှိသောအရာ၌ သို့လော သို့လော တွေးတော ယုံမှားခြင်းမရှိ၊ နာမ်ရုပ်ချည်းသာ ဖြစ်၏။

သက်မဲ့၌လည်းပဲ အိုးလော၊ အိမ်လော၊ သစ်လော၊ ဝါးလော၊ အုတ်လော၊ ကျောက်လော၊ ရွှေလော၊ ငွေလော၊ နေလော၊ လလော၊ ရေလော၊ မြေလော၊ သမုဒ္ဒရာလော၊ တောလော၊ တောင်လော စသည် တွေးတော ယုံမှားဖွယ်မရှိ။ ရုပ်ချည်းသာပဲလို့ ယုံမှားကင်းတာကို ခေါ်တယ်။

အဲဒီ ယထာဘူတဉာဏ်ရယ်၊ သမ္မဒဿနဉာဏ်ရယ်၊ ကခ်ါဝိတရဏ ဉာဏ်ရယ် သဒ္ဒါမျှသာ ကွဲတယ်။ အနက်အဓိပ္ပာယ်မှာတော့ အတူတူပဲ။ ထို့ကြောင့်-

ယဉ္စ ယထာဘူတ ဉာဏံ၊ တဉ္စ သမ္မဒဿနံ ကခ်ါဝိတရဏာ၊ ဣမေ ဓမ္မာ ဧကတ္တာ၊ ဗျဉ္ဇန မေဝ နာနန္တိ- တဲ့။

ဣမိနာ ပန ဉာဏေန သမ္မန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿသော လဒ္ဓပတိဋ္ဌိတော နိယတဂတိကော စူဠသောတာ ပန္နော နာမ ဟောတိ

လို့ ဟောတော်မူတယ်။

အဓိပ္ပာယ်-

ဤဉာဏ်နှင့် ပြည့်စုံလျှင် စူဠသောတာပန် ဖြစ်ပြီလို့မှတ်။ ရုပ်နာမ်တရား နှစ်ပါး၏ အဖြစ်အပျက်ကို မြင်လျှင် တစ်ရက်ပင် နေရစေကာမူ အသက်တစ်ရာ နေရသူထက် မြတ်ပြီလို့သာမှတ်။

နာမ်ရုပ် ဖြစ်ပျက်ပုံမှာ အတွေးသဘောနှင့် မဟုတ်ဘူး။ တည့်တည့် တိုက်ရိုက်ပဲ၊ နာမ်ချည်းလည်း မဖြစ်နိုင်၊ ရုပ်ချည်းလည်း မဖြစ်နိုင်၊ နာမ်ရုပ် နှစ်ပါးစုလို့သာ ဖြစ်နိုင်၏-တဲ့။

နာမ်ရုပ် ဖြစ်ပျက်ပုံ

ဖြစ်ပုံမှာ မှတ်သည်ကိုပင် ဖြစ်သည်ဟု ဆိုအပ်၏။ မှတ်တိုင်း မှတ်တိုင်း နာမ်ရုပ် ဖြစ်၏။ ဖြစ်တိုင်း ဖြစ်တိုင်း နာမ်ရုပ် ပျက်၏။

အဖြစ်အပျက်ဆိုတာ ဘယ်မှာဖြစ်လို့ဘယ်မှာ ပျက်သတုံးဆိုတော့-

၁။ မျက်စိမှာဖြစ်၍ မျက်စိမှာပျက်တယ်။
၂။ နားမှာဖြစ်၍ နားမှာ ပျက်တယ်။
၃။ နှာခေါင်းမှာ ဖြစ်၍ နှာခေါင်းမှာ ပျက်တယ်။
၄။ လျှာမှာ ဖြစ်၍ လျှာမှာ ပျက်တယ်။
၅။ ကိုယ်မှာ ဖြစ်၍ ကိုယ်မှာ ပျက်တယ်။
၆။ နှလုံးမှာ ဖြစ်၍ နှလုံးမှာ ပျက်တယ်။

တစ်နည်း နာမ်ရုပ် ဖြစ်ပျက်ပုံ

(က) မြင်တာကို မြင်တယ် မြင်တယ်လို့ မှတ်တာဟာ ဖြစ်တာပဲ၊
မြင်တိုင်း မြင်တိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

(ခ) ကြားတာကို ကြားတယ် ကြားတယ်လို့ မှတ်တာဟာ ဖြစ်တာပဲ၊
ကြားတိုင်း ကြားတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း၊ ဖြစ်တိုင်း ပျက်၏။

(ဂ) နံတာကို နံတယ် နံတယ်လို့ မှတ်တာဟာ ဖြစ်တာပဲ၊

http://www.dhammadownload.com

နံတိုင်း နံတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

(ဃ) စားတာကို စားတယ် စားတယ်လို့ မှတ်တာ ဟာ ဖြစ်တာပဲ၊
စားတိုင်း စားတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်း ဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

(င) ထိတာကို ထိတယ် ထိတယ်လို့ မှတ်တာဟာ ဖြစ်တာပဲ၊
ထိတိုင်း ထိတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်း ဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

(စ) သိတာကို သိတယ် သိတယ်လို့ မှတ်တာဟာ ဖြစ်တာပဲ၊
သိတိုင်း သိတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်း ဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

ဒါကြောင့် -

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

စကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ-လို့ ဟောတော်မူတယ်။

ဆောင်ပုဒ်လင်္ကာ

ရုပ်ဓာတ် နာမ်ဓာတ်၊ ပရမတ်စစ်၊ ဖြစ်ပျက်နှစ်သွယ်၊ မမြင်ကွယ်သော်၊ ရှစ်ဆယ် ကိုးဆယ်၊ အရွယ်ကျော်ကာ၊ တစ်ရာလုလု၊ နေရစေဦး၊ လူဖြစ်ကြုံထူး၊ မမြတ်ဘူးတဲ့၊ ဖြစ်ပျက်နှစ်ပါး၊ ထိတရားကို၊ ထင်ရှား သိမြင်၊ တစ်ရက်ပင်သာ၊ နေရပါလျက်၊ တစ်ရာထက်သာ၊ မြတ်လှစွာ၏။

တပည့်အပေါင်းတို့၊ နာမ်ရုပ်ကို မပြတ်မလပ် ကြပ်ကြပ် နှလုံးသွင်း၍ ပွားများအားထုတ်ကြလေ၊ အလွန်အကျိုးများလှ၏။ တရားပွားများ အားထုတ်လို့ရှိလျှင် တစ်ခဏလေး ပွားများအားထုတ်ရုံနှင့် အသက်တစ်ရာ နေရသူထက် မြတ်ပြီး တစ်ခဏ ဆိုတာ ဘယ်လောက်ကြာတုံးဆိုတော့

ခဏော ဒဿစ္ဆရကာလော- တဲ့။

ဒဿစ္ဆရကာလော၊ လက်ဖျစ်ဆယ်တွက် ရှိ၏။ ဆယ်ခဏသည် တစ်မိနစ်ခန့်မျှ ရှိတန်ရာ၏။ တစ်ခဏလေး ပွားများအားထုတ်လျှင် အသက် တစ်ရာ နေရတဲ့သူထက် မြတ်တယ် ဆိုခြင်းဟာ အဘယ့်ကြောင့်တုံးဆိုတော့-

ဤဟိတ ပုဂ္ဂလဿ ဝဿသတံ ဇီဝနတော
အာရဒ္ဓ ဝီရိယဿ ခဏမတ္တမ္မို ဇီဝိတံ သေယျော-

ဟူသော ပါဠိကို ထောက်သဖြင့် သိရ၏။ *အနက်ကတော့*-

ဤဟိတ ပုဂ္ဂလဿ၊ ပျင်းရိသဖြင့် တရားကို အားမထုတ်သော ပုဂ္ဂိုလ်၏။ ဝဿသတံ၊ အနှစ် တစ်ရာ ကာလပတ်လုံး။ ဇီဝနတော၊ အသက် ရှည်သောသူထက်။ အာရဒ္ဓ ဝီရိယဿ၊ အားထုတ်အပ်သော ဝီရိယရှိသော ပုဂ္ဂိုလ်၏။ ခဏမတ္တမ္မို၊ တစ်ခဏလေးမျှသည်။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ သေယျော၊ မြတ်၏။

နိသိန္နေဟု ဘုရားရှင် ဟောတော်မူသောကြောင့် ယခု ထိုင်နေကြတဲ့ အခိုက်အတန့်ကလေး မိမိစိတ်ကို တခြားသွားခွင့် မပေးဘဲ၊ ထိုင်တယ် ထိုင်တယ်လို့ မျက်စိကို မှိတ်ပြီးမှတ်ကြ။ တစ်မိနစ်လောက် ပွားများလို့ရှိလျှင် အသက်တစ်ထောင် နေရသူထက် မြတ်ပြီ။ နာရီပါတဲ့သူက နာရီပြန်ကြည့်ထား၊ ကဲ... တစ်မိနစ်လောက် ပွားများအားထုတ်ကြ၊ တစ်မိနစ်ပြည့်လျှင် ပြော၊ (တစ်မိနစ်ပြည့်ပါပြီ ဘုရား။) ကိုင်း တော်သေးပြီ။

တောင်ပုလု ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
မိုးကုတ်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မိုးကုတ်ဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၆၁-၁၃၂၄)

၁။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အလောင်းလျာကို ဗဒုံမင်းတရားကြီး၏ ဥယျာဉ်တော်ရွာနေ ဦးအောင်ထွန်း ဒေါ်ရွှေအိတ်တို့မှ ၁၂၆၁-ခု၊ နတ်တော်လပြည့်ကျော် (၁၁) ရက်၊ ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်လှဘော်ဖြစ်ပြီး မွေးချင်း (၈)ဦးရှိသည်။

၂။ ၁၂၆၉-ခုနှစ်တွင် ဥယျာဉ်တော်ရွာ ငွေးပင်တောရ ဆရာတော် ဦးဇာဂရထံတွင် ရှင်ဝိမလအမည်ဖြင့် ရှင်သာမဏေပြုသည်။

၃။ ၁၂၇၂-ခုနှစ်တွင် ကိုရင် ဝိမလ၏ သင်္ကန်းကို ကြိုးတန်း၌ လှန်းထားစဉ် ပျားများအုံဖွဲ့၍ နိမိတ်ထူးပြခဲ့သည်။

၄။ ၁၂၈၇-ခုနှစ်တွင် အမရပူရမြို့ရှိ မင်္ဂလာကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဦးသုဇာတထံတွင် ပရိယတ္တိစာပေကို ဆက်သင်သည်။

၅။ မင်္ဂလာတိုက်အနီးရှိ ဇရပ်ကြီးတွင် အဘိဓမ္မာပါရဂူ ပထမကျော်ဆရာကြီး ဦးအုန်းထံတွင် အဘိဓမ္မာညဝါစာပေများကို ဆက်လက်သင်ယူခဲ့ပြီး သာမဏေဘဝကပင် အဘိဓမ္မာကျမ်းဂန်များကို ကောင်းစွာ တတ်မြောက်ခဲ့သည်။

၆။ ၁၂၈၁-ခုနှစ်တွင် မင်္ဂလာကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဦးသုဇာတကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းအဖြစ်ကို ခံယူသည်။

၇။ ရဟန်းအဖြစ်ကို ရောက်ရှိပြီးနောက် သိမ်မှထွက်၍ မင်္ဂလာတိုက်အတွင်းရှိ မိမိနေထိုင်ရာ မကုဋကျောင်းသို့ ပြန်ပြီး ချွေးစိုနေသည့် သင်္ကန်းကို တန်းပေါ်၌ လှန်းထားစဉ် ပျားများ အုံဖွဲ့ကာ ဒုတိယအကြိမ် စွဲပြန်ပြီး နိမိတ်ထူးပြခဲ့သည်။

၈။ စာပေသင်ကြားမှုကို အားရ တင်းတိမ်ခြင်း မရှိဘဲ၊ ကျမ်းတတ်အကျော် ဆရာတော်ကြီးများဖြစ်သည့် (၁) ခေမာသီဝံဆရာတော်၊ (၂) ဘုရားကြီးတိုက် ဆရာတော် ဦးခန္တီ၊ (၃) ရွှေရေးဆောင်တိုက်ဆရာတော် အရှင်အာဒိစ္စရံသီတို့ထံ၌ ပရိယတ္တိစာပေကို ဆက်လက် သင်ယူခဲ့သည်။

၉။ ၁၂၈၂-ခုနှစ်တွင် မိုးကုတ်မြို့မှ သီလရှင် ဒေါ်ဝိစာရိက ရဟန်းအမပြု၍ ဒုတိယအကြိမ် သိမ်ထပ်တော်မူသည်။

၁၀။ ၁၂၈၆-ခုနှစ်တွင် ဦးဝိမလသည် မင်္ဂလာတိုက်အတွင်းရှိ အလယ် ပိဋကတ်တိုက်ကျောင်းသစ်ကြီးတွင် သီတင်းသုံးပြီး မြန်မာ

http://www.dhammadownload.com

ပြည်တစ်ခွင်မှ စာသင်သားများစွာတို့အား အနှစ် (၃၀) တိုင်အောင် အဘိဓမ္မာဆိုင်ရာ "မာတိကာ၊ ဓာတုကထာ၊ ယမိုက် ပဋ္ဌာန်း" အစရှိသည့် ကျမ်းကြီးများကို တစ်နှစ်လျှင် သုံးခေါက် ပို့ချသည်။ ခန္ဓာဉာဏ်ရောက် တရားများကိုလည်း ဟောကြားခဲ့သည်။

၁၁။ ၁၂၈၇-ခုနှစ်တွင် ဆရာကြီး ဦးအုန်း ကွယ်လွန်သွားသဖြင့် အပြီးမသတ်ခဲ့သော "အဘိဓမ္မာညဝါတံခွန်" ကျမ်းကြီးကို ဆက်လက် ပြုစုခဲ့သည်။ ထို့ပြင် "ယမက မဥ္စရီကျမ်းနှင့် ပုထုဇ္ဇနအလင်းပြကျမ်း"တို့ကို ပြုစုခဲ့သည်။

၁၂။ အောင်ခြင်းရှစ်ပါးဆရာတော်၏ ဆုံးမသြဝါဒ ပေးမှုကို ခံယူကာ မိမိရဟန်းကိစ္စပြီးရေးကို အနည်းငယ်သာ ကျိန်းစက်၍ သန်းခေါင် ချိန်မှစပြီး သဒ္ဓါနှင့် ဝီရိယကို စွဲကိုင်လျက် ဝိပဿနာ ကမ္မဋ္ဌာန်းကို ပွားများအားထုတ် တော်မူသည်။ ဆရာတော်သည် အချိန်ကို လေးစား တိကျစွာ လုပ်ဆောင်လေ့ရှိသည်။

၁၃။ ၁၂၉၂-ခုနှစ်တွင် လယ်တီစာချ ဓမ္မကထိက ဦးပဒုမ မကျန်းမာ၍ ၎င်းကိုယ်စား ညောင်လေး ပင်မြို့၊ပြည်လုံးချမ်းသာ ဗုဒ္ဓပူဇနိယသဘင်၌ အဘိဓမ္မာတရားများကို ဟောကြားသည်။ (၉)နှစ်တိုင်တိုင် ဆက်လက် ချီးမြှင့်ခဲ့သည်။

၁၄။ ၁၂၉၄-ခုနှစ်မှစ၍ ၁၃၀၃-ခုနှစ်အထိ မိုးကုတ်မြို့တွင် တရားဓမ္မများကို ပို့ချပြီး ဝါဆိုခါနီးမှ အမရပူရမြို့သို့ပြန်ကြွလေ့ရှိသည်။

၁၅။ စစ်ကာလအတွင်း၌ မိုးကုတ်မြို့ ဘော်ဘတန်း ရွာတွင် သီတင်းသုံးပြီး ဝိပဿနာတရားကို သာ အားထုတ်နေခဲ့သည်။

၁၆။ ၁၃၁၆-ခုနှစ်တွင် မိုးကုတ်မြို့မှ ဒေါ်အုံ-ဒေါ်ဖုံတို့က မိုးကုတ်မြို့တွင် မင်္ဂလာတိုက် အမည်ဖြင့် အဆောက်အအုံသစ်ကို ဆရာ တော်အားလှူဒါန်းခဲ့သည်။ ဆရာတော်သည် နှစ်စဉ်မပြတ် မိုးကုတ်သို့ ကြွရောက် သီတင်း သုံးပြီး တရားဓမ္မများကို ပို့ချရာမှ မိုးကုတ် ဆရာတော်ဟု အမည်တွင်ခဲ့သည်။

၁၇။ စစ်ကြီးပြီးသော် အမရပူရမြို့၌ ဝါတွင်းကာ လပတ်လုံး သီတင်းသုံးပြီး ပရိယတ်စာပေ ပို့ချမှုကို ၁၃၁၆-ခုနှစ်မှစ၍ မပြုတော့ဘဲ တရားဟောမှုကိုသာ ပြုခဲ့သည်။

၁၈။ ၁၃၁၇-ခုနှစ်တွင် မန္တလေးမြို့တွင် တရားဓမ္မ များကို နှစ်စဉ် ကြွ၍ ချီးမြှင့်ခဲ့သည်။

၁၉။ ၁၃၂၄-ခုနှစ်၊ ဝါဆိုလဆန်း (၅)ရက်နေ့တွင် 'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော် အစိုးရ သာသနာရေးဌာနမှ ဆက်ကပ် လှူ ဒါန်းသည်။

၂၀။ ၁၃၂၄-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၄)ရက်၊ နေ့ (၁)နာရီ မိနစ် (၂၀)၊ သက် တော် (၆၃) နှစ်တွင် အမရပူရမြို့၊ မင်္ဂလာ တိုက်၌ ခန္ဓာဝန်ချတော်မူသည်။

၂၁။ ၁၃၂၄-ခု၊ ပြာသိုလပြည့်နေ့တွင် ဆရာတော် ဘုရားကြီး၏ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ် ရာ (က)အကြည်ဓာတ် မပျက်သော မျက်လုံး တော်နှစ်စုံ၊ (ခ) ချိတ်ဆက်နေသော လက်ရိုး တော်၊ (ဂ) အရွယ်စုံ အရိုး၊ အသား၊ အသွေး မှဖြစ်သော ဓာတ်တော်များ၊ (ဃ) အံပွား တော်၊ (င) လုံးဝိုင်းသော ဆံတော်များကို ကြွင်းကျန်၍ ပရိနိဗ္ဗာန် ပြုတော်မူသည်။

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏
သြဝါဒတော်

- ငါသည် မုချသေရမည်။
  အချိန်ပိုင်းသာ လိုတော့သည်။
- ရခဲလှတဲ့ လူဘဝကို အလွဲသုံးစား
  အချိန်တွေ မဖြုန်းလိုက်ပါနဲ့။
- ခန္ဓာကိုယ်ဟာ မွေးကတည်းက
  အသေဘက်ကို ပြေးနေတယ်။
- သက်တမ်းတိုတဲ့ ဘဝကလေးမှာ
  တရားအားမထုတ်ဘဲ အချောင်ခိုရဲရင်၊
  အသေစောက ကိုယ်ကျိုးနည်းလိမ့်မယ်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မိုးကုတ်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ရှေးဦးမှတ်ဖွယ်များ (က)

ဆရာတော်ဘုရားကြီးသည် ထေရုပ္ပတ္တိနှင့် ကျင့်စဉ်ကို ရေးသားပြုစုသော ကျောင်းဒကာ ဦးကျော်သိန်းအား တရားပေးရာတွင် 'မောင်ကျော်သိန်း၊ မင်းတရားအားထုတ်ဖို့ အချိန်တန်ပြီ၊ မဟုတ်ရင် အသေက ဦးသွားမယ်။ ငါသည် အလွန်ကြုံခဲ့လှသော ဘုရားသာသနာ၊ ဆုံခဲ့လှသော ဆရာသမား၊ ရခဲလှသော လူ့ဘဝတို့ တိုက်ဆိုင်နေတဲ့ အချိန်မှာ အို-နာ-သေ-မွဲ-ကွဲ ဆိုတဲ့ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း အကျင့်မြတ်တို့ကို အားထုတ်တော့မယ်လို့ ဆုံးဖြတ်ချက်ချပါ။ သားမယား၊ ပစ္စည်း၊ ဥစ္စာ၊ အလုပ်အကိုင်တို့ကိုလည်း တစ်ခါတည်း ဉာဏ်နဲ့ စွန့်ပစ်ထားပါ။ ပြီးမှ အဓိပတိသုံးပါးကို အားထားပြီး တရားကို အားထုတ်ရမယ်။

အဓိပတိ သုံးပါးဆိုတာက (၁) မိမိကိုယ်ကို အားထားပြီး တရားကို အားထုတ်ရမယ်။ ငါသည် စားစရာ နေစရာမရှိလို့ အားထုတ်တာ မဟုတ်ဘူး။ အို-နာ-သေ-မွဲ-ကွဲတည်းဟူသော သံသရာဝဋ်ဆင်းရဲမှ လွန်မြောက်စေခြင်းငှာ တရားအားထုတ်တာ၊ အဲဒါကို အတ္တာဓိပတိလို့ ခေါ်တယ်။ (၂) လောကကြီးကိုလည်း အဓိပတိထားပြီး အားထုတ်ရမယ်၊ ငါသည် တရားအားထုတ်နေတယ်လို့ အမည်ခံထားပေမယ့် တရားအားထုတ်နေတဲ့ အချိန်မှာ လောဘ-ဒေါသ-မောဟတရားတွေက ဖုံးလွှမ်းထားပြီး ရောင်းဝယ်ရေးကိစ္စတွေကို တွေးတော စဉ်းစားမနေပါနဲ့၊ ထိနမိဒ္ဓလည်း မဖြစ်စေနဲ့၊ ပျင်းလည်း မပျင်းနဲ့၊ အိပ်လည်း မအိပ်နဲ့၊ စိတ်ကိုလည်း မလွင့်စေနဲ့၊ မတော်တာတွေကို လုပ်နေရင်ဖြင့် ကိုယ်စောင့်နတ်နဲ့ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်ကလည်း သိတယ်၊ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်များကလည်း သိပါတယ်။ ဒါကြောင့် လောကကြီးကို ရှက်ကြောက်ပြီး အားထုတ်ရမယ်။ လောကကို အဓိပတိထားပြီး အားထုတ်ခြင်းကို လောကာဓိပတိ လို့ခေါ်တယ်။ (၃) တရားတော်ကိုလည်း အဓိပတိထားပြီး ရိုသေလေးစားစွာ တရားအားထုတ်မယ်။ တရားတော်ကို ဝိပဿနာဉာဏ်နဲ့ မမြင် မြင်အောင်ကို ကြည့်ရမယ်။ တရားကို မမြင်ခဲ့ရင် တရားက မရှိလို့ မဟုတ်ဘဲ ငါက တရားတော်ကို မလေးစားလို့ မမြင်တာလို့ ဆုံးဖြတ်ချက်ချပြီး တရားတော်ကို အဓိပတိထားပြီး အားထုတ်မယ်၊ အဲဒါကိုတော့ ဓမ္မာဓိပတိ လို့ ခေါ်တယ်။

တရားကို အားထုတ်တဲ့အခါမှာ သဒ္ဓါ-သတိ-သမာဓိ-ဝီရိယ-ပညာ တို့နဲ့ ကြိုးစားပြီး အားထုတ်ရမယ်။ ရှစ်ပါးသီလကိုလည်း အမြဲဆောက်

http://www.dhammadownload.com

တည်ထားရမယ်။ "ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာ ဖြင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့် ရုပ်ကို၊ ဖြစ်ချုပ် ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း"ဆိုတဲ့ ဆောင်ပုဒ်လင်္ကာကို ကျက်မှတ်ပြီး ဆောင်ပုဒ်အတိုင်း လိုက်နာကျင့်သုံးရမယ်။

တရားကိုအားထုတ်တော့မယ်ဆိုရင် ဦးစွာ လုပ်ဆောင်ရမယ့် ကိစ္စငါးပါး (ပုဗ္ဗကိစ္စငါးပါး)ကို လုပ်ဆောင်ရမယ်။ (၁) တရားအားထုတ်တဲ့ အချိန်မှာ မိမိခန္ဓာကိုယ်ကို ဘုရားမှာလျှူထားပါ။ (၂) ဆရာမိဘတို့ကို ကံသုံးပါးဖြင့် ပစ်မှားမိခဲ့ဖူးပါက ထိုအပြစ်တို့မှ ပျောက်ပါစေခြင်းငှာ ဝန်ချတောင်းပန် ကန်တော့ပါ၏လို့ဆို။ (၃) ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာစောင့်နတ်နှင့်တကွ သတ္တဝါပေါင်းတို့အား ဘေးကင်း ကျန်းမာချမ်းသာစေဖို့ မေတ္တာစိတ်ကိုပွားများပေးရမယ်။ (၄) ရှေးဘဝ ယခုဘဝ ကိုယ်ပြုသမျှ ကုသိုလ်ဒါနတို့သည် ငါအလိုရှိနေသော မဂ်ဖိုလ် နိဗ္ဗာန်ကို ရောက်စေခြင်းငှာ လျင်မြန်စွာ ကျေးဇူးပြုပါစေသတည်းလို့ဆို။ (၅) ငါသည် ဘဝများစွာက သေခဲ့လှပြီ။ ယခု ဘဝ မသေခင်မှာ တရားအားထုတ်မှပဲလို့ သေခြင်းတရားကို (မရဏာနုဿတိ) ပွားများပြီး အားထုတ်မှု အရှိန်ကို ပြင်းထန်ပေးရမယ်။

တရားကိုအားထုတ်တဲ့အခါ ရှေးဦးစွာ နာမ်နဲ့ ရုပ်ကို ခွဲခြားတတ်ရမယ်။ မြင်စရာအဆင်းနဲ့ မြင်တဲ့ မျက်စိက ရုပ်၊ သိမှုကနာမ်၊ အာရုံခြောက်ပါးမှာလည်း ရုပ်နဲ့နာမ်ဟာ အမြဲယှဉ်တွဲနေတယ်။ တစ်ခါတရားကို အားထုတ်ရာမှာ ပရိညာသုံးပါးနဲ့ သိ–သိသွားရမယ်။ (၁) "ဉာတပရိညာ"ဖြစ်ဆဲ ရုပ်နာမ်ကို ဒီဟာသည်ရုပ်၊ ဒီဟာသည်နာမ်လို့ ခွဲခြားပြီး သိရမယ်။ (၂) 'တီရဏပရိညာ' ဖြစ်ဆဲ ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေကို ပိုင်းခြားပြီး သိရမယ်။ (၃) "ပဟာနပရိညာ" နာမ်ရုပ်တို့အပေါ်မှာ "ငါ" ဆိုတဲ့ တဏှာစွဲ၊ ရုပ်ဟာ "ငါပဲ" ဆိုတဲ့ မာနစွဲ၊ ဒိဋ္ဌိရုပ်ဟာ "ငါ"ကိုယ်ဆိုတဲ့ ဒိဋ္ဌိစွဲ၊ ဒီအစွဲသုံးခုကို သိအောင်လုပ်ပြီး ပြုတ်အောင်ကို ဖြုတ်ရမယ်။

ရုပ်နာမ်တို့ကို ပိုင်းခြားသိပြီးတဲ့နောက်မှာ "ဈာန်လမ်း"ခေါ်တဲ့ သမထလမ်းဘက်ကို မလိုက်ရဘူး။ သမာဓိရရုံလောက်သာ သမထကို အားထုတ်ရပြီး သမာဓိရသည်နှင့် တစ်ပြိုင်နက် ဝိပဿနာဘက်ကို ပြောင်းပြီး လုပ်ရမယ်။ ဝိပဿနာဘက်ကို ပြောင်းတယ်ဆိုတာ သမထ(သမာဓိ) လမ်းကနေ ဝိပဿနာ(ပညာ)လမ်းကို စိတ်လွှတ်ပြီး ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်မှု လက္ခဏာကို ဆင်ခြင်နေတာပါပဲ။ ဒါကိုလည်း ဉာဏ်က ဦးစီးတယ်လို့ မှတ်ကြပါ။

ဒါကြောင့် မင်း အာနာပါနကမ္မဋ္ဌာန်းကို အလျင်လုပ်ရမယ်၊ အာနာပါနဆိုတာကလည်း ဝင်လေ–ထွက်လေ(ဝင်လေ–ထွက်လေ)ကို ဆိုပါတယ်။ ဝင်လေကို ရှူရာမှာလည်း လေကို ဝအောင်ရှူပါ။ လျှော့ပြီးလည်း မရှူရဘူး၊ သိပ်ပြင်းထန်စွာလည်း မရှူရဘူး၊ မှန်မှန်ပဲ ရှူရမယ်။ ရှိုက်ရမယ်။ တစ်ခါစိတ်ကို နှာသီးဖျား၊ အထက်နှုတ်ခမ်း၊ ရင်ညွန့်ဆိုတဲ့ သုံးနေရာမှာ ကြိုက်ရာတစ်နေရာကို ထားပါ။ သတိကို မလစ်စေဘဲ ကပ်နေရမယ်၊ ဝင်လေ–ထွက်လေ ရှူရှိုက်တဲ့အခါမှာလည်း နှာသီးဖျားမှာ ထိတာကိုသိနေရပြီး အာရုံကိုလည်း ဝင်သက်–ထွက်သက် သိနေမှုမှ တစ်ပါး အခြားဘယ်ကိုမှ အာရုံရောက်မသွားဖို့ အရေးကြီးပါတယ်။

အာနာပါနလုပ်ပြီး သမာဓိ အားကောင်းလာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ရုပ်–နာမ် နှစ်ပါးကို ပိုင်းခြားသိပြီး ခန္ဓာငါးပါးကိုလည်း ပိုင်းခြားသိရမယ်။ ရုပ်က ရူပက္ခန္ဓာ၊ သိစိတ်က ဝိညာဏက္ခန္ဓာ၊ ခံစားမှု ဝေဒနာက ဝေဒနက္ခန္ဓာ၊ မှတ်သားမှု သညာက သညက္ခန္ဓာ၊ ဖဿ စေတနာစတဲ့ ကျန် စေတသိက် (၅၀) က သင်္ခါရက္ခန္ဓာလို့ သိမှတ်ရမယ်။ ဒါတွေကို သိပြီးတဲ့နောက် ပဋိစ္စသမုပ္ပဒါနည်းနဲ့လည်း အကြောင်းအကျိုးခွဲပြီး ဒိဋ္ဌိကို ခွာရဦးမယ်၊ ဒီလိုသိမှုကို အလျင်

http://www.dhammadownload.com

ပေးပြီးမှ အလုပ်ကို ပေးလို့ဖြစ်မယ်၊ ဒါကြောင့် ခန္ဓာငါးပါးကို ပိုင်းခြားသိမြင်ပြီးရင် ရုပ်–နာမ် ခန္ဓာကို ဖြစ်စေတဲ့ အဝိဇ္ဇာတဏှာ သခ်ါရတို့ဟာ အကြောင်းတရား၊ ရုပ် နာမ် ခန္ဓာတို့ဟာ အကျိုးတရားဆိုတာကို အကြမ်းအားဖြင့် မင်းသိမြင်ထားရမယ်။

ကဲ... မင်းတရားအားထုတ်ဖို့ ကမ္မဋ္ဌာန်းတောင်းကိုလိုက်ဆို၊ "ကမ္မဋ္ဌာနံ မေ ဘန္တေ ဒေထ၊ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ။" ဘန္တေ၊ အရှင်ဘုရား။ မေ၊တပည့်တော်အား။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ကျွတ်လွတ်ထွက်မြောက်ပါစေခြင်း အကျိုးငှာ။ ကမ္မဋ္ဌာန်၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အကောင်းဆုံးဖြစ်သည့် ကမ္မဋ္ဌာန်းကို။ ဒေထ၊ ကရုဏာရှေ့ထားပြီး ပေးသနားတော်မူပါဘုရား။ အဲဒါကို သုံးခေါက်ဆို၊ ကဲ... ငါပြောထားတဲ့အတိုင်း အာနာပါနကို သွားအားထုတ်တော့။

အာနာပါနကို တစ်နာရီလောက် အားထုတ်ပြီး သမာဓိတော်တော်ရပြီးသည့်အခါမှာ ဆရာတော်ဘုရားကြီးက မင်း သမာဓိ တော်တော်ရတယ် ဆိုတာ ဝီရိယရှိလို့၊ အဲဒါကို "သမ္မာဝါယာမ" လို့ခေါ်တယ်၊ လေကို ရှူတိုင်းရှူတိုင်း ရင်ညွှန့်ကို ရောက်တိုင်း ရောက်တိုင်း သိနေရဲ့လား၊ (သိပါတယ်ဘုရား)၊ အေး မင်းသိနေတယ်ဆိုတာ သတိကို လက်မလွှတ်လို့သိတာ၊ အဲဒါကို "သမ္မာသတိ"လို့ ခေါ်တယ်၊ အာနာပါနကို အားထုတ်နေတုန်း မင်းစိတ်ဟာ ထားတဲ့ ရင်ညွှန့်မှာပဲ ရှိနေပြီး တခြားအာရုံကို ရောက်မသွားတာကို "သမ္မာသမာဓိ" လို့ ခေါ်တယ်။ စိတ်က ကိုယ်ထားတဲ့နေရာမှာ တည်နေလို့ပေါ့။

မင်း သမာဓိကို ဒီထက် ကောင်းကောင်းကြီး ရဖို့ အားထုတ်နိုင်ရန် လိုသေးတယ်၊ ဝင်လေ–ထွက်လေကို ရှုတဲ့အခါမှာလည်း နာခေါင်းထဲက ရှုရမယ်။ ပါးစပ်က မရှုရဘူး၊ နာခေါင်းက ရှုတဲ့အခါ ဘယ်ဘက်က ရှုတယ်၊ ညာဘက်က ရှုတယ်ဆိုတာတွေကို လိုက်နေဖို့မလိုဘူး၊ သမာဓိရဖို့ပဲ အရေးကြီးတယ်။ နာခေါင်းက ရှုရင် ရှုတာကို သိရမယ်။ ရှိုက်ရင် ရှိုက်တာကို သိရမယ်။ ဒါကြောင့် မင်းကို အာနာပါနစပြီး အားထုတ်ခိုင်းစဉ်က စိတ်ကို ရင်ညွှန့်မှာ အကပ်ခိုင်းတာ၊ အခုအားထုတ်ရမှာကတော့ ဝင်လေကို ရှူရှိုက်တဲ့အခါမှာ နှာသီးဖျားကအစ ရင်ညွှန့်အလယ်၊ ချက်အဆုံး ဝင်တာကို မင်း သိနေရမယ်။ လေကို ထုတ်လိုက်တဲ့ အခါမှာလည်း ချက်အစ၊ ရင်ညွှန့်အလယ်၊ နှာသီးဖျားအဆုံး ထွက်တာကို သိရမယ်၊ ဒီလို အားထုတ်ပြီး အသိလိုက်သွားရင် အာရုံဟာ တခြားကို ထွက်မသွားဘဲ သမာဓိကောင်းကောင်းကြီး ရနိုင်တယ်၊ ဒီလိုအလေ့အကျင့် ကောင်းကောင်း ရသွားရင်ဖြင့် (၁၅)မိနစ်လောက်နဲ့ မင်း သမာဓိကို ထူထောင်နိုင်တယ်။

မင်း အခု ရှူရှိုက်နေတာက ရုပ်၊ ဒီရှူရှိုက်နေမှု ကို သိနေတာက နာမ်၊ ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားသိတဲ့အခါမှာ "နာမရူပ ပရိစ္ဆေဒဉာဏ်"၊ ဝိသုဒ္ဓိ အလို ပြောရရင် "ဒိဋ္ဌိဝိသုဒ္ဓိ" တစ်ပေါင်းတည်းဖြစ်လာတယ်၊ ကမ္မဋ္ဌာန်း အလုပ်ခွင်ကို ဝင်တဲ့အခါမှာ သိဖို့ရာက (၁) အာရုံနဲ့ သိမှတ်တဲ့ စိတ်လို့ နှစ်မျိုး မှတ်ထားရမယ်၊ (၂) အာရုံနဲ့ သိမှတ်တဲ့စိတ်ဟာ တည့်နေအောင်ကို ရှုရမယ်၊ (၃) အာရုံထဲက စိတ်ကိုထွက်မသွားအောင် သတိပြုနေရမယ်၊ (၄) ကမ္မဋ္ဌာန်းအလုပ်ခွင်ဝင်တဲ့ အခါမှာ စိတ်က ဘာကိုမှ မစဉ်းစားနဲ့၊ ဘာအာရုံမှ ဝင်မလာပါစေနဲ့၊ စိတ်တစ်လုံးကို မင်းနိုင်အောင် ထိန်းနိုင်ရင်ဖြင့် ကိလေသာ နုနာအမြစ်ပြတ်နိုင်တယ်။ မထိန်းနိုင်ရင်ဖြင့် လောကီအလိုလည်း ချမ်းသာရာကို ရမှာမဟုတ်ဘူး။ လောကုတ္တရာအလိုလည်း (၁၅၀၀)ကိလေသာ နုနာအမြစ်ဟာ ပြတ်မှာမဟုတ်တော့ဘူး။

မင်းရဲ့ စိတ်ကိုနိုင်အောင် ဆုံးမပုံကို ငါ ဥပမာပြပါ့မယ်။ (၁) နွားကျောင်းသားက နွားရိုင်းကို ဆုံးမချင်ရင် ချည်တိုင်ကို ခိုင်ခိုင်ထားပြီး၊ နဖားကြိုး ထိုး

http://www.dhammadownload.com

ထားတဲ့ နွားရိုင်းကို ကြိုးနဲ့ ချည်တိုင်မှာ မြဲမြဲချည်ပြီး ဆုံးမရသလို၊ ချည်တိုင်နဲ့တူတဲ့ ကမ္မဋ္ဌာန်းအာရုံမှာ နွားရိုင်းနဲ့တူတဲ့ စိတ်ကို ကြိုးနဲ့တူတဲ့ သတိတရားဖြင့် တင်းကျပ်စွာ ချည်ပြီး ဆုံးမရမယ်။ (၂) နောက်တစ် မျိုးထပ်ပြောရရင် အပေါက် ခြောက်ပေါက်ရှိတဲ့ တောင်ပို့ထဲက ဖွတ်တစ်ကောင်ကို အမိဖမ်းချင်ရင် အပေါက်ငါးပေါက်ကို လုံအောင်ပိတ်ပြီး ကျန်တဲ့ တစ်ပေါက်ကနေပြီး စောင့်ဖမ်းမယ်ဆိုရင် ဒီဖွတ်ကို မိသလိုပါပဲ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဆိုတဲ့ ဒွါရငါးပေါက် ပိတ်ထားပြီး၊ ကျန်တဲ့ မနော အပေါက်ကနေ စောင့်ဖမ်းမယ်ဆိုရင်ဖြင့် ဖွတ်နဲ့တူတဲ့ စိတ်ကို မိမှာပဲ၊ ဒါကြောင့် မင်းသမာဓိကို ကောင်း ကောင်းရအောင် အားထုတ်မှုကို ပိုမိုရမယ်။

(နောက်တစ်နေ့မှာတော့) မင်း မနေ့က သမာဓိ ကောင်းကောင်းရရဲ့လား (ထိုနမိဒ္ဓဝင်လို့ ခပ် ကျဲကျဲပဲရပါတယ်ဘုရား) မင်း တယ်ချော်တာကိုး၊ အဲဒါ မင်း ဝီရိယလွန်နေလို့ပဲ။ ဝီရိယလွန်တော့လည်း ဥဒ္ဓစ္စ ဝင်တတ်တယ်၊ အဲဒီအချိန်မှာ ဣရိယာပုတ်ကို ဖျက်ပြီး လမ်းလျှောက်ရင်း အားထုတ်ရမယ်။ မင်း မြဲမြဲမှတ်ထား၊ သတိဆိုတာ လွန်တယ်လို့ မရှိဘူး၊ သဒ္ဓါ, ပညာ, သမာဓိ, ဝီရိယ ဆိုတာတွေကို တစ်ပြိုင် တည်း တစ်ညီတစ်ညွတ်တည်းဖြစ်အောင် အား မထုတ်နိုင်ခဲ့ရင်ဖြင့် ဥဒ္ဓစ္စ (စိတ်ပျံ့လွင့်မှု) ဖြစ်ဖြစ်၊ ထိနမိဒ္ဓ (စိတ်ထိုင်းမှိုင်းမှု)ဖြစ်ဖြစ်၊ တစ်ခုကတော့ ဝင်မှာပဲ၊ (ယခုအားထုတ်မှုသည် သမထသက်သက်၊ သမာဓိ ရရုံခိုင်းမှုမှာ ဝိပဿနာနှင့် မရောပါစေနှင့်)။ သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယတို့ကို အပိုအလိုမရှိစေ ဘဲ အားထုတ်ရမယ်။ ကဲ... သွားအားထုတ်ချေ။ သမာဓိကောင်းကောင်းရမှ ငါ့ဆီလာခဲ့။

(နှစ်နာရီလောက် အားထုတ်ပြီး ပြန်လာ တော့) မင်း သမာဓိ ကောင်းကောင်းရရဲ့လား၊ (ရပါ ပြီ ဘုရား)၊ မင်းက သမာဓိကောင်းကောင်း ရတယ် သာ ပြောတာ၊ မင်းရုပ်လက္ခဏာက မဟုတ်သေး ဘူး၊ သမာဓိ ကောင်းကောင်းရတဲ့ ပုဂ္ဂိုလ်ရဲ့လက္ခဏာ နဲ့ မရသေးတဲ့ ပုဂ္ဂိုလ်ရဲ့ လက္ခဏာတို့ဟာ များစွာ ခြားနားတယ်၊ ဒါကို နောက်ပိုင်းကျမှ ငါ ရှင်းပြမယ်၊ မင်း အခု တရားကို မထိုင်ခင်ကတည်းက ထမင်း စား၊ ရေချိုး၊ နောက် ခန္ဓာဝန်ကို ပြည့်စုံအောင် ဆောင် ရွက်ထားပါ၊ တရားထိုင်ချိန်ကျမှ အခင်းကြီး အခင်း လေးတွေ မပေါ်ပါစေနဲ့၊ ဒီကိစ္စတွေဟာ အများကြီး အနှောင့်အယှက် ဖြစ်တယ်၊ ကဲ–ဒါတွေကို ပြည့်စုံ အောင်လုပ်ပြီး အားထုတ်ချေ။

(နှစ်နာရီလောက်အားထုတ်ပြီးတော့) မင်း သမာဓိကောင်းကောင်း ရပြီလား၊ (ရပါပြီဘုရား)၊ အေး ဒီလောက်ဆိုရင် တော်လောက်ပြီ၊ ဒီတစ်ခါ ဝိပဿနာဘက်ကို ပြောင်းပြီး ရှုရမယ်၊ ဝိပဿနာဆို တာက ပညာလမ်းကို စိတ်ညွတ်ပြီး၊ ရုပ်–နာမ် လက္ခဏာ ဖြစ်ပေါ်မှုတွေကို ဆင်ခြင်တာပါပဲ၊ ယခု လက်ရှိ ခန္ဓာကြီးဟာ ပဋိသန္ဓေကစပြီး သေသည့် တိုင်အောင် မပြတ်မစဲ၊ ထပ်ခါတလဲလဲ ဖြစ်ပျက် နေကြတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေး သုံးပါးတို့သာ မုချဇကန် ဖြစ်ပျက်နေတယ်လို့ သိမြင် နေရမယ်။ ရုပ်နာမ်နှစ်ပါးတို့ဟာ မမြဲ၊ ဆင်းရဲခြင်း၊ ငါလည်းမဟုတ်၊ ရုပ်နာမ်တွေဟာ "အနတ္တ"လို့ ထင် မြင်မှုများလာတဲ့အခါကျတော့ ဖြစ်လိုက် ချုပ်လိုက်နဲ့ ဖြစ်ချုပ်နေတာကို တွေ့မြင်တဲ့ အခါမှာ "ဥဒယဗ္ဗယ ဉာဏ်" ရောက်တယ်လို့ သိရမယ်၊ မင်း တရား မထိုင် ခင်ကတည်းက အသိဉာဏ်နဲ့ ယခုကဲ့သို့မရှင်းခဲ့ရင် ဖြင့် ခရီးရောက်မှာ မဟုတ်ပါဘူး။

တစ်ခါ မင်း သောတာပန်ဖြစ်ချင်ရင် "ဒိဋ္ဌိဝိစိ ကိစ္ဆာ"ကို အလျင်ပယ်ရမယ်။ ဒိဋ္ဌိဝိစိကိစ္ဆာဆိုတာ ဘယ်မှာ ကပ်နေသလဲဆိုရင်ဖြင့် ခန္ဓာငါးပါးမှာ ကပ် နေတယ်။ ဒီခန္ဓာငါးပါးကလည်း ဘယ်ကဖြစ်လာပြီး ဘယ်လိုလုပ် ဖြစ်ပျက်နေတာလဲ ဆိုတာကို မင်း သိထားရမယ်။ ဒါကိုမသိခဲ့ရင် ဒီကပ်နေတဲ့ "ဒိဋ္ဌိဝိစိ ကိစ္ဆာ"ကို ဘယ်နည်းနဲ့မှ မခွာနိုင်၊ မပယ်နိုင်ဘူး။

http://www.dhammadownload.com

အဲဒီတော့ ခန္ဓာငါးပါးကို ဆရာသမားပြောပြလို့ သိပြီထား၊ ဒီခန္ဓာရဲ့ ဖြစ်ကြောင်း၊ ချုပ်ကြောင်းကို မသိခဲ့လို့ရှိရင် ဒိဋ္ဌိကပ်နေဦးမှာပဲ၊ ဒါကြောင့် ခန္ဓာငါးပါး အကြောင်းကို သိချင်လို့ရှိရင် ပဋိစ္စသမုပ္ပာဒ် အလျင်သိအောင် လုပ်ရမယ်၊ ပဋိစ္စသမုပ္ပာဒ် ဆိုတာကလည်း စာထဲမှာပါတာက တစ်မျိုး၊ ခန္ဓာထဲမှာ အခုဖြစ်ပျက်နေတာက တစ်မျိုး၊ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှသာ ခရီးပေါက်ပါလိမ့်မယ်။

ဒါကြောင့် ခန္ဓာငါးပါး၏ ဖြစ်ကြောင်း၊ ချုပ်ကြောင်းကိုပြရရင် "အဝိဇ္ဇာပစ္စယာသင်္ခါရာ" အတိုင်း ဘဝက လုပ်ခဲ့တဲ့ အဝိဇ္ဇာသင်္ခါရတွေကြောင့် "သင်္ခါရပစ္စယာ ဝိညာဏံ"။ ဒီဘဝ– ဒီခန္ဓာကြီး ဖြစ်လာရတယ်။ (အဝိဇ္ဇာ–သင်္ခါရက) လွန်ခဲ့တဲ့အတိုင်း ပဋိစ္စသမုပ္ပာဒ်မို့ အခုမဆိုင်တော့ဘူး။ နောက်ဖြစ်မယ့် အနာဂတ်ပဋိစ္စသမုပ္ပာဒ်လည်း မရောက်သေးလို့ မဆိုင်တော့ပါဘူး။ အရေးကြီးတာကတော့ ယခုပစ္စုပ္ပန် ပဋိစ္စသမုပ္ပာဒ်ကို နားလည်ဖို့ပါပဲ၊ "ဒိဋ္ဌိဝိစိကိစ္ဆာ" ဒီခန္ဓာငါးပါးမှာ ကပ်နေတာ။ ဒါဘယ်သူ့ ဆံပင်လည်းဆိုရင်ဖြင့် "ငါ့ဆံပင်"လို့ ဖြေမှာပါပဲ၊ ဆံပင်ဆိုတဲ့ ရူပက္ခန္ဓာမှာ "ငါ သွားခိုတယ်"၊ "ငါ ထမင်းစားလို့ ကောင်းလိုက်တာ"ဆိုရင်... ဝေဒနာက္ခန္ဓာမှာ 'ငါ' သွားခိုတယ်၊ 'ငါ' မှတ်ထားတယ်" ဆိုရင် သညက္ခန္ဓမှာ "ငါ" သွားခိုတယ်၊ 'ငါ ရက်ကန်းခတ်တာမျိုးဟာ ရာမှရားဆိုရင်... သင်္ခါရက္ခန္ဓာမှာ 'ငါ' သွားခိုတယ်။ "ငါ့စိတ်မစမ်းနဲ့"ဆိုရင် ဝိညာဏက္ခန္ဓာမှာ "ငါ"သွားခိုတယ်၊ ဒါကြောင့် ခန္ဓာငါးပါးဟာ ဒိဋ္ဌိကပ်စရာ ဌာနကြီးမို့ ခန္ဓာနဲ့ "ဒိဋ္ဌိဝိစိကိစ္ဆာ အလျင်ခွာရလိမ့်မယ်။ စာလိုကတော့ ရုပ်နာမ်လွဲရင် ဒိဋ္ဌိဝိစိကိစ္ဆာကွာတယ်လို့ ရေးကြပေမယ့် ပဋိစ္စသမုပ္ပာဒ် ဖြစ်ကြောင်းကိုလည်း နားလည်မှ၊ ပဋိစ္စသမုပ္ပာဒ် ချုပ်ကြောင်းကိုလည်း နားလည်မှ "ဒိဋ္ဌိဝိစိကိစ္ဆာ" က ကွာမည်။ မသိရင်တော့ "ဒိဋ္ဌိဝိစိကိစ္ဆာ"ဟာ ကပ်နေမှာပဲ။

ဒီတော့ မင်း အလုပ်ခွင်ဝင်ရမယ်။ ပဋိစ္စသမုပ္ပာဒ်က ပစ္စုပ္ပန် ပဋိစ္စသမုပ္ပာဒ်ပဲ၊ ဒီနေ့ တစ်နေ့လုံးဖြစ်တဲ့ ပဋိစ္စသမုပ္ပာဒ်ကို ဆိုလိုတာမဟုတ်ဘူး၊ ယခုမြင်တဲ့အခိုက်၊ ကြားတဲ့အခိုက် ဖြစ်ပေါ်တဲ့ ပဋိစ္စသမုပ္ပာဒ်ကို အခုတရားထိုင်မယ့် အချိန်မှာ ပစ္စုပ္ပန်တည့်တည့်ရှုဖို့ အရေးကြီးပါတယ်။ မင်း အသက်ဘယ်လောက်ရှိပြီလဲ (၄၀–ပါ ဘုရား)၊ အေး အခုရုပ်ရည်နဲ့ ငယ်ငယ်က ရုပ်ရည်ဟာ မကွာဘူး၊ ရုပ်မကျဘူးလို့ ထင်မှတ်နေရင်ဖြင့် "သဿတဒိဋ္ဌိ" ဖြစ်တယ်၊ ဆက်ပြီးတည်တံ့တယ်လို့ မယူရဘူး၊ တစ်ခါငါပိုက်ဆံများများရမယ်ဆိုရင် ဘာမဆို လုပ်ရဲတယ်၊ သေရဲတယ်၊ သေရင်ပြီးတာပဲ ဆိုလို့ရှိရင်လည်း ဥစ္ဆေဒဒိဋ္ဌိဖြစ်တတ်တယ်၊ ဒီလိုလည်း အပြတ်မယူဘူး၊ ကဲ... ဒါလောက် ဆိုတော်ပြီ၊ မင်း ဆိတ်ငြိမ်တဲ့နေရာသွားပြီးအလုပ်ထိုင်ပါ၊ သမထကိုတော့ သမာဓိကောင်းကောင်းရသည်အထိ အားထုတ်ပါ၊ ခန္ဓာကိုယ်ကို တည့်တည့်ထိုင်ပါ၊ လေကလေး(ရှူလေ) ဝင်တာကိုလည်း သိနေပါ၊ ထွက်သွားတာ (ထွက်လေ) လည်းသိပေးပါ၊ သမာဓိအားလည်း ကောင်းလာပါလိမ့်မယ်၊ အဲဒီ အချိန်မှာ ဝိရိယကိုလည်း မလျှော့ရဘူး၊ သတိပညာလည်း တစ်ပါတည်း ကပ်လိုက်ပါ၊ ခန္ဓာကိုယ်ကြီးဟာ ဖောက်ပြန်ပြီး ဝေဒနာတွေ ပေါ်လာပါလိမ့်မယ်။ ပေါ်လာတာတွေကို အသိလိုက်ပေးပါ၊ ဒီလို သိနေတဲ့ ကြားထဲက အသံတစ်ခုခုကြားလိုက်ရင် ကြားလိုက်ပြန်ပြီလို့ သိပေးပါ၊ ပစ္စုပ္ပန်တည့်တည့်ကို ရှုပေးကြဖို့ အရေးကြီးတယ်၊ နားလည်ပြီလား၊ ကဲ... အလုပ်သွားထိုင် ချေတော့။

တရားထိုင်ပုံ ထိုင်နည်း (ခ)

(နှစ်နာရီလောက်ထိုင်ပြီး ပြန်လာတဲ့အခါမှာ)

မင်း... သမာဓိကို ကောင်းကောင်းရရဲ့လား (ရပါတယ်ဘုရား၊ အလင်းရောင်ကိုလည်း မြင်ရပါတယ်ဘုရား) အို ဒါတွေကို ဂရုမစိုက်ပါနဲ့။ ဒီလို သမာဓိရလာရင် ပညတ်နိမိတ်အာရုံအမျိုးမျိုး၊ ပရမတ်နိမိတ်

http://www.dhammadownload.com

အာရုံအမျိုးမျိုးတေိကို မြင်ရမယ်၊ အဲဒီဟာတွေကို ဆက်မလိုက်နဲ့၊ မင်း ဝေဒနာကောတွေ့ရဲ့လား။ (တွေ့ပါတယ် ဘုရား၊ ကြာကြာဖိထိုင်တော့ ထုံကျင်ကိုက်ခဲလာပါတယ် ဘုရား)၊ အဲ့ဒါကို ဆက်လိုက်သလား၊ (လိုက်ပါတယ်ဘုရား)၊ မင်း.... ဝေဒနာကို တမင်တကာလုပ်ယူသလို ဖြစ်နေတယ်၊ ထိုင်နည်းလို သေးတယ်၊ ထိုင်တဲ့အခါမှာ တင်ပျဉ် ခွေထိုင်ပါ၊ ခါး ကို ဖြောင့်ဖြောင့်မတ်မတ်ထားပြီး ရှေ့လည်းမငိုက်နဲ့၊ ဘေးလည်းမစောင်းနဲ့၊ ခေါင်းလည်း ဘယ်ဘက်မှ မစောင်းစေနဲ့။ ခါးအထက်ပိုင်း ကိုယ်ကြီးဟာ ရှေ့နောက် ဘေးကိုယိမ်းယိုင်ခဲ့ရင် အရိုးအဆစ်တွေဟာ အဆက်ချင်း တည့်မနေတော့ မကြာခင်မှာဘဲ နာလာလိမ့်မယ်။ မင်း ဝေဒနာကို တွေ့ဖို့ရာထက် သမာဓိရအောင် မထိုင်နိုင်ဘဲ နေမှာကို စိုးရတယ်။ ခါးအောက်ပိုင်းကလည်း သိပ်တင်းကျပ်ပြီး ခြေထောက်ချင်းလည်း ဖိမထားရဘူး။ ဖိထားခဲ့ရင် သွေးလွှတ်ကြော သွေးပြန်ကြောတွေဟာ ကိုက်ခဲလာလိမ့်မယ်။

ဒါကြောင့် ထိုင်နည်းမမှန်ရင်ဝေဒနာကို တမင်လုပ်ပြီးယူရာကျမယ်။ ဒီအချက်တွေဟာ မင်းတို့လို တရားထိုင်စဖေါဂီများအတွက် အရေးကြီးတယ်။ ယောဂီတွေအဖို့ မိမိတို့ ကြိုက်နှစ်သက်တဲ့ ကျရိယာပုတ်နဲ့ အားထုတ်နိုင်ပေမယ့် ထိုင်ခြင်း ကျရိယာပုတ်ဖြင့် အားထုတ်တာက သမာဓိကို ရလွယ်လို့ ပိုကောင်းပါတယ်။ ဝင်သက်ထွက်သက်ကို မှန်မှန်ရှုရှိုက်ရမယ်၊ သိပ်ပြင်းထန်မြန်ဆန်စွာ ရှုရှိုက်လို့ရှိရင်ဖြင့် ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲရာ ကျလိမ့်မယ်။ လေကို ရှုရှိုက်တဲ့အခါမှာ လေထဲမှာရှိတဲ့ တေဇောဓာတ်ဟာ အဆုတ်မှာရှိတဲ့ လေအိတ်ကလေးများစွာရှိတဲ့နေရာကို ရောက်တဲ့အခါကျတော့ ခန္ဓာကိုယ်အတွက် အပူခွန်အား (တေဇောဓာတ်) ရရှိတယ်။ ဒါကြောင့် အဆုတ်ရောက်အောင် အသက်ရှူတဲ့အခါတိုင်း အဆုတ်ဟာ ကျယ်ပြန့်သွားနိုင်အောင် ခန္ဓာကိုယ်အထက်ပိုင်းကို တရားထိုင်တဲ့အခါမှာ တည့်မတ်စွာထားရမယ်၊ ဒီကဲ့သို့ထားရင် အဆုတ်လေအိတ်ကလေးတွေဟာ လေပြည့်နေမယ်။ လေပြည့်နေမှလည်း မိမိခန္ဓာကိုယ်ကြီးက နာရီများစွာ တရားထိုင်နိုင်လိမ့်မယ်၊ အဆုတ်ကို လေအပြည့်မသွင်းနိုင်ရင်ဖြင့် မောပန်းလာမယ်၊ ဒီအချက်ဟာ တရားထိုင်တဲ့ ယောဂီများအတွက် အလွန်အရေးကြီးပါတယ်။

မင်းတို့ ဝင်လေကို တစ်ခါရှူလိုက်ရင် နှလုံးဟာ (၄)ကြိမ် လှုပ်ရှားမယ်၊ ညှစ်ထုတ်ရမယ်၊ တစ်မိနစ်မှာ (၁၆)ကြိမ်မှ (၁၈)ကြိမ်အထိ အသက်ကို ရှူရှိုက်ရတယ်။ နှလုံးကတော့ (၆၄)ကြိမ်မှ (၇၂)ကြိမ်အထိ လှုပ်ရှားညှစ်ထုတ်ရတော့ လေ (အသက်) မြန်မြန်ရှူလိုက်ရင် နှလုံးဟာ ပင်ပန်းပြီး တရားမရဘဲ ရောဂါရဖို့သာ သေချာနေပါတယ်။

အဆုတ်ရဲ့ အင်အားနဲ့ ယူဆောင်လာတဲ့ တေဇောဓာတ်က အစာအိမ်၊ အူသိမ်၊ အူမများကို ပြုပြင်ပေးလိုက်တဲ့အခါမှာ အစာအာဟာရ ကြေညက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကို ထောက်ပံ့ပေးတယ်။ ဒို့အပြင်လည်း ဒီခန္ဓာကိုယ် အစိတ်အပိုင်း အသီးသီးမှ ဘေးဖြစ်စေတတ်တဲ့ အညစ်အကြေး အဆိပ်အတောက် အပျက်အစီးတွေကို သက်ဆိုင်ရာ အစိတ်အပိုင်းတို့မှတစ်ဆင့် ချွေး၊ အခိုး၊ အငွေ့၊ ကျင်ကြီး၊ ကျင်ငယ်အဖြစ်နဲ့ အပြင်ဘက်ကို ထုတ်ပေးတယ်။ အဆုတ်မှတစ်ဆင့် အဆိပ်အတောက်နဲ့ မကောင်းတဲ့ အခိုးအငွေ့များ ပါလာတဲ့လေကို ထွက်သက်လေဖြင့် ထုတ်ပစ်တယ်၊ သွေးဟာ နှလုံးတုန်ခြင်းအားဖြင့် သွေးကြောထဲမှာ ဖြစ်လိုက် ပျက်လိုက်နဲ့ လည်ပတ်ပြီး မကောင်းတဲ့ သွေးညှိသွေးပုပ်တွေကို နှလုံးကနေ အဆုတ်ထဲ တွန်းထုတ်လိုက်တော့ မကောင်းတဲ့ သွေးဟာ (တေဇောဓာတ်) အသစ်တစ်ဖန် နှလုံးထဲမှာ သွေးနီ အကောင်းကို ပြန်လည်ရရှိတယ်။

အဲဒီက တစ်ဖန် မကောင်းတဲ့ အညစ်အကြေး၊ အဆိပ်အတောက်၊ အပျက်အစီးတွေကို ချွေး၊ ကျင်

http://www.dhammadownload.com

ကြီး၊ ကျင်ငယ်၊ အင်္ဂေ့အသက်တို့ဖြင့် ပြန်ထုတ်ပြီး တစ်ပတ်လည်နေကြလို့ အခုလို မင်းတို့ငါတို့ အသက်ရှင်နေတယ်လို့ ဆိုရမှာပဲ၊ နှလုံးဟာ လက်သီးဆုပ်ပမာဏရှိတယ်။ အတွင်းမှာ အခေါင်းကြီး ရှိပြီး ဒီအခေါင်းကြီး အတွင်းမှာတော့ လက်တစ်ဆုပ်စာလောက် (အသစ် အသစ်ဖြစ်နေတဲ့) နှလုံးသွေးနီ (တေဇော)ဟာ ရှိနေတယ်။ အဲဒီ ကောင်းတဲ့သွေးကို အသက်တစ်ခါရှူရင် တစ်ကိုယ်လုံးနှံ့သွားအောင် (၄) ကြိမ် ညှစ်ပို့ရတယ်၊ နှလုံးသားကို ဖြူချောပါးလှပ်တဲ့ အမှေးလွှာနဲ့ ဖုံးအုပ်ထားပြီး၊ ဒီနှလုံးသားရဲ့ ညာဘက်အခန်းကတော့ မကောင်းတဲ့ သွေးညိုတွေကို အဆုတ်ထဲ တွန်းပို့ပေးလိုက်တယ်။

အဲဒီ လက်တစ်ဆုပ်စာရှိတဲ့ နှလုံးသွေးကို "ဟဒယဝတ္ထုရုပ်" က မှီနေတယ်။ ဒီဟဒယဝတ္ထုရုပ်ကို မနောဓာတ်၊ မနောဝိညာဏဓာတ် စိတ် စေတသိက်တို့က မှီတည်နေတယ်၊ ဒီ မနောဝိညာဏဓာတ် စိတ်တွေက စေခိုင်းရာကို ရုပ်တွေက လိုက်လုပ်နေရတာမို့ "အသရီရံ-ဂုဟာသယံ" အထည်ကိုယ်မရှိသော စိတ်သည် နှလုံးတည်းဟူသော လိုဏ်ဂူထဲမှာ ကိန်းနေတယ်လို့ ဘုရားကိုယ်တော်မြတ်ကြီးက ဓမ္မပဒပါဠိတော်မှာ ဟောပါတယ်။ စိတ်၊ စေတသိက်တို့ အစွမ်းအာနုဘော်တော်ကြောင့် နှလုံးအတွင်းရှိ တစ်ဆုပ်စာမျှရှိတဲ့ နှလုံးသွေးဟာ အဆင်းအမျိုးမျိုး ပေါ်လာရတယ်။ (၁) ရာဂအားကြီးတဲ့အခါမှာ ဟသံပဒါးရည်လို နီနီရဲရဲ ဖြစ်ပေါ်လာရတယ်၊ (၂) ဒေါသအားကြီးတဲ့အခါမှာ မည်းပုပ်ပုပ် ဖြစ်ပေါ်လာတယ်၊ (၃) မောဟ အားကြီးတဲ့အခါမှာ အမဲသားဆေးရေလို နီကျဲကျဲဖြစ်လာတယ်၊ (၄) ဝိတက် အားကြီးတဲ့အခါမှာ ပဝိစပ်ပြုတ်ရေလို နီနောက်နောက် ဖြစ်လာတယ်၊ (၅) သဒ္ဓါအားကြီးတဲ့အခါ ဝါဖျော့ဖျော့နေရာမှ အဝါရင့် ဖြစ်လာတယ်၊ (၆) ပညာ အားကြီးတဲ့အခါတော့ ဆွတ်ဆွတ်ဖြူနေရာမှ မှန်ကဲ့သို့ ကြည်လင်လာပြီး ပတ္တမြားလုံးကဲ့သို့ အလင်းရောင်တွေ တောက်ပပြီး လာတယ်။ ဒီစရိုက်ခြောက်ပါးအလိုက် သွေးအရောင်ပြောင်းလဲနေပုံကို မင်း ကောင်းစွာ မှတ်ထားပါ။

ဒီနှလုံးက ညှစ်လွှတ်လိုက်တော့ ဗဟိုသွေးကြောမကြီးကနေ တစ်ကိုယ်လုံး ပျံ့နှံ့သွားပြီး ဒေါသဖြစ်နေတဲ့ လူဟာ မည်းပုပ်ပုပ် သွေးများ တစ်ကိုယ်လုံးပျံ့နှံ့သွားတယ်။ အသားတွေဟာ ဒေါသဖြစ်လွန်းတဲ့အခါမှာ နီပြီး တုန်နေတာကို တွေ့ရမယ်။ နောက်တော့ ညိုပုပ်လာပြီး မကောင်းတဲ့ပြစ်မှုတွေ ကျူးလွန်တဲ့အထိ ဖြစ်လာပါတယ်၊ ဘုရားရဟန္တာများမှာတော့ နှလုံးသွေးဟာ အထူးကြည်လင်နေလို့ ကိုယ်ရောင်အဆင်းတွေဟာ တစ်ကိုယ်လုံး တောက်ပပြီး ရောင်ခြည်တော်တွေလွှတ်တဲ့အထိ ဖြစ်ပေါ်လာတယ်။ ရူးသွပ်သွားတာဟာလည်း ဒီနှလုံးသွေးပဲ၊ ကြောက်အားကြီးတဲ့အခါမှာ နှလုံးသွေးက အေးပြီး ပျစ်ချွဲလာတော့ တစ်ကိုယ်လုံးကို အေးစက်လာတယ်၊ အအေးလွန်တဲ့အခါမှာ ပျစ်ချွဲလာပြီး နှလုံးသွေးရပ်သွားတာမို့ သေရတာပဲ။

ဒီ နှလုံးသွေး ထွက်ရာ ဝင်ရာအဝမှာ အဆို့ရှင် လိပ်ပြာတောင်ကလေး နှစ်ခုရှိတယ်။ စိတ်-စိတ္တဇ-ဥတုဇ လေကြောင့် ဒီလိပ်ပြာတောင် နှစ်ခုဟာ အချက်ကျကျ ခတ်ပေးလိုက်လို့ သွေးတွေဟာ ဒိတ်... ဒိတ်... ဒိတ်... နဲ့ အချက်ကျကျ တစ်ကိုယ်လုံးပျံ့နှံ့နေတာပဲ၊ စိတ်ဟာ နှလုံးသွေးကို မှီနေတယ်။ နှလုံးသွေးဖောက်ရင်ဖြင့် စိတ်လည်း ဖောက်ပြန်တာပဲ။ မင်း ဒါကို သေသေချာချာ မှတ်ထားပါ။ လည်ပင်း သွေးကြောနှစ်ခုကို ဖိနှိပ်ထားလိုက်ရင် နှလုံးသွေးကြောနဲ့ တစ်ဆက်တည်းဖြစ်နေတာမို့ သွေးဖောက်ပြန်ပြီး ဘဝကျမှေသွားတယ်။

ဒါကြောင့် တရားထိုင်ချိန်မှာ လည်ပင်းကို ရှေ့နောက်ဝဲယာ စောင်းငဲ့နေရင်ဖြင့် အချိန်ကြာမြင့်တဲ့အခါမှာ ထိုင်းမှိုင်းတွေဝေပြီး မေ့မြောနေတတ်ပါတယ်။ ဒီအချက်တွေဟာ တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေအနေနဲ့ အထူးသတိထားဖို့ လို

http://www.dhammadownload.com

တယ်၊ ဒါကြောင့်လည်း အမြဲသတိပေးနေရတယ်။

(ဤတရား ရှုမှတ်ပုံ (က)နှင့် (ခ)တို့မှာ စာရေးသူ၏ ဖခင်ဖြစ်သူ ကျောင်းဒကာကြီး ဦးကျော်သိန်း ရေးသားပြုစုခဲ့သော ကျွးဋ္ဌးရှင် မိုးကုတ် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိကျင့်စဉ်ထဲမှာပါသော စာသားများကို အကျဉ်းချုံးခြင်းမျှသာ ဖြစ်ပါသည်။ ပြည့်စုံကျယ်ပြန့်စွာ သိရှိနိုင်ပါရန် ထေရုပ္ပတ္တိနှင့် ကျင့်စဉ်ကို ဖတ်ရှုလေ့လာကြပါရန် အထူး တိုက်တွန်းလိုက်ရပါသည်။)

ဉာဏ်စဉ် အဆင့်ဆင့်ကို ဟောကြားပုံ

ဒကာ ဒကာမတွေ ဒီနေ့တော့ ဝိပဿနာလက်တွေ့လုပ်နည်းကို စပြီး ဟောရပါလိမ့်မယ်။ ဝိပဿနာအလုပ်ကို စပြီး လုပ်တော့မယ်ဆိုရင် မိမိစိတ်ဟာ အဓိပတိသုံးပါးကို အားထားရမယ်၊ တရားထိုင်တဲ့အခါမှာ ဆိတ်ငြိမ်တဲ့နေရာမှာ ထိုင်ပါ။ ဆိတ်ငြိမ်တဲ့နေရာဟာ တောပါပဲ။ ဘုရားကို ရှိခိုးကန်တော့ပြီး မိမိခန္ဓာကိုယ်ကို တရားမထိုင်မီ ဘုရားကို လျှူထားပါ။ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များကိုလည်း အမျှဝေပါ။

မိမိခန္ဓာကိုယ်ကို အချိန်ကြာကြာ တရားအားထုတ်နိုင်အောင် တည့်မတ်စွာထိုင်ပါ၊ ဘယ်ဘက်မမစောင်းပါစေနှင့်၊ ရှေ့ကိုလည်း မငိုက်ပါစေနှင့်၊ ကိုယ်ကို ဖိညှစ်မထိုင်ဘဲ ခပ်လျော့လျော့ထိုင်ပါ၊ တောင့်မထားပါနှင့်၊ ထွက်သက် ဝင်သက် အာနာပါနကို စိတ်တည်ငြိမ်ပြီး သမာဓိရအောင် လုပ်ပါ။ အဲဒီလို သတိကို လက်မလွတ်စေဘဲ ထွက်လေ ဝင်လေကို သိသိနေတာ ကြာလာတော့ သမာဓိလည်း အားကောင်းလာမယ်။ အဲဒီ သမာဓိအားကောင်းလာတဲ့အချိန်မှာ ဝိရိယကို မလျှော့ဘဲ သတိ-ပညာနဲ့ ကပ်ပြီး လိုက်ပါ။

တရားထိုင်ရတာ ကြာတော့ ရုပ်တွေက ဖောက်ပြန်လာပြီး ဝေဒနာတွေ ပေါ်လာတယ်။ တောင့်တင်းလာတာ၊ ညောင်းလာတာကို ဉာဏ်က သိလာတယ်။ ညောင်းတာရယ်၊ ညောင်းမှန်းသိတာရယ်၊ အဲဒီနှစ်ခုကို ဖြစ်ပြီးပျက်သွားတာပဲလို့ သိလိုက်ပါ။ ဒီလို သိလိုက်တဲ့အခါမှာ ညောင်းတဲ့ နာမ်နဲ့ ညောင်းတဲ့စိတ်မရှိတော့ဘဲ ချုပ်ပျောက်သွားကုန်ပြီလို့ နောက်ဉာဏ် ကသိလိုက်ပါ။ ညောင်းတာ တောင့်တာကို ပြုပြင်မပေးသမျှ ညောင်းတာတွေ တစ်ခုပြီး တစ်ခုဖြစ်ပြီး ပျက်နေဦးမှာမို့၊ ဒူးကလေး ခြေကလေး ဆန့်ချင်တဲ့စိတ်၊ ပြောင်းရွှေ့ချင်တဲ့စိတ်ဟာ ပေါ်လာလိမ့်မယ်၊ အဲဒီအခါမှာ မိမိတို့ဉာဏ်က ဆန့်ချင်၊ ကွေးချင်၊ ပြောင်းရွှေ့ချင်တဲ့စိတ် ဖြစ်လာတာကို သိလိုက်ပါ၊ သိလိုက်တဲ့အချိန်မှာပဲ ထိုဆန့်ချင်၊ ကွေးချင်တဲ့ ရုပ်နာမ်တွေ မရှိတော့တာကို ထပ်သိလိုက်ပါ။ ဤကဲ့သို့ သိနေတုန်းမှာ အသံတစ်ခု ကြားလိုက်ရရင်ဖြင့် ကြားပြန်ပြီလို့သိပါ၊ အဲဒီ ခန္ဓာငါးပါးမှာ တစ်ခုခု ပေါ်လာတိုင်း ပေါ်လာတိုင်း သိပြီး၊ ဖြစ်ပြီး ပျက်သွား ပျောက်သွားပါကလားလို့ သိရမယ်။

ဤကဲ့သို့ အသိတရားတွေ ကျဲနေရာကနေ စိပ်သည်ထက် စိပ်ပြီးလာတာတွေကို ဉာဏ်နဲ့ မှတ်ပါ၊ တဖြည်းဖြည်း ရုပ်နာမ်တရားတွေ တစ်ခုပြီး တစ်ခုဖြစ်ပြီး ပျက်သွားတာကို သတိနှင့် စိုက်ကြည့်ပါက တွေ့ပါလိမ့်မယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ပါဠိလို ရွတ်မနေဘဲ ဖြစ်ပြီးပျက်သွားပါကလားလို့ တစ်ခုတည်းကိုသာ သတိနဲ့ စိုက်ကြည့်ပြီးနေရင် ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့ သဘောတွေကို ပိုထင်မြင်လာလိမ့်မယ်။ ဒီလို မိမိတို့ခန္ဓာကိုယ်မှာ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်တွေ ကြည့်ရှုဖန်များလာတော့ မိမိရဲ့ ခန္ဓာကိုယ်ကို ရွံမုန်းလာတော့တာပဲ၊ အဲဒီအခါမှာ မိမိတို့ ခန္ဓာကိုယ်ကို စွန့်လွှတ်ချင်တဲ့စိတ် ဖြစ်လာမယ်။

ခန္ဓာကိုယ်ရှိရင် ဤကဲ့သို့ ဖြစ်ပျက်ဒုက္ခနှင့် မကင်းနိုင်ဘဲ အို၊ နာ၊ သေ ဆိုတဲ့ ဒုက္ခသစ္စာနှင့် တွေ့ကြဦးမှာမို့ ကြောက်ရွံ့ပြီး မိမိခန္ဓာကိုယ်ကို

http://www.dhammadownload.com

ရုံမုန်းလာမယ်။ ဖြစ်ပျက်ကို ရှုဖန်များလာရင် လောဘ၊ ဒေါသ၊ မောဟ သုံးပါးစလုံး တဖြည်းဖြည်း ခေါင်းပါးပြီး နောက်ဆုံး လွင့်ပျောက် ခန်းခြောက် သွားသည်အထိ ဖြစ်ပျက်ဆုံးအောင် ပွားများ အားထုတ်ဖန်များက ယခုဘဝမှာပင် မဂ်ဖိုလ် ရနိုင်ပါသည်။

ဒါကြောင့် ကြိုးစားပြီး မိမိတို့ခန္ဓာကိုယ်ကို ဖြစ်ပျက်ရှုကြရမယ်၊ ဖြစ်ပြီးပျက်တဲ့ သဘောမှ တစ်ပါး ဘာမှမရှိဘူးဆိုတာကို တွေ့ရလိမ့်မယ်။ အဲဒီလို ရှုဖန်များလာရင် ဤကား ရုပ်၊ ဤကား နာမ်လို့ ပိုင်းခြားသိလာတော့ "နာမရူပ ပရိစ္ဆေဒဉာဏ်" ရလာတယ်၊ နောက် ရုပ်နာမ်တို့၏ ဖြစ်ပေါ်ရင်း အကြောင်း တရားတို့ကို ဆင်ခြင်ပြီး ဒီရုပ်နာမ်ဟာ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ ဆိုတဲ့ အကြောင်း တရားလေးပါးကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရား ပါကလား၊ အကြောင်းလည်းဖြစ်ပျက်၊ အကျိုးလည်း ဖြစ်ပျက်ပဲလို့ ရှေးအတိတ်ဘဝက အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ တို့ကို ရှာမှီး သိမ်းဆည်းနိုင်သော "ပစ္စယာနုဂ္ဂဟဉာဏ်" ရလာမယ်။

နောက် ရုပ်နာမ်တို့၏ ဖြစ်လတ္တံ့၊ ဖြစ်ဆဲ၊ ဖြစ်ပြီးတို့ကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးကို ပိုင်းခြားပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေးသုံးပါးဖြင့် ဆင်ခြင် သုံးသပ်ခြင်းတည်းဟူသော "သမ္မသနဉာဏ်" အဆင့်သို့ ရောက်လာမယ်။ နောက် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ်တို့၏ ခဏမစဲ တသဲသဲ ဖြစ်ပျက်နေမှုကို ရှုခြင်းဆိုတဲ့ "ဥဒယဗ္ဗယဉာဏ်" ပေါ်လာတယ်။ နောက်ရှုဖန်များလာရင် အပျက်ကိုသာ သိမြင်လာတဲ့ "ဘင်္ဂဉာဏ်" ပေါ်လာတယ်။ ဤကဲ့သို့ ရှုဖန်များလာရင် ရုပ်နာမ်တို့၏ ပျက်မှုချုပ်မှုကိုသာ မြင်လာသဖြင့် ကြောက်ဖွယ်သော ဘေးကြီးလို့ ထင်လာတဲ့ "ဘယဉာဏ်" ပေါ်ပေါက်လာမယ်။

နောက် ရုပ်နာမ်တို့၏ ချုပ်ပျက်မှုစသော အပြစ်တွေကို ထင်မြင်လာသော "အာဒီနဝဉာဏ်" ရလာမယ်၊ နောက် မိမိခန္ဓာကိုယ် တည်းဟူသော ရုပ်နာမ်တို့ကို ငြီးငွေ့စိတ်ပျက်ပြီး မနှစ်သက်တဲ့ "နိဗ္ဗိန္ဒဉာဏ်" ဖြစ်လာမယ်။ မိမိခန္ဓာကိုယ်တည်း ဟူသော ရုပ်နာမ်ဓမ္မ သခါရတို့မှ လွတ်ခြင်းငှာ အလိုရှိတဲ့ "မုဉ္စိတုကမျတာဉာဏ်" ရောက်လာမယ်။ ၎င်းမှ တစ်ဆင့် ရုပ်နာမ်တို့၏ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှုတွေကို အပြင်းအထန် အားထုတ်မှုကြောင့် အလွန်ထင်မြင်လာတဲ့ "ပဋိသခါဉာဏ်" ရောက်လာတယ်။ နောက်ရုပ်နာမ် သခါရတို့ကို မချစ်မမုန်းတော့ဘဲ လျစ်လျူရှုတဲ့ "သခါရုပေက္ခာဉာဏ်" ပေါ်လာတယ်။ နောက်ပြီး ရှေ့ဉာဏ် နောက်ဉာဏ်ကို လက္ခဏာရေးသုံးပါးဖြင့် အနုလုံ၊ ပဋိလုံ ရှုပွားလိုက်တဲ့အခါမှာ နှစ်ဉာဏ်လုံး သင့်လျော်တဲ့ "အာနုလောမဉာဏ်" ဖြစ်ပေါ်လာတယ်။

နောက် ပုထုဇဉ်တို့၏ အနွယ်ကိုဖြတ်ပြီး အရိယာတို့၏ အနွယ်ကို ဖြစ်စေတတ်သော "ဂေါတြဘူဉာဏ်" ပေါ်လာမယ်။ နောက်သဉ္ဇပါဒိသေသနိဗ္ဗာန်ကို သိမြင်သော မဂ်ဉာဏ်နှင့် မရွေးမနှောင်း သဉ္ဇပါဒိသေသနိဗ္ဗာန်၏ အရသာ၊ နိဗ္ဗာန်၏ အကျိုးကို ခံစားသော "ဖိုလ်ဉာဏ်" ပေါ်လာတယ်။ နောက် "မဂ်ဉာဏ်"ကို ဆင်ခြင်ခြင်း၊ ဖိုလ်ဉာဏ်ကို ဆင်ခြင်ခြင်း၊ နိဗ္ဗာန်ကို ဆင်ခြင်ခြင်း၊ ပယ်ပြီးသော ကိလေသာကို ဆင်ခြင်ခြင်း၊ မပယ်ရသေး သော ကိလေသာကို ဆင်ခြင်ခြင်းဆိုတဲ့ ဉာဏ်ငါးပါးကို ဆင်ခြင်သော "ပစ္စဝေက္ခဏာဉာဏ်" ရောက်လာလိမ့်မယ်။

ဒါကြောင့် အလွန်တွေ့ခဲ၊ ကြုံခဲလှစွာသော သာသနာတော်အခါကာလနဲ့ ကြုံကြရ တွေ့ကြရတဲ့ အခိုက်၊ ဆရာသမားကောင်းနဲ့လည်း တွေ့ရတဲ့ အခိုက်၊ ရခဲလှ လူဘဝကို ရနေခိုက်မှာ ယခုအချိန်က စပြီး အရိုး ကြီးပွားရေးကို မလုပ်ကြဘဲ အရိုးကို ဓာတ်တော်ဖြစ်အောင် ကြိုးစားကြပါ။ အရိုး-အသွေး-အသားက ဓာတ်တော်ဖြစ်တယ်ဆိုတာ

http://www.dhammadownload.com

အမေမွေးကတည်းက ဖြစ်လာတာ မဟုတ်ပါဘူး၊ တရားကိုအားထုတ်လို့ တရားကပြုပြင်သောကြောင့် တရားသဘောအရ ဓာတ်တော် ဖြစ်လာရတယ်လို့ မှတ်ပါ။ ဒါကြောင့် တရားအလုပ်ကို ကြိုးကြိုးကုတ် ကုတ် အားထုတ်ဖို့ကို သတိပေးလိုက်ပါတယ်။

(အထက်ပါ တရားတော်မှာ ၂၉-၉-၅၅ ခုနှစ်တွင် ဟောသော တရားတော်ဖြစ်ပြီး ဆရာတော်ဘုရားကြီးသည် တရားကို အားမထုတ်ခဲ့ဖူးသေးသော လူပြိန်းများကိုသာ ထိုစဉ်က ဗဟုသုတ အလို့ငှာ အထက်ပါအတိုင်း ဉာဏ်စဉ်ကို သီးသန့် ဟောခဲ့ပါသည်။ များသောအားဖြင့် ဉာဏ်သုံးဆင့်ကိုသာ ဆရာတော်ကြီးသည် ဟောပြောလေ့ရှိပါသည်။)

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး (၃၀-၉-၅၅) နေ့ ဟောသော ဓာတ်တော်ခြောက်ပါးကို ဖြစ်ပျက်ရှုရန်

ဒကာ-ဒကာမတို့၊ ရခဲလှတဲ့ ဒုလ္လဘတရားငါးပါးမှာ ဘဝတိုင်း ဘဝတိုင်း သဒ္ဓါတရားနဲ့ ပြည့်စုံမှု ရှိချင်မှ ရှိပါလိမ့်မယ်၊ ဒါကြောင့် ယခု သဒ္ဓါတရားနဲ့ ပြည့်စုံနေတုန်း မြန်မြန် မဂ်ဉာဏ်ရအောင်လုပ်ပါ၊ သေမှာကို ကြောက်ရင် မဂ်ဉာဏ်ကို ရအောင်ယူ၊ မဂ်ဉာဏ်ရပြီဆိုရင် သေမင်းက မမြင်နိုင်တော့ဘူး၊ ဒါကြောင့် ဝိပဿနာအလုပ်ပို မလုပ်ဘဲနေရင် "နင် သေချင်သေးလို့လား" လို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးပါ။ မသေချင်ရင်တော့ ခန္ဓာငါးပါးအပေါ်မှာ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကိုသာ ရှုကြပေတော့။

ဝိပဿနာဆိုတာ အသေကို အရှင်နဲ့ ကြည့်တာလို့မှတ်ပါ။ တောကျောင်း တောင်ကျောင်းကို သွားပြီး ရှုမှရတာ မဟုတ်ပါဘူး၊ ကိုယ့်အသေက ခန္ဓာထဲမှာရှိပါတယ်။ ကိုယ့်အသိကလည်း ခန္ဓာထဲမှာပဲ ရှိပါတယ်။ အဲဒါ ကမ္မဋ္ဌာန်းကျောင်း အထူးလိုက်ရှာနေစရာ မလိုပါဘူး၊ တရားနာရတာကို ကုသိုလ်ရရုံ မနာကြဘဲ နိဗ္ဗာန်ရအောင် လုပ်ကြဖို့ လိုပါတယ်။

ဝိပဿနာရဲ့ အကျိုးကျေးဇူးများပုံကို ပြောရရင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး လက်ထက်က ဘိက္ခုနီမငါးရာက သွန်သင်ဆုံးမပါဦး ဘုရားလို့ လျှောက်ထားတာနဲ့ ရှင်နန္ဒမထေရ်က ဟောကြားဆုံးမတယ်၊ သူဟောကြားပုံကတော့ ကိုယ်ရယ်၊ လေရယ်၊ နေရယ်၊ ဒီသုံးခုရှိနေမှ ဖယသဆိုတဲ့ တွေ့ထိမှု ဖြစ်ပေါ်လာတယ်။ အခံဓာတ်၊ အဖိဓာတ်၊ အထိဓာတ်လို့ ခေါ်တယ်။ ဒီသုံးမျိုးကြောင့် "အပေါ်ဓာတ်" ပေါ်လာတယ်၊ ဒီအပေါ်ဓာတ်ဟာ အကြောင်းသုံးမျိုးကြောင့် ပေါ်လာတာ၊ ဝေဒနာ ပေါ်လာတာဟာ အကြောင်းကြောင့် အကျိုးပေါ်တာ။ ရေ၊ မြေ၊ နေ၊ လေတို့နဲ့ လွတ်အောင် မနေနိုင်တော့ဘူး၊ ငင်းတို့နဲ့ တွေ့ရင် ဝေဒနာပေါ်ရမယ်၊ မွေးတယ်၊ နံတယ်၊ အေးတယ်၊ ပူတယ် ဆိုတာတွေဟာ ဝေဒနာတွေပဲ။ ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်လာတဲ့ ကာယဖောဋ္ဌဗ္ဗ ဖယသ ဝေဒနာပေါ်တိုင်းပေါ်တိုင်း သတိနဲ့ လိုက်နေရုံနဲ့ မပြီးသေးပါဘူး၊ သမ္မဇညနဲ့ လိုက်ပါဦး၊ ဝေဒနာ ပေါ်တိုင်းပေါ်တိုင်း သိတာက သတိလို့မှတ်၊ ဒီကိုယ်ကြီး ရှိနေတော့ ကိုယ်ပေါ်မှာ ဝေဒနာအမျိုးမျိုးပေါ်မှာပဲ၊ ဒီကိုယ် အနိစ္စမို့ ကိုယ်ကို မှီပေါ်ရတဲ့ ဝေဒနာဟာလည်း အနိစ္စပဲလို့ မြင်-သိနေရမယ်၊ ဒီလို ပျက်သင့်လို့ ပျက်တာမှန်း သိတာက "သမ္မဇည" လို့မှတ်၊ ဒါကြောင့် ပျက်သင့်လို့ ပျက်တာမှန်းသိအောင် ဖြစ်ပျက်ကို ရှုပေးပါလို့ ရှင်နန္ဒက ဟောတော်မူတယ်။

ဥပမာပြရင် မီးထွက်တဲ့အခါမှာ မီးခွက်၊ ဆီ၊ မီးစာ၊ ဒီသုံးခုပေါင်း အလင်းရောင် ထွက်လာသလို၊ ကွဲတတ်တဲ့မီးခွက်၊ ကုန်ခန်းတတ်တဲ့ ဆီ၊ လောင်ကျွမ်းတတ်တဲ့ မီးစာ၊ ဒီသုံးခုပေါင်းမှ မီးအလင်းရောင် ထွက်ရတာမို့၊ ဒီအလင်းရောင်ကို မြဲချင်လို့ မရဘူး၊ ဒီအလင်းရောင်ဟာ ဝေဒနာနဲ့တူတယ်၊ ဒါကြောင့် ဝေဒနာဟာ မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊

http://www.dhammadownload.com

အစိုးမရတဲ့ အနတ္တတွေပဲလို့၊ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်တာကို ရှုပေးကြရမယ်။

စိတ်တစ်မျိုး တစ်မျိုးပေါ်တိုင်းလည်း ဖြစ်ပျက်ရှု၊ ရုပ်ကလေး တစ်မျိုးတစ်မျိုး ပြောင်းတိုင်းလည်း ဖြစ်ပျက်ရှုပါ၊ ခင်ဗျားတို့ အဘိုး၊ အဘွားတွေလည်း အနိစ္စ ရောက်ကုန်ခဲ့ပြီ၊ ခင်ဗျားတို့လည်း အနိစ္စတွေက မွေးခဲ့လို့ အနိစ္စတွေပဲ၊ ခင်ဗျားတို့ မွေးမယ့်ကလေးတွေလည်း အနိစ္စ။ နံ၊ စား၊ ထိ၊ သိတိုင်း ဖြစ်ပျက်ရှုပါ။ ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်း ဒုက္ခလို့ မြင်အောင် ရှုပါလို့ ရှင်နန္ဒက ဟောတဲ့အခါမှ ဘိက္ခုနီမ ငါးရာတို့ဟာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာမတွေ အသီးသီးဖြစ်ကုန်ကြတယ်။

ဒါကြောင့် ဝေဒနာရှုရင် တဏှာကုန်တယ်၊ တဏှာကုန်တော့ နိဗ္ဗာန်ကို ရောက်တာပဲ၊ ရှုပုံရှုနည်းချည်း ဟောနေတာ၊ ဒီဖဿဝေဒနာတို့ဟာ ရောနေလို့၊ တစ်ခုရှုလိုက်ရင် အကုန်ပါတော့တာပဲ၊ ဝိပဿနာအရာမှာ စိတ်ပေါ်ပေါ်၊ ဝေဒနာပေါ်ပေါ် ဖြစ်တာနဲ့ ပျက်တာလို့ ရှုပေးဖို့သာ လိုပါတယ်။ ကိုယ်ပေါ်မှာ သုခ ပေါ်ပေါ်၊ ဒုက္ခပေါ်ပေါ် ဖြစ်တာနဲ့ ပျက်တာပဲ ပေါ်တယ်။ ဝိညာဏ်-နာမ်ရုပ်-သဠာယတန-ဖဿ ဝေဒနာ-စိတ်-စေတသိက်-ရုပ်တို့ကိုလည်း ပေါ်လာတိုင်း စောင့်ကြည့်ပါ။ ရှဲစရာ၊ မုန်းစရာတွေလို့ ငြီးငွေ့တဲ့ စိတ်တွေ ပေါ်လာတော့တာပဲ၊ ဖြစ်ပျက်ကိုသာ ရှုဖန်များလာရင် ဉာဏ်တွေ အဆင့်ဆင့် ရင့်သန်ပြီး ဒီခန္ဓာကြီးကို မလိုချင်တော့ဘူး။ ရှဲလာ မုန်းလာပြီး ခန္ဓာရဲ့ လွတ်ရာလွတ်ကြောင်းကိုသာ ကြံစည်တော့တယ်၊ ဒါဟာ ဒုက္ခပိုင်းခြားတဲ့ ဉာဏ်ပဲ၊ "သမ္မေသနဓါရာဒုက္ခာ" ဆိုတဲ့အတိုင်း ဖြစ်သမျှ ဒုက္ခတွေချည်းမို့ ဖြစ်ပျက်ကိုရှုပါ၊ ဖြစ်ပျက်မှ တစ်ပါး ဘာမှမရှိပါဘူး။

ဥပမာတစ်ခု ပြောရရင် အိမ်တစ်အိမ်ကို မီးအကြီးအကျယ်လောင်တဲ့အခါမှာ မီးကို မြင်ခြင်းအားဖြင့် ဒီအိမ်မှာရှိတဲ့ ထုပ်တန်းကို မီးလောင်တာ ထရံကို လောင်တာ၊ ကြမ်းကိုလောင်တာလို့ ခွဲခြားပြီး မပြောနိုင်သလို ဖြစ်ပေါ်ပြီး ပျက်တာပါပဲ၊ ဒါကြောင့် ဖြစ်ဒုက္ခ ပျက်ဒုက္ခကိုသာ ရှုပါ၊ သတိ၊ ပညာနဲ့ ရုပ်ပျက်နာမ်ပျက်တို့ကို ကြည့်ရှုနေလို့ ဝိပရိဏာမဖောက်ပြန်ပျက်စီးနေပါကလားလို့ သိလာပြီး ဒုက္ခသစ္စာကို ပိုင်းခြားသိလာရင် မဂ်ဉာဏ် ပေါ်လာတော့တာပဲ။

ဘုရားကိုယ်တော်မြတ်ကြီးက ဝိပဿနာမရှုသော သူဟာ ပရမ်းပတာ ကျဖို့ဘေး၊ ငရဲဘေး၊ တိရစ္ဆာန်ဘေးတွေနဲ့ တွေ့ကြုံရမယ်။ သေခါနီးမှာ သားသမီး၊ လင်မယား၊ ပစ္စည်း ခင်တွယ်တာတွေကြောင့် အပါယ်ဘေးနှင့် နီးလွန်းလို့ ဝိပဿနာဉာဏ်က မဂ်ဉာဏ်ကိုရအောင် လုပ်ကြရမယ်၊ ဝိပဿနာဉာဏ်က မဂ်ဉာဏ်ကူးမှ အပါယ်ငရဲဘေးမှ လွတ်ကြရမယ်၊ သောတာပန်များဟာ အောက်သံသရာ ဘေးသင့်ခြင်း မရှိတော့လို့ သေရမှာကို မကြောက်တော့ဘူး၊ မဂ်ဉာဏ်ရောက်မှ ဒီဘေးက လွန်ပြီ (လွတ်ပြီ) လားရာ ဂတိမြဲမယ်။

ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးထက် မြတ်တာ ဘယ်မှာမှ မရှိဘူး၊ ဘုရားတောင် တရားကျင့်မှ ဘုရားဖြစ်တယ်၊ ဘုရားတောင် တရားကို ပူဇော်ကိုးကွယ်သေးတယ်၊ ဤတရားရတနာဟာ ရတနာ အမှန်ဇကာန်ဖြစ်ကြောင်း သိသဖြင့် ထီးနန်းကိုစွန့်ကာ တက္ကသိုလ် ပြည်ကြီးမှ ခွာပြီး ယူဇနာတစ်ရာ့ကိုးဆယ့်နှစ်ယူဇနာ ဝေးတဲ့ ရာဇဂြိုဟ်ပြည် ဘုရားကိုယ်တော်မြတ်ကြီး သီတင်းသုံးရာ အရပ်ကို ထီးမဆောင်း၊ ဖိနပ် မပါ၊ ခွဲကြီးစွာဖြင့် ဒုက္ခမျိုးစုံခံကာ တရားကိုယ်တော်မြတ်ထံမှောက်မှာလာပြီး တရားနာယူ ကျင့်သုံးတာနဲ့ ကျွတ်တမ်းဝင်သွားတဲ့ ပက္ကုသာတိ မင်းကြီး ထုံးကို နှလုံးပြုပြီး ကြိုးစားကြပါလို့ သတိပေးလိုက်ပါတယ်။

အဲဒီ ပက္ကုသာတိမင်းကြီးကို ဟောတဲ့တရားက ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊

http://www.dhammadownload.com

အာပေါဓာတ်၊ ဝိညာဏဓာတ်၊ အာကာသဓာတ်လို့ ဓာတ်ခြောက်ပါးရှိတယ်။ ဓာတ်ဆိုတာသည် သူ့သဘော သူလုပ်ပြီး သူ့သဘော သူဆောင်တာပဲ၊ လူတို့ရဲ့ သဘောကို မလိုက်ဘူး၊ သတ္တဝါဆိုတာ ဒီဓာတ်ခြောက်ပါး အစုအဝေးကြီးပါပဲ၊ ဒီဓာတ်ခြောက်ပါးဟာ သူ့သဘောအတိုင်း ဖြစ်ပေါ်လာပြီး ပျက်သွားတာပဲ၊ သူ့သဘော သူဆောင်တာပဲ၊ ဒီလို ဓာတ်ခြောက်ပါးရဲ့ ဖြစ်ပျက်နေတဲ့ သဘောကို မြင်အောင် ရှုပါ။

သတ္တဝါဆိုတာ ဓာတ်ကောင်၊ ဓာတ်စု၊ ဓာတ်ခဲကြီးမို့ သူ့သဘော သူဆောင်နေတာပါက လား၊ မိမိအလိုကို မလိုက်ပါကလား၊ အစိုးမရပါကလား၊ (အနတ္တ)ပါကလားလို့ ဓာတ်တွေရဲ့ ဖောက်ပြန် ပျက်စီးယိုယွင်းနေပုံကို မပြတ်မလပ် ထင်မြင်လျှင် ပက္ကုသာတိမင်းကြီးလို မဂ်ဉာဏ်ကို ရက်တိုတိုနှင့် ရရှိအောင် ဓာတ်ခြောက်ပါးကိုသာ ဖြစ်ပျက်ရှုကြပေတော့ ဒကာ-ဒကာမတို့။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဟောကြားသော နိဝရဏတရား ငါးပါးအကြောင်း

နိဝရဏတရား ငါးပါးဆိုတာသည် မဂ်ဖိုလ်ကို မရနိုင်အောင် ဝိတ်ပင် တားဆီး ဖုံးလွှမ်းထားတဲ့ တရားလို့ မှတ်ကြပါ။ နိဝရဏတရားမှာ လောဘ-ဒေါသ-ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ-ကုက္ကုစ္စ ဝိစိကိစ္ဆာလို့ ငါးပါးရှိတယ်၊ ဒီ နိဝရဏတရား ငါးပါးက ဝင်ရောက်နှောင့်ယှက်နေခဲ့လို့ရှိခဲ့ရင်ဖြင့် ခန္ဓာထဲမှာ ဉာဏ်ကို ဘယ်လိုပင် စိုက်ပြီး ရှုငြားသော်လည်း ခန္ဓာထဲမှာရှိတဲ့ ဖြစ်ပျက် (အနိစ္စသဘော)ကို မမြင်နိုင်ပါဘူး၊ မမြင်နိုင်တော့ ခန္ဓာအရှိနဲ့ ဉာဏ်အသိလည်း မကိုက်လာတော့ မဂ်ဖိုလ်ကို ဘယ်လိုမှ မရနိုင်တော့ဘူး၊ မဂ်ဖိုလ်မရတော့ သံသရာတစ်လျှောက်လုံးကို မရပ်မနား တရစပ်ပြေးနေကြရပြီး ဒုက္ခ စက်ရဟတ်ကြီးဟာ ချာချာလည်ပတ်လို့ နေရတယ်။

ဒါကြောင့် ဒီ နိဝရဏတရား ငါးပါးကို မိမိတို့ ဉာဏ်အပေါ်မှာ မဖုံးလွှမ်းနိုင်အောင် ဖြစ်ပျက်ရှုပြီး၊ ဖယ်ရှားပစ်နိုင်ကြမှသာလျှင် ခန္ဓာထဲမှာ ရှိတဲ့ ဖြစ်ပျက် အနိစ္စတွေကို မြင်နိုင်ပြီး၊ မိမိခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကြီး ပြတ်လို့ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရပါလိမ့်မယ်၊ နိဝရဏတရားငါးပါးနဲ့ ပတ်သက်လို့ ပဋ္ဌာနိပါတ် အဂုံတို့ရဲ့ ပါဠိတော်မှာ လာတဲ့ သင်္ဂါရသတို့သားက မေးလျှောက်လို့ ဘုရားကိုယ်တော်မြတ်ကြီးက ဖြေကြားပုံအကျဉ်းကို ပြောပြမယ်။

သင်္ဂါရသတို့သား မေးလျှောက်တာက တပည့်တော်တို့ ပုထုဇ္ဇာထုံးစံအတိုင်း ဗေဒင်ကျမ်းဂန်တွေကို ညည ရွတ်ဖတ် သရဇ္ဈာယ်တဲ့အခါမှာ တစ်ခါတလေ တစ်လုံးမှ သတိမရဘူး၊ အကုန်မေ့ကုန်တယ် ဘုရား၊ တစ်ခါတလေကျတော့ ရပြီးသား စာပေတွေအပြင် မရသေးတာတွေတောင် ဉာဏ်ထဲမှာ ထင်ထင်လာပါတယ်ဘုရား၊ အဲဒါ ဘယ်အတွက်ကြောင့်ပါလဲ ဘုရားလို့ မေးလျှောက်တယ်၊ ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက ငါ ရှင်းပြပါမယ်ကွာ ဆိုပြီး ဥပမာကလေးနဲ့ ရှင်းပြပါတယ်။

စိတ်သည်ကားဆိုရင် ဟဒယနုလုံးသွေးကြည်ပြီးနေတဲ့အခါမှာ စိတ်က အာရုံဒွါရလိုက်ပြီး ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်ရတယ်၊ မနောဝိညာဏ် စိတ်တွေက သူ့မှာပဲ ပေါ်ရတယ်၊ စက္ခုဝိညာဏ် စိတ်တွေကတော့ မျက်လုံးထဲမှာ ပေါ်ရတယ်၊ သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှာဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်တို့ဟာလည်း နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် အသီးသီးမှာ ပေါ်ပါတယ်၊ မနောဝိညာဏ်စိတ်ကတော့ ဟဒယရုပ်ခေါ်တဲ့ နုလုံးသွေးထဲမှာပေါ်တယ်။ နုလုံးသွေးဖြူနေရင် အဲဒီအထဲမှာပေါ်တဲ့ ဉာဏ်ပညာ ထိုးထွင်းသိတော့တာပဲ၊ အကယ်၍ နုလုံးသွေးက နောက်နေမယ်ဆိုရင်

http://www.dhammadownload.com

ဒီအထဲမှာ ပေါ်တဲ့စိတ်ဟာလည်း နောက်တောက်တောက် ဖြစ်နေတော့ ဉာဏ်ကလည်း ထိုးထွင်းပြီး မသိနိုင်တော့ဘူး။

ကဲ– သင်္ဂါရ သတို့သား သေသေချာချာ နားထောင်ပါ၊ ဥပမာ ငါ ပြောပြမယ်။

(၁) ခွက်တစ်ခုထဲမှာ ကြည်လင်တဲ့ရေ ထည့်လိုက်ပါ၊ အဲဒီ ရေကို ဆေးနီ၊ ဆေးဝါ၊ ဆေးပြာတွေ ရောလိုက်ပြီး ရေကို ငြိမ်အောင်ထားပြီး မင်း မျက်နှာနဲ့ ဟပ်ကြည့်လိုက်တဲ့အခါမှာ မျက်နှာရိပ် ထင်ရှားစွာ မြင်နိုင်ပါ့မလား၊ မမြင်နိုင်ဘူး၊ ဒီလိုပါပဲ၊ နဂိုစိတ် (ဘဝင်စိတ်) ဟာ ကြည်လင်နေပါတယ်၊ သူ့မှီရာ နှလုံးသွေးဟာလည်း ကြည်နေတယ်၊ ဒီနှလုံးသွေးအကြည်ထဲမှာ လောဘစိတ်ကလေး ဝင်လာလို့ရှိရင် ဖြင့် စိတ်ဟာ နောက်ကျိသွားပြီး ကိုယ်သိပြီးသား စာတွေကို မမှတ်မိနိုင်အောင် ဖြစ်ရတယ်၊ ဝိပဿနာ အားထုတ်ရာမှာလည်း ထို့အတူပါပဲ၊ သားသမီး အတွက်၊ စီးပွားရေးအတွက် လောဘစိတ်တွေ ဝင်လာရင် ခန္ဓာထဲမှာ နဂိုက ရှိနေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊ ဒုက္ခသစ္စာအရိပ်တွေကို ဉာဏ်နဲ့ ဆင်ခြင်လိုက်တဲ့ အခါမှာ မသိ မမြင်နိုင်တော့ဘူး၊ ဒီတော့ ရေထဲမှာရှိတဲ့ ဆေးနီ၊ ဆေးဝါ၊ ဆေးပြာတွေ ဖယ်ရှားပြီး၊ ရေကို ငြိမ်အောင်ထားပြီး မျက်နှာကို ဟပ်ကြည့်မှသာ ထင်ရှားတဲ့ မျက်နှာရိပ်ကို မြင်နိုင်သလို၊ ဒီပေါ်လာတဲ့ လောဘစိတ်ကိုပဲ ဖြစ်ပျက်ရှုပြီး ဖယ်ရှားပစ်ရမယ်။

အဲဒီကဲ့သို့ ဖယ်ရှားပစ်ပြီးမှ မိမိရှုနေတဲ့ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်ပြီး ခန္ဓာထဲမှာ ဉာဏ်စိုက်ကြည့်လိုက်တဲ့အခါ ခန္ဓာထဲမှာ နဂိုက ရှိနေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊ ဒုက္ခသစ္စာ အရိပ်တွေကို ထင်ရှားစွာ မြင်နိုင်ပါတယ်၊ ဒီတော့ ခင်ဗျားတို့ ခန္ဓာထဲကို ဉာဏ်စိုက်ကြည့်ပြီး ဖြစ်ပျက်ရှုလို့ မမြင်တာသည် လောဘစိတ် ဝင်ရှုပ်နေလို့ မမြင်ရတာ၊ ဒီလောဘစိတ် ဝင်လာရင်ဖြင့် သူ့အလျင်ဖြစ်ပျက်ရှုပြီး၊ ဖယ်ရှားပစ်တဲ့အခါမှ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်ပြီး ရှုပါ၊ ဒါမှသာလျှင် ဖြစ်ပျက်တဲ့ အနိစ္စကို တွေ့မြင်လာပါလိမ့်မယ်။

(၂) ဒေါသစိတ်တွေ ဖြစ်နေရင်လည်း နှလုံးသွေးဟာ ပွက်ပွက်ဆူနေတာပါပဲ၊ ပွက်ပွက်ဆူနေတဲ့ ရေနွေးထဲကို မျက်နှာရိပ် ဟပ်ကြည့်မယ်ဆိုရင်ဖြင့် ရေပွက်ပွက်ဆူနေပြီး အခိုးအငွေ့တွေ ထနေတာမို့ မျက်နှာရိပ်ဟာ ကြည့်လို့မဖြစ်နိုင်ပါဘူး။ အဲဒီလိုပဲ ဒေါသစိတ်တွေက နှလုံးသွေးအကြည်ထဲမှာ ဝင်ရှုပ်နေတဲ့အခါကျတော့ နဂိုရပြီးထားတဲ့ စာတွေကို တောင် အကုန်မေ့သွားရတယ်။ ဒီမှာလည်း ဝိပဿနာ ရှုနေတဲ့နေရာမှာ ဒေါသစိတ်တွေ ဖြစ်နေတဲ့အခါ ခန္ဓာကိုယ်ထဲကို ဉာဏ်နဲ့ ကြည့်လိုက်တော့ ခန္ဓာထဲမှာရှိတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊ ဒုက္ခသစ္စာကြီးကို ဘယ်လိုမှ မမြင်နိုင်တော့ဘူး၊ ဒေါသဆိုတဲ့ ရေဆူပြီး အခိုးအငွေ့ ထနေတာကိုး။ ဒီတော့ အခိုးအငွေ့တွေငြိမ်အောင် ရေအေးသည်အထိ ထားပြီးမှ မျက်နှာရိပ်ကို ဟပ်ပြီးကြည့်မှသာလျှင် မျက်နှာရိပ်ကို ထင်ရှားစွာမြင်ရသလို ပေါ်လာတဲ့ ဒေါသစိတ်ကို ဖြစ်ပျက်ရှုပြီး အလျင်ဖယ်ပစ်ရမယ်။ ဒီလို ဖြစ်ပျက်နဲ့ ပယ်ရှားပစ်ပြီးမှ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်ရှုလိုက်တဲ့အခါမှာ ခန္ဓာထဲမှာရှိတဲ့ ဖြစ်ပျက် အနိစ္စရိပ်တွေကို မြင်လာပါလိမ့်မယ်။

(၃) တတိယအချက်ကတော့ ထိနမိဒ္ဓပါပဲ၊ ထိနမိဒ္ဓ ဆိုတာသည် ကိုယ့်စိတ်ကို မနိုင်တာ၊ ငိုက်မျဉ်းသွားတာ။ ရောကန်ထဲမှာရှိတဲ့ ရေပြင်မှာ မှော်တွေ ဖုံးအုပ်နေတဲ့အခါ မျက်နှာရိပ်ကို ဟပ်ကြည့်လိုက်မယ်ဆိုရင် မျက်နှာရိပ်ကို မှော်တွေအုပ်နေလို့ မမြင်နိုင်ဘူး၊ ဒီလိုပဲ ဟဒယဝတ္ထု နှလုံးသွေးထဲမှာ ထိနမိဒ္ဓငိုက်မျဉ်းတဲ့စိတ်က ဝင်ရောက် နှောင့်ယှက်နေမယ် ဆိုရင်ဖြင့် ရပြီးသားစာတွေကို မေ့မှာပါပဲ၊ အခု ဝိပဿနာ ရှုတဲ့နေရာလည်း ထိနမိဒ္ဓဆိုတဲ့ ငိုက်မျဉ်း

http://www.dhammadownload.com

စိတ်တွေဟာ ဟဒယဝတ္ထုနှလုံးသွေးထဲမှာ ဝင်ရောက် ဖုံးလွှမ်းနေရင်ဖြင့် ဉာဏ်ဝင်ခွင့်ကို မရလို့ ခန္ဓာထဲမှာရှိတဲ့ ဖြစ်ပျက်အနိစ္စတွေကို မမြင်နိုင်တော့ဘူး။ ဒီတော့ ဖုံးလွှမ်းနေတဲ့ မှော်တွေကို အလျင် ဖယ်ရှားပစ်ပြီး၊ မျက်နှာရိပ်ကို ဟပ်ကြည့်မှသာလျှင် ထင်ရှားစွာ မြင်ရမယ်။ ဒီမှာလည်း ဉာဏ်ပေါ်မှာ ဖုံးအုပ်နေတဲ့ ထိနမိဒ္ဓကို အလျင် ဖြစ်ပျက်ရှုပြီး ဟဒယဝတ္ထု နှလုံးသွေးထဲမှ ဖယ်ရှားပစ်ပြီးမှသာလျှင် မူလရှုနေတဲ့ ကမ္မဋ္ဌာန်းကို ပြန်ကောက်ပါ။ ဒါမှသာလျှင် မိမိတို့ရှုနေတဲ့ ဖြစ်ပျက် အနိစ္စတွေကို ထင်မြင်လာပါလိမ့်မယ်။

(၄) စတုတ္ထအချက်က ဥဒ္ဓစ္စ ကုက္ကုစ္စ ပါပဲ၊ ဥဒ္ဓစ္စကုက္ကုစ္စ ဆိုတာသည် စိတ်ပျံ့လွင့်မှုကို ဆိုပါသည်။ စိတ်မငြိမ်တာ၊ ထားရာမှာမနေဘဲ လှုပ်ရှားနေတယ်။ ရေကန်ထဲမှာရှိတဲ့ ရေသည် လေတိုက်ခတ်လို့ လှုပ်ရှားနေတဲ့အခါမှာ မျက်နှာရိပ်ကို ဟပ်ကြည့်လိုက်ရင် မျက်နှာရိပ်ကို ကြည်လင်စွာ မမြင်ရပါဘူး။ ဝိပဿနာ ရှုရာမှာလည်း စိတ်ပျံ့လွင့် လှုပ်ရှားနေတဲ့အခါမှာ ခန္ဓာထဲရှိတဲ့ အနိစ္စတွေကို မမြင်နိုင်ဘူး၊ ရေကို ငြိမ်အောင်လုပ်ပြီး မျက်နှာရိပ်ကို ဟပ်ကြည့်မှသာလျှင် မြင်ရပါတယ်။ ဒီမှာလည်း ပျံ့လွင့်နေတဲ့စိတ်ကို ဖြစ်ပျက်ရှုပြီး ဖယ်ရှားပစ်ပါ။ ပြီးမှ မူလရှုနေတဲ့ ကမ္မဋ္ဌာန်းကို ပြန်ကောက်လိုက်ပြီး ရှုလိုက်လို့ ရှိရင်ဖြင့် ဖြစ်ပျက်အနိစ္စတွေကို မြင်နိုင်ပါတယ်။ ကုက္ကုစ္စဟာ အရေးကြီးလွန်းလို့ အထူးရှင်းပြပါဦးမယ်။

ခင်ဗျားတို့ ငယ်စဉ်အခါတုန်းက မသိမလိမ္မာနားမလည်ခဲ့လို့ မိုက်မဲခဲ့တာတွေကို တွေးပူပြီး ကြောက်လန့်မနေပါနဲ့၊ ငယ်ငယ်တုန်းက မိုက်ခဲ့တာတွေကို နှလုံးသွင်းနေကြမယ်ဆိုရင် မဂ်တား ဖိုလ်တား ဖြစ်ပါတယ်။ ငယ်ငယ်တုန်းကစပြီး တောက်လျှောက် လိမ္မာခဲ့တာဟာ မရှိသလောက် ရှားပါးတယ်၊ အနည်းနဲ့ အများ မိုက်မှားခဲ့တဲ့ လူတွေပဲများပါတယ်။ ဒါတွေကို ပြန်တွေးမနေပါနဲ့၊ တွေးနေရင်ဖြင့် ကုက္ကုစ္စဖြစ်ပြီး ဝိပဿနာ ရှုရာမှာ အနှောင့်အယှက် ဖြစ်တယ်။ ဒီတော့ ကုက္ကုစ္စစိတ်တွေ ဝင်လာခဲ့ရင် ဖြစ်ပျက်ရှုပြီး ဖယ်ရှားပစ်ပါ။ ဘုရားကိုယ်တော်မြတ်ကြီးလက်ထက်က လူဆိုးကြီးတွေ မဂ်ဖိုလ်ဆိုက်သွားခဲ့ကြတာ ရှိနေပါတယ်။ တစ်ခါ သေခါနီးမှာ ကုက္ကုစ္စစိတ်တွေ ဖြစ်လာရင် တိရစ္ဆာန် ဖြစ်တတ်တယ်။ ပြိတ္တာ ဖြစ်တတ်တယ်၊ ဒါကြောင့် ခင်ဗျားတို့ကို သေနည်းကို သင်ပေးနေရတာ၊ သေခါနီးရင် ကိုယ်ခန္ဓာဖြစ်ပျက်ကို ရှုပေးပါ။ သားသမီး ပစ္စည်းဥစ္စာတွေအတွက် စိတ်မချဖြစ်ပြီး စွဲလမ်းတာတွေလာခဲ့မယ်ဆိုရင် ပြိတ္တာတို့၊ တိရစ္ဆာန်တို့ ဖြစ်တတ်ပါတယ်။ ဒါကြောင့် ဝိပဿနာလုပ်တဲ့အခါမှာ ရှေးက ဒုစရိုက် လုပ်ခဲ့တာတွေကို ပြန်ပြီး တွေးတောမနေဘဲ ဖြစ်ပျက်ရှုပြီး ဖယ်ရှားကာ မိမိရှုနေတဲ့ မူလကမ္မဋ္ဌာန်းကိုသာ စိုက်စိုက်မတ်မတ် ရှုသွားရမယ်။

(၅) ပဉ္စမအချက်က ဝိစိကိစ္ဆာပါပဲ၊ ဝိစိကိစ္ဆာဆိုတာ သံသယရှိတာ။ ဘုရား၊ တရား၊ သံဃာ အပေါ်မှာ သံသယရှိနေမှု၊ မိမိတို့ ယခုကျင့်နေတဲ့ ဝိပဿနာအကျင့်အပေါ်မှာ သံသယရှိနေမှုတွေဟာ မဂ်တား၊ ဖိုလ်တားပဲ၊ မိမိတို့ဉာဏ် မမီတာတွေကို စဉ်းစားတွေးတောနေပြီး သံသယတွေ ဖြစ်နေရင်ဖြင့် အန္တရာယ်တစ်ခု ဖြစ်ပါတယ်။ သဒ္ဓါဝီရိယကို ရှေ့သွားပြုပြီး တဖြည်းဖြည်းနဲ့ ဆင်ခြင်သွားမှသာ အမှန်ကို ရောက်နိုင်ပါတယ်။ ဒါကြောင့် တွေးတောပြီး ယုံမှားသံသယစိတ်တွေ ဝင်လာခဲ့ရင် ဖြစ်ပျက်ရှုပြီး ဖယ်ရှား ပစ်ရမယ်။ ဖယ်ရှားပြီးမှ မိမိ မူလရှုနေတဲ့ ကမ္မဋ္ဌာန်းကို ပြန်ကောက်ပြီး ရှုပါ။ ရောကန်ထဲက ရေတွေဟာ အနည်ထနေမယ်ဆိုရင် မျက်နှာရိပ်ဟာ မဟပ်နိုင်ဘူး၊ အနည်တွေ ဖယ်ရှားပစ်မှသာလျှင် မျက်နှာရိပ်ထင်နိုင်တယ်။ ဝိပဿနာ ရှုရာမှာလည်း ဝိစိကိစ္ဆာတွေ ဝင်ရှုပ်လာခဲ့ရင် ခန္ဓာအရှိကို ဉာဏ်မျက်စိက မမြင်နိုင်ဘူး၊ ဒါကြောင့် ဝိစိကိစ္ဆာကို

http://www.dhammadownload.com

ဖယ်ရှားနိုင်မှသာလျှင် ခန္ဓာအရှိနဲ့ ဉာဏ်ဟာ တစ်ထပ်တည်းကိုက်မယ်။ ခန္ဓာထဲမှာရှိတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို တွေ့မြင်နိုင်မယ်။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီး ပြောတဲ့နည်းနဲ့ နီဝရဏတွေ ဝင်လာရင် ဖယ်ရှားပြီး ဝိပဿနာတရားကို အားထုတ်ရင် မရမရှိပါဘူး ဒကာ၊ ဒကာမတို့။

(စာမျက်နှာ အခက်အခဲကြောင့် အကျဉ်းချုံးရခြင်း ဖြစ်ပါသည်။ အကျယ်ကို ရန်ကုန်မြို့၊ မိုးကုတ် ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ ချုပ်မှ ထုတ်ဝေသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၈)ကို ဖတ်ရှုလေ့လာကြပါရန် အထူးတိုက်တွန်းပါသည်။)

မိုးကုတ် ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဆုံးမသြဝါဒတော်များ

၁။ ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်။

၂။ ရခဲလှတဲ့လူ့ဘဝကို အလွဲသုံးစား အချိန်တွေ မဖြုန်းလိုက်ပါနဲ့။

၃။ ခန္ဓာကိုယ်ဟာ မွေးကတည်းက အသေဘက်ကို ပြေးနေတယ်။

၄။ သက်တမ်းတိုတဲ့ဘဝကလေးမှာ တရား အားမထုတ်ဘဲ အချောင်ခိုနေရင် အသေစောက ကိုယ်ကျိုးနည်းလိမ့်မည်။

၅။ မနေ့ကထက် ယနေ့သေဖို့ တစ်ရက်နီးသွားပြီ။

၆။ မမျှော်လင့်ဘဲ ဖြုန်းခနဲ နာလည်း နာနိုင်သည်။ သေလည်း သေနိုင်သည်။

၇။ ခန္ဓာ၏ ဝတ္တရားက အသေရှာတာ၊ ဉာဏ်၏ ဝတ္တရားက အသေရှောင်တာ။

၈။ အသေမဦးမီ ဉာဏ်ဦးစီးပြီး ဝိပဿနာတရား အားထုတ်ပါ။

၉။ အပြေးမရပ်တဲ့ ခန္ဓာကိုယ် သုဿန်မရောက်ခင် မဂ္ဂင်အလုပ် အမြန်လုပ်ပါ။

၁၀။ သာသနာနဲ့ ကြုံမှ သစ္စာလေးပါး ထွက်မြောက်ရေး တရားပေါ်မယ်။

၁၁။ ကိစ္စဟူသရွေ့ မဂ်တား-ဖိုလ်တားလို့မှတ်ပါ။

၁၂။ တဏှာ-လောဘ ခိုင်းတာလုပ်နေလျှင် သေတဲ့အခါ အပါယ်ရောက်မယ်။

၁၃။ အဝိဇ္ဇာ-တဏှာ ကိန်းလာရင် အရှက်အကြောက် မရှိတော့ဘူး။

၁၄။ အလကားနေသရွေ့၊ အအားနေသရွေ့ အမှားနဲ့နေခြင်းလို့ မှတ်ပါ။

၁၅။ တဏှာကို အဖော်မလုပ်ဘဲ ဉာဏ်ကို အဖော်လုပ်ပါ။

၁၆။ ရက်ရာဇာ၊ ပြဿဒါး ရက်မရွေးနဲ့၊ သူတော်ကောင်း အလုပ်လုပ်နေတဲ့ အချိန်ဟာ မင်္ဂလာအချိန်လို့ မှတ်ပါ။

၁၇။ ကိုယ့်ကိုယ်ကိုယ် သနားရင် ဝိပဿနာလုပ်ကြ၊ ကိုယ့်ကိုယ်ကိုယ် မသနားရင် သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်ကြ။

၁၈။ သစ္စာတရားကို နာမှ သိမယ်၊ သိမှ ကျင့်မယ်။

၁၉။ နားက တရားကို နာပါ၊ ဉာဏ်က ခန္ဓာကို လှည့်ပါ။

၂၀။ နိဗ္ဗာန်သည် ကံ၏အကျိုးမဟုတ်၊ ဉာဏ်၏ အကျိုးသာ ဖြစ်တယ်။

၂၁။ တရားနာနေသည့်အချိန်ဟာ မတရားအလုပ် မလုပ်တဲ့အချိန်ပဲ။

http://www.dhammadownload.com

၂၂။ မိမိခန္ဓာရဲ့ အရှိဖြစ်ပျက်ကို အသိမဂ်နဲ့ တကယ်သိအောင်လုပ်ပါ။

၂၃။ ရှု့စိတ်ကို နောက်စိတ်က ကြည့်တာ ဝိပဿနာ။

၂၄။ တစ်စိတ်ကို နှစ်စိတ်နဲ့ကြည့်တာ ဝိပဿနာ။

၂၅။ ရှု့အသေကို နောက်အသေနဲ့ကြည့်တာ ဝိပဿနာ။

၂၆။ အရှိကို အသိလိုက်တာ ဝိပဿနာ။

၂၇။ ရှု့က ဖြစ်ပျက်ပြီးတာ အနိစ္စ၊ နောက်က ပျက်မှန်းသိတာ မဂ္ဂ။

၂၈။ အရှိက ဖြစ်ပျက်ခမ္မ၊ အသိကတော့ မဂ္ဂ။

၂၉။ ခန္ဓာက လောင်စာ၊ ဇရာ,မရဏက မီး။

၃၀။ ဘယ်ခန္ဓာရရ၊ လောင်စာနဲ့မီး တွဲလျက်ကြီး။

၃၁။ လောင်စာသိမ်း၍ မီးငြိမ်းတာ နိဗ္ဗာန်။

၃၂။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတာ နိဗ္ဗာန်။

၃၃။ ကိလေသာအပူဓာတ်တွေ အေးငြိမ်းတာ နိဗ္ဗာန်။

၃၄။ ခန္ဓာက အနိစ္စ၊ တွေ့တာက မဂ္ဂ၊ သေတာက သမုဒယ၊ ဆိုက်ရောက်တာက နိရောဓ။

၃၅။ ဖြစ်ပျက်သမျှ သခ်ါရ ဒုက္ခသစ္စာမှတ်၊ သခ်ါရကို ငါကောင်ထင် ခင်မင် သမုဒယ၊ ရုပ်နာမ်အားလုံး ဖြစ်ပျက်သုဉ်း ချုပ်ဆုံးနိဗ္ဗာန်မှတ်၊ ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင် မဂ်ဟုမှတ်။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
ကသစ်ဝိုင်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏

ထေရပ္ပတ္တိအကျဉ်း

[၁၂၆၅-၁၃၂၇]

ပဲခူးတိုင်း၊ ဝေါမြို့အပိုင် အဗျားအလယ်စု ကျေးရွာတွင် ၁၂၆၅-ခု၊ တပေါင်းလဆန်း (၁၀)ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းတည့် (၁၂)နာရီအချိန်တွင် ဖခမည်းတော် ဦးဘိုးကန်၊ မယ်တော် ဒေါ်စိန်ရင်တို့မှ မီးရှူးသန့်စင် မွေးဖွားပါသည်။ ငယ်နာမည်မှာ မောင်ရွှေဘဖြစ်သည်။ မွေးချင်း(၁၀)ယောက်အနက် ပထမမြောက် သားရတနာဖြစ်၏။

အသက် (၈)နှစ်ခန့်တွင် အဗျားအထက်စု ကျောင်း ဆရာတော် ဦးကလျာဏထံတွင် စတင် ပညာသင်ကြားခဲ့၏။ (၁၂)နှစ်သားအရွယ်တွင် ဆရာတော် ဦးကလျာဏ၏ကျောင်းတွင် ကိုရင်ဝတ်၍ ရှင်ရေဝတ ဘွဲ့အမည် ရခဲ့လေသည်။ (၁၄)နှစ်သားအရွယ်တွင် ကျိုက်ထိုမြို့အနီးရှိ မရမ်းချိုကျောင်းတွင် ပညာသင်ပြီး ဆက်လက်၍ ရန်ကုန်မြို့ သရက်တောကျောင်းတိုက် အင်းဝတောင်ကျောင်း ပထမကျော် ဆရာတော်ဦးကောသလ္လနှင့် ဦးဣန္ဒဝံသတို့ထံ၌ သဒ္ဒါသင်္ဂြိဟ်မှစ၍ နေ့ဝါညဝါ သင်ရိုးကြီးအောက်စာများကို ကုန်စင်တတ်မြောက်အောင် သင်ယူခဲ့၏။ (၁၆)နှစ်သားအရွယ် ကိုရင်ဘဝဖြင့် အစိုးရပါဠိ ပထမပြန်စာမေးပွဲ ပထမငယ်တန်းကို အောင်ခဲ့၏။ ၎င်းနောက် အထက်ကျမ်းစာကြီးများကို သင်ယူခဲ့လေသည်။

၁၂၈၅-ခု၊ တပေါင်းလဆန်း (၅)ရက်နေ့ (၁၀)နာရီအချိန်၌ ဖခမည်းတော်နှင့် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ အဗျားအလယ်စုရွာ ရေသိမ်ဝယ် ကျိုက်ထိုမြို့၊ မရမ်းချိုဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ဆရာပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိလေသည်။ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ကြီးများထံတွင် ပါဠိတော် အဋ္ဌကထာဋီကာ ကျမ်းစာများကို (၃)နှစ်တိုင်တိုင် သင်ယူဆည်းပူးခဲ့၏။ ရဟန်း (၃)ဝါ ရသောအခါတွင် ပထမလတ်တန်းကို အောင်မြင်တော်မူခဲ့၏။ (၇)ဝါ အရတွင် ဝေါမြို့အနီး ချဉ်ထူကျောင်းတိုက်ကြီး၌ (၃)နှစ်တိုင်တိုင် စာပို့ချပြန်၏။ ထို့နောက် ပြည်မြို့ တက္ကသိုလ်ကျောင်းတိုက်၌ (၂)နှစ်စာပို့ချပြန်၏။ ထို့နောက် အဗျားအလယ်စုရွာသို့ ပြန်၍ မိမိ၏ ဆရာရင်း ဦးကလျာဏကျောင်းတွင် (၁၀)နှစ်တိုင်တိုင် စာပေကျမ်းဂန်များကို ပို့ချ၏။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်တွင် ဆရာရင်းမှာလည်း ပျံလွန်ပြီးရကား ဖက္ကလိပ်ကျောင်းသို့ ကြွ၍ (၁)နှစ်လုံးလုံး နေ့ရောညပါ တရားအားထုတ်ခဲ့လေ၏။ အဘိုးဝမ်းကွဲ ဦးဘိုးမြနှင့်တကွ မယ်တော်၊ ခမည်းတော်တို့ကို တရားအားထုတ်စေခဲ့၏။ ကသစ်ဝိုင်ကျောင်းတွင် သီတင်းသုံးစဉ် တရားပြသည်မှ

http://www.dhammadownload.com

အစပြုကာ ကသစ်ဝိုင်ဆရာတော်ဟု အမည်တော်တွင်ခဲ့လေသည်။ သက်တော် (၄၄) နှစ်အရွယ် ၁၃၀၉-ခုမှစတင်၍ တရားပြသတော်မူလေသည်။ ကသစ်ဝိုင် ကျောင်းတိုက်ကြီးကို ဗဟိုပြု၍ မြန်မာပြည်အနှံ့ရှိ ဝေနေယျသတ္တဝါအများတို့အား တရားပြသတော်မူခဲ့လေသည်။ သက်တော် ၄၃-နှစ်၊ ဝါတော် ၂၃-ဝါမှ အစပြု၍ သက်တော် ၆၂-နှစ်၊ သိက္ခာတော် ၅၂-ဝါ၊ ပျံလွန်တော်မူသည်အထိ ကသစ်ဝိုင်ကျောင်းတိုက်ကြီးတွင်ပင် သီတင်းသုံး၍ ၁၃၂၇ ခု၊ ပြာသိုလဆုတ် (၉)ရက်၊ စနေနေ့ နံနက် (၁၁း၅၀) နာရီ အချိန်တွင် ခန္ဓာဝန်ချတော်မူခဲ့လေသည်။

ထေရပ္ပတ္တိအကျဉ်းပြီး၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏
သြဝါဒတော်

- ပူတာပေါ်လျှင်သိ၊ ပူသိတစ်ခုံ။
- အေးတာပေါ်လျှင်သိ၊ အေးသိတစ်ခုံ။
- လှုပ်တာပေါ်လျှင်သိ၊ လှုပ်သိတစ်ခုံ။
- ဆင်းရဲတာပေါ်လျှင်သိ၊ ဆင်းရဲသိတစ်ခုံ။
- ချမ်းသာတာပေါ်လျှင်သိ၊ ချမ်းသာသိတစ်ခုံ။

○

http://www.dhammadownload.com

သူတော်ကောင်းဓာတ်တရားမြတ် လွှမ်းပတ်ကမ္ဘာတည်ရမည်

ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ဆရာက ဦးစွာကျင့်

ခန္ဓာမှာ သမာဓိ စိုက်ထားကြ၊ တရားအား ထုတ်တယ်ဆိုတာ ဆရာသမားက ဥပနိဿယကျဖို့ အရေးကြီးတယ်နော်၊ ဘယ်ဆရာပဲပြပြ ဥပနိဿယ ကျလျှင် လမ်းမှန်တာပဲ၊ ဆရာလုပ်သူလည်း မိမိ ကိုယ်တိုင် ဥပနိဿယကျကျ လမ်းမှန်ပြနိုင်တဲ့ ဆရာ ထဲမှာ မိမိကိုယ်တိုင်ကလည်း အားထုတ်ကျင့်ကြံ၍ နေရာတကျ အစစ၌ ကျနသေချာတတ်မြောက် နား လည်ပြီးမှ၊ အဘိဓမ္မာ ဗဟုသုတကလည်း များများ ရရှိမှ သူတစ်ပါးကို ပြသင့်ပါတယ်။

ကိုယ်တိုင်မကျင့်က အခက်တွေ့မည်

အဲဒီတော့မှ တပည့်များကလည်း ဖြေရှင်းဆုံး ဖြတ်ပေးနိုင်ပါတယ်။ သို့မဟုတ်လျှင် ဆရာလုပ်သူ က ကိုယ်တိုင်မှ မတွေ့ဖူးတော့ နားမလည် မဆုံးဖြတ် တတ်ဘဲ ရုက်ရုက်နဲ့ ထင်တာတွေ လျှောက်ပြော တော့ တပည့်မှာလည်း အလွန်နစ်နာ၊ ဆရာမှာ လည်း စိတ်မချမ်းသာ ဖြစ်တတ်ပါတယ်။ ထို့ ကြောင့်–

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။

အထညမနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော။

ပဏ္ဍိတော၊ ကြောင်းကျိုးမြော်သိ ပညာရှိ သည်။ အတ္တာနမေဝ၊ မိမိ ကိုယ်တိုင်သာလျှင်။ ပဌမံ၊ သူတစ်ပါးကို တရားမပြမီ ရှေးဦးစွာ။ ပတိရူပေ၊ သင့်လျော်လျောက်ပတ် မြင့်မြတ်သော ဝိပဿနာ တရား၌။ နိဝေသယေ၊ ကိုယ်ကိုယ်တိုင် အခါခါ ပွား၍ နှလုံးသွင်းထားရာ၏။ အထ၊ ထိုသို့ ကိုယ်တိုင် ရှေးဦးစွာ အားထုတ်ပြီးသည့်နောက်မှ။ အညံ၊ တစ် ပါးသော တပည့်များကို။ အနုသာသေယျ၊ နိုင်နိုင် နင်းနင်းကြီး ပြသဆုံးမရာ၏။ နကိလဿေယျ၊ သို့မှသာလျှင် မိမိတပည့်ယောဂီများအတွက် ဘယ် အခါမျှ စိတ်ညစ်ညူး ပင်ပန်းခြင်း မရှိတော့သည်သာ လျှင်သတည်း။

(သာဓု... သာဓု... သာဓု)

အဲဒီတော့မှ ဆရာ့အင်္ဂါလည်းညီ၊ တပည့် အင်္ဂါလည်း ညီပြီး ခရီး အမြန်ရောက်နိုင်တယ်ဆိုတာ မှတ်ပေတော့။ ဒါကြောင့် လုပ်ငန်းတတ်၊ ကျမ်းတတ်၊ လမ်းပြနိုင်တဲ့ ဆရာမြတ်ကို မတွေ့တွေ့အောင် ရှာကြပေတော့လို့။

သံယုတ်ပါဠိတော်၌–

ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိ တဗ္ဗော။

http://www.dhammadownload.com

ယထာဘူတံ၊ နှစ်ဖြာနာမ်ရုပ် ဖြစ်ချုပ်မှန်စွ သဘာဝကို။ ဉာဏာယ၊ တပည့်ယောဂီတွေ နားလည် သိမြင်စိမ့်သောငှာ။ သတ္တာ၊ ပရမတ္တ သဘာဝ သန့်သန့်ကို နားလည်အောင်၊ သိမြင်လွယ်အောင် ဟောပြနည်းပေးတတ်သော ဆရာမြတ်ကို။ ပရိယေသိတမ္မော၊ မတွေ့တွေ့အောင် ရှာမှီးလိုက်ရပါတော့သတည်း။

(သာဓု... သာဓု... သာဓု)

ဥပနိဿယ လမ်းမှန်ကျ

ယနေ့တော့ ဥပနိဿယကျကျ မှတ်ကြနော်၊ တရားမထိုင်ခင်၊ အလုပ်မလုပ်ခင် နည်းမှန်အောင် ဆရာတော်ပြတာက ကိုယ်တွေ့ဉာဏ်မြင်အလုပ်ပင်တိုင်ထားခြင်းကြောင့် စိတ်ရင်းမှာထား၊ ပေါ်တာလေးတွေ မှတ်နေကြ၊ ပေါ်တာ ဘယ်နှမျိုးလဲ၊ လေးလေးညီညီ ဖြေကြ။ (ငါးမျိုးပါဘုရား)

ငါးမျိုး–ရေတွက်ပြစမ်း။ (ပူတာ၊ အေးတာ၊ လှုပ်တာ၊ ဆင်းရဲတာ၊ ချမ်းသာတာ)။ အဲဒီ ငါးမျိုး ဘယ်ဟာပေါ်တတ်သလဲ (တစ်ကိုယ်လုံးမှာ ပေါ်တတ်ပါတယ်ဘုရား) အထက်ပိုင်း ခေါင်းမှာပေါ်ရင် ဘယ်မျိုးလဲ (ငါးမျိုးပါဘုရား)။ ဘယ်ကနေ မှတ်မလဲ။ (ရင်ကနေ မှတ်ရပါတယ် ဘုရား)။ ဘာနဲ့ မှတ်မလဲ (စိတ်နဲ့မှတ်ရပါတယ် ဘုရား)။ ခေါင်းက ပေါ်တာ ရင်ကမှတ်တာနဲ့ ဆုံနေပစေနော်။ (မှန်ပါဘုရား)

အလယ်ပိုင်း ကျော၊ ရင် စသည်မှာ ပေါ်တာ ဘယ်နှစ်မျိုးလဲ (ငါးမျိုးပါဘုရား)။ ဘယ်ကနေ မှတ်မလဲ (ရင်ကနေ မှတ်ရပါတယ်ဘုရား)။ ဘာနဲ့ မှတ်မလဲ (စိတ်နဲ့ မှတ်ရပါတယ်ဘုရား)။ အလယ်ပိုင်းက ပေါ်တာနဲ့ မှတ်တာနဲ့ ကိုက်သွားပစေနော်။

အောက်ပိုင်း ပေါင်၊ ခြေသလုံး စသည်မှာ ပေါ်တာ ဘယ်နှမျိုးလဲ၊ (ငါးမျိုးပါဘုရား)။ ဘယ်ကနေ မှတ်သလဲ (ရင်ကနေ မှတ်ရပါတယ်ဘုရား)။ ဘာနဲ့ မှတ်မလဲ၊ (စိတ်နဲ့ မှတ်ရပါတယ် ဘုရား)။ အောက်ပိုင်း ပေါ်တာနဲ့ မှတ်တာနဲ့ ဆုံးပစေနော်။

ပေါ်လိုက်တာနဲ့သိ၊ ပေါ်လိုက်တာနဲ့သိ။ အဲဒီလိုပေါ်တာ စိခနဲ၊ ထပ်ခနဲ ဆုံဆုံနေပဲစေနော်။ ဟိုကွက်ကွက် ဒီကွက်ကွက် ပေါ်နေရင်ကော ဘယ်နှစ်မျိုးလဲ (ငါးမျိုးပါဘုရား)။ ဘယ်ကနေမှတ်မလဲ၊ (ရင်ကနေ မှတ်ပါတယ်ဘုရား)။ ဘာနဲ့မှတ်မလဲ၊ (စိတ်နဲ့ မှတ်ရပါတယ်ဘုရား)။ ဟိုကွက်ကွက် ဒီကွက်ကွက် ပေါ်တာနဲ့ မှတ်တာဟာ တွဲခနဲ ထပ်ခနဲ ဆုံဆုံနေပစေနော်။

ပေါ်တာ ဘယ်နှမျိုးလဲ (ငါးမျိုးပါဘုရား)။ ငါးမျိုးနော်။ တစ်ပြိုင်နက် ပေါ်တာကတော့ သုံးမျိုးပဲရတယ်။ ငါးမျိုးစလုံး တစ်ပြိုင်နက် မပေါ်နိုင်ဘူး။ သုံးမျိုးပဲ ပေါ်နိုင်တာမှတ်။ သုံးမျိုးရှင်းပြမယ်နော်။

ပူတာနဲ့ အေးတာ တည့်လား မတည့်ဘူးလား။ (မတည့်ပါဘုရား)။ မတည့်ရင် ပူတာပေါ်ရင် အေးတာမပေါ်၊ အေးတာပေါ်ရင် ပူတာမပေါ် ဆိုတာမှတ်၊ ပူတာအေးတာ နှစ်ခုမူတည်ထားလိုက်။ ပူတာနဲ့ လှုပ်တာနဲ့တွဲ၊ ပူလိုက်ရင် လှုပ်နေတာ တွေ့ရတတ်တယ်။ အေးလိုက်ရင် လှုပ်နေတာ တွေ့တတ်တယ်။ ကြမ်းကြမ်းတမ်းတမ်း မလှုပ်ပေမယ့် သိမ်သိမ်မွေ့မွေ့လည်း လှုပ်နေတတ်တယ်လို့မှတ်။

ဆင်းရဲတာနဲ့ ချမ်းသာတာနဲ့ တည့်သလား၊ မတည့်ဘူးလား (မတည့်ပါဘုရား)။ ဒါဖြင့် ဆင်းရဲတာပေါ်ရင် ချမ်းသာတာကလေးတွေ မပေါ်ရဘူး။ ချမ်းသာတာ ပေါ်နေချိန်မှာ ဆင်းရဲတာ မပေါ်ဘူး။ ဆင်းရဲတာ၊ ချမ်းသာတာ တစ်ခုစီသာ ပေါ်ရတယ်။ ဒါကြောင့်–

ပူ၊ လှုပ်၊ ဆင်းရဲ သုံးခုတွဲတာ တစ်မျိုး၊

ပူ၊ လှုပ်၊ ချမ်းသာ သုံးခုတွဲတာ တစ်မျိုးလို့ နှစ်မျိုးရတယ်။

အေး၊ လှုပ်၊ ဆင်းရဲ သုံးခုတွဲတာ တစ်မျိုး၊

အေး၊ လှုပ်၊ ချမ်းသာ သုံးခုတွဲတာ တစ်မျိုးလို့

http://www.dhammadownload.com

အေးတာနဲ့ ပတ်သက်၍ နှစ်မျိုးရတယ်။

ပေါင်းလိုက်တော့ သုံးခုတွဲတာ လေးမျိုး တဲ့။ အဲဒါ တစ်ပြိုင်နက်ပေါ်တာ သုံးမျိုးခေါ်တယ်။

အပူကလေးပေါ်နေတဲ့အချိန်မှာ နည်းနည်းပဲ ပူပူ၊ များများပဲပူပူ၊ တစ်စ တစ်စနဲ့ တိုးတိုးပြီးတော့ ပဲပူပူ၊ တိုးလည်းမတိုး၊ လျော့လည်းမလျော့ဘဲနဲ့ တန့်တန့်ပြီးတော့ပဲပူပူ၊ တစ်စတစ်စ ချိုချိုသွားတဲ့ လျော့လိုပဲ ပူပူ၊ ပူလာရင် လှုပ်နေတာ ပါတတ်တယ်။ မခံသာရင် ဆင်းရဲမှု ပါတတ်တယ်။ ခံသာရင် ချမ်းသာမှု ပါတတ်တယ်လို့ ဒီလိုလည်း မှတ်ထားကြ။

အေးတာနဲ့ ပတ်သက်၍ နည်းနည်းပဲ အေးအေး၊ မခံနိုင်လောက်အောင်ပဲ အေးအေး၊ ခန္ဓာမှာ အေးတာကလေးတွေပေါ်လာရင် လှုပ်တာကလေးတွေ ပါလာတတ်တယ်။ မခံသာရင် ဆင်းရဲမှု ပါတတ်တယ်။ ခံသာရင် ချမ်းသာမှုပါတယ်လို့ ကိန်းသေယူထားကြ။

ယခုလို တစ်ပြိုင်နက် သုံးခုတွဲပြီးပေါ်တယ်လို့ ပြောပြသော်လည်း အပူလောက်ထင်ရှားရင် အပူ၏ ဖြစ်ပျက်မှုလောက်သာရှု၊ အလှုပ်ကလေးလောက်ထင်ရှားရင် အလှုပ်ကလေးလောက် ဖြစ်မှု ပျက်မှုလောက်သာရှု၊ ဆင်းရဲတာ ထင်ရှားရင် ဆင်းရဲတာ ဖြစ်ပျက်မှုလောက်သာရှု၊ ချမ်းသာ ထင်ရှားရင် ချမ်းသာတာ ဖြစ်မှုပျက်မှုလောက်သာရှု၊ မထင်ရှားတာကို ထင်ရှားအောင် လိုက်မလုပ်ရဘူး။ တရားဆိုတာကို လိုက်မရှာရဘူး။ စာတတ်မယ်ဆိုရင်လည်း ခွဲခြားစိတ်ဖြာပြီးတော့ မလုပ်ရဘူး၊ အသာကလေး အဆင်သင့် ပစ္စုပ္ပန်ပေါ်တုန်း ပေါ်ခိုက်ကိုသာ မှတ်နေကြ၊ ရှင်းသွားပလား (ရှင်းသွားပါပြီဘုရား)။

ယနေ့နံနက်တရားထိုင်ပြီးရင် တရားလည်းစစ်မယ်၊ တရားထိုင်တဲ့အခါမှာဆိုရင် အဓိဋ္ဌာန်ပါရမီကလေး ကူပေးရတယ်။ ကြာကြာထိုင်ဖို့ပြောတာနော်။ ကြာကြာထိုင်ခိုင်းတာ ညောင်းဖို့လို့၊ ကျဉ်ဖို့လို့၊ ထုံဖို့လို့၊ ကိုက်ဖို့လို့ဆိုတဲ့ ကိုယ်ဆင်းရဲဒုက္ခမပေါ်အောင် ထိုင်ခိုင်းတာမဟုတ်ဘူး။ စိတ်ညစ်၊ စိတ်ဆိုး၊ စိတ်ကောက်၊ စိတ်မချမ်းသာဘူးဆိုတဲ့ စေတသိကဒုက္ခတွေ ပေါ်စေချင်လို့ ကြာကြာထိုင်ခိုင်းတာမျိုးမဟုတ်ဘူး။ ခန္ဓာမှာ လှုပ်တစ်လက်မက ဖြစ်ပျက်မြင်ဖို့ ကြာကြာကလေး ထိုင်ခိုင်းတယ်လို့ မှတ်ရမယ်။ ခဏခဏ မပြောင်းနဲ့။ လှုပ်တစ်လက်မက ဖြစ်ပျက်နေတာကို မြင်ချင်သလား၊ (မြင်ချင်ပါတယ်ဘုရား)။ လှုပ်တစ်လက်မကပေါ်သိ နာမ်ရုပ်ကလေးတွေ ဖြစ်လိုက် ပျက်လိုက် မြင်ချင်ရင် ကြာကြာကလေးနေ၊ လက်လည်း ခဏခဏ မပြင်နဲ့၊ ခေါင်းလည်း ခဏခဏမပြင်နဲ့၊ ဘယ်ညာ တစောင်းလည်း ခဏခဏမပြောင်းနဲ့၊ ကြာကြာကလေး အားထုတ်ပြီး ထိုင်ရတယ်။ ကြာကြာကလေး ထိုင်ကြ။ တင်းပြည့်ကျပ်ပြည့် ကြာသွားအောင် အဓိဋ္ဌာန်ပါရမီကလည်း ကူပေးရတယ်။

အဓိဋ္ဌာန်လည်း ကူပါ

တစ်နာရီထိုင်မယ်ဆိုရင် တစ်နာရီ၊ နာရီဝက်ထိုင်မယ်ဆိုရင် နာရီဝက်အဓိဋ္ဌာန်။ အဲဒီအတွင်းမှာ မလှုပ်မယှက် မပြင်ဘဲနဲ့ ပေါ်တာကို မှတ်နေရပါမယ်။ စိတ်ထဲက ရည်ရွယ်ချက်ကလေး အောက်မေ့၊ အဲဒါကလေးဟာ အဓိဋ္ဌာန်ပဲ။ အဓိဋ္ဌာန်ပါရမီကို တင်းပြည့်ကျပ်ပြည့်တယ်ဆိုတာ တစ်နာရီ အဓိဋ္ဌာန်ရင် တစ်နာရီကြာအောင် မလှုပ်မယှက်မပြောင်းရဘဲ မှတ်ရတယ်။ ကြာသွားရင် ခန္ဓာမှာ လှုပ်တစ်လက်မက ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် ဧကန်မြင်ရမယ်။ ယုံကြည်ရဲ့လား။ (ယုံကြည်ပါတယ်ဘုရား)။

ဝိသုဒ္ဓိမဂ်လာ အဖုံးသုံးပါး

အရင်းကျအောင်ပြောဦးမယ်နော်။ လက္ခဏာရေးသုံးပါးနဲ့စပ်ပြီး ပြောမယ်။ အနိစ္စတစ်လုံး ဉာဏ်နဲ့ မမြင်တာ သန္တတိ ဖုံးနေလို့တဲ့၊ ဒုက္ခ တစ်လုံး

http://www.dhammadownload.com

မမြင်တာ ဣရိယာပုတ် ဖုံးနေလို့တဲ့၊ အနတ္တ တစ်လုံး မမြင်တာ ဃန ဖုံးနေလို့တဲ့၊ ဝိသုဒ္ဓိမဂ်လာ ဆိုတဲ့ အတိုင်း ဒေသနာ သဘော အကျဉ်းချုပ် မှတ်စရာ နော်။ ဒုက္ခတစ်လုံး မမြင်တာ ဣရိယာပုတ် ဖုံးတယ် ဆိုတဲ့ စကားတစ်လုံးကို ထုတ်စစ်ကြစို့။

အနတ္တအစစ်ကို သိပါ

ဒုက္ခဆိုတာက သခါရဒုက္ခကို ကောက်ရပါတယ်။ သခါရဒုက္ခဆိုရင် လျှပ်တစ်လက်မက ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်ဆိုတဲ့ ဒုက္ခက သခါရဒုက္ခ ခေါ်တယ်။ သခါရဒုက္ခလို့ ကောက်ရတယ်။ ရုပ်ပေါ် နာမ်ပေါ်မှာ တည်တဲ့ ဒုက္ခပဲ။ ကောင်္ဂာသပေါ်မှာလည်း မတည်ဘူး။ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်ဆိုတဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းပေါ်မှာလည်း မတည်ဘူး။ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ အသက်လိပ်ပြာ အကောင် သတ္တဝါပေါ်မှာလည်း မတည်ဘူး။ ပေါ်သိရုပ်နာမ်ပေါ်မှာ တည်တဲ့ သခါရ ဒုက္ခပါ။

ဒုက္ခကို ဣရိယာပုတ် ဖုံးတယ်ဆိုတဲ့ စကားတစ်လုံးမှာ ဒုက္ခအတွက် ကောက်ထားတယ်။ လျှပ်တစ်လက်မက ဖြစ်လိုက် ပျက်လိုက်နေတဲ့ သခါရကို ကောက်ပါ။ အဲဒီ ဒုက္ခတွေ မဖြစ်တာ ဣရိယာပုတ် ဖုံးနေတယ် ခေါ်တယ်။ ဣရိယာဆိုတာ အနေကို ပြောတာ။

အနေ (၄) မျိုး

ဣရိယာပုတ်ဆိုတာ ထိုင်နေတာတစ်မျိုး၊ အိပ်နေတာတစ်မျိုး၊ ရပ်နေတာ တစ်မျိုး၊ သွားနေတာ တစ်မျိုး၊ အားလုံး လေးမျိုးရှိတယ်။ ဖုံးတယ် ဆိုတာ ဧဏာဧဏာပြင်တာခေါ်တယ်။ အားလုံးမှတ်ထားကြ။ ပြင်လို့ သခါရ ဒုက္ခမမြင်တာ။ ခန္ဓာမှာ လျှပ်တစ်လက်မက ဖြစ်လိုက်-ပျက်လိုက်နေတဲ့ သခါရဒုက္ခက အနေကလေး မပြင်ဘဲ ကြာကြာအားထုတ်ရင် ကိန်းသေ မြင်မယ်ဆိုတာ မှတ်ပေတော့။

ကိုယ်တွေ့တရားဆိုတာ ယခု ဆုံးမတာ ကိုယ်တွေ့နဲ့ ကိုက်ရဲ့လား၊ (ကိုက်ပါတယ် ဘုရား)။ ဖြစ်ပျက်၊ တကယ်မြင်ချင်ရင် နည်းနည်းကလေး ကြာကြာထိုင်လိုက်။

ခန္ဓာကိုယ်သက်သာအောင် အလိုမလိုက်နဲ့၊ ဧဏာဧဏာမပြင်နဲ့၊ မပြောင်းနဲ့၊ ကြာကြာနေနိုင်အောင် အဓိဋ္ဌာန်လေး ကူလိုက်၊ ကူလိုက်တယ်ဆိုရင် တင်းပြည့် ကျပ်ပြည့် ကြာသွားမယ်။ ကြာသွားမယ်ဆိုရင် ခန္ဓာမှာ ဖြစ်လိုက် ပျက်လိုက်နဲ့နေတဲ့ သခါရဒုက္ခကို မြင်နေတတ်တယ်ဆိုတာ မှတ်ပေတော့။ သဘောကျရဲ့လား၊ (သဘောကျပါတယ် ဘုရား)။

စိတ်ကို ရင်မှာထားပြီးပေါ်တာ ငါးမျိုးမှတ်နေတာ နည်းနည်းကလေး ကြာသွားပြီဆိုရင် အောက်ပိုင်းမှာ အပူစကလေး တွေ့တတ်တယ်။ ထိုင်ခါစ မပူသေးလည်းပဲ နည်းနည်းကလေး ကြာသွားရင်၊ (၁၀)မိနစ်လောက် ကြာသွားရင် အပူကလေးတွေ တွေ့တတ်တယ်။ အပူကလေးတွေ တွေ့ရင် အရှိန်ကလေးတွေလည်း ပါတတ်တယ်။ ရှိန်းရှိန်း ရှိန်းရှိန်းနဲ့ အပူရှိန် ကလေးတွေလည်း ပါတယ်။ အခိုးအငွေ့တွေလည်း ထတတ်တယ်။ ဥပမာ- မုန့်ပေါင်းကို ပိတ်ပါးကလေးနဲ့ အုပ်ထားသလိုပါပဲတဲ့။

အရှိန်နဲ့ အခိုးတို့သည် အောက်ပိုင်းကနေပြီးတော့ စပေါ်လာမယ်ဆိုရင် အထက်ကို တဖြည်းဖြည်း၊ တဖြည်းဖြည်းတက်လာတတ်တယ်။ ပေါင်းကနေ ပြီးတော့ ခါး၊ ခါးကနေပြီးတော့ ကျောရင်၊ ကျောရင်က နေပြီးတော့ လည်ပင်း၊ ခေါင်းတိုင်အောင် တစ်ကိုယ်လုံး ပူရှိန်းပူခိုးတွေက ထထပြီး နေတတ်တယ်။ အဲဒီလို ထလာတော့ အပူကမီး၊ ပူရှိန်းပူခိုးကလေး၊ မီးဓာတ်က ဖုတ်၊ လေဓာတ်က မှုတ်ဆိုတဲ့ စကားအတိုင်း ခန္ဓာကိုယ်မှာ လှုပ်လှုပ်ရွရွ မွမွတရိပ်ရိပ် တလှစ်လှစ် တစစ်စစ် တဖျစ်ဖျစ်နဲ့ ရုပ်ရှင်စနစ်လို ခေါင်းထဲမှာ မျိုးစုံ၊ အလယ်ပိုင်း ကျောရင်

http://www.dhammadownload.com

စသည်မှာလည်း မျိုးစုံ၊ အောက်ပိုင်း ပေါင် ခြေသလုံး စသည်မှာလည်း မျိုးစုံပေါ်လာတတ်တယ်။ ခန္ဓာနဲ့ ကိုက်ရဲ့လား (ကိုက်ပါတယ် ဘုရား)။

အပူပေါ်ရင်လည်း မျိုးစုံပေါ်တတ်တယ်။ အအေးပေါ်ရင်လည်း မျိုးစုံ ပေါ်တတ်တယ်။ ရွရွ မွမွ ဖြိုးဖြိုး ဖျဉ်းဖျဉ်းလည်း မျိုးစုံ၊ ဖျစ်ဖျစ်လှပ်လှပ် ရိပ်ရိပ်လည်း မျိုးစုံ၊ ဟုန်းခနဲ ဖြန်းခနဲ ကြက်သီးထသလိုလည်း မျိုးစုံ၊ ခြခုံ၊ နကျယ်ခုံ၊ ပရွတ်ဆိတ်အုံကြီးများကဲ့သို့ အုံကြွအုံကြွ ပေါ်နေသလိုလည်း မျိုးစုံ၊ သဲကမ်းပါးများ ဖြုတ်ဖြုတ်၊ ဖြုတ်ဖြုတ်နဲ့ ပြိုကျနေသလိုလည်း မျိုးစုံ၊ မိုးဖွဲကလေးတွေများကျနေသလို၊ နှင်းဖွဲကလေးတွေများ ကျနေသလို၊ မြူမှုန်ကလေးတွေများ ကျနေသလို မျိုးစုံပါပဲ။ ဆံပင်တို့ကို ရေစိုစိုလက်နဲ့ ပွတ်လိုက်တဲ့အခါမှာ အမှုန်ကလေးများ စဉ်နေသလိုလည်း မျိုးစုံ၊ ဖုန်မှုန့်ကလေးများ စဉ်နေသလို နေရောင်ခြည်သန်းတဲ့အခါမှာ မြူမှုန်ကလေးတွေများ လွင့်စဉ်နေသလို ရေပူဖောင်းကလေးများ ထနေသလို မျိုးစုံပေါ်တတ်ပါတယ်တဲ့။

ဘီလပ်ရည်ပုလင်းများ ဖောက်လိုက်တဲ့အခါမှာ အကြည်ဓာတ် ပျောက်ပြီး သကာလ ပူဖောင်းကလေးတွေ၊ ရေမြုပ်ကလေးတွေလိုထပြီး ဖျစ်ဖျစ် ဖျစ်ဖျစ်နဲ့ မြည်ပြီးတော့ ပျက်နေတာလည်း မျိုးစုံပါပဲ၊ ခန္ဓာမှာ မျိုးစုံပေါ်နေတာ တွေ့ရတတ်တယ်။ ဒါပေမဲ့ ယောဂီကတော့ အားသန်ရာကိုသာ နိုင်အောင်မှတ်ရပါတယ်။ အပူအားသန်ရင် အပူနဲ့ အသိနဲ့ ပူသိ အသိကလေး အပျက်ကပ်(ပူသိပျက်)၊ အအေးသန်ရင် (အေးသိပျက်) အရှိန်းကလေး အားသန်ရင် (ရှိန်းသိပျက်) အရှိန်းကလေးတစ်ခုကို သိပျက် ကပ်လိုက်။ စစ်စစ် အားသန်ရင် စစ်စစ်၊ ရွရွ အားသန်ရင် ရွရွ၊ ကြက်သီးထသလို အားသန်ရင် ကြက်သီးထတာကို သိပျက်ကပ်ရတယ်။ အသာကလေးကိုယ်က သိပျက် သိပျက် သိပျက် ခန္ဓာက ပေါ်တာနဲ့ သိပျက်နဲ့ ကပ်လိုက်ရတယ်။ အဲဒီလို ကပ်ကပ်ကပ်လိုက်ပြီးတော့ သွားမယ်ဆိုရင် ပေါ်တာနဲ့ သိပျက်နဲ့ ပေါ်တာနဲ့ သိပျက်နဲ့။ အဲဒီလို လျင်လျင်မြန်မြန်ပေါ်ပြီးတော့ ကပ်ကနဲ စိကနဲ ထင်ရှားလာတတ်တယ်။ အဲဒါ ကြာကြာကလေး ထိုင်တဲ့ အကျိုးပါပဲ။ အဓိဋ္ဌာန်ပါရမီ ရဲခါကူကူပေးလိုက်တဲ့ အကျိုးဟာ ခန္ဓာမှာ လျှပ်တစ်လတ် ဖြစ်ပျက်ကလေးတွေ မြင်ဖို့လို့ အဲသလိုမှတ်ထားကြ။ ညောင်းဖို့ ကျဉ်ဖို့၊ ထုံဖို့၊ ကိုက်ဖို့ဆိုတဲ့ ဒီဆင်းရဲမှုတွေ ဖြစ်စေလိုလို့ မဟုတ်ပါ။ ဒါလည်း ပေါ်တတ်တာပဲ၊ အဲဒါတွေ ပေါ်မယ်ဆိုရင်လည်း မှတ်ရတာပါပဲ။

ကျဉ်တာပေါ်လိုက်ရင် ကျဉ်သိပျက်၊ သိပျက်ကပ်၊ ထုံတာပေါ်ရင် သိပျက်ကပ်၊ ထုံသိပျက်၊ ကိုက်တာပေါ်ရင် နာတာပေါ်ရင် သိပျက်တာကပ်ပေး၊ သိပျက် သိပျက် အဲဒီလို ကပ်ကပ်သွားမယ်ဆိုရင် သူလည်းပဲ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်ဘက်က ဖြစ်သွားတာပဲ။ ဒါမှမဟုတ် အေးခနဲ၊ စိမ့်ခနဲ၊ သိမ့်ခနဲ၊ ဖြန်းခနဲဆိုတဲ့ စိတ်ချမ်းသာမှုလည်း ပေါ်တတ်ပါတယ်။ အေးခနဲပေါ် သိပျက်ကပ်၊ စိမ့်ခနဲပေါ် သိပျက်ကပ်၊ သိမ့်ခနဲပေါ် သိပျက်ကပ်၊ ဖြန်းခနဲပေါ် သိပျက်ကပ်၊ သိပျက်သာ ကပ်ပေး၊ သိပျက်ကပ်ပေးလိုက်ရင် ဝိပဿနာ ဆက်လိုက်တာပဲ။ အဲဒါ စိတ်ချမ်းသာတာပဲ။

ကိုယ့်ဘက်ကလည်း စိတ်ချမ်းသာတာ ရှိတယ်။ အပူကြီးကို ထောက်၍ အပူကလေးဝင်လာရင် ချမ်းသာတယ်။ အအေးကြီးကို ထောက်၍ အအေးကလေးဝင်လာရင် ချမ်းသာတယ်။ အကျဉ်ကြီး၊ အနာကြီး၊ အကိုက်ကြီးကို ထောက်၍ အကျဉ်ကလေး၊ အနာကလေး၊ အကိုက်ကလေး ဝင်လာရင် အဲဒါ ချမ်းသာတာခေါ်တယ်။ အဲဒီ ချမ်းသာကလေးတွေ ပေါ်လာရင် သိကပ်ပေးလိုက်ပါ။

သိပျက်ကပ်ပြီး မှတ်သွားမယ်ဆိုရင်လည်း ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဘက်ကလည်း ဆေးစက်ကျရာ အရုပ်ဖြစ်အောင် ရေးနိုင်တဲ့ ပန်းချီသမား

http://www.dhammadownload.com

ကဲ့သို့ အားထုတ်တတ်မယ်ဆိုရင် တရားမြင်နိုင်တာ ပါပဲလို့ မှတ်ပေတော့။

ထိုကဲ့သို့မှ မမြင်ဘူးဆိုရင် အသက်ရှူတဲ့ အခါ လှုပ်တာမှတ်၊ တစ်ခါ အသက်ရှူ တစ်ခါလှုပ်သိ၊ အသက်ရှူတိုင်း လှုပ်တာ သိမယ်ဆိုရင် အလှုပ်သိ၊ အသက်ရှူရင် လှုပ်သိနေမှာပဲ။ ဒီလိုသိရင် မှန်းခြေ သိပေါ်တယ်။ မှန်းခြေသိနဲ့ မဂ်မကျဘူး။ အသက်ရှူရင် ဘယ်သူဖြစ်ဖြစ် လှုပ်တာပေါ့။ အဲဒါ ဆုံးဖြတ်သိ။ ဆုံးဖြတ်သိလည်း မဂ်မကျဘူး။ အလုပ်သိမှ မဂ်ကျတယ်နော်။ အသက်ရှူလို့ လှုပ်တာ တောင်မှ ထိုင်ကြည့်လည်း မမြင်ပါ။ အိပ်လျက် ကြည့်လည်း မမြင်ပါ။ ကိုယ့်ဟာကိုယ် အသက်ရှူ တာတောင် မသိတာလည်းရှိတယ်။ ဒီလိုဆိုရင် ရင်ပေါ်လက်တင် လက်အောက်ကို ကြည့်ပါ။ လှုပ်တာ မြင်ပါလိမ့်မယ်။

ကြည့်တဲ့နေရာမှာ လက်လှုပ်တယ်၊ ရင်လှုပ်တယ်၊ အသားလှုပ်တယ်၊ အရေလှုပ်တယ်ဆိုရင် လက်တို့၊ ရင်တို့၊ အသားတို့၊ အရေတို့ကတော့ မှားတယ်၊ လှုပ်တာက မှန်တယ်။ လှုပ်တာကလေးကို သိနေတော့ ရင်လှုပ်တာမြင်ရင် ကျောပေါက်အောင် ဖြည့်ကြည့်၊ ကျောနဲ့ရင်နဲ့ တစ်သားတည်း လှုပ်တယ်ဆိုရင် အောက်ပိုင်းကိုချဲ့ကြည့်။ အောက်ပိုင်းမှာလည်း မြင်ရင် အထက်ပိုင်းကို ပိုချဲ့ကြည့်။

ဘယ်လို ကြည့်ရမလဲဆိုရင် အပေါက်ရှိတဲ့ ဘောလုံးကို လက်လွတ်လိုက်ရင် ဘောလုံးသည် ဖောင်းလာတယ်၊ လေဝင်လို့၊ နှိပ်လိုက်ပြီဆိုရင် ဘောလုံးသည် ပိန်သွားတယ်၊ လေထွက်သွားလို့၊ အဲဒီ ဥပမာအတိုင်း တစ်ခါ အသက်ရှူလိုက်တယ်။ ဗိုက်ဖောင်းတယ်၊ လေဝင်လို့၊ ရှိုက်လိုက်၊ ပိန်သွားတယ်၊ လေထွက်လို့။ ဟောဒီနှစ်ခု ရှူတိုင်း ရှူတိုင်း ဗိုက်ပိန်ရတယ်။

အဲဒါ ပေါင်ရင်းကိုသာ စိတ်နဲ့ ကပ်ထားလိုက်၊ ရှိုက်လိုက်ရင် လေထွက်၊ ပေါင်ရင်းက ရှိနှိပ်ခနဲ ရှိနှိပ်ခနဲ အဲဒီလို တိုးတိုးလာရင် ပေါင်ရင်းက ပေါင်လယ် ဒူး၊ ဒူးက ခြေသလုံး၊ ခြေသလုံးက ခြေမျက်စိ၊ ခြေမျက်စိက ခြေဖဝါး၊ တစ်ချက် ရှိုက်လိုက်ရင် ရှိနှိပ်ခနဲ ရှိနှိပ်ခနဲ ခြေဖျား ထိအောင် အပူထုတ်သလို ဖြစ်နေတတ်တယ်။ အဲဒီလိုဆိုရင် အောက်ပိုင်းသည် ရွရွဖြစ်စေ၊ ရှိနှိပ်ရှိနှိပ်ဖြစ်စေ၊ ဖျဉ်းဖျဉ်း စစ်စစ်ဖြစ်စေ၊ ဟုန်းခနဲ ဖြန်းခနဲ ဖြန်းခနဲ ကြက်သီးထသလို ဖြစ်စေ မျိုးစုံ ပေါ်နေတတ်ပါတယ်။

အဲဒါ အသက်ရှူလေနဲ့ ပတ်သက်ပြီးသကာလ သိမှတ်နေရာမှာ ခန္ဓာကိုယ် ဖြစ်ပေါ်လာပုံပဲ။ အာနာပါန မဟုတ်ဘူးနော်၊ သမထလည်း မဟုတ်ဘူးနော်၊ ကျေးဇူးရှင် ကသစ်ဝိုင်ဆရာတော်ဘုရားကြီး ပြတဲ့နည်းက ပူတာ အေးတာ လှုပ်တာဆိုတော့ လှုပ်တာလေး ပါတယ်နော်၊ ဆရာတော်တို့ ကတော့ လေပဲခေါ်တယ်။ ဘယ်လေပဲဖြစ်ဖြစ်၊ အသက်ရှူလို့ လှုပ်တဲ့လေပဲ ဖြစ်ဖြစ်၊ မရှုဘဲနဲ့ လှုပ်တဲ့ သွေးသားက လေတွေဖုံးတဲ့ လှုပ်တဲ့လေပဲ ဖြစ်ဖြစ် ဘယ်လေမဆို ကိုယ်တွေ့တရားဖြစ်သောကြောင့် ဆရာတော်များ နည်းကလည်း (ကိုယ်တွေ့ဉာဏ်မြင်) ကိုသာ ပဓာနထားသောကြောင့် ဘယ်လေကိုမဆို မရွေးဘူး၊ မှတ်တာပဲ။ သမထဘက်က မဟုတ်ဘူး၊ ဝိပဿနာဘက်ကပါလို့ ရှင်းရှင်းမှတ်ပေတော့၊ ရှင်းပါရဲ့လား (ရှင်းပါတယ် ဘုရား)။

အသက်ရှူတဲ့လေနဲ့ ပတ်သက်ပြီး ရှင်းပြမယ်နော်။ ခန္ဓာမှာ လေနဲ့ ရှူတော့ မီးပါ၊ မီးနဲ့ လေနဲ့ နှစ်ခုပေါင်းတော့ အရှိန်အဝိုင်းအဋ္ဌေတွေက ထသည်နှင့် တစ်ပြိုင်နက် ရွရွဖျဉ်းဖျဉ်း စိုးစိုးစစ်စစ် အစရှိသည်တို့ဖြင့် ခန္ဓာမှာ မျိုးစုံ ပေါ်နေတယ်၊ အဲဒါလေးတွေ မှတ်ပေတော့။

ဒီတရားက တရားကြမ်းခေါ်တယ်၊ ဘာဖြစ်လို့လည်းမေးရင် ကိုယ်တွေ့ဆိုတာ တဖော ပူအေး၊ ဝါယော လှုပ်ခြင်မ်၊ ပထဝီ ခက်မာလို့ လူတိုင်းက သိတယ်။ မျက်မြင် သိမ်သိမ်မွေ့မွေ့၊ နားကြား သိမ်သိမ်

http://www.dhammadownload.com

မွေ့မွေ့၊ နာခေါင်းတွေ့ သိမ်သိမ်မွေ့မွေ့၊ လျှာတွေ့ သိမ်သိမ်မွေ့မွေ့၊ မနောတွေ့ သိမ်သိမ်မွေ့မွေ့ မဟုတ်ပါဘူး၊ ကြမ်းတမ်းတယ်၊ ဒါကြောင့် တချို့က ပြက်ချော်ချော် ပြောကြတယ်၊ ပူတာ တရားလား၊ ဖျားရင် ဒီထက်တောင် ပူသေးတယ်။

ပူတာသိရင် တရားဆိုရင် ရိပ်သာတောင် မလာရဘူး။ အိမ်မှာ နေလည်း အပူသိတာပါပဲ၊ တို့တွေ့သားပဲ၊ ဒါတွေ တရားလားတဲ့၊ အိမ်မှာနေလည်း ပူတာပါပဲလို့ တချို့ တချို့က အထင်သေးကြတယ်။ ရှင်းမယ်နော်– ပူတာဟာ ပူတာက ပူတာ၊ ဘယ်သူက ပူတာလဲ (ပူတာက ပူတာပါ ဘုရား)။ အိမ်မှာသိတဲ့အပူက အသားအရေ အကြောပူတာ၊ ခေါင်းကိုယ်ခြေလက်ပူတာ။ ယောကျ်ားး၊ မိန်းမ၊ သားသမီး၊ မြေးမြစ် အထင်မှားကြတယ်၊ ဘယ်သူမှ ပူတာ မဟုတ်ဘူး၊ ရိပ်သာ ကျတော့ ပူတာက ပူတာ၊ အေးတာက အေးတာ၊ လှုပ်တာက လှုပ်တာပဲ၊ ရွတာက ရွတာပဲ၊ ဖျဉ်းတာက ဖျဉ်းတာပဲ၊ စစ်တာက စစ်တာပဲ၊ ဟော... အမှတ်မှန်လာတယ် ခေါ်တယ်။ ဥပနိဿယ ဆရာကောင်းနှင့် တွေ့တော့ သမ္မာဒိဋ္ဌိ ဖြစ်လာပြီ။

ဥပနိဿယဆရာကောင်းနှင့် မတွေ့သေးတဲ့ အချိန်မှာ အိမ်က အပူအတိုင်း ထားလိုက်၊ ကျောင်းကို အပူအတိုင်း ထားလိုက်၊ အနမတဂ္ဂ သံသရာက စပြီး သကာလ ငါကောင်ပဲ၊ အသားအရေ အကြောပဲ၊ ခေါင်း ကိုယ် ခြေ လက် ယောကျ်ားး မိန်းမ စသည်ပဲ၊ သက်မဲ့ပြောမယ်ဆိုရင် မီးပူပဲ၊ နေပူပဲ၊ ချင်းပူပဲ၊ ငရုတ်ပူပဲ၊ ပိတ်ချင်းပူပဲ စသည်ဖြင့် အဲဒီလို ယူတတ်တယ်၊ သညာဝိပလ္လာသ အမှတ်မှား မပျောက်ဘူး၊ မပျောက်ရင် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ဘယ်တော့မှ မရောက်ဘူးဆိုတာ သဘောကျ မှတ်ပေတော့။

အိမ်မှာတွေ့တဲ့ အပူသည် မမှတ်တတ်သည် ဖြစ်လေသောကြောင့် ဒိဋ္ဌိမပြုတ်ပါ၊ ရိပ်သာမှာလာပြီး ဆရာကောင်း ဥပနိဿယခံယူပြီး မှတ်တဲ့အပူ၊ မှတ်တဲ့အအေး၊ မှတ်တဲ့အလုပ်၊ မှတ်တဲ့ချမ်းသာတာ၊ မှတ်တဲ့ ဆင်းရဲတာတို့သည် ဒိဋ္ဌိပြုတ်နိုင်တယ်ဆိုတာ ရှင်းရှင်း မှတ်ပေတော့။ ရှင်းပါရဲ့လား (ရှင်းပါတယ် ဘုရား)။

(၁) နံပါတ်ပြုတ်ရင် (၂) နံပါတ် အကုသိုလ်ဟောင်း ကြွေးဟောင်းလည်း စင်၊ ကံသစ်ကြွေးလည်း မဝင်တော့ခြင်းကြောင့် (၃) နံပါတ်လည်း အပါယ်လည်း ဘယ်တော့မှ မကျတော့ဘူးဆိုတာ မှတ်ပေတော့။

ခန္ဓာမှာ ရှူတဲ့တရားဆိုရင် အရိုးခံခေါ်တယ်၊ အဆန်း မဟုတ်ဘူး။ အသားအရေ အကြော ရိုးတွင်းခြင်ဆီ ကောင္မာသက အဆန်းတရား၊ ခေါင်း ကိုယ် ခြေ လက်စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေက အဆန်းတရား၊ ယောကျ်ားး မိန်းမ လူ နတ် ဗြဟ္မာ အသက်လိပ်ပြာ အကောင်သတ္တဝါ စသည်တို့သည် အဆန်းတရားလို့ ခေါ်တယ်။

သက်မဲ့မှာဆိုရင်လည်း ထမင်းဟင်း စားစရာတို့၊ အင်္ကျီလုံချည်တို့၊ အဲဒါတွေဟာ အဆန်းတရားတွေ ခေါ်တယ်၊ စာသုံးဆိုရင် အရိုးခံတရားကတော့ ရုပ်နဲ့နာမ်ပါပဲ။ ကိုယ်တွေ့ဆိုရင် ပေါ်တာနဲ့ သိတာပါပဲ။ အပူကလေး အအေးကလေးက ဒါ အရိုးခံတရားပဲ။ ကန် တိုး တွန်းဆိုတဲ့ လေကလေးဟာ အရိုးခံတရားပဲ။ ရွရွ ဖြိုးဖျဉ်း စိုးစစ်ဆိုတဲ့ ပထဝီအမှုန့်ကလေးတွေလည်း အရိုးခံတရားပဲ။

အရိုးခံကို အဆန်းထင်၊ အဆန်းကို အရိုးထင်တာ ကြာရှည်သွားတော့ အရိုးမြုပ်သွားတယ်။ အရိုးခံမြုပ်ပြီးသကာလ အသားအရေ အကြောဆိုတဲ့ အဆန်းတရားလေးတွေကို အသုံးအနှုန်းများ၊ အမြင်များလာတော့ အဲဒါ အရိုးခံတရားလို့ပဲ အထင် မှားလာတတ်တယ်။ ရုပ်နဲ့နာမ်ပေါ်နဲ့သိ။ အဲဒါ အဆန်းတရားမဟုတ်ဘူး။ အဲဒီ ရုပ်နဲ့နာမ် ပေါ်နဲ့သိတာ အရိုးတရားလို့ မှတ်ပေတော့။

ထို့ကြောင့် အရိုးခံတရားကို အဆန်းဖုံးနေ

http://www.dhammadownload.com

တော့ ဖုံးနေတဲ့ အဆန်းကလေးကို ပယ်ထုတ်ပြီးတော့ အရိုးခံဆိုတဲ့ ပေါ်တာလေးတွေ မြင်အောင် ပူတာ သက်သက်၊ အေးတာ သက်သက်၊ လုပ်တာ သက်သက်၊ ဆင်းရဲတာ သက်သက်၊ ချမ်းသာတာ သက်သက်လို့ အသိကလေးနဲ့ မှတ်ရင် သိပျက်ကပ်တာ ပူသိပျက်၊ အေးသိပျက်၊ လှုပ်သိပျက်၊ ဆင်းရဲသိပျက်၊ ချမ်းသာသိပျက်ဆိုတဲ့ သိပျက်ကလေး ကပ်ပြီးတော့ ဥပနိဿယကျကျ အရိုးခံတရားပေါ်လာအောင် တရားထိုင်ကြစို့။

ပရိကံပြုပုံ

တရားထိုင်ပုံကလေး ပြောမယ်နော်။ အောက်ပိုင်း မိန်းမထိုင်ဖြစ်ဖြစ်၊ တင်ပျဉ်ခွေထိုင်ဖြစ်ဖြစ် တာရှည်ထိုင်နိုင်အောင် ထိုင်၊ အထက်ပိုင်း ကိုယ်ကို မတ်မတ်ထားရင် ကောင်းတယ်။ သို့မဟုတ် ထိုင်နေကျအတိုင်း ခါးကလေး ကုန်းကုန်း ထိုင်ချထိုင်၊ ခေါင်းတော့ ငိုက်ငိုက်ကြီး မထားနဲ့။ ငိုက်တတ်တယ်၊ ပျင်းတတ်တယ်၊ သမ်းတတ်တယ်။ ခေါင်းကလေး ဆတ်ခနဲ ဆတ်ခနဲ ဖြစ်ပြီး သူငယ်ချင်း ဝင်လာတတ်တယ်။ ရှေ့ကိုလည်း ငိုက်မထားနဲ့၊ နောက်ကိုလည်း လှန်မထားနဲ့၊ ဘေးကိုလည်း စောင်းမထားနဲ့၊ ခေါင်းကို အလောတော်ထား။

လက်ကလေးကလည်း ဘယ်ညာ ထပ်ချင်ထပ်၊ မထပ်ချင်နေ။ တာရှည်ထားနိုင်ဖို့ လိုရင်းပဲ။ စိတ်ကလေးက ရင်ထဲမှာ ထားနော်။ ပေါ်တာ မှတ်။ အဓိဋ္ဌာန်လိုက်ဆိုကြ။ လက်အုပ်မချီနဲ့နော်။ နေသားတကျလေးထားကြ။ အဓိဋ္ဌာန်ဆိုပေမယ့် မလှုပ်မယှက် မပြင်ဘဲနဲ့ နေပါ့မယ်ဆိုတဲ့ အဓိဋ္ဌာန်တော့ မဟုတ်ဘူး။

ဤအဓိဋ္ဌာန်ကတော့ တစ်နာရီ ထိုင်မယ်ဆိုပါတော့။ ထိုင်တဲ့အတွင်းမှာ ပေါ်တာမှတ်၍ ထိုင်ပါမယ်ဆိုတဲ့ ရည်ရွယ်ထားတဲ့ အဓိဋ္ဌာန်ပါပဲ။ မလှုပ်မပြင်ဘဲနှင့်နေလည်း ပေါ်တာမှတ်ရမယ်။ မနေနိုင်လို့ ပြင်တော့မယ်ဆိုရင်လည်း ပေါ်တာမှတ်ပြီးတော့ ပြင်ရမယ်။ ပြင်ပြီးတော့လည်း ပေါ်တာမှတ်ပြီး နေပါ့မယ်လို့ အဓိဋ္ဌာန်လည်း ကွဲအောင် မှတ်ကြနော်။

အဓိဋ္ဌာန်ပြုပုံ

အားလုံး လိုက်ဆိုကြ။ တပည့်တော်များသည် ယခုအချိန်ကစ၍ တစ်နာရီတိတိ ခန္ဓာကိုယ်မှာ ပေါ်ရင်သိ၊ သိရင်ပျက်၊ ပေါ်သိပျက် ပေါ်သိ ပျက်၊ မှတ်သားနေပါ့မယ်။ မှတ်နေတုန်းမှာ ငိုက်သမ်းပျင်းဝေစိတ်လေ စိတ်လွင့်၊ စိတ်ကူးအရှောင်နေတာ ပေါ်ခဲ့ပါလျှင် ချက်ချင်းပင် ဖျောက်ပစ်ပြီး သကာလ အမှတ်နဲ့သာ တစ်နာရီတိတိ နေပါ့မယ်။ မှတ်နေတုန်းမှာ ရပ်တာကို မဂ်ဖိုလ်ဉာဏ်ဖြင့် မြင်ခဲ့ပါလျှင် ထူးထူးခြားခြား အနေမျိုးဖြင့် ပြနိုင်ပါစေသတည်း။

တရားထိုင်ကြပေတော့။ ကိုယ်ကို တောင့်တောင့်တင်းတင်းကြီးလည်း လုပ်မထားနဲ့။ ခပ်လျော့လျော့ကလေး စိတ်ကို ရင်ထဲမှာ စိုက်လိုက်။ အမြင်သန့်တဲ့ ပုဂ္ဂိုလ်က ရင်ထဲကို စိုက်လိုက်။ စိတ်ကလေး စင်ကြယ်သည်ထက် စင်ကြယ်အောင် ဖွဲကောင်းကောင်းနဲ့ စိုက်ထားလိုက်။ အမြင်မသန့်သေးတဲ့ ပုဂ္ဂိုလ်က ရင်ကနေပြီးတော့ ပေါ်တိုင်းပေါ်တိုင်း ပေါ်တဲ့နေရာကို လိုက်မှတ်ကြ။ ကဲ-ထိုင်ပေတော့။ အချိန်စေ့ရင် သတိပေးမယ်နော်။

မှတ်ချက်။ ။ *တစ်နာရီတိတိ ထိုင်သောကြောင့် တရားမှတ်နေပါသည်။*

တစ်နာရီတော့ ပြည့်သွားပြီ။ အချိန်ပြည့်သွားပြီ။ အမှတ်ကို လက်မလွတ်စေနဲ့။ မျက်လုံးလည်း မဖွင့်နဲ့။ ပေါ်တာမှတ်ပြီးတော့ ဖြည်းဖြည်းလေး ပြင်ကြစမ်း။ လက်ပြင်ချင်ရင် လက်ထဲကို စိတ်ဖြန့်။ ခြေပြင်ချင်ရင် ခြေထဲကို စိတ်ဖြန့်။ ပေါ်တာမှတ်၍ ဖြည်းဖြည်းပြင်ကြပါလို့ ဆိုလိုသည်။ သတိတော့ မလွတ်စေနဲ့နော်။ (မှန်ပါဘုရား)။

http://www.dhammadownload.com

ပြင်နေရင်းနဲ့ ရပ်တာမြင်ချင်လည်း မြင်တတ်တယ်။ ဒီကနေ့တော့ တရားစစ်မယ်။ ပါးစပ်နဲ့တော့ မလျှောက်ရဘူး။ လက်အုပ်နဲ့ လျှောက်ရမယ်။ ယောဂီများတော့ တစ်ယောက်ချင်း တရားမစစ်နိုင်ဘူး။ တရားထိုင်တာ တော်တော်ကလေးကော မြင်ရဲ့လား။ (မြင်ပါတယ်ဘုရား)။

တရားမြင်တာက တစ်ကိုယ်လုံး မြင်တာ။ ဟိုကွက်ကွက် ဒီကွက်ကွက် မြင်တာ နှစ်မျိုးရှိတယ်နော်။ ယခု တရားထိုင်တာကို ပြောတာ။ နောက်က တရားထိုင်တာကို ပြောတာ မဟုတ်ဘူးနော်။ တစ်ကိုယ်လုံးမြင်တဲ့ ယောဂီ လက်အုပ်ချီပါ၊ လက်အုပ်ချီပါ။ အဲဒါ တရားစစ်တာပဲ။ လက်အုပ်ချီတဲ့ ယောဂီတွေဟာ တစ်ကိုယ်လုံး မြင်ရဲ့လား (မြင်ပါတယ်ဘုရား)။ လက်အုပ်မချီတဲ့ ယောဂီတွေဟာ တစ်ကိုယ်လုံး မမြင်လို့ပေါ့။

တစ်ကိုယ်လုံးမြင်တဲ့ လူဆိုတာလည်း တစ်ပြိုင်နက်မြင်တဲ့လူ။ ကွက်ကွက်နဲ့ တစ်ကိုယ်လုံးစပ်အောင် မြင်တဲ့လူလို့ နှစ်မျိုးရှိတယ်။ တစ်ပြိုင်နက် တစ်ကိုယ်လုံးမြင်တဲ့ယောဂီ လက်အုပ်ချီထားပါ။ ကွက်ကွက်လေးမြင်တဲ့ ယောဂီ လက်ချလိုက်ပါ။ ယခု လက်အုပ်ချီထားကြတဲ့ ယောဂီတွေဟာ တစ်ကိုယ်လုံး တစ်ပြိုင်နက်မြင်တဲ့ ယောဂီတွေပဲ။

ဒါ တစ်ကိုယ်လုံး တစ်ပြိုင်နက်မြင်တဲ့ ယောဂီဆိုတာ သိပြီ။ လက်အုပ်ချလိုက်၊ ကွက်ကွက်ကလေး မြင်တဲ့ ယောဂီရှိရင် လက်အုပ်ချီပါ။ ဟိုကွက်ကွက် ဒီကွက်ကွက် မြင်တဲ့ ယောဂီ၊ ခေါင်းပိုင်းမြင်လိုက်၊ ကျောရင် မြင်လိုက်၊ အောက်ပိုင်း ပေါင်၊ ခြေသလုံး မြင်လိုက် ဟိုကွက်ကွက်၊ ဒီကွက်ကွက် မြင်တဲ့ ယောဂီရှိရင် လက်အုပ်ချီပါ။ တစ်ကိုယ်လုံး တစ်ပြိုင်နက် မြင်တဲ့ ယောဂီတွေ လက်ချထား။ ယခု ကွက်ကွက်ကလေး မြင်ရတဲ့ ယောဂီတွေ စစ်တာ။ ကွက်ကွက်ကလေး မြင်တဲ့ ယောဂီတွေလည်း မြင်တဲ့အချိန်နဲ့ မမြင်တဲ့အချိန် နှစ်မျိုး ရှိတယ်။

မြင်တဲ့အချိန်များတဲ့ ယောဂီ လက်အုပ်ချီမြဲတိုင်း ချီပါ၊ မြင်တဲ့အချိန်၊ နည်းတဲ့ယောဂီ လက်ချထား၊ မမြင်များတဲ့ ယောဂီ ချီမြဲချီထား၊ ယခု လက်အုပ်ချီတဲ့ ယောဂီများ ကွက်ကွက်မြင်တဲ့နေရာ အမြင်များတယ်ခေါ်တယ်။ ကဲ... လက်ချလိုက်ကြ။

ခန္ဓာမှာ ပူတာ အေးတာ နှစ်မျိုးရှိတယ်။ တိုးပြီးတော့ အေးတာ၊ လျော့ ပြီးတော့ အေးတာ၊ တန့်ပြီးတော့ အေးတာ။ အဲဒီ ပူတာ အေးတာ နှစ်ခုဖြစ်ပျက်ပုံ ကလေးကိုသိတဲ့ ယောဂီရှိရင် လက်အုပ်ချီပါ။ သိတဲ့အချိန် မသိတဲ့အချိန် နှစ်မျိုးရှိတယ်။ သိတဲ့အချိန်များရင် လက်အုပ်ချီမြဲတိုင်း ချီထား။ သိတဲ့အချိန်နည်းတဲ့ ယောဂီ လက်ပြန်ချထား။ ဒါကတော့ အမြင်များတဲ့ ယောဂီ ရှိပါလိမ့်မယ်။

အပူကလေးရှိနေတဲ့ အချိန်မှာ ရှိန်းရှိန်းကလေး ပါတတ်တယ်။ ရွရွ ကလေး ပါတတ်တယ်။ ဖျဉ်းဖျဉ်းကလေး ပါတတ်တယ်။ သုံးမျိုး၊ အဲဒီသုံးမျိုးသိတဲ့ ယောဂီဆိုရင် လက်အုပ်ချီမြဲတိုင်း ချီပါ။ တစ်ယောက်မကျန် သိတတ်ပါတယ်။ ရှိန်းရှိန်းတော့ ပါတတ်တာ များတာပဲ။ ရွရွလည်း ပါတတ်တာ များတယ်။ ဖျဉ်းဖျဉ်းလည်း ပါတတ်တာ များတယ်။ စစ်စစ်လည်း ပါတတ်တာ များကြပါတယ်၊ မပါတဲ့ ယောဂီဆိုရင် လက်ချထား။ ချမြဲတိုင်း ပြန်ချထားပါ။

လက်ချထားတဲ့ ယောဂီဟာ ရှိန်းရှိန်း စသည် မမြင်ဘူးပေါ့၊ မမြင်လည်း ကိစ္စမရှိဘူး။ မြင်တဲ့ဥစ္စာတွေဟာ သိပ်များတာပဲ။ ရင်ထဲမှ ဒိတ်ဒိတ် ဒိတ်ဒိတ် နဲ့ သွေးကျနေသလို ဖြစ်ပါတယ်။ ရင်တဒိတ်ဖြစ်စေ၊ တစ်ကိုယ်လုံး ဒိတ်ဖြစ်စေ၊ ကွက်ကွက်ကလေး ဒိတ်ဖြစ်စေ မမြင်တဲ့ ယောဂီရှိရင် လက်ချပါ။ မြင်တဲ့ ယောဂီတွေ လက်အုပ်ချီထားပါ။

ဒိတ်ဒိတ်မြင်တာ အမြင်များတယ် နည်းတယ် နှစ်ခုရှိတယ်။ အမြင်နည်းတဲ့ ယောဂီတွေ လက်ချထား။ အမြင်နည်းပါတယ်ဘုရားဆိုရင် လက်ချထား၊ အခုဟာ အမြင်များတဲ့ ယောဂီတွေ များကြပါတယ်၊

http://www.dhammadownload.com

ဒီတ်ဆိုရင် သိရဲ့လား (သိပါတယ် ဘုရား)။

သိလိုက်ရင် ပျက်သွားမယ်နော်။ ဒီတ်ဆို သိပျက်၊ ဒီတ်ဆို သိပျက်၊ ဒီတ်သိပျက် ဖြစ်ပစေ။ ခန္ဓာမှာ ကြက်သီးထသလို ဟုန်းခနဲ၊ ဖြန်းခနဲ၊ စိမ့်ခနဲ၊ သိမ့်ခနဲဟာ ဒါ ပီတိတွေ ခေါ်တယ်။ အဲဒါလေးတွေ မမြင်တဲ့ ယောဂီ ရှိရင် လက်ချပါ။ တယ်မြင်တဲ့ ယောဂီများပါကလား။ ကြက်သီးဆိုတာ အပူရှိန်ကြောင့်လည်း ဟုန်းခနဲ ဖြစ်တယ်။ ပီတိကြောင့် ဟုန်းခနဲ ဆိုတာ နည်းနည်းကလေး အအေးဓာတ်ပါတယ်၊ စိမ့်ခနဲ၊ ဖြန်းခနဲ၊ သိမ့်ခနဲ အဲသလို နည်းနည်းကလေး ချမ်းသာမှုကလေး ပါလာတတ်တယ်။

အပူရှိန်ကြောင့် ဟုန်းခနဲ ဖြစ်တာကတော့ နည်းနည်းဆင်းရဲတယ်၊ သူက ပူရှိန်ဟပ်တာကိုး၊ အဲဒါ ကိစ္စမရှိပါဘူး၊ ပါရင်လည်း ပါပစေ၊ ပါရင်လည်း ဒီကြက်သီးကို မက်မနေနဲ့၊ ဖြန်းဆိုရင် သိပျက်ကပ်၊ သိမ့်ခနဲ ဆိုရင် သိပျက်ကပ်၊ ဟုန်းခနဲ ဆိုရင် သိပျက်ကပ်၊ သိပျက်သာ ကပ်ပေးလိုက်၊ ဘာမှ သာယာမှုမရှိစေနဲ့၊ ကြည့်လည်းမနေနဲ့၊ ဝိပဿနာအလုပ်ဟာ ဒီသိပျက်ကပ်နေတာပဲ၊ လမ်းမဆုံးမချင်း သိပျက်သာ ကပ်ပေတော့။ ခြအုံ၊ နကျယ်အုံ၊ ပုရွက်ဆိတ်အုံကြီးများကဲ့သို့ အုံကြွနေသလို ခန္ဓာမှာ ပေါ်တတ်တယ်၊ တကယ့် အလောင်းကြီးတွေလို့လည်း စိတ်က ထင်တတ်တယ်၊ အဲသလိုကော တွေ့ကြရဲ့လား (တွေ့ပါတယ် ဘုရား)။

တွေ့တဲ့ယောဂီ လက်အုပ်ချီစမ်း၊ မြင်တဲ့ယောဂီ တယ်များပါကလား။း၊ မတွေ့တဲ့ယောဂီ လက်ချထား၊ အဲဒါမျိုးတွေ့ရင်လည်း သိပျက်သာ ကပ်ပေးလိုက်။ ဘာမဆို သိပ်ပျက်သာ ကပ်ပေးလိုက်၊ အဖျက်ဘက်သာ ချီမှတ်လိုက်၊ လုပ်လုပ်လုပ်လုပ်၊ ဖျပ်ဖျပ်ဖျပ်ဖျပ်၊ ဆတ်ဆတ်ဆတ်ဆတ်၊ ရိပ်ရိပ်ရိပ်ရိပ်၊ အဲဒါကတော့ မြင်တဲ့လူ ရှိရဲ့လား (ရှိပါတယ်ဘုရား)။ မမြင်သေးတဲ့ ယောဂီရှိရင် လက်ချလိုက်ပါ၊ မြင်တဲ့ယောဂီက လက်အုပ်ချီထား၊ လုပ်လုပ်လုပ်လုပ်၊ ဖျပ်ဖျပ်ဖျပ်ဖျပ်၊ ဆတ်ဆတ်ဆတ်ဆတ်၊ ရိပ်ရိပ်ရိပ်ရိပ်နဲ့ တယ်အပျက်မြန်ပါကလား၊ အပျက်မြန်တယ် ခေါ်တယ်။

ယခု တရားထိုင်တဲ့အတွင်းမှာ ဟုတ်ကဲ့လား၊ (ဟုတ်ပါဘုရား)။ အခုတရားထိုင်တဲ့အတွင်း မေးတာနော်၊ လက်ချလိုက်ကြတော့၊ ကျေနပ်လောက်စရာ ရှိပါပြီ၊ နောက်က ထိုင်ခဲ့တာ ပြန်စစ်မယ်၊ ရှေ့ထိုင်ခဲ့တာတွေ ပြန်စစ်မယ်နော်၊ ရှေ့ရက်က ထိုင်ခဲ့ကြတာရော မြင်ကြရဲ့လား၊ (မြင်ပါတယ်ဘုရား)၊ အခု မြင်သလိုကော မြင်ကြရဲ့လား၊ (မြင်ပါတယ် ဘုရား)။ ကိုယ့်နေရာမှာ ထိုင်နေတာထက် ဆရာသမားရှေ့မှာထိုင်တာ ဘယ်ဒင်းက ပိုမြင်ကြသလဲ၊ (ဆရာရှေ့မှာထိုင်တာက ပိုမြင်ပါတယ်ဘုရား)။ ဒါက (တင်းပြည့်၊ ကျပ်ပြည့်) တယ်ကောင်းတယ်၊ ဆရာသမားက သတိပေးနေတော့ ပိုပြီး မြင်လာတတ်တယ်။ ပိုမြင်မှန်းသိရင် ဆရာသမားရှေ့မှာ ထိုင်ရတာ စိတ်မပျက်နဲ့နော်။ (မှန်ပါဘုရား)

အချိန်ရရင် ရသလို ထိုင်မယ်ဆိုတဲ့ စိတ်ကလေးကလည်း ပေါ်ပါစေ။ ဘာဖြစ်လို့လဲဆိုတော့ တင်းပြည့် ကျပ်ပြည့်တို့ရတယ်၊ ဆရာသမားလည်း သတိပေးတယ်၊ တို့ကလည်း သတိပေးသလောက် ထိုင်ကြတယ်၊ ထိုင်သလောက်လည်း တရားတွေ တိုးတက်ပြီး မြင်ကြတယ်။ ဆရာသမား ခိုင်းသလို ထိုင်ချင်စမ်းပါဘိနော်လို့ စိတ်ကလေးကိုလည်း ဆန္ဒကလေး ပြင်းပြပါစေနော်။ (မှန်ပါဘုရား)။

နံနက်တိုင်း နံနက်တိုင်း ဆရာသမားရှေ့မှာ လာထိုင်ရမှာပဲ၊ ကိုယ့်နေရာမှာကို အိပ်လျက်ကော အားထုတ်ကြရဲ့လား။ (အားထုတ်ပါတယ် ဘုရား)။ ကြာကြာကော အိပ်မှတ်ရဲ့လား၊ (မှတ်ပါတယ် ဘုရား)။ လုံးလုံး အားထုတ်တာ ပြောတာနော်၊ အဓိဋ္ဌာန်ကလေးက ရဲဖန်ရဲခါ ပါပါစေနော်။

စိတ်ဘယ်မှာထား (ရင်မှာပါဘုရား)။ ဘာလုပ်နေ (ကိုယ်မှာပေါ်တာ ငါးမျိုးမှတ်နေပါဘုရား)။

http://www.dhammadownload.com

မြင်ကော မြင်ရဲ့လား၊ (မြင်ပါတယ် ဘုရား)။ မမြင်တာနဲ့ မြင်တာ ဘယ်ဟာက များသလဲ (မြင်တာက များပါတယ်ဘုရား)။ အဲဒါတော့ လက်အုပ်မချီခိုင်းတော့ဘူး၊ အမြင်နည်းရင် ကြိုးစားပေါ့။ အမြင်နည်းတယ်ဆိုရင် အသက်ရှူလို့ လှုပ်တာမှတ်။ မတွေ့သေးဘူးဆိုရင် ရင်ဘတ်ပေါ် လက်တင်၊ လက်အောက်ကိုကြည့်၊ ကြည့်ရင် လှုပ်တာ တွေ့တတ်တယ်၊ လှုပ်တာနဲ့ ပတ်သက်ပြီး တစ်ချက်ရှူ တစ်ချက်လှုပ်၊ တစ်ချက်ရှူ တစ်ချက်လှုပ်၊ လှုပ်တိုင်း လှုပ်တိုင်း လှုပ်တာသိတော့ အသက် ရှူလိုက်ရင် ဗိုက်ဖောင်းလေဝင်၊ ရှိုက်လိုက်ရင် ဗိုက်ပိန် လေထွက်နော်။ (မှန်ပါဘုရား)။

ပေါင်ရင်းသာ ကပ်ကြည့်၊ ရှိနိုးခနဲ၊ ရှိနိုးခနဲ ပေါင်ရင်းက ပေါင်လယ်၊ ခြေသလုံး၊ ဒူး၊ ခြေမျက်စိ၊ ခြေဖဝါးထိအောင် ရှိနိုးခနဲ၊ ရှိနိုးခနဲ၊ တော်တော်ကြာကျ ရှိနိုးရှိနိုးက တစ်မျိုး၊ ရှရှ ရှရှကတစ်မျိုး၊ ဖျဉ်းဖျဉ်းနဲ့ တစ်မျိုး၊ စစ်စစ် စစ်စစ်က တစ်မျိုး၊ ဟုန်းခနဲ ဖြန်းခနဲ ကြက်သီးထသလိုက တစ်မျိုးအမျိုးမျိုး ပေါ်နေကြပါတယ်။

လုပ်တတ်ရင်၊ နည်းကျကျ မှတ်တတ်ရင် တတ်လွယ်တယ်။ အသက်မရှူဘဲတော့ မနေနိုင်ကြဘူး၊ အသက်တော့ ရှူကြတာချည်းပဲ ရှူရင်တော့ တွေ့မှာပဲ၊ သမာဓိတစ်ချက်ရတာနဲ့ အခုလို တွေ့မှာပဲ၊ အိပ်လျက် အားထုတ်လို့ မြင်ကြပြီနော်။ (မှန်ပါဘုရား)။ မြင်တဲ့နေရာမှာလည်း အမြင်လည်း များကြတယ်နော်။ (မှန်ပါဘုရား)။

မြင်တဲ့နေရာမှာလည်း နေရာ တိုးတိုးမြင်တာက တစ်မျိုး၊ အချိန်တိုးတိုး မြင်တာတစ်မျိုး၊ နှစ်မျိုးရှိတယ်။

နေရာတိုးမြင်တာများပုံ။ ။ ပထမအိပ်လျက် အားထုတ်လိုက်တာ ခေါင်းပိုင်းလောက် မြင်တယ်ဆိုပါတော့၊ နောက်တော့ အောက်ပိုင်း၊ တစ်စတစ်စ တိုးတိုးမြင်လာတာ နေရာ တိုးမြင်တာ ခေါ်တယ်။

အချိန်တိုးမြင်တာက ပထမတုန်းက တစ်ခါအိပ်လျက် အားထုတ်လျှင် တစ်ချက်နှစ်ချက်လောက်၊ လေးငါးဆယ်ချက်လောက်၊ ဆယ့်ငါးချက် လောက်၊ ဒီလို တိုးတိုးမြင်လာတယ်၊ ဟော... နောက်တစ်ခါ အိပ်လျက်မှတ်တဲ့အခါမှာ ရေတွက်လို့ကို မနိုင်တော့ဘူး၊ ဖျဉ်းခနဲဆို ပျက်သွား၊ စစ်ခနဲဆို ပျက်သွား၊ ရှိနိုးခနဲဆို ပျက်သွား၊ အဲဒီလို သိပျက် သိပျက်တွေဟာ ရေတွက်လို့ကို မရနိုင်ပါဘူး၊ ရေတွက်လို့ မရဘူးဆိုရင် အချိန်တိုးပြီး များပြီး မြင်ပုံပဲတဲ့။ ကြိုးစားသာ အားထုတ်ပေတော့။ ရှင်းပါရဲ့လား။ (ရှင်းပါဘုရား)။

စကြ်ကော လျှောက်ပြီး အားထုတ်ရဲ့လား၊ (အားထုတ်ပါတယ် ဘုရား)။ ရာသီဥတုကောင်းလျှင်ကောင်းသလောက် လမ်းလျှောက် မှတ်ပေး။ မီးတွေကလည်း ထိန်လို့၊ လမ်းကလည်း ရှင်းလင်းနေရင် လမ်းလျှောက်မှတ်ပေး။ ဆိတ်ငြိမ်တဲ့အခါ အချိန်ရသလို ဆက်လျှောက်ပေး။

ဘယ်လှမ်းရင် ဘယ်ခြေသို့ စိတ်ဖြန့်၊ ကြွတုန်းပေါ်တာမှတ်။ မြှောက်တုန်းပေါ်တာမှတ်၊ အောက်ချလိုက်တုန်း ပေါ်တာမှတ်၊ ညာလှမ်းရင် ညာခြေအောက်သို့ အတွင်းဖြန့်ဖြန့်၊ ကြွတုန်း ပေါ်တာမှတ်၊ မြှောက်ထားတုန်း ပေါ်တာမှတ်။ အောက်ချလိုက်ရင် ချထားတုန်း ပေါ်တာမှတ်၊ အဲဒီလို မှတ်နော်။ (မှန်ပါဘုရား)။

အတွင်းဖြန့်ဖြန့်မှတ်၊ အပြင်မမှတ်ရဘူး၊ မှားလို့ပြောတာ မဟုတ်ဘူးနော်။ ဆရာတော်များက အတွင်းသမားမို့ အတွင်းကိုသာ ဖြန့်၍ အတွင်းမှာ ပေါ်တုန်းပေါ်ခိုက်ကို မှတ်ရပါတယ်။

လမ်းလျှောက်မှတ်ပုံ ပြောရဦးမယ်၊ လမ်းကို ကြည့်ထား။ လမ်းတိုရင် ဆယ်ခေါက်လောက် မှန်းလျှောက်၊ လမ်းရှည်ရင် ငါးခေါက်လောက် မှန်းလျှောက်၊ မြင်မြင် မမြင်မြင် လျှောက်လိုက်၊ လျှောက်ပြီးရင် နှစ်မိနစ်လောက် ရပ်လိုက်၊ မြင်မြင် မမြင်

http://www.dhammadownload.com

မြင်ဆက်လျှောက်၊ ငါးခေါက် ဆယ်ခေါက်လောက် မြင်မြင် မမြင်မြင် နှစ်မိနစ်လောက်ရပ်။ အဲဒီလို လျှောက်ရာက မလျှောက် နိုင်တော့ဘူးဆိုရင် အိပ်ရာထဲသွား စောင်ကလေး၊ သင်္ကန်းကလေးခြုံ၊ ပက်လက်လှန်ပြီးတော့အိပ်၊ မျက်လုံးမှိတ်ပြီး စိုက်လိုက်တာ အထက်က နေပြီး အောက်ခြေဖဝါးထိအောင် စိုက်လိုက်စမ်း၊ ခွေးသေကောင်ပုပ် လင်းတဆွဲသလို တရွရွ တမွမွ တဖျစ်ဖျစ် တလှစ်လှစ် တစစ်စစ်နဲ့ ရစရာ မရှိအောင် ညနေပိုင်းဆိုရင်လည်း အိုက်စပ်စပ်ဖြစ်မယ်။ နေ့လယ်ပိုင်းဆိုရင် ချွေးတွေတောင် ထွက်ဖြစ်လာတတ်တယ်။ နွေရာသီဆိုသာပြီး ချွေးတစိုစို ဖြစ်လာတတ်တယ်။ အဲဒါ လမ်းလျှောက်တတ်ဖို့ပဲ၊ လမ်းလျှောက်တော့ကော မြင်ရဲ့လား (မြင်ပါတယ်ဘုရား)။ မြင်တယ်နော် ကြိုးစားကြ။ ခုနကပြောသလို လျှောက်ရင် ရပါတယ်။ နည်းနည်းရရင် များများရအောင် ကြိုးစားပြီးတော့ လျှောက်အားထုတ်ပေါ့။ နောက်တော့ မြင်လာလိမ့်မယ်။ ခရီးသွားလည်းကောင်း၊ ကျောင်းကန်ဘုရားသွားလည်းကောင်း၊ မြို့ကြီးတွေမှာဆိုရင်လည်း ရွှေတိဂုံတို့၊ ရွှေမော်ဓောတို့၊ မဟာမြတ်မုနိဘုရားများတို့ကို ကုန်းကြောင်းသွားရင် အလွန်ကျေးဇူးများတယ်။

လှမ်းတိုင်းလှမ်းတိုင်း ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ အဲဒီလိုမြင်လာမယ်ဆိုရင် တရားအဖော်ရတယ် ခေါ်တယ်။ လူနဲ့သွားလည်း လူအဖော်ကတော့ စကားတပြောပြောနဲ့ သွားလို့သာ အဖော်ခေါ်ရတယ်။ ညောင်းတယ် ခေါ်တယ်။ ညောင်းတယ်ဗျို့၊ ထိုင်လိုက်ကြဦးစို့ဆိုရင် ချွေးတွေက အရမ်းကျ၊ အပူ အခိုးတွေက ထပြီး ရင်ထဲလည်း တဒိတ်ဒိတ်နဲ့ ခုန်နေတာပဲ၊ တစ်ကိုယ်လုံးချွေးတွေ စိုပြီးတော့ အပူတွေ ရိုက်သလို ဖြစ်နေတတ်တယ်၊ မောတယ်။

တရားအဖော် အမှတ်ကလေးနဲ့ သွားပြီဆိုရင် ညောင်းခြင်းလည်းမရှိ၊ ထုံခြင်း၊ ကျဉ်ခြင်းမရှိ၊ ပေါင်ပိုးခိုခြင်း၊ ခြေထောက်နာခြင်းလည်း မရှိ၊ သွားတဲ့အခါ ကြွလိုက်လည်းပဲ ခြေထောက်နဲ့ မမြင်ရတော့ဘူး၊ ပထမ ပူရှိန်းပူခိုးလောက် မြင်ရတယ်၊ နောက်တော့ ရိုးရိုးရွရွ၊ ဖြိုးဖြိုးဖျဉ်းဖျဉ်း၊ စိုးစိုးစစ်စစ် စသည်ဖြင့် ပထဝီဓာတ်တွေ မြင်နေရတယ်၊ နောက်တော့ ဒါတွေ ပျောက်သွားရော၊ အပူရှိန်လည်း ပျောက်၊ ပထဝီတွေလည်း ပျောက်၊ လေဓာတ်ပါတယ်၊ လေဓာတ်ပါလာလို့ရှိရင် ဘာတွေကြွလို့ ဘာတွေချနေမှန်းလည်း မသိဘူး၊ မီးရထားလမ်းဇလီဖားတုံးပေါ် လှမ်းနေတဲ့အခါ ဘာတွေလှမ်းလို့ ဘာတွေ ချနေမှန်း မသိတော့ဘူး။ အချက်ကျကျလေးပဲ သူ့ဟာသူ ကြွလိုက် ချလိုက် ကြွလိုက် ချလိုက်၊ အဲသလိုပါပဲတဲ့။

ချီပါသားများ ထမ်းပိုးကောင်း ပြိုင်သလို ထမ်းပိုးအဖျား ကော့ကော့ကလေး အထက်သားထမ်းတာ တွေ့ဖူးမှာပေါ့၊ ပထမတော့ ငါ့ထမ်းပိုး ကလေးဟာ ပခုံးထိသေးတယ်၊ ပခုံးထိသေးတယ်နဲ့၊ ပခုံးကလေးနဲ့ ထမ်းသွားတယ်။ နောက်တော့ ငါ့ထမ်းပိုးကလေးဟာ ပခုံးမထိတော့ဘဲ ညွှတ်ပဲ့ပဲ့နဲ့ သူ့ဟာသူ ထမ်းပိုးကပဲ ထမ်းသွားတယ်လို့ ထင်ရသလို ချီပါသား ထမ်းပိုးပြိုင်တဲ့ ဥပမာလို ပထမတော့ ခြေထောက်တွေ ကြွသေးတယ်၊ ကြွလိုက် မြှောက်လိုက် ချလိုက် ကြွလိုက် မြှောက်လိုက် ချလိုက် နည်းနည်းကလေးတော့ ဖြစ်သေးတယ်၊ နောက်တော့ ခြေထောက်လည်း မရှိတော့ဘူး၊ အပူလည်း မရှိတော့ဘူး၊ ရွရွမွမွဆိုတဲ့ ပထဝီဓာတ်တွေလည်း ဘာမှ မရှိတော့ဘူး၊ လေချည်းပဲ။

အဲဒီလိုအခါကျတော့ ခြေထောက်ကို ဘယ်သူ မ,လို့ ဘယ်သူက ကြွမှန်းလည်း မသိတော့ဘူး၊ အဲဒါ သူ့ဟာသူ အခန့်သင့်ကလေး ကြွလိုက် မြှောက်လိုက် ချလိုက်၊ ကြွလိုက်၊ မြှောက်လိုက်၊ ချလိုက်နဲ့ နေ့ချင်းပြန်မသွားနိုင်တဲ့လူဟာ နေ့ချင်းပြန်သွားနိုင်ပါတယ်။

http://www.dhammadownload.com

မောခြင်း၊ ပန်းခြင်း ဘာမှ မရှိတော့ဘူး၊ အဲဒါ တရားအဖော်နဲ့ သွားတာ၊ တရားအဖော်ဟာ တယ် ပျော်မွေ့စရာ ကောင်းတယ်။ ဒါကြောင့် တချို့ တရား ဝါသနာပါတဲ့သူဟာ နင်တို့ရှေ့က သွားနှင့်ကြ၊ ငါက နောက်က လိုက်ခဲ့မယ်။ အဲဒါ တရားနဲ့ အဖော်လုပ်တာ အင်မတန် ချမ်းသာတယ်လို့ ဆိုလိုတယ်။

အဲဒီလို ကျောင်းကန်ဘုရားသွားတဲ့နေရာမှာ ဆိုလို့ရှိရင်လည်းပဲ ဖြစ်ပျက်နဲ့ သွားတယ်ဆိုရင် ကျောင်းကန်ဘုရား မရောက်သေးခင် ဖြစ်ပျက် ရပ်တဲ့ နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်ဖြင့် လှမ်းမြင်တတ်တယ်လို့ မှတ်တော့။ ဣရိယာပုတ်လေးပါးနဲ့ မှတ်ပုံပဲ။

နောက်ပြီးတော့ သမ္မဇညပဗ္ဗအရ မှတ်ပုံကတော့ လက်ကွေးတာ၊ ဆန့်တာ ပေါ်တာ မှတ်ပြီး ကွေးကြနော်။ ခြေထောက်ကွေးတယ်၊ ဆန့်တယ်၊ ကိုယ်ကြီးတွေ ကွေးတယ်၊ ဆန့်တယ်ဆိုတာက လည်းပဲ ပေါ်တာ မှတ်ပြီးတော့ ကွေးကြ၊ ဆန့်ကြပါလို့ ဆိုလိုတယ်။

ကွေးတတ်၊ ဆန့်တတ်ရဲ့လား။ (တတ်ပါတယ် ဘုရား)။ သတိတော့ မလွတ်ပါစေနဲ့၊ မလွတ်ပါစေနဲ့။ သတိလွတ်ရင် ချက်ချင်းသိ၊ သူ့နေရာသူ ပြန်ထား၊ အမှတ်နဲ့ပြန်ပြန်ကွေး၊ ပြန်ပြန်ဆန့်ကြနော်။ ဘာလေးဖြစ်ဖြစ်ကိုင်ရင် ပေါ်တာမှတ်ပြီး ကိုင်၊ သတိလွတ်မိရင် ပြန်ချ။ ပေါ်တာ မှတ်ပြီးတော့ ဖြည်းဖြည်းဖြည်းဖြည်းကိုင်ကြ။ ရေခွက်တွေကိုင်တဲ့အခါ၊ အကျီ၊ လုံချည် သင်္ကန်းတွေကိုင်တဲ့အခါ ပေါ်တာမှတ်ပြီး ဖြည်းဖြည်း ဖြည်းဖြည်းကိုင်ကြပါ။

ရေချိုးရင် စုပြီးသွားမချိုးနဲ့၊ စုပြီး သွားချိုးတော့ လုချိုးတာ ဖြစ်တယ်။ အဲဒီ ရေချိုးတဲ့နေရာမှာလည်း တဖြန်းဖြန်းနဲ့ မလောင်းနဲ့၊ သူများ ကုသိုလ်လုပ်တဲ့နေရာ အလဟဿ မဖြစ်လေရအောင် ကိုယ့်ကျောပေါ်ကျတာ များပါစေ။ တချို့က ဝါသနာပါတာ လုပ်ကြတယ်။ ဖြန်းဖြန်း ဖြန်းဖြန်းနဲ့ ကျောပေါ်ကျတာ နည်းတယ်။ နောက်ကျတာက များတယ်။ အဲဒီတော့ အလဟဿ ရေတွေကုန်တာပေါ့။

အဲဒီတော့ ကိုယ်ပေါ်ကျအောင် ရေချိုး၊ ရေခွက်လောင်းတိုင်း လောင်းတိုင်း အအေးဓာတ် ရောက်၊ အပူဓာတ်ပျောက်သွားတာ။ တစ်ချက် တစ်ချက်နဲ့ နောက်လောင်းဖန်များလာတော့ အအေးဓာတ်ပေါ်လာ၊ အနွေးဓာတ်ပျောက်ရော၊ နောက်... တော်လောက်ပြီဆိုရင် အအေးဓာတ်ပျောက်၊ အနွေးဓာတ် ရောက်လာပြန်ရော။ အကျီဝတ်လိုက်၊ ဘယ်လိုဖြစ်တယ်၊ စောင်ခြုံလိုက်၊ ဘယ်လိုဖြစ်တယ်၊ နေပူထဲသွားလိုက်၊ ဘယ်လိုဖြစ်တယ် မှတ်ကြ။ အဲဒီလို ရေချိုးတဲ့အခါ မှတ်ကြနော်။ (မှန်ပါဘုရား)။

စားခန်းမှာကော မှတ်ရဲ့လား၊ ဆွမ်းစားတဲ့အခါ၊ လက်ဖက်ရည် သောက်တဲ့အခါ၊ မုန့်ပဲသွားရည်စာ စားတဲ့အခါ၊ လက်နဲ့ ကိုင်ပြီး ခွဲ့ရင် ပါးစပ်ထဲစိတ်ဖြန့်၊ ဝါးရင်လည်း ပါးစပ်ထဲစိတ်ဖြန့် ဆွမ်းတစ်လုတ်တစ်လုတ်၊ ဟင်းတစ်လုတ်တစ်လုတ်၊ ဒါလည်း သူ့ဟာသူ မှတ်ပါ။ ပေါ်တာကို မှတ်ပါ။

အကြမ်းဖျင်းဘယ်လိုမြင်သလဲဆိုရင် ပထမပါးစပ်ဟလိုက်တယ်ဆို ရင် ပါးရေ၊ နှားရေနှစ်ခုမှာ ဘယ်ဘက်ပါးရေ၊ နောက်ညာဘက်ပါးရေ တွန့်လိပ်ခွေပြီးတော့ ခေါင်းကျရင် ဒီနှစ်လုံး ခွပ်လိုက်သလို အရေနှစ်ခု စုပြီးတော့ ဖြာခနဲ ဖြာခနဲ အောက်ကျလာတတ်တယ်၊ အဲဒီပြောတဲ့ နေရာမှာ (အရေတွန့်တယ်၊ လိပ်တယ်ဆိုတာ) အရေက အမှား၊ တွန့်လိပ်က မှန်တယ်၊ မှားတာကို ဖယ်၊ မှန်တာကို ရည်ရွယ်ပြီး မှတ်ကြ။ ပထမတော့ ဤကဲ့သို့ ပါးရေကလေးများ ခွေပြီးတော့ တက်သွားမယ်ဆိုရင် သူတို့နှစ်ခု ဆုံလိုက်မယ် ဆိုရင် ဖြာခနဲ ပါးစပ်ဟတော့ ဘာနဲ့ဟသလဲ၊ လေနဲ့ ဟတယ်၊ ဟပါများတော့ မီးပါတယ်၊ မီးနဲ့ လေနဲ့ နှစ်ခုပေါင်းလိုက်တော့ စားတုန်းမတွ ရှိန်းခနဲ၊ ရွှခနဲ၊ ဖျဉ်းခနဲ၊ ခစ်ခနဲ၊ ဟုန်းခနဲ စသည်တို့ဖြင့် အထက်ပိုင်းတွေမှာလည်း ပေါ်လာတယ်။ ပါးစပ်တွေမှာလည်း ပေါ်လာတယ်။ အဲဒီလို ပေါ်လာမယ်ဆိုရင်

http://www.dhammadownload.com

ရွရွနဲ့စားတယ်။ ဖျဉ်းဖျဉ်းနဲ့ စားတယ်။ စပ်စပ်နဲ့ စားတယ်။ လှပ်လှပ်နဲ့ စားတယ်။ ဖျပ်ဖျပ်နဲ့ စားတယ်။ အမှုန့်နဲ့ စားတယ်။ အပူနဲ့ စားတယ်။ အအေးနဲ့ စားတယ်။ သူ့ဟာသူ ပေါ်တယ်။ အရှိန်နဲ့ စားတယ်။ သူ့ဟာသူ ပေါ်လာတယ်။

နောက်ပြီးတော့ ချုံးလိုက်ရင် အပူဆိုရင်လည်း ဖြစ်ပြီး ပျက်သွား။ အအေးဆိုရင်လည်း ဖြစ်ပြီး ပျက်သွား။ လှပ်လှပ်ရွရွဆိုရင်လည်း ဖြစ်ပြီး ပျက်သွား။ ဖြစ်ပျက်နဲ့ စားတယ်။ ဖြစ်ပျက်နဲ့ စားမယ်ဆိုရင်လည်း အမြင်လည်း သန်မယ်ဆိုရင် ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကို စားတုန်း မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြင့် မျက်မှောက်ပြုနိုင်တယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်တယ်ဆိုတာ ရှင်းရှင်း မှတ်ပေတော့။ ရှင်းပါရဲ့လား (ရှင်းပါတယ် ဘုရား)။

အဲဒါ စားခန်းနဲ့ ပတ်သက်ပြီး နည်းပေးတာ၊ ဘာပဲလုပ်လုပ် အမှတ်ကတော့ မလွတ်စေနဲ့နော်။ သတိရောထားတဲ့အချိန်၊ မထားတဲ့အချိန် ဘယ်ဒင်းက များသလဲ။ (ထားတဲ့အချိန် များပါတယ် ဘုရား)။ အမှတ်ရော လွတ်တဲ့အချိန်၊ မလွတ်တဲ့အချိန် ဘယ်ဒင်းက များသလဲ။ (မလွတ်တဲ့အချိန်က များပါတယ်ဘုရား)။ မလွတ်တာများမှ အမှတ်လွတ်ရင် အသိကျဲတယ်။ မှန်ရဲ့လား (မှန်ပါတယ် ဘုရား)။

ပေါ်ရင် သိလိုက်ပေါ့။ ဘာပေါ်ပေါ် ပေါ်တာနဲ့ တစ်ပြိုင်နက် သိနေရတယ်၊ ပေါ်သိပျက် ပျက်ပျက် ပျက်ပျက်... အပျက်မြန်တယ် ခေါ်တယ်။ ပေါ်တာ အရင်၊ သိတာ အလယ်၊ ပျက်တာ နောက်၊ အဲဒါ အနှေးစား ခေါ်တယ်။ အဲဒါ အပျက်မြန်တယ် နှေးတယ် ခေါ်တယ်။

အခုတော့ ဘယ်လိုလဲဆိုတော့ အပျက်မြင်တာ မြန်တယ်။ တစ်ပျက်ကို တစ်စက္ကန့်ထား၊ တစ်စက္ကန့် တစ်ပျက်ဆိုတာ တစ်မိနစ် (၆၀)၊ တစ်နာရီ သုံးထောင့်ခြောက်ရာရရင် အမှတ်သည် ကျဲသလား စိပ်သလား (စိပ်ပါတယ် ဘုရား)။ စိပ်ရင် အမှတ်သည် မြန်သလား နှေးသလား။ (မြန်ပါတယ် ဘုရား)။ မြန်လို့ရှိရင် လူများ သေခါနီးရင် အသက်ရှူ မြန်လာသလို အမောဆိုက်လာတော့ သေတော့မယ် သိလာရသလိုပဲ။

အမှတ်လည်း စိပ်တယ်၊ မြန်လည်း မြန်တယ်ဆိုရင် အမှတ်ဆုံးတော့မှာပဲ။ အမှတ်စိပ်ဆုံးရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်လာပြီ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်လာရင် ဆုံးတဲ့နိဗ္ဗာန်ကြီးကို မြင်ရတော့မယ်ဆိုတာကိန်းသေ တစ်ချက်မှတ်ပေတော့။ ယုံကြည်ကြနော်၊ ယုံကြည်ရဲ့လား။ (ယုံကြည်ပါတယ် ဘုရား)။

ဆုံးတဲ့နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မြင်ချင်တယ်ဆိုရင် ခန္ဓာထဲ ဖြစ်ပျက်ကို နာနာမှတ်။ မှတ်တဲ့အခါမှာ စိပ်စိပ်နဲ့ မြန်မြန်ရအောင် မှတ်ပါ။ ဆောင်ပုဒ် ။ ။ အမှတ်စိပ်မှ ကိလေသာစင်မည်၊ အမှတ်ကျဲက ကိလေသာဝင်မည်။ စိပ်စိပ်နဲ့ မြန်မြန်ရအောင် ခုနလို အကြမ်းတွက်၊ တစ်နာရီ သုံးထောင့်ခြောက်ရာ ရပါစေ။ ရချင်တယ်ဆိုရင် ငိုက်ခြင်း၊ သမ်းခြင်း၊ ပျင်းခြင်းဆိုတဲ့ အောက်ရန်သူထိနမိဒ္ဓ မလာစေနဲ့။ စိတ်လေ စိတ်လွင့် အချောင်နေတဲ့ အထက်ရန်သူ ဥဒ္ဓစ္စမလာစေနဲ့။ အဲဒါ သေသေချာချာ မှတ်ထားနော်။ (မှန်ပါတယ် ဘုရား)။

အဲဒီလို မငိုက်ဘူး၊ မသမ်းဘူး၊ မဝေဘူး၊ မပျင်းဘူး၊ စိတ်လေစိတ်လွင့် စိတ်ကူး အချောင်နေတာ မရှိဘူးဆိုရင် မှတ်စိတ်ကလေး တစ်မိနစ်မှာ အမှတ် (၆၀) ရတော့မယ်ဆိုရင် မှတ်စိတ်ကလေး စိပ်စိပ်နဲ့ မြန်လာမယ်၊ မြန်လာမယ်ဆိုရင် မှတ်စိတ်ဆုံးရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့်တကွ ဆုံးတဲ့ နိဗ္ဗာန်ကြီးကို မြင်ရတော့မယ်ဆိုတာ ကျိန်းသေသာ မှတ်ကြပေတော့။

နောက် ရိပ်သာ မထွက်မချင်း ဆရာသမားရှေ့မှာ နေ့တိုင်း နေ့တိုင်း လာအားထုတ်ရမယ်နော် ကြိုးစားကြ။ အချိန်ရသလောက် အချိန် အလဟဿ

http://www.dhammadownload.com

မဖြုန်းဘဲ ကြိုးစားအားထုတ်ကြပေတော့။

နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးတွေဟာ လိုလေသေးတယ် မရှိဘူး။ ထပ်ကာ ထပ်ကာ အလွန်ပေါများတယ်၊ လျှုံကြ တန်းကြတယ်။ အဲဒါဘာကြောင့်လဲဆိုတာ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေ နာမ်အစဉ်ဝင်နေတဲ့ လယ်ယာမြေကောင်းသဖွယ်နဲ့တူတဲ့ သင် ရဟန်း၊ ရှင်၊ ယောဂီသူတော်စင်တို့အပေါ်မှာ အလွန်စင်ကြယ် လတ်ဆတ်တဲ့ မျိုးစေ့ကလေးတွေကို လာချတာ။

ဒါကြောင့် သုံးစွဲထိုက်အောင်၊ စားထိုက်အောင် မနေမနား ဘယ်အခါမှ အမှတ်ကို မလွတ်စေပဲ သီပျက်ကပ်ကာ အခါမလပ် မှတ်ကြပေတော့။ ကဲ... ယနေ့ နံနက်တော့ အချိန်ပြည့်သွားပြီ။ တော်ကြစို့။

ယခုလို တရားလာထိုင်ရ၊ တရားလည်း နာရ၍ ခန္ဓာမှာလည်း ဖြစ်အစဉ်၊ ပျက်အစဉ်တွေလည်း မြင်ရ၊ အားထုတ်ပုံနည်းတွေလည်း ရကြ၍ အလွန်တရာမှ ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ပါလျှင် ကြားလောက်သော နေရာဌာနက နေ၍ သုံးကြိမ်တိုင်တိုင် စိတ်ပါလက်ပါ အားရပါးရကြီး သာဓု-သာဓု-သာဓု လို့ ခေါ်နိုင်ကြပါစေကုန်သတည်း။

(သာဓု...သာဓု...သာဓု)

ကသစ်ဝိုင် ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

[၁၂၆၆-၁၃၄၄]

မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးသည် သထုံမြို့ မြောက်ဘက်၌ ဇေတဝန်ကျောင်းတိုက်အမည်တော် သမုတ်၍ သီတင်းသုံး နေတော်မူသည်။ ထိုစဉ်အခါ ၁၂၉၃-ခုနှစ်၊ လတပေါင်းမှသည် ၁၂၉၄-ခုနှစ်၊ လဝါဆိုတိုင် သထုံမြို့ ဇေတဝန်ကျောင်းတိုက် မင်းကွန်းဇေတဝန်ကျောင်း ဆရာတော်ဘုရားကြီး အထံတော်၌ ဝိပဿနာ ပဋိပတ်ကို နည်းယူကျင့်ပွား အားထုတ်တော်မူသည်။

တရားပြတော်မူ

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်၌ ၁၃၀၀-ပြည့်နှစ် (၁၉၃၉-ခုနှစ်) တွင် ဝိဿနာတရား ပြတော်မူသည်။

ရန်ကုန်သာသနာ့ရိပ်သာ

၁၃၁၁-ခုနှစ်၊ (၁၉၄၉-ခုနှစ်၊ နိဝင်ဘာလ) တွင် ရန်ကုန်သာသနာ့ရိပ်သာသို့ ကြွရောက် သီတင်းသုံးတော်မူသည်။

မီးရူးသန့်စင် ဖွားမြင်တော်မူ

၁၂၆၆-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက်၊ နံနက် (၃)နာရီသာသာ သောကြာနေ့ မင်္ဂလာအချိန် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးကို ဖွားမြင်တော်မူသည်။ နာမည်တော် "မောင်သွင်" ဖြစ်သည်။

ချုပ်ငြိမ်းတော်မူသည်

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂီတိပုဋ္ဌက မဟာစည် ဆရာတော်ဘုရားကြီးသည် ၁၃၄၄-ခုနှစ် (၁၄-၈-၁၉၈၂)၊ ဒုတိယဝါဆိုလဆုတ် (၁၀)ရက်၊ စနေနေ့ မွန်းလွဲ (၁း၃၆) နာရီအချိန် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူသည်။

(၄၅)နှစ် သက်တမ်းတော် လုပ်အား

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ယောဂီတပည့်တို့သည် မြန်မာတိုင်းရင်းသားလူမျိုးစုံ၊ အလွှာစုံ သိန်းပေါင်းများစွာ ရှိသည်။ သို့ဖြစ်၍ ပဋိပတ်ကြောင့်လည်း ကမ္ဘာကျော်သည်။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြုစုတော်မူသော ကျမ်းပေါင်းများစွာ ရှိသည်။ ထိုတွင် အဋ္ဌကထာသင်္ဂါယနာ စိစစ်ခန်းကျမ်းကို ဖတ်ရှုကြည့်မိသူတိုင်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ပရိယတ်စာပေ အရည်အသွေးပြည့်မီကြောင်း ကောင်းစွာ သိကြသည်။ ထိုအကြောင်း

http://www.dhammadownload.com

ကြောင့်လည်း ကမ္ဘာကျော်သည်။

ဤမျှထက်ပို၍ ပြည့်စုံစွာ ပိုင်းခြားနားလည်ကြည်ညိုနိုင်ရန်အလို့ငှာ ဆရာတော် အရှင်သီလာနန္ဒာဘိဝံသရေး၊ ဆရာတော်အရှင်ကေလာသ (ဓမ္မာစရိယ၊ ဂဏဝါစက) B.A (Hons.) ဝိဇ္ဇာ ဂုဏ်ထူး (သီရိလင်္ကာ) ရေး ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိကျမ်းများကို ရှုကြည့်တော်မူပါဟု ညွှန်းဆိုအပ်ပါသည်။

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏
သြဝါဒတော်

ဝိပဿနာဆိုတာ
ဒွါရခြောက်ပါးမှာ ထင်ပေါ်လာသမျှ
ရုပ်နာမ်တွေကို ရှုမှတ်ပြီးတော့
အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို
အမှန်အတိုင်းသိတဲ့ ဉာဏ်ပင်ဖြစ်တယ်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ကဏ္ဍ-(၁)

ကိုယ်ပိုင်နာမ်တရားများ

တိရစ္ဆာန်စသော အပါယ်လေးဘုံသား ကျား,မ တို့၌ အကုသိုလ်စိတ် နာမ်တရား(၁၂)ပါး၊ ကာမာဝစရ ကုသိုလ်စိတ် နာမ်တရား (၈)ပါး၊ ဟသိတုပ္ပာဒ်စိတ် နာမ်တရားကို ကြဉ်သော အဟိတ်စိတ် နာမ်တရား (၁၇)ပါး၊ ဤစိတ် နာမ်တရား (၃၇)ပါးနှင့်၊ အကုသိုလ် စေတသိက် နာမ်တရား (၁၄)ပါး၊ သောဘဏ စေတသိက် နာမ်တရား (၂၅)ပါး၊ အညသမာန်း စေတသိက် နာမ်တရား (၁၃)ပါး၊ ဤစေတသိက် နာမ်တရား (၅၂)ပါးတို့ကို ရသည်။

လူ့ဘုံသား ကျား,မ အဟိတ်ပုဂ္ဂိုလ် ဒွိဟိတ်ပုဂ္ဂိုလ်တို့၌ ယခင်စိတ် နာမ်တရား (၃၇)ပါး၌ ကာမာဝစရဝိပါက် ဉာဏဝိပ္ပယုတ် စိတ်နာမ်တရား (၄)ပါးကို ထပ်ဖြည့်၍ စိတ်နာမ်တရား(၄၁)ပါးနှင့် စေတသိက် နာမ်တရားတို့ကို ရသည်။

လူဘုံသား ကျား,မ ဈာန်မရသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ ယခင် စိတ်နာမ်တရား (၄၁)ပါး၌ ကာမာဝစရဝိပါက် ဉာဏသမ္ပယုတ် စိတ်နာမ်တရား (၄)ပါးကို ထပ်ဖြည့်၍ စိတ်နာမ်တရား (၄၅)ပါးနှင့် စေတသိက်နာမ် တရား (၅၂)ပါးကို ရသည်။

ကိုယ်ပိုင်ရုပ်တရားများ

အပါယ်ဘုံသား လူ့ ဘုံသားကျားတို့၌ "ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဟဒယ၊ ဇီဝိတိန္ဒြေ၊ အာဟာရ၊ ပုရိသိန္ဒြေ၊ ဝိပဿနာ ရူကောင်းသော ဤ သလက္ခဏရုပ်(၁၄)ပါးနှင့် "အာကာသ၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿ လဟုတာ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ" ဝိပဿနာ မရှုကောင်းသော ဤ လက္ခဏရုပ် (၁၀)ပါး၊ ဤရုပ်တရား (၂၇)ပါး တို့ကို ရသည်။

ယခင် (၂၇)ပါးသော ရုပ်တရားတို့တွင် ပုရိသိန္ဒြေရုပ်ကို နှုတ်၍ ဣတ္ထိန္ဒြေရုပ်ကို ဖြည့်လိုက်လျှင် အပါယ်ဘုံသား လူ့ဘုံသားမတို့၏ ကိုယ်ပိုင်ရုပ်တရား (၂၇)ပါး ဖြစ်တော့သည်။

မြစ်ရေအလျှဉ် မီးအလျှံ

ကျား--မတို့၏ "စက္ခု သောတ ဃာန ဇိဝှါ ကာယ မန" ခြောက်ပါးသော ဒွါရတို့၌ မြင်တိုင်း၊ ကြားတိုင်း။ မွှေးနံ့တိုင်း၊ စားသောက်တိုင်း၊ လျက်တိုင်း၊ ကွေး,ဆန့်,ထိုင်,ထ,ပူ,အေး,နွေး,ရှိန်း, ဖောင်း,ဝိန် စသော ထိမှုတွေ ဖြစ်သိတိုင်း၊ ထိသိတိုင်း၊ ကြည်ညို အားရ ဝမ်းနည်းဝမ်းသာ စိတ်ဆိုး

http://www.dhammadownload.com

စိတ်ပျက် စဉ်းစားကြဲသိတိုင်း ပြဆိုအပ်သော ကိုယ်ပိုင်နာမ်တရား၊ ရုပ်တရားတို့သည် ယထာရဟ အကြောင်းအလိုက် ထိုက်သည့်အားလျော်စွာ အဟုန်ပြင်းထန် စီးအားသန်သော မြစ်ရေအလျဉ်ပမာ ပြင်းထန်သော လေအဟုန်၏ အကူအညီဖြင့် တဟုန်းဟုန်းတောက်နေသော မီးအလျှံအသွင် ထင်ရှားဖြစ်ပေါ်နေကြလေကုန်၏။

ခန္ဓာဒေသနာတော်အလို

ဝိပဿနာရှုလျှင် မင်္ဂိုလ်နိဗ္ဗာန်ကို ရရှိင်ကြသော လူတိဟိတ် ပုထုဇဉ်တို့၏ အတွက်သာ ဤ၌ ဝေဖန်ပြသွားပါမည်။ ထို လူ့ဘုံသား ကျား,မ ဈာန်မရသော တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ အသီးသီးသော ကိုယ်ပိုင်ရုပ်တရား (၂၇)ပါးသည် ရူပက္ခန္ဓာ မည်၏။ စေတသိက်နာမ်တရား (၅၂)ပါးတို့တွင် ဝေဒနာသညာမှ ကြွင်းသော စေတသိက် (၅၀) သည် သင်္ခါရက္ခန္ဓာ မည်၏။ စိတ်နာမ်တရား (၄၅)ပါးသည် ဝိညာဏက္ခန္ဓာမည်၏။

ဤသို့လျှင် လူတိဟိတ် ပုထုဇဉ်တို့သည် ခန္ဓာငါးပါး အစုအဝေးမျှသာတည်း။ နိဿတ္တ နိဇီဝ ဖြစ်သည်။ အသက်လိပ်ပြာ သတ္တဝါဇီဝအတ္တ လုံးဝ မဟုတ်ကြကုန်။

အာယတန ဒေသနာတော်အလို

တိဟိတ်ပုထုဇဉ်တို့၏ ကိုယ်ပိုင်ရုပ်တရား (၂၇/၂၈) ပါးတို့တွင် မျက်စိရုပ် စက္ခုသည် စက္ခာယတန၊ နားရုပ်သောတသည် သောတာယတန၊ နှာခေါင်းရုပ် ဃာနသည် ဃာနာယတန၊ လျှာရုပ် ဇိဝှာသည် ဇိဝှာယတန၊ ထိလျှင် သိသော နေရာအကုန် ကိုယ်ရုပ်ကာယသည် ကာယာယတန မည်၏။

အဆင်းရုပ် ရူပသည် ရူပါယတန၊ အသံရုပ် သဒ္ဒသည် သဒ္ဒါယတန၊ အနံ့ရုပ် ဂန္ဓသည် ဂန္ဓာယတန၊ အရသာရုပ် ရသသည် ရသာယတန၊ အတွေ့အထိရုပ် (ပထဝီ၊ တေဇော၊ ဝါယော သုံးပါးအပေါင်း) သည် ဖောဋ္ဌဗ္ဗာယတန မည်၏။

အာပေါ (ပုရိသိန္ဒြေ၊ ဣတ္ထိန္ဒြေ) ဟဒယဒိဝိတ အာဟာရ၊ ဝိပဿနာ ရှုကောင်းသော ဤသလက္ခဏ ရုပ်များနှင့် ဝိပဿနာ မရှုကောင်းသော အလက္ခဏရုပ် (၁၀)ပါးသည် ရုပ်ခမ္မာယတနတရား၊ စေတသိက် (၅၂)ပါးသည် နာမ်ခမ္မာယတနတရား၊ စိတ် (၄၅)ပါးသည် မနာယတန တရားမည်၏။

ဤသို့လျှင် လူတိဟိတ်ပုထုဇဉ်တို့သည် အာယတနတရား (၁၂)ပါး အစုအဝေးမျှသာတည်း။ နိဿတ္တ နိဇီဝ ဖြစ်သည်။ အသက်လိပ်ပြာ သတ္တဝါဇီဝအတ္တ လုံးဝ မဟုတ်ကြကုန်။

ဓာတုဒေသနာတော်အလို

တိဟိတ် ပုထုဇဉ်တို့၏ ကိုယ်ပိုင်တရား (၂၇/၂၈) ပါးတွင် စက္ခာယတနသည် စက္ခုဓာတ် မည်၏။ သောတာယတနသည် သောတဓာတ်၊ ဃာန၊ ယတနသည် ဃာနဓာတ်၊ ဇိဝှာယတနသည် ဇိဝှာဓာတ်၊ ကာယာယနသည် ကာယဓာတ် မည်၏။

ရူပါယတနသည် ရူပဓာတ်မည်၏။ သဒ္ဒါယတနသည် သဒ္ဒဓာတ်၊ ဂန္ဓာယတနသည် ဂန္ဓဓာတ်၊ ရသာယတနသည် ရသဓာတ်၊ ဖောဋ္ဌဗ္ဗာယတနသည် ဖောဋ္ဌဗ္ဗဓာတ် မည်၏။ ရုပ်ခမ္မာယတနသည် ရုပ်ခမ္မဓာတ်၊ နာမ်ခမ္မာယတနသည် နာမ်ခမ္မဓာတ် မည်၏။

မနာယတန (စိတ် နာမ်တရား ၄၅ပါး)၌ စက္ခု ဝိညာဉ်ဒွေးသည် စက္ခုဝိညာဏ မည်၏။ သောတဝိညာဉ်ဒွေးသည် သောတဝိညာဏဓာတ်၊ ဃာနဝိညာဉ်ဒွေးသည် ဃာနဝိညာဏဓာတ်၊ ဇိဝှာဝိညာဉ်ဒွေးသည် ဇိဝှါဝိ ညာဏဓာတ်၊ ကာယဝိညာဉ်ဒွေးသည် ကာယဝိညာဏဓာတ် မည်၏။

ပဋ္ဌာန ဝဇ္ဇန်းစိတ်၊ သမ္ပဋိစ္ဆိန်းဒွေး၊ ဤစိတ် နာမ်တရားတို့သည် မနောဓာတ်မည်၏။ သန္တီရဏ

http://www.dhammadownload.com

စိတ် (၃)ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ်၊ အကုသိုလ် စိတ် (၁၂)ပါး၊ ကာမာဝစရကုသိုလ်စိတ် ဝိပါက်စိတ် (၁၆) ပါး၊ ဤ (၃၅)ပါးသော စိတ်နာမ်တရားသည် မနော ဝိညာဏဓာတ်မည်၏။

ဤသို့လျှင် လူတိဟိတ် ပုထုဇဉ်တို့သည် ဓာတ် (၁၈)ပါး၊ အစုအဝေး မျှသာတည်း။ နိဿတ္တ နိဇီဝ ဖြစ်သည်။ အသက်လိပ်ပြာ သတ္တဝါ ဇီဝအတ္တ မဟုတ်ကြကုန်။

သစ္စာဒေသနာတော်အလို

တိဟိတ်ပုထုဇဉ်တို့၏ ကိုယ်ပိုင်ရုပ်တရား (၂၇/၂၈)ပါး၊ စိတ်နာမ် တရား (၄၅)ပါး၊ လောဘ ကြဉ်သော စေတသိက်နာမ်တရား (၅၁)ပါးသည် ဒုက္ခအရိယသစ္စာမည်၏။ လောဘသည် သမုဒယ အရိယသစ္စာ မည်၏။

ဤသို့လျှင် လူတိဟိတ် ပုထုဇဉ်တို့သည် ဒုက္ခ၊ သမုဒယ အရိယသစ္စာ နှစ်ပါး အစုအဝေးမျှသာ တည်း။ နိဿတ္တ နိဇီဝ ဖြစ်သည်၊ အသက် လိပ်ပြာ သတ္တဝါ ဇီဝအတ္တ မဟုတ်ကြကုန်။

အရိယသစ္စာတရားလေးပါး

ဗုဒ္ဓအရှင်သည် (ဒုက္ခ၊ သမုဒယ၊နိရောဓ၊ မဂ္ဂ) အရိယ သစ္စာတရားလေးပါး ထုတ်ဖော် ဟောကြား တော်မူ၏။ ဗျာန်မရသော လူတိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ ကိုယ်ပိုင်ရုပ်တရား နာမ်တရားတို့၌ ဒုက္ခ အရိယသစ္စာ၊ သမုဒယ အရိယသစ္စာ၊ ဤ နှစ်ပါးသာ ပါဝင်ပါသည်။ နိရောဓ၊ မဂ္ဂအရိယ သစ္စာ (၂)ပါး ကျန်ရစ်နေသည်။

အရှင်ဒေဝဒတ်သည် ဗုဒ္ဓအရှင်အား တော် လှန်ပုန်ကန်ခြင်း မပြုမီ ရှေးဦးပိုင်း၌ မြေလျှိုးမိုးပျံ စွမ်းအင်ကြီးမား ရူပါဝစရ၊ အရူပါဝစရ မဟဂ္ဂုတ် ကုသိုလ် (၉)ပါး၊ သမာပတ် (၈)ပါး အဘိညာဉ်များ ရတော်မူသည်။ ဗကဗြဟ္မာကြီးသည်လည်း အရှင် ဒေဝဒတ်နည်းတူ မဟဂ္ဂုတ်ကုသိုလ် (၉)ပါး စသည် ကို ရသည်။

ထို အရှင်ဒေဝဒတ်၊ ဗကဗြဟ္မာကြီးတို့၏ ကိုယ်ပိုင် မဟဂ္ဂုတ် ကုသိုလ် (၉)ပါးသည်လည်း ဒုက္ခအရိယသစ္စာတရားသာ ဖြစ်သည်။ အရှင် ဒေဝဒတ်ကို လူ့ဘုံသား ဗျာန်ရသော တိဟိတ်ပုထု ဇဉ် ပုဂ္ဂိုလ် ခေါ်သည်။ အရှင်ဒေဝဒတ် ဗျာန်မလျှော့မီ အချိန်ကာလ၌ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ ကိုယ်ပိုင် စိတ်နာမ်တရား (၄၅)ပါး၌ မဟာဂ္ဂုတ်ကုသိုလ် (၉) ပါးကိုထည့်၍ စိတ်နာမ်တရား (၅၄)ပါးကို ပိုင်သည်။ မြေလျှိုးမိုးပျံနိုင်သော်လည်း နိရောဓ၊ မဂ္ဂ၊ အရိယ သစ္စာ နှစ်ပါးကို မပိုင်ခဲ့။

မြေလျှိုးမိုးပျံနိုင်အောင် တန်ခိုးဗျာန်များကို ရရှိသော အရှင်ဒေဝဒတ်၊ ဗက ဗြဟ္မာကြီးကဲ့သို့သော ပုထုဇဉ် မိုးပျံဗြဟ္မာများသည်လည်း အသက် လိပ်ပြာ ဇီဝအတ္တ သတ္တဝါမဟုတ်ကြသော ခန္ဓာအာယတန ဓာတ် ဒုက္ခသမုဒယ အရိယသစ္စာ အစုအဝေးမျှသာ ဖြစ်ကြသည်။ ဒုက္ခ သမုဒယ အရိယသစ္စာ နှစ်ပါးကို သာ ပိုင်ကြသည်။

နိရောဓ၊ မဂ္ဂအရိယသစ္စာ နှစ်ပါးတို့နှင့်အတူ အရိယသစ္စာလေးပါးကို မပိုင်ကြသေးသူ မှန်သမျှ တို့သည် "ဘဝ" မပြည့်စုံကြသေး။

နိရောဓ အရိယသစ္စာ

နိဗ္ဗာန်သည် နိရောဓ အရိယသစ္စာမည်၏။ ထို "နိရောဓ" သည် သမုစ္ဆေဒ နိရောဓ၊ တဒင်္ဂနိရောဓ ဟူ၍ နှစ်ပါးရှိသည်။

မဂ္ဂအရိယသစ္စာ

မဂ်တရားသည် –

(၁) လောကုတ္တရာ မဂ်တရား

(၂) လောကီ မဂ်တရား

ဟူ၍ နှစ်ပါးအပြား ရှိသည်။

http://www.dhammadownload.com

ထိုနှစ်ပါးတို့တွင် လောကုတ္တရာကုသိုလ်မဂ်တရား (၄)ပါးခွဲ ယှဉ်သော "သမ္မာဒိဋ္ဌိ သမ္မသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ"တို့သည် လောကုတ္တရာမဂ်တရားတို့ မည်ကုန်၏။ အရိယအင္ဂါကမဂ်တရား၊ အရိယမဂ်တရား၊ အရိယမဂ္ဂသစ္စာဟုလည်း ခေါ်၏။

လောကီမဂ်တရား

ကာမာဝစရကုသိုလ် ညဏသမ္ပယုတ်စိတ် (၄)ပါးခွဲ ယှဉ်သော သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ တို့သည် လောကီမဂ် မည်၏။ ပဋ္ဌာန်ကမဂ်၊ ကာရကမဂ်၊ ပုဗ္ဗဘာဂမဂ်လည်း မည်၏။

ထိုလောကီမဂ် တရားတို့ကား အောက်ပါတို့ပင်တည်း။

၁။ နာမရူပပရိစ္ဆေဒညာဏ်
၂။ ပစ္စယပရိဂ္ဂဟညာဏ်
၃။ သမ္မသနညာဏ်
၄။ ဥဒယဗ္ဗယညာဏ်
၅။ ဘင်္ဂညာဏ်
၆။ ဘယညာဏ်
၇။ အာဒီနဝညာဏ်
၈။ နိဗ္ဗိဒါညာဏ်
၉။ မုဉ္စိတုကမျတာညာဏ်
၁၀။ ပဋိသင်္ခါညာဏ်
၁၁။ သင်္ခါရုပေက္ခာညာဏ်
၁၂။ ဝုဋ္ဌာနဂါမိနီညာဏ်
၁၃။ အနုလောမညာဏ်
၁၄။ ဂေါတြဘူညာဏ်

ဝိဇ္ဇာ (၂) ပါး

(၁) ဤလောကီမဂ် (၁၄)ပါးသည် ညဏဒဿနဝိဇ္ဇာ မည်၏။

(၂) လောကုတ္တရာမဂ်(၄)ပါးသည် အာသဝက္ခယဝိဇ္ဇာ မည်၏။

ကုသိုလ် (၂) ပါး

(၁) လောကီမဂ် (၁၄)ပါးသည် ကာမာဝစရမဟာကုသိုလ် ညဏသမ္ပယုတ် စိတ် (၄)ပါး ဖြစ်သည်။

(၂) လောကုတ္တရာမဂ် (၄)ပါးသည် သောတာပတ္တိမဂ်စိတ်၊
သကဒါဂါမိမဂ်စိတ်၊ အနာဂါမိမဂ်စိတ်၊
အရဟတ္တမဂ်စိတ်၊

ဤ လောကုတ္တရာမဂ်စိတ် (၄)ပါးသည် လောကုတ္တရာ ကုသိုလ်များ ဖြစ်သည်။

ညာဏ်စဉ် (၁၅) ပါး

(၁) လောကီမဂ်ညာဏ်စဉ်တရား (၁၄)ပါး၊

(၂) လောကုတ္တရာမဂ် (၄)ပါးကို တစ်ပေါင်းတည်းပြု၍ "မဂ်ညာဏ်" ဟု အမည်ထုတ်၍ ညာဏ်စဉ်သောအခါ ညာဏ်စဉ်တရား (၁၅) ပါး ဖြစ်လေသည်။

ဤလောကီ လောကုတ္တရာမဂ် (၁၅)ပါးသို့ ဆိုက်လျှင် ဖိုလ်နိဗ္ဗာန်သို့လည်း ချက်ချင်း တစ်ဆက်တည်း ရောက်တော့သည်၊ ရတော့သည်။

မဂ်ဆိုက်ပြီး ဖိုလ်ရောက်သည်ကို ဗုဒ္ဓရှင်က ဓမ္မဂုဏ် ခြောက်ပါးခွဲ "အကာလိကော"ဟု ဟောတော်မူထားသည်။ လိုင်မကာစည် ဓမ္မဂုဏ်တော် ဖွင့်ဘုရားရှိခိုးခွဲလည်း ဤသို့ တွေ့နိုင်ပါသည်။

"အကာလိကော– တစ်စက္ကန့်မျှ မငုံရဘဲ တစ်ဆက်တည်းမှာ ဖိုလ်ချမ်းသာကို မြန်စွာပေးတတ်သော မဂ်ညာဏ်လေးပါး တရားတော်မြတ်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ဘုရား" ဟူ၍–

http://www.dhammadownload.com

မဂ် (၂)ပါး၊ နိဗ္ဗာန (၂)ပါး

လောကီမဂ် တဒင်္ဂပဟာန် စွမ်းရည်ကြောင့် "တဒင်္ဂနိဗ္ဗာန" ကို ရသည်။ လောကုတ္တရာမဂ် သမုစ္ဆေဒပဟာန် စွမ်းရည်ကြောင့် "သမုစ္ဆေဒနိဗ္ဗာန" ကိုရသည်။

ဝိပဿနာ (သတိပဋ္ဌာန်) အာရုံ (၄)ပါး

ဗျာန်ရသော၊ ဗျာန်မရသော လူတိဟိတ် ပုထုဇဉ် ကိုယ်ပိုင် ဒုက္ခသမုဒယ အရိယသစ္စာ ဓာတ် အာယတန ခန္ဓာရုပ်တရား နာမ်တရားတို့ကို ခြောက် ဒွါရ၌ ဖြစ်ပေါ်နေစဉ် မဇ္ဈိမပဋိပဒါ မဟာသတိပဋ္ဌာန် ဝိပဿနာရှု မှတ်စရာ အာရုံအဖြစ် ဝေဖန်သော်-

(၁) ကာယနုပဿနာသတိပဋ္ဌာန်
(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်
(၃) စိတ္တာနုပဿနာသတိပဋ္ဌာန်
(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်

ဟူ၍ (၄)ပါး ဖြစ်သွားလေသည်။

(ဤတွင်ရွေ့-

ပုဂ္ဂလိက ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်သစ္စာ ဝိပဿနာ (သတိ ပဋ္ဌာန်)အာရုံတို့ကို ပြဆိုရာသည် ဤတွင် ပြီးပြီ။)

ကဏ္ဍ - (၂)

မျက်စိ-စက္ခုဒွါရ၌ ရှုမှတ်ပုံ

မျက်စိသည် ရုပ်တရား၊ မြင်ရသော အဆင်း အာရုံတို့သည်လည်း ရုပ်တရား၊ မြင်သိတာသည် နာမ်တရား ဖြစ်သည်။ မြင်တိုင်း ဖြစ်ပေါ်ထင်ရှား သော ထို ရုပ်တရားနာမ်တရားတို့၏ သဘာဝ လက္ခဏာ သဒ်တလက္ခဏာ (ဖြစ်-ပျက်= အနိစ္စ၊ ဒုက္ခ၊ အနတ္တ) သာမည လက္ခဏာတို့ကို သိအောင် "မြင်တယ် မြင်တယ်" ဟု အသံတိတ် စိတ်က ဆို၍ ရှုရသည်၊ မှတ်ရသည်။

နား-သောတဒွါရ၌ ရှုမှတ်ပုံ

နားသည် ရုပ်တရား၊ ကြားရသော အသံ အာရုံသည်လည်း ရုပ်တရား၊ ကြားသိတာသည် နာမ် တရား ဖြစ်သည်။ ကြားတိုင်း ဖြစ်ပေါ်ထင်ရှားသော ထိုရုပ်တရား နာမ်တရားတို့၏ သဘာဝ, သဒ်တ, သာမည, လက္ခဏာတို့ကို သိအောင် "ကြားတယ်၊ ကြားတယ်" ဟု ရှုရသည်၊ မှတ်ရသည်။

နာခေါင်း-ဃာနဒွါရ၌ ရှုမှတ်ပုံ

နာခေါင်းသည် ရုပ်တရား၊ မွှေးသည် နံသည် ဟု ခေါ်ရသော အနံ့အာရုံသည်လည်း ရုပ်တရား၊ မွှေး သိတာ၊ နံ သိတာသည် နာမ်တရား ဖြစ်သည်။ မွှေးတိုင်း နံတိုင်း ဖြစ်ပေါ်ထင်ရှားသော ထိုရုပ်တရား နာမ်တရားတို့၏ သဘာဝ, သဒ်တ, သာမည, လက္ခဏာတို့ကို သိအောင် "မွှေးတယ် မွှေးတယ်" ဟု ရှုရသည်၊ မှတ်ရသည်။

လျှာ-ဇိဝှာ ဒွါရ ရှုမှတ်ပုံ

လျှာသည် ရုပ်တရား၊ အရည်၊ အဖတ်၊ အမှုန့်၊ စားဖွယ်၊ သောက်ဖွယ်၊ လျက်ဖွယ် (ရသ အာရုံ) တို့သည်လည်း ရုပ်တရား၊ ချိုတာသိ၊ ချဉ်တာသိ၊ စပ်တာသိ၊ ဖန်တာသိ၊ ခါးတာသိ၊ အငန်သိ၊ ဆိမ့်တာသိ၊ အီတာသိတို့သည် နာမ်တရားဖြစ်သည်။ စားတိုင်း သောက်တိုင်း လျက်တိုင်းဖြစ်ပေါ်ထင်ရှား သော ထိုရုပ်တရား နာမ်တရားတို့၏ သဘာဝ လက္ခဏာ၊ သဒ်တလက္ခဏာ (ဖြစ်ပျက်=အနိစ္စ ဒုက္ခ အနတ္တ) သာမည လက္ခဏာတို့ကို သိအောင် "ချိုတယ်၊ ချဉ်တယ်၊ စပ်တယ်၊ ငန်တယ်၊ ဖန်တယ်၊ ခါးတယ်၊ ဆိမ့်တယ်၊ အီတယ်"ဟု အသံတိတ် စိတ်ကဆို၍ ရှုရသည်၊ မှတ်ရသည်။

ကိုယ်-ကာယဒွါရ၌ ရှုမှတ်ပုံ

ကာယဒွါရ ကိုယ်ဟူသည်မှာ ကိုင်လျှင်

http://www.dhammadownload.com

ထိလျှင်သိသော နေရာမှန်သမျှ ခြေဆုံး၊ ခေါင်းဆုံး တစ်ကိုယ်လုံးကို သိမ်းကျုံးပြီး ခေါ်ရသည်။ ထိုင်လျှင် ထိလျှင်သိသော ခြေဆုံးခေါင်းဆုံး နေရာအားလုံး "ကိုယ်"သည် ရုပ်တရား၊ ကိုယ်တွင်းကိုယ်ပြင် "ထိမှု" အာရုံတို့သည်လည်း ရုပ်တရား၊ ကိုင်သိထိသိ စသည်တို့သည် နာမ်တရားတို့ ဖြစ်ကုန်၏။

ကိုယ်ကာယဒွါရမှာ ထိမှုဖြစ်တိုင်း ထိသိတိုင်း ဖြစ်ပေါ်ထင်ရှားသော ထိုရုပ်တရား နာမ်တရားတို့၏ သဘာဝလက္ခဏာ စသည်တို့ကို သိအောင် "ကိုင်တယ် ထိတယ် သိတယ်" စသည်တို့ကို အသံတိတ် စိတ်က ဆို၍ ရှုရသည်။ မှတ်ရသည်။

ချဲ့၍ ပြဦးမည်

"ကာယဒွါရ– ကိုယ်မှာ ထိမှုတိုင်း ထိသိတိုင်း" ဟူသော အကျဉ်းစကား၏ အကျယ်ကို အောက်ပါအတိုင်း သိအပ်သည်။

ကိုယ်၏ ဗဟိဒ္ဓ အပြင်ပမှ မိမိသူတစ်ပါးတို့၏ လက်ခြေ လေပူ လေအေး စသည်တို့သည် လည်းကောင်း၊ နေအပူ မီးအပူ ရေပူ ရေအေး လေပူ လေအေးစသည်တို့ဖြင့် လည်းကောင်း ထိလျှင် သိလျှင် ကာယဒွါရ ကိုယ်မှာ ရုပ်တရား နာမ်တရားတို့ ဖြစ်ပေါ်ထင်ရှားသည်။

ခြင်၊ မှက်၊ ယင်ရဲ၊ မြွေကင်း၊ ပင့်ကူ၊ ခွေး၊ ကြောင် စသည်တို့ကို ကိုင်ထိလျှင်၊ သိလျှင် ရုပ်တရား၊ နာမ်တရား ဖြစ်ပေါ်ထင်ရှားသည်။ နွား၊ မြင်း၊ ဆင် စသည်တို့ တိုးဝှေ့ထိလျှင်၊ သိလျှင် ကန်ထိသိလျှင်၊ နင်းထိသိလျှင်၊ တုတ်ဓား သေနတ် လေးခွ စသည် ရိုက်ထိလျှင်၊ သိလျှင် ခုတ်ထိလျှင်၊ သိလျှင်၊ ပစ်ထိလျှင်၊ သိလျှင် ကာယဒွါရကိုယ်မှာ ရုပ်တရား နာမ်တရား ဖြစ်ပေါ်ထင်ရှားသည်။

ကွေး၊ ဆန့်၊ ထိုင်၊ ထ၊ စောင်း၊ လှည့်၊ ရွေ့၊ ငုံ့၊ မော့၊ ကိုင်ယူ၊ လှမ်းယူ၊ ဆုပ်ကိုင်၊ ဖြေလွှတ်၊ ပွေ့ချီ၊ မြှောက်တင်၊ ပင့်မ၊ လွှင့်ချ၊ ဆွဲယူ၊ တွန်းထိုး၊ ရုန်းကန်၊ ပါးစပ်ဟ၊ ထမင်းခွံ့၊ ဝါးမျိုု၊ သောက်မျိုု၊ လျက်မျိုု၊ အိပ်သာဗဟက်၊ ကျင်ကြိုးစွန့်၊ ကျင်ငယ်စွန့် အစရှိသော ထိမှု၊ သိမှုတွေဖြစ်တိုင်း ကာယဒွါရကိုယ်မှာ ရုပ်တရားနာမ်တရား ဖြစ်ပေါ်ထင်ရှားသည်။

သပိတ်သင်္ကန်း၊ လုံချည်အင်္ကျီ၊ အဝတ်အထည်၊ စာအုပ်နာရီ၊ ဓွန်းပန်းကန်ရေခွက် စသည်တို့ကို ကိုင်ခြင်း၊ လုံချည်၊ အင်္ကျီဝတ်ခြင်း၊ ချုတ်ခြင်း၊ စောင်ခြုံခြင်း၊ ခွာခြင်း၊ ခေါက်ခြင်း၊ သိမ်းခြင်း၊ ခြင်ထောင် ထောင်ခြင်း၊ ချခြင်း၊ ခေါက်သိမ်းခြင်း၊ အိပ်ရာခင်းခြင်း၊ ဖြန့်ခြင်း၊ ခေါက်သိမ်းခြင်း၊ သွားတိုက် မျက်နှာသစ် ရေချိုးခြင်း၊ ဖိနပ်စီးခြင်း၊ ချုတ်ခြင်း၊ တံခါးဖွင့်ခြင်း ပိတ်ခြင်း အစရှိသော ထိမှု သိမှုတွေ ဖြစ်တိုင်း ဖြစ်တိုင်း ကာယဒွါရ ကိုယ်မှာ ရုပ်တရား နာမ်တရားများ ဖြစ်ပေါ်ထင်ရှားသည်။

ဤသို့စသည် ကာယဒွါရကိုယ်မှာ ထိမှုဖြစ်တိုင်း၊ ထိသိတိုင်း ထင်ရှားဖြစ်ပေါ်သော ထိုရုပ်တရား နာမ်တရားတို့၏ သဘာဝ လက္ခဏာ စသည်ကို သိအောင် "ထိတယ် ပူတယ် အေးတယ်" စသည် မိမိနားလည်သော အရပ်သုံး ဝေါဟာရ အမည်ဖြင့် အသံတိတ် စိတ်ကဆို၍ ရှုရသည်၊ မှတ်ရသည်။

ကာယဒွါရ ကိုယ်အတွင်းမှ ညောင်း၊ ကိုက်၊ ထုံ၊ ကျဉ်၊ အောင့်နာ၊ တိုးတက်၊ မောကျပ်၊ လေးပိ၊ ယားယံ၊ အော့အန်၊ လေတက်၊ ချောင်းဆိုး၊ ကြို့ထိုး၊ လေစုန်၊ မွန်ချေ၊ ကျင်ကြိုး၊ ကျင်ငယ်စွန့်၊ ပူအေး၊ နွေးရှိန်၊ ဖောင်းပိန် အစရှိသော ထိမှု သိမှုတွေ ဖြစ်တိုင်း ဖြစ်ပေါ်ထင်ရှားသော ထိုရုပ်တရား နာမ်တရားတို့၏ သဘာဝ လက္ခဏာ စသည်ကို သိအောင် မိမိ နားလည်သော အမည်ဖြင့် ရှုရသည်၊ မှတ်ရသည်။

စားသောက်ရာ၌လည်း ထမင်းလုတ်စုပါးစပ်ဆီ ထမင်းလုတ်ယူ၊ ပါးစပ်ဟ၊ ထမင်းခွံ့ ငုံထား၊ လက်ကို ပန်းကန်ပေါ် ပြန်ချ၊ ပန်းကန်လက်ထိ ထမင်းကို ဝါး လျှာလိမ်း မာပျော့ ပူအေး၊ ထမင်းမျိုချ အစရှိသော ထိမှု သိမှုတွေ ဖြစ်တိုင်း

http://www.dhammadownload.com

လည်း ကာယဒွါရ ကိုယ်မှာ ရုပ်တရား နာမ်တရား ဖြစ်ပေါ် ထင်ရှားသည်။

ဟင်းရည်၊ လက်ဖက်ရည်၊ ကော်ဖီ၊ အဖျော်ရည် စသည် သောက်ခြင်း၊ ရောဂါပျောက်ဆေး သောက်ခြင်း၊ လိမ်းခြင်း၊ ဆေးထိုးခြင်း၊ အပ်စိုက်ခြင်း၊ မီးကင်ခြင်း၊ သနပ်ခါးသွေးခြင်း၊ လိမ်းခြင်း၊ ခေါင်းဖြီးခြင်း၊ ဆံထုံးထုံးခြင်း၊ ဖြေခြင်းဖြန့်ခြင်း၊ ခေါင်းလျှော်ခြင်း၊ အဝတ်လျှော် ဆပ်ပြာတိုက်ခြင်း၊ ဆောင့်ခြင်း၊ ဖြန့်လှန်းခြင်း၊ ဟင်းသီးဟင်းရွက်ကို လှီးခြင်း၊ သင်ခြင်း၊ ဖြတ်ခြင်း အစရှိသော ထိမှုသိမှုတွေ ဖြစ်တိုင်းလည်း ကာယဒွါရ ကိုယ်မှာ ရုပ်တရား နာမ်တရားတွေ ဖြစ်ပေါ်ထင်ရှားသည်။

ထိုရုပ်တရား နာမ်တရားတို့၏ သဘာဝလက္ခဏာ စသည်ကို သိအောင် ညောင်းတယ် နာတယ်စသည် မိမိတို့နားလည်သော အမည်ဖြင့် အသံတိတ် စိတ်ကဆို၍ ရှုရသည် မှတ်ရသည်။

ဘဝင်စိတ် မနောဒွါရ၌ ရှုမှတ်ပုံ

မှေလျော့မှု၊ တွေဝေမှု၊ လိုချင်တပ်မက် နှစ်သက်မှု၊ အသက် လိပ်ပြာ အတ္တစွဲမှု၊ ဘဝင်မြင့်မှု၊ ထောင်လွှားမှု၊ စိတ်ဆိုးမှု၊ မကျေနပ်မှု၊ မုန်းမှု၊ ရွံမှု၊ မနာလိုမှု၊ သဝန်ကြောင်မှု၊ ပျံ့လွင့်မှု၊ ပူပန်မှု၊ ဝမ်းနည်းမှု၊ ပျင်းရိထိုင်မိုင်းမှု၊ ငိုက်မျဉ်းအိပ်ချင်မှု၊ နိုးမှု၊ ဝမ်းသာမှု၊ ကြည်ညိုမှု၊ ယုံကြည်မှု၊ သနားမှု၊ ချမ်းသာစေလိုမှု၊ လှူဒါန်းလိုမှု၊ သီလစောင့်ထိန်းမှု၊ တရားနာလိုမှု၊ တရားထိုင်လိုမှု၊ သူတစ်ပါးတို့အား ဟောပြော တိုက်တွန်းလိုမှု၊ မှန်မှ မှန်ပါမည်လားဟု သံသယဝင်မှု၊ စဉ်းစားဆင်ခြင်မှု၊ တွေးမှု၊ ကြံစည်မှု အစရှိသော နာမ်တရားတို့သည်လည်းကောင်း၊ ယင်းတို့၏ မှီရာ ရုပ်တရားတို့သည်လည်းကောင်း၊ မှေလျော့တိုင်း စဉ်းစားတိုင်း စိတ်မနောဒွါရမှာ ဖြစ်ပေါ်ထင်ရှားကုန်၏။ထိုရုပ်နာမ်တို့၏ သဘာဝလက္ခဏာ စသည်ကို သိအောင် မှေတယ်၊ တွေဝေတယ်၊ တွေးတယ်၊ စဉ်းစားတယ် စသည် အသံတိတ် စိတ်က ဆို၍ ရှုရသည်၊ မှတ်ရသည်။

"ရုပ်" ဣရိယာပုတ်ကို ရှုမှတ်ပုံ

ရုပ်လျက်နေစဉ် ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံး တောင့်ပြီး ထောင်မတ်နေတာက ရုပ်တရား၊ ရုပ်လျက် ထောင်မတ်နေအောင် တောင့်ထားတာက စိတ်စေတသိက် နာမ်တရား၊ ရုပ်နေစဉ် ကာယဒွါရ ကိုယ်၌ ဖြစ်ပေါ်ထင်ရှားသော ထိုရုပ်တရား နာမ်တရားတို့၏ သဘာဝလက္ခဏာ စသည်ကို သိအောင် ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံး ထောင်ထောင် တောင့်တောင့်ကြီးကို စူးစူးစိုက်စိုက် "ထိုင်တယ် ထိုင်တယ်" ဟု ရှုရ မှတ်ရသည်။

"ထိုင်" ဣရိယာပုတ်ကို ရှုမှတ်ပုံ

ထိုင်လျက်နေစဉ် ခါးအောက်ပိုင်း ခွေခွေ၊ ခါးအထက်ပိုင်း ထောင်ထောင် တောင့်တောင့် မတ်မတ်ကြီးက ရုပ်တရား၊ ခွေအောင်တောင့်လျက် မတ်ထောင်နေအောင် လုပ်ပေးတာက စိတ်စေတသိက် နာမ်တရား ထိုင်လျက်နေစဉ် ကာယဒွါရ ကိုယ်၌ ဖြစ်ပေါ်ထင်ရှားသော ရုပ်တရား နာမ်တရားတို့၏ သဘာဝလက္ခဏာ စသည်ကို သိအောင် တောင့်လျက် ထောင်မတ်နေသော ကိုယ်ကို စူးစူးစိုက်စိုက် 'ထိုင်တယ် ထိုင်တယ်'ဟု ရှုမှတ်ရသည်။

လျောင်းအိပ် ဣရိယာပုတ်ကို ရှုမှတ်ပုံ

လျောင်းအိပ်နေစဉ် ခြေဆုံးခေါင်းဆုံး လျားလျားစန့်စန့်ကိုယ်ကြီးက ရုပ်တရား၊ ငြိမ်ပြီး လျားလျားစန့်စန့်ကြီး တည်နေအောင် လုပ်ပေးနေတာက စိတ်စေတသိက် နာမ်တရား၊ လျောင်းအိပ်နေစဉ် ကာယဒွါရကိုယ်၌ ဖြစ်ပေါ်ထင်ရှားသော ထိုရုပ်တရား နာမ်တရားတို့၏ သဘာဝလက္ခဏာ စသည်ကို သိအောင် ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံး

http://www.dhammadownload.com

လျားလျားစန့်စန့်ကြီးကို စူးစူး စိုက်စိုက် "အိပ်တယ် လျောင်းတယ်၊ အိပ်တယ် လျောင်းတယ်"ဟု အသံတိတ် စိတ်က ရှုရသည်။ မှတ်ရသည်။

လမ်းလျှောက် ဣရိယာပုတ်ကို ရှုမှတ်ပုံ

လမ်းလျှောက်သွားနေစဉ် ဘယ်ခြေ ညာခြေ ရွေ့မျက်နှာဘက်ကို လှုပ်ရွေ့နေတာက ရုပ်တရား၊ လှုပ်ရွေ့အောင် လုပ်ပေးနေတာက စိတ်စေတသိက် နာမ်တရား၊ လမ်းလျှောက်သွားနေစဉ် ကာယဒွါရ ကိုယ်၌ ဖြစ်ပေါ် ထင်ရှားနေသော ထိရုပ်တရား နာမ်တရားတို့၏ သဘာဝလက္ခဏာ၊ သင်္ခါတ လက္ခဏာ (ဖြစ်ပျက်-အနိစ္စ-ဒုက္ခ-အနတ္တ) သာမညလက္ခဏာတို့ကို သိအောင် ခြေလှမ်းကိုသာ စူးစူးစိုက်စိုက် "ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ကြွတယ်၊ ချတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်"ဟု အသံတိတ် စိတ်က ဆို၍ ရှုရမည်၊ မှတ်ရမည်။

"ထိုင်" ဣရိယာပုတ်ဖြင့်

ကာယဒွါရ ရုပ်နာမ်များကိုလည်းကောင်း

အခြား ဒွါရ ရုပ်နာမ်များကိုလည်းကောင်း ရှုမှတ်ပုံနည်း-

ရုပ်လိုက် - မှိတ်လိုက်ပါ

လမ်းလျှောက် ဣရိယာပုတ်ဖြင့် ရှုမှတ်အားထုတ်နေသော ယောဂီသည် အချက်ပေး သံချောင်း ရိုက်သံကြားသောအခါ "ထိုင်" ဣရိယာပုတ်ဖြင့် ရှုမှတ် အားထုတ်ရမည့် နေရာသို့ အမှတ်မဖျက် ရှုမှတ်လျက်ပင် လာခဲ့ရမည်။ ထိုင်မည့်နေရာကို ရောက်လျှင် ရုပ်လိုက်ပါ။

ယခင် ရုပ်သော ဣရိယာပုတ် ရှုနည်းအတိုင်း ရှုမှတ်လိုက်ပါ။ ပြီးလျှင် မျက်စိမှိတ်ချင်စိတ်မှစ၍ ရှုမှတ်လျက် မျက်စိကို မှတ်လိုက်ပါ။

တွဲလျားကျနေပါစေ

ရွေ့မျက်နှာဘက်၌လည်းကောင်း၊ နောက်ကျောဘက်၌ လည်းကောင်း ဝိုက်ထားသော လက်ကို စိတ်တစ်လှည့် ရုပ်တစ်လှည့် ရှုမှတ်လျက် ပေါင်၏ ရှေ့သို့ ရောက်အောင် ရွေ့ချပါ။ လက်နှစ်ဖက် ပေါင်၏ရှေ့၌ တွဲလျားကျနေပါစေ။

ရှိနေပါစေ

ပြီးလျှင် ထိုင်လိုသော စိတ်နာမ်တရားမှစ၍ ဖြည်းဖြည်းချင်း ထိုင်ချသော ကာယဒွါရ၌ ထင်သော ထိုင်ရုပ်ကို ရှုမှတ်ပါ။ ရှုမှတ်လျက် ထိုင်ချစဉ် လက်နှစ်ဖက်ကို အလိုက်သင့်လျှော့ချပါ။ လက်ဝါး ဒူးပေါ်ကို ရောက်လျှင် ဒူးကို ထောက်လျက် ရှုမှတ်လျက် ထိုင်ချပါ။ ဆောင့်ကြောင့်ထိုင်အနေအထားသို့ ရောက်သွားပါလိမ့်မည်။ လက်နှစ်ဖက်၏ လက်ဝါးများသည် အသီးသီး ဒူးပေါ်သို့ ဖုံးအုပ်လျက် ရှိပါစေ။

နဖူး၌ တင်ထားရမည်

အမျိုးသားများသည် ဤဆောင့်ကြောင့်ထိုင် အနေအထားဖြင့်ပင် အမှတ်ကို မဖျက်ဘဲ ရှုမှတ်လျက် လက်တစ်ဖက်စီ ဒူးပေါ်၌ တဲတောင်ထောက်၍ ရှုမှတ်လျက် လက်အုပ်ချီရမည်။ ရှုမှတ်လျက် လက်အုပ်ကို နဖူးပေါ် တင်ထားရမည်။

အမျိုးသမီးများသည် ဆောင့်ကြောင့်ထိုင် အနေအထားမှ ပုဆစ်တုပ် အနေအထားရောက်အောင် အမှတ်မဖျက် ရှုမှတ်လျက်သာ ပြောင်းရွေ့၍ ထိုင်ရမည်။ ရှုမှတ်လျက်ပင် လက်အုပ်ချီကာ နဖူးပေါ်၌ တင်ထားရမည်။

ဗုဒ္ဓဂုဏ်တော် ဆင်ခြင်ရမည်

အမျိုးသား၊ အမျိုးသမီးတို့၏ လက်အုပ်သည် နဖူးပေါ် ရောက်ရှိပြီး ထိသောအခါ "ထိတယ် ထိတယ်"ဟု ၁၀ ကြိမ်ခန့် ရှုမှတ်လိုက်ပါ။ ပြီးလျှင် တစ်ဆက်တည်း...

အရဟံ-နတ်လူဗြဟ္မာ ကောင်းစွာ ဦးတိုက် ပူဇော်ထိုက်သော ဘုရားသခင်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား-

ဟူ၍ ဗုဒ္ဓဂုဏ်တော်ကို ဆင်ခြင်ရမည်။

http://www.dhammadownload.com

ကန်တော့ရမည်

ဗုဒ္ဓဂုဏ်တော်ကို ဆင်ခြင်ပြီးလျှင် တစ်ဆက်တည်းပင် ဆင်ခြင်သော စိတ်ကို "ဆင်ခြင်တယ် ဆင်ခြင်တယ်"ဟု ၁၀ကြိမ်ခန့်ရွတ်ပါ။ ပြီးလျှင် ကန်တော့ဖို့ရန် နဖူးပေါ်မှ လက်အုပ်ကို ကြမ်းပြင်ပေါ်သို့ ချလိုသောစိတ် မှတ်၍ ထိခြင်းငါးမျိုးစုံအောင် ရွှမှတ်လျက်သာ လှူပ်ရှားကန်တော့ရမည်။

တရားဂုဏ်တော်ကို ဆင်ခြင်ရမည်

ရွှမှတ်လျက် နဖူးပေါ်ကို လက်အုပ်ပြန်ရောက်သောအခါ နဖူးအထိကို ရွှမှတ်ပြီးလျှင် တစ်ဆက်တည်းပင်...

ဩပနေယျိကော – ဆင်းရဲသွယ်သွယ် ပျောက်ကွယ်စေတတ် စွမ်းရည်မြတ်ကြောင့် ကိုယ်စိတ်ထဲမှာ ကောင်းစွာတည်အောင် ကျင့်ဆောင် သိမ်းထားထိုက်ပါသော မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား–

ဟူ၍ နှစ်ကြိမ်မြောက် တရားဂုဏ်တော်တို့ကို ဆင်ခြင်ရမည်။

ဆင်ခြင်ပြီးလျှင် တစ်ဆက်တည်းပင် ဆင်ခြင်သော စိတ်ကို "ဆင်ခြင်တယ် ဆင်ခြင်တယ်" ဟု ၁၀ ကြိမ်ခန့် ရွှမှတ်ရမည်။ ပြီးလျှင် ကန်တော့ဖို့ရန် နဖူးပေါ်မှ လက်အုပ်ကို ကြမ်းပြင် ဖျာပေါ်သို့ ချလိုသော စိတ်မှစ၍ ထိခြင်းငါးမျိုးစုံအောင် ရွှမှတ်လျက်သာ လှူပ်ရှားကန်တော့ရမည်။

သံဃာဂုဏ်တော်ကို ဆင်ခြင်ရမည်

ရွှမှတ်လျက် နဖူးပေါ်ကို လက်အုပ်ပြန်ရောက်သောအခါ နဖူးအထိကို ရွှမှတ်ပြီးလျှင် တစ်ဆက်တည်းပင်...

သုပ္ပဋိပန္နော – သီလ သမာဓိ ပညာ၊ သိက္ခာသုံးဆင့် မြင့်ထက်မြင့်အောင် ကောင်းစွာ ကျင့်တော်မူပါသော ရဟန်းမြတ်အပေါင်း သံဃာတော်ကို ကြည်ညိုမြတ်နိုး ရှိခိုးပါ၏ ဘုရား–

ဟူ၍ သုံးကြိမ်မြောက် သံဃာဂုဏ်တော်ကို ဆင်ခြင်ရမည်။

ဆင်ခြင်ပြီးလျှင် တစ်ဆက်တည်းပင် ဆင်ခြင်သောစိတ်ကို "ဆင်ခြင်တယ်၊ ဆင်ခြင်တယ်"ဟု ၁၀ကြိမ်ခန့် ရွှမှတ်ရမည်။

ပြီးလျှင် ကန်တော့ဖို့ရန် နဖူးပေါ်မှ လက်အုပ်ကို ကြမ်းပြင်ဖျာပေါ်ကို ချလိုသော စိတ်မှ စ၍ ထိခြင်း ငါးမျိုးစုံအောင် ရွှမှတ်လျက်သာ လှူပ်ရှားကန်တော့ရမည်။

တင်ပျဉ်ခွေ ထိုင်ရမည်

လက်အုပ်နဖူးပေါ် ပြန်ရောက်လျှင် "ထိတယ် ထိတယ်" မှတ်ပြီးရင် အမျိုးသမီးများသည် အမှတ်မဖျက်ဘဲ ပုဆစ်ဒူးတုပ်အနေအထားမှ ဆောင့်ကြောင့်ထိုင် အနေအထားရောက်အောင် ရွှမှတ်လျက်သာ ရွေ့ပါ၊ ပြင်ပါ။

အမျိုးသား အမျိုးသမီးတို့သည် ဆောင့်ကြောင့်ထိုင် အနေအထားမှ ရွှမှတ်မှုကို မပျက်စေဘဲ တင်ပျဉ်ခွေ အနေရောက်အောင် မှတ်လျက် ရွေ့ရမည် ဖြစ်သည်။ ရွေ့သောအခါ ဘယ်ခြေ ညာခြေကို မဆင့် မထပ်စေဘဲ ရွေ့နောက်ယှဉ်လျက် ထားရမည်။ ခါးကို ဖြောင့်ဖြောင့် တောင့်တောင့်ထားရမည်။ ခေါင်းကိုပါ မတ်မတ်ထားရမည်။

ပင်တိုင်ရွှစရာ မှတ်စရာ

ရွှမှတ်လျက် ပြုပြင်မှုတွေ ပြီးသောအခါ ယောဂီသည် ဝမ်းဗိုက်ချက်၌ စိတ်ကို ပို့၍ နိုက်ထားပါ။ ဝမ်းဗိုက်က ရွေ့မျက်နှာဘက်ကို တရွေ့ရွေ့ လှူပ်နေတာကို သိအောင် "ဖောင်းတယ်" ဟု မှတ်ရသည်။ ဝမ်းဗိုက်က နောက်ကျောဘက်ကို ရွေ့ရွေ့ပြီး လှူပ်တာကို သိအောင် "ပိန်တယ်"ဟု မှတ်ရသည်။ ဤကဲ့သို့ "ဖောင်းတယ် ပိန်တယ်"ဟု ပင်တိုင် အာရုံနှစ်မျိုးကို ရွှမှတ်နေစဉ် "ကြားတာ၊ မွေးတာ၊ နံတာ" စသော အခြား အာရုံများ ပေါ်လာရင် လိုက်၍ မှတ်ရမည်။ မှတ်ပြီးလျှင် ပင်တိုင် အာရုံ "ဖောင်းတယ် ပိန်တယ်" ဟု ပြန်မှတ်နေရမည်။

http://www.dhammadownload.com

ပင်တိုင် မှတ်စရာကို ပြန်မှတ်နေ

တံတွေးမျိုချင်တာ၊ တံတွေးစုတာ၊ မျိုချတာ၊ တံတွေးထွေးချင်တာ–ထွေးတာ၊ ကိုယ်ထဲမှာ ညောင်းတာ၊ ထုံတာ၊ ယားတာ စသည်တွေ ပေါ်လာလျှင် လိုက်မှတ်၊ ပြီးလျှင် ပင်တိုင် အမှတ်ကို ပြန်မှတ်နေရမည်။

မျက်စိမှိတ်ထားပါလျက် ပုံသဏ္ဌာန်ပေါ်အောင် မြင်တာ၊ တွေးတော စဉ်းစားတာ၊ ကြည်ညိုတာ၊ ဝမ်းသာတာ၊ မနာလိုတာ စသည်တွေ ပေါ်ရာရာ လိုက်မှတ်၊ ပြီးလျှင် ပင်တိုင် ပြန်မှတ်နေရမည်။

နာရီပြည့်သွားလည်း အပြစ်မရှိပါ

မှတ်စရာ အာရုံအသစ် အသစ်မပေါ်လျှင် "ဖောင်းတယ်၊ ပိန်တယ်" ပင်တိုင်အာရုံနှစ်မျိုးသာ မှတ်နေရမည်။ အာရုံအသစ် ပေါ်ရာရာကို မှတ်နေခြင်းကြောင့် ပင်တိုင်အာရုံကို မမှတ်ရဘဲ နာရီပြည့်သွားလျှင် အပြစ်မရှိပါ။

နှစ်ကြိမ် သုံးကြိမ် ရွှေ့နိုင် ပြင်နိုင်

တစ်နာရီထိုင်မှတ်၊ တစ်နာရီ လမ်းလျှောက်မှတ်ဖြင့် လေ့ကျင့်ရသည်။ ထိုင်မှတ်နေစဉ် ညောင်းကိုက်ထုံကျဉ်စသော ဒုက္ခဝေဒနာများကြောင့် သည်းခံပြီး မမှတ်နိုင်တော့လျှင် တစ်နာရီမပြည့်မီအတွင်း နှစ်ကြိမ်သုံးကြိမ်လည်း ရွှေ့နိုင်ပြင်နိုင်သည်။ ရှုမှတ်မှုကိုတော့ မပြတ်စေ မရပ်စေရပေ။

ထိုင်နာရီပြည့်လျှင် ထလိုသောစိတ်မှစ၍ မတ်မတ်ရပ်မိသည့်တိုင်အောင် မပြတ်မှတ်ရမည်။ ရပ်မိသောအခါ သွားလိုစိတ်ကစ၍ မှတ်ရမည်။ သွားသောအခါ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ် စသည် လမ်းလျှောက်မှတ်လေ။ နာရီပြည့်လျှင် ယခင်နည်းအတိုင်း ထိုင်မှတ်လေ။

ပင်တိုင် အမှတ်တိုးပေးခြင်း

ထိုင်ဣရိယာပုတ်ဖြင့် "ဖောင်းတယ်၊ ပိန်တယ်" အာရုံနှစ်မျိုးကို ပင်တိုင်ထား၍ ပေါ်ရာရာ ရှုမှတ်လေ့ကျင့်နေသော ယောဂီအား အရှိန်ရလာသော် "ထိုင်တယ်"ဟု ပင်တိုင် တစ်မှတ်တိုးပေးရမည်။ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်"ဟု ပင်တိုင်သုံးမျိုးဖြင့် ပေါ်ရာရာကို မှတ်ရမည်။ ပြီးလျှင် ပင်တိုင်သုံးမျိုးကို ပြန်မှတ်နေရမည်။

ကျေပွန်လာပြန်သော် "ထိတယ်" ဟု တစ်မှတ်တိုးပေးရမည်။ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်"ဟု ပင်တိုင်လေးမျိုးဖြင့် ပေါ်ရာရာကို မှတ်လေ။

"ထိတယ်"ဟု မှတ်ရာ၌ ညာတင်ပါး ကြွမ်းနှင့်ထိရာကို စိတ်ရောက်အောင်ပို့၍ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်"ဟု မှတ်ရမည်။ ဘယ်တင်ပါး ကြွမ်းနှင့်ထိရာသို့ စိတ်ရောက်အောင် ပို့၍ "ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်" မှတ်ရမည်။

ရပ်၊ အိပ် ဣရိယာပုတ်တို့၌လည်း

"ရပ်" ဣရိယာပုတ်ဖြင့် အားထုတ်လျှင် "ဖောင်းတယ်၊ ပိန်တယ်"ဟု လည်းကောင်း၊ "ဖောင်းတယ်၊ ပိန်တယ်၊ ရပ်တယ်" ဟုလည်းကောင်း၊ "ဖောင်းတယ်၊ ပိန်တယ်၊ ရပ်တယ်၊ ထိတယ်"ဟု လည်းကောင်း ပင်တိုင်ထား၍ ပေါ်ရာရာကို မှတ်ရမည်။ "ထိတယ်" မှတ်ရာ၌ ညာခြေ ဘယ်ခြေထိရာကို စိတ်ရောက်အောင်ပို့ပါ။

"အိပ်" ဣရိယာပုတ်ဖြင့် ရှုမှတ်လျှင် "ဖောင်းတယ်၊ ပိန်တယ်"ဟု လည်းကောင်း၊ "ဖောင်းတယ်၊ ပိန်တယ်၊ အိပ်တယ်"ဟု လည်းကောင်း ဦးခေါင်းစသော အထိနေရာများဆီကို စိတ်ရောက်အောင် ပို့၍ ယခင် ပင်တိုင် သုံးမှတ်နှင့် တွဲပြီးတော့ "ဖောင်းတယ်၊ ပိန်တယ်၊ အိပ်တယ်၊ ထိတယ်"ဟု ရှေးနည်းအတိုင်း မှတ်ရမည်။

ရပ်ပြီးမှသာ မှတ်လေ

လမ်းလျှောက်လျက် ခြေလှမ်းကို မှတ်နေစဉ် အခြားပေါ်ရာရာကို မှတ်လိုပါက ရပ်ပြီးမှသာ မှတ်ပါလေ။ ပြီးလျှင် သွားလိုစိတ်မှစ၍ ဆက်မှတ်။

http://www.dhammadownload.com

သူ့အတွက် ကိုယ့်အတွက် သာသနာပြုခြင်း

ဤကဲ့သို့ ရှုမှတ်ပုံနည်းကို သင်ပြပေးသူသည် သူတစ်ပါးအတွက် ဝိပဿနာ ပရိယတ္တိသာသနာပြုသည် မည်၏။ ဤရှုမှတ်နည်းကို သင်ယူသောသူသည် ကိုယ့်အတွက် ဝိပဿနာပရိယတ္တိသာသနာ ပြုသည် မည်၏။ ဤသို့ သင်ပေးခြင်း၊ သင်ယူခြင်းသည်ပင် ပရိယတ္တိသာသနာဝန်ကို ထမ်းဆောင်သူ မည်သတည်း။

ဤတွင်ရွေ့-

ရှုနည်း မှတ်နည်း ကျင့်ပွားအားထုတ်နည်းကို
ပြဆိုရာ ဖြစ်သော
ဝိပဿနာ ပရိယတ္တိသာသနာ ကဏ္ဍ(၂)ပြီးပြီ။

ကဏ္ဍ - (၃)
ဝိပဿနာ ပဋိဝေဓ သာသနာ
ဝိသုဒ္ဓိ (၇)ပါးကို ပြဆိုခြင်း

သီလဝိသုဒ္ဓိ-သီလပါရမီ

လူ၊ သီလရှင်၊ သူတော်၊ ရသေ့တို့သည် ၅-ပါးသီလ၊ ၈-ပါးသီလ၊ ၁၀-ပါးသီလတို့ကို စွမ်းနိုင်ရာ ဆောက်တည်ပြီးလျှင် ကာယကံ-ကိုယ်၊ ဝစီကံ-နှုတ် နှစ်ပါးကို စောင့်ထိန်းမှု စင်ကြယ်ခြင်း၊ သီလဝိသုဒ္ဓိ ဖြစ်ရှိ ပြည့်စုံလေတော့၏။

ကိုရင် သာမဏေနှင့် ရဟန်းတို့သည်လည်း မိမိဆိုင်ရာ ဝိနည်းတော်များအတိုင်း ကိုယ်နှုတ်နှစ်ပါးကို စောင့်ထိန်းမှု စင်ကြယ်တော်မူကြလျှင် သီလဝိသုဒ္ဓိဖြစ်ရှိ ပြည့်စုံလေတော့သည်။ သီလဝိသုဒ္ဓိသည် သီလပါရမီ မည်၏။

စိတ္တဝိသုဒ္ဓိ

မိမိတို့၏ဆိုင်ရာ သီလဝိသုဒ္ဓိဖြစ်ရှိ ပြည့်စုံပြီးသော လူ၊ သီလရှင်၊ သူတော်၊ ရသေ့၊ ကိုရင်သာမဏေ၊ ရဟန်းတော်၊ ယောဂီတို့သည် "(၂)-ကဏ္ဍ" ပြဆိုအပ်ပြီးသော သင်တန်းတိုင်း "(၃)-ကဏ္ဍ' ၌ ပြဆိုအပ်ပြီးသော နည်းဗျူဟာနှင့်အညီ ရှုကြကုန်ရာ၏။ မှတ်ကြကုန်ရာ၏။ ကျင့်ကြကုန်ရာ၏။

ရှုကြမှတ်ကြ ကျင့်ကြကုန်သော ထိုယောဂီတို့အား -

ကာမစ္ဆန္ဒနီဝရဏာ	=	လောဘ
ဗျာပါဒနီဝရဏာ	=	ဒေါသ
ထိနမိဒ္ဓနီဝရဏာ	=	ထိနမိဒ္ဓ
ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏာ	=	ဥဒ္ဓစ္စကုက္ကုစ္စ
ဝိစိကိစ္ဆာနီဝရဏာ	=	ဝိစိကိစ္ဆာ

ဤတရားဆိုး (၅)ပါးတို့ ဝင်မလာနိုင်အောင် ၁၀ မိနစ်၊ ၁၅ မိနစ်၊ ၂၅ မိနစ်၊ ၁ နာရီ စသည်ကြာရှည်စွာ ရှုစိတ်တွေချည်း၊ မှတ်စိတ်တွေချည်း၊ ဆက်လက် စင်ကြယ်နေတော့သည်။ ဤသို့ ၁၀ မိနစ်စသည် နီဝရဏမဝင် ရှုမှတ်စိတ်ချည်း စင်ကြယ်လျက်နေသော စိတ်များသည် "စိတ္တဝိသုဒ္ဓိ"မည် ၏။

ဒိဋ္ဌိ ဝိသုဒ္ဓိ

ဤသို့ နီဝရဏမဝင် ရှုစိတ်မှတ်စိတ်ချည်း ဆက်လျက် ဖြစ်ရှိ စိတ္တဝိသုဒ္ဓိပိုင်ရှင် ယောဂီအား မြင်မှုစသော ခြောက်ဒွါရ ရုပ်နာမ်တို့ကို "မြင်တယ်" စသည်ဖြင့် ရှုမှတ်နေစဉ်ပင် အသက်လိပ်ပြာ ဝိညာဉ် ငါကောင် ဇီဝအတ္တ မဟုတ်ဟု လည်းကောင်း၊ ရုပ်နာမ်မျှသာဟု လည်းကောင်း ပိုင်းခြားသိသော "နာမရူပ ပရိစ္ဆေဒဉာဏ် = ဒိဋ္ဌိဝိသုဒ္ဓိ" ဖြစ်ရှိ ပြည့်စုံလေတော့သည်။

ခြောက်ဒွါရ၌ ဖြစ်ပေါ်တိုင်းသော ရုပ်နာမ်တို့ကို အသက်လိပ်ပြာ ဝိညာဉ်အတ္တကောင်ဟု ယူစွဲသော သက္ကာယဒိဋ္ဌိ ပြုတ်လေ၏။

ကင်္ခါဝိတရဏဝိသုဒ္ဓိ

မပြတ်ရှုမှတ်နေသော ယောဂီမှာ မြင်မှု သိမှုနှင့် ပတ်သက်၍ "မြင်တယ် မြင်တယ်" ဟု ရှုနေစဉ် မျက်စိရှိလို့ မြင်ရတယ်၊ ကြည့်စရာရှိလို့ မြင်ရတယ်၊ အလင်းရောင်ရှိလို့ မြင်တယ်၊ ဂရုစိုက်ကြည့်လို့ မြင်တယ် စသည်ဖြင့် အကြောင်းတရားကို သိမ်းဆည်း

http://www.dhammadownload.com

(သိ) သည်။

အသက်လိပ်ပြာ ဇီဝအတ္တမဟုတ်သော ရုပ်နာမ်အကြောင်းများကြောင့် ဝိညာဉ်မဟုတ်သော အကျိုးရုပ်နာမ်များသာ ဖြစ်နေသည်။ အသက် လိပ်ပြာဝိညာဉ်အတ္တဆိုတာ ယခုလည်း မရှိ၊ ရှေးရှေးကလည်း မရှိ၊ နောက်ကာလများ၌လည်း ရှိမည်မဟုတ်ဟူ၍ ဆုံးဖြတ်လျက် သိသည်။

သက်ရှိသက်မဲ့ တစ်လောကလုံးကို ဘုရားသခင် ဖန်ဆင်း၍ဖြစ်သည်ဆိုသည်မှာလည်း မဟုတ်မမှန်ဟူ၍ ဆုံးဖြတ်လျက် သိသည်။ ဘုရား၊ တရား၊ သံဃာနှင့် ပတ်သက်၍လည်း အစစ်အမှန်ဟူ၍ ဆုံးဖြတ်လျက် သိသည်။

သက်ရှိသက်မဲ့ တစ်လောကလုံးကို ဘုရားသခင်ဖန်ဆင်း၍ ဖြစ်သည်ဆိုသည်မှာလည်း မဟုတ်မမှန်ဟူ၍ ဆုံးဖြတ်လျက် သိသည်။ ဘုရား၊ တရား၊ သံဃာနှင့် ပတ်သက်၍လည်း အစစ်အမှန်ဟူ၍ ဆုံးဖြတ်လျက် သိသည်။

ရှုမှတ်နေစဉ်မှာ ဤသို့သိသော ကိုယ်တွေ့ပဋိစ္စသမုပ္ပာဒဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်လည်း မည်၏။ ကခ်ါဝိတရဏ ဝိသုဒ္ဓိလည်း မည်၏။

မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ သမ္မသနဉာဏ်

ဆက်လက်ရှုမှတ်နေသော ဝိပဿနာ ယောဂီသည် မြင်မှု၊ ကြားမှု စသော ခြောက်ဒွါရ ဖြစ်ပေါ်ခိုက် ရုပ်နာမ်တို့ကို ရှုမှတ်လေတိုင်းပင် အရှုခံ အာရုံ ရုပ်နာမ်တို့၏ ပေါ်လာပြီး ခဏနေ ပျောက်သွားသည်ကို ပီသပြတ်သားစွာ သိသာသည်။

ဤအသိသည် အရှုခံ ရုပ်နာမ်တို့၏ (ပေါ်လာသော အစပိုင်း၊ ခဏတည်နေသော အလယ်ပိုင်း၊ ပျောက်သွားသောအဆုံးပိုင်း) သန်တလက္ခဏာကို သိခြင်းပင် ဖြစ်သည်။

ပစ္စက္ခသမ္မသနဉာဏ်

ဖောင်းမှု၊ ပိန်မှု၊ ကွေးမှု၊ ဆန့်မှု၊ ကိုင်ယူမှု၊ ပါးစပ်ဖွင့်ဟမှု၊ ထမင်းခွံ့မှု၊ ဝါးမှု၊ မျိုချမှု၊ မြင်မှု၊ ကြားမှု၊ မွေးမှု၊ နံမှု၊ တွေးကြံမှု၊ စဉ်းစားမှု၊ ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ ကြည်ညိုမှု၊ ယုံကြည်မှု၊ နှစ်သက်မှု၊ စိတ်ဆိုးမှု၊ မနာလိုမှု၊ သဝန်ကြောင်မှု၊ ပျံ့လွင့်မှု၊ ပူပန်မှု၊ မယုံကြည်မှု၊ သံသယဝင်မှု စသော ရှုမှတ်မိရာ ခြောက်ဒွါရ ရုပ်အာရုံ နာမ်အာရုံတို့၏ ပေါ်လာခြင်း အစပိုင်း ဥပါဒ်၊ ခဏတည်နေခြင်း အလယ်ပိုင်း ဌိ၊ ပျောက်သွားခြင်း အဆုံးပိုင်းဘင်၊ ဤသခ်ိတလက္ခဏာကိုသိသော ယောဂီသည် "အနိစ္စ=မမြဲဘူး ဆိုတာ မှန်ပါကလား၊ မမြဲတဲ့ တရားတွေချည်းပါကလား" ဟု ကိုယ်တိုင်ပင် ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်လျက် "သိ"လေတော့သည်။ ဤ "သိ" ခြင်းသည် ပစ္စက္ခ အနိစ္စာ နုပဿနာဉာဏ် မည်၏။

ခြောက်ဒွါရ ရုပ်နာမ်တို့ကို မပြတ်ရှုမှတ်နေစဉ် "အနိစ္စ တရားများနှင့် ဆက်စပ်ရောထွေးနေသော ရုပ်နာမ်အပေါင်း တစ်ကိုယ်လုံး တစ်ကောင်လုံးဟာလည်း ဆင်းရဲတုံး၊ ဆင်းရဲခဲ၊ ဆင်းရဲအစုအဝေးချည်းပါတကား"ဟု ယောဂီက "သိ" လာပြန်သည်။

ရှုနေမှတ်နေစဉ် ကိုယ်တိုင်ပင် ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်လျက် သိသော ယောဂီ၏ ထို "သိခြင်း" သည် ပစ္စက္ခဒုက္ခနုပဿနာဉာဏ် မည်၏။

မြင်မှု၊ ကြားမှု၊ တွေးကြံစဉ်းစားမှု၊ ကွေးမှု၊ ဆန့်မှု၊ ဖောင်းမှု၊ ပိန်မှု စသော ရုပ်နာမ်အပေါင်း ဤတစ်ကိုယ်လုံးသည် အနိစ္စတရား၊ ဒုက္ခတရားတို့ဖြင့် ရောထွေး စပ်ယှက်နေခြင်းကြောင့် ကိုယ့်အလိုအတိုင်း ပြီးစေနိုင် အစိုးပိုင်သော အသက် လိပ်ပြာဝိညာဉ်ကောင်၊ အတ္တကောင်၊ ငါ၊ကောင်အဖြစ် မခေါ်ထိုက်၊ မသုံးသပ် မယူစွဲထိုက်ပါတကားဟူ၍ ရှုနေမှတ်နေစဉ် ယောဂီက ဆုံးဖြတ်လျက် "သိ"လာပြန်သည်။ ယောဂီ၏ ဤ"သိခြင်း"သည် ပစ္စက္ခ အနတ္တာနုပဿနာဉာဏ် မည်၏။

အနုမာန သမ္မသနဉာဏ်

ဤပြဆိုအပ်ပြီးသောအတိုင်း ခြောက်ဒွါရ ရုပ်နာမ် ဖြစ်ပေါ်တိုင်းသိ ရှုမှတ်နေသော ယောဂီ

http://www.dhammadownload.com

သည် မျက်မှောက် ကိုယ်တိုင်တွေ့ အနိစ္စသိ၊ ဒုက္ခသိ၊ အနတ္တသိ–ပစ္စက္ခသမ္မသနဉာဏ် ထက်သန်စွာ ဖြစ်ပေါ်လာသောအခါ ရှုမှတ်မှုကို ရပ်ထားပြီးကိုယ်တိုင်တွေ့ ကိုယ်တိုင်သိများနှင့် နှိုင်းယှဉ်ကာ မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ လက်ရှိ ပစ္စုပ္ပန် ရုပ်တရား နာမ်တရား၊ အတိတ် ရုပ်တရား နာမ်တရား၊ အနာဂတ် ရုပ်တရား နာမ်တရားများကိုပါ အနိစ္စ ဒုက္ခ အနတ္တ တရားတွေချည်းပါတကားဟု ဆင်ခြင်သုံးသပ်နေတော့သည်။

ဤသို့ "ဆင်ခြင်သုံးသပ်ခြင်း" သည် အနုမာန အနိစ္စသမ္မသနဉာဏ်၊ အနုမာန ဒုက္ခသမ္မသနဉာဏ်၊ အနုမာန အနတ္တသမ္မသနဉာဏ် မည်၏။

မဂ်တရား ဖိုလ် နိဗ္ဗာန်တရားရအောင်

ဤသမ္မသနဉာဏ် မဂ်ကိုရောက်လျှင် အခဲသုံးလုံး မကျေသော်လည်း ပင်ကိုဉာဏ် ထက်သန်သော ယောဂီများနှင့် စာပေဗဟုသုတ ကြွယ်ဝသော ယောဂီတို့မှာ မမှတ်တော့ဘဲ သုံးသပ်ဆင်ခြင်လျက်သာ အချိန်ကို အသုံးချနေတတ်ကြသည်။ ဆင်ခြင်သုံးသပ်နေလျှင် အထက် အထက်မဂ်တရား၊ များဖိုလ်နိဗ္ဗာန်တရားများကို မရောက်နိုင်၊ မရနိုင်တော့ပေ။

ဆင်ခြင်သုံးသပ်သော စိတ်မှစ၍ ခြောက်ဒွါရ ပေါ်ရာရာ ရုပ်တရား နာမ်တရားတို့ကို ဝိပဿနာနည်းဗျူဟာအတိုင်း အကြွင်းအကျန် အလစ်အလပ် မရှိစေဘဲ တွန်း၍ ရှုမှတ်သွားရမည်။

ဥဒယဗ္ဗယဉာဏ်

- သာတစ္စကိရိယာယ သမ္မာဒေတိ
- မနားမရပ်၊ ခြားမပြတ်၊ ရှုမှတ်မြဲရမည်။
- ဗလဝါ ဒုဗ္ဗလောရိဝ
- လှုပ်ရှားမှုမရှာ၊ လူမမာ၊ တူစွာကျင့်ရမည်။

ဤသို့ အစရှိသော ကဏ္ဍ(၃) နည်းဗျူဟာနှင့် အညီ ရှုမှတ်ကျင့်ပွား အားထုတ်သော ယောဂီသည် ဖောင်းမှု၊ ပိန်မှု စသော ခြောက်ဒွါရ ရုပ်တရား၊ နာမ်တရားတို့၏ ပေါ်လာခြင်း၊ ပျောက်သွားခြင်း (ဖြစ်–ပျက်–အနိစ္စ–ဒုက္ခ– အနတ္တ) သာမည လက္ခဏာတို့ကို ပီပီပြင်ပြင် ထင်ထင်ရှားရှား ကောင်းကောင်း သိလာသည်။

ပေါ်လာခြင်းသည် ဖြစ်၊ ပျောက်သွားသည် ပျက်၊ ရှုမှတ်ရင်း ဖြစ်–ပျက်ကို သိသော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်ဖြစ်သည်။ ဤဥဒယဗ္ဗယ ဉာဏ်၏ အာရုံဖြစ်သော အရှုခံ ခြောက်ဒွါရ ရုပ်တရား နာမ်တရားတို့၏ (ဖြစ်–ပျက်–အနိစ္စ–ဒုက္ခ–အနတ္တ) သည် သာမည လက္ခဏာမည်၏။

ဝိတိ (၅)မျိုး ဖြစ်ပေါ်ရိုး

- အနည်းငယ်မျှ၊ ကြက်သီးထ၊ ခေါ်ရ "ခုဒ္ဒိကာ"။
- လျှပ်ပြက်ပမာ၊ ကြိမ်များစွာ၊ ဆင့်လာ "ခဏိကာ"။
- လှိုင်းလုံးတူစွာ၊ ပြည့်တက်လာ၊ မှတ်ပါ "ဩက္ကန္တိကာ"။
- ကိုယ်လက်အင်္ဂါ၊ မြောက်ကြွလာ၊ မှတ်ပါ "ဥဗ္ဗေဂါ"
- ကိုယ်လုံးပြည့်လွှမ်း၊ ဆီထိုင်မှိန်း၊ စိမ့်ဖြန်း "ဖရဏာ"။
- ဥဒယဗ္ဗယ၊ နဉာဏ်မှ၊ ဖြစ်ကြ ဤငါးဖြာ။
- ဉာဏ်ရင့်သောအခါ၊ ဖရဏာ၊ ဖြစ်လာသူ ချည်းသာ။

ယောဂီ၏ နိဗ္ဗာန်

ဖြစ်–ပျက်ကို စိတ်ကူးဖြင့် လုပ်ကြံ၍ ရှုတတ်ကြသည်။ ဖြစ်–ပျက်ကို လုပ်ကြံရှုသော ထို ယောဂီအား အဆိုပါ ဝိတိတို့ မဖြစ်ကြကုန်။ ဝိပဿနာနည်းလမ်းမှန်ဖြင့် ရှုပွားအားထုတ်သော ယောဂီသည် ရှေးဦးစွာ သဘာဝ လက္ခဏာ သိခဲ့ရမည်။ နောက် သန်တလက္ခဏာကို သိခဲ့ရမည်။ အဲဒီနောက် သာမညလက္ခဏာကို ရှုသိခဲ့ရမည်။

သာမညလက္ခဏာ ဖြစ်–ပျက် အမှန်ကို

http://www.dhammadownload.com

ရှုသိသော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်သော ယောဂီအား ပိတိ(၅)မျိုးတို့သည်လည်း ဖြစ်ပေါ်ကြသည်သာ။ ထိုပီတိတို့သည် ယောဂီနိဗ္ဗာန် ဖြစ်သည်။ ထို့ကြောင့်-

- ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
  လဘတေ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

ဟု ဓမ္မပဒ ဒုတိယ(၃၇၄) သမ္မဟုလဘိက္ခု ဝတ္ထုဖြင့် မိန့်တော်မူလေသည်။

အရုဏ်အချင်း (၅) မျိုး ပြည့်စုံပြီ

သဘာဝလက္ခဏာ၊ သဒ်္ဓံတလက္ခဏာတို့ကို ရှုမှတ်လျက် အစဉ်အတိုင်းသိခဲ့ပြီး၍ ဆက်လက် ရှုမှတ်ရင်း သာမညလက္ခဏာ (အနိစ္စ-ဒုက္ခ-အနတ္တ-ဖြစ်-ပျက်) ကို သိသော ဥဒယဗ္ဗယ ဉာဏ်ပိုင်ရှင်ယောဂီ၊ နိဗ္ဗာန်ပိုင်ရှင် ဝိပဿနာယောဂီမှာ ကဏ္ဍ(၃)၌ ယောဂီ၏ အရုဏ်အချင်း (၅) မျိုး ပြည့်စုံပြီ။

ဤအရုဏ်အချင်း (၅) မျိုး ပိုင်ရှင် ယောဂီသည် ဆက်လက်ရှုမှား အားထုတ်ပါလျှင် မသေမီ ယခုဘဝ၌ပင် အမှတ် (၁၅) လောကုတ္တရာမဂ်ကို ဆိုက်ပြီး၍ တစ်ဆက်တည်း ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်မည်ဟု ဗုဒ္ဓမိန့်တော်မူသည်။

ဤသို့သော ယောဂီ အရုဏ်အချင်း (၅)မျိုးကို ရရှိသော ယောဂီသည်-

- သဗ္ဗရတိ' ဓမ္မရတိ ဇိနာတိ= ပျော်စရာ အမျိုးမျိုးတွင် တရားပျော်စရာသည် အကောင်းဆုံး အမြတ်ဆုံး၊
- သဗ္ဗရသံ ဓမ္မရသော ဇိနာတိ= အရသာ အမျိုးမျိုးတို့တွင် တရားအရသာသည် အကောင်းဆုံး အမြတ်ဆုံး

ဟူသော ဗုဒ္ဓမြတ်စွာ အမိန့်တော်ကို ထောက်ခံနိုင်အောင် ကိုယ်တိုင်ပင် တွေ့သိရသောအခါ မမှတ်မရှ အားမထုတ်ဘဲ ရပ်နား ရောင့်ရဲနေတတ်လေသည်။ ဆရာကောင်းဆရာမြတ်တို့၏ ဩဝါဒလမ်းညွှန် ဆုံးမစကားများကို ဆင်ခြင်ဆုံးဖြတ်ပြီး မရှုမမှတ်ဘဲ တင်းတိမ်ရောင့်ရဲ ရပ်နားနေလျှင် လမ်းမှားရောက်မည်။ ရှေးကထက် ပို၍ပို၍ ရှုမှတ်ကြိုးစားအားထုတ်မှသာ လမ်းမှန်ရောက်မည်ဟု ယောဂီကိုယ်တိုင် ဆုံးဖြတ်လာမည်။

ထို့ကြောင့် ဤကဲ့သို့ ဆုံးဖြတ်နိုင်အောင် သိသော "သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်" နှစ်ပါးကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟူ၍ ခေါ်သတည်း။

ဆက်လက်ရှုမှတ်အားထုတ်မှသာ လမ်းမှန်ဟု ဆုံးဖြတ်မိသော ယောဂီသည် ကဏ္ဍ-(၃) စသည်၌ ပြအပ်ပြီးသော နည်းဗျူဟာများအတိုင်း ရှုမှတ် အားထုတ်သည်။ ထိုသို့ အားထုတ်လေသော် သာမညလက္ခဏာ(ဖြစ်-ပျက်-အနိစ္စ-ဒုက္ခ-အနတ္တ) ကို ပို၍ပို၍ တစ်ဆင့်ထက်တစ်ဆင့် အနုစိတ်ထက် အနုစိတ် တိတိကျကျပီပီသသ ရှုသိသော ဘင်္ဂဉာဏ်မှ အနုလောမဉာဏ်တို့သည် အစဉ်အတိုင်း ယောဂီမှာ ဖြစ်ပေါ်လေသည်။ ထိုဉာဏ် (၉)ပါးတို့သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

ဉာဏဒဿန ဝိသုဒ္ဓိ

ရှုလျက် မှတ်လျက် အားထုတ်နေသော ယောဂီအား ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အမှတ် (၁၁) အနုလောမဉာဏ် ဖြစ်ပေါ်လာပြီးနောက် တစ်ဆက်တည်း (၁၄) ဂေါတြဘူဉာဏ်၊ (၁၅) မဂ်ဉာဏ် ဖြစ်ပေါ်လာသည်။

ထိုမဂ်ဉာဏ်သည် ဉာဏဒဿန ဝိသုဒ္ဓိ မည်၏။

ထို ဉာဏဒဿနဝိသုဒ္ဓိမဂ်ဉာဏ် လောကုတ္တရာ ကုသိုလ်သည် စက္ကန့်မခြား တစ်ဆက်တည်းမှာပင် ဖိုလ်ချမ်းသာကို ပေးသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြု "သိ" ရရှိလေတော့သည်။

မဟာသောတာပန် ဘွဲ့ထူးကြီးကိုလည်း ပိုင်လေပြီ။

http://www.dhammadownload.com

မဟာသောတာပန် ဂုဏ်ရည် (၄) ပါး ဤတွင်ရွေ့-

(၁) ရတနာသုံးဆင့်၊ ဉာဏ်ဖြင့်မြင်တွေ့၊ မပြောင်းရွေ့၊ တိုး၍ ကြည်ညိုယုံကြည်သည်။

(၂) ကိုယ်နှုတ်နှစ်ဖြာ၊ ကျင့်သိက္ခာ၊ မြစွာသီလလုံခြုံသည်။

[ကျမ်းညွှန်း (ဒီ၊ ၃၊ ၁၉၀)]

ဝိသုဒ္ဓိ (၇) ပါးကို ပြဆိုရာ ဝိပဿနာပဋိဝေဓသာသနာ ကဏ္ဍ-(၃) ပြီးပြီ။

ဝိပဿနာရှုနည်း ပြီး၏။

○

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ၏ ဝိပဿနာရှုနည်းများ ပထမတွဲပြီး၏။

■

ကျော်နန္ဒအောင်

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
ဘုန်းတော်ကြီး ဦးသီလ

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဘုန်းတော်ကြီး ဦးသီလ၏

ထေရပွတ္တိအကျဉ်း

(၁၁၉၄-၁၂၆၉)

ဘုန်းတော်ကြီး အလောင်းလျာကို ၁၁၉၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက် သောကြာနေ့ နံနက် ၈ နာရီတွင် အဖ ဦးထွန်းအောင်၊ အမိ ဒေါ်ချိုတို့မှ ပဲခူးမြို့မြောက်ဘက် နှစ်မိုင်ခန့်ဝေးသော အထက်နိုင်းဂနိုင်းရွာကြီးတွင် ဖွားမြင်တော်မူသည်။ အမည်မှာ မောင်ရွှေသာ ဖြစ်သည်။

မွေးချင်းတို့မှာ ဒေါ်သူဇာ၊ ဒေါ်အို၊ ဒေါ်လှအောင်၊ ဦးတိုးကျော်ဟု အစဉ်အတိုင်း ဖြစ်ကြလေသည်။ ဘုန်းတော်ကြီးသည် သားအကြီးဆုံး ဖြစ်သည်။

၁၀ နှစ်သားတွင် ပဲခူးအနောက်မြောက် ကျိုက်ဒေးယဲ့ဘုရားအနီး ကော့ပြင်းရွာ ဘုန်းကြီးဦးမူးထံ ကျောင်းနေ၍ ၁၂ နှစ်တွင် ရှင်ပြုသည်။ ဘွဲ့တော်မှာ ရှင်သီလသာရ ဖြစ်သည်။ ၁၂၁၃ ခုနှစ်၊ တပို့တွဲလတွင် ကျိုက်ဒေးယဲ့ဘုရားကုန်းရှိ သိမ်၌ ပီလခတ်ရွာဘုန်းကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ် သို့ ရောက်တော်မူသည်။

နှစ်ဝါရလျှင် ဘုန်းကြီးပုံ (ဘွဲ့ ဦးစန္ဒာလင်္ကာရ) ထံ၌ ငါးဝါရသည့်တိုင်အောင် ပရိယတ္တိ သင်ယူသည်။ ၁၂၁၈ ခု၊ ငါးဝါအရတွင် ရန်ကုန်မြို့၊ ပုဇွန်တောင် တောင်လုံးပြန် ရွှေကြက်ယက်ဘုန်းကြီးဦးမေဓာဝိထံ စာသင်သည်။ တစ်ဝါနေပြီးနောက် ပဲခူးသို့ပြန်၍ တစ်ရွာတည်းသားဖြစ်သော ကလျာဏီတောရ ဘုန်းကြီးဦးဝဏ္ဏထံ တစ်ဝါနေ၍ စာသင်သည်။

၁၂၂၀ ပြည့်နှစ် ခုနစ်ဝါအရတွင် အဖော်နှစ်ပါးနှင့်အတူ စစ်ကိုင်းတောင် ဦးအရိယဝံသ ရေငုံတိုက်၌ တစ်ဝါစာသင်ပြန်သည်။ ထိုမှ မန္တလေးအရှေ့ပြင် စလင်းတိုက်၌ တစ်ဝါနေ၍ စာသင်ယူပြန်သည်။ ရှစ်ဝါကျော် ကိုးဝါရသည်အထိ စာပေ ပရိယတ်ကို သင်ယူခဲ့ပြီးနောက် တောရဆောက်တည်လေတော့သည်။ ရောက်လေရာ တောတောင်တို့၌ ပြောင်းရွေ့ သီတင်းသုံးလျက် စာသင်တိုက်ကြီးများကိုလည်း တစ်ဘက်မှ တည်ထောင်ရန် ပရိယတ္တိသာသနာတော်ကြီးကို ချီးမြှောက်တော်မူလေသည်။ မိမိမှာမူ ရာသက်ပန် အရည်ဝါသီတောပျော် ယောဂီကြီးအဖြစ် သီတင်းသုံးတော်မူခဲ့လေသည်။

၁၂၂၂ ခုနှစ်မှ ၁၂၆၉ ခုနှစ်တိုင်အောင် ၄၇ နှစ်ပတ်လုံး တောကိုဏ်းသာသနာသန့်ရှင်းအောင် တောင်၌နေလျက် ပြုပြင်တော်မူလေသည်။

ဘုန်းတော်ကြီး၏ အဆိုအမိန့်သည် နူးညံ့ပြေပြစ်သည်၊ တည်ကြည်၏။ နှလုံးအတွင်း စူးဝင်၏။ ဂိုဏ်းသံဃာတို့သည် မျက်မှောက် မျက်ကွယ် ပိပြားသေဝပ်ကုန်၏။ နေ့လွဲဆေးစား၊ ကွမ်းစား၊

http://www.dhammadownload.com

ဆေးသောက်၊ လှည်းစီး၊ ငွေစု၊ ဆေးကု၊ ဗေဒင်ဟော စသော လူတို့နှင့် ရောနှောခြင်းမှ အထူး ကင်းကုန်၏၊ စာမတတ်ဟု ဆိုကုန်၏။

ထိုသူတို့၏စိတ်၌ ပညာရဲရင့် ပွဲလယ်တင့်ဆို သောအတိုင်း ရပ်ထဲ ရွာထဲ မကြာမကြာတွေ့၍ တရားဟောနိုင် ကျယ်ကျယ်ပြော၍ သွက်သွက် ဆိုနိုင်လျှင် အားရကြပေသည်။ အောက်ပြည်တစ်ခွင် လုံး၌ စာသင်တိုက်များကို ထိုအခါ ရေတွက်ကြည့် လျှင် တောကိုဏ်း၌သာ အများအပြား ရှိကုန်၏။ စည်ကား ကြီးပွားကြသော်လည်း ဆွမ်းခံချိန်တွင်သာ ရပ်ရွာ၌မြင်ရသဖြင့် ထင်ရှားခြင်း နည်းပါးကုန်၏။ တောကိုဏ်းသံဃာများသည် ကိုယ်နှင့်အသက် မငဲ့ ကွက်သောစိတ်ဖြင့် ဝိနည်းကို အလေးပြုကြသည်။ ကိုယ်နှုတ်နှလုံး သိမ်မွေ့ကြသည်၊ ကြွရောက်ရာ အရပ်တိုင်းတွင် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည် ဖြင့် ရောင့်ရဲကြကုန်၏။ ဓူရန္တစ်ပါးသာ အားထားရာ ပြု၍ ဗာဟိရ ကိစ္စမှ လွတ်ကင်းအောင် နေကြ၏။ ဂိုဏ်းသံဃာချင်းဖြစ်၍ သိဟောင်းမဟုတ်သော်လည်း လွန်စွာ ကျိုးနွံကြ၏။ ပစ္စည်းလာဘ်စသော ဗာဟိရ ကိစ္စစကား မေးမြန်းပြောဆိုခြင်းငှာ မငဲ့မရဲကြချေ၊ ရှက်ကြောက်ခြင်း များကြကုန်၏။ ဝိနည်းစကား တရားစကားကိုသာ အဆိုအမိန့်များကုန်၏။

ဤသို့လျှင် ဘုန်းတော်ကြီးသည် ကုလဒူသန စသော အုတ်အရောရော ကျောက်အရောရောမှာ ဘုရားရှင်သာသနာတော်ကို ဖော်ထုတ်၍ ဟောထဲသို့ ယူသွားပြီးလျှင် ၄၇ နှစ်ပတ်လုံး ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ တောင်္ခနေလျက် ကုဋ္ဌေကိုးထောင်ကျော် သိက္ခာပုဒ်တို့ဖြင့် သန့်သန့်ရှင်းရှင်း ထွန်းလင်းအောင် ပြုတော်မူလေသည်။ နောင်အရှည်အစဉ်ဆက် တည် စိမ့်သောငှာလည်း အရပ်ရပ်၌ ဝိနည်းစာပြန်ပွဲများ၊ ပရိပတ္တိ စာသင်တိုက်ကြီးများကို အဆက်မပြတ်ရ အောင် စီမံတော်မူလေသည်။

ဤသို့ဖြင့် သာသနာတော်တွင် ပရိယတ် ပဋိပတ် အကျိုးများလှသော ဘုန်းတော်ကြီး ဦးသီလ သည် ၁၂၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ တနလာနေ့ နံနက် ၇ နာရီ၊ သက်တော် ၇၅ နှစ်တွင် ဇလွန်မြို့ သုသာန်ကျောင်း၌ သတိသမ္ပဇည အပြည့် ဖြင့် ပျံလွန်တော်မူခဲ့လေသည်။

ထေရပ္ပတ္တိအကျဉ်းပြီး၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ဘုန်းတော်ကြီး ဦးသီလ၏
သြဝါဒတော်

- ပစ္စည်းနှင့် အင်္ဂါခြေလက် တစ်ခုခုအန္တရာယ်တွေ့လျှင် အင်္ဂါခြေလက် အထိမခံနှင့်၊ ပစ္စည်း အပျက်ခံ။
- အင်္ဂါခြေလက်နှင့် အသက် တစ်ခုခုအန္တရာယ်တွေ့လျှင် အသက် အထိမခံနှင့်၊ အင်္ဂါခြေလက် အပျက်ခံ။
- အသက်နှင့် သီလ တစ်ခုခုအန္တရာယ်တွေ့လျှင် သီလအထိ မခံနှင့်၊ အသက်အပျက်ခံ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဘုန်းတော်ကြီး ဦးသီလ၏

ဝိပဿနာရှုနည်း

ကျေးဇူးတော်ရှင် ဘုန်းတော်ကြီး ဦးသီလ၏ ရှုနည်းအနေဖြင့် အကျယ်တဝင့် ရှာဖွေရာ မတွေ့ရပါ။ ထေရုပ္ပတ္တိအနေဖြင့် အတော် ကျယ်ကျယ်ပြန့်ပြန့် တွေ့ရသော်လည်း ရှုနည်းကျင့်နည်း အနေဖြင့် တခမ်းတနား ရေးထားသည်ကို မတွေ့ရပါချေ။ သို့သော် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိတွင် သံဝေဂယူဖွယ်ရာ ရှုမှတ်ဖွယ်ရာတို့ကို တိုသော်လည်း ထိရောက်မှုရှိသော အဆုံးအမ သြဝါဒများနှင့် ရှုမှတ်ရန် ဆုံးမမှုကို တွေ့ရပါသည်။

စာရှုသူများအနေဖြင့် စိတ်တွင် ကြိုတင်၍ ခံယူသိရှိထားရမည်မှာ အခြားသော ဝိပဿနာရှုနည်းများကဲ့သို့ပင် ဝိပဿနာမရှုမီ၊ မမှတ်မီတွင် ကြိုတင်ပြုဖွယ်ကိစ္စများကို ပြုလုပ်ကြရမည် ဖြစ်ပါသည်။ ကြိုတင်ပြုဖွယ် ကိစ္စများမှာ-

(၁) သင့်တင့်လျောက်ပတ်သည့် နေရာကို ရွေးချယ်ခြင်း၊

(၂) သင့်တင့်လျောက်ပတ်သည့် အချိန်ကို ရွေးချယ်ခြင်း၊

(၃) ရတနာသုံးပါးနှင့် ဆရာမိဘတို့အား ရိုရိုးကန်တော့ခြင်း၊

(၄) သရဏဂုံသုံးပါးနှင့်တကွ သီလ ဆောက်တည်ခြင်း၊

(၅) မေတ္တာပို့ အမျှဝေခြင်း၊

(၆) အာနာပါနာ သမထ ကမ္မဋ္ဌာန်းတောင်းခြင်း၊

(၇) အပြစ်ကြီး အပြစ်ငယ်တို့ကို ခွင့်လွှတ်ရန် တောင်းပန်ခြင်း၊

(၈) သင့်တင့်လျောက်ပတ်သည့် ထိုင်နည်းကို ရွေးချယ်ခြင်း၊

ဤ ကြိုတင်ပြင်ဆင်မှု (၈)မျိုးတို့ကို တစ်ခုစီ ရှင်းလင်းဖော်ပြပါမည်။

(၁) သင့်တင့်လျောက်ပတ်သည့်နေရာ ရွေးချယ်ခြင်း

မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော သတိပဋ္ဌာနသုတ် ပါဠိတော်၊ မူလ ပဏ္ဏာသ ပါဠိတော်၊ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်များ၌ ပါရှိသည့် အတိုင်း ကမ္မဋ္ဌာန်းထိုင်ရာ အသင့်လျော်ဆုံး၊ အကောင်းဆုံးဖြစ်သော နေရာများမှာ ၁- တောအရပ်၊ ၂- သစ်ပင်ရင်း၊ ၃- ဆိတ်ငြိမ်ရာအရပ်၊ ၄- လုံ၍ မှောင်သောနေရာ စသည်များ ဖြစ်ပါသည်။

(၂) သင့်တင့်လျောက်ပတ်သည့်အချိန် ရွေးချယ်ခြင်း

အိမ်မှုကိစ္စ ဆောင်ရွက်နေသူများအတွက် ကမ္မဋ္ဌာန်းထိုင်ရန် သင့်တင့်လျောက်ပတ်သော အချိန်မှာ ညအချိန် ဖြစ်ပါသည်။ သို့ရာတွင် အားလပ်

http://www.dhammadownload.com

နေသူများအတွက်မူ နေ့အချိန်လည်း ကောင်းပါသည်။ အကောင်းဆုံးအချိန်မှာ နံနက် ၄ နာရီမှ ၆ နာရီအချိန်ဖြစ်ပါသည်။ ယင်းအချိန်သည် အခြားသူများ အိပ်ရာမှ မထသေးခြင်း အသံဗလံများ နည်းပါးသည့် အချိန်ဖြစ်ပါသည်။ စိတ်တည်ငြိမ်မှု (သမာဓိ) မရခင် တိတ်ဆိတ်မှ ကောင်းပါသည်။ သမာဓိရလာလျှင် ဆူညံသံများအတွက် အရေးမကြီးတော့ချေ။

(၃) ရတနာသုံးပါးနှင့် ဆရာမိဘတို့အား ရှိခိုးကန်တော့ခြင်း

ဘုရား တရား သံဃာဟု ဆိုအပ်သော ရတနာသုံးပါးနှင့် ဆရာ သမား မိဘတို့သည် ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် အထွတ်အထိပ်ထားအပ်သည့် ကျေးဇူးရှင်များ ဖြစ်ကြပါသည်။ အကယ်၍ ရတနာသုံးပါးနှင့် ဆရာမိဘတို့ အပေါ်၌ မေ့လျော့၍ ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း ပြစ်မှားခဲ့သည်ရှိသော် ယင်းအပြစ်တို့မှ ပယ်ဖျောက်စေခြင်းငှာ ရှိခိုးကန်တော့ရခြင်း ဖြစ်ပါသည်။ ယင်း အပြစ်များသည် သမထ ဝိပဿနာ အားထုတ်ပွားများမှု အောင်မြင်နိုင်ရေးအတွက် အတားအဆီးများဖြစ်သောကြောင့် ဖြစ်ပါသည်။ ထို ရှိခိုးကန်တော့ခြင်းအမှုသည် သရဏဂုံနှင့်တကွ သီလမခံယူမီ ဩကာသဆို၍ ရှိခိုးကန်တော့ရာ၌ ပါဝင်ခဲ့လျှင် သီးခြားရှိခိုးကန်တော့ရန် မလိုတော့ချေ။

(၄) သရဏဂုံသုံးပါးနှင့်တကွ သီလဆောက်တည်ခြင်း

စိတ်တည်ငြိမ်မှု (သမာဓိ) ကိုရရှိရန် အာနာပါန သမထကမ္မဋ္ဌာန်းကို ပြုလုပ်ရာ၌ သီလစင်ကြယ်မှုသည် အရေးကြီးဆုံးသော အချက်ဖြစ်ပါသည်။ သို့အတွက် သီလစင်ကြယ်ရန် သရဏဂုံသုံးပါးနှင့်တကွ သီလဆောက်တည်ရန် ဖြစ်ပါသည်။ သီလသည် နိဒါန်း၌ ဖော်ပြခဲ့သည့် (၄)မျိုး ရှိသည့်အနက် မစောင့်ထိန်းလျှင် အပြစ်ရှိသည့် လူ့သီလဟု ဆိုအပ်သော ငါးပါးသီလပင် ဖြစ်ပါသည်။ တတ်နိုင်၍ ရှစ်ပါးသီလ၊ ကိုးပါးသီလနှင့် ဆယ်ပါးသီလတို့ကို စောင့်ထိန်းလျှင် သာ၍အကျိုးရှိပါသည်။

(၅) မေတ္တာပို့ အမျှဝေခြင်း

သရဏဂုံသုံးပါးနှင့်တကွ သီလဆောက်တည်ပြီးနောက် မိမိကိုယ်စောင့်နတ် မိမိကမ္မဋ္ဌာန်းထိုင်ရန်နေရာတွင် စောင့်ရှောက်ကြသည့် နတ်များနှင့် (၃၁)ဘုံရှိ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ကျန်းမာချမ်းသာစေရန် ဆုတောင်းမေတ္တာပို့ပြီးနောက် မိမိ၏ ကုသိုလ်ကောင်းမှုကို အမျှပေးဝေရမည် ဖြစ်ပါသည်။ ထိုသို့ ဆုတောင်းမေတ္တာပို့ အမျှဝေခဲ့လျှင် မိမိ၏ ကိုယ်စောင့်နတ်၊ မိမိ ကမ္မဋ္ဌာန်းထိုင်သည့်နေရာတွင် စောင့်သောနတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ် စသော အားလုံးသော သတ္တဝါအပေါင်းတို့သည် တရားထိုင်ခြင်းကို နှောင့်ယှက်မည့် ပုဂ္ဂိုလ်တို့ ဘေးရန်မှ ကာကွယ်ကြမည် ဖြစ်ပါသည်။ နှောင့်ယှက်မည့် ပုဂ္ဂိုလ်များလည်း မေတ္တာနှင့် အမျှဝေဝေမှု၏ အကျိုးဆက်ကို ခံယူရ၍ မိမိကို စောင့်ရှောက်လာမည် ဖြစ်ပါသည်။ မြတ်စွာဘုရားသခင် လက်ထက်တော်၌ ရဟန်းအချို့သည် မြတ်စွာဘုရားသခင်ထံတော်မှ တရားများကို ခံယူ၍ သစ်ပင်ရင်းများ၌ သွားရောက်အားထုတ်ရာ သစ်ပင်ကိုစောင့်သော နတ်များက နှောင့်ယှက်သဖြင့် ထိတ်လန့်ပြီး ဘုရားသခင်ထံ ပြန်လည် လျှောက်ထားကြသည်။ မြတ်စွာဘုရားသခင်က မေတ္တာပို့ပြီးမှ တရားအားထုတ်ရန် ညွှန်ကြားသဖြင့် ညွှန်ကြားချက်အတိုင်း မေတ္တာပို့ပြီး တရားအားထုတ်မှ တရားများကို ကောင်းမွန်စွာ ရရှိကြတော့သည်။

http://www.dhammadownload.com

(၆) အာနာပါနသမထကမ္မဋ္ဌာန်းကို ဘုရားထံတောင်းခြင်း

မေတ္တာပို့ အမျှဝေပြီးနောက် မြတ်စွာဘုရားသခင်ထံ အာနာပါန သမထကမ္မဋ္ဌာန်းကို တောင်းရမည်။ ကမ္မဋ္ဌာန်း တောင်းရာ၌ မြန်မာစကားဖြင့် ဖြစ်စေ၊ ပါဠိစကားဖြင့်ဖြစ်စေ ကြိုက်နှစ်သက်ရာ တစ်ခုခုဖြင့် တောင်းခံလျှင် ဖြစ်နိုင်ပါသည်။

မြန်မာစကားဖြင့် ဘုရားထံတောင်းခံခြင်း

အရှင်မြတ်ဘုရား တပည့်တော်သည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်းအကျိုးငှာ အာနာပါနသမထကမ္မဋ္ဌာန်းကို တောင်းခံပါ၏။ တပည့်တော်အား သနားသဖြင့် ပေးတော်မူပါဘုရား။

ပါဠိစကားဖြင့် ဘုရားထံတောင်းခံခြင်း

အဟံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ အာနာပါနသမထ ကမ္မဋ္ဌာနံ ယာစာမိ။ ဒေထ မေဘန္တေ တံ ကမ္မဋ္ဌာနံ အနုကမ္ပံ ဥပါဒါယ။

ဒုတိယမ္ပိ၊ အဟံ ဘန္တေ ..... ဥပါဒါယ။

တတိယမ္ပိ၊ အဟံ ဘန္တေ ..... ဥပါဒါယ။

အနက်။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ သံသာရ ဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှာ။ အာနာပါန ကမ္မဋ္ဌာန်း၊ အာနာပါန သမထကမ္မဋ္ဌာန်းကို။ ယာစာမိ၊ တောင်းခံပါ၏။ ဘန္တေ၊ အရှင်ဘုရား။ အနုကမ္ပံ၊ အစဉ်သနားခြင်းကို။ ဥပါဒါယ၊ အကြောင်းပြု၍။ မေ၊ တပည့်တော်အား။ တံ ကမ္မဋ္ဌာနံ၊ ထိုကမ္မဋ္ဌာန်းကို။ ဒေထ၊ ပေးသနားတော်မူပါဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဒေထ၊ ပေးသနားတော်မူပါဘုရား။

တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဒေထ၊ ပေးသနားတော်မူပါဘုရား။

(၇) အပြစ်ကြီး အပြစ်ငယ်တို့ကို ခွင့်လွှတ်ရန် တောင်းပန်ခြင်း

အစမထင် သံသရာအတွင်းတွင် ကျင်လည်ခဲ့ရာ၌ မပြစ်မှားသင့်သော အရိယာပုဂ္ဂိုလ်တို့အား ပြစ်မှားမိခဲ့သည်ရှိသော် ယင်းအပြစ်များမှ ချမ်းသာပေးရန် ရှိသေစွာ ရှိခိုးတောင်းပန်ရမည်။ ယင်း အပြစ်များသည် မင်္ဂ၊ ဖိုလ်၊ နိဗ္ဗာန်၏ အတားအဆီးအနှောင့်အယှက် ဖြစ်သောကြောင့် ဖြစ်ပါသည်။ မိမိကို ပြစ်မှားကျူးလွန်သူများရှိလျှင်လည်း ခွင့်လွှတ်ကြောင်း ပြောဆိုရမည်။

(၈) သင့်တင့်လျောက်ပတ်သည့် ထိုင်နည်းကို ရွေးချယ်ခြင်း

အာနာပါန သမထကမ္မဋ္ဌာန်းကို ထိုင်ရာ၌ ယောကျ်ားယောဂီဖြစ်လျှင် မဟာသတိပဋ္ဌာန်ပါဠိတော် လာသည့်အတိုင်း မဟာပလ္လင်ခွေထိုင်နည်းကို ထိုင်ရမည်။ မဟာပလ္လင်ခွေ ထိုင်နည်းဆိုသည်မှာ ဘယ်ဘက်ခြေကို အောက်ကထား၊ ညာဘက်ခြေကို အပေါ်ကထား၍ အထက်ပိုင်းကို အလိုက်သင့် ဖြောင့်မတ်စွာ ထားရမည်။ တင်ပျဉ်ခွေထက်တွင် ဘယ်လက်ကို အောက်ကထား၊ ညာလက်ကို အပေါ်ကတင်ကာ လက်မချင်းထိ၍ မျက်လွှာချပြီး ထိုင်ခြင်းကို ဆိုလိုပါသည်။ သို့ရာတွင် ကြာမြင့်စွာ နေထိုင်နိုင်အောင် ခြေသလုံးချင်းမထပ်ဘဲ အလိုက်သင့် ထိုင်ကောင်းသလို ထိုင်နိုင်ပါသည်။ ထိုင်သောအခါ တောင့်၍မထိုင်ပါနှင့်၊ အားမစိုက်ပါနှင့်၊ စိတ်ကို တင်းမထားပါနှင့်၊ မိန်းမယောဂီဖြစ်လျှင် မိထွေးတော်ဂေါတမီစသည်တို့ထိုင်သော အဒ္ဓပလ္လင်ခွေ ထိုင်ခြင်းကို ထိုင်ရမည်၊ အဒ္ဓပလ္လင်ခွေထိုင်နည်းဆိုသည်မှာ ယခုကာလ အမျိုးသမီးများ ကြွဲကြွဲ ပုဆစ်တုပ်ထိုင်သကဲ့သို့ ထိုင်နည်းကို ဆိုလိုပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အောက်ဖော်ပြပါ လိုရင်းတိုရှင်းတရားတော်အတိုင်း လိုက်နာ

http://www.dhammadownload.com

ကျင့်ကြံကြရန် ဖြစ်ပါသည်။

နိဗ္ဗာန်လိုချင်လျှင် လေးပိုင်း ပိုင်းပုံအကြောင်း

၁၂၆၉ ခုနှစ်၊ ကဆုန်လ၊ နွေရာသီတွင် ဓနုဖြူမြို့ ယာယီတဲကျောင်း၌ မင်းကတော်ကြီး တစ်ဦးနှင့် မင်္ဂလာမုန်ကျောင်းအမ ဒေါ်သန်း (ထိုအခါ အသက် ၁၇နှစ်) တို့ အမှူးပြု၍ တရားဟောကြားသည်မှာ– နိဗ္ဗာန်ရောက်ချင်လျှင် အလိုလိုတော့ မရောက်ဘူး။ အလုပ်လုပ်ရမယ်။ လုပ်ရမှာက တခြားမှာ မရှိဘူး။ မိမိကိုယ်ထဲမှာပဲ ရှိတယ်။ မိမိကိုယ်ကို လေးပိုင်း ပိုင်းထားဖို့ကို ပြောတာ။ လေးပိုင်း ပိုင်းပြီးမှ တစ်ပိုင်းစီ တစ်ပိုင်းစီ သဘောပေါက်အောင် ရှုရမယ်။

မိမိကိုယ်ကို (၁) ဦးခေါင်း တစ်ပိုင်း၊
(၂) ကိုယ်ကြီးက တစ်ပိုင်း၊
(၃) လက်က တစ်ပိုင်း၊
(၄) ခြေက တစ်ပိုင်း၊

ဒါကို ပိုင်းရမယ်။ ရှေးဦးစွာ ဦးခေါင်းပိုင်းကို ဉာဏ်စိုက်ကြည့်ပါ။ လည်ပင်းအထက် ဦးခေါင်းထဲမှာ ဘာတွေရှိသလဲ။ ဦးနှောက်ရှိတယ်။ ဦးခေါင်းခွံကြီးရှိတယ်။ ဆံပင်တွေ ရှိတယ်။ အကြောတွေ ရှိတယ်။ မျက်ဝန်းတို့၊ နှပ်တို့၊ နဖာချေးတို့လည်း ရှိတယ်။ နှစ်သက်စရာ မြတ်နိုးစရာ ဘာများ ရှိသလဲ။ အသေးစိတ် ထပ်ကြည့်ရင် ဦးခေါင်းထဲမှာ ပိုးမျိုး ၈၀ အပါအဝင် ပိုးတွေ အများကြီး ရှိတယ်။ ဒီပိုးကောင်တွေဟာ ဦးခေါင်းထဲမှာပဲ မွေးဖွားကြတယ်။ ဦးခေါင်းထဲမှာ မွေးဖွားကြ၊ ဦးခေါင်းထဲမှာပဲ ပေါင်းသင်း နေထိုင်ကြတယ်။ ဦးခေါင်းထဲမှာပဲ နာကြ သေကြတယ်။ ဦးခေါင်းကြီးဟာ သူတို့ရဲ့ မွေးဖွားရာ ပျော်မြူးရာနေရာ သားဖွားရုံ ဆေးရုံ သုသာန် သရဲမြိုင်းကြီးပေါ့။

လူတွေကသာ ငါ့ခေါင်း ငါ့ခေါင်းလို့ထင်ပြီး ခင်မင်တွယ်တာ လုပအောင် တန်ဆာဆင်နေကြတယ်။ အမှန်ကတော့ ပိုးမျိုး ၈၀ တို့၏ သားဖွားရုံကြီး၊ ဆေးရုံကြီး၊ သရဲမြိုင်းကြီးပါကလား။ အဲဒီလို သဘောပေါက်ရမယ်။ သဘောပေါက်လာတဲ့အခါ ဦးခေါင်းကို ခင်မင်တွယ်တာတဲ့ တဏှာ၊ ငါ့ဦးခေါင်းပဲလို့ ခင်မင်ယူမှားတဲ့ဒိဋ္ဌိ၊ ဦးခေါင်းကို အားထားပြီး ကြွားချင် မော်ချင်တဲ့မာန၊ အဲဒီတရားဆိုးတွေ အားနည်းသွားလိမ့်မယ်။

နောက် ကိုယ်အပိုင်းကိုလဲ ဆင်ခြင်ရဦးမယ်။ ကိုယ်ထဲမှာ အရိုး၊ အသား၊ အကြော၊ အဆုတ်၊ အသည်း၊ နှလုံး၊ အဖျင်း (သရက်ရွက်)၊ အူမကြီး၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ပြည်၊ သွေး၊ ချွေး၊ ဆီကြည်၊ အဆီခဲ၊ သလိပ်၊ ကျင်ငယ်၊ ဒီအပိုင်းမှာ ပိုးမျိုး ၈၀ တို့ အလွန် ပျော်ကြတယ်။ နေရာကလဲ ကျယ်ဝန်းတယ်။ အစားအသောက်တွေကလဲ ပြည့်စုံတယ်။ ပိုးမျိုး ၈၀ တို့ရဲ့ ရေကြည်ရာ မြက်နုရာပေါ့။ ခန္ဓာကိုယ် ဒီအပိုင်းကို လူတွေက အလွန်အထင်ကြီးကြတယ်။ ငါ အားရှိတယ်၊ ဉာဏ်ရှိတယ်၊ လှပပြည့်ဖြိုးတယ်ဆိုပြီး အဝတ်ကောင်း အမျိုးမျိုးနှင့် အဖိုးတန် ရတနာတွေ ဆွဲကြ ဆင်ကြတယ်။ အမှန်မှာတော့ ပိုးမျိုး ၈၀ တို့ရဲ့ သရဲမြိုင်းကြီးကို တန်ဆာဆင်နေကြတာပဲ။ ဒါကို သဘောပေါက်ဖို့ အရေးကြီးတယ်။

နောက် လက်အပိုင်း ခြေအပိုင်းတို့ကို ဆက်ဟောလေ၏။

တစ်ဖန်ဆက်၍ ခန္ဓာကိုယ်ကြီးထဲမှာ ၈၀ သော ပိုးမျိုးတွေ နေထိုင်ကြတယ်။ သေဆုံး ပျက်စီးကြတယ်။ ပိုးမျိုး ၈၀ တို့ရဲ့ အလောင်းကောင်များကို တစ်ခြားနေရာမှာ သင်္ကြိုဟ်တာ မဟုတ်ဘူး။ ဒီခေါင်း၊ ကိုယ်၊ လက်၊ ခြေထောက်ထဲမှာပဲ သင်္ကြိုဟ်တယ်။ သူတို့ရဲ့ သရဲမြိုင်းကြီးပေါ့။ ဘယ်မှာလဲ နှစ်သက်စရာ၊ မြတ်နိုးစရာ။ ခုပြောခဲ့တဲ့အတိုင်း အပိုင်းကြီး ၄ ပိုင်းစလုံးကို ခြံကြည့်လိုက်ရင် ငါ့ကိုယ်လို့ ဆိုစရာ ရှိသေးရဲ့လား။ သူတစ်ပါး

http://www.dhammadownload.com

ခန္ဓာကိုယ်များလဲ ဒီအတိုင်းပဲ။ ဒီလို ကောင်းကောင်း မြင်လျှင် နိဗ္ဗာန်သွားဖို့လမ်းစ ရောက်ပြီ။ နေ့တိုင်း ဒီ သင်္ချိုင်းကြီးကို အဖိုးတန်ပစ္စည်းများနှင့် တန်ဆာ ဆင်နေကြတာပဲ။ ဒီလို သဘောပေါက်တော့ မိမိ ကိုယ်ကို နှစ်သက်တွယ်တာတဲ့ တဏှာ၊ သူတစ်ပါး ကိုယ်ကို နှစ်သက်တွယ်တာတဲ့ တဏှာတွေဟာ အား နည်းသွားနိုင်တယ်။ တဏှာ အားနည်းဖို့ အရေး ကြီးတယ်။ နိဗ္ဗာန်ဆိုတာ တဏှာကင်းရာ ချုပ်ရာပဲ။

အဲဒီလို သဘောမိအောင် ဆင်ခြင်နိုင်ခြင်းဟာ မဂ္ဂင်ဖြစ်တယ်။ မဂ္ဂင်ဆိုတာ နိဗ္ဗာန်သွားရာလမ်းလို့ ခေါ်တယ်။ ဒီအတိုင်း ဆက်ပြီး ပွားများပေတော့။ တစ်စတစ်စ ဉာဏ်ရင့်ပြီး အနိစ္စ ဒုက္ခ အနတ္တ သဘောတွေလည်း ထင်မြင်လာလိမ့်မယ်။ မပြတ် မလပ်ကြိုးစားသွားလျှင် သာသနာတော်ကိုလည်း အထူး ကြည်ညိုလာလိမ့်မယ်။ နိဗ္ဗာန်သို့လည်း ဧကန် မျက်မှောက်ပြုနိုင်ပါလိမ့်မယ်။

"အထွေထွေ ဩဝါဒများ"

သူ့အသက် မသတ်နှင့်၊ သူ့ဥစ္စာ မခိုးနှင့်၊ သန်းဥမတုပ်နှင့် ငရဲကြီးသည်၊ သရက်စိုက်မှ အချိုသီးသည်။ တမာစိုက်လျှင် အခါးသီးသည်။ ရတနာ သုံးပါးကို အစစ်အမှန်ဟု ယုံကြည်ကြ။ ဤအနေမျှ ဟောပြီးလျှင် သွားကြ၊ သွားကြဟု မိန့်ဆိုလေ့ ရှိ သည်။ တရားနာရသူတို့ကား တစ်သက်လုံး မမေ့နိုင် ကြ။ သန်းဥ မတုပ်နှင့်ကိုပင် နှစ်သက်စွာ ထိတ်လန့် ကုန်၏။ တစ်ခါတစ်ရံကား ရူပက္ခန္ဓာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသည်ဖြင့် ခန္ဓာငါးပါး၊ ဝိပဿနာ ထင်ပုံမျှ လောက် ချပေးလေသည်။ သုံးဝါခန့် အတူနေဖူး သော မထေရ်တစ်ပါး အဆိုကား 'ဘုန်းတော်ကြီး အမြဲလက်သုံး နှလုံးသွင်းတရားသည် ငါတို့သိသော နည်းနှင့်မကွာလှ၊ မဆုတ်မနစ် စွန့်စားခြင်းနှင့် ဖြောင့် စင်းခြင်းမျှသာ ကွာသည်' ဟူ၏။

ဘယ်သူမှ မဟောသောတရား

၆၇ ခု၊ ပြာသိုလ ရွှေကျင်မြို့ တောင်ဘက် တံခွန်တိုင်ကျောင်း သိမ်သမုတ်သောအခါ တောင် ပေါ်မှ ကရင်ငါးယောက် ဘုန်းတော်ကြီးထံ ကန် တော့ပွဲ ငါးပွဲဖြင့် အဖူးအမြော်ရောက်လာ၏။ တောင် ပေါ်၌ မင်းတို့ကရင်တွေ ချမ်းသာသူ ပေါကြသလား၊ (မပေါပါ၊ ဆင်းရဲသူက သာ၍ များပါသည်။) ရေမိုး များကော ပြည့်စုံရဲ့လား။ (ပြည့်စုံပါသည်။ ကောင်း လဲ ကောင်းပါသည်။) ရေကောင်းပါလျှင် ဆင်းရဲတဲ့ လူတွေ ပိုက်ဆံမကုန်ဘဲ ကုသိုလ်ရအောင် ရေတစ် ခွက် နှစ်ခွက် ဘုရားကို နေ့တိုင်းလှူကြ။ ပန်းပွင့် မရသောအခါ သစ်ခက်ညွှန့်ကလေး ချိုးလှူကြ။ ဖယောင်းတိုင် မဝယ်နိုင်သောအခါ ကောက်ရိုးမီး ထည့်၍ ဘုရားကို ပူဇော်ကြဟု မိန့်တော်မူ၏။ ကရင် တို့မှာ ဤတရားမျိုးကို တစ်ပါးသော ပုဂ္ဂိုလ်များ ဟောတာ တစ်ခါမျှမကြားရစဘူးဟု အလွန် ဝမ်း မြောက်ကုန်သတတ်။

လန့်လိုက်လေကွယ် ဘိုးအင်ရယ်

ညောင်လေးပင်မြို့၌ ရှေ့နေဦးတိုးကြီး ပြောပြ ဖူးသည်မှာ ရွှေကျင်မြို့၌နေစဉ်က ငါတို့ ခြောက် အိမ်ကို စူဋ္ဌဂဏ္ဍိတွေဟု အများခေါ်ကြ၏။ ငါတို့ ကလည်း ဘုန်းကြီးတိုင်းကို ရှိမခိုး။ အပြစ်မတွေ့ လျှင်လည်း ကဲ့ရဲ့မိကြ၏။ တစ်နေ့သ၌ ဘုန်းတော် ကြီး မကြားတန်ဟု ဆွမ်းစားကျောင်းတွင် အလဇ္ဇီ ဒုဿီလ အပြစ်တွေကို စု၍ပြောနေကြစဉ် ဘုန်းတော် ကြီးက အနီးသို့ခေါ်၍ ဟဲ့ ငတိုး၊ ရှင်ဘုရင်တစ်ဦးမှာ သားတော်နှစ်ပါးရှိသည်။ အကြီးက တရားရှိ သူတော်ကောင်း၊ ချစ်ခင်သူပေါများသည်။ အငယ် ကား တရားမဲ့ သူယုတ်မာ မျက်မုန်းကျိုးသူ ပေါများ သည်။ ထိုသူယုတ်မာကလေးကို လက်ဖြင့် သွားပုတ် လျှင်ကော ဘယ်လိုဖြစ်မည်ထင်သလဲဟု မေး၏။ (လက်ဖြတ်ခံရပါလိမ့်မည်ဘုရား) ဟု အားရပါးရ

http://www.dhammadownload.com

ဖြေလိုက်မိ၏။ ခြေဖြင့်ကန်လျှင်ကော (ခြေဖြတ်ခံရ ပါလိမ့်မည်ဘုရား။) ဆဲရေးတိုင်းထွာလျှင်ကော (အာ ဟက်ခံရပါလိမ့်မည်ဘုရား။) ဘာဖြစ်လို့လဲဟဲ့ (ရှင် ဘုရင့်သားတော်မို့ပါဘုရား။) အေး သည်လိုသိလျှင် တော်ပြီ၊ ဘုရားရှင် သားတွေအပေါ်လည်း နင် သတိ ထားတတ်ရောပေါ့ဟု မိန့်တော်မူသကွဲ့။ လန့်လိုက် လေကွယ် မောင်ဘိုးအင်ရယ်ဟု ဦးတိုးကြီး ပြောပြသ တတ်။

[ညောင်လေးပင် တော်ပသီ ကျေးလက်သမဝါယမအသင်း ဥက္ကဋ္ဌ ဦးဘိုးအင်း]

ကျမ်းကိုး။

၁။ သမထဝိပဿနာဘာဝနာပွားများနည်း ဦးအုန်းလွင် B.A, B.L., M.A (ပထမကြိမ်)

၂။ ဦးသီလ ထေရပွတ္တိ ဝိဘာဝနီကျမ်း အရှင်ဓောတိပါလ (ကြခတ်ဝိုင်း) (အဂ္ဂမဟာပဏ္ဍိတ)

၃။ ဘုန်းတော်ကြီး ဦးသီလ ထေရပွတ္တိ ဦးအရိယ (ညောင်လေးပင်တောရ)

ဘုန်းတော်ကြီး ဦးသီလ၏ ဝိပဿနာရှုနည်းအကျဉ်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

ပခုက္ကူအရှေ့တိုက်ဆရာတော်ဘုရားကြီး

11/10/2010, 5:43 PM

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ပခုက္ကူမြို့အရှေ့တိုက်ဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

[၁၂၃၉-၁၃၂၀]

ဆရာတော်လောင်းလျာကို မြင်းခြံခရိုင် သယောက်စီရင်စု၊ ဇီးတောရွာတွင် အဘ ဦးပိန်ကျော်၊ အမိ ဒေါ်သောင်းတို့မှ ၁၂၃၉-ခုနှစ်၊ ဝါခေါင်လဆန်း၅ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသည်။ (၁၀)နှစ်သား အရွယ်တွင် ရွှေမြင်တင်ကျောင်းတိုက် ဆရာတော် ဦးစန္ဒိမာထံတွင် စတင်၍ ပညာသင်ကြားသည်။ (၁၂)နှစ်သားအရွယ်တွင် ရှင်သာမဏေဖြစ်သည်။ ဘွဲ့တော်မှာ အရှင် ဇဝနဖြစ်သည်။ အသက် (၁၉)နှစ် (၃)လတွင် ရွှေမြင်တင်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိသည်။

ရဟန်း ၂-ဝါအရွတွင် ပခုက္ကူ ရေစကြို ဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရထံ ရောက်ရှိ၍ ပညာသင်ယူသည်။ ရဟန်း (၃) ဝါမှ (၈) ဝါ အထိ မန္တလေးမြို့ ဘုရားကြီးတိုက်၊ အရှေ့ပြင် ခင်မကန်တိုက်၊ အနောက်ပြင် မိုးကောင်းတိုက်တို့၌ နေ့ဝါ, ညဝါများ သင်ယူသည်။ (၈)ဝါမှ (၂၃)ဝါအထိ မဟာဝိသုတာရာမကြီး၌ (၁၅)နှစ်တိုင်တိုင် သီတင်းသုံးတော်မူ၍ စာပေပို့ချတော်မူသည်။ (၂၃)ဝါအရတွင် မဟာဝိဇယာရာမတိုက်ကြီးကို တည်ထောင်၍ ပိဋကတ်သုံးဖြာကို ပါဠိ, အဋ္ဌကထာ, ဋီကာ တွဲဖက်၍ ပို့ချတော်မူသည်။

ဆရာတော်သည် ဝိနည်းပါဠိတော် (၅-ကျမ်း)၊ နိဿယ, သံယုတ်ပါဠိတော် (၅-ကျမ်း)၊ နိဿယ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာနိဿယ၊ ပေဋကဝတ္ထု ဝိသောဓနီနိဿယ စသည့် ကျမ်းပေါင်း ၃၁ ကျမ်း ပြုစုခဲ့ကြောင်း ကိုယ်တိုင်ရေး ထေရပွတ္တိ၌ ဖော်ပြထားခဲ့ပါသည်။

နိုင်ငံတော်အစိုးရက ၁၂၉၀-ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၁၃၁၈-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ဆဋ္ဌသင်္ဂါယနာပွဲကြီးတွင် သံဃနာယက၊ ဩဝါဒါစရိယ တာဝန်တို့ကို ထမ်းဆောင်ခဲ့ပြီး သက်တော် (၈၂)နှစ်၊ ဝါတော် (၆၃)ဝါအရ ၁၃၂၀-ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၇-ရက်နေ့တွင် ဘဝနတ်ကျောင်းသို့ ရွှေ့ပြောင်းတော်မူခဲ့ပါသည်။

ထေရပွတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ပခုက္ကူမြို့အရှေ့တိုက်ဆရာတော်ဘုရားကြီး၏
သြဝါဒတော်

အနိစ္စ လက္ခဏာ, ဒုက္ခ လက္ခဏာ, အနတ္တ လက္ခဏာတို့ကို မထင် မမြင်နိုင်ဘဲနှင့် မဂ်,ဖိုလ်မရ။ ထင်မြင်မှ မဂ်,ဖိုလ်ရသည်ဖြစ်၍ အနိစ္စလက္ခဏာ ထင်မြင်အောင်, ဒုက္ခလက္ခဏာ ထင်မြင်အောင်, အနတ္တ လက္ခဏာ ထင်မြင်အောင် ဆင်ခြင် နှလုံးသွင်းကြကုန်ရာသည်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ပခုက္ကူမြို့အရှေ့တိုက်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ကမ္မဋ္ဌာန်းထိုင်နည်း

ဝိသုဒ္ဓိမဂ်လာအတိုင်း အခြေကြီးကြီးနှင့် အကျယ်ကြီးရေးထားပါလျှင် တော်တော်နှင့် ကမ္မဋ္ဌာန်းထိုင်ဖြစ်မည် မထင်။

ရက်ရှည် ဥပုသ်စောင့်ထွက်နိုင်မှ-
ခွင့်လ-ရက်တည်းကျမှ-
ပင်စင်ရမှ-ကမ္မဋ္ဌာန်း ထိုင်တော့မလိုလို။

ရွာကျောင်း ဘုန်းကြီးများလည်း အရည်ဝါသီ ကေစာရီ နေထိုင်နိုင်မှ ကမ္မဋ္ဌာန်းထိုင်တော့ မလိုလို နှင့်-

ကမ္မဋ္ဌာန်း မထိုင်ဖြစ်ဘဲ နေလိမ့်မည်ထင်သည်။

သို့ဖြစ်၍ ဘယ်မှာပဲနေနေ၊ ဘယ်အလုပ်ကိုပဲ လုပ်လုပ်၊ အိမ်မှာနေတုန်း၊ ရွာကျောင်းမှာနေတုန်း၊ နေ့စဉ် ဝတ်ထား၍ တစ်နေ့လျှင် တစ်နာရီ နှစ်နာရီ လောက် ရဟန်း, ရှင်, လူ မည်သူမဆို အောက်ပါ ကမ္မဋ္ဌာန်းထိုင်နည်းဖြင့် ကမ္မဋ္ဌာန်းထိုင်ကြပါ။

ကမ္မဋ္ဌာန်းထိုင်ပုံ

မိမိတို့အိမ်မှာ၊ ရွာကျောင်းမှာ၊ တောကျောင်းမှာ၊ ဆိတ်ငြိမ်ရာဌာနဌ် တိတ်ဆိတ်သောအခါ အေးဆေးစွာနေ၍ ရဟန်းများမှာ ရှေးဦးစွာ ရှိခိုးပါ။ လူမှာ ငါးပါးသီလ ခံယူဆောက်တည်ပါ။

ပြီးလျှင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ဤဆောင်းပါးနောက်ဘက်မှာပါသည့် ဗုဒ္ဓါနုဿတိ ပုတီးစိပ်နည်းအတိုင်း ၁၀-မိနစ်လောက် စီးဖြန်းပါ။ ပြီးလျှင် မိမိရသော မေတ္တာပို့အတိုင်း ၁၀-မိနစ်လောက် မေတ္တာပို့ပါ။ မေတ္တာပို့ ကမ္မဋ္ဌာန်းကို စီးဖြန်းပါ။

ပြီးလျှင် အသုဘကမ္မဋ္ဌာန်းကို ၁၀-မိနစ်လောက် စီးဖြန်းပါ။

စီးဖြန်းပုံမှာ- "ဥဒ္ဓုမာတက-ဖူးဖူးရောင်ပုပ်စက်ဆုပ်ဖွယ်သော သူသေကောင်"ဟု သူသေကောင်အာရုံပြု၍ အဖန်တလဲလဲ စီးဖြန်းခြင်း, ဒွါရ ၉ ပေါက်က ယိုစီးကျသမျှ ရွံစရာတွေ၊ မစင်အိုး စက္ကူပုတ်ထားသကဲ့သို့ အတွင်းတစ်ကိုယ်လုံးမှာ ရွံစရာ မတင့်မတယ် ရွံစဖွယ်တွေ"ဟု လူရှင်၏ ကိုယ်ကိုလည်း စီးဖြန်းပါ။

ပြီးလျှင် မရဏာနုဿတိကမ္မဋ္ဌာန်းကို ၁၀-မိနစ်လောက် စီးဖြန်းပါ။

စီးဖြန်းပုံမှာ- "မရဏံ ဘဝိဿတိ။ မရဏံ၊ သေခြင်းသည်။ ဘဝဿတိ၊ မချွတ်ဖြစ်ရလိမ့်လတ္တံ့။ မရဏံ၊ သေရချိမ့်မည်-သေရချိမ့်မည်"ဟု စီးဖြန်းပါ။ ဆိုခဲ့ပြီးသော ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ,

http://www.dhammadownload.com

မရဏာနုဿတိ ဤလေးပါးကို "စတုရာရက္ခ-တရားလေးပါး"ဟု ခေါ်သည်။

ပြီးလျှင် "ကာမဂုဏ်၏ အပြစ်ကို= ကာမာဒီနဝ" ခေါ်သည်။ ၎င်း ကာမာဒီနဝကို ၁၀-မိနစ် လောက် ဆင်ခြင်ပါ။

ဆင်ခြင်ပုံမှာ- အပွသာဒါကာမာ၊ ဗဟုဒုက္ခာ ဗဟုပါယာသာ၊ အာဒီ နဝေါ ဇတ္တ ဘိယျော။

ကာမာ၊ ငါးဖြာအာရုံ ကာမဂုဏ်တို့သည်။ အပွသာ ဒါ၊ သာယာအပ်သော ချမ်းသာသုခ အနည်းငယ်မျှသာ ရှိ၏။ ဗဟုဒုက္ခာ၊ ဒုက္ခတွေက အဆအရာ၊ အဆအထောင် သာလွန်များပြားလှကုန်၏။ ဗဟုပါ ယာသာ၊ သက်ကြီး ရှိုက်တင်ငြင်းစွာပင်ပန်းခြင်းတွေက အဆအရာ၊ အဆအထောင် သာလွန်များပြားလှကုန်၏။ ဇတ္တ၊ ဤကာမဂုဏ်၌။ အာဒီနဝေါ၊ အပြစ်သည်။ ဘိယျော၊ များပြားလှချေ၏- စသည်ဖြင့် ဆင်ခြင်ပါ။

ပြီးလျှင် "ကာမဂုဏ်မှ ထွက်မြောက်၍ ရရှိသော အကျိုးအာနိသင်ကို=နေက္ခမ္မာနိသံသ" ခေါ်သည်။ ၎င်းနေက္ခမ္မာနိသံသကို ၁၀-မိနစ်လောက် ဆင်ခြင်ပါ။

ဆင်ခြင်ပုံမှာ- သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမော။

လောကေ၊ လောကဒ်၌။ ဝိရာဂတာ၊ ကာမဂုဏ်၌ မပျော်ပိုက်ခြင်း, ရာဂကင်းခြင်းသည်။ သုခါ၊ ချမ်းသာလှပေ၏။ ကာမာနံ၊ ကာမဂုဏ်တို့.ကို။ သမတိက္ကမော၊ လွန်မြောက်ခြင်းသည်။ သုခေါ၊ ချမ်းသာလှပေ၏-ဟု ဆင်ခြင်ပါ။

ပြီးလျှင်-

(က) စိတ်က ထူထောင်၍ သက်တော်ထင်ရှားဘုရားကိုယ်တော်မြတ်ကို ပင့်ပါ။

(ခ) မိမိ၏ ဦးခေါင်းကို ပလ္လင်တော်အမှတ်ဖြင့် လှူဒါန်းပါ။

(ဂ) ဘဝများစွာ သံသရာက မိုက်ချင်တိုင်း မိုက်၊ ရိုင်းချင်တိုင်း ရိုင်း၍နေသော တပည့်တော်၏ စိတ်မိုက်, စိတ်ရိုင်းကြီးကို ဆုံးမတော်မူပါဘုရားဟု လျှောက်ပါ။

(ဃ) ပြီးလျှင် တစ်နာရီ (သို့) နှစ်နာရီအတွင်း "ငါ၏စိတ်သည် အခြားသို့ မထွက်-မသွားစေရ"ဟု စိတ်ကို ဆောက်တည် မိန္ဒြာန်ထားလိုက်ပါ။

ဤ က, ခ, ဂ, ဃ အချက်များမှာ ဝိသုဒ္ဓိမဂ်၌ မလာပါ။ သင့်လျော်၏ဟု ဖြည့်စွက်လိုက်သော အစီအစဉ်မျှသာတည်းဟု မှတ်။

ပြီးလျှင် ခန္ဓာငါးပါး ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပါ။

စီးဖြန်းပုံမှာ-နောက်တွင် ဖော်ပြထားသည့် ခန္ဓာငါးပါး ပုတီးစိပ်နည်းအတိုင်း စီးဖြန်းပါ။ ကမ္မဋ္ဌာန်းထိုင်ပါ။ တစ်နာရီ၊ နှစ်နာရီလောက်ရှိတော့ တော်ချင်တော်ပါ။

ရွှေအိုး, ငွေအိုးကြီးများကို ကောက်၍ရဘိသကဲ့သို့ ပီတိ-သောမနဿ မြောက်မြားစွာ အားရနှစ်သက်ရွှင်လန်း, ဝမ်းမြောက်ဝမ်းသာ ဤကမ္မဋ္ဌာန်းထိုင်နည်း စီးဖြန်းနည်းအတိုင်း စီးဖြန်းပါ။

တစ်နေ့ တစ်နေ့လျှင် ခြောက်သိန်းကုန် ခြောက်သိန်းကုန် လှူဒါန်း၍နေသော ဘုရားလောင်းရှင်ဘုရင်များ၏ အလှူကြီးထက် အထက်တန်း ကျသည်။ သာသနာပ ဈာန်အဘိညာဉ်ရ ရသေ့တို့ထက် အထက်တန်းကျသည်။ ဒိဋ္ဌမင်္ဂကာယသုခ, စိတ္တသုခ အကျိုးရသည်။ ယခုဘဝ မဂ်, ဖိုလ်ကို ရနိုင်၏။ ယခုဘဝ မဂ်, ဖိုလ်ကို ရနိုင်၏။ ယခုဘဝ မဂ်, ဖိုလ်ရလျှင် သေသော် သုဂတိဘဝ ဧကန်ရ၏။

ပုတီးစိပ်နည်းများ

သီတင်းနေ့မှတစ်ပါး အခြားသော နေ့များ၌ ကိုယ့်ကျောင်းမှာကိုယ် စုဝေး၍ ဘုရားဝတ်တက်ကြရ၏။ သီတင်းနေ့တိုင်း ကျောင်းကြီးမှာ တစ်တိုက်

http://www.dhammadownload.com

လုံး စုဝေး၍ ဘုရားဝတ်တက်ကြ၏။ ဝတ်တက်ကြပြီးနောက် နေရေး-ထိုင်ရေး၊ တိုက်ရေး-တာရေး ရှိသမျှ ပြောဆိုဆုံးမ သြဝါဒဖြင့် တရားဓမ္မ နည်းလမ်းပြတော်မူကြခြင်းသည် တိုက်ကြီး-တာကြီး၊ အကြီးအချုပ် ဥက္ကဋ္ဌ ပြုလုပ်တော်မူကြသော ရှေးရှေးသော ဆရာတော်ဘုရားကြီးတို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာတော်ကြီးပေတည်း။

ငင်း ရှေးရှေးသော ဆရာတော်ဘုရားကြီးတို့၏ နည်းလမ်း စည်းကမ်းအတိုင်း ပခုက္ကူမြို့၊ အရှေ့တိုက် ဆရာတော်ဘုရားကြီးသည်လည်း ဝါတွင်း-ဝါပ သီတင်းနေ့ ညတိုင်း တစ်တိုက်လုံး ဝတ်တက်, ဝတ်ကပ်ကြပြီးနောက် တပည့်တပန်း ရဟန်းသံဃာတော်တို့ကို ပဓာနထား၍ တရားဓမ္မ သြဝါဒဖြင့် ဆုံးမပေးတော်မူသည်။

ထိုအခါ လူဒါယကာ, ဒါယိကာမတို့လည်း တရားနာ လာရောက်ကြ၍ ရဟန်း, ရှင်, လူ ပြည်သူတို့အား လွန်စွာ ကျေးဇူးများလှပေကြောင်း။

ငင်းဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်များအနက် ပုတီးစိပ်နည်းများကို အကျဉ်းအားဖြင့် ဖော်ပြရေးသားပေအံ့။

ရဟန်းတို့မှာ ပဋိသန်ဓေယောနိသော-အစရှိသော မဟာပစ္စဝေက္ခဏာကို စ၍စိပ်ပြီးလျှင် သရဏဂုံ ပုတီးစိပ်နည်း စသည်စိပ်။ လူတို့မှာ သရဏဂုံ ပုတီးစိပ်နည်းက စ၍စိပ်။

(၁) အထက်စဉ်ကူးစားမင်းလက်ထက် မန်လည်သာသနာပိုင် ဆရာတော်ဘုရားကြီးကား ပဋိသန်ဓေယောနိသော စသော ပါဠိပုဒ်, ပါဠိကို ရွတ်တော်မမူ၊ အနက်အဓိပ္ပာယ်ကိုသာ ဆင်ခြင် နှလုံးသွင်းတော်မူသည်။

(၂) အနက်အဓိပ္ပာယ်မထင် ပါဠိသက်သက် ဆင်ခြင်လျှင် ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းကိစ္စ မပြီးသေးဟု အချို့ဆရာတော်ကြီးများ ဆုံးဖြတ်တော်မူကြကုန်၏။

(၃) ပဌင်းခံရာ ဥတ်ကမ္မဝါ၏ အဓိပ္ပာယ်ကို မသိသော်လည်း ရဟန်းဖြစ်သကဲ့သို့ အနက်အဓိပ္ပာယ်ကို မသိသော်လည်း ပါဠိဖြင့် ဆင်ခြင်လျှင် ပစ္စဝေက္ခဏာ ဆင်ခြင်းခြင်းကိစ္စ ပြီး၏။ (ပထမဆင်တဲဆရာတော် ဘုရားကြီး၏ ဝါဒ။)

(၄) ပါဠိကို ဆင်ခြင်ရုံမျှဖြင့်, အနက်ကို ဆင်ခြင်ရုံဖြင့်, အဓိပ္ပာယ်ကို ဆင်ခြင်ရုံဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်းခြင်းကိစ္စ မပြီးသေး။ ပစ္စည်းလေးပါး၌ ငြိတွယ်သော တဏှာပါး အောင် တဒင်္ဂအားဖြင့် ပယ်နိုင်အောင် အနက်အဓိပ္ပာယ် ထင်ထင်မြင်မြင် ဆင်ခြင်နိုင်မှ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်းကိစ္စပြီးသည်။ (ပခုက္ကူ အရှေ့တိုက် ဆရာတော်ဘုရားကြီး၏ ဝါဒ။)

ခန္ဓာငါးပါး ပုတီးစိပ်နည်းကို ဆိုပေအံ့

ခန္ဓာငါးပါး ပုတီးစိပ်လိုသော်-မစိပ်မီ ခန္ဓာခွဲကို စဉ်းစားဆင်ခြင် ထင်မြင်အောင် လုပ်ရသေး၏။

ခန္ဓာငါးပါး ခွဲဝေပုံမှာ...

ခန္ဓာဟူသည် အစုအပုံကို ခေါ်သည်။

ရူပက္ခန္ဓာ = ရုပ်အစု၊ ရုပ်အပုံ။
ဝေဒနက္ခန္ဓာ = ဝေဒနာအစု၊ ဝေဒနာအပုံ။
သညက္ခန္ဓာ = သညာအစု၊ သညာအပုံ။
သင်္ခါရက္ခန္ဓာ = သင်္ခါရအစု၊ သင်္ခါရအပုံ။
ဝိညာဏက္ခန္ဓာ = ဝိညာဉ်အစု၊ ဝိညာဉ်အပုံ- ဟု အဓိပ္ပာယ်ကို သိရမည်။

ခန္ဓာခွဲ

ရုပ်အဋ္ဌဝီသကို ရူပက္ခန္ဓာ ခေါ်။

အာရုံကိုခံစားတတ်သော ဝေဒနာစေတသိက်ကို ဝေဒနက္ခန္ဓာခေါ်။

အဖြူ, အနီ စသည်ကို မှတ်တတ်သော

http://www.dhammadownload.com

သညာ စေတသိက်ကို သညက္ခန္ဓာ ခေါ်။
ဖဿ, ဝေဒနာ စသော စေတသိက်များကို သင်္ခါရက္ခန္ဓာ ခေါ်။
စိတ်ကို ဝိညာဏက္ခန္ဓာ ခေါ်။
ဤသို့ စဉ်းစားဆင်ခြင် ထင်မြင်အောင်လုပ်ပြီးမှ ပုတီးစိပ်ရမည်။

ပုတီးစိပ်ပုံ

(၁) ရူပက္ခန္ဓာ အနိစ္စ၊ ပါးစပ်ကမြည်၊ လက်က ပုတီးတစ်လုံးစိပ်။
စိတ်ထဲက ရုပ်အစု မမြဲ–ဟု သိ။ တစ်ပတ်ရအောင်စိပ်။

(၂) ရူပက္ခန္ဓာ ဒုက္ခ–ဟု စိပ်။
ရုပ်အစု ဆင်းရဲ၏–ဟု သိ။ တစ်ပတ်ရအောင်စိပ်။

(၃) ရူပက္ခန္ဓာ အနတ္တ–ဟု စိပ်။
ရုပ်အစု ကိုယ်မဟုတ်၊ အလိုသို့မလိုက်၊ အစိုးမရ၊ အနှစ်သာရမရှိ–ဟု သိ။ တစ်ပတ်ရအောင် စိပ်။

(၁) ဝေဒနာက္ခန္ဓာ အနိစ္စ–ဟု စိပ်
ဝေဒနာအစု မမြဲ–ဟု သိ။ တစ်ပတ်။

(၂) ဒေဝနက္ခန္ဓာ ဒုက္ခ–ဟု စိပ်။
ဝေဒနာအစု ဆင်းရဲ၏–ဟု သိ။ တစ်ပတ်။

(၃) ဝေဒနက္ခန္ဓာ အနတ္တ–ဟု စိပ်။
ဝေဒနာအစု ကိုယ်မဟုတ်–ဟု သိ။ တစ်ပတ်။

(၁) သညက္ခန္ဓာ အနိစ္စ–ဟု စိပ်
သညာအစု မမြဲ–ဟု သိ။ တစ်ပတ်။

(၂) သညက္ခန္ဓာ ဒုက္ခ–ဟု စိပ်။
သညာအစု ဆင်းရဲ၏–ဟု သိ။ တစ်ပတ်။

(၃) သညက္ခန္ဓာ အနတ္တ–ဟု စိပ်။
သညာအစု ကိုယ်မဟုတ်–ဟု သိ။ တစ်ပတ်။

(၁) သင်္ခါရက္ခန္ဓာ အနိစ္စ–ဟု စိပ်
သင်္ခါရအစု မမြဲ–ဟု သိ။ တစ်ပတ်။

(၂) သင်္ခါရက္ခန္ဓာ ဒုက္ခ–ဟု စိပ်။
သင်္ခါရအစု ဆင်းရဲ၏–ဟု သိ။ တစ်ပတ်။

(၃) သင်္ခါရက္ခန္ဓာ အနတ္တ–ဟု စိပ်။
သင်္ခါရအစု ကိုယ်မဟုတ်ဟု သိ။ တစ်ပတ်။

(၁) ဝိညာဏက္ခန္ဓာ အနိစ္စ–ဟု စိပ်
ဝိညာဉ်အစု မမြဲ–ဟု သိ။ တစ်ပတ်။

(၂) ဝိညာဏက္ခန္ဓာ ဒုက္ခ–ဟု စိပ်။
ဝိညာဉ်အစု ဆင်းရဲ၏–ဟု သိ။ တစ်ပတ်။

(၃) ဝိညာဏက္ခန္ဓာ အနတ္တ–ဟု စိပ်။
ဝိညာဉ်အစု ကိုယ်မဟုတ်–ဟု သိ။ တစ်ပတ်။

ခန္ဓာငါးပါး အစိတ်အစိတ် ပုတီးစိပ်နည်းပြီး၏။

× × ×

ခန္ဓာငါးပါးလုံးပေါင်း၍ ပုတီးစိပ်နည်းကို ဆိုပေအုံ့

(၁) ပဋ္ဌက္ခန္ဓာ မေ အနိစ္စ–ဟု စိပ်
ငါ၏ခန္ဓာငါးပါး မမြဲ–ဟု သိ။ တစ်ပတ်။

(၂) ပဋ္ဌက္ခန္ဓာ မေ ဒုက္ခ–ဟု စိပ်။
ငါ၏ ခန္ဓာငါးပါး ဆင်းရဲ၏–ဟု သိ။ တစ်ပတ်။

(၃) ပဋ္ဌက္ခန္ဓာ မေ အနတ္တ–ဟု စိပ်။
ငါ၏ ခန္ဓာငါးပါး ကိုယ်မဟုတ်–ဟု သိ။ တစ်ပတ်။

မိမိ၏ ခန္ဓာငါးပါးကိုပေါင်း၍ ပုတီးစိပ်ရသည်။

အားလုံး ခန္ဓာငါးပါးကိုပေါင်း၍ စိပ်ပုံမှာ

(၁) ပဋ္ဌက္ခန္ဓာ အနိစ္စ–ဟု စိပ်
ခန္ဓာငါးပါး မမြဲ–ဟု သိ။ တစ်ပတ်။

(၂) ပဋ္ဌက္ခန္ဓာ ဒုက္ခ–ဟု စိပ်။
ခန္ဓာငါးပါး ဆင်းရဲ၏–ဟု သိ။ တစ်ပတ်။

(၃) ပဋ္ဌက္ခန္ဓာ အနတ္တ–ဟု စိပ်။
ခန္ဓာငါးပါး ကိုယ်မဟုတ်–ဟု သိ။ တစ်ပတ်။

ခန္ဓာငါးပါးပေါင်း၍ပုတီးစိပ်နည်းပြီး၏။

http://www.dhammadownload.com

ကြဲချောင်းကြီးကို အဖျားမှစ၍ အရင်းတိုင်အောင် သုံးဆောင်ဘိသကဲ့သို့ ဤခန္ဓာငါးပါးပုတီးစိပ်နည်း စီးဖြန်းနည်းများကို စ၍ စိပ်သည် က, စီးဖြန်းသည်ကစ၍ တစ်နေ့ထက်တစ်နေ့ တစ်ခါထက်တစ်ခါ၊ တစ်ပတ်ထက်တစ်ပတ် ဓမ္မသာရတိုး၍ တိုး၍လာလိမ့်မည်။

ဓမ္မပီတိ သုခံသေတိ။ (ဓမ္မပဒပါဠိတော်။)

ဓမ္မပီတိ– တရားအမြိုက်, တစ်ကြိုက်တစ်ပေါက် သောက်ရသော သူမှာ။ သုခံ– ချမ်းသာစွာ။ သေတိ–အိပ်ရနေရ၏။

ဝိပဿနာ ပုတီးစိပ်နည်းတို့တွင်
အပါအဝင်ဖြစ်သော
ခန္ဓာငါးပါး ပုတီးစိပ်နည်း ပြီး၏။

× × ×

ဓာတ် ၆-ပါး ပုတီးစိပ်နည်းကို ဆိုပေအံ့

ဤ ဓာတ် ၆-ပါး ပုတီးစိပ်နည်းသို့ မရောက်မီ ရှေးဦးစွာ စဉ်းစားဉာဏ်, အသိဉာဏ် ဖြစ်ဖို့ရန် ဓာတ် ၆-ပါးတို့၏ သရုပ်သဘောကို အသေးစိတ်, အနုစိတ်၍ ထင်အောင်, မြင်အောင် ဖော်ပြရေးသားဦးအံ့။

ဆ ဓာတုရော အယံ ဘိက္ခု ပုရိသော။ (ဥပရိပဏ္ဏာသ၊ ဓာတုဝိဘင်္ဂသုတ် ပါဠိတော်။)

အနက်ကား– ဘိက္ခု၊ ရဟန်း။ အယံ ပုရိသော၊ ဤ ယောကျ်ားသည်။ ဆ ဓာတုယော၊ ဓာတ်ခြောက်ပါးဖြင့် ပြီး၏။

အဓိပ္ပာယ်ကား – ရဟန်း၊ ဤ ယောကျ်ားဟူသည်၊ မိန်းမသည် ငါ, သူ, လူ, နတ် စသည်ဟူသည် ဓာတ်ခြောက်ပါးမျှသာတည်း။ ပရမတ္ထအားဖြင့် ယောကျ်ားဟူ၍ မရှိ၊ မိန်းမဟူ၍ မရှိ၊ ငါဟူ၍ မရှိ၊ လူဟူ၍မရှိ၊ နတ်ဟူ၍မရှိ၊ ဓာတ်ခြောက်ပါးသာရှိ၏။ ဓာတ်ခြောက်ပါးဟူသော်ကား– ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်အားဖြင့် ခြောက်ပါးတည်း။

ထိုခြောက်ပါးတို့တွင် အဖျတ္တ–ဗဟိဒ္ဓ၊ မိမိကိုယ်၊ သူတစ်ပါးကိုယ်တို့၌ အခြားဓာတ်တို့၏ တည်ရာ–

ကြမ်းတမ်း–ခက်မာခြင်းသဘောသည်= ပထဝီဓာတ်။

ယိုစီးဖွဲ့စည်းခြင်း သဘောသည် = အာပေါဓာတ်။

ကျက်စေ, ရင့်စေ, မှည့်စေ, အိုစေသော အပူ, အနွေးအအေးသဘောသည် = တေဇောဓာတ်။

ထောက်ခံခြင်း, လှုပ်ရှားခြင်း သဘောသည် = ဝါယောဓာတ်။

ရုပ်ကလာပ်တို့၏ အကြားအကြားသည် = အာကာသဓာတ်၊ ပရိစ္ဆေဒရုပ်ဟူ၍လည်း ခေါ်။

စိတ်–စေတသိက်သည် = ဝိညာဏဓာတ်။

ဤသို့ ဓာတ်ခြောက်ပါးသဘောကို ထင်မြင်အောင် ဆင်ခြင်။

ထင်ရှားစေဦးအံ့

ဥပမာ– လင်ပန်းထဲ၌ ထားသော ဘယဆေးမှုန့်ကလေးများနှင့် ပထဝီဓာတ် ရုပ်ကလာပ်များနှင့် တူ၏။

ငင်းဆေးမှုန့်ကလေးတွေကို ရေဖျော်၍ အလုံး, အစိုင်အခဲပြုလုပ်ထားသည်နှင့် အာပေါဓာတ် ဖွဲ့စည်း၍ ထားသည်နှင့် တူ၏။

ရွံ့လုံးကဲ့သို့ ငင်း ဘယဆေးမှုန့် အစိုင်အခဲ, အလုံးကို ယောကျ်ားရုပ် လုပ်ထားလျှင် ယောကျ်ားဟု ခေါ်ဝေါ်ကြသကဲ့သို့, မိန်းမရုပ် လုပ်ထားလျှင် မိန်းမ ခေါ်ရသကဲ့သို့ ထို့အတူ ပထဝီဓာတ် ရုပ်မှုန့် သဘောကလေးတွေကို အာပေါဓာတ်က ဖွဲ့စည်းပြီးလျှင် ယောကျ်ားမဟုတ်, ဘူတရုပ်က ယောကျ်ားလုပ်၍ ပြတတ်၏။ မိန်းမ မဟုတ်, ဘူတရုပ်က မိန်းမလုပ်၍ ပြတတ်၏။

http://www.dhammadownload.com

ပရမတ္ထ သဘောတရားတို့၏ အလွန်တရာ သိမ်မွေ့သေးဖွဲသည်၏အဖြစ်ကို သိကြစေရန် ပထဝီဓာတ် ရုပ်မှန့်ကလေးတွေ စသည်ဖြင့် ရေးသားလိုက်သည်။ ပရမတ္ထသဘောမှာ အဏုမြူမျှ အထည်ဒြပ်အမှုန့်မရှိ။ အဏုမြူမျှ အထည်ဒြပ်အမှုန့်ရှိလာလျှင် ပရမတ် မဟုတ်ဟု မှတ်။

အရည်ကလာပ်, အဖတ်ကလာပ် ဟူရာ၌လည်း ပရမတ္ထသဘောမှာ အရည်ဟူ၍, အဖတ်ဟူ၍ မရှိစကောင်း။ အရည်၌ တည်ရှိသော ရုပ်ကလာပ်ကို အရည်ကလာပ်၊ အဖတ်၌ တည်ရှိသော ရုပ်ကလာပ်ကို အဖတ်ကလာပ်ဟု မှတ်။

ပထဝီဓာတ်, အာပေါဓာတ်တို့ ဖွဲ့စည်းလုံးထွေး၍နေသည်ကို မပုပ်အောင်, မသိုးအောင်, ရင့်အောင်, နွေးအောင် တေဇောဓာတ်က လုပ်၍ပေး၏။

ရုပ်၍နေသောအခါ, ထိုင်၍နေသောအခါတို့၌ ထောက်ခံ ဝါယော၊ သွားသောအခါ,ကွေးသောအခါ, ဆန့်သောအခါတို့၌ ဝါယောက ကျေးဇူးပြု၏။

ရုပ်ကလာပ်ကလေးတွေ၏ အကြား အကြားကို အာကာသဓာတ်ခေါ်၊ ပရိစ္ဆေဒ-ရုပ်ဟူ၍လည်း ခေါ်။

ဥပမာ- ဘယဆေးမှုန့်ကလေးတွေတို့၏ အကြား-အကြားရှိ၏။ ဆန်ဆေးတောင်းထဲ၌ ထည့်၍ထားသော ဆန်စေ့ကလေးတွေတို့၏ အကြား-အကြားရှိ၏။ ရှိ၍ပင်လျှင် ဆန်ထည့်၍ထားသော ဆန်ဆေး တောင်း၌ ရေလောင်းလျှင် ရေတွေယို၍ ကျ၏။ ၎င်း ဘယဆေးမှုန့်ကလေးတို့၏ ဆန်စေ့ကလေးတို့၏ အကြား အကြား အာကာသကဲ့သို့ ရုပ်ကလာပ် ကလေးတွေ၏ အကြား အကြားကို အာကာသဓာတ်ဟု ခေါ်။ ပရိစ္ဆေဒ-ရုပ်ဟုခေါ်။

စေတသိက်နှင့်တကွ စိတ်ကို ဝိညာဏဓာတ်ဟုခေါ်။

ဤသို့ အသေးစိတ်၍ တစ်ခုစီ, တစ်ခုစီ၊ တခြားစီ, တခြားစီ၊ သူ့ သဘောနှင့်သူ ပိုင်းပိုင်းခြားခြား ဓာတ်ခြောက်ပါးကို ကွဲပြားအောင် ဆင်ခြင်။

ဤသို့ ဓာတ်ခြောက်ပါးကို အသေးစိတ်ထင်မြင်အောင် ဆင်ခြင်ပြီးမှ ပုတီးစိပ်ရမည်။

ပုတီးစိပ်ပုံ

၁။ ပထဝီဓာတု အနိစ္စ-ဟု ပါးစပ်ကမြည်၊ လက်က ပုတီးတစ်လုံး စိပ်။
စိတ်ထဲက ပထဝီဓာတ် မမြဲ-ဟု သိ၊ တစ်ပတ်ရအောင် စိပ်။

၂။ ပထဝီဓာတု ဒုက္ခ-ဟု စိပ်။
ပထဝီဓာတ် ဒုက္ခ-ဟု သိ။ တစ်ပတ်ရအောင် စိပ်။

၃။ ပထဝီဓာတု အနတ္တ-ဟု စိပ်။
ပထဝီဓာတ် ကိုယ်မဟုတ်-ဟု သိ။ တစ်ပတ်ရအောင် စိပ်။

၁။ အာပေါဓာတု အနိစ္စ-ဟု စိပ်။
အာပေါဓာတ် မမြဲ-ဟု သိ၊ တစ်ပတ်ရအောင် စိပ်။

၂။ အာပေါဓာတု ဒုက္ခ-ဟု စိပ်။
အာပေါဓာတ် ဒုက္ခ-ဟု သိ။ တစ်ပတ်ရအောင် စိပ်။

၃။ အာပေါဓာတု အနတ္တ-ဟု စိပ်။
အာပေါဓာတ် ကိုယ်မဟုတ်-ဟု သိ။ တစ်ပတ်ရအောင် စိပ်။

၁။ တေဇောဓာတု အနိစ္စ-ဟု စိပ်။
တေဇောဓာတ် မမြဲ-ဟု သိ၊ တစ်ပတ်ရအောင် စိပ်။

၂။ တေဇောဓာတု ဒုက္ခ-ဟု စိပ်။
တေဇောဓာတ် ဒုက္ခ-ဟု သိ။ တစ်ပတ်ရအောင် စိပ်။

၃။ တေဇောဓာတု အနတ္တ-ဟု စိပ်။
တေဇောဓာတ် ကိုယ်မဟုတ်-ဟု သိ။ တစ်ပတ်ရအောင် စိပ်။

http://www.dhammadownload.com

၁။ ဝါယောဓာတု အနိစ္စ–ဟု စိပ်။
ဝါယောဓာတ် မမြဲ–ဟု သိ၊ တစ်ပတ်ရအောင် စိပ်။
၂။ ဝါယောဓာတု ဒုက္ခ–ဟု စိပ်။
ဝါယောဓာတ် ဒုက္ခ–ဟု သိ။ တစ်ပတ်ရအောင် စိပ်
၃။ ဝါယောဓာတု အနတ္တ–ဟု စိပ်။
ဝါယောဓာတ် ကိုယ်မဟုတ်–ဟု သိ။ တစ်ပတ်ရအောင် စိပ်။

အာကာသဓာတ်သည် သဘာဝမရှ၊ ရုပ်ကလာပ်တို့၏ အကြား အကြားမှု ဖြစ်၍ အနိစ္စ, ဒုက္ခ, အနတ္တ–ဟု ပုတီးမစိပ်ရ၊ မသုံးသပ်ရ။

၁။ ဝိညာဏဓာတု အနိစ္စ–ဟု စိပ်။
ဝိညာဏဓာတ် မမြဲ–ဟု သိ၊ တစ်ပတ်ရအောင် စိပ်။
၂။ ဝိညာဏဓာတု ဒုက္ခ–ဟု စိပ်။
ဝိညာဏဓာတ် ဒုက္ခ–ဟု သိ။ တစ်ပတ်ရအောင် စိပ်
၃။ ဝိညာဏဓာတု အနတ္တ–ဟု စိပ်။
ဝိညာဏဓာတ် ကိုယ်မဟုတ်–ဟု သိ။ တစ်ပတ်ရအောင် စိပ်။

ဓာတ် ၆–ပါး ကိုတစ်ပါး၏, တစ်ပါး၏ စိပ်နည်း ပြီး၏။

ဓာတ် ၆–ပါး ပေါင်း၍ စိပ်ပုံမှာ

၁။ ဓာတုယော အနိစ္စာ–ဟု စိပ်။
ဓာတ်တို့ မမြဲကုန်–ဟု သိ၊ တစ်ပတ်။
၂။ ဓာတုယော ဒုက္ခာ–ဟု စိပ်။
ဓာတ်တို့ ဒုက္ခ–ဟု သိ။ တစ်ပတ်
၃။ ဓာတုယော အနတ္တာ–ဟု စိပ်။
ဓာတ်တို့ ကိုယ်မဟုတ်–ဟု သိ။ တစ်ပတ်။

မိမိ, သူတစ်ပါး နှစ်ဦးသားနှင့်ဆိုင်သော ဓာတ် ၆–ပါးပေါင်း၍ စိပ်နည်း ပြီး၏။

၁။ ဓာတုယော မေ အနိစ္စာ–ဟု စိပ်။
မိမိ၏ဓာတ်တို့ မမြဲကုန်–ဟုသိ၊ တစ်ပတ်။
၂။ ဓာတုယော မေ ဒုက္ခာ–ဟု စိပ်။
မိမိဓာတ်တို့ ဒုက္ခ–ဟုသိ။ တစ်ပတ်
၃။ ဓာတုယော မေ အနတ္တာ–ဟု စိပ်။
မိမိဓာတ်တို့ ကိုယ်မဟုတ်–ဟုသိ။ တစ်ပတ်။

မိမိဓာတ်တို့ကိုပေါင်း၍ စိပ်သောနည်း ပြီး၏။

ရွှေအိုးကြီးအများ, ငွေအိုးကြီးအများကို တွေ့ရ, မြင်ရ, ကိုယ်ပိုင်ရရှိသော ဆင်းရဲသားယောကျာ်း၏ နှစ်သက် ရွှင်လန်း ဝမ်းမြောက်ခြင်းကဲ့သို့၊ နှစ်သက် ရွှင်လန်း ဝမ်းမြောက် ဝမ်းသာ ဤဓာတုဝိပဿနာ ပုတီးစိပ်နည်း, စီးဖြန်းနည်းတို့ကို ကြိုးပမ်းအားထုတ် လက်ရှိ ပြုလုပ်နိုင်သော ယောဂီအမျိုးကောင်းသား အမျိုးကောင်းသမီးတို့မှာ ဒိဋ္ဌဓမ္မကာယိကသုခ၊ စေတသိက သုခအကျိုးကို ခံစားကြရ၍ ယခုဘဝ မင်, ဖိုလ် မရလျှင် သုဂတိဘဝ ဧကန္တ ရကြကုန်လတ္တံ့။

ဓာတ် ၆–ပါး ပုတီးစိပ်နည်းပြီး၏။

အာဘယ်ကြောင့် အနိစ္စ, လက္ခဏာ မထင်မြင်နိုင်ကြသနည်း

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ
အမနသိကာရာ၊ သန္တတိယာ
ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာဟိ။ (ဝိသုဒ္ဓိမဂ်)

တာဝ၊ ရှေးဦးစွာ။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ ဥဒယဗ္ဗယာနံ၊ ဖြစ်ခြင်း, ပျက်ခြင်း သဘောတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းနိုင်ခြင်းကြောင့်။ သန္တတိယာ၊ မီးလှုံအစဉ် ရေလျှဉ်အလား ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့၏ တဖွားဖွားဆက်စပ်လျက် ဖြစ်ပျက်၍နေသောအစဉ်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏အဖြစ်ကြောင့်။ နု ဥပဋ္ဌာဟိ၊ မထင်။

ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့၏ ဖြစ်ခြင်း,

http://www.dhammadownload.com

ပျက်ခြင်း နှလုံးမသွင်းနိုင်ကြ၍ ခန္ဓာငါးပါး ရုပ်,နာမ် တရားတို့၏ ဖြစ်,ပျက်စဉ်ဖြင့် ဖုံးလွှမ်း၍နေသောကြောင့် အနိစ္စလက္ခဏာ မထင်နိုင်သည်–ဟူလို။

အာဘယ်ကြောင့် ဒုက္ခလက္ခဏာ မထင်မြင်နိုင်ကြသတည်း

ဒုက္ခလက္ခဏ် အဘိဏှပဋိပီဠနာယ အမနသိကာရာ၊ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ နု ဥပဒ္ဒါတိ။ (ဝိသုဒ္ဓိမဂ်)

ဒုက္ခလက္ခဏ်၊ ဒုက္ခလက္ခဏာသည်။ အဘိဏှပဋိပီဠနာယ၊ အမြဲ မပြတ် တရစပ် အထပ်ထပ် နှိပ်စက်ခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ဣရိယာပထေဟိ၊ ဣရိယာပုထ်လေးပါးတို့ဖြင့် ။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ နု ဥပဒ္ဒါတိ၊ မထင်နိုင်ကြ။

ခန္ဓာငါးပါး ရုပ်,နာမ် တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်း အမြဲမပြတ် တရစပ် အထပ်ထပ် နှိပ်စက်သည်ကို နှလုံးသွင်းကြသောကြောင့် ဣရိယာပုတ်လေးပါး ဖုံးလွှမ်း၍ထားသောကြောင့် ဒုက္ခလက္ခဏာ မထင်နိုင်ကြသည်–ဟူလို။

အာဘယ်ကြောင့် ဒုက္ခလက္ခဏာ မထင်မြင်နိုင်ကြသနည်း

အနတ္တလက္ခဏ် နာနာဓာတု ဝိနိဗ္ဘောဂဿ အမနသိကာရာ၊ ဃနေန ပဋိစ္ဆန္နတ္တာ နု ဥပဒ္ဒါတိ။ (ဝိသုဒ္ဓိမဂ်)

အနတ္တလက္ခဏ်၊ အနတ္တလက္ခဏာသည်။ နာနာဓာတု ဝိနိဗ္ဘောဂဿ၊ ပထဝီစသော ဓာတ်အထူးတို့ကို အသီးသီး ခွဲခြမ်းဝေဖန်ခြင်းကို။ အမနသိကာရာ၊ နှလုံးမသွင်းကြသောကြောင့်။ ဃနေန၊ ခြေ,လက်,ခေါင်း,ကိုယ် နဂိုမပျက် တစ်ခဲနက်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ နု ဥပဒ္ဒါတိ၊ မထင်နိုင်ကြ။

ပထဝီဓာတ် ရုပ်ကလာပ် စသည်တို့ကို အသေးစိတ်၍ ခွဲခြမ်းစိတ်ဖြာ၍ နှလုံးမသွင်းကြသောကြောင့် ဒွတ္တိံသာကာရ သမုဟဟု ပေါင်းစုရောယှက် တစ်ခဲနက်သည် ဖုံးလွှမ်းအပ်သောကြောင့် အနတ္တလက္ခဏာ မထင်မြင်ကြသည်–ဟူလို။

အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကို မထင်မြင်နိုင်ဘဲနှင့် မဂ်, ဖိုလ်မရ။ ထင်မြင်မှ မဂ်,ဖိုလ်ရသည်ဖြစ်၍ အနိစ္စလက္ခဏာ ထင်မြင်အောင်၊ ဒုက္ခလက္ခဏာ ထင်မြင်အောင်၊ အနတ္တလက္ခဏာ ထင်မြင်အောင် ဆင်ခြင် နှလုံးသွင်းကြကုန်ရာသည်။

[ပခုက္ကူ အရှေ့တိုက်ဆရာတော်ကြီး၏ ပုတီးစိပ်နည်းနှင့် ကမ္မဋ္ဌာန်းထိုင်နည်းနိဿရည်း စာအုပ်မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။]

ပခုက္ကူအရှေ့တိုက်ဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းထိုင်နည်းနှင့် ပုတီးစိပ်နည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

ကန့်ရွှေသိမ်တော်တော်ရ ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ကန့်ရွှေသိမ်တော်တောရဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

[၁၂၄၂-၁၃၂၈]

ကန့်ဆရာတော် အလောင်းလျာကို ကန့်မြို့အနောက်တောင်ကမ်းဖြူရွာ၌ အဖ ကျောင်းဒါယကာကြီး ဦးသာနု၊ အမိ ကျောင်းအမကြီး ဒေါ်ကောင်းတို့မှ ၁၂၄၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၄) ရက်၊ သောကြာနေ့ည (၄)ချက်မတီးမီ မီးရှူးသန့်စင်ဖွားမြင်ပါသည်။

(၄)နှစ်သား အရွယ်မှစ၍ ထီးလည်းတောရဆရာတော် ဦးကလျာဏ၊ ၎င်းဆရာတော်၏ တပည့် ဦးနန္ဒိယနှင့် ကမ်းဖြူတောရ ဦးအာစိဏ္ဏတို့ထံ ပညာသင်ယူသည်။ ရှင်ရဟန်းပြုပြီး မုံရွာ၊ မန္တလေးတို့၌ ပညာသင်ယူခဲ့သည်။ ဘွဲ့တော်မှာ ဦးသောဘိတဖြစ်သည်။

ပညာသင်ပြီးနောက် ကမ်းဖြူရွာကျောင်း၌ပင် သီတင်းသုံးတော်မူသည်။ မကြာမီ ကင်းတောရသို့ ပြောင်းရွှေ့၍ သီတင်းသုံးလျက် နှစ်နှစ်တိုင်တိုင် ပဋိပတ်အလုပ်ဖြင့် နေတော်မူသည်။ ထိုစဉ် အုတ်ဖို လက်ပံတောရ ဆရာတော်၏ ပဋိပတ်သတင်းကို ကြားရသဖြင့် ကန့်မှ ဘုတလင်သို့ ခြေလျင် ကြွတော်မူသည်။ လက်ပံတော ဆရာတော်ထံ၌ နှစ်လခန့် နည်းနာခံ အားထုတ်တော်မူသည်။ လက်ပံတော ဆရာတော်က ပါရဂူအမည်တပ်၍ ကျမ်းတစ်စောင် ရေးရန် တိုက်တွန်းတော်မူလေသည်။

လက်ပံတောမှ အပြန်တွင် ဘုတလင်မှ ကန့်သို့အသွား ညောင်ကန်ရွာအနီး တောတွင်း၌ လှည့်လည် သီတင်းသုံးတော်မူသော ဘုန်းတော်ကြီး ဦးသာရွန်းထံ ဝင်ရောက်နည်းနာခံယူပြန်လေသည်။

ကန့်မြို့သို့ရောက်ပြီး မကြာမီတွင်ပင် မြို့သူကြီး မောင်နံ၏ ကျောင်းဆောက် လှူဒါန်းခြင်းကို လက်ခံတော်မူသည်။ ထို့နောက် တပည့်တို့အား ကျောင်းကြီးကိုလွှဲ၍ ကန့်မြို့အနောက်တောင် ဝတ်ကုန်းအရပ်၌ ဧကစာ သီတင်းသုံး၍ 'ယောဂီပါရဂူ' ကျမ်းကြီးကို ပြုစုတော်မူလေသည်။ ထိုအချိန်၌ သက်တော်မှာ ၄၄-နှစ်၊ ၁၂၈၅-ခုနှစ်။

ဆရာတော်သည် ဝိနည်းကို အလွန် လေးစားတော်မူသည်။ သူတစ်ပါးအားလည်း လေးစားမှကြိုက်သည်။ အကွဲအအက် အကြောင်းပါသော ပန်းကန်ဖြင့် ကပ်လျှင် ပန်းကန်ပါ စွန့်ပစ်လိုက်၏။ သိက္ခာပုဒ်အသေး အဖွဲကလေးမှအစ ငယ်စဉ်ကပင် ဂရုပြု ရှောင်ကြဉ် လိုက်နာလေ့ရှိသည်။

ဘုရား ဝတ်တက်ဝတ်ကပ် လေးစားမှ ကြိုက်သည်။ ဆရာတော်သည် မိမိနေရာမှ အရပ်လေးမျက်နှာရှိ ရန်ကုန် ရွှေတိဂုံ၊ သီဟိဠ် မဟာစေတီတော်စသော ဘုရားများစုံအောင် ဆီမီးပူဇော် ရှိခိုးပြီးမှ ကျိန်းသည်။ သက်တော် ၈၅-နှစ်ကျော်မှ ကျန်းမာ

http://www.dhammadownload.com

ရေး မျှတရုံ ကျိန်းစက်တော်မူ၍ အချိန်ရှိသမျှ စာပြန်ခြင်း၊ တရားရှုမှတ်ခြင်းဖြင့်သာ အချိန်ကုန်စေသည်။

စစ်ကိုင်းတောင်ရိုး အရှေ့ပရက္ကမချောင်နှင့် အနောက်ပရက္ကမချောင် ဆရာတော်နှစ်ပါးမှာလည်း ဆရာတော်၏ တပည့်များ ဖြစ်ကြလေသည်။ ဆရာတော် ဘုရားကြီးသည် ယောဂီပါရဂူ၊ သစ္စပါရဂူ၊ သုဇနပါရဂူ၊ ဝိဝဋ္ဋ ပါရဂူနှင့် သရဏပါရဂူ စသော ကျမ်းများကို ရေးသားတော်မူခဲ့လေသည်။

ငါသေရင် ရက်လဲမထားနှင့်၊ ဘာမှလဲ မလုပ်ကြနှင့်၊ ဆွမ်းလဲ မသွတ်နှင့်... ဟု မှာတော်မူလေသည်။ သို့သော် တပည့်များက အပ်စပ်သောနည်းဖြင့် ပူဇော်ပြီး အရိုးအိုး တည်ထား ကိုးကွယ်ကြလေသည်။

ဤသို့ဖြင့် ပဋိပတ်၊ ပရိယတ်အကျော် ကနီ့ဆရာတော်ဘုရားကြီးသည် ၁၃၂၈-ခု၊ ကဆုန်လဆန်း (၁) ရက်နေ့ နံနက် (၁၀း၃၀) အချိန်တွင် ပျံလွန်တော်မူလေသည်။

ထေရပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ကဿီရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး၏ သြဝါဒတော်

ကုသိုလ်ရအောင်နေ ဝိတက်မဝင်စေနှင့်။
စကားတစ်ခွန်းနှင့်တစ်ခွန်း အနီစွမလွတ်စေနှင့်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ကန့်ရွှေသိမ်တော်တောရဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ပုဗ္ဗကိစ္စပြုလုပ်ရန်ပြခြင်း

တရားကို အားထုတ်သော ပုဂ္ဂိုလ်သည် သံသရာကြီးကိုငြီးငွေ့လှ၍ ငြီးငွေ့အပ်သော သံသရာကြီးမှ လွတ်ရာလွတ်ကြောင်း ကောင်းမြတ်သော ဆန္ဒ၊ တောင့်တသော ပတ္ထနာဖြင့် ကောင်းမြတ်သော တရားတို့ကို အားထုတ်သော ပုဂ္ဂိုလ်ဖြစ်ရမည်။

ကောင်းမြတ်သောတရားတို့ကို အားထုတ်သော ပုဂ္ဂိုလ်သည် စကားပြောခြင်း၌ မွေ့လျော်ခြင်း ဘသာရာမ။ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ သင်္ဂီကာရာမ။ ထိုင်းမှိုင်းခြင်း အိပ်ခြင်း၌ မွေ့လျော်ခြင်း ထိနမိဒ္ဓရာမ။ အမှုသစ်၌ မွေ့လျော်ခြင်း နဝကမ္မာရာမ စသည်တို့ကို ရှောင်ကြဉ်ကြရပါသည်။

မိမိသည် နှလုံးသွင်း၍ အားထုတ်အံ့ဟု ယူထားအပ်သော ကမ္မဋ္ဌာန်းအာရုံမှ တစ်ပါးသော နိဝရဏတရားတို့နှင့် ဝိတက်ကြီးဝိတက်ငယ် စသည်တို့ကို အထူးသဖြင့် ရှောင်ကြဉ်ကြပါသည်။

နိဝရဏတရားတို့နှင့် ဝိတက်ကြီး ဝိတက်ငယ်စသည်တို့ကို အထူးသဖြင့် ရှောင်ကြဉ်ကြ၍ မိမိယူထားအပ်သော ကမ္မဋ္ဌာန်းအာရုံကို သာလျှင် နှလုံးသွင်း၍ လောဘ၊ ဒေါသ၊ မောဟတည်း ဟူသော ကိလေသာမဝင်အောင် အားထုတ်နေရပါသည်။ ကမ္မဋ္ဌာန်းတရားကို အားမထုတ်မီ ဘုရားရှေ့တော်၌ ပြုလုပ်အပ်သော ပုဗ္ဗကိစ္စကို ပြုလုပ်အပ်၏။

ပုဗ္ဗကိစ္စဟူသော်ကား

တရားကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ဆရာအဆက်ဆက်တို့မှပြအပ်သော အာစရိယပရံပရ တရားအားထုတ်စဉ်ကို အားထုတ်ဦးအံ့ဟု နှလုံးသွင်းလျက် သီလကိုစင်ကြယ်စေ၍ စွမ်းနိုင်သမျှသော ပန်းဆီမီးတို့ဖြင့် ဘုရားရှေ့တော်ကစပြီး လက်ယာရစ်လှည့်ကာ လေးမျက်နှာစေ့အောင် ပူဇော်၍ ကန်တော့ရာ၏။

ဘုရားကန်တော့ရန်

ခမတု မေ ဘန္တေ အစ္ဆယိ၊ (၃-ကြိမ်)

ဘန္တေ၊ ဘုန်းတော်ကျော်ကြားမြတ်စွာဘုရား။ ဘဂဝါ၊ ဘုန်းတော်ကျော်ကြား မြတ်စွာဘုရားသည်။ မေ မမ။ ဘုရားတပည့်တော်၏။ အစ္ဆယိ၊ တွေဝေမိုက်မှား မလိမ္မာ၍ ကျူးလွန်မိသော အပြစ်များကို။ ခမတု၊ ကျေအေး၍ သည်းခံတော်မူပါဘုရား။ (၃-ကြိမ်)

ဘုရားရှင်၏ ရှေ့တော်မျက်မှောက်၌ လေးလေးမြတ်မြတ် ကန်တော့အပ်သည်ကို ကန်တော့ရပေသည်ဟု ဝမ်းမြောက်ဝမ်းသာကန်တော့အပ်ပါ၏။

http://www.dhammadownload.com

အဇာတသတ်မင်း၏ ထုံး၊ ပက္ကုသာတိမင်း၏ ထုံး၊ ရဟန်းကြီးအား ပြစ်မှားသော ရဟန်းငယ်၏ ထုံး၊ သေဋ္ဌေးသား မောင်မစ္စကာ၏ ထုံး စသည် တို့ကို ထောက်ထား၍ မြန်မြန် ကန်တော့အပ်၏။

ဤကား ဘုရားကန်တော့ရန် 'ပုဗ္ဗကိစ္စတစ်ရပ်' ဖြစ်သည်။

ခန္ဓာကိုယ်ကာယကို လှုံ့ဆိန်းရန်

ဣမာဟံ ဘဂဝါ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ၊ (၃-ကြိမ်)

ဘဂဝါ၊ ဘုန်းတော်ကျော်ကြား မြတ်စွာဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဣမံ အတ္တဘာဝံ၊ ဤခန္ဓာငါးပါးတည်းဟူသော အတ္တဘောကို။ တုမှာကံ၊ ဘုန်းတော်ကျော်ကြား အရှင်မြတ်ဘုရားတို့အား။ ပရိစ္စဇာမိ၊ စွန့်လွှတ်လှူဒါန်းပါ၏ ဘုရား။

ဆုတောင်းပတ္ထနာပြုရန်

ဘန္တေ ပတ္ထံ ပတ္ထေဘာမိ။ (၃-ကြိမ်)

ဘန္တေ၊ ဘုန်းတော်ကျော်ကြား မြတ်စွာဘုရား။ တုမှေဟိ၊ ဘုန်းတော် ကျော်ကြား မြတ်စွာဘုရားတို့သည်။ ပတ္ထံ၊ ရောက်အပ်ရအပ်သော မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ အဟံ၊ ဘုရားတပည့်တော်သည်။ ပတ္ထေဘာမိ၊ ရောက်နိုင် ရနိုင်ရပါလို၏ မြတ်စွာဘုရား။ (၃-ကြိမ်)

ဤသို့ ဘုရားရှေ့တော်၌ လေးမျက်နှာကရိသေစွာထိုင်၍ ရှေးဦးစွာ ပြုအပ်သော မြတ်စွာဘုရားအား ကန်တော့ခြင်း၊ ခန္ဓာ ကိုယ်ကာယကို လှူ ဒါန်းခြင်း၊ ဆုတောင်းပတ္ထနာပြုခြင်းစသော ပုဗ္ဗကိစ္စတို့ကို ပြုလုပ်ကြရာ၏။

ပုဗ္ဗကိစ္စတို့ကို ပြုလုပ်ပြီးသောအခါ အရိယာအပေါင်း သူတော်ကောင်းတို့အား ပြစ်မှားမိသော အရိယူပဝါဒန္တရာယ်များရှိခဲ့လျှင် ကင်းလွတ်ပယ်ဖျောက်စေခြင်းငှာ အရိယာအပေါင်း သူတော်ကောင်းတို့ အားလည်း ရည်မှန်း၍ တစ်ထိုင်တည်း ဖြင့်ပင် ကန်တော့ကြရဦးမည်၊ ကန်တော့အပ်၏၊ ကန်တော့ကြပါလေ။

အရိယာပုဂ္ဂိုလ်တို့အား ကန်တော့ရန်

ခမန္တု မေ သပ္ပုရိသာ အစ္စယံ။ (၃-ကြိမ်)

သပ္ပုရိသာ၊ အရိယာနွယ်ဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့။ သန္တော၊ အရိယာနွယ်ဝင် သူတော်စင်အပေါင်း သူမြတ်လောင်းတို့သည်။ မေမမ၊ ကျွန်ုပ်၏။ အစ္စယံ၊ တွေဝေမိုက်မှား မလိမ္မာ၍ ကျူးလွန်မိသော အပြစ်များကို။ ခမန္တု၊ ကျေအေး၍ သည်းခံတော်မူကြပါကုန်လော။

ဘုရားရှေ့တော်၌ ပြုလုပ်အပ်သော ပုဗ္ဗကိစ္စ ပြုလုပ်ရန် ပြခြင်းပြီး၏။

အာနာပါန ပထမနည်း အားထုတ်ပုံ အချုပ်ပြခြင်း

သံသရာမှ လွတ်မြောက်ရာ မဂ်ဖိုလ်နိဗ္ဗာန်သုံးတန်သော ချမ်းသာသို့ ရောက်လိုသောဆန္ဒ တောင့်တသော ပတ္ထနာပြု အာနာပါန သမာဓိကို တည်ထောင်လိုသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ၌ အထက်ပိုင်းဖြစ်သော ကိုယ်ကာယကို ဖြောင့်စွာထားပြီး မတုန်မလှုပ် မယိမ်းမယိုင်အောင် ကောင်းစွာထိုင်၍ နာသီးဖျား၊ နာဝ၊ နှုတ်ခမ်းအာရုံကို...

ဤနေရာ၌ အနောက်တိုင်းသူ တိုင်းသားတို့သည် နာခေါင်းရှည်သည်၊ ကြွသည်၊ ကုပ်သည်။ ဒါကြောင့် နာသီးဖျားကို ထွက်သက်လေ၊ ဝင်သက်လေထိ၍ ထင်ရှားသည်။

အရှေ့တိုင်းသူ တိုင်းသားတို့သည် နာခေါင်းတိုသည်၊ ပိသည်၊ ပြားသည်။ ဒါ့ကြောင့် နာဝ အဆုံးအဖျားကို ထွက်သက်လေ ဝင်သက်လေ ထိ၍ ထင်ရှားသည်။ နှုတ်ခမ်းတို့အတူ ဤလိုထင်ရှားသည်ကို

http://www.dhammadownload.com

ယူ၍ နှလုံးသွင်းကြပါသည်။

ဤအခါဤ၌ နှာခေါင်းတိုသော၊ ပိသော၊ ပြားသောသူများ၏ အမြင်ကိုယူလျက် နှာသီးဖျား နှာဝဟု သုံးထားပါသည်။ လျော်သလို ယူကြပါသည်။

ဒါ့ကြောင့် နှာသီးဖျား နှာဝအာရုံကို သတိဖြင့် သတိထားလျက် ထွက်သက်လေသည် ရိပ်ခနဲ ထွက်သည့်အခိုက် နှာသီးဖျား နှာဝကိုထိသော ဖောဋ္ဌဗ္ဗ၊ ဖုသနကို သတိဖြင့် အသိမလွတ်အောင်သိ၊ ဝင်သက်လေသည် ရိပ်ခနဲဝင်သည့်အခိုက် နှာသီးဖျား နှာဝကို ထိသော ဖောဋ္ဌဗ္ဗ၊ ဖုသနကို သတိဖြင့် အသိမလွတ်အောင် သိပါ။

ဤထွက်သက်အခိုက် နှာသီးဖျား နှာဝ ထိသော ဖုသန၊ ဝင်သက်အခိုက် နှာသီးဖျား နှာဝကို ထိသော ဖုသန (ဤဖုသနနှစ်ခုကို) သတိဖြင့် အသိမလွတ်အောင် သိရပါသည်။ သတိထားပါ။

ထွက်သက်အခိုက် တွေ့ထိသော ဖုသန တစ်ခု။ ဝင်သက်အခိုက်တွေ့ ထိသော ဖုသနတစ်ခု၊ ဤဖုသန နှစ်ခုကို သတိဖြင့် အသိမလွတ်အောင် သိလျက်...

ဤအာနာပါန ပထမနည်းကို သတုပဋ္ဌာန၊ ဂဏနနည်းဖြင့် ထွက်သည်။ ဝင်သည်၊ တစ်။ ထွက်သည်၊ ဝင်သည်နှစ်။ ပ။ ထွက်သည် ဝင်သည်။ ရှစ်ဟု ရေတွက် မှတ်သား၍ ရှစ်ခုပြည့်သောအခါ ရှစ်ခုတစ်ကြိမ်ယူရသော (အဋ္ဌကဝါရ)ဖြင့် တစ်ကြိမ်တစ်ဝါရ ရပြီဟု မှတ်သား၍ မဟာသတိပဋ္ဌာန် သတုပဋ္ဌာန၊ ဂဏနနည်းဖြင့် အာနာပါန ပထမနည်းကို အားထုတ်ပါသည်။

အာနာပါန ပထမနည်း အားထုတ်ပုံအချုပ်ကား-

ယောဂီသည် ကောင်းစွာထိုင်ပြီး နှာဝ နှာသီးဖျားကို စူးစိုက်ကြည့်ရှု၍ ဖုသန ဂဏန တို့ကို သတိပြုလျက်-

ထွက်သည် - ဝင်သည် - တစ်။
ထွက်သည် - ဝင်သည် - နှစ်။
ထွက်သည် - ဝင်သည် - သုံး။
ထွက်သည် - ဝင်သည် - လေး။
ထွက်သည် - ဝင်သည် - ငါး။
ထွက်သည် - ဝင်သည် - ခြောက်။
ထွက်သည် - ဝင်သည် - ခုနှစ်။
ထွက်သည် - ဝင်သည် - ရှစ်။

ဤသို့ ဂဏနနည်းဖြင့် ရေတွက်၍ ရှစ်ခုပြည့်သောအခါ ရှစ်ခုတစ်ကြိမ် ရသောကြောင့် တစ်ကြိမ်တစ်ဝါရ ရပြီဟု စိတ်ထဲက မှတ်သားထားပြီး နောက်တစ်ဖန် မြန်မြန်ပြန်၍-

ထွက်သည် - ဝင်သည် - တစ် စသည်ဖြင့် ရေတွက်၍ အားထုတ်နေရပါသည်။

ရှစ်ခုပြည့်ပြန်သောအခါ နှစ်ကြိမ်နှစ်ဝါရ ရပြီ။ နောက် အားထုတ်၍ ရှစ်ခုပြည့်သောအခါ သုံးဝါရ ရပြီစသည်ဖြင့် မှတ်သား၍ မလျော်သော အချိန်ကာလကို ထားလျက် လျော်သော အချိန်ကာလကို မှန်ကန်သော သန္ဓိဋ္ဌ ဝါရပေါင်း များစွာရအောင် လေးပါးသော ဣရိယာပထတို့ဖြင့် အားထုတ်နေရပါသည်။

အားထုတ်သော အလေ့အလာ ကောင်းသောအခါ တစ်ခုခုသော ဣရိယာပထ၌ ၂၅-၃၀ လောက်ရ၍ တစ်နေ့လျှင် မှန်ကန်သော သန္ဓိဋ္ဌဝါရ အကြိမ်ပေါင်း (၈၀၀) (၉၀၀) (၁၀၀၀) လောက် ရတတ်ပါသည်။

သို့ပေမယ့် တစ်နေ့လျှင် မှန်ကန်သော သန္ဓိဋ္ဌဝါရ (၇၀၀)ကျော် (၈၀၀) လောက်ရလျှင် လျော်၍ ဒုတိယနည်းကို တက်၍ အားထုတ်နိုင်ပါသည်။ ဤကား သတုပဋ္ဌာန၊ ဂဏန၊ အာနာပါန ပထမနည်း အားထုတ်ပုံ ဖြစ်သတည်း။

http://www.dhammadownload.com

ပထမနည်းကိုအားထုတ်စဉ် အများအမှန် သံသယဝါရ သန္နိဋ္ဌဝါရတို့ကို ပြခြင်း

အာနာပါန ပထမနည်းကို အားထုတ်စဉ် အများအမှန် သံသယဝါရ သန္နိဋ္ဌဝါရတို့ကို ပြဦးအံ့။ ရှစ်ခုတစ်ကြိမ်ယူ၍ အဋ္ဌကဝါရဖြင့် အားထုတ်ရာ တစ်ပါးပါးသောအာရုံ တစ်ခုခုသောဝိတက် စသော နိဝရဏတို့ဝင်ရောက်လာ၍ ရှစ်ခုတစ်ကြိမ် ပြည့်၍ မှန်အောင် မရေမတွက်နိုင်သောသံသယဝါရဟုမှတ် (အများဝါရထည့်၍ မရေတွက်အပ်)။

ရှစ်ခုတစ်ကြိမ်ယူ၍ အဋ္ဌကဝါရဖြင့် အားထုတ်နေရာ၌ တစ်ပါးပါးသောအာရုံ၊ တစ်ခုခုသော ဝိတက်စသော နိဝရဏတို့ မဝင်ရောက်၍ ရှစ်ခု တစ်ကြိမ်ပြည့်၍ မှန်အောင်ရေတွက်နိုင်သော သန္နိဋ္ဌဝါရ ဟုမှတ် (အမှန်ဝါရ ရေတွက်အပ်၏။) ဤသို့ ပထမနည်းကို အားထုတ်ရာ၌ အများအမှန် ဖြစ်သော သံသယဝါရနှင့် သန္နိဋ္ဌဝါရတို့ကို ပြခြင်းဖြစ်သည်တည်း။

အာဝဋ္ဌန အနာဝဋ္ဌန နှစ်ပါးပြခြင်း

ကြက်သံ ဝက်သံ လူသံ ခွေးသံ စသည်တို့တွင် တစ်ခုခုသောအသံကို ကြားသော် ကြားကာမျှသည် အာဝဋ္ဌန။ ဘယ်ကြက်အသံပါလိမ့်၊ ဘယ်ငှက် အသံပါလိမ့်၊ ဘယ်သူ့အသံပါလိမ့် စသည်ဖြင့် ဆင့်၍ဆင့်၍ ဖြစ်ခြင်းသည် အနာဝဋ္ဌန။ ဤသို့ အာဝဋ္ဌန အနာဝဋ္ဌန နှစ်ပါးကို သိအပ်သည်တည်း။

အာနာပါန ဒုတိယနည်းအားထုတ်ပုံ အချုပ်ပြခြင်း

အာနာပါန ဒုတိယနည်းကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးကလို ကောင်းစွာ ထိုင်၍ မိမိ၏ ရှေ့တူရူတည့်တည့် အဝေးအကွာ နှစ်တောင့်ထွာ၊ အမြင့်တစ်ထွာ သကေ်တအမှတ်သားထား၍ မှတ်သားအပ်သော နေရာသို့ လွတ်လိုက်သော ထွက်သက် (ဝါ) ရှူသက်ဖြောင့်ဖြောင့် တန်း၍ ရောက်သွားအောင် ရှည်-ရှည်-ရှည်-ဟု ငါ၏ ထွက်သက်ကိုရှုအံ့။ သကေ်တ မှတ်သားထားသော နေရာမှ နာဝသို့ ပြန်ရောက်စေသော ဝင်သက် (ဝါ) ရှိုက်သက်ဖြောင့်ဖြောင့်တန်း၍ ဝင်လာအောင် ရှည်-ရှည်-ရှည်-ဟု ငါ၏ ဝင်သက်ကို ရှိုက်အံ့ဟု စိတ်ထဲက နှလုံးရောသွင်းလျက်။

အရှည်ဖွဲ့သော ထွက်သက်ဝင်သက်ကို အာရုံပြု၍

ထွက်သက်အခိုက်၊ ရှည်-ရှည်-ရှည်-

ဝင်သက်အခိုက်၊ ရှည်-ရှည်-ရှည်-ဟု ဖွဲ့ထားအပ်သော ဒီဃဗန္ဓန ထွက်သက် ဝင်သက် အာရုံကို သတိမလွတ်အောင် နေ့ရက်များစွာ အားထုတ်ရပါသည်။

အားထုတ်နေစဉ် တွေ့ကြုံသော ဗဟိဒ္ဓအာရုံတို့ကို ပထမနည်းက ပြခဲ့သည့် ဝတ္ထုန စသည်ဖြင့် သိအပ်၏။ ယူထားအပ်သော အာရုံမှတစ်ပါး တွေ့ကြုံကာမျှထား၍ ဥပေက္ခာပြုရာ၏။ ဒုတိယနည်း အားထုတ်ပုံ အချုပ်ကိုပြခြင်းတည်း။

ဒုတိယနည်းအားထုတ်နေစဉ် အတွေ့အမြင်တို့ကို ပြုပြင်ပေးရန်ပြခြင်း

ဆရာတော်ဘုရားထံမှ ခံယူလာသော အာနာပါန သမထ ဒီဃဗန္ဓန ဒုတိယနည်းကို လေ့လာ၍ အားထုတ်ရာ အတွေ့အမြင်တို့ကို ပြုပြင်ပေးရန် တွေ့ကြုံလာပါသည်။ အတွေ့အကြုံတို့ကား ထိုင်၍အားထုတ်နေစဉ် မျက်နှာ မော့နေသည်၊ ငုံ့နေသည်၊ စောင်းနေသည်တို့ကို စိတ်ထဲက တွေ့ကြုံ လာတတ်ပါသည်။ စိတ်ထဲကတွေ့ကြုံ၍ စိတ်ထဲကထင်တာကို စိတ်ထဲကပင် ပြုပြင်ပေးပါ၊ နာဝမှ လွတ်လိုက်သော မိမိ၏ ထွက်သက် လေခိုးသည် သကေ်တမှတ်တိုင်သို့ ရောက်သည်လည်းရှိ၏။ မရောက်သည်လည်းရှိ၏။ လွန်သည်လည်းရှိ၏။ ပြုပြင်၍ ရောက်ရုံတင်

http://www.dhammadownload.com

လွတ်ပါလေ။ မိမိလွတ်လိုက်သော ထွက်သက် ဝင်သက် လေခိုးသည် နာဝနှင့် မှတ်တိုင်ဖြောင့်တန်း၍ မသွားဘဲ လက်ဝဲလက်ယာချော်သွားသည်။ တကယ်လည်း ဖြစ်တတ်၏။ စိတ်ထဲကလည်း ထင်တတ်၏။ စိတ်ထဲက ထင်သည်ကို စိတ်ထဲကပင် သဘော အတိုင်း သွားအောင် ပြုပြင်ပေးပါ၊ ဖြစ်ပါ၏။

ဗိုင်းငင်သော ဥပမာလို ဝါဂွမ်းလုံးမှ ဆွဲယူလိုက်သော ဝါဂွမ်းသည် အဖြူတန်းကလေး အစဉ်မပြတ် ပါလာသလို ပါလာပါ၏။

ထို့အတူ နာဝမှ မှတ်တိုင်၊ မှတ်တိုင်မှ နာဝ၊ နာဝမှ မှတ်တိုင်၊ မှတ်တိုင်မှ နာဝ အသွားအပြန်သည် ဝါဂွမ်းကြိုးကလေး တန်းနေသလို အစဉ်တန်း၍ အရှည်ဖွဲ့နေအောင် နာဝမှထွက်သောလေကို ရှည်-ရှည်-ရှည်-ဟု မှတ်တိုင်သို့ရောက်အောင်၊ မှတ်တိုင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် နာဝသို့ ပြန်၍ ဝင်လာအောင် ရှည်-ရှည်-ရှည်-ဟု စိတ်ထဲက မနာသာဖြင့် အားထုတ်လျက် အပိုအလိုနှင့် ချို့ယွင်းသည်ကို ပြုပြင်ပေးရပါသည်။

ကောင်းစွာထိုင်လျက် ရှု၍ ရှိုက်၍လွတ်လိုက်သော ထွက်သက် ဝင်သက် အခိုးတန်းသည် ဖြောင့်ဖြောင့် မသွားမလာဘဲ အထက်သို့လည်း ကောင်း၊ အောက်သို့ လည်းကောင်း၊ ဝဲယာသို့ လည်း ကောင်း သွားတတ်ပါသည်၊ ရောက်ရုံမျှ ပြုပြင်၍ အားထုတ်ပါ၊ ဗဟိဒ္ဓအလုပ်ဖြစ်၍ အလေ့အလာ ရင့်သန်လာသောအခါ အတော်ဝေးဝေးကိုပင် ရောက်သွားတတ်ပါ၏။ လိုသလို ပြုပြင်ပေးပါ။

အဖျတ်ဝါ ဗဟိဒ္ဓါ ဝါ ဆိုသည်နှင့်အညီ ဤအာနာပါန ဒုတိယ ဒီဃဗန္ဓနနည်းသည် နာဝသို့ ဝင်လာသော ဝင်သက် အဖျတ်သို့ ဝင်သွားသော် လည်း လိုက်၍ နှလုံးမသွင်းဘဲ ဗဟိဒ္ဓါသာ (နာဝမှ မှတ်တိုင်၊ မှတ်တိုင်မှ နာဝ) အနုဗန္ဓန အစဉ်ဖွဲ့နေသော ရှည်-ရှည်-ရှည်-ဟူသော ဒီဃဗန္ဓန ပရိကံကိုသာ နှလုံးသွင်း၍ အားထုတ်နေရပါသေး၏။

ဤအာနာပါန သမထ ဒီဃဗန္ဓန ဒုတိယနည်းကို လေးငါးရက်လောက်သာ အားထုတ်နေရသေးသဖြင့် ဗဟုသုတ မရှိလှဘဲ ကြားနာရသော ဗဟုသုတနှင့် အားထုတ်ခဲ့သော အလေ့အလာကြောင့် တွေ့ကြုံရသော အတွေ့အကြုံ ပြုပြင်ပေးရန်တို့ကို တွေ့ကြုံရပါသည်။ ထို့ကြောင့် ဤအတွေ့အကြုံတို့ကို ပြုပြင်ပေးလျက်...

အရှည်ဖွဲ့သော ထွက်သက်ဝင်သက်ကိုသာ အာရုံပြု၍
ထွက်သက်အခိုက်၊ ရှည်-ရှည်-ရှည်-
ဝင်သက်အခိုက်၊ ရှည်-ရှည်-ရှည်-
ဟု အာရုံမလွတ်အောင် အရှည်ဖွဲ့၍ အားထုတ်နေပါသေး၏။

သဘောသက်ဝင်သည်ကိုပြခြင်း

ဒီဃဗန္ဓန ဒုတိယနည်းအတိုင်း အရှည်ဖွဲ့သော ထွက်သက်ဝင်သက်ကို အာရုံပြု၍ ထွက်သက်အခိုက် ရှည်-ရှည်-ရှည်-၊ ဝင်သက်အခိုက် ရှည်-ရှည်-ရှည်-ဟု အာရုံမလွတ်အောင် အားထုတ်နေစဉ် တရားခွင်၌တွေးတော ဆင်ခြင်ရာ-

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊

ဒီဃံ ဝါ ပဿသန္တော၊ ဒီဃံ ပဿသာမီ တိ ပဇာနာတိ။

ရှည်စွာ ထွက်သက်ကို ရှူလတ်သော် ရှည်စွာ ထွက်သက်ကိုရှူ၏ ဟူ၍သိ။

ရှည်စွာ ဝင်သက်ကို ရှိုက်လတ်သော် ရှည်စွာ ပင်သက်ကိုရှိုက်၏ဟူ၍ သိ။ ဤသို့ နှလုံးသွင်း အားထုတ်ရမည့်အကြောင်းကို ပြသည်။

ထို့ကြောင့် အရှည်ဖွဲ့သော ထွက်သက်ဝင်သက်ကို အာရုံပြု၍
ထွက်သက်အခိုက် ရှည်-ရှည်-ရှည်-
ဝင်သက်အခိုက် ရှည်-ရှည်-ရှည်-ဟု သိလျက်

http://www.dhammadownload.com

သိလျက်၊ သတိ မလွတ်အောင် အားထုတ်နေခြင်းသည် အကြောင်းပြုနှင့် အလုပ်ဟုတ်ပေ၏–ဟု အသိရောက်၍ သဘော သက်ဝင်လာသည်။ စောဒက ဝင်နိုင်ပါသေး၏။ ဝိကွမ္ဘနပဟာန်ဖြင့် ကိလေသာ နီဝရဏကို ပယ်နေသည်လည်းမည်သဖြင့် ကောင်းလှပါသေး၏။

ဤလို သက်ဝင်၍ အသိရောက်သည်ကို သဘောပေါက်၍ ဝမ်းမြောက်စွာ အားထုတ်နေခြင်းသည် စိတ်ကြည်လင်၍ အသိဉာဏ် တိုးတက်လာပါသည်။ ဤသို့ အားထုတ်စဉ် အတွေ့အမြင်ပြခြင်းဖြစ်သဖြင့် သဘောသက်ဝင်သည်ကို ပြခြင်းပေတည်း။

အာနာပါန တယောလဒ္ဓ တတိယနည်း အားထုတ်ပုံ အချုပ်ပြခြင်း

အာနာပါန တယောလဒ္ဓ တတိယနည်းကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးကလို မတုန်မလှုပ် မယိမ်းမယိုင် ကောင်းစွာထိုင်ပြီး ငါသည် ဒုတိယနည်း၌ အပြင်ဗဟိဒ္ဓသို့ ထုတ်၍ အားထုတ်ရာ ရအပ်သော နိမိတ်တို့ကို အတွင်း အဗ္ဘန္တရသို့ သွင်း၍ အားထုတ်အံ့ဟု ဝင်သက်ကို ဝင်စေရာ၌...

နာဝသို့ရောက်စ အတွေ့အထိ ဖောဋ္ဌဗ္ဗကို သိ၍ အစဟုမှတ်။ နာဝမှ အလယ်ရင်ချိုင့်သို့ရောက်အောင် ဝင်သက်သည် တရိပ်ရိပ် ဝင်သွားရာ၌ အလယ်ရင်ချိုင့်သို့ ရောက်သောအခါ၊ အလယ်ဟုမှတ်။ အလယ်ရင်ချိုင့်မှ ချက်သို့ရောက်အောင် ဝင်သက်သည် တရိပ်ရိပ်ဝင်သွားရာ၌ အဆုံးချက်သို့ ရောက်သောအခါ အဆုံးဟုမှတ်။ ဤသို့ အစ၊ အလယ်၊ အဆုံး သုံးပါးလုံး အပေါင်းကို ထင်မြင်အောင် မှတ်ရပါသည်။

ထွက်သက်ကိုပြန်၍ ထွက်စေရာ၌လည်း၊ ထွက်သက်ချက်သို့ရောက်သောအခါ အဆုံးဟုမှတ်။ ချက်မှ အလယ်ရင်ချိုင့်သို့ရောက်အောင် ထွက်သက်သည် တရိပ်ရိပ် ထွက်သွားရာ၌ အလယ်ရင်ချိုင့်သို့ရောက်သောအခါ အလယ်ဟုမှတ်။ အလယ်ရင်ချိုင့်မှ နာဝသို့ရောက်အောင် ထွက်သက်သည် တရိပ်ရိပ် ထွက်သွားရာ၌ နာဝသို့ရောက်သောအခါ အစဟု မှတ်။

ဤသို့ပြခဲ့သော ဝင်သက်–နာဝအစ၊ ရင်ချိုင့်အလယ်၊ ချက်အဆုံး။ ထွက်သက်–ချက်အဆုံး၊ ရင်ချိုင့်အလယ်၊ နာဝ အစဟူသော သုံးပါးလုံး အပေါင်းတို့ အစဉ်မပြတ် ထိရာ ထိရာကို သိမြင်အောင် နှလုံးသွင်း ဆင်ခြင်လျက်...

ဝင်သက်အခိုက် အစ အလယ် အဆုံး။

ထွက်သက်အခိုက် အဆုံး အလယ် အစ။

ဟု သုံးပါးလုံး ထင်မြင်၍ တယောလဒ္ဓ လေးယောက် ပုဂ္ဂိုလ်ဖြစ်အောင် စိတ်ရှည်ရှည်ဖြင့် နှလုံးကောင်းဖြင့် အားထုတ်ရပါသည်။

ဤသို့စိတ်ရှည်ရှည် နှလုံးကောင်းကောင်းဖြင့် ပျော်ပျော်ကြီးအားထုတ်၍ နေ့ရက်ကြာသောအခါ အစ၊ အလယ်၊ အဆုံး သုံးပါးစလုံးထင်မြင်၍ရသဖြင့် တယောလဒ္ဓ လေးယောက်မြောက်ပုဂ္ဂိုလ် ဖြစ်လာပါသည်။

တယောလဒ္ဓပုဂ္ဂိုလ်မဖြစ်မီ အာဒိလဒ္ဓ ပုဂ္ဂိုလ်လည်း ဖြစ်တတ်ပါ၏။ မဇ္ဈေလဒ္ဓ ပုဂ္ဂိုလ်လည်း ဖြစ်တတ်ပါ၏။ အန္တိလဒ္ဓ ပုဂ္ဂိုလ်လည်း ဖြစ်တတ်ပါ၏။ အားထုတ်၍ ကျွမ်းကျင်လာသောအခါ တယောလဒ္ဓ လေးယောက်မြောက်ပုဂ္ဂိုလ် ဖြစ်လာရပါသည်။ အားထုတ်မှုသာ ပဓာနဖြစ်ပါ၏။ ဤကား အာနာပါန တယောလဒ္ဓ တတိယနည်း အားထုတ်ပုံ အချုပ်ပေတည်း။

အာနာပါန သတိပဋ္ဌာန် တတိယနည်း အားထုတ်ပုံ အချုပ်ပြခြင်း

အာနာပါန သတိပဋ္ဌာန် ဒုတိယနည်းကို အားထုတ်ပြီးသောသူသည် အာနာပါန သတိပဋ္ဌာန်

http://www.dhammadownload.com

တတိယနည်းကို အားထုတ်ပုံ အချုပ်ကို အားထုတ်ရာ၏။ အားထုတ်လိုသောသူသည် ရှေ့ကလိုကောင်းစွာ ငြိမ်သက်အောင် ထိုင်၍၊ ဝင်သက်နာဝအစ၊ ရင်ချိုင့်အလယ်၊ ချက်အဆုံး၊ ရင်ချိုင့်အလယ်၊ နာဝအစ သုံးပါးလုံးအပေါင်းကို အစဉ်မပြတ် ထိရာထိရာကို သိမြင်အောင် ကြည့်ရှု၍ နှလုံးသွင်းလျက်...

ဝင်သက်အခိုက် အစ အလယ် အဆုံး။

ထွက်သက်အခိုက် အဆုံး အလယ် အစ။

ဟု သုံးပါးလုံး ထင်မြင်၍ တယောလဒ္ဓ ပုဂ္ဂိုလ်ဖြစ်အောင် နေ့ရက်များစွာ အားထုတ်ရပါသည်။

ဝင်သက်အခိုက်-အစ၊ အလယ်၊ အဆုံးဟူသော သုံးချက်လုံး ထင်မြင်သောသူသည် တယောလဒ္ဓ ပုဂ္ဂိုလ်မည်၏။

အစသာ ထင်မြင်မှု အာဒိလဒ္ဓ ပုဂ္ဂိုလ်မည်၏။

အလယ်သာ ထင်မြင်မှု မဇ္ဈေလဒ္ဓ ပုဂ္ဂိုလ်မည်၏။ အဆုံးသာမြင်မှု အန္တေလဒ္ဓ ပုဂ္ဂိုလ်မည်၏။ ဤအရာ၌ အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ထင်မြင်မှု တယောလဒ္ဓပုဂ္ဂိုလ်မည်၏။ တယောလဒ္ဓ ပုဂ္ဂိုလ်ဖြစ်အောင် အားထုတ်ရပါသည်။ ဤသည်ကား အားထုတ်ပုံ အချုပ်တည်း။

အာနာပါန သမထစတုတ္ထနည်း အားထုတ်ပုံအချုပ်ပြခြင်း

အားထုတ်အပ်သော အာနာပါန ပထမနည်း၊ ဒုတိယနည်း၊ တတိယနည်းတို့၌ ထွက်သက်၊ ဝင်သက်၊ နိမိတ်တို့သည် ရုန့်ရင်းကြမ်းတမ်းလှသော သြဠာရိကသာ ရှိသေး၏။ ထိုသြဠာရိကဖြစ်သော ထွက်သက်-ဝင်သက်-နိမိတ်တို့ကို ယခုအခါ နူးညံ့သိမ်မွေ့သော သုခမဖြစ်စေ၍ ငြိမ်းစေရတော့အံ့ဟု နှလုံးသွင်းလျက် သက်တုန်း တက်တုန်းနေသော ထွက်သက် - ဝင်သက် ပဋိဘာဂနိမိတ် အရိပ်အယောင်ဝတ္ထုကို အာရုံပြု၍... ထွက်သက်အခိုက်ငြိမ်းစေမည်၊ ငြိမ်းစေမည်၊ ငြိမ်းစေမည်။ ဝင်သက်အခိုက် ငြိမ်းစေမည်၊ ငြိမ်းစေမည်၊ ငြိမ်းစေမည်ဟု နူးညံ့သိမ်မွေ့၍ ငါ၏ ထွက်သက် ဝင်သက်ရှိမှ ရှိပါလေသေး စတုဝိစေတဇဖြစ်အောင် အားထုတ်ရပါသည်။

ဤ စတုတ္ထနည်း၌ ဝိစေတဇဖြစ်အောင် အားထုတ်၍ နေ့ရက်ကြာလာသောအခါ ယောဂီ၏ စိတ်သည်လည်းကောင်း၊ ကိုယ်သည်လည်းကောင်း နူးညံ့သိမ်မွေ့သော သုခုမ ဖြစ်လာရပါသည်။

နှလုံးသွင်းအပ်သော ထွက်သက် ဝင်သက် ပဋိဘာဂနိမိတ် အရိပ်အယောင် သက်တုန်း တက်တုန်းတို့သည်လည်း မရှိသလောက် နူးညံ့၍ ဟသံ်ာရေမှာ ဝပ်သလို ယောဂီသည် ဟဒယဝတ္ထုမှာ ငြိမ်ဝပ်တည်ကြည်လေသည်။

ဒါကြောင့် စတုတ္ထနည်းဆုံးအောင် အားထုတ်အပ်ပါ၏။

အာနာပါန လေးနည်း စုပေါင်း၍ ပြခြင်း

ယောဂီပုဂ္ဂိုလ်တို့သည် ကြည့်ရှုလိုမှု လွယ်ကူစွာ ကြည့်ရှုနိုင်ပါစေခြင်းငှာ အာနာပါန လေးနည်းကို စုပေါင်း၍ ပြဦးအံ့။

အာနာပါန ပထမနည်း အားထုတ်ပုံ အချုပ်ကား...

ယောဂီသည် မတုန်မလှုပ် မယိမ်းမယိုင် ကောင်းစွာထိုင်ပြီး နာဝ နာသီးဖျားကို စူးစိုက်ကြည့်ရှု၍ ဖုသန ဂဏနတို့ကို အသိမလွတ်အောင် သတိပြုလျက်။

ထွက်သည် - ဝင်သည် - တစ်။
ထွက်သည် - ဝင်သည် - နှစ်။
ထွက်သည် - ဝင်သည် - သုံး။
ထွက်သည် - ဝင်သည် - လေး။
ထွက်သည် - ဝင်သည် - ငါး။
ထွက်သည် - ဝင်သည် - ခြောက်။

http://www.dhammadownload.com

ထွက်သည် – ဝင်သည် – ခုနစ်။
ထွက်သည် – ဝင်သည် – ရှစ်။

ဤသို့ ဂဏနာ နည်းဖြင့် ရေတွက်၍ ရှစ်ခု ပြည့်သောအခါ ရှစ်ခုတစ်ကြိမ်ရသောကြောင့် တစ် ကြိမ်တစ်ဝါရ ရပြီဟု စိတ်ထဲက မှတ်သားထားပြီး၊ နောက် တစ်ဖန် မြန်မြန်ပြန်၍ ထွက်သည် – ဝင် သည်– တစ် စသည်ဖြင့် ရေတွက်၍ ရှစ်ခုပြည့် ပြန် အောင် အားထုတ်နေရပါသည်။

ဤသို့ တစ်ထိုင် တစ်ထိုင်လျှင် ၂၅–၃၀ ရအောင် အချိန်ရှိသမျှ အားထုတ်ရပါသည်။

အာနာပါန ဒုတိယနည်း အားထုတ်ပုံအချုပ်

ယောဂီသည် မတုန်မလှုပ် မယိမ်းမယိုင် ကောင်းစွာထိုင်ပြီး မိမိ၏ ရှေ့တည့်တည့် အဝေး အကွာ နှစ်ထောင့်ထွာ၊ အမြင့် တစ်ထွာ၊ သင်္ကေတ အမှတ်အသားထား၍ မှတ်သားထားအပ်သော နေရာ သို့ ရှည်၊ ရှည်၊ ရှည်... ဟု ရှုလိုက်သော ထွက်သက် ဖြောင့်ဖြောင့်တန်း၍ ရောက်သွားအောင် ငါ၏ ထွက် သက်ကို ရှုအံ့။

မှတ်သားထားသော နေရာမှ ရှည်၊ ရှည်၊ ရှည်... ဟု ရှိုက်လိုက်သော ဝင်သက် ဖြောင့်ဖြောင့် တန်း နှာဝသို့ ဝင်လာအောင် ငါ၏ ဝင်သက်ကို ရှိုက် အံ့ဟု စိတ်ထဲက နှလုံးသွင်းလျက်...

အရှည်ဖွဲ့သော ထွက်သက် ဝင်သက်ကို အာရုံပြု၍–

ထွက်သက်အခိုက် ရှည် ရှည် ရှည်။
ဝင်သက်အခိုက် ရှည် ရှည် ရှည်။

ဟု အရှည်ဖွဲ့သော ဒီဃဇန္ဓန ထွက်သက် ဝင်သက် အာရုံကို သတိ မလွတ်မူ၍ ကိလေသာ အညစ်အကြေး မဝင်ရအောင်၊ ဆက်ကာ ဆက်ကာ နေ့ရက်များစွာ အားထုတ်နေရပါသည်။

အားထုတ်နေစဉ် တွေ့ကြုံသော ဗဟိဒ္ဓ အာရုံ တို့ကို တွေ့ကြုံရုံမှ အာဝဇ္ဇနထား၍ အားထုတ်အပ် ၏။ တွေ့ကြုံ၊ ထင်မြင်၍ သတိရသော အာရုံကို ဆက်ကာ ဆက်ကာလိုက်သော အနွာဝဇ္ဇန မဖြစ် စေရာ။

ဤကား အာနာပါန ဒုတိယနည်းအားထုတ်ပုံ အချုပ်တည်း။

အာနာပါန တတိယနည်း အားထုတ်ပုံအချုပ်

ယောဂီသည် မတုန်မလှုပ် မယိမ်းမယိုင် ကောင်းစွာထိုင်ပြီး ငါသည် ဒုတိယနည်း၌ အပြင် ဗဟိဒ္ဓတို့ထုတ်၍ အားထုတ်ခဲ့ရာ ရအပ်သော နိမိတ် တို့ကို အတွင်းအဖျတ္တသို့ သွင်း၍ အားထုတ်အံ့ဟု ဝင်သက်ကို ဝင်စေရာ၌–

နှာဝသို့ ရောက်စ အတွေ့အထိ ဖောဋ္ဌဗ္ဗကို သိ၍ အစဟုမှတ်။ နှာဝမှ အလယ်ရင်ချိုင့်သို့ ရောက် သောအခါ အလယ်ဟုမှတ်။ အလယ်ရင်ချိုင့်မှ ချက် အဆုံးသို့ ရောက်သောအခါ အဆုံးဟု မှတ်။

အဆုံးမှ ပြန်၍ ထွက်သက်ကို ထင်စေရာ၌ ချက်သို့ရောက်စ အတွေ့အထိ ဖောဋ္ဌဗ္ဗကို သိ၍ အဆုံးဟုမှတ်။ ချက်မှ အလယ်ရင်ချိုင့်သို့ ရောက် သောအခါ အလယ်ဟုမှတ်။ အလယ်ရင်ချိုင့်မှ နှာဝ အစသို့ ရောက်သောအခါ အစဟုမှတ်။

ဤသို့ ပြအပ်ခဲ့သော ဝင်သက်အစ၊ အလယ်၊ အဆုံး။ ထွက်သက် အဆုံး၊ အလယ်၊ အစဟူသော သုံးပါးလုံးပေါင်း ထိရာထိရာကို သိမြင်အောင် နှလုံး သွင်းဆင်ခြင်လျက်–

ဝင်သက်အခိုက် – အစ အလယ် အဆုံး။
ထွက်သက်အခိုက် – အဆုံး အလယ် အစ။

ဟု သုံးပါးလုံး ထင်မြင်၍ လေးယောက် မြောက် ပုဂ္ဂိုလ်ဖြစ်အောင် စိတ်ရှည်ရှည် အားထုတ်ရ ပါသည်။

ဤကား အာနာပါန တတိယနည်း အား ထုတ်ပုံ အချုပ်ပေတည်း။

http://www.dhammadownload.com

အာနာပါန စတုတ္ထနည်း အားထုတ်ပုံအချုပ်

ယောဂီသည် မတုန်မလှုပ် မယိမ်းမယိုင် ကောင်းစွာထိုင်ပြီး ငါသည် အားထုတ်ခဲ့သော အာနာပါန ပထမနည်း၊ ဒုတိယနည်းတို့မှ ရအပ်သော ထွက်သက် ဝင်သက် နိမိတ်တို့သည် ရုန့်ရင်း ကြမ်းတမ်းသော်လည်း ဩဇာရှိကသာ ရှိသေး၏။ ထို ရုန့်ရင်း ကြမ်းတမ်းသော ဩဇာရှိကဟူသော ထွက်သက် ဝင်သက် နိမိတ်ကို အာနာပါန ပဿမ္ဘယ စတုတ္ထ နည်းဖြင့်နူးညံ့သိမ်မွေ့သော သုခုမ ဖြစ်စေရတော့အံ့ ဟု နှလုံးသွင်းလျက်...

သက်တံ့ တက်တံ့နေသော ထွက်သက် ဝင်သက် နိမိတ်ကို စူးစိုက်။ ထွက်သက်အခိုက် ငြိမ်းစေမည်၊ ငြိမ်းစေမည်၊ ငြိမ်းစေမည်။ ဝင်သက်အခိုက် ငြိမ်းစေမည်၊ ငြိမ်းစေမည်၊ ငြိမ်းစေမည်ဟု ကိလေသာ မဝင်စေမူ၍ အသက်မရှိသလောက် ငြိမ်ဝပ်သွား အောင် နေ့ရက်များစွာ အားထုတ်နေရပါသည်။

ဤလို နေ့ရက်များစွာ အားထုတ်နေသော အခါ ကိလေသာမဝင်၊ မဖြစ်၍ နိဗ္ဗာန်နှင့် နေသည် မည်သောကြောင့် ယောဂီသည် ညောင်... လောဘ၊ ဒေါသ၊ မောဟတည်းဟူသော ကိလေသာ မဖြစ် သဖြင့် နိဗ္ဗာန်နှင့် နေရသည် မည်ပါပေစွတကား၊ ဟု ဝမ်းသာအားရ ဖြစ်လာရပါသည်။

ဤကား အာနာပါန စတုတ္ထနည်း အားထုတ်ပုံ အချုပ်ပေတည်း။

အာနာပါန လေးနည်းကြည့်လိုသော ယောဂီ ပုဂ္ဂိုလ်တို့ လွယ်ကူရန် စုပေါင်း၍ပြခြင်းဖြစ်သည်တည်း။

အာနာပါနပဗ္ဗ ဣရိယာပထပဗ္ဗသွင်း၍ နှလုံးသွင်းရန် ပြခြင်း

ဝါရှင် ယောဂီသည် အားထုတ်၍ နှလုံးသွင်း အပ်သော အာနာပါန ပဗ္ဗသို့ ဣရိယာပထပဗ္ဗ သွင်း၍ နှလုံးသွင်းရမည်။ ယခု ဝါရှင် ယောဂီသည် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို အားထုတ်ပြီးသော ယောဂီ ဖြစ်သည်။ ပါဠိဟာရိယ မည်သော အာနာပါန သတိပဋ္ဌာန် သုံးနည်းကိုလည်း အားထုတ်ခဲ့ပြီးသည် ဖြစ်၍ ငြိမ်းစေမည် ငြိမ်းစေမည်။ ငြိမ်းစေမည်ဟူသော အာနာပါန စတုတ္ထနည်းကို အားထုတ်နေသော ယောဂီဖြစ်သည်။ ယခုလိုရင်း ပဓာန လက်ကိုင်ယူ၍ အားထုတ်နေသော စတုတ္ထနည်းကို အားထုတ်နေစဉ် ဣရိယာပထပဗ္ဗကို နံနက်တစ်ကြိမ်၊ နေ့ လယ်တစ်ကြိမ်၊ ညတစ်ကြိမ် သွင်း၍ အားထုတ်ရမည်။ အခိုက်အခိုက်သွင်း၍ သွင်း၍ အားထုတ်ပြီး သည်နှင့် တစ်ပြိုင်နက် မိမိယူထားအပ်သော ပဓာန လက်ကိုင်အလုပ်သို့ ပြန်၍ အားထုတ်နေရပါသည်။ သတိမတ္ထယူ၍ အားထုတ်သည်ကို သတိထားပါ။ ဝိပဿနာသို့ မကူးမီ အထူးသဖြင့် ပရိကံပြု၍ လေ့ လာပါလေ။ လေ့လာရန်ကား-

သွားသည်ရှိသော် သွားခိုက်၌ သွားသည်၊ သွားသည်၊ သွားသည်ဟု သွားသော ခြေလှမ်းကို စိတ်က သတိထား လေ့လာသော ပရိကံ ပြုပါလေ။ ရပ်သည်ရှိသော် ရပ်သောအခိုက်၌ ရပ်သည်၊ ရပ် သည်၊ ရပ်သည်ဟု လေ့လာသော ပရိကံ ပြုပါလေ။

ထိုင်သည်ရှိသော် ထိုင်သောအခိုက်၌ ထိုင် သည်၊ ထိုင်သည်၊ ထိုင်သည်ဟု လေ့လာသော ပရိကံ ပြုပါလေ။

လျောင်းသည်ရှိသော် လျောင်းသောအခိုက်၌ လျောင်းသည်၊ လျောင်းသည်၊ လျောင်းသည်ဟု လေ့ လာသော ပရိကံပြုပါလေ။

ဤသို့ သွား- ရပ်- ထိုင်- လျောင်း လေးပါး သော ဣရိယာပထကို ကျွမ်းကျင်အောင် လေ့လာ သော ပရိကံကို ပြုပါလေ။ ပြုရပါသည်။

အာနာပါနပဗ္ဗသို့ သမ္မဇညပဗ္ဗသွင်း၍ နှလုံးသွင်းရန်ပြခြင်း

ဤသို့သော သမ္မဇညအာရုံတို့ကို ဝိပဿနာ သို့မကူးမီ အာနာပါန စတုတ္ထနည်းအတိုင်း ကြား

http://www.dhammadownload.com

ကာလ၌သွင်း၍ သတိမတ္တဖြင့် အားထုတ်အပ်၏။

သမ္မဇညပဗ္ဗ နှလုံးသွင်းရန် အချုပ်ကား

ရှေ့သို့ တက်သည်ရှိသော် တက်သည်၊ တက်သည်၊ တက်သည်။

နောက်သို့ ဆုတ်သည်ရှိသော်၊ ဆုတ်သည်၊ ဆုတ်သည်၊ ဆုတ်သည်။

တည့်တည့်ကြည့်သော် ကြည့်သည်၊ ကြည့်သည်၊ ကြည့်သည်။

စောင်းငဲ့ကြည့်သော် ကြည့်သည်၊ ကြည့်သည်၊ ကြည့်သည်။

ခြေလက်ကွေးသော် ကွေးသည်၊ ကွေးသည်၊ ကွေးသည်။

ခြေလက်ဆန့်သော် ဆန့်သည်၊ ဆန့်သည်၊ ဆန့်သည်။

သင်္ကန်းကြီးကိုင်သော် ကိုင်သည်၊ ကိုင်သည်၊ ကိုင်သည်။

ခွက်သပိတ်ကိုင်သော် ကိုင်သည်၊ ကိုင်သည်၊ ကိုင်သည်။

အဝတ်သင်္ကန်းဝတ်သော် ဝတ်သည်၊ ဝတ်သည်၊ ဝတ်သည်။

စားသော် စားသည်၊ စားသည်၊ စားသည်။

သောက်သော် သောက်သည်၊ သောက်သည်၊ သောက်သည်။

ခဲသော် ခဲသည်၊ ခဲသည်၊ ခဲသည်။

လျက်သော် လျက်သည်၊ လျက်သည်၊ လျက်သည်။

ကျင်ကြီးစွန့်သော် စွန့်သည်၊ စွန့်သည်၊ စွန့်သည်။

ကျင်ငယ်စွန့်သော် စွန့်သည်၊ စွန့်သည်၊ စွန့်သည်။

သွားသော် သွားသည်၊ သွားသည်၊ သွားသည်။

ရပ်သော် ရပ်သည်၊ ရပ်သည်၊ ရပ်သည်။

ထိုင်သော် ထိုင်သည်၊ ထိုင်သည်၊ ထိုင်သည်။

အိပ်သော်၊ အိပ်သည်၊ အိပ်သည်၊ အိပ်သည်။

နိုးသော် နိုးသည်၊ နိုးသည်၊ နိုးသည်။

စကားပြောသော် ပြောသည်၊ ပြောသည်၊ ပြောသည်။

ဆိတ်ဆိတ်နေသော် နေသည်၊ နေသည်၊ နေသည်။

ဟု လေ့လာခြင်း ပရိကံပြု၍ သတိမလွတ်အောင် သတိမတ္တဖြင့် အားထုတ်နေရပါသည်။

ဤသို့သော သမ္မဇညအာရုံကို အာနာပါန သမထ စတုတ္ထနည်း နံနက်၊ နေ့လယ်၊ ည ကြား ကာလ၌ အချိန်ယူလျက် လေ့လာခြင်းပရိကံပြု၍ သတိမလွတ်အောင် ဝိပဿနာသို့ မကူးမီ သတိဝိရိယဖြင့် အားထုတ်ရပါသည်။

ယခုအခါ ယောဂီသည် အာနာပါနစတုတ္ထနည်းကို ပဓာနထား၍ အားထုတ်နေသော ယောဂီဖြစ်သည်ကို သတိပြုထားပါလေ။

အပါယ်လေးပါးမလွတ်ခြင်း

ဤအာနာပါန တယောလဒ္ဓ တတိယနည်း ကိုပင် ဝင်သက် နာဝအစ၊ ရင်ချိုင့်အလယ်၊ ချက်အဆုံး။ ထွက်သက် ချက်အဆုံး ရင်ချိုင့်အလယ်၊ နာဝ အစဟူသော သုံးချက်လုံးသိအောင် အားထုတ်အံ့ဟု နှလုံးသွင်းလျက်–

ဝင်သက်အခိုက် အစ၊ အလယ်၊ အဆုံး။

ထွက်သက်အခိုက် အဆုံး၊ အလယ်၊ အစ။

ဟု ငြိမ့်ငြိမ့်ညောင်းညောင်း၊ ဖျောင်းဖျောင်း ဖျဖျဖြင့် သုံးချက်လုံး သိအောင်အားထုတ်နေရပါသည်။

ကြာသောအခါ စိတ်သည် နှုးညံ့သိမ်မွေ့၍ ငြိမ်နေစဉ် ဟဒယဝတ္ထုမှ တသဲသဲတသိမ့်သိမ့် တရိပ်ရိပ် တဖွားဖွား မီးပန်းပမာ အမှုန်အမွှားကလေးတွေ ထွက်လာသည်။ ဤအခါ လျစ်လျူရှု၍ ခပ်တင်းတင်း အစ အလယ် အဆုံး။ အဆုံး အလယ် အစဟု

http://www.dhammadownload.com

နှလုံးသွင်း၍ အားထုတ်နေရပြန်ပါသည်။ ဤသို့ အားထုတ်နေပြန်စဉ် စိတ်သည် အလွန်ချမ်းသာစွာ အတော်ကြာကြာ ငြိမ်သက်နေသည်။ ဤလို ငြိမ်သက်နေခိုက်-

- ငါးပါးသော အာရုံ ကာမဂုဏ်နှင့် စပ်၍ ကြံစည်မှု မရှိခြင်း။
- သတ္တဝါသခ်ါရကို ပျက်စီးလိုသည်နှင့် စပ်၍ ကြံစည်မှု မရှိခြင်း။
- သတ္တဝါကို ညှင်းဆဲလိုသည်နှင့် စပ်၍ ကြံစည်မှု မရှိခြင်း။

ဤသို့ ဝိတက်ကြီးတို့နှင့်စပ်၍ ကြံစည်မှုမရှိခြင်းတို့ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် အသိဉာဏ်ဖြစ်လာရပါသည်။

- သူ၏အသက်ကို သတ်ဖြတ်လိုသော စိတ် မရှိခြင်း။
- သူ၏ ဥစ္စာကို ခိုးဝှက်လိုသော ပြစ်မှားလိုသော စိတ်မရှိခြင်း။
- သူ၏မယား သူ့လင်သားကို ပြစ်မှားလိုသော စိတ် မရှိခြင်း။
- မဟုတ်မမှန်သော စကားကို ပြောဆိုလိုသော စိတ် မရှိခြင်း။
- သူနှစ်ယောက် ကွဲပြားအောင် ကုန်းချောစကား ပြောကြားလိုသော စိတ်မရှိခြင်း။
- အနက်ဒြပ်ကင်း၍ သိမ်ဖျင်းသော စကားတို့ကို ပြောကြားလိုသော စိတ်မရှိခြင်း။
- သူတစ်ပါး၏ စည်းစိမ်ကို ရှေးရှု၍ အလိုရှိသော စိတ်မရှိခြင်း။
- သူတစ်ပါးကို ပျက်စီးလိုသောစိတ်မရှိခြင်း။
- အမှန်ကို အမှားဟု ယူလိုသောစိတ်မရှိခြင်း။
- မှားသော အသက်မွေးလိုသောစိတ်မရှိခြင်း။
- ကုသိုလ်ကောင်းမှုတို့ကို မေ့လျော့စေတတ်သော သေရည်သေရက် သောက်စားလိုသောစိတ် မရှိခြင်း။

တရားကို အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် ဤ (၁၀)ပါး၊ (၁၂) ပါးသော အကုသိုလ်ဒုစရိုက် ဒုရာဇီဝတို့ကို ကျူးလွန်လိုသော စိတ်မရှိသည်ကို သိလာရပါသည်။

ဤအခါ ယောဂီပုဂ္ဂိုလ်သည် ငါသည် အပါယ်လေးပါးသို့ ရောက်စေတတ်သော ၁၀-ပါး၊ ၁၂-ပါးသော အကုသိုလ် ဒုစရိုက်ဒုရာဇီဝတို့ ကျူးလွန်လိုသော စိတ်မရှိ ရှောင်ကြဉ်၍ ပယ်နေသဖြင့် အပါယ်လေးပါးမှ လွတ်မြောက်နေရပါတကား-ဟု ယောဂီပုဂ္ဂိုလ်၏ စိတ်ဖြစ်လာရပါသည်။

ဤလို အပါယ်လေးပါးသို့ ရောက်စေတတ်သော အကုသိုလ်ဒုစရိုက် ဒုရာဇီဝတို့ကို ရှောင်ကြဉ်၍ ပယ်ခွာနေရသောကြောင့် အပါယ်လေးပါးမှ လွတ်မြောက်၍ အသခ်ိတဓာတ်မြတ်သော နိဗ္ဗာန်သို့ ရောက်ရတော့အံ့ဟု ယောဂီ ပုဂ္ဂိုလ်၏ စိတ်ဖြစ်ပေါ်လျက် ပဓာနအားဖြင့် ယူထားအပ်သော နာဝအစ၊ ရင်ချိုင့်အလယ်၊ ချက်အဆုံး သုံးပါးလုံး သိစေ၍...

ဝင်သက်အခိုက်၊ အစ-အလယ်-အဆုံး။

ထွက်သက်အခိုက်၊ အဆုံး-အလယ်-အစ။

ဟု သုံးပါးလုံး ထင်မြင်၍ တယောလဒ္ဓပုဂ္ဂိုလ် ဖြစ်အောင် ကြိုးစားအားထုတ်ရပါသည်တည်း။ အပါယ်လေးပါးမှ လွတ်မြောက်နေခြင်း ဖြစ်သည်။

ဣရိယာ ပထပဗ္ဗ သမ္ဗဇညပဗ္ဗတို့ကို ဝိပဿနာ မကူးမီ စတုတ္ထနည်း၌ သွင်းရန် ပြခြင်း

ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာသို့ မကူးမီ စတုတ္ထနည်းကို အားထုတ်နေသော ပုဂ္ဂိုလ်ဖြစ်သည်။ စတုတ္ထနည်းကို အားထုတ်နေစဉ် ဣရိယာပထ သမ္ဗဇညတို့ကို သွင်း၍ သတိမတ္တဖြင့် နံနက်၊ နေ့လယ်၊ ည-၁၅ မိနစ် လောက်စီ အထူးကျွမ်းကျင်အောင် လေ့လာအပ်၏။

ကျွမ်းကျင်အောင် လေ့လာထားရန်ကား...

သွားသည်ရှိသော် သွားသည်၊ သွားသည်၊ သွားသည်။

http://www.dhammadownload.com

ရပ်သည်ရပ်သည်၊ ရပ်သည်၊ ရပ်သည်။

ထိုင်သည်ရှိသော် ထိုင်သည်၊ ထိုင်သည်၊ ထိုင်သည်။

လျောင်းသည်ရှိသော် လျောင်းသည်၊ လျောင်းသည်၊ လျောင်းသည်။

ဤသို့ကျရိယာပထလေးပါးကို လေ့လာအပ်၏။

ရှေ့သို့ တက်သော် တက်သည်၊ တက်သည်၊ တက်သည်။

နောက်သို့ ဆုတ်သော်၊ ဆုတ်သည်၊ ဆုတ်သည်၊ ဆုတ်သည်။

တည့်တည့်ကြည့်သော် ကြည့်သည်၊ ကြည့်သည်၊ ကြည့်သည်။

စောင်းငဲ့ကြည့်သော် ကြည့်သည်၊ ကြည့်သည်၊ ကြည့်သည်။

လက်ခြေကွေးသော် ကွေးသည်၊ ကွေးသည်၊ ကွေးသည်။

လက်ခြေဆန့်သော် ဆန့်သည်၊ ဆန့်သည်၊ ဆန့်သည်။

သင်္ကန်းကြီးကိုင်သော် ကိုင်သည်၊ ကိုင်သည်၊ ကိုင်သည်။

ခွက်သပိတ်ကိုင်သော် ကိုင်သည်၊ ကိုင်သည်၊ ကိုင်သည်။

အဝတ်သင်္ကန်းဝတ်သော် ဝတ်သည်၊ ဝတ်သည်၊ ဝတ်သည်။

စားသည်ရှိသော် စားသည်၊ စားသည်၊ စားသည်။

သောက်သည်ရှိသော် သောက်သည်၊ သောက်သည်၊ သောက်သည်။

ခဲသည်ရှိသော် ခဲသည်၊ ခဲသည်၊ ခဲသည်။

လျက်သည်ရှိသော် လျက်သည်၊ လျက်သည်၊ လျက်သည်။

ကျင်ကြီးစွန့်သော် စွန့်သည်၊ စွန့်သည်၊ စွန့်သည်။

ကျင်ငယ်စွန့်သော် စွန့်သည်၊ စွန့်သည်၊ စွန့်သည်။

သွားသည်ရှိသော် သွားသည်၊ သွားသည်၊ သွားသည်။

ရပ်သည်ရှိသော် ရပ်သည်၊ ရပ်သည်၊ ရပ်သည်။

ထိုင်သည်ရှိသော် ထိုင်သည်၊ ထိုင်သည်၊ ထိုင်သည်။

အိပ်သည်ရှိသော်၊ အိပ်သည်၊ အိပ်သည်၊ အိပ်သည်။

နိုးသည်ရှိသော် နိုးသည်၊ နိုးသည်၊ နိုးသည်။

စကားပြောသော် ပြောသည်၊ ပြောသည်၊ ပြောသည်။

ဆိတ်ဆိတ်နေသော် နေသည်၊ နေသည်၊ နေသည်။

ဤသို့ လေ့လာခြင်း ပရိက်ကို စတုတ္ထနယ ကြားကာလ၌ သတိမတ္တမျှပင် သတိမလွတ်အောင် အားထုတ်နေရပါသည်။

လေ့လာခြင်း ပရိက် အချိန်ကုန်သော်- ယူထားအပ်သော အာရုံသို့ မြန်မြန်ပြန်၍ အားထုတ်နေရပါသည်။

ယူထားအပ်သော အာရုံ စတုတ္ထနည်းကို သိအပ်ပါ၏။ ဝိပဿနာသို့မကူးမီ အာနာပါန စတုတ္ထနည်း လက်ကိုင်ရှိသော် ယောဂီပုဂ္ဂိုလ် ဖြစ်သည်။

အထူးသဖြင့် သိရန်တို့ကား...

ဝိပဿနာတရားကို အားမထုတ်မီ လက်ရှိသမထတရား၏ အကြား အကြား၌၊ အခိုက်အခိုက် ဖြစ်ပေါ်လာသော ကျရိယာပထနှင့် သမ္ဗဇညတို့ကို သတိမတ္တဖြင့် သတိမလွတ်အောင်၊ နံနက်-နေ့လယ်-ညချမ်းတို့၌ အချိန်ထား၍ လေ့လာအပ်ကြောင်းနှင့် သုံးပါးသော ပဗ္ဗ-ဟု ဟောကြားတော်မူ၏။

ထို့နောက် အာနာပါနသတိပဌာန် ပဗ္ဗစတုတ္ထနည်းမှ ကူးပြောင်း၍ အားထုတ်အပ်သော လေးပါး

http://www.dhammadownload.com

သော ပရိဂ္ဂဟတို့တွင် ရှုပ ပရိဂ္ဂဟကို မနသိကာရ တရားသုံးပါးနှင့် ဓမ္မတာ–ပဝတ္တိတို့ကို ဝေဖန်၍ ဟောကြားတော်မူ၏။

ဤသို့ ဓမ္မတာ– ပဝတ္တိတို့ကို ဝေဖန်၍ ဟော ကြားတော်မူပြီးနောက် လေးပါးသော ပရိဂ္ဂဟ သိမ်း ဆည်းရာတို့၌ လိုရင်းပဓာနဝိပဿနာအတွက်က တော့၊ ရုပ်ကို ရှာဖွေသိမ်းဆည်းခြင်း၊ နာမ်ကို ရှာ ဖွေ သိမ်းဆည်းခြင်း၊ အကြောင်းကို ရှာဖွေ သိမ်း ဆည်းခြင်း၊ အဖွဲ့နှံ့ကာလကို ရှာဖွေသိမ်းဆည်းခြင်း ဟူသော လေးပါးသော သိမ်းဆည်းခြင်းတို့ကို သိမ်း ဆည်းရမည်။

သိမ်းဆည်းနေစဉ် ဝိပဿနာဉာဏ်အတွက် ပရိဂ္ဂဟထက်၍ သမ္မသန ဉာဏ်သက်ဝင်လာသည်။ ထို သက်ဝင်လာသော သမ္မသနဉာဏ် ယူဆောင်၍ သုံးသပ်အားထုတ်ရာ အားထုတ်စဉ်ပင် အဖြစ်အပျက် ဟူသော ဥဒယဝယဉာဏ် သက်ဝင်လာသည်။ ဥဒယဝယဉာဏ် သက်ဝင်၍ ထက်သန် ထက်သန် လာသောအခါ၊ ဘင်္ဂဉာဏ် သက်ဝင်လာရပါ၏။

ဘင်္ဂဉာဏ် သက်ဝင်လာသော ယောဂီပုဂ္ဂိုလ် သည် ဘင်္ဂဉာဏ် သက်ဝင်၍ ရင့်သန်လာအောင်– နိယတဓျတ္တ အာရုံဟဒယဝတ္ထု ရုပ်နာမ်တို့ကို ပစ္စုပ္ပန် ကျကျ၊ ကြည့်ရှု၍ အားထုတ်လိုက်သောအခါ တသဲသဲ တသိမ့်သိမ့် တရိပ်ရိပ် တဖွားဖွား ဖြစ်ပျက် ဖောက်ပြန်နေကြသော ဓမ္မတာပဝတ္တိ ရုပ်တို့ကို သိလာရပါသည်။

ဤသို့ သိရန်တို့ကား၊ နိယတဓျတ္တ အာရုံ ဟဒယဝတ္ထု ရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤရုပ်နာမ် တို့သည် အသစ်ဖြစ်၍ အဟောင်း ချုပ်ပျက်သဖြင့် မမြဲလေစွ။

ထွက်သက်အခိုက်–အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဝင်သက်အခိုက်–အနိစ္စ၊ အနိစ္စ၊ အနိစ္စ ဟု အနိစ္စလက္ခဏာထင်မြင်အောင် အားထုတ်နေရပါသည်။

× × ×

ဤသို့ နိဗ္ဗာန်ရောက်သည့်တိုင်အောင် အား ထုတ်နေအပ်၏။ နိဗ္ဗာန်သို့ ရောက်ပြီးသော်လည်း အသက်ထက်ဆုံး ပဓာနလက်ကိုင် နန်းထိုင်အဖြစ် ထား၍ မပြတ်မလပ် အားထုတ်နေအပ်၏ဟူလို...

ဤဝိပဿနာ အစဉ် ဘင်္ဂဉာဏ်အနိစ္စ ဝိပဿနာကို နောင်သောအခါ ပဓာန လက်ကိုင် နန်းထိုင် ထားရ မည် ဖြစ်ပါ၏။

သမ္မသနဉာဏ် ရင့်သန်၍ ဥဒယဝယဉာဏ် သက်ဝင်လာသောအခါ ဥဒယဝယဉာဏ် (၅၀) ကို လည်း တက်၍ အားထုတ်အပ်၏။

ဥဒယဝယဉာဏ် (၅၀)ကို အားထုတ်လျက် သုံးသပ်ဆင်ခြင်စဉ် ဘင်္ဂဉာဏ်အနိစ္စလက္ခဏာ ထင်မြင် အောင် အားထုတ်နေရမည်။

ဝိတက်ကြီး ဝိတက်ငယ်တို့ကိုလည်း ကြံစည် ကာ စိတ်ကို ဘင်္ဂဉာဏ်အနိစ္စ လက္ခဏာ ထင်မြင်အောင် အားထုတ်နေရမည်။

ဣရိယာ ပထ၊ သမ္ဗဇညတို့ကိုလည်း တီရဏ ပရိညာဖြင့် ဘင်္ဂဉာဏ်အနိစ္စ လက္ခဏာထင်မြင်အောင် အားထုတ်နေရမည်။

ဤသို့ ဤဝိပဿနာအခါ– ဤဘင်္ဂဉာဏ်အနိစ္စ ဝိပဿနာထဲသို့ သွင်း၍ အနိစ္စလက္ခဏာ ထင်မြင် အောင် အားထုတ်နေရမည် ဖြစ်ပါ၏ဟူလို။

အနိစ္စ–လေးမျိုး ငါးမျိုးရှိသည်။

ဒုက္ခ–လည်း လေးမျိုး ငါးမျိုးရှိသည်။

အနတ္တ–လည်း ငါးမျိုးရှိသည်။

ဤ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို အားထုတ် ပြီးသောအခါ၊ ဘင်္ဂဉာဏ်အနိစ္စ ဝိပဿနာကို ပဓာန လက် ကိုင် နန်းထိုင်ထား၍ အားထုတ်နေရမည် ဟူလို။ ဥဒယဝယဉာဏ်(၅၀)လည်း သက်ရောက်သွားပြီး။

ဤသို့ ဝိပဿနာအတွက်ခံယူခြင်းပေတည်း။

ဝိပဿနာသို့ ကူးနိုင်ပြီကို ပြခြင်း

အာနာပါန သမထ စတုတ္ထနည်းမှ ဝိပဿနာ

http://www.dhammadownload.com

သို့ ကူးနိုင်ပြီကို ပြဦးအံ့။ ယောဂီပုဂ္ဂိုလ်သည် ယူထား အပ်သော အချိန်ကာလကုန်သောအခါ၌ ပဓာန အား ဖြင့် ယူထားအပ်သော အာနာပါန သမထစတုတ္ထ နယကို သီသထား၍ အားထုတ်စေရာ ကာလကြာ သဖြင့် မနသီကာရ တရားသုံးပါးကို မလွတ်စေဘဲ "ဩမ်းစေမည် – ဩမ်းစေမည် – ဩမ်းစေမည်" ဟုသာ အတော် နူးညံ့၍ အာရုံထဲ၌ ကိန်းဝပ်နေတော့၏။

ယောဂီပုဂ္ဂိုလ်၏ စိတ်ထားသည် ကြွားကြွား ဝင့်ဝင့် မမြင့်မတက် ဗဟိဒ္ဓသို့ မသက်မရောက်ဘဲ ဟဒယဝတ္ထုထဲ၌သာ ဝပ်၍ဝပ်၍ နေခြင်း၊ ဩမ်သက်၍ သိမ်မွေ့နူးညံ့စွာ တည်လျက် ကြက်သီးထခြင်း၊ တအိအိနေခြင်း၊ ကိုယ်ကာယ ကြီးထွားခြင်း၊ တက်ကြွခြင်း၊ တရိပ်ရိပ်တရွေ့ရွေ့မြင့်တက်ခြင်း၊ ရေမှုန်ရေမွှား ထွက်သလိုထင်ခြင်း၊ ရေလှိုင်းထသလို ထင်မြင်ခြင်း၊ ရေပြင်မှ ရေပွက်ထသလို ထင်မြင်ခြင်း၊ ကိုယ်ကာယကြီး တက်ကြွလျက် ကောင်းကင်၌ တလွင့်လွင့် တရွေ့ရွေ့ တအိအိနှင့် လေဟုန်စီးနေသကဲ့သို့ နေတတ်ခြင်း၊ ဟဒယဝတ္ထု၌ တည်ကြည် ဩမ်သက်လျက် ကိုယ်စိတ်နှစ်ပါး ကြည်လင် သန့်ရှင်း၍ ချမ်းသာနေခြင်း၊ ဟဒယတွင်း ဝင်နေသည့် အထဲ၌ ဝပ်နေရခြင်းများ ဖြစ်တတ်သည်။

ဤအခါ ယောဂီပုဂ္ဂိုလ်သည် ကာယ၊ စိတ္တ ကိလေသာ နိဝရဏတို့ ဩမ်ဝပ်ပိပြား၍ နူးညံ့လွယ သဖြင့် ဘာဝနာအဟုန် ဝိကွမ္ဘနသတ္တိဂုဏ်ကြောင့် ပရိယုဋ္ဌာန ဩမ်ဝပ်လှ၍ ကိလေသာ ကျွဲကွာရှဲနေသဖြင့် သာယာဖူးသောအာရုံ၊ သာယာလတ္တံ့သော သုခတို့ ကိုပင် တွေး၍သော်လည်း မထင်နိုင်လောက်အောင် ဩမ်ဝပ်စွာ သက်ရောက်လျက် မဂ်အခြေ ဖိုလ်အခြေ ကိုတောင် ယောင်ချာချာ ဖြစ်တတ်လေသည်၊ ဤကား မဟုတ်ပါတကားဟု နောက်ဆုတ် ခဲ့ရဖူးသည်ကား များခဲ့လေသည်။

ယောဂီပုဂ္ဂိုလ်တို့သည် "နိဝရဏဓမ္မေ သမေတိတိ သမထော" ဟူသည်နှင့်အညီ ကိလေသာ နိဝရဏတို့ ဩမ်ဝပ်ပိပြား၍ ပရိယုဋ္ဌာန် မကပ် မဝင်၊ ကိလေသာစင်လျက် စိတ္တဝိသုဒ္ဓိအမည်တွင်သော သမထအဟုန်၊ သမာဓိဂုဏ်၊ ဘာဝနာသတ္တိ၊ သုခုမာဟုတ္တာပဝတ္တန္တိ၊ ဝိစေတဗ္ဗရှိသဖြင့်လည်းကောင်း၊ စိတ္တမွိ၊ လဟုက်၊ ဟောတိဖြင့် လည်းကောင်း၊ အာကာသေ လဃုံနာဏရ ပတ္တံဝိယ ဟောတိဖြင့်လည်း ကောင်း၊ အာနာပါနသတိ သမာဓိသစပဘာဝနာ ဟောတိဖြင့်လည်းကောင်း၊ ပဋိဘာဂနိမိတ္တံ၊ (ပ) သတော သတဂုဏ် သဟဿဂုဏ် ပရိသုဒ္ဓိ ဟုတ္တာ ဥပဋ္ဌာတိဖြင့် လည်းကောင်း၊ ကိလေသာသန္နိသန္နာဝ ဥပစာရ သမာဓိနာ စိတ္တံသမာဟိတမေဝါတိ–ဖြင့် လည်းကောင်း၊ ဥပစာရဘာဝနာ နိပ္ပန္နာနာမ ဟောတိ –ဖြင့် လည်းကောင်း၊ ကာမာဝစရသမာဓိ–ဟု ဆို အပ်သော ဥပစာရဘာဝနာဖြင့် လည်းကောင်း။

ဤသို့ စသည်နှင့် ပြည့်စုံသော ယောဂီသူမွန် သူတော်ချွန်သည် အားသွန်လုံ့လ ဝီရိယဖြင့် အား ထုတ်အပ်သော အာနာပါန သမထ သမာဓိ ဂုဏ် တည်ရှိပုံ စုံလှပါသောကြောင့် ဥပစာဘုံသို့ ဆိုက် ရောက်ကာ သုံးဖြာသော မနသီကာရကို လက်ကိုင် မလွတ်မချတ်စေဘဲ သံသရာဝဋ် ဆင်းရဲမှလွတ်၍ မွန်မြတ်လှသော မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်သော ချမ်း သာအတွက်ကို လွတ်လွတ်ကြီး မျက်မှောက်ပြုဖို့ ဝိပဿနာသို့ ကူး၍ ရှုနိုင်တော့သည်။ ဤသို့ ဝိပဿနာသို့ ကူးနိုင်ပြီကို သိအပ်၏။

ဤသို့ ဝိပဿနာသို့ ကူးနိုင်ရန် ပြခဲ့သည်တို့ကား ပြအပ်ခဲ့ပြီးသော သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမှတက်၍ ပါရိဟာရိယ အာနာပါနသမနက ကမ္မဋ္ဌာန်းကို အခြေခံလျက် အားထုတ်ခဲ့ရာ ယခုအခါ၌ ကလျာဏအားဖြင့် မဇ္ဈေကလျာဏ၊ သိက္ခာအားဖြင့် သမာဓိသိက္ခာ၊ ခန္ဓာအားဖြင့် သမာဓိက္ခန္ဓာ၊ အဓိအားဖြင့် အဓိစိတ္တ၊ သုဒ္ဓိအားဖြင့် စိတ္တဝိသုဒ္ဓိ – ဤသို့ အမည်ရှိသည်ကို ပြအပ်သော ပါရိဟာရိယ အာနာပါန သမထ ဘာဝနာ စကားရပ်တို့ အပြီးသတ်ပေတည်း။

http://www.dhammadownload.com

ဤသို့ အာနာပါနသမထ ဘာဝနာလမ်း စခန်းရပ်၌အပြီးသတ်လျက် ဝိပဿနာဘက်သို့ ကူး၍ ရှုရန် ပြအပ်ခဲ့သော မနသိကာရ အာရုံကိုယူ၍ ကူးအပ်တော့၏။ ကူးပါလေ-ယောဂီသူမွန် သူတော်ချန်အပေါင်းတို့။

ဤကား ဝိပဿနာသို့ ကူးနိုင်ပြီကိုပြသော စကားရပ်ပေတည်း။

× × ×

ဝိပဿနာဟူသည်...

ဝိပဿနာဟူသည်-ရှုအပ်သော အာရုံကို ယူ၍၊ ရှုတတ်သောသတိ ဖြင့် ထင်စေ၍ ရုပ်ဖြင့်ရုပ်၊ နာမ်ဖြင့်နာမ်၊ အကြောင့်ဖြင့် အကြောင်း၊ ဖြစ်ဆဲဖြင့် ဖြစ်ဆဲ၊ ဖြစ်ကာမျှဖြင့် ဖြစ်ကာမျှ၊ ပျက်ဆဲဖြင့် ပျက်ဆဲ၊ အနိစ္စဖြင့် အနိစ္စ၊ ဒုက္ခဖြင့် ဒုက္ခ... စသည်ကို အထူးသဖြင့် ရှုခြင်းသည် ဝိပဿနာမည်၏။

ဤသို့ ဝိပဿနာကို သိ၍ ဝိပဿနာ၏အစ ရှေးဦးစွာပိုင်းခြား၍ သိမ်းဆည်းအပ်သော ပရိဂ္ဂဟ တရားလေးပါးရှိသည်။

ပရိဂ္ဂဟ တရား လေးပါးကား... ရူပ ပရိဂ္ဂဟ၊ နာမပရိဂ္ဂဟ၊ ပစ္စယ ပရိဂ္ဂဟ၊ အဒ္ဓါန ပရိဂ္ဂဟ... ဟူ၍ ပရိဂ္ဂဟတရား လေးပါးရှိသည်။

ရူပပရိဂ္ဂဟသည်-ရုပ်ကို ယုံကြည်စွာ ပိုင်းခြား၍ သိမ်းဆည်းခြင်း။

နာမပရိဂ္ဂဟသည်-နာမ်ကို ယုံကြည်စွာ ပိုင်းခြား၍ သိမ်းဆည်းခြင်း။

ပစ္စယပရိဂ္ဂဟသည်-အကြောင်းကို ယုံကြည်စွာ ပိုင်းခြား၍ သိမ်းဆည်းခြင်း။

အဒ္ဓါပရိဂ္ဂဟသည်-အဓွန့်ကို ယုံကြည်စွာ ပိုင်းခြား၍ သိမ်းဆည်းခြင်း။

ဤသို့ သိမ်းဆည်းခြင်း ပရိဂ္ဂဟတရား လေးပါးတို့တွင် ရူပပရိဂ္ဂဟကို ရှေးဦးစွာ အားထုတ်၍ သိမ်းဆည်းအပ်၏။

ရူပပရိဂ္ဂဟဟူသည် ရုပ်ကိုရုပ်ဟု ယုံကြည်စွာ ပိုင်းခြား၍ သိမ်းဆည်းရပါသည်။ ဤသို့ ပိုင်းခြား၍ သိမ်းဆည်းနိုင်အောင် ထွက်သက် ဝင်သက်တို့၏ မှီရာ မနောဓာတ်၊ မနောဝိညာဏ်တို့မှီရာ ဟဒယဝတ္ထု အာရုံကို နှလုံးသွင်း၍ ကြည့်ရှုရာ၏။

ဤသို့ ဟဒယဝတ္ထုအာရုံကို နှလုံးသွင်း၍ ကြည့်ရှုသောအခါ တရိပ်ရိပ် တဖွားဖွား ဖြစ်ပျက်ဖောက်ပြန်နေသော ဓမ္မတာရုပ်၊ ပဝတ္တိရုပ်တို့ကို ထင်မြင်ရပါသည်၊ ထင်မြင်အောင် နှလုံးသွင်း ကြည့်ရှု၍ အားထုတ်ရာ၏ဟု ဝိပဿနာကို ပြောပြခြင်း။

ရူပ ပရိဂ္ဂဟ အားထုတ်ရန်ပြခြင်း

ရူပပရိဂ္ဂဟကို အားထုတ်လိုသော ပုဂ္ဂိုလ်သည် အားထုတ်သောအခါ၌ မတုန်မလှုပ် မယိမ်းမယိုင် ကောင်းစွာထိုင်လျက် အာနာပါန သတိပဋ္ဌာန် တရားအားထုတ်စဉ်က ထွက်သက်၊ ဝင်သက် ပဋိဘာဂနိမိတ်၊ အာလောက အလင်းရောင်ကြောင့် ပစ္စက္ခဉာဏ်ဝ၌ တွေ့မြင်ရသော မြူမှုန် မြူမွှားကလေးတွေတို့ကဲ့သို့ အရှိန်မစဲ တသဲသဲ တသိမ့်သိမ့် တရိပ်ရိပ် တဖွားဖွား အမြဲမပြတ် ဖြစ်ပျက်ဖောက်ပြန်နေသော ဓမ္မတာရုပ်။ ထွက်သက် ဝင်သက်နှင့်တကွ ဖြစ်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဇီဝိတ၊ ဟဒယ ဝတ္ထုဟူသော ကလာပပဝတ္တိရုပ်။

ဤရုပ်တို့သည် ဂဏန်းအသချေံ မရေတွက်နိုင်အောင် ဘယ်ရွေ့ ဘယ်မျှပင်များပါသော်လည်း၊ ဖြစ်ပျက် ဖောက်ပြန်တတ်သော ရုပ္ပနလက္ခဏာ တစ်ခုသာရှိ၏ဟု အာရမ္မဏ ဝိဇာနအားဖြင့် တစ်ပေါင်းတစ်ပြု၍ နှလုံးသွင်းလျက် နိယတဇ္ဇတ္တအာရုံ ဟဒယဝတ္ထုရုပ်ကို စူးစိုက်ကြည့်ရှု၍-

ထွက်သက်အခိုက် ရုပ်-ရုပ်-ရုပ်-
ဝင်သက်အခိုက် ရုပ်-ရုပ်-ရုပ်-
ဟု အာရုံနှင့်အာရမ္မဏိက သတိမလွတ်အောင်

http://www.dhammadownload.com

ဗဟိဒ္ဓအာရုံတို့ကို ဥပေက္ခာပြု၍ ရုပ်ကိုသာ ပဓာန ထားလျက် နေ့ရက်များစွာ အားထုတ်နေရပါသည်။

နာမပရိဂ္ဂဟ အားထုတ်ရန်ပြခြင်း

ရူပ ပရိဂ္ဂဟကို အားထုတ်၍ ရုပ်ကို ပိုင်းခြားလျက် သိမ်းဆည်းခဲ့သော ပုဂ္ဂိုလ်သည် နာမပရိဂ္ဂဟကို အားထုတ်ရာ၏။

နာမပရိဂ္ဂဟကို အားထုတ်လိုသော ပုဂ္ဂိုလ်သည် အားထုတ်သောအခါ၌ မတုန်မလှုပ် မယိမ်းမယိုင် ကောင်းစွာထိုင်လျက် မြူမှုန်အလား ရေပွက်အသွင် ဘင်တွင်း၌ တရွရွနှင့် တဖြောက်ဖြောက် နေကြသော ပိုးလောက်ကလေးတွေကဲ့သို့ တရိပ်ရိပ် တဖွားဖွား အမြဲမပြတ် ဖြစ်ပျက် ဖောက်ပြန်တတ်သော ရုပ်၊ ထိုရုပ်တို့ကိုသိသော နာမ်စိတ်၊ ထိုနာမ်စိတ်တို့ကို သိအောင် နှလုံးသွင်းပြီး–

ထိုနာမ်စိတ်တို့သည် ဂဏန်းအသချေ် မရေတွက်နိုင်အောင် ဘယ်ရွေ့ဘယ်မျှပင် များလှသော်လည်း ညွှတ်တတ်သော နမန လက္ခဏာတစ်ခုသာရှိ၏– ဟု အာရမ္မဏ ဝိဇာနနအား တစ်ပေါင်းတည်းပြု၍ ထို နာမ်စိတ်ကို နှလုံးသွင်းလျက် နိယတဇ္ဈတ္တအာရုံ ဟဒယဝတ္ထုရုပ်ကို သိသော နာမ်စိတ်ကို ကြည့်ရှု၍–

ထွက်သက်အခိုက် သိသည်၊ သိသည်၊ သိသည်။

ဝင်သက်အခိုက် သိသည်၊ သိသည်၊ သိသည်။

ဟု နာမ်စိတ်ကိုသိမြင်၍ ပိုင်းခြားလျက် သိမ်းဆည်းနိုင်အောင် နေ့ရက်များစွာအားထုတ်ရပါသည်။

ဤနာမပရိဂ္ဂဟကို ရှေးအခါက အားထုတ်ခဲ့ဖူးသော်လည်း ယခုအခါ ပေါ့ပေါ့ဆဆ မဟုတ်ဘဲ ငြိမ့်ငြိမ့်ညောင်းညောင်း ဖျောင်းဖျောင်းဖျဖျ အားထုတ်ရာ ရက်ပေါင်း (၅၀) ကျော်ကြာသည်။

ဤသို့ရက်ပေါင်း (၅၀) ကျော်ကြာအောင် အာရမ္မဏ ဝိဇာနနအားဖြင့် တစ်ပေါင်းတည်းပြုထားသော နာမ်တို့ကိုလည်းကောင်း၊ အစိတ်စိတ်အားဖြင့် ဝေဒနာနာမ်ကိုလည်းကောင်း၊ သညာနာမ်ကို လည်းကောင်း၊ သင်္ခါရနာမ်ကို လည်းကောင်း၊ ဝိညာဏ်နာမ်ကို လည်းကောင်း၊ အပေါင်းကို လည်းကောင်း၊ တစ်ဆယ်က ကိုးကိုလည်းကောင်း အားထုတ်ရပါသည်။

ဤသို့ နာမပရိဂ္ဂဟကို အားထုတ်ရာ၌ ရူပပရိဂ္ဂဟကဲ့သို့ ပစ္စက္ခဉာဏ်ဝ၌ တရိပ်ရိပ် တဖွားဖွားသော ဥပမာ အာကာရတို့ကို တွေ့မြင်ရသည်မဟုတ်ပါ။ နာမ်အာရုံချင်းဟပ်သော ဖဿကို တွေ့ရုံမျှသာ ရှိသည်။ (ဖဿပဉ္စကနှင့် သိ)

အတော်ကလေး စေ့စေ့စပ်စပ်ဖြင့် သတိချုပ်၍ အသိမလပ်အောင် အားထုတ်ရပါသည်။

ဤသို့ နာမပရိဂ္ဂဟကို အားထုတ်ရာ၌ နာမ်ကို နာမ်ပါတကားဟု ယုံကြည်စွာ ပိုင်းခြားလျက် သိမ်းဆည်းနိုင်အောင် နေ့ရက်ပေါင်းများစွာ ကဒိုးလိုက်သလို နှစ်နှစ်ခြိုက်ခြိုက် ပျော်ပျော်ရွှင်ရွှင် အနုမာသိစိတ်ထားဖြင့် ဤ နာမပရိဂ္ဂဟကို အားထုတ်ရပါသတည်း။

ရုပ်နှင့်နာမ်သက္ကာယနှင့် ဒိဋ္ဌိပြခြင်း

ယခု ကမ္မဋ္ဌာန်းဘာဝနာတရားကို ပွားများအားထုတ်နေသောသူသည် တစ်ခုသော ကမ္မဋ္ဌာန်းဘာဝနာ အာရုံကိုယူ၍ ဘာဝနာအာရုံ၌ ငြိမ်ဝပ်တည်ကြည်အောင် အားထုတ်ခဲ့သောသူ ဖြစ်သည်။ တစ်ခုသော ကမ္မဋ္ဌာန်း ဘာဝနာအာရုံ၌ ငြိမ်ဝပ်တည်ကြည်သောအခါ ဝိပဿနာတို့၏ ရှေးဦးစွာ ဝိပဿနာ ရှုစရာရအောင် ရုပ်နှင့်နာမ်ကို ရှာဖွေပိုင်းခြား၍ သိမ်းဆည်းခဲ့ရပါသည်။

(ပြန်၍ ဖြေပါဦး၊ ဘာကို ရှာဖွေပိုင်းခြား၍ သိမ်းဆည်းခဲ့ရပါသနည်း။ ရုပ်နှင့်နာမ်ကို ရှာဖွေပိုင်းခြား၍ သိမ်းဆည်းခဲ့ရပါသည်။ ဤသို့ ဖြေပါ၏)

ရုပ်နှင့် နာမ်ကို အဘယ်မှာ ရှာဖွေပိုင်းခြား၍ သိမ်းဆည်းခဲ့ရပါသနည်း။

ခန္ဓာကိုယ်အဖွဲတွအတွင်းမှာ ကြည့်ရှုလျက်

http://www.dhammadownload.com

ရှာဖွေပိုင်းခြား၍ သိမ်းဆည်းရပါသည်။

ခန္ဓာကိုယ်အဖျားတွင် အတွင်းမှာရုပ်ကို ကြည့်ရှုလျက် ရှာဖွေပိုင်းခြား၍ သိမ်းဆည်းသော ရုပ်ကို တွေ့မြင်ပါသနည်း။

မိမိ၏ ဉာဏ်အားလျော်စွာ ရုပ်ကို တွေ့မြင်ပါသည်။

ရုပ်ကိုတွေ့မြင်သော် ဘယ်ပုံဘယ်နည်း ဘယ်အခြင်းအရာ အာကာရတို့ဖြင့် တွေ့မြင်ပါသနည်း။

စူးစိုက်၍ ကြည့်ရှုအပ်သော နိယတဖျားတွင် အာရုံ ဟဒယဝတ္ထုမှ တရိပ်ရိပ် တဖွားဖွား ဖြစ်ပျက်ဖောက်ပြန်နေကြသော ရုပ်တို့ကို တွေ့မြင်ရပါသည်။

တရိပ်ရိပ်တဖွားဖွား ဖြစ်ပျက်ဖောက်ပြန်နေကြသောရုပ်တို့ကို တွေ့မြင်ရာ၌ မျက်စိပသာဒဖြင့် တွေ့မြင်ရပါသလား၊ သို့မဟုတ် မနောဝိညာဏ်ဖြင့် တွေ့မြင်ရပါသလား။

တရိပ်ရိပ်တဖွားဖွား ဖြစ်ပျက် ဖောက်ပြန်နေကြသော ရုပ်တို့ကို တွေ့မြင်ရာ၌ မနောဝိညာဏ်ဖြင့် တွေ့မြင်ရပါသည်။

ရူပပရိဂ္ဂဟကို အားထုတ်သောသူသည် ရုပ်ကိုသိ၍ သွားပေပြီ။

နာမပရိဂ္ဂဟကို အားထုတ်သောသူသည် နာမ်ကိုသိ၍ သွားပေပြီ။

ယခု ရူပပရိဂ္ဂဟ၊ နာမပရိဂ္ဂဟနှစ်ပါးကို အားထုတ်သောသူသည် ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားလျက် သိ၍သွားပေပြီ။

ယောဂီပုဂ္ဂိုလ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်နှစ်ပါးသာရှိ၏ဟု ယုံကြည်စွာ ပိုင်းခြား၍ ဝိပဿနာရှုဖို့ရန် သိမ်းဆည်းထားသော ယောဂီပုဂ္ဂိုလ်ဖြစ်သွားပြီး။

သဘောကျ၍ သက်ဝင်အောင် သုံးသပ်ဆင်ခြင်ရပါသည်။

ဤသို့ ထင်ရှားရှိသော ရုပ်နာမ်နှစ်ပါးကို သိအပ်၏။

သက္ကာယအမြွက်မျှ ပြဦးအံ့

စကားမစပ်ဆိုသလို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ် နှစ်ပါးနှင့်စပ်၍ သက္ကာယကို အနည်းငယ်အမြွက်မျှ ပြဦးအံ့။

ကမ္မဋ္ဌာန်း ဘာဝနာတရားကို အားထုတ်သော သူသည် ရူပပရိဂ္ဂဟ၌ အာရုံပြုအပ်သော နိယတဖျားအတွင်း တရိပ်ရိပ် တဖွားဖွားဖြစ်ပျက် ဖောက်ပြန်နေသောရုပ်။

နိယတဖျားအတွင်း တရိပ်ရိပ် တဖွားဖွားဖြစ်ပျက် ဖောက်ပြန်နေသော ရုပ်ကို သိသောနာမ်။

ထိုပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ် နှစ်ပါးအပေါင်းကို သက္ကာယ။

သက္ကာယကို ရှုပ်ထွေးနေသူများ သက္ကာယ ရှင်းသွားပြီ။ သက္ကာယကို မရှင်းသေးလျှင် ရှင်းအောင် နှလုံးသွင်းပါလေ။ ဤသို့လည်း လွန်သော စေတနာဖြင့် မှာထားခြင်း ဖြစ်ပါသည်။

ဒါဖြင့် ကမ္မဋ္ဌာန်း ဘာဝနာတရားကို အားထုတ်သောသူသည် ရုပ်နာမ်နှစ်ပါး ပေါင်းထားသည်ကို သက္ကာယ ဟုတ်ပါရဲ့လား။ရုပ်နာမ်နှစ်ပါး ပေါင်းထားသည်ကို သက္ကာယ ဟုတ်ပါသည်။

ဒီလိုဆိုလျှင် ကမ္မဋ္ဌာန်း ဘာဝနာတရားကို အားထုတ်သော သူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ် နှစ်ပါး ပေါင်းထားသော သက္ကာယကို ရုပ်နာမ်နှစ်ပါး ပေါင်း၍ထားသော သက္ကာယပါတကားဟု သိ၍ ရှင်းသွားပြီ။ အထင်ကောင်းသွားပြီ။ အမြင်ကောင်းသွားပြီ။

- ရုပ်နာမ်နှစ်ပါး ပေါင်း၍ထား မှတ်သားသက္ကာယ။
- သက္ကာယကိုပင် ရုပ်နာမ်ထင် အမြင်ကောင်းလှပ။
- ကောင်းလှသည်ကိုထပ်၍ဆို အမြင်ပိုလှ မြတ်ဓမ္မ။

ကောင်းလှသော စာပေတို့ကို ထပ်၍ထပ်၍ ရွတ်ဆိုထားလျှင် ဉာဏ်အမြင် ကောင်းလာပါသည်။

× × ×

http://www.dhammadownload.com

မေးရဦးမည်၊ သက္ကာယဆိုတာ ကောင်းသလား၊ မကောင်းဘူးလား၊ ကောင်းလှပါသည်။

သက္ကာယသည် ဘာပြု၍ ကောင်းပါသလဲ။ ရုပ်နာမ်နှစ်ပါး ပေါင်းထားသည်ကို သိမြင်၍ သက္ကာယသည် ကောင်းပါ၏။

သက္ကာယဆိုတာ မာဂဓဘာသာ၊ မာဂဓတိုင်းသူတိုင်းသားတို့ ပြောဆိုကြသော စကား။

ရုပ်နာမ်နှစ်ပါး ပေါင်းထားသည်ဆိုတာက မြန်မာပြည်သူပြည်သားတို့ ပြောဆိုကြသော စကား။

ဤသို့လည်း ဘာသာစကား နှစ်မျိုးနှစ်စား သိထားအပ်၏။

ဤသို့ ဘာသာစကား နှစ်မျိုးနှစ်စားကို သိ၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်နှစ်ပါး ပေါင်းထားသည်ကို သက္ကာယ ခေါ်သည်ဟု သိလိုကြသော သူတို့သိသွားကြပြီ။

သက္ကာယကို သ တစ်ပုဒ်၊ ကာယတစ်ပုဒ်ခွဲ၍ သန္တော–ကာယော–သက္ကာယောဟုပြု။

သန္တော သံဝိဇ္ဇမာနော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်နှစ်ပါးအပေါင်းသည်။ သက္ကာယော၊ သက္ကာယမည်၏။ (ဝါ) ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ် နှစ်ပါးအပေါင်း။

ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ် နှစ်ပါး ပေါင်း၍ထားသည်ကို သက္ကာယဟုမှတ်ပါ။ သက္ကာယကို သိမြင်သွားပြီ။

ဒိဋ္ဌိ အမြွက်မျှ ပြဦးအံ့

ဒိဋ္ဌိကို အနည်းငယ် အမြွက်မျှ ပြဦးအံ့။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ဟု မထင်မြင်နိုင်ခြင်းသည် မိစ္ဆာဒိဋ္ဌိမည်၏။

သဘောအတိုင်း သိစေအံ့၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ကို၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ဟု အမှန်မထင်မြင်နိုင်ဘဲ...

ငါပဲ သူပဲ။ လူပဲ နတ်ပဲ။ ယောကျ်ားပဲ မိန်းမပဲ။ ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ စသည်ဖြင့် ထင်မြင်၍ ယူငင်ခြင်းသည် မစင်ကြယ်ဘဲ အမှားကို ယူငင်သော ကြောင့် မိစ္ဆာဒိဋ္ဌိမည်၏။

မြဲမြံစွဲစွဲ မှတ်သားရန်

ရုပ်နာမ်ကိုပင် ငါဟုထင် အမြင်ဉာဏ်မိစ္ဆာ။
ရုပ်နာမ်ကိုပင် သူဟုထင် အမြင်ဉာဏ်မိစ္ဆာ။
ရုပ်နာမ်ကိုပင် လူဟုထင် အမြင်ဉာဏ်မိစ္ဆာ။
ရုပ်နာမ်ကိုပင် နတ်ဟုထင် အမြင်ဉာဏ်မိစ္ဆာ။
ရုပ်နာမ်ကိုပင် ယောကျ်ားထင် အမြင်ဉာဏ်မိစ္ဆာ။
ရုပ်နာမ်ကိုပင် မိန်းမထင် အမြင်ဉာဏ်မိစ္ဆာ။
ရုပ်နာမ်ကိုပင် ပုဂ္ဂိုလ်ထင် အမြင်ဉာဏ်မိစ္ဆာ။
ရုပ်နာမ်ကိုပင် သတ္တထင် အမြင်ဉာဏ်မိစ္ဆာ။

ဤသို့ အထင်အမြင်မှား၍ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားပုံကို သိအပ်၏။

သက္ကာယနှင့် မှတ်သားရန်

သက္ကာယကိုပင် ငါဟုထင် အမြင်ဉာဏ်မိစ္ဆာ။
သက္ကာယကိုပင် သူဟုထင် အမြင်ဉာဏ်မိစ္ဆာ။
သက္ကာယကိုပင် လူဟုထင် အမြင်ဉာဏ်မိစ္ဆာ။
သက္ကာယကိုပင် နတ်ဟုထင် အမြင်ဉာဏ်မိစ္ဆာ။
သက္ကာယကိုပင် ယောကျ်ားထင် အမြင်ဉာဏ်မိစ္ဆာ။
သက္ကာယကိုပင် မိန်းမထင် အမြင်ဉာဏ်မိစ္ဆာ။
သက္ကာယကိုပင် ပုဂ္ဂိုလ်ထင် အမြင်ဉာဏ်မိစ္ဆာ။
သက္ကာယကိုပင် သတ္တထင် အမြင်ဉာဏ်မိစ္ဆာ။

ဤသို့ အထင်အမြင်မှား၍ မိစ္ဆာဒိဋ္ဌိဖြစ်သွားပုံကို သိအပ်၏။

သက္ကာယဆိုသည်ကား၊ ရုပ်နာမ် နှစ်ပါး ပေါင်းထားခြင်း၊ ရုပ်နာမ် နှစ်ပါး ပေါင်းထားခြင်း သည်ကား သက္ကာယ။

သိလိုသူများ သက္ကာယကိုလည်း သိခဲ့ပြီ။ ဒိဋ္ဌိကိုလည်း သိခဲ့ပြီ။ သက္ကာယတခြား၊ ဒိဋ္ဌိတခြား

http://www.dhammadownload.com

ဆိုတာကိုလည်း သိခဲ့ပြီ။

ဒါကြောင့် ပရမတ္ထအားဖြင့် စင်ကြယ်သော ရုပ်နာမ်နှစ်ပါး ပေါင်း၍ ထားသော သက္ကာယထဲသို့ မစင်ကြယ်သော ငါ-သူ-လူ-နတ်၊ ယောကျ်ား-မိန်းမ၊ ပုဂ္ဂိုလ်-သတ္တ စသော အညစ်အကြေးတည်း ဟူသော ဒိဋ္ဌိဝင်ရောက်၍ ကပ်နေလျှင် သက္ကာယဒိဋ္ဌိ ဖြစ်တော့သည်။ ဤသို့ သက္ကာယနှင့် ဒိဋ္ဌိကို သိအပ်၏။

ဤသို့ ရုပ်နှင့်နာမ်၊ သက္ကာယနှင့် ဒိဋ္ဌိတို့ကို အမြွက်မျှ ပြခြင်းတို့ပေတည်း။

ပစ္စယပရိဂ္ဂဟ အားထုတ်ရန်ပြခြင်း

စကားချင်း အလှမ်းဝေးကွာသွားသည်။ ပရိဂ္ဂဟတရား လေးပါးတို့တွင် နာမပရိဂ္ဂဟကို အားထုတ်နေရာ ရုပ်နာမ်နှစ်ပါးနှင့်စပ်၍ သက္ကာယနှင့် ဒိဋ္ဌိပေါ်လွင်စေရန် စကားတို့ကို ထည့်သွင်းနေသဖြင့် စကားချင်း အလှမ်းဝေးကွာသွားသည်။

ရုပ်နှင့်နာမ် သက္ကာယနှင့်ဒိဋ္ဌိကို မထည့်သွင်းမီက နာမပရိဂ္ဂဟကို အားထုတ်နေပါသည်။

နာမပရိဂ္ဂဟကို အားထုတ်နေရာမှ ပိုင်းခြား၍ သိမ်းဆည်းမိသောအခါ ပစ္စယပရိဂ္ဂဟကို ဆက်၍ အားထုတ်ရပါမည်။

ပစ္စယပရိဂ္ဂဟကို အားထုတ်သောအခါ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ တည်းဟူသော အကြောင်းကြောင့် ရုပ်နာမ်နှစ်ပါး ဖြစ်သည်-ဟု နှလုံးသွင်းလျက် နိယတဇ္ဈတ္တအာရုံ ဟဒယဝတ္ထု ရုပ်နာမ်တို့ကို စူးစိုက်ကြည့်ရှု၍ ဤရုပ်နာမ်တို့သည်-

ထွက်သက်အခိုက် -

အကြောင်းပြုပြင်သည်။
အကြောင်းပြုပြင်သည်။
အကြောင်းပြုပြင်သည်။

ဝင်သက်အခိုက် -

အကြောင်းပြုပြင်သည်။
အကြောင်းပြုပြင်သည်။
အကြောင်းပြုပြင်သည်။

ဟု အကြောင်းမြင်အောင် အားထုတ်နေရပါသည်။

နိယတဇ္ဈတ္တအာရုံ ဟဒယဝတ္ထုရုပ်နာမ်တို့ကို စူးစိုက်ကြည့်ရှု၍ ဤရုပ်နာမ်တို့သည်-

ထွက်သက်အခိုက် -

အကြောင်းပြုပြင်၍ဖြစ်သည်။
အကြောင်းပြုပြင်၍ဖြစ်သည်။
အကြောင်းပြုပြင်၍ဖြစ်သည်။

ဝင်သက်အခိုက် -

အကြောင်းပြုပြင်၍ဖြစ်သည်။
အကြောင်းပြုပြင်၍ဖြစ်သည်။
အကြောင်းပြုပြင်၍ဖြစ်သည်။

ဟု အကြောင်းပြုပြင်၍ ဖြစ်သည်ကို မြင်အောင် အားထုတ်နေရပါသည်။

နိယတဇ္ဈတ္တအာရုံ ဟဒယဝတ္ထု ရုပ်နာမ်တို့ကို စူးစိုက်ကြည့်ရှု၍ ဤရုပ်နာမ်တို့သည်-

ထွက်သက်အခိုက် -

အကြောင်းကြောင့်ဖြစ်သည်။
အကြောင်းကြောင့်ဖြစ်သည်။
အကြောင်းကြောင့်ဖြစ်သည်။

ဝင်သက်အခိုက် -

အကြောင်းကြောင့်ဖြစ်သည်။
အကြောင်းကြောင့်ဖြစ်သည်။
အကြောင်းကြောင့်ဖြစ်သည်။

ဟု အကြောင်းကြောင့်ဖြစ်သည်ကို ထင်မြင်အောင် အားထုတ်နေရပါသည်။

ဤပစ္စယပရိဂ္ဂဟ၌ အကြောင်းကိုလည်း ကြည့်ရမည်။ အကျိုးကိုလည်း ထင်မြင်ရမည်။ ကြည့်၍ ထင်မြင်အောင် အားထုတ်အပ်သော ပစ္စယပရိဂ္ဂဟပေတည်း။

http://www.dhammadownload.com

အဒ္ဓါနပရိဂ္ဂဟ အားထုတ်ရန်ပြခြင်း

အဒ္ဓါနပရိဂ္ဂဟကို အားထုတ်လိုသော ပုဂ္ဂိုလ်သည် ရှေးကလို မတုန်မလှုပ် မယိမ်းမယိုင် ကောင်းစွာထိုင်ပြီး ရှေ့ကထင်မြင်ခဲ့သော တသဲသဲ တသိမ့်သိမ့် တရိပ်ရိပ် တဖွားဖွား ဖြစ်ပျက် ဖောက်ပြန်နေသော ရုပ်နာမ်တို့ကို ကြည့်ရှုရ၍ ဤ ရုပ်နာမ်တို့သည် ရှေးအတိတ်ကလည်း ဖြစ်ခဲ့ပြီ။ နောင်အနာဂတ်ကာလ၌လည်း ဖြစ်လတ္တံ့။ ယခု ပစ္စုပ္ပန်ကာလ ဤ ခဏ၌လည်း ဖြစ်ဆဲဟု နှလုံးသွင်းသုံးသပ်ကာ အတိတ် အနာဂတ်ကို ယခုဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်သို့ပေါင်းလျက် နိယတဇ္ဈတ္တအာရုံ ဟဒယ ဝတ္ထုရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤ ရုပ်နာမ်တို့သည်–

ထွက်သက်အခိုက် –

ဖြစ်ဆဲ၊ ဖြစ်ဆဲ၊ ဖြစ်ဆဲ။

ဝင်သက်အခိုက် –

ဖြစ်ဆဲ၊ ဖြစ်ဆဲ၊ ဖြစ်ဆဲ။

ဟု ပစ္စုပ္ပန်ကျကျ ဖြစ်ဆဲဖြစ်နေသည်ကို ထင်မြင်အောင် နေ့ရက်များစွာ အားထုတ်နေရပါသည်။

ဖြစ်ဆဲကိုအားထုတ်၍ နေ့ရက်ကြာသောအခါ ဖြစ်ဆဲ ဖြစ်နေသည်ကို ထင်မြင်၍ ဤ ရုပ်နာမ်တို့သည် ဖြစ်ကာမျှပါတကားဟု အထင်အမြင် တိုးတက် ထက်သန်၍လာပါသည်။ အထင်အမြင် ထက်သန်လာသောအခါ ထက်သန်လာသော အထင်အမြင်ဉာဏ်ကိုယူ၍ ဖြစ်ကာမျှကို သုံးသပ်လျက် အားထုတ်ပါသည်။ ဤသို့ ဖြစ်ဆဲဖြစ်သော အဒ္ဓါနပရိဂ္ဂဟကို သိအပ်၏။

ဖြစ်ဆဲမှ ဖြစ်ကာမျှအားထုတ်ရန်

ဤ ရုပ်နာမ်တို့သည် ဖြစ်ဆဲမှ ဖြစ်ကာမျှပါတကားဟု အထင်အမြင် တိုးတက်၍ ထက်သန်လာသော ယောဂီပုဂ္ဂိုလ်တို့သည် ထက်သန်လာသော ဉာဏ်ကိုယူ၍ ဖြစ်ကာမျှကို နှလုံးသွင်း သုံးသပ်လျက် အားထုတ်ရပါသည်။

ဖြစ်ကာမျှကို နှလုံးသွင်းသုံးသပ်၍ အားထုတ်ရန်ကား ရှေးကလို ကောင်းစွာထိုင်ပြီး တသဲသဲ တသိမ့်သိမ့် တရိပ်ရိပ် တဖွားဖွား ဖြစ်ဆဲဖြစ်၍ နေကြကုန်သော ရုပ်နာမ်တို့သည် ဖြစ်ကာမျှသာဖြစ်၍ နေကြပေကုန်၏ဟု နှလုံးသွင်းသုံးသပ်လျက် နိယတဇ္ဈတ္တအာရုံ ဟဒယဝတ္ထု ရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤရုပ်နာမ်တို့သည်–

ထွက်သက်အခိုက် –

ဖြစ်ကာမျှ၊ ဖြစ်ကာမျှ၊ ဖြစ်ကာမျှ။

ဝင်သက်အခိုက် –

ဖြစ်ကာမျှ၊ ဖြစ်ကာမျှ၊ ဖြစ်ကာမျှ။

ဟု ဖြစ်ကာမျှကို ထင်မြင်အောင် ဆင်ခြင်သုံးသပ်၍ အားထုတ်နေရပါသည်။

ဤလို ဤရုပ်နာမ်တို့သည် ဖြစ်ကာမျှသာဖြစ်၍ ဖြစ်နေသည်ကို ဆင်ခြင်သုံးသပ်၍ အားထုတ်နေသော နေ့ရက်ကြာလာသောအခါ ဖြစ်ဆဲ ဖြစ်ကာမျှဖြစ်သော ရုပ်နာမ်တို့သည် ရှေးအတိတ်ကာလ ခဏကလည်းဖြစ်ခဲ့လေပြီ။ နောက်အနာဂတ်ကာလ ခဏ၌လည်း ဖြစ်လတ္တံ့။ ယခု ပစ္စုပ္ပန်ကာလ နိယတဇ္ဈတ္တ ဤခဏ၌လည်း ဖြစ်ဆဲ ဖြစ်ကာမျှပါတကားဟု သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ် ဝင်လာပါသည်။

ဤသို့ပင် ဤရုပ်နာမ်တို့သည် ဖြစ်ကာမျှ၊ ဖြစ်ကာမျှဟု အဖြစ်ကိုထင်မြင်အောင် သမ္မသနဉာဏ် သုံးသပ်၍ အားထုတ်နေရာ ငါ၊ သူ၊ လူ၊ နတ်၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ မဖက်၊ သက်သက်သော ရုပ်နာမ်တို့သည်သာလျှင် ဖြစ်ကာမျှ ဖြစ်၍ဖြစ်၍ နေကြပေ၏တကားဟု သက်ဝင်၍ ဒိဋ္ဌိပြုတ်သလောက် သမ္မသနဉာဏ်တိုးတက်လာပါသည်။

ဤကား အဒ္ဓါ နပရိဂ္ဂဟထဲ၌ အားထုတ်ပုံ အားထုတ်နည်းကို အားထုတ်၍ သမ္မသနဉာဏ် ဖြစ်ပေါ်လာသော အဒ္ဓါနပရိဂ္ဂဟပေတည်း။

http://www.dhammadownload.com

အဒ္ဓါနပရိဂ္ဂဟကို အားထုတ်ရာ၌ ဖြစ်ဆဲမှ ဖြစ်ကာမျှဖြစ်လာရခြင်း

အားထုတ်ခဲ့သော ရူပပရိဂ္ဂဟ၊ နာမပရိဂ္ဂဟ၊ ပစ္စယပရိဂ္ဂဟ၊ အဒ္ဓါန ပရိဂ္ဂဟ လေးပါးတို့တွင် ရူပပရိဂ္ဂဟကို အားထုတ်ရာ၌ ရုပ်ကို ယုံကြည်စွာ ပိုင်းခြား၍ သိမ်းဆည်းရခြင်း။

နာမပရိဂ္ဂဟကို အားထုတ်ရာ၌ နာမ်ကို ယုံကြည်စွာ ပိုင်းခြား၍ သိမ်းဆည်းရခြင်း။

ပစ္စယပရိဂ္ဂဟကို အားထုတ်ရာ၌ အကြောင်းကို ယုံကြည်စွာ ပိုင်းခြား၍ သိမ်းဆည်းရခြင်း။

အဒ္ဓါနပရိဂ္ဂဟကို အားထုတ်ရာ၌ အဓွန့်ကာလကို ယုံကြည်စွာ ပိုင်းခြား၍ သိမ်းဆည်းရခြင်း။

ဤသို့ ယုံကြည်ပိုင်းခြား၍ သိမ်းဆည်းစဉ် အဒ္ဓါနပရိဂ္ဂဟကို အားထုတ်သောအခါ ရုပ်၏ သဘော၊ နာမ်၏သဘောတို့ကို နှလုံးသွင်းလျက်–

နိယတဗျတ္တအာရုံ ဟဒယဝတ္ထု ရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤ ရုပ်နာမ်တို့သည် ထွက်သက်အခိုက် ဖြစ်ဆဲ၊ ဖြစ်ဆဲ၊ ဖြစ်ဆဲ ဝင်သက် အခိုက် ဖြစ်ဆဲ၊ ဖြစ်ဆဲ၊ ဖြစ်ဆဲ ဟု ဖြစ်ဆဲကို ထင်မြင်အောင် နေ့ရက်များစွာ အားထုတ်ရပါသည်။

ဖြစ်ဆဲကို ထင်မြင်အောင် နေ့ရက်များစွာ အားထုတ်သောအခါ ဖြစ်ဆဲဖြစ်သော ရုပ်နာမ်တို့သည် ဖြစ်ကာမျှပါတကားဟု ထင်မြင်၍ သက်ဝင်လာပါသည်။

ဤအခါ ဤသို့ပင် ဆက်၍ အားထုတ်နေပြန်ရာ ကြာပြန်သောအခါ ဖြစ်ဆဲဖြစ်သော ဤရုပ်နာမ်တို့သည် ဖြစ်ခါမျှပါတကား၊ဖြစ်ကာမျှပါတကားဟုသာ ထင်မြင်၍ ဉာဏ်အမြင် သက်ဝင်လာသဖြင့် တိုးတက်လာသည်ကို သိလာရပါ၏။

ဤသို့ အဒ္ဓါနပရိဂ္ဂဟ အားထုတ်စဉ်၌ ဖြစ်ကာမျှ၊ ဖြစ်ကာမျှဟု ဖြစ်ကာမျှကို ထင်မြင်ရခြင်း ဖြစ်သည်။

ဖြစ်ကာမျှကို အားထုတ်ရခြင်း

ယောဂီသည် ဖြစ်ကာမျှဟု ထင်မြင်သော ဉာဏ် ယူဆောင်၍ ရုပ်နာမ်တို့ကို သုံးသပ်လျက်–

နိယတဗျတ္တအာရုံ ဟဒယဝတ္ထု ရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤရုပ်နာမ် တို့သည်–

ထွက်သက်အခိုက် ဖြစ်ကာမျှ၊ ဖြစ်ကာမျှ၊ ဖြစ်ကာမျှ။
ဝင်သက်အခိုက် ဖြစ်ကာမျှ၊ ဖြစ်ကာမျှ၊ ဖြစ်ကာမျှ။

ဟု ဖြစ်ကာမျှကို ထင်မြင်၍ သက်ဝင်နေအောင် အားထုတ်နေရပါသည်။

သမ္မသန ဝိပဿနာ အားထုတ်ခြင်း

ဤသို့ ဤရုပ်နာမ်တို့သည် ဖြစ်ကာမျှ၊ ဖြစ်ကာမျှ၊ ဖြစ်ကာမျှဟု အားထုတ်နေစဉ် ဟဒဝတ္ထု အိမ်မှ မြူမှုန်မြူမွှားကလေးတွေကဲ့သို့ တရိပ်ရိပ် တဖွားဖွား ထွက်လာသည်တို့သည် လည်းကောင်း၊ စက်ယန္တရားမှ မီးမှုန် မီးမွှားကလေးတွေကဲ့သို့ တရိပ်ရိပ် တဖွားဖွား ထွက်လာသည်တို့ကိုလည်းကောင်း၊ ရေလှိုင်းကဲ့သို့ တလိပ်လိပ် တရိပ်ရိပ် နေသည်တို့ကို လည်းကောင်း၊ လှိုင်းကြက်ခွပ်မှ ထသော ရေမှုန် ရေမွှားကလေးတွေကဲ့သို့ လည်းကောင်း၊ ကောင်းကင်မှ ကျဆင်းလာသော မိုးရေမိုးပေါက်တွေကဲ့သို့ လည်းကောင်း၊ ထင်မြင်သည်ကို သုံးသပ်ဆင်ခြင်လျက် ဤရုပ်နာမ်တို့သည် ဖြစ်ကာမျှ၊ ဖြစ်ကာမျှ၊ ဖြစ်ကာမျှဟု ရုပ်တို့ကို လည်းကောင်း၊ နာမ်တို့ကို လည်းကောင်း၊ အကြောင်းတို့ကို လည်းကောင်း၊ အဓွန့်ကာလတို့ကို လည်းကောင်း၊ သုံးသပ်အပ်သည်တို့ကို သုံးသပ် ဆင်ခြင်လျက် သုံးသပ်သော သမ္မသန ဝိပဿနာဉာဏ်ဖြင့်–

နိယတဗျတ္တအာရုံ ဟဒယဝတ္ထု ရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤရုပ်နာမ်တို့သည် ထွက်သက်အခိုက် ဖြစ်ကာမျှ၊ ဖြစ်ကာမျှ၊ ဖြစ်ကာမျှ၊ ဝင်သက် အခိုက် ဖြစ်ကာမျှ၊ ဖြစ်ကာမျှ၊ ဖြစ်ကာမျှဟု သမ္မသန ဝိပဿနာကို အားထုတ်နေရပါသည်။

http://www.dhammadownload.com

သမ္မသနဝိပဿနာကို အားထုတ်၍ နေ့ရက်ကြာလာသောအခါ စိတ်တို့သည် ရှင်လန်းလျက် ထက်သန်သောစိတ်ဖြင့် ဤရုပ်နာမ်တို့သည် ဖြစ်ကာမျှပင် မနေဘဲ ဖြစ်၍ ပျက်ကြလေစွတကား တိုးတက်လာသည်။

ဤအခါ အားထုတ်သူ၏ စိတ်သည် မလျော့ဘဲ ဤရုပ်နာမ်တို့သည် ဖြစ်၍ ပျက်သည်၊ ဖြစ်၍ ပျက်သည်ဟု ထက်ထက်သန်သန်ကြီး အားထုတ်လာပါသည်။

ဤသို့ သမ္မသန ဝိပဿနာကို နေ့ရက်ကြာကြာ စိတ်ရှည်ရှည် အားထုတ်ရပါသည်။

ဥဒယဝယ ဝိပဿနာကို အားထုတ်ခြင်း

သမ္မသန ဝိပဿနာကို ကျေနပ်အောင် အားထုတ်ပြီးသောအခါ သမ္မသနဝိပဿနာကို အားထုတ်စဉ် ထင်မြင်သော ဖြစ်၍ပျက်သည် ဟူသော ဥဒယဝယဉာဏ်ကို ယူဆောင်၍ ဥဒယဝယဉာဏ်တိုးတက်အောင် အားထုတ်သည်။

အားထုတ်ဟန်ကား ဤရုပ်နာမ်တို့ကို သုံးသပ်လျက် နိယတဗျတ္တ အာရုံ ဟဒယဝတ္ထု ရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤရုမ်နာမ်တို့သည်-

ထွက်သက်အခိုက် -

ဖြစ်၍ ပျက်သည်၊
ဖြစ်၍ ပျက်သည်၊
ဖြစ်၍ ပျက်သည်။

ဝင်သက်အခိုက် -

ဖြစ်၍ ပျက်သည်၊
ဖြစ်၍ ပျက်သည်၊
ဖြစ်၍ ပျက်သည်။

အပျက်ကို ထင်မြင်အောင် အားထုတ်ရပါသည်။

ရုပ်နာမ်တို့၏ သဘောသဘာဝတို့သည်လည်း လိုရင်းပဓာန။ အဖြစ်အပျက်တို့၏ သဘောသဘာဝတို့သည်လည်း လိုရင်းပဓာနတည်း။

အပျက်ကို သတိထားမိခြင်း

ဥဒယဝယ ဝိပဿနာကို အားထုတ်၍ ကြာလာသောအခါ ဥပါဒ်-ဌီ-ဘင်၊ ဖြစ်-တည်-ပျက်ဟူသော သန္တတိ အစဉ်သည် ဉာဏ်ကြီးရှင်တို့၏ အရာသာဖြစ်၍၊ ဉာဏ်ငယ်ရှင်တို့၏ အရာကား ဥပါဒ်-ဘင်-ဖြစ်ပျက် ဟူသော သန္တတိ အစဉ်ပြတ်သည်ဟူသော သဘောရောက်၍ ဝမ်းမြောက်ဝမ်းသာ၊ ဩဘ်-ဤရုပ်နာမ်တို့သည်ဖြစ်၍ ပျက်ကြလေစွတကား၊ ဖြစ်၍ ပျက်ကြလေစွတကားဟု အပျက်ကို သတိထားရပါသည်။

ဥဒယဝယဉာဏ် (၅၀) ဖြန့်၍ အားထုတ်ခြင်း

ဥဒယဝယဉာဏ် (၅၀) ကို ဖြန့်၍ အားထုတ်ရပါသည်။

ဥဒယဝယဉာဏ် (၅၀) ကား...

ရူပက္ခန္ဓာ၌ ဥဒယဉာဏ် ငါးပါး၊ ဝယဉာဏ် ငါးပါး၊ ၁၀-ပါး။

ဝေဒနာက္ခန္ဓာ၌ ဥဒယဉာဏ် ငါးပါး၊ ဝယဉာဏ် ငါးပါး၊ ၁၀-ပါး။

သညက္ခန္ဓာ၌ ဥဒယဉာဏ် ငါးပါး၊ ဝယဉာဏ် ငါးပါး၊ ၁၀-ပါး။

သင်္ခါရက္ခန္ဓာ၌ ဥဒယဉာဏ် ငါးပါး၊ ဝယဉာဏ် ငါးပါး၊ ၁၀-ပါး။

ဝိညာဏက္ခန္ဓာ၌ ဥဒယဉာဏ် ငါးပါး၊ ဝယဉာဏ် ငါးပါး၊ ၁၀-ပါး။

ဤသို့ အားဖြင့် (၅၀) အကျယ်ဖြန့်၍ အားထုတ်နေရာ၊ နေ့ရက်ကာလကြာသောအခါ အတော်ကလေး သတိထားခဲ့သည့်အတိုင်း ရုပ်ကို လည်းကောင်း၊ နာမ်ကို လည်းကောင်း၊ အဖြစ်ကို လည်းကောင်း၊ အပျက်ကိုလည်းကောင်း၊ အာရုံချင်း ဟပ်၍ ဟပ်၍ အထင်အမြင်များသည်၊ အထင်မြင်များလာ

http://www.dhammadownload.com

သည့်အတိုင်း ထက်သန်စွာ အားထုတ်နေပြန်ရာ၊ သော်... ဤရုပ်နာမ်တို့သည် ပျက်ကြလေစွတကား၊ ပျက်ကြလေစွတကားဟု အပျက်ကို ထင်မြင်ထက်သန်လာပါသည်။

အနိစ္စ ဝိပဿနာ အားထုတ်ရခြင်း

အနိစ္စဝိပဿနာ လေးမျိုး ငါးမျိုးရှိပါသည်။
အနိစ္စဝိပဿနာ လေးမျိုး ငါးမျိုးကား...

ဘင်္ဂ အနိစ္စ ဝိပဿနာ၊
ဥပဂဒေဝယန္တ အနိစ္စ ဝိပဿနာ၊
ဝိပရိဏာမကောဋ္ဌိ အနိစ္စ ဝိပဿနာ၊
တာဝကာလိက အနိစ္စ ဝိပဿနာ၊
နိစ္စပဋိပက္ခ အနိစ္စ ဝိပဿနာ၊

ဤသို့ အနိစ္စလေးမျိုး ငါးမျိုးရှိသည်ကို သိအပ်၏။

အနိစ္စဝိပဿနာ လေးမျိုးငါးမျိုးတို့တွင် ဘင်္ဂ အနိစ္စ ဝိပဿနာ အားထုတ်ပုံ အချုပ်ကို ပြမည်။

ယောဂီသည် ကောင်းစွာထိုင်၍ ရုပ်နာမ်တို့ကို သုံးသပ်ဆင်ခြင်လျက် နိယကဗျတ္တအာရုံ ဟဒယဝတ္ထုရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤရုပ်နာမ်တို့သည်- အသစ်ဖြစ်၍ အဟောင်းချုပ်ပျက်ဖြစ်သဖြင့် မမြဲလေစွ။
ထွက်သက်အခိုက် -

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဝင်သက်အခိုက် -

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

အနိစ္စလက္ခဏာ ထင်မြင်အောင် နေ့ရက်များစွာ အားထုတ်နေရပါသည်။

ကျန်သော အနိစ္စလေးမျိုးကို ဤနည်းကို မှီး၍ သိအပ်၏။

ဒုက္ခဝိပဿနာ အားထုတ်ရခြင်း

ဒုက္ခဝိပဿနာ လေးမျိုးငါးမျိုးရှိသည်။ ယင်းတို့မှာ-
သပ္ပဋိဘယဒုက္ခဝိပဿနာ၊
အဘိဏှသပ္ပဋိပီဠန ဒုက္ခ ဝိပဿနာ၊
အဒုက္ခမဒုက္ခ ဝိပဿနာ၊
ဒုက္ခဝတ္ထုက ဒုက္ခ ဝိပဿနာ၊
သုခပဋိပက္ခ ဒုက္ခ ဝိပဿနာ၊

ဤသို့ ဒုက္ခ လေးမျိုးငါးမျိုးရှိသည်ကို သိအပ်၏။

ဒုက္ခဝိပဿနာ လေးမျိုး ငါးမျိုးတို့တွင် သပ္ပဋိပီဠန ဒုက္ခ ဝိပဿနာ အားထုတ်ပုံ အချုပ်ကိုပြမည်။

ယောဂီသည် ကောင်းစွာထိုင်၍ ရုပ်နာမ်တို့ အဖြစ်အပျက်ကို သုံးသပ်ဆင်ခြင်လျက်...

နိယကဗျတ္တအာရုံဟဒယဝတ္ထု ရုပ်နာမ်တို့ အပျက်ကို ကြည့်ရှု၍ ဤရုပ်နာမ်တို့သည် ဘေးနှင့်တကွ ဖြစ်ခြင်းပျက်ခြင်း နိပ်စက်သည်ဖြစ်၍ ဆင်းရဲလေစွ။
ထွက်သက်အခိုက် -

ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ။

ဝင်သက်အခိုက် -

ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ။

ဟု ကိလေသာ မဝင်စေဘဲ ဒုက္ခလက္ခဏာ ထင်မြင်အောင် နေ့ရက်များစွာ အားထုတ်နေရပါသည်။
ကျန်သော ဒုက္ခလေးမျိုးကို ဤနည်းကိုမှီး၍ သိအပ်၏။

အနတ္တဝိပဿနာ အားထုတ်ရခြင်း

အနတ္တဝိပဿနာ လေးမျိုးငါးမျိုးရှိသည်။
အနတ္တဝိပဿနာ လေးမျိုးငါးမျိုးကား-
အဝသဝတ္တန အနတ္တဝိပဿနာ၊
အသာရက အနတ္တ ဝိပဿနာ၊
အသာမိက အနတ္တ ဝိပဿနာ၊
သုညတ အနတ္တ ဝိပဿနာ၊
အတ္တပဋိပက္ခ အနတ္တ ဝိပဿနာ၊

ဤသို့ အနတ္တ လေးမျိုးငါးမျိုးရှိသည်ကို သိအပ်၏။

အနတ္တ ဝိပဿနာလေးငါးမျိုးတို့တွင် အဝသဝတ္တန အနတ္တဝိပဿနာ အားထုတ်ပုံ အချုပ်ကို ပြ

http://www.dhammadownload.com

မည်။ ယောဂီသည် ကောင်းစွာထိုင်၍ ရုပ်နာမ်တို့ အဖြစ်အပျက်အလိုသို့ မလိုက်သည်ကို သုံးသပ်ဆင်ခြင်လျက် နိယကစ္ခုတ္တ အာရုံ ဟဒယဝတ္ထု ရုပ်နာမ်တို့ အဖြစ်အပျက် အလိုသို့မလိုက်သည်ကို ကြည့်ရှု၍ ဤရုပ်နာမ်တို့သည် မိမိအလိုသို့မလိုက်သည်ဖြစ်၍ အစိုးမရလေစွ။

ဆွက်သက်အခိုက် -

အနတ္တ၊ အနတ္တ၊ အနတ္တ။

ခင်သက်အခိုက် -

အနတ္တ၊ အနတ္တ၊ အနတ္တ။

ဟု ကိလေသာ မဝင်စေဘဲ အနတ္တလက္ခဏာထင်မြင်အောင် နေ့ရက်များစွာ အားထုတ်နေရပါသည်။

ကျန်သော အနတ္တလေးမျိုးကို ဤနည်းကို မှီး၍ သိအပ်၏။ လေ့လာသော ပရိစယ အားရှိမှ သိနိုင်ပါသည်။

ဝမ်းမြောက်လိုက်ရခြင်း

ယောဂီသည် သံသာရတော မောကွေတိ၊ ဝိမော စေတီ တိ ဝိမောက္ခော။ သံသရာမှ လွတ်မြောက်စေတတ်သောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်း ဟူသောတရား၊ ဝိမောက္ခတရားတည်းဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော အကြောင်းတရားကို အားထုတ်ရပေပြီဟု နှလုံးသွင်းမိလေသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော ဝိမောက္ခတရားကို အားထုတ်သော အကြောင်းတရားကို ရပေပြီဟု နှလုံးသွင်းလျက် အားထုတ်သော အကြောင်းတရားရှိသောသူသည် အကြောင်းတရား အားလျော်စွာ သံသရာမှ လွတ်မြောက်၍၊ အဝေဒယိတသန္တိသုခ နိဗ္ဗာန်တည်းဟူသော ဖြူစင်မြောင့်မတ် ကောင်းမြတ်သော အကျိုးကို ရ-ရပေတော့အံ့ဟု ယောဂီတို့ ဓမ္မတာ "လွန်ခဲ့ မေ ပုညံ သာဓု သာဓု"ဟု ရွှေးသူမွန်တို့ ဝမ်းမြောက်သကဲ့သို့ ဝမ်းမြောက်လိုက်ပါသည်။ မေ၊ ငါ့အား။ ပုညံ၊ ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော နိဗ္ဗာန်တည်း ဟူသော အကျိုးကို။ လွန်ခဲ့၊ ရ-ရပေတော့အံ့။ (အနာဂတ္တ)။ သာဓု၊ သာဓု၊ ကောင်းပေစွ၊ ကောင်းပေစွ။ အကြောင်းအကျိုး မျှော်ထောက်၍ ဝမ်းမြောက်လိုက်ရပါသည်။

ဘင်္ဂအနိစ္စ ဝိပဿနာထဲသို့ သွင်း၍ အားထုတ်ရန် ကျရိယာပထသမ္ပညေ ဝိတက်ကြီး ဝိတက်ငယ် စသည်တို့ကို ဟောပြခြင်း

အနိစ္စဝိပဿနာ၊ ဒုက္ခဝိပဿနာ၊ အနတ္တဝိပဿနာတည်းဟူသော ဝိမောက္ခတရားတို့ကို အားထုတ်ရာ အတော်ကြာသွားသဖြင့် အတော်ကလေးသဘောပေါက်သွားပြီ။ သဘောပေါက်ပြီးသော ယောဂီသည် ကောင်းစွာ နေကုန်ရာ၏ ဟူသည်နှင့် အညီ ကောင်းစွာ နေသည်မည်အောင် အသက်ထက်ဆုံး ဘင်္ဂအနိစ္စဝိပဿနာနှင့် နေရမည်။

ဘင်္ဂအနိစ္စဝိပဿနာနှင့် နေရာ၌ ကျရိယာပထ၊ သမ္ပဇည၊ ဝိတက်ကြီး ဝိတက်ငယ် စသည်တို့ကို သွင်း၍သွင်း၍ ဘင်္ဂအနိစ္စဝိပဿနာဖြင့် အားထုတ် သွားရမည်။

ဥပမာ - သွားသည်ရှိသော် သွားသော အခိုက်၌ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း တရွေ့ရွေ့ပါသော ရုပ်နာမ်တို့သည် တရွေ့ရွေ့ပင် ဖြစ်၍ ပျက်ကြသဖြင့် အပျက်ကိုမြင်အောင်ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရာ၏။

ရုပ်ခြင်းစသည်ကိုလည်း သိအပ်၏။

ရှေ့သို့တက်သည်ရှိသော် တက်သောအခိုက်၌ တက်သော အမှုအရာအတိုင်း တရိပ်ရိပ် တရွေ့ရွေ့ပါသော ရုပ်နာမ်တို့သည်၊ တရိပ်ရိပ် တရွေ့ရွေ့ပင် ဖြစ်၍ပျက်ကြသဖြင့် အပျက်ကိုမြင်အောင်ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စ ဟုရှုခဲ့ရာ၏။

နောက်သို့ ဆုတ်ခြင်း စသည်ကိုလည်း သိအပ်၏။

ခွက်၊ ပန်းကန်၊ ဖွန်း စသည်ကို ကိုင်သည်ရှိ

http://www.dhammadownload.com

သော် ကိုင်သောအခိုက်၌ ကိုင်သော အမှုအရာ အတိုင်း တရိပ်ရိပ် တရွေ့ရွေ့ပါသော ရုပ်နာမ်တို့သည် တရိပ်ရိပ် တရွေ့ရွေ့ပင် ဖြစ်၍ပျက်ကြသဖြင့် အပျက်ကိုမြင်အောင်ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရာ၏။

သင်္ကန်း၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးတို့ကို ကိုင်သည်ရှိသော် ကိုင်သောအခိုက်၌ ကိုင်သော အမှုအရာအတိုင်း တရိပ်ရိပ် တရွေ့ရွေ့ပါသော ရုပ်နာမ်တို့သည် တရိပ်ရိပ် တရွေ့ရွေ့ပင် ဖြစ်၍ ပျက်ကြသဖြင့် အပျက်ကို မြင်အောင် ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရာ၏။

ကာမဝိတက် စသည်ကို ကြံစည်မိသော် ကြံစည်သော စိတ်နာမ်ပျက်ကို ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရာ၏။

မြို့ရွာဟူသော ဧနပဒဝိတက်စသည်ကို ကြံစည်မိသော် ကြံစည်သော် စိတ်နာမ်ပျက်ကို ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရာ၏။

သာယာအပ်ဖွယ်သော အာရုံကို သတိရသော် သတိရသည်၊ သတိရသည်ဟု တဏှာ အထပ်ထပ် မဖြစ်စေဘဲ သတိရသော စိတ် နာမ်ပျက်ကို ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရာ၏။

ခံစားဖွယ်သော ဝေဒနာစိတ်ကို သတိရသော် သတိရသော ဝေဒနာစိတ် နာမ်ပျက်ကို ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရာ၏။

ချစ်ခင်သောသူကို သတိရသော် ချစ်ခင်သည်၊ ချစ်ခင်သည်ဟု တဏှာအထပ်ထပ်မဖြစ်စေဘဲ ချစ်ခင်သည်ဟု သတိရသောစိတ် နာမ်ပျက်ကိုကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရာ၏။

လိုချင်သော တဏှာစိတ်ဖြစ်ပေါ်လာသော် လိုချင်သည် လိုချင်သည်ဟု တဏှာစိတ်ကို မတိုးပွားစေဘဲ တဏှာစိတ် နာမ်ပျက်ကိုကြည့်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရှုခဲ့ရာ၏။

တစ်စုံတစ်ခုသော သောမနဿ ဝေဒနာစိတ်၊ ဒေါမနဿ ဝေဒနာစိတ်၊ ဥပေက္ခာဝေဒနာစိတ် တို့ဖြစ်ပေါ်သော် ဖြစ်ပေါ်သော ဝေဒနာစိတ် နာမ်ပျက်ကို ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရာ၏။ တစ်စုံတစ်ခုသော သောမနဿ ဝေဒနာစိတ်၊ ဒေါမနဿ ဝေဒနာစိတ်၊ ဥပေက္ခာဝေဒနာစိတ်တို့ ဖြစ်ပေါ်သော် ဖြစ်ပေါ်သော ဝေဒနာစိတ် နာမ်ပျက်ကို ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရာ၏။

ရူပြီးသည်နှင့် တစ်ပြိုင်နက် မိမိ၏ ပဓာန လက်ကိုင်နန်းထိုင်ဖြစ်သော ဘင်္ဂိအနိစ္စဝိပဿနာကို အသက်ထက်ဆုံးရှု၍ အားထုတ်နေရာ၏။

အသက်ထက်ဆုံးအားထုတ်အပ်သော ပဓာနလက်ကိုင်နန်းထိုင်ဖြစ်သော ဘင်္ဂိအနိစ္စဝိပဿနာ အားထုတ်နေပုံ အချုပ်ပြခြင်း

တရားကို အားထုတ်သော ယောဂီသည် ဘုရားရှေ့တော်၌ ပြုအပ်သော ပုဗ္ဗကိစ္စနှင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်း၊ အာနာပါန ကမ္မဋ္ဌာန်းတို့ကို အခြေခံ၍ ဝိပဿနာ၏ ရှေးဦးစွာ အားထုတ်အပ်သော ပရိဂ္ဂဟ တရား လေးပါးတို့ကို အားထုတ်ပြီး သမ္မသနဉာဏ်မှ ဖြစ်ပေါ်လာသော ဉာဏ်တို့ကို ယူဆောင်၍ အဖြစ် အပျက်ဟူသော ဥဒယဝယက အားထုတ်နေစဉ် ထင်မြင်၍ သက်ဝင်သော ဘင်္ဂိအနိစ္စကို သုံးသပ်ဆင်ခြင်လျက်...

နိယကဗျတ္ထအာရုံ ဟဒယဝတ္ထုရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤရုပ်နာမ်တို့သည်...
အသစ်ဖြစ်၍ အဟောင်းချုပ်ပျက်သဖြင့် မမြဲလေစွ။
ထွက်သက်အခိုက် –

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဝင်သက်အခိုက် –

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဟု ကိလေသာတည်းဟူသော အညစ်အကြေး မဝင်စေဘဲ အနိစ္စ လက္ခဏာ ထင်မြင်သည်

http://www.dhammadownload.com

ထက် ထင်မြင်၍ မြဲနေအောင် အာရဇ္ဇဝိရိယဖြင့် အားထုတ်နေရပါသည်။

မဂ်ဖိုလ်နိဗ္ဗာန်ကို ရပြီးသော်လည်း အသက်ထက်ဆုံး ပဓာနလက်ကိုင် နန်းထိုင်ထား၍ အားထုတ်နေရသော ဘင်္ဂအနိစ္စ ဝိပဿနာ အားထုတ်နေပုံ အချုပ်ဖြစ်သည်။

ဘင်္ဂအနိစ္စဝိပဿနာထဲသို့သွင်း၍ အားထုတ်နေပုံပြခြင်း

ဘင်္ဂအနိစ္စ ဝိပဿနာကို အားထုတ်နေသော အခိုက် တွေ့ဆုံသောအာရုံ၊ ကြိုစည်မိသော ဝိတက် စသည်တို့ကို အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရွှခဲ့ရန်ကား- ပြခဲ့သော ဘင်္ဂအနိစ္စ ဝိပဿနာကို အားထုတ်နေစဉ် မြင်ခဲ့ဖူးသော အာရုံကို သတိရသော် သတိရသည်၊ သတိရသည်၊ သတိရသည်ဟု ဆက်ကာ ဆက်ကာ မလိုက်စေဘဲ သတိရသော စိတ် နာမ်ပျက်ကိုကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရွှခဲ့ရပါသည်။

ရွှပြီးသည်နှင့် တစ်ပြိုင်နက် မိမိ၏ လက်ကိုင် နန်းထိုင်ဖြစ်သော ဘင်္ဂ အနိစ္စ ဝိပဿနာကိုပြန်၍ နိယကဇ္ဈတ္တအာရုံ ဟဒယဝတ္ထုရုပ်နာမ်တို့ကို ကြည့်ရှုလျက် ဉာဏ်ရုပ်နာမ်တို့သည် အသစ်ဖြစ်၍ အဟောင်း ချုပ်ပျက်သဖြင့် မမြဲလေစွ။ ထွက်သက်အခိုက် အနိစ္စ၊ အနိစ္စ၊ အနိစ္စ။ ဝင်သက်အခိုက် အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု အားထုတ်နေရပါသည်။

နောက်ကို ဉာဏ်နည်းအတိုင်း ရှုရလိမ့်မည်။

ဉာဏ်သို့ အားထုတ်နေစဉ် သွားချင်သောစိတ် ဖြစ်ပေါ်သော်၊ ဖြစ်ပေါ်သောစိတ် နာမ်ပျက်ကို ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရွှခဲ့ရပါသည်။

ရွှပြီးသည်နှင့် တစ်ပြိုင်နက် မိမိ၏ ပဓာန လက်ကိုင် နန်းထိုင်ဖြစ်သော ဘင်္ဂအနိစ္စ ဝိပဿနာကိုပြန်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရွှနေရပါသည်။

ဉာဏ်သို့ ရွှနေစဉ် တစ်စုံတစ်ခုသော ဝတ္ထုအာရုံကို စားချင်သော လောဘ တဏှာစိတ်ဖြစ်သော် စားချင်သည် စားချင်သည် စားချင်သည်ဟု ဆက်ကာ ဆက်ကာမလိုက်ဘဲ စားချင်သော လောဘ တဏှာ စိတ်နာမ်ပျက်ကို မြင်အောင်ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရွှခဲ့ရပါသည်။

ရွှပြီးသည်နှင့် တစ်ပြိုင်နက် မိမိ၏ ပဓာန လက်ကိုင် နန်းထိုင်ဖြစ်သော ဘင်္ဂအနိစ္စဝိပဿနာကို ပြန်၍ ဉာဏ်ရုပ်နာမ်တို့သည် အသစ်ဖြစ်၍ အဟောင်း ချုပ်ပျက်သဖြင့် မမြဲလေစွ၊ အနိစ္စ အနိစ္စ အနိစ္စ ဟု ရွှနေရပါသည်။

ဉာဏ်သို့ ဘင်္ဂအနိစ္စ ဝိပဿနာကို ရွှနေစဉ် သာယာအပ်ဖူးသော အာရုံကို သာယာသော စိတ်ဖြစ်သော် သာယာသည် သာယာသည် သာယာသည်ဟု ဆက်ကာ ဆက်ကာမဖြစ်စေဘဲ သာယာသောစိတ် နာမ်ပျက်ကို မြင်အောင် ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စ ဟု ရွှရပါသည်။

ရွှပြီးသည်နှင့်တစ်ပြိုင်နက် မိမိ၏ပဓာန လက်ကိုင် နန်းထိုင်ဖြစ်သော ဘင်္ဂအနိစ္စဝိပဿနာကို ပြန်၍ ဉာဏ်ရုပ်နာမ်တို့သည် မမြဲလေစွ၊ အနိစ္စ အနိစ္စ အနိစ္စဟု ရွှနေရပါသည်။

ဉာဏ်သို့ ဘင်္ဂအနိစ္စဝိပဿနာ အားထုတ်နေစဉ် နာကျင်ခဲခက် နှိပ်စက်သော ဝေဒနာစိတ်ဖြစ်ပေါ်သော် ဖြစ်ပေါ်သော ဝေဒနာစိတ် နာမ်ပျက်ကို ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရွှခဲ့ရပါသည်။

ရွှပြီးသည်နှင့်တစ်ပြိုင်နက် မိမိ၏ပဓာန လက်ကိုင် နန်းထိုင်ဖြစ်သော ဘင်္ဂအနိစ္စဝိပဿနာကို ပြန်၍ ဉာဏ်ရုပ်နာမ်တို့သည် အသစ်ဖြစ်၍ အဟောင်း ချုပ် ပျက်သဖြင့် မမြဲလေစွ အနိစ္စ အနိစ္စ အနိစ္စဟု ရွှနေရပါသည်။

ဉာဏ်သို့ ဘင်္ဂအနိစ္စ ဝိပဿနာကိုပြန်၍ အားထုတ်နေစဉ် ထ၍သွားသော် သွား၍ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ တရိပ်ရိပ်တရွေ့ရွေ့ပါသော ရုပ်နာမ်တို့သည် တရိပ်ရိပ် တရွေ့ရွေ့ပင် ဖြစ်၍ပျက်ကြသဖြင့် အပျက်ကို မြင်အောင်ကြည့်၍ အနိစ္စ၊ အနိစ္စ၊

http://www.dhammadownload.com

အနိစ္စဟု ရှုခဲ့ရပါသည်။

ရုပ်၊ ထိုင် လျောင်းတို့ကိုလည်း သိအပ်၏။

သမ္မဇညပဗ္ဗဋ္ဌလည်း ရှေ့သို့တက်သော် တက်သောအခိုက်၌ တရိပ်ရိပ် တရွေ့ရွေ့ပါသော နာမ်ရုပ်တို့သည် တရိပ်ရိပ် တရွေ့ရွေ့ပင်ဖြစ်၍ ပျက်ကြသဖြင့် အပျက်ကို မြင်အောင်ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရှုခဲ့ရပါသည်။

နောက်သို့ဆုတ်သော်, ကွေးသော်, ဆန့်သော်, အမှုအရာအတိုင်းသိအပ်၏။

ခွက်၊ ပန်းကန်၊ ဇွန်း၊ စသည်တို့ကိုင်သော် ကိုင်သောအမှုအရာအတိုင်း ကိုင်သောအခိုက်၌ တရိပ်ရိပ် တရွေ့ရွေ့ပါသော ရုပ်နာမ်တို့သည် ရုပ်နာမ်တို့သည် တရိပ်ရိပ် တရွေ့ရွေ့ပင် ဖြစ်၍ ပျက်ကြသဖြင့် အပျက်ကို မြင်အောင် ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရှုခဲ့ရပါသည်။

သင်္ကန်းသပိတ်၊ ပရိက္ခရာ၊ ခေါင်းအုံး၊ ခြင်ထောင်၊ စောင် စသည်တို့ ကိုင်သော် ကိုင်သောအမှုအရာအတိုင်း ကိုင်သောအခိုက် တရိပ်ရိပ် တရွေ့ရွေ့ပါသော ရုပ်နာမ်တို့သည် တရိပ်ရိပ် တရွေ့ရွေ့ပင်ဖြစ်၍ ပျက်ကြသဖြင့် အပျက်ကို မြင်အောင် ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စ ဟု ရှုခဲ့ရပါသည်။

နူးညံ့သော အမှုအရာဖြင့် အာရုံနှင့် အာရမ္မဏိက ဟပ်မိအောင် သတိထား၍ ရှုရပါသည်။ ရှုသောသူသည် အလုပ်ကို အလုပ်ဟု သိအပ်၏။

× × ×

မိမိ၏ပဓာနလက်ကိုင်နန်းထိုင်ဖြစ်သော ဘင်္ဂ အနိစ္စ ဝိပဿနာမှတစ်ပါး အခြားသော အာရုံစိတ် ရောက်သော် ရောက်သောစိတ်၊ နာမ်ပျက်ကို မြင်အောင်ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စဟုရှုခဲ့ရပါသည်။

ရှုပြီးသည်နှင့်တစ်ပြိုင်နက် မိမိ၏ ပဓာနလက်ကိုင် နန်းထိုင်ဖြစ်သော ဘင်္ဂအနိစ္စ ဝိပဿနာကိုပြန်၍ ဤရုပ်နာမ်တို့သည် မမြဲလေစွ အနိစ္စ အနိစ္စ အနိစ္စဟု ရှုနေရပါသည်။

ဤသို့ ဘင်္ဂအနိစ္စ ဝိပဿနာကိုပြန်၍ ရှုနေစဉ် ငါးပါးသော အာရုံကာမဂုဏ်တို့တွင် တစ်ပါးသော အာရုံကာမဂုဏ်ကို ကာမဝိတက်ဖြင့် ကြံစည်မိသော် ကြံစည်သော ဝိတက်စိတ်၊ နာမ်ပျက်ကို ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရှုခဲ့ရပါသည်။

ရှုပြီးသည်နှင့်တစ်ပြိုင်နက် မိမိ၏ပဓာနလက်ကိုင် နန်းထိုင်ဖြစ်သော ရုပ်နာမ်တို့သည် အသစ်ဖြစ်၍ အဟောင်းချုပ်ပျက်သဖြင့် မမြဲလေစွ အနိစ္စ အနိစ္စ အနိစ္စဟု ရှုနေရပါသည်။

ဤသို့ ဘင်္ဂအနိစ္စ ဝိပဿနာကိုပြန်၍ ရှုနေစဉ် တစ်စုံတစ်ခုသော မြို့ရွာကို ဤမြို့ရွာသည် ဤသို့ ဤပုံစသည်ဖြင့် ဇနပဒဝိတက် ကြံစည်မိသော် ကြံစည်သော ဝိတက်စိတ် နာမ်ပျက်ကို ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရှုခဲ့ရပါသည်။

ရှုပြီးသည်နှင့်တစ်ပြိုင်နက် မိမိ၏ပဓာနလက်ကိုင် နန်းထိုင်ဖြစ်သော ဘင်္ဂအနိစ္စ ဝိပဿနာကို ပြန်၍ ဤ ရုပ်နာမ်တို့သည် အသစ်ဖြစ်၍ အဟောင်း ချုပ်ပျက်သဖြင့် မမြဲလေစွ အနိစ္စ အနိစ္စ အနိစ္စဟု ရှုနေရပါသည်။

ဤသို့ ဘင်္ဂအနိစ္စ ဝိပဿနာကို ပြန်၍ ရှုနေစဉ် တစ်စုံတစ်ခုသော ရသတဏှာပေါ်လာသော် ပေါ်လာသော ရသတဏှာ စိတ်နာမ်ပျက်ကို ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရှုခဲ့ရပါသည်။

ရှုပြီးသည်နှင့်တစ်ပြိုင်နက် မိမိ၏ ပဓာနလက်ကိုင် နန်းထိုင်ဖြစ်သော ဘင်္ဂအနိစ္စ ဝိပဿနာကို ပြန်၍ ဤ ရုပ်နာမ်တို့သည် အသစ်ဖြစ်၍ အဟောင်းချုပ်ပျက်သဖြင့် မမြဲလေစွ အနိစ္စ အနိစ္စ အနိစ္စဟု ရှုနေရပါသည်။

ဤသို့ ဘင်္ဂအနိစ္စ ဝိပဿနာကိုပြန်၍ ရှုနေစဉ် ငြိမ်ငြိမ်သက်သက် မနေတတ်သော မျောက်ကဲ့သို့ ဟိုရောက် ဒီရောက် ကြံစည်တတ်သော အမရာဝိက္ခေပဝိတက် ကြံစည်မိသော် ကြံစည်သော

http://www.dhammadownload.com

ဝိတက်စိတ် နာမ်ပျက်ကို ကြည့်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရှုခဲ့ရပါသည်။

ရှုပြီးသည်နှင့်တစ်ပြိုင်နက် မိမိ၏ပဓာန လက်ကိုင် နန်းထိုင်ဖြစ်သော ဘင်္ဂအနိစ္စ ဝိပဿနာ ကိုပြန်၍ နိယကဇ္ဈတ္တအာရုံ ဟဒယဝတ္ထု ရုပ်နာမ် တို့ကို ကြည့်ရှု၍ ဤရုပ်နာမ်တို့သည် အသစ်ဖြစ်၍ အဟောင်းချုပ်ပျက်သဖြင့် မမြဲလေစွ။

ထွက်သက်အခိုက်-

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဝင်သက်အခိုက်-

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဟု ကိလေသာမဝင်စေဘဲ အနိစ္စလက္ခဏာ ထင်မြင်အောင် အားထုတ်နေရပါသည်။

တစ်ခါတစ်ခါမှ စုံအောင်ပြနိုင်ပါသည်။ စုံအောင်ပြသည့်အခါမျိုးကို မှတ်သားထားအပ်ပါသည်။

ဤသို့ ဘင်္ဂအနိစ္စဝိပဿနာကို အားထုတ်နေစဉ် ဤသူကို ငါသနားသည်။ ငါ့ကို ဤသူသနား သည်ဟု ပရာနုဒ္ဒယတာဝိတက် ကြံစည်မိသော် သနားသည်၊ သနားသည်၊ သနားသည်ဟု ဆက်ကာ ဆက်ကာ မလိုက်ဘဲ ကြံစည်သော ဝိတက်စိတ် နာမ်ပျက်ကိုကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရပါသည်။

ရှုပြီးသည်နှင့် တစ်ပြိုင်နက် မိမိ၏ ပဓာန လက်ကိုင် နန်းထိုင်ဖြစ်သော ဘင်္ဂအနိစ္စဝိပဿနာကို ပြန်၍ နိယကဇ္ဈတ္တအာရုံ ဟဒယဝတ္ထု ရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤ ရုပ်နာမ်တို့သည် အသစ်ဖြစ်၍ အဟောင်း ချုပ်ပျက်သဖြင့် မမြဲလေစွ။

ထွက်သက်အခိုက်-

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဝင်သက်အခိုက်-

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဟု ကိလေသာမဝင်စေဘဲ အနိစ္စလက္ခဏာ ထင်မြင် အားထုတ်နေရပါသည်။

ဤသို့ အားထုတ်နေစဉ် ကာလကြာသော အခါ အညစ်အကြေး မဝင်စေဘဲ ဖြူစင်ရပေစွ တကားဟု အားပါးတရ အားတက်လာပုံကို အားထုတ်သော ယောဂီတို့ သိလာရသော အချက်ပေ တည်းဟု သိလာရပါသည်။

စာက ပြသော်လည်း အားထုတ်သောသူက အားထုတ်ပါမှ သိနိုင်လေသည်။

ဤသို့ ဘင်္ဂအနိစ္စဝိပဿနာကို အားထုတ်နေ စဉ် သဘောကျသော သောမနဿဝေဒနာစိတ် ဖြစ် ပေါ်သော် ဖြစ်ပေါ်သော ဝေဒနာ စိတ်နာမ်ပျက်ကို ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရပါသည်။

ရှုပြီးသည်နှင့် တစ်ပြိုင်နက် မိမိ၏ ပဓာန လက်ကိုင် နန်းထိုင်ဖြစ်သော ဘင်္ဂအနိစ္စဝိပဿနာကို ပြန်၍ နှလုံးသွင်းလျက် နိယကဇ္ဈတ္တအာရုံ ဟဒယ ဝတ္ထု ရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤရုပ်နာမ်တို့သည် အသစ်ဖြစ် အဟောင်းချုပ် ပျက်သဖြင့် မမြဲလေစွ။

ထွက်သက်အခိုက်-

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဝင်သက်အခိုက်-

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဟု ကိလေသာတည်းဟူသော အညစ်အကြေး မဝင်စေဘဲ အနိစ္စလက္ခဏာထင်မြင်အောင် အားထုတ်နေရပါသည်။

ဤသို့ ဘင်္ဂအနိစ္စဝိပဿနာကို အားထုတ် နေစဉ် အခါအားလျော်စွာ ထီး၊ ဖိနပ်၊ တောင်ဝှေး စသည်တို့ကို နူးညံ့စွာ ယူငင်ကိုင်တွယ်ရာ၌ နူးညံ့စွာ ယူငင်ကိုင်တွယ်သော အမူအရာအတိုင်း တရွေ့ ရွေ့ပါသော ရုပ်နာမ်တို့သည် တရိပ်ရိပ် တရွေ့ရွေ့ပင် ဖြစ်၍ ပျက်ကြသဖြင့် အပျက်ကို မြင်အောင် ကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ရှုခဲ့ရာ၏။

ယောဂီတို့သည် မိမိတို့ အားထုတ်အပ်သော အလုပ်ကို ကျွမ်းကျင်အောင် အလေ့အလာ ပရိစယ ပြုထားရပါသည်။

http://www.dhammadownload.com

ဤသို့ မိမိယူထားအပ်သော ဘင်္ဂအနိစ္စ ဝိပဿနာကို အားထုတ်နေစဉ် မိမိယူထားအပ်သော အာရုံမှတစ်ပါး အခြားသောအာရုံကို သတိရသော် သတိရသော စိတ်နာမ်ပျက်ကိုကြည့်၍ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု အနိစ္စလက္ခဏာ ထင်မြင်ရှုခဲ့ရပါသည်။

ရှုပြီးသည်နှင့် တစ်ပြိုင်နက် မိမိယူထားအပ်သော ဘင်္ဂအနိစ္စဝိပဿနာကို ပြန်၍ နှလုံးသွင်းလျက် နိယကဇ္ဈတ္တအာရုံ ဟဒယဝတ္ထု ရုပ်နာမ်တို့ကို ကြည့်ရှု၍ ဤရုပ်နာမ်တို့သည် အသစ်ဖြစ် အဟောင်းချုပ်ပျက်သဖြင့် မမြဲလေစွ။

ထွက်သက်အခိုက်-

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဝင်သက်အခိုက်-

အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ဟု ကိလေသာတည်းဟူသော အညစ်အကြေးမဝင်စေဘဲ အနိစ္စလက္ခဏာ ထင်မြင်သည်ထက် မြဲအောင် အားထုတ်နေရပါသည်။ နတ်လူ သာဓုခေါ်စေသော်။

ဤသည်ကား ဘင်္ဂအနိစ္စဝိပဿနာထဲသို့ ဝိတက် စသည်တို့ကို သွင်း၍ အားထုတ်နေပုံ ပြခြင်း ဖြစ်သတည်း။

ဉာဏ်စဉ် ဆယ်ပါး သဘောသွားကို အကျဉ်းအားဖြင့် သိလိုမြင်လို၍ အာလယရှိကြကုန်သော ယောဂီသူမွန်အပေါင်း သူတော်ကောင်းတို့သည် ဤမျှလောက်သော သဘောသွားဖြင့် အာလယပြေအပ်၏။ ဤသို့ အာလယ ပြေအပ်သော ဉာဏ်စဉ် ဆယ်ပါး သဘောသွားကို သိအပ်ကုန်သည်တည်း။

နောက်အကြောင်းအားလျော်စွာ အခွင့်ရသော အခါ ချဲ့၍ သိအပ်ပေသည်၊ သိအောင်လည်း ပြုအပ်၏။ သိမှလည်း အကျိုးရောက်မည်။ အကျိုးရောက်မှလည်း အကြောင်းအကျိုးစပ်မည်၊ အကြောင်းအကျိုးစပ်မှလည်း ဝါနဟူသော တဏှာ မချုပ်မစပ် မတွဲမကပ်နိုင်သည်ကို သိအပ်၏။ ရအပ်သော ဉာဏ်ဖြင့် ဉာဏ်စဉ်ဆယ်ပါး သဘောသွားကို သိကြပါလေ။ ယောဂီသူမွန်အပေါင်း သူတော်ကောင်းတို့။ ဤသည်တို့ကား ဉာဏ်စဉ်ဆယ်ပါး သဘောသွားပြခြင်း စကားရပ်တို့ပေတည်း။

ဆောင်ပုဒ်

- နိဗ္ဗာန်မြင်ချင်၊ ခယတင်၊ မှန်ပင်မလွဲ၊ မြင်ရမြဲ။
- မြင်လိုပါလျှင်၊ ကြိုကြိုတင်၊ အလျင်မလွဲ၊ အားထုတ်မြဲ။
- အားထုတ်ပါက၊ ကျိုးဖလ၊ မုချမလွဲ၊ နိဗ္ဗာန်ပဲ။
- နိဗ္ဗာန်လိုလား၊ ယောဂီများ၊ ကြိုးစားတွင်တွင်၊ အားထုတ်နှင်။
- ရာဂကုန်ခန်း၊ နိဗ္ဗာန်နန်း၊ ဖြောင့်တန်းထင်ထင်၊ နိဗ္ဗာန်မြင်။
- ဒေါသကုန်ခန်း၊ နိဗ္ဗာန်နန်း၊ ဖြောင့်တန်းထင်ထင်၊ နိဗ္ဗာန်မြင်။
- မောဟကုန်ခန်း၊ နိဗ္ဗာန်နန်း၊ ဖြောင့်တန်းထင်ထင်၊ နိဗ္ဗာန်မြင်။
- နိဗ္ဗာန်မြင်ချင်၊ သူတော်စင်၊ နေ့စဉ်မပြတ်၊ အားထုတ်အပ်။

(ကန့်ဆရာတော်ဘုရားကြီး၏ ယောဂီပါရဂူကျမ်းမှ ထုတ်နုတ်ဖော်ပြပါသည်။)

ကန့် ရွှေသိမ်တော်တောရဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

ပြည်မြို့ နိဗ္ဗိန္ဒတောရဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ပြည်မြို့ နိပ္ပိန္နတောရဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၄၈-၁၃၃၈)

နိပ္ပိန္နဆရာတော်ဘုရားကြီးကို သာယာဝတီခရိုင် မိုးညိုမြို့နယ်၊ ဓရာဝတီမြစ်အနီး မြေဓာကျွန်းခေါ် ရွာကြီး၌ ၁၂၄၈-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀-ရက်၊ သောကြာနေ့နံနက် စက်နာရီ ၈-နာရီအချိန်တွင် ဖွားမြင်တော်မူသည်။ ခမည်းတော် မယ်တော်များမှာ ဦးကြာညို-ဒေါ်လုံမတို့ ဖြစ်ကြသည်။ ဆရာတော်လောင်းလျာ ၁၀-နှစ်သားအရွယ်တွင် ဝဲနာများ စွဲကပ်၍ မည်သည့် ဆေးနှင့်မျှ မပျောက်နိုင်ရှိသောအခါ မယ်တော်က အလုပ်များသည့်ကြားမှ ဆေးလိမ်းခိုင်းရာ မရသဖြင့်...

"အမောင် မင်း၏ ဝဲရောဂါတို့သည် တစ်စတစ်စ တိုးပွား၍လာပါက အမှုအရာမကောင်းတဲ့ နူနာများ ဖြစ်တတ်သည်။ နူနာဖြစ်ပါက အများလူသားတို့ နေထိုင်တဲ့ ရွာထဲမှာ မနေရဘဲ ရွာပြင်ဘက်မှာ တဲအိမ်ကလေး တစ်ခုနှင့် နေရလိမ့်မည်"ဟု အမိက ပြောဆိုဆုံးမသောအခါ ငါသည်ကား ဒုက္ခမြားမြောင် လူတို့ဘောင်၌ နေမည်ဆိုပါက ဝဋ်ဒုက္ခအမျိုးမျိုးနှင့် တွေ့ရမှာ အမှန်ဖြစ်ပေသည်ဟု ထိတ်လန့် သံဝေဂဉာဏ် ဖြစ်ပေါ်လာသဖြင့် လောကလူ့ရွာမှာ မနေချင်တော့ဘဲ သာသနာတော်ထမ်းရဟန်းအဖြစ်ကို တောင့်တလေ၏။ တောင့်တပြီးနောက် မြေဓာရွာကျောင်း ဘုန်းကြီးထံ ကျောင်းသားအဖြစ်နှင့် ပညာသင်ကြားရာ အဘိဓမ္မာ သင်္ဂြိဟ်ကျမ်းကို ဂရုတစိုက်သင်ကြား၍နေခိုက် စိတ်စွဲလမ်းခြင်း အားကြီးသဖြင့် ညအိပ်တဲ့အခါမှာ ခြေရင်းနား က မီးထွန်းထားသလို တစ်ခါတစ်ခါမှာ ဖြစ်၍နေသော် ဘယ့်နယ့်လဲ၊ ငါ၏ခြေရင်းမှာ ဘယ်သူလာ၍ မီးထွန်းထားသလဲဟု ထင်မှတ်သဖြင့် ထ၍ စမ်းသပ်သောအခါ ပျောက်၍သွားလေ၏။ ဤသို့ မကြာမကြာ ပေါ်ပေါက်လာသော်လည်း တရားသဘောရယ်လို့ မသိပေ။ တစ်ရံရောအခါမှာ ညာဘက်လက်မတွင် ကြွက်နို့တစ်လုံး ပေါက်လာသဖြင့် အမိကို ပြသောအခါ အမိက ကြွက်နို့ပေါက်လျှင် နူတတ်သည်ဟုပြောသောကြောင့် မိမိတို့၏ အိမ်နှင့်မျက်နှာချင်းဆိုင်မှာ ခြေတို လက်တို အနှကြီးတစ်ယောက်ရှိ၍ ၎င်းအနှကြီးကဲ့သို့ လက်မတိုသွားမှာ ကြောက်သဖြင့် ကြွက်နို့ပေါက်သော လက်မကိုဆုပ်၍ အိပ်လေရာ သန်းခေါင်ယံအချိန်လောက်မှာ နိုးသဖြင့် စိုးရိမ်မကင်းနှင့် လက်မတိုမှာစိုး၍ လက်နှင့်ဆုပ်ထားရာ လက်မရှာမတွေ့သဖြင့် လန့်၍ အော်သောအခါ အမိက မေးမြန်းရာ လက်မ တိုသွား၍ ရှာမတွေ့တဲ့အကြောင်း ပြောပြလေ၏။ အမိက အဟုတ်မှတ်၍ အရေးတကြီး စမ်းသပ်ကြည့်သောအခါမှ လက်မကိုတွေ့၍ ငါ့သား လက်မ အရှိသားပါ

http://www.dhammadownload.com

ကလားဟု ပြောခါမှ လက်မပြန်၍ပေါ်လာလေ၏။ ဤသို့ တရားသဘောအတိုင်းဖြစ်သည်ကိုလည်း တရားသဘောမှန်းမသိပေ။

ဤကဲ့သို့ တောင့်တတဲ့ စိတ်ဆန္ဒအတိုင်း တစ်ဆယ့် ငါးနှစ်သားအရွယ်သို့ ရောက်သောအခါ မိခင်၏မောင် ဦးလေးက မြေဇာရွာကျောင်း ဆရာတော်ထံမှာပင် ရှင်ပြုပေးသဖြင့် မောင်ရှင်သာမဏေအဖြစ်သို့ ရောက်ရသောအခါ အလွန်ဝမ်းမြောက်လေ၏။ ဘွဲ့တော်မှာ ရှင်သီရိဖြစ်သည်။ ၎င်းသာမဏေအဖြစ်မှာပင် သက်သတ်လွတ်စားခြင်း ခြိုးခြံခြင်းအမှုကိုပြု၍ ပညာများကို ကြိုးစားခဲ့ရာ သဒ္ဒါသင်္ဂြိုဟ် ပါတိမောက် ဝိနည်းငါးကျမ်းတို့ကို သာမဏေဘဝနှင့်ပင် ကုန်းခြင်းသို့ ရောက်ခဲ့၏။ ဤကဲ့သို့ ပရိယတ္တိဓမ္မ သင်ကြား၍နေသော်လည်း လူသူမနီး တောတောင်ကြီး၌ ကိုယ်တည်းဆုတ်ခွာ တစ်ယောက်တည်းနေမည်ဟူသော အကြံသည် မကြာခဏဖြစ်ပေါ်၍လာ၏။ သြော်... ငါသည်ကား အလုံးစုံသော အရပ်ဌာနသို့ လှည့်လည်ကာ ကျက်စား၍ သစ်ပင်တစ်ပင်မှ သစ်ပင်တစ်ပင်သို့ တောတောင်တစ်ခုမှ တောတောင်တစ်ခုသို့ သွားရပါမူကား ကောင်းလေစွ၊ ဤရဟန်း၏အဖြစ်မျိုးကို ရခြင်းသည် အရတော်လေစွ။

သြော် ငါသည်ကား တောင်စဉ်တောင်ဖျား ချောက်မြောင်ကြားတို့၌ ထိတ်လန့်ခြင်းတရား စွန့်ပယ်ရှား၍ အဖော်မမှီး တစ်ယောက်ထီးတည်း သွားရပါမူကား ကောင်းလေစွ၊ ဤရဟန်း၏အဖြစ်မျိုးကို ရခြင်းသည် အရတော် လေစွ။

သြော် ငါသည်ကား ကောက်ကျစ်စဉ်းလဲ စိတ်မိုက်စိတ်မွဲကို စောင်းတီး ယောကျ်း စောင်းသမားကဲ့သို့ မလျော့မတင်း စောင်းကြိုးညင်းတာလို ဘယ်ခါကာလ ဘယ်အချိန်ကျမှ ကမ္မဋ္ဌာန်းတရားကို အားထုတ်ရပါအံ့နည်းဟု ဤကဲ့သို့ အကြံအစည်များသည် လွန်စွာဖြစ်ငြားသော်လည်း ရဟန်းဝါ နှစ်ဝါအရတွင် ပခုက္ကူဆရာတော် ဦးဂန္ဓထံသို့ လည်းကောင်း၊ မန္တလေး ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးဉာဏထံသို့ လည်းကောင်း၊ ပညာသင်ရောက်သောအခါ သင်ကြား၍ထားသော ပရိယတ္တိပညာအစွမ်း မာန်ဟုန် ဖုံးလွှမ်း၍လာသဖြင့် ငယ်ရွယ်စဉ်က တောထွက်မည်ဟု ကြံစည်ခဲ့သော စိတ်အစဉ်သည် ပျောက်ကွယ်၍ သွားလေ၏။

ရဟန်းဝါ လေးဝါရသောအခါမှ တောထွက်ရန် စိတ်များပြန်လည် ပေါ်လာသဖြင့် ကိလေသာကို ခါတွက်တတ်သော ဓုတင်တရားများကို ကြိုး စား၍ အားထုတ်လေ၏။ ထိုအခါ၌ စိတ်အကြံဖြစ်ပေါ်၍လာသည်မှာ ငါတို့ မြန်မာလူမျိုးများသည် မြတ်စွာဘုရား ဆုံးမတော်မူသော တရားတော်ကို ပါဠိမြန်မာဘာသာ ရောယှက်၍သာ သီလပေးခြင်း၊ သီလခံယူခြင်းပြုလေ့ ရှိကြသည်။ မြန်မာဘာသာသက်သက်နှင့် သီလပေးခြင်း၊ သီလခံယူခြင်း မပြုကြပေ။ သို့အတွက် မြန်မာဘာသာသက်သက် သီလပေး၊ သီလယူ ရေးသားလျှင် ကောင်းလိမ့်မည်ဟု ကြံစည်မိခိုက် မြန်မာလို သီလပေးပုံကို ရေးသားလိုက်ရပေသည်။ ၎င်းမြန်မာလို သီလပေးခြင်းကို ဆရာတော် ငယ်စဉ်ကပင် သီလခံယူကြသောအခါ မြန်မာလို ပေးလေ့များပါသည်။

ရဟန်းဝါ ခြောက်ဝါရသောအခါမှာ လူသူမနီး တောမြိုင်ကြီးသို့ ကိုယ်တည်း ဆုတ်ခွာသွားလိုသော စိတ်အကြံသည် ပြင်းပြစွာ ဖြစ်ပေါ်လာသဖြင့် ပြည်မြို့ ပုထိုးကြီး ဆရာတော်ကြီးအားမိမိ၏စိတ်အကြံကို လျှောက်ထားသောအခါ ပုထိုးကြီးဆရာတော် ဘုရားက ငယ်သေး၍ စိုးရိမ်မကင်းရှိသဖြင့် တားမြစ်ဆိုင်းငံ့ထားသောကြောင့် တောထွက်ရန်ကိစ္စကို အောင့်အည်းသည်းခံ၍ နေ့အခါမှာ ပဥ္စင်းငယ်များနှင့် သာမဏေများကို စာဝါများ သင်ကြားပို့ချပေးပြီး ဆိတ်ငြိမ်သော ညချမ်းအခါမှာ ကမ္မဋ္ဌာန်းတရားများ နှလုံးသွင်းရပေ၏။ ထိုသို့ နှလုံးသွင်းငြားသော်လည်း

http://www.dhammadownload.com

ဘာတစ်ခုမျှ ထင်မြင်ခြင်းကို မရခဲ့ပေ။ မရသော်လည်း တောထွက်ဖို့ရာ စိတ်အကြံကတော့ မလျှော့ပေ။ မလျှော့သည့် အတိုင်းတောထွက်တော့မည်ဟု ဆင်ခြင်စဉ်းစားခိုက်မှာ တောနေရဟန်းဆိုတာ ခရီးဝေးစွာသွားရသဖြင့် သပိတ် ပရိက္ခရာ လွယ်စရာအိတ်များ လိုသေးသည်ဖြစ်၍ သပိတ်အိတ်လေးတစ်ခုပြည့်စုံရန် အလွန်ပင် စိတ်ပင်ပန်းခြင်းဖြစ်၍နေခိုက်မှာ နေ့စဉ်မပြတ် ဆွမ်းရပ်ကာနေသော ရွာသစ်ရွာ ဦးသာဗျောဆိုသူက ရွာသစ်ရွာသား ဒါယကာများတို့နှင့် တိုင်ပင်ကာ သပိတ်ပရိက္ခရာ လွယ်စရာအိတ်များ ဝိုင်းဝန်း၍ လှူဒါန်းကြတော့မှ မိမိကြံစည်တဲ့အတိုင်း အောင်မြင်ခြင်းသို့ ရောက်သဖြင့် ဝမ်းသာခြင်းဖြစ်ရပေသည်။

ထိုသို့ သပိတ် ပရိက္ခရာ လွယ်စရာသပိတ်အိတ်များ ပြည့်စုံပြီး တောထွက်ရန် အချိန်တန်ပြီဟု စိတ်ကို ဆုံးဖြတ်ပြီးလျှင် ၁၂၇၄-ခု၊ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့ ညနေ (၅)နာရီ အချိန်၌ သုတ္တန်ဝိနည်း အဘိဓမ္မာ ကျမ်းစာအပေါင်းကို စာပေပို့ချကာနေသော နောင်တော် ရဟန်းအား လှူဒါန်းခြင်းကို ပြုခဲ့ပေ၏။

ထို့နောက် (၅)နာရီအချိန်မှာပင် မိမိ၏ သွန်သင်ရှေ့ပြေး အဆုံးအမပေးသော ဆရာတော်ဘုရားကို ဘဝများစွာ သံသရာက တရားမသိ ပြစ်မှားမိသော ယုတ်မာညစ်ဆိုး အပြစ်မျိုးကို အားကုန်မာန်လျှော့ပြန်ကာ ကန်တော့၍ ဗုဒ္ဓမြတ်စွာစိန္တေယျာ၏ ချီးမွမ်းတော်မူအပ်သော လူသူမနီး တောမြိုင်ကြီးသို့ ယခုနေခါ ညချမ်းသာ၌ ရှင်သီရိဘွဲ့မည်ရှိသော ရဟန်းငါသည် တစ်ယောက်တည်းသာ သွားပါတော့အံ့ဟု အဓိဋ္ဌာန်ပြုကာ မိမိ၏ သီလကို သန့်သန့်ရှင်းရှင်း သုတ်သင်ခြင်းကို ပြုပြီးလျှင် (၅)နာရီခွဲအချိန်သို့ ရောက်သည်ရှိသော် ထွက်ဖို့ရာလမ်းပုထိုးကြီးတောင်တန်းသို့ ညီနောင်နှစ်ပါးထွက်ကာ သွားကြသည်ရှိသော် တစ်ခဏလောက်နှင့် တောင်ထိပ်သို့ရောက်သဖြင့် အမည်တွင်ဆောင် ကြက်ထင်းတောင်၏ အနီးသို့ ရောက်သောအခါ နေရီမှောင်သန်း အစ်ကိုရဟန်းနှင့် နှလုံးမသာ ခွဲခွာရသဖြင့် နောက်သို့တစ်ဖန် ပြန်ရှုကြည့်သောအခါ ရင်၌ရှိငြားနှလုံးသားသည် ဖြန်းဖြန်းကွဲတော့မလို သောကပူပြင်း မီးလောင်ခြင်းသည် မကြာချက်ချင်း ဖြစ်ပေါ်၍ လာခဲ့၏။ ထိုသို့ မီးတောက် ပေါ်လာရောက်က မိမိကိုယ်ကို သွန်သင်ရှေ့ပြေး အဆုံးမ ပေး၍ ဤသို့ စိုးရိမ်မကင်း ပူလောင်ခြင်းနှင့် မသက်မသာ ထွက်ခွာသွားသည်ရှိသော် ကိုယ်သာနွမ်းညှိုး ဘာအကျိုးရှိတော့အံ့ နည်း။ ရှေးသူတော်ကောင်း အရိယာအပေါင်းတို့သည် နိဗ္ဗာန်မြော်ပြီး တောထွက်သောနည်းကိုဆင်ခြင်၍ ပြည့်မြို့နှင့် မနီးမဝေး နှစ်မိုင်လောက် ကွာဝေးသောအရပ်သို့ရှေးရှု၍ ရှေး သူတော်ကောင်း သူမြတ်လောင်းတို့ မွေ့လျော်ရာဖြစ်သော တောင်စဉ်တောင်တန်း ရိမှောင်သန်းသော တောအုပ်ကြီးသို့ မှောင်မှောင်မည်းမည်း ခုနစ်နာရီခွဲအချိန် ရောက်ရှိလေ၏။

မည်းမှောင်ရိသန်း တောင်စဉ်တောင်တန်းသို့ သာယာ ဖြည်းဖြည်း လျှောက်ကာလျှောက်ကာ တစ်ယောက်ထီးတည်း သွားသည်ရှိသော် ဟောင်းနွမ်းစုတ်ပြတ်သော ကျောင်းပျက်ကလေးတစ်ခုကို တွေ့လေရာ ကျောင်းအထက်သို့ တက်သွား၍ အဖော်မမှီးတစ်ယောက်ထီးတည်း အာနာပါန ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ နေလေ၏။ နံနက်မိုးသောက် အလင်းသို့ ရောက်သောအခါ မျက်နှာသစ်ခြင်းငှာ ရေကို ရှာသည်ရှိသော် ထိုတောင်၏အဆုံး၌ ရေအိုင်ငယ်ကို တွေ့၍ ရေစစ်ဖြင့် ရေကိုစစ်ပြီးလျှင် ခံတွင်းဆေးခြင်း မျက်နှာသစ်ခြင်းကို ပြုပြီးလျှင် အာနာပါန ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြန်လေ၏။ ဆွမ်းခံအခါနီး၍ လာသည်ရှိသော် တစ်အိမ်မှဖဲ့ တစ်အိမ်လဲ၍ ရပ်ထဲဝင်ကာ ဆွမ်းခံခြင်းငှာ သီလရှင်များ နေထိုင်ကြားသည့် ရွာငယ်တစ်ခုသို့ ဝင်၍ ဆွမ်းအလို့ငှာ ရပ်ကာရပ်ကာ

http://www.dhammadownload.com

သွားသည်ရှိသော် သဒ္ဓါရွှင်လန်း ပေးလှူဒါန်းသော ဆွမ်းနှစ်ခွက်ကို ရလေ၏။ မဖြည့်မစွက် ဆွမ်းနှစ်ခွက်ဖြင့် မျှတလောက်ပုံ မရှိသေး၍ ရှေ့သို့ဆက်လက် ပွင့်လှသိမ်ကုန်းရွာဘက်သို့ လှမ်းထွက်ကာ သွားသည်ရှိသော် လွန်စွာကြမ်းခက် ဆွမ်းနိုကြီး နှစ်ခွက်ကိုရ၍ လေးခွက် ပေါင်းစု ဆွမ်းအမှုဖြင့် မျှတလေပြီဟု နှလုံးသွင်း၍ ရွှံ့နွံတို့ဆီး လမ်းခရီးသို့ လျှောက်ကာလျှောက်ကာ လာခဲ့ပါသော် ခေတ္တခို အောင်း သခ်ိမ်းကျောင်းသို့ မကြာခင်ရောက်သဖြင့် မျှတမည့်အရေး ဆွမ်းဘုဉ်းပေးမည် ပြုသောအခါ သောက်ဖို့ရာရေမရှိသဖြင့် ရေအိုင်ငယ်သို့သွား၍ ချမ်းသာအေးဆိတ် တည်ပင်ရိပ်မှာ ဆွမ်းစားရင်း ထိုင်နိသီဒိုင်ကိုဖြန့်ကာ ခင်း၍ဆွမ်းချည်းသက်သက် ဆားမဖက်ဘဲ မျှတအောင် ဘုဉ်းပေး၍နေရာ ငါးရက်လောက်အကြာ သီလရှင်များစွာတို့ သိကြသဖြင့် အသားမဖက် သစ်သီးသစ်ရွက်များကို လှူဒါန်းကြခြင်းကြောင့် သီလရှင်များ လှူဒါန်းသောဆွမ်းကို မျှတ၍ မိမိကိစ္စ အာနာပါန အလုပ်အား ထုတ်နေရာ (၁၅) ရက်လောက်အကြာမှာ အာရုံနိမိတ်ပေါ်လာသောအခါ ဟာ... ငါ၏ နှာသီးဝမှာ ဘာကြီးပေါ်လာပါလိမ့်မလဲဟု မဝေခွဲနိုင်သဖြင့် အင်ကြင်းမြောင်ဆရာတော်ကြီးထံသွား၍ လျှောက်ထားရာ အင်ကြင်းမြောင် ဆရာတော်ဘုရားကြီးက ခွဲခြမ်း၍ အမိန့်ရှိသောအခါမှ သေချာဂန သိရသဖြင့် ဆရာတော်ကြီးကို ယုံကြည်အားကိုး၍ ကျေးဇူးတင်ပါသတည်း။

ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာအကြောင်း ရှင်းလင်း၍ ပြတော်မူ၏။ နောက်ရက်များ၌ မိမိအလိုရှိရာ လျှောက်ထားသောအခါ ကျေနပ်လောက်အောင်ပင် အမိန့်ရှိတော်မူသဖြင့် ၄-ရက် ၅-ရက် လျှောက်ထားပြီးသောအခါ မန္တလေးကဆရာတော်ကြီးကို ပင့်သဖြင့် ဆရာတော်ကြီးနှင့်အတူပါသွား၍ လယ်တီစံကျောင်းမှာ တစ်ညအိပ်ပြီးနောက် ငယ်စဉ်က စာတက်ခဲ့ဖူးသော ဘုရားကြီးတိုက်၊ တိုက်ကြပ်ဆရာတော်ဘုရား ဦးဉာဏအား သွား၍ ကန်တော့ပြီးနောက် စစ်ကိုင်းဘက် ယောသိတာဝံ ဆရာတော်ဘုရားကြီးထံ ၄-၅ ရက်နေ၍ စုံစမ်းရာ ၎င်းဆရာတော်ကြီးက အဆုံးအမပေးသော တရားများကို နာ၍နေစဉ် ငါတို့ ဥပဇ္ဈာယ်ဆရာတော် အမိန့်ရှိဖူးတာကတော့ ယောသိတာဝံဆရာတော်ကြီးသည် ရဟန်းကိစ္စပြီးတဲ့အနေမျိုး အမိန့် ရှိဖူးပါသည်။ ယခု ဆိုဆုံးမတဲ့စကားကတော့ အကြမ်းပဲ ရှိပါသေးသလားဟု စဉ်းစားမိ၍ လျှောက်သည်မှာ... အရှင်ဘုရား မိမိကိုယ်ကို ဖြစ်စေ၊ သူတစ်ပါးကိုယ်ကို ဖြစ်စေ၊ ကြည့်လိုက်သောအခါ ကိုယ်ရယ်လို့ ရှာမတွေ့တော့ဘဲ တရွရွနှင့် ပျက်နေတာကို မြင်လျှင် ဘယ်လိုပါလဲ ဘုရားဟု လျှောက်ထားသောအခါ ဒီလို မြင်တာကတော့ အကောင်းဆုံးပဲ။ ရုတ်တရက် မမြင်နိုင်ကြဘူးဟု အမိန့်ရှိလေ၏။ ထို့နောက် ဂန္ဓာရုံဆရာတော်ထံ သွား၍စုံစမ်းရာ ဂန္ဓာရုံဆရာတော် ဘုရားက ဒီလိုလဲရှိတယ်။ တချို့က သမထနှင့်စာ ပစ်ပယ်ပြီးလုပ်ကြတာတွေလည်း ရှိတဲ့အကြောင်း အမိန့်ရှိတော်မူကာ (ရူပကလာပ သန္တတိ ကာမလောကေ ဒီပဇာလာဝိယ နဒီသောတာ ဝိယစ) ဟူသော စာကိုလည်း ရွတ်ဆိုပြတော်မူ၏။ ဤကဲ့သို့ မြင်လျှင် ဘာလိုပါသေးသလဲ ဘုရားဟု လျှောက်ပြန်သောအခါ ဤကဲ့သို့ မြင်လျှင် ၎င်းပုဂ္ဂိုလ်ပဲလို့ ဆိုရမည်ဟု အမိန့်ရှိလိုက်သော် နာမ်ဘက်သို့ ဆက်လက်လျှောက်ထားသောအခါ ဆရာတော်ကြီးက အမိန့်ရှိသည်မှာ ဆရာတော်သည် ကျန်းမာရေးနှင့် မပြည့်စုံသဖြင့် ကောင်းကောင်းစကားပြော၍ မရခြင်းကြောင့် သည်းခံပါဆိုတဲ့အကြောင်း အမိန့်ရှိလာသောအခါ ယောသိတာဝံချောင်သို့ ပြန်ခဲ့၍ နောက် ၁-ရက် မန္တလေးသို့ ပြန်ပြီး မိမိတို့ နေရပ်ဌာန ပြည်မြို့သို့ သဘော်ဖြင့် ပြန်ခဲ့လေသည်။

၁၃၃၈-ခု၊ တပိုတွဲလပြည့်ကျော် ၉-ရက်၊ သောကြာနေ့၊ နံနက် ၈-နာရီ ၁၅-မိနစ် အချိန်၊ သက်တော် (၉၁)နှစ်၊ သိက္ခာတော် (၇၁)ဝါ အရတွင်

http://www.dhammadownload.com

စုတိကမ္မဇရုပ်ချုပ်ငြိမ်းတော်မူလေသည်။
(၁၉၆၆–သာသနာရေးဦးစီးဌာနထုတ် သီကွာ သုံးပါး
ပြရာကျမ်းမှ ထုတ်နုတ်ဖော်ပြပါသည်။)

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

O

မှတ်ချက်။ ။ ပြည်နိဗ္ဗိန္နဆရာတော်ဘုရားကြီး၏
ဆရာဖြစ်သော အင်းကြင်းမြောင်ဆရာတော်ဘုရား
ကြီး၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်ကို အလိုရှိပါသည်။
ကူညီကြပါရန် မေတ္တာရပ်ခံပါသည်။

× ∴ ×

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ပြည်မြို့ နိဗ္ဗာန်တောရဆရာတော်ဘုရားကြီး၏ ဆုံးမစာသံပေါက်

တရားရှိရာ၊ အိမ်ကခွာ၊ သူငါရှာကြပါ။
နိဗ္ဗာန်ကိုမှ၊ ခုဘဝ၊ မရ ခက်လှပါ။
သဘောအရှိ၊ နောမငြီ၊ ရောက်ဘိအပါယ်ရှာ။
ခုမှမတွေ့၊ နောင်ဟိုရွေ့၊ မျိုးစေ့မင်္ဂလာ။
သဒ္ဓါတစ်လုံး၊ အခက်ဆုံး၊ ဉာဏ်သုံးလိုလှပါ။
တဏှာကိုပင်၊ သဒ္ဓါထင်၊ ကိုယ်တွင် လူယုတ်မာ။
သဒ္ဓါမထပ်၊ တဏှာကပ်၊ အောက်ရပ်ပါယ်လေးရှာ။
သဒ္ဓါကိုမှ၊ ရှာမရ၊ ဝေးလှနိဗ္ဗာန်သာ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ပြည်မြို့ နိပ္ပိန္နတောရဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ယောဂီပုဂ္ဂိုလ်တို့ အလုပ်ခွင်ကို
စ၍ ဝင်ရသောအခါ အလုပ်လုပ်ငန်းကား
သော သတော၀ အဿသတိ၊ သတော၀ ပဿသတိ။

သော၊ ထို သတိ၊ ရှေ့တင် တရားကိုမင်သော ယောဂီပုဂ္ဂိုလ်သည်။သတော၀၀၊ ထွက်သက်ကို ရှူသတိပြု၍သာလျှင်။ အဿသတိ၊ ထွက်သက် လွှတ်ကာ ထုတ်လိုက်ရာ၏။ သတော၀၀၊ ဝင်သက်ကို ရှူသတိပြု၍ သာလျှင်။ ပဿသတိ၊ ဝင်သက်ရှိက်ကာ ရှူလိုက်ရာ၏။

ထိုစကား၏ လိုရင်း ပဓာနကား တရားကို လိုလားတဲ့ ယောဂီပုဂ္ဂိုလ် လူရှင်ရဟန်းသည် ထွက်သည် ဝင်သည်ကို မှတ်မိအောင် အသက်ကို သတိထား၍ ရှူရသည်။ သတိထား၍ ရှူကြပါ။

ထိုင်ပုံ နည်းနိသယမှာ ယောကျ်ား တင်ပျဉ်ခွေ၍ ထိုင်၊ မာတုဂါမများမှာ ကြဲ့ကြဲ့ထိုင်၊ ကိုယ်ကို ဖြောင့်ဖြောင့်ထား။ တစ်နာရီ ထိုင်မည်ဆိုလျှင် တစ်နာရီ မစေ့လျှင် မထနှင့်၊ ထလို့ရှိလျှင် ဝီရိယဆုတ်၍ နောင်ကို သည်လိုသာ ဖြစ်တတ်သည်။

မိမိ အဓိဋ္ဌာန်သည့်အတိုင်း တစ်နာရီစေ့သော အခါ လျောင်းလျက်က တစ်နာရီ၊ စင်္ကြံသွားလျက်က တစ်နာရီ၊ ရပ်လျက်က တစ်နာရီ၊ ထိုင်ပုံ အမျိုးမျိုး သွားပုံအမျိုးမျိုး ရပ်ပုံအမျိုးမျိုး လျောင်းပုံ အမျိုးမျိုး နှင့်လှည့်၍ စီးဖြန်းကြ သို့မှ ရေရှည်စွမ်းနိုင်သည်။ သို့မဟုတ်လျှင် ထိုင်၍သာ စီးဖြန်းသည့် ယောဂီသည် ထိုင်နိုင်လျှင် ထိုင်၊ မထိုင်နိုင်လျှင် စိတ်လျော့ပြီး အလကား နေတတ်သည်။ တစ်ထိုင်တည်း ထိုင်နေသည့် ယောဂီများသည် ရေရှည်မစွမ်းနိုင်၊ မကြာခင် ရောဂါ ပေါ်တတ်သည်။ ရောဂါပေါ်လျှင် တရား ဆုတ်ယုတ်တတ်သည်။ ကြပ်ကြပ်ကြီး သတိထားကြ။

လိုရင်း အချက်ကား သွားသည်ဖြစ်စေ၊ ထိုင်သည်ဖြစ်စေ၊ အိပ်သည် ဖြစ်စေ၊ ထသည်ဖြစ်စေ အဓိဋ္ဌာန်ချက် မြဲစေရမည်။ မိမိရသော တရားကို လည်း ဘယ်အခါမှ လွှတ်မထား၊ စကားပြောကို သတိထား။

"ဘယ် ညာလက်ပိုက် တရားလိုက် ဆိုက်ဆိုက်ရမည်သာ" ဆိုခြင်းကြောင့် ထိုင်၍ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်များသည် ညာဘက် လက်ဖျားကို ဘယ်ဘက်လက်ဖျားနှင့် ပိုက်ရမည်၊ ပိုက်ကြပါ။

သတိပေးသောအခန်း

ယောဂီသည် ထွက်သက် ဝင်သက်ကို သုံးသပ်ဆင်ခြင်၍နေသောအခါ ထွေထွေရာရာ စိတ်များ ပေါ်၍လာလိမ့်မည်၊ ထ၍ မသွားနှင့်၊ ထချင်

http://www.dhammadownload.com

လိမ့်မည်၊ ကြပ်ကြပ် သတိထား၊ အဿာသ ပဿာသ= ထွက်သက် ဝင်သက်ကို အားစိုက်၍ ရှုလိုက်၊ ထွေထွေရာရာ စိတ်များသည် ပျောက်ကင်း၍ သွားလိမ့်မည်။

ယောဂီသည် ထွက်သက် ဝင်သက်ကို သုံးသပ်ဆင်ခြင်၍ နေသောအခါ ထွေထွေရာရာ ညောင်းမှု ညာမှု ကိုက်ခဲမှု နာကျင်မှု ယားယံမှုများ ပေါ်လာပါလိမ့်မည်။ ရှေးကထက် များသည်ဟု ထင်ရလိမ့်မည်။ မကုတ်နှင့် မလှုပ်နှင့် ကျိတ်၍သာခံ၊ အဿသ - ပဿာသတရားကိုသာ စိုက်၍ ရှုလိုက်၊ ထွေထွေရာရာ ဖြစ်ပေါ်သမျှတို့သည် ပျောက်ပျက်၍ သွားလိမ့်မည်။

ယောဂီသည် ထွက်သက် ဝင်သက်ကို သုံးသပ်ဆင်ခြင်၍နေသောအခါ ထွေထွေရာရာ ကြိုစည်မှုတွေ ထိနမိခွ နှိပ်စက်၍ ဇက်ကြောတက်ခြင်း၊ ဇက်လေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ငိုက်မျဉ်းခြင်း၊ မအိပ်လျှင်ဖျားတော့မလို သည်အနေ ဖြစ်တတ်ပါသည်။ ယောင်၍များ တုံးလုံးမလဲလိုက်နှင့် မှားတတ်သည်။ အဿာသ-ပဿာသတရားကိုသာ အားစိုက်၍ ရှုလိုက်။ ထွေထွေရာရာများသည် ပျောက်သွားလိမ့်မည်။

ဤကဲ့သို့ အထူးထူး အထွေထွေ များခြင်းကို သိခြင်းသည် အခြားကြောင့်မဟုတ်။ အဿာသ ပဿာသကို သတိနှင့် စောင့်ရှောက်၍ နေသည့်အတွက် သိခြင်းဖြစ်သည်။ သတိအနေမှသည် သမာဓိအနေကို ကူး၍သွားလျှင် ပျောက်လိမ့်မည်။ စိတ်မပျက်နှင့်။ သူတို့အနေကို ထင်ရှား သိရတာ ဝမ်းသာဖို့ ကောင်းလှသည်။

ငါမဖြစ်နိုင်ပါဘူး မထင်နိုင်ပါဘူး ဆိုပြီးလျှင် ကမ္မဋ္ဌာန်းကျောင်းက ထွက်ပြီးမှိုင်၍ နေတတ်သည်။ မနေနှင့်၊ ပြန်၍အားထုတ်ပါ။

နိမိတ်အာရုံ မမြင်နိုင်၍ ယောဂီပုဂ္ဂိုလ်ညည်းပုံ

ကမ္မဋ္ဌာန၊ လေ့ထပြန်ခေါက်၊ တအောက်မေ့မေ့၊ နေ့ညဥ့်ကြိုးစား၊ စေ့ဆော်ငြားလည်း၊ တိမ်ကြားမိုးလယ်၊ လျှပ်နွယ်တစ်ပြက်၊ ပြိုးတစ်ပြက်မျှ၊ ဈာန်မဂ်ရမည်၊ ရိပ်ရည်မထင်၊ ခဲ့ငြိုငြင်သော်၊ သခင်ဘုရား၊ ပိုင်းခြားလေးခု၊ ပုဂ္ဂိုလ်စုတွင်၊ ကြက်ဥဆန်ချောင်၊ ကျန်သောရောင်သို့၊ သုံးထောင်တစ်ဆစ်၊ ဤအဖြစ်ဝယ်၊ မှေးညစ်ရမက်၊ ဘဝဆက်မှ၊ မထွက်လှည့်ကျင်၊ ခဲငြိုငြင်သည်၊ ငါလျှင် ပဒပရမဟု၊ လက်ချကိုယ်ကို ပြစ်တင်ဆို၍။

သည်လိုလက်ချပြီး မှိုင်မနေကြနှင့်။ သည်လို နေလို့လည်း ကိစ္စကပြီးမှာ မဟုတ်ဘူး။ မိမိအား ထုတ်သော တရားကိုသာ အားထုတ်မြဲ အားထုတ်နေပါ။ အားထုတ်ဖန်များလျှင် ထိုထွက်သက် ဝင်သက် လေသည် တစ်ခါထက် တစ်ခါ ထင်ရှား၍ လာပါလိမ့်မည်။ ထွက်တိုင်း ဝင်တိုင်း သိသောအခါ ထွက်မှ ဝင်မှ သိသော အသိမျိုးနှင့် တစ်နာရီ နှစ်နာရီသုံးနာရီ နေနိုင်အောင် အားထုတ်၊ နေနိုင်လျှင် အကောင်းဆုံး အချုပ်သမာဓိပဲ။ သူ့ကိုရအောင် အားထုတ်ရတာ၊ သူ့ရလျှင်ပြီးရော၊ ဘာဘာညာညာ အာရုံတွေ မလိုက်စားနှင့်၊ သည်လိုအာရုံတွေကို လိုက်စား၍ နေသည့်အတွက်ကြောင့် သတ္တဝါတွေဟာ ဆင်းရဲပြီး နေကြသည်။ ယခုလည်းပဲ ဘာဘာညာညာ အာရုံကို လိုက်စား၍နေချင်သေးသလား။ လိုက်စား၍ နေချင်လျှင် ဝင်္ဆင်းရဲကထွက်မှာ မဟုတ်သေးဘူး။ ထို ဘာဘာညာညာ အာရုံ ပေါ်လာသည်ကိုလည်း မမြတ်နိုးနှင့်၊ မလိုက်စားနှင့်၊ မပေါ်မှာလည်း မစိုးရိမ်နှင့်၊ သူ့ဘာသာသူနေပါစေ။ အရေးမစိုက်နှင့်၊ ကိုယ့် အလုပ်ကိုသာလုပ်။ သို့မှ အလုပ်တွင်မည်။ စိတ်က တခြား မရောက်ဘဲနှင့် တစ်နာရီ နှစ်နာရီ သုံးနာရီ ထွက်သက် ဝင်သက်နှင့် ချည်းနေနိုင်လျှင် အကောင်းဆုံး သမာဓိကို ရတာပဲ။ ဤလိုနေနိုင်တဲ့ အနေမျိုးကို ရလျှင် ပထမစတုက္ကလေးချက်ရှိတဲ့

http://www.dhammadownload.com

အနက်တွင် ပထမအခန်းကိုအောင်မြင်ပြီ။

ထို့နောက် ဒုတိယစခန်းကို ဆက်၍ အား ထုတ်။

ဒုတိယစခန်းကို ဆက်လက်၍ အားထုတ်လို သော ယောဂီပုဂ္ဂိုလ်များသည် အရှည်အတို သည် နှစ်ချက်ကို ပိုင်နိုင်အောင် အားထုတ်ရမည်။

ဒုတိယစခန်း ဆုံးဖြတ်ချက်

အရှည်ဆိုတာ နေးနေး အသက်ရှူတာ၊ အတို ဆိုတာ မြန်မြန်အသက်ရှူတာ၊ အသက်ရှူတာ နေးတယ် မြန်တယ် သည်နှစ်ချက်ကို သိအောင် အား ထုတ်၊ လူတစ်ယောက်မှာ တစ်ထိုင်တည်း၌ ထွက် သက် – ဝင်သက် နေးတဲ့ အလှည့်လည်း ရှိသည်၊ မြန်တဲ့ အလှည့်လည်း ရှိသည်။ နေးလျှင်နေးတယ်၊ မြန်လျှင် မြန်တယ်။ တစ်နာရီ နှစ်နာရီ သည်အနေ မျိုးနှင့်ချည်း နေနိုင်အောင် အားထုတ်၊ သည်အနေ မျိုးနှင့်ချည်း နေနိုင်လျှင် ပထမစတုက္က လေးချက်ရှိ သည့် အနက်တွင် ဒုတိယအခန်းကို အောင်မြင်ပြီ။ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ပေမယ့်လို့ အသက်ရှူ ချင်း ကွဲလိမ့်မည်ဆိုဟာ ရှိသည်။

တတိယစခန်း ဆုံးဖြတ်ချက်

တတိယစခန်းကို ဆက်လက်၍ အားထုတ်လို သည့် ယောဂီပုဂ္ဂိုလ် များသည် အစ–အလယ်–အဆုံး သုံးချက်လုံးကို ထင်ထင်လင်းလင်း သိရအောင် အားထုတ်ရမည်။

အစဆိုတာ ချက်တိုင်းကစ၍ လေထွက်လာ သည်ကို သိအောင်၊ အလယ်ဆိုတာ နှလုံးသားကို လေတိုက်သွားတာ သိအောင်၊ အဆုံးဆိုတာ နှာသီး ဖျားကို လေတိုးထွက်သွားတာကြည့်။ "အထွက် အစ–ချက်တိုင်က၊ အဝင်အစ နှာသီးက"၊ နှလုံးသား ကို လေတိုက်၍ သွားသောအခါ နှုတ်ခမ်းဖျားနှင့် လေကိုမှုတ်လိုက်သည်ကို နှလုံးသားမှာ ထိသွားလိမ့် မည်။ ဉာဏ်နှင့် သိအောင်ကြည့်၊ ထင်ရှားလျှင် သိလိမ့်မည်။ အစ အလယ် အဆုံး ထင်ရှားတဲ့ အနေ မျိုးနှင့်ကြည့်။ တစ်နာရီ နှစ်နာရီ နေနိုင်လျှင် ပထမ စတုက္က လေးချက် ရှိသည့်အနက်တွင် တတိယစခန်း မှာ အောင်မြင်ပြီ။

စတုတ္ထစခန်း ဆုံးဖြတ်ချက်

စတုတ္ထစခန်းကို ဆက်လက်အားထုတ်လို သည့် ယောဂီပုဂ္ဂိုလ်များသည်...

ထွက်သက်ဝင်သက် နှစ်ပါးကို တဖြည်း ဖြည်း သိမ်မွေ့ သိမ်မွေ့သွားအောင် အားထုတ်ရ မည်။ အလွန်သိမ်မွေ့သွားသောအခါ ထွက်သက် ဝင်သက်ကို ရှာမတွေ့ဘဲ ဖြစ်တတ်သည်။ ထွက် သက် ဝင်သက်ကို လိုက်၍ ရှာလိမ့်မည်၊ မရှာနှင့်။ ငါအသက်မရှိဘူး။ တစ်ခါ ခက်ချေရဲ့ ထင်ပြီးတော့ ကာ အလုပ်ကို ဖျက်ပစ်တတ်သည်။ ကြပ်ကြပ်သတိ ထားလေ၊ မပါလျှင် စိတ်ချည်း သွားမရှာနှင့်။ သိမ် မွေ့သည့် အနေမျိုးနှင့် တစ်နာရီ နှစ်နာရီနေနိုင်လျှင် ပထမစတုက္ကလေးချက်တွင် စတုတ္ထစခန်းကို အောင် မြင်ပြီ။

ဝိပဿနာလမ်း အမြွက်မျှ ပြချက်

ဤပထမ စတုက္ကလေးချက်ကိုအောင်မြင်ပြီး သည့် ယောဂီပုဂ္ဂိုလ်သည် ရှေ့ဒုတိယ စတုက္ကကို ဆက်လက်၍ အားထုတ်လိုလျှင် အားထုတ်၊ အားမ ထုတ်လိုလျှင် ဝိပဿနာဘက်ကို ကူးလိုက်။ ဝိပဿနာဘက်ကို ကူးလိုသည့် ယောဂီသည် အနိစ္စ–ဝိရာဂ–နိရောဓ–ပဋိနိဿဂ္ဂ ဆိုသည့် စတုက္ကလေး ချက် ဘာဝနာခန်းသို့ ဖြတ်လမ်းဖြင့်တက်၍ စီးဖြန်း ပါ။

အနိစ္စအချက်ကို တက်၍ စီးဖြန်းသည့် ယောဂီပုဂ္ဂိုလ်သည် မိမိ၏ ထွက်သက် ဝင်သက်လေ ကို အနိစ္စ အနိစ္စဟု မမြဲသည့် သဘောများကို

http://www.dhammadownload.com

ရှုဆင်ခြင်ရမည်။ ဤကဲ့သို့ ရှုဆင်ခြင်၍ နေခိုက်မှာ ၎င်းလေတတ် ရုပ်ကလာပ်ကလေးများ တဖွားဖွား နှင့် ပေါ်လာတတ်ပါသည်။ အချို့သော ယောဂီမှာ တစ်ကိုယ်လုံး တစ်ကောင်လုံးကို ရှာမတွေ့တော့ဘဲ ရုပ်ကလာပ်မှုန့်၊ ရုပ်ခိုးများကိုသာ တွေ့တတ်ကြပါသည်။ ရုပ်ပေါ်ပုံကို အကျဉ်းမျှ ပြထားလိုက်ရပါသည်။ နောက်မှ အကျယ်ကို ပြပါမည်။

ရုပ်တရားပေါ်လျှင် နာမ်တရား ဆက်လက်၍ ကြည့်။ ရုပ်တရား၊ နာမ် တရား နှစ်ပါးထင်ရှားလျှင် ထိုရုပ်တရားနာမ်တရားနှစ်ပါးကို လက္ခဏာတင်၍ သုံးသပ်၊ ဉာဏ်စဉ်အတိုင်း သုံးသပ်ပုံကို နောက်စခန်းရောက်မှ ဆက်လက်၍ ပြမည်။

ဖြတ်လမ်းက နိဗ္ဗာန်ကို တက်လိုတဲ့ယောဂီသည် သည်စခန်းက ခွဲ၍ ဝိပဿနာလမ်းကိုလိုက်၊ ဝိပဿနာလမ်းဆုံးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်လမ်းကို ဆက်၍လိုက်။ နိဗ္ဗာန်ကို တွေ့လိမ့်မည်၊ နောက်မဆုတ်နှင့်၊ လိုက်သာလိုက်၊ ဆက်ဆက်တွေ့လိမ့်မည်။

ယခုပြသော အချက်ကား အလုပ်ခွင်သို့ ဝင်သောအချက်

သော သတော၀ အဿသတိ သတော၀ ပဿသတိ

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ

ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ

ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ

ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

သော၊ ထိုထွက်မှု ဝင်မှု အာရုံပြုသော ယောဂီပုဂ္ဂိုလ်သည်။ သတော၀၊ မလစ်စေမှု သတိပြု၍ သာလျှင်။ အဿသတိ၊ ထွက်သက်ထုတ်၏။ သတော ၀၊ မလစ်စေမှု သတိပြု၍သာလျှင်။ ပဿသတိ၊ ဝင်သက်ရှိုက်၏။

လေထွက်သွားတာ ဝင်လာတာ သတိပြု၍ နေရမည်။ (ထွက်လေ ဝင်လေ၊ ဤနှစ်ထွေ၊ သိပေအောင်ဟု၊ သတိပြု)။

ထွက်သက်ဆိုတာ အပြင်ဘက်သို့ ထွက်တဲ့လေ။

အဿာသောတိ ဗဟိနိက္ခမနဝါတော။

အဿသောတိ၊ အဿသဟူသည်ကား။ ဗဟိ၊ အပြင်ဘက်သို့။ နိက္ခမနဝါတော။ ထွက်သောလေတည်း။

ဝင်သက်ဆိုတာ အတွင်းသို့ ဝင်သောလေ။

ပဿာသောတိ အန္တော ပဝိသနဝါတော။

ပဿာသောတိ၊ ပဿာသ ဟူသည်ကား။ အန္တော၊ အတွင်းသို့။ ပဝိသနဝါတော၊ ဝင်သောလေတည်း။

သတ္တ၀ါများဟာ ဘယ်နေ့ဘယ်ရက်က စ၍ အသက်ရှူပါသနည်း။

သတ္တ၀ါများဟာ အမိဝမ်းတွင်းက ဖွားသည့် နေ့ရက်ကစ၍ အသက်ရှူ၏။

မာတုကုစ္ဆိတော နိက္ခမနကာလေ ပထမံ အဿာသရဝါတော ဗဟိနိက္ခမိ။

မာတုကုစ္ဆိတော၊ အမိဝမ်းမှ။ နိက္ခမနကာလေ၊ ထွက်သော ကလေဋ်။ နိက္ခမနကာလေ၊ ဖွားမြင်သောနေ့ရက်၌။ ပထမံ၊ရှေးဦးစွာ။ အဿာသရဝါတော၊ အတွင်းလေသည်။ ဗဟိ၊ အပြင်ဘက်သို့။ နိက္ခမိ၊ ထွက်၏။

သတ္တ၀ါများဟာ ထွက်သက်ကို အရင်ထုတ်သလား။ ဝင်သက်ကို အရင် ရှူသလား။ ထွက်သက်ကို အရင်ထုတ်သည်၊ ဝင်သက်ကို နောက်မှ ရှူသည်ဟု မှတ်။

ထိုထွက်သက်၊ ဝင်သက်ဟာ ဘယ်မှာ ဆုံးပါ

http://www.dhammadownload.com

သနည်း၊ ငြိမ်းပါသနည်း။ ထွက်သက် ဝင်သက်ဟာ ချက်တိုင်မှာဆုံး၏။ ချက်တိုင်မှာ ငြိမ်း၏။

အဗ္ဘန္တရံ၊ ပဝိသန္တော တာလုံ အာဟစ္စ နိဗ္ဗာယိ။

အဗ္ဘန္တရံ၊ အတွင်းသို့။ ပဝိသန္တော၊ ဝင်သည်ရှိသော်။ တာလုံ၊ ချက်တိုင်ကို။ အာဟစ္စ၊ ထိ၍။ နိဗ္ဗာယိ၊ ငြိမ်း၏။

ထွက်သက်ဝင်သက် လေသည် စိတ်ကြောင့် ဖြစ်သည်။

အဿာသပဿာသာ စိတ္တသမုဋ္ဌာနာဝ။ ။

အဿာသပဿာသာ၊ ထွက်သက်ဝင်သက် လေတို့သည်၊စိတ္တသမုဋ္ဌာနာဝ။ စိတ်ကြောင့်ဖြစ်ကုန်သည် သာလျှင်တည်း။

ထွက်သက်ဝင်သက်ကို မှတ်ကာနေသော အခါ နိမိတ်အာရုံ ပေါ်လာတတ်သည်။

နိမိတ်အပြား ထင်မြင်ချက်

လဝါဂွမ်းကဲ့သို့ထင်ခြင်း။
ဗိုင်းဝါဂွမ်းကဲ့သို့ထင်ခြင်း။
လေအယဉ်ကဲ့သို့ထင်ခြင်း။
အဋ္ဌကထာတို့မှလာသော နိမိတ်တို့ကား...
သောကြာကြယ်မင်းကဲ့သို့ထင်ခြင်း။
ပတ္တမြားလုံးကဲ့သို့ထင်ခြင်း။
ပုလဲလုံးကဲ့သို့ထင်ခြင်း။
ဝါရိုးကဲ့သို့ထင်ခြင်း။
သစ်သားနှစ် အချွန်ကဲ့သို့ထင်ခြင်း။
ရှည်သော ဖွတ်မီးကြိုးများကို ဆွဲငင်တာလိုထင်ခြင်း။
ပန်းဆိုင်းကဲ့သို့ထင်ခြင်း။
ပန်းခိုင်ကဲ့သို့ထင်ခြင်း။
မီးခိုးညွှန့်ကဲ့သို့ထင်ခြင်း။
ပင့်ကူအိမ်ကြိုးကဲ့သို့ထင်ခြင်း။
မိုးတိမ်တိုက်ကဲ့သို့ထင်ခြင်း။
ပဒုမ္မာကြာပွင့်ကြိုးကဲ့သို့ထင်ခြင်း။
ရထားဘီးကဲ့သို့ထင်ခြင်း။
လဝန်းကဲ့သို့ထင်ခြင်း။
နေဝန်းကဲ့သို့ထင်ခြင်း။

အာနာပါန အားထုတ်သောအခါ ဘာဝနာ၏ အာနုဘော်ကြောင့် နိမိတ်အမျိုးမျိုးပေါ်တတ်သည်။ မယုံလျှင်စမ်းသပ်တော်မူကြပါ။ အားထုတ်၍ ကြည့်တော်မူကြပါ။ "ပြောမယုံကြဖူးမှသိမည်"ဆိုသော ရှေးသူဟောင်းတို့၏ စကားရှိပါသည်၊ မကြုံဖူးသေးလျှင် မသိနိုင်ပါ။ မကြုံဖူးဘဲနှင့် မရမ်းမပုတ်ခတ်အပ်ပါ။ အပြစ်ကြီးလေစွ။

"ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်ပေမယ့်လို့ အသက်ရှူချောင်းကွဲလိမ့်မည်"ဆိုသော စကားဟာ အခြားမဟုတ် ဤအာနာပါနအလုပ်ပါပဲ၊ ပြောမယုံကြဖူးမှ သိလိမ့်မည်။

အချို့အချို့သောသူများက ဤအာနာပါန တရားအလုပ် အားထုတ်ကြသောအခါ ထင်မြင်ကြသော နိမိတ်သည် တရားမဟုတ်ဘူး၊ နတ်ကပဲပြသည်၊ စုန်းပဲတောက်သည်။ ဤကဲ့သို့ ပြောကြသည်။ အပြစ်လေးစွ။

ငှက်မသိတော့ ဆက်ရက် ချိုးထင်တတ်သည်၊ ကြပ်ကြပ်ကြီး သတိထားကြပါ။ မပြောရမဟုတ်ဘူး ပြောရပါရဲ့။ သို့သော် ပြောဖို့ရာမှာလည်း စာတွေ့၊ ငါတွေ့နှစ်ပါးရှိပါတယ်။ ထိုစာတွေ့ ငါတွေ့နှစ်ပါးတို့တွင် တစ်ပါးပါးမှ မတွေ့လျှင် ပြောကြပါတော့။ တရားကိုအားထုတ် ကြသောအခါ (လ) နိမိတ်ပေါ်လာသည်ကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ် ၂၇၇-မှာပါသည်။ (နေ) နိမိတ် ပေါ်လာသည်ကိုလည်း ၎င်းကျမ်းမှာ နံပါတ် ၂၇၇။ ထိုမှတစ်ပါးလည်း အများအပြား ရှိပါသေးသည်။ ဤကား စာတွေ့၊ မိမိအားထုတ်လို့မြင်လာသောအခါ ငါလည်းမတွေ့ စာလည်းမတွေ့ဘဲနှင့် နတ်ပဲပြသည်၊ စုန်းပဲ တောက်သည်။ ဤကဲ့သို့ ပြောသော လူ ရှင် ရဟန်းများသည် စိတ်မကောင်းလို့သာ ပြောတာမှတ်။

http://www.dhammadownload.com

(နေ) နိမိတ်၊(လ) နိမိတ်တို့ ပေါ်သည်ကို မိမိက စာမတွေ့လျှင်လည်း အသာနေဖို့ကောင်းသည်။ မိမိကိုယ်တိုင် အားမုတ်၍မစမ်းသေးလျှင်လည်းပဲ အသာနေဖို့ကောင်းသည်။ စာတွေ့ငါတွေ့လုပ်နေသော သူများကိုသွား၍ သင်တို့ဟာ မဟုတ်ဘူး မမှန်ဘူးဟု မပြောသင့်။

ထွက်သက် ဝင်သက် ဤနှစ်ချက်ကို ရှည်လျှင်ရှည်တယ်၊ တိုလျှင် တိုတယ် သိအောင်လုပ်။ (ရှည်မှု တိုမှု ဤနှစ်ခု သိလေအောင်ဟု သတိပြု) အရှည်ထွက်သက်၏ အစွမ်းဖြင့် စိတ်၏တည်ခြင်း၊ မပျံ့လွင့်ခြင်းကို သိသော သတိဟာ ထင်၍လာသည်။ ထွက်သက်ကို မလစ်သော သတိ သိသော ဉာဏ်နှင့်သတိ ပြည့်စုံမှုကို ပြုရသည်။

အတိုဝင်သက်အစွမ်းဖြင့် စိတ်၏တည်ခြင်း မပျံ့လွင့်ခြင်းကို သိသော သတိဟာ ထင်၍လာသည်။ ဝင်သက်မလစ်သောသတိ သိသောဉာဏ်နှင့် သတိပြည့်စုံမှုကို ပြုရသည်။

တိုမှုရှည်မှု ထွက်သက် ရှည်မှုတိုမှု ဝင်သက် ဤလေးပါးသော အခြင်းအရာတို့သည် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ နာသီးဝမှာ ထင်ရှား၍ လာလိမ့်မည်။

အရှည် ထွက်သက်။ အတို ထွက်သက်။

အရှည် ဝင်သက်။ အတို ဝင်သက်။

ဤလေးပါးသော အခြင်းအရာတို့သည် တရားအားထုတ်သော ယောဂီ ပုဂ္ဂိုလ်၏ နာသီးဝမှာ လာ၍ထင်လိမ့်မည်။

ထွက်သက်မှာ ချက်တိုင် တွေ့ထိမှု၊ နှလုံး တွေ့ထိမှု၊ နာသီးဖျား တွေ့ထိမှု။

ဝင်သက်မှာ နာသီးဖျား တွေ့ထိမှု၊ နှလုံး တွေ့ထိမှု၊ ချက်တိုင်တွေ့ထိမှု။

(ချက်တိုင် နှလုံး နာသီးဖုံး သုံးချက်သိမှု သတိပြု။)

အာနာပါနအလုပ်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်များ သတိပြုရန်

အချို့သော ယောဂီပုဂ္ဂိုလ်သည် အစ၊ အလယ်၊ အဆုံး သုံးချက်ကို ကြည့်သောအခါ၊ အစသာ ထင်ရှားထိတွေ့မှုကိုသိသည်။ အလယ်နှင့် အဆုံးကို မသိ။ ထိုယောဂီပုဂ္ဂိုလ်တို့သည် အစကို သိမ်းဆည်းခြင်း၌ သက်သာခွင့်ရရဲ့။ အလယ်နှင့် အဆုံး သိမ်းဆည်းခြင်း၌ ပင်ပန်း၏။ သည်လို ယောဂီပုဂ္ဂိုလ် တစ်မျိုး။

အချို့ ယောဂီပုဂ္ဂိုလ်မှာ အလယ်၌ တွေ့ထိမှု ထင်ရှား၏။ အစနှင့်အဆုံးမှာ တွေ့ထိမှုမထင်ရှား။

အချို့သော ယောဂီပုဂ္ဂိုလ်မှာ အဆုံးထင်ရှား၏။ အစ အလယ် မထင်ရှား။ ပင်ပန်း၏။

အချို့သော ယောဂီပုဂ္ဂိုလ်သည် အလုံးစုံထင်ရှား၏။

အချို့သော ယောဂီပုဂ္ဂိုလ်သည် အစ အလယ် အဆုံး သုံးချက်လုံး၌ ထင်ရှား၏။ အနည်းငယ်မျှ မပင်မပန်း။

တတ္ထ သိက္ခတိတိ ဧဝံ ဃဋ္ဋတိ ဝါယမတိ။
ကျင့်ဆိုတာ တမင်သိအောင် လုပ်ရမည်။

သုံးချက်ကြည့်သော ယောဂီပုဂ္ဂိုလ်တို့သည် လေးမျိုးလေးစား ရှိသည်။

၁။ အချို့သော ယောဂီပုဂ္ဂိုလ်သည် အစသာ ထင်ရှားသည်။ အလယ်နှင့်အဆုံး မထင်ရှားသော ယောဂီပုဂ္ဂိုလ်တစ်မျိုး။

၂။ အချို့သော ယောဂီပုဂ္ဂိုလ်သည် အလယ်မှာသာထင်ရှားသည်။ အစနှင့် အဆုံး မထင်ရှားသည့် ယောဂီပုဂ္ဂိုလ်တစ်မျိုး။

၃။ အချို့သော ယောဂီပုဂ္ဂိုလ်သည် အဆုံးမှာသာ ထင်ရှားသည်။ အစနှင့် အလယ် မထင်ရှားသော ယောဂီပုဂ္ဂိုလ်တစ်မျိုး။

၄။ အချို့သော ယောဂီပုဂ္ဂိုလ်သည် အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ထင်ရှား၏။

http://www.dhammadownload.com

သည်ယောဂီပုဂ္ဂိုလ်တစ်မျိုး။
ပေါင်း လေးမျိုး လေးစားရှိ၏။
သိက္ခာသုံးအင်၊ ပြည့်စုံချင်၊ သိလျှင်သုံးချက်သာ။
သိက္ခာသုံးဖြာ၊ သိလိုပါ၊ သေချာမှတ်ကြပါ။
သီလ သမာ၊ ဓိပညာ၊ သိက္ခာသုံးပါးသာ။
အဓိသီလသိက္ခာ
အဓိစိတ္တသိက္ခာ – သိက္ခာသုံးပါး
အဓိပညာသိက္ခာ

သိက္ခာသုံးပါး တစ်ပြိုင်နက် တစ်ချက်တည်း ပြည့်စုံချင်လျှင် အစ အလယ် အဆုံး သုံးခုကိုက်ကို သိအောင်ကျင့်။ သိက္ခာသုံးပါး တစ်ပြိုင်နက် တစ်ချက်တည်း ပြည့်စုံပါလိမ့်မည်။

ထွက်သက် ဝင်သက်သိ သိနေလျှင် ကာယာနုပဿနာနှင့် ပြည့်စုံပုံ

သော သတော၀ အဿသတိ၊ သတော၀ ပဿသတိ။

မာတိကာအရ နှာသီးဖျား နှုတ်ခမ်းဖျားတို့၌ ထိခိုက်သောလေကို သတိပြု၍ ထွက်သက်ဝင်သက်၊ ထွက်သက် ဝင်သက်ဟု နှလုံးသွင်း။ နှလုံး သွင်းဖန်များလျှင် အာရုံနိမိတ်များလည်း ပေါ်လာတတ်သည်။ ပီတိလည်း ဖြစ်လာတတ်သည်။ ထွက်သက်ဝင်သက်လေများလည်း တဖြည်းဖြည်း သိမ်မွေ့၍ ချုပ်ငြိမ်းတတ်သည်။ ထိုသို့ မာတိကာနည်းဖြင့် စီးဖြန်း၍ သမာဓိရင့်သော ကာလပဒဘာဇနီဖြစ်သော သောဠသ ဝတ္ထုကနည်းစသည်ကိုတက်၍ စီးဖြန်းရာ၏။

တစ်ပါးသောတရား ပွားများလျှင် ၄ ပါးသော တရားနှင့်ပြည့်စုံနိုင်၏။ ၄–ပါးသောတရား ပွားများလျှင် ၇–ပါးသောတရားနှင့် ပြည့်စုံနိုင်၏။ ၇ပါးသော တရားပွားများလျှင်၂–ပါးသော တရားနှင့် ပြည့်စုံနိုင်၏။

တစ်ပါးသော တရားဟူသည် ၎င်းအာနာပါန တရားပေတည်း။ ၄–ပါးသော တရားဟူသည် သတိပဋ္ဌာန်တရားပေတည်း။ ၇–ပါးသော တရားဟူသည် ဗောဇ္ဈင် ၇–ပါးပေတည်း။ ၂–ပါးသော တရားဟူသည် ဝိဇ္ဇာဝိမုတ္တိတရားပေတည်း။

အာနာပါနဿတိ ဘိက္ခဝေ ဘာ၀ိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။ စတ္တာရော သတိပဋ္ဌာနာ ဘာ၀ိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂါ ပရိပူရေန္တိ။ သတ္တ ဗောဇ္ဈင်္ဂါ ဘာ၀ိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိ ပရိပူရေန္တိ။ တစ်ပါးသောတရား ပွားများလျှင် ၄–ပါးသော တရားနှင့် ပြည့်စုံပုံကား ဤသို့တည်း...

ယောဂီသည် အာနာပါနဿတိ ထွက်သက် ဝင်သက်ကို အားထုတ်သောအခါ ထွက်သက် ထွက်လာလျှင် ထွက်မှန်းသိခြင်း၊ ဝင်သက် ဝင်လာလျှင် ဝင်မှန်းသိခြင်း၊ ဤလိုထွက်တိုင်း ဝင်တိုင်း သိသိနေသည်ကိုပင် သတိနှင့် ပြည့်စုံတဲ့ ယောဂီပုဂ္ဂိုလ်ဟု ဆိုရမည်။

ထွက်သက် ဝင်သက်လေ ထွက်သည် ဝင်သည်ကိုမူ မသိလျှင် သတိ ကင်းမဲ့တဲ့ ယောဂီ၊ သတိနှင့် မပြည့်စုံတဲ့ ယောဂီ၊ သတိမရှိတဲ့ယောဂီလို့ ဆိုရမည်။ သတိနှင့်ပြည့်စုံတဲ့ ယောဂီဖြစ်အောင် ကြပ်ကြပ် သတိထားပြီး ကြိုးစားကြပါလေ။

အရာရာမှာ သိမှုတစ်ခုသည် အရေးကြီးဆုံးဖြစ်ပါသည်။ ယခုထွက်သို ဝင်သိကို အရင်းတည်ထား၍ နောင်ကို အသိအမှိုးမျိုး တွေသိဖို့ရာ အများပင် ပေါ်လာပါလိမ့်မည်။ နိဗ္ဗာန်အထိသိလာပါလိမ့်မည်။ အရင်းတည်ထားတဲ့ ထွက်သို ဝင်သိကို သေးသေးနုပ်နုပ်ကလေးဟု အထင်မသေးကြနှင့်။ ထွက်သိဝင်သို အာနာပါနအလုပ်သည် သဗ္ဗညုတ ပါရမီဉာဏ်ရှင် ဘုရားသခင်တို့၏ အလုပ်ကြီးပေတည်း။ ပါရမီရှင်ကြီးများ လက်ကိုင်ထားရတဲ့ ၎င်းအာနာပါန အလုပ်ကြီးကို သေးနုပ်သည်ဟု မထင်မှတ်ကြနှင့်။ သဲလုံးအမျှ ပွင့်တော်မူသွားကြတဲ့ ဘုရားများနှင့် ပစ္စေကဗုဒ္ဓါများသည် ၎င်းအာနာပါန ကမ္မဋ္ဌာန်း

http://www.dhammadownload.com

အလုပ်နှင့်ပင် ပွင့်တော်မူသွားကြသည်။ သာဝက အမျိုးမျိုးမှာသာ ကမ္မဋ္ဌာန်းအမျိုးမျိုးနှင့် နိဗ္ဗာန်ဝင်သွားကြသည်။ သို့အတွက် ထွက်သိဝင်သိ အာနာပါန အလုပ်ကို သေးသေးနုပ်နုပ်ဟု အထင်မသေးအပ်။

ဤသို့ ထွက်တိုင်းဝင်တိုင်း သိသိနေသည်ကိုပင် သတိနှင့် ပြည့်စုံတဲ့ ယောဂီ၊ ကာယာနုပဿနာနှင့် ပြည့်စုံတဲ့ ယောဂီဟု ဆိုရသည်။

ကာယညတရာဟံ အာနန္ဒ ဧတံ ဝဒါမိ၊ ယဒိဒံ၊ အဿာသ ပဿာသ တသ္မာတိဟာနန္ဒ ကာယေ ကာယာနုပဿီ ဘိက္ခု တသ္မိံ သမယေ ဝိဟရတိ။

ဤကဲ့သို့ ထွက်သက်ဝင်သက် သိသိနေတဲ့ ယောဂီမှာ သတိပညာနှင့် ပြည့်စုံနေခိုက်ဖြစ်၍ လောဘ ဒေါသ ကိလေသာတို့ကို ပယ်နိုင် ဖျောက်နိုင်သော အခါကောင်းဟု မှတ်ပါ။

အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

ဤသို့ ထွက်သက်ဝင်သက် သိသိနေသည်ကို ကာယာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံသည်ဟုမှတ်။

ထွက်သက်ဝင်သက် သိသိနေလျှင် ဝေဒနာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံပုံ

ယောဂီသည် ထွက်သက်ဝင်သက်ကို သိသိနေခိုက်မှာ ယားယံမှုတွေ၊ နာကျင်မှုတွေ၊ ညောင်းညာမှုတွေ၊ တောင့်တင်းမှုတွေ အမျိုးမျိုး အထွေထွေကိုယ်ထဲမှာရှိတဲ့ ဝေဒနာသည် ထင်ရှားစွာ ဖြစ်ပေါ်၍ နေသည်ကို မခံနိုင်အောင် သိသိနေလိမ့်မည်။ ဤကဲ့သို့ သိသိနေခြင်းကို သတိနှင့် ပြည့်စုံသည့် ယောဂီ၊ သတိရှိသည့် ယောဂီ၊ သတိမမေ့သည့် ယောဂီဟု ဆိုရမည်။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံသည့် ယောဂီဟု ဆိုရသည်။

ဤကဲ့သို့ ဝေဒနာတွေ ဖြစ်တိုင်းဖြစ်တိုင်း သိသိနေသည့် ယောဂီမှာ သတိပဋ္ဌာန်နှင့် ပြည့်စုံနေခိုက်ဖြစ်၍ လောဘ၊ ဒေါသ၊ ကိလေသာတို့ကို ပယ်နိုင်ဖျောက်နိုင်သော အခါကောင်းဟုမှတ်ပါ။

ဤသို့ ထွက်သက် ဝင်သက် သိသိနေလျှင် ဝေဒနာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံသည်ဟုမှတ်။

ထွက်သက် ဝင်သက် သိသိနေလျှင် စိတ္တာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံပုံ

ယောဂီသည် ထွက်သက် ဝင်သက်ကို သိနေခိုက်မှာ ကောင်းသည့်စိတ်တွေ၊ မကောင်းသည့် စိတ်တွေ အမျိုးမျိုး ခဏခဏ ပေါ်လာလိမ့်မည်။ ခဏခဏ ပေါ်လာတိုင်း ပေါ်လာတိုင်း သိသိနေခြင်းကို သတိနှင့်ပြည့်စုံတဲ့ ယောဂီ၊ သတိရှိတဲ့ ယောဂီ၊ သတိမမေ့တဲ့ ယောဂီဟု ဆိုရမည်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံတဲ့ယောဂီဟု ဆိုရသည်။

ဤကဲ့သို့ စိတ်တွေ ဖြစ်တိုင်းဖြစ်တိုင်း သိသိနေတဲ့ယောဂီမှာ သတိပညာနှင့် ပြည့်စုံနေခိုက်ဖြစ်၍ လောဘ ဒေါသ ကိလေသာတို့ကို ပယ်နိုင် ဖျောက်နိုင်သော အခါကောင်းဟု မှတ်ပါ။

ဤသို့ ထွက်သက် ဝင်သက် သိသိနေလျှင် စိတ္တာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံသည်ဟုမှတ်။

ထွက်သက် ဝင်သက်ကို သိသိနေလျှင် ဓမ္မာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံပုံ

ယောဂီသည် ထွက်သက် ဝင်သက်ကို အနိစ္စအချက်နှင့် သိသိနေ၍ သတိပညာနှင့် ပြည့်စုံသည့်အဖြစ်ကြောင့် လောဘ ဒေါသ ကိလေသာတို့ကို ပယ်နိုင်ဖျောက်နိုင်သော အခါကောင်းဖြစ်၍ ထို ယောဂီကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံ

http://www.dhammadownload.com

သောသူဟု ဆိုရမည်။

ထွက်သက်ဝင်သက်ကို အနိစ္စအချက်နှင့် ဖက်တွဲ၍ ရှုသောကြောင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်နှင့် ပြည့်စုံသောသူဟု ဆိုရမည်။

တစ်ပါးသော တရားပွားများလျှင် ၄-ပါးသော တရားနှင့် ပြည့်စုံပုံပြသော အချက်ကား ပြီး၏။

အရာရာမျက်စိနှင့် မြင်သောအခါ ဝိပဿနာရှုပုံ

မျက်စိနှင့် အဆင်းကို မြင်သောအခါ ရုပ်တရားများ တဖွားဖွား တဖွားဖွားနှင့် ဖြစ်၍နေသည်။
ဖဿ-တဖွားဖွားနှင့် ဖြစ်၍နေသည်။
ဝေဒနာ-တဖွားဖွားနှင့် ဖြစ်၍နေသည်။
သညာ-တဖွားဖွားနှင့် ဖြစ်၍နေသည်။
သင်္ခါရ-တဖွားဖွားနှင့် ဖြစ်၍နေသည်။
ဝိညာဏ်-တဖွားဖွားနှင့် ဖြစ်၍နေသည်။

နာမ်ငါးပါးတရားများ တဖွားဖွားနှင့် နေသည်ကို မြင်အောင်ကြည့်။

တဖွားဖွားနှင့် ဖြစ်နေဆဲ ရုပ်နာမ်တွေကို မြင်မှ ဒိဋ္ဌိကွာမည်။ ဒိဋ္ဌိမကွာလျှင် ရုပ်နာမ်မပေါ်ဘူး၊ (ဒိဋ္ဌိမကွာ၊ ရုပ်နာမ်ဟာ ဘယ်ခါမပေါ်ပါ) ဒိဋ္ဌိကြီး မကွာလျှင် အပါယ်ကျမအေးသေးဘူး၊ (ဒိဋ္ဌိမကွာ ပယ်လေးရွာ၊ အမှန်ကျတတ်ပါ။ အပါယ်မကျ၊ နိဗ္ဗာန်ရ၊ လမ်းစရှာဖို့သာ။) ပရမတ် ဆတ်ဆတ်မြင်လျှင် ရုပ်နာမ် နှစ်ပါးသာရှိသည်။ လူမရှိ နတ်မရှိ၊ ဗြဟ္မာမရှိ။

(ပရမတ်ဆတ်ဆတ်၊ မြင်တုံလတ်၊ ရုပ်နှင့် နာမ်နှင့် သာ။)

ယခု လောကမှာ မည်သူ မည်ဝါရယ်လို့ နာမည်ပေးကြ ခေါ်ကြတာ နှုတ်က ဖြစ်တာချည်းမှတ်။

(အမည်နာမ၊ ခေါ်သမျှ၊ နှုတ်ကဖြစ်ကြတာ။)

နှုတ်ကဖြစ်မှန်းသိလျှင် ငါသိပြီလို့ စွဲလမ်းခြင်းကို ခွာဖို့သင့်၏။

(နှုတ်ကဖြစ်မှန်း၊ သိနိုင်စွမ်း၊ ခွာခန်းသက္ကာယာ။)

ယခု လောကရှိကြတဲ့ သမ္မာဝါတွေဟာ အဘိဓမ္မာတရားတော်များ မကြာမကြာ နာကြရသည့် အတွက်ကြောင့် အသံဟာ နှုတ်က ဖြစ်မှန်း သိကြရဲ့ သက္ကာယကမကွာ၊ မခွာလို့ မကွာသည်ဟုမှတ်။

(ခက်ပါသပ၊ သက္ကာယ၊ ခွာ၍မရတာ)

ဒိဋ္ဌိကြီး ကွာ၍သွားလျှင် လူကိုမမြင်ဘူး၊ ရုပ်နှင့်နာမ် နှစ်ပါးကိုသာ မြင်လိမ့်မည်၊ ဒိဋ္ဌိမကွာလျှင် ရုပ်နာမ် မပေါ်ဘူး။

(ဒိဋ္ဌိမကွာ၊ ရုပ်နာမ်ဟာ၊ဘယ်ခါမပေါ်ပါ။)

ဒိဋ္ဌိမကွာသမျှ ကာလပတ်လုံး အပါယ်ကျမအေးသေးဘူး။ တစ်ခါ တစ်ခါ ကျလိမ့်မဦးမည်။

(ဒိဋ္ဌိမကွာ၊ပါယ်လေးရွာ၊ဧကန်ကျမည်သာ။)

အားလုံးသော သတ္တဝါတွေဟာ ဒိဋ္ဌိကြီး လက်ထဲမှာချည်းပဲ နေကြရပါသည်။

(ဗိုလ်ထူများစွာ၊ သတ္တဝါ၊ ဒိဋ္ဌိလက်ထဲမှာ။)

အားလုံးသော သတ္တဝါတွေကို ဒိဋ္ဌိကြီး အပါယ် ဆွဲချနေသည်၊ သတိထားကြ။

(ဒိဋ္ဌိကြီးဟာ၊ လူများစွာ၊ ပါယ်ရွာချလုပါ။)

အရာရာ နားနှင့်ကြားသောအခါ ဝိပဿနာရှုပုံ

နားနှင့် အသံကို ကြားသောအခါ ရုပ်တရားတွေ တဖွားဖွားနှင့် ဖြစ်၍ နေတာ။
ဖဿ-တဖွားဖွားနှင့် ဖြစ်၍နေသည်။
ဝေဒနာ-တဖွားဖွားနှင့် ဖြစ်၍နေသည်။
သညာ-တဖွားဖွားနှင့် ဖြစ်၍နေသည်။
သင်္ခါရ-တဖွားဖွားနှင့် ဖြစ်၍နေသည်။
ဝိညာဏ်-တဖွားဖွားနှင့် ဖြစ်၍နေသည်။

နာမ်ငါးပါးတရားများ တဖွားဖွားနှင့် နေသည်ကို မြင်အောင်ကြည့်။

သတ္တဝါတွေ တဏှာတည်းဟူသော ရေအယဉ်ထဲမှာ မျောလို့ နေရတာ ဒိဋ္ဌိကြီး သဘော

http://www.dhammadownload.com

အတွက်ကြောင့် မျောလျှင်နေကြရသည်။

(တဏှာရေကျော်နှစ်ခါမျော၊ ဒိဋ္ဌိသဘောပါ။)

ယခုလောကကြီး ပျောက်ကင်း၍ သွားလျှင် နိဗ္ဗာန်ကိုမြင်ဖို့ လွယ်၏၊ မပျောက်လျှင် နိဗ္ဗာန်ကို မြင်ဖို့ ခက်သေး၏။ (လောကကြီးနယ်၊ ပျောက်ကင်းကွယ်၊ အလွယ်နိဗ္ဗူတာ။)

ဝိပဿနာ ဉာဏ်အမြင်မှာ လောကပညတ် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ ငရဲပြည်၊ အပါယ်လေးဘုံမရှိ၊ ရုပ်နာမ် နှစ်ပါး ပရမတ်ဆတ်ဆတ် တရားသာ ရှိသည်။

(မရှိပညတ်၊ ရှိပရမတ်၊ မှတ်ကြ ဉာဏ်မြင်မှာ။)

အရာရာ နံသောအခါ ဝိပဿနာရှုပုံ

နှာခေါင်းနှင့် အနံ့ကို ရှုသောအခါ ရုပ်တရားတွေ တဖွားဖွားနှင့် ဖြစ်၍ နေတာ။

ဖဿ–တဖွားဖွားနှင့် ဖြစ်၍နေသည်။

ဝေဒနာ–တဖွားဖွားနှင့် ဖြစ်၍နေသည်။

သညာ–တဖွားဖွားနှင့် ဖြစ်၍နေသည်။

သင်္ခါရ–တဖွားဖွားနှင့် ဖြစ်၍နေသည်။

ဝိညာဏ်–တဖွားဖွားနှင့် ဖြစ်၍နေသည်။

နာမ်ငါးပါးတရားများ တဖွားဖွားနှင့် ဖြစ်၍နေတာ မြင်အောင်ကြည့်။

လျှာနှင့်အရသာမျိုးကို လျက်သောအခါ ဝိပဿနာရှုပုံ

လျှာနှင့် အရသာကိုလျက်သောအခါ ရုပ်တရားတွေ တဖွားဖွားနှင့် ဖြစ်၍နေတာ။

ဖဿ–တဖွားဖွားဖြစ်၍နေသည်။

ဝေဒနာ–တဖွားဖွားဖြစ်၍နေသည်။

သညာ–တဖွားဖွားဖြစ်၍နေသည်။

သင်္ခါရ–တဖွားဖွားဖြစ်၍နေသည်။

ဝိညာဏ်–တဖွားဖွားဖြစ်၍နေသည်။

နာမ်ငါးပါးတရားတွေ ဖြစ်၍နေတာ မြင်အောင်ကြည့်။

ကိုယ်နှင့်အဝတ်အစားအကျီမျိုး ထိသောအခါ ဝိပဿနာရှုပုံ

ကိုယ်နှင့် အဝတ်အစား အကျီမျိုး ထိသောအခါ ရုပ်တရားတွေ တဖွားဖွားဖြစ်၍နေတာ။

ဖဿ–တဖွားဖွားဖြစ်၍နေသည်။

ဝေဒနာ–တဖွားဖွားဖြစ်၍နေသည်။

သညာ–တဖွားဖွားဖြစ်၍နေသည်။

သင်္ခါရ–တဖွားဖွားဖြစ်၍နေသည်။

ဝိညာဏ်–တဖွားဖွားဖြစ်၍နေသည်။

နာမ်ငါးပါးတရားများ တဖွားဖွားနှင့် ဖြစ်၍နေတာ မြင်အောင်ကြည့်။

ဟဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံ ထိခိုက်၍နေတာကို ဝိပဿနာ ရှုပုံ

ဟဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံ ထိခိုက်သောအခါ ရုပ်တရားတွေဟာ တဖွားဖွား ဖြစ်၍နေတာ။

ဖဿ–တဖွားဖွားဖြစ်၍နေသည်။

ဝေဒနာ–တဖွားဖွားဖြစ်၍နေသည်။

သညာ–တဖွားဖွားဖြစ်၍နေသည်။

သင်္ခါရ–တဖွားဖွားဖြစ်၍နေသည်။

ဝိညာဏ်–တဖွားဖွားဖြစ်၍နေသည်။

နာမ်ငါးပါးတရားတွေ တဖွားဖွားနှင့်ဖြစ်၍နေတာ မြင်အောင်ကြည့်။

ရုပ်နာမ်တရားတွေကို သည်လိုကြည့်မြင်လျှင် နာမရူပ ပရိစ္ဆေဒဉာဏ် ခေါ်ပါသည်။ ဒိဋ္ဌိဝိသုဒ္ဓိစခန်း ပေါက်ရောက်ပြီမှတ်။

နာမရူပ ပရိစ္ဆေဒဉာဏ်ကို ဒိဋ္ဌိဝိသုဒ္ဓိခေါ်သည်။ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိစခန်း အကျဉ်းချုပ်ပြရာသော အချက်မှတ်။

http://www.dhammadownload.com

နာမရူပ ပစ္စယပရိဂ္ဂဟဉာဏ်တက်၍ စီးဖြန်းပုံ ဥပမာ

ယခုလောကမှာ အမြို့မြို့အရွာရွာမှာ ဆေးကုစားတဲ့ ဆရာဝန်တွေများစွာ ရှိကြသည်။ ထို ဆေးဆရာဝန်များသည် လူနာတစ်ယောက်ကို ကုသမည်လိုကြံလျှင် အခြေအမြစ် အနာရောဂါ၏ အကြောင်းအကျိုးကို မေးမြန်းစုံစမ်းပြီးမှ ထိုသူနာကို သင့်လျော်လျောက်ပတ်သော ဆေးကိုပေး၍ ကုစားသဖြင့် ချမ်းချမ်းသာသာ ရောက်ဂါပျောက်ကင်းခြင်းသို့ ရောက်တာလို ထို့အတူ ယခု ဖြစ်ထွန်းပေါ်ပေါက်၍ လာသော ရူပ ကာယ သံသရာ ရုပ်နာမ်နာကြီးကို ကုစားလိုတဲ့ ယောဂီ ဆေးဆရာဝန်ကြီးသည် မိမိတို့မှာ ဖြစ်ထွန်းပေါ်ပေါက်၍လာသော ရုပ်နာမ်ခန္ဓာအနာကြီးကို အခြေအမြစ်ရောဂါကို စစ်လိုက်တော့တာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရငါးပါးသော ဓနကအကြောင်း၊ ဥပတ္ထမ္ဘက အကြောင်းတို့ကြောင့် ဖြစ်သည်ကို သိရ၏။ ထိုသို့ သိရသဖြင့် သံသရာထဲမှာ နစ်မွန်း၍နေရသော သံသရာ ဒုက္ခအနာကြီးကို တရားတည်းဟူသောဆေးနှင့် ကုသမှ ချမ်းသာခြင်းသို့ ရောက်နိုင်မည်။

နာမရူပ ပစ္စယပရိဂ္ဂဟဉာဏ်တက်၍ စီးဖြန်းပုံ

နာမရူပပရိစ္ဆေဒဉာဏ်ကိုရ၍ နာမရူပပရိဂ္ဂဟဉာဏ်ကို တက်လိုတဲ့ ယောဂီပုဂ္ဂိုလ်သည် ယခုဖြစ်ပေါ်တဲ့ ရုပ်နာမ်နှစ်ပါးသည် အဘယ့်ကြောင့် ဖြစ်ပါလိမ့်မလဲလို့ ဆင်ခြင်သော်-

ရုပ်နာမ်နှစ်ပါးသည်-
အဝိဇ္ဇာ
တဏှာ
ဥပါဒါန်
ကံ
အာဟာရ
ငါးပါးသော ဓနကအကြောင်းနှင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု ဆိုအပ်သော ဥပတ္ထမ္ဘကအကြောင်းတို့ကြောင့် ဖြစ်ကုန်၏။ ဤကဲ့သို့ သိသာ၍ လာလိမ့်မည်။

အကြောင်းတရားနှင့်တကွ ထင်၍ လာပါလိမ့်မည်။ အကြောင်းအကျိုးကို ဆက်သွယ်၍ကြည့်။

- အကြောင်းငါးတန် ရှိရိုးမှန် ရုပ်နာမ်ဖြစ်စေမြဲ။
- ရုပ်နာမ်နှစ်ဖြာ ဖြစ်ပေါ်တာ ငါးဖြာအကြောင်းပဲ။
- အကြောင်းငါးတန် သူတို့ဉာဏ် ကျွမ်းပြန်မှောက်ခုံလဲ။
- ဘဝသံသရာ ရှည်ရတာ သူတို့ဉာဏ်ချည်းပဲ။

ရုပ်နာမ်တို့သည် အမေနှင့် အဘကြောင့် ဖြစ်သည်မဟုတ်၊ အမေနှင့် အဘသည် ရုပ်နာမ်နှစ်ပါးကို မလုပ်တတ်။ ငါတို့သည် အမေနှင့် အဘကြောင့် လူဖြစ်လာသည်၊ ရုပ်နာမ်နှစ်ပါး ပေါ်ပေါက်လာသည်။ သည်လိုထင်လျှင် ဒိဋ္ဌိဖြစ်၏။

သည်လိုမဟုတ်မူ၍
နတ်ကပဲဖန်ဆင်းတယ်၊
ငြဟ္မာကြီးကပဲ ဖန်ဆင်းတယ်၊
ထာဝရဘုရားကပဲ ဖန်ဆင်းတယ်လို့ထင်လျှင် ဒိဋ္ဌိ။

သည်လိုမဟုတ်မူ၍
ငါတို့ကို အဖေ အမေလုပ်၍ ထားတာမဟုတ်၊
နတ်ဖန်ဆင်း၍ ထားတာမဟုတ်၊
ငြဟ္မာဖန်ဆင်း၍ ထားတာမဟုတ်၊
ထာဝရဘုရား ဖန်ဆင်း၍ထားတာမဟုတ်၊
၁။ အဝိဇ္ဇာ
၂။ တဏှာ
၃။ ဥပါဒါန်
၄။ ကံ
၅။ အာဟာရ

ဤငါးပါးသော အကြောင်းကြောင့် ဖြစ်ရတာပါလားလို့ အရင်းအစ မူလအကြောင်းတွေ ပေါ်လာလိမ့်မည်။ သည်လိုသိလျှင် ဒိဋ္ဌိကင်း၏။ ယုံမှားခြင်းကင်း၏။

http://www.dhammadownload.com

ဝိပဿနာရှုပုံ

တစ်နည်းမှာလည်း နာမ်ရုပ်တရား နှစ်ပါးသည် ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရား လေးပါးကို့ကြောင့် ဖြစ်၏။

ဤကဲ့သို့ပင် သုံးသပ်ဆင်ခြင်ကြဦး။

ကံသည် ကံကြောင့်ဖြစ်သော ရုပ်ကို ဖြစ်စေသည်။ စိတ်သည် စိတ်ကြောင့်ဖြစ်သော ရုပ်ကို ဖြစ်စေသည်။ ဥတုနှင့် အာဟာရတို့သည် ဥတုလျှင် ဖြစ်ကြောင်း ရှိသောရုပ်–အာဟာရလျှင် ဖြစ်ကြောင်း ရှိသော ရုပ်ကိုဖြစ်စေသည်။

ယခု ဖြစ်၍နေသောရုပ်တွေဟာလည်း ကံ စိတ် ဥတု အာဟာရတည်း ဟူသော အကြောင်းတရားလေးပါးအတွက်ကြောင့် ဖြစ်၍နေသည်။

ရှေးဘဝက ဖြစ်ခဲ့တဲ့ ရုပ်တွေဟာလည်း ကံ စိတ် ဥတု အာဟာရ အကြောင်းတရား လေးပါး အတွက်ကြောင့် ဖြစ်၍နေကြသည်။ နောက်ဖြစ်မည့် ရုပ်တရားတွေဟာလည်းပဲ ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းတရား လေးပါးအတွက်ကြောင့် ဖြစ်၍နေကြသည်။ ရှေးဘဝတုန်းကလည်းပဲ လူမဟုတ်၊ နတ်မဟုတ်၊ ငြဟ္မာမဟုတ်၊ ရုပ်နာမ် နှစ်ပါးသာ ဟုတ်သည်။ ယခု ဘဝမှာလည်း လူမဟုတ်၊ နတ်မဟုတ်၊ ငြဟ္မာမဟုတ် ရုပ်နာမ်နှစ်ပါးသာ ဟုတ်သည်၊ နောက်ဘဝမှာလည်းပဲ လူမဟုတ်၊ နတ်မဟုတ်၊ ငြဟ္မာမဟုတ် ရုပ်နာမ်နှစ်ပါးသာ ဟုတ်သည်၊ သည်လိုစိတ်ထဲ ဉာဏ်ထဲမှာ ထင်၍ မြင်၍ လာလိမ့်မည်။ သည်ကဲ့သို့ စိတ်ထဲ ဉာဏ်ထဲမှာ ထင်မြင်၍ လာလျှင် နာမရူပ ပရိဂ္ဂဟဉာဏ် ပေါက်ရောက်ပြီ၊ ကခ်ါဝိတရဏ ဝိသုဒ္ဓိစခန်းသို့ ရောက်ပြီမှတ်၊ ရှေ့ဘဝ၌ ယုံမှားခြင်း၊ ယခုဘဝ၌ ယုံမှားခြင်း၊ နောက်ဘဝ၌ ယုံမှားခြင်း ကင်းပြတ်၏ဟု မှတ်၊ ရှေ့ဘဝကလည်း ရုပ်နာမ် ယခုဘဝလည်းပဲ ရုပ်နာမ် နောက်ဘဝလည်း ရုပ်နာမ် သည်လိုသာ ထင်တော့မည်။

နာမရူပ ပရိစ္ဆေဒ၊ နာမရူပ ပရိဂ္ဂဟဉာဏ် နှစ်ပါးကို ရောက်ပြီ ပေါက်ပြီ။

စူဠသောတာပန် စခန်းကို ပြပုံ

နာမရူပ ပရိစ္ဆေဒဉာဏ်၊ နာမရူပ ပရိဂ္ဂဟဉာဏ် ဤဉာဏ်နှစ်ပါးကို ပေါက်ပြီ ရောက်ပြီ၊ ၎င်းဉာဏ် နှစ်ပါးကို ပေါက်ရောက်လျှင် စူဠသောတာပန် ဖြစ်ပြီမှတ်။

စူဠသောတပန်ဖြစ်လျှင် သံသရာမှာ ထောက်တည်ရာကို ရပြီ။ လူ့ပြည်နတ်ပြည် ငြဟ္မာပြည်တို့ကို အမြဲတမ်း လက်မှတ်ထိုးပြီးသား ဖြစ်ပြီမှတ်။ ဘဝပင်စင်ယူပြီရပြီမှတ်။ သတ္တဝါတွေမှာ စူးဝင်နေတဲ့ ဒိဋ္ဌိဉာဏ်းဟူသော ဆူးငြောင့်ကြီးကို နုတ်၍ပစ်လိုက်ပြီ။

နာမ်ရုပ်တရားတွေဟာ အမြဲမတည် ခဏခဏ ပျက်စီး၍နေခြင်းကြောင့် မမြဲမရှိ အနိစ္စ၊ ဖိစီးနှိပ်စက် ညှင်းပန်းခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခ၊ လူမဟုတ် နတ်ငြဟ္မာမဟုတ် နာမ်ရုပ်ချည်းသက်သက် အနှစ်သာရ ဘာမျှ တစ် အမာခံ မရှိသည်၏ အဖြစ်ကြောင့် ပိုင်စိုးအုပ်မျုပ်လို့မရ အနတ္တ၊ သည်လို ထင်အောင် မြင်အောင် သုံးသပ်။

ဥဒယဗ္ဗယဉာဏ်တက်ပုံ

ဥဒယဗ္ဗယဉာဏ်တက်၍ စီးဖြန်းပုံ ပြဦးမည်။

ဥဒယဗ္ဗယဉာဏ် တက်၍ စီးဖြန်းလိုတဲ့ ယောဂီပုဂ္ဂိုလ်သည် ခန္ဓာငါးပါးကို လက္ခဏာ ငါးဆယ် ထင်မြင်အောင် ရှုရမည်။

ဥဒယဘ ရူသောအခါ လက္ခဏာ နှစ်ဆယ့် ငါးပါး

ဝယ ရူသောအခါ လက္ခဏာ နှစ်ဆယ့် ငါးပါး

ပေါင်း–ငါးဆယ်။

ဥဒယရူသောအခါ လက္ခဏာ နှစ်ဆယ့် ငါးပါးကား–

http://www.dhammadownload.com

၁။ ရူပက္ခန္ဓာ၌ ငါးပါး။
၂။ ဝေဒနာက္ခန္ဓာ၌ ငါးပါး။
၃။ သညာက္ခန္ဓာ၌ ငါးပါး။
၄။ သင်္ခါရက္ခန္ဓာ၌ ငါးပါး။
၅။ ဝိညာဏက္ခန္ဓာ၌ ငါးပါး။
ပေါင်း ၂၅ ပါးဖြစ်၏။
ဝယရှသောအခါ လက္ခဏာ နှစ်ဆယ့်ငါးပါးကား-
၁။ ရူပက္ခန္ဓာ၌ ငါးပါး။
၂။ ဝေဒနာက္ခန္ဓာ၌ ငါးပါး။
၃။ သညာက္ခန္ဓာ၌ ငါးပါး။
၄။ သင်္ခါရက္ခန္ဓာ၌ ငါးပါး။
၅။ ဝိညာဏက္ခန္ဓာ၌ ငါးပါး။
ပေါင်း ၂၅ ပါးဖြစ်၏။

ယောဂီပုဂ္ဂိုလ် သူတော်ကောင်းတို့သည် ဥဒယ-ဝယဉာဏ်ကို လက္ခဏာ ငါးဆယ်ထင်အောင် ရှုလိုလျှင် ဤကဲ့သို့ ရှုတော်မူကြပါ။

ဘင်္ဂဉာဏ်တက်၍ စီးဖြန်းပုံ

ဘင်္ဂဉာဏ်ကိုတက်၍ စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ရုပ်နာမ် တရားတွေကို အဖြစ်ကိုလွှတ်၍ အပျက်ကိုရှုရမည်။

အပျက်ကိုရှုပုံကား

ရုပ်နာမ်တွေ ပျက်စီး၍ကုန်ပြီ၊ ရုပ်နာမ်တွေ ပျက်စီး၍ကုန်ပြီ၊ ရုပ်နာမ်တွေ ပျက်စီး၍ကုန်ပြီ၊ အမြဲမရှိ အနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရခြင်း အနတ္တ၊ ဤကဲ့သို့ စီးဖြန်း၊ ဤကဲ့သို့ ရှု၊ ဤကဲ့သို့ မြင်အောင်ရှု၊ ကြပ်-ကြပ်ကြည့်ဖန်များလျှင် အဖြစ်ကို လွှတ်၍ အပျက်ကို မြင်လာလိမ့်မည်၊ ထင်လာလိမ့်မည်၊ အပျက်ကို ထင်လာသောအခါ ရေပွက်ကလေးတွေ တံလျှပ်တွေလို ခဏခဏ ပျက်နေတာ မြင်ရလိမ့်မည်။ သည်လိုမြင်ရလျှင် ဘင်္ဂဉာဏ်ကို ဆိုက်ပြီ။ မမြင်ရသေးလျှင် မဆိုက်၊ ဝိပဿနာ အလုပ်ဖြုတ်လိုက်သောအခါ ထိုယောဂီ ပုဂ္ဂိုလ် စိတ်သည် ကျောင်းများ အိမ်များကို မီးလောင်သောအခါ ထုပ်လျှောက် ဒိုင်းများတို့ ပြုတ်ပြုတ်ကျ၍ ပျက်စီးခြင်းသို့ ရောက်တာကို မြင်ရသလို ထို့အတူ ဘုံသုံးပါး၌ ရှိရှိသမျှ သတ္တဝါ တော တောင် ရေမြေသမုဒ္ဒရာတွေဟာ ဘယ်ဝတ္ထုမျိုးမှ မြဲလိမ့်မည် မထင်နိုင်။ ပျက်စီး၍ နေတာကိုသာ စိတ်ထဲ ဉာဏ်ထဲမှာ ထင်၏။ အလုပ်ခွင်ကိုဝင်၍ ဝိပဿနာဉာဏ်ကို ကောက်လိုက်လျှင် ရေပွက်တွေ တံလျှပ်တွေလို ရုပ်နာမ်တရားတွေ ပျက်၍နေတာ မြင်လိမ့်မည်။ ဤကဲ့သို့ မြင်အောင် ကြည့်ကြပါကုန်။

မြစ်ကြီး၊ ပင်လယ်ရေပြင်ကျယ်ထက် ရေပွက်အများ မြင်သည့်လားသို့ မခြား ထို့တူ ရုပ်နာမ်မှုကို ပျက်ယှဉ်ရှစေး ယောဂီများတို့ ဉာဏ်အားထင်ပါ ဤအရာကို ဘင်္ဂသဘော မှတ်လေလော။

ရေပွက်တွေလိုထင်လျှင် ဘင်္ဂဉာဏ်မှတ်။

တပေါင်း တန်ခူး လနှစ်ဦးတွင် အထူးပူပြီး နွေကြီးခေါင်ကင် သဲသောင်ပြင်ထိပ် ဖိတ်ဖိတ်ထွက်လျှံ တံလျှပ်အလား မခြားပမာ ရုပ်နာမ်ဟာကို မြင်စွာရှုစား ယောဂီများတို့ ဉာဏ်အားထင်လာ ဤအရာကို ဘင်္ဂသဘော မှတ်လေလော။

တံလျှပ်လိုဖြစ်လျှင် ဘင်္ဂဉာဏ်မှတ်။

ပုဂ္ဂိုလ်အဆက်ဆက် အာနာပါန ကမ္မဋ္ဌာန်း အားထုတ်ပုံ

အာနာပါနကမ္မဋ္ဌာန်းသည် အသံတည်းဟူသော ဆူးရှိသည်၏အဖြစ်ကြောင့် လူသူမနီးသော အရပ်သို့ဝင်၍ အားထုတ်မှသာ မြန်မြန်ထက်ထက် ပေါက်ရောက်နိုင်သည်။ ရပ်ထဲရွာထဲမှာ အားထုတ်မည်ဆိုလျှင် လွယ်လင့်တကူနှင့် မပေါက်နိုင်။ ပေါက်ခဲ၏။ အာနာပါနကမ္မဋ္ဌာန်းသည် အင်မတန် အသံကို ကြောက်သော ကမ္မဋ္ဌာန်းဖြစ်သည်။

အလုံးစုံသော ဘုရားအဆူဆူတို့သည် အာနာ

http://www.dhammadownload.com

ပါန ကမ္မဋ္ဌာန်းကို အားထုတ်တော်မူကြကုန်၍ တရားထူးကို ရတော်မူကြပေကုန်၏။ ယခု ပစ္ဆာကဿ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေတော်မူကြပေကုန်၏။

အချို့အချို့သော ပစ္စေကဗုဒ္ဓါ ကိုယ်တော်မြတ်တို့သည်လည်း ဤ အာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်တော် မူကြကုန်၍ ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်တော်မူကြကုန်ပေ၏။ တရားထူးကို ရတော်မူကြပေကုန်၏။ ယခု ပစ္ဆာကဿ မျက်မှောက်ဘဝ၌ နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူကြပေကုန်၏။

အချို့ အချို့သော သာဝကတို့သည်လည်း ဤအာနာပါန ကမ္မဋ္ဌာန်းကို အားထုတ်တော် မူကြကုန်၍ ရဟန္တာ အဖြစ်သို့ ရောက်တော်မူကြပေကုန်၏။ တရားထူးကို ရတော်မူကြပေကုန်၏။ ယခု ပစ္ဆာကဿ ဘဝ၌ နိဗ္ဗာန်ချမ်းသာကို ခံစားတော် မူကြကုန်၏။

ထိုနည်းအတူ ယခု သာသနာတော် ထွန်းလင်း တောက်ပသော ခေတ်ကောင်း အခါကောင်း ကြီးထဲမှာ လူ့ဘဝကို ရကြတဲ့ လူတွေ၊ ရဟန်း ဘဝကို ရကြတဲ့ ရဟန်းတွေသည် ဤအာနာပါန ကမ္မဋ္ဌာန်းကို အားထုတ် ကြိုးပမ်းကြဖို့ တော်လှ၏။ ယခုဘဝမှ မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့ မရခဲ့လို့ရှိလျှင် နောက်ဖြစ်ရမည့်ဘဝ၌ ရဖို့ရန် ခဲယဉ်းလေစွ၊ နောက်ဘဝများ အပါယ်သို့ တိမ်းစောင်းကျလျှင် ပေါတော့မည်မဟုတ်။ သို့အတွက် ယခုလက်ရှိ လူ့ဘဝနှင့်ပဲ မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့များကို မရရအောင် ကြိုးစားဖို့သင့်လှပေသည်။ ကြိုးစားတော်မူကြပါ။

(နိဗ္ဗိန္နတောရဆရာတော်ဘုရားကြီး၏
သိက္ခာသုံးပါးပြရာကျမ်းမှ
ထုတ်နုတ်ဖော်ပြပါသည်။)

နိဗ္ဗိန္န ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

မဟာ သပိတ်အိုင်တောရဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မူလ သပိတ်အိုင်တောရဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၅၅-၁၃၃၁)

ဆရာတော် အလောင်းလျာကို ၁၂၅၅-ခု၊ ကဆုန်လဆန်း (၃)ရက် တနလင်္ဒာနေ့တွင် ဖွားမြင်တော်မူသည်။ ခမည်းတော်မှာ ညောင်လေးပင်မြို့သားဖြစ်၍ မယ်တော်မှာ တောင်ငူခရိုင် ရွှေကျင်မြို့သူဖြစ်သည်။

၁၂၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် လေးရက်၊ နံနက် (၈)နာရီခွဲ အချိန်၌ သပြေပင်တောရ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။ ဘွဲ့တော်မှာ ဦးကိတ္တိဖြစ်သည်။

ဘုန်းတော်ကြီး ဦးသီလနှင့် ညောင်လေးပင်တောရ ဆရာတော် ဘုရားကြီးများထံမှ ပရိယတ်၊ ပဋိပတ်ကို သင်ယူတော်မူသည်။

ရဟန်း (၁၀) ဝါရသည်ထိ ပရိယတ္တိ သင်ယူပြီးနောက် ၁၂၈၈ ခုနှစ်၊ ကဆုန်လဆန်း (၁) ရက်နေ့မှစ၍ ပဋိပတ်ဘက်သို့ လုံးဝကူးပြောင်းတော်မူသည်။ ဘီလူးကျွန်းဂုကလေးတောရ၌ ပထမဦးဆုံး သီတင်းသုံးရန် ဆုံးဖြတ်တော်မူသည်။

ဆရာတော်သည် တောထွက်ရန် ဆုံးဖြတ်၍ အားလုံးကို အသိပေး စီစဉ်ထားသည်။ နံနက်တွင် မီးရထားဖြင့် ခရီးထွက်ရန် သတိဖြင့် ကျိန်းစက်သော်လည်း ဘူတာသို့ သွားချိန်ရောက်သော် တစ်ကျောင်းလုံး မည်သူမျှ မနိုးကြချေ။ သွားချိန်လောက် ရောက်သောအခါ သိမ့်သိမ့်ခါ၍ ငလျင်လှုပ် လေသည်။ ထိုအခါကျမှ အားလုံးနိုး၍ ဘူတာသို့ လိုက်ပို့ကြရသည်။ တောထွက်ခြင်းအတွက် အောင်နိမိတ်ဟု ဆိုရမည့် ငလျင်ကြီးပေတည်း။

ဆရာတော်သည် ပဋိပတ်အလုပ်ကို စတင်ပါးတည်း ဓကစာကျင့်သုံး၍ အရိုးကျေကျေ၊ အေးချမ်းခန်း၊ ရှုမှတ်ပွားများ အားထုတ်တော်မူပေသည်။

ဆရာတော်ဘုရားသည် လောကီအဘိညာဉ် ရတော်မူဟန် ရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် အနယ်နယ် အရပ်ရပ်မှ တကာ၊ တကာမတို့သည် တစ်ကြိမ်တည်း တစ်ပြိုင်တည်းဆိုသလို ဆရာတော်ကို ဖူးတွေ့ခွင့်ရသောကြောင့် ဖြစ်သည်။

တောရိုင်း တိရစ္ဆာန်များသည်ပင် ဆရာတော်နှင့် တွေ့သောအခါရန် မမူဘဲ ယဉ်ပါးကြလေသည်။ ဆင်ရိုင်း၊ ကျားရိုင်းတို့ကို ကိုယ်တော်တိုင် အစာကျွေးသော်လည်း အန္တရာယ်မပြုကြပေ။ ဤသည်ကို ထောက်ရှုခြင်းဖြင့် ဆရာတော်ဘုရား၏ မေတ္တာစွမ်းအားကို သိသာနိုင်ပေသည်။

ဆရာတော်သည် ၁၂၈၈ ခုနှစ်မှစ၍ ၁၃၃၁ ခုနှစ် ပျံလွန်တော်မူသည်အထိ နှစ်ပေါင်း ၄၀ ကျော် သပိတ်အိုင်တောရ၌ တစ်ပါးတည်း သီတင်းသုံး

http://www.dhammadownload.com

တော်မူသည်။ သပိတ်အိုင်တော်ရသည် သထုံခရိုင်၊ ပေါင်မြို့အဝိုင် ကျုံကရွာကို ဂေါစရဂါမ် ပြုလေသည်။

၁၃၃၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁)ရက်၊ သက်တော် (၇၆)၊ ဝါတော် (၅၆)ဝါ အရွတ်တွင် သပိတ်အိုင်တော်ရ၌ပင် ခန္ဓာဝန်ချတော်မူသည်။

မှတ်ချက် ။ ။ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျယ်ကို ရှုလိုပါမူ ဆရာတော်ဘုရားကြီး၏ ဓာတ်ကမ္မဋ္ဌာန်းကျမ်း (၃-အကြိမ်)တွင် ဖတ်ရှုပါရန်။

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မူလသာဂိတ်အိုင်တောရဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

သိဆိုသည်ကား သုတမယညာဏ်ဖြင့် သိခြင်း၊ စိန္တာမယညာဏ်ဖြင့် သိခြင်း၊ ယထာဘူတညာဏ်ဖြင့် သိခြင်းတို့သည် သညာသိသာဖြစ်ကုန်၏။ ဝိပဿနာ ဘာဝနာမယညာဏ်ဖြင့် သိခြင်းသည် လောကီပညာ သိသာဖြစ်သေး၏။ ပဋိဝေဓညာဏ်ဖြင့် သိမှသာ လောကုတ္တရာ မဂ်ပညာ၊ ဖိုလ်ပညာ အစစ်ကြီးဖြစ်ပေ၏။ ဤအတွက်ကြောင့် သညာသိနှင့် သိရုံမျှဖြင့် မဂ်ကိစ္စဖိုလ်ကိစ္စကို မပြီးစီးနိုင်။ မဂ်ပညာ၊ ဖိုလ်ပညာဖြင့် သိမှသာ မဂ်ကိစ္စ ဖိုလ်ကိစ္စ ပြီးနိုင်မည်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မူလ သပိတ်အိုင်တောရဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

စာမတတ်သော သူတို့အတွက် ဉာဏ်လေးသော သူတို့အတွက် သိသာ နားလည်ရန် အမေး၊ အဖြေကို ထည့်သွင်းလိုက်ဦးအုံ။

မေး ။ ။ မျက်စိသည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ အဆင်းသည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ အဆင်းမှန်းသိသော စိတ်သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နာမ်။

မေး ။ ။ နားသည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ အသံသည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ အသံမှန်းသိသောစိတ်သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နာမ်။

မေး ။ ။ နာခေါင်းသည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ အနံ့သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နာမ်။

မေး ။ ။ အနံ့မှန်းသိသော စိတ်သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ လျှာသည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ အရသာသည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ အရသာမှန်းသိသော စိတ်သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နာမ်။

မေး ။ ။ ကိုယ်သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ ကိုယ်နှင့် ထိတွေ့သော ဝတ္ထုပစ္စည်းသည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ တွေ့ထိသော ဝတ္ထုပစ္စည်းကို သိသော စိတ်သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နာမ်။

မေး ။ ။ နလုံးအိမ်သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နာမ်။

http://www.dhammadownload.com

မေး ။ ။ နှလုံးအိမ်ကိုမှီ၍နေသော စိတ်သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ လွန်လေပြီးသော စိတ်သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နာမ်။

မေး ။ ။ ယခုဖြစ်ပေါ်ဆဲဖြစ်သော စိတ်သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နာမ်။

မေး ။ ။ ထွက်သက်လေနှင့် ဝင်သက်လေသည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ ရုပ်။

မေး ။ ။ ထွက်-ဝင်မှန်းသိသော စိတ်သည် ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နာမ်။

စာမတတ်သော်လည်း ခန္ဓာကိုယ်၌ ဤမျှလောက်ပင် သိရှိနားလည်ပါမူ အလွန်ကျေးဇူးများပေ၏။ အားထုတ် နှလုံးသွင်းမည်ဆိုလျှင်ပင် မဂ်-ဖိုလ်ကို ရနိုင်ပေမည်။ စာကိုသာတတ်၍ ခန္ဓာကိုယ်အပေါ်သို့ ဤကဲ့သို့ ရောက်အောင် မဆွဲယူဘဲ စာအုပ်အထဲ၌သာ ထားလိုက်ပါမူ ကျေးဇူး မများပေ။ ထို့ကြောင့် (စာမှာသာတတ်၊ ကိုယ်မှာမတတ်၊ ဂါဟဖမ်းနိုင်တယ်။ ကိုယ်မှာသာတတ်၊ စာမှာမတတ်၊ ဂါဟလွတ်နိုင်တယ်) ထိုဂါဟတရား ဆိုသည်ကား.. ပပဉ္စတရား ဟူ၍လည်း ခေါ်ဆိုအပ်သော၊ တဏှာ-မာန-ဒိဋ္ဌိပင် ဖြစ်၏။ ထိုတရားများနှင့် မလွတ်ကင်းနိုင်လျှင် အပါယ်သို့ ကျရောက်နိုင်သည်။ ထိုတရားများနှင့် လွတ်ကင်းနိုင်မှ၊ အပါယ်သို့ မကျရောက်နိုင်။ ထို့ကြောင့် ရုပ်၊ နာမ်တို့၏ ဖြစ်ပေါ်ပုံ ချုပ်ပျောက်ပုံတို့ကို ကောင်းစွာ သတိထား၍ သိအပ်၏။

တောအရပ်၌ လည်းကောင်း၊ သစ်ပင်ရင်း၌လည်းကောင်း၊ ဆိတ်ငြိမ်ရာအရပ်၌လည်းကောင်း၊ နေထိုင်လျက် တင်ပျဉ်ခွေထိုင်၍ ကိုယ်ကို ဖြောင့်ဖြောင့်ထားပြီးလျှင် အားထုတ်အပ်၏။ ဤသို့ နေပုံထိုင်ပုံကို ဟောတော်မူခြင်းသည်ကား . . . ကြာကြာထိုင်နိုင်စေခြင်း အကျိုးငှာသာ ဟောတော်မူသည်။

မည်သည့် ကျရိယာပုတ်မျိုးမဆို အားထုတ်အပ်ကြောင်းကိုလည်း ဟောတော်မူထားသေးသည်။ အာစရိယ ပရံပရ အဆက်ဆက်၌ လာသော ဘယ်လက်ဝါးအောက်က ထား၍ ညာလက်ဝါးအပေါ်က တင်ပြီး လည်းကောင်း၊ ညာလက်ဝါးက အောက်က ထား၍ ဘယ်လက်ဝါးကို အပေါ်က တင်ပြီးလည်းကောင်း၊ လက်မ၏ထိပ်ချင်း ထိနေစေ၍ ပြဆိုထားခြင်းကား ကမ္မဋ္ဌာန်းနှင့် သင့်လျော် လျောက်ပတ်သောကြောင့် သဘောကျသလို နေထိုင်နိုင်ပါ၏။ အချို့ကား ကျရိယာပုတ် မပြင်ကောင်း မဖျက်ကောင်းဟု မှတ်ထင်တတ်ကြသေး၏။ ကျရိယာပုတ် ပဓာနမဟုတ်။ တစ်ဝါရ နှစ်ဝါရ ကျမ်းဂန်လာသော်လည်း ပဓာနမဟုတ်။ စိတ်တည်ကြည်ငြိမ်သက်ခြင်းသည်သာလျှင် ပဓာန ဖြစ်သည်။ ညောင်းအားကြီးလျှင် ပြင်ဆင်နိုင်သည်။ အညောင်းလွန်သော် စိတ်ပျံ့လွင့်၍ အမျိုးမျိုးအဖုံဖုံ ဖြစ်တတ်ကြသည်။ ဤကဲ့သို့ ဖြစ်တတ်သည်ကိုပင် အကောင်းထင်မှတ်ကြသေး၏။ မမှတ်ထင်အပ်။

ပထမ ထွက်သက်နှင့် ဝင်သက်တို့ကို သတိမြဲအောင် အားထုတ်ရသည်။

ဒုတိယ ထွက်သက်နှင့် ဝင်သက်တို့ကို ရှည်လျှင် ရှည်သည်၊ တိုလျှင် တိုသည်ဟု သိအောင် အားထုတ်ရသည်။

တတိယ ထွက်သက်နှင့် ဝင်သက်တို့ကို အစ-အလယ်-အဆုံး ထင်လင်းအောင် အားထုတ်ရသည်။

စတုတ္ထ ရုန့်ရင်းသော ထွက်သက်နှင့် ဝင်သက်တို့ကို အစဉ်အတိုင်း ချုပ်ငြိမ်းစေ၍၊ သိမ်မွေ့၍သွားအောင် အားထုတ်ရသည်။

ပထမအားထုတ်ခြင်းနှင့် ဒုတိယအားထုတ်

http://www.dhammadownload.com

ခြင်းသည် ပရိကမ္မနိမိတ် ပင်တည်း။ တတိယအား ထုတ်ခြင်းသည် ဥဂ္ဂဟနိမိတ်ပင်တည်း။ စတုတ္ထ အား ထုတ်ခြင်းသည် ပဋိဘာဂနိမိတ်ပင်တည်း။ ပဋိဘာဂ နိမိတ်ဆိုသည်ကား-ပကတိသော ထွက်သက် ဝင် သက်လေအတိုင်းကို လွန်၍၊ နူးညံ့သိမ်မွေ့၍ သွား ပြီးလျှင် ထွက်သက်လေ-ဝင်သက်လေ ဖြစ်သည် ကိုပင် ထွက်-ဝင်မှန်း မသိလောက်အောင် ဖြစ်ပြီး၍ အဆင်းသဏ္ဌာန် အရောင်အလင်းနှင့်တကွ ဝါဂမ်း အစုကဲ့သို့ လည်းကောင်း၊ ယောဂီပုဂ္ဂိုလ်၏ စိတ် ဉာဏ်သို့ လိုက်၍ မပြောပြတတ်လောက်သော အရောင်အဆင်းနှင့်တကွ အမျိုးမျိုးအဖုံဖုံ တွေ့ကြုံ တတ်ခြင်း လည်းကောင်း၊ အစရှိသည်ဖြင့် တစ်ခုခု ထင်ပေါ်ဖြစ်ထွန်း၍လာသော ပညတ္တိဓမ္မအထူးကို ပဋိဘာဂနိမိတ်ဆိုသည်၊ ပဋိဘာဂ နိမိတ်မည်သည်။ ပညတ်အာရုံ အထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန် ၏။ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ် ပျောက်လည်း ကွယ်ပျောက်လွယ်၏။ ကွယ်ပျောက် ပြန်လျှင် ပြန်၍ထင်မြင်ရန် အမှုလည်း ခက်ခဲ၏။

နိမိတ်ထင်ပုံ အထူးမှတ်ရန်... စိတ်သည် ခန္ဓာကိုယ်၌မနေဘဲ အာရုံရှိရာသို့ သွားလာ၍ အမျိုး မျိုးအဖုံဖုံ ကြဲစည် စဉ်းစား၍ ထင်ခြင်းသည် နိမိတ် အစစ်မဟုတ်။ စိတ်ရှိရာသို့ အာရုံက လာရိုက်၍ ထင် စေရမည်။

ဥပမာကား-ဓာတ်ပုံရိုက်သကဲ့သို့ ဖြစ်စေရ မည်။ စိတ်ကား ဓာတ်မှန်ကဲ့သို့ တည်စေရမည်။ အာရုံကား-အရိပ်အရောင်ကဲ့သို့ရိုက်၍ ထင်စေရ မည်။ ဤကဲ့သို့ ထင်စေမှသာလျှင် နိမိတ်အစစ် ဖြစ် သည်။

ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် နှစ်ပါးအခိုက်၌ ပွားများသော ဘာဝနာသမာဓိသည် ပရိကမ္မဘာဝနာ သမာဓိမည်၏။ အပ္ပနာစျာန်သို့ မရောက်မီအကြား ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပွားများသော ဘာဝနာ သမာဓိသည် ဥပစာရဘာဝနာ သမာဓိမည်၏။ အပ္ပနာစျာန်သို့ရောက်၍ ထိုစျာန်၏ အင်္ဂါကို ဆင်ခြင် သုံးသပ်ပွားများသော ဘာဝနာသမာဓိသည် အပ္ပနာ ဘာဝနာ သမာဓိ မည်၏။

စျာန်အင်္ဂါဆိုသည်ကား-ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ပထမစျာန်၏ အင်္ဂါ ငါးပါး၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဒုတိယ စျာန်၏ အင်္ဂါလေးပါး၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူ သော တတိယစျာန်၏ အင်္ဂါသုံးပါး၊ သုခ ဧကဂ္ဂတာ ဟူသော စတုတ္ထစျာန်၏ အင်္ဂါနှစ်ပါး၊ ဥပေက္ခာ ဧကဂ္ဂတာဟူသော ပဉ္စမစျာန်၏ အင်္ဂါနှစ်ပါး၊ ပါဠိ တော်၌ ပဉ္စမစျာန်ကို အသီးအခြား ဟောတော်မမူ။ သဒ္ဒြိဟ်သည်သာလျှင် ပဉ္စမစျာန်ကို အသီးအခြား ဆိုလေသည်။

အဘယ်ကြောင့် စျာန်ဟု ခေါ်သနည်းဟူမူ ကာမစ္ဆန္ဒနီဝရဏ စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ် သောကြောင့် စျာန်ဟုခေါ်သည်။ ဝိတက်သည် ထိန မိဒ္ဓ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ဝိစာရသည် ဝိစိ ကိစ္ဆာ၏ ဆန့်ကျင်ဘက် ဖြစ်သည်။ ပီတိသည် ဗျာပါဒ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ သုခသည် ဥဒ္ဓစ္စ ကုက္ကုစ္စ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ဧကဂ္ဂတာ သည် ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက် ဖြစ်သည်။

စျာန်ရလျှင် ကောင်းကင်သို့ ပျံနိုင်သည်ဟု တစ်ထစ်ချ မှတ်ယူတတ်ကြကုန်၏။ ပထမစျာန်-ဒုတိယစျာန်-တတိယစျာန်-စတုတ္ထစျာန်ကို ရရုံမျှ ဖြင့် ကောင်းကင်သို့ မပျံနိုင်။ ပဉ္စမစျာန်သည် သက် သက်သော ပဉ္စမစျာန်- အဘိညာဉ် ကိစ္စတတ်သော ပဉ္စမစျာန်အားဖြင့် နှစ်ပါးရှိသည်တို့တွင် ဣဒ္ဓိဝိဓ အဘိညာဉ် ကိစ္စတတ်သော ပဉ္စမစျာန်မှ သာလျှင် လိုရာအရပ်သို့ ပျံသန်းနိုင်သည်။

ပျံသွားသော ကိုယ်ကို ပေါ့ပေါ့ပါးပါး လူရှင် အများ ထင်မြင်နိုင်အောင် ပျံသွားခြင်းတစ်မျိုး၊ လူရှင် အများတို့ မထင်မမြင်နိုင်ဘဲ ဓာတ်ဖြုတ် လျင်မြန် စွာ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်၊ စိတ္တက္ခဏ

http://www.dhammadownload.com

အတွင်းမှာပင်လျှင် လိုရာအရပ်သို့ ပျံသွားခြင်း တစ်မျိုးအားဖြင့် နှစ်မျိုးရှိသည်။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊
ဓမ္မသင်္ဂဏီအနုဋီကာတို့၌ ဖွင့်ဆို၏။)

သမထတရား သက်သက်ကိုသာ အားထုတ်လျှင် နိမိတ်သုံးမျိုးထင်ပြီးသည့်နောက် ဈာန်ကိုသာ ရစေသည်။ ရရန်အတွက်ကား ခက်ခဲ၏။ ပျက်ကွက်ရန် အတွက်ကား လွယ်ကူ၏၊ အာရုံငါးပါးတို့တွင် တစ်ပါးပါးကို သာယာနှစ်သက်သည်ရှိသော် ပျက်၏။ မည်သည့် ပုဂ္ဂိုလ် မည်သည့် သတ္တဝါမဆို တစ်ကမ္ဘာမှာ တစ်ခါ ဈာန်ရစမြဲ။ ကမ္ဘာမီး ဆိုသည်ကား သတ္တဝါကို မလောင်စကောင်း၊ သတ္တဝါတွေ အကုန်လုံး ဈာန်ရ၍ ဗြဟ္မာပြည်သို့ ရောက်ကုန်မှသာလျှင် လောင်ရစမြဲ။

ဈာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းကား ကသိုဏ်း (၁၀) ပါး၊ အသုဘ (၁၀) ပါး၊ ကာယဂတာသတိ (၁)၊ အာနာပါနဿတိ (၁)၊ ဗြဟ္မဝိဟာရ (၄) ပါး၊ အာရုပ္ပ (၄) ပါး၊ ဤ (၃၀) သော ကမ္မဋ္ဌာန်းတို့သည်သာလျှင် ဈာန်ကို ရစေနိုင်ပါသည်။

ဗုဒ္ဓါနုဿတိအစ မရဏာနုဿတိအဆုံး (၈) ပါးသော အနုဿတိ၊ အာဟာရေပဋိကူလသညာ (၁)၊ စတုဓာတုဝဝတ္ထာန် (၁)၊ ဤ (၁၀) ပါး သော ကမ္မဋ္ဌာန်းတို့သည် ဈာန်ကို မရစေနိုင်။ ဈာန်ကို ရစေနိုင်သော ကမ္မဋ္ဌာန်းမှသာလျှင် ပဋိဘာဂနိမိတ်ကို ထင်နိုင်သည်။ ဈာန်ကို မရစေနိုင်သော ကမ္မဋ္ဌာန်းတို့ကား ပရိကမ္မနိမိတ်– ဥဂ္ဂဟ နိမိတ်နှစ်ပါးကို ထင်စေနိုင်သည်။ ပဋိဘာဂ နိမိတ်ကို မထင်နိုင်။ ထို့ကြောင့် ဗုဒ္ဓါနုဿတိ အာဒီနဉ္စ နေဝပဋိဘာဂနိမိတ္တံ အာရမ္မဏံဟောတိ။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

ဗုဒ္ဓါနုဿတိ အာဒီနဉ္စ၊ ဗုဒ္ဓါနုဿတိ အစ မရဏာနုဿတိ အဆုံး (၈) ပါးသော အနုဿတိ အာဟာရေပဋိကူလသညာ စတုဓာတုဝဝတ္ထာန် ဤ (၁၀) ပါးသော ကမ္မဋ္ဌာန်းတို့သည်လည်း၊ ပဋိဘာဂ နိမိတ္တံ၊ ပဋိဘာဂ နိမိတ်ကို၊ နေဝဟောတိ၊ မဖြစ်သည်သာလျှင်တည်း။ အာရမ္မဏံ၊ အာရမ္မဏံ ဧဝ၊ အာရုံသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ယခုအခါ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့ ထင်မြင်ကြသည်ကား အမှန်ပင်တည်း။ ၎င်းထင်မြင်သော အာရုံကို ပဋိဘာဂနိမိတ်ယူလျှင် အဋ္ဌကထာနှင့် ဆန့်ကျင်လိမ့်မည်။ ဥဂ္ဂဟ နိမိတ်ကို ယူမှသာလျှင် မဆန့်ကျင်နိုင်။ ဥပစာရကားဖြစ်နိုင်၏။ အပွနာကား မဖြစ်နိုင်။

ဝိပဿနာအလုပ် တည်ထောင်မှုသည် ရုပ်ကို အစပြု၍ တည်ထောင်မှု၊ နာမ်ကို အစပြု၍ တည်ထောင်မှုဟူ၍ နှစ်ပါးရှိ၏။ ရုပ်ကို အစပြု၍ တည်ထောင်ရာမှုကား အာနာပါန ဝါယောဓာတ်ရုပ်ကို အစပြု၍ တည်ထောင်ရာသည်။ နာမ်ကို အစပြု၍ တည်ထောင်မှုကား ထိုအာနာပါနဋ္ဌ ပါဝင်သော ဝေဒနာစိတ်ကို အစပြု၍ တည်ထောင်ရာသည်။ ရုပ်ဟူသမျှတို့တွင် ဤအာနာပါန ဝါယောဓာတ်ရုပ်တရားတို့ထက် ပိုမိုရှင်းလင်း၍ သိသာနိုင်သော ရုပ်မရှိ။ နာမ်ဟူသမျှတို့တွင် ဝေဒနာထက် ပိုမိုရှင်းလင်း၍ သိသာနိုင်သော နာမ်မရှိ။ ထို့ကြောင့် ထိုရုပ်ကိုဖြစ်စေ၊ ထိုနာမ်ကိုဖြစ်စေ စွဲမြဲထင်မြင်အောင် အားထုတ်ရာ၏။ သို့သော် မိမိတို့၏စိတ်က သဘောသာ၍ကျသော ဓာတ်ကို အားထုတ်လျှင် အထင်အမြင် လွယ်နိုင်သည်။

အာနာပါန ဝါယောဓာတ် ဝိပဿနာ အားထုတ်ပုံ

သမထအခန်းဋ္ဌ ပြဆိုထားသောအတိုင်း ပဋိဘာဂနိမိတ်သို့ရောက်အောင် အားထုတ်၍ စိတ်တည်ကြည် ငြိမ်သက်သောအခါကျမှသာ ဝိပဿနာအလုပ်ကို လုပ်ရာသည်။ ပဋိဘာဂနိမိတ်သို့ မရောက်သော်လည်း စိတ်တည်ကြည်လျှင် အားထုတ်နိုင်ပါ၏။

http://www.dhammadownload.com

ဤသို့ ပြဆိုသောကြောင့် အသာသကို ဝင်သက်၊ ပသာသကို ထွက်သက်ဟု အနက်ပေးရမည်။ နှစ်ပါးစလုံး အမှန်ပင်တည်း။

သခ်ါရဖြစ်သော ရုပ်နာမ်တရားတို့ကို အထူးထူးအပြားပြားသော အခြင်းအရာတို့ဖြင့် အနိစ္စလက္ခဏာ၊ ဒုက္ခ လက္ခဏာ၊ အနတ္တ လက္ခဏာ အားဖြင့် ရှုတတ်မြင်တတ်သောကြောင့် ဝိပဿနာမည်၏။

ထိုထွက်လေဝင်လေနှင့် ဝင်သက်လေတို့သည် ဝါယောဓာတ်ဟု ဆိုအပ်သော်လည်း ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်တို့လည်း ပါမြဲဖြစ်လေသည်။ ထွက်သက်လေ မဟာဘုတ်နှင့် ဝင်သက်လေ မဟာဘုတ်တို့သည် ရုပ်။ ထွက်ဝင်မှန်းသိသော စိတ်သည် နာမ်။ ထွက်သက်လေ ဝင်သက်လေတို့သည် ဘာမျှမသိတတ်။ စိတ်ကသာ သိတတ်သည်။ ထို့ကြောင့် မသိလျှင် ရုပ်၊ သိလျှင် နာမ်၊ ရုပ်နာမ်နှစ်ပါးမှတ်။ ရုပ်နာမ်နှစ်ပါး ဖြစ်ပုံ။

ခန္ဓာအားဖြင့်ကား ထွက်သက်လေ ဝင်သက်လေသည် ရူပက္ခန္ဓာ၊ ထိုလေကို ခံစားသော ဝေဒနာစေတသိက်သည် ဝေဒနက္ခန္ဓာ၊ ထိုလေကို မှတ်သားသော သညာစေတသိက်သည် သညက္ခန္ဓာ၊ ထိုလေကို စေ့ဆော်သော စေတနာစေတသိက်သည် သခ်ါရက္ခန္ဓာ၊ ထိုလေကို ထွက်ဝင်မှန်း သိသော စိတ်သည် ဝိညာဏက္ခန္ဓာ။

ဤကဲ့သို့ ဖြစ်ကြကုန်သော ရုပ်နာမ်ခန္ဓာတို့ကို အာရုံပြုပြီး ဝင်သက်လေ ဖြစ်လာလျှင် နာသီးဖျားကစောင့်၍ ရုပ်နာမ်ခန္ဓာတို့သည် ဖြစ်၍လာလေပြီဟု အဖြစ်တစ်ချက်တည်းကိုသာ ဖမ်းရာ၏။ ထွက်သက်လေ ထွက်သွားလျှင် နာသီးဖျားက စောင့်၍ ရုပ်နာမ်ခန္ဓာတို့သည် ပျက်၍ သွားလေပြီဟု အပျက် တစ်ချက်တည်းကိုသာ ဖမ်းရာ၏။

ဤနေရာ၌ ဝင်သက်လေသည် ထွက်သွားမှ ပျက်သည်ဟု မမှတ်ရာ။ ပရမတ္ထ သဘာဝအတိုင်း ဆိုလျှင် ရုပ်နာမ်တရားတို့သည် တစ်နေရာမှ တစ်နေရာသို့ တစ်ဆဲ့ဖျားမျှ ပြောင်းရွေ့သွားသည်ဟူ၍မရှိ။ တစ်နေရာတည်း၌ပင် ဖြစ်ပျက်ကြကုန်၏။ စိတ်ဉာဏ်ကလိုက်နိုင်ပါမူ ဝင်သက်လေ၏ အစ အလယ် အဆုံး တစ်နေရာမှ တစ်နေရာသို့ မပြောင်းရွေ့ဘဲ ဖြစ်ပျက်၍ ဖြစ်ပျက်၍ အစဉ်အတိုင်း သွားသည်တို့ကို ထင်မြင်အောင် နှလုံးသွင်း ကြည့်ရှုနိုင်မူ ဆိုဖွယ်မရှိအလွန်ကောင်းပေ၏။ ဖြစ်သည်ပျက်သည်ဆိုသော စကားသည် ရှေ့အဆင်းနှင့် နောက်အဆင်းသဏ္ဌာန်၊ ရှေ့သဏ္ဌာန်နှင့် နောက်သဏ္ဌာန်၊ ရှေ့ဖြစ်ပုံနှင့် နောက်ဖြစ်ပုံ မတူကွဲပြားသည်ကို ပင်လျှင် အဟောင်းအသစ်ဟူ၍ လည်းကောင်း ဖြစ်ပေါ်သည်။ ချုပ်ပျောက်သည်ဟူ၍ လည်းကောင်း ဆို၏။ စိတ်ဉာဏ်က ဤကဲ့သို့ မလိုက်နိုင်မူ အဝင်၌ အဖြစ်တစ်ချက်တည်းကိုဖမ်း၊ အထွက်၌ အပျက်တစ်ချက်တည်းကို ဖမ်း၊ အဖြစ်ကိုဖြစ်စေ၊ အပျက်ကို ဖြစ်စေ တစ်ချက်ချက်မိလျှင် မဂ်ကိစ္စပြီးစီးနိုင်သည်။ ထွက်သက်လေ၌လည်း ထိုနည်းတူ မှတ်ယူအပ် ကုန်၏။ အရေးကြီးသောအချက် ကောင်းစွာမှတ်အပ်၏။

ဤကဲ့သို့ ဖြစ်ကြ ပျက်ကြကုန်သော ရုပ်နာမ်ခန္ဓာတို့သည် အမြဲ မတည်ဘဲ ဖြစ်ချည် ပျက်ချည်နှင့် ဖြစ်ပျက်၍ အစဉ်အတိုင်း သွားသော ရုပ်နာမ်တို့ကို ဉာဏ်၌ထင်မြင်အောင် နှလုံးသွင်း ကြည့်ရှုရာသည်။ ၎င်း တရားကို သဘောကျနိုင်ရန်အတွက် ဥပမာအားဖြင့် ဤသို့ သိအပ်ကုန်၏။

တိုက်ခန်းတစ်ခုသည် အပေါက်ကလေးတစ်ခုသာ ရှိရာ၏။ ၎င်း အပေါက်ကလေး၌ ကြွက်ငယ်ကလေးတို့သည် ထွက်လိုက် ဝင်လိုက်နှင့်သာ နေရာ၏။ ၎င်းကြွက်ငယ်ကလေးတို့ကို ဖမ်းယူလိုသောကြောင့် အပေါက်ကလေး၏ အဝ၌ ကောင်းစွာစောင့်၍ လက်ဖြင့်ဖမ်းယူရာ၏။ ကြွက်ငယ်ကလေးတို့သည် လက်၏ရှေ့ကလည်းကောင်း၊ နောက်ကလည်းကောင်း၊ ခုန်ထွက်၍ ခုန်ထွက်၍ သွားရာ၏။

http://www.dhammadownload.com

ခုန်ထွက်ပင် ခုန်ထွက်သော်လည်း ဝင်စရာ ထွက်စရာကား ဤအပေါက်ကလေး တစ်ခုသာ ရှိသောကြောင့် တစ်နေ့နေ့ကျသောအခါ လက်၌ ကောင်းစွာမိရာ၏။ အပြင်၌ လွတ်၍မူ ဖမ်းပါက အဖမ်းရ အတော်ခက်သွားလိမ့်မည်။

ထို့အတူ–တိုက်ခန်းတည်းဟူသော ခန္ဓာကိုယ်၌ အပေါက်တည်းဟူသော နာသီးဖျားက စောင့်၍ လက်တည်းဟူသော လက္ခဏာသုံးပါးဖြင့် ဆင်ခြင် သုံးသပ်သော် တစ်နေ့နေ့ကျလျှင် ကြွက်ငယ်ကလေးတည်းဟူသော ရုပ်နာမ်တရားကို ဖမ်းမိနိုင်ရာသည်။ ဤနည်းကား အတွင်း၌ လှောင်၍ ဖမ်းသောနည်းဖြစ်၏။ အခြားသော နည်းတို့ကား အပြင်၌ လွတ်၍ ဖမ်းသောနည်း ဖြစ်၏။ မိလွယ်လျှင် အကောင်းချည်းသာဖြစ်၏။

ဝင်သက်လေ၏ အစသည် နာသီးဖျား၊ အဆုံးသည် ချက်တိုင်ရင်း။ ထွက်သက်လေ၏ အစသည် ချက်တိုင်ရင်း၊ အဆုံးသည် နာသီးဖျား။ အစနှင့်အဆုံးကို နာသီးဖျားကနေ၍ စောင့်ဖမ်းရာ၏။ ထွက်သက်လေနှင့် ဝင်သက်လေ ဖြစ်သောအခါ မမြန်စေမူ လေခပ်ရှည်ရှည် ခပ်မှန်မှန် တဖြည်းဖြည်း ခပ်လေးလေး ခပ်အေးအေးနှင့် ထွက်ဝင်အောင် သတိထားရာ၏။ ဂရုသိပ်ပြီး စိုက်လျှင် အထွက်အဝင်မြန်၍ မောသွားတတ်သည်။ အထွက်အဝင် မြန်သော် ရုပ်နာမ် ခန္ဓာတို့၏ အဖြစ်အပျက်ကို လက္ခဏာတင်၍လည်း မကောင်း။

ဤနေရာ၌ လိုရင်းဖြစ်၍ ဝိပဿနာ အားထုတ်ပုံကို ကောင်းကောင်းကြီး သတိထားစေအပ်၏။ ဝင်သက်လေနှင့် ထွက်သက်လေတို့၏ အဝင်အထွက်ကို တစ်ကြိမ်၊ ရုပ်နာမ်အမြဲမရှိ။ အနိစ္စဟု နှလုံးသွင်း။ နောက်တစ် ကြိမ်၊ ရုပ်–နာမ် ဆင်းရဲ၏ ဒုက္ခဟု နှလုံးသွင်း၊ နောက်တစ်ကြိမ် ရုပ်–နာမ် အစိုးမရ၊ အနတ္တဟု နှလုံးသွင်း။ စိတ်ကောင်းကောင်း မထိန်းနိုင်သေးသောအခါဖြစ်လျှင် ဝင်သက်လေ ဖြစ်သည်နှင့် တစ်ပြိုင်တည်း ရုပ်နာမ်ဟု ပြီးစီးအောင် နှလုံးသွင်း။ ထွက်သက်လေ ထွက်သည်နှင့် တစ်ပြိုင်တည်း အမြဲမရှိ၊ အနိစ္စဟု ပြီးအောင် နှလုံးသွင်း။ ဒုက္ခ အနတ္တတို့လည်း ထို့အတူပင်တည်း။ ပုတီးနှင့် သော်လည်းကောင်း၊ တစ်လုံးစီ တစ်လုံးစီစိပ်၍ နှလုံးသွင်းအပ်၏။ ဥပုသ်စောင့်သောအခါတို့၌လည်း ဤနည်းဖြင့် တစ်နေ့လျှင် ပုတီးသုံးပတ်ထက် မနည်း ရအောင် အားထုတ်နှလုံးသွင်း၍ စိပ်အပ်၏။ ရုပ်နာမ်ဆိုသဖြင့် ဝါယောဓာတ် ရုပ်နှင့် ထိရုပ်၏ အထွက်အဝင်ကို သိသော နာမ်၊ ၎င်းနှစ်ပါးကို သတိရစေအပ်၏။ အမြဲမရှိ–အနိစ္စဆိုသဖြင့် ရုပ်နာမ်သည် တစ်နေရာတည်း၌ အမြဲမတည်ဘဲ ထွက်ဝင်၍ ဖြစ်ပျက်နေသည်ကို သတိရစေအပ်၏။ ဆင်းရဲ၏ ဒုက္ခဆိုသဖြင့် ယခု အဖန်ဖန်ဖြစ်၍၊ ယခု အဖန်ဖန်ဖြစ်ပျက်သည်ကို သတိရ စေအပ်၏။ အစိုးမရ အနတ္တဆိုသဖြင့် ရုပ်နာမ်တို့၏ အထွက်အဝင်ကို၊ မထွက်မဝင်အောင် တားဆီး၍ မရသည်ကို သတိရစေအပ်၏။ မိမိတို့၏ ဉာဏ်စွမ်းကလိုက်နိုင်ပါမူ အဝင်၌ အစ အလယ် အဆုံး၊ အထွက်၌ အစ အလယ် အဆုံး သုံးပါးလုံး ပျက်၍၊ ဖြစ်ပျက်၍၊ အစဉ်အတိုင်း သွားသည် တို့ကို လိုက်၍ နှလုံးသွင်း ကြည့်ရှုနိုင်မှုရှိပါမူ–လက္ခဏာ အထူးတင်ရန်အလို။ တင်ပြီးသကဲ့သို့ ဖြစ်၏။ အနိစ္စ အချက်ကြီးပေတည်း၊ ဒုက္ခ အချက်ကြီးပေတည်း၊ အနတ္တ အချက်ကြီးပေတည်း။

ကမ္မဋ္ဌာန်းလမ်းသည် သုဒ္ဓ ဝိပဿနာယာနိကလမ်း သမထဝိပဿနာ ယာနိကလမ်းဟူ၍ နှစ်လမ်းရှိ၏။ သုဒ္ဓ ဝိပဿနာယာနိကလမ်း ဟူသည်ကား ဝိပဿနာ အလုပ်သက်သက်ပင်တည်း။

သမထဝိပဿနာနိကလမ်းဟူသည်ကား ရှေးဦးစွာ သမထ အလုပ်ကို လုပ်၍ စိတ်တည်တံ့သော သမာဓိရမှ ဝိပဿနာအလုပ်ကို လုပ်ခြင်းပင်တည်း။ သမထအလုပ်ကို သက်သက် မလုပ်ဘဲ၊ ဝိပဿနာ အလုပ်မှာပင် အပြီး ပါဝင်အောင် အားထုတ်မည်

http://www.dhammadownload.com

ဆိုလျှင် ဉာဏ်စွမ်း ဝိရိယစွမ်းရှိသောသူ မှန်ပေမူ ပြီးစီးနိုင်ပေ၏။ ယခု ပြဆိုပြီးသော အာနာပါန သမထ အားထုတ်နည်း၊ အာနာပါန ဝါယောဓာတ် ဝိပဿနာ အားထုတ်နည်း။ ၎င်းနည်း နှစ်ပါးတို့တွင် ဝိပဿနာနည်းဖြင့် အားထုတ်သော်လည်း သမထ နည်း အပြီးပါဝင်တော့သည်သာ။

ဝေဒနာ ကမ္မဋ္ဌာန်းကို ပြဆိုချက်

ပြဆိုအပ်ပြီးဖြစ်သော အာနာပါန ကမ္မဋ္ဌာန်း၌ ဝေဒနာတရားများအပြီး ပါဝင်သော်လည်း ဝိသေသ အားထုတ် နှလုံးသွင်းရန် ဝေဒနာ တရားတစ်ခုကို ပြဆိုဦးအံ့။ နာမ်တရား ဟူသမျှတို့တွင်၊ ဝေဒနာ သည် အထင်အရှားဆုံး အသိအလွယ်ဆုံး ဖြစ်သည်၊ ဝေဒနာတရားနှင့် ပရိနိဗ္ဗာန် စံဝင်တော်မူကြသည်ကား ဝတ္ထုသက်သေတို့သည် များစွာရှိကြကုန်၏။ ထိုအပေါင်းတို့တွင် မြတ်စွာဘုရားရှိစဉ်အခါ၌၊ ဂေါဓိက ရဟန်းသည် မကျန်းမာသည့်အတွက် ဈာန် (၇) ကြိမ်တိုင်တိုင် ပျက်ဖူး၏။ နောက်ဆုံးအကြိမ်၌ ဈာန်ကို ရနေဆဲအခါတွင်၊ သင်တုန်းဓားနှင့် လည်ပင်းကို လှီးပြီးလျှင် ဓာတစ်ဖြုတ် ရတ်တရက် ချက်ချင်း ဖြစ်ပေါ်၍လာသော ဒုက္ခ ဝေဒနာကို ဝိပဿနာ တင်လိုက်သော ခဏ၌၊ ဖီဝိတသမသီသီ ရဟန္တာ ဖြစ်၍ နိဗ္ဗာန်သို့ စံဝင်တော်မူသည်၊ ထိုဂေါဓိကမှာကား တိဟိတ်ပုဂ္ဂိုလ်အစစ်ဖြစ်နေပြီး၍ ဈာန်ကိုလည်း ရနေဆဲအခါ ဖြစ်သောကြောင့် သမာဓိမှာ ဆိုဖွယ်မရှိအောင် ခိုင်မြဲနေတုန်းဖြစ်၍ တစ်ခဏအတွင်းမှာပင်လျှင် ရဟန္တာဖြစ်လေသည်။ မိမိတို့၏ ကိုယ်ကို ဒွိဟိတ်မှန်း တိဟိတ်မှန်း ဧကန်မသိသေးဘဲလျက် ဂေါဓိက ရဟန်းကို အားကျ၍ လည်ပင်းကို ဖြတ်သည်ရှိသော်၊ လည်ပြတ်ရုံသာ ရှိလိမ့်မည်။

ဝေဒနာတရား ငါးပါးတို့တွင်လည်း ဒုက္ခ ဝေဒနာသည် အသိလွယ်ဆုံး အထင်ရှားဆုံး ဖြစ်သည်။ ထို့ကြောင့်-ကောင်းစွာ နှလုံးသွင်း အပ်သေး၏။ ပြဆိုအပ်ပြီးဖြစ်သော အာနာပါန သမထ အားထုတ်နည်း၊ အာနာပါန ဝါယောဓာတ်၊ ဝိပဿနာ အားထုတ်နည်းတို့ကို အားထုတ်ပြီး၍ သမာဓိ ရသောအခါသို့ ရောက်ပြီးသည့်နောက် မိမိကို့ သဘောကျ နှစ်သက်သော အချိန်အခါမှာပင်လျှင် အားထုတ် နှလုံးသွင်းအပ်၏။

ထိုင်၍ အားထုတ်လိုက်သောအခါ၊ အနည်းငယ် ညောင်းချိလာလိမ့်မည်။ ညောင်းသည်ဆိုသော စကားသည် ဒုက္ခဝေဒနာပင်တည်း၊ ထို ဒုက္ခ ဝေဒနာသည် မညောင်းခင်အခါက မထင်ရှား၊ ညောင်းမှသာလျှင် ထင်ရှား၏။ နည်းနည်းညောင်းလျှင် နည်းနည်းထင်ရှားသည်။ များများ ညောင်းလျှင် များများထင်ရှားသည်။ ထုံကျင်၍လာသော်လည်းကောင်း၊ ကိုက်ခဲ၍ လာလျှင်သော်လည်းကောင်း၊ ထို့ထက်ပင် ထင်ရှား၍ ထင်ရှား၍ လာလေ၏။ ထို ထင်ရှား၍ ထင်ရှား၍ ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာကိုသာလျှင် နှလုံးသွင်းအပ်၏။ ညောင်းညာပါစေ၊ ညောင်းညာပါစေ၊ ဟူ၍ လည်းကောင်း၊ ထုံကျင်ပါစေ၊ ထုံကျင်ပါစေဟူ၍ လည်းကောင်း၊ ကိုက်ခဲပါစေ ကိုက်ခဲပါစေ ဟူ၍လည်းကောင်း၊ ယိမ်းယိုင်ပါစေ၊ ယိမ်းယိုင်ပါစေ ဟူ၍ လည်းကောင်း၊ ဘယ်အခါမှ နှလုံးမသွင်းအပ်၊ ဝေဒနာကို ဖုံးအုပ်၍နေသည့် ယောဂီပုဂ္ဂိုလ်တစ်ဦးက ရှေ့ကနေ၍ လွှဲနေလျှင်၊ နောက်က လိုက်သော ယောဂီတွေ့ အကုန် လွှဲကုန်၏။ ညောင်းညာ ထုံကျင် ကိုက်ခဲ၍ လာသောအခါ၊ သူ့အလိုလို ယိမ်းယိုင်တတ်သည်။ ထိုအခါ စိတ်ကိုလွှတ်၍ စိတ်အတိုင်း လိုက်၍ထားလျှင် အမျိုးမျိုး ဖြစ်ရုံမျှမက ထ၍ပင် ခုန်တတ်သေးသည်။ အကောင်းမဟုတ်၊ စိတ်ကို မလွှတ်ရာ စိတ်လှည့်စားခြင်းပင်ဖြစ်သည်။ ကြာလျှင် အရူးကဲ့သို့ ဖြစ်တတ်၏။ ဤကဲ့သို့ ဖြစ်သည်ကိုပင် သမာဓိ မှတ်ထင်သေးသည်။ သမာဓိ ဆိုသည်ကား... မိမိတို့ အားထုတ်အပ်သော အာရုံတစ်ခုမှ အာရုံတစ်ခုသို့ မပြောင်းမရွေ့ဘဲ တည်ကြည် ငြိမ်

http://www.dhammadownload.com

သက်၍နေသောစိတ် ဧကဂ္ဂတာကို ဆိုသည်။ အာရုံတစ်ခုမှ အာရုံတစ်ခုသို့ ပြောင်းရွေ့၍အမျိုးမျိုး အဖုံဖုံ ဖြစ်လျှင် ဝိတက် လှည့်စားခြင်းကြောင့်သာ ဖြစ်သည်။ ၎င်း ဝိတက်ကိုသမာဓိ မှတ်ထင်က အလွန်မှားခြင်း ဖြစ်သည်။

ဘယ်ဘက်ဒူးကို ခေါက်၍ထိုင်သော် ၎င်း ခေါက်၍ ထိုင်သော ဒူး၌ ထင်ရှား၏။ ညာဘက်က ဒူးကို ခေါက်၍ထိုင်သော် ၎င်းခေါက်၍ ထိုင်သော ဒူး၌ ထင်ရှား၏။ တင်ပျဉ်ခွေ၍ ထိုင်သော် ဘယ်ဒူး၌ လည်းကောင်း၊ ညာဒူး၌ လည်းကောင်း၊ ဒုက္ခဝေဒနာ ဖြစ် ပေါ်လွင်သောနေရာ တစ်ခုခု၌သာလျှင် နှလုံးသွင်းအပ်၏။ ထို့နောက် မိမိတို့၏ စိတ်ဉာဏ်က လိုက်နိုင်ပါမူ–တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ သွင်းအပ်၏။ ဝိပဿနာ အားထုတ်နှလုံးသွင်းပုံ လိုရင်းကား ဝေဒနာ အမြဲမရှိ အနိစ္စ။ ဝေဒနာ ဆင်းရဲ၏ ဒုက္ခ၊ ဝေဒနာ အစိုးမရ အနတ္တ။ ဤသို့ လက္ခဏာဖြင့် တင်၍ သုံးသပ်ရာ၏။ ဝေဒနာဆိုသဖြင့် ဖြစ်ပေါ်၍နေသော နေရာ၌ ဝေဒနာကို အာရုံပြုအပ်၏။ အမြဲမရှိ အနိစ္စ ဆိုသဖြင့် ဝေဒနာတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို အာရုံပြုအပ်၏။ ဆင်းရဲ၏ ဒုက္ခ ဆိုသဖြင့် ဝေဒနာတရားတို့ ယခု အဖန်ဖန်ဖြစ်၍ ယခု အဖန်ဖန် ပျက်သည်ကို အာရုံပြုအပ်၏။ အစိုးမရ အနတ္တ ဆိုသဖြင့် ဝေဒနာတရားတို့ကို မဖြစ် မပျက်ရအောင် တားဆီး၍ မရသည်ကို အာရုံပြုအပ်၏။ စိတ်ဉာဏ်က လိုက်နိုင်လျှင် ဝေဒနာတရားတို့ တစ်ကိုယ်လုံး ပျံ့နှံ့၍ မိုးရိပ်များ လေသင့်ရာသို့ ရေးရေး ရေးရေးရေးရေးနှင့် သွားနေသကဲ့သို့ အသစ်အဟောင်း ပြောင်းလဲ၍ ပြောင်းလဲ၍၊ ဖြစ်ပျက်၍ ဖြစ်ပျက်၍ သွားသည်တို့ကို အာရုံစူးစိုက် နှလုံးသွင်းနိုင်လျှင် လက္ခဏာအထူး တင်နေရန် မလိုတော့ချေ။ တင်ပြီးသကဲ့သို့ ဖြစ်၏။

ဝိပဿနာသည် အနိစ္စာ နုပဿနာ၊ ဒုက္ခာ နုပဿနာ၊ အနတ္တာ နုပဿနာ ဟူ၍ သုံးမျိုးသာ ရှိသည်။ ရုပ်ဓာတ်ကို ဖြစ်စေ၊ နာမ်ဓာတ်ကို ဖြစ်စေ ထိုလက္ခဏာဖြင့် မတင် မသုံးသပ်သော် ဝိပဿနာ အစစ် မဖြစ်နိုင်။ ယခုအခါ ရေးသားကြသော ကျမ်းစာတို့သည် များစွာ ရှိကြကုန်၏။ ရှိသော်လည်း ဝိပဿနာ စခန်းသို့ တစ်တစ်ခွခွ မိမိရရ ဖမ်းပုံကို ပြသော ကျမ်းကား အလွန်နည်းကုန်၏။ စိတ်မရဲကြပေ။ ပထဝီသည် ခက်မာခြင်း နူးညံ့ခြင်း သဘော ရှိပါပေစွတကား။ အာပေါသည် ဖွဲ့စေးခြင်း၊ ယိုစီးခြင်းသဘော ရှိပါပေစွတကား။ တေဇောသည် ပူခြင်း၊ အေးခြင်းသဘောရှိပါပေစွတကား။ ဝါယောသည် ထောက်ကန်ခြင်း လှုပ်ရှားခြင်း သဘောရှိပါပေစွ တကား။ ဤကဲ့သို့ ရေးသားခြင်းတို့သည် ရုပ်ကိုသုံးသပ်သော သမ္မသနဉာဏ်၌သာလျှင် ဝပ်၍နေ၏။ မင်္ဂလာကို ရနိုင်ရန် အကြောင်းမရှိ။

ရုပ်တရား ဝေဒနာတရားတို့ ဖြစ်ပေါ်ပုံ ဥပမာကား.... ရေတံခွန်ကြီးများ စီးဆင်း၍ ကျနေသော နေရာတို့၌ ရေမြှုပ်စိုင်အခဲကြီးတို့သည်လည်းကောင်း၊ ရေပွက်ငယ်ကလေးတို့သည် လည်းကောင်း ရှိကြကုန်၏။ ထိုရေမြှုပ်စိုင် ရေပွက်ငယ်ကလေးတို့သည် ရပ်တည်ခြင်းငှာ မစွမ်းနိုင်။ ကျသည်နှင့် တစ်ပြိုင်တည်း ဖြစ်၍၊ ဖြစ်သည်နှင့် တစ်ပြိုင်တည်း ပျက်ရပြန်၏။ တသွန်သွန် ကျ၍နေသောကြောင့် တစ်ဖြစ်တည်း ဖြစ်၍ တစ်ပျက်တည်း ပျက်ရပြန်၏။ ထို့အတူ က်–စိတ်–ဥတု–အာဟာရတည်းဟူသော ရေတံခွန်ကြီးက အမြဲစီးဆင်း၍ ကျနေသောကြောင့်၊ ရုပ်နှင့်တူသော ရေမြှုပ်စိုင် ဝေဒနာနှင့်တူသော ရေပွက်ငယ်ကလေးတို့သည် တစ်ဖြစ်တည်းဖြစ်၍ တစ်ပျက်တည်း ပျက်ရလေ၏။

ထိုဝေဒနာ တရားကို နှလုံးသွင်း အားထုတ်သောအခါ မိမိတို့၏ စိတ်ဉာဏ်၌ ဖြစ်ပေါ်တတ်သည်ကား၊ သံမှုန်ကလေးတို့သည်လည်းကောင်း၊ မီးအထဲသို့ ပစ်ချလိုက်သောအခါတွင် ဝင်းဝင်း ဝါဝါ စိမ်းစိမ်း ရွှေရွှေ လက်ခနဲ လက်ခနဲနှင့်၊ အကွင်းကလေးတွေကဲ့သို့လည်းကောင်း၊ အကွက်ကလေးတွေ

http://www.dhammadownload.com

ကဲ့သို့ လည်းကောင်း၊ အရောင်အလင်းနှင့် တကွ ဖွားဖွား ဖွားဖွား ဖွားဖွား ဖွားဖွားနှင့် နေသည်တို့ကို လည်းကောင်း၊ တဖွာရှိမြူမှုန် ကလေးတို့သည် နေရောင် နေပြောက်၌ ဝဲလှည့်၍ ဝဲလှည့်၍ လည် ပတ်နေသကဲ့သို့ လည်းကောင်း၊ လူရုပ်ပုံစံ၊ မီးရှူး၊ မီးပန်းများ ပြုသောအခါ၊ ယမ်းမှုန့်တို့သည် တဖွာ ဖွားနှင့်ဖြစ်၍ တဖွာဖွားနှင့် ပျက်သကဲ့သို့ လည်း ကောင်း ထင်မြင်နိုင်ကုန်၏။ သို့သော် စိတ်က ကြဲ စည်၍ ထင်လျှင် စိတ်အကြဲအစည်သာ ဖြစ်မည်၊ စိတ်က ကြဲစည်ခြင်း မပြုဘဲ မနောဒွါရ၌ အလိုလို ထင်စေမှသာလျှင် အမှန်အတိုင်း ဖြစ်မည်။ ၎င်း စကားမျိုးတို့ကို ရဟန်းတော်များ ဝါကြွားသော စိတ် ဖြင့် မပြောဆိုအပ်။ သိက္ခာပုဒ်နှင့်ငြိစွန်းမှာ စိုးရိမ်ရ သည်။ အထူး သတိထားတော်မူရန်၊ သူတစ်ပါးကို ပြောဆိုခြင်းသည် မိမိကိုယ်၌ ကျေးဇူး မများလှချေ။ စျာန်၊ မဂ်၊ ဖိုလ်တရား ဆိုသည်ကား စျာန်ကို ရစေ တတ်သော သမထကမ္မဋ္ဌာန်းများကို အားထုတ်သော အခါ ဤကဲ့သို့ထင်သည်၊ ဤကဲ့သို့ မြင်သည်ဟု ပြောလျှင်ပင် စျာန်၏အနီးသို့ ရောက်နေသည်။ ဝိပဿနာ ကမ္မဋ္ဌာန်း၌လည်း ဤကဲ့သို့ ထင်သည်၊ ဤကဲ့သို့ မြင်သည်ဟု ပြောလျှင်ပင် မဂ်အနီးသို့ ရောက်နေသည်။ ကောင်းစွာ သတိရှိအပ်၏။

ခပ်သိမ်းသော မြတ်စွာဘုရားတို့သည်လည်း အာနာပါန ကမ္မဋ္ဌာန်း၌သာလျှင် တည်၍၊ သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်မြဲ ဓမ္မတာ ဖြစ်၏။ ဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်ပြီး သောအခါ၌လည်း အာနာပါန ကမ္မဋ္ဌာန်းကို အသက် ထက်ဆုံး မစွန့်ကြကုန်ပြီ။ လူသာမန် ရှင်သာမန် တို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းမဟုတ်။ လူပညာရှိ ကြီး ရှင်ပညာရှိကြီးတို့နှင့်သာ ထိုက်တန်သော ကမ္မဋ္ဌာန်းဖြစ်သည်၊ မြတ်စွာဘုရားကလည်း ၎င်း ကမ္မဋ္ဌာန်းကို အခြားသော ကမ္မဋ္ဌာန်းဖြစ်သည်၊ အခြားသော ကမ္မဋ္ဌာန်းတို့ထက် ထွတ်မြတ်လွန်ကဲ သော ဂုဏ်ပုဒ်တို့ဖြင့် များစွာ ချီးမွမ်းတော်မူသည်။ ခန္ဓာကိုယ်၌ ပထဝီဓာတ် (၂၀) အာပေါဓာတ် (၁၂) ပါး၊ တေဇော ဓာတ် (၄) ပါး၊ ဝါယောဓာတ် (၆) ပါး၊ ဓာတ် (၄၂) ပါး ရှိသည်တို့တွင် ဤအာနာပါန ဝါယောဓာတ်ထက် ပိုမိုလွန်ကဲ၍ သိသာ ရှင်းလင်း နိုင်သော ဓာတ်ကား မရှိပြီ။ သညာသိ အစွမ်းဖြင့် လည်း ရှင်းလင်းသည်။ ပညာသိ အစွမ်းဖြင့်လည်း မရှုပ်ထွေးနိုင်။

ထိုအာနာပါနကမ္မဋ္ဌာန်းတစ်ခုကို ပွားများ ပါမူ၊ သတိပဋ္ဌာန် လေးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးတို့ကိုလည်း ပြီးစီးနိုင်ကုန်၏။

ဤသို့ အာနာပါန ကမ္မဋ္ဌာန်းတစ်ခုကို အား ထုတ်လျှင် သတိပဋ္ဌာန် လေးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ်ဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါး တို့ကိုလည်း ပြည့်စုံနိုင်သောကြောင့် ကောင်းစွာ အားထုတ်ရာ၏။

သတိပဋ္ဌာန်လေးပါး ပြီးစီးပါဝင်ပုံ

ထွက်သက် ဝင်သက် အစရှိသော ရူပကာယ ၌ ခိုင်မြဲစွာတည်သော သတိသည် ကာယာနုပဿနာ သတိပဋ္ဌာန်မည်၏။ ၁။ ထိုထွက်သက် ဝင်သက်ကို ခံစားသော ဝေဒနာသည် ဝေဒနာနုပဿနာ သတိ ပဋ္ဌာန် မည်၏။ ၂။ ထို ထွက်သက် ဝင်သက်ကို အာရုံပြုသောစိတ်သည် စိတ္တာနုပဿနာ သတိပဋ္ဌာန် မည်၏။ ၃။ ထို ထွက်သက်လေ ဝင်သက်လေတို့ကို လက္ခဏာဖြင့်တင်၍သုံးသပ်ခြင်းသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်မည်၏။ ၄။ အသီးတစ်ရာအညာတစ်ခု ဆိုသကဲ့သို့ အသီးက ခူးဆွတ်သော်လည်း တစ်လုံးစီ သာ ခူးဆွတ်နိုင်၏။ အညာက ခူးဆွတ်သော် အသီး ဟူသရွေ့ အလုံးစုံ ပါလာရကုန်၏။ သတိပဋ္ဌာန် လေးပါး စသည်တို့ကို တစ်ပါးစီ တစ်ပါးစီခွဲ၍ အား ထုတ်သော် အသီးက ခူးဆွတ်သည်နှင့် တူ၏။

ပြဆိုပြီးသောအတိုင်း အာနာပါန ဝါယော

http://www.dhammadownload.com

ဓာတ်တစ်ခုကို မိမိရရ ကောင်းစွာ အားထုတ်သည် ရှိသော် အညာက ခူးဆွတ်သည်နှင့် တူ၏။ ဤသို့ အာနာပါန ကမ္မဋ္ဌာန်းတစ်ခုခုဖြင့်လျှင် ဗောဓိပက္ခိယ တရား (၃၇) ပါးတို့သည်လည်း အပြီးပါဝင်လေကုန်၏။

ဝိပဿနာ ကမ္မဋ္ဌာန်း၌– ပဋိပတ်ကျင့်စဉ် ဝိသုဒ္ဓိ ခုနစ်ပါးကား– ကျမ်းဂန်၌လာ၏။ လာသည့် အတိုင်း တစ်ခုပြီးမှ တစ်ခု၊ တစ်ခု စင်ကြယ်မှ တစ်ခု အားထုတ်ရမည်ဆိုလျှင် တရားကို အားထုတ်ခွင့် ရကြတော့မည် မဟုတ်။ ဝိသုဒ္ဓိ ခုနစ်ပါး အလုပ်နှင့်ပင် အချိန်ကုန်ပြီး တရားအားထုတ်ရန်အတွက် စိတ် ပျက်၍ တရားကို အားမထုတ်ချင်ဘဲ ပျင်းရိ၍ နေတတ်ကြသည်။ တစ်ထစ်ချ မမှတ်ယူအပ်။ ဝိသုဒ္ဓိ ခုနစ်ပါး စင်ကြယ်မှ မဂ်ရနိုင်ကြောင်းကို ရည်၍ ပြဆို ခြင်း ဖြစ်သည်။ မစင်ကြယ်လျှင် မဂ်ကိုသာ မရနိုင်။ မဂ်အခြေကား ဖြစ်နိုင်သေး၏။ သမထ အရာ၌ လည်း သပ္ပါယခုနစ်ပါး၊ ပလိဗောဓဆယ်ပါး စသည် ပြဆိုခြင်းကား၊ ဈာန်၏ အန္တရာယ်ဖြစ်၍၊ ဈာန်ကို မရစေနိုင်သောအကြောင်းကို ရည်၍ ပြဆိုခြင်းဖြစ် သည်။ ဈာန်မရသော်လည်း သမာဓိကား ရသင့်သ လောက် ရနိုင်သေး၏။ မည်သည့်နေရာ၌ မဆို အားထုတ်အပ်၏။ အားမထုတ်လျှင် ဘာမျှမရနိုင်။ ပရိညာဉ်အားဖြင့် ပိုင်းခြားလျှင် သုံးပါးသာလျှင် ဖြစ် ၏။ ရုပ်နာမ် နှစ်ပါးကို ပိုင်းခြား၍ သိခြင်းသည် ဉာတပရိညာဉ် မည်၏။ ၁ ။ ရုပ်နာမ် နှစ်ပါးကို လက္ခဏာရေး သုံးပါးဖြင့် ပိုင်းခြား၍ သိခြင်းသည် တီရဏပရိညာ မည်၏။ ၂။ လက္ခဏာတို့ဖြင့် ပိုင်း ခြား၍ သိသောအခါ မဂ်အားလျော်စွာ ကိလေသာ ကို ပယ်ခြင်းသည် ပဟာနပရိညာဉ်မည်၏။ ၃။တစ် နည်း ရုပ်နာမ်၏ သဘောလက္ခဏာကို ပိုင်းခြား၍ သိသော နာမရူပ ပရိစ္ဆေဒဉာဏ်၊ ရုပ် နာမ်၏ ဖြစ် ကြောင်းကို ပိုင်းခြား၍ သိသော ပစ္စယပရိဂ္ဂဟဉာဏ်၊ ၎င်းဉာဏ်နှစ်ပါးသည် ဉာတပရိညာဉ် (၁)။ သမ္မသန ဉာဏ်၊ ဥဒယဘယဉာဏ် နှစ်ပါးသည် တီရဏပရိ ညာဉ် (၂)။ ဘင်္ဂဉာဏ် အစ မဂ်ဉာဏ်အဆုံးသည် ပဟာနပရိညာဉ် (၃)။

ဤကဲ့သို့ ပြဆိုအပ်ခဲ့ကုန်ပြီးသော သခါရ ဖြစ်ကုန်သော ရုပ်–နာမ် တရားတို့ကို စွဲမြဲစွာ ဝိပဿနာတရားကို အားထုတ်လျက် နေထိုင်သော ပုဂ္ဂိုလ်တို့သည် အပါယ်လေးဘုံသို့ မသက်ဆင်းရဘဲ ဒုတိယ ဘဝ၌သော်လည်းကောင်း၊ တတိယဘဝ၌ သော်လည်းကောင်း၊ ခုနစ်ဘဝအတွင်း၌သော်လည်း ကောင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဧကန်ရတော့မည် ဖြစ်သောကြောင့် မဟာ သောတာပန်ကြီးတို့ အပါယ် တံခါးပိတ်၍ အပါယ်ကို မကျဘဲနေသလို၊ ထို့အတူ အပါယ်ကို မကျရတော့ဘဲ ဖြစ်ပါ၍ ထိုပုဂ္ဂိုလ်ကို စူဠသောတာပန် ဟူ၍ ခေါ်ဆို၏။

ဤသို့ ပြဆိုထားလေသောကြောင့် သခါရ ဖြစ်ကုန်သော ရုပ်နာမ်တရားတို့ကို ဝိပဿနာပွား များလျက် ကောင်းစွာ တည်နေသော ပုဂ္ဂိုလ်တို့ သည် ယခု မြတ်စွာဘုရား၏သာသနာတော်၌ အမြစ် အရင်းစိုက်မိသည် ဖြစ်သောကြောင့် လားရာဂတိမှာ လည်း ကောင်းသော သုဂတိသို့သာ လားရ၍ ဒုတိယဘဝ စသည်တို့၌ ဧကန် မဂ်ဖိုလ်တရားတို့ကို ရတော့မည့် ပုဂ္ဂိုလ်ဖြစ်သောကြောင့် ၎င်းပုဂ္ဂိုလ်ကို စူဠသောတာပန်ဟု ခေါ်ဆို၏။

လူ့ဘဝက ဝိပဿနာတရားများ အားထုတ် လျက်နှင့် မဂ်မရသေးဘဲ စုတေစိတ်ကျ၍ တိဟိတ် ပဋိသန္ဓေနှင့် နတ်ပြည်သို့ရောက်သောအခါ လူ့ဘဝ ကကဲ့သို့ ပင်ပင်ပန်းပန်း အားမထုတ်ရတော့ဘဲ၊ သက်သက်သာသာကလေးနှင့် ဘွားခနဲပေါ်ပေါက် ပြီး မဂ် ဖိုလ်တရားတို့ကို ရကြပေလိမ့်မည်။ သို့ အတွက်ကြောင့် ယခုဘဝ၌ပင် မရပါသော်လည်း ဒုတိယ ဘဝ–တတိယ ဘဝတို့၌ သက်သက်သာသာ နှင့် ရကြရလေအောင် ကြိုးစား၍ အားထုတ်ရာ၏။

ယခု ဘဝက မဂ်နှင့်စပ်သောတရား ဖိုလ်နှင့်

http://www.dhammadownload.com

စပ်သောတရားတို့ကို ကြားနာသွားရသည်ရှိသော်၊ ဒုတိယဘဝ၊ တတိယဘဝတို့၌ ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြု၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရနိုင်ပေ၏။ ဒုတိယဘဝ တတိယဘဝတို့၌ မဂ်မျိုးစေ့ကား ပါ၏။ ၎င်းမျိုးစေ့ကိုပေါက်အောင် အားထုတ်နလုံးသွင်းရာ၏။ အားမထုတ် နလုံးမသွင်းဘဲ ပျင်းရိသော စိတ်ဝင်စားပြီးနေခဲ့လျှင် မျိုးစေ့ပေါက်မည်မဟုတ်။ ယခုဘဝ၌ ဝိပဿနာ တရားတို့ကို အဖန်ဖန် ပွားများလျက် အားထုတ်၍ နေသည်ရှိသော်၊ ယခုဘဝ၌ပင် လျှင် နိဗ္ဗာန်ကို ရနိုင်ပါသည်။ အကယ်၍ မရဘဲနေခဲ့လျှင် အကြာဆုံး ခုနစ်ဘဝအတွင်းဖြင့် ဧကန် ရနိုင်ပေ၏။

သောတာပန်ပုဂ္ဂိုလ်တို့သည် သူတစ်ပါး၏ အသက်ကို မည်သည့်အခါမျှ မသတ်။ ဝိုးရွ ခြပုံကလေးတစ်ကောင်ကို မင်းသတ်ရမည်။ မသတ်လျှင် မင်းကို သတ်မည်ဟု ပြုလုပ်သော်လည်း မိမိ၏ အသက်ကိုသာ အသေခံသည်။ သူတစ်ပါး၏ အသက်ကို မသတ်။

သောတာပန် ပုဂ္ဂိုလ်တို့သည် အရက်ကို မည်သည့်အခါမျှ မသောက်၊ မင်း သည်အရက်ကို သောက်ရမည်၊ မသောက်လျှင် ဟောဒီ မီးပုံကြီးထဲသို့ ခုန်ဆင်းရမည်ဟု ပြုလုပ်သော်လည်း မီးပုံကြီးထဲသို့သာ ခုန်ဆင်းသည်။ အရက်ကို မသောက်။ အကယ်၍ နို့ရည်ကို အရက်နှင့် တစ်ဝက်စီထည့်၍ တိုက်သော် နို့ရည်သာ ဝင်၏၊ အရက်မဝင်။ ဥပမာ– ကြိုးကြာငှက်တို့သည် ရေကို မည်သည့်အခါမျှ မသောက်၊ နို့ရည်နှင့်ရေကို ရောရွ တိုက်လျှင် နို့ရည်သာဝင်၏။ ရေမဝင်။ အဟိတ်တိရစ္ဆာန်ပင်ဖြစ်သော်လည်း နို့ရည်နှင့် ရေကို ခွဲ၍ ယူနိုင်သေးသည်။ သောတာပန်ပုဂ္ဂိုလ်ကြီးဖြစ်လျက် နို့ရည်နှင့် အရက်ကို ခွဲ၍ မယူနိုင်စရာမရှိ။

မဂ်ဖိုလ်နိဗ္ဗာန်တရားကို ရောက်လိုသော ပုဂ္ဂိုလ်တို့သည် ယခု ပြဆိုအပ်ခဲ့ကုန်ပြီးသော တရားအစုစုတို့ကို ကောင်းစွာ ကြည့်ရှုမှတ်သား၍ အားထုတ် နလုံးသွင်းပါမူ နိဗ္ဗာန်နှင့် ဝေးမည်မဟုတ်။ သတိမေ့လျော့ပြီး ပေါ့ပေါ့တန်တန်နှင့် နေပါလျှင် ကြာလေ ဝေးလေ ကြာလေဝေးလေဖြစ်ကြပေလိမ့်မည်။ နိဗ္ဗာန်ဆိုတာသည် တရားကို မသိမမြင်က အဝေးကြီးဟု မှတ်ထင်ရ၏။ တရားကို သိမြင်သော် ကိုယ်၏ အနားမှာပင် ကပ်လျက်နေသည်ကို သိနိုင်၏။ ထို့ကြောင့်–

သန္တိကေ နာဓနန္တိ မဂါ ဓမ္မဿ အကောဝိဒါ။

(သံယုတ်ပါဠိတော်)

ဓမ္မဿ၊ ပရမတ္ထတရား၌။ အကောဝိဒါ၊ မလိမ္မာကုန်သော။ မဂါ၊ ပုထုဇဉ်လူပြိန်းတို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ သန္တိကေ၊ ကိုယ့်အနားတွင် နီးကပ်လျက်နှင့်။ နဓာနန္တိ၊ မသိနိုင်ကြကုန်။

နိဗ္ဗာန်ဆိုသည် ကိုယ့်အနားမှာတင် ကပ်လျက်နေသည်။ တွေ့မြင်လိုလျှင် ရှေ့တွင် ပြဆိုအပ်ခဲ့ကုန်ပြီးသော တရားတို့ကို ကောင်းမွန်စွာ ကြိုးစားအားထုတ်၍ နေကုန်ရာသတည်း။

(စူဠသောတာပန်ဖြစ်ခန်း၊ ဓာတ်ကမ္မဋ္ဌာန်းကျမ်းမှ)

မူလသပိတ်အိုင်တောရဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
ဝန်းသို့ခန္ဓီးဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်
အဘိဓဇမဟာရဋ္ဌဂုရု၊ စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့၊ ခန္ဓီးစာသင်တိုက်

ဆရာတော် ဘဒ္ဒန္တသုဇနဓ၏

ထေရပွတ္တိအကျဉ်း
[၁၂၅၆-၁၃၄၈]

ဝိဇာတမဂ်လာ

ဆရာတော်သည် မကွေးတိုင်း ထီးလင်းမြို့၊ ကဖွန်းဒေါင့်ရွာ ခမည်းတော် ဦးလယ်ရောက်၊ မယ်တော် ဒေါ်ရွှေမြင့်တို့မှ သက္ကရာဇ် ၁၂၅၆-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၈)ရက်၊ သောကြာနေ့တွင် မီးရူးသန့်စင်ဖွားမြင်တော်မူသည်။ မွေးချင်း ၁၂ ယောက်ရှိသည့်အနက် ဆရာတော်သည် ဒုတိယ သားရတနာဖြစ်သည်။ ဆရာတော်လောင်းလျာ မွေးဖွားပြီးချိန်မှစ၍ မိဘတို့မှာ စီးပွားဥစ္စာတိုးတက်လာသဖြင့် မောင်သာတိုးဟု အမည်တော်တွင်ခဲ့လေသည်။

ပဗ္ဗဇ္ဇနှင့် ဥပသမ္ပဒ

ဆရာတော်လောင်းလျာသည် (၁၁)နှစ်သားအရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထီးလင်းမြို့ ကဖွန်းဒေါင့်ရွာ ဂိုဏ်းထောက် ဆရာတော်ထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ရှင်သာမဏေဘွဲ့မှာ ရှင်သီရိဖြစ်သည်။

၁၂၇၅-ခုနှစ်၊ နတ်တော်လဆန်း (၉)ရက်နေ့တွင် ဝန်းသိုမြို့ ရွှေကျောင်း အရှေ့ရွှေဂူကြီးဘုရားအနီး ခရွာသိမ်ကြီး၌ ဝန်းသိုမြို့ အရှေ့ ရေဝန်းတိုက် ဆရာတော် ဦးဇယန္တကို ဥပဇ္ဈာယ်ပြုလျက် ဝန်းသိုမြို့ စပါးနှင့် ဆန်ကုန်သည်ကြီး ဦးသာပြော၊ ဒေါ်ဒေါ်အေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းဖြစ်တော်မူပြီးနောက် ဝန်းသိုမြို့ ပထမခန္ဓီးဆရာတော်ကြီးက ရှင်သီရိဟူသော ဘွဲ့တော်ဟောင်းမှ ဆန်းဂိုနှင့် ညီညွတ်သည့် ဦးသုဇန ဟူသော ဘွဲ့တော်သစ်သို့ ပြောင်းပေးတော်မူရာ ထိုဘွဲ့တော်ဖြင့်ပင် ထင်ရှားလျက်ရှိသည်။

ပရိယတ္တိကို သင်ကြားတော်မူခြင်း

ဆရာတော်သည် ရှင်သာမဏော ဖြစ်သည်မှစ၍ ကဖွန်းဒေါင့်ရွာကျောင်းဆရာတော် အရှင်ဥယျ၊ စင်ပုံရွာကျောင်း ဆရာတော်အရှင်စန္ဒ၊ ကင်းပန်းရွာဂိုဏ်းထောက်ဆရာတော်ကြီး အရှင်ဂန္ဓမာ၊ ဝန်းသိုမြို့ ပထမ ခန္ဓီးဆရာတော်ကြီး အရှင်စန္ဒိမာတို့အထံ၌ အခြေခံ ပိဋကကျမ်းစာများကို သင်ယူတော်မူသည်။ အထူးသဖြင့် လောကီ လောကုတ္တရာ စွယ်စုံပညာရှင်ကြီး ဖြစ်တော်မူသော စင်ပုံဆရာတော်ကြီးထံ၌ ဗေဒင်ပညာကို ဓာတာဖွဲ့နိုင်သည်အထိ ဆည်းပူးတော်မူခဲ့ပါသည်။

ရဟန်းဖြစ်ပြီးလျှင် ခုနစ်ဝါမြောက် သင်ရိုးပေါက်ရမည်ဟူသော အဓိဋ္ဌာန်ချက်ဖြင့် ကျေးဇူး

http://www.dhammadownload.com

တော်ရှင် ပထမခန္ဓိဆရာတော်ကြီးအထံ၌ ပါဠိတော်အဋ္ဌကထာ၊ ဋီကာစသော ကျမ်းများကို သင်တော်မူစဉ် ရဟန်းငါးဝါအရ၌ ထုံနာ၊ လေနာရောဂါများ စွဲကပ်လာသဖြင့် ပါဠိတော်ကျမ်းရင်း ၂ဝနှင့် အဋ္ဌကထာ ၁ဝ ကျမ်းတို့သာ ပြီးမြောက်ခဲ့ပါသည်။

ထို့နောက် ရဟန်း ၉ ဝါအရ ကျေးဇူးရှင် ပထမ ခန္ဓိဆရာတော်ကြီး၏ အစီအစဉ်ဖြင့် မန္တလေးမြို့ အရှေ့ပြင် ခင်မကန်တိုက် သုခမ္မာ ဥက္ကဋ္ဌ ဆရာတော်၊ နန်းရှေ့တိုက်ကျောင်း ကျောက်ပန်းတောင်းဆရာတော်တို့အထံ၌လည်းကောင်း၊ တောင်ပြင်ဘုရားကြီးတိုက်၊ ပထမ တိုက်အုပ်ဆရာတော်ဘုရားကြီး၊ ရွှေရေးဆောင် ဆရာတော်ဘုရားကြီး၊ ကဗျာနန် ဆရာတော်ဘုရားကြီးများအထံ၌ လည်းကောင်း၊ အနောက်ပြင် ခင်မကန်တိုက်၊ ဗန်းမော်ကျောင်း ဆရာတော် ဦးသုတ၊စကုတိုက်ဆရာတော် ဦးပဏ္ဍိတတို့အထံ၌လည်းကောင်း၊ ဆန်း၊ အလင်္ကာ၊ နေတ္ထိစသည်တို့ဖြင့် ပါဠို၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းရိုးသွားကို လေ့လာသင်ကြားတော်မူခဲ့ပါသည်။

ဆရာတော်သည် ရဟန်းဖြစ်စ ပထမ ခန္ဓိဆရာတော်ဘုရားကြီးထံတွင် ပရိယတ္တိ စာပေများကို လေ့လာ ဆည်းပူးနေစဉ် စာသင်သား ရဟန်း သာမဏေတို့အား နေ့ဝါ ညဝါ တစ်နေ့လျှင် စာဝါ (၁၂) ဝါအထိ ပို့ချတော်မူသည်။ ထို့နောက် ရဟန်း (၆) ဝါအရ ကျေးဇူးရှင် မိခင်ကြီးကို အကြောင်းပြု၍ မိမိရပ်ရွာ ယောနယ်သို့ ပြန်ကြွတော်မူကာ ရွှေယင်းမာကျောင်း၌ ၃နှစ်၊ ၃ ဝါတိုင်တိုင် ရဟန်းငယ်ရှင်ငယ်တို့အား စာပေပို့ချ သင်ကြားပေးတော်မူပါသည်။ ရဟန်း ၁၂ ဝါ အရတွင် ပထမခန္ဓိဆရာတော်ကြီး၏ တာဝန်ပေးချက်အရ ခန္ဓိ စာသင်တိုက်ကြီး၌ တိုက်အုပ်ဆရာတော်အဖြစ် တာဝန်ယူ စီမံအုပ်ချုပ်တော်မူသည်။

၁၂၉၃ ခုနှစ် ၁၉ ဝါအရတွင် ပထမ ခန္ဓိ ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူချိန်မှစပြီး တိုက် ပိုင်ဆရာတော် ဖြစ်တော်မူသည်။ ထိုအချိန်မှစပြီး မိမိကျေးဇူးရှင် ဆရာတော်ကြီး ချမှတ်တော်မူခဲ့သည့် ပရိယတ္တိ သာသနာတော်ကြီး မပျက်စီး မညှိုးမှိန်ရအောင်၊ တိုးတက်သည်ထက်တိုးတက်အောင် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် သံဃသုဋ္ဌု သံဃာဖာသု သာသနာ့ဝိပုလ သမဂ္ဂ သမောဓာန ဖြစ်မြောက်ရေး အကျင့်စာရိတ္တ ကောင်းမွန်ရေး ပရိယတ္တိတိုးတက်ရေးတို့ကို ရှေးရှုတော်မူလျက် ဥပုသ်နေ့တိုင်း ဥပုသ်ပြုအပြီးတွင် ဆုံးမ ဩဝါဒပေးတော်မူသည်။

သက်တော် ၅၈ နှစ်၊ သိင်္ခသောတော် ၃၉ ဝါ အရတွင် ရဟန်း ရှင်လူတို့ ၏ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ရှာမှီးရာ ဗဟိုဌာနကြီးသဖွယ် ဖြစ်သည့် ဝန်းသိုမြို့နှင့် တစ်မိုင်ခန့် ဝေးကွာသည့် တောင်ကုန်းတစ်ခုတွင် ခန္ဓိရိပ်သာကို တည်ထောင်တော်မူကာ အတ္တာနမေဝ ပထမံပဋိရူပေ နိဝေသယေ ဒေသနာတော်နှင့်အညီ၊ မိမိကိုယ်တိုင်လည်း ကြိုးစားအားထုတ်တော်မူ၍ ရောက်လာသည့် ရဟန်း ရှင်လူတို့အားလည်း ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်နည်းတို့ကို နေ့ညဉ့်မလပ် ဟောကြား ပြသတော်မူသည်။

သာသနာ့တာဝန်များ

ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပါဠိဝိသောဓက တာဝန်နှင့် ဆဋ္ဌသံဂီတိ ဘာဏက တာဝန်များကို ကျေပြွန်စွာ ထမ်းဆောင်ခဲ့သည့်ပြင် ကသာခရိုင်၊ ဝိနိစ္ဆယဌာနတွင် ခရိုင်ဝိနည်းဓိရ် ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။ ၁၉၆၅ ခုနှစ်၊ မော်ဘီမြို့ သာသနာသန့်ရှင်းပြန့်ပွားရေး ဂိုဏ်ပေါင်းစုံအစည်းအဝေးကြီး ဖြစ်မြောက်ရေး ဦးစီးဆရာတော် ၂၁ ပါးတွင် ပါဝင်ဆောင်ရွက်တော်မူခဲ့ပါသည်။

၁၃၂၃ ခုနှစ် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာ ပဏ္ဍိတာဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

http://www.dhammadownload.com

စာပေကျမ်းဂန် ရေးသားပြုစုတော်မူခြင်း

ဆရာတော်ဘုရားသည် ခန္ဓီးစာသင်တိုက်ကြီး၌ အုပ်ချုပ်ရေးတာဝန်၊ စာပေကျမ်းဂန်ပို့ချမှု တာဝန် (ရောက်လာသော ဒါယကာ၊ ဒါယိကာမများအား ဒါနကထာ၊ သီလကထာ စသော ဟောပြောမှု တာဝန်) များကို ထမ်းဆောင်တော်မူစဉ်၊ အားလပ်ချိန်များ၌ ရဟန်းရှင်လူတို့၏ အကျိုးအတွက် အောက်ပါကျမ်းစာများကို ရေးသားတော်မူခဲ့ပါသည်။

၁။ ဘာသာအလင်းပြ (ပထမတွဲ)၊ ၂။ ဘာသာအလင်းပြ (ဒုတိယတွဲ)၊ ၃။ ဘာသာအလင်းပြ (တတိယတွဲ)၊ ၄။ သစ္စာအလင်းပြကျမ်းကြီး၊ ၅။ သစ္စာဆောင်ပုဒ်များ၊ ၆။ သစ္စသခ်ေပ၊ ၇။ စတုသစ္စကမ္မဋ္ဌာန်း၊ ၈။ ဥပုသ်စောင့်လက်စွဲ၊ ၉။ ငြိမ်းချမ်းရေးလမ်းစဉ်၊ ၁၀။ သုဂတိလမ်းညွှန်၊ ၁၁။ ဝန်းသိုရာဇဝင်၊ ၁၂။ ပညတ်ပရမတ်ခွဲ၊ ၁၃။ ကလျာဏပုထုဇ္ဇန ပကာသနီ၊ ၁၄။ ခန္ဓာဒီပကာသနီ၊ ၁၅။ ပရိဝါသဝတ္တပကာသနီ၊ ၁၆။ ဒွတ္တိံသကာယာနုပဿနာ၊ ၁၇။ ခန္ဓီးတိုက်ဝတ်ရွတ်စဉ်၊ ၁၈။ ခန္ဓီးရိပ်သာဝတ်ရွတ်စဉ်၊ ၁၉။ ခန္ဓီးတိုက် ရှင်ကျင့်ဝတ်၊ ၂၀။ ကျောက်မြောင်းစာတမ်း၊ ၂၁။ စေတီယစာတမ်း၊ ၂၂။ ဒါနသီလအလင်းပြ၊ ၂၃။ ဝိနယသံဓေပကျမ်း (နောက်ဆုံး ရေးသားသည်)။

စသည်ဖြင့် ကျမ်းပေါင်း ၂၂ ကျမ်း ရေးသားပြုစုတော်မူခဲ့သည်။ ၁၃၄၁ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဘိဓမ္မာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။ ၁၃၄၈ ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်၊ နံနက် (၁၁) နာရီ (၄၅) မိနစ်တွင် ခန္ဓာဝန်ချတော်မူသည်။

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ဝန်းသိုခန္တီးဆရာတော်ဘုရားကြီး၏ သြဝါဒတော်

တဏှာ မာန ဒိဋ္ဌိ နယ်ချဲ့သမားတို့ရဲ့ အလိုကို မလိုက်မှားမိကြစေနှင့်၊ ယူမှား လိုက်မှားမိပါက သံသရာရှည်လျားရတော့မည်။ အဆီးအတားမရှိ။မှတ်ပါလေ။ နစ်မည်သာကြီ၊ ပေါ်ရန်မရှိ။ ဒိဋ္ဌိက အပါယ်လေးပါး သံသရာကို ချဲ့ပေးမည်။ တဏှာက လူနတ် သံသရာကို ချဲ့ပေးမည်။ မာနက ဗြဟ္ဓာ သံသရာကို ချဲ့ပေးမည်။ ဘုံသုံးပါး၌ သတ္တဝါတွေ ဖြစ်ပျက်လျက် မွေးသေ သံသရာရှည်၍နေအောင် သူတို့ သုံးယောက်က တာဝန်ယူ၍ အမြဲတမ်း နယ်ချဲ့ပေးနေကြသည်။ သတိပြုကြလေ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဝန်းသိုခန္ဓီးဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ပုဗ္ဗကိစ္စငါးပါး

(၁) ခန္ဓာကိုယ်လှူပုံ

ကမ္မဋ္ဌာန်းခွင်လုပ်ငန်းစဉ်သို့ ဝင်နေဆဲအတွင်း ငါ၏ ခန္ဓာကိုယ်ကို ဘုရားအား လည်းကောင်း၊ ကမ္မဋ္ဌာန်းဆရာအား လည်းကောင်း လှူဒါန်းပါ၏-ဆို၍ လှူလေ။

(၂) တောင်းပန်ဝန်ချပုံ

ငါသည် မိုက်မဲတွေဝေသည့်အလျောက် မပြစ်မှားထိုက်သော အမေ မိုက ဆရာသမား၊ အရိယာပုဂ္ဂိုလ်တို့အား ကံသုံးပါးတို့ဖြင့် ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့မှ ပျောက်ပါစေခြင်း အကျိုးငှာ တောင်းပန်ဝန်ချပါ၏ဟု ဆိုလေ။

(၃) မေတ္တာပို့

ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်-ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ အာကာသစိုး၊ ရုက္ခစိုး၊ စတုလောကပါလ နတ်၊ သာသနာစောင့်နတ်၊ အထက်သိကြား ဘဝဂ် အထိ၊ အောက်နဂါး အဝီစိ အထိ၊ ရှိရှိသမျှ သက်ရှိ များစွာ သတ္တဝါတို့အား နေဝင် နေထွက် အသက် ထက်ဆုံး ဘေးရန်မထိ ချမ်းသာခြင်း ရှိကြပါစေဟု မေတ္တာစိတ်ကို ၃-ကြိမ်ထက်မနည်း ပျံ့နှံ့ပေးရမည်။

(၄) ဆုတောင်း

ငါသည် ရှေးဘဝ၊ ယခုဘဝပြုခဲ့မိသမျှ ငါ၏ ဒါန စသော ကုသိုလ်တို့သည် ယခု ငါအလိုရှိအပ် သော မဂ်ဖိုလ် နိဗ္ဗာန်ကို ရခြင်း ရောက်ခြင်းငှာ လျင်မြန်စွာ ကျေးဇူးပြုကြပါစေသတည်း ဟူ၍ ဆုတောင်းလေ။

(၅) မရဏာသတိ

မရဏံ-မရဏံ၊ သေရလှုပ်ပြီ သေရလှုပ်ပြီ သေ ရတဲ့ ဘဝတွေများလှုပ်ပြီ၊ သေရတဲ့ဘဝတွေများလှုပ်ပြီ လူ ဖြစ်စေ၊ နတ် ဖြစ်စေ၊ ဗြဟ္မာ ဖြစ်စေ၊ ကျွဲ ဖြစ်စေ၊ နွားဖြစ်စေ၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ ဖား၊ တီ၊ မျှော့၊ ကျွတ်၊ ဆတ်၊ ပိုးရွ၊ ခြ၊ ပရွက်၊ ဖြစ်သေ ဖြစ်သေ၊ တစ်ဘဝ တစ်ခါ၊ တစ်ဘဝတစ်ခါ ခန္ဓာပျက်ကြွေ အဖန်ဖန် သေရတဲ့ဘဝတွေ မရေမတွက်နိုင်အောင် များလှလေပြီ။ ယခုလက်ရှိဘဝ သေနေ့ကမဦးခင် သေခြင်းကင်းရာ နိဗ္ဗာန်ထုတ်ချောက် အမြန် ရောက် စေတတ်တဲ့ ကမ္မဋ္ဌာန်းအလုပ် တရားအားထုတ်မှုကို "ဦးအောင် အားထုတ် ဦးအောင်အားထုတ်" ဟု မိမိ ကိုယ်ကို မိမိပဲ တိုက်တွန်း နှိုးဆော်၍ ကမ္မဋ္ဌာန်းခွင်

http://www.dhammadownload.com

လုပ်ငန်းစဉ်သို့ ဝင်ရမည်မှတ်လေ။
မှတ်ချက်။ ။ ကမ္မဋ္ဌာန်းခွင်သို့ ဝင်တိုင်း ဝင်တိုင်း ဤပုဗ္ဗကိစ္စ ငါးပါးတို့ကို တရားအားမထုတ်မီ ပြုလုပ်ရမည်မှတ်၊ မလိုအပ်သော မကောင်းကျိုးပျောက်၍ လိုအပ်သော ကောင်းကျိုးရောက်မည်မှတ်၊ အထူးသဖြင့် မေတ္တာဘာဝနာကို နာနာပွားများ ပျံ့နှံ့ပေးပါလေ၊ တစ်စုံတစ်ရာ အနှောင့်အယှက် မရှိနိုင်သည့်ပြင် အကူအညီကိုပင် ကောင်းစွာ ရရှိမည် ဖြစ်ကြောင်း။

ကမ္မဋ္ဌာန်းခွင်သို့ ဝင်တိုင်း ဝင်တိုင်း (ပဋ္ဌသီလ သမာဒိယာမိ) ဟု အကျဉ်းအားဖြင့် ခံယူဆောက်တည်၍ ထိုင်ပါ၊ မမှေ့ပါစေနှင့်။

ခရီးညွှန်ယောက်ျားကဲ့အလား

ကမ္မဋ္ဌာန်းခွင် လုပ်ငန်းစဉ်သို့ မဝင်မီ လမ်းညွှန် လမ်းပြအရာ လိမ္မာကျွမ်းကျင် အသိအမြင်ရှိသော ခရီးညွှန်ယောက်ျားသည် "ဝါမံ မုဉ္စာ ဒက္ခိဏံ ဂဏှ" ကျမ်းပြသည်နှင့်အညီ လမ်းခွဲ နှစ်မြွာ တွေ့ရှိကြတဲ့အခါ လက်ဝဲ လမ်းခွဲကိုလွှတ်၍ လက်ယာဘက်လမ်းကိုသာ လိုက်ပါလေဘိဟု ညွှန်ကြားခြင်းပြုသကဲ့သို့ လည်းကောင်း၊ သစ်ခုတ် ဝါးခုတ် အမှုတို့၌ ကျွမ်းကျင်လိမ္မာသော ယောကျ်ားသည် လိုအပ်သော သစ်ဝါးတို့ကို မခုတ်ယူမီ မိမိတို့၏ ခြေ၊ လက်၊ မျက်စိ စသည်တို့ကို ထိခိုက်မိသည့် အကိုင်းအခက်ဆူးချဲ့ အပေါင်းတို့ကို ရှောင်ဦးစွာ ပယ်ရှား ခုတ်တွင်သုတ်သင်ပြီးမှ လိုအပ်သော သစ်ဝါးတို့ကို ခုတ်ယူ၍ အလိုရှိရာ အသုံးပြုသကဲ့သို့ လည်းကောင်း၊ ထို့အတူ ပမာ လိုအပ်သော မဂ်ဖိုလ် နိဗ္ဗာန်တို့၏ လမ်းကွဲလမ်းလွဲ၊ ဆူးငြောင့်ပမာ လမ်းမှားနှင့် တူစွာ ဈာန်မဂ်ဖိုလ်တို့၏ အန္တရာယ်များကို ဖယ်ရှားနိုင်ကြဖို့ရာ ရှေးဦးစွာ ပြဆိုပါဦးမည်။

အထူးသိမှတ်ရန်မှာ ။ ။ မိမိပြစ်မှားမိသော ပုဂ္ဂိုလ်သည် သက်ထင်ရှားရှိသေးလျှင် ရှိရာအရပ်သို့ သွား၍ တောင်းပန် ဝန်ချပါလေ။ ပရိနိဗ္ဗာန်စံပြီးဖြစ်လျှင် နေရာ၊ ကျောင်း၊ ခုတင်၊ ညောင်စောင်း၊ တိုက်ခန်း အိပ်ရာနေရာကို သွားကန်တော့ရမည်။ ၎င်းတို့ကို မရနိုင်ပါလျှင် မီးသင်္ဂြိုဟ်ရာ သုသာန်သို့ သွားကန်တော့။ ၎င်းကို မရနိုင်ပါလျှင် ထောရ်ကြီး ဝါကြီးများထံမှာ "တပည့်တော် တပည့်တော်မသည် ဤ မည်သော ပုဂ္ဂိုလ်ကို မည်သည့်ကံဖြင့် ပြစ်များမိပါသည်။ ထိုအပြစ်တို့မှ ပယောက်စေခြင်းငှာ အရှင်ဘုရားတို့ထံမှာ ဝန်ချပါ၏"ဟု ဆို၍ ချလေ၊ ပြေပျောက်၏။ တစ်ပြည်ရပ်ခြား တိုင်းတစ်ပါးမှာ နေလျှင်လည်း ဤနည်းအတိုင်း ကုစားလေ။ အလုံးစုံကျေပျောက်၏ဟု ပထမ ပါရာဇိက အဖွင့် အဋ္ဌကထာမှာ လာသည်ဟု သိလေ။

ပဓာနိယင်္ဂ ငါးပါး

သဒ္ဓါဟောတိ အပ္ပာဗာဓော၊ အဓာယာဝီ၊ ဝိရိယော၊ ပညဝါဟောတိ။ ဣမေပဉ္စ ပဓာနိယင်္ဂါနာမ ကော ယေဟိ ဓမ္မေဟိ သမန္နာဂတံ ပဓာနံ သမ္ပဒ္ဓတိ။
(မဇ္ဈိမပဏ္ဏာသ ပါဠိ)

၁။ ရတနာသုံးတန် ကံ၏အကျိုးနှင့် ဘုရားဂုဏ်ကို သက်ဝင်ယုံကြည်ခြင်း။ (သဒ္ဓါ)
၂။ ဓဖဖြာ ရောဂါမရှိ ကျန်းမာရေး ရရှိခြင်း။ (အပ္ပာဗာဓ)
၃။ ကောက်ကျစ် စဉ်းလဲမရှိ၊ လှည့်ပတ်ခြင်း၊ လိမ်လည်ခြင်းမရှိ။ (အဓာယာဝီ)
၄။ ယုံကြည်လေးစား အားတိုက်အင်တိုက် တရားကို အားထုတ်ခြင်း။ (ဝီရိယ)
၅။ ရုပ်နာမ် ဖြစ်ပျက်ကို တစ်တစ်ခွခွ မြင်နိုင်ကြတဲ့ ဥဒယဗ္ဗယ။ (ပညာဝါ)

ဝဋ်မှထွက်ရာ ကမ္မဋ္ဌာန်းအလုပ် တရားအား

http://www.dhammadownload.com

ထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည် အဆိုပါ အင်္ဂါ ငါးပါးနှင့် လုံးဝဥဿုံ အကုန်လုံးပြည့်စုံမှ တရားအား ထုတ်လို့ ဖြစ်သည်။ မပြည့်စုံက မဖြစ်ဟု ဆိုလိုပေသည်။

စိတ်ကိုထက်သန် ရွှင်လန်းပါစေ

"အဒ္ဓါ ဣမာယ ပဋိပတ္တိယာ–ဧရာ, မရဏမှာ ပရိမုစ္စိဿာမာတိ" ဆိုတဲ့ ဝိသုဒ္ဓိမဂ်နှင့်အညီ–

"ငါသည် ရခဲသော လူ့ဘဝ၊ ရဟန်းဘဝကို ရ၍ ကြုံခဲသော ဤဘုရား သာသနာတော်ကြီးနှင့် လက်ငင်း ကြုံတွေ့ရတဲ့အခါ ကျင့်ကြံရခဲ၊ ကျင့်ကြံနိုင်ခဲ၊ အားထုတ်ရခဲ၊ အားထုတ်နိုင်ခဲ၊ အားထုတ်ဖြစ်ခဲတဲ့ ဤဓမ္မာနုဓမ္မပဋိပတ် သမထ၊ ဝိပဿနာအကျင့် မြတ်ဖြင့် မချွတ်ဧကန် အမှန်စင်စစ်လျှင် အိုနာ သေရေး ဒုက္ခဘေးဆိုတဲ့ သံသရာဝဋ်ဆိုး ဝဋ်ဆင်းရဲကြီးထဲက မုချထွက်မြောက် ရပေတော့မည်"ဟု မိမိစိတ်ကို လွန်စွာ ထက်သန်ရွှင်လန်းစေ၍ မိမိသီလကို စင်ကြယ်အောင် သုတ်သင်ရှင်းလင်းပြီးလျှင် ကမ္မဋ္ဌာန်းခွင့်သို့ ဝင်ရမည်မှတ်လေ (သီလေ ပတိဋ္ဌာယ) ဆိုတဲ့ ဝိကိုထောက်။

နေထိုင်ပုံ

ကမ္မဋ္ဌာန်းခွင် လုပ်ငန်းစဉ်သို့ ဝင်တဲ့အခါ အရှေ့သို့ မျက်နှာလှည့်၊ ယောကျ်ားဖြစ်လျှင် တင်ပျဉ်ခွေ၊ မိန်းမဖြစ်လျှင် တင်ပျဉ်လွဲ ကျဉ့်ကျဉ့်ထိုင်၊ ခါးအထက်ဖြစ်သော ကိုယ်ကို ဖြောင့်ဖြောင့်ထား၊ လက်ဝါးနှစ်ဖက် အောက်–အထက်ထား၊ မိမိ၏ ကိုယ်ကို အောင့်–တောင့်မထားနှင့်။ လိုရင်းမှာ သက်သာချောင်ချိစွာ ကြာမြင့်စွာ နေထိုင်နိုင်မည့် အနေအထိုင်မျိုးနှင့်သာ နေထိုင်၍ အားထုတ်ရမည်မှတ်လေ။

ကမ္မဋ္ဌာန်းခွင်သို့ ဝင်တိုင်း ဝင်တိုင်း (ပဌမသီလ သမာဒိယာမိ) ဟု အကျဉ်းနည်းအားဖြင့် သီလခံယူဆောက်တည်၍ ထိုင်ပါ၊ မမေ့ပါစေနှင့်။

ထိုင်တဲ့အဓိပ္ပာယ်

ထိုထို ဘုရားဟောဖော် ပါဠိတော်တို့မှာ ကမ္မဋ္ဌာန်းထိုင်ပုံကို (သွား၊ ရပ်၊ ထိုင်၊ လျောင်း) ဆိုတဲ့ ဣရိယာပုတ်ကြီးလေးပါးတို့တွင် ထိုင်ခြင်း (ဣရိယာပုတ်) ဖြင့် (ပလ္လင်္ကာ အာဘုဇိတ္တာ) ဟု ဘုရားဟောတော်မူသည်မှာ အခြား ဣရိယာပုတ်တို့ဖြင့် အားမထုတ်ကောင်း၍ ဟောသည် မဟုတ်ပေ။ မည်သည့် ဣရိယာပုတ်နှင့်မဆို ကိုယ်နေထိုင်ကောင်းသလို အားထုတ် ကောင်းပါ၏။ သို့သော်ဤထိုင်ခြင်း ဣရိယာပုတ်ဟာ တရားအားထုတ်တဲ့ အလုပ်နှင့် လွန်စွာ သင့်တင့် လျောက်ပတ်သည်သာမက (စိတ္တေကဂ္ဂတာ) စိတ်ငြိမ်သက် တည်ကြည်မှု သမာဓိလည်း ရလွယ်လှသောကြောင့်သာ ဟောတော်မူသည်ဟု အဋ္ဌကထာ၌ ဖွင့်ပြသည်။

ဤအာနာပါန အလုပ်တရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ အားထုတ်နေဆဲအခါမှာ ချမ်းသာစွာလည်း နေရ၏။ မလိမ္မာသော အဝိဇ္ဇာကြောင့်ဖြစ်သော ဖြစ်ဖြစ်သမျှ ယုတ်မာလှတဲ့ အကုသိုလ် တရားကိုလည်း တစ်ခဏချင်း ကွယ်ပျောက်စေနိုင်၏။ ငြိမ်းအေးစေနိုင်၏–ဟု အလိုင်းတကြီး မိုးပါးနီးအောင် အချီးကျူးခံရတဲ့ ကမ္မဋ္ဌာန်း တကာတို့၏ ထိပ်သီး အဓိပတိကြီးဖြစ်၍ ပွင့်ပွင့်သမျှ ဘုရားပစ္စေက ဗုဒ္ဓါ၊ အဂ္ဂသာဝက မဟာသာဝက ပကတိသာဝကတို့၏ လက်ရှိဘဝအားထုတ်ဆဲ ခဏ၌ပင် ချမ်းသာစွာ နေရခြင်း၊ အကုသိုလ် တရားတို့ကို ပယ်ဖျောက်နိုင်ခြင်း၊ မျက်မှောက်ဘဝ၌ပင် တရားထူးကို ရ၍ မင်္ဂဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေနိုင်ခြင်း အကျိုး၊ သံသရာဝဋ်မှ ထွက်မြောက်နိုင်ခြင်း အကျိုးတို့နှင့် လုံးဝဥဿုံ ပြည့်စုံသော ဤအာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းမယုတ် ပွားများအားထုတ်လိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး

http://www.dhammadownload.com

တို့သည် 'ဆိတ်ငြိမ်ရာတော၊ သစ်ပင်ရင်း' တစ်ပါး ပါးသို့ ကပ်၍ ဆိုအပ်ခဲ့ပြီးသော ပုဗ္ဗကိစ္စ ငါးပါးတို့ကို ရှေးဦးစွာ ပြုလုပ်ပြီးလျှင်...

နာသီး နာခေါင်းဖျား၊ အထက် နှုတ်ခမ်းဖျား တစ်ပါးပါး စသည်တို့၌ မိမိစိတ်ကို စိုက်ထားပြီးလျှင် သတိကို အာရုံ၌ တစ်နည်း၊ စိတ်ကို အာရုံ၌ အမြဲတမ်း ကပ်တည်နေစေ၍ လေထိရာ နာသီးဖျား၊ နှုတ်ခမ်းဖျားတို့၌ တိုးထိ တိုးထိနေတဲ့ ထွက်လေ ဝင်လေတို့ကို ထိတိုင်း ထိတိုင်း၊ ထွက်တိုင်း ထွက်တိုင်း ရှုတိုင်း ရှုတိုင်း၊ ထိမှန်းသိသိ၊ ဝင်မှန်းသိသိ၊ ရှုမှန်းသိသိ၊ ရှိုက်မှန်းသိသိ၊ သိနေအောင် ထွက်တိုင်း ဝင်တိုင်း တစ်ခုမှ မလစ်စေရ၊ ထွက်တိုင်း ဝင်တိုင်း သိအောင် အမြဲတမ်း သတိပြုနေရမည်။ ထွက်တာ ဝင်တာကို၊ ထွက်တိုင်း ဝင်တိုင်း သိသိနေအောင် အာရုံပြုတာမှ တစ်ပါး၊ ဘာတစ်ခုကိုမှ အာရုံမပြုရ။ ဤလို အားထုတ်ဖန် များလာတဲ့အခါ အာရုံတစ်ပါး စိတ်ထွက်မသွားတော့ဘဲ ထိတိုင်းသိ၊ ထွက်တိုင်း ဝင်တိုင်းသိ၊ ရှုတိုင်း ရှိုက်တိုင်းသိ၍ အသိမြဲ၍ လာလိမ့်မည်။ ထိုအခါ သူ–ငါ–ကျားမ တို့ကို မြင်သိ၍ မနေ။ မိမိ တစ်ကိုယ်လုံး တစ်ကောင်လုံးကြီး ကိုပင် မြင်သိ၍မနေ၊ ထိမှု–ထွက်မှု၊ ဝင်မှု၊ ရှုမှု၊ ရှိုက်မှုတို့ကိုသာ ထပ်ကာ ထပ်ကာ တွေ့တွေ့နေရပေလိမ့်မည်။ ဤလို ထွက်တစ်လှည့်၊ ဝင်တစ်လှည့် ရှု တစ်လှည့်၊ ရှိုက်တစ်လှည့်၊ တစ်လှည့်စီ တစ်လှည့်စီ အဟောင်း အသစ် အစဉ်ဆက်၍ မရေတွက်နိုင်အောင် ပေါလာလိုက် ပျောက်သွားလိုက် ဖြစ်နေတဲ့ သဘောတရားတွေဟာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူငါ မဟုတ်၊ သဘောတရား အဆက်ဆက်၊ သဘောတရား သက်သက်၊ နာမ်ရုပ်ဖြစ်ပျက်၊ အနိစ္စ ဒုက္ခ အနတ္တ အစစ်ဟု ဉာဏ်မျက်စိနှင့် စေ့စေ့ကြည့်ရှုကာ အနုပဿနာသုံးပါးဖြင့် အဖန်တလဲလဲ စူးစိုက်၍ ရှုမှတ်နေရမည်။

ဤလို ရှုမှတ်ဖန်များလာတဲ့အခါ ရှေးရှေးသော ဘဝ ကာလတို့က ရုပ် နာမ် ဖြစ်ပျက် ညက်ညက်ကျအောင် အနိစ္စ၊ ဒုက္ခ၊ မွမွကျအောင် ချေနိုပ်နယ်ခဲ့ဖူးတဲ့ သခ်ါရတရား လက်ကိုင်ရှိထားပါလျှင် 'မဒ္ဒိတ သခ်ါရ တာယ နစိရဿေဝ သဟ ပဋိသန္ဓိ ဒါဟိ အရဟတ္တံ ပါပုဏိ' ဆိုတဲ့အတိုင်း မကြာမီ ဉာဏ်စဉ်တက်၍ ဖြစ်ပျက်တွေကို ရှုရင်း ရှုရင်းနှင့်ပဲ ဖြစ်ပျက်တွေ ဆုံးသွား၍ မဖြစ်မပျက်တဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက် မြင်သိကာ မိမိတို့လိုလား တောင့်တနေကြတဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို ရတတ် ရောက်တတ် ကြလေသည်ဟု သိ၍ ဘဝမဂ် ဖိုလ်ရအောင် အားထုတ်ကြပါလေ။

ယောဂီချည်းပဲ

"ကပ္ပဌာနံ ယုဇ္ဇတီတိ ယောဂီ" အရ တောမှီမှ ယောဂီမဟုတ်၊ အဝတ်ဖြူ အဝတ်ညိုဝတ်မှ ယောဂီမဟုတ်၊ ကမ္မဋ္ဌာန်းအလုပ် တရားအားထုတ်နေသော သူမှန်လျှင် ဘယ်သူမဆို ယောဂီချည်းပဲ။ ထို့ကြောင့် တောမမှီနိုင်တဲ့ အိမ်ယောဂီ၊ ကျောင်းယောဂီ၊ ဧရပ်ယောဂီ၊ မဏ္ဍပ်ယောဂီ၊ တဲယောဂီ၊ ကူလီယောဂီ၊ လယ်လုပ်ယောဂီ၊ ကုန်သည်ယောဂီ၊ ပန်းပု–ပန်းပဲ–ပန်းချီ–ပုတီး–ပိသုကာ စသည် ယောဂီ၊ မင်းမှုထမ်း၊ ရဲကြပ်၊ ရဲအုပ် ရဲဗိုလ်၊ ရဲဝန် ယောဂီ၊ စာရေး စာချီ၊ မြို့ပိုင် နယ်ပိုင် ခရိုင်ရဲဝန်၊ တိုင်းမင်းကြီး၊ လွှတ်တော် တရားဝန်ကြီး ယောဂီ၊ စစ်သေနာပတိ၊ ဝန်ကလေး၊ ဝန်ကြီး၊ ဝန်ကြီးချုပ်၊ သမ္မတ၊ ပဒေသရာဇ်၊ ဧကရာဇ် ယောဂီတို့ပါ သွားရင်းဟန်လွဲ မိမိတို့ အလုပ်အကိုင်၊ နိုင်ငံရေး၊ တိုင်းရေး၊ ပြည်ရေး၊ စစ်ရေး၊ စီးပွားရေး တွေလည်း မပျက်စီးရဘဲ ရပ်ရင်း၊ ထိုင်ရင်း၊ အိပ်ရင်း၊ စားရင်း၊ သောက်ရင်းလည်း ဝိပဿနာ အလုပ်ပါနေသောကြောင့် အလုပ်အကိုင်စီးပွားရေး မပျက်ရဘဲ သွားရင်းစားရင်း သောက်ရင်း လုပ်ရင်း ကိုင်ရင်းနှင့်ပဲ လက်ရှိဘဝ၊ သေနေ့က မဦးခင် မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ရက်က ဦးသွားအောင် အထူး

http://www.dhammadownload.com

သတိပြု၍ ကြိုးစားကြပါကုန်။ အဖိုးမဖြတ်နိုင်တဲ့ ဓမ္မ လက်ဆောင်အဖြစ်ဖြင့် နောင် အကျိုးမျှော်၍ နိဗ္ဗာန်ဆော် လိုက်ပါသည် အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်း သူတော်ကောင်းတို့။

နိမိတ်ယူရာ ဌာန (၄) မျိုး

"ဖုဋ္ဌဌာနေ စိတ္တံဌပေန္တာ ပဿတိ"နှင့်အညီ အဿာသ ပဿာသ အာနာပါန အာရုံယူရာ အရပ် ဌာနကို...

(၁) နာသီးဖျား
(၂) အထက်နှုတ်ခမ်းဖျား
(၃) ရင်ချိုင့်
(၄) ဝမ်းဗိုက်

ဟူ၍ (၄) မျိုးရှိရာ တစ်မျိုးမျိုးဌ် မိမိတို့၏ ထိခိုက်မှု ထင်ရှားရာမှာ စိတ်ကိုထား၍ ရှုမှတ်ရမတဲ့။ ဘယ်မှာပဲ ထင်ရှား ထင်ရှား သိသာ ထင်ရှားတဲ့ နေရာမှာသာ စိတ်ကိုထား၍ အားထုတ်ရမည်။

ရည်-တို (၂) မျိုး

လေထိခိုက်မှု ထင်ရှားတာကတော့...

"ဒီဃ နာသိကဿ နာသပုဋ်ဌံ ဃဋ္ဌေန္တော ပဇာနာတိ၊ ရဿ နာသိကဿ ဥတ္တရောဋ်ဌ"

ဆိုတဲ့ တတိယ ပါရာဇိက အဋ္ဌကထာအရ နာခေါင်း နာတံရှည်တဲ့သူမှာ နာခေါင်းဖျား၊ နာသီး ဖျား၊ နာခေါင်း နာတံတိုတဲ့သူမှာ အထက်နှုတ်ခမ်းဖျား မှာ ထွက်လေ ဝင်လေတို့ဟာ ထိခိုက်မှုထင်ရှားသတဲ့။

အမှတ် (၆) မျိုး

ငင်းပြင် သတိချပ်၍ သိမှတ်ရမှာက "ဖုဿန ဝသေန မနသိကာတဗ္ဗံ" အရ ထွက်လေ ဝင်လေ တို့၏ ထိခိုက်မှု အထင်ရှားဆုံးနေရာမှာ စိတ်ထား၍ မှတ်ရမည်ဆိုထားရာ မှတ်ချက်တာနှင့်မှတ်ဖို့ ပြဆိုပါ ဦးမည်။

အချို့က ၁။ ထိထိ-ဟူ၍ လည်းကောင်း၊ ထိသိ ထိသိဟူ၍ လည်းကောင်း။
အချို့က ၂။ ထွက်တယ် ဝင်တယ်
အချို့က ၃။ ရှူတယ် ရှိုက်တယ်
အချို့က ၄။ ချီတယ် ချတယ်
အချို့က ၅။ လျော့တယ် တင်းတယ်
အချို့က ၆။ ပိန်တယ် ဖောင်းတယ်

စသည်ဖြင့် အမျိုးမျိုး မှတ်ကြ၏။ မှတ်ချင်တာနှင့်မှတ်၊ သို့ရာတွင် မိမိရှေးက အားထုတ်ခဲ့ဖူးတဲ့ အမှတ်မျိုးနှင့် မှတ်မှသာ ချပ်ခနဲ ချပ်ခနဲ သဘောကျသွားလွယ်သတဲ့။ သို့ကြောင့် တစ်နည်းမကောင်း တစ်နည်း ပြောင်းမှတ်နိုင်ဖို့ရာ "နယဂ္ဂါဟ၊ နယဒဿန"အားဖြင့် အမှတ်(၆)မျိုး ပြားသည်ဟု သိလေမှတ်လေ။ သို့ရာတွင် ဤကျမ်းဌ်ကား မိမိကိုယ်တိုင် အားထုတ်ခဲ့ဖူးတဲ့ ရှူမှု ရှိုက်မှု ဤတစ်ခုကိုသာ ပဓာနထား၍ ပြသွားလိမ့်မည် ဖြစ်ကြောင်း။

ရုပ်အာရုံချည်းပဲတဲ့

ဘယ်ဟာက အမှား၊ ဘယ်ဟာက အမှန်ဟု မဆိုရ။ အမှန်ချည်းပဲဟု မှတ်ယူရမည်။ အဘယ့်ကြောင့်ဆိုသော်... အာရုံတစ်ပါး စိတ်ထွက်မသွားစေဘဲ အားထုတ်ဖန်များ၍ သတိ သမာဓိဉာဏ် ရင့်သန် အားပြည့်လာတဲ့အခါ...

၁။ ထိထိနေတာလည်း ရုပ်။
၂။ ထွက်တာဝင်တာလည်း ရုပ်။
၃။ ရှူတာရှိုက်တာလည်း ရုပ်။
၄။ ချီတာချတာလည်း ရုပ်။
၅။ လျော့တာတင်းတာလည်း ရုပ်။
၆။ ပိန်တာဖောင်းတာလည်း ရုပ်။

အားလုံးကုန် ရုပ်ချည်းပဲဟု မတွေမဝေ ရှင်းရှင်းလင်းလင်းကြီး သိလာတယ်။ အဲဒါကြောင့် အမှားမရှိ၊ အမှားမဆိုရဟု ဆိုခဲ့ပေသည်။ ဝါယော အဓိက ဖောဋ္ဌဗ္ဗ၊ ရုပ်ချည်းပဲဟု ဆိုလိုသည်။

http://www.dhammadownload.com

ထိသီ။ ။ ဤ၌ ထွက်လေ ဝင်လေတို့၏ ထွက်တိုင်း ဝင်တိုင်း နှုတ်ခမ်းဖျား နှာသီးဖျားတို့၌ ထိထိပြီး ထွက်သည်ကို ထိသိ-ဆိုသည်၊ ထိတိုင်း ထိတိုင်း သိသိ-နေသည်ကို ထိ-သိ ဆိုသည်။

ထွက်ဝင်။ ။ ထွက်သက် ထွက်တာကို ထွက်၊ ဝင်သက် ဝင်တာကို ဝင် ဆိုသည်။

ရှုရှိုက်။ ။ ထွက်သက်ကို ရှု၊ ဝင်သက်ကို ရှိုက်။ တစ်နည်း ထွက်သက်ကို ရှိုက်။ ဝင်သက်ကို ရှု ဆိုသည်။ အဲဒါလည်း မိမိစိတ်အထင် ကွဲပြားခြင်းမျှသာ၊ မိမိစိတ်အထင်အတိုင်း သာ မှတ်ပါလေ။

ချီချ ။ ။ ထွက်သက်ဝင်လာတဲ့အခါ ရင်ဘတ်ကို ထမ်းမပြီး ထွက်လာလို့ ရင်ချီတယ်၊ ဝင်သက်ဝင် သွားတဲ့အခါ ရင်ဘတ်ကို ဖိနှိပ်ပြီး ဝင်သွားတယ်လို့ ရင်ချတယ် ဆိုရသည်။

လျော့တင်း။ ။ ထွက်သက် ထွက်လာတဲ့အခါ ဝမ်းလျော့သွားလို့ လျော့၊ ဝင်သက် ဝင်လာတဲ့အခါ ဝမ်းတင်းသွားလို့ တင်းဆိုသည်။

ပိန်ဖောင်း။ ။ ထွက်သက် ထွက်လာတဲ့အခါ ဝမ်းဗိုက် ပိန်လာလို့ ပိန်၊ ဝင်သက် ဝင်သွားတဲ့အခါ ဝမ်းဗိုက်ဖောင်းလာလို့ ဖောင်းဆိုသည် မှတ်လေ။

အမှတ်နှင့် စိတ်ထား (၆) မျိုး

၁။ ထိသိ ထိသိ ထိသိလို့မှတ်လျှင် နှာသီးဖျား နှုတ်ခမ်းဖျားမှာ စိတ်ထား။

၂။ ထွက်တယ်-ဝင်တယ်လို့မှတ်လျှင် နှာသီးဖျား နှုတ်ခမ်းဖျားမှာ စိတ်ထား။

၃။ ရှုတယ်-ရှိုက်တယ်လို့ မှတ်လျှင် နှာသီးဖျား နှုတ်ခမ်းဖျားမှာ စိတ်ထား။

၄။ ချီတယ်-ချတယ်လို့ မှတ်လျှင် ရင်ညွန့် ရင်ချိုင့်မှာ စိတ်ထား။

၅။ လျော့တယ်-တင်းတယ်လို့မှတ်လျှင် ဝမ်းဗိုက်မှာ စိတ်ထား။

၆။ ပိန်တယ်-ဖောင်းတယ်လို့မှတ်လျှင် ဝမ်းဗိုက်မှာ စိတ်ထား။

မှတ်ချက်။ ။ အဆိုပါ အမှတ်(၆) မျိုးတွင် ၁၊ ၂၊ ၃ နံပါတ်တို့မှာ နှာသီးဖျား၌ လည်းကောင်း၊ ဥတ္တရောဋ္ဌေဝါ၊

မုခနိမိတ္တော၀ါ၊ အထက်နှုတ်ခမ်းဖျား၌ လည်းကောင်းဆိုသောကြောင့် ကျမ်းဂန်တို့၌ တိုက်ရိုက်လာသော လက်ရိုးဝါဒဟောင်း အကောင်းကြီးဟု မှတ်။ ၄၊ ၅၊ ၆ နံပါတ်တို့မှာ ကျမ်းဂန်တို့၌ တိုက်ရိုက်မလာ၊ နယဂ္ဂါဟအားဖြင့်သာ ပြဆိုကြသည်။ ကျမ်းဂန်တို့ သဘောလည်း နယဒဿန၊ ဥပလက္ခဏသာ များသည်။ သို့ တိုက်ရိုက်ပင် မလာသော်လည်း "ဖုဋ္ဌ ဖုဋ္ဌ ဋ္ဌာနေ ဝါ"ဟူ၍ လည်းကောင်း၊ "ပကတိ ဖုဋ္ဌဋ္ဌာနေ၀ စိတ္တံထပေထွာ မနသီ ကာရော ပ၀တ္တေတဗ္ဗော"ဟူ၍ လည်းကောင်း၊ "ဖုဋ္ဌေ ကာသေ ပနသတိ' ထပေထွာ ဘာ၀ေန္တသ္သေ၀ ဘာ၀နာ သမ္မဒ္ဓတိ" ဟူ၍လည်းကောင်း၊ အထပ်ထပ် အခါခါ အဋ္ဌကထာမှာ ကြပ်ကြပ်ကြီး မှာထားခဲ့သောကြောင့် ကမ္မဋ္ဌာန်းခွင် လုပ်ငန်းစဉ်သို့ ဝင်ခါ ထိုင်ခါစမှာ ထွက်လေ ဝင်လေတို့ဟာ လွန်စွာ ကြမ်းတမ်းရုန့်ရင်းသောကြောင့် နှုတ်ခမ်းဖျား နှာသီးဖျားတို့မှာ ထိခိုက် ထင်ရှားသော်လည်း နာရီဝက် တစ်နာရီ စသည် ကြာရှိလာတဲ့အခါ တစ်စ တစ်စ နူးညံ့သိမ်မွေ့ သွားပါသဖြင့် မထင်ရှား၍ မမှတ်တတ်တဲ့အခါ လေထိမှု၊ ထင်ရှားရာ ရင်ညွန့် ရင်ချိုင့်သို့ ပြောင်းပြောင်း မှတ်ရခြင်း၊ ၎င်းမှ မထင်ရှားပြန်လျှင် ဝမ်းဗိုက်သို့ ရွှေ့ပြောင်း၍မှတ်ရခြင်း၊ အဆိုပါ သာဓကတို့ကို ထောက်ဆပါလျှင် အတ္တယုတ္တိ သဒ္ဒယုတ္တိ အသင့်ပင် ရှိခြင်းများကြောင့် အဆိုပါ ၄၊ ၅၊ ၆ နံပါတ် တို့ကိုလည်း နည်းမှန် နည်းကောင်း ဟူ၍ပင် မှတ်ယူရမည်။ ကျမ်းဂန် တိုက်ရိုက်ပေါ်မလာ ပေါ်ပင်

http://www.dhammadownload.com

မျှသာဟု မဆိုလင့် မပယ်သင့်ထိုက်ပေ ယောဂီတွေ တို့။

နိဗ္ဗာန် မျက်မှောက်။ ။ ဘာကြောင့် လဲဆို တော့ နောင်ကို အားထုတ်ဖန်များ၍ သတိ သမာဓိ ဉာဏ်အားပြည့်လာတဲ့အခါ နှုတ်ခမ်းဖျား၊ နှာသီးဖျား မှာ ထိထိနေတာလည်း ဝါယော အဓိက ရုပ်ပဲ၊ ထွက် လိုက် ဝင်လိုက်ဖြစ်နေတာတွေလည်း ရုပ်ပဲ။ ရှူလိုက် ရှိုက်လိုက်ဖြစ်နေ တာလည်း ဝါယော ရုပ်ပဲ။ ရင်ဝမှာ လျော့လိုက် တင်းလိုက်၊ ချီလိုက် ချလိုက် ဖြစ်နေတာ လည်း ဝါယော ရုပ်ပဲ။ ဝမ်းဗိုက်မှာ ပိန်လိုက် ဖောင်း လိုက် ဖြစ်နေတာလည်း ဝါယောအဓိက ရုပ်ရှစ်ခုပဲ လို့ ရှင်းရှင်းလင်းလင်းကြီး မတွေ့မဝေ သိလာ၍ စိတ္တဇ အဋ္ဌကလာပ် ဝါယောဓာတ် ဝါယော ရုပ်ကို ငုတ်တုတ်ကြီး လက်ကိုင်မိအောင် ဖမ်းနိုင်တာ ချည်းပဲ ဖြစ်တယ်။ ရုပ်ကိုသိတော့ ၎င်းရုပ်ကို အာရုံ ပြု၍နေတဲ့ သိမှတ်မှုကိုလည်း နာမ်လို့ သိရောပေါ့။ ရုပ်နှင့်နာမ်သာလို့ သိသည်နှင့် တစ်ပြိုင်နက်၊ ၎င်း ရုပ်နာမ်တို့၏ မမြဲ၊ ဆင်း။ ငါ ကောင်လည်းမဟုတ်၊ သူကောင်လည်း မဟုတ်၊ နာမ်–ရုပ် အနတ္တ၊ ဧလာဘ တဏှာ သမုဒယသစ္စာကြောင့်ဖြစ်တဲ့ ရုပ်နာမ်နှစ်ဝ ဒုက္ခ သစ္စာ အပေါင်းအစုမျှသာဟု ရှင်းလင်းစွာ သိ၍ ဝိပဿနာဉာဏ်အမြင်ရပြီး တစ်ဉာဏ်ပြီး တစ်ဉာဏ် လောကီဉာဏ်စဉ် ဆုံးသွားတဲ့အခါ "လမ်းဆုံးရင် ရွာတွေ့"ဆိုတာကို မိမိတို့ မျှော်လင့်တောင့်တ အလိုရှိ နေကြတဲ့ လောကုတ္တရာ မဂ် ဖိုလ် နိဗ္ဗာန်ကို မျက် မှောက်ပြုသွားနိုင်တာချည်းဖြစ်၍ နည်းမှန် လမ်းမှန် ဟူ၍ပင် ယုံယုံကြည်ကြည် အားထုတ်ကြပါလေ။

သမထနှင့် ဝိပဿနာ။ ။ ပဋိသန္ဓိဒါမဂ်အရ အာနာပါနကမ္မဋ္ဌာန်းမှာ ပထမ စတုက္က၊ ဒုတိယ စတုက္က စသည်ဖြင့် လေးစတုက္ကရှိရာ ပထမစတုက္က သာ သမထ၊ ဝိပဿနာစခန်းဖြစ်၍ ၎င်း သမထခန်း ကို သမာဓိ အတော်အတန် နိုင်မာလာအောင် ရှေးဦး စွာ ပြဆိုပြီးမှ ဝိပဿနာခန်းကို ဆက်လက် ပြဆို သွားပါမည်။ ဤလို ပြဆိုရခြင်းသည်လည်း ကျမ်း ရေးသမားတို့ ထုံးစံဖြစ်ပါသည်။ အလုပ်သမား ထုံးစံ မှာ ထိုကဲ့သို့ မဟုတ်ပါ။

ရက်လများစွာ အချိန်မရသူ၊ နေတို့ လတို့နှင့် တရား အားထုတ်သူတို့မှာ "ခဏိကသမာဓိ" ဖြင့်ပင် ယုဂနဒ္ဓနည်း၊ သမထ ဝိပဿနာ တစ်ဆက်တည်း အားထုတ်လိုလျှင်လည်း အားထုတ်ရသည်။ အား ထုတ်ရမည်။ အားထုတ်လေ။ သို့မဟုတ် အချိန် ကာလ အတော်အတန်ရသူတို့မှာ... လာဘ် ကောင်း ကောင်းမြင်မှ ဗေဒင်ဆရာမှာ ပါရဂူ မြောက်နိုင်ကြ သလို ထို့အတူပမာ သမထ ဝိပဿနာ အရာမှာ လည်း သမာဓိ ကောင်းကောင်းရမှသာ ဈာန်ရောက် မဂ်ပေါက်နိုင်ကြမည်ဖြစ်၍ သမာဓိ–သမထကို ရက် ရှည်လများ အားထုတ်ပြီးမှ ဝိပဿနာသို့ တက်လို လျှင်လည်း တက်ရသည်မှတ်လေ။ သို့မဟုတ် သမထ သက်သက်ကိုသာ အားမထုတ်လို အားထုတ် ခွင့်မရလျှင် ဤ သမထခန်းကို ချန်၍ ဝိပဿနာ ဘက်သို့ အားထုတ်ပါလေ။

မှတ်ချက်။ ။ ဤ၌ ထွက်သက်ကိုရှု၊ ဝင်သက်ကို ရှိုက်ဟု မှတ်သားလျှင် ရှူတိုင်း ရှိုက်တိုင်း၊ ရှူမှုန်း ရှိုက်မှုန်း သိသိနေအောင် သတိပြုနေရမည် မှတ်လေ။ ဤ သတောဆိုတဲ့ပုဒ်ကို သတော ကာရီ သတိပြု။ သတိ အဝိဇဟန္တော သတိလက်မလွတ် စေနှင့်၊ သဘာ ရကွေန စိတ္တံ ရက္ခိတဗ္ဗံ သတိအစောင့် အရှောက်ဖြင့် စိတ်ကို စောင့်ရှောက်ရမယ်။ သတိ ရဖွယာ ဗန္ဓိတဗ္ဗံ၊ နွားရိုင်းကို တိုင်မှာ ကြိုးချည်၍ ဆုံးမသကဲ့သို့ စိတ်ရိုင်းကို ထွက်သက် ဝင်သက် အာရုံ၌ သတိဟူသော ကြိုးဖြင့် မြဲမြဲဖွဲ့ချည်ရမယ်။ သတိနှင့် စောင့်၊ သတိနှင့်ဆုပ်၊ သတိနှင့်ချုပ်ဆိုတဲ့ အဋ္ဌကထာ ဆရာ၏ အမိန့်မှတ်ချက်များကိုလည်း လေးလေးစားစား လိုက်နာကြရမည်မှတ်လေ။

http://www.dhammadownload.com

တံခါးစောင့် ဥပမာ။ ။ ဥပမာ ဆိုသော် ဂိတ်စောင့်သမား တံခါးစောင့် ယောက်ျားသည် တံခါးဝ တံခါးပေါက်သို့ ရောက်လာတိုင်း ရောက်လာတိုင်းသော သူတို့ကိုသာ သူဝင်တယ်၊ သူထွက်တယ် စသည်ဖြင့် တစ်ယောက်မျှမကျန် သတိပြု၍၊ သတိပြု၍ ကြည့်ရှုနေသကဲ့သို့ ထို့တူပမာ ထွက်လေဝင်လေတို့၏ ထိရာထိရာမှာသာ မိမိတို့၏ စိတ်ကို ခိုင်မြဲစွာ စိုက်ထားပြီးလျှင် ထိတိုင်း၊ ထွက်တိုင်း၊ ဝင်တိုင်း၊ ရှူတိုင်း ရှိုက်တိုင်း၊ ပိန်တိုင်း ဖောင်းတိုင်း သိသိနေအောင် (၀၊) အသိမြဲ၍ အမှတ်စိတ် ဝင်လာသည့်တိုင်အောင် အမြဲသတိပြုနေရမည်ကိုပင် သတိမြဲ ပထမာ ဆိုပေသည်။

ပညတ်နိမိတ်များ။ ။ ဤလို ရှူမှု ရှိုက်မှု ဤနှစ်ခုပေါ်မှာ သတိနှင့်လိုက်နေတဲ့အခါ အာရုံတစ်ပါး စိတ်ထွက်မသွားအောင် စိုက်ထားနိုင်တဲ့အခါ ဘယ်သူမဆို သမာဓိရအောင် အားထုတ်လျှင် အနည်းနှင့်အများ တစ်ပါးပါးသော ပညတ်နိမိတ်၊ ပညတ်အာရုံ၊ ပရမတ် နိမိတ်၊ ပရမတ်အာရုံများနှင့် ထိုက်သင့်သလို တွေ့ရတတ်လေသည်။

တွေ့ရသော နိမိတ်များမှာ နေ့အခါ နံရံပေါက်မှ ဝင်လာသော နေရောင်နှင့် ပန်ရသဖြင့် တိုက်ခန်းတွင်းမှာ မြူတန်းကြီးပမာ ပိုးကောင်ကလေးတွေ မရေမတွက်နိုင်အောင် ပျံသန်းပြေးသွားနေသလို၊ ထို့တူပမာ အာရုံတစ်ပါး စိတ်ထွက်မသွားစေဘဲ ဧဂကတာ ကျကျ သမာဓိရရှိလာတဲ့အခါ စိတ်အထင်မှာ ဖုံးလွှမ်းနေတဲ့ လောဘစသော နီဝရဏာအညစ်အကြေး တဒင်္ဂကင်းဝေး စင်ကြယ်နေ၍ စိတ်ရောင် တောက်လာသောကြောင့်၊ ၎င်း စိတ္တဇရောင်ခြည်နှင့် ပန်ရနေသဖြင့် ရှေ့မျက်နှာပြင်တွင် ဖြစ်စေ၊ နှာခေါင်း ရှေ့တွင်ဖြစ်စေ မွေးညင်းတွင်းတို့မှ ဖြစ်စေ မှုန်.မှုန်.ညက်ညက် ထွက်၍နေသော ဝါယောရုပ်ကလာပ်မှုန်ကလေးတွေကို ပကတိ မျက်စိနှင့် မြင်ရသလို ရုပ်ရှင်ကြည့်နေရသည်နှင့်မခြား စိမ်းစိမ်းဝါဝါ၊ ပြာပြာ၊ နီနီ၊ အလိုလိုကို လည်းကောင်း၊ စိမ်းဖန့်ဖန့်၊ စိမ်းရွှေရွှေကို လည်းကောင်း၊ ဤသို့ စသည်ဖြင့် အမျိုးမျိုး အစားစား ပညတ်နိမိတ်အာရုံများကိုလည်း သမာဓိ အားလျော်စွာ တွေ့မြင်ရ တတ်လေသည်။ ဤမှတစ်ပါး အခြားသောနိမိတ်များကိုလည်း တွေ့ရတတ်သေး၏။ သို့ တွေ့ရသော်လည်း သူ့ကို ဂရုမစိုက်နှင့်၊ ထိတယ်-သိတယ်၊ ထွက်တယ်-ဝင်တယ်၊ ရှူတယ် ရှိုက်တယ်၊ ပိန်တယ်-ဖောင်းတယ် စသည်ဖြင့် မှတ်မြဲ အတိုင်းသာ မှတ်မှတ်၍ နေရမည်။ သူတို့အတွက် အမှတ် မပျက်ပါစေနှင့်။ သူတို့ကိုသော်လည်း မြင်တဲ့အတိုင်း "မြင်တယ်-မြင်တယ်"ဟု စိုက်လိုက် မှတ်လိုက်လျှင် ပျောက်သွားတတ်ပါ၏။ ပျောက်သွားတဲ့အခါ မှတ်နေကျ ထွက်-ဝင်-ရှူရှိုက်ကိုသာ မှန်မှန် မှတ်သွားပါ။

ဤလိုဤပုံ မိမိ၏ သတိအမှတ်သည် ထွက်-ဝင်-ရှူ-ရှိုက်မှု ဆိုတဲ့ အာရုံထဲမှာ မြဲမြံစွဲစွဲ မတည်သေး၊ မနေသေး။ ထိုမျှလောက် ကာလပတ်လုံး ရှုမှတ်နေရမည်။ အကြင်အခါ မိမိ သတိအမှတ်သည် အဆိုပါ အာရုံထဲမှာ မိနစ်၊ နာရီ စသည်ဖြင့် ခိုင်မြဲစွာ တည်ငြိမ်၍နေလာ၏။ ထိုအခါ ပထမခန်း ပြီးပြီဟုမှတ်လေ။

ဒုတိယခန်း လုပ်ငန်းစဉ်

ဒုမှာ ရှည် တို သိ။ ။ အဆိုပါ ပထမခန်းမှာ စိတ္တေကဂ္ဂတာ စိတ်ငြိမ် သက်တည်ကြည်မှု သမာဓိ နသေးတယ်၊ အရင့်လိုသေးတယ်၊ ရင့်သန်သည်ထက် ရင့်သန်၊ ခိုင်မာသည်ထက် ခိုင်မာ၊ စိတ်ချလောက်အောင် ဆက်လက်အားထုတ် လိုသေးတယ် ဆိုလျှင် ဒုတိယ သမထခန်းကို ဆက်လက် အားထုတ်လိုသေးတယ်ဆိုလျှင် ဒုတိယ သမထ ခန်းကို ဆက်လက် အားထုတ်လေ။ အားထုတ်ပုံ အားထုတ်နည်းမှာ ထွက်လေ ဝင်လေတို့ကို ရှည်ရှည် ရှူရှိုက်လျှင် ရှည်ရှည် ရှူရှိုက်တယ်၊ တိုတို ရှူရှိုက်လျှင် တိုတို ရှူရှိုက်တယ်လို့ အရှူနှင့်အသိ၊ အရှိုက်

http://www.dhammadownload.com

နှင့်အသိ တည့်တည့်သွားအောင် ထပ်မံ ထပ်မံသွားအောင်၊ (၀၊) အံကိုက် အံကျ အံကိုက် အံကျ အတွဲလိုက် အတွဲလိုက် ကပ်ကပ် သွားအောင် တိုမှန်း ရှည်မှန်း သိသိနေအောင် သတိပြု မှတ်နေရမည်။

ပွတ်ထိုးသမား ဥပမာ။ ။ ဥပမာဆိုသော် တစ်စုံတစ်ယောက်သော ဆင်စွယ် ပွတ်သမားသည် ပွတ်အထူးကို ပွတ်ခံလို ပွတ်ထိုးလိုတဲ့အခါ မိမိပွတ်ကြိုးကို ရှည်ရှည်ဆွဲလျှင် ရှည်ရှည်ဆွဲတယ်။ တိုတိုဆွဲလျှင် တိုတိုဆွဲတယ်လို့ သိသိနေသကဲ့သို့၊ ထို့အတူ ပမာ ယောဂီ ပုဂ္ဂိုလ်သည် မိမိ၏ ရှူမှု၊ ရှိုက်မှု၊ ထွက်လေ-ဝင်လေတို့ကို ရှည်လျှင် ရှည်တယ်၊ တိုလျှင် တိုတယ်ဟု ရှူတိုင်းရှိုက်တိုင်း သိသိနေသည်ကိုပင် "ဒုမှာ ရှည် တိုသိ" ဆိုသည်ဟု မှတ်လေ။

ပညတ်နိမိတ်များ

ဤဒုတိယခန်းမှာလည်း အရှည် အတို ရှူ-ရှိုက်မှုတွေကို သတိနှင့် လိုက်နေတာ အတော်ကြာသွားတဲ့အခါ အာရုံတစ်ပါးစိတ်မထွက်သွားပါလျှင် ဆေးလိပ် မီးခိုးတန်း နှာခေါင်းထဲက ထွက်နေသကဲ့သို့ လည်းကောင်း၊ အထက်ကောင်းကင်တွင် တိမ်တွေ ပြေးသွားသကဲ့သို့ လည်းကောင်း၊ မီးရထား ခေါင်းတွဲမှ မီးခိုးတန်း မီးခိုးလုံးကြီးတွေ ထွက်နေသကဲ့သို့ လည်းကောင်း၊ နှာခေါင်းဝမှာ ဖြစ်စေ၊ နှာခေါင်းနှင့် လေးသစ် တံထွာ တစ်တောင်ခန့်၊ လက်တစ်လှမ်းခန့်လောက်မှာ ဖြစ်စေ အဆိုပါ နိမိတ်မျိုးမှတစ်ပါး အခြားသော နိမိတ်မျိုးကို ဖြစ်စေ အနည်းနှင့် အများ တစ်ပါးပါးတို့ကို တွေ့မြင်ရတတ်သည်။ ဘယ်လိုပဲ တွေ့တွေ့ တွေ့မြင်တဲ့ အတိုင်းသာ မြင်တယ်-မြင်တယ်လို့သာ ရှုမှတ်သွားပါ။ တွေ့တာမြင်တာ ပျောက်သွားလျှင် ရှုမှတ်နေကျ ရှူ-ရှိုက်ကိုသာ ပြန်မှတ်ပါလေ။

ဤလို ဤပုံ ဤပုံ ရှူတိုင်း ရှိုက်တိုင်း၊ ထွက်တိုင်း ဝင်တိုင်း ရှည်လျှင် ရှည်တယ် တိုလျှင်တိုတယ် လို့ မိမိ၏ သတိ အမှတ်အသားသည် ရှည်-တို ဆိုတဲ့ အာရုံထဲမှာ မြဲမြံစွဲစွဲ မတည်သေး မနေသေး။ ထိုမျှလောက် ရှုမှတ်နေရမည်။ အကြင်အခါ အဆိုပါ အာရုံထဲမှာ မိမိ၏ သတိအမှတ်သည် နာရီဝက်-တစ်နာရီ စသည်ဖြင့် နိုင်မြဲစွာ တည်ငြိမ်လာ၏။ ထိုအခါ ဒုတိယခန်း ပြီးပြီဟု မှတ်ပါလေ။

တတိယခန်း လုပ်ငန်းစဉ်

လုံးစုံလင်းရာ တဋ္ဌသာ

အဆိုပါ ဒုတိယခန်းနှင့်ပင် အားရကျေနပ်ခြင်း မရှိသေး၍ တစ်ဆင့်တက်ကာ အားထုတ်လိုပါသေးလျှင် မွေးနေ့မှ သေနေ့ကျအောင် မပြတ်မစဲ ထပ်တလဲလဲ ထွက်ဝင်နေကြတဲ့ ထွက်သက် ဝင်သက် ထိုနှစ်ချက်တို့တွင် ထွက်သက်၏ အစကား ချက်၊ အလယ်ကား ရင်ချို့၊ အဆုံးကား နှုတ်ခမ်းဖျား၊ နှာသီးဖျား။ ဝင်သက်၏ အစကား နှုတ်ခမ်းဖျား၊ နှာသီးဖျား။ အလယ်ကား ရင်ချို့၊ အဆုံးကား ချက်တည်း။ ဤလို ထွက်သက် ဝင်သက်တို့၏ စလယ် ဆုံး သုံးပါးလုံးတို့ကို သိရုံသာ သိထား၊ စလယ် ဆုံးတို့ကို လိုက်၍ ရှုမှတ်မနေနှင့်၊ ပင်ပန်းရုံသာ။ ထွက်လေ ဝင်လေတို့၏ ထိခိုက်မှု ထင်ရှားရာ နှုတ်ခမ်းဖျား၊ နှာသီးဖျား စသည်တို့မှာ စိတ်ကိုစိုက်ထား၍ ရှုမှတ်နေပါလျှင် စလယ်ဆုံး သုံးပါးလုံးတို့ကို သိသာ ထင်ရှားလာသည်သာတည်း။ ဤလို စလယ်ဆုံး သုံးပါးလုံးတို့ကို သိသာ ထင်ရှားလာအောင် သတိပြု၍ ရှုမှတ်နေရမည်။

ဤလို ဤပုံ ထွက်လေ ဝင်လေတို့၏ စလယ် ဆုံး သုံးပါးလုံးကို သိမြင်နေတဲ့ သတိအမှန်သည် စ လယ် ဆုံး အာရုံထဲမှာ စွဲစွဲမြဲမြံမတည် သေးမနေသေး။ ထိုမျှလောက် ရှုမှတ်၍နေရမည်။ အကြင်အခါ အာရုံထဲမှာ မိနစ်-နာရီ စသည် တည်မြဲ၍လာတော့၏။ ထိုအခါ တတိယခန်းပြီးပြီဟု မှတ်ပါလေ။

စမှာငြိမ်းစေဘိ။

http://www.dhammadownload.com

စတုတ္ထလုပ်ငန်းစဉ်

ဤအာနာပါန ကမ္မဋ္ဌာန်း၌ သမထခန်း လေးခန်းရှိရာ ပထမခန်းက "ခဏိကသမာဓိ"နှင့်ပင် ဝိပဿနာဘက်သို့ တက်လိုလျှင်လည်း တက်နိုင်ပါ၏။ တက်လေ၊ တက်ရမည်။ ထိုသို့မဟုတ် လေးခန်းလုံး ပြီးဆုံးသွားအောင် အားထုတ်လိုပါသေးတယ်ဆိုလျှင် အာရုံတစ်ပါး ပြေးထွက်သွားတတ်တဲ့ မိမိစိတ်ကို သတိတည်းဟူသော ကြိုးလွန်ဖြင့် မြဲမြဲ ကြပ်ကြပ် ချည်နှောင်၍ သတိနှင့်စောင့်။ သတိနှင့်အုပ်၊ သတိနှင့် ချုပ်ပြီးလျှင် ရှုမှု ရှိုက်မှု ဆိုတဲ့ ထွက်လေဝင်လေတို့ကို တစ်စ တစ်စ ဖြည်းဖြည်းချင်း၊ ဖြည်းဖြည်းချင်း ဖြည်းသည်ထက်ဖြည်း၊ နှေးသည်ထက် နှေး နူးညံ့သိမ်မွေ့သည်ထက် နူးညံ့ သိမ်မွေ့သွားအောင်၊ အလိုက်သင့် ရှုရှိုက်မှုကို သတိနှင့် ပြုနေရမည်။

ကြေးဖလား ဥပမာ။ ။ ဥပမာဆို သော် ကြေးဖလား၊ ကြေးစည်၊ ခေါင်းလောင်းတို့ကို တီးခေါက်လိုက်တဲ့အခါ ရှေးဦးစွာ အသံမာမာ ကျယ်ကျယ် လောင်လောင် ထွက်ပေါ်လာပြီးလျှင် တစ်စ တစ်စ ကြာလေ တိုးလေ၊ ကြာလေ တိုးလေ၊ တိုးစ တိုးစ တိတ်စ တိတ်စ ဖြစ်သွားပြီး နောက်ပိတ်ဆုံး ဘာသံမျှ မကြားရတော့ဘဲ လုံးလုံး အသံပျောက်သွားသလို၊ ထို့တူပမာ ရှုမှု ရှိုက်မှုဆိုတဲ့ ထွက်လေဝင်လေတို့ဟာ တဖြည်းဖြည်း ချုပ်ငြိမ်း ချုပ်ငြိမ်းသွားသည်ကိုပင် "စ-မှာငြိမ်းစေဘိ" ဆိုသည်ဟု သိလေ။

ယောဂီအများ သတိထား။ ။ ဤနေရာမှ ယောဂီများ ကြီးကြီးသတိထား။ ဘာကြောင့်လဲဆိုတော့ "သညဇံဟိ ဧတံ သညာ နိဒါနံ သညပွဘဝံ၊ တသ္မာ သညာ နာနာတာယ နာနတော ဥပဋ္ဌာ တိ" လို့ တတိယပါရာဇိက အာနာပါနအဖွင့်မှာ ဖွင့်ပြထားတယ်။ ယောဂီတို့ တွေ့မြင်ရတဲ့ နိမိတ်တွေဟာ သညာကြောင့်ဖြစ်၊ သညာအကြောင်းရင်း၊ သညာအမွန်အစ၊ သညာမှ ထွက်တယ်ဆိုတဲ့အတိုင်း တစ်ဦးနှင့်တစ်ဦး စိတ်ကူးညွှတ်မှုမတူ၊ စရိုက်နှလုံးသွင်းမတူ၊ အမှတ်သညာ မတူကြလို့မို့ ထင်မြင်လာတဲ့ နိမိတ်များလည်း ကွဲလွဲပြီး တစ်မျိုးစီတစ်ဖုံစီ ထင်ကြမြင်ကြတာတဲ့။

ဈာန်အလိုအရှိ မဂ်ဖိုလ်ကိုသာ အလိုရှိတဲ့ ယောဂီတို့မှာတော့ ပြဆိုခဲ့တဲ့ သမာဓိလေးခန်းတို့တွင် မည်သည့်အခန်း၌မဆို တက်လိုတဲ့အခန်းကပဲ။ ဤခဏိက သမာဓိနှင့်ပင် ဝိပဿနာဘက်သို့ တက်လိုလျှင် မိမိတို့တွေ့မြင်ရတဲ့ ပညတ်နိမိတ်အာရုံကိုပဲ အဆင်းရုပ်အားဖြင့် နှလုံးသွင်း၍ မမြဲဆင်းရဲ၊ အစိုးမရတဲ့သဘောတွေချည်းပဲဟု ဝိပဿနာရှုတတ်ပါလျှင် ဉာဏ်စဉ်တက်၍ မဂ်ဖိုလ်သို့ ရောက်သွားနိုင်သည်ဟု သိလေ။

ရှေးက ဝိပဿနာဉာဏ်အခြေခံ လက်ငုတ်လက်စရှိခဲ့ကြတဲ့ ဝိပဿနာ ယောဂီတို့မှာ ဤပညတ်နိမိတ်အာရုံတို့ကို ခုတစ်မျိုး ခုတစ်မျိုး တစ်မျိုးမျိုး ဖြစ်ပျက်ပုံ အလုံးစုံတို့၏ အဖြစ်အပျက်ကို ရှုမှတ်ရုံနှင့်ပင် မဂ်ဝင် ဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားကြတာတွေ မရေမတွက်နိုင်အောင်များပြားလှလေပြီ။ ဘုရားရှင်လက်ထက်တော်က "တံလျှပ် ရေမြှုပ် ရေပွက် တို့ကို ဝိပဿနာ ရှု၍" မဂ်ဖိုလ်ရသွားကြသော ရဟန်းငါးရာဝတ္ထု စသည်ကိုထောက်။

ပညတ်နှင့် ပရမတ်အာရုံ

ကောင်းကောင်းဆိုးဆိုး ပကတိမျက်စိနှင့် မြင်ရသလို စိတ်ထဲမှာ ထင်မြင်လာတဲ့ အာရုံအမျိုးမျိုးကို ပညတ်အာရုံမှတ်။

ကောင်းကောင်းဆိုးဆိုး မိမိကိုယ်ထဲမှာ တွေ့လာတဲ့အာရုံအမျိုးမျိုးကို ပရမတ်အာရုံမှတ်။

ပညတ်ဖြစ်ဖြစ် ပရမတ်ဖြစ်ဖြစ် ဝိပဿနာဘက်သို့တက်၍ ရှုမှတ်တတ်ပါလျှင် မဂ်ဖိုလ်သို့

http://www.dhammadownload.com

ရောက်နိုင်သည်ချည်းသာ မှတ်လေ။

မှတ်၍ဖျောက်။ ။ သမာဓိဉာဏ် မရင့်သန်သေး၍ ရုပ်နာမ် အနိစ္စနှင့် စပ်အောင် မရှုမှတ်သေးလျှင် ကောင်းကောင်းဆိုး ကြမ်းကြမ်းနုနုတွေ့မြင်ရတဲ့ အာရုံအမျိုးမျိုးတို့ကို တွေ့မြင်ရတဲ့အတိုင်း ပယ်ဖျောက်လျှင် မုချ ပျောက်သွားသည်ဟု ယုံယုံကြည်ကြည်နှင့်၊ မြင် မြင်တယ်၊ ကြား ကြားတယ်၊ နံ နံတယ်၊ စား စားတယ်၊ ထိ ထိတယ်၊ သိ သိတယ်၊ တုန် တုန်တယ်၊ ယိမ်း ယိမ်းတယ်၊ စိမ်း စိမ်းတယ်၊ ဖြန်း ဖြန်းတယ်၊ ယား ယားတယ်၊ ပူ ပူတယ်၊ အေး အေးတယ်၊ အောင့် အောင့်တယ်၊ တောင့် တောင့်တယ်၊ တင်း တင်းတယ်၊ ကြပ် ကြပ်တယ် စသည်ဖြင့် တွေ့ရတဲ့အတိုင်း မပျောက်မချင်း အတင်းမှတ်၍ ဖျောက်လေ၊ ပျောက်သွားတဲ့အခါ မှတ်နေကြတဲ့အတိုင်း ပြန်မှတ်ပါ။ တရားအားထုတ်မှ တရားသဘောကြောင့် ဖြစ်တာမှန်လျှင် ပျောက်နေကျပဲ။ ပကတိ ရောဂါဖြစ်လျှင် မပျောက်။ အားထုတ်မှုကို သော်လည်း ရပ်ထားပါ။ အခြား ကမ္မဋ္ဌာန်းကို သော်လည်း ပြောင်းလွဲ၍ အားထုတ်ပါ။ ဝိပဿနာဘက်သို့သော်လည်း တက်ပေးပါ။

စိတ်နုသော သူများမှာ နှစ်သက်စရာ အာရုံကို မြင်တွေ့ရတဲ့အခါ ဝမ်းသာနေတတ်သည်။ မနှစ်သက်စရာ ကြောက်စရာ အာရုံများကို တွေ့ရတဲ့အခါ ကြောက်နေတတ်သည်။ အိပ်မက်ထဲမှာကဲ့သို့ မဟုတ် မဟုတ်မှန်း သိ၍ ဝမ်းသာစရာ ကြောက်စရာလည်း မရှိပါ။ အိပ်မက်ထဲမှနှင့် အတူတူသိအောင် ပြော၍ ပယ်ဖျောက်တတ်ပါစေ။ ရှေးက နလုံးရောဂါရှိသူ၊ စိတ်နုသူ၊ မိမိ စိတ်ကို မနိုင်သူများမှာ ရှုမှတ်မှုကို ရပ်ထားပါ။ အခြား စကြံကို သော်လည်း ပြောင်း၍ အားထုတ်ပါ။ သမာဓိဉာဏ် ရင့်သန် အားပြည့်လာတဲ့ အခါ ဤလို ပညတ် နိမိတ်မထင် ပညတ်စင်၍ ရုပ်နာမ် ဖြစ်ပျက်သာထင်၍ ဉာဏ်စဉ် တက်သွားနိုင်လေသည်။

ဆရာမရှိလျှင် မဖြစ်။ ။ ဤလို လူပ်ရှားမှု ဝါယော ဖောဋ္ဌဗ္ဗ၊ ပူအေးမှု တေဇော ဖောဋ္ဌဗ္ဗ၊ အောင့်မှု တောင့်မှုဆိုတဲ့ ပထဝီ ဖောဋ္ဌဗ္ဗဆိုတဲ့ ရုပ်ဝေဒနာ အမျိုးမျိုးတို့နှင့် တွေ့ရတဲ့အခါ လိုရာသို့ ပြုပြင်ပြောင်းလဲပေးမယ့် ဆရာမရှိလျှင် မဖြစ်၊ ကြာလေ တွေ့လေ၊ ကြာလေ တွေ့လေဖြစ်ပြီး ကြောက်မက်ဖွယ်ရာ အာရုံနှင့်တွေ့တဲ့အခါ အဟုတ် မဟုတ် ပါဘဲလျက် အဟုတ်ထင်မှတ်ကာ စိတ် ဆုတ်နစ်တတ်သည်။ စုန်းရိုး နတ်ရိုး ဆေးများထိုး၊ အင်းပြားများ တိုက်ပေးမှဖြင့်သာလို့ပင် ဆိုးတတ်သည်။ အနာတခြား ဆေးတစ်ပါး ဖြစ်နေသည်ကို မသိသော သူများက တရားအားထုတ်၍ ရူးသည် ဟူ၍ပင် မှတ်ထင် ပြောဆိုတတ်ကြ၏။ ဤ အာနာပါန ကမ္မဋ္ဌာန်းကို လူတွေ နတ်တွေ ရူးအောင် ဘုရားက ဟောထားခဲ့သလို ဆိုရာ ရောက်၏။ ဘုရားကိုစွပ်စွဲရာကျ၏။ နောက်က ပြခဲ့တဲ့အတိုင်း ထင်မြင်လာတဲ့ နိမိတ်ကို ပင် "သင်းလဲ သခ်ါရဖြစ်ပျက်ပဲ၊ သင်းလဲ သခ်ါရဖြစ်ပျက်ပဲ၊ မမြဲ ဆင်းရဲ အစိုးမရတဲ့ အနိစ္စ ဒုက္ခ အနတ္တပဲ" ဟု ဝိပဿနာရှု တတ်ပါလျှင် မဂ်ဖိုလ် ပေါက် နိဗ္ဗာန်သို့ ရောက်စေတတ်တဲ့ အာနာပါန ကမ္မဋ္ဌာန်း ဖြစ်သည်ကို ကြပ်ကြပ် သတိပြုမိပါစေ။ ကြောင်းကျိုး အမှန် မဝေဖန်တတ်သော သူတို့ အာရုံ၌ မှတ်စိပ်သည် မိနစ်၊ နာရီ၊ စသည် နစ်မွန်းနေတဲ့အခါ ဤ စတုတ္ထဈာန်း အောင်ပြီ၊ ပြီးပြီဟု ဆို၏။ ဤလို အာရုံ၌ နစ်မွန်းနေတဲ့အခါ သွား၍ အသိမပေးပါနှင့်၊ အချိန်ကျတဲ့ အခါ သူ့အလိုလိုသာ သတိရရှိ လာပါလိမ့်မည်၊ ဘာမျှ စိုးရိမ်စရာမရှိပါ။

(ဆောင်ပုဒ်)

- နည်းမသိဘဲ၊ ပြစ်တင်ရဲ၊ စွပ်စွဲမပြုရာ။
- နည်းသိပါက၊ မဂ်ဖိုလ်ရ၊ မုချမှတ်လေပါ။
- ဘုရားရှင်လဲ၊ ဤကမ္မဋ္ဌာန်းဘဲ၊ မလွဲဖြစ်ခဲ့တာ။

အကျယ်ရှုနည်း ပြီး၏။

× × ×

http://www.dhammadownload.com

မှာထားချက်။ ။ "ဤလို အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်သော ယောဂီပုဂ္ဂိုလ်သည် အဆိုပါလေးခန်းတို့တွင် မည်သည့် သမထခန်း၌ မဆို၊ အာရုံတစ်ပါး စိတ်မထွက်သွားရအောင် မတတ်နိုင်ဘဲ စိတ် ထွက်များပါလျှင် (၀၊) "စိတ္တေကဂ္ဂတာ သမာဓိ" စိတ်၏ ထွက်သက် ဝင်သက် အာရုံတစ်ခုတည်း၌ ငြိမ်သက်တည်ကြည်မှုကို မရနိုင်ပါလျှင် အဋ္ဌကထာ၌ လာသော "ဂဏနာ" နည်းကို အားထုတ်ပါလေ၊ မကြာမီ စိတ်ငြိမ်သက် တည်ကြည်မှု "သမာဓိ" ကို ရရှိလာပါလိမ့်မည်။

အဆိုပါ ဂဏနာနည်းမှာ (၁) နှေးသော ရေတွက်နည်း၊ (၂) မြန်သော ရေတွက်နည်း ဟူ နှစ်မျိုးရှိရာ ရှေးဦးစွာ နှေးသော ရေတွက်ခြင်းဖြင့် အားထုတ်ပါလေ။ အားထုတ်ပုံကား လေထိခိုက်မှု ထင်ရှားရာ၌ မိမိစိတ်ကို ထားပြီးလျှင် ထွက်သက် တစ်ခါ ထွက်လျှင် (၁)၊ နှစ်ခါထွက်လျှင် (၂)၊ သုံးခါ ထွက်လျှင် (၃)၊ လေးခါ ထွက်လျှင် (၄)၊ ငါးခါ ထွက်လျှင် (၅) ဤလို ငါးခု အဆုံးထား၍ဖြစ်စေ။

မှတ်ချက်။ ။ စပါးချင့်တဲ့အခါ၊ ဂဏန်းပေါင်းတဲ့အခါများတို့၌ ရှေ့ကိုဆက်၍ မရေတွက်နိုင်သမျှ ၁၁=၁၁=၁၂=၁၂ စသည်ဖြင့် ထပ်ကာ ထပ်ကာ ဆိုသကဲ့သို့ ထို့အတူ ရှေ့ထွက်သက်နှင့် မဆက်မီ အကြား၊ ၁=၁=၂=၂= စသည် ဆိုနေရသည်ဟု သိလေ။

၁=၂=၃=၄=၅ ဤလို ခြောက်ခု အဆုံးထား၍ ဖြစ်စေ။

၁=၂=၃=၄=၅=၆ ဤလို ခုနှစ်ခု အဆုံးထား၍ ဖြစ်စေ။

၁=၂=၃=၄=၅=၆=၇ ဤလို ရှစ်ခု အဆုံးထား၍ ဖြစ်စေ။

၁=၂=၃=၄=၅=၆=၇=၈ ဤလို ကိုးခု အဆုံးထား၍ ဖြစ်စေ။

၁=၂=၃=၄=၅=၆=၇=၈=၉=၁၀ ဤလို တစ်ဆယ်ခု အဆုံးထား၍ ဖြစ်စေ။

ထွက်သက်၌ အချိုးကျလျှင် ဝင်သက်၌လည်း ထို့အတူ အချိုးကျအောင် အားထုတ်ပါလေ။ ငါးခုအောက်လည်း မနည်းရ။ ဆယ်ခုထက်လည်း မများရ။ ၁-၃-၅ ဟူ၍လည်း ခုန်ကျော်၍ မမှတ်ရ၊ မရေတွက်ရ မှတ်။

၁။ ၁ ကစ ၅ အဆုံး တစ်ဝါရ။
၂။ ၁ ကစ ၆ အဆုံး တစ်ဝါရ။
၃။ ၁ ကစ ၇ အဆုံး တစ်ဝါရ။
၄။ ၁ ကစ ၈ အဆုံး တစ်ဝါရ။
၅။ ၁ ကစ ၉ အဆုံး တစ်ဝါရ။
၆။ ၁ ကစ ၁၀ အဆုံး တစ်ဝါရ။

ပေါင်း (၆) ဝါရမှတ်

ထိုခြောက်ဝါရတွင် မိမိနှစ်သက်ရာ တစ်ဝါရစီသာ ရေတွက်ရသည်။တောက်လျှောက် ဆယ်ခုရောက်အောင် မရေတွက်ရ။ ဤလို နှေးသော ရေတွက်ခြင်းဖြင့်ပင် စိတ်မှတည်ငြိမ် လျင်မြန်သော ရေတွက်ခြင်းဖြင့် ထွက်သက်ဝင်သက် မခွဲဘဲ ခြောက်ဝါရထဲက ကြိုက်နှစ်သက်ရာကို အဆုံးထား၍ ရေတွက်ပါလေ။

၁=၂=၃=၄=၅ တစ်ဝါရ
၁=၂=၃=၄=၅=၆ တစ်ဝါရ
၁=၂=၃=၄=၅=၆=၇ တစ်ဝါရ
၁=၂=၃=၄=၅=၆=၇=၈ တစ်ဝါရ
၁=၂=၃=၄=၅=၆=၇=၈=၉ တစ်ဝါရ
၁=၂=၃=၄=၅=၆=၇=၈=၉=၁၀ တစ်ဝါရ

ဤလို ဝါရများ အစဉ်မမှားရအောင် သတိထား၍ ရေတွက်ပါလျှင် မကြာခင် စိတ်ငြိမ်သက်တည်ကြည်၍ သမာဓိ ရရှိလာပါလိမ့်မည်။ (ဤကား စိတ်ငြိမ်ရုံအကျဉ်းမျှ ပြဆိုအပ်သော အဋ္ဌကထာနည်း တစ်နည်းတည်း)

http://www.dhammadownload.com

နိမိတ်မထင်လို့ စိတ်မရှင်ဘူးလား တန်ဖိုးများစွာ မရှိပါ

နိမိတ်မထင်တာက သမာဓိရအောင် အားမထုတ်နိုင်လို့ပါ။ သမာဓိရပါက အနည်းနှင့်အများ တစ်ပါးပါး ထင်မြင်နေကျပေတည်း။ အဆိုပါ နိမိတ်များများ အတော်အတန် သမာဓိရမှသာ ထင်လာမြဲဖြစ်သည်။ သမာဓိ မရက ဘယ်လောက်ပဲကြာကြာ ဘာတစ်ခုမျှ ထူးထူးခြားခြား တွေ့ရလိမ့်မည် မဟုတ်ပါ။ အဆိုပါ နိမိတ်များကို ရလျှင်လည်း ကောင်း၏။ မရလျှင်လည်း အရေးမကြီးဟုမှတ်ပါ။ ရလျှင် ကောင်းတယ်ဆိုတာက တစ်ဘဝတွင် တစ်ခါဆိုသလို မရဖူးတဲ့နိမိတ်၊ မတွေ့ဖူးတဲ့ အတွေ့မျိုးတို့ကို တွေ့မြင်ရသောကြောင့် "ကောင်းမှန်းသိ သာအိတစိုစို" ဆိုသလို တွေ့စရှိလျှင် တွေ့ချင်ချင်၊ မြင်စရှိလျှင် မြင်ချင်ချင် ဖြစ်နေ၍ ကမ္မဋ္ဌာန်းခွင့်သို့ ခဏခဏ ဝင်ချင်တဲ့ စိတ်တွေဖြစ်နေတတ်တယ်။ မရလျှင်လည်း အရေးမကြီးဘူးဆိုတာက အဆိုပါနိမိတ်တို့မှာ ပညတ်အာရုံတို့သာ ဖြစ်၍ ရလျှင်လည်း ပယ်ပစ်ရဦးမှာပဲ၊ ဈာန်မဂ်ဖိုလ်မဟုတ်၍ များစွာ တန်ဖိုးမရှိသေး။ စိတ်ငြိမ်ရုံ စိတ်ထိန်းနိုင်ရုံမျှသာ ရှိသေးသည်။ သို့ရာတွင် ဘိန်းစွဲသူထက်တော့ မဆိုးပါဘူး။ ဘိန်းစွဲတာက မိစ္ဆာစွဲ၊ နိမိတ်စွဲတာက သမ္မာစွဲ၊ မိစ္ဆာက ငရဲ၊ သမ္မာက လူ-နတ်-နိဗ္ဗာန်ပဲ၊ ဤလို ခွဲ၍ သိကြပါ။ အရမ်းကာရောသူများပြောတိုင်း နှုတ်ယောင်လိုက်ပြီး သမထကုသိုလ်ကြီးတွေကို အပြစ်ဆိုမနေကြပါနှင့်။

ဝိပဿနာလို့ရင်း။ ။ ဤ၌၌ သမထ လိုရင်းမဟုတ်၊ ဝိပဿနာသာ လိုရင်းဖြစ်ပါလျက် သမထဘက်မှာ လေးဆင့် လေးတန်း သမထခန်းတွေကို တစ်သီး တစ်သန့် တစ်ပုံ တစ်ခေါင်းကြီး ပြဆိုနေခြင်းသည် ဝိပဿနာဘက်သို့-တက်တဲ့အခါ ရုပ်နာမ် လက္ခဏာ သစ္စာတို့ကို မတွေ့မဝေ ရှင်းရှင်းကြီး တွေ့မြင်နိုင်တဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်ခေါ် ပညာမျက်စိကို အဝိဇ္ဇာ တိမ်သလွှာ မဖုံးလွှမ်းနိုင်ဘဲ အနည်းကြီးနည်း၊ အကွာကြီးကွာ၍ (စိတ္တေ ကဂ္ဂတာ) သမာဓိကောင်းကောင်းကြီး ရရှိစေခြင်းငှာသာ ပြဆိုခြင်း ဖြစ်သည်။ သမာဓိ နိမိတ်တွေကို ရရှိတွေ့မြင်ရရုံနှင့် ကျေနပ်သဘောကျပြီး မနေကြနှင့်။ အို-နာ-သေရေးဒုက္ခဘေးဆိုတဲ့ ဝဋ်ထဲက အပြီးအပိုင် ထုတ်ဖော်နိုင်တဲ့ ဝိပဿနာသာ လိုရင်းမှတ်ကြပါ။

ဤကား "အယံ တာဝသမထနယော" နှင့် အညီ သမထနည်းပေတည်း။

သမထနည်း ဤတွင် ပြီး၏။

× × ×

ဝိပဿနာခန်း လုပ်ငန်းစဉ် (၄) မျိုး

မီးရထားခေါင်းတွဲများ လမ်းလွှဲ (ရှုမှတ်နှလုပ်) လိုက်သလို သမထလမ်း သမထဘက်မှ ဝိပဿနာလမ်း ဝိပဿနာဘက်သို့ လွှဲတက်ပြောင်းကူးလာတဲ့အခါ ဝိပဿနာဘက်မှာ အချို့းကျကျ သမာဓိ လျင်မြန်စွာရအောင် မှတ်နိုင်ဖို့ရာ ၁-၂-၃-၄ ဟု လုပ်ငန်းစဉ် လေးမျိုးရှိရာ အောက်ပါ ဆောင်ပုဒ်ကို အရကျက်ပါ။

ဆောင်ပုဒ်။ ။ အာရုံမှတ်စိတ် ပထမာ၊ တည့် တည့်နေတာ ဒုတိယာ၊ စိတ်မထွက်တာ တတိယာ၊ မစဉ်းစားတာ စတုတ္ထာ၊ မှတ်ကြ လုပ်ငန်းသာ ဆိုတဲ့ ဆောင်ပုဒ်လက်ဝှေ့နှင့် အညီ။

၁။ အာရုံနှင့်မှတ်စိတ် နှစ်မျိုးကို ပထမ သိထားရမည်။

၂။ အာရုံနှင့် မှတ်စိတ် တည့်တည့်နေအောင် မှတ်ရမည်ဟု ဒုတိယ သိထားရမည်။

၃။ အာရုံထဲမှ စိတ်မထွက်သွားရအောင် သတိပြုနေရမည်ဟု တတိယ သိထားရမည်။

၄။ ကမ္မဋ္ဌာန်းခွင့် လုပ်ငန်းဝင်နေတဲ့အခါ ဘာတစ်ခုမှ မစဉ်းစား မဆင်ခြင်ရဟု စတုတ္ထ သိထားရမည်။

http://www.dhammadownload.com

ဤလုပ်ငန်းစဉ် စည်းမျဉ်းဥပဒေ လေးချက်ကို သိထား၍ ဤဥပဒေ လေးချက်နှင့် ကိုက်ညီအောင် အားထုတ်တတ်၍ အားထုတ်ပါလျှင် မကြာခင် သတိသမာဓိဉာဏ် ရင့်သန်အားပြည့်လာသည်ဟု သိလေ။

ရှင်းလင်းဖော်ပြချက်

၁။ အာရုံ

အာရုံဆိုသည်မှာ နှုတ်ခမ်းဖျား၊ နှာသီးဖျား၊ ရင်ချိုင့် ဝမ်းဗိုက်တို့၌ တိုးထိ တိုးထိနေတဲ့ ဝါယော ဖောဋ္ဌဗ္ဗရုပ်တို့ကို ထိတယ်၊ သိတယ်၊ ထွက်တယ်၊ ဝင်တယ်၊ ရှူတယ်၊ ရှိုက်တယ်၊ ချီတယ်၊ ချတယ်၊ ပိန်တယ်၊ ဖောင်း တယ်လို့ မှတ်စရာဖြစ်လို့မို့၊ သူ့ကို အာရုံပြုနေရလို့မို့ အာရုံ ဆိုသည်။

၂။ မှတ်စိတ်

မှတ်စိတ်ဆိုသည်မှာ ထိရင်ထိတယ်၊ ထွက်ရင် ထွက်တယ်၊ ဝင်ရင်ဝင်တယ်၊ ရှူရင်ရှူတယ်၊ ရှိုက်ရင်ရှိုက်တယ်၊ ပိန်ရင် ပိန်တယ်၊ ဖောင်းရင် ဖောင်းတယ်လို့ ပေါ်လာတိုင်း လိုက်၍ သိမှတ်နေရလို့မို့ သတိအမှတ်နှင့် သိတတ်တဲ့စိတ်ကို မှတ်စိတ်ဆိုသည်။

မှတ်ချက်။ ။ အာရုံမှတ်စိတ်ဆိုတာ အာရုံက ရုပ်၊ မှတ်စိတ်က နာမ်၊ ရုပ်နှင့်နာမ်ပါပဲ။ အာရမ္မဏ အာရုံ အာရမ္မဏိက မှတ်စိတ်၊ အတူတူပဲ၊ ရှင်းလင်းကွဲပြားအောင် ခွဲခြား၍ သိပါလေ၊ ရှုပ်မနေပါနှင့်။

၃။ အာရုံနှင့် မှတ်စိတ် တည့်တည့်နေအောင်

ဆိုသည်မှာ နှုတ်ခမ်းဖျား၊ နှာသီးဖျားတို့မှာ ထိ ထိနေတဲ့ ရုပ်အာရုံနှင့် ထိရင် ထိတယ်လို့ မှတ်တဲ့စိတ်နှင့် အထိနှင့်အမှတ်၊ အထိဆိုတဲ့ အာရုံ 'ရုပ်' နှင့် အမှတ်ဆိုတဲ့ အာရမ္မဏိက မှတ်စိတ် 'နာမ်' ဤလို အာရုံနှင့် မှတ်စိတ် ဖြစ်ပေါ်ဆဲ ရုပ်နာမ်ဟာ တည့်တည့်နေအောင် ထပ်မိ ထပ်မိသွားအောင်၊ အံကိုက်အံကျဖြစ်သွားအောင်၊ တစ်ပြိုင်နက် ဖြစ်သွားအောင် အာရုံနှင့် မှတ်စိတ် အတွဲလိုက် အတွဲလိုက် ကပ်ခနဲ ကပ်ခနဲ ဖြစ်သွားအောင် သတိချပ်၍ အသိအမှတ်ပြုနေရမည်ဟုသိ၊ ၃-၄နံပါတ်တို့မှာ အဆိုသာ ရှိနေပါသည်။ သတိသမာဓိဉာဏ် ရင့်သန် အားပြည့်လာမှ အစစ် ဖြစ်နိုင်ပါသည်။ ကဲ... ရှင်းလင်းချက်တစ်ရပ် ပြီးပြီ။

နောက်တစ်ချက်ကတော့ **စိတ်တစ်လုံးနိုင်အဆုံးတိုင်ပဲ။** ။ ကောင်းလည်း စိတ်၊ ဆိုးလည်း စိတ်၊ နိဗ္ဗာန်ရောက်လည်း စိတ်၊ အဝီစိရောက်လည်း စိတ်။ အလောဘ၊ အဒေါသ၊ အမောဟ စသော ကုသိုလ်စိတ်တို့မှာ နိဗ္ဗာန်ရောက်အောင် ပို့ဆောင်ကြသည်။ လောဘ၊ ဒေါသ၊ မောဟ စသော အကုသိုလ်စိတ်တို့မှာ အဝီစိရောက်အောင် ပို့ဆောင်ကြသည်။ "အဓမ္မော နိရယံနေတိ ဓမ္မော ပါပေတိ သုဂတိ" ရေနှင့်မီးကဲ့သို့ ဆန့်ကျင်ဘက်တည်း။ အထက်လမ်းနှင့် အောက်လမ်း ခွဲခြမ်း၍ သိ၊ စိတ်လိမ္မာက သုခ၊ စိတ်မလိမ္မာက ဒုက္ခ၊ စိတ်လိမ္မာဖို့ရာ များစွာ လိုပေသည်။

တစ်နည်း စိတ်ကိုဖမ်းနည်း

အပေါက် ခြောက်ပေါက်ရှိတဲ့ တောင်ပို့ကြီးထဲမှာရှိနေတဲ့ ဖွတ်သတ္တဝါကောင်ကို အမိအရ ဖမ်းလိုသော သူသည် ငါးပေါက်ကို အလုံပိတ်၍ တစ်ပေါက် စောင့်ဖမ်းလျှင် ဖွတ်ကောင်ကို မိသကဲ့သို့၊ ထို့တူပမာ မျက်စိ၊ နား၊ နှာ၊ လျာ၊ ကိုယ်၊ မနောဤလို ခြောက်ပေါက်ရှိတဲ့ ခန္ဓာကိုယ် ဟဒယဝတ္ထုနှလုံးအိမ်ကို အမှီပြုကာ၊ အကြောင်း အားလျော်စွာ ဖြစ်ပေါ်လာတတ်တဲ့ စိတ်ရိုင်းကို အမိအရ ဖမ်းလိုလျှင် မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်ဆိုတဲ့ ငါးပေါက်ကို အာရုံမပြု နှလုံးမသွင်း မစဉ်းစား မဆင်ခြင်သောအားဖြင့် အလုံပိတ်၍ မနောပေါက်က စောင့်ဖမ်းပါလျှင် စိတ်ရိုင်းကို အသေအချာ လက်ဆုပ် လက်ကိုင် မိနိုင်

http://www.dhammadownload.com

သည်ကို သဘောမိအောင် ကြည့်ရှုပါ။

ဝိပဿနာဉာဏ် အစစ်မှန်

ဓားမောက်ရိုး ပြောင်းပြန်။ ။ ဖြစ်ဆဲ ရုပ်နာမ်တို့၏ မမြဲ ဆင်းရဲ အစိုးမရဟု ထင်တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တိတိကျကျ တစ်တစ် ခွခွ သိမြင်သဘောကျတဲ့ သာမည လက္ခဏာ ကောင်းကောင်း လှလှ ထင်မှသာ "ဝိပဿနာဉာဏ် အစစ်အမှန်" ဟု သိလေ။ သာမညလက္ခဏာ အစစ်အမှန် ထင်နိုင်ဖို့ရာကိုလည်း အနိစ္စ-အနိစ္စ၊ ဒုက္ခ- အနတ္တ လို့ ရှုမှတ်၍ ဝိပဿနာဉာဏ် အစစ်အမှန်မဖြစ်နိုင်။ ဓားမောက်ရိုးကို ပြောင်းပြန် တပ်ထားသည်နှင့်သာ တူ၏။ "ဒါဖြင့် ဘယ်လို ရှုရမလဲ" ဟု မေးရန်ရှိ၏။ ဖြစ်ဆဲ ရုပ်နာမ်ကို အမှန်မြင်အောင်ရှု၊ ဖြစ်ဆဲ ရုပ်နာမ်ကို မြင်မှ သဘာဝ လက္ခဏာ အစစ်အမှန်ကိုမြင်။ သဘာဝလက္ခဏာကို မြင်မှ ဥပါဒ်-ဌီ-ဘင် သုံးခုဆိုတဲ့ သဗ်ဘလက္ခဏာ အစစ်အမှန်ကိုမြင်၊ သဗ်ဘလက္ခဏာ ဥပါဒ်-ဌီ-ဘင် သုံးခုကို မြင်မှ ဥပါဒ်တွင် မမြဲ ဌီတွင် မမြဲ ဘင်သို့၊ ဤလို မမြဲသော အနိစ္စသဘောကို လည်းကောင်း၊ ဖြစ်ခြင်းကို ပျက်ခြင်းက နှိပ်စက်နေ၍၊ ဆင်းရဲသော ဒုက္ခသဘောကို လည်းကောင်း၊ ဤလိုဖြစ်ပြီးသော ရုပ်နာမ်တို့ကို ပျက်စီးမသွားရအောင် မည်သူမျှ အစိုးမရတဲ့ အနတ္တသဘောကို လည်းကောင်း၊ ဤလိုဖြစ်ဆဲ ရုပ်နာမ် ပစ္စုပ္ပန်ဆိုတဲ့ သာမညလက္ခဏာ ကောင်းကောင်းလှလှကြီးမြင်မှသာ ဝိပဿနာဉာဏ် အစစ်အမှန်ဟု ဆိုလိုပေသည်။

မှတ်ချက်။ ။ ဤ၌ သဗ်ဘသည် လက္ခဏာ မဟုတ်၊ လက္ခဏာသည် သဗ်ဘ မဟုတ်ဟုသိ။ သဗ်ဘကား ရုပ်နာမ်၊ လက္ခဏာကား ထိုရုပ်နာမ်တို့၌ အမြဲတမ်းကပ်၍ တည်ရှိသော (ဥပါဒ်-ဌီ-ဘင်) သုံးခုတို့ကို၊ ဖြစ်ဆဲကို ဥပါဒ်ဟု၊ ရင့်ဆဲကို ဌီဟု၊ ပျက်ဆဲကို ဘင်ဟု ပိုင်းခြား မှတ်သားကြောင်းကို လက္ခဏာ ဆိုသည်။ သဗ်ဘကား သဘာဝဓမ္မပရမတ်၊ လက္ခဏာကား ထိုသဘာဝကို စွဲ၍ ခေါ်ဆိုရသော တဇ္ဇ ပညတ်တည်း။ အနိစ္စ-ဒုက္ခ-အနတ္တ ဆိုသည်နှင့် လက္ခဏာဆိုသည်မှာ အတူတူ သာမှတ်ပါ။

ဝိပဿနာဘက်သို့တက်ပုံ

ဝိပဿနာဘက်သို့တက်ပုံကို ကမ္မဋ္ဌာန်းခွင့် ဝင်ခါစ ၃ ရက်စ၊ ၇ရက် စဝင်ကြတဲ့ ယောဂီရော အတော်အသင့် ဝင်ဖူးကြတဲ့ ယောဂီရော၊ အဝါး ဝပြီး အချိုးကျပြီးတဲ့ ယောဂီပဂေးကြီးတွေရော၊ အနုစား၊ အလယ်စား၊ အရင့်စား သုံးမျိုးထား၍ မိမိတို့ ဉာဏ်မိရာက စပြီး တက်နိုင်ကြရန် အကျဉ်းဆုံး အရှင်းဆုံး တက်နည်းကစပြီး တစ်စတစ်စကျယ်ကာ တက်သွားပုံတို့ကို ပြဆိုသွားမည်ဖြစ်ရာ နှစ်သက်ရာမှ စ၍ တက်ကြပါလေ။

ဝိပဿနာရှုန်တိမ်။ ။ ဝိပဿနာဘက်သို့ တက်တယ်ဆိုတာ အခြားမဟုတ်ပါဘူး။ ရထား ခေါင်းတွဲ လမ်းလွှဲ ရှုန်တိမ်လုပ်လိုက်သလို သွားမြဲသွားနေကြသော သမထ သမာဓိလမ်းမှ ဝိပဿနာပညာလမ်းသို့ စိတ်ညွှတ်ပြီး ရုပ်နာမ်လက္ခဏာကို ဆင်ခြင်တာပါပဲ။ အာနာပါနကမ္မဋ္ဌာန်းမှာ သမထ ဝိပဿနာဟု နှစ်မျိုးရှိရာ ထွက်လေ ဝင်လေ၊ ထွက်သက် ဝင်သက်ဟု ပညတ်တွေနှင့် ရောပြီးရှုနေလျှင် ဈာန်လမ်း သမထ သမာဓိသာ ဖြစ်နေ၏။ မဂ်လမ်း ဝိပဿနာပညာ ရတ်တရက်မဖြစ်နိုင်ပေ။ သို့ရာတွင် လောကီမျှဖြစ်တဲ့ ဈာန်ကို မတောင့်တ၊ လောကုတ္တရာဖြစ်တဲ့ မဂ်ကိုသာ တောင့်တကာ ကြာမြင့်စွာ ရှုနေပါလျှင် သတိပဋ္ဌာန် စည်းကမ်းအတိုင်း သတိ သမာဓိ ဉာဏ်ရင့်သန်၍ ပညာအားပြည့်လာတဲ့အခါ သူ့အလိုလို သူ့သဘောအတိုင်း ရုပ်နာမ်ထင်လာ၍ ဝိပဿနာဘက်သို့ ဉာဏ်စဉ် တက်၍ မဂ်ဖိုလ်သို့ ရောက်နိုင်လေသည်။

http://www.dhammadownload.com

အကျဉ်းတက်။ ။ သို့ကြောင့် ထွက်သက် ဝင်သက်၊ ထွက်လေ ဝင်လေဆိုတဲ့ ပညတ်တွေ မပါစေဘဲ တစ်ရက်စ နှစ်ရက်စ အားထုတ်ကြတဲ့ ယောဂီတို့မှာ အဆိုပါသမထအခန်းက ပြဆိုထားတဲ့အတိုင်း အာရုံနှင့် မှတ်စိတ်ကို ၅-မိနစ် ၁၀-မိနစ်ခန့် တည့်တည့်နေအောင် မှတ်နိုင်၍ ထိမှု သိမှု၊ ရှုမှု၊ ရှိုက်မှု၊ ထွက်မှု ဝင်မှု၊ ပိန်မှု ဖောင်းမှုဆိုတဲ့ အာရုံထဲမှာ စိတ်တည်ငြိမ်နေတဲ့ အခါ အမှတ်လိုက်မှုကို ရပ်စဲကာ နှုတ်ခမ်းဖျား ရင်ချိုင့် ဝမ်းဗိုက်တို့၌ ထိတဲ့သဘော၊ ထွက်ဝင် ရှုရှိုက်နေတဲ့ သဘော၊ ပိန်ဖောင်းနေတဲ့ သဘော ထိမှု သိမှု၊ ထွက်မှု ဝင်မှု၊ ရှုမှု ရှိုက်မှု၊ ပိန်မှု ဖောင်းမှုဆိုတဲ့ တွေ့ထိ လှုပ်ရှားမှု သဘောတို့ကို သာ စူးစူးစိုက်စိုက် ရှုနေပါလျှင် ရှေးက ဝိပဿနာဉာဏ် အခြေခံရှိက ထိသိ ထွက်ဝင် ရှုရှိုက်၊ ပိန်ဖောင်းနေတဲ့ ရုပ်သဘော၊ သိမှတ်နေတဲ့ နာမ်သဘော ဤ ရုပ်-နာမ် နှစ်ပါးတို့၏ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြသည်တို့ကို (၀၊) မမြဲ ဆင်းရဲ အစိုးမရသည်တို့ကို တွေ့မြင်-တွေ့မြင်နေရတဲ့ အထဲက ဖျတ်ခနဲ ပြတ်စဲ ချုပ်ငြိမ်းရာသို့ ရောက်ပြီး မဂ်ဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက် ပြုသွားရတတ်လေသည်။

ရှေးဘဝက လက်ငုတ်လက်စ ဝိပဿနာဉာဏ် အခြေခံမရှိခဲ့၍ ထိုမျှလောက်နှင့်ပင် မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးလျှင် အထက်၌ ဖော်ပြထားသော နည်းလမ်းအတိုင်း အားထုတ်ပါလေ။

အားထုတ်ပုံမှာ... ဤအာနာပါန အလုပ်တရားကို အားထုတ်သောသူမှာ သူလော၊ ငါလော၊ ယောကျ်ားလော၊ မိန်းမလောဟု စောကျောဆင်ခြင်သည်ရှိသော် သူ ငါ ကျား မ စသည်မဟုတ်၊ သတိနှင့်ယှဉ်သော စိတ်ပါတကားဟု သိရလိမ့်မည်။ ဤလို သိပြီးလျှင် နာမ်၏မှီရာ ဟဒယဝတ္ထု၊ ဟဒယဝတ္ထု၏ မှီရာ ကရဇကာယကား ရုပ်ပါတကားဟု သိရလိမ့်မည်။ ဤလို သိပြီးလျှင် သူ ငါ စသည် မဟုတ် နာမ်ရုပ်နှစ်ပါးသာ အာနာပါန အလုပ်တရားကို အားထုတ်တာပါတကားဟု ဟုတ်မှန်တဲ့အတိုင်း သိရလိမ့်မည်။ ဤလို အကျဉ်းအားဖြင့် ရုပ်နာမ်နှစ်ပါးကို ပိုင်းခြားပြီးလျှင် ရုပ်ကား ရူပက္ခန္ဓာ၊ နာမ်တို့တွင် စိတ်နာမ်ကား ဝိညာဏက္ခန္ဓာ၊ စိတ်နှင့်ယှဉ်တဲ့ ဝေဒနာကား ဝေဒနာက္ခန္ဓာ၊ သညာကား သညာက္ခန္ဓာ၊ သင်္ခါရတို့ကား သင်္ခါရက္ခန္ဓာ၊ သတိနှင့်တကွ ဝေဒနာသညာမှ ကြွင်းသော ဖဿ စေတနာစသော စေတသိက်(၅၀)ကား သင်္ခါရက္ခန္ဓာ၊ ဤခန္ဓာငါးပါးတို့သာ အာနာပါန အလုပ်တရားကို အားထုတ်တာပါတကားဟု ဟုတ်မှန်တဲ့အတိုင်း သိရလိမ့်မည်။

ဤလို ခန္ဓာငါးပါးတို့ကို ပိုင်းခြား၍ သိပြီးလျှင် အဆိုပါ ရုပ်နာမ်ခန္ဓာကို ဖြစ်တတ်စေသော ရှေးဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ကံစသည်တို့ကား အကြောင်းတရား၊ ရုပ်နာမ် ခန္ဓာတို့ကား အကျိုးတရားဟု အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားတို့ ပါတကားဟု သိရလိမ့်မည်။ ဤလို သိပြီးလျှင် ဤရုပ်နာမ်ခန္ဓာတို့သည် မြစ်ချောင်းအတွင်း၌ရှိသော ရေယာဉ်ပမာ ပဋိသန္ဓေမှ စုတိသေနေ့သို့ကျအောင် မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြတဲ့ အနိစ္စဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးတို့သာ မုချ ဧကန်အမှန် ဖြစ်ပျက်ကြတာပါတကားဟု သိရလိမ့်မည်။ ဤလို မဖောက်မပြန် ဟုတ်မှန်စွာ သိတဲ့အတိုင်း မြင်တွေ့နေရတဲ့ ဖြစ်ပျက် ရုပ်နာမ်တို့၏ အဆုံး၊ မဖြစ်မပျက်ဘဲ အမြဲငြိမ်း အေးနေတဲ့ နိဗ္ဗာန်ကို မျက်မှောက်မြင်သိတဲ့ မဂ်ဉာဏ် ထိအောင် အားထုတ်ရမည်မှတ်ပါလေ။ ဤနည်းကိုမှီ၍ နေရာတကာတိုင်း ဉာဏ်ကြီးပါစေ။

ဝိပဿနာ လုပ်ငန်းစဉ်

ရှေးက ဝိပဿနာဉာဏ် အခြေခံမရှိခဲ့၍ အဆိုပါအားထုတ်မှုဖြင့် မဂ်မဝင် ဖိုလ်မပေါက် နိဗ္ဗာန်

http://www.dhammadownload.com

ကို မျက်မှောက်မပြုနိုင်သေးလျှင် နာမရူပ် ဝ ဝတ္ထု ပေတွာ ဝိပဿနံ ပဋ္ဌပေတိ လာရှိတဲ့အတိုင်း နာမ်ရုပ်ကို ပိုင်းခြားခြင်း၌ တစ်ဆင့်တက်ကာ ဝိပဿနာကို ဖြစ်စေရမည်။ ဝိပဿနာဘက်သို့ တက်တဲ့အခါ သမထတုန်းကလို ပညတ်တွေ မပါစေရ။ ပရမတ် စစ်စေရမည်။ ထွက်လေ ဝင်လေ ထွက်သက် ဝင်သက် ဆိုတာတွေက အဟုတ်မရှိ၊ တကယ် မရှိ၊ မုချမရှိ ပညတ်မှုဟုသိ၊ အဟုတ်ရှိ၊ တကယ်ရှိ၊ မုချရှိနေတာက နှုတ်ခမ်းဖျား စသည်တို့မှာ တိုးထိထွက်ဝင်ရှုရှိုက်နေကြတဲ့ ဝါယောဖောဋ္ဌဗ္ဗ ရုပ်ပရမတ်ဟု သိ။ ဤလိုသိပြီးလျှင် မပြတ်မစဲ ထပ်တလဲလဲ ထွက်လိုက် ဝင်လိုက် ရှုလိုက် ရှိုက်လိုက် ဖြစ်နေတဲ့ သဘောတွေကို 'ရုပ်-ရုပ်-ရုပ်'ဟု ရုပ်ကို ပိုင်းခြားရမည်။ ပြီးလျှင် ရှုတယ် ရှိုက်တယ် မှတ်တဲ့ အသိအမှတ်နှင့် ရှုမှုန်းရှိုက်မှုန်း သိသိနေတဲ့ အသိကို 'နာမ်-နာမ်-နာမ်'ဟု နာမ်ကို ပိုင်းခြားရမည်။ ဤလို ရုပ္ပနလက္ခဏာရှိတဲ့ ရုပ်နှင့် နမနလက္ခဏာ ရှိတဲ့နာမ် ဤရုပ်နာမ်နှစ်ပါးတို့ကို တခြားစီ တစ်ပုံစီ ဉာဏ်နှင့် ပိုင်းခြားထားလိုက်ပြီးတဲ့အခါ ရှုရှိုက်နေတဲ့ ရုပ်နှင့် မှတ်သိနေတဲ့ နာမ်၊ ဤရုပ်နာမ် နှစ်ပါးတို့သာ အဟုတ်အမှန် ထင်ရှားရှိနေကြသည်။ ရှုတတ်၊ ရှိုက်တတ်သော ပုဂ္ဂိုလ် သတ္တဝါကား ထင်ရှားမရှိဟု မတွေမဝေ သိမြင်သဘောကျပါလိမ့်မည်။

နာမ်ရုပ် အနိစ္စ မြင်တွေ့ရ။ ။ ဤလို ရုပ်နာမ်က အပို၊ ပုဂ္ဂိုလ် သတ္တဝါမရှိဟု ရှင်းရှင်းကြီး သိမြင် သဘောကျပြီးလျှင် မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြတဲ့ ရှုမှု ရှိုက်မှု ရုပ်နှင့် မှတ်သိမှု နာမ်တို့ကို "သတိ အဝိဇ္ဇာဓမ္မော"ဆိုတဲ့အတိုင်း သတိကို လက်မလွတ်စေနှင့်၊ "သတောကာရီ" ဆိုတဲ့အတိုင်း မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြတဲ့ ဖြစ်ဆဲ ရုပ်နာမ်ပစ္စုပ္ပန်ဖြစ်တဲ့ ရှုမှုရှိုက်မှု ရုပ်နှင့် မှတ်သိမှု နာမ်တွေကို မျက်ခြည်မပြတ်စေဘဲ ဝိပဿနာမျက်စောင်းနှင့် အလိုက်သင့် ချောင်းကြည့်နေတဲ့ အခါ ရှုမှုဆိုတဲ့ ရုပ်တွေ ဘွားခနဲဖြစ်၊ ဗျုတ်ခနဲချုပ်၊ ငုတ်တုတ်ပျောက် ငုတ်တုတ်ပျောက် ဤပုံ ဤနည်း ရှုရုပ်ပြီးရင် ရှိုက်ရုပ်၊ ရှိုက်ရုပ်ပြီးရင် တစ်ဖန် ရှုရုပ်၊ ဤလို တစ်နေ့လုံး တစ်လလုံး တစ်နှစ်လုံး တစ်သက်လုံး ရှုရုပ် ရှိုက်ရုပ်ဆိုတဲ့ ဝါယော ဖောဋ္ဌဗ္ဗရုပ်၊ အဆင့်ဆင့် အဆက်ဆက် မရေမတွက်နိုင်အောင် ဖြစ်ပျက်နေကြတဲ့ ရုပ် အနိစ္စသဘောကိုလည်းကောင်း၊ ထိုရုပ်လျှင် အာရုံရှိနေကြတဲ့ မှတ်သိမှု နာမ်အဆင့်ဆင့် အဆက်ဆက် မရေမတွက်နိုင်အောင် ဖြစ်ပျက်နေကြတဲ့ နာမ် အနိစ္စ သဘောကိုလည်းကောင်း၊ ဘူးပေါ်သလို ပေါ်လောကြီး ဘွားဘွားကြီး မြင်ပြီးရင်း မြင်ပြန်ရင်း၊ သိပြီးရင်း သိပြန်ရင်း၊ တွေ့ပြီးရင်း တွေ့ပြန်ရင်း၊ မြင်တွေ့ မြင်တွေ့နေရပေလိမ့်မည်။

သစ္စာသိမြင်နိဗ္ဗာန်ဝင်

ဤလို ရခဲတဲ့ လူ့ဘဝကို ရကြ၍ ကြုံခဲတဲ့ သာသနာတော်ကြီးနှင့် ရင်ဆိုင်လက်ငင်း ကြုံတွေ့နေရတဲ့အခါ အားထုတ်ရခဲ၊ အားထုတ်နိုင်ခဲ၊ အားထုတ်ဖြစ်ခဲတဲ့ အာနာပါနအလုပ် အားထုတ်မှုကို မဂ်ဖိုလ်ရလို၍ အားထုတ်နေတဲ့ယောဂီ ပုဂ္ဂိုလ်ဟာ တစ်ရှူတစ်ရှိုက်ဆိုတဲ့ ဝိပဿနာစိတ် တစ်ချက် တစ်ချက် ဖြစ်ခိုက် ဖြစ်ခိုက်မှာ သစ္စာလေးပါး တစ်ပြိုင်နက် တစ်ချက်တည်း ပါဝင်ပြီးစီး ဖြစ်နေသည်ကို လည်းကောင်း၊ ငါတို့ မသိကြ၍သာ သစ္စာလေးပါးက အပို ပုဂ္ဂိုလ် သတ္တဝါ အဟုတ်အမှန် မရှိသည်ကိုလည်းကောင်း မဖောက်မပြန် ဟုတ်မှန်စွာ သိရှိနိုင်ကြပေလိမ့်မည်။

သစ္စာလေးပါးသော

တစ်ရှူ တစ်ရှိုက်ဆိုတဲ့ ဝိပဿနာစိတ် တစ်ချက်မှာ...

(၁) ရှုရှိုက်တာက 'ဒုက္ခသစ္စာ'။ (၂) ရှုလို ရှိုက်လိုတာက 'သမုဒယ သစ္စာ'။ (၃) ရှုတယ် ရှိုက်တယ်လို့ မှတ်ခိုက် မှတ်ခိုက်မှာ လောဘ၊ ဒေါသ၊

http://www.dhammadownload.com

မောဟ ကိလေသာ တဒင်္ဂ ချုပ်ငြိမ်းနေတာက 'နိရောဓသစ္စာ'။ (၄) ရှုတယ် ရှိက်တယ်လို့မှတ်သိမှုဖြင့် အားထုတ်နေတဲ့ မဂ္ဂင်ရှစ်ပါး ဝိပဿနာ အကျင့် မြတ်တရားက 'မဂ္ဂသစ္စာ'။ ဤလိုဤသုံ ဖြစ်စေ။

(၁) ရှုသက်-ရှိက်သက်ကို သိမ်းဆည်း တတ်သော သတိအမှတ်က ဒုက္ခသစ္စာ။ (၂) ထို အမှတ်သတိကို ဖြစ်စေတတ်သော ရေးဘဝက တဏှာ လောဘက သမုဒယသစ္စာ။ (၃) အဆိုပါ ဒုက္ခသမုဒယသစ္စာ နှစ်ပါးတို့၏ ရေးက ဖြစ်နေကျ လို့ နောက်အသစ် အသစ်ဖြစ်ခွင့်မရဘဲ ရုပ်စဲချုပ်ငြိမ်း တာက နိရောဓသစ္စာ။ (၄) လောဘကို ခြွင်းချန်၍ ကြွင်းကျန်သော ရုပ် နာမ် ခန္ဓာ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတတ်သော နိဗ္ဗာန်လျှင် အာရုံရှိသော (၀၊) အာရုံပြုသော မဂ္ဂင်ရှစ်ပါး အကျင့် မြတ်တရားက မဂ္ဂသစ္စာ။ ဤလိုဤသုံ မျိုးဖြစ်စေ၊ လောကီဝိပဿနာ ဉာဏ်ဖြင့်ပင် သမုဒယမဂ္ဂ ဆိုတဲ့ အကြောင်း သစ္စာနှစ်ပါး၊ ဒုက္ခနိရောဓဆိုတဲ့ အကျိုး သစ္စာနှစ်ပါးတို့ကို သိမြင်၍ သိမြင်၍ သိမြင်တိုင်း သိမြင်တိုင်းတို့၌ အကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး ဝိပဿနာ အလုပ်တရားကို ပွားများအားထုတ်၍ ဘဝတစ်ဖန် ရုပ်နာမ်ခန္ဓာကို အဖန်ဖန် ဖြစ်စေတတ်သော အကြောင်း သမုဒယသစ္စာ တဏှာလောဘကို တဒင်္ဂမှ သမုစ္ဆေဒကျအောင် ပယ်သတ်သွားသော ကြောင့် သစ္စာလေးပါး ကမ္မဋ္ဌာန်းတရားတို့၏ အစွမ်း အားဖြင့် ဝိသုဒ္ဓိဝိပဿနာ ဉာဏ်အဆင့်ဆင့်တက်၍ အရဟတ္တမဂ်သို့ ရောက်သဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်သည်ဟု သိလေ မှတ်လေ။

ဣရိယာပုတ်လေးပါး တစ်ဆက်တည်းသွား ရှုမှတ်ပုံ

ယခုလက်ရှိဘဝမှာပဲ မဂ်ဖိုလ်ကို ရလို ရောက်လိုတဲ့ ယောဂီဖြူ သူမြတ်တို့မှာ ကျောင်းအိမ်ကိစ္စ ပလီဗောကြီးငယ်တို့ကို တကယ် ပြတ်ပြတ် တောက်တောက် ဖြတ်၊ အားလပ်သော အချိန်ပို မထားဘဲ အခွင့်ရတိုင်း တစ်နေ့လုံး တစ်ညလုံး စက္ခုပါလမထေရ်ထုံးကို နှလုံးပြုပြီးလျှင်...

(က) သွားတဲ့အခါ

သွားတဲ့အခါမှာ သွားတယ် သွားတယ် စသည်ဖြင့် မှတ်၍သွားပါလေ။ သွားနေတဲ့ ရုပ်အာရုံထဲမှာ စိတ်ကိုခိုင်မြဲစွာ စိုက်ထားပြီးလျှင် သွားနေတဲ့ ရုပ်အာရုံနှင့် သွားတယ်မှတ်တဲ့စိတ်၊ အာရုံနှင့် မှတ်စိတ် တည့်တည့်သွားအောင် ထပ်မံ ထပ်မံသွားအောင်၊ အံကိုက်အံကျ အံကိုက်အံကျ ဖြစ်ဖြစ် သွားအောင် အားထုတ်ရမည်မှတ်။ သတိအမှတ်ကို မပြတ်စေနှင့်။ ဒီလိုသွားမှုကို အဓိကထား၍ အားထုတ်နေတဲ့အခါ ကုန်းလိုခြင်း ကွလိုခြင်းစသော နာမ်ရုပ် အမှုအရာစသော အသေးစိတ်အမှုအရာများ ပေါ်ပေါက်လာလျှင်လည်း ဖြစ်ပေါ်လာသလို တစ်ခုမကျန် မှတ်ရမည်။ ရုပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်းတို့ကို မှတ်ရာတို့၌လည်းကောင်း အတူတူပင် အသိအမှတ်ကို မပြတ်စေနှင့်။ အမှတ်စပ်အောင် သတိပြု။ ဤပုံသွားခြင်း ဣရိယာပုတ် အားထုတ်နေတာ အတော်ကြာသွား၍ တောင့်တင်းလာပြီး သေရတော့မလောက် မခံမရပ်နိုင်အောင် ဖြစ်ပေါ်လာတဲ့အခါ ရုပ်လိုတဲ့ နေရာမှာ စုံရပ်ပြီးလျှင် သတိအမှတ်ကို မပြတ်စေနှင့်၊ အမှတ် စပ်အောင် အမြဲသတိပြု။

(ခ) ရပ်တဲ့အခါ

ရပ်တဲ့အခါမှာ ရပ်တယ် ရပ်တယ် စသည်ဖြင့် မှတ်၍ ရပ် ရပ်နေတဲ့ရုပ် အာရုံထဲမှာ စိတ်ကို ခိုင်မြဲစွာ စိုက်ထားပြီးလျှင် ရပ်နေတဲ့အာရုံနှင့် ရပ်တယ် မှတ်တဲ့စိတ်၊ အာရုံနှင့်မှတ်စိတ်ကို တည့်တည့်နေအောင် စူးစူးစိုက်စိုက် မှတ်၍ ရပ်ပါလေ။ ရှေ့အမှတ်နှင့် နောက်အမှတ် စပ်အောင် သတိပြု။ ဤပုံ ရပ်ခြင်း ဣရိယာပုတ်ဖြင့် အားထုတ်နေတာ အတော်ကြာ၍ တောင့်တင်းလာပြီးလျှင် မခံမရပ်နိုင် သေရတော့

http://www.dhammadownload.com

မလောက် ဖြစ်ပေါ်လာတဲ့ အခါ ထိုင်လိုတဲ့ နေရာမှာ အသာရုပ်ပြီးလျှင် ရှေ့အမှတ်နှင့် နောက်အမှတ် စပ်အောင် သတိပြု။

(ဂ) ထိုင်တဲ့အခါမှာ

ထိုင်တဲ့အခါမှာ ထိုင်တယ် ထိုင်တယ် စသည်ဖြင့် မှတ်၍ထိုင်။ ထိုင်နေတဲ့ ရုပ်အာရုံနှင့် ထိုင်တယ် မှတ်တဲ့စိတ် အာရုံနှင့် မှတ်စိတ် တည့်တည့်နေအောင် ဈေးဈေးစိုက်စိုက်မှတ်၍ ထိုင်ပါလေ။ အမှတ်စပ်အောင် သတိပြု။ ဤပုံ ထိုင်ခြင်းဣရိယာပုတ်ဖြင့် အားထုတ်နေတာ အတော်ကြာ၍ တင်ပါးပူလာပြီး မအောင့်နိုင် မအည်းနိုင် မခံမရပ်နိုင် သေရတော့မလောက် ဖြစ်လာတဲ့အခါ အိပ်လိုတဲ့နေရာမှာ အသာအိပ်ပြီးလျှင်-

(ဃ) အိပ်တဲ့အခါ

အိပ်တဲ့အခါ အိပ်တယ် အိပ်တယ် စသည်ဖြင့် မှတ်၍ အိပ်ပါလေ။ အိပ်နေတဲ့ ရုပ်အာရုံနှင့် အိပ်တယ်မှတ်တဲ့စိတ် အာရုံနှင့် မှတ်စိတ် တည့်တည့်နေအောင် ဈေးဈေးစိုက်စိုက်မှတ်၍ အိပ်ပါ။

မှတ်ချက်။ ။ ဤ ဣရိယာပုတ် လေးပါးကြားမှာ အရပ်အနားမရှိရ တစ်ဆက်တည်း သွားခြင်း ဣရိယာပုတ် မခံမရပ်နိုင်မှထိုင်၊ ထိုင်ခြင်း မခံနိုင်မှအိပ်၊ အိပ်ခြင်းမခံနိုင်မှ သွား စသည်ဖြင့် တစ်ရက်လုံး ကြိုးစား၊ တစ်ညလုံး ကြိုးစားကြည့်လေ၊ အကျိုးထူး ခံစားရမည် မုချ။ အကျိုးထူးကား အခြားမဟုတ်၊ မပြတ် တရစပ် အမှတ်စပ်အောင် အာရုံတစ်ပါး စိတ်ထွက်မသွားအောင် ကြိုးစားနိုင်တဲ့အခါ ရိပ်ခနဲ ရိပ်ခနဲ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြတဲ့ ရုပ်နာမ် သခါရ တို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်သွားတတ်လေသည်။

ဤလို သွားတဲ့အခါလည်း သွားမှန်းသိ၊ ရပ်တဲ့အခါလည်း ရပ်မှန်းသိ၊ ထိုင်တဲ့အခါလည်း ထိုင်မှန်းသိ၊ အိပ်တဲ့အခါလည်း အိပ်မှန်းသိ။ ဤလို ရုပ်ဣရိယာပုတ်မှ အခြားတစ်ပါး မိန်းမ၊ ယောကျ်ား စသည်ကို မသိစေဘဲ မထင်စေဘဲ မမြင်စေဘဲ ရုပ်ဣရိယာပုတ် တစ်ခုတည်း၏ အမူအရာ အပြောင်းအလွဲကိုသာ သိသိသွားရမည် (ဝါ) ကမ္မဋ္ဌာန်းအလုပ်လက်ကိုင်ပါပါ ဝိပဿနာ အလုပ်ရှိရှိနှင့် သွား-ရပ်-ထိုင်-အိပ်ကြရမည်။

ညအိပ်ရာဝင်သည့်တိုင်အောင် မပြတ်မစဲ ထပ်တလဲလဲ မှတ်ပါ။ အိပ်ရာမှ နိုးလာတဲ့အခါ နိုးတယ် နိုးတယ်၊ သိတယ် သိတယ်လို့ ဆက်လက်မှတ်ပါ။ ထလိုတဲ့အခါ ထလိုတယ် ထလိုတယ်မှတ်၍ ထပါ။ ဆွဲလိုတယ် ဆွဲလိုတယ်၊ ကိုင်လိုတယ်၊ ကိုင်လိုတယ်၊ ရပ်လိုတယ် ရပ်လိုတယ်၊ သွားလိုတယ် သွားလိုတယ် စသည်ဖြင့် ဖြစ်ပေါ်ဆဲ ဖြစ်ပေါ်ဆဲဖြစ်တဲ့ နာမ်ရုပ်အမူအရာတို့ကို ကြည့်၍ မှတ်ပါလေ။ တစ်နေ့လုံးဖြစ်စေ၊ တစ်ညလုံးဖြစ်စေ အာရုံတစ်ပါး စိတ်ထွက် မသွားစေဘဲ မှတ်နိုင်တဲ့အခါ သူငါ မမြင် နာမ်ရုပ်ဖြစ်ပျက် အဆက်ဆက် ဒုက္ခအချက်လှလှကြီးထင်၊ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကိုမြင် မင်ဝင် သွားတတ်သတဲ့။ ဒုက္ခထင်လိုက်တာက လောကီမင်ဉာဏ်၊ နိဗ္ဗာန်မြင်လိုက်တာက လောကုတ္တရာမင်ဉာဏ်။

သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းအိပ်ခြင်း- ဣရိယာပုတ်လေးပါးဖြင့် တရားကို အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အားထုတ်ဖန်များလာတဲ့အခါ သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း လျောင်းအိပ်တိုင်း သွားလို ရပ်လို ထိုင်လို လျောင်းအိပ်လိုတဲ့ စိတ်နာမ် အမူအရာကို လည်းကောင်း၊ သွားရပ် အိပ်လျောင်းနေတဲ့ ကိုယ်ရုပ် အမူအရာကိုလည်းကောင်း၊ မကြာ မကြာ ခဏ ခဏ တွေ့မြင်နေရပါသောကြောင့် သွားလို ရပ်လို ထိုင်လို အိပ်လိုတာကလည်း စိတ်နာမ်ပဲ၊ သွား-ရပ်-ထိုင်-အိပ်နေတာကလည်း ဝါယောရုပ်ပဲ၊ စိတ်နာမ်က သွားလိုလို့ ဝါယောရုပ်က သွားပေးတယ်၊ နာမ်က ရပ်လိုလို့ ဝါယောရုပ်က ရပ်ပေးတယ်၊ နာမ်က ထိုင်လိုလို့

http://www.dhammadownload.com

ဝါယော ရုပ်က ထိုင်ပေးတယ်။ နာမ်က အိပ်လိုလို့ ဝါယောရုပ်က အိပ်ပေးတယ်။ စိတ်နာမ်က အလိုရှိတဲ့အတိုင်း ဝါယောရုပ်က ဘာမဆို လုပ်ပေးရတယ်။ စိတ်နာမ်က ကောင်းတာ အလိုရှိတဲ့အခါ ကောင်းတာ လုပ်ပေးရတယ်။ စိတ်နာမ်က မကောင်းတာ အလိုရှိတဲ့အခါ မကောင်းတာ လုပ်ပေးရတယ်။ အလိုနှင့် အလုပ်- နာမ်နှင့်ရုပ် ပဲရှိတယ်။

သွားတတ်-ရပ်တတ်-ထိုင်တတ်-အိပ်တတ်တဲ့ သူကောင်၊ ငါကောင်၊ ယောကျ်ားကောင်၊ မိန်းမကောင်၊ ပုဂ္ဂိုလ်၊ သတ္တဝါကောင်ရယ်လို့တော့ ခန္ဓာ ကိုယ်ထဲမှာ တစ်မျိုးသီးခြား ရှိနေတော့သည် မဟုတ်ဘူး။ အကြောင်းအသီ အလိုအားလျော်စွာ အကြောင်းတိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်းတို့၌ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြတဲ့ မမြဲဆင်းရဲ ငါထင်တဲ့ ငါကောင်လည်း မဟုတ်၊ နာမ်ရုပ်-အနတ္တတို့သာ ဖြစ်ကြသည်ဟု မိမိ အလိုလိုပင် သိမြင် သဘောကျ၍ မိမိ အလိုလို ဆုံးဖြတ်နိုင်တော့သည် သာတည်း။

မှတ်ချက်။ ။ ဤလို သွားခြင်း စသော စိတ်က 'ဟေတု' အကြောင်း၊ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောရုပ်က 'ပစ္စယ' အကြောင်း၊ ဟေတု အကြောင်းက နာမ်တရား၊ ပစ္စယအကြောင်းက ရုပ်တရား၊ နာမ်-ရုပ်နှစ်ပါးတို့သာ သွားကြသည် သွားတတ်သော ငါကား ထင်ရှားမရှိဟု ဆုံးဖြတ်၍ သိသည် ဟူလို။

နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ပြုရန်

ဤပုံဤနည်း သေသေကြေကြေ မီးမရရင် ငါမနေဟု သဘောထား ၍ မီးပွတ်သော ယောကျ်ားကဲ့အလားသို့ မချို့တူစွာ ယောဂီတကာတို့သည်လည်း သွားရင် သွားတယ်၊ ရပ်ရင် ရပ်တယ်၊ ထိုင်ရင် ထိုင်တယ်၊ အိပ်ရင် အိပ်တယ် စသည်ဖြင့် ပစ္စုပ္ပန်ထိပ်သီးကျကျ ဖြစ်ခိုက် ဖြစ်ဆဲ ဖြစ်ကြတဲ့ သွားလို ရပ်လို၊ ထိုင်လို အိပ်လိုခြင်း စသော ရုပ်အမူအရာ ဟူသမျှတို့ကို တစ်ခုမှ မလစ်စေဘဲ သတိချပ်၍ ရှုမှတ်မှ များလာတဲ့အခါ သွားလိုခြင်း စသော နာမ်အမူအရာ၊ သွားခြင်းစသော ရုပ်အမူအရာ။ ဤ နာမ်ရုပ် နှစ်ပါးတို့သာ မြင်ရဖန်များလာတဲ့အခါ သွားနေတဲ့အထဲမှာ သွားလိုတဲ့နာမ်နှင့် သွားနေတဲ့ရုပ်၊ နာမ်ရုပ်က အပိုသွားတတ်သော ပုဂ္ဂိုလ်မရှိဟုလည်း ခဏခဏသိမြင် သဘောကျကျနေတတ်သည်။ ဤလို သိမြင်သဘောကျပြီးလျှင် သွားလို သွားချင်တဲ့ နာမ်နှင့် သွားသွားနေတဲ့ ရုပ်တို့ကိုလည်း တစ်ခါ သွားလို တစ်နာမ် ချုပ်၊ သွားတိုင်း သွားတိုင်း နာမ်ရုပ် ချုပ်၊ ချုပ်ဖျောက်-ချုပ်ဖျောက် အနိစ္စနိုင်ငံသို့ ရောက်ရောက်နေသည်တို့ကိုလည်း တတ်တတ် ထင်ထင် ဝိပဿနာ မျက်စိနှင့် ခဏခဏ သိမြင်သဘောကျကျ နေတတ်သည်။

ဤလို မပြတ်စေဘဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြတဲ့ နာမ်-ရုပ် အနိစ္စ စသည်တို့ကို သိမြင်ရဖန်များလာတဲ့အခါ သူ့ကိုမမြင် ငါ့ကိုမမြင်၊ ယောကျ်ားမိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါကို မမြင်၊ မိမိ၏ တစ်ကိုယ်လုံး တစ်ကောင်လုံးကြီးကိုပင် မမြင် မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြတဲ့ နာမ်ရုပ် ဖြစ်ပျက်ကိုသာ မြင်တွေ့-မြင်တွေ့နေရ၍ ဉာဏ်ငုံ ဉာဏ်ဝါးမိတဲ့အခါ (ဝါ)အာရုံရော မှတ်စိတ်ရော ပြတ်သွားတဲ့အခါ၊ (ဝါ)အမှတ်ဆုံးသွားတဲ့အခါ ဓမ္မပဒ သပ္ပဒါသဝတ္ထုလာ ရဟန္တာတစ်ပါးကဲ့သို့ ချတဲ့ ခြေထောက်မြေသို့မရောက်မီ ပါရာဓိကဏ် အဋ္ဌကထာနိဒါန်းလာ ရှင်အာနန္ဒာမထေရ်ကဲ့သို့ မြေနှင့် ခြေလည်းမထိ၊ ခေါင်းအုံးနှင့် ခေါင်းလည်း မထိမီ ၎င်းအတွင်း ကလေးတွင် မှတ်နေသော ရုပ်နာမ်သဓါရတို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ မဖြစ်မဖျက်ရာ အမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုရကာ တစ်မဂ်ပြီး တစ်မဂ်၊ တစ်ဖိုလ်ပြီး တစ်ဖိုလ်၊ အရဟတ္တမဂ် အရဟတ္တ ဖိုလ်တိုင်အောင် ရောက်နိုင် ရန်နိုင်သည်ဟုသိ၍ ယုံယုံကြည်ကြည်

http://www.dhammadownload.com

အားထုတ်ကြပါလေ။

ဤလိုဤမျိုး မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြတဲ့ ရုပ်နာမ် သင်္ခါရတို့ကို ဉာဏ်ငုံ ဉာဏ်ဝါးမိတဲ့အခါ သွားတုန်း သွားဆဲ မဂ်ဖိုလ် ရကြတာ၊ ရပ်တုန်း ရပ်ဆဲ၊ ထိုင်တုန်းထိုင်ဆဲ၊ အိပ်တုန်းအိပ်ဆဲ စားတုန်း စားဆဲ၊ ခဲတုန်းခဲဆဲ၊ သောက်တုန်းသောက်ဆဲ မဂ်ဖိုလ်ရကြတာ မရေမတွက်နိုင်အောင် များလှပြီဟု သိလေ။

မဂ်ဖိုလ်ရရန် သတိပဋ္ဌာန်

ဣရိယာပထဝိုင်း လုပ်ငန်းစဉ် အကျဉ်းချုပ်ဆောင်ပုဒ်များ-

၁။ သွားရင် သွားတယ်-သွားတယ်၊ မှတ်ကြကွယ် မှတ်ကြကွယ် သတိပဋ္ဌာန်နည်းကလွယ်။

၂။ ရုပ်ရင် ရုပ်တယ်-ရုပ်တယ်၊ မှတ်ကြကွယ် မှတ်ကြကွယ် သတိပဋ္ဌာန်နည်းကလွယ်။

၃။ ထိုင်ရင် ထိုင်တယ်-ထိုင်တယ်၊ မှတ်ကြကွယ် မှတ်ကြကွယ် သတိပဋ္ဌာန်နည်းကလွယ်။

၄။ အိပ်ရင် အိပ်တယ်-အိပ်တယ်၊ မှတ်ကြကွယ် မှတ်ကြကွယ် သတိပဋ္ဌာန်နည်းကလွယ်။

သမထနည်းပြီး၏။

× × ×

၅။ သွားလို သွားချင်တာက နာမ်ကွယ်၊ သွား သွားနေတာက ရုပ်ကွယ်။
သွားလို သွားချင်တာက နာမ်ကွယ်၊ သွား သွားနေတာက ရုပ်ကွယ်။
မှတ်ကြကွယ် မှတ်ကြကွယ်၊ နာမ်ရုပ်နှစ်ပါးသာ သွားတတ်တယ်။

နာမ် ရုပ် ဖမ်းနည်း

၆။ တစ်ခါလိုတော့ တစ်နာမ်ချုပ်တယ်၊ တစ်ခါသွားတော့ တစ်ရုပ် ချုပ်တယ်။
သွားလိုတိုင်း သွားလိုတိုင်း နာမ်ချုပ်တယ်။
သွားတိုင်း သွားတိုင်း ရုပ်ချုပ်တယ်။
မှတ်ကြကွယ် မှတ်ကြကွယ်၊ မဂ်ဖိုလ်ရဖို့အလွယ်။

ဝိပဿနာနည်း ပြီး၏။

× × ×

ဝိပဿနာ၏သဘော

ဝိပဿနာ၏ သဘောအမှန်မှာ တစ်ခုတည်းကို ရှုမှတ်ရမည်မဟုတ်၊ မြင်တိုင်း ကြားတိုင်း နံတိုင်း မွှေးတိုင်း စားတိုင်း သောက်တိုင်း တွေ့တိုင်း သိတိုင်း ကြံတိုင်း စဉ်းစားဆင်ခြင်တိုင်းတို့ကို တစ်ခုမှ မလစ်ရအောင် ရှုမှတ်ရခြင်းသည် ဝိပဿနာ၏ သဘောအမှန်ပေတည်း။ သို့ရာတွင် ကမ္မဋ္ဌာန်း ဝင်ခါစ အာဒိကမ္မိက ယောဂီတို့မှာ ဉာဏ်မရင့်သေးသောကြောင့် အကုန်လုံးလိုက်၍ မရှုမှတ်နိုင်သေး၊ အာနာပါန ဖြစ်စေ၊ ဣရိယာပထဖြစ်စေ၊ တစ်ခုခုကိုသာ သတိသမာဓိတရား ကြီးထွားလာအောင် စ၍ ကြိုးစားရမည်။ နောက်ကို သတိသမာဓိဉာဏ် ရင့်သန်၍ ပညာအားပြည့်လာတဲ့အခါ ဘယ်အရာမဆို ရှုစားသွားနိုင်လတ္တံ့။

မြင်-မြင်တယ်၊ ကြား-ကြားတယ်၊ နံ-နံတယ်၊ စား-စားတယ်၊ ထိ-ထိတယ်၊ သိ-သိတယ်

(၁) မြင်ဆဲ၌-မြင် မြင်တယ်မှာ်ခိုက် မြင်တွေ့ခံစား သုံးပါးက နာမ်ထင်တာ၊ ထင်တဲ့အဆင်း ကြည်လင်တဲ့ မျက်စိနှစ်ပါးက ရုပ်ထင်တာ။ နာမ် ရုပ် တခြားစီထင်တာက နာမ်ရုပ် ပိုင်းခြားတာ။ မြင်တယ် မှတ်တာက သတိ ပညာဝိပဿနာဉာဏ်။

(၂) ကြားဆဲ၌-ကြား ကြားတယ်မှတ်ခိုက်၊ ကြားတွေ့ ခံစား သုံးပါးက နာမ်ထင်တာ။ ထင်တဲ့အသံ ကြည်လင်တဲ့ နားနှစ်ပါးက ရုပ်ထင်

http://www.dhammadownload.com

တာ။ နာမ် ရုပ် တခြားစီထင်တာက နာမ်နှင့် ရုပ် ပိုင်းခြားတာ။ ကြားတယ် မှတ်တာက သတိပညာ ဝိပဿနာဉာဏ်။

(၃) နံဆဲ၌–နံ နံတယ်မှတ်ခိုက် နံ တွေ့ ခံစား သုံးပါးက နာမ်ထင်တာ၊ ထင်တဲ့အနံ့ ကြည်လင်တဲ့နှာခေါင်းနှစ်ပါးက ရုပ်ထင်တာ။ နာမ် ရုပ် တခြားစီထင်တာက နာမ် ရုပ် ပိုင်းခြားတာ။ နံတယ်မှတ်တာက သတိပညာဝိပဿနာ။

(၄) စားဆဲ၌–စား စားတယ်မှတ်ခိုက် စား တွေ့ ခံစား သုံးပါးက နာမ်ထင်တာ၊ ထင်တဲ့ အရသာ ကြည်လင်တဲ့လျှာနှစ်ပါးက ရုပ် ထင်တာ။ နာမ် ရုပ် တခြားစီထင်တာက နာမ် ရုပ် ပိုင်းခြားတာ။ စားတယ် မှတ်တာက သတိပညာဝိပဿနာဉာဏ်။

(၅) ထိဆဲ၌–ထိ ထိတယ်မှတ်ခိုက် ထိ တွေ့ ခံစား သုံးပါးက နာမ်ထင်တာ၊ ထင်တဲ့အတွေ့ ကြည်လင်တဲ့ နှစ်ပါးက ရုပ်ထင်တာ။ နာမ် ရုပ် တခြားစီထင်တာက နာမ် ရုပ် ပိုင်းခြားတာ။ ထိတယ်မှတ်တာက သတိပညာဝိပဿနာဉာဏ်။

ရှုမှတ်က အမတခေမာ

မြင်ဆဲခဏ။ ။ကောင်းကောင်းဆိုးဆိုး အဆင်းရှုပါရဲ့ အမျိုးမျိုးတို့ကို ပကတိ မျက်စိနှင့် မြင်ရတဲ့အခါ မြင်မြင်တယ်ဟု ဝိပဿနာ ရှုမှတ်မှု ရှိပါလျှင် ကြည်လင်တဲ့ မျက်စိနှင့် ထင်လာတဲ့ အဆင်းကို ရုပ်ဟု ဟုတ်မှန်တဲ့အတိုင်းသိ၏။ မြင်တဲ့စက္ခုဝိညာဏ်၊ တွေ့တဲ့ဖဿ၊ ခံစားတဲ့ ဝေဒနာကိုလည်း နာမ်ဟု ဟုတ်မှန်တဲ့အတိုင်း သိ၏။

ကြားဆဲခဏ။ ။ ကောင်းကောင်းဆိုးဆိုး အသံသဒ္ဒါရုံ အမျိုးမျိုးတို့ကို ပကတိ နားနှင့်ကြားရတဲ့အခါ ကြား ကြားတယ်ဟု ရှုမှတ်မှုရှိပါလျှင် ကြည်လင်တဲ့ နားနှင့် ထင်လာတဲ့အသံကို ရုပ်ဟု ဟုတ်မှန်တဲ့အတိုင်း သိ၏။ ကြားတဲ့ သောတဝိညာဏ်၊ တွေ့ထိတဲ့ ဖဿ၊ ခံစားတဲ့ ဝေဒနာကိုလည်း နာမ်ဟု ဟုတ်မှန်တဲ့အတိုင်း သိ၏။

နံဆဲခဏ။ ။ ကောင်းကောင်းဆိုးဆိုး အနံ့ဂန္ဓာရုံ အမျိုးမျိုးတို့ကို ပကတိ နှာခေါင်းနဲ့ နံမွှေးကြရတဲ့အခါ နံ နံတယ်ဟု ရှုမှတ်မှုရှိပါလျှင် ကြည်လင်တဲ့ နှာခေါင်းနှင့် ထင်လာတဲ့ အနံ့ကို ရုပ်ဟု ဟုတ်မှန်တဲ့ အတိုင်းသိ၏။ ကြားတဲ့ သောတဝိညာဏ်၊ တွေ့တဲ့ ဖဿ၊ ခံစားတဲ့ ဝေဒနာကိုလည်း နာမ်ဟု ဟုတ်မှန်တဲ့အတိုင်း သိ၏။

စားဆဲခဏ။ ။ ကောင်းကောင်းဆိုးဆိုး ချိုချဉ် ငန် ဖန် ခါးအရသာ ရသာရုံ အမျိုးမျိုးတို့ကို လျှာနှင့် စားကြည့်တဲ့အခါ စား စားတယ်ဟု ရှုမှတ်ပါလျှင် ကြည်လင်တဲ့လျှာနှင့် အရသာကို ရုပ်ဟု ဟုတ်မှန်တဲ့ အတိုင်းသိ၏။ စားတဲ့ဓိဝှာဝိညာဏ်၊ တွေ့တဲ့ဖဿ၊ ခံစားတဲ့ ဝေဒနာကိုလည်း နာမ်ဟု ဟုတ်မှန်တဲ့ အတိုင်း သိ၏။

ထိဆဲခဏ။ ။ ကောင်းကောင်းဆိုးဆိုး ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတို့ကို ကိုယ်နှင့် တွေ့ထိကြတဲ့အခါ ထိ ထိတယ်ဟု ရှုမှတ်မှုပါရှိလျှင် ကြည်လင်တဲ့ ကိုယ်နှင့် အတွေ့ကို ရုပ်ဟု ဟုတ်မှန်တဲ့အတိုင်း သိ၏။ ထိတဲ့ ကာယဝိညာဏ် တွေ့တဲ့ဖဿ ခံစားတဲ့ ဝေဒနာကို နာမ်ဟု ဟုတ်မှန်တဲ့အတိုင်း သိ၏။

သိတဲ့ခဏ။ ။ ကောင်းကောင်းဆိုးဆိုး သဘောဓမ္မာရုံ အမျိုးမျိုးတို့ကို သိကြတဲ့အခါ ကြည်လင်တဲ့ နှလုံးနှင့် ထင်လာတဲ့ သဘော သဘောကို ရုပ်ဟု ဟုတ်မှန်တဲ့အတိုင်း သိ၏။ သိတဲ့မနောဝိညာဏ်၊ တွေ့တဲ့ ဖဿ၊ ခံစားတဲ့ ဝေဒနာကို နာမ်ဟု ဟုတ်မှန်တဲ့အတိုင်း သိ၏။

ဤလို နာမ်ရုပ်ကို ပိုင်းခြား၍ သိတတ်ပြီး နာမရူပ ပရိစ္ဆေဒဉာဏ်စသော ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်၍ မဂ်ဖိုလ်သို့ ရောက်နိုင်လေသည်။ ဤလို နာမ် ရုပ်မှုကို ဟုတ်မှန်တဲ့အတိုင်း

http://www.dhammadownload.com

သိသောကြောင့် မြင်ဆဲ ကြားဆဲ နံဆဲ စားဆဲ ထိဆဲ သိဆဲ ခဏတို့၌ ငါမြင်တယ်၊ ငါကြားတယ်၊ ငါနံတယ်၊ ငါစားတယ်၊ ငါထိတယ်၊ ငါသိတယ် စသော ဖြစ်ခွင့်ထိုက်တဲ့ (ဥပွဇ္ဇနာရဟ) ဒိဋ္ဌိ ကိလေသာနှင့် ရုပ်နာမ်မရောယှက်၊ ရုပ်နာမ်သက်သက်မျှသာ ထင်သောကြောင့် ရှုမှတ်တိုင်း ရှုမှတ်တိုင်း နန္ဒီရာဂမည်သော တပ်မက်မှု တဏှာ နုသယသည် တဒင်္ဂစသည် ချုပ်ငြိမ်းနေသောကြောင့် မကိန်း၊ မကိန်းသောကြောင့် ယောနိသို့ မဆောင်၊ မဆောင်သောကြောင့် ဘဝတစ်ဖန် ရုပ် နာမ် ခန္ဓာ အသစ်အသစ် မဖြစ်။ သမုစ္ဆေဒအားဖြင့် အစဉ်ပြတ်၍ ရပ်သဖြင့် သံသရာစက်ပြတ်၏။ ဘဝတစ်ဖန် ရုပ်နာမ် ခန္ဓာ နောက်ထပ် အသစ်အသစ် မဖြစ်၊ အစဉ်ပြတ်၍ရပ်ပါလျှင်လည်း ခေမာနဂရနိဗ္ဗာနသို့ ရောက်ရတော့ မည်သာတည်း။

မှတ်ချက်။ ။ ဤ၌ ၆-ဒွါရ၊ ၆-အာရုံ၊ ၆-ဝိညာဏ်၊ ၆-ဝေဒနာ ပေါင်းဆုံမိတိုင်း ပေါင်းဆုံမိတိုင်း ဝိပဿနာ ရှုမှတ်မှု မရှိပါလျှင် မြင်တိုင်း ကြားတိုင်း စသည်တို့၌ ဘဝစက် တစ်ပတ် တစ်ပတ်လည်၏မှတ်။ ရှုမှတ်မှုရှိပါလျှင် ဘဝစက် သံသရာစက် ရှုတိုင်း ရှုတိုင်း တစ်ပတ်တစ်ပတ် ပြတ်ပြတ်သွားသည်ဟုမှတ်။ *(ပိဏ္ဍတ္ထအဓိပ္ပာယ်)*

ဆိုလိုရင်း အဓိပ္ပာယ်မှာ သမထ ဝိပဿနာ အလုပ်ကို အားထုတ်နေတဲ့အခါ ရှေး၌ပြခဲ့သော လောဘစသော ကိလေသာတို့ကို တဒင်္ဂ၊ တဒင်္ဂ တစ်ခဏတစ်ခဏမျှသတ်၊ အားထုတ်ဖန် များလတ်သော် ကိလေသာ အတော်ကြာ ကွာနေ၍ ဝိကွမ္ဘနသတ်၊ နောက်ဆုံးမင်္ဂသို့ ဆိုက်ရောက်တဲ့အခါ မင်္ဂကုသိုလ်နှင့် အကြွင်းအကျန်မရှိ သတ်ပြီး နိဗ္ဗာန်သို့ ရောက်သွားတတ်သောကြောင့် မင်္ဂဆိုတာတဲ့။ သို့ကြောင့် တစ်ထောင့်ငါးရာ ကိလေသာတို့ကို တဒင်္ဂမှစ၍ သမုစ္ဆေဒကျအောင် အလဲထိုး၍ အသေသတ် တတ်သော သဘောသတ္တိထူးကို မင်္ဂဆိုတာ။ လိုရင်းမှာ မဂ္ဂင်ရှစ်ပါး စုံညီသွား၍ နိဗ္ဗာန်တရားကို တည့်တည့် အာရုံပြုနိုင်တဲ့ မင်္ဂစိတ်ဖြစ်ပေါ်လာတာဟု ရှင်းရှင်းသိ။ ဝိပဿနာဉာဏ်။ (၁) တဒင်္ဂသတ်တယ် ဆိုတာ ကာမကုသိုလ်၊ ကာမ ကုသိုလ်ဆိုတာက လောကီပညာ၊ လောကီပညာဆိုတာ တခြားမဟုတ်၊ ပုဗ္ဗဘာဂမင်္ဂပေါ်တဲ့ လောကီဝိပဿနာဉာဏ်ပဲ။ အဲသည့် ဝိပဿနာဉာဏ်ကိုလည်း မင်္ဂဆိုသည်ဟုသိ။ ဤကား ဥပစာမင်္ဂ။

(၂) အကြွင်းမဲ့ သတ်တာက မင်္ဂကုသိုလ်၊ မင်္ဂကုသိုလ် ဆိုတာက လောကုတ္တရာပညာ၊ လောကုတ္တရာပညာဆိုတာ အခြားမဟုတ်၊ လောကုတ္တရာ ဉာဏ်ပဲ။ အဲသည် လောကုတ္တရာ ဉာဏ်ကို မင်္ဂဆိုသည်ဟုသိ။ မုချမင်္ဂတည်း။

အဓိပ္ပာယ်။ ။ ဤ သီလ သမာဓိ အခြံအရံနှင့် တကွ ဝိပဿနာကို (၀၊) မဂ္ဂင်ရှစ်ပါး အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်မိတဲ့အခါ ရှေးဦးစွာ လောကီသိ၊ နောက်ကို လောကီသိမျိုး မဟုတ်တော့ ဘဲ တစ်နည်း တစ်မျိုး ရုပ်နာမ် သဒ်ါရတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် သိမြင်နိုင်တဲ့ သတ္တိထူးရှိသော အသိဆုံးသိတဲ့ လောကုတ္တရာ သိသိသွားသည်ကို မင်္ဂဆိုသည်ဟု သိလေ။

မဂ္ဂင်ညီမှ မင်္ဂဖိုလ်ရ

ရှင်းဦးအံ့၊ သမ္မာဒိဋ္ဌိအစရှိတဲ့ မဂ္ဂင်ရှစ်ပါးကို ဆိုင်ရာ သီလသမာဓိ ပညာသုံးပါး စုပြီးလျှင် လိုရင်း သမာဓိ မဂ္ဂင်သုံးပါးက ထိုင်နေ၍ ဝိပဿနာ အလုပ်ကို အားထုတ်နေဆဲအခါ ကာယကံ-ဝစီကံ နှစ်ပါး လွန်ကျူးမှု မိစ္ဆာဇီဝ ကျူးလွန်မှုကိုလည်း ကြဉ်ရှောင်လျက် ဖြစ်နေပါသောကြောင့် သီလ မဂ္ဂင် သုံးပါးလည်း ပါဝင်ညီညွတ်နေပါတယ်။ ဝိပဿနာ အလုပ်ကို အားထုတ်မှု ဝိရိယ၊ အမှတ်ရမှု သတိ၊ စူးစိုက်တည်ကြည်မှု သမာဓိကို ရရှိနေပါသောကြောင့်

http://www.dhammadownload.com

သမာဓိ မဂ္ဂင်သုံးပါးကိုလည်း ညီညွတ်နေတယ်။ ထိုအခါ ပညာမဂ္ဂင်နှစ်ပါးထဲက သမ္မာသင်္ကပ္ပမဂ္ဂင်၊ ဝိတက်က ရုပ်နာမ် အာရုံသို့ ခဏ ခဏ တင်ပေးနေတယ်။ အဲသည်တော့ သမ္မာဒိဋ္ဌိမဂ္ဂင်ပညာက မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ခန္ဓာတို့ကို သူ့တာဝန်ရှိတဲ့အတိုင်း သူ ငါ မဟုတ်မှန်း၊ ရုပ်နာမ် ခန္ဓာမှန်း၊ အနိစ္စ ဒုက္ခ အနတ္တမှန်း၊ ဒုက္ခသမုဒယ နိရောဓမဂ္ဂင်မှန်းသိ သိနေတယ်။

ဤလိုပညာ မဂ္ဂင်နှစ်ပါးလည်း ညီညွတ်နေတော့ မဂ္ဂင်ရှစ်ပါးလုံး ညီညွတ်နေတာပေါ့။ ဤလို မဂ္ဂင်ရှစ်ပါးညီညွတ်၍ ဖြစ်ပျက် ရုပ်နာမ်တွေကို ခဏ ခဏ မြင်တွေ့ရဖန်များလာတဲ့အခါ ပျင်းမုန်းငြီးငွေ့လာပြီး ငြီးငွေ့ဖန် များတော့ ဖြစ်ပျက် ရုပ်နာမ်တွေကို မတွေ့လိုမမြင်လို၊ သူတို့မှ လွတ်လို လွတ်ချင်တော့ လွတ်အောင် အားထုတ်၊ အားထုတ်တော့ ဖြစ်ပျက် ရုပ်နာမ် လက်ထဲက ဖြတ်ခနဲ ပြတ်စဲချုပ်ငြိမ်းရာသို့ ရောက်ပြီး လွတ်သွားတတ်သတဲ့။ ဤလို ဖြစ်ပျက် ရုပ်နာမ် လက်ထဲက လွတ်သွားပုံဟာ...

ဣန္ဒာသနံဝိယ ပဗ္ဗတေ ကိလေသ ပဗ္ဗတေ
စုဏ္ဏယမာနံ ယေဝ ဉာဏ် ပဝတ္တတိ

ဟူသော မဟာဝါခန္ဓကနှင့်အညီ မိုးကြိုးသည် သစ်ပင် တောတောင် တို့ကို ဒင်းကနဲ ပစ်ခွဲလိုက်သကဲ့သို့ ထို့အတူ ဖြတ်ခနဲ ပြတ်စဲ ချုပ်ငြိမ်းရာသို့ ရောက် နိဗ္ဗာန်ကိုမျက်မှောက်ပြုကာ ဘဝသံသရာက မဖောက်ခွဲဖူးသေးတဲ့ လောဘကွန်၊ ဒေါသကွန်၊ မောဟကွန် စသော ကိလေသာကျောက်တောင်သံတောင်တို့ကို မဂ်မိုးကြိုးနှင့် ပစ်ခွဲပစ်သတဲ့။ ထိုအခါ သူ့မဂ်နှင့်ဆိုင်တဲ့ ကိလေသာတို့မှာ မဂ်မိုးကြိုးတည့်တည့်ကြီးထိမှန်တဲ့အတွက် သောတာပတ္တိမဂ်ခဏမှာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာတို့ဟာ စင်းစင်းသေ၊ တည့်တည့် မမှန်သေးတဲ့ လောဘ ဒေါသ စသော ကိလေသာတို့မှာ တဖြည်းဖြည်း သတိရလာကာ မသေအရေကျန်ရှိနေ၍ ရှိန်းကာ ဝဲကာ ထိမှန်တဲ့ ရူပရာဂ အရူပရာဂ မာန ထိန်ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ကိလေသာတို့မှာ ထိတ်ရုံလန့်ရုံကမပို 'ပိုနေမြဲ ကျားနေမြဲ' ဖြစ်နေကြပြန်တယ်တဲ့။

"သဗ္ဗသင်္ခါရ ပဝတ္တံ ဝိဿဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ" နှင့် အညီ ဤလိုလွတ်သွားတယ်ဆိုတာ မပြတ်မစဲ ထပ်တလဲလဲ တွေ့မြင်နေရတဲ့ ဖြစ်ပျက် ရုပ် နာမ် လက်ထဲက လွတ်သွားပြီး (၀၀) စွန့်လွတ်လိုက်ပြီး ဖြစ်ပျက် ရုပ်နာမ်နှင့် လုံးလုံးမတွေ့ရဘဲ ဖြစ်သွားတာပဲ။ အဲသည် တစ်ခဏအတွင်းမှာ ပြတ်စဲချုပ်ငြိမ်းနေတဲ့ သဘောမှတစ်ပါး ဘာတစ်ခုမှ မတွေ့ရ၊ မသိရ၊ မမြင်ရ၊ ရုပ်နာမ်သင်္ခါရ ရုပ်အားလုံးကို ပြတ်စဲ ချုပ်ငြိမ်းနေတဲ့ သဘောတစ်ခုတည်းကိုသာ တွေ့မြင်နေရတာတဲ့။ ဤလို သင်္ခါရချုပ်ငြိမ်းတဲ့ သဘောကို သိမြင်မှုမှ တစ်ပါး ဘာတစ်ခုကိုမှ မတွေ့ရ မသိရတော့ဘဲ ပြတ်စဲချုပ်ငြိမ်းနေသော သဘောကို (၀၀) နိဗ္ဗာန်ကို သူပြော လူပြောမဟုတ်၊ စာသိ စာမြင်မဟုတ်၊ ကိုယ်တိုင် မဂ်စိတ်ဖြင့် မျက်မှောက်ပြုနေရတာကို သိမြင်နေရတာကို မဂ်ဆိုတာတဲ့။ ဖြစ်နေကျအစဉ်ရုပ်၍ နောက်ထပ် အသစ် ရုပ်နာမ်မဖြစ်တော့တဲ့ ဖြတ်စဲ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း သဘောကို နိဗ္ဗာန်ဆိုတာတဲ့။ သဘောဆိုတာ ပရမတ္ထသဘာဝ၊ သန္တိသုခ ငြိမ်းအေးတဲ့ သဘော၊ အေးမြတဲ့သဘော၊ အငြိမ်းဓာတ် အအေးဓာတ် အသံတဓာတ်ကို ဆိုသည်မှတ်လေ။

သတိပဋ္ဌာန်အကျဉ်း ဆောင်ပုဒ်များ

သမထနည်း

၁။ ရှူရင် ရှူတယ် ရှူတယ် မှတ်ကြကွယ်
သတိပဋ္ဌာန်နည်းကလွယ်။

၂။ ရှိုက်ရင် ရှိုက်တယ် ရှိုက်တယ် မှတ်ကြကွယ်
မှတ်ကြကွယ်
သတိပဋ္ဌာန်နည်းကလွယ်။

http://www.dhammadownload.com

ဝိပဿနာနည်း

၃။ ရှုတာ ရှိက်တာက ရုပ်ကွယ်၊ သိမှတ်တာက နာမ်ကွယ်။

၄။ ရှုတာ ရှိက်တာက ရုပ်ကွယ်၊ သိတာ မှတ်တာက နာမ်ကွယ်။

၅။ မှတ်ကြကွယ် မှတ်ကြကွယ်၊ ရုပ်နာမ်နှစ်ပါးသာ ရှုတယ် ရှိက်တယ်။

မှတ်ချက်။ ။ ရုပ်နာမ်မှတစ်ပါး ရှုတတ် ရှိက်တတ်သော လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ တစ်စုံတစ်ယောက် မရှိဟူလို။

ရုပ်နာမ်ပိုင်းခြားနည်း

၆။ တစ်ခါရှု တစ်ခါရှိက်တော့ တစ်ရုပ်ချုပ်တယ်။
တစ်ခါသိ တစ်ခါမှတ်တော့ တစ်နာမ်ချုပ်တယ်။
ရှုတိုင်း ရှိက်တိုင်း ရုပ်ချုပ်တယ်။
သိတိုင်း မှတ်တိုင်း နာမ်ချုပ်တယ်။

မှတ်ကြကွယ် မှတ်ကြကွယ်၊ မဂ်ဖိုလ်ရဖို့ အလွယ်။

၇။ ထိရင် ထိတယ် ထိတယ်၊ သိရင် သိတယ် သိတယ်။

၈။ ထွက်ရင် ထွက်တယ် ထွက်တယ်၊ ဝင်ရင် ဝင်တယ် ဝင်တယ်။

၉။ ရှုရင် ရှုတယ် ရှုတယ်၊ ရှိက်ရင် ရှိက်တယ် ရှိက်တယ်။

၁၀။ ချေရင် ချေတယ် ချေတယ်၊ ချရင် ချတယ် ချတယ်။

၁၁။ တင်းရင် တင်းတယ် တင်းတယ်၊ လျော့ရင် လျော့တယ် လျော့တယ်။

၁၂။ ပိန်ရင် ပိန်တယ် ပိန်တယ်၊ ဖောင်းရင် ဖောင်းတယ် ဖောင်းတယ်။
စသည်ဖြင့် လဲ၍ ဆိုပါလေ။

မှတ်ချက်။ ။[အကျယ်ကိုသိလိုမူ ဆရာတော် ဘုရားကြီး ရေးသားစီရင်သော ဝိပဿနာဘာသာ အလင်းပြ ပ-၃-တတို့ကို ဖတ်ရှုပါရန်။]

ဝန်းသိုခန္ဓီးဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

ဝေဘူဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဝေဘူဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၅၇-၁၃၃၉)

ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီး အလောင်းလျာကို ၁၂၅၇-ခု၊ တပေါင်းလဆန်း (၆) ရက်၊ တနလာ်နေ့ နံနက် (၄) ချက်တီးကျော် အချိန်တွင် ဖွားမြင်သည်။ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ အင်ကြင်းပင်ရွာဇာတိ ဖြစ်သည်။ ခမည်းတော်မှာ ဦးလူဖေ၊ မယ်တော်မှာ ဒေါ်ကျင်နု ဖြစ်သည်။ သားသမီး လေးယောက်အနက် ပထမ သားဦး ဖြစ်သည်။ ငယ်နာမည်မှာ မောင်ကျော်ထွန်း ဖြစ်သည်။

(၁၀)နှစ် အရွယ်သို့ ရောက်သောအခါ အင်ကြင်းပင်ကျောင်း ဆရာတော် ဦးသုမနထံတွင် အပ်နှံ၍ ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ မိဘနှစ်ပါးက သွတ်သွင်း ချီးမြှောက်သည်။ ဘွဲ့တော်မှာ ရှင်ကုမာရ ဖြစ်သည်။

(၁၃) နှစ်အရွယ်တွင် မန္တလေးမြို့မှ ဦးကြီးတော်သူ ဦးရွှေလူက သာမဏေဒကာခံ၍ ရှင်ပြန်ပြုပြန်သည်။ (၁၈)နှစ်သားတွင် ရှင်လူထွက်၍ ကျောင်းစာရေးအလုပ်ဖြင့် မိဘများကို ကျေးဇူးဆပ်လေသည်။

တစ်ဖန် သံဝေဂဉာဏ် ဖြစ်ပေါ်ကာ မိဘနှစ်ပါးထံခွင့်ပန်ပြီး ငယ်ဆရာရင်း ကျေးဇူးရှင် အင်ကြင်းပင်ကျောင်း ဆရာတော်ဘုရားထံတွင် ၁၂၇၆-ခု၊ ဝါဆိုလခွဲ သာမဏေ ပြုပြန်သည်။ သာမဏေဘဝဖြင့် တစ်ဝါရအပြီး ၁၂၇၇-ခု၊ နယုန်လတွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ကံဆွယ်တောရဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ဦးကုမာရဖြစ်သည်။

၁၂၈၀-ပြည့် ဝါဆိုဦးတွင် မန္တလေးမြို့ မစိုးရိမ်တိုက် ဓမ္မယူပဒေသကျောင်းခွဲ ၂ နှစ်တိုင် ပရိယတ်ကို လေ့လာတော်မူသည်။ ၁၂၈၃-၈၄-ခုနှစ်များတွင် အင်ကြင်းပင်ကျောင်းခွဲပင် တိုက်အုပ်အဖြစ် တာဝန်ယူ၍ ရဟန်းသာမဏေ ကျောင်းသားများကို စာပေပို့ချသည်။ တစ်ဖက်မှလည်း ဆရာတော်ဘုရားကြီးထံတွင် ဝိသုဒ္ဓိမဂ်ကို လေ့လာတော်မူပေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဝိသုဒ္ဓိမဂ်ပို့ချရင်း 'မောင်ပဉ္စင်းတို့ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နှင့် ရဟန်းတရား အားထုတ်သွားက အလွန်ကောင်းတယ်။ ငါတို့မှာတော့ အချုပ်မိ၍ ကျောင်းထိုင်ဘုန်းကြီး လုပ်နေရတယ်။ မင်းတို့ရှာနိုင်ရင် ကောင်းလှ၏' ဟု မိန့်မှာချက်ကို ဦးထိပ်ပန်ဆင်၍ ဝိသုဒ္ဓိမဂ် ၂-ကျမ်း ပြီးသောအခါတွင် မိမိကျေးဇူးရှင် ဆရာတော် ဘုရားကြီး ခြေတော်ရင်းသို့ ဝပ်စင်းကာ ဖူးမြော်ကန်တော့ နှုတ်ဆက်ခွင့်ပန်

http://www.dhammadownload.com

လျှောက်ထားလေသည်။

၁၂၈၅-ခုနှစ်၊ ဝါဆိုလတွင် သပိတ်တစ်လုံး၊ သင်္ကန်း သုံးထည်နှင့် ရွှေဘိုမြို့၊ ပုသိမ်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ကြွတော်မူလေသည်။ ထိုကျောင်းတွင် တစ်ဝါဆို၍ အားထုတ်ခဲ့သည်။

၁၂၈၆-ခု၊ ကဆုန်လဆန်း (၁၀)ရက်တွင် ကျောက်ဆည်သို့ ကြွတော်မူလေသည်။ ၁၂၈၉-ခုနှစ်တွင် ဖခင်ကြီး၏ ပင့်ဆောင်မှုကြောင့် အင်ကြင်းပင်ရွာသို့ ကြွရောက် သီတင်းသုံးလေသည်။ မိမိ၏ ဆရာဖြစ်သူ အင်ကြင်းပင်ကျောင်း ဆရာတော်အား တရားပြသတော်မူရလေသည်။

၁၃၀၈-ခုနှစ်၌ မကျန်းမာသဖြင့် ရွှေဘိုမြို့ရှိ ဒေါက်တာ ကရာဦး အိမ်တွင် ခေတ္တ သီတင်းသုံး၍ ဆေးကုသမှုကို ခံယူတော်မူလေသည်။ ၁၃၁၂-ခုနှစ် မှစ၍ ဒကာများ၏ တောင်းပန်ချက်အရ ကျောက်ဆည်မြို့ ဝေဘူချောင်တွင် ၄-လ၊ ရွှေဘိုမြို့ အောင်မြေတွင် ၄-လနှင့် အင်ကြင်းပင်တွင် ၄-လ စီခွဲ၍ သီတင်းသုံးတော်မူရသည်။

သီတင်းသုံးရာ ဝေဘူချောင်ကို အစွဲပြု၍ ဝေဘူဆရာတော်ဘုရားကြီးဟု ကျော်စောလာသည်။ ၁၃၁၉-ခု၊ နတ်တော်လတွင် သီဟိုဠ်နိုင်ငံသို့ ကြွတော်မူသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် (၈၂) နှစ်၊ သင်္ကာတော် (၆၂) ဝါအထိ ဝေနေယျအများတို့အား တရားရေအေး တိုက်ကျွေးခဲ့လေသည်။ (၂၆-၆-၇၇) တနင်္ဂနွေနေ့ ညနေ (၇း၃၀) နာရီတွင် ဓာတိရပ်မြေ၊ အင်ကြင်းပင် ကမ္မဋ္ဌာန်းဌာန၌ ခန္ဓာဝန်ချတော်မူခဲ့လေသည်။

ထေရပွတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

တစ်ကိုယ်လုံး တရိပ်ရိပ် တရှရှ အမြဲမပြတ် ဖြစ်ပျက်နေတာကို တွေ့လာရတဲ့အခါ (အနိစ္စကို ကောင်းစွာ မြင်သောကြောင့်) ဒုက္ခနှင့် အနတ္တဟာ အလိုလို ထင်မြင်လာလိမ့်မယ်။ ပါးစပ်က ဆိုနေဖို့ မလိုပါဘူး။ ဝိပဿနာအလုပ်ဟာ ထိမှုကို ရှုသိနေရုံသာဖြစ်တယ်။ ကြည့်ရှုနေရင်း၊ ရှုမှတ်နေရင်း၊ သိထိုက်သမျှကို အလိုလို တစ်နေ့ထက်တစ်နေ့ တိုးတိုးပြီး သိလာလိမ့်မယ်။

O

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီး၏
ယောဂီအတွက် လိုရင်းချက်များ

သီလကို ဆောက်တည်ပြီးကြလျှင် ပြည့်စုံအောင် ဖြည့်ကြ၊ ကျင့်ကြ၊ ဖြည့်ကျင့်လို့ ပြည့်စုံပြီဆိုမှဖြင့် စိတ်နှလုံးအလို တောင့်တတဲ့အတိုင်း ရည်ရွယ်ချက်အသီးသီးတို့ဟာ အကြွင်းအကျန်မရှိ အကုန်လုံး ပြီးစီးအောင်မြင်ကြပါတယ်။

သီလခဏတည်ပြီး ကုသိုလ်အဖြာဖြာတို့ဟာ မဟာပပ္ပလတဲ့။ အကြွင်းအကျန်မရှိ၊ အပြီးအဆုံးတိုင်အောင် ဆောင်တယ်။

နှစ်သက်ဖွယ်ရာ အမျိုးမျိုး အဖြာဖြာတို့ကို မိမိစိတ်ထဲ၌ သဘောကျသလိုစီမံပြီး အလှူဝတ္ထုကို ရိသေလို့၊ အလှူခံကိုရိသေလို့ စိတ်ကို ဖြောင့်မတ်စွာထားပြီး အတုအတူမရှိပါတဲ့ ဘုရားရှင်သာနာကို ကိုယ်ပိုင်ဖြစ်တဲ့ ပစ္စည်းကို သူတစ်ပါးကို အစေအပါးမခိုင်းဘဲ ကိုယ်တိုင် ဆက်ကပ် လှူဒါန်းပြီးတော့ ကိုယ်နှစ်သက်တဲ့ ဗောဓိနှင့် နိဗ္ဗာန် စံဝင်ရပါလို၏လို့ အဲသည်လိုဆုယူ ဆုတောင်းကြ။

ကုသိုလ်ဆိုတာ တစ်ကြိမ်တစ်ခါပြုလို့ အောင်လျှင် ဆွေးမြည့်ပျောက် ပျက်မသွား၊ အထွတ်အထိပ် ချမ်းသာမှန်ရာဗောဓိနဲ့ နိဗ္ဗာန်အထိ ဆောင်နိုင် ပို့နိုင်တယ်၊ မပြီးခင် သံသရာတစ်ခွင် ပါရမီအရှင်သခင် ဝိရိယအရှင်သခင်၏ သုဂတိဖြစ်သော လူစခန်း နတ်စခန်း၌ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ မယုဉ်မတုသာ အရာရာ လွှမ်းမိုးလို့ အသာဆုံးဖြစ်ရတယ်။ ဒါက ဆုတောင်းရသည် မဟုတ်ပါ။ ဤချမ်းသာတွေက တိမ်းလို့ ရှောင်လို့ မရတဲ့ ချမ်းသာတွေပါ။ ဆုတောင်ရမှာက သံသရာမှလွတ်မှု နိဗ္ဗာန်ဆု တစ်ခုပဲ ဖြစ်ပါတယ်။

ဘယ်လိုဆောင်ပါသတုန်းဆိုတော့ အားလုံးသူတော်ကောင်းအများတို့ ဘုရားရှင်ထားတော်မူခဲ့တဲ့ သာသနာတည်မှု အမြင်များပြီးတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးလေးပါးပစ္စည်း နှစ်သက်ဖွယ်ရာ အဖြာဖြာ ရေတွင်း၊ ရေကန်၊ ဓရုပ်၊ တန်ဆောင်း၊ ခရီးလမ်းအသွယ်သွယ်အဝဝ၊ သစ်သီးအရံ ပန်းအရံ ဘယ်ဟာမှမလိုရအောင် ဟောထားတော်မူခဲ့တဲ့ သာသနာတည်မှု ပြုမှု အလိုရှိတဲ့ ဗောဓိနဲ့ နိဗ္ဗာန်စံဝင်မှုဆုယူကြ။

ဘယ်ကဲ့သို့ လိုက်ပါသတုန်းဆိုတော့ တစ်ပါးပြေးသွားတဲ့ စိတ်တွေ မပြေးသွားစေဘဲနဲ့ ဘုရားရှင်ကျေးဇူးတော် ဂုဏ်တော်တို့ကို အောက်မေ့လျက် ဘုရားအဆုံးအဖြစ်သော ရုပ်ပေါ် နာမ်ပေါ်၌ သင်္ဝင် တည်နေအောင် ဝိရိယများများနဲ့ထား၊ အခုလိုထားတာက ဝိရိယထားတဲ့အတိုင်းနေတာက ဝိရိယိန္ဒြိယ၌ နေတဲ့အချိန် ဆင်းရဲဖြစ်စေတဲ့ လောဘ၊ ဒေါသ၊ မောဟ မဝင်သာလို့ မဝင်လာဘူး၊ လောဘ၊

http://www.dhammadownload.com

ဒေါသ၊ မောဟ ဆိုတာ မီးခေါ်တယ်။ အခုထား အခုနေ အခုမီးငြိမ်း အခု ပစ္စုပ္ပန်ချမ်းသာ၊ ဒီချမ်းသာဆိုက်လာတော့ ဝိရိယ အရှင်သခင်သန္တာန်မှာ ဆိုက်လာ၊ ဝိရိယ အရှင်သခင်သိတယ်။ မစွန့်တော့ ဘူး၊ လ္ဘရိယာပုတ်လေးဖြာ ကြားလပ်မရှိအောင် တစ်ဆက်တည်းဆောင်မယ်ဟု မြင့်မြတ်တဲ့ဆန္ဒဖြစ်၊ ဆန္ဒနဲ့ အလျော် ဝိရိယထူထောင် ဆောင်တော့ သီလ အနှစ်၊ သမာဓိအနှစ်၊ ပညာအနှစ်တွေနဲ့ ပြည့်စုံ ပြီး အလုံးစုံဒုက္ခအပေါင်းတွေ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ မိမိမှန်းရာဗောဓိနဲ့ စံဝင်ကြွမြန်းတော်မူကြသော အရှင်မြတ်များ ပြီးသကဲ့သို့ ထပ်တူညီမျှ ပြီးနိုင်တာကို သိပြီး အချိန်ကို အနည်းငယ်မျှ အချည်းနှီးမဖြစ်စေဘဲ ဆောင်ကြတာ အောင်ကြပြီ၊ ဝမ်းမြောက်ကြ။

အလုပ်လုပ်တဲ့အခါမှာ ဝိပဿနာအလုပ်ကို လုပ်မယ်လို့ လုပ်ပင် လုပ်ငြားသော်လည်းပဲ ဘယ်လို တုန်းဆိုတော့ သမထဘက်ကို ရောက်ချင် ရောက်သွားတတ်တယ်၊ ဟုတ်ရဲ့လား။ သမထကို ငါ လုပ်မယ်လို့ ဒီလို လုပ်ပေမယ့်လည်း ဝိပဿနာဘက်ကို ရောက်ချင်ရောက်သွားတတ်တယ်၊ ဒါက သဘော၊ ဟုတ်ရဲ့လား။ ပြီးတော့ သိပြီးတော့ ကိုယ် ဣန္ဒြေကဲ့သို့ မှန်းပြီးတော့ အလုပ်လုပ်ကြရတယ်၊ ဝိပဿနာလုပ်ချင်တယ်ဆို ဝိပဿနာ အလုပ်ကိုလုပ်၊ ဝိပဿနာအလုပ်ကို မှန်မှန်လုပ်၊ သမထအလုပ်ကို လုပ်မယ်ဆိုရင် သမထလုပ်ငန်းအတွက် ဖြောင့်ဖြောင့်တန်းတန်း မှန်မှန်လုပ်၊ သမထ အလုပ်ကို လုပ်။

ဘုရားဆုံးမတော်မူတာတွေကို တည့်တည့် မှန်မှန်တွေကို ရထားပြီးတော့ မမှားအောင်ပြော လို့လဲပဲ ဒါကတော့ဗျာ မှန်ပြီဗျာ၊ သို့သော်လည်းပဲ မလိုက်နာလိုသေးသည်မို့ မဆိုက်လာသေးရင်တော့ မလိုက်နာလို့ မဆိုက်လာတော့ အပြောတော့ ရိုးတီးရားတားကြီး နေပါပေါ့ဗျာ၊ ဟုတ်ကဲ့လားဗျာ။

ပစ္စုပ္ပန်ချမ်းသာ သံသရာချမ်းသာ နှစ်ဖြာတောင့်တတဲ့ အတိုင်း ပြီးနိုင်တာ ဘုရားရှင်ဆုံးမတဲ့ အဆုံးအမမှ တစ်ပါးသည့်ပြင် မရှိဘူးဗျာ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဝေဘူဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

သီလဆောက်တည်လို့ ပြီးကြပြီ။ သီလဆောက်တည်ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ။ ဖြည့်လို့ ပြည့်စုံပြီဆိုမှဖြင့် မိမိစိတ်နှလုံး အလိုတောင့်တတဲ့အတိုင်း ပြီးမယ်။ ယခုလဲ ချမ်းသာမယ်။ နောင်လဲ ချမ်းသာမယ်။

ပစ္စုပ္ပန်ချမ်းသာ၊ တမလွန်ချမ်းသာ နှစ်ဖြာကို ပေးစွမ်းနိုင်တာဟာ ဘုရားရှင် အဆုံးအမတော်ကလွဲလို့ တခြားမရှိဘူး၊ ဘုရားရှင် အဆုံးအမဆိုတာ ဝိဋ္ဌကသုံးပုံပဲ။

ဝိဋ္ဌကသုံးပုံ၏ လိုရင်းအချုပ်

ဝိဋ္ဌကသုံးပုံဆိုတာ အလွန်ကျယ်ဝန်းတယ်။

ဝိဋ္ဌကသုံးပုံကို အဆီထုတ်ပါဆိုလျှင် "ဗောဓိပက္ခိယ" တရားသုံးဆယ့် ခုနစ်ပါးရတယ်။

ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို အဆီထုတ်လျှင် "မဂ္ဂင် ရှစ်ပါး" ရတယ်။

မဂ္ဂင်ရှစ်ပါးကို အဆီထုတ်လျှင် "သိက္ခာသုံးပါး" ရတယ်။ သိက္ခာသုံးပါးဆိုတာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာပါပဲ။

သိက္ခာသုံးပါးကို အဆီထုတ်လျှင် "ဓကောဓမ္မော-တရားတစ်ခု" ရတယ်။

ရုပ်ပေါ် နာမ်ပေါ်မှာနေပြီး ယခုလို ဆောင်ထားတော့ (ရှုမှတ်နေတော့) ကာယကံ သောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှု မရှိဘူး၊ အဲဒါ 'အဓိသီလ'လို့ ခေါ်တယ်။

အဓိသီလအားကောင်းလျှင် စိတ်တွေသောင်းကျန်းမှုမရှိဘဲ ငြိမ်ဝပ်ပိပြားပြီး တည်နေတော့တယ်။ အဲဒါ "အဓိစိတ္တ"လို့ ခေါ်တယ်။

အဓိစိတ္တ(သမာဓိ) အားကောင်းလို့ အချိန်ကြာလျှင် ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာမှ ဖန်တီးလို့ မဖြစ်ဘူး၊ လျှပ်တစ်ပြတ်အတွင်း ကုဋေတစ်သိန်းဖြစ်ပြီး ပျက်နေတယ်။ ရုပ်ကို နာမ်ကသိနေလျှင် ဖြစ်ပျက်ကို သိတော့တာပဲ။ ဖြစ်ပျက်ကို သိတာ "အဓိပညာ"လို့ ခေါ်တယ်။

အများနားလည်အောင် ပြောရမယ်ဆိုလျှင် ခန္ဓာကိုယ်မှာ ထင်ရှားတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ နာဖျား နာဝမှာ ထွက်လေ ဝင်လေနှစ်ရပ်ဟာ အမြဲတိုက်ဝင် တိုက်ထွက်နေတယ်။

နာဖျားနာဝမှာ ကာယပသာဒအကြည်ကအထိခံ၊ ထွက်လေ ဝင်လေ ဖြစ်တဲ့ လေနှစ်ရပ်ဝါယောဖောဋ္ဌဗ္ဗက ထိတယ်။ ထိုအထိခံနဲ့ "ထိတာကရပ် သိတာကနာမ်"ဆိုတော့ ဒကာကြီး ဒကာမကြီးတို့ သူများ မေးမနေနဲ့၊ ကိုယ့်နာဝကို ဉာဏ်နဲ့စောင့်ကြည့်။ ဝင်တော့ ထိဝင်မယ်။ ထွက်တော့

http://www.dhammadownload.com

လည်း ထိထွက်မယ်။ ထိတာကိုသိလျှင် သိနေလျှင် လောဘ၊ ဒေါသ၊ မောဟ ဖြစ်ခွင့်မရလို့ လောဘမီး၊ ဒေါသမီး၊ မောဟမီး ငြိမ်းတယ်။ ငြိမ်းတော့ အေးတယ်။

မထိခင်ကလည်း သိလို့ မဖြစ်ဘူး၊ ထိပြီး ပြန်တော့လည်း သိလို့ မဖြစ်ဘူး။ ထိတုန်းကိုသာ သိလို့ ဖြစ်တယ်။ အဲဒါကို "ပစ္စုပ္ပန်တည့်တည့်" လို့ဆိုတယ်။

ထိတာကို သိနေလျှင် "ရုပ်နှင့်နာမ်သာ ရှိပါကလား"လို့ သိလိမ့်မယ်။ ရုပ်နာမ်မှတစ်ပါး၊ "ငါ–သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိဘူးဆိုတာ ဘုရားရှင်၏ တရားတော်အမှန်ပါကလား"လို့ ကိုယ့်ဟာကိုယ်သိလိမ့်မယ်။ သူများကို မေးနေဖို့ မလိုပါဘူး။ နာဖျား နာဝမှာ လေထိတာကို သိနေလျှင်ထို အချိန်မှာ အတ္တဆိုတဲ့ ကိုယ်မရှိဘူး။

ထိသိနေတဲ့အချိန်မှာ ဉာဏ်အမြင် စင်ကြယ်တယ်။ သမ္မာဒိဋ္ဌိဖြစ်တယ်။ ထိတာကို သိနေတဲ့အချိန်မှာ "ရုပ်နာမ်မှတစ်ပါး ဘာမျှမရှိပါကလား" လို့ သိတာကို နာမ်ရုပ်ကိုပိုင်းခြားပြီး သိတာမို့လို့ "နာမရူပ ပရိစ္ဆေဒဉာဏ်"လို့ ခေါ်တယ်။

တတိတည်းထိ တသိတည်းသိနေလျှင် အတ္တ စင်၍ ဉာဏ်အမြင် စင်ကြယ်တဲ့ အကျိုးရတယ်။ ဒါဟာ တဒင်္ဂပဟာန် ခဏအချိန် ကလေးမှာရတဲ့ အကျိုး၊ နည်းတယ်လို့များ မမှတ်လိုက်ကြနဲ့။

"ကမ္မဋ္ဌာန်းထိုင်ရတာ ဘာမှလည်း မတွေ့ပေါင်၊ ဘာမှလည်း မရပေါင်" လို့များ မမှတ်ကြနဲ့။ မြင့်မြတ်တဲ့ဘဝ ဘုရားသာသနာနဲ့ ကြုံကြိုက်တဲ့အခါမှာ ဒီလို အကျိုးထူးများ ရနိုင်တယ်။ စားဖို့ သောက်ဖို့ အသာထားပြီး အထူးကြိုးစားကြ။

မွေးကတည်းက ရှုတတ်ကြ

ကဲပါဗျာ သူတကာဖြစ်တဲ့ဟာကို ပြောရမှပဲ။ အားလုံးသော ကြီးကြီးငယ်ငယ် ဒကာကြီးတွေ ဒကာမကြီးတွေဟာ အသက်မရှူကြဘူးလားဗျာ။ ပါဠိတွေဘာတွေဆိုတာတော့ ရပြီးသားဖြစ်မှာပဲ။ တို့က မသိတော့ အသက်ရှူတယ်လို့ ပြောမှာဗျာ့။

မေး ။ ။ အားလုံးသော ဒကာကြီးတွေ၊ ဒကာမကြီးတွေ အသက်မရှူကြဘူးလား။

ဖြေ ။ ။ ရှူကြပါတယ်ဘုရား။

မေး ။ ။ အသက်ရှူတဲ့အခါ ဘယ်အချိန်ကစပြီး ရှူကြသတုံး။

ဖြေ ။ ။ မွေးကတည်းကပါပဲဘုရား။

မေး ။ ။ အဲဒီတော့ ထိုင်နေရင်းကော။

ဖြေ ။ ။ ရှူပါတယ်ဘုရား။

မေး ။ ။ မတ်တပ်ရပ်ရင်းကော။

ဖြေ ။ ။ ရှူပါတယ်ဘုရား။ထ

မေး ။ ။ လမ်းသွားရင်းကော။

ဖြေ ။ ။ ရှူပါတယ်ဘုရား။

မေး ။ ။ ခန္ဓာဝန်အတွက် စားဖို့သောက်ဖို့ အလုပ်တွေကို လုပ်နေရင်းကော။

ဖြေ ။ ။ ရှူပါတယ်ဘုရား။

မေး ။ ။ အေး... အဲတော့ အိပ်ပျော်သွားတော့ကော ဗျာ။

ဖြေ ။ ။ အိပ်ပျော်သွားတော့လဲ အသက်ရှူပါတယ်ဘုရား။

မေး ။ ။ ဟုတ်ကဲ့လား။

ဖြေ ။ ။ ရှူပါတယ်ဘုရား။

မေး ။ ။ အမှုကိစ္စတွေများကြတော့ တစ်ခါတလေ "အသက်မရှူအားပါဘူး" ဆိုပြီးတော့ နေကြတာများ ရှိသေးသလားဗျာ။

ဖြေ ။ ။ အသက်မရှူအားတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိပါဘုရား။

မေး ။ ။ အေး ဒါဖြင့် အားလုံး အသက်ရှူဖို့တော့ တတ်ကြတဲ့ ပုဂ္ဂိုလ်ချည်းပဲပေါ့ဗျာ။ ဒါဖြင့် အသက်ရှူတတ်နေရင် မေးရဦးမယ်ဗျာ့။ အသက်ရှူတဲ့အခါကျပြီဆိုရင် စဉ်းစားပြီး

http://www.dhammadownload.com

နေလို့ရှိရင် လေကလေးဟာ ဘယ်အနားကို တိုက်ထွက်သတုံးလို့ ယခုလို စိတ်ထဲက စဉ်းစားမယ်ဆိုရင် မသိပေဘူးလား။

ဖြေ ။ ။ သိပါတယ်ဘုရား။

မေး ။ ။ ဝင်တော့ကော လေကလေးဟာ ဘယ်အနားကလေးကို တိုက်ဝင်သလဲဆိုတာ မသိဘူးလား။

ဖြေ ။ ။ သိပါတယ်ဘုရား။

မေး ။ ။ ဒါဖြင့်ရင် အသက်ရှူတဲ့အခါကျပြီဆိုတော့ ဒလေကလေးဟာ ထွက်သွားပြီး ဘယ်အနားကလေးကို တိုက်ထွက်သတုံး။ ဝင်တော့ လေကလေးဟာ ဘယ်အနားကလေးကို တိုက်ပြီးတော့ ဝင်သတုံး။ ယခုပဲ စဉ်းစားကြည့်ကြစမ်းပါဗျာ။

(ဆရာတော်ဘုရား အမိန့်ရှိသည့်အတိုင်း တစ်မိနစ်ခန့် ငြိမ်သက်စွာ ထွက်လေ ဝင်လေတို့ကို မှတ်သိနေကြပါသည်)

မေး ။ ။ ကဲဗျာ ဘယ်အနားကလေး တိုက်ထွက်သတုံးဗျာ။

ဖြေ ။ ။ နှာသီးဖျားကလေးကို တိုက်ထွက်ပါတယ်ဘုရား။

မေး ။ ။ ဝင်တော့ကော။

ဖြေ ။ ။ နှာသီးဖျားကလေးကိုပဲ တိုက်ပြီးတော့ ဝင်ပါတယ်ဘုရား။

အဲဒီလို ထွက်လေဝင်လေ နှစ်ရပ်တို့ကို အမျိုးမျိုး အဖြာဖြာအားဖြင့် ဘုရားဆုံးမတော်မူတဲ့အတိုင်း ဘုရားရှင်အလိုတော်ကိုသိပါတဲ့ မြင့်မြတ်သော အရှင်သခင်တွေက ညွှန်ကြားဆုံးမလို့ အားလုံးတို့ဟာ နားလည်ပြီးသား ရှိပါတယ်ဗျာ။ တစ်ခုတည်းကိုပင်လျှင်ပဲ ပြောလို့မကုန်နိုင်အောင် ဘုရားရှင် အလိုတော်ကျ ဘုရားရှင်ဆုံးမပါတဲ့ အဆုံးအမတွေကတော့ များများကြီး ရှိထားကြပြီးသား ရှိပါတယ်ဗျာ။ သို့သော် အဲဒီလို ရှိထားပြီးသား အသိုးသီးတွေကို နားလည်ပြီးသား ရှိပင်ရှိငြားသော်လည်းပဲ ယခုပြောသလိုပဲ ပြောရတယ်ဗျာ။

နာဖျားနာဝ တစ်ချက်တည်းသိနေမှ

မေး ။ ။ လေကလေးဟာ တိုက်ထွက်တော့ ဘယ်အနားကလေးကို တိုက်ထွက်သလဲ။

ဖြေ ။ ။ နှာသီးဝကို တိုက်ထွက်ပါတယ်ဘုရား။

မေး ။ ။ ဝင်တော့ကော။

ဖြေ ။ ။ နှာသီးဝကိုပဲတိုက်ပြီး ဝင်ပါတယ်ဘုရား။

မေး ။ ။ အဲသည်လို တိုက်ဝင် တိုက်ထွက်တဲ့ နေရာကို လက်နှင့် ထိပြီး ထားတော့ ကိုယ်မသိပေဘူးလားဗျာ။

ဖြေ ။ ။ သိပါတယ်ဘုရား။

မေး ။ ။ လက်နှင့်ထိပြီးထားတော့ ကိုယ်သိတယ်၊ အဲသည်လိုသိတာကို နှုတ်က ဆိုရသေးသလား။

ဖြေ ။ ။ မဆိုရပါဘုရား။ မဆိုဘဲနှင့် သိပါတယ်ဘုရား။

မေး ။ ။ လက်နှင့်ထိတော့ သိသလို လေဟာတိုက်ပြီး ထွက်တော့ကော သိတာကို နှုတ်ကဆိုရသေးသလား။

ဖြေ ။ ။ မဆိုရပါဘုရား။

မေး ။ ။ တိုက်ဝင်တော့ကော။

ဖြေ ။ ။ မဆိုရပါဘုရား။

မေး ။ ။ ပြီးတော့ သည်လို လက်နှင့်ထိပြီး ထားမယ်ဆိုရင် သိတယ်ဆိုတာက အဆက်ပြတ်ပြီးသွားအောင် သိသလား၊ တစ်ဆက်တည်း သိသလား။

ဖြေ ။ ။ တစ်ဆက်တည်း သိပါတယ်ဘုရား။

မေး ။ ။ အေး...ဒါဖြင့် ခုနကပြောသလို နှာသီးဖျားကလေးမှာ လက်နှင့် ထိတော့ တစ်ဆက်တည်း သိပြီးနေသလို လေကလေးက သည် နေရာကလေးကို တစ်ဆက်တည်း တိုက်

http://www.dhammadownload.com

ထွက်နေတာဟာ ပြတ်ပါ့မလား။

ဖြေ ။ ။ မပြတ်ပါဘုရား။

မေး ။ ။ ပြန်ပြီးဝင်တော့ကော သည်နေရာကလေးမှာ ပြတ်ပြီးတော့ကော ဝင်သလား။

ဖြေ ။ ။ တစ်ဆက်တည်း ဝင်ပါတယ် ဘုရား။ တစ်ဆက်တည်း တိုက်ပြီးထွက်တော့လဲ အေး အေး အေး အေးနှင့်၊ တိုက်ပြီးဝင်တော့လဲ အေး အေး အေး အေးနှင့်၊ သည်နေရာကလေးမှာ သိပြီးနေမယ်၊ ဟိုဘက်ကို လိုက်မသွားနှင့်။

မေး ။ ။ ဟိုဘက်ဆိုတာ ဘယ်လိုပါလဲ ဘုရား။

ဖြေ ။ ။ ထိပြီးနေတာကလေးကို မလွတ်စေနှင့်၊ တိုက်ပြီး ထွက်နေတာ ကလေးကို သိနေတော့ ဟိုကိုလိုက်မသွားနဲ့၊ ဟိုလိုက်သွားတော့ ဘာပြုတုံးဆိုလျှင် ထိတာကလေးကို သိတော့မှာ မဟုတ်ဘူးဗျာ၊ ပြန်ဝင်ပြန်တော့လဲ တိုက်ပြီး တိုးပြီး ဝင်တာ ကလေးကိုသာ လျှင် သိနေဗျာ။ ဟိုလိုက်မသွားနဲ့၊ ပြီးတော့ တစ်ဆက်တည်း သည်လို သိပြီးနေမယ် မဟုတ်လား။

(မှန်ပါတယ်ဘုရား။)

အေး... အဲဒါကို လက်နဲ့ထိလို့ တစ်ဆက်တည်း သိသလို သိပြီးနေအောင်ဟာ အခုလည်း ထားကြည့်ကြစမ်းပါဗျာ။

မေး ။ ။ နှာသီးဖျားနှစ်ခုကို နှစ်ခုစလုံးပဲ မှတ်ရမလား၊ တစ်ခုတည်း မှတ်ရမလား ဘုရား။

ဖြေ ။ ။ တစ်ခုတည်းထားပါ။ နှစ်ခုထားနေလို့ ရှိလျှင် စိတ်နှစ်ခု ဖြစ်နေဦးမယ်ဗျာ။ လက်နှင့် ထိတော့ သိတယ်၊ အဲသည်လို သိတဲ့ နေရာမှာ တစ်ခုတည်းကိုပဲ စူးစူးစိုက်စိုက် ထား။

(ဆရာတော်ဘုရား ဟောကြားသည့်အတိုင်း နှစ်မိနစ်ခန့် ငြိမ်သက်စွာ မှတ်နေကြပါသည်။)

ကျေးဇူးတင်ရန် ဆူညံသံ

မေး ။ ။ အခုလိုထားတော့ နေတယ်မဟုတ်လားဗျာ့။

ဖြေ ။ ။ အများအားဖြင့် နေပါတယ်ဘုရား။

မေး ။ ။ အကုန်လုံးမဟုတ်ဘူးလား။

ဖြေ ။ ။ တပည့်တော် အခုလုပ်တဲ့အချိန်မှာတော့ အများအားဖြင့် နေပါတယ်ဘုရား၊ တစ်ခါတလေ ချောင်းဆိုးသံဝင်လာပါတယ်ဘုရား။

မေး ။ ။ ကိုယ်ချောင်းဆိုးတာက ဝင်တာလား၊ သူများချောင်းဆိုးတာက ဝင်တာလား။

ဖြေ ။ ။ သူတကာချောင်းဆိုတာက ဝင်နေတာပါဘုရား။

မေး ။ ။ အဲဒါ ဝိရိယနည်းလို့လား၊ ဝိရိယများလို့လား၊ ချောင်းဆိုးတဲ့ လူကို အပြစ်ဆိုမှာလား။

ဖြေ ။ ။ နည်းနည်းတော့ စိတ်ဆိုးသွားပါတယ် ဘုရား။

အေး... နေပါဦးဗျာ၊ အဲသလို ဆင်းရဲမှုလွတ်မှု အတွက် ဘုရားထံမှောက်ရောက်ပြီး ဘုရားအဆုံးအမ ရတော့ ယခုလိုထားရော၊ ထားတော့ ထိသူတကာက ချောင်းဆိုးရော၊ ချောင်းဆိုတော့ ချောင်းဆိုးသံကြားရော၊ သည်တော့ ဒကာကြီးက "သည်ဒကာကြီး ဒကာမကြီးတွေဟာ ချောင်းဆိုးရမလား" ဆိုပြီး စိတ်ဆိုးသွားရော။ နောက်ပြီး ဒကာကြီးက အခုလို တရား အားထုတ်တယ်ဆိုတော့ တခြားလူတွေက ဒကာကြီးဟာ "တော်ပါပေတယ်၊ သူတော်ကောင်းကြီး" လို့ ချီးမွမ်းကြလိမ့်မယ်။

မေး ။ ။ ကဲပါဗျာ၊ ချီးတော့ချီးမွမ်းမယ်၊ သည်လို စိတ်ဆိုးလျက်နှင့် စုတိကျလို့ သေသွားလျှင် သည်သူတော်ကောင်းကြီး ဘယ်သွားမလဲ။

ဖြေ ။ ။ အပါယ်လေးပါး ကျမှာပါပဲဘုရား။

မေး ။ ။ ချီးမွမ်းတာကို ကြိုက်တော့ကြိုက်တယ် မဟုတ်လား၊ ကြိုက်ပေမယ့် သည်အတိုင်း စိတ်ဆိုးလျက် စိတ်တိုလျက်နှင့် ဒီအချိန်

http://www.dhammadownload.com

ကလေးမှာ စုတိစိတ်ကျသွားလျှင် ဘယ် ရောက်မလဲ။

ဖြေ ။ ။ စိတ်ဆိုးလျက်နှင့် သေသွားလျှင် အပါယ် ကျမှာပါပဲဘုရား။

မေး ။ ။ သေသေချာချာ ကျမှာလား။

ဖြေ ။ ။ သေသေချာချာကျမှာပါဘုရား။

မေး ။ ။ ဒကာကြီး အပါယ်ကျချင်သလား။

ဖြေ ။ ။ မကျချင်ပါဘူးဘုရား။

မေး ။ ။ လိမ်တာလား။

ဖြေ ။ ။ တပည့်တော်က လိမ်တာပါလို့ ဖြေရမှာ ပါပဲ ဘုရား။

မေး ။ ။ ဘာဖြစ်လို့လဲ။

ဖြေ ။ ။ တပည့်တော်က အပါယ်ကျမှာ တကယ် ကြောက်တာမှ မဟုတ်ဘဲ။

အေး... ဒါကြောင့်မို့ ဒကာကြီးက ချောင်း ဆိုးသံကို ကြားသွားတာပါ။ (ဟုတ်ပါတယ်ဘုရား၊ တပည့်တော်က အပါယ်ကျမှာကိုသာ တကယ် ကြောက်ရင် ချောင်းဆိုးသံမပြောနှင့် အမြောက်ကြီး ပစ်တာတောင် ကြားမှာ မဟုတ်ပါဘုရား။) အဟုတ် ကြောက်ပြီဆိုရင် ဝိရိယထားတော့မှာပဲဗျာ့။

မေး ။ ။ ဒါဖြင့် ဒကာကြီးက အပါယ်တော့ မကျချင် ဘူးပေါ့လေ။ မကျချင်ရင် ချောင်းဆိုးသံ ကြားတော့ သည်ချောင်းဆိုးတဲ့လူကို တည့် ရမလား၊ မတည့်ရမလား။

ဖြေ ။ ။ မတည့်မှာပါပဲဘုရား၊ စိတ်ဆိုးနေမှာပါပဲ ဘုရား။

အေး... သည်လို မဖြစ်စေရဘူး၊ ဘာဖြစ်လို့ လဲဆိုလို့ရှိရင် ကိုယ်က ဝိရိယထူထောင်ပြီးတော့ အခုလိုနေရင်း ဆင်းရဲမှလွတ်မှုအတွက် အဲသည်လို နေတုန်း သူက ချောင်းဆိုးတော့ကာ ကြားရော၊ ကြား တော့ ကိုယ်က ဝမ်းမြောက်ရမယ်၊ ကျေးဇူးတင်ရ မယ်။ ဘယ်လိုလဲဆိုရင် ဝိရိယနည်းတာကို သူက "ဝိရိယနည်းတယ်၊ ဝိရိယတိုးလိုက်ပါဦး"လို့ ဘေးက ပြောတာဗျာ့။ ဟုတ်ကဲ့လားဗျာ။ "ဆင်းရဲမှ လွတ်ချင်ရင် သည်လို ဝိရိယမျိုးနှင့်တော့ မဖြစ်သေးဘူး၊ ဝိရိယနည်းတယ်၊ ဝိရိယတိုးလိုက်ပါဦး" လို့ အဲသည် လို ပြောတာဗျာ့၊ အဲသည်လိုပြောတော့ ကိုယ်ကိုကို ဘယ်လို ပြောရမလဲဆိုတော့ "ကဲ... မိတ်ဆွေတို့ရဲ့ နားလည်ပြီ၊ ဝိရိယနည်းတယ်။ တိုးလိုက်ပါဦးဆိုလို့ အခု တိုးပါတော့မယ်" အဲသည်လိုဆိုပြီး တစ်ခါ တည်း ဝိရိယကို တိုးရမှာဗျာ့။

မေး ။ ။ အဲသည်လို ဝိရိယကို အဟုတ်တိုးလိုက် မယ်ဆိုရင် သည်ချောင်းဆိုးသံကို ကြားပါ့ မလား။

ဖြေ ။ ။ ဝိရိယတိုးလိုက်ရင် မကြားပါဘုရား။

မေး ။ ။ ပြီးတော့ စကားတွေ တစ်ပြိုင်နက်တည်း ကျယ်ကျယ် များများကြီး ပြောပြန်ရောတဲ့ ဗျာ့။ ဘယ့်နယ်တုံး ကြားမှာလား။

ဖြေ ။ ။ ဝိရိယနည်းရင် ကြားမှာပါပဲဘုရား။

မေး ။ ။ အဲသည်လိုကြားရင် ဘယ့်နယ့်တုံး၊ သူတို့ ကို စိတ်ဆိုးဦးမှာလား။

ဖြေ ။ ။ တပည့်တော်ကတော့ စိတ်ဆိုးတဲ့ဘက်က များပါတယ် ဘုရား။

သည်လိုမဖြစ်စေရဘူး၊ သူတို့ကို စိတ်တိုရ စိတ်ဆိုးရမှာမဟုတ်ဘူး၊ ဘယ့်နယ့်လဲဆိုရင် "ငါ့ မိတ်ဆွေတွေ ငါ့ရဲ့အစီးအပွားကို ဆောင်ဖော်ရပေ တယ်"လို့ ကျေးဇူးတင်ရမှာဗျာ့၊ ဘာကြောင့်လဲဆိုရင် အစဉ်အားဖြင့် ဝိရိယ ထူထောင်တယ်၊ ထူထောင် တော့ စကားပြောတာကို ကြားတယ်ဆိုတာက ကိုယ် လျော့လို့ ပေါ့လို့ ကြားတာကိုးဗျာ့။ (လျော့နေပါ တယ်ဘုရား။) သည်လို လျော့လို့ ပေါ့လို့ကြားတော့ စိတ်က ဘယ့်နယ်ဖြစ်ရမလဲဆိုရင် ဝိရိယထူထောင် မယ်ဆိုပြီး ထူထောင်တော့ စကားပြောတာတွေကို ကြားတယ်၊ အဲသည်တော့ "သူများသိမှာကို ရှက်လှ ချည်ရဲ့ဗျာ့၊ အားထုတ်မယ်ဆိုပြီး အားထုတ်ပြီး နေ တယ်"

http://www.dhammadownload.com

မေး ။ ။ စကားပြောတာကို ကြားတယ်ဆိုတာ ဝိရိယနည်းတာမဟုတ်လား ဗျာ။

ဖြေ ။ ။ ဝိရိယနည်းလို့ပါဘုရား။

မေး ။ ။ အေး....သည်လို "ဝိရိယနည်းတာကို အားလုံးသော မိတ်ဆွေ သင်္ဂဟများသိရင် ရှက်လှချည်ရဲ့"ဆိုပြီး ဝိရိယကို တိုးပြီးထူထောင်ရမှာဗျာ့။ "အခုပြောတာ နည်းပါသေးတယ်၊ သည်ထက် များတိုးပြောစမ်းပါဦး" ဆိုပြီး ဝိရိယ သည့်ထက်တိုးပြီး ထူထောင်ရမှာဗျာ့။ ဤကဲ့သို့ ထူထောင်လို့ ရှေးကအရှင်တို့ရဲ့ ဝိရိယကို မီသွားမယ်ဆိုရင် သူတို့စကားပြောတာ ကြားပါဦးမလား။

ဖြေ ။ ။ မကြားပါဘုရား။

ဒါ... သူတို့ကို ကျေးဇူးတင်ရမယ်ဗျာ့။ သူတို့ကသာ ဘာသိဘာသာနေလို့ ဘာသံမှ မကြားရရင် ကိုယ့်ကိုယ်ကို ဝိရိယကောင်းကြီးဆိုပြီး စိတ်ကထင်ချင် ထင်မှာဗျာ။ စိတ်ကြီးဝင်ချင် ဝင်နေမှာဗျာ့။ ဒါကြောင့် စကားပြောရင် ဝမ်းမြောက်ရမယ်ဗျာ့။ ဘာကြောင့်လဲဆိုရင် "အကူအညီပေးတဲ့ သူတော်ကောင်းတွေ"လို့ ဆိုပြီး ကျေးဇူးတင်ရမယ်ဗျာ့။

မေး ။ ။ အခုလို "သည်နေရာက စကားပြောတယ်၊ တော်ပါပြီ"ဆိုပြီး ထားလိုက်ရင် နေရာကျပါ့မလား။

ဖြေ ။ ။ နေရာမကျပါဘုရား။

သည်နေရာ စကားပြောတယ်၊ သည့်ပြင်နေရာ သွားမယ်ဆိုပြီး သွားရင် သည့်ပြင်နေရာကျ စကားပြောပြန်ရော၊ သည်တော့ မလုပ်ဖြစ်ဘူးဗျာ့။ (ဟိုနေရာ သွားရင်ကော သည်လိုပဲ စကားပြောမှာပါပဲဘုရား။)

မေး ။ ။ ဒါဖြင့် ဘယ့်နယ့်ဖြစ်မလဲ။

ဖြေ ။ ။ ဟိုနေရာ သည်နေရာ နေရာပြောင်းတာနှင့် အချိန်ကုန်ရပါရော ဘုရား။

မေး ။ ။ အခုနလို စကားပြောသံကြားရင် "မင်း လုပ်တာ လျော့လို့ ပေါ့လို့" ဆိုပြီး အမှန်အတိုင်းကို သိပြီးတော့ ဝိရိယထူထောင်မယ်ဆိုရင် နေရာပြောင်းရပါဦးမလား။

ဖြေ ။ ။ မပြောင်းရပါဘုရား။

သည်လိုဆိုတော့ စကားပြောတဲ့လူတွေကော ကျေးဇူး မတင်သင့်ဘူးလား။ (ကျေးဇူးတင်သင့်ပါတယ်ဘုရား။) သူတို့ဟာ မေတ္တာရှင် ကရုဏာရှင်တွေ ဖြစ်ပါတယ်ဗျာ့။ ကိုယ်၏ လိုလားတောင့်တချက်ပြီးအောင် အကူအညီပေးတဲ့ အားလုံးသော မိတ်ဆွေသင်္ဂဟတွေကို သည်လို ကျေးဇူးတင်ရမယ်ဗျာ့။ သည်လို ကျေးဇူးတင်ပြီးတော့ အားထုတ်ပါ၊ သည်က ပြောလို့ ကြားပြန်ရင် "ချီးမြှောက်ပါ၊ နားလည်ပါပြီ"ဆိုပြီး သည်လို ပြုရမယ်။ သည်တော့ ရှေးအရှင်တွေရဲ့ ဝိရိယကို မီမယ်ဆိုရင် မကြားတော့ဘူးဗျာ့။ ချောင်းဆိုးတဲ့ အသံကို မသိတော့ဘူးဗျာ့။ ဘာကိုသာသိနေလိမ့်မလဲဆိုရင် အခုနထိတာ ကလေးကိုပဲ တစ်သိတည်း သိနေတော့မှာကိုးဗျာ့။ ဟုတ်ကဲ့လားဗျာ။ (ဟုတ်ပါတယ်ဘုရား။)

အသေအချာသိပြီး ဒီအသိကလေးကိုပဲ စိတ်စိုက်နေပါလိမ့်မယ်ဗျာ့။

တစ်နှယ်ငင် တစ်စင်ပါ

မေး ။ ။ သည်လိုဆိုတော့ ဘယ့်နယ့်လဲ၊ ဆင်းရဲမှလွတ်မှုအတွက် "သုံးဖြာပိဋကာ၊ ပါရမီဆယ်ပါး၊ သုံးပါးသောသိက္ခာနှင့် ခန္ဓာ အာယတန ဓာတ်၊ ပညတ် ပရမတ်၊ သစ္စာ" ဆိုတာဟာ သည်လို ဝိရိယနှင့် ထူထောင်ပြီး အခုလို ထိနေတာကလေးကို သိနေရုံနှင့် ကိုယ်လိုချင်တဲ့ ချမ်းသာသုခရမယ်ဆိုတော့ ဒါတွေ အကုန်လုံး ပါပါ့မလား။

ဖြေ ။ ။ အကုန်လုံး ပါပါတယ်ဘုရား၊ ထိသိထဲမှာ ခန္ဓာအာယတန ဓာတ်၊ ပညတ်ပရမတ်၊ ပိဋကသုံးပုံ အကုန်လုံး ပါသွားပါတယ်ဘုရား။

http://www.dhammadownload.com

မေး ။ ။ အခုနလို ငယ်ငယ်တုန်းကတော့ "သုံးဖြာဝိဋ္ဌက သစ္စာလေးပါး သမထဝိပဿနာသက္ကာယဒိဋ္ဌိ" အဲသည်လို ပြောကြတယ်၊ သည့်ပြင် ရုပ်တို့ နာမ်တို့ အဲသည်လို ပြောသေးတယ် မဟုတ်လား၊ ပြောတော့ကို ဘယ်လိုများ သည်ရုပ်တို့နာမ်တို့ကို ရှုမယ် လုပ်မယ်နှင့် ဘယ်များ ဖြစ်မလဲ၊ နှာသီးဖျား ဆိုတာ ရုပ်လား၊ နာမ်လား။

ဖြေ ။ ။ နှာသီးဖျားဆိုတာ အကြည်ဓာတ်ဆိုတော့ ရုပ်ပါဘုရား။

မေး ။ ။ သိတာကကော။

ဖြေ ။ ။ နာမ်ပါဘုရား။

မေး ။ ။ သည်တော့ နှာသီးဖျားမှာ လက်နှင့်ထိတော့ သိသလို သိနေတယ် ဆိုတော့ကော။

ဖြေ ။ ။ ရုပ်ရော နာမ်ရော ဒွန်တွဲပြီး သိပါတယ်ဘုရား။

မေး ။ ။ အေး... အချိန်တစ်ခုတည်းမှာ သည်လို ဖြစ်ပါတယ်ဗျာ၊ ဒါကြောင့် ဤကဲ့သို့ သိပြီးနေတော့ ရုပ်နှင့် နာမ်ကို သိနေတယ်ဆိုတာ အမှားသိသလား၊ အမှန်သိသလား။

ဖြေ ။ ။ အမှန်သိပါတယ်ဘုရား။

မေး ။ ။ အမှန်သိပြီးနေတော့ကို ဒါဟာ ဝိဇ္ဇာ အဝိဇ္ဇာ နှစ်ခုရှိသည့် အနက် ဝိဇ္ဇာလား၊ အဝိဇ္ဇာလား။

ဖြေ ။ ။ ဝိဇ္ဇာပါဘုရား။

မေး ။ ။ မသိရင်ကော။

ဖြေ ။ ။ အဝိဇ္ဇာပါဘုရား။

ဝိဇ္ဇာနှင့် အဝိဇ္ဇာ ဘယ်ဟာအားကောင်း

မေး ။ ။ ဝိဇ္ဇာ အဝိဇ္ဇာ ဘယ်သူအားကောင်းသလဲ။

ဖြေ ။ ။ ဝိဇ္ဇာက အားကောင်းပါတယ်ဘုရား။

မေး ။ ။ အေး ဝိဇ္ဇာက အားကောင်းတယ်ဗျာ။ ဘာကြောင့်လဲဆိုရင် သံသရာ တစ်လျှောက်လုံးက အဝိဇ္ဇာနဲ့ချည်းပဲဗျာ။ အခု ဘုရားအဆုံးအမ ရသည်နှင့် တစ်ပြိုင်နက် အခုလို စိတ်ကလေးကိုထား။ ဒီလိုသိနေတော့ ဘုရားဆုံးမတဲ့ အဆုံးအမကိုရလို့ သောဝစဿတာဂုဏ်နှင့် ပြည့်စုံတဲ့ သူတော်ကောင်း အစားစားတို့ဟာ အခုထားရင် အခုပဲသိနေတယ် မဟုတ်လားဗျာ။

ဖြေ ။ ။ သိပါတယ်ဘုရား။

မေး ။ ။ သိတော့ ဝိဇ္ဇာဖြစ်လာရော၊ အဝိဇ္ဇာဟာ သည်လို သိနေတဲ့အချိန်မှာ ဘယ်များ သွားနေသလဲ။

ဖြေ ။ ။ ချုပ်ပျောက် ကင်းကွာနေပါတယ်ဘုရား။

မေး ။ ။ ဘယ်နေရာမှာရယ်လို့ လိုက်ပြီးရှာလို့ကော တွေ့သေးသလား။

ဖြေ ။ ။ မတွေ့ပါဘုရား။

မေး ။ ။ ကဲဗျာ သံသရာတစ်လျှောက်လုံးက အဝိဇ္ဇာဟာ လူစွမ်းကောင်းကြီး လုပ်နေပေမယ့် ဘုရားအဆုံးအမတဲ့ အဆုံးအမကို ရကြလို့ ဝိဇ္ဇာကို သည်လိုပြုလိုက်တဲ့အခါကျတော့ အဝိဇ္ဇာနဲ့ဝိဇ္ဇာဟာ ဘယ်သူက အားကောင်းသလဲဆိုရင် ဝိဇ္ဇာက အားကောင်းတာ မှန်တယ်မဟုတ်လား။ တစ်ခါ တစ်ခါ ဒကာကြီးတွေက ပြောသေးတယ် "အဝိဇ္ဇာက အားကောင်းလိုက်တာ ဖြစ်နိုင်မှာမဟုတ်ပါဘူး"နဲ့။ သည်လိုကော တစ်ခါတစ်ခါ ညည်းတယ် မဟုတ်လား။

ဖြေ ။ ။ ညည်းသံကြားရပါတယ်ဘုရား။

မေး ။ ။ နို့ အဲဒါက ဘုရားဟောတော်မူတဲ့ အဆုံးအမလည်း ရကြတယ် မဟုတ်လား။

ဖြေ ။ ။ ရကြပါတယ်ဘုရား။

မေး ။ ။ ရကြလျက်သားနဲ့ အဝိဇ္ဇာကို ချစ်လိုက်တာကိုး။ သူက အားကောင်းလိုက်တာလို့ ဘာကြောင့် ညည်းရသလဲ။

ဖြေ ။ ။ အဝိဇ္ဇာက တပည့်တော်တို့နှင့် ပေါင်းလာ

http://www.dhammadownload.com

တာက ကြာပါပြီဘုရား။ ဒါကြောင့် သူ့ကို လွှတ်ရမှာ နှမြောတောတော ဖြစ်နေပါတယ် ဘုရား။

မေး ။ ။ ပေါင်းလာတာ ကြာပေမယ့် အခုလုပ်ရင် အခုပျောက်တယ် မဟုတ်လား။

ဖြေ ။ ။ ပျောက်ပါတယ်ဘုရား။

မေး ။ ။ အခု ဝိဇ္ဇာရင်ကော အဝိဇ္ဇာဟာ ဘယ့်နယ့်လဲ။

ဖြေ ။ ။ အခုလည်း အဝိဇ္ဇာဟာ ခွာလိုက် ဝင်လိုက်နှင့် ပါပဲဘုရား။

မေး ။ ။ ဝိဇ္ဇာနှင့်အဝိဇ္ဇာ ဒကာကြီးက ဘယ်သူနဲ့ တည့်သလဲ။

ဖြေ ။ ။ တပည့်တော်တို့ တည့်နေတာတော့ဖြင့် အဝိဇ္ဇာနှင့် တည့်နေပါတယ် ဘုရား။

မေး ။ ။ ဝိဇ္ဇာကိုကော လက်သင့်ခံမှာလား။

ဖြေ ။ ။ ဝိဇ္ဇာကိုတော့ လက်သင့်ခံချင်ပါတယ် ဘုရား။ အဝိဇ္ဇာကိုလည်း မလွှတ်နိုင် ဖြစ်နေပါတယ်ဘုရား။

မေး ။ ။ အဝိဇ္ဇာက အတင်းလာသလား။

ဖြေ ။ ။ တပည့်တော်တို့ အတင်းခေါ်ယူနေပါတယ် ဘုရား။

အခု အားလုံးတို့ဟာ အကြားအမြင် ဗဟုသုတရှိပြီး ဘုရားဆုံးမပါတဲ့ အဆုံးအမတွေကို ပြောရုံ ဆိုရုံမဟုတ်ဘဲ တကယ်ပြွမ်းတီးလိမ္မာပြီး အလုပ်လုပ်မယ်၊ ဝိရိယထူထောင်မယ်ဆိုပြီး နေကြတဲ့ ပရိသတ်တွေ မဟုတ်ဘူးလား။ (မှန်ပါတယ် ဘုရား။) အားထုတ်မယ်ဆိုပြီး အမြဲကို အားထုတ်မယ်လို့ သည်လို ပြောကြတယ် မဟုတ်လား။ (ပြောကြပါတယ်ဘုရား။)

အဝိဇ္ဇာအကြိုက်

မေး ။ ။ အားထုတ်မယ်ဆိုတော့ သည်အချိန် အားထုတ်မယ်ဆိုရင် ဘယ်လိုများ စီမံရသေးသတုံးဗျာ့။ ညအချိန်မယ်ဆိုတော့ အားမထုတ်မီ ရှေးမဆွက ဘာတွေစီမံရသလဲ။

ဖြေ ။ ။ အားထုတ်မယ်ဆိုပြီးသွားရင် လှဲဖို့ပြုဖို့ ခေါင်းအုံးကလေးဘာ ကလေးအစ ယူကြပါတယ်ဘုရား။

မေး ။ ။ သည်လိုယူလာပြီး သူ့ဟာသူ တော်တဲ့နေရာ ပစ်ထားသလား။

ဖြေ ။ ။ လူမမြင်အောင် ဝှက်ထားပါရောဘုရား။

မေး ။ ။ လူလစ်တော့ကော။

ဖြေ ။ ။ လူလစ်တော့ အိပ်လိုက်ပါတယ်ဘုရား။

မေး ။ ။ ဟုတ်ကဲ့လားဗျာ၊ အေး အခုလဲ ဘုရားရှင်ရဲ့ အဆုံးအမကိုရကြပြီး သာသနာအတွင်းမှာ ဘုရားရှင်ရဲ့တပည့်သား၊ တပည့် သမီးတွေ ဆိုပြီးတော့ အဝိဇ္ဇာကို ရန်သူမှန်းသိပြီး အဝိဇ္ဇာရဲ့ မကောင်းကြောင်းတွေချည်းပဲ ပြောတယ်၊ ပြောပေမယ့် အားထုတ်တော့မယ် ဆိုရင် အိပ်ရာတို့ ဘာတို့က အဆင်သင့်ပြင်ပြီးသား ဖြစ်တော့မှ အားထုတ်မယ်ဆိုပြီး အားထုတ်ရော၊ အားထုတ်တော့လည်း ပျင်းပြီးအားထုတ်တော့ တော်တော်ကြာ ခုန ပြောတဲ့ ထိနမိဒ္ဓတို့က ပါလာရောဗျာ့။ လာတော့ ဘယ့်နယ်လဲ။

ဖြေ ။ ။ လာတော့ တပည့်တော်က လက်သင့်ခံတာ ပါပဲဘုရား။

မေး ။ ။ အတင်းများ ခုခံပြောနေဦးမှာလား။

ဖြေ ။ ။ မပြောတဲ့အပြင် မင်းတို့လာတာ နောက်ကျတယ်လို့ ပြောမှာပါဘုရား။

မေး ။ ။ အေး ဟုတ်ပါလိမ့်မယ်။ မင်းအခုမှ လာတယ်၊ ငါ့မှာဖြင့် စောစောကတည်းက ပြင်ထားလိုက်ရတာ သည်လိုမဟုတ်လား။

ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။

မေး ။ ။ ပြီးတော့ကော ဘယ့်နယ့်လဲ၊ အိပ်လိုက်ကြရောလား။

http://www.dhammadownload.com

ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။

မေး ။ ။ အိပ်ပျော်သွားလို့ကြတာက ဘယ်လောက်ကြာမှန်းသလဲ။

ဖြေ ။ ။ လင်းအားကြီးနေထွက်လို့ စားချိန်သောက်ချိန်ကျမှ နိုးပါတယ် ဘုရား။

အဲသည်လို ဝိဇ္ဇာနှင့်အဝိဇ္ဇာဆိုတာမှာ အဝိဇ္ဇာရဲ့အပြစ်တွေကိုတော့ ဘယ်အခါမှ မပြတ်အောင် ပြောပါတယ်ဗျာ။ ပြောပေမယ့် ချီးမွှောက်တော့ ဘယ်သူ့ ချီးမွှောက်သလဲဆိုရင် ဝိဇ္ဇာကို ကောင်းကောင်း မချီးမွှောက်ဘူး။ အဝိဇ္ဇာကိုသာ ချီးမွှောက်တာဗျာ။ အဝိဇ္ဇာကတော့ သည်လို ပြောမှာဗျာ။ ဘုရားသားတော် သမီးတော်တွေဟာ ငါ့မကောင်းကြောင်းချည်းပဲ ပြောပေမယ့်လို့ ငါ့ဖို့ရာချည်းပဲ လုပ်ထားလိုက်တာ နည်းပါဘူးဗျာလို့ ပြောမှာပဲဗျာ။

မေး ။ ။ အဲသည်လိုချည်းပဲလုပ်နေမယ်ဆိုရင် ကိုယ်လိုချင်တဲ့ ချမ်းသာ သုခရပါ့မလား။

ဖြေ ။ ။ မရပါဘုရား။

မရချင်နေ ရချင်ရ ဟန်လုပ်ရရင် တော်ပြီဆိုပြီးနေမှာလား။ (ဟန်လုပ်ရုံနှင့် မပြီးနိုင်ပါဘုရား။) မပြီးနိုင်ရင် ဘယ်လိုလုပ်မလဲ။ (သည်လိုနှင့်ပဲ ကိစ္စတုံးရမှာ ထင်ပါရဲ့ဘုရား။)

မေး ။ ။ အေး ဒါဖြင့် အဝိဇ္ဇာရယ် ဝိဇ္ဇာရယ်ဆိုတာ သိကြပြီ။ သိတော့ ထားရမယ်ဆိုတဲ့နေရာမှာထား၊ သိရမယ်ဆိုတဲ့နေရာကို သိပြီးတော့ နေ။ အဲသည်လိုနေရင်း သက်တမ်းစေ့လို့ စုတိကြရမယ်ဆိုရင် စိုးရိမ်ကြောင့်ကြရဦးမှာလား။

ဖြေ ။ ။ မစိုးရိမ် မကြောင့်ကြရပါဘုရား။

နေရာမကျမှန်းသိရင် နေရာကျပြီ

မေး ။ ။ သိပြီးနေဆိုတဲ့နေရာမှာ မနေဘဲ သက်တမ်းစေ့လို့ စုတိကျရင် ဘယ်သွားမလဲ။

ဖြေ ။ ။ အပါယ်သွားမှာပါဘုရား။

မေး ။ ။ အပါယ်တော့ သွားချင်သလားဗျာ။

ဖြေ ။ ။ မသွားချင်ပါဘုရား။

မေး ။ ။ အဟုတ်မသွားချင်တာလား၊ လိမ်ပြောတာလား။

ဖြေ ။ ။ တပည့်တော်တို့က လိမ်ပြောရာကျနေပါတယ်ဘုရား။

မေး ။ ။ အပါယ်ကို အဟုတ်သွားချင်သလား၊ မသွားချင်ဘူးလား။

ဖြေ ။ ။ မသွားချင်ပါဘုရား။

မေး ။ ။ မသွားချင်ပေမယ့် ဘယ့်နယ့်လုပ်သလဲ။

ဖြေ ။ ။ တပည့်တော်တို့က အပါယ်သွားတဲ့လမ်းချည်း လုပ်နေပါတယ် ဘုရား။

မေး ။ ။ ဒါဖြင့် မသွားချင်ဘူး၊ မရောက်ချင်ဘူးလို့ ပြောတာကို ယုံရပါ့မလား။

ဖြေ ။ ။ ဒါကတော့ ပါးစပ်ကသာ ပြောတာပါဘုရား၊ လုပ်တာကတော့ အပါယ်သွားဖို့လမ်းချည်း လုပ်နေပါတယ်ဘုရား။

အေး... သည်လို ပြောဖော်ရရင်ပဲ နေရာကျလှပါပြီ။ ဘာကြောင့်လဲဆိုရင်...

ကိုယ်နေရာကျတာ မကျတာကို သိရင်ပဲ တော်လှပြီ၊ ဒကာကြီး ဒကာမကြီးများဟာ နေရာမကျတာကို နေရာမကျဘူးလို့သိရင် နေရာကျပြီဗျာ။ နေရာလဲမကျဘဲနှင့် နေရာကျတယ် ထင်နေတာကတော့ နည်းနည်းလေးမှ မျှော်လင့်စရာ မရှိဘူးဗျာ။

(ဒါက ကိုယ့်ကိုယ်ကို အထင်ကြီးနေတာကိုးဘုရား။)

သူက နေရာကျပြီးသား ဖြစ်နေတာကိုဗျာ။ နေရာမကျတာကို နေရာမကျဘူးလို့ သိတယ်။ ပျင်းတာကို ပျင်းတယ်လို့ သိတယ်၊ ဖျင်းတာကို ဖျင်းတယ်လို့ သိတယ်။ သိလျှင် တော်တော် နေရာကျပြီ။ နေရာမကျမှန်းသိတော့ နေရာကျအောင်ဟာ လုပ်တော့မှာဗျာ။ ဟုတ်ကဲ့လားဗျာ။ (လုပ်ပါတော့မယ်ဘုရား။)

http://www.dhammadownload.com

ဝိဇ္ဇာလူစွမ်းကောင်း

အဝိဇ္ဇာနှင့် ဝိဇ္ဇာဟာ ဘယ်သူက လူစွမ်းကောင်းသလဲ။ (ဝိဇ္ဇာက လူစွမ်းကောင်းပါဘုရား။) လူစွမ်းကောင်းဆိုတော့ ဘုရားရှင် ဆိုဆုံးမတော်မူတဲ့ ဝိဇ္ဇာကို ကောင်းမှန်းတော့ သိတယ်မဟုတ်လား။ (ဝိဇ္ဇာကိုတော့ ကောင်းမှန်း သိပါတယ်ဘုရား။) ဒါဖြင့် ဝိဇ္ဇာနှင့် ပေါင်းရုံရှိတာပဲဗျာ့။ ဟုတ်ကဲ့လားဗျာ့။ (မှန်ပါ့ဘုရား။)

ဒီတော့ အဝိဇ္ဇာ အားရှိတယ်ပဲထင်ထင်၊ ဘယ်လိုပဲထင်ထင် ဘုရား ဆုံးမပါတဲ့ အဆုံးမတော်ကို ယခုနကပြောတဲ့ ရုပ်နှင့်နာမ် နှစ်ခုကိုတော့ သိပြီးသား ဖြစ်နေပါပြီ။ အဲဒီ သိပြီးသားဖြစ်နေတော့ အဲဒီ ရုပ်နှင့်နာမ်ကို ဘုရားအဆုံးအမ ပါတဲ့အတိုင်း သိပြီးနေတဲ့အချိန်မှာ ဘယ့်နယ်တုံးဗျာ့၊ အဝိဇ္ဇာရှိသေးသလား။ (သိနေတဲ့အချိန်မှာ အဝိဇ္ဇာမရှိပါဘုရား။) ဒီတော့ ယခု ဘုရားဆုံးမတဲ့အတိုင်း၊ ရုပ်နှင့်နာမ်ကို အာရုံပြုပြီး စူးစူးစိုက်စိုက်ထားဆိုတော့ ယခုပဲ ထားလိုက်မယ်၊ အဲဒီလိုထားလိုက်တော့ ဘယ့်နယ်တုံးဗျာ့။ ဒီအချိန်မှာ အဝိဇ္ဇာက သံသရာတစ်လျှောက်လုံးမှာ "ငါနဲ့ချည်း နေလာခဲ့တာပဲ။ ဒါကြောင့် ဒီနေရာက ငါဘယ်မှမသွားဘူး"လို့ ဒီလိုများ နေဦးမှာလား။ (မနေပါဘုရား၊ အဝိဇ္ဇာက ပြေးမှာပါဘုရား။) လှမ်းကြည့်ရင်ကော မြင်သေးသလား။(မမြင်ပါဘုရား။) ဘယ်ရောက်နေတယ်ဆိုတာကိုလဲ သိသေးသလား။ (အဝိဇ္ဇာဟာ တစ်ခါတည်းပျောက်သွားပါတယ်ဘုရား။)

မေး ။ ။ ဒါဖြင့် အဝိဇ္ဇာက အားကောင်းသလား၊ ဝိဇ္ဇာက အားကောင်းသလား။

ဖြေ ။ ။ အဝိဇ္ဇာက အားကောင်းပါတယ်ဘုရား။

မေး ။ ။ ဘယ်မှာလဲ ကောင်းတာ၊ သူ့ခမျာ ပြေးလိုက်တာဗျာ၊ မြင်တောင် မမြင်တော့ဘူး မဟုတ်လား။

ဖြေ ။ ။ ဒါပေမယ့် သူက ပြန်ပြန်လာပါတယ် ဘုရား။

ဒါက ဒကာကြီးများက လက်သင့်ခံတော့ ဝိဇ္ဇာက သာသာကလေး ခွာသွားတဲ့အခါမှာ သူ ဝင်လာတာပါဗျာ့။

ဓာတ်စက်ခလုတ် နှိပ်ရုံကလေး

အခု ဒီအထဲမှာ ထွန်းထားတဲ့ မီးလုံးတွေလို ပေါ့ဗျာ၊ ဒီအလင်းရောင်တွေဟာ လင်းအောင် ဘာကလေးတွေရှိသလဲ။ (ခလုတ်ကလေးတွေ ရှိပါတယ်ဘုရား။) အဲဒါကလေးတွေကို ဘယ်လိုပြုလိုက်ရင် ဒီအလင်းရောင်ဟာ လင်းလာသလဲ။ (ဓာတ်ဆက်ပေးလိုက်ရင် လင်းလာပါတယ်ဘုရား။) ဆက်ထားတာကလေးကို ကွာသွားအောင် လုပ်လိုက်တော့ကော။ (မှောင်သွားပါတယ်ဘုရား။) မှောင်သွားတာကို လင်းအောင်လုပ်ရင်ကော။ (မှောင်သွားတာကို လင်းချင်ရင် ဓာတ်ဆက်ပေးလိုက်ရပါတယ် ဘုရား။)

မေး ။ ။ ဓာတ်ဆက်ပေးလိုက်လို့ မီးလုံးလင်းလာတဲ့အခါ ဒီအမှောင်ကြီးဟာ ဘယ်ရောက်သွားမလဲ။

ဖြေ ။ ။ တစ်ခါတည်း ပျောက်သွားပါတယ်ဘုရား။

မေး ။ ။ အကြွင်းအကျန် ရှိသေးသလား။

ဖြေ ။ ။ မရှိတော့ပါဘူး ဘုရား။

ယခုလိုပါပဲဗျာ့၊ ဝိဇ္ဇာနှင့် သာသာကလေး ဓာတ်ဆက်လိုက်တဲ့အခါမှာ အဝိဇ္ဇာဆိုတာဟာ ရှိသေးသလား၊ (မရှိတော့ပါဘုရား။) ဒါဖြင့် အဝိဇ္ဇာဟာ အားကောင်းသလား။ (အဝိဇ္ဇာဟာ အားမကောင်းပါဘုရား။) ဒါဖြင့် အခုလို လုပ်ရမှာ ခက်သလား။ (မခက်ပါဘုရား။)

မေး ။ ။ အခုလို တစ်လင်းတည်း လင်းနေပြီဆိုမှဖြင့် အမှန်တွေကို မသိ မမြင်ဘူးလားဗျာ့။

ဖြေ ။ ။ သိမြင်ပါတယ်ဘုရား။

မေး ။ ။ မှားဦးမှာလား။

ဖြေ ။ ။ မမှားပါဘုရား။

လွယ်လိုက်တာဗျာ၊ ရှေးအရှင်တွေမှာတော့

http://www.dhammadownload.com

အခုလို ဘုရားအဆုံးအမ ရကြတယ်ဆိုတာ အဲဒါ ဘာကို ဆက်ပေးလိုက်တာလဲဗျာ၊ လင်းအောင် ဓာတ်နှစ်ခုကို ဆက်ပေးလိုက်တာပဲဗျာ့၊ ဒီဆက်ပေးလိုက်တဲ့ ဥစ္စာကို သာသာကလေး ထားရုံပါပဲဗျာ၊ ကြားလား။ ဒါကလေးပြတ်သွားအောင်ကတော့ သင်ထားကြရသေးသလား။ (ပြတ်သွားအောင်ကတော့ သင်မထားပါဘုရား၊ ဒါပေမဲ့ ပြတ်ချင်နေပါတယ်ဘုရား။) ဒီတော့ အခုနကလို သာသာကလေးသာ ထားကြ။ ဒီလိုထားတာဟာ ပင်ပန်းသလား၊ (မပင်ပန်းပါဘုရား။) ပစ္စည်းကော ကုန်သလား။(မကုန်ပါဘုရား။) အလုပ်အကိုင်ရော ပျက်သလား။ (မပျက်ပါဘုရား။)

သက်သာလိုက်တာဗျာ၊ ဟုတ်ကဲ့လားဗျာ့၊ ဣရိယာပုတ် လေးပါးမှာ ဘယ့်နယ်တုံး၊ ထိုင်နေရင်း–မတ်တတ်ရပ်ရင်း–လမ်းသွားရင်း–စားဖို့ သောက်ဖို့ အလုပ်တွေကို လုပ်ကိုင်ရင်းကော ထားလို့ မဖြစ်ဘူးလား။ (ဖြစ်ပါတယ် ဘုရား၊ ဒါပေမယ့် အဲဒီလို လုပ်ရင်း ကိုင်ရင်းဖြစ်တဲ့နည်းကို အကျယ်တဝင့် သနားပါဘုရား။) ဒါကတော့ ကိုယ်မှတ်ထားတဲ့ဟာတွေ များများကြီးထဲက အကုန်လုံး မဟုတ်ပါဘူး။ နှစ်သက်ရာ တစ်ခုမှန်မှန်ကို အသာအယာ အာရုံပြုလိုက်ပါ။ အာရုံပြုသည်နှင့် တစ်ပြိုင်နက် ဘယ်လို ဖြစ်ပါသလဲဆိုရင် ယခုနက မှောင်နေတဲ့ ဥစ္စာဟာ ဒကာကြီးများ ဓာတ်ဆက်လိုက်လို့ လင်းလာသလို မသိတဲ့ဥစ္စာ တစ်ခုဟာ ချက်ချင်း အမှုန် သိလာမယ် မဟုတ်လားဗျာ။ (သိပါတယ်ဘုရား။)

မေး ။ ။ ယခုလို သိနေတဲ့ အချိန်မှာ ဘယ့်နယ်တုံးဗျာ့၊ ယခုနက မှားနေတာတွေ ရှိပါဦးမလား။

ဖြေ ။ ။ မရှိပါဘုရား။

အဲဒါ လင်းတာဗျာ့–ဒကာကြီးများရဲ့။

ဘယ်ခလုတ်နှိပ်နှိပ်

မေး ။ ။ လင်းအောင် ဓာတ်ဆင်တဲ့ ခလုတ်ကလေးတွေကို မသိတဲ့အတွက် အမှောင်ထဲချည်းနေရပါတယ်ဘုရား။

ဖြေ ။ ။ အမယ်မင်း... သူတို့ ခလုတ်တွေ များလိုက်တာ၊ ဘယ်ခလုတ် နှိပ်နှိပ်ပါဗျာ။

မေး ။ ။ ခလုတ်တွေကများလို့ ဘယ်ခလုတ် နှိပ်ရမှန်း မသိပါဘုရား။

ဖြေ ။ ။ ဘယ်ဟာနှိပ်နှိပ် ဝင်းခနဲ လက်လာမှာပဲ။ (တပည့်တော်နှိပ်လိုက်တာ မီးကျွမ်းသွားပါတယ်ဘုရား။ ဒါဟာ ခလုတ် မမှန်လို့ ထင်ပါတယ်ဘုရား။) မကျွမ်းပါဘူးဗျာ့၊ လင်းလာမှာပါ။ တစ်ခုတစ်နေရာက ကျွမ်းသွားပေမယ့် သည့်ပြင်ဟာကို နှိပ်ရင် ဘယ်ဟာဖြစ်ဖြစ် လင်းမှာချည်းပဲ မဟုတ်လား။ (ဟောဒီကမီးတွေကို ဘယ်နေရာက ခလုတ်နှိပ်ရမယ်ဆိုတာ တပည့်တော် မသိပါဘုရား။)

ဘယ်ဟာနှိပ်နှိပ် နှိပ်သာနှိပ်၊ သေသေချာချာ လင်းမှာပဲ။ ကြားလား။ ခလုတ်တွေတော့ သိတယ် မဟုတ်လား၊ ပေါပေါဗျာ။ ယခု သံဃာတော် အပေါင်း အရှင်ကောင်းတွေဟာ အမြဲတမ်းအားဖြင့် ဘယ်အခါမှ မပြတ်အောင် မေတ္တာတည်းဟူသော မိုးစွေပြီး ညွန်ကြားဆုံးမနေကြတာတွေဟာ မှတ်ထား အများကြီးရှိတယ်။ အဲဒီအများကြီးထဲက အကုန်လုံးမလုပ်နဲ့၊ တစ်ခုခုသာ လုပ်ပါ။ (တစ်ခုတည်းမှတ်ဖို့ အရှင်ဘုရား သနားသဖြင့် ချီးမြှင့်ပါဘုရား။)

ဘုရားဟောတော်မူတဲ့ ဥစ္စာအကုန်လုံးဟာ ခလုတ်ချည်းပဲ မှတ်ရမယ်။ (သွားရင်း လာရင်း နေရင်း ထိုင်ရင်း စရဏရော၊ –ဝိဇ္ဇာရော တစ်ခါတည်းပြီးတဲ့ ခလုတ်ကို လိုချင်ပါတယ်ဘုရား။)

လူတိုင်းသိသော အလွယ်ဆုံးခလုတ်

ဒီလိုဆိုရင် အခုလိုပြောကြပါစို့ရဲ့။ အားလုံးသော ဒကာကြီး၊ ဒကာမကြီးတွေ ကြီးကြီးငယ်ငယ်တွေဟာ အသက်မရှူကြဘူးလား၊ (အသက် ရှူပါတယ် ဘုရား။) ဘယ်တုန်းကစပြီး အသက်ရှူသလဲ။ (မွေးကတည်းက အသက်ရှူပါတယ်ဘုရား။) ဒီ

http://www.dhammadownload.com

အသက်ရှူကြတဲ့ဥစ္စာ ဘယ်သူမှ အသက် မရှူတတ်တဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေမရှိပါဘူး။ မအား လို့ အသက်မရှူနိုင်ဘူးလို့လည်းမရှိဘူးမဟုတ်လား။ (မှန်ပါ့ဘုရား။) အသက်ရှူတာကတော့ အားလုံး တတ်တယ် မဟုတ်လား။ (တတ်ပါတယ်ဘုရား။)

ကိုယ်တတ်ပြီးသားဆိုတော့ လွယ်ပါတယ်၊ ဒီတော့ စဉ်းစားဗျ။

ဘယ်လိုစဉ်းစားရမလဲဆိုရင် လေကလေး ထွက်တယ်။ ထွက်တဲ့အခါကျတော့ ဒီအသက်ရှူတာ ဘာနဲ့ရှုပါလိမ့်လို့ တွေးကြည့်။ ယခု စဉ်းစား ကြည့်ကြစမ်းပါ။ ကဲ ဘာနဲ့ရှုသလဲ။ (နှာခေါင်းနဲ့ရှုပါတယ် ဘုရား။) ဒကာကြီးကသာ နှာခေါင်း ရှူတာလား။ ဒီပြင် အားလုံးကရောဗျာ။ (နှာခေါင်းနဲ့ ပါပဲဘုရား။)

ဒါဖြင့် နှစ်ခုမရှိဘူးနော်။ (မှန်ပါ့ဘုရား။) အေး တော်တော်ကြာ ခလုတ်တွေများနေဦးမှာလား မပြောတတ်ပါဘူး။ ဒါပဲနော်၊ အကုန်လုံး တစ်မျိုးတည်းချည်းပဲ။ တစ်ခုတည်းချည်းပဲနော်၊ တော်တော်ကြာ ခလုတ်တွေများနေတယ်လို့ မလုပ်နဲ့၊ အကုန်လုံး အသက်ရှူတာချည်းပဲနော်၊ ဟုတ်ပါ့မလား။ (ဟုတ်ပါတယ်ဘုရား။)

ရုပ်နာမ်နှစ်ချက် တစ်ပြိုင်နက်သိ

မေး ။ ။ အေး ဒါဖြင့် အသက်ရှူတဲ့အခါကျပြီဆိုတော့ လေကလေးဟာ ထွက်တော့ကို ဘယ်အနားကလေးမှာ တိုက်ပြီး ထွက်သတုံး။

ဖြေ ။ ။ နှာသီးဖျားနှစ်ဖက်လုံးမှာ တိုက်ထွက်ပါတယ်ဘုရား။

ဝင်တော့ကို ဘယ်အနားကလေးမှာ တိုက်ပြီး ဝင်သတုံး။ (နှာသီးဖျား အဝ အဖျားကို တိုက်ဝင်ပါတယ်ဘုရား။) ဒီတော့ ဒါ ထင်ရှားတာပေါ့ဗျာ၊ ထင်ရှားတော့ အဲဒီနေရာကလေး တိုက်ထွတ်တာ တိုက်ဝင်တာကိုပေါ့လေ၊ ထိုထို စိတ်တွေ သွားနေတာကို မသွားစေဘဲနဲ့ ဒီနှာသီးကလေး နှာဝကလေးမှာ လက်နဲ့ထိထားရင် မသိဘူးလား။ (သိပါတယ်ဘုရား။) သိတယ်နော်။

ပါးစပ်က သိပါတယ်လို့ ဆိုရသေးသလား။ (မဆိုရပါဘုရား။) မဆိုဘဲနဲ့သိတယ်။ အဲဒီလို လက်နဲ့ထိတော့ သိသလို ထိထိအာရုံတွေ မသွားရအောင် အသာလေး လေတိုက်ပြီး ထွက်တဲ့နေရာမှာပဲ ဒီလို သိပြီးနေအောင် ထားလိုက်ရင် ဟုတ်ကဲ့လားဗျာ၊ အဲဒီလိုထားတော့ကို ဒီနေရာကလေးမှာ အေးအေး အေးအေးနဲ့ တိုက်ပြီး ထွက်မယ်မဟုတ်လား။ (ထွက်ပါတယ် ဘုရား။)

ဟိုအပြင်ဘက်ကို လိုက်မသွားနဲ့။ ကြားကြရဲ့လား။ အဲဒီလိုမလိုက်တော့ ဒီနေရာကလေးမှာ တစ်ဆက်တည်း အေးအေး အေးအေးနဲ့ တိုးပြီး ထိတော့ ထွက်နေရာကို သိမယ်မဟုတ်လား။ ဝင်တော့ကို ဒီနေရာကလေးမှာ အေးအေး အေးအေးနဲ့ တိုက်ပြီးတော့ တစ်ဆက်တည်း ဝင်နေမယ် မဟုတ်လား။ (တစ်ဆက်တည်း ဝင်တာသိပါတယ်ဘုရား။)

မေး ။ ။ ဒီတော့ အဲဒီနေရာမှာ မပြတ်ဘဲနဲ့ သိတယ် မဟုတ်လား။

ဖြေ ။ ။ မပြတ်ဘဲနဲ့ သိပါတယ်ဘုရား။

မှတ်နေရင်လေ သိတယ်မဟုတ်လား။ (သိပါတယ်ဘုရား။) အဲဒီလို သိနေတယ်ဆိုတော့ ဒီနှာဖျား နှာဝတို့ဟာ ဘယ်လိုတုံးဆိုတော့ အားလုံးတို့ဟာ ရုပ်အဋ္ဌဓိသ၊ နာမ်တေပညာသပဲလို့ ဒီလိုကတော့ မေတ္တာရှင် ကရဏာရှင်တွေက သွန်သင်ဆုံးမလို့ ငယ်ငယ်ကလေးတုန်းကပဲ အားလုံးတို့ဟာ သွက်လတ် ဖျတ်လတ်လို့ ပြောတတ် ဟောတတ် ကောင်းမွန်စွာ ပြွမ်းတီးလိမ္မာပြီးသား မဟုတ်လားဗျာ့။ (မှန်ပါဘုရား။)

ဒီတော့ နှာဖျား၊ နှာဝတို့ဟာ ရုပ်လား နာမ်လားဗျာ့။ (နှာဝ နှာဖျားဆိုတာက အားလုံး တို့နှာလည်တဲ့ သိတဲ့အဖြေပေးရမယ်ဆိုရင် ရုပ်ပါဘုရား။)

http://www.dhammadownload.com

သိတာကတော့ကော။ (နာမ်ပါဘုရား။)

မေး ။ ။ ရုပ်နှင့်နာမ်ကို တစ်ပြိုင်နက်တည်း သိတာ မဟုတ်လား။

ဖြေ ။ ။ တစ်ပြိုင်နက်တည်း ရုပ်နှင့်နာမ်ကို သိပါတယ်ဘုရား။

အေး... ဒီလိုအာရုံပြုလိုက်တဲ့အခါကျတော့ မသိတာများ ရှိသေးသလား။ (မသိတာ မရှိပါဘုရား။) ရုပ်နာမ်နှစ်ခုကို သိနေတယ်ဆိုတော့ အဲဒါဟာ ဝိဇ္ဇာလား အဝိဇ္ဇာလား။ (ဝိဇ္ဇာပါ ဘုရား။) သိနေတာက ဝိဇ္ဇာ၊ ဤကဲ့သို့ သိပြီး မနေတဲ့အချိန်မှာတော့ ဘယ်လိုတုံး။ (အဝိဇ္ဇာဖြစ်နေပါတယ်ဘုရား။) ဝိဇ္ဇာနဲ့ သာ နေရမယ်ဆိုရင် ဘယ့်နယ့်တုန်းဗျာ၊ အဝိဇ္ဇာဟာ ဝင်နိုင်ပါဦးမလား။ (မဝင်နိုင်ပါဘုရား။)

ဒီတော့ ဝိဇ္ဇာနှင့် နေရတဲ့အခါမှာ ပစ္စုပ္ပန်သံသရာ နှစ်ဖြာမှာ ကြောင့်ကြရမှု စိုးရိမ်ရမှု ပူပန်ရမှု ရှိသေးသလား။ (မရှိပါဘုရား။) ဒါဇာကလေးတွင် ရှိသေးတယ်၊ ဒီထက်ကြာကြာကလေး ဒီလို ရုပ်နှင့် နာမ် နှစ်ခုကို သိပြီးနေမယ်ဆိုရင် ယခုလောက် ကပါ့မလား။ (ပိုပြီးအကျိုးရှိမှာပါ ဘုရား။)

အဲဒီအခါကျပြီဆိုရင် "ငါတို့ ဆင်းရဲမှုလွတ်မှုဖြစ်တဲ့ နှစ်သက်တဲ့ ဗောဓိကို ငါမှန်းပြီးတော့ ထားတယ်၊ ဤကဲ့သို့ ဗောဓိကို မှန်းပြီးတော့ ထားတာကို ပြီးမှပြီးပါ့မလား၊ အောင်မှ အောင်ပါ့မလား" လို့ ယုံမှားသံသယ ရှိဦးမလား။ (မရှိပါဘုရား။)

အေး... ယုံမှားသံသယ မရှိဘူးဗျာ၊ မှန်းသလောက်မကဘဲ မြန်မြန်ကြီးတောင် ပြီးနိုင်ပါတယ်ဆိုတာကို သန်သန်ကြီးတွေအကုန်လုံး မဖြစ်ပေဘူးလား။ (ဖြစ်ပါတယ်ဘုရား။) အဲဒါ ရှေးအရှင်တွေက ယခုလိုဗျာ။

ပေါက်လျှင်ဖာ လိုရာကိုပြည့်

ဘယ်လိုများပါလဲဆိုတော့ အိမ်များကို လုံအောင်မိုးထားတယ်မဟုတ်လား၊ မိုးရွာတဲ့အခါကျလို့ မိုးယိုလာတယ်ဆိုရင် သိတယ် မဟုတ်လား။ (သိပါတယ်ဘုရား။) သိတော့ ဒီနေရာကို ဘယ့်နယ့်လုပ်မလဲ။ (ဒီနေရာကို ထပ်ဖာရပါတယ်ဘုရား။) ဖာတော့ နောက်တစ်ခါ ယိုသေးသလား။ (မယိုပါဘုရား။)

အခုလဲ ဝိရိယနဲ့ ထူထောင်တဲ့အခါမှာ လွတ်သွားတဲ့ အချိန်ရှိပါလိမ့်မယ်၊ "သည်အချိန်မှာ သည်လိုလွတ်တတ်တယ်" ဆိုတာကို သိပြီးတော့ အခုနက အိမ်ကိုမယိုအောင် ဖာသလိုဖာဗျာ၊ နောက်တစ်ခါ ဒီနေရာက ယိုဦးမှာ မဟုတ်ပါဘူးဗျာ။ (ကရော်ကမယ် တက်ပြီးတော့ ဖာတော့ ထပ်ယို ပြန်ပါတယ်ဘုရား။)

အဲဒါကတော့ အဟုတ်လုံအောင် ဖာတာလား၊ လုံချင်လုံ–မလုံချင်နေဆိုပြီး ဖာတာလား။ (တပည့်တော်တို့ကတော့ လုံချင်လုံ မလုံချင်နေဆိုပြီး ဖာသလို ဖြစ်နေပါတယ်ဘုရား။) အဲဒါ လုံချင်ရင်တော့ လုံအောင် ဖာလိုက်တာပေါ့လေ၊ လုံချင်လို့ လုံအောင်ဖာလိုက်ရင် ဖာပြီးသည်နှင့် တစ်ပြိုင်နက်တည်း မိုးယိုပါဦးမည်လား။ (ဒီတစ်ခါတော့ သေသေချာချာ နှစ်ထပ် သုံးထပ် ထပ်ထပ်ပြီး ဖာလိုက်ပါမယ်ဘုရား။) ကောင်းပါ့ဗျာ၊ လုံတော့မှာပါပဲ၊ ခက်သလားဗျာ။ (မခက်ပါဘုရား။)

တစ်ညီတည်း ဖြစ်ချင်တယ်ဆို

ဘုရားရွေလက်ထက်တော်က ဘုရားဆုံးမတာကို အဲဒီလို ဆောင်ကြတာဗျာ။

သို့သော်လည်းပဲ "အားလုံး တစ်ညီတည်းဖြစ်ချင်တယ်"ဆိုလို့မို့ တစ်ညီတည်းသိတာ လျှောက်ပြောတာနော်၊ သို့သော်လည်းပဲ စာထဲက ကိုယ်မှတ်ထားတာတွေရှိတော့ "ဒါတော့ မပြုချင်ဘူး၊ ဘယ်ဟာမှပြုမယ်" ဆိုရင်လဲ ဖြစ်သတဲ့ဗျာ။

ဘုရားဟောတာကတော့ အကုန်လုံး အတူတူချည်းပါပဲ။ (သတိ မလွတ်တာ လိုချင်ပါတယ် ဘုရား။)

http://www.dhammadownload.com

အေး... ခုနက ပြောတာကို မိုးစိုစွတ်တာကို မခံချင်ဘူးဆိုရင် မိုးစရာတွေ အမျိုးမျိုးအဖြာဖြာတွေ ရှိကြပါတယ်။ အခု အိမ်တွေဘာတွေ ဆောက်လုပ်ကြတာဟာ မိုးစွတ်မခံရအောင်၊ နေပူမခံရအောင် ဆောက်လုပ်ထားကြတယ် မဟုတ်လား။ (ဟုတ်ပါတယ် ဘုရား။) အားလုံး တစ်ညီတည်း မိုးသလား၊ ဘယ်လိုများ မိုးသလဲ။ (တချို့က အုတ်ကြွပ်မိုးပါတယ်၊ တချို့က သွပ်မိုးပါတယ်၊ တချို့ကတော့ ဓနိမိုးပါတယ်ဘုရား။) အခု နောက်ဆုံး အင်္ဂတေပြားတွေတောင် ပေါ်လာပါပြီဘုရား။ အေး... အဲဒါ မိုးထားတော့ ဘယ်နယ်လဲ၊ မိုးလုံမှုချည်း ရှေ့ရှုပြီး မိုးတော့ အင်္ဂတေပြားကြီး မိုးတာကတော့ လုံရဲ့လား ဗျာ့။ (လုံပါတယ်ဘုရား။) သွပ်တွေ အုပ်ကြွပ်တွေ မိုးတာကရော။ (လုံပါတယ်ဘုရား။) ဘာတဲ့ အခုနက သူ လျှောက်ပြီး ပြောလိုက်တာ ဓနိတို့ ပျဉ်တို့ မိုးတာကတော့ကော။ (လုံတာပါပဲဘုရား။) အဲဒါတွေ အကုန်လုံးကို လုံအောင် အဟုတ်မိုးတော့ လုံတာချည်းပဲ မဟုတ်လား။ (လုံပါတယ်ဘုရား။)

အခုလို ဘုရားဆုံးမပါတဲ့ အဆုံးအမတွေဟာ မနည်းပါဘူးဗျာ။ အဲဒီ မှတ်ပြီးသားတွေထဲက တစ်ခုခုသာမိုးဗျာ၊ အကုန်လုံး မိုးလုံမှာချည်းပဲ။

မေး ။ ။ ဟော်သလိုလျော်သလိုမိုးရင်တော့ အင်္ဂတေပြားကြီး မိုးတာကကော။

ဖြေ ။ ။ တော်သလိုသာမိုးရင်တော့ သူလဲ ယိုမှာပါပဲဘုရား။

မေး ။ ။ သွပ်တို့ အုပ်ကြွပ်တို့ကကော။

ဖြေ ။ ။ ယိုမှာပါပဲဘုရား။

မေး ။ ။ ဒီ ယိုတာတွေက ဘာ့ကြောင့်လဲ၊ အမိုးမကောင်းလို့လား။

ဖြေ ။ ။ အမိုးကတော့ ကောင်းပါတယ်ဘုရား၊ အလုပ်မကောင်းလို့ပါ။

ရွှမ်းစရာမရှိ လုပ်သာကြည့်

အေး... ဒါ့ကြောင့် အခုနက ဘုရားဆုံးမဆဲ့ အဆုံးအမမှန်သမျှ အကုန်လုံးဟာ "ဆင်းရဲမှု လွတ်မှုချည်း"ပဲ။ ဒါ့ကြောင့် အတူတူချည်းပဲလို့ မှတ်ရမယ်၊ အခုလဲပဲ အဆုံးအမမှန်မှန်တစ်ခုကို လိုက်နာကြပြီဆိုမှဖြင့် အကုန်လုံး ဆင်းရဲက လွတ်မှာချည်းပါပဲ ဗျာ့။

အခုနကလို ဘယ်ဟာမိုးမိုး လုံအောင်မိုးရင် မိုးမယိုဘူး၊ အဲဒါနဲ့တူတယ်ဗျာ့၊ ဒါ့ကြောင့် မိုးလို့ ဝိရိယနှင့် ထူထောင်ပြီး အဲဒီလိုပြုကြ။

"သုတ် အဘိဓမ္မာ ဝိနည်း ခန္ဓာ အာယတန ပညတ် ပရမတ် သစ္စာ သင်္ကာယဒိဋ္ဌိ" ဆိုတာတွေကတော့ သွက်လက် ဖျတ်လတ်ပြီးသားပါ။ "ရုပ် အဋ္ဌဝိသ-နာမ် တေပညာသ" ဆိုတာတွေလည်း သွက်လက်ဖျတ်လတ်ပြီး သေသေချာချာကို ပြောတတ်ပါတယ် ထင်ပါရဲ့။ (ပြောရဲ့ ပြောတတ်တာပါဘုရား၊ တပည့်တော်တို့ဖြင့် "အသက်ရှူတာနဲ့ သစ္စာလေးပါး ဘယ်လို ဆက်ရမှန်းတောင်" မသိပါဘုရား။) အမယ်မင်း... ဒါကတော့ ပြောတတ်ပါတယ်ဗျာ။ (သစ္စာလေးပါး ဆိုတာလဲ သေသေချာချာ ပြောတတ်တယ် မဟုတ်လား။) (ကဘောက်တိကဘောက်ချာတောင် တယ်ပြီး မပြောတတ်ပါဘုရား။) (မဟုတ်ပါဘူးလေ၊ သေသေချာချာကို ပြောတတ်ပါတယ်ဗျာ့။) တစ်ခါတည်း ပီပီသသ ရှင်းရှင်းလင်းလင်း ဘွင်းဘွင်းကြီးကို သူတကာကိုပဲ နေဝန်းလဝန်းကြီးကို သေသေချာချာညွှန်ပြီး "ဒါ နေဟဲ့" လို့ ဆိုပြီး သည်လိုလို ပြောတတ်တယ် မဟုတ်လား။ (မပြောတတ်ပါဘုရား။) ပြောတတ်ပါတယ်ဗျာ။

"မသိတာရုပ်၊ သိတာနာမ်" ဆိုပြီး မေတ္တာရှင် ကရုဏာရှင်တွေက ဆုံးမထားတော့ ဒီလိုချည်းပဲ သေသေချာချာ မှတ်သားပြီးသား၊ ပြောတတ်ပြီးသား မဟုတ်လားဗျာ့။

အေး... မသိတာရုပ်၊ သိတာနာမ်ဆိုတော့

http://www.dhammadownload.com

အခုနကပြောတဲ့ နာသီးဖျား နာဝကလေးဆိုတာ ရုပ်လား နာမ်လား။ (နာသီးဖျားဆိုတာကတော့ ရုပ်လို့ ခေါ်ပါတယ်ဘုရား။)

ထိနေတာကို သိနေတာကကော (နာမ်လို့ ခေါ်ပါတယ်ဘုရား။) နာသီးဖျားဆိုတာကတော့ ရုပ်အဌဝိသ ဘယ်သင်း ဘယ်သင်းမှာ နာသီးဖျား မပါတော့ တော်တော်ကြာ မပါဘူးလို့ ပြောနေဦးမှာဗျ၊ ဒါကတော့ ရှုပ်စရာ မရှိပါဘူး ထင်ပါရဲ့။ (မရှုပ်ပါဘုရား။)

အချိန် နေရာ အရွယ်မရွေး

အဲဒီတော့ အခုလို "နာသီးဖျားကလေးမှာ သိပြီးနေပါ" ဆိုတော့ သိတယ် မဟုတ်လား။ (သိပါတယ်ဘုရား။)

မေး ။ ။ သိပြီးနေလိုက်တဲ့အခါကျတော့ ရုပ်နဲ့နာမ် နှစ်ခုစလုံးဟာ ရှုလျက် မှတ်လျက် မနေဘူးလား။

ဖြေ ။ ။ ရုပ်ရော နာမ်ရော တစ်ခါတည်း ရှုလျက် မှတ်လျက် နေပါတယ် ဘုရား။

ဒီလိုရုပ်နဲ့နာမ် သိတဲ့အခါကျပြီဆိုတော့ ဒီရုပ်နဲ့နာမ်ကို သိနေတဲ့ဟာက ဘာတုံး ဝိဇ္ဇာလား အဝိဇ္ဇာလား။ (ဝိဇ္ဇာပါဘုရား။) ဝိဇ္ဇာဖြစ်တဲ့ အခါကျတော့ အဝိဇ္ဇာ ဝင်နိုင်ပါဦးမလား။ (မဝင်နိုင်ပါဘုရား။) အဲဒီတော့ ဝိဇ္ဇာဖြစ်သွားမယ် ဆိုလို့ရှိရင် အဝိဇ္ဇာဟာ ကင်းကွာတယ်မဟုတ်လား။ (ကင်းကွာပါတယ်ဘုရား။) အေး ထားရမယ်ဆိုတဲ့ နေရာကလေးမှာ ထားတော့ အချိန်တိုင်း အချိန်တိုင်း သိနေတယ် မဟုတ်လား။ (သိနေပါတယ် ဘုရား။)

ထိုင်ပြီးထားရင်ကော မဖြစ်ဘူးလား။

(ဖြစ်ပါတယ်ဘုရား။)

မတ်တတ်ရပ်ရင်းကော။

(ဖြစ်ပါတယ်ဘုရား။)

လမ်းခရီးသွားရင်းကော။

(ဖြစ်ပါတယ်ဘုရား။)

စားဖို့သောက်ဖို့ အလုပ်တွေလုပ်ရင်းကော။

(ဖြစ်ပါတယ်ဘုရား။)

ရှင်ဘုရင်လုပ်ရင်းကော။

(ဖြစ်ပါတယ်ဘုရား။)

သူဌေးလုပ်ရင်းကော။

(ဖြစ်ပါတယ်ဘုရား။)

ဧကရာဇ်မင်းကြီးလုပ်ရင်းကော။

(ဖြစ်ပါတယ်ဘုရား။)

စကြဝတေးမင်းကြီးလုပ်ရင်းကော။

(ဖြစ်ပါတယ်ဘုရား။)

ဘယ်အလုပ် လုပ်ရင်းဖြစ်ဖြစ် ဒီလိုထားရင် မဖြစ်ပေဘူးလား။

(ဖြစ်ပါတယ် ဘုရား။)

ရှင်ဘုရင်တွေနဲ့တကွ သူဌေးတွေ အားလုံးတို့ဟာ ဘုရားဆုံးမတာကို မှတ်ပြီးတော့ ဒီလို လိုက်နာကြတာပါပဲဗျာ။

အဲဒီလိုလိုက်နာတော့ ကိုယ်အလိုရှိပါတဲ့ နှစ်သက်တဲ့ ဗောဓိတွေမှန်းထားတဲ့ အတိုင်းဟာ အပြီးအဆုံးတိုင် မြောက်ပါတယ်ဗျာ။ ဘယ်အချိန်မှာ မဆို ဒီလိုထားလို့မဖြစ်တဲ့ အချိန်ရယ်လို့ကောရှိသေးသလားဗျာ။ (အချိန်အခါမရွေး ဖြစ်ပါတယ်ဘုရား။) ဒီလိုဖြစ်ပြီးနေတယ်ဆိုတော့ကို ကိုယ် တောင့်တတဲ့ ရည်ရွယ်ချက်အတိုင်းဟာ ပြီးစီးအောင်မြင်ကြတယ်ဗျာ၊ အေး... ဒါကြောင့်မို့ ဒီလိုထားကြဗျာ။

ထားပြီဆိုမှဖြင့်ရင် အစဉ်အတိုင်းကတော့ တိုးတက်ပြီးသွားပါလိမ့်မယ်။

အခုနက ထားဆိုတဲ့ နေရာကလေးမှာသာ ထားကြဗျာ။ ထားလို့ တွင်ကျယ်သွားတဲ့ အခါကျတော့ အတူတူမရှိတဲ့ ဘုရားရှင့်သာသနာ ရှိတဲ့အခါဖြစ်တော့ ကြာဖို့ရာမရှိပါဘူး၊ လွယ်ပါလိမ့်မယ်၊ တော်တော်ကြာ တိမ်းတောင် တိမ်းနေဦးမှာဗျာ၊ မတိမ်းရဘူးလားဗျာ၊ တစ်ခါတလေ တစ်နေ့ အား

http://www.dhammadownload.com

ထုတ်မယ်ဆိုရင် မဖြစ်ဘူး၊ မဖြစ်ဘူး စောစောက ပြန်ပဲ"လို့များ မပြောဘူးလား။ (ဒီလိုပဲ ရှောင်တိမ်းထွက်နေတာမှပဲ ဘုရား။)

လိမ်တတ်သောစိတ်

အေး...အခုနကလိုသာ ထားကြဗျာ၊ ထားကြပြီဆိုမှဖြင့် ဘယ်လိုတုန်းဆိုရင် "ကျရိယာပုတ်လေးပါးလုံးမှာ ငယ်ငယ်ရွယ်ရွယ်တော့ ဟုတ်တာပေါ့၊ အသက်ကြီးပြီဆိုတော့ ဖြစ်နိုင်မှာမဟုတ်ဘူး"နဲ့ အဲဒီလိုပဲ တစ်ခါတလေ ဒကာကြီးတွေမှာ လာသေးသလား။ (တစ်ခါတလေတောင် မဟုတ်ပါဘုရား၊ အမြဲတစေကို ခပ်ရှောင်ရှောင်တောင် ဒီလိုဖြစ်နေပါတယ် ဘုရား) အဲဒါကတော့ ကိုယ့်ဟာကိုယ် ရမ်းတာကိုးဗျာ၊ ဘုရားဟောတော်မူတာကတော့ ဒီလိုမဟုတ်ပါဘူး၊ ဒါက ကိုယ်တွေးချင်သလို တွေးတာနဲ့ တူပါတယ်။

မေး ။ ။ "အသက်ကြီးတော့ မဖြစ်ဘူး"လို့ ဘုရားဆုံးမတာများကို ဒကာကြီးများ မှတ်သားထားတာ ရှိသလားဗျာ့။

ဖြေ ။ ။ ဒါက တပည့်တော် အရမ်းတွေးတာပါဘုရား။

အေး... ဒါဖြင့် ဘုရားဆုံးမတဲ့အတိုင်းသာ လိုက်နာအားထုတ်မယ်ဆိုရင် လိုက်နာသာ လိုက်နာလိုက်၊ ကြားလား။ (လိုက်နာပါ့မယ်ဘုရား။) လိုက်နာမယ်ဆိုပြီး တော်တော်ကြာ ဘုရားဟော ဆုံးမတာမှာ "စိတ်ဆိုတာမျိုးဟာက မျက်လှည့်သမားနဲ့ တူတယ်"လို့ ဟောတယ်မဟုတ်လား။ တယ် အလိမ်ကောင်းသတဲ့ဗျာ့။

မေး ။ ။ ဟုတ်ကဲ့လား၊ တစ်ခါတလေ ကိုယ်ပြောချင်တာ ပြောပြီးနေမယ်ဆိုရင် ဘယ်လောက်ကြာအောင် ထိုင်ပြီး ပြောနိုင်သလဲ။

ဖြေ ။ ။ အကြာကြီးပါပဲဘုရား၊ တစ်ခါတလေ တစ်ညလုံးတောင် ပြောနိုင်ပါတယ်ဘုရား။

အခုလို အားထုတ်မယ်ဆိုပြီး ခဏလေးထိုင်အားထုတ်တယ်ဆိုရင်ပဲ ဘယ့်နယ့်ဖြစ်လာသလဲ။ (ငါးမိနစ်လောက်ဆိုရင်ပဲ ညောင်းလာပြီ ဘုရား)

အေး... ငါးမိနစ်လောက်ဆိုရင် တကယ့်ကို ဆယ်ခါလောက်ပြောင်းချင်လာပြီဗျာ့၊ ဟုတ်ကဲ့လား။

စိတ်လိမ်ပုံကလေးများ

မေး ။ ။ အဲဒီတော့ ဒီလို စိတ်ကလေးက "ညောင်းလာပြီ၊ ပြောင်းပါဦး" ဆိုတော့ ဒကာကြီးက ဘယ့်နယ့် ပြောသလဲ။

ဖြေ ။ ။ တပည့်တော်ကတော့ ဘာမှမပြောဘဲ ပြောင်းလိုက်တာပါပဲ ဘုရား၊ ခံမနေပါနဲ့။

အဲဒါက လိမ်တာဗျာ့၊ သူ့ကိုပြန်ပြောရမယ်၊ ဘယ်လို ပြန်ပြောရမလဲဆိုရင်...

"ဟဲ့ အခုဘာမှ မကြာသေးဘူး၊ ခဏလေးရှိသေးတယ်၊ မင်းငါ့ကို လိမ်တာ၊ ငါ့မညောင်းသေးဘူး၊ ငါ့ကိုမညာနဲ့" ဆိုပြီး အဲဒီလိုပြောရင် သူက နားလည်သွားမှာပဲမဟုတ်လား။ (နားလည်သွားမှာပါပဲ ဘုရား။) အဲဒီလို နားလည်သွားတော့ "ငါက လိမ်နေကျမို့ အခု ငါလိမ်တာသိသွားပြီ" ဆိုပြီး နောက်လိမ်ပါဦးမလား။ (မလိမ်တော့ပါဘုရား။) အေး အဲဒီလို ပြောဟုတ်လား။

"နင်လိမ်တာ ငါသိတယ်၊ ငါ တစ်ညလုံးမပြောင်းဘူး၊ အခု နင်ဟာ လိမ်တာ အဟုတ်မညောင်းသေးဘူး"ဆိုပြီး အဲဒီလိုပြော ကြားလား။

ဒီတော့ သူက ဘယ်လိုပြန်ပြောမလဲဆိုတော့ "အဟုတ်ကို ညောင်းတာပါ၊ ဒီလိုသာနေရင် ဘယ်လိုဖြစ်လိမ့်မယ်၊ ဝေဒနာဖြစ်လိမ့်မယ်" လို့ ပြောလိမ့်မယ်ဗျာ့၊ အဲဒီတော့ ဘယ့်နယ့်ပြန်ပြောမလဲ။ "မင်းငါ့ကို လာမလိမ်နဲ့၊ ပွဲကြည့်တုန်းကတော့ မင်းမညောင်းဘူး၊ အခုမှ ညောင်းရသလား" ဆိုပြီး သူ့ကို မာန်လွတ်လိုက်တာပါပဲဘုရား။

ကောင်းပါ့ဗျာ၊ သူ့ပြောရင် သူက နားလည်

http://www.dhammadownload.com

ပါတယ်ဗျာ၊ ဒကာကြီးတွေ ဒကာမကြီးတွေက မပြောကြဘူး ထင်ပါရဲ့၊ ဟုတ်လား။ (တပည့်တော်က မာန်ပေမယ့် အားရပါးရ မမာန်ရဲပါဘုရား။) ဘာဖြစ်လို့လဲဗျာ။ (နောက် မလာဘဲနေမှာ စိုးလို့ပါဘုရား။)

အလုပ်ခွင်မှာ နာဖူး သေဖူးတယ်ရှိအောင်

မေး ။ ။ လုံလဝီရိယရှိကြပါ။ ဘယ်လိုတုံးဆိုတော့ အခု ဒကာကြီးဟာ ဘုရားဆုံးမတဲ့ အဆုံးအမကို မလိုက်မနာဘဲ သည်လိုနေလာတယ် မဟုတ်လား၊ ဘယ်လောက်ကြာပြီလဲ။

ဖြေ ။ ။ မလိုက်နာဘဲနေတာ ကြာလှပါပြီဘုရား။

ဘယ်နယ်လဲ ဝေဒနာဆိုတာ အမျိုးမျိုးအဖြာဖြာရှိပါတယ်၊ ရာသီဥတု အပြောင်းအလွဲမှာဆိုရင် ဖျားတတ်တယ်၊ ဒကာကြီး ဘယ်နှစ်ခါ ဖျားဖူးသလဲ။ (တပည့်တော်ကတော့ ဆေးရုံတက်ရတာ များလှပါပြီဘုရား။) ဒီလို ဝေဒနာဖြစ်လို့ ဆေးရုံတက်တယ်ရတာဟာ ဘာဖြစ်လို့လဲ၊ ဒီဟာကို အားထုတ်လို့လား။ (မဟုတ်ပါဘုရား၊ သွားရင်း လာရင်း နေရင်း ထိုင်ရင်း ဖြစ်တာပါဘုရား။) ဘာလုပ်ရင်း များ ဖျားဖူးသလဲ။ ဒီလို သွားရင်း လာရင်း ဖြစ်တာပါပဲဘုရား။) ဟုတ်ပါ့ဗျာ၊ ဒီတော့ နေမကောင်းရင် ဒီလိုပြော...

"ငါအလျင်တုန်းက ဘာသီဘာသာ စားဖို့ သောက်ဖို့ အလုပ်တွေ ရွှက်ဆောင်ရင်း ဖျားခဲ့တယ်။ အခု ငါ ဒါလုပ်လို့များ နေမကောင်းတယ်ဆိုတာကတော့ တစ်ခါမှ နေမကောင်းဖူးဘူး။ အဲဒီတော့ အခုလို လုပ်ရင်းများ နေမကောင်းမယ်ဆိုရင် အမှတ်တရ နေမကောင်းချင်လိုက်တာ၊ ဒါ့ကြောင့် နေမကောင်းတာ ဝမ်းမြောက်လိုက်တာဗျာ၊ အဲဒီလို နေမကောင်းတာများ ဖြစ်ချင်စမ်းပါဘိတော့ဗျာ၊ ဒါ့ကြောင့် ငါလုပ်မယ်"ဆိုပြီး ဒီလိုလုပ်ဗျာ၊ ဒီလိုဆိုတော့ နေမကောင်းဖြစ်ပါ့မလား။(ဖြစ်မယ်မဟုတ်ပါဘုရား။)

သေမင်းကို အန့်တုရဲသောအလုပ်

အဲဒီတော့ သူက ဒီထက်တိုးပြီး နေမကောင်းရုံ မဟုတ်ဘူး "သေသွားလိမ့်မယ်ဗျာ"လို့ ပြောချင်ပြောဦးမှာ။ အဲဒီလိုပြောရင် ဘယ့်နယ့်ပြောမလဲ။

"အမယ်မင်း အခုလို သေကြတဲ့ဥစ္စာဟာ သံသရာတစ်လျှောက်လုံးမှာ ခါတင်ခု ခါတင်ခု သေကြတယ်မဟုတ်လား။ (တပည့်တော်တို့မှာတော့ သေတယ်ဆိုတာ ဆန်းတောင် မဆန်းတော့ပါဘုရား။) ဒီတော့ ဘာအလုပ်လုပ်ရင်း သေသလဲ။ (ဟိုတုန်းက အဝိဇ္ဇာကြီးတွေနဲ့ တစ်လျှောက်လုံး လာလိုက်တာ၊ သေတော့လည်း အဲဒါနဲ့ချည်းပဲ သေတာပါပဲဘုရား။) အဲဒါ အဝိဇ္ဇာနဲ့မဟုတ်ဘဲ ဝိဇ္ဇာနဲ့များ သေဖူးသလား။ (ဝိဇ္ဇာနဲ့မသေဘူးလို့ အခုလို လာပြီး လှုပ်လှုပ်ရွရွနဲ့ သွားလာလုပ်ကိုင် နေရတာပါဘုရား။) နောက်တုန်းက အဝိဇ္ဇာနဲ့နေပြီး အဝိဇ္ဇာနဲ့ချည်း သေခဲ့တယ်။ ဝိဇ္ဇာနဲ့နေပြီး ဝိဇ္ဇာနဲ့ မသေခဲ့ဖူးသေးဘူး။ ဒါ့ကြောင့် ဝိဇ္ဇာနဲ့ သေလိုက်ချင်တာ၊ ဒီလိုတရားအား ထုတ်ရင်းများ တစ်ခါမှ မသေဖူးဘူး၊ ဒီလိုလုပ်ရင်းများ သေချင်လိုက်စမ်းပါဘိတော့၊ သေချင်သေပါစေ" လို့ အဲဒီလို ပြောလိုက်တာပေါ့ဗျာ။ ဟုတ်ကဲ့လား၊ အဲဒီလိုပြောတော့ သေမှာလားဗျာ။ (ဒီလိုမပြောလည်းပဲ သေမှာပါဘုရား။)

ဟုတ်ပါ့ဗျာ၊ ဒါနဲ့ သေမှာများဟာ ကြောက်စရာကောင်းသလားဗျာ့။ (ကြောက်စရာမကောင်းပါဘုရား။) ဒါကြောင့်မို့ "ထားဆိုတဲ့ နေရာမှထား၊ သိဆိုတဲ့နေရာမှာ သိ"ပြီးနေမယ်ဆိုရင် စိုးရိမ်ကြောင့်ကြစရာများ ရှိပါ့ဦး မလားဗျာ့။ (မရှိပါဘုရား။)

ငရဲရုပ်ရှင်ကြည့်ကြမလား

မေး ။ ။ ဒါဖြင့် ဟိုလိုနေရင်တော့ ကြာကြာကြီး ထားမယ်၊ အခုလိုနေရင် အခုချက်ချင်း သေရမယ်ဆိုရင် ဘယ့်နယ့်လဲ၊ ဘယ်ဟာကကောင်းသလဲဗျာ့။

http://www.dhammadownload.com

ဖြေ ။ ။ အခုချက်ချင်း ဝိဇ္ဇာနဲ့ သေရတာက ကောင်းတာပေါ့ဘုရား။

အဲဒီလိုပြောပါဗျာ၊ ဟုတ်ကဲ့လား။ (အခုနက ပြောလိုက်တာကတော့ ပရိသတ်အကြိုက်ကို ပြောလိုက်တာပါဘုရား၊ တပည့်တော်စိတ်ထား အမှန်ကတော့ဖြင့် အခုချက်ချင်း ဝိဇ္ဇာနဲ့ သေမလားဆိုရင် "ခဏထိုင်ပါဦး"လို့ ရက်ချိန်းကလေးတော့ တောင်းချင်သေးတယ်ဘုရား။)

ဘာဖြစ်လို့လဲ၊ ဘယ်လိုနေချင်လို့လဲ။ (ဒီလိုပဲ ပျော်ပျော်ပါးပါးကလေး နေချင်သေးလို့ပါဘုရား။) ကဲ–ဒါဖြင့် ဝိဇ္ဇာနဲ့ နေတာဟာ ဆင်းရဲသလား၊ ချမ်းသာသလား။ (ဝိဇ္ဇာနဲ့နေတာ ချမ်းသာပါတယ်ဘုရား) ဒီတော့ "ဝိဇ္ဇာနဲ့နေရတာ နည်းနည်းကြာသွားပြီ၊ အနားယူလိုက်ဦးမယ်" လို့ဆိုပြီး အနားယူရော၊ အနားယူတော့ ဘယ့်နယ့်လဲ၊ ချမ်းသာသလား။ (အဝိဇ္ဇာတွေ ဝင်လာတာပေါ့ဘုရား။) အဲဒါ ချမ်းသာသလားဗျာ့။ (မချမ်းသာပါ ဘုရား၊ ဒါပေမယ့် တပည့်တော်တို့က အဝိဇ္ဇာနဲ့ နေရမှ၊ အော်ရမှ၊ ဟစ်ရမှ–အမယ်လေး... အမယ်လေးနဲ့ အော်ရမှ အတော်ပျော်တာပါ ဘုရား။) ပျော်ရင် ပြုံးပြုံးကြီး နေပါလား၊ ဘာဖြစ်လို့ ငိုသလဲ၊ (ငိုရတာက သိပ်ပျော်တယ်ဘုရား၊ တပည့်တော်တို့ ရုပ်ရှင်များ သွားကြည့်ရင် တယ်ကောင်းတဲ့ ရုပ်ရှင်၊ ငိုလိုက်ရတာ၊ သိပ်တန်တာပဲ" နဲ့ ငိုရတာကောင်းလို့ တိုးတိုးနေတာပဲ ဘုရား။)

မေး ။ ။ ကဲ... ဒါဖြင့် တကတည်းပါမှပဲ၊ ရုပ်ရှင်မကြည့်ဘဲနဲ့ ဒီလောက်ကြီး ငိုရတဲ့ နေရာမရှိဘူးလား၊ အကုသိုလ်တွေ ပြုပြုပြီးပြီဆိုရင် သေတော့ ငရဲရောက်၊ ရောက်တော့ ပြုံးနေရပါ့မလား။ (ပြုံး မနေရပါဘုရား။) ဒါဖြင့် ဘယ်နှယ့်နေရမလဲ။

ဖြေ ။ ။ လူပြည်က ရုပ်ရှင်ထက် ငိုရမှာပေါ့ ဘုရား။ ဒါဖြင့် အဲဒီကိုရောက်အောင် ဆုတောင်းသလား။ (ဆုတော့မတောင်းပါ ဘုရား။ ဒါပေမယ့် အဲဒီကို ရောက်အောင်ချည်း လုပ်နေတာပါဘုရား။ ဆုတောင်းတာကတော့ "နိဗ္ဗာန်ကို ရလိုပါ၏"လို့ ဆုတောင်းပြီး ညတိုင်း မနက်တိုင်း ဘုရားရှိခိုးတိုင်း တောင်းတာပါပဲဘုရား။ ဒါက ပါးစပ်တောင်းတောင်းပြီး လုပ်တော့ဖြင့် အပါယ်သွားအောင်ချည်း လုပ်တာပါပဲဘုရား) အခုပြောတာ ဒကာကြီးတစ်ယောက်တည်း။ (အခြား ဒကာကြီးတွေကို မပြောဝံ့ပါဘုရား၊ တပည့်တော်ကိုယ် တပည့်တော်ပြောတာပါ ဘုရား။) ဒကာမကြီးတွေကော။ (ဒကာမကြီးတွေကတော့ အခုချက်ချင်း တစ်မင်္ဂ တစ်ဖိုလ်ရအောင် ကြိုးစားမယ့် ဒကာမကြီးတွေ ဒီနေ့ည အများကြီး ရှိပါတယ် ဘုရား။) ဟုတ်ကဲ့လားဗျာ့။ (တပည့်တော်လဲ ဒကာကြီးမို့ ဒကာကြီးအချင်းချင်း ဓာတ်သိပါဘုရား။)

နေရာမကျမှန်းသိမှ နေရာကျ

သို့သော်လဲ အခုလို မိမိတို့ကိုယ်ကို မိမိတို့ ပျင်းတာ၊ ဖျင်းတာ၊ လျော့တာ ပေါ့တာကို သိကြတယ်ဆိုရင်ပဲ တို့ကတော့ ဝမ်းမြောက်လှပါပြီဗျာ့။ ကိုယ့်မှာ ဖျင်းတာ၊ ဖျင်းတာကို မသိလို့ရှိရင်တော့ သူဟာ ဒီအပျင်း၊ အဖျင်းက လွတ်အောင်ဆောင်မယ် မဟုတ်ဘူးဗျာ့။

ခုတော့ ပျင်းတာ၊ ဖျင်းတာကို သိတယ်။

သိပြီဆိုမှဖြင့် ပျင်းမှု ဖျင်းမှုက ရှောင်မှလို့ သူနားလည်တော့သည် အပျင်း အဖျင်းကလွတ်အောင် ကြိုးစားလိုတဲ့ဆန္ဒဟာ ပေါ်ပေါက်လာတယ်။ ပေါ်ပေါက်လာပြီဆိုမှဖြင့် ဆန္ဒအားလျော်စွာ ဝီရိယတွေ ထူထောင်တော့မယ်။

ထူထောင်ကြပြီဆိုမှဖြင့် အကုန်စလုံးတို့ဟာ တောင့်တတဲ့အတိုင်း ပြီးစီးကြမှာပါဗျာ့၊ ဟို... မသိတဲ့ သူတွေကတော့ ဒီလိုမဟုတ်ဘူးတဲ့ဗျာ့။

အခုလို စေတီရင်ပြင်၊ ဗောဓိရင်ပြင် ရောက်

http://www.dhammadownload.com

ကြတယ်ဆိုတာ ဤကဲ့သို့ ပျင်းတာ ဖျင်းတာကိုသိပြီး ဒီအပျင်း-အဖျင်းက လွန်မြောက်အောင် ရောက် ကြတာဗျာ့။

ဘုရားရွေလက်ထက်တော်က ဤကဲ့သို့ ပျင်း တဲ့-ဖျင်းတဲ့နယ်က လွန်မြောက်ချင်လွန်းလို့ ဘုရား ထံမှောက်သို့ ရောက်ကြတယ်၊ ရောက်ကြတော့ ဘုရားရှင်က အစဉ်သနားလို့ ညွှန်ကြားဆုံးမပါတဲ့ အဆုံးအမကို ရသည်နှင့် တစ်ပြိုင်နက်တည်း မှတ် သားပြီးတော့ ဝိရိယတွေနဲ့ ထူထောင်ကြတဲ့အခါကျ တော့ ပျင်းတာ၊ ဖျင်းတာတွေက တစ်ခါတည်း လွတ် မြောက်ကြပါရော။

အဲဒီလို လွတ်မြောက်တဲ့ သူတော်ကောင်း အစားစားတွေက မရေမတွက်နိုင်အောင် များပြားပါ တယ်ဗျာ့၊ ဒါကြောင့် အခုလဲပဲ အားလုံးတို့ဟာ ဝိရိယ ထူထောင်ပြီးတော့ ဘုရားအဆုံးအမတွေကို မှတ်သား ထားကြတဲ့အတိုင်း ပြီးအောင် ကြိုးစားကြ အားထုတ် ကြဗျား။

သာဓု...သာဓု...သာဓု...။

(သန္နိဋ္ဌိက တရားတော်များနှင့် သန္နိဋ္ဌိကမှ လမ်းစဉ်စာအုပ်တို့မှ ထုတ်နုတ် ဖော်ပြပါသည်။ ၁၉၇၈။ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည်။)

ဝေဘူဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
မြောင်းမြ ဝေဠုဝတိဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မြောင်းမြ ဝေဠုဝတီဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၆၀-၁၃၃၇)

ဆရာတော် အလောင်းလျာကို ပခန်းစီရင်စု၊ ရေစကြိုမြို့နယ်၊ နန်းဦးကျေးရွာ၌ ၁၂၆၀ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ကြာသပတေးနေ့ နံနက် ၄ နာရီ အချိန်၌ ဖွားမြင်တော်မူသည်။ မိဘများမှ ဦးရွှေသွယ်၊ ဒေါ်အေးဒုတ်တို့ ဖြစ်သည်။ မွေးချင်းခြောက်ယောက်အနက် ဒုတိယမြောက် သားရတနာဖြစ်သည်။ အမည်မှာ မောင်ဘိုးလုံဖြစ်သည်။

၉ နှစ်သားအရွယ်တွင် အဘိုးဖြစ်သူ ဦးသာဉာဏ်၏ ကျောင်းတွင် မြန်မာစာ သင်ယူသည်။ ၁၁ နှစ် အရွယ်တွင် နန်းဦးမင်းကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ကိုရင်ဝတ်သည်။ ဘွဲ့တော်မှာ "ရှင်မုနိန္ဒ" ဖြစ်သည်။ ကိုရင်ဘဝဖြင့်ပင် မင်းကျောင်းဆရာတော်ထံ၌ မဟာနမက္ကာရ ဘုရားရှိခိုး၊ ပရိတ်ကြီး စသော သူငယ်စာများ၊ သဒ္ဒါ၊ သင်္ကြိဟ်၊ ဥပဓိ စသော ပရိယတ် အခြေပြုကျမ်းစာများကို သင်ယူသည်။ ဋီကာကျော်တက်ပြီးသောအခါတွင် စာသင်ဖက် ကျောင်းသား ကိုရင်များအား သင်္ကြိဟ်ကျမ်းတစ်ဆင့်ပို့ချပေးရသည်။

၁၄ နှစ်သား အရွယ်တွင် လူဝတ်လဲသည်။ ၁၆ နှစ်သားအရွယ်တွင် ကိုရင်ပြန်ဝတ်သည်။ မင်းကျောင်း ဆရာတော်ထံ၌ပင် ပါဠိတော် အဋ္ဌကထာများကို ဆက်လက် သင်ယူလေသည်။ ၁၂၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ နေ့လယ်တွင် မင်းကျောင်းတိုက် (မြောက်ကျောင်း) ဆရာတော် အရှင်သုဇာတကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းဒယကာမှာ နန်းဦးသူကြီးမင်း သွေးသောက် ဘွဲ့ရ ဦးမောင်မောင် ဒေါ်တင်ပု မိသားစုတို့ ဖြစ်လေသည်။

ရဟန်းဖြစ်ပြီးနောက် မင်းကျောင်းဆရာတော် အရှင်ကေတုထံတွင် ဝိနည်း၀ါးကျမ်းနှင့် တကွ ပိဋကတ် အခြေခံကျမ်းစာများကို ဆက်လက် သင်ယူသည်။ ရဟန်း ၃ ဝါအရ ၁၂၈၂ ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိဇယာ ရာမ (အရှေ့)တိုက်သို့ကြွသည်။ အရှင် ဇဝန (အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု) ထံ၌ သီလက္ခန် အဋ္ဌကထာကို ဆိုခွင့်ရသည်။ ထို့နောက် ရဟန်း ၅ ဝါအရတွင် သုတ်မဟာဝါ အဋ္ဌကထာကို ဆိုရသည်။ ထိုကျောင်းတွင် စာချတာဝန်နှင့် တရားဟော တာဝန်ကို ယူခွင့်ရလေသည်။ ရဟန်း ၉ ဝါအရ ၁၂၈၈ ခုနှစ်တွင် မန္တလေးသို့တက်၍ စာလိုက်ပြန်သည်။ တောင်ထီးလင်းတိုက် ခေမာသီဝံကျောင်း၊ အနောက်ပြင်တိုက်တော်၊ အရှေ့ပြင် ဗန်းမော်တိုက်၊ တောင်မြို့တို့၌ သီတင်းသုံးတော်မူခဲ့သည်။

ဘုရားကြီးတိုက် ဆရာတော် ဦးဇာဂရကြီးထံ၌ ဘေဒစိန္တာ သဒ္ဒါကျမ်း၊ ဆရာတော်အရှင်နာရဒထံ၌

http://www.dhammadownload.com

မူလဋီကာ၊ ဆရာတော်ဦးပခန်း၊ ညောင်ကန်တိုက် ဆရာတော် အရှင်ဣန္ဒထံတွင် မန္တလေးစာသင်နည်းကို သင်ယူပြန်သည်။ ထနောင်းတိုက် ဆရာတော် အရှင်လက္ခဏ၊ တောင်သမန်တိုက် မေဃဝတီ ဆရာတော် အရှင်ဝိမလတို့ထံ၌ ဋီကာကျော်ကို ထပ်ဆင့် သင်ယူခဲ့သည်။ ဘုံကျော်တိုက် ဒေါင်းကျောင်း ဆရာတော် အရှင်ဃောသိတထံတွင် အဌသာလိနီကျမ်းကို သင်ယူခဲ့သည်။

၁၂၉၂–ခုနှစ်တွင် တရားအားထုတ်ရန် ညောင်လွန့်ပျော်ရွာတောသို့ ကြွသည်။ ညောင်လွန့်တောရ ဆရာတော်ထံတွင် တရားအားထုတ်တော်မူသည်။ ထိုမှ ဘီလူးကျွန်း ကွမ်လှာရွာပေါ်ကျောင်းသို့ ကြွသည်။ ၁၂၉၃ ခုနှစ်တွင် ရေးမြို့ ကလိန်စိတောင်သို့ ကြွရောက်သီတင်းသုံးသည်။ တရားအားထုတ်ပြီး ၁၂၉၃ ခုနှစ်တွင် ဇာတိရွာကျောင်းသို့ ပြန်ကြွပြီး ၁၂၉၄ ခုနှစ်တွင် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းသို့ ကြွလေသည်။ စွန်းလွန်းဆရာတော်ထံ၌ ကျေနပ်လောက်အောင် အားထုတ်ပြန်သည်။ ၁၂၉၉ ခုနှစ်တွင် ဆားလင်းကြီးတောင်ကြားတောရသို့ ကြွရောက်သီတင်းသုံး၍ အားထုတ်တော်မူသည်။ ထို့နောက် မိုးညှင်းသို့ကြွ၍ မိုးညှင်းဆရာတော်ဘုရားကြီးထံတွင် ၁၅ ရက်ခန့် အားထုတ်လေသည်။

၁၃၀၀ ပြည့်နှစ်တွင် မော်လမြိုင်ကျွန်းမြို့နယ်မြတ်သာကြီးရွာ အောင်လှိုင်ချောင်းကျောင်း၌ ဝါကပ်သည်။ ၁၃၀၇ ခုနှစ်တွင် မော်လမြိုင်ကျွန်းမြို့သို့ ပြောင်းရွှေ့သီတင်းသုံးသည်။ ၁၃၀၇ ခုနှစ်တွင် မြောင်းမြသို့ကြွ၍ ပါစကယ်ကုန်းဥယျာဉ်ကျောင်း၌ သီတင်းသုံးနေလေသည်။ ၁၃၁၀ ခုနှစ်တွင် ဝေဠုဝတီ ကမ္မဋ္ဌာန်းတိုက်ဟု သီတင်းသုံးသော ကျောင်းကို အမည်သမုတ်လေသည်။ ဝေဠုဝတီကျောင်းတိုက်တွင် ကျောင်းကြီးငယ် ၆၀ ကျော်ရှိပြီး မြေ ၇ ဧကမျှ ကျယ်ဝန်းလေသည်။ ယောဂီများကို တရားပြ တရားစစ်ဆေးကိစ္စကို ကိုယ်တိုင်ဆောင်ရွက်တော်မူလေသည်။

ဆရာတော်ဘုရားသည် ယောဂီများကို တရားပြ၊ တရားစစ်၊ တရားဟောဖြင့် ဝေဠုဝတီကျောင်းတိုက်၌ပင် သီတင်းသုံးတော်မူသွားခဲ့လေသည်။

၁၃၃၇ ခု၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့၊ ည ၉း၁၅နာရီ အချိန်တွင် မြောင်းမြမြို့၊ သံဃာ့ဆေးရုံ၌ နှလုံးရောဂါဖြင့် ပျံလွန်တော်မူခဲ့လေသည်။

ထေရုပွတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ဝေဠုဝတီ(မြောင်းမြ)ဆရာတော်ဘုရားကြီး၏ သြဝါဒတော်

၁။ ကိုယ့်ကာယက် ကိုယ့်ထံပြန်၊
၂။ ကိုယ့်ဝစီက် ကိုယ့်ထံပြန်၊
၃။ ကိုယ့်မနောက် ကိုယ့်ထံပြန်၊
၄။ ပဲ့တင်သံနှင့် အမှန်မလွဲ တစ်ထပ်တည်း၊
၅။ ကိုယ်ထံသို့ပြန် သုံးပါးက် ကိုယ်သာဆင်းရဲ ခံရမြဲ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မြောင်းမြ ဝေဠုဝတီဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ဝိပဿနာလုပ်ထုံးတရားတော်

သတော၀ အဿသတိ၊ သတော၀ ပဿသတိ။

သတော၀၊ သတိထား၍သာလျှင်။ အဿသတိ၊ ဝင်လေကို ရှိုက် ၏။ သတော၀၊ သတိထား၍သာလျှင်။ ပဿသတိ၊ ထွက်လေကို ရှူ၏။

ဝင်လေ ရှိုက်လေသည် အဿာသ၊

ထွက်လေ ရှူလေသည် ပဿာသ၊

ဒါက သုတ္တန်အဋ္ဌကထာအလို။

အဿသတိ၊ ထွက်လေကို ရှူ၏။ ပဿသတိ၊ ဝင်လေကိုရှိုက်၏။

ထွက်လေ ရှူလေသည် အဿာသ၊

ဝင်လေ ရှိုက်လေသည် ပဿာသ၊

ဒါက ဝိနည်းအဋ္ဌကထာအလို၊ အဲဒီလို စာအနေနဲ့ နှစ်မျိုးကွဲပြားနေတယ်၊ ဘာပြုလို့ ကွဲပြားနေရသလဲဆိုရင်။

သုတ္တန် အဋ္ဌကထာအလိုက ပဝတ္တိအခါတရားဘာ၀နာ အားထုတ်သော ကာလ၌ ပထမဝင်သက်လေကိုရှိုက်၍၊ ဒုတိယ ထွက်သက်လေကို ရှူထုတ်ရတယ်၊ အဲဒီကာလကို အကြောင်းပြု၍ ဝင်လေ ရှိုက်လေသည် အဿာသ၊ ထွက်လေ ရှူလေကို ပဿာသလို့ ဆိုတယ်။

ဝိနည်းအဋ္ဌကထာအလိုက ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား အမိဝမ်းတိုက်မှ ထွက်သောအခါ၌ ပထမ ထွက်လေကို ရှူ၍ ဒုတိယ ဝင်လေကိုရှိုက်တယ်၊ အဲဒီ မိခင်ဝမ်းတွင်းမှ ထွက်လေသော ကာလကို အကြောင်းပြု၍...

ထွက်လေ ရှူလေသည် အဿာသ၊

ဝင်လေ ရှိုက်လေသည် ပဿာသလို့ ဆိုတယ်။

ဒီတော့ မိခင်ဝမ်းတိုက်မှ ထွက်လာသော ကာလနှင့် ပဝတ္တိတရားအားထုတ်သော ကာလ၊ ဒီကာလနှစ်မျိုးကို အခြေပြုပြီး ကွဲပြားနေသော်လဲ နှစ်နည်းလုံး သူ့နည်းနှင့်သူ အမှန်ချည်းပင် ဖြစ်ပါတယ်။

ဒါပေမယ့် တရား အားထုတ်ရာမှာတော့ သုတ္တန် ဒေသနာတော်အတိုင်း ပထမ ဝင်လေကို ရှိုက်၍ ဒုတိယထွက်လေကို ရှူပါ။

စင်စစ်တော့ ရှူလေတို့ ထွက်လေတို့ဆိုတာက သတ္တ၀ါများ အပန်းဖြေတဲ့ လေပဲ၊ အပန်းဖြေတော့ ပထမ ရှိုက်သွင်းလိုက်ပြီးမှ ပြန်ထုတ်လိုက်တယ်၊ ဒါကို အပြန်းပြေတယ်လို့ ခေါ်တယ်။

ဒီတော့်ကာ အာနာပါနလုပ်ထုံးမှာ သုတ္တန်နည်းအတိုင်း လုပ်ဖို့လိုတယ်။

တစ်ခါ ဒီနေရာမှာ-

http://www.dhammadownload.com

၁။ သမထယာနိကနည်း

၂။ ဝိပဿနာ ယာနိကနည်းလို့ ဒီလို နှစ်မျိုး လာပြန်တယ်၊ သမထ ယာနိက နည်းအတိုင်းဆိုရင်–

၁။ ပထမ စတုက္က

၂။ ဒုတိယ စတုက္က

၃။ တတိယ စတုက္က

၄။ စတုတ္ထ စတုက္က

အဲဒီလို ၁၆–နည်းနဲ့ သွားတယ်။

ဝိပဿနာယာနိကနည်းကျတော့ အဲဒီ ၁၆ နည်းစလုံး လုပ်ဖို့မလိုပါဘူး။ ပထမ စတုက္ကနည်း ဖြစ်တဲ့ "သတောကာရီ စတုက္က" သတိဖြစ်အောင် လုပ်ဖို့ပဲ လိုပါတယ်၊ ဒါကြောင့် သတိပဋ္ဌာန်ကျတော့ အဲဒီ ၁၆ နည်းစလုံး မဟောတော့ဘဲ ပထမစတုက္က ဖြစ်တဲ့ သတိဖြစ်အောင်လုပ်ဖို့ရာ "သတော ကာရီ စတုက္က" တစ်ခုတည်းပဲ ဟောခဲ့တယ်။

ယခုလုပ်ထုံးနဲ့ကျတော့ "သတောဝ အဿ သတိ သတောဝ ပဿသတိ" လယ်တီဆရာတော် ဘုရားကြီးလက်ဆဲနဲ့ဆိုရင် "သတိမြဲရာ ပထမာ"

ပထမ စ၍လုပ်တဲ့ ယောဂီပုဂ္ဂိုလ်သည် "သတောဝ၊ သတိထား၍သာလျှင်။ အဿသတိ၊ ဝင်လေကိုရှိုက်၏။ သတောဝ၊ သတိထား၍သာ လျှင်။ ပဿသတိ၊ ထုတ်လေကိုရှူ၏။

ရှိုက်ရင် ရှိုက်မှန်းသိအောင် သတိထား။

ရှူရင် ရှူမှန်းသိအောင် သတိထား။

ရှိုက်တိုင်း–ရှိုက်တိုင်း၊ ရှူတိုင်း–ရှူတိုင်း သတိမလစ်စေနဲ့။

သတိမြဲအောင် ထင်လာအောင် လုပ်ပါ။

အဲဒီ ရှိုက်လေ ရှိုက်နေရင်း၊ ရှူလေ ရှူနေရင်း စိတ်က အပြင်သို့ ထွက်သွားတတ်ပါတယ်။ အဲဒီလို စိတ်အပြင်သို့ ထွက်သွားတဲ့အခါ ယောဂီပုဂ္ဂိုလ်၏ အလိုက အယ်လိုဖြစ်လာတတ်သလဲဆိုရင်–

စိတ်အပြင်ထွက်တာဟာ တရားမဟုတ်ဘူး၊ စိတ်ငြိမ်လာမှ တရားဖြစ်မယ်၊ အခုတော့ စိတ်က အပြင်ထွက်နေတယ်၊ အပြင်ကို လွင့်နေတယ်။ ဒါ တရားမဖြစ်ဘူးလို့ အဲဒီလို အယူမျိုး ဖြစ်လာတတ်ပါတယ်။

ဒီလို အယူအဆမျိုးဖြစ်လာရင် ယောဂီပုဂ္ဂိုလ်ဟာ မိမိကိုယ်ကို မိမိပြန်၍ စစ်ဆေးပါ၊ ဘယ်လိုစစ်ဆေးရမလဲဆိုရင် ယခု အပြင်သို့ စိတ်ထွက်သွားတာဟာ

ဝင်လေ ထွက်လေကို သတိထားလို့ ထွက်တာလား၊

ဝင်လေ ထွက်လေကို သတိမထားလို့ ထွက်တာလား၊

(တစ်နည်း) တရားအားထုတ်ခါမှ ထွက်တာလား၊

တရားအားမထုတ်ဘဲနဲ့ ထွက်တာလားလို့ အဲဒီလို စစ်ဆေးမေးမြန်းလိုက်တဲ့အခါကျတော့ "တရားအားထုတ်ခါမှ ထွက်တာပါ" လို့ဆိုတာ အဖြေထွက်လာပါလိမ့်မယ်၊ တရားအားမထုတ်ဘဲ နေရင် စိတ်ဟာ သူ့ဟာသူ ဖြစ်ချင်ရာ ဖြစ်နေတာပဲ၊ ဒါဖြင့် စိတ်အပြင်ထွက်တာဟာ တရားအားထုတ်ခါမှ ထွက်တာပဲလို့ဆိုတာ ထင်ထင်ရှားရှား တွေ့ရပါလိမ့်မယ်။

အဲဒီလို တရားအားထုတ်ခါမှ ထွက်တာပါ။ လွင့်တာပါလို့တွေ့ရင် ယောဂီပုဂ္ဂိုလ်အလိုက–

ဒီလို ထွက်နေတာ လွင့်နေတာကို မကြိုက်ဘူး၊ ငြိမ်နေမှ ကြိုက်မယ်လို့ အဲဒီ ကြိုက်–မကြိုက်ပါနေတယ်၊ ဒီကြိုက်–မကြိုက် မပါရဘူး၊ ကိုယ် လုပ်နေကျပဲ လုပ်ရမယ်။

ဝင်ရင် ဝင်မှန်းသိအောင် သတိထား၊

ထွက်ရင် ထွက်မှန်းသိအောင် သတိထား၊

ဒါကိုပဲ စိတ်အပြင် အထွက်ခံပြီး အလွင့်ခံပြီး သတိထား လုပ်နေပါ၊ ဒီလိုလုပ်တော့–

ဝင်တာကိုလဲ သိနေတယ်၊

ထွက်တာကိုလဲ သိနေတယ်၊

http://www.dhammadownload.com

တိုးတာကိုလဲ သိနေတယ်၊
ထိတာကိုလဲ သိနေတယ်၊

နာခေါင်းတစ်နေရာတည်းကနေပြီးတော့ သိစရာအများကို သိနေတယ်၊ အဲဒီလို သိစရာ အထူးကို သိနေတာဟာ သတိထူထောင်မှု၏ အခြေခံပါပဲ၊ ဒီအခြေခံဖြစ်တဲ့ သတိကို ထူထောင်နေတဲ့ အခါမှာ စိတ်အပြင် မထွက်စေနဲ့၊ မလွင့်စေနဲ့။

နာခေါင်းမှာ စိတ်ကပ်ထားတယ်ဆိုတော့ စိတ်ဟာ သမာဓိဘက်လဲ သွားတတ်တယ်။ "သတိပဋ္ဌာန်အလိုက သတိမြဲအောင်လုပ်" သတိဆိုတာ အာရုံအများနဲ့ ဆက်ဆံတယ်၊ ဘာဖြစ်လာလာ သတိသာ မလစ်စေနဲ့လို့ ဆိုလိုတယ်၊ ဝေဒနာဖြစ်လာလဲ ဝေဒနာကိုသိ၊ သတိကိုထူထောင်ရာမှာ အာရုံများများ သိနိုင်လေ သတိအားကောင်းလေလေ ဖြစ်တယ်၊ ဟိုလိုဒီလို ဖြစ်တာကို မသိနဲ့၊ ဝင်လေ ထွက်လေ ကိုသာသိ၊ အဲဒီလို လုပ်နေကြတာဟာ မှားနေကြတယ်။

ဒီတော့ စိတ်အပြင် ထွက်ချင်ထွက် မထွက်ချင်နေ၊ လွင့်ချင်လွင့် မလွင့်ချင်နေ၊ ထွက်လို့ လွင့်လို့ ရှိရင်လဲ အဲဒီ ထွက်တဲ့စိတ် လွင့်တဲ့စိတ်ကို ပြန်ပြီးတော့ သိမ်းမနေနဲ့၊ ကိုယ်လုပ်နေကျကိုသာ လုပ်နေပါ။ သတိထားနေပါ။ အဲဒီလို ကိုယ်လုပ်နေကျ အတိုင်း ဝင်လေ ထွက်လေကို သတိထားသိနေပေမယ့် လွင့်တာ ကိုယ်သိနေတာပါပဲ။ ဒီတော့ စိတ်အပြင်ထွက်ရင်၊ လွင့်နေရင် အထွက်ခံပြီး၊ အလွင့်ခံပြီး လုပ်ပါ။

လွင့်စရာရှိရဲ့သားနဲ့ မလွင့်ရရင် ဒီယောဂီသန္တာန်မှာ လွင့်စရာဖြစ်တဲ့ ဓာတ်ဆိုး ဓာတ်ဝါးကိလေသာတွေဟာ ကိန်းနေတယ်၊ ဒီလိုကိန်းနေရင် "သဒ္ဒါ၊ ဝီရိယ၊ ခန္တီ၊ သတိ၊ ပညာ" ဆိုတဲ့ တိုးတက်ရမည့် ဒီတရားတွေဟာ မတိုးတက်တော့ဘူး။ သို့ပေမယ့် သတိအခြေမခံဘဲနဲ့ တိုးတက်စရာရှိရင်လဲ တိုးတက်ပါသေးတယ်။ သို့သော် သတိအခြေမခံရင်ဖြင့် ဒီ လိုရင်းအကျိုးတရား "သဒ္ဒါ၊ ဝီရိယ၊ ခန္တီ၊ သတိ၊ ပညာ"တို့ဟာ ခိုင်မြဲနေလိမ့်မယ်လို့ ဒီလိုတော့ မဆိုနိုင်ဘူး။

တရားလုပ်တယ်ဆိုတာဟာ ဒီအကျိုးများကို ရအောင်လို့ လုပ်တာ၊ ဒီတော့ ငါတရားလုပ်တယ်၊ တရားလုပ်တော့–

ငါ့စိတ်ဟာ ကြည်လင်မှုသဒ္ဒါဖြစ်ရဲ့လား၊

ငါ့စိတ်ဟာ အားထုတ်မှု ဝီရိယ ကောင်းရဲ့လား၊

ငါ့စိတ်ဟာ အရာရာမှာ သည်းခံမှု ခန္တီရှိရဲ့လား။

ငါ့စိတ်ဟာ အာရုံတိုင်းမှာ သတိပါရဲ့လား၊

ငါ့စိတ်ဟာ အသိဉာဏ်ပညာ ပွင့်လင်းလာရဲ့လားလို့ အဲဒီလို မေးကြည့်၊ ဒီငါးပါး ခိုင်ခိုင်မြဲမြဲဖြစ်မလာသေးရင်၊ တရားလုပ်နေရတဲ့အတွက် အကျိုးတရား မပေါ်သေးဘူး၊ အဲဒီတရားငါးပါး ခိုင်ခိုင်မြဲမြဲ ဖြစ်မလာသေးရင် တရားလုပ်နေရတဲ့အတွက် အကျိုးတရား မပေါ်သေးဘူး၊ အဲဒီ တရားငါးပါး ခိုင်ခိုင်မြဲမြဲပေါ်လာရင် တရားအားထုတ်မှု၏ အကျိုးတရားရပြီလို့ မှတ်ပါ။

ဒီတော့ တရားလုပ်တဲ့အခါ သည်းခံပြီး အားထုတ်ပါ၊ လွင့်စရာရှိတာ လွင့်ပါစေ၊ ချုပ်တည်းမထားပါနဲ့၊ သိမ်းဆည်းမထားပါနဲ့၊ စင်စစ်မှာတော့ အဲဒီ လွင့်တဲ့စိတ်ဟာလဲပဲ "စိတ်ဝေဒနာ" တစ်မျိုးပဲ၊ ရင်ထဲမှာ လွင့်စရာရှိနေသေးလို့ လွင့်နေတာ လွင့်နေရင် စဉ်းစားကြည့်ပါ။

ရှေ့လှမ်းပြီး လွင့်တာလား၊

နောက်ကပြီးခဲ့တာတွေ လွင့်တာလားလို့၊

အဲဒီလို စဉ်းစားကြည့်ရင် နောက်က ပြီးခဲ့ပြီးသား အဟောင်းတွေ လွင့်တာဆိုတာ အဖြေထွက်လာလိမ့်မယ်။ အဲဒီအဖြေကို ထောက်သဖြင့် ရင်ထဲနှလုံးထဲမှာ ရှိပြီးသားတွေ ထွက်လာတာပဲဆိုတာ သိရမယ်။

http://www.dhammadownload.com

ဒီလိုမှမထွက်ရင် ရင်ထဲမှာရှိတဲ့ ကိလေသာ ဓာတ်ဆိုး ဓာတ်ဝါးတွေဟာ စင်ကို မစင်ကြယ်ဘူး၊ ဒီတော့ တရားလုပ်တယ်ဆိုတာ ရှေးဦးစွာ ရင်ထဲမှာ ရှိနေတဲ့ ဓာတ်ဆိုး၊ ဓာတ်ဝါး ကိလေသာတွေကို ထုတ်ပစ်ရသေးတယ်။ အဲဒီဓာတ်ဆိုး ဓာတ်ဝါး စင်ကြယ်လေ ခုနပြောခဲ့တဲ့ အကျိုးတရားတွေဟာ ခိုင်မြဲတည်တံ့လေပဲ။

စင်စစ်မှာတော့ ခန္ဓာကိုယ်က နာကျင် ကိုက်ခဲမှု စတဲ့ ဝေဒနာ ဖြစ်ပေါ်လာတာလည်း ဒီဓာတ်ဆိုး ဓာတ်ဝါး ကိလေသာတွေကြောင့် ဖြစ်တာပဲ။ စိတ် အပြင်ထွက်သွားတယ်၊ ဝင်သွားတယ်ဆိုတဲ့ စိတ် ဝေဒနာ ဖြစ်ပေါ်တာလည်း ဓာတ်ဆိုးဓာတ်ဝါး ကိလေသာတွေကြောင့် ဖြစ်တာပဲ။ ဒါဖြင့် ဒီက ဝင်လေထွက်လေကို သတိထားပြီး သိနေတဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ ဝင်လေထွက်လေကိုလည်း သိတာပဲ၊ နာကျင်ကိုက်ခဲမှု စသည်ကိုလဲ သိတာပဲ၊ လွှင့်နေတဲ့ စိတ်ကိုလဲ သိတာပဲ။ အဲဒီလို သိတာကို သတိအား ကောင်းလို့ သိတာလို့ ခေါ်တယ်၊ ဒီသတိ အား ကောင်းလို့ သိတဲ့လမ်းက ဘယ်တော့မှ လမ်းမချော်ဘူး။

"စိတ်မလွှင့်အောင် လုပ်တဲ့နည်း" က စိတ်တော့ ငြိမ်ပါရဲ့၊ သမာဓိတော့ အားကောင်းပါရဲ့၊ သို့ပေမယ့် သတိကို သမာဓိက ဖုံးသွားတော့ သတိအားက သေးသေးလာပြီး ငိုင်တိုင်တိုင် ငေးတေးတေး တစ်ယောက်တည်း နေချင်သလိုလို၊ သံဝေဂဖြစ်သယောင်ယောင် အဲဒီလို ဖြစ်လာတတ်တယ်။

"ပြင်းပြင်းထန်ထန် အားထုတ်တဲ့နည်း"က အလွန်အမင်း အားထုတ်ရင် ဝီရိယအားတော့ တက်လာပါရဲ့၊ သို့ပေမယ့် သတိကို ဝီရိယက ဖုံးသွားပြန်တော့ သတိက အားသေးသေးလာပြီး အဲဒီယောဂီပုဂ္ဂိုလ်ဟာ ဣန္ဒြေမရဘူး၊ စိတ်ကြွ လူကြွကြွနေတတ်တယ်။

ဒီတော့ သတိအခြေမခံဘဲ ဖြစ်ပေါ်လာတဲ့ သမာဓိ ဝီရိယတို့ဟာ လမ်းမမှန်ဘူး၊ ဘာပြုလို့လဲဆိုရင် သမာဓိနဲ့ ဝီရိယဆိုတာ ကုသိုလ် အကုသိုလ် နှစ်မျိုးလုံးနဲ့ ဆက်ဆံပြီးနေလို့ ဖြစ်တယ်။

သတိအခြေခံပြီး ဖြစ်ပေါ်လာတဲ့ သမာဓိ ဝီရိယတို့ကျတော့ ဘယ်တော့မှ လမ်းမမှားတော့ဘူး၊ ဘာပြုလို့လဲဆိုရင် သတိဆိုတာ အကုသိုလ်နဲ့ မဆက်ဆံဘူး၊ ဘယ်သတိဖြစ်ဖြစ် ကုသိုလ်ချည်းပဲ၊ သို့သော် မိမိရဲ့ အိမ်ရာ တိုက်တာ၊ သားသမီး၊ ဇနီး စတဲ့ လောကစီးပွားရေး ကြီးပွားရေးတွေ အမှတ်ရနေမှုဟာ "သတိ"လို့ အမည်ရနေသော်လည်း စင်စစ်က သမ္မာ သတိ မဟုတ်ဘူး၊ တရား အားထုတ်တဲ့ သမ္မာသတိ၏ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာသတိသာ ဖြစ်တယ်၊ အဲဒီ မိစ္ဆာသတိက အကုသိုလ်၊ ယခု တရား အားထုတ်တဲ့ သတိက ကုသိုလ်လို့၊ ဒီလိုလဲ ကွဲပြားအောင် သိထားဖို့ လိုတယ်။

ဒါကြောင့် မြတ်စွာဘုရားက တရားနဲ့ ပတ်သက်လာရင် ကုသိုလ်ဖြစ်တဲ့ သတိအခြေခံဖို့ရာ "သတိပဋ္ဌာန်"ကိုပဲ အဓိကထားပြီး ဟောထားတော်မူခဲ့တယ်။

ဒီတော့ ဖြစ်ပေါ်လာတဲ့ သမာဓိ ဝီရိယတို့ လမ်းချော်မသွားအောင် "သတိပဋ္ဌာန်" ဒေသနာတော်အတိုင်း သတိအခြေခံဓိဖို့ လွန်စွာပင် အရေးကြီးပါတယ်။

"ဝီရိယခြေ၊ သီလမြေထက်၊ သဒ္ဓါလက်ဖြင့်၊
ကမ္မကွယ်နှိ၊ ဉာဏ်ပုဆိန်ကို၊ ရွယ်ချိန်မိုး
လျက်၊ ချိုးဖျက်တော်မူလေပြီ..."

ဆိုတဲ့ အရဟံဂုဏ်တော်မှာ ဝီရိယတည်း ဟူသော ခြေသည် သီလ တည်းဟူသော မြေပေါ်မှာ ထောက်ရမယ်လို့ ဒီလိုဆိုထားတော့ သီလတည်း ဟူသော မြေဟာ ပျော့နေလို့ရှိရင် ဝီရိယတည်း ဟူသော ခြေဟာ ထောက်လို့မမြဲဘူး။ ဥပမာ-ရွံ့ဗွက်ထဲလောထဲမှာ တိုင်စိုက်ရသလို ယိုင်လှုပ်နေမှာပဲ မမြဲဘူး။ အဲဒီဥပမာအတိုင်းပဲ။

http://www.dhammadownload.com

ဒီတော့ ထိုထိုဓာတ်ဆိုး၊ ဓာတ်ဝါး ကိလေသာတွေကို ပယ်သတ်ဖို့ရာ အရင်းခံဖြစ်တဲ့ တရားကို အားထုတ်တဲ့အခါ ဝိရိယတည်းဟူသော ခြေဟာမြေပေါ်မှာ တိုင်စိုက်သလို ခိုင်ခိုင်မြဲမြဲ ဖြစ်လာအောင် မြေနှင့်တူတဲ့ သီလဟာ မာဖို့ အရေးကြီးတယ်၊ စင်စစ်သီလတည်းဟူသော မြေဆိုတာ သတိ အထ မြောက်လာလို့ ဖြစ်ပေါ်လာတဲ့ သဒ္ဓါ, ဝိရိယ, ခန္တီ, သတိ, ပညာဆိုတဲ့ အကျိုး တရား ငါးပါးထဲက–

ဝိရိယက ဝိရိယ သံဝရသီလ၊
ခန္တီက ခန္တီ သံဝရသီလ၊
သတိက သတိသံဝရသီလ၊
ပညာက ပညာသံဝရသီလ။

အဲဒီ သံဝရသီလတွေ ပြည့်စုံလာမှုကို ဆိုလိုတာပါပဲ။

အဲဒီ သံဝရသီလတွေ ကျပ်ကျပ်ခိုင်မြဲလာရင် ထောက်စရာတည်း ဟူသော သီလမြေက ခိုင်မာလာတော့ ဝိရိယတည်းဟူသော ခြေထောက်ဟာ တည့်မတ်ခိုင်မြဲစွာပဲ ထောက်လာနိုင်ပါတယ်။

ဒီအခါမျိုးမှာ သတိအခြေခံကင်းမဲ့သည့် ဝိရိယလွန်မှုကြောင့် ဖြစ်ပေါ်လာတဲ့ လူရော စိတ်ရော ကြွနေမှု၊ ဣန္ဒြေမရမှုတို့ဟာလဲ မပေါ်လာတော့ဘူး၊ ပြီးတော့ သမာဓိလွန်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ငေးတေးတေး၊ ငိုင်တိုင်တိုင်၊ မှိုင်တိုင်တိုင်၊ သံဝေဂ ယောင်ယောင်တို့ဟာလဲ မပေါ်လာတော့ဘူး။

ဒီတော့ "သတိမြဲရာ ပထမာ" ဆိုတဲ့အတိုင်း အခြေခံဖြစ်တဲ့ သတိ ယောဂီပုဂ္ဂိုလ်သန္တာန်မှာ ခိုင်မြဲနေရင် အပြင်ဗဟိဒ္ဓတွေနှင့် ဆိုင်ရာဖြစ်တဲ့ ထိုထို အရာဝတ္ထုတွေကို ကိုင်ရင်လဲ ကိုင်မှန်းသိလာတယ်၊ လက်လှုပ်မှု၊ ခြေလှုပ်မှု စသည်တို့ကိုလဲ အလိုလို သိလာတယ်။

အဲဒီအပြင်နှင့် ဆိုင်ရာတွေကိုလဲ အလိုလို သိလာသည့် အဆင့်သို့ ရောက်လာရင် ဒီယောဂီ ပုဂ္ဂိုလ်မှာ သတိအထမြောက်လာပြီလို့ ဆိုရပါတယ်၊ အပြင်နှင့် ဆိုင်ရာ ပြောမှု၊ ဆိုမှု၊ လုပ်မှု၊ ကိုင်မှု၊ သွားမှု၊ လာမှု၊ စားမှု၊ သောက်မှု၊ အိပ်မှု၊ လျောင်းမှုစတဲ့ ထိုထိုအမှုတွေမှာ သတိအချင်းခပ်သိမ်း အလိုလို လိုက်မလာသေး၊ သိမလာသေးရင် ဒီယောဂီပုဂ္ဂိုလ်၏ သန္တာန်မှာ သတိထူထောင်မှု အထမြောက်မလာသေးဘူးလို့ ဆိုရပါတယ်၊ ဆိုလိုရင်းကား "အတွင်းသတိ မြဲရိုးမှန်ရင် အပြင်သတိလဲ မြဲပါတယ်၊ အပြင်သတိမပါသေးရင် အတွင်းသတိမြဲတာ မမှန်သေး၊ အထမမြောက်သေးလို့ ဖြစ်ပါတယ်။"

အထူးသတိထားဖို့ရာက သတိက အာရုံအများနှင့် ဆက်ဆံတယ်။ သမာဓိက အာရုံတစ်ခုနှင့် သာ ဆက်ဆံတယ် ဆိုတာကိုလဲ အထူးသတိပြု ပါ။ ဒီတော့ အဲဒီလောက် သတိမြဲလာပြီ၊ အပြင်သတိတွေပါ အလိုလို လိုက်လာပြီ ဆိုတဲ့ အဆင့်အတန်းသို့ ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ–

"သတိမြဲရာ ပထမာ၊ ဒု–မှာ ရှည်တိုသိ" လို့ လက်ံာအလိုက ဒီလိုဆိုထားတော့ သတိမြဲလာပြီ။

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ။

ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။

ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ။

ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

လို့ ဟောတော်မူသည့်အတိုင်း တစ်ခါထပ်ပြီး အရှည်အတိုကိုသိအောင် လုပ်ရဦးမယ်လို့ ဒီလို သဘောပေါက်နေကြတယ်။ အမှန်က လုပ်ထုံးအနေနဲ့ကျတော့ ဒီလို မလုပ်ရတော့ပါဘူး။ နာသိဝမှာ သတိကပ်လာရင် တိုမှန်း ရှည်မှန်းကို အထူးသတိမထားနေရတော့ဘူး၊ အလိုလို သိလာပြီးသား ဖြစ်တယ်။ သတိဖြစ်ပေါ်လာအောင်၊ ထင်လာအောင် ထူထောင်စဉ်အခါက–

http://www.dhammadownload.com

သတော၀ အဿသတိ၊
သတော၀ ပဿသတိ၊

၀င်မှုန်း ထွက်မှုန်းသိအောင် သတိထားရုံပဲ ထားလို့ အဲဒီလိုဟောထားတယ်၊ အရှည်အတိုသိဖို့ရာ ဟောတော်မူတဲ့အခါကျတော့ "ပဇာနာတိ"ဆိုတဲ့ ကြိယာပါလာတယ်။

ပဇာနာတိဆိုတဲ့ ကြိယာအရကို ဗမာလိုပြန်တော့ "ထင်ရှားသတိ ဉာဏ်ဖြင့် သိ၏"လို့ အဲဒီလို ပြန်ရတယ်၊ ဒီတော့ အရှည်အတိုကို သိတာဟာ သာမညသိ မဟုတ်ဘူး၊ သတိထင်ရှားလာလို့ ဉာဏ်ပါလာပြီလို့ အဲဒီလို ဆိုလိုပါတယ်။ ဒါဖြင့် ရှေ့တစ်ဆင့်တက်လိုက်တော့။

"လုံးစုံလင်းရာ၊ တ-၌သာ" ဆိုတဲ့ တတိယနည်းကျတော့ "သဗ္ဗကာယ ပဋိသံ၀ေဒီ အဿသိဿာမီတိ သိက္ခတိ"။ သဗ္ဗကာယ ပဋိသံ၀ေဒီ ပဿသိဿာမီတိသိက္ခတိ"ဟု ဟောတော်မူသည့်အတိုင်း ၀င်လေ၏ အစကား နာသီးဖျား။ အလယ်ကား ရင်ချိုင့်။ အဆုံးကား ချက်တိုင်။ ထွက်လေ၏ အစကား ချက်တိုင်။ အလယ်ကား ရင်ချိုင့်။ အဆုံးကား နာသီးဖျား။

ပါဠိတော်ကို အဋ္ဌကထာက အဲဒီလိုပဲဖွင့်တယ်၊ ဒီကျတော့ စာအလိုက 'သိက္ခတိ' လေ့ကျင့်ပါ။ အစကအဆုံးတိုင်အောင် သိဖို့ရာ လေ့ကျင့်ပေးပါလို့ ဒီလိုဆိုထားသော်လဲ အမှန်က ပုဂ္ဂလဗျာပါရဖိုက်ထုတ်ပြီး လေ့ကျင့်ပေးရမယ်လို့ မဆိုလိုပါဘူး၊ နောက်တစ်ခါ-

"စ-မှာ ငြိမ်းလေဘိ" ဆိုတဲ့ စတုတ္ထနည်း ကျပြန်တော့လဲ ပဿမ္ဘယ် ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယ် ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ကာယသင်္ခါရံ၊ အရှိုက်အရှူပြင်း၍ ရုန့်ရင်းသော ကာယသင်္ခါရကို။ ပဿမ္ဘယ် ပဿမ္ဘယ်လော၊ သာယာဖြည်းညင်း ရှူရှိုက်ခြင်းဖြင့် ငြိမ်းစေလျက်။ အဿသိဿာမိ၊ ထွက်သက်ကို ဖြစ်စေ၏။ ပဿသိဿာမိ၊ ၀င်သက်ကို ဖြစ်စေ၏။

ဒီစတုတ္ထနည်းကျပြန်တော့လဲ စာအလိုက ပြင်းနေတဲ့ အရှိုက် အရှူကို ပျော့သွားအောင် ပုဂ္ဂလဗျာပါရအနေနဲ့ အားစိုက်ပြီး လေ့ကျင့်ပေးရမယ်လို့ ဆိုထားသော်လဲ အမှန်က ဒီတတိယနည်း၊ စတုတ္ထနည်းတို့မှာ ပုဂ္ဂလဗျာပါရအနေနဲ့ အားစိုက်ပြီး လုပ်မနေရတော့ပါဘူး၊ ငါဒီလိုသိတော့မယ်လို့ အဲဒီနှလုံးသွင်းကလေးပဲ လိုပါတော့တယ်။ ဘာပြုလို့ ပထမနည်းအတိုင်း သတိကို ထမြောက် အောင်မြင်အောင် ထူထောင်မိပြီး၍ ဒုတိယနည်းမှာလဲ ထပ်ပြီး ဉာဏ်ပါ အလိုလို ပါလာပြီးသည့်အတွက် နောက်ကျန်တဲ့ တတိယ၊ စတုတ္ထနည်းတို့မှာ အလိုလို နှလုံးသွင်းကာမျှနှင့်ပင် သိပြီးသားဖြစ်လာပါတယ်။ အဲဒါ "သတိပဋ္ဌာန် ပါဠိတော်"မှာ လာတဲ့ အာနာပါန အဆုံးအဖြတ်ပဲ၊ သတိပဋ္ဌာန်မှာ ဒီလေးခုပဲရှိတယ်၊ ဒီလေးခုထဲကလဲ ပထမနည်းတစ်ခုသာ အဓိကထားပြီး သတိအထမြောက်အောင်သာ လုပ်ပါ။ ဒီ၀င်မှုထွက်မှုမှာ သတိမြဲလာပြီဆိုရင် ကျန်တဲ့သုံးခုနှင့်တကွ အပြင်နှင့်ဆိုင်တဲ့ သမ္မာနုပဿ ပါ အလိုလို သိပြီးသား ဖြစ်လာပါတယ်၊ ဒီတော့ စာအလိုကသာ တစ်ခု ပြီးမှတစ်ခု လုပ်ရတော့မလို ရှည်နေတာပါ၊ လုပ်ထုံး အနေနဲ့ ပြောရရင်။

သတော၀ အဿသတိ၊ သတော၀ ပဿသတိလို့ဆိုတဲ့ ဒီပထမနည်းတစ်ခုကို သတိအထမြောက်လာအောင်လုပ်ရင်း ကျန်တဲ့ အတွင်းအပြင် သိရမည့် အမှုကိစ္စတွေဟာ အလိုလို "ကျွဲကူးရေပါ" ဆိုသလို သိပြီးသား ဖြစ်လာပါတယ်။ အာနာပါန ကနေပြီး သတိကို ထူထောင်တော့ ယခုပြောခဲ့ပြီးသည့်အတိုင်း ထူထောင်ရပါတယ်။

ဒီအာနာပါန သတိ အထမြောက်လာလို့ သတိအားကောင်းလာတဲ့ ယောဂီပုဂ္ဂိုလ်မှာ လမ်းမမှားနိုင်တော့ဘဲ သမာဓိ ဝိရိယတို့ဟာလဲ တစ်ပါ

http://www.dhammadownload.com

တည်း လိုက်လာပါတယ်၊ ဘာပြုလို့ ဒီသမာဓိနှင့် ဝိရိယတို့ဟာ လမ်းမမှားနိုင်တော့သလဲဆိုရင် "သီလ ပထဝီယံ ဌတွာ" ဆိုတဲ့အတိုင် သတိကုသိုလ် အရင်း ခံပြီး ဖြစ်ပေါ်လာတဲ့ သီလတည်း ဟူသော မြေပေါ်မှာ တည်ရလို့ပင် ဖြစ်ပါတယ်။ ထိုသီလအခြေခံဖြစ်တဲ့ သတိကုသိုလ်ဟာ အထမြောက် အောင်မြင်လာပြီဆိုရင် ယောဂီပုဂ္ဂိုလ်တို့ဆိုရာ သိက္ခာပုဒ်တို့ ဟာလဲ ပုဂ္ဂိုလ်သတ္တဝါအလိုနှင့် မစောင့်ရှောက်ရတော့ဘဲ သူ့အလိုလိုပင် လုံခြုံပြီးသား စောင့်ရှောက်ပြီးသား ဖြစ်လာပါတယ်။ အဲဒီလို သီလဟာ အလိုလို လုံခြုံပြီးလာတော့မှ ထိုသီလဟူသော မြေပေါ်မှာ သမာဓိနှင့် ဝိရိယတို့ဟာ အကုသိုလ်ဘက်သို့ လုံးဝ မယိမ်းမယိုင်တော့ဘဲ မှန်မှန်ကန်ကန် တည်နေပါတော့တယ်။

တစ်ခါ အာနာပါနကို သတိထားနေရင်း ခန္ဓာကိုယ် တစ်နေရာရာကဖြစ်တဲ့ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဒူး၊ ပေါင် စတဲ့ နေရာတွေက နာကျင်ကိုက်ခဲမှုဝေဒနာ ပေါ်လာတဲ့အခါမှာ အာနာပါနရှုဖြစ်သေးရင် အသာနေပါ၊ အာနာပါနထက် ဝေဒနာက ထင်ရှားလာပြီဆိုရင် စိတ်ဟာ အာနာပါန အပေါ်မှာ မကပ်တော့ဘဲ သူအလိုလို ဝေဒနာပေါ်သို့ ကပ်လာပါတော့တယ်။

အဲဒီတော့ ကပ်လာတဲ့အခါ ဝေဒနာအပေါ်မှာ စိတ်ထားပြီးတော့ သိ၊ သိ၊ သိ၊ သိ၊ သိ၊ သိနဲ့ သိကို အဆက်မပြတ် တရစပ် အသံထွက်လာအောင် လျာလည်လာသည်အထိ လိုက်ပေးပါ။ အဲဒီလို သိကို အသံထွက်အောင် လိုက်သည့်အခါ ဝေဒနာဟာ–

သက်သာလာပြီး ခံနိုင်တာလဲ ရှိတယ်။

ပြင်းထန်လာပြီး မခံနိုင်တာလဲ ရှိတယ်။

အကယ်၍ ပြင်းထန်လာလို့ ဝေဒနာကို မခံနိုင်တော့ဘူးဆိုရင် ဒီအခါမှာ နည်းနှစ်မျိုးရှိတယ်။

၁။ အာနာပါနနဲ့ ဝေဒနာကို ခံနည်း။

၂။ သိ၊ သိ၊ သိလို့ အသံထွက်အောင် လိုက်ပြီး ဝေဒနာကိုခံနည်းလို့။

အဲဒီလို နှစ်မျိုးရှိသည့်အနက်က (၁) အာနာပါနနဲ့ ဝေဒနာကိုခံနည်းဆိုတာ ပေါ်လာဆဲဖြစ်တဲ့ ဝေဒနာပေါ်မှာ စိတ်ထားပြီး အာနာပါနကို ရှုပေးပါ။ အဲဒီလိုရှုပေးရင် ဝေဒနာဟာ ခံနိုင်လာတတ်ပါတယ်၊ သက်သာလာတတ်ပါတယ်။ သို့ပေမယ့် ဒီနည်းက ဝေဒနာကို ခံနိုင်အောင်လို့သာ လုပ်ရတာပါ၊ အကျိုးမများပါဘူး။

နောက် (၂) နံပါတ်နည်းဖြစ်တဲ့ သိ၊ သိ၊ သိ ကို အသံထွက်အောင် လျာသူ့အလိုလို လည်လာသည့်အဆင့်သို့ ရောက်သည့်အထိ ဝေဒနာခံတဲ့နည်းကမှ အကျိုးများပါတယ်။ အဲဒီ နောက်နည်းနဲ့ ဝေဒနာကို သိ၊ သိ၊ သိလို့ အသံထွက်အောင် လိုက်တဲ့နည်းနဲ့ ခံပုံမှာ။

"မခံနိုင်တဲ့စိတ်" ကို ဝေဒနာ တစ်ခုတည်းအပေါ်မှာ မထားဘဲ သိ၊ သိ၊ သိလို့ အသံထွက်အောင် လိုက်နေဆဲအခါမှာ ဖြစ်ပေါ်နေတဲ့ လျာထိပ် ထိမှုနှင့် ဝေဒနာပေါ်ကို တစ်ဝက်စီ စိတ်ထားပြီး 'သိ' ထုတ်လိုက်ရင် ခံနိုင်တတ်ပါတယ်၊ အမှန်က ဒီ "မခံနိုင်တဲ့စိတ်"ကို တစ်ဝက်စီ ထားမှုမှာလဲပဲ ပုဂ္ဂိုလ်အလိုနဲ့ ထားရတာ မဟုတ်ပါဘူး၊ သူ့အလိုပင် 'သိ'လိုက်လို့ရှိရင် ထားပြီးသားပင် ဖြစ်ပါတယ်။

ဘယ်လိုလဲဆိုရင် ပြင်းထန်တဲ့ဝေဒနာကို 'သိ' အသံထွက်အောင် လိုက်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ဝေဒနာပေါ်သို့ စိတ်ရောက်လိုက် 'သိ' လို့ ဆိုနေသည့် လျာပေါ်သို့ စိတ်ရောက်လိုက်၊ အဲဒီလို သူ့အလိုလို ရောက်နေပြီး ဖြစ်ပါလိမ့်မယ်။

သို့သော် ဒီအခါမျိုးမှာ ယောဂီပုဂ္ဂိုလ်အား 'သိ'အသံထွက်လာအောင် အားထုတ်၍လိုက်နေမှု၊ ဝိရိယ၏ ဆန့်ကျင်ဖက်ဖြစ်သော ကောသဇ္ဇကိလေသာ၏ ဖြားယောင်းမှုကို အသိမသာသော်လည်း ကောင်း၊ ထင်ထင်ရှားရှားသော်လည်းကောင်း ခံရတတ်ပါတယ်။ ဖြားယောင်းပုံမှာ ယခုလို 'သိ' ထုတ်

http://www.dhammadownload.com

ပြီး လိုက်နေသည့်အခါ ဝေဒနာ၏ သဘောသက်သက်ကလေးကို မမီဘဲ ဟိုရောက် ဒီရောက် (လျှာနှင့် ဝေဒနာပေါ်သို့) စိတ်ရောက်နေတယ်။ ဒီတော့ သဘောသက်သက်မိအောင် 'သိ' ထုတ်မလိုက်ဘဲ စိတ်နှင့်ကပ်ထားမှ ဖြစ်မယ်လို့ အဲဒီလို 'သိ' ထုတ်၍ လိုက်ရမှာ ပျင်းမှုခေါ်တဲ့ ကောသဇ္ဇကိလေသာဟာ ဖြားယောင်းတတ်ပါတယ်။

အဲဒီလိုဝင်လာပြီး ဖြားယောင်းတဲ့အခါ ထို ကောသဇ္ဇ ကိလေသာကို အားထုတ်မှု ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် 'သိ' အသံထွက်အောင် လိုက်ပြီး တွန်းလှန်ပစ်ပါ၊ အမှန်က ဝေဒနာလိုက်တဲ့အခါ လိုရင်းဖြစ်တဲ့ 'သိ' ကို အသံထွက်အောင် လိုက်ဖို့ ဦးစွာပထမ အများကြီး လိုပါတယ်။ ဒီလိုသိလိုက်လို့ 'သိ၊ သိ' ဟာ ဝေဒနာပေါ် ရောက်ချင်ရောက်၊ မရောက်ချင်နေပါဦး၊ ပထမ လျှာလည်ဖို့ပဲ အရေးကြီးပါတယ်၊ ပုဂ္ဂလဗျာပါရအနေနဲ့ အားစိုက်ပြီး 'သိ'လိုက်နေတဲ့ အခါမျိုးမှာ အဲဒီလို လျှာနှင့်ဝေဒနာပေါ် တစ်ဝက်စီ စိတ် ရောက်နေမှုလဲ ဝေဒနာဒဏ်ကို ခံနိုင်ပါတယ်။ ပုဂ္ဂိုလ်အနေနဲ့ 'သိ'ဟာ မလိုက်ရတော့ဘူး၊ လျှာဟာ သူ့အလိုလို လည်လာပြီး 'သိ' လိုက်လာတဲ့အဆင့်သို့ ရောက်တဲ့အခါ ထို သိ၊ သိ၊ သိ၊ သိက ပို့လိုက်သော စိတ်ဟာ ဝေဒနာပေါ်သို့ လာကပ်နေပါတော့တယ်။ အဲဒီလို ပုဂ္ဂိုလ်အနေနဲ့ မလုပ်ရတော့ဘဲ 'သိ၊ သိ'က ပို့လိုက်သော စိတ်ဟာ ဝေဒနာပေါ် ကပ်နေတဲ့အခါမှာ မခံနိုင်မှုဟာ လုံးဝမရှိတော့ဘူး။ ဘာပြုလို့လဲဆိုရင် လျှာ သူ့အလိုလို လည်လာပြီး 'သိ၊ သိ'ကို အားထုတ်လာသည့် ဝီရိယနောက်မှာ သည်းခံမှု ခန္တီပါလာလို့ ဖြစ်ပါတယ်။ ဒီတော့ 'သိ၊ သိ'ကလဲ ပုဂ္ဂလဗျာပါရကင်းတဲ့ ဝီရိယကြောင့် သူ့အလိုလိုဖြစ်ကာ ခန္တီသည်းခံမှုကလဲ တစ်ပါတည်း ပါလာပြန်တော့ ဝေဒနာ ပြင်းထန်ပေမယ့် ထိုဝေဒနာဒဏ်ကို ခံနိုင်ပါတော့တယ်။ ဒီလိုဝေဒနာဒဏ် ခံနိုင်တော့ ဒီဝေဒနာဒဏ် ခံနိုင်မှုမှာ ပုဂ္ဂိုလ်အနေနဲ့ ခံမှုမဟုတ်တော့ဘဲ သတိ၊ ဝီရိယ၊ ခန္တီတို့ အနေနဲ့ ခံမှုဖြစ်ပါတော့တယ်။

အမှန်က ဝီရိယဖြစ်လာရင် သည်းခံမှု ခန္တီဆိုတာ အလိုလို ပါမြဲပင် ဖြစ်ပါတယ်။ ဥပမာ လောကီစီးပွားရေးကို ရှာကြံနေတဲ့ပုဂ္ဂိုလ်ဟာ ထိုစီးပွားရေးကို မရရအောင် ရှာမယ်ဟဲ့လို့ စိတ်အားထက်သန်မှု ဝီရိယ အားကောင်းနေခိုက်မှာ စီးပွားရေးနှင့် ပတ်သက်လို့ ဘယ်လို အခက်အခဲမျိုးနှင့် ရင်ဆိုင်ရ ရင်ဆိုင်ရ ထိုအခက်အခဲကို ကျော်လွှားနိုင်သည်အထိ အပင်ပန်းခံနိုင်မှု ခန္တီဟာလဲ အလိုလို ပါလာမြဲပင် ဖြစ်ပါတယ်။

မှတ်ချက်။ ။ စိတ်အားထက်သန်မှုကို ဝီရိယခေါ်သည်။ အပင်ပန်းခံနိုင်မှုကို ခန္တီခေါ်သည်။

အဲဒီနည်းအတိုင်းပဲ ဝီရိယနောက် ခန္တီပါလာတော့ ပေါ်လာဆဲ ဝေဒနာကို 'သိ၊ သိ' သူ့အလိုလို လိုက်နေတဲ့အဆင့်ရောက်တဲ့အခါ အသိလျှာသည် လိုက်လာတာကို အကြောင်းပြုပြီးတော့ စိတ်အားထက်သန်မှုဟာ ပေါ်လာတယ်။ ဘယ်လိုပေါ်လာသလဲဆိုရင် ကိုယ်နှင့် အသက်လုံးဝ ငဲ့ကွက်ခြင်း မရှိတော့ဘဲ ငါသေသွားတော့ ဘာဖြစ်သေးသလဲ ဆိုတဲ့ ပဟိ တတ္တစိတ်ဟာ ပေါ်လာတယ်။ ပဟိတတ္တ စိတ်ဆိုတာ တရားကိုယ်က ဝီရိယပဲ။ အဲဒီစိတ်မျိုး ပေါ်လာပြန်တော့ အပင်ပန်းခံနိုင်မှု ခန္တီဟာ အလျှော့မပေးတော့ဘူး။ အဲဒီ သတိဝီရိယ ခန္တီသုံးမျိုးနဲ့ ဝေဒနာကို အသိလိုက်လိုက်တော့ ဝေဒနာနဲ့ သတိကပ်မိနေတဲ့အချိန်မှာ သမာဓိဟာ ပါလာပြန်တယ်။ ပါလာပြန်တော့ သမာဓိ သဘောက ဇကဂ္ဂတာဆိုတဲ့ အတိုင်း အာရုံကို အများကြီး မယူတော့ဘူး။ ဇကဂ္ဂတာဆိုတာ "ဇကော အဂ္ဂေါ ယဿာတိ ဇကဂ္ဂေါ။ ယဿ၊ အကြင်စိတ်အား။ ဇကော၊ တစ်ခုတည်းသော။ အဂ္ဂေါ၊ အာရုံသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ဇကဂ္ဂေါ၊ တစ်ခုတည်းသော

http://www.dhammadownload.com

အာရုံရှိသောစိတ်။ ပြီးတော့မှ တစ်ခါ။
ဧကဂ္ဂသ ဘာဝေါ ဧကဂ္ဂတာ။

ဧကဂ္ဂသ၊ တစ်ခုတည်းသော အာရုံရှိသော စိတ်၏။ ဘာဝေါ၊ အဖြစ်တည်း။ ဧကဂ္ဂတာ၊ တစ်ခုတည်းသော အာရုံရှိသော စိတ်၏အဖြစ်။

တစ်ခုတည်းသော အာရုံရှိသော စိတ်၏ အဖြစ်ဆိုတော့ ဧကဂ္ဂတာ စေတသိက်ကို ခေါ်တယ်။ အဲဒီ ဧကဂ္ဂတာ စေတသိက်ဆိုတဲ့ သမာဓိကျတော့ အာရုံကို ကျယ်ကျယ်ပြန့်ပြန့်ကြီး မယူတော့ဘဲ တဖြည်းဖြည်း ဝေဒနာဟာ ကွမ်းသီးလုံးလောက်က နေပြီး ဆီးစေ့လောက်၊ ဆီးစေ့လောက်ကနေပြီး မန်ကျည်းစေ့လောက်၊ မန်ကျည်းစေ့လောက်ကနေပြီး နှမ်းစေ့လောက်၊ အဲဒီလို တဖြည်းဖြည်း သေးသေးလာတယ်။ တချို့များ အပဲဖျား တစ်ထောက်စာလောက်ပဲ ရှိတော့တယ်။ ဒီတော့ သမာဓိအား ကောင်းလာလေ အာရုံဖြစ်တဲ့ ဝေဒနာဟာလဲ ကျဉ်းလာလေပဲ၊ သေးသေးလာလေပဲ၊ ဝေဒနာ ကျယ်ကျယ်ပြန့်ပြန့်ကြီး အချောင်းလိုက် အရှည်လိုက်ကြီးဆိုတာ အမှန်က သမာဓိ အားမကောင်းသေးလို့ အဲဒီလို ဖြစ်နေတာ၊ အဲဒီလို ဝေဒနာဟာ သေးသေးကျဉ်းကျဉ်းလာတဲ့အခါကျတော့ ဒီဝေဒနာကို ပုဂ္ဂိုလ်လိုလိုနဲ့ အားစိုက်ပြီး သိမနေရတော့ဘဲ လျှာ သူ့အလိုလိုလည်လာလိုက်သည့် 'သိ၊ သိ'ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာကြတဲ့ စိတ်အားထက်သန်မှု ဝီရိယ အလျှော့ မပေးနိုင်သည့်အထိ အပင်ပန်းခံနိုင်သည့် ခန္ဓာတို့ဟာ ဝေဒနာနှင့် အသိနဲ့ ကပ်နေသည့်တိုင် အောင် သူ့အလိုလို သည်းခံပြီးတော့ သိလိုက်နေကြတော့ တာပါပဲ။

အဲဒီလို လိုက်နေကြတဲ့အခါမှာ သမာဓိအားက အင်မတန် ကောင်းနေတော့ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ ဒူး၊ ပေါင်၊ ခါး စသည်တို့ကို မတွေ့ရတော့ဘဲ ဝေဒနာသဘာဝသက်သက်ကိုပဲ တွေ့ပါတော့တယ်။ ဝေဒနာနဲ့ အသိနဲ့ပဲ ကပ်နေတော့တယ်လို့ ဆိုလိုပါတယ်။

သို့သော် ဒီနေရာမှာ တစ်ခါ သမာဓိအားက သေးလာပြီး အသိကပ်နေတဲ့ ဝေဒနာမှတစ်ပါး လက်ရှိ ခန္ဓာကိုယ်ထဲက အာရုံတစ်ခုခုကိုဖြစ်စေ၊ အပြင်ဗဟိဒ္ဓအာရုံတစ်ခုခုကို ဖြစ်စေ၊ စိတ်ရောက်သွားရင် ဝေဒနာဟာ ငုပ်သွားတတ်တယ်။ ငုတ်သွားတယ်ဆိုတာ အမှန်က ဝေဒနာ အာရုံမှာ ထားနေတဲ့စိတ်ဟာ အခြားအာရုံတစ်ခုကို ချော်သွားတာကို ဆိုလိုပါတယ်။ အတိအကျ ဆိုလိုရင်းကား–ဝေဒနာ အာရုံမှ တစ်ခုတည်းကိုသာ သိရိုးမှန်ရင် ပျောက်သွားတတ်တယ်။ တစ်ပါး အာရုံကို ချော်သွားရင် ငုပ်သွားတတ်တယ်၊ ဝေဒနာ အဲဒီလို နှစ်မျိုးရှိတဲ့အနက် ဝီရိယ၊ ခန္ဓာ၊ သတိ၊ သမာဓိတို့ဟာ သူ့အလိုလို ဝေဒနာကို အသိကပ်နေရာက သမာဓိအား သေးလာပြန်တဲ့အတွက် အာရုံချော်သွားလို့ ငုပ်သွားတဲ့ အဲဒီလိုနှစ်မျိုးရှိသေးတယ်။ အဲဒီ နှစ်မျိုးလုံး ငုပ်သွားသွား ပျောက်သွားသွား အကျိုးမများဘူး၊ အကျိုးမရှိဘူးလို့ မထင်ပါနှင့်။ ငုပ်သွား ပျောက်သွားတဲ့ အချိန်အခါမျိုးမှာလဲ ယောဂီပုဂ္ဂိုလ်မှာ ပေါ့တယ်၊ ကြည်လင်တယ်၊ တစ်ခါ သိလကိုလဲ ကျေးဇူးပြုသေးသည့်အပြင် စိတ်အားထက်သန်မှု ဝီရိယ၊ သည်းခံမှု ခန္ဓာ၊ သတိမြဲခြင်း အဲဒီ အကျိုးတွေလဲ ရပါသေးတယ်။ ဒီတော့ –

အသိလိုက်လို့ ချော်သွားရာက ငုပ်သွားတဲ့ ဝေဒနာဖြစ်ဖြစ်၊ ပုဂ္ဂိုလ်အလိုနဲ့ 'သိ' လိုက်ရပြီး ပညတ်မလွတ်တဲ့ ဝေဒနာဖြစ်ဖြစ် ဘယ်လိုပဲ ဖြစ်နေပစေ ဝေဒနာကိုသာ ကျပ်ကျပ် 'သိ' လိုက်နေတဲ့ ယောဂီ ပုဂ္ဂိုလ်တိုင်းဟာ စောင့်ထိန်းမှု သိလကို ကျေးဇူးပြုတာချည်းပင် ဖြစ်ပါတယ်။

အာရုံမှန် တစ်ခုတည်းကိုသာ သိပြီး တခြားအာရုံကို မချော်တော့ဘဲ ဝေဒနာနဲ့ လမ်းဆုံးသွားတာကိုတော့ ပျောက်သွားတယ်လို့ ခေါ်ပါတယ်။ ဒီပျောက်သွားမှုကျတော့ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့

http://www.dhammadownload.com

မလိုက်ရတော့ဘဲ ဝိရိယ ခန္ဓိ သတိ သမာဓိတို့ သူ့အလိုလို ဝေဒနာနဲ့ အသိနဲ့ ကပ်ပြီး လမ်းဆုံးသွားလို့ ပျောက်သွားမှုကိုသာ ယူပါ။

ဒါဖြင့် ဝေဒနာငုပ်သွားမှုနဲ့ ဝေဒနာပျောက်သွားမှု ဘယ်လိုခြားနားသလဲဆိုရင် ငုပ်သွားတဲ့ ဝေဒနာက နောက်တစ်ခါ တရားပြန်လုပ်ရင် အဲဒီ ဝေဒနာပဲ ပြန်ပေါ်လာပါတယ်။ ဥပမာ ပထမအကြိမ် တရားထိုင်စဉ်အခါက ဒူးခေါင်းကဖြစ်တဲ့ ဝေဒနာ ငုပ်သွားခဲ့သော်လည်း ဒုတိယအကြိမ် တရားပြန်ထိုင်တဲ့အခါ ထိုဒူးခေါင်းကပဲ ဝေဒနာကို ပြန်ပေါ်လာတတ်ပါတယ်။

ပျောက်သွားတဲ့ ဝေဒနာက ဘယ်နေရာပဲ ပျောက်ပျောက်၊ ပျောက် သွားရိုးမှန်ရင် နောက်တစ်ကြိမ် တရားပြန်ထိုင်တဲ့အခါ အဲဒီဝေဒနာဟာ ပြန်ပေါ်မလာတော့ပါဘူး။

ဘာပြုလို့ ထိုဝေဒနာ ပြန်မပေါ်သလဲဆိုရင် ဓာတ်ဆိုး၊ ဓာတ်ဝါး ကိလေသာတို့ကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာကို အသိနဲ့ကပ်ပြီး တစ်ပါတည်း လမ်းဆုံးသွားသည့်အထိ သိလိုက်ရတော့ အကျိုးဖြစ်တဲ့ ဝေဒနာလဲ ပျောက်၊ အကြောင်းဓာတ်ဆိုး၊ ဓာတ်ဝါး ကိလေသာပါ ပျောက်သွားသည့်လို့ပင် ဖြစ်ပါတယ်။ ဒါဖြင့် အကြောင်းကိလေသာပါ ပျောက်သွားသည့်အတွက် ဝေဒနာ ပြန်မပေါ်တော့ဘူးဆိုရင် နောက်ထပ် ဝေဒနာ လုံးဝ ဘယ်နေရာကမှ မပေါ်တော့ဘူးလားလို့ အဲဒီလို မေးစရာရှိပါတယ်။ သို့သော် မေးခွန်းကို မေးတဲ့အခါ–

"ဘယ်နေရာကမှ" ဆိုတဲ့ စကားကိုတော့ ထည့်သွင်းမေးခွင့် မရှိပါ။ ဒီတော့ အဲဒီမေးခွန်းရဲ့ တိကျမှန်ကန်သောအဖြေမှာ ယခု ပျောက်သွားသော အကျိုးတရားဖြစ်တဲ့ ဤဝေဒနာကို ဖြစ်စေတတ်တဲ့ ဓာတ်ဆိုး၊ ဓာတ်ဝါး ကိလေသာကြောင့် ဥပမာ ဒူးခေါင်းက ဝေဒနာ ပျောက်သွားရိုးမှန်ရင် နောက်တစ်ကြိမ် တရားထိုင်တဲ့အခါ ထိုဒူးခေါင်းကတော့ ဘယ်နည်းနဲ့မှ ဝေဒနာ နောက်ထပ် မပေါ်တော့ပါဘူး။ ဒူးခေါင်းမှ အခြားတစ်ပါး ကျန်သော နေရာဖြစ်တဲ့ ပေါင်စသည်တို့ကတော့ ကျန်ရှိနေကြသေးသည့် ဓာတ်ဆိုး၊ ဓာတ်ဝါး ကိလေသာတို့ကြောင့် ဝေဒနာ ပေါ်နိုင်ပါသေးတယ်။ အတိုချုပ်ဆိုလိုရင်းမှာ ပထမပျောက်သွားသော ဝေဒနာသည် အသိနှင့် တကွပျောက်ခဲ့သော် ဝေဒနာကို ဖြစ်စေတတ်တဲ့ ဓာတ်ဆိုးဓာတ်ဝါး ကိလေသာပါ ပျောက်ပါတယ်။ နောက်တခြားနေရာက ဖြစ်ပေါ်သည့် ဝေဒနာသည် ကျန်ရှိနေကြသည့် ဓာတ်ဆိုး၊ ဓာတ်ဝါး ကိလေသာတို့ကြောင့် ပေါ်သည်လို့မှတ်ပါ။ အကယ်၍ ပထမအကြိမ် ဒူးခေါင်းက ပျောက်သွားသည်ဟု ပုဂ္ဂိုလ်အလိုနှင့် ထင်လိုက် ရသော ဝေဒနာသည် ဒုတိယအကြိမ် တရားအားထုတ်သောအခါမှ ထိုဒူးခေါင်းကပင် ပြန်ပေါ်လာသည်ဟု ဆိုပါက အမှန်ပျောက်မဟုတ်ဘဲ အထင်နှင့် ပျောက်သွားသော ဝေဒနာ ဖြစ်နေသောကြောင့်ဟု ဆိုရပါမည်။

အထင်နှင့်ပျောက်သွားသော ဝေဒနာဆိုတာ ယောဂီပုဂ္ဂိုလ်အနေနှင့် ဖြစ်ဆဲဝေဒနာကို အသိမလိုက်ရတော့ဘဲ ဝိရိယ၊ ခန္ဓိ၊ သတိ၊ သမာဓိတို့ဟာ သူ့အလိုလို လျှောဟာ 'အသိ' လိုက်လာမှုကို အခြေခံပြီး ဝေဒနာနှင့် အသိ ကိုက်နေခိုက်မှာ အခြားအာရုံတစ်ခုခုသို့ ချော်သွားစဉ် ငုပ်သွားပေမယ့် ယောဂီပုဂ္ဂိုလ် အလိုက်ချော်သွားလို့ ငုပ်သွားတာဟု မထင်ဘဲ အမှန်တကယ် ပျောက်သွားတာပဲလို့ အဲဒီလို ထင်လိုက်ရတတ်ပါတယ်။ အဲဒီအပျောက်မျိုး ကို အထင်နှင့် ပျောက်သွားသော ဝေဒနာဟု ဆိုလိုပါတယ်။ ထိုဝေဒနာမျိုးဟာ နောက်ထပ် ထိုင်တဲ့အခါ ထိုနေရာမျိုးကပင် ပြန်ပေါ်တတ်ပါတယ်။ အသိမှန်နှင့် ပျောက်သွားသော ဝေဒနာမျိုးကား တစ်ကြိမ် ပျောက်ပြီးသော နေရာက နောက်ထပ် ဆက်လက်ပြီး မပေါ်တော့ပါ။

ဒီတော့ နောက်တစ်နေရာပြောင်းရွေ့လာပြီး

http://www.dhammadownload.com

ပေါ်လာတဲ့ဝေဒနာဟာ ကျန်ကိလေသာကြောင့် ပေါ်တာလို့ တစ်ထစ်ချ မှတ်ထားပါ။ အမှန်က ဝေဒနာပေါ်တာဟာ ကိလေသာကြောင့် ပေါ်တယ်လို့ မှတ်ထားပါ။ ရာဂကြောင့်လဲ ပေါ်တယ်၊ ဒေါသကြောင့်လဲ ပေါ်တယ်လို့ မှတ်ပါ။ ဒီတော့ ဖြစ်စေတတ်တဲ့ အကြောင်း ကိလေသာ ကွာသွားရင် အကျိုးဖြစ်တဲ့ ဝေဒနာကို တကယ်အမှန် သိနိုင်တဲ့ အသိပညာဉာဏ်တိုးတက်လာလို့ ဖြစ်ပါတယ်။

အဲဒီ အသိဉာဏ်ပညာကို ဘာပညာလို့ခေါ်သလဲဆိုရင် သတိနိုပက သတိရင့်ကျက်လာလို့ ဖြစ်ပေါ်လာတဲ့ "သတိနေပက္ကပညာ" လို့ ခေါ်တယ်၊ အဲဒီ "သတိနေပက္ကပညာ"ကိုပဲ အဋ္ဌကထာဆရာက "ပါရိဟာရိယပညာ" လို့ တစ်ခါထပ်ဆင့်ပြီး ခေါ်ပြန်ပါသေးတယ်။ ဒီ"ပါရိဟာရိယပညာ" ကို ဗမာလိုပြန်တော့ "လုပ်ထုံးကျင်လည်မှု"လို့ အဲဒီလို နားလည်သဘောပေါက်အောင် ပြန်ဆိုရပါတယ်။ ဒီတော့ "လုပ်ထုံးကျင်လည်လာတဲ့ ပုဂ္ဂိုလ်ဟာ ဒီတရားလုပ်ထုံးနဲ့ ပတ်သက်လာရင် ကျင်လည်ပြီး၊ နားလည်ပြီးဖြစ်တဲ့အတွက် ဘယ်တော့မှ လမ်းမချော်နိုင်တော့ပါဘူး။ မမှားနိုင်တော့ပါဘူး။

အဲဒီလို လုပ်ထုံးအရာမှာ ကျင်လည်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဖြစ်တိုင်း ဖြစ်တိုင်းသော ဝေဒနာကို သိတိုင်း သိတိုင်း ဝေဒနာဟာ တဖြည်းဖြည်း ပါးလာသည်နှင့်အမျှ၊ သေးသေးလာသည်နှင့်အမျှ ကိလေသာလဲ ပါးပါး လိုက်လာပြီး ခေါင်း၊ ကိုယ်၊ ခြေ၊ လက် စသည် မဟုတ်မှန်း အတ္တဒိဋ္ဌိ ကွာသည်အထိ ပိုင်ပိုင်နိုင်နိုင် သဘောပေါက်လာပါလိမ့်မယ်။ ဒီနေရာမှာ ဒိဋ္ဌပစ္စက္ခဉာဏ်နဲ့ အနွယဉာဏ်ကို သတိထားဖို့ လိုပါတယ်၊ ဒိဋ္ဌပစ္စက္ခဉာဏ်ဆိုတာ ဝေဒနာနဲ့ အသိနဲ့ ကပ်နေတာကစပြီး ပျောက်သွားသည့်အထိ သဘာဝသက်သက်ကို သိနေတာကို ခေါ်ပါတယ်။ အနွယ ဉာဏ်ဆိုတာက အဲဒီလို ဒိဋ္ဌပစ္စက္ခဉာဏ်နဲ့ ပျောက်သွားသည့်အထိ သိပြီးသည့်အခါကျတော့ ဘယ်မှာလဲ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အစိုင်အခဲ၊ အကောင်အထည်၊ သဏ္ဌာန်ဒြပ်ဆိုတာ ဘာမှမရှိပါကလားလို့ အဲဒီလို သဘောပေါက်လာ၊ သိလာတာကို ခေါ်ပါတယ်။

အမှန်က ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အကောင်အထည်၊ သဏ္ဌာန် ဒြပ် စသည်တို့ကို ပညတ်လို့ ဆိုတာက သဘာဝသက်သက်ကို အမှန်သိနိုင်တဲ့ အသိဉာဏ် ပညာမပေါ်သေးလို့ ခေါ်ဆိုနေတာ၊ ပညတ်တဲ့အတိုင်း အသိမှားနေတာပါ၊ အသိ ဉာဏ်ပညာ အမှန်ပေါ်သည်နှင့် တစ်ပြိုင်နက် အဲဒီ ပညတ်ဖြစ်တဲ့ တရားတွေဟာ အလိုလို ကွာသွားပြီးသား ဖြစ်နေပါတယ်။ ဒီပညတ်တရားကို ပုဂ္ဂိုလ် သတ္တဝါအသိနဲ့ ကွာစေတာက စိတ်ကူးစဉ်းစားပြီး ကွာစေတာမျိုးသာ ဖြစ်ပါတယ်။ ကွာအောင် စဉ်းစားနေတဲ့အခိုက်မှာ ပညတ်အပေါ် စိတ်မရောက်အားသေးလို့ ကွာတဲ့အကွာမျိုးဖြစ်ပြီး မစဉ်းစားတဲ့ အခိုက်မှာ ပညတ်အပေါ် အလိုလို စိတ်ရောက်ပြီး ခေါင်း၊ ကိုယ်၊ လက်၊ ခြေ၊ ပုဂ္ဂိုလ် သတ္တဝါတို့ဟာ အလိုလို ပေါ်လာပြီး ဖြစ်ပါတယ်။ အမှန်က ပညတ် ပြန်ပေါ်လာလို့ သူကောင်ငါကောင် ပြန်ထင်လာခြင်း ဖြစ်ပါတယ်။

ဒီတော့ကာ သဘာဝသက်သက်ဖြစ်တဲ့ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ် သဘာဝကို အမှန်သိတဲ့ ဉာဏ်ဖြစ်ရိုးမှန်ရင် အကျိုးတရားဖြစ်တဲ့ အတ္တဒိဋ္ဌိသူကောင် ငါကောင် အထင်ဟာ အလိုလို ကွာပြီးသား ဖြစ်ပါတယ်၊ နာမ်ရုပ်အမှန်သိတဲ့ အကျိုးက အတ္တဒိဋ္ဌိကွာမှုသာ ဖြစ်တယ်လို့ ဆိုလိုတယ်၊ နာမ်ရုပ်ကိုတော့ အမှန်သိပါတယ်။ အတ္တဒိဋ္ဌိကွာမှု အကျိုးပေါ်မလာသေးဘူးဆိုရင် နာမ်ရုပ်ကို အမှန်မသိသေးလို့သာ ဖြစ်ပါတယ်။ အဲဒီ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝကို အမှန်သိသည်နှင့် တစ်ပြိုင်နက် အတ္တဒိဋ္ဌိ ကွာလာတဲ့ အခါကျတော့ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာ စာရှိတဲ့အတိုင်း ပြော

http://www.dhammadownload.com

လို့သာ ပြောရပါတယ်၊ ဗုဒ္ဓဘာသာအယူကို အမှန်တကယ် ယူပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ်အဖို့မှာ ပင်ကို ပကတိ တရားတစ်ခုကို အားမထုတ်ခင်ကတည်းကိုက အကြောင်းကင်းပြီး ဖြစ်တယ်လို့ ဘယ်ဟာတစ်ခုကိုမှ မယူခဲ့တော့ ဖြစ်ဖြစ်သမျှ အကျိုးတရားတွေဟာ သူ့ဆိုင်ရာ ဆိုင်ရာ အကြောင်းတရားတွေကြောင့်သာဖြစ်တာပဲလို့ သဘာဝ ရုပ်နာမ်ကို သိသည်နှင့် တစ်ပြိုင်နက် ပစ္စယပရိဂ္ဂဟဉာဏ်ဟာလဲ အလိုလို အကြောင်း သိမ်းဆည်းပြီး ဖြစ်လာပါတယ်။ ဒီနေရာမှာ စာအလိုနဲ့ပြောရရင် အကျိုးတရားတို့၏ အကြောင်း တရားကို သိတဲ့ ဓမ္မဋ္ဌိတိဉာဏ်၊ အကြောင်းတရားကို သိတဲ့ ပဋိစ္စသမုပ္ပာဒ် ဉာဏ် (အကျိုးတရား သက်သက်ကို သိတာ ပဋိစ္စသမုပ္ပာဒ် ဉာဏ် ခေါ်တယ်။) ဒီဉာဏ်တွေဟာ ဖြစ်ဆဲ ရုပ်နာမ် သဘာဝ၏ အကြောင်းကို သိမ်းဆည်းသည့် ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ အလားတူဉာဏ်တွေ ဖြစ်တယ်။ ယထာဘူတ ဉာဏ်ကျတော့ ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်လို့ သိတာကို ဆိုပါတယ်။ ဒီတော့ကာ ကိုယ်ခန္ဓာထဲက ဖြစ်ဖြစ်သမျှ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝတွေကို အတ္တဒိဋ္ဌိကွာသည်အထိ ဉာဏ်မှန်နှင့် သိရိုးမှန်ရင် လက်ရှိခန္ဓာကိုယ်ကြီးနှင့်တကွ တစ်လောကလုံး ဖြစ်ဖြစ်သမျှတွေကိုလဲပဲ သဘာဝတွေချည်းပဲလို့ အတ္တဒိဋ္ဌိကွာသည်အထိ သိလာပြီးဖြစ်ပါတယ်။ အတိုချုပ်ကား... ဝေဒနာသဘာဝ အမှန်ချုပ်ဖူးရင် ကျန်တာကိုလဲ သဘာဝ ချည်းဟု သိပါတယ်။ ဘာပြုလို့ သိသလဲ၊ ဝေဒနာချုပ်စဉ်က သဘာဝ သက်သက်ပင် ချုပ်သွားလို့ ဖြစ်ပါတယ်။

အဲဒီလို ရုပ်နာမ်သဘာဝကို အကြောင်းနှင့်တကွသိခဲ့သော် ထိုယောဂီပုဂ္ဂိုလ်ကို "စူဠသောတာပန်" လို့ ခေါ်ပါတယ်။ "စူဠသောတာပန်"အဆင့်သို့ ရောက်တဲ့ ပုဂ္ဂိုလ်သည် သာသနာတော်နှင့် တွေ့ကြုံနေရတဲ့အတွက် လဒ္ဓသာသ၊ ကိလေသာ မိမိကို မနှိပ်စက်နိုင်တော့ဘဲ သက်သာရာ ရလေပြီ။ လဒ္ဓပတိဋ္ဌ၊ အပါယ်သံသရာမှာ မကျနိုင်၊ မမျောနိုင်တော့ဘဲ ထောက်ရာ တည်ရာ ရပြီ၊ နိယတဂတိက ကောင်းသော ဂတိမြဲသည်လို့မှတ်ပါ။ အဲဒီ "စူဠသော တာပန်" အဆင့်သို့ ရောက်အောင်ဆိုရင် "တိဟိတ် ဒွိဟိတ်" မရွေးရပါဘူး။ "ဒွိဟိတ်" ပုဂ္ဂိုလ်လည်း ရနိုင်ပါတယ်။ အားထုတ်ဖို့ တစ်ခုပဲ လိုပါတယ်။ ဥဒယဗ္ဗယဉာဏ် စခန်းရောက်မှသာ ဒွိဟိတ်ပုဂ္ဂိုလ် မရတာပါ။

အဲဒီ "စူဠသောတာပန်" အဆင့်သို့ ရောက်အောင် အားထုတ်ထားတဲ့ ယောဂီပုဂ္ဂိုလ်သည် (၁) ယခုဘဝ တရားအားထုတ်ရင်လဲ မဂ်ဖိုလ် ရနိုင်ပါတယ်။ (၂) အားထုတ်ရင်း မရခဲ့သော် သေခါနီးမှ ရနိုင်ပါတယ်။ (၃) သေခါနီး မရခဲ့သော် နတ်ပြည်ကျရနိုင်ပါတယ်။ (၄) နတ်ပြည်မှာ မရခဲ့သော် နောက်ဘုရား သာသနာမှာ သုခပဋိပဒါ ခိပ္ပါဘိညရဟန္တာ ဖြစ်နိုင်ပါတယ်။ (၅) နောက်ဘုရား သာသနာမှာ ရဟန္တာမဖြစ်သော် ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ပါတယ်။

အဲဒီလို "ဒေသနာတော်"မှာ အစဉ်အတိုင်း ပြထားတာ ရှိပါတယ်၊ ဘယ်တော့မှ ဒီအကျိုးတရား ကနေပြီး နောက်ကို မဆုတ်တော့ပါဘူး။ ဒါဖြင့် ဒီအကျိုးတရားရအောင် ဘာကိုအခြေခံရမလဲဆိုရင် သတိတစ်ခုကိုသာ အခြေခံထားပြီး လုပ်ပါ၊ ဒီတော့ အခြေဖြစ်တဲ့ သတိကိုသာ လိုချင်တဲ့စိတ်နဲ့ လုပ်ပါ။ သတိဟာ ကုသိုလ်လား၊ အကုသိုလ်လား၊ မိမိကိုယ်ကို ပြန်မေးကြည့်ပါ၊ အဲဒီအခါမှာ...

ဩော်... ရှိုက်ရင် ရှိုက်မှန်းသိအောင် သတိထားတာ၊ ရှူရင် ရှူမှန်းသိအောင် သတိထားတာ၊ ဒါတွေဟာ အမှန်စင်စစ် ကုသိုလ်တရား ဖြစ်ပါကလားလို့ အဲဒီလို အဖြေထွက်လာပါလိမ့်မယ်။ အဲဒီလို အဖြေထွက်လာတဲ့ "သတိကုသိုလ်" ကိုသာ အလိုရှိပြီးလုပ်လို့ "သတိနိုပက" ဒီသတိ ရင့်ကျက်လာပြီ၊ ထမြောက်ပြီ၊ အပြင်ကိစ္စတွေပါ သတိလိုက်ပြီဆိုတဲ့

http://www.dhammadownload.com

အခါကျတော့ သတိရင့်ကျက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ (နေပက္ကပညာ)တို့က ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်နာမ်သဘာဝတို့ကို အမှန်သိပြီး ရှေ့တက်ရမည့် တစ်မင်္ဂ၊ တစ်ဖိုလ်ဆိုတာ ပါရမီအားလျော်စွာ ဖြစ်လာကြပါလိမ့်မယ်။

အမှန်က အခြေခံဖြစ်တဲ့ "သတိကုသိုလ်"မှ အထမမြောက်သေးဘဲနဲ့ သီလ၊ သမာဓိ၊ ပညာ စသည်တို့ ဖြစ်နေကြရင် အဲဒီ ဖြစ်ဖြစ်သမျှတွေဟာ လမ်းချော်မှာချည်းပဲ။ ဒီတော့ကာ သတိကုသိုလ်ကို အထမြောက်အောင် လုပ်လို့ ဒီသတိကုသိုလ်ဟာ သီလ၊ သမာဓိ၊ ပညာထဲက ဘာအထဲမှာ ပါဝင်သလဲဆိုရင် သီလထဲမှာ ပါဝင်တယ်။ အဲဒီ သတိ ကုသိုလ် အခြေခံရထားတဲ့ သီလမျိုး ပြည့်စုံလာတဲ့အခါကျတော့ ဝီရိယအမှန်လဲ ထောက်ရာတည်ရာရာ သမာဓိကိုလည်း သတိကထိန်းပြီး ပညာရယ်လို့ဖြစ်လာပြန်တော့လည်း သတိရှေ့ဆောင်နဲ့ ဖြစ်လာတော့ ဒီသီလ၊ သမာဓိ၊ ပညာတို့ဟာ ဘယ်တော့မှ လမ်းမချော်ပါဘူး၊ ရှေ့တက်တဲ့ လမ်းမချော်တော့ဘူး၊ အမှန်က သီလ၊ သမာဓိ၊ ပညာ စသည်တို့ဟာ ပုဂ္ဂိုလ်အလိုနဲ့ ဖြစ်စေရမှာ မဟုတ်ဘူး၊ သူ့ အလိုလို ဖြစ်လာရမည့် တရားတွေပါ။ အခြေခံဖြစ်တဲ့ သတိကုသိုလ်မှလဲ မဖြစ်သေးခင်၊ အထ မမြောက်သေးခင်သာ မိမိအလိုနဲ့ လုပ်နေရတာ၊ သူ့ အလိုလို ဖြစ်လာတဲ့အခါမျိုးကျမှ ဒီသတိကုသိုလ်ဟာ အပြင်သတိပါ လိုက်လာပြီး အမှန်ဖြစ်လာတယ်၊ အမှန်ဖြစ်လာတယ် ဆိုတာ ပုဂ္ဂိုလ် သတ္တဝါ လွတ်လာတယ်လို့ ဆိုလိုပါတယ်၊ သို့သော် အထမမြောက်သေးမီ စပ်ကြား မိမိအလိုနဲ့ "သတိကုသိုလ်"ကို အဓိက လိုချင်တဲ့ စိတ်နဲ့ လုပ်ပါ။

အဲဒီလို "သတိကုသိုလ်"ကို အလိုရှိတဲ့စိတ်နဲ့ အမြဲတမ်း အတွင်းအပြင် အရာရာမှာ သတိမကင်းအောင်နေတဲ့ ပုဂ္ဂိုလ်မျိုးကို–

'သတိ အဝိပ္ပဝါသော အပ္ပမာဒေါ နာမ"လို့ ဟောတော်မူတဲ့အတိုင်း အပွမာဒပုဂ္ဂိုလ်၊ အပွမာဒဝိဟာရီ ပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါတယ်။

ဟတ္ထိပဒေါပမသုတ်မှာ ဘယ်သတ္တဝါ ခြေရာပဲဖြစ်ဖြစ်၊ ဆင်ခြေရာနဲ့ တိုင်းရင် ဆင်ခြေရာထဲသို့ သာ အကုန်ဝင်ရသကဲ့သို့ ဝိဋ္ဌကတ်သုံးပုံတွင် ဟောတော်မူသမျှ တရားတော်တွေဟာလဲ ဒီအပွမာဒတရားထဲမှာ အကုန်လုံး ပါဝင်တယ်။ ဒါကြောင့် သတိကုသိုလ်လို့ဆိုတဲ့ အပွမာဒတရားဟာ အားလုံးကုန် ရှိရှိသမျှ တရားတော်တို့၏ အခြေခံဆိုတာ မှတ်ပါ။

အဲဒီ အခြေခံဖြစ်တဲ့ "သတိကုသိုလ်"ကို အထမြောက်လာအောင် အစဦးစွာ ပထမ လိုချင်တဲ့စိတ်နဲ့ လုပ်ရမှာကိုး၊ ယခုတော့ တရားက ယခုမှ စပြီး အားထုတ်တယ်။ သတိကုသိုလ်ဆိုတာ အထမြောက်လာဖို့ မဆိုထားနဲ့ ဘယ်ဆီနေမှန်းတောင် မသိသေးဘူး။ ရှေ့လှမ်းပြီး ပညတ်ကွာချင်တာက အလျင်၊ ရုပ်နာမ်သဘာဝ သိချင်တာကတစ်မျိုး၊ သီလ၊ သမာဓိ၊ ပညာ ဖြစ်ချင်တာက တစ်သွယ်၊ အဲဒီလို အမယ်မယ်တွေ အလိုချင်နဲ့ နှလုံးသွင်းတွေက မှားနေကြတယ်။ အရေးကြီးတာ နှလုံးသွင်းမှားဖို့၊ အလိုချင်မှားဖို့ အရေးကြီးတယ်။ အဲဒီ အရေးကြီးတဲ့ နှလုံးသွင်းတို့၊ အလိုချင်တို့ မှားနေကြရင် ရသင့် ရထိုက်တဲ့ဟာပေမယ့် မရဘူး။

နန်းစဉ် ပတ္တမြားငမောက်ဆိုတာ အားလုံးကြားဖူးကြပါလိမ့်မယ်။ ဗကျိမြို့နယ် ဆားလင်းကြီးရွာကို အမှီပြုတဲ့ တောင်ကြား၊ တောကြား၏ အရှေ့ဘက် မနီးမဝေးမှာ ငမောက်ဆိုတဲ့ လှည်းသမားက နေ့တိုင်း ကျဲကျောင်းသတဲ့။ အဲ... တစ်နေ့ကျတော့ ကျောက်ကြီးတစ်လုံးက နေဝင်မိုးချုပ်ကျရင် အလင်းရောင်တွေ ထွက်နေတာမြင်တော့ အင်း... ငါ ဒီကျောက်လုံးကြီးကို အိမ်ယူသွားရရင် တို့အိမ် မီးမထွန်းရတော့ဘူးဆိုပြီး ယူသွားတာကိုး။ ဒီအကြောင်းကို ရှင်ဘုရင်ရွှေနားတော်ကြားလို့ လာဆက်ရမယ်ဆို

http://www.dhammadownload.com

တော့ သွားဆက်ရတာပေါ့။

ဒီတော့ ရှင်ဘုရင်က မောင်မင်း ဘာ အလို ရှိတုံး၊ အလိုရှိရာတောင်းလို့ အဲဒီလို ငမောက်ကို မေးတော့ ကျွန်တော်မျိုး အလိုရှိရာ တောင်းရမယ် ဆိုရင်ဖြင့် ကျွဲစားကျက် ကျယ်ကျယ်လိုချင်ပါတယ် ဘုရားလို့ တောင်းသတဲ့။ အဲဒါနဲ့ ရှင်ဘုရင်က သူ့ကို ကျွဲစားကျက်ကျယ်ကျယ်ပေးလိုက်တာ ယခု ထက်ထိ တောင်ကြားတောရ၏ အရှေ့ဘက် မနီးမဝေးမှာ "ငမောက် ကျွဲစားကျက်" ဆိုတာရှိသေးတယ်။ "နန်းစဉ်ပတ္တမြားငမောက်" ဆိုတာ အဲဒီနေရာက ထွက်တာ။ "ငမောက်ဆိုတာက လူနာမည်၊ အဲဒါ အလိုချင်မှားနေလို့ ကျွဲစားကျက်ရတာ၊ ရသင့်ရထိုက်တာကို လိုချင်ရမှာ၊ သတ္တဝါက ကိုယ်စိတ်ကျရာ လိုချင်နေတာ။ ဒီတော့ အလိုချင် မှားနေတာပေါ့'။ ပြီးတော့ အညာက ထန်းသမားတစ်ယောက်က ငါ ရှင်ဘုရင်ဖြစ်ချင် လိုက်တာကွာလို့ ပြောတော့ တစ်ဦး သော ထန်းသမားက မင်းရှင်ဘုရင် ဖြစ်တော့ ဘာ လုပ်မှာလဲကွလို့ မေးတဲ့အခါ၊ 'ဟာ... ငါရှင်ဘုရင်ဖြစ်ရင် ထန်းကောင်းကောင်း ရွေးတက်မှာပေါ့ကွ' လို့ ပြန်ပြောသတဲ့။ ဒီတော့ စိတ်ဆိုတာ မခက်ပေဘူးလား။ တစ်ခါ "ဓနဥယသေဋ္ဌေး"ဝတ္ထုမှာလဲ ပစ္စေက ဗုဒ္ဓါကို ဆွမ်းလှူပြီးတဲ့အခါကျတော့ ဆုအသီးသီး ဘယ်လိုတောင်းကြသလဲဆိုရင် သူဋ္ဌေးကြီးက ဆဲပင်ဖြန့်ချလို့ ကောင်းကင် မှော်ကြည့်လိုက်ရင် "စိတ်" ထဲမှာ အလိုလို စပါးမိုးရွာပြီးတော့ စပါးတွေ ပြည့်ပါစေသား။ သူဋ္ဌေးကတော်ကလဲ ထမင်းအိုး တစ်လုံးချက်ထားရင် ဘယ်လောက်ကျွေးကျွေး ခူးလို့ ယောက်မရာ မထင်ပါစေသား။ သားကလဲ ငွေတစ်ထောင်အိတ်ကိုင်ပြီးတော့ လာသမျှလူကို ပေးလျှင် ငွေတစ်ထောင်ထက် မလျော့ပါစေသား။ ချွေးမကလဲ စပါးတစ်တင်း ရှေ့မှာ ချပြီး လာသမျှလူကိုပေးလျှင် ဒီစပါး တစ်တင်း မလျော့ပါစေသားလို့ ဆုတောင်းကြတော့ အဲဒါတွေ အသီးသီး ပြည့်ကြတယ်။

ကျွန်မောင်ပုဏ္ဏကျတော့ ဘာဆုတောင်းသလဲဆိုရင် ထွန်တစ်ကြောင်း ထွန်လိုက်ရင် ထွန်နှစ်ကြောင်းရာ ထင်ပါစေသားလို့ အဲဒီလို ဆုတောင်းလိုက်တယ်။ ဒီဝတ္ထုမှာ ရနိုင်တဲ့အကျိုးတွေကို ဆုတောင်း အားလျော်စွာ စိတ်ထားအားလျော်စွာ ရကြပေမယ့် စိတ်ထားအောက်ကျနေတော့ အကျိုးလဲ အောက်ကျနေတာပေါ့။ ဒီတော့ ဘယ်တော့မှ စိတ်ထားကိုတော့ အောက်တန်းချမထားနဲ့၊ နှလုံးသွင်းမထားစေနဲ့။ ဒါဖြင့် ဘာကို လိုချင်ရမလဲ၊ သာသနာတော်နဲ့ ကြုံကြိုက်တဲ့အခါ သာသနာ့ သီလ၊ သာသနာ့ သမာဓိ၊ သာသနာ့ ပညာရဖို့ရာ အခြေခံဖြစ်တဲ့ "သတိကုသိုလ်" ကိုရအောင် လိုချင်တဲ့စိတ်နဲ့ အဓိက ထားပြီး လုပ်ရမယ်။

မိမိကိုယ်ကို ပြန်ပြီးမေးကြည့်ပါ။ ငါဟာ ယခု သာသနာတော်နဲ့ တွေ့နေပြီ။ သာသနာ့ သီလ ငါ့မှာဖြစ်ပလား၊ သာသနာ့ သမာဓိ ငါ့မှာဖြစ်ပလား၊ သာသနာ့ ပညာ ငါ့မှာဖြစ်ပလား။ လမ်းစဉ်လမ်းမှန် သွားလိုတဲ့ ယောဂီပုဂ္ဂိုလ်တိုင်း အဲဒီလိုပြန်၍ မေးကြည့်ပါ။

အဲဒီ လမ်းမှန်အတိုင်း သွားနိုင်အောင် ဘာကို အရင်းတည်ပြီး လုပ်ရမလဲဆိုရင် ပင်ရင်းဖြစ်တဲ့ ဝေဒနာကို အရင်းတည်ပြီး လုပ်ရမယ်။ ဘာပြုလို့ အရင်းတည်ပြီး လုပ်ရသလဲ၊ အဲဒီ သဘာဝသက်သက်ဖြစ်တဲ့ ဝေဒနာကို အာရုံပြုရတာကိုက သတိပညာကို ဖြစ်စေတတ်လို့ အရင်းတည်ပြီး လုပ်ရတယ်။ အဲဒီ ဝေဒနာကို အာရုံပြုလို့ရတဲ့ သတိ၊ ပညာကမှ သာသနာ့ သီလ၊ သာသနာ့ သမာဓိ၊ သာသနာ့ ပညာဆိုတဲ့ ဝေဒနာကို အာရုံပြုနိုင်ဖို့ရာ ဘာကို အခြေခံရမလဲဆိုရင် အာနာပါနကို အခြေခံရမလဲဆိုရင် အာနာပါနကို အခြေခံရမယ်။ ဘာပြုလို့ အာနာပါနကို အခြေခံရသလဲ၊ ပကတိ ရိုင်းနေတဲ့စိတ်နဲ့ ဝေဒနာ သဘာဝ သက်သက်ထိအောင် ဘယ်နည်းနဲ့မှ အာရုံမပြုနိုင်ပါဘူး။

http://www.dhammadownload.com

အဲဒီ အာနာပါနကို စိတ်အားကောင်းလာအောင်၊ သတိအားကောင်းလာအောင်၊ စိတ်အား သတိအား ကောင်းလာသည်အထိ အာနာပါနကို အာရုံပြုရပါသေးတယ်။ ဒါကြောင့် "အာနာပါန"ကို အခြေခံ ရတာ။ ဒါဖြင့် အဲဒီ သတိဟာ ဘာရှိမှ ရမလဲ၊ ဝိရိယ ခန္ဓိရှိမှ ရမယ်။ ဝိရိယ၊ ခန္ဓိရှိမှ ရနိုင်တာဖြစ်ခြင်းကြောင့် ဝိရိယကို ဖြစ်စေတတ်တဲ့ စကြံကို များများလျှောက် ပေးပါ၊ စိတ်အားတက်လာသည်အထိ လျှောက်ပေးပါ။ ဣရိယာပုတ် လေးပါးထဲက စကြံလျှောက်တဲ့ ဣရိယာပုတ်သည် ဝိရိယကို များစွာပင် ဖြစ်စေပါတယ်၊ စကြံဘယ်လို လျှောက်ရမလဲ၊ ကြမ်းနှင့်ခြေဖဝါး တိုက်ဆိုင်တဲ့ အခါတိုင်းမှာ ဖြစ်ပေါ်လာတဲ့ ထိဆဲခဏ၊ ထိဆဲခဏာ တိုင်းကို သိ၊ သိလို့ သတိမလစ်အောင် သိပေးပါ။ အမှန်က အောက်ကြမ်းကလဲ ပညတ်၊ အပေါ်က ခြေဖဝါးကလဲ ပညတ်၊ ဒီပညတ်ဖြစ်တဲ့ ကြမ်း၊ ခြေဖဝါးတို့ကို အာရုံမပြုဘဲ တိုက်ဆိုင်ဆဲ ခဏမှာ ဖြစ်ပေါ်လာတဲ့ ထိမှုသဘာဝ ပရမတ်ကိုသာ သိပေးဖို့ လိုပါတယ်။

သို့သော် ပထမ စလုပ်ခါစ ယောဂီပုဂ္ဂိုလ်ဟာ သတိအား မကောင်းသေးမီ ကြမ်းနှင့် ခြေဖဝါးတို့ကို ထိမှုနှင့်ရောပြီး အာရုံပြုမိကောင်း ပြုမိနေပါလိမ့်ဦးမည်။ ဘယ်လိုပဲဖြစ်စေ၊ (ရောချင် ရောပါစေ) ထိမှုကိုသာ အဓိကထားပြီး 'သိ' ပေးလို့ သတိအား ကောင်းလာတဲ့အခါကျတော့ ပညတ်ဟာ သူ့အလို လို ကွာသွားပြီး ဖြစ်ပါမယ်။

လျှောက်တဲ့အခါ သိ မလွတ်စေဘဲ စိတ်အား ကောင်းလာအောင် နာရီဝက်၊ တစ်နာရီ စသည်ဖြင့် မြန်မြန်လျှောက်ပေးပါ။ အဲဒီစကြံကို အာနာပါန မလုပ်မီဖြစ်စေ၊ ဝေဒနာကို သိပြီးသောအခါမှာ ဖြစ်စေ၊ တရားမထိုင်သော အခါမှာဖြစ်စေ လျှောက်ဖို့ များစွာလိုအပ်ပါတယ်။ အဲဒီ စကြံ လျှောက်ပြီးတဲ့ အခါမှာ အခြားဘာကိုမှ မလုပ်ဘဲ ထိုင်တဲ့ ဣရိယာပုတ်ကို မိမိတို့ (တရား အားထုတ်သူတိုင်း) ထိုင်တတ်သော ကြာရှည်စွာ ထိုင်နိုင်မည့် ဣရိယာပုတ်မျိုးဖြင့် ဘယ်လက်ဖဝါးပေါ် ညာလက်ဖဝါးတင်ပြီး ထိုင်ပါ။ ဒီအခါမှာ နောက်ကပြောခဲ့ပြီးသည့်အတိုင်း အာနာပါနနှင့် ဝေဒနာကိုလုပ်ပါ။ ဝေဒနာကို လုပ်တဲ့ အခါ အထူးသတိထားဖို့ရာက လျှာလည်လာအောင် သိအသံကို ထုတ်ပြီး လိုက်ပေးပါ၊ ဝေဒနာပေါ်သို့ စိတ်ရောက်ချင်လဲရောက် မရောက်ချင်လဲ နေပါဦး။ ပထမသိ သိကို လျှာလည်လာသည့်အဆင့်သို့ ရောက်အောင်၊ စိတ်အားတက်လာသည့် အဆင့်သို့ ရောက်အောင် အားစိုက်ပြီး လုံးပမ်းပေးပါ။ 'သိ သိ' လိုက်သည့် လျှာသည် ပုဂ္ဂလဗျာပါရ လွတ်ကင်းပြီး သူ့အလိုလို လည်လိုက်လာသည့်အခါကျတော့ "သိ သိ သိ သိ" နှင့်တကွ အားကောင်းလာသည့် အခါ စိတ်တို့ဟာ ဝေဒနာပေါ်သို့ တင်းပြည့်ကျပ် ပြည့်ရောက်နေပါလိမ့်မယ်၊ ဒါဖြင့်-

၁။ ပထမစကြံလျှောက် (သတိအခြေခံတဲ့ ဝိရိယရဖို့) ၂။ ဒုတိယ အာနာပါနအားထုတ် (သတိဦးစီးတဲ့ သမာဓိရဖို့) ၃။ တတိယ ဝေဒနာလုပ် (သတိရှေ့ဆောင်တဲ့ ပညာရဖို့)

တို့လုပ်ငန်းစဉ်ဖြစ်တဲ့ တရားမှာ များများစားစားမရှိပါဘူး။ ဒီသုံးခုပဲ ရှိပါတယ်။ အဲဒီသုံးခု လုပ်လို့ အထမြောက်လာတဲ့အခါကျတော့ သာသနာတော်နှင့်ဆိုင်တဲ့ သီလ၊ သမာဓိ၊ ပညာတို့ဟာ အလိုလို ရင်ထဲ နှလုံးထဲ ရောက်ရှိလာကြပြီး သာသနာနဲ့ကြုံတွေ့ရတဲ့အတွက် လူဖြစ်ကျိုးနပ်ပြီ၊ အပါယ်တံခါး ပိတ်ပြီလို့မှတ်ပါ။ ဘာဖြစ်လို့ အခြေခံဖြစ်တဲ့ သတိ၊ ပညာ အထမြောက် အောင်မြင်လာလို့ပင် ဖြစ်ပါတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဓမ္မပဒပါဠိတော်မှာ...

ပထဗျာ ဇကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

http://www.dhammadownload.com

သောတာပတ္တိဖလံ၊ သောတာပန် ဖြစ်ရခြင်း၏ အကျိုးသည်။ ဝရံ၊

ဘယ်လောက်မြတ်သလဲဆိုရင်။ သဗ္ဗလောကာဓိပစ္စေန၊ ပုထုဇဉ်ဖြစ်တဲ့ တစ်လောကလုံးကို အစိုးရနေတဲ့ ဗြဟ္မာမင်းကြီးထက် မြတ်တယ်။ ဘာပြုလို့လဲဆိုရင် ဒီက အိုးတစ်လုံး ဖျာတစ်ချပ်သာ ရှိတဲ့ သောတာပန်ပုဂ္ဂိုလ်က အပါယ်တံခါးပိတ်သွားလို့ ဖြစ်တယ်။ သက္ကာယဒိဋ္ဌိ တန်းလန်းကြီး ရှိနေသေးတဲ့ ပုထုဇဉ်ဗြဟ္မာကြီးက တစ်လောကလုံးကို အစိုးရနေပေမယ့်လို့ သံသရာနဲ့စာရင် တစ်ချိန်မှာ "ဗြဟ္မာပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုပ်ရှုပ်" ဆိုတဲ့အတိုင်း အပါယ်သံသရာကို ပြန်ရဦးမှာ။ တစ်ခါ သဂ္ဂဿ ဂမနေနဝါ၊ ပုထုဇဉ်အဖြစ်နဲ့ နတ်ပြည်ရောက်ရတာထက် မြတ်သည်။ ပြီးတော့ ပထဗျာဧကရဇ္ဇေန၊ ပုထုဇဉ်အဖြစ်နဲ့ ဧကရာဇ်မင်း ဖြစ်ရတာထက်လဲ မြတ်သည်-လို့။

အဲဒီလို သောတာပန်ဖြစ်ရခြင်း၏ အကျိုးကို ဟောတော်မူထားတာ ရှိပါတယ်။ ဒီတော့ ဆိုလိုရင်းက အိုးတစ်လုံး ဖျာတစ်ချပ်သာရှိတဲ့ သောတာပန်လူဆင်းရဲပုဂ္ဂိုလ်က မိမိတို့ဆိုင်ရာ ယခု တစ်ဘဝကလေးမှာ အထက်တန်းကျကျ လူ့စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်၊ နတ်စည်းစိမ်တွေကို ခံစား စံစား နေကြလဲ ပုထုဇဉ်ပုဂ္ဂိုလ်တွေထက် မြတ်တယ်လို့ ဆိုပါတယ်။

ဘာပြုလို့၊ အပါယ်မကျလို့။

ဒီတော့ သာသနာတော်ကြီးနဲ့ ကြုံကြိုက်ပါလျက် အပါယ်သံသရာမှာ ပြန်ကျရဦးမယ်ဆိုရင် သာသနာတော်နဲ့ တွေ့ရကျိုး၊ လူဖြစ်ရကျိုး မနပ်တော့ပါဘူးလို့မှတ်ပါ။ ဒါကြောင့် မဟာသောတာပန်အဖြစ်သို့ မရောက်သေးစေကာမူ "တိဟိတ်၊ ဒွိဟိတ်" ရယ်လို့ ရွေးချယ်မနေရဘဲ အားထုတ်သူ မှန်သမျှ ဘယ်လိုပုဂ္ဂိုလ်မျိုးမဆို ရနိုင်ပြီး ပြောခဲ့ပြီးတဲ့ အကျိုးတရားငါးပါးမှ တစ်ဖန်အောက်သို့ ပြန်၍မဆုတ်ကောင်းတော့ဘဲ စူဋ္ဌသောတာပန်အဖြစ်ကိုတော့ သာသနာတော်နဲ့ တွေ့ကြုံကြရဆဲ၊ လူဖြစ်လာဆဲ အချိန်အခါ တွေ့ကြုံရကျိုး၊ ဖြစ်လာရကျိုး နပ်ကြရလေအောင် မသေမီကာလ အတောအတွင်း "သတိကုသိုလ်" ကို ထမြောက်အောင်မြင်သည် အထိ ရဖို့ရာ နေ့ရောညပါ အထူး ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

မြောင်းမြဝေဌုဝတီဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

မျောက်တစ်ရာတောရဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မျောက်တစ်ရာတောရဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

မျောက်တစ်ရာ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအနေဖြင့် မှတ်တမ်းတင်မှု၊ မှတ်တမ်း မှတ်ရာ နည်းပါးသဖြင့် အတိအကျ မသိရပေ။ သို့သော် ဆရာတော်ကြီး စီရင်တော်မူခဲ့သည့် ၁၃၁၉ ခု၊ ပြာသိုလဆုတ် ၁၀ရက်နေ့ ကျမ်းကြီးဟု ကမ္ဘည်းထိုးထားသော ဝိပဿနာအလင်းပြကျမ်းကို မူတည်၍ လက်လှမ်းမီသမျှ ဖော်ပြအပ်ပါသည်။

ထိုကျမ်းတွင် ဆရာတော်ကြီး၏ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိအကျဉ်း ပါလေသည်။ ထိုထေရုပ္ပတ္တိကို မှီး၍ မိမိတို့ ကြားသိသလောက်ဖြင့် မှတ်တမ်းပြုပါသည်။

မျောက်တစ်ရာကျွန်းသည် ဧက ၂၀၀၀ခန့် ကျယ်ဝန်းသည်ဟုသိရပါသည်။ ထိုကျွန်းသည် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသဖြစ်သော ဘိုကလေးမြို့၏ အောက်ပိုင်း မိန်းမလှကျွန်း၏ အဝန်းအဝိုင်းတွင် ပါဝင်ပါသည်။ အဝိုင်အားဖြင့် ဘိုကလေးမြို့ အောက်ဘက်ရှိ ကဒုံကနိဋ္ဌာကြီး၏ အုပ်ချုပ်မှုအောက်တွင် ရပ်တည်နေပေသည်။

တစ်ချိန်တွင် တောကြီးမျက်မည်းဖြစ်ပြီး မျောက်များ ပေါများသဖြင့် မျောက်တစ်ရာကျွန်းဟု ခေါ်ဝေါ် သမုတ်ကြကြောင်း သိရသည်။ ယခုတိုင် တောရအဖြစ် တည်ရှိနေပေသေးသည်။

မူလတွင် ထိုကျွန်း၌ ကျောင်းမရှိချေ။ တောကြီးဖြစ်၍ မြွေများ၊ တောကောင်များ မှီခိုကျက်စားရာနေရာဒေသ ဖြစ်ပေသည်။ တောခုတ်သမားများမှလွဲ၍ မည်သူမျှ အသွားအလာ မရှိသော တောကြီး ဖြစ်လေသည်။

၁၃၁၉ ခုနှစ်တွင် ထို မျောက်တစ်ရာတောထဲသို့ တောရဆောက်တည်သော ဆရာတော်နှစ်ပါး ရောက်ရှိလာခဲ့လေသည်။ တစ်ပါးမှာ မျောက်တစ်ရာဆရာတော် အလောင်းအလျာဖြစ်သော ဆရာတော် ဦးအာစရဖြစ်ပြီး၊ ကျန်တစ်ပါးမှာ ဆရာတော်နှင့်အတူ လိုက်ပါလာသည့် ပုပ္ပါးတောင်မှ ဆရာတော် ဦးနန္ဒက္ကန္ဓာ ဖြစ်လေသည်။

ထိုဆရာတော်နှစ်ပါး တောရဆောက်တည်သည်ကို ဒကာဒကာမများ သိရှိကြ၍ တစစ များပြားလာကာ တရားပြစေကြသဖြင့် ဆရာတော်မှ တရားဟောခြင်း၊ တရားပြသခြင်း စသည်တို့ကို ပြုလုပ်ရလေသည်။ ထို မျောက်တစ်ရာကျွန်း၏ ဂေါစရဂါမ်မှာ ဘုရားချောင်း၊ စက်ဆန်း၊ ပျဉ်ဘိုးကြီး၊ ဒမြချောင်း၊ လွှထောင်ရွာတို့ ဖြစ်ကြလေသည်။

ဆရာတော်အား ကျောင်းဆောက်၍ ကိုးကွယ်ကြသည်။ ထို့ပြင် တောင်းပန်ကြသဖြင့် ပျံလွန်တော်မမူမီ နိဗ္ဗာန် အလင်းပြကျမ်းကို ရေးသားခဲ့

http://www.dhammadownload.com

ခြင်းဖြစ်လေသည်။

ဆရာတော်၏ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိအရ ဆိုလျှင် မော်လမြိုင်ကျွန်းမြို့ သုသာန်ကျောင်း ဆရာတော် ဦးယုဂန်ထံတွင် ကမ္မဋ္ဌာန်းများကို အားထုတ်ခဲ့ဖူးသည်။ ဒေါင့်ချောင်းသစ်ပုတ်ကြိုးဝိုင်းနှင့် မြတ်သာကျေးရွာ သုသာန်တို့၌ သုသာန်ဓုတင်ကို အတော်ကြာကြာ ဆောက်တည်ခဲ့ဖူးကြောင်း တွေ့ရပေသည်။ မျောက်တစ်ရာတောရကို ဗဟိုထားလျက် အနီးနားရှိ ကျွန်းများ၊ တောများထဲတွင် အချိန်အတော်ကြာကြာ လှည့်လည်၍ တောရဆောက်တည် စကစာရီကျင့်သုံးကြောင်း တွေ့ရှိရပေသည်။

ရန်ကုန်မြို့၊ မင်းကွန်းတောရတွင် အားထုတ်ပြီး မဟာစည် ဆရာတော်ဘုရားကြီး၏နည်း၊ စွန်းလွန်းဆရာတော် ဘုရားကြီးတို့၏နည်းကိုလည်း အားထုတ်ဖူးကြောင်း သိရပေသည်။ မျောက်တစ်ရာကျွန်ပေါ်ရှိ ကျောင်းတွင် အနေနည်းပြီး မနုဿီဟ အမည်ပေးထားသော ဂူနှင့် သမဲ့ပင်ကြီး၏ လိုဏ်ခေါင်းထဲတွင် ဓုတင် ဆောက်တည်ခြင်း၊ တရားအားထုတ်ခြင်းတို့ကို အချိန်ပြည့် ရှုမှတ်တော်မူသည်။

သက်တော် ၆၉ နှစ်၌ ပျံလွန်တော်မူသည်ဟု ဒကာဒကာမများထံမှ သိရှိရသည်။ ပျံလွန်တော်မူပြီး ၆-နှစ်ကျော် တိုင်တိုင် မှန်ခေါင်းတွင် ထည့်ထားသော်လည်း ပုပ်သိုးခြင်း မရှိချေ။ စာရေးသူတို့ ငယ်စဉ် ၁၉၆၂-၆၃ ခုနှစ်တိုင်အောင် ဆရာတော်ကြီး၏ အလောင်းတော်ကို ထားရှိဆဲပင် ရှိသေးသည်။

နောင်တွင် ဒကာ ဒကာမများ တိုင်ပင်၍ မျောက်တစ်ရာကျွန်းပေါ်၌ပင် မီးသင်္ဂြိဟ်ခြင်း ပြုလုပ်ခဲ့ကြပေသည်။

ဆရာတော်ကြီးအနေဖြင့် မြန်မာပြည်တစ်လွှား ကျော်ကြားခြင်း မရှိသော်လည်း မြစ်ဝကျွန်းပေါ်ရှိ ဘိုကလေးမြို့နှင့်တကွ၊ မော်ကွန်း၊ ကဲ့ကနိစသည့်မြို့များ၊ ကျေးရွာများမှ ဗုဒ္ဓဘာသာဝင်တို့အတွက် ဝိပဿနာလမ်းကို ဆရာတော်ကြီးက စတင်၍ လမ်းဖွင့်ပေးခဲ့သည်ဟု ဆိုရမည်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ ဝိပဿနာအလင်းပြကျမ်းမှ ထုတ်နုတ်၍ ဝိပဿနာရှုနည်းအကျဉ်းကို ဖော်ပြအပ်ပါသည်။

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မျောက်တစ်ရာတောရဆရာတော်ဘုရားကြီး၏
သြဝါဒတော်

ဗုဒ္ဓဝါဒီ၊ ကျင့်ဝသီကို၊ မြင့်ရှည်လေးစား၊ အို-လူအများတို့၊ မှတ်သား သိအပ်၊ သတိချပ်လေ့၊ သိမှတ်စရာ ဒေသနာကို၊ သေချာဂန၊ ထုတ်ဖော်ပြအံ့။

ကိုယ်မှတစ်ပါး၊ အခြားကိုသာ၊ အားကိုးရှာသော် ကိုးရာမရ၊ လောက သံသရာ၊ နှစ်ဖြာလုံးလုံး၊ ရှုံးကြီးရှုံး၍၊ နှလုံးမသာ၊ ဗျာပါသောက၊ ဖြစ်ရသည့်ရေး၊ ကြီးစွာဘေးကို၊ တွေး၍ မျော်ရှု၊ ကိုယ်မှကိုယ်ရာ၊ ကိုယ့်တွက်တာကို၊ ကိုသာရည်စူး၊ ပြုရန်ထူးသည်၊ ကျွှေးလွန်အမှု သိဖို့သာလျှင်တည်း။ ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မျောက်တစ်ရာတောရဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ဘုရားပင့်-ပရိုက်

ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော် အနန္တ စကြဝဠာ ကမ္ဘာ မြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏ဦးခေါင်းထက်၌ ထက်ဝယ် ဖွဲ့ခွေ တည်နေတော်မူ လှည့်ပါ အရှင်ဘုရား၊ ။

(၃-ခေါက်ဆိုပါ။)

မိမိကိုယ်ကို ဘုရားမှာလှူဒါန်းပါ

အနိစ္စကာယံ ဗုဒ္ဓံ ပူဇေမိ။

ဒုက္ခကာယံ ဗုဒ္ဓံ ပူဇေမိ။

အနတ္တကာယံ ဗုဒ္ဓံ ပူဇေမိ။

အနက်ကား။ ။

အနိစ္စကာယ်၊ အနိစ္စဖြစ်သော ခန္ဓာ ကိုယ်ရုပ် အကောင်ပုပ်ကို ပရမတ်-ပညတ်အရပ်ရပ် အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရားကို လှူဒါန်းပါ၏ အရှင်ဘုရား။

ဒုက္ခကာယ်၊ ဒုက္ခဖြစ်သော ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို ပရမတ်-ပညတ်အရပ်ရပ် အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရားကို လှူဒါန်းပါ၏ အရှင်ဘုရား။

အနတ္တကာယ်၊ အနတ္တဖြစ်သော ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကို။ ပရမတ်-ပညတ်အရပ်ရပ် အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရားကို လှူဒါန်းပါ၏ အရှင်ဘုရား။

မေတ္တာပို့အမျှဝေ

အထက်ဘဝဂ်၊ အောက်အဝီစိ၊ ဖီလာထုတ် ချင်း၊ အကြွင်းအကျန်မရှိ၊ ဝေနေယျသတ္တဝါအပေါင်းတို့ကိုလည်း ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

ကုန်းနေ ကိုးကုဋေ၊ ရေနေ ဆယ်ကုဋေ သတ္တဝါအပေါင်း သူတော်ကောင်းတို့ကိုလည်း ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

သတ္တလောက၊ သခ်ါရလောက၊ သြကာသ လောကဟုဆိုအပ်သော လောကသုံးပါးနယ်အတွင်း၌ ရှိရှိသမျှသော လူနတ် ဗြဟ္မာသတ္တဝါ အပေါင်းတို့ကိုလည်း ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

စကြဝဠာ အနန္တရှိသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ကိုလည်း ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။

http://www.dhammadownload.com

ကမ္မဋ္ဌာန်းတောင်း

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့ လက်ထက်ကစ၍ ယနေ့တိုင်အောင် သူတော်ကောင်း အရိယာပုဂ္ဂိုလ်တို့ကို ကိုယ်အမူအရာ၊ စိတ်အမူအရာ၊ နှုတ်အမူအရာဖြင့် ပြစ်မှားမိခဲ့သည်ရှိသော် ဝန်ချပါ၏၊ တောင်းပန်ပါ၏။ ယခုအားထုတ်သော 'သမထ ဝိပဿနာ' ကမ္မဋ္ဌာန်း တရားတော်များကို လျင်မြန်စွာ ပေါက်ရောက် သိရပါလို၏ အရှင်ဘုရား။

သမထ ရှုနည်း

တရားအားထုတ်ရာတွင် သမထ ယာနိက လမ်း၊ ဝိပဿနာ ယာနိက လမ်းဟူ၍ နှစ်ပါးရှိ၏။ သမထ ယာနိကမှာ သမထ တစ်မျိုးမျိုးကို ပရိကမ္မ သမာဓိမှစ၍ အပွနာသမာဓိသို့လည်းကောင်း၊ ထိုထက်အလွန် ပဥ္စမစျာန်အထိ လိုရာသို့ ရောက်အောင် အားထုတ်ပြီးမှ ဝိပဿနာတက်၍ အားထုတ်ရ၏။ ဝိပဿနာ ယာနိကမှာ စလျှင် စချင်း ဝိပဿနာကိုပင် အားထုတ်၍ သွားနိုင်၏။

သမထနည်းကို ရေးပြပါအံ့

သမထနည်းမှာ ကမ္မဋ္ဌာန်း လေးဆယ်ရှိသည်တွင် ကြိုက်ရာ ကမ္မဋ္ဌာန်းကိုသာ အားထုတ်နိုင်၏။ လယ်တီဆရာတော်ဘုရားကြီးသည် အာနာပါနကို ပို၍ လိုလားတော်မူ၏။ အကြောင်းမူကား၊ ဥပရိပဏ္ဍာသ ပါဠိတော်၌ အာနာပါန တစ်မျိုးတည်းနှင့်ပင် ကာယဂတာ သတိဘာဝနာကိစ္စ၊ အပွနာ စျာန်လေးပါးဟူသော သမထဘာဝနာကိစ္စ၊ ဝိပဿနာဘာဝနာကိစ္စ၊ ဝိမုတ္တိဟုဆိုအပ်သော မဂ္ဂဘာဝနာကိစ္စ၊ ဖလသစ္စိကိရိယာ ကိစ္စတို့သည် ပြီးစီးနိုင်ကြောင်း ပါရှိ၏။ ၎င်း ပြင်လည်း ခပ်သိမ်းသော မြတ်စွာဘုရားတို့သည် အာနာပါန သတိကို လက်မလွှတ်ဘဲ ဘုရားအဖြစ်သို့ ရောက်တော်မူမြဲ ဓမ္မတာဖြစ်ကြ၏။

သမထ ကမ္မဋ္ဌာန်း (၄၀)တွင်လည်း အာနာပါနသည် အစဉ်စွဲမြဲ ပွားများခြင်းငှာ အလွယ်ကူဆုံးဖြစ်၏။ ဘုရားကိုယ်တော်မြတ်ကြီးကလည်း အခြားသော ကမ္မဋ္ဌာန်းတို့ထက် မြင့်မြတ်လွန်ကဲသော ဂုဏ်ပုဒ်ဖြင့် များစွာချီးမွမ်းတော်မူ၏။ အဋ္ဌကထာ ဆရာမြတ်ကြီးတို့ကလည်း မဟာပုရိသ–ဘူမိဟု မိန့်တော်မူကြ၏။ ပုဂ္ဂိုလ်တိုင်း အတွက်လည်း အချိန်အခါ နေရာ ဣရိယာပုတ်မရွေးဘဲ အားထုတ်ရန် လွယ်ကူလှသောကြောင့် အာနာပါနနည်းကိုပင် ရေးပြပါအံ့။

တစ်နာရီ–တစ်နာရီခွဲထိုင်ပါမည်ဟု အဓိဋ္ဌာန်ပြုပြီး ရှေးဦးစွာ ဘုရားရှိခိုး၊ ကြိုက်ရာ သီလခံ၊ အနန္တငါးပါး ကန်တော့၊ (၃၁)ဘုံသားတို့ မေတ္တာပို့ အမျှဝေ၊ သာသနာစောင့်နတ် စသည်တို့ကို စောင့်ရှောက်ရန် တောင်းပန်၊ ပြစ်များဘူးတာများရှိက ကျေပါရန် တောင်းပန်။ မိမိအား သူတစ်ပါးက ပြစ်မှားတာ ရှိလျှင်လည်း ကျေနပ်ပါသည်ဟု ခွင့်လွှတ်။ ရုပ်နာမ်နှစ်ပါးကို ဘုရားလှူ၊ အတိတ်ဘဝများမှစ၍ ယခုအချိန်ထိ ပြုဘူးသော ကုသိုလ် ကောင်းမှုအကျိုးကြောင့် ယခုတရားအားထုတ်ရာတွင် အောင်မြင်ပေါက်မြောက်ပါလို၏။ ဆုတောင်းပြီး...

ထုံးစံအတိုင်း ထိုင်၊ ထွက်လေ ဝင်လေထိရာ နှာသီးဖျားမှာ စိတ်ကို ထား၊ ဘာဘာညာညာ မတွေးမတော မစဉ်းစားနှင့်။ ထွက်တိုင်း ဝင်တိုင်း ထိထိ သွားတာကိုသာ ဂရုစိုက်၍ ရှုနေပါလျှင် အာနာပါန နိမိတ် (၁၂)ဖြာ ဖြစ်စေ၊ အခြားသော နိမိတ်အမျိုးမျိုး ဖြစ်စေ သမာဓိဖြင့် မြင်လာသောအခါ ဝိပဿနာကို ပြောင်းပါ။

ဝိပဿနာရှုနည်း

ဝိပဿနာပြောင်းသောအခါ နှာသီးဖျားမှာ စိတ်မထားဘဲ မိမိ၏ကိုယ် ရင်ချိုင့်နေရာတွင် စိတ်စိုက်ထားပြီး မှတ်သားနေပါ။ မှတ်ပါများသော် သမာဓိအားကောင်းလာပြီး အတွင်းဖောဋ္ဌဗ္ဗရုပ်ချင်း

http://www.dhammadownload.com

ထိခိုက်ကြရာ ကိုယ်ထဲတွင် တရှိန်ရှိန်၊ တဒိတ်ဒိတ်၊ တလှုပ်လှုပ်၊ တရွရွ၊ တမွမွ၊ တစီစီ၊ ယိမ်းယိုင်ညောင်းညာ၊ ထုံကျင်ကိုက်ခဲ၊ တောင့်တင်းလျက်၊ ဓာတ်သဘောတို့သည် သူ ဖြစ်ချင်သလို ဖြစ်လာတတ်သည်။ ဖြစ်ချင်သလိုဖြစ်ပါစေ နေရာမပြင်နှင့်၊ ကျမ်းဂန်တွင် ဒုက္ခကို ဣရိယာပထ ဖုံးထားသည်ဟု ဟောတော်မူသည့်အတိုင်း ဣရိယာပုတ်ကို ပြင်လိုက်လျှင် ညောင်းညာကိုက်ခဲ၊ တောင့်တင်းသော ဒုက္ခဝေဒနာတွေ ပျောက်သွားတတ်သည်ဟု ကျမ်းဂန်က ဆိုသည်။

ဆိုပုံမှာ။ ။ ဒုက္ခလက္ခဏ၊ ဒုက္ခလက္ခဏာကို။ ဣရိယာပထေဟိ၊ဣရိယာပုတ်တို့သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်း ထားခြင်းကြောင့်။ နဥပဋ္ဌာတိ၊ မထင်။

သို့ဖြစ်ပါသောကြောင့် ဘယ်လိုပဲ ညောင်းညောင်း ကိုက်ခဲ တောင့်တင်းနေသော်လည်း နေရာမပြတ်ဘဲ မိဋ္ဌာန်ထားသော အချိန်ကာလ ထိအောင် ဆက်၍ ရှုနေပါ။ ဤသို့ ဆက်ရှုနေလျှင် ညောင်းညာ၊ ကိုက်ခဲ၊ တောင့်တင်းမှုတွေသည် တိုး၍တိုး၍ လာလိမ့်မည်။ အဲဒါတွေဟာ ဓာတ်သဘောကလေးတွေကြောင့် ဒုက္ခဝေဒနာဖြစ်တာတွေပါကလားဟု မှတ်ယူရမည်။ မိဋ္ဌာန်ထားသော နာရီစေ့လျှင် အညောင်းအညာ ဖြေလိုက-ထနိုင်၊ အညောင်းအညာ ဖြေနိုင်သည်။ အညောင်းအညာမဖြေဘဲ ဆက်လက်၍ ရှုသွားနိုင်လျှင် သာ၍ ကောင်းသည်။ အချို့သောသူတို့မှာ ဘယ်လိုဘဲ ညောင်းညောင်း၊ ထုံကျင်၊ ကိုက်ခဲ၊ တောင့်တင်းသော်လည်း ညောင်းညာ၊ ထုံကျင်၊ ကိုက်ခဲ၊ တောင့်တင်းသော် ညောင်းညာ၊ ထုံကျင်တာ၊ တောင့်တင်းတာ ငါမဟုတ်၊ ပုဂ္ဂိုလ် မဟုတ်၊ သတ္တဝါမဟုတ်၊ ဓာတ်သဘောတွေပါကလားဟု သဘောထားပြီး ဆက်လက်၍ ရှုသွားလျှင် ညောင်းညာ၊ တောင့်တင်း၊ ထုံကျင်၊ ကိုက်ခဲမှုတွေသည်၊ အစွမ်းကုန် တိုးတက်လာပြီးလျှင်၊ တဖြည်းဖြည်း ပြန်၍ လျော့နည်း၊ လျော့နည်း ပျောက်ကွယ် ဒုက္ခဝေဒနာတို့သည် သုညတာ၊ အနိမိတ္တာ၊ အပဏိ ဟိတ သမာဓိတို့နှင့်၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါဉာဏ်တို့သည် ဓမ္မတာအတိုင်း တစ်ဆက်တည်း ထင်မြင်၍ လာတော့၏။ ။

ထိုအခါ ဣရိယာပုတ်ကို မပြင်ဘဲနှင့် ဖွတ်တိုး၍ လွတ်မြောက်သည့် တိုင်အောင် ရှုသွားနိုင်လျှင် ဒီတစ်ချီတည်းနှင့် ဒုက္ခဆုံးရာ နိဂ္ဂောဓနိဗ္ဗာန်သို့ ရောက်သွားတတ်သည်ဆိုတာကို ယုံကြည်ရန်သာ အရေးကြီးသည်ကို သတိမူပါလော့-ယောဂီမြတ်တွေ။ ။

ရုပ်သတ်သတ် ရှုနည်း

သံသရာအစမထင် ဘဝအစဉ်တို့က တကွဖြစ်ခဲ့ကြသော ရုပ်နာမ် နှစ်ပါးတို့အနက် ရုပ်ကို မှတ်၍ စကြံသွားလာရင်း၌သော်လည်းကောင်း၊ ကိုယ်ထဲတွင် ဖြစ်ပျက်သဘောကိုသာ မှတ်သားပါများသော် ကြွတာက ဝါယောသဘော၊ လှုပ်ရှားတာဝါယော သဘော၊ မြေကြီးနှင့် ဖဝါးထိမိ၍ ပူမှုအေးမှု သိရခြင်းမှာ တေဇောသဘော၊ ပထဝီ၊ တေဇော၊ ဝါယော သုံးပါးသော သဘောတရားတို့သည် မကွဲမပြား တစ်သားတည်း ပေါင်းမိနေရလေအောင် အာပေါဓာတ် သဘောက ဖွဲ့စည်းလျက် ၎င်းဓာတ်လေးပါး ပေါင်းစု၍နေကြသည်ကို မိမိဉာဏ်ထဲ၌ မြင်လာသည်မှာ ဓာတ်လေးပါး သဘောတို့သည် မာမှု၊ ပျော့မှုသည် တေဇော၊ အာပေါ၊ ဝါယောဟု ဆိုအပ်သော အကြောင်းသုံးပါး ထောက်ခံသဖြင့် မာနိုင်၊ ပျော့နိုင်ခြင်း ဖြစ်သည်။

ပူမှု၊ အေးမှု တေဇောမှာလဲ ပထဝီ၊ အာပေါ၊ ဝါယောဟု ဆိုအပ်သော အကြောင်းသုံးပါးထောက်ခံ၍ ပူနိုင် အေးနိုင်ပေသည်။ လှုပ်ရှားထောက်ခံပြေးလွှင့်မှု ဝါယောမှာလည်း ပထဝီ၊ တေဇော၊ အာပေါ ဓာတ် သုံးပါးတို့နှင့် နီးကပ်၍သာ လှုပ်ရှားနိုင်၊ ထောက်ခံနိုင်၊ ပြေးလွှင့်နိုင်လေသည်။ ဖွဲ့စည်း

http://www.dhammadownload.com

စီးယိုသော အာပေါမှာလည်း ပထဝီ၊ တေဇော၊ ဝါယော သုံးပါးသော သဘောတို့က ထောက်ခံကြသဖြင့် ဖွဲ့စည်းနိုင် စီးယိုနိုင်ခြင်းသာဖြစ်သည်။ ဓာတ်လေးပါးတို့သည် လွန်သော ဓာတ်ကိုစွဲ၍ မာသည်၊ ပျော့သည်၊ အေးသည်၊ လှုပ်ရှားသည်၊ ထောက်ခံသည်၊ ပြေးလွှင့်သည်၊ ဖွဲ့စည်းသည်၊ စီးယိုသည်ဟု ဝိညာဏ်က သိမြင်နိုင်၏။ ၎င်းဓာတ်လေးပါးတို့ တခြားစီ၊ တစ်ပုံစီခွဲထားပြီး ဉာဏ်နှင့်ကြည့်လျှင် အားလုံးဓာတ်တို့သည် သဘောသက်သက်တွေသာ ဖြစ်ကြလေသောကြောင့် အတ္တစွဲ စွဲစရာမရှိတော့ဘဲ အနတ္တကို ကိုယ်ကို မပိုင်ကြ။ အနှစ်သာရလည်း မရှိသော ဓာတ်လေးပါးတွေသာ ဖြစ်ကြသည်ဟူ၍ သိလေတော့၏။

မာမှု၊ ပျော့မှု၊ အေးမှု၊ လှုပ်ရှားမှု၊ ထောက်ခံပြေးလွှင့်မှု၊ ဖွဲ့စည်းမှု၊ ယိုစီးမှုတွေဟု ဝိညာဏ်ဖြင့် သိရတော့မှ ဓာတ်သဘောတွေကို တပေါင်းတည်း မနေရလေအောင် ဓာတ်တစ်ပါးပါး နုတ်ယူထားပြီး အာကာသခြားချကြည့်လျှင် အဘယ်မှာ မာနိုင်၊ ပျော့နိုင်၊ ပူနိုင်၊ အေးနိုင်၊ လှုပ်ရှားနိုင်၊ ထောက်ခံနိုင်၊ ပြေးလွှင့်နိုင်၊ ဖွဲ့စည်းနိုင်၊ စီးယိုနိုင်တော့မည်နည်း။ စိန်နားတောင်းကောင်းရ၍ ပါးပြောင်သည်ဟု ဆိုရပေလိမ့်မည်။ အသခ်ိတ အနတ္တနယ်က ဓာတ်သဘောတို့သည် အကြောင်းတိုက်ဆိုင်၍ သခ်ိတနယ်မှာပင် အဆုံးမသတ်၊ အသခ်ိတ အနတ္တနယ်သို့ ပြန်ဆိုက်ရောက်အောင် လိုက်၍ ဓာတ်ကိုခွဲပြီး ဉာဏ်က ကြည့်မှ ပရမတ္ထ အနတ္တကို ဒိဋ္ဌမသွေ မြင်နိုင်လေတော့၏။

ဤဓာတ်လေးပါးတို့မှာ အကြောင်းတိုက်ဆိုင်၍ ရုပ်ဖြစ်လာလျှင် ချက်ချင်း (ခဏ) အပျက်မြန်ကြလေသောကြောင့် ဖြစ်စ (ခဏ) မှာလည်း အနိစ္စ၊ ပျက်အဆုံး (ခဏ) မှာလည်း အနိစ္စ။ ဖြစ်စ (ခဏ) မှာလည်း ဒုက္ခ၊ ပျက်အဆုံး (ခဏ) မှာလည်း ဒုက္ခ။ ဖြစ်စ (ခဏ) မှာလည်း အနတ္တ၊ ပျက်အဆုံး (ခဏ) မှာလည်း အနတ္တတွေပါကလားဟု သဘာဝကို မိအောင် ဉာဏ်အမြင် ဖြတ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ပြောရလေတော့၏။

နာမ်သက်သက် ရှုနည်း

သံသရာအစမထင် ဘဝဓဉ်တို့က တကွဖြစ်ပျက်ခဲ့သော ရုပ်နာမ်၊ နှစ်ပါးတို့အနက် နာမ်ဓာတ်လေးပါးတို့သည် မှတ်စရာ– စွဲစရာ ရှုပါရဲ့၊ သဒ္ဒါရဲ့၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟု ဆိုအပ်သော အာရုံ(၆)ပါးနှင့် အဆင်း၊ အနံ့၊ အရသာ၊ သြဇာဟူ၍ ဥပါဒါန် ရုပ်လေးပါး ရှိကြ၏။

အထက်ပါရုပ်တို့ကို တစ်ပါးပါးသော မှတ်စရာ စွဲစရာ ဥပါဒါန်ရုပ်ကို အာရုံပြုမိသော် အာရုံကို အမှီပြု၍ စိတ်ကသိမြင်တော့၏။ ၎င်း သိမြင်သော စိတ်ကိုပင် မနောဝိညာဏ်ဟူ၍ ခေါ်ရပေ၏။ ဝိညာဏာကွန္ဓာလို့လဲ ခေါ်ရလေ၏။ မှတ်သားခြင်း သညာ စေတသိက်ကိုလည်း သညက္ခန္ဓာ လို့ခေါ်ရ၏။ ။ ၎င်း မှတ်သားမှုတို့ကို ခံစားလိုက်မိသော် ဖြစ်ပျက်ကောင်းဆိုး သာယာခံစားသော စေတသိက်ကိုလည်း ဝေဒနာက္ခန္ဓာလို့ ခေါ်ရ၏။ ၎င်းဝေဒနာ သာယာ ခံစားမှုကြောင့် သခ်ိါရက္ခန္ဓာ ဖြစ်ပြန်ရ၏။

သခ်ိါရ သာယာခံစားမှုကို နောင်အသစ်တစ်ဖန် ဆက်လက် ခံစားရန်ပြုပြင်၍ ပေးလေသောကြောင့် အကြောင်းတရားဟုခေါ်ရ၏။ ထိုအကြောင်းတရားသည် တဏှာ၏ အစွမ်းသတ္တိပေတည်း။ တဏှာ၏ အစွမ်းသတ္တိကြောင့် သမုဒယသစ္စာဟု ခေါ်ရ၏။ သခ်ိတဒုက္ခနယ်၌ ဆင်းရဲတကာတို့၏ စုဝေးတည်ရာ ဌာနဖြစ်သော ရုပ်နာမ် ဖြစ်လာမှုကြောင့် အမျိုးမျိုးသော ဒုက္ခတွေ တွေ့ကြုံရ၏။

သိမှု၊ မှတ်မှု၊ ခံစားမှု၊ ပြုပြင်မှုဟု ဆိုအပ်သော နာမ်ခန္ဓာလေးပါးတို့သည် သိမှုမှာလည်း သဘောပဲ၊ မှတ်မှုမှာလည်း သဘောပဲ၊ ခံစားမှုမှာလည်း သဘောပဲ၊ ပြုပြင်မှုမှာလည်း သဘောပဲ၊ နာမ်

http://www.dhammadownload.com

ဓာတ်လေးပါးတို့၏ သဘောတွေကို သိရတော့မှ သိစ(ခဏ)၊ မှတ်စ(ခဏ)၊ ခံစား စ(ခဏ)၊ ပြုပြင်စ(ခဏ) တို့မှာလဲ မမြဲတဲ့အနိစ္စဘဲ။ သိအဆုံး(ခဏ)၊ မှတ်အဆုံး(ခဏ)၊ ခံစားအဆုံး(ခဏ)၊ ပြုပြင်အဆုံး(ခဏ)တို့မှာလဲ မမြဲတဲ့အနိစ္စဘဲ။ သိစ(ခဏ)၊ မှတ်စ(ခဏ)၊ ခံစားစ(ခဏ)၊ ပြုပြင်စ(ခဏ) တို့မှာလဲ ဆင်းရဲတဲ့ဒုက္ခပဲ။ သိအဆုံး(ခဏ)၊ မှတ်အဆုံး(ခဏ)၊ ခံစားအဆုံး (ခဏ)တို့မှာလဲ ဆင်းရဲတဲ့ဒုက္ခပဲ။ သိစ(ခဏ)၊ မှတ်စ(ခဏ)၊ ပြုပြင်အဆုံး(ခဏ)၊ ခံစားစ(ခဏ)၊ ပြုပြင်စ(ခဏ) တို့မှာလည်း တို့မှာလည်း အနှစ်သာရမရှိ ပြုပြင်အဆုံး (ခဏ) လေသောကြောင့် အနတ္တပဲ။ သိအဆုံး(ခဏ)၊ မှတ်အဆုံး(ခဏ)၊ ခံစားအဆုံး(ခဏ)တို့မှာလည်း အနှစ်သာရမရှိ အစိုးမရလေသောကြောင့် အနတ္တသဘောတွေပါကလားဟု ဉာဏ်ထဲတွင် ကွင်းကွင်းကြီးမြင်လာမှတော့ သဘာဝကိုမိအောင် ဉာဏ်က ဖမ်းပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ပြောချရလေသည်။

ဤကဲ့သို့ ရုပ်-နာမ် နှစ်ပါးတို့ကို ပြန်ကာလှန်ကာ ဝေဖန်သိနေခြင်းကို ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟု ခေါ်ရပြန်၏။ ရုပ်-နာမ် နှစ်ပါးကို ဝေဖန်ပိုင်းခြား၍ သိရလေသောကြောင့် နာမရူပ၊ ပရိစ္ဆေဒဉာဏ်လို့လည်း ခေါ်နိုင်သေး၏။ စူဠသောတာပန်တို့၏ အတန်းအစားထဲ ရောက်လေ၏။ ခေါ်သင့်၏။

ဉာဏ်အဆင့်ဆင့်တွေကို စုံအောင်ရေးနေမည်ဆိုလျှင် ရှည်လျားနေတော့မည်စိုး၍ မရေးတော့ပြီ။ ဉာဏ်စဉ်များသည် တတ်သိလိမ္မာ ကျွမ်းကျင်ပြီးသော ဆရာတော်ဘုရားကြီးများ ရေးသားပြီးသော ကျမ်းစာတွေကို ဖတ်ရှုကြရ၍ နားလည်ပြီးသော ပုဂ္ဂိုလ်တို့သာ ယခုခေတ်မှာ များကြသဖြင့် စာမတတ် သူများ လွယ်လင့်တကူ သိလွယ်၊ တတ်လွယ်နိုင်ကြစေခြင်း အကျိုးငှာ သဒ္ဓါတရားထက်သန်လှ၍ တိုတိုတုတ်တုတ် ဥပါဒါန်ရုပ်ကို အကြောင်းအစ အမှုးထားပြီး သခါရပေကွာဉာဏ်နှင့် ဆက်စပ်၍ ဘွင်းဘွင်းကြီးသိလွယ်၊ မှတ်သားလွယ်အောင် ရေးသားလိုက်တော့သည်။

ဥပမာ။ ။ အလွန်ရင်းနှီးလှသော မယားနှင့် သားအပေါ်မှာ ကြီးမားသော အပြစ်ကို တွေ့ရသည့်အတွက် မချစ်မခင် မပြစ်မြင်ပြီးသော သားမယားတို့ကို ပြန်၍ ပေါင်းသင်းဆက်ဆံခြင်းမှ ကင်းမဲ့သော အသိဉာဏ် ပေါ်ပေါက်လာပြီး ထိုရုပ်နာမ်နှစ်ပါးတို့ကို မချစ်မခင်အပြစ်လည်းမထားဘဲ ရုပ်-နာမ်နှစ်ပါးတို့၏ကြားတွင် မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ တည်တည်မတ်မတ် ဥပေက္ခာအနေဖြင့် လျစ်လျူရှု၍ နေလေတော့သည်။

နောက်သတိရလာတော့မှ သခါရုပေကွာဉာဏ်သည် ရုပ်-နာမ်နှစ်ပါးတို့အပေါ်တွင် မနှစ်သက်လိုသော အပြစ်တွေ မြင်လေသောကြောင့် ဥပေက္ခာနေသည့် အချိန်ကာလအတွင်းမှာ ခင်မင်တွယ်တာ သာယာမှုအကြောင်းတရား ကင်းဆိတ်နေသည့်အခါမှာ သခါရပြုပြင်မှု ရပ်နေသောကြောင့် ရုပ်-နာမ်တို့ကို လျစ်လျူရှုနေသည်ကို ကျမ်းဂန်စကားနှင့်ညီလှပေသည်ဟု သိရတော့မှ ဘုရားကို ယုံကြည် ကြည်ညိုမှု၊ တရားကို ယုံကြည်-ကြည်ညိုမှု၊ သံဃာကို ယုံကြည်-ကြည်ညိုမှုတို့သည် ရှေးကနှင့် မတူ ပွန်စွာထက်သန်လာတော့၏။

နောက်ဉာဏ်စဉ်ကို လျှောက်၍ ထိုဉာဏ်ကို ထပ်ခါ ထပ်ခါ စဉ်းစား ဆင်ခြင်ဝေဖန်ပါများသော် ရုပ်နာမ်နှစ်ပါးတို့ကြားတွင် ဥပေက္ခာအနေနှင့် လျစ်လျူရှုနေစဉ်အခါမှာ ရုပ်ပေါ်မှာလည်း စွဲလမ်းစရာမရှိ၊ နာမ်ပေါ်မှာလည်း စွဲလမ်းစရာမရှိ၊ ခေတ္တကင်းပြတ်နေလေသောကြောင့် ထိုအချိန်အခါ ကာလအတွင်းမှာ အဝိဇ္ဇာ ပစ္စယာသခါရာ၊ သခါရ ပစ္စယာ ဝိညာဏ် ဆိုသည့်အတိုင်း ပဋိစ္စသမုပ္ပာဒ်စက်ကြီး ခေတ္တရုပ်၍ နေလေတော့၏။

စက်ရုပ်၍ နေသည်ဟု ဆိုအပ်သော စကားမှာ ရုပ်နာမ်နှစ်ပါးတို့အပေါ် ဥပါဒါန် မစွဲလမ်းဘဲ၊

http://www.dhammadownload.com

လျစ်လျူရှု၍ နေတုန်းခဏ၌ပင် သခါရ ပြုပြင်မှုကင်းဆိတ်နေသည့် အချိန်မှာ...

ဥပမာ။ ။ မင်းတုပ်ထိုးလျက် ပိတ်ထားသော အနုလောမဉာဏ်၏ တံခါးမင်းတုပ်ကို ဉာဏ်သမာဓိတို့က ဖွင့်ရန် ကြိုးစား၍ ကြဲစည်နေသော အချိန်အခါနှင့် တူလှပေ၏။

ၛင်းဉာဏ်ကို ဆင်ခြင်ပါများသော အနုလောမဉာဏ်၏ မင်းတုပ်ကျက်ကို နုတ်ဖွင့်လေတော့၏။ အနုလောမဉာဏ် မင်းတုပ်ကို နုတ်ဖွင့်လိုက်လျှင် ဂေါတြဘူ တံခါးရွက် ပွင့်တော့၏။ ဂေါတြဘူ တံခါးရွက် ပွင့်သွားလျှင် မဂ်ဉာဏ်နှင့် ဖိုလ်ဉာဏ်တို့သည် မီးနှင့် အရောင်ကဲ့သို့ တစ်ပြိုင်နက် တစ်ချက်တည်း မရွေးမနှောင်း ဖြစ်ပေါ်၍နေလေတော့၏။

နောင်လွန်ခဲ့သည့် အနာဂတ် ကာလက ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု ဆိုအပ်သော အကြောင်းတရားကြောင့် ဖြစ်ပေါ်လာရသည့် ဥပါဒါန်ရုပ်ကို အာရုံပြု၍ သိမှတ် ကောင်းဆိုး စံစားခဲ့သောကြောင့် ကောင်းကံ၊ မကောင်းကံတို့ ဖြစ်ပေါ် ဖြစ်ပေါ်ပြီး သခါရက ပြုပြင်၍ ပေးပြန်သဖြင့် ယခု ပစ္စုပ္ပန်မှာလာ၍ အသစ်တစ်ဖန် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟု ဆိုအပ်သော အကြောင်းတရားလေးပါးတို့ကြောင့် ထပ်မံ၍ ဖြစ်ပေါ်လာရပြန်သော် ဥပါဒါန်ရုပ်ကို အာရုံက ပြုမိ၊ စိတ်က သိမြင်၊ စေတသိက် သညာက မှတ်သား၊ ဝေဒနာက ခံစားရ၍ ဖြစ်ပျက်တွေကို ဉာဏ်က သိမြင်လာပြီး မုန်းသည်လည်းမဟုတ်၊ ချစ်သည်လည်း မရှိတော့ဘဲ၊ ဥပေက္ခာအနေဖြင့် လျစ်လျူရှုလျက် ရုပ်-နာမ်နှစ်ပါးတို့၏ကြားခံ့ ဉာဏ် သိလျက် တိတိမတ်မတ် မယိမ်းမယိုင် ကျောက်စာတိုင်လိုဖြစ်နေပြီး၊ အနုလောမဉာဏ်သို့ ရောက်အောင် မတတ်နိုင်လျှင်။

ရုပ်နာမ် နှစ်ပါးတို့ကို လျစ်လျူရှုနေသည်ဆိုသော သခါရဥပေက္ခာဉာဏ်သည် ရုပ်နာမ်နှစ်ပါးတို့ လွန်မြောက်အောင် လျစ်လျူမရှုနိုင်ဘဲ ပြန်ပြီး ခင်မင်တွယ်တာ သိမှတ်ခံစား၍ နေရလေပြန်သောကြောင့် ရုပ်-နာမ်နှစ်ပါးတို့ကို ခွာလိုက်-ကပ်လိုက်နှင့်၊ ဒီသာကာကကျေး လင်းယဉ်တိုင် နားလိုက် ကမ်းရှာလိုက် နေသလို သခါရပေက္ခာဉာဏ်ဖြစ်နေသည်ကို ဒီဋ္ဌိကပ်ခွာ နေသည်ဟု ဆိုရပေ၏။ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာသို့ မဆိုက်ရောက်သေးသဖြင့် အပြန်ပြန် အခေါက်ခေါက် တက်ချီဆင်းချီ ဖြစ်နေလေသောကြောင့် ခန္ဓာ၏ သံသရာမှာပင် အပြန်ပြန် လည်နေသည်ဟု သိရလေတော့၏။

တစ်နည်း။ ။ သခါရပေက္ခာဉာဏ်ဟာ သခါရအကြောင်းရင်း တဏှာ-သမုဒယပြုပြင်မှုကို ခေတ္တရုပ်ထားသော ဉာဏ်ဖြစ်သဖြင့် ရုပ်-နာမ် နှစ်ပါးတို့ကို အချစ်မဝင် အပြစ်သာ မြင်လေသောကြောင့် ရုပ်-နာမ် နှစ်ပါးတို့ကို ချစ်သည် မုန်းသည်မထားတော့ဘဲ ရုပ်-နာမ်နှစ်ပါးတို့ကို လျစ်လျူရှုလျက် မယိမ်းမယိုင် တည့်တည့်မတ်မတ် ရုပ်တန့်နေသည့် အချိန် ကာလအတွင်းမှာ ရုပ်-နာမ်တို့ကို သာယာစွဲလမ်းခြင်းတို့မှ ကင်းပြတ်လေသောကြောင့် အကြောင်းရင်းတဏှာဖြစ်သော သမုဒယသစ္စာ ရုပ်နေသည်ကိုပင်၊ အကျိုးဒုက္ခသစ္စာ မဖြစ်ပေါ်နိုင်တော့ပဲ ပျက်ရလေတော့၏။ မဂ်-ဖိုလ် နိဗ္ဗာန်ကို ရလိုသူတို့သည် ရုပ်စစ်-နာမ်စစ်တို့ကို အမှန်တကယ်သိအောင် အရေးကြီးလှ၍ အောက်၌ ရုပ်ကို ရေးပြပေအံ့။

ရုပ်စစ်ဟု ဆိုအပ်သော သမ္မာဥပါဒါန် သဏ္ဌာနသန္ဓတိဟု ဆိုအပ်သော ပညတ်တို့ကို လွတ်မြောက်မှ ရုပ်စစ်သည်ဟု ဆိုရပေမည်။ အဆင်းလုံးကြီးတွေကို မြင်တာ ပညတ်မြင်ဟု မှတ်ပါ။ အသံလုံးကြီးတွေကို ကြားတာ ပညတ်ကြားဟု မှတ်ပါ။ အနံ့လုံးကြီးတွေကို နံတာ ပညတ်နံ့ဟု မှတ်ပါ။ အတွေ့အထိလုံးကြီးတွေကို တွေ့ထိတာ ပညတ်နှင့် တွေ့ထိတာဟု မှတ်ပါ။

ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက

http://www.dhammadownload.com

စပ်ဆိုတော်မူသည်မှာ– အဋ္ဌကလာပ်၊ ဓာတ်ခဲအပေါင်း၊ ထောင်သောင်းမက၊ အနန္တများစွာ၊ ပေါင်းစုလာသော်၊ အမာအပျော့၊ အပေါ့အလေး၊ အသေးအကြီး၊ အနည်းနည်း အထွေထွေ၊ အပွေပွေ အလီလီ၊ အရည်အဖတ်၊ ဒြပ်သဏ္ဌာန်၊ ပေါ်လာပြန်က၊ မှားရန် အကြောင်း၊ နိမိတ်ပေတည်း။ အရိပ်အရောင်၊ အမှောင်အသံ၊ သဏ္ဌာန်အဆင်း၊ ခုခံလျှင်းက၊ ဉာဏ်နှင့်ရှင်း၍၊ အတင်းရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေ၏ တကား'ဟု စပ်ဆို၏။ ။ ထို့ကြောင့် ပညတ်လွတ်မှ ရုပ်စစ်ဟုမှတ်ပါ။ ရုပ်စစ်စစ်ဆိုတာ ဖောက်ပြန်တတ်သော သဘောသတ္တိကိုသာ ရုပ်စစ်ဟု ဆိုသည်။

အပူသတ္တိ၊ အအေးသတ္တိ၊ နှစ်သက်မှု မနှစ်သက်မှုနာမ်ရဲ့သတ္တိ၊ အစိုရှိသည်တို့ကြောင့် ဖောက်ပြန်မှု ဖြစ်ပေါ်လာသည်ကိုသာ ရုပ်စစ်ဟု ဆိုလိုသည်။ ဤ ရုပ်စစ်သည် ပညတ်နှင့်မရော၊ သမ္မာ–သဏ္ဌာန၊ အစရှိသော ပညတ်တို့သည် ရုပ်စစ်၊ နာမ်စစ်၊ ဓာတ်စစ်တို့နှင့် မရောမယှက်ကြပေ။ ဘာကြောင့် မရောသနည်းဟု ဆိုသော် ရုပ်စစ်၊ နာမ်စစ်၊ ဓာတ်စစ်တို့သည် အနိစ္စဓာတ်မျိုး ဖြစ်ကြကုန်၏။ သမ္မာ၊ သဏ္ဌာန၊ အစရှိသော ပညတ်မျိုးတို့သည် အနိစ္စဓာတ်မဟုတ်ကြကုန်၊ အနိစ္စဓာတ် မထိုက်ကြကုန်။ အနိစ္စ မထိုက်လျှင် လက္ခဏာဉာဏ် အစစ် မဖြစ်ကြကုန်။ လက္ခဏာဉာဏ် အစစ် မဖြစ်ကြလျှင် သစ္စာဉာဏ် မပေါ်နိုင်။ သစ္စာဉာဏ်မပေါ်နိုင်လျှင် မဂ် မရနိုင်။ မဂ်မရနိုင်လျှင် နိဗ္ဗာန်ကို မဆိုက်၊ မရောက်၊ မသိ မမြင်နိုင်ဟု မှတ်ကြပါလေ ယောဂီမြတ်တွေ။

ရုပ်စစ်ရှင်းတမ်းပြီး၏။

× × ×

ရုပ်စစ်စစ်ကို အောက်၌ ရှင်းပြဦးအံ့

ပညတ်ထဲမှာ ပေါက်ပွားသော နာမ်သည် ပညတ်နာမ်မည်၏။ ပရမတ်ထဲမှာ ပေါက်ပွားသော နာမ်သည် ပရမတ်နာမ် မည်၏။ ပညတ်ထဲမှာ ပေါက်ပွားသော နာမ်သည် အဘယ်နည်းဟု မေးရာ၏။ အဖြေကား ပုဂ္ဂလ၊ သတ္တ၊ အတ္တ၊ ဇီဝ၊ သမ္မုဟ၊ သဏ္ဌာန အစရှိသော ပညတ်ထဲမှာ ပေါက်ပွားသော နာမ်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော အစရှိသော ဓမ္မပညတ် အမျိုးမျိုးထဲမျာ ပေါက်ပွားသောနာမ်။ ဤနာမ် နှစ်ခုတို့ကို ပညတ်နာမ်ဟု ဆိုရပေ၏။

ဤ ပညတ်နာမ်ကို လွန်မြောက်၍ ပရမတ်ဆတ်ဆတ်မှာ အမည်ပျောက်၍ ပေါ်သော သိသော သဘော နာမ်ကိုသာ ပရမတ်နာမ်စစ်ဟု မှတ်ယူကြရာ၏။ နာမ်စစ်ကို သိပုံ မြင်ပုံကား တကွ ဖြစ်သော သဘော တရားတို့ကို ဤလိုဖြစ်သည်၊ ဤလိုပျက်သည်၊ ဟိုလိုဖြစ်သည်၊ ဟိုလိုပျက်သည်ဟု အမှတ်မပြု သူ့သဘာဝ ဓမ္မအတိုင်း ဖြစ်မှု၊ ပျက်မှုတို့ကို သိမြင်သော နာမ်ကိုသာ နာမ်စစ်ပေတည်း။ ဤနာမ်ကို သိမြင်ပုံကား အထူးသိမြင်ပုံပေတည်း။ အထူးသိမြင်သည်ကို ဉာဏ်မြင် ပညာမြင်ဟု ဆိုပေ၏။ ဒါကြောင့် လယ်တီဆရာတော် ဘုရားကြီးက 'ရုပ်နာမ်နှစ်ခု၊ နှစ်ဘို့ပြု၍၊ ရုပ်စု နာမ်စု၊ တစ်ခုခု၌ ကြဲဖန်စေ့ငုံ၊ စိုက်၍ရှုမှု၊ ဓာတ်ရင်းမူလ၊ သဘာဝကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ခြေ၏ တကား...'ဟု စပ်ဆိုတော်မူပေ၏။ သတိမူကြလေ ယောဂီသူမြတ်တွေ။

ဝိပဿနာရှုနည်း ပြီး၏။

○

[မျောက်တစ်ရာတောရ ဆရာတော်ဘုရားကြီး၏ ၁၃၁၉ ခုနှစ်ထုတ် ဝိပဿနာအလင်းပြကျမ်းမှ ထုတ်နုတ် ဖော်ပြပါသည်။]

ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်းများ ဒုတိယတွဲပြီး၏။

■

ကျော်နန္ဒအောင်

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
ပထမရွှေကျင်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ရွှေကျင်နိကာယ အစဉ်းဖျား လွန်ထူးခြားသည့်

ပထမရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရမဟာထေရ်၏

ထေရုပ္ပတ္တိအကျဉ်း

(၁၁၈၄-၁၂၅၅)

ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရမဟာထေရ်သည် ရွှေဘိုမြို့တောင်လက် လှတောကြီးငါးရွာ အဝင်အပါ ရွှေကျင် အမည်ရှိသော ရွာ၌ အဖဦးမောင်-မိခင် ဒေါ်မိတို့မှ သက္ကရာဇ် ၁၁၈၄-ခု ပထမဝါဆိုလဆုတ် (၁၂-ည၊ မြန်မာ ၃-ချက် တီးကျော်) ၁၃-ရက် အင်္ဂါနေ့ (အဝင်) တွင် ဖွားမြင်တော် မူခဲ့လေသည်။ ငယ်မည် မောင်သန့် ဖြစ်သည်။

ရှင်သာမဏေဝတ်-ပညာသင်-ရဟန်းဖြစ်

သက်တော် ၇-နှစ်အရွယ်တွင် ရွှေကျင်ရွာ မဟာဗောဓိကျောင်း ဆရာတော် ဦးရေဝတထံ ပညာသင်ကြား၍ ၁၄-နှစ်သားအရွယ်တွင် သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘွဲ့မည် ရှင်ဇာဂရ ဖြစ်သည်။

၁၅-နှစ်သားအရွယ်တွင် ရွှေဘိုမြို့ ဝကံဘာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ ၁၈-နှစ်သားအရွယ်တွင် 'စန္ဒိမာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု'ဘွဲ့တံဆိပ်တော်ရ သီးလုံး ဆရာတော်ဘုရားကြီး အရှင်စန္ဒိမာထံ၌လည်းကောင်း အဆင့်ဆင့် ကူးပြောင်း ပညာသင်ကြားတော်မူခဲ့လေသည်။ သက်တော် ၂၀-အရွယ်တွင် ရွှေကျင်ရွာ မဟာဗောဓိကျောင်း ဆရာတော်ထံ၌ပင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆက်လက် ပညာသင်ကြားခြင်း

ရဟန်းဖြစ်ပြီး နောက်တွင်လည်း သီးလုံးဆရာတော်ထံတွင် ဆက်လက် ပညာသင်ကြားတော်မူသည်။ ၎င်းနောက် ရှစ်ဝါရသည့်တိုင်အောင် မန်ကျည်းကန်ရွာဆရာတော်၊ မူးဝရွာထောင်ဆရာတော်၊ အမရပူရ မြို့တော်ရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်များထံ၌လည်း ဆက်လက် ပညာသင်ကြားတော်မူခဲ့လေသည်။

သဲအင်းသာသနာပိုင် ယုံကြည်

အမရပူရမြို့တော် သဲအင်းသာသနာပိုင် ဆရာတော်ကြီးထံ ပညာသင်ကြားစဉ် သာသနာပိုင်ဆရာတော်ကြီးက အာပတ္တာဓိကရဏ်း အဆုံးအဖြတ် အချို့ကို အရှင်ဇာဂရအား ဆုံးဖြတ်စေတော်မူခဲ့သည်။

သာသနာပိုင်ဆရာတော်ကြီးက များစွာ ယုံကြည်တော်မူသည်၊ သီတင်းသုံးဖော်တို့ကလည်း ကျေနပ်တော်မူကြသည်။

http://www.dhammadownload.com

မန်ကျည်းစဉ် ခေါ်တော, ရှိမ်းမကားတို့၌ စာချ

ရဟန်းသိက္ခာ ရစ်ပါအရောက်တွင် ရွှေဘိုမြို့နယ် မန်ကျည်းစဉ် ခေါ်တောနှင့် ရှိမ်းမကားတို့၌ တပည့်တပန်း စာသင်သားတို့အား စာပေပို့ချ၍ သာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

ရွှေကျင်ဆရာတော်နှင့် အုတ်ဖိုဆရာတော်

မဟာဒွါရနိကာယ၏ ဦးစီးနာယက အာဒိကမ္မိက ဖြစ်တော်မူလတံ့သော၊ အရှင်ဥက္ကံဝံသမာလာသည် တပည့်သံဃာတော်များနှင့်အတူ စစ်ကိုင်း မြို့ ထူပါရုံဆရာတော် ဘုရားကြီးထံ ဘင်္ဂလီ နာဂရီဘာသာ ကလာပ်ကျမ်း၊ ဝိဒင်္ဂျမ်းတို့ကို သင်ကြားတော်မူရန် အမရပူရမြို့တော် မြသိန်းတန်ဆရာတော် ဘုရားကြီးထံမှ ကြွတော်မူခဲ့သည်။ ထိုအခါ အရှင်ဇာဂရသည် အုတ်ဖိုဆရာတော်ထံ ကြွရောက်၍ 'စာတစ်ဝါ ချပို့ပေးပါရန်' လျှောက်ထားရာ အုတ်ဖိုဆရာတော်က 'ပညာသင်ရန် လာခိုက်ဖြစ်ရာ စာပေ ချပို့မူ မပြုနိုင်ပါ၊ သို့ရာတွင် အားလပ်ခွင့်ရတိုင်း လိုအပ်သော အချက်အလက်တို့ကို မေးမြန်း လျှောက်ကြားခွင့်'ကို ပြုတော်မူသည်။ ယင်းသို့ ခွင့်ပြုသဖြင့် တစ်ဝါတွင်းလုံး အရှင်ဇာဂရက မေးလျှောက်သည်၊ အုတ်ဖိုဆရာတော်က ပြောကြားတော်မူသည်။ ယင်းသို့ဖြင့် အုတ်ဖိုဆရာတော်နှင့် ရွှေကျင်ဆရာတော်သည် 'သူတော်ချင်းချင်း သတင်းလွှဲလွှဲ' ဆိုသည့်အတိုင်း လွန်စွာ ညီညွတ် နှီးနှောကြသည်။

ရွှေကျင်ဆရာတော်နှင့် မင်းတုန်းမင်း

အရှင်ဇာဂရ အမရပူရမြို့တော် သဲအင်းတိုက်၌ စာဆိုစာလိုက်၍ နေတော်မူစဉ် အာပတ္တာဓိကရဏ်း တစ်ရပ်ကို ဆုံးဖြတ်ပေးရန် စောဒက ပုဂ္ဂိုလ်တို့က တောင်းပန်လျှောက်ထားကြောင်း၊ ယင်းအမှုကို ဆုံးဖြတ်နိုင်ရန် အရှင်ဇာဂရသည် (ထိုစဉ်က အိမ်ရှေ့မင်းသားဖြစ်သော) မင်းတုန်းမင်း အိပ်နေရာ အိပ်ခန်းဆောင်သို့ ဝင်ရောက်၍နှိုးကာ အမှုအခင်းအကြောင်းကို ရှင်းလင်း ပြောပြကြောင်း၊ အိမ်ရှေ့မင်းကလည်း ဤ ပုဂ္ဂိုလ်သည် သာသနာတော်အရေးနှင့် စပ်လျဉ်ယထာဓမ္မလမ်းမှန်ကျကျ ဆောင်ရွက်နိုင်စွမ်း ရှိလိမ့်မည်ဟု အသိအမှတ်ပြုကြောင်း အဆိုရှိသည်။

အိမ်ရှေ့မင်းဖြစ်သော မင်းတုန်းမင်းသည် ၁၂၁၄–ခုနှစ်တွင် ရွှေဘိုမြို့သို့ ထွက်သွားပြီး နောင်တော်ပုဂံမင်းကို ခြားနား ပုန်ကန်တော်မူသည်။ ယင်းသို့ ရွှေဘိုသွားစဉ် စစ်ကိုင်းမြို့ ရွာထောင်ရွာအနီး တောလမ်းခရီး၌ ရွှေကျင်ဆရာတော်ကို ဖူးမြင်ခွင့်ရကာ တရားတော်ကို နာယူရသောကြောင့် သာသနာပြုနိုင်လိမ့်မည်ဟု ယုံကြည်တော်မူ၍ အရေးတော်အောင်မြင်ပြီးမြောက်လျှင် သာသနာပြုကြွရန် လျှောက်ထားခဲ့ကြောင်း ဆိုကြသည်။

ကျောင်းတိုက်ကြီးများ
တည်ဆောက်လှူဒါန်းကိုးကွယ်

မင်းတုန်းမင်းတရားကြီး ထီးဖြူစိုက်ဆောက်မင်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ရဟန်းသိက္ခာ ၁၉ ဝါရှိ ရွှေကျင်ဆရာတော်ကို တပည့်သံဃာအပေါင်းနှင့်တကွ ရှိမ်းမကားရွာမှ မန္တလေး ရတနာပုံ မြို့တော်သို့ ပင့်ဆောင်တော်မူလေသည်။ သုံးကြိမ်တိုင် ပင့်ဆောင်မှ ကြွတော်မူသည်။ မန္တလေးမြို့တော် မြောက်ဘက်(မန္တလေးတောင်ခြေ)၌ အရံကျောင်းတိုက် လေးတိုက်နှင့်တကွ မဟာဓမ္မိကာရာမဟု ကမ္ဘည်းထိုး၍ (ရွှေကျင်တိုက်ကြီး) ကို လှူဒါန်းတော်မူလေသည်။ ဤကျောင်းတိုက်ကြီးငါးတိုက်ကို ရွှေကျင်တိုက်မဟုခေါ်၏။ ၎င်းရွှေကျင်ငါးတိုက်ကား–

၁။ ထရံကာတိုက် (မိုင်းလုံးတိုက်လည်း ဟူ၏။)
၂။ ရမည်းသင်းတိုက်
၃။ မဟာဓမ္မိကာရာမတိုက် (ရွှေကျင်တိုက်မ)
၄။ မင်းကင်းတိုက်
၅။ မြတောင်တိုက်တို့ ဖြစ်ကုန်၏။

http://www.dhammadownload.com

အရှေ့အနောက် တန်းနေပြီးလျှင် မဟာဓမ္မိကာရာမတိုက် (ရွှေကျင်တိုက်မ)မှာ အလယ်ဗဟိုဌ် တည်ရှိသည်၊ သံဃာတော်ပေါင်း တစ်ထောင်ခန့် ရှိသောဟူ၏။

သာသနာပြုတော်မူခြင်း

၁၂၃၀-ပြည့်နှစ်တွင် မင်းတုန်းမင်းတရားက ရွှေကျင်ဆရာတော်ဘုရားအား အလုံမြို့၊ ဒီပဲရင်းမြို့၊ ဗန်ကျီမြို့၊ တလုပ်မြို့၊ ရတနာသိန်မြို့၊ ကလေးရာဇဂြိုလ်မြို့ စသောမြို့များ၌ သာသနာပြုစု သုတ်သင်ရန် အပ်နှင်းတော်မူသဖြင့် ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်ထောက် အကြီးအကဲများ ခန့်ထား သာသနာပြုတော်မူခဲ့သည်။

မင်းပြစ်မင်းဒဏ်သင့်သည့် ပုဂ္ဂိုလ်များ (အထူးသဖြင့် ရာဇဝတ်သင့်သည့် ရဟန်းများ)ကို ရွှေကျင်ဆရာတော်ဘုရားကြီး မြစ်တားတော်မူလျှင် မင်းတုန်းမင်းတရားကြီးက ခွင့်ပြုတော်မူလေ့ ရှိသတတ်။ မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူသော်လည်း-

၁။ ရွှေကျင်ဆရာတော်ကို သာသနာပိုင် မတင်မြှောက်ရခြင်း

၂။ အိမ်တော်ပါ မိဖုရားကို အဘိသိက်ခံ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး မတင်ရခြင်း

ဟူသော အလိုဆန္ဒနှစ်ရပ် ပြည့်ဝသွားတော်မူဟု ပြောရိုး ဆိုစဉ် ရှိသည်။

ရွှေကျင်ဂိုဏ်း စတင်ပေါ်လာပုံ

ရွှေကျင်ဆရာတော် မန္တလေးမြို့တော်သို့ ကြွရောက် သီတင်းသုံးတော်မူသောအခါ သာသနာပိုင်ဆရာတော် (ဦးဥေယျ)ထံသို့ သုံးကြိမ်တိုင်တိုင် ကန်တော့ရန် ကြွတော်မူသည်။ သုံးကြိမ်လုံးမှာပင် သာသနာပိုင်က စကားမပြောဘဲနေသဖြင့် နောက်ထပ် သာသနာပိုင်ဆရာတော်ထံ ကြွတော်မူတော့ချေ။ နောင်တွင် သာသနာပိုင် ဆရာတော်က အမိန့်အာဏာဖြင့် ဆင့်ခေါ်လေသည်။ သို့ရာတွင် ရွှေကျင်ဆရာတော် ကြွတော်မူတော့ချေ။ ထိုသို့ ဆင့်ခေါ်၍ မရလေလျှင် မဟာဒဏ်ဝန်ကျောင်းလုလင်တို့နှင့် အတင်းအကြပ်ခေါ်မည် ပြုပြန်သည်ကို သိတော်မူလေလျှင် မင်းတုန်းမင်းတရားထံ ကြွရောက် အကျိုးအကြောင်း မိန့်ကြားတော်မူကာ 'မိမိသည် တောသို့ ပြန်ကြွတော့မည် ဖြစ်ကြောင်း' မိန့်တော်မူလေ၏။

ထိုအခါ မင်းတုန်းမင်းတရားက 'မြို့တော်၌ သာ သဘောအတိုင်း သီတင်းသုံးတော် မူပါမည့် အကြောင်း' လျှောက်ထားလေသည်၊ 'ရွှေကျင် ဆရာတော်ကို သာသနာပိုင်ဆရာတော်နှင့် သုဓမ္မာက အဆင့်အခေါ် မရှိပါစေနှင့်' ဟု လျှောက်ထားကာ သုဓမ္မာလက်အောက်ခံအဖြစ်မှ ကင်းလွတ်စေတော်မူခဲ့လေသည်။

တစ်နည်းကား - တစ်နေ့တွင် သုဓမ္မာဝင် ဆရာတော်များ၏ အမိန့်ဖြင့် သုဓမ္မာသဘင်သို့ ရွှေကျင်ဆရာတော် ကြွလာရန် ဆင့်ဆိုတော်မူလေသည်။ ရွှေကျင်ဆရာတော်က ကြွလာတော်မမူချေ၊ အခါခါ ငြင်းလေလျှင် သုဓမ္မာဆရာတော်တို့က မဟာဒဏ်ဝန်ကျောင်းလုလင် အကူအညီဖြင့် အတင်းအကြပ် ဆွဲခေါ်ရန် သဘောတူကြလေသည်။

ရွှေကျင်ဆရာတော်သည် သာသနာရေး၌ ဘေးအန္တရာယ်ကို ကြိုတင် ဆင်ခြင်မြော်တော်မူပြီး အောက်နိုင်ငံသို့ဖြစ်စေ၊ သီဟိုဠ်ကျွန်းသို့ဖြစ်စေ ကြွရောက် သီတင်းသုံးတော်မူရန် ကြံစည် စဉ်းစားတော်မူလေသည်။ ထိုအကြောင်းကို မင်းတရား ကြားသိတော်မူသောကြောင့် ရွှေကျင်ဆရာတော်အား တခြားသို့ ကြွရောက်တော်မမူရန် လျှောက်ထားသည့်ပြင် သုဓမ္မာသဘင်သို့လည်း ရွှေကျင် ဆရာတော်ကို အဆင့်အဆိုမပြုဘဲ လွတ်လပ်စေခွင့်ပြုရန် လျှောက်ထားခဲ့လေသည်။ ထိုအချိန်မှစ၍ ရွှေကျင်ဂိုဏ်းဟု သီးခြားပေါ်လာလေသည်။

http://www.dhammadownload.com

မင်း နှစ်ဆက်တိုင် ပစ္စည်းလေးပါးလှူ

ရွှေကျင်တိုက်မ၌ သံဃာတော် ၃၀၀-ခန့်၊ အရံ ၄-တိုက်တို့၌ ၂၀၀-ခန့်စီ (စုစုပေါင်း ၁၀၀၀-ကျော် ခန့်) သီတင်းသုံးတော်မူကြသော်လည်း သံဃာတော်များ ပစ္စည်းလေးပါးအတွက် ကြောင့်ကြမစိုက်ရဘဲ မင်းတုန်း၊ သီပေါ နှစ်လက်ထက်လုံးမှာပင် ဆွမ်းတော်ချက် ကပ်ဖွယ်များထားရှိကာ အခကြေးငွေ လျှဒါန်းထောက်ပံ့တော်မူလေသည်။

ရွှေကျင်ဂိုဏ်း အုပ်ချုပ်ရေး

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ရွှေကျင်ဂိုဏ်းတစ်ဂိုဏ်းလုံးအတွက် 'ရွှေကျင်ဂိုဏ်း ဥပဒေ' ဖြင့်လည်းကောင်း၊ ရွှေကျင် ငါးတိုက်တွင်းရှိ သံဃာတော်များအတွက် 'ဓမ္မဝိနယစာတမ်း' ဖြင့် လည်းကောင်း၊ ရွှေကျင်တိုက်များရှိ ကျောင်းသားများအတွက် (ရွှေကျင်) ကျောင်းသားကျင့်ဝတ်ဖြင့်လည်းကောင်း၊ ရွှေကျင်ဂိုဏ်း သံဃာတော်တို့ကို ကိုးကွယ်ဆည်းကပ်သူ လူ ဒါယကာ, ဒါယိကာမများအတွက် 'ဂိဟိစာရိတ္တကျင့်ခန်း' စသည်ဖြင့် လည်းကောင်း အုပ်ချုပ်တော်မူကာ သာသနာပြုတော်မူလေရာ သာသနာပြုနည်း ထူးခြား၍ မှန်ကန်ကောင်းမွန်လှပေ၏။

ဓုတင်ကျင့်ဝတ်

ရွှေကျင်ဆရာတော်ဘုရားကြီးသည် အာရညကင်ဓုတင်၊ ပံသုကူလိက ဓုတင်၊ ဧကာသနိက်ဓုတင် စသည်တို့ကိုလည်း ကျင့်တော်မူ၍ ပဋိပတ္တိဓုရကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

ရွှေကျင်ဆရာတော် ဦးဇာဂရ နှင့် ဦးသီလ

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းတို့ကို ကြားသိတော်မူသော ပုဂံတောင်ဆရာတော် အရှင်ကေလာသနှင့် ပဲခူး (ဟံသာဝတီ) ဆရာတော် ဦးသီလတို့သည် မန္တလေးမြို့တော်သို့ ကြွရောက်လာကာ သြဝါဒ ခံယူကြကုန်၏။ တပည့်များအဖြစ် မှတ်သားယုံကြည်ရန် အပ်နှံကြကုန်၏။ ဤ ဘုန်းတော်ကြီး ဦးသီလကို အကြောင်းပြု၍ အောက်နိုင်ငံ၌ အရည၀ါသီ ရွှေကျင်ဂိုဏ်း စတင်ထွန်းကား ပြန့်ပွားခြင်း ဖြစ်လေသည်။

ဂိုဏ်း နှစ်ဂိုဏ်း ပေါင်းမိခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ၁၂၅၅ ခုနှစ်တွင် နောက်ပါ သံဃာတော်များနှင့် အတူတကွ အောက်နိုင်ငံသို့ တရားဓမ္မ ဟောပြရန် ကြွရောက်တော်မူရင်း ပဲခူးမြို့သို့ ဆိုက်ရောက်တော်မူလာ၏။ ထိုအခါ ဘုန်းတော်ကြီး ဦးသီလသည် ခရွဲတောင်အရှေ့ အခိုက်ရွာ တောရ၌ သီတင်းသုံးတော်မူခိုက် ဖြစ်၏။ ရွှေကျင် ဆရာတော်ဘုရားကြီးသည် ရွှေမော်ဓောစေတီတော်ကြီး၏ အရှေ့ဘက် ဝါးရုံတော ဝါးရုံပင်အောက်၌သီတင်းသုံးခိုက် 'ဘုန်းတော်ကြီး ဦးသီလကို တွေ့လိုကြောင်း' မိန့်တော်မူရာ ဘုန်းတော်ကြီး ဦးသီလ မကြာမီရောက်ရှိလာ၏၊ အာလာပ သလ္လာပ စကား ပြောတော်မူ၏။ ရံခါ ဦးသီလကို တရားဟော စေပြီး မိမိကိုယ်တိုင် နာယူ၏။ နှစ်ဦးလုံး ဓမ္မဂရုပုဂ္ဂိုလ်တို့ စစ်မှန်တော်မူကြကုန်၏။ ဤအခါသမယက စ၍ အယူသီလတူမျှသည့် ဂိုဏ်းနှစ်ဂိုဏ်း ပေါင်းမိလေတော့၏။ ရွှေကျင်ဂိုဏ်းသည်လည်း အောက်ရုပ်ဌာနီ နှံ့ခဲ့လေတော့သည်။ တောရဂိုဏ်းသည်လည်း အထက်ပြည်တစ်လွှား နှံ့ပြားခဲ့လေသည်။ ဤမထေရ်နှစ်ပါးတို့အား ရွှေကျင်ဂိုဏ်း၌ လနှင့် နေကဲ့သို့ သာတည်း။

ဝိနယကုက္ကုစ္စ လွန်ကြီးမား

ရွှေကျင်ဆရာတော်ဘုရားကြီးကား ဝိနယကုက္ကုစ္စ သိက္ခာကာမ လွန်ကြီးမားတော်မူလှ၏၊ တစ်နေ့သ၌ မိမိ၏ ခမည်းတော်ကြီး ဦးမောင်အား

http://www.dhammadownload.com

'ဆွေမျိုးမတော်သူ သူစိမ်းဖြစ်ခဲ့ပါလျှင် ဖိတ်ကြား ထားမှသာ တောင်းခံထိုက်ကြောင်း၊ ဖိတ်ကြားမထား ဘဲ တောင်းခံ၍ရလျှင် မအပ်သော ပစ္စည်းဖြစ်၍ အာပတ်သင့်သည့်ပြင် မိစ္ဆာဇီဝလည်း ဖြစ်ကြောင်း၊ ရဟန်းဆိုသည်မှာ တစ်ပါးသူကို မှီခိုနေရသူဖြစ် သဖြင့် လိုအပ်သည့်အရာများကို ဒါယိကာမကြီး ထံ၌သာ တောင်းခံခဲ့ကြောင်း၊ ဒါယိကာမကြီး မရှိခဲ့ လျှင် တောင်းခံနိုင်ရန် ဒါယကာကြီးက ဖိတ်ကြား၍ မထားဘူးသေးကြောင်း'ကို မိန့်ကြားတော်မူလေ၏။

ဖခင် ဒါယကာကြီးကလည်း သားတော်က မိမိအား ဖခင်ရင်း ဟုတ်ချင်မှ ဟုတ်မည်၊ မဟုတ်ခဲ့ သော် သူစိမ်းကို တောင်းခံမိရာ ရောက်မည်။ ရောက် လျှင် အပြစ်ဖြစ်မည်၊ ထို့ကြောင့် ဖခင် စစ် မစစ် လျှောက်လို၍ အရိပ်ပြ မိန့်ကြားခြင်း ဖြစ်မည်ဟု စဉ်းစားမိလေသည်။

ထိုအခါ ဖခင်က 'ဒီကိစ္စမှာ ဒကာကြီး တာဝန် မဟုတ်ပါ၊ သံသယ ကင်းလိုလျှင် ဒကာမကြီးကိုသာ မေးမြန်းသင့်ပါ၏၊ ဤကဲ့သို့ ရှာရှာဖွေဖွေ သံသယ ရှိပုံကို ယခင်က ကြားသာကြားဖူး၏၊ ယခု မိမိ၏ သားရင်း ဖြစ်နေပါတော့သည်' ဟု ပြန်လည်လျှောက် ထားသတတ်။

ထိုထိုဒေသ၌ သီတင်းသုံးခြင်း ဘွဲ့တံဆိပ်တော် ငြင်းပယ်ခြင်း

၁၂၂၉-ခုနှစ်တွင် မန္တလေးမြို့တော်မှ မင်းဘူး ရွှေစက်တော်သို့ နောက်ပါ တပည့်သံယာတော်များ နှင့်တကွ လှေဖြင့် ကြွတော်မူ၍ ခြေတော်ရာ နှစ်ဆူကို သဒ္ဓါကြည်ဖြူ ဖူးမြော် ပူဇော်တော်မူခဲ့လေသည်။

၁၂၃၈-ခုနှစ်တွင် မလွန်မြို့ မင်းလှရွာ အရှေ့ တောင် မြစ်တစ်ဖက် ဝါးရုံချောင် နားလုံတောင် တောရကျောင်း၌ ဝါကပ် သီတင်းသုံးတော်မူခဲ့ သည်။

၁၂၃၃-ခုနှစ်တွင် မင်းတုန်းမင်းတရား လှူ သည့် 'ရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို အလှူမခံဘဲ ပယ်မြစ်တော်မူခဲ့လေသည်။

၁၂၃၉-ခုနှစ်တွင် စွယ်တော်နှင့် စေတီပုထိုး တို့ကို ဖူးမြော်ပူဇော်ရန် သီဟိုဠ်ကျွန်းသို့ ကြွရောက် တော်မူ၍ ဝါကပ်တော်မူခဲ့လေသည်။ ဆရာတော် သီဟိုဠ် သီတင်းသုံးခိုက် မင်းတုန်းမင်းကြီး နတ်ရွာစံ တော်မူသည်။

၁၂၄၀-ပြည့်နှစ်တွင်ပင် သီဟိုဠ်ကျွန်းမှ ပြန် ကြွတော်မူလာပြီး မင်းလှရွာ တောကျောင်း၌ သီတင်း သုံးတော်မူသည်။ ၁၂၄၃-ခုနှစ်တွင် သီပေါမင်း တရား၏ ပင့်လျှောက်ချက်အရ မန္တလေးမြို့တော်သို့ ကြွရောက်တော်မူ၍ ရွှေကျင်ကျောင်းတိုက်၌ သီတင်း သုံးတော်မူပြန်သည်။ ယင်းသည့်နှစ်မှာပင် သီပေါ မင်းက ရွှေကျင်ဆရာတော်ဘုရားကြီးအား 'ဓာဂရာ ဘိကဝိဓဇ သဒ္ဓမ္မဝံသ ဓမ္မသေနာပတိ အတုလာ ဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဟူသော သာသနာပိုင် ဘွဲ့တံဆိပ်တော်ကို ဆပ်ကပ်လှူဒါန်း လေရာ လက်ခံတော်မမူပေ။

တောင်တော် ဆရာတော်အား 'မာလာလင်္ကာရ ဓဇ ဓမ္မသေနာပတိ အတုလာဓိပတိ သီရိပဝရ မဟာ ဓမ္မ ရာဇာဓိ ရာဇဂုရု' ဟူသော သာသနာပိုင် ဘွဲ့တံ ဆိပ်တော်ကို လှူဒါန်းတော်မူကာ ဆရာတော်နှစ်ပါး သာသနာပြုကြရန် လွှဲအပ်တော်မူသည်။

မင်းကွန်း ငွေတောင်တောရ၌ သီတင်းသုံးခြင်း ပျံလွန်ခြင်း

၁၂၄၆-ခုနှစ်၊ သက်တော် ၆၄-အရှိတွင် မင်းကွန်း ငွေတောင်တောရသို့ ကြွရောက် သီတင်း သုံးတော်မူ၍ ဝိပဿနာဓုရကို အားသစ် ကြိုးပမ်း တော်မူခဲ့လေသည်။ ၁၂၅၅-ခုနှစ်၊ တပေါင်း လဆုတ် ၇-ရက် ညဉ့် လဝန်းပေါ်ထွန်းချိန်တွင် ပျံလွန်တော် မူခဲ့ပေသည်။

http://www.dhammadownload.com

ကျမ်းဂန်များ ပြုစုတော်မူခဲ့ခြင်း

ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များစွာတို့ကို ပြုစုတော်မူခဲ့သည်။ ၎င်းတို့မှာ-

၁။ နေတ္တိလိနတ္ထ သင်္ဂဟ၊ ၂။ နေတ္တိဟာရ ဝိဘာဝနီ၊ ၃။ ရူပဘေဒ ဝိဘာဝနီ၊ ၄။ ဂဏဘေဒ ဝိဘာဝနီ၊ ၅။ နိဿယဂ်ံ ဝိနိစ္ဆယ၊ ၆။ သီမာလင်္ကာရ ဝိနိစ္ဆယ၊ ၇။ ဒသဓမ္မာလင်္ကာရ အဋ္ဌကထာ၊ ၈။ သီလဝိသောဓနီ, သာသနဝိသောဓနီ၊ ၉။ ပဋိစ္စသမုပ္ပါဒ ဒီပနီ၊ ၁၀။ ဗောဇ္ဈင် ဒီပနီ၊ ၁၁။ ဝဋ္ဋနာ ဒီပနီ၊ ၁၂။ ဝိနယဂရု ဒီပနီ၊ ၁၃။ ဓမ္မောသဓ ဒီပနီ၊ ၁၄။ ဩဝါဒါလင်္ကာရ ဒီပနီ၊ ၁၅။ ဓမဓတ္တိယောဝါဒ၊ ၁၆။ ကေဝဋ္ဋောဝါဒ၊ ၁၇။ သီဟဠောဝါဒ၊ ၁၈။ သန္နေသကထာ၊ ၁၉။ လင်္ကာသာသနဝိသုဒ္ဓိကထာ၊ ၂၀။ ဥပဒေသကထာ၊ ၂၁။ ယွာဋိကာ၊ ၂၂။ ဝိနယမဓု၊ ၂၃။ မဟာသီသကောဝါဒ၊ ၂၄။ စူဠသီသကောဝါဒ၊ ၂၅။ ဂန္ဓိရဂန္ဓိရ မဟာနိဗ္ဗုတ ကထာ၊ ၂၆။ ဝိစိတြ ဝန္ဒနာ၊ ၂၇။ သမာသ်ဂဏ္ဌိ၊ ၂၈။ ဒါရကွန္ဒသုတ်နိဿယ၊ ၂၉။ အဋ္ဌက ကမ္မဋ္ဌာန်း၊ ၃၀။ ရွှေကျင်နိယံ-စသည်တို့ ဖြစ်ကုန်၏။

ထေရပွတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏
သြဝါဒတော်

နိဗ္ဗုတာစခန်း ဘေးမသန်းသည့် နိဗ္ဗာန်လမ်းကို ရှော်ရှမ်း မှန်းထားမိသော ဗဟုသုတ သီလသံဝရ ပြည့်စုံရုံမျှနှင့် တင်းတိမ်အားရ စိတ်ချ၍ မနေမိကြရအောင် ဆင်ဘေး, ကျားဘေးတို့မှ ချမ်းသာလို၍ ထန်းပင်ကို တက်ရာတွင် ပတ်အိုးဝင်မိမှ ဝီရိယပေါ့သည့်အတွက် ထန်းပင်ပတ်အိုးမှ ပက်လက်လန်၍ ကျသည့် သူ၏ပမာ မီးရှူးထမ်း၍သွားသော သူကန်းသည် မိမိ ထမ်းဆောင်သော မီးရှူးအရောင်ကို မမြင်ရသကဲ့သို့ လည်းကောင်း၊ ပရိယတ္တိကာလထဲတွင်သော်လည်း သင့်လျော်သော အချိန်ထားသဖြင့် ပဋိပတ္တိကာလ ဘာဝနာသမယကို လည်း ကြားချပ်၍ လျောက်ပတ်စွာ နှလုံးထားမိကြရအောင်...။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

သမထနည်းကိုပြခြင်း ပဋိညာဉ်

ကမ္မာဋ္ဌာနုဂ္ဂဟဝါရ၌ ကမ္မဋ္ဌာနဘေဒအပြား၊ အနုသန္ဓေစကားများ၊ သာဓကပဋိစကားအများတို့နှင့်တကွ အကျယ်ဆိုက အလွန်ကျယ်ဝန်းမည်စိုးသောကြောင့်လည်းကောင်း၊ ကမ္မဋ္ဌာန်းပွားပုံ ဘာဝနာကာရနည်း၌ စကား ဆက်ဝေး၍ စကားထွေးယှက်အဓိပ္ပာယ်အယူ အခက်ခဲမည် စိုးသောကြောင့်လည်းကောင်း၊ ကျမ်းတစ်ပါးတို့၌ ထင်ရှားလှပြီး ဖြစ်သောကြောင့်လည်းကောင်း၊ ထိုကမ္မဋ္ဌာနဘေဒအပြား၊ အနုသန္ဓေ စကားအများ၊ ပါဠိသာဓက အများတို့ကို မထုတ်ဆောင်မူ၍ လိုရာ လိုရာ ကမ္မဋ္ဌာန်းကိုသာ ထုတ်နုတ်၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာနည်း၊ အာစရိယ လဒ္ဓေါ ပဒေသနည်းမှ ရအပ်ပြီးသော သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် သက်သည့်အတိုင်း တစ်ခုတစ်ခုသော ကမ္မဋ္ဌာန်း၌ သမထလမ်း၊ ဝိပဿနာလမ်းကို ဖြောင့်တန်းစွာ ပြလျက် အရဟတ္တဖိုလ် တိုင်ရောက်အောင် ပဋိပတ္တိကျင့်စဉ်၊ ဘာဝနာပွားစဉ်ကိုသာ ပဓာနပြု၍ ပြပေအံ့။

ပဋိပတ္တိကျင့်စဉ်, ဘာဝနာပွားစဉ်ကို ပြခြင်း

သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားတို့သည် ဤသို့ ပြလတ္တံ့သော ဘာဝနာပွားစဉ်ကို နှုတ်တက်အာဂုံရအောင်ပြု၍ အလွန်မြတ်လှစွာသော မဂ်,ဖိုလ်,နိဗ္ဗာန်တရားကို အလွန်အလိုရှိခြင်း၊ ကိုင်းရှိုင်းခြင်း၊ အဓိ မတ္တဆန္ဒ, အဓိမတ္တသတိ, ဝီရိယတို့ကို ဖြစ်စေလျက် သားရဲဗျာ့ နောက်မှ တစ်စိုက်စိုက်လိုက်၍ လာသည်ကို မြင်ရသော ယောကျ်ားတို့၏ ဝီရိယကဲ့သို့ ကိစ္စတစ်ပါး လပ်လျားမရှိ၊ ထိုထိုသို့သော အာရုံ၌ ပျံ့လွင့်ခြင်းမရှိ၊ အလိန ဝီရိယဖြင့် မဆုတ်မနစ် အားသစ် ကြိုးပမ်းတော်မူနိုင်ကြပါစေကုန်သတည်း။

ဒွတ္တိံသ ကာယဂတာသတိ ကမ္မဋ္ဌာန်း၌ သမထနည်း၊ ဝိပဿနာနည်း နှစ်ပါးတို့တွင် သမထနည်းကို ဤဆိုလတ္တံ့သော အစဉ်ဖြင့် ပွားအပ်၏။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ။

အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့။

နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။

အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။

မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊

http://www.dhammadownload.com

ကျင်ငယ်။

ဤသို့ စက်ဆုပ်ရုံရှုပုံဖွယ်သော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသအစုတို့သည်သာလျှင် ဤကိုယ်ခန္ဓာကာယ၌ ရှိကုန်၏၊ ဤသုံးဆယ့် နှစ်ပါးသော အစုတို့သည် အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်လည်းကောင်း၊ တည်ရာဖြစ်ရာအားဖြင့် လည်းကောင်း အလွန်လျှင် စက်ဆုပ်ရုံ့ရှုပုံဖွယ် ရှိကုန်၏။

ဤအတိုင်း နှုတ်တက် အာဂုံ ရအောင်ပြု၍ နှုတ်ဖြင့်လည်း ဖြည်းဖြည်း သက်သာရွှတ်၊ နှုတ်ဖြင့် ရွတ်သည့်အတိုင်း စိတ်ဖြင့်လည်း အစဉ်လျှောက်၍ အောက်မေ့။

တစ်နည်းလည်း ရှေးဦးစွာ ဆံပင်အခြင်းအရာကို စိတ်ဖြင့် အောက်မေ့ပြီးလျှင် ဆံပင်ထင်လာသည့်အခါ ဆံပင်ဟူ၍ နှုတ်ဖြင့် ရွတ်၊ ထို့နောင် မွေးညှင်းအခြင်းအရာကို စိတ်ဖြင့် အောက်မေ့၍ မွေးညှင်းထလာသည့်အခါ မွေးညှင်းဟူ၍ နှုတ်ဖြင့်ရွတ်၊ ဤသို့သောနည်းအားဖြင့် မုတ္တကောဋ္ဌာသ တိုင်အောင် နှလုံးဖြင့် ရှေးဦးစွာ အောက်မေ့၍ အောက်မေ့သည့်အတိုင်း ထင်လာသောအခါ နှုတ်ဖြင့် ရွတ်၍ လေးငါးခေါက် စသည်ပွား။ တစ်နည်းလည်း လေးရက်, ငါးရက် စသည်ပွား။

ဤသို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း နှလုံးဖြင့် ရှေးဦးစွာ အောက်မေ့ပြီးမှ နှုတ်ဖြင့် ရွတ်သော်သာလျှင် စိတ်ပျံ့လွင့်ခြင်းမှ ကင်းနိုင်ရာသည်။ နှလုံးဖြင့် မအောက်မေ့မိဘဲ နှုတ်ဖြင့် ရှေးဦးစွာရွတ်၍ သွားလျှင် သတိမထင်, နှလုံးမထား၊ နှုတ်တက်သည့်အတိုင်းသာ ရွတ်မိဖန်များ၍ ကမ္မဋ္ဌာန်း မထင်နိုင်ဘဲ ရှိတတ်သည်။

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ကောဋ္ဌာသအစဉ်ကိုမျှ အတန်တန် အပြန်ပြန် ရွတ်ကာမျှဖြင့်လည်း ဥဂ္ဃဋိတညူ အတိတိက္ခပည ပုဂ္ဂိုလ်ဖြစ်လျှင် ထိုဆံအစရှိသည်တို့၏ အဆင်း, အနံ့, သဏ္ဌာန်, ဖြစ်ရာတည်ရာတို့နှင့်တကွ ပဋိကူလသညာ ထင်သဖြင့် ဈာန်, မဂ်, ဖိုလ်သို့ ရောက်သည်လည်း ရှိ၏။ ထိုသို့ ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်မဟုတ်သည်ဖြစ်၍ ဈာန်, မဂ်,ဖိုလ်သို့ မရောက်တည့်သော်လည်း နောက်အကျယ် ဝိတ္ထာရ ဆင်ခြင်သောအခါ အခြေပကတူပ ဖြစ်စေခြင်းငှာ ၎င်းဆိုအပ်ခဲ့ပြီးသော သခ်ေပအစဉ်ကိုလည်း ရှေးဦးစွာ နှုတ်တက်အောင် ပွားများအပ်သည်သာလျှင်တည်း။

ကောဋ္ဌာသအစုကို အနုလောမ, ပဋိလောမ ပွားများပုံ

ထို့နောင် ဤဆိုလတ္တံ့သောနည်းဖြင့် ပွားအပ်၏။ အဘယ်ကဲ့သို့ ပွားအပ်သနည်းဟူမူကား-

ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေပါး-အရေထူ။

အရေထူ-အရေပါး၊ သွား၊ လက်သည်း-ခြေသည်း၊ မွေးညှင်း၊ ဆံပင်။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေပါး-အရေထူ။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့။

အညှို့၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေထူ-အရေပါး၊ သွား၊ လက်သည်း-ခြေသည်း၊ မွေးညှင်း၊ ဆံပင်။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေပါး-အရေထူ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်။

အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညှို့၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေထူ-အရေပါး၊ သွား၊ လက်သည်း-ခြေသည်း၊ မွေးညှင်း၊ ဆံပင်။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေပါး-အရေထူ၊ အသား၊ အကြော၊ အရိုး၊

http://www.dhammadownload.com

ခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြွှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြွှေး၊ အသည်း၊ နှလုံး၊ အညှို့၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေထူ–အရေပါး၊ သွား၊ လက်သည်း–ခြေသည်း၊ မွေးညှင်း၊ ဆံပင်။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း–လက်သည်း၊ သွား၊ အရေပါး–အရေထူ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြွှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။

အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဦးနှောက်၊ အစာ ဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြွှေး၊ အသည်း၊ နှလုံး၊ အညှို့၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေထူ–အရေပါး၊ သွား၊ လက်သည်း–ခြေသည်း၊ မွေးညှင်း၊ ဆံပင်။

ဆံပင်၊ မွေးညှင်း၊ ခြေသည်း–လက်သည်း၊ သွား၊ အရေပါး–အရေထူ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြွှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

ကျင်ငယ်။ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်၊ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြွှေး၊ အသည်း၊ နှလုံး၊ အညှို့၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေထူ–အရေပါး၊ သွား၊ လက်သည်း–ခြေသည်း၊ မွေးညှင်း၊ ဆံပင်။

ဤ စက်ဆုပ်ဖွယ်, ရွံရှာဖွယ် သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ အစု တို့သည်သာလျှင် ဤ ကိုယ်ခန္ဓာကာယ၌ ရှိသည်ဖြစ်ကုန်၏။ ဤ သုံးဆယ့်နှစ်ပါးသော အစုကောဋ္ဌာသမှတစ်ပါး တစ်စုံတစ်ခု ခန္ဓာကိုယ်ကာယ ဟူသည်မရှိ။ ဤသုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ အစုတို့သည်လည်း တစ်စုံတစ်ခု အဏုမြူမျှ တစ်စုံတစ်ခုသော အခြင်းအရာမျှဖြင့် နှစ်သက်ဖွယ် မရှိကုန်။ အဆင်းအားဖြင့်လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ သဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ကြောင်းဖြစ်ရာ အာသယအားဖြင့် လည်းကောင်း၊ တည်ရာဩကာသအားဖြင့် လည်းကောင်း အလွန် စက်ဆုပ်ဖွယ်, ရွံရှာဖွယ်သော ဤ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသအစု တို့သည်သာလျှင် ရှိသည် ဖြစ်ကုန်၏။

ဤအတိုင်း နှုတ်တက်အာဂုံပြု၍ အကြိမ်ကြိမ် အဖန်ဖန် နှုတ်ဖြင့်လည်း ရွတ်၊ စိတ်ဖြင့်လည်း အောက်မေ့ဆင်ခြင်၍ ပွားများအပ်ကုန်၏။

ဤအရာ၌လည်း ရှေးဆို ခဲ့ပြီးသည့်အတိုင်း စိတ်ဖြင့် ရေးရေးထင်အောင် အောက်မေ့ပြီးမှ နှုတ်ဖြင့် လိုက်၍ လိုက်၍ ရွတ်၊ နှုတ်ဖြင့် ရွတ်သည့် အတိုင်းလည်း စိတ်ဖြင့် ရေးရေးထင်အောင် လိုက်၍ လိုက်၍ အောက်မေ့ လေကုန်။

ပဋိဘာဂ, ဥဂ္ဂဟ-နိမိတ်ထင်ရန် ပွားများပုံ

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ကောဋ္ဌာသအစဉ်တို့ကို အနုလောမ ပဋိလောမ အောက်မေ့ဖန်များသဖြင့်လည်း ထိုကောဋ္ဌာသအစုတို့၏ အဆင်း၊ အနံ့၊ သဏ္ဌာန်၊ ဖြစ်ကြောင်းဖြစ်ရာ၊ တည်ရာအားဖြင့် ပဋိကူလသညာ ဟုဆိုအပ်သော ပဋိဘာဂနိမိတ်ထင်ခြင်းသို့ ရောက်၍ ထိုပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း အကြိမ်ကြိမ်အဖန်ဖန် ပွားများသည်ရှိသော် အချို့သော တိက္ခပညာပုဂ္ဂိုလ်တို့အား ဈာန်,မဂ်သို့ ရောက်သည်လည်းရှိ၏။

http://www.dhammadownload.com

ထိုသို့ပင် တရားထူးသို့ အရောက်သော်လည်း ရှေးဆိုခဲ့ပြီးသည့်အတိုင်း နောင်အကျယ် နှလုံးသွင်းရာ, ပွားများရာ၌ ထင်လွယ်စေခြင်းငှာ အခြေ ပကတူပ ဖြစ်၏။ ထို့ကြောင့် တစ်ခုတစ်ခုချင်း ခွဲ၍ အကျယ် ဝိတ္ထာရ နှလုံးမသွင်းမီ ဤဆိုခဲ့ပြီးသည့်အတိုင်း အနုလောမ ပဋိလောမနည်းကိုလည်း အတန်ငယ် ကာလကြာအောင် နှုတ်ဖြင့်လည်း ရွတ်အပ်၏၊ စိတ်ဖြင့်လည်း ကောင်းသအစဉ် ရေးရေးထင်အောင် ဆင်ခြင်အပ်, အောက်မေ့အပ်, ပွားများအပ်၏။ ဤသို့ ပွားများအပ်သော အာရုံသည် ပရိကမ္မနိမိတ် မည်၏။

ထို့နောင်မှ ဤသို့ ဆိုအပ်ခဲ့သည်အတိုင်း အောက်မေ့ဖန်များသဖြင့် အကြင်ကောင်းသည် ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်အားဖြင့် ထင်လွယ်မည့် အခြင်းအရာအရိပ်ထင်၏။ ထိုထင်လွယ်မည့် အခြင်းအရာအရိပ်ထင်သော ကောင်းသကို မှတ်၍ ရှေးဦးစွာ ဥဂ္ဂဟနိမိတ်ထင်စေခြင်းငှာ ထို ကောင်းသ၏ အဆင်း၊ သဏ္ဌာန်၊ ဖြစ်ရာအရပ်ဌာန၊ တည်ရာ သြကာသ၊ ပိုင်းခြားရာ ပရိစ္ဆေဒ တို့ကို မှတ်အပ်ကုန်၏။

ထိုငါးပါးသော အခြင်းအရာတို့ကို မှတ်၍ နှုတ်ဖြင့် ရွတ်ဆိုခြင်း၊ စိတ်ဖြင့် နှလုံးသွင်းခြင်းကိုပြု၍ အကြိမ်ကြိမ်အဖန်ဖန် ပွားများအပ်သည်ရှိ သော် ထိုကောင်းသသည် ငါးပါးသော အခြင်းအရာတို့ဖြင့် သဘောအတိုင်း ထင်ခြင်းသို့ ရောက်၏။ ထိုအခါ ဥဂ္ဂဟနိမိတ်ထင်သည်မည်၏။ ထိုနိမိတ်ကို အဖန်ဖန် ဆင်ခြင်၍ အဆင်း၊ အနံ့၊ သဏ္ဌာန်၊ ဖြစ်ကြောင်း အာသယ၊ ဖြစ်ရာတည်ရာသြကာသဟု ဆိုအပ်သော ငါးပါးသော အခြင်းအရာတို့ဖြင့် ပဋိကူလ သညာ ထင်အောင် အဖန်ဖန်ပွားများ၍ ပဋိကူလသညာထင်သဖြင့် "ဤ အရိုးစုဟူသည်လည်း သတ္တမဟုတ်၊ ဇီဝမဟုတ်၊ ရှဲရှာဖွယ်, စက်ဆုပ်ဖွယ် အစုသာ လျှင်တည်း'ဟု သတ္တဇီဝကာရပညတ်ကို လွန်သည် ရှိသော် ပဋိဘာဂနိမိတ် ထင်သည် မည်၏။

ဤကဲ့သို့ ပြု၍ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် မထင်သည်ရှိသော် မထင်နိုင်လှသော် ၎င်းကောင်းသကိုလွတ်၍ အစဉ်အတိုင်း အထက်ကောင်းသကို ရွေ့ပြောင်း၍ ဆိုခဲ့ပြီးသော နည်းအတိုင်း ဆင်ခြင်အပ်၏။ ဤသို့သော နည်းဖြင့် မထင်သည်ကို လွတ်၍ အထက် အထက်၌ အစဉ်အတိုင်းလိုက်၍ ဆင်ခြင်သည်ရှိသော် အကြင် ကောင်းသသည် တစ်ပါးသော ကောင်းသတို့ထက် ထင်ခြင်းသို့ ရောက်၏။ ထိုကောင်းသကို မှတ်၍ မဲ၍ မီးပွတ်သမား၏ အခိုးထရုံမျှနှင့် မရပ်မဆိုင်း, မီးမရမချင်း တစ်မဲတည်းမဲသဖြင့် တစ်ခဲတည်းခဲသော ဝီရိယကဲ့သို့ အပွနာစျာန်သို့ မရောက်မချင်း ကိစ္စတစ်ပါး လပ်လျှားဆိုင်းနေ မရှိစေဘဲ အမြဲ အားထုတ်အပ်၏။ သို့မှ အပွနာစျာန်သို့ ရောက်နိုင်မည် မှတ်လေကုန်။ "မထင်သည်ကို လွတ်၍ ထင်မည့် အခြင်းအရာရှိသော ကောင်းသကို မှတ်၍ အစဉ်အတိုင်း ဆင်ခြင်အပ်သည်" ဟူရာ၌ ကော ကောင်းသကစ၍ အလုံးစုံသော ကောင်းသတို့၌ အကျယ်ဝိတ္ထာရ ဆင်ခြင်ပုံ ဘာဝနာကရကို ဆိုခဲ့သော မန္ဒဗုဒ္ဓိတို့ မှတ်နိုင်ခဲမည်စိုးသောကြောင့်လည်းကောင်း၊ တစ်စုံတစ်ခုသော ကောင်းသတွင်ပင်လျှင် အပွနာစျာန်သို့ ရောက်နိုင်သောကြောင့်လည်းကောင်း များသောအားဖြင့် ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အား ထင်လွယ်မည့် အခြင်းအရာရှိသော အဋ္ဌကောင်းသ, အန္တကောင်းသ, မတ္တလုဂ်ကောင်းသကိုသာ ဤအရာ၌ ဥပလက္ခဏာနည်းအားဖြင့် ပြပေအံ့။

အဋ္ဌကောင်းသ ကမ္မဋ္ဌာန်းပွားများပုံ

ထိုသုံးပါးတို့တွင် အဋ္ဌကောင်းသ ကမ္မဋ္ဌာန်းကို ပွားများလိုသော သဒ္ဓါ သမ္ပန္န ကုလပုတ္တ အမျိုးကောင်းသားသည် ရှေးဆိုခဲ့ပြီးသည့်အတိုင်း သုံးဆယ့်နှစ်ပါးသော ကောင်းသအစဉ်ကို နှုတ်၌ အာဂုံ

http://www.dhammadownload.com

အရ ရှုရှုကြေအောင် ကောင္မာသအစဉ် ရေးရေးထင်အောင် လေးရက်၊ ငါးရက် စသည် ရှေးဦးစွာ ဝစသာ၊ မနသာ၏ အစွမ်းအားဖြင့် အကြိမ်ကြိမ်အဖန်ဖန် သရဇ္ဈာယ် ပွားများပြီးမှ အဋ္ဌကောင္မာသ၏ ဥဂ္ဃဟနိမိတ် ထင်စေခြင်းငှာ ဤ ဆိုလတ္တံ့သောနည်းဖြင့် ပွားအပ်၏။

ဤ ငါ၏ ခန္ဓာကိုယ် ရှုပကာယ၌ တစ်စုံတစ်ခု အဏုမြူမျှ နှစ်သက်ဖွယ်ပြု၍ ရှုစကောင်းသော ဝတ္ထုသည် မရှိ။ ဤသို့ စက်ဆုပ်ဖွယ်သော အရိုးစုတို့သည်သာလျှင် ရှိသည်ဖြစ်ကုန်၏။ ဤခန္ဓာကိုယ်ကာယ၌ ခြေဖမိုး၏ အတွင်း၌ဝင်၍တည်သော အရင်းအဆစ်, အရိုးတို့နှင့်တကွ ခြေသန်းရိုး-၅၊ ခြေမရိုး-၆၊ အလယ်ခြေချောင်း သုံးခုရိုး ၇-ခုစီအားဖြင့် လက်ဝဲခြေရိုး-၃၂၊ လက်ယာခြေရိုး-၃၂၊ ပေါင်ခြေရိုး-၆၄ ခုတို့သည်လည်း ရှိသည် ဖြစ်ကုန်၏။ လက်ဝဲဖမျက်ရိုး-၂၊ လက်ယာဖမျက်ရိုး-၂၊ လက်ဝဲမြင်းခေါင်းရိုး-၂၊ လက်ယာမြင်းခေါင်းရိုး-၂၊ လက်ဝဲ ပုဆစ်ရိုး-၁၊ လက်ယာ ပုဆစ်ရိုး-၁၊ လက်ဝဲ ပေါင်ရိုး-၁၊ လက်ယာ ပေါင်ရိုး-၁၊ လက်ဝဲ တင်သားရိုး-၁၊ လက်ယာ တင်သားရိုး-၁။ ဤသို့သော စက်ဆုပ်ရွံရှာဖွယ်သော အရိုးတို့သည်လည်း ရှိသည်ဖြစ်ကုန်၏။ လက်ဝဲ လက်ယာ ခါးရိုး-၂၊ ကျောက်ဆစ်ရိုး-၁၈၊ လက်ဝဲလက်ယာ နံရိုး-၂၄၊ လက်ဝဲ လက်ယာရင်ရိုး-၁၄၊ နှလုံးရိုး-၁၊ လက်ဝဲ လက်ယာ ညှပ်ရိုး-၂၊ ကျောက်ကပ်ရိုး-၂၊ လက်ဝဲ လက်ယာ မောင်းရင်းရိုး-၂၊ လက်ဝဲ လက်ယာ မောင်းဖျားရိုး-၄၊ လက်ဝဲ လက်ယာ လက်ချောင်းရိုး-၆၄၊ လည်ရိုး-၇၊ အောက်မေးရိုး, အထက် မေးရိုးအားဖြင့် မေးရိုး-၂၊ နှာခေါင်းရိုး-၁၊ မျက်ကွင်းရိုး-၁၊ နားရိုး-၂၊ နဖူးရိုး-၁၊ ထိပ်ရိုး-၁၊ ၎င်း နဖူးရိုး, ထိပ်ရိုးတို့ အထက်ဦးခွံဟု ဆိုအပ်သော ခေါင်းခွံရိုး-၉။ အလုံးစုံသော ကိုယ်၏ အတွင်းသား၌တည်သော အရိုးနှင့်၆၄၊ ဤသို့သော (၃၀၀)ခန့် အရိုးစုတို့သည် ရှိသည် ဖြစ်ကုန်၏။

အရိုးတို့ကို ဥပမာသဏ္ဌာန်အားဖြင့် ပြခြင်း

သဏ္ဌာနဝဝတ္ထာန။ ။ ဤသို့သော ၃၀၀-ရှိသော အရိုးတို့သည် ခရုသင်းအဆင်းကဲ့သို့ အလွန်ဖြူလွန်းသော အဆင်းရှိကုန်၏။ သဏ္ဌာန်အားဖြင့်ကား ခြေချောင်းတို့၏ အဖျားအဆုံး အဆစ်ရိုးတို့သည် အရင်းအဖျားစဉ်းငယ် ကြီးကြီး အလယ် စဉ်းငယ် ခွက်ခွက်ခေါင်းရေကြည်စေ့သဏ္ဌာန် ရှိကုန်၏။

ဒုတိယ ခြေချောင်း အဆစ်ရိုးတို့သည် ပိန္နဲစေ့သဏ္ဌာန် ရှိကုန်၏။

တတိယ အဆစ်ရိုးတို့သည် ထက်စည် သဏ္ဌာန် ရှိကုန်၏။

စတုတ္ထအဆစ်အရိုးတို့သည် ပတိုင်းခတ္တာငုံကို အငုံအဖျား၌ ဓားငယ်ဖြင့် လှီး၍ ထားအပ်သော အဖျားပြတ်သဏ္ဌာန် ရှိကုန်၏။

ပဉ္စမအဆစ်ရိုးတို့သည် ပတိုင်းခတ္တာငုံကို အရင်းဆုံး၌ တစ်ချက်၊ အဖျားဆုံး၌ တစ်ချက်၊ ဓားငယ်ဖြင့် လှီးဖြတ်၍ ထားအပ်သော အလယ်အပြတ်သဏ္ဌာန် ရှိကုန်၏။

ဆဋ္ဌမအဆစ်ရိုးတို့သည် ပတိုင်း ခတ္တာငုံ၏ အညှာရင်း၌ ဓားငယ်ဖြင့် လှီးဖြတ်အပ်သော အရင်းအပြတ်သဏ္ဌာန် ရှိကုန်၏။

သတ္တမ အဆစ်အရိုးတို့သည်လည်း ဆဋ္ဌမအဆစ် အရိုးနှင့် အလားတူ သဏ္ဌာန် ရှိကုန်၏။

ဖနောင့်ရိုးတို့သည် တစ်စေ့သာရှိသော ထန်းသီးစေ့ကောက်၏ ထန်းသီးမှုတ်သဏ္ဌာန် ရှိကုန်၏။

ဖမျက်ရိုးတို့သည် သူငယ်တို့ကစားသော ကျင်လုံး နှစ်လုံးပြတ်သဏ္ဌာန် ရှိကုန်၏။

မြင်းခေါင်းရိုးတို့၏ အမျက်ရိုးတို့၌ တည်ရာအရပ်သည် အလယ်ခွက် ခွက် တစ်ဖက်တစ်ချက် အဖျားရှည်ရှည် အခွံသင်၍ ထားအပ်သော သင်ပေါင်းညောက် သဏ္ဌာန် ရှိကုန်၏။

http://www.dhammadownload.com

ငယ်သော မြင်းခေါင်းရိုးတို့သည် လေးကိုင်းသဏ္ဌာန် ရှိကုန်၏။

ကြီးသော မြင်းခေါင်းရိုးတို့သည် ပိန်ချုံးသော မြွေ၏ ကျောက်ကုန်းသဏ္ဌာန် ရှိကုန်၏။

ပုဆစ်ရိုးတို့သည် အပေါ်မောက်မောက်, အောက်ခွက်ခွက် တစ်ဖက် တစ်ပိုင်း ကုန်ခန်းသော အပေါက်ပေါက် အတွင်းတွင်းရှိသော ရေမြုပ် သဏ္ဌာန် ရှိကုန်၏။

မြင်းခေါင်းရိုးတို့၏ ပုဆစ်ရိုးတို့၌ တည်ရာ အရပ်သည် အလယ်ခွက်ခွက် နံပါးနှစ်ဖက် အစွန်း ရှည်ရှည် နွားဦးချိုနှစ်ခုသဏ္ဌာန် ရှိကုန်၏။

ပေါင်ရိုးတို့သည် တစောင်း လိမ်ရွှေ့ရွှေ့ ထား အပ်သော ပုဆိန်ရိုးသဏ္ဌာန် ရှိကုန်၏။

ထိုပေါင်ရိုးတို့၏ ခါးရိုး၌ တည်ရာအရပ်သည် သူငယ်တို့ ကစားအပ်သော ခုံညင်းသဏ္ဌာန် လုံးလုံး ဝန်းဝန်းရှိ၏။

ထိုခါးရိုးတို့၏ ထိုပေါင်ရိုးတို့၌ တည်ရာအရပ် သည် မျက်နှာဝကိုဖြတ်၍ ထားအပ်သော ပုန်းညက် သီးကြီးသဏ္ဌာန် ရှိ၏။

ထိုခါးရိုးတို့၏ နှစ်ခုပေါင်းသော် သဏ္ဌာန် သည် အိုးထိန်းသည်တို့၏ ခုံလောက်သဏ္ဌာန် ရှိ၏။ တစ်ခုချင်းတည်သည်ရှိသော် ပန်းပဲသူကြီးတို့၏ တူ၌ဖွဲ့သော သားရေလွန်ကြိုးသဏ္ဌာန် ရှိ၏။

အစွန်း၌တည်သော တင်သားရိုးတို့သည် အောက်သို့ ရှေ့ရှုတည်သော မြွေ၏ ပါးပျဉ်းသဏ္ဌာန် ရှိကုန်၏။

ကျောက်ကုန်းရိုး အတွင်းသဏ္ဌာန်သည် ဦးရစ် ခေါင်းပေါင်းကို အဆင့်ဆင့် အခွေခွေရစ်၍ ထားအပ် သောသဏ္ဌာန် ရှိ၏။

ပြင်ဘက်နံပါးနှစ်ဘက်တို့ တစ်ဖက်တစ်ချက် သည် ပုတီးရွဲလုံးကို စီ၍ထားသကဲ့သို့သော သဏ္ဌာန် ရှိကုန်၏။

ထိုကျောက်ဆစ်ရိုးတို့၏ အကြားအကြား၌ လည်း လွသွားကဲ့သို့သော အရိုးဆူးတို့သည်လည်း ရှိကုန်၏။

နှစ်ဆယ့်လေးခုသော နံပါးရိုးတို့သည် တစ် ချောင်းစီတစ်ချောင်းစီ တည့်သည်ရှိသော် သန်လျက် သဏ္ဌာန် ရှိကုန်၏။ အပေါင်းအလုံးစုံတို့၏ သဏ္ဌာန် သည် အတောင်ကိုဖြန့်၍ တည်သော ကြက်ဖြူ၏ အတောင် နှစ်ဖက်သဏ္ဌာန် ရှိကုန်၏။

ရင်ရိုးတို့သည် လှည်းအိုးခံတိုင်သဏ္ဌာန် ရှိကုန်၏။

နှလုံးရိုးသည် ယောက်မရွက်သဏ္ဌာန် ရှိကုန်၏။

ညှပ်ရိုးတို့သည် ပဲခွပ်ငယ်ရိုးကဲ့သို့ ရှည်ရှည် ကော့ကော့သဏ္ဌာန် ရှိကုန်၏။

ကျောက်ကပ်ရိုးတို့သည် တစ်စောင်းတစ်ခြမ်း တို၍ခွက်၍သွားသော တူရွင်းဖျားသဏ္ဌာန်ရှိကုန်၏။

မောင်းရင်းရိုးတို့သည် ကြေးမုံရိုးကဲ့သို့ အရင်း ကြီးကြီး, အဖျားစဉ်း ငယ်သေးသေး အလယ်ညွတ် ညွတ် သဏ္ဌာန် ရှိကုန်၏။

မောင်းဖျားရိုး နှစ်မြွာတို့သည် ထန်းမြစ်နှစ်မြွာ သဏ္ဌာန် ရှိကုန်၏။

လက်ကောက်ဝတ်ရိုးတို့သည် တစ်ဖက်မှ တွယ်စေ၍ တစ်ဖက်မှ မြှောက်၍ ထားအပ်သော ဦးရစ်ခေါင်းပေါင်းခွေသဏ္ဌာန် ရှိကုန်၏။

လက်ဆစ်ရိုးတို့သည် ခြေဆစ်ရိုးတို့ထက် စဉ်းငယ်ရှည်ရှည်၊ ခြေဆစ် ရိုးတို့အောက် စဉ်းငယ် သေးသေးအသွင် ရှိသည်ဖြစ်၍ ခြေဆစ်ရိုးတို့နှင့် စဉ်းငယ်တူသောသဏ္ဌာန် ရှိကုန်၏။

လည်ဆစ်ရိုးခုနှစ်ခုတို့သည် ဝါးခြမ်းစိတ် လုံတံဖြင့် အစဉ်အတိုင်းထိုး၍ သီထားအပ်သော ဝါးမျှစ်ကွင်း ခုနှစ်လွှာသဏ္ဌာန် ရှိကုန်၏။

အောက်မေးရိုးသည် ပန်းပဲသူကြီးတို့၏ တူ၌ ဖွဲ့သော လွန်ကြိုးသဏ္ဌာန် ရှိ၏။

အထက်မေးရိုးသည် လက်သည်းလိုးဓားငယ် ကဲ့သို့ ကုန်းညွတ်သော သဏ္ဌာန် ရှိကုန်၏။

နှာခေါင်းရိုးသည် ထန်းသီးငယ်၌ အတွင်းဆန်

http://www.dhammadownload.com

ကို ယူ၍ ထားအပ်သော ထန်းသီးဆန်အိမ်သဏ္ဌာန် ရှိ၏။

မျက်ကွင်းရိုးတို့သည် ထန်းသီးကြီး၌ အတွင်းအဆန်ကို ယူ၍ထားအပ်သော ထန်းသီးဆန်အိမ်သဏ္ဌာန် ရှိကုန်၏။

နဖူးရိုးသည် အောက်သို့ မှောက်၍ ထားအပ်သော ခရုသင်းခွက်သဏ္ဌာန် ရှိ၏။

နားပန်းစွန်းရိုးတို့သည် ဆတ္တာသည်တို့၏ သင်တုန်းအိမ်ကဲ့သို့ ပြားပြားခုံးခုံးသဏ္ဌာန် ရှိကုန်၏။

နဖူးရိုး၏ ပြင်ဘက် နားပန်းစွန်းရိုးတို့၏ အထက်၌တည်သော နားထင် ရိုးတို့သည် ညောင်ရေအိုးငယ် ထက်ခြမ်းခွဲသဏ္ဌာန် ရှိကုန်၏။

၎င်း နားထင်ရိုးနှင့်တကွသော တစ်စပ်တည်း တည်သော ထိပ်ရိုးသည် မျက်နှာဝကိုဖြတ်၍ ထားအပ်သော အုန်းသီးသဏ္ဌာန် ရှိ၏။

ဆံပင်တို့၏ ပေါက်ရာတည်ရာ ဦးခေါင်းခွံဟူဆိုအပ်သော တစ်ခေါင်းလုံး၏ အထက်ခေါင်းခွံရိုးတို့သည် ရှစ်စိတ်, ကိုးစိတ်ကွဲသဖြင့် ချုပ်စပ်၍ ထားအပ်သော အက်ရာ အရေးအကြောင်းထင်သော ဗူးအုန်းသဏ္ဌာန် ရှိကုန်၏။

ဤအလုံးစုံကိုပေါင်းသော် အရိုးကောင်သည် ကြိမ်နွယ်တို့ဖြင့် ရစ်ဆိုင်း၍ ထားအပ်သော၊ နွားချေးစိုတို့ဖြင့် မွမ်းမံအပ်သော ကောက်ရိုးရုပ်၊ သစ်သား ရုပ်သဏ္ဌာန် ရှိ၏။

ဒိသာဝဝတ္ထာန စသည်ကို ပြဆိုခြင်း

၁။ ဒိသာဝဝတ္ထာန။ ။ ဤ ၃၀၀-သော အရိုးတို့သည် အထက်ကိုယ် အရပ်, အောက်ကိုယ်အရပ် ဆိုအပ်သော အလုံးစုံသော ကိုယ်အရပ်၌ ဖြစ်၏။

၂။ ဩကာသဝဝတ္ထာန ။ ။ ဦးခေါင်းရိုးတို့သည် လည်ရိုး၌ တည်ကုန်၏။ လည်ရိုးတို့သည် ကျောက်ကုန်းရိုးတို့၌ တည်ကုန်၏။ ကျောက်ကုန်းရိုးတို့သည် ခါးရိုး၌ တည်ကုန်၏။ ခါးရိုးသည် ပေါင်ရိုး၌ တည်ကုန်၏။ ပေါင်ရိုးတို့သည် မြင်းခေါင်းတို့၌ တည်ကုန်၏။ မြင်းခေါင်းရိုးတို့သည် ဖမျက်ရိုးတို့၌ တည်ကုန်၏။ ကြွင်းသော အရိုးတို့သည် အချင်းချင်း သဘောတူရာ အရိုး အသားတို့ကိုမှီ၍ တည်ကုန်၏။

၃။ ပရိစ္ဆေဒဝဝတ္ထာန ။ ။ အောက်အတွင်း၌ ဦးနှောက်၊ အထက်ပြင်ဘက် အရပ်၌ အသားအသွေးတို့ဖြင့် ထုံမွမ်းအပ်သော အလယ်အတွင်း၌ ခြင်ဆီအစေးတို့ဖြင့် သွန်းလုပ်အပ်သော ဦးခေါင်းရိုးတို့သည် ထိုဦးနှောက် အစရှိသော ကောဋ္ဌာသတို့နှင့် ရောနှောပေါင်းယှက်ခြင်းမရှိ။ မိမိဦးခေါင်းရိုး ချင်းတို့သည်လည်း တစ်ခုသည် တစ်ခုနှင့် ပေါင်းယှက်ရောနှောခြင်းမရှိ။ အစိတ်စိတ်အမြွာမြွာ တစ်ခုစီ တခြားစီ ဖြစ်၍ တည်ကုန်၏။ အောက်တွင်း၌ သလိပ်ပုပ်၊ အပေါ်ပြင်ပအရပ်၌ အသွေးပုပ်၊ အသားပုပ် အစရှိသည်တို့ဖြင့် မွမ်းမံအပ်သော အလယ်၌ ခြင်ဆီပုပ်၊ အစေးပုပ်တို့ဖြင့် ပြည့်သော နံရိုး၊ ရင်ရိုး၊ ကျောရိုးတို့သည် ထိုသလိပ်ပုပ် အစရှိသည်တို့နှင့်လည်းကောင်း၊ မိမိတို့ချင်းလည်းကောင်း တစ်ပါးသည် တစ်ပါးနှင့် ရောနှောပေါင်းယှက် ခြင်းမရှိ။ တစ်လုံးတစ်ခဲတည်း မဟုတ်၊ အသီးအသီး, အစုတ်စုတ်, အပြတ်ပြတ်, အစပ်စပ် အဖာဖာ များစွာသော အရိုးဆက်တစ်ခုဖြစ်၍ တည်ကုန်၏။ အတွင်းအရပ်၌ ခြင်ဆီပုပ်၊ အစေးပုပ်၊ ပြင်ပအရပ်၌ အသားပုပ်၊ အသွေးပုပ် အစရှိသည်တို့ဖြင့် မွမ်းမံအပ်သော အလုံးစုံသော ပေါင်ရိုး၊ ခြေရိုး၊ လက်ရိုး အစရှိသည်တို့သည် ထို အသား၊ အသွေး အစရှိသည်တို့နှင့်လည်းကောင်း၊ မိမိတို့ချင်းလည်းကောင်း တစ်လုံးတစ်ခဲတည်း တည်သော မည်သည်မရှိ။ အသီးသီးအစိတ်စိတ် အမြွာမြွာ များစွာသော အရိုးဆက်အစုံဖြစ်၍သာ တည်ကုန်၏။ ဤအလုံးစုံသော ၃၀၀-သော အရိုးတို့သည် ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ ရိုးတွင်းခြင်ဆီ၊ အညှို့အစရှိသော

http://www.dhammadownload.com

၃၁ ပါးသော ကောဋ္ဌာသအစုတို့၏ အတွင်း၌ တည်လျက် ထို ဆံအစရှိသော ၃၁- ပါးသော ကောဋ္ဌာသအစုတို့၏ အတွင်း၌တည်လျက် ထိုဆံ အစရှိသော ၃၁ ပါးသော ကောဋ္ဌသတို့နှင့် မရောမယှက် အခွံအခေါက်တို့ဖြင့် ဖုံးအပ်သောသစ်သားစိုကဲ့သို့ ထို ဆံအစရှိသည်တို့မှ အသီးအခြား တစ်ခုသော ကောဋ္ဌသအစုဖြစ်၍ တည်ကုန်၏။

၄။ **ပညတ္တိသမတိက္ကမ**။ ။ ဤအတိုင်း နူတ်တက် အာဂုံရအောင်ပြု၍ နူတ်ဖြင့်လည်း ရွတ်, စိတ်ဖြင့်လည်း မှတ်၊ နူတ်ဖြင့် ရွတ်ခြင်းသည် စိတ်ဖြင့် မှတ်သားခြင်းအား ထင်လွယ်စေခြင်း၊ စိတ်ဖြင့် မှတ်ခြင်းသည် ဥဂ္ဂဟနိမိတ် ထင်ခြင်း အကျိုးရှိ၏။ ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း စိတ်ဖြင့် မှတ်၍ နူတ်ဖြင့် ရွတ်၍ ပွားအပ်သော ဘာဝနာသည် **ပရိကမ္မဘာဝနာ** မည်၏။ ဤသို့ ပွားဖန်များသဖြင့် အရိုးစု၏ အဆင်းသဏ္ဌာန်အစရှိသော ဆိုအပ်ခဲ့ပြီးသော ငါးပါးသော အခြင်းအရာတို့ဖြင့် ယထာသဘာဝအတိုင်း စက္ခုဝိညာဏ်ဖြင့် မြင်သကဲ့သို့ မနောဒွါရ၌ ရေးရေးတပ်တပ် ထင်၏။ ထိုအခါ **ဥဂ္ဂဟနိမိတ်** ထင်ပြီမှတ်။ ထိုဥဂ္ဂဟနိမိတ် ထင်သည်မှစ၍ ပဋိဘာဂ နိမိတ်ထင်စေခြင်းငှာ ဤဆိုလတ္တံ့သောနည်းဖြင့် ပွားအပ်၏။

ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အဆင်းသဏ္ဌာန်၊ အနံ့ဖြစ်ကြောင်း အာသယ၊ ဖြစ်ရာ သြကာသအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိသော ဤ ၃၀၀-သော အရိုးတို့၏ အခြင်းအရာတို့ကို စိတ်ဖြင့် မှတ်၍ "ဣမသ္မိံ ကာယေ ဣမံ အဋ္ဌိ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ အာသယတောပိ သြကာသတောပိ အသုဘံ ဇေဂုစ္ဆံ ပဋိကူလံ" ဤအတိုင်း နူတ်ဖြင့်လည်း ရွတ်၊ စိတ်ဖြင့်လည်း နှလုံးထားလေကုန်။ နာတိသီဃ နာတိသဏိက-မလျင်လွန်း, မနေးလွန်း ရွတ်ဖတ်သရဇ္ဈာယ် ဆင်ခြင်အောက်မေ့သည်ရှိသော် ထိုအဋ္ဌိကောဋ္ဌာသ၏ ဝဏ္ဏ၊ ဂန္ဓ အစရှိသော ငါးပါးသော အခြင်းအရာတို့ဖြင့် ပဋိကူလသညာ ထင်လတ္တံ့။ ထိုသို့ ထင်သည်မှစ၍ ဤ ဆိုလတ္တံ့သော နည်းဖြင့် ဆင်ခြင်အောက်မေ့အပ်၏။

ဤသည်အတိုင်း မနေးမလျင် ဆင်ခြင်အောက်မေ့ဖန်များသည်ရှိသော် ထိုအဋ္ဌိကောဋ္ဌာသ၏ ဆံအစရှိသော ကြွင်းသော သုံးဆယ့်တစ်ပါးသော ကောဋ္ဌာသမှ တစ်ပါး အသီးအခြား၏အဖြစ်၊ တစ်လုံးတစ်ခဲတည်း မဟုတ်သည်၏အဖြစ်၊ သတ္တဓိဝ မဟုတ်သည်၏အဖြစ်၊ အရိုးဟူ၍ပင် ထင်ရှားမရှိ, စင်စစ်အားဖြင့် အလွန်စက်ဆုပ်ရွံရှာဖွယ်သော ဝတ္ထုသည်သာလျှင်တည်းဟု နှလုံးသွင်းဆင်ခြင်မိသောအဖြစ်သည် ဖြစ်၏။ ပညတ္တိသမတိက္ကမ ထိုအခါ ပဋိဘာဂနိမိတ် သန့်ရှင်းခြင်းသို့ ရောက်၏။ ဤသို့ အထပ်ထပ် ဆင်ခြင်သဖြင့် အပွနာစျာန်သို့ ရောက်လေ၏။ ထိုအပွနာစျာန်သို့ ရောက်သည်ရှိသော် ထိုသို့ရောက်အပ်သော စျာန်ကိုလည်းကောင်း၊ ထိုမှတစ်ပါးသော တေဘူမကသခ်ါရတရားကိုလည်းကောင်း လက္ခဏာရေးသုံးပါးသို့ တင်၍ ဆင်ခြင်ပွားများအပ်၏။ ထို့နောင်မှ ဝိပဿနာဆယ်ပါးအစဉ်အတိုင်းဖြစ်၍ လောကုတ္တရာ အပွနာသို့ ရောက်လတ္တံ့။ ဤပဋိဘာဂနိမိတ်ထင်သည်မှစ၍ အထက်လောကီ, လောကုတ္တရာအပွနာ, တက်ရောက်သောနည်းကို နောက်၌ အကျယ်ဆိုဦးလတ္တံ့။

ပဋိဘာဂနိမိတ်ထင်ရန် ကမ္မဋ္ဌာန်းကို တစ်နည်း ပွားများပုံ

တစ်နည်းလည်း ပဋိဘာဂနိမိတ်ထင်စေခြင်းငှာ ဤသို့ဆိုလတ္တံ့သော နည်းဖြင့် အကျယ်ပွားများအပ်၏။

ဤကိုယ်ခန္ဓာရူပကာယ၌ ဤ ၃၀၀-သော အရိုးဆက်တို့သည် အဆင်းအားဖြင့် ခရုသင်းစွဲသော သူကဲ့သို့ အလွန်ဖြူလွန်းသော သုသာန် တစပြင်၌ ပစ်ထားအပ်သော အသား,အကြော ကုန်ခန်းပြီးသော လူသေကောင်၏ အရိုးနှင့် မထူးမခြားအလားတူ

http://www.dhammadownload.com

မြည်ကာမတ္တဖြင့်ပင် အလွန်ကြောက်မက်ဖွယ်၊ ရွံရှာဖွယ်၊ စက်ဆုပ်ဖွယ်သော အဆင်းရှိကုန်၏။

အနံ့အားဖြင့်လည်း အလွန်နံစော်သော အမိဝမ်းတွင်း၌ ကိုးလ,ဆယ်လပတ်လုံး အလွန်နံစော်သော အပုပ်နံ့တို့ဖြင့် ထုံလျက် အလွန်နံစော်သော အသား,အသွေး, ကျင်ကြီး,ကျင်ငယ် အစရှိသည်တို့ဖြင့် အခါခပ်သိမ်း ထုံမွမ်းလျက် အမိဝမ်းတွင်းမှစ၍ ယနေ့ထက်တိုင် တစ်ရံတစ်ဆစ် မဆေးမကြော မသုတ်သင်ရဘူးသည်ဖြစ်၍ အလွန်နံစော်သော ညှီဟောင်သော အနံ့ရှိကုန်၏။

သဏ္ဌာန်အားဖြင့်လည်း ခွေး, မြေခွေး, ကျီး, လင်းတို့သည် ကိုက်ခဲ၍ ကုန်ပြီးသော အသားအကြောရှိသော အသွေးပုပ်, ကျင်ကြီး, ကျင်ငယ်တို့၏ အတွင်း၌ စက်ဆုပ်ဖွယ်နစ်၍ တည်သော လူသေကောင်၏ အရိုးနှင့် မထူးမခြား အလားတူ အလွန်စက်ဆုပ်ဖွယ်သော သဏ္ဌာန် ရှိကုန်၏။

အာသယ အားဖြင့်လည်း စက်ဆုပ်ဖွယ်သော အသား,အသွေး,အစာဟောင်း,အစာသစ် အစရှိသော ကောဋ္ဌာသတို့၏ အစ္ဆတ္တဟာရ, ဗဟိဒ္ဓအာဟာရတို့ကို စွဲမှီ၍ ဖြစ်ရာသောကြောင့် တစ်စီးတွင်း တစ်စီးပွက်၌ ပေါက်ရောက်သော သစ်ပင်နွယ်ကဲ့သို့ စက်ဆုပ်ဖွယ်, ရွံရှာဖွယ်ဖြစ်သော ဖြစ်ကြောင်း အာသယရှိကုန်၏။

ဖြစ်ရာ ဩကာသ အားဖြင့်လည်း ဆဲ့ အစရှိသော သုံးဆယ့်တစ်ပါးသော ကောဋ္ဌသတို့၏ စုဝေးရာအရပ်၌ ထိုသုံးဆယ့်တစ်ပါးသော ကောဋ္ဌသတို့ဖြင့် အထက်, အောက်, အတွင်းအပြင် မွမ်းမံအပ်သည်ဖြစ်၍ ဒွန်းစဏ္ဍားတို့၏ ရွာတံခါး၀ တစ်စီးပွက်၏အတွင်း၌ နစ်၍တည်သော သစ်သားလုံတံကဲ့သို့ စက်ဆုပ်ရွံရှာဖွယ်သော ဖြစ်ရာ ဩကာသ ရှိကုန်၏။

ဤသို့သောနည်းဖြင့် ဤ ၃၀၀-သော အရိုးစုတို့သည် အဆင်းအားဖြင့်လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်လည်းကောင်း၊ ဖြစ်ကြောင်း အာသယအားဖြင့်လည်းကောင်း၊ တည်ရာဩကာသအားဖြင့်လည်းကောင်း အလွန်စက်ဆုပ်ဖွယ်, ရွံရှာဖွယ် ရှိကုန်၏။

ဤအရိုးစုတို့သည်လည်း စားတတ်, သွားတတ်, စကားဆိုတတ်သော ပုဂ္ဂိုလ်သတ္တ၀ါမဟုတ်၊ အသေကောင်အရိုးနှင့် လည်းကောင်း၊ သစ်သားရုပ်, အရိုးရုပ်တို့နှင့်လည်းကောင်း မထူးမခြား အလားတူ စွာသာဖြစ်၏။ စင်စစ်အားဖြင့် အရိုးစုဟူ၍ပင် ထင်ရှားခြင်းမရှိ၊ နိဿတ္တ နိဇ္ဇီ၀ ဓေဂုဏ္ဍ ပဋိကူလဖြစ်သော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌသတို့၏ အတွင်း၌ နိဿတ္တ နိဇ္ဇီ၀ ဓေဂုဏ္ဍ ပဋိကူလဖြစ်သော တစ်ခုသော, အသီးသော ကောဋ္ဌာသအစုမျှသာလျှင်တည်း။ အသီးသော, စက်ဆုပ်ဖွယ်သော ကောဋ္ဌာသအစုမျှသာလျှင်တည်း။

ဤအတိုင်း နှုတ်တက်အာဂုံပြု၍ နှလုံးသွင်းအပ်, ဆင်ခြင်အပ်၏။ ဤသို့ ဆင်ခြင်ဖန်များသဖြင့် အကြင်အခါ သုသာန်တစ သင်္ချိုင်း၀၌ ပစ်ထားအပ်သော အရိုးစုနှင့် မထူးမခြား ရွံရှာဖွယ် ထင်လာ၏။ ထိုအခါ ပဋိဘာဂနိမိတ် ထင်သည်ဟူ၍ မှတ်။

ထို့နောင်မှ ၎င်းလူသေကောင်တို့၏ အရိုးကို မိမိကိုယ်ထဲ၌ သွင်း၍ထားရသကဲ့သို့ လည်းကောင်း၊ လူသေတို့၏ဦးခေါင်းရိုးကို မိမိဦးခေါင်းရေအတွင်း၌ သွင်း၍ ထားရသကဲ့သို့လည်းကောင်း၊ ဗဟိဒ္ဓသန္တာန်၌ သူတစ်ပါးတို့ကို အောက်မေ့ဆင်ခြင်မိလျှင်လည်းကောင်း၊ သုသာန်ပြင်တို့၌ ပစ်ထားအပ်သော လူသေကောင်ရိုးကဲ့သို့လည်းကောင်း ကွင်းကွင်းကွက်ကွက် ရွံရှာဖွယ်၊ စက်ဆုပ်ဖွယ်၊ ကြောက်လန့်ဖွယ်၊ ငြီးငွေ့ဖွယ်နှင့်တကွ ထင်လာ၏။ ခရီးမ၌ သွားသောသူတို့ကို မြင်သောအခါ၌လည်း ထိုသွားသောသူ၏ ကိုယ်ကောင်ကို လူသေကောင် ရိုးကဲ့သို့ထင်၍ သွားစေတတ်သော စိတ်ဝိညာဉ်ကို လူသေကောင်ရိုး၏ အတွင်း၌ ဝင်၍အောင်းသော ဖုတ်ပြိတ္တာ စသည်ကဲ့သို့ ထင်၏။ ဦးခေါင်း ရိုးမှစ၍ ခြေရိုးတိုင်အောင်၊

http://www.dhammadownload.com

ခြေရိုးမှစ၍ ဦးခေါင်းရိုးတိုင်အောင် အရိုးစဉ် အတိုင်း နှလုံးသွင်းသဖြင့် မိမိကိုယ် သူတစ်ပါးတို့ကိုယ် အလုံး၌ အရိုးစုသာလျှင် ထင်၏။ ထိုအခါ ပဋိဘာဂ နိမိတ် အလွန်သန့်ရှင်းခြင်းသို့ ရောက်ပြီမှတ်။

ဤအခါမှစ၍ ထိုသို့ထင်လာသော ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ (အဋ္ဌ၊ အဋ္ဌ) ဤသို့သာလျှင် အဖန်ဖန်နှလုံးသွင်းအပ်, ပွားများစေအပ်၏။ ဥပမာကား အခိုးထသည်ကို မြင်လျှင် ဝမ်းမြောက်ဝမ်းသာ လျင်စွာသောအဟုန်ဖြင့် မီးမရမချင်း မတန့်မရပ် တစ်ပွတ်တည်းပွတ်မှ မီးစွဲနိုင်သကဲ့သို့ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် အခြင်းအရာ ထင်လာလျှင် ကိစ္စတစ်ပါး လပ်လျှားဆိုင်းနေမရှိစေဘဲ အပွနာသို့ မရောက်မချင်း တစ်ခဲတည်းခဲ၍ တစ်မဲတည်းမဲသဖြင့် နှလုံးသွင်းအပ်, ဆင်ခြင်အပ်၏။ ထိုသို့ ဆင်ခြင်သည် ရှိသော် အပွနာစျာန်သို့ ရောက်၏။

ဤ **အဋ္ဌကောဋ္ဌာသ၌** ပဋိဘာဂနိမိတ်ထင်အောင် အကျယ်ပွားသောနည်းကို အဋ္ဌကထာ၌ တိုက်ရိုက်မပြသော်လည်း **ကေသကောဋ္ဌာသ** ၌ အကျယ်ပြအပ်သော အဋ္ဌကထာနည်းကို မှီ၍ ဆိုအပ်သတည်း။

အဋ္ဌကထာ၌ **ကေသ** ကောဋ္ဌာသတစ်ခုသာလျှင် ဥဂ္ဂဟနိမိတ်, ပဋိဘာဂ နိမိတ် အလို့ငှာ ပွားရာသောနည်း အမြွက်ရှိသည်။ **လောမ** ကောဋ္ဌာသမှစ၍ ဥဂ္ဂဟနိမိတ် အလို့ငှာ ပွားရာသော နည်းကိုသာ အကျယ်ပြလျက်ရှိသည်။ ပဋိဘာဂနိမိတ်အလို့ငှာ ပွားရာသောနည်း အကျယ်မရှိ၊ မကျယ်မဆို၊ ထိုသို့ မဆိုခြင်းသည်လည်း **ကေသ** ကောဋ္ဌာသ၌ ပြအပ်ပြီးသော နည်းကို အစဉ်မှီးသဖြင့် နည်းယူနိုင်လောက်ပြီဟု နှလုံးသွင်း၍ ဆိုတော်မမူသည်မှတ်။

အဋ္ဌကောဋ္ဌာသ၌ သမထအားဖြင့်
ပွားနည်း ပြီး၏။

× × ×

ဝိပဿနာနည်းကို ပြခြင်း

ဝိပဿနာနည်းကိုကား ဤ ဆိုလတ္တံ့သော နည်းဖြင့် မှတ်သားအပ်၏။ ဤ အဋ္ဌကောဋ္ဌာသ၌ ဆိုအပ်ခဲ့ပြီးသည့်အတိုင်းပွားများဖန်များ၍ ပဋိဘာဂ နိမိတ်ထင်သဖြင့် အပွနာစျာန်သို့ရောက်သော ပုဂ္ဂိုလ် ဖြစ်အံ့။ ထိုသို့ရောက်အပ်သော စျာန်ကိုဝင်စားပြီး၍ ထိုပထမစျာန်မှ ထပြီးသည်ရှိသော်လည်းကောင်း၊ အပွနာစျာန်သို့ မရောက်သေးမီ ဝိပဿနာ တင်လိုသော ပုဂ္ဂိုလ်ဖြစ်အံ့။ ထိုသို့ ထင်လာသော ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ "**အဋ္ဌ အဋ္ဌ**" ဟု စီးဖြန်းဖန်များသဖြင့် အလွန် စိတ်၏ ကြည်လင်ဖြူစင်သန့်ရှင်းခြင်း "**စိတ္တဝိသုဒ္ဓိ**" ကို ရပြီးသည်ရှိသော်လည်းကောင်း ဤဆိုလတ္တံ့သောနည်းဖြင့် နှလုံးသွင်းအပ်၏။

ဤ အရိုးစုဟူသည်လည်း ပရမတ္ထအားဖြင့် "**အရိုးစု**" ဟု ထင်ရှားမရှိ၊ ရုပ်ကလာပ်အစုမျှသာတည်း။ ဤ အရိုးစုဟူသည် ကြမ်းတမ်းခက်မာခြင်း ထဒ္ဓလက္ခဏာရှိသော ပထဝီဓာတ်၊ ပျောင်းဖွဲ့ခြင်း, ပွားခြင်း အာဗန္ဓနလက္ခဏာရှိသော အာပေါဓာတ်၊ အေးခြင်း, ပူခြင်း, အခိုးအရှိန်ဟု ဆိုအပ်သော ပူပြင်းခြင်း ဥဏှတ္တလက္ခဏာရှိသော တေဇောဓာတ်၊ ထိုမှ ဤမှ ပြောင်းရွေ့ ပျံ့လွင့်ခြင်း ဝိတ္ထမ္ဘနာ လက္ခဏာရှိသော ဝါယောဓာတ်၊ ဤ ဓာတ်လေးပါး၌ မှီသော မြင်အပ်ခြင်း လက္ခဏာရှိသော အဆင်းဟူသော ဝဏ္ဏ၊ နံစော်သော အနံ့ဟူသော ဂန္ဓ၊ ဓိဂုဖြင့် သာယာအပ်သော အရသာဟူသော ရသ၊ စားသောက်ကုန်သော သူတို့၏ ကိုယ်အလုံး၌ပျံ့၍ အာဟာရရုပ်ကို ဖြစ်ပွားစေနိုင်ခြင်း သတ္တိလက္ခဏာရှိသော သြဇာ၊ ဤသို့ အဋ္ဌကလာပ်ရုပ် ရုစ်ခုသည်လည်းကောင်း၊ ဤရုစ်ခုသော ရုပ်ဟု ဆိုအပ်သော သဟဇာတ်ရုပ်တို့ကို စောင့်ခြင်း လက္ခဏာရှိသော ရုပ်ဇီဝတနှင့် တကွ ဇီဝိတနဝက ကလာပ်ရုပ်သည်လည်းကောင်း၊ ထိခိုက်ခြင်း အစရှိသည်တို့ဖြင့် ကျင်နာရာ အရိုးစု

http://www.dhammadownload.com

အရုပ် မဟာဘုတ်တို့ကို ကြည်စေခြင်း လက္ခဏာရှိသော ကာယပသာဒနှင့်တကွ ကာယဒသက ရုပ်ကလာပ်အပေါင်းသည် လည်းကောင်း၊ ပုရိသလိင်ကို ဖြစ်စေတတ်သော ပုရိသဟူ၍ ခေါ်ဝေါ်ရကြောင်း ဖြစ်သော ပုမ္ဘောနှင့်တကွ ဘာဝဒသကရုပ်သည် လည်းကောင်း ဤသို့သော ရုပ်တရားအစုမျှသာလျှင် ဖြစ်၏။ ပရမာဏုမြူအတိုင်း အရွယ်ရှိသော အရိုးစု မှုန့်တစ်ခုခု၌ပင်လျှင် ဤများစွာသော ကဲ့, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရား လေးပါးကြောင့် ဖြစ်သော ရုပ်တရား အပေါင်းတို့သည် ရှိသည် ဖြစ်ကုန်၏။

ဤအရိုးစု၏ မိုရာခန္ဓာကိုယ်အလုံးဦးလည်း ဤသို့သော လက္ခဏာရှိသော ရုပ်တရားအစုတို့သည်သာလျှင် ထိုက်သည်အားလျော်စွာ ရှိသည် ဖြစ်ကုန်၏။ "ဤခန္ဓာကိုယ်တစ်ကောင်လုံးဦး ဤရွေ့ ဤမျှ ရုပ်အစုရှိ ကုန်၏" ဟူ၍ ဂဏန်းသချေါသဘော ဖြင့် ရေတွက်ပြောဟောခြင်းငှာ မတတ်ကောင်း၊ ဤရုပ်တရားအပေါင်းတို့သည် ပဋိသန္ဓေစိတ် ဥပါဒ်သည်မှစ၍ သေခါနီး စုတိ အထက် တစ်ဆယ့်ခုနှစ်ချက်မြောက်သော စိတ္တက္ခဏာတိုင်အောင် အဖန်တလဲလဲ ဖြစ်၍နေကြကုန်၏။ တစ်ကြိမ် တစ်ကြိမ် ဖြစ်သော ရုပ်တို့သည် စိတ္တလက္ခဏာ တစ်ဆယ့်ခုနှစ်ချက်မျှသာ အသက်ရှည်ကုန်၏။ ဤ ရုပ်တရားတို့သည် အချမ်း,အပူ ဟူသော ဝိရောဓိ ပစ္စည်းအကြောင်းတို့ကြောင့် အဖြူ, အမည်း အစရှိသည်ဖြင့် ဖောက်ပြန်ပျက်စီးခြင်း ရုပ္ပနလက္ခဏာ ရှိကုန်၏။

ဤ ရုပ်တရားအစု၌ မှီသော ဤ ရုပ်အစုတို့ကို ထိုမှ ဤမှ သွားသော အခြင်းအရာ, စားသောက်သော အခြင်းအရာတို့ကို ဖြစ်စေတတ်သော ထိုထို သို့သော အာရုံ၌ ကြံစည်အောက်မေ့ခြင်း လက္ခဏာရှိသောစိတ်၊ ထိုစိတ်နှင့် တကွဖြစ်၍ အာရုံ၌ အောက်မေ့ခြင်း, နှလုံးသွင်းခြင်း, ခံစားခြင်း လက္ခဏာရှိသော ဝေဒနာ စေတသိက်၊ ထိုအာရုံကို အမှတ်ပြု၍ သိခြင်း, မှတ်သားခြင်း လက္ခဏာရှိသော သညာစေတသိက်၊ ဤသို့အစရှိသော စေတသိက်တို့နှင့် တကွဖြစ်သော များစွာသော နာမ်တရားတို့သည်လည်း ဖြစ်ကုန်၏။ ၎င်းနာမ်တရားတို့သည်လည်း အာရုံ၌ညွတ်ခြင်း နမန လက္ခဏာမျှသာရှိသည် ဖြစ်ကုန်၏။ ဤခန္ဓာကိုယ်၌ တစ်စုံတစ်ခု စားတတ်,သွားတတ်သော သတ္တဝါမည်သည် မရှိ။ "သွားမည်, စားမည်" ဟူ၍ ဗျာပါရပြုတတ်သော သတ္တဝါမည်သည် မရှိ။ စင်စစ်အားဖြင့် ဤသို့ သဘောရှိသည် မျက်စိတစ်မှိတ်, လျှပ်တစ်ပြတ်အတွင်း၌ အရာအထောင်မက အသစ်အသစ်လဲ၍ ဖြစ်ခြင်းလက္ခဏာ ရှိကုန်သော ရုပ်နာမ်တရားအစုမျှသာလျှင်တည်း။ နာမ်ရုပ်အစုမျှသာလျှင်တည်း။

ဤသို့ နှုတ်တက်အာဂုံရအောင်ပြု၍ နှုတ်ဖြင့်လည်းရွတ်၊ စိတ်ဖြင့်လည်း အဖန်ဖန် ကြံစည်အောက်မေ့ပွားများစေအပ်၏။

နာမရူပ ပရိစ္ဆေဒဉာဏ် ထင်အောင် ပွားများပုံ

ဤသို့ အဖန်ဖန် ဆင်ခြင်အောက်မေ့သဖြင့် သတ္တသညာ, ဇီဝသညာ မပျောက်သည်ရှိသော် ဤဆိုလတ္တံ့သော အကျဉ်းမျှဖြင့် ပွားများအပ်၏။ "ဤအတ္တဘာဝဟူသော သတ္တဇီဝ မဟုတ်၊ ရုပ်နာမ်အစုမျှသာလျှင်တည်း။ ဣတ္ထိပုရိသ သတ္တ ဇီဝါ သူငါတစ်ပါး အခြားမရှိသည်သာလျှင်တည်း"ဤသို့ပွား။ ဤကား နှုတ်အာဂုံပြု၍ နာမရူပပရိစ္ဆေဒဉာဏ် ထင်အောင် ပွားများရသော နည်းတည်း။

၎င်း၌ ဆင်ခြင်ရာသောနည်း

ဤဆိုလတ္တံ့သည်ကား ဆင်ခြင်ရာသော နည်းတည်း။

ဒွန်းစဏ္ဍားတို့၏ ရွာတံခါး၀၌ လူယောကျ်ား၊ လူမိန်းမ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ခွေး၊ ဝက် အစရှိသည်တို့၏ မစင်၊ ကျင်ကြီး၊ ကျင်ငယ် အစရှိသော

http://www.dhammadownload.com

အညစ်အကြေးတို့ဖြင့်ပြည့်သော တစီးပွက်၌ တစီးရည်တို့သည် အစဉ်အတိုင်း ခန်းခြောက်၍ ထက်ထက်မာမာရှိလတ်သော် ၎င်းတစီးပွက်မှ တစ်ဆယ်သား, ငါးတင်းသားရှဉ့်ဗွက်တို့ကိုစုပြီးလျှင် ယောက်ျားသဏ္ဌာန်၊ မိန်းမသဏ္ဌာန်၊ လူသဏ္ဌာန်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားသဏ္ဌာန် အစရှိသည်တို့ကို ပြုလုပ်၍ အချို့အရုပ်၌ အပေါ်ယံတွင် ဆေးနီလိမ်းကျံခြင်း, တချို့အရုပ်၌ ဆေးဝါးလိမ်းကျံခြင်း, အချို့အရုပ်၌ တင့်တယ်သောသဏ္ဌာန်, အချို့အရုပ်၌ ဆိုရွားသော, မတင့်တယ်သောသဏ္ဌာန် အစရှိသည် ပြုလုပ်၍ ထားပြီးသည်ရှိသော် ဤကား ယောက်ျား, ဤကား မိန်းမ, ဤကား ဆင်, မြင်း, အစရှိသည်ဖြင့် အမှတ်အသား ခေါ်ဝေါ်ကြရာ၏။

ထို အရုပ်တို့သည် အဆင်းသဏ္ဌာန်အားဖြင့် ဆိုးကောင်း ယုတ်မြတ် ကွဲပြားလေသော်လည်း ဝတ္ထုအထည်ဒြပ်အားဖြင့် များစွာသော အညစ်အကြေးတို့နှင့် ရောပြွမ်းသော တစီးပွက် တစီးညွှန်၏ အဖြစ်ကိုလည်းကောင်း၊ စက်ဆုပ်ရွံရှာဖွယ်သော အဖြစ်ကိုလည်းကောင်း၊ ပရမတ္ထမြေ အမှုန့်စု အပေါင်း၏ အဖြစ်ကိုလည်းကောင်း မလွန်နိုင်။ စက်ဆုပ်ဖွယ်သော တစီးညွှန့် အမှုန့်အစု အဖြစ်ဖြင့် အတူတူရှည်းသာ ဖြစ်၏သို့။ ဤနည်းအတူ ဤအရိုးစုကိုလည်းကောင်း၊ ဤအရိုးစု၏ ဖြစ်ကြောင်းဖြစ်ရာ ကြွင်းသော သုံးဆယ့်တစ်ပါးသော ကောဋ္ဌသအစုကိုလည်းကောင်း စွဲ၍ ယောက်ျား၊ မိန်းမ၊ လူ၊ ဆင်၊ မြင်း အစရှိသည် သမုတ်အပ်သော်လည်း ထိုအရိုးစုအစရှိသော စက်ဆုပ်ဖွယ်သော သဘောကိုလည်းကောင်း၊ များစွာသော ရုပ်ကလာပ်အမှုန့်အစုအပေါင်းကိုလည်းကောင်း မလွန်နိုင်။ စင်စစ်အားဖြင့် ဤ အရိုးစုအစရှိသော စက်ဆုပ်ဖွယ်ဝတ္ထုဖြစ်၍ တည် သော မဟာဘုတ်, ဥပါဒါရုပ်ဟု ဆိုအပ်သော ရုပ် ကလာပ် အမှုန့်စု အပေါင်းသာလျှင်တည်း။ ဤသို့ရှု။

ကိုယ်ခန္ဓာရူပကာယ၌ ဥပမာထင်ပုံ

ဤသို့ ရှုဖန်များသည်ရှိသော် ဤသို့ ထင်လတ္တံ့-

ဤ အရိုးစုတို့ဖြင့် စိုက်ထောင်အပ်သော အသား၊ အသွေး၊ ကျင်ကြီး၊ ကျင်ငယ် အစရှိသည်တို့ဖြင့် မွမ်းမံအပ်သော ဤ ကိုယ်အကောင်ပုပ် ရုပ်တရားတို့ကို သေကောင်ပုပ်ကဲ့သို့ ထင်၏။

နာမ်ကို သူသေ၌ ဝင်အောင်းသော သူသေကောင်ကို ထိုမှ ဤမှ ရွှေ့လျားစေတတ်သော ဖုတ်ပြိတ္တာကဲ့သို့ ထင်၏။

ဤ ခန္ဓာကိုယ် ရူပကာယကို မီးသင်္ဂေါကဲ့သို့ ထင်၏။ စိတ္တဇ ဝါယောဓာတ်တို့ကို မီးသင်္ဂေါကို ပြေးစေတတ်သော မီးခိုးကဲ့သို့ ထင်၏။ နာမ်ကို မီးကဲ့သို့ ထင်၏။

ဤ ကိုယ်ခန္ဓာ ရူပကာယကို ယန္တရားစက်ရုပ်ကဲ့သို့ ထင်၏။ နာမ်ကို စက်ယန္တားကဲ့သို့ ထင်၏။ အရိုးစုအစရှိသော ကောဋ္ဌသတို့ဖြင့်ဖြစ်သော ဤ ရုပ်တို့ကို ရထား အဆောက်အအုံ သစ်သား လုံတံကဲ့သို့ ထင်၏။

ဤကိုယ်လုံး ရူပကာယကို လှည်း,ရထားကိုကဲ့သို့ ထင်၏။ နာမ်ကို ဝန်ဆောင်နွားလားကဲ့သို့ ထင်၏။

ဤကိုယ်ခန္ဓာရူပကာယကို လှေကိုကဲ့သို့ ထင်၏။ နာမ်ကို လေအဟုန်ကဲ့သို့ ထင်၏။

လေသည် "ပြင်းစွာသောအဟုန်ကိုဖြစ်စေ၍ ဤလှေကို ငါတို့ကမ်းသို့" ဟူသော ဗျာပါရမရှိ။ "ငါတို့ကမ်းသည်, သွားစေသည်" ဟူ၍ သိတတ်သော သဘော မရှိသကဲ့သို့ နာမ်တရားတို့သည်လည်း "ဤရုပ်တရားတို့ကို ငါရွှေ့ စေ, သွားစေမည်" ဟူသော ဗျာပါရမရှိ၊ "သွားစေသည်" ဟူ၍ သိတတ်သော သတ္တဇီဝမဟုတ်၊ လှေသည်လည်း "လေအဟုန်ဆောင်သောကြောင့် ငါသွားရတော့မည်"ဟု ဗျာပါရမရှိ၊ "ငါသွားရသည်"ဟု သိတတ်သော

http://www.dhammadownload.com

သဘောမရှိသကဲ့သို့ ဤအရိုးစုဖြင့် ပြီးသော ရူပကာယသည်လည်း "နာမ်တရားကြောင့် ထိုမှ ဤမှ ငါရွှေ့သွားရတော့မည်" ဟူသော ဗျာပါရမရှိ "ရွှေ့သွားရလေသည်" ဟုသိတတ်သော သတ္တဇဝိဥမဟုတ်၊ စင်စစ်အားဖြင့် အရိုးစုအစရှိသော ကောဋ္ဌာသ ဓေဂုဏ္ဍ ပဋိကူလ ဖြစ်၍တည်သော မဟာဘုတ်, ဥပါဒါရုပ် အစု၊ ဝိညာဏ်, ဖဿ, ဝေဒနာ အစရှိသော များစွာသော နာမ်တရားအစုတို့သည်သာလျှင် ဖြစ်ကုန်၏။

"အညတိတ္ထိယတို့သည် ကြဲဆအပ်သော ဣတ္ထိ,ပုရိသ, သတ္တ, ဇီဝဟူသည်, ကိုယ်ဟူသည် စင်စစ် ထင်ရှားမရှိသည်သာလျှင်တည်း" ဟု မနောဒွါရ၌ တပ်တပ်ထင်၏။ ထိုအခါ **နာမရူပ ပရိစ္ဆေဒ ဉာဏ်** သန့်ရှင်းခြင်းသို့ ရောက်ပြီမှတ်။

ဤကား နာမရူပ ပရိစ္ဆေဒဉာဏ် ထင်ဟန် ဥပဒ္ဒဟနာကာရတည်း၊ **ဒိဋ္ဌိဝိသုဒ္ဓိ** ဖြစ်ဟန်လည်း ဟူ။

ဓမ္မဋ္ဌိတိဉာဏ် ကင်္ခါဝိကရဏ ဝိသုဒ္ဓိဉာဏ်ဖြစ်ရန် ဆင်ခြင်ပုံ

ဤသို့ အောက်၌ ဆိုအပ်ပြီးသော နည်းအားဖြင့် အဖန်တလဲလဲ ဆင်ခြင် ပွားများဖန်များ၍ နာမရူပ ပရိစ္ဆေဒဉာဏ် သန့်ရှင်းခြင်းသို့ ရောက်လတ်ပြီးသော် ပစ္စယပရိဂ္ဂဟဉာဏ်ဟု ဆိုအပ်သော ဓမ္မဋ္ဌိတိဉာဏ်, ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ် ဖြစ်စေခြင်းငှာ ဤဆိုလတ္တံ့သောနည်းဖြင့် ဆင်ခြင်ပွားများ အပ်ကုန်၏။

ဤအရိုးစု အစရှိသည်ဖြင့် ဖြစ်၍တည်သော အလုံးစုံသော ရူပကာယသည်လည်းကောင်း၊ ဤရူပကာယကို ထိုမှ ဤမှ လှုပ်ရှားသော အခြင်းအရာ, သွားသော အခြင်းအရာတို့ကို ဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်ဟု ဆိုအပ်သော နာမကာယသည်လည်းကောင်း ဤအလုံးစုံသော ကိုယ်ခန္ဓာသည် ထင်ရှားဖြစ်၍နေခဲ့၏။ ထိုသို့ဖြစ်ခြင်းသည် တစ်ယောက်နှင့် တစ်ယောက်မတူ။ အမျိုး အနွယ်၊ အဆင်း၊ သဏ္ဌာန် အစရှိသည်တို့ဖြင့် ထူးခြားကွဲပြား ဖြစ်ခဲ့၏။ ထိုသို့ဖြစ်ရခြင်းသည် အကြောင်းမရှိသော် မဖြစ်ရာ၊ အကယ်၍ အကြောင်းမဲ့ ဖြစ်သည်ရှိသော် အလုံးစုံသော သတ္တဝါဟူသမျှ အမျိုးတာတ်၊ အဆင်း၊ သဏ္ဌာန် မထူးမခြား အတူတူချည်းသာလျှင် ဖြစ်ရာ၏။ ယင်းသို့လည်း မဖြစ်ခဲ့။

ပရမီသွာ, ဗြဟ္မာ, ပိသဏိုး အစရှိသော သူတို့သည် ဖန်ဆင်းသောကြောင့်ဖြစ်သည်ဟူ၍ အညတိတ္ထိယတို့ ဆိုသည့်အတိုင်း ယူရမည်မှာလည်း ထိုပရမီသွာ, ဗြဟ္မာ, ပိသဏိုး အစရှိသော သူတို့၏ ရုပ်နာမ်ကို အသူဖန်ဆင်းသနည်းဆိုသော် ဆိုရာအကြောင်းမဲ့သောကြောင့် ထို အညတိတ္ထိယတို့ စကားလည်း ယုတ္တိမရှိရာ။ ထိုသို့ဖြစ်၍ ၎င်းရုပ်နာမ်၏အကြောင်းကို ဟုတ်တိုင်းထင်အောင် ဆင်ခြင်စူးစမ်း ရှာဖွေအပ်၏။ ထိုသို့ရှာသည်ရှိသော် ပဋိစ္စသမုပ္ပာဒ်နည်း, ပဋ္ဌာန်းနည်းတို့ဖြင့် ရှာအပ်၏။

ဤကား စိန္တာမယ ဉာဏ်၏အရာတည်း။

ဤ ဆိုလတ္တံ့သည်ကား နှုတ်တက်အာဂုံပြု၍ နာမ်ရုပ်တို့၏ အကြောင်းကိုရှာရာ ပွားများရာသော နည်းတည်း။

ဤ ကိုယ်ခန္ဓာဟူသည်ကား သတ္တ ဇီဝ မဟုတ်၊ ဝိညာဏ်, နာမ်ရုပ်, သင်္ခါယတန,ဖဿ, ဝေဒနာ ဟူသော အကျိုးငါးပါး တရားသဘော အစုသာလျှင်တည်း။

ဤ အကျိုးငါးပါး၏ အကြောင်းကား အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သင်္ခါရ ဟူသော တရားငါးပါး အပေါင်းသာလျှင်တည်း။ ဤ အဝိဇ္ဇာစသော ငါးပါးသောအကြောင်းကြောင့် ဤ ဝိညာဏ်စသော ငါးပါးသော အကျိုးတရားတို့သည် ရှေးအခါကလည်း မပြတ်စပ်ကာ ဖြစ်ရလေပြီ။ ဤ ယခုဘဝလည်း မပြတ်မစဲဖြစ်ရဆဲ၊ နောင်သံသရာရဟတ် မပြတ်သရွေ့ကာလပတ်လုံးလည်း ဆုံလည်

http://www.dhammadownload.com

နွား၏သို့ တစ်ပါတ်လည်လည် အတည်မရ ဖြစ်ရခဲ့လတ္တံ့။

ဤသို့ နှုတ်တက်အာဂုံပြု၍ အထပ်ထပ် ဆင်ခြင်ပွားများအပ်၏။ ဤသို့ ပွားများခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွားစေသည်မည်၏။ ၎င်း ပညာဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့် သမွယုတ်ဖြစ်သော သတိ, ဝီရိယ အစရှိသည်တို့သည်လည်း သတိသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် စသည်တို့ မည်ကုန်၏။ နတ် သုဒ္ဓါကို အခါခါသုံး၍ မမုန်းနိုင်သကဲ့သို့ ပစ္စယပရိဂ္ဂဟဓမ္မဋ္ဌိတိဉာဏ် ဟူသော နတ်သုဒ္ဓါဌ်ကောင်းစွာ မငြီးမငွေ့ သုံးဆောင်လေ့ရှိတော်မူကြပါစေသတည်း။

× × ×

"အဝိဇ္ဇာသမုဒယာ ကာယသမုဒယော" အစရှိသော ပါဠိတော်ကို စွဲ၍ အကြောင်းရှာပုံ

တစ်နည်းလည်း "အဝိဇ္ဇာသမုဒယာ ကာယသမုဒယော" အစရှိသောပါဠိတော်ကိုစွဲ၍ အကြောင်းကို ရှာအပ်၏။ ဤသို့ရှာ-

ဤအရိုးစု အတ္တဘာဝ၏ အကြောင်းကို ဆင်ခြင်သည်ရှိသော် ဤအတ္တ ဘာဝ၌ ပဋိသန္ဓေ-ပဝတ္တိ-ဝိပါက်ဝိညာဏ်တို့သည်လည်းကောင်း၊ ကမ္မဇရုပ်တို့သည် လည်းကောင်း ရှေးဘဝ၌ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သင်္ခါရ ဟူသော မူလဟေတု အကြောင်း၊ ဤဘဝ၌ စားအပ်သော အာဟာရ ဟူသော အထောက်အပံ့ ပစ္စယအကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

ကုသိုလ်စိတ်တို့သည် သပ္ပုရိသူပနိဿယ, သဒ္ဓမ္မသဝန, ယောနိသော မနသိကာရ ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။

အကုသိုလ်စိတ်တို့သည် အသပ္ပုရိသူပနိဿယ, အသဒ္ဓမ္မသဝန, အယောနိသော မနသိကာရ ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။

ကိရိယာစိတ်တို့သည် အနုသယကင်းသော ရဟန္တာအရှင်တို့သန္တာန်၌ ရောက်သောကြောင့် ကိရိယာ ဟူသော အမည်ဖြင့် ဖြစ်ကုန်၏။

အာဝဇ္ဇန်း ကိရိယာတို့သည် ဘဝင်စိတ်တို့၏ ပြတ်ခြင်းကြောင့် ဖြစ်ကုန်၏။

အလုံးစုံသော ရုပ်တရားတို့သည် ကံ, စိတ်, ဥတု, အာဟာရဟူသော မူလဟေတုအကြောင်း၊ ပစ္စယ အထောက်အပံ့အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။

အလုံးစုံသော နာမ်ရုပ်တရားတို့သည် ထိုက်သည်အားလျော်စွာ ဟေတု, အာရမ္မဏ, အဓိပတိ, အနန္တရ,သမနန္တရ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, အာသေဝန, ကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, နတ္ထိ, ဝိဂတ, အဝိဂတ ဟု ဆိုအပ်သော ပစ္စယသတ္တိတို့ကို စွဲ၍ ဖြစ်ကုန်၏။

ဤအတိုင်း နှုတ်ဖြင့်အရ ရွရွကျက်၍ ကြံစည်အောက်မေ့ ဆင်ခြင်အပ်၏။

ဤ ဆိုခဲ့ပြီးသောနည်းတို့တွင် တစ်ပါး၊ပါး၌ နှစ်သက်ရာကို နှုတ်၌ အရဆောင်၍ ကြွင်းသော နည်းတို့ကို မှတ်သားမိအောင် အလေ့အလာပြု၍ နှုတ်တက်သည့်အတိုင်း အဖန်ဖန် အောက်မေ့ပွားများသည်ရှိသော် ဓမ္မဋ္ဌိတိဉာဏ် အလွန်သန့်ရှင်းခြင်းသို့ ရောက်လတ္တံ့။ ၎င်းဉာဏ်သည် အကြောင်းတရားတို့ကို သိမ်းဆည်းတတ်သောကြောင့် **ပစ္စယပရိဂ္ဂဟဉာဏ်** မည်၏။ အကျိုးတရားတို့၏ တည်ရာအကြောင်းကို သိတတ်သောကြောင့် ဓမ္မဋ္ဌိတိ ဉာဏ်လည်း မည်၏။

"အကြောင်းမရှိသည်မဟုတ်၊ အကြောင်းစင်စစ်ရှိ၏။ ပရမိသွာ, ဗြဟ္မာ, ဝိဿကို့ အစရှိသည်တို့ ဖန်ဆင်းခြင်းအကြောင်း ရှိသည်လည်းမဟုတ်၊ ဤ အဝိဇ္ဇာ အစရှိသော အကြောင်းရှိသည်

http://www.dhammadownload.com

သာလျှင်တည်း" ဟု မနောဝိညာဏ်ဝယ် ဟုတ်တိုင်း တပ်တပ်ထင်ခြင်းကြောင့် ယထာဘူတဉာဏ်လည်း မည်၏။ သမ္မာဒဿနဉာဏ်လည်း မည်၏။

ယခင် ဆိုအပ်ခဲ့ပြီးသော နာမရူပ ပရိစ္ဆေဒဉာဏ်သည်လည်းကောင်း၊ ဓမ္မဋ္ဌိတိဉာဏ်တို့ကို ရင့်စေခြင်းငှာ ပွားအပ်သော ဘာဝနာသည် လည်းကောင်း ပညာဘာဝနာ မည်၏။ ရှေးဆိုခဲ့ပြီးသော နည်းအတိုင်း ဣန္ဒြိယဘာဝနာ၊ ဗောဇ္ဈင်္ဘာဝနာ၊ မဂ္ဂင်္ဘာဝနာ စသည်လည်း မည်၏။

သမထဘာဝနာ, ဝိပဿနာဘာဝနာ နှစ်ပါးတို့တွင် ဝိပဿနာဘာဝ နာ၌ သင်္ဂဝင်၏။ သမထဘာဝနာအရာ၌ ကသိဏ်းဝန်း စသည်ကို အာရုံပြု၍ ပွားများအပ်သော ဘာဝနာသည် ပရိကမ္မဘာဝနာ မည်သကဲ့သို့ ဤ၌လည်း ဥဒယဗ္ဗယာနုပဿနာ စသော ဝိပဿနာဉာဏ်တို့၏ အခြေပကတူပ ဖြစ်သောကြောင့် ပရိကမ္မဘာဝနာအရာ၌ တည်၏။ နာမ်ရုပ်တို့ကို လည်းကောင်း၊ နာမ်ရုပ်တို့၏ အကြောင်းကိုလည်းကောင်း တပ်တပ်ထင်ထင် မြင်သဖြင့် စိတ်၏ အလွန်တည်ကြည်ငြိမ်သက် ဝမ်းမြောက်ခြင်းနှင့် တကွ အထပ်ထပ် သုံးသပ်အပ်သည်ရှိသော် ဥပစာရဘာဝနာအရာ၌ တည်၏။ ၎င်းဉာဏ်တို့၏ အာရုံဖြစ်သော နာမ်ရုပ်တို့သည် ဥဂ္ဃဟနိမိတ်အရာ၌ တည်ကုန်၏။ ၎င်းနိမိတ်ကို အာရုံပြု၍ ပွားအပ်သော ဘာဝနာမယကုသိုလ်တို့သည် ပတ္တမြားကျောက်မျက်ရွှဲကို ဝရဖိန်ကျောက်ဖြင့် ခွဲသကဲ့သို့ အလွန်သိမ်မွေ့နက်နဲသော, နာမ်ရုပ်တို့ကို ခွဲနိုင်သော ဘာဝနာမယဉာဏ်ဖြင့် ပြီးသောကြောင့် ဒါနမယ, သီလမယ ကုသိုလ်တို့ထက် ထက်ထက်သန်သန် လူ့တစ်ယောက်၊ နတ်တစ်ယောက် ဆိုစလောက်အောင်သော လောကီအကျိုးလည်း ပေးစွမ်းနိုင်သော သတ္တိရှိ၏။ လောကုတ္တရာ မဂ်ဖိုလ်တို့၏ အခြေပကတူပလည်း အလွန်စင်စစ်ဖြစ်၏။ ပစ္စက္ခဉ်လည်း ရာဂစသော နိဝရဏာ ခေါင်းပါး၍ အရတီ၊ ရတီ စသော ဘေးတို့ကိုလည်း လွန်နိုင်၏။ သတ္တကာရ, ဇီဝါကာရ, ဣတ္ထာကာရ, ပုရိသာကာရ, အဟင်္ကာရတို့ကို လွန်သောကြောင့် ဝါဋ္ဋဗျူဟ ယက္ခရက္ခသ အစရှိသော ဘေရဝါရမ္မဏတို့၌လည်း တုန်လှုပ်ခြင်း, ကြောက်ခြင်း, လန့်ခြင်း ကင်း၏။ ဆဠာသမကသဝါတာတပ အစရှိသည်တို့ကိုလည်း သည်းခံနိုင်၏။ နှလုံး၏ နူးညံ့သိမ်မွေ့ခြင်း, သည်းခံခြင်း ခန္တီသော ရစ္စ စသော ဂုဏ်တို့သည်လည်း အထူးရောက်လာကုန်၏။

ဤသို့လျှင် ပစ္စက္ခ, သံသရာနှစ်ပါးတို့၌ အလွန်အကျိုးများသောကြောင့် ၎င်းနာမရူပ ပရိစ္ဆေဒဉာဏ်, ဓမ္မဋ္ဌိတိဉာဏ်တို့ကို ရင့်စေ, ပွားစေခြင်း ဘာဝနာ၌ ဆီပေါ်ဝယ် မနားနိုင်သည့် ယင်ရိုင်းကဲ့သို့ မရှိစေရ၊ စတုမဓုဂွက်၌ ပိုးပြွက်ပျားပိတုံးတို့ကဲ့သို့ အလွန်အလိုရှိခြင်း, ကိုင်းရှိုင်းခြင်းနှင့်တကွ လုံ့လကြိုးပမ်းတတ်စွမ်း အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

[အကျယ်ကို သိလိုမူ ဆရာတော်ဘုရားကြီး၏ အင်္ဂိက ကမ္မဋ္ဌာန်းကျမ်းကိုရှုပါ။]

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဖူးတော်ရှင်

ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၀၀-၁၂၇၈)

ကျေးဖူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးသည် သိရိပွ ဝရာဒိတျာ လောကာဓိပတိ ဝိဇယ မဟာဓမ္မရာဇာဓိရာဇာမည်သော ရွှေဘိုမင်း နန်းစံခိုက် ၁၂၀၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရွှေဘိုမြို့ အဝင်အပါ စမွန်းရွာ၌ အဘဦးမို့၊ အမိ မယ်မိတို့မှ ဖွားမြင်တော်မူ၍ သိရိသုဓမ္မတိလောကပွဝရ မဟာဓမ္မရာဇာဓိရာဇာ ပုဂံမင်း နန်းစံခိုက် ၁၂၀၈ ခုနှစ်တွင် စမွန်းရွာ ဣန္ဒသာရအရှင်မြတ်ထံ ကျောင်းအပ်မင်္ဂလာပြုခံတော်မူသည်။

၁၂၁၂ ခုနှစ်တွင် ပဗ္ဗဇ္ဇာသဘင် ရှင်ပြုမင်္ဂလာယင်တော်မူသည်။ သိရိပွဝရ ဝိဇယာနန္တယသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ မည်တော်မူသော မင်းတုန်းမင်းလက်ထက် ၁၂၁၇ ခုနှစ်တွင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ထံသို့ ရောက်တော်မူသည်။

၁၂၁၉ ခုနှစ်တွင် သီတင်းကျွတ်လပြည့်နေ့ သရိုင်ရွာ မဟာသိမ်၌ ရွှေကျင်ဆရာတော်ဘုရားကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်တော်မူသည်။ ပထမ ဝါရှိမူကား တောရ ရွှေကျင်ဆရာတော်ဘုရားထံ, ဒုတိယဆီသည့် ရွာ သက်ပန်းဆရာတော်ထံ, တတိယ မန္တလေးမြို့ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မ ဥပဇ္ဈာယ် ရွှေကျင်ဆရာတော်ဘုရားထံ, စတုတ္ထ မြို့ပြင်ကြီး ဆရာတော်ထံ, ပဉ္စမ အင်းဝမြို့ ဦးမဉ္ဇူထံ, ဆဋ္ဌမ မန္တလေးမြို့ အရှေ့ပြင် မင်းတဲ့ ဆရာတော်ထံတွင် သီတင်းသုံး နေတော်မူသည်။

သတ္တမ ဝါကစ၍ ဒွါဒသမ ၁၂ ဝါ ရသည့် တိုင်အောင် မန္တလေးမြို့၊ ရွှေကျင်တိုက်မ ဥပဇ္ဈာယ် အရှင် ရွှေကျင်ဆရာတော်ဘုရားကြီး အပါးတော်၌ အမြဲနေတော်မူသည်။ ၁၂၃၂ ခုနှစ်တွင် ဓမည်းတော်ကွယ်လွန်သည်။ မယ်တော်သည် ၁၂၀၃ ခုနှစ်က ကွယ်လွန်နှင့်လေသည်။

၁၂၃၂ ခုနှစ်၊ ရွှေကျင်ဆရာတော်ဘုရားကြီး ထံမှ ခွာ၍ ရေလင်မော်နှင့် ငါးဘတ်ချောင်း နှစ်ရွာကြား သစ္စာရဘုရားအနီး ဒေါင်းလည်ချောင်တောရ၌ သမဝါ,ကျောက်မြောင်းမြို့ ရွှေတိုက်တောရ၌ စုဒ္ဒသမ ဝါကပ်နေထိုင်တော်မူသည်။

၁၂၃၃ ခုနှစ်၊ တပေါင်းလ မြို့တော်ရှေ့ မဟာဝိသုဒ္ဓါရုံတိုက်ကို အလှူတော်ခံ၍ ၁၉ ဝါပတ်လုံး ၎င်းမှာချည်း သီတင်းသုံးတော်မူသည်။ ၁၂၃၅ ခုနှစ်တွင် မင်းတုန်းဘုရင် ဆက်ကပ်သော ဝိသုဒ္ဓါစာရကဝိဒ္ဓဇ မဟာဓမ္မ ရာဇဂုရု ဟူသော ပထမတံဆိပ်ကို ခံတော်မူသည်။

၁၂၄၀ ပြည့် မင်းတုန်းဘုရင် နတ်ရွာစံ၍ ၁၂၂၀ ပြည့်ဖွား သိရိပွဝရာ ဒီတျလောကာဓိပတိ ပဏ္ဍိတမဟာဓမ္မရာဇာဒိရာဇာ မည်တော်မူသော

http://www.dhammadownload.com

သားတော် သီပေါမင်း ၁၂၄၃ ခုနှစ်၊ ရာဇဘိသိက်ခံတော်မူ၍ ၎င်းနှစ်ပင် ရွှေကျင်ဆရာတော်နှင့် တောင်တော်ဆရာတော်ကို သာသနာပိုင် ခန့်အပ်တော်မူသောအခါ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် ပန်းတလဲမြို့၊ မိတ္ထီလာမြို့၊ ပင်းမြို့၊ နတ်မောက်မြို့၊ ကျောက်ပန်းတောင်းမြို့များသို့ ကြွသွားတော်မူ၍ သာသနာပြုတော်မူသည်။

၁၂၄၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တွင် ဤအရှင်မြတ်အား ဝိသုဒ္ဓါစာရ ကဝိဒ္ဓဇ ဓိပတိ သိရိပွဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရုဟူသော ဒုတိယတံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းတော်မူသည်။ ၁၂၅၃ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်နေ့တွင် နှစ်သိန်းနှစ်သောင်းကျော် ကျကုန်သော အရွေ့ မဟာဝိသုဒ္ဓါရုံအလယ် ကျောင်းတော်ကြီးကို မီးသင့်လောင်လေသည်။ ၁၂၆၂ ခုနှစ်၊ အရွေ့တိုက်ကို မဟာသိမ်သမုတ်တော်မူသည်။

၁၂၅၅ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်နေ့တွင် ရွှေကျင်ဆရာတော် ဘုရားကြီး ပျံလွန်တော်မူပြီး ၁၂၅၆ ခုနှစ်၊ တပို့တွဲလ သာခုကိဋ္ဌနစ္စာပန သဘင်ဆင်ယင်တော်မူကြပြီးလျှင် ဤအရှင်ကို ၁၂၅၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်နေ့ ဗန်းကျီခမ္မာရုံ ဆရာတော် ဦးရဿ အမှူးရှိကုန်သော သံဃာတော်တို့က ရွှေကျင်သာသနာပိုင် တင်မြှောက်ကြသည်။

၁၂၃၆ ခုနှစ်၊ ယောမင်းအုတ်ကျောင်း။

၁၂၅၈ ခုနှစ်၊ ကဆုန်လ ကျိုက်လတ်မြို့ ပုဗ္ဗာရုံတိုက်နှင့် ၎င်းမြို့ ပစ္ဆိမာရုံတိုက်ကို အလှူခံတော်မူသည်။

၁၂၆၂ ခုနှစ်၊ တပေါင်းလ ဥက္ကံဝိနည်းပြန်ပွဲအပြီး ရန်ကုန်မြို့ ကျိုက္ကစံတိုက်ကို အလှူခံတော်မူ၍ ၁၂၆၃ ခုနှစ်၊ ဝါကပ်တော်မူလျက် သိမ်ချောင်းမင်္ဂလာရာမတိုက်ကို အလှူခံပြီး ၁၂၆၄ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက် ကျိုက္ကစံမှ ပြန်ကြွ၊ အရွေ့မဟာဝိသုဒ္ဓါရုံရာမတိုက်မှာ ပဋ္ဌစတ္တာလီသမ ဝါကပ်ဆိုတော်မူသည်။

၁၂၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်နေ့ မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်ကို အလှူခံတော်မူသည်။ ၎င်းနှစ် ပြာသိုလ စစ်တကောင်း ပန်းဝါကဆက်၍ မဇ္ဈိမဒေသသို့ ဒေသစာရီ ကြွချီတော်မူသည်။

၁၂၆၅ ခုနှစ်၊ ဓနုဖြူမြို့ စံကင်းဓမ္မာရုံကျောင်း။

၁၂၆၇ ခုနှစ်၊ ၎င်းမြို့ မင်္ဂလာမုန်ကျောင်း၊ ပုသိမ်မြို့ ဝိသုဒ္ဓါရုံတိုက်။

၁၂၇၆ ခုနှစ်၊ မေမြို့ ဇီဝဗုဒ္ဓါရုံ သက်တော်ရှည်ကျောင်း။

၁၂၇၇ ခုနှစ်၊ ဝါးခယ်မမြို့ ဝိသုဒ္ဓါရုံတိုက်ကို အလှူခံတော်မူသည်။

၁၂၇၃ ခုနှစ်က စ၍ မော်လမြိုင်မြို့ သူဌေးဦးသာညွှန်း၏ နိဗ္ဗာဝဏ် အလှူကို ခံတော်မူသည်။

၁၂၇၆ ခုနှစ်၊ အင်္ဂလန်နိုင်ငံ ကျော့ဘုရင်အမိန့်ဖြင့် အိန္ဒိယဘုရင်ခံချုပ် ဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတ တတိယတံဆိပ်ကို ခံယူတော်မူသည်။

၁၂၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့ နံနက် ၇ နာရီနှင့် ၁၀ မိနစ် အချိန်အခါတွင် မဟာဝိသုဒ္ဓါရုံ ရွှေဘုံသမိုဂ် ရေဝိုင်းတိုက်၌ နှစ်ခြိုက် ရှင်ပျ ဗုဒ္ဓဦးခေါင်း ယာနံတောင်းဖြင့် လျောင်းစက်တော်မူပြီးလျှင် ကြည်လင်သော ရူပကာယတော်ဖြင့် တပည့်သံဃာ ဒကာ-ဒကာမတို့အား ထပ်မွှားတူမျှ ပမာပြလျက် ဓမ္မသံဝေဂပေးတော်မူလေသတည်း။

× × ×

ကျေးဇူးတော်ရှင်
မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး
ရေးသားတော်မူအပ်ပြီးသော ကျမ်းမည်များ

၁။ ပရမတ္ထသရူပဘေဒနီကျမ်း၊ ၂။ ဓာတုတ္ထသင်္ဂြိဟ်ပါဠိ-နိဿကျမ်း၊ ၃။ နေတ္တိဟာရတ္ထဒီပနီကျမ်း၊ ၄။ ကစ္စာယနသံဝဏ္ဏနာဆင်္ကာကျမ်း၊ ၅။ မဓု

http://www.dhammadownload.com

သာရတ္ထသတ်ပုံသစ်ကျမ်း၊ ၆။ ဝိသုဒ္ဓါရုံသုတ်နက်ကျမ်း၊ ၇။ ဆိဒ္ဒပိဓာနနီကျမ်း၊ ၈။ ဝိသုဒ္ဓါရုံနာမ်-အာချာတ်ဂိုဏ်း၊ ၉။ ဝိနယကောသလ္လကျမ်း၊ ၁၀။ ဉာနောဒယစာစပ်ကျမ်း၊ ၁၁။ ဥဇုမဂ္ဂဒေသနာကျမ်း၊ ၁၂။ ဝိသုဒ္ဓိမဂ္ဂဒီပနီကျမ်း၊ ၁၃။ ဘောဒစိန္တာဂဏ္ဌိကျမ်း၊ ၁၄။ သံဝါသဒီပနီကျမ်း၊ ၁၅။ မုစ္စနင်္ဂကြေးမုံကျမ်း၊ ၁၆။ နိက္ခမ္မူယျောဇနဒီပနီကျမ်း၊ ၁၇။ ဆန္ဒောမ္ဘရီပါဠ်-နိသျကျမ်း၊ ၁၈။ အနာဂတဝင်ကျမ်း၊ ၁၉။ ဂိဟိစာရိတ္တကျမ်း၊ ၂၀။ ဂေါဏမာတိကာ ဩဝါဒ ကထာကျမ်း၊ ၂၁။ ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုး ၊ ၂၂။ ကမ္မဝိဘင်္ဂဒေသနာ၊ ၂၃။ ရွှေကျင်ဂိုဏ်းဥပဒေကျမ်း၊ ၂၄။ ရွှေကျင်ဝံသာနုရက္ခကျမ်း၊ ၂၅။ ပရိဝါ သဝိနိစ္ဆယကျမ်း၊ ၂၆။ ဓမ္မပွတိသန္ဓာရကထာကျမ်း၊ ၂၇။ လင်္ကာဒီပသန္ဒေ သကထာ၊ ၂၈။ ဝဇိရာရာမိကပဉာ ဗျာကရဏကျမ်း၊ ၂၉။ လယ်တီပဉာ ဗျာကရဏကျမ်း၊ ၃၀။ ဥဒကုက္ခေပ-သတ္တဗ္ဗန္တရ သီမာဝိနိစ္ဆယ၊ ၃၁။ အပ္ပူနက ထနတ္ထရာဒိဝိနိစ္ဆယ၊ ၃၂။ ဓုတင်္ဂဝိနိစ္ဆယကျမ်း၊ ၃၃။ ကုဋ္ဌိဝိနိစ္ဆယ၊ ၃၄။ ပစ္ဆိမဝဿုပဂမနဝိ စ္ဆယ၊ ၃၅။ ဝိဗ္ဗန္တသန္တကဝိနိစ္ဆယ၊ ၃၆။ အရညလက္ခဏ ဝိနိစ္ဆ ယ၊ ၃၇။ သမ္မုတိကုဋ္ဌိဝိနိစ္ဆယ၊ ၃၈။ သုဒိန္ဒ-ဒုဒိန္ဒာဒိဝိ နိစ္ဆယ၊ ၃၉။ သီမာသမ္ဘေဒဝိနိစ္ဆယ၊ ၄၀။ မတသန္ဆကဝိနိစ္ဆယ၊ ၄၁။ ပတ္တတ္ထဝိကဝိနိစ္ဆယ၊ ၄၂။ ဝိဿသဂ္ဂါဟဝိနိစ္ဆယ၊ ၄၃။ အဒိန္ဒဒါနဝိနိစ္ဆယ၊ ၄၄။ သုရာမေရယပါနဝိနိစ္ဆယ၊ ၄၅။ မိစ္ဆာဇီဝဝိနိစ္ဆယ၊ ၄၆။ ဒူရေဒါနဝိနိစ္ဆယ၊ ၄၇။ မတသရီရ ဈာပနဝိနိစ္ဆယ၊ ၄၈။ ဥဒိဿမံသာဒိဝိနိစ္ဆယ၊ ၄၉။ သီမာသမူဟနာဒိ ကမ္မဝါစာဝိနိစ္ဆယပါဠ်-နိသျ၊ ၅၀။ ထေရပရမ္ပရာပါဠ်-အနက်၊ ၅၁။ အဓိမာသဝိနိစ္ဆယပါဠ်-အနက်၊ ၅၂။ ဓမ္မောပဒေသရတ္တိပါဠ်-အနက်၊ ၅၃။ တိက္ခတ္တုံ ဗြဟ္မယာစနကထာပါဠ်-အနက်၊ ၅၄။ သံဃိကဒါန-ပါသာဏာဒိနိမိတ္တ ဝိနစ္ဆယပါဠ်-အနက်၊ ၅၅။ နိဗ္ဗူမူလပါဠ်-အနက်၊ ၅၆။ ပစ္စဝေက္ခဏာပါဠ်-အနက်၊ ၅၇။ ပုညာနုဗလပ္ပ ဒါနစာတမ်း၊ ၅၈။ မစ္ဆကဏ္ဍကပ္ပဟာနစာတမ်း၊ ၅၉။ ဗုဒ္ဓါနုဿတိဘာဝနာကျမ်း၊ ၆၀။ သမဇ္ဇဒေါသာဒိဒီပနီကျမ်း၊ ၆၁။ ဒွတ္တိံသမဟာပုရိသဒီပနီကျမ်း၊ ၆၂။ သီမာဝိနိစ္ဆယကျမ်း၊ ၆၃။ ရဟန်းခံကမ္မဝါနိသျသစ်ကျမ်း၊ ၆၄။ ကထိန် အမေးအဖြေ၊ ၆၅။ ရွှေကျင်ဂဏ ဩဝါဒကထာ၊ ၆၆။ ဓာတုကထာဝိဇ္ဇာချိုး၊ ၆၇။ ဓာတုကထာအိမ်မြောင်ကဗျာ၊ ၆၈။ ယမိုက်ကဗျာ၊ ၆၉။ ဝိဟာရာနုမောဒနဓမ္မကထာ၊ ၇၀။ ရတနတ္တယ ပဏာမပတ္ထနာ၊ ၇၁။ ကာမာဒီနဝဓမ္မကထာ၊ ၇၂။ သံယောဇနပ္ပဟာနဓမ္မကထာ၊

[ပရမတ္ထသရူပဘေဒနီကျမ်းတွင် ၃၄-ကျမ်းဟု တွေ့ရပါသည်။ ထေရုပ္ပတ္တိ အကျယ်ကို ရှုလိုသူ ရွှေကျင်သာသနာဝင်၊ ပရမတ္ထသရူပဘေဒနီ ပ-တွဲနှင့် မဟာဝိသုဒ္ဓါရာမိက ထေရုပ္ပတ္တိ ဒီပနီတွင် ရှုပါ။]

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏
သြဝါဒတော်

- ရန်သူဝိုင်းထား ထိုယောကျ်ားကား၊ ပြေးသွားဖို့ရာ၊ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက် မဟုတ်ချေ။
- မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင်ရှိလျက်၊ မဆေးရက်၊ ကန်တွက် မရှိလေ။ ဟစ်အော်ငိုညည်း၊ ရောဂါသည်း၍၊ လူလည်းဗျာဓိ၊ နာမချိသော်၊ တတ်သိမြင်မြော်၊ သမားတော်၌ ဆေးကျော်ရှိလျက်၊ မစားခက်၊ ဆေးတွက် မဟုတ်ပေ။
- အနပ္ပကမ်း၊ ဘေးဘျမ်းများစွာ၊ သံသရာမှ၊ ထွက်ရာလမ်းမ၊ သမထ ဝိပဿနာ၊ ကိလေသာဘင်၊ နာဟောင်းကျင်ကို၊ သန့်စင်လျော်ဆေး၊ မဂ်ရေအေးနှင့်၊ မြိုက်ဆေးစွမ်းထက်၊ ရှိုပါလျက်က၊ မတွက်ဆေးကို၊ မစားလို၊ မင်းပျိုကိုယ့်တွက်ပေ။

O

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ကမ္မဋ္ဌာန်းအားထုတ်သူ၏ အင်္ဂါ ၅-ပါး

- သဒ္ဓါစေ၀၊ ယုံကြည်တတ်သော သဒ္ဓါတရား လည်းကောင်း။
- အရောဂိတာ စ၊ ခန္ဓာကိုယ်ကျန်းမာ အနာကင်းခြင်းသည်လည်းကောင်း။
- အသာဌေယျဥ္စ၊ မကောက်ကျစ် မစဉ်းလဲခြင်း လည်းကောင်း။
- အာရဗ္ဘော စ၊ လုံ့လကြိုးကုတ် အားထုတ်ခြင်း လည်းကောင်း။
- ဥဒယတ္ထဂါ၊ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ပွား ပျက်မှုကို အမီလိုက်နိုင်စွမ်းသော။ပညာစ၊ ပညာသည်လည်းကောင်း။

ဤတို့၊ ဤသို့။ ပဓာနိယင်္ဂါနို၊ ကမ္မဋ္ဌာန်း စီးဖြန်းသော ပုဂ္ဂိုလ်၏ အင်္ဂါတို့သည်ကား။ ပဌ၊ ငါးပါးတို့တည်း။

ဤသို့လာသော ပဓာနိယင်္ဂငါးပါးတို့နှင့် မိမိက ပြည့်စုံစေ၍-

ပလိဗောဓငယ်။ ။ ကေသ လောမ နခဒ္ဓေဒေါ၊ စီ၀ရေ ရဇနာဒိ စ။

ပတ္တပါကော စ မဏ္ဍာဒိ သောဓနံ ခုဒ္ဒကာ ဣမေ။

အဋ္ဌကထာသင်္ဂဟ (ဝိသုဒ္ဓိမဂ်ဋ္ဌ၊ပ၊နှာ-၁၁၉)

ခုဒ္ဒကပလိဗောဓများ

ကေသ လောမ နခဒ္ဓေဒေါ၊ ဆံပင်, အမွေး, လက်သည်း, ခြေသည်းတို့ကို ဖြတ်ခြင်းလည်းကောင်း။ စီ၀ရေ၊ သင်္ကန်း၌။ ၀ါ၊ သင်္ကန်းတို့ကို။ ရဇနာဒိ စ၊ ဆိုးဖွပ် ချုပ်ဖာခြင်းလည်းကောင်း။ ပတ္တပါကော စ၊ ချေးတက်သော သပိတ်ကို ဖုတ်ခြင်းလည်းကောင်း။ မဏ္ဍာဒိသောဓနံ၊ ညောင်စောင်းစသည်တို့ကို သုတ်သင်ခြင်းလည်းကောင်း။ ဣမေ၊ ဤသည်တို့သည်။ ခုဒ္ဒကာ၊ ငယ်သော ပလိဗောဓတို့တည်း။ ၀ါ၊ ပလိဗောဓကို ဖြတ်ခြင်းတို့တည်း။

× × ×

သမ္ဘတ္ထက ကမ္မဋ္ဌာန်း ၃-ပါး

၁။ မေတ္တာဘို့ခြင်း ။ ။ ဤသို့လာသော ပလိဗောဓငယ်တို့ကို ဦတွယ် မနှောက်ဖြတ်တောက် ပယ်ရှားပြီး၍ ဆွမ်းစားပြီးသည်ရှိသော် ဆွမ်းကြောင့် ဖြစ်သော ဆို့တစ် အင့်အယ် နှင့်ကယ်ညှိုးနွမ်း ပင်ပန်းမူးဝေခြင်းဟူသော ဆွမ်းဆိပ်ယစ်ခြင်းကို စက််သွားခြင်း, ရေချိုးခြင်း, အတန်ငယ်ဆိုင်းငုံခြင်း စသည်ဖြင့် ပယ်ဖျောက် ငြိမ်းအေးစေ၍ ဆိတ်ငြိမ်ရာအရပ်၌ "သုခနိသိန္နေနာတိ ပလ္လင်္ကဲ အာဘုဇိတ္တာ ဥဇုံ ကာယံ ပဏိဓာယ နိသဇ္ဇာယ သုခနိသိန္နေန" ဟု ဋီကာ၌

http://www.dhammadownload.com

ဖွင့်သည့်အတိုင်း တင်ပျဉ်ဖွဲ့ခွေထိုင်နေလျက်-

ဣမသို့ဝိဟာရေ၊ သဗ္ဗေ သဗြဟ္မစာရိနော သုခိတာ ဟောန္တု အဗျာပဇ္ဈာ။

သီမင္ဒက ဒေဝတာ သုခိတာ ဟောန္တု အဗျာပဇ္ဈာ။

ဂေါစရဂါမေ ဣသရဇနော သုခိတော ဟောတု အဗျာပဇ္ဈော။

ဂေါစရဂါမေ မနုဿာ သုခိတာ ဟောန္တု အဗျာပဇ္ဈာ။

သဗ္ဗဒိသာသု သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု အဗျာပဇ္ဈာ။

ဣမသို့ ဝိဟာရေ၊ ဤကျောင်းတိုက်၌၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သဗြဟ္မစာရိနော၊ သီတင်းသုံးဖော် သံဃာတော်တို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ အဗျာပဇ္ဈာ၊ ကြောင့်ကြ ဗျာပါရ မရှိကုန်သည်။ ဝါ၊ အမျက်ဒေါသ ဗျာပါဒ ကင်းကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သီမင္ဒက ဒေဝတာ၊ ကျောင်းတိုက်အပိုင်းအခြားအတွင်း၌ တည်ကုန်သော နတ်တို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းသို့ ရောက်ကုန်သည်။ အဗျာပဇ္ဈာ၊ ကြောင့်ကြခြင်း မရှိကုန်သည်။ ဝါ၊ အမျက်ဒေါသ ဗျာပါဒ ကင်းကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဂေါစရဂါမေ၊ ဆွမ်းခံရွာ၌။ ဣသရဇနော၊ စိုးရိုင်ချုပ် မင်းလုပ်သူသည်။ သုခိတော၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်။ အဗျာပဇ္ဈော၊ ကြောင့်ကြမရှိသည်။ ဝါ၊ အမျက်ဒေါသ ဗျာပါဒကင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဂေါစရဂါမေ၊ ဆွမ်းခံရွာ၌။ မနုဿာ၊ လူတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ အဗျာပဇ္ဈာ၊ ကြောင့်ကြမရှိကုန်သည်။ ဝါ၊ အမျက်ဒေါသ ဗျာပါဒကင်းသည်။ ဟောန္တု၊ ဖြစ်ပါစေသကုန်တည်း။

သဗ္ဗဒိသာသု၊ ဝန်းကျင်ပတ်ချာ ဆယ်မျက်နှာတို့၌။ သဗ္ဗေသတ္တာ၊ ကြီးငယ်ပုရွ သတ္တဝါဟူသမျှတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ အဗျာပဇ္ဈာ၊ ကြောင့်ကြမရှိကုန်သည်။ ဝါ၊ အမျက် ဒေါသ ဗျာပါဒကင်းသည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

ဤသို့ သုခသံဝါသ, သုသံဝိဟိတာရက္ခ, သုရက္ခိတပရိက္ခာရ, အပရိ ဘူတ, သဗ္ဗတ္ထအပ္ပဋိဟတစာရ အကျိုးရှိသော မေတ္တာဘာဝနာပါးကိုလည်း ကောင်း-

၂။ မရဏာဿတိပွားခြင်း။ ။ မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ၊ အဝဿံ မဟာ မရိတဗ္ဗံ။

မေ၊ ငါ၏။ ဝါ၊ ငါ့အား။ မရဏံ၊ ခန္ဓာပျက်ကြေ သေရခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ချေလတ္တံ့။ မေ၊ ငါ၏။ ဇီဝိတိန္ဒြိယံ၊ အသက်သမုတ် ဇီဝရုပ်သည်။ ဥပစ္ဆိဇ္ဇိဿတိ၊ ချုပ်ပြတ်လတ္တံ့။ အဝဿံ၊ မချွတ်ဧကန် အမှန်မုချ။ မယာ၊ ငါသည်။ မရိတဗ္ဗံ၊ သေရချေမည်။

ဤသို့ အနေသနကို ပယ်ရှား အဆင့်ဆင့် သံဝေဂတိုးပွား ဝိရိယတက်ကြွားကာ သမ္မာပဋိပတ်ကောင်းမြတ်သော အကျင့်၌ မတွန့်တို မဆုတ်နစ်ခြင်းအကျိုးရှိသော မရဏာဿတိကို လည်းကောင်း-

၃။ အသုဘပွားခြင်း။ ။ ဧကေဝါဒအားဖြင့် နတ်၌ဖြစ်သော အာရုံနှင့်ပင် တွေ့ကြုံငြားသော်လည်း လောဘအစွမ်းအားဖြင့် မတုန်လှုပ်ခြင်းအကျိုးရှိသော အသုဘသညာကိုလည်းကောင်း၊

သဗ္ဗတ္ထကမည်ပုံ။ ။ သဗ္ဗတ္ထ အတ္တယိတဗ္ဗံ ဣစ္ဆိတဗ္ဗန္တိ စ အဓိပ္ပေတဿ ယောဂါ နယောဂကမ္မဿ ဌာနန္တိ စာတိ သဗ္ဗတ္ထက ကမ္မဋ္ဌာနံ။

သဗ္ဗတ္ထ၊ အလုံးစုံသော ရဟန်းကိစ္စ၌။ ဝါ၊ ကမ္မဋ္ဌာနာနုယောဂ၌။ အတ္တယိတဗ္ဗံ ဣစ္ဆိတဗ္ဗံ၊

http://www.dhammadownload.com

ပုဗ္ဗသေဝနအစွမ်းဖြင့် အလိုရှိအပ်၏။ ဣတိ စ၊ ထို့ကြောင့်လည်းကောင်း။ အဓိပ္ပေတသ၊ လိုအပ်သော။ ယောဂါနုယောဂ ကမ္မဿ၊ ဘာဝနာကို အခါခါ အားထုတ်ခြင်းအမှု၏။ ဌာနံ၊ ပြီးကြောင်းတည်း။ ဣတိ စ၊ ထို့ကြောင့်လည်းကောင်း။ ဣတိ ဣမိနာ ဝစနတ္ထေန၊ ဤနှစ်ပါးသော ဝစနတ္ထကြောင့်။ သဗ္ဗတ္ထက ကမ္မဋ္ဌာနံ၊ သဗ္ဗတ္ထက ကမ္မဋ္ဌာနံ၊ မည်၏။ ဤသို့ အဋ္ဌကထာ (ပ၊ နှာ-၉၄)လာသည်နှင့်အညီ သဗ္ဗတ္ထကမည်သော ဤကမ္မဋ္ဌာန်း သုံးပါးတို့ကို သံဝေဂများ ဝိရိယတက်ကြွားလောက်အောင် အတန်ငယ်ပွားရမည်။ စရင်းပကတိ ရံခါရံခါ စီးဖြန်းရင်း ရှိ၍ ဝိရိယ တက်ကြွား သံဝေဂများသောသူ ဖြစ်မှုယခုပွားဖွယ် မရှိပြီ။

× × ×

ကမ္မဋ္ဌာန်းပေးမည့် ကမ္မဋ္ဌာနာစရိယ ရွေးချယ်ပုံ

ကိုးပါးသော ပလိဗောဓကြီးကို ဖြတ်တောက်ပြီးခါ ကမ္မဋ္ဌာန ဒါယက ဘုရားဟူသော ကလျာဏ မိတ္တအထံ၌---၊ ဘုရားမရှိလျှင် အသီတိမဟာသာဝကတို့တွင် တစ်ပါးပါးအထံ၌---၊ ယင်း မဟာသာဝကမရှိလျှင်-

ဝိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။

ဂမ္ဘီရဉ္စ ကထံကတ္တာ၊ နော စာဋ္ဌာနေ နိယောဇယေ။

ဆည်းကပ်အပ်သော ကမ္မဋ္ဌာန်းဆရာ၏ အင်္ဂါ ၇-ပါး

ဝိယော၊ သီလရှိသည်ဖြစ်၍ ချစ်အပ်သည်လည်းကောင်း။ ဂရု၊ ကျောက်ထီးအတူ အလေးမူအပ်သည်လည်းကောင်း။ ဘာဝနီယော၊ ချီးမွမ်းထိုက်သည်လည်းကောင်း။ ဝတ္တာ စ၊ ကဲ့ရဲ့ပြစ်တင် ဆိုဆုံးမချင်တတ်သည်လည်းကောင်း။ ဝစနက္ခမော၊ ပြစ်တင်ကဲ့ရဲ့သူ ဆုံးမခဲ့သော်လည်း မရွံ့မစောင်းကောင်းကောင်း သည်းခံနိုင်သည် လည်းကောင်း။ ဂမ္ဘီရဉ္စကထံ၊ သုတပြည့်စုံသဖြင့် သစ္စာ ပဋိစ္စသမုပ္ပာဒ် စသည်နှင့်စပ်သော နက်နဲသော တရားစကားကို။ ကတ္တာ၊ ပြောဟောအပ်သည်လည်းကောင်း။ဟောတိ၊ ဖြစ်၏။ အဋ္ဌာနေ၊ စီးပွားမရှိသည်၌။ နောစနိယော ဇယေ၊ သဒ္ဓါ, စာဂ, ဝိရိယ, ဓိတိ, သတိ, ပညာတို့နှင့် ပြည့်စုံသည်ဖြစ်၍ မယှဉ်စေတတ်။ ဤ ဝိသုဒ္ဓိအဋ္ဌကထာ (ပ၊ နှာ-၉၄)လာ အင်္ဂါခုနစ်ပါးနှင့်လည်းကောင်း-

သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ သတိ၊ ပညာ၊
သမာဓိ စ။
ဝိရိယန္တိ အဋ္ဌာဓမ္မာ၊ ပိယဘာဝါဒိ ကာရကာ။

တစ်နည်း အင်္ဂါ ဂ-ပါး

သဒ္ဓါ၊ တထာဂတဗောဓိ ကမ္မဖလတို့ကို ယုံကြည်ခြင်း သဒ္ဓါတရားလည်းကောင်း။ သီလံ၊ ပိယော၊ ဂရု၊ ဘာဝနီယော၊ ဝတ္တာ၊ ဝစနက္ခမော၊ ငါးပါးသော ဂုဏ်တို့၏အကြောင်း စတုပါရိသုဒ္ဓိသီလလည်းကောင်း။ သုတံ၊ များသော အကြားအမြင်လည်းကောင်း။ စာဂေါ၊ ဝေဌပေးကမ်းလှူဒါန်းရက်ငြား ကိုယ်အသက်ကို စွန့်စားခြင်းလည်းကောင်း။ သတိ၊ ကုသိုလ် အကုသိုလ်တရားတို့၏ အလာအနေကို ရှာဖွေအောက်မေ့ခြင်း သတိလည်းကောင်း။ ပညာ၊ မဖောက်မပြန် အမှန်ကို သိသော ပညာလည်းကောင်း။ သမာဓိ စ၊ တည်ကြည်ခြင်းလည်းကောင်း။ ဝိရိယံ၊ မိမိ သူတစ်ပါးနှစ်ဦးသားတို့၏ စီးပွားကြောင်း၌ အားထုတ်ခြင်းလုံ့လလည်းကောင်း။ ဣတိ ဣမေအဋ္ဌဓမ္မာ၊ ဤရှစ်ပါးကုန်သော တရားတို့သည်။ ပိယဘာဝါဒိ ကာရကာ၊ ပိယဘော ဂုဏ်စသော ကလျာဏမိတ္တ အင်္ဂါကို ပြုတတ်ကုန်၏။

ဤ ဋီကာ (ပ၊ နှာ-၁၁၉) ဖော်ကြား တရား

http://www.dhammadownload.com

ရှစ်ပါးနှင့်လည်းကောင်း၊ ပြည့်စုံသော, မိမိသင်လိုသော ကမ္မဋ္ဌာန်းဖြင့် ရဟန္တာဖြစ်သော ဆရာအထံ၌၊ ယင်းဆရာ မရှိလျှင် အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ဈာန်ရဟုထုဇဉ်၊ တိပိဋကဓရ၊ ဒွိပိဋကဓရ၊ ဧက ပိဋကဓရ၊ အဋ္ဌကထာနှင့်တကွ ဧက သဒ္ဓိတိဓရ၊ ဗဟုသုတ လဒ္ဓိ၊ ကုက္ကုစ္စက၊ သိက္ခာကာမ၊ ကလျာဏမိတ္တအထံ၌ ဝတ်ကြီး ဝတ်ငယ်ပြု၍ ကမ္မဋ္ဌာန်းကို သင်ယူအပ်၏။

ဆရာ၌ ပြုရမည့်ဝတ်

တစ်ကျောင်းတည်း၌ ယင်းသို့သော ဆရာကို မရလျှင် ရရာအရပ်သို့ သလ္လာဟုက ပရိက္ခာရ ပရမသလ္လေခဝုတ္တိ ရှိသည်ဖြစ်၍ တစ်ယောက်တည်းချည်း သပိတ်သင်္ကန်းကိုထမ်းယူ လမ်းကပင် ဒန်ပူဖြာလျက် တစ်ပါးပုရိဝုဏ်သို့ မဝင်မကပ် ဆရာနေရာအရပ်သို့ ဖြောင့်တန်းစွာ ချည်းကပ်သွားလေ၍ ခြေဆေးခြင်း နယ်ဆီလိမ်းကျံခြင်း စသည်တို့၌ ရှိသေလျောက်ပတ် သင့်မြတ်အောင်ပြုကျင့်၊ အခွင့်ရလျှင် ပါး၊ လက်၊ အတူ ဒန်ပူသုံးချောင်းကပ်ခြင်း၊ ရေပူ၊ ရေချမ်း ကမ်းလှမ်းခြင်း စသော ခန္ဓာကဋ္ဌလာသော သမ္မာဝတ်တို့ကို မချွတ်အောင် ပြုကျင့်အောင် ပြုကျင့်လျက်–

ကိုယ်ကို စွန့်လှူအပ်နှင်းခြင်း

အရှင်ဘုရားအား စီးပွားရှိလိမ့်မည်ဆို မူအသူတစ်ရာနက်သော ချောက်တွင်းသို့ ခုန်ဆင်းဝံ့ပါ၏။ ခြေဖနောင့်မှစ၍ တစ်ကိုယ်လုံးကုန်အောင် ကျောက်ဖျာ၌ အပွတ်အသွေး ခံဝံ့ပါ၏။ ထွက်သက်ဝင်သက်ကို ပိတ်ချုပ်၏၊ သေဝံ့ပါ၏ဟု လျှောက်ကြသော စူဠပိဏ္ဍိပါတိကတိဿမထေရ်၏ တပည့်သုံးယောက်တို့ကဲ့သို့ မြတ်စွာဘုရားအားသော်လည်းကောင်း၊ ဆရာအားသော် လည်းကောင်း–

ဣမာဟံ ဘဂဝါ၊ ဣမာဟံ ဘန္တေ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ–ဟု မိမိကိုယ်ကို အပ်နှင်း စွန့်လှူအပ်၏။

သံဝေဂဖြစ်ပွားရန် တရားဥယျောဇဉ်ပါဠိ အနက်အဓိပ္ပာယ်

သံဝေဂနည်းပါးသည်ဖြစ်၍ ဝိသုဒ္ဓိခုနစ်ပါးကို မပွားများနိုင်၊ လက်မှိုင်စိတ်ချလျှော့ဆုတ်၍ နေကြသောကြောင့်၊ အာလသျပမာဒ စသော ခြောက်ပါးသော အပေါက်တို့ဖြင့်၊ အထွင်းထွင်း အပေါက်ပေါက်၊ လောက်ကိုက်ခြစား၊ အဝတ်, ပုဆိုး, အိုးခွက်, တောင်းပလုံးအလား၊ အသုံးမများ ရှိနေကြသည်ဖြစ်၍၊ သံဝေဂတရား ဝိသုဒ္ဓိခုနစ်ပါးတို့ကို ပွားများစေခြင်း အကျိုးငှာ၊ ပဌမ သင်္ဂါယနာတင် သာသနဒါယကာ မင်းတရားကြီးထံ ရေးသွင်း၍ မင်းတရားကြီး ချီးမွမ်းနှစ်သက်၊ သမီးတော်ကြီး ပုံနှိပ်စေလျက် လှူဒါန်းဝေငှသော သံဝေဂတရား ရှေ့သွားရှိသော ဝိသုဒ္ဓိခုနစ်ပါးတို့ကို ဝိပဿနာဉာဏ်ဆယ်ပါးတို့နှင့် စပ်ဟပ်နီးနှောလျှက် ပြအပ်သော "ဝိသုဒ္ဓိဒီပနီ" မည်သော "ရူဖွယ်"ကို၊ မကွယ် မပျောက်ရအောင် ဆိဒ္ဓိပဓာနနီကျမ်းတွင်းသို့ ထည့်သွင်းပုံနှိပ်အပ်သတည်း။

အာစာရ ကုလပုတ္တ ဓမ္မမာမက လဒ္ဓိပေသလ သိက္ခာကာမ သံသာရ ဘယ ဘီရုက ဖြစ်ကြကုန်သော အမျိုးကောင်းသမီးသားတို့သည်၊ ဘဝများစွာ သံသရာက၊ ခါခါဖန်များ ခံစား၍မဝ၊ ပျော်ပါး၍ အားမရနိုင်သော် ခွေး, ဝက်, ကြွက်, ငှက်, ခြ, ပုရွတ်တို့မှ မလွတ်ကြ၊ သဗ္ဗသန္တကဗဟုသာဓာရဏလောကိယ စည်းစိမ်လာဘ်လာဘ ဂုဏ်သိရ်ကို မမြိန်မရက် မနှစ်သက်ဘဲ၊ ဇီဝိတိန် ကိုယ်အသက်၌ မငဲ့ကွက်မတွယ်တာ၊ အလုံးစုံသော ပလိဗောကြီးငယ်ကို ပယ်ခွာလျက်၊ လွန်စွာမဟေး ဇာတိဘေးစသည်တို့၏ ကင်းလွတ်ရာ၊ ခေမာနဂရ အဘယပုရ အသင်္ခတဓာတ် နိဗ္ဗုတာ အောင်ရပ်သို့ ဖြောင့်မတ်စွာ ရောက်ကြောင်း ဆိပ်ကမ်းကောင်းတူမျှ မင်းလမ်းမ

http://www.dhammadownload.com

ဥပမာ၊ ဤဆိုလတ္တံ့သော ဝိသုဒ္ဓိလမ်းစဉ်း ဤဆိုလတ္တံ့သော ဆိပ်ကမ်းသို့၊ ကူးသန်းသက်ဆင်းကြ၍ ဘေးကင်းရန်ဧကန်၊ မုချမှန်လှသော နိဗ္ဗာန် အောင်ချာ ပြည်ခေမာသို့ လျင်စွာ ထုတ်ချောက်၊ ဤဘုရားသာသနာတော် မျက်မှောက်၌ပင်၊ ရောက်အောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ပရမာဏုမြူအလား ကိုယ့်စီးပွား၏ ပျက်ပြားဆုတ်ယုတ်အပ်သည်ကို မြင်လျှင်၊ မြင်းမိုရ်တောင်အလား အလွန်များသော သူတစ်ပါးတို့၏ အကျိုးစီးပွားကို မဆောင်မရွက် မငဲ့ကွက်ရာ၊ ကိုယ့်စီးပွားကိုသာ လပ်လျားမရှိ သတိမကွာ အားထုတ်ရာသည်။ ကိုယ်ကျိုးလည်း မပျက်ပြား၊ သူ့စီးပွားလည်း များပြားက စတုတ္ထပုဂ္ဂိုလ်ဖြစ်၍၊ စင်စစ် ချီးမွမ်းထိုက်ပေသည်။

ဖြစ်လျှင်ပျက်ရ မမြဲကြသော တေဘူမက သင်္ခါရတရား၊ ကုန်ပြီးရှိဆဲ မရသေးသော ကာမဂုဏ်ငါးပါးတို့ကို၊ ရာဂ, ဒေါသ, မောဟ ဟူသော မွေလျော့ခြင်း ပမာဒတရားတို့ဖြင့်၊ နွားငတ်ရေကျအလား မလိုက်စားဘဲ၊ နဖူးလက်တင် ဆင်ခြင်နိုင်သော ဉာဏ်ပညာတရားတို့ဖြင့် စဉ်းစားဇော်ဇော် ဆင်ခြင် ငြီးငွေ့သည်ဖြစ်၍၊ သီလ, သမာဓိ, ဝိပဿနာဟူသော မိမိကိစ္စကိုသာ၊ နေ့ည မယုတ် အားထုတ်ရာသည်။

ပဒေသရာဇ်, ဧကရာဇ်, စက္ကြာမန္ဒာတ်, သိကြား သုယာမ်, သန္တုသိတ စသော လူမင်း, နတ်မင်းတို့၏ စည်းစိမ်ချမ်းသာကို ခံစားရသည်လည်း အုပ်ငဲ့အခြားမရှိ။ ဖြဟ္မာပြည့်သို့ ရောက်သည်လည်း အခေါက် မရေတွက်နိုင်ပြီ။ အဝိစိစသော ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးရပ်တို့၌လည်း လစ်လပ်သော အရပ် အကွက် မရှိပြီ။ တွေ့ဖူး, ပေါင်းဖူးသော အဟောင်းချည်းဖြစ်၍ အသစ်မရှိသော ဤ သံသရာဝယ်၊ လွန်စွာ ငြီးငွေ့ဖွယ်ကောင်းလှပြီ။ ဟုတ်တိုင်းကို သိသဖြင့်၊ အသင့်ကို နှလုံးသွင်းနိုင်သော ကိုယ်တွင်းတရားရှိသော အမျိုးကောင်း သမီးသားတို့သည် ငြီးငွေ့သင့်လှကြပြီ။

သီလ, သမာဓိ, ပညာ ဟူသော ကိစ္စသုံးပါးသည်သာ လောကီ လောကုတ်၊ ပစ္စုပ္ပန်သံသရာနှစ်ဖြာဘဝ စီးပွားရှိသော မိမိကိစ္စမည်၏။ ဤမှတစ်ပါး ရေတွက်ဖွယ် များပြားသော ကာမဂုဏ်ငါးပါး အဆောက်အအုံ ပြုမူသမျှ အလုံးစုံသော ကိစ္စသည်ကား၊ ကိုယ်ကျိုး ကိုယ့်စီးပွား မရှိသောကြောင့်၊ မိမိကိစ္စ မမည်ချေ။ ထို့ကြောင့် စီးပွားရှိသော မိမိကိစ္စကိုသာ နေ့,ည မယုတ် အားထုတ်ရမည်။

ဤသို့သော နည်းအားဖြင့် စိတ်နှလုံးကို ဆုံးမနိုပ်ကွပ်ခြင်းမရှိဘဲ၊ လာဘ,ယသ စသော ဣဋ္ဌာရုံ ကာမဂုဏ်ငါးပါးကို ကံအားလျော်စွာရ၍ စိတ်လိုရှိသမျှလိုက်စားလျက် မပြည့်စုံသေးသည်ကို ရအောင်၊ ရပြီးသည်ကို မပျက်စီးရအောင် ကြောင့်ကြအားထုတ်၍သာ ကာလကို ကုန်စေသောသူအားလည်းကောင်း၊ ရှေးကောင်းမှုနည်းပါး၍ အလာဘ, အယသ စသော အနိဋ္ဌာရုံတို့နှင့် တွေ့ကြုံသောအခါ၊ နှလုံးမသာ လွန်စွာ ပင်ပန်းလှ၍ လာဘ, ယသ စသော ဣဋ္ဌာရုံ ကာမဂုဏ်ကိုသာ စုံမက်တောင့်တလျက် ကာလကို လွန်စေသောသူအားလည်းကောင်း၊ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်းသော အာရုံ အလုံးစုံသော ဣရိယာပုတ်လေးပါးတို့၌ အကုသိုလ်စိတ္တုပ္ပာဒ်သာ ဖြစ်ပွား၍ အပါယ်လေးပါးတို့၌ နစ်မွန်းဖွယ်ရာသာ များသည်။ ကုသိုလ်တရားဖြစ်ခွင့်ကို မရနိုင်ပြီ။ ထို့ကြောင့် လာဘ, အလာဘ စသည် ရှစ်ပါး၊ လောကဓံတရားနှင့်မကင်းမူ၍ ဝဋ်ဆင်းရဲ၌ ကျင်လည်ရကုန်သော ပညာရှိအမျိုးကောင်းသားတို့သည်၊-

ဤသို့ ကမ္မဿတာဉာဏ်ကို ရှေ့သွားနှလုံးထား၍ မည်းပုဆိုးရှင်က ပိုးပေါင်းချင်သည်၊ ကျစ်စုံရှင်ကလည်း ဗလာမှန်းသည်ဟူသကဲ့သို့၊ ဆင်းရဲသူလည်း ပြည့်စုံလိုသည်၊ မင်းခစားလည်း ရာထူးလို

http://www.dhammadownload.com

သည်။ နိုင်ငံရှင်လည်း ကျွန်းလုံးကိုလိုသည်။ ကျွန်းလုံးရှင်ကလည်း စကြာကို တောင့်တသည်။ မြင်မြင်သမျှ ပုပ္ပရွရွ သန်းကြွမ်းပိုးမှစ၍၊ ဘယ်သတ္တဝါတစ်ယောက်မျှ အလိုဆန္ဒ အစ္ဆာသယ ပြည့်စုံကြသည် ဟူ၍မရှိ၊ နတ္ထိ တဏှာသမာနဒီ–ဟောတော်မူသည်နှင့်ညီစွာ၊ ပကတိသော မြစ်ရေမှာ ရံခါရံခါ ပြည့်သေးသည်။ တဏှာဟူသော မြစ်ရေမှာ ပြည့်ဝသောအခါဟူ၍ မရှိချေ။ မပြည့်၍ တောင့်တပါသော်လည်း ကံသာလျှင် မူလဖြစ်၍ ကံပေးသမျှသာ ရချေသည်။ တောင့်တသော လောဘဓော စိတ္တုပ္ပါဒ်သည် အကျိုးမနပ် နိရတ္ထကသာ ဖြစ်ချေသည်။ ရပြီးသော အာရုံကာမဂုဏ်လည်း မီးပုံကြီးအတွင်းသို့ ကျသော မို့လောင်စာအသွင် မကြာခင်ချက်ချင်း အနိစ္စတာလက်တွင်းမှာ ပျက်စီးယိုယွင်း ဖောက်ပြန်ခြင်းသို့သာ ရောက်ရချေသည်ဟု ဆင်ခြင်စဉ်းစား၍၊ ကာမဂုဏ်ငါးပါးသို့ မလိုက်စားဘဲ တော်ရုံတွင် ကမ်းသတ်စိတ်ကိုဆုံးဖြတ်၍ အရဟတ္တဖိုလ်၏ အကြောင်းရင်းဖြစ်သော သီလ, သမာဓိ, ဝိပဿနာ ဟူသော ကိစ္စကိုသာ လိုရင်းမူလ မိမိကိစ္စဟု ထင်မှတ်စွဲကပ်၍၊ လေးရပ်သော ဣရိယာပုတ်တို့၌ ဒုက္ခတွင်နစ်သော ကိုယ့်ရှင်ကိုယ်ကိုသာ ဆောလျင်စွာ ဖော်ထုတ်ရမည်။ ဤလောက၌ "ဒွေယားသေက တစ်ဝမ်းဝသည်၊ ပဒါးသေက တစ်ဆွေဝသည်၊ သံသေလျှင် တစ်ပြည်ဝသည်"ဆိုကြသောစကားကဲ့သို့၊ ခပ်သိမ်းသော သတ္တဝါတို့ကို သုဂတိ, ဒုဂ္ဂတိဘဝ၊ သုခ, ဒုက္ခသို့ ရောက်အောင် စိတ်တစ်ပါးတည်းသာ ဆောင်ရကား၊ စိတ်တစ်ခုသေလျှင် မရေတွက်နိုင်သော ဒုက္ခဒုက္ခ, သန်ဓိရဒုက္ခ,ဝိပရိဏာမဒုက္ခတို့ကို လွန်မြောက်သည်။ ရာဂ, ဒေါသ, မောဟ, ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဟူသော မီးတစ်ဆယ့်တစ်ပါး ငြိမ်းသည်။ ခပ်သိမ်းသော ဘေးဥပဒ္ဒဝေါကို အောင်မြင်သည်။ အနုပါဒိသေသ နိဗ္ဗာန်ကို ရသည်။

အသီးတစ်ရာ အညာတစ်ခုဆိုသကဲ့သို့ အလုံးစုံသော သုဂတိ ဒုဂ္ဂတိ ဘဝ သုခ ဒုက္ခ သာဝဇ္ဇ အနဝဇ္ဇကမ္မတို့ကို စိတ်တစ်ခုတည်းသာ ဖြစ်စေသည်။ စိတ်ဟူသော ဤတရားသည် ဆုံးမ၍ ယဉ်ကျေးလျှင်လည်း အလွန် အကျိုးစီးပွားများ, မယဉ်ကျေးလျှင်လည်း အလွန် အပြစ် ဒေါသ အာဒီနဝများရကား ငွေယားနှင့် အလားတူသည်။ ရွှေပန်းတိမ်သည်တို့၏ ရွှေငွေသည် အညစ်အကြေးမရှိက ပျောင်းပျောင်းအိအိ တန်ဆာဝိကတိကို အလိုရှိတိုင်း ပြု၍ ပါသကဲ့သို့ စိတ်သည်လည်း ရာဂ, ဒေါသ စသော အညစ်အကြေး ကင်းဝေးက မငြင်းမခါ လိုတိုင်းပါသည်။ ယခုသွားမည်ဟု သန္နိဋ္ဌာန်ချလျှင် ယခုပင် သွားဖြစ်သည်။ ယခု ထမည်၊ ယခု ထိုင်မည်၊ ယခု စားမည်၊ ယခု သောက်မည်ဟု သန္နိဋ္ဌာန်စိတ်ချလျှင် ယခုပင် စားသောက် ဖြစ်တော့သည်။ ထိုကဲ့သို့ ယခု လှူဒါန်းမည်၊ ယခု သီလသီတင်းဆောက်တည်မည်၊ ယခုပင် ကာမဂုဏ်ငါးပါး သားမယား စည်းစိမ်ဥစ္စာ လယ်ယာ ကိုင်းကျွန်းကိုစွန့်၍ ဖန်ရည်စွန်းသော သင်္ကန်းဖြင့် ရသေ့ ရဟန်းပြုမည်။ ယခုပင် တောချု ချောင်းမြောင်း ခိုအောင်း ဝင်ကာ နေ့ရော ညဉ့်ပါ အခါမခြား သူတော်ကောင်းတရားကို အားထုတ်ကျင့်သုံးတော့မည် ကြံစည်မြဲမြံ သန္နိဋ္ဌာန်စိတ်ချလျှင် ယခုပင် အားထုတ်ကျင့်သုံးဖြစ်တော့သည်။ မြဲမြဲမြံမြံ သန္နိဋ္ဌာန်ချသော စိတ်တစ်ခုသာ လိုရင်းစင်စစ် ဖြစ်ချေသည်။ ထို့ကြောင့် ပညာရှိသော ယောကျ်ား အမျိုး ကောင်းသားတို့သည် စီးပွားရှိသော မိမိကိစ္စကို သန္နိဋ္ဌာန်ချလျက် နေ့ည မယုတ် အားထုတ်ကုန်ရာသည်။

ဤကား နှုတ်တက် အာဂုဆောင်ကြဖို့ရာ သဒ္ဓါစည်ကား ဝိရိယတက်ကြွးအောင် ဟောကြားဆုံးမအပ်သော ဥယျောဇဉ် ဒေသနာတည်း။

× × ×

http://www.dhammadownload.com

စိတ္တ, ဒိဋ္ဌိ, ကခ်ီဝိတရဏ ဝိသုဒ္ဓိသုံးပါး ပွားများနည်း

အဘယ်သို့ ပွားများအားထုတ်ရသနည်းဟူမူ၊ ဤကိုယ်၌ လွန်စွာထင်ရှား အများဆုံး မူလမ, တည်၊ ပင်တိုင်ဖြစ်သော ကောဋ္ဌာသလေးခုကို၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ားမိန်းမဟု ခေါ်စရာ အပေါင်း အစုမရှိစေရအောင် အရိုး, အကြော, အသား,,အရေ၊ အရေ, အသား, အကြော, အရိုး၊ အရိုး, အကြော, အသား, အရေ၊ အရေ, အသား, အကြော, အရိုးဟု အဖန်တလဲလဲ စိတ်ခွဲ ဝေဖန်ဉာဏ်ကို ရှေ့ထား၍ ပွားများ အားထုတ်ရမည်။ ထိုအခါ လှည်းဘီး, လှည်းသန်, ရံတိုင်, ဝင်ရိုး စသော အစိတ်ကို မြင်က လှည်းဟူသော သမ္မုတ ပညတ်မျှောက်သကဲ့သို့၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ားမိန်းမဟူသော သမ္မုတ ပညတ် ဖြိပ်ပြိုကွဲ ပျက်ပြားု၍ လေးပါးသော ကောဋ္ဌာသ အစုသာ ထင်လိမ့်မည်။ ပထမစျာန်ကို ရလိမ့်မည်။ စိတ္တဝိသုဒ္ဓိ ပြီး၏။

ထိုအခါ ကောဋ္ဌသလေးခု၌ရှိသော ဓာတ် လေးပါးကို စဉ်းစားဆင်ခြင်၍ ဗဟိဒ္ဓသန္တာန်၌ အဝိ ညာဏက မြေစိုင်ခဲသည် ဂရုကသဘောရှိသော ပထဝီဓာတ် လွန်ကဲသည်ဖြစ်၍ သူ့အလိုလို သဘာဝ အားဖြင့် အောက်သို့ကျခြင်း သဘောမြဲသည်။ အောက်သို့ ကျသော်လည်း ကျတတ်သော ပယောဂ ဗျာပါဒမရှိ၊ အသက်ဝိညာဉ် အရှင်မဟုတ် အသေ သာလျှင်တည်း။ ကျတတ်သော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမဟူ၍ မဆိုအပ်။ ဓာတ်လွန်ကိုစွဲ၍ မြေစိုင်ခဲဟူ၍သာ ခေါ်ဆိုရသကဲ့သို့ လည်းကောင်း၊ အဝိညာဏက ရေသည်လည်း ဂရုက သဘောရှိသော အာပေါဓာတ် လွန်ကဲသည်ဖြစ်၍ သူ့အလိုလို သဘာဝအားဖြင့် အောက်သို့ စီးယိုသက် လျှောခြင်း သဘောမြဲသည်။ အဝိညာဏက မီးလျှံ သည်လည်း လဟုက သဘောရှိသော တေဇော ဓာတ်၏ အစွမ်းသတ္တိကြောင့် သူ့အလိုလို သဘာဝ အားဖြင့် အထက်သို့ ပျံ့တက်လွင့်ပါးခြင်း သဘောမြဲ သည်။ အဝိညာဏက လေသည်လည်း လဟုက သဘောရှိသော ဝါယောဓာတ်၏ အစွမ်းသတ္တိ ကြောင့်၊ သူ့အလိုလို သဘာဝအားဖြင့် ဖိလာကန့် လန့် လူပ်ရှားသွားလာခြင်းသဘောမြဲသည်။ လူပ်ရှား သွားလာသော်လည်း သွားလာတတ်သော ပယောဂ ဗျာပါရမရှိ၊ အသက်ဝိညာဉ် အရှင်မဟုတ် အသေ သာလျှင်တည်း။ သွားလာတတ်သော ပုဂ္ဂိုလ်သတ္တဝါ ငါ သူတစ်ပါး ယောကျ်ားမိန်းမဟူ၍ မဆိုအပ်။ ဓာတ် လွန်ကိုစွဲ၍ လေဟူ၍သာ ခေါ်ဆိုရသကဲ့သို့လည်း ကောင်း၊ အရိုး, အကြော, အသား, အရေ၊ ဤ လေးထွေသော သဝိညာဏက ကောဋ္ဌာသတို့၌ လည်း ကြွင်းသော ဓာတ်သုံးခုတို့၏ တည်ရာဖြစ်၍ ဣတ္ထိ, ပုရိသ စသော လိင်္ဂဗေဒ၊ ရဿ စသော သဏ္ဌာန် ပုံဟန်ကိုပြ၍ ဗာလပုထုဇဉ်တို့အား၊ ပုဂ္ဂိုလ် သတ္တဝါဟု အထင်မှောက်မှားအောင် ဖြားယောင်း လှည့်ပတ်တတ်သော ခက်မာ ကြမ်းတမ်းသော မြေဓာတ် သဘောသည်လည်းကောင်း၊–

ကြွင်းသော ဓာတ်သုံးခုတို့ကို ပေါင်းစုရုံးစည်း လျက် မကွဲမပြို့ မယိုမကျ စောဘဲ၊ ပြည့်ဖြိုးပွားစီးသော အဖြစ်ကိုပြ၍ ဗာလပုထုဇဉ်တို့အား ။လ။ လှည့် ပတ်တတ်သော စေးဘွဲ့ယိုဖွဲ့ ရိုးရွဲ့ပျောင်းအိသော ရေဓာတ် သဘောသည် လည်းကောင်း၊–

ကြွင်းသောဓာတ်သုံးပါးကို မပုပ်မပျက်ရအောင် စောင့်ရှောက်လျက်၊ အရွယ်၏ ပြည့်စုံခြင်း, အိုမင်း ခြင်းကို ပြ၍ ဗာလပုထုဇဉ်တို့အား ။လ။ လှည့် ပတ် တတ်သော ခိုးရိုက်ပူနွေးခြင်းဟူသော မီးဓာတ်သဘော သည်လည်းကောင်း၊ ကြွင်းဓာတ်သုံးရပ်ကို ဖြောင့်မတ် တောင့်တင်းစွာတည်စေလျက်၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း, ကွေးခြင်း, ဆန့်ခြင်း စသော ဣရိယာပုတ်ကိုပြလျက် ဗာလပုထုဇဉ်တို့ အား။ပ။ လှည့်ပတ်တတ်သော တောင့်တင်းခိုင်ခံ့ ထောက်ပံ့ ခြင်း လေဓာတ် သဘောသည်လည်းကောင်း ရှိ၏။

http://www.dhammadownload.com

ဤလေးပါးသော စိတ္တဇရုပ် မဟာဘုတ်တို့၏ အစွမ်းသတ္တိကြောင့်သာ၊ လေးကောဋ္ဌာသ သမူဟ ဤကိုယ်သည်၊ သူ့အလိုလိုသဘာဝအားဖြင့် အောက်သို့ကျခြင်း, စီးယိုသက်လျှော့ခြင်း, အထက်သို့ ပျံတက်မြောက်ကြွခြင်း, ဖိလာကန့်လန့် လှုပ်ရှားသွားလာခြင်း ဖြစ်သည်။ သွားလာသော်လည်း သွားလာတတ်သော ပယောဂ ဗျာပါရမရှိ။ ဗျာပါရကို ပြုတတ်သော ပုဂ္ဂိုလ်သတ္တဝါ ငါ သူတစ်ပါး ယောကျ်ားမိန်းမ မဟုတ်ချေ၊ အသက်ဝိညာဉ် အရှင်မဟုတ်ချေ၊ အသေသာလျှင်တည်း။ ဤသို့ အဖန်ဖန်စဉ်းစား နှလုံးထား၍ ပွားများအားထုတ်ရာသည်။ ဤသို့ အဖန်ဖန် ပွားများ၍ ဂေါဃာတက ယောကျ်ားအား နွားကို သတ်လျက် လမ်းလေးချက်၌ လေးဘက်ခုတ်လှီးချိုးသော အခါ၊ ဂါဝီသညာပျောက်၍ မဲသသညာ ရောက်သကဲ့သို့၊ ဣရိယာပုတ်လေးခု ကောဋ္ဌာသ လေးပါးအစုတို့၌ သတ္တသညာ, ဇီဝသညာကို ကောင်းစွာထုခွဲ၍ ဓာတ်လေးပါးအစုသာတည်းဟု ဓာတုသညာ လွန်စွာထင်သောအခါ၊ ထိုဓာတ်လေးပါး၌ မှီသော စက္ခု, သောတ, ဃာန,ဇိဝှါ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဣတ္ထိဘော, ပုမ္ဘော, ဟဒယ, ဇီဝိတ, အာဟာရဟူသော နိပ္ဖန္နဥပါဒါရုပ် တစ်ဆယ့် လေးခုတို့ကို ရှေးရှုအာရုံပြုလျက်၊ ဤကား စက္ခုပသာဒရုပ်။ပ။ ဤကား အာဟာရရုပ်တည်းဟု သိမ်းဆည်း ဆင်ခြင်ရသည်။

မြင်သောအခါ၊ ဤမဟာဘုတ် ဥပါဒါတရား အပေါင်းသည် သီတ, ဥဏှ, ဇိဃစ္ဆာ, ပိပါသ, ဒဏ္ဍပွဟာရ, သတ္ထပွဟာရ စသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့်၊ မည်းဖြူကြဲဝ ဆိုးလှကြီးတာ ပျော့မာရည်ဖတ် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏ဟု ပိုင်းခြားရသည်။ ဤသို့ ရူပက္ခန်တရားကို သိမ်းဆည်းဖန်များလတ်သော်၊ ထိုရုပ်ကို အာရုံပြု၍ ဖြစ်ကုန်သော ဘာဝနာစိတ္တဇုပ္ပာဒ် နာမ်တရားတို့သည် ဖုသန, ဝေဒိယန, ဝိဇာနန, သုံးပါးတွင် တစ်ပါးပါးသော အခြင်းအရာကို ဦးတည်၍ ယောဂီ၏ ဉာဏ်အား ထင်ရှားလာလိမ့်မည်။ ကြွင်းသော လောကီ စိတ္တဇုပ္ပာဒ်တို့ကိုလည်း မြင်လိမ့်မည်။ ထိုထင်လာသော နာမ်တရား အပေါင်းကို ဤတရားအစုသည်ကား အာရုံသို့ ရှေးရှုညွတ်တတ်သောကြောင့် နာမ်မည်၏ ဟုပိုင်းခြားရသည်။

ထို့နောင် ရုပ်နာမ်နှစ်ခုကို ပေါင်းစု ပူးယှဉ်လျက် ဤကား ရုပ္ပန လက္ခဏာရှိသော ရုပ်တည်း။ ဤကား နမနလက္ခဏာရှိသော နာမ်တည်း။ ဤကား နာမ်တည်း။ ဤကား ရုပ်တည်းဟု မှတ်လျက်၊ စေ့စပ်လှစွာသော သေတ္တာကို သန်လျက်ဦးဖြင့် ဖွင့်ခွာသကဲ့သို့၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား, မိန်းမ မဟုတ် နာမ်ရုပ်အစုသာတည်းဟု ပိုင်းခြား နှလုံးထား၍ ပွားများအားထုတ်ရသည်။

ဤသို့ဆင်ခြင်၍ သတ္တဇီဝသညာကို ဖြတ်ပိုင်းလျက် ဟုတ်တိုင်း မှန်စွာသိသော ဉာဏ်သည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။ နာမရူပ ဝဝတ္ထာနဉာဏ်, သခ်ါရပရိစ္ဆေဒက ဉာဏ်လည်း မည်၏။ ။ ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။ တေသမေဝစ နာမရူပါနံ ပစ္စယပရိဂ္ဂဟော သခ်ါဝိတရဏ ဝိသုဒ္ဓိနာမ။ ။ ဟူသည်နှင့်အညီ၊ ဤ မြင်အပ်ပြီးသော ရုပ်နာမ်နှစ်ပါးအကြောင်းကို သိမ်းဆည်းစဉ်းစားလျက် ကာလသုံးပါး၌ ယုံမှားခြင်းကို လွန်၍ တည်သော ဉာဏ်သည် ကခ်ါဝိတရဏ ဝိသုဒ္ဓိ မည်၏။ ပွားဟန်ကား–သမားလိမ္မာသည် အနာကို မြင်လတ်သော် အနာ၏ဖြစ်ကြောင်းကို ကြံစည်သကဲ့သို့ လည်းကောင်း၊ စဖိုသည်လိမ္မာသည် ထမင်းအိုးဆူပွက် လျှံဖိတ်သည်ကိုမြင်လျှင် ဝေကြောင်း မီးတောက်ကို ဆင်ခြင်သကဲ့သို့လည်းကောင်း၊–

ဒုက္ခမေ ဝဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။

နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာ ညံ ဒုက္ခာ နိရုဇ္ဈတိ။

ဟူသည်နှင့်ညီစွာ ချမ်းသာမဘက် သက်သက် ဆင်းရဲချည်းဖြစ်၍ စင်စစ် ထိတ်လန့်ဖွယ်ရာ

http://www.dhammadownload.com

အနာ၏အလား မြင်ပြီးသော နာမ်ရုပ်နှစ်ပါး၏ အကြောင်းကို ရှာဖွေသည်ရှိသော်၊ ရှေးဘဝ၌ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဟူသော ဓနကအကြောင်း ဤဘဝ၌ အာဟာရဟူသော ဥပတ္ထမ္ဘက အကြောင်း၊ ဤရုပ်၏ အကြောင်းငါးပါးကို ရှေးဦးစွာ သိမ်းဆည်းရသည်။ ထို့နောင် လောကီနာမ်တရားတို့၏ စက္ခုပသာဒ အာဝဇ္ဇန်း စသော အဿတ္တအကြောင်း၊ ရူပါရုံအလင်း စသော ဗဟိဒ္ဓအကြောင်းတို့ကို သိမ်းဆည်း ဆင်ခြင်ရသည်။ ဤသို့ ပစ္စုပ္ပန်ရုပ်နာမ်၏ အကြောင်းကို မြင်လျှင်၊-

ယထာယိဒံ နာမရူပံ၊ ပစ္စယတော ပဝတ္တတိ။
ဧဝံတီတေပိ နာဂတေ၊ အဘဝိတ္ထ ဘဝိဿတိ။
-ဟု ကာလသုံးပါး၌ပင် မြင်တော့သည်။

ဣဒံနာမရူပံ-ဤပစ္စုပ္ပန် နာမ်ရုပ် နှစ်ပါးသည်။ ပစ္စယတော-အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ, စက္ခု, ရူပ, အာလောက၊ မနသိကာရ၊ သောတ၊ သဒ္ဒ၊ ဝိဝရ, မနသိကာရ စသော အကြောင်းကြောင့်။ ပဝတ္တတိ ယထာ-ယခုဖြစ်၍ နေသကဲ့သို့။ ဧဝံတထာ- ထို့အတူ။ အတီတေပိ-အနုမတဂ္ဂ ရှေးကာလ၌လည်း။ ပစ္စယတော-ကြောင့်။ အဘဝိတ္ထ-ဖြစ်ဖူးလှလေပြီ။ အနာဂတေပိ-မရောက်သေးရ နောက်ကာလ၌လည်း။ပစ္စယတော-ကြောင့်။ ဘဝိဿတိ-ဖြစ်လေသေးလတ္တံ့။

ဤသို့မြင်သောအခါ၊ သဿတအခြင်းအရာကိုမှီ၍ဖြစ်သော "အဟော သိ' နုခေါအဟံ အတီတမဒ္ဓါနံ" အဓိစ္စသမုပ္ပတ္တိ အခြင်းအရာကိုမှီ၍ ဖြစ်သော "နနုခေါ အဟောသိ' အတီတမဒ္ဓါနံ" ဇာတိလိင်္ဂဥပပတ္တိကို မှီ၍ဖြစ်သော "ကိံနုခေါအဟောသိ' အတီတမဒ္ဓါနံ" သဏ္ဌာန်ပုံဟန်ကို အခြင်းအရာကို မှီ၍ဖြစ်သော "ကထံနုခေါအဟောသိ' အတီတမဒ္ဓါနံ" ဇာတ်စသည်ကိုမှီဖြစ်သော "ကိ' ဟုတွာ ကိ' အဟောသိ' နုခေါ အတီတမဒ္ဓါနံ" ဟု အတိတ်ကို အာရုံပြု၍ ငါးပါး၊ ထိုအတူ သဿတ အခြင်းအရာ, ဥစ္ဆေဒ အခြင်းအရာ စသည်ကို မှီ၍ဖြစ်သော "ဘဝိဿာမိ နုခေါ အဟံ အနာဂတဒ္ဓါနံ" စသည် အနာဂတ်၌ ငါးပါး၊ "အဟံ နုခေါသ္မိ၊ နောနုခေါသ္မိ၊ ကိံနုခေါသ္မိ၊ ကထံနုခေါသ္မိ၊ အယံနုခေါသတ္တော ကုတော အာဂတော။ သော-ကုဟိ'ဂါမိ ဘဝိဿတိ" ဟု ပစ္စုပ္ပန်ခန္ဓာကိုစွဲ၍ ခြောက်ပါး။ ဤတစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းတို့သည် ပျောက်ကင်းကုန်တော့သည်။ ပုဂ္ဂိုလ် သတ္တဝါ, ဗြဟ္မာ, လူနတ်ဟု သမုတိပညတ်မျှဖြင့်သာ ပညာရှိတို့ ခေါ်ဝေါ်ကြသည်ဟူ၍ မဖောက်မပြန် အဝိပရီတဉာဏ် ဖြစ်လာသည်။ ဤကား နာမ်ရုပ်၊ နာမ်ရုပ်ကား ဤမျှသာ၊ ဤကား နာမ်ရုပ်၏ အကြောင်း၊ နာမ်ရုပ်၏အကြောင်းကား ဤမျှသာဟု ပိုင်းခြားသော ဉာတပရိညာဖြစ်လာ၏။ ဗုဒ္ဓေကခံတိ၊ ဓမ္မေ၊ သံဃေ၊ သိက္ခာယ၊ ပုဗ္ဗန္တေ၊ အပရန္တေ၊ ပုဗ္ဗန္တာပရန္တေ-ဣဒပ္ပစ္စယတာ ပဋိစ္စ သမုပ္ပန္နေသု ဓမ္မေသု ကခံတိ ဟူသော ကခံဂရုစ်ပါးလည်း တံ့စားရာမရ ပျောက်ပတော့သည်။

ဤသို့ နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းလျက် အဓွန့်သုံးပါး၌ ယုံမှားခြင်းကို လွန်၍ တည်သောဉာဏ်သည် ကခံဝိတရဏ ဝိသုဒ္ဓိမည်၏။ ပစ္စယ ပရိဂ္ဂဟဉာဏ်, ဓမ္မဋ္ဌိတိဉာဏ်, ယထာဘူတဉာဏ်, သမ္မာဒဿနဉာဏ် မည်၏။ ။ ဤသို့ ဆိုခဲ့ပြီးသော နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟလည်း နှစ်ပါးသည် သမထဝိပဿနာနှစ်ပါးတွင် ဝိပဿနာတည်း။ ဝိပဿနာ ဆယ်ပါး၌ မဝင်သောကြောင့်လည်း ဝိပဿနာ၏ အခြေပါဒကဖြစ်၍ ပရိက်, ဥပစာရအရာ၌ တည်ကုန်သည်။ ထိုဉာဏ်နှစ်ပါးကို ရလျှင် မဂ်တည်းဟူသော ထောက်တည်ရာ, ဖိုလ်တည်းဟူသော သက်သာရာကို ရသကဲ့သို့ဖြစ်၍ လောကီယ ဉာဏ်ဖြင့်ပင် သစ္စာလေးပါးကိုသိသောကြောင့် မြဿောလားရာဂတိရှိရကား စူဠသောတာပန်မည်သည်။ ။ ကခံဝိတရဏဝိသုဒ္ဓိ ပြီး၏။

× × ×

http://www.dhammadownload.com

သမ္မသန ဉဒယဗ္ဗယ ဉာဏ်နှစ်ပါးကို ပွား၍ မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ ဖြစ်ပုံ

သြဘာသော ဝိတိ ပဿဒ္ဓိ၊ အဓိမောက္ခောစ ပဂ္ဂဟော။

သုခံ ဉာဏမုပဇ္ဇာန၊ မုပေက္ခာစ နိကန္တိစ။–

ဟူသည်နှင့်ညီစွာ၊ ထက်မြက်လှစွာသော ဉဒယဗ္ဗယာနုပဿနာ စိတ်ကြောင့်ဖြစ်သော ကိုယ်မှ ထွက်သော စိတ္တဇရောင်ခြည် ယင်းဝိပဿနာ စိတ်နှင့် တကွ ဖြစ်သော ဝိတိ, ပဿဒ္ဓိ, သဒ္ဓါ, ဝီရိယ, သုခ, ဝေဒနာ, ပညာ, သတိ, တတြမဇ္ဈတ္တုပေက္ခာ၊ ယင်းကိုးဖြာကို သာယာနှစ်သက်သော တဏှာ၊ ဤဆယ်ပါးသည် ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်တည်း။ ဥပက္ကိလေသဆယ်ပါးမှ လွတ်သော ဝိထိပ္ပဋိပန္နလမ်းမှန်ကျသော ဝိပဿနာဉာဏ်သည်သာ အရိယာမဂ်၏ ရှေးအဖို့ဖြစ်သော မဂ်တည်း၊ လမ်းတည်း၊ အကြောင်းတည်း, ဟု မဂ္ဂ, အမဂ္ဂကို ပိုင်းခြား၍ တည်သောဉာဏ်သည် မဂ္ဂါ မဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိမည်၏။ ထိုဝိသုဒ္ဓိကို ရလိုသည်ရှိသော်၊ အတိတ်အစု စသည်ကို တစ်ပေါင်းတည်း ရုံးစည်းလျက် သုံးသပ်သောကြောင့်၊ ကလာပ သမ္မသန မည်သော နယဝိပဿနာကို ရှေးဦးစွာ ပွားရသည်။ ပွားပုံကား၊–

အတီတာ ပဋ္ဌကွန္ဓာ အနိစ္စာ သခ်ံတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ

ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓ ဓမ္မာ ဒုက္ခာ အနတ္တာ။

အနာဂတာ ပဋ္ဌကွန္ဓာ၊ ပစ္စုပ္ပန္နာ ပဋ္ဌကွန္ဓာ အစ္ဆတ္တံ ဗဟိဒ္ဓါ

သြဠာရိကာ သုခုမာ ဟီနာ ပဏီတာ ဒူရေ သန္တိကေ ပဋ္ဌကွန္ဓာ အနိစ္စာ

သခ်ံတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓ ဓမ္မာ ဒုက္ခာ အနတ္တာ။

အတီတာ–လွန်လေပြီးထ ရှေးဘဝ၌ ဖြစ်ကုန်သော၊ ပဋ္ဌကွန္ဓာ– ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အနိစ္စာ–ဖြစ်ပြီး မြောက်လျှင်ပင် ကုန်ပျောက်ပျက်ပြယ် ချုပ်ကွယ်ကင်းရှ ငြိမ်းစဲသည်ဖြစ်၍ အမြဲမရှိကုန်၊ သခ်ံတာ– အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏၊ ပဋိစ္စသမုပ္ပန္နာ–အကြောင်းတရားကိုစွဲ၍ ဖြစ်ကုန်၏။ ခယဓမ္မာ–ကုန်ခြင်းသဘော ရှိကုန်၏၊ ဝယဓမ္မာ–ပျက်ခြင်းသဘောရှိကုန်၏၊ ဝိရာဂဓမ္မာ–ကင်းခြင်းသဘော ရှိကုန်၏၊ နိရောဓ ဓမ္မာ–ချုပ်ခြင်းသဘောရှိကုန်၏၊ ဒုက္ခာ–ဖြစ်လျှင် ချုပ်ကွယ်ကြောက်ဖွယ် ဆင်းရဲဘေးဘျန်းမြဲ၍ ဆရဲအတိတို့တည်း၊ အနတ္တာ–အတ္တာနိဝါသီကာရက ဝေဒကဟုတိတ္ထိတို့ ကြံဆခေါ်ဆိုအပ်သော ကိုယ်ဟူသော အနှစ်သုဉ်းသည်ဖြစ်၍၊ ငှက်ပျောတုံးမျိုး အစိုးမရအနှစ်သာရမဲ့သော သဘောကြောင့် ကိုယ်လည်း မဟုတ်ကုန်။

အနာဂတာ–နောက်ဘဝ၌ ဖြစ်လတ္တံ့ကုန်သော၊ ပစ္စုပ္ပန္နာ–ယခုဘဝ၌ ဖြစ်ဆဲဖြစ်ကုန်သော၊ အစ္ဆတ္တံ–ကိုယ်တွင်းသန္တာန်၌ ဖြစ်ကုန်သော၊ ဗဟိဒ္ဓါ–အပဖြစ်ကုန်သော၊ သြဠာရိကာ–ရုန့်ရင်းကုန်သော၊ သုခုမာ–သိမ်မွေ့ကုန်သော၊ ဟီနာ–ယုတ်ကုန်သော၊ ပဏီတာ–မြတ်ကုန်သော၊ ဒူရေ–ဝေးကုန်သော၊ သန္တိကေ–နီးကုန်သော၊ ပဋ္ဌကွန္ဓာ–တို့သည်၊ အနိစ္စာ–ကုန်၊ အနတ္တာကုန်။ ။ သမ္မသနဉာဏ် ပြီး၏။

သမ္မသနဉာဏ်ကိုရပြီးသော ယောဂီသည်။ ။ ဇာတာနံ ပစ္စုပ္ပန္နာနံ ခန္ဓာနံ နိဗ္ဗတ္တိလက္ခဏံ ဇာတိ ဥပ္ပါဒေါ အဘိနဝါကာရော ဥဒယောနာမ၊ ဝိပရိဏာမ လက္ခဏံ ခယော ဘင်္ဂေါဝယောနာမ ။ ။ ဇာတာနံ–ဖြစ်ဆဲကုန်သော၊ ပစ္စုပ္ပန္နာနံ–သန္တတိခဏပစ္စုပ္ပန် ဖြစ်ကုန်သော၊ ခန္ဓာနံ–ခန္ဓာငါးပါးတို့၏၊ နိဗ္ဗတ္တိလက္ခဏံ–ပေါ်စလက္ခဏာသည်။ ဇာတိ–ဖြစ်စသည်၊ ဥပ္ပါဒေါ–ဥပါဒ်သည်၊ အဘိနဝါကာရော–အသစ်သော အခြင်းအရာသည်၊ ဥဒယောနာမ–ဥဒယမည်၏၊ ဝိပရိဏာမလက္ခဏံ–ဖောက်ပြန်ယို

http://www.dhammadownload.com

ညွတ်ခြင်းလက္ခဏာသည်။ ခယော-ကုန်ခြင်းသည်၊ ဘင်္ဂေါ-ပျက်ခြင်းသည်၊ ဝယောနာမ-ဝယမည်၏။ ဤသို့ အကျဉ်းအားဖြင့် ရှေးဦးစွာ အဖန်ဖန် ရှုလတ်သော်၊ မဖြစ်ခင်လည်းမရှိ၊ တခြားမှလည်းမလာ၊ ချုပ်ပြီးလျှင်လည်း အစုအပုံမရှိသော စည် သဲ, စောင်းသဲ, မောင်းသဲ စသည်ကဲ့သို့ ရုပ်,နာမ်တို့သည် ဉာဏ်၌ ထင်ကုန်လတ္တံ့။ ထိုအခါ။ ။ "အဝိဇ္ဇာသမုဒယာ-အဝိဇ္ဇာဖြစ်၍ နေခြင်းကြောင့်၊ ရူပ သမုဒယော-ရုပ်၏ ဖြစ်၍နေခြင်းသည်၊ ဟောတိ-၏။ တဏှာသမုဒယာ-ကြောင့်၊ ကမ္မသမုဒယာ-ကြောင့်၊ အာဟာရသမုဒယာ-ကြောင့်၊ ရူပသမု ဒယော-သည်၊ ဟောတိ-၏၊ နိဗ္ဗတ္တိ လက္ခဏ ဝိစ- ဖော်ဖြစ်စ ဥပါဒ်စ လက္ခဏာသည်လည်း၊ ရူပသ-၏၊ ဥဒယောနာမ-ဥဒယမည်၏။"

ဤသို့ ပစ္စယတော ဥဒယလေးပါး၊ ခဏတော ဥဒယတစ်ပါး၊ ပေါင်း ဥဒယလက္ခဏာငါးပါး။

ထို့အတူ "အဝိဇ္ဇာနိရောဓာ-အဝိဇ္ဇာ၏ ချုပ်ခြင်းကြောင့်၊ တဏှာနိရော ဓာ-ကြောင့်၊ ကမ္မနိရောဓာ-ကြောင့်၊ အာဟာရနိရောဓာ-ကြောင့်၊ ရူပနိရော ဓာ-ရုပ်၏ ချုပ်ခြင်းသည်၊ ဟောတိ-၏၊ ဝိပရိဏာမလက္ခဏံဝိ-ဖောက်ပြန်ယိုယွင်းခြင်း လက္ခဏာသည်လည်း၊ ရူပသ-၏၊ ဝယောနာမ-ဝယမည်၏။"

ဤသို့ ဝယလက္ခဏာငါးပါး၊ ရုပ်၌ ပေါင်း ဥဒယဗ္ဗယလက္ခဏာ ဆယ်ပါး၊ ထို့အတူ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့၌လည်း ဆယ်ပါးစီအားဖြင့် ခန္ဓာငါးပါးတို့၌ လက္ခဏာ ငါးဆယ်တို့ကို အကျယ်အားဖြင့် ရှုရသည်။ ရှေး၌ အဖွန့်အားဖြင့် မြင်ခဲ့ပြီး၍၊ ယခုလည်း ကာလကို မဝေဖန်ဘဲ၊ သန္တတိအားဖြင့် ပစ္စယတော ဥဒယဗ္ဗယကိုမြင်၍ အစဉ်အတိုင်း ခဏတော ဥဒယဗ္ဗကို မြင်ရကား၊ ဥဒယဗ္ဗယဉာဏ်ထက်သန် သန့်ရှင်းခြင်းသို့ရောက်၏။ ဥဒယဗ္ဗယဉာဏ်ဟူသော တရုဏ ဝိပဿနာကို ရ၍၊ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တစ်ယောက် မြော်က် တော့သည်။ ထိုအခါ သြဘာသ စသော ဝိပဿနုပက္ကိလေသ အညစ်အကြေးဆယ်ပါး ဖြစ်လာသည်။ ထိုဆယ်ပါးကို တဏှာ, မာန, ဒိဋ္ဌိအားဖြင့် မစွဲလမ်းဘဲ၊ "အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ အနိစ္စံ, ဒုက္ခံ, အနတ္တာ" ဟုရှု၍၊ ဥဒယဗ္ဗယဉာဏ် ဟူသော လမ်းမှန်သို့သာသွား၍ ပွားများရသည်။ ။ မဂ္ဂါမဂ္ဂဉာနဒဿနဝိသုဒ္ဓိ ပြီး၏။

ဝိပဿနာဉာဏ်ကိုးပါးဖြင့် ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ ပွားပုံ

တထာ ပရိဗန္ဓ ဝိမုတ္တသ ပနေတသ ဥဒယဗ္ဗယဉာနတော။ ပ။ နဝ ဝိပဿနာ ဉာနာနိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနာမ-ဟူသည်နှင့်ညီစွာ၊ ကိလေသာဆယ်ချက်မှ ထွက်မြောက်၍ လမ်းမှန်သို့ ရောက်သော ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒဉာဏ်, မုဉ္စိတုကမျဉာဏ်, ပဋိသင်္ခါရုပေက္ခဉာဏ်, သင်္ခါရုပေက္ခဉာဏ်, အနုလောမဉာဏ်, ဤဝိပဿနာဉာဏ် ကိုးပါးတို့သည် ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိမည်၏။ ဥပက္ကိလေသ နှောက်၍ လက္ခဏာပျောက်ရကား၊ ယင်းလက္ခဏာထင်လာစေခြင်းငှာ အနိစ္စံ, ဒုက္ခံ, အနတ္တာဟု ဥဒယဗ္ဗယဉာဏ်ကို အဖန်ဖန်ပွားများသည်ရှိသော်၊ လျှပ်စစ်ကို မော်၍ကြည့်သောသူသည် ဖြစ်သည်ကို မမြင် ပျက်သည်ကိုသာ မြင်သကဲ့သို့ သင်္ခါရတို့၏ ခယ ဝယ ဘေဒ နိရောဓ ဟူသော အပျက်သာထင်တော့သည်၊ ဘင်္ဂ၌သာ သတိတည်တော့သည်။ ။ ဘင်္ဂဉာဏ် ပြီး၏။

ဤဘင်္ဂဉာဏ်ကို အဖန်ဖန်မှီဝဲသော ယောဂီအား၊ အသက်ရှည်ကြာ ချမ်းသာလိုသော ဘီရုကယောက်ျားသည်၊ ခြင်္သေ့, သစ်ကျား, သားရဲဝံအောင်း, မွေးဆောင်းစွယ်ဖြူး, ဘီလူးရက္ခိုသ်, နွားမိုက် ခွေးကြမ်း, မုန်ပြွမ်းသောဆင်, ဆိပ်လျှင်သော

http://www.dhammadownload.com

မြွေဆိုး, မိုးကြိုးစက်ကွင်း, သရဲရှိုင်းစစ်ပွဲ, အလျှံစဲသော ရှားမီးခဲစုကိုတွေ့၍, မှိုင်မေ့မူးဝေ, သေမတတ် ကြောက်ရွံ့လေသကဲ့သို့၊ ခပ်သိမ်းဥသုံ, ပျက်ပြားကုန်သော တေဘူမက သခါရတရားတို့သည် အားကြီးဟု ထင်မြင်လာကုန်၏။ သတ်ပြီး, သတ်ဆဲ, သတ်လတ္တံ့, သားသုံးယောက်ကို မြင်ရသောအမိကဲ့သို့၊ ချုပ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ သခါရတရားတို့ကို မြင်၏။ ထိုအခါ ဘယဉာဏ် ဖြစ်ပြီဟူ၍မှတ်။ ။ ဘယတုပဋ္ဌာနဉာဏ် ပြီး၏။

ဤဘယဉာဏ်ကို အဖန်ဖန် မှီဝဲလေ့လာသော ယောဂီအား၊ ယခင် ယောဂျဉ်းသည် သားရဲပုန်းနေသော လျှို့, ကျားခိုသော တောင်ခေါင်း, မိကျောင်းရက်ခိုသော ရေ, ခိုးသူနေသော ခရီးလမ်း, သန်လျက်ထမ်း သောသူသတ်, အဆိပ်ခပ်သောထမင်း, မီးဝင်းဝင်း လောင်သောအိမ်, ရွယ်ချိန်လွှတ်ပစ် ထိုးခုတ်ထစ်သော စစ်မြေသို့ရောက်၍ ရွံ့ကြောက်လန့်ထိတ် စိတ် မပျော်မရွှင် မပြစ်ထင်သကဲ့သို့၊ အလုံးစုံသော ဘဝသုံးပါး, ယောနိလေးပါး, ဂတိငါးပါး, ဝိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တနိဝါသကိုးပါးတို့၌ ကိုးစားစရာမမြင်၊ ဘယ်သခါရတစ်ခုကို မျှ မတောင့်တ ဘုံသုံးဝကို မီးကျီးစု, ဓာတ်လေးခုကို မြွေ,ငါးထွေသော ခန္ဓာကို သူသတ်,အဖျတ္တာယတန ခြောက်ပါးကို ရွာပျက်, ဗဟိယာယတန ခြောက်ပါးကို စောရ, ဝိညာနဋ္ဌိတိ နိဝါသတို့ကို ဆယ့်တစ်ဝ လောင်မီးဖြင့် ရောင်ညီးပေါက်ပြဲ ခပ်သိမ်းသော သခါရတို့ကို ဂဏ္ဍရောဂါ အိုင်းအမာကဲ့သို့ မသက်မသာ ရသာမရှိ သမ္မတ္တိကင်းစင် ထက်ဝန်းကျင်မှ အပြစ်အစုသာ ထင်တော့သည်။

ဥပ္ပါဒဉ္စ ပဝတ္တဉ္စ, နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓိ, ဉာဏံ အာဒီနဝေ ဣဒံ။
ပဌ အာဒီနဝေ ဉာဏံ၊ ပဌ သန္တိပဒေပိစ။
ယော ဉနေ ဒသ ဓာနာတိ၊ နသော ဒိဋ္ဌိသု
ကမ္မတိ။

ဥပ္ပါဒဉ္စ-ဤဘဝပဋိသန္ဓေကိုလည်းကောင်း၊ ပဝတ္တဉ္စ-ပဝတ္တိခန္ဓာ ငါးပါးကိုလည်းကောင်း၊ နိမိတ္တဉ္စ-သဏ္ဌာန်အားဖြင့်ထင်သော သခါရနိမိတ်ကိုလည်းကောင်း၊ အာယူဟနံ-ဤဘဝပြုအပ်သောကံကိုလည်းကောင်း၊ ပဋိသန္ဓိ-နောက်ဘဝပဋိသန္ဓေကိုလည်းကောင်း၊ ဒုက္ခန္တိ-ဆင်းရဲအစုသာတည်းဟူ၍၊ ပဿတိ-ရှုမြင်၏၊ ဣဒံ-ဤငါးပါးသည်၊ အာဒီနဝေ-အပြစ်ဒေါသ၌၊ ဉာဏံ-သိသော ဉာဏ်မည်၏။ အာဒီနဝေဉာဏံ-အာဒီနဝဉာဏ်သည်၊ ပဌ-ငါးပါးတို့တည်း။ သန္တိပဒေပိစ၊ နိဗ္ဗာန်၌လည်း၊ ဉာဏံ- ဉာဏ်သည်၊ ပဌ- ငါးပါးတို့တည်း။ ယော -အကြင်ယောဂီသည်၊ ဒသဉနေ-ဉာဏ် ဆယ်ပါးတို့ကို၊ ဓာနာတိ-သိ၏။ သော-ထိုယောဂီသည်၊ ဒိဋ္ဌိသု-အထူးထူးသော ဒိဋ္ဌိတို့ကြောင့်၊ နကမ္မတိ-မတုန်လှုပ်။ ။ အာဒီနဝဉာဏ် ပြီး၏။

ဤသို့ အာဒီနဝကို မြင်ပြီးသော ယောဂီသည် စိတ္တကုဋ္ဌတောင်ခြေ ကြာအိုင်ရေ၌ ပျော်နေကျ ရွှေဟင်္သာသည့် ဒွန်စဏ္ဍားရွာအထွက် တန်စီးပွက်၌ မနှစ်သက်နိုင်သကဲ့သို့ အလုံးစုံသော ဘဝယောနိ စသည်တို့၌ ငြီးငွေ့သော စိတ်ရှိ၍ အနုပဿနာဉာဏ် နိဗ္ဗာန်သို့သာ ညွှတ်ကိုင်းသော စိတ်ဖြစ်တော့သည်။ နိဗ္ဗိဒဉာဏ်ပြီး၏။

ဤနိဗ္ဗိဒဉာဏ်ကို ရပြီးသော ယောဂီအား ကွန်ပိုက်၌ ငါး, မြွေမိသော ဖား, ချိုင့်ထားသော တောကြက်, အလမ္ဘာယ်လက်၌ မြွေ, ကွင်းမိလေသော သမင်, ဂဠုန်လက်တွင် နဂါး, ရန်သူဝိုင်းသော ယောဂျဉ်းကဲ့သို့ ဘယ်သခါရ တရားတစ်ခု၌မျှ ပျော်ပါးတပ်စွန်းခြင်းမရှိ၊ လွန်စွာ လွတ်မြောက်လိုသော စိတ်ဖြစ်၏။ ။ မုဉ္စိတုကမျတာဉာဏ် ပြီး၏။

လက်၌ပတ်၍နေသောမြွေကို ဖြေ၍ ပစ်လွှတ်လိုသောသူသည်၊ ပတ်သည်ကို ဖြေခြင်းငှာ စေ့စေ့ကြပ်ကြပ်ကိုင်သကဲ့သို့၊ ထိုသခါရတရားတို့မှ လွတ်မြောက်ခြင်းငှာ တစ်ဖန် အနိစ္စ, ဒုက္ခ အနတ္တာဟု

http://www.dhammadownload.com

သိမ်းဆည်းပြန်ရသည်။ ထိုအခါ တစ်ဖန် နိစ္စ, သုဘကွအတ္တဟု မထင်လာဘဲ ကောင်းစွာ လွတ်ကြီး လွတ်လေသည်။ ။ ပဋိသခ်ါဉာဏ် ပြီး၏။

ဤ ပဋိသခ်ါဉာဏ်ကို ပွားဖန်များလတ်သော်၊ မယားချစ်ခင်ကို ကွာကြဉ်ပြီးနောက် ဘယ်ယောကျ်ား နှင့်ပင် သွားလိုသွား, နေလိုနေ, မမုန်းမချစ်, လျစ်လျူ ဖြစ်သကဲ့သို့ ထိုသခ်ါရတို့၌ ငါတည်း, ငါ့ဥစ္စာတည်း ဟု မယူမူ၍ လျစ်လျူသာဖြစ်၏။ မီး၌ ထည့်အပ်သော ကြက်တောင်အလား ဘုံသုံးပါး၌ ပြန့်ပွားသော စိတ်မရှိ၊ တွန့်တို ကွေးကုပ် စက်ဆုပ်သော စိတ်သာ ဖြစ်တော့သည်။ ။ ဤကား သခ်ါရုပေက္ခာဉာဏ်တည်း။ ။

ဤ သခ်ါရုပေက္ခာဉာဏ်ကို အဖန်ဖန်မှီဝဲသော ယောဂီပုဂ္ဂိုလ်အား မဂ်ဖိုလ်ဖြစ်ခါနီးသည်ရှိသော် မနောဒွါရာဝဇ္ဇန်းသည် ဘဝင်ကို ဖြတ်၍ ပရိကံ၊ ဥပစာ၊ အနုလုံ ဟု ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော သုံးကြိမ်ဖြစ်၏။ ။ ဤကား အနုလောမဉာဏ်တည်း။ ။ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

ဉာဏ ဒဿန ဝိသုဒ္ဓိ ပွားပုံ၊ ၎င်း၏အကျိုး

ထို့နောင် ဂေါတြဘူစိတ် ဖြစ်၏။ ဤကား ဝိသုဒ္ဓိဟု မခေါ်လောက်သော အဗ္ဗောဟာရိကဉာဏ်တည်း။ ။ ထိုနောင် မဂ်စိတ်တစ်ကြိမ်, ဖိုလ်စိတ် နှစ်ကြိမ်, သုံးကြိမ်ဖြစ်၏။ ဤကား ဉာဏဒဿန ဝိသုဒ္ဓိတည်း။

ဤအရာ၌ သဒ္ဓိနှေ့အားကြီး၍ အနိစ္စာ နုပဿနာတက်သော ပုဂ္ဂိုလ်အား၊ အဆုံးစွန် သခ်ါရုပေက္ခာဉာဏ် သုံးဆယ့်နှစ်ဝီထိတို့ဖြင့် ဥဒယဗ္ဗယ ပရိစ္ဆိန္ဒ သခ်ါရ တို့၌ နိစ္စ, ဓုဝ, သုခ, သုဘ, အတ္တ နိမိတ်ကိုခွာလျက် သခ်ါရနိမိတ် အကြွင်းမဲ့ ကင်းဆိတ်သော နိဗ္ဗာန်သို့ညွှတ်စဉ်၊ ဘဝင်ပြတ်လျက် အနုလောမဉာဏ်, ဂေါတြဘူဉာဏ်သို့တက်၍ မဂ်သို့ ချဉ်းကပ် တစ်စပ်တည်း သွားအံ့၊ နိဗ္ဗာန်သည် အနိမိတ္တ နိဗ္ဗာန်မည်၏။ မဂ်သည် အနိမိတ္တ ဝိမောက္ခမည်၏။ အနိစ္စာ နုပဿနာ ဟူသော သခ်ါရုပေက္ခာဉာဏ်သည် အနိမိတ္တ ဝိမောက္ခမုခ မည်၏။

ထို့အတူ သမာဓိနှေ့ အားကြီးသောသူအား၊ ဒုက္ခာနုပဿနာ ထက်သန်လှ၍ ဘယာဘိဘူတ သခ်ါရတို့၌ တောင့်တခြင်း တဏှာပဏိဓိကို ခွာလျက် တဏှာကင်းဆိတ်သော နိဗ္ဗာန်သို့ ညွှတ်စဉ် မဂ်ဖြစ်လာအံ့၊ နိဗ္ဗာန်သည် အပ္ပဏိဟိတနိဗ္ဗာန် မည်၏။ မဂ်သည် အပ္ပဏိဟိတ ဝိမောက္ခမည်၏။ ဒုက္ခ နုပဿနာဟူသော သခ်ါရုပေက္ခာဉာဏ်သည် အပ္ပဏိဟိတ ဝိမောက္ခမုခမည်၏။

ပညိနှေ့အားကြီးသောသူအား၊ အနတ္တာ နုပဿနာထက်မြက်လှ၍ သူစိမ်းပြင်ပ သခ်ါရတို့၌ အတ္တသညာကို ခွာလျက် အတ္တကင်းဆိတ်သော နိဗ္ဗာန်သို့ ညွှတ်စဉ်မဂ်ဖြစ်လာအံ့၊ နိဗ္ဗာန်သည် သုညတနိဗ္ဗာန်မည်၏။ မဂ်သည် သုညတ ဝိမောက္ခမည်၏။ အနတ္တာနုပဿနာ ဟူသော သခ်ါရုပေက္ခာဉာဏ်သည် သုညတ ဝိမောက္ခမုခမည်၏။

ဤအနုပဿနာသုံးပါး များသော သူအားလည်း ထိုဣနှေ့သုံးပါး ထက်သန်တတ်သည်။ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်နှင့်တကွ သခ်ါရုပေက္ခာဉာဏ်ဟူသော ဤဝိမောက္ခမုခသုံးပါးကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟု ဆိုရ၏။

ဝုဋ္ဌာတု ကာမော သံသာရ၊ ဒုက္ခပင်္ကာ မဟဗ္ဘယာ။

ကရေယျ သတတံ တတ္ထ၊ ယောဂံ ပဏ္ဍိတ ဇာတိယော။

မဟဗ္ဘယာ-ကြောက်ဖွယ်ခမန်း ဘေးဘျန်းကြီးစွာသော၊ သံသာရ ဒုက္ခ ပင်္ကာ-သံသရာညွန်ပျောင်း ဆင်းရဲအပေါင်းမှ၊ ဝုဋ္ဌာတု ကာမော-ထမြောက်ခြင်းငှာ အလိုရှိသော၊ ပဏ္ဍိတ ဇာတိယော-ပညာရှိသော အမျိုးကောင်းသားသည်၊ တတ္ထ-ထို ဝုဋ္ဌနဂါမိနီ ဝိပဿနာ၌၊ သတတံ-နေ့ညဉ့်မပြတ်၊

http://www.dhammadownload.com

ယောဂံ-အရိုးကြေကြေ အရေခြောက်ခြောက် နောက် မတွန့်ဆုတ် အားထုတ် ခြင်းကို၊ ကရေယျ-ပြုရာ၏။

ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း၊ လောကီဝိသုဒ္ဓိ ခြောက်ပါးကို ပွားများ၍ရအပ်သော သတ္တမဉာဏ ဒဿန ဝိသုဒ္ဓိမည်သော အရိယမဂ်၏ အစွမ်းရှိန်စော် အာနုဘော်ကို ဤသို့ သိရမည်။

ကဒါစိပိ အနိဗ္ဗိဒ္ဓ၊ ပုဗ္ဗံ မဂ္ဂေါပနေသတံ။

လောဘံ ဒေါသဉ္စ မောဟဉ္စ၊ ဝိဒ္ဒံသန္တော၀ ဓာယတိ။

ဝိဓေ သဒါပါယဒ္ဓါရံ၊ သောသေတိ ဒုက္ခ သာဂရံ။

မိစ္ဆာမဂ္ဂံ ပဇဟတိ၊ အရိယဒ္ဓနမုခီကရော။

သမေတိ ဝေရဘယာနိ၊ နေတိ ဗုဒ္ဓသ သြရသံ။

အညေသဉ္စာနိသံသနံ၊ မဂ္ဂေါ လာဘာဘယ ဝတ္တတိ။

ဝိတ္တာရော တေ ပကာသေတုံ၊ နသက္ကာ ဒီဃအဒ္ဓုနာ။

ဧသဧသောမဂ္ဂေါပန-ဤအရိယမဂ်သည်ကား၊ ကဒါစိပိ-တစ်ရံ တစ်ခါမျှလည်း၊ အနိဗ္ဗိဒ္ဓပုဗ္ဗံ-အနာဒိက သံသရာဝယ် မပယ်မခွင်း မဖောက်ထွင်းဘူးသော၊ တံတာဒိသံ-ထိုသို့သဘောရှိသော၊ လောဘဉ္စ-လောဘခဲကိုလည်းကောင်း၊ ဒေါသဉ္စ-ဒေါသခဲကိုလည်းကောင်း၊ မောဟဉ္စ-မောဟခဲကိုလည်းကောင်း၊ ဝိဒ္ဒံသန္တော၀-မှုန်.မှုန်.ညက်ညက် ဖောက်ခွဲ ဖြိုဖျက်သည် ဖြစ်၍သာလျှင်၊ ဓာယတိ-ဖြစ်ပေါ်လာ၏။

မဂ္ဂေါ-အရိယမဂ်သည်၊ သဒါ-အချင်းခပ်သိမ်း၊ အပါယဒ္ဓါရံ-အပါယ်လေးပါး တံခါးကို၊ ဝိဓေ-ဝိတ်ဆို့၏။ ဒုက္ခသာဂရံ-ဆင်းရဲအစုတ် ရေသမုဒ်ကို၊ သောသေတိ-ခန်းခြောက်စေ၏။ မိစ္ဆာမဂ္ဂံ-မှားသောလမ်းကို၊ ပဇဟတိ-စွန့်ပယ်ရှောင်လွှဲ၏၊ အရိယဒ္ဓနမုခီကရော-သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ ဟူသော သူတော်ဥစ္စာခုနစ်ခုသို့ ရှေးရှုပြုတတ်၏။ ဝေရဘယာနိ-တွင်းပြင်နိုးဝေးရန်ဘေးဟူသမျှတို့ကို၊ သမေဟိ-ငြိမ်းပျောက် စေတတ်၏။ ဗုဒ္ဓသ-၏၊ သြရသံ-ရွှေရင်တော်နှစ်သားတော်စစ် အဖြစ်သို့၊ နေတိ-၏။ အညေသဉ္စ-ထိုမှတစ်ပါးလည်း ဖြစ်ကုန်သော၊ အာနိသံသာနံ-ပဋိသန္ဓိဒါ အဘိညာ စသော အကျိုးဆက်တို့ကို၊ လာဘာဘယ-ရခြင်းငှာ၊ ဝတ္တတိ-ဖြစ်၏။ တေ အာနိသံသေ-ထိုအကျိုးတို့ကို၊ ဒီဃအဒ္ဓုနာ-နေ့ရက်, လ, နှစ်၊ သက္ကာဇ် ရှည်ကြာ အခါကာလဖြင့်၊ ဝိတ္ထာရော-ကုန်စင်ပတ်လည် အကျယ်အားဖြင့်၊ ပကာသေတုံ-ထုတ်ဖော်ညွှန်ပြခြင်းငှာ၊ နသက္ကာ-မတတ်ကောင်း။

ဤသို့ ဆိုခဲ့ပြီးသောအတိုင်း ဝိသုဒ္ဓိ ခုနစ်ဆက်၊ ဝိပဿနာ ဆယ်ချက်တို့ကို အစဉ်မပျက်ပွားများကား၊ မဂ်ဖိုလ်ကို ဤဘဝပင် ရနိုင်၏။ ပါရမီမစေ့၍ မရသေးသော်လည်း၊ တစ်နေ့လျှင် ခိုးသူငါးရာ၊ လေးရာက်နှင့်ပင် လူနှစ်ထောင်ကို သေအောင် သတ်ပြီး၍၊ ငါဆယ့်ငါးနှစ်ပတ်လုံး လူကိုသတ်သော တမွှဒါဓိက သူသတ်တို့ပင်၊ အရှင်သာရိပုတ္တရာဟူသော ဆရာကောင်း ကလျာဏမိတ္တနှင့် တွေ့ရ၍၊ အနုလောမခန္တိဟူသော ဝိပဿနာဉာဏ် တိုင်အောင်ရ၍၊ တုသိတာနတ်ပြည်သို့ တက်သေးရောက်သေးသည်။ မကောင်းမှု နည်းသော သူတစ်ပါးတို့မှာ ဆိုဖွယ်ရာမရှိ။ ဝိပဿနာ ဉာဏ်လောက်ဖြစ်လျှင် ရလောက်, ရောက်လောက်ရာသည်။ လုံ့လပေါ့ဖျင်း စိတ်လျော့ခြင်းကြောင့်သာ၊ မရနိုင်, မရောက်နိုင်ရှိကြသည်။ထို့ကြောင့် သံသရာဘေးကိုကြောက်၍၊ သံသရာဝဋ်မှ ထမြောက်လို ကုန်သော အမျိုးကောင်းသားတို့သည်။ ကြောင့်ကြကြီး ကြောင့်ကြငယ်တို့ကို ဖြတ်တောက်၍၊ အခြားကိစ္စများကို မပြုကြဘဲ ဝိသုဒ္ဓိ ခုနစ်ပါးကို သာ မနေမနား အားထုတ်ကြစေကုန်သတည်း။ ။ ဝိသုဒ္ဓိဒီပနီ ပြီး၏။

[ဆိဒ္ဓိဓာနန္ဒီ စတုတ္ထတွဲမှ ဖော်ပြပါသည်။]

http://www.dhammadownload.com

သံဝေဂ လက်ာများ

- လကွယ်, သန်းကောင် မိုးမှောင်, တောလယ် လျှပ်ပန်းနွယ် နည်းငယ် ရံတစ်ခါ။
- ဘုရားပွင့်ရာ သာသနာရောင် ထွန်းလင်း ပြောင် မြင့်ခေါင်ထို့ ထက်ကြာ။
- သာသနာတွင်းမှ ပြုနိုင်ကြ ပုညဝိသေသာ။
- ရုပ်,နာမ်နှစ်ရပ် ပိုင်းခြားလတ် သုံးသပ် လက္ခဏာ။
- ရုပ်,နာမ်စီးဖြန်း ခြေတစ်လှမ်း တစ်သန်း တန်စေရာ။
- ရုပ်,နာမ်နှစ်ပါး ပိုင်းခြားသုံးသပ် ရှုမြင်လတ် က ထိုးအပ်ရင်ဝ သက္ကာယဟု လုံမကျတ် နုတ် ပါယ်မျိုးပြုတ် ငြိမ်းချုပ် သံသရာ။
- တိုက်အိမ် အပေါင်း ကျောင်းတန်ဆောင်းနှင့် ဝတ်ကောင်းစားဖွယ် ဌေးကြွယ်ရိပ်ငြိမ် စည်း စိမ်ဟူသမျှ အနိစ္စ, ဒုက္ခ, အနတ္တာ။
- ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ယုတ် မြတ်မဟူ ရှင်လူရဟန်း ပုံပန်းလှ, မလှ အနိစ္စ, ဒုက္ခ, အနတ္တာ။
- အနိစ္စ, ဒုက္ခ, အနတ္တနှင့် လက္ခဏာညာဏ် ဤကိုးတန် ဖန်ဖန်မြင်အောင်ရှု။
- ရုပ်ဓာတ်, နာမ်ဓာတ်, ပရမတ် ပညတ်ကွာ အောင်ရှု။
- အသုဘရုပ် ဒုက္ခဝေဒနာ သညာ, သင်္ခါရ အနတ္တလည်း အနိစ္စ ဝိညာဏ် ခွဲဝေပြန် ဖန်ဖန်မြင်အောင်ရှု။
- ဖြစ်ပြီးကုန်ထ ရှာမရ နိစ္စမဟုတ်ရှု။
- ကိုက်ခဲကျင်နာ ကြောက်ဖွယ်ရာ နှစ်ဖြာ ဒုက္ခရှု။
- လိုရာမပါ နှစ်ကင်းကွာ နှစ်ဖြာ နတ္တရှု။
- တစ်ဆယ့်ခြောက်မြောင့် ရှစ်လေးမြောင့် သုံး ထောင့်လုံးပြား အတ္တသား မှတ်မှား မြူ အဏု။
- အသက်ဝိညာဏ် ဇီဝနာမ်ကို မိုးယံဗြဟ္မာ ထည့်သွင်းတာ၌ တူစွာရှေးလား သတ္တဝါ ပွား ယူမှားသူတို့ရှု။
- ငါးပါးခန္ဓာ မမြဲပါ မကြာသေလတ္တံ့။
- ငါးပါးခန္ဓာ ဆင်းရဲစွာ မကြာသေလတ္တံ့။
- ငါးပါးခန္ဓာ လိုမပါ မကြာသေလတ္တံ့။
- သေပြီးရုပ်လောင်း ပုပ်ညှီလှောင်း တွင်း ခေါင်းမြေ၌ မြုပ်လတ္တံ့။
- အသေဆုံးကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်း ရောက်မှ ဤကာယ လုံးဝပယ်လတ္တံ့။
- သတိသမ္ဗဇ္ဈင် အမြဲယှဉ်က ထက်ခွင်နိဗ္ဗာန် ရောက်အောင်ဟူ သေသူ မမည်မှတ်။
- သတိသမ္ဗဇ္ဈင် ကင်းကွာလျှင် နေ့စဉ် သေ ကောင်မှတ်။
- သူယုတ်မာချင်း ပေါင်းသင်းပြုလုပ် ခွေး ကောင်ပုပ် ကျီးယုတ်ကြိုက်သလို။
- သူတော်ကောင်းချင်း ပေါင်းသင်းရောနှော မြတ်လေးတော ရွှင်မော ဝိတုန်းလို။

ကလျာဏ ပုထုဇ္ဇဉ်လုပ်ငန်း ပြီးပြီ။

[အကျယ်ကို ရှုလိုမူ ကလျာဏပုထုဇ္ဇဉ်လုပ်ငန်း စသည်များကို ရှုပါလေ]

ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
မန်လည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မန်လည်ဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၀၃-၁၂၈၂)

မန်လည်ထေရ်ကျော် မြတ်ဘုန်းမော်

မန်လည်ဆရာတော်လောင်း "မောင်မာ" ကို ၁၂၀၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ ညဉ့် ၃ ချက်တီးကျော် ဝိသာခါနက္ခတ် မွန်းတည့် လတ်ချိန်တွင် မန်လည်မြို့ မင်းကုန်းရပ်နေ မြို့စာရေးကြီး ဦးထင်ညိုနှင့် ဒနီး ဒေါ်ဖြေ တို့မှ ဖွားမြင်ခဲ့ပါသည်။ ၃ နှစ်သားအရွယ်တွင် ဖခင်ကွယ်လွန်၍ မွေးမိခင် ဒေါ်ဖြေနှင့်အတူ မွေးဖွားရင်းဇာတိ မန်လည်မြို့မှ ထီးချိုင့်မြို့နယ် ရှောက်ခါးရွာသို့ လည်းကောင်း၊ နဂါးဆင်းမြို့ ကျောက်ပြည်သာသို့ လည်းကောင်း၊ ဝန်းသိုမြို့ မြေနီသို့လည်းကောင်း အဆင့်ဆင့် ပြောင်းရွှေ့နေထိုင်ခဲ့ရပါသည်။ ထို့နောက်မှ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၏ ဖခင်ဖြစ်သူ ဦးရွှေသားအဖြစ်မရောက်မီ မြို့သူကြီးအဖြစ်နှင့် တက်လာသည်တွင် မြေနီမှ ဝန်းသိုစော်ဘွား မြို့သူကြီးနှင့်အတူ လိုက်ပါလာသည့် ၁၂ နှစ်သား အရွယ် ရောက်နေပြီဖြစ်သော မောင်မာအား ဝန်းသိုမြို့ တောင်ပေါ်ကျောင်းတွင် သီတင်းသုံးသော ဘုန်းကြီး ဦးပန်းအောင် (စော်ဘွားကြီး၏နောင်တော်) ထံသို့ အပ်နှံ၍ စာပေသင်ကြားစေပါသည်။ ၁၆ နှစ်အရွယ်တွင် ဝန်းသိုမြို့၌ရှင်ပြုခဲ့ရာ ရှင်ဇဝနဟု ဘွဲ့မည်သတ်မှတ်ခြင်း ခံခဲ့ရပါသည်။ မန်လည်မြို့သို့ ပြန်လည်ပြောင်းရွှေ့ခဲ့၍ လေးထပ်ကျောင်းတိုက် (နောက်တွင် ပြာသာဒ်ကျောင်းကြီး)၏ ဂိုဏ်းအုပ် ဆရာတော် ဦးနန္ဒမဋ္ဌထံတွင် ရှင်သာမဏေဘဝဖြင့် ပညာများ ဆက်လက် ဆည်းပူးခဲ့ပါသည်။

ရှင်သာမဏေဘဝ ၆ ဝါရစဉ်ကပင် စာပေကျမ်းဂန်အရာတွင် အတော်ပေါက်ရောက်ပြီး ရတု၊ ရကန်၊ ဧချင်း၊ မော်ကွန်း စသော ကဗျာ လင်္ကာများ ရေးသားနိုင်သည့်အဆင့်သို့ ရောက်ရှိခဲ့ပါသည်။ ဆရာတော် ဦးနန္ဒမဋ္ဌသည် သာသနာ့အမွေကို ဆက်ခံစေသင့်သော ကိုရင်မာ (ရှင်ဇဝန)အား ရဟန်းအဖြစ် ကူးပြောင်းရန် တိုက်တွန်းသော်လည်း ပထမတွင် မရချေ။ လူဝတ်ကြောင်ဘဝနှင့်နေရန်သာ ရည်ရွယ်တော်မူခဲ့သည်။ ကြီးလေးလှသော သာသနာ့ဝန်ကို ထမ်းဆောင်ရန် စိုးရွံ့တော်မူသဖြင့် ဤသို့ ငြင်းပယ်ခဲ့ခြင်း ဖြစ်ပါသည်။ ဦးနန္ဒမဋ္ဌ ပျံလွန်တော်မူခါနီးတွင် တစ်ဖန် ဆရာတော်ရော ပတ်ဝန်းကျင်ကပါ ဝိုင်းဝန်း တိုက်တွန်းတော်မူကြသဖြင့် ၁၂၂၅ ခုနှစ် နှစ်ဦးဝိုင်းတွင် ရဟန်းခံတော်မူခဲ့ပါသည်။ ပထမဥပဇ္ဈာယ်ဆရာတော် ဦးနန္ဒမဋ္ဌသည် မန်လည်ဆရာတော်လောင်း ရှင်ဇဝနကို ရဟန်းခံစေပြီးသည့် ညနေမှာပင် ပျံလွန်တော်မူခဲ့ပါသည်။

၁၂၂၅ ခုနှစ်၊ တန်ပေါင်းလပြည့်ကျော် ၅ ရက်

http://www.dhammadownload.com

နေ့တွင် အောင်းပင်ရွာနေ ဝါတော် ၆၀ ရ ရှင်ဂုဏဝါမထေရ်ကို ဥပဇ္ဈာယ်ဆရာပြု၍ မဲဇာမြစ်တွင်း နဒီသိမ်တွင် ဒုတိယအကြိမ် ရဟန်းခံတော်မူပါသည်။ ဤသို့ ရပြီးတစ်ဝါကို စွန့်ပယ်၍ ထပ်မံ ရဟန်းခံတော်မူသည်မှာ အချို့သော သုတေသီများ ရေးသားကြသကဲ့သို့ ပထမရဟန်းခံစဉ်က အသက်မပြည့်လေဟန် အယူအဆသည် မမှန်ကန်ပါ။ ဖွားမြင်တော်မူသည်မှာ ၁၂၀၃ ခုနှစ် နှစ်ဦးဖြစ်ရကား ပဋိသန္ဓေရက်များကို ဖြစ်စေ၊ အခြားဝါထပ် ရက်ပိုများကိုဖြစ်စေ ရှာဖွေပေါင်းထည့်နေရန် မလိုအပ်ပါချေ။ ပိုလွန်၍ပင် နေခဲ့ပါသည်။ ပထမအကြိမ် ရဟန်းခံခဲ့သည့် သိမ်အပေါ်တွင် သံသယရှိ၍ ထပ်မံ ရဟန်းခံခဲ့ခြင်းသာ ဖြစ်ပါသည်။ ရဟန်းခံပွဲ ကျင်းပသည့် သိမ် (ဗဒ္ဓသိမ်)နှင့် ပြင်ပရှိ အဗဒ္ဓသိမ်ဖြစ်သော ဂါမသိမ်တို့သည် မဏ္ဍပ်ဝါးလုံးကြောင့် ထိစပ်ခဲ့သည်ကို ပတ်ဝန်းကျင်က တီးတိုးစကား ပြောသံကြား၍ မဟုတ်မခံ စိတ်မြန်သော ပုဂ္ဂိုလ်ပီပီ ဤသို့ ဒုတိယအကြိမ် ရဟန်းခံခဲ့ခြင်းသာ ဖြစ်ပါသည်။

ဤစကား မှန်ကြောင်းကို ဆရာတော်၏ အတူနေ တပည့်ရင်းများဖြစ်ကြသော လက်ရှိတတိယမန်လည်ဆရာတော် ဦးပုညနှင့် ဆရာတော် ခရီးထွက်ရာသို့ လိုက်ပါ ဝတ်ပြုခဲ့ရသော တာပေါရွာဆရာတော် ဦးပုညတို့၏ မိန့်ကြားစကားအရ သိရှိရသည့်အပြင် ဆရာတော်ဖြိုးခေါ် ဒုတိယ မန်လည်ဆရာတော် ဦးပဏ္ဍဝံသ၏ လက်ရေးမှတ်တမ်းတွင်လည်း အလားတူ တွေ့ရှိရပါသည်။ နောင်တွင် မန်လည်ဆရာတော်ကြီးက "ဘေးကလည်း တီးတိုးပြောကြ၊ ငါကလည်း ငယ်ငယ်၊ စိတ်ကလည်းမြန်၊ စာပေကလည်း ဒီလောက် မနုံ့စပ်သေးလို့သာ ဤသို့ ထပ်မံ ရဟန်းခံခဲ့သည်။ ဤသို့ မပြုစေကာမူ ရဟန်းမမြောက်ဆိုသည် ကျမ်းစာ အဆိုအမိန့် မရှိကြောင်း" ဖြင့် ဆရာတော်ကိုယ်တိုင်က ရှင်းလင်းပြောပြဖူးကြောင်းကိုလည်း မှတ်သားရပါသည်။ ဗဒ္ဓသိမ်နှင့် အဗဒ္ဓ ဖြစ်သော ဂါမသိမ် ထိစပ်ခြင်းကြောင့် အပြစ်မရှိသည့်အပြင် ဗဒ္ဓသိမ်ခြင်း ထိစပ်စေကာမူလည်း အခြားသော ဗဒ္ဓသိမ်များ၌ ရဟန်းမရှိပါက အပြစ်မဖြစ်ကြောင်း ကျမ်းစာများကို ထောက်ထား၍ ဆရာတော်က အမိန့်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မန္တလေးတွင် ပညာသင်

ရဟန်းအဖြစ် ခံယူပြီးနောက် ၁၂၂၈ ခုနှစ်တွင် မန္တလေးမြို့ အနောက်ပြင် ထီးလင်းတိုက်၌ ဝါဆိုတော်မူ၍ ပိဋကတ်စာပေများကို ဆက်လက်လေ့လာခဲ့ပါသည်။ ထို့နောက်မှ တစ်ဖန် မန်လည်မြို့သို့ ပြန်လည်၍ မင်းထင်မင်းလှ သမန္တရာဇာဘွဲ့ခံမြို့ဝန်ဦးပု ဆောက်လုပ်လှူဒါန်းသော သမန္တပါသာဒိက မဟာဝိဟာရ ပြာသာဒ်ကျောင်းတော်ကြီးတွင် သီတင်းသုံး နေထိုင်တော်မူခဲ့ပါသည်။ နောက်ဆုံးတွင် ဘင်္ဂလီ၊ နာဂရီ၊ သီဟိုဠ် စသော ဘာသာရပ်ကျမ်းအဖုံဖုံနှင့် ဓာတ်နိပါတ်၊ ရာဇဝင်၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ကျမ်း၊ အင်္ဂရတ်ကျမ်း အသွယ်သွယ်တို့ ပါဝင်သည့် သိဖွာ ယတန အစုံစုံတို့ကို တစ်ဖက်ကမ်းခတ် တတ်မြောက်တော်မူခဲ့ပါသည်။

ဆရာတော်သည် စာပေကျမ်းဂန်ရေးသားမှု၌ နှစ်ခြိုက်မွေ့လျော်တော်မူသည့် ဝါသနာဆန္ဒနှင့်အညီ ဒွေးချိုး၊ လေးချိုးများမှအစ ဘုရားရှိခိုးများ၊ ဘုန်းကြီးပျံ ငိုချင်းများ၊ အံ့တော်သီချင်းများ၊ ပြဇာတ်များ၊ ရတုများကို ၁၆ နှစ်သား အရွယ်ကပင် ရေးသားတော်မူခဲ့သည်။ ငယ်ရွယ်နုနယ်စဉ် ကာလဖြစ်သည့်အပြင် မည်သာမထောက် ပွင့်လင်းစွာ မြွက်ဆိုတော်မူတတ်သော သဘောထားအရ ဝိဂ္ဂရ၊ ပဒုမ၊ ကုသ၊ အသီဒိသ၊ သမ္မာလ၊ ဥတိန္ဒ စသော ရတုများ၊ ဥပကဆာဝါ ပြဇာတ်များမှာ အရေးအသား ပြောင်မြောက်လှကြောင်း တွေ့ရပါသည်။ ၁ ဝါရ နုစဉ်အခါကပင် စတင်ရေးသားခဲ့သော မဟာသုတကာရီ မဃဒေဝ

http://www.dhammadownload.com

လက်ံသစ်သည်ကား တစ်အုပ်တည်းနှင့်ပင် ဆရာတော်၏ လောကီ လောကုတ္တရာ ဗဟုသုတ ပြည့်ဝလေးနက်မှုကို ခန့်မှန်းစေနိုင်သည့် ထူးခြားထင်ရှားလှသော ကျမ်းတစ်စောင်ဖြစ်ပါသည်။ ယနေ့ စာပေပညာရှင်များ၏ ကိုးကား အားထားရာ ကျမ်းအဖြစ် ရပ်တည် လျက်ရှိပါသည်။ ယခုပုံနှိပ်သော ကျမ်းများအပြင် ဝဇီရုပမဗျာကရဏကျမ်း၊ ဒိဋ္ဌိဝိသောဓန ဝဇီရဋီပနီကျမ်း၊ ကစ္စာယနသင်္ဂဟ သုသုဟာရက ပါဠိနိဿယစသည်ဖြင့် စုစုပေါင်း ကျမ်းစာ ၇၀ ခန့် မျှ ရေးသားပြုစုခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

တောင်တွင်းဆရာတော် ခင်ကြီးပျော်

မန်လည်ဆရာတော်ဘုရားသည် တောင်တွင်းဆရာတော် ခင်ကြီးပျော်၏ စတုတ္ထမြောက် အဆက်အနွယ်ဖြစ်ကြောင်းကို "ငါတို့အရင်း နွယ်သက်ဆင်း တောင်တွင်းကျော်ဆရာ။ စတုတ္ထမြောက်၊ ငါသို့ရောက်၊ အထောက်ဝေးမကွာ" ဟု စပ်ဆို ဖော်ပြခဲ့သည်ကို ထောက်၍ သိသာပါသည်။ တောင်တွင်းဆရာတော်ကား တောင်တွင်းဆရာတော် ခင်ကြီးပျော် အမည်ရသည့် ရှင်ဉာဏဝရဖြစ်ပါသည်။ သက္ကရာဇ် ၁၀၈၄ ခုနှစ်တွင် တောင်တွင်းကြီးမြို့၌ အဘ ဦးဘိုးပြေ၊ ဇနီး ဒေါ်မယ်ကြာတို့မှ ဖွားမြင်ခဲ့ပါသည်။ ငယ်မည် မောင်ပျော် ဖြစ်ပါသည်။ စာပေကျမ်းဂန်အရာ၌ ထင်ရှားကျော်စောသဖြင့် နောင်တော်ကြီးမင်း နန်းတက်သောအခါ စစ်ကိုင်းမြို့တော်သို့ ပင့်ဆောင်စေရာ ပထမတွင် ကြွလာတော်မမူချေ။ နောင်မှ မှူးမတ်များက ရွာသူကြီးများအား အကြပ်အတည်းပြုသဖြင့် မြို့တော်သို့ ကြွလာရန် မေတ္တာရပ်ခံ၍ ကြွရောက်တော်မူခဲ့ပါသည်။ သုဓမ္မာဇရပ်တွင် ဆရာတော်ကြီးများက စစ်ဆေးမေးရာ အားလုံး ပြေလည်အောင် ဖြေဆိုနိုင်သဖြင့် ပေလေးပင် ရှင်လေးပါး ထွန်းကားခဲ့သော နေရာတွင် ပေတစ်ပင် ရှင်တစ်ပါး ထွန်းကားပြန်ကြောင်း မိန့်ကြားခဲ့ရပါသည်။ နောင်တော်ကြီး ဘုရားက မင်္ဂလာဘုံသာ (မဟာဘုံသာ) ကျောင်းကို တင်လျှုတော်မူ၍ "ဉာဏာဘိ ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဂုရု" ဟူသော တံဆိပ်နာမ ဆက်ကပ်တော်မူခြင်း ခံရပါသည်။ နောင်တွင် သာသနာပိုင်ဆရာတော်အဖြစ် ဆောင်ရွက်တော်မူရသည်။ သက္ကရာဇ် ၁၁၂၄ ခုနှစ်၊ သက်တော် ၃၉ နှစ်တွင် ပျံလွန်တော်မူသည်။ ကျမ်းစာပေါင်း ၃၇ ကျမ်းနှင့် မင်းလက်ဝဲနော်ရထာ၏ အမေးကို ဖြေကြားသော မင်းလက်ဝဲလျှောက်ထုံးတစ်စောင်ကိုပါ ပြုစုခဲ့သည်။ လောကီလောကုတ္တရာ နှံ့စပ်တော်မူ၍ မ-ကာရလောပအကျော် တောင်တွင်းဆရာတော်ဟု လည်းကောင်း၊ တောင်တွင်းဆရာတော် ခင်ကြီးပျော် ဟူ၍လည်းကောင်း ထင်ရှားကျော်ကြားပါသည်။

တောင်တွင်း လေးဆက်

အထက်ပါ တောင်တွင်းဆရာတော်၏ တပည့် ဆရာတော် ဦးဖိနသည် သာသနာပြုရန် အတွက် အထက်အညာ တကောင်းမြို့သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့ပါသည်။ တကောင်းမြို့ ပျက်စီးချိန်တွင် တကောင်းနယ် အပါအဝင် မိုင်းတိုင်း ၁၂ ပြည်တွင် ငဖားကြီး၊ ငဝက်ကြီး စသော ဓားပြ လူဆိုးတို့သည် မြင်း ၃၆၀၀ နှင့် ဆူပူသောင်းကျန်းခဲ့ပါသည်။ ထိုစဉ်တွင် မန်လည်မြို့၌ နေထိုင်ကြသော မိုင်းတိုင်း ၁၂ ပြည် အပါအဝင် ဇင်းမြို့သား တစ်စုတို့က ဆရာတော် ဦးဖိနအား သွားရောက် ပင့်ဆောင်ခဲ့ကြသည်။ ဆရာတော်၏ တပည့်ငါးပါးအနက် တစ်ပါးမှာ ထီးချိုင့်မြို့တွင် သီတင်းသုံး ကျန်ရစ်ခဲ့ပြီး တစ်ပါးမှာ ဇင်းမြို့သို့ ပြန်ကြွသွားပါသည်။ ဤတပည့်သုံးပါးနှင့်အတူ မန်လည်မြို့သို့ရောက်ရှိသော အခါ အင်းအိုင်ခလုံ့ လက်ဖွဲ့မန္တရားတို့ကို ဝါသနာပါသူ တပည့်နှစ်ပါးမှာ လူဝတ်လဲ၍ မင်းကြီးသီလဝ အာသံသို့ ချီတက်သော စစ်တပ်ထဲသို့ လိုက်ပါသွားခဲ့ပါသည်။ ဆရာတော် ဦးဖိနသည် မန်လည်မြို့တွင်

http://www.dhammadownload.com

သီတင်းသုံး နေထိုင်၍ ပျံလွန်တော်မူသောအခါ အတူ ပါလာသည့် တပည့်တစ်ဦးဖြစ်သူ ဦးပညာ ဆက်လက် သီတင်းသုံးတော်မူပါသည်။ မန်လည်ဆရာတော်၏ ဆရာ ဦးနန္ဒမဉ္ဇူကား အဆိုပါ ဦးပညာ၏ တပည့် ဖြစ်သဖြင့် မန်လည်ဆရာတော်သည် တောင်တွင်းအကျော် ခင်ကြီးပျော်၏ စတုတ္ထမြောက် တပည့်ဖြစ်ကြောင်း ပြဆိုခဲ့ခြင်း ဖြစ်သည်။

မန်လည်ဆရာတော်သည် ပရိယတ္တိသာသနာတော်ကြီးကို ကြီးပွားတိုးတက်စေရန်အလို့ငှာ အရပ်ဒေသအသီးသီးမှ မေးမြန်းလာကြသော ပုစ္ဆာများကို ဖြေဆိုပေးခြင်း၊ လျှောက်ထား တောင်းပန်ချက်များကို ခံယူ၍ ကျမ်းစာများ ပြုစုခြင်း၊ ပညာစမ်းသော မေးခွန်းများကို ဖြေကြားခြင်း၊ ဘာသာရေးအယူအဆ ခဲရာခဲဆစ်များကို ရှင်းလင်း လမ်းညွှန်ခြင်း စသော ပြုစု ပျိုးထောင်မှုများကို ဆောင်ရွက်ခဲ့ပါသည်။ ကျောင်းတွင်း၌သာ သီတင်းသုံး နေထိုင်၍ ပရိယတ္တိသာသနာကို ပြုစုပျိုးထောင်တော်မူသည် မဟုတ်ဘဲ နိုင်ငံအဝန်း အရပ်ဒေသအသီးသီးသို့ လှည့်လည်၍ တရားဓမ္မ ဟောပြော ဆုံးမခြင်းဖြင့်လည်း သာသနာပြုတော်မူခဲ့ပါသည်။ ပတ်ဝန်းကျင်ဒေသဖြစ်သော ကသာမြို့၊ ထီးချိုင့်မြို့၊ ကောလင်းမြို့၊ မိုးညှင်းမြို့၊ မိုးကောင်းမြို့များနှင့် ဗန်းမော်၊ ရွှေကူ၊ မြစ်ကြီးနားမြို့များသို့ ကြွသွား ရောက်ရှိတော်မူပြီး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ပါသည်။ ၁၂၆၈ ခုနှစ်တွင် မိုးကုတ်မြို့သို့လည်းကောင်း၊ ၁၂၇၆ ခုနှစ်တွင် စော်ဘွားကြီး၏ ပင့်လျှောက်ချက်အရ သီပေါမြို့သို့လည်းကောင်း ကြွသွားတော်မူခဲ့ပါသည်။ သီပေါမြို့တွင် ထိုစဉ်က ရှိခဲ့သော ရွှေကျင်၊ သုဓမ္မာ၊ ယွန်း ဟူသော ဗုဒ္ဓဘာသာဂိုဏ်းကွဲများကို တရားပြသဆုံးမ၍ ညီညွတ်မှုတစေတော်မူခဲ့ပါသည်။ ၁၂၈၁ ခုနှစ်တွင် မန္တလေးမြို့၊ စစ်ကိုင်းမြို့များမှတစ်ဆင့် ရေလမ်းခရီးဖြင့် ပခုက္ကူမြို့၊ ပြည်မြို့၊ ဇလွန်မြို့၊ ပုသိမ်မြို့၊ ဟသ်ာတ မြို့များသို့ ကြွသွား သာသနာပြုတော်မူခဲ့ပါသည်။ မင်းလှမြို့တွင် လယ်တီဆရာတော်ဘုရားနှင့် တွေ့ဆုံ၍ နှစ်ပါးအတူ သီးသန့်ရထားဖြင့် ရန်ကုန်မြို့သို့ ကြွတော်မူခဲ့ပါသည်။ ဆရာတော်နှစ်ပါး ရန်ကုန်မြို့သို့ အရောက်တွင် အမြောက် ၂၁ ချက် ပစ်ဖောက် အပူဇော်ခံပြီး ကီလီလမ်းမှ ပုဇွန်တောင် ညောင်ကုန်းကျောင်းတိုက်အရောက် ကားဖြင့် ကြွတော်မူခဲ့ရာ လမ်းတစ်လျှောက်တွင် ထောင်ပေါင်းများစွာသော ရဟန်းရှင်လူတို့၏ ပူဇော်ကန်တော့ခြင်းကို ခံယူခဲ့ရပါသည်။

အပြန်ခရီးတွင်မူ ပဲခူး၊ ဖြူး၊ ပဲခွယ်ကုန်း၊ တောင်ငူ၊ ပျဉ်းမနား စသော မြို့များ၌ ရပ်တန့်၍ သာသနာပြုတော်မူခဲ့ပါသည်။ မန်လည်မြို့နှင့် ကသာမြို့များတွင် စေတီတော်များ အသီးသီး တည်ထားတော်မူခဲ့ပါသည်။ ပြည်တွင်းပြည်ပ အနယ်နယ် အရပ်ရပ်မှ ပစ္စည်းချင်းဖလှယ်၍ ရယူတော်မူသော ဆင်းတုတော်များ၊ ဓာတ်တော်များ၊ သခ္ခိုင်းတော်ပြာများကို အဆိုပါ စေတီများတွင် ခွဲဝေ၍ ဌာပနာတော်မူခဲ့ပါသည်။ အိန္ဒိယပြည် လက်ခနောင်မြို့ ပြတိုက်မှူး ဒေါက်တာအေးဖြူရာ (Dr. Afuhere Ph-D) ထံမှ ရရှိသော "ဗုဒ္ဓဒန္တ" အမည်ရှိသည့် အံတော်မြတ်ကိုမူ မန်လည်မြို့၌ တည်ထားသော တာဝတိံသာ မဟာအဘယစေတီတော်တွင် အပြီးတိုင် ထည့်သွင်းဌာပနာတော်မူခဲ့ပါသည်။ ဤကဲ့သို့ အံ့ဖွယ်သူရဲထူးကဲလှစွာသော သာသနာတော်ပြုတော်မူခဲ့ခြင်းကြောင့် ၁၉၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်(၁၂၇၉ ခုနှစ်)တွင် အင်္ဂလိပ်အစိုးရက ဆက်ကပ်လှူဒါန်းသော "အဂ္ဂမဟာမဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူခဲ့ပါသည်။

မန်လည်ဆရာတော်ဘုရားသည် အောက်မြန်မာနိုင်ငံမှ ပြန်လည် ရောက်ရှိတော်မူပြီးနောက် လယ်တီဆရာတော်၏ တိုက်တွန်း တောင်းပန်ချက်အရ အလင်္ကာသဒ္ဒါပ်နှင့် ဆန်းသဒ္ဒါပ်များ ရေးသား

http://www.dhammadownload.com

စီစဉ်ဆဲ ကာလ ၁၂၈၂ ခု တော်သလင်းလဆန်း ၁၃ ရက်နေ့၊ နံနက် ၁ နာရီ ၃၀ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ မပုပ်မသိုး ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို မှန်ခေါင်းဖြင့် ထည့်သွင်း၍ အုတ်ပြာသာဒ်တစ်ဆောင် ဆောက်လုပ်ပြီး အများပြည်သူတို့ ပူဇော်နိုင်ကြစေရန် တည်ထားခဲ့ပါသည်။ ၁၃၀၈ ခုနှစ် ငလျင်ကြီးတွင် ပြာသာဒ်တော်၏ ထောင့်စွန်းမှ ၃ ပေခန့်ထူသော အုတ်အင်္ဂတေနံရံနှင့် အမိုးများ ပြိုကျပျက်ပြားခဲ့ပါသည်။ ဆရာတော်၏ ကြီးမားသော ဘုန်းသမ္ဘာတော်ကြောင့် ရုပ်ကလာပ် ထည့်သွင်းထားရာ မှန်ခေါင်းကို ထိခိုက်ခြင်း လုံးဝမရှိခဲ့ပါ။ ဒုတိယ စံကျောင်းကို ၁၃၁၆–ခုနှစ်တွင် တစ်ဖန် ပြန်လည်ဆောက်လုပ်ပြီးစီး၍ မင်းကွန်းဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ကိုယ်တော်တိုင် ရေစက် သွန်းချ၍ လှူဒါန်းခဲ့ရာ ယနေ့ထက်တိုင် ဆရာတော်၏ ရုပ်ကလာပ်တော်ကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်ပါသည်။

[ပညာဝီမံသနကထာကျမ်း၊ သာသနာရေးဦးစီးဌာနမှ ထုတ်နုတ်ဖော်ပြပါသည်။]

ထေရပုတ္တိအကျဉ်းပြီး၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီး၏
သြဝါဒတော်

ယထာဘူတဉာဏ်

ရူပကွန္ဓော၊ ဝေဒနာကွန္ဓော-စသည်ဆိုတတ်၊ မြည်တတ်၊ အံတတ်၊ ရွတ်တတ်ရုံနှင့်လည်း နာမ်ရုပ်ကို သိမ်းဆည်းတတ်သော နာမရူပ ပရိဂ္ဂဟ ဉာဏ်မဖြစ်။ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"၊ "ဟေတုပစ္စယော" စသည်တို့ကို ဆိုတတ်၊ မြည်တတ်၊ အံတတ် ရွတ်တတ်ရုံနှင့် ပစ္စယ ပရိဂ္ဂဟ ဓမ္မဋ္ဌိတိဉာဏ် မဖြစ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ ဆိုတတ်၊ မြည်တတ်၊ အံတတ်၊ ရွတ်တတ်ရုံနှင့်လည်း ဝိပဿနာဉာဏ် မဖြစ်သေး။

ယထာဘူတဉာဏ်ဖြစ်အောင်ကား ဆရာသမားတို့ထံ နားလည်လိမ္မာအောင် ရုပ်လက္ခဏာ၊ နာမ်လက္ခဏာတို့ကို သင်ခြင်း၊ နာခြင်း၊ မှတ်သားခြင်းကိုပြုလျက် ထိုရုပ်လက္ခဏာ၊ နာမ်လက္ခဏာတို့ကို ပိုင်းခြားသိမ်းဆည်း၍ သိနိုင်၊ မှတ်နိုင်၊ ဆောင်ကြဉ်းနိုင်သဖြင့် ငါကောင်၊ သူကောင်၊ လူကောင်၊ နတ်ကောင်၊ ကိုယ်ကောင်၊ အတ္တရှာမရဘဲ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကွာ၍ ရုပ်သဘာဝ၊ နာမ်သဘာဝ၊ ရုပ်ဖြစ်သည့်အတိုင်း၊ နာမ်ဖြစ်သည့်အတိုင်း၊ မြင်တတ်၊ မှတ်တတ်၊ နှလုံးသွင်းတတ်၊ ဆင်ခြင်တတ်၊ သဘောကျတတ်သည် ရှိသော်သာလျှင် ယထာဘူတ ဉာဏ်ဖြစ်သည်ဟု မှတ်။

o

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မန်လည်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

လောက သမုဒယ–ဆိုသည်မှာ လောက၏ ဖြစ်ပေါ်ခြင်းဟု အနက်ရ၍၊ လောကနိရောဓ–ဆိုသည်မှာ လောက၏ ချုပ်ခြင်းဟု အနက်ရပါသည်။ ဤနေရာ၌ လောကသည်–

၁။ သြကာသလောက – သတ္တဝါတို့၏ တည်ရာဘုံဌာန၊

(၂) သတ္တလောက – ပညတ်အားဖြင့် ခေါ်ဝေါ်အပ်သော သတ္တဝါအမျိုးမျိုး၊

(၃) သင်္ခါရလောက – သတ္တဝါတို့ သန္တာန်၌ အမှန် ဖြစ်ပျက် နေကြသော ရုပ်နာမ်တရား၊

ဟူ၍ လောက ၃–ပါးရှိသည်။ ဤလောက သမုဒယသုတ်တော်၌ လောက ဆိုခြင်းကား (သင်္ခါရလောက) ရုပ်တရား၊ နာမ်တရားကို ဆိုလိုခြင်းဖြစ်သည်။ ဤနေရာ၌ ရုပ်နာမ်တရားတို့၏ အဖြစ်ကို ပြသောသုတ်သည် လောကသမုဒယသုတ်ဖြစ်၍၊ ရုပ်နာမ်တို့၏ ချုပ်ဆုံးပုံပြသော သုတ်သည် လောကနိရောဓသုတ် ဖြစ်ပါသည်။

မန်လည်ဆရာတော်သည် လောကသမုဒယကျမ်းဟု အာဒိဒီပကနည်းဖြင့် အမည်မှည့်ထားသော်လည်း ဤကျမ်း၌–

(၁) လောကသမုဒယသုတ်

(၂) လောကနိရောဓသုတ်

(၃) မိစ္ဆာဒိဋ္ဌိပဟာနသုတ်

(၄) သက္ကာယဒိဋ္ဌိ ပဟာနသုတ်

(၅) အတ္တာနုဒိဋ္ဌိ ပဟာနသုတ်

(၆) အဏ္ဏတ္တိက အနိစ္စသုတ်၊ ဒုက္ခသုတ်၊ အနတ္တသုတ်

(၇) ဗာဟိရက အနိစ္စသုတ်၊ ဒုက္ခသုတ်၊ အနတ္တသုတ်

များ ပါဝင်ပါသည်။

ဤအလုံးစုံသော သုတ်တို့သည် ဝိပဿနာကိုပြသော သုတ်များချည်း ဖြစ်ကြပါသည်။ ထိုသုတ်များမှ သဠာယတနဝဂ္ဂ သံယုတ်မှလာသော အဏ္ဏတ္တိက၊ ဗာဟိရကသုတ်များကို ပါဠိသဒ္ဒါမဖက် မြန်မာစကား သက်သက်ဖြင့် အကျဉ်းချုပ် ဖော်ပြပါအံ့။

အဏ္ဏတ္တိက အနိစ္စသုတ်

ချစ်သားတို့ လွန်ပြီးသော မျက်စိ ဟူသော စက္ခုပသာဒဝတ္ထုရုပ်ကို နှမ်းလှော်၊ ရေပြွက်ကဲ့သို့ အပျက်အတိသာဖြစ်သောကြောင့် မမြဲ (အမြဲမရှိ)။ လွန်ပြီးသော နား ဟူသော သောတပသာဒ ဝတ္ထုရုပ်သည် နှမ်းလှော်၊ ရေပြွက်ကဲ့သို့ အပျက်အတိသာဖြစ်သောကြောင့် မမြဲ (အမြဲမရှိ)။

http://www.dhammadownload.com

လွန်ပြီးသော နာခေါင်း ဟူသော ဃာန ပသာဒရုပ်သည် (ပ) မမြဲ၊ (အမြဲမရှိ)။

လွန်ပြီးသော လျှာ ဟူသော ဇိဝှါပသာဒ ဝတ္ထုရုပ်သည် (ပ) မမြဲ၊ (အမြဲမရှိ)။

လွန်ပြီးသော ကိုယ် ဟူသော ကာယပသာဒ ဝတ္ထုရုပ်သည် (ပ) မမြဲ၊ (အမြဲမရှိ)။

လွန်ပြီးသော ဘဝင်္ဂုပစ္ဆေဒဟူသော မနောဝိညာဏ ဝတ္ထုရုပ်သည် (ပ) မမြဲ၊ (အမြဲမရှိ)။

ချစ်သားတို့... ဤသို့ ရှုမြင်တတ်သော ပရိယတ် အကြားအမြင်၊ မင် အကြားအမြင်ရှိသော ငါ၏ တပည့်သားသည် မျက်စိ ဟူသော စက္ခု ပသာဒ ဝတ္ထုရုပ်၌လည်း ငြီးငွေ့၏။ နား ဟူသော သောတပသာဒ ဝတ္ထုရုပ်၌လည်း ငြီးငွေ့၏။ နာခေါင်း ဟူသော (ပ) လျှာဟူသော (ပ) ကိုယ်ဟူသော (ပ) ဘဝင်္ဂုပစ္ဆေဒဟူသော မနောဝိညာဏ ဝတ္ထုရုပ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် တပ်ခြင်းကင်း၏။ တပ်ခြင်း ကင်းသောကြောင့် ကိလေသာတို့မှ လွတ်မြောက်၏။

ကိလေသာတို့မှ လွတ်မြောက်ပြီးသည် ရှိသော် ကိလေသာတို့မှ ငါ လွတ်မြောက်ပြီဟု သိ၏။ အဘယ်သို့ သိသနည်း။

အဓိဝမ်းတွင်း၌ ပဋိသန္ဓေ အသစ်နေရခြင်း ကုန်ပြီ၊ မြတ်သော မင် အကျင့်ကို သုံးအပ်ပြီ၊ ပြုကျင့်အပ်သော မင်္ဂကိစ္စကို ပြုအပ်ပြီ၊ ဤမင်္ဂကိစ္စကို ကျင့်ခြင်းငှာ တစ်ပါးသော ကိစ္စမရှိ၊ ဤသို့ အပြားအား ဖြင့် သိ၏။

အတိတ ပထမသုတ် ပြီး၏။

× × ×

အနာဂတ ဒုတိယသုတ်

ချစ်သားတို့ ဖြစ်လတ္တံ့သော မျက်စိ ဟူသော စက္ခုပသာဒဝတ္ထုရုပ်သည် နှမ်းလှော်၊ ရေပြွက်ကဲ့သို့ အပျက်အတိသာဖြစ်သောကြောင့် မမြဲ၊ (အမြဲမရှိ)။

ဖြစ်လတ္တံ့သော နား ဟူသော (ပ)
ဖြစ်လတ္တံ့သော နာခေါင်း ဟူသော (ပ)
ဖြစ်လတ္တံ့သော လျှာ ဟူသော (ပ)
ဖြစ်လတ္တံ့သော ကိုယ် ဟူသော (ပ)
ဖြစ်လတ္တံ့သော ဘဝင်္ဂုပစ္ဆေဒဟူသော (ပ)
(အမြဲမရှိ)။

ချစ်သားတို့... ဤသို့ ရှုမြင်တတ်သော ပရိယတ် အကြားအမြင်၊ မင် အကြားအမြင်ရှိသော ငါ၏ တပည့်သားသည် မျက်စိဟူသော စက္ခု ပသာဒ ဝတ္ထုရုပ်၌လည်း ငြီးငွေ့၏။ နား ဟူသော၊ နာခေါင်း ဟူသော၊ လျှာဟူသော၊ ကိုယ်ဟူသော (ပ) ဘဝင်္ဂုပစ္ဆေဒ သိခြင်း ဟူသော မနောဝိညာဏ ဝတ္ထုရုပ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် တပ်ခြင်းကင်း၏။ တပ်ခြင်းကင်းသောကြောင့် ကိလေသာတို့မှ လွတ်မြောက်၏။ ကိလေသာတို့မှ လွတ်မြောက်ပြီး သည်ရှိသော် ငါသည်ကိလေသာတို့မှ လွတ်မြောက်ပြီးသည် ဖြစ်၏။ ဤသို့ ပစ္စဝေက္ခဏာ၊ ဉာဏ်ပညာ အသိသည် ဖြစ်၏။ အဘယ်သို့ သိသနည်း။

အဓိဝမ်းတွင်း၌ ပဋိသန္ဓေ အသစ်နေရခြင်း ကုန်ပြီ၊ မြတ်သော မင် အကျင့်ကို သုံးပြီးပြီ၊ ပြုကျင့်အပ်သော မင်္ဂကိစ္စကို ပြုအပ်ပြီ၊ ဤမင်္ဂကိစ္စကို ကျင့်ခြင်းငှာ တစ်ပါးသော ကိစ္စမရှိပြီ၊ ဤသို့ အပြားအား ဖြင့် သိ၏။

အနာဂတ ဒုတိယသုတ် ပြီး၏။

× × ×

ပစ္စုပ္ပန္န တတိယသုတ်

ချစ်သားတို့ ယခုဖြစ်ဆဲ မျက်စိ ဟူသော စက္ခု ပသာဒဝတ္ထုရုပ်သည် နှမ်းလှော်၊ ရေပြွက်ကဲ့သို့ အပျက်အတိသာဖြစ်သောကြောင့် မမြဲ၊ (အမြဲမရှိ)။

ယခုဖြစ်ဆဲ နား ဟူသော (ပ)
ယခုဖြစ်ဆဲ နာခေါင်း ဟူသော (ပ)
ယခုဖြစ်ဆဲ လျှာ ဟူသော (ပ)

http://www.dhammadownload.com

ယခုဖြစ်ဆဲ ကိုယ် ဟူသော (ပ)
ယခုဖြစ်ဆဲ ဘဝဂုံပဋ္ဌေဒ သိခြင်း စိတ်ဟူသော မနောဝိညာဏ ဝတ္ထုရုပ်သည်---မမြဲ၊ (အမြဲမရှိ)။

ဤသို့ ရှုမြင်တတ်သော ပရိယတ် အကြားအမြင်၊ မဂ်အကြားအမြင်ရှိသော ငါ၏ တပည့်သားသည် မျက်စိဟူသော စက္ခုပသာဒဝတ္ထုရုပ်၌လည်း ငြီးငွေ့၏။

နား ဟူသော၊ နှာခေါင်း ဟူသော၊ လျှာ ဟူသော၊ ကိုယ်ဟူသော ဘဝဂုံပဋ္ဌေဒ သိခြင်း စိတ်ဟူသော မနောဝိညာဏ ဝတ္ထု၌လည်း ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် တပ်ခြင်းကင်း၏။ တပ်ခြင်းကင်းသောကြောင့် ကိလေသာတို့မှ လွတ်မြောက်၏။ ကိလေသာတို့မှ လွတ်မြောက်ပြီးသည် ရှိသော် ငါသည်ကိလေသာတို့မှ လွတ်မြောက်ပြီးသည် ဖြစ်၏။ ဤသို့ ပစ္စဝေက္ခဏာ ဉာဏ်ပညာအသိသည် ဖြစ်၏။ အဘယ်သို့ သိသနည်း။

အမိဝမ်းတွင်း၌ ပဋိသန္ဓေ အသစ်နေရခြင်းကုန်ပြီ၊ မြတ်သော မဂ် အကျင့်ကို သုံးအပ်ပြီ၊ ပြုကျင့်အပ်သော မဂ်ကိစ္စကို ပြုအပ်ပြီ၊ ဤမဂ်ကိစ္စကို အကျိုးငှာ တစ်ပါးသော ပြုဖွယ်မရှိပြီ၊ ဤသို့ အပြားအားဖြင့် သိ၏။

ပစ္စုပ္ပန္န တတိယသုတ် ပြီးပြီ။

× × ×

အဋ္ဌတ္တိက ဒုက္ခသုတ်

ချစ်သားတို့ လွန်ပြီးသော မျက်စိ ဟူသော စက္ခုပသာဒဝတ္ထုရုပ်ကို သည်းခံနိုင်ခဲ၊ ဆင်းရဲနှိပ်စက်တတ်သော သဘောတည်း။

လွန်ပြီးသော နား ဟူသော (ပ)
လွန်ပြီးသော နှာခေါင်း ဟူသော (ပ)
လွန်ပြီးသော လျှာ ဟူသော (ပ)
လွန်ပြီးသော ကိုယ် ဟူသော (ပ)
လွန်ပြီးသော ဘဝဂုံပဋ္ဌေဒ သိခြင်းစိတ် ဟူသော မနောဝိညာဏ ဝတ္ထုရုပ်သည် သည်းခံနိုင်ခဲ၊ ဆင်းရဲနှိပ်စက်တတ်သော သဘောတည်း။

ချစ်သားတို့... ဤသို့ ရှုမြင်တတ်သော ပရိယတ် အကြားအမြင်၊ မဂ်အကြားအမြင်ရှိသော ငါ၏တပည့်သားသည် မျက်စိဟူသော စက္ခု ပသာဒဝတ္ထုရုပ်၌လည်း ငြီးငွေ့၏။ (တူပြီ)။

အဋ္ဌတ္တိကဒုက္ခ အတိတ ပထမသုတ် ပြီး၏။

× × ×

အနာဂတ ဒုတိယသုတ်

ချစ်သားတို့ ဖြစ်လတ္တံ့သော မျက်စိ ဟူသော စက္ခုပသာဒဝတ္ထုရုပ်သည် သည်းခံနိုင်ခဲ၊ ဆင်းရဲနှိပ်စက်တတ်သော သဘောတည်း။

နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့သည်လည်း ပထမသုတ်နှင့်တူ ပြီ။

အဋ္ဌတ္တိကဒုက္ခ အနာဂတ ဒုတိယသုတ် ပြီး၏။

× × ×

ပစ္စုပ္ပန္န တတိယသုတ်

ချစ်သားတို့ ယခုဖြစ်ဆဲ မျက်စိ ဟူသော စက္ခုပသာဒဝတ္ထုရုပ်သည် သည်းခံနိုင်ခဲ၊ ဆင်းရဲနှိပ်စက်တတ်သော သဘောတည်း။

နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့သည်လည်း ပထမသုတ်နှင့်တူပြီ။

အဋ္ဌတ္တိကဒုက္ခ ပစ္စုပ္ပန္န တတိယသုတ် ပြီး၏။

× × ×

အဋ္ဌတ္တိက အနတ္တသုတ်

ချစ်သားတို့... လွန်ပြီးသော မျက်စိ ဟူသော စက္ခုပသာဒဝတ္ထုရုပ်သည် အစိုးမရ၊ အလိုမပါ၊ ဖြစ်လိုရာဖြစ်၊ အနှစ်မရှိ၊ အကောင်သတ္တဝါ မဟုတ်သော သဘောတည်း။

လွန်ပြီးသော နား ဟူသော (ပ)

http://www.dhammadownload.com

လွန်ပြီးသော နာခေါင်း ဟူသော (ပ)
လွန်ပြီးသော လျှာ ဟူသော (ပ)
လွန်ပြီးသော ကိုယ် ဟူသော (ပ)
လွန်ပြီးသော ဘဝဂုံပဋ္ဌေဒ သိခြင်း စိတ်ဟူသော မနောဝိညာဏ ဝတ္ထုရုပ်သည် အစိုးမရ၊ အလိုမပါ၊ ဖြစ်လိုရာဖြစ်၊ အနှစ်မရှိ၊ အကောင်သတ္တဝါ မဟုတ်သော သဘောတည်း။

ချစ်သားတို့ ဤသို့ ရှုမြင်တတ်သော ငါဘုရား၏ တပည့်သားသည် မျက်စိဟူသော စက္ခုပသာဒဝတ္ထုရုပ်၌လည်း ငြီးငွေ့၏။ (တူပြီ)။

အဋ္ဌကထာ အနတ္တ အတီတ ပထမသုတ် ပြီး၏။

× × ×

အဋ္ဌကထာ အနတ္တ အနာဂတ ဒုတိယသုတ်

ချစ်သားတို့ ဖြစ်လတ္တံ့သော မျက်စိဟူသော စက္ခုပသာဒဝတ္ထုရုပ်သည် အစိုးမရ၊ အလိုမပါ၊ ဖြစ်လိုရာဖြစ်၊ အနှစ်မရှိ၊ အကောင်သတ္တဝါ မဟုတ်သော သဘောတည်း။

ဖြစ်လတ္တံ့သော နား ဟူသော (ပ)
ဖြစ်လတ္တံ့သော နာခေါင်း ဟူသော (ပ)
ဖြစ်လတ္တံ့သော လျှာ ဟူသော (ပ)
ဖြစ်လတ္တံ့သော ကိုယ် ဟူသော (ပ)
ဖြစ်လတ္တံ့သော ဘဝဂုံပဋ္ဌေဒ သိခြင်း စိတ်ဟူသော မနောဝိညာဏ ဝတ္ထုရုပ်သည် အစိုးမရ၊ အလိုမပါ၊ ဖြစ်လိုရာဖြစ်၊ အနှစ်မရှိ၊ အကောင်အထည် မဟုတ်သော သဘောတည်း။

ချစ်သားတို့ ဤသို့ ရှုမြင်တတ်သော ငါဘုရား၏ တပည့်သားသည် မျက်စိဟူသော စက္ခုပသာဒဝတ္ထုရုပ်၌လည်း ငြီးငွေ့၏။ (ဘူပြီ)။

အဋ္ဌကထာ အနတ္တ အနာဂတ ဒုတိယသုတ် ပြီး၏။

× × ×

အဋ္ဌကထာ အနတ္တ ပစ္စုပ္ပန္န တတိယသုတ်

ချစ်သားတို့ ယခုဖြစ်ဆဲဖြစ်သော မျက်စိဟူသော စက္ခုပသာဒဝတ္ထုရုပ်သည် အစိုးမရ၊ အလိုမပါ၊ ဖြစ်လိုရာဖြစ်၊ အနှစ်မရှိ၊ အကောင်သတ္တဝါ မဟုတ်သော သဘောတည်း။

ယခုဖြစ်ဆဲဖြစ်သော နား ဟူသော (ပ)
ယခုဖြစ်ဆဲဖြစ်သော နာခေါင်း ဟူသော (ပ)
ယခုဖြစ်ဆဲဖြစ်သော လျှာ ဟူသော (ပ)
ယခုဖြစ်ဆဲဖြစ်သော ကိုယ် ဟူသော (ပ)
ယခုဖြစ်ဆဲဖြစ်သော ဘဝဂုံပဋ္ဌေဒ သိခြင်း စိတ်ဟူသော မနောဝိညာဏ ဝတ္ထုရုပ်သည် အစိုးမရ၊ အလိုမပါ၊ ဖြစ်လိုရာဖြစ်၊ အနှစ်မရှိ၊ အကောင်သတ္တဝါ မဟုတ်သော သဘောတည်း။

ချစ်သားတို့ ဤသို့ရှုမြင်တတ်သော ပရိယတ်အကြားအမြင်၊ မဂ်အကြားအမြင်ရှိသော ငါဘုရား၏ တပည့်သားသည် မျက်စိဟူသော စက္ခုပသာဒဝတ္ထုရုပ်၌လည်း ငြီးငွေ့၏။ နား ဟူသော...(တူပြီ)။

အဋ္ဌကထာ အနတ္တ ပစ္စုပ္ပန္န တတိယသုတ် ပြီး၏။

× × ×

ဗာဟိရ အနိစ္စ အတီတ ပထမသုတ်

ချစ်သားတို့ လွန်ကုန်ပြီးသော မြင်အပ်သော အဆင်းဟူသော ရူပါယတန၊ ရူပါရုံသည် နှမ်းလှော်၊ ရေပြွက်ကဲ့သို့ အပျက်အတိသာ ဖြစ်သော ကြောင့် မမြဲကုန်၊ (အမြဲမရှိကုန်)။

လွန်ကုန်ပြီးသော ကြားအပ်သော အသံဟူသော သဒ္ဒါယတန၊ သဒ္ဒဓာတ်၊ သဒ္ဒါရုံတို့သည်(ပ)။

လွန်ကုန်ပြီးသော နမ်းရှူအပ်သော အနံ့ဟူသော ဂန္ဓာယတန၊ ဂန္ဓဓာတ်၊ ဂန္ဓာရုံတို့သည် (ပ)။

လွန်ကုန်ပြီးသော လျက်အပ်သော အရသာဟူသော ရသာယတန၊ ရသာဓာတ်၊ ရသာရုံတို့သည် (ပ)။

http://www.dhammadownload.com

လွန်ကုန်ပြီးသော ထိတွေ့အပ်သော အနုအကြမ်း၊ အချမ်းအပူ ဟူသော ဖောဋ္ဌဗ္ဗာယတန၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဖောဋ္ဌဗ္ဗာရုံတို့သည် (ပ)။

လွန်ကုန်ပြီးသော သဘာဝသဘောတရား ဟူသော ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဓမ္မာရုံတို့သည် နှမ်းလှော်၊ ရေပြွက်ကဲ့သို့ အပျက်အတိသာ ဖြစ်သောကြောင့် မမြဲကုန်၊ (အမြဲမရှိကုန်)။

ချစ်သားတို့ ဤသို့ရှုမြင်တတ်သော ပရိယတ်အကြားအမြင်၊ မဂ်အကြားအမြင်ရှိသော ငါဘုရား၏ တပည့်သားသည် မြင်အပ်သော အဆင်းဟူသော ရူပါယတန၊ ရူပဓာတ်၊ ရူပါရုံတို့၌လည်း ငြီးငွေ့၏။ ---ကြားအပ်သော---(တူပြီ)။

ဗာဟိရ အနိစ္စ အတိတ ပထမသုတ် ပြီး၏။

× × ×

ဗာဟိရ အနိစ္စ အနာဂတ ဒုတိယသုတ်

ချစ်သားတို့ ဖြစ်လတ္တံ့ကုန်သော မြင်အပ်သော အဆင်းဟူသော ရူပါယတန၊ ရူပါဓာတ်၊ ရူပါရုံတို့သည် နှမ်းလှော်၊ ရေပြွက်ကဲ့သို့ အပျက်အတိသာ ဖြစ်သောကြောင့် မမြဲကုန်၊ (အမြဲမရှိကုန်)။

ဖြစ်လတ္တံ့ကုန်သော ကြားအပ်သော အသံဟူသော (ပ)

ဖြစ်လတ္တံ့ကုန်သော နမ်းရှုအပ်သော အနံ့ဟူသော (ပ)

ဖြစ်လတ္တံ့ကုန်သော လျက်အပ်သော အရသာဟူသော (ပ)

ဖြစ်လတ္တံ့ကုန်သော ထိတွေ့အပ်သော အနုအကြမ်း၊ အချမ်းအပူ ဟူသော (ပ)

ဖြစ်လတ္တံ့ကုန်သော သဘာဝ သဘောတရား ဟူသော ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဓမ္မာရုံတို့သည် နှမ်းလှော်၊ ရေပြွက်ကဲ့သို့ အပျက်အတိသာဖြစ်သောကြောင့် မမြဲကုန် (အမြဲမရှိကုန်)။

ချစ်သားတို့ ဤသို့ ရှုမြင်တတ်သော---(တူပြီ)။

ဗာဟိရ အနိစ္စ အနာဂတ ဒုတိယသုတ် ပြီး၏။

× × ×

ဗာဟိရ အနိစ္စ ပစ္စုပ္ပန္န တတိယသုတ်

ချစ်သားတို့ ဖြစ်ဆဲဖြစ်ကုန်သော မြင်အပ်သော အဆင်းဟူသော ရူပါယတန၊ ရူပဓာတ်၊ ရူပါရုံတို့သည် (ပ) သဒ္ဒါရုံတို့သည်၊ ဂန္ဓာရုံတို့သည်၊ ရသာရုံတို့သည်၊ ဖောဋ္ဌဗ္ဗာရုံတို့သည်၊ ဓမ္မာရုံတို့သည် နှမ်းလှော်၊ ရေပြွက်ကဲ့သို့ အပျက်အတိသာ ဖြစ်သောကြောင့် မမြဲကုန်၊ (အမြဲမရှိကုန်)။

ချစ်သားတို့ ဤသို့ရှုမြင်တတ်သော ပရိယတ်အကြားအမြင်၊ မဂ်အကြားအမြင်ရှိသော ငါဘုရား၏ တပည့်သားသည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့၌လည်း ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် တပ်ခြင်း ကင်း၏။ တပ်ခြင်း ကင်းသောကြောင့် ကိလေသာတို့မှ လွတ်မြောက်၏။ ကိလေသာတို့မှ လွတ်မြောက်ပြီးသည်ရှိသော် ငါသည် ကိလေသာတို့မှ လွတ်မြောက်ပြီးသည်ဖြစ်၏။ ဤသို့ ပစ္စဝေက္ခဏာ ဉာဏ်ပညာ အသိသည် ဖြစ်၏။ အဘယ်သို့ သိသနည်း။ အဓိဝမ်း၌ ပဋိသန္ဓေ အသစ် နေရခြင်းသည် ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးအပ်ပြီ၊ ပြုကျင့် အပ်သော မဂ်ကိစ္စကို ပြုအပ်ပြီ၊ ဤမဂ်ကိစ္စကို ကျင့်ခြင်းငှာ တစ်ပါးသော ကိစ္စသည် မရှိပြီ၊ ဤသို့ အပြားအားဖြင့် သိ၏။

ဗာဟိရ အနိစ္စ ပစ္စုပ္ပန္န တတိယသုတ် ပြီး၏။

× × ×

ဗာဟိရ ဒုက္ခ အတိတ ပထမသုတ်

ချစ်သားတို့ လွန်ကုန်ပြီးသော မြင်အပ်သော အဆင်းဟူသော ရူပါယတန၊ ရူပဓာတ်၊ ရူပါရုံတို့သည်---(ပ)။

http://www.dhammadownload.com

ကြားအပ်သော အသံဟူသော သဒ္ဒါယတန၊ သဒ္ဒဓာတ်၊ သဒ္ဒါရုံတို့သည်---(ပ)။

လျက်အပ်သော အရသာဟူသော ရသာယတန၊ ရသဓာတ်၊ ရသာရုံတို့သည်---(ပ)။

ထိတွေ့အပ်သော အနုအကြမ်း၊ အချမ်းအပူ ဟူသော ဖောဋ္ဌဗ္ဗာယတန၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဖောဋ္ဌဗ္ဗာရုံတို့သည်---(ပ)။

သဘာဝသဘောတရား ဟူသော ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဓမ္မာရုံတို့သည် သည်းခံနိုင်ခဲ၊ ဆင်းရဲနှိပ်စက်တတ်ကုန်သော သဘောတည်း။

ချစ်သားတို့ ဤသို့ ရှုမြင်တတ်သော ပရိယတ် အကြားအမြင်၊ မဂ်အကြား အမြင်ရှိသော ငါဘုရား၏ တပည့်သားသည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့၌လည်း ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် တပ်ခြင်း ကင်း၏။ တပ်ခြင်း ကင်းခြင်းကြောင့် ကိလေသာတို့မှ လွတ်မြောက် ၏။ ကိလေသာတို့မှ လွတ်မြောက်ပြီးသည်ရှိသော် ငါသည် ကိလေသာတို့မှ လွတ်မြောက်ပြီးသည် ဖြစ်၏။ ဤသို့ ပစ္စဝေက္ခဏာ ဉာဏ်ပညာ အသိသည် ဖြစ်၏။ အဘယ်သို့ သိသနည်း။ အမိဝမ်း၌ ပဋိသန္ဓေ အသစ်နေရခြင်းသည် ကုန်ပြီ၊ မြတ်သော မဂ်အကျင့်ကို သုံးအပ်ပြီ၊ ပြုကျင့်အပ်သော မဂ်ကိစ္စကို ပြုအပ်ပြီ။ ဤမဂ်ကိစ္စကို ကျင့်ခြင်းငှာ တစ်ပါးသော ကိစ္စသည် မရှိ၊ ဤသို့ အပြားအားဖြင့် သိ၏။

ဗာဟိရ ဒုက္ခ အနာဂတ ဒုတိယသုတ် ပြီး၏။

× × ×

ဗာဟိရ ဒုက္ခ အနာဂတ ဒုတိယသုတ်

ချစ်သားတို့ ဖြစ်လတ္တံ့ကုန်သော မြင်အပ်သော အဆင်းဟူသော ရူပါယတန၊ ရူပဓာတ်၊ ရူပါရုံတို့သည်---(ပ)။

သဒ္ဒါရုံတို့သည်၊ ဂန္ဓာရုံတို့သည်၊ ရသာရုံတို့သည်၊ ဖောဋ္ဌဗ္ဗာရုံတို့သည်၊ ဓမ္မာရုံတို့သည် သည်းခံနိုင်ခဲ၊ ဆင်းရဲနှိပ်စက်တတ်ကုန်သော သဘောတည်း။

ချစ်သားတို့၊ ဤသို့ ရှုမြင်တတ်သော (ပ) ဤမဂ်ကိစ္စကို ကျင့်ခြင်းငှာ တစ်ပါးသောကိစ္စသည် မရှိ၊ ဤသို့ အပြားအားဖြင့် သိ၏။

ဗာဟိရ ဒုက္ခ အနာဂတ ဒုတိယသုတ် ပြီး၏။

× × ×

ဗာဟိရ ဒုက္ခ ပစ္စုပ္ပန္န ဒုတိယသုတ်

ချစ်သားတို့ ဖြစ်ဆဲဖြစ်ကုန်သော မြင်အပ်သော အဆင်းဟူသော ရူပါယတန၊ ရူပဓာတ်၊ ရူပါရုံတို့သည်---(ပ)။

သဒ္ဒါရုံတို့သည်၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာတို့သည်၊ ဓမ္မာရုံတို့သည် သည်းခံနိုင်ခဲ၊ ဆင်းရဲနှိပ်စက်တတ်ကုန်သော သဘောတည်း။ (တူပြီ)။

ဗာဟိရ ဒုက္ခ ပစ္စုပ္ပန္န တတိယသုတ် ပြီး၏။

× × ×

ဗာဟိရ အနတ္တ အတီတ ပထမသုတ်

ချစ်သားတို့ လွန်ကုန်ပြီးသော မြင်အပ်ပြီးသော အဆင်းဟူသော ရူပါယတန၊ ရူပဓာတ်၊ ရူပါရုံတို့သည် အစိုးမရ၊ အလိုမပါ၊ ဖြစ်လိုရာဖြစ်၊ အနှစ်မရှိ၊ အကောင်သတ္တဝါ မဟုတ်ကုန်သော သဘောတည်း။

လွန်ကုန်ပြီးသော သဒ္ဒါရုံတို့သည်၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်၊ ဓမ္မာရုံတို့သည် အစိုးမရ၊ အလိုမပါ၊ ဖြစ်လိုရာဖြစ်၊ အနှစ်မရှိ၊ အကောင်သတ္တဝါ မဟုတ်ကုန်သော သဘောတည်း။

ချစ်သားတို့၊ ဤသို့ ရှုမြင်တတ်သော (ပ) ဤမဂ်ကိစ္စကို ကျင့်ခြင်းငှာ တစ်ပါးသောကိစ္စသည် မရှိ၊ ဤသို့ အပြားအားဖြင့် သိ၏။

ဗာဟိရ အနတ္တ အတီတ ပထမသုတ် ပြီး၏။

× × ×

http://www.dhammadownload.com

ဗာဟိရ အနတ္တ အနာဂတ ဒုတိယသုတ်

ချစ်သားတို့ ဖြစ်လတ္တံ့ကုန်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့သည် အစိုးမရ၊ အလိုမပါ၊ ဖြစ်လိုရာဖြစ်၊ အနှစ်မရှိ၊ အကောင်သတ္တဝါ မဟုတ်ကုန်သော သဘောတည်း။

ချစ်သားတို့၊ ဤသို့ ရှုမြင်တတ်သော ပရိယတ် အကြားအမြင်၊ မဂ်အကြားအမြင်ရှိသော ငါဘုရား၏ တပည့်သားသည် (ပ) ဤမဂ်ကိစ္စကို ကျင့်ခြင်းငှာ တစ်ပါးသောကိစ္စသည် မရှိ၊ ဤသို့ အပြားအားဖြင့် သိ၏။

ဗာဟိရ အနတ္တ အနာဂတ ဒုတိယသုတ် ပြီး၏။

× × ×

ဗာဟိရ အနတ္တ ပစ္စုပ္ပန္န တတိယသုတ်

ချစ်သားတို့ ယခုဖြစ်ဆဲဖြစ်ကုန်သော မြင်အပ်ပြီးသော အဆင်း ဟူသော ရူပါယတန၊ ရူပါဓာတ်၊ ရူပါရုံတို့သည်--- အနှစ်မရှိ၊ အကောင်သတ္တဝါ (ပ)။

ကြားအပ်သော အသံဟူသော သဒ္ဒါယတန၊ သဒ္ဒဓာတ်၊ သဒ္ဒါရုံတို့သည်---(ပ)။

နမ်းရှူအပ်သော အနံ့ဟူသော ဂန္ဓာယတန၊ ဂန္ဓဓာတ်၊ ဂန္ဓာရုံတို့သည်---(ပ)။

လျက်အပ်သော အရသာဟူသော ရသာယတန၊ ရသဓာတ်၊ ရသာရုံတို့သည်---(ပ)။

ထိတွေ့အပ်သော အနုအကြမ်း၊ အချမ်းအပူ ဟူသော ဖောဋ္ဌဗ္ဗာယ တန၊ ဖောဋ္ဌဗ္ဗဓာတ်၊ ဖောဋ္ဌဗ္ဗာရုံတို့သည်---(ပ)။

သဘောတရားဟူသော ဓမ္မာယတန၊ ဓမ္မဓာတ်၊ ဓမ္မာရုံတို့သည် အစိုးမရ၊ အလိုမပါ၊ ဖြစ်လိုရာဖြစ်၊ အနှစ်မရှိ၊ အကောင်သတ္တဝါ မဟုတ်ကုန်သော သဘောတည်း။

ချစ်သားတို့ ဤသို့ရှုမြင်တတ်သော ပရိယတ် အကြားအမြင်၊ မဂ် အကြားအမြင်ရှိသော ငါဘုရား၏ တပည့်သားသည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့၌လည်း ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောင့် တပ်ခြင်းကင်း၏။ တပ်ခြင်းကင်းခြင်းကြောင့် ကိလေသာတို့မှ လွတ်မြောက်၏။ ကိလေသာတို့မှ လွတ်မြောက်ပြီးသည်ရှိသော် ငါသည် ကိလေသာတို့မှ လွတ်မြောက်ပြီးသည် ဖြစ်၏။ ဤသို့ ပစ္စဝေက္ခဏာ ဉာဏ်ပညာ အသိသည် ဖြစ်၏။ အဘယ်သို့ သိသနည်း။ အဓိဝမ်း၌ ပဋိသန္ဓေအသစ်နေရခြင်းသည် ကုန်ပြီ၊ မြတ်သော မဂ်အကျင့်ကို သုံးအပ်ပြီ၊ ပြုကျင့်အပ်သော မဂ်ကိစ္စကို ပြုအပ်ပြီ။ ဤမဂ်ကိစ္စကို ကျင့်ခြင်းငှာ တစ်ပါးသောကိစ္စသည် မရှိ၊ ဤသို့ အပြားအားဖြင့် သိ၏။

ဗာဟိရ အနတ္တ ပစ္စုပ္ပန္န တတိယသုတ် ပြီး၏။

× × ×

မန်လည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာတရားရှုမှတ်နည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

စစ်ကိုင်း ပထမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

စစ်ကိုင်း ပထမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၂၀-၁၂၈၁)

မဟာဂန္ဓာရုံဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌ ရွှေကျင်ဂိုဏ်း ထွန်းကားစေရန် သာသနာပြုတော်မူသော ဆရာတော် ဖြစ်တော်မူသည်။ အမှန်အားဖြင့်မူကား ရွှေကျင်သာသနာ မထွန်းကားသေးသော ဌာနဖြစ်၍ တမင်ထွန်းကားအောင် ရည်ရွယ်ချက်မူကား မရှိချေ။ မိမိကိုယ်တိုင် ပဋိပတ် သာသနာကို ပေါက်ပေါက် ရောက်ရောက် အားထုတ်လိုသော ဆန္ဒဖြင့် စစ်ကိုင်းတောင်ရိုးသို့ တောထွက်လာခြင်း ဖြစ်တော်မူသည်။ မဟာဂန္ဓာရုံဆရာတော်တို့ စစ်ကိုင်းတောင်ရိုးသို့ မထွက်လာမီနှင့် ထွက်လာကြစ အခါ၌ ပထမဂန္ဓာရုံရောင်၌ ရွှေကျင်ဂိုဏ်းဝင် ဘုန်းတော်ကြီး ဦးပုညတစ်ပါး ရှိနှင့်နေပေသည်။ ထို ဘုန်းတော်ကြီး ဦးပုညသည်လည်း ပိဏ္ဍာစာရိကဝတ် စသည်တို့နှင့် ပြည့်စုံသော ပဋိပတ္တိ သာသနာ့ဝန် ဆောင် တစ်ပါးဖြစ်သည်။

သို့သော် ရွှေကျင်ဂိုဏ်းအနေဖြင့် ထင်ထင် ရှားရှား ကျောင်းများ အလွန် နည်းပါးသေးသော အခါ ဖြစ်သည်။ မဟာဂန္ဓာရုံ ဆရာတော်များ ရောက်လာပြီးနောက်မှ မဟာဂန္ဓာရုံ ဆရာတော်ထံ၌ တရားနာ၊ ပဋိပတ် ကျင့်ကြံအားထုတ်နည်းယူကြ၊ ရောင်သစ်တည်ကြရာမှ စ၍ စစ်ကိုင်းတောင်ရိုး၌ ရွှေကျင်ဂိုဏ်းသံဃာနှင့် ကျောင်းများ ပြန့်ပွားစည်ကားလာခြင်း ဖြစ်သည်။ မဟာဂန္ဓာရုံ ဆရာတော်ကလည်း သွားရင်း ဟန်လွဲ ဆိုသကဲ့သို့ အထူးအားမထုတ်ရဘဲ မိမိဘုန်းကံအားလျော်စွာ အလိုအလျောက် ဖြစ်ပေါ်လာသော ကျောင်းကန် စသော ပစ္စည်းတို့ဖြင့် ချီးမြှောက်အားပေး၍ ရွှေကျင်ဂိုဏ်း ကျင့်ထုံးအရ နည်းပေးလမ်းပြ အုပ်ချုပ်တော်မူလာခဲ့ပေသည်။

ပထမ ဂန္ဓာရုံရောင်နှင့်တကွ တစ်ရောင်, နှစ်ရောင်မှစ၍ စစ်ကိုင်း တောင်ရိုးတွင် ရွှေကျင်ဂိုဏ်း ရောင်နှင့် သံဃာများ ပြန့်ပွားလာခဲ့ရာ ယခုအချိန်၌ ကျောင်းပေါင်း (ရောင်ပေါင်းကို ဆိုသည်) ၈၀ ကျော် ရှိ၍ သံဃာပေါင်း ၈၀၀ ကျော်ရှိလေသည်။ သံဃာ ၂၀၊ ၃၀၊ ၄၀၊ ၅၀-စီရှိသော စာသင်တိုက်ကလေးများ ၁၅ တိုက်ခန့် ရှိသည်။ ထိုအထဲတွင် ပါဠိတက္ကသိုလ် ၃ တိုက်ရှိသည်။ ဤအခြေသို့ ရောက်လာသည်မှာ မဟာဂန္ဓာရုံ ဆရာတော် သာသနာပြုခြင်းကြောင့်ပင် ဖြစ်သည်။

မဟာဂန္ဓာရုံ ဆရာတော်သည် မြစ်ကွေ့ (မကွေး) မြို့၌ သက္ကရာဇ် ၁၂၂၀ ပြည့်နှစ်၊ တော်သလင်းလဆုတ် ၄ ရက်၊ တနင်္ဂနွေနေ့ မြန်မာနာရီ ည တစ်ချက်တီးကျော်အချိန် ဖွားမြင်တော်မူသည်။ ငယ်ဆရာမှာ မြစ်ကွေ့မြို့ ဂုံတောဆရာတော် အရှင်ကေသရဖြစ်သည်။ ဂုံတောဆရာတော်ထံ၌ သာမဏေ

http://www.dhammadownload.com

အဖြစ်နှင့် ငါးဝါ၊ ရဟန်းအဖြစ်နှင့် ငါးဝါ နေခဲ့သည်။ ထို့နောက် အိမ်မဲမြို့ အိမ်မဲဆရာတော် အရှင်ပုညထံ၌ တစ်ဝါ၊ ဒေးဒရဲမြို့ ချောင်းဖျားရွာဆရာတော် အရှင်ဝိမလထံ၌ သုံးဝါ၊ ကွမ်းခြံကုန်းမြို့ မဟာဝုန်ဆရာတော် အရှင်ဓိနထံ၌ နှစ်ဝါ၊ ထိုမှနောက် မန္တလေးမြို့၊ အရှေ့ပြင်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီးထံ၌ လေးဝါ ဆည်းကပ်နေစဉ် ဂုံတောဆရာတော်ဘုရားကြီး ပျံလွန်တော်မူ၍ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ သိက္ခာထပ်တော်မူသည်။ သိက္ခာထပ်ပြီးနောက် လေးဝါတိုင်တိုင် ဝိဋ္ဌကတ်စာပေကို ဆက်လက်နည်းခံ သင်ယူခဲ့သည်။

သက္ကရာဇ် ၁၂၅၇ ခုနှစ်၊ ရဟန်းသိက္ခာ ၁၈ ဝါအရ ဝါဆိုလဆန်း ၄ ရက်နေ့၌ စစ်ကိုင်းတောင်သို့ ထွက်လာခဲ့သည်။ ထွက်လာခဲ့၍ မဟာဂန္ဓာရုံ ချောင်း၌ ဝိပဿနာယောဂီအဖြစ်ဖြင့် ရဟန်းတရားကို အားထုတ်တော်မူသည်။ ချမ်းအေးဆရာတော် အရှင်သဒ္ဓမ္မ စသော သီတင်းသုံးဖော် လေးငါးပါးနှင့် အတူ ထွက်ခဲ့ကြသည်ဖြစ်၍ အသီးအသီး ကမ္မဋ္ဌာန်းကျောင်းငယ်ကလေးများ၌သာ တစ်ပါးချင်း သီတင်းသုံးတော်မူကြသည်။ ဥပုသ်သီတင်းနေ့တို့၌ တရားနာလို, သီလယူလိုသော ဒကာ ဒကာမများ လာသံကြားလျှင် သီလပေးရမည်စိုး၍ တံခါးပိတ်နေကြသည်ဟု ချမ်းအေးဆရာတော်ကြီး မိန့်ကြားဖူးသည်။ သီတင်းသုံး ဖော်များတွင် မဟာဂန္ဓာရုံ ဆရာတော်သည် ပရိသတ်ကိုသာ၍ ရှောင်တော်မူသည်ဟု သိရသည်။

မဟာဂန္ဓာရုံဆရာတော်သည် ပထမဂန္ဓာရုံသုံးလေးဝါနေမိမှ မလွဲသာ သီလပေး၍ တရားစကား အနည်းငယ် ဟောပြောသည်။ ကိုယ်တိုင်သာ အားထုတ်သည်ဟု သိရသည်။ မဟာဂန္ဓာရုံဆရာတော်၏ သတင်းသည် အတော်ပျံ့နှံ့ကာ စစ်ကိုင်း၊ မန္တလေးမှ မက တစ်နိုင်ငံလုံးသို့ တစ်နေ့တခြား တိုးတက်ရောက်လျက်ရှိသောကြောင့် ဒကာ ဒကာမ ပရိသတ်တို့သည် များပြားပြွမ်းတီးလာသည်ဖြစ်၍ ပထမဂန္ဓာရုံ၌ ၁၁ ဝါ သီတင်းသုံးပြီးနောက် ၂၉ ဝါအရတွင် ဒုတိယဂန္ဓာရုံခေါ် အရှေ့ဂန္ဓာရုံသို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူသည်။

အရှေ့ဂန္ဓာရုံသို့ ပရိသတ်များ ဝိုင်းအုံလာကြပြန်သဖြင့် ဝိဝေက–မရ ဖြစ်ပြန်ရာ နှစ်ဝါမျှသာ သီတင်းသုံး၍ ၁၂၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁ ရက်နေ့၌ မဟာဂန္ဓာရုံချောင်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။ ထိုမှ တစ်ဖန် ၁၂၇၂ ခုနှစ်၊ ဝါဆိုလဆုတ် ၁ ရက်နေ့ ဝါကပ်ရမည့်နေ့၌ ဝက်ပါတောင် မဟာသုခချောင်လိုဏ်ဂူသို့ ကြွရောက် ဝါကပ်တော်မူသည်။ မဟာသုခချောင်၌ ၁၀ ဝါ သီတင်းသုံးတော်မူ၍ သက်တော် ၆၁၊ ရဟန်းသိက္ခာ ၄၂ ဝါရ သက္ကရာဇ် ၁၂၈၁ ခုနှစ်၊ ဝါခေါင်လဆုတ် ၈ ရက်နေ့၌ ခန္ဓာဟောင်းကို စွန့်တော်မူသည်။

ဝိနည်းပြန်ပွဲ

သီလ ဒဿန သမ္ပန်၊ ဓမ္မဋ္ဌ သစ္စဝါဒိနံ။

အတ္တနော ကမ္မ ကုဗ္ဗန်၊ တံ ဇနော ကုရုတေ ပိယံ။

–ဟူသော ဒေသနာတော်အတိုင်းပင် သီလနှင့် ပြည့်စုံ, ရဟန်းတရား၌ တည်၍ မိမိကိစ္စဖြစ်သော ရဟန်းတရားကို အားထုတ်ပြုလုပ်တော်မူသော မဟာဂန္ဓာရုံ ဆရာတော်ဘုရားအား နိုင်ငံအနှံ့ အရပ်လေးမျက်နှာမှ တရားနာရန်, တရားယူရန် ရဟန်းတော်များလည်း လာရောက်ကြ, တရား အားထုတ်ကြသည်။ ဒကာ ဒကာမတို့သည်လည်း တရားတည်းဟူသော ပန်းဝတ်ရည်တို့ကို စားသုံးရန် ပျားပိတုန်းတို့အလား ထွက်ဝင်မစဲ ဆည်းကပ်ပူဇော်ကြ, သင်္ကန်း စသည်တို့ကို ကပ်လှူကြရာ ထိုပစ္စည်းတို့ကို မဟာဂန္ဓာရုံဆရာတော်ဘုရားသည် စုပုံသိမ်းဆည်းမထားမူ၍ သာမဏေဖြစ်လျှင် ရှင်ကျင့်ဝတ်

http://www.dhammadownload.com

စသည်, ရဟန်းဖြစ်လျှင် ဘိက္ခုပါတိမောက်မှ စ၍ ကခံါတိုင်အောင် ပြန်ဆိုနိုင်သော ပုဂ္ဂိုလ်တို့အား အသီးအသီး ဆုကြဉ်နိမ့်မြင့် နှစ်စဉ်နှစ်တိုင်း ကထိန်ပြီး ချိန်၌ အားပေးလှူဒါန်း ချီးမြှောက်၍ ဝိနည်းစာတော် ပြန်ပွါကို စတင် ပျိုးထောင်ခဲ့ပေသည်။ မဟာဂန္ဓာရုံဆရာတော် အစပြု၍ တည်တော်မူခဲ့သော မဟာဂန္ဓာရုံဝိနည်းစာပြန်ပွါသည် ယခုအချိန်အထိ တစ်နှစ်တလေမှ အပျက်အကွက်မရှိ ခိုင်မြဲစွာ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့မှ ၈ ရက်နေ့ အထိ အဆက်ဆက်သော ဆရာတော်, သံဃာတော်များသည် ဆက်လက်ကျင်းပ ပြုလုပ်လာခဲ့ပေသည်။ ဒုတိယကမ္ဘာစစ်အတွင်း၌ လေယာဉ်ပျံအောက် ဗုံးကြား, အမြောက်ဆန်ကြား, အသက်ဆံဖျား နေကြရသောအချိန်မှာပင် မပျက်စေဘဲ ကြိုးစား ဆောင်ရွက်တော်မူခဲ့ကြသည်။

မဟာဂန္ဓာရုံဆရာတော် ဝိနည်းစာပြန်ပွါကို အစပြုတည်ထောင်တော်မူခဲ့ခြင်း, ထိုထိုချောင်တို့၌ ကျောင်းကန် မပြည့်စုံသေးသည်ကို သိတော်မူလျှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးထံ၌ ကျောင်းကန် ဆောက်လုပ်လှူဒါန်းလိုသော ဒါယကာများ လာရောက်လျှောက်ထားလျှင် လိုရာ လိုရာ ကျေးဇူးများရာ ချောင်တို့၌သာ ဆောက်လုပ်လှူဒါန်းကြရန် တရားသဖြင့် ဟောပြော ညွှန်ကြားတော်မူသည်။ အတိသုဒ္ဓါရုံကျောင်းကြီး, ကြံခင်းချောင်, ဇေတဝန်ချောင်, မစိုးရိမ်ခုနစ်တိုက်, ချမ်းအေးချောင် စသည်တို့သည် မဟာဂန္ဓာရုံဆရာတော်က မိမိသီတင်းသုံးသောဌာန၌ ဆောက်ရန် လျှောက်သော ဒါယကာများကို ထိုချောင်တို့သို့ ညွှန်ကြား ဆောက်လုပ်စေသော ချောင်များ ဖြစ်သည်ဟု ကြားသိရဖူးသည်။

မဟာဂန္ဓာရုံဆရာတော်သည် သက်တော်ရှည် သမ္ဗကာလပတ်လုံး မဟာယောဂီကြီးပီပီ တရားလက်မလွတ်မူ၍ နေ့ရောညပါ အားထုတ်တော်မူသည်။ အများအားဖြင့် ဂူကျောင်း၌သာ သီတင်းသုံးတော်မူသည်။ ဆွမ်း သပိတ်လာပို့သော ရဟန်းနှင့်ပင် အတွေ့မခံဘဲ ဆွမ်းသပိတ်ကိုသာ ဂူတွင်း တံခါးပြင်နား၌ ချထားခဲ့ရသည်။ ဧကစာရီ တစ်ပါးတည်းသာ သီတင်းသုံးတော်မူလေ့ရှိသည်။ ရံခါရံခါသာ တရား အသင့်အတင့် ဟောတော်မူသည်။ သာသနာရေး, သာသနာမှုကိုကား အားပေး ချီးမြှောက်တော်မူသည်။

ဂိုဏ်းသံဃာအား စောင့်ရှောက်ခြင်း

ဂူကျောင်းမှ ထွက်သည့်အခါ သီလရှင်ချောင်များသို့ ကိုယ်တော်တိုင် ဆွမ်းခံကြွတော်မူတတ်သည်။ ရပ်ဝေး, ရပ်နီး ဒါယကာ, ဒါယိကာမတို့သည်လည်း သီလရှင်များမှနေ၍ ဆွမ်းလောင်းလှူကြသည်။ ဆွမ်းခံအပြန်တွင် ရွှေကျင်ဂိုဏ်းဝင် ထိုထို ရဟန်းတော်ကျောင်းများသို့ အခိုက်အတန့်ဝင်ကာ ဆွမ်းခံရသော စားသောက်ဖွယ်အချို့ကို လှူ၍ သိက္ခာ ကျင့်ဝတ် မချွတ်ယွင်း မပေါ့လျော့ကြရန် သတိပေးတော်မူသည်။ ကျောင်းတလင်း, ကုဋီ, သောက်ရေအိုးများကို သန့်ရှင်းစင်ကြယ်စေရန် ဆုံးမတော်မူသည်။ ဤသို့ စသည်ဖြင့် ဂိုဏ်းသံဃာများကို စောင့်ရှောက် ထိန်းသိမ်းတော်မူသည်။ ထိုအချိန်အခါဆီက စစ်ကိုင်းတောင်ရိုး၌ ပရိယတ်သမားနည်း၍ ပဋိပတ်သမားတို့သာများကြသည်ဖြစ်ရာ ရှင်ငယ်, ရဟန်းငယ် နည်းသည်။ ပုဂ္ဂိုလ်ကြီးများသော်လည်းကောင်း၊ ကြီးမှ ရဟန်းဖြစ်ကြသူများသော်လည်းကောင်း အနေများကြသည်ဖြစ်၍ တောရကျောင်းစစ်စစ်နှင့် တူပေသည်။

မဟာဂန္ဓာရုံဆရာတော်၌ ရဟန်းကိစ္စ, သံဃာကိစ္စ, သာသနာ့ တာဝန်မှတစ်ပါး အခြား ဗဟိရကိစ္စမရှိ၊ အပိုအလုပ်ကိစ္စများကို ပြုလုပ်တော်မူလေ့မရှိချေ။ ချောင်တွင်လည်း သံဃာများ၌ မရှိလျှင် မဖြစ်သော သိမ်,ကျောင်း, ရေကန် စသည်မှတစ်ပါး အပိုအမိုး အဆောက်အအုံများလည်း မရှိကြပေ။

http://www.dhammadownload.com

ယခုထင်ရှားရှိ၍ နှစ်စဉ် ဝိနည်းစာပြန်ပွဲ ကျင်းပနေသော မဟာဂန္ဓာရုံတိုက် ကျောင်းကြီးပြီး၍ အကြီးအကျယ် နက်ဖြန်သန်ဘက် ရေစက်ချရန် ကျောင်းဒါယကာနှင့် ဒါယိကာမတို့ ချောင်သို့ရောက်လာလျှင် မဟာဂန္ဓာရုံဆရာတော်က မိန့်ခေါ်တော်မူ၍ ဒကာတို့... ပရိသတ်တွေ ဖိတ်ကြားပြီး ကျွေးမွေးလှူဒါန်း ရေစက်ချမည့်နေ့၌ စိတ်အာရုံပြန့်လွင့် များပြားနေလိမ့်မည်။ စိတ်အာရုံမများမီ နိဗ္ဗာန်အာရုံပြု၍ ဝိဝဋ္ဋပါရမီကုသိုလ်တွေဖြစ်အောင် ယခု ရေစက်ချရမည် အမိန့်ရှိပြီးသကာလ တရားစကားလျော်ရုံမျှ ဟောပြောတော်မူ၍ ကျောင်း ဒကာ–ဒကာမ မိသားစုလောက်ဖြင့် တိုးတိုးတိတ်တိတ် အေးအေးဆေးဆေး ရေစက်ချပေးတော်မူသည်။ ဤနည်းအားဖြင့် ဒကာ–ဒကာမများကိုလည်း ရသင့် ရထိုက်သော ကုသိုလ်တရားကို တိုးပွားရရှိစေတော်မူသည်။

စစ်ကိုင်းတောင်ရိုး ရွှေဟသံဘုတိုက်သစ် ကျောင်း ဒကာကြီး ဦးစစ်ကြူ၊ ဒေါ်လှိုင် နှင့် သားသမီးများ, ဆွေမျိုးသားချင်းများသည်လည်း မဟာဂန္ဓာရုံ ဆရာတော်ထံမှ နည်းရကြသဖြင့် အလှူကြီးပြုတိုင်းပြုတိုင်း တိုးတိုးတိတ်တိတ် စိတ်အေးလက်အေး မိမိတို့ သားသမီး ဆွေမျိုးရင်းချာမျှလောက်ဖြင့် ညဦးဘက်၌ ကြိုတင်၍ ရေစက်ချတတ်ကြသည်။ နောက်တစ်နေ့မှ ပင့်သံဃာများ, လူ, သီလရှင် ပရိသတ်များနှင့် သိုက်သိုက်ဝန်းဝန်း ရေစက်ချလေ့ရှိကြသည်။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးသည် ရဟန်းတရားကို အရှိန်ပြည့် ဟန်မလုပ်, ပရိယာယ်မပါ, လောကာမိသကို မငဲ့မူ၍ အမှန်တကယ် အားထုတ်တော်မူသဖြင့် အရိယာဟူ၍ အတပ်စွဲကာရှင်ရော လူပါ အလွန် ကြည်ညိုလေးစားမှုကို ခံယူရပေသည်။ ဤသို့လျှင် မိမိ၏ ရဟန်းကိစ္စ ရဟန်းတရားကို ပွားများအားထုတ်ရင်း ရွှေကျင်သာသနာကို အားပေးချီး မြှောက်သဖြင့် ယနေ့ စစ်ကိုင်းတောင်ရိုး၌ ကျောင်းပေါင်း ၈၀ ကျော်၊ သံဃာ ၈၀၀ ကျော် တိုင် ပွားများ စည်ကားလာခြင်းသည် မဟာဂန္ဓာရုံဆရာတော်၏ ကျေးဇူးပင်ဖြစ်သည်။

မဟာဂန္ဓာရုံဆရာတော် မဟာဂန္ဓာရုံချောင်၌ သီတင်းသုံးတော်မူနေစဉ် ညအခါ ချမ်းအေးဆရာတော်ကို ဂူတွင်း၌ စာအုပ်ယူပေးရန်ပြောရာ ဂူထဲမှာ မှောင်နေ၍ စာအုပ်များကို မမြင်ရကြောင်း ပြောလျှင် မဟာဂန္ဓာရုံ ဆရာတော်ကြွလာသောအခါ ဂူတစ်ခုလုံး အလိုလိုလင်းသွား၏။ မဟာ ဂန္ဓာရုံဆရာတော်က မည်သူ့ကိုမှ မပြောရန် ပိတ်ပင်တားမြစ်တော်မူသဖြင့် မပြောဘဲ နေခဲ့သည်။ ပျံလွန်တော်မူမှ ယခုအောင်မြေသာစည် ဆရာတော်ဖြစ်သော အရှင်အဂ္ဂမဟာပဏ္ဍိတကို ချမ်းအေးဆရာတော်ကြီးက မိန့်တော်မူသည်။

မဟာဂန္ဓာရုံဆရာတော် ပျံလွန်တော်မူသော ညက ဝင်းဝင်း–ဝင်းဝင်းနှင့် ကြည်လင်တောက်ပသော အလင်းရောင်ကြီးတွေ ဟိုတောင်–ဒီတောင် ကူးသန်းနေကြသည်ကို တောင်အနောက်ဘက်၌ သီတင်းသုံးတော်မူသော သုဓမ္မာဂိဏ်းအုပ် ဃောသိတာဝန် ဆရာတော်ကြီးကိုယ်တိုင် တွေ့မြင်ရ၍ ချမ်းအေးဆရာတော်အား ပြောပြသည်ဟု အောင်မြေသာစည် ဆရာတော်ထံမှ ကြားသိရသည်။

မဟာဂန္ဓာရုံဆရာတော် ပုလိပ်မြို့၌ သီတင်းသုံးတော်မူစဉ် ကျောင်းအနီး၌ ကုဋီတစ်ခု ဆောက်လုပ်ထားသည်ကို မဟာဂန္ဓာရုံဆရာတော်က ချမ်းအေးဆရာတော်ကို ဒီကုဋီကို ရွှေ့လိုက်ကြဟု အကြောင်းမပြဘဲ ရွှေ့စေတော်မူရာ ချမ်းအေးဆရာတော်သည် ကုဋီကို မရွှေ့ချင်ရွှေ့ချင်နှင့်ပင် ရွှေ့လိုက်ရသည်။ ကုဋီကိုလည်း ရွှေ့ပြီးသည်နှင့် မကြာမီ မရှေးမနှောင်းကာလအတွင်း ကုဋီနေရာ အထက်၌ရှိသော သရက်ကိုင်းကြီး ကျိုက်ကျလေတော့၏ဟု ချမ်းအေးဆရာတော်ကြီးက မိန့်တော်မူရင်း အံ့သြသော လက္ခဏာအမူအရာကို ပြတော်မူသည်ကို အောင်မြေသာစည်

http://www.dhammadownload.com

ဆရာတော် မှတ်လိုက်ရသည် ဟူ၏။

အခါတစ်ပါး မဟာဂန္ဓာရုံသိမ်အတွင်း၌ သံဃဥပုသ်ပြုတော်မူနေကြစဉ် အခြားမထေရ်ကြီးများနှင့် တစ်တန်းတည်း သီတင်းသုံးလျက်ရှိသော မဟာဂန္ဓာရုံဆရာတော်၏ ကိုယ်ဝတ်သက်နှံမှ လွတ်သော ပခုံးတော်, လက်ရုံးတော်များမှ အသားတော်များ အရောင်လက်နေသည်ကိုလည်း ဥပုသ်ပြုရာ၌ ပါဝင်သော အောင်မြေသာစည်ဆရာတော် ရဟန်းငယ်ဘဝက ဖူးတွေ့လိုက်ရသည်ဟု ပြောလေသည်။ ဤသို့ ကျင့်ကြံအားထုတ်ခြင်းနှင့် ထူးခြားချက်များကို ထောက်ဆပါလျှင် ဆရာတော်ကြီးသည် အရိယာပုဂ္ဂိုလ် ဟုတ်-မဟုတ်၊ ဟုတ်လျှင် မည်သည့်အဆင့်ရှိသည့် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သည်ဟု မိမိတို့ ဉာဏ်မီသလောက် မဆုံးဖြတ်နိုင်ကြစေကာမူ ထူးခြားသည့် ပုဂ္ဂိုလ်သူမြတ်ကြီးတစ်ဆူ ဖြစ်တော်မူကြောင်းကို အနုမာနဖြင့် မှန်းဆနိုင်ကြမည် ဖြစ်ပေသည်။

ယင်းသို့ ပရိယတ်, ပဋိပတ် စွယ်စုံပုဂ္ဂိုလ်ကြီးတစ်ဆူ ဖြစ်တော်မူသည့် ပထမမဟာဂန္ဓာရုံဆရာတော်ဘုရားကြီးသည် ၁၂၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈-ရက်နေ့၊ သက်တော် ၆၁ နှစ်၊ ဝါတော် ၄၂ ဝါအရတွင် စုတိကမ္မဇရုပ် ဓာတ်ချုပ်ပြတ်တော်မူခဲ့ပါသည်။

(ရွှေကျင်နိကာယ သာသနာဝင်မှ ထုတ်နုတ်ဖော်ပြပါသည်။)

ထေရပုတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် စစ်ကိုင်း ပထမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏
သြဝါဒတော်

- နာဘေးကြီး, သေဘေးကြီး မဦးခင် တရားကို အလျင်ဦးအောင် ကြိုးစား၍ အားထုတ်၊ ကြိုးစား၍ အားထုတ်။
- အပါယ်ဆင်းရဲကြီးကို ကြောက်လျှင် ဆင်းရဲကလေးကို ကြိုးစား၍ သည်းခံ၊ ကြိုးစား၍ သည်းခံ။
- နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးတွေကို ကြိုးစား၍ ပယ်၊ ကြိုးစား၍ ပယ်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

စစ်ကိုင်း ပထမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ဆရာတော်ကြီး၏ အားမထုတ်မီ ကြိုတင်ပြင် ဆင်ရမည့် လိုက်နာစရာ အချက်များနှင့် လက်တွေ့အားထုတ်ပုံကို တင်ပြရပါလျှင်-

"ဘာဆေတိ ဗုဒ္ဓါနုဿတိ ဘာဝနာန မနုတ္တရံ။" ဟု အပါဒါန် ပါဠိတော်လာသည့်အတိုင်း ဘာဝနာတကာတို့တွင် အသာလွန်ဆုံး ဖြစ်တော်မူသည့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ရှေးဦးစွာ စီးဖြန်းရမည်။

ထိုသို့ စီးဖြန်းရာတွင်လည်း "ဧကောဓမ္မော" ဟူသော ဘုရားဟောအရ ဘုရားဂုဏ်တော် (၉) ပါးတွင် အကြီးဆုံး၊ အထူးကဲဆုံးဖြစ်သော အရဟံဂုဏ်တော်ကြီးကို ပွားများရမည် ဖြစ်ပါသည်။ မပွားများခင် ကြိုတင်သိဖွယ်အချက်တို့မှာ လူပုဂ္ဂိုလ်ဖြစ်လျှင်-

၁။ ရုပ်ပါးသီလ၊ ဆယ်ပါးသီလတို့ကို တစ်လဖြစ်စေ၊ တစ်ဆယ့် ငါးရက်ဖြစ်စေ၊ ခုနစ်ရက်ဖြစ်စေ ဆောက်တည်ရပါမည်။

၂။ မိမိခန္ဓာကိုယ်ကို ကမ္မဋ္ဌာန်းဆရာအား အပ်နှင်းကာ ကမ္မဋ္ဌာန်းယူရပါမည်။

၃။ စိတ်ကြည်လင်၍ သဒ္ဓါတရား တိုးပွားသည်ထက် တိုးပွားအောင် မြတ်စွာဘုရားအား ဆီမီးပူဇော် ဘုရားရှိခိုးပြီးလျှင် မိမိကိုယ်ကို မြတ်စွာဘုရားထံ အပ်နှင်းကာ ကမ္မဋ္ဌာန်းတောင်းယူရမည်။

မှတ်ချက်။ ။ ထိုသို့ မိမိကိုယ်ကို အပ်နှင်းကာ မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းယူ၍ အားထုတ်မှသာ ဂရုဓမ္မဖြစ်သဖြင့် ထင်လွယ် မြင်လွယ်သည်ဟု ဆရာတော်ကြီး မိန့်တော်မူပါသည်။

၄။ မျက်စိနှင့်နား ဆိတ်ငြိမ်ရာအချိန်၌ ကမ္မဋ္ဌာန်းထိုင်ရမည်။

၅။ မျက်စိ, နားဆိတ်ငြိမ်မှု ပို၍ ရရှိအောင် အချိန်အားဖြင့် ညဉ့်အချိန်၌ ထိုင်ရမည်။
သို့မှသာ မျက်စိ, နား ဆိတ်၍ ကမ္မဋ္ဌာန်းသာ၍ ထင်လွယ်သည်ဟု မိန့်တော်မူပါသေးသည်။

၆။ ရှေးဦးစွာ ကမ္မဋ္ဌာန်းအားထုတ်ခါစမှာပင် အနည်းဆုံး (၃)နာရီလောက်ကြာအောင် ထိုင်ရမည်။

(တစ်ထိုင်တည်းနှင့်ပင် ကမ္မဋ္ဌာန်းထင်တတ်သည်ဟု အားပေးထားပါသည်။)

ဆရာတော်ကြီး၏ နည်းစနစ်ကျကျ လက်တွေ့ ကမ္မဋ္ဌာန်းထိုင်မည့် ယောဂီပုဂ္ဂိုလ်သည် ဆရာတော်ကြီး အာဘော်ကျ ကမ္မဋ္ဌာန်းတရား၌ ဂရုဓမ္မဖြစ်အောင် မိမိကိုယ်ကို သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရားအား အပ်နှံ၍ ကမ္မဋ္ဌာန်းတောင်းရန်နှင့် နိဗ္ဗာန်ချမ်းသာကို တောင့်တရန်အချက်တို့ကို

http://www.dhammadownload.com

မမှေသင့်ပါ။ အပ်နှင်းပုံ-

လ္ဟာဟံ ဘန္တေ အတ္တဘာဝံ ဘဂဝတော ဧကမာသံ ပရိစ္စာမိ။

ဘန္တေ-မြတ်စွာဘုရား၊ အဟံ-အကျွန်ုပ်သည်၊ လ္ဟာမံအတ္တဘာဝံ-ဤ အတ္တဘောကို၊ ဘဂဝတော-မြတ်စွာဘုရားအား၊ ဧကမာသံ-တစ်လပတ်လုံး၊ ပရိစ္စာမိ-စွန့်လွှတ်ပါ၏။

ဟူ၍ သုံးခေါက်ဆိုပြီးလျှင် မြတ်စွာဘုရားအား စွန့်လွှတ်အပ်နှင်း ရပါမည်။

ထို့နောက်-ကမ္မဋ္ဌာန်းဆရာအပ်ပုံ

လ္ဟာဟံ အာစရိယ အတ္တဘာဝံ အာစရိယဿ ဧကမာသံ ပရိစ္စာမိ။

အာစရိယ-အရှင်ကမ္မဋ္ဌာန်းဆရာ၊ အဟံ-အကျွန်ုပ်သည်၊ လ္ဟာမံအတ္တ ဘာဝံ-ဤအတ္တဘောကို၊ အာစရိယဿ-အရှင်ကမ္မဋ္ဌာန်းဆရာအား၊ ဧကမာသံ-တစ်လပတ်လုံး၊ ပရိစ္စာမိ-စွန့်လွှတ်ပါ၏။

ဟူ၍ သုံးခေါက် ဆိုပြီးလျှင် ကမ္မဋ္ဌာန်းဆရာအား အပ်နှင်းရပါမည်။

မှတ်ချက်။ ။ အနည်းဆုံး တစ်လတိတိ အပ်နှင်းမှသာ ဆရာတော်ကြီးနည်းကျပေလိမ့်မည်။

ထို့နောက် ကမ္မဋ္ဌာန်းဆရာထံ ကမ္မဋ္ဌာန်းတောင်းပုံနှင့် နိဗ္ဗာန်ချမ်းသာကြီးကို အာသီသပြုပုံကား-

နိဗ္ဗာနဿ မေ ဘန္တေ သစ္ဆိကရဏတ္ထာယ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာနံ ဒေထိ။

ဘန္တေ-အရှင်ကမ္မဋ္ဌာန်းဆရာ၊ မေ-အကျွန်ုပ်အား၊ နိဗ္ဗာနဿ-နိဗ္ဗာန်ချမ်းသာကြီးကို၊ သစ္ဆိကရဏတ္ထာယ-မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုပါရခြင်းအကျိုးငှာ၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာနံ-ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို၊ တွံ-အရှင်ကမ္မဋ္ဌာန်းဆရာသည်။ ဒေထိ-ကရုဏာရှေ့ထား၍ ပေးသနားတော်မူပါလော။

ဟူ၍ အရှင်ကမ္မဋ္ဌာန်းဆရာထံ ကမ္မဋ္ဌာန်းတောင်းယူရပါဦးမည်။

နိဗ္ဗာန်ချမ်းသာကြီးကို အာသီသပြုပုံကား-

အဒ္ဓါ လ္ဟာမာယ ပဋိပဒါယ နိဗ္ဗာနသုခံ လဘိဿာမိ။

လ္ဟာမာယ ပဋိပဒါယ-ဤကမ္မဋ္ဌာန်းအကျင့်ဖြင့်၊ အဒ္ဓါ-ဧကန်စင်စစ်၊ နိဗ္ဗာနသုခံ-နိဗ္ဗာန်ချမ်းသာကြီးကို၊ အဟံ-အကျွန်ုပ်သည်၊ လဘိဿာမိ-လျင်မြန်စွာ ရပေတော့အံ့။

ဟု သုံးခေါက်ဆိုပြီးလျှင် နိဗ္ဗာန်ချမ်းသာကို တောင့်တရပါမည်။ ထို့နောက်-

၁။ ဈာတိခေတ်, အာဇာခေတ်၊ ဝိသယခေတ် ဤခေတ်သုံးပါးဌ သတ္တဝါ အပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း။

၂။ ဤအရာမ်အတွင်းဌ သတ္တဝါအပေါင်းတို့ သည် ချမ်းသာကြပါစေကုန်သတည်း။

၃။ နတ်အပေါင်းတို့သည် ချမ်းသာကြပါစေ ကုန်သတည်း။

ဆိုကာ သုံးခေါက် မေတ္တာပို့ရပါမည်။

ဤကဲ့သို့ ကြိုတင်ပြင်ဆင်ဖွယ်၊ လိုက်နာဖွယ် အချက်တို့ကို လိုက်နာပြီးနောက် စနစ်တကျထိုင်တတ်ရန် လိုပါသေးသည်။ ထိုင်ပုံ အမျိုးမျိုးရှိသော်လည်း ဆရာတော်ကြီး ထိုင်နေကျနည်းသာ ဤဌ ပြပါမည်။

ထိုထိုင်နည်းမှာ-

ခြေကို ဆင်းတုတော်များကဲ့သို့ထား (တင်ပလ္လင်ခွေ)ပြီးလျှင် လက်များမှာ ဘယ်လက်ကို ပက်လက်အောက်ကထား၍ ညာလက်ကို အထက်က ပက်လက်လှန်ထားပြီးလျှင် လက်မ,ထိပ်ချင်း ထိအောင်ထား၍ ထိုင်ရပါမည်။

ထိုသို့ ထိုင်ပြီးသောအခါ-

ဆိတ်၊ တင်၊ ဖြောင့် ငါး ရှေ့မြွှာ၊ ကြိုးစားဘာဝနာ။

ဟူသော အင်္ဂါခုနစ်ပါးကို လိုက်နာလျက်

http://www.dhammadownload.com

ဆက်လက် အားထုတ်ရန် ဖြစ်ပါသည်။

ထိုတွင် ဆိတ်...ဟူသည်ကား-

အလုံးစုံ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်ရခြင်းကို ဆိုပါသည်။

မှတ်ချက်။ ။ ဤ "ဆိတ်"ဟူသော အဂါဖြင့် ကာလ၊ ဒေသနှစ်ပါးကို ပြပါသည်။

ကာလ ဆိုသည်ကား-

ဆိတ်ငြိမ်သောအခါကို ဆိုလိုပါသည်။

ဒေသ ဆိုသည်ကား-

ဆိတ်ငြိမ်သော တောအရပ်၊ သစ်ပင်ရင်းအရပ်ကို ဆိုလိုပါသည်။

ဆိတ်ငြိမ်ရာ ရမှသာ ကာယဝိဝေက၊ စိတ္တဝိဝေက ရနိုင်ပါမည်။

တင် ဆိုသည်ကား-

စနစ်တကျ ကမ္မဋ္ဌာန်းထိုင်ပုံကို ဆိုလိုပါသည်။

ထိုထိုင်နည်းမှာ-

ဘယ်လက်ကို ပက်လက်အောက်ကထား၍ ညာလက်ကို ပက်လက် ဘယ်ဘက်လက် ဖဝါးပေါ် တင်ပြီးလျှင် လက်မ, ထိပ်ချင်းထိအောင် ထားရပါမည်။ ထို့အတူ ဘယ်ဘက်ခြေကို အောက်က ထားပြီးလျှင် ဘာဘက်ခြေကို အပေါ်က ထားရပါမည်။

အမျိုးသမီး ယောဂီများမှာမူ မိမိတို့ ထိုင်နေကျအတိုင်းသာ ထိုင်နိုင်ပါသည်။

ဖြောင့် ဆိုသည်ကား-

ခါးအထက် ကိုယ်ကို ဖြောင့်မတ်စွာ ထားရပါမည်။ ကိုယ်ကို ကိုင်း၍ မနေရ၊ ကုန်း၍ မနေရ၊ တစ်ပါးဝတ္ထုကို မှီ၍ မနေရ၊ ဦးခေါင်းကို မော့၍ မနေရ၊ စောင်း၍ မနေရ၊ ဖြောင့်ဖြောင့်မတ်မတ် ကိုယ်နှင့် ဦးခေါင်းတို့ကို ထားရပါမည်။

ငါး ဆိုသည်ကား-

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဤဒွါရ ငါးပေါက်ကို လုံးလုံးပိတ်ဆို့ရခြင်းကို ဆိုလိုပါသည်။

ထိုတွင် မျက်စိကို ပိတ်ဆို့ပုံမှာ-

ခြေလက် စသည် တစ်စုံတစ်ခုကိုမျှ မမြင်ရအောင် မှောင်အတိ ပြီးသော အရပ်၌ ထိုင်ရမည်။ မှောင်အတိပြီးသောအရပ် မရနိုင်ခဲ့လျှင် ဦးခေါင်းကို အဝတ်ဖြင့် ဖုံး၍ ဖြစ်စေ၊ မျက်စိကို မှိတ်၍ဖြစ်စေ အားထုတ်ရပါမည်။ အဆင်းဟူသမျှ လုံးဝ မမြင်ရမှ မြန်မြန်ကြီး ထင်လွယ်သည်ဟု မိန့်တော်မူပါသည်။

နား ကို ပိတ်ဆိုသည်ကား-

အသံ ဟူသမျှ မကြားရသောအရပ်၌ အားထုတ်ရပါမည်။ အနည်းငယ်မျှသော အသံကို ကြားသော်လည်း အာရုံမပြုနှင့်ဟု အထူး မိန့်မှာတော်မူပါသည်။

နှာခေါင်း ကို ပိတ် ဆိုသည်မှာ-

တစ်စုံတစ်ခုသော အနံ့ကိုမျှ မနံရ၊ အနံ့အလုံးစုံကို အာရုံမပြုမိအောင် ထိန်းချုပ်ထားရပါမည်။

လျှာ ကို ပိတ် ဆိုသည်မှာ-

ကမ္မဋ္ဌာန်းအားထုတ်နေစဉ် တစ်စုံတစ်ခုသော အရသာကိုမျှ မစားရ၊ မဝါးရပါ။

ကိုယ် ကို ပိတ် ဆိုသည်မှာ-

ကိုယ်မလှုပ်ရ၊ လက်မလှုပ်ရ၊ ခြေမလှုပ်ရ၊ ခေါင်းမလှုပ်ရ၊ နှုတ်က အသံမထွက်ရ၊ ကမ္မဋ္ဌာန်းကိုလည်း ရွတ်ဆို၍မပွားရ၊ ယုတ်စွအဆုံး ကမ္မဋ္ဌာန်းအာရုံ အချက်ကျတုန်းကျခါနီးဖြစ်လျှင်သော်မှ မှက်၊ ခြင်၊ သန်း၊ ကြမ်းပိုးပင် ကိုက်နေသော်လည်း ကိုက်လာလျှင် အယား မဖျောက်ရ။

နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးတွေကို စွန့်ရမည်။ အပါယ်ဆင်းရဲ

http://www.dhammadownload.com

ကြီးကို ကြောက်လျှင် ဆင်းရဲကလေးတွေ သည်းခံရမယ်ဟုဆိုသော ပညာရှိများ ဆုံးမ စကားကို လိုက်နာလျက် အထူးသတိထား၍ သည်းခံရပါမည်။ သို့မှ မြန်မြန်ကြီး အာရုံ ထင်ပါလိမ့်မည်။

မှတ်ချက်။။ အာရုံထင်လွယ်အောင် စနစ် တကျထိုင်လျက် ကျောက်ရုပ်နှင့် တူစွာ မတုန်မလှုပ် အားထုတ်ရပါမည်။

ရှု. ဆိုသည်မှာ–
မိမိရှေ့က ငါးတောင်ကွာခန့်နေရာ၌ ဗောဓိပင်နှင့် ရွှေပလွင်ကို ထား၍ ရွှေပလွင်ပေါ်၌ သက်တော်ထင်ရှား မြတ်စွာဘုရားကို စိတ်ဖြင့် ပင့်၍ ထားရပါမည်။

မြဲ ဆိုသည်မှာ–
သက်တော်ထင်ရှားမြတ်စွာဘုရား၌ အမြဲ အောက်မေ့နေရပါမည်။

ပွား ဆိုသည်မှာ–
သက်တော်ထင်ရှား မြတ်စွာဘုရားကို စူးစူး စိုက်စိုက်ကြည့်၍ "အရဟံ အရဟံ" ဟု စိတ်ဖြင့်ပင် ပွားများရပါမည်။

ဤ ဆိုခဲ့ပြီးသော အင်္ဂါ (၇)ပါးနှင့် ညီအောင် အားထုတ်ရန် လိုအပ်ပါသည်။

ဤရှေ့ဤမျှဖြင့်–

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းပုံ ပြည့်စုံပြီ ဟု ဆိုမည်ဆိုက ဆိုနိုင်ပါ၏။ သို့သော်... လက်တွေ့ အလုပ်လုပ် အားထုတ်ကြမည့် ယောဂီသူတော်စင်များအပေါ် ဆရာတော်ဘုရားကြီး မေတ္တာ ကရုဏာ ဓာတ်တို့ အဘယ်မျှ ကိန်းဝပ်နေသည်ကို–

"ကြီးစားရမှာ ဘာဝနာ" ဟူသော အချက်က သက်သေပြနေပါသည်။

မှန်ပါသည်။ စိတ်ချုပ်တည်းမှု ရှေ့သွားရှိသော ကမ္မဋ္ဌာန်းတရားအားထုတ်မှုကို အများအားဖြင့် "ကျဉ်းကျပ်သည်" "စိတ်မလွတ်လပ်" "သည်းမခံနိုင်" ဟုဆိုကာ ဖွဲကောင်းကောင်းဖြင့် အားမထုတ်နိုင်ကြပါ။ မကြာခင်မှာပင် ဝိရိယဆုတ်နစ်ကာ ပျင်းရိငြီးငွေ့သွားတတ်ကြပါသည်။ ထိုသို့သော ပုဂ္ဂိုလ်များအတွက် ကမ္မဋ္ဌာန်းဘာဝနာဆိုသည်မှာ အားမထုတ်ခင်က မနေနိုင် မထိုင်နိုင်အောင်ပင် နိမိတ်ကို အလွန်လိုချင်သော ဆန္ဒနှင့်တကွ မလျော့သောလုံ့လ၊ မှန်ကန်သော ဝိရိယဖြင့် မိမိဉာဏ်မျက်စိထဲ၌ အာရုံမထင်မချင်း ကြိုးစားပွားများရမည်ဟု ကြီးမားလှသော စေတနာ ကရဏာတရားများဖြင့် ထူးထူးခြားခြား တွန်းအားပေးထားပါသည်။

ထိုသို့ ကြိုးစားပွားများပါလျှင်–

"ဝိရိယိဒ္ဓိယံ ဘာဝေန္တော ကောသဇ္ဇံ ပဇဟတိ"

ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်စကားအရ ကမ္မဋ္ဌာန်း အားထုတ်နေစဉ် ဖြစ်ပေါ်လာသမျှ ကောသဇ္ဇ ပျင်းရိမှုတရားများ ဆုတ်ခွာသွားနိုင်ပါသည်။

စိတ္တံနာမ ပုထုဇ္ဇနာနံ ရာဂါဒိဝသေန ပကတိ ဝိဇဟိတ္ဝာ ဓာဝတိ။

သန္ဓာဝတိ ဝိဓာဝတိ စိတ္တဝသိကေန ပန ဘဝိတဗ္ဗံ။

ပဋိသင်္ခါန ဗလေန စိတ္တံ နိဝါရေတဗ္ဗမေဝ။

ဟူသော ပါရာဇိကဏ် အဋ္ဌကထာဆရာ အထူးသတိပေးတော်မူသည့်အတိုင်း ပုထုဇဉ် မှန်သမျှတို့၏စိတ်သည် ရာဂ စသည့်အစွမ်းဖြင့် ပကတိသဘော စွန့်လွှတ်ကာ ထိုထိုဤဤ အာရုံအမျိုးမျိုး ဆီသို့ (ကမ္မဋ္ဌာန်းအားမထုတ်သူမဆိုထားဘိ) နေ့စဉ် အားထုတ်နေသူတို့၏ အဖျတ္တသန္တာန်တွင်းမှာပင် ဝင်ရောက်ကာ မွေနှောက် ရုန်ရှာနေတတ်ပါသည်။ ထိုသို့ ဝင်ရောက်လာရာ၌ စိတ်အလိုမလိုက်ဘဲ ပဋိသင်္ခါနဗလခေါ် ပညာ အဆင်ခြင်လက်နက်ဖြင့် ဖြိုဖျက်တွန်းလှန်သင့်ကြောင်း အချက်တို့ကို သိမြင်

http://www.dhammadownload.com

တော်မူပြီး ဖြစ်တော်မူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် မိမိကိုယ်ကို ဆုံးမနည်း (ပဋိသန်ဓိနဗလ)များကိုလည်း ဤသို့ သွန်သင်ညွှန်ကြားတော်မူခဲ့ပါသေးသည်။

အပါယ် ဆင်းရဲကြီးကို ကြောက်လျှင် ဆင်းရဲကလေးကို ကြိုးစား၍သည်းခံ၊ ကြိုးစား၍သည်းခံ...

ငင်းအဓိပ္ပာယ်မှာ... အပါယ်ဆင်းရဲကြီးစသည်ကို ကြောက်လျှင် စားချင်တိုင်း မစားရသော ဆင်းရဲကလေး၊ အိပ်ချင်တိုင်း မအိပ်ရသော ဆင်းရဲကလေး၊ မညောင်းမညာ နေချင်တိုင်းမနေရသော ဆင်းရဲကလေး၊ သွားချင်တိုင်း မသွားရသော ဆင်းရဲကလေး၊ စကားပြောချင်တိုင်း မပြောရသော ဆင်းရဲကလေး၊ ပူမှု၊ အိုက်မှု၊ ချွေးထွက်မှု ဆင်းရဲကလေး၊ သန်း၊ ကြမ်းပိုး၊ မှက်၊ ခြင်၊ ယင်ရဲ၊ ကိုက်ခဲမှု ဆင်းရဲကလေး၊ ဤဆင်းရဲကလေးများကို သည်းခံရမည်။ ဤဆင်းရဲကလေးများကို သည်းခံမှ သံသရာဝဋ်ဆင်းရဲကြီး၊ အပါယ်ဆင်းရဲကြီးမှ လွတ်မည်။ သံသရာ ဝဋ်ဆင်းရဲကြီး၊ အပါယ်ဆင်းရဲကြီးမှ လွတ်မည်။ သံသရာဝဋ် ဆင်းရဲကြီး၊ အပါယ်ဆင်းရဲကြီးမှ လွတ်လိုလျှင် ဤဆင်းရဲကလေးများကို "ကြိုးစား၍ သည်းခံ၊ ကြိုးစား၍သည်းခံ" ဟု မိမိနာမည်ကို ဖော်ကာ ဆုံးမရပါမည်။ တစ်ဖန်...

"နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးကို ကြိုးစား၍ ပယ်၊ ကြိုးစား၍ ပယ်"

ငင်းအဓိပ္ပာယ်မှာ- နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် စားချင်တိုင်း စားရသော ချမ်းသာကလေး၊ အိပ်ချင်တိုင်း အိပ်ရသော ချမ်းသာကလေး၊ မညောင်းမညာ နေချင်တိုင်းနေရသော ချမ်းသာကလေး၊ သွားချင်တိုင်း သွားရသော ချမ်းသာကလေး၊ စကားပြောချင်တိုင်း ပြောရသော ချမ်းသာကလေး၊ မပူမအိုက် ချွေးမလိုက်ဘဲ အေးအေးမြွှမြွှနေရသော ချမ်းသာကလေး၊ သန်း၊ ကြမ်းပိုး၊ မှက်၊ ခြင်၊ ယင်ရဲ၊ ကိုက်ခဲရာ၌ အယားဖျောက်ရသော ချမ်းသာကလေး၊ ဤချမ်းသာကလေးများကို ကြိုးစား၍ ပယ်ရမည်။ ဤချမ်းသာကလေးများကို ပယ်မှ နိဗ္ဗာန်ချမ်းသာကြီးကို ရမည်။

"နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ဤချမ်းသာကလေးကို ကြိုးစား၍ပယ်၊ ကြိုးစား၍ပယ်" ဟု-

မိမိကိုယ်ကို နာမည်တပ်ကာ အထပ်ထပ် ဆုံးမရပါမည်။

"စိတ္တံ ဒမေထ မေဓာဝီ၊ စိတ္တံ ဒန္တံ သုခါဝဟံ။"

ဟူသော ကျမ်းဂန်စကားအတိုင်း ဘာဝနာဖြင့် ဆုံးမထားသော စိတ်သည်သာ နိဗ္ဗာနသုခတိုင်အောင် သုခအဆင့်ဆင့်သို့ ပို့ဆောင်နိုင်ပါသည်။ ဘာဝနာမှ ကင်းကွာသောစိတ်သည် မည်သည့် စစ်မှန်သော သုခကိုမျှ မပေးနိုင် မပို့နိုင်ပါ။

ထို့ပြင်... ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့သော နိဗ္ဗာနမဂ္ဂ ဒီဝံနီကျမ်း (စာမျက်နှာ-၆၅)၌လည်း-

"ရှင်ချောင် သေကျပ်၊ ရှင်ကျပ် သေချောင်"

"ခုချောင် နောင်ကျပ်၊ ခုကျပ် နောင်ချောင်"

ဟု သတိပေးစကား ရေးသားခဲ့ပါသည်။

ရှင်ချောင် သေကျပ်... ဆိုသည်ကား-

အသက်ရှင်တုန်းက ကာမဂုဏ် (၅)ပါးကို လိုက်စား၍ ချောင်ချောင် ချိချိနေလျှင် သေလျှင် ကျပ်ကျပ်တည်းတည်း၊ ဆင်းဆင်းရဲရဲ၊ တွေတွေဝေဝေ ဧကန်သေရမည်မှတ်။

ရှင်ကျပ် သေချောင်... ဆိုသည်ကား-

အသက်ရှင်တုန်းက နိဗ္ဗာန်ကို တောင့်တ၍ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာနှင့် ကျပ်ကျပ်တည်းတည်း အမြဲအားထုတ်၍နေလျှင် သေလျှင် ချမ်းချမ်းသာသာ မတွေမဝေ ဧကန်သေရမည် မှတ်။

ခုချောင် နောင်ကျပ်... ဆိုသည်ကား-

ယခုဘဝ ကာမဂုဏ် (၅)ပါးကို လိုက်စား၍

http://www.dhammadownload.com

ချောင်ချောင်ချိချိနေလျှင် နောက်ဘဝများစွာ သံသရာဝဋ်ဆင်းရဲကြီးခဲ့ အမြဲဇကန် ခံရမည်မှတ်။

ခုကျပ် နောင်ချောင်... ဆိုသည်ကား-

ယခုဘဝ နိဗ္ဗာန်ချမ်းသာကြီးကို တောင့်တ၍ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာနှင့် ကျပ်ကျပ်တည်းတည်း အမြဲအားထုတ်၍နေလျှင် နောက်ကို လှူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကြီးကို ချောင်ချောင်ချိချိ ဇကန်ရလိမ့်မည်မှတ်။

ထိုလမ်းလေးသွယ်တွင်-

"ရှင်ကျပ် သေချောင်၊ ခုကျပ် နောင်ချောင်" ဟူသော ဆောင်ပုဒ်အတိုင်း သေရမည့်အတူတူ အနည်းငယ် မပြောပလောက်သည့် တစ်နပ်စား ဝေဒယိတသုခကိုပယ်၍ ခန္ဓာကိုယ် ကိုက်ခဲ နာကျင်မှုဒဏ်များကို သည်းခံကာ အသေကောင်းအောင် ဝိပဿနာ အထက်စခန်းများ၏ ခြေလှမ်းအစ ဗုဒ္ဓါနုဿတိ အခြေခံကမ္မဋ္ဌာန်းကို စွမ်းစွမ်းတမံ အားထုတ်သင့်လှပါသည်။

ဤကဲ့သို့ အထပ်ထပ်ဆုံးမ၍ ဆင်ခြင်ကာ စွဲစွဲမြဲမြဲ အားထုတ်နေပါလျှင် မိမိစိတ်အစဉ် အာရုံထဲ၌ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှတို့၏ ကိုးကွယ်အားထားရာ မြတ်ဗုဒ္ဓ၏ ရုပ်ပုံတော်လွှာ ပေါ်လာပါလိမ့်မည်။ မိမိရှေ့ ငါးတောင်ကွာခန့်အရပ်၌ ဗောဓိပင် ရွှေပလ္လင်နှင့် သက်တော်ထင်ရှား မြတ်စွာဘုရားသည် သီတင်းသုံးနေတော်မူဟန်ကို ကြည်ညိုသော သဒ္ဓါတရား အာရုံထင်လိုသော စိတ်ထားနှင့် မြတ်စွာဘုရားရောင်လျှံတော်၊ နဖူးသင်းကျစ်တော်၊ မျက်လုံးတော်၊ နှာခေါင်းတော်၊ နှုတ်ခမ်းတော်၊ လည်ပင်းတော်၊ ကိုယ်တော်၊ လက်တော်၊ ခြေတော်၊ သင်္ကန်းတော်များကို စိတ်ဖြင့် အဖန်ဖန်ကြိုး၍ ပေးရပါမည်။ စိတ်ဖြင့်ပင် ခုနစ်ရက်တိုင်အောင် ကူးပေးရပါမည်။ စိတ်ဖြင့်ကူးလျှင် မကြာခင် လျင်မြန်စွာ သက်တော်ထင်ရှား မြတ်စွာဘုရား အာရုံထင်လာပါလိမ့်မည်။ ဘုရား အာရုံထင်လာပါလျှင် ဘုရားကို စေ့စေ့ကြည့်၍ စိတ်ဖြင့် အယုတ်ဆုံး သုံးနာရီ၊ လေးနာရီကြာအောင် စီးဖြန်းရပါမည်။ ဤကဲ့သို့ တစ်သက်လုံး ဘုရားအာရုံ စွဲမြဲအောင် စီးဖြန်းပါ။ တစ်သက်လုံး ဘုရားအာရုံ စွဲမြဲမည်ထင်မှ အထက်ဝိပဿနာစခန်းသို့ တစ်ဆင့်တက်ရပါမည်။

ဝိပဿနာသို့ တက်ရောက်ရန် အကောင်းဆုံး အခြေခံလေ့ကားသည် ဤ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းတရားပင် ဖြစ်ပါသည်။

သမာဟိတော ယထာဘူတံ
ဇာနာတိ ပဿတိ။

ဟူသော သဋ္ဌာယတန သံယုတ်ပါဠိတော်နှင့် အညီ စိတ်တည်ကြည် ငြိမ်သက်ပါလျှင် ရုပ်နာမ်ခမ္မသဘာဝကို ဟုတ်တိုင်းမှန်စွာ ဇကန်မုချ သိမြင်၍ ဝိပဿနာဉာဏ်သည် အလွန် ထင်လွယ် မြင်လွယ်ပါလိမ့်မည်။ ထို့ကြောင့် စိတ်တည်ကြည် ငြိမ်သက်အောင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို တစ်နေ့တစ်နေ့၌ နှစ်ကြိမ် သုံးကြိမ် စီးဖြန်းဖို့ရာ ဆရာတော်ဘုရားကြီး အထူး မိန့်မှာတော်မူထားပါသည်။

"ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ကြပ်ကြပ်ကြီး သတိထားကြလေ၊ လိုရင်းကြီးမှတ်"

ဟု အထပ်ထပ် ဆုံးမထားခဲ့ပါသည်။

ကမ္မဋ္ဌာန်းအာရုံ အထူးထင်မြင်ရန်အတွက် ပြည့်စုံရမည့် ပစ္စာနအချက်တို့မှာ-

၁။ ဤ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်းတရား ဇကန်မှန်သည်ဟု အလွန်ယုံကြည်သော သဒ္ဓါ။

၂။ အလွန် အားထုတ်သော ဝီရိယ။

၃။ အလွန် အောက်မေ့သော သတိ။

ဤ (၃) ပါးနှင့် ပြည့်စုံလျှင် ဇကန်ထင်မြင်နိုင်၍ မပြည့်စုံလျှင် မုချ ဇကန် မထင်မြင်နိုင်ကြောင်း ကောင်းကောင်းကြီး ဆုံးမထားတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းသူတို့၏ အကျိုးထူးများ-

အရှင်ဗုဿဒေဝ မထေရ်သည်လည်း မာန်နတ်မင်း ဖန်ဆင်း၍ ပြအပ်သော မြတ်စွာဘုရား အသွင်သဏ္ဌာန်ကို မြင်ရ၍ ရာဂ၊ ဒေါသ မကင်းဘဲ လျက် တင့်တယ်သေး၏။ ရာဂ၊ ဒေါသ၊ မောဟ ကင်းပြီးသော မြတ်စွာဘုရားမှာမူကား အဘယ် ဆိုဖွယ်ရာရှိအံ့နည်း။ အလွန်တင့်တယ်တော်မူပေစွ တကားဟု ဘုရားလျှင် အာရုံရှိသော ဗုဒ္ဓါရမ္မဏာပိတိရ၍ ဝိပဿနာကို ပွားများအားထုတ်ကာ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပါသည်။ (ပရိဝါအဋ္ဌကထာ) အရှင်သုဘူတိ မထေရ်သည် ပဒုမုတ္တရဘုရားလက်ထက်တော်၌ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော ကောင်းမှုကြောင့် ကမ္ဘာသုံးသောင်းပတ်လုံး နတ်ပြည်၌ မွေ့လျော်ရခြင်း၊ သိကြားမင်းအဖြစ်ဖြင့် အကြိမ်ရှစ်ဆယ်၊ စကြာမင်းအဖြစ် အကြိမ်တစ်ထောင်၊ ပဒေသရာဇ်မင်းအဖြစ် ဂဏန်းသင်္ချာ အရေအတွက် မရှိဖြစ်၍ ကမ္ဘာတစ်သိန်း အပါယ်မလားဘဲ ဂေါတမဘုရား သခင်လက်ထက်တော်၌ သုဘူတိရဟန္တာ ဖြစ်လာခဲ့ပါသည်။

သိင်္ဂါလမာတာမည်သော ဘိက္ခုနီမသည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်၌ ဘုရားရှင်ကို အဖန်တလဲလဲ ကြည်ညိုသော ကောင်းမှုကြောင့် ကမ္ဘာတစ်သိန်း၊ ဤ ဂေါတမဘုရားလက်ထက်တော်၌ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွား၍ ရဟန္တာမအဖြစ်သို့ ရောက်ခဲ့ပါသည်။

ထိုကြောင့် ဤမျှ အရဟတ္တဖိုလ်ပေါက် အကျိုးသက်ရောက်နိုင်သော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ကြပါရန်နှင့် အထက်ဝိပဿနာဉာဏ်တက်ရောက်နည်းများကို ဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့သော နိဗ္ဗာနမဂ္ဂဘေဒနိကျမ်း၊ နိဗ္ဗာနမဂ္ဂဒီပနီကျမ်းများတွင် ဆက်လက် လေ့လာနိုင်ကြပါပြီ။

ဤလောက၌ ကမ္ဘာတစ်ဝန်းလုံးရှိ လူသားတိုင်းသည် နေ့စဉ်စား၀တ် နေထိုင်ရေး၊ သားရေး,သမီးရေး၊ စည်းစိမ်ဥစ္စာ ရာထူးအာဏာ တိုးတက်ရေး၊ ရရှိထားသော ရာထူးအာဏာ မကျရေးတို့အတွက် အသက်ပင် မှန်အောင် မရှုနိုင်လောက်အောင် အပူမီးလောင်ကာ ရုန်းကန်လှုပ်ရှား ပြေးလွှားနေကြပါသည်။

ယခု မျက်မှောက်ခေတ်အခြေအနေတွင် ရွှေများများ ပိုင်ဆိုင်ရရှိသူများကလည်း-

"ရွှေရှိသောသူ ရွှေကြောင့် ပူ၊ လှိုက်ဆူ မချမ်းသာ"

ဟူသော ပညာရှိသူတော်ကောင်းကြီးများ စကားအတိုင်း အချိန်တိုင်းမှာ အပူကြီး ပူနေရပါ၏။ ငွေများများ ပိုက်ထားသူများမှာလည်း-

"ငွေရှိသောသူ ငွေကြောင့် ပူ၊ လှိုက်ဆူ မချမ်းသာ"

ဟူသော စကားနှင့်လျော်ညီစွာ အချိန်တိုင်းမှာ ပူ၍ နေရပါ၏။ ထိုသို့ နေ့စဉ်နှင့်အမျှ အချိန်မရွေး၊ တွေးတောမဆုံး နှလုံးမသာ၊ ပူပန်နေကြရသည်မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော ကိလေသာမီးများကြောင့် ဖြစ်သည်ကိုလည်းကောင်း၊ ထိုသို့ အပူကြီးပူနေရသူများသည် များသောအားဖြင့် မည်သည့်ကမ္မဋ္ဌာန်းမျှ ထိရောက်စွာ အားမထုတ်ကြသဖြင့် စိတ်ထား တည်တည်ငြိမ်ငြိမ်နှင့် အပူဘေးကို အကာအကွယ်ပေးနိုင်သော သမာဓိမဏ္ဍိုင် ယိမ်းယိုင်နေသောကြောင့် ဖြစ်သည်ကိုလည်းကောင်း ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် သိမြင်တော်မူခဲ့ဟန်တူပါသည်။

ထိုသို့ သိမြင်တော်မူခဲ့ဟန်တူကြောင်းကို-

"ကမ္မဋ္ဌာန်းသိမ်း၊ မာဓိယိမ်း၊ မငြိမ်း ကိလေသာ။

ကိလေသာမူ၊ ရှိပြန်သူ၊ ပူ၍ မစဲပါ။"

ဟူသော လင်္ကာကို ထောက်ဆ၍ သိနိုင်ပါသည်။

http://www.dhammadownload.com

ထို့ကြောင့် နေ့စဉ်နှင့်အမျှ တွေ့ကြုံပူပန်နေရသော ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ အပူလုံးကြီးများနှင့် စားဝတ်နေရေးမှ အစ အဝဝသော အပူသေးများကို အကာအကွယ်ပေးနိုင်သည့်အပြင် ကြားနာဖတ်ရှုရုံမျှနှင့်ပင် အပူစင်၍ လက်တွေ့ကျင့်ကြ ကြိုးစား ပွားများပါလျှင် အလွန်တရာ ချမ်းသာ၊ ကျင့်ပြီးနောက် မှာလည်း အလွန်တရာ ငြိမ်းချမ်း၊ သန္တိသုခ အေးနိဗ္ဗာန်နန်းနှင့် အလွန်ပင် သင့်လျော်သော ကျေးဇူးတော်ရှင် ပထမ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ ဤ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတရား ပွားများနည်းကို တနစ်ကျကျ သံသယကင်းရှင်း ယုံကြည်ခြင်းအပြည့်အဝနှင့်တကွ ကြိုးစားကာ အာစီဏ္ဏက် အချိန်မှန်ဖြင့် ယုံလည်းယုံ၊ ထုံလည်း ထုံကြပါစေကြောင်း တိုက်တွန်းလိုက်ပါသည်။

[ဆရာတော်ကြီး စီရင်သည့် နိဗ္ဗာနမဂ္ဂဒီပနီ၊ နိဗ္ဗာနမဂ္ဂဘေဒနီကျမ်းများတွင် အကျယ်ရှုပါ။]

စစ်ကိုင်း ပထမ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

သိမ်တောင်အင်းမကြီးတောရဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

သိမ်တောင် အင်းမကြီးတောရဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

[၁၂၃၇-၁၂၈၃]

အင်းမကြီးတောရ ဆရာတော်၏ ဘွဲ့တော်မှာ ဦးဓောတိက ဖြစ်လေသည်။ ညောင်ရမ်းမြို့အနီး ဈေးရွာကြီးတွင် ၁၂၃၇-ခုနှစ်၊ တန်ခူးလပြည့်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူပါသည်။ သက်တော် ၂၀ အထိ ဈေးရွာကြီး မြောက်ဘက် မန္တလေးကျောင်း ဦးကြီးဘုန်းကြီးထံတွင် သာမဏေဘဝဖြင့် စာသင်တော်မူလေသည်။ ထိုမှ အသက်နှစ်ဆယ်ပြည့်သော ၁၂၅၇-ခုနှစ်တွင် ဦးကြီးဘုန်းကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ ရောက်တော်မူပါသည်။ မန္တလေးမြို့ မိုးတားတိုက်၊ ရွှေရေးဆောင်တိုက်တို့၌ ပရိယတ္တိစာပေ သင်ယူခဲ့လေသည်။ ရဟန်း ခြောက်ဝါခန့် အရောက်တွင် ပထမ စစ်ကိုင်းတောင်၊ ထို့နောက် သဲတောမြို့ အရှေ့ဘက်ရှိ ပြက္ခရွှေတောင်သို့ တောထွက်တော်မူခဲ့လေသည်။

ထေရပွတ္တိအကျဉ်းအနေဖြင့် လက်လှမ်းမီသမျှသာ ဖော်ပြလိုက်ရပါသည်။ လူ့ဘဝအမည်၊ ဖခင်-မိခင်၊ ညီအစ်ကို မောင်နှမ စသည်များကို ရှာမတွေ့ရပါချေ။ ဆရာတော်ကိုယ်တိုင်ရေးသော သံဝေဂမွန်ကမ္မဋ္ဌာန်းကျမ်း စာမျက်နှာ-၁၈၆-နိဂုံး၌လည်း "ညောင်ရမ်းဂါမေသု၊ ညောင်ရမ်းမြို့မှာ၊ အများရွာတို့တွင်၊ သုတေ၊ ထက်အောက်ကြေညာကျော်ကြားသော။ ကယဝိက္ကယေ-ကုန်ဝယ်ကုန်ရောင်း လူအပေါင်းတို့သည်၊ သောင်းသောင်းအုတ်အော်၊ ရွှင်ပျော်ပေါများသော။ ဂါမေ-သညာကျော်သည်းဈေးရွာကြီး၌။ သတ္တတိံသဒ္ဓယေကေ-၁၂၃၇-ခု၊ တန်ခူးလပြည့် အင်္ဂါနေ့၌၊ ဇာတိကော-ရဟန်းနာမ၊ ဓောတိက အမည်ရှိသော၊ ယောအဟံ-အကြင်ငါသည်၊ ဇာတော-အဘယ်ရပ်ပြစ်၊ မည်စ်မသမ်း၊ ချမ်းမြေ့တစေ၊ လူဖြစ်ပေ၏။ (မူအတိုင်း ဖော်ပြပါသည်။) ဟူ၍ ရေးသားထားသည်ကို တွေ့ရပါသည်။ သိမ်တောင် တောရ အင်းမကြီး ဆရာတော်ဘုရားသည် လယ်တီဆရာတော်ဘုရားကြီးနှင့် မရွေးမနှောင်း ငယ်ငယ်ရွယ်ရွယ်နှင့် ကျော်ကြားလာသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။

မန္တလေးမြို့ ဆရာတော်ဘုရားကြီးများထံမှ ထွက်ခွာ၍ ယခု မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်ရအောင် လွန်စွာ ကြိုးကုတ်အားထုတ်လိုသောကြောင့် တောထွက်တော်မူခဲ့လေသည်။ တောထွက်ခဲ့ရာ ဝမ်းတွင်းမြို့နယ် ဘုရားစုကန်သစ်ရွာ ဆရာရှိန်အမည်ရှိသော ဆေးဆရာကြီးသည် များစွာသော လူတို့၏ အကျိုးငှာ သီတင်းသုံးနေထိုင်ရန် အခါခါ တောင်းပန်အပ်သည်ဖြစ်၍၊ တောင်သုံးလုံးခြံရံ ကာအပ်သော ရွာနှင့် မနီးမဝေး အင်းမကြီးတောရကျောင်း၌ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ လွန်စွာ သင့်လျော် ကောင်းမွန်သည့်

http://www.dhammadownload.com

အတောင် ၆၀ ရှိ ဂူဝစကြီကျောင်းတွင် ဆရာတော်သည် ၁၂၆၃ ခုနှစ်တွင် ကျောင်းတိုက်အသစ် ထူထောင်၍ နေလေသည်။

ၚင်းဘုရားစု ကျောက်ပြုတ်ကုန်းရွာနေ စကြီဒါယကာ ဦးဆက်ကလေးနှင့် သဲတောမြို့နေ ဂူကြီးဒါယကာ ဦးသူတော်တို့ နှစ်ဦးက-

"ယခု သာသနာခေတ်ကာလ ကမ္မဋ္ဌာန်းအားထုတ်ကြလျှင် မထင်နိုင်၊ မမြင်နိုင်ဟု ခိုင်ခိုင်ကြီး ယူဆကြသော လူ့ဗာလ၊ ဒုမ္မေဝါတို့အား သနားတော်မူပါလျှင် ဖြေထွင်ကာ လမ်းပြ၍ ကျမ်းအရဟုတ်မှန်ရာကို ထုတ်ပြန်ကာ ရေးသားတော်မူပါဘုရား" ဟု ညွှတ်တွားရိုသေတောင်းပန်ကြလေသည်။ ထို တောင်းပန်လျှောက်ထားချက်အရ သူတော်နှလုံး ပိုက်ကျူးဝင်ကြကုန်သော ရဟန်းရှင်လူအများတို့၏ ယခုဘဝ၊ ယခုသာသနာတွင် လျင်မြန်စွာ မဂ်ရစေခြင်းငှာ အကြင်သံဝေဂခမ္မကမ္မဋ္ဌာန်းကျမ်းကို ၁၂၇၀-ပြည့်နှစ်၊ နယုန်လဆန်း ၇-ရက်နေ့၌ ရေးသားစီရင် ပြီးလေပြီ။

ထို သံဝေဂ ခမ္မ ကမ္မဋ္ဌာန်းကျမ်းကို ရေးသားပြုစုရသော ကောင်းမှုကြောင့် ထိုထိုကျင့်မည်မှန်းသည့် ရဟန်းရှင်လူတို့သည် ဘဝသုံးပါးတို့၏ ကုန်ခန်းရာဖြစ်ခြင်းကြောင့် အလွန်တရာ ချမ်းသာလှစွာသော မဟာအမတ သုခနိဗ္ဗာန်အလျင်အမြန် ရောက်ကြစေခြင်းငှာ ဝိပဿနာတရားကို နေ့ရော ညပါ ဘယ်ခါမနား အားထုတ် ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။ ပြည်ပိုင်သနင်း ဘုရင်းမင်းသည်လည်း မင်းကျင့်တရားကို စောင့်ရှောက်ပါစေသတည်း။ လူ့ဘုံ၌ မိုးကြီးသည်းထန်စွာ ရွာသွန်းဖြိုး ရွာသဖြင့် ရေသည် လယ်ပြည့်၊ ချောင်းပြည့်၊ ကန်တွေပြည့် အောင် အလွန်ပေါများသည် ဖြစ်ပါစေသတည်း-ဟူ၍ နိဂုံးသတ်တော်မူခဲ့ပါသည်။

ၚင်းကျမ်းကို ဦးဆက်ကလေးနှင့် ဦးသူတော်တို့နှစ်ဦးက ဓမ္မဒါနပြုကြကုန်သည်။ ရန်ကုန်မြို့ကဝိမျက်မှန်ပုံနှိပ်တိုက်မှ ၁၂၇၈-ခုနှစ်၊ ဝါခေါင်လအတွင်း ပုံနှိပ်ပြီးစီးလေသည်။ ရွှိုင်ဆိုက် စာမျက်နှာ (၁၈၈)မျက်နှာ ရှိလေသည်။

၁၂၆၉-ခုနှစ်တွင် ဝမ်းတွင်းမြို့မှ ၆-မိုင်ခန့် ဝေးသော အင်းမကြီးတောရမှ ပဋိပတ္တိသာသနာပြု ဆရာတော်သည် သိမ်တောင်တောရ၌ ကျောင်းတိုက်တည်၍ ကမ္မဋ္ဌာန်းတရား အားထုတ်လေသည်။ စာသင်တိုက် ပရိယတ်ကျောင်းကိုလည်း ပြုစုလေသည်။ ပရိယတ် အားပေးချီးမြှောက်သောကြောင့် ယခုတိုင် ပရိယတ် ထွန်းကားနေတော့၏။ ပရိယတ်၊ ပဋိပတ် ဘက်စုံသာသနာပြုဌာနကြီးအဖြစ် တွေ့မြင်နိုင်လေသည်။

ပရိယတ်၊ ပဋိပတ် စွယ်စုံတတ်မြောက်တော်မူသော အင်းမကြီး ဆရာတော်နှင့် (ဒုတိယ)ဆည်ကြီးဆရာတော်နှစ်ပါး၏ သာသနာ့အမွေများပင် ဖြစ်ရာတောင်ကြီး၊ ကလော စသော မြို့များတွင်လည်း သိမ်တောင်ဂိုဏ်းဝင်ကျောင်းခွဲများ စည်ကားလျက် ရှိလေသည်။

အင်းမကြီးတောရဆရာတော် ဦးဇောတိကသည် ခုတင်များကိုလည်း ဆောင်၍ အပြင်းအထန် အားထုတ်တော်မူလေသည်။ ၁၂၈၃-ခုနှစ်၊ သက်တော်-၄၆၊ ဝါတော်-၂၆ တွင် ပျံလွန်တော်မူပါသည်။ မြန်မာနိုင်ငံ၏ ပဋိပတ်အတွက် နမြောတ,သဖွယ်ရာပင် ဖြစ်ပါသည်။

ပျံလွန်တော်မူခါနီး ၆-ရက်လုံးလုံး အာဟာရကောင်းစွာ ဘုဉ်းမပေး။ လူသူတပည့်များ အဝင်မခံ၊ တပည့်ကြီးဖြစ်သူ ဆည်ကြီးတောရ ဆရာတော် တစ်ပါးသာ နေ့နေ့ညည စောင့်ရှောက်ကြည့်ရှုရသည်။ ဆရာတော်သည် ညောင်ဓောင်းပေါ်တွင် ပက်လက်လှန်၍ အာနာပါနကိုသာ တွင်တွင်ကြီး ရှုမှတ်နေသည်။ ပျံလွန်တော်မူခါနီးတွင် ဆရာတော်၏ ပခုံးအထက် လည်ပင်းပတ်ပတ်လည်မှ အလင်းတန်းကြီးများ ဒေါင်းမြီး ဖြန့်ကာနေသကဲ့သို့ ယှက်ဖြာကွန့်

http://www.dhammadownload.com

မြူးနေကြောင်း ဆည်ကြီးတောရ ဆရာတော်ကိုယ်တိုင် ဖူးတွေ့ရသည်ဟု ဆိုလေသည်။

သိမ်တောင်ဂိုဏ်းကြီး၊ စတင် တည်ထောင်ခဲ့သော အင်းမကြီးတောရ ဆရာတော်၏ ထေရုပ္ပတ္တိကို အလှမ်းမီသမျှ ဤမျှသာ ဖော်ပြလိုက်ရပါတော့သည်။

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် သိမ်တောင်အင်းမကြီးတောရဆရာတော်ဘုရားကြီး၏ ဩဝါဒတော်

မိမိမိုက်သည်၏အဖြစ်ကို မိမိ မသိ မလိမ္မာသည်၏အဖြစ်၊ မိမိ သီလ မလုံသည်၏အဖြစ်၊ မကျင့်ချင်သည်၏ အဖြစ်၊ မိမိ လောဘ,ဒေါသ, မောဟ,ဣဿာမစ္ဆေရကြီးသည်၏အဖြစ်၊ မိမိ သံသရာမှ မလွတ်ချင်သည်၏အဖြစ်၊ သံသရာမကြောက်သည်၏အဖြစ်ကို မိမိ မသိနိုင်လေ။ ငရုတ်သီးထဲ နေသောပိုးသည် ပူမှန်းမသိကဲ့သို့တည်း။ သတိထားကြပါ။

သံသရာကြောက်မှ သူတော်ကောင်းတရား ကမ္မဋ္ဌာန်းများကို ကျင့်နိုင်သည်။ သူတော်ကောင်းတရားကို ကျင့်နိုင်၊ အားထုတ်နိုင်မှ သံသရာမှ လွတ်နိုင်သည်။ ဗုဒ္ဓဘာသာလူမျိုးမှန်က ကမ္မဋ္ဌာန်းကိုလည်း ယုံကြည်ရမည်။ သာသနာတော်ကိုလည်း ယုံကြည်ရမည်။ နှစ်သက်ရမည်။ သံသရာကိုလည်း ကြောက်ကြရမည်။ သူတော်ကောင်းတရား ကမ္မဋ္ဌာန်းများကိုတော့ မိမိတို့ ခံစားနေကြ ကာမဂုဏ်လောက်မှ မယုံကြည်, မနှစ်သက်ကြ၊ ခွေးကိုက်မှာလောက်မှ သံသရာကို မကြောက်ကြကုန်။ ထို့ကြောင့် ကြပ်ကြပ် သတိထားကြပါ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

သိမ်တောင် အင်းမကြီးတောရဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

လက်ဦးပထာမ-ပဋိညာဉ်

မမှားမယွင်း၊ တရားရင်းကို၊ နားသွင်းမရှိ၊ မိမိအလိုလို၊ သူမဆိုဘဲ၊ ကိုယ်တော်တိုင်သာ၊ ကောင်းစွာသိမြင်၊ ပြီးခါလျှင်လည်း၊ များဖြင်သတ္တဝါ၊ ဝေနေယျာကို၊ ဒေသနာရေအေး၊ အမြဲကြက်ဆေးဖြင့်၊ တိုက်ကျွေးတော်မူ၊ မြတ်ဘုန်းလူကို၊ ကြည်ဖြူရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပြီးခါ၊ များစွာဗိုလ်လူ၊ ခပ်သိမ်းသူတို့၊ ဆုယူကျွတ်တမ်း၊ နိဗ္ဗာန်နန်းကို၊ ဖြောင့်တန်းမသွေ၊ ရောက်လှမ်းစေဖို့၊ စေတနာသွား၊ ရည်ရွယ်ထားလျက်၊ တရားရင်းစစ်၊ တရားနှစ်ကို၊ ဆီညှစ်ယူခါ၊ မိပွါယ်လွှာ၍၊ ထင်သာမြင်သာ၊ သိလွယ်သာအောင်၊ ညှိခါ မမှား၊ မိန့်မြွက်ကြားမည်။ ကျင့်အားသူတို့ နာကုန်လော့။

သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်း အကျဉ်းပြခြင်း

သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်လိုသော သူသည် ရဟန်းမှာလည်း ရဟန်းအလိုက်၊ လူမှာလည်း လူအလိုက် ကြောင့်ကြဗျာပါရမှု၊ ပလိဗောဓမှုတို့ကို ပယ်ခွာရှင်းလင်း သုတ်သင်လျက် ရဟန်းဖြစ်လျှင် ဆောင်နိုင်သမျှ ခုတင်တို့ကို ဆောင်၍ တောသို့ ဝင်၍ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ပြီးလျှင်၊ လူဖြစ်လျှင် မိမိတို့ တတ်အပ်သမျှ ဆယ်ပါးသီလ၊ ရှစ်ပါးသီလ၊ ငါးပါးသီလ၊ ပတ္တိဝိုင်၊ ဧကာသနိက် ခုတင်တို့ကို ဆောက်တည်၍ ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ပြီးလျှင် အားထုတ်ရာ၏။ ထို့ကြောင့် စတုရာရက္ခကျမ်းဌ-

ဣစ္စုတ္တံ ခမ္မပါမောဒ္ဓံ၊ ဝိဝေကဇံ ရသာမိကံ၊

ဣစ္စန္တောသီလဝါဘိက္ခု၊ အနိဝတ္တိတဝီရိယော။

ဝနာဝါသေ ဝသိတွာန၊ အပ္ပစ္စာဒိဂုဏာဝဟော၊

ပလိဗောဓေသမုစ္ဆိဒ္ဒ၊ ဘာဝေယျော်ရဟောဂတော။

ဟူသော ဂါထာတို့ကို မိန့်အပ်၏။

ဣစ္စုတ္တံ-ဤသို့ ဘုရားဟောကြားတော်မူအပ်သော။ ရသာမိကံ-ရသာတကာ၊ မနှိုင်းရာသည်၊ ရသာအမွန်၊ အလွန်အကဲဖြစ်သော။ ဝိဝေကဇံ-ကာမရန်သူ၊ မပူမရှိန်၊ ဆိတ်ငြိမ်ရာ၌ဖြစ်သော။ ခမ္မပါမောဒ္ဓံ-ဈာန်အဘိညာ၊ ခန္ဓာငါးပါး၊ တရားဖြစ်ပျက်၊ ရှုလျက်နှစ်ခြိုက်၊ အမြဲကြက်သြဇာ၊ မြတ်သုခာကို။ ဣစ္စန္တောသီလဝါ-ခင်ခင်မင်မင်၊ လိုချင်နှစ်သက်၊ စုံမက်မြတ်နိုးသော။ သီလဝါ-အဓိသီလ၊ ပါတိမောက္ခသံဝ

http://www.dhammadownload.com

ရရှိသော။ အနိဝတ္တိတဝိရိယော-မလျော့မယုတ်၊ မဆုတ်အားသွန်၊ လွန်သော ဝီရိယရှိသော။ ဘိက္ခု-ရဟန်းရှင်လူ၊ ဘိုးသူတော်, မယ်သီလ၊ ရသေ့စသား၊ ကျင့်လိုသူအများသည်။ ဝနာဝါသေ-ကမ်းရိပ်တောင်စောင်း၊ ရေယဉ်ကောင်းသည့်၊ ထောကျောင်းသာစွာ၊ ချုံသစ်ပင် တဲရိပ်သာ၌။ ဝသိတွာန-မငြိုးမငွေ့၊ တွေ့တွေ့သမျှ၊ အာဟာရဖြင့်၊ မျှတနေထိုင်စားသောက်၍။ အပ္ပစ္ဆာဒိဂဏာဝဟော-အလိုမသည်း၊ ပစ္စည်းမခင်၊ ခုတင် အစရှိသော ဂုဏ်ကို ဆောင်လျက်။ ပလိဗောဓေ-မဟာဝါသ၊ စသည်သီးသီး၊ ကြောင့်ကြကြီး၊ ကြောင့်ကြငယ်တို့ကို။ သမုစ္ဆိန္ဒ-ကမ္မဋ္ဌာန်းအန္တရာယ်၊ မတွယ် ငြိကြောင်း၊ ကောင်းစွာ ဖြတ်တောက်၍။ ရဟောဂတော-တစ်ထောင့်တစ်ငန်း၊ လူမပြွမ်းရာ၊ သခ်မ်းသာသို့၊ ကောင်းစွာကပ်လျက်။ ဧဝံ-ဤသို့ဆိုလတ္တံ့သော၊ သမထဝိပဿနာ၊ နှစ်ဖြာကမ္မဋ္ဌာန်း၊ စျာန်မဂ်ဖိုလ်ရကြောင်း၊ အလုပ်ကောင်းနည်းလမ်းဖြင့်။ ဘာဝေယျ-သံသရာမှ၊ မြန်စွာလွတ်ချင်၊ စိတ်ကို ပြင်၍၊ တွင်တွင်မနား၊ ပွားများ အားထုတ်ရာ၏။

ထိုသမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းကို ရောပြွမ်း၍ ပြလိုက်အံ့။

သမထကမ္မဋ္ဌာန်းတို့တွင် ဗုဒ္ဓါနုဿတိကို ရှေးဦးစွာပြအံ့။ ထိုဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို သက်ဝင်ယုံကြည်ကြရန် ဝတ္ထုသက်သေကား ငါတို့ ဂေါတမမြတ်စွာဘုရား အလောင်းတော် တိလောကစကြာမင်းဖြစ်စဉ်အခါက ဗုဒ္ဓါနုဿတိကို နှလုံးသွင်းသော် များစွာသော မြတ်စွာဘုရား သဏ္ဌာန်တော်တွေ မိမိစိတ်အာရုံထဲ၌ ကြွလာတော်မူသည်ကို စေတနာအားဖြင့် ထင်လာမြင်လာကြောင်းကို အပဒါန်ကျမ်း၌ လာရှိသည်။ ထိုကျမ်းဂန်ကို ထောက်၍ ဓိနာလင်္ကာရဋီကာ ရှင်းပြသည်မှာ-

ဗုဒ္ဓါနုဿတိ ဘာဝနာဒီကာမ ဟောတိ ဟေဋ္ဌာဝုတ္တနယေန လဒ္ဓခဏသမယော ယောဂါဝစရ ကုလပုတ္တောပထမံအတ္တနော သီလံ ဝိသောဓေတွာ ပလိဗောဓုဒ္ဓေဒံကတွာ ဝိဝိတ္တာသနေ နိသီဒိတွာ တံဘဂဝန္တံ အာဂန္ဒာ အတ္တနောသီသေ နိသိန္နံဝိယ မညမာနော ဣတိပိ သောဘဂဝါ အရဟန္တိ အာဒိနာ ဥပရိဝက္ခမာန နယေန ကာလသတံ ဝိကာလသဟဿံ ဝိဘာဝေန္တော ဥပစာရသမာဓိ ဥပ္ပါဒေတွာ ပုဗ္ဗေ ဥဂ္ဂဟိတနိယာမေန ရူပါရူပဓမ္မေ လက္ခဏ ရသ ပစ္စုပဋ္ဌာနပဒဋ္ဌာန ဝသေန ပုနပ္ပုနံ မနသိကရောန္တော နာမရူပဝဝတ္ထာနံ ကတွာ သက္ကာယဒိဋ္ဌိ ဆိန္နိတွာ ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တနယေနေဝ ဝိပဿနာ ပဋိပဇ္ဇိတ္ဗော။

ဗုဒ္ဓါနုဿတိဘာဝနာဒီကာမဟောတိ-ဗုဒ္ဓါ၊ လ။ မတော၊ ဟူသည်ကား၊ ဟေဋ္ဌာ-အောက်၌၊ ဝုတ္တနယေန-ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ လဒ္ဓခဏသမယော-ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ ရအပ်ပြီးသော ခဏကာလသမယရှိသော၊ ဝါ အခိုက်အတန့် အခါရှိသော၊ ယောဂါဝစရ ကုလပုတ္တော-ကမ္မဋ္ဌာန်းစီးဖြန်းလိုသော အမျိုးကောင်းသားသည်၊ ပထမံ-ကမ္မဋ္ဌာန်းမစီးဖြန်းမီ ရှေးဦးစွာ၊ အတ္တနော-မိမိ၊ သီလံ-သီလကို၊ ဝိသောဓေတွာ-သုတ်သင်၍၊ ဝါ ဖြူစင်စေ၍၊ ပလိဗောဓံ-ကြောင့်ကြကြီး၊ ကြောင့်ကြငယ်၊ ပလိဗောအသွယ်သွယ်ကို၊ ဥစ္ဆေဒံ-မစွမ်းမငြိ၊ တိတိဖြတ်တောက်ခြင်းကို၊ ကတွာ-ပြု၍၊ ဝိဝိတ္တာသနေ-ဆိတ်ငြိမ်ရာ၌၊ နိသီဒိတွာ-ထက်ဝယ်ဖွဲ့ခွေ၊ ထိုင်နေ၍၊ တံဘဂဝန္တံ-ထိုမြတ်စွာ ဘုရားသည်၊ အာဂန္ဒာ-ကြွတော်မူလာ၍၊ အတ္တနော-မိမိ၏၊ သီသေ-ဦးခေါင်းပေါ်၌၊ နိသိန္နံဝိယ-သီတင်းသုံးနေတော်မူသကဲ့သို့၊ မညမာနော-စက္ခုဒ္ဒါရ၊ မျက်စိဝင်ဖြင့်၊ ကြည့်ရသလို၊ လှလှတပ်အပ်၊ မှတ်ထင် အောက်မေ့လျက်၊ ဣတိပိ သောဘဂဝါအရဟန္တိ အာဒိနာ-ဣတိပိသောဘဂဝါအရဟံ- ဤသို့ အစရှိသည်ဖြင့်၊ ဥပရိဝက္ခမာန နယေန-အထက်၌ ဆိုလတ္တံ့သော နည်းဖြင့်၊ ကာလသတံမို့-ကာလအရာကိုလည်းကောင်း၊ ကာလ

http://www.dhammadownload.com

သဟဿံမွိ–ကာလအထောင်ကိုလည်း၊ ကောင်း၊ ဘာဝေန္တော–ပွားစေလျက်၊ ဥပစာရ သမာ မိ–ဥပစာရသမာဓိကို၊ ဥပ္ပါဒေတွာ–ဖြစ်စေ၍၊ ပုဗ္ဗေ–ရှေး၌၊ ဝါရေးက၊ ဥဂ္ဂဟိတနိယာမေန–ယူအပ်ပြီးသော အမှတ် နိမိတ်ဖြင့်၊ ရူပါရူပဓမ္မေ–ရုပ်နာမ်တရားတို့ကို၊ လက္ခဏာ ရသ ပစ္စုပဋ္ဌာနပဒဋ္ဌာန ဝသေန–လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်–ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့်၊ ပုနပ္ပုနံ–အဖန်တလဲလဲ၊ အမြဲမပြတ်၊ အထပ်ထပ်၊ မနသိကရောန္တော–နှလုံးသွင်းလျက်၊ နာမရူပဝဝတ္ထာနံ–နာမ်ရုပ်တရားပိုင်းခြားခြင်းတို့ကို၊ ကတွာ–ပြု၍၊ သက္ကာယဒိဋ္ဌိ–သက္ကာယဒိဋ္ဌိကို၊ ဆိန္နိတွာ–ဖြတ်၍၊ ဝိသုဒ္ဓိမဂ္ဂေ–ဝိသုဒ္ဓိမဂ်၌၊ ဝုတ္တနယေနေဝ–ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင်။

ဤကဲ့သို့သော ကျမ်းဂန်ယုတ္တိဝတ္ထုသက်သေကို ထောက်၍၊ ယုံမှားသံသယမရှိကြမူ၍၊ ဆိုခဲ့ပြီးသော နည်းအတိုင်း ဆိတ်ငြိမ်ရာသို့ ကပ်ပြီးလျှင် မြတ်စွာဘုရားကို အာရုံပြု၍ မြတ်စွာဘုရားတည်းဟူသော အာရုံ၌ စိတ်ကို ခိုင်မြဲ တည်ငြိမ်စွာ စိုက်စိုက်စူးစူးအထူးဖွဲ့၍ ထားရာ၏။

ထို့ကြောင့် မြတ်စွာဘုရားကြီးက ကမ္မဋ္ဌာန်းလုပ်သူတို့အား စိတ်ထားပုံ နည်းပြတော်မူသည်မှာ–

ယထာထမ္မေ နိဗန္ဓေယျ၊ ဝစ္ဆံ ဒမံ နရောဇ္ဈဓ၊

ဗန္ဓေယျေ ဝံသကံ စိတ္တံ၊ သတိယာရမ္မဏေ ဒဠှံ။

ဝစ္ဆံ–နွားရူး နွားရိုင်း၊ ဖမ်းတိုင်းမခံ၊ ကြောက်လန့်ထွက်ပြေး၊ နွားမိုက် ကလေးကို၊ ဒမံ ဒမန္တော–ခိုင်းသာစေသော၊ လိုရာပါအောင်၊ ချည်နှောင်ဆုံးမလိုသော၊ နရော–နွားရှင်လူသည်၊ ထမ္ဘေ–မကျိုးမကွဲ၊ မယိုင်လဲနိုင်၊ မလွန်ခိုင်သော၊ ချည်တိုင်တုတ်တုတ်ကြီး၌၊ ရဇ္ဇုနာ–မပြတ်ခိုင်လှ၊ ကြိုးလွန်မကြီးဖြင့်၊ (ထည့်)၊ နိဗန္ဓေယျယထာ–ရုန်းကာအလွတ်၊ တစ်ရပ်တစ်ပါး၊ မပြေးသွားနိုင်၊ ခိုင်ခိုင်မြဲမြဲ၊ ချည်တဲ့ ဖွဲ့နှောင်ဘိသကဲ့သို့၊ ဧဝံတထာ–ဤပုံအလား၊ မမှားသွင်မူ၊ အတူတူ၊ ဣဓ–မင်္ဂဖိုလ် နိဗ္ဗာန်၊ ရရန်မှန်ငြား၊ ငါဘုရားသာသနာ၊ သမထဝိပဿနာ၊ ဤအရာ၌၊ သကံစိတ္တံ–အနုမတင်၊ ဘဝဆက်က၊ စလျက်ခုတိုင်၊ ဆိုင်ရာအာရုံ၊ ကြဲတိုင်းသာလိုက်၊ မိမိစိတ်မိုက်ကို၊ ဒမံဒမန္တော–ခြောက်ပါးအာရုံ၊ ကြဲတိုင်းမလိုက်၊ ထားရာ၌သာ၊ စိုက်စိုက်တည်နေ၊ ငြိမ်သက်စေငှာ၊ ဆုံးမပါလိုသော၊ နရော–ရဟန်းရှင်လူ၊ ပညာရှိသောသူသည်၊ အာရမ္မဏေ–ဗုဒ္ဓါနုဿတိ အစရှိသော သမထအာရုံ၊ ဝိပဿနာအာရုံ၌၊ ဒဠှံ–မြဲမြံခိုင်ခိုင်၊ မလွတ်နိုင်အောင်၊ သတိယာ–ထပ်ကာထပ်ကာ အောက်မေ့ရာသော၊ သမ္မာ သတိဖြင့်၊ ဗန္ဓေယျ–တုပ်ချည်နှောင်ဖွဲ့၊ မရွဲ့မစောင်း၊ ကောင်းကောင်းကြီးစိုက်၍ ထားရာ၏။

ဤသို့ ဟောတော်မူသော ပါဠိတော်မြတ်နှင့်အညီ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် ငါ၏ဦးခေါင်းပေါ်၌ လူ,နတ်တို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် သီတင်းသုံးနေထိုင်သကဲ့သို့ အောက်မေ့မှတ်ထင်လျက် ဝစီက မမြွက်ဘဲ မနောဒွါရ၌သာ အရဟံ–အရဟံဟု အဖန်ဖန် နှလုံးသွင်းရမည်။ ဤသို့ နှလုံးသွင်းခဲ့သည်ရှိသော် စိတ်သဒ္ဓါ ရွှင်လန်း၍ မြတ်စွာဘုရား၏ သဏ္ဌာန်တော်၊ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို စေတနာအားဖြင့် ပိုင်းခြားထင်ထင် ကွင်းကွင်း ကွက်ကွက် စိတ်အာရုံသဒ္ဓါတရားတိုးတက်၍ အချက်ကျ ထင်လာ မြင်လာလိမ့်မည်။

ထင်လာမြင်လာသော ဗုဒ္ဓါနုဿတိ အာရုံကို ဥပစာရ သမာဓိရအောင် ကြပ်ကြပ်ကြီး အားထုတ်ရမည်။ အားထုတ်တိုင်း, အားထုတ်တိုင်း ထင်ပြီးသော နိမိတ်တွင် အာရုံစူးဝင်၍ မြဲကြီးမြဲစေရမည်။ ဤကဲ့သို့ ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ ပွားများအားထုတ်ကြသော သူတို့မှာ ကျေးဇူး ထွန်းကားဖြစ်ပွားမှုမှာ ဆိုဖွယ်မရှိ။ အဘယ့်ကြောင့်နည်းဟု ဆိုသော် ဗုဒ္ဓဘာသာလူမျိုးမှန်က တစ်သက် တစ်ခါ

http://www.dhammadownload.com

ဖြင့် မုချဇကန် ဆေးကုရ၏မရ။ နောင်တစ်ခါ နာလန်မထပြီဟု သေလိမ့်မည် ထင်မှတ်ကြလျှင် ဘုရားကို အောက်မေ့၊ တရားကို အောက်မေ့၊ သံဃာတော်ကို အောက်မေ့၊ လှူဒါန်းပေးကမ်းခဲ့သော ကောင်းမှုကို အောက်မေ့၊ ဆောက်တည်ခဲ့သော သီလကို သာ အောက်မေ့လော်ဟု သူနာအား ကမ္မဋ္ဌာန်းတရားကို ပြောကြား တိုက်တွန်းကြ၏။ တိုက်တွန်းတိုင်း အာရုံပြုနိုင်လျှင် အာသန္နကံ ထောက်မ,၍ အနည်းဆုံး သုဂတိဘဝသို့ သွားနိုင် ရောက်နိုင်သေး၏–ဟု သက်ဝင် ယုံကြည် နှစ်သက်ခြင်း ရှိကြသည့်အတိုင်း ပြောမှား ဆိုမှား မရှိကြမူ၍ ကမ္မဋ္ဌာန်းတရားများကို၊ မနာမီ–သေဝပါးနီးဘေးကြီး မသင့်မီ ကျန်းမာစဉ်က တွင်တွင်ကြပ်ကြပ် အားထုတ်အပ်လှ၏။

သေခါနီး ဗုဒ္ဓါနုဿတိ ထင်ကြောင်းကို မဋ္ဌကုဏ္ဍလီ သူဌေးသားကို ထောက်၍ သိကြလေ။ ဗုဒ္ဓဘာသာလူမျိုးတို့သည် မိမိတို့သည်ပင်လျှင် ဘုရားကို ကိုးကွယ်၊ တရားတော်ကို ကိုးကွယ်၊ သံဃာတော်ကို ကိုးကွယ်ကြသည့်အတိုင်း ဘုရား,တရား,သံဃာတော်နှင့် စပ်လျဉ်း၍ ပေါ့ပေါ့စားစား မပြောသင့်ပေ၊ အဘယ့်ကြောင့်နည်းဆိုသော် မိမိ ကိုးကွယ် မှီဝဲဆည်းကပ်ကြသည်ကိုထောက်၍ သဒ္ဓါတရား ဖြစ်ပွားအောင်သာ ပြောဆိုသင့်ပေသည် ပညာရှိအပေါင်း သူတော်ကောင်းတို့။ ကြပ်ကြပ်သတိထား၍ စဉ်းစားကြပါ။ မစဉ်းစားက မှားမြဲမှတာပေတည်း။ ဘုန်းကြီးတို့က အစဉ်းစားကို အလွန်အလေးပြုသည်။

ရုပ်ရှုပုံကား

ဗုဒ္ဓါနုဿတိကို သမာဓိရပြီးသော ပုဂ္ဂိုလ်သည် ထိုဗုဒ္ဓါနုဿတိ အာရုံ၌ ဝိပဿနာသို့တက်၍ ရူလိုမူ ထို ထင်လာမြင်လာသော ဗုဒ္ဓါနုဿတိ အာရုံသည် ရုပ်မည်၏။ ထိုရုပ်ကို အာရုံပြု၍ ရူပ်အနိစ္စ၊ ရူပ်အနိစ္စ–ဤပညတ္တိ သဘာဝအားဖြင့် ထင်လာမြင်လာသော ရုပ်ကြီးသည် အမြဲမရှိ၊ အမြဲမရှိဟု အဖန်ဖန်ထင်မြင်အောက်မေ့ သုံးသပ် ကြည့်ရှုပွားများ အားထုတ်ခြင်းကို ပြုရာ၏။ ဤကား ရုပ်ရှုပုံတည်း။

နာမ်ရှုပုံကား

ထို ဗုဒ္ဓါနုဿတိကို အာရုံပြုသောစိတ်သည် နာမ်မည်၏။ ထိုနာမ်ကို နာမံ အနိစ္စံ၊ နာမံအနိစ္စံ–ဤ အောက်မေ့ခြင်းသဘောဟု ဆိုအပ်သောနာမ်သည် အမြဲမရှိ၊ အမြဲမရှိဟု အဖန်ဖန် အောက်မေ့ပွားများ ရှုဆင်ခြင်ရာ၏။ ဤကား နာမ်ရှုပုံတည်း။ အနိစ္စလက္ခဏာမျှကို ပြသည်။ အနိစ္စထင်လျှင် ဒုက္ခ အနတ္တတို့မှာ လွယ်ပါ၏။ ။ ဤကား သိသာရုံ အမြွက်မျှ ပြဆိုအပ်သော ဝိပဿနာရှုပုံတည်း။ နောက် ဝိပဿနာချည်း သက်သက်ပြမှ ထင်ရှားစွာ ဆိုမည်။

အမြွက်မျှဖြစ်သော ဗုဒ္ဓါနုဿတိကို
ပြဆိုခန်းပြီး၏။

× × ×

မရဏာနုဿတိကို အမြွက်မျှ ပြဆိုပေအံ့

လောကဌ် ရှိသမျှသော သတ္တဝါဟူသမျှသည် သေခြင်းတရားကို မလွန်နိုင်ပေ။

သဗ္ဗေသတ္တာ မရဏာမေဝ နိယတံ။

သဗ္ဗေ–ကြွင်းမဲ့ဥဿုံ၊ အလုံးစုံကုန်သော၊ သတ္တာ–ကြီးကြီးငယ်ငယ်၊ ဘယ်သူမကြွင်း၊ လူနတ်ဗြဟ္မာ၊ သတ္တဝါခပင်းတို့သည်၊ ဝါ–သဗ္ဗေသတ္တာ၊ သဗ္ဗေသံသတ္တာနံ–လောကတစ်ခွင်၊ မြင်မြင်သမျှ၊ ပုပ္ပရွရွ၊ ကြီးက ငယ်လူ၊ ဘယ်သူမကြွင်း၊ လူနတ်ဗြဟ္မာ၊ သတ္တဝါခပင်းတို့အား၊ မရဏာမေဝ–ဘယ်ခါမစဲ၊ အမြဲမသွေ၊ သေခြင်းသည်ပင်လျှင်၊ နိယတံ–နွားခြေရာ၌၊ လှည်းဘီးလိုက်သို့၊ ဆိုက်ဆိုက်မလွဲ၊ အမြဲဖြစ်၏။ ။ ပုထုဇဉ် လူသာမန် ပုဂ္ဂိုလ်တို့ကို မဆိုထားဘိဦး၊ ကိလေသာကုန်ခန်းသော ရဟန္တာပစ္စေက

http://www.dhammadownload.com

ဗုဒ္ဓါ ဘုရားရှင်တို့မှ၊ သေခြင်းတရားကို မလွန်နိုင်ကြ လေကုန်။ ။ နတေမုစ္စုန္တိမစ္စုနာ၊ တေ–ထိုကိလေသာ ကုန်ခန်း ရဟန္တာပစ္စေကဗုဒ္ဓါ ဘုရားရှင်တို့သည်၊ ဝါ–ဘုရားရှင်တို့သော်မှ၊ မစ္စုနာ–အသက်ခန္ဓာ၊ နှစ်ဖြာ ကွေကွင်း၊ သေခြင်း သဘောမှ၊ နမုစ္စန္တိ၊ အန္တိမဘဝ–အဆုံးကျတောင်၊ ရှောင်ကွင်းကျတ်ကျတ်၊ လွတ်တော်မမူကြကုန်။

ဘုရားရဟန္တာတို့မှာ စုတိမနေ သေရသော်လည်း စုတိစိတ်ချုပ်သည်နှင့် တစ်ပြိုင်နက် အနုပါဒိသေသ ပရိနိဗ္ဗာန်ပြုတော်မူရ၏။ နောင်တစ်ဖန် ထပ်၍ မသေရပြီ။

ကိလေသာရာဂ မကင်းမရှင်းကြသော ပုထုဇဉ်သတ္တဝါ၊ ငါငါသူသူ ဟူသမျှတို့သည် တစ်ဘဝနှင့်လည်း သေ၍ မပြီးနိုင်။ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ဆယ်ဘဝနှင့်လည်း သေ၍ မပြီးနိုင်၊ ဘဝတိုင်း ထပ်ကာ ထပ်ကာသာ သေကြရ၏။ ပစ္စုပ္ပန်ဘဝ၌လည်း အသက်ဘယ်မျှ နေရလိမ့်မည်၊ အဘယ်အခါ ဖျားရလိမ့်မည်၊ နာရလိမ့်မည်၊ ရောဂါဖြစ်ရလိမ့်မည်၊ ဘယ်အခါသေရလိမ့်မည်၊ နက်ဖြန်သေရလိမ့်မည်၊ သန်ဘက် သေရလိမ့်မည်၊ သေသောအခါ ငင်းအသေကောင်မသာလောင်းကို ဘယ်အရပ်မှာ ပစ်ချလိမ့်မည်၊ မြှုပ်လိမ့်မည်၊ ဤဘဝမှ သေသဖြင့် နောင်တမလွန်ဘဝ၌ ဂတိငါးပါးတို့တွင် ဘယ်ကတိသို့ လားရ သွားရလိမ့်၊ ရောက်ရလိမ့်မည်ဟု မုချပိုင်ပိုင် မသိနိုင်ကြလေ။

ဇီဝိတံ ဗျာဓိကာလောစ၊ ဒေဟ နိက္ခေပနံ ဂတိ၊

ပဠေတေ ဇီဝ လောကသ္မိံ၊ အနိမိတ္တော နနာယရေ။

ဇီဝိတံ–အသက်တိုရှည်၊ နေရအံ့မည်လည်းကောင်း၊ ဗျာဓိ–အဖျားအနာ၊ ရောဂါအန္တရာယ်၊ ဖြစ်ဖွယ်ကာလ၊ သမယလည်းကောင်း၊ ဒေဟနိက္ခေပန်–သေသောအခါ သုံးရက်ကြာလျှင်၊ မသာပုပ်ဟောင်း၊ အလောင်းကောင်ကို၊ တောင်ချမည်လား၊ မြှောက်ချမည်လား၊ အရပ်များလည်းကောင်း၊ ဂတိ–သေသောအခါ၊ ပါယ်ရွာလူ့ပြည်၊ နတ်ပြည်ဗြဟ္မာ၊ အဖြာဖြာသော လားရာ ဂတိလည်းကောင်း၊ ဇီဝလောကသို့–အသက်ရှည်သမျှ၊ သတ္တလောကဌ်၊ ဧတေပဋ္ဌ–ထိုငါးပါးတို့ကို၊ အနိမိတ္တော–အပိုင်းအခြား၊ နိမိတ်ထား၍၊ မမှတ်သားနိုင်သည်ဖြစ်၍၊ နနာယရေ–သတ္တဝါပုထုဇဉ်၊ လူသာမန်တို့၊ ဉာဏ်တွင်ပိတ်ဆီး၊ ကိလေသီးကြောင့်၊ တိတိကြီး မမြင်နိုင်လေ။ ဤငါးပါးကား အနိမိတ္တငါးပါးတည်း။

အသက်ငါးဆယ်နေရမည့်သူသည် ဆယ်နှစ်သားရှိလျှင် အသက်လေးဆယ်သာ ကျန်တော့သည်။ လေးဆယ်တန်း ရောက်ပြီ၊ ဖြစ်ပြီးသော အသက်တစ်ဆယ်သည် သေပြီးသာဖြစ်ပြီ၊ ၎င်းဆယ်နှစ်ကို ဘယ်လိုပင် ပြန်၍ နေချင်သော်လည်း နေရခြင်းငှာ မတတ်နိုင်ပြီ၊ မနေရတော့ပြီ။ ဘုရား ရဟန္တာပင် ဖြစ်ငြားသော်လည်း ပြန်၍ နေရခြင်းငှာ မတတ်နိုင်ပြီ။ ပုထုဇဉ်တို့မှာ ဆိုဖွယ်ရာမရှိ၊ နှစ်ဆယ်ရှိလျှင် သုံးဆယ်ကျန်တော့သည်။ သုံးဆယ်ရှိလျှင် နှစ်ဆယ်၊ လေးဆယ်ရှိလျှင် တစ်ဆယ်သာ ကျန်တော့သည်။ ဆယ်နှစ်သာ နေရတော့မည်။ ဆယ်နှစ်တန်း ရောက်ပြီ။ နောင် ကြာမြင့်မှ ဖြစ်လတ္တံ့သော ဆယ်နှစ်တန်းတော့ ကြောက်ကြသည်။ ယခုမျက်မှောက်ရောက်နေကြသော ကိုယ်တွေ့ ဆယ်နှစ်တန်းတော့ မကြောက်ကြ။ ဆယ်နှစ်တန်းပင် မထင်ကြ။ ယခုဆဲဆဲ ဆယ်နှစ်တန်းကိုသာ သာ၍ အလွန် ကြောက်ဖွယ် ကောင်းသည်။ လေးဆယ့်ငါးနှစ်ရှိလျှင် ငါးနှစ်သာ နေရတော့မည်။ လေးဆယ့်ကိုးနှစ်ရှိလျှင် တစ်နှစ်သာ နေရတော့မည်။ ငါးဆယ်ထဲ တစ်လ ဝင်၍ လာလျှင် တစ်ဆယ့်တစ်လ နေရတော့မည်။

ငါးလဝင်လျှင် ခုနစ်လ၊ ကိုးလဝင်လျှင် သုံးလသာ နေရတော့မည်။ မွေးဖွားသည့်နေ့ကစ၍ သေသောနေ့တိုင်အောင် တစ်နှစ်ထက်တစ်နှစ်၊ တစ်လ

http://www.dhammadownload.com

ထက်တစ်လ၊ တစ်ရက်ထက်တစ်ရက်၊ တစ်နာရီထက် တစ်နာရီ၊ တစ်မိနစ်ထက် တစ်မိနစ် သေရမည့် ဘက်ကို တဖြည်းဖြည်း, တဖြည်းဖြည်း နီး၍ နီး၍ သာလာ၏။ ကြပ်ကြပ် သတိကြီး ထားလိုက်ကြ။ တစ်ဆယ်နေရမည့်သူ။ ၂၀၊ ၃၀၊ ၄၀ နေရမည့်သူ။ ၆၀၊ ၇၀၊ ၈၀၊ ၉၀၊ ၁၀၀– နေရမည့်သူတို့ကို ထို့အတူ သိလေ။ ဤသို့ ဆိုအပ်ခဲ့ပြီးသော ပါဠိတော်အရပ်ရပ်, စကား အရပ်ရပ်တို့ကို အထပ်ထပ် စဉ်းစား၍ မရဏ မေ ဘဝိဿတိ၊ မေ–ငါ့အား၊မရဏ–သေခြင်းသည်၊ ဘဝိဿတိ–ဖြစ်လတ္တံ့ဟူလည်းကောင်း၊ ငါသေရလိမ့်မည်၊ ငါသေရလိမ့်မည်–ဟူ၍လည်းကောင်း အခါခါအထပ်ထပ် မပြတ်အောက်မေ့၍ နေရမည်။

ဤကဲ့သို့ အဖန်ဖန် အောက်မေ့မှုများများသော သူသည် ယခု ချက်ချင်း သေရတော့မလိုလို၊ နံနက် သေရတော့မလိုလို၊ ညနေသေရတော့မလိုလို၊ နက်ဖြန်သေရတော့မလိုလိုနှင့် စိတ်အာရုံမှာ ထင်၍ လာလိမ့်မည်။ ဤကဲ့သို့ မရဏသတိကိုထင်၍ လာသော သူသည် သား၊ မယား ကျွဲ၊ နွား၊ စပါး၊ ရွှေငွေဥစ္စာ၊ အဝတ်တန်ဆာ၊ တပည့်သား၊ သပိတ်ပရိက္ခရာမှ စ၍ မိမိခန္ဓာကိုယ်ကြီးပါ မခင်တော့ပြီ။ မတွယ်တာတော့ပြီ။ မနှစ်သက် မစုံမက်တော့ပြီ။ အကုသိုလ် မပြုဝံ့ မလုပ်ဝံ့တော့ပြီ။ အဖျင်းဆုံး စာအံရာမှာပင် မှိုင်းငေးရပ်ပြတ်ကာ နေတော့သည်။ ကုသိုလ်ကိုသာ အားထုတ်ချင်တော့သည်။ ဝိပဿနာကိုသာ ပွားချင်တော့သည်။

အဘယ့်ကြောင့်နည်းဟူမူ သေရမှာကြီးကို တစ်ခါတည်း မြင်၍ နေရသောကြောင့်တည်း။ ။ သေမည့် နေ့ကိုကား ပိုင်းခြား၍ မသိနိုင်၊ ထို့ကြောင့် အမှတ်တမဲ့ မနေကြနှင့်၊ ကြပ်ကြပ်စဉ်းစား၍ သေရမှာကြီးကို ကြပ်ကြပ်ကြောက်ကြ။ ။ သို့မှ ဝိပဿနာကမ္မဋ္ဌာန်းကို ပွားချင်အားထုတ်ချင်မည်။ ထိုသို့ အမှတ်တမဲ့နေ၍ သေဘေးကို မမျှော်၊ ပေါ့ပေါ့ပါးပါး လိုက်စား၍ အနေကြီး မှားပြီးလျှင် တရားကို အားမထုတ်ကြဘဲ နေကြမည့်သူတွေကို သနားတော်မူလှ၍၊ သဘေးဖြင့် ခြောက်လှန့်၍ ဝိပဿနာကို အားထုတ်အောင် မြတ်စွာဘုရားက ဟောကြားဆုံးမ၍ တိုက်တွန်း နှိုးဆော်ထားတော်မူသည်မှာ–

အဇ္ဇေဝကိစ္စမာတပ်၊ ကောဇညာမရဏံ သုဝေ၊

နဟိနောသင်္ဂရံတေန၊ မဟာသေနေန မစ္စုနာ။

(ဥပရိပဏ္ဏာသ ပါဠိတော်လာ၊
ဘဒ္ဒေကရတ္တိသုတ်ပါဠိ)

အဇ္ဇေဝ– နက်ဖြန် သန်ဘက်၊ ရက်ဆက်မလိုက်၊ စိတ်ကြိုက်မရွေ့၊ ယနေ့ပင်လျှင်၊ အာတပ်–သံသရာပျော်ပါး၊ အများသတ္တဝါ၊ တို့သူငါကို၊ ခါခါဖိသတ်၊ ကလိတတ်စွာ၊ ကိလေသာကို၊ နောင်တစ်ခါအသစ်၊ မဖြစ် မတိုးရအောင်၊ ရိုက်ချိုးပူပန်စေတတ်သော ဝိပဿနာ အားထုတ်ခြင်း လုံ့လကို၊ ကိစ္စကာတဗ္ဗ–ခုချက်ချင်းရုန်း၊ ဖြုန်းခနဲထ၊ လုံ့လအားထုတ်၊ ပြုလုပ်ပွားများ အပ်၏။ သုဝေ–နက်ဖြန်သန်ဘက်၊ နောက်ရက်,နောက်လ၊ နောက်နှစ်မှလျှင်၊ မရဏံ–ခန္ဓာအသက်၊ ဆက်ဆက်မသွေ၊ သေမည့်ကာလကို၊ ကောနရော–ပုထုဇဉ်လူ၊ အဘယ်သူသည်၊ ဇာနာ နေယျ–အဘိညာဏ်ဝေး၊ စိတ်အတွေးနှင့်၊ ဟုတ်ရေးပိုင်ပိုင် သိနိုင်ပါအံ့နည်း၊ နဇာဇဝေ–ဟုတ်ရေးပိုင်ပိုင် မသိနိုင်သည်သာတည်း။

ဟိသစ္စံ–မှန်၏၊ ဝါ–အဟုတ်၊ ဝါဟိယသ္မာ–အကြောင်းကြောင့်၊ မဟာသေနေန–ရောဂါအမျိုး၊ ကိုးဆယ့်ခြောက်ဖြာ၊ အိုနာသေရေး၊ ဘေးပေါင်းများစည်၊ စစ်သည်ဗိုလ်ပါရှိသော၊ တေနမစ္စုနာ–သူသူငါငါ၊ သတ္တဝါဟူ၊ ကြီးသူငယ်ရွယ်၊ ဘယ်သူမကြွင်း၊ သူ့လက်တွင်းသို့၊ မငြင်းဆံသာ၊ လိုက်ရပါသည်၊ အာဏာထန်ပြင်း၊ ထိုသေမင်းနှင့်၊ နော–စစ်ရေး

http://www.dhammadownload.com

ခြင်းပြိုင်၊ မထိုးနိုင်၍၊ မှိုင်ကာ ငုတ်တုတ်၊ လုပ်သမျှ သာ၊ ခံရရှာသော၊ ငါတစ်စုတို့အား၊ သင်္ကရံ-နက်ဖြန် သန်ဘက်၊ ဆက်ဆက်သေမည်၊ စသည့်မှတ်ကိန်း၊ နေ့ရက်ချိန်းခြင်းသည်၊ ဝါ-ဆယ်လုံးရာထောင်၊ လက်ဆောင်ပဏ္ဏာ၊ ထိုးသွင်းပါလည်း၊ သေရွာ မကင်း၊ ခွင့်လွှတ်ခြင်းသည်၊ နတ္တိ-ဧကန်တည့်တည့်၊ မရှိပါလေ၊ တသွာ-ထိုသို့ ဆိုခဲ့ပြီးသော အခြင်းအရာ ကြောင့်၊ ကိစ္စံကာတဗ္ဗံ-ပြုအပ် အားထုတ်အပ်၏။

ယခု ပစ္စက္ခ မရဏသတိ ထင်သော အသက် ငါးဆယ်ကျော်လောက်ရှိသည့် ဒါယကာကြီးတစ် ယောက်သည် မရဏသတိကို ထင်သဖြင့် ခုချက်ချင်း သေရတော့မလိုလိုဖြစ်၍ မှီခိုရာ ကိုးကွယ်ရာ မရှိသ ဖြင့် နေမွန်းတိမ်းကြီးအခါတွင် ဘုန်းကြီးကို လိုက်၍ ရှာနေသည်ကို ဘုန်းကြီးကိုယ်တိုင် တွေ့ဖူး၏။ ။ အသက်သုံးဆယ်ကျော်လောက်ရှိသော ဒါယကာ တစ်ယောက်တည်း ညအိပ်ရာဝင်သောအခါ မရဏ သတိထင်သဖြင့် ယခုညတွင်း သေရမလိုလို ထင်သ ဖြင့် နံနက်အခါ အိမ်တွင် မနေနိုင်၊ ရွာနှင့် တစ်တိုင် လောက်ကွာသော တောအရပ်သို့ တစ်ယောက်တည်း ချင်းထွက်၍ ဆယ်ရက်ပတ်လုံး သမထ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်လေသော် ထိုမရဏသတိကို အရင်းပြုသဖြင့် များစွာသော သမထ ဝိပဿနာများ ကို ဩဘာသ စသော နိမိတ်ကောင်းတို့ ထင်မြင် သည်ကိုလည်း ငါတို့ကိုယ်တိုင် တွေ့ဖူး၏။ ထိုသူ သည် အဗြဟ္မ စရိယသိက္ခာပုဒ်ကို ထိန်းလေ၏။

တစ်ဝါသာရသေးသော ရဟန်းငယ်တစ်ပါး လည်း စာတက်ရင်း စာကို မဆိုနိုင်ဘဲ တန့်ရပ်၍ နေသောကြောင့် ဘုန်းကြီးမေးလျှင်၊ မရဏသတိကို ထင်၍နေရသဖြင့် စာလုံးအက္ခရာကိုမျှ ထင်၍ မမြင် ရသောကြောင့်ဟု လျှောက်သည်ကို ဘုန်းကြီးကိုယ် တိုင် တွေ့ဖူးလေသည်။

မရဏသတိ၌ ဝိပဿနာရှုပုံကား ထိုသေခြင်း ကို အောက်မေ့သော သတိသည် နာမ်မည်၏။ ထိုနာမ်ကို လက္ခဏာရေးသုံးပါးဖြင့် အဖန်ဖန် အထပ် ထပ်ရှုလေ။ ရုပ်မရစကောင်း။ ။ ဤကဲ့သို့ မရဏ သတိကို ရှုရခြင်းသည် နိဗ္ဗာန်တိုင်အောင်သော အကျိုးကိုပေး၏။

မရဏသတိ အစီအရင် ပြီး၏။

× × ×

အဋ္ဌိကို အကျဉ်းမျှ ပြဆိုပေအံ့

ထိုအဋ္ဌိသည် ဗဟိဒ္ဓအပဖြစ်သော အဋ္ဌိ၊ အဇ္ဈတ္တ ကိုယ်တွင်း၌ ဖြစ်သော အဋ္ဌိ-ဟူ၍ နှစ်မျိုး ရှိ၏။ ။တစ်နည်း၊ အသုဘအဋ္ဌိ၊ ဒွတ္တိံသအဋ္ဌိဟူ၍ နှစ်မျိုးရှိ၏။ ။ ဗဟိဒ္ဓအဋ္ဌိနှင့် အသုဘအဋ္ဌိသည် အမည်သာ ကွဲသည် သဘောကား အတူတူပင်ဖြစ် ၏။ အဇ္ဈတ္တအဋ္ဌိ၊ ဒွတ္တိံသအဋ္ဌိမှာလည်း ထိုနည်း အတူပင် ဖြစ်၏။ ။ ထိုနှစ်ပါးတို့တွင် ဗဟိဒ္ဓအဋ္ဌိကို မြင်လွယ် ထင်လွယ်သဖြင့် ရှေးဦးစွာ ပြအံ့။ ထိုဗဟိဒ္ဓ အဋ္ဌိကို ရှုလိုသောသူသည် သင်္ချိုင်းသုသာန်သို့ သွား ပြီးလျှင် တွေ့ရာအရိုးတို့ကို ကောက်ယူစပ်ဆက်၍ ရှုကြည့်ရမည်။

ခြေရိုး, လက်ရိုး စသည်တို့ တခြားတကွဲ မဖြစ်သေးသော တစ်ကောင်လုံး စပ်ဆက်လျက်တွေ့ လျှင် သာလို့ပင်ကောင်းသည်။ ။ ထိုသို့တွေ့သော အရိုးကို ၎င်းသင်္ချိုင်းသုသာန်၌ပင်လည်းကောင်း၊ တောချုံသစ်ပင်ရင်း ကျောင်းအိမ်သို့ ဆောင်ယူ၍ လည်းကောင်း ရှုကြည့်ရမည်။ ။ ရှုဟန်ကား၊ ၎င်း အရိုးကို မိမိရှေ့တွင် မိမိသဘောကျသလို ထားပြီး လျှင်၊ မိမိအားရသလို နေ၍ ရှေးဦးစွာ ထိုအရိုးကို စေ့စေ့ကြည့်၍ အဋ္ဌိ အဋ္ဌိ ဟူ၍လည်းကောင်း၊ အရိုး အရိုး ဟူ၍လည်းကောင်း၊ နှုတ်က မမြွက်၊ စိတ်သက်သက်ဖြင့်သာ အောက်မေ့ရမည်။ အောက် မေ့ဖန်,ရှုဖန်များ၍ ထိုအရိုးစုကြီးကို ကွက်ကွက် ကွင်းကွင်း၊ ပိုင်းပိုင်းခြားခြား၊ မှတ်သားထင်မြင်၍ လာသောအခါ မျက်စိကို မှိတ်၍ ကြည့်လိုက်၊ ဖွင့်၍

http://www.dhammadownload.com

ကြည့်လိုက်၊ မမှိတ်တမှိတ် မှေးမှေးပြု ကြည့်လိုက်နှင့် အဖန်ဖန် ရှုရမည်။

ဤကဲ့သို့ ရှုဖန်များသဖြင့် မျက်စိကို မှိတ်သောအခါ အခိုက်အတန့်၌ လည်းကောင်း၊ ဖွင့်သောအခါ အခိုက်အတန့်၌လည်းကောင်း၊ မမှိတ်တမှိတ် မှေးမှေးပြုသောအခါ အခိုက်အတန့်၌ လည်းကောင်း၊ ၎င်းသုံးချက်စလုံး ဖွင့်၍ ကြည့်သောအခါ ကဲ့သို့လည်းကောင်း မထူးမခြား ထင်မြင်၍ လာလိမ့်မည်။ မိမိစိတ်အာရုံဝိတက်တွေလည်း တဖြည်းဖြည်း ငြိမ်သက် တည်ကြည်-ကြည်လင် ထင်မြင်၍လာလိမ့်မည်။

ထိုအခါ ပရိကမ္မနိမိတ်အောင်ပြီဟူ၍ မှတ်၊ အရိုးစုကို စ၍ ရှုသည်မှ စ၍ ထိုအခါတိုင်အောင် ပရိကမ္မနိမိတ်၏ နယ်ချည့်ပင်ဖြစ်၏။ ။ ဤကဲ့သို့ ထင်မြင်၍လာလျှင် မျက်စိဖွင့်ခြင်းကိုလည်းကောင်း၊ မှေးမှေးပြုခြင်းကို လည်းကောင်း ပယ်၍၊ မှိတ်၍သာလျှင် ရှုရမည်။ ထိုအခါ ဖွင့်ကြည့်သော အခါကဲ့သို့ မြင်ရလတ္တံ့။ ထိုသို့မြင်သောအခါ ၎င်းအရိုးရှိသော အရပ်မှတစ်ပါး တခြားသော အရပ်ဘက်သို့ မျက်နှာပြု၍ ရှုရမည်။ ထိုအခါ မိမိမျက်နှာလှည့်ရာ အရပ်သို့ အရိုးစုကြီး လိုက်နေဘိသကဲ့သို့၊ မိမိ အရှေ့၌သာ ထိုအရိုးစုကို မြင်လတ္တံ့။ ထိုအခါ ဥဂ္ဂဟနိမိတ်အောင်ပြီ ဟူ၍ မှတ်။ ဖွင့်၍ရှုခြင်း၊ မှေးမှေးပြု၍ ရှုခြင်းတို့ကို ပယ်သည်မှ ထိုအခါ တိုင်အောင် ဥဂ္ဂဟနိမိတ်၏ နယ်ချည့်ပင် ဖြစ်၏။

ထို ဥဂ္ဂဟနိမိတ်သည် ပရိကမ္မနိမိတ်နှင့် ထပ်တူပင်မြင်ရ၏။ ထိုဥဂ္ဂဟနိမိတ် ရပြီးသော ပုဂ္ဂိုလ်သည် အရိုးစုဖြစ်သော ကမ္မဋ္ဌာန်းရုပ်၊ ကမ္မဋ္ဌာန်းကောင်ကြီးကို မလိုတော့ပြီ။ မိမိရပြီးသော ဥဂ္ဂဟနိမိတ်အတိုင်းသာ ရှုရုံရှိတော့သည်။ အိပ်သောအခါ၊ ထိုင်သောအခါ၊ ရပ်သောအခါ၊ သွားသောအခါ၊ စားသောအခါ စသည်တို့၌ပင် ထင်ရမြင်ရတော့၏။ ဒွိဟိတ်ပုဂ္ဂိုဟ်များသည် ဤ ဥဂ္ဂဟနိမိတ် ကျအောင် ထင်နိုင်မြင်နိုင်ကြ၏။ မြင်နိုင်ဆိုသော်လည်း အားထုတ်မှသာ မြင်နိုင်သည်။ အားမထုတ်လျှင် မမြင်နိုင်။ ပကတိအကန်းကဲ့သို့သာဖြစ်၏။ ထို့ကြောင့် ကြပ်ကြပ် ကြိုးစား၍ အားထုတ်ကြလေ။

အချို့သောသူမှာ အလွယ်နှင့်ပင်ထင်၏။ အချို့သောသူမှာ အလွန်အားထုတ်မှ ထင်၏။ မထင်နိုင်လေလေ ကြပ်ကြပ်အားထုတ်လေလေ ထုတ်ရသည်။ အားကိုလျော့၍ မပစ်ကြနှင့်။ ခုက ခဲခဲယဉ်းယဉ်းနှင့်ပင် ထင်အောင်လုပ်မှ နောင်ထင်လွယ်သည်။ ခုက အားလျော့ခဲ့လျှင် နောင်ကို ဒီထက်ခက်လိမ့်မည်။ ကြပ်ကြပ်သတိထားကြ။ ။ ဤအဋ္ဌိ၌ ဥဂ္ဂဟနိမိတ်ထင်ကြသော သူတွေကို ငါတို့ကိုယ်တိုင်များစွာပင် တွေ့ဖူး၏။

ထိုသို့ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် အောင်မြင်စွာထင်လျှင် ပရိကမ္မ သမာဓိဈာန်လည်း အောင်မြင်တော့သည်။ ပရိကမ္မသမာဓိဈာန်ကို ရပြီးဟူ၍ မှတ်။ ။ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် နှစ်ပါးသည် ပရိကမ္မသမာဓိဈာန်၏ နယ်ချည့် ဖြစ်ကြ၏။ ထို ဥဂ္ဂဟနိမိတ်ကို နေ့ရှည်ရက်များ၊ အခါခါပွားများအပ်သော် ပွားများဖန်များသော် ထိုအဋ္ဌိ အရိုးစုသည် စက်ဆုပ်ဖွယ်မထင်၊ ကြည်လင်သန့်ရှင်းစွာ ဖြစ်သဖြင့် အလွန်ရှုကြည့်ချင်ဖွယ်ဖြစ်၍လာ၏။ ရှုရင်းမတ်တတ် မတန်ချင်အားမရနိုင်ဘဲ ထပ်၍ ထပ်၍သာ ရှုချင်တော့၏။ ပျင်းရိခြင်း မရှိပြီ။ ဥပမာကား အလွန်သစ်လှစွာ ကြည်လှစွာသော မှန်ချပ် ကြေးမုံကို ရှုကြည့်သကဲ့သို့တည်း။

ထိုသို့ ထင်လာ မြင်လာသော အရိုးစုကို ပဋိဘာဂနိမိတ်ဟု ခေါ်၏။ ထို ပဋိဘာဂနိမိတ်ထင်သော သူသည် တိဟိတ်သားဟုမှတ်။ ဤနိမိတ်ကား၊ တိဟိတ်ဟုတ် မဟုတ်ကို စစ်တမ်းဖြစ်သော နိမိတ်တည်း။ တိဟိတ်သားဖြစ်မှ ထင်နိုင်သည်။ တိဟိတ်သားပင်ဖြစ်သော်လည်း အားထုတ်မှသာ ထင်နိုင်သည်။ အားမထုတ်လျှင် မထင်နိုင်။

http://www.dhammadownload.com

ထိုပဋိဘာဂနိမိတ်ထင်လာသည်နှင့် တစ်ပြိုင်နက် ကာမဆွန္ဒ စသော နီဝရဏခြောက်ပါးတို့သည်လည်း ကောင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီ ပုဂ္ဂိုလ်၏ စိတ်သန္တာန်၌ မကပ်လာဝံ့ဘဲ ဝေးဝေးကြီးခွာ၍ နေကြရ၏။ အဘယ့် ကြောင့်နည်းဟူမူ ထိုပုဂ္ဂိုလ်၏ စိတ်သည် အတိုင်းထက်အလွန် ကြည်လင် ငြိမ်သက်သောကြောင့်လည်း ထိုသို့ နီဝရဏကွာ၍ စိတ်ကြည်လင်စွာ ဖြစ်သည်ကိုပင် ဥပစာရသမာဓိဈာန်ဟု ခေါ်၏။

ပဋိဘာဂနိမိတ်ထင်သည်မှစ၍ အပွနာဧော မကျခင်၊ အပွနာဝီထိ၌ အကျုံးဝင်သော၊ ဂေါတြဘူ ဧောကျအောင်သော သမာဓိဈာန်တို့သည် ဥပစာရ သမာဓိဈာန်၏ နယ်ချည့် ဖြစ်ကြ၏။ ။ ထိုပဋိဘာဂ နိမိတ်ဖြစ်သော အရိုးစုကို အဖန်ဖန် အားထုတ်ပွား များလေသော် ပထမဈာန်ကို ရလေ၏။ ထိုပထမ ဈာန်သည်ပင် အပွနာသမာဓိဈာန်မည်၏။ ထိုအင်္ဂါ သည် ရူပါဝစရ ပထမဈာန်ကိုသာ ရနိုင်သည်။ ဒုတိယဈာန်တို့ကို မရနိုင်ပေ။

ဒုတ္တိံသအင်္ဂါကို ဗဟိဒ္ဓအင်္ဂါကို စံယူ၍ ကြည့်။ ကြည့်သောအခါ၌ မိမိ အဖျတ္တ၌ရှိသော အရိုးတွေ သည် ဗဟိဒ္ဓဖြစ်သော အရိုးကဲ့သို့ စံတူ စိတ်အာရုံဖြင့် မြင်လေ၏။ ဤကား အဖျတ္တကို စွဲ၍ထင်သော အခြင်းအရာပေတည်း။

အင်္ဂါနှစ်မျိုးစလုံးပင် ဝိပဿနာထင်ပုံကား ၎င်းအရိုးစု၌ အဏုမြူမှုန့်၊ ဖုန်မှုန့် ပမာဏမျှသော ရုပ်ကလာပ်မှုန့်ကလေးတွေ စုပေါင်း၍ နေ၏။ ထို ရုပ်ကလာပ်မှုန့်ကလေးတွေ တစ်ထောင်းထောင်း ထ၍၊ တသွင်သွင် ပျက်စီး၍ နေသည်ကို အနိစ္စ ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ရမည်။ ရှုဆင်ခြင် သောအခါ၌ ပျက်စီးသည်များကို ကြပ်ကြပ်မြင်ခဲ့ သော် ထိတ်တတ် လန့်တတ်သည်။ သတိကြပ်ကြပ် ထား၊ မိမိကိုယ်ကိုမိမိ ကိုင်၍ ကြည့်မိတတ်၏။ သတိထား၊ ကမ္မဋ္ဌာန်းအာရုံ ပျက်တတ်၏။ အာရုံ မပျက်အောင် စိတ်ငြိမ်ငြိမ်ထား၍ ကြပ်ကြပ် နှလုံး သွင်းကြ။ ။ ဤကဲ့သို့ နှလုံးသွင်းခြင်း ဝတ္ထုသက်သေ ကား–

ဧတိယပဗ္ဗတဝါသီ မဟာတိဿထေရ်သည် ဆွမ်းခံသွားသောအခါ သူငယ်မ တစ်ယောက်သည် ခင်ပွန်းနှင့် ရန်ဖြစ်၍ အမိအိမ်သို့ ပြန်လာရာ မဟာ တိဿထေရ်ကို မြင်၍ သာယာသောစိတ်ရှိသော ကြောင့် မိန်မတို့မာယာဖြင့် ရဟန်းသည် သူ့ကို ကြည့်လေအောင် ခစ်ခစ် ခစ်ခစ် ရယ်လေသော် မဟာတိဿထေရ်က ဘာသံတုန်းလို့ ကြည့်လိုက်ရာ သူငယ်မ၏ သွားကိုမြင်သဖြင့် အင်္ဂါ၊ အင်္ဂါ၊ အရိုးစု၊ အရိုးစုဟု နှလုံးသွင်းလေသော် မိန်းမမှန်းမသိ၊ ယောကျ်ားမှန်းမသိ၊ အရိုးစုကြီးတစ်ကောင် သွားလေ သည်ကို မြင်လေ၏။ ဤကဲ့သို့ အင်္ဂါကို အစွဲပြု၍ ဝိပဿနာတိုင်အောင် ဉာဏ်မြင်သောကြောင့် တရား အထူးကို ရကြ၍ ကြွသွားလေရာ သူငယ်မ၏ ယောကျ်ားသည် အခေါ်လိုက်၍လာသဖြင့် ထို မထေရ်နှင့်တွေ့လတ်သော်၊ အရှင်ဘုရား သူငယ်မ ကလေးတစ်ယောက် မတွေ့လိုက်ဘူးလားဘုရားဟု လျှောက်လေရာ ဒါယကာ၊ မိန်းမမှန်း၊ ယောကျ်ား မှန်း ငါမသိ၊ အရိုးစုကြီးတစ်ကောင် ဤလမ်းသို့ သွားရှာလေ၏ဟု တိဿမထေရ်က ပြောကြားလိုက် ၏။

ဤသက်သေဝတ္ထုများကို ထောက်၍ အား ထုတ်သင့်လှပေ၏။ တစ်ဝတ္ထုကား၊ လူကိုမဆိုထား ဘိ၊ ငါတို့မြတ်စွာဘုရားလက်ထက် ဘိက္ခုနီမတို့က မွေး၍ထားသော ကျေးသားကြက်တူရွေးငယ် တစ်ကောင်သည် ဘိက္ခုနီမတို့သင်အပ်သော အင်္ဂါ ကမ္မဋ္ဌာန်းကို ရွတ်လေသော် အရိုးစုကို မြင်လေ၏။ တနေ့သ၌ ၎င်းကျေးသားငယ်ကို သိန်းကုတ်၍ သွား ရာ အရိုးစုကြီးက အရိုးစုကလေးကိုချီ၍ သွားသည် ဟု အဖန်ဖန်မြင်လေသော် သိန်းက ကြောက်လန့်၍ လွတ်ချလိုက်သဖြင့် မိမိနေရာ ဘိက္ခုနီမတို့ထံ

http://www.dhammadownload.com

ရောက်၍ ချမ်းသာစွာနေရလေ၏။ ။ ဤတိရစ္ဆာန်ကျေးသားကို ထောက်ထားအားကျသဖြင့် ငါတို့မှာမူ လူပေတကားဟု အံ့သွားကိုကြိတ်၊ စိတ်ခါးတောင်းကျိုက်၍ မထင်မမြင်မခြင်း အားထုတ်ကြ။ ။ ဤကာကျမ်းဂန်ဝတ္ထုသက်သေပေတည်း။

ယခု ပစ္စက္ခမျက်မှောက်၌ အဋ္ဌ ထင်ကြသော ဝတ္ထုသက်သေကား ဝါ နှစ်ဆယ်ကျော်ရပြီးသော တောကျောင်းဘုန်းတော်ကြီးတစ်ပါးသည် ရွာထဲ၌ သံဃာတော် ရှစ်ဆယ် ဆွမ်းကျွေးရာတွင် တောကျောင်း ဘုန်းတော်ကြီးက စားကြ, ဝတ်ကြ, ရွှင်လန်းကြသည်ကို မြင်သဖြင့် တရား လက်လွတ်နေကြသည်ကိုမြင်၍၊ သံဝေဂရ၍ အဋ္ဌကမ္မဋ္ဌာန်းကို နှလုံးသွင်းလိုက်သော် ရဟန်းရှင်လူမှ စ၍ ရှိသော ပရိသတ်ကြီးကို အရိုးစုကောင်တွေဖြစ်၍နေသည်ကို မြင်ရ၏။ ။ ထိုဘုန်းတော်ကြီးသည် အဋ္ဌကမ္မဋ္ဌာန်းလက်စရ၍ များစွာသော သမထဝိပဿနာတို့ကို ပိုင်ပိုင်နိုင်နိုင်ကြီး အားထုတ်နိုင်လေ၏။ ။ ထိုပုဂ္ဂိုလ်ကြီးသည် ရှိသော တပည့်သားမြေး ဒါယကာတို့ကို စွန့်၍ ဓမ္မဝိဟာရီ အဖြစ်ဖြင့်နေသည်ကို ငါတို့ကိုယ်တွေ့ ဒိဋ္ဌမျက်မြင် ဖြစ်ပေသည်။

တစ်ဝတ္ထုကား အသက်သုံးဆယ့်ငါးနှစ်ခန့် ရှိသော ဒါယကာတစ်ယောက်သည် အဋ္ဌကမ္မဋ္ဌာန်းကို နှလုံးသွင်းလေသော်၊ အရိုးစုကောင်တွေသာဖြစ်၍နေသည်ကို များစွာမြင်လေ့ရှိသဖြင့် သံဝေဂရ၍ အဗြဟ္မစရိယ သိက္ခာပုဒ်တော်ကြီးကို သွင်း၍ ဘုရားလောင်းသူတော်ကောင်းတို့ စောင့်ထိန်းအပ်သော ငါးပါးသီလတော်မြတ်ကြီးကို စောင့်ရှောက်ရုံမက ကွမ်းမစား၊ ဆေးမသောက် ပလီဟောဓတို့ကို ဖြတ်နိုင်သမျှဖြတ်၍ လေးနှစ်ကျော်သောအခါ ယခု သားမယားကို စွန့်လွှတ်၍၊ ပဉ္စင်းအဖြစ်သို့ ရောက်၍ ကောင်းမွန်စွာ အကျင့်သိက္ခာနှင့် နေသည်ကို ငါတို့ကိုယ်တွေ့ ဒိဋ္ဌ သိရှိရပေသည်။

တစ်ဝတ္ထုကား အသက်ခြောက်ဆယ်ကျော် ဒါယိကာမကြီး တစ်ယောက် အရိုးစုကမ္မဋ္ဌာန်းကို နှလုံးသွင်းသော်၊ တစ်ပါးသောသူ တို့သဏ္ဌာန်နှင့် တကွ မိမိအဖျစ်တွကိုပါ အရိုးစုကြီးထင်၍နေသဖြင့် အဋ္ဌအရိုးစုနိမိတ်ကို ဖျောက်ပစ်၍ မရသဖြင့် ထမင်းမစား၊ ရေမျှ ကောင်းမွန်စွာ မသောက်ရှာရာဘဲ တစ်နေ့ပတ်လုံးနေရသည်ကို ငါတို့ ကိုယ်တွေ့ဒိဋ္ဌ တွေ့ကြုံရပေသည်။ ။ သမထဝိပဿနာ၌ များစွာယုံကြည်လေ့ရှိသော ပညာရှိအပေါင်း သူတော်ကောင်းတို့ ကြပ်ကြပ်အားထုတ်ရမည်။

အကျဉ်းမျှဖြစ်သော အဋ္ဌကမ္မဋ္ဌာန်းရှုပုံ ပြီး၏။

× × ×

အာနာပါနကို အကျဉ်းမျှ ပြဆိုခန်း

ဥပလက္ခဏအနည်းငယ်မျှဖြစ်သော အာနာပါနကမ္မဋ္ဌာန်းရှုပုံကို ပြပေအံ့။

ကမ္မဋ္ဌာန်း၌ သက်ဝင်ယုံကြည် နှစ်သက်ခြင်း သမ္မာဆန္ဒဝီရိယရှိကြသော ရဟန်းရှင်လူ ပညာရှိအပေါင်း သူတော်ကောင်းတို့၊ အာနာပါန ဖြစ်သော ကမ္မဋ္ဌာန်းသည် ဝိတက်နှင့် မောဟကို ပယ်ဖျောက်နိုင်သော တရားဖြစ်ပေသည်။ ထိုအာနာပါနကို အားထုတ်ပွားများလျှင်ပင် သတိပဋ္ဌာန်ကိစ္စ လေးပါးလုံးပြီး၏။ ဗောဇ္ဈင်ခုနစ်ပါးလည်း ပြည့်စုံ၏။ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများသည်ရှိသော် မဂ်လေးပါး, ဖိုလ်လေးပါးသို့ ဆိုက်ရောက်နိုင်၏။

၁။ **အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။**

၂။ **စတ္တာရောသတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိ ပရိပူရေန္တိ။**

၃။ **သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိ ပရိပူရေန္တိ။**

၁။ ဘိက္ခဝေ–သံသရာရေ၊ ပင်လယ်ဖွေ၌၊ တာရှည်မြုပ်နစ်၊ ယုတ်အဖြစ်ကို၊ ထုတ်ညွှစ်

http://www.dhammadownload.com

ကူးသန်း၊ နိဗ္ဗာန်လှမ်းကြမည့်၊ ရဟန်းရှင်လူ၊ သူတော် အများ၊ ငါ့ချစ်သားတို့၊ အာနာပါနဿတိ-အာနာပါနဿတိအလုပ်ကို၊ ဝါ-ထွက်သက် ဝင်သက် အာရုံ၌ မှတ်ခြင်း, အောက်မေ့ခြင်း သတိကို၊ ဘာဝိတာ-ပွားစေအပ်သည်ရှိသော်၊ ဗဟုလီကတာ-အကြိမ်ကြိမ်အခါခါ၊ နေ့ရက်များစွာ၊ လေ့လာစွဲမြဲ၊ အားခဲကြိုးကုတ်၊ ပြုလုပ်ပွားများအပ်သည်ရှိသော်၊ စတ္တာရော သတိပဋ္ဌာန-သတိပဋ္ဌာန်လေးပါး၊ မြတ်တရားတို့ကို၊ ပရိပူရေန္တိ-ပြီးပြည့်စုံ စေနိုင်ကုန်၏။

၂။ စတ္တာရော သတိပဋ္ဌာနာ-သတိပဋ္ဌာန်လေးပါး၊ မြတ်တရားတို့ကို၊ ဘာဝိတာ-ပွားစေအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ-ကြိမ်ကြိမ်ခါခါ၊ နေ့ရက်များစွာ၊ လေ့လာစွဲမြဲ၊ အားခဲကြိုးကုတ်၊ ပြုလုပ်ပွားများအပ်ကုန်သည် ရှိသော်၊ သတ္တဗောဇ္ဈင်-ဗောဇ္ဈင်ခုနစ်ပါး၊ မြတ်တရားတို့ကို၊ ပရိပူရေန္တိ-ပြီးပြည့်စုံစေနိုင်ကုန်၏။

၃။ သတ္တဗောဇ္ဈင်္ဂါ-ဗောဇ္ဈင်ခုနစ်ပါး၊ မြတ်တရားတို့ကို၊ ဘာဝိတာ-ပွားများစေအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ-ကြိမ်ကြိမ်ခါခါ၊ နေ့ရက်များစွာ၊ လေ့လာစွဲမြဲ၊ အားခဲကြိုးကုတ်၊ ပြုလုပ်ပွားများအပ်ကုန်သည် ရှိသော်၊ ဝိဇ္ဇာဝိမုတ္တိ- လောကုတ္တရာ ဝိဇ္ဇာလေးပါး၊ ဝိမုတ္တိလေးပါးတို့ကို၊ ပရိပူရေန္တိ- ပြီးပြည့်စုံစေနိုင်ကုန်၏။

မဂ်ဉာဏ်လေးပါးသည် လောကုတ္တရာ မဂ်ဉာဏ်လေးပါးမည်၏။ ဖိုလ်ဉာဏ်လေးပါးသည် ဝိမုတ္တိလေးပါးမည်၏။

အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို နေ့ရှည်ရက်များ ကြိုးပွားထမြောက်အောင် လုပ်နိုင်ပါမူကား သတိပဋ္ဌာန်လေးပါးကို ပွားများမှုကိစ္စလည်း အလိုလို ပြီးစီးတော့သည်။ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများမှုကိစ္စကိုလည်း အလိုလိုပြီးစီးတော့သည်၊ ဝိဇ္ဇာဝိမုတ္တိတရားနှစ်ပါးကို ပွားများမှုကိစ္စလည်း အလိုလိုပြီးစီးတော့သည် ဟူလိုသတည်း။ ။ ဤပါဠိတော်၌ အလုံးစုံသော ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို သတိပဋ္ဌာန် ဗောဇ္ဈင်၊ ဝိဇ္ဇာဝိမုတ္တိတို့ဖြင့် သိမ်းကြုံး၍ ဟောတော်မူသည်။ ဗောဓိပက္ခိယတရား ၃၇-ပါးကို ပွားများမှု အကုန်ပြီးစီး၏ ဆိုလိုသည်။ ။ ဤသို့သော ပါဠိတော် အဓိပ္ပာယ် စကားရပ်တို့ကို ထောက်၍၊ သူ, ငါ, မှ စ၍ အာနာပါန ကမ္မဋ္ဌာန်းအလုပ်ကို များစွာ အားထုတ်သင့်ပေသည်။

အာနာပါနကမ္မဋ္ဌာန်းကို နလုံးသွင်းရန်ကို ဆိုပေအံ့

ထွက်လေ ဝင်လေ ထိရာဌာနတွင် ထင်ရှားရာ တစ်ခုခုကို မှတ်၍ ထွက်သက်ဝင်သက်လေ၊ ထွက်လျှင်ထွက်မှန်းသိ၊ ဝင်လျှင်ဝင်မှန်းသိစေ၍၊ ထွက်တိုင်း ဝင်တိုင်း ထွက်ဝင် ထွက်ဝင်ဟု မနောဖြင့် မှတ်၍ နှလုံးသွင်းရမည်။ သွင်းဖန်များသော် စိတ်သမာဓိရ၍ အာနာပါနကမ္မဋ္ဌာန်း၌ ထင်လာမြင်လာမြဲ ဖြစ်သော တစ်ဆယ့်နှစ်ပါးသော နိမိတ်တို့တွင် လျော်ရာထင်လာလိမ့်မည်။ ကြပ်ကြပ်နှလုံးသွင်းကြ။

တစ်ဆယ့်နှစ်ပါးသော နိမိတ်ဟူသည်ကား

ကြယ်၏ အရောင်အဆင်းကဲ့သို့ လက်လက်ကြည်ကြည် ထင်ခြင်း။ ၁။ ဥပမာကား၊ မှန်စီခြယ်လှယ်အပ်သော ပြာသာဒ်ဘုံနန်းကျောင်းအိမ်ကို နေနှင့် တည့်စဉ်ခပ်လှမ်းလှမ်းအရပ်က ကြည့်သော အခါ လက်လက်ကြည်ကြည် မြင်ရသကဲ့သို့တည်း။ ပတ္တမြားလုံး၊ ပတ္တမြားသွယ်၊ ပတ္တမြားကုံး၊ ပတ္တမြားခက်ကဲ့သို့ ထင်ခြင်း။ ၂။ ပုလဲလုံး၊ ပုလဲကုံး၊ ပုလဲသွယ်၊ ပုလဲခက်ကဲ့သို့ ထင်ခြင်း။ ၃။ ဤနိမိတ်နှစ်ပါး၌ အလုံးဆိုသည်ကား၊ တစ်လုံးချင်း ထင်သည်ကိုယူ၊ အကုံးဟူသော စကား၌ သုံးလုံး၊ ငါးလုံး၊ ဆယ်လုံးမှ

http://www.dhammadownload.com

စ၍ စိပ်ပုတီးကုံးကဲ့သို့ ထင်သည်။ အသွယ်ဆိုသည်ကား၊ နှစ်လုံး၊ သုံးလုံး၊ ဆယ်လုံး စသည်ဖြင့် သွယ်တန်းလျက်ထင်သည်။ ဝါဇေကဲ့သို့ ထင်ခြင်း။ ၄။ တစ်ခု၊ နှစ်ခုမှ စ၍ များစွာလည်းထင်သည်။ ။ တံကျင်း၊ တံသင်း၊ တံစို့၊ သစ်ချွန်ကဲ့သို့ ထင်ခြင်း။ ၅။ ဆောက်လုံးကြိုးကဲ့သို့ လည်းကောင်း၊ တောပန်းဆူးပန်းသွယ်ကဲ့သို့ လည်းကောင်း၊ မီးခိုးလျှံကဲ့သို့ လည်းကောင်း ထင်ခြင်း။ ၆။ ၎င်းနိမိတ်နှစ်မျိုးကား နိမိတ်တံ၊ နိမိတ်ချောင်းတွေတည်း။ နှာခေါင်းပေါက်မှ ရှေ့သို့ ကြောင်းကြောင်း တန်းတန်းထင်၏။ မီးခိုးနိမိတ်မှာ သေးသေးသွယ်သွယ် ထင်ခြင်း၊ အမှိုက်ပုံမီးရှို့သောအခါ မီးမတောက်ခင် မီးခိုးလုံးကြီး ထသကဲ့သို့ ထင်ခြင်းနှစ်မျိုးရှိ၏။ ။ ပင့်ကူချည်၊ ပင့်ကူမျှင် အဝိုင်းကဲ့သို့ထင်ခြင်း။ ၇။ တိမ်တောင် တိမ်ထပ်လွှာကဲ့သို့ ထင်ခြင်း။ ၈။ ပဒုမ္မာကြာပွင့်ကဲ့သို့ ထင်ခြင်း။ ၉။ ပကတိသော ပဒုမ္မာကြာမျှမက အလွန်ရှုချင်ဖွယ်ဖြစ်အောင်ထင်၏။ ။ ရထားလှည်းဘီးစက်ကဲ့သို့ထင်ခြင်း။ ၁၀။ ၎င်းနိမိတ်မှာ စို့သက်တန့်ဝန်းကဲ့သို့ အဆင်းအရောင်မခြား ထင်၏။ ချာချာလည်၍လည်း ထင်တတ်၏။ ထူးဆန်းသော အင်္ဂလိပ်ဓာတ်ရှင်ပွဲကို မကြည့်ချင်၊ ဤနိမိတ်ကိုသာ ကြည့်ချင်၏။ ။ လပြည့်ဝန်း လဝိုင်းကြီးကဲ့သို့ ထင်ခြင်း။ ၁၁။ နေဝန်း နေဝိုင်းကြီးကဲ့သို့ ထင်ခြင်း။ ၁၂။ ဤနိမိတ် တစ်ဆယ့်နှစ်ပါးကား၊ အဋ္ဌကထာ၌ လာသော နိမိတ်တည်း။

လဲဝါဂွမ်းစိုင်၊ လဲဝါဂွမ်းစု၊ လဲဝါ ဂွမ်းပုံကြီးကဲ့သို့ ထင်ခြင်း။ ၁။ဤ နိမိတ်ကား၊ လှည်းတစ်စီးတိုက်လောက် ပမာဏ ကြီးကျယ်များပြား အောင်ပင်လည်း ထင်၏။ ။ လေအယဉ်ကဲ့သို့ထင်ခြင်း၊ ၂။ ဤနှစ်ပါးကား ဋီကာ၌လာသော နိမိတ်တည်း။ ဤမှ တစ်ပါး ကျမ်းဂန်တို့၌ မလာသော နိမိတ်တို့လည်း ထင်သေး၏။ ဤနိမိတ်စုကား၊ ကျမ်းဂန်လာသော နိမိတ်စုတည်း။ ဤနိမိတ်တို့ကို ကိုယ်တိုင် ထင်ရမြင်ရအောင် အားထုတ်ကြ၊ သို့မှ ယုံကြည်မည်။ ။ ဤနိမိတ်တို့တွင် ဝါဂွမ်းစိုင်၊ လေအယဉ်၊ ကြယ်ရောင်၊ ပတ္တမြားလုံး၊ ပတ္တမြားကုံး၊ ပတ္တမြားသွယ်၊ ပုလဲလုံး၊ ပုလဲကုံး၊ ပုလဲသွယ်ကဲ့သို့သော နိမိတ်တို့သည် ပဋိဘာဂနိမိတ် မည်ကုန်၏။ ကြွင်းသော နိမိတ်တို့သည် ဥဂ္ဂဟနိမိတ်မည်ကုန်၏။ ။ ဤပဋိဘာဂနိမိတ် ထင်သည်တိုင်အောင် အနုဗန္ဓနာနည်းဖြင့် အားထုတ်ရာ၏။

ထပနာနည်းကို ပြပေအံ့။ ပဋိဘာဂနိမိတ်ထင်သည်မှစ၍ ထပနာနည်းဖြင့် အားထုတ်အပ်၏။ ထပနာဆိုသည်ကား၊ ပဋိဘာဂနိမိတ် မည်သည် ပညတ်အာရုံအထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏။ သဘာဝဓမ္မမျိုး မဟုတ်သောကြောင့် ကွယ်ပျောက်လည်း ကွယ်ပျောက်လွယ်၏။ ကွယ်ပျောက်ပြန်လျှင် တစ်ဖန် ထင်မြင်ရန် အမှုလည်း ခက်၏။ ထို့ကြောင့် ထင်လာမြင်လာသော ပဋိဘာဂနိမိတ်ကို မကွယ် မပျောက်စေမူ၍ တစ်နေ့တခြား ထင်ရှားပွင့်လင်း၍သွားအောင် ထိုအာရုံ၌ စူးစူးစိုက်စိုက် အားတိုက်ဖိစီး၍ စိတ်ကိုထားခြင်းသည် ထပနာမည်၏။ ။ အဘယ်မျှလောက် ကြာမြင့်အောင် ဤထပနာအားဖြင့် အားထုတ်ရာသနည်းဟူမူကား၊ စတုက္ကနည်းအားဖြင့် ရူပါဝစရ စတုတ္ထဈာန်တိုင်အောင် အားထုတ်ရာ၏။

အာနာပါနာကမ္မဋ္ဌာန်းက ဝိပဿနာတက်ပုံကား

ဤ ထွက်သက်လေ ဝင်သက်လေ နှစ်ပါးသည် ရူပကာယဖြစ်၍ ရူပက္ခန္ဓာမည်၏။ ဝါယောလေဓာတ်မည်၏။

ထိုထွက်သက် ဝင်သက်ဟု ဆိုအပ်သော ရုပ်ကို အထွက်တစ်ချက်၊ အဝင်တစ်ချက် ဝိပဿနာဖမ်းရမည်။ ဖမ်းပုံကား ထွက်သောအခါ အပျက် တစ်ချက်၊ ဝင်သောအခါ အပျက်တစ်ချက် ထင်အောင်ရှုရမည်။ ဤကား အနိစ္စတည်း။ ဒုက္ခအနတ္တတို့မှာ

http://www.dhammadownload.com

လွယ်လတ္တံ့။ ။ ထိုထွက်သက်လေ ဝင်သက် လေ နှစ်ပါးကို မှတ်သော အာရုံပြုသော စိတ်သည် နာမ် မည်၏။ ထိုနာမ်ကိုလည်း အထွက်တစ်ချက်၊ အဝင် တစ်ချက် ထင်အောင်ရှုလေ။

သမထအရာ၌ ကမ္မဋ္ဌာန်းလေးဆယ်ရှိသည် တွင် ဤအာနာပါန ကမ္မဋ္ဌာန်းသည် အစဉ်စွဲမြဲ ပွား များခြင်းငှာ အလွယ်ဆုံး ဖြစ်၏။ အလွယ်ဆုံးဆို သော်လည်း အားထုတ်ဖန်များ၍ လေ့လာသော သူမှာသာ လွယ်သည်။ အားမထုတ်သော သူတို့မှာ မလွယ်နိုင်ပေ။

ထို့ကြောင့် ပညာရှိတို့ကား အာနာပါန ကမ္မဋ္ဌာန်းသည် အလုပ်ရလွယ်၏ဟု ဆိုသောအခါ ခက်၏ဟု စိတ်ရောကိုယ်ပါ မငြင်းဆန်ဘဲ ယုံယုံ ကြည်ကြည် စိတ်ရောကိုယ်ပါ လိုက်ပါနိုင်အောင် ကြပ်ကြပ်အားထုတ်ကြလေ။ မြတ်စွာဘုရားကလည်း တခြားသော သမထကမ္မဋ္ဌာန်းတို့ထက် ထွတ်မြတ် သော လွန်သောဂုဏ်ပုဒ်တို့ဖြင့် များစွာ ချီးမွမ်းတော် မူ၏။ အဋ္ဌကထာ ဆရာမြတ်ကြီးတို့လည်း (မဟာ ပုရိသဘူမိ) ဟု မိန့်တော်မူကြကုန်၏။

လူသာမန် ရှင်သာမန်တို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းမဟုတ်၊ လူပညာရှိကြီး၊ ရှင်ပညာရှိကြီး၊ ရဟန်းပညာရှိကြီးတို့နှင့်သာ ထိုက်တန်သော ကမ္မဋ္ဌာန်းဖြစ်သည်ဟူလို။ ။ ထို့ကြောင့် လူပညာရှိ ပီပီ၊ ရှင်ပညာရှိပီပီ၊ ရဟန်းပညာရှိပီပီ ဖြစ်ကြရလေ အောင် များစွာ အားထုတ်ကြရမည်။ အားမထုတ်ခဲ့ က လူသာမန်၊ ရှင်သာမန်၊ ရဟန်းသာမန်ထဲသို့ ကျ၍ နေလိမ့်မည်။ အလွန် ရှက်ဖွယ်ကောင်း၏။ သတိကြပ်ကြပ်ထားကြ။ ပညာရှိအပေါင်း သူတော် ကောင်းတို့။

ယခုအားမထုတ်ကြားသော်လည်း ဗုဒ္ဓဘာသာ လူမျိုးမှန်က သေခါနီးကျမှဖြင့် ဒီတစ်သက် ဒီတစ် ခါဖြင့် မုချဇကန် ဆေးကု၍ မရ၊ နောင်တစ်ခါ နာလှန်မထပြီလို့ ထင်ကြမှဖြင့် သမထဝိပဿနာ တရားကြီးတွေကို ပြောကြားသည်မှာ ဘုရား အောက် မေ့၊ တရား အောက်မေ့၊ သံဃာ အောက်မေ့၊ သီလ ဆောက်တည်သာ အောက်မေ့၊ လျှုခဲ့ တန်းခဲ့တာ အောက်မေ့၊ လက္ခဏာရေးသုံးပါးကို အောက်မေ့လို့ ပြောဆိုကြသည့်အခါ ပြောဆို သတိပေးကြသည့် အတိုင်း အောက်မေ့ခဲ့လို့ရှိလျှင် အာသန္နကံ ကူ ထောက်မ,သဖြင့် အသေကောင်း၍ သုဂတိဘဝသို့ ရောက်နိုင်သေး၏ဟု သက်ဝင်ယုံကြည်သဖြင့် မသေ ခင် အားအင်ရှိကြဆဲအခါ သမထ ဝိပဿနာများကို အားထုတ်ကြရမည်။ သတိကြပ်ကြပ်ထားကြ။

မဂ်ဖိုလ်ကို အလိုရှိကြသော ပညာရှိအပေါင်း သူတော်ကောင်းတို့သည် ပျော့ပျောင်းသောစိတ်၊ ယိုဖိတ်သောသဒ္ဓါ၊ ကြည်လင်သော စေတနာဖြင့် ရှိသေစွာ ကြည့်မှတ်သား၍၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ် ကြိုးပမ်း၍ မဂ်စခန်း, ဖိုလ်စခန်းသို့ ရွှင်လန်းစွာ ရောက်နိုင်ကြစေသတည်း။

အကျဉ်းချုံး၍ ပြအပ်သော အာနာပါနရှုပုံ ပြီး၏။

ဤ သန္တိဇြိမ်းခြင်း ဓာတ်သဘောတည်းဟူသော နိဗ္ဗာန်သို့ ရောက်ရ မြင်ရအောင် ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်၍ ကြပ်ကြပ် လုပ်ကြ။

နိဗ္ဗာန်ပြဆိုခန်း ပြီး၏။

× × ×

[သံဝေဂခမ္မကမ္မဋ္ဌာန်းကျမ်းမှ ထုတ်နုတ်ဖော်ပြပါသည်။]

သိမ်တောင်အင်းမကြီးတောရဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

သိမ်တောင်ဆည်ကြီးတောရ ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

သိမ်တောင်ဆည်ကြီးတောရဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

[၁၂၄၄-၁၃၂၁]

ဆရာတော်လောင်းလျာကို ၁၂၄၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့တွင် ပုဂံမြို့အနီး ဆည်ရွာ၌ ဖွားမြင်တော်မူသည်။ အဖ ကုန်သည် ဦးကျော့နှင့် အမိ ဒေါ်ကောင်းတို့ဖြစ်သည်။ [ဆရာဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးတွင် မိတ္ထိလာခရိုင်၊ ဝမ်းတွင်းမြို့နယ် (ထီးလှိုင်တိုက်) ရွှေတွင်းတူး ဆည်ကြီးရွာ၌ ဖွားမြင်သည်ဟု ပြပါသည်။]

ဆရာတော်သည် လွယ်လွယ်ကူကူနှင့် ရဟန်းဘဝသို့ ရောက်သည် မဟုတ်ပါပေ။ သုံးလေးနှစ် လွန်မှ ရဟန်းဖြစ်ရလေသည်။ အသက်နှစ်ဆယ် ကျော်သည်အထိ မိဘများနှင့်အတူ လုပ်ကိုင်စားသောက်သည်။ ထို့နောက် မန္တလေးမြို့သို့ သွားရောက် အလုပ်လုပ်ပြန်လေသည်။

ရိုးသားဖြောင့်မတ်မှုကြောင့် မိုးကုတ်သူဌေးတစ်ဦးက မွေးစားသည်။ မိုးကုတ်မြို့သို့ လိုက်နေရလေသည်။ ကျောက်သံပတ္တမြားကို မင်းပစ္စည်းတွေပဲဟု ပြောပြီး ပျော်အောင်ထားသော်လည်း မပျော်ပိုက်ချေ။ တောက်မည့်မီးကား ရဲရဲတည်း။ မိုးကုတ်သူဌေးကို ခွဲ၍ နေရပ်သို့ ပြန်ခဲ့လေသည်။

ရွာသို့ရောက်သောအခါ စိတ်တည်ငြိမ်မှု မရှိလှ။ နောက်ဆုံး အင်းမကြီးတောရ ဆရာတော်၏ ကျောင်းတွင် ကပ္ပိယလုပ်နေတော့သည်။

ဤသို့ဖြင့် ၁၂၆၈ ခုနှစ်တွင် ဝါတွင်းကြီး၌ပင် ကိုရင်ဘဝသို့ ရောက်သည်။ ဘွဲ့တော်မှာ အရှင်ဇဝန ဖြစ်သည်။

ဆရာစဉ်ဆက်စာရင်း

ပထမပုဗ္ဗာစရိယကား မိတ္ထိလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ထီးလှိုင်တိုက်နယ် ဆည်ရွာ ရွှေတွင်းတူး ဂိုဏ်းထောက် အရှင်ဥဂ္ဂံသ၊ ဒုတိယမှာ အင်းမကြီး သိမ်တောင်ဆရာတော် အရှင်ဓောတိက၊ တတိယ မုံရွာမြို့ လယ်တီဆရာတော် ဘုရားကြီး၊ ထို့နောက် စံကျောင်းဆရာတော်၊ သဲအင်း သာသနာပိုင်ဆရာတော်၊ ဗားကရာဆရာတော်၊ မင်းအိုဆရာတော်၊ ချောင်းကောက်ဆရာတော်၊ ကျော်အောင်စံထားဆရာတော်၊ ထို့ပြင် သေကျွတောင် ဆရာတော်နှင့် ဆရာသက်ကြီးတို့ထံမှလည်း အမွေများ ရရှိခဲ့ပါသည်။

ဤကဲ့သို့သော ဆရာတော်များထံမှ လက်ကျလက်နများ ရရှိခဲ့သည်ကို ဆရာတော်၏ အရိယာဝိဇ္ဇာမဂ္ဂ အလင်းပြကျမ်းဦး၌ ဖော်ပြထားလေသည်။

ဆရာတော်၏ ဆုတောင်း

မဟောသဓေါဝိယစ-လောကီပညာ၌ မယှဉ်သာ ဉာဏ်ကြီး၊ သူတစ်ပါးအကျိုး သိမ်းဆည်းသော

http://www.dhammadownload.com

အလောင်းတော် မဟော်သဓကြီးကဲ့သို့ လည်းကောင်း၊ ဝေဿန္တရာဝိယစ–ငါးသွယ်သော စွန့်ခြင်း၊ တစ်ပြည်လုံး ခါးထိန်စေသော ရတနာတွေကို မတားမမြစ်သော ဒါန၊ လျှုဒါန်းနိုင်သော ဝေဿန္တရာ မင်းကြီးကဲ့သို့လည်းကောင်း၊ အာသောကောဝိယ စ – စေတီကျောင်းကန်တည်ဖန် ရေတွင်းပေါင်းရှစ်သောင်းလေးထောင် လေးလီလှူသူ၊ တူပြိုင်သူ အခြေမတွက်ကြ၍ ဓတဒဂ်ရသော သီရိဓမ္မာသောကမင်းကြီးကဲ့သို့ လည်းကောင်း၊ ကဿပေါဝိယ စ–ခုတင်အရာ တူမယှဉ်သာ ယောဂီဓလေ့နှင့် တောမှီမွေ့သော အရှင်မဟာကဿပမထေရ်ကြီးကဲ့သို့လည်းကောင်း၊ ဝါ–ပဋိပတ်သာသနာ တရားအနှစ် ဘုရားချစ်၍ အများမဖြစ် ဓတဒဂ်ထားရဦးစွာ သင်္ဂါယနာတင်သော အရှင်မဟာကဿပမထေရ်မြတ်ကြီးကဲ့သို့လည်းကောင်း၊ မင်္ဂလာနိ–သုံးဆယ့်တစ်ခရိုင် ကုသိုလ်ရမှု၊ မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတို့ကို၊ ဝါ– ဒုက္ခ၊ သမုဒယ ဘယ်သူကမှ လက်မခံ ငြိမ်းအေးအောင်ကြဖန်၍ အပြန်ပြန်အလှန်လှန်ပြုတတ်သော မင်္ဂလာတရား သုံးဆယ့်ရှစ်ရပ်တို့ကို၊ ဂဝေသေတွာ–တိုက်စကြဝဠာ သွက်သွက်ခါ မြည်ဟည်း အလွယ်တကူ အလိုရှိတိုင်း ရှာမှီး၍၊ အရိယာဖလ်–ရှင်တော်ဘုရားတို့ ကြည်ညို၊ အရိယာတို့၏ ပရိညာအရဟတ္တဖိုလ်ကို၊ ဝိဇာနာမိ၊ လောကသုံးရပ်၊ အဆုံးသတ်၍ အနှစ်ရှာလျှင် လေးပါးသောသစ္စာသိတဲ့ မဂ္ဂင်ကို လျင်လျင်ကြီး သိရပါလို၏–

ဟူ၍ ဆရာတော်ရေးသားထားသော အရိယာဝိဇ္ဇာမဂ္ဂ အလင်းပြကျမ်း၊ ဒုတိယအကြိမ်ရိုက် စာမျက်နှာ ၃၃၂–၃၃၃ တို့တွင် ဆုတောင်းထားသည်ကို တွေ့ရပါသည်။ ဤဆုတောင်းကို ထောက်ဆ၍ ဆရာတော်၏ဆန္ဒကို သိနိုင်ရာပါသည်။

ပျံလွန်တော်မူ

သိမ်တောင်ဂိုဏ်းကြီး၏ ဒုတိယမြောက် ဆရာတော်လည်းဖြစ်၊ အင်းမကြီး ဆရာတော်၏ လက်ဦးတပည့်ကြီးလည်းဖြစ်၊ သာသနာပြုဘက် လက်ရုံးတစ်ဆူလည်း ဖြစ်တော်မူပေသော အင်းမကြီးတောရ၊ လယ်တီဆရာတော်၊ သေကျွတောင် ဆရာတော်တို့၏ တရားအမွေကို အတွင်းကျကျ လက်ခံရရှိတော်မူသော ဆည်တော်ကြီးတောရ ဆရာတော်ဘုရားကြီးသည် ၁၃၂၁–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်၊ နံနက် (၇း၀၀)နာရီအချိန်တွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့လေသတည်း။

ထေရပွတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် သိမ်တောင်ဆည်တော်ကြီးတောရဆရာတော်ဘုရားကြီး၏ ဩဝါဒတော်

ပညာရှိသည်ဆိုမှာ-

အဘယ်မျှလောက်အကောင်းကိုသိ၍ ပညာရှိဟု ခေါ်ဆိုအပ်ပါသနည်းဟုဆိုသော် ထူးသောပညာဖြင့် သိတတ်သောကြောင့် ပညာရှိဟု ဆိုအပ်၏။ ထူးသောပညာဖြင့် အဘယ်တရားများကို သိတတ်ပါသနည်း ဟူမူကား ---

၁။ ဤတရားသည် ဆင်းရဲတည်း ဟူ၍ သိတတ်သည်တစ်ကြောင်း (ဒုက္ခသစ္စာ)

၂။ ဤတရားသည် ဆင်းရဲဒုက္ခ၏ အကြောင်းတည်းဟူ၍ သိတတ်သည် တစ်ကြောင်း၊ (သမုဒယသစ္စာ) လက်ရှိ ၂-ပါး။

၃။ ဤတရားသည် ဆင်းရဲဒုက္ခ၏ ချုပ်ရာတည်းဟူ၍ သိတတ်သည် တစ်ကြောင်း၊ (နိရောဓသစ္စာ)

၄။ ဤတရားသည် ဆင်းရဲဒုက္ခငြိမ်းရာသို့ ရောက်ကြောင်း အကျင့်တည်းဟူ၍ သိတတ်သည် တစ်ကြောင်း၊ (မဂ္ဂသစ္စာ) မရသေး။

ထိုကဲ့သို့ သိတတ်သာ အကြောင်းတို့ကြောင့် ထိုပုဂ္ဂိုလ်ကို ပညာရှိ ဟူ၍ ဆိုအပ်၏။ ထိုသို့သိခြင်းကို ပညာရှိဟု မှတ်ကြ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

သိမ်တောင်ဆည်တော်ကြီးတောရဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ညဉ့်သုံးယံ၌ အားထုတ်အပ်သော နည်းလမ်းများအကြောင်း

ယခုအခါ၌ ရှိကြကုန်သော ရဟန်း, ရှင်လူ, ရသေ့, လူသူတော်, ယောဂီအပေါင်းတို့၊ မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း ဣန္ဒြေခြောက်ပါးစလုံး ကောင်းမွန်စွာ မှတ်သား၍ လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းကြရမည်။ အတုလိုက်၍ ကောင်းစွာ စောင့်ရှောက် ထိန်းသိမ်းကြရမည်။

အို...ရဟန်း သင်သည် လာခဲ့လော့။ နိုးကြားမှု၌ ယှဉ်သည်ဖြစ်၍ နေလေလော့။ နေ့အခါတွင် စင်္ကြံသွားခြင်းဖြင့်နေ၍ ဆို့ပိတ်ထားသော တရားတို့မှ စိတ်ကို သုတ်သင်လေလော့။ ညဉ့်၏ ပထမယံ၌ စင်္ကြံသွားခြင်းဖြင့်နေ၍ ဆို့ပိတ်တတ်သော စိတ်ကို သုတ်သင်လေလော့။

မဇ္ဈိမယံ၌ လက်ယာနံတောင်းဖြင့် (ဝါ) ညာဘက်ကို စောင်း၍ ညာဘက်ခြေဖဝါးက အောက်ကထား၊ ဘယ်ဘက်ခြေဖဝါးက အပေါ်တင်ပြီးလျှင် အနည်းငယ် ခြေမ, တစ်ခုစာလောက် အပေါ်က နောက်ဆုတ်၍ သတိပညာနှင့် ပြည့်စုံစွာ ထ,အံ့ ဟူသော အမှတ်သညာကို နှလုံးသွင်း၍ တောသုံးတောင်ကို အစိုးရသော ခြသေ့မင်းကြီးကဲ့သို့ အိပ်စက်ခြင်းကို ပြုရာ၏။

ထိုနေရာတွင် သတိပြုရန်မှာ

မဇ္ဈိမယံဆိုသည်မှာ သန်းခေါင်ယံအချိန်တွင် အိပ်ရမည်ဆိုသည်ဟူ၍ မှတ်ကြ။ နာရီပြန် ၂-ချက်ကို ထ,ရမည်။ ထိုအချိန်က စ၍ အရုဏ်တက်သည်တိုင်အောင် ပစ္ဆိမယံဟု ခေါ်သည်။ တရားအားထုတ်သော ယောဂီပုဂ္ဂိုလ် အရှင်မြတ်ကြီးတို့သည် ပထမ ညဉ့်ဦးယံအခါ၌ စင်္ကြံသွား၍ ၁၂-နာရီအထိ အားထုတ်တော်မူကြသည်။ ၂-နာရီမျှ ကျိန်းစက်တော်မူကြ၍ နာရီပြန် ၂-ချက်လောက်ကို ထ,၍ မိုးလင်းအောင် အားထုတ်တော်မူကြသည်။

မိမိတို့၏ စိတ်ကို သန့်ရှင်းစင်ကြယ်အောင် ကောင်းစွာသုတ်သင်ရမည်ဟု မြတ်စွာဘုရား ဆုံးမတော်မူ၏။ သတိတရားနှင့် ကောင်းစွာ ယှဉ်၍ ညဉ့်သုံးယံတွင် (ပထမ)၊ (ဒုတိယ) ညဉ့်တို့၌ စင်္ကြံသွား၍ အားထုတ်ရခြင်း၊ (တတိယ) ညဉ့်တို့၌ ကျိန်းစက်ရခြင်း။

ယခုအခါ တရားကို အားထုတ်ကြကုန်သော ရဟန်း, ရှင်, လူ, သီလရှင်, ရသေ့, လူသူတော်, ယောဂီပုဂ္ဂိုလ်အပေါင်းတို့၊ နိုးကြားမှု၌ ယှဉ်၍ အားထုတ်သော နည်းလမ်းများကို ကောင်းမွန်စွာ မှတ်သား၍ အားထုတ်ကြရမည်။

ညဉ့်သုံးယံ၌ ယောဂီပုဂ္ဂိုလ်တို့
အားထုတ်သောနည်းလမ်း ပြီး၏။

http://www.dhammadownload.com

ဣရိယာပုတ်လေးပါး အတိုချုပ် နလုံးသွင်းနည်း အကြောင်း

ရှေ့ကို တစ်ဆင့်တိုး၍ ဆုံးမတော်မူသည်မှာ–

အို...ရဟန်း လာခဲ့လော့။

ရှေးရှုကြည့်ခြင်းကိုလည်းကောင်း၊ ထိုမှ, ဤမှ တောင်,မြောက်လေးပါး ကြည့်ခြင်းကိုလည်းကောင်း ပညာဖြင့် ဆင်ခြင်၍ ကြည့်လေလော့။ ကွေးခြင်းကိုလည်းကောင်း၊ ဆန့်ခြင်းကိုလည်းကောင်း၊ ပညာဖြင့် ဆင်ခြင်၍ပြုလေလော။ ဒုကုဋ္ဌ၊ သပိတ်, သင်္ကန်းတို့ကို ဆောင်ရာ၌ ပညာအားဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည် ဖြစ်လေလော့။ ကျင်ကြီးမှု, ကျင်ငယ်မှုကို ပြုရာ၌ ပညာအားဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည် ဖြစ်လေလော့။ သွားသောအခါ၊ ရပ်သောအခါ၊ ထိုင်သောအခါ၊ အိပ်သောအခါ၊ နိုးသောအခါ၊ စကားပြောသောအခါ, ဆိတ်ဆိတ်နေသောအခါတို့၌ လည်းကောင်း ပညာအားဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည် ဖြစ်လေလော့။

ထိုကဲ့သို့ ဣရိယာပုတ်လေးပါးတို့၌ သတိစေတသိက်ကို အစဉ်မပြတ် သိအောင် နှလုံးသွင်းရမည်ဟု ဟောတော်မူ၏။ အရင်လှမ်းသော ခြေလှမ်းသည် နောက်ခြေလှမ်းသို့ မပါသည်ကို ကောင်းစွာ နှလုံးသွင်းရမည်။

အရင်သိသောစိတ်သည် နောက်သိသောစိတ်သို့ မပါ။ စိတ်တစ်ခုနှင့်တစ်ခု အပိုင်းပိုင်းပြတ်အောင် ကြည့်ရမည်။ ထိုကဲ့သို့သိမှ သန္တတိ, အစဉ်ပြတ်အောင်သိ၍ ရုပ်အနိစ္စ၊ နာမ်အနိစ္စကို ကောင်းစွာ သိနိုင်သည်ဟု မှတ်ကြပါ သူတော်ကောင်းအပေါင်းတို့။

ဣရိယာပုတ်လေးပါး၌ အတိုချုပ်
နှလုံးသွင်းနည်း ပြီး၏။

× × ×

ထိုသို့ နှလုံးသွင်းခြင်းဖြင့် ဖြစ်ပေါ်သော အကျိုးတရားကို ရှေ့သို့ တစ်ဆင့်တိုး၍ ဆုံးမတော်မူသည်မှာ အို...ရဟန်း–သင်သည် လာခဲ့လော့။ တောအရပ်သို့ လည်းကောင်း၊ သစ်ပင်အရင်းသို့ လည်းကောင်း၊ တောင်ဂူသို့ လည်းကောင်း၊ သချိုင်းဂူသို့ လည်းကောင်း၊ တောအုပ်သို့လည်းကောင်း၊ လွင်တီးခေါင်သို့ လည်းကောင်း၊ ကောက်ရိုးပုံသို့ လည်းကောင်း ထိုကျောင်းအပေါင်းတို့တွင် ဆိတ်ငြိမ်သော ကျောင်းကိုမှီ၍ အားထုတ်လေလော့။

အို...ရဟန်း၊ သင်သည် သင့်တင့်လျောက်ပတ်သော ကျောင်းသို့နေ၍၊ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားလျက် ကမ္မဋ္ဌာန်းကို ရှေးရှု၊ သတိကို ကောင်းစွာဖြစ်စေပြီးလျှင် ထိုင်နေ၏။ ထိုကဲ့သို့ အားထုတ်သောရဟန်းသည် ခန္ဓာကိုယ် လောကကြီး၌ တပ်မက်ခြင်း အဘိဇ္ဈာကိုပယ်၍ ကင်းသော အဘိဇ္ဈာရှိသော စိတ်ဖြစ်နေ၏။ အဘိဇ္ဈာမှ စိတ်ကို စင်ကြယ်အောင် သုတ်သင်၏။

(၁) ညှင်းဆဲလိုမှု၊ အမျက်ထွက်မှုကို ပယ်၍ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွားကို အစဉ်စောင့်ရှောက်သည်ဖြစ်၍ မညှင်းဆဲ လိုသောစိတ်ဖြင့် နေ၏။ ညှင်းဆဲလိုမှု၊ အမျက်ထွက်မှုမှ စိတ်ကို ကောင်းစွာ သုတ်သင်၏။

(၂) စိတ်, စေတသိက်တို့၏ ထိုင်းမှိုင်းမှု ထိန, နိဒ္ဒကို ပယ်၍၊ အလင်းဟူသော အမှတ်ရှိသည် ဖြစ်၍၊ သတိကို ထင်စွာပြု၍၊ ပညာ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ ကင်းသော ထိန, မိဒ္ဓရှိသော စိတ်ဖြင့်နေ၏။ ထိန, မိဒ္ဓမှ စိတ်ကို ကောင်းစွာ သုတ်သင်၏။

(၃) ဥဒ္ဓစ္စ, ကုက္ကုစ္စကို ပယ်၍၊ ကိုယ်တွင်းသန္တာန်၌ ငြိမ်းအေးသော စိတ်ရှိသည်ဖြစ်၍ မတုန်မလှုပ်နေ၏။ ပျံ့လွင့်မှု၊ နောက်တစ်ဖန် ပူပန်မှုဟူသော ဥဒ္ဓစ္စ, ကုက္ကုစ္စမှ စိတ်ကို ကောင်းစွာ သုတ်သင်၏။

(၄) သို့လော–သို့လော တွေးတော ယုံမှားမှု, ဝိစိကိစ္ဆာမှ စိတ်ကို ပယ်၍ ကူးမြောက်အပ်ပြီးသော

http://www.dhammadownload.com

ဝိစိကိစ္ဆာရှိသည် ဖြစ်၍နေ၏။ ကုသိုလ် တရားတို့၌ သို့လော–သို့လော တွေးတော ယုံမှားမှု ကင်း၏။ ဝိစိကိစ္ဆာမှ စိတ်ကောင်းစွာ သုတ်သင်၏။

(၅) ထိုရဟန်းသည် စိတ်ကို ညစ်ညူးကြောင်း ဖြစ်သော ပညာ၏ အားနည်းခြင်းကို ပြုတတ်သော ဤအင်္ဂါငါးပါးကို ပယ်စွန့်ပြီးမှ ရုပ်, နာမ် တရားကို အားထုတ်တော်မူကြလေသည်။

သို့အတွက် ယခုအခါ၌ အားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်, ရဟန်း, ရှင်, လူ, သီလရှင်, ရသေ့, လူသူတော်အပေါင်းတို့ အထက်၌ ဖော်ပြခဲ့သော အချက်ကြီးများကို ကောင်းမွန်စွာ ကြည့်ရှုမှတ်သားပြီးမှ အားထုတ်ကြရမည် သူတော်ကောင်းအပေါင်းတို့–။

ရုပ်, နာမ်တရားကို အားမထုတ်မီ သုတ်သင်အပ်သော တရားများကို ပြဆိုခန်း ပြီး၏။

× × ×

ယခုအခါ တရားအားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်အပေါင်းတို့၊ အထူးသတိထား စဉ်းစားမှတ်သား၍ အားထုတ်ရမည်မှာ အဖျတ္တ အာယတန ၆–ပါး၊ ဗဟိဒ္ဓအာယတန ၆–ပါး၊ ထိုအာယတန ၁၂–ပါးကို ရှေးဦးစွာ ဖြစ်မှု, ပျက်မှု, အနိစ္စကို ကောင်းစွာ သိမြင်အောင် ရှုကြည့် ပွားများကြရမည်။ အဖျတ္တအာယတန ၆–ပါးနှင့် ဗဟိဒ္ဓအာယတန ၆–ပါးကို သေချာစွာ မှတ်ကြပါ။

၁။ စက္ခုပသာဒ	၁။ ရူပါရုံ
၂။ သောတပသာဒ	၂။ သဒ္ဒါရုံ
၃။ ဃာနပသာဒ	၃။ ဂန္ဓာရုံ
၄။ ဇိဝှါပသာဒ	၄။ ရသာရုံ
၅။ ကာယပသာဒ	၅။ ဖောဋ္ဌဗ္ဗရုံ
၆။ မနောဒွါရ	၆။ ဓမ္မာရုံ

အဖျတ္တ အာယတန ၆–ပါးဟု ဗဟိဒ္ဓ အာယတန ၆–ပါးဟု မှတ်ကြ။ မှတ်ကြ။

(တရားအားထုတ်သော ယောဂီပုဂ္ဂိုလ် အပေါင်းတို့ အထူးသတိပြုရန် အချက်ကြီးကို ဖော်ပြဦးအံ့)

အလွန်တရာ–နူးညံ့သိမ်မွေ့သော ပရမတ္ထ သဘာဝကို ထိထိမိမိ, ဉာဏ်ပညာစက္ခုနှင့် ကြည့်ရှုသောအခါ ရုတ်ရက် ဉာဏ်ဝမှာ မသိမြင်ထည့်၍ စိတ်မပျက်လိုက်ကြနှင့်။

သဒ္ဓါဗိုလ်, သတိဗိုလ်, ဝီရိယဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ထိုဗိုလ်ကြီးငါးပါးကို ညီမျှစွာ ချိန်ခွင်လျှာကဲ့သို့ ဘောင်ဝင်အောင် ပြုလုပ်ပြီးမှ ရှုကြည့်ပွားများရခြင်း၊ သို့မှ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် ရှုမြင်ကြမည်။ အချိန်အခါကျမှ ပေါက်ရောက် ရှုမြင်မည်။ မိမိတို့ ဘဝ,ဘဝက အားထုတ်ခဲ့သော ဝိဇ္ဇာမျိုးသည် အဘယ်မျှလောက် ကြီးမားရင့်သန်လာသည်ကို မသိရ။ ပါရမီ ရင့်သန်ပြီးသော ပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ခဏနှင့် ထမြောက် ပေါက်ရောက် လွယ်သည်။ ပါရမီ အလတ်စား, အနုံစား ဖြစ်သောသူတို့မှာ မိမိအသက်ကို စွန့်လွှတ်၍ အားထုတ်မှ ဖြစ်နိုင်သည်ဟု မှတ်ကြပါ။

သို့အတွက် ယခု လောကဌ ရှိကြသော ကြက်မကြီးများသည် ဥပေါင်းများစွာ ဥပြီးသောအခါ နေ့ရောညဉ့်ပါ မိမိဥပြီးသော ကြက်ဥများကို မိမိ၏ ကိုယ်ငွေ့နှင့် အစဉ်မပြတ် ပေါင်းနွေးပေးမှ အချိန်ကျသောအခါ ကြက်ဥအတွင်းမှ အခွံဖောက်ထွင်း၍ ကြက်ကလေးတွေ ပေါက်ဖွားလာဘိ သကဲ့သို့ ထို့အတူ မိမိရှုကြည့်ပွားများနေသော ရုပ်,နာမ်တရားများကို နေ့ရောညဉ့်ပါ မနေမနား အာရဒ္ဓဝီရိယဖြင့် သက်စွန့်ကြိုးပမ်း နှစ်သိန်းလေးသောင်း အထူရှိသော မဟာပထဝီမြေကြီးကို မှုန့်မှုန့် ညက်ညက် ချေဖျက်မည့် ယောကျ်ားထူး အာဇာနည်ကြီးတို့၏ စိတ်ကဲ့သို့ ရဲရင့်စွာထား၍ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် ရှုကြည့်ပွားများ အားထုတ်ကြရမည်။

(ပုဗ္ဗကိစ္စ)

တရားအားထုတ်သော ယောဂီပုဂ္ဂိုလ် အပေါင်း

http://www.dhammadownload.com

တို့သည် ကမ္မဋ္ဌာန ယောဂီဆရာတော်ကြီးများထံသို့ ရိုသေလေးမြတ်စွာ တရားကို တောင်းပန်၍ တရားအားထုတ်သောအခါ ဘဝအဆက်ဆက်က တရားအားထုတ်ခဲ့သော ပါရမီ ပစ္စည်းအဆက်နည်းသော ပုဂ္ဂိုလ်တို့မှာ သဘာဝမွေအတိုင်း ယောဂီ ပုဂ္ဂိုလ်တို့၏ ဉာဏ်ဝမှာ ဟုတ်တိုင်းမှန်ရာကို ကောင်းစွာ ထင်မြင်လာတတ်သော သဘောတရားများကို ရေးသားမည်ဖြစ်သောကြောင့် (သဘာဝဓမ္မ အလင်းပြကျမ်း)ဟု ဆိုသင့်၏။ ထိုအခါ တရားအားထုတ်မည့် ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကို သက်စွန့် ကြိုးပမ်းအားထုတ်လျက်ရှိသော ယောဂီပုဂ္ဂိုလ် ဆရာတော်ဘုရားကြီးများထံသို့သွား၍ ရိုသေလေးမြတ်စွာ တရားကို တောင်းပန်ရမည်။

တောင်းပန်သောအခါ ဆရာတော်ဘုရားကြီးက ရုပ်,နာမ်,ခန္ဓာအဖြစ် အပျက်ကို ဟောပြောဆုံးမ၍ တရားနာကြားလျက်နှင့် မိမိခန္ဓာကိုယ်ကြီး တစ်ကိုယ်လုံး ကြက်သီး မွေးညှင်းထ,၍ ကိုယ်ကြီး ပွရွလာသည်ဟု ထင်နေတတ်သည်။ ထို့နောက် ရုပ်ပွားဆင်းတု ဘုရားကိုယ်တော်မြတ်ကြီးကို ကြည်ညိုရန် ဘုရားအာရုံပြု၍ မေတ္တာပို့ အမျှပေးဝေခိုင်းရာ ဘုရားကို ကြည်ညိုလျက် ဘုရားကိုယ်တော်မြတ်ကြီးက သက်တော်ထင်ရှားဖြစ်၍ အထက်သို့ကြွတက်နေသည်ကို မျက်စိဖွင့်လျက်၊ မျက်မြင်ဒိဋ္ဌ ဖူးတွေ့နေရတတ်သည်။ ထို့နောက် ဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာန်း အားထုတ်ရမည့်နေရာကို ခေါ်သွား၍၊ မိမိခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထား၍ တင်ပလ္လင်ခွေ, ညာဘက်ခြေဖဝါးကို အပေါ်ကထား၊ ဘယ်ဘက် ခြေဖဝါးကို အောက်ကထား၊ ညာဘက်လက်ဖဝါးကို အပေါ်ကထား၊ ဘယ်ဘက်လက်ဖဝါးကို အောက်ကထား၍ တင်ပလ္လင်ခွေထိုင်၊ အသက်ကို သာယာညှင်းပျောင်း မှန်မှန် ရှူနေရမည်။

ဆရာဆုံးမသည့်အတိုင်း တင်ပလ္လင်ခွေ၍ တရားကို နှလုံးသွင်း ရှုကြည့်သည်နှင့် တစ်ပြိုင်နက်တည်း ဆရာသမားက မဆုံးမဘဲနှင့် မိမိစိတ်သည် သဘာဝဓမ္မအတိုင်း ပေါ်လာသည်မှာ ယခုည တရားထူး တရားမြတ်ကို မရလျှင် ဒီနေရာတွင် သေပလေစေ၊ မိမိရုပ်နာမ်ခန္ဓာကို စွန့်တော့အံ့၊ ဒီတင် ပလ္လင်ခွေကို မဖျက်တော့အံ့ဟု စိတ်က အဓိဋ္ဌာန် ရဲရင့်စွာ ပြုတတ်သည်။

ထိုကဲ့သို့ အချက်ကြီးများကို တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်များမှာ သဘာဝဓမ္မအတိုင်း ဖြစ်ပေါ်လာတတ်သည်။ ထိုကဲ့သို့ ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်များကို တွေ့ရှိဖူး, ကြားဖူးသည့်အတွက် ယခုအားထုတ်မည့် ပုဂ္ဂိုလ်များမှာ သဒ္ဓါတရား အထူးထက်သန်စွာ အားထုတ်နိုင်ကြစေခြင်း အကျိုးငှာ မေတ္တာစေတနာကြီးမားစွာနှင့် ရေးသားထည့်သွင်းဖော်ပြလိုက်ရပေသည်။

အားထုတ်သောအခါ ထိုကဲ့သို့ ဖြစ်ပေါ်သည်ဖြစ်စေ၊ မဖြစ်ပေါ်သည်ဖြစ်စေ တရားကို သက်စွန့်ကြိုးပမ်း အားထုတ်ကြရမည်။

တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည် သဒ္ဓါဗိုလ်၊ သတိဗိုလ်၊ ဝီရိယဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် ဗိုလ်ငါးပါးနှင့် ဆန္ဒာဓိပတိ၊ ဝီရိယဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ ထိုဓိပတိတရား လေးပါးနှင့်တကွ တူမျှအောင်ထား၍ အားထုတ်မှ မိမိရုပ်, နာမ်, ခန္ဓာ, ပရမတ်ဆတ်ဆတ်တွေကို သမ္မာဒိဋ္ဌိ ဝိစ္စာဉာဏ် အလင်းပေါက်အောင် ရှုကြည့် ပွားများနိုင်ကြမည်။

ရှုပကွန္ဓာကို ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီးနှင့် တူစွာ ထင်မြင်အောင် ရှုရမည်ဟု ဟောတော်မူသည့်အတိုင်း စာမသင်ဘူးသော ပုဂ္ဂိုလ်တို့မှာ မိုးကြိုးစွာရွာသောအခါ မြစ်ရေ, ချောင်းရေတွေထဲမှာ ရေပေါက ဖောင်စီးပါလာသော လူလောက်ရှိသော ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီးကို တစိမ့်စိမ့် ကြည့်ရှုနေရမည်။ ကြည့်ရင်း, ကြည့်ရင်းနှင့် ရေမြှုပ်စိုင် ရေမြှုပ်ခဲကြီး တစ်ခုလုံး ရုပ်ကလာပ် ကလေးတွေ တသိမ့်သိမ့်,

http://www.dhammadownload.com

တသဲသဲ, တရွရွ, အခြေပျက်, အနေပျက်ဖြစ်နေသည်ကို အတတ်သိမြင်လာလိမ့်မည်။ ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီးတစ်ခုလုံး ခဏမစဲ တသဲသဲ, တကြွကြွ, တရွရွ ထိစပ်အောင် ဖြစ်နေကြသည်ကို ကောင်းစွာ မြင်လာလိမ့်မည်။ ထိုသို့ မြင်နေသောအခါ ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီး မဟုတ်တော့ပါတကား၊ ရုပ်ကလာပ်ကလေးတွေ တသိမ့်သိမ့် တသဲသဲ, တရွရွ ဖြစ်ပျက်နေသော သဘောတရားတွေပါတကားဟု... တစ်ဆင့်တိုး၍ ဉာဏ်မှာ ကောင်းစွာ ထင်မြင်လာလိမ့်မည်။ မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်ခန့်မျှ အသက်ရှည်၍ မချုပ်မပျက်ဟု ခိုင်မြဲစွာ တည်နေနိုင်သော ရုပ်တရားဟူ၍ အဏုမြူခန့်မျှ မရှိကြောင်းကို ကောင်းစွာ သိမြင်လာလိမ့်မည်။ အထူးမှတ်ကြပါ။ မူလပထမကြည့်စက စက္ခုဝိညာဏ်စိတ် ပကတိအသိမျိုး မဟုတ်တော့ပြီ။ တစ်ဆင့်ထက်တစ်ဆင့် တိုး၍ တိုး၍ မိမိစိတ္တဇပါဒ်အစဉ်မှာ အဝိဇ္ဇာအမှောင်ဓာတ်ကြီးတွေ ပါး၍,ပါး၍ ဝိဇ္ဇာတည်းသော အကြည်ဓာတ်ကြီး, အလင်းဓာတ်ကြီးတွေ စိတ္တဇပ္ပါဒ်အစဉ်မှာ တဖွားဖွားဖြစ်ပေါ်လာသောကြောင့် ဟုတ်တိုင်းမှန်ရာ သဘာဝဓမ္မအစစ်အမှန်ဖြစ်သော ရုပ်ပရမတ္ထသဘောတရားတွေကို ဝိဇ္ဇာဉာဏ်ဖြင့် ထိုးထွင်း၍ သိလာသည်ကို ကောင်းစွာမှတ်။ (ပရိကမ္မနိမိတ်)

ထို ရေမြှုပ်စိုင်,ရေမြှုပ်ခဲကြီးကို သဘောကျအောင် အကြိမ်ကြိမ် အထပ်ထပ် ရှုကြည့်ပြီးမှ ဗဟိဒ္ဓက ရေမြှုပ်စိုင်,ရေမြှုပ်ခဲကြီးမှာ မျက်စိဖွင့်ကြည့်၍ ထင်မြင်နေသလို ထိုအတူ မိမိခန္ဓာကိုယ် ရုပ်တရားကို ရှုကြည့်သောအခါ မျက်စိကို မှိတ်၍ မိမိကိုယ်ကို ရေမြှုပ်စိုင်,ရေမြှုပ်ခဲကြီးလုပ်၍ မျက်စိဖွင့်ကြည့်သောအခါ မြင်နေဘိသကဲ့သို့ တစ်ထပ်တည်း ထင်မြင်အောင် ရှုကြည့်နေရမည်။

ဝိပဿနာကူးပုံ

မိမိခန္ဓာကိုယ်၌ ရှုကြည့်ပွားများရမည်မှာ-စက္ခုပသာဒရုပ်ကစ၍ ရှုကြည့် ပွားများရမည်။

စက္ခုပသာဒရုပ်သည်-ဥပါဒ်,ဌိ,ဘင်, ဟု ဆိုအပ်သော ခဏငယ်ပေါင်း ၅၁-ချက် အသက်ရှည်၏။ ထိုခဏငယ်ပေါင်း ၅၁-ချက်မျှကာလကို ရုပ်သက်, တစ်သက်ဟု ခေါ်၏။ ရုပ်သက်တစ်သက်ဟု မှတ်ကြ။ မျက်စိ၌ရှိသော အဖျစ္ဆတ္တပသာဒရုပ်ဖြစ်စေ၊ ဗဟိဒ္ဓ၌ရှိသော ရူပါရုံအဆင်းရုပ်ဖြစ်စေ ထို့အတူ ခဏငယ် ၅၁-ချက်မျှ အသက်ရှည်၏။

ထိုအဖျစ္ဆတ္တမျက်စိ၌ရှိသော ပသာဒရုပ်နှင့် ဗဟိဒ္ဓ၌ရှိသော ရူပါရုံ အဆင်းရုပ် ထိုနှစ်ပါး ပေါင်းဆုံ လုံးထွေးမိကြသောအခါ စက္ခုဝိညာဏ်သည် ဖွားကနဲ ဖြစ်ပေါ်လာ၏။

ဥပမာဖြင့် ထင်ရှားစေအံ့။ မီးခြစ်တံ ဆေးခဲနှင့် ကော်ပတ်ထိခိုက်ကြသောအခါ မီးတောက်ကြီးဖွားကနဲ ဖြစ်ပေါ်လာသည်နှင့်တူ၏။ မီးခြစ်တံ ဆေးခဲသည် ရူပါရုံနှင့်တူ၏။ မီးတောက်သည် စက္ခုဝိညာဏ်နှင့်တူ၏။ ဥပမာကို ကောင်းစွာ မှတ်ကြ။

ထိုစက္ခုဝိညာဏ်သည်-ဥပါဒ်,ဌိ,ဘင်, ဟု ဆိုအပ်သော ခဏငယ် ၃-ချက်ရှိ၏။ ထိုခဏငယ် ၃-ချက်ကို စိတ်သက်တစ်သက်ဟု ခေါ်၏။ စိတ်သက်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြတ်ခန့် အတွင်းမှာ စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်း ဖြစ်နိုင်သည်ဟု ဟောတော်မူသည်။

ရုပ်သက်တစ်သက်ကို-စိတ္တက္ခဏ ၁၇-ချက်ရှိ၏။ ခဏငယ်ပေါင်း ၅၁-ချက်ရှိ၏။ ထို့ကြောင့် ရုပ်သက်တစ်သက်ကို ခဏငယ်ပေါင်း ၅၁-ချက်ရှိသည်ဟု အထက်၌ ပြဆိုခဲ့ပေသည်။ ကောင်းစွာမှတ်။ ယောဂီပုဂ္ဂိုလ် အပေါင်းသူတော်ကောင်းတို့။

ဥပါဒ်သည် ဖြစ်ခြင်း၊ ဌိသည် တည်ခြင်း၊ ဘင်သည် ပျက်ခြင်း အဆုံးရှိ၏။ ထိုကဲ့သို့ ဥပါဒ်-ဌိ-ဘင်-ခဏငယ် သုံးချက်ရှိသည်တွင် ဌိကာလ၏ အသက်သည် ခဏငယ်ပေါင်း ၄၉-ချက် အသက်ရှည်၏။ သို့အတွက် အန္ဓပုထုဇဉ် အပေါင်းတို့၏

http://www.dhammadownload.com

စိတ်၌ မြင်သိနေကြသည်မှာ ၄၉-ချက် အသက်ရှည်နေသော ရုပ်၏ ဋ္ဌကာလကြီးကို အဓိဝမ်းတိုက်မှ ကျွတ်လွတ်သည့်နေ့ကစ၍ တစ်မြင်တည်း မြင်လာကြသောကြောင့် ယခုနေ့အထိ ငါ့မျက်စိ,ငါ့ပသာဒ ရုပ်မြို့၏။ ဖောက်ပြန်ပျက်စီးခြင်းမရှိ။ တစ်ခုတည်းဟု ယူကြ၏။ နှစ်ခု, သုံးခု စသဖြင့် ပြောင်းလဲ ဖောက်ပြန်ခြင်းမရှိဟု ခိုင်ခိုင်မြဲမြဲကြီး ယူကြ၏။

ထို့အတူ ဗဟိဒ္ဓ၌ရှိသော ရူပါရုံရုပ်တို့ကိုလည်း အဓိဝမ်းတိုက်မှ ကျွတ်လွတ်သည့်နေ့ကစ၍ ထိုမိခင်, ဖခင်တို့ကို နေ့ရောညဉ့်ပါ တစ်မြင်တည်း မြင်လာကြ၏။ ထိုမိဘနှစ်ပါးတို့၏ ရူပါရုံအဆင်းဓာတ်နှင့် အတွင်းသဏ္ဌာန် ဟူသမျှတို့သည် ပြောင်းလဲ ဖောက်ပြန်ခြင်းမရှိ။ မြို့၏ဟု ခိုင်ခိုင်မြဲမြဲကြီး ယူကြ၏။ (သဿတဒိဋ္ဌိ)

ရူကြည့်ရမည်မှာ-အထက်က ပြဆိုခဲ့ပြီးသော ဗဟိဒ္ဓက ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီးနှင့် တူစွာမခြားမိမိခန္ဓာကိုယ်ကြီးကို ရေမြှုပ်စိုင်, ရေမြှုပ်ခဲကြီး လုပ်၍ တဏှာဥပါဒါန်အားဖြင့် စွဲလမ်းသိမ်းပိုက်၍ ချစ်ခင်မြတ်နိုးနေသော အဖျိုတွဲမျက်စိ, ပသာဒရုပ်ကစ၍ ဖြစ်မှု, ပျက်မှု သဘောတွေကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြင့် ထိုးထွင်း၍ အလင်းပေါက်အောင် ကြည့်ရှုပွားများနေရမည်။ ကြည့်ရင်း,ကြည့်ရင်းနှင့် မျက်လုံးကြီးတစ်ခုလုံး ရုပ်ကလာပ်ကလေးတွေ တသိမ့်သိမ့်, တသဲသဲ, တရွရွ, အခြေပျက်, အနေပျက် ဖြစ်နေသည်ကို မြင်လာလိမ့်မည်။ ထိုသို့ မြင်လာသောအခါ မိမိ မျက်စိ ရုပ်တရားတွေကို ပိုးလောက်ကလေးတွေ တရွရွ ထိုးဆွနေသကဲ့သို့ လွန်စွာ နာကျင်သော ဒုက္ခဝေဒနာကို မခံနိုင်အောင် မျက်ရည်တွေ တတွေတွေ ယိုစီးကျလာ တတ်သည်။ ထိုဒုက္ခကို မခံနိုင်၍ လွတ်ပစ်တတ်သည်။ (သတိထား) လွတ်မပစ်ရ၊ အထူးသည်းခံ၍ ဉာဏ်ကုန်လွတ်၍ ဖိဖိစီးစီး မျက်လုံးပေါက်ထွက်၍ ထိုနေရာတွင် သေပလေစေဟု ရုပ်, နာမ်ကို စွန့်လွတ်၍ ရူရမည်။ ထိုကဲ့သို့ ရဲရင့်စွာ ရူကြည့်သောအခါ မျက်လုံး ရုပ်ကလာပ်ကလေးတွေသည် ခဏမစဲ, တသဲသဲ, တရွရွ, တကြွကြွ ထိစပ်အောင် ဖြစ်နေသည်ကို ကောင်းစွာဉာဏ်အမြင် တိုး၍ မြင်လာလိမ့်မည်။

ထိုသို့ မြင်လာသောအခါ-မျက်လုံး, ရုပ်တုံး, ရုပ်ခဲကြီးမဟုတ်တော့ပါတကား, ရုပ်ကလာပ်ကလေးတွေ တသိမ့်သိမ့်, တသဲသဲ, တရွရွ ဖြစ်ပျက် နေသော သဘောတရားတွေပါတကားဟု ဉာဏ်မှတစ်ဆင့် တိုး၍ ကောင်းစွာ မြင်လာလိမ့်မည်။ ထိုအမြင်ကို မလွတ်ရ၊ မျက်လုံး ရုပ်ကလေးတွေ တသိမ့်သိမ့်, တသဲသဲ, တရွရွ ဖြစ်ပျက်နေသလို မိမိတစ်ကိုယ်လုံး ထို့အတူ ထင်မြင်အောင် တစ်စပ်တည်း ငန်းတိုက်၍ ဖိဖိစီးစီး ရူကြည့်ရမည်။ ရူကြည့်ရင်းနှင့် သဘာဝမမူ အတိုင်း ဉာဏ်မှာ ထင်မြင်လာလိမ့်မည်။ ရုပ်ကလာပ်ကလေးတွေ မျက်တောင်တစ်ခတ်, လျှပ်တစ်ပြက်ခန့် မျှ အသက်ရှည်၍ မချုပ်မပျက်ဘဲ ခိုင်မြဲစွာ တည်နေနိုင်သော ရုပ်တရားဟူ၍ အဏုမြူခန့်မျှ မရှိကြောင်းကို ကောင်းစွာ သိမြင်လာလိမ့်မည်။ အဖြစ်အပျက်ကို ရုပ်တစ်ခုနှင့်တစ်ခုခြား အာကာသကို ပိုင်းခြား၍ မမြင်သေး။ သို့အတွက် ရုပ်,အဖြစ်အပျက်ကို ပိုင်းပိုင်းခြားခြား မမြင်သေးဟု မှတ်ကြပါ။ ထိုနေရာမှာ အထူးစဉ်းစားကြစေလိုသည်။

မူလပထမကြည့်စက-စက္ခုဝိညာဏ်စိတ်သည် ပကတိအသိမျိုး မဟုတ်တော့ပြီ။ တစ်ဆင့်ထက်တစ်ဆင့် တိုး၍ တိုး၍ မိမိခန္ဓာ၌ စိတ္တဇုပ္ပါဒ်အစဉ်မှာ အဝိဇ္ဇာမှောင်ဓာတ်ကြီးက စစ်အရုံးပေး၍ ကွယ်ငုတ်, ကွယ်ငုတ်၍ သွားသောကြောင့် သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်းဓာတ်ကြီးတွေ စိတ္တဇုပ္ပါဒ်အစဉ်မှာ တဖွားဖွားဖြစ်ပေါ်လာသောကြောင့် ဟုတ်တိုင်းမှန်ရာ သဘာဝမမူ အစစ်အမှန်ဖြစ်သော ပရမတ္ထသဘောတရားတွေကို ဝိဇ္ဇာဉာဏ်ဖြင့် ထိုးထွင်း၍ အလင်းပေါက်အောင် သိမြင်လာသည်ကို ကောင်းစွာ မှတ်ကြပါ။

http://www.dhammadownload.com

ပမာဆောင်၍ ပြဦးအုံ။ ဆောင်းဥတုအခါ အရှေ့ယုဂန်တောင်စွန်းမှ ပေါ်ထွက်လာသော နေမင်းကြီးသည် ပေါ်ထွက်စ,အခါမှာ တစ်လောက ဓာတ်လုံးဆီးနှင်းမြူတိမ်တွေ ထူထပ်ဖုံးအုပ်နေသောကြောင့်၊ နေမင်း၏ အလင်းရောင်သည် နုသေးသောကြောင့် ဖောက်ထွင်း၍ ကောင်းစွာ မလင်းနိုင်သေး။ ထိုအခါ ကောင်းကင်ကြည့်သောသူသည် နေရောင်အလင်းကို ကောင်းစွာမရသဖြင့် ဆီးနှင်းမြူတိမ်တွေ တသိမ့်သိမ့်, တသဲသဲ, တရွရွ ဖြစ်နေသည်ကိုသာ မြင်ရ၏။ ထိုနောက် တော်တော်နေကြွလာသောအခါ နေရောင်အလင်း၏ တန်ခိုးအစွမ်းအာနုဘော်ကြောင့် ဆီးနှင်းမြူတိမ်တို့သည် တဖြည်းဖြည်း ပါး၍ သွားကြလေတော့၏။

ထိုအခါ ကောင်းကင်ကြည့်သောသူသည် ဆီးနှင်းမြူတိမ်တွေ ပါးသွားသောကြောင့် တစ်လောကလုံး နဂိုပြကတ္တေ့က ပစ္စည်း အဆက်ဆက် ပေါက်ဖွားနေသော ဥတုဇရုပ်ကလာပ်ကလေးတွေ တသိမ့်သိမ့်, တသဲသဲ ဖြစ်ပျက်နေသည်ကို တစ်ဆင့်တိုး၍ မြင်လေသည်။ မြင်သည်ဟု ဆိုသော်လည်း ရုပ်ကလာပ် တစ်ခုနှင့်တစ်ခုကြား သန္ဓတိ-အစဉ်ပြတ်အောင် မြင်သည် မဟုတ်သေးဟု မှတ်ကြပါ။

ထိုကဲ့သို့ ပရမတ္ထသဘာဝ ရုပ်ကလာပ်တွေ အခြေပျက်, အနေပျက် တသိမ့်သိမ့်, တသဲသဲ, တရွရွ, တကြွကြွ တစ်ကိုယ်လုံး ဖြစ်ပျက်နေသော သဘောတရားတွေကို ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ကောင်းစွာ ထင်မြင်လာ သည်ကိုပင် နောင်လာနောက်သား‌တို့ သိမှတ်စေရန် သမ္မသနဉာဏ်ဟု ပညတ်တင်စား၍ ခေါ်ထားပေသည်။

သမ္မသနဉာဏ် ပြီး၏။

× × ×

အထက်၌ ပြဆိုခဲ့ပြီးသော ဥပမာတွင် အရှေ့ကပေါ်ထွက်လာသော နေမင်းကြီးသည် သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ် အလင်းပေါ်လာသည်နှင့် တူ၏။ ကောင်းကင်သို့ ကြည့်ရှုနေသောသူသည် တရားအားထုတ်သော ယောဂီ ပုဂ္ဂိုလ်နှင့် တူ၏။ မိမိခန္ဓာကိုယ်ကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်အလင်းဓာတ်နှင့် ကြည့်ရှုသော်လည်း ဘဝသံသရာမှ ကမ္ဘာအဆက်ဆက်က ခန္ဓာအစဉ်မှာ အဝိဇ္ဇာတည်းဟူသော မှောင်ဓာတ်ကြီးက လွန်စွာထူထပ် ကြီးမားသောကြောင့် ရုတ်တရက် ဝိဇ္ဇာဉာဏ်အကြည်ဓာတ်, အလင်းဓာတ်ကြီးက ဖောက်ထွင်းခြင်းငှာ မစွမ်းနိုင်သေး။

ဥဒယဗ္ဗယဉာဏ်

ထိုအခါ နေ့ရောညဉ့်ပါ အာရဒ္ဓဝီရိယဖြင့် သက်စွန့်ကြိုးပမ်း အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ စိတ်မှာ နေရောင်ခြည် အလင်းဓာတ်ကြီး အားရှိစွာ ပေါ်လာဘိသကဲ့သို့ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်အလင်းဓာတ်ကြီး ပေါ်လာ၍ မိမိ ခန္ဓာ၌ရှိသော ပရမတ္ထဓမ္မ ရုပ်ကလာပ်ကလေးတွေကို ဟုတ်တိုင်းမှန်ရာ သဘာဝ ဓမ္မတွေကိုကောင်းစွာ သိမြင်လာသည်ဟု မှတ်၊ နေရောင်ခြည်သည် တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ရင့်သန်၍ အကြည်ဓာတ်, အလင်းဓာတ်ကြီးသည် အားရှိစွာ ထွန်းလင်းတောက်ပလာသောကြောင့် လောကဓာတ်တစ်ခုလုံးရှိ ရုပ်ကလာပ်ကလေးတွေ တစ်ခုနှင့်တစ်ခု ပိုင်းပိုင်းခြားခြား မြင်လာဘိသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ရုပ်ကလာပ်ကလေးတွေကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်းဓာတ်ကြီး အားရှိစွာ ထွန်းလင်းတောက်ပလာသောကြောင့် ရုပ်ကလာပ်ကလေးတွေ ဖြစ်,ပျက်နေသည်ကို တစ်ခုနှင့်တစ်ခု မရောမစပ်၊ သန္ဓတိ-အစဉ်ပြတ်၍ ပိုင်းပိုင်းခြားခြားကြီး ကောင်းစွာသိမြင်လာသည်ဟု မှတ်။

ထိုကဲ့သို့ သိမြင်လာသောအခါ ဘဝသံသရာ ကမ္ဘာအဆက်ဆက်က ခန္ဓာအစဉ်မှာ တဏှာဥပါဒါန်နှင့်တကွ အတ္တဒိဋ္ဌိဖြင့် စွဲလမ်းအပ်သော ဋ္ဌိ-ကာလသည် တဒင်္ဂအားဖြင့် ကွယ်ပျောက်ရလေတော့၏။

http://www.dhammadownload.com

ထိုကဲ့သို့ ဦ-ကာလ ကွယ်ပျောက်သောအခါ ဖြစ်မှု,ပျက်မှုကို မြင်နေသော ဝိဇ္ဇာဉာဏ်သည် လွန်စွာ ထက်သန်အားကောင်းလာသောကြောင့် အဖြစ်, အပျက်တွေကို လျင်လျင် မြန်မြန်ကြီး မြင်လာလိမ့်မည်။ ထိုအခါကျမှ သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, မနောဒွါရအကြည်ဓာတ် အစရှိသော ရုပ်အပေါင်းကို ဝိပဿနာ, သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် မိမိခန္ဓာကိုယ်ကို ဦးထိပ်က ဉာဏ်နှင့် စိုက်၍ ခြေဖဝါးအဆုံး တစ်ကိုယ်လုံး သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အလင်းပေါက်အောင် ရှုကြည့်နေရမည်။ ထိုအခါ ရထရေဏုမြူ ရုပ်ကလာပ်ကလေးတွေကဲ့သို့ မိမိခန္ဓာကိုယ်တစ်ခုလုံး ရုပ်ကလာပ်ကလေးတွေကို တစ်ခုနှင့်တစ်ခု မရောမစပ်, ရုပ်ကလာပ် တစ်ခုနှင့် တစ်ခုခြား အာကာသပိုင်းခြား၍ ဥပါဒ်စွန်း, ဘင်စွန်းကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင်ကြီး, အဖြစ်, အပျက်ကို လျင်လျင်မြန်မြန်ကြီး ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ကောင်းစွာ ထင်မြင်လာလတ္တံ့။ မိမိခန္ဓာကိုယ်တစ်ကိုယ်လုံး အကြွင်းအကျန်မရှိ, ဝိဇ္ဇာဉာဏ် အလင်း ပါက်သောကြောင့် ထိုအခါ ဗဟိဒ္ဓဋ္ဌရှိသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ အစရှိသော ရုပ်အပေါင်းကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ဖြင့် ဖြစ်မှု ပျက်မှုကို အလင်းပေါက်အောင် ရှုကြည့်ပွားများနေရမည်။ အဖြစ်အပျက်ကို ကောင်းစွာ ထင်မြင်သည်ထက် ထင်မြင်လာလိမ့်မည်။ ဖိဖိစီးစီး ဉာဏ်လွတ်၍ ပွားများရမည်။ ထိုအခါ ယောဂီပုဂ္ဂိုလ်၏ဉာဏ်သည် လွန်စွာ ထက်မြက်ရှူးရှလာသောကြောင့် ဉာဏ် ဦးလှည့်ရုံပင် မဟာမြင်းမိုရ်တောင်မင်းကြီးက စ၍ တစ်လောကလုံး ဘုံ ၃၁-၌ အတုံးအခဲ အထည်ဒြပ်သဏ္ဌာန် ရှိရှိသမျှကို သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် အကြည်ဓာတ်, အလင်းဓာတ်ကြီးနှင့် ဉာဏ်စက်လှည့်၍ ရှုကြည့်လိုက်သည်နှင့် တစ်ပြိုင်တည်း တစ်လောကလုံး အတုံးအခဲ အထည်ဒြပ် သန္တာန်ဟူသမျှ ဘာတစ်ခုမျှမကျန် ရုပ်ကလာပ် ပရမတ္ထ သဘာဝကလေးတွေ ဖြစ်ပျက်နေသည်ကို ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ပိုင်နိုင်စွာ ထင်မြင်လတ္တံ့။

ထိုအခါ အဖျတ္တ,ဗဟိဒ္ဓနှစ်ပါးစုံ ပြိုင်၍ ဖြစ်မှု, ပျက်မှုကို ကောင်းစွာ ထင်မြင်လာအောင် ဉာဏ်ကုန်လွတ်၍ ဖိဖိစီးစီး နေ့ရော ညဉ့်ပါ မနေမနား ရှုကြည့်ပွားများရမည်။ ထိုကဲ့သို့ ရှုကြည့်ပွားများသောအခါ သမ္မာဒိဋ္ဌိဝိဇ္ဇာ ဉာဏ်သည် လွန်စွာ ထက်မြက်ရှူးရှသော ဉာဏ်အမြင်သန့်၍ အဖျတ္တ, ဗဟိဒ္ဓ တစ်သားတည်း၊ တစ်ထပ်တည်း ဖြစ်ခြင်း, ပျက်ခြင်းကို ပိုင်ပိုင်နိုင်နိုင်ကြီး ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ကောင်းစွာ ထင်လတ္တံ့။

ထိုကဲ့သို့ ဝိဇ္ဇာဉာဏ်အလင်းပေါက်အောင်၊ ကောင်းစွာ ပိုင်နိုင်အောင် ထင်မြင်လာသော ယောဂီပုဂ္ဂိုလ်၏ စိတ်သန္တာန်မှာ တဏှာ, ဥပါဒါန်အားဖြင့် စွဲလမ်းအပ်သော ရုပ်အပေါင်းတို့သည် ဃန, အစိုင်အခဲကြီး ပြိုကွဲပျက်စီးလေသောကြောင့် လည်းကောင်း၊ အသွင်သန္တာန်ပညတ်တရားတွေ ကွယ်ပျောက်လေသောကြောင့် လည်းကောင်း၊ ရုပ်တရားတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို သန္ဋိတိ-အစဉ်ပြတ်အောင် ကောင်းစွာသိမြင်သောကြောင့်လည်းကောင်း၊ ထိုတဏှာ, ဥပါဒါန်တရားတို့သည် စွဲလမ်းခြင်းငှာ၊ သိမ်းပိုက်ခြင်းငှာ မတတ်နိုင်ကြတော့ပြီ။

ထိုအခါ ခန္ဓာငါးပါးအပေါင်းကို ငါ၏ ဥစ္စာတည်းဟု မစွဲလမ်းတော့ပြီ။ ထိုခန္ဓာငါးပါးကို ငါဖြစ်၏ဟု မစွဲလမ်းတော့ပြီ။ ထိုခန္ဓာငါးပါးကို ငါ၏ကိုယ်တည်းဟု မစွဲလမ်းတော့ပြီ။ ထိုကဲ့သို့ စွဲလမ်းသိမ်းပိုက်၍ ယူနေသော တရားအပေါင်းတို့သည် (တဒင်္ဂ, တဒင်္ဂ, တဒင်္ဂ, တဒင်္ဂ, ပေါင်းများစွာ) ကွယ်ငပ်ချုပ်ငြိမ်းကြလေသောကြောင့် တစ်ရက်သော် လည်းကောင်း၊ ၂-ရက်၊ ၃-ရက်၊ ၄-ရက်၊ ၅-ရက်၊ ၁၅-ရက်၊ တစ်လသော်လည်းကောင်း၊ တစ်နှစ်သော်လည်းကောင်း၊ ယောဂီပုဂ္ဂိုလ်အားလျော်စွာ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်အလင်းပေါက်၍ အမြင်သန့်နေသလောက်

http://www.dhammadownload.com

ကွယ်ငပ် ချုပ်ငြိမ်းကြရလေတော့၏။

ထိုအခါ အပါယ်လေးဘုံ၌ ကျရောက်စေတတ်သော ဒိဋ္ဌိတရားကြီးတွေ ကွယ်ငပ် ချုပ်ငြိမ်းကြလေသောကြောင့် အပါယ်လေးပါး ကျရောက်မှု ဝန်ထုပ်ကြီးတို့သည် တဒင်္ဂပေါင်းများစွာ ချုပ်ကြလေတော့၏။ ထိုကဲ့သို့ အပါယ်လေးပါး ချုပ်ငြိမ်းမှု သန္တိတရားကြီးသည် ထိုယောဂီပုဂ္ဂိုလ်၏စိတ်၌ ထင်ထင်ရှားရှားကြီး ဖြစ်ပေါ်လတ္တံ့။ ထိုငြိမ်းမှု သန္တိတရားကြီးကို ကိုယ်တွေ့ အေးငြိမ်းမှု သန္တိသုခတရားကြီးကို တဒင်္ဂနိဗ္ဗာန်ဟု ခေါ်သည်။ တဒင်္ဂနိဗ္ဗာန်ဟု မှတ်ကြပါ သူတော်ကောင်းတို့။ ထိုအခါ ယောဂီပုဂ္ဂိုလ်၏ စိတ်သည် နေ့ရောညဉ့်ပါ တရစပ် ငန်းတိုက်၍ ဖိဖိစီးစီး ဉာဏ်ကုန်လွတ်၍ ရှုကြည့်လာသောကြောင့် စိတ်သည် လွန်စွာ ကြည်လင် သန့်ရှင်း စင်ကြယ်ခြင်းကြောင့် အစ္ဆရိယ, ဗဟုဒ္ဓ, နှစ်ပါးစုံ တစ်ထပ်တည်း တစ်သားဖြင့်နေသော ရုပ်ကလာပ်တို့သည် ဖိတ်ဖိတ်တောက်,ပြိုးပြိုးပြက် အရောင်လက်၍ အဖြစ်အပျက်ကို နေ့ညဉ့်မလပ် တရစပ်ထင်နေသောကြောင့် ထိန, မိဒ္ဓ, နိဝရဏ တရားတို့သည် ကွယ်ငပ် ချုပ်ငြိမ်းကြလေတော့၏။

ထိုအခါ ယောဂီပုဂ္ဂိုလ်သည် အိပ်ရမှန်းမသိ၊ စားရမှန်းမသိ၊ ကျင်ကြီး ကျင်ငယ်ကိုမျှ စွန့်ရမှန်းမသိအောင် သညာတွေ ကွယ်ငတ်နေတတ်သည်။ တစ်ခါတစ်ခါ နေ့ညဉ့် ဟူသော အမှတ်သညာပါ ကွယ်ငတ်နေတတ်သည်။ ထိုကဲ့သို့ဖြစ်ရခြင်းသည် ဘယ်အတွက်ဆိုသော် ဘဝသံသရာ ဓန္ဓာအစဉ်၌ စွဲလမ်း၍ ယူလာခဲ့သော အတ္တဒိဋ္ဌိကြီး ကွယ်ငတ်နေသောကြောင့်လည်းကောင်း၊ အထည်ဖြစ် အသွင်သဏ္ဌာန် အတုံးအခဲကြီးတွေ ပြိုကွဲပျက်စီးနေသောကြောင့်လည်းကောင်း၊ မိမိ မျက်စိဖွင့်စရာမရှိ၊ နားမရှိ၊ နှာခေါင်းမရှိ၊ ပါးစပ်မရှိ၊ ကိုယ်တစ်ကိုယ်လုံးမရှိ၊ လက်မရှိ၊ ပေါင်, ခြေသလုံး, ခြေဖဝါးမရှိ၊ တစ်ကိုယ်လုံး ပရမတ္ထ ရုပ်ကလာပ်ကလေးတွေကို တစ်မြင်တည်းမြင်လာသော ရုက်,လ များလာသောအခါ မူလ တရားအားမထုတ်မီက မှတ်ထားသော သညာတွေ ကွယ်ငတ်၍ တစ်ကိုယ်လုံး ဖြစ်မှု, ပျက်မှု အနိစ္စ ပညာဉာဏ်အမြင်တွေ တစ်မြင်တည်း မြင်နေသောကြောင့် စားမှု, သောက်မှု, သွားမှု, လာမှု, အိပ်မှု, ထမှု, ထိုင်မှု ဣရိယာပုတ်လေးပါးစလုံး ဘယ်ဟာမျှ ဒုက္ခ မထင်သည်ဟူ၍ မရှိတော့ပြီ။ ထို့အတွက် ထိုသညာတွေ ကွယ်ငတ်ကြရလေတော့သည်။

ထိုကဲ့သို့ သဘာဝဓမ္မကို ပိုင်နိုင်စွာ ထင်မြင်နေသောကြောင့် ထိန, မိဒ္ဓ, နိဝရဏ တရားတွေ ကွာလေလေ ဝိပဿနာ ဝိဇ္ဇာဉာဏ် ထက်သန်စူးရှလေလေ ဖြစ်လေသောကြောင့် ကျောင်းခန်း, တိုက်ခန်း, အိမ်ခန်း, ပြတင်းပေါက်တို့က ဝင်လာသော နေရောင်ခြည် အလင်းနှင့်တည့်သော၊ လွန်စွာ နူးညံ့သိမ်မွေ့သော ရုပ်ကလာပ်ကလေးတွေကို မြင်နေရဘိသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထိုမျှလောက် သေးငယ်သော ရုပ်ကလာပ်ကလေးတွေကို ကောင်းစွာ ထင်မြင်လာလတ္တံ့။ ထိုအခါ ယောဂီပုဂ္ဂိုလ်၏ စိတ္တဇုပါဒ် အစဉ်တို့သည် လွန်စွာ ကြည်လင်သန့်ရှင်း စင်ကြယ်ခြင်း၊ ပြိုးပြိုးပြက် အရောင်တောက်ပခြင်း၊ တည်ကြည်ငြိမ်သက်ခြင်း၊ စိတ္တဇရုပ်တို့သည် တစ်ကိုယ်လုံးပြန့်နှံ့၍ ပြိုးပြိုးပြက်အရောင်တွေ တောက်ပလာသောကြောင့် လည်းကောင်း၊ ဝိပဿနာ၏ အာနုဘော်အစွမ်းကြောင့် ဖြစ်ပေါ်လာသော အရောင်အလင်းကြီးသည် ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထင်ထင်ရှားရှားကြီး ဖြစ်ပေးလာလတ္တံ့။ ထိုအရောင် အလင်းကြီးသည် လွန်စွာ ကြည်လင်သန့်ရှင်းစင်ကြယ်ခြင်း၊ တည်ကြည် ငြိမ်သက်ခြင်း၊ နေရောင်, လရောင်, ကြယ်ရောင်တို့နှင့် မရောမစပ် လွန်စွာ ထူးဆန်းအဲ့သြဖွယ်ကြီး ဖြစ်သောကြောင့် လည်းကောင်း၊ ယခုဘဝတွင် ဘယ်အခါမှ မတွေ့စဖူး မကြုံစဖူး လွန်စွာထူးသောကြောင့် ထိုအလင်းရောင်ကြီးကို လွန်မင်းစွာ နှစ်သက်သော ပီတိသည်

http://www.dhammadownload.com

တစ်ကိုယ်လုံး ပျံ့နှံ့၍ ထိုအရောင်အလင်းကြီးကို သံလိုက်နှင့် တွယ်ထားဘိသကဲ့သို့ မလွှတ်နိုင်, မခွာနိုင်အောင် ထိုပီတိသုခကို နေ့ရောညဉ့်ပါ ခံစားနေလတ္တံ့။ ထိုကဲ့သို့ ခံစားနေရသောအခါမှာ နောက်က အားတိုက်ဖိစီး၍ ရှုကြည့် ပွားများခဲ့သော ဖြစ်မှု, ပျက်မှု သဘောတရားတွေ ကွယ်ဝှက်နေလတ္တံ့။ ထို အရောင် အလင်းကြီးကို တွယ်တာသာယာ၍ ခံစားနေမှုကို မဂ်၏ အန္တရာယ်, ဖိုလ်၏အန္တရာယ်, ဝိပဿနာ ဝိပက္ကိလေသ ခေါ်၏။ ထိုအကြည်ဓာတ်, အလင်းဓာတ်နှင့် နေ့ညဉ့်မပြတ် ပီတိသုခကို ခံစားလာသောအခါ ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထိုပီတိသုခကို တော်တော်တင်းတိမ်၍ ဥပေက္ခာသဘောမျိုး သဘာဝအတိုင်း အလိုလို ဖြစ်ပေါ်လာလတ္တံ့။ ဆရာမဆုံးမရာဘဲနှင့် ဉာဏ်ထက်သောပုဂ္ဂိုလ်တို့မှာ ထိုကဲ့သို့ ပေါ်လာတတ်သည်ဟု မှတ်။

ထိုကဲ့သို့ ပေါ်လာသောအခါ နောက်က အားတိုက်ဖိစီး၍ ရှုကြည့်ပွား များလာသော အဖြစ်အပျက်ကို သတိရ၍ ဖြစ်မှု, ပျက်မှုကို ပြန်၍ ရှုလေတော့သည်။ ထိုသို့ ရှုသောအခါ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်ဝမှာ အရင်ကထက် ပို၍ ဉာဏ်ထက်မြက်စူးရှသောကြောင့် အဖြစ်အပျက် ထင်မြင်မှုသည် အဆပေါင်းများစွာ တိုးတက်ပြီး လျင်လျင်မြန်မြန် ကြီးမြင့်လာလတ္တံ့။ ထိုအခါ ထင်မြင်သော ဖြစ်မှု, ပျက်မှုတို့သည် သိမ့်ခနဲ သိမ့်ခနဲ, ရိတ်ခနဲ ရိတ်ခနဲ, လွန်လွန်မင်းမင်း ဖြစ်ခြင်း, ပျက်ခြင်းကို နေ့ရော ညဉ့်ပါ တစ်စပ်တည်း ထင်မြင်နေလတ္တံ့။ ထိုအခါ အိပ်ပျော်သည်ဟူ၍ မသိရ၊ တစ်စပ်တည်း ဖြစ်မှု, ပျက်မှုတွေကို တစ်လောကလုံး သိမ့်ခနဲ သိမ့်ခနဲ, ရိတ်ခနဲ ရိတ်ခနဲ, လျင်လျင်မြန်မြန်ကြီး မြင်နေသောကြောင့် ယောဂီပုဂ္ဂိုလ် ဉာဏ်သည် ထက်မြက်သည်ထက် ထက်မြက်၊ စူးရှသည်ထက် စူးရှလာသောကြောင့် အဖြစ်ကို အမြင်သေး၍ အပျက်ကိုသာ တဖြည်းဖြည်း အမြင်သန်လာလတ္တံ့။

ထိုကဲ့သို့ ဖြစ်မှု, ပျက်မှု သဘာဝမှတွေကို ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ဝိုင်ဝိုင်နိုင်နိုင်ကြီး ထင်မြင်နေသည်ကိုပင် နောက်သား နောင်လာတို့မှတ်သားစေရန် ဥဒယဗ္ဗယဉာဏ်ဟု ပညတ်တင်စား၍ ထားတော်မူသည်ဟု မှတ်ကြပါ။

အထူးမှတ်ချက်

ခန္ဓာဒီနံ-ခန္ဓာ စသည်တို့၏၊ ဝါ-ရုပ်နာမ် ခန္ဓာတို့၏၊ ဥဒယံ-ဖြစ်ဖြစ်နေမှုကို၊ မုဋ္ဌတွာ-လွှတ်ထား၍၊ ဝယေဝ-ပျက်ပျက်နေမှုဖြင့်သာလျှင်၊ အနုပဿနာကာရ ဝသပဝတ္တံ-အဖန်ဖန်အထပ်ထပ် ရှုမှားတတ်သော သိခြင်းအရာ၏ အစွမ်းဖြင့်ဖြစ်သော၊ ဉာဏ်-အသိဉာဏ်သည်၊ ဘင်္ဂဉာဏ်နာမ-ဘင်္ဂဉာဏ် မည်၏ဟု အဋ္ဌကထာလာရှိသည့်အတိုင်း ရေးသားထားသည်ကို တွေ့ရှိရပေသည်။ (ထိုပါဠိ အနက်ကို လွဲမှားသည်ဟု မဆိုပါ) တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်မှာ ဥဒယဗ္ဗဉာဏ် ရင့်သန်၍ ဘင်္ဂဉာဏ် တက်၍ရှုသောအခါ အဖြစ်ကို၊ မုဋ္ဌတွာ-လွှတ်ထား၍၊ ဝယေဝ-အပျက်ကိုသာ အဖန်ဖန် အထပ်ထပ် ရှုမှားရမည်ဟု ဆိုထားသော အချက်ကို များများကြီး စဉ်းစားဖို့ သင့်လှကြပေတော့သည်။ ဘယ်အတွက် ဆိုသော် ဥဒယဗ္ဗယဉာဏ် သဘာဝအတိုင်း အဖြစ်အပျက်ကိုဉာဏ်အမြင် ထက်မြက်စူးရှလာသောအခါ သဘာဝအတိုင်း ဩဘာသ, တည်းဟူသော အရောင်အလင်းကြီးသည် ဖြစ်ပေါ်လာမြဲ ဖြစ်ပေသည်။

ထိုကဲ့သို့ အရောင်အလင်းကြီး ဖြစ်ပေါ်ရန်ကို မည်သည့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က တိုက်တွန်း၍ ဖြစ်ပေါ်လာသည် မဟုတ်။ ဖြစ်ပေါ်ရမည့် အချိန်ကျ၍ သဘာဝဓမ္မအတိုင်း ထွက်ပေါ်လာသည်ဟု မှတ်ဖို့သင့်၏။

အရှေ့က ထွက်လာသော နေမင်းကြီးသည် သူ့အချိန်မကျဘဲနှင့် ဘယ်အခါမှ ထွက်ရိုးထုံးစံ မဟုတ်။ သူ့အချိန်ကျလျှင် မည်သူက တားသော်

http://www.dhammadownload.com

လည်း မရ။ နေထွက်မြဲ ဓမ္မတာအတိုင်း ထွက်ပေါ်လာသည်ဟု မှတ်ဖို့သင့်၏။

နေဝင်ချိန်ကြလျှင် မည်သူမှ တားလို့မရ၊ ဝင်မြဲဓမ္မတာအတိုင်း ဝင်၏။

ထိုဥပမာ၌ နေဝင်ချိန်ကြလျှင် မည်သူမှ တားလို့မရသကဲ့သို့ ထိုအတူ ဘင်္ဂဉာဏ် အပျက်ကို မြင်ချိန်ကြလျှင် မည်သူမှ တားလို့မရ။ သူ့သဘာဝအတိုင်း အပျက်ကို မြင်လာမှ ဝိပဿနာဉာဏ် အမှန်ရင့်သန်လာသည်ဟု ဆိုရပေလိမ့်မည်။

ဘယဉာဏ်လည်း မရင့်သန်၊ ရှေ့ဉာဏ်ဟူသမျှ ရင့်သန်ဖို့ လွန်စွာ ခဲယဉ်းလှပေတော့သည်။ သခ်ါရုပေက္ခာဉာဏ်, အနုလောမဉာဏ် ဖြစ်ပေါ်ရန် ဝေးစွ။ သို့အတွက် ရှေ့ဉာဏ်တွေ ပုပ်ကုန်မည်ကို လွန်စွာ စိုးရိမ်ဖွယ်ကောင်းလှသောကြောင့် ထိုဥပမာများကို မေတ္တာ စေတနာ ကြီးမားစွာထား၍ ရေးသားထည့်သွင်း ဖော်ပြလိုက်ရပေသည်။ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ဥဒယဗ္ဗယဉာဏ် သဘာဝဓမ္မအတိုင်း ကောင်းကောင်းကြီး ရင့်သန်လာသောအခါ အဖြစ်ကို သူ့သဘာဝ အတိုင်းလွတ်၍ အပျက်ကိုသာ သဘာဝဓမ္မအတိုင်း မြင်လာမှသာ ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ် ရင့်သန်၍ အောင်အောင်မြင်မြင်ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ ဗန္ဓုရသရက်သီးကြီးသည် သူ့သဘာဝအတိုင်း ပင်ထက်မှည့်၍ အချိန်ကြသောအခါ အလိုလို ကြွေကျလာဘိသကဲ့သို့ မှတ်ကြပါ။

ထို့အတွက် တရားအားထုတ်သော ယောဂီအပေါင်းတို့သည် ဥဒယဗ္ဗ ယဉာဏ်ကို နေ့ရောညဉ့်ပါ မနေမနား ရုပ်,နာမ်,ခန္ဓာကို စွန့်လွှတ်၍ ဖိဖိစီးစီး ဉာဏ်ကုန်လွှတ်၍ ကြည့်ရှုပွားများဖို့ သင့်လှကြပေတော့သည်။

လောကဌ် ပျားရည်လျက်သောသူ၊ ထန်းလျက်စားသော သူတို့သည် မိမိတို့ လျှာအကြည်ဓာတ်နှင့် အချိုဓာတ် ထိခိုက်သောအခါ အချိုဓာတ်သည် သူ့သဘာဝအတိုင်း အစွမ်းကုန် မဆိုင်းမတွ ချိုဘိသကဲ့သို့ မှတ်ကြပါ။

တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့မှာ တိဟိတ်ပုဂ္ဂိုလ် မှန်ခဲ့လို့ရှိလျှင် သက်စွန့်ကြိုးပမ်း အားထုတ်သောအခါ ဝိပဿနာဉာဏ်ဆယ်ပါးကို သူ့အချိန်ကျလျှင် သဘာဝဓမ္မအတိုင်း ဉာဏ်ဝမှာ ပေါ်မြဲဓမ္မတာ ဖြစ်ပေသည်။

ထိုနေရာမှာ သဒ္ဓါနှင့် ဝီရိယ မလွန်ကဲရ၊ ဗိုလ်ငါးပါးကို တူမျှအောင် ထား၍ အားထုတ်ရခြင်း၊ သမ္မပ္ပဓာန်တရား လေးပါး, ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ, စိတ္တာဓိပတိ, ဝီမံသာဓိပတိ ထိုအဓိပတိတရား လေးပါးကို တူမျှအောင်ထား၍ အားထုတ်ရခြင်း၊ သို့မှ ဉာဏ်ဆယ်ပါး အောင်အောင်မြင်မြင်ဖြစ်၍ ပုထုဇဉ်အနွယ်ဖြတ်နိုင်သော ဂေါတြဘူဇော, မဂ်ဇော တို့ ဖြစ်ပေါ်နိုင်ကြသည်။

ထိုကဲ့သို့ မဟုတ်ခဲ့ပါလျှင် ဝိပဿနာဉာဏ် ပုပ်တွေနှင့် အချိန်ကုန်ကြ ပေလိမ့်မည်။ အားထုတ်သော ဉာဏ်များကို အဟောသိကံဖြစ်မည်ဟု မဆိုရ။ ဉာဏသမ္မယုတ်တွေဖြစ်၍ ဒုတိယဘဝ၌ အကျိုးခံစားကြရလတ္တံ့။

ယခုရေးသား ဖော်ပြသော အချက်ကြီးများကို အကြိမ်ကြိမ် အထပ်ထပ် အဖန်ဖန် စဉ်းစား၍ မိမိတို့ သဘောကျရာ ရှုကြည့် ပွားများကြစေလိုသည် သူတော်ကောင်းအပေါင်းတို့။

ထို ယောဂီပုဂ္ဂိုလ်သည် ထိုအမြင်ကို မလွတ်မူ၍ တစ်စပ်တည်း ငန်းတိုက်၍ နေ့ရောညဉ့်ပါ ဖိဖိစီးစီး ရှုကြည့်ပါ။ များသောအခါ အဖြစ်ကို လုံးလုံးလွှတ်၍ အပျက်ကိုသာ တစ်မြင်တည်း မြင်လာလတ္တံ့။ ထိုအခါ သိမ့်ခနဲ, သိမ့်ခနဲ ဆိုသော အဖြစ်သည် မပေါ်လာတော့ပြီ၊ မမြင်တော့ပြီ။ ရိပ်ခနဲ ရိပ်ခနဲဆိုသော အပျက်ကိုသာ အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ပါးစုံ တစ်လောက ဓာတ်လုံး ဉာဏ်ငုံ၍ ရှုကြည့်သော အခါ ရိပ်ခနဲ, ရိပ်ခနဲ ရိပ်ရိပ်နှင့် တစ်သုတ် တစ်သုတ် အပျက်တွေကိုသာ လျင်လျင်မြန်မြန်ကြီး နေ့ရော

http://www.dhammadownload.com

ညဉ့်ပါ တစ်စပ်တည်း မြင်လာလတ္တံ့။

ထိုကဲ့သို့ ယောဂီပုဂ္ဂိုလ် ဉာဏ်ဝမှာ သဘာဝအတိုင်း ထင်မြင်လာသည်ကိုပင် နောက်သား, နောင်လာတို့ သိမှတ်စေရန် ဘင်္ဂဉာဏ်ဟု ပညတ်တင်စား၍ ထားတော်မူခဲ့သည်ဟု မှတ်ကြပါ။ ထို ယောဂီပုဂ္ဂိုလ်သည် မိမိဉာဏ်အမြင်ကို လက်မလွတ်မူ၍၊ တစ်စပ်တည်း ငန်းတိုက်၍ နေ့ရောညဉ့်ပါ ရှုကြည့်သောအခါ အရင်ကထက် အဆပေါင်းများစွာ ဂဏန်းချ၍ ပြောပြခြင်းငှာ မစွမ်းနိုင်လောက်အောင် အပျက်တွေ လွန်စွာ လျင်မြန်ခြင်းကို မြင်လာသောကြောင့် ထိုအပျက်ကိုပင် နေ့ရောညဉ့်ပါ ထပ်ကာထပ်ကာ တရစပ် မြင်နေရသောကြောင့် ထိုအပျက်ကိုပင် မရှုလို, မမြင်လိုသော စိတ်သည် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထင်လာလတ္တံ့။

ထိုအပျက်တွေ မြင်နေရခြင်းကိုပင် ဘေးတုံး, ဘေးခဲကြီးဟု ထင်မြင်လာသောကြောင့် မိမိခန္ဓာကိုယ်ကြီးကို တောတွင်းက ကျားကြီးတွေ, သရဲသဘက်, ဘီလူးကြီးတွေနှင့် ဘွားခနဲ ရင်ဆိုင်တွေ့သောအခါ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ အသက်သေမတတ် လွန်စွာ ကြောက်လန့်နေဘိသကဲ့သို့ ယောဂီ ပုဂ္ဂိုလ်စိတ်မှာ မိမိရုပ်, နာမ်, ခန္ဓာကိုယ်ကို လွန်စွာ ကြောက်လန့်ခြင်း ဖြစ်လတ္တံ့။ ထိုမျှလောက် ဘေးတုံး,ဘေးခဲကြီးဟု ကြီးစွာ ထင်လာသောအခါ ယခု အပျက်တွေကို မြင်နေသော ရုပ်,ခန္ဓာအပေါ်၌ အသစ်အသစ် မဖြစ်လိုသော တဏှာ, ဥပါဒါန်ပြတ်ကင်းလတ္တံ့။ အနာဂတ် ဖြစ်လတ္တံ့သော ရုပ်, နာမ်, ခန္ဓာတို့သည်လည်း ယခု ပစ္စုပ္ပန် အပျက်မျိုး အတိုင်း တစ်ထပ်တည်း ပျက်ရလတ္တံ့။ အတိတ်ဘဝ ခန္ဓာတွေကလည်း ယခု ပစ္စုပ္ပန်အပျက်မျိုးတွေကဲ့သို့ ပျက်ခဲ့လေပြီဟု အတိတ်, ပစ္စုပ္ပန်, အနာဂတ်ကာလ သုံးပါးစလုံး ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ စက်လှည့်၍ ရှုကြည့်သောအခါ လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ ဘုံ ၃၁-၌ ဘယ်ခန္ဓာမျိုးမှ ဖြစ်ခြင်း, ပျက်ခြင်းမှ လွတ်ကင်းသော ခန္ဓာဟူ၍ အဏုမြူခန့်မျှ ရှာလို့မတွေ့တော့ပြီ။

သို့အတွက် ခန္ဓာဟူသမျှ ဘေးတုံး, ဘေးခဲကြီးတွေဟု အမှန်သိမြင်သောကြောင့် ခန္ဓာဟူသမျှ အပေါ်၌ အသစ်ဖြစ်လိုသော တဏှာဥပါဒါန် ပြတ်ကင်းလေတော့၏။

ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထိုကဲ့သို့ သဘာဝအတိုင်း ပိုင်ပိုင်နိုင်နိုင်ကြီး ထင်မြင်လာသည်ကိုပင် နောက်သား,,နောက်လာတို့ သိမှတ်စေရန် ဘယဉာဏ်ဟု ပညတ်တင်စား၍ ထားတော်မူခဲ့သည်ဟုမှတ်။ ထိုယောဂီပုဂ္ဂိုလ်သည် ထိုကဲ့သို့ ဉာဏ်အမြင်ထက်သန်အားကောင်းနေသောအခါ ဘေးတုံး, ဘေးခဲကြီးတွေ တစ်လောကလုံး ထင်နေ၍ အာဟာရကို စားရမှန်းမသိ၊ စားလိုသော အာသာဆန္ဒ ကင်းပြတ်သလောက် ဖြစ်နေတတ်သည်၊ ထိုအခါ အာဟာရကို စားချိန်ကျ၍ လာခေါ်သော်လည်း ရုပ်, ခန္ဓာကို ဘေးတုံး, ဘေးခဲကြီးဟု ထင်နေသောကြောင့်လည်း ကောင်း၊ အပျက်တွေကို တမြင်တည်း မြင်နေသောကြောင့်လည်းကောင်း၊ ခေါ်သော်လည်း ရုတ်တရက် ထ,စရာ ခန္ဓာကိုယ် အတုံးအခဲ, အထည်ဒြပ်သဏ္ဌာန်တွေ ကွယ်ပျောက်နေသောကြောင့် ရုတ်တရက် မထနိုင်။ ခေါ်ပါများမှ မိမိရုပ်တုံး ရုပ်ခဲကြီးကို မျက်စိရှိသည်၊ နားရှိသည်၊ နှာခေါင်းရှိသည်၊ ပါးစပ်ရှိသည်၊ ကိုယ်ရှိသည်ဟု အကြိမ်များစွာသော သညာကို ပြန်၍ ဖော်ပြီးမှ မျက်စိကို ဖွင့်ကြည့်သောအခါ မိမိ ခန္ဓာကိုယ် အတုံးအခဲကြီး မြင်လိုက်သည်နှင့်တစ်ပြိုင်တည်း တောတွင်းက ကျားကြီး, ဘီလူးကြီးများကို မြင်လိုက်ရဘိသကဲ့သို့ မကြည့်ရဲ မမြင်ရဲအောင် ဘေးတုံး,,ဘေးခဲကြီး ထင်၍ လွန်စွာ ကြောက်လန့်၍ နေသောကြောင့် တော်တော်နှင့် မထ,နိုင်၊ စိတ်ကို လွန်စွာ ပြုပြင်ပြီးမှ ထ,သောအခါ လူမမာကြီးကဲ့သို့ ဟိုယိုင် ဒီယိုင် ဖြစ်နေတတ်သည်။ အာဟာရ စားသော်လည်း စားလိုသောစိတ် မရှိ၊ အာဟာရအပေါ်

http://www.dhammadownload.com

ကြီးစွာသော ဒုက္ခကို ထင်လတ္တံ့။ ရသာခြောက်ပါးကို ကောင်းစွာ မသိတော့ပြီ။ ထိုကဲ့သို့ ပုဂ္ဂိုလ်များကို တွေ့ရှိရသောကြောင့် သံဝေဂဉာဏ် တိုးတက်စေရန် ရည်သန်၍ ရေးထည့်လိုက်ပေသည်။ ယောဂီပုဂ္ဂိုလ် အပေါင်း သူတော်ကောင်းတို့။

ထို ယောဂီပုဂ္ဂိုလ်သည် မိမိထင်မြင်နေသော ဉာဏ်အမြင်ကို လက်မလွတ်မူ၍ နေ့ရောညဉ့်ပါ တစ်စပ်တည်း ငန်းတိုက်၍ ရှုသောအခါ ဘယ်ရုပ်, ဘယ်နာမ်, ဘယ်ခန္ဓာကိုယ်မျှ ဖြစ်လိုသော စိတ်ဆန္ဒ မရှိတော့ပြီ။ ရုပ်,နာမ်,ခန္ဓာဖြစ်မည်ကိုပင် ဆတ်ဆတ်တုန်အောင် လွန်စွာ ကြောက်လန့် လေတော့သည်။ မိမိ ရုပ်,နာမ်,ခန္ဓာနှင့်တကွ တစ်လောကလုံး၏ ရုပ်,နာမ်,ခန္ဓာ ဟူသမျှကို မီးတုံး, မီးခဲ, မီးတောက်, မီးလျှံကြီးတွေကဲ့သို့ ထင်၍ လွန်စွာ ကြောက်လန့်ခြင်း၊ ထို့ထက် တိုး၍ ထင်လာသည်မှာ အဆုံးအစ မရှိအောင် နက်ကျယ်သော မီးကျည်းတွင်းကြီး၊ မီးလျှံပြောင်ပြောင် တောက်လောင်နေသော မီးကျဉ်းတွင်းကြီးကို ပကတိ မျက်စိဖြင့် မြင်နေရတိုသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ကောင်းစွာ ထင်မြင်လာလတ္တံ့။

ထိုအခါ ကိုးကွယ်ရာမရှိ၊ မှီခိုရာမရှိအောင် အသက်ထွက်မတတ် ကြီးစွာသော ကြောက်လန့်ခြင်းကို ဖြစ်လတ္တံ့။ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထိုကဲ့သို့ သဘာဝအတိုင်း ပိုင်နိုင်စွာ ထင်မြင်လာသည်ကိုပင် နောက်သား, နောင်လာတို့ သိမှတ်စေရန် အာဒီနဝဉာဏ်ဟု ပညတ်တင်စား၍ ထားတော်မူ ခဲ့သည်ဟု မှတ်ကြပါ။ ထိုယောဂီပုဂ္ဂိုလ်သည် မိမိဉာဏ်အမြင်ကို မလွတ်မူ၍ နေ့ရောညဉ့်ပါ တစ်စပ်တည်း ရှုကြည့်လာသောအခါ ဘုံ ၃၁–၌ အထက်အောက် အဆုံးအစ မရှိဟင်းလင်း ဟောင်းလောင်းကြီးကို ဉာဏ်ဝမှာ ထင်မြင်လာသောကြောင့် လူ့ဘုံ လူ့ခန္ဓာ၊ နတ်ဘုံ နတ်ခန္ဓာ၊ ဗြဟ္မာ့ဘုံ ဗြဟ္မာခန္ဓာ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဘုံ၊ ခန္ဓာ ဟူသမျှ အဏုမြူခန့်မျှ ရှာမရတော့ပြီ။ အဘယ်ခန္ဓာကိုမျှ၊ နှစ်သက်သာယာစရာ အဏုမြူခန့်မျှ ရှာလို့ မတွေ့ မတွေ့ပြီ။ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ တစ်လောကလုံး ဟင်းလင်းဟောင်းလောင်းကြီး ဖြစ်နေသောကြောင့် လည်းကောင်း၊ စိတ်သည် တွယ်တာစရာ အဏုမြူခန့်မျှ ရှာမတွေ့သောကြောင့်လည်းကောင်း၊ အစေးအညှော် မရှိသော စိတ်သည် အခြောက်တိုက်ကြီးဖြစ်၍ လောကသုံးပါးကို လွန်စွာ ငြီးငွေ့လေတော့၏။

ထိုအခါ အပျက်ကို တရစပ်မြင်နေသော ရုပ်,နာမ်နှစ်ပါးသည် ကိုးကွယ်ရာမရှိ၊ မှီတွယ်စရာ မရှိအောင် ဉာဏ်အမြင်ထက်သန်နေသော ကြောင့် စိတ်သည်လွန်စွာ အားနည်းခြင်း၊ သေးသိမ်ခြင်း ဖြစ်၍ စိတ်သည် လွန်လွန်မင်းမင်း ပြင်းပြင်းထန်ထန်ကြီး ငြီးငွေ့သော ဉာဏ်သည် ဖြစ်လတ္တံ့။ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထိုကဲ့သို့ သဘာဝအတိုင်း ပိုင်နိုင်စွာ ထင်မြင်လာသည်ကိုပင် နောက်သား, နောင်လာတို့ သိမှတ်စေရန် (နိဗ္ဗိဒါဉာဏ်)ဟု ပညတ်တင်စား၍ ထားတော်မူခဲ့သည်ဟု မှတ်ကြပါ။

ထို ယောဂီပုဂ္ဂိုလ်သည် လောကသုံးပါးကို လွန်စွာငြီးငွေ့သောကြောင့် လည်းကောင်း၊ စိတ်သည် ကိုးကွယ်ရာ, မှီတွယ်ရာ, ဆောက်တည်ရာ မရှိအောင် ဉာဏ်အမြင် ထက်သန်နေသောကြောင့် လည်းကောင်း၊ စိတ်သည် လွန်စွာ အားနည်းသေးသိမ်၍ ဘုံ ၃၁–၌ ဖြစ်ခြင်း, ပျက်ခြင်း နယ်အတွင်းမှ လွတ်ကင်းရာ လွတ်ကင်းကြောင်း ထွက်ပေါက်ကို နေ့ရောညဉ့်ပါ မအိပ်မနေ ရှာဖွေတော့သည်။ ထိုကဲ့သို့ ဉာဏ်ဖြင့် မွေနှောက်၍ ရှာသောအခါ ဘုံ ၃၁–၌ ဖြစ်မှု, ပျက်မှုမှ လွတ်ကင်းသော ရုပ်,နာမ်ဆို၍ အဏုမြူခန့်မျှ ရှာလို့ မတွေ့ပြီ။ ဖြစ်ခြင်း,ပျက်ခြင်းမှ လွတ်ကင်းရာ အသခ်ိတ မဟာနိဗ္ဗာန်ကြီး သာလျှင် ရှိ၏ဟု ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ကောင်းစွာ ထင်လတ္တံ့။

ထိုကဲ့သို့ ထွက်ပေါက်ကို မြင်သောအခါ

http://www.dhammadownload.com

ဖြစ်ခြင်း, ပျက်ခြင်းမှ လွတ်ကင်း၍ အမြန်ထွက်မြောက်နိုင်ရန် ဉာဏ်ဝမှာ ကောင်းစွာ ထင်လတ္တံ့။

ထိုသို့ ရှုကြည့်သောအခါ နိဗ္ဗာန်သည်သာလျှင် ကိုးကွယ်ရာ, မှီခိုရာ, ဆောက်တည်ရာ အစစ်အမှန်ဖြစ်သည်ဟု သိသောကြောင့် နိဗ္ဗာန်ကို လိုချင်သော ဆန္ဒဓာတ်တွေ ပြင်းထန်စွာ ဖြစ်ပေါ်လာလတ္တံ့။ နိဗ္ဗာန်ကို မျက်မှောက် ပြုလိုသောဆန္ဒနှင့် ဖြစ်ခြင်း,ပျက်ခြင်းမှ လွတ်ကင်းအောင် ဘုံ ၃၁-ကို ခြေကန်၍၊ ဉာဏ်ကုန်လွတ်၍ ရှုလတ္တံ့။ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထိုကဲ့သို့ သဘာဝမဖွအတိုင်း ကောင်းစွာ ထင်လာသည်ကိုပင် နောက်သား, နောင်လာတို့ သိမှတ်စေရန် (မုဋ္ဌိတုကမျတာဉာဏ်)ဟု ပညတ်တင်စား၍ ထားတော်မူခဲ့သည်ဟု မှတ်။

ထိုယောဂီပုဂ္ဂိုလ်သည် မိမိဉာဏ်အမြင်ကို မလွတ်မူ၍ နေ့ရော ညဉ့်ပါ ရှုကြည့် ပွားများသောအခါ ပျက်ခြင်းမှ လွတ်ကင်းလိုသောစိတ်, ချုပ်ငြိမ်းလိုသောစိတ်, ပြင်းထန်စွာဖြစ်၍ ထိုပျက်မှုရှိနေသမျှ ကာလပတ်လုံး အိုခြင်း, နာခြင်း, သေခြင်း, ပဋိသန္ဓေတစ်ဖန်အသစ်နေခြင်းဟု ဆိုအပ်သော ထိုဘေးကြီးလေးပါးကို စက်လှည့်၍ ရှုသောအခါ ပုံက်မှုတွေကို များစွာ အပြစ်မြင်၍ ယခုပျက်နေသော ရုပ်,နာမ် နှစ်ပါးသည် ယခုချုပ်ပါစေ၊ ယခုချုပ်ပါစေ၊ ယခုချုပ်ပါစေ၊ ဘယ်အခါမှ မပေါ်လာပါစေ၊ ဘယ်အခါမှ မပေါ်လာပါစေဟု ချုပ်ငြိမ်းလိုသော ဆန္ဒသည် နေ့ရောညဉ့်ပါ၊ ပြင်းထန်စွာ ဖြစ်ပေါ်လာ၍ ယောဂီပုဂ္ဂိုလ်သည် ဉာဏ်ကုန်လွတ်၍ ရှုလတ္တံ့။

ထိုကဲ့သို့ ရှုပါများသောအခါ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အမြင်မှာ အပျက်တွေ တဖြည်းဖြည်းပါး၍ အမြင်အား သေးသွားလတ္တံ့။ နေရောင်နှင့် တည့်တည့်မြင်နေသော တဖွာရိမြူ, ရုပ်ကလာပ်ကလေးတွေ လွန်စွာ နူးညံ့သိမ်မွေ့စွာ ပါးပါးလျပ်လျပ်ကလေးကို မြင်ရဘိသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထိုမျှလောက် နူးညံ့သိမ်မွေ့သော ရုပ်ကလာပ်တွေကို တစ်ခါ တစ်ခါ အမြင်ပြတ်ပြတ်သွားမတတ် ဖြစ်သည်ကို သဘာဝဓမ္မအတိုင်း မြင်လတ္တံ့။ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ ထိုကဲ့သို့ သဘာဝအတိုင်း ကောင်းစွာ ထင်မြင်လာသည်ကိုပင် နောက်သား, နောင်လာတို့ သိမှတ်စေရန် (ပဋိသန္ဓိဉာဏ်) ပညတ်တင်စား၍ ထားတော်မူခဲ့သည်ဟု မှတ်။

ထိုယောဂီပုဂ္ဂိုလ်သည် ဘုံ ၃၁-၌ ပျက်ခြင်းမှ လုံးဝချုပ်ငြိမ်းရန် နေ့ရောညဉ့်ပါ ဖိဖိစီးစီး ဉာဏ်ကုန်လွတ်၍ ရှုကြည့်လာသောကြောင့် ယခုအခါ ထိုပျက်ခြင်းမှ လုံးဝသုဉ်းဆိတ်ရန် ရှုလေတော့၏။ ထိုသို့ ရှုသောအခါ ဘုံ ၃၁-၌ အပျက်ဟူသမျှ လုံးဝသုဉ်းဆိတ်၍ သုညကြီး ဖြစ်လေတော့သည်။ ယောဂီပုဂ္ဂိုလ်သည် ဇာတိဘေးကြီး, ဇရာဘေးကြီး, ဗျာဓိဘေးကြီး, မရဏဘေးကြီးအပေါင်းမှာ လွတ်ငြိမ်းရပေပြီ။ ကျားဘေး, ဆင်ဘေး,မြွေဘေး, သားရဲခြင်္သေ့, ဘီလူးဘေးအပေါင်းမှ လွတ်ငြိမ်းရပေပြီ။ အဖျတ်တဘေး၊ ဗဟိဒ္ဓဘေးအပေါင်းမှ လွတ်ငြိမ်းရပေပြီ။ တစ်လောကလုံး ဖြစ်ခြင်း, ပျက်ခြင်းမှ လွတ်ကင်း၍ သုညကြီး ဖြစ်နေသောကြောင့် အဖျတ်တဗဟိဒ္ဓ နှစ်ပါးစုံ ဘဝသံသရာ ကမ္ဘာအဆက်ဆက်က စွဲလမ်းသိမ်းပိုက်လာသောအတ္တမှ ဆိတ်ကင်းရပေပြီ။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်၏ စိတ္တဂျပ္ပါဒ်အစဉ်၌ အဖျတ်တဗဟိဒ္ဓ တစ်လောကလုံး သန်ဓါရဓမ္မ ဟူသမျှကို ဖြုတ်ခနဲ ဥပေက္ခာစိတ် ပေါ်လတ္တံ့။ ထိုကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ စိတ်မှာ ဥပေက္ခာစိတ် ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်း အထောက်အပံ့သည် သမ္မသနဉာဏ်က စ၍ အချိုးကျကျ အာရဒ္ဓ ဝီရိယဖြင့် နေ့ရောညဉ့်ပါ မနေမနား သက်စွန့်ကြိုးပမ်း အားထုတ်ခဲ့သည့်အတွက် အသက်တစ်ဖျား ကြောက်ဖွယ်, လန့်ဖွယ်တွေ အသဲတုန်လောက်အောင် တွေ့ကြုံခဲ့သောကြောင့် ထိုဘေးရန်ကြီး အပေါင်းမှ လွတ်ပေပြီ၊ ကျွတ်ပေပြီဟု ဟိန်းချ၍ အမောနားသည်ကိုပင်

http://www.dhammadownload.com

သခ်ါရတရားအပေါင်းကို လျစ်လျူရှုသောကြောင့် (သခ်ါရုပေက္ခာဉာဏ်) ဟု ပညတ်တင်စား၍ ထားတော်မူခဲ့ပေသည်ဟု မှတ်ကြပါ။

ထိုနေရာ၌ ဥပမာဖြင့် ထင်စွာပြဦးအံ့။ ။ ယောက်ျားကောင်း အာဇာနည်၊ လူစွမ်းကောင်းတစ်ယောက်သည် ကန္တာရခရီးကို သွားလေရာ လွန်စွာ နက်နဲသော တောကြီးကို တွေ့လေ၏။ ထိုတော အတွင်းသို့ ဝင်၍သွားသောအခါ တောလယ်သို့ ရောက်၍ ထိုတော၌ရှိသော လွန်စွာ ကြောက်လန့်ဖွယ်ကောင်းသော ကျားတွေ, ဆင်တွေ, ခြသေ့်တွေ, နဂါး ဂဠုန်တွေ, သားရဲသဘက်, ဘီလူးကြီးတွေနှင့် ရင်ဆိုင်တွေ့လေရာ ထိုယောက်ျားသည် အသက်သေမတတ် ဆတ်ဆတ်တုန်အောင်ကြောက်၍ မိမိအားစွမ်းဗလ သတ္တိရှိသလောက် အသက်ဘေးမှ လွတ်ကင်းအောင် အစွမ်းကုန် ပြေးလေ၏။ နောက်က ရန်သူတွေက အတင်းလိုက်၊ ရှေ့က အသက်တစ်ဖျား အစွမ်းကုန်ပြေး၊ ပြေးလေ, လိုက်လေ၊ လိုက်လေ ပြေးလေ၊ ပြေးရင်းပြေးရင်းနှင့် ရှေ့က ယူဇနာ ရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မဟာမြင်းမိုရ်တောင်ကြီးကို တွေ့လေရာ ထိုတောင်ကြီးပေါ်သို့ တက်ပြေးလျှင် ဘေးရန်အပေါင်းမှ လွတ်မည်ထင်၍ အတင်းအားစွမ်း သတ္တိရှိသလောက် တက်ပြေးလေရာ နောက်က ရန်သူတွေက အတင်းလိုက်၊ လိုက်မှန်းသိလေ အတင်းတက်လေ၊ ထိုကဲ့သို့ နေ့ရောညဉ့်ပါ အာရဒ္ဓဝီရိယဖြင့် မနေမနား အသက်စွန့်၍ အစွမ်းကုန် တက်ပြေးနေရသည်မှာ ရက်,လပေါင်းများစွာ တက်သောအခါ တစ်နေ့သ၌ မဟာမြင်းမိုရ်တောင်ထိပ်ကြီးပေါ်သို့ ရောက်လေ၏။ ထိုယောက်ျားထူး အာဇာနည်ကြီးသည် အလုံးစုံသော ကျားဘေး, ဆင်ဘေး, ခြသေ့်ဘေး, သားရဲ သားဘက်, ဘီလူးဘေးကြီးအပေါင်းတို့မှ လွတ်ပေပြီ၊ ကျွတ်ပေပြီဟု စိတ်ကို ဟိန်းချ၍ စိတ်ချလက်ချ အမောနားရလေတော့၏။

ထိုဥပမာ၌ ခရီးသွား ယောက်ျားထူး အာဇာနည်နှင့် သံသရာခရီးမှ ကျွတ်လွတ် ထွက်မြောက်ရန် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ် ယောက်ျားထူး အာဇာနည် လူစွမ်းကောင်းနှင့်တူ၏။ မိုက်တောကြီးနှင့် အဝိဇ္ဇာမှောင် တောကြီးနှင့် တူ၏။ တောလယ်ရောက်သောအခါ ကျားဘေး, ဆင်ဘေး, ခြသေ့်ဘေး, သားရဲသဘက် ဘီလူဘေး ရန်သူအပေါင်းတို့နှင့် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်၊ ပဋိသခ်ါဉာဏ်တည်း ဟူသော အသက်တစ်ဖျား ကြောက်ဖွယ်, လန့်ဖွယ် ဘေးရန်ကြီးတွေကို တွေ့သည်နှင့်တူ၏။ မဟာမြင်းမိုရ်တောင်ထိပ်ကြီးပေါ်သို့ ရောက်သော ယောက်ျားထူး အာဇာနည်နှင့် တရားအားထုတ်သော ယောက်ျားထူး အာဇာနည် ယောဂီပုဂ္ဂိုလ်သည် ရန်သူဖြစ်သော သခ်ါရတရားအပေါင်းကို လျစ်လျူရှု၍ စိတ်ကို ဟိန်းချ၍ စိတ်ချလက်ချ အမောနားခြင်းသည်ပင် သခ်ါရုပေက္ခာဉာဏ်နှင့်တူ၏။

ထို့ကြောင့် ပုဂ္ဂိုလ်တစ်ဦး တစ်ဦးလျှင် ကမ္ဘာပေါင်းများစွာ အားထုတ်မှ အထွက်အထိပ်ဖြစ်သော သခ်ါရုက္ခောဉာဏ်ကြီကိုရ၍ အနုလုံ, ဂေါတြဘူမဂ်ဇောဖြစ်ပြီး အသခ်တ မဟာနိဗ္ဗာန်ကြီးသို့ ဆိုက်ရောက်နိုင်ကြသည်ကို များများကြီး စဉ်းစားကြပါ သူတော်ကောင်းအပေါင်းတို့၊ ရှစ်သောင်းလေးထောင် အမြင့်ဆောင်သော မဟာမြင်းမိုရ်တောင်ကြီး တက်သည်က လွန်စွာလွယ်သေးသည် မှတ်ကြပါ။ သခ်ါရုပေက္ခာဉာဏ်သည် အသခ်တ မဟာနိဗ္ဗာန်ကြီးကို ဆိုက်ရောက်အောင် ပို့ဆောင်နိုင်သော အားစွမ်းဗလ သတ္တိ ရှိကြောင်းကို သိစေရန် ရေးသားဖော်ပြလိုက်ပေသည်။ စာမသင်ဘူးသေးသော သူတို့သိစေရန်ဖြစ်သည်။

ယောဂီပုဂ္ဂိုလ်သည် သခ်ါရုပေက္ခာဉာဏ်ကို ရိုသေလေးမြတ်စွာ ပွားအပ်သည်ရှိသော် အရှေ့ယုဂန်တောင်စွန်းမှ ပေါ်ထွန်းလာသော လွန်စွာ

http://www.dhammadownload.com

ကြည်လင်သန့်ရှင်းစင်ကြယ် အေးမြသာယာလှစွာသော ရွှေလမင်းကြီးကဲ့သို့ ထို့အတူ အနုလောမဉာဏ်သည် တန်ဆောင်မုန်းလပြည့်နေ့ညအခါ မြူတိမ်မရှိ ပြကတေ့ သန့်ရှင်း စင်ကြယ်သော အရောင်,အလင်းနှင့် ပြည့်စုံသော တန်ခိုးအစွမ်းသတ္တိရှိ သောကြောင့် လောဘ, ဒေါသ, မောဟ တည်းဟူသော အမိုက်မှောင်ကြီးတွေကို စူးရှဖောက်ထွင်း၍ သုတ်သင်ရှင်းလင်းပြီးလျှင် ဘုံ ၃၁–မှ လွတ်မြောက်စေတတ်သော မဟာအလင်းတော်ကြီးကို ပေးစွမ်းနိုင်သော၊ အားအစွမ်း သတ္တိထူးရှိသော အနုလောမဉာဏ်ကြီးဟု မှတ်ကြရသည်။

(မှာထားချက်။) ထိုအနုလောမဉာဏ်နှင့် ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, အသခ်ံတ မဟာနိဗ္ဗာန်ကြီးများကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, အဋ္ဌသာလိနီ အဋ္ဌကထာတို့နှင့်အညီ အရှေ့.ယုဂန်တောင်စွန်းမှ ပေါ်ထွန်းလာသော ရွှေလဝန်းကြီးကဲ့သို့ ထင်ရှားစွာ ရေးသားပြပေအံ့သတည်း။

ယခုအခါ လေးပါးသောမဂ်တို့၏ သစ္စာလေးပါးတို့ကို သိမြင်ပုံနှင့် ကိလေသာတို့ကို ပယ်ပုံစသည်တို့ ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, အဋ္ဌသာလိနီ အဋ္ဌကထာတို့နှင့်အညီ မဂ္ဂဝိထိဖြစ်ပုံ အမြွက်နှင့် တကွ အကျဉ်းအားဖြင့် ပြဆိုပေအံ့။

ဘုံသုံးပါးဌဖြစ်သော သခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ အဖန်ဖန် ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်အား မဂ္ဂဝိထိဖြစ်ရာဌ ဉာဏ်ထက်သော် အနုလုံဓော နှစ်ကြိမ်၊ ထိုနောက် ဂေါတြဘူ၊ ထိုနောက် မဂ်ဓောတစ်ကြိမ်၊ ထိုနောက် ဖိုလ်ဓော နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ဉာဏ်အလတ် ဖြစ်သော ပုဂ္ဂိုလ်အား အနုလုံဓောလေးကြိမ်၊ ထိုနောက် ဂေါတြဘူ၊ ထိုနောက် မဂ်ဓောတစ်ကြိမ်၊ ထိုနောက် ဖိုလ်ဓောတစ်ကြိမ် ဖြစ်၍ ဘဝင်ကျလေ၏။

ထိုသုံးယောက်တို့တွင်– ဉာဏ်အလယ်, အလတ်ဖြစ်သော ပုဂ္ဂိုလ်၏အစွမ်းဖြင့် ပြပေအံ့။ ဘုံသုံးပါးဌ ဖြစ်သော သခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ အဖန်ဖန် ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်အား မဂ္ဂဝိထိ ဖြစ်လိုသည်ရှိသော် မနောဒွါရာဝဇ္ဇန်းစိတ်သည် ဝိပဿနာ၏ အာရုံဖြစ်သော တေဘူမက ခန္ဓာကို အာရုံပြု၍ ဘဝင်ကို နစ်စေ, လည်စေ၏။ ထို့နောက် ထိုမနောဒွါရာဝဇ္ဇန်းစိတ်သည် ယူအပ်သော ခန္ဓာကိုပင် အာရုံပြု၍ ပထမအနုလုံ ဓောစိတ်နှင့်ယှဉ်သောဉာဏ်သည် အနိစ္စဟူ၍လည်းကောင်း၊ ဒုက္ခဟူ၍လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်း ရှုသောအခြင်းအရာအားဖြင့်ဖြစ်၍ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော် ရုန့်ရင်းသော ကိလေသာကို ပယ်ဖျောက်လျက် အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာတို့ကို လွန်စွာ ထင်ရှားသည်ကို ပြု၍ ချုပ်၏။ ထို ပထမအနုလုံဓော ချုပ်သည်၏ အခြားမဲ့၌ ဒုတိယ အနုလုံဓောစိတ်နှင့် ယှဉ်သော ဉာဏ်သည် ထိုပထမအနုလုံဓောစိတ်မှ အာသေဝနပစ္စည်းကို ရသောကြောင့် ထက်မြက်ရဲရင့်ကြည်လင်စွာဖြစ်၍ ထိုခန္ဓာ အာရုံ၌ပင်လျှင် ထိုအနိစ္စအစရှိသော အခြင်းအရာအားဖြင့်ဖြစ်၍ အလယ်, အလတ်ဖြစ်သော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာကို ပယ်ဖျက်လျက် အနိစ္စအစရှိသော လက္ခဏာတို့ကို လွန်စွာ ထင်ရှားသည် ကိုပြု၍ ချုပ်၏။

ထိုဒုတိယ အနုလုံဓော၏ အခြားမဲ့၌ တတိယ အနုလုံဓောနှင့် ယှဉ်သော ဉာဏ်သည် ထိုဒုတိယ အနုလုံဓောစိတ်မှ အာသေဝနပစ္စည်းကို ရသောကြောင့် လွန်စွာ ထက်မြက် ရဲရင့်စွာဖြစ်၍ ထိုခန္ဓာ အာရုံ၌ပင်လျှင် အနိစ္စအားဖြင့် ရှုသောအခြင်းအရာအားဖြင့်ဖြစ်၍ ရှေးအနုလုံဓောနှစ်ခုသည် ပယ်အပ်ပြီးသည်မှ ကြွင်းကျန်သော၊ သိမ်မွေ့, သေးဖွဲ့သော သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော၊ ကိလေသာဟူသော အမိုက်မှောင်ကို ပယ်ဖျောက်လျက် အကြွင်းအကျန်မရှိသည်ကို ပြု၍ အနိစ္စ, ဒုက္ခ, အနတ္တ

http://www.dhammadownload.com

အစရှိသော သုံးပါးသော လက္ခဏာတို့ကို လွန်စွာ ထင်ရှားသည်ကိုပြု၍ ချုပ်၏။ ဤသုံးပါးသော အနုလုံဖောစိတ်တို့နှင့် ယှဉ်သော အနုလောမဉာဏ်တို့သည် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော ကိလေသာအမိုက်မှောင်ကို ပယ်ဖျောက်အပ်ပြီးသည် ရှိသော် ထိုတတိယ အနုလုံဖော၏ အခြားမဲ့၌ ဂေါတြဘူဉာဏ်သည် အခါခပ်သိမ်း ထင်ရှားရှိနေသော အသင်္ခတ မရမတ္တ မဟာနိဗ္ဗာန်ကြီးကို အာရုံပြု၍ ထင်ရှားဖြစ်ပေါ်၏ဟု မှတ်ကြ။

ဤ၌–ဂေါတြဘူဉာဏ်နှင့် မဂ်ဉာဏ်တို့သည် အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို အာရုံပြုသည်ဟူသည်ကား ထိုဉာဏ်တို့သည် အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို အရောင်, အလင်းနှင့်တကွ မျက်စိဖြင့် မြင်ရဘိသကဲ့သို့ မျက်မှောက်ပြုသောအားဖြင့် သိမြင်ရသည်ဟူ၍ ဆိုလိုသည်။ (ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား) သမထကမ္မဋ္ဌာန်းဖြစ်သော သြဒါတက သိုဏ်းကို စီးဖြန်းအပ်သော ယောဂီပုဂ္ဂိုလ်သည် ထိုကသိုဏ်း, ပဋိဘာဂ နိမိတ်ကို ရသည်ရှိသော် ထိုနိမိတ်သည် ပညတ်တရားဖြစ်သောကြောင့် ပရမတ္ထသဘောဖြင့် ထင်ရှားမရှိ၍ ဥပါဒ်,ဋ္ဌိ,ဘင် မရှိသော်လည်း လွန်စွာ ကြည်လင် သန့်ရှင်းစင်ကြယ်သော မှန်ကြည် မှန်လင်းကြီးကဲ့သို့ ဝန်းဝန်းဝိုင်းဝိုင်း အခြင်းအရာအားဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝဋ္ဌ ထင်ထင်ရှားရှား ဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ ဂေါတြဘူဉာဏ်,မဂ်ဉာဏ် ဖြစ်ပေါ်လာသည်ရှိသော် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝဋ္ဌ ကိလေသာပူကို ငြိမ်းအေးချုပ်ပျောက်စေတတ်သော၊ လွန်စွာ အေးမြ သာယာကြည်လင်လှစွာသော သင်္ခါသဘော ထင်ရှားရှိသော အသင်္ခတ မဟာနိဗ္ဗာန် တရားတော်မြတ်ကြီးသည် ထို ဂေါတြဘူဉာဏ်, မဂ်ဉာဏ်တို့စွဲမီရာ အာရုံ၏ အဖြစ်ဖြင့် ထင်ထင်ရှားရှားကြီး ဖြစ်ပေါ်လာလတ္တံ့။ ထင်ရှားလာသည်ဟု ဆိုသည်ကို နိဗ္ဗာန်တရားတော်ကြီးသည် အရင်ကမရှိဘဲ ထိုအခါမှ ဖြစ်ပေါ်လာသည်ဟူ၍ မမှတ်ယူကြလင့်။ အသင်္ခတမဟာနိဗ္ဗာန်ကြီးသည် ဥပါဒ်,ဋ္ဌိ,ဘင် မရှိ၍ အစမရှိ အဆုံးမရှိဘဲ အခါခပ်သိမ်း ထင်ရှားရှိနေသော တရားကြီး ဖြစ်သည်ဟု မှတ်ကြ။

ထိုအခါမှ နိဗ္ဗာန်ဖြစ်ပေါ်သည် မဟုတ်၊ ထိုနိဗ္ဗာန်တရားတော်မြတ်ကြီးကို အဝိဇ္ဇာ နုသယ ကိလေသာ မှောင်မာတ်ကြီးက ဖုံးလွှမ်းလျက်ရှိသော အန္ဓပုထုဇဉ်တို့၏ မျက်စိဖြင့် မမြင်ရဟု မှတ်ကြရမည်။ အနုလောမဉာဏ်ဖြင့် ပယ်အပ်ပြီးသော ကိလေသာစင်ကြယ်သော ပုဂ္ဂိုလ်၏ ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် တည်းဟူသော ဉာဏ်မျက်စိတို့ဖြင့် မြင်ရသောကြောင့် ထိုအခါကြမှသာလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝဋ္ဌ ထင်ထင်ရှားရှားကြီး ဖြစ်ခြင်းသို့ ရောက်သည်ကိုသာ ရည်၍ ဆိုသည်ဟု မှတ်ရမည်။

ဤသို့ ပြဆိုအပ်ပြီးသောနည်းဖြင့် ဂေါတြဘူဉာဏ်က အသင်္ခတ မဟာနိဗ္ဗာန်ကြီးကို မျက်စိဖြင့် မြင်ရသကဲ့သို့ မြင်ရသော်လည်း ထိုဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်သော အခြားတစ်ပါးမှ အာသေဝနပစ္စည်းကို မရခြင်းကြောင့် အားနည်းသည် ဖြစ်၍ နိဗ္ဗာန်၏ သင်္ခါဓာတ် တန်ခိုးအရှိန်ကို များစွာ မိမိသို့ မယူနိုင်ခြင်းကြောင့် မိမိသန္တာန်၌ ကိလေသာ စသော အကုသိုလ်တရားများကို ချုပ်ငြိမ်းစေခြင်းကို မပြုနိုင်သော အရိယာမဂ်ဉာဏ် ဖြစ်ပေါ်လာသော အခါ၌ သာလျှင် ထိုမဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုသော ရှေ့ဂေါတြဘူမှ အာသေဝနပစ္စည်းကို ရခြင်းကြောင့် အားရှိသည်ဖြစ်၍ မိမိအာရုံပြုသော အသင်္ခတ မဟာနိဗ္ဗာန်တရားတော်မြတ်ကြီး၏ အစွမ်းသတ္တိတည်းဟူသော သင်္ခါဓာတ် တန်ခိုးအရှိန်ကို ကောင်းစွာ မိမိယူဆောင်နိုင်သည်။ သို့ဖြစ်၍ ထိုအရိယာမဂ်သည် မဟာနိဗ္ဗာန်ကြီးကို အာရုံပြု၍ ဖြစ်ပေါ်လာသောအခါ နိဗ္ဗာန်၏ သင်္ခါဓာတ် တန်ခိုးအရှိန်သည် ထိုမဂ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်၏ သန္တာန်သို့ရောက်၍

http://www.dhammadownload.com

ပျံ့နှံ့ကာ တည်သောကြောင့် ရေပြည့်လျက်နေသော အနဝတတ်ရေအိုင်ကြီးမှာ မီးဝင်၍ မလောင်နိုင်သည့် ပမာ ကိလေသာ စသော အကုသိုလ် တရားတို့သည် ထိုက်သည်အားလျော်စွာ မဂ်ဉာဏ် ဖြစ်ပေါ်သည်မှ စ၍ မဖြစ်လာနိုင်ဘဲ တစ်ခါတည်း အပြီးသတ် ချုပ်ငြိမ်းရလေတော့သည်။ ဤသို့ ဖြစ်ရခြင်းကို အရိယာမဂ်ဉာဏ်တည်းဟူသော ဓား-သန်လျက်ဖြင့် ဒိဋ္ဌအနုသယနှင့် ဝိစိကိစ္ဆာအနုသယနှစ်ပါးကို အကြွင်းမဲ့ အမြစ်ပြတ် တစ်ချက်တည်း ပယ်သတ်သည်ဟု ဆိုရ၏။ (မဂ်ဓော တစ်ကြိမ်ဖြစ်၍ ချုပ်၏။) အသခံတ မဟာနိဗ္ဗာန်ကြီးကို အာရုံပြုလျက်နှင့် သောတာပတ္တိဖိုလ်ဓော နှစ်ကြိမ်, သုံးကြိမ်ဖြစ်၍ ချုပ်၏။ ဖိုလ်ဓောအဆုံး၌ ဘဝင်ကျပြီးလျှင် မိမိသန္တာန်၌ မဂ္ဂဝီထိ ကျသွားပုံကို ဆင်ခြင်သော ပစ္စဝေက္ခဏာဓော, ကြွင်းကျန်သော ကိလေသာကြွင်းမဲ့ ပယ်သတ်ပြီးသော ကိလေသာများကို ဆင်ခြင်သော ပစ္စဝေက္ခဏာဓောတွေ ဖြစ်ပေါ်လာသည်။ အပါယ်လေးဘုံ၌ မိခင်ကြီး သဖွယ် ခန္ဓာငါးပါးကို ဖြစ်ပေါ်ရန် ပေါက်ဖွားပေးနေသော ဒိဋ္ဌ အနုသယနှင့် ဝိစိကိစ္ဆာအနုသယ နှစ်ပါးမရှိသည်နှင့်တစ်ပြိုင်တည်း အရိယာ မဟာသောတာပန်ပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၏။

အရိယာဝိဇ္ဇာနှင့် ဂန္ဓာရီဝိဇ္ဇာနှစ်မျိုးကို ဥပမာယှဉ်၍ ပြဆိုပေအံ့

ထိုကဲ့သို့-အရိယာဝိဇ္ဇာအစစ် ဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော်စစ် သမီးတော်စစ်ဖြစ်ပြီးသော အရိယာပုဂ္ဂိုလ်အပေါင်းတို့သည် သုပ္ပဋိပန္နစသောကိုးပါးသောဂုဏ်တို့နှင့် ကောင်းစွာ ပြည့်စုံလေပြီ။ အပါယ်လေးပါးမှာလည်း အခါခပ်သိမ်း ကင်းငြိမ်းပြီဖြစ်သောကြောင့် ဖြစ်လေရာရာ သုဂတိဘဝမှာလည်း ကောင်းမြတ်ချမ်းသာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော လူမင်း, နတ်မင်း, သိကြားမင်းတွေဖြစ်၍ လူ့စည်းစိမ်, နတ်စည်းစိမ် တွေကို ကြိမ်ဖန်များစွာ ခံစား, စံစား မွေ့လျော်နေကြငြားသော်လည်း အလွန်ဆုံး လူ,နတ်တို့၏ ဘဝခန္ဓာသည် ခုနစ်ဘဝသာ ပဋိသန္ဓေနေရတော့၏။ ခုနစ်ခုမြောက်သောဘဝ၌ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံဝင်ရလေတော့၏။ ရှစ်ခုမြောက်သော ဘဝကို မယူတော့ပြီ။

ထို့ကြောင့်-အခါတစ်ပါး၌ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် လက်မ,လက်သည်းပေါ်၌ ရုပ်ကလာပ်မှန့်ကိုယူ၍ တင်ထားပြီးလျှင် ရဟန်းအပေါင်းကို ခေါ်၍ ပြတော်မူသည်မှာ။ ချစ်သား ရဟန်းတို့-သောတာပတ္တိမဂ်, ဖိုလ်ကို ရ၍ သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်အား အကြွင်းမဲ့ ကုန်ဆုံးချုပ်ငြိမ်းပြီးသော၊ ဒုက္ခနှင့် ကြွင်းကျန်သော ဒုက္ခသည် ဘယ်ကများသနည်းဆိုသော် ကုန်လေပြီးသော ဒုက္ခသည် နှစ်သိန်း လေးသောင်း အထုရှိသော မြေကြီး၌ ကျန်ရှိသော မြေမှုန့်တွေလောက် များပြား၏။ ကြွင်းကျန်သော ဒုက္ခသည် ငါဘုရား၏ လက်သည်းပေါ်မှာ တင်၍ထားသော မြေမှုန့်လောက်သာ ရှိတော့၏ဟု ဥပမာဖြင့် နှိုင်းပြဟောကြားဆုံးမတော်မူပေ၏။ သောတာပတ္တိ မဂ်,ဖိုလ်သို့ ဆိုက်ရောက်ပြီးသော ဘုရားသားတော် သမီးတော်စစ် ဖြစ်ကြပေကုန်သော အရိယာဝိဇ္ဇာပုဂ္ဂိုလ်တို့မှာ ထိုမျှလောက် ဒုက္ခကြီးတွေ ကုန်ဆုံး ချုပ်ငြိမ်း၍ သွားကြလေ၏။ သို့အတွက်-အနည်းဆုံး သောတာပန်ဖြစ်အောင် အမြန်အားထုတ်ကြပါ သူတော်ကောင်းအပေါင်းတို့။

ထို သောတာပန် အရိယာဝိဇ္ဇာ ပုဂ္ဂိုလ်ကြီးတို့၌ရှိသော ဂုဏ်ကျေးဇူးတွေသည် ချီးမွမ်းအံ့သြ၍ မကုန်နိုင်အောင် များပြားလှ၏။ ထိုမျှလောက် အဖိုးထိုက်တန်သောကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည်-

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိ ဖလံဝရံ။

http://www.dhammadownload.com

ဟူ၍ ဓမ္မပဒ ပါဠိတော်ကြီး၌ အနာထပိဏ် သူဌေးကြီးကို ဟောကြားတော်မူပေ၏။

ဂဟပတိ-သူဌေးကြီး၊ ပထဗျာ-မြေပြင်တစ်ခုလုံး၌၊ ဧကရဇ္ဇေန-ဧကရာဇ်စကြာမင်းဟူသော တစ်ယောက်တည်းသော မင်းပြုရခြင်းထက် လည်းကောင်း၊ သဂ္ဂဿ-နတ်ပြည် ခြောက်ထပ်လုံးသို့၊ ဂမနေနဝါ-ရောက်ရခြင်းထက်လည်းကောင်း၊ သဗ္ဗလောကာဓိပစ္စေန ဝါ-ဗြဟ္မာ့ပြည်နှင့်တကွ တစ်လောကလုံးကို အစိုးရခြင်းထက်လည်းကောင်း၊ သောတာပတ္တိ ဖလံ-သောတာပတ္တိဖိုလ်သည်၊ ဝရံ-မြတ်လှပေ၏။

သောတာပန် ဖြစ်ရခြင်းသည်-ထိုမျှလောက်ကြီးမားမြင့်မြတ်လှပေသည်။ ရှေ့သို့ တစ်ဆင့်တိုး၍ သကဒါဂါမ်ဖြစ်သည်ရှိသော် အဘယ်မှာ ဆိုဖွယ်ရာရှိတော့အံ့နည်း။ ထိုထက် အထက်သို့ တစ်ဆင့်တိုး၍ အနာဂါမ် ဖြစ်သည်ရှိသော် အဆထောင်သောင်းမကကြီးမြတ်လှပေသည်။ ထို့ထက် အကောင်းဆုံးတကာထိတ်ပိတ်ဖြစ်သော အရဟာတ္တမဂ်, အရဟာတ္တဖိုလ်သို့ ရ၍ ရဟန္တာဖြစ်သည်ရှိသော် အသင်္ချေယျ အပွမေယျ အတိုင်းမသိ ကျေးဇူးကြီးသည်ထက် ကြီးမြတ်လှပေတော့၏။

သိမ်တောင်ဆည်ကြီးတောရဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
တော်ကူးဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

တော်ကူးဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၈၂-၁၃၄၈)

ဆရာတော်လောင်းလျာကို ၁၂၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ စနေနေ့တွင် အဖဦးလူကလေးနှင့် အမိ ဒေါ်ဖွားကျူတို့မှ မုဒုမြို့နယ်၊ တော်ကူးကျေးရွာ၌ ဖွားမြင်ခဲ့ပါသည်။ အမည်မှာ မောင်ထွန်းရီ ဖြစ်သည်။ မောင်နှမသားချင်း (၆) ယောက်အနက် (၄) ယောက်မြောက်ဖြစ်သည်။ အသက် (၄၀)အတွင်း ရဟန်း ၂-ကြိမ် ဝတ်ဖူးလေသည်။ လယ်သမားဘဝ၊ ဆေးဆရာဘဝ စသည်ဖြင့် ဘဝစုံအောင် အလုပ်,လုပ်ဖူးသည်။ လူ့ဘဝတွင် တံခွန်တိုင်ရှာသူ မသိန်းဖြူနှင့် အိမ်ထောင်ကျ၍ သမီးတစ်ယောက် ထွန်းကားခဲ့သည်။ အမည်မှာ မတင်ရွှေဖြစ်သည်။ ယခုအခါ ဒေါ်တင်ရွှေသည် တော်ကူးရိပ်သာ၌ ဝေယျာဝစ္စမှ အောက်ခြေသိမ်းအထိပြုလုပ်၍ ယောဂီများကို အနီးကပ် စောင့်ရှောက်လျက် ကွယ်လွန်ခဲ့ပြီဖြစ်သည်။

ဦးထွန်းရီသည် ၁၃၀၇-ခုနှစ်၊ ဝါဆိုလဆန်း (၁၃)ရက်နေ့တွင် ဦးနန္ဒိယဘွဲ့အမည်ဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် ရောက်ရှိခဲ့ပါသည်။ ဆရာတော်သည် (၁၅)နှစ်လုံးလုံး တရားစစ်၊ တရားမှန်တို့ကို ကိုယ်တိုင် ရှာဖွေခဲ့လေသည်။ မော်လမြိုင်မြို့၀၊ သတိပဋ္ဌာန်ကျောင်း၊ သံဖြူဇရပ်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် တရားဟော၊ တရားပြလုပ်ခဲ့ဖူးသည်။ ၁၃၂၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်မှ စ၍ ဇာတိတော်ကူးကျေးရွာရှိ တော်ကူး မဟာသတိပဋ္ဌာန်တိုက်၌ပင် ပျံလွန်တော်မူသည်အထိ တရားရှုမှတ်၊ အားထုတ်၊ တရားဟော၊ တရားပြသွားတော် မူခဲ့ပါသည်။

ဆရာတော်၏ ဝိပဿနာနည်းပြဆရာများမှာ မော်လမြိုင် မြို့၀ မဟာ သတိပဋ္ဌာန်ကျောင်းတိုက်မှ ဆရာတော် ဦးပဏ္ဍာဝနှင့် မဟာစည်ဆရာတော်ကြီးတို့ဖြစ်ကြသည်။ ဝိပဿနာရှုနည်းမှာ အခြေခံအားဖြင့် မဟာစည်တရား ကျင့်စဉ်အတိုင်း ဖြစ်သည်။ ထူးခြားသည်မှာ ဣရိယာပုတ်လေးမျိုးတွင် တစ်မျိုးစီ၌ ကာလရှည်ကြာစွာ ရှုမှတ်နိုင်ရန် နည်းပြပေးတော်မူခြင်းပင် ဖြစ်သည်။

တော်ကူးဆရာတော်ဘုရားကြီးသည် ၁၃၄၈ ခု၊ တန်ခူးလပြည့်နေ့ ည (၇:၄၈)နာရီတွင် ပျံလွန်တော်မူပါသည်။ ပျံလွန်တော်မူချိန်တွင် ရုပ်ကလာပ်တော်ကို ဆေး၀ါး စသည်ဖြင့် ပြုပြင်မှုမရှိဘဲ (၂၈) ရက်တိုင်တိုင် ထားခဲ့ကြသည်။ ရုပ်ကလာပ်တော်သည် ပုပ်ပွ၊ နံစော်၊ ယိုယွင်း၊ ပျက်စီးခြင်း မရှိခဲ့ချေ။ မီးသင်္ဂြိဟ်သည့် အခါ၌လည်း အညှော်နံ့နှင့် မကောင်းသော အနံ့အသက်များ လုံး၀မထွက်ခဲ့ပါချေ။

http://www.dhammadownload.com

ဆရာတော် မပျံလွန်မီက မကြာခဏ ရွတ်ဆိုပြခဲ့သည့် လင်္ကာပါ အချက်အလက်များနှင့် ကိုက်ညီနေလေသည်။

ညည်းညူမရှိ၊ သတိမမေ့
ချိန်နေ့သိပြန်၊ မျက်လန်ကြောဆွဲ
မရှိဘဲနှင့်၊ သေလည်း မတောင့်တင်း
ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာ
တန်ခိုးတည်း။

ထေရပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် တော်ကူးဆရာတော်ဘုရားကြီး၏
သြဝါဒတော်

ဗုဒ္ဓဘာသာနဲ့ ကြုံဆုံခိုက်မှာ တစ်မင်္ဂလာတစ်ဖို့လိုတာ အလွယ်ကလေး။
သေရာ ခုတင်ညောင်စောင်းထက်မှာ လျောင်းအိပ်နေရတဲ့အခါ မှန်မှန်ကန်ကန် နှလုံးသွင်းတတ်ရင် တစ်မင်္ဂလာ တစ်ဖို့လိုရုံသားတာပဲ။
မှန်မှန်ကန်ကန် နှလုံးသွင်းတတ်တယ် ဆိုတာက ဝိပဿနာ ရှုမှတ်ခြင်းပဲ။
ဝိပဿနာဆိုတာ ဘေးရန် လုံခြုံတဲ့ စားကျက်ပဲ။
အရိယာစားကျက်မှာနေရင် ဘယ်ရန်သူမှ မနှောင့်ယှက်နိုင်ဘူး။
ရောဂါဘယများနှင့် ကိလေသာရန်သူများလည်း မသောင်းကျန်းနိုင်ဘူး။
ဒါကြောင့် ကာယသုခ၊ စိတ္တသုခနဲ့ ပြည့်စုံနေတယ်။
သန္တိသုခ ဆိုတဲ့ အမြတ်ဆုံး ချမ်းသာနဲ့လည်း ပြည့်စုံနိုင်တယ်။
အဲဒါ အမြတ်ဆုံး ဘဝပန်းတိုင်ပါပဲ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

တော်ကူးဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

အို– သူတော်ကောင်း စာရှုသူ၊ အသင်သည် တော်ကူးရိပ်သာတွင် ယောဂီအဖြစ် လုပ်ငန်းခွင်ဝင် မည်ဟု ကြံစည်၊ ဆုံးဖြတ်ပြီးလျှင် လည်းကောင်း၊ သို့မဟုတ် ဘယ်လိုမှ အချိန်မအားလပ်၍ ရိပ်သာသို့ မသွားနိုင်ပါလျှင် လည်းကောင်း၊ အောက်ပါရှုနည်း အကျဉ်းကို ဖတ်ရှု သိနားလည်ထားရန် လိုအပ်မည် ဖြစ်ပါသည်။ သို့မှသာ တော်ကူးဆရာတော်ဘုရား ကြီး၏ တော်ကူးဝိပဿနာ ရှုနည်းကို ရှုမှတ် အား ထုတ်ရာတွင် လွယ်ကူလိမ့်မည်ဟု မှာထားလိုပါ ကြောင်း။

[ပူဇော်သူ]

သီလဆောက်တည်ခြင်း

တရားမရှုမှတ်မီ သီလဝိသုဒ္ဓိ ဖြစ်စေရန် အတွက် တော်ကူးရိပ်သာတွင် ကိုးပါးသီလ ဆောက် တည် စောင့်ထိန်းကြရပါသည်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့်တကွ အင်္ဂါကိုးပါးနှင့် ပြည့်စုံသောသီလကို တရားအားထုတ်နေစဉ်အတွင်း မပျောက်မကြားအောင် ဆောက်တည် စောင့်ထိန်းရ ပါသည်။

တရားတောင်းခြင်း

အရှင်ဘုရား၊ တပည့်တော်တို့သည် အနမတဂ္ဂ သံသရာကစ၍ ယခုနေ့ ယခုအချိန်ထိ ဘုရားအနန္တ၊ တရားအနန္တ၊ သံဃာအနန္တ၊ ပစ္စေကဗုဒ္ဓါ အနန္တ၊ ဆရာသမား မိဘ ဘိုးဘွား တရားကျင့်ဖူးသော ပုဂ္ဂိုလ်၊ မိမိထက် တစ်ရက်, တစ်နာရီ အသက်သိက္ခာ ကြီးသော သူတို့၏အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အကယ်၍ ပြစ်မှားကျူးလွန်မိသည် ရှိသော် ခွင့်ပြု သည်းခံတော်မူကြပါကုန်။ အကျွန်ုပ်တို့ကလည်း ခွင့်ပြုသည်းခံပါကုန်၏။ အကျွန်ုပ်တို့ အားထုတ်ကျင့်ကြံ ရှုမှတ်သော တရားတော်မြတ်ကို အနှောင့်အယှက် အဖျက်အဆီး မရှိဘဲ၊ ချောချော မောမော, ချမ်းချမ်းသာသာနှင့် ထင်မြင် ပေါက် မြောက်ရပါစေသတည်း။

ဘုရား တပည့်တော်တို့ကို သနားသောအား ဖြင့် မေတ္တာကရုဏာရေ့ထား၍ ဂင်္ဂါသဲလုံးနှင့်အမျှ ပွင့်တော်မူကြကုန်သော ဘုရားရှင်အနန္တတို့သည် အမြဲတမ်း လေ့ကျက်ပွားများ အားထုတ်လေ့ရှိကြ ကုန်သော မဟာသတိပဋ္ဌာန် ဝိပဿနာ ကိုယ်ကျင့် တရားကို ပေးသနားတော်မူပါ။ မင်္ဂလမ်း၊ ဖိုလ်လမ်း၊ နိဗ္ဗာန်လမ်းကို မတိမ်းမစောင်း ဖြောင့်ဖြောင့်တန်း တန်း ညွှန်ပြဆုံးမတော်မူပါအရှင်ဘုရား၊ အရှင် ဘုရားတို့ ညွှန်ပြဆုံးမတော်မူသည့်အတိုင်း ဘုရား တပည့်တော်တို့သည် တစ်သဝေမတိမ်း လိုက်နာ

http://www.dhammadownload.com

ကျင့်ကြံ ရှုမှတ်ပွားများပါကုန်မည်ဘုရား။

ခန္ဓာကိုယ်ကို အပ်နှင်းလျှဒါန်းခြင်း

ဘုရားတပည့်တော်၏ ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား ဆက်ကပ် လျှဒါန်းပါ၏။ သံဃာတော်အား ဆက်ကပ်လျှဒါန်းပါ၏။ ဆရာသမားတို့အား ဆုံးမနိုင်ရန် ဆပ်ကပ်အပ်နှင်း လျှဒါန်းပါ၏။

ဝိပဿနာဉာဏ် ဖြစ်ပွားစေရန်

၁။ ယုံကြည်မှု သဒ္ဓါတရား၊
၂။ မမေ့မလျော့ အမှတ်ရမှု သတိတရား၊
၃။ မပြတ်ရှုမှတ်နိုင်အောင် ကြောင့်ကြစိုက်မှု ဝီရိယတရား၊
၄။ ရိုသေလေးစားမှု သက္ကစ္စ ဂါရဝတရား၊

ဟူသော ဤတရားလေးပါးကို အမြဲလက်ကိုင်ထား၍ အားထုတ် ကျင့်ကြံ ရှုမှတ် ပွားရမည်။

ရှေးဦးမှတ်ဖွယ်

အို...ဓမ္မအဆွေတော်၊ တော်ကူးရိပ်သာတွင် အသင်သည် တရား သွားရောက် ရှုမှတ်လျှင်သော်လည်းကောင်း၊ အချိန်မရ၍ မိမိနေရာဌာနဌ်တော်ကူးနည်းဖြင့် ဝိပဿနာရှုမှတ်လျှင်သော်လည်းကောင်း အထက်ဖော်ပြပါအတိုင်း ဘုရားရှိခိုးခြင်း၊ ကိုးပါးသီလ ဆောက်တည်ခြင်း၊ တရားတောင်းခြင်း၊ ခန္ဓာကိုယ်ပေးအပ်လျှဒါန်းခြင်း အမှုကိစ္စရပ်များကို ဦးစွာပထမ ပြုလုပ်ရမည်သာ ဖြစ်ပါသည်။ ဤသည်တို့ကိုလည်း သိထားရပါမည်။ ထို့နောက် အောက်ပါတို့ကိုလည်း အကြမ်းအားဖြင့် သိထားရပါမည်။

ကိုးပါးသီလ ခံယူဆောက်တည်ခြင်းကို နာယကဆရာတော် ဦးကေတုမာလာထံတွင်လည်းကောင်း၊ ကမ္မဋ္ဌာန်း နည်းပြဆရာတော် ဦးနာဝိကထံတွင်လည်းကောင်း၊ ခံယူဆောက်တည်ပြီး ရှုမှတ်မှု အချိန်ဇယား၊ ခန္ဓာကိုယ် လျှဒါန်းအပ်နှင်းခြင်း၊ အလုပ်ပေးတရား နာယူခြင်းတို့ကိုမူ ဆရာတော် နှစ်ပါးမှ ယောဂီဟောင်း၊ ယောဂီသစ်တို့အပေါ် မူတည်၍ လိုအပ်သလို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

အချို့ သူတို့သည် တရားထိုင်သည်ဟူသော အခေါ်ဝေါ်ပေါ်၌ ထိုင်လျက် အားထုတ်ခြင်း တစ်မျိုးတည်းအပေါ်တွင်သာ အားထားလျက်၊ တရားထိုင်သည်ဟု ထင်မြင် ခေါ်ဝေါ် သုံးစွဲ ထင်မှတ်မှားနေကြပေသည်။ အမှန်တွင် ဤသို့ မဟုတ်ချေ။ တရားထိုင်သည်ဟူသော စကားရပ်ထက် တရားရှုမှတ်သည်ဟူသော စကားရပ်က ဤရှုနည်းနယ်ပယ်တွင် ပိုမိုအကျုံးဝင်လေသည်။ အဘယ့်ကြောင့် ဆိုသော်လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဤရိယာပထလေးပါးလုံး၌ မပြတ်မလပ် ရှုမှတ်ရသဖြင့် တရားထိုင်သည်ဟု သုံးလျှင် တရားရပ်သည်၊ တရားလျောင်းသည်၊ တရားလမ်းလျှောက်သည်ဟု သုံးနှုန်းရမည်ကဲ့သို့ ဖြစ်နေပေသည်။ ထို့ကြောင့် တရားထိုင်သည်ဆိုသည်ထက် တရားရှုမှတ်သည်ဆိုသည့်အသုံးကိုသာ သုံးနှုန်းရပေမည်။

ထို့ပြင် တရားရှုမှတ်မည့်ယောဂီသည် အောက်ပါတို့ကိုလည်း အခြေခံအားဖြင့် သိထားသင့်ပေသည်။ အချို့က တရားရှုမှတ်ရသည်ကို အလွန်တရာခက်ခဲသောအလုပ်ကြီး၊ တို့နှင့် မတန်သေး၊ တို့ လိုက်၍ မမီသေး၊ အရွယ်မရောက်သေး၊ ဗဟုသုတနည်းသေးသည်ဟူ၍ အားလျော့ကာ စိတ်ပျက်တတ်ကြသည်။ ဤသို့ဖြင့် အချိန်ကုန်ကာ အနစ်နာကြီးနစ်နာကြရလေသည်။ နည်းဆိုသည်မှာ မသိလျှင် သာခက်သည်။ သိလျှင် လွယ်ပါသည်။ လုပ်ချင်သည့် စိတ်ရှိဖို့နှင့် ဖွဲ့ ရှိဖို့သာလျှင် အဓိက ဖြစ်လေသည်။ ထို့ကြောင့် ရှုမှတ် အားထုတ်ရာ၌ အောက်ပါတို့သည် အခြေခံဖြစ်ကြောင်း သိရှိသဘောပေါက်နားလည်ထားကြရပေမည်။

သတ္တဝါတိုင်းတွင် လျောင်းခြင်း၊ ထိုင်ခြင်း၊

http://www.dhammadownload.com

ရပ်ခြင်း၊ လျှောက်ခြင်း (သွားခြင်း) ဟူ၍ လေးမျိုးရှိသည်ကို လူတိုင်း သိသည်သာ ဖြစ်သည်။ ဤလေးမျိုးမှ လွဲ၍ ဝိုမရှိကြချေ။ ဤသို့ဆိုလျှင် လျောင်း၊ ထိုင်၊ ရပ်၊ သွားကို ဝိပဿနာ နယ်ပယ်တွင် ကျရိယာပထလေးပါးဟု ခေါ်ဆိုသည်။ ဤသို့ဆိုလျှင် ကျရိယာပထလေးပါးဆိုသည်မှာ လျောင်း၊ ထိုင်၊ ရပ်၊ သွားကို ခေါ်ဆိုကြောင်း သိရပေမည်။

ထို့နောက် ဒွါရခြောက်ပါးဆိုသည်ကိုလည်း အခြေခံအဖြစ် သိထားရပါမည်။ လူတွင် မျက်စိ၊ နား၊ နာခေါင်း၊ လျှာ၊ ကိုယ်ခန္ဓာ၊ စိတ် ဟူ၍ ခြောက်ပါးရှိလေသည်။ အဆင်းကို မြင်နိုင်စွမ်းသော မျက်စိရှိသည်။ ကြားနိုင်သော နားရှိသည်။ မွှေး-နံကို သိသော နာခေါင်းရှိသည်။ ချိုချဉ် ဖန်ခါး စပ် စသည်ကို သိသောလျှာရှိသည်။ ဝိပဿနာတရားအားထုတ်သော နယ်ပယ်တွင် ထိလျှင် သိသည့် နေရာမှန်သမျှကို ကိုယ်ဟုခေါ်ဆိုသည်။ ထိုကိုယ်ခန္ဓာကြီး ရှိသည်။ စိတ်ကူး၊ စဉ်းစား၊ ကြံစည်၊ တွေးတော စသော စိတ်ရှိသည်။ ထိုအရာ ခြောက်မျိုး မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို ဒွါရခြောက်ပါးဟု ခေါ်ဆိုပေသည်။ ထို့ကြောင့် ဒွါရခြောက်ပါးကိုလည်း အခြေခံအဖြစ် သိထားရပေမည်။

ဝိပဿနာ ရှုလိုသော ယောဂီသည် ထို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော ဒွါရခြောက်ပါးမှ ဖြစ်ပေါ်သမျှ, ထင်ရှားမှု မှန်သမျှကို လျောင်း၊ ထိုင်၊ ရပ်၊ သွား တည်းဟူသော ကျရိယာပထ လေးပါးလုံး၌ မလွတ်အောင် ပေါ်ရာ ပေါ်ရာကို မပြတ်အောင် အဆက်မပြတ် သူ့ဆိုင်ရာ အမည်နာမအတိုင်း (ဥပမာ-မြင်လျှင် မြင်တယ် မြင်တယ်၊ မွှေးလျှင် မွှေးတယ် မွှေးတယ် စသည်)လိုက်၍ ရှုမှတ်နေခြင်းကို ဝိပဿနာရှုသည်ဟု ခေါ်ဆိုရပါသည်။ ဤသို့ ရှုမှတ်နေသော ယောဂီသည် မလွဲမသွေပင် အောက်ပါ သတိပဋ္ဌာန်လေးပါးတို့တွင် အကျုံးဝင်လျက် ထင်ရှားဖြစ်ပေါ်၍ သိရှိလာမည် ဖြစ်ပေသည်။

ကိုယ်ခန္ဓာရုပ်ကြီးပေါ်တွင် ထင်ရှား ဖြစ်ပေါ်လာခြင်းကို သတိကပ်၍, ဉာဏ်ဖြင့် အဖန်ဖန်လိုက်၍ ရှုမှတ်နေခြင်းသည် ကာယာနုပဿနာ သတိပဋ္ဌာန်မည်ပေသည်။

ဆင်းရဲသည့် ခံစားမှု၊ ချမ်းသာသည့် ခံစားမှု စသည် ထင်ရှား ဖြစ်ပေါ်နေသည့် ခံစားမှု ဝေဒနာအား သတိကပ်၍ ဉာဏ်ဖြင့် အဖန်ဖန်ရှုမှတ်နေခြင်းသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန် မည်ပေသည်။ တစ်နည်းအားဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ စသည့် အပိုင်းကဏ္ဍများကို ဝေဒနာနုပဿနာဟု ခေါ်ဆိုလေသည်။

ထ,ချင်သည့် စိတ်၊ ထိုင်ချင်သည့်စိတ်၊ လှဲ့ချင်သည့် စိတ်၊ ကွေးချင်သည့်စိတ်၊ ဆန့်ချင်သည့် စိတ် စသည့် စဉ်ဆက်မပြတ် တရစပ် ဖြစ်နေသော စိတ်အပေါင်းမှာ ဖြစ်ဆဲဖြစ်ဆဲ စိတ်ကို သတိစွဲကပ်၍ ဉာဏ်ဖြင့် အထပ်ထပ် ရှုမှတ်ခြင်းသည် စိတ္တာနုပဿနာ မည်ပေသည်။ တစ်နည်းအားဖြင့် ရာဂရှိသော စိတ်၊ ရာဂ မရှိသော စိတ် စသည်ဖြင့် စိတ်ကို ရှုမှတ်သည့် အပိုင်းကဏ္ဍများကို စိတ္တာနုပဿနာ ဟု ခေါ်ဆိုလေသည်။

ကိုယ့်စိတ်ထဲတွင် သူတစ်ပါးကို ပျက်စီးစေလိုသော ဗျာပါဒဖြစ်ကြောင်း သိအောင် ရှုရပေမည်။ စိတ်ထဲတွင် လေးလံ ထိုင်းမှိုင်းသော ထိနမိဒ္ဓ ဖြစ်နေလျှင် မရှိတော့ကြောင်း သိအောင် ရှုရမည်။ ရှုမှတ်၍ ထိနမိဒ္ဓ မရှိတော့ လျှင် မရှိတော့ကြောင်း သိအောင် ရှုရပေမည်။ စိတ်ပျံ့လွင့်ခြင်း၊ စိတ်ပူပန်ခြင်း၊ ယုံမှားသံသယဖြစ်ခြင်း စသည် ဤသို့သော သဘောတရားများကို သိအောင် ရှုမှတ်နေခြင်းသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟု ခေါ်ဆိုပေသည်။

အချုပ်အားဖြင့် ဆိုလျှင် တရားရှုမှတ်မည့် ယောဂီသည် အထက်တွင် ဖော်ပြခဲ့သည့် ကျရိယာပထလေးပါး၊ ဒွါရခြောက်ပါး၊ သတိပဋ္ဌာန်လေးပါးတို့ကို အခြေခံအားဖြင့် သိရှိထားရပါမည်။ နားလည်

http://www.dhammadownload.com

ထားလျှင် ပို၍ ကောင်းပါသည်။ သို့မှ ရှုရာ မှတ်ရာတွင် လွယ်ကူမည် ဖြစ်ပါသည်။ ဤမျှဆိုလျှင် ဝိပဿနာရှုရာတွင် ရှေးဦးသိဖွယ် အခြေခံအုတ်မြစ်ကို သဘောပေါက်လောက်ပြီဟု ယူဆပါသည်။ ရှုမှတ်နည်း အသေးစိတ်ကို အကျဉ်းရုံး၍ ဆက်လက် ဖော်ပြပါမည်။

ထိုင်လျက် ရှုမှတ်နည်း

ကမ္မဋ္ဌာန်းအလုပ်ခွင်သို့ ဝင်ရောက်မည့် ယောဂီသည် တင်ပျဉ်ခွေထိုင်ပါ။ ခြေထောက်ချင်း ဆင့်ထပ်မနေစေရ။ ခေါင်း ဖြောင့်ဖြောင့်, ခါး မတ်မတ်ထားရမည်။ အမျိုးသမီးများလည်း တင်ပျဉ်ခွေ ထိုင်နိုင်ပါသည်။ ဘယ်ဘက်လက်ပေါ်တွင် ညာဘက်လက်တင်၍ လက်မ,ချင်း ထိယှဉ်ထားပါ။ သို့မဟုတ် ဘယ် ဘက်ဒူးပေါ် ဘယ်ဘက်လက်တင်၊ ညာဘက်ဒူးပေါ် ညာဘက်လက်တင်၍ ထားလျှင်လည်း ဖြစ်သည်။ သို့မဟုတ် ရှေ့တည့်တည့်တွင် လက်နှစ်ဖက် မှောက်ယှဉ်၍ ချထားလျှင်လည်း ဖြစ်ပါသည်။

မျက်စိကို မှိတ်လိုက်ပါ။ ဝမ်းဗိုက်၊ ချက်ဆီသို့ စိတ်ကို ပို့ထားပါ။ အသက်ရှူသွင်း၍ ဝမ်းဗိုက်က အပြင်သို့ ရွေ့ရွေ့လှုပ်လျှင် ဖောင်းတယ်ဟု မှတ်ရမည်။ အသက်ရှူထုတ်၍ ဝမ်းဗိုက်က ပိန်ကျသွားလျှင် ပိန်တယ်ဟု စိတ်ထဲမှာ ရှုမှတ်ရမည်။

အချို့သော တရားရှုမှတ်ခါစ ယောဂီတို့မှာ ဖောင်းတယ်, ပိန်တယ် မှတ်ရသည်ကို မထင်ရှားဖြစ်နေသည်။ မှတ်၍မရဟု ပြောတတ်ကြပေသေးသည်။ ဖောင်းတယ်၊ ပိန်တယ်ကို စိတ်ဖြင့် စိုက်၍ ထင်ရှားစွာ မှတ်မရပုံလျှင် လက်နှစ်ဖက်ကို ဝမ်းဗိုက်တွင် ကပ်ထားလိုက်ပါ။ ဤသို့ဆိုလျှင် ဝမ်းဗိုက်ကြီး ဖောင်းလာမှု၊ ပိန်လာမှုတို့သည် ထင်ရှားလာတော့မည် ဖြစ်ပေသည်။ အထူးကြောင့်ကြစရာ မလိုတော့ပြီ။

ယောဂီ မှတ်ထားရမည်မှာ ဖောင်းတယ်၊ ပိန်တယ် ဟူသော ဝမ်းဗိုက်ကြီး ဖောင်းတက်လာမှု၊ ဝမ်းဗိုက်ကြီး ပိန်ကျသွားမှုတို့သည် ယောဂီ အားထုတ်နေသည့် မူလကမ္မဋ္ဌာန်းချည်တိုင်ဖြစ်ကြောင်း သိထားရပါမည်။ အဘယ့်ကြောင့်နည်းဟူမူ ဖောင်းတယ်, ပိန်တယ် မှတ်နေစဉ် အခြားသော ထင်ရှားမှုများကို ပေါ်ရာ, ပေါ်ရာ လိုက်၍ မှတ်ရဦးမည် ဖြစ်သည်။ ထို ထင်ရှားရာ ပေါ်ရာကို လိုက်၍ ရှုမှတ်သောအခါတွင် ထိုထင်ရှားမှုများသည် မှတ်အားကောင်းသောအခါတွင် ပျောက်ကွယ်သွားကြလိမ့်မည်။ ထိုအခါတွင် မှတ်စရာ ဘာမျှမရှိ ဖြစ်နေလိမ့်မည်။ ထိုအခါတွင် ဖောင်းတယ်, ပိန်တယ်ကို ပြန်၍ ရှုမှတ်နေရပေမည်။ ထို့ကြောင့် ဖောင်းမှု, ပိန်မှုကို ယောဂီ၏ မူလကမ္မဋ္ဌာန်း ချည်တိုင်ဖြစ်သည်ဟု ဆိုခြင်း ဖြစ်ပေသည်။

ဖောင်းတယ်, ပိန်တယ် မှတ်၍ မှတ်အားကောင်းလာလျှင် ဖောင်းမှုတွင် ဖောင်းစ, ဖောင်းလယ်, ဖောင်းဆုံး၊ ပိန်မှုတွင် ပိန်စ, ပိန်လယ်, ပိန်ဆုံးကို ကွဲကွဲပြားပြား တွေ့ရှိလာရပေမည်။ ဤသို့သိလာလျှင် ယောဂီသည် ရှုမှတ်မှု သမာဓိအားထိုက်သင့်သလောက် ရလာပြီဟု ဆိုရပေတော့မည်။ ဥပမာ ဆောင်ရပါမူ ပူဖောင်းတစ်လုံးကို လေမှုတ်သွင်းသောအခါတွင် ပထမ ဖောင်းလာစကို တွေ့ရ, သိရမည်။ ဒုတိယ ဖောင်းလာပြီး အနေတော်လောက် အနေအထားကို တွေ့ရ, သိရမည်။ တတိယပူဖောင်းသည် တင်းလာ၍ ပေါက်လုနီးအခြေအနေကို တွေ့ရ, သိရမည်။ ယင်းပူဖောင်းကို လေလျှော့ချလိုက်ပြန်လျှင်လည်း ပထမပူဖောင်း လေစ၍ လျော့ကာစ, ထို့နောက် လေမကုန်မီ အလယ် အလတ်, နောက်ဆုံး ပူဖောင်းထဲတွင် လေမရှိတော့၍ ပိန်ရှဲ့သွားပုံတို့ကို မျက်ဝါးထင်ထင် တွေ့ကြ, သိကြရလိမ့်မည်။

ထိုဥပမာကဲ့သို့ပင် ယောဂီ၏ ဝမ်းဗိုက်ကို စိတ်စိုက်၍ ရှုမှတ်ရာ၌လည်း ဖောင်းစ, ဖောင်းလယ်, ဖောင်းဆုံး၊ ပိန်စ, ပိန်လယ်, ပိန်ဆုံးတို့ကို ပူဖောင်းကဲ့

http://www.dhammadownload.com

သို့ပင် ထင်ထင်ရှားရှား မြင်တွေ့လာရပေလိမ့်မည်။ ထို့ကြောင့် တရားရှုမှတ်နေသောအချိန်တွင် ယောဂီသည် ဖောင်းတယ်, ပိန်တယ်ကို ဝမ်းဗိုက်ဖောင်းလာသည်နှင့် စိတ်မှ ဖောင်းတယ် ဟူသော ရှုမှတ်မှုသည် တစ်သားတည်းကျနေဖို့၊ ဝမ်းဗိုက်ပိန်ကျသွားသည်နှင့် စိတ်ထဲက ပိန်သည်ဟု ရှုမှတ်မှုသည် တစ်သားတည်း ကျနေဖို့သာလျှင် အဓိက ဖြစ်တော့သည်။ ဝမ်းဗိုက်ထဲက လေကို ရှုမှတ်ပုံတည်း။

စိတ်၌ ရှုမှတ်ပုံ

ဖောင်းတယ်, ပိန်တယ် ရှုမှတ်နေစဉ် နားဒွါအသံများ ကြားရပေဦးမည်။ စကားပြောသံ၊ ခွေးသံ၊ ငှက်သံ၊ လူသံ၊ သီချင်းသံ၊ စမ်းရေကျသံ၊ ဥဩသံ စသည်တို့ကိုလည်း နားအာရုံ၌ ထင်ရှားစွာ လာရောက် ရိုက်ခတ်မှုများ ရှိနေလိမ့်မည်။ ထိုအခါ နားဒွါ ထင်ရှား၍ ကြားလာသဖြင့် ကြားတယ်, ကြားတယ် (သို့မဟုတ်) ဆူတယ်, ဆူတယ်၊ နားငြီးတယ်၊ ခွေးသံကြားတယ်၊ ငှက်သံကြားတယ် ထင်ရှားရာကို စူးစိုက်၍ နားသို့ စိတ်ကို စိုက်ပြီး ရှုမှတ်ပါ။ ကြာကြာမှတ်လျှင် ထိုအသံများ ပျောက်သွားပေလိမ့်မည်။ ထိုအခါ မှတ်စရာ ဘာမျှ အထူးမရှိတော့ပြီဖြစ်သဖြင့် ဖောင်းတယ်၊ ပိန်တယ်ဟူ၍ ပြန်၍ ရှုမှတ်နေပါ။

နှာခေါင်း၌ ရှုမှတ်ပုံ

နှာခေါင်းမှ မွေးမူး၊ နံမှု စသည်တို့ ပေါ်ကောင်းပေါ်လာပေဦးမည်။ စိတ်သည်လည်း မွေးမူး၊ နံမှု အပေါ်၌ အာရုံကျရောက်သွားပေလိမ့်မည်။ ထိုအခါ ယောဂီသည် နှာခေါင်းတွင် နံမှုထင်ရှားလျှင် နံတယ်, နံတယ် စသည် နှာခေါင်းတွင် စိတ်စိုက်ပြီး ရှုမှတ်ပါ။ မွေးမူထင်ရှားလျှင် မွေးတယ်, မွေးတယ်ဟု နှာခေါင်းဆီသို့ စိတ်စိုက်ပြီး သူ့ဆိုင်ရာ အမည်နာမဖြင့် ရှုမှတ်ပါလေ။ မှတ်စရာမရှိ၍ ပျောက်သွားလျှင် ဖောင်းတယ်၊ ပိန်တယ်ကို ပြန်၍ မှတ်နေပါ။

လျှာ (ပါးစပ်)၌ ရှုမှတ်ပုံ

ယောဂီသည် ထိုင်လျက်ရှုမှတ်နေစဉ်တွင် လျှာတည်ရှိရာ ပါးစပ်မှ ထင်ရှားမှုများ ဖြစ်ပေါ်လာလိမ့်ဦးမည်။ ၎င်းတို့မှာ တံတွေးမျိုချင်၊ တံတွေးထွေးချင်၊ ချောင်းဆိုးချင်၊ လျှာလိမ်းချင်၊ အာခေါင်ခြောက်၊ ရေသောက်ချင် စသည်တို့ ထင်ရှားစွာ ပေါ်လာလျှင် အထက်တွင်ပြဆိုပြီးသည့်အတိုင်း ထင်ရှားရာကို စိတ်စိုက်၍ တံတွေးမျိုချင်တယ်၊ ချောင်းဆိုးချင်တယ် စ၍ သူ့ဆိုင်ရာ အမည်နာမအတိုင်း လိုက်၍ ရှုမှတ်ပါ။ လေးငါးကြိမ် မှတ်လိုက်လျှင် မှတ်စရာ အာရုံမှာ ပျောက်သွား၏။ ထိုအခါ မှတ်စရာ ဘာမျှ မရှိတော့ပေ။ မှတ်စရာ မရှိလျှင် မူလမှတ်မြဲ ဖြစ်သည့် ဖောင်းတယ်၊ ပိန်တယ်ကို ပြန်၍ ရှုမှတ်နေရုံပင် ဖြစ်သည်။

ကိုယ်၌ ရှုမှတ်ပုံ

လောကီနယ် (အရပ်ထဲ)တွင် ခါးအထက်ပိုင်းကို ကိုယ်ဟု ခေါ်ကြလေသည်။ ခါးအောက်ပိုင်းကို တင်ပါးပိုင်း၊ ပေါင်ပိုင်း၊ ခြေသလုံးပိုင်း၊ ခြေထောက်ပိုင်းဟူ၍ ခေါ်ဝေါ် သုံးစွဲကြလေသည်။ ဝိပဿနာရှုမှတ်သည့် နယ်ပယ်တွင် ဆံပင်ဖျားမှ ခြေဖဝါးတိုင်အောင် ထိလျှင် သိသည့်နေရာ မှန်သမျှကို ကိုယ်ဟု ခေါ်လေသည်။ ဆံပင်များကို လေတိုက်၍ သိလျှင်လည်း ကိုယ်၊ အပေါ်မျက်ခမ်း၊ အောက်မျက်ခမ်းထိ၍ သိလျှင်လည်း ကိုယ်၊ တင်ပါးနှင့်ကြမ်းပြင်ထိ၍ သိလျှင်လည်း ကိုယ်၊ ခြေဖဝါးနှင့် ကြမ်းပြင် (သို့မဟုတ်) မြေကြီးနှင့် ထိ၍ ထသိလျှင်လည်း ကိုယ်ဟု ခေါ်ဆိုပေသည်။

ထို ကိုယ်ကြီးမှ သောင်းညာ၊ ကိုက်ခဲ၊ ထုံ၊ ကျဉ်၊ နာ၊ အောင့်၊ ငုံ့၊ မော၊ ကိုင်ယူ၊ လှုပ်ရှား၊ ကွေးဆန့်၊ ပြောင်းရွေ့၊ ယားယံ စသည်တို့ကို

http://www.dhammadownload.com

သူ့ဆိုင်ရာ အမည်နာမတို့ဖြင့် ထင်ထင်ရှားရှား ပေါ်ရာမှန်သမျှကို ရှုမှတ်ရပါမည်။ မှတ်စရာမရှိလျှင် မူလ ကမ္မဋ္ဌာန်း ဖြစ်သော ဖောင်းတယ်၊ ပိန်တယ်ကို ပြန်မှတ်နေရမည်။

လူမမာနယ် တူစွာ ကျင့်ရမည်

တရားမရှုမှတ်သူ သာမန် လူတစ်ယောက် အဖို့ မည်သည့် လှုပ်ရှားမှုကို ပြုလုပ်သည်ဖြစ်စေ ရုတ်ချည်း ဖြုန်းခနဲ ဒိုင်းခနဲ ကိုင်ယူ၊ ငုံ့မော့၊ မ,ချီ၊ ပွေ့ယူ၊ စောင်း၊ ရွေ့၊ ပြောင်း၊ လှမ်း၊ စားသောက်၊ လမ်းလျှောက်၊ ဝါးမျိုခြင်း စသည့် လှုပ်ရှားမှု မှန်သမျှကို လုပ်ဆောင်နေကြပေသည်။ သဘာဝလည်း ကျပေသည်။ သို့သော် တရားရှုမှတ်နေသော ယောဂီသည် ခန္ဓာကိုယ်ကြီးတစ်ခုလုံး မည်သည့်နေရာမှ လှုပ်ရှားသည် ဖြစ်စေ၊ ဖြုန်းခနဲ ဒိုင်းခနဲ မရွေ့မပြင်၊ မလှုပ်ရှားရပေ။ အဘယ့်ကြောင့်ဆိုသော် လှုပ်ရှားမှုရာလူမမာ တူစွာကျင့်ရမည်ဟူသော စည်းကမ်း ရှိသောကြောင့် တည်း။

ပကတိ နေကောင်း ကျန်းမာနေသော်လည်း ယောဂီသည် တရားရှုမှတ် ပွားများနေစဉ်အတွင်း အားအင်ရှိသော်လည်း တကယ့် လူမမာကဲ့သို့ လှုပ်ရှားမှု မှန်သမျှကို ဖြည်းဖြည်းချင်း အမှတ်သတိဖြင့် လှုပ်ရှားမှု ပြုရပါမည်။

ဥပမာ ထမင်းစားပွဲသို့ ရောက်နေပြီဆိုကြပါစို့။ ထမင်းပွဲကို မြင်တာ၊ ထိုင်တာ၊ လက်ဆေးတာ၊ ဟင်းခပ်ဖို့ ဇွန်းဆီသို့ လက်လှမ်းတာ၊ ဇွန်းကိုင်တာ၊ ဟင်းခပ်တာ၊ ထမင်းပန်းကန်ထဲသို့ ဟင်းထည့်တာ၊ ဇွန်းပြန်ထားတာ၊ ထမင်းနယ်တာ၊ ထမင်းလုပ်စုတာ၊ ပါးစပ်ဆီသို့ လှမ်းတာ၊ ပါးစပ်ဟ,တာ၊ ထမင်းဝါးတာ၊ မျိုချတာ စသည်တို့ကို ဖြည်းဖြည်းချင်း အဆင့်ဆင့်ပြုလုပ်၍ အမှတ်သတိမလွတ်ဘဲ ရှုမှတ်၍ လှုပ်ရှားရမည်။

ထို့အတူပင် လမ်းလျှောက်၊ လျောင်း၊ ထိုင်၊ ရပ်၊ အဝတ်အစားပြင်ဝတ်၊ ရေချိုး၊ အိမ်သာတက်၊ ခြင်ထောင်တင်၊ ချ၊ ယားယံ၍ ကုတ်၊ ခါးပြန်မတ်၊ ခေါင်းပြန်မတ်၊ ထိုင်ရာမှ ထ၊ ထ,ရာမှ လှမ်း၊ လှမ်းရာမှ ရပ် စသည်တို့ မှန်သမျှကို လူမမာ အသွင် အလား ဖြည်းဖြည်းချင်း ရှုမှတ်ရပေမည်။

အထက်ဖော်ပြပါ ဥပမာအတိုင်းပင် မျက်စိ၌လည်း မျက်စိကွယ်သူ ပုံစံယူ၍ ကျင့်ရမည်။ နား၌လည်း နားထိုင်းပင်းသူ ပုံစံယူ၊ ပါးစပ်၌လည်း ဆွံ့အ,သောသူ ပုံစံယူ၍ ကျင့်ကြံရ၊ ရှုမှတ်ရပေမည်။ ထို့ပြင် လူမမာအသွင်လည်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ အပေါ်၌လည်း ဆိုင်ရာ ဆိုင်ရာ ဆောင်ပုဒ်တို့အရ လည်းကောင်း၊ လူမမာအသွင်ဖြင့် လည်းကောင်း သတိကပ်၍ ရှုမှတ်ကြရပါမည်။

သည်းခံလျှင် နိဗ္ဗာန်ရောက်သည်ဟု ဆိုရိုး စကားရှိ၏။ အခြားနေရာမှာထက် တရားရှုမှတ်ရာတွင် ထိုစကားကို လက်ကိုင် သုံးသင့်သည်။ နှာ၊ ကျဉ်၊ ကိုက်ခဲမှု မှန်သမျှတို့ကို သည်းခံ၍ ရှုမှတ်ရပေမည်။ သည်းမခံနိုင်၍ ခဏ, ခဏ ပြင်ရွေ့နေလျှင် သမာဓိ မရနိုင်ပေ။ ဉာဏ်မဖြစ်လျှင် မိမိတို့ ရလို၊ ရောက်လိုသော မဂ်,ဖိုလ်,နိဗ္ဗာန်သို့ မရောက်နိုင်၊ မရနိုင်တော့ပေ။ ကြပ်ကြပ်ကြီး သတိပြုကြပါလေ သူတော်ကောင်းတို့။

ရပ်လျက် ရှုမှတ်နည်း

ယောဂီသည် ရပ်လျက်ရှုမှတ်နေစဉ် ခန္ဓာကိုယ်ကို မိမိခြေထောက်ပေါ်၌ ကြာကြာရပ်နိုင်သည့် အနေအထားဖြင့် ရပ်နေရမည်။ မျက်စိကို မှိတ်ထားပါ။ လက်နှစ်ဖက်ကို မိမိသဘောကျသလို ထားပါ။ ခါးမတ်မတ်၊ ခေါင်းဖြောင့်ဖြောင့်ထားပါ။ ထို့နောက် ခြေထောက်ကို စိတ်စိုက်၍ ရပ်တယ်, ရပ်တယ်ဟု မှတ် (သို့) ဝမ်းဗိုက်ကို စိတ်စိုက်၍ ဖောင်းတယ်၊ ပိန်တယ်ဟု မှတ်နေရမည်။ ထိုသို့ မှတ်နေစဉ်အတွင်း အထက်တွင် ဆိုခဲ့သည့်အတိုင်း မျက်စိ၊ နား၊ နှာ၊

http://www.dhammadownload.com

လျှာ၊ ကိုယ်၊ စိတ်တို့မှ ပေါ်သမျှကို ပေါ်ရာ, ပေါ်ရာ လိုက်၍ ဆိုင်ရာ အမည်နာမဖြင့် ရှုမှတ်နေရမည်။ ဘာမျှ မှတ်စရာ မရှိလျှင် ဖောင်းတယ်, ပိန်တယ် (သို့) ရပ်တယ်, ရပ်တယ်ဟု ရှုမှတ်နေရမည်။

လမ်းလျှောက် ရှုမှတ်နည်း

ယောဂီသည် မိမိ စင်္ကြန်လျှောက်မည့် အကွာအဝေးပမာဏကို စိတ်ထဲမှ သတ်မှတ်လိုက်ပါ။ ဥပမာ ဆယ်ပေခန့် လျှောက်မည် ဆိုပါစို့၊ မိမိ သတ်မှတ်သည့် ဆယ်ပေခန့်ရောက်လျှင် ပြန်လှည့်မည်ဟု စိတ်ကို ဆုံးဖြတ်ပါ။ ထို့နောက် မျက်လွှာချလျက် လက်နှစ်ဖက်ကို မိမိကြိုက်နှစ်သက်သလိုထားပါ။ ခြေထောက်တွင် စိတ်ကိုစိုက်ပါ။ ညာဘက်မှ စ၍ လှမ်းလျှင် ညာခြေထောက်ဆီသို့ စိတ်ကို စိုက်၍ စိတ်ထဲမှ ညာလှမ်းတယ်ဟု မှတ်ပါ။ ဘယ်လှမ်းလျှင် စိတ်ကို စိုက်၍ ဘယ်လှမ်းတယ်မှတ်ပါ။ သတ်မှတ်သည့်နေရာသို့ ရောက်လျှင် ခြေနှစ်ဖက်ကို စုံရပ်၍ ရပ်တယ်, ရပ်တယ်ဟု လေးငါးကြိမ်မှတ်ပါ။ ထို့နောက် လှည့်ချင်တယ်, လှည့်ချင်တယ်ဟု မှတ်ပြီး ခြေတစ်ဖက်စီကို ဖြည်းညင်းစွာ လှည့်တယ်, လှည့်တယ်ဟု မှတ်ပြီး လှည့်ပါ။ လာလမ်းအတိုင်း မျက်နှာမူပြီးလျှင် ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်ဟု မှတ်ပြီး ပြန်လျှောက်သွားပါ။ ထိုသို့ လမ်းလျှောက် ရှုမှတ်နေစဉ် မျက်စိ၊ နှာ၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့မှ ပေါ်လာသမျှတို့ကို အထက်တွင် ပြဆိုခဲ့ပြီးသည့်အတိုင်း ဆိုင်ရာ အမည်နာမတို့အား စိတ်ထဲက ဆို၍ ရှုမှတ်ရသည်။ သမာဓိ အားကောင်း၍ အမှတ်ကို နိုင်လာလျှင် ကြွတယ်၊ ချတယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ် စသည် ယောဂီအား ဆရာသမားက တိုး၍ ရှုမှတ်ခိုင်းပါလိမ့်မည်။

လျောင်း၍ ရှုမှတ်နည်း

ယောဂီသည် မိမိ ကြိုက်နှစ်သက်သည့် အနေအထားအတိုင်း ပက်လက်လှန်၍သော် လည်းကောင်း၊ စောင်း၍သော် လည်းကောင်း၊ သဘောကျသည့် အနေအထားဖြင့် လဲလျောင်း၍ နေပါ၊ ထို့နောက် ဝမ်းဗိုက်ချက်သို့ စိတ်စိုက်ပြီး ဖောင်းတယ်၊ ပိန်တယ်ဟု မှတ်နေပါ။ ဤသို့ မှတ်နေစဉ် ပေါ်လာသမျှတို့ကို အထက်တွင် ပြဆိုခဲ့သည့်အတိုင်း ဆိုင်ရာ အမည်နာမတို့ဖြင့် စိတ်ထဲတွင် ရှုမှတ်ပါ။ မှတ်စရာ မရှိလျှင် ဖောင်းတယ်၊ ပိန်တယ် ပြန်၍ မှတ်နေပါ။ မှတ်နိုင်သမျှ နေရာကို မရွေ့မပြင်ဘဲ ငြိမ်ငြိမ်သက်သက် စူးစိုက်၍မှတ်နေရမည်။ ပေါ်လာသည့် ဝေဒနာကို တစ်စစီ လွှင့်ပြယ် ပျောက်ပျက်သွားသည်အထိ ရှုမှတ်နိုင်ရမည်။ အတတ်နိုင်ဆုံး သည်းခံ၍ ရှုမှတ်နေရမည်။ ခဏ, ခဏ ပြင်လိုက် ရွေ့လိုက် ပြုလုပ်နေလျှင် သမာဓိ မရ၍ ဉာဏ်မတက်နိုင်ပါ။ အချိန်ကုန်လူပန်း ဖြစ်မည်သာ။ ထို့ကြောင့် စူးစိုက် မှတ်ကြပါကုန်။

ယောဂီ၏ အလုပ်ခွင်

ယောဂီ၏ နားချိန်သည် အိပ်ပျော်ချိန်ဖြစ်သည်။ အိပ်ရာနိုးချိန်မှ စ၍ နိုးတယ်, နိုးတယ်ဟု စတင် ရှုမှတ်လျက် တစ်နေကုန် ပေါ်ရာ, ပေါ်ရာတို့ကို ရှုမှတ်ပြီး အိပ်ပျော်ချိန်အထိ အိပ်ချင်တယ်, အိပ်ချင်တယ်ဟု ရှုမှတ်လျက် အိပ်ပျော်သွားရပါသည်။ ဤသည်မှာ ယောဂီ၏ တစ်နေ့တာ ရှုမှတ်ရမည့် လုပ်ငန်းခွင်အချိန်များ၊ အလုပ်များဖြစ်ပါသည်။

နိုးစိတ်မှ စ၍ အိပ်ပျော်ချိန်အထိ ရှုမှတ်ချိန်အတွင်းတွင် ဣရိယာပထ လေးပါးသည် အကျုံးဝင်နေတော့သည်။ ထို ဣရိယာပထ လေးပါးတွင် အကျုံးဝင်သော အိပ်ရာထ၊ ခြင်ထောင်တင်၊ သွားတိုက်၊ မျက်နှာသစ်၊ လုံချည်,အင်္ကျီပြင်ဝတ်၊ လမ်းလျှောက်၊ လက်ရွေ့၊ ခြေထောက်ရွေ့၊ ငုံ့မော့၊ ကိုင်ယူ၊ မ,ချီ စသည်တို့ကိုလည်းကောင်း၊ ဝါး၊ မျိုး၊ ချိုချဉ်၊ ဖန်ခါး၊ လျက်၊ ခဲ ဖွန်းကိုင်၊ ဟင်းခပ်၊ ထမင်းနယ်

http://www.dhammadownload.com

စသည်တို့ကိုလည်းကောင်း၊ ရေချိုး၊ ဆပ်ပြာတိုက်၊ အဝတ်လဲ၊ လမ်းလျှောက် စသည်တို့ကိုလည်းကောင်း၊ စိတ်ကူး၊ စဉ်းစား၊ ကြံစည်၊ တွေးတော၊ သံသယဖြစ်၊ ရွံ၊ မုန်း၊ နှလုံးမသာ၊ မနာလိုဝန်တိုဖြစ်၊ ဒေါသထွက် စသည်တို့ကိုလည်းကောင်း၊ အသေးစိတ် ရှုမှတ်လျက် တစ်နေကုန်၍ ညအိပ်ပျော်သည်အထိ ရှုမှတ်ပြီး ယောဂီအလုပ် သိမ်းရပါမည်။ ဤသို့ အဆက်မပြတ် တရစပ် ရှုမှတ်ပါလျှင် ရက်တိုတိုနှင့် မိမိတို့လိုရာ ပန်းတိုင်သို့ ရောက်ရှိနိုင်မည် ဖြစ်ပါသည်။

အကျယ်ကို ရှုလိုမူ မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း ပ-ဒုတွဲကို ရှုပါလေ။ တော်ကူးဆရာတော်ဘုရားကြီးသည် မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းအတိုင်း ရှုသဖြင့် ဝိပဿနာနည်းကျမ်းကို ညွှန်းဆိုရခြင်း ဖြစ်ပါသည်။

ကျရိယာပုတ် ရှည်ရှည်မှတ်ချင်သူများသို့

တော်ကူးရိပ်သာမှာ နာရီပေါင်းများစွာ ကျရိယာပုတ်ရှည်ရှည်နဲ့ တရားရှုမှတ်နိုင်ကြတယ်တဲ့ဟု ယောဂီအချင်းချင်း သတိပေးကြကုန်၊ ပြောကြဆိုကြလေကုန်သည်။ အချို့ တစ်ဆင့်ကြားဖြင့် သဘောတွေ့နေသူလည်း ရှိသည်။ တချို့တစ်ဆင့်ကြား အားမရ၍ ကိုယ်တိုင်သွား၍ အားထုတ်ကြသူတွေလည်း ရှိကြပါသည်။ တော်ကူးရိပ်သာ ဘာကြောင့် အခြားသော ရိပ်သာများထက် ကျရိယာပုတ် ရှည်ရှည်ရှုမှတ်နိုင်ရပါသနည်း။ အဖြေပေါ်အောင် ရှာရပေမည်။ စာရေးသူကိုယ်တိုင် တော်ကူးရိပ်သာသို့ သွားရောက် အားထုတ်သောအခါတွင် ကျရိယာပုတ် ဘာကြောင့် ရှည်ရှည် မှတ်နိုင်ကြသည်ကို အဖြေတွေ့ရှိခဲ့လေသည်။ ရေးပါမည်။

ရိပ်သာ အတော်များများသည် တစ်နာရီ ထိုင်၊ တစ်နာရီ စင်္ကြံလျှောက်၊ ရှုမှတ်ကြရပါမည်။ တော်ကူးရိပ်သာတွင် ဤသို့မဟုတ်ချေ။ (ဖော်ပြထားသည့် အချိန်ဇယားကိုကြည့်လျှင် သိနိုင်ပါသည်။) ကျရိယာပထ လေးပါးလုံးတွင် မိမိကြိုက်နှစ်သက်ရာ ကျရိယာပထဖြင့် တစ်စပ်တည်း သုံးနာရီမှ ငါးနာရီအထိ ရှုမှတ်စေသည်။ ကျရိယာပုတ်တစ်မျိုးဖြင့် အချိန်ကြာကြာ တစ်စပ်တည်း ရှုမှတ်ရသဖြင့် စိတ်ပျံ့လွင့်သော်လည်း ကျရိယာပုတ် မပြောင်းသဖြင့် ပျံ့လွင့် ပြေးသွားသော စိတ်သည် ကြာကြာမှတ်နေသော ကျရိယာပုတ်အောက်၌သာ ပြေးသွားလိုက်၊ ပြန်လာလိုက် ရှိနေပေတော့သည်။

ထိုကြောင့် ရက်တိုတိုနှင့် သမာဓိအား အရှိန်ကောင်းလာနိုင်ပေသည်။ မိမိ၏ အတွေ့အကြုံအရမူ ယောဂီ အတော်များများသည် ထိုင်လိုက်၊ မကြာမီ ထ,လိုက်၊ မကြာမီ လမ်းလျှောက် ရှုမှတ်လိုက် ပြုလုပ်ကြသောအခါတွင် ထိုင်ချိန်လောက် ရှုမှတ်မှုကို သမာဓိအား မကောင်းနိုင်ကြ၊ မစူးစိုက်နိုင်ကြသည်ကိုသာ တွေ့ကြရပေသည်။ ဤသို့ ဖြစ်ရခြင်းမှာ အမှတ်မစိပ်မှုကြောင့် ဖြစ်၏။ မည်သို့ ကျရိယာပုတ် ပြောင်းပြောင်း အမှတ်စိပ်လျှင် သမာဓိ ရနိုင်ပါသည်။ အချို့မှာလည်း ဗဟုသုတနည်းသဖြင့် တရားထိုင်သည်ကို အစွဲပြု၍၊ ထိုင်သည့်အချိန်ကိုသာ အလေးထား၍ အားကိုးအားထားပြုကြသည်။ လမ်းလျှောက်၊ ရပ်ခြင်းတို့ကို အလေးမပေးကြ။ လျောင်းလျက် ရှုမှတ်မှုကိုလည်း တွင်ကျယ်စွာ အသုံးမပြုတတ်ကြချေ။ လျောင်း၍မှတ်လျှင် ဝီရိယလျော့ပြီး အိပ်ပျော်သွားကြသည်ကသာ များလေသည်။ ကျရိယာပုတ်လေးပါးလုံး စူးစူးစိုက်စိုက် ရှုမှတ်ပါက သမာဓိအား ရကြမည်သာဖြစ်၏။

တော်ကူးရိပ်သာ၏ ထူးခြားချက်များ

၁။ ရှုမှတ်ချိန်ကို ၃-နာရီ၊ ၅-နာရီ တစ်စပ်တည်း ရှုမှတ်ရန် သတ်မှတ်ထားခြင်း၊

၂။ ဆိတ်ငြိမ်မှု ရရှိခြင်း၊

http://www.dhammadownload.com

၃။ ရှုမှတ်ခါစ ယောဂီများအား ဓမ္မာရုံပေါ်တွင် ထိုင်နှင့် ရပ် ဤရိယာပုတ်ကို ဦးစားပေး၍ ရှုမှတ်စေခြင်း၊

၄။ ရက်ရှည်ရလာသော ယောဂီများအား အရှိန်အဟုန်ကောင်းလာသည်နှင့် အမျှ စက််နှန်နှင့် လျောင်းမှတ်ခြင်း ဤရိယာ ပုတ်တို့ကို သမာဓိအားကောင်း သလောက်၊ ဝီရိယရှိ သလောက် ရှုမှတ်စေခြင်း၊

၅။ ဤရိယာပုတ်လေးပါးလုံးကို မကြာခဏ ပြင်ခြင်း၊ ရွှေ့ခြင်း မပြုလုပ်စေခြင်း၊

၆။ ဤသို့ မပြင်၊ မရွှေ့စေရန်လည်း ကမ္မဋ္ဌာန်း ဆရာတော်မှ ၁၅-မိနစ် နာရီဝက်ခန့် စသည်ဖြင့် ကြိုးကြပ်ခြင်း၊

၇။ ဤရိယာပုတ်တစ်မျိုးကို အချိန်ကြာကြာ မပြင်၊ မရွှေ့ဘဲ ရှုမှတ်နိုင်လျှင် အခြားသော ဤရိယာပုတ် သုံးမျိုးကိုလည်း အလားတူ ကြာကြာ ရှုမှတ်နိုင်အောင် အားပေး ရှုမှတ်စေခြင်း၊ (ဥပမာ ထိုင်၍ ရှုမှတ်ခြင်း ၆-နာရီကြာကြာ ရှုမှတ်နိုင်လျှင် အခြားသော ရပ်၊ လျှောက်၊ လျောင်း တို့ကိုလည်း ၆-နာရီကြာအောင် ပတ်လည် ရှုမှတ်စေခြင်းကို ဆိုလိုသည်။)

၈။ ယောဂီသည် အရှိန်အဟုန်ကောင်း၍ တရားခေါ်ရာ လိုက်သွားလျှင် အနီးကပ် အားပေး စောင့်ရှောက်ခြင်း၊

၉။ ထူးခြားမှုရှိ၍ ယောဂီမှ အတွေ့အကြုံကို လျှောက်ထားလျှင် ကမ္မဋ္ဌာန်းဆရာက စိတ်ရှည်လက်ရှည် နားထောင်၍ ပြုပြင်လမ်းညွှန်ပေးခြင်း၊

စသည်တို့ကြောင့်ပင် တော်ကူးရိပ်သာတွင် ယောဂီတို့သည် ဤရိယာပုတ် ရှည်ရှည် ရှုမှတ်နိုင်ကြခြင်း ဖြစ်လေသည်။

အို-ယောဂီ၊ အသင်လည်း ဤရိယာပုတ် ရှည်ရှည်ဖြင့် ရှုမှတ်လိုပါက ခွဲ ရှိရမည်။ စိတ်ရှည်ရမည်၊ ပေါ်လာသော ဝေဒနာမှန်သမျှကို သည်းခံနိုင်ရမည်။ ဝေဒနာကို ပျောက်သွားအောင်၊ ပြိုကွဲသွားအောင် ရှုမှတ်ပစ်ရမည်။ အချုပ်အားဖြင့် သည်းခံရမည့် အချက်ကလေးမှာ ဤရိယာပုတ် ပြင်ချင်လျှင် ပြင်ချင်တယ်, ပြင်ချင်တယ် ဆိုသည့် ရှုမှတ်မှုကို နာနာလေး ရှုမှတ်ပေးပါ။ မပြင်လိုက်ပါနှင့်။ ဤသည်မှာ တစ်ချက်ဖြစ်သည်။ နောက်တစ်ချက်မှာ ဝေဒနာပေါ်လာ၍ တော်ချင်လျှင်၊ ရပ်ချက်လျှင်၊ တော်ချင်တယ်၊ ရပ်ချင်တယ်ကို မတော်လိုက်ဘဲ၊ မရပ်လိုက်ဘဲ ၅-မိနစ်၊ ၁၀-မိနစ်မှ တဖြည်းဖြည်း တိုး၍ မှတ်သွားပါလျှင် ဝေဒနာကိုလည်း ကျော်လွှား သွားနိုင်မည်။ မပြင်, မရွှေ့ဘဲလည်း အတော်ကြာကြာ ဤရိယာပုတ်ဖြင့် ရှုမှတ်နိုင်မည် ဖြစ်ပါသည်။

ယောဂီအဖို့ စိတ်အလိုကို လိုက်နေလျှင် ရက်တိုတိုနှင့် အိမ်သို့ ပြန်ပြေးချင်၊ တရား ရှုမှတ်ရမှာ ကြောက်၊ ဝေဒနာကို ကြောက်၍ တော်ကူးရိပ်သာသို့ သွားရသည်မှာ အချိန်ကုန်၊ ငွေကုန်၊ လူပန်းသာဖြစ်ပါမည်။ ထို့ကြောင့် စိတ် စေတနာကောင်းဖြင့် ဤသို့ လမ်းညွှန်ရခြင်း ဖြစ်ပါသည်။ ယခု ရေးသားဖော်ပြထားသည့်အတိုင်း ယောဂီသည် စိတ်ရှည်၊ ဇွဲသန်၊ သည်းခံ၍ မှတ်ပါက တော်ကူးရိပ်သာသို့ မသွားနိုင်သော်လည်း ဆိတ်ငြိမ်ရာ အရပ်ကို ရွေးချယ်၍ ရှုမှတ်နိုင်ပါက အထက်ဖော်ပြပါ နည်းများအတိုင်း မုချမသွေ မှတ်နိုင်ပါလိမ့်မည်ဟု အာမခံရဲပါကြောင်း။

အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် တော်ကူးရိပ်သာသို့ ရောက်ပါလျက် ဤရိယာပုတ် ရှည်ရှည် မရှုမှတ်နိုင်လေခြင်းဟု ဝမ်းနည်းပက်လက် ဖြစ်ကြသည်။ ဤရိယာပုတ် ရှည်ခြင်း တိုခြင်းမှာ အကယ်စင်စစ်မူ အဓိကမကျပါ။ ယောဂီအလုပ်သည် ပေါ်ရာကို ရှုမှတ်နေဖို့၊ စဉ်ဆက်မပြတ် ရှုမှတ်နေဖို့၊ အမှတ်စိတ်ဖို့သာ အဓိက ဖြစ်သည်။ တရားရသည်၊ မရသည်မှာ ယောဂီအလုပ် မဟုတ်ပါ။ အလုပ်

http://www.dhammadownload.com

ကောင်းကောင်း လုပ်သူအဖို့ အချိန်တန်လျှင် လုပ်အားခသည် ရရှိလာမည် ဖြစ်ပါသည်။

အချို့မှာ တရားက ကိုယ့်ကို မခေါ်ဘဲ ဇွတ်ပေး၍ နာရီကြာကြာ၊ ကွရိယာပုတ် ရှည်ရှည် မှတ်နေတတ်ကြသည်။ ဤသို့ မပြုလုပ်ပါနှင့်။ တရားမခေါ်ဘဲ လိုက်သွားပါလျှင် ညောင်းညာကိုက်ခဲခြင်းသာ အဖတ်တင် ကျန်ရစ်ပေမည်။

အကယ်၍ တရားခေါ်ပြီဆိုလျှင်ကား လိုက်သွားပါလေ။ ထမင်းစားချိန်မို့၊ ဆွမ်းစားချိန်မို့ ဆို၍ မတော်လိုက်ပါနှင့်၊ တရားကို ဆွမ်းတစ်နပ်၊ ထမင်းတစ်နပ်နှင့် လဲမစားပါနှင့်ဟု တော်ကူးဆရာတော်ဘုရားကြီး မိန့်ဖူးပါသည်။

ကွရိယာပုတ် ရှည်တာ၊ မရှည်တာထက် ရှုမှတ်ရာတွင် ဝေဒနာကို သည်းခံရှုမှတ်နိုင်ရန် ဇွဲရှိ၊ စိတ်ရှည်ဖို့ အဓိက ကျပါသည်။ ကြိုးစားကြပါ သူတော်ကောင်း အပေါင်းတို့။

တော်ကူးရိပ်သာတွင် ရှုမှတ်ရသော အချိန်ဇယား

နံနက် (၃း၀၀)နာရီ တုံးခေါက်လျှင် အိပ်ရာမှထ၊ မျက်နှာသစ်၊ သွားတိုက်ပြီး မိမိနေရာတွင် ရှုမှတ်ရမည်။

နံနက် (၅း၃၀) နာရီ တုံးခေါက်လျှင် ဆွမ်းစားကျောင်းတွင် အရဏ်ဆွမ်းစားပြီး နံနက် (၇း၀၀) နာရီအထိ ပေါရာကို လိုက်၍ ရှုမှတ်နေရပါမည်။ နံနက် (၇း၀၀) နာရီမှ (၁၀း၀၀)နာရီအထိမမှာရုံတွင် ထိုင်လျက် (သို့) ရပ်လျက် (သို့) စင်္ကြံသွားလျက် မိမိနှစ်သက်သော ကွရိယာပုတ်ဖြင့် တစ်ဆက်တည်း ရှုမှတ်ရမည်။

နံနက် (၁၀း၀၀) နာရီမှ (၁၂း၀၀) နာရီအတွင်း ရေချိုး၊ အဝတ်လျှော်၊ နေ့ဆွမ်းစားလျက် ရှုမှတ်။

နေ့လယ် (၁၂း၀၀)နာရီမှ ညနေ (၅း၀၀) နာရီအထိ မမှာရုံပေါ်တွင် ထိုင်လျက် (သို့) ရပ်လျက် (သို့) ကျောင်းဝင်းထဲတွင် စင်္ကြံသွားလျက် ကွရိယာပုတ်ဖြင့် တစ်ဆက်တည်း ရှုမှတ်ရမည်။

ညနေ (၅း၀၀) နာရီမှ နောက်ပိုင်းအချိန်ပိုင်းများတွင် စင်္ကြံ (သို့) မိမိ အိပ်ရာထဲတွင် လဲလျောင်းလျက် ရှုမှတ်ရင်း အိပ်ပျော်ရပါသည်။

မှတ်ချက်။ ။ ကွရိယာပုတ် ရှည်ရှည်မှတ်နိုင်သည်ဆိုသည်မှာ တရားမှတ်၍ ကောင်းသောယောဂီသည် သမာဓိအရှိန်ရလာလျှင် မိမိ ကြိုက်နှစ်သက်သလို တစ်စပ်တည်း အချိန်ကြာကြာ ရှုမှတ်နိုင်ပါသည် တရားခေါ်ရာ လိုက်သွားသော ယောဂီသည် အခြားယောဂီများ လုပ်ငန်းခွင်နှား၍ လိုက်နားရခြင်းမျိုး မဖြစ်စေရပါ။ ရှုမှတ်မှု ထူးခြားလျှင် ဆရာတော်များထံ လျှောက်ထားတင်ပြ၍ လမ်းညွှန်မှုကို ခံယူနိုင်ပါသည်။

× × ×

အထက်ပါ အချိန်ဇယားအတိုင်း ရှုမှတ်ပြီးပါလျှင် ညနေ (၅း၀၀) နာရီတွင် တစ်နေ့တာ ဓမ္မာရုံပေါ်၌ ထိုင်၊ ရပ် ရှုမှတ်ခြင်း ပြီးဆုံးပါသည်။ ရှုမှတ်မှုကို ဖြုတ်လိုက်သော ယောဂီသည် ဆက်မှတ်နေပါ။ (၅း၀၀) နာရီထိုးတွင် ရှုမှတ်မှုကို ဖြုတ်လိုက်သော ယောဂီသည် ရှုမှတ်မှုကို ခေတ္တရပ်၍ ဆရာတော်တိုင်ပေးသည့် ဆုတောင်း အမျှဝေကို လိုက်၍ ဆိုပြီး ဆုတောင်းကြရပါသည်။

၁။ ကွမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ကွမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ကွမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။
အဒ္ဓါ ကွမာယ ပဋိပတ္တိယာ ဇာတိ ဇရာဗျာဓိ မရဏမှာ ပရိမုစ္စိဿာမိ။

ကွမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ-ဤ လောကုတ္တရာတရားကိုးပါး အားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ ပူဇေမိ-ပူဇော်ပါ၏၊ အရှင်မြတ်ဘုရား။

ကွမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ-ဤ လော

http://www.dhammadownload.com

ကုတ္တရာတရားကိုးပါး အားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဓမ္မ-တရားတော်မြတ်ကို၊ ပူဇေမိ-ပူဇော်ပါ၏ အရှင်မြတ်ဘုရား။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ-ဤ လော ကုတ္တရာတရားကိုးပါး အားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ သံဃ-သံဃာတော်မြတ်ကို၊ ပူဇေမိ-ပူဇော်ပါ၏ အရှင်မြတ်ဘုရား။

၂။ အနန္တစကြဝဠာ-အနန္တကျွန်း၌ နေကြကုန်သော အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာတို့၌ နေကြကုန်သော၊ အထက်ဘဝဂ်၊ ဆောက်အဝီစိ ရှိရှိသမျှ သုခီတ၊ ဒုက္ခိတ၊ သက်ရှိရုပ်နာမ်သတ္တဝါ ဟူသမျှ၊ ကမ္ဘာသူ, ကမ္ဘာသား၊ လူနတ်, ငြဟ္မာ၊ အပါယ်သတ္တဝါများတို့သည် အချင်းချင်း ချစ်ခင် ညီညွတ်ကြ၍ ဘေးရန်ကင်းကွာ၊ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ ကုသိုလ်တရားတွေ ပွားများ အားထုတ်နိုင်ကြပါစေ။ မိမိတို့ ခန္ဓာဝန်ကို ချမ်းသာစွာ ရွက်ဆောင်နိုင်ကြပါစေ။

၃။ မင်းစိုးရာဇာ နယ်တကာ၊ တိုင်းသူပြည်သား၊ တောသူ တောင်သား၊ မြို့သူမြို့သား၊ နယ်သူနယ်သား၊ လူအများတို့သည် အချင်းချင်း ချစ်ခင်ညီညွတ်ကြ၍ ဘေးရန်ကင်းကွာ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ကုသိုလ်တရားတွေ ပွားများ အားထုတ်နိုင်ကြပါစေ။

၄။ ဒါန၊ သီလ၊ ဘာဝနာ၊ သီလ,သမာဓိ,ပညာ၊ သူတော်ကောင်း တရားတို့ကို မပြတ်မစဲ အမြဲ အားထုတ်နိုင်ကြပါစေ။ အဝိဇ္ဇာ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ကိလေသာလက်တွင်းမှ ကင်းလွတ် ထွက်မြောက်နိုင်ကြပါစေ။

၅။ ဆရာတော် သံဃာတော်တို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ၊ ဘေးကင်းကြပါစေ၊ ရန်ရှင်းကြပါစေ၊ သက်တော် ရာကျော် ရှည်ကြပါစေ။

၆။ ရိပ်သာဌာန၊ နေကြသူတွေ၊ ရောဂါကင်းလျက်၊ အသက်တာရှည်၊ ချမ်းသာကိုယ်စိတ်၊ ယိုဖိတ်လျှံဝေ၊ ဘေးခပ်သိမ်း အေးငြိမ်းကြပါစေ။

၇။ ဤသို့ ပြုရာ၊ ပဏာမနှင့်၊ ဒါနသီလ ဘာဝနာဟု မြတ်ကောင်းမှုကို မိဘဆရာ ညာတကာနှင့် ယမရာဇာ၊ ဣန္ဒာစက္က၊ စစ္စာဥသုံ၊ ဘုံသုံးဆင့်တစ်၊ ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တတို့အား ရကြပါစေ အမျှပေးဝေပါ၏။ ထိုကုသလ မြတ်ပုညကို အမျှရကြ၍ ကျန်းမာချမ်းသာ ကြသည် ဖြစ်ကြပါစေကုန်သော၀်။

၈။ (ကြားကြားသမျှ ရဟန်းရှင်လူ,နတ်,ငြဟ္မာ, အပါယ်သတ္တဝါ အနန္တတို့ ယနေ့ပြုပြုသမျှ၊ ပစ္စယဒါန၊ ဓမ္မဒါန ကုသိုလ်အဖို့ကို အမျှ...အမျှ...အမျှ ယူတော်မူကြပါကုန်လော့။) (၃-ခေါက်)

၉။ သူတော်ကောင်း သူမြတ်လောင်းတို့၏ ပို့သသော မေတ္တာ၊ ပေးဝေငှသော ကုသိုလ်ကောင်းမှု အဖို့ ဘာဂကိုလည်း အကျွန်ုပ်တို့က ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခံယူပါ၏။

သာဓု...သာဓု...သာဓုပါဘုရား။

တော်ကူးဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
အင်းလေး ရွှေဥဒေါင်းတောင်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

အင်းလေး ရွှေဥဒေါင်းတောင်ဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၅၃-၁၃၄၆)

ရွှေဥဒေါင်းတောင် ဆရာတော်ဟု ထင်ရှားတော်မူသော ဆရာတော် ဘဒ္ဒန္တ ကုမာရကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်၊ တီကျစ်မြို့အနောက် ၅၆ မိုင်ကွာ ပင်ခင်ကျေးရွာတွင် အဖ ခမည်းတော် ရှမ်းတရဲအမျိုးသား ဦးခိုင်၊ အမိ မယ်တော် ပအိုဝ်းအမျိုးသမီး ဒေါ်အွတ်တို့က သက္ကရာဇ် ၁၂၅၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ တနလာနေ့၌ ဖွားမြင်သည်။

ငယ်စဉ်ကပင် ပင်ခင်ကျေးရွာကျောင်း ဆရာတော် ဦးသာဂရထံတွင် ပညာစတင် သင်ကြားသည်။ ငယ်မည်မှာ မောင်ကြာအောင် ဖြစ်သည်။ အသက် ၁၂ နှစ်အရွယ်တွင် ပင်ခင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ဆရာပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ ဘွဲ့တော်မှာ ရှင်ကုမာရ ဖြစ်သည်။

ရှင်သာမဏေဘဝမှစ၍ ကစ္စည်းသဒ္ဒါကြီးပါဠိ၊ အဘိဓမ္မတ္ထ သင်္ဂဟပါဠိ၊ ဝိနည်းငယ်လေးစောင်စသော ပါဠိ အခြေခံကျမ်းများကို သင်ကြားခဲ့သည်။ ၁၃ နှစ်အရွယ်တွင် ရသေ့ကြီး ဦးခန္တီ အကူအညီဖြင့် မန္တလေးတိုင်း၊ ရမည်းသင်းမြို့၊ သိမ်ကုန်းကန်ဆောင်ကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးစာရိတ္တာဘိဝံသထံသို့ ရောက်ခဲ့ပြီး ပရိယတ္တိစာပေများ သင်ကြားခဲ့သည်။ ထိုမှ ရမည်းသင်းအနောက်ဘက် အုန်းတောသက်ကယ်ခြကျောင်း စာသင်တိုက် ဆရာတော် ဦးဝဏ္ဏိတာဘိဝံသထံသို့ ပြောင်းရွှေ့၍ ပရိယတ္တိစာပေများ ဆက်လက်ဆည်းပူးခဲ့သည်။ ထို့နောက် ပင်လောင်းနယ် ပင်မိုလယ်ကြား ကျောင်းတိုက် ဆရာတော် ဦးဂုဏထံတွင် စာပေသင်ကြားကာ တစ်ဝါဆို၍ နေရင်းဇာတိ ပင်ခင်ရွာ ကျောင်းသို့ ပြန်ခဲ့သည်။

အသက် ၂၀ တွင် ခမည်းတော်၊ မယ်တော်များနှင့် အခြားဒါယကာ လေးဦးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ပင်ခင်တောရကျောင်း နန်းနိမ်ဆရာတော် ဦးနန္ဒိယကို ဥပဇ္ဈာယ်ဆရာပြုလျက် ရှင်ကုမာရဘွဲ့မည်ရင်းဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရဟန်းဘဝ၌ တောင်ငူမြို့လယ် ကလေးစာသင်တိုက်ကျောင်းဆရာတော် ဦးဉာဏစရထံတွင် သုတ္တန်ပါဠိတော်၊ အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာတို့ကို သင်ကြားတော်မူသည်။ ထို့နောက် အသက် ၂၂ နှစ်တွင် မန္တလေးမြို့တောင်ပြင် ဒကွိဏာရာမဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးဥက္ကံသာဘိဝံသ၊ ဆရာတော်

http://www.dhammadownload.com

ဦးဝိုင်း၊ ဆရာတော် ဦးပုခန်းနှင့် ဆရာတော် ဦးကြည် တို့ထံ၌ ပိဋကတ်ကျမ်းဂန်များကို ငါးဝါမျှ ဆက်လက် သင်ကြားတော်မူသည်။

၁၂၈၂ ခုနှစ်တွင် မန္တလေးမှ မွေးရပ်မြေ ပင်ခင် ရွာကျောင်းသို့ ပြန်ကြွခဲ့ပြီး ပင်ခင်ကျောင်းနှင့် ပင်လောင်းမြို့ နောင်ကားကျောင်းတွင် စာဝါများ ပို့ချပေးတော်မူခဲ့သည်။

ထို့နောက် ပင်လောင်းနယ် ဗန်းပြင်ကျောင်းတွင် ပရိယတ္တိ စာပေများကို သင်ကြားပို့ချတော်မူခဲ့သည်။ ထုံးပိုးကျေးရွာမှ ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်လျက်အရ ညောင်ရွှေမြို့နယ်၊ ကျားတွန်ကျေးရွာကျောင်းသို့ ရွှေ့ပြောင်းသီတင်းသုံးသည်။ ထို့နောက် စာသင်ကျောင်းဖွင့်၍ စာသင်ရဟန်း ၂၅-ပါး၊ ရှင်သာမဏေ ၇၀၊ ကျောင်းသား ၆၀-ကျော်တို့ကို ပရိယတ္တိစာပေများ သင်ကြားပေးတော်မူခဲ့သည်။

ဆရာတော်သည် သက္ကရာဇ် ၁၂၉၂-ခုနှစ်မှစ၍ ညောင်ရွှေမြို့၌ နှစ်စဉ် ကျင်းပပြုလုပ်ခဲ့သော ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနဂ္ဂဟ စာပြန်ပွဲတော်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေး၊ မဟာသံဃနာယက အဖွဲ့ချုပ်တွင် မဟာနာယကဆရာတော်ကြီးအဖြစ်ဖြင့် လည်းကောင်း၊ အင်းလေးဒေသဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲ မဟာနာယကဆရာတော်ကြီးအဖြစ်လည်းကောင်း၊ လွယ်မောဂိဏီးအုပ် ဝိနည်းဓိရ ဆရာတော်ကြီးအဖြစ်လည်းကောင်း၊ တောင်ကြီးခရိုင် ဝိနိစ္ဆယဌာန တာဝန်ခံ ဆရာတော်ကြီးအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်တွင် သီတင်းသုံးနေသည့် ကျားတွန်ကျောင်းနှင့် နှစ်မိုင်ကျော်ဝေးသော ရွှေဒေါင်းတောင်ပေါ်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူ၍ ပရိယတ္တိပညာစခန်းမှ ပဋိပတ္တိအလုပ်စခန်းသို့ ကူးပြောင်းတော်မူခဲ့သည်။ ထိုအချိန်မှစ၍ ဓုတင်ခုနစ်ပါးဆောင်၍ မေတ္တာ ကမ္မဋ္ဌာန်း၊ အသုဘကမ္မဋ္ဌာန်းတရားများကို နေ့ညမပြတ် အားထုတ်တော်မူခဲ့သည်။ သက်တော် ၄၇ နှစ်၊ သိက္ခာတော် ၂၇ ဝါ ရသည့်နှစ်မှစလျက် ရွှေဒေါင်းတောင် ဆရာတော်အဖြစ် ထင်ရှားတော်မူခဲ့သည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်ဝတော်မူသော အင်းလေး ရွှေဒေါင်းတောင် ဆရာတော်ဟု ထင်ရှားသည့် ဆရာတော် ဘဒ္ဒန္တ ကုမာရသည် ၁၃၄၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ (ဆရာတော်ကြီးမွေးရက်)နေ့တွင် ရွှေဒေါင်းတောင် တောရကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ထေရပုတ္တိအကျဉ်းပြီး၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အင်းလေး ရွှေဥဒေါင်းတောင်ဆရာတော်ဘုရားကြီး၏ သြဝါဒတော်

ပင်လယ်သမုဒ္ဒရာသွားတဲ့ သဘော်မှာ လိုရာခရီးရောက်ဖို့ စက်၊ တက်၊ ရွက် အစရှိသည်တို့ လိုသကဲ့သို့-သံသရာခရီးမှာ နိဗ္ဗာန်မဂ်ဖိုလ် (မဂ္ဂင်ဖောင်) သွားလိုသူများဟာလည်း ဒါနတည်းဟူသော ရိက္ခာ၊ ဘာဝနာတည်းဟူသော စက်၊ ဝိပဿနာတည်းဟူသော တက်၊ ရွက်တို့ ပြည့်စုံမှ လိုရာခရီးချောမောစွာ ရောက်နိုင်မယ်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

အင်းလေး ရွှေဥဒေါင်းတောင်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

[၁]

ဆရာတော်သည် မိမိခန္ဓာကိုယ်နှင့်စိတ်၊ မိမိရုပ်နှင့်နာမ် နှစ်ခုစလုံး တရားမရသမျှကာလ ပတ်လုံး အရိုးကြေကြေ အရေခန်းခန်း မြတ်စွာဘုရားရှင်ထံပါးခံ၍ လှူဒါန်းပူဇော်ထားသည့် ရဟန်းတော်တစ်ပါးဖြစ်သည်နှင့်အညီ ရွှေဥဒေါင်းတောင်ပေါ် ရောက်ခဲ့သည့်အချိန်မှစပြီး မိမိ ကျင့်ကြံအားထုတ်ရမည့် နေ့စဉ် နိစ္စပတ်ဝတ်များကို ဤသို့ပြုလုပ်ဆောင်ရွက်တော်မူခဲ့သည်။

- ညနေ ၆ နာရီမှ ၉ နာရီထိ ဘုရားဝတ်ပြု၊ မေတ္တာဘာဝနာပွားများ၍ ပရိတ်တရားတော်များ ရွတ်ဖတ်သဇ္ဈာယ်တော်မူသည်။
- ည၌ဦးယံ ၉ နာရီမှ သန်းခေါင်ယံ ၁၂ နာရီထိ သုသာန် (သချိုင်း)သို့သွား၍ အသုဘကမ္မဋ္ဌာန်း ထိုင်တော်မူသည်။
- သန်းခေါင်ယံ ၁၂ နာရီမှ အရုဏ်ဦး ၃ နာရီထိ ရွှေဥဒေါင်းတောင်ပေါ်သို့ ပြန်ကြွ၍ ကျိန်းစက်အနားယူတော်မူသည်။
- အရုဏ်ဦး ၃ နာရီမှ နံနက် ၆ နာရီထိ ဘုရားဝတ်ပြု မေတ္တာဘာဝနာပွား၍ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည်။
- နံနက် ၇ နာရီတွင် တောင်ပေါ်မှ တောင်အောက် မြေပြန့် အင်းလေးကန် ဝန်းကျင်ရှိ ကျေးရွာများသို့ ဆွမ်းခံကြွတော်မူသည်။

နံနက်ပိုင်း ဆွမ်းကိစ္စပြီးလျှင် ဘုရားတည်၊ တန်ဆောင်းပြင်ခြင်း၊ သာသနာ့ဝေယျာဝစ္စ ပြုလုပ်ဆောင်ရွက်တော်မူသည်။

ထို့နောက် ဆရာတော်၏ နေ့စဉ် နံနက်အရုဏ်ဦး၊ ည၌ဦးယံ အချိန်များတွင် ဘုရားဝတ်ပြုသည့် အစီအစဉ်မှာ-

ပထမ- "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" သုံးကြိမ်ရွတ်သည်။

ဒုတိယ- "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ" ရွတ်ဆိုသည်။

တတိယ- "ဣတိပိသော ဘဂဝါ ဥတ္တမပုရိသော ဘဂဝါတော တရားဂုဏ်တော်နှင့် သုပွဋိပန္နောသံဃဂုဏ်တော်" များကို ရွတ်ဆိုတော်မူသည်။

ထိုသို့ ပြုလုပ်ဆောင်ရွက်ပြီး၍ ဩကာသစသည် ဘုရားကို ရှိခိုးပူဇော် ကန်တော့ပြီးသည်နှင့်-

၁။ အပြင်အောင်ခြင်း၊
၂။ အတွင်းအောင်ခြင်း၊
၃။ ရတနာရွှေချိုင့်၊
၄။ ပရိတ်ကြီး ၁၁-သုတ်၊

http://www.dhammadownload.com

၅။ ဗုဒ္ဓ ဗောဇ္ဈင်သုတ်၊
၆။ မောဂ္ဂလာန ဗောဇ္ဈင်သုတ်၊
၇။ ကဿပ ဗောဇ္ဈင်သုတ်၊
၈။ မဟာသမယသုတ်တို့ကို အမြဲရွတ်ဖတ်တော်မူသည်။
၉။ ဓမ္မစက္ကာသုတ်၊
၁၀။ အနတ္တလက္ခဏသုတ်၊
၁၁။ အာဒိတ္တသုတ်၊
၁၂။ မဟာသတိပဋ္ဌာနသုတ်၊
၁၃။ ဆဒ္ဓိသာပါလသုတ်၊
၁၄။ စက္ကပရိတ်၊
၁၅။ ပရိမိတ္တဇာလသုတ်၊
၁၆။ ပထဝီဇယမန္တသုတ်–

များကိုလည်း ရံဖန်ရံခါ တစ်လှည့်စီ ရွတ်ဖတ်တော်မူသည်။

ထို့နောက် ဆရာတော်သည် "ယဿနုဘာဝတော ယက္ခာအစ–နတိ ဇာတုဂဗ္ဘသေယျ ပုနရေတိ" အဆုံး မေတ္တာသုတ်ကို ပါဠိလို ရွတ်ဆိုပွားများ၍ မြန်မာလိုအောက်ပါအတိုင်း အနောဒိဿ၊ ဩဒိဿအကုန် မေတ္တာပို့ အမျှဝေတော်မူသည်။

(၁) ဤသို့ပြုရ ကုသလကြောင့် ငါ၏ မွေးသမိခင်၊ ငါ၏ မွေးသဖခင် ကျေးဇူးရှင်ဆရာသမား အဘိုးအဘွားတို့အား ကုသိုလ် အမျှ–အမျှပေးဝေပါကုန်၏။

– ကုသိုလ် အမျှ–အမျှ ရကြပါစေကုန်သတည်း။
– ချမ်းသာခြင်း ရကြပါစေကုန်သတည်း။
– ကျန်းမာခြင်း ရကြပါစေကုန်သတည်း။

(၂) ရေနှင့်မြေကို အစိုးရသော မင်း၊ မိဖုရား၊ မှူးတော် မတ်တော် အဂ္ဂသေနာပတိ အစရှိသော သူတို့အားလည်း ကုသိုလ် အမျှ–အမျှ ပေးဝေပါကုန်၏။

(၃) အထက်ကိုလည်း ဘဝဂ်၊ အောက်ကိုလည်း အဝီစိ ငရဲတိုင်အောင်၊ အနန္တစက္ကဝဠာ ဖီလာထုတ်ခြင်း အကြွင်းမရှိ ၃၁–ဘုံ၌ နေထိုင်ကြကုန်သော ဝေနေယျ သုခိတ၊ ဒုက္ခိတ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အားလည်း ကုသိုလ် အမျှ–အမျှပေးဝေပါကုန်၏။

(၄) မမကာယေ အာရက္ခဒေဝတာ–ငါ၏ ကိုယ်စောင့်နတ် တစ်ကျိပ် နှစ်ပါးတို့အားလည်း ကုသိုလ် အမျှ–အမျှပေးဝေပါကုန်၏။

(၅) မမ မာတာပိတု အာစရိယ ဉာတိမိတ္တသမူဟာ၊ ဥပါသကာ ဥပါသကီ စတုပစ္စယ ဒါယကာ ငါ၏ မွေးသမိခင်၊ မွေးသဖခင်၊ ကျေးဇူးရှင် ဆရာသမား၊ ဆွေမျိုးဉာတိသဟာယ ဥပါသကာ ဥပါသကီ စတု ပစ္စယ ဒါယကာအပေါင်းတို့အားလည်း ကုသိုလ် အမျှ–အမျှ ပေးဝေပါကုန်၏။

(၆) အမှာက် ဂေါစရဂါမေ–ငါ၏ ဆွမ်းခံရွာ၌ နေထိုင်ကြကုန်သော ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့အားလည်း ကုသိုလ် အမျှ–အမျှ ပေးဝေပါကုန်၏။

(၇) ဣမသ္မိံ ဝိဟာရေ–ဤကျောင်း၌၊ ဣမသ္မိံ အာရာမေ–ဤကျောင်း၏ အာရာမ်၌၊ ဣမာယ ဂါမသီဒါယ–ဤကျောင်း၏ ဂါမခေတ်သိမ်၌၊ သဗ္ဗေ သတ္တာ–သတ္တဝါ အပေါင်းတို့အားလည်း ကုသိုလ် အမျှ–အမျှ ပေးဝေပါကုန်၏။

(၈) ဇာတိခေတ္တေ စက္ကဝါဠေ–ဇာတိခေတ် စက္ကဝဠာတစ်သောင်း၌ လည်းကောင်း၊ အာဏာခေတ္တေ စက္ကဝါဠေ–အာဏာခေတ် စက္ကဝဠာကုဋေတစ်သိန်း၌ လည်းကောင်း၊ ဝိသယ ခေတ္တေဝါဠေ–ဝိသယခေတ် အနန္တစက္ကာဝဠာ ဖီလာထုတ်ချင်း၊ အကြွင်းအကျန် မရှိ ၃၁–ဘုံ၌ နေထိုင်ကြကုန်သော ဝေနေယျ သုခိတ၊ ဒုက္ခိတ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အားလည်း ကုသိုလ် အမျှ–အမျှ ပေးဝေပါကုန်၏။

(၉) ကာမ ၁၁–ဘုံ၊ ရူပ ၁၆–ဘုံ၊ အရူပ ၄–ဘုံ တို့၌ ကျင်လည်နေကြကုန်သော ဝေနေယျ သုခိတ၊ ဒုက္ခိတ၊ လူနတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အား

http://www.dhammadownload.com

လည်း ကုသိုလ်အမျှ-အမျှပေးဝေပါကုန်၏။
(၁၀) ပုရတ္ထိမာယ ဒိသာယ-မြင်းမိုရ်တောင်၏ အရှေ့မျက်နှာ အရပ်၌၊ ဝသန္တာ- နေထိုင်ကြကုန်သော၊ အနောဒိဿ ဩဒိဿ တစ်ကျိပ်နှစ်ယောက်အားဖြင့် ၄၈-ယောက်ကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အားလည်း၊ ကိုသိုလ်အမျှ-အမျှ ပေးဝေပါကုန်၏။
(၁၁) ပစ္ဆိမာယဒိသာယ- မြင်းမိုရ်တောင်၏ အနောက်မျက်နှာ အရပ်၌။
(၁၂) ဥတ္တရာယ ဒိသာယ- မြင်းမိုရ်တောင်၏ မြောက်မျက်နှာ အရပ်၌။
(၁၃) ဒက္ခိဏာယဒိသာယ- မြင်းမိုရ်တောင်၏ တောင်မျက်နှာ အရပ်၌။
(၁၄) ပုရတ္ထိမာယ အနုဒိသာယ- မြင်းမိုရ်တောင်၏ အရှေ့တောင်ထောင့် မျက်နှာအရပ်၌။
(၁၅) ပစ္ဆိမာယ အနုဒိသာယ- မြင်းမိုရ်တောင်၏ အနောက်မြောက်ထောင့် မျက်နှာအရပ်၌။
(၁၆) ဥတ္တရာယ အနုဒိသာယ- မြင်းမိုရ်တောင်၏ အရှေ့မြောက်ထောင့် မျက်နှာအရပ်၌။
(၁၇) ဒက္ခိဏာယ အနုဒိသာယ- မြင်းမိုရ်တောင်၏ အနောက်တောင်ထောင့်မျက်နှာအရပ်၌၊ ဝသန္တာ- နေထိုင်ကြကုန်သော အနောဒိဿ ဩဒိဿ တစ်ကျိပ်နှစ်ယောက်အားဖြင့် ၄၈ ယောက်ကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အားလည်း ကုသိုလ် အမျှ-အမျှ ပေးဝေပါကုန်၏။
- ကုသိုလ် အမျှ-အမျှ ရကြပါစေကုန်သတည်း။
- ချမ်းသာခြင်း ရကြပါစေကုန်သတည်း။
- ကျန်းမာခြင်း ရကြပါစေကုန်သတည်း။
(၁၈) ဟေဋ္ဌိမာယ ဒိသာယ- မြင်းမိုရ်တောင်၏ အောက်မျက်နှာ အရပ်၌။
(၁၉) ဥပရိမာယ ဒိသာယ- မြင်းမိုရ်တောင်၏ အထက်မျက်နှာ အရပ်၌။
(၂၀) နဥဒ္ဓိဿဒိ ဒိသာယ- မေတ္တာပို့၍ မရောက်သော မြောက်မျက်နှာအရပ် စသည်တို့၌၊ ဝသန္တာ- နေထိုင်ကြကုန်သော၊ အနောဒိဿ ဩဒိဿ တစ်ကျိပ်နှစ်ယောက်အားဖြင့် ၄၈ ယောက်ကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အားလည်း ကုသိုလ် အမျှ-အမျှ ပေးဝေပါကုန်၏။
(၂၁) မဟာပဗ္ဗတ နဂရေသု၊ ယုဝပဗ္ဗတေ- ရွှေဥဒေါင်းတောင်၌၊ အာရက္ခဇွာနံ- အမြဲမပြတ် စောင့်ရှောက်နေကြကုန်သော သမ္မာ ဒေဝဘုမ္မဓိုး၊ ရက္ခဓိုး၊ အာကာသဓိုး အစရှိကုန်သော နတ်မြတ်နတ်ကောင်း နတ်အပေါင်း တို့အားလည်း ကုသိုလ် အမျှ- အမျှပေးဝေပါကုန်၏။
- ကုသိုလ် အမျှ-အမျှ ရကြပါစေကုန်သတည်း။
- ချမ်းသာခြင်း ရကြပါစေကုန်သတည်း။
- ကျန်းမာခြင်း ရကြပါစေကုန်သတည်း။
(၂၂) အယံဝသုန္ဓရော-ဝသုန္ဓရေ ဤမြေကြီးသည် မငြီးမငွေ့ အဓလေ့ဖြင့် မမေ့ခံယူ သက်သေထူသည်၊ နတ်လူအပေါင်း သောင်းသောင်းညီညာ သာဓု-သာဓု-သာဓု- ကောင်းချီးပြုကြပါစေကုန်သတည်း။ ဟူ၍ မေတ္တာပို့ အမျှဝေသည်။ ဆရာတော်ကိုယ်တိုင်လည်း သာဓုသုံးကြိမ်ခေါ်လိုက်လေသည်။

[၃]

တစ်ခါက ညောင်လွန်တောရဆရာတော် ဘုရားကြီးသည် သုသာန်(သချိုင်း)သို့ သွားရောက်၍ တရားအားထုတ်ဖူးသည့် ရွှေဥဒေါင်းတောင် ဆရာတော် ဦးကုမာရအား---

"တရားရှုမှတ်သည့်အလုပ်ကို မိမိကျောင်းနှင့် ဆိတ်ငြိမ်ရာအရပ်တို့၌ လုပ်ကိုင်နိုင်ပါလျက် မည်သည့် ရည်ရွယ်ချက်ဖြင့် သုသာန်သို့ သွားထိုင်ခြင်း ပြုသနည်း" ဟု မေးတော်မူဖူးသည်။

"သုသာန်၌ လူသေကောင်များ၊ ပုပ်ပွနေသည့် အလောင်းကောင်များဖြင့် ထိတ်လန့်ကြောက်ရွံ့ဖွယ် အလောင်းကောင်များရှိနေသည်-မှန်ပါကြောင်း၊ သို့သော် သုသာန်၌ ရှိနေသော လူသေကောင်၊ အလောင်းကောင် အနိဋ္ဌာရုံများထက် မိမိ၏ခန္ဓာ

http://www.dhammadownload.com

ကိုယ်တွင်း၌ရှိနေသော အသုဘကောင်အနိဋ္ဌာရုံများ ကိုကြောက်လန့်ပြီး အမြန်ဆုံး တရားမြင်တွေ့နိုင်သော သုသာန်သို့ သွားထိုင်ခြင်းဖြစ်ပါကြောင်း" ဆရာတော်က ပြန်၍ လျှောက်ထားခဲ့ဖူးကြောင်း အဓိန့်ရှိဖူးသည်။

ဓုတင်ခုနှစ်ပါး ကျင့်စဉ်နှင့်တကွ တရားမရ မချင်း ဤတောင် (ရွှေဥဒေါင်းတောင်)ပေါ်မှ ဘယ်မှ မကြွဟူ၍ အဓိဋ္ဌာန်ပြုထားသော ဆရာတော်သည် နေ့စဉ်ပြုဖွယ် ဝေယျာဝစ္စများ၊ ဓုတင်ကျင့်စဉ်များ ဆောင်ရွက်ပြီးနောက် ရွှေဥဒေါင်းတောင်နှင့် အနီးဆုံး နားဇော်းကျေးရွာ သုသာန်၊ အင်းတိမ်ရွာသုသာန်၊ ရွာကြီးသုသာန်၊ တောင်ပို့နီရွာသုသာန်၊ အင်ကြင်း ကုန်းရွာ သုသာန်၊ ကျေးပေါခုံရွာသုသာန်များသို့ ညဥ့်ဦးယံအချိန် သွားရောက်၍ သုသာန်ဓုတင် အသုဘကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်တော်မူ လေသည်။

သုသာန်ဓုတင် အသုဘကမ္မဋ္ဌာန်းတရား စီးဖြန်းပွားများ ကျင့်ကြံအားထုတ်သည်ဆိုသည်မှာ လွယ်ကူသော အလုပ်မဟုတ်ပါချေ။ (နိဗ္ဗာနမဂ္ဂ ဒီပနီကျမ်း၊ စာ-၅၆-၅၇)၌ အသုဘကမ္မဋ္ဌာန်းတွင်-

သဝိညာဏက အသုဘ၊

အဝိညာဏက အသုဘ၊

ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သုံးဆယ့်နှစ်ပါးသော ကောဋ္ဌသသည် သဝိညာဏက အသုဘ မည်၏။ အသုဘဆယ်ပါးသည် အဝိညာဏက အသုဘ မည်၏။ ဆရာတော်ကျင့်ကြံအားထုတ်သည့် တရားကား အဝိညာဏက အသုဘ ကမ္မဋ္ဌာန်းတရား ဖြစ်သည်။

ယင်း အဝိညာဏက အသုဘ ၁၀-မျိုးကား-

၁။ ဥဒ္ဓု မာတက အသုဘ

သေပြီး၍ တစ်ရက်လွန်မြောက် နှစ်ရက်, သုံးရက်သောအခါ၌ လေဖြင့် မူတ်ထားသော သားရေအိတ်ကဲ့သို့ တက်ကြွဖောင်းပွ ဖူးရောင်နေသော သတ္တဝါတို့၏ ကိုယ်ခန္ဓာသည် "ဥဒ္ဓုမာတံ" ဥဒ္ဓုမာတက မည်၏။ ထိုကိုယ်ခန္ဓာသည် မတင့်တယ်သောကြောင့် "အသုဘ" မည်၏။

ဤ အသုဘကိုရှုရာဝယ် "ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် သူသေကောင်၊ ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် သူသေကောင်"ဟု နှလုံးသွင်း၍ အဖန်ဖန် ရှုရသည်။

၂။ ဝိနီလက အသုဘ

ဖြူနီသောဝ ရောနှောစပ်တွဲ ညိုမည်းမည်းပုပ်၊ စက်ဆုပ်ဖွယ်တောင်း မကောင်းသော ခန္ဓာကိုယ်သည် "ဝိနီလ" ဝိနီလကမည်၏။ ထိုကိုယ်ခန္ဓာသည် မတင့်တယ်သောကြောင့် "အသုဘ" မည်၏။

ဤ အသုဘကိုရှုရာဝယ် "ပကတိအဆင်းပျက်လျက် ညိုမည်းနေသော သူသေကောင်၊ ပကတိအဆင်းပျက်လျက် ညိုမည်းနေသော သူသေကောင်" ဟု နှလုံးသွင်း၍ အဖန်ဖန် ရှုရသည်။

၃။ ဝိပုဗ္ဗက အသုဘ

ပြည်တစိုစိုထွက်နေသော ခန္ဓာကိုယ်သည် "ဝိပုဗ္ဗ" ဝိပုဗ္ဗက မည်၏။ ထိုကိုယ်ခန္ဓာသည် မတင့်တယ်သောကြောင့် "အသုဘ" မည်၏။

ဤ အသုဘကိုရှုရာဝယ် "ပြည်တစိုစို ယိုထွက်နေသော စက်ဆုပ်ဖွယ် သူသေကောင်၊ ပြည်တစိုစိုယိုထွက်နေသော စက်ဆုပ်ဖွယ် သူသေကောင်" ဟု နှလုံးသွင်း၍ အဖန်ဖန် ရှုရသည်။

၄။ ဝိစ္ဆိဒ္ဒက အသုဘ

ထက်အောက်နှစ်ရပ် မဆက်စပ်အောင် ဓားဖြင့်ဖြတ်ခွဲ ခန္ဓာကွဲလျက်နေသော သူသေကောင်သည် "ဝိစ္ဆိဒ္ဒက" ဝိစ္ဆိဒ္ဒကမည်၏။ ထို သူသေကောင်သည် မတင့်တယ်သောကြောင့် "အသုဘ" မည်၏။

ဤ အသုဘကိုရှုရာဝယ် "နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ဖွယ် သူသေကောင် နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ဖွယ် သူသေကောင်"ဟု နှလုံးသွင်း၍ အဖန်ဖန် ရှုရသည်။

http://www.dhammadownload.com

၅။ ဝိက္ခာယိတက အသုဘ

လင်းတ၊ ခွေး၊ ကျီး အသီးသီးတို့ နည်းမျိုးစုံစွာ ခဲစားထားသော ခန္ဓာကိုယ်သည် "ဝိက္ခာယိတ" ဝိက္ခာယိတကမည်၏။ မတင့်တယ်သောကြောင့် "အသုဘ" မည်၏။

ဤ အသုဘကိုရှုရာဝယ် "လင်းတ စသည်တို့က ခဲစားထားသော သူသေကောင်၊ လင်းတ စသည်တို့က ခဲစားထားသော သူသေကောင်"ဟု နှလုံးသွင်း၍ အဖန်ဖန် ရှုရသည်။

၆။ ဝိက္ခိတ္တက အသုဘ

လက်၊ ခြေ၊ ခေါင်း၊ ကိုယ်တို့မရှိ၊ ဖရိုဖရဲပြန့်ကျဲနေသော အလောင်းသည် "ဝိက္ခိတ္တ" ဝိက္ခိတ္တက မည်၏။ ထိုအလောင်းသည် မတင့်တယ်သောကြောင့် "အသုဘ"မည်၏။

ဤ အသုဘကိုရှုရာဝယ် "ထိုထိုအရပ်၌ စွန့်ပစ်ထားသော သူသေကောင်၊ ထိုထိုအရပ်၌ စွန့်ပစ်ထားသော သူသေကောင်"ဟု နှလုံးသွင်း၍ အဖန်ဖန် ရှုရသည်။

၇။ ဟတဝိက္ခိတ္တက အသုဘ

ဓား စသော လက်နက်တို့ဖြင့် ခုတ်သတ်ထားသည့်အပြင် လက်ခြေ စသည်တို့၌ အစိတ်စိတ် အမြွာမြွာပြု၍ လွှင့်ပစ်ထားသော သူသေကောင်သည် "ဟတဝိက္ခိတ္တ" ဟတဝိက္ခိတ္တက မည်၏။ ထိုသူသေကောင်သည် မတင့်တယ်သောကြောင့် "အသုဘ" မည်၏။

ဤ အသုဘကိုရှုရာဝယ် "ထိုထိုအရပ်၌ စွန့်ပစ်ထားသော သူသေကောင်၊ ထိုထိုအရပ်၌ စွန့်ပစ်ထားသော သူသေကောင်"ဟု နှလုံးသွင်း၍ အဖန်ဖန်ရှုရသည်။

၈။ လောဟိတက အသုဘ

ထိုမှ ဤမှ သွေးများ ယိုထွက်နေသော သူသေကောင်သည် "လောဟိတ" လောဟိတက မည်၏။ ထို သူသေကောင်သည် မတင့်တယ်သောကြောင့် "အသုဘ" မည်၏။

ဤအသုဘကိုရှုရာဝယ် "သွေးယိုထွက်နေသော သူသေကောင်၊ သွေးယိုထွက်နေသော သူသေကောင်"ဟု နှလုံးသွင်း၍ အဖန်ဖန်ရှုရသည်။

၉။ ပုဠဝက အသုဘ

သေပြီးနောက် နှစ်ရက်,သုံးရက်လွန်ရာ မျက်စိ၊ နား၊ နှာခေါင်း စသော အပေါက်တို့မှ ပိုးလောက်တို့ အစုလိုက် အစုလိုက် ထွက်နေသော သူသေကောင်သည် "ပုဠဝက" ပုဠဝက မည်၏။ ထိုသူသေကောင်သည် မတင့်တယ်သောကြောင့် "အသုဘ" မည်၏။

ဤ အသုဘကိုရှုရာဝယ် "ပိုးလောက်တို့ဖြင့် ပြည့်နေသော စက်ဆုပ်ဖွယ် သူသေကောင်၊ ပိုးလောက်တို့ဖြင့် စက်ဆုပ်ဖွယ်ပြည့်နေသော သူသေကောင်"ဟု နှလုံးသွင်း၍ အဖန်ဖန် ရှုရသည်။

၁၀။ အဋ္ဌိက အသုဘ

အရိုးစုကိုဖြစ်စေ၊ အရိုးတစ်ချောင်းကိုဖြစ်စေ "အဋ္ဌိက အသုဘ" ဟု ခေါ်၏။

ဤ အသုဘကို ရှုရာဝယ် "စက်ဆုပ်ဖွယ် အရိုးစု၊ စက်ဆုပ်ဖွယ် အရိုးစု"ဟု နှလုံးသွင်း၍ အဖန်ဖန် ရှုရသည်။ (ရှင်ဥက္ကဋ္ဌဝံသ မဟာဂန္ဓာရုံကျောင်းတိုက်၏ ကမ္မဋ္ဌာန်းဘာဝနာ)။

ဆရာတော်သည် အင်းလေးကန်ပတ်ဝန်းကျင်ရွာများအနီးမှ သုသာန် (သရိုင်း)သို့ ညစဉ်ညဉ့်ဦးယံအချိန်တိုင်း ကြွရောက်၍ အဝိညာဏက အသုဘမည်သော သူသေကောင်အလောင်းများ၊ ပုပ်ပွ သွေးယိုစီးနေသော အလောင်းများ၊ အပိုင်းပိုင်းပြတ်နေသော အလောင်းများ၊ လင်းတ,ခွေး,ကျီးများထိုးဆွ စားသောက်ထားသည့် အလောင်းများ၊ အရိုးစု အရိုးဆွေးများကို ဖော်ပြပါအတိုင်း သုံးသပ်ဆင်ခြင် ရှုမြင် ရှုမှတ်တော်မူ၍ "သုံးဆယ့်နှစ်ဖြာပေါင်းစုရာ ငါ၏ ဤခန္ဓာကိုယ်ကြီးသည်လည်း ဤသူသေကောင်များကဲ့သို့၊ ဤပုပ်ပွ သွေးယိုစီးနေသော

http://www.dhammadownload.com

အလောင်းကောင်များကဲ့သို့၊ ဤအပိုင်းပိုင်းပြတ်၍ လင်းတ, ခွေး, ကျီးငှက်တို့ ထိုးဆွထားသည့် အလောင်းကောင်များ ကဲ့သို့၊ ဤအရိုးစု၊ အရိုးဆွေး၊ အရိုးမြေအခြေရောက်နေသော သူသေကောင် အရိုးစုများကဲ့သို့၊ တစ်နေ့ ဆက်ဆက်အမှုန် ဧကန်မုချ ဖြစ်ရချေဦးမှာတကား"ဟု သံဝေဂယူတော်မူသည်။

အဝိဇ္ဇာဏက အသုဘ ဘာဝနာ ကမ္မဋ္ဌာန်း ၁၀-ပါး အမြဲမပြတ် ပွားများခြင်းကြောင့်-

ဥဒ္ဓုမာတက အသုဘသည် ကိုယ်ခန္ဓာ၏ ဖောက်ပြန်ဖျက်ဆီးခြင်းကို ထင်စွာအမှန် ဖွင့်အန် ပြခြင်းကြောင့် ရုပ်ခန္ဓာ၌ စွဲလမ်းတပ်မက်မှု ရာဂကို ပယ်သတ်နိုင်သော သံဝေဂကို ရစေသည်။

ဝိနီလက အသုဘသည် အရေအဆင်း၏ ဖောက်ပြန်ပျက်စီးခြင်းကို ထင်စွာ ပြခြင်းကြောင့် ထို အဆင်း၌ တပ်မက်စွဲလမ်းမှု ရာဂကို ပယ်သတ်နိုင်သောသံဝေဂကို ရစေသည်။

ဝိပုဗ္ဗက အသုဘသည် ကိုယ့်နှင့်စပ်ဆိုင်သော အနံ့စစ် အနံ့မှန်ကို ဖော်ပြခြင်းကြောင့် ရေမွှေးနံသာတို့ဖြင့် ခန္ဓာကိုယ်တပ်မက်မှုရာဂကို ပယ်သတ်နိုင်သော သံဝေဂကို ရစေသည်။

ဝိစ္ဆိဒ္ဒက အသုဘသည် ခန္ဓာကိုယ်အတွင်း၌ အခေါင်းရှိသည့်အဖြစ် ထင်ရှားစွာပြခြင်းကြောင့် ခန္ဓာကိုယ် တစ်လုံးတစ်ခဲတည်းရှိသည်ဟု တပ်မက်မှု ရာဂကို ပယ်သတ်နိုင်သော သံဝေဂကို ရစေသည်။ ဝိက္ခာယိတက အသုဘသည် မို့မို့ဖောင်းဖောင်း ကောင်းကောင်းပြုသည့် သားမြတ်အစု စသည် အသားစုတို့၏ တပ်မက်မှုရာဂကို ပယ်သတ်နိုင်သော သံဝေဂကို ရစေသည်။

ဝိက္ခိတ္တက အသုဘသည် လက်၊ ခြေအင်္ဂါ စသည်တို့ တင့်တယ်ခြင်း တပ်မက်မှု ရာဂကို ပယ်သတ်နိုင်သော သံဝေဂကို ရစေသည်။

ဟတဝိက္ခိတ္တက အသုဘသည် ကိုယ်ခန္ဓာ တစ်စပ်တည်း တစ်ပေါင်းတည်း ပြည့်စုံခြင်း၌ ဖြစ်သော တပ်မက်မှု ရာဂကို ပယ်သတ်နိုင်သော သံဝေဂကို ရစေသည်။

လောဟိတက အသုဘသည် ငါ့ကိုယ်, ငါ့ကိုယ်ဟု ခန္ဓာကိုယ်၏ စွဲလမ်းမှုရာဂကို ပယ်သတ်နိုင်သော သံဝေဂကို ရစေသည်။

အဋ္ဌိက အသုဘသည် အရိုးဖြောင့်ခြင်း၊ သွားကောင်းခြင်းတို့၏ တပ်မက်မှု ရာဂကို ပယ်သတ်နိုင်သော သံဝေဂကို ရစေသည်ဟူ၍ "ကမ္မဋ္ဌာန်း ဘာဝနာ" ကျမ်းတွင် ဖော်ပြထားသည်။

အကျိုးအာနိသင်အဖြစ်-

မရဏာနုဿတိရခြင်း၊

မမေ့မလျော့နေလေ့ရှိခြင်း၊

အသုဘနိမိတ်ရခြင်း၊

ကာမရာဂကင်းခြင်း၊

ခန္ဓာကိုယ်၏ အနံ့ဆိုး ရွံဖွယ်မစင်ကြယ်သော သဘောကို မပြတ်မြင်ခြင်း၊ သံဝေဂဉာဏ်များခြင်း၊ ငါ အနာဂင်းသည်၊ အရွယ်ပျိုသည်၊ အသက်ရှည်သည်ဟု မာန်မယစ်ခြင်း ဇားကြီးဘေးငယ်တို့ကို သည်းခံနိုင်ခြင်း၊

နတ်ဘီလူးတို့ အလေးပြုအပ် ချီးမွမ်းအပ်သူ ဖြစ်ခြင်း၊

အပို့စ္ဆတာ စသည်တို့အားလျော်စွာ အကျင့်ရှိခြင်း။

ထို့အပြင်-

သုသာန်ဒုတင်ဆောင် ရဟန်းသည် မရဏာနုဿတိဘာဝနာ အားကောင်း၏။ အိပ်ပျော်နေခိုက် အိပ်မက်အတွင်း၌သော်လည်း ပမာဒရန်သူတို့ မနိုပ်စက်နိုင်ကုန်။ အကောင်ပုပ်များစွာ မြင်ရသောကြောင့် ကာမဂုဏ်စုံမက် တဏှာရမ္မက်အလိုသို့ လိုက်ပါသောစိတ်မဖြစ်၊ သံဝေဂဉာဏ်ကြီး၏။ မာန်ယစ်လေ့မရှိ၊ သေခြင်းကင်းရာ နိဗ္ဗာန်ကို ရှာလျက်သာ အားထုတ်လေ့ရှိ၏ဟု (ဝိသုဒ္ဓိမဂ်အရသာ၊ စာ-၇၀-၇၁) တွင် တွေ့ရလေသည်။

http://www.dhammadownload.com

ဆရာတော်သည် ထိုကဲ့သို့ အင်းလေးကန်ဝန်းကျင် သုသာန် (သင်္ချိုင်း)များတွင် သုသာန်ဓုတင်ကမ္မဋ္ဌာန်းဘာဝနာပွားများရှုမှတ်နေသည့် အခါမျိုး၌ နားဌောင်းကျကျေးရွာ သုသာန်အရိုးစုတစ်ခုမှ ကလေးအလောင်း ငိုသံမျိုးကဲ့သို့၊ သုသာန်တိုင်း လိုလိုမှာပင် လူကြီး ညည်းညူညံများ၊ ထိတ်လန့်တကြား အော်ဟစ်ကြသည့် ယောကျ်း မိန်းမ အသံမျိုးများ မကြာခဏ ကြားရတတ်သည်။

ရံဖန်ရံခါ ယင်းသုသာန်သင်္ချိုင်းတို့၌ မကျွတ်မလွတ်ဖြစ်နေကြသော နာနာဘာဝ ဝိနာဘာဝတို့က ဆရာတော်အား အမျိုးမျိုးသော ရုပ်သဏ္ဌာန်တို့ဖြင့် အနှောင့်အယှက်ပေးခြင်း၊ ကြောက်မက်ဖွယ် ပုံသဏ္ဌာန်များ ဖန်ဆင်း၍ ကိုယ်ထင်ပြခြင်း၊ ခြောက်လှန့်ခြင်း၊ တစ်နည်း ဥဂ္ဂဟနိမိတ်၊ သမထနိမိတ်ရှိ,မရှိပြခြင်း၊ ပဋိဘာဂနိမိတ်၊ နတ်သမီး၊ အလောင်းကောင်၊ မကောင်းဆိုးရွားများနှင့် အချောအလှပြခြင်းမျိုး ကြုံရတော်မူခြင်း အမိန့်ရှိဖူးသည်။

ဆရာတော်အဖို့ ထိုသို့ ဥဂ္ဂဟနိမိတ်ပြခြင်း၊ ပဋိဘာဂနိမိတ်ပြခြင်းတို့ကို ကြုံရလေလေ၊ မိမိ၌ရှိသော အကျင့်သီလ၊ သမာဓိနှင့်တကွ ခန္တီတရားကို လက်ကိုင်ပြု၍ သတိပညာဖြင့် ရင့်ကျက်သည်ထက် ရင့်ကျက်လေအောင် အားထုတ်တော်မူခဲ့သည်။

ဗြဟ္မဝိဟာရတစ်ပါးဖြစ်သော မေတ္တာ လက်နက်ကို စွဲကိုင်၍ သတ္တဝါ ဝေနေယျအပေါင်း ချမ်းသာစေကြောင်း "မေတ္တာသဒ္ဒေါ အနန္တော" မေတ္တာ တရားလက်နက်ဖြင့် နောက်ဆုံး အနိုင်ယူ အောင်မြင်တော်မူခဲ့သည်သာ ဖြစ်သည်။

ဤသို့လျှင် ဆရာတော်ဦးကုမာရ သုသာန်ဓုတင်ထိုင်ချိန်တွင် အမျိုးမျိုးသော ပရိယာယ်အသွယ်သွယ်တို့ဖြင့် ဆရာတော် တရားအားထုတ်လုပ်ငန်းပျက်အောင် ခြောက်လှန့်ခြင်း၊ ဖျက်ဆီးခြင်း။

ဆရာတော်၏ သီလ၊ သမာဓိ၊ ပညာတို့ကို ကြောက်မက်ဖွယ်အသံဗလံတို့ဖြင့် စမ်းခြင်း။

ဆရာတော်၏ ခန္တီပါရမီနှင့် မေတ္တာအင်အားတို့ကို ပုံပန်းသဏ္ဌာန်ဆိုးသော နာနာဘာဝတို့ အစွမ်းဖြင့် သွေးပျက် မှောက်မှား ချောက်ချားအောင် နှောင့်ယှက်ခြင်းများ ကြုံရသော်လည်း ဆရာတော်က မတုန်လှုပ်၊ မကြောက်ရွံခဲ့။

ဆရာတော်၌ရှိသော သီလ၊ သမာဓိ၊ ခန္တီနှင့် မေတ္တာဓာတ်လှိုင်းအားတို့ စုပေါင်း၍ "မည်သည့် အနှောင့်အယှက်၊ အခက်အခဲ၊ အခြောက်အလှန့်များ ရင်ဆိုင်ကြုံတွေ့ရသည်ဖြစ်စေ ငါ ဤနေရာက မထ" ဟူသော ဇွဲ၊ အဓိဋ္ဌာန်ဖြင့် ကြံ့ကြံ့ခိုင်ခိုင် ခုခံတွန်းလှန်လိုက်သောအခါ သုသာန်မှ နာနာဘာဝ၊ ဝိနာဘာဝတို့သည် ဆရာတော်အတွက် ရန်သူအဖျက်သမား၊ နှောင့်ယှက်သူများ မဟုတ်ကြတော့ဘဲ ဆရာတော်အတွက် အဆွေခင်ပွန်း မိတ်ဆွေများဖြစ်လာကာ နေရာထိုင်ခင်း ရှင်းလင်းပေးခြင်း၊ သုသာန်မှ အပြန်ခရီး၌ အလင်းရောင် ဖန်ဆင်း၍ ပြန်လမ်းဖြောင့်ဖြူးအောင် လိုက်ပါပို့ဆောင်ခြင်း ပြုလာကြသည်ဟု ကြားသိခဲ့ရသည်။

"သုတ္တနိပါတ် အဋ္ဌကထာ"၌ တောရပုဂ္ဂိုလ်များ မေတ္တာမပွားမီက ခြောက်လှန့် ရန်ပြုခဲ့ကြသော တောစိုးနတ်တို့သည် ရဟန်းတို့ မေတ္တာပွားသောအခါ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း၊ နှိပ်နယ်ပေးခြင်း၊ ရေနွေးကျိုခြင်း စသည် အကျိုးဆောင်လာကြကြောင်း တွေ့ဖူးသည်။

ဆရာတော် ဦးကုမာရ၏ အကျင့်၊ သီလ၊ သမာဓိ၊ ပညာ၊ ဝီရိယ၊ ခန္တီ ပါရမီအားများနှင့် မေတ္တာဓာတ်၊ မေတ္တာအားတို့သည် ထိုစဉ်ကတည်းက ဆရာတော်၏ တရားအလုပ်ခွင်တွင် စွမ်းအင် မည်မျှကောင်းနေကြပါသနည်း။

ဆရာတော်သည် ဤ သုသာန်ဓုတင်ကျင့်စဉ် အဂိညာဏက အသုဘကမ္မဋ္ဌာန်း ဘာဝနာရှုပွားခြင်း လုပ်ငန်းကို ဆရာတော် တောသို့ ထွက်လာသည့်

http://www.dhammadownload.com

သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်မှ စ၍ သက္ကရာဇ် ၁၃၁၀ ပြည့်နှစ်အထိ နှစ်ပေါင်း (၁၀) နှစ်တိတိ ညစဉ် ညတိုင်း မပျက်မကွက် ကျင့်ကြံအားထုတ်တော်မူခဲ့လေသည်။

မိုးတွင်းအခါ မိုးရွာလျှင် 'စစ်စေး'တစ်ဖက် သုတ်ထားသော သင်္ကန်းခြုံ၍ တရားထိုင်ခဲ့သည်။ မိုးကြောင့်, လေကြောင့်ဟု အဓိဋ္ဌာန်အပျက်မခံခဲ့ပေ။

[၄]

ဆရာတော်အရှင်မြတ်သည် ရွှေဥဒေါင်းတောင်ပေါ်သို့ ရောက်လာကြသော ဧည့်ပရိသတ်များ၊ ဆရာတော်အရှင်မြတ်၏ ခြေရင်းအနီးချဉ်းကပ်၍ ဆရာတော်၏ အရိပ်အာဝါသကိုခိုရင်း တရားရရာရကြောင်း နည်းနိဿရည်း လာတောင်းကြသော ရဟန်းသံဃာတော်များ၊ ဒုလ္လဘရဟန်းများနှင့် လူပုဂ္ဂိုလ်များအား "ထိ၊ သိ၊ သတိ" တရား၊ အာနာပါန ထွက်သက်ဝင် လေရူးရှိုက်နည်းများကို ဟော ပြော ရှင်းလင်းပြလေ့ရှိသည်။

တစ်နေ့ နံနက်တစ်ကြိမ်၊ နေ့ခင်းတစ်ကြိမ်၊ ညဉ့်ဦးယံတစ်ကြိမ် ရဟန်းပုဂ္ဂိုလ်များကို လက်ခံတွေ့ဆုံ ဖူးမြော်ကန်တော့ခံ၍ ငါးပါးသီလ၊ ရှစ်ပါးသီလပေးလေ့ရှိသည်။ ပြီးလျှင် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာသုံးပါးကို မမှားမယွင်းဘဲ ထိန်းသိမ်းစောင့်ရှောက် ကြိုးစားအားထုတ်ခဲ့၍ အောင်မြင်တော်မူခဲ့သော ဆရာတော်အရှင်မြတ်ကို ရိုသေမြတ်နိုး လက်စုံ မိုး၍ ရှိခိုးပူဇော် ဖူးမြော်ကန်တော့ရခြင်း အကျိုးကြောင့်ဟူ၍ မိန့်တော်မူရင်း ဆုများပေးလေ့ရှိသည်။

အဓိသီလ ဟူသည် လူတို့၏ ငါးပါး၊ ရှစ်ပါးတို့ ထက် လွန်ကဲသော ရဟန်း၏ ပါတိမောက္ခ သံဝရသီလကို ခေါ်သည်။

အဓိစိတ္တ ဟူသည် ထူးကဲ လွန်မြတ်သော သမာဓိတရားကို ဆိုလိုသည်။

အဓိပညာ ဟူသည် ဝိပဿနာဉာဏ်မှစ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်များကို ဆိုလိုသည်။

ရံဖန်ရံခါ ဆရာတော်ဘုရားကြီးသည် လာရောက်ဖူးမြော်ကြသော ယောကျ်ားမိန်းမ လူသတ္တဝါများအား ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါးနှင့် မကင်းနိုင်ကြသော–

အနိစ္စ သဘောတရား
ဒုက္ခ သဘောတရား
အနတ္တ သဘောတရားများကိုလည်းကောင်း၊
လောဘ
ဒေါသ
မောဟ

မာန်မာနတွေ ဖုံးလွှမ်းပြီး သံသရာဝဋ်ဒုက္ခ၊ လူမှုဒုက္ခ ၁၁-မီးထဲသို့ ပိုးဖလံကောင်များပမာ တိုးဝင်နေကြသော လူသတ္တဝါများကို မဟာ ကရုဏာတော်ဖြင့် ဆင်ခြင်သုံးသပ်ကြည့်မြင်တော်မူရင်း–

"နင်တို့ဟာ လှေသင်္ဘောသွားရာ မြစ်ပင်လယ်ထဲမှ သောင်ကမ်းမမြင် နောက်က လိုက်ပါအစာတောင်းနေကြတဲ့ ငှက်ငယ်ကလေးတွေလို လိုက်လေ သောင်ကမ်းနဲ့ ဝေးလေ-ဝေလေ ဖြစ်နေကြပါတကား" ဟူ၍ လည်းကောင်း၊

"အဝိဇ္ဇာနဲ့တဏှာ ဒွေး မူလနှစ်ပါးရှိတယ်။ အဲဒီနှစ်ပါး, နှစ်မြစ်ကို အငုတ်ပါမကျန်အောင် နုတ်ပါ။ သေအောင် သတ်ပါ" ဟူ၍ လည်းကောင်း၊

"ခု-လူ့ဘဝရလာသူများဟာ ဘာနဲ့ အလားသဏ္ဌာန်တူသလဲဆိုရင် လေးစင်းသော သမုဒ္ဒရာကြီးများထဲမှာ သင်္ဘောယာဉ်နဲ့ သွားလာကူးခတ်နေကြတဲ့ ခရီးသည် ခရီးသွားများနဲ့ တူတယ်"

- အင်မတန် ကျယ်ပြန့်တဲ့ သံသရာခရီး သွားနေကြသူများ ဖြစ်တယ်။
- ဒီသံသရာကို သွားလာနေကြသူများဟာ ခရီးလမ်းမှာ မိမိတို့စားသုံးဖို့ ရိက္ခာလိုတယ်၊ ရိက္ခာဆိုတာ ဒါန၊ သီလ၊ ဘာဝနာ ဖြစ်တယ်။

http://www.dhammadownload.com

- သီလတည်းဟူသော သဘော်ပေါ်မှာ စီးနင်းလိုက်ပါလာကြတဲ့ သူများဟာ ယင်းခရီးအကြား စားဖို့ရန် ရိက္ခာလိုသလိုပဲ၊ သံသရာခရီးလျှောက်နေကြသူများလဲ နိဗ္ဗာန်မရောက်မီအကြား လမ်းမှာ ချမ်းချမ်းသာသာ နေနိုင်ဖို့ရန် ဒါနတည်းဟူသော ရိက္ခာပါမှ ချမ်းသာစွာ သွားနိုင်ကြမယ်။
- ပင်လယ်သမုဒ္ဒရာသွားတဲ့ သဘော်မှာ လိုရာခရီးရောက်ဖို့ 'စက်'၊ 'တက်'၊ 'ရွက်' အစရှိသည်တို့ လိုသကဲ့သို့ သံသရာခရီးမှ မဂ်ဖိုလ်နိဗ္ဗာန် (မဂ္ဂင်ဖောင်) သွားလိုသူများဟာလဲ **ဒါန** တည်းဟူသော ရိက္ခာ၊ **ဘာဝနာ** တည်းဟူသော စက်၊ **ဝိပဿနာ** တည်းဟူသော တက်,ရွက်တို့ ပြည့်စုံမှ လိုရာခရီး ချောမောစွာ ရောက်နိုင်မယ်။

ဟူ၍လည်းကောင်း၊ သံသရာဝဋ်ဒုက္ခကြီးအတွင်း၌ တဝဲလည်လည် ဖြစ်နေကြသော လူ၊ နတ်၊ ဗြဟ္မာ ဝေနေယျသတ္တဝါအပေါင်းတို့အား ထိုသံသရာဝဋ်ဒုက္ခ၊ ထိုဝဋ်ဆင်းရဲတို့မှ လွတ်ကင်းရာ, လွတ်ကင်းနိုင်သည့် တရားသဘောများကိုလည်း မကြာခဏဆိုသလို ဟောကြား လမ်းညွှန်ပြတော်မူပေသည်။

- လူ့ဘဝရလာသူများဟာ အပါယ်လေးဘုံမှ ထွက်လာသူများ ဖြစ်တယ်။ မိမိရထားတဲ့ လူ့ဘဝက အပါယ်လေးဘုံပြန်ကျရင်၊ နွားပြန်ဖြစ်ရင် သူများ ပြန်သတ်ခံရတတ်တယ်။ ကျွဲပြန်ဖြစ်ရင် သူများလယ်ထဲမှာ မောင်းချခံရမယ်။
- လူကောင်း၊ လူတတ်၊ လူလိမ္မာဘဝနဲ့ လူ့ဘဝပြန်ဖြစ်လာရင်၊ ရဟန်းဘဝပြန်ဖြစ်လာရင် အဖိုးတန်တယ်။ အလွန်ရခဲလှတဲ့ လူ့ဘဝ၊ ရဟန်းဘဝရလာတဲ့အခိုက် စိတ်ကောင်းမွေးဖို့ လိုတယ်။ စိတ်ကောင်းမွေးရင်ဟင်းကောင်းလဲ မလိုဘူး။ သင်္ကန်းကောင်းလဲ မလိုဘူး။ ခုဘဝမှာ သူ့အလိုလို ဟင်းကောင်းစားရမယ်။ သင်္ကန်းကောင်းလဲ ရလာလိမ့်မယ်။ **"စိတ္တံ ဒန္တံ သုခါဝဟံ"** လို့ ပါဠိတော်ကဆိုတယ်။
- **"စိတ္တံ**-စိတ်ကို၊ **ဒန္တံ**-ယဉ်ကျေးအောင် ဆုံးမရင်၊ **သုခါဝဟံ**-ချမ်းသာကိုဆောင်၏" လို့ ဆုံးမတော်မူတယ်။ မိမိစိတ်ကို ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမသွန်သင် ပုဂ္ဂိုလ်ဟာ **သုခါဝဟံ**-လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခကို ရနိုင်တယ်။
- စိတ်ကို မဆုံးမဘဲ သနပ်ခါးလေးတတင်တင်တင်နေလို့ရှိရင်၊ အကျိုကောင်းကောင်း၊ ဘောင်းဘီကောင်းကောင်းလေးဝတ်ပြီး ခပ်ကြွားကြွားနေရင် အပေါ်ယံ အဆောင်အယောင်ပဲဖြစ်မယ်။ ချောလိုက်တာ၊ လှလိုက်တာလို့ ချီးမွမ်းကြမယ်။
- ဒါကြောင့် တစ်ခါဝတ်ရင် တစ်ခါမာနဖြစ်လာတယ်။ ငါ့အင်္ကျီ၊ ငါ့ဘောင်းဘီ ငါပိုင်တာပဲ၊ တဏှာ, မာန, ဒိဋ္ဌိ ဖြစ်လာတတ်တယ်။ အေး-ဒါပေမယ့် သေတဲ့အခါကျရင် အဲဒီအင်္ကျီ၊ အဲဒီ ဘောင်းဘီက ပါမသွားဘူး။ သူလဲ ယူမသွားနိုင်ဘူး။

ဟူ၍လည်းကောင်း၊ အဝိဇ္ဇာနှင့်တဏှာ ဒွေးမူလနှစ်ပါး အဝိဇ္ဇာဖုံးလွှမ်း ပြီး တဏှာနောင်ကြိုးတွေ ငင်နေသော လူသတ္တဝါများ၏ အဖြစ်ကိုလည်း ဆင်ခြင်ဖြတ်တောက်ပစ်ရန် ရံဖန်ရံခါ ဟောကြားဆိုဆုံးမလေ့ ရှိပါသည်။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များထဲတွင် သတ္တဝါတစ်ခု ဖြစ်လာရခြင်း အကြောင်း၌ **'အဝိဇ္ဇာ'** သည် မူလအကြောင်းရင်း ဖြစ်သကဲ့သို့ ထိုသတ္တဝါ နောက်တစ်ဖန် ဆက်၍ ဖြစ်ရန် **'တဏှာ'** သည်လည်း အကြောင်းရင်း ဖြစ်သည်။

http://www.dhammadownload.com

အဝိဇ္ဇာ အမှုန်ကို မမြင်မသိသော သံယောဇဉ်တွေကြောင့် တဏှာဘဝသစ်ကို ဖြစ်စေ ရောက်စေသည်။ ထိုဘဝသစ်ကြောင့် ဇာတိ၊ ဇရာ၊ မရဏာတည်းဟူသော ဒုက္ခနယ်ထဲဩဃထဲ သံသရာမဆုံးပြန်လည် ကျင်လည်နေရဦးမည့်အဖြစ်ကို ရှင်းလင်းဟောကြားတော်မူခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ယောဂီပုဂ္ဂိုလ် တစ်ဦးဦးက ဝိပဿနာရှုမှတ်ခြင်း အာနာပါန ကမ္မဋ္ဌာန်း ဘာဝနာအလုပ်နှင့် ပတ်သက်၍ မရှင်းလင်းသည်များ မေးလျှောက်ထားသောအခါ "အာနာပါန ထွက်လေဝင်လေ ရှုရှိုက်မှတ်တဲ့အခါ လေနှစ်စင်း ယှဉ်လျော်သကဲ့သို့ မှတ်ရမယ်" ဟု မိန့်တော်မူလေ့ရှိသည်။

လေနှစ်စင်းဆိုသည်မှာ-

"ထိ" လေက မကျော်ရသလို၊

"သိ" လေကလဲ မကျော်ရဘူး။

ဒါမှ လေနှစ်စင်းဟာ "သတိ" ဆိုတဲ့ လိုရာပန်းတိုင် ဉာဏ်စခန်း ရောက်မယ်ဟူ၍လည်းကောင်း၊ သီလ၊ သမာဓိနှင့် ပတ်သက်၍လည်း-

"သီလ" အားကောင်းရုံနဲ့ ဓရ၊

"သမာဓိ" အားကောင်းဖို့ လိုမယ်။

'သီလ၊ သမာဓိ ညီမျှဖို့လိုတယ်-

ဟူ၍လည်းကောင်း၊

ရဟန်းတော်များ ရှောင်ကြဉ်ရမည့် ပါရာဇိကလေးပါးနှင့်စပ်လျဉ်း၍လည်း-

- မေထုန်မှီဝဲခြင်း၊
- သူတစ်ပါးဥစ္စာခိုးခြင်း၊
- သူ့အသက်ကို သတ်ခြင်း၊
- ဈာန်မဂ်ဖိုလ်တရားမရဘဲ ငါ ဈာန်ရပြီ၊ မဂ်ရပြီ၊ ငါ မြတ်သည်ဟု မဟောပြောရ-

ဟူ၍လည်းကောင်း ဟောကြား ဆုံးမတော်မူသည်ဟု သိခဲ့ရသည်။

ဆရာတော်ဘုရားကြီးသည် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါများ ပုထုဇဉ်လူ အများကို စာနာထောက်ထား ကြင်နာသနားသောအားဖြင့် အစဉ်အမြဲ ဟောပြောလေ့ပြောထရှိသော တရားတော်မှာ-

"အရှိနဲ့အသိ 'အဖျား' မှာ နိဗ္ဗာန်ရှိသည်"

ဟူသော တရားဖြစ်သည်။ ယင်းတရားကား-

အသိစိတ်တွင် လောဘစင်

- တရားထိုင် တရားရှုမှတ်တော့မည်ဆိုရင် မိမိ၏ အတ္တဟောဟု ဆိုအပ်တဲ့ ခန္ဓာငါးပါးနဲ့ ရုပ်နာမ်နှစ်ပါးကို ဘုရား၊ တရား၊ သံဃာ အာစရိယ (သမထ) ကမ္မဋ္ဌာန်းပေးတဲ့ ဆရာ့ထံအပ်၍ ပထမ၊ ဒုတိယ၊ တတိယ သုံးကြိမ် လျှုဒါန်း ပူဇော်ပြီး ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထားရမယ်။
- စိတ်ကတော့ နာခေါင်း (နှာသီးဖျား) မှာ ရှူလာတယ်၊ ရှိုက်ထွက်လာတယ်၊ ရှူတဲ့လေ၊ ရှိုက်တဲ့လေကို ရှုတိုင်း, ရှိုက်တိုင်း သိနေရမယ်။ အသိပါရမယ်။
- အသိပါရင် မဂ်တက်တယ်။ အသိမပါလို့ရှိရင် မဂ် မတက်နိုင်ဘူး။ အသိဉာဏ်များရင် မဂ်တက်တယ် ခေါ်တယ်။ ရှုတဲ့တရား နာခေါင်း (နှာသီးဖျား) ကို လေလာထိရင် သိရမယ်။ ရှိုက်တဲ့တရား နာခေါင်း (နှာသီးဖျား) ကို လေလာထိရင် သိရမယ်။

အသိစိတ်တွင် လောဘစင်

"အသိစိတ်တွင်၊ လောဘစင်၊ ထင်မြင် ရုပ်နာမ်မှတ်" မိန်းမ,မရှိ ဘူး၊ ယောကျ်ားမရှိဘူး၊ ရုပ်နဲ့နာမ်ပဲ ရှိတယ်၊ ပညတ်ကင်းသွားပြီ၊ ပညတ်စင်သွားပြီ၊ ဒိဋ္ဌစင်သွားပြီ။

ဒါယကာကြီးတို့၊ ဒါယိကာမကြီးတို့ အလွန်ရခဲတဲ့ လူ့ဘဝ လူ့ဌာနကို ရခဲ့ကြပြီ။ အလွန်တရာရခဲတဲ့ဘဝ၊ အခါတော့ အလွယ်ကလေးနဲ့ ရလာကြတယ်။ လူကောင်းတွေ၊ လူမြတ်တွေ ပြန်ဖြစ်ရတဲ့ဘဝကို စားနေရရဲ့၊

http://www.dhammadownload.com

သောက်နေရရုံ၊ ဝတ်နေရရုံနဲ့ မပြီးသေးဘူး နော်။ ဘုရားရှင်ရဲ့ မဂ်ရတဲ့တရား၊ ဖိုလ်ရတဲ့ တရားမှာ ဝိပဿနာတရားက အထူးဆုံးပဲ။ အဲဒါကြောင့် တို့ ဒါယကာ၊ ဒါယိကာမတွေ ရှုတဲ့လေ နာခေါင်း (နာသီးဖျား) လေလာထိရင် သိရမယ်၊ သိအောင်လုပ်။ ရှိုက်တဲ့လေ နာခေါင်း (နာသီးဖျား) လေလာထိရင် သိရမယ်၊ သိအောင်လုပ်။ အသိများရင် တရားတက်တယ်၊ အသိနည်းရင် တရား မတက်ဘူးနော်။

အသိစိတ်တွင် ဒေါသစင်

"အသိစိတ်တွင်၊ ဒေါသစင်၊ ထင်မြင် ရုပ်နာမ်မှတ်"

မိန်းမ,မရှိဘူး၊ ယောကျ်ားမရှိဘူး၊ ရုပ်နဲ့နာမ်ပဲ ရှိတယ်နော်။

ရုပ်နဲ့နာမ်ကို ကြည့်နေရတော့ကာ ယောကျ်ား အပေါ်၊ မိန်းမအပေါ်မှာ "ပိယ်ရူပ်" ချစ်ခင် နှစ်သက်ခြင်း ရှိသေးသလား။ "သာတ်ရူပ်" သာယာခြင်းရှိသေးသလား။

"သဉ္ဇပါဒါန်" စွဲလမ်းခြင်းရှိသေးသလား။

အေး–မရှိတဲ့အခါ တဏှာမာနဒိဋ္ဌ ခန္ဓာကိုယ်မှာ မရှိတော့ဘူးမှတ်။ တဏှာမာန ဒိဋ္ဌမရှိလာရင် သံသရာလည်ပုဂ္ဂိုလ် မဟုတ်တော့ဘူး။ သံသရာ ကကျွတ်တဲ့ ပုဂ္ဂိုလ်၊ သံသရာက လွတ်တဲ့ပုဂ္ဂိုလ်၊ မဂ်ရတဲ့ပုဂ္ဂိုလ်၊ ဖိုလ်ရတဲ့ပုဂ္ဂိုလ်။

တို့မြတ်စွာဘုရားကတော့ အသိများရင် မဂ်တက်တဲ့သဘောကို မဂ်ဖိုလ်ခေါ်တယ်။ မြန်မာစကားကတော့ "အသိ"၊ ဘုရားစကားကတော့ "မဂ်"၊ ရူတိုင်း, ရူတိုင်း သိနေကတော့ "ဉာဏ်"လို့ ခေါ်တယ်။

အသိစိတ်တွင် မောဟစင်

"အသိစိတ်တွင် မောဟစင်၊ ထင်မြင်ရုပ်နာမ်မှတ်"

ရုပ်နဲ့နာမ်ပဲရှိတယ်၊ မိန်းမ,မရှိဘူး၊ ယောကျ်ား ဟူ၍ မရှိတော့ဘူး။

ပညတ်တွေ ကင်းသွားပြီနော်။

ဒါယကာ, ဒါယိကာမတို့ အတွေးချော်ပြီး အပေါ်ကိုလဲ မညွှန်ပြနဲ့၊ အပေါ်မှာ နတ်ဘုံ၊ ဗြဟ္မာဘုံသာ ရှိတာ။

အောက်ကိုလဲ မညွှန်ပြနဲ့၊ အပါယ်လေးဘုံသာ ရှိတာ၊

လူ့ဘုံကိုလဲ မညွှန်ပြကြနဲ့၊ လူဘုံသာ ရှိတာနော်။

ငါ နတ်မြင်တယ်၊ ဗြဟ္မာမြင်တယ် မနှစ်သက်ကြနဲ့။ ရှုတဲ့လေ နာခေါင်း (နာသီးဖျား) လာထိရင်ထိ၊ ရှိုက်တဲ့လေ နာခေါင်း (နာသီးဖျား) လာထိရင် သိဖို့က အဓိကပဲ။

အသိစိတ်တွင်၊ လောဘစင် တဲ့။

အသိစိတ်တွင်၊ ဒေါသစင် တဲ့။

အသိစိတ်တွင်၊ မောဟစင်၊ ထင်မြင်ရုပ်နာမ်မှတ်။

အရှိတစ်လုံး၊ အရှိသုံး၊ အဆုံးနိဗ္ဗာန်သာ၊ အရှိနဲ့အသိ "အဖျား"မှာ နိဗ္ဗာန်ရှိသတဲ့နော်။

ဒါယကာ, ဒါယိကာမတို့လဲ တရားပွားနေဆဲ ပုဂ္ဂိုလ်တွေ၊ တရားပွား အားထုတ်ပြီးသား ပုဂ္ဂိုလ်တွေ၊ သိရှိပြီးသား ပုဂ္ဂိုလ်တွေဆိုတော့ 'အသိ' များအောင်၊ 'အသိ' စိတ်တက်အောင် များများအားထုတ်ကြ။ စားရုံ၊ သောက်ရုံ၊ ဝတ်ရုံ၊ ပျော်ရုံနဲ့ မေ့မေ့လျော့လျော့ မနေကြနဲ့။

တစ်နေ့ကို များများမရဘဲ တစ်ချီလောက်ရသွားရင်၊ တစ်နာရီလောက်ရသွားရင် မိနစ်ပေါင်း ၆၀ ရတယ်။ တစ်နေ့ကို တစ်ချီ, တစ်ချီလောက်ရရင် အပါယ်လေးဘုံ တံခါးပိတ်တယ်နော်။

http://www.dhammadownload.com

[၅]

ဆရာတော်ဘုရားကြီးအား ခန္ဓာဝန်မချမီ သက်တော် အိုမင်းရင့်ရော်လာပြီဖြစ်သော ဇရာပိုင်းသို့ ရောက်ရှိလာသည့် အရွယ်တိုင် သတိကောင်းစွာဖြင့် နေ့စဉ် တစ်နေ့ ၄-ကြိမ်၊ ၄-နာရီအထိ တရားထိုင်, တရားရှုမှတ်နေဆဲ၊ မေတ္တာဘာဝနာ, မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနေဆဲ၊ တရားနှင့် ပတ်သက်၍ သတိအမြဲရှိနေဆဲ။

ရံဖန်ရံခါ ဧည့်ပရိတ်သတ် ရှင်းနေသည့် အချိန်မျိုးတွင်လည်း-

"ကိုယ့်ကိုကိုယ် ဖြစ်မှန်းသိရဲ့လား၊
ပျက်မှန်းသိရဲ့လား၊ မသိရင် အကန်းပဲ"

ဆရာတော်ဘုရားကြီးကိုယ်တိုင် မကြာခဏ မိမိကိုယ်ကို ပြန်လည် ဆုံးမ ဆင်ခြင်တော်မူသော တရားသဲ့ဝေဖြစ်ဖွယ် ရွတ်ဆိုနေသံများ ဖြစ်ပါသတည်း။

မှတ်ချက်။ ။ ဆရာတော်ဘုရားကြီး၏ ရှုနည်းသည် ညောင်လွန်တောရ ဆရာတော်ကြီး၏ ရှုနည်းပင် ဖြစ်ပါသည်။ ညောင်လွန်တောရ ရှုနည်းကိုလည်း ရှုနိုင်ပါသည်။

ရွှေဥဒေါင်းတောင် ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
အရှေ့ပရက်ကမဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

အရှေ့ပရက္ကမဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၇၀-၁၃၅၉)

ဆရာတော်လောင်းလျာကို ဧရာဝတီတိုင်း၊ ဓနုဖြူမြို့တွင် ခမည်းတော် ဦးဘသန်းနှင့် မယ်တော် ဒေါ်ပဲတို့မှ ၁၂၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၌ ဖွားမြင်တော်မူပါသည်။ ငယ်နာမည်မှာ မောင်ညွန့် ဖြစ်သည်။ ငါးနှစ်သားအရွယ်တွင် ရုပ်သေးတန်း အိုးဘိုဆရာ၏ ကျောင်းတွင် စတင် ပညာသင်ကြားသည်။ ခြောက်နှစ်သားအရွယ်တွင် ဆရာဦးဘိုးငွေ ကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ကြားရသည်။ ခုနစ်နှစ်သားအရွယ် ပထမတန်းစာသင်ချိန်တွင် မိခင်ကြီး ကွယ်လွန်သဖြင့် အဘွားဖြစ်သူ ဒေါ်ခင်နှင့် ညောင်တုန်းမြို့နှင့် မော်လမြိုင်ကျွန်းမြို့အကြားရှိ ဂန်ချောင်းရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

ဂန်ချောင်းရွာ ချောင်းဝဘုန်းကြီးကျောင်းတွင် လောကုတ္တရာ စာပေများကို စတင်၍ သင်ကြားခဲ့ရသည်။ အဘွားဖြစ်သူ ဓနုဖြူမြို့သို့ ပြောင်းရွှေ့သဖြင့် ဓနုဖြူမြို့သို့ ပြောင်းရွှေ့ခဲ့ရပြန်လေသည်။ ထို့နောက် အဘွား၏ စီစဉ်ချက်အရ မြို့ပေါက်ကျောင်း ဆရာတော် ဦးမာလာထံတွင် ပညာဆက်လက်သင်ကြားရသည်။ မြို့ပေါက်ကျောင်းတွင် ကျောင်းအိပ် ကျောင်းစားအဖြစ် ပညာသင်ခွင့်ရခဲ့သည်။ ဆရာတော်ကြီးက မောင်ညွန့်ကို အစစ တာဝန်ယူ စောင့်ရှောက်တော်မူခဲ့သည်။ ဆရာတော်ကြီး၏ သင်ကြားပေးမှုကြောင့် ၃၂-ကောဋ္ဌာသကို ငယ်စဉ်ကတည်းက ရင်းနှီးခွင့်ရခဲ့သည်။ ငါ့ခန္ဓာကိုယ်ကြီးဟာ ဘာမျှ အသုံးမဝင်ပါလား ဆိုသည့် အသိကို ထိုစဉ်ကပင် ရခဲ့ပါသည်။ ထို့ပြင် ထွဋ်ခေါင်ဆရာတော် ကြီး၏ ကမ္မဋ္ဌာန်း သံပေါက် (၁၀၁) ပုဒ်တို့ကလည်း ဝိပဿနာဉာဏ်ကို အစပျိုးမှု ရရှိစေခဲ့ပါသည်။

မြို့ပေါက်ဆရာတော်ကြီး၏ စီစဉ်ပေးမှုအရ ၁၂၈၂ ခုနှစ်၊ နယုန်လပြည့်နေ့ ၁၃ နှစ်သားအရွယ်တွင် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့သည်။ ရှင်သာမဏေဘွဲ့မှာ ရှင်ဝါယမဖြစ်သည်။ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါးကိုလည်း ကောင်းစွာ ကျေပွန်ခဲ့သည်။ ဆရာတော်ကြီး၏ အရိပ်ကို ခိုလှုံခွင့်ရသဖြင့် ပစ္စတေက္ခာလေးပါး၊ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယဝတ်၊ ဓနုကဝတ်တို့ကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် ကောင်းစွာ တတ်မြောက်ခဲ့ရသည်။ ဆရာတော်ကြီးသည် ကိုရင်ဝါယမ၏ ရှင်အဖြစ် ချီးမြှောက်သည့်ဆရာ၊ စာချပေးသည့်ဆရာ၊ နိဿရဏပေးသည့်ဆရာအဖြစ် ဝတ္တရားဟူသမျှကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပေသည်။

၁၂၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊

http://www.dhammadownload.com

သောကြာနေ့တွင် ဓနုဖြူမြို့မှ ဦးဘိုးချက်-ဒေါ်ထွေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ဓနုဖြူမြို့ သုံးထပ်ကျောင်း ခဏ္ဍသိမ်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ၁၂၉၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့၊ ရှင်ဝါယမ ရဟန်းလေးဝါအရတွင် မြို့ပေါက်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့ပါသည်။ သုံးထပ်ကျောင်းမှ စာချဆရာတော် ဦးအဂ္ဂါလင်္ကာရထံမှ ပါရာဓိကဏ် ပါဠိတော်နှင့် ပါစိတ်ပါဠိတော်များကို သင်ယူခဲ့ရသည်။ ထို့နောက် ဈေးဦးကျောင်းဆရာတော် ဦးပညိန္ဒထံမှ ရူပသိဒ္ဓိနှင့် ဆန်းကျမ်းတို့ကို သင်ယူရပြန်သည်။ ထိုနှစ်တွင်ပင် အရှင်ဝါယမထေရ်သည် မြို့ပေါက်ကျောင်း၏ ကျောင်းထိုင်ဆရာတော်ဘဝသို့ ရောက်ရှိခဲ့ပေသည်။

၁၂၉၇ ခုနှစ်၊ ရဟန်း ရှစ်ဝါအရတွင် မြို့ပေါက်ကျောင်းကို သင့်လျော်သည့် ပုဂ္ဂိုလ်များအား အစောင့်ထား၍ ပခုက္ကူမြို့သို့ စာဝါလိုက်ရန် ကြွခဲ့ပေသည်။ ပခုက္ကူမြို့ အရှေ့တိုက်ခေါ် မဟာဝိဇယာရာမတိုက် ဆရာတော်ကြီး ဦးဇဝနအထံတော်မှ ပါဠိတော် အဋ္ဌကထာဋီကာများကို ဆရာနည်းကျကျ သင်ယူခဲ့ရပေသည်။ ၁၂၉၉-ခုနှစ်တွင် အလယ်တိုက်ဆရာတော် ဦးပညာ၊ ဆရာတော်သုန်၊ ဦးဂန္ဓမာ၊ ဦးနန္ဒိယ ဆရာတော်ကြီးများထံ၌ ပိဋကတ်စာပေများကို ဆက်လက်သင်ယူခဲ့သည်။ ဆရာတော် ဦမာဂိန္ဒ၊ ဦးပညာသီဟ၊ ဦးပဇ္ဇာဝတို့သည့်လည်း အရှင်ဝါယမ၏ ဆရာများ ဖြစ်ခဲ့ပေသည်။

၁၃၀၃ ခု၊ ပြာသိုလတွင် အမရပူရမြို့ တူမောင်းတိုက်သို့ ပြောင်းရွှေ့ခဲ့ပြန်သည်။ တစ်လအကြာတွင် ဒုတိယကမ္မာစစ်ကြီး ဖြစ်ခဲ့သည်။ တူမောင်းတိုက်ဆရာတော် ဦးနန္ဒိယထံတွင် ပဋ္ဌာန်းညဝါကို သင်ယူခဲ့ပြီး ဓနုဖြူမြို့ သုံးထပ်ကျောင်းသို့ ပြန်လည်ရောက်ရှိခဲ့ရပြန်ပါသည်။ ၁၃၀၇-ခုနှစ်တွင် ဒုတိယကမ္မာစစ်ကြီး ပြီးသွားသည်။ သံဃဂဉ္ဇာ အခံရှိနှင့်သော အရှင်ဝါယမသည် ၁၃၀၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်နေ့တွင် စစ်ကိုင်းတောင်တော်မြတ်သို့ ထွက်ခွာခဲ့လေသည်။ စစ်ကိုင်းတောင် အံတော်ချောင်တွင် နှစ်လမျှကြာမြင့်ခဲ့သည်။ ထိုမှ အရှေ့ပရဏ္ဏမချောင်သို့ ရောက်ရှိ၍ သီတင်းသုံးတော်မူခဲ့သည်။ ထိုအချိန်မှစ၍ အရှေ့ပရဏ္ဏမ ဆရာတော်ဟု အများက ခေါ်ဝေါ်သမုတ်ခဲ့ကြပေသည်။ ထိုမှ ကနီဆရာတော်ကြီး အထံတော်သို့ ကြွ၍ ကမ္မဋ္ဌာန်းနည်းကို ဆရာနည်းကျကျ ခံယူ၍ ကျင့်သုံးတော် မူခဲ့ပေသည်။ ၁၃၁၁ ခုနှစ်အကူး တန်ခူးလတွင် ကနီဆရာတော်ကြီး အထံတော်မှ စစ်ကိုင်းတောင်သို့ ပြန်ကြွခဲ့သည်။ ဆရာတော်ကြီးသည် အရည၀ကင် ဧကစာရီ တစ်ပါးတည်း တောရဆောက်တည်သည်ကို နှစ်သက်သည်။ တိစီဝရိတ်၊ အရည၀ကင်၊ ပိဏ္ဍပါတ်၊ ဧကသနိက် ဓူတင်များကိုလည်း ဆောင်တော်မူလေသည်။ ထို့ပြင် ကနီ ဆရာတော်ကြီးထံမှ နည်းအတိုင်း သမထဝိပဿနာကိုလည်း ကျင့်ကြံတော်မူခဲ့ပါသည်။ သက်သတ်လွတ် ပဲဆွမ်းကိုသာ ဘုဉ်းပေးတော်မူခဲ့သည်။

ဆရာတော်ကြီးသည် အရည၀ကင်ဓုတင်မှလွဲ၍ ကျန်ဓုတင် ၁၂ ပါးကို ပျံလွန်တော် မမူမီအထိ စွဲမြဲစွာ ဆောက်တည်သွားခဲ့ပေသည်။ ဆရာတော်ကြီးကို ကျွန်တော်တို့ သွားရောက်ဖူးမြော်သောအခါတွင် အရှေ့ပရဏ္ဏမချောင်တွင် သီတင်းမသုံးတော့ပေ။ ကျန်းမာရေးချို့ယွင်းသဖြင့် စစ်ကိုင်းတောင်ခြေတွင် သစ်သားကျောင်းတစ်ကျောင်း၌သာ သီတင်းသုံးလျက် ရှိသည်ကို ဖူးမြော်ခဲ့ရပါသည်။

ဤသို့ဖြင့် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးဖြင့် ပြည့်စုံတော်မူသည့် အရှေ့ပရဏ္ဏမဆရာတော်ကြီးသည် ဘာ၀နာပါရဂူ ကျမ်း၊ ဝိပဿနာရှုနည်းအကျဉ်း၊ မေတ္တာပါရဂူကျမ်း၊ ကိုးပါးသီလ ဝိနိစ္ဆယကျမ်းတို့ ရေးသားစီရင်တော်မူ၍ သက်တော် (၈၉) နှစ်၊ ဝါတော် (၆၉)အရ ၁၃၅၉ ခုနှစ်၊ နတ်တော်

http://www.dhammadownload.com

လဆန်း ၆-ရက်၊ ဗုဒ္ဓဟူးနေ့တွင် စစ်ကိုင်းတောင်အရှေ့ပရက္ကမကျောင်း၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

○

[အကျယ်ရှုလိုပါက ဆရာကြီး စစ်ကိုင်းသူရဇ၏ အရှေ့ပရက္ကမဆရာတော်ကြီး ထေရုပ္ပတ္တိကို ရှုပါရန်။]

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အရှေ့ပရက္ကမဆရာတော်ဘုရားကြီး၏
သြဝါဒတော်

ဝါးရုံကို ခုတ်ဖြတ်လိုသော ယောကျ်ားသည် ဓားကောင်း၊ ဓားမှန်၊ ဓားမြတ်တို့ကိုသာ လုပ်ပေးတတ်သော ပန်းပဲဆရာကောင်း၊ ဆရာမွန်၊ ဆရာမြတ်တို့ကို ရအောင်၊ တွေ့ဖြစ်အောင် ရှာသကဲ့သို့ ထို့အတူ တဏှာကိုသတ်လို, ဖြတ်လို၍ သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်း မယုတ် ပွားများအားထုတ်လိုသော ယောဂီသည် သမထဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း နည်းကောင်း၊ နည်းမှန်၊ လမ်းကောင်း၊ လမ်းမှန်ကိုသာ သင်ကြား ပြသပေးလေ့ပေးထရှိတော်မူကြသော ကမ္မဋ္ဌာန်းပေး ဆရာကောင်း၊ ဆရာ မွန်၊ ဆရာမြတ်တို့ကိုသာ ရအောင်၊ တွေ့အောင် ရှာရာ၏။ ထို ပန်းပဲဆရာကောင်း၊ ဆရာမွန်၊ ဆရာမြတ်တို့ လုပ်ဆောင်ပေးသော ဓားကောင်း၊ ဓားမွန်၊ ဓားမြတ်ကို မြဲစွာ ကိုင်စွဲပြီး ဝါးရုံကို ခုတ်ဖြတ် ရှင်းလင်းသလို ထိုကမ္မဋ္ဌာန်း ဆရာကောင်း၊ ဆရာမွန်၊ ဆရာမြတ်တို့ သင်ကြားပြသပေးသော သမထ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းနည်းကောင်း၊ နည်းမှန်၊ လမ်းကောင်း၊ လမ်းမှန်၊ လုပ်ထုံး လုပ်နည်းမှန်ဟု ဆိုပေအပ်သော ဝိပဿနာ ပညာဓားကို မြဲစွာ ကိုင်စွဲပြီး တဏှာ အရှုပ်အထွေး၊ အမြွေးအမျက်ကို အချက်ကျကျ ခုတ်ထွင် ရှင်းလင်းရာ၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

အရှေ့ပရက္ကမဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

၁။ ဝိပဿနာ၏ ပုဗ္ဗကိစ္စလေးပါး

အာနာပါန သမထမှ ဝိပဿနာသို့ ကူးလို သော ယောဂါဝစရသည်–

ရုပ်ကို သိမ်းဆည်းခြင်း . . . **ရူပပရိဂ္ဂဟ**

နာမ်ကို သိန်းဆည်းခြင်း . . . **နာမပရိဂ္ဂဟ**

ထိုရုပ်,နာမ်နှစ်ပါး၏ ဖြစ်ကြောင်းကို သိမ်းဆည်း ခြင်း . . . **ပစ္စယပရိဂ္ဂဟ**

အကြောင်းငါးပါးနှင့်တကွဖြစ်သော ရုပ်,နာမ်တရား နှစ်ပါး၏ ဖြစ်ပြီး, ဖြစ်ဆဲ,ဖြစ်လတ္တံ့ဟူသော အဖွန့်ကို သိမ်းဆည်းခြင်း . . . **အဒ္ဓါနပရိဂ္ဂဟ**

ဟူသော ပုဗ္ဗကိစ္စလေးပါး၏တွင် ရှေးဦးစွာ ရုပ်ကို သိမ်းဆည်းရာ၏။

၂။ ရူပပရိဂ္ဂဟကို ပြခြင်း

ရုပ်ကို သိမ်းဆည်းလိုလတ်သော် အဿာသ, အဿာသ၏ ပဋိဘာဂကိုလည်းကောင်း၊

၁။ ထိုအဿာသ၏ ပဋိဘာဂ၏ အာလောက ကြောင့် ပစ္စက္ခဉာဏ်ဝ၌ ထင်မြင်လာရသော ဝတ္ထုရုပ် တို့ကိုလည်းကောင်း၊

၂။ ပဿာသ, ပဿာသ၏ ပဋိဘာဂကို လည်း ကောင်း၊ ထို ပဿာသ၏ ပဋိဘာဂ၏ အာလောက ကြောင့် ပစ္စက္ခဉာဏ်ဝ၌ ထင်မြင်လာရသော ဝတ္ထုရုပ် တို့ကိုလည်းကောင်း၊

၂။ (ပေါင်းမူ "အဿာသ၏ ပဋိဘာဂ, ပဿာ သ၏ပဋိဘာဂ, ဝတ္ထုရုပ်တို့"ဟူ၍ သုံးခုသာရှိ၏။) ထိုသုံးခုကို တစ်ပေါင်းတည်း, တစ်ခုတည်းပြု၍ "ရုပ်,ရုပ်"ဟု သိမ်းဆည်းအပ်၏။

ရုပ် တစ်ဆယ့်ရှစ်ပါး

တစ်နည်း။ ။

အဿာသ, ပဿာသ၌ ရအပ်သော ရုပ်ကား–

ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ . . . **သုဒ္ဓဋ္ဌကလာပ်**

ဂင်းသုဒ္ဓဋ္ဌကလာပ်နှင့် သမ္မန္ဓိက ဖြစ်ကြသော–

ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ဇီဝိတ, ဝတ္ထု . . . **ဝတ္ထုဒသကကလာပ်**

ပေါင်း တစ်ဆယ့်ရှစ်ပါး ရ၏။ ထို တစ်ဆယ့်ရှစ်ပါး သော ရုပ်တို့ကို တစ်ပေါင်းတည်းပြု၍ "ရုပ်,ရုပ်"ဟု သိမ်းဆည်းအပ်၏။

ဤ ရုပ်တရားတို့သည် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ ဖရိဖရဲကြဲ ခြင်းကိစ္စ ရှိ၏။ အဗျာ ကတဟု ယောဂီပုဂ္ဂိုလ်အား ထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဝိပဿနာဝိညာဉ်သာလျှင် နီးစွာ ပဒဋ္ဌာန်ရှိ၏ ဟု လက္ခဏ, ရသ, ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကိုလည်း ဟုတ်မှန်စွာ ထိုးထွင်း၍ သိအပ် မြင်အပ်၏။

http://www.dhammadownload.com

ပစ္စက္ခဉာဏ်

"ပစ္စက္ခဉာဏ်ဝ၌ ထင်မြင်ရသော ဝတ္ထုရုပ်တို့ကို" ဟူရာ၌ စတုတ္ထနည်းကို သိမ်းလိုက်ပြီးသော ယောဂါဝစရအား မိမိ၏ ပဋိဘာဂ, အာလောက သညာအတွင်း၌ အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍ ထင်မြင်လာရသော သဘောတရားတို့ကား ဝတ္ထုရုပ်တို့ကို ပဋိဘာဂ၏ အာလောကကြောင့် မြင်ကုန်၏ ဟူလို။

ဓမ္မတာ

ဝတ္ထုရုပ်ဟု ဆိုအပ်သော အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍ နေလာသော ဤကရဇကာယသည်ကား အဿာသ, အဿာသ၏ ပဋိဘာဂနှင့် စပ်ရမြဲ ဓမ္မတာတည်း။

ဝတ္ထုရုပ်ဟု ဆိုအပ်သော အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍ နေလာသော ဤကရဇကာယသည်ကား ပဿာသ, ပဿာသ၏ ပဋိဘာဂနှင့် စပ်ရမြဲ ဓမ္မတာတည်း။

အဿာသ, အဿာသ၏ ပဋိဘာဂသည်လည်း ဝတ္ထုရုပ်ဟု ဆိုအပ်သော အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍ နေလာသော ကရဇကာယနှင့် စပ်ရမြဲ ဓမ္မတာတည်း။

ပဿာသ, ပဿာသ၏ ပဋိဘာဂသည်လည်း ဝတ္ထုရုပ်ဟု ဆိုအပ်သော အရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍ နေလာသော ကရဇကာယနှင့် စပ်ရမြဲ ဓမ္မတာတည်း။

အဘယ့်ကြောင့်နည်းဟူမူ ပဋိဘာဂနိမိတ်၏ ထင်ခြင်းကြောင့်တည်း။ (ဝါ) ပဋိဘာဂနိမိတ်၏ အာလောကကြောင့်တည်း။

၃။ ရုပ်၌ ထင်ခြင်း သုံးပါးကို ပြခြင်း အစပ် သန္ဓိ

ထိုသို့ ပဋိဘာဂ၏ အာလောကကြောင့် ပစ္စက္ခဉာဏ်ဝ၌ ထင်မြင်လာရသော ဝတ္ထုရုပ်ကို သိမ်းဆည်းသော ကာလ၌လည်း တစ်ကိုယ်လုံးကို တစ်စပ်တည်းကဲ့သို့ ထင်မြင်ခဲ့မူ "သန္ဓိ" မည်၏။

အဆစ် ပဗ္ဗ

ထိုသန္ဓိသည် အာရုံကို မပြတ်နိုင်သေးရကား မိမိကိုယ်ကို နှစ်ပိုင်း, သုံးပိုင်း, လေးပိုင်း, ငါးပိုင်း စသည် ဆစ်၍ ဆစ်၍ ကြည့်ရာ၏။ ထိုသို့ ဆစ်၍ ဆစ်၍ ကြည့်တိုင်း ကြည့်တိုင်း ထင်မြင်ခဲ့မူ "ပဗ္ဗ" မည်၏။

အဝိုင်း ဩဓိ

ထို ပဗ္ဗသည်လည်း အာရုံကို မပြတ်နိုင်သေးရကား မိမိကိုယ်ကို အာရုံ ယူနိုင်သမျှ လက်လေးသစ်ခန့်, တစ်မိုက်ခန့် ပိုင်း၍ ပိုင်း၍ ရုပ်ကို အာရုံပြုလျက် "ရုပ်,ရုပ်" ဟု ထင်မြင်ခဲ့မူ "ဩဓိ" မည်၏။ ထို ဩဓိကို လက်မလွတ်မူ၍ "ရုပ်,ရုပ်" ဟူ၍ သိမ်းဆည်းရမည်။

၄။ ရုပ်၏ အစွန်းသုံးပါးကို ပြခြင်း ဗဟရန္တရ

အရှိန်မစဲတသဲသဲ ဖြစ်ပေါ်၍နေသော ဤရုပ်ကား ဝတ္ထုမည်သတတ်။ ဤ ဝတ္ထုရုပ်သည် ငါ၏ နှလုံးအိမ် တစ်လက်ဘက်မျှလောက်သော သွေး၌ မှီ၍ ဖြစ်၏။ ထိုသို့ ဖြစ်သောအတိုင်း ငါ၏ သန္တာန် တစ်ကိုယ်လုံး၌ အရှိန်မစဲ တသဲသဲ တဖွားဖွား မြင်လာရ၏။ ထိုသို့ မြင်လာရသော ဝတ္ထုရုပ်၏ အရင်းမူလကား အဘယ်ကဲ့သို့ ရှိသနည်းဟု စူးစမ်းလတ်သော် အန္တရ, ဗာဟ္ယရ, ဗဟရန္တရဟု ဆိုအပ်သော အစွန်းသုံးပါးတို့တွင် ရှေးဦးစွာ ဗဟရန္တရဟု ဆိုအပ်သော မိမိ၏ နိမိတ်၏ ထိပ်မဇ္ဈာလဌာန ပဿာဒမဏ္ဍူ အပြင်ဝယ် ငယ်စွာသော ပုန်းညက်စေ့ ပမာဏရှိလောက်သော အရုပ်၌ တဖျပ်ဖျပ်ခုန်၍ ပွင့်လျက်နေသော အာကာရကို မြင်ရ၏။ ထိုအာကာရကို အစပြု၍ မဇ္ဈာလ တစ်ပြင်လုံး ကြည့်လိုက်သော် တဖျပ်ဖျပ်ခုန်လျက်နေကြသော အာကာရကား ယောဂါ ဝစရပုဂ္ဂိုလ်၏ မမ္မတာအားဖြင့် ဝတ္ထုရုပ်တို့၏ ထင်မြင်ခြင်းပင်တည်း။ ထို ယောဂါဝစရအား ထိုမဇ္ဈာလ

http://www.dhammadownload.com

ဌာနပသာဒ မဏ္ဍူဝယ် မြင်လာရခြင်း၊ ဓမ္မတာသည် ဗဟာရန္တရအစွန်း၌ မိမိ၏ ဝတ္ထုရုပ်ကို မြင်ရခြင်း ဓမ္မတာတစ်ပါးပင်တည်း။

ဗာန္တရ

ထို ဗဟာရန္တရအစွန်းကား ဝေးသောအစွန်းတည်း။ အချို့သော ဈာနလာဘီတို့၏ လမ်းနှင့် တူ၏။ "ငါသည် ဤ မဟာရန္တရဖြင့် အဘယ်မှု စအံ့နည်း" ဟု မိမိဦးခေါင်းထိပ်ထက်ကို စိုက်၍ နာနာကြည့်လတ်သော် အရှိန်မစဲ တသဲသဲ ဖြစ်ပျက်၍နေသော ဝတ္ထုရုပ်ကို မြင်ရပြန်၏။ သို့မြင်ရသော ဝတ္ထုရုပ်သည် ဗာန္တရ မည်၏။ ထိုသို့ ဗာန္တရ အစွန်းကနေ၍ အောက်ကို စိုက်လိုက်သော် တစ်ကိုယ်လုံး၏ ဝတ္ထုရုပ်သို့ ဖြစ်ပျက်ဟန်ကို မြင်ရ၏။ ထိုသို့ မြင်ရခြင်းသည် ဗာန္တရ အစွန်းက စ၍ ဝတ္ထုရုပ်တို့ကို မြင်ရခြင်း ဓမ္မတာ တစ်ပါးပင်တည်း။

အန္တရ

ထိုဗာန္တရ အစွန်းကား မနီးလွန်း, မဝေးလွန်းသော အစွန်းတည်း။ အဖျတ္တသို့ ကောင်းစွာ မသက်သေး။ "ဤ ဗာန္တရဖြင့် အဘယ်မှုစအံ့နည်း" ဟု မိမိ၏ နှလုံးအိမ်သို့ စိုက်၍ စိုက်၍ နာနာ ကြည့်လတ်သော် မိမိ၏ ရင်လယ်အတွင်း၌ ဗဟာရန္တရမဏ္ဍလ ဌာန ပသာမဏ္ဍူဝယ် ဆတ်ဆတ်ခုန်ဖြစ်သော အလားကဲ့သို့ လည်းကောင်း၊ မီးခဲ့ မီးကျည်တို့၏ စနက်ပေါက်မှ ထွက်ပေါ်လာသော မီးပေါက် မီးဖွားကဲ့သို့ လည်းကောင်း၊ စက်ယန္တားတို့ လည်သကဲ့သို့ လည်းကောင်း၊ စသည်ဖြင့် မြင်လာတတ်၏။ ထိုသို့ မြင်လာသော ဟဒယ ပသာဒ အဖျတ္တမှ စ၍ တစ်ချက်တည်းသော အာရုံဖြင့် တစ်ကိုယ်လုံး ကြည့်လိုက်သော် "ဤအရှိန်မစဲ တသဲသဲ ဖြစ်ပေါ်၍နေသော အာကာရကား ငါ၏ ရင်လယ်က စ၍ ဖြစ်သော အာကာရတည်း" ဟု တစ်ချက် တစ်ချက်သော အာရုံဖြင့်သာ တစ်ကိုယ်လုံး ထင်မြင်၍ နေသော ဝတ္ထုရုပ်ကို မြင်ရခြင်းသည် အန္တရဖြင့် မြင်ရခြင်းဓမ္မတာ တစ်ပါးပင်တည်း။

ထို အန္တရဖြင့် ရုပ်ကို သိမ်းဆည်းနိုင်ပါမူ ယောင်ကိုင်၍ သိမ်းဆည်း နိုင်သောသူ မည်ပေ၏။ ထိုသို့ ယောင်ကိုင်၍ဖြစ်စေ၊ ညြှိနှိုင်းဖြစ်စေ မိမိရုပ်ကို သိမ်းဆည်းအပ်၏။ သိမ်းဆည်းဖန်များလတ်မူ ယောဂါဝစရ၏ ဉာဏ်ဝဋ္ဋ အချို့သော သူတို့အား စတုတ္ထနည်း သိမ်းဆည်းရုံနှင့်၊ အချို့သော သူတို့အား ရုပ်ကို သိမ်းဆည်းရုံနှင့် အချို့သော သူတို့အား သမ္မသနသို့ ရောက်မှ ငါးပါးသော ရုပ်၏ ဥပမာတို့တွင် တစ်ပါးပါးဖြစ်စေ၊ ရောရှိဖြစ်စေ ထင်မြင်လာရမြဲ ဓမ္မတာတည်း။

ဤကား အလုပ်လမ်းရိုးတို့၏ ဝေါဟာရ အစဉ်တည်း။

ရူပပရိဂ္ဂဟ ပြီး၏။

၅။ နာမပရိဂ္ဂဟကို ပြုခြင်း

နာမ်ကို သိမ်းဆည်းလိုသော ယောဂါဝစရသည် အဿာသ, အဿာသ၏ ပဋိဘာဂ၊ ပဿာသ, ပဿာသ၏ ပဋိဘာဂ၊ ပဋိဘာဂ၏ အာလောကသညာကြောင့် ပစ္စက္ခဉာဏ်ဝဋ္ဋ ထင်မြင်လာရသော ဝတ္ထုရုပ်တို့ကို အာရုံပြုသော စိတ်စေတသိက်တို့သည် နာမ်မည်၏။ ထိုနာမ်တို့ကို ပဋ္ဌာန၏ အစွမ်းအားဖြင့် သိသည် သိသည်ဟူ၍ သိမ်းဆည်းအပ်၏။

ဤ နာမကမ္မဋ္ဌာနသည် အာရုံကို ညှိတ်ခြင်း လက္ခဏာရှိ၏။ စိတ် စေတသိက်တို့ကို ယှဉ်စေခြင်း ကိစ္စရှိ၏။ ကွဲပြားခြင်းမရှိဟု ယောဂီပုဂ္ဂိုလ်အား ထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဝိပဿနာဝိညာဉ်လျှင် နီးစွာသော ပဒဋ္ဌာန်ရှိ၏ဟု လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို သိမ်းရုံး၍ ပဋ္ဌာန သုံးပါးတို့တွင် တစ်ပါးပါးဖြင့် လည်းကောင်း၊ ဝိညာဏပဋ္ဌာနဖြင့် လည်းကောင်း သိသည် သိသည်ဟု နာမ်ကို သိမ်းဆည်းရာ၏။

http://www.dhammadownload.com

ပစ္စက္ခဉာဏ်

အထူးအားဖြင့်ကား ပစ္စက္ခဉာဏ် ယူရာဝယ် ရုပ်တို့၏ပစ္စက္ခကဲ့သို့ ဥပမာငါးပါးသို့သက်၍ ထင်မြင်လာရသည် မဟုတ်၊ စင်စစ်သော် ဖဿပဉ္စက, ဝေဒနာပဉ္စက, ဝိညာဏပဉ္စကတို့ဖြင့် သက်ဝင်၍ အာရုံနှင့် အာရမ္မဏိက တွေ့ရုံမတ္တ, ခံစားရုံမတ္တ, အာရုံကို သိရုံမတ္တမျှ ဖြစ်၍ ထင်မြင်ခြင်းသည်ပင် နာမ်တရား၌ ပစ္စက္ခဉာဏ် မည်၏။ (ဝါ) နာမ်တရား၏ ပစ္စက္ခဉာဏ် ဟူ၍ မှတ်ကြရမည်။

ဝတ္ထုရုပ်တို့ကိုအာရုံပြုသော စိတ် စေတသိက် ဟူသည်ကား၊ ထိုထိုသော ဝတ္ထုရုပ်တို့ကို အာရုံပြုသော၊ သုံးပါးသော ပဉ္စကတို့ဖြင့် မှတ်အပ်သော ကာမာဝစရကုသိုလ် ဉာဏသမ္ပယုတ်စိတ်-၁၊ အညသမာန်း တေရသ၊ သောဘဏစေတသိက် ပဉ္စဝိသအားဖြင့် ၃၈-ပါး ဤတရားတို့ ပင်တည်း။ တစ်နည်း-မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်-၁၊ အညသမာန်း-၁၃၊ သောဘဏစေတသိက် ၂၅-အားဖြင့် ၃၉-ပါး ဤတရားတို့ပင်တည်း။

တစ်ဝတ္ထု တစ်အာရုံ

ထို စိတ် စေတသိက်တို့ကို သုံးပါးသော ပဉ္စကတို့ဖြင့် သက်စေ၍ ဝတ္ထုရုပ်တို့ကို အာရုံပြုလိုက်သော စိတ် စေတသိက်တို့၏ တစ်ဝတ္ထု တစ်အာရုံတည်းဖြစ်သော နာမ်တရားတို့၏ အပေါင်းကို တစ်ပေါင်းတည်း ပြု၍ သိမ်းဆည်းအပ်၏။ တစ်ခုတစ်ခုသော စိတ္တက္ခဏ၌ဖြစ်သော နာမ်တရားတို့၏ အပေါင်းကို မသိမ်းဆည်းအပ်, မသိမ်းဆည်းနိုင်ဟူလို။

တစ်ဝတ္ထု တစ်အာရုံတည်း ဖြစ်သော နာမ်တရားတို့၏ အပေါင်းကို တပေါင်းတည်း ပြု၍ သိမ်းဆည်းအပ်၏ဟု ဆိုသော် အဘယ်ကဲ့သို့ ပေါင်း၍ သိမ်းဆည်းအပ်သနည်း။

နာမ်တရားတို့၏ သဘာဝတို့မည်သည် "ဤစိတ်နှင့် ဤစေတသိက်ကို ယှဉ်စေအံ့၊ ဤ စိတ်နှင့် စေတသိက်ကို မယှဉ်စေအံ့" ဟု တစ်စုံတစ်ယောက်သောသူ ပေါင်းဆုံယှဉ်တွဲခြင်းငှာ မတတ်နိုင်။

စင်စစ်သော်ကား စိတ္တနိယာမအားလျော်စွာ အသာသ ပဿာသတို့၏ ပဋိဘာဂ အာလောက သညာကြောင့် ထင်လာရသော ဓမ္မတာဖြစ်၍ ငါးပါးသော ဥပမာတို့တွင် တစ်ပါးပါးသော ဥပမာဖြင့် ထင်မြင်ရသော သဘောတရား အပေါင်းကို အာရုံပြုသော စိတ် စေတသိက်တို့၏ အပေါင်းတို့ကို နမနလက္ခဏာ တစ်ပေါင်းတည်းပြု၍ သိမ်းဆည်းအပ်၏။

ထိုသို့ ထင်မြင်အပ်သော ဓမ္မတာ သဘောတရားတို့ကို အာရုံပြုလိုက်သော စိတ် စေတသိက်တရားတို့သည် မနောဒွါရ၏ အစွမ်းဖြင့် သုံးပါးသော ပဉ္စကသို့ သက်လေ၍ ထင်ရှားစွာ "ဤတရားစုကား နာမ်တို့ပေတည်း"ဟု သိရကုန်၏။

၆။ အာရုံနှင့် အာရမ္မဏိကကို ပြခြင်း ဖဿပဉ္စက

အသာသ, အသာသ၏ ပဋိဘာဂ, ပဿသ, ပဿသ၏ ပဋိဘာဂ အာလောကကြောင့် ပစ္စက္ခဉာဏ်ဝ၌ ထင်မြင်လာရသော ဝတ္ထုရုပ်တရားစသည်တို့ကို ညွှတ်လိုက်သော၊ ရှေးဦးစွာသော ဝိပဿနာကုသိုလ်စိတ် ယှဉ်သော၊ ဖဿ စေတသိက် ဟူသော အာရမ္မဏိကနှင့် ဤတရားစု အပေါင်းကား ဖောက်ပြန်ခြင်း အစရှိသော ရုပ်တရားတို့တည်းဟု ရှေးဦးစွာ တွေ့ထိအပ်သော ရုပ်၏ အာရုံတရားသည် အာရမ္မဏိကနှင့် အာရုံတရားတို့ တွေ့ထိခြင်း အရင်းမူလကို ပြဋ္ဌာန်း၍ ခေါ်ဝေါ်အပ်သောကြောင့် "ဖဿပဉ္စက" မည်၏။

ဤ ဖဿပဉ္စက၌ ဖဿချည်းသာ မဟုတ်။ ဖဿနှင့် သဟဇာတ်ဖြစ်ကြကုန်သော ဝေဒနာသညာ, စေတနာ, ဝိညာဉ်, ဤတရား လေးပါးသည်လည်းကောင်း၊ ဤ သဟဇာတ်တရားအပေါင်း၌

http://www.dhammadownload.com

ကြွင်းသော စေတသိက်တရား ၃၄-ပါး တို့သည် လည်းကောင်း မိမိ မိမိတို့ ခန္ဓာအစွမ်းအားဖြင့် သူ့လက္ခဏာနှင့်သူ ပါကြရလေကုန်၏။

ဝေဒနာပဉ္စက

ဝေဒနာပဉ္စကဌ်လည်း ၎င်းနည်းတူ "ဝေဒနာ စေတသိက် ဟူသော အာရမ္မဏိကနှင့် ဤတရားစု အပေါင်းကား ဖောက်ပြန်ခြင်းအစရှိသော ရုပ်တရား တို့တည်း" ဟု ရှေးဦးစွာ ခံစားအပ်သော ရုပ်၏ အာရုံ တရားသည် အာရမ္မဏိကနှင့် အာရုံတရားတို့ ခံစား ခြင်းမူလကို ပြဋ္ဌာန်း၍ ခေါ်ဝေါ်အပ် =သောကြောင့် "ဝေဒနာပဉ္စက" မည်၏။

ဤဝေဒနာပဉ္စကဌ် ဝေဒနာချည်းသာမဟုတ်။ ဝေဒနာနှင့် သဟဇာတ်ဖြစ်ကြကုန်သော သညာ, ဖဿ, စေတနာ, ဇီဝိတ်, ဤ တရားလေးပါးသည် လည်းကောင်း၊ ဤ သဟဇာတ်တရားအပေါင်းဌ် ကြွင်းသော စေတသိက်တရား ၃၄-ပါးတို့သည် လည်းကောင်း မိမိ မိမိတို့ ခန္ဓာအစွမ်းအားဖြင့် သူ့ လက္ခဏာနှင့်သူ ပါကြရလေကုန်၏။

ဇီဝိတပဉ္စက

ဇီဝိတပဉ္စကဌ်လည်း ၎င်းနည်းတူ "ဇီဝိတ ဓာ ဇီဝိတ်စိတ်ဟူသော အာရမ္မဏိကနှင့် ဤတရားစု အပေါင်းကား ဖောက်ပြန်ခြင်း အစရှိသော ရုပ်တရား တို့တည်း" ဟု ရှေးဦးစွာ သိအပ်သော ရုပ်၏ အာရုံ တရားသည် အာရမ္မဏိကနှင့် အာရုံတရားတို့ သိခြင်း မူလကိုပြဋ္ဌာန်း၍ခေါ်ဝေါ်အပ်သောကြောင့် "ဇီဝိတ ပဉ္စက" မည်၏။

ဤဇီဝိတပဉ္စကဌ် ဇီဝိတ်ချည်းသာ မဟုတ်။ ဇီဝိတ်နှင့် သဟဇာတ်ဖြစ်ကြကုန်သော ဝေဒနာ, သညာ, ဖဿ, စေတနာ, ဤတရား လေးပါးသည် လည်းကောင်း၊ ဤ သဟဇာတ် တရားအပေါင်းဌ် ကြွင်းသော စေတသိက်တရား ၃၄-ပါးတို့သည် လည်းကောင်း မိမိ မိမိတို့ ခန္ဓာအစွမ်းအားဖြင့် သူ့ လက္ခဏာနှင့် သူပါကြရလေကုန်၏။

၇။ ခန္ဓာ အာယတနဓာတ်တို့ကို ရုပ်နာမ်နှစ်ပါးဖြင့် သိမ်းဆည်းခြင်း

ဝတ္ထုရုပ်ဌ် ရအပ်ကုန်သော ရုပ်ကား		ဖောဋ္ဌဗ္ဗာယတနဌ် ရအပ်ကုန်သော ရုပ်ကား	
ကာယဒသက	၁၀	ကာယဒသက	၁၀
ဘာဝဒသက	၁၀	ဘာဝဒသက	၁၀
ဝတ္ထုဒသက	၁၀	စိတ္တဇ	
စိတ္တဇ	၈	ဥတုဇ	၈
ဥတုဇ	၈	အာဟာရဇ	၈
အာဟာရဇ	၈	အဿာသ,ပဿာသ	၈

ဝတ္ထုဒသကကို ဝတ္ထုရုပ် ခေါ်သည်။ အဿာသ ပဿာသ သုဒ္ဓဋ္ဌကို ဖောဋ္ဌဗ္ဗာယတန ခေါ်သည်။ သဘောတူရာ ပေါင်းက ၆၂-ပါးဖြစ်၏။

ဝတ္ထုဒသက	၁၀	ဝတ္ထုရုပ်-၅၄၊ ထွက်သက် ဝင်သက်-၈၊ ပေါင်းရုပ် ၆၂-ပါး။
ကာယဒသက	၁၀	
ဘာဝဒသက	၁၀	
စိတ္တဇ	၈	စိတ်နာမ် ၁ပါး၊ စေတသိက်နာမ် ၃၈ ပါး၊ ပေါင်းနာမ် ၃၉-ပါး၊ ပရမတ္ထတရား ၁၀၁-ပါးတို့သည် အာနာပါနအခိုက်၌ ရအပ်ကုန်၏။
ဥတုဇ	၈	
အာဟာရဇ	၈	
အဿာသ,ပဿာသ	၈	

ခန္ဓာငါးပါး

၁။ ရုပ်ပေါင်း ၆၂ ပါးသည် "ရူပက္ခန္ဓာ" မည်၏။

၂။ နာမ်ပေါင်း ၃၉ ပါးတို့တွင် ဝေဒနာစေတသိက်သည် "ဝေဒနာက္ခန္ဓာ" မည်၏။

၃။ သညာစေတသိက်သည် "သညာက္ခန္ဓာ" မည်၏။

၄။ ဝေဒနာ,သညာမှ ကြွင်းသော စေတသိက် ၃၆ ပါးသည် "သင်္ခါရက္ခန္ဓာ" မည်၏။

http://www.dhammadownload.com

၅။ ဝိပဿနာ ကုသိုလ်စိတ်သည် "ဝိညာဏကွန္ဓာ" မည်၏။

ရုပ်ခန္ဓာ ၁ ပါးကို "ရုပ်"ဟု သိမ်းဆည်း။ နာမ်ခန္ဓာ ၄ ပါးကို "နာမ်"ဟု သိမ်းဆည်း။

အာယတန လေးပါး

၁။ ဝတ္ထုရုပ် ၅၄ ပါးမှ ဝတ္ထုဒသကကို နှုတ်၊ ကြွင်း ၄၄ ပါးသည် "ကာယာယတန" မည်၏။

၂။ အဿာသ, ပဿာသ ၈ ပါးသည် "ဖောဋ္ဌဗ္ဗာယတန" မည်၏။

၃။ ဝိပဿနာ ကုသိုလ်စိတ်သည် "မနာယတန" မည်၏။

၄။ ဝတ္ထုဒသက ၁၀ ပါးသည် ရုပ်ခမ္မာယတန၊ စေတသိက် ၃၈ ပါးသည် နာမ်ခမ္မာယတန၊ နှစ်ပါးပေါင်း ၄၈ ပါးသည် "ခမ္မာယတန" မည်၏။

ကာယာယတန, ဖောဋ္ဌဗ္ဗာယတန, ရုပ်ခမ္မာယတနတို့ကို "ရုပ်"ဟု သိမ်းဆည်း။

မနာယတန, နာမ်ခမ္မာယတနတို့ကို "နာမ်"ဟု သိမ်းဆည်း။

ဓာတ်လေးပါး

၁။ ဝတ္ထုရုပ် ၅၄ ပါးမှ ဝတ္ထုဒသကကို နှုတ်၊ ကြွင်း ၄၄ ပါးသည် "ကာယဓာတ်" မည်၏။

၂။ အဿာသ, ပဿာသ ၈ ပါးသည် "ဖောဋ္ဌဗ္ဗဓာတ်" မည်၏။

၃။ ဝိပဿနာကုသိုလ်စိတ်သည် "မနောဝိညာဏဓာတ်" မည်၏။

၄။ ဝတ္ထုဒသက ၁၀ ပါးသည် ရုပ်ခမ္မဓာတ်၊ စေတသိက် ၃၈ ပါးသည် နာမ်ခမ္မဓာတ်၊ နှစ်ပါးပေါင်း ၄၈ ပါးသည် "ခမ္မဓာတ်မည်၏။

ကာယဓာတ်, ဖောဋ္ဌဗ္ဗဓာတ်တို့ကို "နာမ်"ဟု သိမ်းဆည်း။

မနောဝိညာဏဓာတ်, နာမ်ခမ္မဓာတ်တို့ကို "နာမ်"ဟု သိမ်းဆည်း။

နာမပရိဂ္ဂဟ ပြီး၏။

၈။ ပစ္စယပရိဂ္ဂဟကို ပြခြင်း

ထို ရုပ်နာမ်နှစ်ပါးတို့သည်၊ (၀၊) ခန္ဓာငါးပါးတို့သည်၊ (၀၊) အာယတန လေးပါးတို့သည်၊ (၀၊) ဓာတ်လေးပါးတို့သည်၊ (၀၊) ပရမတ္ထတရား ၁၀၁–ပါးတို့သည် အကြောင်းကင်း၍ ဖြစ်သည် မဟုတ်၊ အကြောင်းနှင့်တကွ ဖြစ်၏။

အကြောင်းကား၊ "အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ" ဟူသော ဟေတု အကြောင်း၊ ပစ္စယအကြောင်းအားဖြင့် အတိတ်အကြောင်း ငါးပါး၊ "မနော,ခမ္မာရုံ,မနသိကာရ"ဟူသော ပဋိစ္စအကြောင်းအားဖြင့် ပစ္စုပ္ပန်အကြောင်းသုံးပါး။ ဤအကြောင်းတို့သည် ပြုပြင်၍ ဖြစ်သည်ကို ရည်၍ "ပြုပြင်သည် ပြုပြင်သည်" ဟု သိမ်းဆည်းအပ်၏။

ဟေတုအကြောင်း

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ–ဤလေးပါးတို့ကား ဇနက ဖြစ်၍ "ဟေတုအကြောင်း" မည်၏။ အာဟာရသည် ဥပထမ္ဘက ဖြစ်၍ "ပစ္စယအကြောင်း" မည်၏။

အဝိဇ္ဇာသည် ရွှေးရွှေးသော အမှတ်မဲ့ တစ်ခုခု ဖြစ်သော ဘဝင် ကာမ ရူပ အရူပ ဘဝတို့ကို မတပ်မက်အပ်သော တရားစုဖြစ်လျက်နှင့် ဒါန, သီလ, ဘာဝနာတို့ကို ပြုပြီး၍ မစားအပ်သော အဆိပ်ကို စားအပ်၏ဟု ထင်မှားသော ယောကျ်ားမိုက်ကဲ့သို့ နောက်နောင် ဖြစ်လတ္တံ့သော လူ, နတ်, ဗြဟ္မာတို့၏ သန္တာန်၌ ဇကန် ကပ်ငြိသော ဇာတိ, ဇရာ, မရဏ စသော ဘေးကြီးတို့ကို မှန်ကန်စွာ ယုံကြည်ပိုင်းဖြတ်၍ မသိတတ်သော တရားသည် "အဝိဇ္ဇာ" မည်၏။

"အဝိဇ္ဇါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ၊ အပုညာဘိသင်္ခါရမ္ပိ

http://www.dhammadownload.com

အဘိသခံ်ရောတိ၊ အာနဥ္ဇဘိသခံ်ရမ္ပိ အဘိသခံ်ရောတိ" ဟူသော ဝိသုဒ္ဓိမဂ် အဌကထာ၏ သာဓက ပါဠိတော်ကို ထောက်။

ဘိက္ခဝေ-ရဟန်းတို့၊ အဝိဒ္ဓါ-ပညာမရှိသော၊ အဝိဇ္ဇာဂတော-အဝိဇ္ဇာနှင့် ပြည့်စုံသောသူသည်၊ ပုညာဘိသခံ်ရမ္ပိ-ပုညာဘိသခံ်ရကိုလည်း၊ အဘိသခံ်ရောတိ-ပြုပြင်စီရင်၏။ ဝါ-အားထုတ်၏။ အပုညာဘိသခံ်ရမ္ပိ၊ အပုညာဘိ သခံ်ရကိုလည်း၊ အဘိသခံ်ရောတိ-ပြုပြင်စီရင်၏၊ ဝါ-အားထုတ်၏၊ အာနဥ္ဇာဘိသခံ်ရမ္ပိ၊ အာနဥ္ဇဘိသခံ်ရကိုလည်း၊ အဘိသခံ်ရောတိ-အားထုတ်၏။

"ထိုထို လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့၌ ရအပ်သော ရုပ်တရားတို့ကို ငါသည် ရပါမူ ဩော်... ကောင်းလေစွ၊ ချမ်းသာလေစွ" ဟု နှလုံးပြု၍ ဒါန, သီလ, ဘာဝနာတို့ကို ပြုပြီး၍ သင်ဓုန်းသွား၌ ထားအပ်သော ပျားရည်တို့ကို လျက်လိုသော သူမိုက်ကဲ့သို့ နောက်နောင် ဖြစ်လတ္တံ့သော လူနတ်ဗြဟ္မာတို့၏ သန္တာန်၌ ဧကန် ကပ်ငြိတတ်သော ဇာတိ, ဇရာ, မရဏ စသော ဘေးကြီးတို့ကို မှန်ကန်စွာ မသိဘဲ လျက် အာသာငင်းငင်း တပ်မက်ခြင်း "တဏှာ" မည်၏။

အဆက်ဆက် တပ်မက်ခြင်းသည် "ဥပါဒါန်" မည်၏။

"ထိုထို လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့၌ ရအပ်သော ရုပ်တရားတို့ကို ငါသည် ရပါမူ ဩော်... ကောင်းလေစွ၊ ချမ်းသာလေစွ" ဟု နှလုံးပြု၍ ဒါန, သီလ, ဘာဝနာတို့ကို ပြုပြီး၍ "၎င်းကုသိုလ်တို့၏ အကျိုးအားဖြင့် လူ, နတ်, တို့၏ သမ္ပတ္တိကို ရ,ရစေသတည်း" ဟု မိမိ၏ စေတနာကို ဖြစ်စေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်၏ အရသာကို ခံစားလိုသော ယောက်ျားမိုက်သည် ဘီလူးမတို့၏ လှည့်ပတ်သော ရူပါရုံ၌ အာသာငင်းငင်း တပ်မက်ခြင်းကြောင့် မငြင်းမဆန် သူ့နိုင်ငံ၌ အစားခံလိုက်ရသကဲ့သို့ ဇာတိ, ဇရာ, မရဏ၏ အာရုံ၌ အာသာငင်းငင်း တပ်မက်ခြင်းသည်လည်းကောင်း "ကံ" မည်ပေ၏။

ပစ္စယအကြောင်း

"ထိုထို လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝတို့၌ ရအပ်သော ရုပ်တရားတို့ကို ငါသည် ရပါမူ၊ ဩော်... ကောင်းလေစွ၊ ချမ်းသာလေစွ" ဟု နှလုံးပြု၍ ဒါန, သီလ, ဘာဝနာတို့ကိုပြုပြီး၍ လာလတ္တံ့သော နိကန္တိဘေး ဥပဂမနဘေး အာယူယနဘေး, အဘိနိပါတဘေး ဟူသော လေးပါးသော ဘေးကြီးတို့ကို မကြည့်မရှု မှုမှုရရ, အားကျပါးကျ အစာကို မက်သော ၎က်ခါးသည် အစာကိုသာမြင်၍ ညောင်စေးကျော့ကွင်းတို့ ဘေးကို မမြင်သကဲ့သို့ အာသဝနှင့်တကွ အားထုတ်ဆောင်ရွက်တတ်သော တရားသည်" "အာဟာရ" မည်၏။

ထိုအာဟာရသည်လည်း "ရုပ်အာဟာရ, နာမ်အာဟာရ"ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ရုပ်အာဟာရသည် ပဝတ္တိဖြစ်သော ဥပါဒိန္နကရုပ် အနုပါဒိန္နကရုပ်ကိုသာ ဆောင်နိုင်၏။ နာမ်အာဟာရသည် ပဋိသန္ဓေ၌ဖြစ်သော နာမ်တရားတို့ကိုလည်းကောင်း ဆောင်နိုင်၏။

ပဋိစ္စအကြောင်း

ပဋိစ္စအကြောင်းမှာ နာမ်တရားတစ်ခုသာ ရထိုက်၏။ အဘယ်နာမ် တရားကို ရထိုက်သနည်း။ ပဝတ္တိအခါ၌ ယောဂီပုဂ္ဂိုလ်၏ ဒိဌထင်ထင် သိအပ်, တွေ့အပ်သော ဖဿပဥ္စမက ဟူသော နာမ်တရားတို့ကိုသာ ရထိုက်၏။

ယခု အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်အပ်သော အခါ၌ကား ဝိပဿနာ နာမကွန္ဓာနှင့် သဟဇာတ်ဖြစ်သော ပဋိဘာဂနိမိတ် အာလောက သညာ၌ ထင်လာရသော ရုပ်တရား, နာမ်တရားတို့အကြောင်းဖြစ်သော ပစ္စုပ္ပန် ရုပ်,နာမ်နှစ်ပါးတို့၏ ဓမ္မာရုံ-၁၊ ဝတ္ထုရုပ်၌ ပုရေဇာတဖြစ် သော ဘွင်စိတ်-၂၊ ဝိပဿနာကို နှလုံးသွင်းခြင်းဟူသော မနသိကာရ

http://www.dhammadownload.com

–၃၊ ၎င်းအကြောင်း သုံးပါးတို့ကို စွဲ၍ ဖဿပဉ္စမက ဟူသော ဤ နာမ်ဖြစ်၏ ဟူ၍ သိမ်းဆည်းရမည်။ မနောဒွါရ၌ ပဋိစ္စအကြောင်းဖြင့် ဖြစ်ပေါ်၍နေလာသော ရုပ်,နာမ် တရားတို့အား ရှေးဦးစွာ ပဋိသန္ဓေအခါ ဟေတုအကြောင်း, ပစ္စယအကြောင်းဟု ဆိုအပ်သော ရှေးရှေးသောဘဝက အဝိဇ္ဇာတဏှာ, ဥပါဒါန်, ကံ, အာဟာရသည် ပစ်ချလိုက်ရသည်ဖြစ်၍ ပဝတ္တိကာလဟု ဆိုအပ်သော၊ ယခု ကမ္မဋ္ဌာန်းစီးဖြန်းသော၊ အခါ၌လည်း မျက်ဝါးထင်ထင်မြင်လာသော၊ ငါးပါးသော ဥပမာတို့တွင် တစ်ပါးပါးသော ဥပမာဖြင့် ထင်လာသော ရုပ်၊ ရုပ်ကဲ့သို့ မထင်မြင်အပ်သော်လည်း ဒိဋ္ဌ သိလိုက်အပ်သော နာမ်၊ ထို ရုပ်,နာမ် နှစ်ပါးတို့၏ မနောဟူသော ဘွင်၊ ရုပ်,နာမ် ဟူသော ဓမ္မာရုံ၊ နှလုံးသွင်းခြင်းဟူသော မနသိကာရ၊ ဤ ပဋိစ္စအကြောင်းသုံးပါးသည်လည်း အဝိဇ္ဇာစသော ဟေတုပစ္စယအကြောင်းငါးပါး ပြုပြင်၍ ဖြစ်သည်။ အတိတ်အကြောင်းငါးပါးကို ပစ္စုပ္ပန်အကြောင်းသုံးပါး၌ ပေါင်း၍ ယခု ဖြစ်ဆဲ ဖြစ်သော ရုပ်,နာမ်နှစ်ပါးသည် အတိတ်အကြောင်း ငါးပါးကြောင့် ဖြစ်ပေါ်လာသော ပစ္စုပ္ပန်အကြောင်း သုံးပါးတို့သည် ပြုပြင်၍ ဖြစ်သည်ကို ရည်၍ "ပြုပြင်သည် ပြုပြင်သည်" ဟု အကြောင်းကို သိမ်းဆည်းအပ်၏။

ပစ္စယပရိဂ္ဂဟ ပြီး၏။

၉။ အဒ္ဓါနပရိဂ္ဂဟကို ပြခြင်း

ဤ အကြောင်းငါးပါး အကြောင်းသုံးပါးနှင့် တကွ ဖြစ်စေအပ်သော ရုပ်,နာမ် နှစ်ပါးသည် ယခု အခါ ပစ္စုပ္ပန်ဘဝ ဤခဏ၌ ဖြစ်သကဲ့သို့ ရှေးရှေးသော အတိတ်ဘဝ ထိုထိုကာလတို့၌လည်း ၎င်းနည်းတူ ဖြစ်ဖူးခဲ့လှပြီ။ နောင်လာလတ္တံ့ အနာဂတ်ဘဝ ထိုထိုကာလတို့၌လည်း ၎င်းနည်းတူ ဖြစ်လတ္တံ့ ဟူ၍ ပိုင်းဖြတ် ယုံကြည်စွာ နှလုံးထား၍ အတိတ်ကာလ, အနာဂတ်ကာလနှစ်ပါးကို ပစ္စုပ္ပန်ကာလ၌ ပေါင်း၍ "ဤခန္ဓာငါးပါး ရုပ်,နာမ် တရားတို့သည် ဖြစ်ဆဲ ဖြစ်ဆဲ" ဟု ကာလသုံးပါးဟူသော အခွန့်ကို သိမ်းဆည်းအပ်၏။

အတိတ်,ပစ္စုပ္ပန်,အနာဂတ်ကာလသုံးပါးတို့တွင် အတိတ်ဘဝ၌ ဖြစ်သော အကြောင်းငါးပါးတို့သည် ပြုပြင်၍ ဖြစ်သော ရုပ်,နာမ်,ခန္ဓာတို့ ချုပ်၍သာ ယခုဘဝ ပစ္စုပ္ပန်၌ ရုပ်,နာမ်,ခန္ဓာတို့ ဖြစ်လာကုန်၏။ ဝါ–ယောဂါဝစရပုဂ္ဂိုလ်၏ ပဋိဘာဂနိမိတ်၏ အာလောကဒ်၌ ပစ္စက္ခဖြစ်သော ဉာဏ်ဖြင့် နာမကွန္ဓာနှင့်တကွ ဥပမာငါးပါးတို့တွင်တပါးပါးဖြင့် မြင်လာရသော ဝတ္ထုရုပ်နှင့်တကွဖြစ်သောအကြောင်းငါးပါးတို့သည် ပြုပြင်၍ဖြစ်သော အတိတ်စိတ္တက္ခဏ ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့သည် ယခုတွင် ချုပ်၍သာ ယခုတစ်ဖန် ဤရုပ်,နာမ်တို့သည် ဖြစ်လာရပြန်သည်။

ယခု ပစ္စုပ္ပန်ဘဝ၌ရှိသော ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့ ချုပ်ပြန်ပါမူ၊ နောင်တစ်ဖန် ဘဝသစ်၌ ဖြစ်ရာရဦးလတ္တံ့၊ ဝါ–ယောဂါဝစရ ပုဂ္ဂိုလ်၏ ပဋိဘာဂနိမိတ်၏ အာလောကဒ်၌ ပစ္စက္ခဖြစ်သော ဉာဏ်ဖြင့် နာမကွန္ဓာနှင့် တကွ ဥပမာငါးပါးတို့တွင် တစ်ပါးပါးဖြင့် မြင်လာရသော ဝတ္ထုရုပ်နှင့် တကွဖြစ်သော အကြောင်းငါးပါးတို့သည် ပြုပြင်၍ဖြစ်သော၊ ပစ္စုပ္ပန် ဖြစ်သော ယခုခဏ မျက်မှောက်ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့သည် ယခုပင် ဖြစ်ခြင်း, ချုပ်ခြင်းကိုပြု၍ တစ်ဖန် ယခုပင် ဖြစ်ရာရဦးတော့ လတ္တံ့ဟု ရှုအပ်၏။

အဒ္ဓါနပရိဂ္ဂဟ ပြီး၏။

ပုဗ္ဗကိစ္စလေးပါး ပြီး၏။

၁၀။ ရုပ်နာမ်နှစ်ပါးတို့ကို ဝိပဿနာရှုရန် သမ္မသနဉာဏ်ကို ပြခြင်း

အတိတ်, ပစ္စုပ္ပန်, အနာဂတ်, အဈတ္တ, ဗဟိဒ္ဓ, သြဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက ဟု

http://www.dhammadownload.com

ဆိုအပ်သော တစ်ဆယ့်တစ်ပါးသော အာကာရသို့ သက်လျက် တည်၍နေသော ရုပ်နာမ်ဓမ္မ သင်္ခါရ တို့ကို တီရဏ ပရိညာဖြင့် တင်၍ အနိစ္စ စသော အဖြစ်ဖြင့် စီးဖြန်းအားထုတ်လိုသော ယောဂီသည် မိမိ၏ အာလောက ပစ္စက္ခဉာဏ်ဝ၌ ဥပမာငါးပါး တို့တွင် တစ်ပါးပါးဖြင့် ထင်မြင်လာရသော ရုပ် အပေါင်းတို့ကို နိယကဇ္ဇတ္တက ရပ်လျက်–

အတိတ်

ဩော်...ရုပ်အပေါင်းတို့တွင် အတိတ်ခဏ၌၊ အတိတ်ဘဝတို့၌ ဖြစ်ကြကုန်သော ရုပ်အပေါင်း သည် အတိတ်ခဏ စသည်၌ပင်လျှင် ကုန်ခဲ့ပြီ။ ယခု ပစ္စုပ္ပန်သို့ မရောက်၊ ထိုသို့မရောက်လျှင် အတိတ်ရုပ် သည် ပစ္စုပ္ပန်သို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရ သောကြောင့် အနိစ္စ အနိစ္စ။

ပစ္စုပ္ပန်

ပစ္စုပ္ပန်ခဏ စသည်တို့၌ ဖြစ်ကြသော ရုပ် အပေါင်းသည် ပစ္စုပ္ပန်ခဏ စသည်၌ပင်လျှင် ကုန် ဆဲဖြစ်ခဲ့၏။ အနာဂတ်ခဏသို့ မရောက်။ ထိုသို့လျှင် ပစ္စုပ္ပန်ရုပ်သည် အနာဂတ်သို့မရောက် ကုန်ခြင်းကို သိရ မြင်ရသောကြောင့် အနိစ္စ အနိစ္စ။

အနာဂတ်

အနာဂတ်ခဏ စသည်တို့၌ ဖြစ်ကြလတ္တံ့ သော ရုပ်အပေါင်းသည် အနာဂတ်ခဏ စသည်၌ပင် လျှင် ကုန်ရဦးလတ္တံ့။ တစ်ဖန် နှစ်ခုသော ခဏ စသည် သို့ မရောက်၊ ထိုသို့လျှင် အနာဂတ်ရုပ်သည် တစ်ဖန် နှစ်ခုသော အနာဂတ်သို့ မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသောကြောင့် အနိစ္စ အနိစ္စ။ ။ တိက်တစ်ပါး။

အဇ္ဇတ္တ

နိယကဇ္ဇတ္တအာရုံ၏ အတွင်း စသည်တို့၌ ဖြစ်ကြသော ရုပ်အပေါင်းသည် ထိုနိယကဇ္ဇတ္တအာရုံ အစရှိသော ဗဟိဒ္ဓအာရုံ၏ အတွင်းစသည်၌ ပင်လျှင် ကုန်ဆဲဖြစ်ခဲ့၏။ နောက် တစ်ခု တစ်ခုသော နိယ ကဇ္ဇတ္တ အာရုံ အစရှိသော ဗဟိဒ္ဓအာရုံ၏ အတွင်း စသည်၌ ဖြစ်ကြသော ရုပ်သို့မရောက်၊ ထိုသို့လျှင် နိယကဇ္ဇတ္တအာရုံ၏ အတွင်း စသည်၌ ဖြစ်သော ရုပ်သည် ဗဟိဒ္ဓအာရုံ၏ အတွင်းစသည်၌ဖြစ်ကြ သော ရုပ်သို့မရောက်၊ ကုန်ခြင်းကို သိရ မြင်ရသော ကြောင့် အနိစ္စ, အနိစ္စ။

ဗဟိဒ္ဓ

နောက် တစ်ခုတစ်ခုသော နိယကဇ္ဇတ္တအာရုံ အစရှိသော ဗဟိဒ္ဓအာရုံ၏အတွင်း စသည်၌ ဖြစ်ကြ သော ရုပ်အပေါင်းသည်လည်း ထိုဗဟိဒ္ဓအာရုံ၏ အတွင်း၌သာလျှင် ကုန်ခဲ့၏။ နိယကဇ္ဇတ္တသို့ မရောက်၊ ကုန်ခြင်းကို သိရ,မြင်ရသောကြောင့် အနိစ္စ အနိစ္စ။ တစ်ဒုက်။

ထို နိယကဇ္ဇတ္တအာရုံသာလျှင် ဝိပဿနာ အရာ၌ ပဓာနပြု၍ နာနာမှတ်။

ဩဋ္ဌာရိက

နိယကဇ္ဇတ္တအာရုံအတွင်း စသည်၌ ဩဋ္ဌာ ရိက ဇာတ်ဖြစ်ကြသော ရုပ်အပေါင်းသည်လည်း ထို ဩဋ္ဌာရိက ဇာတ်အတွင်း၌ပင်လျှင် ကုန်ခဲ့၏။ သုခုမ ဇာတ်သို့ မရောက်။ ထိုသို့ ဩဋ္ဌာရိကဇာတ်ဖြစ်သော ရုပ်အပေါင်းသည် သုခုမဇာတ်သို့ မရောက်၊ ကုန် ခြင်းကို သိရ,မြင်ရသောကြောင့် အနိစ္စ အနိစ္စ။

သုခုမ

နိယကဇ္ဇတ္တအာရုံအတွင်း စသည်၌ သုခုမ ဇာတ်ဖြစ်ကြသော ရုပ်အပေါင်းသည်လည်း ထို သုခုမ ဇာတ်အတွင်း၌ပင်လျှင် ကုန်ခဲ့၏။ ဩဋ္ဌာရိ က ဇာတ်သို့ မရောက်။ ထိုသို့ သုခုမဇာတ်ဖြစ်သော ရုပ်အပေါင်းသည် ဩဋ္ဌာရိကဇာတ်သို့ မရောက်၊ ကုန်ခြင်းကို သိရ,မြင်ရသောကြောင့် အနိစ္စ အနိစ္စ။ နှစ်ဒုက်။

ဟီန

နိယကဇ္ဇတ္တအာရုံအတွင်း စသည်၌ ဟီန ဇာတ်ဖြစ်ကြသော ရုပ်အပေါင်းသည်လည်း ထို ဟီန ရုပ်ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ ပဏီတရုပ်သို့မရောက်။

http://www.dhammadownload.com

ထိုသို့ ဟီနဖြစ်သော ရုပ်အပေါင်းသည် ပဏီတရုပ်သို့ မရောက်၊ ကုန်ခြင်းကို သိရှုမြင်ရသောကြောင့် အနိစ္စ အနိစ္စ။

ပဏီတ

နိယကစ္ခုတ္တအာရုံအတွင်း စသည်၌ ပဏီတဖြစ်ကြသော ရုပ်အပေါင်းသည်လည်း ထို ပဏီတရုပ်ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ ဟီနရုပ်သို့မရောက်။ ထိုသို့ ပဏီတဖြစ်သော ရုပ်အပေါင်းသည် ဟီနရုပ်သို့ မရောက်၊ ကုန်ခြင်းကို သိရှုမြင်ရသောကြောင့် အနိစ္စ အနိစ္စ။ သုံးဒုတ်။

ဒူရ

နိယကစ္ခုတ္တအာရုံအတွင်း စသည်၌ ဒူရ ဖြစ်ကြသော ရုပ်အပေါင်းသည်လည်း ထိုဒူရရုပ်ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ သန္တိကရုပ်သို့ မရောက်။ ထိုသို့ ဒူရဖြစ်သော ရုပ်အပေါင်းသည် သန္တိကရုပ်သို့ မရောက်၊ ကုန်ခြင်းကို သိရှုမြင်ရသောကြောင့် အနိစ္စ အနိစ္စ။

သန္တိက

နိယကစ္ခုတ္တအာရုံအတွင်း စသည်၌ သန္တိကဇာတ်ဖြစ်ကြသော ရုပ် အပေါင်းသည်လည်း ထို သန္တိကရုပ်ဖြစ်၍ပင်လျှင် ကုန်ခဲ့၏။ ဒူရရုပ်သို့ မရောက်။ ထိုသို့ သန္တိကဖြစ်သော ရုပ်အပေါင်း သည် ဒူရရုပ်သို့ မရောက်၊ ကုန်ခြင်းကို သိရှုမြင်ရသောကြောင့် အနိစ္စ အနိစ္စ။ လေးဒုတ်။

နာမ်

နာမ်တရားတို့၌ ၎င်းနည်းတူ အတိတ်ခဏ, အတိတ်ဘဝတို့၌ ဖြစ်ကြကုန်သော နာမ်အပေါင်းသည် အတိတ်ခဏ, အတိတ်ဘဝ စသည်၌ ကုန်ခဲ့ပြီ။ ယခု ပစ္စုပ္ပန်ခဏ, ဘဝ စသည်သို့မရောက်၊ ထိုသို့လျှင် အတိတ်နာမ်သည် ပစ္စုပ္ပန်သို့ မရောက်၊ ကုန်ခြင်းကို သိရသောကြောင့် အနိစ္စ, အနိစ္စ ဟူ၍ စသည်ဖြင့် "ရုပ်" နေရာဝယ် "နာမ်" ကို ထည့်သွင်း၍ နှလုံးသွင်းကြလေ။

၁၁။ ရုပ်၏ ဥပမာငါးပါးကို ပြခြင်း

ဤသို့ အကြိမ်ကြိမ် အဖန်ဖန် အတန်တန် ရုပ်တရားတို့၏ ဖြစ်ပွား, ပျက်ဟန်ကို ရှုဖန်များလာသော ယောဂီအား အမြဲမပြတ် တရိပ်ရိပ် ဖြစ်၍၊ တရိပ်ရိပ်ပျက်ပုံကို အသစ်အသစ်ဖြစ်၍ အဟောင်းအဟောင်း ချုပ်ပျက်ဟန်ကို ဧကန် မိမိ၏ မျက်စိဖြင့် ကြည့်၍ မြင်ရဘိသကဲ့သို့ မုချ ထင်ထင် သိမြင်ရရှာတော့၏။ အဘယ်ကဲ့သို့ ထင်ရမြင်ရသနည်းဟူမူ-

ဆီးနှင်းကြွေကျ

နေအရောဏ်တက်၍ နေထွက်သောအခါ၌ ပြိန်းမြက်ပင်တို့၏ အဖျားခွံ တသားတည်းခဲ၍နေသော ဆီးနှင်းပေါက်တို့သည် တဖြောက်ဖြောက် ကြွေကျသည်ကို မြင်ရဘိသကဲ့သို့လည်းကောင်း။

ရေပွက်

ထုံးချောင်း, ဂယက်, ကျောက်စပျက် ဝဲကွေ့၌ ရေငှေ့၍ ထုတ်အပ်သော ရေပွက်ကို မြင်ရဘိသကဲ့သို့လည်းကောင်း။

ရေလှိုင်း

ကြည်လင် ငြိမ်သက်လှသော ရေအပြင်ဝယ် နှင်တံတောင်ငှေးတို့ဖြင့် ရေးခြစ်လိုက်သောအခါ အလွှာလွှာ အလိပ်လိပ် တရိပ်ရိပ်သော ရေလှိုင်းအစဉ်ကို မြင်ရဘိသကဲ့သို့လည်းကောင်း။

မုန်ညင်းကြွေကျ

ပွက်ဆောက်ဖျား၌ တင်ထားအပ်သော မုန်ညင်းစေ့ လေလှော့အပ်သော လူး, နှမ်းစေ့တို့၏ တရွေ့ရွေ့, တရိပ်ရိပ်, တဖိတ်ဖိတ် ကြွေကျသည်ကို မြင်ရဘိသကဲ့သို့လည်းကောင်း။

လျှပ်စစ်နွယ်ရောင်

မိုးလအခါ, ဝသန္တဝယ်, ညဉ့်ပြာရီမှောင်, တိမ်တောင် တိမ်လိပ်တို့၏ အတွင်း၌ လေပြင်းမီးဓာတ်, နဂါးပတ်တွင်း, လေဟုန်ဆင်း၍ တဝင်းဝင်း တောက်ပအပ်သော လျှပ်စစ်နွယ်ရောင် မြွားအမြောင်ကို မြင်ရဘိသကဲ့သို့ လည်းကောင်း။

http://www.dhammadownload.com

အလွန် လျင်မြန်၍ တိုသော အသက်ရှိသော ရုပ်တို့၏ ဖြစ်ဟန်, ပျက်ဟန်ကို ဧကန်မုချ ထင်မြင်လာရကုန်၏။

ထိုသို့ ရုပ်တို့၏ ဥပမာသို့ သက်အောင်သော ကာလတိုင်တိုင် အားထုတ်သော ယောဂီအား နာမ်တရားတို့၏ ဖြစ်ပွား, ပျက်ချုပ်ဟန်ကို ဒွါရ၏ အစွမ်းအားဖြင့် သိရှုလာလတော့၏။

အထူးအားဖြင့်ကား ရုပ်တရားတို့မှာ ထင်မြင်၍ ဖြစ်လျက် ထင်မြင်၍ ပျက်မြဲတည်း။

နာမ်တရားတို့မှာ အာရုံကို ထိ၍ ဖြစ်လျက် အာရုံကို ထိ၍ ပျက်မြဲသာတည်း။

အာရုံ၏ အရသာကို ခံစားရ ဖြစ်လျက် အာရုံ၏ အရသာကို ခံစား၍ ပျက်မြဲသာတည်း။

အာရုံကို သိ၍ ဖြစ်လျက် အာရုံကို သိ၍ ပျက်မြဲသာတည်း။

သမ္မသနဉာဏ်ပြီး၏။

၁၉။ စကြိသွားစဉ် ဝိပဿနာ ရှုပုံ "ကြွ-ဆောင်-ရှောင်-ချ-နင်း-ဖို"

စကြိသွား၍ ဝိပဿနာရှုလိုသော ယောဂီသည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ မိမိတစ်ယောက်ထည်းတည်း လေ့ကျင့်ရာ၏။

၁။ ခြေကို ကြွခြင်း . . . ဥဒ္ဓါရဏာ။

၂။ ခြေကို ရှေ့သို့ ဆောင်ခြင်း . . . အဘိဟာရဏာ။

၃။ ခြေကို လွှဲဖယ်ရှောင်ကွင်းခြင်း . . . ဝီတိဟာရဏာ။

၄။ ခြေကို အောက်သို့ လွှတ်ချခြင်း . . . ဝေါဿဇ္ဇန။

၅။ ခြေကို မြေ၌ ချထားနင်းခြင်း . . . သန္နိက္ခေပန။

၆။ ခြေကို မြေ၌ ကြပ်ကြပ်ဖိနှိပ်နင်းခြင်း . . . သန္နိရုဇ္ဈန။

ဟူ၍ ၆-ပါးသော အဖို့အစုတို့ကို ခြေလှမ်းတိုင်းလှမ်းတိုင်း သတိမလွတ်အောင် မှတ်သား လေ့ကျင့်ရာ၏။

လေ့ကျင့်ရန်

မြေပြင်၌ ခြေစုံ ရုပ်လျက် ပထမဦးစွာ-

၁။ ညာခြေကို မြေမှ ကြွခိုက်ကို 'ကြွ' ဟု မှတ်။

၂။ ခြေကို ချလိုရာသို့ ဆောင်ယူခိုက်ကို 'ဆောင်' ဟု မှတ်။

၃။ ခြေကို လွှဲဖယ်ရှောင်ကွင်းခိုက်ကို 'ရှောင်'ဟု မှတ်။

၄။ ခြေကို ချလိုရာသို့ လွှတ်ချခိုက်ကို 'ချ' ဟု မှတ်။

၅။ ခြေကို မြေ၌ ချထားနင်းခိုက်ကို 'နှင်း' ဟု မှတ်။

၆။ ခြေကို မြေ၌ ကြပ်ကြပ်ဖိနှိပ်ခိုက်ကို 'ဖို'ဟု မှတ်။

ရှောင်ကား-သစ်ငုတ် ခလုတ်ဆူးငြောင့် ပိုးမွှား စသော တစ်စုံတစ်ခုသော ဘေးရန်ကို တွေ့မြင်၍ လွှဲဖယ်ရှောင်ကွင်းသည်ကို ဆိုလိုသည်။ ဤကား ဆွမ်းခံရဟန်းတော်တို့ ဆွမ်းခံကြွစဉ် မကင်းတတ် မကင်းနိုင် ဖြစ်တတ် တွေ့တတ်သည်ကို ရည်ရွယ်၍ ဆိုသည်။

နင်းကား-ဒုတိယအကြိမ် ခြေကို ကြွမြှောက်လှမ်းတော့အံ့ဟု အားမထုတ်ခင် စပ်ကြား အားမထုတ်သေးမီ အတောအတွင်း နင်းထားခိုက်ကို ယူ။

ဖိကား-ဒုတိယအကြိမ် ခြေကို ကြွမြှောက်လှမ်းတော့အံ့ဟု အားစိုက်, အားယူ,အားထုတ်စဉ် ဖိနှိပ်၍ နင်းထားခိုက်ကိုယူ။

ဤသို့ ခြေကို တစ်ကြိမ်လှမ်း, တစ်ခါလှမ်း ခိုက်၌ "ကြွ-ဆောင်-ရှောင်-ချ-နင်း-ဖို" ဟူ၍ ကြွတိုင်း ကြွတိုင်း, ဆောင်တိုင်း စသည်တို့ကို သတိမလွတ်ရအောင် မှတ်ထား လေ့ကျင့်ရာ၏။

အကြွ,အဆောင်နှင့် သတိ ကိုက်ညီအောင် လေ့ကျင့်ရာ၏။ တစ်ရက်တည်းနှင့် ကိုက်ညီက၊ တစ်ရက်သာ လေ့ကျင့်။ မကိုက်ညီသေးက လေးရက်တန်သည်, ငါးရက်တန်သည် လေ့ကျင့်။ သို့မဟုတ် မကိုက်မညီမချင်း လေ့ကျင့်ရာ၏။

http://www.dhammadownload.com

ဘယ်ခြေကိုလည်း ညာခြေနည်းတူ လေ့ကျင့်။ ကိုက်ညီက၊ တစ်ဖန် ဘယ်ညာနှစ်ပါးကို ပေါင်း၍ လေ့ကျင့်။ အကြွ,အဆောင်နှင့် သတိကိုက်ညီက၊ လေ့ကျင့်ဖွယ်ကိစ္စပြီးတော့၏။

ဝိပဿနာ ရှုရန်

၁။ ခြေကို ကြွခိုက်၌ဖြစ်သော ရုပ်,နာမ်ဓမ္မ သခါရတို့သည် ဆောင်ခိုက်သို့ မပါမရောက်မူ၍ ကြွခိုက်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

၂။ ဆောင်ခိုက်၌ ဖြစ်သော ရုပ်နာမ်ဓမ္မ သခါရတို့သည် ရှောင်ခိုက်သို့ မပါမရောက်မူ၍ ဆောင်ခိုက်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

၃။ ရှောင်ခိုက်၌ဖြစ်သော ရုပ်နာမ်ဓမ္မ သခါရတို့သည် ချခိုက်သို့ မပါ မရောက်မူ၍ ရှောင်ခိုက်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

၄။ ချခိုက်၌ဖြစ်သော ရုပ်နာမ်ဓမ္မ သခါရတို့သည် နင်းခိုက်သို့ မပါ မရောက်မူ၍ ချခိုက်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

၅။ နင်းခိုက်၌ဖြစ်သော ရုပ်နာမ်ဓမ္မ သခါရတို့သည် ဖိခိုက်သို့ မပါ မရောက်မူ၍ နင်းခိုက်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

၆။ ဖိခိုက်၌ဖြစ်သော ရုပ်နာမ်ဓမ္မ သခါရတို့သည် ကြွခိုက်သို့ မပါ မရောက်မူ၍ ဖိခိုက်၌သာ ဖြစ်ပျက်၍ ချုပ်ကုန်၏။

ဤသို့ ရုပ်နာမ်ဓမ္မသခါရတို့၏ ဖြစ်ပျက်သည်ကို ရည်၍ ရည်ကာ "ကြွဖြစ်ပျက်၊ ဆောင်ဖြစ်ပျက်၊ ရှောင် ဖြစ်ပျက်၊ ချ ဖြစ်ပျက်၊ နင်း ဖြစ်ပျက်၊ ဖိ ဖြစ်ပျက်" ဟု ရှုရာ၏။

ရက်ကြာကြာ အားထုတ်သဖြင့် အာရုံမလွတ်၊ သတိမြဲလှသော "ကြွဖြစ်ပျက်" စသည်တို့တွင် "ကြွ"ဟူသော အမည်ပညတ် စသည်တို့ကို လွတ်၍ "ဖြစ်ပျက်" စသည်တို့ချည်းသာ ရှုရာ၏။

ခြေတစ်လှမ်း, တစ်လှမ်း၌ "ဖြစ်သည် ပျက်သည်"ဟု ခြောက်ကြိမ်, ခြောက်ကြိမ် အာရုံမလွတ် သတိပြုကာ ရှုရာ၏။

တစ်ဖန် အဖြစ်ကို လွတ်၍ အပျက်ကိုသာ "ပျက်သည် ပျက်သည်" ဟူ၍ လည်းကောင်း၊ "ချုပ်သည် ချုပ်သည်" ဟူ၍လည်းကောင်း ရှုရာ၏။

တစ်နည်း-အနိစ္စ, ဒုက္ခ, အနတ္တ စသည်ဖြင့်လည်း ခြေတစ်ကြိမ်လှမ်း, ခြေတစ်ခါလှမ်း ခြောက်ချက်, ခြောက်ချက်တို့ကို အာရုံမလွတ် သတိပြုကာ စကြဲသွားစဉ်, စကြဲသွားခိုက်, စကြဲသွားတုန်းတို့၌ ရှုရာ၏။

တစ်နည်း "ကြွ-လှမ်း-ချ"

ခြေတစ်ကြိမ်လှမ်း, ခြေတစ်ခါလှမ်းလျှင် ခြောက်ကြိမ်, ခြောက်ခါ များလွန်းလှ၍ စိတ်လွန်းလှ၍ အာရုံမလိုက်, အာရုံမမိ သတိ မဖြစ်နိုင်သေးပါက၊ ခြေတစ်ကြိမ်လှမ်း, ခြေတစ်ခါလှမ်းလျှင် "ကြွ-လှမ်း-ချ" ဟု ပထမ ဦးစွာ စ,၍ လေ့ကျင့်ကာ အာရုံ ထင်လွယ်သည်။ သတိ ဖြစ်လွယ်သည်။ ကောင်းလှသည်။ ဝိပဿနာလည်း ရှု။

သုံးချက်, သုံးကြိမ်, သုံးခါ လေ,ကျင့်ပြီး နောက်မှ ခြောက်ချက်, ခြောက်ကြိမ်, ခြောက်ခါ လေ့ကျင့်လျှင် သာ၍လွယ်သည်။ ပို၍ကောင်းသည်။

အဋ္ဌကထာလာအတိုင်း သိစေ, မှတ်သားစေလို၍လည်းကောင်း၊ အဋ္ဌကထာဆရာ၏ စကား အစဉ်ကို မပျက်စေလိုမူ၍လည်းကောင်း ရှေးဦးပထမ ခြေတစ်လှမ်းခြောက်ကြိမ် ပြလိုက်လေသည်။

ကာယဝိညတ်၏ သဘော

ကိုယ်ကို လှုပ်စေလျက် ဝိညတ်သို့ ရောက်သောအခါ၌ကား အကြင်သူသည် ငါသည် ရှေ့သို့ တက်အံ့၊ နောက်သို့ ဆုတ်အံ့ စသည်ဖြင့် စိတ်သည် ရှေးဦးစွာ ဖြစ်၏။ ထို့နောက် ဝိညတ်ရုပ်သည် ကိုယ်ကို ပြည့်စေလျက် ရှေ့သို့မူလည်းတက်၏။ နောက်သို့မူလည်း ဆုတ်၏။ ဤ ကြိယာအတွင်း၌ သမ္မန္ဓ

http://www.dhammadownload.com

ဖြစ်သော ရုပ်,နာမ်တို့ကား စိတ်သည် ဝတ္ထုရုပ်၌ မှီရသည်ဖြစ်၍ ဝတ္ထုရုပ်၌ ဝတ္ထုဒသက-၁၀၊ ဘာဝဒသက-၁၀၊ ကာယဒသက-၁၀၊ စိတ္တဇ-၈၊ ဥတုဇ-၈၊ အာဟာရဇ-၈၊ ပေါင်းဝတ္ထုရုပ်၌ ရအပ်သော ရုပ်-၅၄၊ ထိုဝတ္ထု ရုပ်၌ပါသော ဝါယောဓာတ်သည် ကာယဝိညတ္တိ နဝက ၉-ပါးကို ဖြစ်စေ၏။ ထိုဝိညတ်၌ ပါသော ဝါယော ဓာတ်သည် ရူပကာယ၌ နှံ့၍တည်သော ကာယဒသက-၁၀၊ ဘာဝဒသက-၁၀၊ စိတ္တဇ-၈၊ ဥတုဇ-၈၊ အာဟာရ-၈ ဟူသော ကာယပသာဒ ၄၄-ပါး၌ ပါသော ဝါယောဓာတ်တို့ကို အဆက်ဆက် ထောက်ပံ့၏။

ဝစီပညတ်၏ သဘော

ငါသည် စကားဆိုအံ့ဟု စိတ်သည်ဖြစ်၍ ထို့နောင် ဝိညတ်ရုပ်သည် ကိုယ်ကို ပြည့်စေလျက် စကားဆိုခြင်းသည် ဖြစ်၏။ ဤကြိယာအတွင်း၌ သမ္မန္ဓဖြစ်သော ရုပ်, နာမ်တို့ကား စိတ်သည် ဝတ္ထုရုပ်၌ မှီရသည်ဖြစ်၍ ဝတ္ထုရုပ်၌ ရအပ်သောရုပ် ၅၄-ပါး၊ ထိုဝတ္ထုရုပ်၌ပါသော ပထဝီဓာတ်သည် ဥပါဒိန္နက ကာယပသာဒဟုဆိုအပ်သော ဌာန်ငါးပါးရှိသော ကမ္မဇပထဝီဓာတ်ကို ခတ်လျက် စိဒတ္တဝိပ္ပါရသဒ္ဒကိုဖြစ်စေ၍ ဝစီဝိညတ္တိသဒ္ဒဒသက ၁၀-ကလာပ် အဆက်ဆက်ကို ထောက်ပံ့၍ ဖြစ်စေ၏။

မနောဒ္ဓါ သဘော

"မနောဒ္ဓါရေ ဟဒယဝတ္ထု ကာယ ဘာဝဒသက ဝသေန စေဝ ဥတု သမုဋ္ဌာနာဒိဝသေန စ စတုပဏ္ဏာသမေဝ" ဟူသော မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနိဒ္ဒေသ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

"ကာမာဝစရသောဘဏေသု ပန ကုသလေသု တာဝ ပထမဒွယေ အညသမာနာ တေရသ စေတသိကာ ပဋ္ဌဝီသတိ သောဘဏစေတသိကာ စေတိအဋ္ဌတိံသ ဓမ္မာ သင်္ဂဟံဂစ္ဆန္တိ" ဟူသော သင်္ဂြိုဟ်တို့ အလိုအားဖြင့် မနောဒ္ဓါရ၌ ရုပ် ၅၄-ပါး၊ စေတသိက် ၃၈-ပါးတို့ကို ပြပေအံ့။

		၁။ စက္ခုသံဝရ		
စက္ခုဒသက	၁၀	ဥတုဇ	၈	စက္ခု၌ ရုပ်, နာမ်-၇၀
ကာယဒသက	၁၀	အာဟာရဇ	၈	
ဘာဝဒသက	၁၀	ရူပါရုံ	၈	
စိတ္တဇ	၈	ပေါင်း ၆၂-ပါး		
စက္ခုဝိညာဉ်စိတ်		၁		ပေါင်း နာမ် ၈-ပါး
သမ္ဗစိတ္တသာဓာရဏစေတသိက်		၇		

ခန္ဓာငါးပါး

၁။ ရုပ် ၆၂-ပါးသည် ရူပက္ခန္ဓာ မည်၏။

၂။ ဝေဒနာစေတသိက်သည် ဝေနာက္ခန္ဓာ မည်၏။

၃။ သညာစေတသိက်သည် သညာက္ခန္ဓာ မည်၏။

၄။ ကြွင်းသော စေတသိက် ငါးပါးသည် သင်္ခါရက္ခန္ဓာမည်၏။

၅။ စက္ခုဝိညာဉ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။

အာယတန လေးပါး

၁။ စက္ခုပသာဒ ၅၄-ပါးသည် စက္ခာယတန ၅၄-ပါး မည်၏။

၂။ ရူပါရုံ ၈-ပါးသည် ရူပါယတန ၈-ပါး မည်၏။

၃။ စက္ခုဝိညာဉ်စိတ် ၁-ပါးသည် မနာယတန ၁-ပါးမည်၏။

၄။ စေတသိက် ၇-ပါးသည် ဓမ္မာယတန ၇-ပါးမည်၏။

ဓာတ်လေးပါး

၁။ စက္ခုပသာဒ ၅၄-ပါးသည် စက္ခုဓာတ် ၅၄-ပါးမည်၏။

၂။ ရူပါရုံ ၈-ပါးသည် ရူပဓာတ် ၈-ပါးမည်၏။

၃။ စက္ခုဝိညာဉ်စိတ် ၁-ပါးသည် စက္ခုဝိညာဏဓာတ် ၁-ပါးမည်၏။

၄။ စေတသိက် ၇-ပါးသည် ဓမ္မဓာတ် ၇-ပါး မည်၏။

http://www.dhammadownload.com

ဤခန္ဓာငါးပါး, အာယတနလေးပါး, ဓာတ်လေးပါးတို့ အညီအမျှ ပေါင်းဆုံကြသောအခါ၌ တည့်တည့်ကြည့်ခြင်း, စောင်း၍ကြည့်ခြင်း စသည်ထင်ခဲ့၏။ ထိုသို့ တည့်တည့်ကြည့်ခြင်း, စောင်း၍ကြည့်ခြင်း၌ အဘယ်မည်သောသူ တည့်တည့်ကြည့်သနည်း။ ရုပ်ချင်းခိုက်၍ နာမ်က ကြည့်အပ်သည်၏ အဖြစ်ကြောင့် ကြည့်တတ်သောသူ လူ, နတ်, ဗြဟ္မာ သတ္တဝါမရှိသည်သာလျှင်တည်း။ ထို့ကြောင့် တစ်ခါကြည့်၍ တစ်ခါချုပ်ခဲ့လျှင် အနိစ္စ, ဒုက္ခ, အနတ္တ။ **အထူးသတိပြုရန်။** ။ ဤနည်းကို မှီး၍သွားခြင်း, လာခြင်း, ထိုင်ခြင်း, ရပ်ခြင်း, အိပ်ခြင်း, စောင်းခြင်း, မှောက်ခြင်း, လှန်ခြင်း, ဦးခေါင်းလှုပ်ခြင်း, ကိုယ်လှုပ်ခြင်း, ခြေလှုပ်ခြင်း, မျက်စိမှိတ်ခြင်း, နှုတ်ခမ်းလှုပ်ခြင်း, လျှာလှုပ်ခြင်း စသည်တို့၌ တစ်ခါလှုပ်၍ တစ်ခါချုပ်ခဲ့လျှင် အနိစ္စ, ဒုက္ခ, အနတ္တဟု ကာယ ဝိညတ္တိ သံဝရမှ ဆက်၍ကြည့်လေ။

တစ်ပါး, နှစ်ပါးသော သိက္ခာပုဒ်ကို ဆောက်တည်ထားပါက လွန်ကျူးသော သိက္ခာပုဒ်သာ ပျက်သည်။ ကျန်သော သိက္ခာပုဒ်များ တည်နေသည်။ လွန်ကျူးက ပျက်သည်။ သေလျှင် ပျက်သည်။ သီလ မတည်၊ သီလမရှိ၊ မလွန်ကျူးသမျှ, မသေသေးသမျှ သီလတည်တော့သည်။ သီလတည်က၊ သီလရှိက ဝိရတိဖြစ်တော့သည်။ ရတော့သည်။

ရက်လ ပိုင်းခြား၍ သီလဆောက်တည်က ပိုင်းခြားသော ရက်လ စေ့မှသာ, ကုန်မှသာ သီလ ပျက်တော့သည်။ သီလမရှိတော့ပေ။ ပိုင်းခြားသော ရက်လအတွင်း သီလတည်နေပါက၊ ရှိနေပါက ဝိရတိ ဖြစ်တော့၏။ ရတော့၏။

သီလပျက်သော ယောဂီ, သီလမရှိသော ယောဂီဟူ၍ တစ်ယောက်တလေမျှ မရှိပေ။ သို့ဖြစ်၍ ဝိရတိ ဖြစ်သင့် ရသင့်သည်ဟု ဆိုသင့်၏။

စာပေပရိယတ်လည်း ပြည့်စုံ၊ သီလဝိသုဒ္ဓိလည်း ပြည့်စုံသော ဆရာတော်ကြီးတို့အား အကယ်၍ တရားဟော, စာချစကားပြောစဉ် အသက်ရှူခိုက်၌ "အရှင်ဘုရား အသက်ရှူခိုက်, ရှူနေစဉ် ဝိရတိ ဖြစ်ပါ၏လား။ ရပါ၏လားဘုရား" ဟု လျှောက်ထားက၊ လျှောက်ထားကြည့်က သင်္ဂြိုဟ်, အဌကထာတို့ကို အာရုံပြုလျက် သုံးသပ်ဆင်ခြင်သတိသမ္ပဇဉ် ဉာဏ်မှာ ထင်လာ အမှတ်ရပြီး ဝိရတိ အဖြစ် မရဟု မုချဖြေလိမ့်မည်။ ထိုအခါ "ဒီလို ဖြစ်ပါလျှင် ဆရာတော် သီလ မရှိ၊ သီလ မစင်ကြယ် အလဇ္ဇီဒုသီလ ဖြစ်နေပါပေါ့လား။ ဖြစ်နေတော့၏' ဟု လျှောက်ဆိုသော စကားကို လက်ခံနိုင်လိမ့်မည် မဟုတ်ပေ။ မိမိ အလဇ္ဇီဒုသီလ ဖြစ်နေပုံ, ဖြစ်နေဟန်, ဖြစ်နေမည်ကို ဝန်ခံဝံ့မည်မဟုတ်ပေ။ ဘာ့ကြောင့်နည်း။ မိမိ ဝိရတိဖြစ်၍သာ သီလဝိသုဒ္ဓိ ပြည့်စုံနေသည်ကို သံသယမရှိ၊ မိမိ ယုံကြည်ချက်ကြောင့်ပင်။

အာနာပါန အသက်ရှူခိုက်ဆိုသည် "ပုဂ္ဂလဓိဋ္ဌာန်" ဟု သိ။

"ဝိရတိအဘာဝေပိ ပါပါဘာဝမတ္တမေဝ" ဟူ၍လည်းကောင်း၊ "သုတ္တန္တိက ဒေသနာနာမ ပရိယာယ ဒေသနာ" ဟူ၍လည်းကောင်း သုတ္တန်နည်းအားဖြင့် အာနာပါန အခိုက်၌ ဝိရတိ ဖြစ်သင့် ရသင့်၏။

"အဝီတိက္ကန္တဿ ပုဂ္ဂလဿ ဓမ္မသမူဟဿ" ဆိုသဖြင့်လည်း ပုဂ္ဂလဓိဋ္ဌာန် တရားအပေါင်းအစုအားဖြင့် ဝိရတိ ဖြစ်သင့် ရသင့်၏။

"ဥပ္ပဇ္ဇနဓမ္မတာယ ဆတ္တိံသ" ဟု အဌကထာဋီကာ ဆရာတို့ မိန့်တော်မူသော စေတသိက် အရေအတွက် စကားအစဉ်ကို မပျက်စေလို မပျက်စေမူ၍ အာနာပါနအခိုက်၌ စေတသိက် ၃၈-ပါး ရ၏။ ဝိရတိ ဖြစ်၏၊ ရ၏ဟု ပြလိုက်ခြင်း ဖြစ်ပေသည်။

"ကရုဏာလောဘာဒိပမုခေန" ကရုဏာပါ ရသင့်ရထိုက်ဟန်ကိုလည်း မဟာဋီကာအရှင်မြတ်ကြံဆ ယူဆပေသေး၏။

"တသ္မာ ဧကက္ခဏေပိ လဗ္ဘန္တီတိ အဓိပ္ပာ

http://www.dhammadownload.com

ယော"ဟု ဝိရတိ အပ္ပမညာ စေတသိက်တို့လည်း စိတ္တုပ္ပာဒ်၌ တစ်ပြိုင်နက်, တစ်ပေါင်းတည်း ရဟန်း ဖြစ်ဟန်ကိုလည်း မဟာဋီကာ ဆရာအရှင်မြတ် အလို ရှိပြန်ပေသေးသည်။

ကာမကုသိုလ်မှန်က ဖြစ်ရမည့်, ရရမည့်, သဘောတရားဖြစ်၍ လည်းကောင်း၊ ကာမကုသိုလ် တိုင်း မကင်းတတ်, မကင်းကောင်း, မကင်းနိုင်သော သဘောတရားဖြစ်၍လည်းကောင်း၊ 'အဋ္ဌတိသ ဆတ္တိသ"ဟု အဋ္ဌကထာဋီကာ ဆရာတို့ ပြသည် ဖြစ်၍ လည်းကောင်း၊ သုတ္တန်နည်းအားဖြင့် လည်း ကောင်း၊ ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် လည်းကောင်း၊ ကုသိုလ်တွင် လွန်ကဲသော အဓိကုသလကုသိုလ်, ဘာဝနာကုသိုလ်ဖြစ်၍ လည်းကောင်း၊ သာမန် သီလ, ရိုးရိုးသီလတွင်မက လွန်ကဲမွန်မြတ်သော အဓိသီလဖြစ်၍ လည်းကောင်း၊ သီလဝိသုဒ္ဓိနှင့် ပြည့်စုံသော ယောဂီများဖြစ်၍ လည်းကောင်း၊ သမထဝိပဿနာတရားတို့ကို ပွားများအားထုတ်နေ သော ယောဂီများ ဖြစ်၍လည်းကောင်း၊ အဋ္ဌတိသ ဆတ္တိသ (=၃၈-ပါး ၃၆-ပါး)ဆိုသော အဋ္ဌကထာ ဋီကာဆရာတို့၏ စေတသိက်အရေအတွက်မှ မယုတ်လျော့စေလိုမူ၍လည်းကောင်း အာနာပါန အခိုက်၌ စေတသိက် ၃၈- ပါး၏ဟု ပြလိုက်ခြင်း ဖြစ်ပေသတည်း။

သုတ္တန်နှင့် အဘိဓမ္မာ အဋ္ဌကထာ ဆရာ အချင်းချင်း ယူဆပုံ တစ်မျိုးတစ်ဖုံစီ ဖြစ်နေပေသေး သည်။ သဗ္ဗညုတ ဉာဏ်တော်၏ ကျက်စားရာ, အဘိဓမ္မာအရာဖြစ်၍ ရှေးဆရာကြီးများသည်လည်း ယတိပြတ် မဆုံးဖြတ်ဝံ့ရဲကြပေ။ သို့ဖြစ်၍ "သင့်၏" ဟုသာ ဆိုရ ပြရပေတော့သည်။

မဟာကုသိုလ်ကို ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်, ဝိပဿနာကုသိုလ်, ဘာဝနာ ကုသိုလ် ရှိသမျှ ကာမကုသိုလ်တွေကို အကုန် သိမ်း ကြုံးကာ မဟာကုသိုလ်လို့ ခေါ်သည်။

ထို မဟာကုသိုလ်ကို သာမန်မဟာကုသိုလ်, အထူးဝိသေသ မဟာကုသိုလ်ဟု ရှေးဦးစွာ နှစ်မျိုး နှစ်စား နှစ်ပါးခွဲခြားထား၊ ခွဲခြား၍ မှတ်။

သီလကုသိုလ်ကိုရည်၍လည်းကောင်း၊ သီလ ကုသိုလ်ပါ၍ လည်းကောင်း၊ သို့မဟုတ် ကရဏာ ဘာဝနာကုသိုလ်, မုဒိတာ ဘာဝနာ ကုသိုလ် တို့ကို ရည်၍ လည်းကောင်း၊ ပါ၍လည်းကောင်း အားလုံး သော ကာမကုသိုလ်သည် သာမန် မဟာကုသိုလ် မည်၏။ သာမန် မဟာကုသိုလ် ခေါ်၏။

ဒါနကုသိုလ်, သမထကုသိုလ်, ဝိပဿနာ ကုသိုလ်တို့သည် အထူး ဝိသေသ မဟာကုသိုလ် မည်၏။ အထူး ဝိသေသ မဟာကုသိုလ် မည်၏။

သီလကုသိုလ်, ကရဏာကုသိုလ်, မုဒိတာ ကုသိုလ်ပါသော သာမန် မဟာကုသိုလ်၌ စေတ သိက် ၃၈-ပါး ရသည်လို့ ဓမ္မသင်္ဂဏီပါဠိတော်- ၁၇၊ အဋ္ဌသာလိနီအဋ္ဌကထာ ၁၇၆-၁၇၈၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ခန္ဓနိဒ္ဒေသသခ်ိရက္ခန္ဓကထာ ဒုတိယ အုပ် ၉၂-၉၇၊ သင်္ဂြိဟ်တို့က ဆိုသည်။

သီလကုသိုလ်၌ စေတသိက် ၃၆-ပါး ရ သည်။ ကရဏာ, မုဒိတာ, ဘာဝနာကုသိုလ်, သမထ ကုသိုလ်၌ စေတသိက် ၃၅-ပါး ရသည်။

ဘာဝနာကုသိုလ်,သမထကုသိုလ်, ဝိပဿနာ ကုသိုလ်, ဒါနကုသိုလ်တို့၌ ကရဏာ, မုဒိတာ နှစ်၊ ကျန်သော စေတသိက် ၃၃-ပါး ရသည်။ ဤ အထူး ဝိသေသ မဟာကုသိုလ်၌ စေတသိက် ၃၃-ပါး ရသည်လို့ ဆိုလိုသည်။

ဝိရတိစေတသိက်သည် သီလနယ်, သီလ ကုသိုလ်နယ်က ဖြစ်သည်။ သို့ဖြစ်၍ သီလကုသိုလ်, သီလမဟာကုသိုလ်၌ ဝိရတိ စေတသိက် ရသည်။ သို့ သီလကုသိုလ်၌ ဝိရတိစေတသိက်ရသည့် အတွက် သီလကုသိုလ်, သီလမဟာကုသိုလ်၌ စေတသိက် ၃၆-ပါး ရသည် ဆိုသည်။

ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော် ၁၀၄-နှင့်

http://www.dhammadownload.com

အဋ္ဌကထာ သာလိနီ အဋ္ဌကထာ ၃၁၆-တို့၌ ဟော ကြားမိန့်တော်မူသော "ပဋ္ဌ သိက္ခာပဒါ ကုသလာ ယေဝ" ဟူသော ပါဠိတော် အကိုးအကားအဖြစ် သာဓက ထုတ်ဆောင်ကာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ခန္ဓနိဒ္ဒေသ သခ်ါရက္ခန္ဓကထာ ဒုတိယအုပ် ၁၀၁-၌ "ဝိရတိယောပိ ဝိပါကေသု နာ သန္တိ။ ပဋ္ဌသိက္ခာပဒါ ကုသလာယေဝါတိ ဟိ ဝုတ္တံ (=ဝိရတိစေတသိက်တို့ သည်လည်း ဝိပါက်တို့၌ မရှိကုန်၊ မရကုန်။ ဝိပါက် တို့၌ ဝိရတိစေတသိက်တို့လည်း မရှိ မရဟု ငါ ဆို သော စကားသည် မှန်၏။ သိက္ခာပုဒ် ငါးပါးတို့ သည် ကုသိုလ်တို့သည်သာလျှင်)"ဟူ၍ အဋ္ဌကထာ အရှင်မြတ် မိန့်ဆိုတော်မူသည်။

ဤ ဝိသုဒ္ဓိမဂ် အကိုးသာဓကအရ သီလ ကုသိုလ် သီလ မဟာ ကုသိုလ်၌ ဝိရတိစေတသိက်ရ သည်ဟု ဆိုသည်။

ထို ဝိရတိစေတသိက် ခေါ် သမ္မာဝါစာ စေတသိက် သမ္မာကမ္မန္တ စေတသိက်, သမ္မာအာဇီဝ စေတသိက်တို့ကို မဂ္ဂင်္ဂစ်ပါး၌ သမ္မာဝါစာမဂ္ဂင်, သမ္မာကမ္မန္တမဂ္ဂင်, သမ္မာအာဇီဝမဂ္ဂင် ဟူ၍ သဗ္ဗညုရှင် တော်ဘုရားသည် မဂ္ဂင် ဟူသော အမည်ဖြင့် နာမ ပညတ် သမုတ်လတ်ကာ ရွှေဘွဲ့တော် တံဆိပ် ခတ်နှိပ်ပေးထားတော်မူပေသည်။

ထို့ကြောင့် မဟာသတိပဋ္ဌာန် သုတ်တော် မြတ် ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ သို့မဟုတ် မဂ္ဂသစ္စာ၌ ဤသို့ သဗ္ဗညုတရှင်တော် ဘုရား ဟောကြားတော်မူလေသည်။

၁။ ရဟန်းတို့... ကောင်းစွာဆိုခြင်းကား အဘယ် နည်း။ မဟုတ် မမှန်သောစကားကို ဆိုခြင်းမှ ရှောင် ကြဉ်ခြင်း၊ ချောပစ်ကုန်းတိုက်သောစကားမှ ရှောင် ကြဉ်ခြင်း၊ ကြမ်းကြုတ်သောစကားမှ ရှောင်ကြဉ် ခြင်း၊ အကျိုးမရှိ အဖျင်းပြောဆိုခြင်းမှ ရှောင်ကြဉ် ခြင်း။ ရဟန်းတို့... ဤ ရှောင်ကြဉ်ခြင်းတရား ၄ပါး ကို ကောင်းစွာပြောဆိုခြင်းဟူ၍ ဆို၏။ ခေါ်၏။

၂။ ရဟန်းတို့... ကောင်းစွာပြုခြင်းကား အဘယ် နည်း။ သူ၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ် ခြင်း၊ အရှင် မပေးသော သူ၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမတို့၌ မှားယွင်းသောအကျင့်မှ ရှောင်ကြဉ်ခြင်း၊ ရဟန်းတို့... ဤရှောင်ကြဉ်ခြင်း တရား ၃-ပါး ကောင်းစွာပြုခြင်းဟူ၍ဆို၏။ ခေါ်၏။

၃။ ရဟန်းတို့... ကောင်းစွာ အသက်မွေးခြင်း ကား အဘယ်နည်း။ ရဟန်းတို့... ဤ ငါဘုရား၏ သာသနာတော်၌ မြတ်သော အရိယဖြစ်သော ငါ ဘုရား၏ တပည့်သည် မကောင်းသော, မှားသော, အသက်မွေးခြင်းကို ပယ်၍ ကောင်းသော အသက် မွေးခြင်းဖြင့် အသက်မွေး၏။ ရဟန်းတို့... ဤတရား ကို ကောင်းစွာအသက်မွေးခြင်းဟူ၍ ဆို၏။ ခေါ်၏။

ဤမဂ္ဂင် ၃-ပါးကို သီလမဂ္ဂင်ဖွဲ့သည်။ သီလ မဂ္ဂင်၌ ပေါင်းထားသည်။ သီလမဂ္ဂင်ကုသိုလ်ဟု ခေါ် သည်။ သီလမဂ္ဂင် မဟာကုသိုလ်လို့ ဆိုလိုသည်။

အာနာပါနသည် သုတ္တန်၊ ဝါယောဓာတ် သည် အဘိဓမ္မာ။ ထွက်သက်ဝင်သက် ရှူရှိုက်တတ် သောပုဂ္ဂိုလ်၊ ရှူရှိုက်နေသော ယောဂီပုဂ္ဂိုလ်ကို ရည်၍ သုတ္တန်လို့ ဆိုသည်။ အာနာပါနသည် အာရုံမူ၏ က၊ ဝါယောလေသည် အာရုံ။ အာနာပါန သည် အာရုံရှိသူ ယောဂီ၊ ဝါယောလေသည် ယောဂီ၏ အာရုံပြုရာ အာရုံလေ၊ လေအာရုံ။ အာနာပါနသည် ပုဂ္ဂလ၊ ဝါယောဓာတ်သည် ဓမ္မ။ အာနာပါနသည် ပုဂ္ဂလဓိဋ္ဌာန်၊ ဝါယောဓာတ်သည် ဓမ္မဓိဋ္ဌာန်။

အာနာပါန သုတ္တန် အာရုံရှိသူ ယောဂီပုဂ္ဂလ ပုဂ္ဂလ ဓိဋ္ဌာန်တို့သည်ကား သီလနယ်, သီလကုသိုလ်နယ်, သီလ မဟာကုသိုလ်နယ်၌ အတွင်းဝင်နေသည်။ အကျုံးဝင်နေသည်။ ပါနေ သည်။ များသောအားဖြင့် တရားအားထုတ်သူ ယောဂီမှန်က အဖျင်းဆုံး, အညံ့ဆုံး ငါးပါး သီလ ဆောက်တည်သည်။ စောင့်ထိန်းသည်။ ငါးပါးသီလ

http://www.dhammadownload.com

ရှိသည်။ တည်သည်၊ ပြည့်စုံသည်။ "ပဋိသိက္ခာပဒါကုသလာယေဝ" ဆိုသည့်အတိုင်း သီလကုသိုလ်နယ်သို့ ဖြောင့်တန်းစွာ ဝင်နေ၊ ပါဝင်နေတော့သည်။ သို့သီလကုသိုလ်နယ်သို့ ပါဝင်နေပါကလည်း ဝိရတီစေတသိက် ကျတော့သည်။

ထိုသီလကုသိုလ်နယ်သို့ မဝင်, ဝိရတီစေတသိက်မရပါက သီလချို့တဲ့သူ, သီလမရှိသူ, ဒုဿီလဖြစ်တော့သည်။ သီလမရှိသူ, သီလ မတည်သူ ယောဂီဟူ၍ တစ်ယောက်တလေမျှ မရှိပေ။ မရှိချေ။

ဤအရာ၌ခွဲခြားဝေဖန်ကာ သိခဲ့၏။ သဘော ကျခဲ့၏။ သဘောသက်ခဲ့၏။ သဘောသက်ဝင်နိုင်ခဲ့လှ၏။

အနိယတ အနိယတ ယောဂီ စေတသိက် အရာ၌ "ကဒါစိ သန္နိဿန္နိဝိသုံ ဝိသုံ၊ နာနာ ကဒါစိ" ဟူသော သင်္ဂြိဟ် စသည်တို့ကို အမြဲလက်ကိုင်ပျိုးကာ လက်စွဲထားလျက် ပုဂ္ဂလဓိဋ္ဌာန်မဖက် အဘိဓမ္မာသဘော ဓမ္မဓိဋ္ဌာန် သက်သက်ချည်းသာ အာရုံစိုက်, စိတ်ဝင်စား, စိတ်စောလွန်းအားကြီး၍ အသိဉာဏ်ရှုပ်ထွေးနေတတ်သည်။ အသိဉာဏ်မလင်းဘဲ ဖြစ်နေတတ်သည်။

သို့ဖြစ်၍ သုတ္တန်အာရမ္မဏိက ပုဂ္ဂလအဓိဋ္ဌာန်အနေအားဖြင့် လည်းကောင်း၊ ရည်ရွယ်၍လည်းကောင်း၊ "အာနာပါနအခိုက်၌ စေတသိက် ၃၈ ပါး ရ၏" ဟု ပြလိုက်ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် လည်း သာသနာတော်ထမ်းရဟန်းသံဃာတော် မှန်သမျှတို့သည် မိမိတို့ ရှေးရှေးဘဝက လေ့လာဆည်းပူး အားထုတ်ပွားများခဲ့ဖူးသော အထုံဘာဂီ ပါရမီအားလျော်စွာ ယခုဘဝ ပစ္စက္ခမျက်မှောက်၌ မိမိတို့ကြိုက်ရာ, နှစ်သက်ရာ, သဘောကျရာ, စိတ်ဆန္ဒရှိရာ အသီးသီးသော သမထကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်ကြပေသည်။ ထိုသို့ မိမိကြိုက်နှစ်သက်ရာသမထကမ္မဋ္ဌာန်းတို့ကို ပွားများအားထုတ်သည် အားလျော်စွာ အများအပြား စျာန်လည်း ရကြပေသည်။ ထိုစျာန်ကို အခြေခံပြု၍, အမှီပြု ၍ ဝိပဿနာရှုလျက် ခီဏာသဝ (= ရဟန္တာ) ဖြစ်တော်မူကြသော အရှင်မြတ်များလည်း မနည်းလှပေ။ အလွန်များပြားလှပေသည်။ ကိုယ်တိုင်ဒိဋ္ဌ ဖူးမြင်ရခြင်း၊ ယုံကြည်လေးစားထိုက်သော ပုဂ္ဂိုလ်မြတ်တို့ထံမှ တစ်ဆင့်စကား ကြားသိရခြင်းသည်လည်း များပြားလှပေသည်။

ဤကဲ့သို့ မျက်မြင်ဒိဋ္ဌ ဖူးတွေ့ရခြင်း၊ ကြားသိရခြင်းတို့ကြောင့် သာသနာတော်တွင်း၌ မည်သည့် သမထကမ္မဋ္ဌာန်း ရ, မရ၊ အားထုတ်ကောင်း, အားမထုတ်ကောင်းဟု စိစစ်နေဖွယ်, သံသယဖြစ်နေဖွယ် မလိုတော့ပေ။

ထို့ပြင်လည်း အဆောင်ဆောင်သော အဋ္ဌကထာတို့၌ မည်သည့်ပုဂ္ဂိုလ်သည် မည်သည့်သမထကမ္မဋ္ဌာန်းကို ပွားများအားထုတ်၍ မည်သည့် စျာန်ရသည်။ ထိုစျာန်ကိုအခြေပြုလျက် ဝိပဿနာရှု၍ ခီဏာသဝ (=ရဟန္တာ) ဖြစ်တော်မူကြကြောင်းကို ထင်ထင်ရှားရှား ပြတော်မူခဲ့ပြီးဖြစ်၍ ခွဲခြား ဝေဖန်နေဖွယ်ရာ မလိုတော့ဟု ယူဆတော်မူခြင်းကြောင့်သာ မခွဲခြား မဝေဖန်ခဲ့ဟန် တူပေသည်။

ထို့ကြောင့်လည်း သာသနာတော်တွင်း၌ သမထကမ္မဋ္ဌာန်းလေးဆယ်တို့တွင် မည်သည့်သမထ ကမ္မဋ္ဌာန်းမျိုးတို့ကိုမျှ အားမထုတ်အပ်, အားမထုတ်ကောင်းဟု တစ်စောင်တစ်ခု မည်သည့် အဋ္ဌကထာ ဋီကာကျမ်းကမျှ တားမြစ်ကန့်ကွက်ခြင်း မရှိပေ။

သမထကမ္မဋ္ဌာန်းကို အားထုတ်ပွားများခြင်း တည်သော်လည်း သာသနာတော်တွင်း ပုဂ္ဂိုလ်တို့၏ နှလုံးသွင်း အာဘောဂ အစွမ်းသယ ဆန္ဒနှင့် သာသနာပ ပုဂ္ဂိုလ်တို့၏ နှလုံးသွင်း အာဘောဂ အစွမ်းသယ ဆန္ဒခြင်း ထူးခြားကွဲပြား ခြားနားဟန်ကို ပြဦးမည်။

စျာန်ရမှုတစ်ခုတည်းကိုသာ ရှေးရှုအာရုံပြု၍ သာသနာပပုဂ္ဂိုလ်တို့သည် သမထကမ္မဋ္ဌာန်းကို အားထုတ်ပွားများသည်။ ထိုပုဂ္ဂိုလ်တို့အဖို့ စျာန်ရလျှင် သမထကမ္မဋ္ဌာန်း အားထုတ်ပွားများမှုကိစ္စ

http://www.dhammadownload.com

ပြီးဆုံးတော့၏။ ဈာနသုခ (= ဈာန်ချမ်းသာ)ကိုသာ အမြဲမပြတ် ခံစားနေတော့၏။

အရဟတ္တဖိုလ်ဉာဏ်နှင့်တကွ ဈာန်ရမှုကိစ္စတို့ကို ရှေးရှုအာရုံပြု၍ သာသနာတော်တွင်း ပုဂ္ဂိုလ်တို့သည် သမထကမ္မဋ္ဌာန်းကို အားထုတ်ပွားများသည်။ ထိုပုဂ္ဂိုလ်တို့အဖို့ ဈာန်ရရုံမျှနှင့် သမထကမ္မဋ္ဌာန်း အားထုတ်ပွားများမှုကိစ္စ မပြီးဆုံးသေး။ အရဟတ္တဖိုလ်ဉာဏ်၊ ရမှုကိစ္စအတွက် ဆက်လက်ပြီး ဝိပဿနာရှုရန် ကျန်သေး၏။ ဝိပဿနာရှုလျက် အရဟတ္တဖိုလ်ဉာဏ်ရမှသာ သမထကမ္မဋ္ဌာန်း အားထုတ်ပွားများမှုကိစ္စ ပြီးဆုံးတော့၏။ ဖလသမာ ပတ္တိသုခ (=ဖလ သမာပတ်ဖိုလ်ချမ်းသာ) ကိုသာ အမြဲမပြတ် ခံစား၍နေတော့၏။ ဤသို့ ကွဲပြားထူးခြား၏။

သာသနာပ သမထကမ္မဋ္ဌာန်း၏အဆုံးကား ဈာန်ရလျှင် ပြီးဆုံး၏။ သာသနာတော်တွင်း သမထကမ္မဋ္ဌာန်း၏အဆုံးကား ဈာန်ရရုံမျှနှင့် မပြီးဆုံးသေး၊ အရဟတ္တဖိုလ်ဉာဏ်ရမှ ကိစ္စပြီးဆုံး၏။ ဤသည်လည်း အကျဉ်းခွဲခြား၍ ကွဲပြားထူးခြားဟန်ကို မှတ်။

သမထဆိုလျှင် သာသနာတော်တွင်း သာသနာပ မကွဲမပြား မခွဲမခြားဘဲ အတူတူပဲ မထူးပါဟု သာသနာတော်တွင်း သမထ၊ သာသနာပ သမထဟူ၍ မခွဲမခြားဘဲ မကွဲမပြားရောထွေး၍ မယူကြနှင့်၊ မပြောဆိုကြနှင့်။ ပညာမဲ့ရာကျနေတတ်သည်။ အထူးသတိပြု။

သမထကမ္မဋ္ဌာန်းတို့ကို သာသနာတော်တွင်း၌ အားမထုတ်အပ်၊ အားမထုတ်ကောင်း၊ အားထုတ်ရမည့် ကမ္မဋ္ဌာန်းတို့ မဟုတ်။ သာသနာပ၌သာ အားထုတ်အပ်၊ အားထုတ်ကောင်း၏။ အားထုတ်ရမည့် ကမ္မဋ္ဌာန်းမျိုးသာဖြစ်၏ဟု ဤကဲ့သို့ သာမန်ပုဂ္ဂိုလ်ရှေ့ ပြောမိဆိုမိက တော်ပါသေး၏။ အကယ်၍ သတိသမ္ဗဇ္ဈင် အမြဲယှဉ်သော ပညာရှိရှေ့ ပြောမိဆိုမိပါက သာသနာပ၌ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ သမထကမ္မဋ္ဌာန်းတို့ကို အားထုတ်နိုင်ပါရဲ့လား၊ ယခု သာသနာတော်တွင်း၌ ထိုဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ သံဃာနုဿတိ သမထကမ္မဋ္ဌာန်းတို့ကို အားမထုတ်ကောင်းဘူးလား၊ ဆင်ခြင်စဉ်းစား သတိထား၍ ပြောပါလို့ မိမိကိုပြန်၍ မေးက ခိုးထုပ်ခိုးထည်နှင့်တကွ လူလယ်မှာ ဖမ်းမိနေသော သူခိုးကဲ့သို့ ဘာမျှ မပြောနိုင်ဘဲ၊ မပြောတတ်ဘဲ ဘာအဖြေမှ ပြန်မဖြေနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် မှိုင်တွေငေးမောရ၍သာ နေရပေလိမ့်မည်.

သာသနာတော်နှင့် ကြဲကြိုက်ခိုက် သာသနာတော်အတွင်း၌ သမထကမ္မဋ္ဌာန်းတို့ကို အသက်ထက်ဆုံး အားထုတ်ရမည်ဟု မဆိုလို။

"သမာဓိ ဘိက္ခဝေ ဘာဝေထ"ဟူ၍ မြတ်စွာဘုရားကိုယ်တော်တိုင် ထိုထိုသို့သော သုတ်တော်ဒေသနာအဖြာဖြာတို့၌ အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ် မိန့်မြွက် ဟောပြတိုက်တွန်းချက်အရ ခေတ်ကာလသက်တမ်းကျန်းမာမှု ကျရိယာပုတ်တို့ကို ထောက်ဆ၍ ဈာန်တည်းဟူသော "အပ္ပနာ သမာဓိ"ကို မဖြစ်စေနိုင်သော်လည်း "ဥပစာရ သမာဓိ" မျှလောက်ကိုတော့ ရအောင် အားထုတ်ဖို့ အလွန်ကောင်းလှ၏။ ဥပစာရသာဓိကို ရအောင် အားထုတ်ကြပါလေ။ ယောဂီဂိုဏ်းဝင် သူတော်စင် အပေါင်းတို့...။ ။

[အကျယ်ကို ဆရာတော်ကြီး၏ ဘာဝနာပါရဂူ၊ ဝိပဿနာ ပါရဂူကျမ်းတို့တွင် ဖတ်ရှုပါလေ။]

အရှေ့ပရက္ကမဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းပြီး၏။

○

ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်းများ တတိယတွဲပြီး၏။

■

ကျော်နန္ဒအောင်

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

သီးလုံးဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

သီးလုံးဆရာတော်ဘုရားကြီး ရေးသား ဟော ကြားတော်မူခဲ့သော တရားတော်ကို ဗုဒ္ဓဘာသာနွယ် ဝင် သူတော်စင်တို့အတွက် ရည်စူး၍ အထူး ဖော်ပြ လိုပါသည်။ ဒေသနာကို မဖော်ပြမီ သီးလုံးဆရာ တော်ဘုရားကြီး၏ အကြောင်းအထွာပွတ်ကို သိမိ သမျှ ဖော်ပြရလျှင် စာရှူသူတို့၌ ထူးမြတ်သော သဒ္ဓါ တရားတိုးပွားလာ၍ ဒေသနာတော်ကို ဖတ်ရှုရာတွင် သက်ဝင် လေးစားမှတ်သားလိုစိတ် ထက်သန်လာ လိမ့်မည်ဟု မျှော်လင့်ရင်းရှိပါသည်။ ထိုသို့မျှော်လင့် ရင်းရှိသည့်အတွက် သီးလုံးဆရားတော်ဘုရားကြီး၏ ဆရာ အစဉ်အဆက်ကို ရှေးဦးစွာ ဖော်ပြပါအုံး။

သီးလုံးဆရာတော်ဘုရားကြီး၏ ဆရာစဉ်ဆက်

မြန်မာသက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် အလောင်း ဘုရား ဦးအောင်ဇေယျသည် ပျက်စီးနေသော မြန်မာ နိုင်ငံကို ပြန်လည်ထူထောင်ရန် ရတနာသိဃ် ပူရတန် ဆောင် ကုန်းဘောင်ရွေပြည် အစည်မော်ကွန်း မယွန်း တံဆိပ် ဓာတ်မိတ်ဖက်ရံ စံကမွည်းနှောင် ရန်ကြီး အောင်၍ ရွှေတောင် ရွှေနန်းကို သိမ်းမြန်းစံပယ်တော် မူလေသည်။

ထိုအခါ အလောင်းဘုရားသည် တစ်လ လေးသီတင်းနန်းတော်တွင် သံဃာတော်တို့အား ပင့် ဖိတ်၍ ဆွမ်းလုပ်ကျွေးခြင်း၊ မင်းညီမင်းသား မိဖုရား မကျန် ဥပုသ်စောင့်သုံးခြင်း၊ ဂုဏ်တော်ကိုးပါးပါဠိ အနက်ကို တစ်နှန်းတော်လုံး ဆောင်ရွက်လေ့ကျင့်စေ ခြင်း၊ ပွဲကျောင်းဂါမဝါသီ အလဖိုတို့ကို တရားသဖြင့် ဆုံးမ၍ သာသနာတော်မြတ်ကို သုတ်သင်ပြုစုခြင်း၊ အုပ်ချုစ်ကျေးရွာကျောင်း တောင်ဘီလူး ဆရာတော် ၏တပည့် အတင်ဂိုဏ်း ရှင်ယသကို မင်းဆရာအဖြစ် ကိုးကွယ်ခြင်း၊ ယင်းသို့ဖြစ်၍ အရုံဂိုဏ်း ပလိုင်း ရှင် သုဇာတလည်း ထိုဝါဒကို ပြောဆိုရာ မပြီးမပြတ် ရှိရချေသည်။

သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် သားတော်အိမ် ရှေ့မင်း မင်းဖြစ်၍ စစ်ကိုင်းမြို့ကို ထပ်ဆင့် တည် ထောင်ပြန်သဖြင့် စစ်ကိုင်းမြို့တည်မင်းဟု တွင် သည်။ တောင်တွင်းကြီးမြို့ ရှင်ဉာဏ (မကာရလောပ ခင်ကြီးပျော်)သည် ဉာဏ်ပညာ ထက်သန်၍ တစ်နေ့ လျှင် စာအင်္ဂါ တစ်ကိုက်ခန့်ရသည်။ (ပေရွက်များကို ထပ်၍ ပါးစပ်ဖြင့်ကိုက်လျှင် တစ်ကိုက်ခန့်ရှိသည်။) သို့ဖြစ်၍ တောင်တွင်းကျော်ဟု ကျော်စောထင်ရှား ၏။ ပဋ္ဌင်းပျိုကပင်ပုဒ်စစ် ဥတ်အရကောက် ယမိုက် ခက်ဆစ်ပဋ္ဌာန်း အရကောက်များကို စီရင်ရေးသား ၏။ ထိုပုဂ္ဂိုလ်ကို ပင့်၍ မဟာဘုံသာကျောင်းကို တင်လျှ၏။ ထိုမင်းလက်ထက်လည်း အတင် အရုံ

http://www.dhammadownload.com

အကြောင်းကို ပြန်ပြောခွင့်မရ ဖြစ်လေ၏။

သက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် ညီတော်ဆင်ဖြူရှင်မင်းဖြစ်၍ ရတနာပူရ ရွှေဝမြို့ကြီးကို သုံးကြိမ်မြောက် တည်သဖြင့် တတိယအဝမြို့တည်မင်းလည်းတွင်သည်။ မကွေးမြို့က ဆင်ဖြူတော်ရသောကြောင့် ဆင်ဖြူရှင်လည်း တွင်သည်။ စရစ်ရွာ ပထမ ရှင်နန္ဒာဝရအား ပထမ ဘုံကျော်တုလွတ်ကျောင်းကို တင်လှူတော်မူ၏။ ထိုမင်း လက်ထက်ဓောတိဝါဒရှိသူ လူများ ပေါလာသဖြင့် ဆုံးမစီရင်ရ၏။

သက္ကရာဇ် ၁၁၃၈ ခုနှစ်တွင် သားတော် စဉ့်ကူးမင်း မင်းဖြစ်၍ ငါးထပ်ကျောင်းကြီး ဆောက်လုပ်ပြီးလျှင် အောင်မြေစံထွက် ကမ္မည်းတပ်လျက် ဂုဏာမုနိန္ဒာဘိ တံဆိပ်နှင့်တကွ မန်လည်ဆရာတော်အား တင်လှူ၏။ ထိုအခါ ရှင်အရဟံအနွယ် ဆယ်အင်းဂိုဏ်းအုပ် ရှင်ဉာဏလင်္ကာရ တပည့် ဒီပဝင်းနမော ရွာ၌ ရှင်ပုညာရမ္ဘ သီတင်းသုံးနေ၏။ ဗန်ကျီတိုက်အတွင်း ပေါက်မြင့်ဓာတိ ရှင်နန္ဒမာလာလည်း ရှင်အရဟံအနွယ်ဖြစ်သည့်အတိုင်း အကျင့်သီလ ဉာဏ်ပညာအာစာရနှင့် ပြည့်စုံကြောင်း ကျော်စောထင်ရှား၏။ ထိုအရှင်သည် စလင်း မြို့ရွှေကျောင်း၌ ဝါဆို၍ စာပေကျမ်းဂန်ပို့ချနေစဉ် သာမဏေတို့ ရွာဝင်ရွာထွက် လက်ကန်တော့တင်ခြင်းကား (သင်္ကန်းမရုံဘဲ သွားခြင်း) ဝိနည်းတရားနှင့်မညီဟု စာပေသိကုံး ရေးသား၏။ ထိုစာကို အတင်ဂိုဏ်းသားတို့ မင်းနားကြားအောင်ပြု၍ စဉ့်ကူးမင်းလည်း ရှင်နန္ဒမာလာမထေရ်ကို ရတနာပူရအဝမြို့သို့ ပင့်စေရာ ရောက်လျှင် ရွှေမြို့တော် ဧသန်အရပ် (အရှေ့တောင်ယွန်း) ရေနန်းတော်၌ တည်းခိုနေထိုင်စေ၏။

သာသနာရေးကို အားပေးခြင်း

မထေရ်မြတ်လည်း စဉ့်ကူးမင်းအား ဝိနည်းတရားကို ရှေးဦးစွာ သင်ကြားတော်မူရာ သဘော သကန်ကျနမှ အတင် အရံ (၂)ဂိုဏ်းသားတို့ကို ရှေတော်သို့ ပင့်ဆောင်ကာ စကားစစ်ထိုးပွဲကျင်းပစေ၏။ ထိုအခါ အတင်ဆရာ(မြို့ရွာအတွင်း သင်္ကန်းမရုံ၊ လက်ကန်တော့တင်ရမည်ဟုဆိုသောဆရာ) တို့ဆိုသော စကားသည် ပါဠိအဋ္ဌကထာဋီကာကျမ်းဂန်သို့ သက်ဝင်ပေသည်ဟု မင်းက မိန့်ဆိုတော်မူရာတွင် အတင်ဂိုဏ်းသားတို့ကလည်း ထိုကဲ့သို့ သာမဏေတို့ ရွာသွား ရွာဝင် သင်္ကန်းကို လက် ကန်တော့တင်စေခြင်းသည် ပါဠိအဋ္ဌကထာဋီကာ မလာမရှိပေ။ တစ်ဦး၏ အတုအပ အလေ့အကျက်မျှ ဖြစ်ပေသည်ဟု စာတမ်းတွင် အကျယ်ပွားရေး၍ ဝန်ချရ၏။ ထိုအခါ မင်းမြတ်ကိုယ်တိုင် သာမဏေများ ရွာသွားရွာဝင်ဝတ်ရုံစေဟု ၁၁၄၂ ခုနှစ် နယုန်လဆန်း (၁၅)ရက်နေ့တွင် နိဂုံးအလုံးသို့ အမိန့်တော် ထုတ်ပြန်လေ၏။ လောကသရဖူဘုရားရှေ့တွင် ဘုံကျော်ဝေယန်ကျောင်း ဆောက်လုပ်၍ ရှင်နန္ဒမာလာအား တင်လှူတော်မူ၏။ ထိုဆရာသည် ပဋ္ဌင်းပျိုကပင် ဝိနိစ္ဆယ နိဿရည်း, သုတ္တသင်္ဂဟနိဿရည်း, သုတ်မဟာဝါ အဋ္ဌကထာနိဿရည်း, သာသနာနိဒ္ဒိဒိပကကျမ်းများကို စီရင်၏။

သက္ကရာဇ် ၁၁၄၃ ခုတွင် အလောင်းမင်းတရားကြီး၏သားတော်လတ် စစ်ကိုင်းမြို့တည်မင်းတရား၊ အဝမြို့တည်မင်းတရားတို့၏ ညီတော်ရင်းဖြစ်သော စစ်ကိုင်းမင်းတရားကြီးသည် ရတနာပူရအဝမြို့ကြီးတွင် ထီးနန်းဆက်ခံ စိုးစံ၏။ ထိုအခါ အတင်ဂိုဏ်း၊ အရံဂိုဏ်းဆရာတို့ မကြောက်မရွံ့ ပြောဆိုကြရန် စာဆိုတော် ပညာရှိ သုခမိန် တွင်းသင်းဝန်ဦးထွန်းညိုကို နေ့ရှည်ရက်များ ကျောင်းစေ့ သွားရောက်၍ လျှောက်ထားစေ အမိန့်တော်ရှိ၍ လျှောက်ထားရာ အတင်ဆရာတို့လည်း ရှေးနည်းအတူ ဝန်ခံကြကုန်၏။ ထို့နောက် ဓာတ်သိုက် နိမိတ်တဘောင်အရ အမရပူရမြို့ကြီးကို တည်ထောင်တော်မူ၍ ကျောင်းကြီးလေးရပ် ဆောက်လုပ်ပြီးလျှင် (၁)မင်းအို ဆရာတော်၊ (၂) မန်လည်ဆရာတော်၊ (၃) ဆုံထား

http://www.dhammadownload.com

ဆရာတော်၊ (၄) မင်းရွာဆရာတော်တို့အား တင်လျှ
တော်မူ၏။ ထိုဆရာတော်ကြီး ၄ ပါးကိုသာ သာ
သနာပိုင်ခန့်၍ သာသနာတော်မြတ်ကို သုတ်သင်ရ
၏။ ထိုမှ တစ်ပါး ညောင်ကန်ဆရာတော်၊ ရွှေတောင်
ဆရာတော်၊ ဆင်တဲဆရာတော်၊ မဲထီးဆရာတော်၊
မှန်ကင်းဆရာတော်တို့အား လည်း အသီးသီး
ကျောင်းဆောက်လုပ်၍ သာသနာပြု ခန့်အပ်ပြီးလျှင်
တံဆိပ်ဘွဲ့ထူးနှင့်တကွ တင်လျှုတော်မူ၏။ ထိုအခါ
ရှင်အရဟံအနွယ် ဒီပဲရင်း နမောရွာ ရှင်ပုညာရမ္ဘ
တပည့် ဒီပဲရင်း ရှင်ဝိစာရိန္ဒကိုလည်း ဂိုဏ်းအုပ်
ခန့်ထားတော်မူသည်။ ထိုကဲ့သို့ သတ္တိဗျတ္တိနှင့် ပြည့်စုံ
သော သီလဝန်၊ ဂုဏာဝန်တို့အား တံဆိပ်ဘွဲ့ထူး ပေး
အပ်တော်မူသည်ကား မရေမတွက်နိုင် များလှစွာ၏။
ထိုဆရာတော်တို့ ဝိနည်းပညတ်တော် အကျင့်သိက္ခာ
များကို အံ့သြဖွယ် ဂရုပြုတော်မူကြသည့်အတိုင်း
အစဉ်အလာထုံးတမ်းအဖြစ် ကျန်ရစ်ခဲ့ပါလေသည်။

ထို့နောက် ဘိုးတော်ဘုရား မလွန်မီ သား
တော် အိမ်ရှေ့မင်းလွန်နှင့်သော်လည်း သားတော်များ
စွာရှိလျက် မြေးတော်ကို အိမ်ရှေ့အရာထားသည့်
အတိုင်း ဘိုးတော်ဘုရားလွန်လျှင် ၁၁၈၁ ခုနှစ်တွင်
မြေးတော် ထီးနန်းဆက်ခံ စိုးစံ၏။ ထိုဘုရင်ကို
ညီတော် သာယာဝတီမင်းရှိသည့်အတွက် နောင်
တော် ဘုရားဟူ၍လည်းတွင်၏။ ထိုမင်းသည် (၃)
နှစ်ကျော် (၄)နှစ်တိုင် သာသနာရေး၊ ပြည်ရေးရွာမှု
ရှင်းလင်းပြုစုပြီးမှ (၂)ကြိမ်တိုင်အောင် ဘိသိက်ခံ
သော ဘိုးတော်မင်းတရားကြီး၏ ထုံးစံသို့လိုက်၍
ဘိသိက်မခံသေးဘဲ ဥကင်သာ ဖွင့်တော်မူ၏။

ထို့နောက် ၁၁၈၂ ခုနှစ်တွင်ပင် ရတနာပုရ
အဝ မြို့ကြီးကို ထပ်မံတည်တော်မူ၍ ၁၁၈၅ ခုနှစ်တွင်
ဘိသိက်ခံတော်မူ၏။ ရွှေလွှတ်တော်သိမ်းပွဲ၊ ပိဋကတ်
သုံးပုံ ပေထက်တင်ပွဲ၊ မာန်အောင်ရတနာ ပိဋကတ်
တိုက်ရှေတွင် တန်ဆောင်းသုံးထပ် ဆောက်လုပ်၍
ပိဋကတ်သုံးပုံကို ရွှေမင်ရေး၊ ကညစ်ရေး အက္ခရာ
သုံးပါးဖြင့် ထိုတန်ဆောင်းတွင် ပိဋကတ်ရေး လူ (၄၀)
တို့ကို ထား၍ ရေးသားရသည်။ ထိုမှတစ်ပါး မရေ
မတွက်နိုင် များများသော ကုသိုလ်ကောင်းမှုတို့ကို
ပြုစုတော်မူ၏။ ထိုမင်းတွင် ညီတော်သာယာဝတီမင်း
သားတော် ညောင်ရမ်းရှိသည်ဖြစ်၍ အိမ်ရှေ့နန်းလျာ
မရှိ၊ ကာလရှည်လျားလျှင် ညီတော် သာယာဝတီမင်း
သည် နောင်တော်ကိုနန်းကချ၍ အမရပူရကို သိမ်း
တော်မူ၏။ **ထိုမင်းလက်ထက်ပင် ရှင်အရဟံအ
နွယ် ဒီပဲရင်းနမောဂိုဏ်းအုပ် ရှင်ဝိစာရိန္ဒတပည့်**
သီးလုံးတောရ ရှင်စန္ဒိမာကိုလည်း ဂဏဝိမုတ်အမိန့်
တော်ဖြင့် (ဂိုဏ်းဂဏလွတ်) ထားတော်မူ၏။ သီးလုံး
ဆရာတော်ဘုရားကြီး၏ အနီးဆုံးအဆက်အနွယ်ကို
ပြရလျှင် ရှင်အရဟံအနွယ် ပုဂံပြည့်ရှင် ဓမ္မသီရိ
တပည့် ကူးခန်းကြီးမြို့ ခေမင်္ကလတိုက် ရှင်သုဓမ္မစာရီ၊
ဒင်းတပည့် ရှင်အဂ္ဂ ဓမ္မာလင်္ကာရ၊ ဒင်းတပည့် နောင်
အရွာ ရှင်ဓမ္မနန္ဒ၊ ဒင်းတပည့် နွယ်နီ မုတ်ကျောင်း
ရှင်ပုညဝါသီ၊ဒင်းတပည့် ဆက်အင်းတောရဂိုဏ်းအုပ်
ရှင်နာဃလင်္ကာရ၊ ဒီပဲရင်း နမောရွာ ရှင်ပုညာရမ္ဘ၊
ဒင်းတပည့်ဒီပဲရင်း နမောဂိုဏ်းအုပ် ရှင်ဝိစာရိန္ဒ၊ ဒင်း
တပည့် သီးလုံးတောရ ဂဏဝိမုတ် အမိန့်တော်ရ
ရှင်စန္ဒိမာ ဟူ၍ ရှစ်ပါးတည်း။

သာသနာနှစ် ၂၂၂၀ ပြည့် စဉ့်ကူးမင်းလက်
ထက်တွင် ကူးခန်းကြီး ဆရာစဉ်ပြတ်၍ ကူးခန်းကြီး
အနွယ်ဖြစ်သော ဒီပဲရင်း နမောရွာ အရှင်ပုညာ ရမ္ဘက
သာသနာတော်ကို ဆက်လက်စောင့်ရှောက်ခဲ့၏။

ထိုအရှင်မြတ်မှ ဆက်နွယ်သော ဆရာစဉ်
ကား ... (၁) ဒီပဲရင်းနမောရွာ အရှင်ပုညာရမ္ဘ၊ (၂)
ထိုရွာမှ ဒုတိယ နမော ဆရာတော် အရှင်ဝိစာရိန္ဒ၊
(၃) ရွှေဘိုနယ်သီးလုံးဂဏဝိမုတ် အရှင်စန္ဒိမာ၊ (၄)
ရွှေဘိုနယ် ရွှေကျင်ဆရာတော် အရှင်ဇာဂရဟူ၍
(၄)ပါး ဖြစ်လေသည်။

မင်းတုန်းမင်း လက်ထက်တော်အခါ ရွှေကျင်
ဂိုဏ်း ဆရာစဉ်တွင် နောက်ဆုံးဖြစ်သော သီးလုံး

http://www.dhammadownload.com

ဆရာတော်ကြီးသည် အထူးထင်ရှားတော်မူ၏။ ပထမ ရွှေကျင် ဆရာတော်ဘုရားကြီးသည် သီးလုံး ဆရာတော်ဘုရားကြီး၏ ပရိယတ်, ပဋိပတ် နည်းကောင်း လမ်းမှန်တို့ကို အများဆုံး သင်ယူရရှိခဲ့သော တပည့်ရင်း ဖြစ်တော်မူ၏။ ဤမျှဖြင့် သီးလုံး ဆရာတော်ကြီး၏ အကြောင်း အတ္ထုပ္ပတ္တိအချုပ်ကို အကဲခတ်နိုင်လောက်ပေပြီ။

သီးလုံးဆရာတော်ဘုရားကြီး၏ ပဋိပတ်ဂုဏ်ရည်

ပထမရွှေကျင် ဆရာတော်ကြီး၏ ဆရာအရင်းဖြစ်တော်မူသော သီးလုံးဆရာတော်ကြီးသည် အခြေအရံ အလိုမရှိ၊ လူသူတော် ကပ္ပိယတစ်ယောက်နှင့်သာ သီတင်းသုံးတော်မူလေ့ရှိ၏။ အခါတစ်ပါး နွေရာသီ ပူအိုက်လှသော ညတစ်ညတွင် သီတင်းသုံးတော်မူရာ ကျောင်းနှင့် အလှမ်းဝေးကွာသော ရေကန်တစ်ခုသို့ လူသူတော်ကပ္ပိယသည် ရေချိုးသွားလေ၏။ ရေကန်သို့ရောက်လျှင် သီးလုံး ဆရာတော်ဘုရားကြီး ရေကန်တွင် ရေသုံးသပ်တော်မူနှင့် နေသည်ကို မြင်သဖြင့် ကပ္ပိယလူသူတော်မှာ မဖြစ်ဖူးမြဲ အံ့ဖွယ်သရဲဖြစ်ကာ အိုမင်းမစွမ်း ဖြစ်တော်မူသော ဆရာတော်ကြီးသည် ညဉ့်အခါ ဤမျှ ဝေးကွာသော ရေကန်သို့ အဘယ်ခရီး အဘယ်နည်းဖြင့် လျင်မြန်စွာ လာတော် မူလာနိုင်သနည်းဟု ဆင်ခြင်တွေဝေနေစဉ် ဆရာတော်ကြီး ရေသုံးသပ်တော်မူအပြီး သူတော်ကိုမြင်၍ ခေါ်တော်မူလျက် "သူတော်-ငါမှာထားခဲ့မည်၊ ဤအကြောင်းကို ငါ အသက်ထင်ရှားရှိနေစဉ် မည်သူ့အားမျှမပြောရ"ဟု နှုတ်ပိတ်တော်မူပြီးနောက် ကောင်းကင်ခရီးဖြင့် ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့လေ၏။ ဆရာတော်ကြီး ပျံလွန်တော်မူသောအခါကျမှ သူတော်လည်း ဆရာတော်ဘုရား၏ အမိန့်တော်အတိုင်း ထုတ်ဖွင့် ပြောကြားလေ၏။ သီးလုံး ဆရာတော်ဘုရားကြီးသည် ဤအခြင်းအရာကို ထောက်ခြင်းအားဖြင့် အဘိညာဉ်ရပဋိပတ် ယောဂီပုဂ္ဂိုလ်ကြီး ဖြစ်တော်မူသည်မှာ ထင်ရှားလှပေသည်။

သူတော်ကောင်းတို့သည် ရရှိပြီးသော ဈာန်မဂ်ဖိုလ်တရားတို့ကို သူတစ်ပါးတို့အား ထုတ်ဖွင့်ပြောကြားရန်ကိုပင် ထားဘိဦး၊ ရကြောင်းတရားကို အားထုတ်မှုကိုပင် အလွန်လျှို့ဝှက် ဖုံးကွယ်တော်မူကြကုန်၏။

အမရပူရမြို့တည် နန်းတည် ဘိုးတော်မင်းတရားလက်ထက်မှစ၍ မြေးတော် မှန်နန်းရှင် ညီတော်ရွှေဘိုမင်းလက်ထက်တိုင် ပျံ့လွှိုင်ကျော်စောသော နမောဆရာတော်ကြီး၏ တပည့် ရွှေဘိုမြို့၏ အနောက်မြောက်ယွန်းသီးလုံးရွာအနီး သီးလုံးမင်းကြီး ဆောက်လုပ်လျှာဒါန်းအပ်သော လေးထပ်ကျောင်းကြီး၌ သီတင်းသုံးတော်မူသော ပရိယတ်ပဋိပတ်စွယ်စုံ သီးလုံးဆရာတော်ဘုရားကြီးသည် များစွာသော သာသနာတော်ဝင် ရှင်လူရဟန်းတို့အကျိုးငှာ အထူးထူးသော တရားအနှစ်တို့ကို ပိဋကတ်သုံးဖြာမှထုတ်နုတ်၍ မြန်မာဘာသာသက်သက်ဖြင့် အချက်ကျကျ စီရင်ရေးသားတော်မူခဲ့သော အမြိုက်တရား ဂန္ဓိရုတ္တ ဒေသနာများကား ကျန်ရစ်ခဲ့လေသည်။ ဆရာတော်ဘုရားကြီး၏ အမြိုက်တရားဒေသနာတော်တို့မှာ ထိုခေတ်က စကားအသုံးအနှုန်းတို့ဖြင့် စီကုံးရေးသားတော်မူသဖြင့် ယခုခေတ်လူတို့အဖို့ ရိုးသားသည်ဟု ဆိုရမည်ဖြစ်သော်လည်း ခံ့ညားခြင်း၊ ကြည်ညိုဖွယ်ရှိခြင်း၊ ကျစ်လျစ်ခြင်း၊ တိကျပြတ်သားခြင်း၊ ရှေးဝေါဟာရကို ဖော်ပြခြင်းဟူသော ဂုဏ်တို့နှင့် ပြည့်စုံပေသည်။ ဆရာတော်ကြီးသည် ကျမ်းပေါင်း ၆၄ ကျမ်းပြုစုတော်မူခဲ့ကြောင်း သီးလုံးဆရာတော်ကျမ်းစာများ ထိန်းသိမ်းရေးအဖွဲ့၏ စာရင်းအရ သိရှိရပါသည်။

ထေရပုတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

- ရှုံ့ညွှန်သည် ရေကြောင့်ဖြစ်ရ၏။ ရေဖြင့်သာလျှင် စင်ကြယ်၏။
- မကောင်းမှုသည် စိတ်ကြောင့်ဖြစ်ရ၏။
- စိတ်ဖြင့်သာလျှင် စင်ကြယ်၏။

(စိတ်ကြောင့် ဖြစ်လာရသော မကောင်းမှုအညစ်အကြေးကို စိတ်ဖြင့် ဆေးကြောမှသာလျှင် ဖြူစင်နိုင်ပေသည်။)

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

သီးလုံးဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

အတ္ထကာမေန သဒ္ဓမ္မော ဂရုကာတဗ္ဗော

ဟူသော ကျမ်းဂန်ပါဠိလာရှိသည်နှင့် အညီ ကိုယ်ကျိုး, ကိုယ်စီးပွားကို အလိုရှိသော ဇာတိ ကုလပုတ္တ, အာစာရ ကုလပုတ္တတို့သည် သူတော်ကောင်းတို့၏ တရားကို အလေးအမြတ် ပြုအပ်လှသည်။ အတ္ထကာမေန၊ ကိုယ်ကျိုးစီးပွားကို အလိုရှိသော။ ကုလပုတ္တေန၊ အမျိုးကောင်းသားသည်။ သဒ္ဓမ္မော၊ သူတော်ကောင်းတို့၏ တရားကို။ ဂရုကာတဗ္ဗော၊ အလေးအမြတ် ပြုအပ်၏။ အလေးအမြတ် ပြုအပ်သော သူတော်ကောင်းတို့၏ သဒ္ဓမ္မသည် ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ–အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ပိဋကတ်သုံးပုံတည်းဟူသော သဒ္ဓမ္မသည် သင်ကြားလေ့ကျက် ဆောင်ရွက်ခြင်း, ဆွေးနွေးမေးမြန်းခြင်း, ဆင်ခြင်ခြင်းတို့ဖြင့် အလေးအမြတ်ပြုအပ်သော သဒ္ဓမ္မဖြစ်သောကြောင့် ပရိယတ္တိသဒ္ဓမ္မမည်၏။

ဂဟဋ္ဌသီလ, ပဗ္ဗဇိတသီလ, သရဏဂုံတို့ကို မကျိုးမပေါက် မပြောက်မကျားရအောင် ကျင့်ဆောက်တည်ပြီး၍ သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို ပွားအပ်သောကြောင့် ထိုသရဏဂုံသီလ, သမထဘာဝနာ, ဝိပဿနာတို့သည် ပဋိပတ္တိသဒ္ဓမ္မမည်၏။

ဈာန်အဘိညာဉ်, မဂ်, ဖိုလ်, နိဗ္ဗာန်တို့သည် ထိုးထွင်း၍သိအပ်သောကြောင့် ပဋိဝေဓသဒ္ဓမ္မ မည်၏။ ။ တစ်နည်း–မဂ်, ဖိုလ်နိဗ္ဗာန်တို့သည် ပဋိဝေဓသဒ္ဓမ္မမည်၏။ ဈာန်အဘိညာဉ်တို့ကိုကား ပဋိပတ္တိသဒ္ဓမ္မ၌ သင်္ဂြိုဟ်အပ်၏။

ထိုသုံးပါးတို့တွင် ပဋိပတ္တိသဒ္ဓမ္မကို ကျင့်သုံးဆောက်တည်လိုသော လူဖြစ်သော အမျိုးကောင်းသား သူတော်ကောင်းတို့သည် ရှေးဦးစွာ ယောနိသောမနသိကာရကို ဖြစ်စေဦး၍ ရတနာသုံးပါးတို့၏ ဂုဏ်ကို အောက်မေ့၍ သရဏဂုံကို ဆောက်တည်ရာ၏။ အဘယ်သို့ အသင့်အားဖြင့် နှလုံးသွင်းခြင်းဟူသော ယောနိသောမနသိကာရကို ဖြစ်စေရာသနည်းဟူမူကား– ဤသို့သရဏဂုံကို ဆောက်တည်သော ကောင်းမှုစေတနာကြောင့် ဝဋ္ဌဒုက္ခတို့မှ ကင်းလွတ်ရာ ကင်းလွတ်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏ဟု အားကြီးသော ဆန္ဒအာသာဖြင့် တောင့်တ၍ ဆောက်တည်ခြင်းသည် ယောနိသော မနသိကာရကို ဖြစ်စေသည်မည်၏။ ထိုသို့ တောင့်တ၍ ဆောက်တည်သော သရဏဂုံသည်သာလျှင် ရာဂစသော ကိလေသာတို့နှင့် မရောယှက်သည်ဖြစ်၍၊ လွန်စွာ စင်ကြယ်သန့် ရှင်းသည်ဖြစ်၍ ထက်သောအာနုဘော်ရှိ၏။

http://www.dhammadownload.com

မဂ်, ဖိုလ်နိဗ္ဗာန်၏ အခြေပါဒလည်း ဖြစ်၏။

အဘယ်သို့ ရတနာသုံးပါး၏ ဂုဏ်ကို အောက်မေ့ရာသနည်း

ဘုရားသခင်သည် အရဟံ–အစရှိသော ကိုးပါးသောဂုဏ်တို့နှင့် ပြည့် စုံတော်မူပေသည်။ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိတည်းဟူသော ဆယ်ပါးသော တရားတော်သည် သွာကွာတဂုဏ်, သန္ဒိဋ္ဌိကဂုဏ်–စသော ခြောက်ပါးသော ဂုဏ်တို့နှင့်ပြည့်စုံပေသည်။ သီလဝန္တကလျာဏ ပုထုဇွဉ်နှင့် တကွသော အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့သည် သုပွဋိပန္ဒ–စသော ကိုးပါးသော ဂုဏ်တို့နှင့် ပြည့်စုံပေသည်ဟု ရတနာသုံးပါးတို့၏ ဂုဏ်ကို ယုံကြည်လေးမြတ်သဖြင့် အောက်မေ့၍ ဆောက်တည်ခြင်းသည် ရတနာသုံးပါးတို့၏ ဂုဏ်ကို အောက်မေ့၍ ဆောက်တည်သည်မည်၏။

အဓိပွာယ် အကျဉ်းကား ... သရဏဂုံကို ဆောက်တည်သောသူသည် သက်တော် ထင်ရှားရှိသော ဘုရားသခင်၏ ကိုးပါးသော ဂုဏ်ကို အောက်မေ့၍ သက်တော်ထင်ရှားရှိသော ဘုရားကို ကိုးကွယ်အောက်မေ့ ဆောက်တည်အပ်၏။ ခြောက်ပါးသော တရားဂုဏ်ကိုအောက်မေ့၍ ပရိယတ္တိနှင့်တကွ ဆယ်ပါးသော တရားတော်ကို ကိုးကွယ် အောက်မေ့၍ ဆောက်တည်အပ်၏။ ကိုးပါးသောဂုဏ်ကို အောက်မေ့၍ သီလဝန္တ ပုထုဇွဉ်၊ ကလျာဏ ပုထုဇွဉ်နှင့်တကွ အရိယာ ရှစ်ယောက်တို့ကို ကိုးကွယ် ဆောက်တည်အပ်၏။

ဝိပဿနာကမ္မဋ္ဌာန်းကိုပွားစေလိုသောသူသည် ရှေ့၌ဆိုအပ်ခဲ့ပြီးသော သီလကို စင်ကြယ်အောင် သုတ်သင်ပြီး၍ မဟဂ္ဂုတ်ဈာန်ကိုရပြီးသောသူဖြစ်အံ့၊ ဈာန်ကိုအခြေပြု၍မရသေးသောသူဖြစ်အံ့၊ သမထကမ္မဋ္ဌာန်း အာရုံ၌ ဥပစာရသမာဓိကို ဖြစ်စေဦး၍ နာမ်, ရုပ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပာဒ်–စသော ပရမတ္ထတရားတို့တွင် တပါးပါးကို အာရုံပြု၍ပွားအပ်၏။ ပွားလိုသောသူသည် သုတမယဉာဏ်, စိန္တာမယဉာဏ်ဖြင့် ဤသည်ကား ပရမတ်၊ ဤသည်ကား ပညတ်ဟု ပိုင်းခြား၍ သိအပ်၏။ သိပြီးသော် ဤသည်ကား နာမ်ဖြစ်သော ပရမတ္ထသဘောတရား, ဤသည်ကား ရုပ်ဖြစ်သော ပရမတ္ထ သဘောတရားဟု နာမ်, ရုပ်ကိုပိုင်းခြား၍ သိမ်းဆည်းအပ်၏။ အဖန်တလဲလဲ သုံးသပ်အပ်၏။ ဤသို့ နာမ်, ရုပ်ကို ပိုင်းခြား၍ အဖန်တလဲလဲ သုံးသပ်သိမ်းဆည်းသောကာလမှစ၍ ကမ္မလာပေါ်၌ ပတ္တမြားစစ်ကို တင်၍ထားအပ်သည်ကို မျက်စိအမြင်နှင့်ပြည့်စုံသော ယောက်ျားသည် ထင်ထင်တပ်တပ်မြင်သကဲ့သို့လည်းကောင်း, စင်ကြယ်စွာ ပွတ်ထွင်ပြီးသွေးပြီးသော ပုလဲ, ပတ္တမြားလုံးကို ရွှေကြိုးဖြင့် သီအပ်သည်ကို မြင်သကဲ့သို့လည်းကောင်း,နာမ်တရား, ရုပ်တရားတို့ကို ပိုင်းခြား၍ မြင်သည်တိုင်အောင် ဖြစ်စေအပ်သော ဉာဏ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်မည်၏။ သမ္မသနဉာဏ်လည်းမည်၏။ ထိုဉာဏ်နှစ်ပါးနှင့် ပြည့်စုံသောသူသည် ငါ, ငါ၏ကိုယ်, သူတစ်ပါး၏ကိုယ်, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဟု ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိသည်ကို ပရမတ္ထအားဖြင့် ထင်ရှားရှိသကဲ့သို့ ဖောက်ပြန်ချတ်ယွင်းသောအမြင်ကို မြင်တတ်သော သက္ကာယဒိဋ္ဌိကို တဒင်္ဂပဟာနသတ္တိဖြင့် ပယ်၍ တရုဏဝိပဿနာ သမ္မာဒိဋ္ဌိအဖြစ်သို့ ရောက်၏။ တရုဏယထာဘူတ ဉာဏ်ကိုလည်း ရ၏။ အလျော်အားဖြင့် ကလျာဏ ပုထုဇဉ်ဟူသော အရေအတွက်သို့လည်း ရောက်၏။ ဒိဋ္ဌိဝိသုဒ္ဓိလည်းဖြစ်၏။ ယုတ်သောအပိုင်းအခြားအားဖြင့်ကား နာမ်, ရုပ်တရားတို့ကို သုတမယဉာဏ်, စိန္တာမယဉာဏ်ဖြင့် ပိုင်းခြား၍ သိသည်မှစ၍ ဤနာမရူပပရိစ္ဆေဒဉာဏ်, သမ္မသနဉာဏ်ဖြစ်သည့်တိုင်အောင် တရုဏဝိပဿနာ, တရုဏဝိပဿနာသမ္မာဒိဋ္ဌိအဖြစ်သို့ ရောက်၏။ တရုဏယထာဘူတ, အနု

http://www.dhammadownload.com

လောမကလျာဏပုထုဇဉ်ဟူ၍ ဆိုအပ်၏။ ဝိပဿနာ ဉာဏ်စစ်, ယထာဘူတဉာဏ်စစ်, ကလျာဏပုထုဇဉ်စစ်, ဟူ၍ကား မဆိုရသေး။

ထိုမြင်ပြီးသော နာမ်, ရုပ်တို့ကို လက္ခဏာရေးသို့တင်၍ ရှုဖန်များသဖြင့် ဥပါဒ်သဘော, ဋ္ဌိသဘော, ဘင်သဘောကို မြင်တတ်သော ဥဒယဗ္ဗယဉာဏ်ဖြစ်သည်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ကိုးပါးတို့နှင့် ပြည့်စုံခြင်းသည် ဝိပဿနာသမ္မာဒိဋ္ဌိအစစ်သို့ရောက်၍ ယထာဘူတဉာဏ်စစ်နှင့်ပြည့်စုံသော ကလျာဏပုထုဇဉ်အစစ်သို့ရောက်၏။

ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပြည့်စုံသော သူသည် ထိုနာမ်, ရုပ်တို့၏ ရှေ့ဘဝ၌ ဖြစ်သော အကြောင်း၊ ယခု ပစ္စုပ္ပန်ဘဝ၌ဖြစ်သော အကြောင်းတို့ကို သိမ်းဆည်းအပ်၏။ ရှေးဘဝ၌ ဖြစ်သော နာမ်, ရုပ်တို့၏ အကြောင်းကား အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံအကြောင်းတရားလေးပါးတို့တည်း၊ ယခုပစ္စုပ္ပန်ဘဝ၌ ရုပ်တရားတို့၏ အကြောင်းကားစိတ်, ဥတု, အာဟာရ ဤအကြောင်းတရားသုံးပါးတို့တည်း။ ဤပစ္စုပ္ပန်ဘဝ၌ နာမ်တရားတို့၏အကြောင်းကား ဝတ္ထုခြောက်ပါး, အာရုံခြောက်ပါးတည်း။ တစ်နည်း ယောနိသော မန သိကာရ, အယောနိသောမနသိကာရ, ဥတု, ဘောဇဉ်, ကလျာဏမိတ္တ စသောပုဂ္ဂိုလ် အိပ်ရာ, နေရာ, ကျောင်း အစရှိသည်တည်း။ ဤသို့ နာမ်, ရုပ်တို့၏အကြောင်းကို သိမ်းဆည်းနိုင်ခြင်းသည် ကခ်ါဝိတရဏဝိသုဒ္ဓိမည်၏။ ဝိပဿနာဉာဏ်စစ်ကားမဟုတ်သေး။ ဝိပဿနာဉာဏ်စစ်ကိုမူကား ရှေးဦးဆိုအပ်ခဲ့ပြီးသော ဥဒယဗ္ဗယစသော ဝိပဿနာဉာဏ်ကိုးပါးတို့ကို ရမ္မသာလျှင်ရသည်မည်၏။

ဝိပဿနာဉာဏ်စစ်ကို ရလိုသောသူသည် ရုပ်, နာမ်, ခန္ဓာ, အာယာတန, ဓာတ်, သစ္စာ, ဣန္ဒြေပဋိစ္စသမုပ္ပာဒ်တို့ကို ဆိုခဲ့ပြီးတိုင်း ပိုင်းခြား၍ မြင်ပြီးသော ထိုနာမ်, ရုပ်–စသည်တို့ကို လက္ခဏာရေးသို့တင်၍ အဖန်တလဲလဲ ဝိပဿနာဉာဏ်ထက်သည့် ကာလတိုင်အောင်ရှုအပ်၏။ ထိုသို့ ရှုပါသော်လည်း ဥဒ္ဓစ္စသည် ယူဆောင်အပ်, ပျံ့လွင့်စေအပ်သည်ဖြစ်၍ ဥဒ္ဓစ္စသို့ အစဉ်လိုက်သော ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တည်းဟူသော မိစ္ဆာဝိတက်တို့သည် ဖြစ်ကုန်ရာ၏။ ထိုမိစ္ဆာဝိတက်တို့သည် ဖြစ်ကုန်သည်ရှိသော် နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသာဝိတက်တည်းဟူသော သုံးပါးသောကုသိုလ်သမ္မာဝိတက်တို့သည် ပျောက်ကုန်ရာ၏။ မိစ္ဆာဝိတက်သုံးပါးသို့ အစဉ်လိုက်သော စိတ်သည်ဖြစ်ရာ၏။ ထိုသို့ဖြစ်သည်ရှိသော် မိစ္ဆာဝိတက်တည်းဟူသော အကုသိုလ်သာ ပွား၍ သမ္မာဝိတက်တည်းဟူသော ကုသိုလ်တရားမပွားရာ။ မပွားသည်ရှိသော် အပါယ်လေးပါး ဝဋ်တရားတို့မှ မထွက်မြောက်မူ၍ လောကုတ္တရာနိဗ္ဗာန် ဟူသော အကျိုးထူးကို မရသည်ဖြစ်၍ အပါယ်လားခြင်း, သံသရာရှည်လျားခြင်း အစရှိသော များစွာသော အကျိုးမဲ့တို့သည် ဖြစ်ကုန်၍ ဘုရားအစရှိသော သူတော်ကောင်းတို့မှ များစွာ ကဲ့ရဲ့ခြင်း, အပြစ်တင်ခြင်းတို့သည် ဖြစ်ကုန်ရာ၏။

ဥပမာသည်ကား– မိုးလေးလအဆုံး ကောက်ပင်တို့ဖြင့် ကျဉ်းမြောင်းသော တန်ဆောင်မုန်းလအခါ၌ နွားတို့ကို ကျောင်းသော နွားကျောင်းသားမိုက်သည် လုံခြုံစွာ မကျောင်းခြင်းကြောင့် ကောက်ပင်ကို စားသည်ရှိသော် နွားရှင်တို့မှာ လေးပါးသော ကဲ့ရဲ့ခြင်းတို့သည် ဖြစ်ကုန်ရာ၏။ အဘယ် လေးပါးသော ကဲ့ရဲ့ခြင်းတို့သည် ဖြစ်ကုန်ရာသနည်း။ ဟယ် နွားကျောင်းသားမိုက်၊ နင်သည်ကား ငါတို့မျိုးရိုးကွာကိုစား၍ နွားကို လုံခြုံစွာ မကျောင်းကုန်။ ထိုသို့ မကျောင်းခြင်းကြောင့် ငါတို့၏ ပေါက်ဖော်ဆွေမျိုးတို့နှင့် လည်းကောင်း, အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော သူတို့နှင့်လည်းကောင်း, အိမ်နီးချင်းတို့နှင့်လည်းကောင်း ရန်တိုက်သကဲ့သို့ ပြုရမည်လောဟု

http://www.dhammadownload.com

နွားရှင်တို့မှာ သတ်ခြင်းကိုလည်းကောင်း, ထိပ်တောင် နှောင်အိမ်ဖွဲ့ခြင်းကိုလည်းကောင်း, ဥစ္စာဆုံးရှုံးခြင်းကိုလည်းကောင်း, ကဲ့ရဲ့ခြင်းကို လည်းကောင်း ခံရကုန်သကဲ့သို့တည်း။ ထိုနွားကျောင်းသားမိုက်သည် နွားရှင်တို့မှသာ ထိုလေးပါးသော အပြစ်တို့သည် ဖြစ်သည်မဟုတ်၊ သူတစ်ပါးတို့မှလည်း ဤလေးပါးသော အပြစ်တို့သည် ဖြစ်ကုန်၏။ လိမ္မာသော နွားကျောင်းသားမူကား ဤအလုံးစုံသော အပြစ်ဒေါသတို့ကို မြင်၍ မိုးလေးလအဆုံး ကောက်ပင်တို့ဖြင့် ကျဉ်းမြောင်းသော တန်ဆောင်မုန်းလအခါ၌ နွားတို့ကို ကျောင်းသည်ရှိသော် သူတစ်ပါး၏ ကောက်ပင်တို့ကို မစားစိမ့်သောငှာ တုတ်လုံကန်ဖြင့် နံပါးကို ဖြောင့်ဖြောင့်ရိုက်ခတ်ခြင်း, ဖီလာရိုက် ခတ်ခြင်း၊ ဆီးတားခြင်း, ထိုမှဤမှ မသွားစိမ့်သောငှာ ကောင်းစွာ မြစ်ခြင်းကို ပြုရာ၏။ ထိုနွားကျောင်းသားအား နွားရှင်မှာလေးပါးသော အပြစ်ဒေါသတို့သည် မဖြစ်ကုန်မူ၍ ချီးမွမ်းခြင်းကိုသာ ရလေ၏။ သူတစ်ပါးတို့မှ လေးပါးသော အပြစ်ဒေါသတို့သည် မဖြစ်မူ၍ ချီးမွမ်းခြင်းကို ခံရလေသကဲ့သို့ ထို့အတူ သုံးပါးသော မိစ္ဆာဝိတက်တို့၌ အပြစ်ဘေးရန် များသည်၏အဖြစ်ကိုရှု၍ သုံးပါးသောသမ္မာဝိတက်တို့၌ အကျိုးအာနိသင်များသည်၏အဖြစ်ကို မြင်၍ မိစ္ဆာဝိတက်ကိုပယ်၍ သမ္မာဝိတက်ကို ပွားစေသဖြင့် လောကုတ္တရာ မဂ်, ဖိုလ်, နိဗ္ဗာန်တည်းဟူသော တရားအထူးကိုရ၍ ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့မှ များစွာ ချီးမွမ်းခြင်းကို ရလေ၏။

ဤသို့ မိစ္ဆာဝိတက် သုံးပါးကို တစ်စုပြု၍ ဆင်ခြင်ပါသော်လည်း အပြစ်ဒေါသ အကျိုးအာနိသံသတို့ကို မမြင်နိုင်သည်ဖြစ်၍ ဥဒ္ဒစ္စသို့အစဉ်လိုက်သော မိစ္ဆာဝိတက်တို့သည် ဖြစ်ကုန်၏။ ကုသလဝိတက်တို့သည် မဖြစ်ကုန်မူ၍ ဝိပဿနာဉာဏ်မသက်နိုင်သည်ဖြစ်အံ့။ မိစ္ဆာဝိတက်သုံးပါးတို့ကို ဖြေဖျောက်စိမ့်သောငှာ ငါးပါးသောအကြောင်းတရားတို့ကို ဆင်ခြင်ရာ၏။ ငါးပါးသော အကြောင်းတရား ဟူသော်ကား တစ်ပါးသော တရားကိုအာရုံမူ၍ ဖျောက်ရာသော အညနိမိတ္တပဗ္ဗ၊ မိစ္ဆာဝိတက်၌ အပြစ်ဒေါသကိုရှု၍ မိစ္ဆာဝိတက်တို့ကို ဖျောက်ရာသော အာဒီနဝပဗ္ဗ၊ ငါ၏သန္တာန်၌ မိစ္ဆာဝိတက်, သမ္မာဝိတက်ဖြစ်သလောဟုဆင်ခြင်၍ အကုသိုလ်နှင့်စပ်သော ဝိတက်တို့ကို နှလုံးမသွင်းမူ၍ မကင်းသော သတိရှိခြင်းတည်းဟူသော သတိပဗ္ဗ၊ မိစ္ဆာဝိတက်၏အကြောင်းဖြစ်သော အထူးကို ဆင်ခြင်ခြင်းတည်းဟူသော ဝိတက္ကမူလဘေဒပဗ္ဗ၊ မိစ္ဆာဝိတက် တို့ကို နှိပ်ခြင်းတည်းဟူသော အဘိနိဂ္ဂဟနပဗ္ဗ အားဖြင့် ငါးပါးတည်း။

ထိုငါးပါးတို့တွင် အညနိမိတ္တကို အဘယ်သို့နှလုံးသွင်းရာသနည်း။ ဝိပဿနာအာရုံကို နှလုံးသွင်းသော ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသောသူအား သုံးပါးသော မိစ္ဆာဝိတက်တို့သည် ဖြစ်ကုန်သည် ဖြစ်အံ့။ ကုသိုလ်ဝိတက်တည်းဟူသော အညနိမိတ်ဖြင့် ဖျောက်ရာ၏။ သတ္တဝါတို့၌ ဆန္ဒရာဂနှင့် စပ်သော မိစ္ဆာဝိတက် ဖြစ်လတ်သော် အသုဘကို ပွားစေခြင်းသည် အညနိမိတ်မည်၏။ အဝတ်ပုဆိုး ရွှေ, ငွေ ဘဏ္ဍာစသော အသက်မရှိသော သင်္ခါရတို့၌ ဆန္ဒရာဂနှင့်စပ်သော မိစ္ဆာဝိတက် ဖြစ်လတ်သော် အနိစ္စသညာကို နှလုံးသွင်းခြင်း, ပွားစေခြင်းသည် အညနိမိတ်မည်၏။ ဒေါသနှင့်စပ်သော မိစ္ဆာဝိတက်သည် သတ္တဝါတို့၌ ဖြစ်သည်ရှိသော် မေတ္တာဘာဝနာကို ပွားခြင်းသည် အညနိမိတ်မည်၏။ သင်္ခါရတို့၌ ဖြစ်သည်ရှိသော် ဓာတ်လေးပါးကို နှလုံးသွင်းခြင်းတည်းဟူသော ဓာတုမနသိကာရသည် အညနိမိတ်မည်၏။ မောဟနှင့်စပ်သော မိစ္ဆာဝိတက်သည် သတ္တဝါ သင်္ခါရတို့တွင် တစ်ပါးတစ်ပါး၌ ဖြစ်သည်ရှိသော် ငါးပါးသော အကြောင်းတရားတို့ကို မှီခြင်းသည် အညနိမိတ်မည်၏။

http://www.dhammadownload.com

ငါးပါးဟူသည် အဘယ်နည်း ဟူမူကား- သီလ, သမာဓိ, ပညာအားဖြင့် အလေးအမြတ်ပြုအပ်သော သူတို့ကို မှီဝဲဆည်းကပ်ခြင်းလည်းတပါး, ပါဠိကို သင်ခြင်းလည်းတပါး, ပါဠိအဋ္ဌကထာ၏ အနက်ကို ဆွေးနွေးမေးမြန်းခြင်းလည်း တပါး, တရားတော်ကို ရိုသေစွာ နာခြင်းလည်း တပါး, အကြောင်းဟုတ်သည်, မဟုတ်သည်ကို ဆုံးဖြတ်ပိုင်းခြားလည်းတပါး, ဤ ပငါးပါးတည်း။

ဤသို့လျှင် ကာမဝိတက်ဖြစ်သောသူအား အသုဘသညာ, အနိစ္စသညာတို့ကို ပွား၍ဖျောက်ရာ၏။ ဒေါသနှင့်စပ်သောမိစ္ဆာဝိတက်ဖြစ်သော သူအား မေတ္တာဘာဝနာ, ဓာတုသညာတို့ကို ပွား၍ ဖျောက်ရာ၏။ မောဟနှင့်စပ်သော မိစ္ဆာဝိတက်ဖြစ်သည် ရှိသော် ငါးပါးသော အကြောင်းတရားတို့ကို မှီ၍ ဖျောက်ရာ၏။ ဥပမာကား စန္ဒကူးပျဉ်ချပ်, အနှစ်မရှိသော ပျဉ်ချပ်တို့၌ ရှန့်ရင်းသော အဆိပ်ရှိသော မယ်နကိုထားအပ်သည်ရှိသော် သိမ်မွေ့သော မယ်နဖြင့် လက်သမားသည်လည်းကောင်း, လက်သမား၏ တပည့်သည်လည်းကောင်း နှတ်ရာသကဲ့သို့ ထို့အတူ ကမ္မဋ္ဌာန်းစီဖြန်းသောသူသည် ပြင်းစွာသော အဆိပ်ထန်သော မိစ္ဆာဝိတက်တို့သည် မိမိကိုယ်တွင်းသို့ စူးဝင်လတ်သော် သိမ်မွေ့သောမယ်နနှင့်တူသော အသုဘဘာဝနာ စသော သမထဘာဝနာ, အနိစ္စစသော ဝိပဿနာဘာဝနာတည်းဟူသော သိမ်မွေ့သော မယ်နဖြင့် နုတ်ရာ၏ဟူလိုသည်။

ဤသို့ ဆင်ခြင်သော်လည်း မပျောက်ခဲ့သော် ပါဠိကို ကျယ်သောအသံဖြင့် သရဇ္ဈာယ်ရာ၏။ ပေစာကိုဖတ်ရာ၏။ ဤသို့ ဆင်ခြင်သော်လည်း မပျောက်ခဲ့သော် အာဒီနဝပဋ္ဌသို့ သက်ဝင်၍ ဆင်ခြင်သဖြင့် ပျောက်ရာ၏။ အဘယ်သို့ အာဒီနဝကို ဆင်ခြင်ရာသနည်း။ ဤမိစ္ဆာဝိတက်တို့သည် အကုသိုလ် မည်ကုန်၏။ အပြစ်နှင့်တကွ မကောင်းကျိုးကို ပေးခြင်းလက္ခဏာ ရှိကုန်၏။ ငရဲ-အစရှိသော အပါယဒုက္ခတို့ကို ဖြစ်စေတတ်ကုန်၏။ သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲ၏ ရှည်လျားခြင်းကို ဖြစ်စေတတ်ကုန်၏။ မင်္ဂလ်, ဖိုလ်, နိဗ္ဗာန်သို့သွားရာ လမ်းခရီးကို ပိတ်ဆို့တတ်၏။ ဤသို့စသည် ဖြင့် မိစ္ဆာဝိတက်၏ အပြစ်ဒေါသတို့ကို ဆင်ခြင်သောသူအား ထိုဝိတက်တို့၏ အပြစ်ဒေါသတို့ကို မြင်၍ မဖြစ်စေသောအားဖြင့် ဖျောက်ရာ၏။

ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မိစ္ဆာဝိတက်တို့ကို ဖျောက်၍ ခန္ဓာ, အာယတန, ဓာတ် သစ္စာ, ဣန္ဒြေ, ပဋိစ္စသမုပ္ပာဒ်, ပဋ္ဌာန်းပစ္စည်းပစ္စယုပ္ပန် နာမ်, ရုပ်တရားတို့ကို အာရုံပြု၍ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်သည့်တိုင်အောင် ရှည်မြင့်စွာသော နေ့ရက်ပတ်လုံး ပျင်းရိခြင်း၊ ငြီးငွေ့ခြင်းကိုမပြုမူ၍ရှုရာ၏။ အချို့သောလောကဉ္စ ဆီကိုညှစ်သောယောကျ်ားသည် နှမ်းကိုညက်စွာ မထောင်းမူ၍ ရေအေးဖြင့် ဆွတ်ပြီးသော် နှစ်ကြိမ်, သုံးကြိမ်နယ်ကာမျှဖြင့် ဆီကို မရသည်ရှိသော် ဆီကိုမရချေပြီဟု လက်လျှော့သကဲ့သို့လည်းကောင်း, ရေကို ကြည်စေလိုသောသူသည် နောက်လှစွာသော အိုးတွင်း၌ တည်သောရေ၏ အတွင်းသို့ ခပေါင်းရေကြည်စေ့ကိုထည့်၍ နှစ်ကြိမ်သုံးကြိမ်မွှေကာမျှဖြင့် ကြည်စေခြင်းငှာ မတတ်နိုင်ပြီဟု လျှော့သကဲ့သို့ ထိုအတူ အနည်းငယ်တိုစွာသော ကာလဖြင့် ဝိပဿနာ ဉာဏ်မသက်နိုင်ပြီဟု လုံ့လဝီရိယကို လျှော့၍ နေလေ၏။

အချို့သော ဝိပဿနာကမ္မဋ္ဌာနိက ယောဂီ ပုဂ္ဂိုလ်သည်ဆီကို အလိုရှိသော ယောကျ်ားသည် နှမ်းကို ညက်စွာပြု၍ရေနွေးဖြင့် ဆွတ်ပြီးလျှင် လျောက်ပတ်စွာ ညှစ်သည်ရှိသော် ကြည်လင်လှစွာသော ဆီကိုရသကဲ့သို့လည်းကောင်း, ရေကို ကြည်လင်စေလိုသော ယောကျ်ားသည် နောက်ကျူ လှစွာသော အိုး၌ထည့်သော ရေ၏အတွင်းသို့ ခပေါင်းရေကြည်စေ့ကို ထည့်၍လက်ဖြင့် အကြိမ်ကြိမ် အထပ်ထပ် နယ်ဖန်များသဖြင့် ကြည်လင်လှစွာသော

http://www.dhammadownload.com

ရေကိုသောက်ရသကဲ့သို့ ထို့အတူ မပျင်းမမွေ့ ရှည်မြင့်စွာသော ကာလပတ်လုံး ခန္ဓာ–အစရှိသည်တို့ကို အာရုံပြု၍ နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်သည့်တိုင်အောင် ရှုရာ၏။ ရှု၍နာမ်, ရုပ်ကို မြင်ပြီးသောသူသည် ဥပါဒ်, ဌီ, ဘင်–ဟူသောလက္ခဏာရေးသို့ ထိုနာမ်, ရုပ်တို့ကို တင်၍ရှုရာ၏။ ရှုလိုသော သူသည် ရှေးဦးစွာ အနိစ္စ–အနိစ္စလက္ခဏာ, ဒုက္ခ–ဒုက္ခလက္ခဏာ၊ အနတ္တ–အနတ္တလက္ခဏာတို့ကို သိအပ်ကုန်၏။

ရှေးဖြစ်ပြီးသော ရုပ်သဘောမှသည် နောက်ဖြစ်သော ရုပ်သဘောသို့ ရှေးဖြစ်သော နာမ်သဘောမှသည် နောက်ဖြစ်သောနာမ်သဘောသို့၊ ဥပါဒ်မှသည် ဌီသို့၊ ဌီမှသည် ဘင်သို့၊ ဘင်မှသည် အကြွင်းမဲ့ကုန်ခြင်းသဘောသို့ ရောက်တတ်သော ရုပ်, နာမ်တရားအပေါင်းရ၏။

နဲ,ဣစ္စံ၊ နိစ္စံ။ ။ဣစ္စံ၊ရွေ့တတ်သည်။နဲ၊ မဟုတ်။ နိစ္စံ၊ ရွေ့တတ်သည်မဟုတ်။

အနိစ္စသဘောမှ ပြန်လှန်၍ ဖြစ်တတ်သောမြဲ၏ ဟူသောအခြင်းအရာအားဖြင့် မှတ်တတ်သော မိစ္ဆာဒိဋ္ဌိအယူလည် ပဌာနအားဖြင့်ရ၏။ မမြဲသော်လည်း မြဲသကဲ့သို့ မှတ်အပ်သော ရုပ်, နာမ်တရားသည် အပဌာနအားဖြင့် ရ၏။ နဲ,နိစ္စံ အနိစ္စံ။ ယခင်မမြဲသော ရုပ်သဘော,နာမ်သဘောပင်ရ၏။ ဒုက္ခလက္ခဏာရေးသို့တင်လိုမူ ဘယဌေနဒုက္ခံ၊ ပဋိပီဋနဌေန ဒုက္ခံ–စသည်ဖြင့် အဖန် တလဲလဲတင်၍ အခါလေးမြင့်ရှည်ကြာစွာ ထင်သည်တိုင်အောင်ရှုအပ်၏။ ဘယဌေန၊ ဘေးကိုပြုတတ်သော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ အဘယ်သို့ဘေးကို ပြုတတ်သနည်းဟူမူကား– ဥပါဒ်ကို ဌီနှိပ်စက်သည်၊ ဌီကိုဘင်နှိပ်စက်သည်၊ ဘင်သည်အကြွင်းမဲ့ကုန်သည် ပျောက်သည်၊ ထိုဥပါဒ်, ဌီ, ဘင်တို့တွင် ဥပါဒ်သည် ဇာတိမည်၏။ ဌီသည်ဇရာ မည်၏။ ဘင်သည် မရဏမည်၏။ ဥပါဒ်ကို ဌီနှိပ်စက်သည်ဖြစ်၍၊ ဌီကို ဘင်နှိပ်စက်သည်ဖြစ်၍ ဘင်သည်အကြွင်းမဲ့ချုပ်ရကား ဗျာဓိမည်၏။ ထိုကြောင့် တစ်ခုတစ်ခုသော ရုပ်၏ ခဏ, နာမ်၏ခဏ၌ ဇာတိ, ဇရာ, ဗျာဓိ, မရဏတည်းဟူသော ဘေးလေးပါးတို့သည် စပ်ကာ, စပ်ကာ နှိပ်စက်အပ်သောကြောင့် ဒုက္ခမည်၏။ ပဋိပီဋနဌေန၊ ဆိုအပ်ပြီးသော ဘေးလေးပါးတို့သည် နှိပ်စက်အပ်သော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။

အဓိပ္ပာယ်ရှေ့နည်းနှင့်တူ၏။ ဤသို့ ဘုံသုံးပါး၌ဖြစ်သောသတ္တဝါတို့ ၏ သန္တာန်၌ဖြစ်သော ရုပ်, နာမ်ခန္ဓာတို့တွင် တစ်ခုတစ်ခုသော ရုပ်, နာမ်, ခန္ဓာ၌ ဥပါဒ်, ဌီ, ဘင်–တည်းဟူသော ဘေးလေးပါးတို့သည် စပ်ကာစပ်ကာ မပြတ်နှိပ်စက်သည်ဖြစ်လျက် အဘယ်ကြောင့် ဒုက္ခကို သတ္တဝါတို့သည် မထင်နိုင်လေသနည်းဟူမူကား ဣရိယာပုတ်ဖုံးလွှမ်းသောကြောင့် မထင်နိုင်လေသည်။ အဘယ်သို့ဖုံးလွှမ်းသနည်းဟူမူကား– လောက၌ တစ်ခုသော ထောင်တန်း၌ လေးယောက်သော သူတို့သည် လဲလှယ်၍ တစ်လှည့်စီခံရသဖြင့် သက်သာရာကိုရ၍ ထောင်တန်း၌ခံရသော ဒုက္ခကိုသည်းခံနိုင်သကဲ့သို့ ထိုအတူ သတ္တဝါတို့သည်လည်း သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းတည်းဟူသော ဣရိယာပုတ်လေးပါးတို့ဖြင့် ဖျောက်၍ဖျောက်၍ အတ္တဘောကို ဆောင်ရသောကြောင့် ဤ အတ္တဘော၏ ဒုက္ခကို ဟုတ်မှန်စွာမသိနိုင်လေသည်ဟု အမြဲမှတ်အပ်ဆင်ခြင်အပ်၏။

အသာမိကဌေန၊ အစိုးမရသော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တမည်၏။

အဘယ်သို့ အစိုးမရသနည်းဟူမူကား– ပဋိသန္ဓေမနေစေလင့်, မအိုစေလင့်, မနာစေလင့်, မသေစေလင့်, ဆံမဖြူစေလင့်, သွားမကျိုးစေလင့်, မျက်စိ မသီစေလင့်, နားမထိုင်းစေလင့်, အရေမတွန့်စေလင့်, မဲ့မစွန်းစေလင့်, ခွန်အားဗလ မနည်းစေလင့်

http://www.dhammadownload.com

ဟူ၍ တန်ခိုးအာနုဘော်ကြီးသောနတ်, သိကြား, ဗြဟ္မာ, နဂါး, ဂဠုန် ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ တို့သည် အာဏာထားခြင်းငှာ မထိုက်၊ အစိုးမရသော သဘောကြောင့် အနတ္တမည်၏။ ဥပါဒ်သို့ရောက်သော ရုပ်, နာမ်, ခန္ဓာကို ဌိသို့ မရောက်စေလင့်, ဌိသို့ ရောက်ပြီးသော ရုပ်, နာမ်, ခန္ဓာကို ဘင်သို့ မရောက်စေလင့်, ဘင်သို့ ရောက်ပြီးသော ရုပ်, နာမ်, ခန္ဓာကို အကြွင်းမဲ့ချုပ်၍ကုန်ခြင်းသို့ မရောက်စေလင့် ဖြစ်တိုင်းသော ဥပါဒ်ခဏ, ဌိခဏ, ဘင်ခဏ၌သာ တည်စေဟု စီရင်ခြင်း, အာဏာထားခြင်းငှာမထိုက်, အစိုးမရ၊ ဤသို့ အစိုးမရသော အနက်သဘော ကြောင့် အနတ္တမည်၏။ အဝသဝတ္တနဋ္ဌေန၊ အလိုသို့ မလိုက်တတ်သော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တမည်၏။

အဘယ်သို့ အလိုသို့ မလိုက်တတ်သနည်း ဟူမူကား- ပဋိသန္ဓေမနေလို, မအိုလို, အနာလို, မသေလို, ဆံဖြူခြင်း, သွားကျိုးခြင်း မျက်စိသီခြင်း, နားထိုင်းခြင်း, အရေတွန့်လိပ်ခြင်း, မဲ့မည်းစွန်းခြင်း, ခွန်အားဗလနည်းခြင်း- အစရှိသော မကောင်းသော အကျိုးဟူသော အနိဋ္ဌဖလတို့သည် မဖြစ်လိုဟု တောင့်တငြားသော်လည်း တောင့်တတိုင်းအလိုသို့ မလိုက်သည်သာတည်း။ ဥပါဒ်သို့ရောက်ပြီးသော ရုပ်, နာမ် ခန္ဓာတို့သည်ဌိသို့ မရောက်ပါစေလင့်, ဌိသို့ရောက်ပြီးသော ရုပ်,နာမ်ခန္ဓာတို့သည် ဘင်သို့ မရောက်ပါစေလင့်, ဘင်သို့ရောက်ပြီးသော ရုပ်,နာမ် ခန္ဓာတို့သည် အကြွင်းမဲ့မဖြစ်ပါစေလင့်ဟု တောင့် တငြားသော်လည်း တောင့်တတိုင်းမရ၊ အလိုသို့ မလိုက်သည်သာတည်း။ ထိုသို့တောင့်တ၍မရ အလိုသို့မလိုက်တတ်သော အနက်သဘောကြောင့်- အနတ္တမည်၏။

အသာရကဋ္ဌေန၊အနှစ်မရှိသော အနှစ်မဲ့သော အနက်သဘောကြောင့်။ အနတ္တာ၊အနတ္တမည်၏။

ရုပ်, နာမ် တရားတည်းဟူသော ခန္ဓာပဉ္စက အပေါင်းသည်လည်းကောင်း၊ တော၊တောင်,မြေ, ရေ-စသော ဗဟိဒ္ဓသဏ္ဌာန်၌ ဖြစ်သော အဋ္ဌက လာပ်ရုပ်ဟု ဆိုအပ်သော သခါရတရားအပေါင်းတို့ သည်လည်းကောင်း တစ်လုံးတည်း တစ်ခဲနက် မဟုတ်၊ မုန့်မုန့်ညက်ညက်, သိမ်သိမ်မွေ့မွေ့ ပရမာဏုမြူထက်မကဖြစ်သော်လည်း သတ္တဝါတို့ ၏ သန္တာန်၌ အဝိဇ္ဇာဟူသော မောဟတရားသည် ဖုံး လွှမ်းပိတ်ပင်အပ်သည်ဖြစ်၍ မှားသော ဖောက်ပြန် သောအမြင်ကို မြင်စေနိုင်သော သတ္တိရှိသော သက္ကာယဒိဋ္ဌိဖြစ်၍ ခန္ဓာငါးပါး-ပရမတ္ထသဘော တရားကို ငါ၏ကိုယ်ဟု စွဲလမ်းကုန်၏။ ထိုအဖျတ္တ သဏ္ဌာန်၌ဖြစ်သော နာမ်,ရုပ် ခန္ဓာတရားတို့သည် လည်းကောင်း၊ တော,တောင်,မြေ, ရေ စသော ဗဟိဒ္ဓသန္တာန်၌ဖြစ်သော အဋ္ဌကလာပ်တို့သည် လည်းကောင်း တစ်လုံးတည်း တစ်ခဲနက်မဟုတ်၊ မုန့်မုန့်ညက်ညက်ဖြစ်၍လည်းကောင်း၊ ဥပါဒ်, ဌိ ဘင်အားဖြင့် လက်ဖျစ်တစ်တွက် လျှပ်တစ်ပြက် ကာလ၌ ကုဋေတစ်သိန်းမကချုပ်သည် ပျောက်သည် ဖြစ်၍ အစိုးမရ၊ အနတ္တဖြစ်လျက်လည်းကောင်း၊ အဘယ်ကြောင့် အနတ္တသဘောကို မထင်နိုင် သနည်းဟူမူကား- ဃနတရားဖုံးလွှမ်းသောကြောင့် မထင်နိုင်လေသည်။ အဘယ်သို့ ဖုံးလွှမ်းသနည်းဟူ မူကား- အဖျတ္တသန္တာန်၌ ဖြစ်သော ရုပ်, နာမ်, တရား၊ ဗဟိဒ္ဓသဏ္ဌာန်၌ ဖြစ်သော အဋ္ဌကလာပ် ရုပ် တရားတို့သည် တစ်လုံးတည်း တစ်ခဲနက်မဟုတ်၊ မုန့်မုန့်ညက်ညက်ဖြစ်လျက် တစ်ခဲနက်ကဲ့သို့ ထင်ရ ခြင်းသည် ထိုရုပ်, နာမ်တရားတို့ကို က၊ စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားတို့သည် မပြတ် ပြုပြင်အပ်သောကြောင့် တစ်ခဲနက်ကဲ့သို့ ဖြစ်၍ အနတ္တသညာကို မထင်နိုင်လေသည်။ ထို ကြောင့် အနတ္တသဘောကိုထင်အောင် အနတ္တ-အနတ္တ လက္ခဏာတို့ကို သုတမယဉာဏ်ဖြင့် အဖန် တလဲလဲ ဆင်ခြင်ခြင်း, နာခြင်း, ဆွေးနွေးမေးမြန်း

http://www.dhammadownload.com

ခြင်းကိုပြု၍ စိန္တာမယညာဏ်ဖြင့် အဖန်တလဲလဲ အနက်သဘောကိုကြံ၍ ဘာဝနာမယညာဏ်ဖြင့် အဖန်တလဲလဲ ပွားအပ်၏။ ပွားရာသော ဘာဝနာမယညာဏ်ကား ဆယ်ပါးတည်း။

ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ခန္ဓာ နာမ်ရုပ် စသော ပရမတ္ထတ ရားတို့ကို ဥပါဒ်, ဋ္ဌိ, ဘင် ဟူသော လက္ခဏာရေးသို့တင်၍ ဝိပဿနာ ဉာဏ် ဆယ်ပါးတို့၏ အစဉ်တို့ဖြင့် ခဏပစ္စုပ္ပန်၏ အစွမ်းအားဖြင့် ထင်အောင် ကာလအရာ, ကာလအထောင်, နေ့အရာ, နေ့အထောင်, ဆယ်နှစ်, အနှစ်နှစ် ဆယ်, အနှစ်သုံးဆယ်–စသောကာလပတ်လုံးအခါ လေးမြှင့်၊ မျှင်းမမွေ့ပွားရာ၏။ ဤသို့ ပွားများအားထုတ်ပါသော်လည်း ခန္ဓာကိုယ်၌ အလွန်ချစ်မြတ်နိုးလှသောကြောင့် မမြင်နိုင် မထင်နိုင်ရှိခဲ့သော် ဤခန္ဓာကိုယ်၌ အပြစ်ဘေးရန်များသည်၏ အဖြစ်ကိုလည်းကောင်း, များစွာဒုက္ခတို့နှင့် ရောပြွမ်းသောအဖြစ်ကိုလည်းကောင်း ဆင်ခြင်၍ ခန္ဓာကိုယ်၌တွယ်တာခြင်း, နှစ်သက်ခြင်း, မြတ်နိုးခြင်းကို ဖျောက်၍ ဝိပဿနာ ဉာဏ်ထင်အောင် ရှုရာ၏။

အဘယ်သို့ အပြစ်ဘေးရန်များသနည်း။ ဆိုးသွမ်း ရန်ကြမ်းညစ်ညမ်းလှစွာသော မိန်းမကို နှစ်သက်မှားသော ယောကျ်ားသည် ထိုမိန်းမကို မျက်နှာကြည်လင်ရွှင်လန်း၍ မြတ်နိုးစုံမက်နှစ်သက်စေခြင်းငှာ မျက်သစ်ဒန်ပူပေးခြင်း, ခြေဆေးရေ, လက်ဆေးရေ, ချိုးရေ, သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်း, ယာဂု ထမင်း ခဲဖွယ်ဘောဇဉ်–အစရှိသည်တို့ကို ကောင်းမွန်စွာ ပြုလုပ်စီရင်၍ ရှေ့ရောက်တည်ထားလုပ်ကျွေးခြင်း, အိပ်ရာခင်းခြင်း, ဝတ်စားတန်ဆာနှံ့သာပန်းမန်တို့ကို ပြုလုပ်စီရင်၍ပေးကမ်းလုပ်ကျွေးခြင်းတို့ဖြင့် ပြုစုလုပ်ကျွေးပါသော်လည်း မျက်နှာ၏ကြည်လင်ခြင်းကိုမရ၊ ဆဲရေးငေါက်ငမ်းကြမ်းတမ်းသော စကားတို့ကိုသာဆို၍ လင်ဖြစ်သော ယောကျ်ားအား နှိပ်စက်လေ၏။ ထိုယောကျ်ားသည်လည်း မိမိ၏မိန်းမ၌ အလွန်ပြင်းစွာ တဏှာဖြင့် စွဲလမ်းခြင်း, ချစ်ခြင်းရှိသည်ဖြစ်၍ မစွန့်ပစ်နိုင်ခြင်းကြောင့် တစ်ယောက်တည်းသော ငါသည် လုပ်ကျွေးခြင်းကြောင့်သာ ဤ မိန်းမ၏နှစ်သက်ဝမ်းမြောက်ခြင်း, မျက်နှာ ကြည်လင်ရွှင်လန်းခြင်းသည် မဖြစ်ရှိရာလေသည်။ များစွာသောငါ၏ ပေါက်ဖော်ဆွေမျိုးတို့သည် ဝိုင်းဝန်းညီညာ၍ မချွတ်မယွင်းလုပ်ကျွေးခြင်းကိုပြုသဖြင့် ကြည်လင်သော မျက်နှာကိုရပါလတ္တံ့ဟု လုပ်ကျွေးပါသော်လည်း ကြည်လင်ရာကို မရ၊ နှိပ်စက်ဆိုး မြဲတလဲလဲသာဖြစ်ခဲ့၏။ ထိုနောင်မှ ပညာကြီး, ပညာကျယ် လုပ်ကျွေးခြင်းအရာ၌ လိမ္မာကျွမ်းကျင်ကုန်သော သူတို့ကို ဥစ္စာဘဏ္ဍာ များစွာပေး၍ ပင့်ခေါ်ပြီးလျှင်စီရင်စေ၍ လုပ်ကျွေးရသော် သင့်လျော်ရာ၏ဟု နှလုံးပြု၍ လုပ်ကျွေးပါသော်လည်း မျက်နှာ၏ ကြည်လင်ခြင်းကိုမရ၊ ရုန့်ရင်းသောစကားဖြင့် နှိပ်စက်၍ ဆိုခြင်းကိုပြုလျက် ယောကျ်ားတစ်ပါးနောက်သို့ လိုက်လေ၏။ ထိုအတူ ဤခန္ဓာကိုယ်သည်လည်း ဒန်ပူစားခြင်း, မျက်နှာသစ်ခြင်း, လက်ခြေဆေးခြင်း, ရေချိုးခြင်း, သောက်ရေ, သုံးဆောင်ရေပေးခြင်း, အထူးထူးသော ယာဂု, ထမင်း, ခဲဖွယ်, ဘောဇဉ်တို့ဖြင့် စီရင်လုပ်ကျွေးခြင်း, ဝတ်စားတန်ဆာ, နံ့သာပန်းမာန်တို့ဖြင့် ဆင်ယင်ဝတ်စားခြင်း, ချမ်းသာသော အိပ်ရာနေရာ၌ နေစေခြင်း–အစရှိသည်တို့ဖြင့် ပြုစုလုပ်ကျွေးပါသော်လည်း မျက်နှာမရ၊ ဤပြုစုလုပ်ကျွေးသော အတွင်း၌ပင် ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာတို့သည် ပြင်းစွာနှိပ်စက်ကုန်၏။ ထိုရောဂါမှ ထမြောက်စေခြင်းငှာ ဆွေမျိုးပေါက်ဖော်တော်စပ်သော သူတို့သည် များစွာဝန်းရံ၍ လုပ်ကျွေးပြန်ပါသော်လည်း ဖောက်ပြန်တိုးပွား၍သာ ဖြစ်ကုန်၏။ တစ်ဖန် ဆေးကျမ်းအရာ၌ လိမ္မာကျွမ်းကျင်သော ဆေးသမားဆရာပညာကြီးကျယ်ကုန်သောသူတို့ကို ဥစ္စာဘဏ္ဍာများစွာပေး၍ လုပ်ကျွေးပြုစုပါသော်လည်း ချမ်းသာ

http://www.dhammadownload.com

မရ၊ သေမင်းနောက်သို့ လိုက်လေ၏။

ထိုဥပမာစကား၌ ဆိုးသွမ်းရုန့်ကြမ်း ညစ်ညမ်းသော မိန်းမကို ချစ်မြတ်နိုးသော ယောကျ်ားကဲ့သို့ ခန္ဓာကိုယ်၌မရက်မစက်မြတ်နိုးသောသူကို မှတ်အပ်၏။ ဆိုးသွမ်းရုန့်ကြမ်းညစ်ညမ်းသော မိန်းမကဲ့သို့ ခန္ဓာကိုယ်ကို မှတ်အပ်၏။ လွန်စွာမြတ်နိုး၍ မိန်းမကို လုပ်ကျွေးသကဲ့သို့ ခန္ဓာကိုယ်ကို မြတ်နိုး၍ လုပ်ကျွေးသည်ကို မှတ်အပ်၏။ မျက်နှာမရသည်ဖြစ်၍ များစွာသော ဆွေမျိုးပေါက်ဖော်တို့ဝိုင်းဝန်း၍ လုပ်ကျွေးရသကဲ့သို့ ချမ်းသာမရ၊ ကိုးဆယ့် ခြောက်ပါးသော ရောဂါဝေဒနာတို့ဖြင့် ပြင်းစွာစွဲရောက်၍ ပေါက် ဖော်ဆွေမျိုးတို့ ဝိုင်းဝန်း၍လုပ်ကျွေးရသည်ကို မှတ်အပ်၏။ ပေါက်ဖော်ဆွေမျိုးတို့ဖြင့် ဝိုင်းဝန်း၍ လုပ်ကျွေးပါသော်လည်း မျက်နှာမရ၍ ပညာကြီး၊ ပညာကျယ်တို့ကို များစွာသော ဥစ္စာဘဏ္ဍာတို့ကို ပေး၍ လုပ်ကျွေးပါသော်လည်း မျက်နှာမရ၊ ယောကျ်ားတစ်ပါးနောက်သို့ လိုက်သကဲ့သို့ ဆွေမျိုး ပေါက်ဖော်တို့သည် ပြုစုလုပ်ကျွေးပါသော်လည်း ချမ်းသာမရ၍ ပညာကြီး ပညာကျယ် ဆေးကျမ်း အရာ၌ လိမ္မာကုန်သောဆေးသမားတို့ကို ဥစ္စာဘဏ္ဍာတို့ကို များစွာပေး၍ ဆေးကုခြင်း, လုပ်ကျွေးခြင်းကို ပြုပါသော်လည်း သက်သာရာကိုမရ။ တိုးပွားသော ရောဂါဝေဒနာဖြင့် သေမင်းနောက်သို့ လိုက်ရသည်ကို မှတ်အပ်၏။

အဘယ်သို့ ဤခန္ဓာကိုယ်၌ ဒုက္ခများသနည်း ဟူမူကား– ယူဇနာငါးရာ အပြော, အနံ, အလျား, အစောက်ရှိသော ဟိမဝန္တာတောင်မင်း၌ အလုံးစုံသောမြေကို မုန်ညင်းစေ့ခန့် မုန်ညင်းစေ့ခန့် အကုန်အစင်လုံးပြီးသည်ရှိသော် တစ်ယောက်သော သတ္တဝါ၏ ဇာတိဒုက္ခကို သိလို၍ ဇာတိတစ်ခု မုန်ညင်းစေ့ခန့် မြေတစ်လုံး ရေတွက်၍ချသည်ရှိသော် အနမတဂ္ဂသံသရာမှစ၍ တစ်ယောက်သောသူ၏ ဇာတိဒုက္ခသည် ကုန်ဖွယ်ရာသော သဘောမရှိ။ ဟိမဝန္တာတောင်မင်း၌ မြေပုံအလုံးစုံသည်သာလျှင် ကုန်ဘွယ်ရာသော သဘောရှိ၏။ ထို့အတူ ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခတို့၌လည်း များသည် များသည်၏ အဖြစ်ကို သိအပ်၏။

ရှစ်သောင်းလေးထောင်နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်မင်း၌ ရွှေဖြင့်ပြီးသောမြေကို ပဲနောက်စေ့ခန့် အကုန်အစင်လုံး၍ တစ်ယောက်သောသူ ၏ ဇာတိဒုက္ခကို ရေတွက်၍ချသော်လည်း ဇာတိဒုက္ခသည် မကုန်နိုင်ရာ။ မြင်းမိုရ်တောင်မင်း၌ ရွှေမြေသည်သာလျှင် ကုန်ဖွယ်ရာသော သဘောရှိ၏။ ထို့အတူ ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခတို့၌လည်း များသည်၏အဖြစ်ကို မှတ်အပ်၏။

နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီး၌ အလုံးစုံသော မြေကို အကုန်အစင် ဆီးသီးခန့် လုံးပြီးသည်ရှိသော် တစ်ယောက်သော သူ၏ ဇာတိဒုက္ခတစ်ခု, မြေတစ်လုံးရေတွက်၍ ချသော်လည်း မြေကြီးသည်သာလျှင် ကုန်ရာ၏။ တစ်ယောက်သောသူ၏ ဇာတိဒုက္ခသည် မကုန်ရာ။ ထို့အတူ ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခတို့၌လည်း များသည်၏အဖြစ်ကို သိရာ၏။

ဤသို့လျှင် ခန္ဓာကိုယ်၏ ဆိုးသွမ်းရုန့်ကြမ်း ညစ်ညမ်းသောအဖြစ်ကိုလည်းကောင်း, ဒုက္ခဘေးဘယများသည်၏အဖြစ်ကိုလည်းကောင်း ဆင်ခြင်၍ တပ်စွန်းခြင်း, မက်မောခြင်း ကင်းအောင်အားထုတ်ရာ၏။ ဤသို့ အားထုတ်ပြီး၍ တပ်စွန်းခြင်း, မက်မောခြင်းကင်းပြီးသော် ဧဏပစ္စုပ္ပန်အားဖြင့်ဖြစ်သော ခန္ဓာနာမ်ရုပ်တို့ကို ထက်လှစွာသော သန်လျက်ဖြင့်။ ပူတာ၊ တံဒင်းတို့ကိုခုတ်ဖွင့်၍ ရတနာမျိုးအပေါင်းကို ယူတိသကဲ့သို့လည်းကောင်း၊ အစုံသောနုလှစွာသော ထန်းမြစ်ကို ခွဲတိသကဲ့သို့လည်းကောင်း ဤသည်ကားရုပ်, ဤသည်ကားနာမ်ဟု နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်သည်တိုင်အောင် ဆင်ခြင်၍ မြင်ပြီးသော နာမ် ရုပ် တရားတို့ကို ဥပါဒ်, ဋ္ဌိ, ဘင် ဟူသော

http://www.dhammadownload.com

လက္ခဏာရေးသို့တင်၍ ဝိပဿနာဉာဏ်ကိုးပါး, ဆယ်ပါးအဆက်ဆက် မဂ်, ဖိုလ်သို့ ရောက်သည် တိုင်အောင် အားထုတ်ရာ၏။

ဤသို့ ခဏပစ္စုပ္ပန်၏ အစွမ်းအားဖြင့် ပွားများ အားထုတ်ပါသော်လည်း သိမ်မွေ့လှသော ကြောင့် မထင်နိုင်ရှိခဲ့သော် သမယ၏ အစွမ်းအား ဖြင့်ပွားရာ၏။ အဘယ်သို့ပွားရာသနည်းဟူမူကား- တစ်ခုသော မုဟုတ္တကာလ, ပုဗ္ဗဏှ, သာယဏှ, ရတ္တိ ဒိဝ စသော ကာလတို့၏ အစဉ်၏ အစွမ်းအား ဖြင့် ဖြစ်သော ထိုထိုသို့သော သမယရှိသော ရုပ်သည် ပစ္စုပ္ပန်မည်၏။ ထိုမှ ရှေ့ကာလ၌ဖြစ်သော ရုပ်သည် အတိတ်မည်၏။ ထိုမှ နောက်ကာလ၌ဖြစ်သော ရုပ် သည် အနာဂတ်မည်၏။ နာမက္ခန္ဓာလေးပါးတို့၌ လည်း နည်းတူမှတ်အပ်၏။ ထိုရုပ်နာမ်ခန္ဓာတို့သည် မိမိတို့၏ ဖြစ်ရာသမယ၌သာလျှင် ဖြစ်၍ အကြွင်းမဲ့ ချုပ်ခြင်းသို့ရောက်၏ဟု ဝိပဿနာဉာဏ်ဖြင့် အဖန် တလဲလဲ ထင်သည်ကာလတိုင်အောင် ဆင်ခြင်အပ် ၏။ သမယအားဖြင့် ဆင်ခြင်၍ မထင်နိုင်ခဲ့သော် သန္တတိအားဖြင့် ဆင်ခြင်ရာ၏။

အဘယ်သို့ ဆင်ခြင်ရာသနည်းဟူမူကား- တူသောသဘောရှိသော တစ်ခုသော ဥတု, တစ်ခု သော အာဟာရလျှင်ဖြစ်ကြောင်းရှိသော ရုပ်သည် ရှေ့နောက်၏အစွမ်းအားဖြင့် ဖြစ်သော်လည်း ပစ္စုပ္ပန် မည်၏။ ထိုမှရှေ့၌ သဘောမတူသော ဥတုအာဟာရ လျှင် ဖြစ်ကြောင်းရှိသော ရုပ်သည် အတိတ်မည်၏။ ထိုမှနောက်ဖြစ်သော သဘောမတူသော ဥတု, အာဟာရကြောင့်ဖြစ်သော ရုပ်သည် အနာဂတ် မည် ၏။ စိတ္တဇရုပ်၌လည်း သဘောတူသော တစ်ခုသော ကုသိုလ်ဇောဝါရ, အကုသိုလ်ဇောဝါရ, ကြိယာဇော ဝါရတို့တွင် တစ်ပါးပါးသော ဇောဝါရတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်သည် ပစ္စုပ္ပန် မည်၏။ ထိုမှရှေ့ ကာလ၌ဖြစ်သော စိတ္တဇရုပ်သည် အတိတ်မည်၏။ ထိုမှနောက်ကာလ၌ ဖြစ်သော စိတ္တဇရုပ်သည် အနာဂတ်မည်၏။ ကမ္မဇရုပ်တို့၌ သန္တတိ၏ အစွမ်း အားဖြင့် အတိတ်-စသည်တို့၏ အထူးမရှိ။ ထို ဥတုဇ, အာဟာရဇ, စိတ္တဇတို့ကို ထောက်ပံ့သည်၏ အစွမ်းအားဖြင့် ကမ္မဇရုပ်၏ အတိတ် စသည်တို့၏ အဖြစ်ကို သိအပ်၏။

ဤသို့သိပြီးမှတ်ပြီးသော အတိတ်ကာလ၌ ဖြစ်သော ရုပ်သည်ပစ္စုပ္ပန် ကာလသို့မပါ၊ အတိတ် ကာလ၌သာ အကြွင်းမဲ့ချုပ်လေပြီ။ ပစ္စုပ္ပန်ကာလ၌ ဖြစ်သောရုပ်သည် အနာဂတ်ကာလသို့မပါ၊ ပစ္စုပ္ပန် ကာလ၌သာ အကြွင်းမဲ့ ချုပ်ခြင်းသို့ ရောက်လေ၏။ အနာဂတ်ကာလ၌ဖြစ်သောရုပ်သည် နောက် ဖြစ် သော အနာဂတ်ကာလသို့ မရောက်၊ မိမိ၏ဖြစ်ရာ ဖြစ်သော အနာဂတ်ကာလ၌သာ အကြွင်းမဲ့ချုပ် လတ္တံ့ဟု အဖန်တလဲလဲဆင်ခြင်အပ်၏။

တစ်ခုသောဇော, တစ်ခုသော သမာပတ်၌ အကျုံးဝင်သော ဝိညာဏက္ခန္ဓာသည်လည်းကောင်း, တစ်ခုသော အာရုံရှိသော ဝိညာဏက္ခန္ဓာသည်လည်း ကောင်း ပစ္စုပ္ပန်မည်၏။ ထိုမှ ရှေ့ကာလ၌ဖြစ်သော ဝိညာဏက္ခန္ဓာသည် အတိတ်မည်၏။ ထိုမှ နောက် ကာလ၌ဖြစ်သော ဝိညာဏက္ခန္ဓာသည် အနာဂတ် မည်၏။ ဝေဒနာ, သညာ, သင်္ခါရတို့ကိုကား စိတ်နှင့် ဧကုပ္ပာဒ, ဧကနိရောဓ, ဧကာလမ္ဗဏ, ဧကဝတ္ထုက ဖြစ်၍ စိတ်ဖြင့်နည်းတူသိအပ်၏။ ထိုနာမက္ခန္ဓာ လေးပါးတို့သည်လည်း မိမိ၏ ဖြစ်ရာကာလ၌သာ ဖြစ်၍ ချုပ်ခြင်းသို့ ရောက်လေကုန်၏။ လက္ခဏာ ရေးသို့တင်၍ အဖန်တလဲလဲ သုံးသပ်ဆင်ခြင်ရာ၏။ ဤသည်ကား သန္တတိအားဖြင့် ခန္ဓာငါးပါးကို ဆင် ခြင်ရာသောနည်းတည်း။ သန္တတိအားဖြင့် လက္ခဏာ ရေးသို့တင်၍ ဆင်ခြင်ပါသော်လည်း မထင်နိုင်ရှိခဲ့ သော် အခွန့်၏ အစွမ်းအားဖြင့် လက္ခဏာရေးသို့ တင်၍ ဆင်ခြင်သုံးသပ်အပ်၏။

အဘယ်သို့ သုံးသပ်ရာသနည်းဟူမူကား အတိတ်ဘဝ၌ဖြစ်သော ခန္ဓာသည် ပစ္စုပ္ပန်ဘဝသို့

http://www.dhammadownload.com

မပါ၊ ထိုအတိတ် ဘဝင်္သာ အကြွင်းမဲ့ချုပ်ခြင်း, ပျောက်ခြင်းသို့ ရောက်လေပြီးသည်၏ အဖြစ်ကြောင့် မမြဲသည်ဖြစ်၍ အနိစ္စ မည်၏။ ဆင်းရဲသည်ဖြစ်၍ ဒုက္ခမည်၏၊ အစိုးမရသည်ဖြစ်၍ အနတ္တမည်၏။ ပစ္စုပ္ပန်ဘဝင်္ဖြစ်သော ခန္ဓာငါးပါးသည် အနာဂတ်ဘဝသို့မလိုက်လတ္တံ့။ ထို ပစ္စုပ္ပန်ဘဝင်္သာ အကြွင်းမဲ့ကုန်ခြင်း, ပျောက်ခြင်းသို့ ရောက်ဆဲဖြစ်၍ အနိစ္စ, ဒုက္ခ, အနတ္တမည်၏။ အနာဂတ်ဘဝင်္ဖြစ်လတ္တံ့သော ခန္ဓာငါးပါးသည်လည်း ထိုအနာဂတ်ဘဝင်္ဖြစ်ပင် အကြွင်းမဲ့ကုန်ခြင်း, ချုပ်ခြင်းသို့ ရောက်လတ္တံ့ သည်၏အဖြစ်ကြောင့် မမြဲသည်ဖြစ်၍ အနိစ္စမည်၏။ ဆင်းရဲသည်ဖြစ်၍ ဒုက္ခမည်၏။ အစိုးမရသည်ဖြစ်၍ အနတ္တမည်၏။

ဥပမာကား သုံးယောက်သော သားရှိသော အမိသည် မင်းဒဏ် ရာဇဝတ်သင့်သော သားသုံးယောက်တို့ကို သတ်အံ့သောငှာ ခိုးသူတို့သတ်ရာသချိုင်းသို့ဆောင်လေသော် သားတို့၌ ချစ်ခြင်းမကင်းသည်ဖြစ်၍ ထိုသားတို့ကို ကြည့်ရှုလျက်လိုက်လေ၏။ ခိုးသူသတ်ရာသချိုင်းသို့ ရောက်လေသော် သားကြီးကို သတ်ပြီးသည်ကိုမြင်၍ သားလတ်အား သတ်ဆဲကိုမြင်၏။ မသတ်သေးသည်ဖြစ်၍ စင်စစ် သတ်လတ္တံ့သော သားငယ်၏ အသက်ရှည်ခြင်း၌ အာသာကင်းသကဲ့သို့ ထိုအတူ သတ်၍ပြီးသော သားကြီးနှင့်တူသော အတိတ်ဘဝခန္ဓာငါးပါးသည် ချုပ်လေပြီ၊ သတ်ဆဲဖြစ်သော သားလတ်နှင့်တူသော ယခုပစ္စုပ္ပန်ဘဝင်္ခန္ဓာအတ္တဘောဓ၏ ချုပ်ဆဲကို မြင်သဖြင့် သတ်လတ္တံ့သော သားငယ်နှင့်တူသော အနာဂတ်ဘဝင်္ဖြစ်လတ္တံ့သော ခန္ဓာသည် ချုပ်လတ္တံ့သည်ကား စင်စစ်ပင်တည်းဟု ယုံမှားမရှိပြီ။

ထိုဥပမာ၌ သားသုံးယောက်တို့၏အမိကဲ့သို့ ဘုံသုံးပါး၌ ကျင်လည်ရကုန်သော သတ္တဝါတို့ကို မှတ်အပ်ကုန်၏။ သတ်ပြီးသော သားကြီးကဲ့သို့ အတိတ်ဘဝင်္ဖြစ် ချုပ်ပြီးသောခန္ဓာကို မှတ်အပ်၏။ သတ်ဆဲဖြစ်သော သားလတ်ကဲ့သို့ ပစ္စုပ္ပန်ဘဝင်္ဖြစ်သောခန္ဓာကိုမှတ်အပ်၏။ သတ်လတ္တံ့သော သားငယ်ကဲ့သို့ အနာဂတ်ဘဝင်္ဖြစ်၍ ချုပ်လတ္တံ့သော ခန္ဓာကို မှတ်အပ်၏။ ဤသို့ အတိတ်ဘဝင်္ဖြစ်သော ခန္ဓာသည် ချုပ်လေပြီ။ ပစ္စုပ္ပန်ဘဝင်္ဖြစ်သော ခန္ဓာသည်လည်း ချုပ်ဆဲ၊ အနာဂတ်ဘဝင်္ဖြစ်သော ခန္ဓာသည် ချုပ်လတ္တံ့ဟု လက္ခဏာရေးသို့တင်၍ အဖန်တလဲလဲ သုံးသပ်ဆင်ခြင်အပ်၏။ ဤကား အဓွန့်၏ အစွမ်းအားဖြင့် ဘဝသုံးပါးတို့ကိုစပ်၍ ဆင်ခြင်ရာသော နည်းတည်း။ ဤသို့အဓွန့်အားဖြင့် ဆင်ခြင်၍ ထင်ပြီးသည်ရှိသော် သန္တတိ၏ အစွမ်းအားဖြင့် ဆင်ခြင်ရာ၏။ သန္တတိအစွမ်းအားဖြင့် ဆင်ခြင်ပြီးသော် သမယအားဖြင့် ဆင်ခြင်ရာ၏ သမယအားဖြင့် ဆင်ခြင်ပြီးသော် ခဏအားဖြင့် ဆင်ခြင်ရာ၏။ ခဏအားဖြင့် ဆင်ခြင်ရာ၌ ဆယ်ပါးသော ဝိပဿနာဘာဝနာအစဉ်ဖြင့် ဆင်ခြင်သုံးသပ်ရာ၏။ ထို ဆယ်ပါးသော ဝိပဿနာဉာဏ်တို့တွင် အနုလောမဉာဏ်သည် ကြဉ်အပ်သော ကိုးပါးသော ဝိပဿနာဉာဏ်တို့ဖြင့် အဖန်ဖန်အားထုတ်သော ပုဂ္ဂိုလ်အား သခ်ါရတို့သည် သိမ်းဆည်းအပ်ပြီးသည် မည်ကုန်၏။

အဘယ်ကြောင့် ဤယောဂီပုဂ္ဂိုလ်သည် သခ်ါရတို့ကို ဝိပဿနာ ဉာဏ်ကိုးပါး အဆက်ဆက်တို့ဖြင့် အဖန်ဖန်အားထုတ်ခြင်းကို ပြုသနည်းဟူမူကား- ဝဋ်ဆင်းရဲမှ ကင်းလွတ်ခြင်း၏ အကျိုးငှာ အားထုတ်သည် ဟူလိုသော် ထိုသို့အားထုတ်ရာ၌ ဥပမာမည်သည်ကား-တစ်ယောက်သော ယောကျ်ားသည် ငါးကိုဖမ်းယူအံ့ဟု ဆောင်းကို ကိုင်၍ ရေ၏ အတွင်းသို့ချလေ၏။ ထိုယောကျ်ားသည် ဆောင်းဖွေ၏အဝဖြင့် လက်ကိုသွင်း၍ ရေထဲ၌ ထိုမှဤမှရှာသည်ရှိသော် အဆိပ်ထန်သောမြွေ၏ လည်၌ဆုပ်မိ၍ ငါသည် ငါးကို ဖမ်းမိ၏ဟု အလွန် ဝမ်းမြောက်ခြင်းသည် ဖြစ်၏။ ထိုယောကျ်ားသည် ငါကားကြီးစွာသောငါးကို ရပေ၏ဟု ဆောင်းဖွေမှ ထုတ်၍ကြည့်

http://www.dhammadownload.com

လတ်သည်ရှိသော် လည်ရေးသုံးဆင့်ကိုမြင်၍ အဆိပ်ထန်သော မြွေတည်းဟုသိ၍ အလွန်ကြောက်သည်ဖြစ်၍ အပြစ်ဘေးရန်များသည်၏ အဖြစ်ကို မြင်ရကား ကိုင်ခြင်းငှာ ငြိုးငွေ့သည်ဖြစ်၍ လွတ်ခြင်းငှာ အလိုရှိသည်ဖြစ်၍ လွတ်ခြင်း၏ အကြောင်းကို ရှာလျက် အမြီးဖျားမှစ၍လက်ကိုရစ်သည်ကို ဖြေ၍ အထက်သို့မြှောက်ပြီးသော ဦးခေါင်း၏အထက်၌ နှစ်ကြိမ်သုံးကြိမ် ပတ်ပတ်လည်သည်ကိုပြု၍ ထိုမြွေကို အားနည်းအောင်ပြုပြီးသော် ပြက်ချော် လှစွာသော လွန်စွာကြမ်းသော အဆိပ်ရှိသောမြွေ-သင်ကား သွားလေဟု လွတ်လိုက်၍ လျင်သော အဟုန်ဖြင့် ကန်ပေါင်ကြည်းကုန်းသို့တက်၍ ကြီးစွာသော ကြမ်းသော အဆိပ်ရှိသော မြွေ၏ခံတွင်းမှ ငါကား လွတ်ပေပြီဟု လာရာ ခရီးကို ကြည့်လျက်ရပ်၏။

ထို ဥပမာစကား၌ ထိုယောဂျား၏ ငါးဟူသော အမှတ်သညာဖြင့် အ ဆိပ်ထန်သော ကြီးစွာသော မြွေ၏လည်ကိုဆုပ်မိ၍ နှစ်သက်သော ကာလကဲ့သို့ ဤကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်၏ ကမ္မဋ္ဌာန်းကို အားမတုတ်မိ ရှေးအဖို့ကာလ၌ ဤ ခန္ဓာကိုယ် အတ္တဘောကိုရ၍ နှစ်သက်သော ကာလကို မှတ်အပ်၏။ ဆောင်းဗွေမှ ထုတ်၍ကြည့်လတ်သော် လည်ရေးသုံးဆင့်ကို မြင်သကဲ့သို့ တစ်ခဲနက်တည်သော ဤခန္ဓာကိုယ်ကို အစိတ်စိတ်ခွဲဝေ၍ ရှုသဖြင့် ရုပ်, နာမ်ခန္ဓာသခါရတရားတို့၌ လက္ခဏာရေးသုံးပါးကိုမြင်သည်ကို မှတ်အပ်၏။ ထိုယောဂျား၏ ကြောက်သောအခါကဲ့သို့ ဤယောဂီပုဂ္ဂိုလ်၏ ဘယဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ ထိုမြွေမှ ဖြစ်သောအာဒီနဝ အပြစ်ဒေါသကို မြင်သကဲ့သို့ အာဒီနဝဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ မြွေကို ကိုင်ခြင်း၌ ငြိုးငွေ့သကဲ့သို့ နိဗ္ဗိဒါဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ မြွေကို လွတ်လိုသကဲ့သို့ မုစ္စိတုကမျတာဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ မြွေကို လွတ်ရခြင်း၏ အကြောင်းကိုပြုသကဲ့သို့ ပဋိသခါဉာဏ်ဖြင့် သခါရတရားတို့၌လက္ခဏာရေးသုံးပါးတို့သို့တင်၍ အဖန်ဖန်ရှုသော ပဋိသခါရုပဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ ထိုယောဂျားသည် မြွေကိုပတ်ပတ်လှည့်၍ အားနည်းသည်ကိုပြု၍ ပြန်၍ကိုက်ခြင်းငှာ မစွမ်းနိုင်သည်၏အဖြစ်သို့ ရောက်စေ၍ မြွေ၏ ဘေးမကောင်းစွာလွတ်သကဲ့သို့ ထို့အတူ ဤယောဂီပုဂ္ဂိုလ်သည်လည်း လက္ခဏာရေးသုံးပါးသို့ တင်သဖြင့် သခါရတရားတို့ကို ပတ်ပတ်လည်၍ အားနည်းသည်တို့ကိုပြု၍ တစ်ဖန်နိစ္စ, သုခ, သုဘ, အတ္တ-အခြင်းအရာအားဖြင့် ထင်မှတ်စေခြင်းငှာ မစွမ်းသည်၏ အဖြစ်သို့ ရောက်စေ၍ နိစ္စ, သုခ, သုဘ, အတ္တ-ဟူ၍ စွဲလမ်းသော တဏှာ, မာန, ဒိဋ္ဌိတို့၏အပြစ်မကောင်းစွာလွတ်၏။ ထိုကြောင့်-

မုစ္စနဿ ဥပါယသမ္မာဒနတ္ထံ ဇဝံ ပရိဂ္ဂဏှာတိ။

ဟူ၍ မိန့်အပ်ပြီ။

မုစ္စနဿ၊ လွတ်ခြင်း၏။ ဥပါယသမ္မာဒနတ္ထံ၊ အကြောင်း၏ ပြည့်စုံခြင်း အကျိုးငှာ။ ဇဝံ၊ ဤသို့ သခါရတရားတို့၌ အဖန်တလဲလဲ ရှုခြင်းကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။

ဤဥပမာကား-ရှေးဝိပဿနာဉာဏ်မှစ၍ ပဋိသခါဉာဏ်ကို ထင်စိမ့်သောငှာ ထုတ်ဆောင်သော ဥပမာတည်း။

သခါရုပေက္ခာဉာဏ်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်မည်၏။ ယခုအခါ၌ ရှေ့ဝိပဿနာဉာဏ်, နောက်အနုလောမဉာဏ်တို့နှင့်တကွ ဤဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်၏ ထင်စွာဖြစ်ခြင်းငှာ၊ ဤတစ်ဆယ့်နှစ်ပါးသော ဥပမာတို့ကို သိအပ်ကုန်၏။

တစ်ဆယ့်နှစ်ပါးသော ဥပမာမည်သည်ကား- လင်းနို့ဥပမာ- ၁၊ မြွေဟောက်ဥပမာ- ၂၊ အိမ်ကိုမီးလောင်သောဥပမာ- ၃၊ မင်း၏နွားကို ဖမ်းယူမိသော ယောဂျားဥပမာ- ၄၊ ဘီလူးမနှင့် အိမ်ထောင်ကျသော ယောဂျားဥပမာ- ၅၊ သူတစ်ပါး

http://www.dhammadownload.com

သားငယ်ကို ကိုယ့်သားမှတ်၍ ချီမိ၊ စွဲလမ်းမိသော မိန်းမဥပမာ-၆၊ ထမင်းဆာလောင်မွတ်သိပ်ခြင်း နိပ်စက်သောယောကျ်ားဥပမာ-၇၊ ရေတပ်သော ယောကျ်ားဥပမာ-၈၊ အချမ်းဖြင့် နိပ်စက်သော ယောကျ်ား ဥပမာ-၉၊ အပူဖြင့် နိပ်စက်သော ယောကျ်ားဥပမာ-၁၀၊ အမိုက်တိုက်ဖြင့် နိပ်စက်သော ယောကျ်ားဥပမာ-၁၁၊ အဆိပ်ဖြင့် နိပ်စက်သော ယောကျ်ား ဥပမာ-၁၂၊ ဤသည်ကား - ဥပမာ တစ်ဆယ့်နှစ်ပါးတည်း။ ထို့ကြောင့်

ဝဂ္ဂုလိ ကဏ္ဍသပ္ပေါစ၊
ဃရံဂေါဏော ယက္ခီ ဒါရကော။
ခုဒ္ဒံ ဝိပါသံ သီတုဏှံ၊
အန္ဓကာရံ ဝိသေနစာတိ။ ။

ဝဂ္ဂုလိ၊ လင်းနို့လည်းကောင်း။ ကဏ္ဍသပ္ပေါစ၊ မြွေဟောက်လည်းကောင်း။ ဃရံ၊ အိမ်ကို မီးလောင်သော ယောကျ်ားလည်းကောင်း။ ဂေါဏော၊ မင်း၏နွားကို ဖမ်းမိသောယောကျ်ားလည်းကောင်း။ ယက္ခီ၊ ဘီလူးမနှင့် အိမ်ထောင်ကျသော ယောကျ်ားလည်းကောင်း။ ဒါရကော၊ သူတစ်ပါးသားငယ်ကို ကိုယ့်သားမှတ်၍ ချီမိသော မိန်းမလည်းကောင်း။ ခုဒ္ဒံ၊ ထမင်းဆာလောင်သော ယောကျ်ားလည်းကောင်း။ ဝိပါသံ၊ ရေဆာသော ယောကျ်ားလည်းကောင်း။ သီတံ၊ အချမ်းသည် နိပ်စက်အပ်သော ယောကျ်ားလည်းကောင်း။ ဥဏှံ၊ အပူသည် နိပ်စက်အပ်သော ယောကျ်ားလည်းကောင်း။ အန္ဓကာရံ၊ အမိုက်တိုက်သည် နိပ်စက်အပ်သော ယောကျ်ားလည်းကောင်း။ ဝိသေန စ၊ အဆိပ်သည် နိပ်စက်အပ်သော ယောကျ်ားလည်းကောင်း။ ဣတိအယံ၊ ဤသည်ကား။ ဥဒါနံ၊ ဥဒါန်းတည်း။ ထိုဥပမာတို့တွင် လင်းနို့ဥပမာ၌ တစ်ခုသော လင်းနို့သည် အပွင့်အသီးကို ရပါလတ္တံ့ဟု နှလုံးပြု၍ ငါးခုသော အကိုင်းအခက်ရှိသော တစ်ခုသောသစ်မည်စည်ပင်၌နှား၍ တစ်ခုသော အကိုင်း၌ အပွင့်အသီးကို ရှာသော်လည်းမမြင်၊ ထို့အတူ နှစ်ခုမြောက်သော အကိုင်း, သုံးခုမြောက်သော အကိုင်း, လေးခုမြောက်သောအကိုင်း, ငါးခုမြောက်သောအကိုင်း၌ ရှာသော်လည်းမမြင်။ ထိုလင်းနို့သည် ဤသစ်ပင်ကား အသီးမသီးသော သစ်ပင်တည်း၊ တစ်စုံတစ်ခု ယူရာ, စွဲလမ်းရာမရှိဟု တပ်ခြင်းကိုစွန့်၍ ဖြောင့်ဖြောင့်တက်သော ခေါင်ကိုင်းဖြင့် တက်၍ သစ်ခွကြားဖြင့် ဦးခေါင်းကိုမော်၍ ကြည့်ပြီးသော်ကောင်း ကင်ခရီးဖြင့်ပျံလေ၍ တစ်ပါးသောသစ်ပင်၌ နားလေ၏။

ထိုဥပမာ၌ လင်းနို့ကဲ့သို့ ယောဂါဝစရ ပုဂ္ဂိုလ်ကို မှတ်အပ်၏။ ငါးခုသော အကိုင်းအခက်ရှိသော သစ်မည်စည်ပင်ကဲ့သို့ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို မှတ်အပ်ကုန်၏။ လင်းနို့၏သစ်မည်စည်ပင်၌ နားသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ခန္ဓာ ငါးပါးတို့ကိုနှလုံးသွင်းခြင်းကို မှတ်အပ်၏။ ထိုလင်းနို့၏ တစ်ခုတစ်ခုသောအကိုင်းကို သုံးသပ်ဆင်ခြင်၍ တစ်စုံတစ်ခုသော အပွင့်, အသီးယူအပ်သောအရာကို မမြင်၍ ကြွင်းသောအကိုင်းအခက်တို့ကို သုံးသပ်ဆင်ခြင်သကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ရူပက္ခန္ဓာကို သုံးသပ်ဆင်ခြင်၍ တစ်စုံတစ်ခု နိစ္စ, သုခ, အတ္တ, သုဘဟူ၍ မှတ်ယူစွဲလမ်းအပ်သည်ကို မမြင်သည်ဖြစ်၍ ကြွင်းသော ခန္ဓာတို့ကို သုံးသပ်ဆင်ခြင်ခြင်းကို မှတ်အပ်၏။ လင်းနို့၏ ဤသစ်မည်စည်ပင်ကား အပွင့်, အသီးမရှိဟု တပ်ခြင်းကို စွန့်သကဲ့သို့ ငါးပါးသော ခန္ဓာတို့၌ အနိစ္စလက္ခဏာ အစရှိသည်တို့ကို မြင်ခြင်း၏ အစွမ်းအားဖြင့် ငြီးငွေ့သော ယောဂီပုဂ္ဂိုလ်၏ မုန်တိုက်မျှတာဉာဏ်, ပဋိသန္ဓိဉာဏ်, သန္ဓိရုပေကွာဉာဏ် သုံးပါးဖြစ်သည်ကို မှတ်အပ်၏။ လင်းနို့၏ ဖြောင့်ဖြောင့်တက်သော ခေါင်ကိုင်း၏ အထက်သို့ တက်သကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ အနုလောမဉာဏ် ဖြစ်သည်ကို မှတ်အပ်၏။ လင်းနို့၏ဦးခေါင်းကို မော်၍ အထက်သို့ ကြည့်သကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ဂေါတြဘူဉာဏ် ဖြစ်သည်ကို မှတ်အပ်၏။ ကောင်း

http://www.dhammadownload.com

ကင်ကိုပျံသကဲ့သို့ မဂ်ဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ တစ်ပါးသောသစ်ပင်၌ နားသကဲ့သို့ ဖိုလ်ဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ မြွေဟောက်ဥပမာကို ပဋိသန္ဓေါဉာဏ်၌ ဆိုအပ်ပြီးသောနည်းဖြင့် မှတ်အပ်၏။

ဥပမာ, ဥပမေယျ နီးနှောရာ၌ကား မြွေကို လွတ်သကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ လွတ်ပြီး၍ လာရာခရီးကို ကြည့်၍ရသကဲ့သို့ မဂ်ဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ ဘေးမရှိသော အရပ်၌တည်သကဲ့သို့ ဖိုလ်ဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။

အိမ်ကို မီးလောင်သော ဥပမာ၌ အိမ်ရှင်တို့သည် ထမင်းစသော အစာအာဟာရတို့ကို စားပြီး၍ ညအခါ၌ အိပ်ရာသို့ သက်ဝင်၍ အိပ်ပျော်သည်ရှိသော် အိမ်ကို မီးလောင်လေ၏။ ထိုယောဂျိုးသည် နိုးလတ်သော် မီးလောင်သည်ကိုမြင်၍ ကြောက်သောကြောင့် ငါ၏ကိုယ်ကို မီးမလောင်စေဘဲ ထွက်ရပါမူကား ကောင်းလေစွဟု နလုံးပြု၍ ထွက်ရာခရီးကို ကြည့်၍လျင်သောအဟုန်ဖြင့် ထွက်ပြေး၍ ဘေးမရှိရာအရပ်သို့ ရောက်၍ တည်လေ၏။

ဤဥပမာ၌ အိမ်ရှင်ယောဂျိုး၏ ထမင်းအစာအာဟာရကို စားပြီး၍ အိပ်ပျော်ခြင်းသို့ ရောက်သကဲ့သို့ ဗာလပုထုဇဉ်မိုက်၏ ခန္ဓာငါးပါးတို့ကို ငါ, ငါ၏ဥစ္စာ, ငါ၏ကိုယ်ဟု မှတ်ယူစွဲလမ်းသောအခါကို မှတ်အပ်၏။ နိုးပြီးသော် မီးကိုမြင်၍ ကြောက်သောအခါကဲ့သို့ သမ္မာပဋိပတ် အကျင့်မြတ်ကို ကျင့်၍ လက္ခဏာရေးသုံးပါးကိုမြင်၍ ဘယဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ ထွက်ရာခရီးကို ကြည့်သကဲ့သို့ မုစ္ဆိတုကမျုတာဉာဏ် ဖြစ်သည်ကို မှတ်အပ်၏။ ထွက်ရာခရီးကို မြင်သကဲ့သို့ အနုလောမဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ ထွက်သောအခါကဲ့သို့ ဂေါတြဘူဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ လျင်သောအဟုန်ဖြင့် ထွက်သကဲ့သို့ မဂ်ဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ ဘေးမရှိရာအရပ်၌ တည်သကဲ့သို့ ဖိုလ်ဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။

နွားဖမ်းသောယောဂျိုးဥပမာ၌ တစ်ယောဂ်သော လယ်လုပ်ယောဂျိုး၏ အိပ်ပျော်စဉ် ခြံကို ဖောက်၍ နွားအပေါင်းတို့သည် ထွက်သွား လေကုန်၏။ ထိုယောဂျိုးသည် မိုးသောက်ထအခါ၌ နွားခြံသို့သွား၍ကြည့်လတ်သော် နွားတို့၏ ထွက်သွားသည်၏ အဖြစ်ကိုသိ၍ ခြေရာအစဉ်ဖြင့်လိုက်၍ မင်း၏ နွားတို့ကိုမြင်၍ ငါ၏နွားတို့ပင်တည်းဟု မှတ်၍ ရိုက်နှက် ပုတ်ခတ်လျက် ဖမ်းယူခဲ့ပြီးသော် အရာဏ်တက်၍ လင်းသောအခါ၌ ဤနွားတို့ကား ငါ့နွားမဟုတ်၊ မင်း၏နွားတို့တည်းဟုသိ၍ အကြင်မျှလောက် ငါ့ကို ဤသူကား ခိုးသူတည်းဟု မင်းချင်းယောဂျိုးတို့သည် ဖမ်းယူ၍ အကျိုးမဲ့ ပျက်စီးခြင်းသို့ မရောက်စေကုန်သေး။ ထိုမျှလောက်သော ကာလအတွင်း၌ ပြေးအံ့ဟူ၍ ကြောက်သည်ဖြစ်၍ နွားတို့ကို လွှတ်၍ လျင်သော အဟုန်ဖြင့် ပြေးလေရာ ဘေးမရှိရာအရပ်၌ ရပ်လေ၏။

ထိုဥပမာစကား၌ မင်း၏နွားတို့ကို ငါ့နွားဟူ၍ မှတ်ယူစွဲလမ်း၍ ဖမ်းယူသကဲ့သို့ ဗာလပုထုဇဉ်မိုက်၏ ခန္ဓာကိုယ်ကို ငါ, ငါ၏ဥစ္စာ, ငါ၏ကိုယ်ဟု မှတ်ယူစွဲလမ်းခြင်းကို မှတ်အပ်၏။ မိုးသောက်ထအခါ အရာဏ်တက်၍ လင်းသောကာလ၌ မင်း၏နွားတည်းဟုသိသကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ လက္ခဏာရေးသုံးပါးတို့၏ အစွမ်းအားဖြင့် ခန္ဓာတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟုသိသောအခါကို မှတ်အပ်၏။ သို၍ ကြောက်သောအခါကဲ့သို့ ဘယဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ နွားတို့ကို လွှတ်၍ ပြေးလိုသောအခါကဲ့သို့ မုစ္ဆိတုကမျုတာဉာဏ်ဖြစ်သည်ကိုမှတ်အပ်၏။ နွားတို့ကိုလွှတ်သော ကာလကဲ့သို့ ဂေါတြဘူဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ ပြေးသောအခါကဲ့သို့ မဂ်ဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ ပြေး၍ဘေးမရှိရာအရပ်၌ ရင်သကဲ့သို့ ဖိုလ်ဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။

http://www.dhammadownload.com

ဘီလူးမနှင့် အိမ်ထောင်ကျသော ယောကျ်ားဥပမာ၌ ဘီလူးမနှင့် အိမ်ထောင်ကျသော ယောကျ်ားသည် ညဉ့်အခါ၌ အိပ်ပျော်သည်ရှိသော် ဘီလူးမသည် ဤယောကျ်ားကား အိပ်ပျော်လေပြီဟုသိ၍ သုသာန် သချိုင်းသို့သွား၍ လူသားကို စား၏။ ထိုယောကျ်ားသည် ဤမိန်းမကား အဘယ်သို့ သွားသနည်းဟု အစဉ်လိုက်၍ ကြည့်ရှုလတ်သော် လူသားကို စား၍နေသည်ကို မြင်၍ ထိုမိန်းမ၏ ဘီလူးမ၏အဖြစ်ကို သိ၍ အကြင်မျှလောက်သော ကာလပတ်လုံး ငါ့ကိုမစားသေး။ ထိုမျှလောက်သော ကာလအတွင်း၌ ပြေးအံ့ဟု ကြောက်သည်ဖြစ်၍ လျင်သော အဟုန်ဖြင့် ပြေးလေ၍ ဘေးမရှိရာအရပ်၌ ရပ်လေ၏။

ထိုဥပမာ စကား၌ ဘီလူးမနှင့် အိမ်ထောင်ကျသော ယောကျ်ားကဲ့သို့ ခန္ဓာကိုယ်ကို ငါ,ငါ၏ ဥစ္စာ, ငါ၏ကိုယ်ဟု တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် မှတ်ယူစွဲလမ်းသည်ကို မှတ်အပ်၏။ သုသာန်သချိုင်း၌ လူသားကိုစားသော မိန်းမကိုမြင်၍ ဘီလူးမတည်းဟု သိသကဲ့သို့ ခန္ဓာကိုယ်၏ လက္ခဏာရေးသုံးပါးကို မြင်၍ အနိစ္စ အစရှိသည်တို့၏အဖြစ်ကို သိသော အခါကို မှတ်အပ်၏။ ကြောက်သောအခါကဲ့သို့ ဘယဉာဏ် ဖြစ်သည်ကို မှတ်အပ်၏။ ပြေးလိုသော အခါကဲ့သို့ မုစ္ဆိတုကမျတာဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ သုသာန်သချိုင်း၌ စွန့်သကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ လျင်သောအဟုန်ဖြင့် ပြေးသကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏။ ဘေးမရှိသော အရပ်၌ ရပ်သကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

သားငယ်ကို ချီပိုးသော မိန်းမ၏ဥပမာ၌ သားငယ်၌ ချစ်မြတ်နိုးသော တစ်ယောက်သော မိန်းမသည် ပြာသာဒ်အထက်၌နေလျက် ခရီးအကြား၌ သူငယ်ငိုသံကိုကြား၍ ငါ၏သားကို အဘယ်သူသည် နှိပ်စက် ညှဉ်းဆဲလေသနည်းဟု လျင်သော အဟုန်ဖြင့် သွားလေ၍ မိမိ၏သား,ဟူသော အမှတ်သညာဖြင့် သူတစ်ပါးသားငယ်ကို ချီပိုးရွက်ဆောင်လေ၏။ ထိုမိန်းမသည် ဤသားငယ်ကား ငါ၏သားမဟုတ်ဟုသိ၍ ရှက်နိုးသည်ဖြစ်၍ ထိုမှ ဤမှကြည့်လျက် ငါ့ကိုဤမိန်းမသည်ကား သူငယ်ကို နိုးတတ်သော မိန်းမတည်းဟု တစ်စုံတစ်ယောက်သောသူသည် မဆိုသေး၊ ထိုမျှလောက် ထိုအရပ်၌ သူငယ်ကိုစွန့်၍ ပြေးအံ့ဟုကြ၍ လျင်သောအဟုန်ဖြင့် ပြာသာဒ်ထက်သို့ တက်၍နေလေ၏။

ထိုဥပမာစကား၌ မိမိ၏သား,ဟူသော အမှတ်ဖြင့် သူတစ်ပါးသားကို မှတ်ယူစွဲလမ်းသကဲ့သို့ ဗာလပုထုဇဉ်မိုက်၏ ခန္ဓာငါးပါးတို့ကို ငါ,ငါ၏ဥစ္စာ, ငါ၏ကိုယ်ဟု တဏှာ,မာန,ဒိဋ္ဌိတို့ဖြင့် မှတ်ယူစွဲလမ်းခြင်းကို မှတ်အပ်၏။ ဤသူငယ်ကား သူတစ်ပါးသားငယ်တည်းဟု သိသောအခါကဲ့သို့ လက္ခဏာရေးသုံးပါးတို့၏ အစွမ်းအားဖြင့် ငါမဟုတ်, ငါ၏ဥစ္စာမဟုတ်, ငါ၏ကိုယ်မဟုတ်ဟု သိသောအခါကို မှတ်အပ်၏။ ကြောက်လန့်ရှက်နိုးသောအခါကဲ့သို့ ဘယဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ ထိုမှ ဤမှကြည့်သကဲ့သို့ မုစ္ဆိတုကမျတာဉာဏ် ဖြစ်သည်ကို မှတ်အပ်၏။ ထိုလမ်းအရပ်၌ပင်လျှင် သူငယ်ကို ချသကဲ့သို့ အနုလောမဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ ချ၍ ခရီးအကြား၌ တည်သကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ ပြာသာဒ်သို့ တက်သကဲ့သို့ မဂ်ဉာဏ်ဖြစ်သည်ကို မှတ်အပ်၏။ ပြာသာဒ်သို့ တက်၍ ထိုင်၍ နေသကဲ့သို့ ဖိုလ်ဉာဏ်ကိုမှတ်အပ်၏။ ခုဒ္ဒ, ပိပါသ,သီတ, ဥဏှ,အန္ဓကာရ, ဝိသ– ဤခြောက်ပါးသော ဥပမာတို့ကို ဝုဋ္ဌာန ဂါမိနီဝိပဿနာ၌ တည်သောပုဂ္ဂိုလ်၏ လောကုတ္တရာတရားကိုးပါးတို့ကို ရှေးရှုညွှတ်သောစိတ်, ကိုင်းသောစိတ်၊ ရှိုင်းသောစိတ်ရှိသည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ ဆိုအပ်ကုန်၏။

ထိုခြောက်ပါးတို့တွင် ခုဒ္ဒဥပမာ၌ မွတ်သိပ်ဆာလောင်ခြင်းဖြင့် နှိပ်စက်သောယောကျ်ားသည်

http://www.dhammadownload.com

ကောင်းသော အရသာရှိသော ခဲဖွယ်, ဘောဇဉ်ကို တောင့်တသကဲ့သို့ ထိုအတူသံသရာဝဋ်ဆင်းရဲတည်းဟူသော မွတ်သိပ်ဆာလောင်ခြင်းဖြင့် တွေ့အပ်၊ နိပ်စက်အပ်သော မြတ်သော ယောဂီပုဂ္ဂိုလ်သည် အမြိုက်အရသာနှင့်တူသော ကာယဂတာသတိတည်းဟူသော သုဓာဘုတ် ဘောဇဉ်ကို တောင့်တ၏။ ရေတပ်သည်ဖြစ်၍ ခြောက်သောလည်ချောင်း, အာစောက်, ခံတွင်းရှိသော ယောကျ်ားသည် များစွာသော အဆောက်အအုံတို့ဖြင့် စီရင်အပ်သော အဖျော်ကို တောင့်တသကဲ့သို့ ထိုအတူ သံသရာဝဋ်ဆင်းရဲတည်းဟူသော မွတ်သိပ်သော ယောဂီပုဂ္ဂိုလ်သည် အလွန်မွန်မြတ်လှစွာသော အရသာနှင့် ပြည့်စုံသော အရိယမဂ္ဂင် ရှစ်ပါးတည်းဟူသော အဖျော်ကို တောင့်တ၏။ အချမ်းဖြင့်နိပ်စက်သော ယောကျ်ားသည် အပူကို တောင့်တသကဲ့သို့ ထိုအတူ သံသရာဝဋ်ဆင်းရဲ၌ တဏှာတည်းဟူသော အစေးဟုဆိုအပ်သော ချမ်းအေးခြင်းဖြင့် တွေ့အပ်သော ယောဂီပုဂ္ဂိုလ်သည် ကိလေသာကို ပူပန်စေတတ်သော အရိယမဂ်တည်းဟူသော တေဇောဓာတ်ဟု ဆိုအပ်သော အပူကိုတောင့်တ၏။ အပူဖြင့် နိပ်စက်အပ်သော ယောကျ်ားသည် အချမ်းကို တောင့်တသကဲ့သို့ ထိုအတူ သံသရာဝဋ်၌ တစ်ဆယ့်တစ်ပါးသော မီးတို့သည် ပူလောင်စေအပ်သော ယောဂါဝစရ ပုဂ္ဂိုလ်သည် တစ်ဆယ့်တစ်ပါးသောမီးတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို တောင့်တ၏။ ကြီးကျယ်ပြန့်ပြောသော သည်းစွာသော အမိုက်တိုက်တို့သည် နိပ်စက်အပ်သောယောကျ်ားသည် အလင်းကို တောင့်တသကဲ့သို့ ထိုအတူ သံသရာဝဋ်၌ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ဖြင့် အလုံးစုံ ထက်ဝန်းကျင်အရပ်မှ သည်းထန်စွာသော မြေးယုက်အပ်သော ယောဂီပုဂ္ဂိုလ်သည် အရိယမဂ်ကိုပွားသဖြင့်ဖြစ်သော အရိယမဂ်ဉာဏ်တည်းဟူသော အလင်းကိုတောင့်တ၏။ အလွန်ထက်သော, လျင်သော, ကြမ်းသော အဆိပ်ဖြင့် တွေ့အပ်သောယောကျ်ားသည် ထိုအဆိပ်ကို ဖျောက်တတ်သောဆေးကို တောင့်တသကဲ့သို့ ထို့အတူ သံသရာဝဋ်၌ ကိလေသာတည်းဟူသော အဆိပ်သည် တွေ့အပ်သော ယောဂီပုဂ္ဂိုလ်သည် ထိုကိလေသာတည်းဟူသော အဆိပ်ကို ဖျောက်တတ်သော အမြိုက်နိဗ္ဗာန်တည်းဟူသော ဆေးကို တောင့်တ၏။ ထို့ကြောင့်-

တဿေဝံ ဇာနတော ဧဝံ ပဿတော တီသု ဘဝေသု စတူသု ယောနီသု ပဉ္စသု ဂတီသု သတ္တသု ဝိညာဏဋ္ဌိတီသု နဝသု သတ္တဝါသေသု စိတ္တံ ပဋိသိယတိ ပဋိကုဋတိ ပဋိနိဝတ္တတိ နသမ္မသာရိယတိ ဥပေက္ခာ ဝါ ပဋိကုလ္လတာဝါ သဏ္ဌာတိ။ ။ ဟူ၍ ဝိသုဒ္ဓိမဂ်၌ မိန့်အပ်ပြီ။

ဧဝံ၊ ဤသို့။ ဇာနတော၊ သိသော၊ ဧဝံ၊ ဤသို့။ ပဿတော၊ မြင်သော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ တီသုဘဝေသု စ၊ သုံးပါးသော ဘုံဘဝတို့၌ လည်းကောင်း။ စတူသုယောနီသု စ၊ လေးပါးသော ပဋိသန္ဓေဟု ဆိုအပ်သော ယောနိတို့၌လည်းကောင်း။ ပဉ္စသုဂတီသု စ၊ ငါးပါးသော ဂတိတို့၌လည်းကောင်း။ သတ္တသုဝိညာဏဋ္ဌိတီသု စ၊ ခုနစ်ပါးကုန်သော ဝိညာဏဋ္ဌိတိတို့၌ လည်းကောင်း။ နဝသု သတ္တဝါသေသု စ၊ ကိုးပါးကုန်သော သတ္တဝါသတို့၌ လည်းကောင်း။ စိတ္တံ၊ စိတ်သည်။ ပဋိသိယတိ၊ တွန့်၏။ ပဋိကုဋတိ၊ ဆုတ်၏။ ပဋိနိဝတ္တတိ၊ နစ်၏။ နသမ္မသာရိယတိ၊ မပြန့်။ ဥပေက္ခာ ဝါ၊ လျစ်လျူရှုသောအဖြစ်သည် လည်းကောင်း။ ပဋိကုလ္လတာ ဝါ၊ ရွံရှာသည်၏ အဖြစ်သည်လည်းကောင်း။ သဏ္ဌာတိ၊ ၏။

ထိုသခ်ါရုပေက္ခာဉာဏ်ဖြစ်ရာ၌ ဥပမာမည်သည်ကား စဉ်းငယ်ညွတ်သော ကြာဖက်၌ ရေပေါက်တို့သည် တွန့်ကုန်, ဆုတ်နစ်ကုန်သည်ဖြစ်၍ မပြန့်ကုန်သကဲ့သို့လည်းကောင်း, ကြက်တောင်ကိုလည်းကောင်း, အကြောပိုင်းကိုလည်းကောင်း, မီး၌ ထည့်

http://www.dhammadownload.com

အပ်သည်ရှိသော် တွန့်ခြင်း, ဆုတ်ခြင်း, နစ်ခြင်း သည်ဖြစ်၍ မပြန့်သကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်၏ စိတ်သည်လည်း ဘုံသုံးပါးအစရှိသည်တို့၌ တွန့်ခြင်း, ဆုတ်ခြင်း, နစ်ခြင်းသည်ဖြစ်၍ ပြန့်ခြင်းသည် မဖြစ်။ လျစ်လျူရှုသောအဖြစ်, ရွံရှာသောအဖြစ်သည် သာဖြစ်၏ဟူလိုသော်။

ဤသို့လျှင် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟု ဆိုအပ်သော သခ်ါရပေက္ခာဉာဏ်ဖြင့် သခ်ါရတရား တို့၏ ဖြစ်ခြင်း, ပျက်ခြင်းဟူသော လက္ခဏာရေး တို့ကို အဖန်တလဲလဲ မှီဝဲသော ယောဂီပုဂ္ဂိုလ်အား ဝိပဿနာဉာဏ်သည် အလွန်ထက်သည်ဖြစ်၍ ရင့်ခြင်းသို့ရောက်၏။ ထိုသို့ရောက်သောအခါ၌ လက္ခဏာရေးအာရုံ, သခ်ါရတရားတည်းဟူသော အာရုံတို့မှ စိတ်ကိုဖဲ့၍ နိဗ္ဗာန်ကို အာရုံပြု၍ နိဗ္ဗာန်သို့ စိတ်ကိုစေလွှတ်၏။ ထိုသို့ စေလွှတ်သည်ရှိသော် ပရိုက်, ဥပစာ, အနုလုံ, ဂေါတြဘူ, သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်၌ နှစ်ကြိမ်, သုံးကြိမ်ဘဝင်, ဤသို့သော စိတ်အစဉ်ဖြင့် လောကုတ္တရာ မဂ်,ဖိုလ်, နိဗ္ဗာန်ကို မျက်မှောက်ပြုရလေ၏။ ဤသို့လျှင် နိဗ္ဗာန်သို့ စေလွှတ်ပါသော်လည်း မဂ်, ဖိုလ်သို့ မရောက်ရှိနိုင်ခဲ့သော် တစ်ဖန် ခန္ဓာနာမ်, ရုပ် အစရှိသော သခ်ါရတရားတို့ကို အာရုံပြု၍ အဖန်တလဲလဲ ရှုရာ၏။

ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား– သမုဒ္ဒရာကို ကူးလိုကုန်သော သဘော်သားကုန်သည်တို့သည် သဘော်လှေသို့ တက်ကုန်သည်ရှိသော် အရပ်လေးမျက်နှာ၌ ကမ်းကိုကြည့်တတ်သော ကျီးကိုယူ၍ တက်ကုန်၏။ ထိုသဘော်သားတို့သည် အကြင်အခါ၌ လေ၏အဟုန်ကြောင့် သဘော်လှေသည် အရပ်တစ်ပါးသို့ ပြေးဝင်ခဲ့၍ ကမ်းကိုမမြင်ရှိခဲ့၏။ ထိုအခါ၌ အရပ်မျက်နှာ၌ ကမ်းကိုကြည့်တတ်သော ကျီးကို လွှတ်ကုန်၏။ ထိုကျီးသည် လင်းယဉ်ရွက်တိုင်ဖျားမှ ကောင်းကင်သို့ပုံ၍ အရပ်လေး မျက်နှာ, အရပ် ရှစ်မျက်နှာတို့သို့ အစဉ်လှည့်၍ ကြည့်သဖြင့် ကမ်းကို မြင်သည်ဖြစ်အံ့။ ထိုအရပ်သို့ ရှေးရှုပျံသွားလေ၏။ ကမ်းကို မမြင်သည်ဖြစ်အံ့၊ အဖန်တလဲလဲ သဘော်သို့ ရှေးရှုပျံခဲ့၍ လင်းယဉ်ရွက်တိုင်ဖျား၌ နားပြန်လာ၏။ ထိုအတူ သခ်ါရပေက္ခာဉာဏ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည်လည်း သခ်ါရအာရုံမှ ဖဲ၍ စိတ်ကို နိဗ္ဗာန်သို့ စေလွှတ်သည်ရှိသော် နိဗ္ဗာန်, မဂ်, ဖိုလ်ကို မျက်မှောက်ပြုနိုင်သည်ဖြစ်အံ့၊ လေးပါးသော မဂ်ဉာဏ်, လေးပါးသော ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရ၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်လေ၏။ မရောက်နိုင်ရှိခဲ့သော် သခ်ါရအာရုံရှိသော သခ်ါရပေက္ခာဉာဏ်ကိုပင် အဖန်တလဲလဲ မှီဝဲပြန်ရလေ၏။

ဥပမာ တစ်နည်းလည်း၊ ကြီးစွာသော မြောင်းကိုခုန်၍ ကူးလိုသော ယောကျ်ားသည် ဤမှာဘက်ကမ်း၌ ပေါက်ရောက်သော သစ်ပင်၏ အခက်၌ တွဲလျားဆွဲ၍ ဖွဲ့အပ်သော ကြိုး, ဝါးလုံး, လှံတန်ကို ကိုင်၍ လျင်သောအဟုန်ဖြင့် ပြေး၍ ထိုမှာဘက်ကမ်းသို့ ရှေးရှုကိုယ်ကို ညွှတ်၍ ပစ်လေ–ခုန်လေ၏။ ထိုမှာဘက်ကမ်း၏ အထက်သို့ ရောက်သည်ရှိသော် ကြိုးဝါးလုံးလှံတန်ကို လွှတ်၍ ထိုမှာဘက်ကမ်း၌ တည်လေ၏။ မရောက်ရှိခဲ့သော် ကြိုး, ဝါးလုံး, လှံတန်တို့ကို မလွှတ်မူ၍ ဤမှာဘက်ကမ်းသို့ ရောက်လာပြန်၏။ ထို့အတူ ဤယောဂီပုဂ္ဂိုလ်သည် ခန္ဓာတို့၏ ထိုမှာဘက်နှင့်တူသော နိဗ္ဗာန်သို့ ရောက်လိုသည်ဖြစ်၍ ဥဒယဗ္ဗယဉာဏ်မှစ၍ လျင်သော အဟုန်ဖြင့် ပြေး၍ အတ္တဘောတည်းဟူသော ခန္ဓာဟူဆိုအပ်သော သစ်ခက်၌ တွဲလျားဖွဲ့ချည်အပ်သော ရုပ်တရားတည်းဟူသော ကြိုးကိုလည်းကောင်း, ဝေဒနာအစရှိသော နာမက္ခန္ဓာလေးပါးတို့တွင် တစ်ပါးပါးသော ဝါးလုံး, လှံတန်ကိုလည်းကောင်း အနိစ္စ, ဒုက္ခ, အနတ္တဟု အနုလောမဉာဏ်ဟူသော အာဝဇ္ဇန်းဖြင့် ဆွဲကိုင်၍ ထိုအာရုံကို မလွှတ်မူ၍ ပထမအနုလောမစိတ်ဖြင့် ခုန်၍ ဒုတိယစိတ်ဖြင့် နိဗ္ဗာန်သို့

http://www.dhammadownload.com

ညွတ်သော ကိုင်းသော ရှိုင်းသောစိတ်ရှိသည်ဖြစ်၍ တတိယစိတ်ဖြင့်ရောက်လတ္တံ့သော နိဗ္ဗာန်၏ အနီး၌ တည်သည်ဖြစ်၍ ထိုတတိယစိတ် ချုပ်သဖြင့် သခ်ါရအာရုံကို လွှတ်၍ ဂေါတြဘူစိတ်သည် ထိုမှာဘက် ကမ်းနှင့်တူသော နိဗ္ဗာန်အာရုံ၌ တုန်လှုပ်လျက် တည်လေ၏။ ထိုနောင်မှ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်တည်းဟူသော ကမ်းတက်ဖက်၌ ကောင်းစွာတည်လေ၏။ မဒရာဂ်နိုင်ရှိခဲ့သော် သခ်ါရတရားလျှင် အာရုံရှိသော် သခ်ါရပေကွာဉာဏ်ကို အဖန်တလဲလဲ မှီဝဲပြန်ရလေ၏။ အဖန်တလဲလဲ မှီဝဲသည်ရှိသော် သခ်ါရတရားတို့သည် မီးကျီစုကဲ့သို့လည်းကောင်း, လွန်စွာ တောက်လောင်သကဲ့သို့လည်းကောင်းထင်လေ၏။ မိမိခန္ဓာကိုယ်ကိုလည်း မီးကျီစုအတွင်း၌ တည်သကဲ့သို့လည်းကောင်း, ကြီးစွာသော မီးလျှံတို့ဖြင့် တောက်လောင်သကဲ့သို့လည်းကောင်းထင်၍ မိမိကိုယ်မှ ကြီးစွာသော အခိုးအလျှံတို့သည် ထွက်သကဲ့သို့ထင်၍ လွန်စွာစိတ်၏ ဆင်းရဲခြင်းသို့ ရောက်၏။ ကြီးစွာသော ဝဲသြဃအယဉ်၌ ကျသကဲ့သို့ထင်၍ လွန်စွာစိတ်၏ဆင်းရဲခြင်းသို့ ရောက်၏။ ထိုသို့ရောက်သော အခါ ကိလေသာတည်းဟူသော ကြီးစွာသော ရန်စစ်ကို အောင်၍ နိဗ္ဗာန်အရပ်တည်းဟူသော အောင်မြေကို မရရှိခဲ့သော် ထိုဝိပဿနာဟူသော အာရုံကို စွန့်၍ ထိုအလုံးစုံသော ပူပန်ခြင်းတို့ကို တစ်ခဏချင်း ငြိမ်းစေတတ်သော ဥပစာရသမာဓိ, အပ္ပနာသမာဓိဟု ဆိုအပ်သော သမထအာရုံကိုပြုခြင်း, ဝင်စားခြင်းဖြင့် မှီဝဲရာ၏။ မှီဝဲပြန်သော် ငြိမ်းသော ကိုယ်စိတ်ရှိသောအခါ သခ်ါရပေကွာဉာဏ်ဖြင့် သခ်ါရတရားတို့ကိုရှု၍ နိဗ္ဗာန်တည်းဟူသော အရပ်သို့ ရောက်ရာ၏။ မရောက်နိုင်မူ၍ ရှေးနည်းနှင့်အတူ ပူပန်ခြင်း ဖြစ်ခဲ့သည်ရှိသော် သမထဟု ဆိုအပ်သော ဥပစာရသမာဓိ အပ္ပနာသမာဓိတို့ကို အာရုံပြုခြင်း, ဝင်စားခြင်းတို့ဖြင့် ဖျောက်၍ သခ်ါရပေကွာဉာဏ်ကိုပင်မွားရာ၏။

ဤသို့လျှင် အစမှစ၍ ဆိုအပ်ခဲ့ပြီးသော မကျိုးမပေါက် မပြောက်မကျားရအောင်ပြု၍ စင်ကြယ်စွာ စောင့်ရှောက်ဆောက်တည်အပ်သော လူတို့၏ သီလ, ရဟန်းတို့၏ စတုပါရိသုဒ္ဓိ သီလသည် သီလဝိသုဒ္ဓိမည်၏။ ဈာန်ကိုရခြင်းအကျိုးငှာ ကသိုဏ်းအစရှိသော သမထကမ္မဋ္ဌာန်းကို အာရုံပြု၍ ပွားစေအပ်သော ဈာန်၏ ရှေးအဘို့၌ ဖြစ်သော ကာမာဝစရကုသိုလ်နှင့်ယှဉ်သော ဇကဋ္ဌတာ စေတသိက်ဟု ဆိုအပ်သော ဥပစာရသမာဓိ, ဈာန်စိတ်နှင့် ယှဉ်သော ဇကဋ္ဌတာ စေတသိက်ဟု ဆိုအပ်သော အပ္ပနာသမာဓိ ဤသမာဓိနှစ်ပါးသည် စိတ္တဝိသုဒ္ဓိမည်၏။ ရုပ်တရားအပေါင်းသည် အချမ်း, အပူ-အစရှိသော ဝိရောဓိပစ္စည်းတို့ဖြင့် ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဖရိဖရဲကြဲခြင်းကိစ္စရှိ၏။ ပုဂ္ဂိုလ်, သတ္တဝါဟူ၍ မဆိုအပ်သောအဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ဝိညာဏ်လျှင် နိုးစွာသော အကြောင်းရင်းရှိ၏။ (ဝါ)၊ စိတ်, ဥတု, အာဟာရလျှင် နိုးစွာသော အကြောင်းရင်းရှိ၏။

ဝိညာဏ်သည် အာရုံကို သိခြင်းလက္ခဏာရှိ၏။ စေတသိက် နာမက္ခန္ဓာသုံးပါးတို့၏ ရှေ့သွားအကြီးဟူသောကိစ္စရှိ၏။ ရှေးဘဝ,နောင်ဘဝ နှစ်ပါးတို့ကို တစ်စပ်တည်းကဲ့သို့ စပ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ (ဝါ)၊ ရှေးစိတ္တုပ္ပာဒ်, နောက်စိတ္တုပ္ပာဒ်တို့ကို တစ်စပ်တည်းကဲ့သို့ စပ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။ ကုသိုလ် အကုသိုလ်ဟူသော သခ်ါရလျှင် နိုးစွာသော အကြောင်းရှိ၏။ (ဝါ)၊ ဝတ္ထုခြောက်ပါး, အာရုံခြောက်ပါးလျှင် နိုးစွာသော အကြောင်းရှိ၏။ ဤသို့လျှင် လက္ခဏ,ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏အစွမ်းအားဖြင့် နာမ်ရုပ် ဝိညာဏ်တို့ကို ပိုင်းခြားသိခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ထိုနာမ် ရုပ်တို့၏ ရှေ့ဘဝ၌ဖြစ်သော အဝိဇ္ဇာ, တဏှာ,ဥပါဒါန်, ကံဟုဆိုအပ်သော အကြောင်းတို့ကိုလည်းကောင်း၊ ယခုပစ္စုပ္ပန်ဘဝ၌ ဖြစ်သော စိတ်-ဥတု-အာဟာရတည်းဟူသော ရုပ်တို့၏ အကြောင်း

http://www.dhammadownload.com

တို့ကိုလည်းကောင်း၊ ယခုဘဝ၌ဖြစ်သော ဝတ္ထုခြောက်ပါး၊ ဒွါရခြောက်ပါး၊ ဤဘဝ ရှေ့ဘဝ၌ဖြစ်သော အာရုံခြောက်ပါးဟု ဆိုအပ်သော နာမကွန်ရာလေးပါးတို့၏ အကြောင်းတို့ကို ပိုင်းခြားပြီး သိခြင်းသည် ကခ်ါဝိတရဏ ဝိသုဒ္ဓိမည်၏။ အကြောင်းဟုတ်သည် မဟုတ်သည်ကို ပိုင်းခြားပြီး သိခြင်းသည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ဥဒယဗ္ဗယဉာဏ်မှစ၍ သခ်ါရ ပေကွာဉာဏ်တိုင်အောင် အားထုတ်ခြင်း ကျင့်ခြင်းသည် ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိမည်၏။ မဂ်လေးပါး၌ရှိသော မဂ်ပညာသည် ဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ဤသည်ကား ဝိသုဒ္ဓိခုနစ်ပါးတည်း။

ထိုခုနစ်ပါးတို့တွင် "မဂ်ဟုတ်သည်, မဟုတ်သည်ကို ပိုင်းခြားပြီး သိခြင်းသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏" ဟူသော စကားဌ ဝိပဿနာဉာဏ် ညစ်ညူးခြင်း၏ အကြောင်းဆယ်ပါးသည် ဝိပဿနာဉာဏ်၏ အညစ်အကြေး ဘေးရန်လည်းမည်၏။ မဂ်လည်းမဟုတ်၊ မဂ်စိတ်လေးပါး၌ ရှိသော အရိယမဂ္ဂင်ရှစ်ပါးသည်သာလျှင် မဂ်မည်၏။ ထိုမဂ်သည် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိစွမ်းနိုင်၏။ ရှေးဌ ဆိုအပ်ပြီးသော ဝိပဿနာဉာဏ်၏ အညစ်အကြေး ဘေးရန်ဆယ်ပါးတို့သည်ကား မဂ်မဟုတ်သောကြောင့် သစ္စာလေးပါးတို့ကို ထိုးထွင်း၍ မသိနိုင်ကုန်။ လက္ခဏာရေးအာရုံရှိသော ဝိပဿနာခရီးဟူသော မဂ္ဂလည်း မဟုတ်ကုန်။

ဝိပဿနာဉာဏ်၏ ဘေးရန်ဆယ်ပါးဟူသော်ကား

ဝိပဿနာဉာဏ်ကြောင့်ဖြစ်သော ထက်ဝန်းကျင်အရပ်တို့ကို လင်းစေခြင်းငှာ စွမ်းနိုင်သော ယောဂီပုဂ္ဂိုလ်၏ ကိုယ်မှထွက်သော အရောင်လည်းတစ်ပါး။

ဝိပဿနာဉာဏ်နှင့်တကွ ဖြစ်သော ခုဒ္ဒကာ, ခဏိကာ, သြက္ကန္တိကာ, ဥဇ္ဇဂါ,ဖရဏာ–ဟု ဆိုအပ်သော ငါးပါးသော အလွန်နှစ်သက်ခြင်း ပီတိလည်းတပါး။

ဝိပဿနာဉာဏ်ကြောင့်ဖြစ်သော စေတသိက်နာမကွန်ရာသုံးပါးတည်းဟူသော ကိုယ်၏အလွန်ငြိမ်းခြင်း, ဝိညာဏကွန်ရာဟု ဆိုအပ်သော စိတ်၏ အလွန်ငြိမ်းခြင်းတည်းဟူသော ပဿဒ္ဓိလည်းတစ်ပါး။

ဝိပဿနာဉာဏ်နှင့်တကွဖြစ်သော အလွန်ကြည်လင်လှစွာသော ဗလဝသဒ္ဓါန္ဒြေလည်းတစ်ပါး။ ဝိပဿနာဉာဏ်ကြောင့်ဖြစ်သော သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယိန္ဒြေလည်းတစ်ပါး။

ဝိပဿနာဉာဏ်ကြောင့်ဖြစ်သော အလွန်ချမ်းသာသော သုခလည်းတပါး။

သိကြားမင်းသည် ပစ်လွှတ်အပ်သော ဝရဇိန်လက်နက် မိုးကြိုးစက်နှင့် တူသော ဝိပဿနာဉာဏ်လည်း တစ်ပါး။

ဝိပဿနာဉာဏ်နှင့်တကွ ဝိပဿနာဉာဏ်ကြောင့်ဖြစ်သော သတိပဋ္ဌာန်ကိစ္စတပ်သော အလွန်ထင်သော သတိလည်းတစ်ပါး။

ဝိပဿနာဉာဏ်နှင့်တကွ ဝိပဿနာဉာဏ်ကြောင့်ဖြစ်သော အလွန် မွန်မြတ်သော လျစ်လျူရှုခြင်း တကြွမဏ္ဍတ္တုပေက္ခာလည်းတစ်ပါး။

ထိုကိုးပါးတို့၌ တပ်တတ်သော အလွန်သိမ်မွေ့သော နိကန္တိက တဏှာလည်းတစ်ပါး။

ဤဆယ်ပါးတို့သည် ဝိပဿနာဉာဏ်၏ အညစ်အကြေးဘေးရန်သာ မည်ကုန်၏။ အရိယမဂ္ဂင်ရှစ်ပါးမဟုတ်သောကြောင့် သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ မသိကုန်။ လက္ခဏာရေးအာရုံရှိသော ဝိပဿနာခရီးဟူသော မဂ္ဂင်လည်း မဟုတ်ကုန်။

အဘယ်သို့ ဝိပဿနာဉာဏ်၏ အညစ်အကြေး ဘေးရန်ဖြစ်သနည်းဟူမူကား– ဝိပဿနာကမ္မဋ္ဌာနိက ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်ကြောင့်ဖြစ်သော ကိုယ်မှထွက်သော အရောင်ဖြစ်

http://www.dhammadownload.com

လတ်သော် ငါ့အား မွန်မြတ်သော သဘောတရား သည်ဖြစ်၏။ မင်္ဂသို့ရောက်လေပြီဟု မင်္ဂမဟုတ် သည်ကို မင်္ဂဟုထင်မှတ်၍ ဝိပဿနာကို အားမထုတ် တန်ပြီဟု လျှော့၍နေလေ၏။ ထိုယောဂီပုဂ္ဂိုလ်အား နောက်ကာလ၌ ကိလေသာတို့သည် လွှမ်းမိုးဖိစီး၍ ဖြစ်ခြင်းကြောင့် ဝိပဿနာဉာဏ်လည်းပျောက်, မင်္ဂသို့လည်း မရောက်ဖြစ်လေ၏။ ထို့အတူ ပိတိ ပဿဒ္ဓိအစရှိသော ကိုးပါးတို့သည်လည်း ဝိပဿနာ ဉာဏ်၏ အညစ်အကြေးသာ ဖြစ်ကုန်၍ မင်္ဂသို့ မရောက် ဖြစ်လေကုန်၏။ ဤသို့လျှင် ဩဘာသ အစရှိကုန်သော ဆယ်ပါးတို့သည် မင်္ဂမဟုတ်။ အကယ်၍ မင်္ဂဖြစ်တုံအံ့။ သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍သိရာ၏။ မင်္ဂမဟုတ်ခြင်းကြောင့် သစ္စာ လေးပါးတရားတို့ကို ထိုးထွင်း၍မသိကုန်။ လက္ခဏာ ရေးအာရုံရှိသော ဝိပဿနာခရီးဟူသော မင်္ဂလည်း မဟုတ်ကုန်။ ဤသို့ မင်္ဂဟုတ်သည်, မဟုတ်သည်ကို ပိုင်းခြား၍ သိသဖြင့် စင်ကြယ်ခြင်း သည် မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိမည်၏။ ဤသို့ ဆိုအပ်ခဲ့ပြီးသော ဝိသုဒ္ဓိတရားခုနစ်ပါးတို့တည် ရထားခုနစ်ဆူနှင့် တူကုန်၏။

အဘယ်သို့ တူကုန်သနည်းဟူမူကား– သာဝတ္ထိ ပြည်ကို အစိုးရသော ပသေနဒီကောသလမင်းကြီး သည် သာဝတ္ထိပြည်မှ ခုနစ်ယူဇနာဝေးသော သာ ကေတပြည်သို့ သွားလိုသည်ရှိသော် တစ်ယူဇနာ, တစ်ယူဇနာ၏ အကြားအကြား၌ တစ်ဆူတစ်ဆူ သောရထားကိုထား၍ သာဝတ္ထိပြည် ရွှေနန်းတော်မှ ပဌမရထားကိုစီး၍ ပထမရထားဖြင့် ဒုတိယရထား ရှိရာ တစ်ယူဇနာခရီးကို လွန်သည့်တိုင်အောင် သွားလေ၏။ ဒုတိယရထားသို့ ရောက်သည်ရှိသော် ပထမရထားကိုစွန့်၍ ဒုတိယရထားဖြင့် တတိယ ရထားရှိရာသို့ တစ်ယူဇနာခရီးကို လွန်၍သွားလေ၏။ တတိယရထားသို့ ရောက်သည်ရှိသော် တတိယ ရထားဖြင့် စတုတ္ထရထားရှိရာအရပ်သို့, စတုတ္ထ ရထားသို့ ရောက်သည်ရှိသော် တတိယရထားကို စွန့်၍ စတုတ္ထရထားဖြင့် ပဉ္စမရထားရှိရာအရပ်သို့, ပဉ္စမရထားသို့ ရောက်ပြန်သည်ရှိသော် စတုတ္ထ ရထားကို စွန့်၍ ပဉ္စမရထားဖြင့် ဆဋ္ဌမရထားရှိရာ အရပ်သို့, ဆဋ္ဌမရထားသို့ ရောက်ပြန်သည်ရှိသော် ပဉ္စမရထားကိုစွန့်၍ ဆဋ္ဌမရထားဖြင့် သတ္တမရထား ရှိရာ အရပ်သို့, သတ္တမရထားသို့ ရောက်ပြန်သည်ရှိ သော် ဆဋ္ဌမရထားကို စွန့်၍, သတ္တမရထားဖြင့် သွား၍ တစ်ယူဇနာခရီးကိုလွန်၍ သာကေတပြည် ရွှေနန်း တော်သို့ ရောက်၍ ဆွမျိုးပေါက်ဖော် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သောသူ, မျိုးကြီးမတ်ရာ, သေနာပတိတို့ သည် ခြံရံအပ်ကုန်သည်ဖြစ်၍ သာကေတပြည် ရွှေနန်းတော်၌ ချမ်းသာစွာ မင်းစည်းစိမ်ကို ခံစား၍ နေလေ၏။

ဤဥပမာ၌ ပထမရထားနှင့် သီလဝိသုဒ္ဓိ သည် တူ၏။ ဒုတိယရထားနှင့် စိတ္တဝိသုဒ္ဓိသည် တူ၏။ တတိယရထားနှင့် ဒိဋ္ဌိဝိသုဒ္ဓိသည် တူ၏။ စတုတ္ထရထားနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိသည်တူ၏။ ပဉ္စမရထားနှင့် မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိသည် တူ၏။ ဆဋ္ဌရထားနှင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ သည် တူ၏။ သတ္တမရထားနှင့် ဉာဏဒဿနဝိသုဒ္ဓိ သည် တူ၏။ သာကေတပြည် ရွှေနန်းတော်နှင့် အန ပါဒိသေသနိဗ္ဗာနဓာတ်သည် တူ၏။ ပထမရထား သည် ဒုတိယရထားသို့ ရောက်ခြင်းအကျိုးရှိ၏။ ဒုတိယရထားသည် တတိယရထားသို့ ရောက်ခြင်း အကျိုးရှိ၏။ တတိယရထားသည် စတုတ္ထရထားသို့ ရောက်ခြင်းအကျိုးရှိ၏။ စတုတ္ထရထားသည် ပဉ္စမ ရထားသို့ရောက်ခြင်း အကျိုးရှိ၏။ ပဉ္စမရထားသည် ဆဋ္ဌရထားသို့ ရောက်ခြင်းအကျိုးရှိ၏။ ဆဋ္ဌရထား သည် သတ္တမရထားသို့ရောက်ခြင်း အကျိုးရှိ၏။ သတ္တမရထားသည် သာကေတပြည် ရွှေနန်းတော်သို့ ရောက်ခြင်း အကျိုးရှိ၏။ ထိုအတူ ပကတူပနိဿယ ၏ အစွမ်းအားဖြင့် သီလဝိသုဒ္ဓိသည် စိတ္တဝိသုဒ္ဓိ

http://www.dhammadownload.com

အကျိုးရှိ၏။ စိတ္တဝိသုဒ္ဓိသည် ဒိဋ္ဌဝိသုဒ္ဓိ အကျိုးရှိ၏ ဒိဋ္ဌဝိသုဒ္ဓိသည် ကင်္ခါဝိတရဏဝိသုဒ္ဓိအကျိုးရှိ၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိသည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အကျိုးရှိ၏။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသည် ဉာဏဒဿနဝိသုဒ္ဓိ အကျိုးရှိ၏။ ဉာဏဒဿနဝိသုဒ္ဓိသည် အနုပါဒိသေသနိဗ္ဗာနဓာတ် အကျိုးရှိသည်။ ဤသို့လျှင် သီလဝိသုဒ္ဓိမှစ၍ အနုပါဒိသေသနိဗ္ဗာနဓာတ်တိုင်အောင် ပကတူနိဿယပစ္စည်း ပစ္စယုပ္ပန် အဆက်ဆက်တို့သည် ကျေးဇူးပြုအပ်သည်ဖြစ်၍ သံသရာဝဋ်တို့မှ ကင်းလွတ်၏။ မင်္ဂ, ဖိုလ်, နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရားကိုးပါးတို့ကို မျက်မှောက်ပြု၍ ရကုန်သော အရိယာပုဂ္ဂိုလ်တို့သည် သုခပဋိပဒါခိပ္ပာဘိညာအဖြစ်ဖြင့် အခိုက်အတန့် တစ်ခဏမျှ အားထုတ်၍ရသည်ဖြစ်စေ, ဒုက္ခပဋိပဒါဒန္ဓာ ဘိညာအဖြစ်ဖြင့်ရှည်မြင့်စွာသော ကာလပတ်လုံး အားထုတ်မှရသည် ဖြစ်စေ– ဤခုနစ်ပါးသော ဝိသုဒ္ဓိအစဉ်တို့ဖြင့်သာလျှင် ရကုန်၏။

ထိုဝိသုဒ္ဓိခုနစ်ပါးတို့မှ ကင်း၍ မရကုန်။ ထို့ကြောင့် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် သံသရာဝဋ်ဒုက္ခဘေးဘယ အပေါင်းတို့မှ ကင်းလွတ်လို ကုန်သော သူတော်ကောင်းတို့သည် ဤဝိသုဒ္ဓိခုနစ်ပါးအဆက်ဆက်တို့ဖြင့် မင်္ဂ,ဖိုလ်တို့၏ အာရုံဖြစ်သော အနုပါဒိသေသနိဗ္ဗာနဓာတ်တိုင်အောင် အားထုတ်ကုန်ရာ၏။ ရှေးရှေးဌာန ဖြစ်ကုန်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း, ယခု ဘုရားသာသနာတော်၌ ဖြစ်ဆဲဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့သည်လည်းကောင်း, နောက်နောက်သောကာလ ဘုရားလက်ထက်၌ ဖြစ်လတ္တံ့ကုန်သော အိုဃ ပုဂ္ဂိုလ်တို့သည်လည်းကောင်း လောကုတ္တရာတရားတို့ကို ရခြင်း၏ အကျိုးငှာ ပါရမီတရားတို့ကို အားထုတ်၍ ကျင့်ကုန်သည်ရှိသော် အဓိကာရ,ဆန္ဒ ဤအင်္ဂါနှစ်ပါးတို့နှင့် ပြည့်စုံ၍ အားထုတ်မှ ရကုန်၏။ ထိုနှစ်ပါးတို့တွင် အဓိကာရ ဟူသည်ကား မင်္ဂ,ဖိုလ်ကို ရအံ့ဟူ၍ ဆိုသည်ရှိသော တစ်စုံတစ်ခု အပြစ်မရှိသော ကုသိုလ်နှင့် စပ်သောအမှု, မင်္ဂဖိုလ်ကို ရခြင်း၏ အကြောင်းဖြစ်သော အမှုတို့ကို အသက်ကို စွန့်၍ ပြုဖုံခြင်းသည် အဓိကာရမည်၏။ ထိုအမှုတို့ကို ပြုလိုသော အားကြီးသောအလိုသည် ဆန္ဒမည်၏။ မင်္ဂ,ဖိုလ်,နိဗ္ဗာန်ကို ရလိုကုန်သော ခပ်သိမ်းသော သူတို့သည် ဤ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံမှရသည်၏ အဖြစ်ကြောင့် ဤအင်္ဂါနှင့် ပြည့်စုံအောင် အားထုတ်ကုန်ရာ၏။ မင်္ဂ,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြုရကုန်ပြီးသော ပုဂ္ဂိုလ်တို့တွင် သောတာပတ္တိမဂ္ဂင်္ဘာန် ပုဂ္ဂိုလ်သည် ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသ–ဤသံယောဇဉ် သုံးပါးတို့ကို အကြွင်းမဲ့ပယ်ခြင်းကြောင့် သောတာပန်မည်၏။ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့ကိုလည်း အကြွင်းမဲ့ပယ်စွန့်ရာ၏။ ရှစ်ပါးသော ယုံမှားခြင်း၊ တစ်ဆယ့်ခြောက်ပါးသော ယုံမှားခြင်းတို့ကိုလည်း အကြွင်းမဲ့စွန့်ရာ၏။ ထိုသောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌ အလွန်အားဖြင့် ခုနစ်ဘဝမျှ သာလျှင် ပဋိသန္ဓေနေရခြင်း သဘောရှိ၏။ ဟိမဝန္တာတောင်မင်း၌၊ မြေကြီးကို မုန်ညင်းစေ့ခန့် ခုနစ်လုံး, လုံး၍ ထားပြီးသော် သောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌ မကုန်သေးသော ကြွင်းကျန်ရစ်သော ဒုက္ခသည် မုန်ညင်းစေ့ ပမာဏရှိသော မြေခုနစ်လုံး အတိုင်းအရှည်ရှိ၏။ သောတာပတ္တိမဂ်သည် ပယ်အပ်သော ကုန်ပြီးသော ဒုက္ခကား ဟိမဝန္တာတောင်မင်း ပမာဏရှိ၏။

ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သောတာပတ္တိမဂ်,သောတာပတ္တိ ဖိုလ်တို့သည် အသင်္ချေမရေတွက်နိုင်သော ဒုက္ခတို့ကို ဖျောက်ဖျိမ်းနိုင်သောကြောင့် ကြီးသော အာနုဘော်ရှိကုန်၏။ သကဒါဂါမိမဂ်သည် ရာဂ,ရင်းသော ကာမရာဂ,ဗျာပါဒတို့ကို ခေါင်းပါးခြင်းသို့ ရောက်စေ၏။ လူ့ပြည်, နတ်ပြည်တို့၌

http://www.dhammadownload.com

တစ်ကြိမ်စီသာ ပဋိသန္ဓေနေခြင်းသဘောရှိ၏။ ရှေ့၌ဆိုအပ်ခဲ့ပြီးသော ဥပမာလေးပါးတို့ကိုလည်း သကဒါဂါမိမဂ်၌ ဆောင်၍ သိအပ်မှတ်အပ်၏။ အနာဂါမိမဂ်သည်လည်း သကဒါဂါမိမဂ်သည် ခေါင်းပါးစေအပ်ပြီးသော ကာမရာဂ,ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်၍ ထိုအနာဂါမိမဂ်, အနာဂါမိဖိုလ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဤကာမဘုံသို့ပဋိသန္ဓေနေသောအားဖြင့် မလာမူ၍ ဗြဟ္မာဘုံ၌သာလျှင် ပဋိသန္ဓေနေခြင်းသဘောရှိသည်ဖြစ်၍ အနာဂါမ်ပုဂ္ဂိုလ်မည်သည် ဖြစ်၏။ သောတာပန်ပုဂ္ဂိုလ်၌ ဆိုအပ်ပြီးသော ဥပမာလေးပါးကို ဤအနာဂါမိမဂ်, အနာဂါမိဖိုလ်တို့၌လည်း ယှဉ်၍ ထိအပ် မှတ်အပ်၏။ အရဟတ္တမဂ်သည်လည်း ရူပရာဂ,အရူပရာဂ,မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ ဤသံယောဇဉ်ငါးပါးတို့ကို အကြွင်းမဲ့ပယ်အပ်၏။ ထိုအရဟတ္တမဂ် အရဟတ္တဖိုလ်နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသော အကုသိုလ်တရားတို့ကို ပယ်ခြင်းကြောင့် ဘုံသုံးပါး၌ ပဋိသန္ဓေနေရခြင်း သဘောမရှိ၊ စင်စစ်အားဖြင့် လူသုံးပါးတို့၏ မြတ်သောအလှူကို ခံထိုက်သော ရဟန္တာပုဂ္ဂိုလ်မည်၏။ ရှေး၌ ဆိုအပ်ခဲ့ပြီးသော ဥပမာလေးပါးတို့ကိုလည်း ဤအရဟတ္တမဂ်အရဟတ္တဖိုလ်၌ ယှဉ်၍ သိအပ်၏။ ဤသို့လျှင် ဘုရားသခင်တို့သည် အာယုကပ်လုံးနေ၍ ဟောငြားသော်လည်း ကုန်နိုင်ဖွယ်ရာသော သဘောမရှိသော၊ များလှစွာသော ဒုက္ခအပေါင်းတို့ကို ကုန်စေတတ်သော၊ ကြီးသော တန်ခိုးအာနုဘော်နှင့် ပြည့်စုံသော၊ များစွာသော အကျိုးအာနိသံသတို့ကို ရစေတတ်, ဖြစ်စေတတ်ကုန်သော လောကုတ္တရာတရားကိုးပါးတို့ကို ရလိုကုန်သော သူတော်ကောင်းတို့သည် တစ်စုံတစ်ခုသောအမှုကိစ္စကို မပြုမူ၍ ရခဲခြင်းတရားငါးပါးတို့တွင် ဗုဒ္ဓပွါဒ နဝမခဏ၌ လူ၏အဖြစ်ကို ရ၍ ပြည့်စုံခဲလှစွာသော သဒ္ဓါတရားနှင့် ပြည့်စုံသည်နှင့်အညီ ထိုလောကုတ္တရာတရားကိုးပါးတို့ကို မျက်မှောက်ပြုရခြင်း အကျိုးငှာ မပြတ်မစဲ အားထုတ်ကုန်ရာ၏။

တစ်နည်းလည်း ထိုဆိုအပ်ခဲ့ပြီးသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံကုန်သော လောကုတ္တရာတရားကိုးပါးတို့ကို ရလိုကုန်သော သူတော်ကောင်းတို့သည် ခြောက်ပါးသော အဖျာသယတရားတို့နှင့် ပြည့်စုံစေ၍ အားထုတ်ကုန်ရာ၏။ အဖျာသယခြောက်ပါးဟူသော်ကား–

လောဘ၌ အပြစ်ကိုမြင်၍ လောဘကင်းခြင်းငှာ အလိုရှိခြင်းတည်းဟူသော အလောဘဖျာသယလည်းတစ်ပါး။

ဒေါသ၌ အပြစ်ကိုမြင်၍ ဒေါသကင်းခြင်းကို အလိုရှိခြင်းတည်း ဟူသော အဒေါသဖျာသယလည်းတစ်ပါး။

မောဟ၌ အပြစ်ကိုမြင်၍ မောဟကင်းခြင်းကို အလိုရှိခြင်းတည်းဟူသော အမောဟဖျာသယလည်းတစ်ပါး။

အိမ်ရာထောင်သော လူ၏ဘောင်၌ အပြစ်ကိုမြင်၍ အိမ်ရာထောင်သော လူ၏ဘောင်မှ ထွက်မြောက်ခြင်းတည်းဟူသော နိက္ခမဖျာသယလည်းတစ်ပါး။

ကိလေသာတည်းဟူသော အပေါင်းအဖော်၊ ဂိုဏ်းတည်းဟူသော အပေါင်းအဖော်တို့၌ အပြစ်ကိုမြင်ကုန်သည် ဖြစ်၍ ဝိပဿနာဉာဏ်တည်း ဟူသော ကာယဝိဝေက၊ မဟဂ္ဂတ်စျာန်ကိုးပါးတည်းဟူသော စိတ္တဝိဝေက, ကာမူပဓိ, ခန္ဓူပဓိ, ကိလေသူပဓိ, ကုသိုလ်,အကုသိုလ်စေတနာဟူသော သင်္ခါရူပဓိတည်း ဟူသော ဥပဓိတရားလေးပါးတို့၏ ကင်းရာ, ကုန်ရာ,ချုပ်ရာဖြစ်သော နိဗ္ဗာန်ဟူသော ဥပဓိဝိဝေက–ဤသုံးပါးသော ဝိဝေကတို့သို့ ကပ်ခြင်းငှာ အလိုရှိခြင်းတည်းဟူသော ပဝိဝေကဖျာသယလည်းတစ်ပါး, တစ်နည်းလည်း ကိလေသာတည်းဟူသော အပေါင်းအဖော်ဂိုဏ်းတည်းဟူသော အပေါင်းအဖော်

http://www.dhammadownload.com

တို့၌ အပြစ်ကို မြင်ကုန်သည်ဖြစ်၍ ထိုကိလေသာ တည်းဟူသော အပေါင်းအဖော်, ဂိုဏ်းတည်းဟူသောအပေါင်းအဖော်တို့မှ ဖဲ့၍တောအရပ်သို့ ကပ်ခြင်း, သစ်ပင်ရင်းသို့ကပ်ခြင်း, ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ခြင်းငှာအလိုရှိခြင်းတည်းဟူသော ပဝိဝေကဈာဿယလည်းတစ်ပါး။

အလုံးစုံသော ဘဝ, ဂတိ, ယောနိ, သတ္တဝိညာဏဌိတိ, နဝသတ္တဝါသတို့၌ အပြစ်ကိုမြင်သည်ဖြစ်၍ ထိုအလုံးစုံသော ဘဝ,ဂတိ, ယောနိ, သတ္တဝိညာဏဌိတိ,နဝသတ္တဝါသဟုဆိုအပ်သော ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို အလိုရှိခြင်းတည်းဟူသော နိဿရဏဈာဿယလည်းတစ်ပါး။

ဤခြောက်ပါးသော အဈာသယတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ မိမိတို့သည် ရောက်အပ်သော မင်္ဂလာ,ဖိုလ်,နိဗ္ဗာန်ဟူသော တရားအထူးသို့ ရောက်ကြလေကုန်ပြီ။ ထိုကြောင့် နောက်နောက်သော ကာလ၌ လောကုတ္တရာတရား အထူးသို့ ရောက်လိုကုန်သော သူတို့သည် ဤခြောက်ပါးသော အဈာသယ အလိုဆန္ဒတို့ကို ပြည့်စုံစေပြီး၍ သမထဉာဏ်, ဝိပဿနာဉာဏ် ကိုးပါးအဆက်ဆက်တို့ဖြင့် မင်္ဂလာ,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းအကျိုးငှာ အကြောကြွင်းစေ, အရေကြွင်းစေ, အသားခန်းခြောက်စေ, အသွေးခန်းခြောက်စေ ဤအင်္ဂါလေးပါးတို့နှင့် ပြည့်စုံသော ဝီရိယတို့ဖြင့် စိတ်ကို ဆောက်တည်၍ အားထုတ်အပ်သည်ရှိသော် ဝိပဿနာဉာဏ် ကိုးပါး, ဆယ်ပါး အဆက်ဆက်တို့ဖြင့် မင်္ဂလာ,ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။

အဘယ်သို့သော အစဉ်ဖြင့် မျက်မှောက်ပြုရသနည်းဟူမူကား ခန္ဓာနာမ်,ရုပ်တို့ကို လက္ခဏာရေးသုံးပါးသို့ တင်၍ အဖန်တလဲလဲအားထုတ်သော ပုဂ္ဂိုလ်အား သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်-အားဖြင့် ဤဆယ်ပါးသော ဝိပဿနာဉာဏ်အစဉ်တို့သည် ဖြစ်ကုန်၏။ ထိုဆယ်ပါးသော ဝိပဿနာဉာဏ်အစဉ်တို့သည် ဖြစ်ကုန်၏။ ထိုဆယ်ပါးသော ဝိပဿနာ ဉာဏ်တို့တွင် အဆုံးဖြစ်သော အနုလောမဉာဏ်၏ အခြားမဲ့၌ သောတာပတ္တိမဂ် ဉာဏ်-အစရှိသော မင်္ဂ,လေးတန်, သောတာပတ္တိဖိုလ် အစရှိသော ဖိုလ်လေးတန်၊ ထိုမင်္ဂ, ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်၊ ဤကိုးပါးသော လောကုတ္တရာတရားတို့ကို မျက်မှောက်ပြုရာ၏။ ထို့ကြောင့် မင်္ဂလေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရလိုသော အာစာရကုလပုတ္တဇာတိကုလပုတ္တသည် ဆိုအပ်ခဲ့ပြီးသော သရဏာဂုံသီလ နှစ်ဝသော ဘာဝနာတို့ကို လွန်စွာကြိုးကုတ်အားထုတ်၍ပွားရာ၏။

ကိုယ်ကျိုး,ကိုယ်စီးပွားကို အလိုရှိကုန်သော အမျိုးကောင်းသား သူတော်ကောင်းတို့သည် သင်ကြား လေ့ကျက်ဆောင်ရွက်စေကုန်သတည်း။ ဆောင်ရွက်ပြီး၍ သုတမယဉာဏ်ဖြင့် အနက်အဓိပ္ပာယ်ကို အဖန်ဖန်ဆင်ခြင်၍ သိအောင် အားထုတ်နိုင်ပါစေကုန်သတည်း။ သိပြီး၍ မိမိကိုယ်တွင်း၌ ပြည့်စုံစေခြင်းငှာ ကျင့်လည်းကျင့်နိုင်ကြစေကုန်သတည်း။

[သီးလုံးဆရာတော်ကြီး၏ ပဋိပတ္တိပကာသနီကျမ်းမှ ထုတ်နုတ်ဖော်ပြပါသည်။]

သီးလုံးဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုပွားနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
ထွင့်ခေါင်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ထွဋ်ခေါင်ဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၁၆၀-၁၂၄၂)

ထွဋ်ခေါင်ဆရာတော်လောင်းလျာကို ဟသံတခရိုင်၊ လေးမျက်နှာမြို့အနီး မြင်းကကုန်းရွာ၌ အဘဦးလူကြီး၊ အမိ ဒေါ်မေတို့မှ ၁၁၆၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၅ ရက်၊ အင်္ဂါနေ့ နေတက်အချိန်တွင် ဖွားတော်မူခဲ့လေသည်။ ငယ်နာမည်မှာ မောင်စိုဖြစ်သည်။

၁၁၇၃ ခုနှစ်၊ ၁၃နှစ်အရွယ်တွင် အင်းဝမြို့၊ မန်ကျည်းတောကျောင်းတိုက်မှ လေးမျက်နှာမြို့နယ် ငါးတရော်ကျွဲခေါင်းကျောင်းတိုက်၌ ခေတ္တရောက်ရှိသီတင်းသုံးတော်မူသော "သိရိဂုဏာဘိလင်္ကာရမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မန်ကျည်းတောဆရာတော်ဘုရားကြီး ဦးသာသနဇောတထဲ မယ်တော်ဒေါ်မေနှင့် အစ်မတော် ဒေါ်ငွေတို့က သာမဏေအဖြစ် သွတ်သွင်းအပ်နှင်းကြလေသည်။ ဆရာတော်က "ရှင်ဉာဏဝန္တဓဇ" ဟု အမည်မှည့်တော်မူသည်။

မန်ကျည်းတောဆရာတော်ဘုရားကြီး အင်းဝသို့ ပြန်ကြွသောအခါ ရှင်ဉာဏဝံသသည် လိုက်ပါ၍ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော မန်ကျည်းတောဆရာတော်ထံ သာမဏေသိက္ခာကျမ်းများနှင့်တကွ ပိဋကတ်အခြေပြုကျမ်းစာများနှင့် ပိဋကတ်ကျမ်းစာများကို သင်ယူခဲ့လေရာ သင်ရိုးပေါက်ရောက် ကျမ်းကျင် တတ်မြောက်တော်မူခဲ့လေသည်။ ရှင်ဉာဏဝံသ၏ သွားပုံ၊ လာပုံ၊ ဝတ်ပုံ၊ စားပုံမှစ၍ အချိုးကျအဆင်ပြေ အသရေရှိ ကြည်ညိုဖွယ် ဂုဏ်အရုပ်ရုပ်တို့ကြောင့် သိရိပဝရ တိလောက မဟာရာဇိန္ဒာရတနာဒေဝီက များစွာကြည်ညိုလေးမြတ်သဖြင့် ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်း ထောက်ပံ့ခဲ့လေသည်။

ရှင်ဉာဏဝံသသည် သုဓမ္မာစာတော်ပွဲတွင် ဝင်နွှဲဖြေဆိုရာ ပထမကျော် အောင်ပန်းကို ဆွတ်လှမ်းခဲ့လေသည်။ ထိုအချိန်တွင် မိခင်ကြီးဒေါ်မေ ကွယ်လွန်ခဲ့ပေပြီ။ ၁၁၈၁ ခုနှစ်တွင် မဟာရာဇိန္ဒရတနာဒေဝီ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိတော်မူလေသည်။

ရှင်ဉာဏဝံသသည် ရဟန်း ၈၀ါ ပြည့် မြောက်သည့်တိုင်အောင် မန်ကျည်းတော ဆရာတော်ဘုရားကြီးထံ၌ ပိဋကတ်သုံးဖြာ ပါဠိအဋ္ဌကထာဋီကာကျမ်းတို့ကို တစ်ဖက်ကမ်းခပ် တတ်မြောက်အောင် သင်ယူခဲ့လေသည်။ ပိဋကတ်ကျမ်းဂန် အရပ်ရပ်တို့၌ တတ်မြောက်ကျွမ်းကျင်သူ၏ အဖြစ်သို့ ရောက်လေတော့သည်။

၁၁၈၈ ခုနှစ်တွင် မင်းဝံတောင်၏ အနောက်တောင်ခြေရှိ စည်းခုံစေတီတော်ကြီးအနီးသို့ ကြွ

http://www.dhammadownload.com

ရောက်တောခိုရှ် တရားကျင့်တော်မူခဲ့သည်။ မကြာမီ မင်းဝံတောင်ရိုးပေါ်ရှိ ရတနာထွဋ်ခေါင်စေတီအနီးသို့ ကြွရောက် ပြောင်းရွှေ့တော်မူကာ သီတင်းသုံးတော်မူခဲ့သည်။ ထိုအချိန်မှစ၍ ထွဋ်ခေါင်ဆရာတော်ဟု ထင်ရှားသည်။

ထွဋ်ခေါင်တောရမှ မြန်မာနှစ်တိုင်ခန့် ဝေးသော မြင်းမွေးတောရကျောင်း၊ လက်လုပ်တောရကျောင်း၊ ပေါက်တောကန် တောရကျောင်း၊ ပဲကတိုင်း တောရကျောင်းတို့၌လည်း လှည့်လည်သီတင်းသုံး တရားကျင့်ကြံတော်မူခဲ့ပေသည်။

မင်းတုန်းမြို့စား အထွတ်အမြတ်သို့ရောက်၍ မင်းတုန်းမင်းတရားဖြစ်သောအခါ ဘွဲ့တံဆိပ်လှူလေသော် အလှူခံတော်မမူချေ။ ဆရာတော်၏ ဂုဏ်သတင်းကြောင့် ဓမ္မိကချောင်၌ ဝိပဿနာ ဓုရဝန်ဆောင် ရဟန်းတော်တို့ ၃၀၀ ကျော်အထိ ရောက်ရှိသီတင်းသုံးလာကြလေသည်။ သို့ဖြစ်၍ ဆရာတော်သည် မင်းကွန်း ရွှေမြင်တင်တောင်သို့ ကြွရောက်သီတင်းသုံးတော်မူလေသည်။ နောင်တွင် မင်းတုန်းမင်းကြီး၏ လျှောက်ထားတောင်းပန်သဖြင့် ဓမ္မိကချောင်တွင် ပြန်လည် သီတင်းသုံးတော်မူလေသည်။ ရာဇပါမောဇ္ဇဒီပနီကျမ်း၊ ဓမ္မပါမောဇ္ဇဒီပနီကျမ်း၊ သာဓုဇနပါမောဇ္ဇ ဒီပနီကျမ်းစသည့် ကျမ်းပေါင်း ၁၃ ကျမ်းကို ပြုစုတော်မူခဲ့ပေသည်။

ယင်းသို့ သတ္တဝါတို့၏ အကျိုးစီးပွားကို မြတ်စွာဘုရားအလိုတော်ကျ သယ်ပိုးဆောင်ရွက်တော်မူခဲ့သော ထွဋ်ခေါင်ဆရာတော်ဘုရားကြီးသည် ၁၂၄၂ ခုနှစ်၊ ပထမဝါဆိုလဆန်း (၁)ရက်၊ နံနက် မြန်မာနာရီ တစ်ချက်တီးအချိန်၊ သက်တော် ၈၁၊ သိက္ခာတော် ၆၁ ဝါအရ ဓမ္မိကချောင်တွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့လေသည်။

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ထွဋ်ဦခေါင်ဆရာတော်ဘုရားကြီး၏
သြဝါဒတော်

ရွှေပြည်ချမ်းသာ၊ စံချင်ရှာ၊ ဆိတ်ငြိမ်ရာသို့ချဉ်း။
အနိစ္စကောင်၊ ဒုက္ခကောင်၊ အနတ္တကောင်၊ အသုဘကောင်၊ ထင်အောင် နှလုံးသွင်း။
အနိစ္စတုံး၊ ဒုက္ခတုံး၊ အနတ္တတုံး၊ အသုဘတုံး၊ လုံးလုံးမှတ်ကြမင်း။
ဤသို့ထင်မှ၊ မဂ်လမ်းစ၊ ရမည်မှန်စင်းစင်း။
မဂ္ဂင်ဖောင်ကြီး၊ တက်၍စီးမှ၊ ပြည်ကြီးအမတ၊ နိဗ္ဗာန၊ ရမည်မှတ်ကြမင်း။
ယခုဘဝ၊ မသိကြ၊ အမတမည်ခေါ်-ရွှေပြည်တော်၊ အစောမနံလျှင်း။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ထွဋ်ခေါင်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

အလွန်ဝန်လေးလှစွာသော ဝဋ်သုံးပါးမှ ကင်းလွတ် ထွက်မြောက်နိုင်ကြ၍ သုခတည်းဟူသော နိဗ္ဗာန်ရွေပြည်မြတ်သို့ ဘဝတိုတိုနှင့် ရောက်လွယ် ရလွယ်နိုင်သော တရား။

"သာသနာ"ဆိုသော စကားသည် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ဆုံးမဩဝါဒကို ခေါ်သည်။ ဆုံးမဩဝါဒသည်လည်း သံသရာမှ ထွက်မြောက်ကြောင်းတရားကို ဆိုလိုသည်။

သာသနာမှာလည်း သာသနာ သုံးရပ် ရှိသည်

၁။ ပရိယတ္တိသာသနာ – သံသရာမှ ထွက်မြောက်နိုင်သော တရားကို သင်အံလေ့ကျင့် ခြင်း။

၂။ ပဋိပတ္တိသာသနာ – သံသရာမှ ထွက်မြောက်နိုင်သော တရားတို့ကို ကျင့်ခြင်း။

၃။ ပဋိဝေဓသာသနာ– သံသရာမှ ထွက်မြောက်နိုင်သောတရားတို့ကို ကျင့်၍ သောတာပတ္တိ မဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်၊ မဂ်ကျိုး ဖိုလ်ကျိုးတို့ကို ရခြင်း။

လောကသုံးပါး အကြောင်း

လောကမှန်ကူ သဃန္ဓူထွတ်ထား သဗ္ဗညူ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် –

၁။ သတ္တလောက

၂။ သင်္ခါရလောက

၃။ သြကာသလောက ဟူ၍ လောကသုံးပါးကို ဟောပြတော်မူ၏။

၁။ သတ္တလောကမှာ– သတ္တဝါအပေါင်းတို့ကို ဆိုလိုသည်။

၂။ သင်္ခါရလောကမှာ– ဖြစ်,ပျက်ခြင်းသဘော ကို ဆိုလိုသည်။

၃။ သြကာသလောကမှာ–ရေ၊မြေ၊တော၊တောင်၊ သမုဒ္ဒရာမှစ၍ ၎င်းအရပ်ရပ်တို့ကို ဆိုလိုသည်။

အားလုံးသော လောကအပေါင်းတို့သည် ဖြစ်,ပျက်တတ်သော သဘောလက္ခဏာသာလျှင် ဖြစ်ချေ၏။ ထို့ကြောင့် "လုစ္ဆတိ ပလုစ္ဆတိ–တိ လောကော" ဟူသော ဝစနတ္ထနှင့်အညီ၊ လုစ္ဆတိ ပလုစ္ဆတိ–ဖြစ်တတ်, ပျက်တတ်၏။ ဣတိတသ္မာ– ဤသို့ ဖြစ်တတ်, ပျက်တတ်သော သဘောသတ္တိကြောင့်၊ လောကော– လောက မည်၏။

နာမ်၊ ရုပ်နှင့် သတ္တဟာအကြောင်း

ဤသို့ ဖြစ်ပျက်တတ်သော သဘောကိုပင် လောကဟူသော အမည်နာမ ခေါ်ဆိုရ၏။ ထိုကာလ၌ ဖြစ်လာကြသော သတ္တဝါအပေါင်းတို့သည်

http://www.dhammadownload.com

အကြောင်းရင်းမူလမှာ ... "အဝိဇ္ဇာ တဏှာ ဝသေန ဒွေမူလာနိ" အရ ပြတော်မူသောကြောင့် ဘဝင်္ဂ အို-နာ-သေရခြင်းအဖြစ်ကို မမြင်၊ လိုချင်သော လောဘသည် ဘဝကို တောင့်တ၍ ဒါန,သီလ,ဘာဝနာစသော အမှု ကုသိုလ်ကာမာဝစရ ပုညာဘိ သခါရကို ပြုခဲ့ကြသည်၏ အစွမ်းကြောင့် အဓိဝမ်း၌ ဇာတိပဋိသန္ဓေတည်နေသည်ကို ဝိညာဏ်ဆိုသည်။

ထိုဝိညာဏ်ကို မှီ၍ နာမ်,ရုပ် နှစ်ပါးတို့သည် အစဉ်အတိုင်း ဖြစ်ပြီးမှ အမြဲပ်ဖြစ်လာသည် ၇ ရက်၊ ထိုနောက်မှ သားတစ် ၇ ရက်၊ ထိုနောက်မှ အခဲ ၇ ရက်၊ ထိုနောက်မှ ခြေနှစ်ချောင်း၊ လက်နှစ်ချောင်း၊ ဦးခေါင်းဟူသော ခက်မငါးဖြာ ဖြစ်လာ၏။

ထိုနောက်မှ စက္ခု ၇ ရက်၊ သောတ ၇ ရက်၊ ဃာန ၇ ရက်၊ ဇိဝှါ ၇ ရက် ဖြစ်လာ၏။ ထို့နောက် ၃၂ ပါးသော ဒွတ္တိံသအစုတို့သည် တစ်စုလျှင် (၇) ရက်စီ ဖြစ်လာကြကုန်၏။

ပေါင်းလေးဆယ့်နှစ်သတ္တာဟာ၊ ရက်ပေါင်းနှစ်ရာကိုးဆယ့်လေးရက်၊ လပေါင်း ကိုးလနှင့် နှစ်ဆယ့်လေးရက်ဧသောအခါ ဓမ္မတာ သဘောအားဖြင့် ဖွားမြင်လာသော သတ္တဝါသည် အဝိဇ္ဇာ,တဏှာတို့ကြောင့် ဒုက္ခစင်စစ် ဝဋ်ဖြစ်၏။

ဝဋ်သုံးပါးအကြောင်း

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်

ဂုဏ်း (၃)ပါးကို ကိလေသဝဋ်ခေါ်သည်။

သခါရ၊ ကမ္မဘဝ၊

ဂုဏ်း (၂)ပါးကို ကမ္မဝဋ် ခေါ်သည်။

ဝိညာဏ်၊ နာမ်,ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ–

ဂုဏ်း (၁၃)ပါးကို ဝိပါကဝဋ် ခေါ်သည်။

ဂုဏ်းဝဋ်တည်းဟူသော ဒုက္ခတောင်ကြီးကို ဘယ်သူ့ကြောင့် ရသလဲ စဉ်းစားဆင်ခြင်လျှင် လောကီကုသိုလ်, အကုသိုလ်တည်းဟူသော ကမ္မဝဋ်ကြောင့်ရကြောင်းထင်ရှား၏။

တစ်ဖန် လောကီကုသိုလ်၊ အကုသိုလ်တည်းဟူသော ကမ္မဝဋ်ကို ဘယ်အတွက် ပြုမိပါသလဲဟု စဉ်းစားဆင်ခြင်ပြန်လျှင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တည်းဟူသော ကိလေသဝဋ် ပုန်းကွယ်ဦးစီး၍ ဆည်းပူးပြုကျင့်ခြင်းကြောင့် ထင်ရှား၏။

သို့အတွက် ဝိပါကဝဋ်၊ ကမ္မဝဋ်တို့ကို ပယ်သတ်ဖို့ မလိုသေး။ ကိလေသဝဋ်တည်းဟူသော အဝိဇ္ဇာ, တဏှာ, ဥပါဒါန် သုံးမျိုးသော တရားတို့ကိုသာ ပယ်သတ်ဖို့ရန်လိုသည်။

ကိလေသဝဋ်ဆိုသည့်အတွက် ကိလေသာ၌လည်း ကိလေသာ (၁၀)ပါး တစ်မျိုး၊ (၃)ပါး တစ်မျိုး ရှိသည်။

ကိလေသာ ၁၀-ပါး

(၁) လောဘ။ (၂) ဒေါသ။ (၃) မောဟ။ (၄) မာန။ (၅) ဒိဋ္ဌိ။ (၆) ဝိစိကိစ္ဆာ။ (၇) ထိန။ (၈) ဥဒ္ဓစ္စ။ (၉) အဟိရိက။ (၁၀) အနောတ္တပ္ပ။

ကိလေသာ ၃-ပါး

၁။ ဒိတိဂ္ဂမကိလေသာ– ကိုယ်,နှုတ် နှစ်ပါးဖြင့် မကောင်းမှု ကျူးလွန်ခြင်း၊ သီလတရားမှ သတ်နိုင်သည်။

၂။ ပရိယုဋ္ဌာန ကိလေသာ– မနောစိတ်ဖြင့် မကောင်းမှုဟူသမျှကိုကျူးလွန်ခြင်း၊ သမထ, သမာဓိ တရားမှသာ သတ်နိုင်သည်။

၃။ အနုသယ ကိလေသာ– အနုန္တဘဝ အဆက်ဆက်တို့က အမျိုးမျက်ဘဲ ပါလာသော၊ မြဲ၍နေသော ကိလေသာကို ခေါ်သည်။ ဝိပဿနာပညာတရား မှ သတ်နိုင်သည်။

ဝိပဿနာပညာတရားကျင့်က ဒုစရိုက် (၁၀) ပါး အမြစ်ပြတ်၍ အနုသယကိလေသာ ပြတ်၏။

အနုသယကိလေသာပြတ်လျှင် ဝိတိဂ္ဂမနှင့် ပရိယုဋ္ဌာန အလိုလို ပြတ်ရလေတော့၏။

http://www.dhammadownload.com

ၵင်းတရားကို သတ်ရန်မှာလည်း ...

အဝိဇ္ဇာ က ၃-မျိုး၊ တဏှာက ဒိဋ္ဌိနှင့် မာန ၃-မျိုး၊ ဥပါဒါန်က ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗ ဒုပါဒါန်၊ အတ္တဝါဒုပါဒါန်ဟု (၄)မျိုး။

အဝိဇ္ဇာ ဟူသည်ကား- ဟုတ်မှန်သည့် အတိုင်းကို မသိခြင်းတည်း၊ ဟုတ်မှန်သည့်အတိုင်းကို သိခြင်းဆိုသည်မှာ သစ္စာလေးပါးတရား၊ မဂ္ဂင် ရှစ်ပါးတရားတို့ကို သိခြင်းတည်း။

အဝိဇ္ဇာ ၃-မျိုး ရှိ၏

(၁) သစ္စာ ၄-ချက်၊ ၂၅၆-ချက် စသော သစ္စာဉာဏ်ကို မသိအောင် ဖုံးကွယ်ထားသော အဝိဇ္ဇာ တစ်မျိုး။

(၂) သစ္စာ ၄-ပါး၌ ဒုက္ခကို ပိုင်းခြား၍ ရှုရမည့်-ကိစ္စဉာဏ်၊ သမုဒယကို ပယ်ရမည့်-ကိစ္စဉာဏ်၊ နိရောဓကို မျက်မှောက်ပြုရမည့် ကိစ္စဉာဏ်၊ မဂ္ဂင်ကို ပွားများရမည့်-ပြုကျင့်စရာ ကိစ္စဉာဏ်၊ တွေ့ရှိတာကို မသိအောင် ဖုံးကွယ်ထားသော အဝိဇ္ဇာတစ်မျိုး။

(၃) သစ္စာ ၄-ပါး၌ ဒုက္ခကို ပိုင်းခြားဝေဖန်၍ ရှုရမည်ဆိုသည့်အတိုင်း ရှုနိုင်သည့်-ကတဉာဏ်၊ သမုဒယကို ပယ်ရမည်ဆိုသည့် အတိုင်း ပယ်နိုင်သည့်-ကတဉာဏ်၊ နိရောဓကို မျက်မှောက်ပြုရမည်ဆိုသည့်အတိုင်း ပြုနိုင်သည့်-ကတဉာဏ်၊ မဂ္ဂင်ကို ပွားရမည်ဆိုသည့်အတိုင်း ပွားနိုင်သည့် ကတဉာဏ်တို့ကို ဖုံးကွယ်၍ထားသော အဝိဇ္ဇာတစ်မျိုး။

တဏှာ သုံးပါး

၁။ ကာမတဏှာ- ကာမ ဆယ့်တစ်ဘုံ၌ ဖြစ်သော ချမ်းသာသုခကို တပ်မက်ခြင်း။

၂။ ရူပတဏှာ-ရူပဗြဟ္မာ ၁၆ ဘုံ၌ ဖြစ်သော ချမ်းသာသုခကို တပ်မက်ခြင်း။

၃။ အရူပတဏှာ-အရူပဗြဟ္မာ လေးဘုံ၌ ဖြစ်သော ချမ်းသာသုခကို တပ်မက်ခြင်း။

ဒိဋ္ဌိသုံးပါး အကြောင်း

၁။ အဟိရိကဒိဋ္ဌိ၊
၂။ အဟေတုကဒိဋ္ဌိ၊
၃။ နတ္ထိကဒိဋ္ဌိ။

၁။ အဟိရိကဒိဋ္ဌိသည်-သေလျှင်ဆုံး လောင်လျှင်တုံး ဘာမျှမဖြစ်၊ သေလျှင် ဘဝတုံး ကရောဟု အယူရှိခြင်း။

၂။ အဟေတုကဒိဋ္ဌိသည်- ကုသိုလ်ဟိတ်, အကုသိုလ်ဟိတ်ပြုသော်လည်း အကျိုးမရှိ၊ မခံရ၊ မစံရဟု အယူရှိခြင်း။

၃။ နတ္ထိကဒိဋ္ဌိသည်- တမလွန်လောက သံသရာ မရှိဟု ယူခြင်း။

ၵင်းအယူတို့ကို ယူမိသော သူတို့သည် သေသည်နှင့်တစ်ပြိုင်နက် အဝီစိငရဲသို့ ကျရောက်လေတော့သည်။

ဥပါဒါန်လေးပါးအကြောင်း

ဥပါဒါန်သည် အစွဲအလမ်းအားကြီးသော တဏှာကို ဥပါဒါန်ခေါ်၏။

၁။ ကာမုပါဒါန်သည်-အတွင်း,အပြင်၊ သက်ရှိ, သက်မဲ့ဖြစ်သော ပစ္စည်းဥစ္စာ, ရတနာ, ရွှေ, ငွေ, ကျွန်ကြွေးနှင့်တကွ မိမိ၏ ရုပ်,နာမ်,ခန္ဓာ တရားတို့၌ ငါ့ရွှေ၊ ငါ့ငွေ၊ ငါ့သား၊ ငါ့မယား၊ ငါ့လင်စသည်ဖြင့် ဲကွက် တွယ်တာတတ်သော လောဘတရားကို ခေါ်သည်။

၂။ ဒိဋ္ဌုပါဒါန်သည်-ကုသိုလ်ကံ, အကုသိုလ်ကံ အကျိုးမရှိ ယူခြင်း၊ အလုံးစုံသောသူတို့နှင့် လှုခြင်း၌ အကျိုးမရှိယူခြင်း၊ ဧည့်သည် အာဂန္တုတို့ကို ပြုစုသည့်အရာ၌ အကျိုးမရှိ ယူခြင်း နတ်,ဗြဟ္မာမရှိယူခြင်း၊ အမိ, အဘ၌

http://www.dhammadownload.com

ကောင်းစွာကျင့်ခြင်း၊ မကျင့်ခြင်းတို့သည် အကျိုးမရှိဟု ယူခြင်း။

၃။ သီလဗ္ဗဒုပါဒါန်သည်–အကျင့်သီလတရား တို့သည် ဘုံသုံးပါး၌ အကျိုးပေးတာ မှန်ပါလျက် မှန်သည့်အတိုင်း မယူဘဲ သီလတရား တို့၌ ထွက်မြောက်၏ဟု မှားသောယူခြင်းကို ခေါ်သည်။ မြတ်စွာဘုရား လက်ထက်တော်၌ ဂေါတမကတက္ကတွန်း ကုက္ကုဠဝတိက တက္ကတွန်းတို့ကဲ့သို့ နွားတို့အလေ့အကျင့်၊ ခွေးတို့အလေ့အကျင့်ကို ဝဋ်ဒုက္ခမှ ကျွတ်လွတ် စေသောအကျင့်ဟု စွဲလမ်းမှုသည် သီလဗ္ဗဒုပါဒါန် မည်၏။

၄။ အတ္တဝါဒုပါဒါန်သည်– ရုပ်,နာမ်,ခန္ဓာတရား တို့၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည်ဖြင့် မှားသော သက္ကာယ ဒိဋ္ဌိကို ခေါ်သည်။

အထက်က ဆိုခဲ့သည့် အဝိဇ္ဇာသည် ဟုတ်မှန်သည့်အတိုင်းကို မသိခြင်းတည်း။

ဟုတ်မှန်သည့်အတိုင်း သိခြင်းတည်းဟူသော မဂ္ဂင်ရှစ်ပါးနှင့် သစ္စာလေးပါးတရားတို့မှာ

၁။ သမ္မာဒိဋ္ဌိမဂ္ဂင်သည်–သစ္စာလေးပါးတရား တို့၌ သိတတ်သော ဉာဏ်တည်း။

၂။ သမ္မာသင်္ကပ္ပသည်–သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်း အကြံအစည်၊ သတ္တဝါတစ်ပါးကို မပျက်စီးစေလိုသော ဒေါသမှကင်းသော အကြံအစည်၊ သတ္တဝါတစ်ပါး မပင်ပန်းစေလိုသော အကြံအစည်။

၃။ သမ္မာဝါစာ။ ။ မုသာဝါဒါ–မဟုတ်မမှန်သော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။
ပိသုဏဝါစာ– ချောပစ်ကုန်းတိုက်သော စကားကို ရှောင်ကြဉ်ခြင်း။
ဖရုသဝါစာ–ရုန့်ရင်းကြမ်းတမ်းသော စကားကို ရှောင်ကြဉ်ခြင်း။
သမ္ဖပ္ပလာပါ– နိဗ္ဗာန်မှဖီလာဖြစ်သော ပြိန်ဖျင်းသောစကားကို ရှောင်ကြဉ်ခြင်း။
(၎င်းလေးပါးသည် ဝစီဒုစရိုက် လေးပါးတည်း)။

၄။ သမ္မာကမ္မန္တ။ ။ ပါဏာတိပါတာ=သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။
အဒိန္နာဒါနာ–သူ၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။
ကာမေသုမိစ္ဆာစာရာ– သူတစ်ပါးသားမယား ကို ပေါင်းဖော်ခြင်းမှ ရှောင်ကြဉ်ခြင်း။
(၎င်းသုံးပါးသည် ကာယဒုစရိုက် သုံးပါးတည်း)။

၅။ သမ္မာအာဇီဝ–အကုသိုလ်မကင်းသော ယုတ်ညံ့သော အသက်မွေးခြင်းကို ပယ်၍ အပြစ်ကင်း၍ ကောင်းမြတ်သော အသက်မွေးခြင်း။

၆။ သမ္မာဝါယာမ–သမ္မပ္ပဓာန် လေးပါးတည်း။
(၁) မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စိမ့်သောငှာ လုံ့လပြုသော ဝီရိယ။
(၂) မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စိမ့်သောငှာ လုံ့လပြုသော ဝီရိယ။
(၃) ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ လုံ့လပြုသော ဝီရိယ။
(၄) ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို ပွားများစေခြင်းငှာ လုံ့လပြုသော ဝီရိယ။
(မနောဒုစရိုက် သုံးပါးကို ပယ်ဖျက်ရန်)။

၇။ သမ္မာသတိ–နိဝရဏစသော ၆–ပါးသော တရားတို့ကို အဖန်တလဲလဲ ရှုမြဲနေခြင်း။
(၁) ကာမဂုဏ်ကို ခံစားလိုသော ကာမစ္ဆန္ဒနီဝရဏ။
(၂) အမျက်ဒေါသဟူသော–ဗျာပါဒနီဝရဏ။
(၃) ငိုက်မျဉ်းထိုင်းမှိုင်းခြင်းဟူသော– ထိနမိဒ္ဓနီဝရဏ။

http://www.dhammadownload.com

(၄) ပျံ့လွင့်ပူပန်ခြင်းဟူသော-ဥဒ္ဓစ္စ, ကုက္ကုစ္စ နိဝရဏာ။
(၅) ဝိစိကိစ္ဆာ နိဝရဏာ။
(၆) အဝိဇ္ဇာ နိဝရဏာ။
(မနောဒုစရိုက်သုံးပါးကို ပယ်ဖျက်ရန်)။

၈။ သမ္မာသမာဓိ- ပထမစျာန်မှ စတုတ္ထစျာန် ပြည့်စုံစေ၍ နေခြင်း။
(မနောဒုစရိုက်သုံးပါး ပယ်ဖျက်ရန်)။
သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ
ဤမဂ္ဂင်နှစ်ပါးသည် ပညာကွန်ရာ မည်၏။
သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ
ဤမဂ္ဂင်သုံးပါးသည် သီလကွန်ရာ မည်၏။
သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ
ဤမဂ္ဂင်သုံးပါးသည် သမာဓိကွန်ရာ မည်၏။

ခန္ဓာ-ဆိုသည်မှာ အဖို့အစုတည်း။ ပညာအဖို့၊ သီလအဖို့၊ သမာဓိအဖို့ အစုတည်း။ ကံ ၃ ပါး တို့၏အမြစ် မူလမျိုးစေ့အနေနှင့် သတ္တဝါတို့၏ကိုယ်ခန္ဓာတစ်ခုလုံး၌ ကိန်းဝပ်တည်ထောင်၏။ သံသရာ၌ အစဉ်အမြဲ လိုက်ပါ၍နေသော သက္ကာယဒိဋ္ဌိ၏ အနုသယဘုံ အသိုက်အအုံကြီးကို ပယ်ဖျက်ရန် တရားစုတည်း။

သစ္စာလေးပါးအကြောင်း

သစ္စာ ဆိုသည်မှာ မဖောက်မပြန် မှန်သော တရားတည်း။ မြတ်စွာဘုရား၏ ဒေသနာတော်မှန် သမျှသည် ထိုသစ္စာလေးပါးမှ လွတ်သော မည်သည် မရှိ။ သစ္စာလေးပါးသို့သာ ကိုင်းရှိုင်းကြကုန်၏။ ထို့ကြောင့် သစ္စာလေးပါးတရားသည် အထွတ်အမြတ် အချက်အချာ ဖြစ်သတည်း။

ဝဋ်သုံးပါး၌ အများသတ္တဝါတို့ ကျင်လည်ခြင်းဖြင့် ဆင်းရဲစွာခံရသော ဒုက္ခအပေါင်းတို့ကို အကြောင်းပြု၍ တရားကိုယ်အားဖြင့် သစ္စာဖွဲ့သော် ...

၁။ ဒုက္ခသစ္စာ ... သိ၊
၂။ သမုဒယသစ္စာ ... ပယ်၊
၃။ နိရောဓသစ္စာ ... ဆိုက်၊
၄။ မဂ္ဂသစ္စာ ... ပွား၊
လေးပါးကိစ္စ၊ အပိုင်ရ၊ မုချ ပရမတ်။

ဒုက္ခသစ္စာ ဆိုသည်ကား

၁။ ဇာတိ-ပဋိသန္ဓေနေ၍ ဆင်းရဲခြင်း ဒုက္ခ။
၂။ ဇရာ-အိုမင်း၍ ဆင်းရဲခြင်း ဒုက္ခ။
၃။ ဗျာဓိ-ဖျားနာ၍ ဆင်းရဲခြင်း ဒုက္ခ။
၄။ မရဏ-သေရ၍ ဆင်းရဲခြင်း ဒုက္ခ။

ဝဋ်သုံးပါးမှ မထွက်, မလွတ်မြောက်သရွေ့ ဤသို့ ဒုက္ခအပေါင်း ဖြစ်ရလိမ့်မည်ဟူ၍ မှတ်ရမည်။

သမုဒယသစ္စာ ဆိုသည်ကား

လောဘ-ဟူသော တဏှာသည် တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သော အလေ့ရှိ၏။ နှစ်သက်ခြင်း၊ တပ်ခြင်းဖြစ်၏။ ထိုထို ကိုယ်၏အဖြစ်တို့ကို အာရုံ၌ အလွန်နှစ်သက်တတ်၏။ ဤ တဏှာဟူသော တရားသည် ဒုက္ခ၏ အကြောင်း ဖြစ်သော သမုဒယ မည်၏။ ထို့ကြောင့် "ဒုက္ခံ တေဘူမ ကံ ဝဋ္ဋံ တဏှာ သမုဒယော ဘဝေ" ဟု မိန့်ဆိုတော်မူသည်အရ တေဘူ မက်-ဘုံသုံးပါး၌ ဖြစ်သော၊ ဝဋ်-ဝဋ်တရားသည်၊ ဒုက္ခံ-ဒုက္ခသစ္စာ မည်သည်၊ ဘဝေ-ဖြစ်၏။ တဏှာ- လောဘစေတသိက်သည်၊ သမုဒယော- ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ မည်သည်၊ ဘဝေ-ဖြစ်၏။

နိရောဓသစ္စာ

ထိုလောဘ ဟူသော တဏှာ၏ အကြွင်းမဲ့ တပ်ခြင်း ကင်းရာ၊ ချုပ်ရာ၊ စွန့်ရာ၊ လွတ်ရာ ဖြစ်သော နိဗ္ဗာန်သည် ရှိ၏။ ဤ နိဗ္ဗာန်ဟူသော သဘော တရားသည် နိရောဓသစ္စာ မည်၏။

http://www.dhammadownload.com

မဂ္ဂသစ္စာ

ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အထက်၌ ပြဆိုခဲ့ပြီးသော မဂ္ဂင်ရှစ်ပါး တရားတို့သည် မဂ္ဂသစ္စာ မည်၏။

ထို့ကြောင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ ထင်မြင်အောင် ရှုဆင်ခြင်ပြီးလျှင် အကြောင်းရင်းဖြစ်သော သမုဒယသစ္စာ တပ်မက်တွယ်တာခြင်း အရာတို့ကို ကောင်းစွာပယ်ဖြတ်လျက် မြတ်သော နိဗ္ဗာနကို အာရုံပြု၍ တောင့်တသဖြင့် ဆောက်တည်အပ်သော အနိဿိတ သီလ၊ သမာဓိ၊ ဝိပဿနာ,ပညာတရားတို့ကို မဂ္ဂသစ္စာဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါးတရားနှင့် ယှဉ်ပြီးလျှင် ဆင်ခြင်ပွားများအားထုတ်၍ လောကဋ္ဌ သတ္တဝါအပေါင်းတို့သည် အကြောင်းမူရင်းမူလဖြစ်သော တဏှာ, လောဘကို အစမငြိမ်းသမျှကာလပတ်လုံး သံသရာမှာ မဆုံးနိုင်အောင်ဖြစ်၍ ဒုက္ခ၏ အကြောင်းအရာတို့ကို ကောင်းစွာဆင်ခြင်၍ ထင်မြင်သောအခါ ခန္ဓာငါးရပ် သမုတ်အပ်သော ရုပ်၊ နာမ် နှစ်ဖြာတို့၏ အဖြစ်သည် စင်စစ် အနှစ်သာရမရှိ၊ စုံမက်နှစ်သက်စရာမရှိကြောင်း၊ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားဟု နှလုံးသွင်း၍ ရှုသင့်လှလေပြီ။

ခန္ဓာငါးပါးမှာလည်း

၁။ ရူပက္ခန္ဓာ ၂။ ဝေဒနာက္ခန္ဓာ၊ ၃။ သညက္ခန္ဓာ၊ ၄။ သင်္ခါရက္ခန္ဓာ၊ ၅။ ဝိညာဏက္ခန္ဓာ။

ရုပ်(၂၈)ပါးကို ရူပက္ခန္ဓာခေါ်သည်

၁။ ပထဝီ၊ ၂။ အာပေါ၊ ၃။ တေဇော၊ ၄။ ဝါယော၊ ၅။ စက္ခုပသာဒရုပ်၊ ၆။ သောတပသာဒရုပ်၊ ၇။ ဃာနပသာဒရုပ်၊ ၈။ ဇိဝှါပသာဒရုပ်၊ ၉။ မနပသာဒရုပ်၊ ၁၀။ ရူပရုပ်၊ ၁၁။ သဒ္ဒရုပ်၊ ၁၂။ ဂန္ဓရုပ်၊ ၁၃။ ရသရုပ်၊ ၁၄။ ဖောဋ္ဌဗ္ဗရုပ်၊ ၁၅။ ဣတ္ထိဘာဝ ပုရိသဘာဝရုပ်၊ ၁၆။ ဟဒယဝတ္ထုရုပ်၊ ၁၇။ ဇီဝိတရုပ်၊ ၁၈။ အာဟာရရုပ်၊ ၁၉။ ပရိစ္ဆေဒရုပ်၊ ၂၀။ ကာယဝိညတ်ရုပ်၊ ၂၁။ ဝစီဝိညတ်ရုပ်၊ ၂၂။ ရူပသလဟုတာရုပ်၊ ၂၃။ ရူပသမုဒုတာရုပ်၊ ၂၄။ ရူပသကာမညတာရုပ်၊ ၂၅။ ဥပစယရုပ်၊ ၂၆။ သန္တတိရုပ်၊ ၂၇။ ဇရတာရုပ်၊ ၂၈။ အနိစ္စတာရုပ်။

ဤရုပ် (၂၈)ပါးကို ရူပက္ခန္ဓာခေါ်သည်။ ၎င်းရူပက္ခန္ဓာသည် ဖောက်ပြန်ခြင်း သဘောမျှသာဖြစ်၍ စင်စစ် အနှစ်သာရမရှိခြင်း။

၂။ ဝေဒနာက္ခန္ဓာ–အကောင်းအဆိုး အမျိုးမျိုးသော ခံစားမှု၊ စံစားမှုတို့ကို ခေါ်သည်။ ခံစားခြင်း သဘောမျှသာဖြစ်၍ စင်စစ် အနှစ်သာရမရှိခြင်း။

၃။ သညက္ခန္ဓာ–မွေးဖွားစဉ်အခါကစ၍ အမိ၊ အဘ အစရှိသည်ဖြင့် အမှတ်သညာထားမှုကို ခေါ်သည်၊ မှတ်ခြင်း သဘောမျှသာဖြစ်၍ စင်စစ် အနှစ်သာရမရှိခြင်း။

၄။ သင်္ခါရက္ခန္ဓာ–ကြံစည်မှု၊ ပြောဆိုမှု၊ လုပ်ဆောင်မှုတို့ကို ခေါ်သည်။ ပြုပြင်ခြင်း သဘောမျှသာဖြစ်၍ စင်စစ် အနှစ်သာရမရှိခြင်း။

၅။ ဝိညာဏက္ခန္ဓာ–သိခြင်းတည်းဟူသော စိတ်ကို ခေါ်သည်၊ သိခြင်း သဘောမျှသာဖြစ်၍ စင်စစ် အနှစ်သာရမရှိခြင်း။

၁။ ရူပက္ခန္ဓာကို ရုပ်တရား။

၂။ ဝေဒနာက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟု ဆိုအပ်သော ခန္ဓာလေးပါးသည် စိတ်စေတသိက်တို့သာလျှင် ဖြစ်ခြင်းကြောင့် နာမက္ခန္ဓာမည်၏။ ထိုနာမက္ခန္ဓာ ၄–ပါးကိုပင် ပရမတ်နာမ်တရားဟု မှတ်ယူအပ်သည်။

ခန္ဓာငါးပါးကို ပေါင်းစုသော်–ရုပ်နှင့် နာမ် နှစ်ပါးသာ ဖြစ်၏။ ထိုရုပ် နာမ်ကိုပင် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာထင်၍ ရှုဆင်ခြင်ရန် အကြောင်းဖြစ်တော့သည်။

ထိုခန္ဓာငါးရပ် သမုတ်အပ်သော ရုပ်–နာမ် နှစ်ဖြာတို့သည်၊ ဝဋ်သုံးပါးမှ မကင်းသမျှ ဖြစ်လေ

http://www.dhammadownload.com

ရာရာ ဘဝကြီး-ငယ်တို့၌ ဝင်းဝင်းတောက် ထိန်ထိန်ညီး အပြိုးပါရှိ၍နေသော သက္ကာယဒိဋ္ဌိလေးပါး၊ သက္ကာယဒိဋ္ဌိ ၂၀ နှင့် ၂၅၆ ပါးသော သက္ကာယဒိဋ္ဌိ ငရဲမီးတို့ကို အလိုက်သင့် ဝိပဿနာဉာဏ် မျက်စေ့ဖြင့် ခွာချ၍ သုခတည်းဟူသော နိဗ္ဗာန်ရွေပြည်မြတ်သို့ ဘဝတိုတိုနှင့် အမြန်ရောက်လွယ် ရလွယ်ကြရန် ပွားများအပ်လှလေပြီ။

သက္ကာယဒိဋ္ဌိလေးပါးများလည်း-

အမြင်များ၊ အယူမှား၊ အထင်မှား၊ အမှတ်မှား။

သက္ကာယဒိဋ္ဌိ (၂၀) မှာလည်း-

ရူပက္ခန္ဓာ၌ ၄-ပါး၊ ဝေဒနက္ခန္ဓာ၌ ၄-ပါး၊ သညက္ခန္ဓာ၌ ၄-ပါး၊ သင်္ခါရက္ခန္ဓာ၌ ၄-ပါး၊ ဝိညာဏက္ခန္ဓာ၌ ၄-ပါး။ သက္ကာယဒိဋ္ဌိ၌ ငရဲပေါင်း ၂၅၆-ပါးမှာလည်း-

ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိ ၁၁၂-ပါး၊

(ရုပ် ၂၈ခုကို သက္ကာယဒိဋ္ဌိ ၄-ပါးနှင့် မြှောက်ပွား သည်ရှိသော် ၁၁၂-ပါး ရ၏။)

ဝေဒနက္ခန္ဓာ၌-စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှာသမ္ဖဿဇာ ဝေဒနာ၊ ကာယသမ္ဖဿဇာ ဝေဒနာ၊ မနောသမ္ဖဿဇာ ဝေဒနာဟူ၍ ဝေဒနာ အပြား ၆-ပါး၊ ၎င်း ၆-ပါးကို သုခ၊ ဒုက္ခ၊ ဥပေက္ခာ ၃-ပါးနှင့် မြှောက်ပွားသည် ရှိသော် ဝေဒနာ ၁၈-ပါးဖြစ်၏။ ၎င်း ဝေဒနာ ၁၈-ပါးကို သက္ကာယဒိဋ္ဌိ ၄-ပါးနှင့် မြှောက်ပွားသည် ရှိသော်- ဝေဒနက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း ၇၂-ဖြစ်၏။

သညက္ခန္ဓာ၌- ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာ ဟူ၍ အာရုံ၏ အပြားအားဖြင့် သညာ (၆)ပါး ဖြစ်၏။ ၎င်းသညာ (၆)ပါးကို သက္ကာယဒိဋ္ဌိ (၄)ပါးနှင့် မြှောက်ပွားသည်ရှိသော် သညက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း (၂၄)ပါး ဖြစ်၏။

သင်္ခါရက္ခန္ဓာ၌-အဘိဓမ္မာနည်းအားဖြင့် သင်္ခါရက္ခန္ဓာ အပြား (၅၀)ရှိသည်တွင် ဝေဒနာတစ်ခုကို အမှီပြု၍ ဆိုသည်ရှိသော်... ရူပသဒ္ဓေတနာ၊ သဒ္ဒသဒ္ဓေတနာ၊ ဂန္ဓသဒ္ဓေတနာ၊ ရသသဒ္ဓေတနာ၊ ဖောဋ္ဌဗ္ဗသဒ္ဓေတနာ၊ ဓမ္မသဒ္ဓေတနာ ဟူ၍ အာရုံ၏ အပြားအားဖြင့် သင်္ခါရ (၆)ပါးဖြစ်၏။ ၎င်းသင်္ခါရ (၆)ပါးကို သက္ကာယဒိဋ္ဌိ (၄)ပါးနှင့် မြှောက်ပွားသည် ရှိသော် သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိပေါင်း (၂၄)ပါး ဖြစ်၏။

ဝိညာဏက္ခန္ဓာ၌-စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်၊ မနောဝိညာဉ် ဟူ၍ ဒွါရ၏ အပြားအားဖြင့် ဝိညာဉ် (၆)ပါးဖြစ်၏။ ၎င်းဝိညာဉ် (၆)ပါးကို သက္ကာယဒိဋ္ဌိ (၄)ပါးနှင့် မြှောက်ပွားသည်ရှိသော် ဝိညာဏက္ခန္ဓာ၌-သက္ကာယဒိဋ္ဌိပေါင်း (၄)ပါး ဖြစ်၏။

အထက်ကဆိုခဲ့သည့် သက္ကာယဒိဋ္ဌိ (၄)ပါးကို နေ့-ည၌မပြတ် ဝဋ်သုံးပါးမှ မလွတ်သရွေ့ မပြတ်စွဲလမ်းနေကြသည်မှာ ရုပ်၊ နာမ်ခန္ဓာငါးပါး၊ ဓာတ်လေးပါးကိုပင် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟု အမြဲစွဲ၊ အသည်းစွဲ၊ ထင်မှတ် စွဲလမ်းခြင်းပြု၍ သမုဒယနောက်ကို တကောက်ကောက်နှင့် လိုက်ပါလျက်နေကြသော အမူအရာကို ဥပမာထား လျက်၊ သား၊ သမင်၊ တိရစ္ဆာန်အပေါင်းတို့သည်၊ အဟုတ်မှန် ဉာဏ်ကုန်ခန်းကင်း ၍ စုံစမ်းခြင်း မရှိဘဲ၊ ရေတံဘီသေဉ် ပကတိ သဲသောင်ပြင်၌ အခိုးအငွေ့လွှတ်လျက် နေသည်ကိုပင် ရေထင်၍လာကြသော်လည်း ရေကိုကား မတွေ့၊ တရွေ့ရွေ့နှင့် တိုး၍သာ ရှာဖွေကြသော်လည်း ရေကိုကား မရ၊ သေရုံမျှသာ ရှိတော့သည်။

ဤကဲ့သို့ အစ,မတုံး-အဆုံး,မရှိ၊ မသိ, မလိမ်မာသော တိရစ္ဆာန် အပေါင်းတို့သည် တောင်-မြောက်လေးပါး မရပ်မနားဘဲ သွားသည်ဖြစ်အင်၊ အထင်ဖောက်ပြားမှား၍သာ နေဘိသကဲ့သို့ စွဲလမ်းခြင်း ပြုကြလေသည်။

http://www.dhammadownload.com

ဓာတ်လေးပါးမှာလည်း

၁။ လောက–ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ၎င်းတို့သည် မြေ, ရေ, လေ, မီး ဤဓာတ်စု ကို ခေါ်သည်။

၂။ သုတ္တန်–ပထဝီသည် ဆံပင်မှစ၍ ဦးနှောက် ထိ (၂၀)၊ အာပေါသည် သည်းခြေက စ၍ ကျင်ငယ် ထိ (၁၂)ပါး၊ ဝါယောဓာတ်သည် ထွက်လေ, ဝင်လေ, စုန်လေ, ဆန်လေမှစ၍ (၆)ပါး။

တေဇောဓာတ်သည်–ပါစကဓီရနသန္တပ္ပန ဒဟဉသ္မာအားဖြင့် (၅)ပါး၊ ပေါင်း (၄၃)ပါးကို သုတ္တန်နည်းခေါ်သည်။ လောကနှင့် သုတ္တန် နည်းတို့ကို လောကပညတ် ခေါ်ဝေါ် သမုတ်ကြသည့်အတိုင်း လောကနည်းအားဖြင့် မှန်သောကြောင့် သမုတိသစ္စာ ဟု ခေါ်သည်။ (၎င်းတို့ကို ဝိပဿနာ တင်လို့မရ)။

၃။ ပရမတ်–ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုခြင်းကား ပျော့မှု၊ မာမှု၊ နူးညံ့ သိမ်မွေ့မှု၊ ကြမ်း တမ်းမှုတို့ကို ပထဝီခေါ်သည်။ မနောထဲ, ဉာဏ်ထဲ၌ လက်နှင့်စမ်းသပ်ကြည့်လျှင် ထင်ရှားရှိသော ပူမှု၊ အေးမှု၊ နွေးမှုတို့ကို တေဇောခေါ်သည်။ ထောက် ကန်မှု၊ လှုပ်ရှားမှု၊ တောင့်တင်းမှု၊ ပွယောင်းမှု တို့ကို ဝါယောဓာတ် ခေါ်သည်။ မနောဉာဏ်နှင့် ကြည့်မှ သိသည်။ ဖွဲ့စည်းခြင်း၊ ယိုစီးခြင်း၊ ကပ်တွယ်ခြင်းကို အာပေါဓာတ် ခေါ်သည်။ ၎င်းတို့ကို ပရမတ်သစ္စာ ခေါ်သည်။

ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည် ဖြင့် ဟုတ်–မဟုတ် ရုပ်,နာမ် (၂)ပါးသာလျှင် ဟုတ် ကြောင်းကို သိရှိနိုင်ကြရန် 'ငါ'ဆိုသော စာလုံးကို ရေး၍ 'ငါ'ကို တွေ့အောင်၊ မြင်အောင် ဝိပဿနာ ဉာဏ်နှင့် ရှုကြည့်ပါက 'ငါ'ကို မတွေ့ဘဲ ဓာတ်လေး ပါး အစုအဝေး ဖြစ်သော် ရုပ်နှင့်နာမ်ကိုသာ အမှန် တွေ့ရမည်ဖြစ်ကြောင်း။

မြန်မာစာမတတ်က ဦးခေါင်းခွံတစ်ခုကို ရှုကြည့်ပါက... ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၏ ဦးခေါင်းခွံ။ ငဖြူ၊ ငမဲ၊ မိနီ၊ မိဝါ စသည်တို့၏ ဦးခေါင်းခွံဟု တွေ့ရှိနိုင်ရန် အလွန်တရာမှ ခဲယဉ်း လှ၍၊ အမှန်ဖြစ်သော ရုပ်,နာမ်(၂)ပါးကိုသာ လက်ပူး လက်ကြပ် တွေ့ရှိရမည် အမှန်ဖြစ်ပါသည်။

အထက်ကဆိုခဲ့သည့် ရုပ်,နာမ်(၂)ပါးမှာ လည်း မိဘ(၂)ပါးတို့၏ ကလလရေကြည်မှစ၍ ဖြစ် ပေါ်လာပြီးလျှင် တစ်နေ့တခြား ရင့်မာကြီးမား၍ အဓိဝမ်းမှ အပြင်သို့ရောက်ပြီး ၄–နှစ်သား,သမီး၊ ၅–နှစ် သား,သမီး စသည်ဖြင့် ကြီးရင့်၍လာသော အခါကစ၍ ယနေ့အသက်ထိ၊ ဉာဏ်မျက်စိနှင့် ရှုကြည့်လိုက်လျှင် တစ်နေ့တခြား ကြီးမြင့်၍သာ လာကြလေသည်။ ငယ်၍သွားသည်ဟု မည်သည့် အခါမျှ မရှိ၊ ငယ်ရွယ်စဉ်ကနှင့်လည်း မတူကြောင်း၊ အနတ္တကိုယ်မဟုတ်၊ ငါမဟုတ်၊ အစိုးလည်းမရ၊ အလိုသို့လည်း မလိုက်ကြောင်း၊ အနိစ္စ–မမြဲခြင်း၊ ဒုက္ခ–ဆင်းရဲခြင်း တရားစုတို့ကို အမှန်မုချ တွေ့ရှိ သိမြင်၍ 'တရားရှာလျှင် ကိုယ်မှာတွေ့' ဆိုသလို ဉာဏ်မျက်စိကျယ်သမျှနှင့် ဆည်းပူးကျင့်ကြံပွားများ နိုင်၍ နိဗ္ဗာန်သို့ ဘဝတိုတိုနှင့် မျက်မှောက် ပြုနိုင်ကြ ရန် နှိုးဆော်အပ်ပါသတည်း။

[ကမ္မဋ္ဌာန်း သံပေါက်နှင့် နိဗ္ဗာန်ပေါက်လမ်း ရှုဖွယ်ကျမ်းမှ ထုတ်နုတ် ဖော်ပြပါသည်။]

ထွဋ်ခေါင်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

ညောင်လွန်းတောရဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ညောင်လွန်တောရဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၂၉-၁၂၉၁)

ညောင်လွန်ဆရာတော်ကို ၁၂၂၉-ခု၊ တပေါင်းလပြည့်ကျော် ၁၂-ရက်၊ ကြာသပတေးနေ့ ည (၁)နာရီအချိန်၌ မိတ္ထီလာမြို့ အနောက်ကန်ဆယ်အိုင့်ရွာတွင် ဦးမူဂ်-ဒေါ်ဂုံတို့မှ ဖွားမြင်ပါသည်။ (၇) နှစ်သားအရွယ်တွင် အိုင့်ရွာကျောင်းဆရာတော် ဦးကေသရထံ၌ ပညာသင်ယူစေသည်။

အသက် (၁၂)နှစ် အရွယ်တွင် မိဘများက ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှောက်သည်။ ဘွဲ့အမည်မှာ ရှင်မေဓာဝီဖြစ်သည်။

သာမဏေဘဝ စာမကျက် စာမသင်ရသော အချိန်တွင် ကျောင်းခြံ စည်းရိုး ချုံနွယ် ပိတ်ပေါင်း ကောင်းသောနေရာသို့ကပ်၍ အလယ်တွင် ရှင်းလင်းပြီး ထိုနေရာတွင် တောထွက်သော အနေမျိုးဖြင့် တစ်ပါးတည်း ဧကာသနိက်၊ ပဏ္ဍုပိဏ်ဓုတင်များကို ဆောက်တည်၍ တရားအားထုတ်တော်မူသည်။

သာမဏေဘဝ၌ပင် သဒ္ဒါကြီး၊ သင်္ဂြိဟ်၊ ဆန်း၊ အဘိဓာန်၊ အလင်္ကာစသော ပရိယတ် အခြေခံကျမ်းစာများကို သင်ကြား တတ်မြောက်သည်။

ကိုယ်ကျင့်သိက္ခာတွင်လည်း ဝိနည်းကျင့်ဝတ်ကို အလွန် ရိုသေလေးစားပေသည်။ အသက် နှစ်ဆယ် ပြည့်သောအခါတွင် နောင်တော် ဦးကေသရထံ၌ပင် ရဟန်းဝတ်လေသည်။ ရဟန်း ၃-ဝါ ရရှိသောအခါ ဆရာတော် ဦးကေသရ၏ ညွှန်ကြားချက်အရ မန္တလေးမြို့တော်သို့တက်၍ တောင်ပြင် ဘုရားကြီးကျောင်းတိုက်၌ ၂-ဝါ တိုင်တိုင် နေထိုင်တော်မူ၍ လေးပြင်လေးရပ် ထင်ရှားတော်မူသော ဆရာတော်ဘုရားကြီးများထံ၌ ပရိယတ်ကို သင်ယူကြိုးစားအားထုတ်တော်မူလေသည်။ တစ်ဖန် ဆရာတော် ဦးကေသရ ပြန်ခေါ်သဖြင့် ဇာတိ အိုင့်ရွာကျောင်း၌ပင် သီတင်းသုံးသော် မူရလေသည်။

ငယ်ဆရာ ဦးကေသရ၏ အမိန့်အရ ညောင်ရမ်းမြို့အနီး တောင်ဘက်ရှိ ရေအိုးစင်ရွာကျောင်း၌ အစောင့်အရှောက်အဖြစ် သီတင်းသုံးရသည်။ ထိုအခိုက် ဝိနည်းအကျော် မိုးနံကုန်း ဆရာတော်ဘုရားကြီးသည် ညောင်ရမ်းမြို့သို့ ကိစ္စတစ်ခုဖြင့် ကြွရောက်လာ၏။ ဦးမေဓာဝီ သည် ဝိနည်းတော်အရ ခါးပန်းကြိုးနှင့်ပတ်သက်၍ မရှင်းလင်းသော အချက်များကို မိုးနံကုန်း ဆရာတော်ဘုရားကြီးအား လျှောက်ထား ခွင့်ပန်လေသည်။ ကျေနပ်လောက်သော အဆုံးအဖြတ်များ မှတ်သားရရှိသဖြင့် ဆရာတော်ဘုရားကြီးထံလိုက်ပါပညာသင်ယူရန် ဆုံးဖြတ်လိုက်လေသည်။ ဆရာတော် ဦးကေသရကို ခွင့်ပန်၍ ရလေရာ ရဟန်းငါးဝါအရတွင် ပျော်ဘွယ်မြို့ အရှေ့တောင် တစ်မိုင်ခန့်အကွာ မိုးနံကုန်း ရွာကျောင်း၊

http://www.dhammadownload.com

မိုးနံကုန်း ဆရာတော်ဘုရားကြီးထံတော်သို့ ကြွရောက် သီတင်းသုံး နေထိုင်တော်မူလေသည်။

မိုးနံကုန်း ဆရာတော်ဘုရားကြီးထံတော်တွင် နေ့အခါ၌ သမ္မန္နစိန္တာ စသော သဒ္ဒါငယ်များမှအစ ဝိနည်းငါးကျမ်း ပါဠိအဋ္ဌကထာ၊ အဘိဓမ္မာ အဋ္ဌကထာတို့ကို သင်ကြားရ၏။ ညဘက်၌ အဘိဓမ္မာ ညဝါများကို သင်ကြားရ၏။ ဦးမေဓာဝီသည် အိပ်ချိန်ကို အနည်းငယ်ထား၍ စာပေလိုက်စားရင်း ဆရာတော်၏ ဝတ်ကြီးဝတ်ငယ်တို့ကို သူမတူအောင် မြဲသော ဆရာတော်တစ်ပါးလည်း ဖြစ်ပေသည်။

မိုးနံကုန်း ဆရာတော်ဘုရားကြီးထံတော်တွင် ၁၅-နှစ် တိုင်တိုင် ဝတ်နိဗန်တို့ကို မြဲလေသည်။ ထို့နောက် ဝိပဿနာအားထုတ်ရန် ရည်ရွယ်ရင်း ရဟန်းသိက္ခာ ၂၀-ဝါ ရသောအခါတွင် တရားအားထုတ်ရန် ခွင့်ပန်လေသည်။ မိုးနံကုန်း ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်အရ ရှေးအဖို့က ကတိကဝတ် တိုင်ပင်ထားခဲ့ဖူးသော လင့်စင်ကုန်း ဆရာတော်နှင့်အတူ ပျော်ဘွယ် မြို့မြောက်ဘက် ရှမ်းစုရွာအနောက်ဘက် ရှိ မင်လိုတောင်ပေါ်သို့ တရားအားထုတ်ရန် ထွက်ခဲ့ကြလေသည်။ တရားအားထုတ်၍ အရှိန်ရလာသော အခါတွင် ဒကာဒကာမ များလာခြင်း၊ ဝါဆိုရဟန်း ပရိသတ် ၂၅-ပါးခန့် ရှိလာသောကြောင့် မိုးနံကုန်း ဆရာတော် ဘုရားကြီးထံ ပြန်လည် သီတင်းသုံးပြန်သည်။ ထို့နောက် ဆရာတော်ဘုရားကြီးအား တရားအားထုတ်ပါရန် တိုက်တွန်းလေသည်။ သို့နှင့် တတိယအကြိမ် ဦးမေဓာဝီသည် မိုးနံကုန်း ဆရာတော်ဘုရားကြီးနှင့်အတူ တောထွက်ဖြစ်ပြန်လေသည်။

သပိတ် ကိုယ်စီဖြင့် ရွှေစား ဘူတာ၊ ထိုမှ ညောင်လွန့်ဘူတာ၊ ထို့နောက် ရသေ့ကြီး ဦးခန္တီ၏ ဇာတိ ရွာသာရွာနှင့် ပျော်ရွာ၊ ထိုမှ ဆရာတော် ဦးဓောဓ၏ နွားစားကျက်တောရကျောင်းသို့ ရောက်ရလေသည်။ တရားရှုမှတ်ခြင်း၊ ဓုတင် တည်ဆောက်ခြင်းများဖြင့် ဝီရိယတိုးကာ အားစိုက်နေကြလေသည်။ ၁၂၇၁-ခုနှစ်၊ ဝါဆိုလတွင် ဝါ ၂၀-ကျော် မထေရ်ကြီးများ အပါး ၅၀ ခန့်အထိ စုဝေးနေထိုင်ကြလေသည်။ ထိုအချိန်မှ စ၍ တောရကျောင်းတိုက်ကြီး အဖြစ် ပေါ်ထွန်းလျက် ညောင်လွန့်တောရ ကျောင်းတိုက်ကြီး ဟူ၍ အမည်တွင်လေသည်။

၁၂၇၄-ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ နေ့လယ် ၁၂ နာရီတွင် မိုးနံကုန်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူလေသည်။ ထိုအချိန်မှစ၍ ညောင်လွန့်တောရဆရာတော် ဦးမေဓာဝီသည် တရားအလုပ်ကို အရိုးကြေကြေ အရေခန်းခန်း အားထုတ်တော်မူလေသည်။

၁၂၈၀-ပြည့်နှစ်အထိ ၇ နှစ်တိုင်တိုင် အပြင်းအထန် တရားအားထုတ်တော်မူသော ညောင်လွန့်တောရ ဆရာတော် ဦးမေဓာဝီသည် တပည့်များကို ဆုံးမရာ၌ "ဘုန်းကြီးတို့၊ ဦးပဉ္စင်းတို့ ရဟန်းတရားဆိုတာ မနေမနား အသက်ကို စွန့်၍ တကယ်တမ်း မှန်ကန်စွာ အားထုတ်ကြပါလျှင် မုချရနိုင်ပါသည်။ ဘုန်းကြီးတို့၊ ဦးပဉ္စင်းတို့လဲ တကယ် ယုံယုံကြည်ကြည်နဲ့ မဆုတ်မနစ် အားထုတ်ကြည့်ကြစမ်းပါ၊ မုချရပါလိမ့်မယ်။ တပည့်တော်သည် နှစ်ပရိဏ္ဍေဒ အဂွန့် ရှည်ကြာ ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း အားထုတ်လာရာ ယခုမှ တကယ်ရနိုင်ကြောင်းကို ယုံကြည်စွာ သိရပါသည်။ ယခု ဤသို့ ဘုန်းကြီးတို့၊ ဦးပဉ္စင်းတို့ အား ဖွင့်ဟပြောရခြင်းမှာ မဆုတ်မနစ် ကြိုးစား၍ ယုံကြည်စွာ အားထုတ်ကြအောင်လို့သာ ပြောရသည်" ဟူသော ဩဝါဒကို ထောက်ရှု၍ ဆရာတော်ဘုရားကြီးသည် မည်မျှ အားထုတ်ရှုပွားထားသည်ကို သိရှိနိုင်ပါသည်။ အကျယ်ကို ဖတ်ရှုကြည့်ညီလိုပါမူ ညောင်လွန့်တောရ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် တရားအားထုတ်စဉ်ကို ဖတ်ရှုပါရန် တိုက်တွန်းအပ်ပါသည်။

၁၂၈၂-ခုနှစ်နောက်ပိုင်းတွင် ပရိယတ်ကို

http://www.dhammadownload.com

အနည်းအကျဉ်းမျှသာ ပို့ချ၍ ပဋိပတ်ကို အလေးပေး အားထုတ်လေသည်။ ၁၂၈၂-ခုနှစ်တွင် စာဝါမပို့ချဘဲ တစ်တိုက်လုံး တရားအားထုတ် ခိုင်းလေသည်။ တရားအားမထုတ်လိုသော ကိုယ်တော်များအား တခြားကျောင်းသို့ ပြောင်းရွှေ့ရန် ညွှန်ကြားတော်မူလေသည်။

အများတောင်းပန် လျှောက်ထားသဖြင့် သမထ ဝိပဿနာ နယသခေါ်ပကျမ်း၊ ဂဏစာရိက ပဋိပတ္တိကျမ်း၊ နိဗ္ဗာနပကာသနီကျမ်း၊ တိပိဋက ပကိဏ္ဏကဒီပနီကျမ်းနှင့် ဝိနယဂဏ္ဌိဌာနဝိနိစ္ဆယတ္ထကျမ်းတို့ကို စီရင် ရေးသားတော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် လယ်ဝေးမြို့၊ မြွေရိုးကြီးကျောင်းတိုက်၌ ၁၂၉၅-ခုနှစ်၊ နယုန်လဆုတ် ၃-ရက်နေ့၊ ည ၁၁-နာရီအချိန်တွင် ခန္ဓာဝန် ချတော်မူခဲ့လေသည်။

ထေရပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ညောင်လွန်တောရဆရာတော်ဘုရားကြီး၏ သြဝါဒတော်

တို့ဟာ ကိုယ့်ကိုယ်ကို ဖိုးသူတော်ဖြစ်အောင် ဝါကြွားပလွှား ပြောမယ့် အစားလားဆိုတာ သိကြရမယ်။ တို့ဟာ ကျမ်းဂန်တွေ လေ့ကျက်ပို့ချနေတာ အဓိမာနလား၊ အဟုတ်လားဆိုတာ မသိဘဲနေပါ့မလား။ တရားဆိုတာ မျက်မှောက်ရရှိသော ပုဂ္ဂိုလ်များမှာ မိုးကြိုးပစ်သည်ထက် ထင်ရှားပါတယ်။

○

http://www.dhammadownload.com

ကျေးဖူးတော်ရှင်

ညောင်လွန်တောရဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ကမ္မဋ္ဌာန်းတောင်းထိုက်၊ ကမ္မဋ္ဌာန်းပေးထိုက်သော ကမ္မဋ္ဌာန်းဆရာကို ပြဆိုခြင်း

မည်သို့သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထံ၌ ကမ္မဋ္ဌာန်းကို တောင်း၍ အားထုတ်သင့်ပါသနည်း။ မည်သို့သော ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းဆရာ ဖြစ်ထိုက်ပါသနည်း။ အချို့သော သူတို့က ကမ္မဋ္ဌာန်းပေးသော ဆရာသည် ကမ္မဋ္ဌာန်း ပေါက်ရောက်ပြီး ဟုတ်ပါ၏လော။ ရဟန္တာသော်လည်း ကောင်း၊ သေက္ခအရိယာသော်လည်း ကောင်း၊ ဈာနလာဘီ စသည်သော် လည်းကောင်း ဟုတ်ပါ၏လောဟု မေးတတ်ကြ၊ ပြောဆိုတတ်ကြလေသည်။ မေးမည်ဆိုလျှင်လည်း မေးစရာ ဖြစ်ပေလိမ့်မည်။ သို့သော် ဤသို့ကား မေးဖို့ ပြောဆိုဖို့ မဟုတ်ချေ။ တကယ်တမ်း ကမ္မဋ္ဌာန်းတရားကို အားထုတ်လိုသူ မှန်ပါလျှင် မိမိအား စရိုက်နှင့် ကိုက်ညီအောင် ကမ္မဋ္ဌာန်းကို ကောင်းစွာပေးနိုင်ခြင်း၊ ကမ္မဋ္ဌာန်းကို အားထုတ်ဆဲကာလ၌ ချွတ်ချော်မှု ဆုတ်ယုတ်မှုတို့ ဖြစ်ပေါ်လာရာတွင် မချွတ်ချော်အောင်၊ မဆုတ်ယုတ်အောင် ပြုပြင်ပေးနိုင်ခြင်း၊ တိုးတက်မှုပေါ်လာလျှင် အမြန်တိုးတက်အောင် ပြုပြင်ပေးနိုင်ခြင်း၊ ကမ္မဋ္ဌာန်းလမ်းဆုံး၌ မဂ်-ဖိုလ်သို့တိုင်အောင် ပြသနိုင်ခြင်း ဤဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသည်၊ မပြည့်စုံသည်ကိုသာ မေးမြန်းစုံစမ်း ဆင်ခြင်အပ်လေသည်။

ဤသို့သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံပါလျှင် ထိုပြည့်စုံသော ပုဂ္ဂိုလ်ထံမှ ကမ္မဋ္ဌာန်းကို တောင်း၍ အားထုတ်အပ်လေသည်။ ကမ္မဋ္ဌာန်းဆရာ ရဟန္တာလေလော၊ သေက္ခ အရိယာလေလော စသည်ဖြင့် ပြောဆိုမေးမြန်းနေဖို့မလို။ ရဟန္တာဖြစ်မှ၊ သေက္ခအရိယာ စသည်ဖြစ်မှ ကမ္မဋ္ဌာန်းဆရာ လုပ်ရမည်ဟု ကျမ်းဂန် ပညတ်ချက်မရှိ။ ကမ္မဋ္ဌာန်းကို ဖော်ပြပါ အင်္ဂါအချက်တို့ဖြင့် တပည့်အား သေချာစွာ ပြသနိုင်မှုကိုသာ ကျမ်းဂန်တို့၌ ဆိုလေသည်။

တရားအားမထုတ်မီ ရှေ့အဖို့က ပြုပြီးဖြစ်ရသော ပုဗ္ဗကိစ္စများ

တရားကို အားထုတ်မည့် ပုဂ္ဂိုလ်တို့သည် ရဟန်းသာမဏေဖြစ်က ရှေးဦးစွာ စတုပါရိသုဒ္ဓိသီလကို လုံခြုံစင်ကြယ်ပြီး ဖြစ်ရမည်။ ရသေ့ ပရိဝိုဇ်ဘိုးသူတော် မယ်သီလ လူဝတ်ကြောင်ဖြစ်က အနည်းဆုံး ငါးပါးသီလ လုံခြုံစင်ကြယ်စွာ ပြည့်စုံပြီး ဖြစ်ရမည်။ ရှစ်ပါးသီလ ဆယ့်ပါး သီလတို့ကို တတ်နိုင်ပါလျှင် သာ၍ပင် ကောင်းလှပေ၏။ ကြောင့်ကြဖွယ် ကြီးငယ်ကိစ္စ ပလီဇောဓ ဟူသမျှတို့ကိုလည်း ပြုလုပ်ပြီး ကင်းစင်ပြီး ဖြစ်စေရမည်။ အယုတ်အား

http://www.dhammadownload.com

ဖြင့် ရေသောက်ခြင်း၊ ကျင်ကြီးကျင်ငယ် သွားလာခြင်း စသော ကိစ္စငယ်ဟူသမျှတို့ကိုပင် ပြုလုပ်ပြီးဖြစ်စေရမည်။ ထို့နောက်မှ ကမ္မဋ္ဌာန်းကို တောင်းယူရမည်။ ကမ္မဋ္ဌာန်းကို တောင်းယူရာ၌ ဤကျမ်းစာကို ကြည့်၍ မိမိဟာ မိမိတရားကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၌တော်၌ ကမ္မဋ္ဌာန်းကို တောင်းယူရမည်။ မြတ်စွာဘုရား ရုပ်ပွားစေတီတော်များရှိလျှင် ရုပ်ပွားစေတီတော်များ၌လည်း ကမ္မဋ္ဌာန်းကို တောင်းယူရမည်။ မြတ်စွာဘုရား ရုပ်ပွားစေတီတော်များ မရှိလျှင် မိမိအားထုတ်မည့် နေရာ၌ ကောင်းမွန် ရိုသေစွာ ဆောင့်ကြောင့် ထိုင်လျက် မြတ်စွာဘုရားအား ရည်မှန်းလျက် ရိုသေစွာ ရှိခိုးကန်တော့ပြီးလျှင် တောင်းယူရမည်။

ဆရာအထံမှောက်၌ တရားကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည်ကား မိမိအား ကမ္မဋ္ဌာန်းကို ပေးမည့် ကမ္မဋ္ဌာန်းဆရာ၏ ရှေ့မှောက်၌ ကမ္မဋ္ဌာန်းဆရာအား ရိုသေစွာ ရှိခိုးကန်တော့ပြီးလျှင် ကမ္မဋ္ဌာန်းကို တောင်းယူရမည်။

ဘုရားကို ခန္ဓာလှူ

အရှင်မြတ်ဘုရား၊ တပည့်တော်သည် ဤအတ္တဘောကို အရှင်ဘုရားတို့အား သက်တော်ထင်ရှားရှိစဉ် ကမ္မဋ္ဌာန်းသို့ဝင်သော သူတို့အားကဲ့သို့ အလိုတော်ရှိသလို ဆုံးမနိဒ်တော်မူခြင်းငှာ စွန့်လွှတ်ပါ၏၊ လှူဒါန်းပါ၏ ဘုရား။ သုံးကြိမ်ဆိုလှူပါ။

ဆရာအား ခန္ဓာလှူ

အရှင်ဘုရား၊ အကျွန်ုပ်သည် ဤအတ္တဘောကို အရှင်ဘုရားတို့အား အလိုတော် ရှိသလို ဆုံးမနိဒ်စေခြင်းငှာ စွန့်လွှတ်ပါ၏။ လှူဒါန်းပါ၏။ နှစ်ကြိမ်မြောက်လည်း၊ ပ၊သုံးကြိမ်မြောက်လည်း၊ ပ၊လှူဒါန်းပါ၏ဘုရား။ ကမ္မဋ္ဌာန်းဆရာအား အပ်နှင်းလှူဒါန်းပုံပြီး၏။ကမ္မဋ္ဌာန်းဆရာအား အပ်နှင်းလှူဒါန်းပုံပြီး၏။

ကျေးဇူးတော်ရှင် ညောင်လွန်တောရဆရာတော် ဘုရားကြီး၏ အာနာပါနကို အခြေတည်၍ အားထုတ်သော တရားအားထုတ်စဉ်

သုတ်သင်အပ်ပြီးသော သီလ၊ ဖြောင့်စင်းအပ်ပြီးသော သမ္မာဒိဋ္ဌိ၊ ပယ်အပ်ပြီးသော ပလိဘောဓတရားရှိသော ယောဂီပုဂ္ဂိုလ်သည် တစ်ယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်ပြီး ရတနာသုံးပါး ဆရာသမားတို့အား ရှိခိုးကန်တော့ပြီး၍ "ပလ္လင်္ကော် အာဘုဇိတွာ ဥဇုံကာယံ ပဏိဓာယ" ဟူသည်နှင့် အညီ ဘုရားရှင်အလိုတော်ကျ ဖြစ်သော တင်ပလ္လင်ခွေ၍ ထိုင်၊ အောက်က ခြေမနာ၊ တင်ပါးမနာအောင် အဝတ်စခင်း၊ မလှုပ်ရှားဘဲ နေရာမပြင်ဘဲ ကြာကြာထိုင်နိုင်အောင် ခြေသလုံးချင်း ထပ်၍ ဖိမထားနှင့်၊ အသာအလိုက်သင့် ထိုင်၊ ခါးကို ကုန်း၍လည်း မထိုင်နှင့်၊ အားစိုက်၍လည်း ဆန့်မထားနှင့်၊ မှန်မှန်ဖြောင့်ဖြောင့်ကလေး ဆန့်ထိုင်ပါ။ ယောဂီမများမှာ ကြို့ကြို့ ပုဆစ် တုပ်ထိုင်ပါ။ လက်နှစ်ဖက်ကို ဖြန့်၍ ရှေ့ခြေပေါ်မှာ လက်ဝါးအဖျားချင်း ထပ်၍ထား၊ မျက်စိကို မှိတ်၍နေပြီး တဘက်၊ ပဝါ၊ သင်္ကန်းစသည်ကို မျက်နှာ မျက်စိကို ဖုံးအုပ်၍ ထားပြီးလျှင် "သတောဝ အဿာ သတိ၊ သတောဝ ပဿာ သတိ" ဟူသော သတိပဋ္ဌာန်ပါဠိနှင့်အညီ ထွက်လေ ဝင်လေမှ တစ်ပါး အခြားကိုအာရုံပြု၍ ဖြစ်သောစိတ်တို့ကို သတိတရားဖြင့် ကောင်းစွာ စောင့်ရှောက် ဖယ်ရှား၍ နှာသီးဝဲ၌ တိုးထိသော ထွက်လေ ဝင်လေ နှစ်ပါးကိုသာ အစဉ်မပြတ် မှတ်မိအောင် သတိထား၍ အားထုတ်ရာ၏။

ဤ၌ ဥပမာကား နွားကျောင်းသားသည် အမိဖြစ်သော နွားမကြီး၏နောက်သို့ တကောက်ကောက် စွဲလမ်း၍ လိုက်တတ်သော နွားငယ်ကို မလိုက်စေခြင်းငှာ မြဲခိုင်သော ချည်တိုင်၌ ခိုင်လောက်သော ကြိုးဖြင့် မြဲမြံစွာ ဖွဲ့ချည်၍ ထားသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း အမိနှင့်တူသော ရူပါရုံ၊

http://www.dhammadownload.com

သဒ္ဒါရုံ စသော အာရုံများနောက်သို့ တကောက်ကောက်လိုက်၍ ပြေးသွားသော နွားငယ်နှင့်တူသော မိမိ၏ စိတ်ကို ချည်တိုင်နှင့်တူသော နာသီးဝဋ်တိုးထိသော ထွက်လေ ဝင်လေ နှစ်ပါးဝဋ် ကြိုးနှင့်တူသော သတိတရားဖြင့် မြဲမြံစွာ ဖွဲ့ချည်၍ ထားရာ၏ ဟူလို။

ဤအားထုတ်နေစဉ်၌ အဋ္ဌကထာမှလာသော ဂဏနာ၊ အနုဗန္ဓနာ စသောနည်းတို့တွင် ဂဏနာနည်းကို အလွန် ဝိတက်အားကြီးသော သူတို့အတွက် အထူးအားထုတ်ရန် ထားသည်။ သို့ဖြစ်၍ ဂဏနာနည်းကိုလွှတ်၍ အနုဗန္ဓနာနည်းဖြင့်ပင် ဖြစ်တိုင်း ဖြစ်တိုင်းသော ထွက်လေဝင်လေနှစ်ပါးတို့ကို ကောင်းစွာ မှတ်သား၍ ထွက်လေဖြစ်လျှင် ထွက်သက်၊ ဝင်လေဖြစ်လျှင် ဝင်သက်ဟူ၍ ရှေးဦးအစ ပထမဌာန အပသို့ ပြေးသော စိတ်များပြတ်အောင် သဲတုံးကို အပ်ဖြစ်အောင် သွေးသော ယောဂျိများကဲ့သို့ ပမာမခြား အလားတူစွာ အခါခါအထပ်ထပ် ဆင်ခြင် သုံးသပ်အပ်၏။ ပထမအဆင့် ပြီး၏။

ဒုတိယအဆင့် အားထုတ်ရန်

ဤသို့ ပြဆိုအပ်ခဲ့သော နည်းဖြင့် အားထုတ်ပွားများခြင်းကြောင့် ထွက်လေ ဝင်လေ နှစ်ပါးတို့သည် ထင်ရှားစွာ ဖြစ်ပေါ်ကြားသော်လည်း နိမိတ်များ မထင်မြင်လာသေးပါလျှင် ရှေ့သို့တစ်ဖန် တိုးတက်၍ အားထုတ်ရမည်မှာ "ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ" စသော ပါဠိတော်နှင့်အညီ ထွက်လေဝင်လေနှစ်ပါးတို့၏ တိုးထိရာ နာသီးဝဋ်စိတ်ကို အမြဲထား၍ လာတိုင်းလာတိုင်းသော ထွက်လေဝင်လေ နှစ်ပါးတို့ကို ရှည်လျှင်လည်း ရှည်သည့်အတိုင်း၊ တိုလျှင်လည်း တိုသည့်အတိုင်း အစက အဆုံးတိုင်အောင် အာရုံတစ်ပါးသို့ စိတ်ကို မပြေးသွားအောင် "ထွက်သက် သိ-သိ-သိ" ဟူ၍လည်းကောင်း၊ "ဝင်သက် သိ-သိ-သိ" ဟူ၍ လည်းကောင်း၊ သိတစ်ခါနှင့် ထွက်လေ-ဝင်လေဆုံးလျှင် 'သိ' ဟူ၍ လည်းကောင်း၊ သိနှစ်ခါလိုက်မှ ထွက်လေ-ဝင်လေဆုံးလျှင် "သိ-သိ"ဟူ၍ နှစ်ခါ၊ သိသုံးခါလိုက်မှ ထွက်လေ-ဝင်လေဆုံးလျှင် "သိ-သိ-သိ" ဟူ၍ သုံးခါ၊ ဤသို့ စသည်ဖြင့် ထွက်လေဝင်လေနှစ်ပါးတို့ ဆုံးသည့်တိုင်အောင် 'သိ'ကို မပြတ်လိုက်၍ မှတ်ကာ သဲတုံးကို အပ်ဖြစ်အောင်သွေးသော ယောဂျိများကဲ့သို့ ပမာမခြား အလားတူစွာ အခါခါ အထပ်ထပ် ဆင်ခြင်သုံးသပ်အပ်၏။ ဒုတိယအဆင့် ပြီး၏။

တတိယအဆင့် အားထုတ်ရန်

ဤသို့ အားထုတ်ခြင်းဖြင့် ထွက်လေ ဝင်လေများသည် အလွန်ထင်ရှား၍ လာလိမ့်မည်။ သို့ပင် အလွန်ထင်ရှား၍ လာသော်လည်း နိမိတ်များ မထင်လာသေးပါလျှင် "သဗ္ဗကာယ ပဋိသံဝေဒီ အဿာသိဿာ မိတိ သိက္ခတိ" စသော ပါဠိတော်နှင့်အညီ ထိုထက် အလွန်သတိကို တိုးတက်အောင် ထား၍ ထွက်သက်လေ၏ အစ-အလယ်-အဆုံး သုံးပါးလုံးကို လည်းကောင်း၊ ဝင်သက်လေ၏ အစ-အလယ်-အဆုံး သုံးပါးလုံးကိုလည်းကောင်း ထင်ရှားအောင် အာရုံပြု၍မှတ်လျက် အစဉ်မပြတ် အထပ်ထပ် အခါခါ ရှုရမည်။

ဤ၌ ထွက်သက်၏ အစ-အလယ်-အဆုံးကိုလည်းကောင်း၊ ဝင်သက်၏အစ-အလယ်-အဆုံးကိုလည်းကောင်း ထင်ရှားအောင် အားထုတ်၍ ကျင့်ရမည်ဆိုသောကြောင့် ထွက်သက်လေ၏ အစကား ချက်၊ အလယ်ကား ရင်ချိုင့်၊ အဆုံးကား နာသီးဝ။ ဝင်သက်လေ၏ အစကား နာသီးဝအလယ်ကား ရင်ချိုင့်၊ အဆုံးကား ချက်၊ ဤသို့သော သုံးပါး၊ သုံးပါးတို့ကို ထင်ရှားအောင် ဝမ်းတွင်းသို့ စိတ်ကို စေလွှတ်၍ ကြည့်ရှုရမည်လည်းမဟုတ်။ နာသီးဝမှ အပြင်ဘက်သို့ စိတ်ကိုစေလွှတ်၍ ကြည့်ရှုရမည်

http://www.dhammadownload.com

လည်းမဟုတ်။ ဥပမာအားဖြင့် ဓယဉ် ပုခက်လွဲသော ယောကျ်ားသည် ဓယဉ် ပုခက်တိုင်ကို မှီလျက် တစ်ဖက်သော ဓယဉ်ပုခက်တိုင်ကို အမြဲစေ့စေ့ ကြည့်ရှု၍ နေလျှင် တောင်မြောက် စသည်ဖြင့် ပြေးသွားသော ဓယဉ် ပုခက်ပျဉ်ချပ်တို့၏ အစကို လည်းကောင်၊ အလယ်ကို လည်းကောင်း၊ အဆုံးကိုလည်းကောင်း ထင်ရှားစွာ မြင်ရသကဲ့သို့၊ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း ထွက်လေ ဝင်လေနှစ်ပါးတို့၏ တိုးထိရာ နာသီးဝဋ္ဌ စိတ်ကို အမြဲစိုက်၍ထားလျှင် ထွက်လေ၏ အစ-အလယ်-အဆုံး သုံးပါးလုံးကို လည်းကောင်း၊ ဝင်လေ၏ အစ-အလယ်-အဆုံး သုံးပါးလုံးကို လည်းကောင်း ထင်ရှားစွာ သိမြင်နိုင်ပါ၏။

တစ်နည်းအားဖြင့်လည်း လွှတိုက်သော ယောကျ်ားသည် လွှသွား၏ အစ-အလယ်-အဆုံး သုံးပါးလုံးကို အစဉ်မပြတ် စပ်၍ ကြည့်ရှုလိုသည်ရှိသေ လွှသွားလေရာ အရပ်သို့လိုက်၍ မကြည့်ရဘဲ လွှစာတုံးခေါ်သော သစ်တုံးဝဋ္ဌ စိုက်၍ မျက်စိဖြင့် စေ့စေ့မပြတ်ကြည့်လျက် လွှကိုတိုက်လျှင် လွှသွား၏ အစ-အလယ်-အဆုံး သုံးပါးလုံးတို့ကို သွားလေတိုင်း မပြတ်ရအောင် မြင်ရသကဲ့သို့၊ ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း ထွက်လေ ဝင်လေနှစ်ပါးတို့၏ အစ-အလယ်-အဆုံး သုံးပါးလုံးကို ထင်ရှားစွာ သိမှတ်လိုသည်ရှိသော် ထွက်လေသွားသော အပြင်ဘက်သို့ လည်းကောင်း၊ ဝင်လေသွားသော ဝမ်းတွင်းသို့ လည်းကောင်း၊ စိတ်ဖြင့် လိုက်၍ မကြည့်ရှုရဘဲ နာသီးဝဋ္ဌ စိတ်ကိုအမြဲစိုက်၍ စေ့စေ့အာရုံပြု၍ ကြည့်ရှုလျက် "သိ-သိ-သိ" ဟု ထွက်လေ ဝင်လေကို မှတ်၍ အသိမပြတ်ထားလျှင် အဆိုပါ ထွက်လေ ဝင်လေ နှစ်ပါးတို့၏ အစ-အလယ်-အဆုံး သုံးပါးလုံးတို့ကို ထင်ရှားအောင် မှတ်နိုင်၊ မြင်နိုင်ပါလိမ့်မည်။

[မှတ်ချက် ။ ။ ဤ၌ ထွက်လေ ဝင်လေတို့ကို အသိမပြတ်အောင် မှတ်သားရသော ပထမအဆင့် ဖြင့်ပင် ယောဂီပုဂ္ဂိုလ်များမှာ ယေဘုယျအားဖြင့် နိမိတ်များ ထင်လာတတ်ပါသည်။ ထိုသို့ ပထမအဆင့်ဖြင့်ပင် နိမိတ်များ ထင်လာခဲ့သော် ဒုတိယ၊ တတိယ အဆင့်များကို ပွားများ အားထုတ်နေဖွယ် မရှိတော့ပါ။ ပထမအဆင့်ဖြင့် နိမိတ်များ မထင်မြင်လာသေးသော် ဒုတိယ၊ တတိယ အဆင့်များကို ဆက်လက်၍ အားထုတ်ပါလေ။]

မူလကမ္မဋ္ဌာန်းကို လွှတ်၍ လူပ်ရှားသွားလာ ပြုလုပ်ရာတို့၌ ဣရိယာပထသမ္ပဇညကို အားထုတ်ရန်ပြခြင်း

ကမ္မဋ္ဌာန်းကို အားထုတ်သောအခါ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းမှ တစ်ပါးသောကမ္မဋ္ဌာန်း၏ ဆန့်ကျင်ဘက်ဖြစ်သော ကြမ်းတမ်းသော အလုပ်အကိုင်များကို မလုပ်ကိုင်ရ။ ကမ္မဋ္ဌာန်း၏ ဆန့်ကျင်ဘက် မဟုတ်သော ရတနာသုံးပါးတို့နှင့် စပ်ယှဉ်သော အမှုများကိုသာ ပြုလုပ်ရာ၏။ ထိုရတနာသုံးပါးနှင့် စပ်ယှဉ်သော အမှုများကိုတောင်မှ မိမိ ကမ္မဋ္ဌာန်း အလုပ်ကို ထိခိုက်ပျက်ပြားလောက်အောင် ကြီးကျယ်သော အမှုများကို မပြုလုပ်သင့်ပါ။ သို့အတွက် မူလကမ္မဋ္ဌာန်းကို စွန့်လွှတ်ချထား၍ တစ်ပါးသော ပြုလုပ်သင့်သော အမှုတို့ကို ပြုလုပ်သောအခါတို့၌လည်းကောင်း၊ စားခြင်း၊ အိပ်ခြင်း၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်းစသော အမှုတို့ကို ပြုလုပ်သောအခါတို့၌လည်းကောင်း၊ လက်လှုပ်တိုင်း၊ ခြေလှုပ်တိုင်း၊ ထတိုင်း၊ ထိုင်တိုင်းသော ဣရိယာပုတ်ကို ပြောင်းရွှေ့သော အခါတို့၌ သတိကိုမမေ့ရအောင် သတိပဋ္ဌာန် ပါဠိတော် ဣရိယာပုတ် ဣရိယာပထပဗ္ဗ၊ သမ္ပဇညပဗ္ဗတို့၌ လာသည့်အတိုင်း 'သိ... သိ... သိ' ဟူ၍သော်လည်းကောင်း၊ 'အနိစ္စ-ဒုက္ခ-အနတ္တ' ဟူ၍ လည်းကောင်း အာရုံတစ်ပါးသို့ စိတ်ကို မပြေးသွားရအောင် သိမ်းဆည်းစောင့်ရှောက်လျက် အသိချင်း စပ်ဆက်အောင် သုံးသပ်ဆင်ခြင်ရ၏။ အသိကို မပြတ်အောင်

http://www.dhammadownload.com

လိုက်ရာ၏။

အဘယ်သို့ သုံးသပ်ဆင်ခြင် လိုက်ရမည်နည်းဟူမူ... ငါလှုပ်သည်၊ ငါသွားသည်၊ ငါစားသည် စသည်ဖြင့် အတ္တဟူသော စွဲလမ်းခြင်းဖြင့် မသုံးသပ်ရ မသိရ၊ မလိုက်ရပါ။ ငါဟူ၍ စွဲလမ်းသော အတ္တသညာကို ပယ်ဖျောက်၍ ငါဟူ၍ သွားတတ်သော သတ္တဝါမရှိ။ ရုပ်သေးရုပ်သည် ဆွဲကြိုးလှုပ်ရှားခြင်းကြောင့် သွားခြင်း၊ ရပ်ခြင်း စသော ကျရိယာပုတ်များကို ဖြစ်စေသကဲ့သို့ ထို့အတူ ရုပ်သေးရုပ်နှင့် တူသော ခန္ဓာငါးပါးတို့၏ အစုမျှသာဖြစ်သော ဤခန္ဓာကိုယ်သည်လည်း အတွင်းက စိတ်ကြောင့် ဖြစ်သော ဆွဲကြိုးနှင့်တူသော ဝါယောဓာတ်၏ လှုပ်ရှားခြင်းကြောင့် သွား၏၊ ရပ်၏၊ ထ၏၊ ထို၏ စသည်ကို နှလုံးသွင်း၍ 'သိ... သိ... သိ' ဟူသော ဝိပဿနာကို အခါခါအထပ်ထပ် မပြတ်အောင် သုံးသပ်ရမည်။ အသိကို လိုက်၍ မှတ်ရမည် ဟူလို။

ဤသို့ ပြဆိုအပ်ခဲ့သော နည်းဖြင့် ကျရိယာပုတ်ကို ပြုပြင်လှုပ်ရှားသော အခါတိုင်း၌ အသိမပြတ်စပ်မိအောင် အားထုတ်ခြင်းသည် အထူးကမ္မဋ္ဌာန်းကို ထိုင်နေ၍ အားထုတ်သောအခါတို့၌ မပြတ်မလပ်သော သတိ-ဝီရိယ-သမာဓိ-ပညာတည်းဟူသော ကျန်ခြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တရားတို့၏ အထောက်အပံ့ကို ကောင်းကောင်းကြီး ရခြင်းကြောင့် ဉာဏ်အားရှိသည် ဖြစ်၍ အလွန်လျင်မြန်စွာ တရားအလုပ်သည် ပေါက်လွယ်ရောက်လွယ်ခြင်း ကျေးဇူးရှိသည်။ သို့ဖြစ်၍ ကျရိယာပုတ်ကို လှုပ်ရှားအောင် ပြုပြင်သောအခါတိုင်းတို့၌ အသိမပြတ်အောင် သတိထား၍ လိုက်ကြပါကုန်။

ဤ၌ အိမ်ခွေး တောခွေး စသည်တို့ပင် သွားကုန်သည် ရှိသော် ငါတို့သည် သွားကုန်၏ ဟူ၍ သိကြကုန်သည် မဟုတ်တုံလော၊ အဘယ်ကဲ့သို့ သိရမည်နည်းဟူ၍ မေးခဲ့သော် သတ္တသညာကို ပယ်ခွာ၍ ငါ ဟူ၍ သွားတတ်သော အကောင်မရှိ။ စိတ္တဇ ဝါယောဓာတ်၏ လှုပ်ရှားခြင်းကြောင့် ခန္ဓာငါးပါးတို့၏ အစုမျှသာဖြစ်သော ကာယ၏ ရှေ့သို့ တက်ခြင်း နောက်သို့ဆုတ်ခြင်း စသည်ဖြင့်သွား၏ ဟူ၍ သိရမည်ဟု အဋ္ဌကထာ၌ မိန့်ဆို၏။ ဤမျှလောက်ပင် မဝေဖန်နိုင်သော်လည်း သွားလျှင်သွား၏။ စားလျှင်စား၏။ ထလျှင်ထ၏၊ ထိုင်လျှင်ထိုင်၏၊ အိပ်လျှင်အိပ်၏၊ လှုပ်လျှင်လှုပ်၏ စသည် ဖြင့် အထူးသတိပြု၍ သိလျှင်ပင် သင့်လျော်လှပါပြီ။ အိမ်ခွေး တောခွေး စသော တိရစ္ဆာန်တို့၏ အသိမျိုး မဟုတ်ပါ။ အိမ်ခွေး တောခွေး စသော သတ္တဝါတို့သည် သွားသောအခါ စသည်တို့၌ သွားမှန်း စသည်ကို သိကြကုန်သည်ဆိုသော်လည်း အထူး ဝိပဿနာကို ဖြစ်အောင်အားထုတ်၍ သိသော အသိမျိုး မဟုတ်ကြကုန်။ အကြင်အခါ၌ သွားလို၏။ ထိုအခါ သွား၏။ အကြင်အခါ၌ ရပ်လို၏။ ထိုအခါ ရပ်၏။ ဤသို့ ပကတိ ထင်တိုင်းသော အာရုံကို အာရုံပြု၍ ဖြစ်သော မိမိတို့၏ စိတ်အလိုအတိုင်း သွားလိုသော အာရုံ၊ ရပ်လိုသောအာရုံ စသည်ကို သိသော အသိမျိုးသာလျှင် ဖြစ်သည်။

ထို့ကြောင့် ဝိပဿနာဖြစ်အောင် အားထုတ်လိုသည်ရှိသော် ကျရိယာ ပုတ်လေးပါးတို့၌ သတိလွတ်သည်ဖြစ်၍ တွေဝေသော မောဟ မဖြစ်စေခြင်းငှာ အထူးသတိထား၍ ကျရိယာပုတ်လှုပ်ရှားတိုင်း "သိ-သိ-သိ" ဟူ၍ အသိလိုက်ပါလေ။ ထိုသို့ အသိလိုပ်ပါလျှင် အဋ္ဌကထာဆရာဆိုသော ခွေးသိမျိုးမဟုတ်။ ကမ္မဋ္ဌာန်းသိ၊ ဝိပဿနာသိ ဖြစ်နိုင်ပါသည်ဟူ၍ ယုံယုံ ကြည်ကြည် စိတ်ချလက်ချ မှတ်သားကြပါကုန်။ ထိုစကားသည် မှန်၏။ သွားလျှင်သွား၏။ စားလျှင်စား၏ဟူ၍ အထူးသိသော အသိမျိုးကို ခွေးများ သိမည် ဝေးစွ။ လူများတောင်မှ လူတိုင်းမသိနိုင်ပါ။ လူဝေးစွ၊ ရဟန်းများတောင်မှလည်း ရဟန်းတိုင်း မသိနိုင်ပါ။ အဘယ့်ကြောင့်နည်းဟူမူ၊ သတ္တဝါတို့၏သဘောသည် မြစ်ရေ

http://www.dhammadownload.com

အယဉ်စီးသကဲ့သို့ စိတ်အလို အတိုင်းသာ လိုက်ပါ၍ နေကြကုန်သည်။ မြစ်ရေကို အထက်သို့ပြန်၍ စီးအောင်၊ တန့်နှားအောင် ပြုမည့်အမှုသည် လွန်စွာခဲယဉ်းသကဲ့သို့၊ ထို့အတူ သတ္တဝါတို့သည် မိမိတို့၌ ပကတိဖြစ်ပွားနေသော အဓိဝမ်းတွင်းပါ စိတ်အကြိုက်သို့ မလိုက်မပါကြရအောင် စိတ်ကို မကောင်းသော အာရုံသို့မသွားရအောင် တားမြစ်၍ တရားကို အားထုတ်သော အသိမျိုးဖြစ်အောင် အားထုတ်မည့် ပုဂ္ဂိုလ်သည် လွန်စွာ ရှားပါးသောကြောင့် ဖြစ်သတည်း။

အာနာပါနကို အားထုတ်လျှင် ဝေဒနာများ ပေါ်လာတတ်ပုံ

ဤအာနာပါနသတိ ကမ္မဋ္ဌာန်းအားထုတ်သောအခါ၌ အထူးဖြစ်တတ်ပါသေးသည်။ ဖြစ်ပုံမှာ ထွက်လေဝင်လေတို့ကို အထပ်ထပ် မဖြစ်အောင် သိမှတ်လျက် အားထုတ်နေစဉ် နာရီဝက်လောက်သော် လည်းကောင်း၊ တစ်နာရီလောက်သော်လည်းကောင်း စသည်ဖြင့် အမှတ်မရှိသောအခါ၌ အချို့သော ယောဂီများမှာ ခြေထောက်ကဖြစ်စေ၊ ဒူးဆစ်က ဖြစ်စေ၊ ပေါင်က ဖြစ်စေ၊ ခါးကဖြစ်စေ၊ ကျောကဖြစ်စေ၊ ခေါင်းကဖြစ်စေ၊ လက်မောင်းက ဖြစ်စေ အမှတ် မရှိတစ်စုံတစ်ခုသော မိမိ၏ကိုယ်အင်္ဂါအရပ်မှစ၍ အားထုတ်ဆဲ ဣရိယာပုတ်ဖြင့် မနေနိုင်အောင် ညောင်းညာကိုက်ခဲ၍ လာတတ်သည်။ ထိုအခါ ထွက်လေ ဝင်လေ ရှုသောစိတ်ကို တန့်နှားစေ၍ ထိုကိုက်ခဲညောင်းညာ ဝေဒနာရှိရာတို့တွင် အနာ အားကြိုးသောနေရာသို့ စိတ်ကို စိုက်၍စိုက်၍ ထိုဝေဒနာ၏ ရှေးကမရှိ၊ ယခု ဖြစ်ပေါ်၍လာမှ ရှိသဖြင့် မမြဲသည်ကို အာရုံပြု၍ "အနိစ္စ-အနိစ္စ-အနိစ္စ' ဟူ၍ သော်လည်းကောင်း၊ ထိုဝေဒနာ၏ အထပ်ထပ်ဖြစ်ခြင်းကြောင့် နာကျင်သည်ကို အာရုံပြု၍ "ဒုက္ခ-ဒုက္ခ-ဒုက္ခ" ဟူ၍ သော်လည်းကောင်း၊ ထိုဝေဒနာ၏ နာကျင်ခြင်းငှာ အလိုမရှိဘဲလျက် နာကျင်ခြင်းကြောင့် အစိုးမရ၊ အလိုသို့မလိုက်သည်ကို အာရုံပြု၍ "အနတ္တ-အနတ္တ-အနတ္တ" ဟူ၍သော်လည်းကောင်း၊ အကျဉ်းအားဖြင့် ထိုဝေဒနာ အမြဲမရှိသော သဘော၊ ဆင်းရဲနာကျင်သော သဘော၊ အစိုးမရ အလိုသို့မလိုက်သော သဘောသုံးပါးတို့တွင် တစ်ပါးပါးကို နှလုံးသွင်း၍ "သိသိသိ" ဟူ၍ လည်းကောင်း၊ ထိုဖြစ်ပေါ်ဆဲ ဝေဒနာကို အစဉ်မပြတ် စပ်၍ရှုလျှင် ထိုကိုက်ခဲညောင်းညာသော ဒုက္ခဝေဒနာများသည် တစ်ခဏချင်း ပျောက်ကင်းချုပ်ငြိမ်း၍ သွားတတ်ပါသည်။ ထိုသို့ ဝေဒနာကိုအာရုံပြု၍ ရှုခြင်းဖြင့် ကိုက်ခဲညောင်း ညာခြင်း မရှိ၊ ပကတိ ဖြစ်လာသော အခါ ဝေဒနာကို အာရုံပြု၍ ရှုခြင်းကို တန့်နှားစေ၍ ရှေ့က ရှုမြဲတိုင်း ထွက်လေ ဝင်လေများကိုပင် ပြန်၍ အထပ်ထပ် မပြတ်အောင် အာရုံပြု၍ ရှုရမည်။

ထွက်လေ ဝင်လေများ ပျောက်သွားတတ်သည်ကို ပြဆိုခြင်း

အချို့သော ယောဂီပုဂ္ဂိုလ်များမှာကား ထွက်လေဝင်လေနှစ်ပါးကို ရှုရင်းပင်လျှင် အရောင်အလင်း အဆင်းနိမိတ်များ မပေါ်လာသေးဘဲ ထိုထွက်လေဝင်လေ နှစ်ပါးတို့၏ တဖြည်းဖြည်း သိမ်မွေ့၍ သွားခြင်းကြောင့် ထိုလေ နှစ်ပါးတို့ကို ရှာ၍မှ မတွေ့အောင် ပျောက်ကွယ်၍ သွားတတ်သေး၏။ ယင်းသို့ ပျောက်ကွယ်၍ သွားသော်လည်း ထိုထွက်လေဝင်လေများကို ထင်ရှားလာအောင်၊ ပင်ပန်းကြီးစွာမောအောင်၊ တွေဝေမိန်းမောအောင် အထူးအားထုတ်၍ လေကို မဖြစ်စေပါနဲ့။ နှာသီးဝဲ၌ စိတ်ကို အမြဲစိုက်ထား၍ ထွက်လေ ဝင်လေတို့သည် လာလိမ့်လာလိမ့် ဟူသောအမှတ်ဖြင့် မပြတ်အောင် စောင့်ကာမှတ်၍ နေလျှင် မကြာမီ အဆိုပါ ထွက်လေဝင်လေ အာရုံတို့သည် ဖြစ်ပွားပေါ်ပေါက်၍ လာပါလိမ့်မည်။

ဤ၌ အချို့သော ကမ္မဋ္ဌာန်းဆရာတို့ကား

http://www.dhammadownload.com

ဤသို့ ထွက်လေဝင်လေတို့ကို ရှာ၍ မတွေ့လျှင်သော် လည်းကောင်း၊ သမာဓိ မရနိုင်ဖြစ်သော်လည်းကောင်း ထိုလေနှစ်ပါးကို ထင်ရှားလာအောင် အထူးအားထုတ်၍ အပင်အပန်းကြီးစွာ ရှုပေးရမည်။ ရှိုက်ပေးရမည်–ဟု ပြသကြသဖြင့် အချို့ယောဂီ ယောဂီမတို့မှာ ရှုရင်းရှိုက်ရင်း ချွေးပေါက်ကြီးတွေ ယိုစီးကျလျက် မူးထိုးလဲကုန်၊ မေ့ကုန် စသည် ဖြစ်ကြရလေသည်။

ထိုသို့ ဖြစ်ကြရခြင်းနှင့်စပ်၍ ကျေးဇူးတော်ရှင် ဘောင်လွန်တောရဆရာတော် ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က တပည့် ယောဂီ မထေရ်ကြီးတို့သည် ဆရာတော်ဘုရားကြီးအား လျှောက်ထားကြသောအခါ ဆရာတော်ဘုရားကြီးက အမိန့်တော် ရှိလိုက်သည်မှာ ဤသို့ အထူးအားထုတ်၍ အပင်အပန်းကြီးစွာ ရှုပေးရမည် ရှိုက်ပေးရမည်ဟု ဆုံးမခြင်းသည် ဒေသနာတော်နှင့် မညီ အလွဲသာတည်း။ အလုပ်သဘောနှင့်လည်း မကိုက်ညီ၊ တပည့် ယောဂီများနှင့်လည်း မကိုက်ညီ။ အဘယ့်ကြောင့်နည်း ဟူမူ ကိုယ်စိတ်ပင်ပန်းလျှင် သမာဓိ မဖြစ်နိုင်၊ ကိုယ်စိတ်ချမ်းသာမှ သမာဓိ ဖြစ်နိုင်ကြောင်းကို "သုခံ သမာဓတ္တာဃ" ကိုယ်စိတ်နှစ်ပါးတို့၏ ချမ်းသာခြင်းသည် ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာ တည်ကြည်သော သမာဓိ အကျိုးငှာဖြစ်၏–ဟု တိုက်ရိုက်ပင် မြတ်စွာဘုရား ဟောကြားတော် မူအပ်သောကြောင့်တည်းဟူ၍ အမိန့်ရှိသည်ကို နာခံမှတ်သားလိုက်ရဖူးသည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ရေးသား စီရင်တော်မူအပ်ခဲ့သော "သမထဝိပဿနာ နယသင်္ခေပကျမ်း" ၌လည်း ဤသို့ တိုက်ရိုက်ပင် ရေးသားလျက် ပါရှိပါသည်။

ထို့ပြင် "သို့ဖြစ်၍ သိမ်မွေ့သော ထွက်သက်လေ ဝင်သက်လေ ဖြစ်လျှင် ကြမ်းတမ်းသော ထွက်သက်လေ၊ ဝင်သက်လေဖြစ်အောင် အထူး အားထုတ်၍ မပေးရ၊ စင်စစ်မှာမူကား ကြမ်းတမ်းသော ထွက်သက်လေ ဝင်သက်လေဖြစ်လျှင်သာ အထူးသဖြင့် တဖြည်းဖြည်း သိမ်မွေ့၍ သွားအောင် အားထုတ်၍ ပေးရမည်ဟူ၍သာ မှတ်ရမည်။ ထို့ကြောင့် သတိပဋ္ဌာနသုတ် ပါဠိတော်၌ "ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊ ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာ မီတိ သိက္ခတိ" ဟူ၍ ဟောတော်မူအပ်၏" ဟူ၍လည်း မိန့်ဆိုတော် မူအပ်ခဲ့ပါသည်။

[မှတ်ချက် ။ ။ ထိုသို့အပင်အပန်းကြီးစွာ ရှုရှိုက်၍ကား မပေးရ။ ထိုသို့ မပေးရသော်လည်း သမာဓိ မရနိုင်သော်လည်းကောင်း၊ ထိနမိဒ္ဓဖြစ်အားကြီးနေသော်လည်းကောင်း၊ အနည်းငယ် အသင့်အတင့်ကား ရှုရှိုက်၍ စူးစိုက်မှုကို ပြုလုပ်ပေးပါလျှင် သမာဓိ အမြန်ရလျက် နိမိတ်များ ထင်ရှား ဖြစ်ပေါ်လာသည်ကို တွေ့ရလေသည်။]

သမထအာရုံ နိမိတ်များ အထူးထူးပေါ်လာပုံ

ဤ၌ စိတ်သည် အာရုံတစ်ပါးသို့ မပြေးသွားတော့ဘဲ တည်ကြည်စွာ ဖြစ်လာသောအခါ အရောင်အလင်း စသော နိမိတ်အာရုံများသည် အထူးထူးပင် ထင်လာကြကုန်၏။ အချို့မှာ မျက်စိနားက ဖြစ်စေ၊ တော်တော်ကြာ နားက ဖြစ်စေ အခိုးအဖြူကလေးတွေသော်လည်းကောင်း၊ အခိုးမည်းကလေးတွေသော်လည်းကောင်း တရေးရေးနှင့် လာလိုက် သွားလိုက်လည်း ထင်လာတတ်သည်။ တချို့မှာ မီးခိုးကဲ့သို့၊ တချို့မှာ တိမ်တိုက်ကဲ့သို့၊ တချို့မှာ သက်တန့်ရောင်ကဲ့သို့၊ တချို့မှာ နေအိမ် လအိမ် ဖွဲ့သကဲ့သို့၊ တချို့မှာ ကြယ်လုံးများကဲ့သို့၊ တချို့မှာ လဝန်း နေဝန်းများကဲ့သို့၊ တချို့မှာ ရွှေခြည် ငွေခြည် မှုန်ကလေးတွေ အခိုးနှင့် ရောပြီး ပျောက်ချို တစ်ခါပေါ်ချို တစ်လှည့်ဖြစ်၍ ထင်လာသည်။ တချို့မှာ မော်တော်ကား ဆလိုက်မီးထိုးသလို တစ်ခါ တစ်ခါမှ လင်း၍လည်း လာတတ်သည်။ အမြဲ လင်း၍လည်း

http://www.dhammadownload.com

နေတတ်သည်။ တချို့မှာ လူသေကောင်၊ အရိုးစု ကြီးတွေလည်း ထင်လာတတ်သည်။ ပါရမီစရိုက် အားလျော်စွာ ပြောလို့မကုန်၊ ရေးလို့မဆုံးနိုင်အောင် အမျိုးမျိုး ထင်လာတတ်ပါသည်။

ညောင်လွန့်ယောဂီအဖွဲ့ဝင် ဆရာတော်တစ်ပါးသည် ဝိပဿနာသို့ မကူးမီ သမထနယ်တွင် မိမိ သမထဉာဏ်အား ထင်မြင်လာသော သမထ နိမိတ်များကို မှတ်သားထားမည်ဟု ဗလာစာအုပ်အလတ်စား ရွေးမူးတန်နှင့် ရေးမှတ်ရာ ဗလာစာအုပ်သာ ကုန်ဆုံးသွားပြီး မိမိတစ်ပါးတည်း၏ သမထ ဉာဏ်အား ထင်မြင်လာသော သမထ နိမိတ်အာရုံများသည် မကုန်နိုင်ဘဲ ရှိကြောင်းကို ပြောပြဖူးလေသည်။ ဤသို့ ထင်လာသော အာရုံများသည် မျက်စိကိုမှိတ်ထားလေ မှောင်ကျလေ ထင်လာလေ ဖြစ်ပါသည်။ သမာဓိနုသေးလျှင် ပျောက်၍ ပျောက်၍ သွားတတ်ပါသည်။ သမာဓိအားကောင်း၍ ရင့်လာပါလျှင် မပျောက်တော့ဘဲ ထင်နေပါလိမ့်မည်။ မျက်စိကို ဖွင့်၍ ကြည့်သော်လည်း မြင်နေပါတော့သည်။ နာသီးဝကိုလွှတ်၍ ထိုထင်လာ သော အာရုံများသို့ စိတ်ရောက်၍ သွားတတ်ပါသည်။ သမာဓိနု၍ ပျောက်သွားသောအခါ နာသီးဝသို့ပင် စိတ်ဓိုက်ထားပြီး မှတ်သိနေပါ၊ တစ်ဖန်ပေါ်လာပါလိမ့်မည်။ ထိုပေါ်လာသော အာရုံသည် အကြည့်ခံ၍ ရုတ်တရက် မပျောက်တော့သောအခါ ထိုထင်လာသော အာရုံများသည် ဥဂ္ဃဟနိမိတ်များ ဖြစ်ပါတော့သည်။ ထိုထက် ကြည်လင်လျက် အာရုံပြုတိုင်း ပေါ်လာပြီး မပျောက်တော့ဘဲ ထင်နေပါလျှင် ပဋိဘာဂနယ်သို့ ပင် ရောက်ပြီဟု ဆိုရပါသည်။

ဝေဒနာများ တစ်ဖန် ပေါ်ပေါက်လာရာ၌ ရှုဆင်ခြင်ပုံကိုပြခြင်း

ဤသို့လျှင် အချို့ ယောဂီများမှာ ထွက်လေ ဝင်လေတို့ကို အဖန်ဖန် အထပ်ထပ် သုံးသပ်၍ ရှုသောအခါ ပြဆိုအပ်ခဲ့သော အာရုံအဆင်း နိမိတ်များ ထင်မြင်လာသည်လည်း ရှိပါသည်။ ဤသို့ အာရုံအဆင်း နိမိတ်များ ထင်မြင်လာဆဲအခါ၌သော်လည်းကောင်း ဝေဒနာများသည် ပေါ်လာတတ်ပြန်ပါသည်။ ထိုအခါ ထွက်လေ ဝင်လေကိုလွှတ်၍ ဖြစ်ပေါ်နေသော ဝေဒနာကို "ဒုက္ခ ဒုက္ခ ဒုက္ခ"ဟု အထပ်ထပ်ရှုပါ။ ရှုဖန်များသော် မိမိခန္ဓာတစ်ကိုယ်လုံး၌ တင်းကျပ်ကျပ်ကြီး ဖြစ်လာတတ်သည်။ ဝေဒနာသည် ဟိုနေရာက ပို၍ မခံသာအောင် ဖြစ်လိုက်၊ ဒီနေရာက ပို၍ မခံသာအောင် ဖြစ်လိုက်နှင့် တစ်ကိုယ်လုံး မခံသာအောင် ဖြစ်ပေါ်လာနေရာ ချည်းပဲ ဖြစ်တတ်ပါသည်။ မခံသာဆုံးဖြစ်သော နေရာ၌ စိတ်ကို စိုက်၍ စိုက်၍ကြည့်ရှုပြီး "ဒုက္ခ ဒုက္ခ ဒုက္ခ"ဟု ရှုပါ။ ထိုအခါ ဝေဒနာတရားသည် နာရီဝက်လောက်သာသာ ရပ်၍ နေတတ်ပါသည်။ ဤသို့ ဝေဒနာ ရပ်တန့်သွားသော် ထွက်လေ ဝင်လေကိုပင် ပြန်ရှုပါ။ ယင်းသို့ အထပ်ထပ် အဖန်ဖန်ရှုဖန်များလတ်သော် ထိုဝေဒနာ တရားတို့သည် ခန္ဓာတစ်ကိုယ်လုံးပင် မခံမရပ်နိုင်အောင်ကဲ့သို့ ဖြစ်လာတတ်ပါသည်။ ကြီးစွာသော ဒုက္ခ ဝေဒနာကို ခံရဘိသကဲ့သို့ မခံမရပ်နိုင်အောင် ပူ၏။ နာ၏။ ထုံကျင်၏။ ကိုယ်ကြီးဟာ လူပ်မရ ကြွမရ ခြေလက်တွေဟာ လူပ်မရဘဲ သေနေသလို ဖြစ်လာတတ်ပါသည်။ ဆင်းရဲသော ဝေဒနာသဘောကို အာရုံပြု၍ မိမိစိတ်ကို အနာကျင်ဆုံးနေရာ၌ စိုက်၍ စိုက်၍ "ဒုက္ခ ဒုက္ခ ဒုက္ခ"ဟု အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်ရာ၏။ ထိုအခါ၌ ဒုက္ခဝေဒနာတို့သည် မိမိခန္ဓာကိုယ်ကြီး၌ ငြောင့်ကန်သင်းဖြင့် စူးဝင်ဘိသကဲ့သို့ လည်းကောင်း၊ လုံတဲကျင်ဖြင့် ထိုးဆွလိုက်ဘိသကဲ့သို့ လည်းကောင်း၊ လောလောပူသော သံပူရည်တို့ဖြင့် လောင်းလိုက်ဘိသကဲ့သို့လည်းကောင်း၊ သစ်ခက်ခြောက်တောင်၌ မီးစွဲတောက်လောင်ဘိသကဲ့သို့လည်းကောင်း၊ ကိုယ်အလုံးကို ချောက်ချား နင်းနယ် ပျံ့နှံ့

http://www.dhammadownload.com

စေ၍ "သြော်– ဆင်းရဲကြီးလေစွ ဒုက္ခ ဒုက္ခ ဒုက္ခ" ဟု အထပ်ထပ် အဖန်ဖန် ဆင်ခြင်သုံးသပ် ရှုကြည့်ရာ၏။

ဤနေရာ၌ အချို့ယောဂီပုဂ္ဂိုလ်တို့သည် ဆရာ့စကားကို နားမထောင်နိုင်ဘဲ အတင်း မရမက ဖျက်ပစ်တတ်ပါသည်။ ထိုသို့ ဖျက်ပစ်ပါလျှင် ခန္ဓာကိုယ်တစ်ခုလုံးမှာ ပူစပ်စပ်နှင့် မနေနိုင် မထိုင်နိုင် ဖြစ်နေခြင်းစသော ဒဏ်ရာဒဏ်ချက်တို့သည် မပျောက်ဘဲ ခံနေရတတ်ပါသည်။ မိမိ တွေ့ရ ခံရဖူးသော ဝေဒနာသဘောကို လန့်ကြောက်၍ ကမ္မဋ္ဌာန်းအလုပ်ကို မလုပ်ဝံ့ဘဲ နေတတ်သည်။ ဘာကြောင့် သည်လို ဖြစ်ရသလဲဆိုလျှင် ဒုက္ခဝေဒနာ ချုပ်ခါနီးမှာ ဖျက်ပစ်သည့်အတွက်ကြောင့် ဖြစ်တတ်ပါသည်။ သဒ္ဓါတရားမရှိသော ထိုသို့သော တပည့်အတွက် ဆရာပါ နာမည် ပျက်တတ်သည်။ ယင်းသို့ ရှု၍ သူ့အလိုအလျောက် ချုပ်သွားသော ဝေဒနာသည်ကား ဖြစ်ပေါ်သော ယောဂီမှာ ဘာဒုက္ခမှ မကျန်ရစ်ပါ။ ပြောင်ပြောင်စင်စင် ချုပ်သွားပါသည်။ ဆုတ်နစ်သော စိတ်ကို မဖြစ်ပေါ်စေဘဲ ထက်သန်သော သဒ္ဓါတရားဖြင့် သည်းခံ၍ ရှုမှသာ ဝေဒနာတရားသည် ချုပ်လွယ်ပါသည်။ ဆုတ်နစ်သော စိတ်သည် မကြာမကြာ ခဏခဏဖြင့် ဖြစ်ပေါ်နေလျှင် မချုပ်ဘဲ နေတတ်ပါသည်။ ဣရိယာပုတ်ကို မတ်မတ်ငြိမ်ငြိမ် မလှုပ်ဘဲ သည်းခံနေနိုင်သော ယောဂီမှာ အမြန်ဖြစ်၍ ချုပ်လွယ်ပါသည်။ ဣရိယာပုတ်ကို တလှုပ်လှုပ်နေသော ယောဂီမှာ ဒုက္ခဝေဒနာ တာရှည်ပြီး မချုပ်ဘဲ နေတတ်ပါသည်။ ထို့ကြောင့် ထက်သန်သော သဒ္ဓါတရားရှိသော ယောဂီသူတော်ကောင်းသည် ထိုသို့ မိမိသန္တာန်မှာ ဖြစ်ပေါ်နေသော ဒုက္ခဝေဒနာကို အောင့်အည်းသည်းခံလျက် အထပ်ထပ်အဖန်ဖန် ရှုဆင်ခြင် နေနိုင်ပါလျှင်၊ ထိုဖြစ်ပေါ်နေသော ဒုက္ခဝေဒနာ သဘောတရားသည် အချို့ယောဂီများမှာ အထူးမချုပ်ပျောက်တော့ဘဲ ဝေဒနာသဘောတရား အတိုင်းပင် ဝိပဿနာဉာဏ်အား ထင်ခြင်းသို့လည်း ရောက်လာတတ်ပါသည်။

ဝေဒနာ သဘောတရား ဉာဏ်ဝင်၌ ထင်မြင်လာပုံ

အဘယ်သို့ ထင်လာသနည်းဟူမူကား ဆိုခဲ့သည့်အတိုင်း ဝေဒနာကို အထပ်ထပ် အဖန်ဖန် ရှုဆင်ခြင်သောအခါ ဝေဒနာသည် မိမိချည်းဖြစ်သော တရားမဟုတ်၊ ကာမ တစ်ဆယ့်တစ်ဘုံ၊ အသညသတ်ကြဉ်သော ရူပါဝစရ တစ်ဆယ့်ငါးဘုံတို့၌ စက္ခုစသော ပသာဒဝတ္ထုရုပ်၊ ရင်တွင်းနှလုံးသားတွင်း၌ တစ်လက်ဖက်မျှလောက်သော နှလုံးသွေး၌ရှိသော ဟဒယ ဝတ္ထုရုပ်များကို မှီတွယ်၍ မိမိနှင့်အတူဖြစ်သော စိတ်စေတသိက်များတို့နှင့်တကွ ပေါင်းဆုံလျက် ဖြစ်ခြင်းကြောင့် ဝေဒနာတရားများသည် ဝိပဿနာဉာဏ်၏ အာရုံဖြစ်၍ ထင်လာသောအခါ၌ ရုပ်ပေါ်မှစီး၍ မှီရာရုပ်နှင့်တကွ 'အပ်'တို့၏အသွား၌ နီသောအဆင်းရှိသော သန္တာလုံးသေးသေးကလေးများကို ထိုး၍ထားပြီးလျှင် တစ်ကိုယ်လုံးအနှံ့ စိုက်ထားဘိသကဲ့သို့ ထို့အတူ တစ်ကိုယ်လုံး နီရဲစွာပျံ့နှံ့လျက် ရုပ်ထက်မှာ စီးလျက်လည်း ပေါ်ထင်၍ လာတတ်၏။ ရုပ်ကိုလွှတ်ပြီးလျှင် ကောင်းကင်၌ ဖြတ်ငယ်ကောင်းကလေးတွေ စုံ၍ ဝဲနေသကဲ့သို့ ဖြန့်ကျဲ စိတ်မြွာလျက် အရောင်တလက်လက်နှင့် သမ္မယုတ်တရားတို့နှင့်တကွ လုံးထွေးပေါင်း စုလျက်လည်း ထင်လာတတ်၏။ ဤ၌၌ ရုပ်ဝေဒနာတရားများကို အဘယ်မှာလျှင် ထင်ရှားစွာ မြင်နိုင်ပါအံ့နည်းဟူ၍ မအောက်မေ့ကြကုန်လင့်။ "သမာဟိတော ယထာဘူတံ ပဇာနာတိ" သမထဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်၍ တည်ကြည်သော သမာဓိရှိသော ပုဂ္ဂိုလ်သည် မဖောက်မပြန် ဟုတ်မှန်တိုင်းသော ရုပ်နာမ်တရားကို အများအားဖြင့် သိမြင်နိုင်၏" ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်ကို ယုံယုံကြည်ကြည်

http://www.dhammadownload.com

မှတ်သား၍ တရားကိုသာ သမာဓိရအောင် ဂရုစိုက်၍ အားထုတ်ကြပါ။ မုချဇကန် အမှန်မြင်ရပါသည်။

ဝေဒနာသို့ လိုက်သောအခါ အခြား အပ္ပတ္တ၊ ဗဟိဒ္ဓ တရားများ ထင်မြင်လာတတ်ပုံ

အချို့သောယောဂီပုဂ္ဂိုလ်များမှာ ဝေဒနာတရားကိုပြဆိုခဲ့သည့်အတိုင်း အထပ်ထပ် အဖန်ဖန် ရှုဖန်များသောအခါ အဆိုပါ ဒုက္ခဝေဒနာ သဘောတရားသည် တိတိပြတ်ပြတ် ချုပ်ငြိမ်း၍သွားပြီး မီးခိုးရောင်၊ တိမ်တိုက်ရောင်၊ သက်တံ့ရောင်၊ နေရောင်၊ လရောင်၊ ကြယ်ရောင်၊ အဖြူရောင်၊ အဝါရောင် စသော အမျိုးမျိုးသော ဗဟိဒ္ဓ အာရုံနိမိတ်များသည် တစ်ပြိုင်နက် ထင်မြင်လာကြကုန်၏။

အချို့သော ယောဂီများမှာ ကျောင်းပျက်၊ အိမ်ပျက်၊ သစ်ပင်လဲ၊ တောင်လဲ၊ တောင်ပြတ် မြေကြီးများတောင်မှ တည်ရာမရလောက်အောင် ပျက်စီးလျက် ထင်မြင်လာကုန်၏။ တချို့သော ယောဂီများမှာ မိမိခန္ဓာကိုယ် ပကတိအတိုင်း ထင်မြင်လာ၏။ တချို့သော ယောဂီများမှာ မိမိခန္ဓာကိုယ် အမှတ်မရှိ တစ်နေရာရာအစိတ်အပိုင်း ထင်မြင်၍ လာတတ်၏။ တချို့ ယောဂီများမှာ မိမိခန္ဓာကိုယ် တစ်နေရာရာ၌ ဖြစ်ပျက်နေတာကိုလည်း မြင်တတ်၏။ တချို့သော ယောဂီများမှာ မိမိ အပ္ပတ္တသဏ္ဌာန်၌ အနာကောင်၊ အသေကောင် အပုပ်ကောင် အရိုးစု အမျိုးမျိုးတို့လည်း ထင်မြင်လာတတ်ကုန်၏။ ဤသို့ စသည်ဖြင့် ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး မတူကြကုန်ဘဲ ပါရမီ အားလျော်စွာ သမာဓိအားကောင်းလျှင် အားကောင်းသလို အမျိုးမျိုး ထင်လာတတ်ကုန်၏။

ဤနေရာ၌ ဝေဒနာကိုလိုက်၍ ဝေဒနာထင်သော ပုဂ္ဂိုလ်သည် အလွန်ပင် ရှားပါးလှသည်။ မိမိတို့ ညောင်လွန်ယောဂီအဖွဲ့၏ အားထုတ်၍ လည်းကောင်း၊ ပြသ၍လည်းကောင်း၊ အတွေ့အားဖြင့်ဆိုလျှင် ၃၀၀၀ ခန့်မှ ၁၀ ယောက်လောက်သာလျှင် ဝေဒနာ ထင်မြင်လာသူများကို တွေ့ရပါသည်။ ယင်းသို့ ထင်လာရာ၌လည်း အနည်းဆုံး တစ်ခါ နှစ်ခါ ချုပ်ပြီးသည်မှ နောက်၌သာ ဝေဒနာ ထင်မြင်လာတတ်ပါသည်။ ဝေဒနာလိုက်သောအခါ ယေဘုယျအားဖြင့် ဖော်ပြခဲ့သည့်အတိုင်း အခြားဗဟိဒ္ဓ၊ အပ္ပတ္တ အာရုံတို့ သည်သာ ထင်မြင်လာတတ်ကြပါကုန်သည်။ ထိုအပ္ပတ္တ၊ ဗဟိဒ္ဓအာရုံများသည်လည်း ဝေဒနာပေါ်လာပြီး လိုက်၍ ဝေဒနာသုံးခါချုပ်မှလည်း ထင်မြင်လာတတ်ပါသည်။ အမြဲမရှိပါ။ သမာဓိ အားကောင်းလျှင် အားကောင်းသလို အမြဲထင်မြင်တတ်ပါသည်။

အာရုံအမျိုးမျိုး ထင်မြင်လာရာ၌ ဝိပဿနာသို့ ကူးပုံ

ဤသို့ အာရုံအမျိုးမျိုး ထင်မြင်လာရာတို့တွင် ဝေဒနာကိုလိုက်၍ ဝေဒနာ သဘောတရား ထင်မြင်လာရာ၌ ထိုထင်မြင်လာသော ဝေဒနာသဘောတရားကိုပင် ရှုးကမရှိ၊ ယခုမှ ဖြစ်ပေါ်၍လာသောကြောင့် မမြဲသောသဘောကို အာရုံပြု၍ "အနိစ္စ အနိစ္စ အနိစ္စ" ဟူ၍ လည်းကောင်း၊ "မမြဲ မမြဲ မမြဲ"ဟူ၍ လည်းကောင်း အဖန်ဖန် အထပ်ထပ် ဆင်ခြင်သုံးသပ်၍ ပွားများပါလျှင် ပါရမီရှိပါက မကြာမြင့်မီ ကာလ၌ပင် ထိုဝေဒနာ သဘောတရားတို့သည် တည်မြဲခြင်း မရှိ ဖြစ်ပျက်လျက်နေသည့် အတိုင်းသာ ထင်မြင်လာပါလိမ့်မည်။ ဝေဒနာသဘောတရားတစ်ခု၏ ဖြစ်ပျက်ကို ထင်မြင်လာပါလျှင် ကြွင်းသော သညာ သင်္ခါရဝိညာဏ် ရုပ်တရားတို့၏ ဖြစ်ပျက်ပုံတို့သည်လည်း ထင်ရှား၍ ပေါ်လာကုန်တော့သည်သာ တည်း။ ဤသို့ ယောဂီပုဂ္ဂိုလ်မှာ သမ္မသနဉာဏ် အရှိန်ရ၍ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်-ပျက်မှုကို သိမြင်သော ဥဒယဗ္ဗယဉာဏ်သည် ပေါ်ပေါက်လျက် တရားတွေ့ပြီဟု ဆိုရလေသည်။ ဥဒယဗ္ဗယဉာဏ်မှစ၍ လုံ့လကို မလျှော့ဘဲ ပွားများ အားထုတ်သွားပါ

http://www.dhammadownload.com

လျှင် ပါရမီရှိပါက ဘင်္ဂဉာဏ်၊ ဘယဉာဏ် စသော ဝိပဿနာဉာဏ် အဆင့်ဆင့်တို့သည် အသင့်အတင့် ထင်ရှားစွာ မမှားအောင် ဖြစ်ပေါ်၍ လာပါကုန်လိမ့်မည်။ ဤကား ဝေဒနာသဘောထင်သော ပုဂ္ဂိုလ်များအတွက် တက်ပုံအကျဉ်းတည်း။

ဝေဒနာကိုလိုက်၍ မီးခိုးရောင်၊ တိမ်တိုက်ရောင် စသော ဗဟိဒ္ဓ အရောင်အဆင်း နိမိတ်များ ထင်မြင်လာရာ၌ကား တော်တော်ကြာအောင် ယင်းသို့ ထင်မြင်နေပြီး သူ့အလိုအလျောက်လည်း မိမိအဖျတ္တ ကိုယ်တစ်ခုလုံးသော် လည်းကောင်း၊ အစိတ်အပိုင်းသော်လည်းကောင်း၊ ထင်မြင်လာတတ်ပါသည်။ ယင်းသို့မှ မထင်လာပါလျှင် နှာသီးဝကို လည်းကောင်း၊ မိမိခန္ဓာကိုယ်ကို လည်းကောင်း ငဲ့၍ငဲ့၍ ကြည့်ရှုရာ၏။ ထိုးထိသော ထွက်လေဝင်လေကိုလည်း သေသေချာချာ ကြည့်ရှုရာ၏။ ထိုသို့ အထပ်ထပ်အဖန်ဖန် လေ့လာ ကြည့်ရှုဖန်များသောအခါ မိမိခန္ဓာကိုယ်တစ်ခုလုံးသော်လည်းကောင်း၊ အစိတ်အပိုင်းသော်လည်းကောင်း ထင်မြင်လာတတ်ပါသည်။ မထင်မြင်သေးလျှင် ထွက်လေဝင်လေကို ပြန်ကောက်၍ အဖန်ဖန် အထပ်ထပ် ငဲ့၍ငဲ့၍ ကြည့်ရှု ပါ။ ထင်မြင်လာပါလိမ့်မည်။ ထိုသို့ ထင်မြင်လာသောအခါ အထင်မြင်ဆုံးသော အဖျတ္တ နေရာ၌ ဒင်္ဂါးခန့်ကွက်၍ မမြဲခြင်းသဘောကို အာရုံပြု၍ "အနိစ္စ အနိစ္စ အနိစ္စ" ဟု အဖန်ဖန်အထပ်ထပ် ရှုနေပါ။ ရှုဖန်များလာသောအခါ စိုက်၍ ရှုသော နေရာ၌ ဖြစ်-ပျက် သဘောတရားကို အထင်အရှား မြင်ရလျက် ထိုနေရာက စ၍ မိမိခန္ဓာကိုယ် တစ်ခုလုံးနှင့်တကွ အဖျတ္တ၊ ဗဟိဒ္ဓ အာရုံ အလုံးစုံကုန်ဖြစ်ပျက်သဘောကြီး မြင်ရသော ဉဒယဗ္ဗယဉာဏ်မှစ၍ အဆင့်ဆင့်သော ဝိပဿနာဉာဏ်တို့သည် ဖြစ်ပေါ်၍ လာပြီး မဂ်ဖိုလ်သို့တိုင်အောင် ပေါက်ရောက်နိုင်ပါတော့သည်။ ဤကား ဗဟိဒ္ဓ အရောင်အလင်းထင်သော ပုဂ္ဂိုလ်များအတွက် တက်ပုံအကျဉ်းတည်း။

ဝေဒနာလိုက်၍ မိမိခန္ဓာကိုယ် ပကတိအတိုင်း ထင်မြင်လာရာ၌ လည်းကောင်း၊ စိတ်အပိုင်း ထင်မြင်လာရာ၌ လည်းကောင်း၊ မိမိအဖျတ္တသဏ္ဌာန်၌ အနာကောင် အသေကောင်စသည် ထင်မြင်လာရာ၌လည်းကောင်း အထူးမငဲ့ရှုရတော့ဘဲ ဆိုခဲ့သည့်အတိုင်း အထင်မြင်ဆုံးနေရာ၌ ဒင်္ဂါးခန့်ကွက်၍စိုက်ကြည့်ပြီး "အနိစ္စ အနိစ္စ အနိစ္စ" ဟု ရှု၍ ဖြစ်ပျက်ထင်အောင် ရှုပါလေ။ နောက်၌လည်း ဝိပဿနာသို့ ကူးယူပုံ အကျယ်ပြပါလတ္တံ့။ ဤကား သမ္မသနဉာဏ်အခန်း ပြီးပါပြီ။

ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာပုံကို ပြဆိုသောအခန်း

ဝေဒနာကိုလိုက်၍ မိမိခန္ဓာကိုယ် တစ်နေရာမှာ ဖြစ်ပျက်လျက် ထင်မြင်လာရာ၌ကား ထိုထင်မြင်လာသော ဖြစ်ပျက်ကိုပင် လိုက်၍ ရှုပါလေ။ ဤကား အဖျတ္တထင်သော ပုဂ္ဂိုလ်များအတွက် တက်ပုံအကျဉ်းတည်း။

ဝေဒနာကိုလိုက်၍ ကျောင်းပျက်၊ အိမ်ပျက်၊ သစ်ပင်လဲ၊ တောင်လဲ၊ တောင်ပြတ်၊ မြေကြီးများ တောင်မှ တည်ရာမရလောက်အောင် ပျက်စီးလျက် ထင်မြင်လာရာ၌ကား ဤသို့ထင်မြင်လာသော အာရုံတို့သည် မူလက ဝေဒနာကိုလိုက်၍ ရှုခဲ့သည်၏ အစွမ်းဖြင့် ဝေဒနာချုပ်ပြီး ဉဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာသဖြင့် ထိုဉာဏ်အား အကြမ်းစားအားဖြင့် ထင်မြင်လာသော အာရုံတို့ပေတည်း။ ဥပမာအားဖြင့် မြတ်စွာဘုရားသည် ရူပနန္ဒာဘိက္ခုနီမအား သူငယ်မအသွင်ကစ၍ တဖြည်းဖြည်း ရူပါရုံကို ပြောင်းရွေ့၍ ကြီးရင့်သောအရွယ်၊ အိုမင်းသောအရွယ်၊ အနာကောင်၊ အသေကောင်၊ အပုပ်ကောင်၊ အရိုးစု စသည်ဖြင့် တရွေ့ရွေ့ ပျက်စီးသော ရုပ်ကောင်ကို ထင်ရှားအောင် ဖန်ဆင်း၍ ပြတော်မူသဖြင့် အကြမ်းစားအားဖြင့် မြင်ရဘိသကဲ့သို့၊ ထို့အတူ ဗဟိဒ္ဓ၌ အနာကောင်၊ အသေကောင်၊ အပုပ်ကောင်၊ အရိုးစု စသည်၊ ကျောင်းပျက်၊ အိမ်ပျက်၊ သစ်ပင်လဲ၊ တောင်

http://www.dhammadownload.com

လဲ၊ တောင်ပြတ်၊ မြေကြီးတောင်မှ တည်ရာမရ လောက်အောင် ပျက်စီးလျက် ဉာဏ်မျက်စိအား အကြမ်းစားအားဖြင့် ထင်လာလေသည်။

ဤသို့ အကြမ်းစားအားဖြင့် ထင်မြင်လာသော ကျောင်းပျက်စသော ဗဟိဒ္ဓအာရုံများတွင် အထင်ရှား ဆုံးမြင်ရသော အာရုံ၌ကွက်၍ "အနိစ္စ အနိစ္စ အနိစ္စ" ဟု အဖန်ဖန်အထပ်ထပ် တရစပ် မပြတ်ဘဲရှုပါ။ ထိုသို့ ရှုဖန်များလာသောအခါ ရှေးကထင်မြင်သော ကျောင်း ပျက်၊ အိမ်ပျက်စသော ရုပ်လုံးကြီးများမှ တဖြည်း ဖြည်း အသေးအမွှား စိတ်၍ စိတ်၍ ကျိုးပဲ့ပျက်စီး ကြေမွလျက် ထင်မြင်လာပါလိမ့်မည်။ အရပ်ဆယ် မျက်နှာတို့၌ ဘယ်မှာပဲကြည့်ကြည့် မွမွကဲ့ ပျက်စီး လျက်သာ တွေ့ရပါလိမ့်မည်။ ထိုအခါ သခ်ါရတရား တို့သည် ဥဒယဗ္ဗဉာဏ်အား အလတ်စားအားဖြင့် ထင်မြင်လာပြီဟု ဆိုရလေသည်။

ဤသို့ အလတ်စားအားဖြင့် ထင်မြင်လာသော သခ်ါရတရား အပျက်အစီးတို့ကိုပင် အထင် အမြင်ဆုံးနေရာကို ကွက်၍ ကွက်၍ "အနိစ္စ အနိစ္စ အနိစ္စ" ဟု အဖန်ဖန် အထပ်ထပ် ဆင်ခြင် သုံးသပ် သည်ရှိသော် ရှေးက ထင်မြင်နေသော သခ်ါရ အပျက်အစီးတို့သည် သဏ္ဌာန်ပျောက်ပျက် ဖွာဖွာ ကဲ့ပြီး တရွေ့ရွေ့ ပျက်စီးရာ ပရမာဏုမြူခန့် တိုင် အောင် သေးငယ်လျက် နောက်ဆုံးမှာ လုံးဝကုန်ဆုံး ပျောက်ကွယ်သွားသည့်တိုင်အောင် ရောက်သွားကြ လေကုန်၏။ ဤကား သခ်ါရတရားတို့သည် အနုစားအားဖြင့် ဥဒယဗ္ဗယ ဉာဏ်အား ထင်မြင်လာ ပုံတည်း။

ဤသို့ ဖြစ်ပေါ်လာသော ဝေဒနာကိုလိုက်၍ အားထုတ်ခြင်းကြောင့် ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ် လာ၍ ဗဟိဒ္ဓသခ်ါရဖြစ်သော တရားတွေကို အကြမ်း စား အလတ်စား အနုစားအားဖြင့် ဖြစ်ပျက်လျက် ဘာမှ ယူစရာမရအောင် ဖြစ်၍ ကုန်ဆုံးပျောက်သွား သည်အထိ ထင်ရှားစွာ ဉာဏ်ဖြင့် မြင်ရအောင် ရှုရ မည်။ သဝိညာဏကဖြစ်သော ယောကျ်ား မိန်းမတို့ ကိုပဲဖြစ်ဖြစ်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း စသည်တို့ကိုပဲ ဖြစ်ဖြစ်၊ အဝိညာဏက ဖြစ်သော ကျောင်း၊ အိမ်၊ ဓရုပ်၊ မဏ္ဍပ် စသော အဆောက်အအုံကိုပဲဖြစ်ဖြစ်၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ သစ်ပင် စသည် တို့ကိုပဲဖြစ်ဖြစ်၊ အားလုံးသော ဗဟိဒ္ဓ သခ်ါရတရား တို့ကို ရှုတိုင်း ရှုတိုင်း အစမှ အဆုံးတိုင်အောင် ပျက်စီး၍ ကုန်ဆုံးသွားသည့်တိုင်အောင် ရှုရမည်။ အနုလုံအားဖြင့် လည်းကောင်း၊ ပဋိလုံအားဖြင့် လည်းကောင်း၊ အနုလုံ ပဋိလုံ အားဖြင့်လည်းကောင်း ကုန်ဆုံးသွားအောင် ရှုရမည်။

ဗဟိဒ္ဓရှုပြီးသည့်နောက် မိမိအဖျားတွင်သို့ပြောင်း၍ ရှုရပုံကို ပြဆိုခြင်း

ဤသို့ရှုတိုင်း ကုန်ဆုံးပျောက်သွားအောင် ဖြစ်ပျက်ကို နိုင်နင်းလျင် မြန်စွာ ထင်မြင်လာသော အခါ မိမိ၏ အဖျားတွင်ကာယအပေါ်သို့ စိတ်ကို စေလွှတ်၍ မိမိ၏ အဖျားတွင်ကာယကြီးကို အာရုံပြု၍ မိမိ၏ အဖျားတွင်ကာယကို ဉာဏ်ဖြင့် မြဲမြံထင်ထင် မမြင်မချင်း "အနိစ္စ အနိစ္စ အနိစ္စ" ဟု အပြင်း အား ထုတ်၍ ရှုဆင်ခြင်သုံးသပ်ရာ၏။ ယင်းသို့ ရှုဆင်ခြင် သုံးသပ်၍ အားထုတ်ဖန်များလတ်သောအခါ မိမိ၏ အဖျားတွင်ကာယကိုလည်း မှန်၌ အရိပ်ကို မြင်ရသကဲ့ သို့ မြဲမြံထင်ထင် မြင်ရပါလိမ့်မည်။ မြင်ရသော အခါ၌လည်း အကောင်းမဟုတ်၊ အိုလျက်-နာလျက်-သေလျက်-ပုပ်လျက်စသည်ဖြင့် ပျက်စီးလျက် တည် သော အကောင်ကိုသာ ထင်ရှားစွာ မြင်ရပါလိမ့်မည်။

ဤသို့ပြဆိုအပ်သော အဖျားတွင်ကာယ ထင်မြင် ပုံကား ကျေးဖူးတော်ရှင် ညောင်လွန်တောရ ဆရာ တော်ဘုရားကြီးအား ထင်မြင်သော အခြင်းအရာကို သာ ပြဆိုခြင်း ဖြစ်သည်။ တစ်ပါးသော ပုဂ္ဂိုလ်တို့ အား တစ်ပါးသော အခြင်းအရာအားဖြင့်လည်း ထင်မြင်နိုင်သေးပါသည်။ ထင်မြင်ပုံကို ဤသို့

http://www.dhammadownload.com

ဖော်ပြလတ္တံ့အတိုင်းလည်း သိပါလေ။

အချို့သော ယောဂီများမှာကား ဤသို့ ရှုအပ်သည်ရှိသော် အဖျတ္တကာယ တစ်ခုလုံးမထင်ဘဲ၊ မိမိ၏အဖျတ္တကာယ၏ အမှတ်မရှိ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုလည်း ပျက်လျက်သော် လည်းကောင်း၊ တဖြည်းဖြည်း တိုလျက်သော်လည်းကောင်း တစ်နေရာရာက ပဲ့ကျလျက်သော်လည်းကောင်း၊ ခွက်ဝင်ပြီး တွင်းဖြစ်လျက်သော် လည်းကောင်း၊ ကွဲစောင်း ဖောက်ပြန်လျက်သော်လည်းကောင်း၊ ဖြစ်ပျက်သဘောသည် အမှတ်မရှိ အမျိုးမျိုးသော အခြင်းအရာအားဖြင့်လည်း ထင်မြင်လာတတ်ပါသေးသည်။

တစ်နည်းမှာ ယောဂီသည် မူလက ဗဟိဒ္ဓသန်ါရတို့ကို ဖြစ်ပျက်နှင့်တကွ ထင်မြင်ပြီး ဖြစ်သောကြောင့် မိမိ၏ အဖျတ္တကာယကြီးတစ်ခုလုံးကို အာရုံမပြုဘဲ မိမိအဖျတ္တကိုယ်ကာယ၏ အမှတ်မရှိသော ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုခုကို ဒဂ်ါးခန့် ငါးမူးစေ့ခန့် ကွက်၍ ကြည့်ပြီး စိတ်ကို ထိုနေရာ၌ စူးစိုက်ထားလျက် "အနိစ္စ...အနိစ္စ...အနိစ္စ" ဟု မပျက်မချင်း တရစပ် ထပ်ခါ ထပ်ခါ ရှုပါ။ ဤသို့ ရှုဖန်များလာသောအခါ ထိုရှုအပ်သော နေရာ၌ အောက်က ပြဆိုခဲ့သည့်အတိုင်း ပျက်လျက် ထင်မြင်လာပါလိမ့်မည်။

ဤသို့ နှစ်မျိုးသော နည်းတို့တွင် ဘယ်နည်းဖြင့်ပဲရှုရှု၊ မိမိ၏ အဖျတ္တ ကာယကြီး တစ်ခုလုံး ပျက်လျက်ပဲထင်ထင်၊ မိမိ၏ အဖျတ္တကာယတွင် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခု ပျက်လျက်ပဲထင်ထင် ထိုသို့ မြင်လာသောအခါ ဤမျှလောက် ဖြစ်ပျက်ထင်ရုံနှင့် အဖျတ္တကို ရှုခြင်းကိစ္စ မပြီးနိုင်သေးပါ။ ရှေ့သို့ ဆက်လက်၍ လမ်းဆုံးအောင် ရှုရပါဦးမည်။

အဖျတ္တဗဟိဒ္ဓပြောင်းလဲ၍ အဖန်ဖန်ရှုရုံကို ပြခြင်း

ကိုင်း... ဒါဖြင့် ဗဟိဒ္ဓကမှ အဖျတ္တကိုရှု၍ ဤသို့ ဖော်ပြခဲ့သည့်အတိုင်း ဖြစ်ပျက်လျက် အဖျတ္တထင်ရုံမျှနှင့် အဖျတ္တရှုခြင်းကိစ္စ မပြီးသေးသဖြင့် ရှေ့သို့ ဆက်လက်၍ လမ်းဆုံးအောင် ရှုနည်းကို ပြကြဦးစို့။ အောက်က ပြဆိုခဲ့သည့်အတိုင်း မိမိ၏ အဖျတ္တကာယကြီးတစ်ခုလုံး အိုလျက် နာလျက် စသည်ဖြင့် ပျက်လျက်ပဲထင်ထင်၊ မိမိ၏အဖျတ္တကာယ အစိတ်အပိုင်းတစ်ခု ပျက်လျက်ပဲထင်ထင်၊ ဤသို့ ထင်မြင်လာသောအခါ အဖျတ္တရှုခြင်းကိစ္စကို မရပ်တန့်ရသေးဘဲ ထိုထင်မြင်လာသော နေရာတို့တွင် အပျက်ဆုံးနေရာ၌ မိမိစိတ်ကို စိုက်၍ ဘယ်ကိုမှ မရွေ့စေဘဲ ပျက်နေလျှင် သူပျက်သည့်အတိုင်း လိုက်၍ "အနိစ္စ အနိစ္စ အနိစ္စ"ဟု ရှုပါ။ ပျက်နေပုံမှာ သဲကမ်းပါးများ ပြိုအိုကျနေသလို၊ သဲသောင်ပြင်၌ ရေများစိုး၍ စားသွားနေသလို၊ အသားပေါ်၌ အနာများ တရွေ့ရွေ့ စားသွားနေသလို တရွေ့ရွေ့ တအိအိ ပျက်လျက် ရိပ်ရိပ် ရိပ်ရိပ် ရွရွ ရွရွနှင့် ပျက်နေသည်ကို ဆိုပါသည်။ ယင်းသို့ရှု၍ မိမိကာယမှ အောက်သို့ ပျက်လျက်သွားလျှင် အောက်သို့ ခြေဖျား ဆုံးသည့်တိုင်အောင် ရှုလျက်လိုက်ပါ။ အထက်သို့ ပျက်လျက်သွားလျှင် အထက်သို့ ဆံဖျားဆုံးသည့်တိုင်အောင် ရှုလျက်လိုက်ပါ။ လိုက်သောအခါ ကြား၌ အရိုးအသား ဘာမှမကျန်အောင် ကုန်သွားမှ ရှေ့သို့တက်ပါ။ ယင်းသို့ရှုလျက် လိုက်၍ ခြေဖျားမှ ခေါင်း ဆံဖျား၊ ခေါင်းဆံဖျားမှ ခြေဖျားသို့ အနုလုံပဋိလုံအားဖြင့် အနည်းဆုံး သုံးခေါက်လောက် ပေါက်အောင် လိုက်၍ ဘာမှမကျန် ပျက်အောင် ရှုပြီးသောအခါ ခေါင်းဆံဖျား၊ ခြေဖျားတစ်ခုခုမှစ၍ တစ်ဖန် ရှု၍ လိုက်ပြီး ရင်ဝသို့ ရောက်သောအခါ ရင်ဝ လက်လေးသစ် ပတ်ဝန်းကျင်နေရာ၌ စိတ်ကို စိုက်၍ "အနိစ္စ အနိစ္စ အနိစ္စ"ဟု ရှုလျက် ကြည့်ပါ။ တချို့မှာ ထိုသို့ ရင်ဝ၌ ကြည့်သောအခါ ဘာကိုမှ မတွေ့ဘဲလည်း နေတတ်၏။ အလုံးကို မတွေ့မချင်း ရှုပါ။ တွေ့ပါလိမ့်မည်။ တချို့မှာတွေ့ပြီး အနိစ္စရှုသောအခါ

http://www.dhammadownload.com

သုံးလေးကြိမ် ပျက်၍ ပျောက်သွားတတ်ပါသည်။ ယေဘုယျ အားဖြင့် ဟုတ်မှန်လျှင် မပျောက်တတ်ပါ။ ဟုတ်,မဟုတ်ကို ကမ္မဋ္ဌာန်းဆရာက ဥပါယ်တစ်မျိုး သုံး၍ စစ်မေးကြည့်လျှင် သိနိုင်ပါသည်။ တချို့ တပည့်ယောဂီက ကြားဖူးနားဝဖြင့် လိမ်လည် ဝါကြွား၍ မတွေ့ဘဲနှင့် တွေ့ရောင်ကား ပြောတတ်ပါသည်။ ထိုယောဂီသည် မိမိအကျိုး ဆုတ်ယုတ်ပါတော့သည်။ သို့အတွက် မတွေ့ဘဲ မဟုတ်ဘဲနှင့် ဝါကြွားမပြောပါနှင့်။ ကိုယ့်တွေ့တာ၊ ကိုယ်သိတာကိုသာ တပည့်ကပြောမှ ကောင်းပါသည်။

ယင်းသို့ ရင်ဝန္ဒ အလုံးကို မှန်ကန်စွာတွေ့လျှင် အရှုနှင့် အကြည့်ကို ကိုက်ညီအောင် ရှုကြည့်ပါ။ အရှုဆိုသည်မှာ အနိစ္စဟု ရှုရမည်ကို ဆိုပါသည်။ အကြည့်ဆိုသည်မှာ အဆိုပါ အလုံးကို တည့်အောင်၊ မှန်အောင်ကြည့်ပါ။ နည်းနည်းကလေး လွဲသွားလျှင် ဗဟိဒ္ဓအရောင်အလင်း အမျိုးမျိုးတွေ ပြန်၍ လည်လာတတ်ပါသည်။ မကောင်းပါ။ ထိုသို့ အရှုနှင့်အကြည့်ကို မှန်အောင် ရှုကြည့်ဖန်များလာသောအခါ အဆိုပါအလုံးသည် အကြည်ဓာတ်ဆိုက်၍ မီးပန်းများကဲ့သို့ ဖွာဖွာ ဖွာဖွာနှင့် အထက်မှသော်လည်းကောင်း၊ အောက်မှသော်လည်းကောင်း အရောင်ရောနှောလျက် ဖွာဖွာကလေးကိုသာ မြင်ရပါလိမ့်မည်။ ဤနေရာ၌ အလုံး၏အရောင်အသွေးမှာ အမျိုးမျိုးရှိပါသည်။ ဆရာလုပ်သူက နားလည်ရပါသည်။

ထိုသို့ ဖွာဖွာကလေးကိုသာ အကြည်ဓာတ်ဆိုက်လျက် မြင်နေရသောအခါ ၎င်းကိုလွတ်၍ မိမိအစ္ဆတ္တခန္ဓာကိုယ်တွင် ဘယ်နေရာကို ကြည့်ကြည့် တစ်ခါတည်း အမြန်ဖြစ်ပျက်လျက် ထင်မြင်လွယ်ပါတော့သည်။ ရင်ဝစိုက်မှုကို ကျေးဖူးတော်ရှင် ဆရာတော်ဘုရားကြီး အလုပ်ပြသောကျမ်းမှာ မဖော်ပြခဲ့ပါ။ ယင်းသို့ မဖော်ပြခဲ့သော်လည်း လက်တွေ့အားဖြင့် အစ္ဆတ္တ ဖြစ်ပျက်ကို တွေ့ပြီးရုံသာတွေ့၍ ရင်ဝန္ဒ စူးစိုက်မှုလမ်းမဆုံးဘဲ ဗဟိဒ္ဓကို ပြောင်းလဲ၍ရှုခြင်း၊ အလုပ်ကို ရပ်နားခြင်း စသည် ပြုလုပ်နေသောအခါ ဖြစ်ပျက်အသိဉာဏ် ပျောက်သွားတတ်ပါသည်။ ပျောက်သွားခဲ့သော် နောက်တစ်ဖန် ပြန်ပေါ်အောင် အားထုတ်မှု မလွယ်ကူတော့ပါ။ မပျောက်သော်လည်း ရင်ဝစိုက်မှု မသေချာ မပြီးဆုံးပါလျှင် ရုတ်တရက် ရှု၍ ဖြစ်ပျက် မထင်မြင်လွယ်ပါ။ သို့အတွက် ရင်ဝစိုက်မှုကို ပြီးဆုံးအောင် လုပ်ပြီးမှ အစ္ဆတ္တကို လည်းကောင်း၊ ဗဟိဒ္ဓကို လည်းကောင်း ရှုပါ။ ဘယ်ကိုပဲရှုရှု လွယ်ကူစွာ ထင်မြင်နိုင်ပါတော့သည်။

ဤသို့ အစ္ဆတ္တရှု၍ ပြီးဆုံးသောအခါ ဗဟိဒ္ဓသို့လည်း ပြောင်းလဲ၍ ရှုရပါသည်။ ရှုပုံမှာ မိမိအား ထုတ်ဆဲ ဣရိယာပုတ်ကို မဖျက်သေးဘဲ အလုပ်ခွင်မှာပင် ရှေးကာလက မိမိအာရုံပြုဖူး၍ နေဖူး ရောက်ဖူး မြင်ဖူးသော ဗဟိဒ္ဓ ဖြစ်သော ကျောင်းကိုဖြစ်စေ၊ အိမ်ကိုဖြစ်စေ၊ ဘုရားကိုဖြစ်စေ၊ တစ်စုံတစ်ခုသော အဆောက်အအုံတစ်ခုခုကို မရှုမီ၊ မနောဒ္ဒ ထင်မြင်လာအောင် ဆရာက အကြည့်ခိုင်းရပါသည်။ ယောဂီကလည်း မိမိဟာမိမိ မြင်လာအောင် ကြည့်ရပါသည်။ မြင်သာသောအခါ တွေ့မြင်လာကြောင်း ကို ဆရာအား ပြောကြားရပါသည်။ ထိုအခါ ဆရာက ထိုမြင်လာသော ဗဟိဒ္ဓအဆောက်အအုံကို "အနိစ္စ အနိစ္စ အနိစ္စ"ဟု အဖန်ဖန် အထပ်ထပ် ရှုကြည့်စေအပ်၏။ ရှုကြည့်သောအခါ အဆောက်အအုံတစ်ခုလုံးကို သိမ်းကျုံး၍ မရှုကြည့်ရ။ အထင်မြင်ဆုံးနေရာတစ်ခုကို ကွက်၍ ကြည့်ရှုပါ။ ထိုရှုကြည့်သော နေရာဒ္ဒ ဖြစ်ပျက်ကို ထင်မြင်လာမှ သူပျက်သည့် အတိုင်း လိုက်၍ အဆောက်အအုံတစ်ခုလုံး ကုန်သွားအောင် ရှုကြည့်ရပါသည်။

အဆောက်အအုံတစ်ခု ကုန်သွားပြန်ပါက အခြားတစ်ခုကို ပြောင်းလဲ၍ ရှုကြည့်ရပါသည်။ ထိုရှုကြည့်သော ဗဟိဒ္ဓအဆောက်အအုံ ကုန်သွားပြန်ပါက အခြားတစ်ခုကို ပြောင်းလဲ၍ ရှုရပြန်ပါသည်။ ဤသို့ ဗဟိဒ္ဓ အဆောက်အအုံ အနည်းဆုံး ဆယ်ခု

http://www.dhammadownload.com

လောက် ရှုကြည့်၍ ကုန်ဆုံးသွားသော အခါ ဗဟိဒ္ဓ သဝိညာဏကဖြစ်သော မိမိ သိဖူးမြင်ဖူး ခင်မင်ဖူး သော ဆရာသမား၊ တပည့်၊ မိတ်ဆွေ၊ အမိ၊ အဖ၊ သားချင်း၊ ခင်ပွန်းစသောသူ တစ်ယောက်ယောက်ကို မြင်အောင်ကြည့်၍ တွေ့မြင်သောအခါ ရှေ့က အတိုင်း အထင်မြင်ဆုံးနေရာ ဒဂ်ိုးခန့်၊ ငါးမူးစေ့ခန့် ကွက်၍ အနိစ္စရှု၍ကြည့်ပါ။ ယင်းသို့ ရှုကြည့်၍ ပျက်ပြီး ကုန်ဆုံးသွားသောအခါ အခြားတစ်ယောက်ကို ပြောင်းလဲ၍ရှုကြည့်ပါ။ ဤသို့ ဗဟိဒ္ဓသဝိညာဏက အနည်းဆုံး ဆယ်ဦးလောက် ကြည့်ရှု၍ ကုန်ဆုံး ပျက်ပြီးသွားသောအခါ မိမိ၏ အနီးသို့ ပြောင်း၍ ခေါင်းအုံး၊ ရေအိုး၊ ရေခွက်စသော အနီးရှိ ဗဟိဒ္ဓကို အနိစ္စရှုပါ။ အနီးရှိ ဗဟိဒ္ဓတွေအားလုံး ကုန်ဆုံးပျက်စီးသွားသောအခါ မိမိအဖွားတွင်ကို ရှုကြည့်ရပြန်ပါသည်။ ဤသို့ အားဖြင့် ရဲခါ ဗဟိဒ္ဓသို့၊ ရဲခါ အဖွားသို့၊ ရဲခါ အဖွားဗဟိဒ္ဓ နှစ်ပါးစုံကို စိတ်ကိုစေလွှတ်၍ ရှုကြည့် သုံးသပ်ရပါသည်။

ဤသို့ ရှုကြည့်သုံးသပ်သောအခါတို့၌လည်း မိမိသုံးသပ်အပ်သော သခါရတရားထင်၍ အားလုံး ကုန်ဆုံး၍ မပျက်သေးလျှင် မပြောင်းမရွေ့နှင့်။ အဖွားတွင်ကို သုံးသပ်သောအခါ အဖွားတွင်တရားထင်၍ ပျက်စီးကုန်ဆုံးသွားပြီးမှ ဗဟိဒ္ဓသို့ ရွှေ့ရမည်။ ဗဟိဒ္ဓကို သုံးသပ်သောအခါ၌လည်း ဗဟိဒ္ဓ တရားထင်၍ ပျက်စီးကုန်ဆုံးသွားပြီးမှ အဖွားတွင်သို့ရွှေ့ရမည်။ သုံးသပ်အပ်ဆဲ တရားမထင်လျှင် ပျက်စီး၍ မကုန်သေးလျှင် မရွှေ့ပါနှင့်။ ဤသို့တစ်ပါး ထင်လာလျှင်၊ ကုန်ဆုံး ပျက်စီး၍ မကုန်သေးလျှင် မရွှေ့ပါနှင့်။ ဤသို့ တစ်ပါးထင်လာလျှင်၊ ကုန်ဆုံး ပျက်စီးသွားပါလျှင် နောက်ထပ် တစ်ပါးသို့ ပြောင်းရွှေ့၍ မနေမနား ကြိုးစားအားထုတ်ရာ၏။

ထိုသို့ အားထုတ်သုံးသပ်ဖန်များလတ်သော အခါ အဖွားတွင်ကိုယ်ကာယ တစ်ခုလုံးတွင် ဘယ်နေရာမှာပဲရှုကြည့်ရှုကြည့် အကုန်လုံး သဏ္ဌာန်ပျောက်၍ ပျက်ပါတော့သည်။ ဗဟိဒ္ဓမှာလည်း ရှုကြည့်ပြီး ဗဟိဒ္ဓ သာမဟုတ်၊ တောတောင် ရေမြေ သမုဒ္ဒရာ သုံးဆယ့် တစ်ဘုံ စကြဝဠာအနန္တ ရှိရှိသမျှအားလုံးသော ဗဟိဒ္ဓ တရားဟူသမျှတို့ကိုလည်း ဘာကိုပဲရှုရှု အကုန်လုံး အဖွားတွင် သဏ္ဌာန် ပျောက်၍ ပျက်ပါတော့သည်။

အဖွားတွင်၊ ဗဟိဒ္ဓရှု၍ ထင်မြင်လာပြီးသော အားကြီးသော တဏှာနိကန္တိ ဖြစ်လာတတ်ပုံ

ဤသို့ အဖွားတွင် ဗဟိဒ္ဓတရားတို့၏ ဖြစ်ပျက်ကို ထင်မြင်လာသည်ထက် ထင်မြင်လာအောင် အဖန်ဖန်အထပ်ထပ် ရှုလျက် အားထုတ်အပ်သည် ရှိသော် မိမိ၏ ခန္ဓာကိုယ်တည်းဟူသော အဖွားတွင် ဝတ္ထုကို လည်းကောင်း၊ မိမိ၏ ကာယမှအပ ဖြစ်သော သက်ရှိသက်မဲ့ဖြစ်သော မိမိ၏ ပစ္စည်းဝတ္ထုများကိုလည်းကောင်း၊ ဖြစ်လတ္တံ့သော ဘဝကို လည်းကောင်း၊ မစွန့်လိုဘဲ အမြဲငြိတွယ်၍နေသော တဏှာနိကန္တိ တရားသည် အားကြီးစွာ ကပ်ငြိတွယ်တာ၍ နေလာတတ်ပါသည်။ အဘယ်သို့ ကပ်ငြိတွယ်တာ၍ နေလာတတ်ပါသနည်းဟူမူ– ဤသို့ ဥဒယဗ္ဗယ ဝိပဿနာ၏အစွမ်းဖြင့် အဖွားတွင် ခန္ဓာကိုယ်တစ်ခုလုံး သဏ္ဌာန်မရှိ၊ ဖြစ်–ပျက်မျှသာ ထင်မြင်လာခဲ့သော်လည်းကောင်း၊ ဗဟိဒ္ဓ ဖြစ်သော မိမိ၏ သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းများသည်လည်းကောင်း၊ အလုံးစုံသော တောတောင်–ရေမြေ–သစ်ပင် စသော သက်ရှိသက်မဲ့ ဗဟိဒ္ဓတရား အပေါင်းသည်လည်းကောင်း၊ ဖြစ်–ပျက်မျှသာ ထင်မြင်နေခဲ့သော်လည်းကောင်း၊ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝမှာ အမှန်စင်စစ် ငါဟူ၍ ဘာတစ်စိမ့် မရှိပါတော့တကား၊ ငါမရှိတော့၍ ငါ၏ သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းဟူ၍လည်း ဘာတစ်စိမ့် မရှိပါတော့ တကား။ ယခုအခါ ငါသည် ပြတ်ရတော့အံ့။ ငါသည် တစ်စုံတစ်ခု မဖြစ်တော့လတ္တံ့၊ ငါ၏ ဝတ္ထုပစ္စည်း ပရိက္ခရာသည်လည်း ရှိသည် မဖြစ်တော့လတ္တံ့ ဟူ၍ မိမိကိုယ်ကို ကမ်းပါး

http://www.dhammadownload.com

ပြတ်၌ ကျနေဘိသကဲ့သို့လည်းကောင်း၊ အလွန်တရာ နက်လှစွာသော ချောက်ကမ်းပါးကို ဖြတ်ကူးထားသောတံုးကို တုန်တုန်ယင်ယင် ကိုင်လျက် ငါကျရတော့အံ့ဟု ဖြစ်နေဘိသကဲ့သို့ လည်းကောင်း၊ သစ်ပင်ပေါ်သို့ တက်ရောက်စဉ် သစ်ကိုင်းမှ ချော်၍ ကျပြီး ခန္ဓာကိုယ်အလုံးလွတ်လျက် လက်နှစ်ဖက်ဖြင့်သာ ကိုင်တွယ်၍ တွဲရရဲ့ ဆွဲနေရဘိသကဲ့သို့ လည်းကောင်း၊ မိမိအစ္ဆတ္တကာယနှင့် ဗဟိဒ္ဓ ဖြစ်သော မိမိ၏ ပစ္စည်း ဝတ္ထု စသော အလုံးစုံသော တရားအပေါင်း၌ တွယ်တာ ငြိကပ်လျက် ဖြတ်ခြင်းငှာ မစွမ်းနိုင် ဖြစ်နေလေသည်။

ယင်းသို့ ငြိတွယ်နေသော တဏှာနိကန္တိကို ပြတ်အောင် မဖြတ်နိုင်ပါလျှင် မပေါက်မရောက်နိုင် ဖြစ်၍နေတတ်သည်။ အဆိုပါ ငြိတွယ်နေသော တဏှာနိကန္တိကို ဖြတ်ပုံမှာ အစ္ဆတ္တဗဟိဒ္ဓတရားဟူသမျှတို့ ငါဟူ၍ လည်းကောင်း၊ ငါ၏ဥစ္စာဟူ၍ လည်းကောင်း စင်စစ် အမှန်မရှိ။ ဖြစ်-ပျက် သဘါရတရားတို့သာလျှင် ဖြစ်ကြကုန်၏။ ချုပ်ကြကုန်၏ ဟူ၍ ဉာဏ်ဖြင့် ဆင်ခြင် သုံးသပ်၍ ရှုပါ။ ဤသို့ ရှုဖန်များသောအခါ ထိုငြိတွယ်နေသော တဏှာနိကန္တိသည် အလိုအလျောက် ပြတ်၍ သွားပါလိမ့်မည်။ နိကန္တိ တဏှာကို မငြိမတွယ်ရအောင် သတိထား၍၊ ဖယ်ရှားသုတ်သင်၍ ဝိပဿနာကို ဆက်လက် ကြိုးစားအားထုတ်ပါလျှင် ဤဥဒယဗ္ဗယဉာဏ်မှ စ၍ ဘင်္ဂဉာဏ်၊ ဘယဉာဏ် စသော ဉာဏ်အဆင့်ဆင့်တို့သည် အသင့်အတင့် ပေါ်ပေါက်လျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သို့ တိုင်အောင်ပင် အမြန်ဆိုက်ရောက်၍ တက်ပါလိမ့်မည်။

ဥဒယဗ္ဗယစသောဉာဏ်များသည် ထင်ဉာဏ် ပေါ်ဉာဏ်များ ဖြစ်ကြောင်း

သမ္မသနဉာဏ်မှတစ်ပါးသော ဤဥဒယဗ္ဗဉာဏ် စသော ဉာဏ်တို့ကား ယောဂီပုဂ္ဂိုလ်က အထူးအားထုတ်၍ ရှုအပ်သော၊ ပွားများအပ်သော ဉာဏ်မျိုးမဟုတ်။ သမထအရာ၌ ပထဝီကသိုဏ်းစသည်ကို ရှုရသောအခါ သမထ အထူးထက်သန်လာခြင်းကြောင့် ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂ နိမိတ်တို့သည် ထင်လာကုန်သကဲ့သို့၊ ထို့အတူ သမ္မသနဉာဏ် အထူးထက်သန်၍ လာသောကြောင့် တဆိတ်တဆိတ် တိုးတက်၍ တိုးတက်၍ အလိုလို ထင်လာပေါ်လာသောဉာဏ်၏ အာကာရ အထူးတရားတို့ ဖြစ်ကုန်သည်ဖြစ်၍ အဆိုပါ ဥဒယဗ္ဗယ စသော ဉာဏ်တို့သည် ထင်ဉာဏ် ပေါ်ဉာဏ်တို့ ဖြစ်ကုန်၏။

အစဉ်၌ ပြအပ်ပြီးသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ရှု၍ သုံးသပ်သော ဉာဏ်တို့သည် သာလျှင် သမ္မသနဉာဏ်တို့ ဖြစ်ကုန်၏။ ထို့ကြောင့် မဂ်ဉာဏ်သို့ပေါက်ရောက်သည့်တိုင်အောင် သမ္မသနဉာဏ်ဖြစ်အောင် သုံးသပ်ခြင်းကိုသာ ယောဂီပုဂ္ဂိုလ်က အားထုတ်ပြုလုပ်ရမည်။ ဥဒယဗ္ဗယဉာဏ်စသည်ကို ယောဂီပုဂ္ဂိုလ်က အထူးအားထုတ်၍ မစီးဖြန်းရပါ။ မစီးဖြန်းသော်လည်း ထိုဥဒယဗ္ဗယဉာဏ် စသောဉာဏ်တို့သည် ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ အမှန်ဖြစ်ပေါ်၍ လာပါကုန်လိမ့်မည်။ ထိုအခါ ထိုဥဒယဗ္ဗယဉာဏ် စသည်တို့၏ အမူအရာကို ယောဂီ ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင် မျက်မှောက်မြင်ရကုန်၍ သံဒိဋ္ဌိကအဖြစ်သို့ ရောက်ကြပါကုန်လိမ့်မည်။ ကြိုးစားအားထုတ်ကြပါကုန်။

ဥဒယဗ္ဗယဉာဏ် စသော ဉာဏ်တို့တွင် အအိုကောင်၊ အနာကောင်၊ အသေကောင်၊ အပုပ်ကောင်၊ အရိုးစု အစိတ်စိတ်ဖြစ်၍ ကျိုးပဲ့ ကြေပျက်သော တရားစု၊ မွမွကြွအောင် အမှုန့်မှုန့်ဖြစ်သော တရားစု စသော တရားတို့သည် မီးရထားပြေးသကဲ့သို့ လည်းကောင်း၊ တိမ်တိုက်ပြေးသကဲ့သို့ လည်းကောင်း၊ သဲကမ်းပါး ပြိုကျနေဘိသကဲ့သို့ လည်းကောင်း၊ တစ်ခုပြီးတစ်ခု ဖြစ်ချည်ပျက်ချည် အတည်မမြဲသည်တို့ကို

http://www.dhammadownload.com

မြင်နေရ ထင်နေရသော ဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်သည်။

ဤကား ဥဒယဗ္ဗယဉာဏ် အခန်းတည်း။

ဘင်္ဂဉာဏ်ဖြစ်ပေါ်ပုံအခန်း
ဝိပဿနာ ပေါက်ရောက်လွယ်ခြင်း၏ အကြောင်းတရားကိုးပါး

ဤသို့ အထက်ဉာဏ်သို့ရောက်၍ ဝိပဿနာတရားကို အားထုတ်ရာ၌ ဝိပဿနာ ပေါက်ရောက်လွယ်ခြင်း၏ အကြောင်းဖြစ်သော ကိုးပါးသော ကျွန်ုပ်ထက်ခြင်း အကြောင်းတရားတို့ကို ကောင်းစွာ ပြည့်စုံအောင် ပြုလုပ်၍ ဝိပဿနာတရားကို အားထုတ်ရာ၏။ အကြောင်းတရား ကိုးပါးဟူသည် တို့ကား...

၁။ ဖြစ်တိုင်းဖြစ်တိုင်းသော သင်္ခါရတရားတို့၏ ဖြစ်ပြီး၍ ပျက်စီးခြင်းကို ရှုလေ့ရှိခြင်း။

၂။ ဝိပဿနာ ရှုရာ၌ အရိုအသေပြု၍ ရှုခြင်း။

၃။ ဝိပဿနာကို မပြတ်အားထုတ်၍ ရှုခြင်း။

၄။ လျောက်ပတ်သောကျောင်း စသည်ကို မှီဝဲခြင်း။

၅။ သမာဓိအား ထင်လာသော အာရုံနိမိတ်ကို စွဲမြဲစွာ ယူခြင်းနှင့် ပြည့်စုံစေခြင်း။

၆။ ဗောဇ္ဈင်တရားတို့နှင့် လျော်စွာ မယုတ်မလွန် အားထုတ်ခြင်း။

၇။ မိမိကိုယ်၌လည်းကောင်း၊ အသက်၌လည်းကောင်း ငဲ့ကွက်ညှာတာ တွယ်တာကပ်ငြိခြင်း မရှိရခြင်း။

၈။ အားထုတ်ခြင်းကြောင့်ဖြစ်သော ဆင်းရဲကို ဝီရိယဖြင့် ပယ်၍ သည်းခံ၍ အားထုတ်ခြင်း။

၉။ မထင်နိုင် မပေါက်နိုင်ဟူ၍ နောက်သို့ မဆုတ်ဘဲ ကမ္မဋ္ဌာန်း မပေါက်မီအကြား၌ ငါမဖြတ်ဟူ၍ လုံ့လမယုတ် အားထုတ်ခြင်း။

ဤ ကိုးပါးသော ကျွန်ုပ်ထက်ခြင်း၏ အကြောင်းတရားတို့ကို ကောင်းစွာ ပြည့်စုံအောင် ပြုလုပ်၍ ဝိပဿနာတရားကို ကြိုးစား အားထုတ်ကြရာ၏။ ဤသို့ အားထုတ်အပ်သည်ရှိသော် သင်္ခါစသော ကျွန်ုပ်တို့သည် ထက်သန်ကြီးပွား၍ မကြာမြင့်မီပင် အလုပ်စခန်း ပေါက်ရောက်နိုင်လိမ့်မည် မချွတ်သာတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "တေန နဝဟာ ကာရေဟိ ကျွန်ုယာနိ တိက္ခာနိ ဘဝန္တိ"ဟူ၍ မိန့်အပ်၏။

တေန၊ ထို ဝိပဿနာ လေ့လာပြန်ခေါက်တစ်အောက်မေ့မေ့ နေ့ည မအား လွန်ကြီးစားလည်း စိတ်ထားလိုရာ၊ ဝိပဿနာထုံ၊ မပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည်။ နဝဟိ၊ ကိုးပါးကုန်သော။ အာကာရေဟိ၊ ဖြစ်တိုင်း ဖြစ်တိုင်းကုန်သော သင်္ခါရတရားတို့၏ ကုန်ခြင်းပျက်ခြင်း ဓာတင်ကိုသာလျှင် ရှုဆင်ခြင်ခြင်း အစရှိသော အခြင်းအရာတို့ဖြင့်။ ကျွန်ုယာနိ၊ သင်္ခါ စသော ကျွန်ုတို့သည်။ တိက္ခာနိ၊ ထက်သန်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဤကား အနက်။

ဤသို့သော အကြောင်းတရားတို့ကို ပြည့်စုံစေ၍ အားထုတ်သဖြင့် သင်္ခါရတရားတို့၏ အဖြစ်အပျက်ကို ထင်မြင်ရာ၌ အလွန်လျင်မြန်သည်၏ အစွမ်းဖြင့် တဲလျှပ်ကဲ့သို့လည်းကောင်း၊ အိုးရိပ်တွေကဲ့သို့ လည်းကောင်း မြင်လာထင်လာသည် ဖြစ်သောကြောင့် အတည်မရှိရကား ဥပဒ်ဟု ဆိုအပ်သော အဖြစ်ကို မမြင်ရတော့ဘဲဖြစ်ခြင်း၊ အစွန်းပျက်ခြင်း အစွန်းကို လွန်မြောက်၍ အပျက်ကိုသာ မြင်ရသကဲ့သို့ဖြစ်၍။ ဥပဒ်၊ ဌီတို့သည် ဉာဏ်၌ မထင်တော့ကုန်။ ဘင်တည်းဟူသော အပျက်သာ ထင်လာတော့သည်။ ထိုထင်လာသောဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

ဤ ဘင်္ဂဉာဏ်အရာ၌ ပစ္စုပ္ပန် သင်္ခါရတရားတို့၏ အပျက်ကို မြင်သောအခါ အတိတ်၊ အနာဂတ် သင်္ခါရတရားတို့သည်လည်း ဤနည်းတူ ပျက်ကုန်သည်သာဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ထင်မြင်

http://www.dhammadownload.com

သည်သာတည်း။ ။

ဤကား ဘင်္ဂဉာဏ် အခန်းတည်း။

ဘယဉာဏ်ဖြစ်ပေါ်လာပုံအခန်း

ဤသို့ ကာလသုံးပါး၌ ဖြစ်ကုန်သော သင်္ခါရတရားတို့၏ အပျက်ကိုသာ အာရုံပြု၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု အဖန်ဖန်ရှု၍ အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ဘင်္ဂဉာဏ် အလွန်သန်၍လာခြင်းကြောင့် အပျက်အတိုက်သာ မြင်နေရကား ဤသင်္ခါရတရားတို့သည် ကြောက်မက်ဖွယ်လိလိ ရှိကုန်၏–ဟူ၍ ကြောက်မက်ဖွယ်သဘောအားဖြင့် ထင်လာကုန်၏။ ထို ထင်လာသော ဉာဏ်သည် ဘယဉာဏ်မည်၏။

ဤ၌ အတိတ်–ပစ္စုပ္ပန်–အနာဂတ်တရားတို့၏ အပျက်ကိုသာ မြင်ရခြင်းကြောင့် ကြောက်မက်ဖွယ်၊ ကြောက်ကောင်းဖွယ် ထင်ရှား၌ ဥပမာအားဖြင့် ကာလရောဂါ၊ ပလိပ်ရောဂါတွေ ဖြစ်ပွား၍နေသော အခါ၌ လူသေကောင်တွေကို များစွာမြင်ရလျှင် စိတ်နလုံး ထိတ်နေလျက် ထင်မြင်ရသကဲ့သို့ပင်တည်း။ ဤ၌ အနိစ္စဟု နှလုံးသွင်းသောသူအား သင်္ခါရတရားအပေါင်းသည် ကြောက်ကောင်းဖွယ်ဟူ၍ ထင်လာ၏။ ဒုက္ခဟု နှလုံးသွင်းသောသူအား သံသရာဝဋ်ဖြစ်စဉ်သည် ကြောက်ဖွယ်ကောင်းဟူ၍ ထင်လာ၏။ အနတ္တဟု နှလုံးသွင်းသောသူအား သင်္ခါရ တရားတို့သည်လည်းကောင်း၊ သံသရာဝဋ်ဖြစ်စဉ်သည် လည်းကောင်း၊ ကြောက်ကောင်းဖွယ်ဟူ၍ ထင်လာ၏။ ။

ဤကား ဘယဉာဏ် အခန်းတည်း။

အာဒီနဝဉာဏ် ဖြစ်ပေါ်လာပုံအခန်း

မိမိအဖျစ်တွ–ဗဟိဒ္ဓတရားတို့၏ အပျက်ကိုသာ မြင်နေရ၍ ကြောက်ဖွယ် အတိ ထင်မြင်နေသော ယောဂီပုဂ္ဂိုလ်အား ဥပမာအားဖြင့် ကျားကို ကြောက်သောသူသည် ကျားကို မြင်သည်ရှိသော် ကြောက်အောင် နှလုံးမသွင်းရဘဲ အလိုလို ကြောက်လာသကဲ့သို့၊ ထို့အတူ ဘင်္ဂဉာဏ်အထုံ အားကြီး၍ အပျက်ကိုသာ မြင်နေရခြင်းကြောင့် ကြောက်သော ဘယဉာဏ် အလိုလို ပေါ်လာပြန်သည်။ ကျားကို မြင်၍ ကြောက်သောသူအား ကျားသည် ကိုက်စားတတ်သည်ဟု ကျား၏အပြစ်ကို အလိုလိုမြင်လာသကဲ့သို့။ ထို့အတူ ဘယဉာဏ် အားကြီးသော ယောဂီပုဂ္ဂိုလ်အားလည်း အဖျစ်တွ၊ ဗဟိဒ္ဓသင်္ခါရတရားတို့ကို ထက်ဝန်းကျင်မှ သာယာဖွယ်မရှိကုန်။ သက်သာရာ မရှိကုန်။ ဆင်းရဲကြောင်း အတိသာဖြစ်ကုန်၏ဟူ၍ ထင်လာသော ဉာဏ်သည် ဖြစ်ပေါ်လာ၏။ ထိုဉာဏ်သည် အာဒီနဝဉာဏ်မည်၏။

ဤ အာဒီနဝဉာဏ် ဖြစ်ပေါ်လာသောအခါ ယောဂီပုဂ္ဂိုလ်အား မိမိ အဖျစ်တွ ဗဟိဒ္ဓ သင်္ခါရတရားတို့၏ဖြစ်ခြင်း ဥပါဒ်သည်လည်းကောင်း၊ သင်္ခါရတရားတို့၏ ဖြစ်စဉ်သည်လည်းကောင်း၊ ထိုအလုံးစုံသော သင်္ခါရတရားတို့သည် လည်းကောင်း၊ ထို သင်္ခါရတရားတို့၏ အကြောင်းစေတနာကံသည်လည်းကောင်း၊ ပဋိသန္ဓေသည် လည်းကောင်း၊ ဤငါးပါးသော တရားတို့သည် အလွန်ဆင်းရဲကြောင်း ဖြစ်ကုန်၏ ဟူ၍လည်းကောင်း၊ ထိုတရားငါးပါးတို့၏ ကင်းရာ၊ မရှိရာ၊ ငြိမ်းရာသည် အလွန်ချမ်းသာ၏ဟူ၍ လည်းကောင်း သိသော ဉာဏ်သည် အလိုလို ဖြစ်ပေါ်လာ၏။ ထင်မြင်လာ၏။

ဤကား အာဒီနဝဉာဏ် အခန်းတည်း။

နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်လာပုံ အခန်း

ဤသို့ အဖျစ်တွ–ဗဟိဒ္ဓ–သင်္ခါရတရားတို့၏ အပြစ်ကို မြင်လာပြန်သောအခါ ဥပမာအားဖြင့် ကျားကို မြင်သောသူသည် ကျားဆိုးသတ္တဝါသည် ကိုက်တတ် စားတတ်၏ ဟူ၍ အမှန်သိသောကြောင့် ကျားကို စက်ဆုပ်၍ ကျား၏ အနီးအနား၌ တဆိတ်မှ မပျော်ပိုက်ဘဲ ကျားနှင့်ဝေးရာ လွတ်ရာကို

http://www.dhammadownload.com

သာ ညွှတ်ကိုင်းလျက် ကျား၏အနီး၌ မနေလိုသည် ဖြစ်၍ ကိုယ်-စိတ် တွန့်ယုတ်ညှိုးပိန်၍ နေလေသကဲ့သို့ ထို့အတူ အဆိုပါ အဖျတ္တ-ဗဟိဒ္ဓ သခါရတရားတို့နှင့် မပျော်ပိုက်နိုင်တော့ဘဲ သင်္ခါရတရားတို့မှ လွတ်ရာကိုသာ ညွှတ်ကိုင်းလျက် သင်္ခါရတရားတို့နှင့်တကွ မနေလိုသည်ဖြစ်၍ ကိုယ်စိတ် တွန့်ယုတ် ညှိုးပန်စေသကဲ့သို့သော အခြင်းအရာအားဖြင့် ဖြစ်လာသောဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်၏။

ဤကား နိဗ္ဗိဒါဉာဏ် အခန်းတည်း။

မုစ္စိတုကမျတာဉာဏ် ဖြစ်ပေါ်ပုံ အခန်း

ဤဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ် သုံးပါးတို့သည် သဘောတစ်မျိုးတည်းသာ ဖြစ်သည်။ အနုအရင့်သာ ကွာသည်။ ကြောက်ဖွယ် ထင်သည်ကိုစွဲ၍ ဘယဉာဏ်ဟု ဆိုသည်။ ကြောက်ဖွယ်ရှိခြင်းကြောင့် ဆင်ခြင်သောအခါ အပြစ်ကို မြင်လာသည်ကိုစွဲ၍ အာဒီနဝဉာဏ်ဟု ဆိုသည်။ အပြစ်ကိုမြင်ခြင်းကြောင့် ငြီးငွေ့သည်ကိုစွဲ၍ နိဗ္ဗိဒါဉာဏ်ဟု ဆိုသည်။ ထိုသို့ နောက်နောက်သော ဉာဏ်အမှုအရာများ ပေါ်လာငြားသော်လည်း ရှေးထင် ရင်းစွဲ ဘယအမှုအရာ၊ အာဒီနဝ အမှုအရာတို့သည် မပျောက်မကွယ်သည်ဖြစ်၍ တည်နေကုန်၏။ ထို့ကြောင့် အနုအရင့်သာ ကွာကြောင်းကို မှတ်ရာ၏။

ဤဉာဏ်သုံးပါးတို့ များစွာထုံမိသောအခါ မြွေဖမ်းမိသော ဖားသူငယ်သည် မြွေကို အလျှင်းမငဲ့ဘဲ မြွေ၏ခံတွင်းမှ ထွက်လွတ်ခြင်းကို သာလျှင် အလိုရှိသကဲ့သို့ ထို့အတူ အဖျတ္တ ဗဟိဒ္ဓသင်္ခါရတရားတို့၌ အာသာကင်း၍ ထိုသင်္ခါရတရားတို့မှ လွတ်မြောက်၍ လွတ်ခြင်းကိုသာ အလိုရှိသည်ဖြစ်၍ လွတ်ရာကိုရှာ၍ဖြစ်သော ဉာဏ်သည် မုစ္စိတုကမျတာ ဉာဏ်မည်၏။ ဤကား မုစ္စိတုကမျတာဉာဏ် အခန်းတည်း။

ပဋိသင်္ခါဉာဏ် ဖြစ်ပေါ်ပုံ အခန်း

ယောဂီပုဂ္ဂိုလ်သည် ဘယဉာဏ်အစ၊ နိဗ္ဗိဒါဉာဏ် အဆုံးတိုင်အောင်သော အခိုက်အတန့်တို့၌ အဖျတ္တ ဗဟိဒ္ဓ သင်္ခါရတရားတို့ကို အနိစ္စ-ဒုက္ခ-အနတ္တစသောအားဖြင့် သုံးသပ်ခြင်းနည်းပါး၍ ကြောက်မက်ဖွယ်စသော အားဖြင့်သာ အထင်အားကြီး၍ နေလေ၏။ ထိုအခါ သင်္ခါရတို့မှ လွတ်မြောက်ခြင်းကို အလွန်အလိုရှိသည်ဖြစ်၍ လွတ်ရာလွတ်ကြောင်းကို ရှာသော် သင်္ခါရ တရားတို့ကို သုံးသပ်ခြင်းမှတစ်ပါး အခြားဘာကိုမျှ မမြင်သည်ဖြစ်၍ သင်္ခါရတရားတို့ကိုပင် တစ်ဖန် ရှုပြန်၍ လက်ကိုင်ပြုပြီးလျှင် အနိစ္စ ဒုက္ခ အနတ္တ စသည်ဖြင့်ဒလပူ အပြင်းတိုက် ရှုပြန်သောဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။ ဤကား ပဋိသင်္ခါဉာဏ် အခန်းတည်း။

သင်္ခါရပေက္ခာဉာဏ် ဖြစ်ပေါ်လာပုံ အခန်း

ဤသို့ သင်္ခါရတရားတို့ကို လက်ကိုင်ရအောင် ရှာ၍ တစ်ဖန် သုံးသပ်ပြန်သောအခါ ရှေးက အပြစ်ဟူ၍ လွန်စွာ မြင်ပြီးသား ရှိနေသောကြောင့် ရှေးအခါက အတူတကွ အကျွမ်းတဝင် အလွန်ချစ်ခင်၍နေသော အဆွေခင်ပွန်းသည် မိမိ၏ အကျိုးမဲ့ကို ပြုဖူးလျှင် နောက်၌ တစ်ဖန် ထိုသူနှင့် ပေါင်းသင်းပြန်ငြားသော်လည်း ရှေးကကဲ့သို့ နောက်၌ တစ်ဖန် ထိုသူနှင့် ပေါင်းသင်းပြန်ငြားသော်လည်း ရှေးကကဲ့သို့ ချစ်ခင်ခြင်း မရှိ၊ လျစ်လျူသာ ဖြစ်ဘိသကဲ့သို့၊ ထို့အတူ ဤသင်္ခါရတရားတို့ကို နောက်ထပ်တစ်ဖန် လက်ကိုင်ပြု၍ သုံးသပ်ပြန်သော်လည်း ရှေးအခါ ကကဲ့သို့ နှစ်သက်ခြင်းမရှိ၊ လျစ်လျူသာ ဖြစ်၍နေသော ပုဂ္ဂိုလ်၏ဉာဏ်သည် သင်္ခါရပေက္ခာဉာဏ် မည်၏။

ထို သင်္ခါရပေက္ခာဉာဏ်ဖြစ်သောအခါ ယောဂီပုဂ္ဂိုလ်သည် ဘုံသုံးပါးတို့၌ ခံစားလိုသော

http://www.dhammadownload.com

အာသာမရှိ၊ ဥပမာအားဖြင့် ကြက်တောင်ကို လည်းကောင်း၊ အကြောထုံးကိုလည်းကောင်း၊ မီးရှို့သော အခါ တွန့်လိမ်ကောက် ကွေး၍ သွားသကဲ့သို့၊ ထို့အတူ ဘုံသုံးပါးတို့၌ ခံစားရန် အာရုံမပြု၊ ဘုံသုံးပါးမှ စိတ်ဆန္ဒတွန့်ယုတ်ပြီးလျှင် လျစ်လျူရှုကာ လွတ်ကြောင်းကို အလွန်ရှာ၍ လွတ်ရာကိုသာ ငဲ့လျက်နေ၏။

ထို သခ်ၤါရပေကၡာဉာဏ်နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် သခ်ၤါရတို့မှ လွတ်ရာ နိဗ္ဗာန်သို့ လွန်စွာညွတ်ကိုင်းငြားသော်လည်း နိဗ္ဗာန်၏ သဘောကို မမြင်နိုင်သေးသမျှ ကာလပတ်လုံး သမုဒ္ဒရာကမ်းတစ်ဖက်ကို အလိုရှိ၍ လင်းယဉ်တိုင်မှန္တာ၍ ကမ်းကို ရှာသောကျီးသည် ကမ်းကိုရှာ၍ မတွေ့ပြန်လျှင် လင်းယဉ်တိုင်ကို တစ်ဖန်ပြန်၍ နားရပြန်သကဲ့သို့ ထို့အတူ သခ်ၤါရတို့မှ လွတ်ရာ နိဗ္ဗာန်သို့ ညွတ်ကိုင်းသော ယောဂီပုဂ္ဂိုလ်၏ စိတ်သည်လည်း နိဗ္ဗာန်၏ ဟုတ်မှန်သော သန္တိသဘောကို မမြင်နိုင်၍ လင်းယဉ်တိုင်နှင့်တူသော သခ်ၤါရတရား၌သာ တန့်နား၍ နေရလေ၏။

ဤသခ်ၤါရပေကၡာဉာဏ် သခ်ၤါရကို လျစ်လျူရှုသည်ဟု ဆိုငြားသော်လည်း ခံစားခြင်းငှာ လျစ်လျူရှု၍နေသည်။ ကြောက်ဖွယ်ဟူ၍ လည်းကောင်း၊ ဆင်းရဲကြောင်း အပြစ်ရှိသည်ဟူ၍ လည်းကောင်း၊ ငြီးငွေ့ခြင်း၌ လည်းကောင်း၊ လျစ်လျူမထား တိုးပွား၍သာ ထိုအခြင်းအရာတို့သည် ထင်ကုန်သည်။ သို့သော်လည်း ရှေးက ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါ ဉာဏ်တို့ ထင်စဉ်အခါက သခ်ၤါရကို အာရုံအပြုနည်း၍ နေသည်။ ထို့နောက်မှ သခ်ၤါရတို့မှ လွတ်ခြင်းငှာ အလိုရှိလ့၍ သခ်ၤါရကို ရှာသည်။ ရှာပြီးလက်ကိုင်ပြု၍ သုံးသပ်သည်။ ရှာဆဲ သုံးသပ်ဆဲ အခါတို့၌ပင် သခ်ၤါရကို ခံစားခြင်းငှာ လျစ်လျူသဘော တိုးတက်လာပြန်သည်ဖြစ်၍ သခ်ၤါရပေကၡာဉာဏ်ဟူ၍ဆိုရသည်။

ထိုသို့သော နောက်နောက်သော ဉာဏ်အမူအရာ တိုးပွား၍လာငြားသော်လည်း ရှေးလွတ်လိုသော အမူအရာအားဖြင့် ရှာ၍ သခ်ၤါရကို အာရုံပြုသော အမူအရာတို့သည် မပျက်ကုန်။ ထို့ကြောင့် မုစ္ဆိတုကမျတာဉာဏ်၊ ပဋိသခ်ၤါဉာဏ်၊ သခ်ၤါရပေက္ခာဉာဏ်၊ ဤဉာဏ်သုံးပါးတို့သည် တစ်မျိုးတည်းဖြစ်သည်။ အနုအရင့်သာ ကွာခြား၍ အမည်မျှသာ ထူးတော့သည်ဟု မှတ်ရာ၏။

ဤသခ်ၤါရပေက္ခာဉာဏ်၌ သတိကြီးစွာထားရန် အချက်ကို ပြဆိုခြင်း

ဤသို့ သမ္မသနဉာဏ် စသည်ဖြင့် ပြဆိုအပ်ခဲ့ပြီးသော ဉာဏ်အများတို့တွင် သခ်ၤါရပေက္ခာဉာဏ် ထင်လာသောအခါ အထက်မဂ်သို့ ဖောက်လုနီး ဖြစ်၍နေပြီ။ သို့သော်လည်း ဤအရာ၌ လူစွမ်းကောင်းလိုသည်။ အဘယ့်ကြောင့်နည်းဟူမူ ဉာဏ်အားဗလကြီးသောသူတို့မှာ အနတ္တ လက္ခဏာ သိမ်သိမ်မွေ့မွေ့ အစိုးမရ၊ အလိုသို့မလိုက်။ တစ်လုံးတည်း မဟုတ် စသည်ဖြင့် ထင်လာ၍ သက်သက်သာသာဖြင့် မဂ်သို့ ကူးရောက်နိုင်သည်။ အနိစ္စ လက္ခဏာ ထင်လာလျှင် ထိုထက်ကြမ်းတမ်း၍ သခ်ၤါရအမျိုးမျိုးတွေ ရေလှိုင်းတက်သကဲ့သို့ လည်းကောင်း၊ တိမ်တိုက်တက်သကဲ့သို့ လည်းကောင်း၊ အလွန်ရှုပ်ထွေး၍ ထင်လာသည်။ ကိုယ်စိတ်များလည်း အထူးသဖြင့် ပင်ပန်းအောင် ဖြစ်လာတတ်သည်။ ဒုက္ခလက္ခဏာ ထင်လာလျှင် ကြောက်မက်ဖွယ်တွေ အလွန်ထင်လာခြင်းကြောင့် စိတ်လည်းမချမ်းသာ ရှိတတ်သည်။ ကိုယ်မှာလည်း သေရတော့မတတ် လွန်စွာ ဆင်းရဲသော ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်၍လာတတ်သည်။

ဖြစ်ပေါ်၍လာပုံမှာ ရုပ်-နာမ် ဓမ္မသခ်ၤါရတရားတို့သည် ပူ၍လာသကဲ့သို့ ဖြစ်ပြီး တစ်ကိုယ်လုံးပင် မခံမရပ်နိုင်အောင် ပူလာတော့သည်။ စိတ်ကလည်း လွန်စွာ ဆင်းရဲကြီးစွာထင်လျက် ငြီးငွေ့နေ

http://www.dhammadownload.com

တော့၏။ တစ်ကိုယ်လုံးဟာ နာ၏။ ထုံနေ၏၊ ကျဉ်နေ၏၊ ရေနွေးနှင့် ပြုတ်ဖျော်ထား ဘိသကဲ့သို့ ဖြစ်နေ တော့၏။ ကိုယ်ကြီးဟာ လူပ်မရ၊ ကြွမရ ဖြစ်ပြီး ခြေလက်တွေ သေနေသကဲ့သို့လည်း ဖြစ်နေ တော့၏။ ဤသို့ စသည်ဖြင့် အမျိုးမျိုး ဖြစ်နေတာကို ခံနေရတော့၏။ ရေတွက်ခြင်းငှာ၊ ပြောပြခြင်းငှာ၊ ရေးသားခြင်းငှာ မစွမ်းနိုင်လောက်အောင် များပြားလှ၏။ ထိုဖြစ်ပေါ်နေသော ဒုက္ခဝေဒနာကို မခံနိုင် သည့်အတွက် စိတ်ထဲက အားထုတ်တာ လျှော့လိုက် ရကောင်းမလား၊ ဆက်ပြီး အားထုတ်မြဲအားထုတ် ရလျှင် ကောင်းမလားဟု ကြံဆလာတတ်၏။ အား ထုတ်တာကို လျှော့လိုက်ချင်၊ ဖျက်လိုက်ချင်သော စိတ် မကြာမကြာ ပေါ်လာတော့၏။ ဆက်လက်၍ အားမထုတ်လိုဘဲ၊ အားမထုတ်နိုင်ဘဲလည်း ဖြစ်နေ တတ်၏။ အားထုတ်ခြင်းကို မလျှော့အပ်ပါ။ အား ထုတ်မြဲအားထုတ်ပါ၊ ရှုမြဲရှုနေပါ။ လျှော့လိုက်ပါ လျှင် ဝိပဿနာ ညစ်ညူးကြောင်း အရောင် အလင်း တွေ၊ ပညတ်တွေ ပေါ်လာတတ်သည်။ ဉာဏ်အမြင် လျော့၍လည်း သွားတတ်သည်။ သတိကို အလွန် ကြီးစွာထား၍ ကြိုးစားအားထုတ်နိုင်မှ ဖြစ်သည်။ ဤနေရာ၌ အနုသယကိလေသာ ရန်သူအားကြီးလျှင် အားကြီးသလောက် အလွန် ဆင်းရဲပါသည်။ ကိလေသာနှင့်စစ်ထိုးရသော အလွန် ကြီးကျယ်သော စစ်ပွဲကြီး ဖြစ်ပါသည်။

အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် စသည်တို့ ဖြစ်ပေါ်ပုံအခန်း

ဤသို့ အနုသယကိလေသာ ရန်သူအားကြီး လျှင် အားကြီးသည့်အလျောက် အလွန်ပင်ပန်း ဆင်း ရဲစွာ ဖြစ်ပေါ်နေသော ဝေဒနာသဘောကို အောင့် အည်းသည်းခံလျက် ရှုနေပါလျှင် ကြာလာသော အခါ ရှေးကမခံသာအောင်ဖြစ်ပေါ်နေတဲ့ ဝေဒနာ သဘောဟာ တစ်ကိုယ်လုံး အညီအညွတ်ဖြစ်၍ သွားလေတော့၏။ ထိုအခါ လွန်စွာ ပူနေတာတစ်ခု ကိုသာ တွေ့ရလတ္တံ့။ သို့သော်လည်း တစ်ကိုယ်လုံး တညီတညာတည်းပူ၍ ပျက်နေသောကြောင့် ခံသာ လျက်သာနေ၏။ အနိစ္စ ဒုက္ခ အနတ္တ သဘောကိုသာ အလိုက်သင့် အာရုံပြု၍ နေတော့၏။ ပူနေသော ဝေဒနာတို့သည် တညီတညွတ်တည်းပင် တိုး၍တိုး၍ လာပြန်၏။ လာသော်လည်း ရှေးကကဲ့သို့ မခံနိုင် လောက်အောင် မဖြစ်တော့ပေ။ ပူအားကြီး၍သာ တစ်ကိုယ်လုံးမှ အပူခိုးတွေ မှုတ်၍ ပန်းလျက် မိမိ ကိုယ်ကို လောင်မြိုက်၍ လောင်မြိုက်နေသကဲ့သို့ ဖြစ် လာလေ၏။ ရှုလျက်သာ နေပါ။ ဤအခါ၌ မိမိ စိတ်သည် တောင်တောင်မြောက်မြောက် မကြံဆ မတွေးတော့ပေ။ စိတ်၏ ပြန့်လွင့်ခြင်းလည်း မရှိ တော့ဘဲ စွဲမြဲစွာ တည်ကြည်သော ဧကဂ္ဂတာစိတ် ဖြစ်လျက် ရှုနေတော့၏။ ပူ၍ပြင်းပြသော ဝေဒနာ သည်ကား တစ်ကိုယ်လုံး ညီမျှသွား၍ ခံသာလာ၏။ ထိုအခါ စိတ်၏ ရွှေ့လျောခြင်း၊ ပြောင်းရွှေ့ သွားခြင်း မရှိတော့မူ၍ တခြားဘာကိုမျှ မတွေးတော မကြံစည်ဘဲ ဤသခ်ါရတရား ဖြစ်ချင်သလို ဖြစ်နေပစေဟု လျစ်လျူရှုကာ အမှတ်မဲ့ ကြည့်နေသကဲ့သို့ စွဲစွဲမြဲမြဲ ရှုလျက်သာနေတော့၏။ ဤအထိ သခ်ါရပေကွာ ဉာဏ်ထပ်၍ပင် ဖြစ်ပေါ်နေသေး၏။

ယောဂီ၏ ဉာဏ်ဝမှာ သခ်ါရတရားတို့သည် အာဒီနဝဉာဏ် အဆင့်လောက်ကပင် မိမိအဖို့တွေ့ တစ်စုံတစ်ခုသော သဏ္ဌာန်၊ ဗဟိဒ္ဓတစ်စုံတစ်ခုသော သဏ္ဌာန်နိမိတ်ပျောက်လျက်လာခဲ့ရာ ယခုလျှင်လူ့ကာ စွဲစွဲမြဲမြဲရှုလျက်နေသော အခါ၌ကား တစ်စုံတစ်ရာ ဘာသဏ္ဌာန်ရှိ၏ဟု ပြောဆိုဖွယ် မရှိတော့ချေ။ တဖြည်းဖြည်း သိမ်မွေ့နူးညံ့သည်ထက် သိမ်မွေ့ နူးညံ့လာရာ နောက်ဆုံး၌ ပြောမပြနိုင်လောက်အောင် သိမ်မွေ့နူးညံ့သော သခ်ါရမျှသာ ထင်နေတော့၏။ ထိုထင်မြင်နေသော နူးညံ့သိမ်မွေ့လှသော သခ်ါရ သည် ဗန်း၊ ဆန်ကော အဝန်းအဝိုင်းသဏ္ဌာန် စသည်

http://www.dhammadownload.com

မရှိသော်လည်း ဗန်း၊ ဆန်ကော အဝန်းအဝိုင်းကဲ့သို့ လည်းကောင်း၊ အခိုးအငွေ့ အစုအပုံကလေးကဲ့သို့ လည်းကောင်း၊ အရောင်ပါလျက် အလင်းရောင်ကြီး လည်းမဟုတ်ဘဲ တဖြည်းဖြည်း ဖြူဖွေးသော ယောဂီ၏ ဉာဏ်ဝမှာ ထင်ရ၏။ ဤသို့ထင်နေသော သခါရဖြစ်–ပျက်မှုတရားသည် ဗန်း–ဆန်ကော အဝန်း အဝိုင်းလောက်မှ လည်းကောင်း၊ အခိုးအငွေ့ အစုအပုံကလေးမှလည်းကောင်း၊ ဗန်း–ဆန်ကော အငယ်လောက်၊ ပန်းကန်ပြားလောက်၊ ဇလုပန်းကန် အငယ်လောက်၊ ပန်းကန်လုံးလောက်၊ လက်သီးဆုပ်လောက်၊ ဒိုးဇွန်းလောက်၊ ဆီးဖြူသီးကြီးကြီးလောက်၊ ဆီးသီးလောက်၊ ရွေးကြီးစေ့လောက်၊ ရွေးငယ်စေ့လောက် စသည်ဖြင့် တဖြည်းဖြည်း ကြီးလှိုသေးငယ်ကျဉ်းမြောင်းသွားကာ ကွယ်ပျောက်ချုပ်ငြိမ်း၍ သွားလေတော့၏။ လျစ်လျူရှုလျက်သာ သိမြင်နေသည့် အဆိုပါ သိမ်မွေ့ နူးညံ့ သေးငယ်စွာသော သခါရမှ ရုတ်တရက် လွန်မြောက်၍ သွားတော့၏။ အာရုံသခါရရော၊ အသိရော ချုပ်ငြိမ်း မေ့ပျောက်လေတော့၏။ ယင်းသို့ ချုပ်ငြိမ်းခါနီး မချုပ်ငြိမ်းမီ နီးကပ်စွာသောအခါ၌ ယောဂီ၏ ဉာဏ်ဝမှာ ယေဘုယျအားဖြင့် 'ဒိတ်'ဟု တစ်ချက်သာဖြစ်သကဲ့သို့ လည်းကောင်း၊ 'ဒိတ်–ဒိတ်'ဟု နှစ်ချက် ဖြစ်သကဲ့သို့လည်းကောင်း ထင်ရတတ်၏။ တချို့ အနည်းအကျဉ်းသော ယောဂီများမှာကား "ဒိတ်–ဒိတ်–ဒိတ်'ဟု သုံးချက် ဖြစ်သကဲ့သို့လည်း ထင်ရပါသည်။ ဤသို့ဖြစ်ကာ တစ်ပြိုင်နက်တည်း အာရုံသခါရရော အသိရော ချုပ်ငြိမ်းသွားသကဲ့သို့ဖြစ်ပြီး ဘာကိုမှ မသိတော့ဘဲ မေ့ပျောက်သွားပါတော့သည်။

ဤသို့ ချုပ်ငြိမ်း မေ့ပျောက်သွားပြီးမှ ချက်ချင်းပင် ပြန်၍ သတိရလာတော့၏။ သတိရလာပြီး တစ်ဖန် သခါရတွေ့နေကျနေရာ၌ "အနိစ္စ အနိစ္စ အနိစ္စ" ဟု ဆင်ခြင်သုံးသပ်သောအခါ "ရာ–ထောင်–သောင်း–သိန်း–သန်း–မက" အလွန်တရာ သိမ်မွေ့နူးညံ့လာသော သခါရတရား အနည်းငယ်ကလေး မျှသာ ထင်မြင်လာတော့၏။ ထင်မြင်ပြီး ချက်ချင်းပင် တစ်ဖန်ချုပ်ငြိမ်း၍ ဘာကိုမှမသိဘဲ ဖြစ်သွားပြန်ပါသည်။ ယင်းသို့ ဆင်ခြင် သုံးသပ်မှု အချိန်ကာလမှာ ၅–မိနစ် ၁၀–မိနစ် အချိန်မျှသာ ရှိမည်ဟု ထင်ရသည်။ တစ်ဖန် ချုပ်ငြိမ်း မေ့ပျောက်သွားပြန်၏။ ထိုမေ့ပျောက်သွားသော အချိန်ကာလသည်လည်း မူလပထမ မေ့ပျောက်သွားစ အချိန်ကာလထက်ပင် (၁) နာရီ (၂) နာရီ (၃) နာရီ (၄) နာရီ (၅) နာရီ စသည် ကြာအောင် နေနိုင်လေတော့သည်။

သတိထားရန်အချက် ။ ။ တချို့မှာ ဤအဖြစ်မျိုးနှင့် ခပ်ဆင်ဆင် ပဿဒ္ဓိခေါ်သော အအေးဘက်သို့ လဲကျသွားတာ ရှိသေးသည်။ လဲကျသွားပုံမှာ ဤသို့ သခါရကို ရှုနေတုန်း တဖြည်းဖြည်း သခါရသိမ်မွေ့လာပြီး နောက်ဆုံး ငြိမ်းပျောက်သွားကာ ဘာကိုမှ မသိတော့ဘဲ အေးလျက် မေ့နေသလို ဖြစ်နေပြီး (၁)နာရီ (၂)နာရီ (၃)နာရီ (၄)နာရီ (၅)နာရီ ရှိလောက်အောင်ပင် နေနိုင်တတ်၏။ ယောဂီက လည်း သည်လိုအေးနေတာ၊ ငြိမ်းနေတာ ကောင်းလှ၏ဟု မှတ်ထင်၍ မကြာမကြာ ဤလို ဖြစ်ချင်နေတတ်၏။ မိမိကိုယ်မိမိ မဂ်ရပြီ၊ ဖိုလ်ရပြီ–ဟု အထင်ရှိတတ်၏။ ဖလသမာပတ် ဝင်စားနေတာပဲဟု ထင်တတ်၏။ ရှေ့သို့ တိုးတက်အောင် အားမထုတ်ချင်ဘဲ သည်လိုသာ ဖြစ်နေအောင် လုပ်နေတတ်၏။

စင်စစ်အမှန်မှာ အေးမှု၊ ငြိမ်မှု၊ သိမှုကား မပျောက်သောကြောင့် မဂ် မဟုတ်၊ ဖိုလ်မဟုတ်၊ ဖလသမာပတ် မဟုတ်ဟု မှတ်ပါ။ ပဿဒ္ဓိခေါ်သော ဝိပဿနုပက္ကိလေသ အန္တရာယ်ဟူ၍သာ မှတ်ပါ။ ဤလို ဖြစ်ပေါ်မှုသည် ဥဒယဗ္ဗယဉာဏ်နယ်အတွင်းက စ၍ မဂ်မရမီ ကာလတိုင်အောင် အကြည့်အရှုလွဲတိုင်း ပေါ်တတ်ပါသည်။ စာကတော့ တရားဝိပဿနာခေါ်သော ဥဒယဗ္ဗယဉာဏ်အနုစား အခိုက်

http://www.dhammadownload.com

၌ ပေါ်တတ်ကြောင်း ဆို၏။ မင်္ဂလာသို့မရောက်မီ မည်သည့်အချိန်ကာလ၌မဆို အကြည့်နှင့် အရှုလွဲလျှင် ပေါ်တတ်ပါသည်။ အကြည့်နှင့်အရှုတည့်မှန်ပါလျှင် ဘယ်တော့မှ ဝိပဿနုပက္ကိလေသာ မပေါ်နိုင်ပါ။ သစ်ါရအရှုကို လျှော့လိုက်လျှင်လည်း ပေါ်လာတတ်ပါသည်။ အချို့ယောဂီများမှာ ဤသို့ အေးအေးပြီး မှေသွေးတတ်တာ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်သာ မဟုတ်ဘဲ အကြိမ်များစွာ ဖြစ်၍နေတတ်ပါသည်။ ယင်းသို့ ဖြစ်နေခြင်းသည် ပြဆိုအပ်သော အကြောင်းတို့ကြောင့်သာ ဖြစ်နေသည်ဟု မှတ်ပါ။ ။ ဤကား စာတွေ့.မဟုတ်သော ငါတွေ့.အလုပ်တွေ သက်သက်ဖြစ်သော အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် စသည်တို့ ဖြစ်ပေါ်ပုံတည်း။ ။

ညောင်လွန်.တောရဆရာတော်ကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

ဦးတိက္ခိန္ဒြိယ (ရွှေတောင်) ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဦးတိကွဲန္ဒြိယ(ရွှေတောင်)ဆရာတော်ဘုရားကြီး၏

ထေရပ္ပတ္တိအကျဉ်း

(၁၂၃၂-၁၃၀၃)

ဇေယျတု... သုံးလူမြတ်စွာ ဘော်သတ္ထာ၏ သာသနာတော်သက္ကရာဇ် ၂၄၁၄-ခု၊ ကောဇာသက္ကရာဇ် ၁၂၃၂-ခု၊ ဥတုဂိမ္ဟန္တ ဝါဆိုလဆန်း ပက္ခ ၁၂ ရက် စနေနေ့ နံနက် ၄-နာရီကျော်အချိန်၌ စစ်တွေမြို့ ဘောက်သီးစုရပ် စာရေးကြီး ဦးရဲဘော်၏ ဇနီးဖြစ်သော စာရေးကြီးကတော် ဒေါ်မြပန်းဦးမှ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို အထူးအားဖြင့် အဓိပညာ ဝိပဿနာ သာသနာတော်မြတ်ကို စည်ပင်ပြန့်ပွား ထွန်းကားအောင် ဆောင်ရွက်နိုင်မည့် သားရတနာကို ဖွားမြင်တော်မူသည်။ ငယ်မည်မှာ မောင်သာမာဦး ဖြစ်သည်။

ဆရာတော် ဦးတိကွဲန္ဒြိယအလောင်းလျာ မောင်သာမာဦးမှာ ညီအစ်ကို အရင်း ၂-ယောက် ရှိသည်။ မောင်သာမာဦးက အစ်ကိုကြီးဖြစ်၍ ညီငယ်မှာ မောင်ပေါ်ထွန်း (နောင်အခါ မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဖြစ်လာသည့် ဆာပေါ်ထွန်း) ဖြစ်သည်။ အခြား မောင်သာမာဦး၏ ဝမ်းကွဲများမှာ...

၁။ဦးသာဖဲဦး၊ ရွှေစလွယ်ရ စက်ရှင်မင်းကြီးဖျာပုံမြို့။
၂။ဦးစောရဖြူ၊ ဒီစတြိတ်အရေးပိုင်မင်း၊တောင်ငူမြို့။
၃။ဦးမောင်ထွန်းအောင်၊ အထူးရာဘက်တရားသူကြီး၊ ပုသိမ်မြို့။
၄။ ဦးရွှေသာ၊ ပုလိပ်အင်စပိတ္တော်၊ ဖျာပုံမြို့တို့ဖြစ်သည်။

မောင်သာမာဦးကို အရွယ်သို့ ရောက်သော အခါ မိဘများသည် ခေတ်ပညာအထက်တန်း ကျောင်း၌ထား၍ ၇-တန်းကို မြန်မာတစ်ပြည်လုံး၌ ပထမ ရခဲ့သည်။

မောင်သာမာဦးကို မိဘများက သာသနာတော်၏ အမွေကို ခံယူနိုင်ရန် ဗုဒ္ဓဘာသာများ၏ ထုံးတမ်းစဉ်လာအရ စစ်တွေမြို့ အနောက်ပေါက် တောချောင်တောရ (ယခု ဘုရားလေးဆူကျောင်း) နာဇီဆရာတော်ဘုရား၏ အထံတော်၌ ရှင်သာမဏေ ပြုသည်။

ကိုရင်သာမာဦးကို ကိုရင်တိသဟု ဥပဇ္ဈာယ် နာဇီဆရာတော်ဘုရားက ဘွဲ့သနားတော်မူသည်။ ကိုရင်တိသသည် မွေ့လျော်သဖြင့် သာသနာတော်၌ ပျော်ပိုက်၍နေခဲ့ရာ အသက် ၂၀-စေ့သောအခါ ဥပဇ္ဈာယ် နာဇီဆရာတော်ဘုရားက ရဟန်းပြု၍ ပေးတော်မူပါသည်။

ရဟန်းတော် ဦးတိသသည် ရန်ကုန်မြို့သို့ ကြွလာ၍ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အထံတော်၌ ပိဋကကျမ်းဂန်ပညာအဝဝတို့ကို သင်ကြားနာယူလျက် ကျောင်းတော်ရာ ရွှေကျင်တိုက်၌ သီတင်းသုံးတော်မူပါသည်။

http://www.dhammadownload.com

ရဟန်းတော် ဦးတိသဿသည် တစ်ဖန် အိန္ဒိယသို့ကြွရောက်လျက် အိန္ဒိယ၌ သုံးနှစ် သီတင်းသုံးတော်မူပါသည်။

အိန္ဒိယမှတစ်ဖန် သီဟိုဠ်သို့ကြွရောက်လျက် သီဟိုဠ်၌ ငါးနှစ် သီတင်းသုံးတော်မူပါသည်။ သီဟိုဠ်၌ သီတင်းသုံးတော်မူစဉ် သီဟိုဠ် ဒက္ခိဏာသာခါ ဗောဓိပင် ဘုရားဂုဏ်တော်ကို အာရုံပြုလျက် လွန်စွာကြည်ညိုလှသဖြင့် လက်ဝဲဘက် လက်ညှိုးကို ဖြတ်လျက် ဆီဆွတ်သောအဝတ်ဖြင့် ရစ်ပတ်၍ ဒက္ခိဏာသာခါ ဗောဓိပင်အား ဆီမီးပူဇော်တော်မူပါသည်။

သီဟိုဠ်မှ ပြန်ကြွလာပြီးနောက် စစ်တွေခရိုင် တောကျောင်းတစ်ကျောင်းတွင် သီတင်းသုံးနေတော်မူရာ ကြီးကျယ်စွာ မကျန်းမမာ ဖြစ်တော်မူသဖြင့် ပရိသတ်ပြုပြု၍ လူထွက်တော်မူသည်။

နောက် မကြာမီပင် သံဃဂရုလျက် ရသေ့ပြုလုပ်၍ မဟာမြိုင်တောင်၌ တရားအားထုတ်၍နေပြီး နောက်တစ်ဖန် စစ်ကိုင်းမြို့သို့ ကြွရောက်ပြီးလျှင် သမ္မုဇ္ဇာရာမ၌ သီတင်းသုံးတော်မူသည်။

ဎင်းမှ ကြိုခင်းမြို့ ကန်ကလေးတောရသို့ ကြွရောက်ပြီးနေစဉ် ကျောင်းအမကြီး ဒေါ်ဖော့၏ လျှောက်ထားချက်ဖြင့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကို ကြွရောက်ပြီး ကျောင်းတော်ရာ ရွှေကျင်ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ (ထိုအခါ၌ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်ဆရာတော် ဘုရားကြီးသည် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ၌ သီတင်းသုံးတော်မူသည်။) ဆရာတော်ဘုရားက ဦးတိကို့ဖြူယဟူသောဘွဲ့ဖြင့် သနားတော်မူသည်။

ဦးတိကို့ဖြူယ အရှင်မြတ်သည် ကြိမ်ချောင်း၌ လည်းကောင်း၊ လေးမျက်နှာ၌ လည်းကောင်း သီတင်းသုံးတော်မူဖူးသည်။ မြင်းခြံ၌ သီတင်းသုံးတော်မူစဉ် ထူးဆန်းလှစွာသော အိမ်မက်ကို မြင်မက်ပြီးနောက် ဤဝိပဿနာလမ်းစဉ်ကို ထိုးထွင်းသိမြင်တော်မူပြီးလျှင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူရာ တပည့်ဒါယကာ ရှင်လူအားလုံးကပင် အရိယာသူတော်စင်မထေရ်မြတ်ဟူ၍ ယုံကြည်သဒ္ဓါ ရွှင်လန်းစွာဖြင့် ဆည်းကပ် ကိုးကွယ်ကြလေသည်။

ဦးတိကို့ဖြူယ အရှင်မြတ်သည် ထိုထိုမြို့ရွာတို့ကို လှည့်လည်လျက် တရားဓမ္မတို့ကို ဟောကြားပြသဆုံးမတော်မူစဉ် ကြိုခင်းမြို့ ကန်ကလေးတောရ၌ သီတင်းသုံးတော်မူခိုက် သူရဲတန်းသူကြီး ဦးသုခ၏ ပင့်လျှောက်ချက်ဖြင့် သူရဲတန်း ပန်းတောင်းမြို့သို့ ကြွရောက် တရားဟောတော်မူရာ ပန်းတောင်းမြို့ ဒါယကာ ဒါယိကာမများ၏ ပင့်လျှောက်ချက်ဖြင့် ပန်းတောင်း ကြေးဘုရားကြီးအနီး ကျောင်း၌ တစ်ဝါ သီတင်းသုံးတော်မူပါသည်။

ထို့နောက် ကျောင်းဒါယကာကြီး ဦးရွှေတိုက်၏ ပင့်လျှောက်ချက်ဖြင့် ရွှေတောင်မြို့ ရွှေပြောင်ပြောင် ဘုရားအတွင်းသို့ ကြွရောက် တရားဟောကြားတော်မူပါသည်။ ထိုအခါ ဦးဘိုးဆိုင်၊ ဦးစံညွန့်၊ ဦးသစ်၊ ဦးရွှေတိုက်၊ ဦးအောင်ကျော်တို့သည် ယခုအမှာရာမတိုက်တည်ရာ သရက်ခြံဥယျာဉ်ကို ဝယ်ယူကြပြီးလျှင်၊ ၁၂၈၂-ခုနှစ်တွင် အမှာရာမ ကျောင်းတိုက်ကို တည်ထောင်ကြလျက် ဦးတိကို့ဖြူယ အရှင်မြတ်ကို ကိုးကွယ်ကြလေသည်။

ဦးတိကို့ဖြူယအရှင်မြတ်သည် ရွှေတောင်မြို့ အမှာရာမ ကျောင်းတိုက်၌ မိမိလည်းအားထုတ်၊ သူတစ်ပါးတို့အားလည်းဟောကြားပြသလျက် သီတင်းသုံးတော်မူစဉ် ကျောင်းဒါယကာကြီး ဦးစံညွန့် ကွယ်လွန်ပြီး တစ်နေ့သောအခါ၌ စကြံကျောင်းကြီး ပေါ်ခုတင်အထက်၌ တရားအားထုတ်တော်မူရာ ရှေးရှေးအားထုတ်စဉ် အခါများကထက် တရားအမြင်ပေါက်တော်မူသည်။

ဦးနာရဒ (စစ်တွေမြို့ အာကျွတ်တော်ကုန်းဆရာတော်)အား ဆရာတော်သည် မိမိတရားအမြင်ပေါက်ပုံတို့ကို မိန့်ကြားတော်မူပါသည်။ ထိုအခါမှစ၍ တပည့်ရှင်လူအားလုံးကပင် အလွန်ရင့်သန်

http://www.dhammadownload.com

သည့် အရိယာသူတော်စင်ဟု နှလုံးပိုက်ယုံကြည်ကာ ဆတက်ထမ်းပိုး တိုး၍ ပူဇော်ကြသည်။

ဤသို့ ကမ္မဋ္ဌာန်းဘာဝနာတရားအရာ၌ စာတွေ့ကိုယ်တွေ့နှင့် ပြည့်စုံတော်မူသော ဦးတိက္ခိန္ဒြိယ အရှင်မြတ်သည်...

သမုပ္ပါဒနိရောဓဂကျမ်း
ဓမ္မစကြာ အမေးအဖြေကျမ်း
ပရမတ္ထဒီ နယဒဿနကျမ်း
ဝေဒနာနုပဿနာကျမ်း
နိရောဓနိဒ္ဒေသကျမ်း
ဗုဒ္ဓါနုဿတိကျမ်း
ပဥ္စဗျာကရဏကျမ်း
ဝိညာဏာနုပဿနာကျမ်း
နိဗ္ဗာနတ္ထဝိနိစ္ဆယကျမ်း
သင်္ဂြိဟ်နိဿယသစ်ကျမ်း
စတုသစ္စာ နုပဿနီကျမ်း
တိဟေတုကဝိနိစ္ဆယကျမ်း
ဣသျာဒီပကာသနီကျမ်း
မဟာသတိပဋ္ဌာနသုတ် နိဿယနှင့် အဖြေကျမ်း

အစရှိသော ကျမ်းပေါင်းများစွာတို့ကို ပြုစုတော်မူသည်။

ယင်းသို့ ကျမ်းပေါင်းများစွာတို့ကို ပြုစုတော်မူကာ မိမိ သိမြင်ထားသည့် တရားသဘောတို့ကို ဖော်ပြ၍ သာသနာပြုခြင်းဖြင့် အားရ တင်းတိမ ခြင်းရှိတော်မမူသော ဆရာတော် ဦတိက္ခိန္ဒြိယသည် တရားသိမြင်လိုသူ အပေါင်းတို့အား ကိုယ်တိုင်တွေ့ဆုံ ဟောပြောလိုသောကြောင့်...

'မည်သည့်မြို့ကမဆို တရားဓမ္မကို သိလိုနာခံမှတ်သားလေ့ကျက်လို၍ပင့်ခေါ်လျှင် အကြောင်းညီညွတ်ပါက ခွင့်ပေးပါကြောင်း၊ မြတ်စွာဘုရား သာသနာတော် ပွင့်လင်းဖို့ရာ အကျိုးဆောင်လျက် အစဉ်ရှိပါကြောင်း၊ သမထ ဝိပဿနာ တရားအလုပ်ကို ကျနစွာလုပ်လိုသူအပေါင်းတို့သည်... ရွှေတောင်မြို့၊ ရှမ်းတန်းထိပ် အမွှာရာမတိုက်သို့ လာရောက်၍ တရားအလုပ် ကြိုးစားကြရန် တိုက်တွန်း နှိုးဆော်လိုက်ပါသည်" ဟူ၍ အရှင်မြတ်၏ ကျမ်းအချို့၌ ဖိတ်ခေါ်စာ ထည့်သွင်းထားပေသည်။

ဤသို့လျှင် လောကအကျိုး၊ သာသနာအကျိုး၊ မိမိအကျိုး၊ သူတစ်ပါးတို့၏ အကျိုးတို့ကို သယ်ပိုးတော်မူလျက် ၁၃၀၃- ခု၊ ဝါဆိုလပြည့်ကျော် ၁၁ -ရက်၊ သောကြာနေ့ ည ၈-နာရီအချိန်၌ ဘဝနတ်ထံ ပျံလွန်တော်မူသည် ဖြစ်ပါကြောင်း။

[၁၉၇၁-ခုနှစ် သာသနာရေးဦးစီးဌာနထုတ် သမ္မပ္ပါဒနိရောဓဂကျမ်း ပ-တွဲမှ ထုတ်နုတ်ဖော်ပြပါသည်။]

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ဦးတိကွိန္ဒြိယ(ရွှေတောင်)ဆရာတော်ဘုရားကြီး၏ သြဝါဒတော်

ယခုအခါ သာသနာတော်သည် အချည်းနှီးမဟုတ်။ မဂ်ဖိုလ်ကို မုချ ရနိုင်သောအခါတည်း။ ယခုအခါ သောတာပန် စသော အရိယာပုဂ္ဂိုလ်လည်း မဆိတ်သေး။ မုချ ထင်ရှားရှိသောအခါသာလျှင်တည်း။ ထင်ရှား ရှိနေသော နေ၊ လ၊ နက္ခတ် တို့ကို အကန်းဟူသမျှတို့သည် မသိမမြင်နိုင်ဘူးဟု ဆိုလျှင် နေ၊ လ နက္ခတ်တို့ကို မြင်နိုင်သော မျက်စိအမြင်နှင့် ပြည့်စုံသောသူတို့၏ ရယ်ဖွယ်သာလျှင် ဖြစ်လေသတည်းဟု မှတ်လေ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဦးတိက္ခိန္ဒြိယ(ရွှေတောင်)ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ပရမတ်ပညတ် ၂-ပါး

'ဝိပဿနာတရားကို ဟောကြားပါ' ဟု လျှောက်ထားအပ်သည့်အတိုင်း ဝိပဿနာတရားကို ဟောကြားမယ်။

ဝိပဿနာတရားကို ပွားများလိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ-

ပရမတ်
ပညတ်
တရားတို့ကို ခွဲခြားရ၍ သိရမယ်။

ပရမတ်တရား လေးပါး

စိတ်၊
စေတသိက်၊
ရုပ်၊
နိဗ္ဗာန်၊
ပညတ်သည်-
နာမပညတ်၊
အတ္တပညတ် လို့နှစ်မျိုး။
အတ္တပညတ်သည်-
သဏ္ဌာန ပညတ်၊
သမူဟပညတ်၊
အဘာဝ ပညတ်၊
ပုဂ္ဂလပညတ်၊
ဒိသာပညတ်၊
ကာလပညတ်။
စသောအားဖြင့် များသောအပြားရှိတယ်။

နာမပညတ်ဆိုတာ အမည်ပညတ်ပါပဲ။
အတ္တပညတ်ဆိုတာ အနက်ပညတ်ပါပဲ။
ထင်ရှားရှိတဲ့ တရားသည် ပရမတ်တရား။
ထင်ရှားမရှိတဲ့ တရားသည် ပညတ်တရား။
မရှိပညတ်၊ ရှိ ပရမတ် နှစ်ပါးဟူ၍မှတ်။
ဒီပစ္စည်းကိုကြည့်စမ်းပါ၊ ဒီသဏ္ဌာန် ဒီအခြင်းအရာကိုစွဲလို့ လောကမှာ နာရီလို့ သမုတ်တယ်၊ ပညတ်တယ်။

မေး ။ ။ ဒီအဝိုင်းသဏ္ဌာန် သဏ္ဌာန ပညတ်သည် မရှိ၊ မရှိတာကို အမှန့်ပြုလျှင် ပရမတ်ဖြစ်မလား။

ဖြေ ။ ။ မဖြစ်ပါဘုရား။

မေး ။ ။ မရှိပညတ်ကို အမှန့်ကြိတ်လျှင် ပရမတ် ထွက်မလား။

ဖြေ ။ ။ မထွက်ပါဘုရား။

ပရမတ်တရားကို ပညတ်နည်းဖြင့် ရှာလို့ မရ၊ ပရမတ်တရားကို ဉာဏ်ဖြင့် ရှာရမယ်။

http://www.dhammadownload.com

အပူတေဇော သဏ္ဌာန ပညတ်မှလွတ်ပုံ

မေး ။ ။ ဒါယကာကြီးတို့ခန္ဓာမှာ နဖူးလို့ ခေါ်ဆို အပ်သောနေရာကို ကြည့်စမ်းပါ၊ ဘာတွေ့သလဲ။

ဖြေ ။ ။ ပူတာကို တွေ့ပါတယ်ဘုရား။ အဲဒီပူတဲ့သဘော၊ ပူတဲ့သတ္တိကို ပါဠိလို တေဇော၊ ဗမာလိုတော့ ပူတာပဲဟု သမုတ်တယ်။

မေး ။ ။ စဉ်းစားကြည့်၊ အဲဒီပူတာ အလုံးလား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ အလုံးမဟုတ်လျှင် ဘာဟုတ်သလဲ။

ဖြေ ။ ။ ပူတာဟုတ်ပါတယ်ဘုရား။

မေး ။ ။ ပူတာအမှုန့်ကလေးလား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ အမှုန့်ကလေးမဟုတ်လျှင် ဘာဟုတ်သလဲ။

ဖြေ ။ ။ ပူတာဟုတ်ပါတယ်ဘုရား။

မေး ။ ။ ပူတာမှာ အလုံး အဝိုင်း အရှည် အတို အပြား သဏ္ဌာန်ရှိသလား။

ဖြေ ။ ။ မရှိပါဘုရား။

မေး ။ ။ သဏ္ဌာန်မရှိလျှင် ဘာရှိသလဲ။

ဖြေ ။ ။ ပူတာရှိပါတယ် ဘုရား။

မေး ။ ။ စမ်းကြည့်တော့ ပူတာကိုတွေ့သလား၊ သဏ္ဌာန်ကို တွေ့သလား။

ဖြေ ။ ။ ပူတာကို တွေ့ပါတယ် ဘုရား။

မေး ။ ။ ဒါဖြင့် ပူတာရှိသလား၊ သဏ္ဌာန်ရှိသလား။

ဖြေ ။ ။ ပူတာရှိပါတယ်ဘုရား။ မရှိတဲ့ သဏ္ဌာန်၊ သဏ္ဌာနပညတ်၊ ရှိတဲ့ ပူတဲ့ သဘော ပရမတ်၊ မရှိ ပညတ်၊ ရှိ ပရမတ် နှစ်ပါးဟူ၍မှတ်။

မေး ။ ။ ဒါဖြင့် ပူတာသည် သဏ္ဌာနပညတ်မှ အသီးမလွတ်ဘူးလား။

ဖြေ ။ ။ လွတ်ပါတယ်ဘုရား။

အပူတေဇော နာမပညတ်မှ လွတ်ပုံ

မေး ။ ။ ပူတယ်ဆိုတဲ့အမည်၊ တေဇောဆိုတဲ့အမည်၊ အမည်က ပူသလား။

ဖြေ ။ ။ မပူပါဘုရား။

မေး ။ ။ အမည်က မပူလျှင် ဘာကပူသလဲ။

ဖြေ ။ ။ ပူတာက ပူပါတယ်ဘုရား။

မေး ။ ။ ပူတာအမည်လား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ အမည်မဟုတ်လျှင် ဘာဟုတ်သလဲ။

ဖြေ ။ ။ ပူတာဟုတ်ပါတယ်ဘုရား။

မေး ။ ။ ပူတာမှာ အမည်ရှိသလား။

ဖြေ ။ ။ မရှိပါဘုရား။

မေး ။ ။ အမည်မရှိလျှင် ဘာရှိသလဲ။

ဖြေ ။ ။ ပူတာရှိပါတယ်ဘုရား။

မေး ။ ။ စမ်းကြည့်တော့ အမည်ကို တွေ့သလား ပူတာကိုတွေ့သလား။

ဖြေ ။ ။ ပူတာကို တွေ့ပါတယ်ဘုရား။

မေး ။ ။ ဒါဖြင့် အမည်ထင်ရှားရှိသလား၊ ပူတာထင်ရှားရှိသလား။

ဖြေ ။ ။ ပူတာထင်ရှား ရှိပါတယ်ဘုရား။ မရှိတဲ့ အမည် နာမပညတ်၊ ရှိတဲ့ ပူတဲ့ သဘော ပရမတ်၊ မရှိ ပညတ်၊ ရှိပရမတ်၊ မရှိတဲ့အမည် နာမပညတ်၊ ရှိတဲ့ ပူတဲ့ သဘော ပရမတ်၊ မရှိ ပညတ်၊ ရှိ ပရမတ် နှစ်ပါးဟူ၍မှတ်။

မေး ။ ။ ဒါဖြင့် ပူတာသည် နာမပညတ်မှ အသီးမလွတ်ဘူးလား။

ဖြေ ။ ။ လွတ်ပါတယ်ဘုရား။

အပူ တေဇော အဘာဝပညတ်မှလွတ်ပုံ

မေး ။ ။ အမည်၊ သဏ္ဌာန်မရှိလျှင် ဘာမျှမရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။

http://www.dhammadownload.com

မေး ။ ။ ဘာရှိသလဲ။
ဖြေ ။ ။ ပူတာရှိပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် ဘာမျှမရှိဟူသော အဘာဝပညတ်မှ အသီးမလွတ်ဘူးလား။
ဖြေ ။ ။ လွတ်ပါတယ်ဘုရား။
မေး ။ ။ ကိုယ်နှတ်လို့ လွတ်တာလား၊ သူ့သဘောက လွတ်တာလား။
ဖြေ ။ ။ သူ့သဘောက လွတ်တာပါဘုရား။
ဤသို့ ပညတ်သုံးပါးမှ ထုတ်နုတ်၍ အပူတောဇောပရမတ်၏ ဟုတ်မှန်သောသဘောကို ပိုင်းခြား၍သိခြင်းသည် ဉာတပရိညာ။

တည်ရာ ပထဝီ သဏ္ဌာန ပညတ်မှ လွတ်ပုံ

မေး ။ ။ ဒီနာရီကို ဒီလိုမြှောက်၍ ကိုင်ထားရာမှ လွတ်လိုက်လျှင် ဒီအတိုင်း တည်ပါ့မလား။
ဖြေ ။ ။ မတည်ပါ၊ အောက်သို့ကျသွားပါမည်ဘုရား။
မေး ။ ။ ဘာကြောင့် မတည်တာလဲ။
ဖြေ ။ ။ တည်ရာမရှိလို့ပါဘုရား။
မေး ။ ။ ဒီနာရီကို ဒီတရားဟောပလွှင့်ပေါ်မှာ တင်ထားလျှင် တင်ထားတဲ့အတိုင်း မတည်နိုင်ဘူးလား။
ဖြေ ။ ။ တည်နိုင်ပါတယ်ဘုရား။
မေး ။ ။ ဘာကြောင့် တည်နိုင်သလဲ။
ဖြေ ။ ။ တည်ရာရှိလို့ပါဘုရား။
မေး ။ ။ ထို့အတူ ပူတာသည် တည်ရာမရှိလျှင် မိမိ၏ ပူတဲ့သတ္တိဖြင့် တည်နိုင်ပါ့မလား။
ဖြေ ။ ။ မတည်နိုင်ပါဘုရား။
မေး ။ ။ ဒါဖြင့် ပူတာရှိလျှင် ၎င်းနေရာ၌ ပူတာ၏ တည်ရာ သဘောမရှိဘူးလား။
ဖြေ ။ ။ ရှိပါတယ်ဘုရား။
အတူဖြစ်သော ရုပ်တို့၏ တည်ရာသဘောသည် ပထဝီဓာတ်။
မေး ။ ။ ပူတာသည် အမှုန့်မှာတည်သလား။
ဖြေ ။ ။ မတည်ပါဘုရား။
မေး ။ ။ အမှုန့်မှာမတည်လျှင် ဘယ်မှာတည်သလဲ။
ဖြေ ။ ။ တည်ရာမှာ တည်ပါတယ်ဘုရား။
မေး ။ ။ အမှုန့်သည် တည်ရာပထဝီဓာတ်လား။
ဖြေ ။ ။ မဟုတ်ပါဘုရား။
မေး ။ ။ တည်ရာ ပထဝီဓာတ် မဟုတ်လျှင် ဘာဟုတ်သလဲ။
ဖြေ ။ ။ သဏ္ဌာန ပညတ် ဟုတ်ပါတယ်ဘုရား။
မေး ။ ။ တည်ရာသည် အမှုန့်လား။
ဖြေ ။ ။ မဟုတ်ပါဘုရား။
မေး ။ ။ အမှုန့်မဟုတ်လျှင် ဘာဟုတ်သလဲ။
ဖြေ ။ ။ တည်ရာဟုတ်ပါတယ်ဘုရား။
မေး ။ ။ တည်ရာသည် အလုံးအဝိုင်း အရှည် အတို အပြား အမှုန့် အမွှား သဏ္ဌာန်လား။
ဖြေ ။ ။ မဟုတ်ပါဘုရား။
မေး ။ ။ သဏ္ဌာန်မဟုတ်လျှင် ဘာဟုတ်သလဲ။
ဖြေ ။ ။ တည်ရာဟုတ်ပါတယ်ဘုရား။
မေး ။ ။ တည်ရာမှာ သဏ္ဌာန်ရှိသလား။
ဖြေ ။ ။ မရှိပါဘုရား။
မေး ။ ။ သဏ္ဌာန်မရှိလျှင် ဘာရှိသလဲ။
ဖြေ ။ ။ တည်ရာရှိပါတယ်ဘုရား။
မေး ။ ။ အမှုန့်၊ အမွှား၊ အလုံး၊ အဝိုင်း၊ အရှည်၊ အတို၊ အပြား၊ ထင်ရှား ရှိသလား၊ တည်ရာ ထင်ရှားရှိသလား။
ဖြေ ။ ။ တည်ရာ ထင်ရှားရှိပါတယ်ဘုရား။
မရှိတဲ့သဏ္ဌာန် သဏ္ဌာနပညတ်၊ ရှိတဲ့တည်ရာသဘောပရမတ်၊ မရှိပညတ်၊ ရှိ ပရမတ် နှစ်ပါးဟူ၍မှတ်။
မေး ။ ။ ဒါဖြင့် တည်ရာသည် သဏ္ဌာနပညတ်မှ အသီးမလွတ်ဘူးလား။
ဖြေ ။ ။ လွတ်ပါတယ်ဘုရား။
မေး ။ ။ ကိုယ်နှတ်လို့ လွတ်တာလား၊ သူ့သဘောက လွတ်တာလား။

http://www.dhammadownload.com

ဖြေ ။ ။ သူ့သဘောက လွတ်တာပါဘုရား။

တည်ရာပထဝီ နာမပညတ်မှ လွတ်ပုံ

မေး ။ ။ တည်ရာသဘောသည် အမည်လား။
ဖြေ ။ ။ မဟုတ်ပါဘုရား။
မေး ။ ။ အမည်မဟုတ်လျှင် ဘာဟုတ်သလဲ။
ဖြေ ။ ။ တည်ရာသဘော ဟုတ်ပါတယ်ဘုရား။
မေး ။ ။ တည်ရာသဘောမှာ အမည်ရှိသလား။
ဖြေ ။ ။ မရှိပါဘုရား။
မေး ။ ။ အမည်မရှိလျှင် ဘာရှိသလဲ။
ဖြေ ။ ။ တည်ရာသဘော ရှိပါတယ်ဘုရား။
မေး ။ ။ ပူတာသည် ပထဝီဆိုတဲ့အမည်၊ တည်ရာ ဆိုတဲ့အမည်မှာ တည်သလား။
ဖြေ ။ ။ မတည်ပါဘုရား။
မေး ။ ။ အမည်မှာ မတည်လျှင် ဘယ်မှာတည်သလဲ။
ဖြေ ။ ။ တည်ရာသဘောမှာ တည်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် အမည်ထင်ရှားရှိသလား၊ တည်ရာသဘော ထင်ရှားရှိသလား။
ဖြေ ။ ။ တည်ရာသဘော ထင်ရှားရှိပါတယ်ဘုရား။ မရှိတဲ့အမည် နာမပညတ်၊ ရှိတဲ့တည်ရာသဘော ပရမတ်၊
မရှိပညတ် ရှိ ပရမတ် နှစ်ပါးဟူ၍မှတ်။
မေး ။ ။ ဒါဖြင့် တည်ရာသည် နာမပညတ်မှ အသီးမလွတ်ဘူးလား။
ဖြေ ။ ။ လွတ်ပါတယ်ဘုရား။
မေး ။ ။ ကိုယ်နှတ်လို့ လွတ်တာလား၊ သူ့သဘောက လွတ်တာလား။
ဖြေ ။ ။ သူ့သဘောက လွတ်တာပါဘုရား။

တည်ရာ ပထဝီ အဘာဝပညတ်မှ လွတ်ပုံ

မေး ။ ။ အမည်၊ သဏ္ဌာန်မှ မရှိလျှင် ဘာမျှ မရှိဘူးလား။
ဖြေ ။ ။ ရှိပါတယ်ဘုရား။
မေး ။ ။ ဘာရှိသလဲ။
ဖြေ ။ ။ တည်ရာသဘောရှိပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် ဘာမျှမရှိဟူသော အဘာဝပညတ်မှ အသီးမလွတ်ဘူးလား။
ဖြေ ။ ။ လွတ်ပါတယ်ဘုရား။
ဤသို့ ပညတ်သုံးပါးမှ ထုတ်နုတ်၍ တည်ရာသဘော ပထဝီဓာတ်၏ ဟုတ်မှန်သော သဘောကို ပိုင်းခြားရ၍ သိခြင်းသည် ဉာတပရိညာ။ ကြွင်းသောရုပ်တို့၌လည်း ၎င်းနည်းအတိုင်း ပညက်သုံးပါးမှ ထုတ်နုတ်သိကြလေ။

တွန်းကန်ဝါယော ပညတ်သုံးပါးမှ လွတ်ပုံ

မေး ။ ။ ၎င်းအပူနေရာ၌ တွန်းကန်ထားတတ်သော သတ္တိတစ်ခု မရှိဘူးလား။
ဖြေ ။ ။ ရှိပါတယ် ဘုရား။
တွန်းကန်တဲ့သဘော ဝါယောဓာတ်။
မေး ။ ။ တွန်းတာ သဏ္ဌာန်လား။
ဖြေ ။ ။ မဟုတ်ပါဘုရား။
မေး ။ ။ တွန်းတာ အမည်လား။
ဖြေ ။ ။ မဟုတ်ပါဘုရား။
မေး ။ ။ တွန်းတာ ဘာမျှမရှိဘူးလား။
ဖြေ ။ ။ ရှိပါတယ်ဘုရား။
မေး ။ ။ ဘာရှိသလဲ။
ဖြေ ။ ။ တွန်းကန်တတ်သော သဘောသတ္တိရှိပါတယ်ဘုရား။

ဖွဲ့ကပ် အာပေါ ပညတ်သုံးပါးမှလွတ်ပုံ

မေး ။ ။ စက္ကူသုံးချပ်ထပ်ထား၊ အပေါ်စက္ကူတစ်ချပ် ယူလျှင် အောက်နှစ် ချပ်ပါမလား။
ဖြေ ။ ။ မပါပါဘုရား။
မေး ။ ။ စက္ကူသုံးချပ် ကော်သုတ်ပြီး ထပ်ကပ်၊

http://www.dhammadownload.com

အပေါ်စက္ကူတစ်ချပ်ယူလျှင် အောက်နှစ်ချပ် ကျန်ရစ်မလား။

ဖြေ ။ ။ မကျန်ရစ်ပါဘုရား။

မေး ။ ။ ဘာကြောင့် မကျန်ရစ်သလဲ။

ဖြေ ။ ။ ကော်ကပ်ထားလို့ပါဘုရား။

မေး ။ ။ ပူတာ ဟိုဘက်ရွှေ့၊ တည်ရာ အလယ်မှာထား၊ တွန်းတာ ဒီဘက်ပြောင်း တစ်ခုတစ်ခုစီ ခွဲလို့ရသလား။

ဖြေ ။ ။ မရပါဘုရား။

မေး ။ ။ ဒါဖြင့်ရင် ၎င်းနေရာ၌ ခွဲလို့မရအောင် ဖွဲ့ကပ်ထားတတ်သော သတ္တိ တစ်ခုမျှမရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။
အတူဖြစ်သော ရုပ်တို့ကို ကပ်တတ်သော သဘော အာပေါဓာတ်။

မေး ။ ။ ကပ်တာ သဏ္ဌာန်လား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ ကပ်တာအမည်လား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ ကပ်တာဘာမျှမရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။

မေး ။ ။ ဘာရှိသလဲ။

ဖြေ ။ ။ ကပ်တဲ့သဘောသတ္တိရှိပါတယ်ဘုရား။

အဆင်း ဝဏ္ဏ ပညတ်သုံးပါးမှ လွတ်ပုံ

မေး ။ ။ ၎င်းအပူနေရာ၌ ထို မဟာဘုတ်လေးပါးကို မှီတွယ်၍ မျက်စိအကြည်၌ ထိခိုက်တတ်သော သဘောတစ်ခု မရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။
မျက်စိအကြည်၌ ထိခိုက်တတ်သော သဘောသည် အဆင်းဝဏ္ဏဓာတ်၊ အဆင်းလို့ ဆိုသဖြင့် မျက်စိအကြည်၌ ထိခိုက်တတ်သော သဘောလို့ သိပါ။

မေး ။ ။ အဆင်းသည် သဏ္ဌာန်လား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ အဆင်းသည် အမည်လား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ အဆင်းသည် ဘာမျှ မရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။

မေး ။ ။ ဘာရှိတာလဲ။

ဖြေ ။ ။ အဆင်းသဘောသတ္တိရှိပါတယ်ဘုရား။

အနံ့ ဂန္ဓ ပညတ်သုံးပါးမှလွတ်ပုံ

မေး ။ ။ ၎င်းအပူနေရာ၌ နှာခေါင်းအကြည်၌ ထိခိုက်တတ်သော သဘောတစ်ခု မရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။
နှာခေါင်းအကြည်၌ ထိခိုက်တတ်သော သဘောသည် အနံ့ဂန္ဓဓာတ်၊ အနံ့လို့ ဆိုသဖြင့် နှာခေါင်းအကြည်၌ ထိခိုက်တတ်သော သဘောကိုသိပါ။

မေး ။ ။ အနံ့သည် သဏ္ဌာန်လား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ အနံ့သည်အမည်လား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ အနံ့သည် ဘာမျှမရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။

မေး ။ ။ ဘာရှိသလဲ။

ဖြေ ။ ။ အနံ့သဘော သတ္တိရှိပါတယ်ဘုရား။

အရသာ ရသဓာတ် ပညတ်သုံးပါးမှလွတ်ပုံ

မေး ။ ။ ၎င်းအပူနေရာ၌ လျှာအကြည်၌ ထိခိုက်တတ်သော သဘောတစ်ခု မရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။
လျှာအကြည်၌ ထိခိုက်တတ်သော သဘောသည် အရသာ၊ ရသဓာတ်၊ အရသာလို့ဆို

http://www.dhammadownload.com

သဖြင့် လျှာအကြည်၌ ထိခိုက်တတ်သော သဘောကိုသိပါ။

မေး ။ ။ အရသာသည် သဏ္ဌာန်လား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ အရသာသည်အမည်လား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ အရသာသည် ဘာမျှမရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။

မေး ။ ။ ဘာရှိသလဲ။

ဖြေ ။ ။ အရသာသဘောသတ္တိ ရှိပါတယ်ဘုရား။

ဩဇာဓာတ် ပညတ်သုံးပါးမှ လွတ်ပုံ

မေး ။ ။ ငှင်းအပူနေရာ၌ အာဟာရဇရုပ်တို့ကို ဖြစ်ပွားစေတတ်သော သဘောတစ်ခု မရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။
အာဟာရဇရုပ်တို့ကို ဖြစ်ပွားစေတတ်သော သဘောသည် ဩဇာဓာတ်၊ ဩဇာလို့ဆို သဖြင့် အာဟာရဇရုပ်တို့ကို ဖြစ်ပွားစေတတ်သော သဘောကို သိပါ။

မေး ။ ။ ဩဇာသည် သဏ္ဌာန်လား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ ဩဇာသည်အမည်လား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ ဩဇာသည် ဘာမျှမရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။

မေး ။ ။ ဘာရှိသလဲ။

ဖြေ ။ ။ ဩဇာသဘောသတ္တိ ရှိပါတယ်ဘုရား။

အနည်းကျဉ်း ရုပ်ရှစ်ပါး

ပူတာ၊ တည်ရာ၊ တွန်းတာ၊ ကပ်တာ၊ အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ။

အဝိနိဗ္ဘောဂ အဋ္ဌက ကလာပ်မည်ပုံနှင့် ရုပ်မှန်မရှိပုံ

မေး ။ ။ ထိုရှစ်ပါးသော ရုပ်တို့ကို အသီးသီး ခွဲစိတ်၍ ရကောင်းသလား။

ဖြေ ။ ။ မရကောင်းပါဘုရား။
အသီးသီး ခွဲစိတ်၍မရကောင်းသောကြောင့် အဝိနိဗ္ဘောဂရုပ် မည်၏။
တပေါင်းတည်းဖြစ်လို့ ကလာပ်၊ ရုပ်ရှစ်ပါး အပေါင်းအစည်းတစ်ခုသည် အဋ္ဌကကလာပ် တစ်ခု။

မေး ။ ။ ရုပ်တစ်ခုတစ်ခုသည် အမှန်ဟုတ်သလား။

ဖြေ ။ ။ မဟုတ်ပါဘုရား

မေး ။ ။ ရုပ်ရှစ်ခုအပေါင်းသည် အမှန်ဖြစ်သလား

ဖြေ ။ ။ မဖြစ်ပါဘုရား။

မေး ။ ။ ကလာပ်တစ်ခုသည် အမှန်ဟုတ်သလား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ ဒါဖြင့် ကလာပ်မှန်ရှိမလား။

ဖြေ ။ ။ မရှိပါဘုရား။

ဒိဋ္ဌဝိသုဒ္ဓိ၊ ရူပပရိစ္ဆေဒဉာဏ်၊ ဉာတပရိညာတို့ ဖြစ်လာပုံ

မေး ။ ။ ဟိုဘက်ရွှေ့စမ်း၊ ပူတာတစ်ခု မတွေ့ဘူးလား။

ဖြေ ။ ။ တွေ့ပါတယ်ဘုရား။

မေး ။ ။ ပူတာရှိလျှင် ကြွင်းတဲ့ရုပ်ခုနစ်ပါး မရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။
ရုပ်ရှစ်ပါး ကလာပ်တစ်ခု။

မေး ။ ။ ကလာပ်နှစ်ခုရှိလျှင် အကြားဌ ပိုင်းခြားမှု မရှိဘူးလား။

ဖြေ ။ ။ ရှိပါတယ်ဘုရား။

မေး ။ ။ ရုပ်ကလာပ်နှစ်ခုရှိလျှင် အကြားဌ ပိုင်းခြားမှု မရှိဘူးလား။

http://www.dhammadownload.com

ဖြေ ။ ။ ရှိပါတယ်ဘုရား။
မေး ။ ။ ရုပ်ကလာပ် တစ်ခုနှင့် တစ်ခုအကြား ပိုင်းခြားမှုတစ်ခု၊ ရုပ်ကလာပ်တစ်ခုနှင့်တစ်ခုအကြား ပိုင်းခြားမှုတစ်ခုနှင့် ရုပ်ကလာပ်တွေ စပ်မနေဘူးလား။
ဖြေ ။ ။ စပ်နေပါတယ်ဘုရား။
မေး ။ ။ နဖူးပြင်လို့ခေါ်ဆိုအပ်သည်ကို ကုန်အောင် လျှောက်စမ်း ရုပ်ကလာပ်တွေ အနှံ့အပြား စပ်မနေဘူးလား။
ဖြေ ။ ။ စပ်နေပါတယ်ဘုရား။
မေး ။ ။ ရုပ်ရှစ်ပါးတွေ စပ်နေတာ နဖူးလို့မခေါ်ဘူးလား။
ဖြေ ။ ။ ခေါ်ပါတယ်ဘုရား။
မေး ။ ။ ကလာပ်တစ်ခု အမှုန့်ရှိသလား။
ဖြေ ။ ။ မရှိပါဘုရား။
မေး ။ ။ ကလာပ်ပေါင်း မြောက်မြားစွာ စပ်တော့ အမှုန့်ဖြစ်မလား။
ဖြေ ။ ။ မဖြစ်ပါဘုရား။
မေး ။ ။ သုည တစ်ကုဋေပေါင်းလျှင် ဘာအဖြေထွက်မလဲ။
ဖြေ ။ ။ သုညပါပဲဘုရား။
မေး ။ ။ ကလာပ်တစ်ခု အမှုန့်မရှိ (သုည) ကုဋေမကစုတော့ အမှုန့်ရှိမလား။
ဖြေ ။ ။ မရှိပါဘုရား။
မေး ။ ။ အမှုန့်မှမရှိလျှင် နဖူးပြင်အလုံးသဏ္ဌာန် ရှိမလား။
ဖြေ ။ ။ မရှိပါဘုရား။
မေး ။ ။ နဖူးလား၊ ရုပ်ကလာပ်တွေ စပ်နေတာလား။
ဖြေ ။ ။ ရုပ်ကလာပ်တွေ စပ်နေတာပါဘုရား။
မေး ။ ။ သဘောတူကို ပေါင်း၍ နဖူးလား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ ဦးခေါင်းလား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ လက်လား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ ကိုယ်လား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ ခြေလား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ အင်္ဂါကြီးငယ်အပေါင်းလား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ ယောကျ်ားလား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ မိန်းမလား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ နတ်ဗြဟ္မာလား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ အပါယ်လေးဘုံသူ လေးဘုံသားလား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ သတ္တဝါလား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ အသက်လား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာလား၊ ရုပ်ရှစ်ပါးလား။
ဖြေ ။ ။ ရုပ်ရှစ်ပါးပါဘုရား။
မေး ။ ။ ယခု ဖြစ်ပေါ်လာတဲ့ ရုပ်တရားမှာ လူ-နတ်-ဗြဟ္မာ-သတ္တဝါ-အသက်မရှိအတိုက် ရုပ်တရားမှာကော လူ နတ် ဗြဟ္မာ သတ္တဝါ အသက်ရှိသလား။
ဖြေ ။ ။ မရှိပါဘုရား။
မေး ။ ။ အနာဂတ် ရုပ်တရားမှာကော လူ နတ် ဗြဟ္မာ သတ္တဝါ အသက် ရှိမလား။

http://www.dhammadownload.com

ဖြေ ။ ။ မရှိပါဘုရား။
မေး ။ ။ လူ-နတ်-ဗြဟ္မာ-သတ္တဝါ-ယောကျ်ား-မိန်း-အသက်-လိပ်ပြာမှ မရှိလျှင် အတ္တ လား၊ အနတ္တလား။
ဖြေ ။ ။ အနတ္တပါဘုရား။
မေး ။ ။ အနတ္တကိုမြင်လျှင် အတ္တမရှိဟု အမြင်မှန် မဖြစ်ဘူးလား။
ဖြေ ။ ။ ဖြစ်ပါတယ်ဘုရား။
သတ္တဝါ-အသက်-အတ္တမရှိဟု အမြင်မှန်တာ ဒိဋ္ဌိ၊ သတ္တဝါ အသက်-အတ္တ အယူကို သုတ်သင်တတ်သောကြောင့် ဝိသုဒ္ဓိ၊ ဒိဋ္ဌိ ဝိသုဒ္ဓိ။
မေး ။ ။ ရုပ်တရားတွေပဲလို့ပိုင်းခြား၍မသိဘူးလား။
ဖြေ ။ ။ သိပါတယ်ဘုရား။
ရုပ်တရားတွေပဲလို့ ပိုင်းခြား၍ သိ ရူပပရိစ္ဆေဒဉာဏ်။
မေး ။ ။ ထိုရုပ်တရားတို့သည် သိအပ်တဲ့တရားလား၊ မသိအပ်တဲ့တရားလား။
ဖြေ ။ ။ သိအပ်တဲ့တရားပါဘုရား။
မေး ။ ။ ယခုရှုတော့ ပိုင်းခြား၍ မသိဘူးလား။
ဖြေ ။ ။ သိပါတယ်ဘုရား။
သိအပ်သော ရုပ်တရားတို့ကို ပိုင်းခြား၍သိ ဉာတပရိညာ။
မေး ။ ။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ရူပပရိစ္ဆေဒဉာဏ်၊ ဉာတပရိညာတို့ကို ပိုင်မသွားဘူးလား။
ဖြေ ။ ။ ပိုင်ပါတယ်ဘုရား။

အသိစိတ် သဏ္ဌာန ပညတ်မှ လွတ်ပုံ

မေး ။ ။ ပူတာကို တွေး၍ ပူတာကို မသိဘူးလား။
ဖြေ ။ ။ သိပါတယ်ဘုရား။
သိတာပါဠိလိုစိတ္တ၊ ဝိညာဏလို့ခေါ်တယ်။ မြန်မာလိုတော့ အသိပဲ။ စိတ်ဆိုတာ ပါဠိပျက်၊ စိတ္တကို နာမသတ်ပြန်ထားတာ။ မြန်မာစကားသက်သက် မဟုတ်ဘူး။
မေး ။ ။ အဲဒီသိတာ အမှုန့်၊ အမွှား၊ အလုံး၊ အဝိုင်း၊ အရှည်၊ အတို၊ အပြား သဏ္ဌာန်လား။
ဖြေ ။ ။ မဟုတ်ပါဘုရား။
မေး ။ ။ သဏ္ဌာန်မဟုတ်လျှင် ဘာဟုတ်သလဲ။
ဖြေ ။ ။ သိတာဟုတ်ပါတယ်ဘုရား။
မေး ။ ။ ပူတာကို တွေးလိုက်တော့ မိမိခန္ဓာမှာ အမှုန့်၊ အမွှား၊ အလုံး၊ အဝိုင်း၊ အရှည်၊ အတို၊ အပြား သဏ္ဌာန်ဖြစ်ပေါ်သလား။
ဖြေ ။ ။ မဖြစ်ပေါ်ပါဘုရား။
မေး ။ ။ ဒါဖြင့် ဘာဖြစ်ပေါ်သလဲ။
ဖြေ ။ ။ အသိဖြစ်ပေါ်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် သဏ္ဌာန်ရှိသလား။
ဖြေ ။ ။ မရှိပါဘုရား။
မေး ။ ။ သဏ္ဌာန်မရှိလျှင် ဘာရှိသလဲ။
ဖြေ ။ ။ အသိရှိပါတယ်ဘုရား။
မရှိတဲ့သဏ္ဌာန် သဏ္ဌာနပညတ်၊ ရှိတဲ့ အသိသဘော ပရမတ်၊ မရှိ ပညတ်၊ ရှိ ပရမတ် နှစ်ပါးဟူ၍မှတ်။
မေး ။ ။ ပရမတ်၊ ပညတ်၊ ကွဲမသွားဘူးလား။
ဖြေ ။ ။ ကွဲသွားပါတယ်ဘုရား။
မေး ။ ။ မရှိတာကို မရှိလို့သိ အမှန်သိလား၊ အမှားသိလား။
ဖြေ ။ ။ အမှန်သိပါဘုရား။
မေး ။ ။ ရှိတာကို ရှိတယ်လို့သိ အမှန်သိလား၊ အမှားသိလား။
ဖြေ ။ ။ အမှန်သိပါဘုရား။
အမှန်သိမြင် သမ္မာဒိဋ္ဌိ။
မေး ။ ။ ဒါဖြင့် အသိသဘောသည် သဏ္ဌာန ပညတ်မှ အသီးမလွတ်ဘူးလား။
ဖြေ ။ ။ လွတ်ပါတယ်ဘုရား။
မေး ။ ။ ကိုယ်နှတ်လို့လွတ်တာလား၊ သူ့သဘောက လွတ်တာလား။

http://www.dhammadownload.com

ဖြေ ။ ။ သူ့သဘောက လွတ်တာပါဘုရား။

အသိစိတ် နာမပညတ်မှ လွတ်ပုံ

မေး ။ ။ သိတာ အမည်လား။
ဖြေ ။ ။ မဟုတ်ပါဘုရား။
မေး ။ ။ အမည်မဟုတ်လျှင် ဘာဟုတ်သလဲ။
ဖြေ ။ ။ သိတာဟုတ်ပါတယ်ဘုရား။
မေး ။ ။ သိတာမှာ အမည်ရှိသလား။
ဖြေ ။ ။ မရှိပါဘုရား။
မေး ။ ။ အမည်မရှိလျှင် ဘာရှိသလဲ။
ဖြေ ။ ။ သိတာရှိပါတယ်ဘုရား။
မေး ။ ။ ပူတာကိုတွေးတော့ မိမိခန္ဓာ၌ အမည်ဖြစ်ပေါ်သလား၊ သိတာ ဖြစ်ပေါ်သလား။
ဖြေ ။ ။ သိတာ ဖြစ်ပေါ်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် သိတာရှိသလား၊ အမည်ရှိသလား။
ဖြေ ။ ။ သိတာ ရှိပါတယ်ဘုရား။
မရှိတဲ့အမည်သည် နာမပညတ်၊ ရှိတဲ့အသိသဘောသည် ပရမတ်၊ မရှိပညတ်၊ ရှိပရမတ် နှစ်ပါးဟူ၍ မှတ်။
မေး ။ ။ ဒါဖြင့် အသိသဘောသည် နာမပညတ်မှ အသီးမလွတ်ဘူးလား။
ဖြေ ။ ။ လွတ်ပါတယ်ဘုရား။
မေး ။ ။ ကိုယ်နတ်လို့လွတ်တာလား၊ သူ့သဘောက လွတ်တာလား။
ဖြေ ။ ။ သူ့သဘောက လွတ်တာပါဘုရား။

အသိစိတ် အဘာဝပညတ်မှ လွတ်ပုံ

မေး ။ ။ သဗ္ဗာန်မရှိ၊ အမည်မရှိလျှင် သိတာသည် ဘာမျှမရှိတဲ့ တရားလား။
ဖြေ ။ ။ မဟုတ်ပါဘုရား။
မေး ။ ။ ဒါဖြင့်ဘာရှိလဲ။
ဖြေ ။ ။ သိတာ ရှိပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် ဘာမျှမရှိဟူသော အဘာဝပညတ်မှ အသီးမလွတ်ဘူးလား။
ဖြေ ။ ။ လွတ်ပါတယ်ဘုရား။
မေး ။ ။ ကိုယ်နတ်လို့လွတ်တာလား၊ သူ့သဘောက လွတ်တာလား။
ဖြေ ။ ။ သူ့သဘောက လွတ်တာပါဘုရား။
ဤသို့ ပညတ်သုံးပါးမှ အသီးထုတ်နုတ်၍ အသိ၏ ဟုတ်မှန်သော သဘောကို ပိုင်းခြားဖြင့်သိခြင်းသည် ဉာတပရိညာ။
မေး ။ ။ ဒါဖြင့် ဉာတပရိညာကို ပိုင်မသွားဘူးလား။
ဖြေ ။ ။ ပိုင်ပါတယ်ဘုရား။
ကြွင်းသောနာမ်တရားတို့၌လည်း ဤနည်းအတိုင်း ပညတ်သုံးပါးမှ အသီးထုတ်နုတ်၍ ရှုကြည့်ကြပါ။

ဖဿ သဘော

မေး ။ ။ ပူတာကိုတွေးတော့ ပူတဲ့အာရုံကို မတွေ့ဘူးလား။
ဖြေ ။ ။ တွေ့ပါတယ်ဘုရား။
အာရုံကိုတွေ့တဲ့သဘောသည် ဖဿ။

ဝေဒနာ သဘော

မေး ။ ။ ပူတာကိုတွေးတော့ ပူတဲ့အာရုံကို မခံစားဘူးလား။
ဖြေ ။ ။ ခံစားပါတယ်ဘုရား။
အာရုံကိုခံစားတဲ့သဘောသည် ဝေဒနာ။

သညာသဘော

မေး ။ ။ ပူတာကိုတွေးတော့ ပူတဲ့အာရုံကို မမှတ်ဘူးလား။
ဖြေ ။ ။ မှတ်ပါတယ်ဘုရား။
အာရုံကိုမှတ်တဲ့သဘောသည် သညာ။

http://www.dhammadownload.com

စေတနာသဘော

မေး ။ ။ ပူတာကိုတွေးတော့ ပူတဲ့အာရုံကို သိခိုက်မှာ ဖြစ်ပေါ်ကြတဲ့ နာမ်တရားတွေကို သိအောင်၊ တွေ့အောင်၊ ခံစားအောင်-အစရှိသောအားဖြင့် မစ့ေဆော်ဘူးလား။

ဖြေ ။ ။ စ့ေဆော်ပါတယ်ဘုရား။

မေး ။ ။ ပူတာကို တွေးတောခြင်းကို မပြုလုပ်ဘူးလား။

ဖြေ ။ ။ ပြုလုပ်ပါတယ်ဘုရား။
စ့ေဆော်ပြုလုပ်တဲ့သဘောသည် စေတနာ။

ကေဂ္ဂတာသဘော

မေး ။ ။ ပူတာကိုတွေးတော့ ပူတဲ့အာရုံမှာ စိတ်မတည်ဘူးလား။

ဖြေ ။ ။ စိတ်တည်ပါတယ်ဘုရား။
စိတ်တည်တဲ့သဘောသည် ဧကဂ္ဂတာ။

ဇီဝိတိန္ဒြေသဘော

မေး ။ ။ ရေကန်ထဲမှာ ရေမရှိလျှင် ကြာပင်တွေ အညွှန့်ထွက်ခြင်း၊ ပွင့်ခြင်း၊ သီးခြင်း အစရှိတဲ့ ကြာသဘော၊ ကြာကိစ္စတွေကို ဆောင်ရွက်နိုင်ပါ့မလား။

ဖြေ ။ ။ မဆောင်ရွက်နိုင်ပါဘုရား။

မေး ။ ။ ရေရှိတော့ ကြာသဘော၊ ကြာကိစ္စတွေကို မဆောင်ရွက်နိုင်ဘူးလား။

ဖြေ ။ ။ ဆောင်ရွက်နိုင်ပါတယ်ဘုရား။

မေး ။ ။ ကြာသဘော၊ ကြာကိစ္စတွေကို ဆောင်ရွက်နိုင်အောင် ကြာကို ရေမစောင့်ဘူးလား။

ဖြေ ။ ။ စောင့်ပါတယ်ဘုရား။

မေး ။ ။ သိ-တွေ့-ခံစား-မှတ် အစရှိတဲ့ နာမ်တရားတွေဟာ စောင့်ရှောက်မှု မရှိလျှင် သိခြင်း၊ တွေ့ခြင်း၊ ခံစားခြင်း အစရှိတဲ့ မိမိတို့၏သဘော မိမိတို့၏ ကိစ္စတွေကို ဆောင်ရွက်နိုင်ပါ့မလား။

ဖြေ ။ ။ မဆောင်ရွက်နိုင်ပါဘုရား။

မေး ။ ။ စောင့်ရှောက်မှုမရှိတော့ မိမိတို့၏ သဘော၊ မိမိတို့၏ ကိစ္စတွေကို မဆောင်ရွက်နိုင်ဘူးလား။

ဖြေ ။ ။ ဆောင်ရွက်နိုင်ပါတယ်ဘုရား။
သိ-တွေ့-ခံစား-မှတ် အစရှိတဲ့ နာမ်တရားတွေသည် မိမိတို့၏သဘော မိမိတို့၏ ကိစ္စတွေကို ဆောင်ရွက်နိုင်အောင် အစုိ းတရ စောင့် ရှောက် တတ် သော သဘော သည် ဇီဝိတိန္ဒြေ။

မနသိကာရသဘော

မေး ။ ။ ပူတာတွေကိုတွေးတော့ ပူတဲ့အာရုံကို နှလုံးမသွင်းဘူးလား။

ဖြေ ။ ။ နှလုံးသွင်းပါတယ်ဘုရား။
နှလုံးသွင်း မနသိကာရ။

ရုပ်တို့၏ အကြောင်းကြောင့် ဖြစ်လာပုံနှင့် ငြိုးအကြောင်းများ

မေး ။ ။ ထိုရုပ်တရားတို့သည် ဗြဟ္မာ၊ ဗိဿနိုး၊ နတ် တစ်စုံတစ်ယောက် -အစိုးရသောသူသည် ဖန်ဆင်း၍ ဖြစ်ပေါ်လာတာလား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ ဒါဖြင့် အလိုအလျောက် ဖြစ်ပေါ်လာတာလား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ အတိတ် ဘဝက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကိလေသဝဋ်နှင့် ပြတ်တောက်လျှင် အတိတ်ဘဝမှာ ရဟန္တာဖြစ်မယ်၊ အတိတ်ဘဝမှာ ရဟန္တာဖြစ်လျှင် အတိတ်ဘဝမှာ ပရိနိဗ္ဗာန် ပြုမယ်၊ အတိတ်ဘဝမှာ ပရိနိဗ္ဗာန်ပြုလျှင် ဤပစ္စုပ္ပန်ဘဝမှာ ရုပ်တရားတွေ ဖြစ်ပေါ်မှုရှိမလား။

http://www.dhammadownload.com

ဖြေ ။ ။ မရှိပါဘုရား။

မေး ။ ။ ဒါဖြင့် ရုပ်တရားတွေသည် အလိုလိုဖြစ်ပေါ်သလား၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကိလေသဝဋ်ကြောင့် ဖြစ်ပေါ်သလား။

မေး ။ ။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ကိလေသဝဋ်ကြောင့် ဖြစ်ပေါ်ပါတယ်ဘုရား။

ဖြေ ။ ။ အတိတ်ဘဝက ကိလေသဝဋ်ပြတ်တောက်လျှင် ကမ္မဝဋ်ပြတ်တောက်မယ်၊ ကမ္မဝဋ်ပြတ်တောက်လျှင် အတိတ်ဘဝမှာ ရဟန္တာဖြစ်မယ်၊ အတိတ်ဘဝမှာ ပရိနိဗ္ဗာန်ပြုမယ်၊ အတိတ်ဘဝမှာပရိနိဗ္ဗာန်ပြုလျှင် ဤပစ္စုပ္ပန်ဘဝမှာ ရုပ်တရားတွေ ဖြစ်ပေါ်မှု ရှိမလား။

ဖြေ ။ ။ မရှိပါဘုရား။

မေး ။ ။ ဒါဖြင့် ရုပ်တရားတွေသည် အလိုလို ဖြစ်ပေါ်သလား၊ ကံကြောင့် ဖြစ်ပေါ်သလား။

ဖြေ ။ ။ ကံကြောင့် ဖြစ်ပေါ်ပါတယ်ဘုရား။

မေး ။ ။ ပစ္စုပ္ပန်ဘဝမှာ စိတ်၊ ဥတု၊ အာဟာရတွေ အကြောင်းခံမှု မရှိလျှင် ရုပ်တရားတွေ ဖြစ်ပေါ်မှု ရှိမလား။

ဖြေ ။ ။ မရှိပါဘုရား။

မေး ။ ။ ဒါဖြင့် ရုပ်တရားတွေ အလိုလို ဖြစ်ပေါ်သလား၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်ပေါ်သလား။

ဖြေ ။ ။ စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်ပေါ်ပါတယ်ဘုရား။

ရုပ်တရားတွေအကြောင်းကြောင့် ဖြစ်ပေါ်ကြတယ်ဟု မှတ်ပါ။

နာမ်တို့၏ အကြောင်းကြောင့်ဖြစ်ပေါ်လာပုံနှင့် ၎င်းအကြောင်းများ

မေး ။ ။ နာမ်တရားတွေကော ပူတာကို တွေးတောခိုက် ပူတဲ့အာရုံကို အာရုံပြု၍ ဖြစ်ပေါ်တယ်မဟုတ်လား။

ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။

မေး ။ ။ ဖြစ်ပေါ်ကြတဲ့ နာမ်တရားတွေ ပူတဲ့အာရုံအကြောင်းခံမှု မရှိလျှင် ဖြစ်ပေါ်မှုရှိမလား။

ဖြေ ။ ။ မရှိပါဘုရား။

မေး ။ ။ နာမ်တရားတွေ အလိုလို ဖြစ်ပေါ်သလား၊ အာရုံအကြောင်းကြောင့် ဖြစ်ပေါ်သလား။

ဖြေ ။ ။ အာရုံအကြောင်းကြောင့် ဖြစ်ပေါ်ပါတယ်ဘုရား။

မေး ။ ။ ဖြစ်ရာဒွါရ မရှိလျှင် နာမ်တရားတွေ ဖြစ်ပေါ်မှု ရှိမလား။

ဖြေ ။ ။ မရှိပါဘုရား။

မေး ။ ။ နာမ်တရားတွေ အလိုလို ဖြစ်ပေါ်သလား၊ ဖြစ်ရာဒွါရကြောင့် ဖြစ်ပေါ်သလား။

ဖြေ ။ ။ ဖြစ်ရာဒွါရကြောင့် ဖြစ်ပေါ်ပါတယ်ဘုရား။ နာမ်တရားတွေလည်း အကြောင်းကြောင့် ဖြစ်ပေါ်ကြတယ်ဟု မှတ်ပါ။

ပစ္စယပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်ပုံ

မေး ။ ။ ပစ္စုပ္ပန်နာမ်၊ ရုပ်အကြောင်းကြောင့် ဖြစ်ပေါ်ကြတယ်၊ အတိတ် နာမ်ရုပ်တွေကော။

ဖြေ ။ ။ အကြောင်းကြောင့်ပါဘုရား။

မေး ။ ။ အနာဂတ် နာမ်–ရုပ်တွေကော။

ဖြေ ။ ။ အကြောင်းကြောင့်ပါဘုရား။

မေး ။ ။ နာမ်–ရုပ်တို့သည် အကြောင်းကြောင့် ဖြစ်ပေါ်ကြတယ်လို့ သိမြင်တိုင်း သိမြင်တိုင်း အကြောင်းတရားကို မသိမ်းဆည်းဘူးလား။

ဖြေ ။ ။ သိမ်းဆည်းပါတယ် ဘုရား။ အကြောင်းတရားကို သိမ်းဆည်း၍ သိမြင်ခြင်းသည် ပစ္စယ ပရိဂ္ဂဟဉာဏ်။ ယုံမှားခြင်း တစ်ဆယ့်ခြောက်ပါး၊ ယုံမှားခြင်းရှစ်ပါးကို လွန်မြောက်၏။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။

ဤပစ္စယပရိဂ္ဂဟဉာဏ်နှင့် ပြည့်စုံသောသူ

http://www.dhammadownload.com

သည် ဘုရားရှင် သာသနာတော်၌ သက်သာရာ၊ ထောက်တည်ရာရသော ဂတိမြဲသော စူဠသောတာပန်ဖြစ်ပြီဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ အဂုံတ္တရအဋ္ဌကထာ၊ ပဇ္ဇာသအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ အဘိဓမ္မာဝတာရဋီကာရှင်တို့သည် မိန့်ဆိုကြတယ်။

ဘဝအားဖြင့် ရုပ်တို့၏ အနိစ္စဖြစ်ပုံ

မေး ။ ။ ထိုအကြောင်းကြောင့် ဖြစ်ပေါ်ကြသော နာမ်-ရုပ်တို့တွင် အတိတ်ဘဝက ဖြစ်ပေါ်ခဲ့ကြသော ရုပ်တရားတို့သည် ဤ ပစ္စုပ္ပန်ဘဝသို့ ရောက်သလား။

ဖြေ ။ ။ မရောက်ပါဘုရား။

မေး ။ ။ အတိတ်ဘဝမှာပဲ ပျက်စီးကြတယ် မဟုတ်လား။

ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။

မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ ။ ။ အနိစ္စပါဘုရား။

မေး ။ ။ ဤပစ္စုပ္ပန်ဘဝမှာ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် ဒုတိယ ဘဝသို့ ရောက်မလား။

ဖြေ ။ ။ မရောက်ပါဘုရား။

မေး ။ ။ ဤပစ္စုပ္ပန်ဘဝမှာလဲ ပျက်စီးကြတယ် မဟုတ်လား။

ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။

မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ ။ ။ အနိစ္စပါဘုရား။

မေး ။ ။ ဒုတိယဘဝမှာ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် တတိယဘဝသို့ ရောက်မလား။

ဖြေ ။ ။ မရောက်ပါဘုရား။

မေး ။ ။ ဒုတိယဘဝမှာပဲ ပျက်စီးကြတယ် မဟုတ်လား။

ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။

မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။

ဖြေ ။ ။ အနိစ္စပါဘုရား။

မေး ။ ။ သတ္တဝါအနိစ္စလား၊ ရုပ်တရားအနိစ္စလား။

ဖြေ ။ ။ ရုပ်တရား အနိစ္စပါဘုရား။

ရူပ် အနိစ္စ
ကာလအားဖြင့် ရုပ်တို့၏ အနိစ္စဖြစ်ပုံ

မေး ။ ။ အနှစ်တစ်ရာကို သုံးပိုင်းပိုင်း၊ ပထမအရွယ်မှာ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် ဒုတိယအရွယ်သို့ ရောက်သလား။

ဖြေ ။ ။ မရောက်ပါဘုရား။

မေး ။ ။ ဒုတိယအရွယ်မှာ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် တတိယအရွယ်သို့ရောက်သလား။

ဖြေ ။ ။ မရောက်ပါဘုရား။

မေး ။ ။ တတိယအရွယ်မှာ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် ဒုတိယ အရွယ်ကို ရောက်သလား။

ဖြေ ။ ။ မရောက်ပါဘုရား။

မေး ။ ။ မနှစ်က ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် ယခုနှစ်သို့ ရောက်သလား။

ဖြေ ။ ။ မရောက်ပါဘုရား။

မေး ။ ။ ယခုနှစ်မှ ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် နောက်နှစ်သို့ ရောက်မလား။

ဖြေ ။ ။ မရောက်ပါဘုရား။

မေး ။ ။ နောင်နှစ်မှာ ဖြစ်ပေါ်ကြမယ့် ရုပ်တရားတို့သည် ထိုနောက်နှစ် သို့ရောက်မလား။

ဖြေ ။ ။ မရောက်ပါဘုရား။

မေး ။ ။ ယခင်လက ဖြစ်ပေါ်ခဲ့ကြတဲ့ ရုပ်တရားတို့သည် ယခုလသို့ ရောက်သလား။

ဖြေ ။ ။ မရောက်ပါဘုရား။

မေး ။ ။ ယခုလ၌ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် နောက်လသို့ ရောက်မလား။

ဖြေ ။ ။ မရောက်ပါဘုရား။

http://www.dhammadownload.com

မေး ။ ။ နောက်လၡ် ဖြစ်ပေါ်ကြမယ့် ရုပ်တရားတို့သည် ထိုနောက်လသို့ ရောက်မလား။
ဖြေ ။ ။ မရောက်ပါဘုရား။
မေး ။ ။ မနေ့က ဖြစ်ပေါ်ခဲ့ကြတဲ့ ရုပ်တရားတို့သည် ယနေ့သို့ ရောက်မလား။
ဖြေ ။ ။ မရောက်ပါဘုရား။
မေး ။ ။ ယနေ့ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် နက်ဖြန်သို့ ရောက်မလား။
ဖြေ ။ ။ မရောက်ပါဘုရား။
မေး ။ ။ နက်ဖြန်ၡ် ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် သန်ဘက်ခါသို့ ရောက်မလား။
ဖြေ ။ ။ မရောက်ပါဘုရား။
မေး ။ ။ နံနက်က ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် နေ့လယ်သို့ ရောက်သလား။
ဖြေ ။ ။ မရောက်ပါဘုရား။
မေး ။ ။ နံနက်မှာပဲ ပျက်စီးကြတယ် မဟုတ်လား။
ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။
ဖြေ ။ ။ အနိစ္စပါဘုရား။
မေး ။ ။ နေ့လယ်ၡ် ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် ညနေသို့ ရောက်မလား။
ဖြေ ။ ။ မရောက်ပါဘုရား။
မေး ။ ။ နေ့လယ်မှာပဲ ပျက်စီးကြမယ် မဟုတ်လား။
ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။
ဖြေ ။ ။ အနိစ္စပါဘုရား။
မေး ။ ။ ညနေၡ် ဖြစ်ပေါ်ကြတဲ့ ရုပ်တရားတို့သည် ည၌ဦးယံသို့ ရောက်မလား။
ဖြေ ။ ။ မရောက်ပါဘုရား။
မေး ။ ။ ညနေမှာပဲ ပျက်စီးကြမယ် မဟုတ်လား။
ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။
ဖြေ ။ ။ အနိစ္စပါဘုရား။
မေး ။ ။ အနိစ္စရှုတော့ အနိစ္စမမြင်ဘူးလား။
ဖြေ ။ ။ မြင်ပါတယ်ဘုရား။

အာဟာရအားဖြင့် ရုပ်တို့၏ အနိစ္စဖြစ်ပုံ

မေး ။ ။ အာဟာရ ဆာလောင်မွတ်သိပ်လာတော့ ဒါယကာကြီးတို့၏ ခန္ဓာမှာ ညှိုးနွမ်းတဲ့ အဆင်း ဖြစ်ပေါ်မလာဘူးလား။
ဖြေ ။ ။ ဖြစ်ပေါ်လာပါတယ်ဘုရား။
မေး ။ ။ ညှိုးနွမ်းသောအဆင်း ၊ ထိုအဆင်းနှင့်အတူ အနံ့ အရသာ၊ သြဇာ၊ ပူတာ၊ တည်တာ၊ တွန်းတာ၊ ကပ်တာ ရုပ်တရား ဖြစ်ပေါ်မလာဘူးလား။
ဖြေ ။ ။ ဖြစ်ပေါ်လာပါတယ်ဘုရား။
မေး ။ ။ စာအုပ်ထဲမှာ ဖြစ်ပေါ်လာတာလား၊ ခန္ဓာမှာ ဖြစ်ပေါ်လာတာလား။
ဖြေ ။ ။ ခန္ဓာမှာပါဘုရား။
မေး ။ ။ အလိုလို ဖြစ်ပေါ်တာလား၊ မွတ်သိပ်လို့ ဖြစ်ပေါ်တာလား။
ဖြေ ။ ။ မွတ်သိပ်လို့ ဖြစ်ပေါ်တာပါဘုရား။
မေး ။ ။ အာဟာရတွေကို မှီဝဲစားသောက်ပြီးတော့ ဒါယကာကြီးတို့၏ ခန္ဓာမှာ ရွှင်လန်းတဲ့ အဆင်းတွေ ဖြစ်ပေါ်မလာဘူးလား။
ဖြေ ။ ။ ဖြစ်ပေါ်လာပါတယ်ဘုရား။
မေး ။ ။ ရွှင်လန်းသောအဆင်း၊ ထိုအဆင်းနှင့်အတူ အနံ့-အရသာ-သြဇာ-ပူတာ-တည်ရာ-တွန်းတာ-ကပ်တာ ရုပ်တရားရှစ်ပါး ဖြစ်ပေါ် မလာဘူးလား။
ဖြေ ။ ။ ဖြစ်ပေါ်လာပါတယ်ဘုရား။
မေး ။ ။ စာအုပ်မှာ ဖြစ်ပေါ်တာလား၊ ခန္ဓာမှာဖြစ်ပေါ်လာတာလား။
ဖြေ ။ ။ ခန္ဓာမှာ ဖြစ်ပေါ်လာတာပါဘုရား။
မေး ။ ။ အလိုလို ဖြစ်ပေါ်တာလား၊ ဝယ်ပြောလို့ ဖြစ်ပေါ်တာလား။

http://www.dhammadownload.com

ဖြေ ။ ။ ဝမ်းပြောလို့ ဖြစ်ပေါ်တာပါဘုရား။
မေး ။ ။ မွတ်သိပ်တဲ့အခါမှာ ဖြစ်ပေါ်တဲ့ရုပ်၊ ဝမ်းပြောတဲ့အခါမှာ ရှိသေးသလား။
ဖြေ ။ ။ မရှိတော့ပါဘုရား။
မေး ။ ။ မွတ်သိပ်တဲ့ အခါမှာပဲ ရင့်ရော်ပြီး ပျက်စီးတယ် မဟုတ်လား။
ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား
ဖြေ ။ ။ အနိစ္စပါဘုရား။
မေး ။ ။ ဝမ်းပြောတဲ့အခါ ဖြစ်ပေါ်တဲ့ရုပ် မွတ်သိပ်တော့ ရှိသေးသလား။
ဖြေ ။ ။ မရှိတော့ပါဘုရား။
မေး ။ ။ ဝမ်းပြောတဲ့အခါမှပဲ ရင့်ရော်ပြီး ပျက်စီးတယ် မဟုတ်လား။
ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။
ဖြေ ။ ။ အနိစ္စပါဘုရား။

ဥတုအားဖြင့် ရုပ်တို့၏ အနိစ္စဖြစ်ပုံ

မေး ။ ။ နေ့လယ်မှာ နေကလဲပူတော့ ပူတဲ့ဥတုအကြောင်းခံတော့ ဒါယကာကြီးတို့၏ ခန္ဓာမှာ စမ်းသပ်ကြည့်တော့ ပူတဲ့ တေဇောမတွေ့ဘူးလား။
ဖြေ ။ ။ တွေ့ပါတယ်ဘုရား။
မေး ။ ။ စဉ်းစားကြည့်၊ ပူတဲ့တေဇော၊ ထိတေဇော၏ တည်ရာ ပထဝီ၊ တွန်းကန် ဝါယော၊ ဖွဲ့ကပ်အာပေါ၊ အဆင်း၊ အနံ့၊ အရသာ၊ သြဇာ–ရုပ်တရားရှစ်ပါး ဖြစ်ပေါ်မလာဘူးလား။
ဖြေ ။ ။ ဖြစ်ပေါ်လာပါတယ်ဘုရား။
မေး ။ ။ စာအုပ်ထဲမှာ ဖြစ်ပေါ်လာတာလား၊ ခန္ဓာမှာ ဖြစ်ပေါ်လာတာလား။
ဖြေ ။ ။ ခန္ဓာမှာ ဖြစ်ပေါ်တာပါဘုရား။
မေး ။ ။ အလိုလို ဖြစ်ပေါ်တာလား၊ ပူတဲ့ဥတု အကြောင်းခံလို့ ဖြစ်ပေါ်တာလား။
ဖြေ ။ ။ ပူတဲ့ဥတုအကြောင်းခံလို့ ဖြစ်ပေါ်တာပါဘုရား။
မေး ။ ။ ညနေ နေဝင်ခါနီး သို့မဟုတ် ည၌အချိန်ကျတော့ ဥတုကအေးတော့ ဒါယကာကြီးတို့၏ ခန္ဓာမှာ စမ်းသပ်ကြည့်တော့ အေးတဲ့ သို့မဟုတ် နည်းနည်းနွေးတဲ့ တေဇောဓာတ်ကို မတွေ့ဘူးလား။
ဖြေ ။ ။ တွေ့ပါတယ်ဘုရား။
မေး ။ ။ ထိအေးတဲ့ သို့မဟုတ် နွေးတဲ့ တေဇော၊ ထိတေဇော၏ တည်ရာ ပထဝီ တွန်းကန် ဝါယော၊ ဖွဲ့ကပ်အာပေါ၊ အဆင်း အနံ့၊ အရသာ၊ သြဇာရုပ်တရား ရှစ်ပါးဖြစ်ပေါ်မလာဘူးလား။
ဖြေ ။ ။ ဖြစ်ပေါ်လာပါတယ် ဘုရား။
မေး ။ ။ စာအုပ်ထဲမှာ ဖြစ်ပေါ်တာလား၊ ခန္ဓာမှာ ဖြစ်ပေါ်တာလား။
ဖြေ ။ ။ ခန္ဓာမှာ ဖြစ်ပေါ်တာပါဘုရား။
မေး ။ ။ အလိုလိုဖြစ်ပေါ်တာလား၊ အေးတဲ့ဥတု အကြောင်းခံလို့ ဖြစ်ပေါ်တာလား။
ဖြေ ။ ။ အေးတဲ့ဥတု အကြောင်းခံလို့ ဖြစ်ပေါ်တာပါဘုရား။
မေး ။ ။ ပူတဲ့အခါမှာ ဖြစ်ပေါ်တဲ့ရုပ် အေးတဲ့အခါမှာ ရှိသေးသလား။
ဖြေ ။ ။ မရှိတော့ပါဘူးဘုရား။
မေး ။ ။ ပူတဲ့အခါမှာပဲ ရင့်ရော်ပြီး ပျက်စီးတယ် မဟုတ်လား။
ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။
ဖြေ ။ ။ အနိစ္စပါဘုရား။
မေး ။ ။ အေးတဲ့အခါမှာ ဖြစ်ပေါ်တဲ့ရုပ်၊ ပူတဲ့အခါမှာ ရှိသေးသလား။

http://www.dhammadownload.com

ဖြေ ။ ။ မရှိတော့ပါဘုရား။
မေး ။ ။ အေးတဲ့အခါမှာပဲ ရင့်ရော်ပြီး ပျက်စီးတယ် မဟုတ်လား။
ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။
ဖြေ ။ ။ အနိစ္စပါဘုရား။

စိတ်အားဖြင့် ရုပ်တို့၏ အနိစ္စဖြစ်ပုံ

မေး ။ ။ ဝမ်းမြောက်တော့ ဒါယကာကြီးတို့ ကိုယ်ခန္ဓာမှာ ရွှင်ပျသော အဆင်းတွေ ဖြစ်ပေါ်မလာဘူးလား။
ဖြေ ။ ။ ဖြစ်ပေါ်လာပါတယ်ဘုရား။
မေး ။ ။ ရွှင်ပျသော အဆင်း၊ ထိုအဆင်းနှင့်အတူ အနံ့၊ အရသာ၊ သြဇာ၊ ပူတာ၊ တည်ရာ၊ တွန်းတာ၊ ကပ်တာ၊ ရုပ်တရားရှစ်ပါး ဖြစ်ပေါ်မလာဘူးလား။
ဖြေ ။ ။ ဖြစ်ပေါ်လာပါတယ်ဘုရား။
မေး ။ ။ စာအုပ်ထဲမှာလား၊ ခန္ဓာမှာလား။
ဖြေ ။ ။ ခန္ဓာမှာပါဘုရား။
မေး ။ ။ အလိုလို ဖြစ်ပေါ်လာတာလား၊ ဝမ်းမြောက်လို့ဖြစ်ပေါ်တာလား။
ဖြေ ။ ။ ဝမ်းမြောက်လို့ပါဘုရား။
မေး ။ ။ စိတ်ဆိုးလာတော့ ဒါယကာကြီးတို့ ခန္ဓာမှာ ညိုမည်းသော အဆင်းတွေ ဖြစ်ပေါ်မလာဘူးလား။
ဖြေ ။ ။ ဖြစ်ပေါ်လာပါတယ် ဘုရား။
မေး ။ ။ ညိုမည်းသော အဆင်း၊ ထိုအဆင်းနှင့် အတူ အနံ့၊ အရသာ၊ သြဇာ၊ ပူတာ၊ တည်ရာ၊ တွန်းတာ၊ ကပ်တာ၊ ရုပ်တရားရှစ်ပါး ဖြစ်ပေါ်မလာဘူးလား။
ဖြေ ။ ။ ဖြစ်ပေါ်လာပါတယ်ဘုရား။
မေး ။ ။ စာအုပ်ထဲမှာလား၊ ခန္ဓာမှာလား။
ဖြေ ။ ။ ခန္ဓာမှာပါဘုရား။
မေး ။ ။ အလိုလို ဖြစ်ပေါ်တာလား၊ စိတ်ဆိုးလို့ ဖြစ်ပေါ်တာလား။
ဖြေ ။ ။ စိတ်ဆိုးလို့ပါဘုရား။
မေး ။ ။ ဝမ်းမြောက်တော့ ဖြစ်ပေါ်တဲ့ရုပ်၊ စိတ်ဆိုးတော့ ရှိသေးလား။
ဖြေ ။ ။ မရှိတော့ပါဘုရား။
မေး ။ ။ ဝမ်းမြောက်တဲ့အခါမှာပဲ ရင့်ရော်ပြီး ပျက်စီးတယ် မဟုတ်လား။
ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။
ဖြေ ။ ။ အနိစ္စပါဘုရား။
မေး ။ ။ စိတ်ဆိုးတော့ ဖြစ်ပေါ်တဲ့ရုပ်၊ ဝမ်းမြောက်တော့ ရှိသေးသလား။
ဖြေ ။ ။ မရှိတော့ပါဘုရား။
မေး ။ ။ စိတ်ဆိုးတဲ့အခါမှာပဲ ရင့်ရော်ပြီး ပျက်စီးတယ် မဟုတ်လား။
ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။
မေး ။ ။ ဒါဖြင့် နိစ္စလား၊ အနိစ္စလား။
ဖြေ ။ ။ အနိစ္စပါဘုရား။
မေး ။ ။ သတ္တဝါ၊ အသက်အနိစ္စလား၊ ရုပ်တရားအနိစ္စလား။
ဖြေ ။ ။ ရုပ်တရား အနိစ္စပါဘုရား။

နာမ် ရုပ် ၂ ပါးတို့၏ အနိစ္စသဘော

ရုပ်တရား အနိစ္စ၊ နာမ်တရား အနိစ္စ၊ နာမ်ရုပ်နှစ်ပါး အနိစ္စ၊ ယခု ဖြစ်ပေါ်ပျက်စီးတဲ့ နာမ်ရုပ်အနိစ္စ။

မေး ။ ။ အတိတ်က နာမ်ရုပ်တွေကော။
ဖြေ ။ ။ အနိစ္စပါဘုရား။
မေး ။ ။ အနာဂတ်နာမ်ရုပ်တွေကော။
ဖြေ ။ ။ အနိစ္စပါဘုရား။
မေး ။ ။ အစ္ဆတ္တနာမ်ရုပ်တွေကော။
ဖြေ ။ ။ အနိစ္စပါဘုရား။

http://www.dhammadownload.com

မေး ။ ။ ဗဟိဒ္ဓနာမ်ရုပ်တွေကော။
ဖြေ ။ ။ အနိစ္စပါဘုရား။
မေး ။ ။ ဘာကြောင့် အနိစ္စလဲ။
ဖြေ ။ ။ နာမ်ရုပ်တို့သည် ဖြစ်ပေါ် ပျက်စီးခြင်း သဘောကြောင့် အနိစ္စပါဘုရား။ နာမ်ရုပ်တို့သည် ကုန်ဆုံးတတ်သော သဘောကြောင့်လည်း အနိစ္စပါဘုရား။
မေး ။ ။ အနိစ္စရှုတော့ အနိစ္စမမြင်ဘူးလား။
ဖြေ ။ ။ မြင်ပါတယ်ဘုရား။
အနိစ္စမြင် တိရဏပရိညာ။

အဖို့ ၂ ပါးမှ လွတ်၍ သမ္မာဒိဋ္ဌိ ဖြစ်လာပုံ

မေး ။ ။ အနိစ္စတရားကို အနိစ္စလို့မြင်တဲ့အမြင်ဟာ ကောင်းတဲ့ အမြင်လား၊ မကောင်းတဲ့အမြင်လား။
ဖြေ ။ ။ ကောင်းတဲ့အမြင်ပါဘုရား။
ကောင်းတဲ့အမြင်သမ္မာဒိဋ္ဌိ။
မေး ။ ။ အနိစ္စမြင်တဲ့ သမ္မာဒိဋ္ဌိ ဖြစ်ပေါ်တော့ အနိစ္စကို မမြင်တဲ့ အဝိဇ္ဇာ၊ ထို အဝိဇ္ဇာနှင့် တဒေကဋ္ဌ ဖြစ်ကြတဲ့ ကိလေသာတွေ ဖြစ်ပေါ်မှုရရဲ့လား။
ဖြေ ။ ။ မရပါဘုရား။
မေး ။ ။ မြင် သမ္မာဒိဋ္ဌိသည် မမြင်တတ်တဲ့အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာနှင့် တဒေကဋ္ဌ ဖြစ်ကြတဲ့ ကိလေသာတွေကို မသတ်ဘူးလား။
ဖြေ ။ ။ သတ်ပါတယ်ဘုရား။
မေး ။ ။ အနိစ္စတည်းဟူသော ဟုတ်မှန်သော အာရုံသို့ မြင်သောအားဖြင့် မရောက်ဘူးလား။
ဖြေ ။ ။ ရောက်ပါတယ်ဘုရား။
အနိစ္စမြင် သမ္မာဒိဋ္ဌိသည် အနိစ္စကို မမြင်တတ်သော အဝိဇ္ဇာ၊ ထိုအဝိဇ္ဇာနှင့် တဒေကဋ္ဌဖြစ်သော ကိလေသာတို့က သတ်တတ်သောကြောင့် "မ" အနိစ္စတည်းဟူသော ဟုတ်မှန်သော အာရုံသို့ အာရုံပြု၍ မြင်သောအားဖြင့် ရောက်တတ်လို့ "ဂ" သမ္မာဒိဋ္ဌိမဂ္ဂ။
မေး ။ ။ တစ်ခါရှုတော့ တစ်ခါမမြင်ဘူးလား။
ဖြေ ။ ။ မြင်ပါတယ်ဘုရား။
တစ်ခါမြင် တစ်ခါပွား။
မေး ။ ။ ထပ်ကာထပ်ကာရှုတော့ ထပ်ကာထပ်ကာ မမြင်ဘူးလား။
ဖြေ ။ ။ မြင်ပါတယ်ဘုရား။
ထပ်ကာထပ်ကာမြင်၊ ထပ်ကာထပ်ကာပွား၊ ပွား "ဘာဝနာ သမ္မာဒိဋ္ဌိ မဂ္ဂဘာဝနာ၊ သမ္မာဒိဋ္ဌိ မဂ္ဂဘာဝနာသည် လောကုတ္တရာ သမ္မာဒိဋ္ဌိ မဂ္ဂဘာဝနာမဟုတ်၊ အနိစ္စလောကီ ဒုက္ခသစ္စာ အာရုံနှင့် ဖြစ်ပေါ်သဖြင့် လောကီဝိပဿနာ ပုဗ္ဗဘာဂ မဂ္ဂဘာဝနာ။
မေး ။ ။ အနိစ္စလို့မြင်တော့ လောဘတည်းဟူသော ကာမသုခလွှဲကာန– ယောဂအဖို့ တရားတစ်ပါးပေါ်မှုရရဲ့လား။
ဖြေ ။ ။ မရပါဘုရား။
မေး ။ ။ အနိစ္စလို့မြင်တော့ ဒေါသ၊ ဝိဘဝဒိဋ္ဌိတည်းဟူသော အတ္တကိလမထာနုယောဂအဖို့ တရားတစ်ပါးသော ပေါ်မှုရရဲ့လား။
ဖြေ ။ ။ မရပါဘုရား။
မေး ။ ။ အနိစ္စလို့မြင်တော့ ဒေါသ၊ ဝိဘဝဒိဋ္ဌိတည်းဟူသော အတ္တကိလမထာနုယောဂအဖို့ တရားတစ်ပါးပေါ်မှုရရဲ့လား။
ဖြေ ။ ။ မရပါဘုရား။
မေး ။ ။ အဖို့တရားနှစ်ပါးတို့မှ မစင်ကြယ်ဘူးလား။
ဖြေ ။ ။ စင်ကြယ်ပါတယ်ဘုရား။
မေး ။ ။ အဖို့တရားနှစ်ပါးတို့၏ အလယ်မှာ မဖြစ်ဘူးလား။

http://www.dhammadownload.com

ဖြေ ။ ။ ဖြစ်ပါတယ်ဘုရား။
အဖို့တရားနှစ်ပါးတို့၏ အလယ်မှာ ဖြစ်လို့ "မဇ္ဈိမာ"

မေး ။ ။ သံသရာဝဋ်မှ ကျွတ်လို့ လတ်လို ထွက်မြောက်လိုသော ပုဂ္ဂိုလ်တို့သည် အနိစ္စလို့ မရှုလျှင် ကျွတ်မလား။

ဖြေ ။ ။ မကျွတ်ပါဘုရား။

မေး ။ ။ အနိစ္စလို့မရှုလျှင် လွတ်မလား။

ဖြေ ။ ။ မလွတ်ပါဘုရား။
သံသရာဝဋ်မှ လွတ်လိုကျွတ်လို ထွက်မြောက်လိုသော ပုဂ္ဂိုလ်တို့သည် အနိစ္စလို့ ရှုသောအားဖြင့် ကျင့်ကြံအပ်သောကြောင့် "ပဋိပဒါ" မဇ္ဈိမ ပဋိပဒါ။

မေး ။ ။ အနိစ္စလို့ ရှုတိုင်း ရှုတိုင်း ဤသမ္မာဒိဋ္ဌိ မဂ္ဂင်္ဂဝဏာ မဇ္ဈိမပဋိပဒါ အကျင့်ကို ကျင့်ကြံအားထုတ်နေတာ မဟုတ်ဘူးလား။

ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။
ကြွင်းသော မဂ္ဂင်တို့ကိုလည်း ၎င်းနည်းအတိုင်း သိပါ။

သမ္မာသင်္ကပ္ပဖြစ်လာပုံ

မေး ။ ။ အနိစ္စမြင်ခိုက် အနိစ္စမကြိုက်စည်ဘူးလား။

ဖြေ ။ ။ ကြိုက်စည်ပါတယ်ဘုရား။
ကြိုက် သမ္မာသင်္ကပ္ပ။

သမ္မာဝါစာ ဖြစ်လာပုံ

မေး ။ ။ အနိစ္စမြင်ခိုက် ဝစီဒုစရိုက် ကျူးလွန်မှု ရှိသလား။

ဖြေ ။ ။ မရှိပါဘုရား။

မေး ။ ။ နှုတ်မစင်ကြယ်ဘူးလား။

ဖြေ ။ ။ စင်ကြယ်ပါတယ်ဘုရား။
နှုတ်စင် သမ္မာဝါစာ။

သမ္မာကမ္မန္တ ဖြစ်လာပုံ

မေး ။ ။ အနိစ္စမြင်ခိုက် ကာယဒုစရိုက် ကျူးလွန်မှု ရှိသလား။

ဖြေ ။ ။ မရှိပါဘုရား။

မေး ။ ။ နှုတ်မစင်ကြယ်ဘူးလား။

ဖြေ ။ ။ စင်ကြယ်ပါတယ်ဘုရား။
နှုတ်စင် သမ္မာကမ္မန္တ။

သမ္မာအာဇီဝ ဖြစ်လာပုံ

မေး ။ ။ အနိစ္စမြင်ခိုက် အသက်မွေးမှု အကြောင်းကြောင့် ကာယဒုစရိုက် ဝစီဒုစရိုက် ကျူးလွန်မှုရှိသလား။

ဖြေ ။ ။ မရှိပါဘုရား။

မေး ။ ။ အသက်မွေး မစင်ကြယ်ဘူးလား။

ဖြေ ။ ။ စင်ကြယ်ပါတယ် ဘုရား။
အသက်မွေးစင် သမ္မာအာဇီဝ။

သမ္မာဝါယာမ ဖြစ်လာပုံ

မေး ။ ။ အနိစ္စလို့ အားမထုတ်ဘူးလား။

ဖြေ ။ ။ အားထုတ်ပါတယ်ဘုရား။
အားထုတ် သမ္မာဝါယာမ။

သမ္မာသတိ ဖြစ်လာပုံ

မေး ။ ။ အနိစ္စလို့ မတွေးဘူးလား။

ဖြေ ။ ။ တွေးပါတယ်ဘုရား။
တွေးသမ္မာသတိ။

သမ္မာသမာဓိ ဖြစ်လာပုံ

မေး ။ ။ အနိစ္စမှာ စိတ်မရောက်ဘူးလား။

ဖြေ ။ ။ စိတ်ရောက်ပါတယ်ဘုရား။
စိတ်ရောက်သည် သမ္မာသမာဓိ။

http://www.dhammadownload.com

မဇ္ဈိမာ ပဋိပဒါ အကျင့် ဖြစ်လာပုံ

မေး ။ ။ အနိစ္စကို မြင်ခိုက် နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာအလို မဂ္ဂင်ရှစ်ပါး၊ အဋ္ဌသာလိနီ အဋ္ဌကထာအလို မဂ္ဂင်ငါးပါး၊ ဤမဂ္ဂင်ရှစ်ပါး၊ မဂ္ဂင်ငါးပါး မဇ္ဈိမပဋိပဒါ အကျင့်ကို ကျင့်ကြံနေတာ မဟုတ် ဘူးလား။

ဖြေ ။ ။ ဟုတ်ပါတယ်ဘုရား။

အနိစ္စဉာဏ်၏ ကိလေသဝင့်ကို ပယ်ပုံနှင့် ဝိပလ္လာသမှ ကွာပုံ

မေး ။ ။ သံသရာ အဆက်ဆက်၊ ကမ္ဘာအဆက်ဆက်က အဝိဇ္ဇာသည် နာမ် ရုပ် အနိစ္စလို့ သိသလား။

ဖြေ ။ ။ မသိပါဘုရား။

မေး ။ ။ နာမ်ရုပ်အနိစ္စက လူ-နတ်နိစ္စလို့ မသိဘူးလား။

ဖြေ ။ ။ သိပါတယ်ဘုရား။

မေး ။ ။ တဏှာသည် နာမ်ရုပ်အနိစ္စကို လူနတ်နိစ္စလို့ မလိုချင်ဘူးလား။

ဖြေ ။ ။ လိုချင်ပါတယ်ဘုရား။

မေး ။ ။ ဥပါဒါန်သည် နာမ်ရုပ်အနိစ္စကို လူနတ်နိစ္စလို့ ပြင်းစွာစွဲလမ်း၍ မယူဘူးလား။

ဖြေ ။ ။ ယူပါတယ်ဘုရား။

မေး ။ ။ နာမ်ရုပ် အနိစ္စလို့ သိမြင်တဲ့ ဝိပဿနာဉာဏ်သည် လူနတ် နိစ္စလို့သိတဲ့ လိုချင်တဲ့ ပြင်းစွာစွဲလမ်း၍ ယူတဲ့ ကိလေသဝဋ်တွေ မပယ်ဘူးလား။

ဖြေ ။ ။ ပယ်ပါတယ်ဘုရား။

မေး ။ ။ အနိစ္စတရားကို ရှုလို့ အနိစ္စကို မြင်ဖန်များလျှင် နိစ္စအမြင် ဖြစ်ပေါ်မှုရမလား။

ဖြေ ။ ။ မရပါဘုရား။

မေး ။ ။ နိစ္စအမှတ် ဖြစ်ပေါ်မှု ရမလား။

ဖြေ ။ ။ မရပါဘုရား။

မေး ။ ။ နိစ္စအသိ ဖြစ်ပေါ်မှု ရမလား။

ဖြေ ။ ။ မရပါဘုရား။

မေး ။ ။ အနိစ္စတရားကို နိစ္စလို့ မြင်တဲ့အမြင်ဟာ မှန်ကန်တဲ့ အမြင်လား။ ချွတ်လွဲဖောက်ပြန်တဲ့ မမှန်ကန်တဲ့ အမြင်လား။

ဖြေ ။ ။ ချွတ်လွဲဖောက်ပြန် မမှန်ကန်တဲ့ အမြင်ပါဘုရား။

အနိစ္စတရားကို နိစ္စလို့ မြင်တဲ့အမြင်၊ ချွတ်လွဲဖောက်ပြန် မမှန်ကန်တဲ့အမြင် ဒိဋ္ဌိဝိပ္ပလ္လာသ။

အနိစ္စတရားကို နိစ္စလို့ မှတ်တဲ့အမှတ်၊ ချွတ်လွဲဖောက်ပြန် မမှန်မကန်တဲ့ အမှတ် သညာဝိပ္ပလ္လာသ။

အနိစ္စတရားကို နိစ္စလို့သိတဲ့အသိ၊ ချွတ်လွဲဖောက်ပြန် မမှန်မကန်တဲ့ အသိ စိတ္တဝိပ္ပလ္လာသ။

မေး ။ ။ ထိုဝိပ္ပလ္လာသ သုံးပါးတို့ကိုပယ်ပြီး အနိစ္စလို့ မမြင်ဘူးလား။

ဖြေ ။ ။ မြင်ပါတယ် ဘုရား။

ဝိပ္ပလ္လာသတို့ကို ပယ်၍ အနိစ္စလို့ မြင်တဲ့ အမြင် ပဟာနပရိညာ။

နာမ်ရုပ်တို့၏ ဒုက္ခဖြစ်ပုံ

မေး ။ ။ အနိစ္စဖြစ်သော နာမ်ရုပ်တရားသည် ဖြစ်ခိုက် ဇာတိဖြစ်ခြင်းဘေးနဲ့ မတွေ့ဘူးလား။

ဖြေ ။ ။ တွေ့ပါတယ်ဘုရား။

မေး ။ ။ ရင့်ခိုက် ဇရာရင့်ခြင်းဘေးနှင့် မတွေ့ဘူးလား။

ဖြေ ။ ။ တွေ့ပါတယ်ဘုရား။

မေး ။ ။ ပျက်ခိုက် မရဏပျက်ခြင်းဘေးနှင့် မတွေ့ဘူးလား။

ဖြေ ။ ။ တွေ့ပါတယ်ဘုရား။

မေး ။ ။ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းတို့၏ မပြတ်

http://www.dhammadownload.com

ညှင်းပန်းခြင်းကို မခံရဘူးလား။

ဖြေ ။ ။ ခံရပါတယ်ဘုရား။

မေး ။ ။ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း ဘေးသုံးပါး နှင့်စပ်သော နာမ်ရုပ်တို့သည် လောကဌ် ရှိကြသော အနာရောဂါဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ ဓားဘေး၊ လုံဘေး၊ သေနတ်ဘေး–ဘေးအပေါင်း ဒဏ်အပေါင်းတို့နှင့် မတွေ့ဘူးလား။

ဖြေ ။ ။ တွေ့ပါတယ်ဘုရား။

မေး ။ ။ ဘေးအပေါင်း ဒဏ်အပေါင်းတို့နှင့် တွေ့လျှင် သက်သာမလား။

ဖြေ ။ ။ မသက်သာပါဘုရား။

မေး ။ ။ မသက်သာလျှင် သုခလား၊ ဒုက္ခလား။

ဖြေ ။ ။ ဒုက္ခပါဘုရား။

မေး ။ ။ ဓားဘေး၊ လုံဘေး၊ စသည်တို့က လွတ်သော်လည်း ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း ဘေးသုံးပါးတို့က လွတ်ပါ့မလား။

ဖြေ ။ ။ မလွတ်ပါဘုရား။

မေး ။ ။ နာမ်ရုပ်တို့သည် ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း ဘေးတို့၏ မပြတ် ညှဉ်းပန်းခြင်းကို ခံရလျှင် သက်သာမလား။

ဖြေ ။ ။ မသက်သာပါဘုရား။

မေး ။ ။ မသက်သာလျှင် သုခလား၊ ဒုက္ခလား။

ဖြေ ။ ။ ဒုက္ခပါဘုရား။

မေး ။ ။ ဒုက္ခလို့ရှုလျှင် ဒုက္ခလို့ မမြင်ဘူးလား။

ဖြေ ။ ။ မြင်ပါတယ်ဘုရား။
ဒုက္ခလို့မြင် တီရဏပရိညာ။

ဒုက္ခဉာဏ်၏ ကိလေသဝင်္ကိုပယ်ပုံနှင့် ဝိပဿနာသမု ကွယ်ပုံ

မေး ။ ။ ဒုက္ခကိုရှုလို့ ဒုက္ခလို့ မြင်လျှင် နာမ်ရုပ် ဒုက္ခကို လူနတ်ချမ်းသာလို့ သိတဲ့အဝိဇ္ဇာ၊ လူ နတ် ချမ်းသာလို့ လိုချင်တဲ့တဏှာ၊ လူ နတ်ချမ်းသာလို့ ပြင်းစွာ စွဲလမ်း၍ ယူတဲ့ ဥပါဒါန် ကိလေသဝင်္ကိုပေါ်မှုရမလား။

ဖြေ ။ ။ မရပါဘုရား။

မေး ။ ။ ဝိပဿနာဉာဏ်သည် ကိလေသဝင်္ကိုကို မပယ်ဘူးလား။

ဖြေ ။ ။ ပယ်ပါတယ်ဘုရား။

မေး ။ ။ နာမ်ရုပ် ဒုက္ခကို နာမ်ရုပ်ဒုက္ခလို့ ရှုလို့ နာမ်ရုပ်ဒုက္ခလို့ မြင်ဖန်များလျှင် လူနတ်သုခလို့ မြင်တဲ့အမြင်၊ လူနတ်သုခလို့မှတ်တဲ့ အမှတ်၊ လူနတ်သုခလို့ သိတဲ့အသိ၊ ဝိပွလ္လာသသုံးပါး ဖြစ်ပေါ်မှု ရမလား။

ဖြေ ။ ။ မရပါဘုရား။

မေး ။ ။ ဝိပွလ္လာတွေကို မပယ်ဘူးလား။

ဖြေ ။ ။ ပယ်ပါတယ်ဘုရား။

မေး ။ ။ ဝိပွလ္လာတွေကို ပယ်ပြီး ဒုက္ခလို့ ပိုင်းခြားမမြင်ဘူးလား။

ဖြေ ။ ။ မြင်ပါတယ်ဘုရား။
ဝိပွလ္လာသတွေကိုပယ်ပြီး ဒုက္ခလို့ ပိုင်းခြားမြင် ပဟာနပရိညာ။

နာမ်ရုပ်တို့၏ အနတ္တဖြစ်ပုံ

မေး ။ ။ ဒုက္ခဖြစ်နေသော နာမ်ရုပ်တရားတို့ကို ဒုက္ခမဖြစ်ရအောင် ဖြစ်ခိုက်မှာတားထား၊ ဌီအခိုက်သို့ မရောက်စေနဲ့၊ ရသလား။

ဖြေ ။ ။ မရပါဘုရား။

မေး ။ ။ ဌီအခိုက်သို့ ရောက်မသွားဘူးလား။

ဖြေ ။ ။ ရောက်သွားပါတယ်ဘုရား။

မေး ။ ။ ဌီအခိုက်သို့ ရောက်လာတဲ့ နာမ်ရုပ်တို့ကို ဌီအခိုက်၌ ရင့်ရော် မသွားစေနဲ့ ရသလား။

ဖြေ ။ ။ မရပါဘုရား။

မေး ။ ။ ရင့်ရော်တဲ့ နာမ်ရုပ်တရားတို့ကို ပျက် မသွားစေနဲ့၊ ရသလား။

ဖြေ ။ ။ မရပါဘုရား။

http://www.dhammadownload.com

မေး ။ ။ မိမိအလိုသို့ လိုက်သလား။
ဖြေ ။ ။ မလိုက်ပါဘုရား။
မေး ။ ။ စိုးပိုင်တဲ့တရားလား
ဖြေ ။ ။ မဟုတ်ပါဘုရား။
မေး ။ ။ အစိုးမရ၊ အလိုမလိုက်တဲ့ တရားတွေ အတွက်လား၊ အနတ္တလား။
ဖြေ ။ ။ အနတ္တပါဘုရား။
မေး ။ ။ အနတ္တရှုတော့ အနတ္တမမြင်ဘူးလား။
ဖြေ ။ ။ မြင်ပါတယ်ဘုရား။
အနတ္တမြင် တီရဏပရိညာ။

အနတ္တဉာဏ်၏ ကိလေသဝဋ်ကို ပယ်ပုံနှင့် ဝိပွလ္လာသမှ ကွာပုံ

မေး ။ ။ အနတ္တမြင်တိုင်း ငါပိုင်တယ်၊ ငါ့အလို လိုက်တယ်၊ ငါ့ဥစ္စာလို့ သိတဲ့ အဝိဇ္ဇာ၊ လိုချင်တဲ့တဏှာ၊ ပြင်းစွာစွဲလမ်း၍ယူတဲ့ ဥပါဒါန် ကိလေသဝဋ် ၃ပါမှုရမလား။
ဖြေ ။ ။ မရပါဘုရား။
မေး ။ ။ အနတ္တဝိပဿနာဉာဏ်သည် ကိလေသဝဋ်ကို မပယ်ဘူးလား။
ဖြေ ။ ။ ပယ်ပါတယ်ဘုရား။
မေး ။ ။ အနတ္တကို မြင်ဖန်များလျှင် အတ္တအမြင်၊ အတ္တအမုတ်၊ အတ္တ အသိ ဝိပွလ္လာသသုံးပါးပေါ်မှုရမလား။
ဖြေ ။ ။ မရပါဘုရား။
မေး ။ ။ ဝိပွလ္လာသတွေ မပယ်ဘူးလား။
ဖြေ ။ ။ ပယ်ပါတယ်ဘုရား။
မေး ။ ။ ဝိပွလ္လာသတွေကို ပယ်ပြီး အနတ္တလို့ ပိုင်းခြား မမြင်ဘူးလား။
ဖြေ ။ ။ မြင်ပါတယ်ဘုရား။
ဝိပွလ္လာသတွေကိုပယ်ပြီး အနတ္တလို့ ပိုင်းခြားမြင် ပဟာနပရိညာ။

သစ္စာလေးပါးကိုမြင်၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်ပုံ

(က) အားထုတ်ဖန်များ၊ ရှုဖန်များ၍ အကြင် အခါ ဧကန်မြင်၊ ထင်ထင် လင်းလင်းမြင် ခြင်းဖြင့် မျက်မှောက်ပြုမှုကိစ္စ။
(ခ) ဒုက္ခသစ္စာတရားကို ပိုင်း၍ သိခြင်းကိစ္စ။
(ဂ) သမုဒယသစ္စာတရားကို ပယ်ဆဲလည်း ဖြစ်၍ ထို ပယ်ဆဲ သမုဒယသစ္စာတရားကို မတွေ့မဝေ အသမ္မောဟကိစ္စဖြင့်သိဆဲကိစ္စ။
(ဃ) နိဗ္ဗာန်ကို မြင်ဆဲဖြစ်သော မဂ်ကိုလည်း ဘာဝနာပွားဆဲဖြင့် မတွေ့မဝေ အသမ္မောဟကိစ္စဖြင့် သိဆဲကိစ္စတို့ကို ပြီးစေလျက် သစ္စာလေးချက်ကို တစ်ပြိုင်နက် ထိုးထွင်းသိ၍ ဖြစ်ပေါ်လာ၏။ ထို လောကုတ္တရာမဂ်ဉာဏ်မြင်နှင့်အတူ ထိုနိဗ္ဗာန်ကို ထင်ထင်လင်းလင်း အာရုံပြုကြ၍ ကြဲ၊ နှုတ်စင်၊ ကိုယ်စင်၊ အသက်မွေး စင်၊ အားထုတ်တွေးတည် မဂ္ဂင်တရားတို့သည်လည်း ဖြစ်ပေါ်၍ လာကြကုန်၏။ ထိုမဂ်သည် ပထမသောတာပတ္တိမဂ်၊ ထို့နောက် နိဗ္ဗာန်ကို အာရုံပြု၍ ဖိုလ်နှစ်ကြိမ်သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက်ဘဝဋ္ဌ ပစ္စဝေက္ခဏာဇောတို့ ဖြစ်၍ ချုပ်ကြကုန်၏။ ထိုပုဂ္ဂိုလ်သည် သောတာပန်ပုဂ္ဂိုလ်မည်၏။ ထို့နောက် အားထုတ်ဖန်များ၍ ဒုတိယအကြိမ်၌ နိဗ္ဗာန်ကို ဧကန်မြင် သကဒါဂါမိမဂ်။ ထို့နောက် နိဗ္ဗာန်အာရုံပြု၍ ဖိုလ်နှစ်ကြိမ်သုံးကြိမ်၊ အားထုတ်ဖန်များ၍ တတိယအကြိမ်၌ နိဗ္ဗာန်ကို ဧကန်မြင် အနာဂါမိမဂ်၊ ထို့နောက် ဖိုလ်နှစ်ကြိမ် သုံးကြိမ်၊ စတုတ္ထအကြိမ်၌ နိဗ္ဗာန်ကို ဧကန်မြင် အရဟတ္တမဂ်။ ထို့နောက် ဖိုလ်နှစ်ကြိမ်သုံးကြိမ်ဖြစ်၍ ချုပ်၏။

http://www.dhammadownload.com

မေး ။ ။ မင်္ဂလေးတန်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ ရောက်လို့ ရဟန္တာဖြစ်တော့ ကိလေသဝဋ်တွေ ချုပ်-ကုန်-ငြိမ်း မသွားဘူးလား။

ဖြေ ။ ။ ချုပ်-ကုန်-ငြိမ်း သွားပါတယ်ဘုရား။

မေး ။ ။ ကျန်သေးသလား။

ဖြေ ။ ။ မကျန်တော့ပါဘုရား။

မေး ။ ။ ဒါဖြင့် ရဟန္တာခန္ဓာ၌ ကိလေသဝဋ်ရှိသေးသလား။

ဖြေ ။ ။ ကိလေသဝဋ် မရှိတော့ပါဘုရား။

မေး ။ ။ မရှိတဲ့ တရားသည် ရှိတဲ့တရားလား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ ဒါဖြင့် ကိလေသဝဋ် မရှိမှုသည် နိဗ္ဗာန်၏ ရှိမှုလား။

ဖြေ ။ ။ မဟုတ်ပါဘုရား။

မေး ။ ။ ကိလေသဝဋ် ကုန်မှု၊ ငြိမ်းမှု၊ ချုပ်မှု၊ မရှိမှုသည် နိဗ္ဗာန်ရှိမှုမဟုတ်လျှင် ဘာဟုတ်သလဲ။

ဖြေ ။ ။ ကိလေသဝဋ်၏ ကုန်မှု၊ ငြိမ်းမှု၊ ချုပ်မှု၊ မရှိမှုသည် ဘာမျှမရှိသော အဘာဝပါဘုရား။

အကျယ်ကိုလိုလျှင် သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ၎င်းအဋ္ဌကထာ၏ မူလ-အနုမဒ္ဒီကာတို့၌ ယူပါလေ။

မေး ။ ။ ကိလေသဝဋ် ချုပ်တော့ ငြိမ်းတော့ ကမ္မဝဋ် ချုပ်ငြိမ်းမသွားဘူးလား။

ဖြေ ။ ။ ချုပ်ငြိမ်းသွားပါတယ်ဘုရား။

မေး ။ ။ ကမ္မဝဋ်ငြိမ်းတော့ ပရိနိဗ္ဗာန်ပြုသည်ဟု ခေါ်ဆိုအပ်သော စုတိ၏ အခြားမဲ့၌ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဝိပါကဝဋ်တွေ ပေါ်မှုရှိသေးလား။

ဖြေ ။ ။ မရှိတော့ပါဘုရား။

မေး ။ ။ မငြိမ်းဘူးလား။

ဖြေ ။ ။ ငြိမ်းပါတယ်ဘုရား။

မေး ။ ။ သန်တမှာ ငြိမ်းသလား၊ အသန်တမှာ ငြိမ်းသလား။

ဖြေ ။ ။ သန်တမှာ ငြိမ်းပါတယ်ဘုရား။

မေး ။ ။ မင်္ဂလေးတန်ဖြင့် နိဗ္ဗာန်ကို မမြင်လျှင် ငြိမ်းမလား။

ဖြေ ။ ။ မငြိမ်းပါဘုရား။

မေး ။ ။ မင်္ဂလေးတန်ဖြင့် နိဗ္ဗာန်ကိုမြင်တော့ မငြိမ်းဘူးလား။

ဖြေ ။ ။ ငြိမ်းပါတယ်ဘုရား။

မေး ။ ။ နိဗ္ဗာန်သည် ကိလေသ၊ ကမ္မ၊ ဝိပါကဝဋ် သုံးပါးတို့၏ ငြိမ်းကြောင်းတရား မမှန်ဘူးလား။

ဖြေ ။ ။ မှန်ပါတယ်ဘုရား။

သန္တိလက္ခဏ နိဗ္ဗာန်။ နိဗ္ဗာန်၊ နိဗ္ဗာန်သည်။ သန္တိလက္ခဏ၊ ငြိမ်းကြောင်းဟူသော မှတ်ကြောင်း လက္ခဏာရှိ၏။

မေး ။ ။ သန်တက ကမ္ဘာပေါင်း ဘယ်လောက်ပဲ ပျက်ပျက်၊ နာမ်ရုပ်တွေ ဘယ်လောက်ပျက်ပျက် သန်တစ်ဖက်၌ရှိသော နိဗ္ဗာန်ပရမတ်သည် မိမိ၏သဘောမှ ရွေ့လျောသလား။

ဖြေ ။ ။ မရွေ့လျောပါဘုရား။

အစ္စုတိရသံ နိဗ္ဗာန်။ နိဗ္ဗာန်၊ နိဗ္ဗာန်သည်။ အစ္စုတိရသံ၊ မရွေ့လျောခြင်းနှင့် ပြည့်စုံ၏။

ယခုဟောပြအပ်သော နည်းအတိုင်းအား ထုတ်ကြ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြစေကုန်သတည်း။

ဆရာတော်ဦးတိက္ခိန္ဒြိယ၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

လယ်တီ ဦးနန္ဒိယ(သဲဖြူ)ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၄၁-)

ဝိပဿနာဒီပနီကျမ်းကို ပြုစုရေးသားတော်မူခဲ့သော လယ်တီဦးနန္ဒိယ ဆရာတော်၏ ထေရုပ္ပတ္တိကို ရှာဖွေရာ တိကျသေချာစွာ မသိရသေးပေ၊ ဤ ဝိပဿနာဒီပနီကျမ်း၏ ပဏာမနှင့် နိဂုံးစာသားအတွင်း၌-

ဘားအံမြို့ ကျောင်းဆရာ မောင်အောင်ဘက တောင်းပန်၍ သိက္ခာ ဝါတော် ရှစ်ဝါအရ၌ ရေးသားသော "ဝိပဿနာဒီပနီ အမည်ရှိသော ကျမ်းကို ၁၂၆၈ ခု တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့တွင် အပြီးသတ်သတည်း"ဟု ဖော်ပြထားသည်။

ဤသို့ မပြည့်စုံသော အတ္ထုပ္ပတ္တိကို ဖြည့်စွက်ရန် လေ့လာရှာဖွေရာ လယ်တီဦးလှပိုင် ရေးသားပြုစုသော "လယ်တီဂန္ဆဝင်ကျော်များသမိုင်း" စာအုပ်ကို တွေ့ရှိရပေသည်။ ထိုစာအုပ်၌ လယ်တီဆရာတော်၏ တပည့်ကြီးများ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ဖော်ပြထားရာ ဆရာတော် ဦးနန္ဒိယ ဘွဲ့အမည်ချင်းတူသော ဆရာတော်နှစ်ပါးအကြောင်းကို တွေ့ရပေသည်။

အမရပူရမြို့ တူမောင်းတိုက် နာယက စာချဆရာတော် ဦးနန္ဒိယနှင့် သဲဖြူတောရ ဆရာတော် ဦးနန္ဒိယဟူ၍ နှစ်ပါးရှိရာ၊ တူမောင်းတိုက် နာယက ဆရာတော် ဦးနန္ဒိယမှာ ညဝါပို့ချရာ၌ နာမည်ကျော်ကြား၍ "ဆန်းပတ္ထာရ အကျယ်ကျမ်း" နှင့် "ညဝါသင်နည်း နိဿရည်းကျမ်းကြီး" တို့ကို ရေးသားပြုစုခဲ့ကြောင်း ဖော်ပြထားပေသည်။

သဲဖြူတောရဆရာတော် ဦးနန္ဒိယမှာ "နိဗ္ဗာနမဂ္ဂဒီပနီ"၊ "ဝိပဿနာ ကဗျာ-၃၀ " နှင့် "ဝိပဿနာလက်စွဲအဖြေကျမ်း" တို့ကို ရေးသား ပြုစုခဲ့ကြောင်း ဖော်ပြထားပေသည်။

သို့ရာတွင် ထိုဆရာတော်နှစ်ပါး ပြုစုသော ကျမ်းစာရင်းထဲ၌... "ဤ ဝိပဿနာဒီပနီကျမ်း"ကို မတွေ့ရချေ။ ဤ "ဝိပဿနာဒီပနီကျမ်း"ကို ပြုစုသော လယ်တီဦးနန္ဒိယဆရာတော်ကား အဘယ်ဆရာတော် ဖြစ်လေသနည်း။

လယ်တီဆရာတော်ကြီး၏ တပည့်ကြီးများ စာရင်းတွင် ဦးနန္ဒိယ နှစ်ပါးသာရှိရာ ဤ "ဝိပဿနာဒီပနီကျမ်း" ပြု ဆရာတော်သည် ထိုနှစ်ပါးတွင် တစ်ပါးပါး ဖြစ်ရပေမည်။ တူမောင်းတိုက် နာယက ဆရာတော် ဦးနန္ဒိယမှာ စာပေပို့ချမှု၌ ဝါသနာထုံသော ပရိယတ္တိဆရာတော်ဖြစ်၍ ပြုစုခဲ့သော ကျမ်းများမှာလည်း ပရိယတ္တိဘက်ကသာ ဖြစ်ခြင်းတို့ကြောင့် ဤ "ဝိပဿနာ ဒီပနီကျမ်း" ပြု ပုဂ္ဂိုလ်မဖြစ်နိုင်ဟု ယူဆရပေသည်။

သဲဖြူတောရဆရာတော်ဟု ထင်ရှားသော လယ်တီဦးနန္ဒိယမှာမူ ဝိပဿနာကျမ်းစာများ ရေး

http://www.dhammadownload.com

သားခြင်း၊ ဝိပဿနာတရားများ ဟောပြောခြင်း၊ တောရဆောက်တည်၍ ဝိပဿနာတရားများကို ကိုယ်တိုင်ပွားများ အားထုတ်ခြင်း စသည်တို့ကို အလေ့အလာ ပြုတော်မူခဲ့သည်။

ထို့ကြောင့် "လယ်တီဂန္ဆဝင်ကျောင်းများသမိုင်း" စာအုပ်၌ သဲဖြူတောရ ဆရာတော်ဟု ထင်ရှားသော "လယ်တီ ဦးနန္ဒိယ" ပြုစုသော ကျမ်းများ စာရင်းတွင် ဤ "ဝိပဿနာဒီပနီ"ကို ဖော်ပြမထားသော်လည်း ဤကျမ်းကို ထိုဆရာတော်ဦးနန္ဒိယကပင် ရေးသားပြုစုခဲ့သည်ဟု ယူဆရမည် ဖြစ်ပါတော့သည်။

ထို့ကြောင့် ဤ "ဝိပဿနာဒီပနီ" ကျမ်းပြု ဆရာတော် ဦးနန္ဒိယ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ကို "လယ်တီဂန္ဆဝင်ကျောင်းများသမိုင်း" စာအုပ်မှလည်းကောင်း၊ ဤ "ဝိပဿနာဒီပနီကျမ်း" နိဒါန်း၊ နိဂုံးများမှလည်းကောင်း ထုတ်နုတ်၍ ရေးသားတင်ပြပါမည်။

လယ်တီဦးနန္ဒိယ မဟာထေရ်မြတ်သည် လောကီနယ်ကို ငြီးငွေ့တော်မူ၍ တောင်ဘသာ ပျော်မွေ့လေသည်။ ဆရာတော်သည် မိမိမွေးရပ်ဇာတိမြေနှင့် မိဘမည်ရည် မွေးသက္ကရာဇ်တို့ကို မိမိရေးသား ပြုစုသော ကျမ်းများ၌ ထည့်သွင်းဖော်ပြလေ့ မရှိ။

ဆရာတော်၏ ပြင်းထန်လှသော ဝိပဿနာ အကျင့်နှင့် တင်းမာလှသော ဣန္ဒြေတို့ကြောင့် မည်သည့် တပည့်ကမျှ ဆရာတော်၏ မွေးသက္ကရာဇ် စသည်တို့ကို မေးမြန်းစုံစမ်းခြင်း မပြုကြချေ။ အကယ်၍ မေးသော်လည်း အရေးထားပြီး ဖြေကြားနေမည် မဟုတ်ချေ။ သံသရာဘေးမှ လွတ်မြောက်ရန် အရေးကိုသာ ပဓာနပြုတော်မူသော တောရဆရာတော်အနေဖြင့် ဝိပဿနာလုပ်ငန်းကို အချိန်ပြည့် ကြိုးစားအားထုတ်ရန် စိတ်ဓောသန်၍ နေပေရာ အကျိုးမရှိ အနှစ်မဲ့သော စကားမျိုးကို ပြောဆိုလိုမည် မဟုတ်ပေ။

ထို့ကြောင့် ဆရာတော်၏ ဇာတိရပ်မြေ မျိုးရိုးတို့ကို မှတ်တမ်းမတင်နိုင်ခဲ့ကြပေ။ မွေးသက္ကရာဇ်မှာမူ ဤ "ဝိပဿနာဒီပနီကျမ်း" နိဂုံး၌ "၁၂၆၈-ခု၊ ရှစ်ဝါရ"ဟု ဖော်ပြထားချက်အရ ပဋိသန္ဓေလပါယူ၍ ပဋ္ဌင်းခံလျှင် မွေးသက္ကရာဇ် ၁၂၄၁-ခု ဖြစ်ရပေမည်။ ပဋိသန္ဓေလကိုမယူဘဲ ပဋ္ဌင်းခံခဲ့လျှင် မွေးသက္ကရာဇ် ၁၂၄၀-ပြည့်ဖြစ်ရမည်ဟု ခန့်မှန်းနိုင်ပါသည်။

ဦးနန္ဒိယ မဟာထေရ်မြတ်သည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ အန္တေဝါသိက တပည့်ရင်းတစ်ပါး ဖြစ်သည်။ ကျေးဇူးရှင် လယ်တီဆရာတော်ကြီးအထံတွင် ပိဋကတ်စာပေ ပညာရပ်များကို တတ်မြောက် ကုန်စင်အောင် သင်ယူခဲ့လေသည်။ ဆရာတော်ကြီးနှင့်အတူ တောရဆောက်တည်၍ ဝိပဿနာတရားအလုပ်ကို အားထုတ်ခဲ့သည်။

ဝိပဿနာ ပွားများ အားထုတ်နည်း၊ လေ့လာနည်း၊ ကျင့်ကြံနည်းများကို ဆရာတော်ကြီးထံမှ ဆရာ့နည်းကျကျ ခံယူကျင့်သုံးခဲ့သည်ဖြစ်၍ ဝိပဿနာဉာဏ်အမြင် သန့်လှပေသည်။ အရည်ဝါသီတောရဆောက်တည်သည့် ဝိပဿနာယောဂီအစစ်လည်း ဖြစ်ပေသည်။ ဝိပဿနာနယ်ပယ်တွင် ဤဆရာတော် ဦးနန္ဒိယကို မသိကြသူ ရှားပေသည်။ ဆရာတော် ဦးနန္ဒိယ၏ ကျင့်ကြံအားထုတ်နည်းနှင့် အဓိပ္ပာယ် အယူအဆများကို ကျေနပ်အားရသဖြင့် ဤဆရာတော်ထံ တပည့်ခံသူ များလှပေသည်။

ဆရာတော် ဦးနန္ဒိယသည် ကျေးဇူးရှင် လယ်တီဆရာတော်ကြီးထံမှ ပရိယတ်၊ ပဋိပတ်နည်း စုံအောင်ယူပြီးနောက် ဆရာတော်ကြီးထံမှ ဖဲခွာခဲ့ပြီးလျှင် အထက် အောက်မြန်မာပြည် အမြို့မြို့ အနယ်နယ်သို့ လှည့်ပတ် ကြွတော်မူ၍ တစ်တောဝင် တစ်တောင်ကျော် သစ်တစ်ပင်ရင်း ဝါးတစ်ပင်ရိပ် တစ်ပါးထီးတည်း တောရမိုးလျက် ဝိပဿနာလုပ်ငန်းကို ကြိုးပမ်း အားထုတ်တော်မူလေသည်။

http://www.dhammadownload.com

ထိုသို့ အနယ်နယ် အရပ်ရပ်သို့ လှည့်လည် အားထုတ်တော်မူစဉ် ၁၂၆၈-ခုနှစ်၌ "ဤဝိပဿနာဒီပနီကျမ်း" ကို ရေးသား စီရင်တော်မူရာ ထိုနှစ် တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့ ညဥ့်သန်း ခေါင်ယံအချိန်၌ ရေးသားစီရင်၍ အပြီးသတ်သည်။

၁၂၆၉-ခုနှစ်၌ "ဂွေးသုံးပင်" ရွာ တောရကျောင်း၌ သီတင်းသုံး ဝါကပ်တော်မူသည်။ ထိုရွာမှာ မုံရွာမြို့ အနောက်ဘက် သလွာဝတီမြစ်ကမ်း နဖူး၌ တည်ရှိသည်။ ထိုရွာမှ ကုလားလေးတာ အပြန် ငါးရာမျှဝေးသောအရပ်၌ ဆီး၊ ခဲ၊ ရှားစောင်း၊ ထနောင်း၊ ဆူးရစ်စေးပစ် တောချုံထူထပ်လှသဖြင့် လူသူအရောက်အပေါက်နည်းသော တောအုပ်ကြီး တစ်ခု ရှိလေသည်။ ထိုတောအုပ်အလယ်၌ ဝါးကပ်မိုး၊ ဝါးကပ်ကာသော စက်ုန်ကျောင်းငယ်တစ်ခုကို ဂွေးပင်ရွာနေ ဒါယကာဦးဘိုးခင်က ဆောက်လုပ်လှူဒါန်းလေသည်။

ထိုတောရကျောင်း၌ ဝါကပ်တော်မူစဉ် ကျောင်းဒါယကာဦးဘိုးခင်၏ လျှောက်ထား တောင်းပန်ချက်အရ "နိဗ္ဗာနမဂ္ဂဒီပနီ" အမည်ရှိသော ကျမ်းကို စီရင် ရေးသားခဲ့လေသည်။

၁၂၇၀-ပြည့်နှစ်၌ မြင်းခြံမြို့နယ် မြို့လှမြို့၏ မြောက်ဘက် မြေပေါက်ပင်ပျို စိမ်းစိုရွှင်လန်း ပန်းဇလတ္တာ မာလာအင်ကြင်း ထုံသင်းပျံ့မွှေးသာယာ ဗျော်မွေ့ဖွယ်ရာ ကောင်းလှသော သဲဖြူချောင်း၏ အနီး၌ မြို့လှသူကြီးမင်းနှင့် ဦးဘိုးလှစသော ဒါယကာအပေါင်း သစ်ခေါင်းကတော် မယ်ရွှေအိမ်တို့ ဆောက်လုပ်လှူဒါန်းအပ်သော တောရကျောင်းဝယ် သီတင်းသုံးတော်မူသည်။

ထို "သဲဖြူ လယ်တီတောရကျောင်း၌" သီတင်းသုံးနေစဉ် ၁၂၇၀-ပြည့်နှစ်၊ တော်သလင်းလက "ဝိပဿနာကဗျာ ၃၀-ဆောင်ပုဒ်လင်္ကာ" တို့ကို ရေးသားခဲ့လေသည်။ ထိုကဗျာများမှာ ထိုခေတ်က ဝိပဿနာတရား လိုက်စားသူတိုင်း အရကျက်ကြသဖြင့် ဝိပဿနာသမားတိုင်း၏ နှုတ်ဖျား၌ ရေပန်းစားလျက် ရှိလေသည်။

ထိုကဗျာသုံးဆယ်၏ အဖြေကျမ်းကိုလည်း သဲဖြူတောရ၌ သီတင်းသုံးနေစဉ် ဆရာတော် ဦးနန္ဒိယမဟာထေရ်မြတ်ပင် စီရင်ရေးသားခဲ့လေသည်။ "ဝိပဿနာလက်စွဲအဖြေကျမ်း"ဟု အမည်တွင်လေသည်။

ဤမျှဖြင့် "ဝိပဿနာဒီပနီ" ကျမ်းပြုဆရာတော် လယ်တီဦးနန္ဒိယ၏ ထေရုပ္ပတ္တိကို မပြည့်မစုံဖြင့် ရေးသားလိုက်ရပေသည်။

[လယ်တီဦးနန္ဒိယ၏ ဝိပဿနာဒီပနီကျမ်း ၁၉၇၁-ခုနှစ် နှင့်၊ သာသနာရေးဦးစီးဌာနထုတ် စာအုပ်မှ ထုတ်နုတ်ဖော်ပြပါသည်။]

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် လယ်တီ ဦးနန္ဒိယ(သဲဖြူ)ဆရာတော်ဘုရားကြီး၏ သြဝါဒတော်

အထူးသတိထားရန်

ဘုရားသာသနာ၊ ယခုအခါ၊ ဆရာနိဿရည်း၊ လိုရာမှီး၍၊ အသီးသီးကျင့်ကြ၊ သီလနှင့်ဘာဝနာ၊ ဒါနကိုလက်ကိုင်ထား၍၊ ဘုရားသွေး ကျောင်းတက်၊ ရှစ်ရက်လပြည့်၊ တစ်နေ့မပြတ်၊ ဝတ်နိစ္စဗဒ်နှင့်၊ ငါးရပ်ပဋ္ဌသီ၊ ရှစ်လီ အဋ္ဌင်္ဂီ၊ ဒသဥပုသ်၊ အားထုတ်ကြသော်လည်း၊ ပဓာနမဟုတ်ပါ။

သဒ္ဓါ ဝိရိယနှင့်၊ သီလခုတင်၊ ဖြူစင်အောင်ကျင့်သော်လည်း၊ သင့်တင့်ရုံသာ ရှိသေးသည်။

သိမှတ်ရန်စခန်း၊ ပရိယတ်လမ်း၊ ကမ်းတစ်ဖက်ခတ်သော်လည်း၊ ဝိဋ္ဌကတ်သုံးပုံ၊ နှုတ်ငုံဆောင်သခင်၊ အရှင်ပေါဠိလကို၊ တုစ္ဆ တုစ္ဆဟု၊ ဗုဒ္ဓကနှုတ်ဟ၍၊ ဆုံးမတော်မူခြင်းကြောင့်၊ လိုရင်းသို့ မဆိုက်သေး။

အကျိုးပေးသန်သော်လည်း နိဗ္ဗာန်နှင့် ဝေးချေသည်၊ နောက် တဖြည်းဖြည်း၊ ကျွတ်လွတ်ရန်အရေးကို၊ အတွေးနှင့် ပြောကြ ဇကန္ဓမဟုတ်။

အမှန်ကိုထုတ်သော်၊ နာမ်ရုပ်မှတစ်ပါး၊ ယောကျ်ားမိန်းမ၊ အတ္တဇီဝ၊ ဘာမျှမရှိ။

ဗြဟ္မာနတ်လူ၊ ဘယ်သူမဆိုင်၊ ငါမပိုင်၊ ကိုယ်မဟုတ်ဟု သက္ကာယ ဖြုတ်မှုနှင့်၊ ပရမတ်အစု၊ ဓာတ်အမှုကို၊ တစ်ခုမကျန်၊ အမြင်သန်အောင်၊ အဖန်ဖန်အားထုတ်မှ၊ လိုရင်းအချုပ်၊ သာသနာ့အလုပ်ဟု၊ မှုချပင်မှတ်ရမည်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

လယ်တီ ဦးနန္ဒိယ(သဲဖြူ)ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ယခုခေတ်နှင့် ကမ္မဋ္ဌာန်းအလုပ်

"ယခုအခါ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြသော်လည်း မဖြစ်နိုင်၊ ခေတ်သမယလည်းမရှိ၊ တိဟိတ်ပုဂ္ဂိုလ်လည်းမဟုတ်၊ နာမ်ရုပ်၏ ဖြစ်ပျက်မှုကိုလည်း မမြင်နိုင်၊ ပါရမီကလည်းနု၊ တို့သူငါ ဘာဖြစ်နိုင်ကြမည်နည်း" ဤကဲ့သို့ ပြောဆိုကြသော လောကစကားတွေကို နေရာတကျ သိမှတ်ရန် ပြဆိုဦးအံ့။

ယခုအခါ ကမ္မဋ္ဌာန်းကို အားထုတ်ကြသော်လည်း မဖြစ်နိုင်ဟု ပြောဆိုကြရာ၌ မဖြစ်နိုင်သောသူလည်း ရှိ၏။ ဖြစ်နိုင်သောသူလည်း ရှိ၏။ အန္တရာယ်ငါးပါးမှလွတ်၍ ပဓာနိယင်္ဂ အင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် ပေါက်ရောက် ထမြောက်အောင် အားထုတ်လျှင် ပါရမီ ဝိရိယအားလျော်စွာ ပေါက်ရောက် ထမြောက်နိုင်လေ၏။

အန္တရာယ် ၅-မျိုး

အန္တရာယ်ငါးပါး ဟူသည်ကား ကမ္မန္တရာယ်၊ ကိလေသန္တရာယ်၊ ဝိပါကန္တရာယ်၊ အရိယူပ ဝါဒန္တရာယ်၊ အာဏာဝိတိက္ကမန္တရာယ်။ ဤငါးပါးတည်း။

ထို့တွင် ကမ္မန္တရာယ်မိသောသူကား ပဋ္ဌာနန္တရိယ ကံကြီးထိုက်သောသူပေတည်း။

ကိလေသန္တရာယ်မိသောသူကား မိစ္ဆာဒိဋ္ဌိ အယူရှိသောသူပေတည်း။

ဝိပါကန္တရာယ်မိသောသူကား ဥပေက္ခာ၊ သန္တီရဏ ဒွိဟိတ်ဝိပါက်တို့နှင့် ပဋိသန္ဓေ နေသောသူပေတည်း။ ဤ၌ သုဂတိ အဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ် ဆိုလိုသည်။

အရိယူပဝါဒန္တရာယ် မိသောသူကား အရိယာကို ပြစ်မှားသောသူပေတည်း။

အာဏာဝိတိက္ကမန္တရာယ်မိသောသူကား အာဏာတော်ကိုလွန်ကျူးသောသူပေတည်း။ အာပတ်သင့်၍နေသော ပုဂ္ဂိုလ်ကို ဆိုလိုသည်။

ထိုငါးပါးတို့တွင် တစ်ပါးပါးသော အန္တရာယ်မိ၍ နေသောသူသည် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်သော်လည်း မပေါက်မရောက်နိုင်။ ထိုအန္တရာယ်ဖြင့် တားမြစ်၍ နေလေ၏။

ပဓာနိယင်္ဂ ၅-ပါး

သဒ္ဓါဟောတိ၊ အပ္ပါဗာဓော၊ အမာယာဝီ၊ ဝီရိယော၊ ပညဝါဟောတိ၊ ဣမေပဉ္စ ပဓာနိယင်္ဂါနာမကာ။ ယေဟိ ဓမ္မေဟိ သမန္နာဂတာနံ ပဓာနံ ပဋိပဇ္ဇတိ။ ။ မဇ္ဈိမပဏ္ဏာသပါဠိတော်။

သဒ္ဓါ၊ ထက်သန်သောသဒ္ဓါတရားနှင့် ပြည့်

http://www.dhammadownload.com

သည်။ ဟောတိ၊ ဖြစ်၏။

အပ္ပာဗာဓော၊ ကိုယ်လက်အင်္ဂါ ကျန်းမာတောင့်တင်း အနာကင်းသည်။ ဟောတိ၊ ဖြစ်၏။

အမာယာဝီ၊ နှလုံးဖြောင့်စင်း လှည့်ပတ်ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။

ဝီရိယော၊ ဝီရိယထက်သန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ပညဝါ၊ နာမ်ရုပ်နှစ်တန် ဓာတ်ဖြစ်ဟန်ကို အမြင်သန်သော ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣမေ ပဉ္စ၊ ဤငါးပါးတို့သည်။ ပဓာနိယင်္ဂနာမကာ၊ ပဓာနိယအင်္ဂါ မည်ကုန်၏။ ယေဟိ ဓမ္မေဟိ၊ အကြင်တရားတို့နှင့်။ သမန္နာဂတာနံ၊ ပြည့်စုံကုန်သော သူတို့အား။ ပဓာနံ၊ ကမ္မဋ္ဌာန်း အလုပ်သည်။ ပဋိပဇ္ဇတိ၊ ပြည့်စုံ၏။

ဘုရား၌ ယုံကြည်ခြင်းသည် အင်္ဂါတစ်ပါး။

ကိုယ်လက်အင်္ဂါ ကျန်းမာတောင့်တင်း အနာကင်းခြင်းသည် အင်္ဂါတစ်ပါး။

ဝမ်းတွင်းနှလုံး ဖြောင့်စင်းခြင်းသည် အင်္ဂါတစ်ပါး။

ဝီရိယထက်သန်ခြင်းသည် အင်္ဂါတစ်ပါး။

နာမ်ရုပ်နှစ်တန် ဓာတ်ဖြစ်ဟန်ကို ဉာဏ်ဖြင့် အမြင်သန်ခြင်းသည် အင်္ဂါတစ်ပါး။

ပဓာနိယင်္ဂ အင်္ဂါငါးပါး။

အန္တရာယ်ငါးပါးမှလွတ်၍ ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံသောသူသည် ဝိပဿနာအလုပ်ကို တွင်တွင်လုပ်နိုင်ပါလျှင် ပါရမီအားလျော်စွာ အရိယာ ဖြစ်နိုင်၏။

ယခုအခါ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြသော်လည်း မဖြစ်နိုင်ဟု ပြောဆိုကြရာ၌ သိမှန်ရန် အမြွက်မျှ ပြဆိုချက်တည်း။

အရိယာခေတ် အဆုံးအဖြတ်

ယခုအခါ ခေတ်သမယ မရှိဟု ပြောဆိုကြရာ၌ အရိယာဖြစ်နိုင်သော ခေတ်သမယကား ရှိ၏။ ခေတ်သမယရှိလျှင် အဘယ်မှာ အရိယာပုဂ္ဂိုလ်ရှိသနည်းဟု မေးလာခဲ့လျှင်၊ ဝိပဿနာတရားကို အားထုတ်သော သူသည် အဘယ်မှာရှိသနည်းဟု ထိုသူကို ပြန်၍မေးရာ၏။ ဝိပဿနာတရားကို အားမထုတ်ဘဲနှင့် ဘယ်မှာ အရိယာဖြစ်နိုင်ပါမည်နည်းဟု ထိုသူကို ပြန်၍ ငေါက်ရာ၏။

ဝိပဿနာတရားကို အားထုတ်၍ အရိယာပင်ဖြစ်နေသော်လည်း ချိုပေါက်၍ မလာသောကြောင့် တစ်ပါးသူတို့ မသိနိုင်ကြကုန်။ မသိမမြင်နိုင်၍ အရိယာပုဂ္ဂိုလ်ကို ကိုယ်တိုင် မတွေ့မမြင်ရသောကြောင့် ခေတ်သမယမရှိဟု မမှတ်လင့်။ ခေတ်သမယရှိ၏ဟု မှတ်လေ။ သို့ပင်ရှိသော်လည်း ဝိပဿနာ တရားကို အားမထုတ်သောသူတို့မှာ အရိယာ ဖြစ်နိုင်သော ခေတ်သမယသည် ဘယ်အခါမှ မရှိကြပြီ။ ဘုရားလက်ထက်တော်ကလည်းမရှိ၊ ယခုလည်းမရှိ၊ နောင်တွင်လည်းရှိမည်မဟုတ်။ ဝိပဿနာတရားကို အားထုတ်သော သူတို့မှာသာ အရိယာဖြစ်နိုင်သော ခေတ်သမယရှိ၏။

နာမ်ရုပ် ၂-ပါးသာ ရှိခြင်း

နာမရူပမတ္တတော ဥဒ္ဓံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိ။ ဝိသုဒ္ဓိမဂ်။ နာမရူပမတ္တတော၊ နာမ်ရုပ်နှစ်ပါးမျှထက်။ ဥဒ္ဓံ၊ အလွန်။ အညော၊ နာမ်ရုပ်မှ တစ်ပါးသော။ သတ္တော ဝါ၊ သတ္တဝါသည်လည်း။ နတ္ထိ၊ မရှိ။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်လည်း။ နတ္ထိ၊ မရှိ။ ဒေဝေါ ဝါ၊ နတ်သည်လည်း။ နတ္ထိ၊ မရှိ။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်လည်း။ နတ္ထိ၊ မရှိ။

လောကသုံးပါး၌ ဖြစ်လေသမျှ သခါရတရားတို့သည် နာမ်-ရုပ်နှစ်ပါးမျှသာ ရှိကြကုန်၏။ နာမ်-ရုပ် နှစ်ပါးထက် ပိုလွန်၍ မရှိကြကုန်။ နာမ်ရုပ်နှစ်ပါးမှ တစ်ပါးသော သတ္တဝါဟူ၍လည်း မရှိ။ ပုဂ္ဂိုလ်

http://www.dhammadownload.com

ဟူ၍လည်း မရှိ နတ်ဟူ၍လည်း မရှိ။ ဗြဟ္မာဟူ၍ လည်း မရှိ။ အမ ဟူ၍လည်း မရှိ။ အထီးဟူ၍လည်း မရှိ။ နာမ်-ရုပ် နှစ်ပါးမျှသာ ရှိကြကုန်၏။ ဥပမာ ကား... တစ်ခုသော ရုပ်စုံပြာသာဒ်ကြီး၌ ကျွန်းသား တစ်မျိုးတည်းသည် လက်သမားပြုလုပ်တိုင်း လူရုပ်၊ နတ်ရုပ်၊ ဗြဟ္မာရုပ် အမျိုးမျိုး ဆင်ရုပ်၊ မြင်းရုပ်၊ နွားရုပ်၊ ကျားရုပ်၊ ခွေးရုပ်၊ ဝက်ရုပ်၊ ကြက်ရုပ်၊ ငှက်ရုပ် အမျိုးမျိုး ဖြစ်၍နေလေ၏။

ဤဥပမာနှင့်အတူ နာမ်-ရုပ် နှစ်ပါးတို့သည် ကံပြုလုပ်တိုင်း လူအမျိုးမျိုး၊ ဗြဟ္မာအမျိုးမျိုး၊ ငရဲသူငရဲသားအမျိုးမျိုး ဆင်၊ မြင်း၊ ကျွဲ၊ နွား စသော တိရစ္ဆာန်အမျိုးမျိုး၊ ပြိတ္တာအမျိုးမျိုး အသူရကာယ် အမျိုးမျိုးဖြစ်၍ နေကြလေကုန်၏။

လှည်းဘီးဝင်ရိုးစသော ရထားအင်္ဂါ အဆောက် အအုံနှင့် ပြည့်စုံသော သစ်သားအစုအခဲကြီးကို ရထားဟု ခေါ်ဝေါ်သမုတ်ကြသကဲ့သို့ ထိုနည်းအတူ ခန္ဓာငါးပါး ထင်ရှားဖြစ်၍ နေသော ဓမ္မအစုဟူသော ဓာတ်စု ဓာတ်ခဲကြီးကို သတ္တဝါဟု ခေါ်ဝေါ်သမုန်ကြ ကုန်၏။ လှည်းဘီးဝင်းရိုးစသော ရထား၏ အင်္ဂါတို့ ကို ဖျက်၍ တခြားစီ ထားလိုက်သည်ရှိသော် ရထား ဟု ခေါ်ဝေါ်စရာ မရှိသကဲ့သို့ ထိုနည်းအတူ ခန္ဓာငါး ပါး တရားအစုဟူသော ဓာတ်စုဓာတ်ခဲကြီးကို တစ် ပါးစီ ခွဲခြမ်း စိတ်ဖြာလိုက်သည်ရှိသော် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ အတ္တ၊ ဇီဝ ဟူ၍ ခေါ်ဝေါ်စရာမရှိ။ နာမ်-ရုပ်နှစ်ပါး တရား သဘောတွေသာ အမှန်ရှိ၏။

စက်ရုပ်ကြီးဥပမာနှင့် နာမ်-ရုပ် ၂ ပါး

ထင်မြင်ရန် ဥပမာကို ပြဆိုဦးအုံ။ ယန္တရား စက်ရုပ်ကြီး တစ်ခုရှိရာ၏။ ထိုစက်ရုပ်ကြီး၏ ဗိုက် တွင်းမှာ စက်ကြိုးအမျိုးမျိုး ထားရာ၏။ ဦးခေါင်း လှုပ်လိုသည့်အခါ ဦးခေါင်းကြိုးကို ဆွဲလိုက်သည် ရှိသော် ဦးခေါင်းလှုပ်၏။ မျက်ခုံးကြိုးကို ဆွဲလိုက် သည်ရှိသော် မျက်ခုံးလှုပ်၏။ ထိုနည်းအတူ လက် လှုပ်၏၊ ပေါင်လှုပ်၏၊ ခြေလှုပ်၏၊ သွားနှိုင် လာနှိုင် ၏၊ ထိုင်ခြင်း၊ ရပ်ခြင်း စသည်တို့ကို လူကဲ့သို့ ပြုနိုင် လေ၏။ ထိုစက်ရုပ်ကြီးကို တွေ့မြင်ကြရကုန်သော သူတို့သည် ပုဂ္ဂိုလ်သတ္တဝါဟု မှတ်ထင်ကြကုန်၏။ ဤကား ဥပမာ။

ဤဥပမာ၌ ရုပ်သည် ယန္တရားစက်ရုပ်ကြိုးနှင့် တူ၏။ နာမ်သည် ကြိုးတွေနှင့် တူ၏။ ရုပ်တစ်မျိုး တည်းလည်း သွားခြင်း၊ လာခြင်း စသည်တို့ကို မပြု နိုင်။ နာမ်တစ်မျိုးတည်းလည်း မြင်ခြင်း၊ ကြားခြင်း စသည်တို့ကို မပြုနိုင်။ နာမ်ရုပ်နှစ်ပါးတို့ အချင်းချင်း ကျေးဇူးပြု၍ ဖက်စပ်လျက် ဖြစ်၍ နေကြကုန်သော ကြောင့် သွားခြင်း၊ လာခြင်း၊ လှုပ်ခြင်း၊ ယမ်းခြင်း စသော ကိုယ်အမူအရာ အမျိုးမျိုး ပြောဆိုခြင်း စသော နှုတ်အမူအရာ အမျိုးမျိုး သိခြင်း၊ မှတ်ခြင်း၊ ကြဲခြင်း၊ အောက်မေ့ခြင်း စသော စိတ်အမူအရာ အမျိုးမျိုးဖြစ်၍ နေကုန်၏။ ထို့ကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဟုမှတ် ထင်စွဲလမ်း၍ နေကြကုန်၏။ စင်စစ် ဇကန် အမှန်အားဖြင့် နာမ်-ရုပ် နှစ်ပါးသာရှိ၏။

အကန်း အကျိုး ဥပမာနှင့် နာမ်ရုပ်

ကန်းသောသူ၊ ကျိုးသောသူ နှစ်ယောက်တို့ သည် အရုပ်လေးမျက်နှာသို့ သွားခြင်း လာခြင်း စသည်တို့ကို မပြုနိုင်ကြ၍ အချင်းချင်း ပြောဆို တိုင် ပင်ကြပြီးလျှင် ငကန်း၏ပခုံးပေါ်သို့ ငကျိုးက တက် စီး၍ သွားကြကုန်သည်ရှိသော် အရုပ်လေးမျက်နှာသို့ သွားနိုင်ကြလေကုန်၏။ ဤကား ဥပမာ။

ဤဥပမာ၌ ရုပ်သည် ကန်းသောသူနှင့်တူ၏၊ နာမ်သည် ကျိုးသောသူ နှင့်တူ၏။ နာမ်ရုပ်နှစ်ပါးတို့ တစ်ပါးကိုတစ်ပါး မှီတွယ်ဖက်စပ်၍ဖြစ်နေကြသော နာမ်ရုပ်တို့၏ အမှုသာဖြစ်ကုန်၏။ ပုဂ္ဂိုလ်သတ္တဝါ တို့၏ အမှုမဟုတ်ကုန်။ ဤသို့ ပြဆိုခဲ့ပြီးသော

http://www.dhammadownload.com

အဓိပ္ပာယ်တို့ကို တွေ့မြင်ရသော သူတို့သည် ပုဂ္ဂိုလ် သတ္တဝါ ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, အတ္တ, ဇီဝ, ဟု မှားသောအားဖြင့် ထင်မြင်စွဲလမ်း၍နေသော ဒိဋ္ဌိကြီးကို ဖျောက်နိုင်ကြကုန်ရာ၏။

မဟာဘုတ်ကြီး ၄-ပါး သတ်ပုံ

သတ္တဝါတို့ ကိုယ်သန္တာန်မှာ ဓာတ်လေးပါး မညီမညွတ်သည့်အခါ ၉၆-ပါးသော အနာရောဂါတို့သည် ဖြစ်ပေါ်လာကုန်၏။

ပထဝီဓာတ်က သတ်ပုံ

ကုပ်ကြော၊ ရင်ကြော၊ ဗိုက်ကြော၊ ခါးကြော၊ ပေါင်ကြော၊ ခြေသလုံးကြော တောင့်တင်း၍ အနာရောဂါ အမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားကလာ၍မသတ်၊ ပထဝီဓာတ် သတ်၍ သေဆုံးကြကုန်၏။ ရင်ထဲက လည်းကောင်း၊ ဗိုက်ထဲက လည်းကောင်း၊ ပေါင်ထဲက လည်းကောင်း၊ အကြိတ်အခဲဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ ပထဝီဓာတ် သတ်၍ သေဆုံးကြကုန်၏၊ ပထဝီဓာတ်ပျက်၍ ရောဂါ စသော အမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ ပထဝီဓာတ် သတ်၍ သေဆုံးကြကုန်၏။

အာပေါဓာတ်က သတ်ပုံ

သည်းခြေ နည်းပါး၍ အနာရောဂါ အမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ အာပေါဓာတ် သတ်၍ သေဆုံး ကြကုန်၏။ သည်းခြေ အားကြီးမရှိပြီ၊ အားနည်းတစ်ခု သာဟူ၍ လောကီဓာတ်ကျမ်း၌ အဆိုရှိ၏။ သလိပ်များ၍သော်လည်းကောင်း၊ သလိပ်နည်း၍သော်လည်းကောင်း အနာရောဂါအမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍မသတ်၊ အာပေါဓာတ် သတ်၍ သေဆုံးကြကုန်၏။ အာပေါဓာတ်ပျက်၍ အနာရောဂါအမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍မသတ်၊ အာပေါဓာတ်သတ်၍ သေဆုံးကြကုန်၏။

တေဇောဓာတ်က သတ်ပုံ

တေဇောဓာတ်များသောကြောင့် လည်းကောင်း၊ နည်းသောကြောင့် လည်းကောင်း အစာမကြေသော ရောဂါအမျိုးမျိုး၊ အဖျားရောဂါအမျိုးမျိုး ဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ တေဇော ဓာတ်သတ်၍ သေဆုံးကြကုန်၏။ တေဇောဓာတ်ပျက်၍ အနာရောဂါ အမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သောသူတို့သည် တခြားက လာ၍ မသတ်၊ တေဇော ဓာတ်သတ်၍ သေဆုံးကြကုန်၏။

ဝါယောဓာတ်က သတ်ပုံ

ဝါယောဓာတ်များသောကြောင့်လည်းကောင်း၊ နည်းသောကြောင့် လည်းကောင်း၊ ရင်ဘတ်နာခြင်း၊ ဗိုက်နာခြင်း၊ ကျောအောင့်ခြင်း၊ ခါးအောင့်ခြင်း၊ ရောင်ဖောခြင်း စသော အနာရောဂါ အမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားကလာ၍ မသတ်၊ ဝါယောဓာတ်သတ်၍ သေဆုံးကြကုန်၏။ ဝါယောဓာတ်ပျက်၍ အနာရောဂါအမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားကလာ၍ မသတ်၊ ဝါယောဓာတ်သတ်၍ သေဆုံးကြကုန်၏။

ဝိပဿနာ အားထုတ်မှုမှ မေ့လျော့ပုံ

ထို့ကြောင့် ယခု မြတ်စွာဘုရား သာသနာတော်နှင့် ထွေ့ဆုံကြကြိုက်ကြကုန်သော်လည်း အဟုတ်အမှန်ကို မသိ၍ နိဗ္ဗာန်သို့ မရောက်နိုင်ကြကုန်။ အဟုတ်အမှန်ကို သိကြကုန်သော်လည်း သခ်ါရတရား မြွောက်စားမှုအတွက်ကြောင့် ပုတ်သင်ညှိ၊ ဖွတ်၊ ပုတ်တို့ကဲ့သို့ အမေ့ကြီးမေ့၍ နေကြကုန်၏။

http://www.dhammadownload.com

မေ့ဆိုသည်ကား တရားကို အားထုတ်နိုင်လောက်လျက် အားမထုတ်ကြဘဲ ဒါနပြုမှု၊ သီလစောင့်မှု၊ ခြိုးခြံမှု ပရိယတ်အားထုတ်မှု စသည်တို့နှင့် အားရတင်းတိမ်၍ နေကြသည်ကို မေ့သည်ဟု ဆိုသည်။ အားကိုးအားထား ပြုမှုဆိုသည်ကား... ရုပ်အမှုအရာစိတ်အမှုအရာတို့ကို ကိုယ့်အမှုအရာပြုလုပ်၍ ငါလုပ်လိုက်လျင် ငါကြွလိုက်လျင် မခံနိုင်ဘူးဟူသော အနေနှင့် အားကိုးအားထားပြု၍ ကြောက်ရမှန်းမသိ၊ လန့်ရမှန်းမသိ ပျော်ရွှင်မြူထူး ရွှင်မိုက်၍ နေကြသည်ကို အားကိုးအားထားပြု၍ နေကြသည်ဟု ဆိုသည်။

သတ္တဝါအများတို့သည် သခါရတရားတို့၏ အမှုကို ကိုယ့်အမှု ပြုလုပ်၍ အားကိုးအားထားစရာသာယာဖွယ်ကြီးအနေနှင့် ပျော်ရွှင်မြူးထူး မူးမူးမေ့မေ့ နေကြသည်ကို အကျယ်ဖြန့်၍ ကြောက်လန့်ဖွယ်ကြီး ထင်မြင်အောင် ကြည့်လေ။

ဝိပဿနာရှုနည်းကို တစ်ချက်တည်းမှတ်ရန် ပြဆိုခန်း
သက္ကာယဒိဋ္ဌဓွာနည်း

ဝိပဿနာတရားကို အားထုတ်သောအမှုသည် သက္ကာယဒိဋ္ဌကို ပယ်ဖြတ်မှု ဖြစ်ပေသတည်း။ သက္ကာယဒိဋ္ဌ ဆိုသည်ကား ခန္ဓာငါးပါး တရားအစုဋ္ဌ ငါပဲ ကိုယ်ပဲဟု စွဲလမ်းမှုကို သက္ကာယဒိဋ္ဌ ဆိုသည်။ ဤ သက္ကာယဒိဋ္ဌ စွဲလမ်းမှုသည် အမျိုးမျိုး ပြားသေး၏။ သို့ပင် ငြားသော်လည်း အမှန်ကို သိမြင်လျှင် သက္ကာယဒိဋ္ဌစွဲလမ်းချက်တို့သည် အကုန်လုံး ပျောက်နိုင်လေကုန်၏။ ထို့ကြောင့် ဤမျှလောက်ကိုသာ မှတ်၍ထား။

ရူပံ အတ္တတော သမနုပဿတိ...

စသည်ဖြင့် သက္ကာယဒိဋ္ဌသည် အပြားအားဖြင့် ၂၀ ရှိသည်ဟု ဟောတော်မူ၏။

ဤသက္ကာယဒိဋ္ဌ စွဲလမ်းခြင်းရှိသော အချို့ကသော သတ္တဝါတို့မှာ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ စသော ဒိဋ္ဌိတို့သည် အမျိုးမျိုး ဖြစ်ပွားကြလေကုန်၏။

ခန္ဓာငါးပါး တရားအစုဋ္ဌ ငါပဲ ကိုယ်ပဲဟု စွဲလမ်းခြင်းကြောင့် ခန္ဓာငါးပါးတို့၏ အမှုတို့ကို "ငါ့အမှု၊ ကိုယ့်အမှု"ဟု မှတ်ထင်၍ နေကြလေကုန်၏။ ထို့ကြောင့် ငါထိုင်သည်၊ ငါထသည်၊ ငါသွားသည်၊ ငါလာသည်၊ ငါလုပ်သည်၊ ငါပြုသည်၊ ကိုယ်ခံစားသည်၊ ကိုယ်သုံးဆောင်သည်၊ ကိုယ်သွားသည်၊ ကိုယ်လာသည်၊ ကိုယ်ပြုသည်၊ ကိုယ်ကိုင်သည် စသည်ဖြင့် စွဲလမ်းမှတ်ထင်၍ နေကြကုန်၏။ ငါမြင်သည်၊ ငါကြားသည်၊ ငါနံသည်၊ ငါပူသည်၊ ငါအေးသည်၊ ငါအောင့်သည်၊ ကိုယ်သိသည်၊ ကိုယ်မှတ်သည်၊ ကိုယ်ကြဲသည်၊ ကိုယ်အောက်မေ့သည်၊ ကိုယ်လိုချင်သည်၊ ကိုယ်ကြိုက်သည်၊ ကိုယ်အမျက်ထွက်သည်၊ ကိုယ်စိတ်ဆိုးသည် စသည်ဖြင့် စွဲလမ်းမှတ်ထင်၍ နေကြကုန်၏။ ဤသို့ စသည်ဖြင့် စွဲလမ်းသော အချက်တို့သည် သက္ကာယဒိဋ္ဌ စွဲလမ်းချက်တို့ပေတည်း။

သက္ကာယဒိဋ္ဌ စွဲလမ်းချက်ကို ပယ်ဖျက်ရန် သိသာအောင် ဥပမာဆောင်၍ ပြဦးအံ့။

သက္ကာယဒိဋ္ဌသည် တရားခံနှင့် တူ၏။ ပညာသည် တရားလိုနှင့် တူ၏။ တရားခံတရားလို နှစ်ဦးတို့ သူ့ဟာက ဟုတ်သည်၊ ငါ့ဟာက ဟုတ်သည်ဟု ဆင်ခြေလဲ၍ လဲ၍ ငြင်းကြသကဲ့သို့၊ ထိုနည်းအတူ သက္ကာယ ဒိဋ္ဌိက တစ်ဖက်၊ ပညာကတစ်ဖက် ငါ့ဟာက အမှန်၊ နှင့်ဟာကအလွဲ၊ ငါ့ဟာက အမှုမှန်၊ နှင့်အမှုကား အမှား၊ ဤကဲ့သို့ ငြင်းရလေ၏။

ငြင်းပုံကား အဆင်းအမျိုးမျိုးကို မြင်သည့်အခါ သက္ကာယဒိဋ္ဌအဆိုက ငါမြင်သည်၊ ငါကြားသည်၊ မြင်မှုသည် မြဲ၏ စသည်ဖြင့် ဆို၏။

ပညာအဆိုက ငါမြင်သည် မဟုတ်၊ ငါကြားသည်မဟုတ်၊ မြင်မှုသည် အမြဲမရှိ စသည်ဖြင့် ပြောဆို၍ ပယ်ဖျက်၏။ ကြားမှု၊ နံမှု၊ လျက်မှု၊ တွေ့သိမှု၊

http://www.dhammadownload.com

သိမှုအမျိုးမျိုးတို့၌ သက္ကာယဒိဋ္ဌိ စွဲလမ်းချက်တို့ကို ဤနည်းကဲ့သို့ အသီးသီး ပယ်ဖျက်၍ ပစ်ရလေ၏။ ထိုသက္ကာယဒိဋ္ဌိနှင့် နင့်အမှုကား အမှား၊ ငါ့အမှုကား အမှန်၊ မဟုတ်ဘူး၊ ဟုတ်ကဲ့ စသည်ဖြင့် တတွတ်တွတ် ငြင်း၍ သက္ကာယဒိဋ္ဌိ စွဲလမ်းချက်ကို ဖျက်သော အလုပ်သည် ဝိပဿနာ အားထုတ်မှုပေတည်း။

သက္ကာယဒိဋ္ဌိ စွဲလမ်းချက် တွင်တွင်ပယ်ဖျက်နိုင်လျှင် မြန်မြန်ပြုတ်၏။ နေးနေးဖျက်လျှင် ဖြည်းဖြည်းမှပြုတ်၏။ မဖျက်သေးလျှင် မပြုတ်သေး၊ မပြုတ်သေးလျှင် နိဗ္ဗာန်သို့ မရောက်နိုင်သေး။

သက္ကာယဒိဋ္ဌိ စွဲလမ်းချက်ကို ပညာတည်းဟူသော ဓားနှင့် ခုတ်ဖြတ်၍ မပစ်ခဲ့လျှင် အလိုလို ပြုတ်လိမ့်မည်ဟု မမှတ်လင့်။ အလိုလို ပြုတ်ဖို့ရန် ဝေးစွ၊ တစ်ပေပင် ဖြုတ်လို့မှ မပြုတ်နိုင်ကြလေကုန်သတည်း။

အနိစ္စ ဒုက္ခ အနတ္တထင်မြင်ရန် ခဲယဉ်းပုံ

ဤကဲ့သို့အမှုသွားကို နားမလည်သော သူတို့သည် နိဗ္ဗာန်ကို ဆုတောင်းရုံမျှနှင့် ပါရမီပြည့်၍ အလိုလို ရောက်လိမ့်မည်ဟု မှတ်ထင်၍ နေကြကုန်၏။ အလိုလိုရောက်ခဲ့လျှင် ဝိပဿနာတရားကို အားထုတ်ဖို့မရှိ၊ ကုသိုလ်ကိုပြု၍ အိပ်၍နေဖို့သာ ရှိတော့၏။

ဝိပဿနာတရားကို အားမထုတ်ဘဲနှင့် အလိုလို မရောက်ခြင်းကြောင့် ဝိပဿနာတရားကို အားထုတ်ကြရကုန်၏။ ဝိပဿနာတရားကို အားထုတ်မှသည် နားမလည်လျှင် အလွန်ခဲယဉ်း၏။ သိနိုင်ခဲ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုကြည့်ရတာကပဲ ဘာခက်သလဲဟု မဆိုပါလင့်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုကြည့်ရုံဖြင့် လူတိုင်းပင် ရှုကြည့်တတ်၏။ ရှုကြည့်သည့်အခါ မြင်အောင် ရှုကြည့်ပုံ ခဲယဉ်းသည်။

ရူပံ ဘိက္ခဝေ အနိစ္စံ။

ဟူ၍ ဟောတော်မူသည်နှင့်အညီ ကိုယ့်သန္တာန်၊ သူတစ်ပါး၏သန္တာန် သက်ရှိသက်မဲ့ ဖြစ်ပျက်၍ နေကြကုန်သော ရုပ်တုံးရုပ်ခဲတို့ကို မျက်စိနှင့် မြင်ရသကဲ့သို့ ဖြစ်ပျက်မှုတွေကို တလှုပ်လှုပ် တရှုရှု ထင်မြင်အောင် ခဲယဉ်းသည်။

သုတမယဉာဏ်

သင်္ကြံဟ်အဘိဓမ္မာကို တတ်တယ်လို့၊ အောင်မယ် ခက်လွန်းလို့၊ ဟော မနေ့က ရုပ်တွေမရှိဘူး၊ မနေ့က စိတ်တွေ မရှိဘူး၊ မနက်က ရုပ်တွေ စိတ်တွေ မရှိဘူး၊ ယခုမှ အသစ်ဖြစ်သော ရုပ်တွေ စိတ်တွေသာ ရှိတော့၏ဟု ပြောဆိုကြသော်လည်း ဤကဲ့သို့ သိရုံမျှဖြင့် ဝိပဿနာ ဉာဏ်မြင်မျိုး မဟုတ်သေး၊ သုတမယဉာဏ်မြင်မျှသာ ဖြစ်၏။

ဝိပဿနာအမြင်အစစ်

မှောင်မိုက်လှသောအခါ မီးခွက်ကိုကိုင်၍ သွားရာ၌ရှေ့က အမိုက်မှောင်တွေ ကွယ်ပျောက်၍ နောက်က မီးရောင်တွေ လိုက်၍လာသည်ကို လည်းကောင်း၊ ရှေ့ကမီးရောင်တွေ ကွယ်ပျောက်၍ နောက်က အမိုက်မှောင်တွေဖြစ်၍ လိုက်လာသည်ကို လည်းကောင်း မျက်စိနှင့် မြင်ရသကဲ့သို့ ထိုနည်းတူ ရှေ့ကရုပ်ဟောင်းတွေ ကွယ်ပျောက်၍ နောက်က ရုပ်သစ်တွေ အသစ် အသစ်ဖြစ်၍ လာပုံကိုမြင်သော ဉာဏ်မှသာလျှင် ဝိပဿနာဉာဏ်မြင် ဖြစ်၏။

ဝိပဿနာတရားကို အားထုတ်ကြရာ၌ သွားရင်းလာရင်း သောက်ရင်း လုပ်ရင်း ကိုင်ရင်း ရှုကြည့်သောသူလည်း တစ်မျိုး၊ ဝိပဿနာ အားထုတ်မှုကို အချိန်ထား၍ ရှုကြည့်သောသူလည်း တစ်မျိုး၊ ပါရမီပြည့်ရုံ သဘောထား၍ ရှုကြည့်သော သူလည်း တစ်မျိုး၊ မဂ်ဉာဏ်ကိုရအောင် သဘောထား၍ ရှုကြည့်သော သူလည်း တစ်မျိုး။

ထို့တွင် မဂ်ဉာဏ်ကိုရအောင် သဘောထား၍ အားထုတ်ကြကုန်သော သူတို့သည်ဤသို့သိအပ်၏။

http://www.dhammadownload.com

ဓမ္မတာ ဧသာ ဘိက္ခဝေ ယံ သုခိနော စိတ္တံ သမာဒိယတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ သုခိနော၊ ချမ်းသာသောသူအား။ စိတ္တံ၊ စိတ် သည်။ ယံ သမာဒိယတိ၊ အကြင် တည်ကြည်၏။ ဧသာ၊ ဤသို့ တည်ကြည်ခြင်းသည်။ ဓမ္မတာ၊ ဓမ္မတာသဘောပေတည်း။ ဤသို့ ဟောတော်မူခြင်းသောကြောင့် သမာဓိဖြစ်စေခြင်း အကျိုးငှာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအောင် အားထုတ်ရာ၏။ သူတစ်ပါးအတွက် ကိုယ့်အတွက်နှင့် စိတ်ဝိတက် ဗလောင်ပွေ၍ စိတ်လေ စိတ်လွင့် စိတ်မြင့် စိတ်မှားတွေကို အပါယ်ဘေး စသည်တို့နှင့် ခြောက်လှန့်၍ ဖျောက်ဖျက်ရာ၏။

ဓမ္မတာ ဧသာ ဘိက္ခဝေ ယံ သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ သမာဟိတော၊ တည်ကြည်သောသူသည်။ ယထာဘူတံ၊ အဟုတ်အမှန်ကို၊ ယံ ဇာနာတိ၊ အကြင်သိ၏။ ယံ ပဿတိ၊ အကြင်မြင်၏။ ဧသာ၊ ဤသိမြင်ခြင်းသည်။ ဓမ္မတာ၊ ဓမ္မတာ သဘောပေတည်း။

ဤသို့ ဟောတော်မူခြင်းကြောင့် ဉဏ်အမြင် ထက်သန်စေခြင်းအကျိုးငှာ သမာဓိဖြစ်အောင် အာနာပါန အစရှိသော ကမ္မဋ္ဌာန်းတို့ကို ရှေးဦးစွာ အားထုတ်အပ်ကုန်၏။ ဈာန်ရအောင် အားထုတ်နိုင်လျှင် သာလွန်၍ ကောင်းလှတော့၏။ အားမထုတ်နိုင်လျှင် သမာဓိဖြစ်ရုံကို အားထုတ်၍ စိတ်တည်ကြည်သည့်အခါ ကိုယ့်သန္တာန်၌ ဖြစ်ပျက်နေသော ရုပ်နာမ်နှစ်ပါးကို လက္ခဏာရေးသုံးပါးတင်၍ ထင်မြင်အောင် ရှုကြည့်ရာ၏။

တစ်လောကလုံး ဖြစ်ပျက်၍နေသော နာမ်ရုပ်တွေကို အကုန်သိမ်းကျုံး၍ အလုံးစုံမြင်အောင် ရှုကြည့်လေ။ ရှုကြည့်ပုံကို ရှေ့တွင် ပြဆိုလတ္တံ့။

သမ္မသနဉာဏ်ကို ပြဆိုခန်း ရုပ်၌ ဆင်ခြင်သုံးသပ်ပုံ

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ သံခီပိတွာ ဝ ဝတ္ထာပနေ ပညာ သမ္မသနေဉာဏံ... အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရူပံ၊ ရုပ်သည်–

ခယဋ္ဌေန၊ ကုန်ခန်းတတ်သော အနက်ကြောင့်။ အနိစ္စံ၊ မမြဲသော အနိစ္စတရားသာတည်း။ ဘယဋ္ဌေန၊ ကြောက်ဖွယ်ဟူသော အနက်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲသော ဒုက္ခတရားသာတည်း။

အသာရကဋ္ဌေန၊ အနှစ်သာရမရှိသော အနက်ကြောင့်။ အနတ္တာ၊ ကိုယ် မဟုတ်သော အနတ္တ တရားသာတည်း။

ဣတိ၊ ဤသို့။ သခံါပိတွာ၊ အကျဉ်းချုံး၍။ ဝ ဝတ္ထာပနေ၊ ပိုင်းခြားရာ၌။ ပညာ၊ ပညာသည်။ သမ္မသနေ၊ ဆင်ခြင်သုံးသပ်ရာ၌။ ဉာဏံ၊ ဉာဏ်မည်၏။

ဖြစ်ခဲ့ပြီးသောရုပ်၊ ဖြစ်လတ္တံသောရုပ်၊ ယခုဖြစ်နေသော ရုပ် အလုံးစုံသော ရုပ်ဟူသမျှတို့သည် မမြဲသော အနိစ္စတရား၊ ဆင်းရဲသောဒုက္ခတရား၊ ကိုယ်မဟုတ်သော အနတ္တတရားသာ ဖြစ်ကုန်၏။ ပရမတ်ဓာတ် သဘောတွေ ပေါင်းစု၍ နေကြသောကြောင့် ဦးခေါင်းသဏ္ဌာန်၊ ကိုယ်သဏ္ဌာန် ခြေသဏ္ဌာန် လက်သဏ္ဌာန်ဖြစ်၍ နေလေကုန်၏။ မာခြင်းသဘောရှိသော ပထဝီဓာတ်တွေ လွန်ကဲ၍ နေသောကြောင့် အမာအခဲကြီးဟု မှတ်ထင်ကြရကုန်၏။ အမာအခဲမဟုတ် သဘောလုံးကြီး သဘောတုံးကြီးတွေသာ ဖြစ်ကုန်၏။ မျက်စိနှင့် မြင်သည့် အတိုင်းသာ အမာအခဲကြီးဖြစ်၍ နေခဲ့လျှင် ခဏချင်း ခဏချင်း ပျက်ကုန်၏။ ဤနေရာ၌ဖြစ်လျှင် ဤနေရာမှာပင် ပျက်ကုန်၏။ ထိုနေရာ၌ဖြစ်လျှင် ထိုနေရာမှာ ပျောက်ကုန်၏။

http://www.dhammadownload.com

ထို့ကြောင့် ဇာတိဒုက္ခစသော ဘေးဒုက္ခအမျိုးမျိုးတို့သည် များစွာ ဖြစ်ပွား၍ နေလေကုန်၏။ ဒုက္ခကောင်ကြီး ဒုက္ခခဲကြီးတွေသာ ဖြစ်ကုန်၏။

ငါနှင့်လည်းမဆိုင်၊ ကိုယ်ပိုင်လည်းမဟုတ်၊ ငါမဟုတ် ကိုယ်မဟုတ်၊ အရှင်မရှိသော သူတစ်ပါးချည်းတွေသာ ဖြစ်ကုန်၏။ ကိုယ့်အလို ကိုယ့်အကြိုက်ဟူ၍မရှိ၊ ဓာတ်အလို ဓာတ်အကြိုက်သာ ရှိ၏။ အစိုးမရ၊ အလိုသို့မလိုက်၊ အကြောင်းဆိုက်တိုက်ရာ ဖြစ်ပျက်၍ နေကြကုန်သော ပေါက်လွှတ်တရားတွေသာ ဖြစ်ကုန်၏။ ထို့ကြောင့် ခန္ဓာငါးပါး၌ ခိုင်မာသောအနှစ်သာရလည်း တစ်စုံတစ်ခုမျှမရှိ။ အားကိုးအားထားပြု၍ အသုံးပြုစရာကောင်းသော အနှစ်သာရလည်း တစ်စုံတစ်ခုမျှမရှိ။ အကြောင်းအားလျော်စွာ ဖြစ်ပျက်နေသော အနတ္တတရားချည်းသာတည်း။

ဤကား ရုပ်၌ဆင်ခြင်သုံးသပ်ဖို့ရန်တည်း။

နာမ်၌ ဆင်ခြင်သုံးသပ်ပုံ

ဝိညာဏ် အတိတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန နာတိ သဒ္ဓိပိတွာ ဝ ဝတ္ထာပနေ ပညာ သမ္မသနေ ဉာဏံ။

ဟူ၍ ဟောတော်မူ၏။ အနက်ရှေးနည်းအတူ ဝိညာဏ်နှင့်ရုပ်သာ ထူးတော့၏။

ဖြစ်ခဲ့ပြီးသော ဝိညာဏ်၊ ဖြစ်လတ္တံ့ဖြစ်သော ဝိညာဏ်၊ ယခုဖြစ်၍ နေသော ဝိညာဏ်၊ အလုံးစုံသော ဝိညာဏ်ဟူသမျှတို့သည် မမြဲသော အနိစ္စတရား၊ ဆင်းရဲသောဒုက္ခတရား၊ ကိုယ်မဟုတ်သော အနတ္တ တရားတွေသာ ဖြစ်ကုန်၏။

ခြောက်ပါးသော ဒွါရ၌ ခြောက်ပါးသော အာရုံတို့ ထင်လာ ထိလာခိုက် အခါဆိုင်ရာဆိုင်ရာ အသီးသီး ဖြစ်ပေါ်လာကုန်၏။ မြင်ခြင်း ကြားခြင်း နံခြင်း လျက်ခြင်း တွေ့ထိခြင်း သိခြင်း မှတ်ခြင်း စသောအမှုတွေ ဖြစ်ပေါ်လာကုန်၏။

ဤသို့ ဖြစ်ပေါ်လာရာ၌ မျက်စိက မြင်သည်မဟုတ်၊ စက္ခုဝိညာဏ် ကသာမြင်၏။

နားက ကြားသည်မဟုတ်၊ သောတဝိညာဏ် ကသာ ကြား၏။

နှာခေါင်းက နံသည်မဟုတ်၊ ဃာနဝိညာဏ် ကသာ နံ၏။

လျှာက သိသည်မဟုတ်၊ ဇိဝှာဝိညာဏ် ဖြစ်ပေါ်မှုသာ ဖြစ်၏။

ကိုယ်က နာသည် ကိုယ်က ယားသည်မဟုတ်၊ ကာယဝိညာဏ်နှင့်အတူဖြစ်သော ဝေဒနာကသာ နာ၏။ ယား၏။ ကိုယ်သိသည် ကိုယ်မှတ်သည်မဟုတ်၊ မနောဝိညာဏ်ကသာ သိ၏။ မနောဝိညာဏ်နှင့်အတူဖြစ်သော သညာကသာ မှတ်၏။ ထိုဝိညာဏ်တို့သည်လည်း ကိုယ်ထဲ ဗိုက်ထဲမှာ အမြဲတည်ရှိ၍ နေကြကုန်သည် မဟုတ်ကုန်။ ဝတ္ထု အာရုံ နှစ်ပါးစုံကိုစွဲ၍စွဲ၍ ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပြီးသည့်နောက် ခဏချင်း ကွယ်ပျောက်လေကုန်၏။

ရုပ်၌ သုံးသပ် ဆင်ခြင်သည့် အတိုင်း ဒုက္ခတရားတွေ အနတ္တတရားတွေဟု သုံးသပ် ဆင်ခြင်လေ။

ဤကား နာမ်၌ ဆင်ခြင်သုံးသပ်ဖို့ရန်။

သောကဓမ္မတော-စိုးရိမ်ပူပန်ရခြင်းသဘော ရှိ၏ ဟူ၍လည်းကောင်း။

ပရိဒေဝဓမ္မတော-ငိုကြွေးမြည်တမ်းရခြင်း သဘောရှိ၏ ဟူ၍လည်းကောင်း။

ဥပါယာသဓမ္မတော- သက်ကြီး ရှိက်ငင်ပင်ပန်းရခြင်းသဘော ရှိ၏ ဟူ၍ လည်းကောင်း။

သံကိလေသိကဓမ္မတော-တဏှာဒိဋ္ဌဒုစ္စရိတ တည်းဟူသော ညစ်နွမ်းခြင်း သုံးပါးကို ပွားစီးစေတတ်သော သဘောရှိ၏ ဟူ၍ လည်းကောင်း။

ဝိပဿတိ-အထူးထူးအပြားပြားအားဖြင့် ရှု၏။

http://www.dhammadownload.com

တော (၄၀) ပါဠိတော် အနက်

ရူပက္ခန္ဓာကို ရှုသကဲ့သို့ ထိုနည်းအတူ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ကိုလည်း ရှုလေ။

သမ္မသနဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်မှုသည် အဆုံးမရှိ။ ကြဲလုံး ဖန်လုံး များလျှင်များများ သုံးသပ်နိုင်၏။ နည်းလျှင် နည်းနည်း သုံးသပ်နိုင်၏။ နောက်က ပြဆိုခဲ့ပြီးသော လက္ခဏာရေးသုံးပါးနှင့် စပ်ဆိုင်ရာ အလုံးစုံသော စကားရပ်တို့သည် ဆင်ခြင်သုံးသပ်ဖို့ရန် သမ္မသနဉာဏ်၏ အချက်တို့ပေတည်း။

ဥဒယဗ္ဗယဉာဏ်ကို ပြဆိုခန်း

ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ။ ဟူ၍ ဟောတော်မူ၏။

ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ နာမ်ရုပ်တရားနှစ်ပါးတို့၏။ ဝိပရိဏာမာနုပဿနေ၊ ခဏမစဲ တသဲသဲဖြစ်ပျက်၍နေသော ဖောက်ပြန်မှုကို ရှုရာ၌။ ပညာ၊ ပညာသည်။ ဥဒယဗ္ဗယာနုပဿနေ၊ ဖြစ်ပျက်မှုကို ရှုရာ၌။ ဉာဏံ။ ဉာဏ်မည်၏။

နာမ်ရုပ်နှစ်ပါးတို့၏ ဖြစ်ပျက်မှု အစုံအစုံကို ကြည့်ရှုသော ဉာဏ်ကို ဥဒယဗ္ဗဉာဏ်ဟုမှတ်။

ပညတ် ၂-မျိုး ခုခံတတ်ပုံ

နာမ်နှင့်ရုပ်နှစ်ပါးကို ဖြစ်ပျက်မှု 'ဥဒယဗ္ဗယ' ကို ရှုကြည့်သည့်အခါ သဏ္ဌာနပညတ် သန္တတိပညတ်တို့သည် ခုခံ၍နေတတ်ကုန်၏။

သဏ္ဌာနပညတ်ဆိုသည်ကား ပရမတ်သဘောတွေ ရှေ့နောက်စဉ်ဆက် ဖြစ်ကြ၊ တည်ရှိကြကုန်သော အစိတ်အစိတ်တို့ကို တစ်ခုတည်းပြု၍ ပျက်သည်မထင်၊ ဤဦးခေါင်းပဲ၊ ဤကိုယ်ပဲ၊ ဤလက်ပဲ၊ ဤခြေပဲ စသည်ဖြင့် ဤဝတ္ထုပင်ဟု မှတ်ထင်အပ်သော ပညတ်မျိုးပေတည်း။

ဤပညတ်တွေ မခုခံနိုင်အောင် ဉာဏ်နှင့် မှုတ်လွှင့်၍ လက္ခဏာရေး သုံးပါးတို့တွင် အနိစ္စလက္ခဏာကို ရှေးဦးစွာ နှလုံးသွင်းအပ်၏။

သန္တတိဖုံးလွှမ်း အနိစ္စမထင်

အနိစ္စလက္ခဏာကို မာတ်အသီးအခြားဟု ထင်ရှားအောင် နှလုံးမသွင်းခြင်းကြောင့် သန္တတိပညတ်ဖုံးလွှမ်း၍ (အနိစ္စလက္ခဏာ) မထင်မမြင်နိုင်ကြောင်းကို–

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာတိ။

ဟူ၍ ဝိသုဒ္ဓိမဂ်၌ ပြဆိုအပ်တော်မူ၏။

အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ တာဝ၊ ရှေးဦးစွာ။ ဥဒယဗ္ဗယာ နံ၊ နာမ်ရုပ်တို့၏ ဖြစ်ပျက်မှုတို့ကို၊ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ သန္တတိယာ၊ သန္တတိ ပညတ်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်း၍နေခြင်းကြောင့်။ နု ဥပဋ္ဌာတိ၊ မထင်နိုင်လေသတည်း။

သဏ္ဌာနပညတ်ကို မှုတ်လွှင့်ရှုမှတ်နည်း

ကောင်းမွန်စွာ ထင်မြင်နိုင်အောင် ထိုပညတ်ကို ဉာဏ်နှင့် မှုတ်လွှင့်ပစ်ရာ၏။ မှုတ်လွှင့်ပုံကား ပရမတ်ဓာတ်သဘောတွေ ပေါင်းစုံ၍နေသောကြောင့် ဦးခေါင်းသဏ္ဌာန်၊ ကိုယ်သဏ္ဌာန်၊ ခြေသဏ္ဌာန် စသည်ဖြင့် မှတ်ထင်၍ နေရ၏။

ပထဝီဓာတ်သဘော လွန်ကဲ၍ နေသော

http://www.dhammadownload.com

ကြောင့် အမာအခဲကြီးဟု မှတ်ထင်၍နေရ၏။ ဦးခေါင်းမဟုတ်၊ ကိုယ်မဟုတ်၊ လက်မဟုတ်၊ ခြေမဟုတ် ဓာတ်စုဓာတ်ခဲကြီးသာဖြစ်၏။ အမာအခဲမဟုတ်၊ ပရမတ်သဘောတုံးကြီး သဘောလုံးကြီးသာဖြစ်၏။ ပရမတ်သဘောတို့မည်သည် အမာအခဲရှိကောင်းသောအမျိုး အရိုးမဟုတ်ကုန်ဟု ဉာဏ်နှင့် မှုတ်လွှင့်၍ ပစ်ရာ၏။

သန္တတိပညတ်ကို မှုတ်လွှင့် ရှုမှတ်နည်း

ရှေ့နောက်စဉ်ဆက် ဖြစ်ပျက်၍နေကြသော ပရမတ်ဓာတ်သဘောတွေ အစဉ်မပြတ်သောကြောင့် ပျက်သည်ဟု မထင်။ ဤဦးခေါင်းပဲ၊ ဤကိုယ်ပဲ၊ ဤလက်ပဲ၊ ဤခြေပဲ၊ စသည်ဖြင့် ဤဝတ္ထုပင်ဟု မှတ်ထင်၍နေရလေ၏။ တစ်နာရီ၊ တစ်ရက်၊ တစ်လ၊ တစ်နှစ် စသည်ဖြင့်မပျက်ဘဲ အမြဲ တည်ရှိ၍နေသည်ဟု မှတ်ထင်ရ၏။ ဤဦးခေါင်း၊ ဤကိုယ်၊ ဤလက်၊ ဤခြေ စသည်တို့ကား မပျက်ဘဲ အမြဲတည်ရှိ၍ နေကြကုန်သည် မဟုတ်ကုန်။ အစဉ်မပြတ် ဖြစ်ပျက်၍နေသော ပရမတ်သဘောတွေသာ ဖြစ်ကုန်၏။ တစ်နာရီ၊ တစ်ရက်၊ တစ်လ၊ တစ်နှစ် စသည်ဖြင့် မပျက်ဘဲနေနိုင်ရန်ဝေးစွ။ မျက်စိတစ်မှိတ်ရုပ်တန့်၍ နေနိုင်သော တရားမျိုးမဟုတ်။ ခဏမစဲ တသဲသဲဖြစ်ပျက်၍နေကုန်သော ဓာတ်စုဓာတ်ခဲတွေသာ ဖြစ်ကုန်၏ဟု ဉာဏ်နှင့် မှုတ်လွှင့်၍ ပစ်ရာ၏။

ရုပ်တရား၌ ဥဒယဗ္ဗယဉာဏ် ဖွင့်နည်း
ငြိမ်ဝပ်နေသော ရုပ်ကို ရှုမှတ်နည်း
ရှေးဦးစွာ ဦးခေါင်းကို ရှုမှတ်ပုံ

ဤသို့ မှုတ်လွှင့်ပြီး၍ သဘောလုံးကြီး ဖြစ်သော ဦးခေါင်းကြီးကား တစ်လုံးတည်း တစ်ခုတည်း မဟုတ်၊ သဘောသက်သက်မျှသာ ရှိသောဉာဏ်နှင့် စိုက်၍ကြည့်။

ပရမတ်ဓာတ်ခဲ တစ်ခုနှင့်တစ်ခု အာကာသခြားခြားခြားခြားနေ၏။ အကြားအကြားတွေရှိ၏ဟု နှလုံးသွင်း၍ ဦးခေါင်းကို ဉာဏ်နှင့်စိုက်၍ ကြည့်။ သံဆန်ကာအုပ်ဆောင်းကဲ့သို့လည်းကောင်း၊ အင်္ဂတေခဲကြီးကဲ့သို့ လည်းကောင်း မြင်ရလတ္တံ့။ မမြင်မချင်း မလွတ်နှင့်၊ ထပ်၍ ထပ်၍ ကြည့်လေ။

သဘောလုံးကြီးဖြစ်သော ဤဦးခေါင်းကြီးကား ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ကြောင့် အသစ် အသစ် ဖြစ်နေသည်ဟု နှလုံးသွင်း၍ ဦးခေါင်းကို ဉာဏ်နှင့် စိုက်၍ကြည့်။ ခေါင်းတိုင်ဝမှ မီးခိုးလုံးကြီးတွေ ဟုတ်ခနဲ ဟုတ်ခနဲ ထွက်ပေါ်၍ လာသည်ကို မြင်ရသကဲ့သို့ အသစ်အသစ် ဖြစ်ပေါ်လာသော ရုပ်တွေကို မြင်ရလတ္တံ့။

အမာခဲကြီးမဟုတ်၊ မာခြင်းသဘော ရှိသော ပထဝီဓာတ်တွေ လွန်ကဲသော ရုပ်သစ်တွေ ဖြစ်မှုသာ ဖြစ်သည်ဟု နှလုံးသွင်း၍ ဦးခေါင်းကို ဉာဏ်နှင့် စိုက်၍ကြည့်။ မြစ်ထဲမှာ ရေလှိုင်းကြီးတွေ ဖွေးခနဲ ဖွေးခနဲ ဖြစ်ပေါ်လာသည်ကို မြင်ရသကဲ့သို့ အသစ်အသစ် ဖြစ်လာသော ရုပ်တွေကို မြင်ရလတ္တံ့။

ဖြစ်ပြီးသည့်နောက် ခဏချင်း ကွယ်ပျောက်ကြကုန်၏ဟု နှလုံးသွင်း၍ ဦးခေါင်းကို ဉာဏ်နှင့် စိုက်၍ကြည့်။ အုန်းသီးခန့်ရှိသော ယမ်းပုံကြီးတွေ မီးရှို့ရာ၌ မီးတောက်ကြီးတွေ ဟုတ်ခနဲ ဟုတ်ခနဲ ကွယ်ပျောက်၍သွားသည်ကိုမြင်ရသကဲ့သို့ ရုပ်ပျက်မှုတွေကို မြင်ရလတ္တံ့။

အမြဲ တည်ရှိနေသည်မဟုတ်၊ အဟောင်းအသစ် ဆက်လက်၍ ဖြစ်ပျက်မှုသာဖြစ်၏ဟု နှလုံးသွင်း၍ ဦးခေါင်းကို ဉာဏ်နှင့် စိုက်၍ကြည့်၊ ရေအပြင်ကို တုတ်ဖြင့်ရိုက်နှက်ရာ၌ ဖွေးခနဲဖွေးခနဲ ရေပန်း ရေလုံးတွေ ကွယ်ပျောက်၍ သွားသည်ကို မြင်ရသကဲ့သို့ ရုတ်ပျက်မှုတွေကို မြင်ရလတ္တံ့။

ဤကား အဖြစ်တခြား အပျက်တခြား ရှုကြည့်ပုံတည်း။

http://www.dhammadownload.com

စက္ကူချုပ်မီးလောင်ပုံ ဥပမာနှင့်ရုပ်ပျက်ဟန်

စက္ကူတစ်ချပ်ကို မီးရှို့ရာ၌ ရဲရဲ ရဲရဲနှင့် မီးလောင်၍ သွားရာ၏။ ထိုသို့ မီးလောင်ရာ၌ မီးမလောင်မီက ဖြူသော အဆင်းနှင့်တကွ ဖြစ်၍နေသော ရုပ်သည် မီးလောင်သည့်အခါ ကွယ်ပျောက်၍ မည်းပြာပြာ အဆင်းနှင့်တကွ ရုပ်သစ်တွေ ဖြစ်ပေါ်လာ၏။ လောကမှာ မီးလောင်လို့ ပြာဖြစ်၍ သွားသည်ဟု ပြောကြ၏။ ပြာဖြစ်၍လာသည်ကို မြင်ရသဖြင့် ရှေးကဖြစ်၍နေသော ရုပ်ဟောင်းတွေ ကွယ်ပျောက်၍ ရုပ်သစ်တွေ ဖြစ်ပေါ်လာသည်ကို သိမြင်ရာ၏။ အကယ်၍ ရုပ်ဟောင်းတွေ မပျက်ခဲ့လျှင် ပြာဖြစ်၍ မလာတန်ရာ၊ စက္ကူသားအတိုင်း ဖြူဖြူဖြူဖြူဖြူဖြစ်၍ နေရာ၏။ ဤသို့ မနေသောကြောင့် ဖြူသော ရုပ်ဟောင်းတွေ ကွယ်ပျောက်၍ မည်းသော ရုပ်သစ်တွေ ဖြစ်ပေါ်လာသည်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်၏။ မြင်ခဲ့စွ။

သဘောတုံးကြီးဖြစ်သော ဤဦးခေါင်းကြီးလည်း ထိုနည်းအတူ ဖြစ်ပျက်၍ နေသည်ဟု နှလုံးသွင်း၍ ဦးခေါင်းကို ဉာဏ်နှင့် စိုက်၍ကြည့်။ စက္ကူကို မီးရှို့ရာ၌ ဖြူသောရုပ်ဟောင်းကွေ ကွယ်ပျောက်၍ မည်းသော ရုပ်သစ်တွေ ဖြစ်ပေါ်လာသည်ကို မြင်ရသကဲ့သို့ ရှေးက ရုပ်ဟောင်းတွေ ကွယ်ပျောက်၍ နောက်က ရုပ်သစ်တွေ ဖြစ်၍လာသည်ကို ရိပ်ရိပ် ရိပ်ရိပ်နှင့် ရုပ်တွေဖြစ်ပျက်နေသည်ကို မြင်ရလတ္တံ့။

ဖယောင်းခဲမီးပူပုံ ဥပမာနှင့် ရုပ်ပျက်ဟန်

ဖယောင်းခဲကြီးတစ်ခုကို လောလောပူသော အိုးကင်းထဲသို့ ထည့်လိုက်သောအခါ ပျော့ပျောင်းယိုစီး၍ သွားရာ၏။ ထိုသို့ ယိုစီး၍ သွားရာ၌ ရှေးက ဖြစ်၍နေသော မာသောရုပ်တွေ ကွယ်ပျောက်၍ နောက်မှ အသစ်ဖြစ်သော ပျော့သော ရုပ်သစ်တွေ ဖြစ်ပေါ်လာ၏။ လောကမှာ မီးပူလို့ အရည်တွေ ဖြစ်သွားပြီဟု ပြောဆိုကြကုန်၏။ မှတ်ထင်ကြကုန်၏။ မမှတ်ကြကုန်လင့်။ မီးတည်းဟူသော အကြောင်းကြောင့် ပထဝီဓာတ်လွန်ကဲသောရုပ်တွေ အဆင့်ဆင့် ကွယ်ပျောက်၍ အာပေါဓာတ် လွန်ကဲသော ရုပ်တွေ အဆင့်ဆင့် ဖြစ်ပေါ်လာသည်ဟုမှတ်။ အကယ်၍ မပျက်ဘဲ နဂိုပကတိအတိုင်းနေခဲ့လျှင် မာမာကြီး အတိုင်း ဖြစ်၍နေရာ၏။ ဤသို့ကား မနေသောကြောင့် မာသောရုပ်ဟောင်းတွေ ကွယ်ပျောက်၍ ပျော့သော ရုပ်သစ်တွေဖြစ်ပေါ်လာသည်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်၏။ မြင်ခဲ့စွ။

ထိုဖယောင်းခဲကြီးသည် မီးနှင့် မထိသော အခါမှာလည်း ဤကဲ့သို့ ပျက်၍နေ၏။ သို့ပင်နေသော်လည်း ပြောင်းလဲမှု မထင်ရှားသောကြောင့် ပျက်သည်ဟု မထင်၊ အမြဲတည်နေသည်ဟု မှတ်ထင်ရ၏။ အမြဲတည်နေသည်မဟုတ်၊ ခဏမစဲ တသဲသဲ ဖြစ်ပျက်၍ နေ၏။ သို့ပင်နေသော်လည်း ဖြစ်ပျက်မှုအစဉ် မပြတ်သောကြောင့် အမာခဲကြီးဟု မှတ်ထင်ရ၏။

ဤဦးခေါင်းကြီးလည်း ထိုဖယောင်းခဲကြီးနှင့် အတူ အမာ အခဲ အမြဲ တည်နေသည်မဟုတ်၊ ဖြစ်ပျက်၍နေသည်ဟု နှလုံးသွင်း၍ ဦးခေါင်းကြီးကို ဉာဏ်နှင့်စိုက်၍ကြည့်။ ရုပ်တွေ ဖြစ်ပျက်၍နေသည်ကို ရွရွ ရွရွမြင်ရလတ္တံ့။

ထိုဦးခေါင်းကြီးကိုပင် ပြဆိုခဲ့ပြီးသည့်အတိုင်း အခါခါ အထပ်ထပ် ကြည့်လေ၊ မမြင်မချင်းကြည့်လေ။ ရှုကြည့်ဖန်များလျှင် ဉာဏ်နှင့် ရွယ်လိုက်သည်နှင့် တစ်ပြိုင်နက် ရုပ်ဖြစ်ပျက်မှုတွေကို ရွရွ ရွရွ မြင်ရလိမ့်မည်။

ဤကဲ့သို့ ရှုကြည့်၍ ဦးခေါင်းကြီး၌ အမြင်သန့်ရှင်းစင်ကြယ်ပြီးသည့် နောက် ကိုယ်ကြီးကို ထိုနည်းအတူကြည့်။ လက်မောင်းကို ထိုနည်းအတူကြည့်။ ပေါင်ကို ထိုနည်းအတူကြည့်၊ ခြေသလုံး၊ ခြေဖဝါးကို ထိုနည်း အတူကြည့် ရှုကြည့်စအခါ တစ်ကိုယ်လုံး မကြည့်လေနှင့်၊ ဉာဏ်အမြင် ရှုပ်ထွေး

http://www.dhammadownload.com

၍ နေတတ်သည်။ ဉာဏ်အမြင် သန့်ရှင်းစင်ကြယ်ပြီးသည့် နောက်မှ တစ်ကိုယ်လုံးခြုံ၍ ရှုကြည့်လေ။

အမှောင်အလင်း ဥပမာနှင့် ရုပ်ပျက်ဟန်

ရှုကြည့်ပုံကား-မှောင်မိုက်လှတုန်းအခါ မီးခွက်ကြီးကိုကိုင်၍ သွားရာ၌ ရှေးကဖြစ်၍နေသော အမိုက်မှောင်ရုပ်တွေ ကွယ်ပျောက်၍ အရောင်အလင်းရုပ်တွေ ဖြစ်၍ဖြစ်၍ လိုက်လာ၏။ အရောင်အလင်းရုပ်တွေ ကွယ်ပျောက်၍ အမိုက်မှောင်ရုပ်တွေ ဖြစ်၍ ဖြစ်၍ လိုက်လာ၏။

ထိုနည်းအတူ သဘောတုံးကြီးဖြစ်သော ဤခန္ဓာကိုယ်ကြီးမှာ ရုပ်ဟောင်းတွေပျက်၍ ရုပ်သစ်တွေ ဖြစ်၍ဖြစ်၍နေသည်ဟု နှလုံးသွင်း၍ ဦးခေါင်းက ခြေဖျားထိ၊ ခြေဖျားက ဦးခေါင်းထိ၊ ဉာဏ်နှင့်စိုက်၍ ကြည့်။ ရုပ်၏ဖြစ်ပျက်မှုတွေကို အမိုက်မှောင်တွေ ကွယ်ပျောက်၍ မီးရောင်တွေ ရိပ်ရိပ်ရိပ်ရိပ် လိုက်လာသကဲ့သို့ မြင်ရလတ္တံ့။ မီးရောင်တွေကွယ်ပျောက်၍ အမိုက်မှောင်တွေ ရိပ်ရိပ် ရိပ်ရိပ် လိုက်လာသကဲ့သို့ ရုပ်ဟောင်းတွေပျက်၍ ရုပ်သစ်တွေ ဖြစ်၍ ဖြစ်၍ နေပုံကို မြင်ရလတ္တံ့။

ဤကဲ့သို့ အထက်ကအောက် အောက်က အထက်နှင့် လူးလာဆန်ခတ် ကြည့်လေသည်။ ဤသည်တို့ကား ငြိမ်ဝပ်စွာနေသောအခါ ရှုကြည့်ရန် ပြဆိုသော ဝိပဿနာပေတည်း။

လှုပ်ရှားသော ရုပ်ကို ရှုမှတ်နည်း

လှုပ်ရှားသည့်အခါ ရှုကြည့်ရန်ကား-

လောကဌ် သက်ရှိသက်မဲ့ အလုံးစုံသော အထည်ဝတ္ထုတွေ လှုပ်ရှားမှု,ရွေ့လျားမှု၊ပြောင်းရွေ့မှုတို့သည် ရုပ်တရားတို့၏ဖြစ်ပျက်မှု၊ ရုပ်သဘောတွေပြောင်းလဲမှုတို့သာ ဖြစ်ကုန်၏။ အကယ်မပျက်ဘဲ အမြဲတည်၍နေခဲ့လျှင် ရွေ့ပြောင်းလှုပ်ရှား၍မရနိုင်ရာ။ မမြဲသောကြောင့် ရွေ့ပြောင်းလှုပ်ရှား၍ရလေ၏။

သစ်သားရုပ် ဥပမာနှင့် ရုပ်ပျက်ပုံ

ဥပမာကား အသေပြုလုပ်၍ထားသော သစ်သားရုပ်ကြီး မြို့၍နေခြင်းကြောင့် ဦးခေါင်းလှုပ်၍မရ၊ လက်လှုပ်၍မရ အမြဲခိုင်မာ၍ နေလေ၏။ ထို အရုပ်ကြီးကိုပင် ခြေလက်အင်္ဂါ တခြားစီဖြတ်၍ အရုပ်ကြီး လုပ်ပြန်လျှင် မမြဲသောကြောင့် လှုပ်ရှား၍ ရပြန်လေ၏။

ထိုနည်းအတူ အလုံးစုံသော ရုပ်ဟူသမျှတို့သည် မမြဲသောကြောင့် လှုပ်ကြကုန်၏။ လှုပ်ရှားထကြွမှုတို့သည် ရုပ်တို့၏ ဖြစ်ပျက်မှုသဘော အမူအရာ ပြောင်းလဲမှုတို့သာ ဖြစ်ကြကုန်သည်ဟု နှလုံးသွင်း၍ ခြေကြွလိုက်သည်နှင့် တစ်ပြိုင်နက်ဖြစ်၏၊ ပျက်၏။ ချလိုက်သည်နှင့် တစ်ပြိုင်နက်ဖြစ်၏၊ ပျက်၏ဟု ဉာဏ်နှင့်စိုက်၍ခြေကိုကြည့်။ မီးတောက်ကြီးတွေ ဟုတ်ခနဲ ဟုတ်ခနဲ ကွယ်ပျောက်၍ သွားသည်ကို မြင်ရသကဲ့သို့ ရုပ်၏ ဖြစ်ပျက်မှုတွေကို မြင်ရလတ္တံ့။

ထိုနည်းအတူ သွားလေသည့်အခါ ခြေကြွလိုက်သည်နှင့်တစ်ပြိုင်နက်ဖြစ်၏၊ပျက်၏။ အောက်သို့ ချလိုက်သည်နှင့် တစ်ပြိုင်နက် ဖြစ်၏၊ ပျက်၏။ ထိုနည်းအတူ ဦးခေါင်းလှုပ်ရာ၊ မျက်ခုံးလှုပ်ရာ၊ မေးလှုပ်ရာ၊ လက်မောင်းလှုပ်ရာ၊ ကိုယ်လှုပ်ရာ၊ အသက်ရှူသည့်အခါ ဗိုက်လှုပ်ရာ၊ တင်ပါးလှုပ်ရာ၊ ပေါင်လှုပ်ရာ၊ ခြေသလုံးလှုပ်ရာ၊ ခြေဖျားလှုပ်ရာတို့၌ လှုပ်သည်နှင့် တစ်ပြိုင်နက် ဖြစ်၏၊ ပျက်၏ဟု ရှုကြည့်လေ။ အလုံးစုံလှုပ်ရာတို့၌ ထိုနည်းအတူ လှုပ်သည်နှင့်တစ်ပြိုင်နက် ဖြစ်၏၊ ပျက်၏ဟု ရှုကြည့်လေ။ ဤသည်တို့ကား ရုပ်၏ ဖြစ်ပျက်မှုကို ရှုကြည့်ရန် ပြဆိုသော ဥဒယဗ္ဗယဉာဏ်အချက်တို့ပေတည်း။

နာမ်တရား၌ ဥဒယဗ္ဗယဉာဏ် ဖွင့်နည်း

နာမ်၏ ဖြစ်ပျက်မှုကို ရှုကြည့်ရန် ပြဆိုဦးအံ့-

နာမ်၏ ဖြစ်ပျက်မှုကို အကြောင်းနှင့်တကွ

http://www.dhammadownload.com

သိလိုလျှင် တတိယအပိုင်း ၂၄ မှာ ကြည့်လေ။ ရှုကြည့်ပုံကိုလည်း အနည်းငယ်မျှ ပြဆိုခဲ့ပြီ။ ထို့ကြောင့် ဤ၌ အနည်းငယ်မျှသာ ပြဆိုတော့အံ့။ ထင်ချက် မြင်ချက်ရအောင် ဝိညာဏ် ၆ ပါးကို ပိုးစုန်းကြူးအရောင်ကဲ့သို့ ဥပမာတင်၍ ထင်မြင်အောင် ရှုကြည့်အပ်၏။

စက္ခုဝိညာဏ် ဖြစ်ပျက်ကို ရှုမှတ်ပုံ

ရှုကြည့်ရန်ကား အဆင်းအမျိုးမျိုးတို့ကို မြင်၍နေရာ၌ မျက်စိက မြင်သည်မဟုတ်၊ စက္ခု ဝိညာဏ်ကသာ မြင်၏။ ဤစက္ခုဝိညာဏ်သည် အမြဲတည်ရှိ၍ နေသည်မဟုတ်၊ စက္ခုပသာဒရုပ်နှင့် ရူပါရုံနှစ်ပါးစုံကို စွဲ၍ဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ မျက်လုံးအလယ်မှာ ဉာဏ်နှင့် စိုက်၍ ကြည့်။ ပိုးစုန်းကြူးဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ စက္ခုဝိညာဏ်၏ ဖြစ်ပျက်မှုကို မြင်အောင် ရှုကြည့်လေ။

ဤကား တမြင်တည်းမြင်၍ နေရာ၌ ရှုကြည့်ရန်တည်း။

အာရုံ ပြောင်းလဲသည့်အခါ အာရုံနှင့် ပိုင်း၍ ပိုင်း၍ ရှုကြည့်လေ။ ရှုကြည့်ရန်ကား မျက်လုံးအလယ်မှာ ဉာဏ်နှင့်စိုက်၍ အဖြူကိုမြင်လျှင် မြင်ရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ စက္ခုဝိညာဏ်၏ ဖြစ်ပျက်မှုကို ပိုးစုန်းကြူး အရောင်ကို မြင်ရသကဲ့သို့ ဝင်းခနဲ ဝင်းခနဲ မြင်အောင် ရှုကြည့်လေ။

အနီအဝါတို့ကိုမြင်ရာ၊ အပြာအညိုတို့ကို မြင်ရာ၊ မြေရေတို့ကိုမြင်ရာ၊ နေလတို့ကိုမြင်ရာ၊ အိမ်ကျောင်းဓရုပ်တို့ကိုမြင်ရာ၊ တုံး တိုင် သစ်ပင်တို့ကို မြင်ရာ၊ လူ မြင်း ကျွဲ နွားတို့ကိုမြင်ရာ၊ ခွေး ဝက် ကြက် ငှက်တို့ကိုမြင်ရာ အလုံးစုံတို့ကို မြင်ရာတို့၌ ထိုနည်းအတူ သူ့အာရုံနှင့် သူဝိညာဏ် အပိုင်းပိုင်း ပြတ်၍သွားအောင် ရှုကြည့်လေ။

ဤကား စက္ခုဝိညာဏ်ကို ရှုကြည့်ရန်တည်း။

သောတဝိညာဏ်၏ ဖြစ်ပျက်ကို ရှုမှတ်ပုံ

သောတညာဏ်ကို ရှုကြည့်ရန်ကား အသံအမျိုးမျိုးတို့ကို ကြားနေရာ၌ နားက ကြားသည်မဟုတ်၊ သောတဝိညာဏ်ကသာ ကြား၏။ ဤသောတ ဝိညာဏ်သည် နားထဲမှာ အမြဲတည်ရှိ၍နေသည် မဟုတ်၊ သောတပသာဒရုပ်နှင့် သဒ္ဒါရုံနှစ်ပါးစုံကို စွဲ၍ ဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ နှာခေါင်းတွင်းမှာ ဉာဏ်နှင့်စိုက်၍ကြည့်။ ပိုးစုန်းကြူး၌ ဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ သောတဝိညာဏ်၏ ဖြစ်ပျက်မှုကို မြင်အောင် ရှုကြည့်လေ။

ဤကား တကြားတည်းကြား၍ နေရာ၌ ရှုကြည့်ရန်တည်း။

အာရုံပြောင်းလဲသည့်အခါ အာရုံနှင့် ပိုင်း၍ ပိုင်း၍ ရှုကြည့်လေ။ ရှုကြည့်ရန်ကား နှာခေါင်းတွင်းမှာ ဉာဏ်နှင့်စိုက်၍ လူသံကို ကြားလျှင် ကြားရာတွင် ပျောက်သည်ဟု နှလုံးသွင်း၍ သောတဝိညာဏ်၏ ဖြစ်ပျက်မှုကို ပိုးစုန်းကြူး အရောင်ကိုမြင်ရသကဲ့သို့ ဝင်းခနဲ ဝင်းခနဲ မြင်အောင် ရှုကြည့်လေ။

ကျွဲ နွား၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်သံတို့ကို ကြားရာ၊ ဆိုင်းသံ ဗြောသံ ဗုံသံ နဲသံ တို့ကို ကြားရာ၊ မိုးသံ လေသံ စိန်သံ အမြောက်သံတို့ကို ကြားရာ၊ ရိုက်သံ နှက်သံ တီးသံ ခတ်သံတို့ကို ကြားရာ၊ အလုံးစုံသော အသံတို့ကို ကြားရာတို့၌ ထိုနည်းအတူ သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းပိုင်း ပြတ်၍ သွားအောင် ရှုကြည့်လေ။

ဤကား သောတဝိညာဏ်ကို ရှုကြည့်ရန်တည်း။

ဃာနဝိညာဏ်၏ ဖြစ်ပျက်ကို ရှုမှတ်ပုံ

ဃာနဝိညာဏ်ကို ရှုကြည့်ရန်ကား အနံ့အမျိုးမျိုးတို့ကိုနံ၍ နေရာ၌ နှာခေါင်းက နံသည်မဟုတ်၊ ဃာနဝိညာဏ်ကသာနံ၏။ ဤဃာနဝိညာဏ်သည် နှာခေါင်းတွင်းမှာ အမြဲတည်ရှိ၍ နေသည်မဟုတ်။

http://www.dhammadownload.com

ဃာနဒ္ဒါ ဂန္ဓာရံ ထိခိုက်လာသည့်အခါ ဃာနပသာဒ ရုပ်နှင့် ဂန္ဓာရံ နှစ်ပါးစုံကို စွဲ၍ဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ နာခေါင်းတွင်းမှာ ဉာဏ်နှင့် စိုက်၍ကြည့်။ ပိုးစုန်းကြူးဒဋ္ဌ ဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ ဃာနဝိညာဏ်၏ ဖြစ်ပျက်မှုကို မြင်အောင်ကြည့်လေ။

ဤကား တန်တည်းနံ၍ နေရာဒဋ္ဌ ရှုကြည့်ရန်တည်း။

အာရုံပြောင်းလဲရာဒဋ္ဌ အာရုံနှင့် ပိုင်း၍ ပိုင်း၍ ရှုကြည့်လေ။ ရှုကြည့်ရန်ကား နှာခေါင်းတွင်းမှာ ဉာဏ်နှင့်စိုက်၍ ပန်းရနံ့ကို နံလျှင် နံရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ ဃာနဝိညာဏ်၏ ဖြစ်ပျက်မှုကို ပိုးစုန်းကြူးအရောင် မြင်ရသကဲ့သို့ ဝင်းခနဲ ဝင်းခနဲ မြင်အောင် ကြည့်လေ။

ဒေါန သရဖီ နှင်းဆီနံ့တို့ကို နံရာ၊ ချဉ်းစကားဝါ ဖူကာနံ့တို့ကို နံရာ၊ ရေမွှေးနံ့သာ သနပ်ခါးနံ့တို့ကိုနံရာ၊ လူနံ့ ခွေးနံ့ မစင်နံ့ နောက်ချေးနံ့တို့ကို နံရာ၊ ဆီညှော် ဖွဲညှော် အမှိုက်ညှော်တို့ကို နံရာ၊ အပုပ်နံ့ အမွှေးနံ့ အလုံးစုံသော အနံ့တို့ကို နံရာတို့ဒဋ္ဌ ထိုနည်းအတူ သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းပိုင်း ပြတ်၍သွားအောင် ရှုကြည့်လေ။

ဤကား ဃာနဝိညာဏ်ကို ရှုကြည့်ရန်တည်း။

ဇိဝှာဝိညာဏ်ဖြစ်ပျက်ကို ရှုမှတ်ပုံ

ဇိဝှာဝိညာဏ်ကို ရှုကြည့်ရန်ကား ရသာရုံ အမျိုးမျိုးတို့ကို စား၍နေရာဒဋ္ဌ လျှာက ချိုသည်ချဉ်သည်ဟု သိသည်မဟုတ်။ ဇိဝှာဝိညာဏ်တွေ ဖြစ်ပေါ်သည့်အခါ ချိုသည်ချဉ်သည်ဟု သိရ၏။ ဤဇိဝှာဝိညာဏ်သည် လျှာမှာ အမြဲတည်ရှိ၍ နေသည်မဟုတ်။ အချိုအချဉ်စသော ရသာရုံတို့ ထိခိုက်လာသည့်အခါ ဇိဝှာပသာဒရုပ်နှင့် ရသာရုံနှစ်ပါးစုံကို စွဲ၍ ဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ လျှာအပြင်မှာ ဉာဏ်နှင့်စိုက်၍ကြည့်။ ပိုးစုန်းကြူးဒဋ္ဌ ဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ ဇိဝှာဝိညာဏ်၏ ဖြစ်ပျက်မှုကို မြင်အောင် ရှုကြည့်လေ။

ဤကား တချို့တည်းချို၍နေရာ တချဉ်တည်းချဉ်၍နေရာဒဋ္ဌ ရှုကြည့်ရန်တည်း။

အာရုံပြောင်းလဲလျှင် အာရုံနှင့် ပိုင်း၍ပိုင်း၍ ရှုကြည့်လေ။ ရှုကြည့်ရန်ကား လျှာအပြင်မှာ ဉာဏ်နှင့်စိုက်၍ ချိုသည်ဟုသိလျှင် သိရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ ပိုးစုန်းကြူးအရောင်ကို မြင်ရသကဲ့သို့ ဇိဝှာဝိညာဏ်၏ ဖြစ်ပျက်မှုကို ဝင်းခနဲလက်ခနဲ မြင်အောင် ကြည့်လေ။

ဆိမ့်သည်ဟုသိရာ ချဉ်သည်ဟုသိရာ စပ်သည်ဟုသိရာ ဖန်သည်ဟု သိရာ ငန်သည်ဟုသိရာ ခါးသည်ဟုသိရာ အလုံးစုံသောအရသာတို့ကိုသိရာဒဋ္ဌ ထိုနည်းအတူ သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းပိုင်း ပြတ်၍ သွားအောင် ရှုကြည့်လေ။

ဤကား ဇိဝှာဝိညာဏ်ကို ရှုကြည့်ရန်တည်း။

ကာယဝိညာဏ်ဖြစ်ပျက်ကို ရှုမှတ်ပုံ

ကာယဝိညာဏ်ကို ရှုကြည့်ရန်ကား ကိုယ်၌ ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတို့ ထိခိုက်၍ ပူသည် အေးသည် စသည်ကိုသိ၍ နေရာဒဋ္ဌ ကိုယ်က သိသည်မဟုတ်။ ကာယဝိညာဏ်တွေဖြစ်ပေါ်သည့်အခါ ပူသည်အေးသည် စသည်ဖြင့်သိရ၏၊ ဤကာယဝိညာဏ်သည် ကိုယ်ထဲမှာ အမြဲတည်ရှိနေသည် မဟုတ်၊ ကိုယ်၌ ဖောဋ္ဌဗ္ဗာရုံတို့ ထိခိုက်လာသည့်အခါ ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံနှစ်ပါးစုံကို စွဲ၍ ဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ ပူသည့်နေရာ၊ အေးသည့်နေရာမှာ ဉာဏ်နှင့်စိုက်၍ကြည့်။ ပိုးစုန်းကြူးဒဋ္ဌ ဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ ကာယဝိညာဏ်၏ ဖြစ်ပျက်မှုကို မြင်အောင် ရှုကြည့်လေ။

ဤကား တပူတည်းပူ၍နေရာ တအေးတည်းအေး၍ နေရာဒဋ္ဌ ရှုကြည့်ရန်တည်း။

အာရုံပြောင်းလဲလျှင် အာရုံနှင့် ပိုင်း၍ ပိုင်း၍

http://www.dhammadownload.com

ရှုကြည့်လေ။ ရှုကြည့်ရန်ကား-ကိုယ်၌ ဖောဋ္ဌဗ္ဗာရုံ ထိခိုက်လာသည့် နေရာမှာ ဉာဏ်နှင့်စိုက်၍ ပူသည်ဟုသိလျှင် သိရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ ပိုးစုန်းကြူး အရောင်ကို မြင်ရသကဲ့သို့ ကာယဝိညာဏ်၏ ဖြစ်ပျက်မှုကို ဝင်းခနဲ ဝင်းခနဲ မြင်အောင် ရှုကြည့်လေ။ အေးသည်ဟုသိလျှင် သိရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ ကာယဝိညာဏ်၏ ဖြစ်ပျက်မှုကို ဝင်းခနဲ ဝင်းခနဲမြင်အောင် ရှုကြည့်လေ။

ပဝါနှင့်ထိ၍ ထိသည်ဟု သိရာ၊ အကျီနှင့်ထိ၍ ထိသည်ဟု သိရာ၊ ပုဆိုးနှင့် ထိ၍ ထိသည်ဟု သိရာ၊ အဝတ်အမျိုးမျိုးနှင့် ထိ၍ ထိသည်ဟု သိရာ၊ အကာနှင့်ထိ၍ ထိသည်ဟုသိရာ၊ အခင်းနှင့်ထိ၍ ထိသည်ဟုသိရာ၊ တိုင်နှင့်ထိ၍ ထိသည်ဟုသိရာ၊ ဖျာနှင့်ထိ၍ ထိသည်ဟုသိရာ၊ ကြမ်းနှင့်ထိ၍ **ဝှေ** သည်ဟု သိရာ၊ မြေနှင့်ထိ၍ ထိသည်ဟု သိရာ၊ လက်နှင့် ထိ၍ ထိသည်ဟုသိရာ၊ ခြေနှင့်ထိ၍ **ထိ** သည်ဟု သိရာ၊ အလုံးစုံတို့နှင့်ထိ၍ ထိသည်ဟု သိရာတို့၌ ထိုနည်းအတူ သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းအပိုင်း ပြတ်၍သွားအောင် ရှုကြည့်လေ။

ဤကား ကာယဝိညာဏ်ကို ရှုကြည့်ရန်တည်း။

ဝေဒနာဥဒ္ဒေသပျက်ကို ရှုမှတ်ပုံ

ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတို့ ထိခိုက်လာရာ ဝေဒနာထင်ရှားသည့်အခါ ဝေဒနာကို အစွဲပြု၍ ရှုကြည့်ရာ၏။ ဝေဒနာကား အသိုးအခြားဖြစ်သည် တော့မဟုတ်။ ဤကာယဝိညာဏ်နှင့် အတူတကွဖြစ်သော ဓမ္မသဘောပေတည်း။ ထို့ကြောင့် ကာယဝိညာဏ်၏ ဖြစ်ပျက်မှုကိုမြင်လျှင် ဝေဒနာ၏ ဖြစ်ပျက်မှုကိုလည်း မြင်တော့၏။ ဝေဒနာ၏ ဖြစ်ပျက်မှုကို မြင်လျှင် ကာယဝိညာဏ်၏ ဖြစ်ပျက်မှုကိုလည်း မြင်လေတော့၏။

ဝေဒနာကို ရှုကြည့်ရန်ကား - ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတို့ ထိခိုက်လာသည့်အခါ ယားသည်၊ နာသည်၊ ပူသည်၊ အေးသည် **စသည်တို့ဖြစ်လာရာ၌** ကိုယ်က ယားသည်၊ ကိုယ်က နာသည်၊ လက်က ပူသည်၊ ခြေကအေးသည် မဟုတ်၊ ဝေဒနာ၏ သဘောတွေသာ ဖြစ်ကုန်၏၊ ဤဝေဒနာသည် ကိုယ်ထဲမှာ အမြဲတည်ရှိ၍ နေသည်မဟုတ်၊ ဖောဋ္ဌဗ္ဗာရုံ ထိခိုက်လာသည့်အခါ ဖြစ်ပေါ်လာ၏။ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ ယားသည့်နေရာ နာသည့်နေရာ စသည်မှာ ဉာဏ်နှင့် စိုက်၍ကြည့်၊ ပိုးစုန်းကြူးရှိ ဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ ဝေဒနာ၏ ဖြစ်ပျက်မှုကို မြင်အောင် ရှုကြည့်လေ။

ဤကား တယားတည်း ယား၍ နေရာ၊ တနာတည်း နာ၍ နေရာတို့၌ ရှုကြည့်ရန်တည်း။

အာရုံပြောင်းလဲလျှင် အာရုံနှင့်ပိုင်း၍ ရှုကြည့်**လေ။ ရှုကြည့်**ရန်ကား-ခြင်ကိုက်၍ ယားသည့်နေရာမှာ ဉာဏ်နှင့်စိုက်၍ ယားလျှင် ယားရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ ပိုးစုန်းကြူးအရောင်ကို မြင်ရသကဲ့သို့ ဝေဒနာ ဖြစ်ပျက်မှုကို မြင်အောင်ကြည့်လေ။

သန်းကိုက်၍ ယားရာ၊ ကြမ်းပိုးကိုက်၍ ယားရာ၊ အလုံးစုံထိခိုက်၍ ယားရာတို့၌ ထိုနည်းအတူ ကြည့်လေ။

ခလုတ်တိုက်၍ နာရာ၊ ထိခိုက်မိ၍ နာရာ၊ တုတ်နှင့်ရိုက်၍ နာရာ၊ ဆူးစူး၍ နာရာ၊ တစ်စုံတစ်ခုသော ဝတ္ထုနှင့်ထိ၍ နာရာ၊ အောင့်ရာ၊ ကျင်ရာတို့၌ ထိုနည်းအတူ ကြည့်လေ။

နေပူနှင့်ထိ၍ ပူရာ၊ မီးရှိန်နှင့်ထိ၍ ပူရာ၊ ရေနှင့်လောင်း၍ အေးရာ၊ ဆောင်းအခါ ခိုက်ခိုက်တုန်ချမ်းရာတို့၌ ရေလှိုင်းကြီးတွေ ဖွေးခနဲ ဖွေးခနဲ၊ မြင်ရသကဲ့သို့ ဝေဒနာ၏ ဖြစ်ပျက်မှုတွေကို ဦးခေါင်းမှာ၊ ကျောမှာ၊ ပေါင်မှာ၊ တစ်ကိုယ်လုံးမှာ ဖွေးခနဲ ဖွေးခနဲ မြင်အောင်ကြည့်လေ။

အတွင်း ဓာတ်သားချင်း ထိခိုက်၍ ဦးခေါင်းထဲမှာ၊ ကိုယ်ထဲမှာ၊ လက်ထဲမှာ၊ လက်မောင်းထဲ

http://www.dhammadownload.com

ပေါင်ထဲ၊ ခြေသလုံးထဲ၊ ခြေဖဝါးထဲမှာ ယားသည်၊ နာသည်၊ အောင့်သည်၊ ကျင်သည် စသည် ဖြစ်လာသည့်အခါ ဝေဒနာ၏ ဖြစ်ပျက်မှုတွေကို ဖွေးခနဲ ဖွေးခနဲ မြင်အောင်ကြည့်လေ။

ဤကား ဝေဒနာကို ရှုကြည့်ရန်တည်း။

မနောဝိညာဏ်၌ ဖြစ်ပျက်ကို ရှုမှတ်ပုံ

မနောဝိညာဏ်ကို ရှုကြည့်ရန်ကား-မနောအကြည်၌ အာရုံခြောက်ပါးတို့တွင် အမှတ်မရှိသော တစ်ခုခုသောအာရုံသည် ထင်လာသည့်အခါ သိခြင်းအမျိုးမျိုး၊ မှတ်ခြင်းအမျိုးမျိုး၊ ကြံခြင်းအမျိုးမျိုး၊ နှလုံးသွင်းခြင်း အမျိုးမျိုး၊ လိုချင်ခြင်း အမျိုးမျိုးတို့ ဖြစ်ပေါ်လာကုန်၏။ ဤသို့ ဖြစ်ပေါ်လာကုန်သော မနောဝိညာဏ်တို့သည် ဗိုက်ထဲ ရင်ခေါင်းထဲမှာ အမြဲတည်ရှိ၍ နေကြကုန်သည် မဟုတ်ကုန်။ မနောနှင့် ဓမ္မာရုံနှစ်ပါးစုံကို စွဲ၍ ဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ နှလုံးသွေးမှာ ဉာဏ်နှင့် စိုက်၍ ကြည့်၊ ပိုးစုန်းကြူးဌ် ဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ မနောဝိညာဏ်၏ ဖြစ်ပျက်မှုတွေကို မြင်အောင် ရှုကြည့်လေ။

အာရုံပြောင်းလဲလျှင် သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်း အပိုင်းပြတ်၍ သွားအောင် ရှုကြည့်လေ။ ရှုကြည့်ရန်ကား-သိခြင်း၊ မှတ်ခြင်း၊ လိုချင်ခြင်း စသော မနောဝိညာဏ် ဖြစ်ပေါ်လာသည့်အခါ နှလုံးသွေးမှာ ဉာဏ်နှင့်စိုက်၍ ထိုသို့ ဓမ္မာရုံကို သိလျှင် သိရာတွင် ပျောက်၏ဟုနှလုံးသွင်း၍ မနောဝိညာဏ်၏ ဖြစ်ပျက်မှုကို ပိုးစုန်းကြူးအရောင်ကို မြင်ရသကဲ့သို့ ဝင်းခနဲ ဝင်းခနဲ မြင်အောင် ရှုကြည့်လေ။

ရူပါရုံကို လိုချင်အောက်မေ့ ကြံတွေးသိသော မနောဝိညာဏ်သည် ထိုရူပါရုံတွင် ချုပ်၏။ သဒ္ဒါရုံကိုလည်းကောင်း၊ ဂန္ဓာရုံကိုလည်းကောင်း၊ ရသာရုံကိုလည်းကောင်း၊ ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း လိုချင်အောက်မေ့ ကြံတွေး သိသော မနောဝိညာဏ်သည် ထိုထို အာရုံတွင် ချုပ်၏။ ဓမ္မာရုံကို ကြံတွေးစိတ်ကူးအထူးထူး အထွေထွေသိသော မနောဝိညာဏ်သည် ထိုထို ဓမ္မာရုံတွင် ချုပ်၏။

လူကို ကြံတွေးစိတ်ကူး အထူးထူးအထွေထွေသိသော မနောဝိညာဏ်သည် ထိုလူတွင်ချုပ်၏။ နတ်ကိုလည်းကောင်း၊ ဗြဟ္မာကိုလည်းကောင်း၊ သတ္တဝါကိုလည်းကောင်း၊ ခွေး ဝက် ကြက် ငှက်တို့ကိုလည်းကောင်း ကြံတွေး စိတ်ကူး အထူးထူးအထွေထွေ သိသော မနောဝိညာဏ်သည် ထိုထို ဝတ္ထုအာရုံတွင်ချုပ်၏။

မြေကိုကြံတွေးစိတ်ကူး အထူးထူးအထွေထွေသိသော မနောဝိညာဏ်သည် ထိုမြေတွင် ချုပ်၏။ ရေကိုလည်းကောင်း၊ တောတောင် သမုဒ္ဒရာတို့ကိုလည်းကောင်း၊ တုံးတိုင် သစ်ပင် မြင်မြင်သမျှသော ရုပ်တုံး ရုပ်ခဲတို့ကိုလည်းကောင်း အလုံးစုံသော ဝတ္ထုအာရုံတို့ကိုလည်းကောင်း ကြံတွေးစိတ်ကူး အထူးထူးအထွေထွေသိသော မနောဝိညာဏ်သည် ထိုထို ဝတ္ထုအာရုံတွင် ချုပ်၏ဟု နှလုံးသွင်း၍ ရှုးနည်းအတူ မြင်အောင် ရှုကြည့်လေ။

ဤကား မနောဝိညာဏ်ကို ရှုကြည့်ရန်တည်း။

ဥဒယဗ္ဗယဉာဏ် အရေးကြီးပုံ

ဤပြဆိုခဲ့ပြီးသော ဝိပဿနာရှုနည်းကို တွေ့မြင်၍ ဝိပဿနာအလုပ်ကို အားမထုတ်တတ်သေးလျှင် ဤဘဝမှာအားထုတ်တတ်လိမ့်ဦးမည်ဟု ထင်စားဖို့ မရှိတော့ပြီ။ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့မှာ ဤဥဒယဗ္ဗယဉာဏ် နေရာတကျဖြစ်အောင် အားကြိုးလိုလှတော့၏။ ဥဒယဗ္ဗယဉာဏ် နေရာမကျလျှင် နွေခေါင်ခေါင်တွင် မီးလောင်သော သစ်ပင်ကဲ့သို့ ဝိပဿနာ ယောဂီပုဂ္ဂိုလ်၏ဉာဏ်သည် ခြောက်သွေ့သွေ့နေတတ်၏။ ထို့ကြောင့် ဥဒယဗ္ဗယ ဉာဏ်ကို နေရာကျအောင် အားထုတ်အပ်၏။

ဥဒယဗ္ဗယဉာဏ်ကို ပြဆိုခန်းပြီး၏။

http://www.dhammadownload.com

ဘင်္ဂဉာဏ်ကို ပြဆိုခန်း

တဿ ဇဝံ ဥပ္ပဇ္ဇိတ္ထာ ဇဝံ နာမ သခ်ါရဂတံ
နိရုဇ္ဈတီတိ ပဿတော ဇကသို့ ဌာနေ ဘင်္ဂါ
နုပဿနံ နာမ
ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။ ။ ဝိသုဒ္ဓိမဂ်။

ဇဝံ၊ ဤသို့။ ဥပ္ပဇ္ဇိတ္ထာ၊ ဖြစ်ပြီး၍။ ဇဝံနာမ၊ ဤမည်သော။ သခ်ါရဂတံ၊ သခ်ါရတရားအစုသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ ဣတိ၊ ဤသို့။ ပဿတော၊ ရှုသော။ တဿ၊ ထိုယောဂီအား။ ဇကသို့ ဌာနေ၊ တစ်ခုသော အရာ၌။ဘင်္ဂါနုပဿနံ နာမ၊ အဖျက်ကို ရှုသည်မည်သော ဝိပဿနာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဘင်္ဂဉာဏ်၏ သဘော

ဘင်္ဂဉာဏ်ဆိုသည်ကား အဖြစ်ကို လွှတ်ထား၍ အဖျက်သက်သက်ကို ရှုပေးသော ဉာဏ်ပေတည်း။ ရှုကြည့်ပုံကား-

ဥဒယဗ္ဗယဉာဏ်အခန်း၌ အဖျက်သက်သက် ရှုကြည့်ပုံကို ကျယ်ဝန်းစွာ ပြဆိုခဲ့ပြီ။ ထိုဥဒယဗ္ဗ ဉာဏ်အခန်းက အဖျက်သက်သက် ရှုကြည့်ပုံကို ပြဆိုသည့်အတိုင်း ရှုကြည့်လေ။ ဤ၌ အနည်းငယ် မျှကိုသာ ပြဆိုတော့အုံ့။

ရုပ်ကို ရှုပုံ

ရှေးနည်းအတူ သဏ္ဌာနပညတ်၊ သန္တတိ ပညတ်တို့ကို ဉာဏ်နှင့် မှုတ်လွှင့်၍ ဦးခေါင်း၊ ခြေ၊ လက်၊ ပေါင်နှစ်ဖက်စသော ကိုယ်အင်္ဂါတို့သည်ကား အမာအခဲ အမြဲတည်ရှိ၍ နေကြကုန်သည် မဟုတ်ကုန်။ အကြောင်းအားလျော်စွာ ဖြစ်ပျက်၍ နေကြကုန်သော သဘောလုံးကြီး၊ သဘောတုံးကြီးသာ ဖြစ်ကုန်၏ဟု နှလုံးသွင်း၍ ခန္ဓာကိုယ်ကြီးကို ဉာဏ်နှင့် စိုက်၍ကြည့်။
ကြည့်ပုံကား-

အပေါ်၌ တင်ထားသော သဲအိတ်ကြီးမှ အောက်သို့ ဖျက်ဖျက် ဖျက်ဖျက် ကျ၍နေသည်ကို မြင်ရသကဲ့သို့ ဦးခေါင်းကစ၍ ခြေဖဝါးထိ၊ ခြေဖဝါးက စ၍ ဦးခေါင်းထိ ရုပ်၏ ဖျက်မှုတွေကို မြင်အောင်ကြည့်။ စကြန် လျှောက်သကဲ့သို့ ဉာဏ်နှင့် လူးလာဆန်ခတ် အပြန်ပြန် အလှန်လှန်ကြည့်လေ။

ကိုယ့်သဏ္ဌာန်၊ သူတစ်ပါး သဏ္ဌာန် သက်ရှိ၊ သက်မဲ့ ဖြစ်ဖျက်၍နေကုန်သော ရုပ်တုံးရုပ်ခဲ အမျိုးမျိုးတို့ကိုလည်း ထိုနည်းအတူ မြင်အောင် ကြည့်လေ။ အလုံးစုံသော ရုပ်ဟူသမျှတို့သည် မမြဲသော အနိစ္စတရားသာဖြစ်ကုန်သည်ဟု နှလုံးသွင်း၍ ဉာဏ်နှင့်ကြည့်။ နံရံပေါက်၌ နေရောင်ဝင်နေသည့်အခါ ရွှရွှရွှ မြင်ရသော မြူမှုန်ကလေးတွေကဲ့သို့ မြင်မြင်သမျှ ရုပ်တုံးရုပ်ခဲတို့၏ ဖျက်မှုချုပ်မှုတွေကို ရွှ ရွှ ရွှ မြင်အောင်ကြည့်လေ။

ဤကား ရုပ်တို့၏ ဖျက်မှုကို
ကြည့်ရှုဖို့ရန်တည်း။

နာမ်ကိုရှုပုံ

နာမ်၏ဖျက်မှုကို ရှုကြည့်ရန်ကား မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ သိခြင်း၊ မှတ်ခြင်း စသော နာမ်တရားတို့သည်လည်း အမြဲတည်ရှိ၍ နေကြကုန်၊ သည် မဟုတ်ကုန်။ အကြောင်းအားလျော်စွာ ဆိုင်ရာဆိုင်ရာ အသီးသီးဖြစ်ပျက်၍ နေကြကုန်၏ဟု နှလုံးသွင်း၍ ခြောက်ဒွါရမှာ အသီးသီး ဉာဏ်နှင့်စိုက်၍ကြည့်။ မိုးရွာတုန်းအခါ ကန်ရေအပြင်၊ မြစ်ရေအပြင်တို့၌ သူ့ရေပေါက်နှင့် သူရေပွက် သူ့ရေပေါက်နှင့် သူ့ရေပွက်၊ တဖွားဖွားပျက်၍နေသည်ကို မြင်ရသကဲ့သို့၊ နာမ်၏ဖျက်မှုတွေကို သူ့အာရုံနှင့် သူ့ဝိညာဏ်အပိုင်း အပိုင်းပြတ်၍ သွားအောင်ကြည့်လေ။

ဤကား နာမ်၏ဖျက်မှုကို ရှုကြည့်ဖို့ရန်
အကျဉ်းမျှပြချက်တည်း။

http://www.dhammadownload.com

လက္ခဏာ တစ်ပါးမြင်လျှင် ၃ ပါးထင်

ထိုသုံးပါးတို့တွင် မမြဲသော အနိစ္စလက္ခဏာကို နေရာတကျ သိမြင်လျှင် ကြွင်းသော လက္ခဏာတို့ကိုလည်း အလိုလို ထင်မြင်လာလေတော့၏။

ထို့ကြောင့် နဝင်္ဂတ္တရ အဋ္ဌကထာ၌...

အနိစ္စလက္ခဏော ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ ဟောတိ။

ဧတေသု ဟိ တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒ္ဝယံ ဒိဋ္ဌမေဝ ဟောတိ–

ဟူ၍ဖွင့်ဆိုတော်မူ၏။

အနိစ္စ လက္ခဏော၊ အနိစ္စ လက္ခဏာကို။ ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ အနတ္တလက္ခဏံ၊ အနတ္တ လက္ခဏာကို။ ဒိဋ္ဌမေဝ၊ မြင်တော့သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ သင့်စွ။ ဧတေသု တီသု လက္ခဏေသု၊ ထိုသုံးပါးသော လက္ခဏာတို့တွင်။ ဧကသ္မိံ၊ တစ်ပါးသော လက္ခဏာကို။ ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ ဣတရဒ္ဝယံ၊ ဤမှ ကြွင်းသော လက္ခဏာနှစ်ပါးကို။ ဒိဋ္ဌ မေဝ၊ မြင်တော့သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ထိုသုံးပါးသော လက္ခဏာတို့တွင် အနိစ္စလက္ခဏာကို နေရာတကျ ထင်မြင်အောင် အားကြိုးလိုလှတော့၏။ နာမ်ရုပ်၏ သဘာဝမမ္မကို နေရာတကျ သိမြင်မှသာလျှင် နာမ်ရုပ်၏ အနိစ္စကို နေရာတကျ ရှုကြည့်တတ်သည်။

ရှုကြည့်ပုံကို အကျဉ်းချုပ် မှတ်ဖို့ရန်ကား နာမ်ရုပ်နှစ်ပါးတို့၏ သဘာဝမမ္မကို လက်ကိုင်ထား၍ ဉာဏ်သွားသလောက် အမျိုးမျိုးကြံဖန်၍ ရှုကြည့်လေ။ နာမ်ရုပ်၏ ဖြစ်ပျက်မှုကို ထင်မြင်လျှင် ပြီးစီးတော့၏။ မမြင်လျှင် ဘယ်လိုပင် ရှုကြည့်သော်လည်း နည်းလမ်းမကျသေးသည်ဟု မှတ်လေ။

ဘင်္ဂဉာဏ်ကို ပြဆိုခန်းပြီး၏။

ဝိပဿနာအလယ်ဉာဏ် ၃-ပါးကို ပြဆိုခန်း
ဘယဉာဏ်၏ သဘော

ဘယဉာဏ်ဆိုသည်ကား အလုံးစုံသော သင်္ခါရတရားတို့၌ ကြောက်ဖွယ်၊ လန့်ဖွယ်ကြီးဟု ထင်မြင်သော ဉာဏ်ပေတည်း။ ကြောက်ဖွယ်ကြီး ထင်ပုံကား လောကဋ္ဌ တစ္ဆေကြောက်သကဲ့သို့ ဒေါမနဿ အကြောက်မျိုး မဟုတ်။ နာမ်ရုပ်နှစ်ပါးတို့၏ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်လတ္တံ့ဖြစ်သော အပြစ်တွေကို မြင်၍ သင်္ခါရတရားတို့ကို ကြောက်စရာကြီးပါတကားဟု ထင်မှုမြင်မှုပေတည်း။ ထို့ကြောင့်–

ဘယတု ပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ၊ ကြောက်ဖွယ်ထင်သော ပညာသည် အပြစ်ကိုရှုသော ဉာဏ်မည်၏ဟု ဟောတော်မူ၏။

အာဒီနဝဉာဏ်၏ သဘော

အာဒီနဝဉာဏ်ဆိုသည်ကား အလုံးစုံသော သင်္ခါရတရားတို့၏ အပြစ်ကို ရှုသော ဉာဏ်ပေတည်း။ ရှုပုံကား နွားသွားလျှင် လှည်းဘီးအမြဲလည်၍ လိုက်သကဲ့သို့ နာမ်ရုပ်နှစ်ပါး ထင်ရှား ဖြစ်ပေါ်လျှင် အပြစ်အမြဲပါ၍ လိုက်၏။ ခန္ဓာငါးပါးသည် သူသတ်ယောကျ်ား ငါးယောက်နှင့် တူသည်ဟု စသည်ဖြင့် ရုပ်၏အပြစ်၊ နာမ်၏အပြစ်ကိုရှု၏။

နိဗ္ဗိဒါဉာဏ်၏သဘော

နိဗ္ဗိဒါဉာဏ်ဆိုသည်ကား သင်္ခါရတရားတို့၌ ငြီးငွေ့ဖွယ်ကြီးဟု ရှုသော ဉာဏ်ပေတည်း။ ရှုပုံကား နာမ်ရုပ် နှစ်ပါးတို့၏ ဘေးဒုက္ခအပြစ်တွေကို မြင်၍ ပျော်ရွှင်စရာမရှိ။ ပျင်းရိခြောက်သွေ့ ငြီးငွေ့ဖို့ရာသာဖြစ်၏။ ငြီးငွေ့စရာ တွေပါတကားဟု ရှု၏။

ကြောက်ဖွယ်ဟုထင်လျှင် အပြစ်ကိုလည်း မြင်လေတော့၏။ အပြစ်ကို မြင်လျှင် ငြီးငွေ့ခြင်း ဖြစ်လေတော့၏။

http://www.dhammadownload.com

၃-မည်ရ ဉာဏ်

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌-

ဘယံတုပဋ္ဌာနံ ဧကမေဝ တီဏိ နာမာနိ လဘတိ။

ကြောက်ဖွယ်ထင်သော တစ်ခုသော ဘယဉာဏ်သည် ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ် ဟူသော သုံးပါးသော အမည်တို့ကို ရ၏ဟု ရှေးဆရာတို့ အဆိုကိုပြ၏။

ဆေးဆရာပုံဟန် ရှုမြင်ရန်

ဥပမာကား-အလွန်စည်ကားသော မြို့ကြီး တစ်ခုရှိ၏။ အစိမ်းသရဲ ဘီလူးတို့ နှိပ်စက်၍ ထိုမြို့သူ မြို့သားတို့သည် အမျိုးမျိုးသော ရောဂါဖြစ်၍ အမျိုးမျိုး သေဆုံးကြကုန်၏။ ထိုမြို့၌နေသော ဆေးဆရာကြီး တစ်ယောက်သည် မျက်ခုံးကို ဆေးသုတ်၍ ကြည့်ရှုရာ ထိုအမှုတွေကို မြင်၍ အလွန်ကြောက်လန့်၏။ သေကျေ ပျက်စီးလတ္တံ့သော အပြစ်တွေကိုလည်း များစွာမြင်၏။ ထိုမြို့၌ ပျော်ရွှင်ခြင်းမရှိ၊ ငြီးငွေ့ခြင်း ဖြစ်လေ၏။

ဤဥပမာ၌ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ဆေးဆရာကြီးနှင့် တူ၏။

နာမ်ရုပ်တို့သည် မြို့သူမြို့သားတို့နှင့် တူကုန်၏။

လက္ခဏာရေးသုံးပါးတို့သည် အစိမ်းသရဲ ဘီလူးတို့နှင့် တူကုန်၏။

နာမ်ရုပ်နှစ်ပါးတို့၏ ဘေးဒုက္ခအပြစ်တို့သည် ထိုရောဂါတွေနှင့် တူကုန်၏။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်အား နာမ်ရုပ်၌ လက္ခဏာရေးသုံးပါးကို ထင်ရှားစွာ မြင်သည့်အခါ သခ်ါရတရားတို့၌ ကြောက်စရာကြီးတွေပါတကား ဟု ထင်သော ဘယဉာဏ် ဖြစ်လာ၏။

ဤဘယဉာဏ် ဖြစ်လာသည့်အခါ ထိုသခ်ါရတရားတို့၌ ကြောက်ဖွယ်ကောင်းသော ဘေးဒုက္ခတရားတွေပါတကားဟု အပြစ်တွေကို ရှုသော အာဒီနဝဉာဏ်လည်း ဖြစ်လာလေတော့၏။

ဤအာဒီနဝဉာဏ် ဖြစ်လာသည့်အခါ သခ်ါရတရားတို့၌ ပျော်ရွှင်စရာ မရှိ၊ ပျင်းရိ ခြောက်သွေ့ငြီးငွေ့စရာတရားတွေပါတကားဟု ရှုသော နိဗ္ဗိဒါဉာဏ်လည်း ဖြစ်လာလေတော့၏။

ဤဉာဏ်သုံးပါးတို့သည် အနက်အားဖြင့် တူကြကုန်၏။ သဒ္ဒါမျှသာ ထူးကြကုန်၏။ ထို့ကြောင့်-

ယာ စ ဘယတုပဋ္ဌာနေ ပညာ၊ ယဉ္စ အာဒီနဝေ-
ဉာဏံ၊ ယာ စ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊
ဗျဉ္ဇနမေဝ နာနံ။
ဟူ၍ဟောတော်မူ၏။

ဘယတုပဋ္ဌာနေ၊ ကြောက်အပ်သောအားဖြင့် ထင်ခြင်း၌။ ယာ စ ပညာ၊ အကြင်ပညာသည် လည်းကောင်း။ အာဒီနဝေ၊ အပြစ်ကို ရှုခြင်း၌။ ယဉ္စ ဉာဏံ၊ အကြင်ဉာဏ်သည် လည်းကောင်း။ ယာ စ နိဗ္ဗိဒါ၊ အကြင်နိဗ္ဗိဒါပညာသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣမေ ဓမ္မာ၊ ဤ သုံးပါးသော တရားတို့သည်။ ဧကတ္ထာ၊ တူသော အနက်ရှိကြကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှ သည်သာလျှင်။ နာနံ၊ ထူးတော့သည်။

အလယ်ဉာဏ်သုံးပါးကို ပြဆိုခန်းပြီး၏။

နောက်ဉာဏ် ၄-ပါးကို ပြဆိုခန်း
မုဉ္စိတုကမျတာ ဉာဏ်၏သဘော

မုဉ္စိတုကမျတာဉာဏ် ဆိုသည်ကား-အလုံးစုံသော သခ်ါရ တရားတို့မှ လွတ်ခြင်းငှာ အလိုရှိသော ဉာဏ်ပေတည်း။

အလိုရှိပုံကား-မြွေခံတွင်း၌ မိလျက်နေသော ဖားသူငယ်သည် သေရမည့် ဘေးအပြစ်ကို မြင်၍ လွတ်ခြင်းငှာ လွန်စွာ အလိုရှိသကဲ့သို့ နာမ်ရုပ်တို့၏ ဘေးဒုက္ခအပြစ်တွေကို မြင်၍ သံသရာ၌ ငြီးငွေ့သည်ဖြစ်၍ သံသရာဠဒုက္ခမှ ထွက်ခြင်းငှာ လွန်စွာ အလိုရှိလေ၏။

http://www.dhammadownload.com

ပဋိသန္ဓိဉာဏ်၏ သဘော

ပဋိသန္ဓိဉာဏ်ဆိုသည်ကား- သန္ဓိရဓမ္မကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သိ၍ ရှုသဖြင့် အားတိုက် ဖိစီး၍ ရှုသော ဉာဏ်ပေတည်း။ ရှုပုံကား-သေခြင်း ကြီးတစ်ယောက်သည် သူခိုးဓားပြတွေ နှေ့စဉ် နှိပ်စက် ဖျက်ဆီး၍နေသောကြောင့် မိမိ ရပ်ရွာ၌ ငြိုးငွေ့သည်ဖြစ်၍ ထို သူခိုးဓားပြတို့ နေ့စဉ်နှိပ်စက်၍နေသော မိမိရပ်ရွာမှ ကင်းဝေးခြင်း အကျိုးငှာ ရိက္ခာများ စွာနှင့် မြန်စွာ ထွက်ပြေးလေသကဲ့သို့ ထိုနည်းအတူ ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် ဇာတိ ဇရာ ဗျာဓိ မရဏစသော ဘေးတွေ နှေ့စဉ်နှိပ်စက်၍နေသော ကြောင့် သံသရာ၌ ငြီးငွေ့သည်ဖြစ်၍ ထိုဇာတိ ဇရာ ဗျာဓိ မရဏစသောဘေးတွေ နှေ့စဉ် နှိပ်စက်၍နေသော သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ခြင်း အကျိုးငှာ နာမ်ရုပ်ကို လက္ခဏာရေးသုံးပါးသို့တင်၍ တော (၄၀) စသည်တို့နှင့် အပြင်းအထန် တစ်ဖန် ကြိတ် နယ်၍ ရှုလေ၏။ တော (၄၀)ကား သမ္မသနဉာဏ် အခန်းက ဆိုခဲ့ပြီးပြီ။

သန္ဓိရပေက္ခာဉာဏ်၏ သဘော

သန္ဓိရပေက္ခာဉာဏ် ဆိုသည်ကား- သန္ဓိရဓမ္မကို လျစ်လျူရှု၍သိမ်းဆည်းသော ဉာဏ်ပေတည်း။ သိမ်းဆည်းပုံကား-ပဋိသန္ဓိဉာဏ်ဖြင့် အလုံးစုံသော သန္ဓိရတရားတို့ကို အရှင်စသည်တို့မှ ကင်းသော သုညတရားတွေဟု ထင်မြင်သည်ဖြစ်၍ ထိုသန္ဓိရတရားတို့ကိုပင် ချစ်ခြင်းမုန်းခြင်းမှကင်း၍ လျစ်လျူရှုတတ်သော တော (၄၀) စသည်တို့နှင့် သိမ်းဆည်းဆင်ခြင် ထင်မြင်အောင် ပွားများပြန်၏။

ယာ စ မုဋ္ဌိတုကမျတာ၊ ယာ စ ပဋိသန္ဓိ နုပဿနာ၊ ယာ စ သန္ဓိရပေက္ခာ၊ ဣမေ ဓမ္မာ ဇကတ္တာ၊ ဗျဉ္ဇနမေဝ နာနံ။

ဟူ၍ ဟောတော်မူ၏။

ယာ စ မုဋ္ဌိတုကမျတာ၊ အကြင် မုဋ္ဌိတုမျတာ ဉာဏ်သည်လည်းကောင်း။ ယာ စ ပဋိသန္ဓိ နုပဿနာ၊ အကြင် ပဋိသန္ဓိဉာဏ်သည် လည်းကောင်း။ ယာ စ သန္ဓိရပေက္ခာ၊ အကြင် သန္ဓိရပေက္ခာဉာဏ်သည် လည်း ကောင်း။ ဣမေ ဓမ္မာ၊ ဤသုံးပါးသော ဉာဏ် တို့သည်။ ဇကတ္တာ၊ တူသော အနက်ရှိကြကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှသည်သာလျှင်။ နာနံ၊ ထူးတော့၏။

အနုလောမဉာဏ်၏ သဘော

အနုလောမဉာဏ်ဆိုသည်ကား- ရှေ့အဖို့ နောက်အဖို့တို့နှင့် လျော်သော ဉာဏ်ပေတည်း။ လျော်ပုံကား-ဤအနုလောမဉာဏ်သည် ရှေ့အဖို့၌ သမ္မသန ဉာဏ်ကိုကြဉ်၍ ရှစ်ပါးသော ဝိပဿနာ ဉာဏ်တို့နှင့် မှန်ကန်သောကိစ္စ၏ အဖြစ်ဖြင့်လည်း လျော်၏။ နောက်အဖို့၌လည်း ၃၇-ပါးသော ဗောဓိ ပက္ခိယတရားနှင့် လျော်၏။ ဤအနုလောမဉာဏ် ဖြစ်လျှင် မဂ္ဂင်္ဂတ်မလွဲ အမြဲကောန် မဂ်ဉာဏ်ဖြစ်ပေါ်လာလေတော့၏။

နောက်ဉာဏ် ၄ ပါးကို ပြဆိုခန်းပြီး၏။

ဉာဏ် ၁၀-ပါးဖြစ်အင် ဥပမာတင်၍ ပြဆိုခန်း

သစ်သီးကိုစားလိုသောသူတို့သည် မြေ၌ ခြံကာ၍ မြေကို ပေါက်တူးဖြင့် ပေါက်ဆွလျက် မျိုးစေ့ကို စိုက်ပျိုးပြီးလျှင် ရေဖြင့် မနားမနေ လောင်း၍ ကြီးပွားအောင် မွေးမြူကြရကုန်၏။ ထိုမျိုးစေ့မှ အညောက် အပင် အကိုင်း အညွှန့် အရွက် အပွင့် အသီးတို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုသူတို့သည် အသီးကို အလိုရှိတိုင်းစားကြရလေကုန်၏။ ဤကား ဥပမာ။

ဤဥပမာ၌-ခန္ဓာကိုယ်သည် မြေကြီးနှင့် တူ၏။
သတိသည် ခြံနှင့် တူ၏။
ဝီရိယသည် ရေနှင့် တူ၏။
သမ္မသနဉာဏ်သည် ပေါက်တူးနှင့်တူ၏။

http://www.dhammadownload.com

ဉဒယဗ္ဗယဉာဏ်သည် မျိုးစေ့နှင့်တူ၏။
ဘင်္ဂဉာဏ်မှစ၍ အထက်ဉာဏ်တို့သည် အညောင်မှ
စ၍ အစဉ်အတိုင်း တူကုန်၏။
မဂ်ဉာဏ်သည် သစ်သီးနှင့်တူ၏။

ဉဒယဗ္ဗယဉာဏ် အရေးကြီးပုံ

သစ်ပင်စိုက်ပျိုးကြရာ၌ မျိုးစေ့လွဲလျှင် အပင်
လည်း လွဲလေတော့၏။ မျိုးစေ့ပုပ်၍သွားလျှင် အပင်
လည်း မပေါက်လာလေတော့။ ထိုနည်းအတူ မျိုးစေ့
နှင့်တူသော ဉဒယဗ္ဗယဉာဏ် ရှုကြည့်ပုံ နေရာမကျ
ခဲ့လျှင် အထက်ဉာဏ်တို့သည်လည်း နေရာမကျဘဲ
ဖြစ်လေကုန်တော့၏။ ဉဒယဗ္ဗယဉာဏ် ပုပ်၍သွား
လျှင် ထက်ဉာဏ်တို့သည်လည်း မဖြစ်လေကုန်
တော့။ ထို့ကြောင့် ဝိပဿနာယောဂီ ပုဂ္ဂိုလ်တို့မှာ
ဉဒယဗ္ဗယဉာဏ်အချက်၌ အနိစ္စလက္ခဏာကို
နေရာတကျ ထင်မြင်အောင် လိုလှတော့၏။

ဤကဲ့သို့ရှုကြည့်ပုံသည် ဟုတ်လော၊ မဟုတ်
၏လော။ ဤကဲ့သို့ မြင်ပုံသည် နေရာကျ၏လော၊
မကျ၏လောဟု ဆင်ခြင်ရာမည်။ နေရာမကျ ဘဲနှင့်
နေရာကျ၏ဟု မှတ်ထင်၍ နေခဲ့လျှင် ဉာဏ်အမြင်
မပွင့်မလင်းဘဲ ဖြစ်၍ နေတတ်သည်။ ရှုကြည့်ပုံကို
အကျဉ်းချုပ်မှတ်လိုလျှင် နာမ်ရုပ်၏ သဘာဝဓမ္မကို
လက်ကိုင်ထား၍ ကိုယ့်ဉာဏ်စွမ်းရှိသလောက် ကြိ
ဖန်၍ ရှုကြည့်ရာ၏။ မြင်လျှင် ပြီးတော့၏။ မမြင်ခဲ့
လျှင် ဘယ်လိုပင် ရှုသော်လည်း နေရာမကျသေး
သည်ဟု မှတ်လေ။

ဆရာကောင်းထံ နည်းနာခံ

ရှုကြည့်ပုံ နိဿယ သဲလွန်စ ရမှသာလျှင်
နေရာတကျ ရှုကြည့်တတ်သည်။ ထို့ကြောင့် ဘုရား
လက်ထက်တော်မှစ၍ ယခုထက်တိုင် ကမ္မဋ္ဌာန်းကို
ပေးနိုင်သော ဆရာ့ထံမှ တောင်းယူ၍ အားထုတ်ကြ
ကုန်၏။ ထို့ကြောင့် သံယုတ်ပါဠိတော်၌–
ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။
ဟူ၍ ဟောတော်မူ၏။

ယထာဘူတံ၊ နာမ်ရုပ်၏ဖြစ်ဟန် အဟုတ်
အမှန်ကို။ ဉာဏာယ၊ သိခြင်းငှာ။ သတ္ထာ၊ ဆရာကို။
ပရိယေသိတဗ္ဗော၊ ရှာမှီးအပ်၏။

ဝိပဿနာဉာဏ် ၁၀-ပါး အဆင့်ဆင့် ရင့်တက်ပုံ

အမှန်ကိုသိ၍ မဂ်ဉာဏ်ကို အလိုရှိကုန်သော
ပုဂ္ဂိုလ်တို့သည် သတိတည်းဟူသော ခြံဖြင့် လုံခြုံစွာ
ကာ၍ ခန္ဓာကိုယ်တည်းဟူသော မြေကို ပေါက်တူး
တည်းဟူသော သမ္မသနဉာဏ်ဖြင့် ပေါက်ဆွ၍ မျိုး
စေ့တည်းဟူသော ဉဒယဗ္ဗယဉာဏ်ကို စိုက်ပျိုးပြီး
လျှင် ရေတည်းဟူသော ဝီရိယဖြင့် မနားမနေ
လောင်း၍ အစို့အညောက် အပင် အကိုင်း အတက်
အညှန့် အရွက် အပွင့်တည်းဟူသော ဘင်္ဂဉာဏ်
ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ် မုဉ္စိတုက
မျတာဉာဏ်ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ်
အနုလောမဉာဏ်တို့ တစ်နေ့တခြား တိုးပွားစည်ကား
အောင် မွေးမြူကုန်ရာ၏။

မဂ်ဉာဏ် ပေါ်လာပုံ

အပင်မှ ပွင့်၍ အသီးဖြစ်ပေါ်လာသကဲ့သို့ ထို့
အတူ ထိုဉာဏ်မှ မဂ်ဉာဏ်တည်းဟူသော အသီးဖြစ်
ပေါ်ရာ၏။ မဂ်ဉာဏ်သည် တခြားမှလာသည်မဟုတ်၊
ကိုယ်သန္တာန်၌ ရရှိပြီးသောဉာဏ်သည် ဤကဲ့သို့
မွေးမြူလျှင် အဆင့်ဆင့် ရင့်သန်၍ မဂ်ဉာဏ် ဖြစ်ပေါ်
လာ၏။

ဥပမာကား– သရက်သီးသည် နသောအခါ
ချဉ်၏။ အဆင့်ဆင့် ရင့်သန်၍ မှည့်သောအခါ အလို
လိုချိုလာ၏။ ထိုသရက်သီးသည် ဓာတ်ရင့်သန်သည့်
အခါ အချဉ်ဓာတ်ကွယ်ပျောက်၍ အချိုဓာတ် ဖြစ်ပေါ်
လာသကဲ့သို့ ထို့အတူ ပုထုဇဉ်သန္တာန်၌ ဖြစ်သော
ဉာဏ်သည် ဉာဏ်အမြင် အဆင့်ဆင့် ရင့်သန်၍လာ

http://www.dhammadownload.com

သည့်အခါ အမှားဓာတ် ကွယ်ပျောက်၍ အမှန်ဓာတ် ဖြစ်ပေါ်လာလေ၏။ ပုထုဇဉ်အနွယ်ပြတ်၍ အရိယာ အနွယ်ဖြစ်လေ၏။ သက္ကာယဒိဋ္ဌိပြုတ် ၍ မဂ်ဉာဏ် ဖြစ်ပေါ်လာ၏ဟု ဆိုလိုသည်။

ထိုကြောင့် သံယုတ်ပါဠိတော်၌-

ပုဗ္ဗေ ခေါ သုသိမ ဓမ္မဒိဋ္ဌိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေဉာဏံ- ဟူ၍ ဟောတော်မူ၏။

သုသိမ၊ ချစ်သားသုသိမ။ ပုဗ္ဗေခေါ၊ ရှေးဦးလျှင်။ ဓမ္မဒိဋ္ဌိဉာဏံ၊ ၊ နာမ်ရုပ်တို့ကို ပိုင်းခြား၍ သိသော ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ပစ္ဆာ၊ နောက်၌။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ဉာဏံ၊ အာရုံပြု၍ဖြစ်သော မဂ်ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မဂ်ဉာဏ်ဖြစ်ပေါ်လာစေနိုင်သော ဉာဏ်မျိုးစေ့ကို ရရှိကြကုန်သော်လည်း ဤကဲ့သို့ မွေးမြူမှု မရှိကြသောကြောင့် မဂ်ဉာဏ်ကို မရကြလေကုန်။ မဂ်ဉာဏ်ဖြစ်ပေါ်လာအောင် ဝိပဿနာအလုပ်ကို အားထုတ်ကြကုန်သော်လည်း အာရုံခြောက်ပါးတည်းဟူသော ကျေးငှက်တွေကိုက်၍ ကိလေသာတည်းဟူသော ပိုးလောက်တွေနှင့်တကွ အပုပ်အနာကျေးကိုက်လောက်စားတွေသာ ဖြစ်ကြကုန်သည် ဖြစ်၍ မဂ်ဉာဏ်မဖြစ်ပေါ်လာနိုင်ကုန်။ ဉာဏ်ပုပ်ဉာဏ်ပဲ့တွေသာ ဖြစ်၍ နေကြကုန်၏။ ထို့ကြောင့် အာရုံခြောက်ပါးတည်းဟူသော ကျေးငှက် ကြက်တူရွေးတွေ မကိုက်စေဘဲ ကိလေသာတည်းဟူသော ပိုးလောက်တွေကို သုတ်သင်၍ ဉာဏ်အမြင်ကြီးပွားအောင် ဝိပဿနာတရားကိုသာ မနေမနား ကြိုးစားအားထုတ်ကုန်ရာ၏။

[၁၉၇၁-ခုနှစ် သာသနာရေးဦးစီးဌာနထုတ် ဝိပဿနာဒီပနီကျမ်းမှ ထုတ်နုတ်ဖော်ပြပါသည်။]

လယ်တီဦးနန္ဒိယ(သံဖြူ)ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

ရေနံချောင်း ဘေးမဲ့ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ရေနံချောင်းမြို့ ဘေးမဲ့ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၆၅-၁၃၆၂)

ရေနံချောင်းမြို့၊ ဘေးမဲ့ရပ် ကန်တော်မင်းကျောင်း ဆရာတော်ဘုရားကြီးကို ရေနံချောင်းမြို့၊ ညောင်ပင်အိုင့်ကျေးရွာ ဖခမည်းတော် ဦးစံပြည့်၊ မယ်တော် ဒေါ်မိုးတို့မှ ၁၂၆၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂ ရက် (တနလ်ာနေ့)တွင် ဖွားမြင်သည်။ မွေးချင်းကိုးယောက်အနက် တတိယမြောက် သားရတနာ ဖြစ်သည်။

၁၂၈၂-ခုနှစ်တွင် မိဘနှစ်ပါး၏ ချီးမြှောက်မှုဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၈၄-ခုနှစ်၊ ဟေမန္တဥတု၊ နတ်တော်လပြည့်ကျော် (၁၁)ရက်နေ့ နံနက် (၁၂)ဖဝါး အချိန်တွင် ရဟန်း ဒါယကာ ခမည်းတော် ဦးစံပြည့်နှင့် ရဟန်း ဒါယိကာမ မယ်တော်ဒေါ်မိုးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့တော်မှာ ဦးကုသလဖြစ်သည်။

ပထမကမ္မဝါစာ ဆရာတော်များမှာ ကံဆယ် ဆရာတော် ဦးဝိစာရ၊ ညောင်ပင်အိုင့်ဆရာတော် ဦးနန္ဒိယနှင့် ဂျုတ်ကုန်းဆရာတော် ဦးကေလာသတို့ ဖြစ်ကြသည်။

ဒုတိယကမ္မဝါစာဆရာတော်များမှာ လက်ဆည်ကန်ဆရာတော် ဦးကောဏ္ဍည၊ ကံသစ်ဆရာတော် ဦးဂျန္ဒြိယနှင့် ဘဲဆိပ်ဆရာတော် ဦးနိမ္မလတို့ ဖြစ်ကြသည်။

တတိယကမ္မဝါစာ ဆရာတော်များမှာ ကံသာဆရာတော် ဦးပညာဝံသ၊ နတ်ကွင်းဆရာတော် ဦးပညာသာမိနှင့် အင်ကြင်းဆရာတော် ဦးနိမလတို့ ဖြစ်ကြသည်။

ကမ္မဝါစာ ဆရာတော် (၉) ပါးနှင့်တကွ ညောင်ပင်ရွာ လေသာဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ခံယူခဲ့ခြင်း ဖြစ်ပါသည်။

ရေနံချောင်းမြို့၊ စိန်ပန်းကျောင်းတိုက်တွင် ရှင်သာမဏေဘဝနှင့် (၂)ဝါ၊ ရဟန်းဘဝနှင့် (၂)ဝါ သီတင်းသုံးခဲ့ပြီးနောက် ၁၂၈၆-ခုနှစ်မှ ၁၂၉၁-ခုနှစ် အထိ အနယ်နယ် အရပ်ရပ်သို့ လှည့်လည်၍ စာသင်သားအဖြစ် လည်းကောင်း၊ စာချဆရာတော်အဖြစ် လည်းကောင်း ပရိယတ္တိ တာဝန်ကို ထမ်းရွက်ခဲ့ပါသည်။

ဆရာတော်သည် ပခုက္ကူကျောင်းတိုက် (မဟာဝိဇယာရာမ တိုက်သစ်) ညောင်ဦးမြို့၊ ပုဂံကျောက်ပန်းတောင်း စာသင်တိုက်တို့တွင် ပရိယတ္တိစာပေများဆည်းပူးခဲ့ပြီး မန္တလေးမြို့အနောက် ခင်မကန်တိုက် ဘုရားကြီးကျောင်းတိုက်တို့တွင် စာချတာဝန် ထမ်းရွက်ခဲ့ပါသည်။

၁၂၉၁-ခုနှစ်တွင် ရေနံချောင်းမြို့ စိန်ပန်း

http://www.dhammadownload.com

ကျောင်းတိုက်သို့ ပြန်လည် ကြွရောက်လာပြီး (တစ်ဝါ) ဆိုတော်မူသည်။ ၁၂၉၂-ခုနှစ်တွင် ရေနံချောင်းမြို့ အရှေ့လက်ရှိ သမိုင်းဝင် မင်းလင့်တောင်တော်တွင် တောရကျောင်းဆောက်လုပ်ပြီး အရည်ဝါသီ တောမှီခဲ့ပါသည်။

၁၃၁၁-ခုနှစ်တွင် ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်တောင်း ပန်ချက်ကို သနားငဲ့ညှာသောအားဖြင့် ညောင်ပင်အိုင့်ကျေးရွာရှိကျောင်းတွင် တစ်ဝါသီတင်းသုံးခဲ့ပါသည်။

၁၃၁၂-ခုနှစ်တွင် ကျောက်ကုန်းရွာ တစ်နေရာရှိ ဂူအတွင်း၌ သီတင်းသုံး၍ တရားဓမ္မ ကျင့်ကြံအားထုတ်ခဲ့ပါသည်။ ဤတွင် ဘေးမဲ့ဂတ်မှ ဂတ်ဗိုလ်ဆွမ်းဒါယကာ ဦးစောမောင်မှ ကမကထပြုလုပ်၍ ဂတ်ဗိုလ် ဦးသိန်းလှိုင်မှ ကျောင်းဆောက်လုပ်လှူဒါန်းလိုကြောင်း လျှောက်ထားကြပါသည်။ ဆရာတော်က "အေး၊ ကောင်းတာပေါ့"ဟု တိုတိုပြတ်ပြတ် မိန့်ကြားပြီး လက်ခံတော်မူပါသည်။

ဆရာတော်၏ ခွင့်ပြုချက်အရ ဘေးမဲ့ဂတ်အနီး တောင်ဘက်တွင် ထိုနှစ်အတွင်းမှာပင် ကျောင်းအပြီး ဆောက်လုပ်လှူဒါန်းခဲ့ရာ "ဂတ်ကျောင်း"ဟု အမည်တွင်ခဲ့ပါသည်။

ဂတ်ကျောင်းဟူသော အမည်ပညတ်ကို ဆရာတော်က မနှစ်သက်ခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် ဂတ်ဟူသည်မှာ အင်္ဂလိပ်ဘာသာစကားဖြစ်၍ အကျဉ်းထောင် (အချုပ်)ကို ခေါ်ဝေါ်သတ်မှတ်သည့် အဓိပ္ပာယ် သက်ရောက်သောကြောင့် ဖြစ်သည်။

ဆရာတော်၏ အလိုအားဖြင့်-

ကျောင်းအရှေ့ဘက်ဟွင် ရေကန်ရှိသောကြောင့် ကန်တော်ကျောင်းဆောက်လုပ်သူမှာ ဂတ်ဗိုလ်မင်းဖြစ်သည့်အတွက် "ကန်တော်မင်းကျောင်း" ဟု အမည်ပြောင်းပေးခဲ့ပါသည်။

ထိုအချိန်ကား ဘေးမဲ့ဂတ်၌ "ဗိုလ်ကြီးပု" အုပ်ချုပ်စဉ် ဖြစ်ပါသည်။

၁၃၁၂-ခုနှစ်မှစ၍ ဆရာတော်ကြီးသည် ကန်တော်မင်းကျောင်း၌ သီတင်းသုံးရင်း ကိုယ်တိုင်လည်း တရားဓမ္မကို ကျင့်ကြံအားထုတ်၍ တပည့်ဝေနေယျအများကိုလည်း နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ဟောပြသွန်သင်ခဲ့သည်မှာ နှစ်ပေါင်း (၄၇)နှစ်တိုင် ရှိခဲ့ပြီ ဖြစ်ပါသည်။

ဆရာတော်ကြီး၏ သီလဂုဏ်ကြောင့် ၁၃၅၉-ခုနှစ်၊ နယုန်လဆန်း (၂)ရက်နေ့မှစ၍ အနယ်နယ် အရပ်ရပ်မှ ဝေနေယျများ လာရောက်ဖူးမြော်ကြည်ညိုလျက် ရှိကြပေသည်။

ဆရာတော်ကြီး တတ်ကျွမ်းသော အခြားဘာသာရပ်များမှာ ဟိန္ဒူ၊ ဘင်္ဂါလီ မာဂဓောသာနှင့် သင်္ဂီရိက်ဘာသာတို့ ဖြစ်ကြပါသည်။

ဆရာတော်ကြီးသည် ၂၅-၇-၉၉ (တနင်္ဂနွေနေ့)၊ ၁၃၆၂ ခုနှစ် ဒုတိယဝါဆိုလဆန်း (၁၃) ရက်တွင် သက်တော် (၉၇)၊ သိက္ခာတော် (၇၇)ဝါ၌ ဘဝနတ်ကျောင်း ရွှေ့ပြောင်းတော်မူခဲ့ပါသည်။

ထေရပုတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ရေနံချောင်းမြို့ ကန်တော်မင်းကျောင်းဘေးမဲ့ဆရာတော်ဘုရားကြီး၏ သြဝါဒတော်

နှစ်တန်နာမ်ရုပ်၊ မချုပ်သမျှ၊ မရုန်ဗွာန်၊
နိဗ္ဗာန်ကလွဲ၊ နာမ်ရုပ်တွဲ၊ မမြဲအနိစ္စ မှတ်၊
နိဗ္ဗာန်ကလွဲ၊ နာမ်ရုပ်တွဲ၊ ဆင်းရဲဒုက္ခ မှတ်၊
နိဗ္ဗာန်ကလွဲ၊ နာမ်ရုပ်တွဲ၊ မလွဲ အနတ္တ မှတ်၊
ကိုယ်ပြုတဲ့ကံ၊ ကိုယ့်ဘက်ပြန်၊ ကိုယ်ပြန်တွေ့ရမည်၊
ကိုယ်ပြုတဲ့ကံ၊ သူ့ဘက်ပြန်၊ ကိုယ်ပြန်တွေ့ရမည်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ရေနံချောင်းမြို့ ဘေးမဲ့ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ဝိပဿနာကို
ဆင်ခြင်ပွားများနိုင်ရန်အသိဉာဏ်

၁။ သမ္မာဒိဋ္ဌိ ပညာ တရားသူကြီးနှင့် တူ၏။
၂။ သမ္မာသင်္ကပ္ပ ဝိတက်သက်သေနှင့် တူ၏။
(ဤနှစ်ပါး ပညာကွန်ရှာ ခေါ်သည်။)
၃။ သမ္မာဝါစာ
၄။ သမ္မာကမ္မန္တ
၅။ သမ္မာအာဇီဝ
(ဤသုံးပါးကို သီလကွန်ရှာ ခေါ်သည်။)
၆။ သမ္မာဝါယာမ ဝီရိယ ထောက်ပံ့တတ်သော သူနှင့် တူ၏။
၇။ သမ္မာသတိ သတိ ထောက်ပံ့တတ်သော သူနှင့် တူ၏။
၈။ သမ္မာသမာဓိ စကဂ္ဂတာထောက်ပံ့အပ်သော ပစ္စည်းနှင့် တူ၏။
(ဤသုံးပါးကို သမာဓိကွန်ရှာခေါ်သည်။)

ထိုသုံးပါးတို့တွင် ရှေးဦးစွာ သီလကွန်ရှာကို ပြည့်စုံစေရသည်။ သီလကွန်ရှာဆိုသည်ကား လူပုဂ္ဂိုလ်များမှာ နိစ္စသီလခေါ်သော ငါးပါးသီလကို ခေါ်သည်။ ဥပုသ်နေ့၌ ရှစ်ပါးသီလကို သီလကွန်ရှာ ခေါ်သည်။ ရဟန်း ပုဂ္ဂိုလ်များမှာ စတုပါရိသုဒ္ဓိ သီလကို သီလကွန်ရှာခေါ်သည်။ ရဟန်းပုဂ္ဂိုလ်များမှာ စတုပါရိသုဒ္ဓိ သီလကို သီလကွန်ရှာခေါ်သည်။ စတုပါရိသုဒ္ဓိသီလ ဆိုသည်ကား ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယ သံဝရသီလ၊ အာဇီဝပါရိ သုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ၊ ဤသီလကြီး လေးပါးကို စတုပါရိသုဒ္ဓိ သီလဟု ခေါ်သည်။

ထို့နောက် သမာဓိကွန်ရှာကို ပြည့်စုံစေရသည်။ သမာဓိကွန်ရှာဆိုသည်ကား သမာဓာနဌေန သမာဓိဟု ဝိသုဒ္ဓိအဋ္ဌကထာ၌ ဆိုသောကြောင့် အညီအညွတ် ကောင်းစွာထားအပ်သောကြောင့် သမာဓိခေါ်သည်။ အဓိပ္ပာယ်ကား တစ်ခုသော အာရုံ၌ စိတ်စေတသိက်တို့ကို အညီအညွတ် ကောင်းစွာထားသည်ကို သမာဓိဟု ဆိုလိုသည်။

အာရုံကား ဌာနအားလျော်စွာ မိမိ၏ခန္ဓာငါးပါးစသော တစ်ခုတည်းသောအာရုံကို သမာဓိကွန်ရှာခေါ်သည်။ ဥပမာ– ပုလင်းထဲ ဆီထည့်၍ လုံစွာပိတ်ထားသလို သီလနှင့် သမာဓိကို မှတ်ရမည်။ ပုလင်းကား အာရုံနှင့်တူ၏။ စိတ်ကား ဆီနှင့်တူ၏။ ဘူးဆို့ကား သီလနှင့် တူ၏။

ထို့နောက် ပညာကွန်ရှာကို ပွားများရသည်။ ပညာကွန်ရှာဆိုသည်ကား ကုသလစိတ္တ သမ္ပယုတ္တဲ့ ဝိပဿနာဉာဏ်ပညာဟု အဋ္ဌကထာ၌ ဆိုသောကြောင့် ကုသိုလ်စိတ်နှင့်ယှဉ်သော ဝိပဿနာဉာဏ်

http://www.dhammadownload.com

ကို ပညာဟု ခေါ်ရသည်။ ထိုပညာကား အနိစ္စ, ဒုက္ခ, အနတ္တတို့ကို ထိုးထွင်း၍သိသော ဉာဏ်ကို ပညာ ခေါ်သည်။ သို့သော်လည်း အနိစ္စ အမြဲမရှိဟု ဆိုရာ၌ အနိစ္စဟူသော ပါဠိကို အမြဲမရှိဟု အနက်ပေးထား ခြင်းမျှသာ ဖြစ်သည်။ အနိစ္စ၏ အရ အနိစ္စ၏ သဘောမဟုတ်သေး၊ အနိစ္စ၏ အရ အနိစ္စ၏ သဘော ကို သိမှ, မြင်မှ သိတတ် မြင်တတ်မှ ပညာခေါ် သည်။ အနိစ္စ၏ အရကား (အနိစ္စန္တိခန္ဓပဉ္စက်) ဟု အဋ္ဌကထာ၌ ဆိုသောကြောင့် အနိစ္စဟူသည်ကား သမာဓိကွန္ဓာ ဖြစ်သော မိမိ၏ ခန္ဓာငါးပါးကို အနိစ္စ ခေါ်သည်။ အနိစ္စ၏ သဘောကား နောက်၌ ထင်ရှား လတ္တံ့။

ဒုက္ခဆင်းရဲခြင်းဟု ဆိုရာ၌လည်း ဒုက္ခဟူ သော ပါဠိဘာသာကို ဆင်းရဲခြင်းဟု မြန်မာလို ပြန်ဆိုထားခြင်းမျှသာ ဖြစ်သည်။ ဒုက္ခ၏ အရ ဒုက္ခ ၏ သဘောမဟုတ်သေး၊ ဒုက္ခ၏ အရ ဒုက္ခ၏ သဘောကို သိမှ မြင်မှ၊ သိတတ် မြင်တတ်မှ ပညာ ခေါ်သည်။ ဒုက္ခ၏ အရကား (တဒေဝခန္ဓပဉ္စက် ဒုက္ခ) ဟုလည်းကောင်း အဋ္ဌကထာ၌ ဆိုသောကြောင့် သမာဓိကွန္ဓာဖြစ်သော မိမိ၏ ခန္ဓာငါးပါးကိုပင် ဒုက္ခဟု ခေါ်သည်။

အနတ္တကိုယ် မဟုတ်ဆိုရာ၌လည်း အနတ္တ ဟူသော ပါဠိဘာသာကို ကိုယ်မဟုတ်ဟု မြန်မာလို အနက်ပေးထားခြင်းမျှသာ ဖြစ်သည်။ အနတ္တ၏ အရ အနတ္တ၏ သဘောမဟုတ်သေး၊ အနတ္တ၏ အရ သဘောကို သိရ, မြင်ရ, သိတတ်, မြင်တတ်မှ ပညာ ခေါ်သည်။ အနတ္တ၏ အရကား (တဒေဝ ခန္ဓာ ပဉ္စက် အနတ္တာ)ဟု အဋ္ဌကထာ၌ ဆိုသောကြောင့် သမာ ဓိကွန္ဓာဖြစ်သော မိမိ၏ ခန္ဓာငါးပါးကိုပင်လျှင် အနတ္တ ခေါ်သည်။

ထိုသုံးပါးတို့၏ သဘောကား ဤသို့တည်း။ (ခယဋ္ဌေန အနိစ္စံ၊ ဘယဋ္ဌေန ဒုက္ခံ– အသာရကဋ္ဌေန အနတ္တာ)ဟု အဋ္ဌကထာ၌ ဆိုသောကြောင့် ထိုသုံးပါး တို့တွင် သက်သေနှင့်တူသော သမ္မာသင်္ကပ္ပမဂ္ဂင်အရ ဒုက္ခကို ဒုက္ခဖြစ်ပုံကို အလျင်ဆုံး စစ်ဆေးရမည်။ စစ်ဆေးပုံ ဒုက္ခဆိုတာ ဘာကို ဒုက္ခခေါ်သနည်း။ ဆင်းရဲ ဆိုကား အဘယ်သူသည် ဆင်းရဲသနည်း။ မိမိ၏ ခန္ဓာကို ဒုက္ခ ခေါ်သည်။ မိမိ၏ ခန္ဓာသည် ဆင်းရဲရသည်။ ဘာကြောင့် မိမိ၏ ခန္ဓာကို ဒုက္ခခေါ် ရသနည်း။ မိမိ၏ ခန္ဓာသည် ဆင်းရဲရသနည်း။ ဘယဋ္ဌေန–ဘေးဟူသော အကြောင်းကြောင်း။ ဝါ– ဘေးဟူသော သဘောကြောင့် (မေ) ငါ၏။ အယံ ကာယော၊ ဤ ခန္ဓာကိုယ် သဘောသည်။ ဒုက္ခံ– ဒုက္ခဖြစ်၏။ ဝါ–ဆင်းရဲ၏။ သဘောကြောင့် ဘေး တွေကြောင့် ဤခန္ဓာသည် ဒုက္ခဖြစ်ရသနည်း။ ဆင်းရဲရသနည်း။ အိုဘေး, သေဘေးဟူသော သဘောကြောင့်၊ ဝါ ဇဖြ–ပါးသော ရောဂါ ဝေဒနာ ဘေး ပရိယေသနဘေးဟူသောအကြောင်းကြောင့်၊ ဝါ–သဘောကြောင့် ဤ မိမိခန္ဓာသည် ဒုက္ခ ဖြစ်ရ သည်။ ဆင်းရဲရသည်။ (ဇာတိဘေးက ခန္ဓာ ဖြစ်စ ကပင် ပါပြီးဖြစ်သည်။) ထို့ကြောင့် ဒုက္ခကို ပွားများ ဆင်ခြင်သောအခါ အိုဘေး, နာဘေး, သေဘေး စသော ဘေးဟူသော အကြောင်းကြောင့် ဤခန္ဓာ သည် ဒုက္ခဖြစ်ရသည်၊ ဆင်းရဲရသည်ဟု မိမိ၏ ခန္ဓာကိုပင် အာရုံပြု၍ ဒုက္ခ– ဒုက္ခဟူ၍လည်း ကောင်း၊ ဆင်းရဲ–ဆင်းရဲဟူ၍ လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း၊ စိတ်ဖြင့်သော်လည်း ကောင်း ပွားများဆင်ခြင်ရမည်ပင် ဖြစ်ပေသည်။ ဤကား သမ္မာသင်္ကပ္ပ–ဝိတက်သက်သေထွက်ဆို ချက်ပင် ဖြစ်ပေသတည်း။

ဒုက္ခ ပြီး၏

× × ×

အနိစ္စ ဖြစ်ပုံ

တရားသူကြီးနှင့်တူသော သမ္မာဒိဋ္ဌိ ပညာက ဆုံးဖြတ်ချက် ချလိုက်သည်။ ဘယ်လိုဆုံးဖြတ်ချက်

http://www.dhammadownload.com

ချလိုက်သနည်း။ အိုဘေး, နာဘေး စသော ဘေးဟူသော အကြောင်းကြောင့် မပြတ် ဆင်းရဲနေရသည့် ခန္ဓာသည် အဘယ်မှာလျှင် မြဲနိုင်စရာအကြောင်း ရှိနိုင်ပါအံ့နည်း။ မမြဲနိုင်။ အနိစ္စဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။ အနိစ္စဆိုတာ ဘာကို အနိစ္စ ခေါ်သနည်း။

မမြဲဆိုတာ အဘယ်သူသည် မမြဲသနည်း။ အနိစ္စဆိုတာ ဒုက္ခဖြစ်ပြီးသော ခန္ဓာကိုပင် အနိစ္စ ခေါ်သည်။ ဒုက္ခဖြစ်သော ခန္ဓာသည်ပင် မမြဲသည် ဘာကြောင့် ဒုက္ခဖြစ်သော ခန္ဓာကို အနိစ္စ ခေါ်ရသနည်း။ ဒုက္ခဖြစ်သော ခန္ဓာသည် မမြဲရသနည်း။ (ခယဋ္ဌေန)ကုန်တတ်၊ ခန်းတတ်၊ ပျောက်ဆုံး တတ်ခြင်းဟူသော အကြောင်းကြောင့်(ဝါ)သဘောကြောင့် မေ-ငါ၏ အယ်ကာယော- ဤခန္ဓာကိုယ်သည် အနိစ္စ-အနိစ္စဖြစ်၏၊ (ဝါ) မမြဲ၊ ထို့ကြောင့် အနိစ္စကို ဆင်ခြင်ပွားများသောအခါ အိုဘေး၊ နာဘေး စသော အကြောင်းကြောင့် အနိစ္စ ဖြစ်ရ၏ဟု မိမိ၏ ခန္ဓာကို အာရုံပြု၍ လည်းကောင်း ဆင်ခြင်ပွားများရမည်ပင် ဖြစ်နေသည်။

အနိစ္စ ပြီး၏

× × ×

အနတ္တ ဖြစ်ပုံ

အနတ္တဆိုတာ ဘာကို အနတ္တခေါ်သနည်း။ ကိုယ်မဟုတ်တာ အဘယ်သူသည် ကိုယ် မဟုတ်သနည်း။ အနတ္တဆိုတာ အနိစ္စ ဒုက္ခ ဖြစ်သော ခန္ဓာကိုယ်ပင် အနတ္တခေါ်သည်။ ထိုခန္ဓာသည်ပင် ကိုယ်မဟုတ်သည်၊ ဘာကြောင့် ခန္ဓာကိုယ်ပင် အနတ္တ ခေါ်ရသနည်း။ ခန္ဓာသည် ကိုယ်မဟုတ်ရသနည်း။ အသာရကဋ္ဌေန၊ နိစ္စ-သုခ-အတ္တဟူသော အနှစ်သာရမရှိခြင်း ဟူသော အကြောင်းကြောင့် (ဝါ) သဘောကြောင့် မေ-ငါ၏၊ အယ်ကာယော၊ ဤအနိစ္စ-ဒုက္ခ ဖြစ်သော ခန္ဓာကိုယ်သည်၊ အနတ္တာ-အနတ္တ မည်၏။ ကိုယ်မဟုတ်သည် မည်၏။ ဘယ်လို အနှစ်သာရမရှိသနည်း။ ဘယ်လိုမဟုတ်သနည်း။ အနိစ္စ ဖြစ်သော မမြဲသော သဘောရှိသော ခန္ဓာ၌ (ကေသာ-လောမာ-နခါ-ဒန္တာ-တစော) စသည်ဖြင့် ၃၂ ပါးသော အစိတ်အပိုင်း ရှိရာတွင် အနှစ်မရှိ မမြဲသော အစိတ်အပိုင်းတို့ချည်းသာ ရှိကြသည်။ မြဲသော အနှစ်သာရရှိသော အစိတ်အပိုင်း ဟူ၍ တစ်ပိုင်းမျှပင် မရှိပေ။ အနတ္တဖြစ်သော ဤခန္ဓာ၌လည်း အတ္တ ဟူသော အနှစ်သာရ ရှိသော အစိတ်အပိုင်းဟူ၍ ဘာတစ်ခုမျှ မရှိပေ။ ထို့ကြောင့် အနတ္တကို ပွားများဆင်ခြင်သောအခါ ဤ ခန္ဓာကိုယ် မြဲသော အနှစ်သာရ ချမ်းသာသော အနှစ်သာရ၊ အနတ္တ ဟူသော အနှစ်သာရဟူ၍ ဘာတစ်ခုမျှ ရှာမတွေ့ရဟု မိမိ၏ ခန္ဓာကိုယ် အာရုံပြု၍ အနတ္တ, အနတ္တ ဟူ၍ လည်းကောင်း၊ ကိုယ်မဟုတ်၊ ကိုယ်မဟုတ်ဟု လည်းကောင်း ဆင်ခြင်ပွားများရမည်ပင် ဖြစ်ပေသတည်း။

အနတ္တပြီး၏

× × ×

အနိစ္စ-ဒုက္ခ-အနတ္တ ဤသုံးပါးတို့ကား ဤမှာဘက်ကမ်းသာ ရှိကြသည် ဖြစ်သည်။ ဟိုမှာဘက်ကမ်း၌ မရှိကြ၊ နိစ္စ-သုခ-အတ္တ ဤသုံးပါးတို့ကား ဟိုမှာဘက်ကမ်း၌သာ ရှိကြသည်။ ဤမှာဘက်ကမ်း၌ လုံးဝ မရှိ၊ ရှာမရ။

ဤယခု ဆိုအပ်ခဲ့ပြီးသည့်အတိုင်း သဘောပိုင်း သိရှိရလေအောင် ကြိုးစီးဆလျက် ဝေဖန်ပြုလုပ်၍ မလွန်မယုတ်သော လုံ့လ, ဝီရိယ မပေါ့ မဆ မမေ့မလျော့ သတိမပြန့်လွင့်သော သမာဓိဖြင့် စာရှိအရ အတွင်းမကျ အပြင်မဖက် သက်သက် အလတ်တန်းကျသော စိတ်ဖြင့် လွယ်လမ်းဖြစ်သော ဤဝိပဿနာလမ်းကို ကြိုးပမ်းဆင်ခြင် ထင်မြင်နိုင်ပါက မဂ္ဂသစ္စာဖြစ်၍ ဘာပတ္ထနာမှ မပြုရဘဲ သုခ အရှိဆုံး

http://www.dhammadownload.com

ဖြစ်တဲ့ နိရောဓသစ္စာသို့ ဆိုက်ရောက်ရန် မှတ်ကျောက်ပမာ အချက်အချာဖြစ်သော လမ်းမှန်လမ်းဖြောင့် မကွေ့မကောက်သော လမ်းကောင်း လမ်းမြတ်ကြီး ဖြစ်ပေတော့သတည်း။

ဤကား ပတ္ထနာမဖက် ပွားများမှု သက်သက်ကိုသာ ပြုသော ပုဂ္ဂိုလ်၏ လမ်းစ လမ်းငုတ်ကို ဖော်ထုတ်၍ ပြလိုက်ရခြင်း ဖြစ်ပေသတည်း။

ပတ္ထနာပြုရဆိုသည် ရာထူးလိုချင်ရင်သာ ပတ္ထနာ ပြုရသည်၊ မလိုချင်လျှင် မပြုရ။ ဥပမာ-ဘုရားရာထူးကို လိုချင်လျှင် ဘုရားဆုကို တောင်းရသည်။ ပစ္စေကဗုဒ္ဓအထူးကို လိုချင်လျှင် ပစ္စေကဗုဒ္ဓဆုကို တောင်းရသည်။ အဂ္ဂသာဝကရာထူးကို လိုချင်ရင် အဂ္ဂသာဝကရာထူးဆုကိုတောင်းရသည်။ မဟာသာဝက ၎င်းနည်း၊ စသည်ဖြင့် ကိုယ် လိုချင်တာကို တောင်းတာကို ပတ္ထနာ ခေါ်သည်။ တောင့်တဆိုတာ သမုဒယသစ္စာ၊ တဏှာခေါ်သည်။ သို့သော် အထက်ပါ ပုဂ္ဂိုလ်များမှာတော့ တောင့်တမှု သမုဒယသစ္စာ တဏှာလည်းပါသည်။ ပွားများဆင်ခြင်မှု မဂ္ဂသစ္စာ ပညာလည်းပါသည်။ ထိုနှစ်ခုတို့တွင် တောင့်တမှု သမုဒယသစ္စာ၊ တဏှာပါကြောင်းကို ထပ်လောင်း၍ ဖော်ပြစရာ မလိုပေ။ ရာထူးကို လိုချင်ရသဖြင့် လယ်ပြင် ဆင်သွားသလို ထင်ရှားစွာ သိလှပေသည်။ ပွားများမှု မဂ္ဂသစ္စာ ပညာပါကြောင်းကို လည်း ယေကေ စိ သမ္မာသမ္မုဒ္ဓါ ဝါ ပစ္စေကဗုဒ္ဓါ ဝါ သာဝကဗုဒ္ဓါ ဝါ သဗ္ဗေတေ သီလေပတိ ဌာယ သမာဓိ နာစိတ္တမလံ သောဓေတွာ ပညာယ ဝိပဿန္တာ မဂ္ဂဖလာနိ ပါပုဏန္တိ အယမေဝ မဂ္ဂေါ အယံပဋိပဒါ နိဗ္ဗာနာဓိဂမာယ တသ္မာကမ္မိ သမာဒါယ ပူရိတဘာဝံ ဒဿေန္တော အာဟမသိက္ခတ္တ ယဥ္ဆဿဇိနဿ သန္တိကေတိ ဟူ၍ ဇိနလင်္ကာရဋီကာ ပါဋိဌ် ပုဗ္ဗာဘာဂ နိဟာရဝဏ္ဏာ စာမျက်နှာ (၁၃၃)တွင် ဖွင့်ပြထားသည်ကို တွေ့ရှိရသဖြင့် သိသာလှပေသည်။

ရာထူးမက်၍ သမုဒယဖက်သည့်အတွက် ထိုပုဂ္ဂိုလ်တို့မှာ မိမိတို့လိုချင်တဲ့ ရာထူးကို လွယ်လွယ်နှင့် မရနိုင်ကြဘဲ ရာထူးအလိုက် ပညာဓိက ဘုရားမှာ-လေးသချေ်နှင့် ကမ္ဘာတစ်သိန်း၊ သဒ္ဓါဓိက ဘုရားမှာ- ရှစ်သချေ်နှင့် ကမ္ဘာတစ်သိန်း၊ ဝီရိယာဓိကဘုရားမှာ- တစ်ဆယ့်ခြောက်သချေ်နှင့် ကမ္ဘာတစ်သိန်း၊ ပစ္စေကဗုဒ္ဓ ဘုရားမှာ-နှစ်သချေ်နှင့် ကမ္ဘာတစ်သိန်း၊ အဂ္ဂသာဝကတို့မှာ တစ်သချေ်နှင့် ကမ္ဘာတစ်သိန်း၊ မဟာသာဝကတို့မှာ ကမ္ဘာတစ်သိန်း တွက်ကိန်းများစွာ ရှည်လျားစွာနေကြရသည်။ နိဗ္ဗာန်ကို မက်၊ ပညာဖက်၍ မဂ္ဂသစ္စာပါသည့်အတွက် နောက်ဆုံးသူတို့ လိုချင်တဲ့ ရာထူးကို ရရှိသွားကြသည်။ ပွားများမှုမဖက် တောင့်တမှု သက်သက်ကိုသာ ပြုနေကြတဲ့သူတို့မှာ ဝဋ်ရှည်လျားရုံမှတစ်ပါး ရာထူးရရှိရေးမရှိ၊ တောင့်တမှုလည်း မရှိကြသည့်သူများမှာတော့ ဝဋ်ရှည်လျားရေးရော ရာထူးရရေးပါ ပြောစရာနတ္ထိ တောင့်တမှုမရှိဆိုသော်လည်း သတ္တဝါတစ်ခု၌ တောင့်တမှု တစ်ခုရှိမြဲ ဓမ္မတာပင် ဖြစ်လေသည်။

ခန္ဓာငါးပါးကို ဝိပဿနာ ရှုပွားရာ၌ သတိထားရန်အချက်

ရူပက္ခန္ဓာ၌ ပါဝင်သော ရုပ်စုများ-ဣန္ဒေ၏ အစွမ်းအားဖြင့် (က)စက္ခု ဣန္ဒေ-စက္ခုပသာဒရုပ် မျက်စိ၊ မြင်ခြင်းကိစ္စ (ခ)သောတိန္ဒေ-သောတပသာဒရုပ် နားကြားခြင်းကိစ္စ၊ (ဂ) ဃာနိန္ဒေ-ဃာနပသာဒရုပ် နှာခေါင်းနံခြင်းကိစ္စ၊ (ဃ) ဇိဝိန္ဒေ ဇိဝှါပသာဒရုပ် လျှာ စားသောက်ခြင်းကိစ္စ(င) ကာယိန္ဒေ ကာယ ပသာဒရုပ် ကိုယ် တွေ့ထိခြင်းကိစ္စ၊ (စ) ဣတ္ထိန္ဒေဣတ္ထိဘာဝရုပ် မိန်းမ၊ (ဆ) ပုရိ သိန္ဒေ ပုရိသဘာဝရုပ် ယောကျ်ား၊ ဤ ခုနစ်ရုပ်သော ရူပက္ခန္ဓာ၌ ပါဝင်၏။

ရူပက္ခန္ဓာ၏ ဖောက်ပြန်ခြင်းသဘော ဆိုသည်ကား သီတ, ဥဏှကြောင့် ဖောက်ပြန်ခြင်း

http://www.dhammadownload.com

သဘော ကဲ့, စိတ်, ဥတု, အာဟာရကြောင့် ဖောက်ပြန်ခြင်း သဘောရှိ၏။ သို့ရာတွင် ဝိပဿနာအရာ၌ ဖောက်ပြန်ခြင်းကား မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ တွေ့ထိတာ၊ အိုတာ၊ နာတာ၊ သေတာ တို့ကို ဖောက်ပြန်ခြင်းဟု ခေါ်သည်။

အနိစ္စ–ဆိုသည်ကား စက္ခုပသာဒရုပ် စသော ရုပ်တရားတို့ မြင်ခြင်းကိစ္စ၊ ဖြစ်ပြီးလျှင် စိတ်၏ အခိုက်အတန့်မျှ တည်ခြင်း၊ ပျက်သွားခြင်း၊ ကုန်သွားခြင်း၊ ချုပ်ငြိမ်းသွားခြင်း၊ ပျောက်ကွယ်သွားခြင်း၊ တစ်မျိုး တစ်မည်ဖြစ်၍ ဖောက်ပြန်သွားခြင်း မရှိဘဲ ဖြစ်သွားခြင်းတို့ကို အနိစ္စဟု ခေါ်သည်။ နာမ်ရုပ် နှစ်ပါးလုံးကို မမြဲဟု မှတ်လေ။

၁။ **ရူပက္ခန္ဓာ**
ဖောက်ပြန်ခြင်း ကိစ္စ။

၂။ **ဝေဒနက္ခန္ဓာ**
ခံစားခြင်း ကိစ္စ။

၃။ **သညက္ခန္ဓာ**
မှတ်ခြင်း ကိစ္စ။

၄။ **သင်္ခါရက္ခန္ဓာ**
ပြုပြင်ခြင်း ကိစ္စ။

၅။ **ဝိညာဏက္ခန္ဓာ**
သိခြင်း ကိစ္စ။

ရူပက္ခန္ဓာ၌ အနိစ္စ ရှုပွားနည်း

စက္ခုအနိစ္စ၊ သောတအနိစ္စ၊ ဃာနအနိစ္စ၊ ဇိဝှါအနိစ္စ၊ ကာယအနိစ္စ၊ ဟု အာရုံပြု၍ ရူပက္ခန္ဓာ မေ အနိစ္စ ဟုပွား။

ဝေဒနက္ခန္ဓာ၌ ပါဝင်သော ဝေဒနာကား သုခ ဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ ပါဝင်သည်။ သို့ရာတွင် ဝိပဿနာအရာ၌ကား စက္ခု ဝေဒနာ– မြင်ဝေဒနာ၊ သောတဝေဒနာ– ကြားဝေဒနာ၊ ဃာန ဝေဒနာ– နံဝေဒနာ၊ ဇိဝှါဝေဒနာ– စားဝေဒနာ၊ ကာယဝေဒနာ– တွေ့ထိဝေဒနာ၊ ဇရာဝေဒနာ၊ ဗျာဓိ ဝေဒနာ၊ မရဏဝေဒနာတို့ ပါဝင်၏။ ၎င်းတို့ကို အာရုံပြု၍ စက္ခုဝေဒနာ အနိစ္စ၊ သောတဝေဒနာ အနိစ္စ၊ ဃာနဝေဒနာ အနိစ္စ၊ ဇိဝှါဝေဒနာ အနိစ္စ၊ ကာယဝေဒနာ အနိစ္စဟု နှလုံးသွင်း၍ ဝေဒနက္ခန္ဓာမေ အနိစ္စဟု ပွားများပါလေ။

သညက္ခန္ဓာ၌ စက္ခုသညာမြင်မှတ်၊ သောတ သညာ ကြားမှတ်၊ ဃာန သညာ နံမှတ်၊ ဇိဝှါသညာ စားမှတ်၊ ကာယသညာ တွေ့ထိမှတ်ဟုသိထား၍ သညက္ခန္ဓာ မေ စက္ခုသညာ အနိစ္စ၊ သောတသညာ အနိစ္စ၊ ဃာနသညာ အနိစ္စ၊ ဇိဝှါသညာ အနိစ္စ၊ ကာယသညာ အနိစ္စဟု ပွားများလေ။

သင်္ခါရက္ခန္ဓာရုပ် ပွားနည်း

သင်္ခါရက္ခန္ဓာ မေ စက္ခုသင်္ခါရ အနိစ္စ၊ သောတသင်္ခါရ အနိစ္စ၊ ဃာန သင်္ခါရ အနိစ္စ၊ ဇိဝှါသင်္ခါရ အနိစ္စ၊ ကာယသင်္ခါရ အနိစ္စ ဟု ပွားများလေ။

ဝိညာဏက္ခန္ဓာ၌ ရှုပွားနည်း

စက္ခုဝိညာဏ မြင်သိ၊ သောတဝိညာဏ ကြားသိ၊ ဃာနဝိညာဏ နံသိ၊ ဇိဝှါဝိညာဏစားသိ၊ ကာယဝိညာဏ တွေ့ထိသိဟု မှတ်ထား၍ ဝိညာဏက္ခန္ဓာ မေ စက္ခုဝိညာဏအနိစ္စ၊ သောတဝိညာဏ အနိစ္စ၊ ဃာနဝိညာဏ အနိစ္စ၊ ဇိဝှါဝိညာဏ အနိစ္စ၊ ကာယဝိညာဏ အနိစ္စဟု ပွားများလေ။ ဤတွင် အနိစ္စပြီး၏။

ငါးပါးခန္ဓာ၊ သူနှင့်သာ၊ ဘယ်ခါမစဲ ငါမမြဲ။
ခန္ဓာမရှိ၊ ငါချည်းရှိ၊ မြဲ၏ နိဗ္ဗာန်ပဲ။

ဒုက္ခဆိုသည်ကား စက္ခုစသော ရုပ်တရားတို့ကို မြင်ခြင်းကိစ္စ၊ ဖြစ်၍ ပြီးလျှင် စိတ်၏ အမြဲမပြတ် နှိပ်စက်ခြင်းကို ဒုက္ခဟုခေါ်ပါသည်။ ကာယိက ဒုက္ခ၊ စေတသိက ဒုက္ခ နှစ်ပါးလုံးကို ယူပါ။

http://www.dhammadownload.com

ခန္ဓာငါးပါး ဒုက္ခရှုပွားနည်း

ရူပက္ခန္ဓာ မေ စက္ခုဒုက္ခ၊ သောတ ဒုက္ခ၊ ဃာနဒုက္ခ၊ ဇိဝှါဒုက္ခ၊ ကာယ ဒုက္ခ၊ ဝေဒနက္ခန္ဓာမေ စက္ခုဝေဒနာဒုက္ခ၊ သောတဝေဒနာဒုက္ခ၊ ဃာန ဝေဒနာ ဒုက္ခ၊ ဇိဝှါဝေဒနာဒုက္ခ၊ ကာယဝေဒနာဒုက္ခ။ သညက္ခန္ဓာမေ စက္ခုသညာဒုက္ခ၊ သောတသညာ ဒုက္ခ၊ ဃာနသညာ ဒုက္ခ၊ ဇိဝှါသညာ ဒုက္ခ၊ ကာယ သညာ ဒုက္ခ။

သင်္ခါရက္ခန္ဓာ မေစက္ခုသင်္ခါရဒုက္ခ၊ သောတ သင်္ခါရဒုက္ခ၊ ဃာနသင်္ခါရ ဒုက္ခ၊ ဇိဝှါသင်္ခါရဒုက္ခ၊ ကာယသင်္ခါရဒုက္ခ။

ဝိညာဏက္ခန္ဓာ မေ စက္ခု ဝိညာဏဒုက္ခ၊ သောတဝိညာဏဒုက္ခ၊ ဃာနဝိညာဏ ဒုက္ခ၊ ဇိဝှါဝိညာဏ ဒုက္ခ၊ ကာယဝိညာဏဒုက္ခဟု ပွားများပါလေ။

ဒုက္ခပြီး၏

× × ×

ငါးပါးခန္ဓာ၊ သူနှင့်သာ၊ ဘယ်ခါမစဲ၊ ငါ ဆင်းရဲ။
ခန္ဓာမရှိ၊ ငါချည်းရှိ၊ ကင်း၏ဆင်းရဲ၊ နိဗ္ဗာန်ပဲ။

အနတ္တ ဆိုသည်ကား-

စက္ခုပသာဒရုပ် စသော တရားတို့ မြင်ခြင်း စသော ကိစ္စတို့ ဖြစ်ပြီးလျှင် စိတ်၏ မိမိအလိုသို့ မလိုက်သည်ကို အနတ္တဆိုသည်။ ရုပ်ရော နာမ်ရော အနတ္တ။

ခန္ဓာငါးပါး အနတ္တပွားနည်း

ရူပက္ခန္ဓာ မေ စက္ခုအနတ္တ၊ သောတ အနတ္တ၊ ဃာနအနတ္တ၊ ဇိဝှါအနတ္တ၊ ကာယ အနတ္တ။

ဝေဒနက္ခန္ဓာမေ စက္ခုဝေဒနာအနတ္တ၊ သောတဝေဒနာအနတ္တ၊ ဃာန ဝေဒနာ အနတ္တ၊ ဇိဝှါဝေဒနာအနတ္တ၊ ကာယဝေဒနာအနတ္တ။

သညက္ခန္ဓာမေ စက္ခုသညာအနတ္တ၊ သောတ သညာ အနတ္တ၊ ဃာန သညာ အနတ္တ၊ ဇိဝှါသညာ အနတ္တ၊ ကာယသညာ အနတ္တ။

သင်္ခါရက္ခန္ဓာ မေ စက္ခုသင်္ခါရအနတ္တ၊ သောတသင်္ခါရအနတ္တ၊ ဃာန သင်္ခါရ အနတ္တ၊ ဇိဝှါသင်္ခါရအနတ္တ၊ ကာယသင်္ခါရအနတ္တ။

ဝိညာဏက္ခန္ဓာ မေ စက္ခု ဝိညာဏ်အနတ္တ၊ သောတဝိညာဏအနတ္တ၊ ဃာနဝိညာဏ် အနတ္တ၊ ဇိဝှါဝိညာဏ် အနတ္တ၊ ကာယဝိညာဏ်အနတ္တ။
ငါးပါးခန္ဓာ၊ သူနှင့်သာ၊ ဘယ်ခါမပြတ်၊ ငါ အနတ္တ။
ခန္ဓာမရှိ၊ ငါချည်းရှိ၊ လွတ်၏ အနတ္တ၊ နိဗ္ဗာန။

အနိစ္စ

အနိစ္စဆိုတာ၊ ငါ့ခန္ဓာ၊ သေချာ မှတ်ရမည်။
သုံးဆယ့်နှစ်ဖြာ၊ အစိတ်အပိုင်းမှာ၊ မြဲတာ ရှာမရ၊ အနိစ္စ။
ဖြစ်ကုန် ပျက်ကုန်၊ ကုန်နှစ်ကုန်၊ ပျက်ကုန် ကုန်ရ၊ အနိစ္စ။
အိုကုန် သေကုန်၊ အရွယ်ကုန်
သေကုန် ကုန်ရ၊ အနိစ္စ။
မမြဲလို့ကုန်၊ ကုန်လို့မမြဲ၊ အနိစ္စပဲ၊ စိတ်စွဲ ထင်မှတ်ကြ။

ဒုက္ခ

ဒုက္ခဆိုတာ၊ ငါ့ခန္ဓာ၊ သေချာမှတ်ရမည်။
ဒုက္ခတကာ၊ ဒုက္ခမှာ၊ ခန္ဓာဒုက္ခ၊ အကြီးဆုံးပ။
ကိုယ်တစ်ကိုယ်လုံး၊ ဒုက္ခတုံး၊ လုံးလုံး ထင်မှတ်ကြ။
အိုဘေး၊ နာဘေး၊ မလွတ်သေး၊ သေဘေးကြုံရ၊ ဝဋ်ဒုက္ခ။
သေကုန် ကုန်ရ အနိစ္စ။

အနတ္တ

အနတ္တဆိုတာ၊ ငါ့ခန္ဓာ၊ သေချာ မှတ်အပ်စွာ။
တစ်ခန္ဓာလုံး၊ အကာဖုံး၊ လုံးလုံးအနှစ် မရှိပါ။
သုံးဆယ့်နှစ်ဖြာ၊ စိတ်ပိုင်းမှာ၊ ငါရှာမရ၊ အနတ္တ။

http://www.dhammadownload.com

မြဲသော ချမ်းသာ၊ ကိုယ်ဟုတ်တာ၊ အနှစ်ရှိမရ၊ အနတ္တ။
မအို မနာ၊ မသေတာ၊ ရှာဘာမရ အနတ္တ။
ဖြစ်အို နာသေ၊ လေးထွေတရား၊ မြစ်တားမရ၊ အနတ္တ။
ခိုင်းစေမရ၊ ပြောမရ၊ ဆုံးမမရ၊ အနတ္တ။
ကိုယ်တစ်ကိုယ်လုံး၊ အနတ္တတုံး၊ လုံးလုံး ထင်မှတ်ကြ။

တစ်နည်း ဝိပဿနာ

၁။ ဖြစ်-တည်-ပျက်ဟု ဆိုအပ်သော ဥပါဒ်, ဌိ, ဘင် ဟူသော တရားသုံးပါးတို့နှင့် ပြည့်စုံသော ဖောက်ပြန်တတ်သော (စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ) ဟူသော ရုပ်တရားတို့သည် ရူပက္ခန္ဓာ ဖြစ်၏။ ကုန်တတ်, ပျက်တတ်၏။ မမြဲဟု အာရုံပြု၍ (ရူပံအနိစ္စ ဟူ၍လည်းကောင်း၊ ရူပက္ခန္ဓာ အနိစ္စ ဟူ၍လည်းကောင်း ပွားပါလေ။)

၂။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဟူသော ရုပ်တရားတို့သည် မြင်, ကြား, နံ, စား, တွေ့ထိအပ်သော အာရုံတို့၏ အရသာကို ခံစားတတ်သော စိတ်သည် ဝေဒနက္ခန္ဓာ ယှဉ်၏။ ကုန်တတ် ပျက်တတ်၏။ မမြဲဟု အာရုံပြု၍ ဝေဒနက္ခန္ဓာမေ အနိစ္စ ဟူ၍လည်းကောင်း ပွားများလေ။

၃။ ၎င်းရုပ်တရားတို့သည် မြင်, ကြား, နံ, စား, တွေ့ထိအပ်သော အာရုံတို့၏ သဘောကို မှတ်တတ်သော စိတ်သည် သညက္ခန္ဓာ ယှဉ်၏။ ကုန်တတ် ပျက်တတ်၏။ မမြဲဟု အာရုံပြု၍ သညာအနိစ္စ ဟူ၍လည်းကောင်း ပွားပါလေ။

၄။ ၎င်း ရုပ်တရားတို့သည် မြင်, ကြား, နံ, စား, တွေ့ထိအပ်သော အာရုံတို့ကို စေ့ဆော်ပြုပြင်တတ်သော စိတ်သည် သင်္ခါရက္ခန္ဓာ ယှဉ်၏။ ကုန်တတ် ပျက်တတ်၏။ မမြဲဟု အာရုံပြု၍ သင်္ခါရအနိစ္စ ဟူ၍လည်းကောင်း ပွားပါလေ။

၅။ ၎င်း ရုပ်တရားတို့သည် မြင်, ကြား, နံ, စား, တွေ့ထိအပ်သော အာရုံတို့ကို သိတတ်သော စိတ်သည် ဝိညာဏက္ခန္ဓာ ဖြစ်၊ ကုန်တတ် ပျက်တတ်၏။ မမြဲဟုအာရုံပြု၍ ဝိညာဏ်အနိစ္စဟူ၍လည်းကောင်း၊ ဝိညာဏက္ခန္ဓာအနိစ္စ ဟူ၍လည်းကောင်း ပွားပါလေ။

အနိစ္စ ပြီး၏

× × ×

ဒုက္ခ

၁။ ဖြစ်-တည်-ပျက်ဟု ဆိုအပ်သော ဥပါဒ်, ဌိ, ဘင် ဟူသော တရားသုံးပါးတို့သည်နှိပ်စက်အပ်သော ဖောက်ပြန်တတ်သော စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဟူသော ရုပ်တရားတို့သည် ရူပက္ခန္ဓာ ဖြစ်၏။ အမြဲအပြတ် နှိပ်စက်၏ဟု အာရုံပြု၍ ရူပံဒုက္ခံ ဟူ၍လည်းကောင်း၊ ရူပက္ခန္ဓာ ဒုက္ခ ဟူ၍ လည်းကောင်း ပွားပါလေ။

၂။ ၎င်းရုပ်တရားတို့သည် မြင်, ကြား, နံ, စား, တွေ့ထိအပ်သော အာရုံတို့ ၏ အရသာကို ခံစားတတ်သော ဝေဒနက္ခန္ဓာ ယှဉ်၏။ အမြဲ အပြတ် နှိပ်စက်၏ဟု အာရုံပြု၍ ဝေဒနာဒုက္ခ ဟူ၍လည်းကောင်း၊ ဝေဒနက္ခန္ဓာဒုက္ခ ဟူ၍လည်းကောင်း ပွားများလေ။

၃။ ၎င်းရုပ်တရားတို့သည် မြင်, ကြား, နံ, စား, တွေ့ထိအပ်သော အာရုံတို့ သဘောကို မှတ်တတ်သော စိတ်သည် သညက္ခန္ဓာ ယှဉ်၏။ အမြဲမပြတ် နှိပ်စက်၏ဟု အာရုံပြု၍ သညာဒုက္ခ ဟူ၍လည်းကောင်း၊ သညက္ခန္ဓာ ဒုက္ခဟုလည်းကောင်း ပွားပါလေ။

၄။ ၎င်း ရုပ်တရားတို့သည် မြင်, ကြား, နံ, စား, တွေ့ထိအပ်သော အာရုံတို့ကို စေ့ဆော် ပြုပြင်တတ်သော စိတ်သည် သင်္ခါရက္ခန္ဓာ ယှဉ်၏။ အမြဲမပြတ် နှိပ်စက်၏ဟု အာရုံပြု၍ သင်္ခါရဒုက္ခ ဟူ၍လည်းကောင်း၊ သင်္ခါရက္ခန္ဓာဒုက္ခဟူ၍ လည်းကောင်း ပွားများပါလေ။

http://www.dhammadownload.com

၅။ ၎င်းအာရုံတို့ကို သိတတ်သောစိတ်သည် ဝိညာဏကွန္ဓာ ဖြစ်၏၊ အမြဲမပြတ် နှိပ်စက်၏ဟု အာရုံပြု၍ ဝိညာဏံ ဒုက္ခ ဟူ၍လည်းကောင်း၊ ဝိညာဏကွန္ဓာဒုက္ခ ဟူ၍လည်းကောင်း ပွားများပါလေ။

ဒုက္ခပြီး၏

× × ×

အနတ္တ

၁။ ဖြစ်-တည်-ပျက်ဟု ဆိုအပ်သော ဥပါဒ်, ဌီ, ဘင် ဟူသော တရားသုံးပါးတို့နှင့် ပြည့်စုံသည် ဖြစ်၍ အနိစ္စဖြစ်သော ၎င်းတရား သုံးပါးတို့သည် နှိပ်စက်အပ်သည် ဖြစ်၍ ဒုက္ခဖြစ်သော စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဟူသော ရုပ်တရားတို့သည် ရူပကွန္ဓာ ဖြစ်၏။မိမိ၏ အလိုသို့မလိုက်ဟု အာရုံပြု၍ ရူပံအနတ္တ ဟူ၍လည်းကောင်း၊ ရူပကွန္ဓာ အနတ္တဟူ၍လည်းကောင်း ပွားများပါလေ။

၂။ ၎င်းရုပ်တရားတို့သည် မြင်, ကြား, နံ, စား, တွေ့ထိ အပ်သော အာရုံတို့၏အရသာကို ခံစားတတ်သောစိတ်သည် ဝေဒနာကွန္ဓာ ယှဉ်၏။ မိမိအလိုသို့ မလိုက်ဟု အာရုံပြု၍ ဝေဒနာအနတ္တ ဟူ၍လည်းကောင်း၊ ဝေဒနာကွန္ဓာ အနတ္တ ဟူ၍လည်းကောင်း ပွားများလေ။

၃။ ၎င်းအာရုံတို့၏ သဘောကို မှတ်တတ်သောစိတ်သည် သညကွန္ဓာ ယှဉ်၏။ မိမိအလိုသို့ မလိုက်ဟု အာရုံပြု၍ သညာအနတ္တဟူ၍ လည်းကောင်း၊ သညကွန္ဓာအနတ္တ ဟူ၍လည်းကောင်း ပွားများပါလေ။

၄။ ၎င်း ရုပ်တရားတို့သည် မြင်, ကြား, နံ, စား, တွေ့ထိအပ်သော အာရုံတို့ကို စေ့ဆော် ပြုပြင်တတ်သော စိတ်သည် သခ်ါရကွန္ဓာ ယှဉ်၏။ မိမိအလိုသို့ မလိုက်ဟု အာရုံပြု၍ သခ်ါရအနတ္တ ဟူ၍လည်းကောင်း၊ သခ်ါ ရကွန္ဓာ အနတ္တဟူ၍လည်းကောင်း ပွားပါလေ။

၅။ ၎င်းအာရုံတို့ကို သိတတ်သော စိတ်သည် ဝိညာဏကွန္ဓာ ဖြစ်၏၊ မိမိ၏ အလိုသို့ မလိုက်ဟု အာရုံပြု၍ ဝိညာဏအနတ္တဟူ၍လည်းကောင်း၊ ဝိညာဏကွန္ဓာအနတ္တ ဟူ၍လည်းကောင်း ပွားများပါလေ။

အနတ္တ ပြီး၏

× × ×

[၁၉၉၇ ခုနှစ်ထုတ် ကန်တော်မင်းကျောင်း သက်တော်ရှည်ဆရာတော်ကြီး၏ ဝိပဿနာပွားပုံ နည်းမျိုးစုံ နိဗ္ဗာနကထာ သဒေ်ပကျမ်းမှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။]

ရေနံချောင်း ကန်တော်မင်းကျောင်း ဘေးမဲ့ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

O

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
မောင်းထောင်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မောင်းထောင်ဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

[၁၂၀၆-၁၂၇၀]

ဆရာတော်လောင်းလျာကို အလုံမြို့နယ်၊ မောင်းထောင်ကြီးရွာ မိုင်းသာရပ်၌ ၁၂၀၆ ခုနှစ်၊ ကဆုန်လဆန်း (၉)ရက်၊ ည ၃ ချက်တီးကျော် အချိန် (ဗုဒ္ဓဟူးနေ့)တွင် ခမည်းတော် ဦးဘိုးဂေါင်၊ မယ်တော်ဒေါ်ပုတို့မှ ဖွားမြင်တော်မူပါသည်။

အသက် (၁၀)နှစ်သို့ ရောက်သောအခါ မောင်းထောင်ရွာ ကုန်းသာတိုက်ဆရာတော် ဦးကေသရထံ၌ မိဘများက ကျောင်းအပ်နှံခဲ့ကြပါသည်။ (၁၅)နှစ်သားအရွယ်တွင် မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘောင်သို့ ရောက်ရှိပါသည်။ ဆရာတော်ထံတွင် အခြေခံကျမ်းစာများကို သင်ယူခဲ့သည်။ သက်တော် (၂၀)တွင် မောင်းထောင်ရွာ ကုန်းသာတိုက် ခဏ္ဍသိမ်၌ သာသနာပြုဂိုဏ်းအုပ် ဆရာတော် ဦးကလျာဏကို ဥပဇ္ဈာယ်ပြုရာ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ဘွဲ့တော်မှာ ရှင်ဝိမလဖြစ်သည်။

ရဟန်းဘဝဖြင့် မန္တလေးမြို့ ကြရောက်၍ ဥယျာဓမ္မာဘိ မုနိပဝရ ဉာဏကိတ္တိ သိရီဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုသာသနာပြုတံဆိပ်တော်ရ သုဓမ္မာသာသနာပိုင် ဆရာတော်ကြီး အထံတော်၌ ပိဋကတ်ကျမ်းဂန်များကို သင်ယူတော်မူသည်။ ထို့နောက် ရွှေကျင်နိကာယ၊ ဂဏဉိးစီးအကြီးအမှူး ဇာဂရာဘိဓဇ သဒ္ဓမ္မဝံသ ဓမ္မသေနာပတိ အတုလာ မိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ရွှေကျင်သာသနာပိုင် ဆရာတော် ကြီးအထံတော်တွင် ပါဠိ-သက္ကတ-ပရိယတ်-ပဋိပတ် နည်းနာအဝဝကို ကျနစွာ သင်ယူတော်မူခဲ့ပါသည်။

ဆရာတော်ကြီးအထံတော်တွင် ပထမစာချအဖြစ် ခံယူရရှိ၍ စာပေများ ပို့ချတော်မူခဲ့သည်။ ၁၂၄၆ ခုနှစ်တွင် သီပေါဘုရင် ဆက်ကပ်တော်မူသော ဝိမလာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပါသည်။ ထိုအချိန်မှစ၍ မောင်းထောင်ဆရာတော်ကြီးဟု ထင်ရှားတော်မူသည်။ ရွှေကျင်ဆရာတော်ကြီး မင်းကွန်းဒွေတောင်တောရသို့ ကြွရောက်သီတင်းသုံးတော်မူသောအခါ လိုက်ပါ၍ နည်းနာနိဿယကို ခံယူတော်မူခဲ့သေးသည်။

ရွှေကျင်ဆရာတော်ကြီး လှည့် လည်၍ သာသနာပြုကြွချီတော်မူသောအခါတွင်လည်း အတူလိုက်ပါ၍ သာသနာပြုတော်မူခွင့် ရခဲ့ပေသည်။ သုံးဆယ်မြို့ စက်သူဌေး ဦးညွန့်-ဒေါ်မင်းရှင် စသော ဒကာ၊ ဒကာမများ၏ ပင့်လျှောက်ချက်နှင့် ရွှေကျင်ဆရာတော်ကြီး တာဝန်ပေးချက်အရ သုံးဆယ်မြို့

http://www.dhammadownload.com

တွင် ၁၂၅၂-ခုနှစ်၌ မဟာစေတီလှကျောင်းတိုက် အမည်ဖြင့် ရွှေကျင်တိုက်ကို တည်ထောင်တော်မူခဲ့သည်။ ၁၂၅၃-ခုနှစ်တွင် သုံးဆယ် မြို့၌ ဝါကပ်၍ ကျောင်းထိုင်တော်မူသည်။ တပည့်များကို စာပေများ ပို့ချခြင်း၊ တစ်လလေးကြိမ် ဆုံးမသြဝါဒပေးခြင်း၊ တရားဟောကြားခြင်း၊ ဧကာသနိက်ခုတင်ကို ကိုယ်တိုင်လည်း ဆောက်တည်၍ တပည့်များကိုလည်း ဆောက်တည်စေခြင်း၊ ဝိနည်းတော်ကို ရိုသေ၍ ဒလေးထားခြင်း၊ နိသဇ်ခုတင် ဆောက်တည်ခြင်း၊ မေးမြန်းအပ်သော ပုစ္ဆာတို့ကို ဖြေကြားတော်မူခြင်း စသည်ဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်ကို စည်ပင်ပြန့်ပွားစေတော်မူပါသည်။

၁၂၆၀-ပြည့်နှစ်၊ ပြာသိုလတွင် သီဟိုဠ်ကျွန်း သို့ သင်္ဃာဖြင့် ကြွရောက်၍ စွယ်တော်ကို ဖူးမြော်တော်မူပါသည်။ စွယ်တော်ဘုရားရှိခိုးနှင့် ဆုတောင်းကို ရေးသားတော်မူခဲ့သည်။ ၁၂၆၄-၆၅ ခု၊ နှစ်ဝါတိုင်တိုင် ဟံသာဝတီ သုံးခွအပိုင် ဥက္ကံရွာတွင် ဝါဆို၍ သာသနာပြုတော်မူသည်။ ၁၂၆၅-ခုနှစ်၊ ပြာသိုလတွင် မန္တိုမဒေသသို့ ဘုရားဖူး ကြွရောက်တော်မူခဲ့သည်။ ၁၂၆၆-ခုနှစ်တွင် သုံးဆယ်မောင်းထောင်တိုက်တွင် သီတင်းသုံးပြန်သည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ညွှန်ကြားချက်အရ မောင်းထောင်တိုက်ကို တပည့်များအား လွှဲအပ်ရာ ၁၂၆၇-မှ ၆၉-ခုနှစ်အထိ ပုသိမ်မြို့ ဝိသုဒ္ဓါရုံ မောင်းထောင်တိုက်တွင် သီတင်းသုံး၍ သာသနာပြုတော်မူပါသည်။

၁၂၆၉-ခုနှစ်တွင် ပုသိမ်မှ သုံးဆယ်မောင်းထောင်တိုက်သို့ ပြန်လည် ကြွတော်မူသည်။ ဆရာတော်ကြီးသည် မတ္တရာမြို့နယ် ကဲပိုင်ရွာ သမီးတော်တိုက်၊ သုံးဆယ်မြို့ မဟာစေတီလှမောင်းထောင်တိုက်၊ ဥက္ကံရွာဘုရားကြီးတိုက်၊ ပုသိမ်မြို့ မဟာဝိသုဒ္ဓါရုံ မောင်းထောင်တိုက်၊ မောင်းထောင်ရွာ ကုန်းသာတိုက်တို့၌ အလှည့်ကျ သီတင်းသုံး စံနေတော်မူလျက် တပည့်များစွာအား ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ နိကာယ် စသည့်စာပေများကို ပို့ချပေးတော်မူခဲ့ပါသည်။ တရားဓမ္မများ ဟောကြားသည့်အပြင် ကိုယ်တိုင်လည်း အားထုတ်တော်မူခဲ့ပါသည်။ ကမ္မဝိနိစ္ဆယကျမ်း၊ စတုသစ္စပကာသနီကျမ်း၊ မခုဂုဇ္ဇတ္ထဒီပနီကျမ်း၊ လက္ခဏာဒီ ဝိဘာဝနီနိဿယကျမ်းများကိုလည်း ရေးသားတော်မူခဲ့ပါသည်။

ဤသို့ဖြင့် လဖို့ပေသလ၊ သိက္ခာကာမ၊ ဝိနယ ဂရုကဖြစ်တော်မူသော မောင်းထောင်ဆရာတော်ကြီးသည် မိမိအကျိုးစီးပွား၊ သူတစ်ပါးအကျိုးစီးပွား၊ သာသနာတော်၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူရင်း ၁၂၇၀- ပြည့်နှစ်၊ ပြာသိုလဆန်း ၇ရက် ညဉ့် ၁၀ နာရီအချိန်တွင် သုံးဆယ်မြို့၌ စုတိကမ္မဇရုပ်ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

ထေရပုတ္တိအကျဉ်းပြီး၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မောင်းထောင်ဆရာတော်ဘုရားကြီး၏
သြဝါဒတော်

အခါခပ်သိမ်းဆုံးမပဲ့ပြင် သွန်သင်ဟောပြောလေ့ရှိသော ဆရာမိဘ ကလျာဏမိတ္တ အဆွေခင်ပွန်းကောင်းတို့ကို ပေါင်းဖော်မိုဝဲ အမြဲဆည်းကပ်လေ့ရှိမှ မသူတော်တို့လည်း သူတော်ကောင်းဖြစ်နိုင်ကြမည်။ အတော်ပညာ ရှိသူတော်ကောင်းတို့လည်း မိမိတို့ ပညာသုတကို အမှီပြု၍ မာန်မာန-ပါပိစ္ဆာ၊ မဟိစ္ဆာမရှိသဖြင့် သပ္ပုရိသ-တရ-လဇ္ဇီပေသလ-သိက္ခာကာမ-ဗဟုသုတ-ပညာဝန္တ-သီလဝန္တသူတော်ကောင်းအစစ်ဖြစ်၍-ပစ္စုပ္ပန်သံသရာ ချမ်းသာကြီးပွားသူအများတို့၏ ကိုးစားမှီခိုရာ ကောင်းစွာဖြစ်နိုင်ကြမည့် အရေးများကို မြော်တွေး ဆင်ခြင်ကြကုန်သည်ဖြစ်၍ နှလုံးမဖြူ-အမှုမမှန်-ဖောက်ပြန်ယွင်းမှား တရားပျက်ချော်သော မသူတော်အလှေးတို့ကို ဝေးဝေးကြီးရှောင်ကြဉ်၍ ပညာရှိသူတော်ကောင်းတို့ကိုသာ ပေါင်းဖော်မိုဝဲ အမြဲဆည်းကပ်နိုင်ကြရမည်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မောင်းထောင်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ဏေ တုမေ့ ဘိက္ခဝေ ဣမမေဝကာယံဥဒ္ဓံ၊ ပါဒတလာအဓော ကေသမတ္ထကာတစပရိယန္တံ၊ ပူရံနာနာပကာရဿ အသုစိနော ပစ္စဝေက္ခထ။

(သဋ္ဌာယတနသံယုတ်ပါဠိတော်စသည်)။

ဘိက္ခဝေ- ရဟန်းတို့၊ ဏေ-လာကြကုန်လော၊ ပါဒတလာ-ခြေဖဝါး အပြင်မှ၊ ဥဒ်-အထက်ဆဲဖျားတိုင်အောင်၊ ကေသမတ္ထကာ-အထက်ဆဲဖျားမှ၊ အဓော-အောက်ခြေဖဝါးတိုင်အောင်၊ တစပရိယန္တံ-အရေထူ အရေပါးလျှင် အဆုံးရှိသော၊ နာနာပကာရဿ-အထူးထူးအပြားပြားသော၊ အသုစိနော-ကေသာအစ၊ မုတ္တံအဆုံး၊ သုံးဆယ့်နှစ်ဖြာ၊ ရွံရှာစဖွယ်၊ အစင်ကြယ်သောဝတ္ထုဖြင့်၊ ပူရံ-ပြည့်သော၊ ဣမမေဝကာယံ-ဤခန္ဓာကိုယ်အကောင်ပုပ်ကို၊ ပစ္စဝေက္ခထ-စေ့စေ့ငုဝ်၊ ဉာဏ်စက္ခုဖြင့် ကြည့်ရှုစမ်းကြကုန်လော။ ။

အတ္ထိ ဣမသ္မိံကာယေ-ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ၊ ဤသို့ ပါဠိသက်သက်အားဖြင့် လည်းကောင်း၊ ကေသာ-ဆံ၊ လောမာ-အမွေး၊ နခါ-လက်သည်းခြေသည်း၊ ဒန္တာ- သွား၊ တစော-အရေ၊ မံသံ-အသား၊ နှာရု-အကြော၊ အဋ္ဌိ-အရိုး၊ အဋ္ဌိမိဉ္ဇံ-ရိုးတွင်းခြင်ဆီ၊ ဝက္ကံ-အညှို့၊ ဟဒယံ-နှလုံး၊ ယကနံ-အသည်း၊ ကိလောမကံ-အမွေး၊ ပိဟကံ-အဖျဉ်း၊ ပပ္ဖာသံ-အဆုတ်၊ အန္တံ-အူမ၊ အန္တဂုဏံ-အူသိမ်-အူဖွဲ၊ ဥဒရိယံ-အစာသစ်၊ ကရီသံ-အစာဟောင်း၊ မတ္ထလုင်္ဂံ-ဦးနှောက်၊ ပိတ္တံ-သည်းခြေ၊ သေမှံ-သလိပ်၊ ပုဗ္ဗော-ပြည်၊ လောဟိတံ-သွေး၊ သေဒေါ-ချွေး၊ မေဒေါ-အဆီခဲ၊ အဿု-မျက်ရည်၊ ဝသာ-ဆီကြည်၊ ခေဠော-တံတွေး၊ သိင်္ဃာဏိကာ-နှပ်၊ သသိကာ-အစေး၊ မုတ္တံ-ကျင်ငယ်၊ ဣတိ ဣမသ္မိံကာယေ-ဤသို့ သုံးဆယ့်နှစ်ပါးသော အခြင်းအရာအစုတို့သည်၊ ဣမသ္မိံကာယေ-ဤတစ်လုံမျှလောက်သော ရူပကာယခန္ဓာကိုယ်၌၊ အတ္ထိ-ရှိကုန်၏။ ဤသို့ ပါဠိအနက်အားဖြင့်လည်းကောင်း၊

ဆံပင်၊ မွေးညှင်း၊ လက်သည်းခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမွေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊

http://www.dhammadownload.com

အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် ဤသို့ မြန်မာအနက်သက်သက်အားဖြင့် လည်းကောင်း၊ စေ့စေ့ငင ဉာဏ်စက္ခုဖြင့် ကြည့်ရှုပွား များရမည်ဟူလိုသည်။

ဤသို့ကြည့်ရှုပွားများဖန်များသည်ရှိသော် မိမိတို့ ခန္ဓာကိုယ်၌ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မဟုတ်၊ အလွန်စက်ဆုပ် ရွံရှာဖွယ်ရှိသော ဆပ်၊ မွေးညင်းစသော သုံးဆယ့်နှစ်ပါး သော အခြင်းအရာ-ကောဋ္ဌာသ-အစုမျှသာတည်းဟု ထင်လတ္တံ့သတည်း။

ယဉ္စီ ကိစ္စံ အပ္ပဝိဋ္ဌံ၊ အကိစ္စံပန ကိရိယာ၊
ဥန္နဠာနံပမတ္တာနံ၊ တေသံ ဝမုဿိ အာသဝါ။
ယေသဉ္စ သုသမာရဒ္ဓါ၊ နိစ္စံ ကာယဂတာသတိ၊
အကိစ္စံ တေနသေဝန္တိ၊ ကိစ္စေ သာတစ္စကာ ရိနော၊
သတာနံ သမ္မဇာနာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။

(ဓမ္မပဒပါဠိတော်)

ယဲ့ယေန၊ အကြင့်ကြောင့်။ ကိစ္စံ၊ ရဟန်းတို့၏ ပြုဖွယ်ဖြစ်သော သီလစောင့်ခြင်း၊ တောကျောင်း နေခြင်း၊ ဓုတင်ဆောင်ခြင်း၊ ဘာဝနာ၌ မွေ့လျော်ခြင်း အမှုကို။ အပ္ပဝိဋ္ဌံ၊ စွန့်ပစ်၍။ အကိစ္စံပန၊ ရဟန်းတို့ ပြုဖွယ် မဟုတ်သော။ သပိတ်၊ ဖိနပ်၊ ယပ်ကို တန် ဆာဆင်ခြင်း အမှုကိုကား။ ကိရိယာ၊ ပြင်ဘးအံ့။ ဥန္နဠာနံ၊ ကြူပြင်ပမာ ဝင့်ဝါပလွားကုန်သော။ ပမတ္တာ နံ၊ ရဟန်းတရား၌ မေ့လျော့ကုန်သော။ တေသံဘိက္ခူ နံ၊ ထိုရဟန်းတို့အား။ အာသဝါ၊ အာသဝေါတရားတို့ သည်။ ဝမုဿိ၊ တိုးပွားကုန်၏။

ယေသဉ္စ၊ အကြင်ရဟန်းတို့သည်ကား။ နိစ္စံ၊ အမြဲ။ ကာယဂတာ သတိ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို။ သုသမာရဒ္ဓါ၊ ကောင်းစွာလေ့လာ အား ထုတ်အပ်၏။ တေဘိက္ခူ၊ ထိုကာယဂတာသတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ် လေ့လာကုန် သော ရဟန်းတို့သည်။ အကိစ္စံ၊ ရဟန်းကိစ္စ မဟုတ် သော ဗာဟိရ အမှုကို။ န သေဝန္တိ၊ မမှီဝဲကုန်၊ မမှီဝဲ လိုကုန်။ ကိစ္စေ၊ ရဟန်းတို့ကိစ္စ၌။ သာတစ္စကာရိ နော၊ မပြတ်ပြုလေ့ ရှိကုန်၏။ သတာနံ၊ သတိရှိကုန် သော။ သမ္မဇာနာနံ၊ အမြော်အမြင် ရှိကုန်သော။ တေသံဘိက္ခူနံ၊ ထိုဟန်းတို့အား။ အာသဝါ၊ အာသ ဝေါတရားတို့သည်။ အတ္ထံ၊ ချုပ်ငြိမ်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။

အဗ္ဘန္တရ သရက်သီးကို စားမိသောသူသည် တစ်ပါးသော သစ်သစ်ကို မစားလိုသကဲ့သို့ လည်း ကောင်း၊ ပျားရည်လူးသော မြက်ကို စားမိသော တောသမင်သည် တစ်ပါးသောမြက်ကို မစားလို သကဲ့သို့လည်းကောင်း ကောသာ၊ လောမာစသည်ဖြင့် ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများ အား ထုတ်မိသော ရဟန်းတို့သည် ရဟန်းကိစ္စမဟုတ် သော ဗာဟိရအမှုကို မပြုလိုကုန်ဘဲ သီလစောင့်ခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းစသော ရဟန်းတို့၏ အမှုဠ်သာ မပြတ်ပြုကုန်သဖြင့် လောဘ စသော အာသဝေါ တရား ချုပ်ခြင်းသို့ ရောက်ကုန်၏ ဟူလိုသည်။

အသုစိပုတိဒုဂ္ဂန္ဓံ၊ နာနာကုဏပပူရိတံ။
ပဋ္ဌရန္တံ ဒိဝါရတ္တိံ၊ ဗာလာနံ အဘိနန္ဒိတံ၊

အသုစိပုတိဒုဂ္ဂန္ဓံ၊ မစင်ကြယ်သော ပုပ်သော မကောင်းသော အနံ့လည်းရှိထသော။ နာနာကုဏ ပပူရိတံ၊ အထူးထူးသော ပိုးလောက်တို့ဖြင့် ပြည့်ထ သော။ ဒိဝါရတ္တိံ၊ နေ့ရောညဥ့်ပါ၊ အခါမပြတ်။ ပဋ္ဌရန္တံ၊ ကိုးပေါက်သော ဒွါရတို့မှ၊ ကိုးဝသော အပုပ် ရေတို့ဖြင့် အမြဲယိုစီးထသော။ ဣမံပုတိ ကာယံ၊ ဤခန္ဓာကိုယ် အကောင်ပုပ်ကို။ ဗာလာနံ-ဗာလေဟိ၊ ပညာစက္ခု မရှိကုန်သော အသုတဝန္တ အန္ဓပုထုဇဉ် မိုက်တို့သည်။ အဘိနန္ဒိတံ၊ အလွန် နှစ်သက် မှား လေဘိ၏။

ဤလောက၌ အလွန်စက်ဆုပ်ရွံရှာဖွယ်ရှိ သော ခွေးကောင်ပုပ်ကို။ ကာကဂိဒ္ဓ- ကျီးလင်းတို့ ရှု၍ မည်းနိုင်သကဲ့သို့လည်းကောင်း၊ မစင်ဘင်ပုပ် ကို ခွေးဝက်တို့ မစက်ဆုပ်နိုင်သကဲ့သို့လည်းကောင်း

http://www.dhammadownload.com

မိစ္ဆာအတတ်ရှိသော ရွာသူစုန်းမသည် ဇော်ဂနိမိစ္ဆာနတ် ပူးကပ်သည့်အခါ လွန်စွာ စက်ဆုပ်ဖွယ်ရှိသော မစင်ကို အလွန်လျှင်-နှစ်သက်မြတ်နိုးသကဲ့သို့လည်း ကောင်း၊ သုတဝန္တအရိယာသာဝကတို့-အလွန်စက်ဆုပ်အပ်သော ကိုးပေါက်သော ဒွါရတို့မှ ကိုးဝသော အပုပ်ရေတို့ဖြင့် တစိစိတစိုစို-အမြဲ ယိုစီးလျက် မည်သည့်အရပ်-အလျဉ်မရှိ၊ မသေခင် အရှင်လတ်လတ်က ပင်-ပုပ်ညှီနံစော်ခြင်းသို့ ရောက်သဖြင့် စက်ဆုပ်ရွံရှာဖွယ်၊ ရှစ်ဆယ်သော ပိုးမျိုးတို့၏ တည်ရာအိမ်ထောင်ရာ၊ သားမွေးရာ၊ သုသာန်သရိုင်းပြုလုပ်ရာဖြစ်၍၊ သူတစ်ပါးတို့အား နိသီရိက- မနှစ်သက်ဖွယ်သော အသရေကိုပြလျက် မိမိ၏ အင်္ဂါကြီးငယ်ကိုပင် မိမိ စေ့စေ့ငုငု-နှစ်သက်ဖွယ်ပြုသဖြင့် ရှုပ်မြင်ပုံကောင်းသော သဘောမရှိ၊ မိမိကိုယ်အနံ့ကို မျှလည်း မိမိ နှစ်သက်ရွှင်လန်း နမ်းရှုပ်ပုံကောင်းသော သဘောမရှိ၊ တစ်ကိုယ်လုံးကို လွှမ်းမိုး၍ပေါက်သော အိုင်းအမာကြီးကို အနှီးဖြင့် ဖုံးထားသကဲ့သို့၊ မိမိကိုယ်အလုံးကို အဝတ်ပုဆိုးတို့ဖြင့် ဖုံးလွှမ်းပိတ်ဆို့ထားနိုင်မှ ရှုပ်မြင်ပုံစကောင်းသော ဤအတ္တဘာဝ-ရူပကာယကို ရာဂတဏှာကိလေသာတည်းဟူသော ဇော်ဂနိမိစ္ဆာနတ်-ပူးကပ်လျက်ရှိသော အသုတဝန္တ အန္ဓဗာလပုထုဇဉ်မိုက် တို့သည်သာလျှင် သက္ကာယဒိဋ္ဌိဖြင့် လွန်စွာနှစ်သက်စွဲလမ်းချက်-အားသည်းသဖြင့် သံသရာဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်ကြသည့် သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသော ပညဝါ-ပုဂ္ဂိုလ်သည် ဤအတ္တဘာဝ ရူပကာယ၌ သက္ကာယဒိဋ္ဌိဖြင့် စွဲလမ်းနှစ်သက်ခြင်းကို မပြုရာဟူလိုသည်။

အတိတ် နန္ဒာဂမေယျ၊ နှ ပဋိကခေံ အနာဂတံ၊
ယဒတီတံ ပဟီနန္တံ၊ အပ္ပတ္တဉ္စ မနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယောဓမ္မံ၊ တတ္ထတတ္ထ ဝိပဿတိ၊
အသံဟိရံ အသံကုပ္ပံ၊ တံ ဝိဒွါ မနုဗြူဟဝေ။ ။
အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ၊
နဟိနောသင်္ဂံရန္တေန၊ မဟာသေနေန မစ္စုနာ။ ။
ဧဝံဝိဟာရိ အာတာပိ၊ အဟောရတ္တမတန္ဒိတံ၊
တံဝေဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ။

(ဥပရိပဏ္ဏာသ ပါဠိတော်-ဘဒ္ဒေကရတ္တသုတ်)

အတိတ်-ချုပ်ပျောက်ပျက်စီး၊ လွန်လေပြီးသော၊ အတိတ် ရုပ်နာမ်တရားသို့၊ နန္ဒာဂမေယျ-မလိုက်ရာ၊ (ဝါ)-လိုက်၍ ဝိပဿနာ မရှုရာ၊ အနာဂတ်-ဥပါဒ်,ဌိ,ဘင်အားဖြင့် မဖြစ်ပေါ်လာသေးသော အနာဂတ် ရုပ်နာမ်တရားကို၊ နှ ပဋိကခေံ-ဝိပဿနာစီးဖြန်ခြင်းငှာ မတောင့်တရာ၊ ကသ္မာ-အဘယ့်ကြောင့်နည်းဟူမူကား၊ ယံယသ္မာ- အကြင်ကြောင့်၊ အတိတ်-လွန်လေပြီးသော အတိတ်ရုပ်နာမ်တရားသည်၊ ပဟိနံ-ကွယ်ပျောက်လေပြီး၊ အနာဂတဉ္စ-အနာဂတ်ဖြစ်သော ရုပ်နာမ်တရားသည်လည်း၊ အပ္ပတ္တံ-မရောက်မရှိသေး၊ တသ္မာ-ထို့ကြောင့်တည်း ထင်ရှား မရှိရာသို့လိုက်၍ ဝိပဿနာရှုက ဥဒယဗ္ဗယစသော ဝိပဿနာဉာဏ် မထင်နိုင်ရာသော ကြောင့် အတိတ် အနာဂတ်တရားကို အာရုံပြု၍၊ ဥဒယဗ္ဗယာနုပဿနာ ဘင်္ဂါနုပဿနာ-စသည်တို့ကို မပြုရာ ဟူလိုသည်။ သမ္မသနဉာဏ်အရာ၌ကား ပြုအပ်သည်သာမှတ်။ ။

ယောစ-အကြောင်သူသည်ကား၊ ပစ္စုပ္ပန်-ဥပါဒ်,ဌိ,ဘင်အားဖြင့် ထင်ရှားရှိသော ပစ္စုပ္ပန်, ရုပ်နာမ်တရားကို၊ တတ္ထတတ္ထ-ထိုထိုကိုယ်သဏ္ဌာန်ဝယ် ဖြစ်ပေါ်လာသော ခဏ၌၊ အသံဟိရံ၊ တွန့်တိုဆုတ်နစ်ခြင်း မရှိသည်ဖြစ်၍၊ အသံကုပ္ပံ-ပျက်စီးခြင်း မရှိသည်ဖြစ်၍၊ ဝိပဿတိ-ဝိပဿနာရှု၏။ တံ-ထို အတိတ်ရုပ်နာမ်,တရားသို့လည်း,မလိုက်။ အနာဂတ်ရုပ်နာမ် တရား၌လည်း နှလုံးမသွင်း၊ ပစ္စုပ္ပန်ရုပ်နာမ်တရားကိုသာ ဝိပဿနာရှုခြင်းကို၊ ဝိဒွါ- ယောဂီသခင် ပညာရှင်သည်၊ မနုဗြူဟယေ-အဖန်တလဲလဲ အမြဲပွားများရာ၏။ အဇ္ဇေဝ-ယနေ့

http://www.dhammadownload.com

ပင်လျှင်၊ အာကပ္ပ-အားထုတ်သင့်သော ဒါန၊ သီလ၊ ဘာဝနအမှုကို၊ ကိစ္စ-ပြုအပ်၏။ သုဝေ-နက်ဖြန်ခါပင်၊ မရဏ-စုတေ့မနေ၊ သေရမည်ကို၊ ကော-အဘယ်သူသည်၊ ဇညာ-သိနိုင်အံ့နည်း၊ မဟာသေနေန-ကိုးဆယ့်ခြောက်ဖြာ ရောဂါထွေပြား များသော စစ်သည်ရှိသော၊ တေန မစ္စုနာ-ထိုသေမင်းနှင့်၊ နော-ငါတို့အား၊ သင်္ကံရဲ-အခါနေ့ရက် ချိန်းချက်တိုင်ပင်ခြင်းသည်၊ နဟိအတ္ထိ-မရှိသလျှင်ကတည်း။ ဧဝံဝိဟာရိ-ဤသို့အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ်၍ နေလေ့ရှိထသော၊ အာတာပိ-ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိထသော၊ အဟော ရတ္တံ-နေ့ရော ညဉ့်ပါ အခါမပြတ်၊ အတန္ဒိတ်-ပျင်းရိခြင်း မရှိထသော၊ တံပုဂ္ဂလံ-ထိုပုဂ္ဂိုလ်ကို၊ ဝေ-စင်စစ်၊ ဘဒ္ဒေကရတ္တောတိ-ကောင်းမြတ်သောနေ့ညဉ့်ရှိသောသူ ဟူ၍၊ သန္တော-တစ်ထောင့်ငါးရာ ကိလေသာမီး ငြိမ်းတော်မူပြီးသော၊ မုနိ-မြတ်စွာဘုရား သခင်သည်၊ အာစိက္ခတေ-ဟောကြားတော်မူ၏။

ဤ ဒေသနာတော်နှင့်အညီ တေဘုမ္မိက သခ်ါရ ခန္ဓာငါးပါး ရုပ်နာမ်တရားကို အာရုံပြု၍ ပဋ္ဌာန်နာအနိစ္စာ၊ ပဋ္ဌာန်နာဒုက္ခာ၊ ပဋ္ဌာန်နာအနတ္တာ၊ ပဋ္ဌာန်နာ-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အနိစ္စာ-အမြဲမရှိကုန်၊ ဒုက္ခာ- ဆင်းရဲကုန်၏၊ အနတ္တာ-အစိုးမရကုန်ဟူ၍လည်းကောင်း။ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်၊ အမြဲအရှည်တည်၍ နေသည် မဟုတ်ကုန်။ မျက်စိတမှိတ် လျှပ်စစ်တပြက်အတွင်း၌ပင်လျှင် အကြိမ်ပေါင်း အသောင်းအသိန်းမက ပျက်စီး၍ ပျက်စီး၍ နေရကား မမြဲတတ်သော တရားမစုမျှသာလျှင်တည်း။ ယင်းသို့ မမြဲသည်ဖြစ်၍ အနိစ္စ-မမြဲခြင်းကြောင့် ဆင်းရဲသည်ဖြစ်၍၊ ဒုက္ခ-ယင်းဒုက္ခကို သုခဖြစ်အောင် မတတ်နိုင်အစိုးမပိုင်သည် ဖြစ်၍၊ အနတ္တ-သဘောတရားအစုမျှသာလျှင်တည်းဟူ၍လည်းကောင်း အဖန်တလဲလဲ ပွားများအပ်၏။ မရဏာနုဿတိကမ္မဋ္ဌာန်းကိုလည်း ယခင်ပါဠိ တော်အတိုင်း၊ အဒ္ဓေဝကိစ္စံအာတပ္ပံ။ လ။ မစ္စုနာဟူ၍လည်းကောင်း၊ မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ၊ မေ-ငါ့အား၊ မရဏ-သေရခြင်းသည်၊ ဘဝိဿတိ-နေ့လား၊ ညဉ့်လား၊ နက်ဖြန်လား များမကြာခင်ဖြစ်လတ္တံ့။ မေ-ငါ၏၊ ဇီဝိတိန္ဒြိယံ-အသက်ဇီဝိတိန္ဒြေသည်၊ ဥပစ္ဆိဇ္ဇိဿတိ-များမကြာခင် လျင်စွာပြတ်သွားလတ္တံ့ ဟူ၍လည်းကောင်း အဖန်တလဲလဲ ပွားများ အောက်မေ့အပ်၏။ ဤသို့လျှင် ဒွတ္တိံသာကာရ- အသုဘဘာဝနာ၊ လက္ခဏာရေးသုံးပါး၊ မရဏာနုဿတိ ကမ္မဋ္ဌာန်းများကို မပြတ်အမြဲ ဘာဝနာလက်နက်စွဲသော ပုဂ္ဂိုလ်အား သေနတ်၊ ဓား၊ လှံ၊ သန်လျက်၊ လက်နက်စွဲသော သူ၏အထံ ရန်သူမချဉ်းကပ်ဝံ့သကဲ့သို့၊ ရာဂဒေါသစသော ကိလေသာ ရန်သူတို့သည် မပြုမချဉ်းကပ်မနှိပ်စက်နိုင်၊ ကိလေသာ ကိုယ်တွင်းရန်သူကို နိုင်မှသာလျှင် ဘေးခပ်သိမ်းတို့၏ ကင်းငြိမ်းရာ မဟာအသင်္ခတနိဗ္ဗာန်သို့ ဓကန်ရောက်ကြရကုန်လတ္တံ့။ ဤသို့သော သဘောတရားများကို နှလုံးထား၍ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို အခါခါ ပွားများအားထုတ်နိုင်ကြရမည့်အကြောင်း။

ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊ သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
နနော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။

ဣဓဝါ-ဤလူ့ပြည်၌ လည်းကောင်း၊ ဟုရံဝါ-နဂါးပြည်၊ ဂဠုန်ပြည်၌ လည်းကောင်း၊ သဂ္ဂေသုဝါ-နတ်ပြည် ဗြဟ္မာပြည်တို့၌လည်းကောင်း၊ ယံကိဉ္စိ-အလုံးစုံသော၊ ဝိတ္တံ-နှစ်သက်ခြင်း မြတ်နိုးခြင်းကို ဖြစ်စေတတ်သော၊ ယံရတနံ-အကြင်ရတနာသည်၊ ပဏီတံ-မြတ်၏။ တံရတနံ-ထို ရတနာသည်၊ တထာဂတေန-ဘုရားရတနာနှင့်၊ သမံ-တူသော ရတနာသည်၊ နနောအတ္ထိ-မရှိသည်သာလျှင်က

http://www.dhammadownload.com

တည်း၊ ဗုဒ္ဓေ-ဗုဒ္ဓဿ-မြတ်စွာ ဘုရား၏၊ ဣဒမ္ပိ ရတနံ-အယမ္ပိရတနာဘာဝေါ- ဤ အရဟံအစရှိသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော ရတနာ၏ အဖြစ်သည်လည်း၊ ပဏိတံ-ပဏိတော-မြတ်၏။

ဤသို့သော ရတနသုတ်ဒေသနာတော်နှင့် အညီ လူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်၊ ဗြဟ္ဓာ့ပြည်တို့၌ နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေတတ်သော ရွှေ၊ ငွေ၊ မျက်ရွဲ၊ ပုလဲ၊ သန္တာစသော အဝိညာဏက ရတနာ၊ ဆင်၊ မြင်း၊ ယောက်ျား၊ မိန်းမစသော သဝိညဏကရတနာဟု ဆိုအပ်သော အလုံးစုံသော ဝတ္ထုဟူသမျှတို့သည် လောဘနိယအာရုံ၊ ကာမဂုဏ်ချမ်းသာမျှ လောဘအသာတ၊ ကာမဘောဂီပုဂ္ဂိုလ်တို့၏ သုံးဆောင်ခံစားရာ တဏှာ့ သခင်-အရှင်၏ အကြိုက် အလိုလိုက်၍၊ သမိုက်ပညတ်၊ ခေါ်ဝေါ်အပ်သော လောကီရတနာမျှသာဖြစ်ကုန်သည်။ ထိုသို့သော လောကီရတနာတို့ထက် ဆတက်ထောင်ရာ မကသာအောင် မြတ်သည်ဖြစ်၍ လူ၊ နတ်၊ ဗြဟ္ဓာ၊ သတ္တဝါအပေါင်းတို့၏ ဦးခေါင်းညွှတ်ထွား သွားလာဆည်းကပ် မပြတ်ကော်ရော် ပူဇော်မြတ်နိုး ကိုးကွယ်လဲလျောင်း ပုန်းအောင်ခိုမှီးရာဖြစ်သော ဘုရားရတနာသည်။

ကိလေသာနံ သမုစ္ဆေဒပဿဒ္ဓိ ကရတ္တာယ ထာက္ကမံ အဌဓမ္မာသေဌာ၊ တတောပိနိဗ္ဗာနမေဝ သေဋ္ဌံ၊ တေသံသဗ္ဗေသမ္ပိ ဓမ္မာနံသမ္မာသမ္ဗုဒ္ဓေါဝသေဌော၊ ဝုတ္တံဟိဘဂဝတာ၊ ဝိရာဂေါသေဌောဓမ္မာနံ၊ ဒ္ဒိပဒါနဥ္စစက္ခုမာတိ-ဟူသော မာဂဓအဘိဓာန်ဋီကာ။ ဒ္ဒိပဒါနဥ္စစက္ခုမာ-ဟူသော ဓမ္မပဒပါဠိတော်အဖွင့်။ စသဒ္ဒေါအမိုဏ္ဍနတ္ထော အရူပဓမ္မော သမိုဏ္ဍိယတိ တသ္မာ အရူပဓမ္မာ နံပိ တထာဂတော သေဌော ဥတ္တမော-ဟူသော ဓမ္မပဒ အဌကထာနှင့်အညီ။

သေဌဇေဌ အဓုလ အသဒျေံယျ အပရိမာဏ၊ မနှိုင်းယှဉ်အပ်သော ဂုဏ်ကျေးဇူးအပေါင်းတို့၏ တည်ရာစုဝေးရာ အတုမရှိသော ရတနာဖြစ်၍ တရားရတနာ၊ သံဃာရတနာတို့ထက်လည်း မြတ်၏။ ထိုသို့ အမြတ်ဆုံးဖြစ်သော ဘုရားရတနာအား တစ်ကြိမ်တစ်ခါ လက်အုပ်ချီကာ ရှိခိုးကာ ပူဇော်ကာမျှဖြင့်ပင်၊ လူနတ် ဗြဟ္ဓာသတ္တဝါတို့အား ချမ်းသာသုခ၊ မဟပ္ပလ အကျိုးတို့ကို အထူးဖြစ်စေနိုင်၏။ သာဝတ္ထိပြည်၌ အဒိန္နပုဗ္ဗကသူဌေးသား "မဌကုဏ္ဍလီ" အမည်ရှိသော လုလင်သည် ဒါနသီလစသော ကုသိုလ်ကို တစ်စုံတစ်ခု မပြုဖူးဘဲ စုတေခါနီး၌ ဆွမ်းခံကြွတော်မူသော ဘုရားရှင်ကို မြင်၍ ကြည်ညိုကာမျှဖြင့် စုတိကျ၍ တာဝတိံသာ၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ဝယ် နတ်သမီး တစ်ထောင်ခြံရံလျက် လှည်းအစီး ခြောက်ဆယ်ဝန်ရှိသော နတ်ဝတ်တန်ဆာဒွါဒရာတို့ဖြင့်တန်ဆာဆင်လျက် သုံးဂါဝုတ်ပမာဏ အတ္တဘောရှိသော "မဌကုဏ္ဍလီ" နတ်သားဖြစ်ကြောင်းကို ဓမ္မပဒ အဌကထာ၌ မိန့်ဆိုတော်မူသည်။

ရာဇဂြိုဟ်ပြည် စီရင်စု၊ စဏ္ဍာလရွာ၌ "စဏ္ဍာလီ" မည်သောဒါယိကာမကြီးတစ်ယောက် ငါတို့ "ဂေါတမ" ဘုရားရှင်ကို ကြည်လင်သောစိတ်ဖြင့် ရှိခိုးခြင်း၊ လက်အုပ် ချီခြင်းကိုပြု၍ ဘုရားဂုဏ်လျှင် အာရုံရှိသော ပီတိသောမနဿ သဟဂတစိတ်ဖြင့်နေစဉ် သားငယ်ရှိသော နွားမ-ဝှေ့သဖြင့် စုတေ၍ နတ်သမီး တစ်သိန်းခြံရံလျက် တာဝတိံသာ နတ်ပြည်၌ ဖြစ်၍၊ ကြီးစွာသော ဒိဗ္ဗသမ္ပတ္တိကို ခံစားရကြောင်းကို စဏ္ဍာလီဝိမာနဝတ္ထုပါဠိတော်၌ ဟောတော်မူသည်။

ငါတို့ဘုရားသခင်လက်ထက် ရာဇဂြိုဟ်ပြည်၌ သီတင်းသည် မိန်းမတစ်ယောက် အလွန်ယုံကြည်သော သဒ္ဓါတရားဖြင့် ဘုရားရှင် စေတီတော်ကို ပူဇော်လှူဒါန်းအံ့ဟု သပွတ်ခါးပန်း လေးပွင့်ကို ယူ၍ စေတီပြင်သို့ ရှေးရှုသွားရာ မရောက်မီလမ်း၌ သားငယ်ရှိသော နွားမဝှေ့သဖြင့် စုတေသေလွန်လျှင် တာဝတိံသာနတ်ပြည်၌ဖြစ်၍၊ ရွှေအဆင်းကဲ့သို့

http://www.dhammadownload.com

ဝင်းဝင်းတောက်လျက် ကောသာဋ္ဌကီ နတ်သမီးဟူသောအမည်ဖြင့် နတ်ပြည်၌ ထင်ရှားလျက် ကြီးမားမြင့်မြတ်သော ဒိဗ္ဗသမ္ပတ္တိနှင့် ပြည့်စုံကြောင်းကို ဝိတဝိမာန ဝတ္ထုပါဠိတော်၌ ဟောတော်မူသည်။

ဤသို့ ထူးကဲလွန်မြတ်သော ဘုရားရတနာတည်းဟူသော ခေတ္တ သမ္ပတ္တိ သတ္တဝါတို့၏ အလွန်ထက်သန်သော စိတ်စေတနာတည်းဟူသော စိတ္တသမ္ပတ္တိရှိသည်ရှိသော် အနည်းငယ်သော ကောင်းမှုဖြင့်ပင် ကြီးကျယ်မြင့်မြတ်သော အကျိုးဖလရသည်ကို ထောက်ရှု၍၊ ယခုအခါ ဗုဒ္ဓဘာသာ သာသနာဝင် လူရှင်အများတို့သည် ဘုရားရှင် ဂုဏ်ကျေးဇူးကို အထူးအားဖြင့် ဆင်ခြင်အောက်မေ့၍ ရှိခိုးခြင်း၊ လက်အုပ်ချီခြင်း၊ ပန်း၊ နံ့သာ၊ ဆီမီး၊ ထီး၊ တံခွန်စသည်တို့ဖြင့် ပူဇော်ခြင်း၊ ည နံနက်ဝတ်တက် ဝတ်ကပ်နေ့စဉ်မပြတ် အားထုတ်ခြင်း၊ ပရိတ်မေတ္တာဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းပွားများခြင်း၊ ဘုရားအရာမ်တွင်း၌ မြဲကသုတ်သင်ခြင်း၊ တံမြက်လှည်းခြင်း၊ ဘုရားနှင့်စပ်သော ကိစ္စကြီးငယ်ကို သယ်ပိုးရွက်ဆောင်ခြင်းစသော ပစ္စုပ္ပန်သံသရာ ချမ်းသာ ကြီးပွားကြောင်း၊ သူတော်ကောင်းတို့၏ တရားကို ကြိုးစားအားထုတ်ကြရမည့်အကြောင်း။

ဤသို့ သုံးလူ့ထွတ်ထား ဘုရားဟော်ဖော်တရားတော် အရပ်ရပ်တို့ကို မပြတ်မပြတ် ကျက်မှတ်လေ့လာ၊ နာခံကျင့်သုံး၊ နှလုံးသွင်းရသော ကာမဝစရကုသိုလ်ကံစေတနာတို့ကြောင့် ယခုဘဝ ပစ္စက္ခ၌ပင် ဘေးဒဏ် ရန်မာန် အန္တရာယ်အပေါင်း မကောင်းသော အနိဋ္ဌဖလ ဒုက္ခဝေဒနာတို့သည် ပိန်းကြောဖက်ပြင် ရေမတင်သကဲ့သို့သန့်စင်ပျောက်ပသဖြင့် သရဒအခါ၌ တစ်ကမ္ဘာပတ်လုံး မဆုံးမခြင်း၊ ပထွန်းဝင်းလျက် ကြီးမင်းငွားငွား၊ အရှေ့လောကဓာတ်ဗျားမှ ပတ္တမြားငွေရောင်ဆောင်၍ ထွန်းသော လဝန်းစကြာပုဏ္ဏမာ၏။ တဖန်ရောင်နွယ် စင်ကြယ်သန့်ရှင်း ထွန်းလင်းတောက်ပခြင်းကဲ့သို့ စင်ကြယ်သန့်ရှင်း ထွန်းလင်းတောက်ပကုန်သည်ဖြစ်၍ မရအပ်သေးသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ စည်းစိမ်ဥစ္စာ၊ ရတနာအပေါင်းတို့နှင့် ပြည့်စုံခြင်း၊ ရအပ်ပြီးသော သီလဂုစ် သမာဓိဂုဏ်၊ ပညာဂုဏ်၊ စည်းစိမ်ဥစ္စာ ရတနာအပေါင်းတို့သည် မပျောက်မပျက် အမြဲတည်ခြင်း အစရှိသော အကျိုးထူးတရားထူးတို့နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍ ဘဝနောင်လာ သံသရာအဆက်ဆက်တို့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဝ၊ အဠက္ခဏာ ရှစ်ရပ်၊ ကပ်သုံးတန်၊ ရန်သူမျိုး ငါးပါးတို့မှ ကင်းကွာ၍ လူရွာနတ်ပြည်ဟုဆိုအပ်သော ဂတိသမ္ပတ္တိ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာ၊ ကလျာဏငါးပါးနှင့် ပြည့်စုံခြင်း၊ မိန်းမမြတ်တို့၏ လက္ခဏာဟုဆိုအပ်သော ဥပဓိသမ္ပတ္တိ၊ သာယာဝပြောစည်ပင်သော လူကောင်းမင်းကောင်းတို့၏ လက်ထက်ဟုဆိုအပ်သော ကာလသမ္ပတ္တိ၊ ဒါန သီလစသော သူတော်ကောင်းတို့၏တရားကို ကောင်းစွာ အားထုတ်ခြင်းဟု ဆိုအပ်သော ပယောဂသမ္ပတ္တိ၊ ဤသမ္ပိတရား လေးပါးတို့နှင့်လည်းကောင်း၊ မြတ်စွာဘုရား သာသနာ ထွန်းလင်းရာအရပ်၌ ဖြစ်ရခြင်းဟု ဆိုအပ်သော ပတိ ရူပဒေသဝါသ သမ္ပတ္တိစက်၊ မကောင်းမြစ်တာ ကောင်းရာတိုက်တွန်း ညွှန်ပြဆုံးမတတ်သော ဆရာကောင်း၊ သမားကောင်း၊ မိကောင်း၊ ဘကောင်း၊ အဆွေခင်ပွန်းကောင်းတို့နှင့် ပေါင်းဖော်မှီဝဲ အမြဲဆည်းကပ်ခြင်းတည်းဟူသော သပ္ပုရိသူပနိဿယ သမ္ပတ္တိစက်။

ရှေးရှေးသောဘဝ၊ ကာလ၊ အထူးက ဆည်းပူးအားထုတ်အပ်သော ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှု ရှိသောသူ၏ အဖြစ်တည်းဟူသော ပုဗ္ဗေကတပုညတာသမ္ပတ္တိစက်၊ မလိမ္မာ မယဉ်ကျေးသော မိမိစိတ်ကို လိမ္မာယဉ်ကျေးအောင် ဆုံးမဆောက်တည်နိုင်ခြင်းတည်းဟူသော အတ္တ သမ္မာပဏိဓိသမ္ပတ္တိစက်၊ ဤသမ္ပတ္တိစက်လေးပါးတို့နှင့် လည်း

F73B

http://www.dhammadownload.com

ကောင်း၊ ဂန္ဓိရပညာ၊ ပုထုပညာ၊ မဟာပညာ၊ တိက္ခပညာ၊ ဇဝနပညာ၊ ဟာသပညာ၊ နိဗ္ဗေဓိကပညာ၊ ပရပ္ပဝါဒမဒ္ဒနပညာ၊ ဌာနာဌာနကောသလ္လပညာတို့နှင့် လည်းကောင်း၊ တစ်ဆယ့်ခြောက်နှစ်အတွင်း၌ ဝိဇ္ဇကတ်သုံးပုံကို ရွက်ဆောင်ခြင်း၊ အလုံးစုံသော ဝိဇ္ဇာသိပ္ပအဋ္ဌာရသ အတတ်မျိုးတို့၌ မကျိုးမပမ်း၊ ခွဲခြမ်းစိတ်ဖြာ၊ လိမ္မာကျွမ်းကျင်၊ ထင်မြင်ရဲရင့်ခြင်း၊ သူခပ်သိမ်းတို့ ယုံကြည်လေးမြတ်အပ်သော မဖောက်မပြန် မှန်ကန်သော စကားရှိခြင်း အစရှိသော ပညာရှိသူတော်ကောင်းတို့၏ နိမိတ်လက္ခဏာ၊ ဩဘာကျက်သရေ အထွေထွေသော သပ္ပုရိသဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ အဆုံးဘဝ နောက်ကာလ၌ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍။

မြေသို့လျှိုးခြင်း၊ မိုးသို့ပျံခြင်း၊ အဏုမြူမှုကိုယ်တော်ကို ဖန်ဆင်းခြင်း၊ မုနိညင်းဆန်၌ စကြဝဠာခြင်းအစရှိသော မနှိုင်းယှဉ်အပ်သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်အရှင်မြတ်တို့ကဲ့သို့လည်းကောင်း၊ အာယုကပ်ကာလပတ်လုံး ရှာသော မိုးရေ၊ မိုးပေါက်တို့ကို တစ်ပေါက်မကျန် ကြီးသော ဉာဏ်ဖြင့် ကြဲဖန်ရေတွက်နိုင်သော အရှင် "သာရိပုတ္တရာ" ရဟန္တာမထေရ်မြတ်ကဲ့သို့လည်းကောင်း၊ နှစ်သိန်းလေးသောင်း အပေါင်း အထုရှိသော ဤမဟာ ပထဝီမြေကြီးကို တက္ကစီးတွန်းလှန်၍ ကျွမ်းပျံဦးစောက် ကိုင်ခါမှောက်နိုင်သော "မောဂ္ဂလာန်" မထေရ်မြတ်ကဲ့သို့လည်းကောင်း၊ တစ်ဆယ့်သုံးပါးသော ဓူတင်ပဋိပတ်၊ အကျင့်မြတ်တို့ကို တစ်ပြိုင်နက် ကျင့်သုံး ဆောက်တည်နိုင်သော တတိယသာဝက "ကဿပ" ရဟန္တာမထေရ်မြတ်ကဲ့သို့လည်းကောင်း၊ ရာဇဂြိုဟ်မြို့တံခါး၌ ခင်းထားအပ်သော သုံးဂါဝုတ်ရှိသော ကျောက်ဖြာအပြင်ကို အဘိညာဉ်၏ အခြေပါဒ စတုတ္ထဈာန်ယာဉ်ဖြင့် ကောင်းကင်သို့ ပျံသွား၍ ခြေဖျားဖြင့်ဆောင်ယူနိုင်သော "ဝိဇ္ဇောလ" မထေရ်မြတ်ကဲ့သို့လည်းကောင်း၊ ရှေးရှေးသော ဘဝကာလ အထူးက ပြုဖူးသော ပတ္ထနာ၊ ဝါနာကြောင့် သုံးဖြာသောပဋိဋ္ဌကတ်တို့တွင် သာသနာတော်မြတ်၏ အသက်သဖွယ် ငါးသွယ်သော ဝိနည်းကျမ်းတို့ကို ကမ်းတစ်ဖက်ရောက် တတ်မြောက်လွန်ကဲသဖြင့် ဝိနယဓရ ဇတဒဂ္ဂ၊ ဌာနန္တရ ရ၊ ဓာရဏာသတ္တိ ဂုဏ်ထူးရှိသော "ဥပါလိ" မထေရ်မြတ်ကဲ့သို့လည်းကောင်း၊ သတိမန္တစသည် ငါးတန် ရာထူးခံသော 'အာနန္ဒာ' မထေရ်မြတ်ကဲ့သို့လည်းကောင်း၊ မြင်းမိုရ်တောင်လုံးဖြင့် ဖုံးလွှမ်းသော မုနိညင်းဆန်ကို အဘိညာဉ်စက္ခုဖြင့် ကြည့်ရှုမြင်စွမ်းနိုင်သော "အနုရုဒ္ဓါ" ရဟန္တာမထေရ်မြတ်ကဲ့သို့လည်းကောင်း၊ ရှေးရှေးသော ဒါနဝိသေသကြောင့် လာဘ်လာဘအရာ လွန်စွာပေါများ၍ ဘုရားသော်မှ ခိုလှုံရသဖြင့် မဟာပုညိဒ္ဓိဂုဏ်ထူးရှိသော "သီဝလိ" ရဟန္တာမထေရ်မြတ်ကဲ့သို့ လည်းကောင်း၊ ခန္ဓာအာယတန အစရှိသော ပရမတ္ထတရားတို့ကို သူတစ်ပါးတို့ မေးတိုင်း စက်ဖြင့် ပိုင်းသကဲ့သို့ မဆိုင်းမကြာ ဉာဏ်ပညာဖြင့် သိသာရှင်းလင်းအောင် ခဏချင်း ဆုံးဖြတ်နိုင်သော "ခေမာ" မည်ရမထေရ်မကဲ့သို့လည်းကောင်း၊ ဂဠုန်၊ နဂါး၊ သိကြား၊ ဗြဟ္မာ၊ စကြာမန္ဒာတ်၊ အသူရာနတ်တို့၏ ဒြပ်အသွင်ကို၊ ရှောင်တခင်ဖန်ဆင်းနိုင်သောကြောင့် ဣဒ္ဓိမန္တ စတဒဂ္ဂဌာနန္တရအရာ သူတကာတို့ ထက်ကဲလွန်သော "ဥပ္ပလဝဏ်" ထေရီမကဲ့သို့လည်းကောင်း၊ ဆဋ္ဌာဘိညာ၊ အဘိညာပတ္တာ၊ သာဝိကအများတို့တွင် သူတစ်ပါးတို့ထက် သာလွန်၍ ဘဝန္တရ ဘဝအထူး၌ ဖြစ်ဖူးသော ခန္ဓာအစဉ်ကို ဆင်ခြင်အောက်မေ့နိုင်သောကြောင့် ပုဗ္ဗေနိဝါသ၊ ဇတဒဂ္ဂ၊ ဌာနန္တရ ရာထူးရသော ဘဒ္ဒကစ္စနာ၊ "ယသော်ဓရာ" ထေရီမကဲ့သို့လည်းကောင်း၊

နာချင်ဖွယ်ရာ၊ အသံသာသဖြင့် သတ္တဝါအများတို့ကို တရားဒေသနာ ညွတ်နူးအောင် အထူးဟော

http://www.dhammadownload.com

စွမ်းနိုင်သောကြောင့် ဓမ္မကထိက၊ ဇာတဒဂ္ဂ၊ ဌာနန္တရ၊ ရာထူးရသော "ဓမ္မဒိန္နာ"ရဟန္တာမထေရ်မကဲ့သို့ လည်းကောင်း၊ မလိပ်မလည်း ဝိနည်းကိုဆောင်သော ရဟန်း မိန်းမအများတို့တွင် သူတစ်ပါးတို့တက် ကဲလွန်သဖြင့် ဝိနယဓရ၊ ဇာတဒဂ္ဂ၊ ဌာနန္တရ ရာထူးရသော "ပဋာစာရီ" ရဟန္တာမထေရ်မကဲ့သို့ လည်းကောင်း၊ မဟာဗောဓိ ညောင်ပင်ကို ရှောင်တခင် လုယူသော နဂါးအရာအထောင်တို့ကို ဂဠုန်ယောင် ဖန်ဆင်း၍ နှိပ်နင်းပြေးသွားစေနိုင်သော "သီရိဓမ္မာသောက" မင်းကြီး၏ သမီးတော် "သဃ်မိတ္တာ" ထေရီမကဲ့သို့ လည်းကောင်း၊ မြင်းမိုရ်စကြဝဠာ၊ ဟိမဝန္တာ တောင်မင်းကို ခဏချင်း ပြောင်းရွှေ့စွမ်းနိုင်သော "ပဋိသမ္ဘိဒါပတ္တစိဝရ" အမည်ရှိသော ခုနစ်နှစ် အရွယ် သာမဏေငယ်မကဲ့သို့လည်းကောင်း ဤသို့ အစရှိသည်ဖြင့် မိမိတို့ အလိုရှိအပ်သော ဆုကိုပန်၍ နိဗ္ဗာန်မျက်မှောက် ရောက်ရပါလိုသောဟု ဆုတောင်း ပတ္ထနာပြုကြရမည့် အကြောင်းများနှင့် တရားဓမ္မ အမတမြိုက်ဆေး ချိုအေးအေးဖြင့် တိုက်ကျွေးဆုံးမ၊ ဩဝါဒပေးလိုက်သည် မောင်းထောင်ကြီးရွာ၊ ကုန်းသာတိုက်နေ မိတ်ဆွေသီတင်းသုံးဖော် သံဃာတော် အရှင်မြတ်တို့နှင့်တကွ ကျေးရွာနေ ဒါယကာ ဒါယိကာမ တစ်စုတို့။ ။

[ကျေးဇူးတော်ရှင် မောင်းထောင်ဆရာတော်ဘုရားကြီး၏ မဓုရောဝါဒကထာကျမ်းမှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။]

မောင်းထောင်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

တောင်တန်းနယ်ခြားသာသနာပြုဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

တောင်တန်းနယ်ခြားသာသနာပြုဆရာတော် အရှင် ဦးဥတ္တမသာရ၏

ကိုယ်တိုင်ရေး ထေရုပ္ပတ္တိနှင့် ခရီးနိဒါန်း

[၁၂၇၂-၁၃၅၆]

ဘုန်းကြီး၏ ထေရုပ္ပတ္တိနှင့် ဥရောပတိုက်နိုင်ငံများသို့ ကြွရောက်ရပုံအကြောင်း အကျဉ်းချုပ် ရေးသားပေးရန်·တောင်းပန်ချက်အရ တိုတိုရေးပါတယ်။

ဤအရှင်သည် ယခု ၁၃၄၉ ခုနှစ်တွင် အသက် (၇၈)နှစ် ပြည့်ခဲ့ပြီး အာသံပြည် နယ်ခြားတောင်များနှင့် နယ်ချင်းစပ်နေသော မြောက်ပိုင်းချင်းတောင်ပေါ်၌ နေတယ်။ ဖလမ်းမြို့၏ တောင်ဘက် (၈)မိုင်ကွာ ခန္တိန်တောင် တောရကျောင်း၌ နေလျက်ရှိနေပါတယ်။

ဖလမ်းမြို့၏ တောင်အရပ် ဟားခါးမြို့သွားသော ကားလမ်းမကြီးအထက် ပေခုနစ်ထောင်ကျော်မြင့်သော တောင်ကြီးပေါ် တောရပ်အတွင်း ကျောက်ဖြင့် ဆောက်လုပ်ထားသော တစ်ထပ်တိုက် ကျောင်းသခံမ်း၌ သာသနာပြုလုပ်ငန်း ဆောင်ရွက်ရင်း ကိုယ်ရေးကိုယ်တာအတွက် တရားနှင့်ပျော်မွေ့နေပါတယ်။

ဤအရှင်၏ ဇာတိသည် ရွှေဘိုခရိုင် ဒီပဲရင်းမြို့၊ တောင်လက်နယ် ငွေတွင်းကုန်းရွာဖြစ်၍ ၁၂၇၂ ခုနှစ်၊ ပြာသိုလတွင် မွေးဖွားခဲ့တယ်။ ဦးဘိုးညို၊ ဒေါ်သေးတာတို့၏ သားသမီး(၆)ယောက်တွင် အငယ်ဆုံးသား ဖြစ်တယ်။

စာရေးဝါသနာ ငယ်ကပါ

အသက် (၆)နှစ်သားအရွယ်တွင် ဇာတိ ငွေတွင်းကုန်းရွာ ဆရာတော်ကြီးဦးဝိလာသ၏ ကျောင်း၌ အပ်နှံကာ စတင်ပညာသင်စေ၍ (၁၂)နှစ်သားအရွယ် မိဘတို့၏ သားရှင်ပြု အလှူကြီးပေး၍ ကိုရင်ဝတ်ခဲ့တယ်။ အသက်(၁၉)နှစ် သုံးလကျော်တွင် ရဟန်းဖြစ်လာခဲ့သောကြောင့် ယခု အသက် (၇၈)နှစ် အရွယ်တွင် ရဟန်းဝါ (၅၉)ဝါ ရှိခဲ့ပြီ ဖြစ်တယ်။ ဘွဲ့တော်မှာ ဦးဥတ္တမသာရဖြစ်ပါတယ်။

သက်ရွယ်ကြီးသော်လည်း မျက်စိမမှုန်၊ နားမလေးပါ၊ အနီးအဝေး ကောင်းစွာ လင်းတယ်။ စာကြည့်ခြင်း၊ စာရေးခြင်း အမြဲလုပ်ဆောင်နေရသော်လည်း မျက်မှန်မတပ်ရပါ။

အသက် (၂၂)နှစ်ရွယ် မန္တလေးမြို့၌ စာသင်သားဘဝအဖြစ် နေစဉ်မှစ၍ စာနယ်ဇင်းများတွင် ဆောင်းပါးစာပေ စတင်၍ရေးလာခဲ့ရာ ယခု အသက်ကြီးသည့်တိုင်အောင် ဖြစ်တယ်။

တောင်တန်းဒေသနှင့် အိန္ဒိယသို့

လွန်လေပြီးသော ဝံသာနုခေတ်ကြီးအတွင်း (၁၂၉၇)ခုနှစ် ဆောင်းရာသီအချိန် မန္တလေးမြို့မှ တောင်တန်းနယ်များသို့ စတင်၍ ခရီးထွက်ခဲ့တယ်။ ရှေးဦးစွာ ရခိုင်ရိုးမတောင်ကြီးကို တန်းလွဲချောင်းဘက်မှ ချင်းလူမျိုးများနှင့်အတူ မိမိ၏ ကိုယ်စွမ်းသတ္တိဗျတ္တိကို စမ်းသပ်သည့်အနေဖြင့် ခြေလျင် ဖြတ်

http://www.dhammadownload.com

သန်းခြင်းပြုရာ အောင်မြင်ကျော်မြောက်ခဲ့တယ်။

ထိုခရီးတွင် တောင်ကုတ်မြို့မှ စ၍ ရခိုင်ပြည်နယ်အတွင်း၌ ရမ်းဗြဲ၊ ကျောက်ဖြူ၊ ဇင်ကျန်း၊ မြေပုံ၊ ပေါက်တော၊ စစ်တွေ၊ မြို့ဟောင်း၊ ကျောက်တော်ကြွ၊ အုလယ်စံကျော်၊ မောင်တွေ့ စသည်ဖြင့် ဒေသန္တရဆရာတော်များနှစ်ပေါင်းများစွာ ကျင်လည်ခဲ့ကြသော ဒေသများဘက် တောင်တန်းနယ်တွင် ဝိုလ်မင်းထောင်၊ သုက်ထောင် စသည်ရောက်ခဲ့တယ်။

အိန္ဒိယနိုင်ငံအတွင်း၌ သမိုင်းဝင် ဗုဒ္ဓဘုရားရှင် နေထိုင်ခဲ့ဖူးရာ ထင်ရှားသော ဒေသအတော်များများသို့ ရောက်ခဲ့တယ်။ ဗုဒ္ဓဂယာမှစ၍ ရာဇဂြိုဟ်၊ နာလန္ဒာ တက္ကသိုလ်ဟောင်း၊ ဗာရာဏသီ၊ မိဂဒါဝုန်၊ ကုသိနာရုံ၊ သာဝတ္ထိ ဇေတဝန်ကျောင်း တော်ရာဟောင်းနှင့် ဖွားတော်မူရာ လုမ္ဗိနီဥယျာဉ် စသောလေ့လာသင့်ရာ ဌာနများသို့ အတော်နှံ့အောင် လေ့လာခဲ့တယ်။

စာပေ ပရိယတ္တိ သင်ယူခြင်း

စာပေပရိယတ်သင်ကြားခြင်း လုပ်ငန်းဘက်တွင် အသက် (၁၂)နှစ် အရွယ်မှစ၍ ဇာတိရွာငယ် ဆရာတော်ကြီးထံ သဒ္ဒါနှင့် ဇာတ်ဓိတ်ကြီး စသော အခြေခံစာများကို သင်ကြားရတယ်။ ထို့နောက် မုံရွာမြို့ရောက်၍ ရွှေသိမ်တော်ကြီးကျောင်းတိုက်၌ (၃)နှစ်၊ စစ်ကိုင်းတောင်ရိုး မဟာသမယ ချောင်း၌ (၁၂)နှစ်ကြာ ကိုရင်သာမဏေဘဝနှင့် နေ့စဉ်ညစာ စာမေးပွဲ ဖြေဆိုရန် ကျမ်းများပါ သင်ကြားခဲ့ရတယ်။

အသက် (၁၉)နှစ်ကျော် ရဟန်းဖြစ်ခဲ့ပြီးလျှင် မုံရွာမြို့ ရွှေသိမ်တော်ကြီးကျောင်းတိုက်၌ (၂)နှစ်ကြာ နေ၍ စာသင်ရင်း အစိုးရ ပထမပြန်စာမေးပွဲများ ဝင်ရောက်ဖြေဆိုတယ်။ ထို့နောက် မန္တလေးမြို့ အနော်ရထာပြင် ချမ်းသာကြီးမြေခွက်တိုက် ရတနာပုံ ပရိယတ္တိကျောင်းကြီး၌ (၄)နှစ်ခံကျော်နေ၍ စာပေကျမ်းဂန်အများကို ဆက်လက်သင်ကြားရင်း စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခဲ့သည်မှာ (၅)ပွဲဖြစ်တယ်။

အသက် (၂၇)နှစ်ရွယ် ရဟန်း (၇)ဝါအရတွင် အိန္ဒိယနိုင်ငံမှပြန်လာခဲ့ပြီးလျှင် မုံရွာမြို့ လယ်တီတိုက်၌ ခေတ္တနေ၍ သက္ကဋဘာသာ ဆက်လက်လေ့လာတယ်။

ထို့နောက် ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းစိုးကြီး၌ (၄)နှစ်ခံကျော် ကြာအောင် ပိဋကတ်သုံးပုံနှင့် နိကာယငါးရပ်ကို ပါဠိတော် အဋ္ဌကထာနှင့် ဋီကာပါတွဲ၍ သင်ယူခဲ့သည်။ ပခုက္ကူ၌နေစဉ်ရံခါ အနောက်ဘက်ချမ်း တောင်ပေါ်သို့ ခရီးထွက်၍ တောင်တန်းသာသနာပြုလုပ်ငန်းကို ဆက်လက် ဆောင်ရွက်ခဲ့တယ်။

စစ်တွင်းကာလ သာသနာရေး ဆောင်ရွက်ချက်များ

ဒုတိယ ဘမ္ဘာစစ်ကြီးမဖြစ်ခင် စစ်ကြိုခေတ်တွင် ပခုက္ကူမြို့အမရပူရမြို့သို့ ရွှေ့ပြောင်းနေထိုင်၍ တူမောင်းတိုက်နှင့် မင်္ဂလာတိုက်ဟောင်း တိုက်အုပ်ဆရာတော်များအထံ၌ ပဋ္ဌာန်း ညဝါကျမ်းများကို (၃) နှစ်ကျော် သင်ယူခဲ့တယ်။ စစ်ကြီးဖြစ်ပေါ်လာစအချိန်တွင် စာသင်ခြင်းကိစ္စပြီးဆုံး၍ ဇာတိရပ်ရွာ၌ ခေတ္တ နေထိုင်ကာ ရေတွင်းရေကန်များကိုပြုပြင်ရင်း ကျေးရွာရှင် ဆရာတော်ဘုရားအား အလုပ်အကြွေး ပြုစုနေခဲ့တယ်။

ထို့နောက်စစ်ကြီးကာလ (၆)နှစ်ကြာအချိန်တွင် ရန်ကုန်မြို့၊ ကမာရွတ်၊ ဥသြစြိ ဝါဆိုကျောင်းနှင့် လှိုင်မြစ်လမ်း၊ အောင်ချမ်းသာကျောင်း၌နေ၍ ရဟန်းသာမဏေများအား စာချပေးခြင်း၊ ဝိနည်းစာမေးပွဲကို စာစစ်ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ပေးရခြင်း၊ အင်းစိန်၊ ကမာရွတ်၊ သမိုင်း သုံးမြို့နယ်၏ သံဃဝိနိစ္ဆယဌာန၌ ဝိနည်းဓိရ် တာဝန်ယူ ဆောင်ရွက်ပေးရခြင်း စသော သာသနာရေးကိစ္စအများ ဆောင်ရွက်ခဲ့ရတယ်။ ထိုအချိန်များတွင် ရံခါ ဆောင်းပါးရေးပါတယ်။

မြန်မာပြည်မြေပေါ်တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားချိန်မှစ၍ မိမိကြွေစာင် ကြဲရွယ် သတ်မှတ်ထားပြီးဖြစ်သော တောင်တန်းနယ်အများသို့

http://www.dhammadownload.com

သာသနာပြုရန် မနေမနား တွင်တွင်ကြီး တစ်ပါး တည်းခရီးထွက်တယ်၊ ချင်းတောင်၊ နာဂတောင်၊ ကချင်တောင်တန်းနယ်အနှံ့အပြင် ကယားပြည်နယ် တောင်တန်းများသို့လည်း အတော်နှံ့အောင် ခရီး ထွက်ခဲ့တယ်။

ဥရောပတိုက် မေတ္တာခရီး

ဤအရှင်သည် မြန်မာနိုင်ငံနှင့် နယ်ချင်း စပ် လျက်ရှိကြသော အိန္ဒိယနိုင်ငံတွင်းရှိ မဏိပူရပြည်၊ အာသံပြည်ဘက်သို့ တစ်ကြိမ်မက သာသနာပြုခရီး ထွက်ခဲ့ဖူးလေပြီ။ သို့ရာတွင် အနောက်နိုင်ငံများဖြစ် ကြသော ဥရောပစတဲ့ နိုင်ငံများသို့ ယခု တစ်ကြိမ် သာ ခရီးထွက်ရန် ဆုံးဖြတ်ခြင်း ဖြစ်တယ်။

လွန်ခဲ့သော (၃)နှစ်ကျော်ကာလမှ ကြိုတင်၍ ဆွစ်ဇာလန်နိုင်ငံသို့ ကြွရောက်၍ ဝါဆိုပါရန် ဌာနေ ဒကာများက ပင့်ဖိတ်ခြင်းပြုကြတယ်၊ အကြိမ်ကြိမ် ပင့်ဖန်များ၍ "အကြောင်းညီညွတ်သောအခါ လာခဲ့ ပါမယ်"ဟူသော စကားကတိပြုလိုက်ဖူးတယ်။

ထိုစကားကြောင့် 'မင်းမှာ သစ္စာ၊ လူမှာကတိ' ဆိုရိုးစကားအတိုင်း ပြုထားသော စကားကတိအရ ထပ်ကာရောက်လာနေသော ပင့်ဖိတ်စာများကြောင့် ယခုနှစ်တွင် ဥရောပတိုက်သွား၍ ဆွစ်ဇာလန်နိုင်ငံ၌ ဝါဆိုရန် အခြေအနေက အချိန်ပေးလာခဲ့တယ်။

မန္တလေးမြို့မှ ဆရာတော်များနှင့် ရွှေဘိုနယ်မှ သက်ရွယ်ကြီးဆရာတော်ကြီးများက ထောက်ခံကြ တယ်။ ဤအရှင်အား အမှန်သွားသင့်ကြောင်း၊ ကျေးဇူးရှိနိုင်ကြောင်း ခရီးရောက်နိုင်ကြောင်း စကား တို့ဖြင့် တိုက်တွန်းတော်မူကြပါတယ်။

'ဆရာတော် အနောက်နိုင်ငံတွေဆီ ကြွ ရောက်ပြီး အဓိက ရည်ရွယ်ချက်က ဘာလုပ်မှာလဲ' ဟူ၍မေးသော ဆရာတော်များပါ၏။ 'တတိယ ကမ္ဘာစစ်ကြီးမဖြစ်ရအောင် မေတ္တာတွင်တွင် ဖြန့်ပွား ပြီး တားဆီးပေးရန် အဓိကလုပ်ငန်း ဖြစ်ပါတယ် ဘုရား' ဟူ၍ ခပ်ကြွားကြွား ဖြေထားခဲ့တယ်။

အမှန်မှာ အနောက်နိုင်ငံများသို့ ကိုယ်တိုင် သွားရောက် ဝါဆိုနေထိုင်ရန် ကြွရွယ်ချက် မူသေ မရှိခင်ကပင် လူ့လောကၭ တတိယကမ္ဘာစစ်ကြီး ဖြစ်ပေါ်လာခြင်း မရှိစေရန် ကမ္ဘာ့ရှေ့ဆောင် နိုင်ငံ ကြီးများဆီ အဝေးမှ လှမ်း၍ မေတ္တာပို့လွှတ်နေခဲ့ပြီး ဖြစ်တယ်။ ယင်းသို့ တားဆီးပေးလာနေခဲ့သည်မှာ နှစ်ပေါင်း (၂၀) ကျော်ခဲ့ပြီ ဖြစ်တယ်။

လူ့လောကကြီးတစ်ခွင်လုံး ဆင်းရဲဒုက္ခ မရောက်ကြစေရန် မိမိ၏ ဝါသနာနှင့် ကရဏာ စေတနာအရ ကြိုတင်မေတ္တာဖြန့်ပွား ပို့လွှတ်နေခဲ့ ခြင်းဖြစ်ရာ 'မိမိ၏ မေတ္တာ ကရဏာ စိတ္တဖြာဒ် စွမ်းအင်ကြောင့် ကြောက်မက်ဖွယ်ရာ ကမ္ဘာစစ်ကြီး၊ မလိုအပ်သော ဒေါသမီးကြီး၊ မာနမီးကြီးတွေ အပြီး တိုင် အလိုလို ငြိမ်းအေးသွားစေရမယ်' ဟူ၍လည်း သံသယမရှိ၊ ယုံကြည်ထားပြီးဖြစ်တယ်။

အဆိုပါနိုင်ငံများ၌ ဤအရှင်နေထိုင်စဉ် တရား ဟောကြားပေးခြင်း၊ သူလိုရာမေးလျှောက်သူရှိလျှင် ပြန်လည်ဖြေကြား၍ စကားဆွေးနွေးခြင်းလည်း ပြုခဲ့ မယ်။ ဘေးကင်း၊ ရန်ကင်းဖြစ်ကြစေရန် မေတ္တာဖြန့် ပွားပေးခြင်း၊ ပရိတ်ရွတ်ပေးခြင်းလည်း ပြုခဲ့ပါဦးမယ်၊ ဤကား အဓိကရည်ရွယ်ထားချက်များ ဖြစ်ပါတယ်။

နတ်၊ လူ၊ သတ္တဝါအားလုံး ဘေးရန်ကြောင့် ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာဖြင့် ချမ်းသာကြပါစေ...။

ဆရာတော် အရှင် ဥဉ္ဇတ္တမသာရ
(ခေတ္တ)ရန်ကုန်၊ ကဟရွတ်(၆)မိုင်ခွဲ။
၁၃၄၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်။ (၁၉-၃-၁၉၈၈)

ဆရာတော်ကြီးသည် ၁၃၅၆ ခုနှစ်၊ သက် တော် ၈၆ နှစ်၊ ဝါတော် ၆၆ ဝါအရတွင် ဘဝနတ် ကျောင်း ရွှေ့ပြောင်းတော်မူခဲ့ပါသည်။

ထေရပုတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် တောင်တန်းနယ်ခြားသာသနာပြုဆရာတော် အရှင်ဥဇိုးဥတ္တမသာရ၏ သြဝါဒတော်

သူသူငါငါ သတ္တဝါမှန်သမျှ မိမိတို့ပြုလုပ်သော ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်။ နေ့စဉ်နှင့်အမျှ မိမိတို့ ကြဲစည်ပြောဆို ပြုလုပ်တဲ့ ကံအရသာလျှင် ဖြစ်နေကြရတယ်။ ဘယ်သူကမှ စီမံဖန်တီးတာ မဟုတ်ဘူး။

ကိုယ့်ကံကို ကိုယ်ကြိုက်သလို ဖန်တီးနေကြခြင်းဖြစ်တယ်။ ကိုယ့်ကံကို ကိုယ်ကြိုက်သလို ဖန်တီးနိုင်ရမယ်။ ဖန်တီးယူကြရမယ်။ ဖန်တီးယူလို့လည်း ရတယ်။ ဒါကို မြဲစွာမှတ်။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

တောင်တန်းနယ်ခြားသာသနာပြုဆရာတော် အရှင် ဦးဥတ္တမသာရ၏

ဝိပဿနာရှုနည်း

မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားများဟာ ဗုဒ္ဓဘာသာလူမျိုးများဖြစ်ကြလို့ ဒါန၊ သီလ၊ ဘာဝနာ ဗုဒ္ဓဘာသာတို့ရဲ့ လက်ရိုးကျင့်စဉ်ကို နားလည်ကြပါတယ်။

ဒါနအလုပ်ကို လူတိုင်းနားလည်ကြပြီး မိရိုးဖလာလှူဒါန်းပေးကမ်းမြဲ ဖြစ်ကြတယ်။ ဒေသအလိုက်၊ မြို့ရွာအလိုက် ဝတ်နိဗဒ်မြဲစွာ ကျင့်စဉ်တစ်ခုလိုထားပြီး အချိုးကျကျ လှူတတ်ကြတယ်၊ လူကြီးလူငယ် နားလည်နေကြပါတယ်။

သီလအကျင့်ကိုလည်း ငါးပါးသီလမြဲခြင်း၊ ရှစ်ပါးသီလခံယူပြီး ဥပုသ်စောင့်ကြတာလည်း ရပ်ဓလေ့၊ ရွာထုံးစံကဲ့သို့ ဖြစ်နေပါပြီ။ ကလေးတွေ တောင်မှ ကိုယ်တွေ့မြင်နေကြလို့မို့ ယဉ်ပါးနားလည်နေကြပါပြီ။ ၉ ပါးသီလ၊ အာဇီဝဋ္ဌမကသီလ စောင့်ပုံတွေပါ တတ်ကျွမ်းနားလည်နေပြီး ဖြစ်ကြတယ်။

ဘာဝနာအလုပ်လည်း မြန်မာနိုင်ငံမှာ ယခုအခါ တောရောမြို့ပါ တတ်ကျွမ်းကြပြီး လက်တွေ့ ဘာဝနာပွားနေကြသူတွေ များစွာရှိနေကြတာ အားရစရာကောင်းပါတယ်။

ဘာဝနာဆိုတာ

ဘာဝနာဆိုတာ ပွားများရခြင်း၊ ဆင်ခြင်ရခြင်း၊ ရှုကြည့်ရခြင်း၊ အလုပ်၌ ထပ်တလဲလဲ စွဲမြဲအောင် အားထုတ်ရသော အလုပ်ဖြစ်တယ်၊ ပွားများခြင်းလို့ ပြောဆိုကြတာက ထပ်ပြန်တလဲလဲ ရွတ်ဆိုနေရခြင်း ဆင်ခြင်နေရခြင်း၊ ရှုကြည့်နေရခြင်း စိတ်အလုပ်ဖြစ်တယ်။

'ဘာဝေတဗ္ဗာတိဘာဝနာ'–ပွားများရသောကြောင့် ဘာဝနာလို့ ခေါ်တယ်။ ဘာဝနာက သမထဘာဝနာ၊ ဝိပဿနာဘာဝနာလို့ ၂ မျိုး ရှိတယ်။

သမထဘာဝနာဆိုတာ အာရုံတစ်ခုတည်း၌ စိတ်ကို တည်ငြိမ်မှု သမာဓိရအောင် အားထုတ်ရလို့ သမထကမ္မဋ္ဌာန်းလို့ ခေါ်ဆိုကြတယ်။ ဝိပဿနာဘာဝနာကတော့ ရုပ်နာမ် အာရုံအပေါ်မှာ ဉာဏ်အမြင်ပေါက်မြောက်ပြီး ပညာကိုဖြစ်စေ၊ ရစေသောကြောင့် ဝိပဿနာ ကမ္မဋ္ဌာန်းလို့ ခေါ်ဆိုတယ်။

ထို ၂ မျိုးသော ကမ္မဋ္ဌာန်းတွင် 'သမထကို စတင်အားထုတ်ရမည်လော၊ ဝိပဿနာကမ္မဋ္ဌာန်းကို ဦးစွာ အားထုတ်သင့်သလော'လို့ မေးမြန်းတတ်ကြတယ်။ (အဖြေမှာ) စချင်ရာကစနိုင်ပါတယ်၊ သင်ပြပေးသူ ဆရာကောင်းရလျှင် စချင်ရာက စနိုင်တယ်လို့ပဲ မှတ်ရမယ်။

ရှေးခေတ်အဆက်ဆက်က ဆရာတော်ကြီးများရဲ့ နည်းမူမှန်က သမထကို စတင်ပွားများ အား

http://www.dhammadownload.com

ထုတ်စေကြတယ်၊ သမာဓိ ရစေကြပြီးခါမှ ဝိပဿနာသို့တင်၍ ဉာဏ်အမြင်ကို ဖြစ်စေကြတယ်။

ဤခေတ်တွင် ကမ္မဋ္ဌာန်းထိုင်ဖူးသူတွေ များကြပါတယ်။ သမထနှင့် ဝိပဿနာ မကွဲကြလို့ ဘုန်းကြီးထံမှောက် လာရောက်လျှောက်ကြတယ်။ ခွဲခြားမေးခဲ့ရတာ အကြိမ်ပေါင်းများလှပြီ၊ ဒါကြောင့် သမထနှင့် ဝိပဿနာကို ဦးစွာ ခွဲပြပေးပါ့မယ်။

ဝိပဿနာသုံးမျိုး

ဝိပဿနာဆိုတာ အနိစ္စ ဝိပဿနာ၊ ဒုက္ခ ဝိပဿနာ၊ အနတ္တ ဝိပဿနာလို့ သုံးမျိုးရှိတယ်၊ သုံးမျိုးမှပိုပြီး လေးမျိုးမရှိပါဘူး။

ဝိ-အထူးပြု၍၊ ပဿနာ-ရှုကြည့်ခြင်းဖြစ်ရာ၊ ရုပ်နာမ်တို့၏ ဟုတ်တိုင်းမှန်ရာ၊ သဘာဝကျကျ အဖြစ်ကို အဖြစ်အတိုင်း၊ အပျက်ကို အပျက်အတိုင်း၊ အရှိကိုအရှိအတိုင်း မြင်အောင် ရှုကြည့်ခြင်းလို့ ဆိုလိုတယ်။

(၁) အနိစ္စဝိပဿနာဆိုတာ မမြဲခြင်းကို မြင်အောင် ရှုကြည့်ရမယ်၊ မမြဲပုံအခြင်းအရာကို သိအောင်၊ ဉာဏ်ဖြင့်မြင်အောင် ရှုကြည့်ရမယ်၊ ရှုကြည့်လို့မြင်လျှင် အနိစ္စဝိပဿနာရဲ့ သဘောလက္ခဏာ ရှုကြည့်ဆင်ခြင်တတ်ပြီလို့ ဆိုရပါ့မယ်၊ 'ဘာတွေ မမြဲတာတုံး' ဆိုလျှင် ဘာမှမမြဲပါ၊ မြဲသောအရာ ဘာမှမရှိပါလို့ ဖြေရပါမယ်။ 'လောကသည် အမြဲမရှိ၊ သတ္တဝါသည် အမြဲမရှိ၊ အရာဝတ္ထုသည် အမြဲမရှိ၊ ဘာမှ အမြဲမရှိ၊ ထို့ကြောင့် သတ္တလောက၊ သခါရလောက၊ သြကာသလောက အားလုံးအနိစ္စချည်းသာတည်း' လို့ မှတ်ပါ။

လူတွေလည်း အမြဲမရှိကြပါ၊ နွား ကျွဲ ဆင် မြင်းစသော သတ္တဝါတွေလဲ မမြဲကြပါ၊ ကျောင်းကန် ဘုရား၊ တိုက် အိမ် သစ်ပင် စသော အရာဝတ္ထု အားလုံးလည်း မမြဲကြပါ၊ သက်ရှိသက်မဲ့ အားလုံး ဘာမှ အမြဲမရှိကြပါ၊ ယင်းသို့ အရာခပ်သိမ်းကို မမြဲပုံ၊ အမြဲမတည်ကြပုံကို သိမြင်လာအောင် ရှုကြည့်တတ်လျှင်၊ ရှုကြည့်လို့ သိမြင်ပြီဆိုလျှင် အနိစ္စဝိပဿနာ ထင်ပြီ မြင်ပြီလို့ နားလည်ရပါမယ်။

(၂) ဒုက္ခဝိပဿနာဆိုသည်မှာ ဆင်းရဲခြင်း အမှန်ကို မြင်အောင် ရှုကြည့်ဟဲ့နည်းပါ။ ဆင်းရဲပုံအခြင်းအရာကို သိအောင်၊ ဉာဏ်ဖြင့် မြင်အောင် ရှုကြည့်ရပါ့မယ်၊ ရှုကြည့်လို့ မြင်လျှင် ဒုက္ခဝိပဿနာရဲ့ သဘောလက္ခဏာ ရှုကြည့် ဆင်ခြင်တယ်လို့ ဆိုရပါမယ်။ 'ဘာတွေဆင်းရဲသလဲ' လို့ ဆိုလျှင် သတ္တလောကကြီးတစ်ခုလုံး ဘာမှ ချမ်းသာမှု မရှိပါဘူး၊ ချမ်းသာတယ်ဆိုတာကိုရှာကြည့်ပါ၊ ဘာမှ မတွေ့ရပါဘူး။

စားရတာ ချမ်းသာသလား။ မစားဘဲနေလို့ မဖြစ်သောကြောင့် စားနေရခြင်းပါ၊ မော်တော်ကားကို မာတ်ဆီထည့်ပေးပြီး မောင်းနေကြရသလို တစ်ရက်မှ တစ်ရက်သို့ အသက်ဆက် နေသွားနိုင်အောင် အစာကျွေး ရေတိုက်ပြီး၊ မွေးမြူရေးပေးနေရခြင်းပါ။ အမှန်တကယ် ချမ်းသာမှုမဟုတ်ပါ၊ ဉာဏ်ဖြင့် မြင်အောင် ရှုကြည့်ပါ။

အိပ်ရတာကော ချမ်းသာသလား၊ တစ်ခါတစ်ရံ ခရီးသွားရများလို့ မောပန်း ညောင်းညာလာသော အခါမျိုးမှာ အိပ်ရာပေါ် ပစ်လဲအိပ်လိုက်ရတာကို ချမ်းသာတယ်လို့ ထင်မိရတတ်တယ်၊ မကျန်းမမာ၊ ဖျားနာလို့ အိပ်ရာပေါ် အချိန်ကြာကြာအိပ်နေရလျှင် အိပ်ရခြင်းရဲ့ဆင်းရဲပုံကို သိမြင်လာပါလိမ့်မယ်။ ဆေးရုံပေါ်မှာ တစ်လလောက် အိပ်လိုက်ရလျှင် သာပြီး ငြီးငွေ့ပါ့မယ်။ ဒါကြောင့် အိပ်ရခြင်းသည် ချမ်းသာမှု မဟုတ်ကြောင်း၊ ဆင်းရဲကြောင်း အမှန်သဘာဝကို ဉာဏ်ဖြင့် မြင်လာအောင် ရှုကြည့်ပါ။

ထိုနည်းအတူ သွားနေရခြင်း၊ ရပ်နေရခြင်း၊ ထိုင်နေရခြင်း၊ တစ်စုံတစ်ရာ လုပ်ကိုင်နေရခြင်း၊ ကိုယ်ခန္ဓာ လှုပ်ရှားနေရတာမှန်သမျှကို ရှုကြည့်ပါ၊ ချမ်းသာမှုမရှိပုံ၊ အားလုံး ဆင်းရဲခြင်း ဖြစ်ကြောင်း

http://www.dhammadownload.com

သဘာဝ အမှန်ကို မြင်လာပါမယ်၊ ထိုအခါ ဒုက္ခ ဝိပဿနာရဲ့သဘောကို ထင်ပြီ မြင်ပြီ နားလည်ပြီလို့ မှတ်ရပါမယ်။

(၃) အနတ္တဝိပဿနာ ဆိုတာကတော့ အစိုးမရခြင်းကိုပင် မြင်အောင် ရှုကြည့်ရတာကိုဆိုတယ်၊ အစိုးမရပုံ အခြင်းအရာကို သိအောင်၊ ဉာဏ်ဖြင့် မြင်အောင် ရှုကြည့်ရမယ်၊ ရှုကြည့်လို့ မြင်လျှင် အနတ္တဝိပဿနာရဲ့ လက္ခဏာ ရှုကြည့်ဆင်ခြင် တတ်ပြီလို့ ဆိုရပါမယ်။

'ဘာတွေ အစိုးမရသလဲ' လို့ ဆိုလျှင် ဘာမှ အစိုးမရပါ၊ အစိုးရခြင်း ဘာမှမရှိပါ။ ကုန်ကုန်ပြောရလျှင် မိမိကိုယ်ကိုပင် မိမိ အစိုးမရပါ၊ မပိုင်ဆိုင်ပါ။ ကိုယ်သဘောကျ လုပ်ပိုင်နိုင်ခြင်း အလျှင်းမရှိပါ။

သမထ ကမ္မဋ္ဌာန်း လေးဆယ်

သမေတီတိ သမထော။ သမေတီတိ၊ ငြိမ်းအေးစေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သမထော၊ သမထ မည်၏။

သမထ သဒ္ဒါ ငြိမ်းအေးခြင်းကို ဟောတယ်။ သမထဆိုတာ ငြိမ်းအေးကြောင်းတရားလို့ ဆိုတယ်။

ကသိုဏ်း ဆယ်ပါး၊ အနုဿတိ ဆယ်ပါး၊ အသုဘဆယ်ပါး၊ ဗြဟ္မဝိဟာရ လေးပါး၊ အာရုပ္ပလေးပါး၊ အာဟာရေ ပဋိကုလသညာ တစ်ပါး၊ စတုဓာတုဝဝတ္ထာန် တစ်ပါး၊ ပေါင်းသော် သမထ ကမ္မဋ္ဌာန်းလေးဆယ် ဖြစ်တယ်။ ပုဂ္ဂလဇ္ဈာသယ၊ ပုဂ္ဂိုလ်တို့ရဲ့အလို အကြိုက်ကိုလိုက်ပြီး တရားအမြင် သိလွယ်ကြစေရန် အမျိုးမျိုးဟောကြားပေတော်မူထားခြင်း ဖြစ်တယ်။

လူတချို့က သမထကမ္မဋ္ဌာန်းကို အထင်သေးတဲ့စိတ်နှင့်ပြောဆိုသံကြားရဖူးတယ်၊ ဘုရားအလောင်းတော်ကြီးများ ဘုရားဖြစ်ရန် ဘဝအဆက်ဆက် သမထကမ္မဋ္ဌာန်းဖြင့် ပါရမီဖြည့်ကျင့်တော်မူခဲ့ရခြင်း ဖြစ်တယ်၊ မြေလျှိုးပြီး မိုးပျံနိုင်စွမ်းတဲ့ ဈာန်အဘိညာဉ်တန်ခိုးအမျိုးမျိုးဆိုတာလည်း သမထကမ္မဋ္ဌာန်းကြောင့် စွမ်းဆောင်နိုင်ကြခြင်း ဖြစ်တယ်၊ ဒါကြောင့် အထင်မသေးထိုက်ဘူး အထင်ကြီးရမယ်။ လေးစားကြရမယ်။

အာနာပါန ထွက်လေ ဝင်လေ ကမ္မဋ္ဌာန်း

ယခုခေတ်မှာ ကမ္မဋ္ဌာန်းရိပ်သာအားလုံး အာနာပါနကို ရှုပွားတတ်ကြတယ်။ ရှုပွားတတ်ကြပြီလို့ ဆိုရပါမယ်။

အာနာပါနဟာ အနုဿတိ ဆယ်ပါးထဲက တစ်ပါးဖြစ်တယ်။ ထွက်လေနှင့် ဝင်လေကို စိတ်ဖြင့် သတိကပ်ပြီး နှာသီးဖျားမှာပဲ စိုက်ကြည့်နေရတဲ့ အလုပ်ဖြစ်တယ်။ မိမိရဲ့ ထွက်လေဝင်လေကို နှာသီးဖျားမှာ သတိနှင့် စောင့်၍ ကြည့်ရှုဆင်ခြင်နေရသော သမာဓိအလုပ်ဖြစ်တယ်၊ လွယ်ပါတယ်၊ သမာဓိရလွယ်တယ်၊ အာရုံကိုမိအောင်ဖမ်းလို့ရနေလျှင် ပိုင်တာပါပဲ၊ မျက်စိမှိတ်ထားပြီး စိတ်အာရုံဖြင့်မြင်အောင်ကြည့်ရတယ်၊ နည်းကား ဤမျှသာ ဖြစ်တယ်။

နည်းသိရပြီးလျှင် အလုပ်ဖြစ်အောင် လုပ်တတ်ပါတယ်၊ အချိန်ကြာတော့ အရှိန်ရလာပြီး စိတ်ဝင်စားလာတတ်ပါတယ်။ အာရုံကို မလွတ်အောင်ဖမ်းပြီး ထွက်လေ-ဝင်လေကို သတိပြုကြည့်ရှုနေရတာကို ပျော်စရာဖြစ်ကြောင်း မကြာခင် သိမြင်လာပါမယ်။

'အာနာပါန'ဆိုတာ မြန်မာစကားဖြင့် ထွက်လေနှင့် ဝင်လေကို ဖမ်းရသော စိတ်အာရုံ တပိုတပါး လွင့်မသွာအောင် ထိန်းသော ဘာဝနာ ဖြစ်တယ်။ ကျမ်းဂန်စကားဖြင့် 'အဿာသ ပဿာသ ကမ္မဋ္ဌာန်း' လို့လည်း ပြောလေ့ရှိကြတယ်။ 'ထွက်လေ-ဝင်လေ' ကမ္မဋ္ဌာန်းလို့လည်း ပြောတတ်ကြတယ်။

ပရိကမ္မနှင့် ဥဂ္ဂဟနိမိတ်

မြတ်စွာဘုရားရှင် ဗောဓိပင်အောက် ရွှေပလ္လင်

http://www.dhammadownload.com

ပေါ် ထိုင်ပြီးလျှင် ဤအာနာပါနကမ္မဋ္ဌာန်းကို ရှုပွား တော်မူလို့ သဗ္ဗညုတဉာဏ်တော်ကိုရပြီး ဘုရား အဖြစ်သို့ ရောက်တော်မူပါတယ်။ ဒါကြောင့် အာနာ ပါန ဘာဝနာဟာ သည်လောက်အရေးပါပြီး အရာ ရောက်တဲ့ ဘာဝနာကမ္မဋ္ဌာန်း ဖြစ်တယ်ဆိုတာကို နားလည်မှတ်သားထားကြရမယ်။

အာနာပါန (ထွက်သက်-ဝင်သက်) ခေါ်ဆို ကြတဲ့ ထွက်လေနှင့် ဝင်လေကို မမြဲန်လွန်း မနေး လွန်းစေရ၊ ဖြည်းဖြည်း သက်သာလေထွက်ရာ ဝင်ရာ နာဝဋ္ဌ သာလျှင် ရှုကြည့်ပြီးနေပါ၊ မျက်စိဖြင့် မကြည့် ဘဲ စိတ်ဖြင့် မြင်အောင် ကြည့်ပါ။ ကြည့်ဖန်များလို့ စိတ်တည်ငြိမ်လာတဲ့အခါ နာဝဋ္ဌ လေထွက်ဝင်နေပုံ ကို ပွတ်ဆွဲသမားက ပွတ်ကြိုးကို ဆွဲသလို အထင် အရှား မြင်နေရမယ်။ နာသီးဖျားမှာ ပကတိ-ထွက် သက်-ဝင်သက်လေကိုသိ၍ မြင်၍နေတာကို 'ပရိ ကမ္မနိမိတ်'လို့ ခေါ်ဆိုတယ်။

အဲဒီ ပရိကမ္မနိမိတ်ကို နာသီးဖျားဌဲ့ စိုက်ပြီး ကြည့်ရှုမနေတော့ဘဲ တခြားစိတ်အာရုံ လွှဲထားသော်လည်း ထွက်လေ ဝင်လေဟာ ပွတ်ကြိုးကို ဟိုဘက် သည်ဘက် ပုံမှန်ဆွဲနေသလို ကမ္မဋ္ဌာန်းအာရုံ နိမိတ် ကို မြင်နေရလျှင် ထိုနိမိတ်ကို 'ဥဂ္ဂဟနိမိတ်'လို့ ခေါ်ရ တယ်။ ခွာလို့ရသော နိမိတ်အာရုံကို ပြောခြင်းဖြစ် တယ်။

အာနာပါန ဘာဝနာရဲ့ ဥဂ္ဂဟနိမိတ်အာရုံကို ကောင်းစွာပိုင်နေပြီးလျှင် ထပ်ကာထပ်ကာ ရှုကြည့် ပွားများနေပါ၊ သမာဓိအားကောင်းလာတဲ့အခါ နိမိတ်အာရုံ ပိုပြီးကြည်လင်လာမယ်၊ ကြည်လင်ပြီး မြတ်နိုးဖွယ် ဖြစ်လာမယ်၊ ထိုအချိန်ပိုင်းမှာ နှစ်သက်မှု ပီတိတွေ ကိုယ်ခန္ဓာတစ်ခုလုံး စိတ်နှလုံးပါ တဖြန်း ဖြန်းဖြစ်ပေါ်မယ်၊ ဈာန်ရဖို့ နီးကပ်လာပြီမှတ်ပါ။

အာနာပါန အလင်းရောင်

ကမ္မဋ္ဌာန်းခွင့်ဝင်နေစဉ် ကမ္မဋ္ဌာန်း နိမိတ်ဆို တာ ဖြစ်ပေါ်တတ်မြဲ ဖြစ်ပါတယ်။ ကသိဏ်း ဆယ် ပါးကို ရှုကြည့်ပွားများလျှင် ဖြစ်စေ၊ အသုဘ ဆယ် မျိုးကို ရှုကြည့်ပွားများလျှင် ဖြစ်စေ၊ ဗြဟ္မဝိဟာရ လေးပါးကို ပွားများလျှင်ဖြစ်စေ ဘာဝနာစိတ် ဖြစ် ပေါ်လာတတ်မြဲဖြစ်တယ်။

ဘာကမ္မဋ္ဌာန်းဖြစ်စေ၊ ပထမဆုံး ဖြစ်ပေါ်လာ တဲ့ နိမိတ်အာရုံကို ပရိကမ္မနိမိတ်၊ ရှေးဦးစွာ အလုပ် ၏ အခြေခံအရာကို ထင်ရှားစွာ ပေါ်လွင်ခြင်း နိမိတ် လို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။

ထိုအခြေခံအရာ ထင်၍မြင်နေသောအာရုံကို ခွာယူလို့ ရနိုင်ပြီး ဘယ်နေရာသို့ စိတ်အာရုံထားပြီး နှလုံးသွင်းသွင်း လွယ်လွယ် မိမိရှုကြည့်လိုသော ကမ္မဋ္ဌာန်းနိမိတ်ကို ပိုင်စွာမြင်နေနိုင်ပြီဆိုလျှင် ဥဂ္ဂဟ နိမိတ် ရနေပြီ ရောက်နေပြီမှတ်ပါ၊ ဈာန်လမ်းဆိုတာ ဥဂ္ဂဟနိမိတ်ကို စွဲမှီပြီးဖြစ်ရတယ်။

အာနာပါနကို သမာဓိခိုင်ခိုင်ထားပြီး အား ထုတ်နေချိန်မှာ ထွက်သက်-ဝင်သက်လေရဲ့ သရုပ် ပေါ်ပုံဟာ ပွတ်ကြိုးကို ဆွဲနေသလို နာဝဓမှာ လေ ထွက်လိုက်၊ ဝင်လိုက် ဖြစ်နေပုံကို မီးခိုးချောင်းငယ် ပမာ မြင်နေရတတ်တယ်။

ထိုနိမိတ်အာရုံ ပို၍နိုင်နင်းလာသောအခါ အလင်းရောင်ကြီး ပေါ်လာတတ်တယ်။ ဖြူတဲ့ အရောင် ထွက်လာတတ်တယ်၊ အရောင်ဟာ သမာဓိ အားကောင်းသလောက် ကြီးမယ်။ လင်းမယ်။ မိမိ ထိုင်နေတဲ့ ခန်းလုံးပြည့်၊ ကျောင်းလုံးပြည့် လင်း တတ်တယ်၊ သည့်ထက်ပိုပြီး ကျောင်းခေါင်ဖောက် ထွင်းပြီး ကောင်းကင်ထဲသို့ ဆလိုက်မီးလို ထိုးတက် သွားတာလည်းရှိတတ်တယ်။

ပိဋကတ်စာပေ ကျမ်းဂန်နှံ့စပ်အောင် လေ့ လာတတ်ကျမ်းပြီး ကိုယ်တိုင်ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်ဖြင့် ကျင်လည်ပြွမ်းတီးတော်မူကြပြီးသော ရှေးခေတ်ဆရာတော်ကြီးများက ထိုကမ္မဋ္ဌာန်း နိမိတ် ကို ထိန်းသိမ်းထားပါ။ ပိုင်နိုင်အောင် ထိန်းသိမ်း

http://www.dhammadownload.com

ထားပြီးကြည်လင်အောင် ပိုပြီးကြည်လင်အောင် စိတ်ကြိုက်ဖန်တီးရနေလျှင် ဈာန်ပိုင်းရောက်ပြီလို့ နားလည်ရမယ်တဲ့။ ဒါကြောင့် စာပေကျမ်းဂန်တကယ်တတ်သော ဆရာတော်ကြီးတို့က 'ဖြစ်ပေါ်လာသော ကမ္မဋ္ဌာန်းနိမိတ်ကို စိတ်မဝင်စားကြနှင့်' လို့ မတားမြစ်ကြဖူးပါ။

ယခုခေတ် ဈာန်ကို အားမပေး၊ ဝိပဿနာကို အလေးထားတဲ့ အချို့သော ကမ္မဋ္ဌာန်းပြဆရာတို့က တားမြစ်တတ်ကြပါတယ်။

ဘုန်းကြီးသဘောကတော့ ဘာဝနာ နိမိတ်ကို ပိုင်နေ၊ အားကောင်းနေလျှင် ဈာန် အဘိညာဉ်ကို ဖြစ်စေနိုင်ကြောင်း နားလည်ပြီးဖြစ်တဲ့အတွက် မတားမြစ်ပါ။ ဘာဝနာနိမိတ် အလင်းရောင်ကို ထိန်းသိမ်းထားနိုင်လျှင် ဈာန်လမ်းဖြစ်တယ်လို့ ဟုတ်တိုင်းမှန်ရာ ညွှန်ကြားပါတယ်။

အာနာပါနစွမ်းအင်

ကမ္မဋ္ဌာန်း လေးဆယ်ထဲမှာ သမထချင်းတူကြသော်လည်း အာနာပါနဟာ လူတို့ရဲ့ အသက်ရှူခြင်းကို သတိပြုရတဲ့ သမာဓိအလုပ်ဖြစ်လို့ ထူးခြားသော စွမ်းအင်ရှိတယ်။ မြေကြီးလိုဏ်ထဲ ပိတ်လှောင်ပြီး အချိန်ကြာကြာနေလို့လည်း လူမသေဘူး။ ယောဂီအချို့ ရေထဲဆင်းပြီး အသက်မရှူဘဲနေသလို အချိန်ကြာကြာနေနိုင်စွမ်း ရှိတယ်။ ထို့ပြင် အာနာပါန ရှုပွားရင်း ရေကိုသာသောက်ပြီး အလုံပိတ်ထားသော ဂူလိုဏ်ထဲမှာ (၄၉)ရက် တိုင်အောင် နေထိုင်ကြသူအများ ရှိကြတယ်။

အာနာပါန ကမ္မဋ္ဌာန်းကို အချိန်ကြာကြာ ပွားများအားထုတ်ဖူးသူ သေလျှင် မပုပ်ပါ။ အထူးသဖြင့် အာနာပါန ဘာဝနာကို သမာဓိပိုင်အောင် အားထုတ်ထားဖူးတဲ့ ရဟန်းပုဂ္ဂိုလ်တို့ဟာ ပျံလွန်သွားတဲ့အခါ ရုပ်ကြွင်းခန္ဓာ ပုပ်သိုးခြင်း မရှိကြပါဘူး။ နှစ်ပေါင်းကြာကြာထားသော်လည်း ပုပ်ဆွေးခြင်းမရှိကြပါဘူး။ နောက်ပြီး အာနာပါန ဘာဝနာကို ထိရောက်အောင် အားထုတ်ထားတဲ့ ပုဂ္ဂိုလ်များ ဈာန်အဘိညာဉ်ကို ဖြစ်စေနိုင်ကြတယ်။ အာသဝေါကုန်ပြီး ရဟန္တာအဖြစ် သို့လည်း ရောက်နိုင်စွမ်း ရှိကြတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ရဟန္တာ ဖြစ်သွားကြတဲ့ ရဟန်းပုဂ္ဂိုလ်တွေ အမြောက်အမြား ရှိနေခြင်း ဖြစ်တယ်။

အာနာပါန ၂-မျိုး ကမ္မဋ္ဌာန်း

သမထ လေးဆယ်ထဲမှာ အာနာပါနကို သမထကမ္မဋ္ဌာန်းသာ ဖြစ်တယ်လို့ တချို့က ပြောတတ်ကြတယ်။ လူတချို့က ဝိပဿနာ ဖြစ်တယ်လို့လဲ ပြောကြတယ်၊ ခုခေတ်ရိပ်သာအဖုံဖုံ၌ စုံအောင် တရားအားထုတ်ခဲ့ကြတဲ့ ဒကာကြီးအချို့ ငြင်းခုံကြတယ်။ ငြင်းခုံကြပြီး ဘယ်ဟာမှန်ပါသလဲလို့ ဘုန်းကြီးထံ လာရောက်မေးမြန်းလို့ ဖြေကြားပေးခဲ့ရဖူးတယ်။

အဖြေက တိုတိုပါပဲ။ အာနာပါနကို သမထရှုလျှင် သမထဖြစ်တယ်၊ ဝိပဿနာရှုလျှင် ဝိပဿနာဖြစ်တယ်၊ ၂ မျိုးရတဲ့ ကမ္မဋ္ဌာန်း ဖြစ်တယ်။

(ဥပမာ) စိတ်အာရုံ နာသီးဖျားခ်ဳ့ ဓိုက်ပြီး ထွက်လေတစ်မျိုးကို ဖြစ်စေ၊ ဝင်လေတစ်မျိုးကို ဖြစ်စေ၊ ထွက်လေနှင့် ဝင်လေ ၂မျိုးလုံးကိုဖြစ်စေ ထင်မြင်နေစေခြင်း၊ အာရုံမလွတ်အောင် ရှုပွားနေခြင်းဖြစ်လျှင် သမထဖြစ်တယ်လို့မှတ်ပါ။

ထွက်လေများပျောက်သွားပုံ၊ ဝင်လေများ ချုပ်ဆုံးသွားပုံကိုသာ ရှုကြည့် ဆင်ခြင်နေမယ်ဆိုရင် ဝိပဿနာ ဖြစ်တယ်လို့မှတ်ပါ။

ဒါကြောင့် အာနာပါန ကမ္မဋ္ဌာန်းဟာ သစ်ပင်ကို ခုတ်လဲတဲ့အခါ ကိုင်းညွှတ်ရာဘက်ကို လဲကျသလို ဥပမာ ယူရမယ်။ သမထ ဖြစ်စေချင်လျှင် သမထအဖြစ် ရှုလို့ရတယ်။ ဝိပဿနာ ဖြစ်စေချင်လျှင် ဝိပဿနာအဖြစ် ရှုလို့ရတယ်လို့ မှတ်ကြရမယ်။

http://www.dhammadownload.com

သမထမှ ဝိပဿနာ တက်ပုံ

ဆရာဖြစ်သူက ပြောပြပေးတတ်လျှင် သမထမှ ဝိပဿနာတက်နည်း လွယ်ပါတယ်။ သမထကမ္မဋ္ဌာန်းလေးဆယ်လုံး ဝိပဿနာ တက်လို့ ရတာချည်းပဲလို့မှတ်ပါ။

(ဥပမာ) အာနာပါနကို သမထ ရှုကြည့်နေရာက ဝိပဿနာဖြစ်အောင် ရှုကြည့်လိုလျှင် နည်းပေးမယ်။

ဝိပဿနာဆိုတာ အနိစ္စ အမြဲမရှိခြင်းကို ရှုကြည့် ဆင်ခြင်ရတဲ့တရားဖြစ်ပုံကို ပြောခဲ့ပြီ။ ဒီမှာ အာနာပါနကို ထွက်လေ တစ်မျိုးတည်းသာ အာရုံမလွတ်အောင် ရှုပွားနေပါက သမထဖြစ်တယ်။ ဝင်လေ တစ်မျိုးတည်းသာ အာရုံ မလွတ်အောင် ရှုပွားနေပါက သမထဖြစ်တယ်။ ထွက်လေရော ဝင်လေရော အာရုံ မလွတ်အောင် ရှုပွားနေက သမထဖြစ်တယ်။

(၁) ဒီသဘာဝကို ရှုကြည့်ပုံပြင်ဆင်ပြောင်းလွဲပြီး ဝင်လေကို ဝမ်းထဲမှာ ချုပ်ငြိမ်းသွားပြီး မမြဲကြောင်း ကပ်ပြီး အနိစ္စသဘော ရှုကြည့်နေပါက အနိစ္စ ဝိပဿနာ ဖြစ်လာတယ်။ ဝင်လေ သက်သက်ကို ဖြစ်စေ၊ ထွက်လေရော ဝင်လေပါ တစ်ပေါင်းတည်း ဖြစ်စေ ဝမ်းတွင်းမှာ ချုပ်ငြိမ်းသွားပြီး မမြဲကြောင်း အနိစ္စသဘော လက္ခဏာတင်၍ ဆင်ခြင်ရှုကြည့်နေပါက အနိစ္စ ဝိပဿနာ ဖြစ်လာတယ်။ ဝင်လေကို အပြင်ရောက်လျှင် ပျောက်လွင့်သွား၍ မမြဲကြောင်း အနိစ္စသဘော ကပ်ရှုရတယ်။ ထွက်လေနှင့် ဝင်လေ နှစ်မျိုးစုံကိုလည်း နည်းတူ ရှုကြည့်တတ်လာမယ်။

(၂) ဒုက္ခဝိပဿနာ ဖြစ်စေချင်လျှင် ထွက်လေ၊ ဝင်လေ ရှူသွင်းရခြင်း၊ မှုတ်ထုတ်ရခြင်းကို ဆင်းရဲသော ဒုက္ခလက္ခဏာ သဘောကပ်၍ ရှုကြည့်ဆင်ခြင်နေပါက ဒုက္ခဝိပဿနာဖြစ်တယ်။

(၃) အနတ္တဝိပဿနာအဖြစ် အထက်ပါနည်းတူ ထွက်လေ၌ အစိုးမရ၊ ဝင်လေ၌ အစိုးမရပုံ၊ ထွက်လေရော ဝင်လေပါ အစိုးမရပုံ၊ သူ့သဘောအတိုင်း ထွက်ဝင်သွားလာနေကြပုံ သဘောလက္ခဏာဖြင့် ရှုကြည့်ဆင်ခြင်နေပါက အနတ္တ ဝိပဿနာ ပိုင်လာမယ်။

ဈာန်အဘိညာဉ်သို့

သမထနှင့် ဝိပဿနာဘာဝနာ ၂-မျိုး ရှိရာတွင် သမထကမ္မဋ္ဌာန်းက ဈာန်အဘိညာဉ်ကို ဖြစ်စေတယ်၊ ဝိပဿနာ ကမ္မဋ္ဌာန်းက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဖြစ်စေတယ်၊ ဈာန်ကို မဖြစ်စေကြောင်း ရှင်းလင်းစွာ နားလည်ထားရမယ်။

'ဈာန်ကို ဘယ်လိုဖြစ်စေရမလဲ' လို့ ရဟန်းပုဂ္ဂိုလ်အချင်းချင်း မေးလေ့ရှိကြသောကြောင့် တတ်စွမ်းသမျှ ဖြေကြားခဲ့ရဖူးတယ်။ ဒီနေရာမှာ နမူနာအဖြစ် ပြောရလျှင်-

(၁) ပရိကမ္မနိမိတ် အာနာပါနကို သမထအဖြစ် နာဝဋ္ဌ လေထွက်နေပုံ၊ ဝင်လာပုံကို အာရုံမပြတ်အောင် ရှုကြည့်နေပါက သမာဓိခိုင်လာမယ်။ သမာဓိခိုင်လာလျှင် ကိုယ်တိုင် ထွက်သက်ဝင်သက် ရှုကြည့်နေပုံကို ပိုင်စွာ ထင်လာမြင်လာမယ်၊ ထိုအခြင်းအရာကို ပရိကမ္မနိမိတ်ထင်တယ်လို့ ခေါ်တယ်။ ရှေးဦးစွာ အလုပ်စခန်းဝင်နေပုံ အခြေခံအခြင်းအရာလို့ အဓိပ္ပာယ်ရတယ်။

(၂) ဥဂ္ဂဟနိမိတ် ထိုနည်းအတိုင်း ဆက်လက်ပြီး သမာဓိခိုင်သည် ထက်ခိုင်၊ ပိုင်သည်ထက် ပိုင်လာအောင် ရှုကြည့်နေဖန်များလျှင် ထိုပရိကမ္မ နိမိတ်မြင်နေရာက ပိုပြီး နာဝဋ္ဌ လေဝင်ပုံ၊ လေထွက်ပုံကို ပွတ်ကြိုးဆွဲနေဘိသို့ ရှင်းလင်းစွာ မြင်လာမယ်၊ ထိုအမြင်ကို ပိုင်ပိုင်ကြီး ရှုကြည့်ဖန်များလာတော့ နာဖျားမှ ခွာပြီး ကြည့်ပါ၊ စိတ်အာရုံ ချချင်ရာ၌ချ၍ ကြည့်ရှုရာတိုင်း ထွက်လေဝင်လေ သွားနေပုံ ပွတ်ကြိုးဆွဲနေဘိသို့ အမြင်မြဲနေရမယ်။ ထိုအခြင်းအရာကို ခွာ၍ ရသောကြောင့် ဥဂ္ဂဟနိမိတ်ထင်တယ်လို့ နားလည်ရမယ်။

http://www.dhammadownload.com

(၃) ပဋိဘာဂနိမိတ် ဤနည်းအတိုင်း ရှုကြည့်ပွား များရခြင်းကို စိတ်ဝင်စား၍ ပျော်မွေ့၍လာလျှင် ဆက်လက် ရှုကြည့်အားထုတ် အမြဲနေမယ်၊ အမြဲနေပြီး ကမ္မဋ္ဌာန်းနိမိတ်အာရုံသည် ယခင်မြင်နေကျထက် ပိုပြီး ကြည်လင်လာမယ်၊ သန့်ရှင်းမယ်၊ ပွတ်ကြိုးဆွဲ နေပုံထက် ကြိုးမားသော မီးခိုးလုံးပမာ မြင်လာတတ်တယ်၊ တဖြည်းဖြည်းကြီး၍၊ ကျယ်ပြန့်၍ ဝါဂွမ်းပုံကြီးပမာ၊ တိမ်ထုကြီးပမာ ကြီးထွား၍လာမယ်၊ သန့်ရှင်းကြည်လင်လာမယ်။ အဲဒီ ကမ္မဋ္ဌာန်းနိမိတ်ကို ပဋိဘာဂနိမိတ်လို့ ခေါ်တယ်။

ဤအဆင့်၌ အဆက်မပြတ်အောင်၊ အာရုံမပျက်အောင် ရှုကြည့် ဆင်ခြင်ပွားများသွားပါက ဈာန်ရနိုင်တယ်လို့ နားလည်ကြပါ၊ စာစကားဖြင့် ဈာန်အင်္ဂါငါးပါး ဆင့်ကာ ဖြစ်ပေါ်ပြီးလျှင် ဈာန်ရသော ပုဂ္ဂိုလ် ဖြစ်လာတယ်လို့ လမ်းစဉ်ကို ညွှန်းပါတယ်။

အဲဒီကမှတစ်ဆင့် အဘိညာဉ်တက်လို့ အောင်မြင်သွားပါလျှင်–

၁။ နတ်မျက်စိကဲ့သို့ ထိုးဖောက်မြင်ရခြင်း၊
၂။ ကြားရခြင်း၊
၃။ သူတစ်ပါး စိတ်အကြောကို သိခြင်း၊
၄။ မိမိ သူတစ်ပါးတို့ ကျင်လည်ခဲ့ရသော ဘဝ အဖြစ်သနစ်တွေကို ပြန်လည်အောက်မေ့သိရှိနိုင်ခြင်း။
၅။ မြေလျှိုးမိုးပျံ အမျိုးမျိုးတန်ခိုး ဖန်ဆင်းနိုင်ခြင်း စတဲ့ တန်ခိုးတွေကို ရလာကြမြဲ ဖြစ်ပါတယ်။

လေ့ကျင့်မှုသိက္ခာ အဆင့်သုံးဆင့်

သံသရာဝဋ် ဒုက္ခဝဋ်က လွတ်မြောက်စေနိုင်တဲ့ နည်းလမ်း လိုရင်းအချုပ် ပြောပြမယ်။ လွယ်ပါတယ်။

သာသနာလို့ ဆိုတာက အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာသုံးပါးကို ခေါ်ဆိုခြင်း ဖြစ်တယ်။ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး လမ်းစဉ်ဆိုတာလည်း ဒီ သုံးပါးပါပဲ။

အဲဒီ သိက္ခာသုံးပါးမှာ သီလ သိက္ခာပုဒ် ဆောက်တည်ပြီးနောက် ကာယကံသောင်းကျန်းမှု (ကာယဒုစရိုက် ၃ ပါး)၊ ဝစီကံ သောင်းကျန်းမှု (ဝစီဒုစရိုက် ၄ ပါး) မရှိအောင်နေပါ။ ဒါဆိုရင် အဓိသီလ လုံခြုံပြီလို့မှတ်ပါ။ အဲသလို လုံခြုံနေပြီဆိုလျှင် "ငါ ယခုအဓိသီလနှင့် ပြည့်စုံနေပြီ"လို့ သိနေရမယ်။ သိလျှင် ဝမ်းမြောက်ကြည်နူးတဲ့စိတ်တွေ ဖြစ်လာမယ်။ နေရထိုင်ရတာ အလိုလို ပျော်မွေ့ချမ်းသာလာမယ်၊ ပထမဆင့် အောင်ပြီမှတ်။

ဒီ အဓိသီလ ပြည့်စုံထားတဲ့သူဟာ အာနာပါန စသည်ကို လေ့ကျင့်ထူထောင်လိုက်လို့ စိတ်အာရုံအားဖြင့် သောင်းကျန်းလှုပ်ရှားမှု (မနောဒုစရိုက် ၃ ပါး) မရှိတော့ဘဲ စိတ်တွေ တည်ငြိမ်လာမယ်။ ပိုပြီးတော့ ဝမ်းမြောက် ကြည်နူးမှု၊ ချမ်းသာမှုတွေ ဖြစ်လာမယ်။ ဒါကို အဓိစိတ္တ (သမာဓိ) ဖြစ်လာတယ်လို့ ခေါ်တယ်။ ဒုတိယအဆင့်တက်ခဲ့ပြီလို့ မှတ်ပါ။

နိဗ္ဗာန်ဆိုတာ လက်တစ်ကမ်းမှာ

ဆက်လက်ပြီး တတိယအဆင့်၊ နောက်ဆုံးအဆင့်အနေဖြင့် သိထားဖို့က မိမိခန္ဓာကိုယ်ကြီးတစ်ခုလုံးကို ရုပ်လို့သိထားပါ။ မိမိစိတ်ကို နာမ်လို့ သိထားပါ။ အဲ... ဒုတိယအဆင့်ဖြစ်တဲ့ အဓိစိတ္တ သမာဓိ အချိန်ကြာလို့ ရင့်သန်အားကောင်းလာတဲ့အခါ ရုပ်ကြီးဖြစ်ပြီးပျက်နေတာရော၊ နာမ်ဆိုတဲ့ စိတ်ကလေးဖြစ်ပြီး ပျောက်ပျက်ချုပ်ငြိမ်းသွားတာရော စောင့်ကြည့် စိုက်ကြည့်နေရင် သိလာလိမ့်မယ်။ အဲသလို ဖြစ်ပျက် သိမြင်တာကို အဓိပညာလို့ ခေါ်တယ်။ ရှေ့ရှောက် သူ့အလိုလို ဓာတ်ခွဲပြီး သိသွားလိမ့်မည်။ အဲဒါ ဉာဏ်စဉ်တွေလို့ ခေါ်တယ်။

http://www.dhammadownload.com

လောကမှာ ရှိနေတဲ့ ဘယ်ပညာတွေနှင့်မှ မနှိုင်းယှဉ်သာအောင် ကြီးကျယ်မြင့်မြတ်တဲ့ ပညာတွေဆိုတာ ဒီမှာမှရနိုင်တယ်။

အဲ... သည်အခါမှာ နိဗ္ဗာန်ဟာ ငါ့လက်တစ်ကမ်းမှာပဲ ရှိနေပြီလို့ မှတ်ရမယ်။

မိမိကိုယ်သာ အားကိုးပြုနေပါ

မြတ်စွာဘုရားက ဓမ္မပဒ ပါဠိတော်မှာ...

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရောသိယာ။

"မိမိသည်သာလျှင် မိမိရဲ့ အားကိုးရာဖြစ်တယ်၊ တစ်ပါးသောသူသည် မိမိအားကိုးရာ ဘယ်မှာဖြစ်နိုင်ပါ့မလဲ"... တဲ့။

ဘဝသံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရေး အလုပ်မှာလည်း မိမိကိုယ်သာ မိမိ အားကိုးပြုရမယ်လို့ တိုက်တွန်းဟောကြားတော်မူခဲ့တယ်။

ဘုရားကို မြတ်မြတ်နိုးနိုး ကြည်ညိုပါ။ ယုံကြည်ပါ။ မှီခိုပါ။ အားထားပါ။ ဘုရားရှင်က ဟောကြားထားသော တရားတော်ကို ယုံကြည်ပါ။ လေးစားပါ။ မြတ်နိုးပါ။ တရားကျင့်ရေးအလုပ်ကိုသာ မြဲမြံစွာ အားထုတ်ပါ။ ငါ၏ အားကိုးရာသည် တရားသာလျှင် ဖြစ်တယ်လို့ နားလည်ထားပါ။ ဒါ အမှန်ဆုံး လမ်းစဉ်ဖြစ်တယ်နော်။

ဘုန်းကြီးက လမ်းညွှန်ပြပေးရုံသာ တတ်နိုင်တယ်။ ညွှန်ပြပေးသော လမ်းအတိုင်း လျှောက်သွားရမှာက ငါ့တာဝန်ဖြစ်တယ်လို့မှတ်ပါ။ ဘုန်းကြီးက လှေကားကို ထောင်ပေးသူပါ။ ထောင်ပေးသော လှေကားပေါ် တက်သွားရမှာက မိမိသာဖြစ်တယ်လို့ မှတ်ပါ။ ဘုရားရှင်ကလဲ ဒီနေရာမှာ အလွန်ပွင့်ပွင့်လင်းလင်း ဟောထားတယ်။

တုမှေဟိ ကိစ္စ မာတပ္ပ၊
အက္ခာတာရော တထာဂတာ။ (ဓမ္မပဒ)

တုမှေဟိ၊ သင်တို့သည်။ ဝါ၊ သင်တို့ကိုယ်တိုင်။ အာတပ္ပ၊ ကိလေသာသွေ့ခြောက်အောင် သမ္မပ္ပဓာန်မြောက် အားထုတ်မှုကို။ ကိစ္စ- ကရဏီယံ၊ ပြုလုပ်အပ်ပေ၏။ ပြုလုပ်ရမည်။ (ဘာကြောင့်လဲ) တထာဂတာ၊ ဘုရားရှင်တို့မည်သည်။ အက္ခာတာရော၊ ဟောကြားရုံသာ ဟောကြားတော်မူနိုင်ကြကုန်၏။

အမှန်စင်စစ် ခရီးဆက်လျှောက်ရမယ့်အရေးဘယ်သူ့ကိုမှ အားကိုးပြုနေရမည် မဟုတ်ပါ။ နိဗ္ဗာန်ခရီးဖြစ်စေ၊ သံသရာခရီးဖြစ်စေ ကိုယ့်ဝန်ကိုယ်စီထမ်း၍သာ ကိုယ်ပိုင်ဆိုင်သော ကံလမ်းအတိုင်း လျှောက်ကြရမှာချည်းပဲ။ ဘုရားတောင် ကူလုပ်မပေးနိုင်တာ သားသမီးနှင့် ဇနီးလင် ဆွေမျိုး မိတ်ဆွေသင်္ဂဟတွေကို အားကိုးပြုနေလို့လည်း အပိုပဲ။ မိမိကိုယ်ကိုသာ မိမိအားကိုးပြု သွားကြရမှာဖြစ်ကြောင်းတို့ သူငါအားလုံး ရှင်းရှင်း နားလည်ထားကြရမယ်။

အကောင်းဆုံးနည်းလမ်းကို ပြောမယ်

ဒီလိုလုပ်ပါ။ အကောင်းဆုံး ညွှန်ကြားမယ်။ သံသရာဒုက္ခမှ မြန်မြန် လွတ်မြောက်စေရန် ပကတိသာဝကဆုကို တောင်းပါ။ ယခုအခါ ရဟန္တာ ဖြစ်နိုင်သော ခေတ်ကောင်းကြီးဖြစ်တယ်။ အနည်းဆုံး ငါးပါးသီလကို မြတ်မြတ်နိုးနိုး မြဲပါ။ စောင့်ထိန်းပါ။ သီလ၌ တည်ပြီးလျှင် စိတ်ထဲကကိုက 'ငါလိုရာ ကြဲသမျှ ပြီးမြောက်တော့မယ်'လို့ အလိုလို သိမြင်လာလိမ့်မယ်။ ဒီအမြင် မှန်ကန်တယ်။ စိတ်ချယုံကြည်နေပါ။

သံသရာထဲမှာ အဆင့်အတန်းမြင့်မြင့် ချမ်းချမ်းသာသာနဲ့ ကျင်လည်လိုတဲ့သူ ဖြစ်ဖြစ်၊ သေလက်စ မဆုံးတဲ့ ဘဝတွေ အဆုံးသတ်ချင်လှပါပြီဆိုပြီး ဘဝသံသရာဒုက္ခကြီးမှ အပြီးတိုင် လွတ်မြောက်လိုတဲ့သူပဲဖြစ်ဖြစ် အကောင်းဆုံး နည်းလမ်းအချုပ်ကို ထပ်ပြီး ညွှန်ပြဦးမယ်။ လေးလေးနက်နက် မှတ်သား

http://www.dhammadownload.com

ပါ။ လိုက်နာပါ။

ခုနက ပြောခဲ့တဲ့ အာနာပါန ထွက်လေဝင်လေ ကမ္မဋ္ဌာန်းအလုပ်ကို မိမိနှာသီးဖျားဝမှာ အာရုံစိုက်ပြီး ထွက်လေထိတိုင်း 'သိ' ဟု စိတ်ထဲက မှတ်ပါ။ ဝင်လေထိတိုင်း 'သိ'ဟု သိမှတ်နေပါ။ ထွက်လေဝင်လေထိတိုင်း ထိတိုင်း အသိမြဲနေလျှင် ပိုင်နေလျှင် အောင်မြင်ပြီဟုမှတ်။

သက္ကာယစွဲတွေ ကွာကျသွားမယ်

တခြားအာရုံ မဝင်စေဘဲ ထိုအသိကို အဆက်မပြတ် တသိတည်း သိနေအောင် လုပ်ပါ။ ဒီသမာဓိအလုပ်ကို နေ့လုံးပေါက်၊ ညလုံးပေါက် သိနေစွမ်းရှိအောင် အားထုတ်နိုင်ပြီဟုဆိုလျှင် ဘဝဝဋ်ဒုက္ခမှ ထွက်မြောက်ဖို့ နီးပြီလို့ မှတ်ပါ။ ထိုအခါ ဘယ်သူ့ကိုမှ တွယ်တာနေချင်စိတ် မရှိပုံပေါ်လာမယ်။ ဘယ်သူ့ကိုမှ အားကိုးနေရန် မလို၊ တရားကိုသာ အားစိုက်ခွန်စိုက် ထုတ်ချင်းပေါက် အောင်မြင်ဖို့သာလိုကြောင်း၊ တရားသာလျှင် အားထားရာ ရှိတော့ကြောင်း သိမြင်လာလိမ့်မယ်။ လက်တွေ့အားထုတ်ကြည့်က သိမယ်၊ ဒီအမြင်ဟာ နည်းလမ်းအမှန်ဖြစ်တယ်လို့ စိတ်ကို ဒုန်းဒုန်းချ ယုံကြည်ထားကြရမယ်။

အဲသလို အာနာပါန ထွက်လေ ဝင်လေခေါ်တဲ့ ဝါယောရုပ်ကိုသာ စိတ်အာရုံကပ်ပြီး နာမ်ကသိ-သိနေမှု အရှိန်ကောင်းစွာ အဆက်မပြတ် စွဲမြဲနေခြင်းသည် ပစ္စုပ္ပန်တည့်တည့်တည်နေခြင်းဖြစ်တယ်။ ထိုအခါ ရုပ်နာမ်တွေသာ အဆက်မပြတ် ဖြစ်ပျက်နေတာပဲ တွေ့ရမယ်။ ထိုအခါ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိဆိုတာ မှန်ပုံ၊ ဘုရားဟောဆိုချက် တကယ်မှန်ပုံ လက်တွေ့ကျကျ သဘာဝအမှန်ကို အလိုလိုသိမြင်လာမယ်။ သက္ကာယဒိဋ္ဌခေါ်တဲ့ ငါစွဲ အတ္တတွေ အလိုလို ကွာကျသွားခြင်းဖြစ်တယ်ဆိုတာ နားလည်ပါ။

တစ်ကြိမ်လောက် အားခဲလိုက်ပါ

ဖြစ်ပျက်ကို ပိုင်စွာမြင်နေခြင်းဟာ အနိစ္စဝိပဿနာ ပိုင်စွာ မြင်နေခြင်း ဖြစ်တယ်။ မမြဲသော အနိစ္စ ဝိပဿနာပိုင်လျှင် ဆင်းရဲသော ဒုက္ခဝိပဿနာကို တစ်ဆက်တည်း မြင်လာမယ်။ တစ်ဆက်တည်း ဘာကိုမှ အစိုးမရတဲ့ အနတ္တ ဝိပဿနာ သဘောကိုလည်း ရှင်းလင်းစွာ မြင်လာမယ်။

တစ်ကြိမ်တစ်ခါ ထိထိခိုက်ခိုက် ပိုင်ပိုင်နိုင်နိုင် လုပ်ထားဖူးလျှင် အချိန်မရွေး ကောက်လုပ်လို့ လွယ်သွားပြီမှတ်။ ရုပ်မထားနှင့် ဆက်တိုက် မလျှော့ဘဲ ရုပ်နာမ် ဓမ္မ သခါရတွေ ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ ချုပ်ငြိမ်း၍ ချုပ်ငြိမ်း၍ သွားပုံကို မမြင်ရမချင်း ရှုကြည့်သွားကြပါ။ သံသရာ ဝဋ်ဒုက္ခမှ ထွက်မြောက်ရာလမ်းမှန်ကြီးကို အလိုလို ပေါ်ပေါက်လာလိမ့်မယ်လို့ မှတ်ပါ။ လိုရင်းက ဒါပါပဲ။

အရိယာတို့ စိတ်နေသဘောထား အမြွက်

သမထ ဝိပဿနာ တရားကို နိဂုံးချုပ် အနေအားဖြင့် အရိယာ ပုဂ္ဂိုလ်ဖြစ်ပုံနှင့် နိဗ္ဗာန်သဘော အချုပ်ကို ပြောမယ်။

အရိယာ ပုဂ္ဂိုလ်ဆိုတာ အချုပ်အားဖြင့် လေးမျိုးရှိတယ်။ လေးမျိုးက-

၁။ သောတာပန် ပုဂ္ဂိုလ်
၂။ သကဒါဂါမ် ပုဂ္ဂိုလ်
၃။ အနာဂါမ် ပုဂ္ဂိုလ်
၄။ ရဟန္တာ ပုဂ္ဂိုလ်

ထိုလေးမျိုး။ တစ်မျိုး တစ်မျိုးမှာ မဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ် ၂ မျိုးစီ ရှိတဲ့အတွက် ၈မျိုးဖြစ်တယ်။ အရိယာပုဂ္ဂိုလ်ရှစ်ယောက်လို့ခေါ်တယ်။

ပုထုဇဉ်က သောတာပန် အရိယာဖြစ်ချင်လျှင် ရှေ့ကပြောခဲ့တဲ့အတိုင်း ကျင့်ကြံပွားများရတယ်။ သောတာပန်က သကဒါဂါမ် စသည်ဖြစ်အောင် ကျင့်ကြံရာမှာလည်း ကျင့်ကြံနည်းက

http://www.dhammadownload.com

အပြောင်းအလဲမရှိဘူး။ ဒီနည်းပဲ သဒ္ဓါ ဝီရိယ တိုးမြှင့်ပြီး တစ်ဆင့်ထက် တစ်ဆင့်ကျင့်သွားရုံပဲ။ သွားနေကျလမ်း၊ လုပ်နေကျ အလုပ်ဆိုတော့ ဘာမှ ပင်ပန်းတယ် မရှိတော့ဘူး။

အရိယာ ပုဂ္ဂိုလ်ဖြစ်သွားလျှင် အပါယ်လေးပါး ဘေးက အပြီးတိုင် လွတ်မြောက်ခွင့်ရသွားပြီ။ ယုတ်နိမ့်တဲ့ ဘဝမျိုးတွေမှာလည်း မဖြစ်ရတော့ဘူး။ အောက်ထစ်ဆုံး သောတာပန် ဖြစ်သွားတယ်ဆိုရင်ပဲ ငါးပါးသီလကို အလိုလို လုံခြုံသွားပြီ၊ ငါးပါးသီလလုံခြုံတဲ့အတွက် သီလမလုံလို့ ကျရောက်တတ်တဲ့ ဘေးတွေက ကင်းလွတ်သွားခြင်း ဖြစ်တယ်။

သောတာပန် ပုဂ္ဂိုလ်ရဲ့ အတွင်းစိတ်နေသဘောထားဟာလဲ လူသာမန်တွေနဲ့ မတူတော့ဘူး။ အသိတွေလည်း မတူတော့ဘူး။ အမြင်တွေလည်း မတူတော့ဘူး။ တမင်ဆင်ခြင်စဉ်းစားပြီး ရှောင်ကြဉ်နေရတာမျိုး မဟုတ်ဘူး။ အလိုလို တိုးတက် ပြောင်းလဲသွားခြင်း ဖြစ်တယ်။ နိဗ္ဗာန်ကို ရှေးဦးစွာ ရရှိသိမြင်သွားသူလို့ ခေါ်ရတယ်။

သောတာပန် ဆိုတာ

သောတာပန် ပုဂ္ဂိုလ်ရဲ့စိတ်မှာ–

၁။ ရုပ်နာမ်ကို ငါ၊ ငါ့ဟာလို့ စွဲလမ်းယူဆခြင်း မရှိဘူး။ (ဒိဋ္ဌိ)

၂။ တရားစစ် တရားမှန်ကိုလည်း ချီတုံချတုံ ဝေဖန် စဉ်းစားနေတာ သံသယဖြစ်နေတာ မရှိဘူး။ (ဝိစိကိစ္ဆာ)

၃။ မှားယွင်းတဲ့ ခွေးနွား အကျင့်မျိုးလည်း မရှိဘူး။ (သီလဗ္ဗတပရာမာသ)

၄။ ကိုယ်ထက် သူများက ပိုပြီး ကောင်းစားသွားမှာကို မနာလိုတဲ့ (ကျသာ) စိတ်။ ကိုယ့်လို သူများ ကောင်းစားလာမှာကို ဝန်တိုတဲ့ (မစ္ဆရိယ) စိတ်မျိုးလည်း မရှိတော့ဘူး။

ဒါ အောက်ထစ်ဆုံး သောတာပန် အရိယာတို့ရဲ့ စိတ်ထား။ ဒီယုတ်ညံ့တဲ့ စိတ်ထားတွေ ကင်းကွာသွားတယ်ဆိုရင်ပဲ ဘယ်လောက် ချမ်းသာ ငြိမ်းအေးသွားမယ်ဆိုတာ ခန့်မှန်းနိုင်လောက်ပြီ။ ဒီတော့–

၅။ ဘုရား တရား သံဃာ ရတနာ သုံးပါးကို ခြွင်းချက်မရှိ အားကိုး ယုံကြည်သူ ဖြစ်သွားပြီ။

၆။ ခိုးလို၊ သတ်လို၊ လိမ်လိုတဲ့ စိတ်တွေ ဒီဘဝ မပြောနဲ့ နောင် ဘဝ အဆက်ဆက်မှာတောင် မရှိနိုင်တော့ဘူး။ ငါးပါးသီလကို ဘယ်တော့မှ မလွန်ကျူးတဲ့အဆင့် ရောက်သွားပြီ။

သာဝက ဗောဓိဆုပန်ထားတဲ့ သူများက အနည်းဆုံး ဒီအဆင့်ရောက်အောင် အားခဲရမယ့် အခါကောင်းကြီးလို့မှတ်။

အဲ... အထက် အထက် အရိယာ ပုဂ္ဂိုလ်တွေကျတော့ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်သွားပြီ။ ချမ်းသာမှုတွေ တိုးလာပြီ။ စိတ်ဆိုး စိတ်ပျက်တတွေ၊ လောကီအာရုံတွေအပေါ် တွယ်တာစိတ်တွေ၊ မာန်ထောင်လွှားမှုတွေ ဘာမှမရှိတော့ဘူး။ ကုန်ကုန်ပြောရင် ယုတ်ညံ့တဲ့ အောက်တန်းစိတ်ထားတွေ အလျှင်းမရှိတော့လို့ ငြိမ်းအေးကုန်ကြပြီ။ အောက်ကို ဘယ်တော့မှ မစုန်တော့ဘဲ အထက်ဘုံတွေမှာသာ ခိုလှုံသွားကြမယ်။

နိဗ္ဗာန်သဘော အချုပ်

ဒီမြင့်မြတ်စင်ကြယ်တဲ့ အရိယာ သူတော်ကောင်းတွေရဲ့ အပြုအမူ စိတ်နေသဘောထားကို လောကလူသားတွေ ဘယ်လိုမှ ကိုယ်ချင်းမစာတတ်၊ မစာနိုင်တော့ဘူး။ မယုံကြည်နိုင်လောက်အောင် မြင့်မြတ်အေးငြိမ်း ကုန်ကြတယ်။ ဒါ... နိဗ္ဗာန်ကို ယခုဘဝမှာပင်လျှင် မျက်မှောက် ရရှိခံစားနေကြရပုံတွေပါပဲ။

http://www.dhammadownload.com

အဲ... အရိယာတို့တွင် နောက်ဆုံးရဟန္တာ ဖြစ်ပြီးလို့ တစ်ဘဝတာ အဆုံးသတ်ပြီးသွားပြီ ဆိုပါမူကား ရှေ့ဆက်သွားစရာ ဘုံတွေ၊ ဘဝတွေဆိုတာ မရှိတော့ဘူး။

ဥပမာ– ဖယောင်းတိုင်မှ မီးတောက်ကို ငြိမ်းသတ်လိုက်တဲ့အခါ မီးတောက် လေထဲမှာမရှိ၊ ဖယောင်းတိုင်ပေါ်မှာလည်း မရှိ၊ တခြား တစ်နေရာရာ ရောက်သွားပြီလို့လည်း မပြောနိုင်သလို မိမိတို့ လုပ်ခဲ့တဲ့ ကံအဟုန်ကြောင့် ရုပ်နာမ်ခန္ဓာကြီး အနည်းနည်းအဖုံဖုံ စုန်ဆန် ကျင်လည်ခဲ့ရတဲ့ ဒုက္ခဝန်ထုပ်ကြီး လမ်းဆုံးသွားပြီ၊ နောက်ထပ် ဘဝဖြစ်စရာ ကံမျိုးစေ့လည်း ကုန်သွားပြီ။ အကြောင်းတရား ကုန်တော့အကျိုးတရားလည်း မပေါ်လာတော့ဘူး။ ရဟန္တာပုဂ္ဂိုလ်များ သေလွန်တာကို ပရိနိဗ္ဗာန်ပြုတယ်လို့ ခေါ်ရတယ်။ အပြီးတိုင် ငြိမ်းအေးသွားပြီ။

အဲဒါ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ နောက်ဆုံးပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ပဲ။ အလွန်နက်နဲသိမ်မွေ့လှပါတယ်။ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘုံပြီး တစ်ဘုံ၊ စုန်ချည်ဆန်ချည်၊ မွေးလိုက် သေလိုက်၊ သေလိုက် မွေးလိုက် အတောမသတ်တဲ့ ဘဝဇာတ် သံသရာစက်ကြီး အပြီးတိုင် ရပ်စဲသွားတဲ့ နိဗ္ဗာန်ရဲ့ သဘောကို တွေးတောစဉ်းစားလို့ သိနိုင်တာမျိုးမဟုတ်၊ လက်တွေ့လုပ်မှ နားလည်နိုင်တယ်။

ဘုရားရှင်၏ ဝန်ခံတိုက်တွန်းချက်

ဒါကြောင့် မြတ်စွာဘုရားရှင်က တရားဂုဏ် ၆–ပါးမှာ

'သန္ဒိဋ္ဌိကော– ကိုယ်တိုင် လက်တွေ့သိနိုင်တယ်။

အကာလိကော– အခါမလင့် ရရှိနိုင်တယ်။

ဧဟိပဿိကော–မယုံလာလှည့် မြီးစမ်းကြည့်နိုင်တယ်'

လို့ ပွင့်ပွင့်လင်းလင်း ကြေငြာထားပါတယ်။ ဖိတ်ခေါ်ထားပါတယ်။ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးက ကြိုက်ရာရွေးဖို့ ကမ္မဋ္ဌာန်း ၄၀၊ သုံးသွယ် သိက္ခာ၊ ရှစ်ဖြာသော မဂ္ဂင်လမ်းကို ဟောကြားတော်မူခဲ့တယ်။

ဧသေဝ 'မဂ္ဂေါ နတ္ထ'ညော၊
ဒဿနဿ ဝိသုဒ္ဓိယာ။

ဒဿနဿ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ အသိဉာဏ် အမြင်၏။ ဝိသုဒ္ဓိယာ၊ စင်ကြယ်ခြင်းငှာ။ ဧသေ ဝ၊ သုံးပါးသိက္ခာ၊ ရှစ်ဖြာမဂ္ဂင်၊ ဤအကျင့် လမ်းစဉ်သည်သာလျှင်။ မဂ္ဂေါ၊ နိဗ္ဗာန် ရောက်ရန်၊ လမ်းစဉ်လမ်းရိုးအမှန်ကြီးပါပေတည်း။ အညော၊ သည်မှတစ်ပါး။ အခြားလမ်းခွဲဟူသည်။ နတ္ထိ၊ မရှိနိုင်တော့သည်သာလျှင်တည်း။

ဓမ္မပဒ ပါဠိတော်၊ မဂ္ဂဝဂ်မှာ သည်အတိုင်း ဝန်ခံဟောတော်မူခဲ့ပါတယ်။ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလာမှ သိရတဲ့ ဒုက္ခကင်းကြောင်း ဤလမ်းစဉ်ကောင်းကြီးကိုလည်း မမေ့မလျော့လိုက်ပါကျင့်ကြံကြဖို့၊ အချိန်ရှိခိုက် အခွင့်သာခိုက် အရအမိယူလိုက်ကြဖို့၊ နောင်ခါမှာ နောင်တ မဖြစ်ကြဖို့ကိုလည်း တဖွဖွ တိုက်တွန်းတော်မူလေ့ရှိပါတယ်။

နောင်မှ နောင်တ မဖြစ်ကြနှင့်

'စျာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊
ပစ္ဆာ ဝိပ္ပဋိသာရိနော မာ အဟုဝတ္ထ။
အယံ ဝေါ အမှာကံ အနုသာသနီ။

ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့။ တုမှေ၊ သင် ချစ်သားချစ်သမီးတို့ တစ်တွေသည်။ စျာယထ၊ ရှုမှတ်ကြကုန်လော။ ဝါ၊ အာရမ္မဏူပနိဇ္ဈာန်(ဒါက ဈာန်လမ်း) လက္ခဏူပနိဇ္ဈာန် (ဒါကမဂ်လမ်း)၊ အာရုံလက္ခဏာ၊ နှစ်ဖြာဈာန်မွေ့ ရှုကြည့်၍ နေကြကုန်လော့။ (အာရုံတစ်ခုတည်း မှာ ဥပနိဇ္ဈာန၊ ကပ်၍စိုက်၍ ရှုတဲ့ သမထဈာန်နည်း၊ ဖြစ်ပျက် လက္ခဏာရှုရတဲ့ ဝိပဿနာမဂ်လမ်းနည်း ပြောခဲ့ပြီ။)

http://www.dhammadownload.com

မာ ပမာဒတ္ထ၊ သတိပြုကြ၊ မမေ့မလျော့ကြကုန်နှင့်။ (ဝါ၊ အမှတ်မလွတ်ကြစေနှင့်။) ပစ္ဆာ၊ အိုခါမှ၊ နာခါမှ၊ သေရခါနီးမှ၊ အပါယ်လေးပါးသို့ ရောက်ကာ နောင်ခါကျမှ။ ဝိပွဋိသာရိနော၊ အချိန်ရှိခိုက်က၊ လိုက်နာကျင့်ပွား၊ အားမထုတ်ခဲ့မိလေခြင်းဟူ၍၊ ပြင်းစွာ နောင်တ၊ နှလုံးမသာရှိကြရသည်။ မာ အဟုဝတ္ထ၊ မဖြစ်ရစ်ကြပါကုန်လင့်။

အယ်၊ ဤသည်ကား။ ဝေါတုမှာက်၊ သင်ချစ်သား ချစ်သမီးတို့အတွက်။ အမှာက်၊ ငါဘုရားရှင်တို့၏။ အနုသာသနီ၊ ကရဏာရှေ့ထား မေတ္တာအားဖြင့် ဟောကြားဆုံးမတော်မူခြင်းပါပေတည်း။

(သာဓု... သာဓု... သာဓု)

သမထနှင့် ဝိပဿနာ တရားတော်ပြီး၏။

× × ×

ကျမ်းကိုး

ဓမ္မာစရိယ ဦးဌေးလှိုင် စီစဉ်သည့် တောင်တန်းဆရာတော်ကြီး၏ ဘဝချမ်းမြေ့စွာနေနည်းစာအုပ်မှ ထုတ်နုတ်ဖော်ပြပါသည်။

တောင်တန်းနယ်ခြားသာသနာပြုဆရာတော် ဦးဥတ္တမသာရ၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

မိတ္ထီလာ ဝမ်းတော်ပြည့်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မိတ္ထီလာ ဝမ်းတော်ပြည့် ဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၇၄-၁၃၆၁)

ဆရာတော် လောင်းလျာကို မိတ္ထီလာမြို့နယ် ပေါက်ပင်သာရွာတွင် ခမည်းတော် ဦးလူတုတ်၊ မယ်တော် ဒေါ်ရွှေမုံတို့က ၁၂၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူပါသည်။ မွေးချင်းခုနစ်ယောက်အနက် စတုတ္ထမြောက် သားရတနာ ဖြစ်သည်။

၁၂၈၆ ခုနှစ်၊ အသက် ၁၂ နှစ်သား အရွယ်တွင် ဝမ်းတွင်းမြို့ မဟာဇောတိကာရာမ သိမ်တောင်တောရ ဆရာတော် ဘဒ္ဒန္တဉေယျကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘဝသို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်သူရိယ ဖြစ်သည်။ ၁၂၉၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ သက်တော် ၂၀ တွင် ဘဒ္ဒန္တဉေယျ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ သိမ်တောင် ဒေါဝတ္ထာ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သိမ်တောင်တောရ သိမ်တော်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ငယ်စဉ်ကစ၍ ပေါက်ပင်သာရွာ သရက်တောကျောင်းဆရာတော်၊ ဝမ်းတွင်းမြို့ မဟာ ဇောတိကာရာမ သိမ်တောင်တောရကျောင်း ဆရာတော်၊ သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက် ဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်၊ စစ်ကိုင်းမြို့ ပဌာန်းသိပ္ပံကျောင်းတိုက် ဆရာတော်ကြီးများထံတွင် ပိဋကတ်စာပေများကို ကျမ်းကြီးပေါက် သင်ယူခဲ့သည်။

ရှင်သာမဏေဘဝမှစ၍ တရားဓမ္မများ ဟောပြောခြင်း၊ ကိုယ်တိုင် ကျင့်ကြံအားထုတ်ခြင်း၊ ဓာတ်တော်မွေတော်များကို စုဆောင်း ရှာဖွေ၍ ပူဇော်ခြင်း စသည့် ကောင်းမြတ်သော အကျင့်စရိုက်များကို မွေ့လျော် ထူထောင်တော်မူခဲ့သည်။

မြစ်သားမြို့၊ ရွှေစောလူးကုန်းတော်ပေါ်၌ သာသနာပြုနေစဉ် ဝမ်းတော်ပြည့် ဂေါပကအဖွဲ့မှ ဝမ်းတော်ပြည့် ဘုရားကြီးနှင့် ဝမ်းတော်ပြည့် ကျောင်းတိုက်ကို တည်ထောင်ပါရန် လျှောက်ထားသဖြင့် ဝမ်းတော်ပြည့် ကျောင်းတိုက်ကြီးကို ၁၃၁၈-ခုနှစ်တွင် စတင်၍ တည်ထောင်တော်မူသည်။ ထိုနှစ်မှစ၍ မြသိန်းတန် ဘုရားကြီးနှင့် ဓာတ်တော် မွေတော် ပူဇော်ပွဲများ ကျင်းပခဲ့သည်။ တော, တောင်, ရေ, မြေများထဲ၌ ကိန်းဝပ်နေသည့် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဓာတ်တော် မွေတော်များကို အဓိဋ္ဌာန်ပြု၍ ပူဇော်ခဲ့သည်။ အရိယာ သာဝကကြီးများ၏ ဓာတ်တော် မွေတော်များကိုလည်း ပင့်လျှောက်၍ အဓိဋ္ဌာန်ပြုခဲ့ပေသည်။

အစဉ်တစိုက် သရီရဓာတ်တော်များကို ရှာဖွေစုဆောင်း အဓိဋ္ဌာန်ပြု၍ ပူဇော်ခဲ့ရာ ဓာတ်တော်များ

http://www.dhammadownload.com

သုံးတင်းခန့် ဝမ်းတော်ပြည့် ဓာတ်တော်တိုက်တွင် စုဆောင်းပူဇော်ခဲ့ပြီးဖြစ်ပေသည်။ ထို့ပြင် သာသနမလ ဝိသောခနီ သိမ်တော်ကြီး၊ ဓာတုပူဇနိယ ဗိမာန်တော်၊ မြသိန်းတန်စေတီတော်ကြီး၊ သတ္တဋ္ဌာန စေတီတော်များ၊ ဒီပင်္ကရာ ဗျာဒိတ်ပေးဘုရားနှင့် ရဟန္တာများ၊ အောင်ဆုပေးမှန် ဆုထူးပန် ဘုရားစံကျောင်းတော်၊ မဟာကရုဏာ မေတ္တာရှင်ဘုရား၊ အလယ်မုနိရပ်တော်မူဘုရား၊ ဝိမုတ္တိသုခ ဓမ္မစကြာဘုရား၊ ဓာတ်တော် မွေတော်များ ကိန်းဝပ်ရာ ဓာတုဗိမာန်တော်ကြီး၊ ဓမ္မဝိဟာမြနန္ဒာ ပရိယတ္တိစာသင်တိုက်၊ ပဋိပတ္တိ ဓမ္မရိပ်သာ၊ ယောဂီကျောင်းဆောင်၊ ဘော်ကြီဝိဟာမြနန္ဒာကျောင်းတော်ကြီး၊ သုနန္ဒာဇရပ် စသည့် သာသနိကအဆောက်အအုံများကိုလည်း တည်ထောင်တော်မူခဲ့သည်။

ကျောင်းတိုက်အတွင်းရှိ သံဃာတော်၊ သီလရှင်၊ ယောဂီ၊ ကပ္ပိယ၊ ဒါယကာ, ဒါယိကာမအပေါင်းတို့အားလည်း ဝါခေါင်လပြည့်ကျော် ၁-ရက် မှ ၁၅-ရက် ထိအောင် ခုတင်များ ဆောက်တည်စေလျက် တရားစခန်းပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးခဲ့ပေသည်။ ထို့နောက် တစ်နှစ် လေးကြိမ်အထိ စခန်းပွဲများကို ကျင်းပခဲ့သည်။ တစ်ဖက်မှလည်း စာချဆရာတော်များနှင့်အတူ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူသေးသည်။

ကျောင်းအတွင်း သာသနရက္ခိတ စာမေးပွဲ၊ အသံမစဲ ပဋ္ဌကတ်သုံးပုံ ရွတ်ဖတ်ပူဇော်ပွဲများအပြင် ဝါဆို ကထိန်ပွဲများကိုလည်း ဦးစီး၍ ကျင်းပတော်မူပါသည်။ တောင်ကိုးရီးယား၊ ထိုင်ဝမ်၊ စင်ကာပူ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါနိုင်ငံများသို့ ကြွရောက်၍ တရားဓမ္မများကို ဟောကြားပြသတော်မူသေးသည်။

၁၃၅၃-ခုနှစ် (၁၉၉၂-ခုနှစ်)တွင် နိုင်ငံတော်အစိုးရက မဟာကမ္မဋ္ဌာနာ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းပူဇော်ခဲ့ပါသည်။ ဤသို့ဖြင့် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံတော်မူသော မိတ္တီလာမြို့ ဝမ်းတော်ပြည့် သာသနာ့ရိပ်သာ အောင်ချမ်းသာ သိမ်တော်တိုက်သစ် ဦးစီးနာယက ဆရာတော်ကြီးသည် သက်တော် ၈၇-နှစ်၊ ဝါတော် ၆၇-ဝါအရ ၁၃၆၁-ခုနှစ်၊ တော်သလင်းလဆန်း ၃-ရက်၊ တနင်္ဂနွေနေ့ ညနေ ၆-နာရီ ၁၅-မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

ထေရုပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မိတ္ထိလာဝမ်းတော်ပြည့်ဆရာတော်ဘုရားကြီး၏
သြဝါဒတော်

- လူပျင်း ရေနွေးအိုး မီးထိုးသလို မလုပ်ကြနဲ့၊ ဒီထင်းနဲ့ ဒီမီးဆိုရင် ရေနွေး ဆူလောက်ပါတယ်ဆိုပြီး ထင်းတွေ ပြုံထိုးခဲ့တယ်၊ ပြီး တစ်နေရာသွား အချိန်ဖြုန်းနေတယ်၊ မီးငြိမ်းမှ တစ်ဖန်ပြန်ပြေးလာပြီး၊ မီးထိုးတယ်၊ ဒီရေနွေးအိုး ဘယ်တော့မှ မဆူဘူး၊ မပွက်ဘူး၊ ဒီလိုပဲ။
- စာပဲကျက်ကျက်၊ တရားပဲထိုင်ထိုင် ခဏလုပ်လိုက်ပြီး မှေ့မှေ့လျော့လျော့ နေလိုက်ရင် ဘယ်တော့မှ ခရီးရောက်မှာ မဟုတ်ဘူး။
- စွဲစွဲမြဲမြဲနဲ့ အလုပ်တစ်ခုကို ခဲရှိရှိလုပ်ကြပါ။

O

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မိတ္ထီလာ ဝမ်းတော်ပြည့်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ခန္ဓာကိုယ်လှူဒါန်း၍ ဆောက်တည်ပုံ

ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ရတနာမြတ်သုံးပါးတို့အား ဤရုပ်တရား, ဤနာမ်တရား ကျွန်ုပ်တစ်ကိုယ်လုံး ကျောင်းအမှတ်ဖြင့် လှူဒါန်းပူဇော်ပါ၏ အရှင်ဘုရား။

ရှင်တော်ဘုရားသည် တပည့်တော်တို့ ဦးခေါင်းပေါ်၌, တရားရတနာသည် တပည့်တော်တို့ ညာဘက်ဖခုံးထက်၌၊ သံဃာရတနာသည် တပည့်တော်တို့၏ ဘယ်ဘက်ပခုံးထက်၌ ကျောင်းအမှတ်ဖြင့် တပည့်တော်များ နိဗ္ဗာန်ရသည့်ဘဝ တိုင်အောင် သီတင်းသုံး တည်နေတော်မူပါဘုရား။

ဘုရား ဘယ်ရောက်နေပြီလဲ- (ဦးခေါင်းပေါ်မှာပါဘုရား)။ တရား ရတနာ ဘယ်ရောက်နေပြီလဲ- (ညာဘက် ပုခုံးပေါ်မှာပါဘုရား)။ သံဃာ ရတနာ ဘယ်ရောက်နေပြီလဲ- (လက်ဝဲ ပုခုံးပေါ်မှာပါဘုရား)။ ဒီနေ့သာလား- (နိဗ္ဗာန်ရသည့်တိုင်အောင်ပါ ဘုရား)။

အဲတော့ ဗုဒ္ဓါ ရမ္မဏ ဗုဒ္ဓပီတိဖြင့် လောဘဒေါသ မောဟ ကင်းပြီး ပူဇော်အထူးကို ခံထိုက်တဲ့ အရဟံစတဲ့ ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတော်မူ သောဘုန်းတော် အနန္တ, ကံတော် အနန္တ, ညဏသခင်တို့ဘုရားရှင်တို့ ခေါင်းပေါ်မယ်ဆိုတော့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ဖြစ်မသွားဘူးလား- (ဖြစ်သွားပါတယ်ဘုရား)။

နေ့စဉ် နေ့စဉ် ပူဇော်အထူးကို ခံထိုက်တဲ့ တို့ဘ,ဘုရားကို တို့ခေါင်းပေါ်မယ်ဆိုတော့ အာစိဏ္ဏကံ ကုသိုလ်ရမနေဘူးလား- (ရနေပါတယ်ဘုရား)။ အဲဒီ ဗုဒ္ဓါနုဿတိ အာစိဏ္ဏကံ ကုသိုလ်တစ်မျိုးတည်းနဲ့ပင် အပါယ်လွန်နိုင်ပါတယ်တဲ့။

ရတနာသုံးပါးကို လှူဒါန်းပုံ

ဒီနေရာမှာ တောင်ပုလုဆရာတော်ဘုရားကြီး မိန့်တော်မူလေ့ရှိတဲ့ အတ္တသန္ဓိယျာတန သရဏဂုံဆိုတာ ပြောချင်ပါတယ်၊ မိမိကိုယ်ကို ရတနာ မြတ်သုံးပါးကို အပ်နှင်းပြီးတော့ ဆောက်တည်တာပါ။ အခုလည်းပဲတို့ ပရိသတ်တွေ မိမိရဲ့ခန္ဓာကိုယ် တစ်ခုလုံးကို ရတနာမြတ်သုံးပါးကို အပ်နှင်းပြီး လှူဒါန်းကြရအောင် လိုက်ဆိုကြ။

ဘုရားရတနာ, တရားရတနာ, သံဃာရတနာ ရတနာတော်မြတ်သုံးပါးတို့အား တပည့်တော်တို့၏ ဤရုပ်တရား, ဤနာမ်တရား, ဤအရိုး, ဤအသားဖြင့် ယနေ့အစ ဆက်တိုင်းဘဝ သစ္စာသိမြင် နိဗ္ဗာန်ဝင်သည့်နေ့တိုင်အောင် ကျောင်းအမှတ်ဖြင့် လှူဒါန်းပူဇော်ပါ၏အရှင်ဘုရား။

http://www.dhammadownload.com

ရှင်တော်ဘုရားသည် တပည့်တော်တို့၏ ဦးခေါင်းပေါ်၌၊ တရားရတနာသည် လက်ယာပခုံးပေါ်၌၊ သံဃာရတနာသည် လက်ဝဲပခုံးပေါ်၌ ယနေ့ အစ ဆက်တိုင်းဘဝ တပည့်တော်တို့ သစ္စာသိမြင်နိဗ္ဗာန်ဝင်သည့်နေ့တိုင်အောင် ကျောင်းအမှတ်ဖြင့် သီတင်းသုံးတည်နေတော်မူပါဘုရား။

ကဲ...မေးပြီ၊ ဖြေကြ။

ဘုရားရတနာ ဘယ်ရောက်နေတုံး။

(တပည့်တော်တို့ ခေါင်းပေါ်မှာပါဘုရား)။

တရားရတနာ ဘယ်ရောက်နေတုံး။

(လက်ယာ ပခုံးထက်မှာပါ ဘုရား)။

သံဃာရတနာ ဘယ်ရောက်နေတုံး။

(လက်ဝဲ ပခုံးထက်မှာပါဘုရား)။

ဒီနေ့သာလားဆိုတော့ မဟုတ်ပါဘူး၊ တပည့်တော်များ သစ္စာသိမြင် ရဟန္တာဖြစ်၍ နိဗ္ဗာန်ဝင်သည့်နေ့တိုင်အောင် လှူဒါန်းပူဇော်ပါ၏ ဘုရားလို့ ဆိုပြီး လှူဒါန်းကြပါ။

ဒီလို လှူဒါန်းလိုက်တော့ ဒီခန္ဓာကိုယ်ကြီးဟာ ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါး သီတင်းသုံးတဲ့ ကျောင်းတော်ကြီးဖြစ်မသွားဘူးလား။

(ဖြစ်သွားပါတယ်ဘုရား)။

ပရိဘောဂစေတီ ထိုက်သွားရာပေါ့၊ ဘုရား, တရား, သံဃာသီတင်း သုံးတဲ့ နေရာကို ယုတ်မာတဲ့ နတ်ဆိုး, နတ်ဝါး, စုန်း, ကဝေ, ပယောဂတွေ လာရောက် နောင့်ယှက်ခြင်းငှာ မစွမ်းနိုင်ပါဘူးတဲ့။

တရားအားထုတ်ခြင်းမပြုမီ ပြုဖွယ်ကိစ္စများ

တရားတောင်း

* ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ကမ္မဋ္ဌာနံ ယာစာမိ။
* ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ကမ္မဋ္ဌာနံ ဒေထ။
* ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ဣမံ နာမရူပံ ရတနတ္တယံ ပူဇေမိ။
* ဘန္တေ-အရှင်ဘုရား၊ သံသာရ-ဝဋ္ဋဒုက္ခတော- သံသရာဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ-ထွက်မြောက်ပါရခြင်းအကျိုးငှာ၊ ကမ္မဋ္ဌာန်-ကမ္မဋ္ဌာန်းတရားကို၊ ယာစာမိ-တောင်းပန်ပါ၏ အရှင်ဘုရား။
* ဘန္တေ-အရှင်ဘုရား၊ သံသာရ-ဝဋ္ဋဒုက္ခတော- သံသရာဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ-ထွက်မြောက်ပါရခြင်း အကျိုးငှာ၊ ကမ္မဋ္ဌာန်-ကမ္မဋ္ဌာန်းတရားတော်ကို၊ ဒေထ-ပေးသနားတော်မူပါ အရှင်ဘုရား။
* ဘန္တေ-အရှင်ဘုရား၊ သံသာရ-ဝဋ္ဋဒုက္ခတော- သံသရာဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ-ထွက်မြောက်ပါရခြင်းအကျိုးငှာ၊ ဣမံ နာမရူပံ-ဤ နာမ်,ရုပ်တရားကို၊ ရတနတ္တယံ-ရတနာမြတ်သုံးပါးကို၊ ပူဇေမိ-ပူဇော်ပါ၏ အရှင်ဘုရား။

ဝန်ချတောင်းပန်ရန်

ရတနာ မြတ်သုံးပါးနှင့်တကွ သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အား ဘဝ အဆက်ဆက်က ယနေ့ထက်တိုင် ကျွန်ုပ်ပြစ်မှားမိသော ကာယကံအပြစ်, ဝစီကံအပြစ်, မနောကံအပြစ်တို့ကို ကျွန်ုပ်က ဝန်ချကန်တော့ တောင်းပန်ပါ၏။ ခွင့်လွှတ်တော်မူကြပါ။ ကျွန်ုပ်ကလည်း ခွင့်လွှတ်ပါ၏။

မရဏာသတိ ပွားများရန်

ငါသည် မုချသေရမည်။
အချိန်ပိုင်းသာ လိုတော့သည် (သုံးခေါက်)

နိသင်္ဓတင် ဆောက်တည်ရန်

သေယျ ပဋိက္ခိပါမိ
နေသန္ဓိကံဂံ၊ သမာဒိယာမိ။

http://www.dhammadownload.com

သေယျံ-လဲလျောင်းခြင်း၊ ကာယပသာရဏာ- ကာယသေယျကို၊ ပဋိကွိပါမိ- ပယ်ပါ၏၊ နေသဇ္ဇိကင်္ဂံ- ထိုင်၍နေခြင်းအလေ့ရှိသော ဓုတင်ဆောင် ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ စေတနာကို၊ သမာဒိယာမိ-ကောင်းစွာ ခံယူဆောက်တည်ပါ၏ အရှင်ဘုရား။

တရားထိုင်ရန်

မှတ်ချက် ။ ။ အလုပ်ပေး တရားသီးသန့် ဖော်ပြထားပါသည်။ မိမိတို့ ပိုင်းခြား သတ်မှတ်ထားသော အချိန်အတိုင်း တရားကို ရှုမှတ်ပွားများကြရန် ဖြစ်ပါသည်။

ရတနာမြတ်သုံးပါးအား တရားဖြင့် ပူဇော်ရန်

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

* ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ- ဤ လောကုတ္တရာတရား ကိုးပါး အားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ ပူဇေမိ- ပူဇော်ပါ၏ အရှင်ဘုရား။
* ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ- ဤ လောကုတ္တရာတရားကိုးပါး အားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့်၊ ဓမ္မံ-တရားတော်မြတ်ကို၊ ပူဇေမိ- ပူဇော်ပါ၏ အရှင်ဘုရား။
* ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ- ဤ လောကုတ္တရာတရား ကိုးပါး အားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့်၊ သံဃံ-သံဃာတော်မြတ်ကို၊ ပူဇေမိ- ပူဇော်ပါ၏ အရှင်ဘုရား။

အမျှပေးဝေပုံ

သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အား ကျွန်ုပ်တို့ ပွားများအားထုတ်အပ်သော ကုသိုလ်တည်းဟူသော အဖို့ဘာဂကို ကျွန်ုပ်တို့က ဝမ်းမြောက် ဝမ်းသာ အမျှ-အမျှ-အမျှ ပေးဝေပါကုန်၏။

သူတော်ကောင်း သူမြတ်လောင်း ပညာရှိ အပေါင်းတို့ ပွားများ အားထုတ်အပ်သော ကုသိုလ်တည်းဟူသောအဖို့ဘာဂကို ကျွန်ုပ်တို့က ဝမ်းမြောက် ဝမ်းသာ သာဓု-သာဓု- သာဓု ခေါ်ယူပါ၏။

သစ္စာဆို၍ မေတ္တာပို့ပုံ

ကျွန်ုပ်သည် ဤနေ့ဤအချိန်အခါ၌ ဘာဝနာတရား ပွားများအားထုတ်ရသည် မှန်ပါ၏။ ဤမှန်သော သစ္စာစကား ဆိုရသောကြောင့် ကျွန်ုပ်၏ မိသားစုအပေါင်းနှင့်တကွ ကျောင်းသူ, ရွာသူ, ရွာသား၊ တပ်သူ, တပ်သား၊ မြို့သူ, မြို့သား၊ နိုင်ငံသူ, နိုင်ငံသား၊ ကမ္ဘာသူ, ကမ္ဘာသား အားလုံးသော လူ, နတ် အများတို့သည် ရေဘေး, လေဘေး, မီးဘေး, မင်းဘေး, ခိုးသူဓားပြဘေး, မချစ်မနှစ်သက်သော ရန်သူဘေး, လက်နက်တည်းဟူသော သတ္ထန္တရကပ်ဘေး, အနာနှိပ်စက်ခြင်းတည်းဟူသော ရောဂန္တရကပ်ဘေး, ငတ်မွတ်ခြင်းတည်းဟူသော ဒုဇ္ဇိက္ခန္တရကပ်ဘေး အားလုံးကင်းဝေးလွတ်မြောက်၍ ကောင်းသော အကြံအစည် ကြံစည်တိုင်း ထမြောက်အောင်မြင်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာရပါစေသတည်း။

အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကုန်သတည်း။

(သုံးခေါက်ဆို)

အလုပ်ပေးတရား အကျဉ်းချုပ်

ရှင်တော်ဘုရားက သတိပဋ္ဌာန် ဒေသနာတော်မှာ ကမ္မဋ္ဌာန်းအလုပ် အားထုတ်မယ့် ယောဂီများအတွက် နေရာမရွေး ပေးထားတယ်။

(၁) အရညဂတောဝါ၊

http://www.dhammadownload.com

(၂) ရုက္ခမူလဂတောဝါ၊
(၃) သုညာဂါရဂတောဝါ၊

(၁) တရားအားထုတ်တော့မယ်ဆိုရင် တောထဲရင်လည်း သွားပြီးအလုပ် လုပ်ပါတဲ့။ ဒီလိုမှ မဟုတ်ဘူးဆိုရင်-

(၂) သစ်ပင်ရင်း, ဝါးပင်ရင်းမှာဖြစ်စေ အားထုတ်ပါတဲ့၊ နောက်တစ်ခုကတော့-

(၃) ဆိတ်ငြိမ်တဲ့ ဘုရားခန်း၊ တိုက်၊ ဂူစတဲ့ နေရာတွေမှာ သွားပြီး အလုပ်လုပ်ပါတဲ့။ ဒီလိုနေရာတွေ ရွေးပြီးပြီဆိုရင် ထိုင်ပုံ ထိုင်နည်းကိုလည်း စနစ်တကျ ညွှန်ပြတော်မူခဲ့တယ်။

နိသီဒတိ ပလ္လင်္ကံ အာဘုဇိတ္ဝာ။

ဥဇုံ ကာယံ ပဏိဓာယ-တဲ့။

ဒီတော့ တို့ဒကာကြီးတွေက တင်ပျဉ်ခွေ ထိုင်ကြရအောင်။ တို့ ဒကာမကြီးတွေက ကျဉ့်ကျဉ့်ထိုင်လိုလည်း ထိုင်ပေါ့။ အဆင်ပြေသလို ထိုင်ပေါ့၊ သွေးလေ လှည့်ပတ်မှု ရှိအောင်လည်း ထိုင်ပါ၊ ဖိပြီး မထိုင်ပါနဲ့၊ တင်းတင်းကျပ်ကျပ်ကြီး မလုပ်ပါနဲ့၊ ကြာကြာထိုင်နိုင်မယ့် အနေအထားမျိုး ဖြစ်အောင် ထိုင်ကြပါ။ ရှေ့လည်း မငိုက်ပါနဲ့၊ နောက်လည်း မယိုင်ပါနဲ့၊ ရှေ့ကို ငိုက်လွန်းရင်လည်း ကုပ်ညောင်းတယ်၊ နောက်လန်လွန်းရင်လည်း လည်ပင်းညောင်းတယ်၊ ဒီတော့ မတ်မတ်ထိုင်ပါ။ ခါးရိုးက တစ်ခုပေါ် တစ်ခုဆင့်နေတော့ ကြာကြာ ထိုင်နိုင်တာပေါ့။ ကသိဏ်းကြည့်တဲ့ မထေရ်လို တည့်တည့်မတ်မတ် ထိုင်ကြပါ။ လက်နှစ်ဖက်ကိုလည်း ဘယ်လက်ကို အောက်က ထားပြီး ညာဖက်လက်ကို အပေါ်က ထားပြီး လက်မထိပ်ချင်း ထိထားပါ။ ဒါက ထိုင်ပုံ ထိုင်နည်း အနေအထားပါ။

ရှေ့ဆက် ပြောပါမယ်။

ဘုရားရှင်က "ပရိမုခံ သတိ ဥပဋ္ဌပေတွာ"လို့ ဟောထားတယ်၊ သတိ-သတိကို၊ ပရိမုခံ-ကမ္မဋ္ဌာန်းကို ရှေးရှု၍၊ ဥပဋ္ဌပေတွာ- ဖြစ်စေ၍၊ နိသီဒတိ-ထိုင်နေ၏-တဲ့။ သတိကို ကမ္မဋ္ဌာန်းလို့ ရှေးရှု၍ ဖြစ်စေရမယ်တဲ့။ အခု အာနာပါနကမ္မဋ္ဌာန်း၊စ,ပေးမှာဆိုတော့ နှာသီးဖျားမှာ စိတ်ကို စိုက်ထားပါ။ လေကို ရှူသွင်းလိုက်လို့ လေကလေး ဝင်သွားချိန်မှာ နှာခေါင်းပေါက် နှစ်ခုရဲ့ကြားက ဘုကလေးကို လေက တိုးထိသွားပါတယ်။ ဒီလို ထိသွားတာ ကလေးကို "ထိတယ်, သိတယ်၊ ထိတယ်, သိတယ်"လို့ မှတ်ပေးပါ။ လေကို ပြန်ပြီး ထုတ်တော့လည်း လေက နှာသီးဖျားကို တိုးထိပြီး ထွက်လာတာပါ။ ဒါကိုလည်း ထိတယ်, သိတယ်လို့ မှတ်ပေးပါ။

ဘုရားရှင်က-

သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ-တဲ့။

- သော ဘိက္ခု- ထိုရဟန်းသည်၊ သတောဝ-သတိနှင့် ပြည့်စုံသည် ဖြစ်၍သာလျှင်၊ အဿသတိ-ထွက်သက်ကို ဖြစ်စေ၏။ သတောဝ-သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင်၊ ပဿသတိ- ဝင်သက်ကို ဖြစ်စေ၏-တဲ့။

- လေကို ရှူတိုင်း ရှိုက်တိုင်း အမှတ်သတိဖြင့်သိ, သိနေရမယ်၊ သတိလွတ်သွားလို့ မဖြစ်ဘူး။

- ထိတာက ရုပ်၊ ထိတယ်လို့ သိတာလေးက နာမ်ပါ။ ဒီလို ရုပ်,နာမ်ကို ပိုင်းခြားသိထားပါ။ ဒီနည်းနဲ့ သမာဓိတည်အောင် ကြိုးစားရမှာပါ။ စိတ်ကို တစ်ပါး တခြား လွှင့်မသွားပါစေနဲ့၊ ဝိရိယလေး စိုက်ပြီး သတိနဲ့ စောင့်နေရင် သမာဓိတည်နိုင်ပါတယ်၊ သမာဓိ အားကောင်းမှ ခန္ဓာက ပြတဲ့ သဘောအမှန်ကို မြင်နိုင်မှာပါ။

ဒီတော့ သမာဓိ တည်အောင် ကြိုးစားရမှာဆိုတော့ စိတ်ကလေးကို နှာသီးဖျားမှာ တည်နေအောင် သတိနဲ့ စောင့်ပြီး ဝင်လေ, ထွက်လေကိုသိ, သိပေးနေပါ။

ဝိပဿနာ နယ်ပယ်က "ပေါ်ရာ မှတ်ရမယ်"

http://www.dhammadownload.com

ဆိုတော့ တရားထိုင်နေတုန်း ဘာနဲ့ဘာ ပေါ်လာတုန်းဆိုတော့ လေကလေးထိတဲ့ ရုပ်တရားနဲ့ ထိတယ်လို့ သိတဲ့ နာမ်တရား လေးပေါ်လာတယ်။ ဩဩ... ရုပ်, နာမ် ပေါ်လာတာပါလား၊ ခန္ဓာပေါ်လာတာပါလားလို့ သိပေးပါ။ ရုပ်က ရူပက္ခန္ဓာလေ၊ နာမ်က နာမက္ခန္ဓာလေးပါးပေါ့၊ ဝေဒနာက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာပေါ့။

ဒီလိုသာ မှတ်နေမယ်ဆိုရင် အချိန်ကြာလာတာနဲ့အမျှ သတိကလည်း မလွတ်ရင် စိတ်ဟာ ဘယ်မှ မပြေးတော့ဘဲ သမာဓိ တည်လာနိုင်ပါတယ်။ ဘယ်မှ လွတ်ထွက်မသွားမှ နှာသီးဖျားမှာ အပ်နဲ့ စိုက်တာလို စိတ်ဟာ တည်နေပါလိမ့်မယ်၊ သမာဓိ တည်အောင် ကြိုးစားပေးပါ။

ဘုရားက-

* ဒီဃံ ဝါ အဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။
* ဒီဃံ ဝါ အဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။
* ရဿံ ဝါ အဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။
* ရဿံ ဝါ အဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။
* သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ။
* သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။
* ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။
* ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။
* လေကို ရှည်ရှည် ဆွဲရှူရင်လည်း ရှည်ရှည် ရှူတယ်လို့ သိပေးပါတဲ့။ လေကို ပြန်ထုတ်တော့လည်း ထိုအတူပဲပေါ့။
* လေကို တိုတိုရှူရင်လည်း တိုတို ရှူတယ်လို့ သိပေးပါ။ လေကို ပြန်ထုတ်တော့လည်း တိုတိုရှူထုတ်တယ်လို့သိပေးပါ။
* ဝင်သက်၏, ထွက်သက်၏ အစ, အလယ်, အဆုံး သုံးပါးအပေါင်းကို သိအောင် ကြိုးစားပြီး ရှုရှိုက်ပေးပါ။
* ကာယသင်္ခါရံ- အရှူပြင်း၍ ရှန့်ရင်းသော ဝင်သက်ကို၊ ပဿမ္ဘယံ- ငြိမ်းစေလျက်၊ အဿသိဿာမိတိ- ရှူမည်ဟု၊ သိက္ခတိ- ကျင့်၏။

ဒီလို ဘုရားဟော ဒေသနာတော်များအတိုင်း သတိထားပြီး ကြိုးစားကြပါ။

ဒီ သတိပဋ္ဌာန် ဒေသနာတော်မှာ ဆက်ပြီး ဟောထားတာက-

* သမုဒယ ဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။
* ဝယ ဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။
* သမုဒယဝယ ဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။

- ထွက်သက် ဝင်သက် ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် သဘောကို ရှုမြင်လျက်နေရမယ်။
- ဝင်သက်, ထွက်သက် ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနဲ့ ပျက်မှုသဘောကို ရှုမြင်လျက်နေရမယ်။
- ဖြစ်ကြောင်း ပျက်ကြောင်းတရားနဲ့ ဖြစ်မှုပျက်မှုသဘောကို (ဖြစ်-ပျက်ကို) ရှုမြင်ပြီး နေရမယ်-တဲ့။

ဒီလို ရှုနေရင် သိနေရင် ဘုရားက ဆက်ပြီး အမိန့်ရှိတာက ထွက်သက်, ဝင်သက် ရုပ်အပေါင်း သာလျှင် ရှိတယ်။ ရှူတာတ်, ရှိုက်တတ်သော ပုဂ္ဂိုလ် သတ္တဝါမရှိဟု ထိုရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ သတိမှာ ထင်လာတယ်၊ ဒီလိုဖြစ်လာရင် အသိဉာဏ်

http://www.dhammadownload.com

အဆင့်ဆင့် တိုးပွားတော့မယ်တဲ့။ ဒီလို ရှုမှတ်နေရင် ရှုမှတ်နေတုန်းမှာ တဏှာဒိဋ္ဌိတို့ မမှီမတွယ်နိုင်တော့ပါဘူး။ ဒီလို ရှုမှတ်ပွားများ ရပါမယ်။ အားထုတ်တဲ့နည်းကတော့ အမျိုးမျိုးပါပဲ။ လျောင်း, ထိုင်, ရပ်, သွား, ဣရိယာပုတ် လေးမျိုးလုံး အားထုတ်နိုင်တာပါပဲ။ ဘယ် ဣရိယာပုတ်နဲ့နေနေ သတိ ရှိနေဖို့ပါပဲ။ ဥပမာအားဖြင့် သွားတယ်ဆို ကြပါစို့။ ဘုရားရှင်က–

- ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ–တဲ့၊ သွားတဲ့အခါမှာ သွားနေတယ်၊ လှမ်းနေတယ်လို့ သိပေးပါ၊ စက််လျှောက်နေတယ်၊ ခြေလှမ်းနေရင် သတိမလွတ်စေနဲ့၊ ဒီနေရာမှာ အသိ ငါးချက်နဲ့ လှမ်းကြဖို့ ပြောချင်ပါတယ်။
- လက််ာလေး အရင်မှတ်ကြ။ ကြွ–ခြွ–လှမ်း–ထိ၊ ချ တုံဘိ၊ အသိ ငါးချက်သာ။
- ခြေလှမ်းတိုင်းမှာ ကြွတယ်, ခြွတယ်, လှမ်းတယ်, ထိတယ်, ချတယ်လို့ အသိ ငါးချက်နဲ့ သိပေးနေရပါမယ်။ ဖနောင့်လေး ကြွတာကို ကြွတယ်လို့ မှတ်ပါ။ ခြေဖျားလေး ခြွလိုက်ရာကို ခြွတယ်လို့ သိပေးပါ။ ရှေ့ကို လက်လေးလုံးလောက် လှမ်းတာကို လှမ်းတယ်လို့ မှတ်ပါ။

နောက် ခြေဖျားနဲ့ အောက်က ကြမ်းပြင်နဲ့ (မြေပြင်နဲ့) ထိတာကို ထိတယ်လို့ မှတ်ပါ။ နောက်ဆုံး ဖနောင့်လေး အောက်ချလိုက်တာကို ချတယ်လို့ မှတ်ပေးပါ။

- ဒီလို အသိငါးချက်နဲ့သာ သိပေးနေရင် မိမိစိတ်ဟာ ဘယ်မှမသွားတော့ဘဲ သမာဓိတည်နိုင်ပါတယ်။
- သမုဒယဝယ ဓမ္မာနုပဿီဝါကာယသို့ ဝိဟရတိ–ဆိုတဲ့အတိုင်း ဖြစ်ကြောင်း, ပျက်ကြောင်း တရားနဲ့ဖြစ်မှု, ပျက်မှု (ဖြစ်,ပျက်) ကို မြင်အောင် ကြည့်ရပါမယ်။
- ခြေထောက်လေးကြွတာကို ရုပ်တရားပါ၊ ကြွတာလို့ သိတာက နာမ်တရားပါ၊ ဒီလို ကြွဆဲ အခိုက်အတန့်မှာ ဖြစ်တဲ့ ရုပ်တရားနဲ့ နာမ်တရားဟာ ခြေထောက်ကို ခြွလိုက်တဲ့အခါမှာ မရှိတော့ပါဘူး၊ ပျောက်သွား, ပျက်သွား, သေသွားပါပြီ။
- ဒီနည်းအတိုင်းပါပဲ၊ ခြွဆဲအခိုက်အတန့်မှာ ဖြစ်တဲ့ ရုပ်တရားနဲ့ နာမ်တရားဟာ လှမ်းလိုက်တဲ့အခါမှာ မရှိတော့ပါဘူး။
- သခ်ါရာ အနိစ္စာပါပဲ။

ဖြစ်ပေါ်လာတဲ့ ရုပ်တရားနဲ့ နာမ်တရားဟာ အမြဲမရှိဘူး၊ အနိစ္စတရားပါပဲ၊ မမြဲတဲ့ အနိစ္စတရားဟာ ဒုက္ခပါပဲ။

- ဒီ မမြဲ ဆင်းရဲတဲ့ ရုပ်တရား၊ နာမ်တရားကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ လုပ်လို့ မဖြစ်နိုင်ပါဘူး။
- ဒီတော့ လက််ာဆောင်ပုဒ်လေး လိုက်ဆိုကြပါ။

(ဆောင်)

* ကြွဆဲနာမ်ရုပ်၊ ကြွဆဲချုပ်၊ ခြွရုပ်သူမပါ၊
* ခြွဆဲနာမ်ရုပ်၊ ခြွဆဲချုပ်၊ လှမ်းရုပ် သူမပါ၊
* လှမ်းဆဲနာမ်ရုပ်၊ လှမ်းဆဲချုပ်၊ ထိရုပ် သူမပါ၊
* ထိဆဲနာမ်ရုပ်၊ ထိဆဲချုပ်၊ ချရုပ် သူမပါ။
* ချဆဲနာမ်ရုပ်၊ ချဆဲချုပ်၊ ကြွရုပ် သူမပါ။

- စက််ကမ္မဋ္ဌာန်းအနေနဲ့ ခြေလှမ်းတိုင်း လှမ်းတိုင်း အသိတရားရှိကြပါစေလို့ တိုက်တွန်းပါတယ်၊ နောက်ပြီး–

* ဋ္ဌိတောဝါ ဋ္ဌိတောမီတိ ပဇာနာတိ–တဲ့။ ရပ်နေရင်လည်း ရပ်နေတယ်လို့ သိပေးပါတဲ့။
* နိသိန္နောဝါ နိသိန္နောမီတိ ပဇာနာတိ။ ထိုင်နေရင်လည်း ထိုင်တယ်သိတယ်၊ ထိုင်တယ် သိတယ်လို့ သိပေး, မှတ်ပေးနေရပါမယ်။

http://www.dhammadownload.com

* သယာနောဝါ သယာနောမိတိ ပဇာနာတိ။ လျောင်းစက်တဲ့အခါမှာလည်း လျောင်းတယ်လို့ အမှတ်သတိက လိုက်မှတ်နေရမှာပါ။

– မှတ်နေရင်းနဲ့ စောစောက ပြောခဲ့သလို ဖြစ်ပျက်ကို မြင်အောင်ကြိုးစားရမှာဖြစ်ပါတယ်။

– သတိပဋ္ဌာန် ဒေသနာမှာကတော့ စုံလင်စွာပဲ ဘုရားက ဟောထားတယ်၊ ဣရိယာပုတ်လေးမျိုးလုံးနဲ့ ရှုမှတ်တတ်အောင် ပြောပါဦးမယ်၊ မှတ်တမ်းယူကြ။

– သတိပဋ္ဌာန်ပါဠိတော်–
သမ္မဇညပဗ္ဗမှာ ဟောထားတာက ခန္ဓာကိုယ်ကို ရှေ့တိုးခြင်း နောက်ဆုတ်ခြင်း ပြုရင်လည်း အသိပေးလိုက်ပါတဲ့။

– ရှေ့ကို တည့်တည့်ကြည့်ရင်လည်း တည့်တည့် ကြည့်တယ်လို့ သိပေးပါ။

– တစောင်း ကြည့်ရင်လည်း တစောင်း ကြည့်တယ်လို့ သိပေးပါ။

– လက်ကို ကွေးခြင်း, ဆန့်ခြင်းအမှု ပြုရင်လည်း သိပေးရပါမယ်တဲ့။

– သင်္ကန်း စသည်ကို ကိုင်တွယ်ဝတ်ရုံတဲ့ အခါမှာလည်း သတိရှိပြီး နေရပါမယ်တဲ့။

– စားတဲ့အခါ, သောက်တဲ့အခါ, ခဲတဲ့အခါ, လျှက်တဲ့အခါမှာလည်း အသိညာဏ်လေးနဲ့ ယှဉ်ပြီး နေရပါမယ်။

– ကျင်ကြီး, ကျင်ငယ် စွန့်တဲ့ အခါမှာလည်း စွန့်တယ် သိတယ်လို့ ရှုမှတ်ပေးရပါမယ်။

– အချုပ်အားဖြင့်တော့–
သွားတဲ့အခါမှာ ဖြစ်စေ, ရပ်တဲ့အခါမှာ ဖြစ်စေ, ထိုင်တဲ့အခါမှာ ဖြစ်စေ, နိုးတဲ့အခါမှာ ဖြစ်စေ, စကားပြောတဲ့ အခါမှာဖြစ်စေ, စကားမပြောဘဲ ဆိတ်ဆိတ်နေတဲ့ အခါမှာ ဖြစ်စေ အသိညာဏ် အသိလေးနဲ့ နေကြရမှာ ဖြစ်ပါတယ်တဲ့။

ဒီ ရုပ်တရား၊ နာမ်တရားတွေရဲ့ ဖြစ်မှု ပျက်မှု (ဖြစ်,ပျက်)ကို မြင်အောင် ရှုမှတ်ကြရမှာ ဖြစ်ပါတယ်။ ဒီလောက်ဆိုရင် နည်းသိလောက်ပါပြီ၊ နောက်တစ်မျိုး ပြောဦးမယ်၊ မေးတာ ဖြေကြ။

တစ်ဆိုတဲ့ အသံကြားရဲ့လား (ကြားပါ တယ်ဘုရား)။

နှစ်ဆိုတဲ့ အသံကြားရဲ့လား (ကြားပါတယ် ဘုရား)။

သုံးဆိုတဲ့ အသံကြားရဲ့လား (ကြားပါတယ် ဘုရား)။

– ဒီ တစ်ဆိုတဲ့ အသံက ရုပ်တရားပါ၊ တစ်လို့ သိလိုက်တာက နာမ်တရားပါ၊ ဒီ တစ်ဆိုတဲ့ ရုပ်တရားနဲ့ တစ်လို့သိတဲ့ နာမ်တရားလေး ဟာ နှစ်ဆိုတော့ ရှိသေးရဲ့လား– (မရှိတော့ပါဘုရား)။
ဘာဖြစ်သွားလည်း ဆို ရင်–ပျောက်သွား ပျက်သွား သေသွားပါပြီ။

– နှစ် ဆိုတဲ့ ရုပ်တရားနဲ့ သိတဲ့ နာမ်တရားဟာလည်း သုံးဆိုတာနဲ့ မရှိတော့ပါဘူး။

– ဒီလို ရှုဖန်များလာရင် ခန္ဓာက ပြလာတဲ့ အဖြစ် အပျက်ကို မြင်လာရပါလိမ့်မယ်။

– ဝိဇ္ဇုပါဒေါ အာကာသေ ဥပ္ပဇ္ဇတ္တိ ဝယန္တိ စ–တဲ့။
မိုးကောင်းကင်မှာ လျှပ်စစ်လက်သလိုပါပဲ။ လျှပ်စစ်လက်သွားတယ်၊ ကြည့်လိုက်တော့ မရှိတော့ဘူး၊ ဖြစ်ပြီး ပျက်သွားတာပါပဲ။ လက်ညှိုး ထိုးချိန်ကို မရလိုက်ပါဘူး။

– ဒီလိုပါပဲ၊ ခန္ဓာကိုယ်မှာလည်း ရုပ်, နာမ်တွေဟာ ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်း ပျက်တယ်၊ ဒါကို ဉာဏ်နဲ့မြင်အောင် ကြည့်ရမှာပါ၊ ကြည့်ဖန်များလာရင် ဖြစ်,ပျက်ကို ကျဲကျဲမြင်လာပါလိမ့်မယ်။ ဖြစ်,ပျက်က

http://www.dhammadownload.com

မရှိလို့ မမြင်ရတာ မဟုတ်ပါဘူး။ မြင်အောင် ဉာဏ်က မကြည့်တတ်သေးလို့ မမြင်ရတာ ဖြစ်ပါတယ်။ ကြိုးစားပြီး ပွားများကြစေလိုပါတယ်။

– ဒီလို ဝိရိယထူထောင်ပြီး သတိနဲ့ ထိန်းထားတော့ သမာဓိတည်လာပါတယ်၊ ဒီလိုသမာဓိတည်မှလည်း ခန္ဓာက အမှန်ပြတာကို ဉာဏ်က မြင်နိုင်မှာပါ။

– ဘုရားရှင်က 'ကာယမိမံသမွသထ ပရိဇာနာထ ပုနပ္ပုနံ ကာယေ သဘာဝံ ဝိဒိတွာန ဒုက္ခဿန္တံ ကရိဿတိ'တဲ့။

– ဣမံကာယံ–ဤခန္ဓာကိုယ်ကြီးကို၊ သမွသထ–စောင့်၍ သုံးသပ်ကြပါကုန်လော့၊ ပုနပ္ပုနံ–အဖန်ဖန်အထပ်ထပ်၊ ပရိဇာနာထ–ဉာဏ်ဖြင့် စောင့်၍ သုံးသပ် ဆင်ခြင်ကြပါကုန်လော့၊ ကာယေသဘာဝံ–ခန္ဓာကိုယ်၏အရှိ ပရမတ်သဘောကို၊ ဝိဒိတွာန–ဉာဏ်ဖြင့် ထင်လင်းသိမြင်ခြင်းကြောင့်၊ ဒုက္ခဿန္တံ– ဒုက္ခ၏ အဆုံးဖြစ်သော နိဗ္ဗာန်သို့၊ ကရိဿတိ–မျက်မှောက်ပြုနိုင်လိမ့်လတ္တံ့။

– ဒီလို ဟောခဲ့ပါတယ်။ ခန္ဓာကိုယ်ကြီးကို စောင့်ကြည့်နေပါတဲ့၊ စောင့်တာက သတိပါ၊ ကြည့်တာက ပညာပါ၊ ဒီလိုစောင့်ကြည့်နေရင် ခန္ဓာရဲ့ အရှိပရမတ် သဘောကို (ရုပ်နာမ်ရဲ့ ဖြစ်ပျက်ကို) သိမြင်ပါလိမ့်မယ်တဲ့။

– ဒီလိုသာ ဖြစ်ပျက်ကို သိမြင်နေမယ်ဆိုရင် နောက်ဆုံး ဒုက္ခရဲ့ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။

– အဲဒီတော့ ဝိပဿနာရှုရာမှာ အတိတ်ကို ပြန်မတွေးနဲ့၊ အနာဂတ်ကိုလည်း ကြိုပြီး မမျှော်နဲ့၊ ပစ္စုပ္ပန်တည့်တည့်မှာ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့ ခန္ဓာကို မြင်အောင်ကြည့်ရမှာပါ။ ဉာဏ်နဲ့သာ မြင်ရတဲ့ ဉာဏ်မြင် ခန္ဓာကို ပြောတာပါ။

– ဘုရားဟော ဒေသနာတော်မှာ အမိန့်ရှိတာက–

* အတီတံ နန္ဒာဂမေယျ၊
နပ္ပတိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံ တံ၊
အပ္ပတ္တဉ္စ အနာဂတံ။

* ပစ္စုပ္ပန္နဉ္စ ယောဓမ္မံ၊
တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသင်္ကုပ္ပံ၊
တံ ဝိဒ္ဒါမနုဗ္ဗြူဟယေ–တဲ့။

– အတိတ်, အနာဂတ် မတွေးဘဲ ပစ္စုပ္ပန် တည့်တည့်မှာပေါ်ပေါက်လာတဲ့ ခန္ဓာလေး မပျက်စီးသေးမီ၊ မချုပ်ပျောက်သေးမီ ဖြစ်လာပုံ, ပျက်သွားပုံ ဖြစ်ပျက်ကို မြင်အောင် ကြည့်ရပါမယ်တဲ့။ ဒီလို ဖြစ်ပျက်တွေကို မြင်ပါများလာရင် ဖြစ်ပျက်တွေကို မုန်းလာပါလိမ့်မယ်၊ မုန်းလာလည်း ဆက်ပြီး ရှုမှတ်နေရမှာပါပဲ။

– မုန်းရာကနေပြီး နောက်ဆုံးဖြစ်ပျက်တွေ ဆုံးသွားတဲ့အထိ (ဖြစ်ပျက်ကို ဉာဏ်က မြင်နေရာကနေ မဖြစ် မပျက်တဲ့ဘက်ကို ဉာဏ်လှည့်သွားတဲ့အထိ) ကြိုးစားရမှာပါ။ ဒီတော့ ပထမမြင်အောင် ကြိုးစားရပါမယ်။ ဖြစ်ပျက်ကို မြင်ပါများလာရင် မုန်းလာပါလိမ့်မယ်။ မုန်းလာရာကနေ ဖြစ်ပျက်ဆုံးတဲ့ဖက် (ဖြစ်ပျက် မရှိတဲ့ဘက်)ကို ဉာဏ်က သက်ဝင်သွားတဲ့အထိ ကြိုးစားရမှာ ဖြစ်တယ် ဆိုတာ သိပြီးတော့ အားထုတ်နိုင်ကြပါစေ။

အလုပ်ပေးတရား အကျဉ်းချုပ် ပြီး၏

× × ×

F77R

http://www.dhammadownload.com

ဗောဇ္ဈင်ပွားပုံ

သဗ္ဗနိဿဂ္ဂါ–တဏှာ အာသယမှ လွတ်မြောက် လောဘ, ဒေါသ အစရှိသော ကိလေသာ ဆယ်ပါးမှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာမှ တစ်ပါး၊ ပါဏိနံ–သတ္တဝါတို့၏၊ သောတ္တိ– ချမ်းသာရာ ချမ်းသာခွင့်ကို၊ အဟံ– ငါဘုရားသည်။ နှ ပဿာမိ– မြင်တော်မမူ။

ရှင်တော်ဘုရားနဲ့ ရဟန္တာများ အရဟတ္တဖိုလ် ရလိုက်သည်နှင့် လောဘ, ဒေါသ, မောဟ ပြတ် တောက်ပြီး သမုဏ္ဍေဒနိရောဓ ဖြစ်တယ်။ လောဘ, ဒေါသစတဲ့ ကိလေသာဆယ်ပါး ဘယ်တော့မှမပေါ်။

နိဗ္ဗာနဆိုတာ ငြိမ်းတာ, အေးတာ၊ လောဘ မီး, ဒေါသမီး, မောဟမီး ငြိမ်းအေးတာဟာ နိရောဓ ခေါ်တယ်။ ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ သစ္စာလေးပါး နှင့် သဗ္ဗညုတဉာဏ်ရပြီးလျှင် တဏှာကို အပြစ်မြင်တယ်၊ အဲဒါကို ကိလေသ ပရိနိဗ္ဗာန်လို့ ခေါ်တယ်။

ငါ့မှာ ပုညာဘိသင်္ခါရ ဒါနတွေပြုတဲ့အခါ တဏှာဆိုတဲ့ အကုသိုလ် ရောယှက်မှုကြောင့် လူ့ဘဝ, လူ့ခန္ဓာ, နတ်ဘဝ နတ်ခန္ဓာ လူ့ဇာတိကို ရရပြန်ပြီ။ ဤ ဇာတိ, ဇရာ, ဗျာဓိ, မရဏတွေ ဘာကြောင့်ရရသလဲ။ (တဏှာကြောင့် ရ, ရပါတယ် ဘုရား)

တဏှာဆိုတာ အကုသိုလ်အကြောင်းကြောင့် ခန္ဓာ ဇာတိ, ဇရာ, မရဏာတွေ ရ,ရတယ်။ အခု တဏှာဝဋ်တွင်းမှ လွတ်ကင်းပါ့ပေါ့လား၊ ယနေ့မှစ၍ တဏှာကြောင့် ဘယ်တော့မှ ခန္ဓာတွေ မရစေတော့အံ့၊ ကင်းလွတ်ပြီ။

ငါဘုရား တဏှာဝဋ်တွင်း ကင်းလွတ်ပါပေါ့လား၊ တဏှာတည်းဟူသော လက်သမားအကြောင်း ပြုပြီး လူ့ခန္ဓာ လူ့ဇာတိ၊ နတ်ခန္ဓာ နတ်ဇာတိကို တဏှာက ဆောက်လုပ်ပေးလာခဲ့တယ်။

ယခု တဏှာဝဋ်တွင်း လွတ်ကင်းသည့် အတွက်ကြောင့် ခန္ဓာအိမ် အသစ်တစ်ဖန် ငါ ဘယ်တော့မှ မဖြစ်ရ၊ အို, နာ, သေဝဋ်တွင်း လွတ်ကင်း ပါပေါ့လားနော်လို့ အတိုင်းမသိ ပီတိဖြစ်ပြီး အနေကဇာတိ သံသာရံ ဆိုတဲ့ မနသာ ဥဒါန်းကျူးရင့် တော်မူပါတယ်။ သဘောကျ,ကြြပြီလား– (ကျပါပြီ ဘုရား)။

တဏှာအာသယမှလွတ်မြောက်ပြီး သကာလ နိဗ္ဗာန်ချမ်းသာရမသွားဘူးလား– (ရပါတယ်ဘုရား)။ အတုမရှိ ဘုရားရှင်ဖြစ်ပြီး နိဗ္ဗာန်ချမ်းသာ ကိုယ်တိုင်ရ ကိုယ်တိုင် နိဗ္ဗာန်ချမ်းသာရသလို သတ္တဝါ ဝေနေယျတွေကိုလည်း နိဗ္ဗာန်ချမ်းသာ ရစေမယ်လို့ ဒီပင်္ကံရာမြတ်စွာဘုရား လက်ထက်ကတည်းက လေးသိန်းသော ရဟန္တာအရှင်မြတ်တွေနှင့် ဘုရားရှင် ကြွလာသောအခါ သုမေဓာ ရှင်ရသေ့ဟာ ရွှဲ့ညွှန်ထဲ အလျားမှောက်ပြီး ဒီပင်္ကံရာ မြတ်စွာဘုရားနှင့် လေးသိန်းသော ရဟန္တာအရှင်မြတ်တွေကို တံတားအဖြစ် နည်းလျှောက်တော်မူကြပါ။ ခြေတော်ဖြင့် ရွှဲ့ဖွက်ကို နင်းလျှောက်တော်မမူ ပါနဲ့ဘုရားဆိုပြီး အသက်ခန္ဓာ မငဲ့ညှာဘဲ ခန္ဓာကိုယ်ကို တံတားအဖြစ် လှူခဲ့ပါတယ်။

ဒီပင်္ကံရာမြတ်စွာဘုရားက ဒီပုဂ္ဂိုလ်ဟာ ဘယ်လိုပါလဲလို့ ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူသောအခါ ချစ်သား သုမေဓာ... သင်ဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာလျှင် ငါကဲ့သို့ သစ္စာသိမြင် ဘုရားရှင်ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးပြီး သုမေဓာ ရှင်ရသေ့ဟာ အတိုင်းမသိ ပီတိဖြစ်ပြီး–

ဗုဒ္ဓေါ ဗောဓေယျံ၊
မုတ္တော မောစေယျံ၊
တိဏ္ဏော တာရေယျံ၊

ဗုဒ္ဓေါ–ငါ သစ္စာသိမြင် ဘုရားရှင်ဖြစ်တဲ့အခါ၊ ဗောဓေယျံ–သတ္တဝါ အနန္တကိုလည်း သစ္စာသိမြင် တရားရှင်တွေချည်းဖြစ်စေအံ့။

မုတ္တော–ငါ သံသရာမှ လွတ်မြောက်သော အခါ၊ မောစေယျံ–သတ္တဝါအနန္တကိုလည်း သံသရာမှ

http://www.dhammadownload.com

လွတ်မြောက်စေအံ့။

တိဏ္ဏော- ငါ သံသရာမှ ကူးမြောက်တဲ့အခါ၊ တာရေယျ- သတ္တဝါအနန္တကိုလည်း သံသရာမှ လွတ်မြောက်စေအံ့တကား။

[သာဓု-သာဓု-သာဓု]

တဏှာဝဋ်တွင်းမှ ငါဘုရားကင်းလွတ်သလို သတ္တဝါ အနန္တလည်း တဏှာဝဋ်တွင်းမှ ကင်းစေအံ့လို့ အတိုင်းမသိ ဝမ်းမြောက်တော်မူတယ်။

လောဘ, ဒေါသ, မောဟတည်းဟူသော ကိလေသာဝဋ်တွင်းမှ ငါဘုရား လွတ်မြောက်ပြီ၊ နိဗ္ဗာန်ချမ်းသာ ငါဘုရား ရသလို သတ္တဝါအနန္တတို့လည်း လောဘ, ဒေါသ, မောဟ တည်းဟူသော ကိလေသာမှ လွတ်မြောက်ပြီး နိဗ္ဗာန်ချမ်းသာရစေအံ့လို့ အတိုင်းမသိ ဝိတိပါမောဒ္ဓ ဖြစ်တော်မူတယ်။

နိဗ္ဗာနကို သဘောပေါက်ပြီလား- (မှန်ပါဘုရား)။ နိဗ္ဗာနဆိုတာ ငြိမ်းတာ, အေးတာ၊ ဘာငြိမ်းတာလဲ၊ လောဘ, ဒေါသ, မောဟဆိုတဲ့ ကိလေသာမီး ငြိမ်းတာ, အေးတာ။

တရားနာ ပရိသတ်တွေ ယခုတရားနာတုန်း အချိန်မှာ လောဘ, ဒေါသ, မောဟ တရားတွေ ကင်းမနေဘူးလား- (ကင်းနေပါတယ်ဘုရား)။ အဲဒါ တဒင်္ဂနိရောဓ၊ တဒင်္ဂနိဗ္ဗာန် သဘောပေါက်ပြီလား- (မှန်ပါဘုရား)။ ဝမ်းမြောက်ကြစမ်းပါ။ သြော်... လူပုထုဇဉ်သာမည ဖြစ်သော်လည်း တို့ခေါင်းပေါက တို့ဘဘုရား လောဘ, ဒေါသ, မောဟမီးတွေ ငြိမ်းအေးပြီး သမုစ္ဆေဒ နိရောဓရသလို တို့လည်း တဒင်္ဂနိရောဓ၊ တဒင်္ဂ နိဗ္ဗာန်ဆိုတဲ့ နိဗ္ဗာန်ဆားမြည်းရပါပေါ့လားလို့ ဝမ်းမြောက်လိုက်ကြစမ်းပါ။ အဲဒီတော့ တို့တရားနာ ပရိသတ်တို့... တဒင်္ဂနိရောဓ၊ တဒင်္ဂနိဗ္ဗာန် ရနေကြပြီ။ နာကြားတဲ့ သုတမယဖြင့် နာကြားပြီးတဲ့အတိုင်း စိန္တာမယဖြင့် ကြံစည်ပြီးတော့ ဤ ရုပ်ဓမ္မ, နာမ်ဓမ္မ ခယဝယ ဥပ္ပါဒဖြစ်ပြီး ဝယ-ဗျက်ပါပေါ့လားလို့ သုတမယဖြင့် နာကြားပြီး သုတမယလွန်မြောက်ပြီး စိန္တာမယ လွန်မြောက်ပြီးတော့ ဘာဝနာမယရောက်အောင် ဒီရုပ်နဲ့ ဒီနာမ် မမြဲသည်၏အဖြစ်ကို အနိစ္စ လက္ခဏာတင် ဝိပဿနာဝင်လိုက်ရင် ဘာဝနာမယ ဖြစ်မသွားဘူးလား- (ဖြစ်ပါတယ်ဘုရား)။

အေး.... သုတမယဖြင့် ကြားနာပြီး စိန္တာမယရောက်အောင် စိန္တာမယဖြင့် ကြံစည်ပြီး ဘာဝနာမယရောက်အောင် ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းပါတယ်။ သဘောပေါက်ကြပြီလား- (မှန်ပါဘုရား)။

အဲဒီတော့ ရှေ့ဆက်သွားကြဦးစို့။

ဣန္ဒြိယ သံဝရ-စက္ခု စတဲ့ ဣန္ဒြေခြောက်ပါး စောင့်စည်းခြင်းမှ တစ်ပါး၊ ပါဏိန်-သတ္တဝါတို့၏၊ သောတ္တိ- ချမ်းသာရာ, ချမ်းသာခွင့်ကို၊ အဟံ- ငါဘုရားသည်၊ နပသာမိ-မြင်တော်မမူ။ အဲဒီတော့ ဣန္ဒြိယသံဝရ စောင့်စည်းခြင်းမှတစ်ပါး သတ္တဝါ အနန္တ ချမ်းသာသုခ ငါမမြင်၊ ဟောဒီ-ဘဘုရားရဲ့ တရားတော်ဟာ အားလုံးသော ဟောဒီတရားနာပရိတ်သတ်တွေ အကုန်လုံး ဣန္ဒြေခြောက်ပါးတရားတွေ တို့ အစ္ဈတ္တ ရောက်နေပါပေါ့လားလို့ ဝမ်းသာလိုက်ကြစမ်းပါ၊ ကြားလား- (မှန်ပါဘုရား)။ ဗုဒ္ဓဘာသာ ဓမ္မတာအားဖြင့် တရားနာလိုက်သည်နှင့် ဟိုဟိုဒီဒီကြည့် နိုင်ကြသေးလား- (မကြည့်နိုင်တော့ပါဘုရား)။ သဘာဝအားဖြင့် စက္ခုဣန္ဒြေကို စောင့်စည်းပြီးသား ဖြစ်မနေဘူးလား- (ဖြစ်နေပါတယ်ဘုရား)။

ဘာသံမှ နားမထောင်ဘဲနဲ့ တရားသံ နားထောင်နေတော့ သောတိန္ဒြေကော စောင့်စည်းပြီးသား ဖြစ်မနေဘူးလား- (ဖြစ်နေပါတယ် ဘုရား)။ နှာခေါင်းကလည်း ဃာနိန္ဒြေ။ ပါးစပ်ကလည်း စားချင်သောက်ချင် ကင်းပြီးတော့ ဇိဝှိန္ဒြေကော စောင့်စည်းပြီးသား ဖြစ်မနေဘူးလား။ ခန္ဓာကိုယ်ကလည်း

http://www.dhammadownload.com

ငါးဖြာအာရုံ ကာမဂုဏ်တွေ လွှတ်ပြီးတော့ တရား သာ အာရုံပြုနေတော့ ကာယိန္ဒြေကော စောင့်စည်း ပြီးသား ဖြစ်မနေဘူးလား– (ဖြစ်နေပါတယ်ဘုရား)။ စိတ်ကလည်း ထိုထိုဣဋ္ဌာ တွေးတောခြင်း ကင်းပြီး တော့ ကာမဝိတက်, ဗျာပါဒဝိတက် ကင်းပြီးတော့ တရားအာရုံပြုနေတော့ မနိန္ဒြေကော စောင့်စည်းပြီး သား ဖြစ်မနေဘူးလား– (ဖြစ်နေပါတယ် ဘုရား)

အေး.... စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေဆိုတဲ့ ဣန္ဒြေ ခြောက်ပါး သူတော်ကောင်းတရားတွေဟာ တို့ အစ္ဆရိယ ရောက် နေပေါ့လား၊ ဝမ်းသာစရာ မကောင်းဘူးလား– (ကောင်းပါတယ်ဘုရား)။ တရားနာလိုက်တဲ့ သဒ္ဓမ္မ– သဝနရဲ့ အတိဒုလ္လဘဟာ တန်ဖိုးဖြတ် နိုင်သေးလား – (မဖြတ်နိုင်ပါဘုရား)။

တဒင်္ဂနိဗ္ဗာန်လည်း တို့ပရိသတ်တွေ ရနေပြီ။ ဣန္ဒြေခြောက်ပါးစောင့်တဲ့ သူတော်ကောင်းတရား လည်း တို့ပရိသတ်တွေ ရနေပြီ။ ဝမ်းသာစရာ ကောင်းလိုက်ပုံကနော်။

ဣန္ဒြေမစောင့်လျှင် ဘာဖြစ်သလဲ

ဣန္ဒြေ မစောင့်စည်းတော့ ဘာဖြစ်ပါသလဲလို့ မေးစရာလေး နည်းနည်းလေး ဖြေလိုက်ကြဦးစို့။ အိပ်ရာကထ၊ အိပ်ရာဝင်ထိအောင် ဘုန်းကြီးကအစ တို့ တရားနာ ပရိသတ်တွေ ပုထုဇဉ်သဘာဝ ဟိုဟို ဒီဒီ မကြည့်ကြဘူးလား– (ကြည့်ပါတယ်ဘုရား)။ ကြည့်လိုက်တော့ သက်ရှိသက်မဲ့ လှတဲ့သဏ္ဌာန်လေး မြင်လိုက်တော့ နှစ်သက်တဲ့ တဏှာအာသယ ရောက် မလာကြဘူးလား– (ရောက်လာပါတယ် ဘုရား)။ အဲဒီတဏှာအာသယ နှစ်သက်တဲ့ အာနုဘော်ကြောင့် နဖူးလက်တင် အိပ်ရာဝင်လိုက်တော့ တစွဲလမ်းလမ်း နဲ့ ကြည့်ပြီးရင်း ကြည့်ချင်ရင်း၊ ကြည့်ပြီးရင်း ကြည့် ချင်ရင်း၊ ပြင်းထန်တဲ့ တဏှာရာဂ ဥပါဒါန် သဘာဝ ရောက်မလာဘူးလား– (ရောက်လာပါတယ်ဘုရား)။

အေး.... ကြည့်ပြီးရင်း ကြည့်ချင်ရင်း ဝိယဝိပ္ပ ယောဂ၊ ကြည့်ချင်တာ မကြည့်ရတော့ သောက ပရိဒေဝဒေါသဖြစ်၊ တဏှာရာဂ လွန်မြောက်ဥပါ ဒါန်ရာဂဖြစ်ပြီးတော့ သောကပရိဒေဝဒေါသ ရောက် မလာဘူးလား–(ရောက်လာပါတယ်ဘုရား)။ မမြင်ရ သေးရ ကောင်းပါသေးတယ်နော် ဆိုတော့ ဝိယဝိပ္ပ ယောဂ ဒုက္ခရောက်သည်နှင့် တစ်ပြိုင်နက် သောက ပရိ ဒေဝ ဒေါသ ရောက်ပြီးသကာလ သေရကောင်း ပါသေးတယ်နော်တဲ့။ သေမှန်းသိလျက်နဲ့ ဝါဆေးကို ဖျော်ရည်လုပ်သောက်လို့ ဆေးရုံခဏခဏ ရောက်ကြ ရတယ် မဟုတ်လား– (မှန်ပါဘုရား)။

အဲဒါတွေဟာ ဝိယဝိပ္ပယောဂသဘာဝ အတွက်ကြောင့် ရောက်မလာကြဘူးလား။ ဝိယဝိပ္ပ ယောဂစက္ခုန္ဒြေ မစောင့်စည်းတဲ့အတွက်ကြောင့် သေသည်တိုင်အောင် တစ်ခါတည်း ဖြစ်မလာကြဘူး လား– (ဖြစ်လာပါတယ်ဘုရား)။ အဲဒါ စက္ခုန္ဒြေ မစောင့်စည်းတဲ့အတွက်ကြောင့် ငရဲထိအောင် ရောက်မသွားကြဘူးလား– (ရောက်သွားပါတယ် ဘုရား)။

ထို့အတူ စက္ခုန္ဒြေ မစောင့်စည်းသလို သောတိန္ဒြေ မစောင့်စည်းရင်လည်း ငရဲထိအောင် ရောက်စေနိုင်တယ်။ ဃာနိန္ဒြေကလည်း ငရဲထိအောင် ရောက်စေနိုင်တယ်၊ မစောင့်စည်းရင် ပါးစပ်က စားချင် သောက်ချင်၊ စားသောက်ကြတဲ့အခါမှာ လည်း ရသတဏှာ ရာဂကို နဖူးပေါ်လက်တင် အိပ်ရာဝင်တော့ ဒီနေ့ စားလိုက်ရတာ ကောင်းလိုက် တာနော်လို့ အိပ်ရာဝင်တော့ စားမြုံ့ပြန်မနေကြ ဘူးလား– (ပြန်နေပါတယ်ဘုရား)။

အဲဒါ ဥပါဒါန် ရာဂတဲ့။ ရသတဏှာ အကြောင်းပြုပြီးတော့ ဥပါဒါန် ရာဂ ပေါ်လာကြ ပြန်တယ်၊ အဲဒီတော့ ဒီ ရာဂဇီဝိန္ဒြေ မစောင့်စည်း လိုက်ပြန်တော့လည်း အဲဒီရာဂဖြစ်မြဲ ဓမ္မတာပါ။ အဲဒါလေး သတိပြုကြ။

http://www.dhammadownload.com

ဘုန်းကြီးတို့ သူတော်ကောင်းတွေ ဥပုသ်နေ့တို့၊ အခါကြီး ရက်ကြီးတို့ ကြုံတဲ့အခါ ပထမတန်းကောင်းကောင်းလေး ချက်မလာကြဘူးလား– (ချက်လာပါတယ်ဘုရား)။ စားစမ်းပါလေ၊ ဒါတွေ ကျုပ်ကိုယ်တိုင် ချက်လာတာပဲ ဆိုပြီးသကာလ မကျွေးကြဘူးလား– (ကျွေးပါတယ်ဘုရား)။ ကောင်းကောင်းလို့ဆိုပြီး ကိုယ်ကိုယ်တိုင်က အရင် စားပြလိုက်သေးတယ်နော့်။ စားပြပြီးတော့ ကိုယ့်အပေါင်းအသင်းတွေ မကျွေးပေဘူးလား– (ကျွေးပါတယ်ဘုရား)။ စားတဲ့ ပုဂ္ဂိုလ်ကလည်း တိုက်တွန်းလိုက်တာ ကောင်းသားပဲ၊ ကောင်းသားပဲဆိုပြီးတော့ အဲဒီ ကောင်းတယ်ဆိုတာ ဘာတုံး တဏှာ။ နဖူးလက်တင် အိပ်ရာဝင်လိုက်တော့ သြော်... ငါ့မိတ်ဆွေ ချက်ကျွေးတဲ့ ဟင်းလေးက ကောင်းလိုက်တာနော်လို့ စားလိုက်ရတာဆိုပြီးတော့ နဖူးလက်တင် အိပ်ရာဝင်တော့ ဥပါဒါန်ရာဂတွေ၊ ရသရာဂတွေ ပေါ်မနေဘူးလား။ အဲဒီ ရာဂလက်ရှိနဲ့ သေရရင်တော့ တဏှာတည်းဟူသော လောဘအကြောင်းပြပြီးတော့ ပြိတ္တာဘဝ သွားရမြဲ ဓမ္မတာပါ။ အဲဒီရာဂလွန်မြောက်ပြီး သောကပရိဒေဝရောက်ရင် ဒေါသနဲ့ သေရရင်တော့ ငရဲသွားရမြဲ ဓမ္မတာ။

ရသ တဏှာ

အဲဒီတော့ သူတော်ကောင်းတွေ အခါကြီးရက်ကြီး စုပေါင်းပြီး ရသရာဂ ရသတဏှာတွေ ပေါ်မနေကြဘူးလား– (ပေါ်နေပါတယ်ဘုရား)။ ဥပုသ်နေ့ကျမှ အဲဒီကုသိုလ်က အများကြီးရတာ။ သဘောကျကြပြီလား– (ကျပါတယ်ဘုရား)။ အေး... အခါကြီး ရက်ကြီးရယ်လို့ စုပေါင်းညီညာ ပြီးတော့ ဥပုသ်စောင့်မယ် တရားနာမယ်ဆိုလာကြတာလည်း ကောင်းကောင်းလေး ချက်လာကြတာ၊ စားရင်း သောက်ရင်း မတ်တတ် သာယာနှစ်သက်တဲ့ ရသရာဂ တဏှာလွန်မြောက်ပြီးတော့ ဥပါဒါန်ရာဂ ရောက်ကြတယ်။

စားစဉ် တရားရှုမှတ်ပုံ

အဲဒီတော့–

ခါယိတော သာယိတော သမ္မဇာနကာရီ ဟောတီ –တဲ့၊ စားတဲ့ သောက်တဲ့အခါ မှတ်စိတ်လေးနဲ့ ထမင်းပွဲထိုင်လိုက်သည်နှင့် တစ်ပြိုင်နက်...

ထမင်းဆီ လက်ကသွားတယ်၊ သွားတယ်၊ ထမင်းနဲ့ လက်နဲ့ ထိတယ်, ထိတယ်၊ ထမင်းကို လက်က ကိုင်တယ်, ကိုင်တယ်၊ ထမင်းကို ပြင်တယ်, ပြင်တယ်၊ ထမင်းလုပ်ကို ယူတယ် ယူတယ်၊ ပါးစပ်က ဟတယ်, ဟတယ်၊ ပါးစပ်ထဲ ထမင်းခွဲ့တယ်, ခွဲ့တယ်၊ ထမင်းလုပ်ကို ငုံတယ်, ငုံတယ်၊ လက်က ထမင်းပန်းကန် ပြန်ပို့တယ်, ပို့တယ်၊ ထမင်းကို ဝါးတယ်, ဝါးတယ်၊ မျိုတယ်, မျိုတယ်နဲ့ ဒီလိုလေး ခယ ဝယ သဘာဝဖြင့် ဒီလိုလေးများ ဝိပဿနာရှုမှတ်ပြီးတော့ စားလာမယ်ဆိုရင်တော့ အဲဒီတဏှာဝင်နိုင်သေးလား– (မဝင်နိုင်ပါဘူးဘုရား)။ ဝါးတယ် သိတယ်လို့– ဝါးတာက ရုပ်တရား၊ ဝါးတယ်လို့ သိတာက နာမ်တရား။ ပထမ ဝါးတဲ့ ရုပ်တရား, နာမ်တရား၊ ဒုတိယ ဝါးတော့ ရှိသေးလား– (မရှိတော့ပါ ဘုရား)။ ပေါ်ရာမှတ်ဆိုတော့ ထမင်းစားတဲ့ အခါကျတော့ ဝါး–ရုပ်တရားနဲ့ သိ–နာမ်တရားလေး ပေါ်မလာဘူးလား–(ပေါ်လာပါတယ်ဘုရား)။ ဝါးလိုက်တဲ့ ရုပ်တရားနဲ့ သိ–နာမ်တရားတွေ ပေါ်လာတယ်။ ဝါးတာက ရုပ်၊ သိတာက နာမ်၊ ယောက်ျား, မိန်းမ, ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ငါ, သူတစ်ပါးမရှိ၊ ဝါးနေတဲ့ သဘာဝကလည်း ရုပ်တရားပဲ၊ သိနေတဲ့ သဘာဝကလည်း နာမ်တရားပဲ။

သြော်... ဝါးရင်းမတ်တတ် ဤသည်ကား ရုပ်၊ ဤသည်ကား နာမ်၊ သိလိုက်တဲ့ နာမ်တရား လေးပျောက်သွား ပျက်သွားတဲ့ သဘောလေး မသိလိုက်ဘူးလား၊ အဲဒီလို အပျက်မြင်လိုက်တော့ ရုပ်တရားရဲ့ မမြဲပုံတွေ၊ နာမ်တရားရဲ့ မမြဲပုံတွေကို အနိစ္စလက္ခဏာ ပွားပြီးသား ဖြစ်မသွားဘူးလား–

http://www.dhammadownload.com

(ဖြစ်သွားပါတယ်ဘုရား)။ သဿတဒိဋ္ဌိ ကင်းမသွားဘူးလား– (ကင်းသွားပါတယ်ဘုရား)။ အဲဒီ ဝါးတဲ့ ရုပ်တရားကြီးက သဿတရုပ်တရား မြဲတယ်လို့ ထင်နေတာက ဒိဋ္ဌိ၊ ဒီရုပ်နဲ့ ဒီနာမ်မြဲတယ်လို့ထင်တော့ သဿတနဲ့ ဒိဋ္ဌိနဲ့ ပေါင်းလိုက်တော့ သဿတဒိဋ္ဌိဘာတဲ့တုန်း– (သဿတဒိဋ္ဌိပါဘုရား)။

ဩော်... ဝါးတာက ရုပ်၊ သိတာက နာမ်၊ ရုပ်ကိုလည်း သုံးသပ်၊ နာမ်ကိုလည်း သုံးသပ်၊ ဩော်... ရုပ်မှတစ်ပါး မရှိပါလား၊ ရုပ်ကိုလည်း ပိုင်းခြားသိ၊ နာမ်ကိုလည်း ပိုင်းခြားသိတော့ နာမရူပပရိစ္ဆေဒဉာဏ် မရလိုက်ဘူးလား– (ရလိုက်ပါတယ်ဘုရား) နာမရူပပရိစ္ဆေဒအသိဉာဏ် ရလိုက်တော့ သက္ကာယဒိဋ္ဌိကော ကင်းမနေဘူးလား– (ကင်းပါတယ် ဘုရား)။

ဒီဓနုဘာကိုယ် ရုပ်တရားကြီးက သက္ကာယ၊ သိတာက သက္ကာယ၊ အဲဒီ သက္ကာယ ဆိုတဲ့ ရုပ်တရားနဲ့ သက္ကာယဆိုတဲ့ နာမ်တရားတို့သည် ဥပ္ပာဒ–ဖြစ်၊ ဝယ–ပျက်ပါပေါ့လားလို့ အဲဒီလို အပျက်လေးမြင်လိုက်တော့ သဿတဒိဋ္ဌိ ကင်းမသွားဘူးလား– (ကင်းသွားပါတယ်ဘုရား)။

ပထမ ဝါးရုပ်တရားနဲ့ သိနာမ်တရား သေသွားတော့ ဒုတိယ ဝါးရုပ်တရား သိနာမ်တရား အသစ်တစ်ဖန် ဖြစ်မလာဘူးလား– (ဖြစ်လာပါတယ်ဘုရား)။ အဲဒီလို အဖြစ်မြင်တော့ ဥစ္ဆေဒဒိဋ္ဌိ ကင်းမသွားဘူးလား– (ကင်းသွားပါတယ်ဘုရား)။ အေး... သူ့အကြောင်းကြောင့် သူ့အကျိုး ဖြစ်တယ်လို့ သိတော့ ဝိစိကိစ္ဆာကော ကင်းမသွားဘူးလား– (ကင်းသွားပါတယ်ဘုရား)။

အေး... ဒိဋ္ဌိကော ဝိစိကိစ္ဆာပါ ကင်းပြီး သကာလ စားရင်းပဲ ရဟန္တာဖြစ်နိုင်တယ်၊ သဘော ကျကြပြီလား– (ကျပါတယ်ဘုရား)။

အဲဒီတော့ တို့ယောဂီအပေါင်းတို့၊ စားခြင်း၊ သောက်ခြင်း ကိစ္စပြီးတော့ အိမ်သာ မသွားရပေဘူးလား၊ အိမ်သာထဲ ရောက်တော့ ကျင်ကြီး၊ ကျင်ငယ် မစွန့်ရဘူးလား– (စွန့်ရပါတယ်ဘုရား)။ ကျင်ကြီး၊ ကျင်ငယ် ဓာတ်လေးပါးက ရုပ်တရား၊ စွန့်တယ်လို့ သိတာက နာမ်တရား၊ ဤသည် ကား ရုပ်၊ ဤသည် ကား နာမ်၊ ရုပ်ကိုလည်း ပိုင်းခြားသိ၊ နာမ်ကိုလည်း ပိုင်းခြားသိပေးရပါမယ်။ ယောဂျား၊ မိန်းမ၊ ငါ၊ သူတစ်ပါး အမှတ်သညာပျောက်တော့ သက္ကာယဒိဋ္ဌိ ကင်းမသွားဘူးလား– (ကင်းသွားပါတယ် ဘုရား)။ သက္ကာယ ဆိုတာ ဒီရုပ်တရားကြီး သက္ကာယ...။

ဩော်... ဒီ ရုပ်တရားကြီးကိုပဲ ငါ, သူတစ်ပါး, ယောဂျား, မိန်းမ အထင်မှားနေတာက ဒိဋ္ဌိ၊ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ပေါင်းလိုက်တော့ အိမ်သာ တက်ရင်းပဲ သက္ကာယဒိဋ္ဌိ ကင်းမသွားဘူးလား– (ကင်းသွားပါတယ် ဘုရား)။

ဩော်...စွန့်ချတဲ့ ရုပ်ဓမ္မ, သိလိုက်တဲ့ နာမ်ဓမ္မ ဥပ္ပာဒဖြစ်၊ ဝယ–ပျက်ပါပေါ့လားလို့ အပျက်မြင်လိုက်တော့ သဿတဒိဋ္ဌိ ကင်းမသွားဘူးလား– (ကင်းသွားပါတယ်ဘုရား)။ အဲဒီ စွန့်ရုပ်တရားနဲ့ သိနာမ်တရား သေသွားတော့ စွန့် ရုပ်တရား၊ သိ နာမ် တရား အသစ်တစ်ဖန် ပေါ်မလာပြန်ဘူးလား– (ပေါ်လာပါတယ်ဘုရား)။ အသစ်တစ်ဖန် အဖြစ်ကို မြင်လိုက်တော့ ဥစ္ဆေဒဒိဋ္ဌိ ကင်းမသွားဘူးလား– (ကင်းသွားပါတယ်ဘုရား)။ သူ့အကြောင်းကြောင့် သူ့အကျိုးဖြစ်တယ်လို့ သိတော့ ဝိစိကိစ္ဆာ ကင်းမသွားဘူးလား– (ကင်းသွားပါတယ်ဘုရား)။

အိမ်သာတက်ရင်း တရားမှတ်

အိမ်သာတက်ရင်း ဝိပဿနာပွားလိုက်တော့ ဩော်... စွန့်တယ် သိတယ်၊ စွန့်တယ် သိတယ်ဆိုတော့ သမ္မာသတိ မဂ်စိတ်ရောက်မလာဘူးလား– (ရောက်လာပါတယ်ဘုရား)။ လုံ့လပြုလိုက်တော့ သမ္မာဝါယာမ၊ စွန့်တယ်, သိတယ်လို့ ကြိုးစားမှတ်လိုက်တော့ တည်ကြည်မှု သမ္မာသမာဓိ မဂ်စိတ်

http://www.dhammadownload.com

ရောက်မလာဘူးလား– (ရောက်လာပါတယ်ဘုရား)။ ရောက်သည်နှင့် တစ်ပြိုင်နက် သမ္မာဒိဋ္ဌိ ကောင်းသောမြင်ခြင်း၊ သမ္မာသင်္ကပ္ပ– ကောင်းသော ကြံစည်ခြင်းတဲ့၊ ဘယ်လိုကြံစည်လို့ ဘယ်လို မြင်သလဲတဲ့။ သမ္မာက ကောင်းတာ၊ ဒိဋ္ဌိက မြင်တာ၊ ကောင်းသော မြင်ခြင်းတဲ့။

ကောင်းသောမြင်ခြင်းက ဘယ်လိုတုံး၊ ပထမ စွန့်ရှုပ်တရားသည် မျက်စိတစ်မှိတ်အတွင်းမှာ ကုဋေပေါင်း ထောင်ကျော် သေတယ်။ သိနာမ် တရား ကုဋေတစ်သိန်း သေတယ်။ ကိုယ့် အသေကို မြင်တာ သမ္မာဒိဋ္ဌိ ကောင်းသောမြင်ခြင်း၊ ကိုယ့်အသေ ကိုယ် မြင်အောင် ကြံစည်တာ သမ္မာ သင်္ကပ္ပ၊ ကောင်းသော ကြံစည်ခြင်း၊ သဘောပေါက်ပြီလား– (ပေါက်ပါတယ်ဘုရား)။ ကိုယ့်အသေ ကိုယ်မြင်တော့ သမ္မာဒိဋ္ဌိသမ္မာသင်္ကပ္ပ မဂ်စိတ် အိမ်သာထဲ ရောက်မလာဘူးလား– (ရောက်လာပါတယ်ဘုရား)။

ကိုယ့်အသေ ကိုယ်မြင်တော့ မရဏမို့ ဒုက္ခဆိုတဲ့ ဒုက္ခသစ္စာ ပွားများပြီးသား ဖြစ်မလာဘူးလား– (ဖြစ်လာပါတယ်ဘုရား)။ ဒီရုပ်,ဒီနာမ် နှစ်သက်တဲ့ တဏှာတည်းဟူသော သမုဒယသစ္စာ ပဟာန ပယ်ပြီးသား ဖြစ်မသွားဘူးလား– (ဖြစ်သွားပါတယ် ဘုရား) ဒီနေရာ လောဘ, ဒေါသ တဒင်္ဂကင်းစင်ပြီးတော့ နိရောဓ ဆိုက်မသွားဘူးလား– (ဆိုက်သွားပါတယ် ဘုရား)။

အေး... ဒီကဲ့သို့ မဂ္ဂသစ္စာဖြင့် ပွားလိုက်တော့ အိမ်သာထဲတွင် သစ္စာ လေးချက် တစ်ပြိုင်နက် ဖြစ်၍ အိမ်သာထဲ ရဟန္တာ ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် အိမ်သာထဲ ဝိပဿနာတရား ဓယဝယ သဘာဝဖြင့် ဒီလိုပွားလိုက်တော့ အိမ်သာထဲ ရဟန္တာ ဖြစ်နိုင်တယ်။

သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ ကုဋီတွေ

သီဟိုကျွန်း(သီရိလင်္ကာ)မှာ ရှိသမျှကုဋီတွေ ဘယ်ကုဋီမှ ရဟန္တာမဖြစ်ဖူးတဲ့ ကုဋီမရှိပါဘူးတဲ့။

သရဏဂုံသဘောပေါက်ကြပြီလား– (ပေါက်ပါတယ်ဘုရား)။ အဲဒါကြောင့် ဒီ–

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ–
သဘောပေါက်စေဖို့။

ဗုဒ္ဓံ– မြတ်စွာဘုရားကို၊ သရဏံ– ကိုးကွယ်ရာ အားထားရာဟူ၍၊ ဂစ္ဆာမိ– ဆည်းကပ်ပါ၏၊ ဘုရား။

ဓမ္မံ–မဂ်လေးပါး, ဖိုလ်လေးပါး နိဗ္ဗာန်, ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ– ကိုးရာ ကွယ်ရာ အားထားရာဟူ၍၊ ဂစ္ဆာမိ– ဆည်းကပ်ပါ၏၊ အရှင်ဘုရား။

သံဃံ– ရှစ်ယောက် အရိယာ မြတ်သံဃာနှင့် သမျှတို သံဃာတော် အရှင်သူမြတ်တို့အား၊ သရဏံ –ကိုးရာ ကွယ်ရာ အားထားရာဟူ၍၊ ဂစ္ဆာမိ– ဆည်းကပ်ပါ၏၊ အရှင်ဘုရားလို့ မဆိုလိုက်ကြဘူးလား– (ဆိုလိုက်ပါတယ်ဘုရား)။

ဒီနေရာ သုဇြဟ္မာ နတ်သား ငါးရာသော နတ်သမီးတွေ ဘုရား, တရား, သံဃာရဲ့ ကိုးရာ ကွယ်ရာ ဖြစ်လိုက်ပုံက သေဘေးက လွတ်သွားတယ်၊ ငရဲမှ လွတ်သွားတယ်၊ နတ်စည်းစိမ် ရလာပါတယ်။ သောတာပတ္တိမဂ်ဖိုလ် တည်သွားပါတယ်။ ကိုးရာ ကွယ်ရာ အားထားရာ ဖြစ်မသွားဘူးလား– (ဖြစ်သွားပါတယ်ဘုရား)။

ဒီနေရာမှာ တရားရတနာ၏ ကိုးရာ ကွယ်ရာ အားထားရာဖြစ်ပုံလေး ဟောဖျင်ခုနစ်ပါး ရှင်းပြကြဦးစို့။ သတိသမ္ဗောဇ္ဈင်၊ ဟောဒီတရားနာ ပရိသတ်တွေ ဟောဒီသူတော်ကောင်းတရားတွေ အဖျတ္တ အကုန်ရောက်နေပါပြီ။ တရားနာနေတော့ အာရုံတစ်ပါးမသွားဘဲနဲ့ တရားစိုက်နာမနေဘူးလား။ အဲဒါ ဘာဟောဖျင်တွေတုံး။ သတိ–သမ္ဗောဇ္ဈင်၊ ဓမ္မ

http://www.dhammadownload.com

ဝိစယသမ္မောဇ္ဈင်၊ တရား ဝေဖန်ပြီးသကာလ နာတော့ ဓမ္မဝိစယ သူတော်ကောင်းတရား၊ တို့တရားနာ ပရိသတ်တွေ အဇ္ဈတ္တ ရောက်မလာဘူးလား- (ရောက်လာ ပါတယ်ဘုရား)။ လုံ့လပြုပြီး တရားနာနေတာက ဝီရိယသမ္မောဇ္ဈင်၊ နှစ်သက်နေတာက ပီတိသမ္မောဇ္ဈင်၊ လောဘ, ဒေါသ စသည် ငြိမ်းအေးနေတာက ပဿဒ္ဓိသမ္မောဇ္ဈင်၊ တည်ကြည်နေတာက သမာဓိသမ္မောဇ္ဈင်၊ ပြောအပ်တဲ့ ဝစီကံ, လုပ်အပ်တဲ့ ကာယကံ လျစ်လျူရှုပြီးတော့ တရားသာ အာရုံပြုနေတာက ဥပေက္ခာသမ္မောဇ္ဈင်သဘာဝ ရောက်မလာဘူးလား- (ရောက်လာပါတယ်ဘုရား)။ အေး... ဓမ္မဝိစယသမ္မောဇ္ဈင်၊ ဝီရိယ သမ္မောဇ္ဈင်၊ ပီတိသမ္မောဇ္ဈင်၊ ပဿဒ္ဓိ သမ္မောဇ္ဈင်၊ သမာဓိ သမ္မောဇ္ဈင်၊ ဥပေက္ခာ သမ္မောဇ္ဈင် ဗောဇ္ဈင်ခုနစ်ပါး သူတော်ကောင်းတရားတွေ တို့တရားနာ ပရိသတ်တွေရဲ့ အဇ္ဈတ္တ ရောက်နေပါပြီ၊ သဘောကျကြပြီလား- (ကျပါပြီဘုရား)။ အေး... သဘောကျလိုက်တော့ ဗောဇ္ဈင်ခုနစ်ပါး သူတော်ကောင်းတရားတို့သည် လည်းကောင်း၊ ဣန္ဒြေခြောက်ပါး သူတော်ကောင်းတရားတို့သည် လည်းကောင်း၊ သဗ္ဗနိသဂ္ဂ တဒင်္ဂနိဗ္ဗာန်ကိုလည်း ကောင်း၊ တို့ ရနေပေါ့လားလို့ ဝမ်းသာလိုက်ကြစမ်းပါ။ ဝမ်းမြောက်လိုက်ကြစမ်းပါ။ တရားနာတဲ့ တန်ဖိုးဟာ ကြီးလား- (ကြီးပါတယ်ဘုရား)။

ဒီနေရာ သုဇာတာနတ်သား ငါးရာသော နတ်သမီးတို့ ဓမ္မ ဝိစယ သမ္မောဇ္ဈင်ဖြင့် တရားနာတတ်ပုံလေး၊ တရားနာပုံနည်းလေး ယူလိုက်ကြဦး ကြီးလား- (ကြီးပါတယ်ဘုရား)။ ရှင်တော်ဘုရားက ဟောလိုက်တဲ့ အသံကို သဒ္ဒါရုံ ရုပ်တရားတဲ့၊ အသံတည်း ဟူသော ရုပ်တရားက အားလုံးသော တရားနာပရိသတ်တွေ နားထဲ သောတနား ပသာဒ အကြည်ဆိုတဲ့ သောတပသာဒ အကြည်ဓာတ် ရုပ်တရားလေးနဲ့ အသံရုပ် လာမထိလိုက်ဘူးလား- (ထိလိုက်ပါတယ်ဘုရား)။ အားလုံးသော တရားနာပရိသတ်တို့ရဲ့ နားခလောင်ထဲ သောတပသာဒ အကြည်ဓာတ်နဲ့ ဟောဒီက လွှတ်လိုက်တဲ့ အသံတို့ လာမထိလိုက်ဘူးလား- (ထိလိုက်ပါတယ်ဘုရား)။ ထိသည်နှင့် တစ်ပြိုင်နက် ဤသည်ကား အသံလို့ အသိလေး ပေါ်မလာဘူးလား- (ပေါ်လာပါတယ်ဘုရား)။ အဲဒီ အသံတည်းဟူသော သဒ္ဒါရုံရုပ် တရားသည် သောတပသာဒတည်းဟူသော ရုပ်တရားနှင့် ရုပ်, ရုပ်ချင်း ထိလိုက်တယ်။ အဲဒီ ထိသဘောလေးက ရုပ်၊ ဤသည်ကား အသံလို့ အသိ သဘောလေးက နာမ်သဘောကျပြီလား- (မှန်ပါ့ဘုရား)။ ပေါ်ရာမှတ်ဆိုတော့ တရားနာရင်း ဘာတွေပေါ်လာတုံး၊ ရုပ်,နာမ်ပေါ်လာပါတယ်၊ အေး... ထိသဘောက ရုပ်၊ သိသဘောက နာမ်တဲ့ သဘောကျပြီလား- (ကျပါတယ်ဘုရား)။ သိလိုက်တဲ့ သဘောကလေးက- (နာမ်တရားပါ ဘုရား)။

ဩော်... ဒါဟာ ရုပ်ပဲ၊ ဒါကနာမ်ပဲလို့ဆိုတော့ ဤသည်ကားရုပ်၊ ဤသည်ကား နာမ်လို့ အမှန်အားဖြင့် သိလိုက်တယ်။ ဒီလို အမှန်အားဖြင့် ဤသည်ကား ရုပ်၊ ဤသည် ကားနာမ်လို့ သိလိုက်သည်နှင့် တစ်ပြိုင်နက် ယောဂျီများ, မိန်းမအမှတ်သဘောပျောက်၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး အမှတ်သညာပျောက်ပြီး သကာလ ဒိဋ္ဌိကင်းမသွားဘူးလား- (ကင်းသွားပါတယ်ဘုရား)။ အဲဒါ ဘာဒိဋ္ဌိကင်းသလဲ၊ သက္ကာယဒိဋ္ဌိကင်းသွားပါပြီတဲ့။ သဘောကျပြီလား- (မှန်ပါဘုရား)။

တစ်, နှစ်, သုံး အလွယ်ဆုံးတရား

ဒီနေရာလေး ဥပမာပြကြဦးစို့။ သိလွယ်အောင် **တစ်**ဆိုတဲ့ အသံကြားလား- (ကြားပါတယ်ဘုရား)။ **နှစ်**ဆိုတဲ့ အသံကြားလား- (ကြားပါတယ်ဘုရား)။ **သုံး**ဆိုတဲ့ အသံကြားလား- (ကြားပါတယ်ဘုရား)။

အဲဒီ တစ်ဆိုတဲ့ အသံလေး ဘာခေါ်လဲ၊ ရုပ်

http://www.dhammadownload.com

တရား၊ အဲဒီတစ်ဆိုတဲ့ အသံရုပ်လေးက တရားနာ ပရိတ်သတ်တွေရဲ့ နားခလောင်ထဲ သောတပ သာဒ အကြည်ဓာတ်လေးနဲ့ လာမထိလိုက်ဘူးလား– (ထိပါတယ်ဘုရား)။ အဲဒီ ထိသဘောလေးက ဘာ ခေါ်သလဲ– (ရုပ်တရားပါဘုရား)။ ထိတယ်လို့ သိ လိုက်တဲ့ သဘောလေးက– (နာမ်တရားပါဘုရား)။ ထိသဘောက ဘာခေါ်သလဲ– (ရုပ်တရားပါဘုရား)။ ထိတယ်လို့ သိလိုက်တဲ့ သဘောလေးက– (နာမ် တရားပါဘုရား)။ အဲဒီ တစ်ဆိုတဲ့ ထိရုပ်, သိနာမ် တရားလေးဟာ နှစ်ဆိုတော့ ရှိသေးလား– (မရှိတော့ ပါဘုရား)။ နှစ်ဆိုတဲ့ ထိရုပ်တရား, သိနာမ် တရား ဟာ သုံးဆိုတော့ ရှိသေးလား– (မရှိတော့ပါဘုရား)။ အဲဒီလိုမရှိတာ ဘာဖြစ်လို့တုန်း၊ ပျောက်သွားလို့, ပျက်သွားလို့ သေသွားလို့။

ဒီဋ္ဌိကွာပုံ

အဲဒီ တစ်ဆိုတဲ့ ထိရုပ်တရားနဲ့ သိနာမ်တရား ဟာ နှစ်ဆိုတော့ မရှိ၊ အဲဒီလို ပျောက်သွား, ပျက်သွား တာကို မြင်ရင် သဿတဒိဋ္ဌိ ကင်းတယ်တဲ့၊ ကြား လား– (ကြားပါတယ်ဘုရား)။ ဩော်... အဲဒီတော့ ဤရုပ်နဲ့ ဤနာမ်တို့သည် မြဲနေတယ်။ ယခု မြင်နေ တဲ့ ရုပ်တည်းဟူသော ရူပါရုံ ရုပ်တရားတို့သည် မြဲနေတယ်လို့ ထင်ရင် သဿတဒိဋ္ဌိတဲ့။ အဲဒီတော့ ယခု တစ်ဆိုတဲ့ ထိရုပ်တရား သိနာမ်တရား နှစ်ဆို သည်နှင့် တစ်ပြိုင်နက် ရှာမရ ပျောက်ကြ, ပျက်ကြ ပါပေါ့လားလို့ မမြဲသည့်အဖြစ်ကို အနိစ္စ လက္ခဏာ ဉာဏ် ထင်လိုက်သည်နှင့်တစ်ပြိုင်နက် သဿတဒိဋ္ဌိ ကင်းမသွားဘူးလား– (ကင်းပါတယ် ဘုရား)။ တစ် ဆိုတဲ့ ထိရုပ် သိနာမ်တရား သေသွားတော့ နှစ်ဆိုတဲ့ ထိရုပ် သိနာမ်တရား အသစ်တစ်ဖန် ဖြစ်မလာဘူး လား– (ဖြစ်လာပါတယ်ဘုရား)။

အဲဒီလိုအဖြစ်ကိုမြင်တော့ ဥစ္ဆေဒဒိဋ္ဌိ ကင်း မသွားဘူးလား– (ကင်းသွားပါတယ် ဘုရား)။ သူ့ အကြောင်းကြောင့် သူ့အကျိုးဖြစ်တယ်လို့ သိတော့ ဝိစိကိစ္ဆာ ကင်းမသွားဘူးလား– (ကင်းသွားပါတယ် ဘုရား)။

မသာကြီးနား တစ်, နှစ်, သုံးဆိုရင် ကြားရဲ့ လား– (မကြားပါဘုရား)။ ဘာဖြစ်လို့ မကြားတာ တုန်း၊ သိတတ်တဲ့ နာမ်တရားမရှိတော့လို့တဲ့ ကြား လား– (မှန်ပါ့ဘုရား)။ မသာကြီးနားသွားပြီး တစ်, နှစ်, သုံးသိန်းသန်းဂဏန်းဆိုရင် ကြားရဲ့လား– (မကြားပါဘုရား)။ သိတတ်တဲ့ နာမ်တရား မရှိတော့ ဘူး၊ သေသွားပြီ။

သဒ္ဓါရဲ့ ဝိပဿနာ

ယခု တစ်ဆိုတဲ့အသံကြားရဲ့လား– (ကြားပါ တယ်ဘုရား)။ကြားရင်တော့ မသေသေးဘူးပေါ့နော်။

နှစ်ဆိုတဲ့ အသံကြားရဲ့လား– (ကြားပါတယ် ဘုရား)။ ဒါဖြင့် မသေသေးဘူး၊ မသေသေးရင်တော့ သုသာန်မပို့သေးဘူး၊ အသာထားဦးမယ်၊ သဘော ကျပြီလား– (ကျပါတယ်ဘုရား)။

အေး... တစ်ဆိုတဲ့ ထိရုပ်, သိနာမ်လေးဟာ နှစ်ဆိုတော့ ရှာမရ ပျောက်ကြ ပျက်ကြပြီ။ သခ်ါရ, အနိစ္စာ, သခ်ါရ တစ်ဆိုတဲ့ ထိရုပ်ဓမ္မ သိလိုက်တဲ့ နာမ်ဓမ္မ သခ်ါရတို့သည် ဝတ ဇကန္တေန စင်စစ်အား ဖြင့် အနိစ္စ အမြဲမရှိကုန်စွတကား။

ဥပ္ပါဒဝယဓမ္မိနော– ဖြစ်ရုပ်မရုပ် ဌိ,ဘင်စပ်၍ ပျက်တတ်သော သဘောရှိကြပေကုန်၏။ ဥပ္ပဇ္ဇိတ္ဝာ– အကြောင်းဆုံစည်း ဖြစ်ကုန်ပြီး၍၊ နိရုဇ္ဈန္တိ– ချုပ် ကုန်၏။ တေသံ–ထိုသခ်ါရတရားတို့၏၊ ဂုပသမော – ငြိမ်းရာဖြစ်ပါတဲ့ နိဗ္ဗာန်သည်သာလျှင်၊ သုခေါ– ကြည်သာအေးမြ ချမ်းမြေ့လှ၏တကား။ (သာခု– သာခု–သာခု)။

သုဇြဟ္မာ နတ်သားနဲ့ ငါးရာသော နတ်သမီး တို့သည် ဓမ္မ ဝိစယ သမ္ဗောဇ္ဈင်ဖြင့် တရားကို စူးစမ်း တယ်၊ ဆင်ခြင်တယ်၊ လေ့လာတယ်၊ ဝေဖန်တယ်။

http://www.dhammadownload.com

အဲဒီ တစ်ဆိုတဲ့ ထိရုပ်တရား သိနာမ်တရားတို့သည် ဥပဒါဒ ဖြစ်,ဝယ ပျက်ပါပေါ့လား။ ခယ ဝယ သဘာဝဖြင့် တရားအနာတတ်လိုက်တော့ တရားဆုံးတော့ သောတာပတ္တိမဂ်ဖိုလ် ရမသွားဘူးလား-(ရသွားပါတယ် ဘုရား)။

အဲဒါ ဓမ္မ ဝိစယ သမ္ဗောဇ္ဈင်ရဲ့ အာနုဘော်ပါ။ ဘယ်တရားမဆို ဒီလို စူးစမ်းဆင်ခြင်ပြီး နာတတ်ရင် မဂ်ဖိုလ်ရောက်ကြောင်းချည်းပါပဲ။ သဘောကျပြီလား-

(ကျပါပြီ ဘုရား)။

အဲဒါကြောင့် ဟောဒီတရားနာလိုက်တာ တရားဆုံးသည်နှင့် တစ်ပြိုင်နက် သောတာပတ္တိမဂ်ဖိုလ် ရမသွားဘူးလား-

(ရသွားပါတယ်ဘုရား)

အဲဒါကြောင့် အကာလိကော- အခါမလင့် အကျိုးပေးတတ်တဲ့ တရား၊ သွာက္ခာတာ-ဆိုတဲ့ ဂုဏ်တော်ခြောက်ပါးထဲက ပါမလာဘူးလား၊ အဲဒါကြောင့်တို့ တရားနာ ပရိသတ်တွေ သဘောပေါက်ပြီး သကာလ သြော်... ဒီဘုရား၊ ဒီတရား, ဒီသံဃာတို့သည် သတ္တဝါမှန်သမျှတို့၏ ကိုးရာကွယ်ရာ အားထားရာ စင်စစ်အမှန်ဖြစ်ပါပေါ့လား၊ သုခြဟူနတ်သားတို့ သေဘေး ငရဲဘေး လွတ်ရုံမက နတ်စည်းစိမ်ရ၊ နတ်စည်းစိမ် ရရုံမက သောတာပတ္တိမဂ်ဖိုလ်ရ၊ သဘောပေါက်ပြီလား-

(ပေါက်ပါတယ်ဘုရား)။

အဲဒါကြောင့်-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးရာကွယ်ရာ အားထားရာဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ-တရားတော်မြတ်ကို၊ သရဏံ-ကိုးရာကွယ်ရာ အားထားရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏ အရှင်ဘုရား။

သံဃံ သရဏံ ဂစ္ဆာမိ။

သံဃံ-သံဃာတော်မြတ်ကို၊ သရဏံ-ကိုးရာကွယ်ရာ အားထားရာ ဟူ၍၊ ဂစ္ဆာမိ- ဆည်းကပ်ပါ၏ အရှင်ဘုရား။

လို့ မဆိုလိုက်ကြဘူးလား- (ဆိုလိုက်ပါတယ်ဘုရား)။ အေး... ဒီဘုရား, ဒီတရား, ဒီသံဃာက ဘာများ ကိုးရာ ကွယ်ရာ အားထားရာ ဖြစ်ပါသလဲလို့ဆိုရင် သတ္တဝါ အနန္တတို့ကို...

- သေဘေး လွတ်မြောက်စေခြင်း၊
- ငရဲဘေး လွတ်မြောက်စေခြင်း၊
- လူစည်းစိမ်၊ နတ်စည်းစိမ် ပြန်ရစေခြင်း၊
- မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ ရစေနိုင်ခြင်း...

လို့ သရဏဂုံ၏ ကိုးရာ ကွယ်ရာ၊ သဘောပေါက်ကြပြီလား- (ပေါက်ပါပြီဘုရား)။

သဘောပေါက်ရင် ဆောက်တည်ကြစို့။

မိတ္ထီလာ ဝမ်းတော်ပြည့်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

ကျေးဇူးတော်ရှင်ဆရာတော်ကြီးများ၏ ဝိပဿနာရှုနည်းများ စတုတ္ထတွဲပြီး၏။

■

ကျော်နန္ဒအောင်

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ကန်တော်မင်းကျောင်းဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

ဆရာတော်ဘုရားကြီးများ၏ ရှုနည်းအကျဉ်းများကို စီစဉ်ရာတွင် ရှေးအတော်ကျသော ဆရာတော်ကြီးများ၏ ရှုနည်းများပါသကဲ့သို့ ယခုမျက်မှောက် ခေတ်ဆရာတော်ဘုရားကြီးများ၏ ရှုနည်းများလည်း ပါဝင်ခဲ့ပါသည်။ အတတ်နိုင်ဆုံး ရှေးရှေးဆရာတော်ကြီးများနှင့် စစ်ပြီးခေတ်ဘက်ပိုင်း ဆရာတော်ကြီးများ၏ ရှုနည်းတို့ကို ဝိပဿနာအားထုတ်ရန် ဝါသနာပါသူတို့အတွက် အဆင်ပြေစေရန် ထုတ်နုတ်၍ ပူဇော်ခဲ့သည်က များပါသည်။

ယခုရှုနည်းအကျဉ်း ပဋ္ဌမတွဲတွင် လက်လှမ်းမီသမျှ ဆရာတော်ကြီးများ၏ ရှုနည်းများကို မူရင်းအတိုင်း အာဘော် မပျက်စေရန် ဆရာတော်ကြီးများ၏ စာအတိုင်းစီစဉ်ခဲ့ပါသည်။ စစ်မပြီးမီနှင့် စစ်ပြီးခေတ်ပိုင်းအထိ ဆရာတော်ဘုရားကြီးများ၏ ရှုနည်းတို့မှာ စုဆောင်းသူ (ကျွန်တော်) အဖို့ လက်လှမ်းမီသမျှ ကုန်လုနီးဖြစ်ခဲ့ရပါသည်။ ယခု ပဋ္ဌမတွဲသည်လည်း စုဆောင်းရသလောက်ဆိုလျှင် ရှုနည်းများ ပူဇော်ရာတွင် နောက်ဆုံးစာအုပ် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

အကယ်၍ စာရှူသူများက ဘယ်ဆရာတော်ကြီးများ ကျန်ပါသေးသည်။ ဘယ်ကဲ့သို့ ကူညီပါမည်ဟု ဆက်သွယ်လာလျှင်ကား ဝမ်းမြောက် ဝမ်းသာစွာ ကျွန်တော့်အနေဖြင့် ဆက်လက်၍ ဆဋ္ဌမတွဲစသည်ပူဇော်ရန် အစီအစဉ်ရှိပါသည်။ ပဋ္ဌမတွဲကိုမူလက်လှမ်းမီသလောက် ဖော်ပြရာတွင် ယခုဖော်ပြပူဇော်မည့် ကန်တော်မင်းကျောင်း ဆရာတော်ကြီးမှာ အလွန်ရှေးကျလှပါသည်။

ကန်တော်မင်းကျောင်း ဆရာတော်ဟု ဆိုသော်လည်း သက္ကရာဇ် ၈၅၀ ခန့်တွင် အင်းဝခေတ် ဒုတိယမင်းခေါင်၏ အရီးတော် စစ်ကိုင်းမြို့စား မင်းလှထွတ်၏ ဆရာတော်ဖြစ်သော ရွှေနန်းကြော့ရှင် အရီးတော်ဘိုးတော် ဖွားရှင်၏ ဆရာလည်းဖြစ်သော မင်းလှထွတ် လက်ထက်မှ တူမ၊ ချွေးမဖြစ်သော ဘိုးတော်ဖွားရှင် လက်ထက်အထိ ကိုးကွယ်ခြင်းကို ခံယူတော်မူရသော စစ်ကိုင်းစီရင်စု မြင်းမူမြို့မှ တစ်တိုင်ကွာထီးဆောင်းရွာမြောက်ဘက် ကန်တော်ရွာတွင် ဖွားမြင်တော်မူသော လောကသာရပျိုး ဆုံးမစာကိုရေးသားတော်မူသော ကန်တော်မင်းကျောင်းဆရာတော်၏ ရှုနည်းမဟုတ်ပါချေ။

အောက်တွင် ဖော်ပြပါရှိသည့်အတိုင်း ကာယဂတာသတိကျမ်းကို ရေးသားတော်မူသော ဆရာတော်ဘုရားကြီး၏ ရှုနည်းဖြစ်ကြောင်းနှင့် ထေရပွတ္တိကို ရှာဖွေ၍ရပါက နောင်အလျဉ်းသင့်လျှင် ဖော်ပြမည်ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ကန်တော်မင်းကျောင်းဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

ဘုရားပစ္စေကဗုဒ္ဓါအား လည်းကောင်း၊ စကြာမင်းအားလည်းကောင်း သည်းခြေသလိပ် ပြည်သွေး ဟူသော လေးပါးသော အာသယတို့သည် ရှိသည်ချည်းဖြစ်ကုန်၏။ ပညာနုံသော ပုဂ္ဂိုလ်တို့အား မည်းကုန်၏။ သည်းခြေဖြောသောသူအား နောက်သောသစ်မယ်ဇယ်စေ့ဆီ အဆင်းဖြင့် လိမ်းကျံသကဲ့သို့၊ သလိပ်ပြောသော သူအား ဝိန်ရွက်ဖြင့် လိမ်းကျံသကဲ့သို့၊ ပြည်ပြောသောသူအား ပုပ်သောယက်တက်ရည်ဖြင့် လိမ်းကျံသကဲ့သို့၊ သွေးပြောသောသူအား တိန်းညက်ရည်၊ ချိုပ်ရည်ဖြင့် လိမ်းကျံသကဲ့သို့ စက်ဆုပ်ဖွယ်ရှိ၏။ ဤသို့အာသယဖြင့် ပဋိကူလအဖြစ်ကို အောက်မေ့အပ်၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ကန်တော်မင်းကျောင်းဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

၁။ ကာယဂတာသတိကမ္မဋ္ဌာန်း စီးဖြန်းခြင်းကို ပြရာအကြောင်း

ကာယဂတာသတိကမ္မဋ္ဌာန်း စီးဖြန်းခြင်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာသို့ ကပ်၍ ကိန်းအောင်းပြီးသော် ခြေ၏ အောက်အပြင်မှ အထက်၊ ဆံ၏ အဖျားအောက်၊ ဖီလာအားဖြင့် အရေတွင် အဝိုင်းအခြားရှိသော ဤ မဟာဘုတ်လေးပါးလျှင် မိရာရှိသော၊ ဤအကောင်ပုပ်သည် သွေးသည်ရှိ၏။ ချွေးသည်ရှိ၏။ အဆီခဲသည် ရှိ၏။ ဆံ၊ အမွေး အစရှိသော အပြားရှိသော မစင်အစုဖြင့် ပြည့်၏ဟု ဉာဏ်ဖြင့် ကောင်းစွာ ရှုအပ်၏။ အဘယ်သို့ ရှုအပ်သနည်းဟူမူ။ ဤအကောင်ပုပ်၏ အပေါင်း ကာယ၌ ဆံတို့သည် ရှိကုန်၏။ နှစ်ဆယ်သော ခြေသည်း၊ လက်သည်းတို့သည် ရှိကုန်၏။ အမွေးတို့သည် ရှိကုန်၏။ သွားတို့သည် ရှိကုန်၏၊ အရေထူးအရေပါးသည်ရှိ၏၊ အရိုး၌ ခြင်ဆီသည် ရှိ၏၊ အညှို့သည်ရှိ၏၊ နှလုံးသားသည်ရှိ၏၊ အသည်းသည်ရှိ၏၊ အဆုပ်ဟူသော အသားစုသည်ရှိ၏၊ နှစ်ဆယ့်တစ်ခွေသော အူကြိုးသည်ရှိ၏။ ထိုအအူကို ဖွဲ့၍ တည်သော အူဝယ်၊ အူသိမ်သည်ရှိ၏။ ထိုအူ၏ အဆုံးဖြစ်သော အစာသစ်သည်ရှိ၏၊ ထိုအူကြိုး၏ အဆုံး၌တည်သော အစာဟောင်းဟူသော ကျင်ကြိုးသည်ရှိ၏။ ဦးနှောက်သည်ရှိ၏။ သည်းခြေသည်ရှိ၏၊ သလိပ်သည်ရှိ၏၊ ပြည်သည်ရှိ၏၊ မျက်ရည်သည်ရှိ၏၊ အဆီကြည်သည်ရှိ၏၊ တံတွေး သည်ရှိ၏၊ နှပ်သည်ရှိ၏၊ အရိုးအဆစ်၌ဖြစ်သော အစေးသည်ရှိ၏၊ ကျင်ငယ်သည် ရှိသည်ဟု ဤသို့ ပညာမျက်စိဖြင့် ရှုအပ်၏။ ထိုသို့ ရှုသော ပုဂ္ဂိုလ်သည် ဤအကောင်ပုပ်၌ ဆင်အပ်လိမ်းကျံအပ်သော ပုလဲ၊ ပတ္တမြား၊ အကျောက်၊ မာလာ၊ ကျီကျူအစရှိသော ဝတ္ထုတို့ကို မမြင်မူ၍ စင်စစ်အားဖြင့် အလွန်စက်ဆုပ်ဖွယ် မတင့်တယ်သောအားဖြင့်ရှိသော များစွာသော မစင်စုတို့ကိုသာလျှင် မြင်သည်ဖြစ်ရာ၏။ ။

ဤကမ္မဋ္ဌာန်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ အလိုရှိသော၊ အာဒီကမ္မိကဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ကလျာဏမိတ္တဆရာ့ထံသို့ ကပ်၍ သင်ရာ၏၊ ထိုအရာသည် ခုနစ်ပါးသော ဥဂ္ဃဟကောသလ္လ၊ ဆယ်ပါးသော မနသိကာရကို ကြားအပ်၏။

၂။ ဥဂ္ဃဟကောသလ၊ ခုနစ်ပါးကို ပြရာအကြောင်း

ဝစသာ (၁)၊ မနသာ (၂)၊ ဝဏ္ဏတော (၃)၊ သဏ္ဌာနတော (၄)၊ ဒိသတော။ (၅)၊ ဩကာသိတော (၆)၊ ပရိစ္ဆေဒတော (၇)၊ ဤခုနစ်ပါးတည်း။ ထို ခုနစ်ပါးတို့တွင် (၁) ဝစသာဟူသည်ကား– ဤပဋိကူလ

http://www.dhammadownload.com

ကမ္မဋ္ဌာန်းသည် ပဋိကတ်သုံးပုံကို နှုတ်ငုံ၍ ထင်သော သူ ဖြစ်ငြားသော်လည်း မနသိကာရကို မပြုမီ နှုတ်မြွက်၍ သရဇ္ဈာယ်ရာ၏။ ထိုသို့ သရဇ္ဈာယ်ရာတွင် အချို့သော ယောဂီပုဂ္ဂိုလ်အား ကမ္မဋ္ဌာန်းသည် ထင်၏။ မလယဝါသီ မထေရ်၏အထံ ကမ္မဋ္ဌာန်းဟူသော မထေရ်နှစ်ဦးတို့တွင် တစ်ဦးသော ထေရ်ကား နှစ်နိကာယ်၊ တစ်ဦးသော ထေရ်ကား သုံးနိကာယ်တတ်၏၊ ထိုသို့ တတ်လင့်ကစား ပဒကို့ဏာဂါဟအားဖြင့် ယူစေလို၍ လေးလပတ်လုံး သရဇ္ဈာယ်လေဦးဟုပေး၏။ ကာလအရာအားဖြင့်လည်းကောင်း၊ ကာအတောင်အားဖြင့်လည်းကောင်း နှုတ်မြွက်သရဇ္ဈာယ်သဖြင့် ကမ္မဋ္ဌာန်းပါဠိကို လေ့ကျက်၏။ စိတ်ကိုလည်း ထိုမှဤမှ မပြေးမလွင့်စေဘဲ၊ ကောဋ္ဌာသတို့သည် လက်ချောင်း၊ ခြေချောင်းကဲ့သို့လည်းကောင်း၊ စောရမ်းခြေအစဉ်ကဲ့သို့လည်းကောင်း ထင်ကုန်၏။ (၁)မနသာဟူသည်ကား– နှုတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် နှလုံးဖြင့် သရဇ္ဈာယ်ခြင်း အကြောင်း ဖြစ်၏။ ထိုနှလုံးဖြင့် သရဇ္ဈာယ်ခြင်းသည် ဈာန်စသည်၏ ပဋိကူလလက္ခဏာကို ထိုးထွင်း၍သိခြင်း၏အကြောင်းဖြစ်၏။ (တစ်နည်း) အသုဘ လက္ခဏာကို သိခြင်း၏ အကြောင်းဖြစ်၏။ (၃) ဝဏ္ဏဟာရူသည်ကား– ဆံ အစရှိသော ဒွတ္တိံသာကာရတို့၏ အဆင်းအဖို့ကို ပိုင်းခြားအပ်၏။ (၄) သဏ္ဌာနတော ဟူသည်ကား– ဆံအစရှိသည်တို့၏ အလုံးအလျောင်းသဏ္ဌာန်ကို ပိုင်းခြား အပ်၏။ (၅) ဒိသတောဟူသည်ကား ချက်မှ အောက်အဖို့၊ အထက်အဖို့အားဖြင့် ဤမည်သော ကောဋ္ဌာသသည် ဤမည်သော အရပ်အဖို့၌ဖြစ်၏ဟု အောက်အထက်ကို ပိုင်းခြားအပ်၏။ (၆) ဩကာသတောဟူသည်ကား– ဤမျှသော ကောဋ္ဌာသတို့သည် ဤမျှသောအရပ်၌ တည်ကုန်၏ဟု ထိုထို ကောဋ္ဌာသ၏ တည်ရာကိုလည်း ပိုင်းခြားအပ်၏။ (၇) ပရိစ္ဆေဒတောဟူသည်ကား သဘာဝပရိစ္ဆေဒ၊ ဝိသဘာဂပရိစ္ဆေဒအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဤကောဋ္ဌာသသည် အောက်၊ အထက်၊ ဖီလာထက်ဝန်းကျင်အရပ်မှ ဤမည်သော ကောဋ္ဌာသဖြင့် ပိုင်းခြားအပ်၏။ ဤသို့သဘာဝပရိစ္ဆေဒကို မှတ်အပ်၏။ ။ကေသာတို့သည် လောမာမမည်ကုန်။ လောမာတို့သည်လည်း ကေသာ မမည်ကုန်။ ။ ဤသို့ကောဋ္ဌာသတစ်ပါးတို့နှင့် မရောသည်၏ အစွမ်းဖြင့် ပိုင်းခြားအပ်၏။ ဤသို့ ဝိသဘာဂပရိစ္ဆေဒကို သိမှတ်အပ်၏။ ။ဤဥဂ္ဂဟ ကောသလ္လ ခုနစ်ပါးကို ကြားသော ဆရာသည် ဒွတ္တိံသကာရ မဟာသတိပဋ္ဌာနသုတ်၌ ပဋိကူလအားဖြင့် မဟာဟတ္ထိပဒေါပမသုတ်၊ မဟာရာဟုလောဝါဒသုတ်၊ ဓာတုဝိဘင်္ဂသုတ်၌ ဓာတ်အားဖြင့် ကာယဂတာသတိသုတ်၌ အကြောင် ပုဂ္ဂိုလ်အား အဆင်းအားဖြင့်ထင်၏။ ထိုပုဂ္ဂိုလ်ကိုရည်၍ လေးပါးသော ဈာန်ကို ဝေဖန်၍ ဟောတော်မူ၏။ ။ ထိုတွင် ဓာတ်၏ လေးပါးသော အစွမ်းဖြင့် ဟောတော်မူအပ်သော ကမ္မဋ္ဌာန်းသည် ဝိပဿနာကမ္မဋ္ဌာန်း မည်၏။ ပဋိကူလအားဖြင့် ဟောတော်မူခြင်းသည် သမထကမ္မဋ္ဌာန်း မည်၏။

၃။ မနသိကာရ ကောသလ တရားကို ပြရာအကြောင်း

ဤခုနစ်ပါးသော ဥဂ္ဂဟကောသလ္လတို့ကို ကြားပြီး၍ အနုပုဗ္ဗ၊ နာတိ သီဃ၊ နာတိသဏိက၊ ဝိက္ခေပ ပဋိဗာဟန၊ ပဏ္ဍာတ္တိသမတိက္ကမ၊ အနုပုဗ္ဗမုဉ္စန။ အပွနာ၊ တယောစ သုတ္တန္တာ၊ ဤဆယ်ပါးသော မနသိကာရ ကောသလ္လကို ကြားအပ်၏။ ထိုတရားတို့တွင်– (၁)အနုပုဗ္ဗဟူသည်ကား သရဇ္ဈာယ်သည်မှ အစဉ်အတိုင်း နှလုံးပြုရာ၏။ တစ်ခုချန် နှစ်ခုချန် နှလုံးမပြုရာ။ ထိုသို့ပြုသော ယောဂီပုဂ္ဂိုလ်အား သုံးဆယ့်နှစ်ထပ်ရှိသော လေ့ကားကို တစ်ခုနှစ်ခုခုနှ်၍ တက်သဖြင့် ပင်ပန်း၍ကျသကဲ့သို့ ဘာဝနာ၏ ပြည့်စုံခြင်း၊ လက္ခဏာကို သိခြင်းသို့မရောက်နိုင်။

http://www.dhammadownload.com

ရအပ်၊ ရလတွံ့သော ဈာန်ကို မရခြင်းကြောင့် စိတ်ပင်ပန်းသဖြင့် နောက်သို့လည်၍ကျတတ်၏။

(၂) နာတိသီဃ ဟူသည်ကား အစဉ်အတိုင်း နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်အား မလျင်လွန်းသော အားဖြင့် ပြုအပ်၏။ **လျင်လွန်းမှု**။ သုံးယူဇနာရှိသောခရီးကို သွားသောသူသည် သွားအပ်စွန့်အပ်သောခရီးကို ကြိုးမမှတ်မိသကဲ့သို့ ပဋိကူလ မနသိကာရကို မမှတ်မိမူ၍ လျင်သောအဟုန်ဖြင့် အကြိမ်တစ်ရာ သွားလာခြင်းကို ပြုသော ယောဂျိုးအား အခွန့်သည် ကုန်ခြင်းသို့ ရောက်ငြားသော်လည်း သွားအပ်သောခရီး၊ စွန့်အပ်သောခရီးကို မေး၍ သာလျှင် သွားအပ်သကဲ့သို့၊ ထိုအတူ ကမ္မဋ္ဌာန်းသည် အဆုံးသို့ ရောက်ငြားသော်လည်း ပဋိကူလမနသိကာရသည် ကောင်းစွာ မထင်။

(၃) နာတိသဏိက ဟူသည်ကား မနှေးလွန်းမူ၍ ပြုအပ်၏။ **နှေးလွန်းမှု**။ တစ်နေ့တည်း၌ ရောက်အပ်သော သုံးယူဇနာရှိသော ခရီးကို သွားလိုသော ယောဂျိုးအား ခရီးအကြား၌ သစ်ပင်၊ တောင်၊ ရေကန်အစရှိသည်တို့၌ ဆွဲကာ၊ တက်ကာ ဆင်းကာ၊ သွားသည်ဖြစ်အံ့။ ခရီးသည် ကုန်ခြင်းသို့ မရောက်၊ နှစ်ရက် သုံးရက်မှ ပြီးဆုံးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ကမ္မဋ္ဌာန်းသည် ပြီးဆုံးခြင်းသို့ မရောက်။ ဈာန်အစရှိသော တရားအထူးကို ရခြင်း၏ အကြောင်းမဟုတ်။

(၄) ဝိက္ခေပ ပဋိဘာဟန ဟူသည်ကား ဆံအစရှိသည်တို့၌ အသု စိပဋိကူလဟု ဖြစ်စေအပ်သော အသုဘ ကမ္မဋ္ဌာန်းကို စွန့်၍ အပဖြစ်သော များစွာသောအာရုံ၌ စိတ်ပျံ့လွင့်ခြင်းကို ဖြစ်အပ်၏။ (ဥပမာကား) တစ်ဖဝါးသာ ဆန့်လောက်သော လက်ဝဲ၊ လက်ယာ ကမ်းပါးပြတ်ရှိသော ခရီးကို သွားလိုသော ယောဂျိုးအား ဖဝါးနင်းအပ်သောခြေရာကို မမှတ်မကြည့် သတိမပြုမူ၍ ထိုမှ ဤမှကြည့်သည်ဖြစ်၍ ဖဝါးအလှမ်း ရွှတ်ယွင်းသည်ရှိသော် အသူတရာနက်သော ကမ်းပါးပြတ်၌ကျရာ၏။ ထို့အတူ အပဋ္ဌပျံ့လွင့်ခြင်းသည် ကောသာအစရှိသည်တို့၌ သုဘအစရှိသောအားဖြင့် ယူသည်ရှိသော် ကမ္မဋ္ဌာန်းသည် ယုတ်၏။ ပျောက်ပျက်၏။ ထို့ကြောင့် စိတ်၏ ပျံ့လွင့်ခြင်းကို ပယ်ဖျက်ရာ၏။

(၅) ပဏ္ဏတ္တိသမတိက္ကမ ဟူသည်ကား– ကောသာ၊ လောမာ အစရှိသော ဝေါဟာရပညတ်ကိုလွန်၍ စက်ဆုပ်ရွံရှာဖွယ်ဟူသော စိတ်ကိုထားရာ၏။ အဘယ်သို့ ထားရာသနည်းဟူမူ ရေရခဲသောအခါ သူတို့သည် ဆာ၌ ရေတွင်းကို ဆွေ့မြင့်လျှင် ထိုရေတွင်း၌ ထန်းရွက်အစရှိသောအမှတ်ကို ထားကုန်၏။ ထိုအမှတ်ဖြင့် သည်အရပ်တွင် ရေရှိ၏ဟု ဝင်၍ သောက်ချိုး ကုန်၏။ ထိုသို့ သုံးဖန်များသဖြင့် ခရီးထင်၏။ ထိုထင်သောအခါ၌ ထန်းရွက်မှတ်အံ့သော ကိစ္စ မပြုမူ၍ ထင်ပြီးသောခရီးဖြင့် ဝင်၍ အလိုရှိတိုင်း သောက်ချိုးခြင်းကို ပြုသကဲ့သို့ ထို့အတူ ရှေးအဖို့၌ကား ကောသာ၊ လောမာ ဟူ၍ ပညတ်အားဖြင့် မနသိကာရကို ပြု၍ ပဋိကူလဘာဝနာထင်သော အခါမှစ၍ ထိုကောသာ၊ လောမာ အစရှိသောပညတ်ကို လွတ်၍ ပဋိကူလ အဖြစ်၌သာ စိတ်ကို ထားအပ်၏။ ဤဥပမာ၌ ခရီးသွားသော လူအပေါင်းနှင့် ကမ္မဋ္ဌာန်းရှုသော ယောဂီပုဂ္ဂိုလ်နှင့်တူ၏။ ရေတွင်း၌ ကောသာ၊ လောမာ အစရှိသော ကောဋ္ဌာသနှင့်တူ၏။ ထန်းရွက်စသောအမှတ်နှင့် ကောသာ၊ လောမာစသော ပညတ်နှင့်တူ၏။ ထိုထန်းရွက် စသောအမှတ်ဖြင့် လူတို့သည် ရေတွင်း၌ သောက်ချိုးကုန်သည့်နှယ် ယောဂါဝစရဖြစ်သော၊ ကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်၏ရှေးအဖို့၌ ကောသာ၊ လောမာ စသော ပညတ်ဝေါဟာရအစွမ်းဖြင့် နှလုံးသွင်းခြင်းနှင့်တူ၏။ မပြတ်သွားလာသဖြင့် ခြေရာထင်သောကြောင့် ထန်းရွက် စသော အမှတ်သညာကို အမှတ်မရှိဘဲ အလိုရှိတိုင်းသွား၍ သောက်ချိုးကုန်သည်နှင့် ယောဂါဝစရ ပုဂ္ဂိုလ်၏ နှလုံးသွင်းခြင်းအစွမ်းဖြင့်

http://www.dhammadownload.com

ပညာကိုလွန်၍ ပဋိကူလ စက်ဆုပ်ရုံရှုဖွယ်သော စိတ်ကောင်းစွာထား၍ ဘာဝနာကို အားထုတ်သည်နှင့် တူ၏။

(၆) အနုပုဗ္ဗမုဉ္ဇန ဟူသည်ကား အစဉ်အားဖြင့် နှလုံးပြုရာ၌ အကြင်ကြောင့် ကောဋ္ဌာသသည် မထင်။ ထိုမထင်သော ကောဋ္ဌာသကို လွတ်သော အားဖြင့် နှလုံးပြုအပ်၏။ အဘယ်သို့ လွတ်၍ နှလုံးပြုအပ်သနည်းဟူမူ– အစဉ် ကသာဟု နှလုံးပြုသော မနသိကာရသည် ခုန်၍ မုတ္တံ့ ဟူသော အဆုံးကောဋ္ဌာသကိုထိ၍ တည်ရာ၏။ မုတ္တံ့ဟု မနသိကာရပြုသော ယောဂီပုဂ္ဂိုလ်အား မနသိကာရနှင့်သွား၍ ကသာဟူသော ဤသို့ အစရှိ သော ကောဋ္ဌာသကို သာထိ၍တည်၏။ နှလုံးသွင်းသော ပုဂ္ဂိုလ်အား အချို့သော ကောဋ္ဌာသတို့သည် ထင်ကုန်၏။ အချို့သော ကောဋ္ဌာသတို့သည် မထင်ကုန်။ ထိုယောဂီပုဂ္ဂိုလ်သည် အကြင် ကောဋ္ဌာသသည် ထင်၏။ ထိုကောဋ္ဌာသ၌ ရှေးဦးစွာ နှလုံးသွင်းခြင်းကို ပြုအပ်၏။ အကြင်မျှလောက် နှစ်ခုသော ကောဋ္ဌာသသည် အလွန်ထင်ကုန်၏။ ထိုထင်သော နှစ်ခုသော ကောဋ္ဌာနတို့တွင် တစ်ခုသော ကောဋ္ဌာသသည် အလွန်ထင်၏။ ထိုထင်သော ကောဋ္ဌာသကိုသာလျှင် အဖန်ဘလဲလဲ နှလုံးသွင်းသဖြင့် အပွနာကို ဖြစ်စေအပ်၏။ ။

(ဥပမာကား)။ သုံးဆယ့်နှစ်ပင်ရှိသော ထန်းတော၌ အမြဲနေသော မျောက်ကို ဖမ်းသော မုဆိုးသည် အစဉ် တည်သော ထန်းပင်၏အရွက်ကို မြှားဖြင့်ပစ်၍ ကြွေးကြော်ခြင်းကို ပြုရာ၏။ ထိုအခါ မျောက်သည် အစဉ်အတိုင်း ထိုထိုထန်းပင်သို့ ခုန်၍ အဆုံးဖြစ်သော ထန်းပင်သို့သာလျှင် ရောက်ရာ၏။ ထိုထန်းပင်၌လည်းသွား၍ မုဆိုးသည် ရှေးအတူပင် ပြုသည်ရှိသော် တာဝန်ရှေးနည်းသာလျှင် အစဉ်တည်သော ထန်းပင်သို့လာရာ၏။

ထိုမျောက်သည် အဖန်တလဲလဲ အစဉ်အတိုင်း လိုက်အပ်သည်ဖြစ်၍ ကြွေးကြော်ရာ ကြွေးကြော်ရာ အရပ်၌သာလျှင် ထ၍ အစဉ်သဖြင့် တစ်ခုတစ်ခုသော ထန်းပင်သို့ခုန်၍ ထိုထန်းပင်အလယ်၌ မပွင့်သေးသော ထန်းရွက်ဖူးကို မြစွာကိုင်၍ ပစ်သော်လည်း မတရားသကဲ့သို့ ဤအတူ မှတ်အပ်၏။ ဤ၌ သုံးဆယ့်နှစ်ပင်သော ထန်းပင်ကဲ့သို့ ဤကိုယ်၌ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသကို မှတ်အပ်၏။ မျောက်ကဲ့သို့ စိတ်ကိုမှတ် အပ်၏။ မုဆိုးကဲ့သို့ ယောဂါဝစရပုဂ္ဂိုလ်ကို မှတ်အပ်၏။ မျောက်၏ သုံးဆယ့်နှစ်ပင်ရှိသော ထန်းတော၌ အမြဲနေရခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသရှိသော ကိုယ်၌ အာရုံပြုအပ်သောအားဖြင့် အဖန်တလဲလဲ သုံးသပ်ခြင်းကို မှတ်အပ်၏။

မုဆိုးသည် အစဉ် တည်သော ထန်းပင်၏ အရွက်ကို မြှားဖြင့်ပစ်၍ ကြွေးကြော်ခြင်းကို ပြုသည်ရှိသော် မျောက်၏ ထိုထိုထန်းပင်သို့ ခုန်၍ အဆုံး၌ တည်သော ထန်းပင်သို့ရောက်ခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ကသာဟု နှလုံးသွင်းခြင်းကို အားထုတ်သည်ရှိသော် ကမ္မဋ္ဌာန်းစဉ်အတိုင်း ရောက်၍ အဆုံးဖြစ်သော ကောဋ္ဌာသ၌သာလျှင် စိတ်၏ ကောင်းစွာတည်ခြင်းကို မှတ်အပ်၏။ တစ်ဖန်ပြန်၍ သွားခြင်း၌လည်း ဤနည်းတူ၏။ အဖန်တလဲလဲ လိုက်အပ်သော မျောက်၏ ကြွေးကြော်ရာ၊ ကြွေးကြော်ရာ အရပ်၌ ထခြင်းကဲ့သို့ နှလုံးသွင်းသည်၏ အဆုံး၌ နှစ်ခုသောကောဋ္ဌာသတို့တွင် အကြင်ကောဋ္ဌာသသည် ကောင်းစွာထင်၏။ ထိုကောဋ္ဌာသကိုသာလျှင် အဖန်တလဲလဲ နှလုံးသွင်း၍ အပွနာဖြစ်စေခြင်းကို မှတ်အပ်၏။

(၇) အပွနာဟူသည်ကား– တစ်ခုတစ်ခုသော ကောဋ္ဌာသ၌ အပွနာသည် ဖြစ်၏။

(၈) တယောစသုတ္တန္တာ ဟူသည်ကား အဓိစိတ္တသုတ်၊သီတိဘာဝသုတ်၊ ဗောဇ္ဈင်္ကောသလ္လ။ ဤသုံးပါးတည်း။

http://www.dhammadownload.com

ထိုသုံးပါးတို့တွင် ချစ်သားရဟန်းတို့၊ သမထ ဝိပဿနာ ဘာဝနာ စိတ်ကို အဖန်တလဲလဲ လုံ့လပြု သော ရဟန်းသည် သုံးပါးသော နိမိတ်တို့ကို အခါ ခပ်သိမ်း နှလုံးသွင်းအပ်ကုန်၏။ အခါသိမ်း သမာဓိ နိမိတ်ကို စိတ်၌ထားအပ်၏။ အခါခပ်သိမ်းမှတ်အပ် သောအခြင်းအရာ၊ ချီးမြှောက်အပ်သော အခြင်းအရာ ကို စိတ်၌ ဖြစ်စေအပ်၏။ အခါခပ်သိမ်းမှတ်တတ် သောအခြင်းအရာ၊ လျစ်လျူရှုအပ်သော အခြင်းအရာ ကို စိတ်၌ ဖြစ်စေအပ်၏။ ဤသို့ အစ ရှိသည်ဖြင့် ဟောတော်မူခြင်းသည်။ ။ အဓိစိတ္တ သုတ်မည်၏။

ဝိဇ္ဇာတ္တအဓိပ္ပာယ်ကား အကြင်ရွေပန်းထိမ် သည်သည် ရွှေကို မီးဖုတ်အပ်သောအခါ မီးဖုတ်၏။ ရေဖြင့် သတ်အပ်သောအခါ သတ်၏။ လျစ်လျူ ရှုအပ်သောအခါ လျစ်လျူရှု၏။ ထိုသို့ ပြုမူလျှင် ရွှေ သည် ပျောင်းညုံစင်ကြယ်ခြင်းအမှု၌ ခံသကဲ့သို့ သမထဝိပဿနာတည်းဟူသော အဓိစိတ်နှင့် ယှဉ် သော ယောဂီသည်လည်း ရံခါရံခါ သမာဓိဖြစ် ကြောင်း နိမိတ်။ ဝိရိယကို အာရုံနှလုံးပြုရာ ရံခါရံခါ ဝိရိယကို လျှော့၍ သမာဓိနှင့် ဝိရိယမျှကြောင်း ဖြစ်သော နိမိတ်အာရုံကို နှလုံးဖြင့် လျစ်လျူရှုရာ၏။ အကယ်၍ သမာဓိနိမိတ်ကိုသာ နှလုံးပြုအံ့။ ဘဝင် စိတ်သည် ဖြစ်ခြင်းငှာဖြစ်၏။ ဝိရိယနိမိတ်ကိုသာ နှလုံးပြုသည်ရှိသော် ဘာဝနာစိတ်သည် ပျံ့လွင့်ခြင်း ငှာ ဖြစ်တတ်၏။ ထို့ကြောင့် ဝိရိယသမာဓိနှစ်ပါးကို မျှစိမ့်သောငှာ ရံခါလည်း သမာဓိနိမိတ်၊ ရံခါလည်း ဝိရိယနိမိတ်၊ ရံခါလည်း ဥပေက္ခာနိမိတ်ကို နှလုံးပြုမှ သာလျှင် ထို ထိုသော ပုဗ္ဗဟေတု အစရှိသော အကြောင်းသည် ပြည့်စုံသည်ရှိသော်။ ဈာန်အဘိ ညာဏ်စသောတရားကိုရခြင်းငှာ ထိုက်၏။ ချစ်သား ရဟန်းတို့၊ ခြောက်ပါးသောတရားနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် အကယ်၍ ပူပန်ခြင်းမရှိသော၊ ကိလေသာမှ ငြိမ်းစေတတ်သော သီတိဘာဝကို ရခြင်းငှာ ထိုက်၏။

၄။ ခြောက်ပါးအရာကို အကျယ်ပြခြင်း

အကြင်အခါ ဘာဝနာစိတ်သည် ဥဒ္ဓစ္စနှင့် ယှဉ်သောအားဖြင့် နှိပ်စက်အပ်သော အဖြစ်သို့ ရောက်၏။ ထိုအခါ စိတ်ကို ဥဒ္ဓစ္စသို့ကျခြင်းမှ စောင့် ရှောက်သဖြင့် နှိပ်စက်အပ်၏ (၁)။ အကြင်အခါ စိတ်သည် ပျံ့လွင့်ခြင်းသို့ ရောက်၏။ ချီးမြှောက်အပ် ၏။ ထိုအခါ စိတ်ကို ကောသဇ္ဇမှ စောင့်ရှောက်သဖြင့် ချီးမြှောက်အပ်၏ (၂)။ အကြင်အခါ စိတ်သည် ဘာဝနာနှင့် အမျှဖြစ်၍ နှစ်သက်၏။ ဘာဝနာသို့ မပြေးမဝင်သည်ဖြစ်၍လည်းထိုင်၏။ ထိုအခါ ဇာတိ၊ ဇရာစသော သံဝေဂ ဝတ္ထုကို အောက်မေ့၍ ရွှင်စေ၊ ထိတ်လန့်စေအပ်၏ (၃)။ အကြင်အခါ စိတ်သည် ပျံ့လွင့်ခြင်းကင်းသည်ဖြစ်၍ မျှသောအားဖြင့် ဘာဝနာ လမ်းသို့ သက်၏။ ထိုအခါ မဂ္ဂဟ၊ နိဂ္ဂဟ၊ သမ္မဟံ သနတို့၌ တစ်စုံတစ်ခုသော ဗျာပါရကို မပြုမူ၍ လျင် စွာ သွားသော မြင်းရထားတို့၌ ရထားထိန်းသည် လျစ်လျူရှုသကဲ့သို့ လျစ်လျူရှုအပ်၏ (၆)။ မြတ် သော မဂ်ဖိုလ်တရားသို့ ရှိုင်းညွတ်သည်ဖြစ်၍၊ နိဗ္ဗာန် ၌ မွေ့လျော်သည်ဖြစ်၏။ ။ဤခြောက်ပါးနှင့် ပြည့်စုံ သော ယောဂီသည် သီတိဘာဝကို ရအပ်၏။ ။ သီတိဘာဝသုတ်။

၅။ ဗောဇ္ဈင်္ဂကောသလကို အကျဉ်းပြခြင်း အကြောင်း

ဘာဝနာစိတ် တွန့်တိုသောအခါ သတိ၊ ဝီရိယ၊ ပီတိ၊ ဓမ္မဝိစယ၊ ဤ သမ္ဗောဇ္ဈင်္ဂလေးပါးကို ပွားစေ အပ်၏။ ပျံ့လွင့်သောအခါ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ၊ ဤသမ္ဗောဇ္ဈင် သုံးပါးကို ပွားစေအပ်၏။ ။ဗောဇ္ဈင်္ဂကောသလသုတ်။

၆။ ကမ္မဋ္ဌာနိကပုဂ္ဂိုလ်တို့၏ ပရိက်ကို ပြကြောင်း

ဤသို့ဆိုအပ်ခဲ့ပြီးသော ခုနစ်ပါးသော ဥဂ္ဂဟ ကောသလ္လကို ကောင်းစွာသင်ခြင်း၊ သရဇ္ဈာယ်ခြင်း၊

http://www.dhammadownload.com

အလေ့အကျင့်ပြု၍ ကောင်းစွာသင်ပြီးမှ ဤ မနသိကာရ ကောသလ္လဟု ဆိုအပ်သော အစီအရင်ကို ကောင်းစွာ မှတ်သား ပိုင်းခြား၍ ဤနှစ်ပါးသော ကောသလ္လအားဖြင့် ကမ္မဋ္ဌာန်းကို ကောင်းစွာ သင်ရာ၏။ ထိုယောဂီပုဂ္ဂိုလ်အား အကယ်၍ ဆရာနှင့် တစ်ကျောင်းတည်းနေ၍ ဖာသုဝိဟာရဖြစ်၏။ ထိုသို့ပြစ်မှုအကျယ်အားဖြင့် မကြားစေမူ၍၊ ကမ္မဋ္ဌာန်းကိုအားထုတ်သဖြင့် နိမိတ်ထင်ခြင်းအစရှိသော အထူးသို့ရောက်မှ အထက်သို့ကြားစေအပ်၏။ တစ်ပါးတည်း နေစေလိုမူ ဆိုအပ်ခဲ့ပြီးသော အစီအရင်ဖြင့် အကျိုးကိုဆိုစေ၍ အဖန်တလဲလဲ ဆရာရှေ့ ပြန်စေ၍ အလုံး သော အနက်အဓိပ္ပာယ်အားဖြင့် သိနိုင်ခဲသော အရာ။ ဂဏ္ဌိဌာနတို့ကို ပေးခြင်းအစရှိသော ဉာဏ်ဖြင့် စင်ကြယ်စွာ ဆုံးဖြတ်၍ မလျော့ကပ်တော်သော ကျောင်းကို စွန့်လျက် သပ္ပါယဖြစ်သော ကျောင်း၌ နေ၍ ခုဒ္ဒက ပလိဗောဓ ကိုဖြတ်၍ ပဋိကူလမနသိကာရ၌ ပရိကံကိုပြုအပ်၏။ ပရိကံပြီး၏။

၇။ ဆံအစရှိသောကောဋ္ဌာသအစု၌ ရှုဆင်ခြင်အပ်သော အခြင်းအရာကိုပြကြောင်း

တစ်ချောင်း တစ်ချောင်းသော ဆံကိုနုတ်၍ လက်ဝါး၌ ထားပြီးလျှင် အသင့်မှတ်ရာ၏။ ဖြတ်ရာရိတ်ရာ၌သော်လည်း ကြည့်ရာ၏။ ရေခွက်၊ ယာဂုခွက်၌သော်လည်းလည်း ကြည့်ရာ၏။ မည်းသော အခါမြင်မူ မည်း၏။ ဖြူသောအခါမြင်မူ ဖြူ၏။ အမည်း၊ အဖြူ ရောသောအခါ များရာသို့လိုက်၍ မှတ်အပ်၏။ ။ တစပဉ္စကအစရှိသည်တို့၌လည်း ဆိုအပ်ပြီးသောနည်းဖြင့် ကြည့်၍ နိမိတ်ကိုယူရာ၏။ ထိုနိမိတ်ကိုယူ၍ ကောဋ္ဌာသတို့ကို ဝဏ္ဏ၊ ဂန္ဓ၊ အာသယ၊ ဩကာသအားဖြင့် မှတ်၍ အဆင်းသဏ္ဌာန် အနံ့မှိရာတို့၏အစွမ်းဖြင့် စက်ဆုပ်ရွံရှာဖွယ်အဖြစ်ကို မှတ်အပ်၏။

၈။ ကေသာ ဆံတို့ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အရပြကြောင်း

ကေသာ ဆံတို့သည် ဝဏ္ဏအားဖြင့် မည်းကုန်၏။ (တစ်နည်း) ပုတီး နက်အဆင်းရှိကုန်၏။ ။ ကာယာနုပဿနာဌာနကား အဆင်းသို့လိုက်၍ အနက်၊ အဖြူ ၎င်းနှစ်ပါးရောသော အဆင်းအားဖြင့် သုံးမျိုးရှိကုန်၏။ ။သဏ္ဌာနအားဖြင့် ရှည်ရှည်လျားလျားလုံးလုံးသဏ္ဌာန်။ လုံးသော ဝင်ရိုးသဏ္ဌာန်ရှိ၏။ ။ ကာယာနုပဿနာဌာနကား ချိန်ခွင်ပေါင်သဏ္ဌာန်ဟုဆို၏။ ဒိသအားဖြင့်ချက်မှ အထက်အရပ်ဖြစ်၏။ ဩကာသအားဖြင့် နံပါးနှစ်ဖက်၊ နားရွက်ရှေ့၊ နဖူးနောက်၊ လည်ကုပ်တို့ဖြင့် ပိုင်းခြားအပ်၏။ ။ (တစ်နည်း) ဦးခေါင်းခွံကိုရစ်သော၊ စိုသောအရေထူသည် ဆံတို့၏တည်ရာဖြစ်၏။ ။ပရိစ္ဆေဒအားဖြင့် ဆံတို့သည် အရပ်သို့ဝင်၍မိမိအမြစ်ဖြင့်တည်၏။ အထက်ကောင်းကင်ဖြင့် ဖီလာ ထက်ဝန်းကျင်၌ တစ်ခုတစ်ခုဖြင့် ပိုင်းခြားအပ်၏။ သဘာဝပရိစ္ဆေဒ။ ။ကေသာတို့သည် လောမာမမည်ကုန်။ လောမာလည်း ကေသာမမည်ကုန်။ ဤသို့ဆံတို့သည် အသီးသော အစု ဖြစ်ကုန်၏။ ကြင်းသော သုံးဆယ့်တစ်ပါးသော ကောဋ္ဌာသတို့နှင့် ရောယှက်ခြင်းမရှိ။ ဝိသဘာဂ ပရိစ္ဆေဒ။ ။ ထိုဆံတို့၏ အဆင်းအစရှိသည်တို့၏ အစွမ်းဖြင့် ငါးပါး သော စက်ဆုပ်ရွံရှာဖွယ်အားဖြင့် ပိုင်းခြားအပ်၏။ ။ ဤဆံတို့သည် အဆင်းအားဖြင့်လည်း ကောင်း၊ သဏ္ဌာန်အားဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်းကောင်း၊ မှိရာအကြောင်း အားဖြင့်လည်း ကောင်း၊ တည်ရာဖြင့်လည်းကောင်း စက်ဆုပ် ရွံရှာဖွယ်ရှိကုန်၏။ ။မနသိကာရသခ်ေပ။ ။ဝိတ္ထာရကား မနစ်သက်ဖွယ်သော ယာဂုဆွမ်းခွက်၌ ဆံအဆင်းရှိသော တစ်စုံတစ်ခုသော အမှိုက်ကိုမြင်၍ ဤယာဂုဆွမ်းသည် ဆံနှင့်ရောစေ၏။ ဆံနှင့်ရောခြင်းကြောင့် စက်ဆုပ်ရွံရှာဖွယ်ရှိစွတကား၊ ထိုယာဂုဆွမ်းကို ရှောင်လေဖဲလေ။ ဤသို့ ဆံတို့သည် အဆင်း

http://www.dhammadownload.com

အားဖြင့် စက်ဆုပ်ဖွယ်ရှိကုန်၏။ ညဉ့်ကာလ၌ ထမင်းစသည် စားကုန်သော သူတို့သည် ဆံပင် သဏ္ဌာန်ရှိသော မရိုးမျှင်။ သင်ပန်းကြွင်းကို ထည့်၍ လည်း ထိုအတူ စက်ဆုပ်ဖွယ်ရှိကုန်၏။ ဤသို့ ဆံတို့သည် သဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်ရှိကုန်၏။ ဆီလိမ်းခြင်း၊ အခိုး အထုံစသည် ကင်းသော ဆံတို့၏အနံ့သည် လွန်စွာစက်ဆုပ်ဖွယ်ရှိ၏။ မီးခဲ့ထည့် အပ်သောဆံတို့၏ အနံ့သည် ထိုပြုပြင်ခြင်းကင်းသော ဆံ၏အနံ့ထက် အလွန်စက်ဆုပ်ဖွယ်ရှိ၏။ ။ ဆံတို့သည် အဆင်းသဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ် မရှိကုန်သော်လည်း အနံ့အားဖြင့် စက်ဆုပ်ဖွယ်ရှိကုန်၏။ အလွန်ငယ်သောသူ၏ကျင်ကြီးသည် နန္ဒင်းသားအဆင်း၊ နန္ဒင်းတောင့် သဏ္ဌာန်ရှိ၏။ တံမြက်ချေးစုရာအရပ်၌ စွန့်ပစ်အပ်သော ဖူးဖူးရောင်သော ခွေးနက်ကောင်သည်လည်း ထန်းသီးမည့် အဆင်းရှိ၏။ လုံး၍ စွန့်ပစ်အပ်သော မရိုးစည်သဏ္ဌာန်ရှိ၏။ ထိုခွေး၏ အစွယ်တို့သည်လည်း မြတ်လေးငုံနှင့်တူကုန်၏။ ဤနှစ်ပါးသော သူငယ်မ၏မစင်၊ ခွေးကောင်တို့သည် အဆင်းသဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်မရှိ၊ အနံ့အားဖြင့် စက်ဆုပ်ဖွယ် ဖြစ်သကဲ့သို့ ထိုအတူ ဆံတို့သည်လည်း အဆင်းသဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်ဟု မှတ်အပ်သိအပ်၏။ မစင်ရှိရာ အရပ်၌ ရွာစက်ရေဖြင့် ပေါက်သော ဟင်းရွက်တို့ကို မြို့ရွာနေလူ အပေါင်းတို့ စက်ဆုပ်အပ်ကုန်၏။ ဤဆံတို့သည် မစင်၌ပေါက်သော အမှိုက်ကဲ့သို့ သုံးဆယ့်တစ်ပါးသော ကောဋ္ဌာသအစု၌ ပေါက်ကုန်သည် ဖြစ်ကုန်၏။ ထိုဆံတို့သည် သုသာန်အရပ်၊ တံမြက်ချေးစုရာ အရပ်စသည်တို့၌ ပေါက်ရောက်သော ဟင်းရွက်ကဲ့သို့ လည်းကောင်း၊ ကျုံး အစရှိသည်တို့၌ ပေါက်ရောက်သော ဟင်းရွက်ကဲ့သို့ လည်းကောင်း၊ ကျုံးအစရှိသည်တို့၌ ပေါက်ရောက်သော ကြာဖြူ၊ ကြာညို၊ ကြာနီ၊ ကြာပဒုမ္မာအစရှိသော ပန်းတို့ကဲ့သို့လည်းကောင်း မစင်ကြယ်သော အရပ်၌ ပေါက်ရောက်သည်၏အဖြစ်ကြောင့် လွန်စွာ စက်ဆုပ်ဖွယ် ရှိကုန်၏။

၉။ လောမာ- အမွေးတို့ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရပြကြောင်း

လောမာ- အမွေးတို့သည် ဝဏ္ဏအားဖြင့် ပြကတ္တေသော အဆင်းဖြင့် ဆံတို့ကဲ့သို့ တစ်ပါးသော အဆင်းနှင့်မရောဟု သက်သက်မည်းသည်မဟုတ်။ မည်းသောကြောင်သော အဆင်းရှိကုန်၏။ ကာယာနုပဿနာ၌ကား ဆံတို့လောက် မနက်။ အမည်းအကြောင်းအဆင်းရှိကုန်၏။ ။သဏ္ဌာန်အားဖြင့် ညွတ်သောအဖျားရှိသော ထန်းမြစ်သဏ္ဌာန်ရှိ၏။ ။ဒီသအားဖြင့် ချက်မှ အထက်အောက်သည် ဖြစ်ကုန်၏။ ။သြကာသအားဖြင့် ဆံတို့၏တည်ရာအရပ်ကိုလည်းကောင်း၊ လက်ဖဝါး၊ ခြေဖဝါးတို့ကိုလည်းကောင်းထား၍ ကိုယ်ကို ရစ်ပတ်သောအရေ၌ ပေါက်ကုန်၏။ ။ပရိစ္ဆေဒအားဖြင့် ကိုယ်ကိုရစ်ပတ်သော အရေ၌ လိကွာမြူ အတိုင်းအရှည်ရှိသော အရပ်တို့ ဝင်၍တည်သော အောက်ရပ်၌၊ မိမိ၏အဖြစ်ဖြင့် အထက်၌ ကောင်းကင်ဖြင့် ထက်ပတ်ဝန်းကျင်မှ အချင်းချင်း ပိုင်းခြားအပ်ကုန်၏။ သဘာဂ၊ ဝိသဘာဂပရိစ္ဆေဒမှာ ဆံ၌ပြဆိုခဲ့သော နည်းကိုမှီး၍ သိအပ်၏။ နောက်နောင်သော ကောဋ္ဌာသတို့၌လည်း မပြမဆိုပြီ။ ။ဆံအမွေးတို့၏ သချိုင်္ကာကို အဋ္ဌကထာဆရာ ပြမှာတော်မမူ။ ဆရာကြီးတို့သည်ကား ဆံကို နှစ်ကုဋေ ငါးသန်းဟူ၍လည်းကောင်း၊ သုံးကုဋေ ခြောက်သန်းဟူ၍ လည်းကောင်း၊ ရှစ်ကုဋေ ခြောက်သန်းဟူ၍လည်းကောင်း ဆိုတော်မူကုန်၏။ ။ဘုမ္မဿင်္ဂဟဆရာကား အမုကောဋ္ဌိယာ ကေသာစ၊ နဝုတိလောမ သဟဿာနိ ဟု ဟောတော်မူကုန်၏။ ။ ဤအလိုဖြင့် ဆံကိုငါးသန်း၊ အမွေးကို ကိုးသောင်း၊ နဝသဒ္ဒါတစ်ခုကြေကြေမူ အမွေးကိုးထောင်ရှိကုန်၏ ဟု ဆိုလို၏။ အထဿန္တရာပိတိ ဥပ္ပပ္ပိတ္တာ၊ နဝနဝုတိ

http://www.dhammadownload.com

လောမ သဟဿာနိ ဥဒ္ဓဂ္ဂါနိဟောန္တိ။ တေနဝုတ္တံ၊ သံဝိဂ္ဂါလော မဟတ္တာဇာတော်ဟူသော မဇ္ဈိမပဏ္ဏာသနှင့် အညီဟု ဝိသုဒ္ဓိမဂ် ဒီပနီ ယောဇနာ ဆရာတော်မှာတော်မူ၏။

၁၀။ နခါ- ခြေသည်း၊ လက်သည်းတို့ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရပြကြောင်း

နခါ-နှစ်ဆယ်သော ခြေသည်း၊ လက်သည်းတို့သည် ဝဏ္ဏအားဖြင့် ဖြူကုန်၏။ အသားတွင်း၌ နိ၏။ ။သဏ္ဌာန်အားဖြင့် ငါးကြင်းကြေး သဏ္ဌာန်၊ ယောက်သွားသဏ္ဌာန်ရှိကုန်၏။ ။ကာယာ နုပဿနာ၌ကား သစ်မယ်ဇယ်စေ့သဏ္ဌာန်ဟု ဆို၏။ ။ဒိသအားဖြင့် ခြေသည်း၊ လက်သည်းတို့သည် ချက်မှ အောက်အထက်အရပ်ဖြစ်ကုန်၏။ ။သြကာသအားဖြင့် ခြေ ချောင်း၊ လက်ချောင်းတို့၏ အဖျားဖြစ်သော အပြင်တို့၌ ပေါက်ကုန်၏။။ဒီပနီ၌ကား ခြေချောင်း၊ လက်ချောင်းတို့၏အဖျား ကျောက်ကုန်းရာ၌ တည်ကုန်၏ဟုဆို၏။ ပရိစ္ဆေဒအားဖြင့် နှစ်ခုနှစ်ခုသော အရပ်တို့၌ လက်ချောင်း၊ အစွန်းသားတို့အတွင်း၌ လည်းကောင်း၊ လက်ချောင်းတို့၏ ဖနောင့်သားပြင်ပ၌လည်းကောင်း၊ အဖျား၌လည်းကောင်း ကောင်းကင်ဖြင့် ထက်ဝန်းကျင်မှ အချင်းချင်း ပိုင်းခြားအပ်ကုန်၏။

၁၁။ ဒန္တာ- သွားတို့ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

ဒန္တာ- သုံးဆယ့်နှစ်ချောင်းသော သွားရိုးတို့သည် ဝဏ္ဏအားဖြင့် ဖြူကုန်၏။ ။ သဏ္ဌာန်အားဖြင့် များသော သဏ္ဌာန်ရှိကုန်၏။ ။ ထိုအောက်သွား၊ အထက်သွား အစဉ်တို့တွင် အောက်အစဉ်၌ အလယ်သွား လေးချောင်းတို့သည် မြေစိုင်ခဲ၌ ထားအပ်သော ဘူးစေ့နှင့် တူကုန်၏။ ထိုအလယ်လေးချောင်း သွားတို့၏ နံပါးနှစ်ဖက်တို့၌ တစ်ခုတစ်ခုသောသွားသည် တစ်ခုသောအဖြစ်၊ တစ်ခုသော အစွန်းရှိ၏။ ကြက်ရုံးငုံသဏ္ဌာန်ရှိ၏။ ထိုသွားမှပြင်၌ တစ်ချောင်း၊ တစ်ချောင်းသော သွားသည် နှစ်ခုသော အဖြစ်၊ နှစ်ခုသော အစွန်းရှိ၏။ လှည်းဦး၌ ထောက်အပ်သော လှည်းထောက်သဏ္ဌာန်ရှိ၏။ ထိုမှပြင်၌ နှစ်ချောင်း၊ နှစ်ချောင်းသော သွားတို့သည် သုံးခုသောအဖြင့်၊ သုံးခုသောအစွန်းရှိကုန်၏။ ထိုသွားမှပြင်၌ နှစ်ချောင်း၊ နှစ်ချောင်းသော သွားတို့သည် လေးခုသော အဖြစ်၊ လေးခုသော အစွန်းရှိကုန်၏။ အထက်အစဉ်၌လည်း ဤနည်းတူမှတ်။ ။သီသအားဖြင့် ချက်မှ အထက်အရပ်၌ ဖြစ်၏။ သြကာသအားဖြင့် နှစ်ခုသော မေးရိုးတို့၌ တည်ကုန်၏။ ပရိစ္ဆေဒအားဖြင့် မေးရိုး၌တည်သော မိမိအဖြစ်ဖြင့် အထက်အာကာသထက်ဝန်းကျင်မှ အချင်းချင်းဖြင့် ပိုင်းခြားအပ်ကုန်၏။

၁၂။ တစော- အရေထူ၊ အရေပါးတို့ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရပြကြောင်း

တစော- ကိုယ်အလုံးကို ရစ်၍တည်သော အရေသည် ထိုအရေ၏ အထက်၌ မည်းသော အဆင်း၊ ဖြူသောအဆင်း၊ ရွှေအဆင်းရှိသော ကိုယ်အလုံးမှခွာ၍ လုံးသည်ရှိသော် ဆီးစေ့ အတိုင်းအရှည်ရှိ၏။ ထိုအပေါ် အရေပါးသည် ဆဝိမည်၏။ အရေထူသည် စမ္မမည်၏။ ဝဏ္ဏအားဖြင့် ဖြူ၏။ ထိုအရေထူ၏ ဖြူသောအဖြစ်သည်လည်း မီးလျှံနှိပ်စက်ခြင်း၊ လက်နက် ထိုးရှခြင်း အစရှိသည်တို့ကြောင့်လည်း ဖျက်ဆီးအပ်သော အရေသည် ထင်ရှား၏။ သဏ္ဌာန်အားဖြင့် ကိုယ်သဏ္ဌာန်ရှိ၏။ (ဤကိုယ်၌ သဏ္ဌာန်ရှိ၏ ဟူသော စကားသည် သခ်ေပတည်း)။ ဝိတ္ထာရကား- ခြေချောင်းကို ရစ်သောအရေသည် အအိမ်ကိုပြုသော ပိုးတို့၏ နေရာ၊ ပိုးအိမ်သဏ္ဌာန်ရှိ၏။ ဖမိုးရေသည်၊ ဖမိုးဖုံးတပ်သော ဖိနပ်အိတ်သဏ္ဌာန်ရှိ၏။ မြင်းခေါင်းရေသည် ထမင်းထုပ်သော ထန်းရွက်

http://www.dhammadownload.com

သဏ္ဌာန်ရှိ၏။ ပေါင်ရေသည် ဆန်ဖြင့် ပြည့်သော၊ ရှည်သော အိတ်သဏ္ဌာန်ရှိ၏။ တင်သားရေသည် ရေဖြင့်ပြည့်သော ရေစစ်ပဝါသဏ္ဌာန်ရှိ၏။ ကျောက်ကုန်းရေသည် ပျဉ်၌ ကြက်အပ်သော သားရေသဏ္ဌာန်ရှိ၏။ ဝမ်းရေသည် စောင်းခွက်၌ မြွေးကြက်အပ်သော သားရေသဏ္ဌာန်ရှိ၏။ ရင်ရေသည် များသောအားဖြင့် လေးထောင့်သဏ္ဌာန်ရှိ၏။ လက်မောင်းနှစ်ဖက်တို့၏ အရေသည် ဝင်ရိုး၌စွပ်၍ ကြက်အပ်သော သားရေသဏ္ဌာန်ရှိ၏။ လက်ဖရိုးရေသည် သင်တုန်း ဓားအိတ်သဏ္ဌာန်ရှိ၏။ လက်ချောင်းရေသည် သံကောက်အိမ်သဏ္ဌာန်ရှိ၏။ လည်ရေသည် လည်စွပ် သင်တိုင်းသဏ္ဌာန်ရှိ၏။ မျက်နှာရေသည် အပေါက်အပေါက်ရှိ၏။ (တစ်နည်း)။ ပေါက်ဖတ်မည်သော ပိုး၏အသိုက်သဏ္ဌာန်ရှိ၏။ ဦးခေါင်းရေသည် သပိတ်အိတ်သဏ္ဌာန်ရှိ၏။ ဤကား ဝိတ္ထာရတည်း။

၁၃။ တစ အရကို ယောဂါဝစရပုဂ္ဂိုလ်တို့ အကျယ် နှလုံးသွင်းရန် အကြောင်း

တစသိမ်းဆည်းလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် အထက်နှုတ်ခမ်းမှစ၍ အထက်သို့ ရှေးရှုဉာဏ်ကိုဖြစ်စေ၍ ရှေးဦးစွာ မျက်နှာကို မြွေးယှက်၍ တည်သောအရေကို မှတ်အပ်၏။ ထို့နောက်မှ နဖူးရေကို၊ ထို့နောက်မှ အိတ်၌ထည့်သော သပိတ်၏ လည်းကောင်း၊ အိတ်၏ လည်းကောင်း၊ အကြားဖြင့် လက်ကို သွားသကဲ့သို့၊ ဦးခေါင်းရေ၏ အကြားဖြင့် ဉာဏ်ကို သွင်း၍ အရိုးနှင့်တကွ အရေ၏ တစ်စပ်တည်း၏ အဖြစ်ကိုခွာ၍ ဦးခေါင်းရေကို မှတ်အပ်၏။ ထို့နောက်ပခုံးရေ၊ ထို့နောက် အနုလောမအားဖြင့် လည်းကောင်း၊ ပဋိလောမအားဖြင့်လည်းကောင်း၊ လက်ယာရေကို၊ ထို့နောက် လက်ဝဲလက်ရေ၊ ထို့နောက်ကျောက်ကုန်းရေကို မှတ်၍ အနုလောမ အားဖြင့်လည်းကောင်း၊ ပဋိလောမအားဖြင့်လည်းကောင်း၊ လက်ယာခြေရေ၊ ထို့နောက် လက်ဝဲခြေရေ၊ ထို့နောက် အစဉ်သဖြင့် စည်ပေါင်းရေ၊ ဝမ်းရေ၊ နှလုံးခွံရေ၊ လည်ရေတို့ကို မှတ်ပြီးသော် လည်ရေကို မှတ်သည်၏ အခြားမဲ့၌ အောက်မေးရိုးအမှတ်၌ အောက်နှုတ်ခမ်းအဆုံးတိုင်အောင် လျှောက်၍ပြီးစေအပ်၏။ ပခုံးအရပ်မှစ၍ လက်မောင်း၏ နောက်အပြင်သို့ သယ်၍ မှတ်ခြင်းသည် အနုလောမမည်၏။ လက်ကောက်ဝတ်မှစ၍ လက်မောင်း၏ ရှေးအဖို့သို့ သယ်၍မှတ်ခြင်းသည် ပဋိလောမမည်၏။ တစ၌ အနုလောမ၊ ပဋိလောမဆင်ခြင်နည်း။ ဒိသအားဖြင့် ချက်မှအထက်အောက်အရပ်မျက်နှာတို့၌ဖြစ်၏။ ။ ဩကာသအားဖြင့် ကိုယ်အလုံးကို မြွေးယှက်၍ တည်၏။ ။ပရိစ္ဆေဒအားဖြင့် အောက်၌တည်ရာ ဖြစ်သော အပြင်၌ တည်ရာဖြစ်သော အပြင်အားဖြင့် အထက်ကောင်းကင်ဖြင့် ပိုင်းခြားအပ်၏။

၁၄။ မံသ၊ အသားကို ပါဠို၊ အဋ္ဌကထာ ဋီကာအရ ပြကြောင်း

မံသ ကိုးရာသော အသားတစ်သည် ဝဏ္ဏအားဖြင့် နီသောပေါက်ပွင့် အဆင်းနှင့်တူ၏။ ။ သဏ္ဌာန်အားဖြင့် မြင်းခေါင်းသားသည် ထန်းရွက်ဖြင့်ထုပ်သော မတင်းတောင့်သဏ္ဌာန်ရှိ၏။ ။ ကာယာနုပဿနာ၌ကား– ဆပ်သွားဖူးသဏ္ဌာန်၊ ထန်းရွက်ဖြင့် ထုပ်သော ထမင်းထုပ်သဏ္ဌာန်ဟု ဆို၏။ ပေါင်သားသည် ဆေးကြိတ် ကျောက်သားသဏ္ဌာန်ရှိ၏။ (တစ်နည်း)။ မြေဖြင့်ပြုအပ်သော စဖိခနောက်စွန်း သဏ္ဌာန်ရှိ၏။ ကာယာ နုပဿနာ၌ကား ဘူးသီးပိုင်းသဏ္ဌာန်လုံး၍ ပစ်အပ်သော ရွှဲလုံးသဏ္ဌာန်ဟု ဆို၏။ နံဘေးနှစ်ဖက်သားသည် ဆုံ၏အတွင်း၌ မှောက်ခုနှစ်အပ်သော မြေစိုင်သဏ္ဌာန်ရှိ၏။ ။ကာယာနုပဿနာ၌ကား မပွင့်မကွဲသေးသော နို့အိမ်သဏ္ဌာန်။ မပွင့်မကွဲသေးသော ကွမ်းသီးဖူး၊ အုန်းသီးဖူးသဏ္ဌာန်ရှိ၏ဟု ဆို၏။ ။ လက်ရုံး

http://www.dhammadownload.com

နှစ်ဖက်သားသည် နှစ်ကောင်ကပ်၍ ထားအပ်သော အာရုံမရှိသော ကြွက်ကြီးသဏ္ဌာန်ရှိ၏။ ။

ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာ၌ကား– ပါးစောင်သာသည် ကလိမ်စေ့သဏ္ဌာန်၊ သစ်အယ်သီး သဏ္ဌာန် ဘားသဏ္ဌာန်၊ လျှာသားသည် ရှားစောင်းရွက်ကြီး သဏ္ဌာန်၊ နှာခေါင်းသားသည် စောက်ထိုးထားအပ်သော ဘက်ကန်တော့သဏ္ဌာန်၊ ပါးစွန်းသားသည် သဖန်းသီးသဏ္ဌာန်ရှိ၏ဟု ဆို၏။ ။ ဒိသအားဖြင့် နှစ်ခုသောအရုပ်တို့၌ ဖြစ်၏။ ။ဩကာသအားဖြင့် သုံးရာအလွန်ရှိသော အရိုးတို့ကို လိမ်းကျံ၍ တည်၏။ ။ပရိစ္ဆေဒအားဖြင့် အောက်အရိုးအပေါင်း၌ တည်သောအပြင်ဖြင့် အထက်အရေထူဖြင့် ထက်ဝန်းကျင် အချင်းချင်းဖြင့် ပိုင်းခြားအပ်၏။

၁၅။ နာရု-အကြောကို၊ ပါဋ္ဌိ၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

နာရု– ကိုးရာသော အကြောသည် ဝဏ္ဏအားဖြင့် အလုံးစုံဖြူ၏။ သဏ္ဌာန်အားဖြင့် အထူးထူးသော သဏ္ဌာန်ရှိ၏။ ထိုကိုးရာသော အကြောတို့တွင် လည်၏ အထက်အဖို့မှ ငါးဖြာသော အကြောတို့သည် ကိုယ်ကို မြှေးယှက်ကုန်လျက် ရှေးနံပါးဖြင့် သက်ကုန်၏။ ငါးဖြာသော အကြောမတို့သည် နောက်နံပါးဖြင့်၊ ငါးဖြာသော အကြောမတို့သည် လက်ဝဲနံပါးဖြင့် သက်ကုန်၏။ လက်ယာလက်ကို မြှေးယှက်၍ သက်ကုန်သော အကြောမတို့သည် လည်း ငါးဖြာ ရှေ့နောက်၊ အပြင်လည်း ငါးဖြာစီ၊ လက်ဝဲ၌လည်း ငါးဖြာ၊ ခြေနှစ်ဖက်၌လည်း ငါးဖြာစီ၊ ရှေ့ငါးဖြာ၊ နောက်ငါးဖြာကုန်သော အကြောမတို့သည် သက်ကုန်၏။ ။

ဤသို့အားဖြင့် ခြောက်ဆယ်ကုန်သော အကြောမတို့သည် ကိုယ်ကို မြှေးယှက်၍ သက်ကုန်၏။ ထိုအကြောမ ခြောက်ဆယ်တို့ကို ကဏ္ဍရဟုဆိုကုန်၏။ အလုံးစုံသော အကြောမတို့သည် ပဒိုင်း၊ ခတ္တာငုံသဏ္ဌာန်ရှိ၏။ ဝါးငုံဖူးသဏ္ဌာန် ဟူ၍လည်း ဆိုကုန်၏။ ထိုမှတစ်ပါးသော အကြောမတို့သည် ထိုကိုယ်အရုပ်ကို လွှမ်း၍ တည်ကုန်၏။ အကြောမခြောက်ဆယ်အောက် ငယ်သော၊ သိမ်မွေ့သော အကြောတို့သည် ချည်ကြိုးသဏ္ဌာန် ရှိကုန်၏။ ကာယာနုပဿနာ၌ကား ဝက်ထောင်ပိုက်ကြိုးသဏ္ဌာန်ရှိ၏ဟု ဆို၏။

ထို့အောက် အလွန်ငယ်သော သိမ်မွေ့သော အကြောတို့သည် နွယ်ပုပ်သဏ္ဌာန် ရှိကုန်၏။ ဆင်သမန္နယ်အကြောတို့သည် နွယ်ပုပ်သဏ္ဌာန် ရှိကုန်၏။ ဆင်သမန္နယ် သဏ္ဌာန်လည်း ဆိုကုန်၏။ ။ ကာယာနုပဿနာ၌ကား ကလိမ်ဖြူနွယ်သဏ္ဌာန်ဟု ဆို၏။ ။ ထို့အောက် အလွန်သိမ်မွေ့သော အကြောတို့သည် စောင်းကြီးညှို့သဏ္ဌာန်ရှိကုန်၏။ ကာယာနုပဿနာ၌ကား တယောကြိုးညှို့သဏ္ဌာန်ဟု ဆို၏။ ထိုမှတစ်ပါးသော အကြောတို့သည် ရုန့်ရင်းသော ချည်သဏ္ဌာန်ရှိကုန်၏။ ဦးခေါင်းအကြောတို့သည် သူငယ်ကို ဦးခေါင်း၌စွပ်သော ကွန်ယက်ငယ်သဏ္ဌာန် ရှိကုန်၏။ သူငယ်တို့ ဆောင်းသော ကွန်ရက်ဝင့်ချည် သဏ္ဌာန်ဟူ၍လည်း ဆိုကုန်၏။

ကာယာနုပဿနာ၌ကား သူငယ်တို့ဦးခေါင်း၌ အုပ်သော ဇာကွန်ချာကိုလုပ်သော သံပရာခွံဦးထုပ် သဏ္ဌာန်ဟု ဆို၏။ ကျောက်ကုန်း၌ အကြောတို့သည် နေဟူ၍ ဖြန့်၍လှန်းသော ကွန်ရက်သဏ္ဌာန် ရှိကုန်၏။ ။ကာယာနုပဿနာ၌ကား နေဟူ၍ဖြန့်၍ လှန်းသော ကွန်ယက်စိုသဏ္ဌာန် ကြွင်းသော ထိုထိုအင်္ဂါကြီးငယ်တို့ အစဉ်ရောက်ကုန်သော အကြောတို့သည် ကိုယ်၌စွပ်သော ကွန်ယက်အခြင်းအရာဖြင့်ပြုသော သင်တိုင်းသဏ္ဌာန်ရှိကုန်၏ဟုဆို၏။ ။ ဒိသအားဖြင့် ချက်မှ အောက်အထက်၌ ဖြစ်ကုန်၏။ ဩကာသအားဖြင့် အလုံးစုံသော ကိုယ်၌ အရိုးကို ဖွဲ့၍ တည်ကုန်၏။ ။

ပရိစ္ဆေဒအားဖြင့် အောက်၌သုံးရာသော အရိုး

http://www.dhammadownload.com

တို့ကိုဖွဲ့၍ ထိုအရိုးတို့၏အထက်၌တည်သော အပြင်ဖြင့် အထက်၌ အသား၊ အရေတို့ကိုထို၍ တည်သော အရပ်တို့ဖြင့် ဖီလာ၌ အချင်းချင်းတို့ဖြင့် ပိုင်းခြားအပ်ကုန်၏။ ဤအကြောမ ခြောက်ဆယ်တို့ကိုသာ သရုပ်အားဖြင့်လာ၏။ ကြွင်းသော အကြောသေးတို့ကို သာမန်အားဖြင့်သာ ပြတော်မူ၏။ ။

ဘုမ္မိသင်္ဃဋ္ဌ နဝုတိနာရုသတာနိ– ကိုးရာသော အကြောတို့ဟူ၍ လာ၏။ ဝန္ဆရအရာ လိမ္မာတော်မူကြသော ဆရာမြတ်တို့သည်ကား– အကြောမ ကိုးရာ၊ ကြောသေး နှစ်ထောင်ဟု ပြမှာတော်မူကုန်၏။ ။သုတ်မဟာဝါ၊ မဟာသုဒဿနသုတ်အဖွင့် အဋ္ဌကထာ၌ ရသဂ္ဂသဂ္ဂိဟောတိ– ဟူရာ၌ လက္ခဏာတော်ကြီးနှင့်ပြည့်စုံသော စကြာမင်း၊ မြတ်စွာဘုရားတို့အားသာ အကြောနှစ်ထောင်နှင့်ပြည့်စုံသည်ဟု ဆိုတော်မူကုန်၏။ ကာယာနုပဿနာဌ်ကား ဤရသဟရဏီအကြော အကြောင်းကိုဆိုရာ မဟာသုတသောမဇာတ် အဋ္ဌကထာ၌ ပေါရိသာဒမင်း၏ လူသားကို လျှာဖျားဌ် ထားကာမျှလျှင် ခုနစ်ထောင်သော အကြောတို့ကို နှံ့၍ ကိုယ်အလုံး ဖြင်းဖြင်းဖြစ်စေ၏ဟု ဖွင့်သောကြောင့် လူခပ်သိမ်းတို့၌ ရသဟရဏီကြော ခုနစ်ထောင်ရှိသင့်၏ဟုဆို၏။ ။ ဆင်ခြင်ယူကြပါ။

၁၆။ အဋ္ဌိ- အရိုးကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

အဋ္ဌိ၊ သုံးဆယ့်နှစ်ချောင်းသော သွားရိုးတို့ကိုထား၍ တစ်ပါးသော ခြောက်ဆယ့်လေးချောင်းသော လက်ရိုး၊ ခြောက်ဆယ့်လေးချောင်းသော ခြေရိုး၊ အသားကိုမှီသော ခြောက်ဆယ့်လေးချောင်းသော ရိုးနှ၊ နှစ်ခုသော ဖနောင့်ရိုး၊ တစ်ဖက်တစ်ဖက်၌ နှစ်ခုသော ဖမျက်ရိုး၊ နှစ်ခုသော မြင်းခေါင်းရိုး၊ တစ်ခုသော ပုဆစ်ရိုး၊ တစ်ခုသောပေါင်ရိုး၊ နှစ်ခုသော ခါးရိုး၊ တစ်ဆယ့်ရှစ်ခုသော ကျောက်ဆစ်ရိုး၊ နှစ်ဆယ့်လေးချောင်းသော နံရိုး၊ တစ်ဆယ့် လေးချောင်းသော ရင်ရိုး၊ တစ်ချောင်းသော နှလုံးရိုး၊ နှစ်ချောင်းသော ညှပ်ရိုး၊ နှစ်ချောင်းသော လက်ပြင်ရိုး၊ ပဆုပ်လက်ပြင်ရိုးလည်းဟူ၏။

နှစ်ချောင်းသော လက်မောင်းရိုး။ ။ (လက်ကောက်ဝတ်မှ တံတောင်ဆစ်တိုင်အောင်သော အရိုးကိုယူ)။ ။နှစ်ခုနှစ်ခုသော လည်ဆစ်ရိုး၊ လည်ချောင်းရိုး၊ သွားတို့၏တည်ရာ၊ နှစ်ခုသော မေးရိုး၊ တစ်ခုသော နှာခေါင်းရိုး၊ နှစ်ခုသော မျက်ခွက်ရိုး၊ မျက်ကွင်းရိုးလည်းဟူ၏။ ။နှစ်ခုသောနားရိုး၊ တစ်ခုသော နဖူးရိုး၊ တစ်ခုသော ထိပ်ရိုး၊ ကိုးခုသော ဦးခေါင်းခွံလွှာ ဟူသောအရိုး၊ ဤသို့သုံးရာအတိုင်း အရှည်ရှိကုန်၏။ ကာယာနုပဿနာဌ်ကား အဋ္ဌိတိဋ္ဌပေတွာ ဒွတ္တိံသဒန္တဋ္ဌိနိအဝသေသာနိ– ဟူသော အဋ္ဌကထာကိုထောက်၍ သွားရိုးမှတစ်ပါးသော အရိုးတို့ကို ယူရမည်ဖြစ်ရကား– ခြေသည်း၊ လက်သည်းရိုးတို့ကို သင်ယူသင့်၏ဟုဆို၏။

ဤ၌တင်ဆွဲရိုးစသည်တို့ကို ဓဝံသဒ္ဒါ၊ မတ္တသဒ္ဒါတို့ဖြင့်ပြ၏ဟု ဋီကာအရှင်မိန့်၏။ ။စတုသဋ္ဌိနိကိုလည်း လက်ဆစ်ရွေ့သာယူရမည်ဟု ဒီပနီ ယောဇနာဆရာ မှာတော်မူ၏။ အဋ္ဌကထာ နိဿယဆရာလည်း ဤနည်းအတိုင်းမှာတော်မူ၏။ အလုံးစုံ သုံးရာသော အရိုးတို့သည် ဝဏ္ဏအားဖြင့်ဖြူကုန်၏။ ။ သဏ္ဌာန်အားဖြင့် အထူးထူးသောသဏ္ဌာန်ရှိကုန်၏။ ။ ထိုအရိုးတို့တွင် ခြေချောင်းဖျားရိုးတို့သည် ခပေါင်းစေ့သဏ္ဌာန် ရှိကုန်၏။ အလယ်ဆစ်ရိုးတို့သည် ပိန့်စေ့သဏ္ဌာန်ရှိကုန်၏။ အရင်းဆစ်ရိုးတို့သည် ထက်စည်သဏ္ဌာန်ရှိကုန်၏။ ။ထက်စည်ဟူသည်ကား အလယ်သေး၍ အဝနှစ်ဖက်ကြီးသော စည်တည်း။ ဖမိုးရိုးတို့သည် ဆိုးဖွပ်ခတ်အပ်သော ခတ္တာ၏အကြောစုံသဏ္ဌာန်ရှိ၏။ ။နိဿယဆရာအလိုဖြင့် တူဖွပ်အပ်သော ခတ္တာ၏အကြောစုံသဏ္ဌာန်ဟု ဆို၏။ ။ကာယာနုပဿနာဌ်ကား ပြားအောင် ထု

http://www.dhammadownload.com

ထားသော ဝပင်းရိုးသဏ္ဌာန်ဟု ဆို၏။ ဖနောင့်ရိုးတို့သည် တစ်စေ့တည်းသော ထန်းသီးစေ့သဏ္ဌာန်ရှိကုန်၏။ ဖမျက်ရိုးတို့သည် ချည်နှင့်ဖွဲ့အပ်သော အစားဖွယ်ကျင်ဖုသဏ္ဌာန်ရှိကုန်၏။ ချည်ဖြင့်ဖွဲ့၍ အချင်းချင်း ခိုက်ခတ်၍ ကစားအပ်သော သူတို့၏ ကုလားကျင်ဖုသဏ္ဌာန်လည်းဟူ၏။ မြင်းခေါင်းရိုးတို့တွင် ဖမျက်ရိုးတို့၌ တည်ရာအရပ်သည် အခွံခွာအပ်ပြီးသော သင်ပေါင်းငယ် အညှောင့်သဏ္ဌာန်ရှိကုန်၏။ ငယ်သော မြင်းခေါင်းရိုးသည် သူငယ်တို့ကစားသော တေးတူငယ်သဏ္ဌာန်ရှိ၏။ ကြီးသော မြင်းခေါင်းရိုးသည် ကြဲသော မြွေကျောက်ကုန်းသဏ္ဌာန်ရှိ၏။ ပုဆစ်သည် တစ်ဖက်မှ ခန်းပြီးသော ရေမြှုပ်သဏ္ဌာန်ရှိ၏။ တစ်ဖက်မှ ဖွဲ့အပ်သော ရေမြှုပ်သဏ္ဌာန်လည်းဟူ၏။ ။

ပုဆစ်ရိုး၌ မြင်းခေါင်းရိုး၏ ဝင်ရာတည်ရာသည် အဖျားမထက်လွန်းသော နွားဦးချိုသဏ္ဌာန်ရှိ၏။ ပေါင်ရိုးသည် ချောချောမရွှေအပ်သော ပဲခွပ်ရိုး၊ ပေါက်ဆိန်ရိုးသဏ္ဌာန်ရှိ၏။ ခါးရိုး၌ဝင်၍ တည်ရာအရပ်သည် သူငယ်တို့ကစားသော ကျင်ဖုသဏ္ဌာန်ရှိ၏။ ပေါင်ရိုးသည် ကပ်၍တည်ရာဖြစ်သော ခါးရိုးအဖု၏ တည်ရာအရပ်သည် အဖျားပြတ်သော ပုန်းညက်ကြိုး ထီးသဏ္ဌာန်ရှိ၏။ ခါးရိုး၊ တင်သားရိုးလည်း ဟူ၏။

နှစ်ခုလုံးတပ်၍ စကွပ်တည်ရာတို့သည် အိုးထိန်းသည်ပြုအပ်သော ခုံလောက်သဏ္ဌာန်ရှိကုန်၏။ နှစ်ခုလုံးကို တကွနက်စပ်၍တည်သော စဖိုခနောက်ကဲ့သို့ အထက်ကစပ်၏ ဟူသတည်း။ ။အသီးသီးမူကား သီဟိုဠ်ပန်းပဲတို့၏ တူကိုချည်သော လွန်ကြိုးသဏ္ဌာန်ရှိကုန်၏။ ။ကိုက်သဏ္ဌာန်လည်းဟူ၏။ အဖျား၌တည်သော တင်သားရိုးသည် စောက်ပြူ၍ ကိုင်အပ်သော မြွေပါးပြင်းသဏ္ဌာန်ရှိ၏။ ခုနစ်ရပ်၊ ရှစ်ရပ်တို့၌ အပေါက်အပေါက်ရှိ၏။ ကျောက်ကျစ်ရိုးတို့သည် အတွင်းမှ အဆင့်ဆင့်ရစ်၍ ထားအပ်သော အလွှဲပြားသဏ္ဌာန်ဟု ဆရာမြတ်တို့ ယောဇနာတော်မူကုန်၏။

ထိုကြောရိုးတို့၏အကြားအကြား၌ နှစ်ခု၊ သုံးခုသော လွှသွားနှင့် တူသော အရိုးတို့သည် အဆူးရှိ ကုန်၏။ နှစ်ဆယ့်လေးချောင်းသော နံရိုးတို့တွင် အနောင့်အသွား မပြည့်စုံသော နံရိုးတို့သည် အနောင့်အသွား မပြည့်စုံသော သန်လျက်သဏ္ဌာန်ရှိကုန်၏။ ပြည့်စုံသောနံရိုးတို့သည်ကား အနောင့်အသွား ပြည့်စုံသော သန်လျက်သဏ္ဌာန်ရှိကုန်၏။ အလုံးစုံသော နံရိုးတို့သည်လည်း ကြက်ဖြူ၏ ဖြန့်အပ်သော အတောင်သဏ္ဌာန်ရှိကုန်၏။ တစ်ဆယ့်လေးချောင်းသော ရင်ရိုးတို့သည် ဆွဲမြည့်သော လှည်းပေါင်သဏ္ဌာန်ရှိကုန်၏။ အိုမင်းသောသူတို့၏ နံဘေးနံတောင်းသဏ္ဌာန်လည်းဟူ၏။ ကာယာနုပဿနာ၌ ကား– ရထားပျက်အိမ်သဏ္ဌာန်ဟု ဆို၏။

နှလုံးသား၏ တည်ရာ အရိုးသည် ယောက်မဖျားသဏ္ဌာန်ရှိ၏။ ညှပ်ရိုးတို့သည် ငယ်သော ကြေးပွက်ခွက်၏ အရိုးသဏ္ဌာန်ရှိကုန်၏။ ငယ်သောအသံဖြင့်ပြီးသော ပဲခွပ်ရိုးသဏ္ဌာန်လည်း ဟူကုန်၏။ ပဆုပ်ရိုးတို့သည် တစ်ဖက်မှ ကုန်ပြီးသော သီဟိုဠ်ပေါက်တူးရိုးသဏ္ဌာန် ရှိကုန်၏။ လက်မောင်းရိုးတို့သည် ကြေးမုံရိုးသဏ္ဌာန်ရှိကုန်၏။ လက်ဖျားရိုးတို့သည် အစုံသော ထန်းဖူးသဏ္ဌာန်ရှိကုန်၏။ လက်ကောက်ဝတ်ရိုးတို့သည် တစ်ဖက်စောင်းမှ ကပ်ရစ်၍ ထားအပ်သော ဦးရစ်ပုဆိုးပြားသဏ္ဌာန် ရှိကုန်၏။ တစ်ခဲနက်ကပ်စေ၍ ထားအပ်သော ခဲမပြားကို သီသောသဏ္ဌာန်လည်းဟူ၏။

လက်ဖမိုးရိုးတို့သည် ထုအပ်ဖွဲ့အပ်သော ခတ္တာရိုး အကြောစုသဏ္ဌာန် ရှိကုန်၏။ လက်ချောင်းအရင်းဆစ်ရိုးသည် ထက်စည်သဏ္ဌာန်၊ အလယ်ဆစ်ရိုးသည် မပြည့်စုံသော ပိန္နဲစေ့သဏ္ဌာန်၊ အဖျားအဆစ်ရိုးသည် ခပေါင်းစေ့ သဏ္ဌာန်ရှိ၏။ ခြေမာနှင့်တူ၏။ ခုနစ်ခုသော လည်ဆစ်ရိုးတို့သည် လုံတန်

http://www.dhammadownload.com

ဖြင့်သိ၍ အစဉ်အတိုင်း ဝန်းရွှန်းလှိုးထားအပ်သော ဝါညောက်ပိုင်းသဏ္ဌာန် ရှိကုန်၏။ စက်ဝန်းသဏ္ဌာန် လှိုးပြီးသော် သိ၍ထားအပ်သော ခုနစ်ချက်သော ဝါးညောက်ပိုင်းသဏ္ဌာန်လည်းဟူ၏။

ကာယာနုပဿနာဌာနကား လည်ကုပ်ရိုး ခုနစ်ချောင်းတို့သည် အကွင်းအကွင်းလှိုးသော ဝါးမြစ်ကို အလယ်၌ ဖောက်၍ တုတ်ဖြင့် အဆင့်ဆင့် သိထားသည်နှင့်တူ၏ဟု ဆို၏။ အောက်မေးရိုးသည် ပန်းပဲတို့၏ သံကိုက်သဏ္ဌာန်ရှိ၏။ တံစဉ်ကဲ့သို့ ခပ်ကောက်ကောက်ပြု၍ အလယ်တွင် အသွားကို ထက်စေ၍ တစ်ဖက်တစ်စွန်းကိုင်၍ ဓားအစရှိသည်တို့ကို ခြစ်သော တိုက်သော ပန်းပဲတို့၏ ကိုက်နှင့်တူ၏ဟူ၍လည်း ဆိုအပ်၏။

အထက်သွားတို့၏ တည်ရာအရိုးသည် ကြွဲခွန်းသော ဓားငယ်ကဲ့သို့ ကောက်သောသဏ္ဌာန်ရှိ၏။ မျက်ခွက်၊ နှာယောင်ရိုးတို့သည် ထုတ်အပ်ပြီးသော အစေ့အနှစ်ရှိသော ထန်းစေ့သဏ္ဌာန် ရှိကုန်၏။ နဖူးရိုးသည် မှောက်၍ ထားအပ်သော ခရသင်းခွက်၊ အိုးကင်းသဏ္ဌာန်ရှိ၏။ နားရွက်ရိုးသည် ဆတ္တာသည်တို့ သင်တုန်းဓားသဏ္ဌာန်ရှိ၏။ နဖူးနားရွက်တို့၏ အထက်၌ ဦးရစ်ဖွဲ့ရာအရိုးသည် ကောင်းစွာ စေ့စပ်အပ်သော ထောပတ်တို့ဖြင့် ပြည့်၍ လျှံကျသော ထောပတ်ပြားပိုင်း သဏ္ဌာန်ရှိ၏။

ထိပ်ရိုးသည် မျက်နှာဝကို ဖြတ်အပ်သော အုန်းသီးမှုတ်သဏ္ဌာန်ရှိ၏။ ဦးခေါင်းခွံရိုးသည် ချုပ်၍ချည်ဖြင့် မြွေးယှက်အပ်သော ဘူးတောင်းကွဲသဏ္ဌာန်ရှိ၏။ ဒိသအားဖြင့် နှစ်ပါးသော အရပ်တို့၌ ဖြစ်ကုန်၏။ ဩကာသအားဖြင့် သာမန် ကိုယ်အလုံး၌ တည်ကုန်၏။

အထူးကား ဦးခေါင်းရိုးသည် လည်ရိုးတို့၌၊ လည်ရိုးသည် ကျောက်ဆစ်ရိုး၌၊ ကျောက်ဆစ်ရိုးသည် ခါးရိုး၌၊ ခါးရိုးသည် ပေါင်ရိုး၌၊ ပေါင်ရိုး သည် ပဆစ်ရိုး၌၊ ပဆစ်ရိုးသည် မြင်းခေါင်းရိုး၌၊ မြင်းခေါင်းရိုးသည် ဖမျက်ရိုး၌၊ ဖမျက်ရိုးသည် ဖမိုးရိုး၌ တည်ကုန်၏။ ။ ပရိစ္ဆေဒအားဖြင့် အတွင်းမှ ခြင်ဆီဖြင့်၊ အထက်မှအသားဖြင့် အဖျားခံလည်းကောင်း၊ အရင်းခံလည်းကောင်း အချင်းချင်းဖြင့် ပိုင်းခြားအပ်ကုန်၏။

၁၇။ အင်္ဂမိဠဉ်- ရိုးတွင်းခြင်ဆီကို ပါဠိ၊ အဋ္ဌကထာ ဋီကာအရ ပြကြောင်း

အင်္ဂမိဠဉ်- ထိုထိုအရိုးတို့၏ အတွင်း၌ တည်သော ခြင်ဆီသည် ဝဏ္ဏအားဖြင့်ဖြူ၏။ သဏ္ဌာန်အားဖြင့် ကြီးသောအရိုးတို့၏ ခြင်ဆီသည် ဝါးကျည်တောက်၌ ထည့်အပ်၊ ပြုတ်ဖြောအပ်သော ကြိမ်ကြီး၏ အညွှန့် သဏ္ဌာန်ရှိ၏။ ပေါင်းချောင်း၌ ပေါင်းအပ်သော ကြိမ်ကြီးညွှန့်သဏ္ဌာန်လည်း ဟူ၏။

ထိုအောက်ငယ်သော ခြင်ဆီတို့သည် ဝါးကျည်ဆစ်၌ထည့်၍ ပေါင်းအပ်သော ကြိမ်ညွှန့်ကျက်သဏ္ဌာန်ရှိ၏။ ဝါးကျည်ဆစ်တို့၌ထည့်၍ ပြုတ်ဖြောအပ်သော ငယ်သောကြိမ်ညွှန့်သဏ္ဌာန်လည်းဟူ၏။ ကာယာနုပဿနာဌာနကား ဝါးကျူအခေါင်းတွင်း၌ ထည့်၍ပြုတ်သော မုန့်ညက်သည် ဝါးမြွေး ကျူမြွေးကပ်သော အတောင့်ဖြစ်သကဲ့သို့ အမြွေးဖြင့်ပတ်အပ်သော အတောင့်သဏ္ဌာန်ဝါးလုံးခေါင်း၌ ထည့်၍ပြုအပ်သော ကြိမ်ညောက်နသဏ္ဌာန်ရှိ၏ဟုဆို၏။ ။ဒိသအားဖြင့် နှစ်ပါးသော အရပ်တို့၌ ဖြစ်ကုန်၏။။ ဩကာသအားဖြင့် အရိုးတို့၏ အတွင်း၌တည်ကုန်၏။ ။ပရိစ္ဆေဒအားဖြင့် အရိုးတို့၏ အတွင်းအပြင်တို့ဖြင့် ပိုင်းခြားအပ်၏။

ဤကာယာနုပဿနာ၌ ဤခြင်ဆီဟောအင်္ဂမိဠဉ်ကို(မ)တွင် လုံးကြီးတင်မရှိဘဲ နောက်၌ ဇကွဲနှစ်ဆင့်နှင့် မဖွဲ့ရေးရမည်။ မဒုဓာတ်ရင်းဟုမှာ၏။ဤ၌ မဒဓာတ်ဖြစ်မူ မဒမဒ္ဒနေမဒ္ဒတိ၊ ပမဒ္ဒတိ၊ မာရသေန ပမဒ္ဒနောဟူ၍ လည်းကောင်း၊ မိဒဓာတ်ဖြစ်မူ၊ မိဒသေဟေဟူ၍လည်းကောင်း၊ မဒိဓာတ်ဖြစ်မူ-

http://www.dhammadownload.com

မဒိတုတိမောဒမဒသုပနဂတိသုဟူ၍လည်းကောင်း၊ သဒ္ဒနီတိ ဒကာရန္တဓာတ်၌ လာသောကြောင့် မဒ ဓာတ်မှာ နှိပ်နယ်ခြင်း၊ မိဒဓာတ်မှာ စွတ်စိုစေးကပ်ခြင်း၊ ချစ်ခြင်း၊ မဒိဓာတ်မှာ ချီးမွမ်းခြင်း၊ ဝမ်းမြောက်ခြင်း၊ ယစ်ခြင်း၊ အိပ်မွေ့ခြင်း၊ လားခြင်းများကို ဟော၏။

ဓာတွတ္ထဒီပကဋ္ဌကား– မိဒိသေဟေဟု မိန့်သည်နှင့်အညီ ဣကာရန္တ ဓာတ်အရာ၊ နိဂ္ဂဟိတ်လာမြဲလာ၍ ဒကိဇပြု၍ နောက်ဣကို ချေပြီးလျှင် မိဒ္ဓဟု ဥသံယုတ်၊ တတိယကွာရာဇနှင့် ရှိသင့်သည်၊ သုတ်မဟာဝါနိဒါနသုတ်၊ အဋ္ဌကထာဋ္ဌလည်း သိနေရုံသိန္ဒိတွာမိဒ္ဓံနိဟရိတုံ ဝါယမမာနောဝိယဟု မလုံးကြီးတင်။ ဥသံယုတ်၊ တတိယအက္ခရာဇနှင့်ပင် လာသည်။

ထို့ကြောင့်တတိယအက္ခရာဇ၊ ဥ သံယုတ်နှင့် မိဒ္ဓဟု ရေးသားဖတ် ရွတ်သင့်သည်။ သေရည်ဟော မဇ္ဇသဒ္ဒါကိုလည်းကောင်း၊ ဝေဿန္တရာမင်း မိဖုရားဟောမဒ္ဒီ သဒ္ဒါကိုလည်းကောင်း၊ မဒဓာတ်ကြ၍၊ မဒဥမ္မာဒေမဒ္ဒ နေဝါဟု ဓာတ်နက်ကြား၍ ဤဝဏ္ဏကို သောက်စားသော သူတို့သည် ရူးခြင်း၊ ယစ်ခြင်းကို ဖြစ်စေတတ်သောကြောင့် လည်းကောင်း၊ ဤမိဖုရားကို မြင်သောသူတို့သည် ရူးခြင်း၊ ယစ်ခြင်းကို ဖြစ်စေတတ်သောကြောင့် လည်းကောင်း မဇ္ဇမည်သည်။ မဒ္ဒီမည်သည်။ ဤပြဿဂ်များနှင့်အတူ ထို့ကြောင့် ခြင်ဆီဟောမိဒ္ဓကို၊ မဇ္ဇဟု ရေးသင့်သည်မထင်။ မိဒ္ဓဟူ၍သာ ရေးသင့်သည်။ မဒဓာတ်ရင်းလည်း မဟုတ်၊ မိဒိဓာတ်၊ မိဒဓာတ်နှစ်ပါးသင့်မှတ်။

၁၈။ ဝက္ကံ- အညို့ကို၊ ပါဠို၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

ဝက္ကံ– တစ်ခုသောအဘွဲ့ရှိသော၊ (တစ်နည်း) အညာအညို့တည်းဟူသော နှစ်ခုသော အသားစိုင်အသားထွေးသည် ဝဏ္ဏအားဖြင့် စဉ်းငယ်နိ၏။ ပင်လယ်ကသစ်စေး အဆင်းရှိ၏။ ကာယာနုပဿနာဌ်ကား ပင်လယ်ကသစ်စေ့ကား နီသော အဆင်းမရှိ။ ထင်ရှားပန်း၊ စွယ်တော်ပန်းကို ယူလိုကြောင်းနှင့် အဋ္ဌကထာပါဘိဂဒ္ဒက သဒ္ဒါကို မန္ဒာရဖွင့်ကြောင်း၊ ပါလိဘဒ္ဒကန္တိသကဏ္ဏကရတ္တာပုပ္ဖရုက္ခံဟု ဖွင့်သော သီဟိုဠ်ဂဏ္ဌိပုဒ်နှင့် မညီသောကြောင့် ဆရာမြတ်တို့ မိန့်ဆိုတော်မူသော ပင်လယ်ကသစ်စေ့ အဆင်းကို သာ မှတ်အပ်၏။ ။သဏ္ဌာန်အားဖြင့် သူငယ်ကို အစုံကစားဖွယ်ဖြစ်သော ဘူးငယ်သဏ္ဌာန်ရှိ၏။ တစ်ခုသော အညာနှင့်စပ်သော သရက်သီးနှစ်လုံးပြွတ်သဏ္ဌာန်လည်း ဟူ၏။

ကာယာနုပဿနာဌ်ကား သူငယ်ကစားသည့် ဂူလီနှစ်လုံးပြူး သဏ္ဌာန်ဟု ဆို၏။ ။ဒီသအားဖြင့် အထက်အရပ်၌ဖြစ်၏။ ။သြကာသအားဖြင့် လည်ကြောင်းမှ ထွက်သော တစ်မြစ်တည်းဖြင့် အတန်ငယ်သွား၍ နှစ်ဖြာကွဲသော၊ ရုန့်ရင်းသော အကြောနှင့် စပ်သည်ဖြစ်၍၊ ကြီးသော အကြောသည် ဘွဲ့အပ်သည်ဖြစ်၍ နှလုံးသားခွံကို ခြံရုံ၍တည်၏။ ပရိစ္ဆေဒအားဖြင့် အညို့အဆုံးအဖို့ဖြင့် ပိုင်းခြားအပ်၏။ ။ ကာယာနုပဿနာဌ်ကား လည်ချောင်းပေါက်မှ ထွက်သော အမြစ်တစ်ခုဖြင့် စဉ်းငယ်သွား၍ နှစ်ဖြာ ကွဲသော အကြောကြီးဖြင့် ဘွဲ့သည်ဖြစ်၍ နှလုံးသားကို ခြံရုံလျက်တည်၏။ အညို့၏ ထက်ဝန်းကျင်အဖို့ဖြင့် ပိုင်းခြားအပ်၏ ဖွင့်ဆိုတော်မူသော အဋ္ဌကထာတွင် အညို့နေရာသည် အောက်သို့ ကျသည်၊ အညို့နှစ်ခုတွယ်ကပ်ပုံလည်း ယခု လူတွင်ရှိသော အညို့နှင့် မကိုက်ဟု အပြစ်ဆို၏။ ထိုသို့ဆိုသော်လည်း အဋ္ဌကထာဖွင့်မှာသည့်အတိုင်းသာ မှတ်အပ်၏။

၁၉။ ဟဒယံ နှလုံးသားကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာ အရပြကြောင်း

ဟဒယံ– နှလုံးသားသည် ဝဏ္ဏအားဖြင့် နီ၏။ ကြာပဒုမ္မာပွင့်ချပ်၏ ကျောက်ကုန်းအဆင်း

http://www.dhammadownload.com

ရှိ၏။ သဏ္ဌာနအားဖြင့်အပဖြစ်သော ရွက်ဖတ်တို့ကို ပယ်၍ ခွာ၍ ဦးစောက်မှောက်ခုန်ထားအပ်သော ကြာပဒုမ္မာငုံသဏ္ဌာန်ရှိ၏။ အပြင်ကား ချောမော ပြေပြစ်၏။ အတွင်းကား သပွတ်ခါးသီး၏ ဝမ်းနှင့် တူ၏။ ပညာရှိသော ပုဂ္ဂိုလ်တို့အား အတန်ငယ် ပွင့်၏။ စဉ်းငယ်ကား၏။ နည်းသော ပညာရှိသော ပုဂ္ဂိုလ်တို့အား ငုံ၏။ ထိုနှလုံးသား၏ အတွင်း၌ ပုန်းညက်စေ့၏ တည်ရာမျှလောက်သော တွင်းငယ်သည် ရှိ၏။

ထိုတွင်းငယ်၌ လက်တစ်ဖက်ခွဲမျှလောက်သော သွေးသည်တည်၏။ အကြင်သွေးကို မှီ၍ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့သည် ဖြစ်ကုန်၏။ ထိုသွေးသည် ရာဂပြောသောသူအား နီ၏။ ဒေါသ ပြောသောသူအား မည်း၏။ မောဟ ပြောသောသူအား သားဆေးရေနှင့် တူ၏။ ဝိတက် ပြောသောသူအား ပဲကုလားရိုးအဆင်းကဲ့သို့ ရှိ၏။ ပဲကုလားရည် အဆင်းရှိ၏လည်း ဟူ၏။ ဤ ကုလတ္ထယုသဝဏ္ဏဟူသော အဋ္ဌကထာ၌ ယုသသဒ္ဒါသည် တစ်ပါးသော အရာတို့၌ အစေးအရည်ကို ဟော၏။ ဤ၌၌ အရိုးဟောဟု နိဿယ ဆရာတော် မှာတော်မူ၏။ ။ကာယာနုဿနာ၌ ပဲကုလားဟု အနက်ပြန်သည်ကို အပြစ်တင်၍ ပဲဝိစပ်ပြုတ်ရည်အဆင်းရှိ၏ဟုဆို၏။

ထိုသို့ဆိုသော်လည်း ဆရာတော်ကြီးများ မြန်မာအနက်သည် သင့်သည်ဟု ယူရမည်။ အဘယ့်ကြောင့်နည်းဟူမူ ပိပ္ပလီသဒ္ဒါကို ပိချင်း၊ ဇာတိဖလသဒ္ဒါကို ဇာတိပွိုလ်ဟု မြန်မာပြန်သကဲ့သို့ ဤ၌၌ ကုလတ္ထသဒ္ဒါကို ကုလားပဲမျိုးဖြစ်၍၊ ပဲကို ထည့်ပြီးလျှင် ပဲကုလားဟု မြန်မာပြန်ခြင်းသည် သင့်ဟုမှတ်။ သဒ္ဒါပြောသူအား မဟာလေ့ကားပွင့် အဆင်းရှိ၏။ ပညာပြောသောသူအား သွေးသည် အထူးသဖြင့် ကြည်လင်၏။ မနောက် ဖြူ၏။ စင်ကြယ်၏။ ကောင်းစွာ ပွတ်သပ်သော ပတ္တမြားဖြူစင်ကဲ့သို့ အရောင်တင်၏။ ဒိသအားဖြင့် ချက်မှ အထက်၌ ဖြစ်၏။ ။ဩကာသအားဖြင့် ကိုယ်တွင်း၌ နှစ်ခုသော သားမြတ်တို့၏ အလယ်၌တည်၏။ ။ပရိစ္ဆေဒအားဖြင့် နှလုံးသားကို ဟဒယ ဟူသော မိမိအဆုံးဖြင့် ပိုင်းခြားအပ်၏။

၂၀။ ယကနံ- အသည်းကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

ယကနံ- အစုံသော အသားလွှာသည် အစုံသော အသည်းလည်း ဟူ၏။ ထိုအသည်းသည် ဝဏ္ဏအားဖြင့် နီ၏။ ဖျောတော့သော သဘောရှိ၏။ မနီလွန်းသော ကြာပွင့်ချပ်ကျောက်ကုန်းအဆင်းရှိ၏။ သဏ္ဌာနအားဖြင့် အရင်း၌တစ်ခုတည်း အဖျား၌နှစ်ဖြာရှိသော ပင်လယ်ကသစ်ရွက် သဏ္ဌာန် ရှိ၏။ ထိုအသည်းသည်လည်း ပညာမဲ့သောသူအား တစ်ခုသာ ဖြစ်၏။ ပညာရှိသောသူအား နှစ်ဖြာ လည်းကောင်း ရှိ၏။ ငယ်လည်း ငယ်၏။ ဒိသအားဖြင့် ချက်မှ အထက်အရပ်၌ ဖြစ်၏။ ဩကာသအားဖြင့် နှစ်ခုသော သားမြတ်တို့၏ အတွင်း၌ လက်ယာနံပါးကိုမှီ၍ တည်၏။ ပရိစ္ဆေဒအားဖြင့် အသည်းကို အသည်းဟူသော မိမိ အဆုံးဖြစ်သောအဖို့ဖြင့် ပိုင်းခြားအပ်၏။

၂၁။ ကိလောမကံ- အမြှေးကိုလျှာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

ကိလောမကံ- ဖုံးလွှမ်းတတ်သော အမြှေး၊ မဖုံးလွှမ်းတတ်သော အမြှေးအားဖြင့် နှစ်ပါးအပြားရှိသော အမြှေးယုတ်တတ်သော အသားမျိုးသည် ဝဏ္ဏအားဖြင့် ဖြူ၏။ ဘွဲ့.ဖြူပုဆိုး အဆင်းရှိ၏။ ကာယာနုပဿနာ၌ ဘီးသွားလျှော်ကိုယက်သော ပုဆိုးဖြူကြမ်း အဆင်းရှိ၏ဟုဆို၏။ ။သဏ္ဌာန အားဖြင့် မိမိတည်ရာအရပ်သဏ္ဌာန်ရှိ၏။ ။ဒိသ အားဖြင့် ဖုံးလွှမ်းတတ်သော အမြှေးသည် ချက်မှ

http://www.dhammadownload.com

အထက်အရပ်၌ ဖြစ်၏။ မဖုံးလွှမ်းတတ်သော အမြွေးသည် ချက်မှအထက်အောက်အရပ်တို့၌ ဖြစ်၏။ ။ ဩကာသအားဖြင့် ဖုံးလွှမ်းတတ်သော အမြွေးသည် နှလုံးကိုလည်းကောင်း၊ အညှိကိုလည်းကောင်း ဖုံးလွှမ်း၍တည်၏။ မဖုံးလွှမ်းတတ်သော အမြွေးသည် ကိုယ်အလုံးအရေအောက်၌ အသားအပေါင်းကို မြွေးယှက်၍ တည်၏။ ။ပရိစ္ဆေဒအားဖြင့် အောက်မှ အသားဖြင့်၊ အထက်မှအရေဖြင့် ထက်ဝန်းကျင်မှ အမြွေး၏ အဆုံးဖြစ်သောအဖို့ဖြင့် ပိုင်းခြားအပ်၏။

၂၂။ ဝိဟက်- အဖျဉ်းကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာ အရ ပြကြောင်း

ဝိဃက်၊ လျှာသဏ္ဌာန်ရှိသော ဝမ်းသဏ္ဌာန် အထက်နုံပါး၌ တည်သော အဖျဉ်းဟူသောအသားသည် (တစ်နည်း)လျှာသဏ္ဌာန်ရှိသော အစာသစ်၏ တည်ရာ အူမ၏ အထက်နုံပါး၌ တည်သော ဝမ်းလျားသော အဖျဉ်းတည်းဟူသော အသားသည်။ ။ ဥဒရဇိဂ္ဂဟဝဏ္ဏာနဉ္စဥရဿမတ္တ ကပဿေ တိဋ္ဌနက။ ဝဏ်။ ဟု ဋီကာမိန့်သည်နှင့်အညီ မြန်မာပြန်သည်။ ထိုအဖျဉ်းဟူသော အသားသည် ဝဏ္ဏအားဖြင့် နိ၏။ ကြောင်ပန်းရွက်အဆင်း ရှိ၏။ ။ သဏ္ဌာနအားဖြင့် လက်နှစ်သစ် အတိုင်းအရှည်ရှိသော အတွဲမရှိသော နွားနက်ငယ်၏ လျှာသဏ္ဌာန်ရှိ၏။ (ဋီကာ၌ နီလက်ဟုရှိသည့် အလိုဖြင့် ညိုသော အဆင်းရှိ၏ဟု ယူလေ)။ ။ဒိသအားဖြင့် အထက်အရပ်၌ ဖြစ်၏။ ဩကာသအားဖြင့် နှလုံးသား၏ လက်ဝဲနုံပါး၌ အစာသစ်၏ တည်ရာဦးလွှာ၏ အထက်နုံပါးကို မှီ၍ တည်၏။ အကြင်အဖျဉ်းသည် လက်ဖြင့် ခတ်မိခြင်း၊ ထိုးမိ၊ ပုတ်မိခြင်းဖြင့် မိမိတည်ရာပြင်သို့ ထွက်သည်ရှိသော သတ္တဝါတို့ အသက်ကုန်ခြင်းသည်ဖြစ်၏။ ပရိစ္ဆေဒအားဖြင့် အဖျဉ်း၏ အဆုံးဟူသော အဖို့ဖြင့် ပိုင်းခြားအပ်၏။

၂၃။ ပပ္ဖာသံ- အဆုတ်ကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာ အရ ပြကြောင်း

ပပ္ဖာသံ- သုံးဆယ့် နှစ်ပါးသော အသားပိုင်းအပြားရှိသော တည်မြဲ တိုင်းတာအရာ၌ တွဲရရွဲဆွဲ၍ အတန်ငယ်ပြန့်သော အဆုတ်တည်းဟူသော အသားသည် ဝဏ္ဏအားဖြင့် နီ၏။ မမှည့်လွန်းသော ရေသဖန်းသီးအဆင်းရှိ၏။ ။သဏ္ဌာနအားဖြင့် မညီမညွတ်ဖြစ်အပ်သော အထူးထူးသော မုန့်ပဲ သဏ္ဌာန်ရှိ၏။ ။ကာယာနုပဿနာ၌ကား မညီမညွတ်ဖြစ်သော မုန့်ဆီကြော်။ မုန့်ပြားသလက်သဏ္ဌာန်။ အုတ်နီခဲကျိုး အပုံအစုသဏ္ဌာန်ဟူ၍ ဆို၏။ ။အတွင်း၌ စားအပ်သောက်အပ်သော အစာမရှိခြင်းကြောင့် ထက်သော ကမ္မဇတေဇောဓာတ်တည်းဟူသော အင်္ဂေ့သည် နှိပ်စက်သည်၏အဖြစ်ကြောင့် ညက်စွာ ဝါးအပ်သော ကောက်ရိုးထွေးကဲ့သို့ ကင်းသော အရသာသြဇာရှိ၏။ ။ ဒိသအားဖြင့် ချက်မှ အထက် အရပ်၌ ဖြစ်၏။ ။ဩကာသအားဖြင့် ကိုယ်၏ အတွင်းနှစ်ခုသော သားမြှတ်တို့၏ အတွင်းဖြစ်သော အလယ်၌ နှလုံးသား၊ အသည်းအထက်က ဖုံးလွှမ်း၍ ဖွဲ့လျက်တည်၏။ ပရိစ္ဆေဒအားဖြင့် အဆုတ်၏ အဆုံးဖြစ်သောအဖို့ဖြင့် ပိုင်းခြားအပ်၏။

၂၄။ အန္တံ- အူမခွေကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာ အရ ပြကြောင်း

အန္တံ၊ ယောက်ျားအား သုံးဆယ့်နှစ်တောင်၊ မိန်းမအား နှစ်ဆယ့်ရှစ်တောင်ရှိသော နှစ်ဆယ့်တစ်ပါးသော အထပ်တို့၌ ခွေ၍တည်သော အူမသည်။ ဩတဂ္ဂအာဘုတ္တာ။ ။ဋီကာ။ ။ထိုအူမခွေသည် ဝဏ္ဏအားဖြင့် ဖြူ၏။ ကျောက်တို့ဖြင့် ပြုအပ်သော အင်္ဂတေအဆင်း ရှိ၏။ သေတကွရာ သုဓာဝဏ္ဏန္တိပိပါဠ္ဌော။ ။ဤအလိုဖြင့် ဖြူသောကျောက်ပြုတ်အဆင်း၊ အင်္ဂတေအဆင်းရှိ၏ဟု အနက်ပေးလေ။ သဏ္ဌာနအားဖြင့် သွေးကျင်း၌ ခွေ၍ ထားအပ်

http://www.dhammadownload.com

သော ဦးခေါင်းကိုဖြတ်၍ထားအပ်သော မြေသဖွာန်လည်း ဟူ၏။

ကာယာနုပဿနာဌာန်ကား နီသော သစ်သားခွက်အတွင်း၌ စုပုံ၍ထားအပ်သော၊ ဦးခေါင်းမရှိသော မြေသဖွာန်ဟု ဆို၏။ ။(ထိုစကားသည်။ ဌပိတသီသစ္ဆိသဂ္ဂသဖွာနံ။ ။ဟူသော အဋ္ဌကထာပါဠိနှင့် မညီလေ။ ။ဥပမာထင်အောင် ဖြည့်စွက်၍ ဆိုဟန်ရှိ၏)။ ။ဒိသအားဖြင့် ချက်မှအထက် အောက်အရပ်၌ ဖြစ်၏။ ။ သြကာသအားဖြင့် အထက်လည်ချောင်းအောက်မှ ကျင်ကြီးကြောင်း၌ တစ်စပ်တည်းတည်သည်၏အဖြစ်ကြောင့်။ အထက်လည်ချောင်းအောက်မှ ကျင်ကြီးကြောင်း အဆုံးသောကိုယ်တွင်း၌ တည်၏ဟုဆို၏။

ပရိစ္ဆေဒအားဖြင့် အူမ၏ အဆုံးအဖို့ဖြင့် ပိုင်းခြားအပ်၏။ ။ဤအန္တံ အရကို ကာယာနုပဿနာ၌။ အန္တန္တိပုရိသဿဒွတ္တိသဟတ္တံ၊ ဣတ္ထိယာ အဋ္ဌဝီသတိဟတ္ထံ။ ဟူသော အဋ္ဌကထာအဖွင့်၌။ ။ ရှေးအခါ လူတို့၏ အရပ်လေးတောင်ပြည့်သည်ကာလကို ရည်၍ဆိုသည်။ ။(ယခုကာလ၊ ယောကျ်ား၊ မိန်းမတို့ အူသည်သုံးဆယ့်နှစ်တောင်။ နှစ်ဆယ့်ရှစ်တောင် မရှိဟုဆို၏။ ထိုစကားကို မမှတ်အပ်)။ ။ အဘယ့်ကြောင့်နည်းဟူမူ အန္တံ ဟူသော ပါဠိအရကို ဒွတ္တိံသဟတ္ထံ၊ အဋ္ဌဝီသတိဟတ္ထံ ဟူသော အဋ္ဌကထာအဖွင့်၌။ ။အသက်နည်း၍ အရပ်တိုသော ကာလမှာ။ အူယုတ်လိမ့်မည်။ အသက်ရှည်၍ အရပ်မြင့်သော ကာလမှာ အူရှည်လိမ့်မည်ဟု မဖွင့်။ အကယ်၍ လူအရပ်ကိုပြန်လျှင် ထိုလူတို့၏ အတောင်အတိုင်း အရှည်နှင့်ပင် ရေတွက်သင့်သည်။ အဋ္ဌကထာအရ။ ဦကာ၌လည်း လူတို့ အရပ်တိုလျှင် အူယုတ်လိမ့်မည်ဟု အရိပ်အယောင်မျှ မဖွင့်ပြခဲ့။ ထို့ကြောင့် မမှတ်အပ်။

၂၅။ အန္တဂုဏ အူသိန်ကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာ အရ ပြကြောင်း

အန္တဂုဏ်– အူမကြီးတို့၏ ခွေ၍တည်သော အရပ်တို့၌ အအူကြီးတို့ကိုဖွဲ့သော အူသိန်သည် ဤအန္တဂုဏ်၌ ဂုဏသဒ္ဒါသည် ကာမဂုဏ်၌ ဂုဏသဒ္ဒါကဲ့သို့ ဗန္ဓနဋ္ဌအနက်ကိုဟော၏။ ထို့ကြောင့် တေသံ ဗန္ဓနဘူတံအန္တ ဂုဏံနာမ။ ။ဟုဋ္ဌကာမိန့်၏။ ။ ထိုအူကြီးတို့ကို ကြိုးကဲ့သို့ဖွဲ့သော အူသိမ်သည် ဝဏ္ဏအားဖြင့်ပြု၏။ မျောက်လေ့ကူးမြစ်၊ မှော်မြစ်သဖွာန်ရှိ၏။ ။

ဒိသအားဖြင့် ချက်မှအထက်အောက်အရပ်တို့၌ ယန္တရားကြိုးငယ်သည် ယန္တရားပျဉ်တို့ကို ဖွဲ့သကဲ့သို့။ ပေါက်တူး၊ ပေါက်ဆိန်ပေါက်သော အမှုအစရှိသည်တို့ကို ပြုသောသူတို့၏ အကြိုးခွေတို့ကို မလျှော့မကျစေသည်တို့ကိုပြု၍ တစ်စပ်တည်းဖွဲ့၍ ခြေသုတ်ကြိုးပမ်း၏။ အကြားအကြား၌ ထိုကြိုးခွေကို မလျှော့စေမူ၍ ချုပ်သောကြိုးကဲ့သို့ နှစ်ဆယ့်တစ်ထပ်အတိုင်းအရှည်ရှိသော အူမကြီးအခွေတို့၏ အကြားအကြား၌တည်၏။ ။

ကာယာနုပဿနာဌာန်ကား– ပေါက်တူး၊ ပေါက်ဆိန်စသည်တို့ကို– ဆွဲငင်ခုတ်ဖြတ်သောအခါ အူအတွန့်အပတ်အစု၊ မပျက်စီးရအောင်။ စက်ယန္တရားပျဉ်သိပ်ပြားကို စက်ကြိုးတို့ဖြင့် ဆိုင်းဘီသကဲ့သို့ ဆိုင်း၍ ခြေသုတ် ကြိုးဝန်း၏ အကြားအကြား၌ ချုပ်သော အပ်ကြိုးကဲ့သို့ နှစ်ဆယ့်တစ်ချက်သော အူအတွန့်တို့၏ အကြား၌တည်၏ဟုဆို၏။ ။ ပရိစ္ဆေဒအားဖြင့် အအူ တူကိုဖွဲ့သော အူသိန်အဆုံးရှိသော အဖို့ဖြင့် ပိုင်းခြားအပ်၏။

၂၆။ ဥဒရိယ အစာသစ်ကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာ အရပြကြောင်း

ဥဒရိယံ– အူမကြီးဟူသော ဝမ်း၏အတွင်း၌ တည်သောစားအပ်၊ သောက်အပ်၊ လျက်အပ်သော

http://www.dhammadownload.com

အစာသစ်သည်။ ။ဥဒတိပဝတ္တတီတိဥဒေါ။ကိုယ်ရ၏။ ။ဥဒဿကာယဿအဇ္ဈန္တရေရာတိ တိဋ္ဌတိ တိဥရော။ ။အူကြိုးရ၏။ ။ဥဒရောဘဝံဥဒရိယံ။ အစာသစ်ရ၏။ ။ထိုဥဒရိယကိုပင် ကျင်ကြိုး၊ ကျင်ငယ်အဖြစ်သို့ မရောက်သေးသောကြောင့် အစာသစ်ဟုခေါ်ဝေါ်အပ်၏။ ထိုအစာသစ်သည် ဝဏ္ဏအားဖြင့် မျိုအပ်သောအာဟာရ၏အဆင်းရှိ၏။ ။သဏ္ဌာနအားဖြင့် ရေစစ်ပဝါဠ်လျော့သော ဆန်သဏ္ဌာန် ရှိ၏။ ။ကာယာနုပဿနာဠ်ကား– ရေစစ်ဠ် ဆန်ကို ထည့်၍ လျော့လျော့ထုပ်သော သဏ္ဌာန်ရှိ၏ဟု ဆို၏။

ဒိသအားဖြင့် ချက်မှ အထက်အရပ်ဠ် ဖြစ်၏။ သြကာသအားဖြင့် အူမကြိုးဟူသော ဝမ်းဠ်တည်၏။ ။ဥဒရမည်သည်ကား– နှစ်ဖက် အစွန်းမှ ကိုင်၍ ညှစ်အပ်သော၊ စိုသောပုဆိုး၏ အလယ်ဠ် ကောင်းစွာဖြစ်သော၊ ဖောင်းဖောင်းထသည်နှင့် တူသော၊ (တစ်နည်း)။ ဖုံးဖုံးထသည်နှင့် တူသော၊ (တစ်နည်း) အဖုနှင့် တူသော၊ အူကြိုးအလွှာတည်း။ အပကား ချောမောပြေပြစ်၏။ အတွင်းသားကား ချွေးစသော အညစ်အကြေးဖြင့် မြွေးရစ်သော၊ ညစ်နွမ်းသော ခင်းဒီးဟောင်းနှင့်တူ၏။ မညီမညွတ်သော ပိန္နဲခွံ၏ အတွင်းသားနှင့် တူ၏ဟူ၍လည်း ဆိုအပ်၏။ ။ အကြင်အူမဟူသော ဝမ်းဠ် ဘက္ကောဒကမည်သောပိုး၊ ဂဏ္ဍုပါဒကမည်သောပိုး၊ ကာလဟိရကမည်သောပိုး၊ သုစိမုခမည်သောပိုး၊ ပဋ္ဌတတ္ထုသုတ္တကမည်သောပိုး။

ဤသို့ အစရှိသော ပိုးမျိုးတို့သည်။ အထွေးအထွေးအယှက်ယှက်၊ အစုစု သွားကုန်သည်ဖြစ်၍ အမြဲနေကုန်၏။ ။အကြင်ပိုးတို့သည် အဖျော်ဘောဇဉ်အာဟာရသည် မရှိသော် အထက်သို့ ခံတွင်းရေးရှုသည်ဖြစ်၍။ ဦးစွာ မျိုအပ်သော နှစ်လုတ်သုံးလုတ်တို့ကို အဆောတလျင် ခုံတမင်လှ၍ စားကြကုန်၏။ အကြင် အူမတည်းဟူသော ဝမ်းသည် သုံးဆယ့်နှစ်မျိုးသော ပိုးတို့၏ စဖိုအိမ်၊ သားဖွားရာအိမ်။ ကျင်ကြိုးသွားရာကုဋီ၊ သုနာစရပ်။ သုသာန်တို့သည်ဖြစ်ကုန်၏။ အကြင်ဒွန်းစဏ္ဍားရွာတံခါးအနီးဠ် တည်သော ကျင်ဆိုး၊ ကစီအိုးဠ် နွေလအခါ ရုန့်ရင်းသော ဝတ္ထုတို့ကို ပျောက်စေနိုင်သော။ ကျင်ငယ်၊ ကျင်ကြိုး၊ အရေ၊ အရိုး၊ အကြောထုံး၊ တံတွေး၊ နှပ် အစရှိသော အထူးထူးသော အပုပ်တို့သည် ကျ၍ ညွှန်ရေနှင့် လိမ်းကျံ၍၊ နှစ်ရက်လွန်သဖြင့် ပိုးလောက်အဖြစ်ရောက်၍၊ နေပူအဟုန်ဖြင့် ကျိုက်ကျိုက် ဆူသော အထက်ဠ် ရေမြုပ်၊ ရေပွက်တို့ဖြင့် ဖုံးလွှမ်းသော၊ ညိုသော အဆင်းရှိသော၊ အလွန်မကောင်းသော အနံ့၊ စက်ဆုပ်ရွံရှာဖွယ် ဖြစ်၍ နမ်းခြင်း၊ လျက်ခြင်းကို မဆိုထားဘိ၊ အနီးကပ်မှ မကပ်ကောင်း၊ မကြည့်ကောင်းသောအဖြစ်သို့ ရောက်၍တည်၏။

ထို့အတူ အူမဟူသော ဝမ်းဠ် အထူးထူးသော သောက်ဖွယ်၊ စားဖွယ်တို့သည် သွားတည်းဟူသော ကျည်ပွေ့ဖြင့် မှုန့်မှုန့်ညက်ညက် ကြေစေအပ်သော၊ လျှာတည်းဟူသော လက်ဖြင့် ပြန်လှန်အပ်သော၊ တံတွေးတည်းဟူသော အရည်ဖြင့် မွှေ၍၊ ထိုခဏာဖြင့် ကင်းသော အနံ့၊ အဆင်း၊ အရသာ အစရှိသော ပြည့်စုံခြင်းသည်ဖြစ်၍၊ ရက်ကန်းသည်၏ ကစီဖတ်၊ ခွေးအန်ဖတ်နှင့် တူသောအဖြစ်ဖြင့် ကျ၍၊ သလိပ်၊ သည်းခြေ၊ လေ၊ သွေးတို့ဖြင့် မြွေးအပ်သော၊ ပိုးအမျိုးတို့ဖြင့် ပြွမ်းသော၊ ဝမ်းမီးဟူအဟုန်ဖြင့် ကျိုက်ကျိုက် ဆူသော အထက်ဠ်၊ အမြုပ်အပွက်တို့ဖြင့် ဖုံးလွှမ်းအပ်သော၊ အလွန် နံစော် စက်ဆုပ်ဖွယ်ဖြစ်သော အဖြစ်သို့ ရောက်၍တည်ကုန်၏။

ထိုသို့သော အဖြစ်ကို ကြားကာမျှဖြင့်။ လူအပေါင်းသည် သောက်ဖွယ်၊ စားဖွယ်တို့ဠ် မနှစ်လိုဖွယ်သောအဖြစ်သည် ကောင်းစွာတည်၏။ ပညာစက္ခုဖြင့်မြင်သော ယောဂီပုဂ္ဂိုလ်တို့အားကား အဘယ်ဆိုဖွယ်ရှိကုန်အံ့နည်း။ အကြင် အူမဟူသော ဝမ်းဠ်

http://www.dhammadownload.com

ကျသော အဖျော်ဘောဇဉ်အစရှိမည်ကို ငါးဖို့ အပြားဖြင့် ဝေဖန်အပ်၏။ တစ်ဖို့ကို ပိုးတို့သည် စားကုန်၏။ တစ်ဖို့ကို ဝမ်းမီးသည် ကြေစေ၏။ တစ်ဖို့သည် ကျင်ငယ် ဖြစ်၏။ တစ်ဖို့သည် ကျင်ကြီး ဖြစ်၏။ တစ်ဖို့သည် ရသာအဖြစ်သို့ ရောက်၍ အသွေး၊ အသား၊ အစရှိသော ခုနစ်ပါးသော ဓာတ်တို့ကို ပွားစေ၏။ ။ပရိဏ္ဍေဒအားဖြင့် အူမဟူသော ဝမ်းရေလွှာဖြင့်လည်းကောင်း၊ အစာသစ်၏ အဆုံးဟူသော အဖို့ဖြင့်လည်းကောင်း ပိုင်းခြားအပ်၏။

၂၇။ ကရီသံ- ကျင်ကြီးကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

ကရီသံ– ကျင်ကြီးသည် ဝဏ္ဏအားဖြင့် များသောအားဖြင့် မျိုးအပ်သော အာဟာရ၏ အဆင်းနှင့် တူ၏။ သဏ္ဌာနအားဖြင့် တည်ရာအရပ် သဏ္ဌာန်ရှိ၏။ အရှည် လက်ရှစ်သစ်အတိုင်းအရှည်ရှိသော ဝါးကျည်ထောက်ကို နှံ့၍တည်သော၊ ဖျော့တော့သော မြေနှံ၏ သဏ္ဌာန်ရှိ၏။ ဒိသ အားဖြင့် ချက်မှ အောက်ရပ်၌ဖြစ်၏။ ။ ဩကာသအားဖြင့် အစာကျက်အိမ်၌ တည်၏။ ပက္ကာသယဟူသော အစာမျက်အိမ်သည်ကား ရှေ့အဖို့မှ ချက်အောက်အပြင် နောက်အဖို့မှ အောက်ဆုံး ကျောက်ရိုးတို့၏ အလယ်၊ အူမအဆုံး၌၊ အစောက်အားဖြင့် လက်ရှစ်သစ် အတိုင်းအရှည်ရှိသော ဝါးကျည်တောက်အခေါင်းနှင့် တူသောအရပ်၌ တည်၏။

အကြင်အစာကျက်အိမ်၌ အထက်အောက် ကောင်းကင်မှ မြေအဖို့၌ ကျသော အဖျော်ဘောဇဉ် အစရှိသည်သည် တေဇောဟူသော ဝမ်းမီးဖြင့် ကျိုက်ကျိုက်ဆူစေလျက် ကျက်တိုင်း ကျက်တိုင်း ကျောက်ပြင်၌ ကြိတ်သကဲ့သို့ သိမ်မွေ့သောအဖြစ်သို့ ရောက်၍ အူမ၏ အပေါက်မှ လျှောကျ၍ နယ်၍၊ ဝါးကျည်ဆစ်၌ သွတ်အပ်သော ဖျော့တော့သော မြေနှံကဲ့သို့ စုဝေးသည်ဖြစ်၍တည်၏။ ပရိဏ္ဍေဒအားဖြင့် အစာကျက်အိမ်ဟူသော အူဖျားအပြင်ဖြင့် ပိုင်းခြားအပ်၏။ (တစ်နည်း) ကျင်ကြီး၏ အဆုံးဟူသော အဖို့ဖြင့် ပိုင်းခြားအပ်၏။

၂၈။ မတ္တလုင်္ဂ- ဦးနှောက်ကို ပါဠို အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

မတ္တလုင်္ဂ၊ ဦးခေါင်းခွံ၏အတွင်း၌ တည်သော ဦးနှောက်စုသည် ခြင်ဆီကဲ့သို့ စုသော ဦးနှောက်တည်းဟူ၏။ ထိုဦးနှောက်သည် ဝဏ္ဏအားဖြင့် ဖြူ၏။ မှိုဆုပ်အခဲနှင့် တူသော အဆင်းရှိ၏။ နို့ဓမ်းအဖြစ်သို့ မရောက်သေးသော၊ ပျက်သော နို့ခဲအဆင်းသည် တူ၏။ သဏ္ဌာနအားဖြင့် တည်ရာ အရပ်၏ သဏ္ဌာန်ရှိ၏။ ။ဒိသအားဖြင့် ချက်မှ အထက်အရပ်၌ဖြစ်၏။ ဩကာသအားဖြင့် ဦးခေါင်းခွံအတွင်း၌ လေးခုသော ချုပ်စက်အကြောင်းတို့ကို မှီ၍ ပေါင်း၍ထားအပ်သော လေးခုသောမှုန့်နှစ်ခဲတို့ကဲ့သို့ ကောင်းစွာ စုဝေးသည်ဖြစ်၍ တည်၏။ ပရိဏ္ဍေဒအားဖြင့် ဦးခေါင်းခွံ၏ အတွင်းအပြင် တို့ဖြင့်လည်းကောင်း၊ ဦးနှောက်အဆုံးရှိသော အဖို့ဖြင့်လည်းကောင်း ပိုင်းခြားအပ်၏။

၂၉။ ပိတ္တံ- သည်းခြေကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

ပိတ္တံ– ဗဒ္ဓ၊ အဗဒ္ဓဟူ၍ နှစ်ပါးသောသည်းခြေရှိသည်တွင် ဗဒ္ဓသည်းခြေသည် ဝဏ္ဏအားဖြင့် ခွါသော သစ်မယ်ဇယ်စေ့ဆီအဆင်းရှိ၏။ အဗဒ္ဓသည်းခြေသည် ဟောင်းသည်ဖြစ်၍ တစ်ဖန်ပြန်ပြီးသော အရည်နှင့် ရောသော သစ်မယ်ဇယ်ဆီ အဆင်းရှိ၏။ ညှိုးပြီးသော တောင်ကျည်းပွင့် အဆင်းလည်းဟူ၏။ ။ (အဗဒ္ဓသည်းခြေသည် အရည်ဖြစ်ခဲရကား အပွင့်နှင့် တန်မတန်ကို နှလုံးထားလင့်ဟု နိဿယဆရာ မှာတော်မူ၏။

ကာယာနုပဿနာ၌ကား ဤသည်းခြေ နှစ်မျိုး

http://www.dhammadownload.com

လုံးပင် အထူးထူးသော သစ်မယ်ဇယ်ဆီ အဆင်းဟူ၍ဆို၏။ ထိုသို့ဆိုသော်လည်း။ ။ဗဒ္ဓပိတ္တံ ဝဏ္ဏတော ဗာလမရုကတေထဝဏ္ဏံ။ အဗဒ္ဓပိတ္တံမိလာတအာကုလိပုပ္ဖဝဏ္ဏံ။ ဟု အဋ္ဌကထာ ဖွင့်ပြတော်မူသောကြောင့် ဗဒ္ဓသည်းခြေမှာ ရွှဲသော သစ်မယ်ဇယ်စေ့ဆီအဆင်း၊ အဗဒ္ဓသည်းခြေမှာ ဟောင်းသည်ဖြစ်၍ တစ်ဖန် ပြန်ပြီးသော အရည်နှင့်ရောသော၊ သစ်မယ်ဇယ်ဆီအဆင်းဟု နိဿယဆရာ၊ ဒီပနီဆရာတို့ မြန်မာပြန်ဆိုတော်မူကြသည်ဖြစ်၍ (စိုးစဉ်းမျှထူး၏၊ ကွဲ၏ဟုမှတ်)။

သဏ္ဌာနအားဖြင့် တည်ရာ အရပ်သဏ္ဌာန် ရှိ၏။ ။ ဒိသအားဖြင့် ဗဒ္ဓသည်းခြေသည် ချက်မှ၊ အထက်အရပ်၌ဖြစ်၏။ အဗဒ္ဓသည်းခြေသည် ချက်မှ အထက်အောက် အရပ်တို့၌ ဖြစ်၏။ ။ ဩကာသအားဖြင့် အဗဒ္ဓသည်းခြေ၊ ဆံ၊ အမွေး၊ သွား၊ ခြေသည်း၊ လက်သည်းတို့၏ အသားမှ လွတ်သော၊ ခက်ထရော်ရှိသော အရေ၊ ခြောက်သောအရေတို့ကို ထား၍။ ရေ၌ ဆီပေါက်သည် နှံ့၍တည်သကဲ့သို့ ကြွင်းသော ကိုယ်အလုံးကို နှံ့စေ၍ တည်၏။ အကြင် အဗဒ္ဓသည်းခြေ ပျက်ခဲသည်ရှိသော် မျက်စိရွှေခြင်း၊ ဝါခြင်း၊ ချာချာလည်ခြင်း၊ ကိုယ်လက်၊ လည်ကုပ်၊ လည်တိုင်၊ တုန်လှုပ်ခြင်း၊ အိုင်းဝက်ခြင်း၊ အသည်းဟူသော အသားကိုမှီ၍ သပွတ်ခါးသီးအတွင်းနှင့်တူသော သည်းခြေအိမ်တည်ရာအရပ်တည်၏။ ဗဒ္ဓသည်းခြေပျက်ခဲသည်ရှိသော် သတ္တဝါတို့ ရူးခြင်း၊ ဖောက်ပြန်သော စိတ်ရှိခြင်း၊ အရှက်အကြောက်ကို စွန့်ခြင်း၊ မပြုအပ်သည်ကိုပြုခြင်း၊ မဆိုအပ် မဆိုသင့်သောစကားကို ဆိုခြင်း၊ မကြံအပ်သည်ကို ကြံခြင်းတို့သည် ဖြစ်ကုန်၏။ ။ပရိဏ္ဍေဒအားဖြင့် သည်းခြေ၏ အဆုံးဟူသော အဖို့ဖြင့် ပိုင်းခြားအပ်၏။

၃၀။ သေမုံ- သလိပ်ကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာ အရ ပြကြောင်း

သေမုံ၊ တစ်သပိတ်ပြည့်လောက်ရုံ ပမာဏရှိသော သလိပ်သည် တစ်ယောက် စားလောက်ရုံမျှသော၊ သြမကသပိတ်ပြည့်ရုံ ပမာဏရှိ၏၊ ဟူ၍လည်း ဆို၏။ ။ လေးကွမ်းစားအတိုင်းအရှည်ရှိသော သပိတ်လည်းဟူ၏။ ထိုသလိပ်သည် ဝဏ္ဏအားဖြင့် ဖြူ၏။ ဂုံရွက်ရည် အဆင်းရှိ၏။ ဖက်သက်ရွက်ရော် အဆင်းလည်း ဟူ၏။ သမင်ချိုနွယ်ဟူ၍လည်း ဆို၏။ ။နာဂ ပလာသပဏ္ဏရသဝဏ္ဏ။ ။ဟု အဋ္ဌကထာ အစောင်စောင် ရှိသည်များ၏။ သို့သော်လည်း နာဂဗလပဏ္ဏရသဝဏ္ဏဟူ၍သာ ရှိလို၏။ ။ သဏ္ဌာနအားဖြင့် တည်ရာအရပ်သဏ္ဌာန် ရှိ၏။

ဒိသအားဖြင့် ချက်မှ အထက်အရပ်၌ဖြစ်၏။ ဩကာသအားဖြင့် ဝမ်းလွှာ၌ တည်၏။ ။ကာယာနုပဿနာ၌ကား- သနပ်သီးမှည့်၊ တမာသီးမှည့်၊ အရည်အဆင်းဟူ၍ လည်းကောင်း။ ။သေမုန္တိသရီရဗ္ဗန္တရေဇကပတ္တပု ရဏ ပမာဏသေမုံ။ ။ဟူသော အဋ္ဌအထာအဖွင့်၌လည်း။ ပတ္တသဒ္ဒါကို တဝမ်းပူ နှစ်လုံးဆင့်တင်ကြ၍။ တစ်သပိတ်ပမာဏဟု။ အနက်ပေးကြသည်ကို မမှတ်နှင့်။ တဝမ်းပူထဆင်ထူး ဆင့်လျက် ပတ္ထဟု ရှိစေဟူ၍ လည်းကောင်း ဆို၏။

ထိုနှစ်ချက်တို့တွင် သနပ်သီးမှည့်၊ တမာသီးမှည့် အဆင်းဟု ဆိုရာ၌ နာဂဗလဲဟူသော အဋ္ဌကထာပါဠိကို နာဂလန္တိမဂသုတ္တံဟု ဋီကာကဏ္ဍိ ပုဒ်တို့၌ ဖွင့်သည်ကို လည်းကောင်း၊ နာဂဗလဲ၊ ဖက်သက်ဟု အဘိဓာန် ပရိယာယ်လာသည်ကိုလည်း ကောင်းထောက်၍၊ သင့်၏သို့မထင်။

ပတ္တသဒ္ဒါ၌လည်း ပဒဓာတ်၊ တပစ္စည်း။ အဓိကရဏသာဓနကြံ၍ ဆွမ်း၊ ဟင်းလျာ စသည်တို့၏ တည်ရာဟူ၍ လည်းကောင်း၊ ရောက်ရာဟူ၍ လည်းကောင်း၊ ဖြစ်ရာဟူ၍လည်းကောင်း အဓိပ္ပာယ်ယူ၍ ကွမ်းစားကို လည်းကောင်း၊ ခွက်ကို လည်းကောင်း။

http://www.dhammadownload.com

သပိတ်ကို လည်းကောင်း။ တစ်ခုခုကို ဟောစေကာမူ။ တဝမ်းပူ နှစ်လုံးဆင့်နှင့် သင့်သည်ပင်။ ။(နာဂဗလ ဟူသော အပင်သည် ငရုတ်ခရမ်းပင်များကဲ့သို့ အပင်ငယ်မျိုး ဖြစ်သည်။ မြစ်နားမှာပေါက်တတ်သည်။ ချိုချဉ်ရသာ အသီးရှိသည်ဟု ဆေးကျမ်းတွင် ဆိုသည်ဟူသော ကာယာနုပဿနာ စကားကိုလည်း ယခင် ဆိုအပ်ခဲ့ပြီးသော ဋီကာအဖွင့်နှင့်မညီသော ကြောင့် မယူအပ်)။ အကြင်သလိပ်သည် အဖျော်ဘောဇဉ် စသည်ကို မျိုသောအခါ ရေ၌ ရေညှို မှော်သည် သစ်သား အိုးခြမ်းကျသည်ရှိသော် နှစ်ဖြာကွဲ၍ တစ်ဖန် လွှမ်းမိုး၍ တည်၏။

အကြင် သလိပ်သည် နည်းသည်ရှိသော၊ ပြည်မှည့်သော အိုင်းအုမာကဲ့သို့လည်းကောင်း၊ ပုပ်သည်၏အဖြစ်သို့ ရောက်သော ကြက်ဥကဲ့သို့ လည်းကောင်း၊ စက်ဆုပ်ရွံရှာဖွယ် ပုပ်သောအနံ့သည် လည်းကောင်း၊ ခဲတွင်းအနံ့သည် လည်းကောင်း။ အကောင်ပုပ်ကဲ့သို့ နံသည်ဖြစ်၍ ရှားလော့ ဖယ်လော့၊ နံစော်ဟု ဆိုအပ်သောအဖြစ်သို့ ရောက်၏။

ထိုသလိပ်သည် ပွားများခြင်းသို့ ရောက်သည်ရှိသော် ကျင်ကြီးသွားရာ ရေအိမ်အတွင်းအဝကို ပိတ်သော ပျဉ်ကဲ့သို့ ဖြစ်၍ အူမဝမ်း၏ အတွင်း၌ သာလျှင် အပုပ်အနံ့ကို ကောင်းစွာ ပိတ်၍ တည်စေ၏။ ။ပရိစ္ဆေဒအားဖြင့် သလိပ်၏ အဆုံးဖြစ်သော အဖို့ဖြင့် ပိုင်းခြားအပ်၏။

၃၁။ ပုဗ္ဗော- ပြည်ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

ပုဗ္ဗော– ပြည်သည် ဝဏ္ဏအားဖြင့် ဖျောတော့သော ဖက်ရွက်ရော် အဆင်းရှိ၏။ သေသောသူ၌ ပုပ်သော ပြစ်ပြစ်ချဲချဲသော ကစီရည်အဆင်းရှိ၏။။။ သဏ္ဌာနအားဖြင့် တည်ရာ အရပ်သဏ္ဌာန်ရှိ၏။ ။ ဒိသအားဖြင့် နှစ်ပါးသောအရပ်တို့၌ ဖြစ်၏။ ဩကာသအားဖြင့် ပြည်၏ တည်ရာအရပ်သည် မမြဲ။ အကြင်အရပ်၌ ထိုပြည်သည် စုဝေးသည်ဖြစ်၍ တည်၏။ အကြင်အကြင် ကိုယ်အရပ်၌ သစ်ငုတ်၊ ဆူး၊ လက်နက်၊ မီးလျှံ အစရှိသည် ထိပါးသော ကိုယ်၏ အစိတ်အရပ်၌ သွေးသည် စုဝေး၍ ကျက်မှည့်၏။ အိုင်းနှာ၊ ထွတ်မြင်းနှာ အစရှိသည်တို့သည် ဖြစ်ကုန်၏။ ထိုထို သွေးစုရာ၊ အနှာဖြစ်ရာ အရပ်၌ တည်၏။ ။ပရိစ္ဆေဒအားဖြင့် ပြည်၏ အဆုံးဟူသော အဖို့ဖြင့်လည်းကောင်း ပိုင်းခြားအပ်၏။ ။ကာယာနုပဿနာ၌ကား– သေသောအကောင်၌ ထမင်းချိုးပုပ်ခဲအဆင်းရှိ၏ ဟုဆို၏။

၃၂။ လောဟိတံ- သွေးကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

လောဟိတံ– သန့်စင်စွာ စုဝေးသော သွေး။ သံသရဏ၊ ထိုမှ ဤမှရွှေ့သော သွေးဟူ၍ နှစ်ပါးရှိသည်တွင် သန့်စင်သွေးသည် ဝဏ္ဏအားဖြင့် ကျက်သော ချဲသော၊ ချိပ်ရည်အဆင်းရှိ၏။ နောက်တော ချိတ်ရည် အဆင်းလည်း ဟူ၏။ ။သံသရဏသွေးသည် ကြည်သော ချိပ်ရည် အဆင်းရှိ၏။ သဏ္ဌာနအားဖြင့် နှစ်ပါးစုံသောသွေးသည်။ မိမိတို့၏ တည်ရာအရပ်သဏ္ဌာန်ရှိ၏။ ။ဒိသအားဖြင့် သန့်စင်စွာစုဝေးသော သွေးသည် ချက်မှ အထက်အရပ်၌ ဖြစ်၏။ ထိုမှ ဤမှ ရွှေ့သော သံသရဏသွေးသည် ချက်မှ အထက်အောက်အရပ်၌ ဖြစ်၏။

ဩကာသအားဖြင့် သံသရဏသွေးသည် ဆံ၊ အမွေး၊ သွား၊ ခြေသည်း၊ လက်သည်းဟု ဆိုအပ်သော အသားမှ လွတ်သော အရပ်၊ ခက်ထရော်ရှိသော အရေ၊ ခြောက်သော အရေတို့ကိုထား၍ အကြောငယ်၊ အကြောကြီးတို့ကို လျှောက်သဖြင့် အလုံးစုံသော ဥပါဒိန္နကကိုယ်၌ နှံ့၍ တည်၏။ ။

သန့်စင်သွေးသည် အသည်း၏ အောက်အဖို့ကို ပြည့်စေ၍ တစ်သပိတ်ပြည့်ရုံ အတိုင်းအရှည်ရှိသည်ဖြစ်၍ နှလုံး၊ အညှို့၊ အဆုပ်တို့ကို စွတ်စေ၍

http://www.dhammadownload.com

တည်၏။ ထိုသို့ မစိုမစွတ်စေသည်ရှိသော် သတ္တဝါတို့သည် ရေငတ်ကုန်၏။ ။ပရိစ္ဆေဒအားဖြင့် သွေး၏ အဆုံးဟူသောဖို့ဖြင့် ပိုင်းခြား အပ်၏။ ။ကာယာနုပဿနာဌာန၌ သမ္မဒ်အဖွင့်ဌ်ကဲ့သို့ ဧကပတ္တ ပူရဏ ပတ္တံ ဟူသော အဋ္ဌကထာပါဠ်ကို တဝမ်းပူထဆင်ထူးနှင့် ရှိစေရမည်ဟု မှာ၏။ ထိုစကားကိုလည်း ယခင် အဆုံးအဖြတ်ကဲ့သို့သာ မှတ်အပ်၏။

၃၃။ သေဒေါ- ချွေးကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အရ ပြကြောင်း

သေဒေါ- ချွေးသည် မွေးတွင်း အစရှိသည်တို့မှ ယိုစီးသော အာပေါဓာတ်တည်း။ ထိုချွေးသည် ဝဏ္ဏအားဖြင့် ကြည်လင်သော နှမ်းဆီအဆင်းရှိ၏။ သဏ္ဌာနအားဖြင့် တည်ရာ အရပ်သဏ္ဌာန်ရှိ၏။ ။ ဒိသအားဖြင့် ချက်မှ အထက်အောက်တို့၌ဖြစ်၏။ ဩကာသအားဖြင့် ချွေး၏တည်ရာအရပ်သည် မမြဲ။ အကြင်ကိုယ်အရပ်၌ သွေးကဲ့သို့ အခါခပ်သိမ်း တည်ရာ၏။ ထိုတည်ရာအရပ်သည် အကြင်အခါ မီးပူ၊ နေပူ၊ ဥတု ဖောက်ပြန်ခြင်း အစရှိသည်တို့ဖြင့် ကိုယ်သည်ပူ၏။ ထိုအခါ ရေမှ နုတ်သစ်မျှသာဖြစ်သော မညီမညွတ်ဖြတ်အပ်သော ကြာစွယ်ကြာရင်း ကုမုဒြာကြာရိုး အစရှိသည်တို့မှ ယိုသော ရေကဲ့သို့ အလုံးစုံဆံတွင်း၊ မွေးတွင်းတို့မှယို၏။ ထို့ကြောင့် ချွေး၏ သဏ္ဌာန်ကိုလည်း ဆံတွင်း၊ မွေးတွင်းတို့၏ အစွမ်းဖြင့်သာ သိအပ်၏။ ။သေဒကမ္မဋ္ဌာန်းကို စီးဖြန်းသိမ်းဆည်းလိုသော ယောဂီပုဂ္ဂိုလ်သည် ဆံတွင်း၊ အမွေးတွင်းတို့ကို ပြည့်၍ တည်သည်၏ အစွမ်းဖြင့် နှလုံးသွင်းအပ်၏။ ။ပရိစ္ဆေဒအားဖြင့် ချွေး၏ အဆုံးဟူသော မိမိအဖို့ဖြင့် ပိုင်းခြားအပ်၏။

၃၄။ မေဒေါ- အဆီကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အရ ပြကြောင်း

မေဒေါ- ခဲသော အဆီဟူသော စေးသည် ဝဏ္ဏအားဖြင့် ခွဲအပ်သော နနွင်းအဆင်းရှိ၏။ ။ သဏ္ဌာနအားဖြင့် ဆူသောကိုယ်ရှိသောသူ၏ အသားအရေတို့၏ အကြားဌ၌ ကပ်၍တည်သော· အဆီခဲသည် ထားအပ်သော နနွင်းရောင်ရှိသော ဘွဲ့ဖြူပုဆိုးနွမ်းသဏ္ဌာန်ရှိ၏။ ကြုံသော ကိုယ်ရှိသောသူ၏ မြင်းခေါင်းသား၊ ပေါင်သား၊ ကျောက်ဆစ်ရိုးကို မှီသော ကျောက်သား၊ ဝမ်းပြင်းသား။ ဤအသားတို့ကို မှီ၍ တည်သော အဆီခဲသည် နှစ်ထပ် သုံးထပ် ပြု၍ ထားအပ်သော နနွင်းရောင်။ ဘွဲ့ဖြူပုဆိုးသဏ္ဌာန်ရှိ၏။ ။ဒိသအားဖြင့် ချက်အောက်အရပ်တို့၌ ဖြစ်၏။ ဩကာသအားဖြင့် ဆူသော သူ၏ ကိုယ်အလုံးကို နှံ့၍တည်၏။ ကြုံသောသူအား မြင်းခေါင်းသားရိုးတို့ကို မှီ၍တည်၏။ အဆီဟုခေါ်ဝေါ်ခြင်းသို့ ရောက်သော်လည်း အကြင်အဆီခဲကို လွန်စွာ စက်ဆုပ်ဖွယ်ရှိသောကြောင့် ဦးခေါင်းသုတ်စရာဆီ အလို့ငှာလည်းကောင်း နာနှပ်ဆီအစရှိသည်တို့၏ အကျိုးငှာလည်းကောင်း မယူအပ်။ ဤအဆီခဲသည် မေဒမည်၏။ ။ပရိစ္ဆေဒအားဖြင့် အောက်မှ အသားဖြင့် အထက်မှ အရေဖြင့်။ အထက်ဝန်းကျင် အဆီခဲ၏အဆုံးဟူသောအဖို့ဖြင့် ပိုင်းခြားအပ်၏။ ။ ကာယာနုပဿနာဌာန၌ နှစ်ထပ်သုံးအပ် ခေါက်၍ ထားအပ်သော နနွင်းဆိုး ဘီးသွားလျော်၊ ပုဆိုးကြမ်းသဏ္ဌာန်ဟု ဆို၏။

၃၅။ အသု- မျက်ရည်ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အရ ပြကြောင်း

အသု- မျက်စိတို့မှ ယိုသော အာပေါဓာတ်ဟု ဆိုအပ်သော မျက်ရည်သည် ဝဏ္ဏအားဖြင့် ကြည်စွာသော ဆီအဆင်းရှိ၏။ ။ သဏ္ဌာနအားဖြင့် တည်ရာအရပ်သဏ္ဌာန်ရှိ၏။ ။ဒိသအားဖြင့် ချက်မှ အထက်အရပ်၌ ဖြစ်၏။ ။ဩကာသအားဖြင့် မျက်ခွက်တို့၌ တည်၏။ ထိုမျက်ရည်သည် ဗဒ္ဓသည်းခြေအိမ်၌ သည်းခြေတည်သကဲ့သို့ မျက်လုံးတွင်းတို့၌ အခါခပ်

http://www.dhammadownload.com

သိမ်း စုဝေးလျက်မတည်။ အကြင်အခါ သတ္တဝါတို့သည် ဖြစ်သော ဝမ်းမြောက်ခြင်း၊ ပြင်းစွာရယ်ခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာငိုခြင်း၊ မလျောက်ပတ်သော အာဟာရလွန်စွာ စပ်ခြင်း၊ မျိုခြင်းဖြစ်၏။ အကြင်အခါ ထိုသူ၏ မျက်စိတို့ကို မီးခိုးမြူမှုန် အစရှိသည် နှိပ်စက်ကုန်၏။

ဝမ်းမြောက်ခြင်း၊ နှလုံး မသာယာခြင်း၊ မလျောက်ပတ်သော အာဟာရတုတို့ကြောင့် ဖြစ်၍ မျက်လုံးတွင်းတို့ကို ပြည့်စေ၍ တည်မူလည်း တည်၏။ ယိုမူလည်း ယိုစီး၏။ အသုဘကမ္မဋ္ဌာန်းကို သိမ်းဆည်းလိုသော ယောဂီပုဂ္ဂိုလ်သည် မျက်လုံးတွင်းတို့ကို ပြည့်၍ တည်သည်၏ အစွမ်းဖြင့် သိမ်းဆည်းအပ်၏။ ။ပရိစ္ဆေဒအားဖြင့် မျက်ရည်၏ အဆုံးဟူသောအဖို့ဖြင့် ပိုင်းခြားအပ်၏။

၃၆။ ဝသာ- ဆီကြည်ကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာ အရ ပြကြောင်း

ဝသာ- အဆီကြည်သည်- ဝဏ္ဏအားဖြင့် အုန်းသီးအဆင်းရှိ၏။ ကစီရည်၌ သွန်အပ်သော အဆင်းလည်း ဟူ၏။ သဏ္ဌာနအားဖြင့် ရေချိုးသောကာလ၊ ကြည်သော ရေကန်၏ အထက်အပေါ်၌နှံ့သည်ဖြစ်၍တည်သော အဆီအပေါက်သဏ္ဌာန်ရှိ၏။ ဒိသအားဖြင့် ချက်မှ အထက်အောက် အရပ်တို့၌ ဖြစ်၏။ ဩကာသာအားဖြင့် များသောအားဖြင့် လက်ဖမိုးအပြင် လက်ဖမိုး၊ ခြေဖဝါးအပြင် ခြေဖမိုး၊ နှာခေါင်းဖုံးနဖူးစွန်း၊ ပခုံးစွန်းတို့၌ တည်၏။

ဤအဆီကြည်သည် ဆိုအပ်ခဲ့ပြီးသော အရပ်တို့၌။ အခါခပ်သိမ်း ကြည်သည်ဖြစ်၍ မတည်။ အကြင်အခါ၊ မီးပူ၊ နေပူအပဖြစ်သော သဘောမတူသော ဝတ္ထု၊ အတွင်းမှ ဖြစ်သော သဘောမတူသော ဓာတ်တို့ကြောင့် ထိုလက်ဖဝါးအပြင် အစရှိသော အရပ်တို့၌ ဖြစ်သော အပူရှိကုန်၏။ ထိုအခါ ရေချိုးသောအခါ ကြည်သော ရေကန်ရှိ၏။ ရေ၏ အထက်၌နှံ့သော ရေပေါက်ကဲ့သို့ ထိုမှ ဤမှ ရွေ့၏။ ပရိစ္ဆေဒအားဖြင့် အဆီကြည်၏ အဆုံးဟူသော အဖို့ဖြင့် ပိုင်းခြားအပ်၏။

ကာယာနုပဿနာ၌ကား ထမင်းချိုး၌ သွန်းလောင်းအပ်သော ကြည်သော နှမ်းဆီအဆင်းဟု ဆို၏။ ဤအရာတွင် အာမေဒကသိတ္တတေအဝဏ္ဏာ။ ဟူသော အဋ္ဌကထာ၌ အာဓာမသဒ္ဒါသည် ထမင်းချိုးဟော မဟုတ်။ ဆီမီးအဟောလည်းမဟုတ်။ ဆီမီးအဟောလည်းမဟုတ်။ ကစီရေဟောဟု နိသာယဆရာ မှာတော်မူ၏။ သို့ဖြစ်၍ ကာယာနုပဿနာ၌ ထမင်းချိုး၌ သွန်းလောင်းအပ်သော ကြည်သော နှမ်းဆီအဆင်းဟု ဆိုသော စကားကို ဆင်ခြင်၍ ယူအပ်၏။

၃၇။ ခေဠော- တံတွေးကို ပါဠို၊ အဋ္ဌကထာ၊ ဋီကာ အရ ပြကြောင်း

ခေဠော၊ ခံတွင်းအတွင်း၌၊ အမြှုပ်နှင့် ရောသော အာပေါဓာတ်တည်းဟူသော တံတွေးသည် ဝဏ္ဏအားဖြင့် ဖြူသော အမြှုပ်အဆင်းရှိ၏။ ။ သဏ္ဌာနအားဖြင့် တည်ရာအရပ်သဏ္ဌာန်ရှိ၏။ ။ အမြှုပ်သဏ္ဌာန်လည်းဟူ။ ဒိသအားဖြင့် ချက်မှ အထက်အရပ်၌ဖြစ်၏။ ဩကာသအားဖြင့် ပါးစောင်နှစ်ဖက်တို့မှသက်နှယ် လျှာ၌တည်၏။ ။ဤ တံတွေးသည် အခါခပ်သိမ်း စုဝေးသည်ဖြစ်၍ မတည်။ အကြင်အခါ သတ္တဝါတို့သည် ထိုသို့ သဘောရှိသော အာဟာရကို မြင်ကုန်၊ အောက်မေ့ကုန်၏။ ။ခြောက်ပါးသော အာဟာရကို မြင်ကုန်၊ အောက်မေ့ကုန်၏။ ခြောက်ပါးသော ရသ အာဟာရတို့တွင် တစ်ခုတစ်ခုသော အာဟာရကို ခံတွင်း၌ ထားကုန်၏။ အကြင်အခါ ထိုသတ္တဝါတို့၏ မလျောက်ပတ်သော အာဟာရစသည်တို့ကြောင့် နှလုံးချို၏။ တစ်ခုတစ်ခု စက်ဆုပ်အပ်သော အာဟာရသည်မူလည်း ဖြစ်၏။

ထိုအခါ တံတွေးသည်ဖြစ်၍ ပါးစောင်နှစ်

http://www.dhammadownload.com

ဖက်တို့မှသက်၍ လျှာအမြင့်၌ တည်၏။ ဤတံတွေးသည် လျှာဖျားဌ နည်း၏။ ပါး၏ လျှာရင်း ဖျားဌ များ၏။ ထူ၏။ ခံတွင်း၌ တည်သော မုန့်ဆန်းကို လည်းကောင်း၊ ဆန်ကို လည်းကောင်း တစ်စုံတစ်ခုသော တစ်ပါးသော ခဲဖွယ်ကိုလည်း ကောင်း၊ မြစ်၊ ချောင်းနှား သဲပြင်၌ တူးအပ်ယက်အပ်သော ရေတွင်းကဲ့သို့ ကုန်ခြင်းသို့ မရောက်မူ၍ စိုစေခြင်းငှာ စွမ်းနိုင်၏။ ။ပရိစ္ဆေဒအားဖြင့်။ တံတွေး၏ အဆုံးဟူသော အဖို့ဖြင့် ပိုင်းခြားအပ်၏။

၃၈။ သိဃ်ဏိကာ- နပ်ကို၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

သိဃ်ဏိကာ– ဦးနှောက်မှ ယိုစီးသော စက်ဆုပ်အပ်သော နှပ်သည် ဝဏ္ဏအားဖြင့် ထန်းသီးနု၏ အနှစ်အဆင်း ရှိ၏။ ။ သဏ္ဌာနအားဖြင့် မိမိ တည်ရာ အရပ်သဏ္ဌာန်ရှိ၏။ ။ဒိသအားဖြင့် ချက်မှ အထက်အရပ်၌ ဖြစ်၏။ ။ညြကာသအားဖြင့် နာခေါင်းဖုတို့ကို ပြည့်စေ၍ တည်၏။ ဤ နာခေါင်းဖု၌ နှပ်သည်။ အခါခပ်သိမ်းစုဝေး၍ မတည်။ ယောက်ျားသည် ပဒုမ္မာရွက်ကြား၌ နို့ခမ်းကို ထုတ်၍ အောက်မှ ဆူးဖြင့် ဖောက်သည်ရှိသော် ထိုအပေါက်ဖြင့် ဒဓိမုတ္တ မည်သော နို့ခမ်းအရည်ကြည်သည် အဝသို့ လျှောကျသကဲ့သို့ ထို့အတူ။ အကြင်အခါ သတ္တဝါတို့သည် ဝိမူလည်း ဝိကုန်၏။

သဘောမတူသော အာဟာရ၊ သဘောမတူသော ဥတုတို့၏ အစွမ်းဖြင့်ဖြစ်သော ဓာတ်ချောက်ချားခြင်း ရှိသည်မူလည်း ဖြစ်ကုန်အံ့။ ထိုအခါ ဦးခေါင်းတွင်းမှ ပုပ်သည်ဖြစ်၍ သလိပ်အဖြစ်သို့ ရောက်သော ဦးနှောက်သည် လျှောကျ၍ ဦးခေါင်းပေါက်မှ လာ၍ အာစောက်၏ အထက် အပြင်ဖြင့် တက်၍ နာခေါင်းဖုတို့ကိုပြည့်စေ၍ တည်မူလည်း တည်၏။ ထိုမှလည်း ယိုစီး၏။ သိဃ်ဏိက ကမ္မဋ္ဌာန်းကို စီးသိမ်းဆည်းလိုသော ယောဂီ ပုဂ္ဂိုလ်သည် နာခေါင်းဖုတို့ကိုပြည့်စေ၍ တည်သည်၏ အစွမ်းဖြင့် သိမ်းဆည်းအပ်၏။ ပရိစ္ဆေဒအားဖြင့် နှပ်၏အဆုံးဟူသောအဖို့ဖြင့် ပိုင်းခြားအပ်၏။

၃၉။ လသိကာ- အစေးကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအရ ပြကြောင်း

လသိကာ၊ ကိုယ်၌ဖြစ်သော အရိုးအဆစ်တို့၏ အတွင်း၌ တည်သော ပြစ်ချဲ့သော အစေးသည် ဝဏ္ဏအားဖြင့် မဟာလှေကား၏ အစေးနှင့် တူသော အဆင်းရှိ၏။ ။သဏ္ဌာနအားဖြင့် တည်ရာ အရပ် သဏ္ဌာန်ရှိ၏။ ။ဒိသအားဖြင့် ချက်မှ၊ အထက်အောက်အရပ်တို့၌ ဖြစ်၏။ ကြာကာသအားဖြင့် တစ်ရာ့ရှစ်ဆယ်သော အရိုးဆက်တို့၏ လိမ့်ကျဲခြင်းကိစ္စကို ပြီးစေလျက် ရှစ်ဆယ်သော အရိုးဆက်တို့၏ အတွင်း၌ တည်၏။ လှည်းပုံတောင်းဝင်ရိုးတို့၏ လည်ခြင်းကိစ္စကိုပြီးစေတတ်သော အစေးဖြစ်သော ဆီကဲ့သို့ ရိုးဆက်တို့၏ လည်ခြင်းကိစ္စကို ကောင်းစွာ ပြီးစေလျက် ရိုးဆက်တကာတို့၏ အကြား အကြား အတွင်း၌တည်၏၊ ဟူ၍လည်း ဆို၏။ အကြင်သူအား ဤအစေးသည် နည်းသည်ဖြစ်အံ့။ ထိုသူ၏ ထစဉ်ထိုင်စဉ် ရှေ့သို့ တက်စဉ်၊ နောက်သို့ ဆုတ်စဉ်၊ ကွေးစဉ်၊ ဆန့်စဉ်၊အရိုးတို့သည် ဖြစ်ဖြစ်မည်ကုန်၏။ ။ လက်ပစ်တီးသော အသံကဲ့သို့ သွား၏။ တစ်ယူဇနာ၊ နှစ်ယူဇနာခန့် ခရီးအဖွန့်ကို သွားသည်ရှိသော် ဝါယောဓာတ်ပျက်၏၊ ကိုယ်သည် နာကျင်၏။ အကြင်သူသည် အဝေးများ၏။ ထိုသူသည် ထခြင်း၊ ထိုင်ခြင်းစသည်တို့၌ အရိုးတို့သည် ဖြစ်ဖြစ်မမြည်။ ရှည်စွာသော ခရီးအဖွန့်ကို သွားသော်လည်း ဝါယောဓာတ်မပျက်။ ကိုယ်သည် မကျင်နာ။ ။ပရိစ္ဆေဒအားဖြင့် အဝေး၏ အဆုံးဟူသော အဖို့ဖြင့် ပိုင်းခြားအပ်၏။

ကာယာနုပဿနာဌ္ဌကား– အရိုးဆက်တို့၏ နယ်ဆိအမှုကို ပြီးစေလျက် တစ်ရာ့ရှစ်ခုသော အရိုး

http://www.dhammadownload.com

ဆက်တို့၏ အတွင်း၌တည်၏ဟုဆို၏။ ။ထိုစကား သည်။ ။ဩကာသတောအဋ္ဌိသန္ဓိနံအဗ္ဘဥ္ဆန၊ ကိစ္စံ သာဓယနာ အ သိတိတသန္ဓိနံ အဗ္ဘန္တရေဋ္ဌိတာ။ ။ ဟူသော အဋ္ဌကထာစကားပုံနှင့် မညီလေ။

၄၀။ မုတ္တံ- ကျင်ငယ်ကို ပါဋ္ဌိ၊ အဋ္ဌကထာ၊ ဋီကာ အရ ပြကြောင်း

မုတ္တံ– ကျင်ငယ်သည် ဝဏ္ဏအားဖြင့် ပဲပြား ရည် အဆင်းရှိ၏။ အပြစ်နှင့်တကွ တစ်ပင်လုံး ဖုတ်၍ ပြာကို စစ်၍ ယူသော ပဲပြားရည်အဆင်းရှိ ၏။ ။သဏ္ဌာန်အားဖြင့် မှောက်၍ထားသော အိုး၏ အတွင်း၌တည်သော ရေသဏ္ဌာန်ရှိ၏။ ဒိသအားဖြင့် ချက်မှ အောက်အရပ်၌ ဖြစ်၏။ ဩကာသအားဖြင့် စည်ပေါင်းအိမ်အတွင်း၌တည်သော ရေသဏ္ဌာန်ရှိ ၏။ ဒိသအားဖြင့် ချက်မှ အောက်အရပ်၌ ဖြစ်၏။ ဩကာသအားဖြင့် စည်ပေါင်းအိမ်အတွင်း၌ တည် ၏။ ဝတ္တိမည်သော စည်ပေါင်းကို။ ကျင်ငယ်အိမ်ဖု ဟု ဆိုအပ်၏။ ။အကြင်စည်ပေါင်း ကျင်ငယ်အိမ်၌ ထွေးဖတ် အန်ဖတ်၊ ကိုယ်ဝန်အညစ်အကြေး စသည် တို့ကို စွန့်ရာဖြစ်သော အိုးဆိုးတို့၌ ထည့်အပ်သော အောက်တို့ မျက်နှာဝရှိသော ပြကတေ့အပေါက်မရှိ သော အိုးငယ်၌ အိုးဆိုးရေသည် ဝင်ရာအကြောင်း မကင်း၊ ထို့အတူ ကိုယ်မှ ကျင်ငယ်ရေသည် ဝင်မူ ကား ဝင်၏။ ထိုကျင်ငယ်ရေ၏ ဝင်ရာအကြောင်း မထင်။ ထွက်ရာ အပေါက် အကြောင်းကား ထင်၏။ အကြင် စည်ပေါင်းသည် ကျင်ငယ်ဖြင့် ပြည့်သည်ရှိ သော် ကျင်ငယ်သွားကုန်အံ့၊ ရေဟောင်းကို စွန့်ကုန် အံ့ဟု သတ္တဝါတို့အား အားထုတ်ခြင်းသည် ဖြစ်၏။ ပရိစ္ဆေဒအားဖြင့် စည်ပေါင်းအတွင်းဖြင့် ကျင်ငယ် အိမ်၏အဆုံးဖြစ်သော အဖို့ဖြင့် ပိုင်းခြားအပ်၏။ ။ ကာယာနုပ ဿနာ၌ကား မတ်ပဲကို ဖုတ်၍ ပြာကို ရေနှင့် ဖျော်ပြီးလျှင် စစ်၍ ယူထားရာ ကြည်လင် သော အရည်အဆင်းရှိ၏ဟု ဆို၏။ ။ဝဏ္ဏတော သခေါရောကဝဏ္ဏံ။ ။ဟူသော အဋ္ဌကထာပါဋ္ဌကို အပြစ်နှင့်တကွ တစ်ပင်လုံးကို မီးဖုတ်၍ ပြာကို စစ် ယူ၍ရသော ပဲပြားရည်အဆင်းဟု အနက် မနိုင်သော သူတို့ ပြန်သော အနက်ကို မမှတ်နှင့်ဟု အပြစ်တင်၍ ဆို၏။ သို့သော်လည်း။ ။မသခေါရောဒကဝဏ္ဏန္တိ သမူဘူကတံ မာသံစျာပေ တွာကာရီကံအဝသာ ပေတွာဂဟိတံ။ ။ဟူသော မဟာဋီကာအဖွင့်နှင့် အညီပင် ဖြစ်သောကြောင့် ကာယာနုပဿနာစကား ကို အများဆင်ခြင်၍ ယူအပ်မှတ်အပ်၏။ ။

ဤဆိုအပ်ခဲ့ပြီးသော ဒွတ္တိသာကာရကို နှလုံးသွင်းဟန် စီးဖြန်းဟန်ကို အကျယ်ပြကြောင်း

ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကေသာ အစရှိကုန်သော ကောဋ္ဌာသတို့၌ ဥဂ္ဂဟကောသလ္လ ဖြင့် ဤကောဋ္ဌာသသည် ဤသို့ အဆင်းရှိ၏။ ဤ သို့ မည်းသောသဏ္ဌာန်ရှိ၏။ ဤသို့ အရပ်မျက်နှာ၌ ဖြစ်၏။ ဤသို့သော ဩကာသ၌ တည်၏။ ဤသို့ သောအဖို့ဖြင့် ပိုင်းခြားအပ်၏။ အသီးတည်းဟု ဝဏ္ဏ၊ သဏ္ဌာန၊ ဒိသ၊ ဩကာသ၊ ပရိစ္ဆေဒအားဖြင့် မှတ် ခြင်းကို ပြု၍ သတိကို ထိုထိုကောဋ္ဌာသသို့ ရှေးရှု တည်စေ၍။ ။အနု ပုဗ္ဗာဟနတော။ နာတိသီဃ တော။ နာတိသဏိကတော။ ဝိက္ခပ ပဋိဗာဟန တော။ ။ဟူသော လေးပါးသော မနသိကောသလ္လ အစဉ်ဖြင့် ထိုမှတ်အပ်ပြီးသော ကေသာ အစရှိသော ကောဋ္ဌာသတို့၏ ဝဏ္ဏ၊ သဏ္ဌာန၊ ဂန္ဓစ္ဆံ အာသယ၊ ဩကာသတို့၏ အစွမ်းဖြင့် စက်ဆုပ်ဖွယ်ဖြစ်သော နှလုံးထား၍ ပဋိလအဖြစ်ဖြင့်၊ အဖန်တလဲလဲ နှလုံး ပြုသော ယောဂီပုဂ္ဂိုလ်အား ကေသာ အစရှိသော ပညတ်ကို လွန်သော ဘာဝနာအခါ အကြင်မျက်စိ အမြင်နှင့် ပြည့်စုံသော ယောကျ်ားအား။ သုံးဆယ့် နှစ်ပါးသော အဆင်းရှိသော ပန်းတို့၏ တစ်ခုသော ချည်ကြိုးဖြင့် သီကုံးအပ်သော ပန်းကုံးကို ကြည့်စဉ် အလုံးစုံသော ပန်းတို့သည် မရှေးမနှောင်း တစ်ပြိုင်

http://www.dhammadownload.com

နက် ထင်မြင်ကုန်သကဲ့သို့ ထို့အတူ အတ္တိဏ္ဍမသို့ကာ ယေ ကေသာလောမာ အစရှိသောအားဖြင့် ဤ ကိုယ်ကို ပဋိကူလအဖြစ်ဖြင့် ကြည့်ရှုဆင်ခြင်စဉ် အလုံးစုံသော ကောဌာသဓမ္မတို့သည် မရှေးမနှောင်း တစ်ပြိုင်နက် ထင်မြင်ကုန်၏။

ထို့ကြောင့် မနသိကောသလ္လကို ဆိုရာ ကေသာမှ မုတ္တံတိုင်အောင် မုတ္တံမှ ကေသတိုင်အောင် မရှေးမနှောင်း တစ်ပြိုင်နက် ထင်မြင်ပြီးသော နိမိတ်ရှိသော ယောဂီပုဂ္ဂိုလ်သည် အပသန္တာန်သို့ အကယ်၍ မနသိကာရကို အောင်အံ့ ငါ၏သန္တာန်၌ကဲ့သို့ အပ၌လည်း ပဋိကူလချည်းဟု မနသိကာရကို ပြုအပ်၏။ ။ဤ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီသည် ကမ္မဋ္ဌာန်းကို တင်ဦး၍ သရဇ္ဈာယ်သောအခါ ဈာန်အစ ရှိသည်တို့၏ ဝဏ္ဏနိမိတ်၊ သဏ္ဌာန်၊ ဒိသ၊ ဩကာသ၊ ပရိစ္ဆေဒ နိမိတ်တို့ကို နှုတ်ဖြင့် စီးဖြန်းရာ။ အဘယ်သို့ စီးဖြန်းရာသနည်းဟူမူ။ ။တစပဋ္ဌက၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောဟု အနုလောမ၌ ငါးရက်။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာဟု ပဋိလောမ၌ ငါးရက်၊ ၎င်းကို အနုလောမ ပဋိလောမ အရောအားဖြင့်။ ဤသို့ လခွဲတိုင်အောင် သရဇ္ဈာယ်ခြင်းကို ပြုအပ်၏။ ထို့နောင် ဝက္ကပဋ္ဌကကို တင်ဦး၍ ဤတစပဋ္ဌက အတူ လခွဲ သရဇ္ဈာယ်ခြင်းကို ပြုအပ်၏။ ။ထို့နောင်၊ ပပ္ပါကပဋ္ဌကကို ယူပြန်၍ အခွဲ။ထို့နောင် ငါးပါးကို ပေါင်း၍၊ ထို့နောက် မတ္တလုင်္ဂပဋ္ဌကကို ယူပြန်၍ အသီး လခွဲ၊ တစ်ဖန် နှစ်ဆယ်ကို ပေါင်းပြန်၍ လခွဲ။ တစ်ဖန် မေဒဆက္ကကို ယူပြန်၍။ အသီးကခွဲ။ ဤ နှစ်ဆယ့်ခြောက်ကို ပေါင်းပြန်၍ လခွဲ၊ ဤ အလုံးစုံကို ပေါင်းပြန်၍ လခွဲ။ ဤသို့အားဖြင့် ဂဏနုပဂမ ပြုမူ၍ ခြောက်လသရဇ္ဈာယ်ခြင်းကို ပြုအပ်၏။

ထိုသို့ သရဇ္ဈာယ်ရာ၌ ဥပနိဿယနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်အား။ ကောဌာသတို့သည် ထင်စွာ ဖြစ်ကုန်၏။ အချို့သော ယောဂီ မထင်။ ထိုမထင်သော ယောဂီကား မထင်ဟူ၍ ဝီရိယကို မလျှော့အပ်။ အကြင်မျှလောက်သော ကောဌာသသည် ထင်၏။ ထိုထင်သော ကောဌာသကို ယူ၍၊ သရဇ္ဈာယ်အပ်၏။ ။ဤသို့ ခြောက်လ သရဇ္ဈာယ်အပ်၏ဟူသော အဌကထာ စကားကိုလည်း။ မဇ္ဈမ ပညာရှိသောသူကိုသာ ရည်၍။ အဌကထာဆိုတော်မူ၏။ ဤသို့ ခြောက်လသရဇ္ဈာယ်၍။ ကောဌာသတို့သည် မထင်ကုန်။ ထိုယောဂီအားထပ်၍ သရဇ္ဈာယ်အပ်၏။ ။(ဤသည်လျှင် ကာယဂတာသတိ၌ နှလုံးသွင်းရန်၊ စီးဖြန်းရန် သခေံပတည်း)။ ဝိတ္ထာရကို လိုမူ– သမ္မော အဌကထာ၊ ဝိသုဒ္ဓိမဂ်အဌကထာ၊ ၎င်း ဒီပနီကျမ်းတို့မှ ယူအပ်၏။

စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီသည် ဆိတ်ငြိမ်ရာသို့ ကပ်၍ ကိန်းအောင်းပြီးသော် ဤကိုယ်၌ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ရှိ၏ဟု လေးပါးသော ဓာတ်တို့ကို ပိုင်းခြားအပ်၏။

ဓာတ်လေးပါးသဘောကို ပြရာအကြောင်း

ခက်ထရော်ရှိသော သဘောသည် ပထဝီဓာတ်မည်၏။ ။ခြောက်သော မြေမှုန့် စသည်တို့ကို စွတ်စေ၍ အချင်းချင်းကပ်စေသကဲ့သို့ ထဒ္ဓ ဓရသဘောရှိသော ပထဝီဓာတ်ကို ကပ်စေတတ်၏။ ဖွဲ့စေတတ်၏။ ယိုစေတတ်သော သဘောသည် အာပေါဓာတ်မည်၏။ ။ရင့်ကျက်စေတတ်သော ပူသော ပါစနဘာဝ၊ ဥဏှဘာဝသဘောသည် တေဇောဓာတ်မည်၏။ ။ရုပ်ကို ခိုင်စေတတ်၏။ အရပ်တစ်ပါးသို့ သွားစေတတ်သော သဘောသည် ဝါယောဓာတ်မည်၏။ ။အန္ဓပုထုဇဉ်တို့သည် ဇီဝဟု သမုတ်အပ်သော လုံးလုံးလျောင်းလျောင်းသော ဤကိုယ်ကို ဓာတ်လေးပါးတို့ဖြင့် လေးစုစု၍ နှလုံးပြုအပ်၏။ ဉာဏ်ဖြင့်ရှုအပ်၏။ ။ပထဝီဓာတ်၌ ထဒ္ဓဓရသဘောသည် သွားအရိုးတို့၌ အလွန်ထင်ရှား

http://www.dhammadownload.com

၏။ ။အာပေါဓာတ်၌ ပျောင်း ပျော့ ယိုစေတတ်သော သဘောသည် သွေး၊ သလိပ်၊ သည်းခြေ၊ ကျင်ငယ် တို့၌ အလွန်ထင်ရှား၏။ တေဇောဓာတ်၌ ပါစနဥဏှသဘောသည် ခံတွင်းသို့ လက်ကိုထိုးသွင်း၍ ခံသော အခါ၊ နွေးနွေးပူသောအားဖြင့် အလွန် ထင်ရှား၏။ ဝါယောဓာတ်၌ ရုပ်ကို ခိုင်စေတတ်၊ အရုပ်တစ်ပါးသို့ သွားစေတတ်သော ထမ္ဘသဘောသည် ထွက်သက် ဝင်သက်၌ အလွန်ထင်ရှား၏။ ။ ဤသို့ ဓာတ်လေးပါးကို အဖန်တလဲလဲ နှလုံးပြုသော ယောဂီသည် ဥပစာရသမာဓိဖြစ်၏။

[ကန်တော်မင်းကျောင်း ဆရာတော်ကြီး၏ ကာယဂတာသတိဒီပနီကျမ်းမှ ထုတ်နုတ် ဖော်ပြပါသည်။]

ကန်တော်မင်းကျောင်းဆရာတော်ကြီး၏ ဝိပဿနာရှုနည်းပြီး၏။

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
သေကျွေတောင်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

သေကျွတောင်ဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၃၃-၁၂၉၃)

မွေးရပ်ဇာတိ

သေကျွတောင်ဆရာတော်ဟု ထင်ရှားလတ္တံ့သော ဦးတိလောကာ၏ မွေးရပ်ဇာတိမှာ ရှေးအခေါ် ဗန္ဓုလမြို့ဟု ခေါ်ဆိုကြသော်လည်း ယခုအခါ မုံရွာခရိုင် ယင်းမာပင် မြို့နယ် 'ခေါသန္တီ' ကျေးရွာကြီးဖြစ်သည်။

ဆရာတော် ဦးတိလောက စီစဉ်ရေးသားသော 'ပဏ္ဍိတဝေဒနိယဒီပနီကျမ်း' ကြီး၏ နိဂုံးတွင်...

'သုနာပရန္တ၊ တိုင်းမချက်ဗွေ၊ အညာမြေ၌၊ တောင်မြောက်ယမား၊ ရှေ့ကားသလွှာ၊ နောက်မှာ ပုံတောင်၊ ပတ်လည်ဆောင်ခြား 'ပန်းချီ' ဟု ထင်ရှားသောအမည်ရှိသော... စသည်ကိုလည်း ရေးသားထားလေသည်။

ပန်းချီတိုက် ခေါသန္တီရွာကြီးတွင် သက္ကရာဇ် ၁၂၃၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက် စနေနေ့ညနေ သုံးချက်တီးအချိန်၌ ကြွယ်ဝချမ်းသာသော မျိုးရိုးမှ ဖွားသန့်စင်လေသည်။ အမိဘက်မှဆိုလျှင် မဟာနွယ်၊ မဟာမျိုးဖြစ်၍ အဖဘက်မှ ကြွယ်ဝသော လူချမ်းသာမျိုးရိုးဟု မှတ်တမ်းရှိလေသည်။ (မိဘအမည်တို့ကိုဖော်ပြနိုင်ရန် စုံစမ်းလျက်ရှိပါသည်။)

ဆရာတော်ဦးတိလောကဖွားမြင်ရာ 'ခေါသန္တီရွာ'၏ တောင်ဘက် တစ်ကိုက်ကွာ (နှစ်မိုင်) အရပ်တွေ 'ငှက်ပျောတော'ရွာလည်းရှိသည်။ ထိုရွာကား ငှက်အပေါင်းတို့ ခိုအောင်းပျော်မွေ့၍ သာယာချမ်းမြေ့စဖွယ်ရှိခြင်း၊ သစ်သီးပန်းမန်စသော ဥယျာဉ်ကြီးများနှင့် ခြံရံနေခြင်းဖြင့် အလွန် စည်ကား ဝပြောလျက်ရှိသည်။

ထိုရွာတွင် သီတင်းသုံးတော်မူသော ဆရာတော်မှာ မောင်းထောင် သာသနာပိုင်တိုက်ထွက် သာသနာပိုင်ဆရာတော်၏ တပည့်ဖြစ်သည်။ မောင်းထောင်တိုက်မှာနေစဉ်က သာမဏေရှင်လိင်ပြန်ပြီး လျှင် ဘုရင်ဧကရာဇ်မင်း၏ နန်းရင်ပြင်၌ 'ပထမစာပြန်တော်မူခဲ့ဖူးခြင်း၊ ရဟန်းအဖြစ် ပိဋကတ်သုံးပုံ အာဂုံဆောင်ပြန်ဆိုခြင်းတို့ကြောင့် 'တိပိဋကဓရ'ဟု ကျော်စောထင်ရှားသော ဆရာတော် ဦးဓဝနအထံတော်မှာပင် ဦးတိလောကသည် သာမဏေအဖြစ်နှင့် အခြေခံပိဋကတ်ပညာတို့ကို ကျန်စွာသင်ယူအားထုတ်လေသည်။ သက္ကရာဇ် ၁၂၅၃-ခုနှစ်၊ နယုန်လတွင် ငှက်ပျောတောဆရာတော် ဦးဓဝနအား ဥပဇ္ဈာယ်ပြု၍ ဦးပဉ္စင်းဖြစ်သည်။

လယ်တီဆရာတော်အထံ ဆိုက်ရောက်လာခြင်း

ရဟန်းပျို ဦးတိလောကသည် ရဟန်းဖြစ်ပြီးနောက် ဆရာရင်းတစ်ဆူဖြစ်တော်မူသော ဥပဇ္ဈာယ်မဟာထေရ်ကြီးကို ခွင့်တောင်း ပန်ကြားပြီးလျှင်

http://www.dhammadownload.com

အခြားအရပ်တစ်ပါးသို့ ပညာဆက်လက်သင်ယူရန် ထွက်ခွာလေသည်။

စာပလွေကိုထမ်းလျက် ပညာရှာဖွေရန် ထွက်လာရာ ၁၂၅၃ခုနှစ် ဝါဆိုလတွင် မုရွာမြို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးအထံသို့ ရောက်ရှိသည်။

ရေနံဆီပုံးတွင် မီးစာထည့် စာကြည့်ခြင်း

ဦးတီလောကသည် ကျေးဇူးရှင်ဆရာတော်ကြီးအထံမှာပင် ပဒရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ မောဂ္ဂလ္လာန်စသော ဗျာကရဏ်းကျမ်းကြီးများနှင့်တကွ ပါဝစနဖြစ်သော ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်တို့ကိုပါ သင်ကြားလျက်နေ၏။

အချို့လွယ်ကူသော ကျမ်းများနှင့် ကျမ်းအိပ်၊ ကျမ်းလေးကြီးများဖြစ်သော ပဏ္ဏာသ, သံယုတ္တ, အင်္ဂုတ္တရနှင့် အပဒါန်စသော ပါဠိတော်ကြီးများကို နေ့ညမပြတ် ကိုယ်တိုင်ကြည့်ရှုခြင်း၊ ခက်ခဲရာကျမ်းတို့ကို ဆရာတော်ကြီးအထံ၌ပင် သင်ယူခြင်းဖြင့် ငါးဝါ၊ ခြောက်ဝါအရတွင် ပဏ္ဏိတမဟုတ်သော ပုဂ္ဂိုလ်တို့သည် ကမ်းတစ်ဖက်သို့ရောက်အောင် လွန်စွာကူးခတ်မြောက်ရန် ခဲယဉ်းထသော အဋ္ဌကထာဋီကာနှင့်တကွ ပိဋကတ်သုံးပုံတို့၌ အလွန်လိမ္မာတတ်မြောက်သည်အထိ ဖြစ်လေ၏။

ထိုစဉ်က လယ်တီတိုက်တွင် 'ဝါးမိုး၊ ဝါးကာကျောင်း'ငယ်မျှသာချည်ရှိ၏။ ဦးတီလောက သီတင်းသုံးရာကျောင်းမှာလည်း ဝါးမိုး၊ ဝါးကာ ကျောင်းဖြစ်၏။ ထိုခေတ်က ရေနံဆီမီးအိမ်မရှိသေး။ 'ပုဏ္ဏားဆီမီးအိမ်'ခေါ် လက်ဆွဲမီးအိမ်ရိုးရိုးသာ ရှိသေးသည်။

ဦးတီလောကသည် ထိုမီးအိမ်ဖြင့် ညအခါ ပေစာတို့ကိုကြည့်ရှုမြဲဖြစ်ရာ ပုဏ္ဏားဆီမီးအိမ် နေ့စဉ်အမျှ ပွတ်တိုက်ပြင်ဆင်နေရခြင်းကိုပင် သည်းမခံနိုင်ရှိလေ၏။ ထို့ကြောင့် ရေနံဆီပုံးကြီးကို ထောင့်တစ်ခုမှ ဖောက်ထွင်းပြီး လက်ညှိုးခန့်တုတ် သင်္ကန်းအသစ်ကိုဆုတ်ပြီးလျှင် မီးစာပြုလုပ် ညှိထွန်းအသုံးပြုလေ၏။

ထိုရေနံပုံးမီးကို ညလုံးပေါက်မျှ ညှိထွန်းလျက် ကျိန်းစက်ခြင်းမရှိဖြစ်လေ၏။ ရက်လကြာမြင့်စွာ ညလုံးပေါက်မျှ ပေစာတို့ကိုကြည့်ရှုနေရာ ဦးတီလောက မျက်လုံးအစုံတို့သည် ပေစာထုပ်မှ ရေနံခိုးမိခြင်း၊ ရေနံဆီပုံးကြီး၏ မီးအရှိန်ပူပြင်းခြင်းဒဏ်တို့ကြောင့် မျက်စိဝေဒနာ ဖြစ်ပေါ်လာလေသည်။

သို့ရာတွင် ဇွဲလုံ့လကားမလျော့၊ တိဟိတ်ပုဂ္ဂိုလ်ကြီးပီပီ စာကြည့်မြဲ ကြည့်နေလေသည်။ ဇွဲမလျော့သောကြောင့် ဦးတီလောက၏ မျက်လုံးနှစ်ဖက်တို့မှာ ကျိုးအာသီးမှည့်နေသည့်အလားဖြစ်၍ နီရဲနေလေ၏။ ဤသို့ဖြင့် မျက်လုံးဝေဒနာခံစားနေရပါသော်လည်း ဆက်လက်၍ ကြည့်နေပြန်ရာ ဦးတီလောက၏ မျက်လုံးနှစ်ဖက်နှင့် နှာခေါင်းဝတို့မှ သွေးများ အစဉ်မပြတ် ယိုစီးကျဆင်း၍ လာလေ၏။ ထိုအခြင်းအရာကို ကျေးဇူးရှင်ဆရာတော်ကြီး ကိုယ်တိုင်သိတော်မူသောအခါ–

'တပည့်တို့–

မောင်တီလောကသည် ဇွတ်တရွတ် ပြုလုပ်တတ်သော ဝါသနာကြောင့် ဆင်းရဲခြင်း ခံနေရပေပြီ။ သူ့အနီးမှာရှိနေသော 'ကမ္မလွေ' စာထုပ်များကို တစ်ခုမကျန် အမြန်သိမ်းဆည်း၍ ငါ့ထံသို့ ယူခဲ့ကြရမည်'

ဟူ၍ မိန့်တော်မူသဖြင့် ဦးတီလောကထံတွင် ရှိသော ကမ္မလွေစာထုပ်များကိုလည်း သိမ်းဆည်းထားကြရလေ၏။

ဦးတီလောကသည် ကျေးဇူးရှင် ဆရာတော်ကြီးတားမြစ်ချက်အရ စာပေကျမ်းဂန်တို့ကို အချိန်မှန်ကြည့်ရုံမှတစ်ပါး အချိန်များစွာ ကြည့်ခွင့်မရတော့ပေ။

သက္ကရာဇ် ၁၂၅၈ ခုနှစ်၊ လယ်တီတိုက်တွင် နေတော်မူစဉ် 'နေကွမ္မ ဝိဓာန ဒီပနီကျမ်း'ကိုလည်း ရေးသားစီရင်လေသည်။

ဆရာတော် ဦးတီလောကသည် လယ်တီ

http://www.dhammadownload.com

တောရတိုက်တွင် စာပေပို့ချတော်မူရင်း-

'ငါသည် ပရိယတ္တိလုပ်ငန်းကိုတော့ စိတ်ကျေနပ်လေပြီ၊ တောထွက်၍ ပဋိပတ္တိအလုပ်ကို အားထုတ် ကြိုးစားဦးမည်...'

ဟူသော ကြံရွယ်ချက်ရှိသည့်အတိုင်း နေကွမ္မဓာတ်ကို အခြေတည်၍ နေကွမ္မဝိဓာန ဒီပနီကျမ်းကို ရေးသားစီရင်တော်မူခဲ့ခြင်းဖြစ်၏။

တောအဆင့်ဆင့် တောင်အသွယ်သွယ်

ဦးတိလောကသည် သေက္ခပုဂ္ဂိုလ်-ယောဂီပို့တို့၏ ကျက်စားနေထိုင်ရာဖြစ်သောကြောင့် 'သေက္ခတောင်'ဟု ခေါ်ဝေါ်သမုတ်အပ်သော ထိုတောင်ပေါ်သို့ ကြွရောက်လေသည်။ သက်ငယ်မြက် ပိုးဝါးကျောင်းတစ်ဆောင် ဆောက်လုပ်၍ သီတင်းသုံးလျက် တရားကိုပြင်းစွာ အားထုတ်နေလေသည်။ အခြားအခြားသော ယောဂီပုဂ္ဂိုလ်များသည် မကြံ့ဝံ့မကြံသာ၊ မနေဝံ့မနေသာ ထူးကဲစွာ အားထုတ်လေ၏။ သည်ဘဝ သည်ခန္ဓာသည် တစ်ခါ ပြတ်ငြိမ်းသည်အထိ နေ့ညမပြတ် ဇွဲမာတ်ကြီးမားစွာ မထတမ်း မအိပ်တမ်း ကျင့်လေ၏။ ဆွမ်းအာဟာရကို ဖြတ်၍ မတ်မတ်လဲလှယ် ကျင့်တော်မူ၏။ ထိုသေက္ခတောင်တွင် လိုဏ်ဂူရှိ၏။ ဆရာတော် ဦးတိလောကသည် ထိုလိုဏ်ဂူအတွင်း တံခါးပိတ်လျက် ဆွမ်းအာဟာရဖြတ်၍ ကျင့်၏။ လူသာမန်တို့ကျင့်ရန် ခဲယဉ်းလှသော အကျင့်မျိုးကို ရွှတ်ရွှတ်ခွဲခွဲပြုလုပ် အားထုတ်နေလေ၏။

ထိုအခါမှစ၍ 'သေက္ခတောင် ဆရာတော်' ဟူ၍ မြန်မာနိုင်ငံတစ်ခုလုံး ခြိမ့်ခြိမ့်ချုန်းမျှ ကျော်စောတော်မူ၏။ သေက္ခတောင်ဆရာတော် ဦးတိလောကအထံတွင် ဦးနန္ဒမာလာ၊ ဦးပညာ၊ ဦးတိက္ခ စသော ရဟန်းသံဃာများနှင့် လူဥပါသကာများလည်း ရှိ၏။ သေက္ခတောင် ဆရာတော်၏ တပည့် ဦးနန္ဒမာလာ အရှင်မြတ်ကား- ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် ဆရာတော်ဟု ထင်ရှားကျော်စော၏။ ဝိသုဒ္ဓိမဂ်-ဘာသာပြန် (ပထမ-ဒုတိယနှင့် တတိယတွဲ) ကျမ်းကြီးတို့ကိုလည်း တခမ်းတနား ရေးသား စီရင်တော်မူခဲ့သော ကျမ်းပြုပုဂ္ဂိုလ်ကျော်လည်း ဖြစ်၏။ မြန်မာပြည် ဘုရင်ခံမင်းကြီးက ပိုးသင်္ကန်းတစ်စုံနှင့် ဂုဏ်ထူးဆောင်လက်မှတ်များကို ဆက်ကပ် လျှောက်ထားခဲ့လည်း ခံရပေသည်။

ကျမ်းများကို စီရင်ရေးသားတော်မူခြင်း

သေက္ခတောင် ဆရာတော် ဦးတိလောကသည် ရှေးဘုရားအလောင်း သူတော်ကောင်းကြီးများကဲ့သို့ မိမိ၏ကိုယ်ခန္ဓာကို ဆင်းရဲပင်ပန်းခြင်းအတွက် ငဲ့ကွက်တော်မမူဘဲ၊ အထက်အောက် မြန်မာနိုင်ငံတွင် ရဟန်းရှင် လူ ခပ်သိမ်းသူတို့၏ ပစ္စုပ္ပန်သံသရာ နှစ်ဖြာကောင်းကျိုး အမျိုးမျိုးတို့ကို လည်းကောင်း၊ သမထ-ဝိပဿနာဘာဝနာနှင့် စပ်သော တရားများကို ဟောတော်မူခြင်း စသော အကျိုးတို့ကိုလည်းကောင်း၊ အသိအလိမ္မာ ဉာဏ်ပညာ တိုးပွားစေနိုင်သော ကျမ်းစာတို့ကိုလည်းကောင်း၊ ထိုထိုဝိနိစ္ဆယဝိဝါဒါဓိကရဏ်းငြိမ်းမှု စသော သာသနာ့အကျိုးတို့ကိုလည်းကောင်း သယ်ပိုးရွက်ဆောင်တော်မူခဲ့၏။

ဆရာတော် ဦးတိလောကသည် ယောဂီပုဂ္ဂိုလ်တို့အား ဉာဏ်ပညာ အလင်းရောင်ကြီးကို ထွန်းပြောင်စေနိုင်သော 'ပဏ္ဏိတဝေဒနိယ ဒီပနီကျမ်း' ကြီးကို ၁၂၆၇ ခု၊ ဝါခေါင်လတွင်အပြီး တခမ်းတနား ရေးသားစီရင်တော်မူသည်။ ထိုကျမ်းကား ယောဂီပုဂ္ဂိုလ်တို့အား ကမ္မဋ္ဌာန်းတရားအားထုတ်ကြရန် ညွှန်ပြရာ၌ အပြည့်စုံဆုံး၊ အပြောင်မြောက်ဆုံးလည်း ဖြစ်၍ အပိုင်းကြီး ၉ ပိုင်းထားလျက် သေက္ခဘာသိတ၊ ဂါထာ၊ စုဏ္ဏိယ၊ သုတ်၊ ပုဒ်တို့ဖြင့် တန်ဆာဆင်ယင်၍ စီစဉ်ထားသော ပရမာသုန္ဒရအတုလကမ္မဋ္ဌာန်း ကျမ်းကြီးတစ်ဆူပေတည်း။

ထို့ပြင် အလွန်သိမ်မွေ့နက်နဲ၍ ခက်ခဲလှ

http://www.dhammadownload.com

သော နိကာယ်တည်းဟူသော မဟာသမုဒ္ဒရာကြီး အလယ်၌ ပင်လယ်ကူးသင်္ဘောကြီးနှင့် အလားတူသော 'နိဂုတ္တိပဒဗျဉ္ဇနီ' ပါဠိ သဒ္ဒါကျမ်းကြီးကိုလည်း စီရင်ရေးသားတော်မူခဲ့၏။

ထိုမှတစ်ပါး ၆၂ပါးသော မိစ္ဆာဒိဋ္ဌိ မှောင်ထုကြီးဖြင့် သံသရာခရီးလမ်းမှားရာကြသော ခပ်သိမ်းသူတို့၏ တစ်ဆယ့်တစ်မီးငြိမ်းရာ နိဗ္ဗာန်သို့အရောက် ပို့ဆောင်ပေးသော အရိယာဖြစ်ကြောင်း နည်းပေါင်းစုံ ပြဆိုရာ ပြဆိုကြောင်းဖြစ်သော 'အရိယာ မဂ္ဂဒီပနီ' ကျမ်းကိုလည်းကောင်း၊ 'တိုင်းကြီး သောဋ္ဌသအဆုံးအဖြတ်ကျမ်း'၊ 'ဝိနိစ္ဆယပကာသနီကျမ်း' 'အဘိဓမ္မတ္ထသရူပဒီပနီ' တို့နှင့် 'စတုဗ္ဗိဓဂျာကရဏကျမ်း' တို့ကိုလည်းကောင်း ရေးသားပြုစုတော်မူခဲ့၏။

ထို့ပြင်လည်း ပိဋကတ်သုံးပုံတည်းဟူသော မဟာသမုဒ္ဒရာကြီးမှ အကောင်းထက် အကောင်း စုပေါင်းခြယ်လှယ် လွန်ဆန်းကြယ်သည့် အဓိပ္ပာယ်အယူအဆ သဘာဝ စသည်တို့ကို ကောင်းစွာ စစ်ထုတ်လျက် များလှသော အဆုံးအဖြတ် ဝိနိစ္ဆယစသော ကျမ်းအဆူဆူတို့ကိုလည်း သာသနာတော်၏ အကျိုးစီးပွားအလို့ငှာ ရေးသားတော်မူ၏။

သေက္ခတောင် ဆရာတော် ဦးတိလောက ပျံလွန်တော်မူခြင်း

သေက္ခတောင် ဆရာတော် ဦးတိလောကသည် ဈာန်အဘိညာဉ်တန်ခိုးဖြင့် မြေလျှိုးမိုးပျံနိုင်သည်အထိ မဆုတ်မနစ် အားသစ်သော ဇွဲလုံ့လကြီးစွာထားလျက် သမထဝိပဿနာတရားကို ကြိုးစားအားထုတ်တော်မူရာ ၁၂၉၃ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်နေ့၌ အလွန်ပြင်းထန်သော လေထိုးဝေဒနာရောဂါဖြစ်ပေါ်လာပေ၏။ ဝေဒနာစွဲကပ်သောအခါ ဆရာဝန်အကျော်အမော်များနှင့် ရောဂါဒဏ်ကို အမျိုးမျိုး ကုသငြားပါသော်လည်း ဝေဒနာသည် သက်သာခွင့်မရ ရှိလေသည်။

'ဝိညာဉ်ဇီဝ၊ ကုန်ချိန်ကျ၍၊ ဘဝဤဝယ်၊ သက်ခြောက်ဆယ်တိ၊ ရွယ်တော်ရှိက၊ တိနဝနှင့်-ဒွိယအက်မှာ၊ နှစ်ကောဇာ၏၊ နွယ်တာမာသ၊ ဆုတ်ပက္ခ၏၊ တေရသ်ကြဲတွေ့၊ ဆင်မင်းနေ့၌၊ မမွေ့လှူရွာ၊ အပြစ်ရှာ၍၊ နတ်ရွာဖြန့်ခြွေ၊ မြန်းကြွလေသည်။ ကဝေသူမြတ် ညွှန့်ဖူးတည်း'

ဟူသည်နှင့်အညီ သက္ကရာဇ် ၁၂၉၃ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ရက်နေ့ ညဉ့်နာရီပြန့်၊ ၂ချက်တီးအချိန် သက်တော် ၆၀ အရွယ်တွင် သေက္ခတောင်ဆရာတော် ဦးတိလောကသည် များလှစွာသော ရဟန်းရှင်လူ ခပ်သိမ်းသူတို့ကို စွန့်ပယ်တော်မူပြီးလျှင် နတ်ထီးဘုံရံ၌ စံလွန်တော်မူ၏။

ထေရပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် သေက္ခတောင်ဆရာတော်ဘုရားကြီး၏
သြဝါဒတော်

တပည့်တို့၊ အကောင်းဆုံးကို ဟောကြားပေအုံဟူသော ပဋိညာဉ်အတိုင်း ငါဆရာသည် သင်တပည့်တို့အား အကောင်းဆုံးကို ဟောကြားမည်။ ကောင်းမွန်စွာ နာကြကုန်လော့၊ အနက်အဓိပ္ပာယ်ကို ထိုးထွင်းသိမြင်အောင် ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ ဟောကြားတော့အံ့။

မမေ့မလျော့ ကြိုးစား၍ အားထုတ်ကြ၊ တပည့်တို့... ကြိုးစား၍ အားထုတ်ကြ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

သေကျွတောင်ဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ပထဝီဓာတ် (၂၀)ကို အကျဉ်းသရုပ် ထုတ်ပြခြင်း

အသက်ဝိညာဉ်ရှိသော သတ္တဝါသန္တာန်၌ 'ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမှေး၊ အပြင်၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်'။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အပြင်၊ အမှေး၊ အသည်း၊ နှလုံး၊ အညှို့၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ ခြေသည်း၊ လက်သည်း၊ အမွေး၊ ဆံပင်'၊ ဤ နှစ်ဆယ်သော အစုတို့ကို အဖျော်တွအတွင်း မြေဓာတ်ဟု ခေါ်သည်။ အတွင်းမြေဓာတ်ဟု မှတ်ကြ။

တပည့်တို့– ဤနှစ်ဆယ်သော အတွင်းမြေဓာတ်တို့၏ ၁–အဆင်း၊ ၂–သဏ္ဌာန်၊ ၃–တည်ရာဌာန၊ ၄–တစ်ခုနှင့်တစ်ခုမရောယှက်သော အပိုင်းအခြားပရိစ္ဆေဒ။ ။ ဤလေးပါးတို့ကို ရှေးဦးစွာ ဤသို့ မှတ်ကြ၊ သိကြကုန်။

ပထဝီဓာတ် ၂၀ ကို ဝိပဿနာရှုပုံပြခြင်း

တပည့်တို့၊ ဤမြေဓာတ်တို့ကိုလည်း သမုတ်ကြ၍ ယခု ဆရာပြဆိုခဲ့ပြီးသော နှစ်ဆယ်သော မြေဓာတ်တို့ကို ဆံပင်ကစ၍ ဦးနှောက်ကျအောင် အစဉ်အတိုင်း မရပ်မဆိုင်း အနှလုံ၊ တစ်ဖန် ဦးနှောက်မှစ၍ ဆံပင်ကျအောင် နောက်ပြန် အစဉ်အတိုင်း မရပ်မဆိုင်း ပဋိလုံ၊ ဤသို့ အနှလုံ၊ ပဋိလုံအားဖြင့် မရပ်မဆိုင်း အပြေးစိုင်း နှုတ်တက်ရအောင် ရှေးဦးစွာကျက်ကြ၊ သရဏ္ဌာယ်ကြ၊ အကြင်မျှလောက် နှုတ်တက် အပြေးစိုင်းနိုင်အောင် မရသေး၊ မကျေပွန်သေး၊ ထိုမျှလောက် နှုတ်ဖြင့်ရွတ်အံ သရဏ္ဌာယ်ကြ၍ နှုတ်တက် အပြေးစိုင်းနိုင်အောင် ကျေပွန်စွာရရှိပြီးလျှင် ယခု ဆရာပြဆိုခဲ့ပြီးသောအတိုင်း ထိုနှစ်ဆယ်သော မြေဓာတ်တို့၏ အဆင်းသဏ္ဌာန် တည်ရာဌာန အပိုင်းအခြား ပရိစ္ဆေဒတို့ကို ကောင်းမွန်စွာ သညာဖြင့်မှတ်၍ ဝိညာဉ်နှင့်သိ၍ ထိသိသောအတိုင်း၊ မှတ်မိသောအတိုင်း နှုတ်ဖြင့်မရွတ်၊ အသံပဲ စိတ်ထဲတွင်သာ ပညာဖြင့် လင်းလင်းထင်ထင်မြင်အောင် အစဉ်အတိုင်း အနှလုံပဋိလုံအားဖြင့် ကြည့်ကြရှုကြ။ ဤသို့ တစ်ရက် နှစ်ရက်လောက် ၃၊၄၊၅၊၆၊၇၊၈၊၉၊ ဆယ်ရက်လောက် ကြည့်ရှုမိသောအခါ သွားလမ်းလာလမ်း ကျေပွန်ဖြောင့်တန်း၍ အကြည့်ရှုလွယ်၍ လာလိမ့်မည်၊ တစ်နေ့ထက် တစ်နေ့လည်း နည်းနည်း နည်းနည်း တိုး၍ တိုး၍ မြင်လာလိမ့်မည်။

တပည့်တို့၊ ဤကဲ့သို့ အနည်းဆုံး တစ်ရက်၊ အများဆုံး ဆယ်ရက်လောက် သာမညအားဖြင့် ရှုရ

http://www.dhammadownload.com

မည်။ ဤသို့ သာမညအားဖြင့် ကြည့်ရှုပြီး၍ အဆင်းသဏ္ဌာန် တည်ရာဌာန အပိုင်းအခြားနှင့်တကွ ထိုအတွင်းမြေဓာတ်တို့ အတော်မှန်မှန် ထင်၍လာသောအခါမှ ဤသို့ဝိသေသအားဖြင့် ဆင်ခြင်ရမည်။ ဉာဏ်တည်းဟူသောလက်ဖြင့် တော်ရာသချိုင်းပုံပေါ်က ပြင်ဘက် မြေကြီးခဲကိုယူ၍၊ ဆံပင်တည်းဟူသော အတွင်းမြေဓာတ်ကိုလည်းယူ၍ လက်ဝါးပေါ်၌ အဇ္ဈတ္တဗာဟိရ ဓာတ်နှစ်ပါးယှဉ်၍ထားပြီးလျှင် ဤမြေကြီးခဲသည် ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ခက်မာခြင်းသဘောဖြစ်သော မြေဓာတ်ပင်တည်း။ ဤမြေကြီးခဲအတူ ဤဆံပင်သည်လည်း ငါမဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်၊ ခက်မာခြင်းသဘောဖြစ်သော မြေဓာတ်ပင်တည်း။ ဤဆံပင်နှင့် ဤမြေကြီးခဲ နှစ်ပါးလုံးသည် ငါမဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်၊ ခက်မာခြင်းသဘောဖြစ်သော မြေဓာတ်ပင်တည်း။ ဘာမျှ မထူးကြပြီ၊ မြေဓာတ်ချင်း အတူတူပင်တည်းဟု ဆံပင်နှင့် မြေကြီးခဲကို တစ်ထပ်တည်း တူအောင်ချင်အောင်ကြည့်ရှု ဆင်ခြင်ရမည်။

ဤနည်းတူ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေ၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံးအစရှိသော ကြွင်းသော အတွင်းမြေဓာတ်စုကိုလည်း တစ်ခုချင်းတစ်ခုချင်း ခွဲ၍ခွဲ၍ ပြင်ဘက် မြေဓာတ်နှင့် ယှဉ်၍ယှဉ်၍ အတွင်းပြင် မခြားမနား တစ်စားတည်း တစ်ထပ်တည်း တူအောင်မြင်အောင် ကြည့်ရှုဆင်ခြင်ရမည်။ အနုလုံ၊ ပဋိလုံ အပြန်အလှန် အဖန်ဖန် အထပ်ထပ် ကြည့်ရှုဆင်ခြင်ရမည်။ မြေဓာတ်တို့ကိုပါ ကြည့်၊ မကျန်စေနှင့်။ ရံဖန်ရံခါ ဤအတွင်းမြေဓာတ်တွေကို ဉာဏ်တည်းဟူသော ဓားဖြင့် ဖြတ်၍ အရပ်ရှစ်မျက်နှာ၌ တကွဲစီ တခြားစီထားပြီး ကြည့်။ ပြင်ဘက် မြေဓာတ်ကိုလည်း မြေကြီးခဲသာမဟုတ်၊ ဤသချိုင်းပုံပေါ်၌ရှိ သော မြက်ပင်တွေ၊ မြက်မှိုက်တွေ၊ တုတ်ခနောင်းတွေ၊ တောထဲမှာရှိသော မြေကြီးခဲတွေ၊ ရွှံ့ခဲတွေ၊ ကျောက်ခဲတွေ၊ ထင်းချောင်းတွေ၊ အမှိုက်တွေကိုပါယူ၍ ဤအတွင်းမြေဓာတ်တွေနှင့် တစ်ခုချင်းတစ်ခုချင်းယှဉ်၍ကြည့်။

တပည့်တို့၊ ဤသို့ကြည့်ရှုဆင်ခြင်ဖန်များသောအခါ သင်တပည့်တို့၏ စိတ်ထဲဉာဏ်ထဲမှာ အတွင်းမြေဓာတ်နှင့် အပြင်မြေဓာတ်သည် ဓာတ်အနေအားဖြင့် အတွင်းပြင်မခြားမနား တစ်စားတည်း တစ်ထပ်တည်းတူအောင် ထင်မြင်၍လာလိမ့်မည်။ ထိုသို့ ထပ်တူထပ်မြင်၍လာသောအခါ မြေကြီးခဲ၊ ရွှံ့ခဲ၊ မြက်မှိုက်၊ ထင်းချောင်း အစရှိသော ပြင်ဘက် မြေဓာတ်ကို ဤမြေကြီးခဲသည် ငါပဲ၊ ဤရွှံ့သည် ငါပဲ၊ ဤမြက်အမှိုက်သည် ငါပဲ၊ ဤထင်းချောင်းသည် ငါပဲဟု မှတ်ထင်စွဲလမ်းခြင်းငှာ မဖြစ်နိုင်ဘိ သကဲ့သို့ ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံးအစရှိသော ဤအတွင်း မြေဓာတ်ကိုလည်း 'ဤဆံပင်သည် ငါပဲ၊ ဤအမွေးသည် ငါပဲ၊ ဤလက်သည်း ခြေသည်းသည် ငါပဲ၊ ဤသွား၊ အရေ၊ အသား၊ အကြောအရိုး၊ ခြင်ဆီ၊ အညှို့၊ နှလုံးအစရှိသည်လည်း ငါပဲ' ဟု မှတ်ထင်စွဲလမ်းခြင်းငှာ မဖြစ်နိုင်လတ္တံ့။

တပည့်တို့၊ ဤကဲ့သို့ ငါဟု မှတ်ထင်စွဲလမ်းခြင်းမှာ မဖြစ်နိုင်ဘဲ ငါဟု မှတ်ထင်စွဲလမ်းခြင်း ကင်းသောအခါ ဤသချိုင်းပုံပေါ် တောထဲ တောင်ထဲ၌ရှိသော မြေကြီးခဲတွေ၊ မြက်မှိုက် ထင်းချောင်း၊ တုတ်ခနောင်းတွေကို အရပ်သားတွေ လာ၍သွား၍ တူရွင်းနှင့် တူးသူကတူး၊ ဓားနှင့် ခုတ်သူကခုတ်၊ တုတ်နှင့် ရိုက်သူကရိုက်၊ မီးနှင့်တိုက်သူကတိုက်၊ သူတို့ အလိုရှိတိုင်း လုပ်ကြငြားသော်လည်း သင်တို့ကဟယ် ငါတို့ကိုလူတွေ တူရွင်းနှင့် တူးကုန်ပါပြီ၊ ငါတို့ကို လူတွေဓားနှင့် ခုတ်ကုန်ပါပြီ၊ ငါတို့ကို လူတွေ တုတ်နဲ့ ရိုက်ကုန်ပါပြီ၊ ငါတို့ကိုလူတွေ မီးနှင့် တိုက်ကုန်ပါပြီ၊ ငါတို့ကို လူတွေ လုပ်ချင်တိုင်း လုပ်ကုန်ပါပြီ ဟု မြည်တမ်းပြောဆိုခြင်းငှာ မှတ်ထင်အောက်မေ့

http://www.dhammadownload.com

ခြင်းငှာ၊ မဖြစ်နိုင်သကဲ့သို့ ဤဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုးအစရှိသော အတွင်းမြေဓာတ်တို့ကိုလည်း အရပ်သားတွေလာ၍ လုံနှင့်ထိုးသူကထိုး၊ ဓားနှင့်ခုတ်သူကခုတ်၊ တုတ်နဲ့ ရိုက်သူကရိုက်၊ မီးနှင့်တိုက်သူကတိုက်၊ သူတို့အလိုရှိတိုင်း လုပ်ကြငြားသော်လည်း သင်တပည့်တို့က ဟယ်–ငါတို့ကိုလူတွေလုံနှင့် ထိုးကုန်ပါပြီ၊ ငါတို့ကို လူတွေဓားနှင့် ခုတ်ကုန်ပါပြီ၊ ငါတို့ကိုလူတွေ တုတ်နဲ့ ရိုက်ကုန်ပါပြီ၊ ငါတို့ကို မီးနှင့်တိုက်ကုန်ပါပြီ၊ ငါတို့ကိုလုပ်ချင်တိုင်း လုပ်ကုန်ပါပြီဟု မြည်တမ်းပြောဆိုခြင်းငှာ၊ မှတ်ထင် အောက်မေ့ခြင်းငှာ မဖြစ်လတ္တံ့။ တပည့်တို့၊ သင်တပည့်တို့သည် ဤပြင်ဘက်မြေဓာတ်ကိုလည်းကောင်း၊ ဤအတွင်းမြေဓာတ်ကို လည်းကောင်း အတူတူမြေဓာတ်ပင်တည်း၊ ငါမဟုတ်ပြီဟု လင်းလင်းထင်ထင်သိမြင်၍ ငါဟုမှတ်ထင်စွဲလမ်းခြင်း ကင်းသောအခါ ထိုမြေဓာတ်တို့ ငါဟူသော ကိုယ်အနေနှင့်လည်းကောင်း၊ ငါ့ဟာဟူသော ကိုယ့်ဥစ္စာ အနေနှင့် လည်းကောင်း ချစ်ခင်တပ်မက်ခြင်းလည်း ကင်းကြကုန်လတ္တံ့။ ဤသို့သော အကြောင်းကိုစွဲ၍ 'နေသောဟမသို့နေတံမမ။ ဧဝံတတ္ထ ဝိရဇ္ဇတိ' ဟူ၍ ဥဒ္ဒေသဝါရ၌ ဆရာဟောကြားပေ၏။

အာပေါဓာတ်ကိုပြခြင်း

တပည့်တို့၊ ဤဓာတ်ခြောက်ပါးတို့တွင် အာပေါဟု မာဂဓခေါ်သော ရေဓာတ်သည်လည်း ဗာဟိရပြင်ဘက်ရေဓာတ်၊ အဇ္ဈတ္တအတွင်းရေဓာတ်ဟု နှစ်ပါးရှိသည်။ ထိုနှစ်ပါးတို့တွင် အသက်ဝိညာဉ်ရှိသော သတ္တဝါသန္တာန်မှအပဖြစ်သော ဗဟိဒ္ဓသန္တာန်၌ ကမ္ဘာဖျက်ရေ၊ မဟာသမုဒ္ဒရာရေ၊ အိုင်ရေ၊ မြစ်ရေ၊ ချောင်းရေ၊ မြောင်းရေ၊ ကောင်းကင်ကကျသောရေ အစရှိသော မျက်စိဖြင့် မြင်ကောင်းသော အလုံးစုံသော ပေါင်းဖွဲ့ယိုစီးခြင်းသဘောဖြစ်သော အရည်တွေဟူသမျှကို ဗာဟိရ ပြင်ဘက် ရေဓာတ်ဟုခေါ်သည်။ ပြင်ဘက်ရေဓာတ်ဟုမှတ်ကြ။

အာပေါဓာတ် ၁၂ ပါးကို အကျဉ်းသရုပ်ထုတ်ပြခြင်း

အသက်ဝိညာဉ်ရှိသော သတ္တဝါသန္တာန်၌ 'သည်းခြေသလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ ကျင်ကြီး၊ ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်၊ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဤတစ်ဆယ့်နှစ်ပါးသော ပေါင်းဖွဲ့ယိုစီးခြင်းသဘောဖြစ်သောအရည်တွေကို အဇ္ဈတ္တရေဓာတ်ဟုခေါ်သည်။ အတွင်းရေဓာတ်ဟု မှတ်ကြ။

အာပေါဓာတ်တို့ကို ဝိပဿနာရှုပုံကိုပြခြင်း

တပည့်တို့၊ ဤ ရေဓာတ်တို့ကိုလည်း သိမှတ်ကြ၍ ယခု ဆရာပြဆိုခဲ့ပြီးသော တစ်ဆယ့်နှစ်ပါးသော ရေဓာတ်တို့ကိုလည်း ခြေကစ၍ ကျင်ငယ်ကျအောင် အစဉ်အတိုင်း မရပ်မဆိုင်း အနုလုံ တဖန်ကျင်ငယ်မှစ၍ သည်းခြေကျအောင် နောက်ပြန်အစဉ်အတိုင်း မရပ်မစိုင်း ပဋိလုံ။ ဤသို့ အနုလုံ ပဋိလုံအားဖြင့် မရပ်မဆိုင်း အပြေးဆိုင်း နှုတ်တက်ရအောင် ရှေးဦးစွာကျက်ကြ။ သရဇ္ဈာယ်ကြ။ အကြင်မျှလောက်နှုတ်တက်အပြေးစိုင်းနိုင်အောင် မရသေး၊ မကျေပွန်သေး၊ ထိုမျှလောက်နှုတ်ဖြင့် ရွတ်အံ သရဇ္ဈာယ်ကြ။ ဤသို့ ရွတ်အံသရဇ္ဈာယ်၍ နှုတ်တက် အပြေးစိုင်းနိုင်အောင် ကျေပွန်စွာရရှိပြီးလျှင် ယခုဆရာ ပြဆိုခဲ့ပြီးသောအတိုင်း ထိုတစ်ဆယ့် နှစ်ပါးသော ရေဓာတ်တို့၏ အဆင်းသဏ္ဌာန်၊ တည်ရာဌာန၊ အပိုင်းအခြား ပရိစ္ဆေဒတို့ကို ကောင်းမွန်စွာ သညာဖြင့် မှတ်၍ ဝိညာဉ်ဖြင့်သိ၍ ထိုသိသောအတိုင်း မှတ်မိသောအတိုင်း နှုတ်ဖြင့်မရွတ်အံဘဲ စိတ်ထဲတွင်သာ ပညာဖြင့် လင်းလင်းထင်ထင်မြင်အောင် အစဉ်အတိုင်း အနုလုံ ပဋိလုံအားဖြင့် ကြည့်ကြ၊ ရှုကြ။

http://www.dhammadownload.com

ဤသို့ တစ်ရက်လောက်၊ နှစ်ရက်လောက်၊ ၃၊၄၊၅၊၆၊ ၇၊၈၊၉၊ ဆယ်ရက်လောက် ကြည့်ရှုမိသောအခါ သွား လမ်းလာလမ်း ကျေပွန်စွာ ဖြောင့်တန်း၍ အကြည့်ရှု လွယ်၍ လာလိမ့်မည်။ တစ်နေ့ထက် တစ်နေ့လည်း နည်းနည်း နည်းနည်း တိုး၍ မြင်လာလိမ့်မည်။ တပည့်တို့ ဤသို့ အနည်းဆုံး တစ်ရက်၊ အများဆုံး ဆယ်ရက်လောက် သာမညအားဖြင့် ကြည့်ရှုရမည်။ ဤသို့သာမညအားဖြင့်ကြည့်ရှု၍ အဆင်း၊ သဏ္ဌာန်၊ တည်ရာဌာန၊ အပိုင်းအခြားနှင့်တကွ ထိုအတွင်း ရေဓာတ်တို့ အတော်မှန်မှန်ထင်၍ လာသောအခါမှ ဤသို့ ဝိသေသအားဖြင့် ကြည့်ရှုဆင်ခြင်ရမည်။ ဉာဏ်တည်းဟူသောလက်ဖြင့် တော်ရာပင်လယ်ထဲ ချောင်းထဲ ရွှံ့အိုင်ထဲက အပြင်ဘက်ကယူ၍ သည်းခြေ တည်းဟူသော အတွင်းရေဓာတ်ကိုလည်းယူ၍ ခွက် နှစ်ခုခွဲထည့်၍ ယှဉ်ထားပြီးလျှင် ဤရေသည် ငါ မဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်၊ ပေါင်းဖွဲ့ယိုစီးခြင်း သဘောဖြစ်သော ရေဓာတ်ပင်တည်း။ ဤသည်းခြေ နှင့် ဤရေနှစ်ပါးလုံးသည် ငါမဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်၊ ပေါင်းဖွဲ့ ယိုစီးခြင်းသဘောဖြစ်သော ရေဓာတ်ပင်တည်း၊ ဘာမျှ မထူးကြပြီ၊ ရေဓာတ်ချင်း အတူတူပင်တည်းဟု သည်းခြေနှင့်ရေကို တစ်ထပ်တည်းတူ အောင်မြင်အောင် ကြည့်ရှုဆင်ခြင်ရမည်။

ဤနည်းတူ သလိပ်အစရှိသော အတွင်းရေဓာတ်အစုကိုလည်း တစ်ခုချင်းတစ်ခုချင်း ခွဲ၍ခွဲ၍ ပြင်ဘက်ရေဓာတ်နှင့် ယှဉ်၍ယှဉ်၍ အတွင်းပြင် မခြားမနား တစ်စားတည်း တစ်ထပ်တည်းတူအောင် မြင်အောင်ကြည့် ရှုဆင်ခြင်ရမည်။ အနလုံပဋိလုံ အပြန်အလှန်အဖန်ဖန် အထပ်ထပ်ကြည့်ရှု ဆင်ခြင်ရမည်။ ရေဓာတ်တို့ကိုပါကြည့်၊ မကျန်စေနှင့်။ ရံခါသာရှိ၍ ရံခါမရှိသော ပြည်အစရှိသော အနိယမ ရေဓာတ်တို့ကိုကား ကိုယ်သန္တာန်မှာ ရှိဆဲ ဖြစ်ဆဲဖြစ်လျှင် ကြည့်၊ မရှိလျှင်မကြည့်နှင့်၊ မရှိသော တရားကို ကြည့်၍ အကျိုးမရှိ၊ အသုံးမကျ၊ ဒုက္ခများသည်။ ရံဖန်ရံခါ ဤအတွင်းရေဓာတ်တွေကို ဉာဏ်တည်း ဟူသော ဓားဖြင့်ဖျက်၍ ဖောက်၍ အရပ်ရှစ်မျက်နှာ၌ တကွဲစီ တခြားစီ ထားပြီးကြည့်၊ ရံဖန်ရံခါ တပေါင်း တည်း စုပုံရောထားပြီး ကြည့်၊ ပြင်ဘက်ရေဓာတ်ကို လည်း ရေသာမဟုတ်၊ ဆန်ဆေးရည်တွေ၊ ရေနံတွေ၊ ရေနံဆီတွေ၊ ဟင်္သပြဒါးရည်တွေ၊ မဲနယ်ရည်တွေ၊ သစ်ပင်က အစေးရည်တွေကိုပါယူ၍ ဤအတွင်း ရေဓာတ်နှင့် တစ်ခုချင်း တစ်ခုချင်း ယှဉ်၍ယှဉ်၍ ကြည့်။

တပည့်တို့၊ ဤသို့ကြည့်ရှု ဆင်ခြင်ဖန်များသောအခါ သင်တပည့်တို့ ၏ စိတ်ထဲ ဉာဏ်ထဲမှာ အတွင်းရေဓာတ်နှင့် ပြင်ဘက်ရေဓာတ်သည် ဓာတ် အနေအားဖြင့် အတွင်းအပြင် မခြားမနားတစ်စားတည်း တစ်ထပ်တည်းတူအောင် ထင်မြင်၍ လာလိမ့်မည်။ ထိုသို့ထပ်တူ ထင်မြင်၍လာသောအခါ ရေ၊ ဆန်ဆေးရည်၊ ရေနံအစရှိသော ပြင်ဘက်ရေဓာတ်ကို ဤရေသည် ငါပဲ၊ ဤဆန်ဆေးရည်သည် ငါပဲ၊ ဤရေနံသည် ငါပဲဟု မှတ်ထင် စွဲလမ်းခြင်းငှာ မဖြစ်နိုင် ဘိသကဲ့သို့ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး အစရှိသော ဤအတွင်းရေဓာတ်ကိုလည်း ဤသည်းခြေသည် ငါပဲ၊ ဤသလိပ် ပြည် သွေး စသည်သည် ငါပဲဟု မှတ်ထင် စွဲလမ်းခြင်းငှာ မဖြစ်နိုင်လတ္တံ့။

တပည့်တို့၊ ဤကဲ့သို့ ငါဟု မှတ်ထင် စွဲလမ်းခြင်းငှာ မဖြစ်နိုင်ဘဲ၊ ငါဟုမှတ်ထင် စွဲလမ်းခြင်းကင်း သောအခါ ဤပင်လယ်ထဲ၊ ချောင်းထဲ အိုင်ထဲ၌ ရှိသော ရေတွေကို အရပ်သားတွေ လာ၍ သွား၍ သောက်သူက သောက်၊ ချိုးသူကချိုး၊ တုတ်နှင့် ရိုက်သူကရိုက်၊ မီးနှင့်ကျိုသူကကျိုး၊ သူတို့ အလိုရှိ တိုင်း လုပ်ကြငြားသော်လည်း သင်တပည့်တို့က ဟယ်– ငါတို့ကို လူသောက်ကုန်ပါပြီ၊ ငါတို့ကို လူချိုးကုန်ပါပြီ၊ ငါတို့ကို လူတုတ်နှင့် ရိုက် ကုန်ပါပြီ၊ ငါတို့ကို လူမီးနှင့် ကျိုကုန်ပါပြီ၊ ငါတို့ကို လူတွေ လုပ်ချင်တိုင်း လုပ်ကုန်ပါပြီဟု မြည်တမ်း ပြောဆို

http://www.dhammadownload.com

ခြင်းငှာ မှတ်ထင်အောက်မေ့ခြင်းငှာ မဖြစ်နိုင်ဘိ သကဲ့သို့ ဤသည်းခြေ၊ သလိပ်၊ ပြည်၊ သွေး အစရှိသော အတွင်းရောဂတ်တို့ကိုလည်း အရပ်သားတွေ လာ၍ဓားနှင့်ဖောက်ပြီး သည်းခြေယူသူက ယူ၊ လည်ချောင်းသွေးသောက်သူက သောက်၊ နှလုံးသွေးသောက်သူကသောက်၊ အဆီကို မီးနှင့်ကျိုသူကကျိုး၊ သူတို့အလိုရှိတိုင်း လုပ်ကြငြားသော်လည်း သင်တပည့်တို့က ဟယ်-ငါတို့ကို ဓားနှင့်ဖောက်ပြီး လူတွေယူကုန်ပါပြီ၊ ငါတို့ကို ဥူတွေသောက်ကုန်ပါပြီ၊ ငါတို့ကို လူတွေ မီးနှင့် ကျိုကုန်ပါပြီ၊ ငါတို့ကို လူတွေလုပ်ချင်တိုင်း လုပ်ကုန်ပါပြီဟု မြည်တမ်းပြောဆိုခြင်းငှာ မှတ်ထင်အောက်မေ့ခြင်းငှာ မဖြစ်နိုင်လတ္တံ့။

တပည့်တို့၊ သင်တပည့်တို့သည် ဤပြင်ဘက် ရောဂတ်ကိုလည်းကောင်း၊ ဤအတွင်း ရောဂတ်ကိုလည်းကောင်း အတူတူ ရောဂတ်ရောဂတ်ပင်တည်း။ ငါမဟုတ်ပြီဟု လင်းလင်း ထင်ထင်သိမြင်၍ ငါဟု မှတ်ထင် စွဲလမ်းခြင်းကင်းသောအခါ ထိုရောဂတ်တို့ကို ငါဟူသော ကိုယ့်အနေနှင့် လည်းကောင်း၊ ငါ့ဟာဟူသော ကိုယ့်အနေနှင့်လည်းကောင်း၊ ငါ့ဟာ ဟူသော ကိုယ့်ဥစ္စာအနေနှင့်လည်း ချစ်ခင်တပ်မက်ခြင်းလည်း ကင်းကြကုန်လတ္တံ့။ ဤသို့သော အကြောင်းကိုစွဲ၍ 'နေသောဟမသ္မိနေတံ မေ၊ ဧဝံတတ္ထ ဝိရဇ္ဇတိ' ဟူ၍ ဥဒ္ဒေသဝါရ၌ ဆရာဟောကြားပေ၏။

တေဇောဓာတ်ကိုပြခြင်း

တပည့်တို့၊ ဤ ဓာတ်ခြောက်ပါးတို့တွင် တေဇောဟု မာဂဓတို့ခေါ်သော မီးဓာတ်သည်လည်း ဗာဟိရ ပြင်ဘက်မီးဓာတ်၊ အဖျတ္တ အတွင်းမီး ဓာတ်ဟု နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် အသက်ဝိညာဉ်ရှိသော သတ္တဝါ သန္တာန်မှ အပဖြစ်သော ဗဟိဒ္ဓသန္တာန်၌ ကမ္မာဖျက်ဆီး၊ အဝီစိငရဲမီး၊ တောတောင်လောင်သောမီး၊ မိုးကြိုးလောင်မီး၊ ထမင်းဟင်းချက်သောမီး၊ စကြဝဠာ သုံးခု အကြားအကြား၌ လောကန္တရိက်ငရဲသူတို့ကို မှုန့်မှုန့် ညက်ညက် ကြွေမြွှေ၍သွားအောင် အေးသောအားဖြင့် လောင်သောမီး၊ ဟိမဝန္တာတောတောင်၌ ရေတွေ နှင်းတွေခဲ၍ မာ၍နေအောင် အေးသောအားဖြင့် လောင်သောမီး၊ ရှမ်းတော၊ ရှမ်းပြည်စသည်၌ ရေတွေ နှင်းတွေခဲ၍ မာ၍နေအောင် အေးသောအားဖြင့် လောင်သောမီး၊ ဆောင်းအခါ စသည်တို့၌ ခိုက်ခိုက်တုန်အောင် အေးသောအားဖြင့် လောင်သောမီး၊ ဤသို့ အစရှိကုန်သော ပူခြင်း၊ အေးခြင်း သဘောဖြစ်သော အလုံးစုံသော အပူတွေ အအေးတွေဟူသမျှကို ဗာဟိရ ပြင်ဘက်မီးဓာတ်ဟု ခေါ်သည်၊ ပြင်ဘက်မီးဓာတ်ဟု မှတ်ကြ။

တေဇောဓာတ် ၅-ပါးကို အကျဉ်းသရုပ်ထုတ်ပြခြင်း

အသက်ဝိညာဉ်ရှိသော သတ္တဝါသန္တာန်၌ ဥသ္မာမီး - ၁။ ပါစကမီး- ၂။ သန္တာပနမီး - ၃။ ဒါဟမီး - ၄။ ဇီရဏမီး - ၅။ ဤငါးပါးသောမီးတို့ကို အဖျတ္တအတွင်း မီးဓာတ်ဟုခေါ်သည်၊ အတွင်းမီးဓာတ်ဟု မှတ်ကြ။

တေဇောဓာတ်ကို ဝိပဿနာရှုပုံကိုပြခြင်း

တပည့်တို့-ဤအတွင်း မီးဓာတ်ငါးပါးတို့၏ ပူပုံ၊ အေးပုံသဘော၊ လောင်ပုံကိစ္စ စွဲ၍တည်ရာဌာနတို့ကို ကောင်းမွန်သေချာစွာ ပိုင်းခြားမှတ်သား၍ နားလည်အောင် ပြုပြင်ပြီးလျှင် ပြင်ဘက်က မီးဓာတ်နှင့် ထပ်တူ ထင်မြင်အောင် ယှဉ်၍ ယှဉ်ကြည့်ရှုဆင်ခြင်ကြ။ အဘယ်သို့ကြည့်ရှု ဆင်ခြင်ရမည်နည်းဆိုသော် ဤသို့ ကြည့်ရှု ဆင်ခြင်ရမည်။ ဤမီးဓာတ်ငါးပါးတို့သည် အကြောင်းကိစ္စ တည်ရာဌာန အခိုက်အတန့်တို့ဖြင့်သာ ငါးပါး ကွဲပြားနေသည်။ သဘာဝတရားကိုယ်မှာ ပူမှုဟူသော ဥဏှမီး၊ အေးမှုဟူသော သီတမီးဟု နှစ်ပါးသာရှိသည်ဟူ၍လည်း

http://www.dhammadownload.com

ရှေးဦးစွာ သိမြင်မှတ်သား၍ ဉာဏ်တည်းဟူသော လက်ဖြင့် ပြင်ဘက်ဗာဟိရ ပန်းပဲဖိုက သဲတွေ ခဲကြီး ကိုလည်းကောင်း၊ သဲတွေမီးရည်တွေကိုလည်းကောင်း၊ ယူ၍ အဖျတ္တ ကိုယ်တွင်းက အသည်းနှလုံးတည်း ဟူသော ဥဏှ ဥသ္ဟာမီးခဲကြီးကိုလည်းကောင်း၊ ဗဟို သွေးကြောထဲက သွေးတည်းဟူသော ဥဏှ ဥသ္ဟာ မီးရည်တွေကို လည်းကောင်းယူ၍၊ အဖျတ္တ ဗာဟိရ မီးနှစ်ပါးကို ယှဉ်၍ထားပြီးလျှင် သဲတွေ မီးခဲကို လက်နှင့်ကိုင်၍ စမ်း၊ နွေးလိမ့်မည်၊ ပူလိမ့်မည်။ တစ်ဖန် အသည်းနှလုံးဟူသော ဥဏှ ဥသ္ဟာ မီးခဲကြီး ကို လက်နှင့် ကိုင်၍စမ်း၊ နွေးလိမ့်မည်၊ ပူလိမ့်မည်။ ဗဟိုသွေးကြောထဲက သွေးဟူသော ဥဏှဥသ္ဟာမီး ရည်တွေကို လက်နှင့် နှိုက်၍စမ်း၊ နွေးလိမ့်မည်၊ ပူလိမ့်မည်။

ဤသို့ အတူတူပူမှန်း နွေးမှန်းသိပြီးသော် ဤသံခဲ သံရည်ကို စွဲ၍ လောင်၍နေသော ဗာဟိရ မီးဓာတ်သည် ငါမဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်၊ ပူခြင်းသဘော လောင်ခြင်းကိစ္စရှိသော မီးဓာတ်ပင်တည်း။ ထို့အတူ ဤ အသည်းနှလုံး သွေးတို့ကိုစွဲ၍ လောင်နေသော အဖျတ္တ မီးဓာတ်သည်လည်း ငါ မဟုတ်။ ငါ့ဥစ္စာလည်း မဟုတ်၊ ပူခြင်းသဘော လောင်ခြင်းကိစ္စရှိသော မီးဓာတ်ပင်တည်း၊ ဤ ဗာဟိရမီးနှင့် ဤအဖျတ္တမီး နှစ်ပါးလုံးသည် ငါ မဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်၊ ပူခြင်းသဘော လောင် ခြင်းကိစ္စရှိသော မီးဓာတ်ပင်တည်း၊ ဘာမျှမထူးကြ ပြီ၊ အတူတူ မီးဓာတ်ပင်တည်း။

ဤနှစ်ပါးလုံးသော မီးဓာတ်၌ ငါဟုငါ့ဥစ္စာ ဟု မှတ်ထင်စွဲဆိုစရာကို စိစစ်ရှာဖွေသော် ဤသံခဲ သံရည် အသည်းခဲ နှလုံးခဲ သွေးရည်တို့ကား မြေ ဓာတ် ရေဓာတ်တို့တည်း၊ မီးဓာတ်မဟုတ်။ ဤ ဝါဝါ ရဲရဲနီနီတို့ကား အဆင်းဝဏ္ဏတည်း၊ မီးဓာတ်မဟုတ်၊ ဤမြေဓာတ်ရေဓာတ်တို့ကို စွဲလောင်၍ နေသော ပူခြင်းသဘောမျှသာလျှင် မီးဓာတ်၌ ငါဟု ငါ့ဥစ္စာဟု မှတ်ထင်စွဲဆိုစရာကိုပင် ဘာမျှ အထည်ဝတ္ထု အသား အမာ အလုံးအခဲမရှိပြီ။ ဤအဖျတ္တ ဗာဟိရ နှစ်ပါး သောမီးတို့သည် ငါမဟုတ်ပြီ၊ ငါ့ဥစ္စာလည်း မဟုတ် ပြီ၊ အတူတူဘာမျှ မထူးကြပြီ။ မြေဓာတ်ရေဓာတ် တို့ကို စွဲ၍လောင်၍နေသော မီးဓာတ် မီးဓာတ်ပင် တည်းဟု ပြင်ဘက် မီးဓာတ်နှင့် အတွင်း မီးဓာတ်ကို အတွင်းပြင် မခြားမနား တစ်စားတည်း တစ်ထပ် တည်း တူအောင်ယှဉ်၍ယှဉ်၍ ကြည့်ရှုဆင်ခြင်ရ မည်။

ဤနည်းတူ အဖျတ္တမြေဓာတ်တည်းဟူသော မီးခဲ၊ ရေဓာတ်တည်းဟူသော မီးရည်တွေကို အကုန် ထုတ်၍ထုတ်၍ ဗာဟိရ ပန်းပဲဖိုက သဲမီးခဲ သဲမီးရည် တွေယှဉ်၍ ယှဉ်၍ ထပ်တူထင်မြင်အောင် ကြည့်ရှု ဆင်ခြင်ရမည်။ ပန်းပဲဖိုက မီးခဲမီးရည်သာမဟုတ်၊ အဝီစိကမီးခဲတွေ၊ လောဟကုမ္ဘိငရဲအိုးထဲက မီးရည် တွေ၊ မိုးကြိုး လောင်မီးက မီးခဲတွေ၊ မီးတောက်တွေ၊ တောတောင် လောင်သော မီးခဲတွေ၊ မီးတောက်တွေ၊ ထမင်းဟင်းချက်သည့် မီးခဲတွေ မီးတောက်တွေ၊ ရေနွေးဟူသော မီးရည်တွေကိုပါယူ၍ အဖျတ္တမီးခဲ မီးရည်တွေနှင့် ယှဉ်၍ယှဉ်၍ ထပ်တူမြင်အောင် ကြည့်ရှုဆင်ခြင်ရမည်။

အဖျတ္တ သီတမီးတွေ ဖြစ်ပေါ်လာ၍နေလျှင် မီးရည်တွေကို ထုတ်၍ ထုတ်၍ ဗာဟိရက သီတမီးခဲ မီးရည်တွေဖြစ်သော ဟိမဝန္တာက ဆီးနှင်းခဲ၊ ဆီးနှင်း ရည်တွေ၊ ရေခဲတွေ၊ ရေခဲရည်တွေ၊ ကောင်းကင်က နှင်းခဲတွေ၊ နှင်းရည်တွေ၊ မိုးသီးမိုးခဲတွေ မိုးသီးရည် တွေ၊ ရန်ကုန်မြို့ကရေခဲတွေ ရေရည်တွေနှင့် ယှဉ်၍ ယှဉ်၍ ထပ်တူထင်မြင်အောင် ဉဏ္ဏမီးမှာ ကြည့်ရှု ဆင်ခြင်သောနည်းအတိုင်း ကြည့်ရှုဆင်ခြင်ရမည်။ ပူပြင်းသဘောဟု ဆိုအပ်သော ဆင်ခြင်သောနေရာ မှာ အေးခြင်း သဘောဟုဆိုရုံ၊ ဆင်ခြင်ရုံမျှသာထူး သည်။ ရုံခါရုံခါလည်း ဤအဖျတ္တမီးတွေကို တစ်ခု ချင်း မဟုတ်ဘဲ ဤမြေဓာတ် ရေဓာတ်တည်းဟူသော

http://www.dhammadownload.com

လောင်စာထင်းစတွေ၊ အမှိုက်တွေကို စွဲ၍ လောင်၍ နေသော ပူမှုအေးမှုတွေဟု တစ်လုံးတည်းထား၍ တောတောင် လောင်သော မီးတွေနှင့် တူအောင်ယှဉ်၍ရှု။

တပည့်တို့၊ ဤကဲ့သို့ ကြည့်ရှုဆင်ခြင်ဖန်များသောအခါ ဤအတွင်း မီးဓာတ်တွေသည် ဓာတ်အနေအားဖြင့် ပြင်ဘက်မီးဓာတ်နှင့် တစ်ထပ်တည်း တူအောင် ထင်မြင်၍ လာလိမ့်မည်။ ထိုသို့ ထင်မြင်လာသောအခါ ပြင်ဘက်မီးဓာတ်တွေကို ငါဟု မှတ်ထင်စွဲလမ်းခြင်းငှာ မဖြစ်နိုင်သကဲ့သို့ ဤအတွင်း မီးဓာတ်တွေကိုလည်း ငါဟုမှတ်ထင်စွဲလမ်းခြင်းငှာ မဖြစ်နိုင်လတ္တံ့။ ထိုသို့မဖြစ်နိုင်၍ ငါဟု မှတ်ထင်စွဲလမ်းခြင်း ကင်းသောအခါ ပြင်ဘက် မီးဓာတ်တွေကို သူတစ်ပါးတို့ ဘယ်လိုပဲဆိုဆို၊ ဘယ်လိုပဲလုပ်လုပ်၊ သင်တို့က ဟယ်... ငါတို့ကို လူတွေဆိုချင်တိုင်း ဆိုကုန်ပါပြီ၊ လုပ်ချင်တိုင်း လုပ်ကုန်ပါပြီဟု မြည်တမ်းပြောဆိုခြင်းငှာ၊ မှတ်ထင်အောက်မေ့ခြင်းငှာ မဖြစ်နိုင်ဘိသကဲ့သို့ ဤအတွင်း မီးဓာတ်တွေကိုလည်း သူတစ်ပါး တို့ ဘယ်လိုပဲဆိုဆို၊ ဘယ်လိုပဲလုပ်လုပ် သင်တပည့်တို့က ဟယ်... ငါတို့ကို လူတွေဆိုချင်တိုင်း ဆိုကုန်ပါပြီ၊ လုပ်ချင်တိုင်း လုပ်ကုန်ပါပြီဟု မြည်တမ်းပြောဆိုခြင်းငှာ၊ မှတ်ထင်အောက်မေ့ခြင်းငှာ မဖြစ်နိုင်လတ္တံ့။ တပည့်တို့၊ သင်တပည့်တို့သည် ဤ ပြင်ဘက်မီးဓာတ်ကိုလည်းကောင်း၊ ဤအတွင်းဓာတ် မီးဓာတ်ကို လည်းကောင်း အတူတူ မီးဓာတ် မီးဓာတ်ပင်တည်း။ ငါမဟုတ်ပြီဟု လင်းလင်းထင်ထင်သိမြင်၍ ငါဟု မှတ်စွဲလမ်းခြင်း ကင်းသောအခါ ထိုမီးဓာတ်တို့ကို ငါဟူသော အတ္တအနေဖြင့်လည်းကောင်း၊ ငါ့ဟာဟူသော အတ္တနိယအနေနှင့်လည်းကောင်း ချစ်ချင်တပ်မက်ခြင်းလည်းကင်းကြကုန်လတ္တံ့။ ဤသို့သောအကြောင်း ကိုစွဲ၍ 'နေသောဟာသို့ နေတံမေ၊ ဓဝံတတ္ထဝိရဇ္ဇတိ' ဟူ၍ ဥဒ္ဒေသဝါရ၌ ဆရာဟောကြားပေ၏။

ဝါယောဓာတ်ကို ပြခြင်း

တပည့်တို့ ဤဓာတ်ခြောက်ပါးတို့တွင် ဝါယောဟု မာဂဓခေါ်သော လေဓာတ်သည်လည်း ဗာဟိရ ပြင်ဘက်လေဓာတ်၊ အဇ္ဈတ္တ အတွင်းလေဓာတ်ဟု နှစ်ပါးရှိသည်။ ထိုနှစ်ပါးတို့တွင် အသက်ဝိညာဉ်ရှိသော သတ္တဝါ သန္တာန်မှ အပဖြစ်သော ဗာဟိဒ္ဓသဏ္ဌာန်၌ အောက်ကောင်းကင်၌ သွားလာလွှင့်တိုက်၍နေသောလေ၊ အထက်ကောင်းကင်၌ သွားလာခွင့်တိုက်၍နေသော လေ၊ ကမ္ဘာဖျက်လ၊ မြေပြင်ပေါ်၌ သစ်ပင်တောချုံစသည်တို့ကို လှုပ်ရှားသွားလာလွှင့်တိုက်၍နေသော၊ အလုံးစုံကောင်းကင်ရှိသမျှ၌ သွားလာ၍နေသောလေ၊ ယပ်လေခပ်သောလေ၊ ဖိုထိုးသောလေ၊ ပုဆိုးစို ဥဖောက်လေ့ရှိသောလေ၊ ဤသို့အစရှိသော အလုံးစုံလှုပ်ရှားလွှင့်ပါးခြင်းသဘော၊ ထောက်ကန်တောင့်တင်းခြင်းသဘော ဟူသမျှတို့ကို ဗာဟိရ ပြင်ဘက်လေဓာတ်ဟု ခေါ်သည်။ ပြင်ဘက်လေဓာတ်ဟု မှတ်ကြ။

ဝါယောဓာတ် ခြောက်ပါးကို အကျဉ်းသရုပ်ပြခြင်း

၁။ အသက်ဝိညာဉ်ရှိသော သတ္တဝါသန္တာန်၌ ထွက်သက် ဝင်သက်ဟူသော အသာသပဿာသလေ။

၂။ ဝမ်းတွင်းမှ အထက်သို့ဆန်တက်၍ အပေါက်ရှိရာ ထွက်လာသော ဥဒ္ဓင်္ဂမလေ။

၃။ ဝမ်းတွင်းမှ အောက်သို့စုန်ဆင်း၍ အပေါက်ရှိရာ ထွက်သွားသော အဓောဂမလေ။

၄။ အူတွင်း၌ အောင်း၍နေသော ကောဋ္ဌာသလေ။

၅။ အူပြင်ဘက် ဝမ်းခေါင်း ရင်ခေါင်းထဲ၌ အောင်း၍နေသော ကုစ္ဆိသယလေ။

၆။ ဝမ်းခေါင်း ရင်ခေါင်းမှ လွတ်ရာ တစ်ကိုယ်လုံးအနှံ့ အင်္ဂါကြီးငယ်သို့ လျှောက်သွားလှည့်လည်သော အင်္ဂမင်္ဂါနုသာရီလေ။

http://www.dhammadownload.com

ဤ ခြောက်ပါးသော လှုပ်ရှားလွင့်ပါးခြင်းသဘော၊ ထောက်ကန် တောင့်တင်းခြင်းသဘောတွေကို အဇ္ဈတ္တ အတွင်းလေဓာတ်ဟုခေါ်သည်။ အတွင်းလေဓာတ်ဟုမှတ်ကြ။

ဝါယောဓာတ်ကို ဝိပဿနာရှုပုံကိုပြခြင်း

တပည့်တို့၊ ဤအတွင်းလေဓာတ် ခြောက်ပါးတို့၏ လှုပ်ရှားသွားလာခြင်း သဘော မြေဓာတ်လေဓာတ် တို့ကို လွင့်တိုက်ခြင်းကိုမျှ တည်ရာဌာနတို့ကို ကောင်းမွန်သေချာစွာ မှတ်သားသိမြင်၍ ပြင်ဘက်လေဓာတ်နှင့် ထပ်တူထင်မြင်အောင် ယှဉ်၍ယှဉ်၍ ကြည့်ရှုဆင်ခြင်ရမည်။ အဘယ်သို့ ကြည့်ရှုဆင်ခြင်ရမည်နည်းဆိုသော် ဤသို့ ကြည့်ရှုဆင်ခြင်ရမည်။ ဤ လေဓာတ်ခြောက်ပါးတို့သည် အကြောင်းကိစ္စတည်ရာဌာန အခိုက်အတန့်တို့ဖြင့်သာ ခြောက်ပါးကွဲပြား၍နေသည်။ သဘောတရား ကိုယ်မှာသွားလာ လှုပ်ရှားခြင်း သဘောအတူတူ တစ်ခုတည်းတစ်သားတည်းဟူ၍လည်း ရှေးဦးစွာ သိမြင်မှတ်သား၍ ဉာဏ်တည်းဟူသောလက်ဖြင့် ပြင်ဘက်ဗာဟိရ ပန်းပဲဖိုနှုတ်သီးလေကိုယူ၍ နှာခေါင်းဝ အဿာသ ပဿာသလေနှင့် ယှဉ်ထားပြီးလျှင် ဖိုနှုတ်သီးဝကို လက်ဝါးခံ၍စမ်း၊ တိုးဝှေ့တိုက်လွင့်ခြင်း ကိစ္စရှိသော အဟန်သဘော လှုပ်ရှားသွားလာခြင်းသဘောကို တွေ့လိမ့် မည်။ သိလိမ့်မည်။ တစ်ဖန်နှာခေါင်းဝကို လက်ဝါးခံ၍စမ်း၊ တိုးဝှေ့ တိုက်လွင့်ခြင်း ကိစ္စရှိသော အဟုန်သဘော၊ လှုပ်ရှားသွားလာခြင်းသဘောကို တွေ့လိမ့်မည်။ သိလိမ့်မည်။

ဤသို့ အတူတူသိပြီးမှ ဤဖိုနှုတ်သီးဝက ထွက်လာသော လေသည် ငါမဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်၊ တိုးဝှေ့တိုက်လွှင့်ခြင်းကိစ္စရှိသော အဟုန်သဘော၊ လှုပ်ရှားသွားလာခြင်းသဘောဖြစ်သော လေဓာတ်ပင်တည်း။ ဤ နှာခေါင်းဝပေါက်ထွက်လာသော လေဓာတ်သည်လည်း ငါမဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်၊ တိုးဝှေ့တိုက်လွင့်ခြင်းကိစ္စရှိသော အဟုန်သဘော၊ လှုပ်ရှား သွားလာခြင်းသဘောဖြစ်သော လေဓာတ်ပင်တည်း။ ဤဖိုနှုတ်သီးက ထွက်လာသော လေဓာတ်သည် လည်းကောင်း၊ ဤ နှာခေါင်းပေါက်က ထွက်လာသော လေဓာတ်သည် လည်းကောင်း၊ ဤနှစ်ပါးစုံသော လေဓာတ်သည် ငါမဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်၊ တိုးဝှေ့ တိုက်လွင့်ခြင်းကိစ္စရှိသော အဟုန်သဘော၊ လှုပ်ရှားသွားလာခြင်း သဘောဖြစ်သော လေဓာတ်ပင်တည်း။ ဘာမျှ မထူးကြပြီ၊ အတူတူလေဓာတ် လေဓာတ်ပင်တည်း။

ဤနှစ်ပါးစုံသော လေဓာတ်၌ငါဟု၊ ငါ့ဥစ္စာဟု မှတ်ထင်စွဲဆိုစရာကိုပင် ဘာမျှ အထည်ဝတ္ထု အသား၊ အမာ၊ အလုံး၊ အခဲလည်းမရှိပြီ။ ဤအဇ္ဈတ္တ ဗာဟိရနှစ်ပါးစုံသော လေဓာတ်သည် ငါမဟုတ်ပြီ၊ ငါ့ဥစ္စာလည်း မဟုတ်ပြီ၊ အတူတူဘာမျှမထူးကြပြီ၊ လှုပ်ရှားသွားလာခြင်းဖြစ်သော လေဓာတ် လေဓာတ်ပင်တည်းဟု အတွင်းပြင် မခြားမနား တစ်စားတည်း တစ်ထပ်တည်းတူအောင် ကြည့်ရှုဆင်ခြင်ရမည်။ ထွက်သောလေကို သိမြင်လျှင် ဝင်သော လေကို လည်း သိမြင်နိုင်တော့၏။ ဤနည်းတူ ဘိလပ်ရည် ပုလင်းက ထွက်သောလေ၊ ရေစက်ပေါက်က ထွက်သော လေ၊ စက်ရုံခေါင်းတိုင်က ထွက်သောလေ၊ ကြမ်း ပေါက်ပြတင်းပေါက် နံရံပေါက်တို့၌ ထွက်ဝင်၍နေသော လေတို့နှင့် ဥဒ္ဓဂ်မလေ၊ အဓောဂမလေ တို့ကို ယှဉ်၍ရှု ပုဆိုးစို ဥဖောင်း၊ လေခေါင်းအုံး၊ လေမွေ့ရာတို့ကိုလည်းကောင်း၊ အူသိမ် ဗိုက်အိမ် တို့ကိုလည်းကောင်း အပေါ်ယံကလည်း နှိပ်၍စမ်း၊ အဟုန်တွေ တောင့်တင်းခုခံ၍ နေပုံကိုတွေ့လိမ့်မည်၊ သိလိမ့်မည်။ ဉာဏ်တည်းဟူသော ဓားနှင့် ဖောက်၍ လည်းစမ်း၊ အဟုန်တွေ ရှူးရှူးရှူးရှူး ထွက်လာပုံကို တွေ့လိမ့်မည် သိလိမ့်မည်၊ တွေ့အောင်သိအောင် လုပ်၍ရှု၊ ချုံတိုက်လေ၊ သစ်ပင်တိုက်လေတို့နှင့် အဂ်မဂ်ါနုသာရီလေကိုယှဉ်၍ရှု။

http://www.dhammadownload.com

ရူပုံကား လေလွှင့်၍နေသော သစ်ပင်ကြီးနှင့် ဤကိုယ်ကြီးကိုယှဉ်၍ ထားပြီးလျှင် ဤသစ်ပင်ကြီး တစ်ပင်လုံးကား မြေဓာတ်တည်း၊ မြေဓာတ် မည်သည် မိမိဘာသာမလှုပ်ရှားတတ်၊ နေရာမှမရွေ့တတ်၊ ထိုသို့မလှုပ်ရှားတတ် နေရာမှမရွေ့တတ်သော ဤသစ်ကိုင်းသစ်ခက် သစ်ရွက် မြေဓာတ်တွေသည် ဤလေတွေတိုက်လွှင့်ခြင်းကြောင့် ယိမ်းရ၏။ နေရာမှ ရွေ့ရ၏။ လှုပ်ရှားရ၏။ သွက်သွက်ခါရ၏။ ဤသစ်ပင်ကြီးအတူ ဤကိုယ်ကြီး၌ ဤခြေထောက်တွေလည်း မြေဓာတ်တည်း၊ ဤလက်တွေလည်း မြေဓာတ်တည်း၊ ဤခေါင်းကြီးလည်း မြေဓာတ်တည်း၊ ဤဆံပင်တွေ အမွေးတွေ အရေတွေအသားတွေ အကြောတွေ အရိုးတွေလည်း မြေဓာတ်တည်း၊ မြေဓာတ်မည်သည် မိမိဘာသာ မလှုပ်ရှားတတ်၊ နေရာမှ မရွေ့တတ်၊ ထိုသို့ လှုပ်ရှားနေရာမှ မရွေ့တတ်သော ဤခြေလက် ဦးခေါင်း ဆံအမွေး၊ အရေ၊ အသား၊ အကြော အရိုးအစရှိသော အင်္ဂါကြီးငယ် မြေဓာတ်တွေသည် ဤအင်္ဂမင်္ဂါနုသာရီလေ တိုက်လွှင့်ခြင်းကြောင့် ယိမ်းရ၏။ နေရာမှ ရွေ့ရ၏။ လှုပ်ရှားရ၏။ သွက်သွက်ခါရ၏။ ရေဓာတ်မည်သည်လည်း အရေသဘောတည်း၊ ပေါင်းဖွဲ့စိုစွတ်ခြင်းသဘောတည်း၊ မိမိဘာသာ မလှုပ်ရှားတတ်၊ နေရာမှ မရွေ့တတ်၊ ထိုသို့ မလှုပ်ရှားတတ်၊ နေရာမှ မရွေ့တတ်သော ဤသွေးရည်၊ အာဟာရရည် အစရှိသော ရေဓာတ်တွေသည်လည်း ဤအင်္ဂမင်္ဂါနုသာရီလေတိုက်လွှင့်ခြင်းကြောင့် ခြေလက်ဦးခေါင်း စသော အင်္ဂါကြီးငယ်သို့ ပျံ့နှံ့အောင် နေရာမှရွေ့၏။ လှုပ်ရှားရ၏။

သစ်ပင်မြေဓာတ်တွေကို တိုက်လွှင့်နေသော ပြင်ဘက်လေဓာတ်သည် ငါမဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်၊ မြေဓာတ်ရေဓာတ်တို့ကို နေရာရွေ့အောင် တိုက်လွှင့်တတ်သော အဟုန်သဘော ဖြစ်သော လေဓာတ်ပင်တည်း။ ဤအင်္ဂမင်္ဂါနုသာရီအတွင်း လေဓာတ်သည်လည်း ငါမဟုတ် ငါ့ ဥစ္စာလည်းမဟုတ် ခြေလက် ဦးခေါင်း သွေးရည် စသောမြေဓာတ်၊ ရေဓာတ်တို့ကို နေရာရွေ့တိုက်လွှင့်တတ်သော အဟုန် သဘောဖြစ်သော လေဓာတ်ပင်တည်း၊ ဤပြင်ဘက်လေ အတွင်းလေ နှစ်ပါးစုံသော လေဓာတ်သည် ငါမဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်၊ မြေဓာတ်ရေဓာတ်တို့ကို နေရာရွေ့အောင် တိုက်လွှင့်တတ်သော အဟုန်သဘောဖြစ်သော လေဓာတ်ပင်တည်း။ ဘာမျှ မထူးကြပြီ၊ အတူတူလေဓာတ်ပင်တည်းဟု ထပ်တူထင်မြင်အောင် ကြည့်ရှု ဆင်ခြင်ကြရမည်။

တပည့်တို့၊ ဤအင်္ဂမင်္ဂါနုသာရီလေရူပုံကား အကြမ်းနည်းပြမျှသာ ရှိသေးသည်။ ဤနည်းကိုမှီ၍ မျက်လုံးလှုပ်မှု မျက်တောင်လှုပ်မှု မျက်လုံးလှုပ်မှု ပါးလှုပ်မှု နှုတ်ခမ်းလှုပ်မှု လျှာလှုပ်မှု မေးလှုပ်မှု ရင်လှုပ်မှု အစရှိသော အစိတ်စိတ်သော အင်္ဂါတို့၏ လှုပ်ရှားမှုတို့ကိုလည်း အနုစိတ်၍ ကြည့်ရှုကြလေဦး။

အာကာသဓာတ်ကိုပြခြင်း

တပည့်တို့ – ဤဓာတ်ခြောက်ပါးတို့တွင် ကောင်းကင်ဟု ဗြဟ္မာတို့ ခေါ်သော အာကာသဓာတ်သည်လည်း ဗာဟိရ ပြင်ဘက် အာကာသဓာတ်၊ အဖျတ္တအတွင်း အာကာသဓာတ်ဟု နှစ်ပါးရှိသည်။ ထိုနှစ်ပါးတို့တွင် အသက်ဝိညာဉ်ရှိ သတ္တဝါသန္တာန်မှ အပဖြစ်သော ဗဟိဒ္ဓ၌ မြေ ရေတို့အောက် အဇ္ဈောကာသ ကောင်းကင်၊ အထက်မိုးပေါ် အဇ္ဈောကာသ ကောင်း ကင်၊ နေလ နက္ခတ်တို့ သွားလာရာ ကောင်းကင်၊ မြေပြင်အပေါ် ငှက်တွေ ပျံသွားရာ ဟင်းလင်းအပြင် ကောင်းကင်၊ ကျောက်ခေါင်း၊ အိမ်ခေါင်း၊ အုတ်တိုက်ခေါင်း၊ သစ်ခေါင်း၊ တောခေါင်း ဤသို့ အစရှိသော မြေဓာတ် ရေဓာတ်တို့ မရှိဘဲ မထိဘဲလပ်၍နေသော ဟင်းလင်းအပြင် ကောင်းကင်တွေကို ဗာဟိရ ပြင်ဘက်ကောင်းကင်ဟု ခေါ်သည်၊ ပြင်ဘက်ကောင်းကင်ဟု မှတ်ကြ။

http://www.dhammadownload.com

အာကာသဓာတ် ၆-ပါး သရုပ်ကိုပြခြင်း

အသက်ဝိညာဉ်ရှိသော သတ္တဝါသန္တာန်၌ ကဏ္ဌစ္ဆိဒ္ဒ- နားပေါက် ၁။ နာသစ္ဆိဒ္ဒ- နှာခေါင်းပေါက် ၂။ မုခဒွါရ-ပါးစပ်ပေါက် ၃။ ပဝေသနသုသိရ- အစာအာဟာရ ဝင်စရာအခေါင်း ၄။ ဌာနသုသိရ- ဝင်သော အစာအာဟာရတည်ရာ အခေါင်း ၅။ နိက္ခမနသုသိရ- ဝင်သော အစာအာဟာရ ထွက်စရာ အခေါင်းပေါက် ၆။ ဤခြောက်ပါးသော မြေဓာတ် ရေဓာတ်တို့မရှိဘဲ မစေ့ဘဲ လပ်၍နေသော ဟင်းလင်းအပြင် ကောင်းကင်တွေကို အဖျတ္တအတွင်း အာကာသဓာတ်ဟု ခေါ်သည်။ အတွင်း အာကာသဓာတ်ဟု မှတ်ကြ။

အာကာသဓာတ်ကို ဝိပဿနာရှုပုံကိုပြခြင်း

တပည့်တို့၊ ဤခြောက်ပါးသော အတွင်း အာကာသဓာတ်တို့ သိမှတ်ပြီးလျှင် ပြင်ဘက် အာကာသဓာတ်နှင့် ထပ်တူထင်မြင်အောင် ယှဉ်၍ယှဉ်၍ ကြည့်ရှုဆင်ခြင်ကြ။ အဘယ်သို့ ကြည့်ရှု ဆင်ခြင်ရမည်နည်းဆိုသော် ဤသို့ ကြည့်ရှု ဆင်ခြင်ရမည်။ ဉာဏ်တည်းဟူသော လက်ဖြင့် ပြင်ဘက် ဗာဟိရကအပေါက်၊ အခေါင်းများစွာရှိသော တောင်ပို့ကြီးကိုယူ၍ ဤကိုယ်ကြီးနှင့်အတူတူ ယှဉ်ထားပြီးလျှင် တောင်ပို့ပေါက်ကောင်းကင်ကို လက်နှင့်နှိုက်၍စမ်း၊ အခေါင်းထဲကို လျှို၍စမ်း၊ ကိုင်၍ဖမ်း၍ ချေ၍လည်းစမ်း၊ ဘာမျှမရှိဘဲ၊ မတွေ့ဘဲ ဟင်းလင်းလပ်နေသော ကောင်းကင်သဘောကို သိလိမ့်မည်။ တစ်ဖန် ကဏ္ဌစ္ဆိဒ္ဒ ကောင်းကင်ဟူသော နားပေါက်ထဲကို လက်နှင့် နှိုက်၍ စမ်း၊ အခေါင်းထဲသို့ လျှို၍စမ်း၊ ကိုင်၍ ဖမ်း၍ ချေ၍လည်း စမ်း၊ ဘာမျှမရှိဘဲ၊ မတွေ့ဘဲ ဟင်းလင်းလပ်နေသော ကောင်းကင်သဘောကို သိလိမ့်မည်။ တစ်ဖန် ကဏ္ဌစ္ဆိဒ္ဒ ကောင်းကင်ဟူသော နားပေါက်ထဲကို လက်နှင့်နှိုက်၍စမ်း၊ အခေါင်းထဲသို့ လျှို၍စမ်း၊ ကိုင်၍ ဖမ်း၍ ချေ၍လည်း စမ်း၊ ဘာမျှမရှိဘဲ မတွေ့ဘဲ ဟင်းလင်းလပ်၍နေသော ကောင်းကင်သဘောကို သိလိမ့်မည်၊ ဤသို့အတူတူသိပြီးမှ - ဤတောင်ပို့ခေါင်း တောင်ပို့ပေါက်သည် ငါမဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်၊ မြေဓာတ် ရေဓာတ်တို့မရှိဘဲ၊ မစေ့ဘဲ လပ်၍နေသော ကောင်းကင်အာကာသဓာတ်ပင်တည်း။ ဤနားပေါက်သည်လည်း ငါမဟုတ်၊ ငါ့ဥစ္စာ လည်းမဟုတ်၊ မြေဓာတ် ရေဓာတ်တို့ မရှိဘဲ မစေ့ဘဲ လပ်၍နေသော ကောင်းကင်အာကာသဓာတ်ပင်တည်း။ ဤတောင်ပို့ပေါက် နားပေါက် နှစ်ပါးစုံသည် ငါမဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်၊ မြေဓာတ်ရေဓာတ်တို့ မရှိဘဲ မစေ့ဘဲ လပ်၍နေသော ကောင်းကင်အာကာသဓာတ်ပင်တည်း။ ဤ အာကာသဓာတ်၌ ငါဟု ငါ့ဥစ္စာဟု စွဲဆိုစရာကိုပင် ဘာမျှ အထည်ဝတ္ထုအသား အမာ အလုံးအခဲလည်း မရှိပြီ၊ သက်သက် ဘာမျှမရှိဘဲ၊ ဟင်းလင်းလပ်၍နေသော ကောင်းကင်သဘော မျှသာတည်း။ ဤပြင်ဘက် အာကာသဓာတ်ဖြစ်သော တောင်ပို့ပေါက်သည်လည်းကောင်း၊ ဤအတွင်း အာကာသဓာတ်ဖြစ်သော နားပေါက်သည်လည်းကောင်း ဘာမျှမထူးကြပြီ၊ အတူတူ အာကာသဓာတ် အာကာသဓာတ်ပင်တည်းဟု အတွင်းပြင် မခြားမနား တစ်စားတည်း တစ်ထပ်တည်းတူအောင် ကြည့်ရှု ဆင်ခြင်ရမည်။

ဤနည်းတူ နှာခေါင်းပေါက်တည်းဟူသော နာသစ္ဆိဒ္ဒကောင်းကင်၊ ပါးစပ်ပေါက်တည်းဟူသော မုခဒွါရကောင်းကင်၊ အစာအာဟာရဝင်စရာ အခေါင်းတည်းဟူသော ပဝေသနသုသိရကောင်းကင်၊ ဝင်သောအစာအာ ဟာရတည်စရာ အခေါင်းတည်း ဟူသော ဌာနသုသိရ ကောင်းကင်၊ ဝင်သော အစာအဟာရ ထွက်စရာ အခေါင်း အပေါက်တည်းဟူသော နိက္ခမနသုသိရ ကောင်းကင်တို့ကိုလည်း တောင်ပို့ပေါက် တောင်ပို့ခေါင်းနှင့် ယှဉ်၍ ယှဉ်၍ အတွင်းအပြင် မခြားမနား တစ်ထပ်တည်းတူအောင် ကြည့်ရှု ဆင်ခြင်ရမည်။ ဗာဟိရကောင်းကင်က

http://www.dhammadownload.com

တောင်ပို့ခေါင်းသာ မဟုတ်၊ သစ်ခေါင်းတွေ အိမ်ခေါင်းတွေ ကျောက်ခေါင်းတွေကိုပါယူ၍ ယှဉ်၍ ယှဉ်၍ကြည့်။

တပည့်တို့၊ ဤသို့ ကြည့်ရှု ဆင်ခြင်ဖန် များသောအခါ အတွင်းအပြင်မခြားမနား တစ်ထပ်တည်း တူအောင် ထင်မြင်၍ လာလိမ့်မည်။ ထိုသို့ ထင်မြင်လာသောအခါ ပြင်ဘက် အာကာသဓာတ်တွေကို ငါဟု မှတ်ထင် စွဲလမ်းခြင်းငှာ မဖြစ်နိုင်ဘိသကဲ့သို့ ဤအတွင်း အာကာသဓာတ်တွေကိုလည်း ငါဟု မှတ်ထင် စွဲလမ်းခြင်းငှာ မဖြစ်နိုင်လတ္တံ့။ ထိုသို့ မဖြစ်နိုင်၍ ငါဟု မှတ်ထင်စွဲလမ်းခြင်းကင်းသောအခါ ပြင်ဘက်အာကာသဓာတ်တွေကို သူတစ်ပါးတို့ ဘယ်လို ပဲဆိုဆို ဘယ်လိုပဲလုပ်လုပ် သင်တပည့်တို့က ဟယ် ငါတို့ကို လူတွေ ဆိုချင်တိုင်းဆိုကုန်ပါပြီ၊ လုပ်ချင်တိုင်း လုပ်ကုန်ပါပြီဟု မြည်တမ်း ပြောဆိုခြင်းငှာ မှတ်ထင်အောက်မေ့ခြင်းငှာ မဖြစ်နိုင်ဘိသကဲ့သို့ ဤအတွင်း အာကာသဓာတ်တွေကိုလည်း သူတစ်ပါးတို့ ဘယ်လို ပဲဆိုဆို ဘယ်လိုပဲလုပ်လုပ် သင်တပည့်တို့က ဟယ် ငါတို့ကို လူတွေ ဆိုချင်တိုင်း ဆိုကုန်ပါပြီ၊ လုပ်ချင်တိုင်း လုပ်ကုန်ပါပြီဟု မြည်တမ်း ပြောဆိုခြင်းငှာ မှတ်ထင်အောက်မေ့ခြင်းငှာ မဖြစ်နိုင်လတ္တံ့။ တပည့်တို့-သင်တပည့်တို့သည် ဤပြင်ဘက် အာကာသဓာတ်ကို လည်းကောင်း၊ အတွင်းအာကာသဓာတ်ကိုလည်းကောင်း အတူတူ အာကာသဓာတ် အာကာသဓာတ်ပင်တည်း။ ငါမဟုတ်ပြီဟု လင်းလင်း ထင်ထင် သိမြင်၍ ငါဟု မှတ်ထင် စွဲလမ်းခြင်းကင်းသောအခါ ထိုအာကာသဓာတ်တို့ကို ငါဟူသော ကိုယ်အနေနှင့်လည်းကောင်း၊ ငါ့ဟာ သူ့ဟာ ကိုယ့်ဥစ္စာအနေနှင့် လည်းကောင်း၊ ချစ်ခင်တပ်မက်ခြင်းလည်း ကင်းကြကုန်လတ္တံ့။ ဤသို့သောအကြောင်းကိုစွဲ၍ 'နေသောဟမသ္မိနေတံ မေ၊ ဧဝံ တတ္ထဝိရဇ္ဇတိ' ဟူ၍ ဥဒ္ဒေသဝါရ၌ ဆရာဟောကြားပေ၏။

ဤရုပ်ဓာတ်တို့ကိုပေါင်း၍ ဝိပဿနာရှုပုံကိုပြခြင်း

တပည့်တို့၊ ဤဓာတ်ခြောက်ပါးတို့တွင် ယခုပြဆိုဟောကြားခဲ့ပြီးသော စကားအစဉ်ဖြင့် ဓာတ်ငါးပါး ပြည့်စုံပြီ။ ဤမှတစ်ပါး၀ိညာဏဓာတ် တစ်ခုသာ ကြွင်းတော့သည်။ ထိုကြွင်းကျန်သော ဝိညာဏဓာတ်ကို 'နမတိ တိနာမံ'= နမတိ၊ အာရုံဆီသို့ ရှေးရှုညွတ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နာမံ၊ နာမ်မည်၏။ ဟူသော ဝစနတ္ထနှင့်အညီ အာရုံဆီသို့ ရှေးရှုပြေးတတ်၊ သွားတတ်၊ ညွတ်တတ်သော အနက်သဘောကြောင့် နာမ်ဟု ခေါ်သည်။ ယခုပြဆိုဟောကြားခဲ့ပြီးသော ဓာတ်ငါးပါးကိုကား 'ရုပ္ပတိတိ ခေါဘိက္ခဝေ တသ္မာရူပန္တိဝုစ္စတိ'= ဘိက္ခဝေ၊ ရဟန်းတို့။ ယံကိဉ္စိဓာတံ၊ အကြင်ပထဝီဓာတ် အစရှိသော တရားသဘောသည်။ ရုပ္ပတိ၊ အချမ်းအပူ စသည်တို့ကြောင့် အထင်အရှား ဖောက်ပြန်တတ်၏။ ဣတိတသ္မာခေါ၊ ထို့ကြောင့်လျှင်။ တံ၊ ထိုတရားသဘောကို။ ရူပန္တိ၊ ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ခေါ်အပ်၏- ဟူသော ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်လာ မြတ်စွာဘုရားရှင် ဝိဂြိုဟ်တော်နှင့်အညီ အချမ်းအပူစသည်တို့နှင့် တွေ့ကြုံလျှင် ထင်ထင်ရှားရှား ဖောက်ပြန်တတ်သော အနက်သဘောကြောင့် ရုပ်ဟုခေါ်သည်။ ထို့ကြောင့် ဤဓာတ်ခြောက်ပါးကို အကျဉ်းချုံး၍ ခေါ်ဆိုလိုလျှင် ရုပ်ဓာတ်နာမ်ဓာတ်ဟု နှစ်ပါးဖြင့်သာ ခေါ်ဆိုရမည်။ တပည့်တို့- ဤရုပ်ဓာတ်ငါးပါးမှ ကြွင်းကတန်သော နာမ်ဓာတ်ဖြစ်သော ထိုဝိညာဏဓာတ်ကို ရှိပေစေဦး၊ တပည့်တို့- ထားလိုက်ဦး။ ဤရုပ်ဓာတ်ငါးပါးတို့တွင် ပြင်ဘက်ဖာဟိရဓာတ်တွေကို ပုဂ္ဂိုလ်ပဲ၊ သတ္တဝါပဲ၊ ငါပဲဟု သင်တပည့်တို့ မှတ်ထင်စွဲလမ်း၍ နေကြခြင်းသည်ကား ဤအတွင်းဓာတ်တွေက ပြင်ဘက်ဓာတ်တွေလို တကွဲစီ တခြားစီက မနေ၊ တစ်လုံးတစ်ခဲတည်းဖြစ်၍ နေကြခြင်းကြောင့်လည်းကောင်း၊ ပြင်ဘက်ဓာတ်တွေကို မြင်ရဘိသကဲ့သို့ မမြင်ရခြင်းကြောင့် လည်းကောင်း မှတ်ထင်စွဲလမ်း၍

http://www.dhammadownload.com

နေကြသည်။ အကယ်၍ ဤအတွင်း ဓာတ်တွေကို တကွဲစီ တခြားစီ နေကြငြားအံ့၊ ပြင်ဘက်ဓာတ်တွေကို မြင်ရဘိသကဲ့သို့ မြင်ရငြားအံ့၊ ဤအတွင်း ဓာတ်တွေကိုလည်း ပုဂ္ဂိုလ်ပဲ၊ သတ္တဝါပဲ၊ ငါပဲဟု ဘယ်အခါမှ သင်တပည့်တို့ မှတ်ထင်စွဲလမ်းတော့မှာ မဟုတ်ဘူး။ သူတစ်ပါးတို့က ဤအတွင်းဓာတ်တွေဟာ ပုဂ္ဂိုလ်ပါပဲ၊ သတ္တဝါပါပဲ၊ ကိုယ်တော်တို့ပါပဲဟု ဘယ်လိုပင် ပြောလာငြားသော်လည်း သင်တပည့်တို့ ယုံကြည်တော့မှာ မဟုတ်ဘူး။ ထိုပြောလာသော သူကိုပင် 'အချင်းသူတော်ကောင်း၊ သင်မသိလို့ မမြင်လို့ ပြောပါသည်။ သင့်စကား အမှားတည်း၊ အလွဲတည်းဟု သင်တပည့်တို့ဆို လိုက်ကြလိမ့်မည်။

အတွင်းအပြင်ရှု၍ အတ္တကွာပုံကိုပြခြင်း

၁။ တပည့်တို့ – ဤဓာတ်ငါးပါးတို့တွင် အာကာသဓာတ်ကို မြင်လျှင် ဤကိုယ်ကြီးသည် အခေါင်းဗရပွာရှိသော တောင်ပို့ကြီး၊ သစ်တုံးကြီးများနှင့်လည်းကောင်း၊ ခဲတွေတုတ်တွေမှန်၍ အပေါက်ဗရပွာရှိသော ဘုန်းကြီးပျံ ပြာသာဒ်အိုကြီး၊ အိမ်ပျက်ကြီးနှင့် လည်းကောင်းတူအောင် ထင်မြင်၍လာလိမ့်မည်။

၂။ လေဓာတ်ကိုမြင်လျှင် ဤကိုယ်ကြီးသည် ဖိနှိပ်သီး၊ စက်ရုံခေါင်းတိုင်၊ လေခေါင်းအုံး၊ လေတိုက်သစ်ပင်၊ ပျံသွားသော မီးအိမ်ပျံတို့နှင့်လည်းကောင်း၊ လူသေကောင်ကြီးနှင့် လည်းကောင်းတူအောင် ထင်မြင်၍ လာလိမ့်မည်။

၃။ မီးဓာတ်ကိုမြင်လျှင် ဤကိုယ်ရုပ်ကြီးသည် ပေါင်းချောင်ထဲ၌ထည့်၍ ပေါင်းအပ်သော ဆန်ထုပ်ကြီး ဖွဲမီးထဲ၌ အုံးအပ်သော သစ်ဥကြီး၊ အဝီစိ ပြာပူရေထဲကျ၍နေသော ငရဲကောင်ကိုယ်ကြီးတို့နှင့် တူအောင် ထင်မြင်၍ လာလိမ့်မည်။

၄။ ရေဓာတ်ကိုမြင်လျှင် ဤကိုယ်ကြီးသည် အခေါင်းအခွက်အပေါက်တွေ ဗရပွာရှိ၍ ရေတွင်တင်၍နေသော သစ်တုံးအိုကြီး၊ သစ်ပင်အိုကြီးတို့နှင့် တူအောင် ထင်မြင်၍လာလိမ့်မည်။

၅။ မြေဓာတ်ကိုမြင်လျှင် ဤကိုယ်ကြီးသည် တုတ်ခနောင်းတွေ၊ မြေကြီးခဲတွေ၊ ရွှံ့တွေ၊ အဝတ်စုတ်တွေ၊ ကြိုးစ၊ လျှော်စတွေကို စုံစုထည့်ထားသော ကြုတ်ကြီးအိတ်ထောင်တို့နှင့် တူအောင်ထင်မြင်၍ လာလိမ့်မည်။ ဤမြေဓာတ်တစ်ခုကိုမြင်လျှင်ပင် ကြွင်းဓာတ်လေးပါးတို့သည် အလိုလိုမြင်၍ ထင်၍ လာလေတော့သည်။

တပည့်တို့ – သင်တပည့်တို့သည် ဤအတွင်းဓာတ် အပြင်ဓာတ် နှစ်ပါးတို့တွင် အတွင်းဓာတ်တွေကို ငါပဲဟူ၍လည်းကောင်း၊ ငါ့ဟာပဲဟူ၍လည်းကောင်း မှတ်ထင်စွဲလမ်း၍ နေကြသည်။ ပြင်ဓာတ်တွေကိုကား ငါပဲ ဟု မှတ်ထင်စွဲလမ်းခြင်း မရှိကြ။ ငါဟု မှတ်ထင်စွဲလမ်းအပ်သော အတွင်းဓာတ်တွေ၏ အခြေအရံ အမွှမ်းအမံဖြစ်၍ ငါ့ဟာပဲဟု ဥစ္စာအနေနှင့်ကား မှတ်ထင်စွဲလမ်းလျက် တပ်မက်ချစ်ခင်၍ နေကြသည်။

ထို့ကြောင့် တပည့်တို့ – ဤပြဆို ဟောကြားခဲ့ပြီးသော အလုံးစုံသော ဥပမာ– အလုံးစုံသော ရှုပုံရှုနည်းတို့ကို ကောင်းမွန်သေချာစွာ သိမှတ်၍ ဤအတွင်းဓာတ်တွေကို ပြင်ဘက်ဓာတ်တွေနှင့် ယှဉ်၍ ယှဉ်၍ ရှုသဖြင့် ပြင်ဘက်ဓာတ်တွေကို ပကတိမျက်စိနှင့် မြင်ရဘိသကဲ့သို့ ဉာဏ်မျက်စိနှင့် လင်းလင်းထင်ထင် မြင်ရလျှင် တွင်းပြင်မခြား တစ်စားတည်း တစ်ထပ်တည်းတူ၍ နေခြင်းကြောင့် ပြင်ဘက်ဓာတ်တွေကို ငါဟု မှတ်ထင်စွဲလမ်းခြင်းငှာ မဖြစ်နိုင်ဘိသကဲ့သို့ ထိုပြင်ဘက်ဓာတ်တွေထဲ၌ ငါကောင်ကိုရှာ၍ မရဘိသကဲ့သို့ ဤအတွင်းဓာတ်

http://www.dhammadownload.com

ဗဟိဒ္ဓါရုပ်သည် ရေဟူသော အစာအာဟာရကို မှီဝဲရလျှင် ရွှင်လန်းစွာဖြစ်၏။ မမှီဝဲရလျှင် ညှိုးနွမ်းခြောက်သွေ့စွာဖြစ်၏။ ထိုသို့ဖြစ်သောအခါတို့၌ ညှိုးနွမ်းသော ရုပ်မှုန်ကလေးတွေချုပ်၍ ရွှင်လန်းသော ရုပ်မှုန်ကလေးတွေ သည်ထက် ရွှင်လန်းသည်ထက် ရွှင်လန်းအားဖြင့် မရပ်မနား အမျိုးမျိုး အဆင့်သင့်ဖြစ်၍ ဖြစ်၍ ချုပ်ကြကွယ်ကြပုံ၊ ရွှင်လန်းသော ရုပ်မှုန်ကလေးတွေ ချုပ်၍ညှိုးနွမ်းသော ရုပ်မှုန်ကလေးတွေသည်ထက်ညှိုးနွမ်း သည်ထက်ညှိုးနွမ်းအားဖြင့် မရပ်မနား အမျိုးမျိုး အဆင့်ဆင့်ဖြစ်၍ဖြစ်၍ ချုပ်ကွယ်ကြပုံကိုလည်း ထင်မြင်အောင် ကြည့်ရှုကြ။

ရုပ်တို့၏ဖြစ်ပျက်ပုံကို ဥတုအားဖြင့် ရှုပုံကိုပြခြင်း

၃။ တပည့်တို့၊ ရုပ်တို့၏ဖြစ်ပျက်မှုကို ဥတုအားဖြင့်လည်း ဤသို့ ကြည့်ရှုကြရာ၏။ တပည့်တို့၊ ဗဟိဒ္ဓကအမျိုးမျိုးသော သီတဥတု၊ ဥဏှဥတု တို့နှင့်တွေ့ကြုံခြင်းကြောင့် ထိုဗဟိဒ္ဓဥတုတွေ အားပေးခြင်းကြောင့် ဤကိုယ်သမူဟကလာပ်ကြီးသည် အအေးခဲအချမ်းခဲ အအိုက်ခဲ အပူခဲဖြစ်၍ ဖြစ်၍နေရ၏။ တပည့်တို့၊ ထိုသို့ဖြစ်သောအခါတို့၌ အိုက်ပူသော ရုပ်မှုန့်ကလေးတွေ ချုပ်၍အေးသော ရုပ်မှုန့်ကလေးတွေ သည်ထက်အေးသည် ထက်အေးအားဖြင့် မရပ်မနား အမျိုးမျိုး အဆင့်ဆင့်ဖြစ်၍ ချုပ်ကွယ်ကြပုံ၊ အေးသော ရုပ်မှုန့်ကလေးတွေချုပ်၍နွေးသော ရုပ်မှုန့်ကလေးတွေသည် ထက်နွေး၊ သည်ထက်နွေးအားဖြင့် မရပ်မနားအမျိုးမျိုး အဆင့်ဆင့် ဖြစ်၍ ဖြစ်၍ ချုပ်ကွယ်ကြပုံတို့ကို ရှေးနည်းကိုမှီ၍ နေရာကျသိ၍ ထင်မြင်အောင် ကြည့်ရှုကြ။ တပည့်တို့ကို ဗဟိဒ္ဓဥတုရုပ်တို့နှင့် တွေ့ကြုံရာ၌ မသင့်မတင့်သော ဥတုတို့နှင့်တွေ့ကြုံခြင်းကြောင့်ဤကိုယ် သမူဟရုပ်ကလာပ်ကြီးနှင့် အအေးအမျိုးမျိုး အညောင်းအမျိုးမျိုး အကိုက် အမျိုးမျိုး အနာအမျိုးမျိုးရောဂါအမျိုးမျိုးတို့ ဖြစ်ပေါ်လာသောအခါတို့၌လည်း ရုပ်မှုန်ကလေးတွေ အမျိုးမျိုး အဆင့်ဆင့်ဖြစ်၍ဖြစ်၍ ချုပ်ကွယ်ကြပုံကိုလည်း ထင်မြင်အောင် ကြည့်၍ရှုကြ။

တပည့်တို့၊ သစ်ပင် တောတောင် ရေမြေကျောက်သံအစရှိသော ဗဟိဒ္ဓရုပ်တို့သည်လည်း ဗဟိဒ္ဓဥတုတွေ အားပေးခြင်းကြောင့် အအေးဖြစ်ချည် အပူဖြစ်ချည် ဖောက်ပြန် ဖောက်ပြန်၍ နေကြကုန်၏။ ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ခဲ၊ ချိပ်၊ ဖယောင်းစသော ရုပ်တို့မှာကား အရည်ဖြစ်ချည် အဖတ်ဖြစ်ချည်အားဖြင့်လည်း ဖောက်ပြန်၍ဖောက်ပြန်၍ နေကြကုန်၏။ တပည့်တို့၊ ဤကဲ့သို့ အမျိုးမျိုးဖောက်ပြန်သွားသော အခါတို့၌ ရုပ်မှုန်ကလေးတွေ မရပ်မနား အမျိုးမျိုး အဆင့်ဆင့်ဖြစ်၍ဖြစ်၍ ချုပ်ကွယ်ကြပုံကိုလည်း ရှေးနည်းကို မှီ၍ နေရာကျသိ၍ ထင်မြင်အောင် ကြည့်ရှုကြ။

ရုပ်တို့၏ ဖြစ်ပျက်ပုံကို စိတ်အားဖြင့် ရှုပုံကိုပြခြင်း

၄။ တပည့်တို့၊ ရုပ်တို့၏ဖြစ်ပျက်မှုကို စိတ်အားဖြင့်လည်း ဤသို့ ကြည့်ရှုကြရာ၏။ တပည့်တို့၊ ရွှင်လန်းဝမ်းမြောက်သော သောမနဿစိတ် ဖြစ်သောအခါ တစ်ကိုယ်လုံးရှိရုပ်တို့သည် ရွှင်လန်းစွာ စိုရွှမ်းစွာဖြစ်ကြကုန်၏။ နှလုံးမသာသော ဒေါမနဿစိတ်ဖြစ်သောအခါ တစ်ကိုယ်လုံးရှိ ရုပ်တို့သည် ညှိုးနွမ်းခြောက်သွေ့စွာ ဖြစ်ကြကုန်၏။ ဝမ်းမမြောက်၊ ဝမ်းမနည်း၊ အလယ်၊ အလတ်၊ ဥပေက္ခာစိတ် ဖြစ်သောအခါ တစ်ကိုယ်လုံးရှိရုပ်တို့သည် မညှိုးမလန်း အလယ်အလတ်အားဖြင့် ဖြစ်ကြကုန်၏။ အားကြီးသော ရာဂစိတ်ဖြစ်သောအခါ အားကြီးသော ဝိရိယစိတ်ဖြစ်သောအခါ အားကြီးသော အကြံအစည်ဝိတက်စိတ်ဖြစ်သောအခါတို့၌ တစ်ကိုယ်လုံးရှိ ရုပ်တို့သည် ကြွရွလှုပ်ရှားစွာ ပူအိုက်စွာ ဖြစ်တတ်၏။ ကြံစည်၍ အကြံမပိုင်နိုင်လျှင် တစ်ကိုယ်လုံး ချွေးလုံးကြီးများကျအောင်ပင် အိုက်၍ပူ၍ လာတတ်၏။

သမာဓိစိတ်ဖြစ်သောအခါ တစ်ကိုယ်လုံးရှိ

http://www.dhammadownload.com

တွေကိုလည်း ငါဟု မှတ်ထင်စွဲလမ်းခြင်းငှာ မဖြစ်နိုင်ဘဲ ဤအတွင်းဓာတ်တွေထဲ၌ ငါကောင်ရှာ၍ မရဘဲ ဟင်– ငါမဟုတ်ပါဘဲကလား၊ ဟင်– ငါမရှိပါဘဲကလားဟု သိလျက် ငါပျောက် ၍ သွားသဖြင့် ငါဟူသော အတ္တအနေနှင့်လည်းကောင်း၊ ငါဟာဟူသော အတ္တနိယအနေနှင့်လည်းကောင်း ချစ်ခင်တပ်မက်ခြင်း တဏှာလည်း ကင်းပြတ်၍ ရဟန်းကိစ္စပြီးဆုံးခြင်းသို့ရောက်ကြလိမ့်မည်၊ တပည့်တို့ ကြိုးစားကြည့်ရှုဆင်ခြင်ကြ၊ ကြိုးစားအားထုတ်ကြ။

ရုပ်တို့၏ ဖြစ်ပျက်ပုံကို အာဟာရအားဖြင့် ရှုပုံကိုပြခြင်း

၂။ တပည့်တို့၊ ရုပ်တို့၏ ဖြစ်ပျက်မှုကို အာဟာရအားဖြင့်လည်း ဤသို့ ကြည့်ရှုရာ၏။ တပည့်တို့၊ ဝမ်းထဲ၌ အစာအာဟာရနည်းလျှင် တစ်ကိုယ်လုံးရှိ ရုပ်တို့သည် ညှိုးနွမ်းခြောက်သွေ့စွာ ဖြစ်ကြကုန်၏။ အာဟာရရုပ်နည်းသဖြင့် တစ်ကိုယ်လုံး၌ ရုပ်တွေနည်း၍ ချောင်၍ ဟာ၍ ကုန်ခြင်းကြောင့် လူလည်း မောပန်းချည့်နဲ့၏။ ဝမ်းထဲ၌ အစာအာဟာရများလျှင် တစ်ကိုယ်လုံးရှိ ရုပ်တို့သည် ရွှင်လန်းစိုရွှမ်းစွာ ဖြစ်ကြကုန်၏။

အာဟာရဇရုပ်တွေ များ၍လာသဖြင့် တစ်ကိုယ်လုံး၌ ရုပ်တွေပြည့်၍ တောင့်တင်း၍နေခြင်းကြောင့် လူလည်း မမောပန်းပြီ၊ မချည့်နဲ့ပြီ၊ အားရှိ၏။

တပည့်တို့၊ ဤကဲ့သို့ အစာအာဟာရနည်း၍ ရုပ်တွေ ညှိုးနွမ်းခြောက်သွေ့စွာ ဖြစ်ကုန်သောအခါ အစာအာဟာရများတုန်းက ရွှင်လန်းစိုရွှမ်းသော တစ်ကိုယ်လုံး ရုပ်တွေသည် အကုန်လုံးမရှိပြီ။ ချုပ်ပျက်ကွယ်ပျောက်၍ ကုန်လေ၏။ အစာအာဟာရများ၍ ရုပ်တွေရွှင်လန်းစိုရွှမ်းစွာဖြစ်၍ ကုန်သောအခါ အစာအာဟာရနည်းတုန်းက ညှိုးနွမ်းခြောက်သွေ့သော တစ်ကိုယ်လုံး ရုပ်တွေသည် အကုန်လုံးမရှိပြီ။ ချုပ်ပျက်ကွယ်ပျောက်၍ ကုန်လေ၏။ တပည့်တို့၊ အကယ်၍ ရွှင်လန်းစိုရွှမ်းသော ရုပ်သည် မပျက်စီးဘဲ အမြဲတည်ရှိ၍ နေသည်ဖြစ်ငြားအံ့။ ထိုသို့ဖြစ်ခဲ့လျှင် ညှိုးနွမ်းခြောက်သွေ့စွာ မဖြစ်နိုင်ရာ၊ ညှိုးနွမ်းခြောက်သွေ့သော ရုပ်သည်လည်း မပျက်စီးဘဲ အမြဲတည်ရှိ၍ နေသည် ဖြစ်ငြားအံ့။ ထိုသို့ ဖြစ်ခဲ့လျှင်လည်း ရွှင်လန်းစိုရွှမ်းစွာ မဖြစ်နိုင်ရာ။ ထိုသို့ကား မဟုတ်၊ ဖြစ်ကားဖြစ်၏။ ထို့ကြောင့် တပည့်တို့၊ ဤရွှင်လန်းစို ရွှမ်းသော ရုပ်၊ ညှိုးနွမ်းခြောက်သွေ့သော ရုပ်တို့သည် အကုန်လုံး မမြဲကြပြီ။ ချုပ်ပျက်ကွယ်ပျောက်၍သာ ကုန်ကြလေ၏။

တပည့်တို့ – ဤညှိုးနွမ်းသော ရုပ်၊ ရွှင်လန်းသော ရုပ်တို့ ချုပ်ကွယ်ကြသောအခါမှာလည်း ရွှင်လန်းသော ရုပ်မှန်ကလေးတွေ ချုပ်၍ ညှိုးနွမ်းသော ရုပ်မှန်ကလေးတွေသည့်ထက် ညှိုးနွမ်းသည်ထက် ညှိုးနွမ်းခြင်းအားဖြင့် ရေခန်းပုံကဲ့သို့ မရပ်မနား အမျိုးမျိုးအဆင့်ဆင့်ဖြစ်၍ ဖြစ်၍ ချုပ်ကွယ်ကြပုံ၊ ညှိုးနွမ်းသော ရုပ်မှန့်ကလေးတွေ ချုပ်၍ ရွှင်လန်းသော ရုပ်မှန့်ကလေးတွေသည့်ထက် ရွှင်လန်းသည်ထက် ရွှင်လန်းခြင်းအားဖြင့် မရပ်မနား အမျိုးမျိုး အဆင့်ဆင့်ဖြစ်၍ ချုပ်ကွယ်ပုံတို့ကို အောက်ကဟောကြားခဲ့ပြီးသော နည်းကိုမှီ၍ နေရာကျသိ၍ ထင်မြင်အောင် ကြည့်ရှုကြ။ တပည့်တို့– ဤ အစာအာဟာရကို စားသောက်မျိုသွင်းရာ၌ မသင့်မတင့်သော အစာအာဟာရကို စာသောက်ခြင်းကြောင့် ဤကိုယ်သမူဟကလာပ်ကြီး၌ အအေးအမျိုးမျိုး၊ အပူအမျိုးမျိုး၊ အညောင်းအမျိုးမျိုး၊ အကိုက်အမျိုးမျိုး၊ အနာအမျိုးမျိုး၊ ရောဂါအမျိုးမျိုးတို့ ဖြစ်ပေါ်လာသောအခါတို့၌လည်း ရုပ်မှန့်ကလေးတွေမရပ်မနား အမျိုးမျိုးအဆင့်ဆင့်ဖြစ်၍ ဖြစ်၍ ချုပ်ကွယ်ကြပုံကိုလည်း ရှေးနည်းတူပင် ထင်မြင်အောင် ကြည့်ရှုကြ။

တပည့်တို့– ဗဟိဒ္ဓရုပ်တွင် သစ်ပင်ဟူသော

http://www.dhammadownload.com

ရုပ်တို့သည် ငြိမ်သက်စွာ ငြိမ်းချမ်းစွာ ဖြစ်ကြကုန်၏။ အားကောင်းသော သမာဓိနှင့်ယှဉ်သော ပညာစိတ်ဖြစ်သောအခါ တစ်ကိုယ်လုံးရှိ ရုပ်တို့သည် အလွန်ရှင်လန်းကြည်လင်စွာ ဖြစ်ကြကုန်၏။ အရောင်တောက်ပစွာ ဖြစ်ကြကုန်၏။ ကိုယ်ရောင်များတောင် ထွက်တတ်၏။ ပူပန်သော ဒေါသစိတ်၊ မြင်ပြင်းသော ဒေါသစိတ်တို့ကား ရုပ်ပူကို ဖြစ်စေတတ်၏။ ကြောက်ရွံ့ထိတ်လန့်သော ဒေါသစိတ်၊ စိတ်နာသော ဒေါသစိတ်၊ သနားသော အသည်းနာသော ကရုဏာစိတ်၊ နှစ်သက်သော ပီတိစိတ်တို့ကား ရုပ်အေးကို ဖြစ်စေတတ်၏။ အေးအားကြီးလျှင် နှလုံးသွေးပျစ်ခွဲ၍ စိတ်နှံ့လျက်မေ့တတ်၏။ သေတောင်သေတတ်၏။ သခ်ါရဒေးကို ကြောက်ရွံ့ထိတ်လန့်သော ဉာဏသံဝေဂစိတ်လည်း ရုပ်အေးကိုပင် ဖြစ်စေတတ်၏။ တပည့်တို့-ဉာဏသံဝေဂစိတ် ဖြစ်ပေါ်လာသောအခါ ကြက်သီး တဖြန်းဖြန်း ကျောတချမ်းချမ်းနှင့် နေတတ်၏။ တပည့်တို့၊ ဤကဲ့သို့ အမျိုးမျိုးသော စိတ်တို့ကြောင့် ဤကိုယ်သမူဟကလာပ်ကြီး၌ ရုပ်တွေအမျိုးမျိုးဖြစ်ပေါ်လာသောအခါတို့၌လည်း ရုပ်မှုန်ကလေးတွေ မရပ်မနား အမျိုးမျိုး အဆင့်ဆင့်ဖြစ်၍ ဖြစ်၍ ချုပ်ကွယ်ကြပုံကို ရှေးနည်းကိုမှီ၍ နေရာကျသိ၍ ထင်မြင်အောင် ကြည့်ရှုကြ။

ရုပ်တို့၏ဖြစ်ပျက်ပုံကို ကျရိယာပထအားဖြင့် ရှုပုံကိုပြခြင်း

၅။ တပည့်တို့-ရုပ်တို့၏ဖြစ်ပျက်မှုကို ကျရိယာပုတ်အားဖြင့်လည်း ဤသို့ကြည့်ရှုရာ၏။ တပည့်တို့၊ သင်တပည့်တို့သည် ယခုငါ၏အထံ၌ တရားနာအံ့သောငှာ ရှေးဦးစွာ ဆောင့်ကြောင့်ဖြစ်စေ၊ ညာဘက်တင်ပါးနှင့် ဖြစ်စေ၊ ဘယ်ဘက်တင်ပါးနှင့်ဖြစ်စေ တစ်စုံတစ်ခုဖြင့် ထိုင်နေကြ၏။ အကယ်၍ ဆောင့်ကြောင့်ထိုင်သည်ဖြစ်အံ့၊ ထိုထိုင်စအခါ ခြေဖဝါး ခြေသလုံးတို့သည် ပူသည် နာကျင်သည်ဟူ၍မရှိ၊ နောင်ထိုင်၍ အတော်ကြာသောအခါ ပူ၍နာကျင်လာကုန်၏။ ထိုပူ၍နာကျင်၍လာကုန်သောအခါ ထိုင်စက ခြေဖဝါးကြီး ခြေသလုံးကြီး ခြေထောက်ကြီးတစ်ခုလုံး မရှိဘူး။ တပည့်တို့၊ အဘယ့်ကြောင့်နည်း ဆိုသော် တပည့်တို့အကယ်၍ ထိုင်စက ခြေဖဝါးကြီး ခြေသလုံးကြီး ခြေထောက်ကြီးသည် မပျက်စီးဘဲ အမြဲတည်ရှိနေသည်ဖြစ်ငြားအံ့၊ ထိုသို့ဖြစ်ခဲ့လျှင် ထိုင်စဉ်အတုန်းကလို မပူဘဲ မနာကျင်ဘဲ နေရာ၏။ ထိုသို့ကားမဟုတ်၊ ပူ၍နာကျင်၍ လာကုန်၏။ ထို့ကြောင့် ဤပူ၍ နာကျင်၍ လာသောအခါ ထိုင်စက ခြေဖဝါးကြီး ခြေသလုံးကြီး ခြေထောက်ကြီး တစ်ခုလုံးမရှိပြီ။ ချုပ်ပျက်ကွယ်ပျောက်၍ ကုန်လေ၏။

တပည့်တို့၊ ဤခြေထောက်ကြီး ချုပ်ပျက်ကွယ်ပျောက်၍သွားပုံကို ဤသို့ အနုစိတ်အားဖြင့် သိမြင်ရာ၏။ တပည့်တို့၊ ထင်းချောင်းငယ်ငယ်ကို ထင်းချောင်းကြီးကြီးဖြင့် ညှပ်ဖိ၍ ကြိတ်လျှင် ထင်းချောင်းငယ်သည် မီးလွန်ကဲ၍ မီးထွက်လာရဘိသကဲ့သို့လည်းကောင်း၊ ကျောက်ခဲငယ်ကို ကျောက်ခဲကြီးကြီးဖြင့် ညှပ်ဖိ၍ကြိတ်လျှင် ကျောက်ခဲငယ်သည် မီးလွန်ကဲ၍ မီးထွက်လာဘိသကဲ့သို့လည်းကောင်း၊ ထို့အတူ ဤအောက်စပ် ခြေဖဝါး ခြေသလုံးရှိ ရုပ်တို့သည် လေးလှစွာသော အထက်တစ်ကိုယ်လုံးရှိ ရုပ်တို့က အောက်ကြမ်း မြေဖျာဟူသောရုပ်ကြမ်း ရုပ်မာကြီးနှင့် ညှပ်လျက်ဖိ၍ စီး၍ ကြိတ်ခြင်းကြောင့် နဂိုပကတိအတိုင်းမဖြစ်ဘဲ မီးလွန်ကဲ၍ မီးခဲဖြစ်၍ လာကြကုန်၏။ လာပုံကား တပည့်တို့ ထိုင်စတုန်းက ခြေဖဝါး ခြေသလုံးဖြစ်၍နေသော ရုပ်ကလာပ် ရုပ်မှုန့်ကလေးတွေသည် ဖြစ်ပေါ်ပြီးလျှင် ဟောင်းမြင်း ဆွေးမြည့်လျက် ချုပ်ပျက်ကွယ်ပျောက်၍ သွားကြကုန်၏။ ထိုချုပ်ပျက် ကွယ်ပျောက်သော နေရာ၌ အကြောင်းလေးပါးကြောင့် အသစ်ဖြစ်သော ရုပ်ကလာပ်ရုပ်မှုန့်ကလေးတွေ ဖြစ်ပေါ်လာကုန်၏။

http://www.dhammadownload.com

တပည့်တို့၊ ထိုသို့ ဖြစ်ပေါ်လာရာ၌ ရှေးချုပ်ကွယ်လေသောရုပ်တို့ကဲ့သို့ ရုပ်အေးမဟုတ်၊ ညှပ်ဖိသောဒဏ်ချက်ကြောင့် အတန်ငယ်နွေးသော ရုပ်မှုန့်ကလေးတွေ ဖြစ်ပေါ်လာကြရ၏။ ထိုရုပ်နွေးကလေးတွေလည်း ဖြစ်ပေါ်ပြီးလျှင် ဆွေးမြည့်လျက် ချုပ်ကွယ်၍ သွားကြပြန်၏။ ထို ချုပ်ကွယ်သော နေရာ၌ အကြောင်းလေးပါးကြောင့် ရုပ်သစ် ဖြစ်ပေါ်လာသောအခါ သည့်ထက်နွေးသော ရုပ်မှုန်ကလေးတွေ ဖြစ်ပေါ်လာကြ၏။ ထိုသည့်ထက် နွေးသော ရုပ်မှုန်ကလေးတွေ ဖြစ်ပေါ်လာပြီးလျှင် ဆွေးမြည့်လျက် ချုပ်ကွယ်၍ သွားကြပြန်၏။ ထိုချုပ်ကွယ်သော နေရာ၌ အကြောင်းလေးပါးကြောင့် ရုပ်သစ်ဖြစ်ပေါ်လာသောအခါ သည့်ထက်ပင်နွေးသော ရုပ်မှုန့်ကလေးတွေ ဖြစ်ပေါ်လာကြ၏။ နွေးဖန်များလျှင် အပူဖြစ်၏။ တပည့်တို့၊ ဤကဲ့သို့ သည့်ထက် နွေးသည့်ထက်နွေးအားဖြင့် နွေးဖန်များသောအခါ ရုပ်ပူမီးခဲတွေ ဖြစ်၍ပူလှချည့်နာကျင်လှချည့်ဟု ထင်ရှားစွာ သိလောက်ဖြစ်ကုန်၏။

တပည့်တို့–မီးဓာတ်မည်သည် အဟုန်ထွက်မြဲပါမြဲဓမ္မတာတည်း။ မီးဓာတ် လွန်ကဲထက်သန်သောအခါ အဟုန်လေဓာတ်လည်း အတန်ငယ် လွန်ကဲထက်သန်၍ တိုးဝှေ့ခြင်းကြောင့် ညောင်းခြင်း နာကျင်ခြင်းဖြစ်သည်။ တပည့်တို့၊ ထိုရုပ်ပူတွေဖြစ်၍ ခြေဖဝါးကြီး ခြေသလုံးကြီး ခြေထောက်ကြီး တစ်ခုလုံး ပူ၍ နာကျင်ကုန်သောအခါ ထိုပူမှန်းနာကျင်မှန်းသိသောအခါမှ ရုပ်ပူတွေ ဘွားခနဲ တစ်ခါတည်း ဖြစ်ပေါ်လာသည်မဟုတ်။ အောက်က ဟောပြောခဲ့ပြီးသော ရေခန်းပုံးထဲသို့ ထိုင်စမှစ၍ ဤကဲ့သို့ ရုပ်အေးတွေ ချုပ်၍ ရုပ်နွေးတွေ မရပ်မနား အမျိုးမျိုး အဆင့်ဆင့်ဖြစ်ပေါ်၍ အလွန်နွေးအားကြီးသော ရုပ်မီးခဲတွေ ဖြစ်ကုန်သည်။ ထိုသို့ ရုပ်မီးခဲတွေဖြစ်၍ ပူမှန်းနာကျင်မှန်းသိသောအခါ ဤအတွင်း၌ အဆင့်ဆင့်ဖြစ်၍ဖြစ်၍ ချုပ်ကွယ်လေသော ခြေထောက်ပေါင်း အသချေံ မရေတွက်နိုင်အောင် များပြားလှပြီ တပည့်တို့။

တပည့်တို့၊ ဤကဲ့သို့ ခြေထောက်ဖြင့်ထိုင်၍ ပူလှ နာကျင်လှသောအခါ တစ်မျိုးပြောင်းလဲလျက် ညာဘက်တင်ပါးဖြင့် ထိုင်လိုက်၏။ ထိုသို့ ထိုင်လိုက်၍ အတော်ကြာသောအခါ ခြေဖဝါး ခြေသလုံး ခြေထောက်တို့သည် မပူပြီ၊ မနာကျင်ပြီ။ ထို မပူမနာကျင်သောအခါ ပူ၍နာကျင်နေသော ခြေဖဝါးကြီး ခြေသလုံးကြီး ခြေထောက်ကြီး တစ်ခုလုံးမရှိပြန်ဘူး တပည့်တို့၊ အဘယ့်ကြောင့်နည်းဆိုသော် တပည့်တို့... အကယ်၍ပူသော နာကျင်သော ခြေဖဝါးကြီး ခြေသလုံးကြီး ခြေထောက်ကြီးတို့သည် မပျက်မစီး အမြဲတည်ရှိ၍နေသည်ဖြစ်ငြားအံ့၊ ထိုသို့ ဖြစ်ခဲ့လျှင် တင်ပါးဖြင့်ထိုင်၍ အတော်ကြာသောအခါ၌လည်း ပူ၍နာကျင်၍ပင်နေရာ၏။ ထိုသို့ကား မဟုတ်၊ မပူပြီ၊ မနာကျင်ပြီ။ ထို့ကြောင့် ဤ မပူမနာကျင်သောအခါ ပူ၍ နာကျင်၍နေသောခြေ ဖဝါးကြီး ခြေသလုံးကြီး ခြေထောက်ကြီး တစ်ခုလုံးမရှိပြီ၊ ချုပ်ပျက်ကွယ်ပျောက်၍ ကုန်လေ၏။

ချုပ်ကွယ်ပျောက်ပုံကားတပည့်တို့–တင်ပါးဖြင့် ထိုင်သောအခါ ခြေဖဝါး၊ ခြေသလုံး၊ ခြေထောက်၌ အပိဒဏ် သက်သာ၍သွား၏။ ထိုသို့ တင်ပါးဖြင့် ထိုင်လိုက်သောအခါ ခြေဖဝါးခြေသလုံး ခြေထောက်၌ အပူဆုံး အနာကျင်ဆုံးဖြစ်သော ရုပ်မှုန့်ကလေးတွေသည် ဖြစ်ပေါ်ပြီးလျှင် ဆွေးမြည့်လျက် ချုပ်ကွယ်၍ သွားကြကုန်၏။ ထို ချုပ်ကွယ်သောနေရာ၌ အကြောင်းလေးပါးကြောင့် ရုပ်သစ်ဖြစ်ပေါ်လာသောအခါ အပိဒဏ် သက်သာခြင်းကြောင့် အတန်ငယ်အပူလာသော ရုပ်မှုန်ကလေးတွေ ဖြစ်ပေါ်လာကြ၏။ ထိုအတန်ငယ်အပူလာသော ရုပ်မှုန်ကလေးတွေ ဖြစ်ပေါ်လာကြ၏။ ထိုအတန်ငယ် အပူလျော့သော ရုပ်မှုန်ကလေးတွေလည်း ဖြစ်ပေါ်ပြီးလျှင် ဆွေးမြည့်လျက် ချုပ်ကွယ်၍ သွား

http://www.dhammadownload.com

ကြပြန်၏။ ထိုချုပ်ကွယ်သောနေရာ၌ အကြောင်းလေးပါးကြောင့် ရုပ်သစ် ဖြစ်ပေါ်လာသောအခါ သည့်ထက် အပူလျော့သော ရုပ်မှုန့်ကလေးတွေ ဖြစ်ပေါ်လာကြ၏။ ထိုသည့်ထက် အပူလျော့သော ရုပ်မှုန့်ကလေးတွေလည်း ဖြစ်ပေါ်ပြီးလျှင် ဆွေးမြည့်လျက် ချုပ်ကွယ်၍ သွားကြပြန်၏။ ထိုချုပ်ကွယ်သောနေရာ၌ အကြောင်းလေးပါးကြောင့် ရုပ်သစ် ဖြစ်ပေါ်လာပြန်သောအခါ သည့်ထက်ပင် အပူလျော့သော ရုပ်မှုန့်ကလေးတွေ ဖြစ်ပေါ်လာကြ၏။ အပူလျော့ဖန်များလျှင် အအေးဖြစ်၏။ တပည့်တို့-ဤကဲ့သို့ သည့်ထက်အပူလျော့သည့်ထက် အပူလျော့အားဖြင့် အပူလျော့ဖန်များသောအခါ နဂိုအတိုင်း ညီမျှသော ရုပ်အေးတွေ ဖြစ်ကုန်သဖြင့် မပူပြီ၊ မနာကျင်ပြီ။ ဤမပူ၊ မနာကျင်သောအခါ၌ ဤအတွင်း၌ အဆင့်ဆင့်ဖြစ်၍ဖြစ်၍ ချုပ်ကွယ်လေသော ခြေထောက်ပေါင်း အသရေ့် မရေတွက်နိုင်ဘူး တပည့်တို့။

တပည့်တို့၊ ဤကဲ့သို့ ခြေဖဝါးကြီး၊ ခြေသလုံးကြီး၊ ခြေထောက်ကြီးဟု ခေါ်ဆိုရသော သမူဟ ရုပ်ကလာပ်ကြီး၌ ပရမတ္ထ ရုပ်ကလာပ် ရုပ်မှုန်ကလေးတွေ အသစ်အသစ် ဘွားခနဲ ဘွားခနဲ ဖြစ်ပေါ်လာမှ ဖြစ်ပေါ်ပြီးလျှင် ဟောင်းနွမ်းဆွေးမြည့်၍ ရိပ်ခနဲ ရိပ်ခနဲ ချုပ်ကွယ်၍ သွားမှုတို့ကို ထင်မြင်အောင်ကြည့်ရှုကြ။ တပည့်တို့-ဤကဲ့သို့ ညာဘက်တင်ပါးဖြင့်ထိုင်၍ အတော်ကြာပြန်သောအခါ ဤ ညာဘက်တင်ပါးကြီးသည်လည်း ပူ၍ နာ၍ ကျဉ်လာပြန်၏။

ထိုပူ၍ နာကျဉ်၍လာသောအခါ ထိုင်စက မပူ မနာ မကျဉ်သော ညာဘက်တင်ပါးကြီး တစ်ခုလုံး မရှိပြန်ဘူး တပည့်တို့။ တပည့်တို့၊ ထိုညာဘက်တင်ပါးဖြင့် ထိုင်၍ ပူလှ နာကျဉ်လှသောအခါ တစ်မျိုးပြောင်းလဲလျက် ဘယ်ဘက်တင်ပါးဖြင့် ထိုင်ပြန်၏။ ထိုသို့ ထိုင်၍ အတော်ကြာပြန်သော အခါ ညာဘက်တင်ပါးကြီးသည် မပူပြီ၊ မနာကျဉ်ပြီ။ ထိုမပူမနာကျဉ်သောအခါ ပူ၍နာကျဉ်၍နေသော ညာဘက် တင်ပါးကြီး တစ်ခုလုံးမရှိပြန်ဘူး တပည့်တို့။ တပည့်တို့-ဤကဲ့သို့ ညာဘက်တင်ပါးဟူသော သမူဟ ရုပ်ကလာပ်ခဲကြီး၌ ပရမတ္ထရုပ်ကလာပ် ရုပ်မှုန်ကလေးတွေ မရပ်မနား အမျိုးမျိုး အဆင့်ဆင့်ဖြစ်၍ဖြစ်၍ ချုပ်ကွယ်ကြပုံလည်း ခြေထောက်ရုပ်တို့ အတူပင်တည်း။ ခြေထောက်၌ ဟောကြားခဲ့ပြီးသော နည်းအတိုင်းပင် ထင်မြင်အောင်ကြည့်ရှုကြ။ တပည့်တို့- ထိုသို့ ဘယ်ဘက်တင်ပါးဖြင့် ထိုင်၍ အတော်ကြာပြန်သောအခါ ထိုဘယ်ဘက် တင်ပါးကြီးသည်လည်း ပူ၍ နာကျင်၍ လာပြန်၏။ ထို ပူ၍ နာကျင်၍ လာပြန်သောအခါ ထိုင်စက မပူ မနာကျဉ်သော ဘယ်ဘက် တင်ပါးကြီး တစ်ခုလုံး မရှိပြန်ဘူး တပည့်တို့။

တပည့်တို့-ထိုသို့ထိုင်၍ ကြာလှသောအခါ ခါးတွေအောင့်၍ နာကျင်၍ ကုန်၏။ ဗိုက်တွေအိုက်၍ ပူကုန်၏။ ကျောတွေအောင့်၍ ကုန်၏။ ကုပ်တွေ ဇက်တွေ ဦးခေါင်းတွေ လေးလံကုန်၏။ ထိုအခါ ထိုင်စက မအောင့် မနာကျင်သော မပူမအိုက်သော မအောင့်သော မလေးသော ခါးတွေ ဗိုက်တွေ ကျောတွေ ကုပ်တွေ ဇက်တွေ ဦးခေါင်းတွေ့ မရှိဘူး။ တပည့်တို့၊ တပည့်တို့ တစ်ဖန်တံတောင်ထောက်လျက် ဒူးတုပ်၍ ထိုင်ပြန်၏။ ထိုသို့ထိုင်၍ အတော်ကြာလျှင် ဒူးတွေပေါင်တွေ တံတောင်တွေ လက်မောင်းတွေ ပူ၍ နာကျင်၍ကုန်၏။ ထိုအခါ ထိုင်စက မပူ မနာမကျင်သော ဒူးတွေပေါင်တွေ တံတောင်တွေ လက်မောင်းတွေ မရှိဘူး တပည့်တို့။ တပည့်တို့-ဘယ်ဘက် တင်ပါးမှစ၍ ဤဆိုအပ်ခဲ့ပြီးသော အလုံးစုံသော သမူဟကလာပ်ကြီးတို့၌ ပရမတ္ထရုပ်ကလာပ် ရုပ်မှုန်ကလေးတွေ မရပ်မနား အမျိုးမျိုး အဆင့်ဆင့် ဖြစ်၍ဖြစ်၍ ချုပ်ကွယ်ကြပုံကိုလည်း ခြေထောက်ရုပ်တို့ အတူပင်တည်း။ ခြေထောက်၌ ဟောကြားခဲ့ပြီးသော နည်းအတိုင်းပင် ထင်မြင်

http://www.dhammadownload.com

အောင် ကြည့်ရှုကြ။

တပည့်တို့– ထိုသို့ထိုင်လျက် တရားနာ၍ ညောင်းလှသဖြင့် တစ်ဖန် ထလျက် မတ်တတ်ရပ်၍ နာပြန်၏။ ထိုသို့ရပ်၍ အတော်ကြာပြန်သောအခါ ခြေဖဝါးတွေ ဒူးတွေ ပေါင်တွေ ပူ၍တောင့်၍ နာကျင်၍ ကုန်၏။ ထိုအခါ ရပ်စက ခြေဖဝါးတွေ ဒူးတွေ ပေါင်တွေ မရှိဘူးတပည့်တို့။ တစ်ကိုယ်လုံးကြီးပါ မရှိပါဘူး။ ထိုင်သော ဣရိယာပုတ်၌ ဖြစ်ပျက်ပုံ အတူပင်တည်း။ ထင်မြင်အောင် ကြည့်ရှုကြ။ တပည့်တို့– သင်တပည့်တို့သည် ငါဆရာအထံသို့ တရားနာအံ့သောငှာ တောင်အောက်မှ ဤသေကျွတောင်ပေါ် တောင်ထိပ်သို့ ရောက်သောအခါ အလွန်တရာ အိုက်၍ ပူ၍ နာကျင် မောပန်း၍ကုန်၏။ ချွေးတွေလည်း ထွက်၍ကုန်၏။ ထိုအခါ တောင် မတက်ခင်က၊ တောင်တက်စက မအိုက်မပူသော၊ မနာမကျင် မမောမပန်းသော တစ်ကိုယ်လုံးကောင်ကြီး မရှိဘူး။ တပည့်တို့– ဤတောင်ပေါ်သို့ မပါဘူး။ အဘယ့်ကြောင့်နည်းဆိုသော် တပည့်တို့ အကယ်၍ တောင်အောက်က တောင်တက်စက ကိုယ်ကောင်ကြီးသည် မပျက်စီးဘဲ အမြဲ တည်ရှိလျက် ဤတောင်ပေါ်သို့ ပါသည်ဖြစ်ငြားအံ့၊ ထိုသို့ ဖြစ်ခဲ့လျှင် တောင်အောက် တုန်းကလို တောင်တက်စကလို မအိုက်ဘဲ မပူဘဲ မနာကျင်ဘဲ မမောပန်းဘဲနေရာ။ ထိုသို့ကားမဟုတ်။ အိုက်၍ ပူ၍ နာကျင်၍ မောပန်း၍ကုန်၏။ ထို့ကြောင့် တောင်အောက်က တောင်တက်စက ကိုယ်ကောင်ကြီး တစ်ခုလုံး အကုန်မရှိပြီ။ ဤတောင်ပေါ်သို့ မပါပြီ။ ချုပ်ပျက်ကွယ်ပျောက်၍ ကုန်လေ၏။ တပည့်တို့ ချုပ်ပျက် ကွယ်ပျောက်ပုံကို ဤသို့ အနုစိတ်အားဖြင့် သိမြင်ရာ၏။

တပည့်တို့– တောင်ပေါ်သို့မတက်ခင် ထိုင်၍ ရပ်၍နေစဉ်အခါ၌ ရုပ်တို့သည် မလှုပ်မရှား ငြိမ်သက်စွာ နေကြ၏။ တောင်ပေါ်သို့ တက်တော့မည်ဟု ခြေလှမ်းလိုက်၏။ ကိုယ်လည်း နွဲ့.ရလှုပ်ရတော့။ ခြေလှမ်းတိုင်း လှမ်းတိုင်း ခြေရော လက်ရော ကိုယ်ရော ဦးခေါင်းရော အကုန်လုံး လှုပ်ရလေတော့၏။ ခြေကို နာနာဆောင့်၍ နင်းလျှင် ဒိတ်ခနဲ ဒိတ်ခနဲ ဦးခေါင်းသို့ ကျရောက်တစ်ကိုယ်လုံး တုန်၍သွား၏။ သွက်သွက်ခါ၍သွား၏။ တပည့်တို့– ထိုသို့လှုပ်ရှားသောအခါ တစ်ကိုယ်လုံးရှိ ရုပ်ကလာပ်ရုပ်မှန်. ကလေးတွေသည် တစ်ခုနှင့်တစ်ခု တိုးဝှေ့မိကြ၏။ ထိခိုက်မိကြ၏၊ တိုက်ခိုက်မိကြ၏၊ အထက်အထက် ရုပ်တွေကလည်း အောက်အောက် ရုပ်တွေကို ဖိ၍ဖိ၍ ကြိတ်မိ၏ တပည့်တို့။

ဤကဲ့သို့ အချင်းချင်း တိုးဝှေ့တိုက်ခိုက်မိသော၊ ဖိကြိတ်မိသောဒဏ်ချက်ကြောင့် နဂို ပကတိ အတိုင်း မဖြစ်နိုင်ဘဲ မီးလွန်ကဲ၍ မီးခဲဖြစ်၍လာရ၏။ တပည့်တို့– ဥပမာဆိုသည်ရှိသော် သဲတွေ ကျောက်ခဲတွေကို ကြုတ်ထဲ၊ စည်ပိုင်းထဲသို့ ထည့်၍ အားကောင်းသော ယောကျ်ား အားကုန်ကိုင်၍ အမျိုးမျိုး လှုပ်မလောက်သည်ရှိသော် သဲတွေ၊ ကျောက်ခဲတွေသည် အချင်းချင်း တိုးဝှေ့ တိုက်ခိုက်မိသော ဒဏ်ချက်ကြောင့် ပူ၍ မီးပွင့်၍ကုန်၏။ ထို့အတူ တပည့်တို့– ဤတစ်ကိုယ်လုံးရှိ ရုပ်တို့သည် အချင်းချင်း တိုးဝှေ့ တိုက်ခိုက်မိသော ဖိကြိတ်မိသော ဒဏ်ချက်ကြောင့် မီးလွန်ကဲ၍ မီးခဲဖြစ်၍ လာရ၏။ လာပုံကား ပထမ ခြေလှမ်းလိုက်၍ လှုပ်ရှားသောအခါ နဂိုမလှုပ်ရှားဘဲ ငြိမ်သက်၍နေသော တစ်ကိုယ်လုံးရှိ ရုပ်မှန်. ကလေးတွေသည် ဖြစ်ပေါ်ပြီးလျှင် ဆွေးမြည့်လျက် ချုပ်ကွယ်၍ သွားကြကုန်၏။ ထိုချုပ်ကွယ်သော နေရာ၌ အကြောင်းလေးပါးကြောင့် ရုပ်သစ်ဖြစ်ပေါ်လာသောအခါ လှုပ်ရှားသဖြင့် တိုးဝှေ့တိုက်ခိုက်မိသော၊ ဖိကြိတ်မိသော ဒဏ်ချက်ကြောင့် အတန်ငယ် နွေးသော ရုပ်မှန်.ကလေးတွေ ဖြစ်ပေါ်လာကြ၏။ ထိုရုပ်မှန်. ကလေးတွေလည်း ဖြစ်ပေါ်ပြီးလျှင် ဆွေးမြည့်လျက် ချုပ်ကွယ်၍ သွားကြပြန်၏။ ထို ချုပ်ကွယ်သောနေရာ၌ အကြောင်းလေးပါးကြောင့်

http://www.dhammadownload.com

ရုပ်သစ်ဖြစ်ပေါ်လာကြ၏။ ထိုသည့်ထက်နွေးသော ရုပ်မှန့်ကဇလတွေလည်း ဖြစ်ပေါ်ပြီးလျှင် ဆွေးမြည့်လျက် ချုပ်ကွယ်၍ သွားကြပြန်၏။ ထိုချုပ်ကွယ်သော နေရာ၌ အကြောင်းလေးပါးကြောင့် ရုပ်သစ်ဖြစ်ပေါ်လာပြန်သောအခါ သည့်ထက်နွေးသော ရုပ်မှန့်ကလေးတွေ ဖြစ်ပေါ်လာကြ၏။ နွေးဖန်များလျှင် အပူဖြစ်၏။ တပည့်တို့- ဤကဲ့သို့ သည့်ထက်နွေး၊ သည့်ထက်နွေးအားဖြင့် နွေးဖန်များသောအခါ ရုပ်ပူမီးခဲတွေ ဖြစ်၍ကုန်သဖြင့် အိုက်၍ပူ၍နာကျင်၍ကုန်၏။

မီးဓာတ် ထက်သန်အားကောင်းသောအခါ အဟုန်လေဓာတ်တွေလည်း ထက်သန်များပြား၍ ပါးစပ် နှာခေါင်းတို့နှင့် မဆုံဘဲ နားထဲမှလည်း ထွက်၍ကုန်၏။ ထိုလေဓာတ်တွေ တိုက်လွှင့်ခြင်းကြောင့်လည်း ရုပ်တွေ သာလွန်၍ တိုးဝှေ့တိုက်ခိုက်မိကြ၏။ ကမ္ဘာလေဖျက်ရာကဲ့သို့ တစ်ကိုယ်လုံးရှိ ရုပ်တို့သည် အချင်းချင်း တိုးဝှေ့ တိုက်ခိုက်မိကြ၍ ကြေမွ၍ ကြေမွ၍ ချုပ်ကွယ်ကြကုန်၏။ ကမ္ဘာမီးလောင်ရာ၌ကဲ့သို့ တစ်ကိုယ်လုံးရှိ ရုပ်တို့သည် မီးတွေ မြိုက်၍လောင်၍ ချုပ်ကွယ်ကြကုန်၏။ ပေါင်းချောင်ပေါင်းအိုး စလောင်းမှ ချွေးပြန်ကျဘိသကဲ့သို့ မီးရှိန်ကြောင့် တစ်ကိုယ်လုံးရှိ ရုပ်တို့မှ ချွေးပြန်ကျလျက် ယိုစီးသဖြင့် ချွေးတွေထွက်၍ကုန်၏။ တပည့်တို့- ထိုအခါ အဖြစ်ကနည်း၍ အပျက်က များခြင်းကြောင့် တစ်ကိုယ်လုံး၌ ရုပ်တွေနည်း၍ ချောင်၍ ဟာ၍ကုန်သဖြင့် ဟိုက်၍ချည့်၍ မောပန်း၍ ကုန်၏။

တပည့်တို့- ဤကဲ့သို့ သွားခြင်းဣရိယာပုတ်၌လည်း တစ်ကိုယ်လုံးရှိ ရုပ်မှန့်ကလေးတွေ ရေခန်းပုံကဲ့သို့ မရပ်မနားအမျိုးမျိုး အဆင့်ဆင့်ဖြစ်၍ ဖြစ်၍ ချုပ်ကွယ်ကြပုံကို ထင်မြင်အောင် ကြည့်ရှုကြ။ တပည့်တို့-သင် တပည့်တို့သည် ယခုလွန်ခဲ့သော မနေ့ညက လျောင်း၍အိပ်ကြကုန်၏။ အကယ်၍ ရှေးဦးစွာ ညာဘက်နံစောင်းဖြင့် အိပ်ကြငြားအံ့၊ ထိုသို့ အိပ်၍ အတော်ကြာသောအခါ ညာဘက်နံစောင်းကိုယ်တစ်ခြမ်းလုံး အကုန်အိုက်၍ ပူ၍နာကျင်၍ကုန်၏။ ထိုအခါ အိပ်စက ညာဘက်နံစောင်းကိုယ်တစ်ခြမ်း မရှိဘူး။ တပည့်တို့-တစ်ဖန်တစ်မျိုးပြောင်းလဲလျက် ဘယ်ဘက်နံစောင်းဖြင့် အိပ်ပြန်၏။ ထိုသို့အိပ်၍ အတော်ကြာပြန်သောအခါ ဘယ်ဘက်နံစောင်း ကိုယ်တစ်ခြမ်းလုံး အကုန်အိုက်၍ ပူ၍နာကျင်ကုန်၏။ ထိုအခါ အိပ်စက ဘယ်ဘက်နံစောင်း ကိုယ်တစ်ခြမ်းလုံး မရှိဘူး။ တပည့်တို့-တစ်ဖန် တစ်မျိုးပြောင်းလဲလျက် ပက်လက်အိပ်ပြန်၏။ ထိုသို့ အိပ်၍ အတန်ကြာပြန်သောအခါ နောက်ကျောဘက် ကိုယ်တစ်ခြမ်းလုံး အကုန် အိုက်၍ပူ၍နာကျင်ကုန်၏။ ထိုအခါ အိပ်စကနောက်ကျောဘက်ကိုယ်တစ် ခြမ်းလုံး မရှိဘူး တပည့်တို့၊ တစ်ဖန်တစ်မျိုးပြောင်းလဲလျက် အကယ်၍ မှောက်ခုံအိပ်ပြန်ငြားအံ့၊ ထိုသို့ အိပ်ပြန်၍ အတော်ကြာပြန်သောအခါ ရှေ့ဝမ်းဘက် ကိုယ်တစ်ခြမ်းလုံး အကုန်အိုက်၍ပူ၍နာကျင်ကုန်၏။ ထိုအခါ အိပ်စက ရှေ့ဝမ်းဘက်ကိုယ်တစ်ခြမ်းလုံး မရှိဘူးတပည့်တို့။ တပည့်တို့-ဤလျောင်းခြင်း ဣရိယာပုတ်၌လည်း အထက်ကိုယ်တစ်ခြမ်းလုံးက ဖိကြိတ်သော ဒဏ်ချက်ကြောင့် အောက်ကိုယ်တစ်ခြမ်းလုံးရှိ ရုပ်မှန့်ကလေးတွေ သည့်ထက်နွေး၊ သည်ထက်နွေးအားဖြင့် မီးလွန်ကဲလျက် မရပ်မနား အမျိုးမျိုး အဆင့်ဆင့်ဖြစ်၍ဖြစ်၍ ချုပ်ကွယ်ကြပုံကို ထင်မြင်အောင် ကြည့်ရှုကြ။

၅။ တပည့်တို့- ဤကဲ့သို့ တနုပက္ကဓိဏ္ဍအားဖြင့်လည်းကောင်း၊ အာဟာရအားဖြင့်လည်းကောင်း၊ ဥတုအားဖြင့် လည်းကောင်း၊ စိတ်အားဖြင့် လည်းကောင်း၊ ဣရိယာပုတ်အားဖြင့် လည်းကောင်း ရုပ်တို့၏ဖြစ်ပျက်မှုကို ကြည့်ရှုကြ၏။

တပည့်တို့ အရိယာတို့၏တရား၌ မလိမ္မာကြသော အရိယဓမ္မ အကောဝိဒပုဂ္ဂိုလ်တို့သည် ဖောက်ပြန်စေတတ်သော တစ်စုံတစ်ခုသော အကြောင်း

http://www.dhammadownload.com

ကြောင့် ဤအေးသောရုပ်ပဲပူ၍သွား၏၊ ပူသော ရုပ်ပဲ အေး၍သွား၏။ ဤမနာကျင်သောရုပ်ပဲ နာကျင်၍ သွား၏။ ဤနာကျင်သောရုပ်ပဲ မနာကျင်ဘဲ ဖြစ်၍ သွား၏။ ဤရွှင်လန်းသော ရုပ်ပဲ ညှိုးနွမ်း၍ သွား၏။ ဤညှိုးနွမ်းသော ရုပ်ပဲ ရွှင်လန်း၍သွား၏ဟု အမျှင်မပြတ်ဘဲ တစ်ခုတည်း မှတ်ထင်၍ နေကြ၏။ သင်တပည့်တို့မှာကား ထိုကဲ့သို့ မမှတ်ထင်ကြနှင့်။ ယခုငါဆရာ ဟောပြခဲ့ပြီးသောအတိုင်း အပိုင်းပိုင်း ပြတ်၍နေပုံကို ရှေးဦးစွာ သညာဖြင့်မှတ်၍၊ ဝိညာဉ် ဖြင့် သိ၍ ထိုသိသော မှတ်မိသောအတိုင်း ဉာဏ်မျက်စိဖြင့် ထင်မြင်အောင်ကြည့်ရှုကြ။

အနိစ္စရှုမြင်၍ မဂ်ကိစ္စပြီးပုံကိုပြခြင်း

တပည့်တို့– ကြည့်ရှုသော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် ရုပ်တို့ ဖြစ်ပျက်မှု မြန်သလောက်ကို အလွန်အမီလိုက်၍မြန်အောင် မြင်နိုင်သည် မဟုတ်၊ ဤရေပွက်၊ လျှပ်စစ်၊ မုန်တိုင်းစေ့၊ တံလှပ်တို့ မြန်သလောက်သာ မြန်အောင် မြင်နိုင်သည်။ ဤမျှလောက် မြန်အောင် ထင်မြင်နိုင်လျှင်ပင် တပည့်တို့ အနိစ္စဝိပဿနာဉာဏ်သည် အထွတ်အစွန်းသို့ ရောက်တော့သည်။ ကိစ္စပြီးဆုံးအောင်ရွက်ဆောင်နိုင်တော့သည်။

ရွာသို့ မရောက်သေးသော်လည်း ရွာ၏ အနီးဥပစာသို့ ရောက်လျှင်ပင် ရွာကိုရောက်ပြီဟု ပြောဆို ရဘိသကဲ့သို့ ထိုအတူ တပည့်တို့– ဤပါဠိတော်၌ သေမင်းမမြင်နိုင်ဘူးဟူသော စကားကို ဤရေပွက် တံလှပ်တို့ ဖြစ်ပျက်ပုံလောက်၊ ရုပ်နာမ်ခန္ဓာတို့ ဖြစ်ပျက်ပုံကို မြန်အောင် မြင်နိုင်သည်။ သေမင်း မမြင်နိုင်ရာ နိဗ္ဗာန်သို့ မရောက်ရသေးသော်လည်း ရောက်တော့ဆဲဆဲဖြစ်၍ နိဗ္ဗာန်နှင့် အလွန်နီးလှတော့သည်ဖြစ်၍ သမီပူပစာအားဖြင့် ဟောတော်မူသော စကားတော်ဟု မှတ်ကြ။ ထို့ကြောင့် တပည့်တို့–သင်တပည့်တို့သည် ဤရေပွက်လျှပ်စစ် မုန်တိုင်းစေ့ တံလှပ်တို့ ဖြစ်ပျက်ပုံကဲ့သို့ ရုပ်တို့ဖြစ်ပျက်ပုံ မြန်စွာ ထင်မြင်လာအောင် ကြည့်ရှုကြ။ ကြည့်ရှုဖန်များသောအခါ ထင်မြင်၍ လာလိမ့်မည်။

တပည့်တို့–ဤသို့ ထင်မြင်၍ လာသောအခါ ငါဟူသော တရားမှ သတ္တဝါတစ်ဦး၌ တစ်ငါတည်းသာ၊ ငါဘယ်နှစ်ဘယ်ကာလက မွေးဖွား၏။ ငါ ရှေ့နှစ်ရှေ့နှစ်ကာလက ဘာလုပ်ခဲ့၏။ မနေ့က ငါ ဘာလုပ်ခဲ့၏။ နက်ဖြန်ခါ ငါဘာလုပ်ရမည်။ ငါ ဘယ်ကို သွားရမည်။ ငါဘယ်တော့ သေရမလဲဟု တစ်ဘဝလုံးမှာလည်း တစ်ငါတည်းသာ၊ ငါ ရှေးဘဝက ဘာဖြစ်ခဲ့လေမှန်း၊ ငါစ၍ဖြစ်ခဲ့ရတာ ဘယ်လောက်ကြာပြီ ဟူ၍မှန်းမသိ။ ငါနောက်ဘဝ ဘယ်သို့သွားရောက်ရမည်မသိ။ ငါနတ်ပြည်သို့ ရောက်ချင်၏။ ငါဘုရားဖြစ်၍ နိဗ္ဗာန်သို့ ရောက်ချင်၏။ ငါပစ္စေကဗုဒ္ဓါဖြစ်၍၊ သာဝက ရဟန္တာဖြစ်၍ နိဗ္ဗာန်သို့ ရောက်ချင်၏ အစရှိသည်ဖြင့် တစ်သံသရာလုံးမှာလည်း တစ်ငါတည်းသာရှိ၏။ အမြဲတည်း၍နေ၏။ ဘယ်အခါမှ ငါနှစ်ခုမဖြစ်စဖူး။ ငါအပိုင်းအပိုင်းပြတ်၍ ငါဟောင်း ငါသစ်ဟူ၍ မဖြစ်စဖူး၊ မရှိစဖူးပြီ။ ရုပ်တို့မှာမူကား အပိုင်းပိုင်းပြတ်၍နေသဖြင့် ငါဖြစ်ပုံ၊ နေပုံက တစ်လမ်း၊ ရုပ်တို့ ဖြစ်ပုံက တစ်လမ်းအားဖြင့် မညီမညွတ်ကြဘဲ တစ်ထပ်တည်းမကျဘဲ တလွဲစီ တခြားစီ တစ်လမ်းစီနေခြင်းကြောင့် ထိုရုပ်ကို ငါဟုမှတ်ထင်စွဲလမ်းခြင်းငှာ မဖြစ်နိုင်ဘဲ ထိုရုပ်ပုံ၌ ငါကောင်ကိုရှာ၍ မရဘဲ ဟင်–ငါမဟုတ်ဘဲကလား၊ ဟင်– ငါမရှိဘဲကလားဟု ငါဟူသော ကိုယ်ကောင်ကင်းပျောက်၍ သွားတော့သည် တပည့်တို့။

တပည့်တို့–ဤကဲ့သို့ ငါပျောက်၍ သွားသော အခါ အလုံးစုံသော ရုပ်ကို ငါဟူသော ကိုယ့်အနေနှင့်လည်းကောင်း၊ ငါဟာဟူသော ကိုယ့်ဥစ္စာ အနေနှင့် လည်းကောင်း ချစ်ခင်တပ်မက်ခြင်းလည်း ကင်းကြကုန်လတ္တံ့။

http://www.dhammadownload.com

အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ကိုပြခြင်း

တပည့်တို့-ဤကဲ့သို့ ဝိပဿနုပက္ကိလေသတို့ကို စွန့်ခွာ၍ ရုပ်နာမ် သခံါရတရားတို့၏ ဖြစ်ပျက်ပုံ ဥဒယဝယ သဘောကိုသာ ကြည့်ရှုဆင်ခြင်သောအခါ ထိုဖြစ်ပျက်ပုံ ဥဒယဝယ သဘောကို ဥဂ္ဂဟနိမိတ် ထင်မြင်ဘိသကဲ့သို့ ကောင်းစွာထင်မြင်နိုင်သော အနိစ္စဝိဇ္ဇာဉာဏ်ကောင်းစွာ ကောင်းစွာဖြစ်ပေါ်လာတော့၏။ ဤကဲ့သို့ ဖြစ်ပျက်ပုံ အနိစ္စသဘောကို ထင်မြင်၍ လာသောအခါ ထိုဖြစ်ခြင်းပျက်ခြင်း ရင့်ရော်ဆွေးမြည့်ခြင်းတို့ မပြတ်နှိပ် စက်အပ်သဖြင့် နာကျင်ဆင်းရဲ၍နေပုံ ဒုက္ခသဘောလည်းကောင်းစွာ ထင်မြင်၍လာတော့၏။ ဤကဲ့သို့ အနိစ္စဒုက္ခကို ကောင်းစွာထင်မြင်၍ လာသောအခါ အလိုလိုက်ခြင်း၊ အစိုးရခြင်း အနည်းငယ်မျှမှမရှိသဖြင့် ငါမဟုတ်သော၊ ငါမရှိသော အနတ္တလက္ခဏာလည်းကောင်းစွာထင်မြင်၍ လာလေတော့၏။ အောက်ကဟောကြားခဲ့ပြီးသောအတိုင်း ဟင်ငါမဟုတ်ပါဘဲကလား၊ ဟင်-ငါမရှိပါဘဲ ကလားဟု စိတ်ဖြစ်လျက်ယုံမှားခြင်း ဝိစိကိစ္ဆာနှင့်တကွ ငါဟူသော သက္ကာယဒိဋ္ဌိကင်းကွာ၍ သွားလေတော့၏။ ထိတ်လန့်ခြင်း ပရိတဿန၊ ပြန်လည် စွဲလမ်းခြင်း ဥပါဒါနတို့ မဖြစ်တော့ပြီ။ ရုပ် နာမ် တရားတို့ကို သက်သက်အကြောင်းကြောင့် ဖြစ်၍နေသော သုဒ္ဓဓာတု၊ သုဒ္ဓသခံါရဓမ္မ၊ သုဒ္ဓဒုက္ခပုဥ္ဇအနေနှင့်သာ ထင်မြင်၍ တည်လေ တော့၏။ ဤကဲ့သို့ ပစ္စုပ္ပန်ရုပ်နာမ်တို့ကို ထင်မြင်သဖြင့် အတိတ် အနာဂတ် ရုပ်နာမ်တို့ကိုလည်းကောင်း၊ မိမိရုပ်နာမ်မှအပဗဟိဒ္ဓ ရုပ်နာမ်တို့ကိုလည်းကောင်း ဓမ္မနယအားဖြင့် အကုန်လုံးထင်မြင်၍ တည်လေတော့၏။ တပည့်တို့- ဤကဲ့သို့ တိလက္ခဏာထင်မြင်၍ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဤနီဝရဏ နှစ်ပါးကင်းကွာသောအဖြစ်သို့ ရောက်၍ တည်သော ယောဂီပုဂ္ဂိုလ်ကို အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဟု ခေါ်ဆိုရသည်။ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဟု မှတ်ကြ။

တပည့်တို့- ဤကဲ့သို့ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်အဖြစ်သို့ရောက်လျှင်ပင် အပုံကြီး ကျေးဇူးများပြီ၊ အဖိုးတန်ပြီ။ မြတ်စွာဘုရားသာသနာတော်၌ သက်သာရာ၊ ထောက်တည်ရာကိုရပြီ၊ သုဂတိအလား မြဲပြီ။ စူဠသောတာပန် ဟူ၍ပင် ခေါ်ဆိုရပြီ။ သုပ္ပဋိပန္ဓတာစသော ကိုးပါးသော ဂုဏ်တို့လည်းပြည့်စုံပြီ။ မျက်မှောက်သောဘဝ၌ အထက်တရားအထူးသို့ မရောက်ခင် ဤအာရဒ္ဓဝိပဿကအဖြစ်နှင့်ပင် အကယ်၍စုတေ၍သွားခဲ့လျှင် နတ်ပြည်သို့ မချွတ်ဧကန်ရောက်၍၊ ရောက်လျှင် ရောက်ချင်းသြော်... ငါ သေ၍ နတ်ပြည်သို့ ရောက်လာပါပေါ့ ကလားဟု သတိရသော စိတ်က နောက်ကျ၍ နေသေး၏။ ရှေးဦးစွာ မဂ်ဇော ဖိုလ်ဇောတို့ ဖြစ်ပေါ်၍ တရား အထူးကိုရ၍ သွားတော့သည်။

[လယ်တီဂန္ထဝင်ကျော်များနှင့် ပဏ္ဍိတ ဝေဒနီယဒီပနီကျမ်းတို့မှ ထုတ်နုတ်ဖော်ပြပါသည်။]

သေကျွတောင်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
ဒီပဲရင်းဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဒီပဲရင်းဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၁၄-၁၂၈၉)

ဆရာတော်လောင်းလျာသည် မုံရွာခရိုင် ဒီပဲရင်းမြို့နယ် ထောက်ရှာရွာ ဦးရွှေဆေး-ဒေါ်ရှိန် တို့မှ ၁၂၁၄ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့၌ ဖွားမြင်တော်မူသော သားရတနာ ဖြစ်သည်။

ဒီပဲရင်းဆရာတော်ဘုရားကြီး၌ မွေးချင်း ပေါက်ဖော် ငါးယောက်ရှိရာ ဆရာတော်မှာ ဒုတိယ မြောက်ဖြစ်သည်။ ငယ်မည်မှာ မောင်စံပေါ်ဟု မှည့် ခေါ်ကြသည်။ မောင်စံပေါ် ရှစ်နှစ်ရွယ်ရှိလျှင် မင်း တည်းကုန်းရွာ မြောက်ကျောင်း 'ဂိုဏ်းထောက်ဆရာ တော်ဦးကြီး'ထံ၌ အပ်နှံ၍ စာပေသင် ကြားရသည်။ ဦးကြီးပျံလွန်တော်မူသဖြင့် ဦးကြီး၏ တပည့် ဦးမေဓာဝီ ဆက်လက် ကျောင်းထိုင်အုပ်ချုပ်၍ ဦးမေဓာဝီထံ၌ပင် ဆက်လက် ပညာသင်ရပြန်သည်။

ထို့နောက် ၁၂၂၆ ခုနှစ်၌ ထောက်ရှာရွာ ဘုန်း တော်ကြီးဦးဂန္ဓမာထံသို့ ရွှေ့ပြောင်းအပ်နှံကြကုန်၏။ မင်းတည်းကုန်းကျောင်းဆရာတော် ဦးဂန္ဓမာသည် ထောက်ရှာရွာသို့ ပြောင်းရွှေ့သီတင်းသုံးသည်ဖြစ်၍ ထောက်ရှာရွာ ဆရာတော် ဦးဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍ မိဘတို့ကပင် ပစ္စည်းပရိက္ခရာတို့ဖြင့် လျှဒါန်း၍ ရှင် သာမဏေအဖြစ်သို့ ရောက်လေသည်။ ဘွဲ့မှာ ရှင် ဉာဏဖြစ်သည်။ ၁၂၂၇ ခုနှစ် အသက် ၁၃ နှစ်ရှိလျှင် မန္တလေး သက်ပန်းတိုက်၌ရှိသော ဦးရီးတော် ဦးဝိသုဒ္ဓထံသွား၍ စာသင်မည်ဟု ထွက်ခဲ့သော်လည်း အကြောင်းမညီညွတ်၍ မန္တလေးသို့ မရောက်ဘဲ ဒီပဲရင်းမြို့တောင်ပြင် တဲ့တော်ရာ ဆရာတော်ထံသို့ ဆည်းကပ်ကာ ဗျာကရဏ်းစသော ကျမ်းများကို သင်ကြားခဲ့သည်။

ရှင်ဉာဏ အသက် ၁၅ နှစ်ရွယ်၌ ဦးရီးတော် ဦးဝိသုဒ္ဓက မန္တလေးသို့ ခေါ်ကာ တူဝရီးနှစ်ယောက် သက်ပန်းတိုက်၊ နန်းဦးတိုက်၊ ထရံကာတိုက် တို့သို့ အကြောင်းအားလျော်စွာ ပြောင်းကာ ပြောင်းကာ စာပေသင်ကြားခဲ့ရာ သာမဏေ ရှင်ဉာဏအသက် ၁၇ နှစ်အရွယ်ကပင် ရွှေကျင်ဂိုဏ်းတွင်းသို့ သက် ရောက်လေသည်။ ၁၂၃၃ခုနှစ်အသက် ၁၉နှစ် ရောက် လျှင် ရှင်ဉာဏတို့ တူဝရီးစလင်းတိုက်သို့ ပြောင်း ရွှေ့ကာ စလင်းဆရာတော်ထံ၌ စာများကို ဆက် လက် အားထုတ်ပြန်ရာ အသက် ၁၉နှစ် မပြည့်မီ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ အဋ္ဌသာလိနီစသော ကျမ်း တို့ကိုပေါက်ရောက်ခဲ့ရာ စလင်းဆရာတော်က အားရ နှစ်သက်တော်မူသဖြင့် ရှင်ဉာဏကို 'ဝရ' ပုဒ်တိုး ဆက်၍ 'ရှင်ဉာဏဝရ'ဟု ချီးမြှောက်တော်မူသည်။ စလင်းဆရာတော်နန်းတော်သို့ ဆွမ်းစားကြွတိုင်း ရှင်ဉာဏဝရကို နောက်ပါသပိတ်ထမ်းခေါ်၍

http://www.dhammadownload.com

ကောင်းမွန်သော ဆွမ်းဘောဇဉ်တို့ကို ကျွေးမွေးပေးစွန့်လေ့ရှိသည်။ ရှင်သာမဏေ ရှင်ဉာဏဝရသည် နောင်အခါ သာသနာတော်၌ အားထားလောက်သော ရဟန်းတစ်ပါးဖြစ်လတ္တံ့ဟုလည်း နှုတ်အားဖြင့် မြွက်ကြားတော်မူသည်။

ရှင်ဉာဏဝရသည် အသက် ၂၀ ပြည့်သော အခါ ထောက်ရှာရှာသို့ ပြန်၍ မိဘတို့ကပင် ရဟန်းဒကာပြု၍ ထောက်ရှာရှာတောရကျောင်း၌ အရည်ဝါသီအဖြစ် သီတင်းသုံးနေသော ဦးရီးတော် ဘုန်းတော်ကြီး ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ ရဟန်းဖြစ်ပြီးနောက် ဥပဇ္ဈာယ်ဆရာ၏ အမိန့်တော်အတိုင်း စလင်းဆရာတော်ထံ ပြန်၍ သုံးဝါတိုင်တိုင် ဝိနည်းပိဋကတ်တော်များကို ဆက်လက်အားထုတ်သည်။ ရဟန်းသုံးဝါရပြီးသော အခါ တောင်ပြင်ဒကို့ဏာရာမတိုက်ဘုရားကြီး ဆရာတော်ထံဆည်းကပ်နေလိုပါကြောင်း လျှောက်ထားရာ ဘုရားကြီးဆရာတော်က တီးခေါက် မေးမြန်းစုံစမ်းသောအခါ အရအမိများခြင်း၊ သွက် လက်စွာ ဖြေဆိုနိုင်ခြင်းတို့ကြောင့် အနီးအပါး၌ပင် နေရာပေး၍ နေခွင့်ပြုတော်မူလေသည်။ ဘုရားကြီး ဆရာတော်အထံ၌ ၁၂ လ မျှကြာလျှင် စလင်းဆရာတော်က ပြန်ခေါ်သဖြင့် စလင်းတိုက်သို့ ပြန်ရပြန်သည်။

ပထမ စာချဖြစ်ခြင်း

စလင်းတိုက်သို့ ပြန်ရောက်နေရပြီးနောက် မကြာမီ စလင်းဆရာတော်ဘုရားကြီးက အရှင်ဉာဏဝရအား စလင်းတိုက်၌ဆရာတော်ကြီး၏ လက်ထောက် ပထမစာချဟူသော ဘွဲ့အမည် ဂုဏ်ထူးဖြင့် သံဃာ့အလယ်၌ ချီးမြှောက်တော်မူသည်။

နာယက ဆရာတော်ဖြစ်ခြင်း

ပထမ စာချအဖြစ်ဖြင့် စာပေပို့ချကာ နေဆဲတွင် စလင်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူလေသည်။ ထိုအခါ စလင်းတိုက် တိုက်အုပ်ဆရာတော် ဦးဓမ္မအမှူးရှိသော သံဃာအား‌လုံးသဘောတူ ပထမစာချ အရှင်ဉာဏဝရအား စလင်းတိုက်၏ အကြီးအမှူး ဦးစီးနာယကအဖြစ် တင်မြှောက်ကြပြန်သည်။

မဟာဝိသုဒ္ဓါရာမတိုက်သို့ရောက်ခြင်း

စလင်းတိုက်၌ တိုက်တာကြီးဦးစီးနာယကဆရာကြီးအဖြစ်ဖြင့် စွမ်းနိုင်သမျှ အုပ်ထိန်းစောင့်ရှောက်ခြင်း၊ စာပေပို့ချခြင်းဖြင့် တိုက်တာ၏ တာဝန်ကို တိုက်အုပ်ဆရာတော်များနှင့် တွဲဖက်၍ ထမ်းဆောင်လာခဲ့ရာ တိုက်အုပ်ဆရာတော် ဦးဓမ္မ ပျံလွန်တော်မူပြန်သည်တွင် သံဃဂဏ်လည်း အထူးတလည်ဖြစ်၍ တိုက်တာ၏ တာဝန်ကြီးသည်လည်း အသက်အရွယ်နှင့် မတန်အောင် ကြီးမားများပြားလှသည်ဖြစ်၍ ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်သက်ဝင်နေစဉ် အရှင်ဉာဏဝရ၏ တပည့်များဖြစ်သော ဦးမေဃနှင့် ဦးလင်္ကာဒီပတို့သည် မဟာဝိသုဒ္ဓါရာမတိုက်သို့ ပြောင်းရွှေ့နေလိုကြောင်း အခွင့်တောင်းကြရာ 'ငိုချင်ရက်လက်တို့' ဆိုသကဲ့သို့ပင် ပကတိကပင် ရွှေကျင်သွေး၊ ရွှေကျင်ဓာတ်ခံပါရှိခဲ့၍ ထရံကာတိုက်၌ နေစဉ်ကပင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမသြဝါဒနည်းနိဿယတို့ကို လိုလားနှစ်သက်မြတ်နိုးရင်း ရှိခဲ့သည်ဖြစ်သောကြောင့် တပည့်နှစ်ပါးကို လွယ်လွယ်ကူကူ ကြည်ဖြူစွာ အခွင့်ပြုရုံသာမက မိမိကိုယ်တိုင်ပင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ ရှေ့ဆောင်ခွင့်တောင်း၍ အခွင့်ရသည့်အတိုင်း ဆရာတပည့်သုံးပါးလုံး မဟာဝိသုဒ္ဓါရာမတိုက်သို့ ရွှေ့ပြောင်းကြကုန်၏။

ဆရာတော်ကလေး အရှင်၏ဉာဏဝရ၏ အရည်အသွေးကို အဝေးနေစဉ်ကပင် သိရှိတော်မူပြီးဖြစ်သော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် အရှင်ဉာဏဝရကို လက်ခံတော်မူ၍ မဟာဝိသုဒ္ဓါရာမတိုက် သပြေပင်ကျောင်း၌ သီးသန့် ချီး

http://www.dhammadownload.com

မြော်က် နေရာချထားပေးတော်မူသည်။ အရှင်ဉာဏဝရသည်လည်း မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးထံ၌ နည်းနာနယအဝဝကို လေ့လာဆည်းပူးရင်း တပည့်သားငယ်များကိုလည်း စာပေပို့ချတော်မူသည်။

မဟာဝိသုဒ္ဓါရာမတိုက်၌ ပထမစာချဖြစ်ပြန်ခြင်း

အရှင်ဉာဏဝရ စာပေပို့ချနေသောအခါ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် ရံခါရံခါသပြေပင်ကျောင်း အနီးအပါးသို့ ကြွရောက်တော်မူ၍ စာနာတော်မူသည်။ စာချပုံ၊ ပြောဆိုပုံ၊ အဓိပ္ပာယတ္ထ ကောက်ယူပုံမှစ၍ နှစ်သက်ကျေနပ်တော်မူသဖြင့် ပထမစာချ သပြေပင်ကျောင်း ဘုန်းကြီးဟူသောဂုဏ်ထူးဖြင့် ချီးကျူးတင်မြှောက်တော်မူသည်။

ဆရာတော်ကလေးဖြစ်ခြင်း

ထို့နောက် အရှင်ဉာဏဝရ ပထမစာချ သပြေပင်ကျောင်းဘုန်းကြီး၏ ဂုဏ်သတင်းသည် ပေါ်လွင်ထင်ရှား များသည်ထက် များလာလေသည်။ စာချသာမဟုတ်၊ ဂန္ဆန္ဒရဇဟုသုတ၊ ပိဋကတ္တယကောဝိဒ၊ ဝိနယကုက္ကုစ္စ၊ သိက္ခာကာမစသော ဂုဏ်တို့ဖြင့် ကျော်ကြားခဲ့သည်ဖြစ်သောကြောင့် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးသည် အရှင်ဉာဏဝရအား ဂုဏ်နှင့်ထိုက်တန်စွာ မဟာဝိသုဒ္ဓါရာမတိုက်အတွင်း၌ ဆရာတော်ဘုရားကြီး၏လက်အောက်ဆရာတော်လေးဟူသော ဘွဲ့မည်ဂုဏ်ပုဒ်ဖြင့် တစ်ဆင့်တက်၍ ချီးမြှောက်တော်မူပြန်သည်။ မန္တလေးမြို့ ကုန်သည်ကြီး ဒေါ်ယာနှင့် သားဦးမြိုင်တို့က ဆောက်လုပ်လှူဒါန်းအပ်သော မင်္ဂလာကျောင်းကိုလည်း အပ်နှင်း၍ ၎င်းမင်္ဂလာကျောင်း၌နေကာ စာပေပို့ချရသည်။

ထိုမှတစ်ပါး ဒီပဲရင်းနယ် ထောက်ရှာရွာ၊ မင်းတည်းကုန်းရွာတို့၌ ဒါယကာ ဒါယိကာမတို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းများကိုလည်း အလှူခံယူတော်မူရသည်။

နာယကဆရာတော်ဖြစ်ခြင်း

၁၂၆၅ ခုနှစ်၌ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသောအခါ ဆရာတော်ကလေး အရှင်ဉာဏဝရအား အရှေ့မဟာဝိသုဒ္ဓါရာမတိုက်၏ နာယက ဆရာတော်အဖြစ်ဖြင့် အပ်နှင်း၍ စောင့်ရှောက်စေတော်မူသည်။ နာယက ဆရာတော် အရှင်ဉာဏဝရသည် မင်းတည်းကုန်းရွာ၌ ကျောင်းဒါယကာ ဦးရှိန်ခို၊ သားမောင်ချင့်တို့က အုတ်တိုက်ကျောင်းဆောက်၍ ဒါယကာအများနှင့် မရမနေ အကြောင်းအမျိုးမျိုးပြု၍ပင့်ကြသဖြင့် ဒုတိယအကြိမ်သုံးဝါ ကြွရောက် ချီးမြှောက်ရသည်။ သိက္ခာဝါတော် ၄၄ ဝါရတော်မူသည့်တိုင်အောင် မင်းတည်းကုန်းရွာ၌ သာ သီတင်းသုံးတော်မူသည်။

ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကဖြစ်ခြင်း

၁၂၇၈ ခုနှစ် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ရွှေကျင်ဂိုဏ်းကြီးကို ဆက်လက်စောင့်ရှောက်ရန် အထက်မြန်မာ နိုင်ငံတော်အတွက် ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက အဖြစ်ဖြင့် ဒီပဲရင်းဆရာတော် အရှင်ဉာဏဝရကို အများသဘောတူ တင်မြှောက်တော်မူကြသည်။

ပိုက်ကျူးတိုက်ကျောင်း ဖြစ်ပေါ်ခြင်း

၁၂၈၆ ခုနှစ် ဒီပဲရင်း ဆရာတော်ဘုရားကြီး လက်ထက်၌ မန္တလေးမြို့ ပိုက်ကျူးရပ် ဒေါ်စုက ဆောက်လုပ်လှူဒါန်းသော အုတ်တိုက်ဖြစ်ပေါ် အလှူခံယူတော်မူရ၍ သက္ကသီဟ ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဝိသုဒ္ဓါရုံ ဂဏဝါစက အရှင်ကောသလ္လာဘိဝံသအား လွှဲအပ် ချီးမြှောက်တော်မူသည်။

http://www.dhammadownload.com

အဘယာရာမ ရွှေဂူတိုက်ဖြစ်ပေါ်ခြင်း

၁၂၈၉ ခုနှစ် မန္တလေးမြို့ မလွန်ရပ် ဦးမင်း၊ ဒေါ်ဝင်းတို့က မန္တလေးမြို့ စိန်ပန်းရပ်ကွက်၌ ဆောက်လုပ်လှူဒါန်းသည့် ကြီးကျယ်ခမ်းနားသော အုတ်တိုက်ကျောင်းကြီးနှင့်တကွ အဘယာရာမ ရွှေဂူတိုက်ကို အလှူခံယူရ၍ သက္ကတ-မာဂဓ ဘာသန္တရ-ကောဝိဒ သကျသီဟပရိယတ္တိသာသနဟိတ ဓမ္မာစရိယ အရှင်အဂ္ဂဓမ္မာဘိဝံသထေရ်အား လွှဲအပ်ချီးမြှောက်တောက်မူသည်။

ပြဆိုအပ်ခဲ့ပြီးသော ဘုန်းကံသမ္ဘာပညာသီလ-စသည့် ဂုဏ်တို့ အရှင်ဖြစ်သော ရွှေကျင်နိကာယ တတိယသာသနာပိုင် ဒုတိယမဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးသည် ၁၂၈၉ခုနှစ် ပြာသိုလဆန်း၁၊ရက်နေ့ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၌ ကမ္မဇရုပ်ချုပ်တော်မူလေပြီ။

[ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ရွှေကျင်နိကာယသာသနာဝင်ကျမ်းမှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။]

ထေရပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ဒီပဲရင်းဆရာတော်ဘုရားကြီး၏
ဩဝါဒတော်

လောဘဖက်လျှင်၊ ဒါနခက်သည်။
မကြောက်မရွံက်လျှင်၊ သီလခက်သည်။
သုတမဖက် မလေ့ကျက်လျှင်၊ ဝိပဿနာခက်သည်။
မသိအစ၊ သိကအဆုံး၊ ကိစ္စတုံး၏။
မသိကတစ်ဖက်ပတ်၊ သိမှအပြီးသတ်သည်။
မသိလျှင်တွယ်၊ သိလျှင်ပြယ်သည်။
တွယ်လျှင်လည်းဘေး၊ ပြယ်လျှင်အေးသည်။
အမှန်ကျန်၊ နည်းကောင်းရလျှင်၊ ယုံယုံကြည်ကြည်သာ အားထုတ်။
သည်ထက်ကောင်းသောအရပ် တစ်လောကလုံးမှာမရှိ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဒီပဲရင်းဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

ဘာဝနာစသည်ကို ပြဆိုခြင်း

ဘာဝနာဆိုသည်မှာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုးရှိသည်။ ယင်းနှစ်မျိုးတို့တွင် သမထဘာဝနာဆိုသည်ကား၊ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် တစ်ပါးပါးကိုမှတ်၍ ရှုဆင်ခြင်သောအခါ တစ်ပါးပါး၌ စွဲမြဲ၍တည်သော အဋ္ဌကကမ္မဋ္ဌာန်းဖြစ်အံ့၊ အရိုးစု အရိုးစုဟု ရှုဆင်ခြင်သော အခါ အရိုးစုအာရုံ၌ စွဲမြဲ၍တည်သော၊ သမာဓိအမျိုးရှိသော မဟာကုသိုလ်စေတသိကို သမထဆိုသည်။ ယင်းသမထကို အဖန်ဖန် ဖြစ်ပွားစေသည်ကို သမထဘာဝနာ ဆိုသည်မှတ်။

ဝိပဿနာ ဘာဝနာဆိုသည်ကား အထူး မြင်တတ်သော၊ ပညာအမျိုးရှိသော မဟာကုသိုလ်စေတသိကို ဆိုသည်။ ဝိသေသေနပဿတီတိ ဝိပဿနာ။ ဝိသေသေန၊ အထူးသဖြင့်။ ပဿတိ၊ မြင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ အထူးမြင်ဆိုသည်မှာ ပညတ်အမြွေးကို ခွာလှန်၍ ရုပ်နာမ်ကိုမြင်၊ ရုပ်၊ နာမ်တို့၏ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကို မြင်သည်ကိုဆိုသည်။ ယင်းဝိပဿနာကို အဖန်ဖန်ဖြစ်ပွားစေသည်ကို ဝိပဿနာဘာဝနာဆိုသည်။ ရွတ်ရုံအံရုံမျှကို ဘာဝနာမဆို သွင်းသော်ကား ဘာဝနာသို့ ဝင်သင့်၏။ သီလကား ကာယကံ မြောက်၊ ဝစီကံမြောက်အောင် လွန်ကျူးတတ်သော ဒီတိက္ကမ ကိလေသာကြမ်းကို ပယ်တတ်သောသဘော။ သမထကား၊ ကာယကံ၊ ဝစီကံကိုမဖြစ်စေဘဲ ဝမ်းထဲတွင်သာပေါ်သော ပရိယုဋ္ဌာနကိလေသာကို ပယ်တတ်သောသဘော။

အပစာယန ဆိုသည်မှာ ရိုသေထိုက်သော အရာတို့၌ အရိုအသေပြုခြင်းအမှု၊ ဝေယျာဝစ္စဆိုသည်မှာ ကောင်းသောအရာ၌ သူတစ်ပါးတို့၏ အမှုကြီးငယ်ကို ဆောင်ရွက်ခြင်းအမှု။ ပတ္တိဒါနဆိုသည်မှာ မိမိပြုသော ကုသိုလ်အဖို့ကို သူတစ်ပါးအား အမျှပေးဝေခြင်းအမှု။ ပတ္တာနုမောဒနာ ဆိုသည်မှာ သူတစ်ပါးပြုသော ကုသိုလ်ကို သာဓုခေါ်၍ ဝမ်းမြောက်ခြင်းအမှု။ ဓမ္မသဝန ဆိုသည်မှာ တရားနာခြင်းအမှု။ ဓမ္မဒေသနာ ဆိုသည်မှာ တရားဟောခြင်းအမှု။ ဒိဋ္ဌုကမ္မ ဆိုသည်မှာ အယူ၏ ဖြောင့်စင်းခြင်းအမှု၊ ဤကား ပုညကြိယဝတ္ထုဆယ်ပါးတည်း။

အပဝေယျာနှစ်ပါးကို သီလ၌သွင်း၊ ပတ္တိ၊ ပတ္တာနှစ်ပါးကို ဒါန၌ သွင်း၊ နောက်သုံးပါးကို ဘာဝနာ၌ သွင်း၊ အကျဉ်းအားဖြင့် ဒါန၊ သီလ၊ ဘာဝနာဟူ၍ ပုညကြိယဝတ္ထု သုံးပါးသာ မှတ်လေ။ ပုညကြိယဝတ္ထု ဆယ်ပါး၊ သုံးပါးဆိုသော်လည်း

http://www.dhammadownload.com

မဟာကုသိုလ်ဇော၊ နာမ် ခန္ဓာလေးပါးပင် မှတ်။ နာမ်ခန္ဓာလေးပါး၏ တည်ရာ အအိမ်ခြောက်ခုနှင့် တကွ ရုပ်စုရုပ်ဝိုင် ရုပ်ခဲကြီးကား ရူပက္ခန္ဓာ၊ သတ္တဝါ အကောင်သည် ကုသိုလ်ကိုပြုသည်ဟု ပြောဆိုရုံသာ သတ္တဝါအကောင်မရှိ၊ ခန္ဓာငါးပါးတို့၏ အစုအဝေး မျှသာမှတ်လေ။ သတ္တဝါအကောင်မဟုတ်သော်လည်း သတ္တဝါအကောင်ဟူ၍ ပညတ်အားဖြင့် ခေါ်ဝေါ်ရုံသာ ခေါ်ဝေါ်ရသော ခန္ဓာငါးပါး အစုအဝေးထဲ၌ သခါရက္ခန္ဓာကို နောင်သုဂတိ၊ ဒုဂ္ဂတိတို့၌ ခန္ဓာပင်ကို ပေါက်ရောက်စေတတ်သောကြောင့် မျိုးစေ့နှင့် တူသည်ဟု မှတ်လေ။

ရူပက္ခန္ဓာ၏ ဝိဂြိုဟ် ရေမြှုပ်ဝိုင်နှင့်တူသည်ကိုပြခြင်း

ဤသို့လျှင် သတ္တဝါတို့၏ ရူပကာယ ခန္ဓာကိုယ်ကို နှမ်းစုနှမ်းပုံ၊ သဲစုသဲပုံဆိုသကဲ့သို့ ငါးပြည်၊ ခြောက်ပြည်ခန့်၊ မုန့်ညက်ပမာဏများလှစွာ သော ရုပ်ကလာပ်မှုန့်တို့၏ အစုအပုံဖြစ်၍လည်းကောင်း၊ နှမ်းတစ်မျိုးတ ခြား၊ သဲတစ်မျိုးတခြား ဆိုသကဲ့သို့ ဝေဒနာစသည်မှ တစ်မျိုးတခြား ဖြစ်၍လည်းကောင်း ရူပက္ခန္ဓာဆိုရသည်။ ခန္ဓသဒ္ဒါရာသီအနက်၊ ကောဋ္ဌာသ အနက်ဟော။ ရူပါနံ ခန္ဓော ရူပက္ခန္ဓော။ (ဝိဂြိုဟ်)။ ရူပါနံ၊ ရုပ်ကလာပ် တွေတို့၏။ ခန္ဓော၊ အစုအပုံတည်း။ ရူပက္ခန္ဓာရုပ်ကလာပ်တွေတို့၏ အစုအပုံ။ အနက်။ တစ်လုံးတည်း၊ တစ်ခုတည်း သတ္တဝါအကောင်အခဲမဟုတ်ဆို လိုသည်။ တစ်နည်းကား။ ရူပါနိဇဝခန္ဓော ရူပက္ခန္ဓော။ (ဝိဂြိုဟ်) ရူပါနိဇဝ၊ ရုပ်ကလာပ်တို့သည်ပင်၊ ခန္ဓော၊ တစ်စုတစ်ပုံတစ်မျိုးတခြား၊ တည်း။ ရူပက္ခန္ဓော၊ ရုပ်ကလာပ်တို့သည်ပင် တစ်စုံတစ်ခု တစ်ပုံ တမျိုးတခြားအနက်။ ဝေဒနာစသည်တို့နှင့် မရောဖက် သက်သက် တစ်စုတစ်ပုံ တစ်မျိုးတခြား ဆိုလိုသည်။ ဖေဏပိဏ္ဍူပမံရူပံ။ သဲယုတ်ပါဠိတော်။ ရူပံ၊ ရူပက္ခန္ဓာသည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်ဝိုင်ကြီးနှင့် အလားတူ၏။ အနက်။ ရူပက္ခန္ဓာသည် အမြင်အားဖြင့် ဟုတ်သလိုလို လိုချင်ဖွယ်၊ ချစ်ခင်ဖွယ်၊ နှစ်သက်ဖွယ်၊ အတုံးကြီး၊ အခဲကြီး၊ အဝိုင်ကြီး၊ အခန့်ကြီး၊ အနှစ်သာရကြီးကဲ့သို့ ထင်မြင်ရ၏။ အသေအချာဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင်သော် မခိုင်မခဲ့ဖြစ်လွယ် ပျက်လွယ်၊ လိုချင်ဖွယ်၊ ယူချင်စရာ ရချင်စရာ တစ်စုံတစ်ရာ အနှစ်အသားမရှိသည့်အတွက် ရေမြှုပ်ဝိုင်ကြီးနှင့်တူလှ၏။ ဆိုလိုသည်။

လူသားပုပ်၊ ခွေးသားပုပ်၊ မြွေသားပုပ်၊ တံတွေးပုပ်၊ ချွဲခန်းပုပ်၊ နှပ်ပုပ်၊ သွေးပုပ်၊ ပြည်ပုပ်၊ ကျင်ကြီး ကျင်ငယ်ပုပ်တို့ကို ရောနှောနယ်ကြိတ်၍ အပြည့်သိပ်အပ်သော ဖယောင်းပုဆိုးအိတ်ကြီး၌ လိုချင်ဖွယ်၊ ယူချင်စရာ ရချင်စရာ တစ်စုံတစ်ရာ အနှစ်အသား မရှိသကဲ့သို့ ထို့အတူ သတ္တဝါတို့ ငါ့ကိုယ်ဟူ၍၊ ငါ့ဟာဟူ၍ နှစ်သက်မြတ်နိုးကြသော ရူပက္ခန္ဓာကြီး၌ လိုချင်ဖွယ်၊ ယူချင်စရာ၊ ရချင်စရာ အနှစ်အသားမရှိ၊ စင်စစ်မှာ အန်ချင်ဖွယ်၊ အော့ချင်ဖွယ်၊ စက်ဆုပ်ဖွယ်၊ ကြောက်ဖွယ်သော မဟာဘုတ် ဥပါဒါယရုပ်တို့၏ အပေါင်းအစု အလုံးအထွေး အစိုင်အခဲကြီးသာတည်းဟု ဤသို့ စသည် ရူပက္ခန္ဓာကို မြင်အောင်ကြည့်ရသည်။ ကြည့်ဆိုသော်လည်း ပကတိ မျက်စိနှင့် ကြည့်ဆိုရှု၍ ရူပက္ခန္ဓာကို မမြင်၊ ဉာဏ်မျက်စိဖြင့် ကြည့်မှသာမြင်သည်။ ဉာဏ်မျက်စိနှင့်ကြည့်ဆိုသည်မှာ သင်ကြားမှတ်သားပြီးလျှင် ကိုယ်ထဲ၌ ထင်မြင်အောင် စဉ်းစားဆင်ခြင်သည်ကို ဆိုသည်။ ယင်းသို့ စဉ်းစားဆင်ခြင်သည်ကိုပင် ကမ္မဋ္ဌာန်း ဘာဝနာပွားသည်ဟူ၍ ဆိုရသည်။ ရွှတ်ရုံအံ့ရုံမျှကို မဆို။ မစဉ်းစား မဆင်ခြင်က ပိဋကတ်သုံးပုံကို ကုန်အောင်ပင်တတ်သော်လည်း ရူပက္ခန္ဓာကို မသိမမြင်မှတ်လေ။

ရူပက္ခန္ဓာပြီး၏။

× × ×

http://www.dhammadownload.com

ရူပက္ခန္ဓာ၌ တစ်မျိုးမှတ်ရန်ပြခြင်း

တစ်မျိုးမှတ်ရန်ကိုပြဦးအံ့။ လူကောင်သဏ္ဌာန် ထင်ရသော ရူပက္ခန္ဓာကြီး၌ ဝတ္ထုရုပ်အဆိမ် ခြောက်ခု ကို လည်းကောင်း၊ ဒွါရအပေါက် ခြောက်ပါးကို လည်းကောင်း မှတ်သားရမည်။ ဝတ္ထုရုပ်အဆိမ် ခြောက်ခုဆိုသည်မှာ စက္ခုဝတ္ထု၊ စက္ခုပသာဒဟူသော မျက်စိအိမ်။ သောတဝတ္ထု၊ သောတပသာဒ ဟူသော နားအိမ်၊ ဃာနဝတ္ထု၊ ဃာနပသာဒဟူသော နှာခေါင်း အိမ်။ ဇိဝှါဝတ္ထု၊ ဇိဝှါပသာဒရုပ်ဟူသော လျှာအိမ်။ ကာယဝတ္ထု၊ တစ်ကိုယ်လုံးရှိ ကာယပသာဒရုပ်ဟူ သော ကိုယ်အိမ်။ ဟဒယဝတ္ထု၊ ဟဒယဝတ္ထုရုပ်ဟူ သော နှလုံးအိမ်။ ဤခြောက်ခုတို့တည်း။

ဒွါရအပေါက် ခြောက်ပါးဆိုသည်မှာ စက္ခု ဒွါရ စက္ခုပသာဒရုပ် ဟူသော စက္ခုဒွါရအပေါက်။ သောတဒွါရ သောတပသာဒရုပ်ဟူသော သောတ ပသာဒအပေါက်။ ဃာနဒွါရ ဃာနပသာဒရုပ်ဟူ သော ဃာနဒွါရ အပေါက်။ ဇိဝှာဒွါရ ဇိဝှာပသာဒ ရုပ်ဟူသော ဇိဝှာဒွါရအပေါက်။ ကာယ ဒွါရ ကာယ ပသာဒရုပ်ဟူသော ကာယဒွါရအပေါက်။ မနောဒွါရ ရင်လယ် ဟဒယဝတ္ထု၌တည်သော ဘဝင်စိတ်ဟူ သော မနောဒွါရအပေါက်။ ဤ ခြောက်ပါးကို ဆို သည်။

ဝသန္တိ ပဝတ္တန္တိ ဧတ္ထာတိဝတ္ထု။ ။(ဝိဂြိုဟ်)။။ ဧတ္ထ၊ ဤရုပ်ခြောက်ပါး၌။ နာမာနိ၊ နာမ်တရားတို့ သည်။ ဝသန္တိပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ နာမ်တရားတို့၏ ဖြစ်ရာ ဖြစ်သော သတ္တိကြောင့်။ ဝတ္ထု၊ ဝတ္ထုမည်၏။ ။အနက်။ အဓိပ္ပာယ်မှာ နာမ်တရားတို့၏ ဖြစ်ရာဖြစ်၍ ရုပ် ခြောက်ပါးတို့ကို ဝတ္ထုရုပ်ဟူ၍ ခေါ်ရသည် ဆိုလို သည်။

ဒွေမဟာ သမောဓာနံ အရန္တိ ဂစ္ဆန္တိ ဧတ္ထ ဧတေနတတိဝါဒွါရံ။ ။ (ဝိဂြိုဟ်)။ ဧတ္ထ၊ ဤ ရုပ် ငါးပါး ဘဝင်တရား၌။ ဝါ၊ တစ်နည်းကား။ ဧတေန၊ ဤရုပ်ငါးပါးဘဝင်တရားကြောင့်။ ဒွေမဟာ၊ နာမ် တရား အာရုံတရားနှစ်ပါးတို့သည်။ သမောဓာနံ၊ ပေါင်းဆုံနာမ်တရား အာရုံတရားနှစ်ပါးတို့သည်။ သမောဓာနံ၊ ပေါင်းဆုံခြင်းသို့၊ အရန္တိ ဂစ္ဆန္တိ၊ ရောက် တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒွါရံ၊ ဒွါရ မည်၏။ ။အနက်။ ။အဓိပ္ပာယ်မှာ နာမ်တရား အာရုံတရားနှစ်ပါးတို့၏ ပေါင်းဆုံရာ ဖြစ်၍လည်း ကောင်း၊ ပေါင်းဆုံခြင်းအကြောင်းဖြစ်၍လည်း ကောင်း ပသာဒရုပ်ငါးပါး ဘဝင် တရားတို့ကို ဒွါရ ဟူ၍ ခေါ်ရသည် ဆိုလိုသည်။

တစ်နည်း။ ။ ဒွါရံဝိယာတိဒွါရံ။ ။ဒွါရံဝိယ၊ မြို့တံခါးပေါက်၊ ရွာ တံခါးပေါက်နှင့် အလားတူ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒွါရံ၊ ဒွါရမည်၏။ အဓိပ္ပာယ်မှာ လောကၱ မြို့ရွာစသည်တို့၏ ထွက် ပေါက်ဝင်ပေါက်ကို ဒွါရဟူ၍ ခေါ်ဆိုရင်း ဖြစ်သည်။ ပသာဒရုပ်ငါးခု၊ ဘဝင်စိတ်တို့ကိုကား ထိုအပေါက် ဒွါရနှင့် အလားတူသောကြောင့် ဒွါရခေါ်ရပြန်သည် ဟု ဆိုလိုသည်။ တူပုံမှာ ပကတိတံခါးပေါက်သည် အတွင်းလူ၊ အပြင်လူတို့ တွေ့ဆုံရာဖြစ်သကဲ့သို့ ထို့ အတူ ပသာဒရုပ်ငါးခုဘဝင်စိတ်သည်လည်း အတွင်း လူနှင့်တူသော နာမ်တရား၊ အပြင်လူနှင့်တူသော အာရုံတရားတို့ ပေါင်းဆုံရာဖြစ်သည်။ ။ဤလို တူကြသည်။ ။ဤစကား၌အတွင်းလူ တံခါး ခုံကျော် ထွက်မိလျှင် အတွင်းလူမဆိုရ၊ ပြင်လူတံခါးခုံကို ကျော်ဝင်မိလျှင် ပြင်လူမဆိုရ။

အာရုံခြောက်ပါးတို့ကိုလည်း မှတ်သားအပ်ကုန်၏။ ခြောက်ပါးဆိုသည်ကား ရူပါရမ္မဏ်= အဆင်းရုပ်ဟူသော ရူပါရုံ။ သဒ္ဒါရမ္မဏ်=အသံရုပ်ဟူ သော သဒ္ဒါရုံ၊ ဂန္ဓာရမ္မဏ်=အနံ့ရုပ်ဟူသော ဂန္ဓာရုံ။ ရသာရမ္မဏ်=အချို၊ အချဉ်၊ အစပ်၊ အငန်၊ အဖန်၊ အခါး ရသရုပ်ဟူသောရသာရုံ။ ဖောဋ္ဌဗ္ဗာရမ္မဏ်– အတွေ့ဟူသော ဖောဋ္ဌဗ္ဗာရုံ။ အတွေ့ဆိုသည်မှာ ပထဝီ၊ တေဇော၊ ဝါယော– ဤဘုတ်သုံးပါးကို ဆို

http://www.dhammadownload.com

သည်။ ဓမ္မာရမ္မဏံ= အလွတ်အာရုံဟူသော ဓမ္မာရုံ။ အလွတ်ဆိုသည်မှာ အာရုံရုပ် ခုနစ်ပါးမှလွတ်သော နှစ်ဆယ့်တစ်ပါးသော ရုပ်တရား၊ နာမ်၊ နိဗ္ဗာန်၊ ပညတ်၊ ဤတရားစုကိုဆိုသည်။ အာလမ္မိယတီတိ အာလမ္မဏံ။ (ဝိဂြိုဟ်)။ နာမေန၊ နာမ်တရားသည်။ အာလမ္မိယတိ။ ဆွဲကိုင်အပ်၏။ ဣသိတသ္မာ၊ ထို့ကြောင့်။ အာလမ္မဏံ၊ အာလုံမည်၏။ (ဤသို့ဆိုရမည်ကို လကိုရပြု၍ အာရုံဟူ၍ ဆိုရလေသည်။) အဓိပ္ပာယ်မှာ မစွမ်းမသန် သောသူသည် ကြိုးတန်း၊ ကြိမ်တန်းကို ဆွဲကိုင်ရမှ ထနိုင်သကဲ့သို့ ထို့အတူ နာမ်တရားသည်လည်း ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ၊ ဤခြောက်ပါးသော တရားတို့ကို ဆွဲကိုင်ရမှ ဖြစ်ပေါ်နိုင်သည်။ မဆွဲမကိုင်ရသော် မဖြစ်ပေါ်နိုင်။ ယင်းသို့ နာမ်တရားသည် ဆွဲကိုင်အပ်သောကြောင့် ယင်း တရားခြောက်ပါးကို အာရုံဟူ၍ ခေါ်ရသည်ဆိုလိုသည်။ တစ်နည်း။ အာရမတိဧတ္ထာတိ အာရမ္မဏံ။ ဧတ္ထ၊ ဤခြောက်ပါးသောတရား၌။ နာမ်၊ နာမ်တရားသည်။ အာရမတိ၊ မွေ့လျော်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာရမ္မဏံ၊ အာရုံမည်၏။ တစ်မျိုးမှတ်သားရန်ကိုပြသည်၊ ပြီး၏။

ဝေဒနကမ္မဋ္ဌာနနှင့်တကွ ယင်းဝေဒနာဖြစ်ပုံကို ပြဆိုခြင်း

ဝေဒနကမ္မဋ္ဌာနကို ပြဆိုဦးအံ့။ ဝေဒနာဆိုသည်မှာ အာရုံ၏ အရသာကို ခံစားတတ်သော သဘောကိုဆိုသည်။ ဝေဒယတီတိ–ဝေဒနာ။ (ဝိဂြိုဟ်)။ ဝေဒယတိ၊ အာရုံ၏အရသာကို ခံစားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝေဒနာ၊ ဝေဒနာမည်၏။ အနက်။ ဤစကားကို ခံစားတတ်သော သတ္တိမရှိ။ နိဗ္ဗာပါရဖြစ်သော ဝေဒနာကို ခံစားတတ်သော သတ္တိရှိသော အကောင်ကဲ့သို့ တင်စား၍ ဆိုသောကြောင့် ရုဋ္ဌိစကားဟူ၍မှတ်။ ရုဋ္ဌိဆိုသည်ကား မုချ မဟုတ်သော စကားကိုဆိုသည်။ ထင်ရှားစေဦးအံ့။ ယင်းရုဋ္ဌိသည် အတွင်ရုဋ္ဌိ၊ အထင်ရုဋ္ဌိ၊ အတင်ရုဋ္ဌိဟူ၍ သုံးမျိုးရှိသည်။ ယင်းသုံးမျိုးတို့တွင် ဗိုလ်ဖြစ်ဖူးသောသူကို ဗိုလ်မင်း၊ ဝန်ထောက်မင်း၊ သူကြီးမင်း ဖြစ်ဖူးသော သူကို သူကြီးမင်း၊ ဤသို့ စသည်ခေါ်ဆိုကြသော စကားကို အတွင်ရုဋ္ဌိ ဟူ၍မှတ်။ သူဌေးကို သူဌေး၊ ငကြွယ်ဝ၊ ငချမ်းသာ၊ ဤသို့စသည်ခေါ်ဆိုကြသော စကားကို အတင်ရုဋ္ဌိဟူ၍မှတ်။ ထမင်းချက်သည်၊ ဟင်းချက်သည်၊ လေးနှင့်ပစ်သည်၊ သေနတ်နှင့် ပစ်သည်၊ ဤသို့စသည် ဆိုကြသောစကားကို အတင်ရုဋ္ဌိဟူ၍ မှတ်။ ဤအရာ၌ အထင်ရုဋ္ဌိဟူ၍ မှတ်။

မုချစကားမှာ ခံစားဆိုသော်လည်း ခံသာမခံသာ ဖြစ်ပေါ်ခြင်းမျှပင်၊ ယင်းသို့ ဖြစ်ပေါ်သော ခံသာ–မခံသာသော သဘောကိုပင် ဝေဒနာဟူ၍ မှတ်ရသည်၊ ဝေဒနာဟူ၍ ဆိုရသည်။ ယင်းသဘော မှတစ်ပါး ဝေဒနာဟူ၍ မှတ်စရာမရှိ၊ ဝေဒနာဟူ၍ ဆိုစရာမရှိ။ ဝေဒယိတလက္ခဏာ ဝေဒနာ။ ထိုထို အဒ္ဓကထာတို့၌ လာသောပါဠိ၊ ဝေဒနာ၊ ဝေဒနာသည်။ ဝေဒယိတ လက္ခဏာ၊ ခံသာ–မခံသာသော သဘောလျှင် မှတ်စရာရှိ၏။ အနက်။ ယင်းဝေဒနာကို သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍ သုံးမျိုးမှတ်။ တစ်နည်း သုခဝေဒနာ၊ ဒုက္ခဝေဒနာ–သောမနဿဝေဒနာ–ဒေါမနဿဝေဒနာ–ဥပေက္ခာဝေဒနာဟူ၍ ငါးမျိုးမှတ်။ ကိုယ်၌ ခံသာသည်ကား သုခဝေဒနာ မခံသာသည်ကား ဒုက္ခဝေဒနာ။ စိတ်၌ ခံသာသည်ကား သောမနဿဝေဒနာ၊ မခံသာသည်ကား ဒေါမနဿဝေဒနာ နှစ်မျိုး ဒုက္ခဝေဒနာ၊ အလယ်အလတ် လျစ်လျူကား ဥပေက္ခာဝေဒနာ၊ သုခဝေဒနာ နှစ်မျိုးပွား၍ ဝေဒနာငါးမျိုးဖြစ်သည်။ ယင်းဝေဒနာသည် ဒွါရခြောက်ပါးတို့တွင် ကာယဒွါရ၌ အထူးသိသာ၏။ ထင်ရှားအောင် ပြဦးအံ့။ ပူအိုက်၍ ရေချိုးသောအခါ၊ လေညင်းခံသောအခါ၊ နူးညံ့သော အိပ်ရာ၌ အိပ်နေသောအခါ စသည်တို့၌ ရေ၊ လေ၊ မီးရှိန်၊ ဥတုငွေ့၊ အိပ်ရာနေရာတို့၏ အတွေ့ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒရုပ်တွေကို

http://www.dhammadownload.com

တိုက်ခိုက်၍ မနောကိုတိုက်ခိုက်လေ၏။ ထိုအခါ ကာယပသာဒ ရုပ် အိမ်မှ ခံသာသော သဘောတွေ၊ နှလုံးအိမ်မှ ဝမ်းမြောက်ချမ်းသာသည် ဆိုရသော ခံသာသော သဘောတွေ ဖြစ်ပေါ်လေ၏။ ယင်း ခံသာသော သဘောတွေကိုပင် သုခဝေဒနာဟု မှတ်ရသည်။ သုခဝေဒနာဟု ဆိုရသည်။ နှလုံးအိမ်၌ ဖြစ်သော သုခဝေဒနာကိုကား သောမနဿ ဝေဒနာဆိုပြန်သည်။

အထူးအားဖြင့် သားမယားတို့၏ အတွေ့ဖောဌဗ္ဗာရုံနှင့် တွေ့ထိသောအခါ နှလုံးအိမ်၌ ခံသာသော သောမနဿ ဝေဒနာတွေ အလွန်ကြီးစွာ ဖြစ်ပေါ်သည်။ ယင်းသောမနဿဝေဒနာနှင့်အတူ ဖြစ်သော အလွန်နှစ်သက် အားရသော ဝိညာဏ်စိတ်က ကောင်းသော အတွေ့ရှိသော အာပေါလွန်သော အဋ္ဌကလာပ်ရုပ်ဟူသော သုက်သွေးတို့ကို ကိုယ်အားလုံး၌ အပျံ့အနှံ့ ဖြစ်ပွားလှုပ်ရှား ရွေ့သွားစေ၏။ အသစ်ကိုရည်၍ ဖြစ်ပွားသည်ဟု ဆိုသည်။ အဟောင်းကိုရည်၍ လှုပ်ရှား။ အသစ်အဟောင်းကို ရည်၍ ရွေ့သွားသည်ဟုဆိုသည်။ ကိုယ်အားလုံး၌ လှုပ်ရှား ရွေ့သွားသော ယင်းသုက်သွေး၏ အတွေ့ဖောဌဗ္ဗာရုံသည် ကိုယ်လုံးရှိ ကာယပသာဒရုပ်တွေကို ခိုက်တိုက်သည့်အတွက် ကိုယ်လုံးရှိ ကာယပသာဒရုပ် အအိမ်တို့မှလည်းကောင်း၊ နှလုံးအိမ်မှလည်းကောင်း အားကြီးသောခံသာသော သုခဝေဒနာတွေဖြစ်သည်။ ဆိုအပ်ပြီးသော ယင်းသုခဝေဒနာတွေသည် ခြင်ဆီ အရိုး အကြော အသွေး အသား အရေတို့လည်း မဟုတ်ကုန်။ ခိုက်တိုက်သော ဖောဌဗ္ဗာရုံလည်း မဟုတ်။ အလွတ်တစ်မျိုးတခြား ကျောက်-မီးခတ်ကြားမှ မီးပွားဖြစ်သကဲ့သို့မှတ်။ ယင်းသုခဝေဒနာကို ဘယ်လိုနေရာကဘယ်လိုဖြစ်သည်၊ ဘယ်လိုနေသည်၊ ဘယ်လိုဟာပါတကားဟု စဉ်းစားဆင်ခြင်ရသည်။ ငါအကောင်မထင်စေရ။ ။ သုခဝေဒနာဖြစ်ပုံ။

ဒုက္ခဝေဒနာဖြစ်ပုံမှာ။ ။ မကောင်းသောအတွေ့ရှိသော မီးလေ၊ နေပူ၊ သစ်၊ သံ၊ ကျောက်စသော တစ်စုံတစ်ခုနှင့်ထိမိ၊ တိုက်ခိုက်မိသောအခါ ယင်းဝတ္ထုတို့၏ အတွေ့ဖောဌဗ္ဗာရုံသည် ကာယပသာဒရုပ်တွေကို ခိုက်တိုက်၍ မနောကို ခိုက်တိုက်လေ၏။ ထိုအခါကာယပသာဒရုပ် အအိမ်တို့မှ မခံသာနာကျင်သောသဘောတွေ၊ နှလုံးအိမ်မှ မနေသာ မထိုင်သာ မခံသာသောသဘောတွေ ဖြစ်ပေါ်လေ၏။ ယင်းမခံသာသော သဘောတွေကိုပင် ဒုက္ခဝေဒနာဟု မှတ်ရသည်။ ဒုက္ခဝေဒနာဟု ဆိုရသည်။ ။ နှလုံးအိမ်၌ဖြစ်သော ဒုက္ခဝေဒနာကိုကား ဒေါမနဿဝေဒနာ ဆိုပြန်သည်။ ဤကား ဗဟိဒ္ဓဖောဌဗ္ဗာရုံကြောင့် ဒုက္ခဝေဒနာဖြစ်ပုံ။

အဗ္ဘန္တရဖောဌဗ္ဗာရုံကြောင့်ဖြစ်ပုံမှာ။ ။သစ်၊ သံ၊ ကျောက်၊ မြေ၊ လက်နက်စသော တစ်စုံတစ်ခုကို ထိခိုက်သော ဒဏ်ကြောင့် ကိုယ်တွင်း အဗ္ဘန္တရသည် ပျက်လေ၏။ ယင်းတဖောဓာတ်ပျက်သည် ဝါယောကို ဖြစ်စေ၍ ဝါယောနှင့်တကွ ဓာတ်ပျက် အငွေ့အရှိန် ဖောဌဗ္ဗာရုံဖြစ်လေ၏။ ယင်းဓာတ်ပျက် အငွေ့အရှိန် ဖောဌဗ္ဗာရုံသည် ကာယပသာဒရုပ်နှင့်တကွ မနောကို ခိုက်တိုက်လေ၏။ ထိုအခါ ကာယပသာဒရုပ် အအိမ်တို့မှ အောင့်ကိုက်နာကျင် မခံသာသော ဒုက္ခဝေဒနာတွေ နှလုံးအိမ်နှ ဆင်းရဲပင်ပန်းစွာ မခံသာသော ဒုက္ခဝေဒနာတွေ ဖြစ်ပေါ်လေ၏။ ဓာတ်တစ်ပါးဟူသော အသားအသွေးကို ပုပ်သိုးဖောက်ပြန်စေ၏။ ယင်းတဖောဓာတ်ပျက် အငွေ့အရှိန်ကိုပင် မန်းဟူ၍ဆိုသည်။ ယင်းတဖောဓာတ်ပျက် အငွေ့အရှိန်ကုန်မှ ဒဏ်ရာအနာပျောက်သည်။

ဥတုမညီညွတ်သည့်အတွက်ကြောင့် လည်းကောင်း၊ ဣရိယာပုတ်မမျှသည့်အတွက်ကြောင့် လည်းကောင်း၊ မသင့်မတင့်သော အစာအာဟာရကြောင့်လည်းကောင်း ဤသို့ စသည် တစ်ခုခုသော အကြောင်းကြောင့် ကိုယ်တွင်း အဗ္ဘန္တရတဖောသည်

http://www.dhammadownload.com

ပျက်လေ၏။ ယင်းတရောဓာတ်ပျက်သည် ဝါယော ကို ဖြစ်စေ၍ ဝါယောနှင့်တကွ ဓာတ်ပျက် အင်္ဂ. အရှိန် ဖောဋ္ဌဗ္ဗာရုံ ဖြစ်လေ၏။ ယင်းတရော ဝါယော ဓာတ်ပျက် အင်္ဂ.အရှိန် ဖောဋ္ဌဗ္ဗာရုံသည် ဓာတ် တစ်ပါး၊ကိုလည်း ဖောက်ပြန် ပျက်ပြားစေ၏။ ကိုယ် လုံးရှိ ကာယပသာဒရုပ်တွေကို ပုံ့.နှံ့.ခိုက်တိုက်၍ မနောကိုလည်း ခိုက်တိုက်လေ၏။ ထိုအခါ ကိုယ်လုံး ရှိ ကာယပသာဒရုပ် အအိမ်တို့မှ ကိုက်ခဲပူလောင်စွာ မခံသာသော သဘောတွေ နှလုံးအိမ်မှ မနေသာ မထိုင်သာ မခံသာသော သဘောတွေ ဖြစ်ပေါ်လေ ၏။ ယင်းမခံသာသော သဘောတွေကိုပင် ဒုက္ခ ဝေဒနာ မှတ်ရသည်။ ဒုက္ခဝေဒနာ ဆိုရသည်။ နှလုံး အိမ်၌ ဖြစ်ပေါ်သော ဒုက္ခဝေဒနာကိုကား ဒေါမနဿ ဝေဒနာဆိုပြန်သည်။ သလိပ်၊ သည်းခြေ၊ သွေး၊ လေ တို့လည်း ဖောက်ပြန်ပျက်ပြားလေ၏။ ထိုအခါ ဖျားသည်ဟူ၍ ဆိုရ၏။ ယင်းတရောဝါယောဓာတ် ပျက် အင်္ဂ.အရှိန် ဖောဋ္ဌဗ္ဗာရုံသည် ဦးခေါင်းကို မျက်စိကို နားကို သွားကို ခါးကို ဝမ်းကို ရင်ကို အကြောအခြင် စသည်ကို ခိုက်တိုက်တိုးဝှေ့သည် ဖြစ်ခဲ့၊ ခေါင်းခဲနာ မျက်စိနာ နားနာ သွားနာ ခါးနာ ဝမ်းနာ ရင်နာ ညောင်းကိုက်သောအနာ စသည် အထူးထူး အထွေထွေ ရောဂါမျိုးတွေ ဖြစ်လေ၏။

ယင်းတရောဝါယောဓာတ်ပျက် အင်္ဂ.အရှိန် သည် တစ်ခုသော နေရာ၌ ခိုက်တိုက်စုဝေး အသွေး အသားဟူသော ဓာတ်တစ်ပါး၊ကို ပျက်ပြားစေ၍ တည်ခဲ့သည်ရှိသော် အနာပေါက်သည်ဟူ၍ ဆိုရပြန် သည်။ ဒုက္ခဝေဒနာလည်း ဖြစ်လေ၏။ ယင်း ဆိုအပ် ပြီးသော မခံသာသော ဒုက္ခဝေဒနာတွေကို အရေ အကြော အရိုးအသားအသွေးဟူသော အအိမ်လည်း မဟုတ်၊ ခိုက်တိုက်သော ဓာတ်ပျက်အင်္ဂ.အရှိန် ဖောဋ္ဌဗ္ဗာရုံလည်းမဟုတ်၊ မီးခြစ်အိမ် မီးခြစ်တံနှစ်ရပ် ထိခတ်၍ ဖြစ်ပေါ်သော မီးတောက်ကဲ့သို့ တစ်မျိုး တခြားဟုမှတ်။ ယင်းမခံသာသော ဒုက္ခဝေဒနာတွေ ကို ဘယ်လိုနေရာက ဘယ်လိုဖြစ်သည်၊ ဘယ်လိုနေ သည်၊ ဘယ်လိုဟာပါတကားဟူ၍ စဉ်းစား ဆင်ခြင် မှု ဝေဒနာကို အမှန်ကျသိနိုင်သည်။ ဓာတ်ပျက်ဆို သည်မှာ တစ်စုံတစ်ခုသောအကြောင်းကြောင့် ဖောက် ပြန်သော မူလရှိရင်း စတုဇကလာပ်တို့၌ ပါရှိသော ဥတုသည် ဆက်လက် ဖြစ်ပွားစေအပ်သော၊ ဖောက် ပြန်သော အာဂန္တုကဓာတ်သစ်တွေကို ဆိုသည်။ အနာမျိုး၊ ရောဂါမျိုး ဖြစ်သမျှ တစေ့ဆွ၍ဖြစ် သော အာဂန္တုက ဓာတ်ပျက်တို့ကို အစွဲပြု၍ဖြစ်သည် မှတ်လေ။ ဤသည်ကား ကိုယ်တွင်းရှိ ဖောဋ္ဌဗ္ဗာရုံကြောင့် ဒုက္ခဝေဒနာဖြစ်ပုံ။

မနောဒွါရ၌လည်း ဒုက္ခဝေဒနာသိသာ၏။ ထင်ရှားစေဦးအံ့။ ချစ်ခင်လေးမြတ်၊ နှစ်သက်မြတ်နိုး အပ်သော ဆွေမျိုးစည်းစိမ်စသည်တို့၏ ပျက်စီးခြင်း၊ ကွေကွင်းခြင်းတို့နှင့်တွေ့ကြုံရသောအခါ၊ တွေ့ကြုံ ပြီးသည်ကို အောက်မေ့သောအခါ စသည်တို့၌ ပျက်စီးခြင်း၊ ကွေကွင်းခြင်းဟူသော မနှစ်သက်အပ် သော အာကာရပညတ် ဓမ္မာရုံသည်လည်းကောင်း၊ မနှစ်သက်အပ်သော အာကာရပညတ် ဓမ္မာရုံသည် လည်းကောင်း၊ မနှစ်သက်အပ်သော အာကာရ ပညတ်၏ မှီရာဝတ္ထု၌ရှိသော အာရုံခြောက်ပါးတို့ တွင် တစ်ပါးပါးသည်လည်းကောင်း၊ ချမ်းသာသုခမှ ဆုတ်ယုတ်သော မိမိကိုယ်ဟူသော ပညတ်ဓမ္မာရုံ သည်လည်းကောင်း၊ မနှစ်သက်အပ်သော အာရုံတို့ တွင် တစ်ပါးပါးသည် ဘဝင်မနောကို ခိုက်တိုက်လေ ၏။ ထိုအခါ စိတ်အစဉ်၌ ပြင်းပြပူလောင်စွာ မချမ်း သာ မခံသာသော သဘောတွေ ဖြစ်ပေါ်လေ၏။ ယင်းမခံသာသော သဘောတွေကိုပင် ဒေါမနဿ ဝေဒနာဟု မှတ်ရသည်။ ဒေါမနဿ ဝေဒနာဟု ဆိုရသည်။ ယင်းဒေါမနဿ ဝေဒနာ အားကြီးခဲ့လျှင် မစား‌နိုင်၊ မအိပ်နိုင်၊ မလုပ်နိုင်၊ မကိုင်နိုင်၊ ကြွမိုင် ပူဆွေး အသားအသွေး ညှိုးမှိန်ခန်းခြောက် ရူးလောက် အောင် သေလောက်အောင်၊ ပူလောင်ပင်ပန်းစေနိုင်

http://www.dhammadownload.com

သည်။

ထိုစကားသည် မှန်၏။ နှလုံးအိမ်၌ အားကြီးသော ဒေါမနဿဝေဒနာတွေသည် စိတ်ကို ပူလောင်စေ၏။ ယင်းစိတ်ပူသည် ပူပြင်းသော တေဇော၊ ဝါယော အင်္ဂေ.အရှိန်တွေကို ဖြစ်စေ၏။ ယင်းပူပြင်းသော အင်္ဂေ.အရှိန် ဖောဋ္ဌဗ္ဗာရုံသည် နှလုံးသွေး နှလုံးအိမ်နှင့်တကွ အသားအရေတို့ကို ပျံ့နှံ့ခိုက်တိုက် ပူလောင်စေသည်ရှိသော် အသားအသွေးတို့ ညှိုးမှိန်ခန်းခြောက်ရလေ၏။ ။ပူပြင်းသောအင်္ဂေ.အရှိန်ကြောင့် နှလုံးသွေး ဆူပွက် နှလုံးသွေး ပျက်ခဲ့သည်ရှိသော် ပဋ္ဌာစာရီ သူဌေးသမီးကဲ့သို့ ရူးသွပ်ခြင်းသို့ ရောက်ရလေ၏။ ယင်း အင်္ဂေ.အရှိန် အလွန်ပူပြင်းလှသဖြင့် နှလုံးသွေး နှလုံးသားကိုလောင်၍လည်း သေတတ်သည်။ ယင်းအင်္ဂေ.အရှိန် နှလုံးအိမ် မဆံ့လောက်အောင် အားကြီးလှ၍ အင်္ဂေ.အရှိန် တွန်းကန်သည့်အတွက် ဗြောက်ကွဲသကဲ့သို့ နှလုံးအိမ်ကွဲသဖြင့်လည်း သေတတ်သည်။

တစ်ယောက်သော မြင်းစီးဘီလူးမသည် အရွယ်အဆင်းနှင့် ပြည့်စုံသော လူယောကျ်ားတစ်ယောက်ကို ဖမ်းယူ၊ ကျောက်ဂူတွင် လင်ပြုသွင်းထား၊ သားတစ်ယောက်ရ၍ အရွယ်ရောက်သော် ကာလ သားအဖနှစ်ယောက် ထွက်ပြေးကြရာ သားနှင့် ကွေကွင်းရသည့်အတွက် ပူပန်ဆင်းရဲ နှလုံးကွဲ၍ သေလေ၏။ ပုတ္တ သောကေန ဟဒယံ ဖလိ။ နဝနိပါတ် အဋ္ဌကထာ။ ပုတ္တသောကေန၊ သားကိုအာရုံပြု၍ဖြစ်သော ပူဆွေးခြင်း သောကဟူသော ဒေါမနဿဝေဒနာကြောင့်။ ဟဒယံ၊ နှလုံးအိမ်သည်။ ဖလိ၊ ကွဲလေ၏။ ။အနက်။ ဤအဋ္ဌကထာ၌ ဒေါမနဿဝေဒနာဟူသော သောကကြောင့် နှလုံးကွဲသည်ဟု ဆိုခြင်းသည် မုချစကားမဟုတ်။ မျက်စိဖြင့် မြင်သည်၊ လေနာသည် မီးကြောင့် ဝမ်းပြောချမ်းသာသည်၊ ဤသို့ စသည်ဆိုကြသော စကားတို့ကဲ့သို့တင်စား၍ ဆိုသောကြောင့် ရုဋ္ဌိ စကားဟူ၍မှတ်။

ထိုစကားမှန်၏။ ဒေါမနဿဝေဒနာသည် အသား အသွေး ဟူသော ရုပ်ကို မပူလောင်စေတတ်။ နှလုံးအိမ်ကိုလည်း မခွဲတတ်။ စိတ်ကိုသာ ပူလောင်စေတတ်သည်။ ။ 'သောကောဉ္စပ္ပဒုမာနောအဂ္ဂိဝိယ၊ စိတ္တ ဗျာပေတိ'။ သမ္မောအဋ္ဌကထာ။ ။ သောကော၊ ဒေါမနဿဟူသော သောကသည်။ ဉပ္ပဒုမာနော၊ ဖြစ်သည်ရှိသော်။ အဂ္ဂိဝိယ၊ မီးကဲ့သို့။ စိတ္တံ၊ စိတ်ကို။ ဗျာပေတိ၊ ပူလောင်စေ၏။ အနက်။ ။ဒေါမနဿဝေဒနာက စိတ်ကို ပူလောင်စေသည်။ စိတ်ကပူပြင်းသော တေဇောဝါယောတို့ကို ဖြစ်စေသည်။ ယင်းပူပြင်းသော တေဇောဝါယောတို့က နှလုံးအိမ်နှင့်တကွ တစ်ကိုယ်လုံးကို ပူလောင်စေတတ်၊ နှလုံးအိမ်ကို ကွဲစေတတ်သည် ဆိုလိုသည်။ ဤဆိုခဲ့ပြီးသည့်အတိုင်း မနုစ်သက်အပ်သော အာရုံတို့ မနောကို ခိုက်တိုက်သောအခါ နှလုံးအိမ်ထဲ၌ ဖြစ်ပေါ်သော မချမ်းမသာ မခံသာသော ဒေါမနဿဝေဒနာတွေကို နှလုံးအိမ်လည်းမဟုတ်၊ မနုစ်သက်အပ်သော အာရုံလည်းမဟုတ်။ အအိမ်၊ အာရုံတို့မှ အသီးအခြားတည်းဟုမှတ်။ ယင်းမခံသာသော ဒေါမနဿ ဒုက္ခဝေဒနာတွေကို ဘယ်လို နေရာက ဘယ်လိုဖြစ်သည်၊ ဘယ်လိုနေသည်၊ ဘယ်လိုဟာပါတကားဟု စဉ်းစားဆင်ခြင်ရသည်။ စဉ်းစားဆင်ခြင်မှ ဝေဒနာကို အမှန်ကျသိနိုင်သည်။

ယင်းဆိုအပ်ပြီး အဟောင်းအသစ်ဖြစ်ပြီးဖြစ်ဆဲ ဝေဒနာတွေကို ဉာဏ်ဖြင့် ပေါင်းစု၍ နှမ်းစုနှမ်းပုံ သဲစုသဲပုံ ဆိုသကဲ့သို့ ဝေဒနာကွန္ဓာဆိုရသည်။ ။ 'ဝေဒနာနံ ခန္ဓော ဝေဒနာက္ခန္ဓော'။ ။(ဝိဂြိုဟ်)။ ။ ဝေဒနာနံ၊ ဝေဒနာတို့၏။ ခန္ဓော၊ အစုအပုံတည်း။ ဝေဒနာက္ခန္ဓော၊ ဝေဒနာတို့၏ အစု အပုံ။ ။ အနက်။ တစ်လုံးတည်း တစ်ခုတည်း သတ္တဝါအကောင်အခဲမဟုတ် ဆိုလိုသည်။ ။ တစ်နည်း 'ဝေဒနာဇဝဒန္ဓော ဝေဒနာက္ခန္ဓော'။ ။(ဝိဂြိုဟ်)။ ဝေဒနာဇ၊ ဝေဒနာတွေသည်ပင်လျှင်။ ခန္ဓော၊ တစ်စုတစ်ပုံ တစ်မျိုးတခြား

http://www.dhammadownload.com

တည်း။ ဝေဒနာကွန္ဒေ၊ ဝေဒနာတွေ တစ်စုတစ်ပုံ တစ်မျိုးတခြား။ အနက်။ ။နှမ်းတစ်မျိုးတခြား၊ သဲတစ်မျိုးတခြားဆိုသကဲ့သို့ တစ်ပါးခန္ဓာနှင့် မရောနှော၊ ဝေဒနာတွေလည်း တစ်သီးတစ်မျိုးတခြားဆိုလိုသည်။ ဝေဒနာပုပ္ပဇ္ဇုပမာ။ ။ ရေပြွက်နှင့် အလားတူ၏။ အနက်။ ။ ဝေဒနာကွန္ဓာသည် ဖြစ်လွယ်ပျက်လွယ် အယူမခံ၊ အကိုင်မခံ ယူစရာရစရာ အတုံးအခဲ အနှစ်အသားမရှိသည့်အတွက် ရေပြွက်နှင့်တူသည် ဆိုလိုသည်။ ဝေဒနာကွန္ဓာပြီး၏။

သညာကွန္ဓာကိုပြခြင်း

သညာ ဆိုသည်မှာ မှတ်သိတတ်သော သဘောကို ဆိုလိုသည်။ သဉ္ဇာ နာတီတိ သညာ။ (ဝိဂြိုဟ်)။ ။သဉ္ဇာနာတိ၊ အာရုံကိုမှတ်သိတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သညာ၊ သညာမည်၏။ အနက်။ ဤစကားမျိုးသည် ရုဋ္ဌိသာတည်း။ မုချအစစ်ကား မှတ်သိခြင်းမျှကိုပင် သညာဟူ၍မှတ်ရသည်။ သညာဟူ၍ဆိုရသည်။ တခြားမရှိ၊ သဉ္ဇာနနလက္ခဏာ သညာ။ ။အဋ္ဌ အဏာတို့ဋ္ဌ လာသော ပါဠိ။ ။သညာ၊ သညာသည်။ သဉ္ဇာနနလက္ခဏာ၊ အာရုံကိုမှတ်သိခြင်းလျှင် မှတ်စရာရှိ၏။ ။အနက်။ ထမင်းမှန်း ဟင်းမှန်း၊ မိမှန်း ဖမှန်း၊ တောင်မှန်း မြောက်မှန်းသိသည်။ ဤသို့စသည်သိဆိုသမျှ မှတ်သိပင်၊ အခေါ်အဝေါ်အမှတ်အသား နားလည်ကျွမ်းကျင် တတ်သိလိမ္မာသည်ဆိုသမျှလည်း မှတ်သိသညာပင်။ စာဖတ်သောအခါ အက္ခရာစာလုံးတွေကိုသိခြင်း၊ တစ်၊ နှစ်စသော သင်္ချာကို သိမြင်ခြင်း၊ သစ်ပင်ကို မြင်သောအခါ ပင်စည်အကိုင်း အခက် အရွက် အသီး အပွင့်အရွက်တွင်လည်း အကြမ်းအနု အရင့်အရော်စသည် အသီးသီး၊ တစ်မျိုးစီခွဲခြား၍ သိမြင်ခြင်း စသည်တို့လည်း မှတ်သိသညာပင်။ ဤသို့ စသည် မျက်စိဥပစာအတွင်း မြင်သမျှနားဥပစာအတွင်း ကြားသမျှ အများအာရုံတွေကို အမည်နှင့်တကွ တစ်မျိုးစီခြားနားသိမြင်ခြင်း ဟူသမျှကို မှတ်သိသညာပင်ဟူ၍ မှတ်လေ။ ယင်းမှတ်သိကို ဘယ်လိုနေရာက ဘယ်လိုဖြစ်သည်၊ ဘယ်လိုနေသည်၊ ဘယ်လိုဟာပါတကားဟု စဉ်းစားဆင်ခြင်ရသည်။ စဉ်းစားဆင်ခြင်မှ သညာကို အမှန်ကျ သိနိုင်သည်။

ယင်းဆိုအပ်ပြီး အဟောင်းအသစ်ဖြစ်ပြီး ဖြစ်ဆဲသညာတွေကို ဉာဏ်ဖြင့်ပေါင်းစု၍ နှမ်းစုနှမ်းပုံ သဲစု သဲပုံ ဆိုသကဲ့သို့ သညက္ခန္ဓာဆိုရသည်။ ။ သညာနံခန္ဓောသညက္ခန္ဓော။ ။(ဝိဂြိုဟ်) သညာနံ၊ သညာတို့၏။ ခန္ဓော၊ အစုအပုံတည်း။ သညက္ခန္ဓော၊ သညာတို့၏ အစုအပုံ။ ။အနက်။ ။တစ်လုံးတည်း တစ်ခုတည်း သတ္တဝါအကောင်အခဲမဟုတ် သိလိုသည်။တစ်နည်း။။သညာဧဝခန္ဓော သညက္ခန္ဓော။။ (ဝိဂြိုဟ်)။ ။သညာဧဝ၊ သညာသည်ပင်လျှင်။ ခန္ဓော၊ တစ်စုတစ်ပုံ တစ်မျိုးတခြားတည်း။ နှမ်းတစ်မျိုးတခြား၊သဲတစ်မျိုးတခြားဆိုသကဲ့သို့ တစ်ပါးခန္ဓာနှင့် မရောနှော၊ သညာတွေလည်း တစ်စုတစ်ပုံ တစ်မျိုးတခြားဆိုလိုသည်။

မရီစိကူပမာသညာ။ ။သဲယုတ်ပါဠိတော်။ ။ သညာ၊ အမှတ်အသား သညာသည်။ မရီစိကူပမာ၊ တောသမင်တို့ ရေထင်မှတ်ငြား တဲလှပ်နှင့် အလားတူ၏။အနက်။ ။ အကျွမ်းအကျင်အသိအမှတ် အတတ်အလိမ္မာဟူသော သညက္ခန္ဓာကို အခိုင်အခဲ့ကြီး၊ အားကိုးအားထားကြီးတစ်ခု ထင်မှတ်ကြ၏။ ထင်သော်လည်း ထင်တိုင်းအားကိုးမခံ၊ အားထားမခံ၊ ဖြစ်ပျက်လွယ် မခိုင်မခဲ့ အနှစ်အသားရှိသည့်အတွက် တဲလှပ်နှင့် အလားတူသည် ဆိုလိုသည်။

သင်္ခါရက္ခန္ဓာကိုပြခြင်း

သင်္ခါရဆိုသည်မှာ အပင်းအသင်းနှင့်တကွ စေတနာကိုဆိုသည်။ စေတနာဆိုသည်မှာ အတူဖြစ်ဖက်နာမ်တရားတို့ကို အားပေးစေ့ဆော်တတ် ထိုထို

http://www.dhammadownload.com

ကိစ္စကိုပြီးစေတတ်သော သဘောကို ဆိုသည်။ စေတေ တီတိ စေတနာ။ ။(ဝိဂြိုဟ်)။ ။စေတေတိ၊ စေ့ဆော်အားပေးတတ်၊ ထိုထိုကိစ္စကို ပြီးစီးစေတတ်၏။ ဣတိသွာ၊ ထို့ကြောင့်။ စေတနာ၊ စေတနာမည်၏။

အနက်။ ။ ဤစကားလည်း ရှဋ္ဌီသာတည်း။ ။ မုချအစစ်ကား– စေ့ဆော်အားပေးခြင်းသဘောမျှကိုပင် စေတနာဟူ၍မှတ်ရသည်၊ စေတနာဟူ၍ ဆိုရသည်၊ တခြားမရှိ။ စေတယိကလက္ခဏာ စေတနာ။ အဋ္ဌီကထာတို့၌လာသောပါဋ္ဌိ။ ။စေတနာ၊ စေတနာသည်။ တေယိတလက္ခဏာ၊ စေ့ဆော်အားပေးလျှင် မှတ်စရာရှိ၏။ အနက်။ ။ဝေဒနာ၊ သညာ၊ ဝိဉာဉ်တို့လည်း စေတနာစေ့ဆော်အားပေးမှ အားရှိသည်။ အကုသိုလ်ကိုပြုသောအရာတို့၌လည်းကောင်း၊ ဒါန သီလစသော ကုသိုလ်ကိုပြုသော အရာတို့၌လည်းကောင်း စေတနာအားပေးစေ့ဆော်မှ အားသန်သည်။ ။ ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ၊ အလုံးစုံသော ကိစ္စမျိုးတို့၌ စေတနာစေ့ဆော်အားပေးမှပင် အားရှိသည်။ ကိစ္စပြီးစီးလွယ်သည်။ ထို့ကြောင့် စေတနာကို အလုံးစုံသော နာမ်တရားတို့၏ အားဟူ၍ဆိုအပ်၏။ ဝါယောဓာတ်ကိုကား ရုပ်တရားတို့၏ အားဟူ၍ ဆိုအပ်၏။ ။ခေတ္တသာမိကောဝိယ စေတနာ။ အဋ္ဌသာလိနီအဋ္ဌကထာ။ ။စေတနာ၊ စေတနာသည်။ ခေတ္တသာမိကောဝိ ယ၊ ကောက်ရိတ်သောအခါ လယ်ရှင်ယောက်ျားနှင့် အလားတူ၏။ အနက်။ လယ်ထောက်တပည့်ကြီး၊ ဗိုလ်မှူး၊ စစ်ကဲကြီးတို့နှင့် တူကြောင်းကိုလည်း ဆိုသေး၏။ ။မိမိလည်း အားထုတ်၊ သူတစ်ပါးကိုလည်း အားထုတ်စေလိုသည်။ အပါယ်ခန္ဓာ၊ လူခန္ဓာ၊ နတ်ခန္ဓာ၊ အပါယ်ဘဝ၊ လူ့ဘဝ၊ နတ်ဘဝ အလုံးစုံသော ဘဝခန္ဓာတွေကို ပြုပြင်သည်လည်း စေတနာပင်။ ။ပစ္စက္ခ မျက်မှောက်၌ အလုံးစုံသော ကိစ္စမျိုးတို့ကို ပြုပြင်သည်လည်း စေတနာပင်။ ။ ဤသို့ ပြုပြင်တတ်သောကြောင့် စေတနာကို သခ်ါရဆိုသည်။

သခ်ရောန္တီတိသခ်ါရာ။ ။(ဝိဂြိုဟ်)။ သခ်ရောန္တိ၊ ပြုပြင်တတ်ကုန်၏။ဣတိတသွာ၊ ထို့ကြောင့်။ သခ်ါရာ၊ သခ်ါရမည်ကုန်၏။အနက်။ ။ စေတနာကို ဆိုလျှင် ဖဿစသော အပင်းအသင်းတရားတို့လည်း အတွင်းဝင်ပါပြီဖြစ်၍ ဝိပဿနာရှုလွယ်ရုံ၊ ဉာဏ်နိုင်လောက်ရုံ သုတ္တန်နည်းအားဖြင့် စေတနာကိုသာ သခ်ါရက္ခန္ဓာဆိုလိုက်သည်။ သုတ္တန်နည်းဆိုသည်မှာ ဉာဏ်ထက်သောပုဂ္ဂိုလ်၊ ဉာဏ်အလယ်အလတ်ရှိသော ပုဂ္ဂိုလ်၊ ဉာဏ်တုံးသော ပုဂ္ဂိုလ်၊ ဉာဏ်နုသော ပုဂ္ဂိုလ်တို့ ဉာဏ်နှင့် တန်ရုံတန်ရုံ၊ ထိုပုဂ္ဂိုလ်တို့ သိလောက်ရုံ သိလောက်ရုံချင့်ချိန်၍ ဟောတော်မူရသောနည်း ဖြစ်သည်။

အဘိဓမ္မာနည်းဆိုသည်မှာ ပုဂ္ဂိုလ်ကို မင့်ဘဲ ပရမတ္ထသဘာဝရှိသမျှကို အကြွင်းမရှိ အကုန် ဟောတော်မူရသောနည်း ဖြစ်သည်။ ယင်းအဘိဓမ္မာနည်းသည် တစ်ဖက်ဆည်ကန်ကြီးနှင့် အလားတူ၏။ တူပုံကား အများသုံးစွဲကြရန် ပြုစုတည်ထောင်၍ ထားသော အသူတရာနက်သော တစ်ဖက်ဆည်ကန်ကြီး၌ ဆင်တို့လည်း သုံးစွဲကြရ၏။ ကျွဲ၊ နွားတို့လည်း သုံးစွဲကြရ၏။ ချေ၊ သမင်တို့လည်း သုံးစွဲကြရ၏။ ယုန်သားငယ်တို့လည်း သုံးစွဲကြရ၏။ ဖွတ်၊ ပတတ်တို့လည်း သုံးစွဲကြရ၏။ ထို့အတူ အဘိဓမ္မာနည်းသည်လည်း ဉာဏ်ထက်၊ ဉာဏ်လတ်၊ ဉာဏ်တုံး၊ ဉာဏ်နုသောသူတို့ မိမိတို့ ဉာဏ်နှင့် တန်ရုံတန်ရုံ သိကြရ မြင်ကြရကုန်၏။

အဋ္ဌကထာတို့၌ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တွေနှင့် တကွ နာမ်ကုန်၊ ရုပ်ကုန် သိမ်းဆည်းပုံကိုပြသော အရာသည်လည်း တစ်ဖက်ဆည်ကန်နှင့် အလားတူ၏။ မိမိတို့ဉာဏ်နှင့် တန်ရုံတန်ရုံနာမ်၊ ရုပ်ကို သိမ်းဆည်းကြရသည်။ ဉာဏ်မနိုင်လျှင် ခက်ရုံရှုပ်ရုံ စိတ်ပျံ့လွင့်ရုံသာ ဖြစ်တတ်သည်။ စိတ်လည်း ဖောက်ပြန်တတ်သည်။ စိတ်မဖောက်ပြန်လျှင်

http://www.dhammadownload.com

သံသရာမှာ ဖြစ်နိုင်ခဲသော ကုသိုလ်ကား အထူးဖြစ်ပွားပါ၏။ ဘုတ်အုပ်စာ ပေစာ ပိဋကတ်ကျမ်းဂန်တတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်တို့လည်း ကိုယ်ထဲမှာမတတ်၊ စာထဲမှာသာ တတ်သောကြောင့် သဒ္ဒပညာတ်၊ အဋ္ဌပညာတ်တွေ လွှမ်းဖို၍ ပရမတ်ကို မထနိုင်ဘဲ ပညတ်တွေထဲတွင်သာ တလူးတလဲလဲ တဏှာ၊ မာန၊ ဒိဋ္ဌိတွေနှင့် နေကြရခြင်းသည် သုတသညာသာ အားကြီး၍သာ ဉာဏ်တုံးကြ၊ ဉာဏ်နုကြသည့်အတွက်ပင်မှတ်။ ဉာဏ်တုံးသော ပုဂ္ဂိုလ်မှာ သွေးလျှင် ထက်သေးသည်။ သွေးနည်းကား သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိတို့ပင်တည်း။ ဉာဏ်နုသော ပုဂ္ဂိုလ်တို့မှာ ဤဘဝ၌ ဉာဏ်အဆုံးမရောက်နိုင်၊ ဉာဏ်ရင့်သန်စေရန် ကူပံ့ထပ်မံရသည်။ ကူပံ့ထပ်မံဆိုသည်မှာ ဒါနအရာ၊ သီလအရာ၊ ဘာဝနာအရာ အခွင့်သာရာ ဘယ်ဟာမရွေး အလေးဂရု အခြေပြုလိုသော စိတ်ထားဖြင့် ကုသိုလ်တရားဖြစ်ပွားစေသည်ကို ဆိုသည်။ အခွင့်သာဆိုသည်မှာ ရွှေ၊ ငွေ၊ ဥစ္စာ၊ လယ်၊ ယာ၊ ကျွဲ၊ နွား၊ သားမယားကို မခွာ၊ တွယ်တာသိမ်းပိုက်သူတို့မှာ ဒါနအခွင့်သာသည်။ ရွှေ၊ ငွေ၊ ဥစ္စာ၊ လယ်ယာ၊ ကျွဲ၊ နွား၊ သားမယားကိုခွာ၊ အတွယ်အတာမရှိဘဲ၊ တောကိုကြဉ် လွင်သို့ထွက်ပြီးလျှင် ငှဲကွက်မရှိ အားထုတ်သူတို့မှာ ဒါနအခွင့်မသာမှတ်။ သဒ္ဓါဒါနေန နတပ္ပတိ။ ။နိပါတ်အဋ္ဌကထာ။ သဒ္ဓါ၊ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်သည်။ ဒါနေန၊ ဒါနဖြင့်။ ဒါနေန၊ လှူဒါန်းပေးကမ်းစွန့်ကြဲခြင်းဖြင့်။ နတပ္ပတိ၊ မရောင့်ရဲနိုင်၊ အားမရနိုင်။ အနက်။ ။ သဒ္ဓါစစ်၊ ဒါနကိုချစ်သည်၊ ပညာစစ်၊ ရွေးချယ်စိစစ်သည်။

သဒ္ဓါလွန်လျှင် မိုက်မှားတတ်သည်။
ပညာလွန်လျှင် မိုက်မှားတတ်သည်၊
ပညာလွန်လျှင် ယူမှားတတ်သည်။
သဒ္ဓါနှင့်ဉာဏ်၊ နှစ်ခုသန်မှ၊
လမ်းမှန်သို့ကျသည်။

အဟောင်း၊ အသစ်ဖြစ်ပြီးဖြစ်ဆဲ သခါရတွေကို ဉာဏ်ဖြင့်ပေါင်းစု၍ နှမ်းစုနှမ်းပုံ သဲစုသဲပုံဆိုသကဲ့သို့ သခါရက္ခန္ဓာဆိုရသည်။ သခါရာနံ ခန္ဓော သခါရက္ခန္ဓော။ (ဝိဂြိုဟ်)။ သခါရာနံ၊ သခါရတို့၏။ ခန္ဓော၊ အစုအပုံတည်း။ သခါရက္ခန္ဓော၊ သခါရတို့၏ အစုအပုံ။ အကောင်အခဲမဟုတ် ဆိုလိုသည်။ တစ်နည်းကား။ သခါရာဇဝ ခန္ဓော သခါရက္ခန္ဓော။ သခါရာဇဝ၊ သခါရတို့ သည်ပင်လျှင်။ ခန္ဓော၊ တစ်စုတစ်ပုံတစ်မျိုးတခြားတည်း။ သခါ ရက္ခန္ဓော၊ သခါရတွေ တစ်စုတစ်ပုံ တစ်မျိုးတခြား။ နှမ်းတစ်မျိုးတခြား၊ သဲတစ်မျိုး တခြားဆိုသကဲ့သို့ တစ်ပါးခန္ဓာနှင့် မရောမနှော သခါရတွေ တစ်မျိုးတခြား ဆိုလိုသည်။

သခါရာ ကဒလူပမာ။ ။သံယုတ်ပါဠိတော်။ သခါရာ၊ အပင်းအသင်း နှင့်တကွ စေတနာဟူသော သခါရတို့သည်။ ကဒလူပမာ၊ ငှက်ပျောတုံးနှင့် အလားတူကုန်၏။ အနက်။ ။သခါရက္ခန္ဓာသည် အားရှိအင်ရှိ အခိုင်ကြီး အခဲကြီးကဲ့သို့ ထင်ရ၏။ ထင်သော်လည်း အားမရှိ အင်မရှိ ဖြစ်လွယ် ပျက်လွယ် မခိုင်မခဲ့ အနှစ်အသားမရှိသည့်အတွက် ငှက်ပျောတုံးနှင့် အလားတူသည် ဆိုလိုသည်။ ။ သခါရက္ခန္ဓာပြီး၏။

ဝိညာဏက္ခန္ဓာကို ပြဆိုခြင်း

ဝိညာဏ်ဆိုသည်မှာ အာရုံကို သိတတ်သောသဘောကို ဆိုသည်။ ။ ဝိဇာနာတီတိဝိညာဏံ။ (ဝိဂြိုဟ်)။ ဝိဇာနာတိ၊ အာရုံကို သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိညာဏံ၊ ဝိညာဏ်မည်၏။ အနက်။ ရှင်းတည်း။ မုချအစစ်ကား အာရုံကို သိသောအခါ အသိမျှကိုပင် ဝိညာဏ်ဟူ၍ မှတ်ရသည်။ ဝိညာဏ်ဟူ၍ ဆိုရသည်၊ တခြားရှိတော့သည်မဟုတ်။ ဝိဇာနန လက္ခဏံ ဝိညာဏံ။ သမ္မောစသော အဋ္ဌကထာပါဠိ။ ။ ဝိညာဏံ၊ ဝိညာဏ်

http://www.dhammadownload.com

သည်။ ဝိဇာနနလက္ခဏ၊ အာရုံကိုသိသောအခါ အသိမျှလျှင် မှတ်စရာရှိ၏။ အနက်။ ယင်းအသိ ဝိညာဏ်သည် ခြောက်မျိုးရှိသည်။ ခြောက်မျိုး ဆိုသည်မှာ-

၁။ စက္ခုဝိညာဏ်-မျက်စိအိမ်၌အသိ။
၂။ သောတဝိညာဏ်-နားအိမ်၌အသိ။
၃။ ဃာနဝိညာဏ်-နှာခေါင်းအိမ်၌အသိ။
၄။ ဇိဝှာဝိညာဏ်-လျှာအိမ်၌အသိ။
၅။ ကာယဝိညာဏ်-တစ်ကိုယ်လုံး၌အသိ။
၆။ မနောဝိညာဏ်-နှလုံးအိမ်၌မနောအသိ။
ဤခြောက်မျိုးတည်း။

ယင်းအသိခြောက်မျိုးကို အအိမ်ခြောက်ခုမှ ဖြစ်ပေါ်သော၊ ယခုငါသိသော အသိတို့သည် ဘယ်လိုသိသည်၊ ဘယ်လိုနေရာ၊ အဘယ်လိုနေသည်၊ ဘယ်လိုပါတကားဟု စဉ်းစားဆင်ခြင်ရသည်။ စဉ်းစားဆင်ခြင်မှ ဝိညာဏ် အမှန်ကျ သိနိုင်သည်။ ယင်းဆိုအပ်ပြီးအဟောင်းအသစ်ဖြစ်ပြီး၊ ဖြစ်ဆဲ ဝိညာဏ်တွေကို ဉာဏ်ဖြင့်ပေါင်းစု၍ နှမ်းစုနှမ်းပုံ၊ သဲစု သဲပုံ ဆိုသကဲ့သို့ ဝိညာဏကွန္ဓာ ဆိုရသည်။ ဝိညာဏာနံ ခန္ဓော ဝိညာဏကွန္ဓော။ ။(ဝိဂြိုဟ်)။ ဝိညာဏာနံ၊ အသိဝိညာဏ်တို့၏။ ခန္ဓော၊ အစုအပုံတည်း။ ဝိညာဏကွန္ဓော၊ အသိဝိညာဏ်တို့၏ အစုအပုံ။ ။အတုံး၊ အခဲတစ်ခုတည်း၊ သတ္တဝါ အကောင်မဟုတ်ဆိုလိုသည်။ ။တစ်နည်းကား။ ။ ဝိညာဏ မေဝခန္ဓော ဝိညာဏကွန္ဓော။ ။(ဝိဂြိုဟ်)။ ဝိညာဏမေဝ၊ အသိဝိညာဏ်သည်ပင်လျှင်။ ခန္ဓော၊ တစ်စုတစ်ပုံတစ်မျိုး တခြားတည်း။ ဝိညာဏကွန္ဓော၊ အသိဝိညာဏ်သည်ပင်လျှင် တစ်စုတစ်ပုံ တစ်မျိုးတခြား။ အနက်။ ။ဝိညာဏ်လည်း တစ်မျိုးတခြား တစ်ပါး ခန္ဓာတို့နှင့် မရောမနှော ဆိုလိုသည်။

မာယူပမဋ္ဌ ဝိညာဏ်။ ။အဘိဓမ္မာဝိဘင်းပါဠိတော်။ ။ဝိညာဏ်၊ အသိစိတ်ဝိညာဏ်သည်။ မာရူပမဋ္ဌ၊ မျက်လှည့်သမားတို့ပြုလုပ်အပ်သော ဝတ္ထုနှင့် လည်း တူ၏။ ။ အနက်။ မျက်လှည့်သမားတို့ ပြုလုပ်အပ်သောဝတ္ထုသည် မဟုတ်ဘဲနှင့် အဟုတ်ထင်ရသကဲ့သို့ ထို့အတူ စိတ်ဝိညာဏ်သည်လည်း တောင့်တောင့်တင်းတင်းတစ်ခုတည်း တစ်ရှိတည်းကဲ့သို့ ထင်ရ၏။ ထင်သော်လည်း မတောင်းမတင်း ဖြစ်လွယ်၊ ပျက်လွယ် ယူစရာရစရာ အနှစ်သာရမရှိ ထင်တိုင်းမမှန်သည့်အတွက် မျက်လှည့်သမားတို့ ပြုလုပ် အပ်သော ဝတ္ထုနှင့်တူသည်ဆိုလိုသည်။ ။ ဝိညာဏကွန္ဓာပြီး၏။

ဝိပဿနာစီးဖြန်းရန် အကျဉ်းပြခြင်း

အခွင့်ကောင်းအခါကောင်း၌ လူ၏အဖြစ်ရခိုက် မဂ်ပေါက်ရန်လည်းကောင်း၊ ပါရမီအထုံဖြစ်၍ နောင် လွယ်စေရန်လည်းကောင်း၊ ဝိပဿနာကို စီးဖြန်းလိုကြသော အမျိုးသား အမျိုးသမီးတို့ စီးဖြန်းရန် အကျဉ်းမျှပြဦးအံ့။

ကဒ် ရူပ်၊ ကမ်နာမ်၊ ရူပနာမ် အသံမိသံ၊ ရူပ်၊ အည်၊ နာမ်အည်။ ။ ကဒ်၊ ဤငါးပြည်ခန်ဓာ လူခြောက်မှုန့်တွေကို တစ်မြူခန့်သွေးတို့ဖြင့် သမအောင်နယ်၍ ပြုလုပ်အပ်သော လူမှုန့် ရုပ်ကြီး၌ လူမှုန်တွေနှင့်တူသော ဤငါ၏ကိုယ်၌ တွေ့အပ် ထိအပ်၊ အမှုန့်အဖတ် အမာခံဓာတ်သဘောတွေကား ပထဝီဓာတ်။ ။ သွေးနှင့်တူသော အစိုအစွတ် အဖွဲ့အစည်း အရည်အပျော့တွေကား အာပေါဓာတ်။ လတ်ဆတ်နုပျိ ပျောင်းပျော့အောင် ပူနွေး ရင့်ကျက်စေတတ်သော အပူ၊ အအေး၊ အနွေးအငွေ့တွေကား တေဇော ဓာတ်။ ဖောင်းပွတိုးဝေ့တွန်းကန် တောင့်ခိုင်လှုပ်ရှားစေတတ်သော လေတွေကား ဝါယောဓာတ်။ ဤဓာတ်လေးပါးတို့ကား အမာခံ အထည်ခံ မဟာဘုတ်၊ ယင်းမဟာဘုတ်လေးပါးတို့ကို မှီတွယ်စွဲကပ်၍ တစ်ကိုယ်လုံး၌တည်ရှိကြသော ဝဏ္ဏ အဆင်းရုပ်၊ ဂန္ဓ-အနံ့ရုပ်၊ ရသ-အရသာရုပ်၊ သြဇာ- အဆီ၊ အစေး၊ သြဇာ အာဟာရရုပ်၊ ဇီဝိတ-ကိုယ်စောင့်ရုပ်၊

http://www.dhammadownload.com

ဣတ္ထိဘာဝ-မိန်းမရုပ်၊ ပုမ္ဘာဝ-ယောကျ်ားရုပ်၊ ကာယပသာဒ-ကိုယ်အလုံးဌိအကြည်ရုပ်၊ ပေါင်းတစ်ကိုယ်လုံးရ အထည်ကိုယ်ရုပ် ဆယ့်နှစ်ပါး။ စက္ခုပသာဒ-မျက်စိဌိအကြည်ရုပ်၊ သောတပသာဒ-နားဌိ အကြည်ရုပ်၊ ဃာနပသာဒ-နှာခေါင်းဌိ အကြည်ရုပ်၊ ဇိဝှာပသာဒ-လျှာဌိ အကြည်ရုပ်၊ ဟဒယဝတ္ထု-ရင်လယ်ဌိ ဟဒယဝတ္ထုရုပ် သဒ္ဒ-ဝမ်း၊ လည်၊ အာ၊ လျှာ၊ နှုတ်ခမ်းစသော အရုပ်တို့ဌိ ရုံခါဖြစ်သော အသံရုပ်။ ပေါင်း တစ်ဌာနရ၊ အချယ်ရုပ်ခြောက်ပါး။ အထည်ကိုယ်ရုပ်၊ အချယ်ရုပ်ဟူသော ဤရုပ်စစ်တစ်ဆယ့်ရှစ်ခုတို့၏ ပေါင်းစုလုံးထွေး အစုအဝေးဖြစ်သော လူသေကောင်ကြီးနှင့် တူသော မျက်စိအိမ်၊ နားအိမ်၊ နှာခေါင်းအိမ်၊ လျှာအိမ်၊ ကိုယ်အိမ်၊ နှလုံးသားအိမ်ဟူသော အအိမ်ခြောက်ခုရှိသော ဤကိုယ်ကောင်ကြီးသည်။ ရူပဲ၊ မလှပ်တတ်၊ မယှက်တတ် တစ်စုံတစ်ရာ ဘယ်ဟာတစ်ခုကိုမှ မသိတတ် ဆန့်ကျင်ဘက်အကြောင်းနှင့် တွေ့ကြုံလျှင် ဖောက်ပြန်တတ်သော ရုပ်စုရုပ်စိုင် ရုပ်ခဲရုပ် တရားပင်တည်း။

ဣဒံ၊ ဤမျက်စိ သိ၊ နား သိ၊ နှာ သိ၊ လျှာ သိ၊ ကိုယ် သိ၊ နှလုံးသိ၊ ကောင်း သိ၊ မကောင်း သိ၊ တောင် သိ၊ မြောက် သိ၊ အအိမ်ခြောက်ခု တို့မှ ဖြစ်သော အသိအမျိုးမျိုးကား။ နာမ်၊ အာရုံသို့ ညွှတ်တတ်သော နာမ်တရားပင်တည်း။ နာမရူပ်၊ ရုပ်နှင့်နာမ်သည်။ အသံမိသံ၊ မရောနှော ကြ။ ရူပဲ၊ ရုပ်တရားသည်။ အည်၊ တစ်မျိုးတခြား။ နာမ်၊ နာမ်တရားသည်။ အည်၊ တစ်မျိုးတခြား။

ဤလို ကြေကြေမွမွရအောင်ကျက်၍ အဖန်များစွာ ရွတ်အံသရဇ္ဈာယ်ရသည်။ သရဇ္ဈာယ်ပြီးလျှင် အိပ်ပျော်သောအခါတောင်သိ၊ မြောက်သိ-မသိ၊ နိုးသောအခါ တောင်သိမြောက်သိ သိသည်။ ဤတောင်သိ မြောက်သိ သိသော ငါ့အသိသည် ဘယ်လိုနေရာက ဘယ်လိုသိသည်၊ ဘယ်လိုနေသည်၊ ဘယ်လိုဟာပါတကားဟု အသိကို စဉ်းစားဆင်ခြင်၍ ဤအသိသည် နာမ်တရားပင်တည်းဟု မှတ်သားရသည်။ ကိုယ်သိ၍နေသောအသိကို သုံတစ်ပါးကို မေးဖွယ်မရှိ။ ။အသိဝိညာဏ်၏ ဖြစ်ရာအအိမ်ခြောက်ခုရှိသော ကိုယ်ကောင် အစိုင်အခဲကြီးသည် ဘယ်လိုနေသည်၊ ဘယ်လိုဟာကြီး ပါတကားဟု စဉ်းစားဆင်ခြင်၍ ရုပ်ကို မှတ်သားရသည်။ ။ မှန်ထဲ၌ ပေါ်သော မျက်နှာရိပ်သည် မှန်မဟုတ်၊ မှန်မူ အသီးအခြားဖြစ်သကဲ့သို့ အအိမ်ခြောက်ခု၌ ပေါ်သော အသိနာမ်သည် အအိမ်မဟုတ်၊ အအိမ်မှ အသီးအခြားတည်းဟု စဉ်းစားဆင်ခြင်၍ နာမ်တခြား၊ ရုပ်တခြားနေအောင် ဉာဏ်ဖြင့် ပိုင်းခြားရသည်။ ။ 'ရုပ်တစ်မျိုးတခြား၊ နာမ်တစ်မျိုးတခြား၊ ရုပ်တစ်မျိုး တခြား၊ နာမ်တစ်မျိုး တခြား၊ အဖန်ဖန်ရွတ်။

တစ်ပုံလည်း ဒါယကာ တစ်ယောက် အိမ်သူမယားရက်၍ပေးသော စိတ်တိုင်းကျ နှစ်သက်သော ပုဆိုး မနွမ်းခင် သေအံ့သော ရောဂါရောက်၍ ငါသည် ဤပုဆိုးမနွမ်းခင် သေရချေတော့မည်ဟု ပုဆိုးကို တွယ်တာလျက် သေ၍ ဘုတ်ပြိတ္တာ ဖြစ်လေ၏။ အိမ်သူမယားလည်း သူ့နောက်သို့ ပါပါစေတော့ဟု သူ နှစ်သက်သော ပုဆိုးဖြင့် အလောင်းကို ထုပ်ပတ်၍ သင်္ချိုင်း၌ ပစ်ချလေ၏။ ပြိတ္တာလည်း ပုဆိုးကို တွယ်တာသည့်အတွက် ဆင်းရဲယုတ်ညစ်ပြိတ္တာဖြစ်ရပါလျက်နှင့် တွယ်တာဝံ့စရာမရှိ၊ မသိ မောဟ မိုက်မှောင်ကျ၍ ပိုးဖလံသည်မီးကို အဖန်ဖန်ပြန်၍ တိုးသကဲ့သို့ ပုဆိုးကို တွယ်တာလျက် ပုဆိုးနားက မခွာရက် ရှိနေပြန်သည်။

တဏှာမောဟ၊ ကြောက်အပ်စွယ်၊ များလှအပြစ်တွေ

ပုံသကူဆောင် ရဟန်းတော်တစ်ပါး အဝတ်ကို ခွာသွားသော် ဘုတ်ကောင် ဝင်ကြွ အသေကောင်ထပြီးလျှင် ပေးပါပေးပါဆို၍ လိုက်သွား ကျောင်းနား

http://www.dhammadownload.com

သို့ ရောက်၍ တဲခါးပိတ်မှ ဘုတ်ကောင် ထွက်သွား လူသေ ကောင်လည်း ဘုန်းဘုန်းလဲလေ၏။ သာ ရတ္တဋ္ဌကာ၌ လာသော ဝတ္ထု။ ။ဤဝတ္ထု စကား၌ သူသေကောင်သည် ဘုတ်ကောင် မဟုတ်၊ ဘုတ် ကောင်သည် လူသေကောင်မဟုတ်၊ တခြားစီဖြစ်သ ကဲ့သို့ ထို့အတူ ရုပ်သည် နာမ် မဟုတ်၊ နာမ်သည် ရုပ်မဟုတ် တစ်မျိုးတခြားစီဟု ဆင်ခြင်စဉ်းစား ကွဲပြားစေအပ်၏။

မှန်ထဲအရုပ်၊ သေကောင်ဘုတ်၊ နာမ်ရုပ်တူစေတော့

နာမ်၊ ရုပ်နှစ်ခု၊ တစ်ခု တစ်ခု၊ ကျေးဖူးပြု၍ လုံးထွေးပေါင်းစပ်ကြမှ လူကောင်၊ ခွေးကောင်၊ ဝက်ကောင်ကဲ့သို့ ဖြစ်၍ သွားခြင်း စသော ထိုထို ကိစ္စကို ပြီးစေနိုင်သည်။

ဆွဲကန်းနှစ်ထွေ၊ လှေစီးလှေ၊ နှိုင်းလေ နာမ်နှင့်ရုပ်

ဤကား နာမရူပရိစ္ဆေဒဉာဏ်။

ဤနာမ်၊ ရုပ်နှစ်ပါးသည် တစ်စုံတစ်ယောက် သောသူ ပြုလုပ်ဖန်ဆင်း၍ ဖြစ်သည်လည်း မဟုတ်၊ ပြုလုပ် ဖန်ဆင်းနိုင်စရာ သတ္တဝါ အကောင်ဟူ၍ပင် မရှိ။ စင်စစ်မှာ မျိုးစေ့ကြောင့် သစ်ပင်ပေါက်၊ သစ် ပင်ကို စွဲမှီ၍ မျိုးစေ့ ဖြစ်ပြန်သကဲ့သို့ ကံစသော အကြောင်းရုပ်၊ နာမ်ကြောင့် အကျိုး နာမ်၊ ရုပ်ဖြစ်၏။ အကျိုးရုပ်နာမ်ကြောင့် ကံစသောကြောင့် ရုပ်နာမ် ဖြစ်ပြန်သည်။ ဝိပါကော ကမ္မဇော ကာယေ ကမ္မံ ပုနဝိပါကဇံ။ ။ကာယေ၊ နာမ်ရုပ် နှစ်ပါးအပေါင်း ကိုယ်၌။ ဝိပါကော၊ အကျိုး ရုပ်နာမ်သည်။ ကမ္မဇော၊ ကံကြောင့်ဖြစ်၏။ ပုန၊ တစ်ဖန်။ ကမ္မံ၊ အကြောင်း ကံသည်။ ဝိပါကဇံ၊ အကျိုးရုပ်နာမ်ကြောင့် ဖြစ်ပြန် လေ၏။ ။ ဤကဲ့သို့ အကြောင်းအကျိုး ဆက်လက် ၍ နာမ်၊ ရုပ်တို့၏ ဖြစ်ပုံကိုလည်း ဆင်ခြင် စဉ်းစားရ သည်။ မထင် ထင်အောင်-မမြင်မြင်အောင် စဉ်းစား ဆင်ခြင်သည်ကို ဘာဝနာပွားသည်ဟူ၍ ဆိုရသည်။ ရူတ်ရုံ၊ အံ့ရုံမျှကို မဆို။ ဤကား ပစ္စယပရိဂ္ဂဟ ဉာဏ်။

တစ်ဖန် ရွတ်ဖတ်သရဇ္ဈာယ်ရမည်မှာ။ ။ရူပံ အနိစ္စံ။ ။ ရူပံ၊ အကောင်မဟုတ်ဘဲ အကောင်ကဲ့သို့ ထင်ရသော မဟာဘုတ်ဥပါဒါယရုပ်တို့၏ အပေါင်း အစု၊ အလုံးအထွေး၊ အစုအဝေးရုပ်တရားတွေသည်။ အနိစ္စံ၊ ရှိတဲ့၍ မရှိ၊ ပေါ်တဲ့၍ပျောက်၊ ဖြစ်တဲ့၍ပျက်၊ ရေပွက်လျှပ်စစ်ကဲ့သို့ အပြတ်အပြတ် အတစ်တစ် အသစ်သစ်၊ ဖြစ်ပျက်မစဲ အမြဲမရှိသော တရားတွေပါ တကား။ ရူပံဒုက္ခံ ။ ။ရူပံ၊ အကောင်မဟုတ်ဘဲ အကောင်ကဲ့သို့ ထင်ရသော မဟာဘုတ်၊ ဥပါဒယ ရုပ်တို့၏ အပေါင်းအစု အလုံးအထွေး အစုအဝေး ရုပ်တရား တွေသည်။ ဒုက္ခံ၊ မကောင်းသောတရား၊ တစ်စုံတစ်ရာ အသုံးမကျ၊ အချည်းနှီးသောတရား အနှောင့်ယှက်ဖွယ်၊ အော့ချင်ဖွယ်၊ စက်ဆုပ်ရွံရှာဖွယ်တွေ၊ ဖြစ်-ပျက်ဖန်ဖန် မခံသာ ရောဂါ ဝေဒနာအမျိုးမျိုး ရေးဖန် အမျိုးမျိုးတို့၏ မိုခိုစွဲအပ်ရာဖြစ်၍ ထိတ်ဖွယ် လန့်ဖွယ် ကြောက်ဖွယ် ဒုက္ခမျိုးတွေပါ တကား။ ဒုဋ္ဌု တုစ္ဆ၊ ကုစ္ဆိထ၊ ဒုက္ခမန၊ ဘယတ္ထတို့ကို ရည်၍ ပေး သောအနက်။ ရူပံအနတ္တာ။ ။ရူပံ၊ အကောင်မဟုတ် ဘဲ၊ အကောင်ကဲ့သို့ ထင်ရသော မဟာဘုတ်၊ ဥပါ ဒါယရုပ်တို့၏ အပေါင်းအစု အလုံးအထွေး အစု အဝေး ရုပ်တရားတွေသည်။ အနတ္တာ၊ ငါမဟုတ်၊ ငါ့ဟာ မဟုတ်၊ အကောင်မဟုတ်၊ အရှင် မဟုတ်၊ သူဖြစ်ချင်သလိုဖြစ်၊ သူပျက်ချင်သလိုပျက်၊ ပိုင်သူ မရှိ၊ နိုင်သူမရှိ၊ အစိုးရသူ မရှိသောတရားတွေပါ တကား။ ။အထပ်ထပ် ရွတ်။

နာမံအနိစ္စံ။ ။နာမံ၊ အကောင်အခဲမဟုတ် သော အသိနာမ်သည်။ အနိစ္စရှိတဲ့၍ မရှိ၊ ပေါ်တဲ့၍ ပျောက်၊ ဖြစ်တဲ့၍ပျက်၊ ရေပွက်၊ လျှပ်စစ်ကဲ့သို့ အပြတ်အပြတ်၊ အတစ်တစ်၊ အသစ်သစ်၊ ဖြစ်ပျက် မစဲ၊ အမြဲမရှိသော တရားပါတကား။ ။နာမံဒုက္ခံ။ ။နာမံ၊ အကောင်အခဲမဟုတ်သော အသိနာမ်သည်။

http://www.dhammadownload.com

ဒုက္ခ၊ ဖြစ်ပျက် အဖန်ဖန် မခံမသာ၊ ရောဂါဝေဒနာ အမျိုးမျိုး ဘေးရန် အမျိုးမျိုးတို့၏ မှီခိုစွဲကပ်ရာဖြစ်၍ ထိတ်ဖွယ်၊ လန့်ဖွယ်၊ ကြောက်ဖွယ် ဒုက္ခမျိုးပါတကား။ ။နာမံအနတ္တာ။ ။နာမံ၊ အကောင်အခဲ မဟုတ်သော အသိနာမ်သည်။ အနတ္တာ၊ ငါမဟုတ်၊ ငါ့ဟာ မဟုတ်၊ အကောင်မဟုတ်၊ အရှင်မဟုတ်၊ ပိုင်သူမရှိ နိုင်သူမရှိ အစိုးရသူမရှိ၊ သူဖြစ်ချင်သလိုဖြစ်၊ သူပျက်ချင်သလို ပျက်၍နေသော တရားပါတကား။ အထပ်ထပ်ရွတ်။ ။ ရွတ်အံပြီးသည်နောက် ဆိတ်ငြိမ်ရာ၌ မနောနှင့် ဆင်ခြင်ရသည်။

အတစ် အတစ်ဆိုသော စကား၌ တစ်ရမည်မှာ ဘဝ၊ အရွယ်၊ နှစ်၊ လ၊ ည၊ ကာလ၊ အအိမ်၊ ခဏတို့ဖြင့် တစ်ရမည်။ နာမ်ရုပ် မိမိရရအမှန်ကျ ထင်မြင်မှ အနိစ္စထင်မြင်လွယ်သည်သာ။ အနိစ္စအမှန်ကျ ထင်မြင်လျှင် အထက်ဉာဏ်တို့ လွယ်တော့သည်သာ။ ။နာမ်၊ ရုပ်အထင်အမြင်နှင့် အနိစ္စအထင်အမြင် လိုရင်းကြီးမှတ်လေ။ ။ကျမ်းဂန်တို့ ဝယ် အချို့နေရာတို့၌ အနတ္တထင်ခဲသည်။ အနိစ္စနှင့် ဒုက္ခကား ထင်လွယ်သည်ဟုဆိုသော စကားမှာ သတ္တဝါ၏အနိစ္စ၊ ဒုက္ခကိုသာဆိုသည်။ နာမ်၊ ရုပ်၏ အနိစ္စဒုက္ခကိုမဆို။ နာမ်ရုပ်၏ အနိစ္စဒုက္ခအနတ္တတို့ကား ထင်ခဲမြင်ခဲသည်ချည်းပင်။ တစ်ပါးထင်လျှင် ကြွင်းနှစ်ပါးလည်း ထင်တော့သည်သာ။ ဤအရာ၌ 'အနိစ္စ၊ အနိစ္စလက္ခဏာ၊ အနိစ္စဉာဏ်သုံးပါး။ ဒုက္ခလက္ခဏာ၊ ဒုက္ခဉာဏ်သုံးပါး။ အနတ္တ၊ အနတ္တလက္ခဏာ၊ အနတ္တဉာဏ်သုံးပါး။ ပေါင်းကိုးပါးကို မှတ်သားနားလည်ရမည်။ ။ဤဆိုခဲ့ပြီးသည့် အတိုင်း။ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် မထင်-ထင်အောင် စဉ်းစားရှုဆင်ခြင်သည်ကို သမ္မာသနဉာဏ်ဆိုသည်။ သမ္မာသနဉာဏ်အားကြီးလျှင် အထက်ဉာဏ်တို့ အလိုလို ပေါ်၍ပေါ်၍ လာလိမ့်မည်။ မပေါ်သော်လည်း သံသရာမှာ ဖြစ်နိုင်ခဲသော ပါရမီကုသိုလ်ထူးတွေဖြစ်သည်။

အရွယ်သုံးပါး၊ အရွယ်ဆယ်ပါးကိုပြခြင်း

အရွယ်ဆိုသောစကား၌။ ။၃၃-နှစ်-ပထမအရွယ်။ ထို့နောက် ၆၆ နှစ်ထိ ၃၃နှစ် ဒုတိယအရွယ်။ ထို့နောက် ၉၉နှစ်ထိ ၃၃-နှစ် တတိယအရွယ် ဟူ၍ အရွယ်သုံးပါးမှတ်။

တစ်နည်း အရွယ်ဆယ်ပါးမှတ်။

၁။ မန္ဒဒသက-ဆယ်နှစ်တွင်း၊ အသိအလိမ္မာနည်းသောအရွယ်။

၂။ ခိဋ္ဌာဒသက-နှစ်ဆယ်တွင်း၊ အပျော်အမြူးများသော အရွယ်။

၃။ ဝဏ္ဏဒသက-သုံးဆယ်တွင်း၊ အဆင်းကောင်းသော အရွယ်။

၄။ ဗလဒသက-လေးဆယ်တွင်း ခွန်အားကောင်းသော အရွယ်။

၅။ ပညာဒသက-ငါးဆယ်တွင်း၊ ပညာဉာဏ် အားသန်သောအရွယ်

၆။ ဟာနိဒသက-ခြောက်ဆယ်တွင်း၊ အလုံးစုံဆုတ်ယုတ်သောအရွယ်။

၇။ ပဗ္ဗာရဒသက-ခုနှစ်ဆယ်တွင်း၊ ကိုင်းသော အရွယ်။

၈။ ဝင်္ကဒသက-ရှစ်ဆယ်တွင်း၊ ကုန်းသော အရွယ်။

၉။ မောမူဟဒသက-ကိုးဆယ်တွင်း၊ တွေဝေခြင်းများသောအရွယ်။

၁၀။ သယနဒသက-ကိုးဆယ်ကျော်၊ အိပ်ရာ၌ လျောင်းစက်ခြင်းများသောအရွယ်။

ဝိပဿနာဂ္ဂဉာန်း လေ့လာပွားများရန်ကို အကျဉ်းပြသည်ပြီး၏။

မဂ်ဉာဏ်ကိုပြခြင်း

မဂ်ဉာဏ်ကိုပြဆိုဦးအံ့။ ။မဂ်ဉာဏ် ဆိုသည်မှာ လောကီဘက်၌ သိစရာကုန်၍ အသိကိစ္စ အပြီးသတ် လောကီကို စွန့်လွှတ်ကျော်ဖောက် နိဗ္ဗာန်

http://www.dhammadownload.com

ရောက်သော အသိဉာဏ်ကို ဆိုသည်။ နိဗ္ဗာန်သို့ ဆိုက်ရောက် ဆိုသည်မှာလည်း မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သိ နိဗ္ဗာန်နှင့် တွေ့ထိသည်ကို ဆိုသည်။ ။ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်သိ နိဗ္ဗာန်နှင့် တွေ့ထိသည်နှင့် တစ်ပြိုင်နက် ထိုပုဂ္ဂိုလ်သန္တာန်မှာ အမိုက်၊ အရှုပ်၊ အညစ်၊ အနောက်၊ အပူ၊ ကိလေသာ ဟူသမျှ၊ အကုသိုလ်ကံ ဟူသမျှ အဝိဇ္ဇာ တဏှာ အဖြစ်နှင့် တကွ အစပြတ်ကုန်ငြိမ်း ခန်းခြောက်လေ၏။ ယင်း ပုဂ္ဂိုလ် သန္တာန်မှာ အဝိဇ္ဇာ အမြေးတဏှာအစေးခန်း ခြောက်သည်ရှိသော် ကုသိုလ်ကံဟူသမျှတို့လည်း ဖုတ်ပြီးပြုတ်ပြီးမျိုးစေ့တို့ကဲ့သို့ မအောင်၊ မျိုးမရောက်သော လေသီးတို့ကဲ့သို့ ဖြစ်လေကုန်၏။ ။ကုသိုလ်၊ အကုသိုလ်အကြောင်း သမုဒယ ကုန်ငြိမ်းခန်းခြောက်က ဇာတိစသော အဆက်ဆက် ဖြစ်လတ္တံ့၊ အကျိုးခန္ဓာတို့လည်း ခန်းခြောက်ကုန်ငြိမ်းကုန်၏။ ။ အကြောင်း၏ ကုန်ငြိမ်းခြင်း၊ အကျိုးခန္ဓာတို့၏ ကုန်ငြိမ်းခြင်းနှစ်ပါး အပေါင်းသည် မဂ်ခဏ၌ တစ်ပြိုင်တည်း ဖြစ်၏။ ။နိဗ္ဗာန်သို့ ရောက်သည်၊ နိဗ္ဗာန်ကို ရသည်ဆိုရာမှာလည်း မဂ်ခဏ၌ ရသည် ရောက်သည် မှတ်လေ။ စုတိကမ္မဇရုပ် ချုပ်ပြီးမှ ရစရာ၊ ရောက်စရာ နိဗ္ဗာန် တခြားမရှိ။ နိဗ္ဗာန် တခြားမရှိ။ နိဗ္ဗာန်ဟူသည် တစ်ပါးသာ ရှိသည်။ ယင်းတစ်ခုသော နိဗ္ဗာန်ကိုပင် မဂ်ဖြစ်ပြီးနောက် စုတိမဖြစ်မီ ရောက်သောသူမှာ ခန္ဓာတွင်းရှိသေးသောကြောင့် သဉပါဒိသေသ၊ နိဗ္ဗာန်ဟူ၍ စုတိဖြစ်ပြီးနောက် ခန္ဓာကြွင်းမရှိသေးသောကြောင့် အနုပါဒိသေသ နိဗ္ဗာန်ဟူ၍ ရောက်သူ၏ ခန္ဓာကို အစွဲပြု၍ အမည် နှစ်ပါးဖြင့် ခေါ်ဝေါ်ရသည်။ နိဗ္ဗာန်နှစ်ပါးရှိ၍ ခေါ်သည် မဟုတ်။ ထို့ကြောင့် နိဗ္ဗာန်၌ကား အကွဲအပြားမရှိ၊ အမည်သာ ကွဲပြားသည်မှတ်လေ။

ဖိုလ်ဉာဏ်ဆိုသည်မှာ မဂ်၏ အကျိုး၊ မဂ်၏ နောက်ထပ်မဂ်၏ ကိစ္စကို အပြီးသတ်စေသောဉာဏ်၊ ရပြီးသော နိဗ္ဗာန်၏အရသာကို ခံစားတတ်သော ဉာဏ်ကို ဆိုသည်။ ပစ္စဝေက္ခဏာဉာဏ်ဆိုသည်မှာ သိမြင်ဖွယ်၊ ပယ်ရှင်းဖွယ်၊ ကျင့်ကြံအားထုတ်ဖွယ် ကိစ္စဟူသမျှ ပြီးဆုံးကျွတ်လွတ်လေပြီဟု ဆင်ခြင်စိတ်ချ ဗျာပါရမရှိ၊ ကြောင့်ကြမဲ့ ကိစ္စပြီး အေးကြီး အေးရသောဉာဏ်ဆိုသည်။

သမ္မာပဿဲ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံဟောတိ။

(ခန္ဓ သံယုတ်စသော ထိုထိုပါဠိတော်။)

သမ္မာပဿဲ၊ ယထာဘူတဉာဏ်ဖြင့် အဟုတ်အမှန်ကို အဟုတ်သိ၊ တကယ်သိ သိမြင်သော ပုဂ္ဂိုလ်သည်။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နိဗ္ဗိန္ဒံ၊ ငြီးငွေ့သူသည်။ ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ ဝိရာဂါ၊ တပ်ခြင်းကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ကျွတ်လေ၊ လွတ်လေ၏။ ဝိမုတ္တသ္မိံ၊ ကျွတ်ပြီး၊ လွတ်ပြီးသည်၌။ အဟံ၊ ငါသည်။ ဝိမုတ္တံ၊ ကျွတ်လွတ်ရသည်။ အမှိ၊ ဖြစ်ပေပြီ။ ဣတိ၊ ဤသို့။ ဉာဏံ ဆင်ခြင်စိတ်ချ အေးကြီး အေးရသော ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ အနက်။ သမ္မာပဿဲကား ယထာဘူတဉာဏ်။ နိဗ္ဗိန္ဒတိကား နိဗ္ဗိန္ဒဉာဏ်၊ ဝိရဇ္ဇတိ-ကား မဂ်ဉာဏ်၊ ဝိမုစ္စတိကား ဖိုလ်ဉာဏ်။ ဉာနံဟောတိကား ပစ္စဝေက္ခဏာဉာဏ်၊ ဉာဏ်ငါးပါးမှတ်။ ။ ဘီလူးတို့ ဖန်ဆင်းပြုလုပ်ထားသောရွာတွင် ခင်တွယ်ပျော်ပိုက်၍နေသောသူသည် ဝိဇ္ဇာဓိရ်လုလင် ပြောင်အမှန်ကိုသိသည်နှင့် တစ်ပြိုင်နက် ကြောက်လန့်ပြေးထွက် ဘီလူးတို့ပိုင်နက်မှ လွတ်သောအခါ ရပ်နား၍ လွတ်ပေပြီဟု ပြန်ကြည့်သကဲ့သို့ ဉာဏ်အစဉ်ဖြစ်ပုံကို သိလေ။

ဘီလူးတို့ရွာမှန်းသိသည်နှင့် ယထာဘူတ။။ ကြောက်လန့်သည်နှင့် နိဗ္ဗိန္ဒ။ ။ထွက်ပြေးသည်နှင့် မဂ်။ ။ဘီလူးတို့ ပိုင်နက်က လွတ်ထွက်သည်နှင့် ဖိုလ်။ ။ရပ်နား၍ပြန်ကြည့်သည်နှင့် ပစ္စဝေက္ခဏာဉာဏ် တူသည်သိလေ။ ယထာဘူတဉာဏ်ကငါးပါး၊ နိဗ္ဗိန္ဒဉာဏ်ပါ ဝိပဿနာဉာဏ်ခြောက်ပါး၊ လော

http://www.dhammadownload.com

ကုတ္တရာဘက်က ဉာဏ်သုံးပါး၊ ပေါင်းကိုးပါးဖြစ်၏။ တစ်နည်းလည်း ဝိပဿနာဉာဏ် အကျယ်ဆယ်ပါးမှတ်။ ဆယ်ပါးဆိုသည်ကား-

၁။ သမ္မသနဉာဏ်။ ၆။ နိဗ္ဗိန္ဒဉာဏ်။
၂။ ဥဒယဗ္ဗယဉာဏ်။ ၇။ မုစ္စိတုကမျတာဉာဏ်။
၃။ ဘင်္ဂဉာဏ်။ ၈။ ပဋိသင်္ခါဉာဏ်။
၄။ ဘယဉာဏ်။ ၉။ သင်္ခါရုပေက္ခာဉာဏ်။
၅။ အာဒီနဝဉာဏ်။ ၁၀။ အနုလောမဉာဏ်။

ဤဆယ်ပါးတည်း။

၁။ သမ္မသနဉာဏ်ဆိုသည်မှာ လက္ခဏာရေးသုံးပါး မထင်ထင်အောင် သုံးသပ်ဆင်ခြင်သောဉာဏ်ကို ဆိုလိုသည်။

၂။ ဥဒယဗ္ဗယဉာဏ်ဆိုသည်မှာ လက္ခဏာရေးတင်၍ အဖြစ်အပျက်တွေကို မြင်သောဉာဏ်ကို ဆိုသည်။

၃။ ဘင်္ဂဉာဏ်ဆိုသည်မှာ လက္ခဏာရေး အလွန်ထင်မြင်၍ အပျက်ကိုသာ မြင်သောဉာဏ်ကို ဆိုသည်။

၄။ ဘယဉာဏ်ဆိုသည်မှာ အပျက်တွေကိုသာ မြင်သောကြောင့် ကြောက်သော အခြင်းအရာအားဖြင့် ဖြစ်သော ဉာဏ်ကိုဆိုသည်။

၅။ အာဒီနဝဉာဏ် ဆိုသည်မှာ အကောင်းကို မမြင်၊ ဘေးတွေ၊ ရန်တွေဟု အပြစ်ကိုသာ မြင်သောဉာဏ်ကိုဆိုသည်။

၆။ နိဗ္ဗိန္ဒဉာဏ် ဆိုသည်မှာ ငြီးငွေ့သောဉာဏ်ကို ဆိုသည်။

၇။ မုစ္စိတုကမျတာဉာဏ်ဆိုသည်မှာ ကျွတ်လို၊ လွတ်လိုသော ဉာဏ်ကိုဆိုသည်။

၈။ ပဋိသင်္ခါဉာဏ်ဆိုသည်မှာ ကျွတ်လွတ်ရန် လက္ခဏာရေးသုံး တန်ကို အဖန်ဖန်ထပ်၍ ဆင်ခြင်သော ဉာဏ်ကိုဆိုသည်။

၉။ သင်္ခါရုပေက္ခာဉာဏ်ဆိုသည်မှာ လက္ခဏာရေး အစွမ်းကုန် ထင်မြင်သည့်အတွက် ရှုဆင်ခြင်ခြင်း၌ ဗျာပါရမစွက် သင်္ခါရတို့၌ ကြောက်ခြင်း၊ နှစ်သက်ခြင်းကို စွန့်လွှတ်၍ လျစ်လျူသာဖြစ်သောဉာဏ်ကိုဆိုသည်။

၁၀။ အနုလောမဉာဏ်ဆိုသည်မှာ လောကုတ္တရာဘက်သို့ ရောက်ခါနီး မဂ်နှင့် လျော်ကန်နှစ်တန်သုံးတန်သော ဉာဏ်ကို ဆိုလိုသည်။

ထို့နောက် ဂေါတြဘူဉာဏ်ဖြင့် နိဗ္ဗာန်သို့ချဉ်း၊ လောကီကို ထွင်းဖောက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် လောကုတ္တရာ ဘက်သို့ ရောက်လေ၏။ ဝိပဿနာဉာဏ်ကား လက္ခဏာရေးသုံးပါးကို အာရုံပြုသည်။ ဂေါတြဘူကား လောကီဖြစ်လျက် နိဗ္ဗာန်ကို အာရုံပြုသည့်အတွက် ဝိပဿနာအတွင်းသို့ မသွင်းရ၊ မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်၏။ ဤဝိပဿနာဉာဏ် ဆယ်ပါးလာသောနည်းကား ကျွတ်ထိုက်သော ပါရမီအခံရှိသော်လည်း ဉာဏ်အမြင်မထက်သန်သည့်အတွက် တစ်လ၊ တစ်နှစ်၊ ဆယ်နှစ်၊ အနှစ် နှစ်ဆယ်စသည် အပြင်းအပြ အားထုတ်နိုင်မှ ရလတ္တံ့။ ပုဂ္ဂိုလ်တို့ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိတို့ ဖြစ်ပြီးမှ အားထုတ်အပ်သောနည်းတည်း။

[ဆရာတော်ကြီး၏ ပရမတ္ထစကျွတ်မှ ထုတ်နုတ်ဖော်ပြပါသည်။]

ဒီပဲရင်းဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

တောင်ပွားဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

တောင်ပွားဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၄၆-၁၃၂၈)

ဆရာတော်ဖြစ်မည့်သူ ဖွားမြင်ခြင်း

ထား၀ယ်မြို့ ကူးတို့တောရကိုဏ်းကြီး၏ နာယကတစ်ပါး၊အပါအ၀င် ဖြစ်တော်မူသော ဇေယျ ၀တီကျောင်းတိုက် တိုက်အုပ် တောင်ပွား ဆရာတော်သည် သက္ကရာဇ် ၁၂၄၆ ခုနှစ် ၀ါခေါင်လဆန်း ၁၀ ရက် စနေနေ့တွင် ထား၀ယ်မြို့ ကရပ်ပြင်ရပ်၌ မွေးဖွားခဲ့သည်။ ခမည်းတော် မယ်တော်တို့၏ အမည်မှာ ဦးရွှေလူနှင့် ဒေါ်သွန်းတို့ ဖြစ်ကြသည်။ သူတို့သည် လယ်ယာကိုင်းကျွန်းအလုပ်ဖြင့် အသက်မွေးကြသည်။ တစ်မိ၀မ်းတွင် သား၊သမီး ၇ ယောက် အနက် ဆရာတော်သည် တတိယမြောက် သား၊ရတနာဖြစ်သည်။

ကျောင်းသား၊အရွယ်

ဆရာတော်၏ ငယ်နာမည်မှာ မောင်ဘိုးအောင် ဖြစ်သည်။ ရုပ်အဆင်း သန့်ရှင်းဖြူစင်၍ ဥပဓိကောင်းသူဖြစ်သည်။ အသက် ၁၀နှစ် အရွယ်တွင် ကရပ်ပြင်ရပ် အစိုးရမူလတန်းကျောင်း၌ မိဘတို့က အပ်နှံခဲ့သည်။ ထိုကျောင်း၌ စတုတ္ထတန်းကို အောင်မြင်ပြီးနောက် ကျောင်းမှ ထွက်ခဲ့သည်။

ရှင်သာမဏေပြုခြင်း

မိဘတို့၏ရင်ခွင်အောက်၀ယ် ကြီးပြင်းလာ၍ လူလားမြောက်ခဲ့သည်။ အသက် ၁၇နှစ်အရွယ် ရောက်သော်လည်း ရှင်သာမဏေပြု၍ သာသနာ့အမွေကို မခံရသေးသဖြင့် လူရေးလူရာ မ၀င်သေးချေ။ သာသနာတော်ကို ကြည်ညိုလေးစားကြသော မိဘနှစ်ပါးတို့သည် ဗုဒ္ဓဘာသာ ဓလေ့ထုံးစံအရ သား၊ရတနာကို သာသနာ့အမွေခံယူစေရန် ထား၀ယ်မြို့မှ အရှေ့ဘက် ၃မိုင်ခန့်ဝေးသော ပေါက်တိုင်းရွာ တောင်ပွားကျောင်း ဆရာတော် ဦးဂုဏထံတွင် အပ်နှံခဲ့ကြသည်။ ရှင်သာမဏော ကျင့်၀တ် စာပေများကို သင်ယူပြီး ထိုနှစ်မှာပင် မိဘနှစ်ပါးတို့က ပစ္စည်းလေးပါး ဒါယကာပြု၍ မောင်ဘိုးအောင်သည် ဖန်၀ါနီမြန်း ၀တ်သင်္ကန်းဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်တေဇိန္ဒ ဖြစ်သည်။ ကျောက်ထီးတန္တ အလေးပြုအပ်သော ဥပဇ္ဈာယ် ဆရာ ဦးဂုဏထံ၌ပင် ၄ နှစ်တိုင်တိုင် လောကုတ္တရာအခြေခံပညာရပ်များကို သင်ယူခဲ့သည်။

ရဟန်းပြု၍ ပညာသင်ကြားခြင်း

၁၂၇၃ခုနှစ်၊ အသက် ၂၇နှစ် အရွယ်ရောက်သောအခါ မောင်ဘိုးအောင်၏ ရင်းတွင်း၀ယ် အချိန်ကြာမြင့်စွာ ကိန်းအောင်းလာခဲ့သော 'ငါသည် မိဘနှစ်ပါးကို အခွင့်ပန်၍ ရဟန်းပြုမည်' ဟူသော စိတ်အကြံသည် အထွတ်အထိပ်သို့ ရောက်လာခဲ့သည်။ ဆည်းပူးအပ်သော ကုသိုလ်ကံပါရမီက ရှိုးဆော်လာ

http://www.dhammadownload.com

သဖြင့် တစ်နေ့သ၌ မိဘနှစ်ပါးကို ရှိခိုးကန်တော့၍ အခွင့်ပန်ရာတွင် 'ငါ့သား ရွှေတောင်အမောင် ယခု ရဟန်းပြုတော့လေ့'ဟု အနူးအညွတ် အခွင့်ပြုခဲ့ကြသည်။ ထို့ကြောင့် ၁၂၇၃ခုနှစ်၊ နယုန်လဆန်း ၁၂ရက် နေ့တွင် မိဘနှစ်ပါးတို့က ပစ္စည်းလေးပါး ဒါယကာပြု၍ ထားဝယ်မြို့ ကည်ရုပ်မြေတိုက် ကျောင်း ခဏ္ဍသိမ်၌ ဇလွန်အရှေ့ကျောင်း ဆရာတော် ဦးဝဏ္ဏကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘဝသို့ ရောက်ခဲ့သည်။ ရဟန်းဘွဲ့အမည်မှာ ဦးတေဇိန္ဒဖြစ်သည်။

ရဟန်းဘဝ၌ အကျင့်သီလ မညစ်နွမ်းစေခြင်းငှာ နေလွဲကွမ်းစားခြင်း၊ ဆေးဝါးခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မြင်းလှည်းနွားလှည်း စီးခြင်းတို့မှ လုံးဝ ရှောင်ကြဉ်ခဲ့သည်။ စာမရီသားကောင်သည် မိမိ၏ မြီးဆံကို အသက်ပေး၍ စောင့်ရှောက်သကဲ့သို့ ဝိနည်းသိက္ခာပုဒ်ကို အထူးလေးစား၍ စောင့်ထိန်းခဲ့သည်။ ဖိနပ်မစီးခြင်းမှာ ရဟန်းဖြစ်စဉ် ထေရ်ကြီးဝါကြီးများနှင့် တွေ့လျှင် မရိုမသေဖြစ်၍ မစီးကြောင်း အမိန့်ရှိဖူးသည်။

ပဋ္ဌကတ်တိုက် ဆရာတော် ဦးဣန္ဒဝံသ တိုက်တွန်းနှိုးဆော်ချက်အရ ဦးတေဇိန္ဒသည် ရဟန်းတစ်ဝါ၌ ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ဆရာတော် ဦးသီလထံတွင် ပညာသင်ယူရန် ကြွရောက် သီတင်းသုံးခဲ့သည်။ ဆရာတော် ဦးသီလထံ၌ နိကာယ်ငါးရပ်ကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာနှင့်တကွ သင်ရိုးပေါက်ခဲ့သည်။

ဆရာတော် ဦးသီလသည် ဦးတေဇိန္ဒကို တောင်ပွားကျောင်း၌ နေခဲ့သည်ကို အစွဲပြု၍ တောင်ပွား ဦးပဉ္စင်းဟု ခေါ်ခဲ့သည်။ နောင်အခါ၌ တောင်ပွား ဆရာတော်ဟု အမည်တွင်လေသည်။

၁၂၈၁ခုနှစ်၊ ၈၀အရတွင် သင်ရိုးပေါက်ပြီးနောက် ဗုဒ္ဓတက္ကသိုလ်ဖြစ်သော မန္တလေးမြို့သို့ ဒေသန္တရ ဂန္ထန္တရများကို ဆည်းပူးသင်ယူရန် ကြွခဲ့သည်။ အနောက်ပြင် မေယဝတီ တောင်သမန်ကျောင်းတိုက်ဆရာတော် ဦးသီးဟု ကျော်ကြားသော ဦးသုမင်္ဂလထံတော်တွင် ပိဋကတ်လာ ခက်ဆစ် အဓိပ္ပာယ် အဆုံးအဖြတ်များကို တစ်နှစ်မျှသင်ယူပြီး ထားဝယ်မြို့သို့ တစ်ဖန် ပြန်ကြွခဲ့သည်။

ပထမအကြိမ် တောထွက်ခြင်း

၁၂၈၂ခုနှစ်တွင် တောင်ပွားဆရာတော်သည် ကျမ်းဂန်သာတတ်၍ ဝိပဿနာ အကျင့်မပါလျှင် မီးရှူးပမာ သူကန်းသာဖြစ်သေးသည်။ မိမိ၏ ဘဝမှ လွတ်မြောက်ရေး၊ မင်္ဂဖိုလ်ရရှိရေးအတွက် ရဟန်းပြုခဲ့ပုံကို နှလုံးသွင်း၍ ဇေယျဝတီ ဆရာတော် ဦးသီလထံတွင် ကမ္မဋ္ဌာန်းသင်ယူပြီး ဆရာတော် ဦးသီလ တည်ထောင်ထားသော ထားဝယ်မြို့မှ အနောက်ဘက် ၄မိုင်ခန့်ဝေးသော မင်းရပ် ကမ္မဋ္ဌာန်းချောင်သို့ တရားအားထုတ်ရန် ကြွခဲ့သည်။ မင်းရပ်ချောင်သည် မင်းရပ်ရွာမှ မိုင်ဝက်ခန့်ဝေး၍ ကျောင်းသခိမ်းပေါင်း ၂၀၀ ကျော်ရှိသည်။

ထိုချောင်တွင် ဝိပဿနာတရားကို အားထုတ်ခြင်း၊ ပတ်ဝန်းကျင် မြို့နယ်များမှ ယောဂီများအား တရားအလုပ်ပေးခြင်း၊ တရားစစ်ခြင်း၊ တရားဟောခြင်းတို့ဖြင့် မိမိ သူတစ်ပါးအကျိုးများကို ကျင့်ခဲ့သည်။

ဆရာတော်သည် ကိုယ့်အရေးတွင် အစွယ်ကျိုးသော မြွေကဲ့သို့ သည်းခံ၏။ သာသနာ အရေးအခင်းများတွင် ဓမ္မဓိဋ္ဌာန်ကျကျရဲရင့်စွာ ပြောဆိုဆုံးဖြတ်လေ့ရှိ၏။

ဒုတိယအကြိမ် တောထွက်ခြင်း

၁၃၀၃ ခုနှစ်တွင် ထားဝယ်မြို့ကို ဂျပန်တို့က ဗုံးကြဲတိုက်ခိုက်လာသောအခါ ဇေယျဝတီ ကျောင်းတိုက်မှ ဆရာတော် ဦးသီလသည် စာသင်သားသံဃာတော်များနှင့်တကွ ဗုံးဒဏ်မှ ရှောင်လွှဲလို၍ လောင်းလုံးမြို့ အောင်သပြေကျောင်းတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးခဲ့သည်။ ဂါမဝါသီကျောင်းထိုင်ဘဝ

http://www.dhammadownload.com

ကို မိမိကိုယ်ပိုင် အလုပ်ချိန်နည်းသဖြင့် ငြိုးငွေ့လာသည့် တောင်ပွားဆရာတော်သည် ကျောက်ကွင်းမိသော သားကောင်ပမာ လွတ်ရုက်ကို စောင့်မျှော်နေတုန်းမှာ ဆရာတော် ဦးသီလရောက်လာသည့်အတွက် ဝမ်းမြောက်ခဲ့သည်။

မိမိရသော အခွင့်အရေးကို လက်မလွတ်စေသင့်ဟု သဘောပိုက်၍ မိမိပိုင်သော အောင်သပြေကျောင်းကို ဂရုဘဏ်၊ လဟုဘဏ်နှင့်တကွ ဆရာတော် ဦးသီလအား လှူဒါန်းခဲ့သည်။ ဒါယကာတို့က မိမိအား လှူဒါန်းခဲ့သမျှ ပစ္စည်းလေးပါး ဒါနကုသိုလ် အစုစုတို့ကိုလည်း ရေစက်ချအမျှဝေစေ၍ တရားဓမ္မဖြင့်နှစ်သိမ့်စေခဲ့ပြီး မိမိ၏မဂ်ဖိုလ်နိဗ္ဗာန် ခရီးအတွက် အောင်သပြေကျောင်းမှ မင်းရပ်ချောင်သို့ တစ်ဖန်ကြွသွားခဲ့သည်။ မင်းရပ်ချောင်တွင် ဝိပဿနာတရားများကို ပြင်းပြင်းထန်ထန် အားထုတ်နေစဉ်အတွင်း ပိဏ္ဍာပါတ်ခုတင်၊ ဧကာသနိက်ခုတင်၊ ပတ္တပိဏ္ဍ်ခုတင်၊ တိစီဝရိက်ခုတင်များကို အမြဲကျင့်သုံးခဲ့သည်။

ဇေယျဝတီ ကျောင်းတိုက်သို့ ကြွလာခြင်း

၁၃၁၇ ခုနှစ်တွင် မိမိ၏ ဓမ္မာစရိယ ဖြစ်တော်မူသော ဇေယျဝတီဆရာတော် ဦးသီလသည် မကျန်းမာ ဖြစ်လာခဲ့သည်။ လုပ်ကျွေးမွေးရန်အတွက် မင်းရပ်ချောင်မှ ဇေယျဝတီကျောင်းတိုက်သို့ ကြွခဲ့သည်။ ထိုနှစ်မှာပင် ဇေယျဝတီကျောင်းတိုက်၌ ကူးတို့တောရဂိုဏ်းကြီး၏ နှစ်ပတ်လည် အစည်းအဝေးတွင် တောင်ပွားဆရာတော်သည် ကူးတို့တောရဂိုဏ်းကြီး၏ နာယကဆရာတော်အဖြစ် တင်မြှောက်ခြင်း ခံရသည်။

၁၃၁၉ ခုနှစ် ကဆုန်လဆုတ် (၁၄)ရက်ညနေ ၆-နာရီ အချိန်တွင် ဇေယျဝတီဆရာတော် မြို့ပေါ်မှ ဒါယကာများ ပင့်လျှောက်ချက်အရ ဇေယျဝတီကျောင်းတိုက်၌ ဝါဆိုတော်မူသည်။ ဇေယျဝတီ ပဋိပတ္တိရိပ်သာ ဝိပဿနာနည်းပြဆရာတော်အဖြစ်ဖြင့် လည်းကောင်း၊ ပရိယတ္တိစာသင်တိုက်ကြီး၏ တိုက်အုပ်ဆရာတော်အဖြစ်ဖြင့်လည်းကောင်း တင်မြှောက်ခြင်းခံရသည်။

တောင်ပွားဆရာတော် ပျံလွန်တော်မူခြင်း

ဇေယျဝတီ ပဋိပတ္တိရိပ်သာနှင့် မင်းရပ်ချောင်၂-ဌာနတွင် နှစ်ပေါင်း ၃၆နှစ်ကာလပတ်လုံး ပဋိပတ်တာဝန်ကို ထမ်းဆောင်ခဲ့သဖြင့် ဝိပဿနာအရာတွင် ပါရဂူမြောက်သော ပုဂ္ဂိုလ်တစ်ပါး ဖြစ်ခဲ့ပေသည်။ ပျံလွန်တော်မူမည့်နှစ်တွင် ဥပုသ်သိမ်အတွင်း သံဃဥပုသ်ပြုရာ၌ သံဃာတော် အရှင်မြတ်တို့အား ဝိသုဒ္ဓိမဂ်ကျမ်းကို လေ့လာအားထုတ်ကြပါဟူ၍ ဩဝါဒပေးခဲ့သည်။ ၁၃၂၈ခုနှစ် ဒုတိယဝါဆိုလဆုတ် ၁၅ ရက်နေ့သည် ဥပုသ်နေ့ဖြစ်၍ ပရိသတ်ကို နံနက်ပိုင်းတရားဟောပြီး နေ့ဆွမ်းဘုဉ်းပေးတော်မူသည်။ ထို့နောက် သီတင်းသုံးတော်မူရာ စံကျောင်း၌ တစ်ပါးတည်း ကိန်းအောင်းတော်မူနေစဉ် ညနေ ၄ နာရီအချိန်တွင် ပျံလွန်တော်မူခဲ့သည်။ ပျံလွန်တော်မူသည့် အချိန်တွင် ကျေးဇူးရှင် တောင်ပွားဆရာတော်သည် သက်တော် ၈၂၊ ဝါတော် ၅၅ ဖြစ်ခဲ့သည်။

ထားဝယ်မြို့ ဇေယျဝတီ ပဋိပတ္တိရိပ်သာကြီး၏ ပဋိပတ်အရာတွင် ပင်စည်ပင်မကြီးသဖွယ် ဖြစ်တော်မူသော ဇေယျဝတီတိုက်အုပ် တောင်ပွားဆရာတော်ဘုရားသည် အရပ်ရပ် အနယ်နယ်မှ ခညောင်းရောက်လာကြကုန်သော ပရိသတ်အပေါင်းတို့အား ဝိပဿနာတရားတော်တည်းဟူသော အမြိုက်ဆေးဖြင့် ကိလေသာ အနာရောဂါတို့မှ ကင်းငြိမ်းပပျောက်ကြစေရန် စောင့်ရှောက်ခဲ့ပေသည်။

ထေရပွတ္တိအကျဉ်းပြီး၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် တောင်ပွားဆရာတော်ဘုရားကြီး၏
သြဝါဒတော်

ယောဂီတို့၊ မိမိတို့ တရားအားထုတ်မှုသာ လိုရင်းဖြစ်တယ်၊ အားမထုတ်ဘဲ၊ လုံ့လမပြုဘဲနဲ့တော့ ဘယ်တော့မှ နိဗ္ဗာန်မဂ်ဖိုလ်ကို မရနိုင်ဘူး။ မှတ်ထားနော်။

ဒီနိဗ္ဗာန် မဂ်ဖိုလ်တရားတွေဟာ လက်တွေ့အလုပ်လုပ်မှ ရတဲ့ တရားဖြစ်တယ်။ ဒါနသီလတို့နဲ့ မတူပါ။ မဂ္ဂင် ၈-ပါးထဲ ထည့်ပြောမယ်ဆိုရင် သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုတာ ရုပ်တို့၏ ဖောက်ပြန်မှုကို ဟုတ်တိုင်း မှန်စွာ သိမှုကို ခေါ်တယ်။ ရုပ်နာမ်ဓမ္မတို့၏ ဖောက်ပြန်မှုကို ဟုတ်တိုင်းမှန်စွာ သိသောကြောင့် ယထာဘူတ ဉာဏ်လည်းခေါ်တယ်။ တရားဌိ တည်နေသောကြောင့် ဓမ္မဋ္ဌိတိဉာဏ်လည်း ခေါ်တယ်။ တရားကို မြင်သော ကြောင့် ဓမ္မဒဿနဉာဏ်လည်း ခေါ်တယ်။ တရားကိုဘာနဲ့ မြင်သလဲ။ မဲသမျက်စိနဲ့ မြင်ပါသလား၊ မဟုတ်ပါ၊ ဉာဏ်မျက်စိနဲ့ တရားကိုမြင်တယ်။ ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

တောင်ပွားဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

တရားအားမထုတ်မီ ပြုရမည့် ပုဗ္ဗကိစ္စ (၅) ပါး

တရားအားထုတ်မည့် ပုဂ္ဂိုလ်များ တရား အားမထုတ်မီ ရှေးဦးစွာ ပုဗ္ဗကိစ္စကို ပြုလုပ်ရမယ်။ ယခု တရားနာနေတဲ့ပုဂ္ဂိုလ်များ အားထုတ်နိုင်အောင် နည်းကို ပြောပြမယ်နော်၊ မာတိကာမာတာ ဒါယိကာမကြီးဟာ ရဟန်းများအထံ၌ တရားအားထုတ်နည်း ကမ္မဋ္ဌာန်းကို တောင်းယူပြီး အိမ်မှာ တရားအားထုတ်တယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တောင် ဖြစ်သွားတယ်။ အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်ဖို့ရာ တစ်မဂ်တစ်ဖိုလ်ပဲ ကျန်တယ်။ အဲဒါတရားအားထုတ်နည်းကို သိလို့ အိမ်မှာအားထုတ်ရင်း တရားရသွားတယ်။

ထိုမှတစ်ပါးလည်း ဝတ္ထုသက်သေ သာဓကနဲ့ပြရရင် စိတ္တသူကြွယ်ဟာ အိမ်မှာပဲ တရားအားထုတ်တယ်။ အနာထပိဏ်သူဌေးကြီး၏သမီး မဟာသုသဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနဒေဝီ သုံးယောက်တို့လည်း အိမ်မှာပဲ တရားအားထုတ်ကြလို့ သူတို့အားလုံး မဂ်ဖိုလ်ရောက်သွားကြတယ်။ သို့အတွက်ကြောင့် အိမ်မှာလည်းပဲ တရားအားထုတ်နိုင်ကြတယ်နော်။ တရားအားထုတ်မည့် ပုဂ္ဂိုလ်များမှာ ပလိဗောဓ (ကြောင့်ကြမှု) ကို နည်းစေရမယ်။ စကားလည်း နည်းစေရမယ်။ တရားအားထုတ်ချိန်မှာ ပြောစရာရှိမှ ပြောရမယ်။ မဟုတ်တရုတ်ပြောနေရင် အာရုံပြန့်တယ်။

ပုဗ္ဗကိစ္စ (ရှေးဦးအလုပ်) ငါးပါးကတော့ ဘုရားကို ရှိခိုး၊ တရားကို ရှိခိုး၊ သံဃာကိုရှိခိုး၊ ဘုရားရှိခိုးတဲ့နေရာမှာ အရှည်ကြီး ယီးခိုမနေနဲ့၊ တရားအားထုတ်ဖို့အချိန်နည်းသွားလိမ့်မယ်။ ဘုရားကို ဦးချရုံပဲ ဦးချပါ။ တရားအားထုတ်လွတ်တဲ့အခါမှ သေသေချာချာ ရှိခိုး၊ ရှည်နိုင်သမျှ ရှည်နိုင်အောင်ရှိခိုး။ ဒါဖြင့် တရားအားမထုတ် ရှေးဦးစွာ ပြုလုပ်ဖို့က ဘုရားကို ရှိခိုး၊ တရားကိုရှိခိုး၊ သံဃာကိုရှိခိုးနော်။ ရဟန်းများကတော့ မိဘများကို ရှိမခိုးကောင်းဘူး။ မိခင်ဖခင်တို့၏ ကျေးဇူးကိုပဲ အာရုံပြုရမယ်။ လူများကတော့ ဘုရား, တရား, သံဃာ, မိခင်, ဖခင်, ဆရာသမားများကို ရှိခိုးပါ။

ရှိခိုးပြီးလျှင် သုတ်သီလကွန်အဋ္ဌကထာလာ သရဏဂုံလေးမျိုးအနက် အတ္တသန္နိယျာတန သရဏဂုံကို ဆောက်တည်ရမယ်။

ဣမံ အတ္တဘာဝံ ဗုဒ္ဓသ နိယျာတေမိ။
ဣမံ အတ္တဘာဝံ ဓမ္မသ နိယျာတေမိ။
ဣမံ အတ္တဘာဝံ သံဃသ နိယျာတေမိ။

ဟူသော အတ္တသန္နိယျာတန သရဏဂုံကို တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များ ဆောက်တည်ရမယ်။

http://www.dhammadownload.com

ဆရာသမားများက ဆုံးမခဲ့တဲ့ နည်းအတိုင်းနော်၊ မြန်မာလိုနားလည်အောင် ပြောလိုက်ဦးမယ်။
ငါ၏ခန္ဓာကိုယ် အတ္တဘောကို ဘုရားအား အပ်နှင်းပါ၏။
ငါ၏ခန္ဓာကိုယ် အတ္တဘောကို တရားအား အပ်နှင်းပါ၏။
ငါ၏ခန္ဓာကိုယ် အတ္တဘောကို သံဃာအား အပ်နှင်းပါ၏။

ပစ္စည်းဥစ္စာကို အပ်နှင်းဘိသကဲ့သို့ မိမိ၏ခန္ဓာကိုယ်ကို ဘုရားတရားသံဃာအား အပ်နှင်းရမယ်။

ရှင်သာရိပုတ္တရာ၊ ရှင်မဟာကဿပ ကိုယ်တော်မြတ်တို့သည် မြတ်စွာဘုရားထံတော်မှာ တပည့်အဖြစ် ဆောက်တည်အပ်သော သရဏဂုံသည် 'သိဿဘာဝူပဂမန' သရဏဂုံ ခေါ်တယ်။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဟူ၍ ဆောက်တည်အပ်သော သရဏဂုံသည် တပ္ပရာယနတာ သရဏဂုံခေါ်တယ်။

မိမိကိုယ်ကို ယနေ့မှစ၍ ရတနာသုံးပါးအား ရှိခိုးခြင်း စသည်ဖြင့် အရိုအသေပြုခြင်းသည် ပဏိပါတသရဏဂုံ ခေါ်တယ်။ ဒီလိုအပ်နှင်းပြီးမှ–

ငါ၏ခန္ဓာကိုယ်အတ္တဘောကို ဘုရားစောင့်ပါစေသတည်း။

ငါ၏ခန္ဓာကိုယ်အတ္တဘောကို တရားစောင့်ပါစေသတည်း။

ငါ၏ခန္ဓာကိုယ်အတ္တဘောကို သံဃာစောင့်ပါစေသတည်း။

ငါ၏ခန္ဓာကိုယ်အတ္တဘောကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ၊ နတ်အရိယာသူတော်ကောင်းများ စောင့်ရှောက်ပါစေသတည်း။

မိစ္ဆာနတ်များကို အစောင့်မခိုင်းနဲ့၊ ကုသိုလ်ကောင်းမှုအဖို့ကို သူတို့အား အမျှပေးဝေပါ၊ သူတို့ဟာ အယူလွဲသည့်အတွက်ကြောင့် မိစ္ဆာနတ်များဖြစ်နေတယ်။ ဘုရားဖြစ်ခါနီး မာရ်နတ်ဖျက်ဆိုသလို ဘုရားကိုယ်တော်မြတ် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူသည်မှစ၍ ဝါတော် ၂၀ ဆယ်တိုင်အောင် မာရ်နတ် လိုက်ဖျက်ဆီးခဲ့တယ်။ ဒါပေမဲ့ မြတ်စွာဘုရားက အာသဝေါကုန်ခန်းပြီးသော ပုဂ္ဂိုလ်ဖြစ်သည့်အတွက် မပျက်စီးခဲ့ဘူး။ မာရ်နတ်က ဖျက်ဆီးတတ်တယ်။

ဒါပြီးရင် သူတော်ကောင်းအပေါင်းတို့ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အကျွန်ုပ်လည်း ကျန်းမာချမ်းသာရပါလို၏။ ဒါက မေတ္တာပို့ခေါ်တယ်၊ ခပ်တိုတိုနော်၊ တရားအားထုတ်တဲ့အခါ ဒီလိုပဲ မေတ္တာပို့ပါ။

သတ္တဝါတွေဟာ မကောင်းတဲ့ ကာယကံအကုသိုလ်အားဖြင့်လည်းကောင်း၊ ဝစီကံအကုသိုလ်အားဖြင့်လည်းကောင်း၊ မနောကံအကုသိုလ်အားဖြင့်လည်းကောင်း လွန်ကျူး၍ ပြောမိဆိုမိမယ်။ ပုထုဇဉ် ပုဂ္ဂိုလ်ကို ပြစ်မှားကျူးလွန်ရင် ကိစ္စမရှိလှ၊ အရိယာပုဂ္ဂိုလ်များကို လွန်ကျူးခဲ့သော် မဂ်ရထိုက်သူပင်ဖြစ်ငြားသော်လည်း မဂ်မရထိုက်ပြီ၊ မဂ္ဂန္တရာယ်ထိုက်သူ ဖြစ်နေပြီ၊ ဒါဖြင့်ရင် ဘယ်လိုလုပ်ရမလဲ၊ ကန်တော့ရမယ်။ ကန်တော့ပုံ ကန်တော့နည်းကို အကျယ်မပြောတော့ပြီ၊ အားထုတ်ရာ၌ လုပ်ရမည့် ဝတ္တရားကိုပဲ ပြောမယ်၊ သူတော်ကောင်း အပေါင်းတို့၊ အကျွန်ုပ်က ပြစ်မှားလွန်ကျူးမိသော အပြစ်များရှိခဲ့သော် အခွင့်လွှတ်တော်မူကြပါ။ ယင်းတို့က ပြစ်မှားမိသော အပြစ်များကိုလည်း အကျွန်ုပ်က အခွင့်လွှတ်ပါ၏။ အဲဒီလိုဆိုရင် သူ့မှာလည်း အပြစ်ကင်း၊ ကိုယ့်မှာလည်း အပြစ်ကင်းသွားတယ်၊ ကန်တော့ပြီးရင် တရားအားထုတ်ပေတော့၊ တစ်ခါထပ်ပြီး အကျဉ်းချုပ် ပြောလိုက်ရဦးမယ်။

http://www.dhammadownload.com

ပုဗ္ဗကိစ္စ ၅ ပါး

၁။ ဘုရား, တရား, သံဃာ, မိဘ, ဆရာသမား ကို ရှိခိုး။

၂။ ငါ၏ခန္ဓာကိုယ် အတ္တဘောကို ဘုရားအား အပ်နှင်းပါ၏။ တရားအား အပ်နှင်းပါ၏။ သံဃာအား အပ်နှင်းပါ၏။

၃။ ငါ၏ခန္ဓာကိုယ် အတ္တဘောကို ဘုရားစောင့် ပါစေသတည်း၊ တရားစောင့်ပါစေသတည်း၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ စောင့် ကြပါစေသတည်း။

၄။ ငါနှင့်တကွ သတ္တဝါ အပေါင်းတို့သည် အန္တရာယ်မရှိ ဘေးရန်ကင်း၍ ချမ်းသာကြ ပါစေ၊ ငါ၏ကိုယ်၌ ချမ်းသာဘိသကဲ့သို့ သူတစ်ပါးတို့လည်း ချမ်းသာကြပါစေ။

၅။ သူတော်ကောင်း အပေါင်းတို့၊ အကျွန်ုပ်က လွန်ကျူးသော အပြစ်များကို သည်းခံတော်မူ ကြပါ။ အကျွန်ုပ်အပေါ်၌ လွန်ကျူးမိသော အပြစ်များကိုလည်း အကျွန်ုပ်က ခွင့်လွှတ်ပါ ၏။

တရားရှုမှတ်နည်း အကျဉ်း

တရားကိုအားထုတ်ပုံ အားထုတ်နည်းကို ပြောရမယ်၊ နည်းပေးဖို့နော်၊ ခုနကပြောခဲ့တဲ့ စိတ် တည်းဟူသော နာမ်တရားက အာရုံကို ညွှတ်၍ သိတတ်သော သဘောရှိတယ်၊ ရုပ်တရားက ဘယ် လိုသဘောရှိပါသလဲ၊ ဖောက်ပြန်တတ်သော သဘော ရှိတယ်၊ အာရုံကို ညွှတ်၍ သိတတ်သော သဘောကို နာမ်ခေါ်တယ်၊ ဖောက်ပြန်တတ်သော သဘောကို ရုပ်ခေါ်တယ်။

ကျရိယာ ပထပဗ္ဗကိုပဲ အရင်ပေးလိုက်မယ်၊ သမ္မဇညပဗ္ဗစသည်ကို အားလုံး ပြောမယ်ဆိုရင် အတော်ပဲ များပါတယ်၊ မိမိအားထုတ်ချင်တဲ့ တရား ကို အားထုတ်နိုင်တယ်၊ ယခုထိုင်ပြီး တရားနာနေတဲ့ ပုဂ္ဂိုလ်များကို ဘာလုပ်နေကြသတုံးလို့ မေးရင် ထိုင် နေတာအမှန်ဖြစ်လို့ ထိုင်နေတယ်လို့ပဲ ဆိုရလိမ့်မယ်၊ အဲဒါထိုင်တဲ့ ကျရိယာပုတ်ခေါ်တယ်၊ ရပ်နေတဲ့ ပုဂ္ဂိုလ်ကို ဘာလုပ်နေသတုံး မေးရင်လည်း ရပ်နေ တယ်လို့ပဲ ဆိုရလိမ့်မယ်၊ အဲဒါ ရပ်တဲ့ ကျရိယာပုတ် ခေါ်တယ်၊ သွားတဲ့အခါ သွားတဲ့ကျရိယာပုတ်ခေါ် တယ်၊ လျောင်းနေတဲ့အခါ လျောင်းတဲ့ ကျရိယာပုတ် ခေါ်တယ်။ အဲဒီလို ကျရိယာပုတ် ၄-ပါးရှိတယ်၊ လျောင်း၊ ထိုင်၊ ရပ်၊ သွားနော်၊ ဘယ်လို ကျရိယာ ပုတ်နဲ့ပဲ ဖြစ်ဖြစ် တရားအားထုတ်နိုင်တယ်။

အာနာပါန ထွက်သက် ဝင်သက်ကို အား ထုတ်ရင်လည်းရတယ်၊ ဘယ်တရားကိုဘဲ အားထုတ် သည်ဖြစ်စေ၊ အားထုတ်တဲ့အခါ 'ဥခုံကာယဲ ပဏိ ဓာယ'လို့ ကျမ်းဂန်ကဆိုတယ်၊ တရားအားထုတ်တဲ့ အခါ ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထိုင်ရမယ်တဲ့။ မထိုင်နိုင်ရင် တရားအားမထုတ်ရတော့ဘူးလားလို့ မေးစရာရှိသည့်အတွက် 'စတူဟိ ကျရိယာပထေဟိ' လို့ ဆိုပြန်တယ်၊ ကျရိယာပုတ် ၄ပါးမှာ ဘယ်လို ကျရိယာပုတ်နဲ့ပဲဖြစ်စေ တရားအားထုတ်နိုင်တယ်။ ထိုင်တဲ့အခါ ထိုင်တယ် ထိုင်တယ် ထိုင်တယ်လို့ သိပါ။

ရပ်တဲ့အခါ ရပ်တယ် ရပ်တယ် ရပ်တယ်လို့ သိပါ။

သွားတဲ့အခါ သွားတယ် သွားတယ် သွား တယ်လို့ သိပါ။

အိပ်တဲ့အခါ အိပ်တယ် အိပ်တယ် အိပ်တယ် လို့ သိပါ။

အလွယ်ကလေးပဲ မဟုတ်လား၊ ဒီအထဲမှာ ဓာတ်တရားတွေကို ရှာထုတ်ရမယ်နော်၊ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓာတ်တွေကို ရှာရ မယ်။

အိပ်ရင် အိပ်တယ် အိပ်တယ် မှတ်ရမယ်။

ထိုင်ရင် ထိုင်တယ် ထိုင်တယ် မှတ်ရမယ်။

http://www.dhammadownload.com

ရပ်ရင် ရပ်တယ် ရပ်တယ် မှတ်ရမယ်။

သွားရင် သွားတယ် သွားတယ် မှတ်ရမယ်။

ဒီလိုဆိုရင် ကျရိယာပုတ် ၄ ပါးမှ လွတ်တာရှိသေးသလား။ လွတ်တာမရှိဘူး၊ ကျမ်းဂန်နဲ့ ပြောမယ်ဆိုရင်မဟာသတိပဋ္ဌာန်သုတ်မှာ...

ဂစ္ဆန္တောဝါ 'ဂစ္ဆာမီ' တိ ပဇာနာတိ၊
ဌိတော ဝါ 'ဌိတောမှီ'တိ ပဇာနာတိ၊
နိသိန္နော ဝါ 'နိသိန္နောမှီ'တိ ပဇာနာတိ၊
သယာနောဝါ 'သယောနောမှီ' တိ ပဇာနာတိ–လို့ ဟောတော်မူတယ်။

ဂစ္ဆန္တောဝါ၊ သွားနေဆဲသော ပုဂ္ဂိုလ်သည်မူလည်း။ ဂစ္ဆာမီတိ၊ သွားနေပါတကားဟူ၍။ ပဇာနာတိ၊ လိုက်သိနေရမယ်။ သွားတယ် သွားတယ်လို့ လိုက် မှတ်နေရမယ်တဲ့။

ဌိတောဝါ၊ ရပ်နေဆဲဖြစ်သော ပုဂ္ဂိုလ်သည်မူလည်း။ ဌိတောမှီတိ၊ ရပ်နေပါတကားဟူ၍။ ပဇာနာတိ လိုက်သိနေရမယ်။ ရပ်တယ် ရပ်တယ်လို့ လိုက် မှတ်နေရမယ်တဲ့။

နိသိန္နောဝါ၊ ထိုင်နေဆဲဖြစ်သော ပုဂ္ဂိုလ်သည်မူလည်း။ နိသိန္နောမှီတိ၊ ထိုင်နေပါတကားဟူ၍၊ ပဇာနာတိ၊ လိုက်သိနေရမယ်။ ထိုင်တယ် ထိုင်တယ်လို့ လိုက်မှတ်နေရမယ်တဲ့။

သယာနောဝါ၊ အိပ်နေဆဲဖြစ်သော ပုဂ္ဂိုလ်သည်မူလည်း။ သယာနော မှီတိ၊ အိပ်နေပါတကားဟူ၍။ ပဇာနာတိ၊ လိုက်သိနေရမယ်။ အိပ်တယ် အိပ်တယ်လို့ လိုက်မှတ်နေရမယ်တဲ့။

အလွယ်ကလေးပဲနော်။

သွားတော့လည်း သွားတယ် သွားတယ် သွားတယ်လို့ ခြေလှမ်းကို မှတ်ပြီးတော့ သွားရမယ်။ သွားတဲ့ဟာကို အပိုင်းပိုင်းဖြတ်ပြီး ပြောရမယ်ဆိုရင် သွားတယ်၊ ချတယ် ထိတယ်၊ သွားတယ် ချတယ် ထိတယ်လို့ သုံးပိုင်း ပိုင်းထားတယ်။ ခြေကိုသွားတဲ့အခါ သွားတယ် သွားတယ်မှတ်။ ခြေကို လျှော့ချတဲ့အခါ ချတယ် ချတယ်မှတ်။ ခြေမြေမှာထိတဲ့အခါ ထိတယ် ထိတယ်မှတ်။ အဲဒါရုပ်တရားခေါ်တယ်။ ဘာရုပ်ခေါ်ပါသလဲ၊ သွားတဲ့ ရုပ်ခေါ်တယ်။

ဒီခန္ဓာကိုယ်ကြီးဟာ ပထဝီ၊ အာပေါ်၊ တေဇော၊ ဝါယော ဆိုတဲ့ ဓာတ်လေးပါးတည်းဟူသော ခန္ဓာကိုယ်ကြီးမှာ စိတ်တည်းဟူသော နာမ်တရားဖြစ်ပေါ်လာလို့ ရုပ်တရားက ခြေလှမ်းကို လှမ်းလိုက်ရတယ်။ ဒါဟာ စိတ်အမူအရာကြောင့် ရုပ်ဖောက်ပြန်သွားတာပဲ။

ခြေကို မြေမှာချတဲ့အခါ ကာယပသာဒရုပ်နဲ့ ထိလိုက်တော့ ကာယ ဝိညာဉ်စိတ်ကသိတယ်။ ထိတာက ဖောဋ္ဌဗ္ဗရုပ်ခေါ်တယ်။ ဒါကြောင့် သွားလို့ ခြေဖဝါးနဲ့ မြေကြီးထိတဲ့အခါ စိတ်ကထိတယ်လို့ သိတယ်။ ခပ်ကြမ်းကြမ်းထိရင် နာတယ်လို့ သိတယ် မဟုတ်လား ယောဂီများ။ ခြေဖဝါးမှာထိတဲ့အခါ ခဲလုံးကလေးက ခုလိုက်တော့ နာတယ်မဟုတ်လား။ ထိလို့နာတာ ကို ဘယ်သူက သိသလဲ။ သွားသမား ထိသမားက သိပါသလား။ မသိဘူး။ စိတ်တည်းဟူသော နာမ်တရားက နာတယ်လို့ သိလိုက်တယ်။ သွားတယ် ထိတယ် နာတယ် ကြမ်းတယ် ချောတယ် မာတယ် ပျော့တယ်လို့ ဘယ်သူ ကသိသလဲ၊ နာမ်တရားက သိတယ်။ အောက်က မြေတည်းဟူသော ပထဝီအမာခံနဲ့ ကာယပသာဒရုပ်ထိတဲ့အခါ နာမ်ဆိုတဲ့ စိတ်ကလေးက သိလိုက်တယ်။ ဒါကြောင့် သွားတယ် ထိတယ် သိတယ်လို့ မှတ်ရမယ်။ သွားတယ် ထိတယ် သိတယ်လို့ ပါးစပ်နဲ့ မဆိုနဲ့၊ စိတ်နဲ့သာ လိုက်မှတ်လိုက်ပါ။

မြန်မြန်သွားနေရင် သုံးပိုင်းမပိုင်းနဲ့တော့၊ ဉာဏ်မလိုက်နိုင်ဘဲ ဖြစ်နေမယ်။ ဉာဏ်လိုက်နိုင်အောင် ဖြည်းဖြည်းသွားမှ သုံးပိုင်းပိုင်းပါ။ သွားတာကို ခြောက်ပိုင်းပိုင်းတဲ့ နည်းလည်း ရှိသေးတယ်နော်။ သို့သော်လည်း ယောဂီပုဂ္ဂိုလ်များ၏ နှလုံးသွင်းခြင်း ညီညွတ်အောင် ယခုလို ပြောပြတယ်။

http://www.dhammadownload.com

သွားတဲ့အခါသွားတယ် ထိတယ် သိတယ်။ သွားတာက ရုပ်တရား၊ စိတ္တဇဝါယောရုပ်က ခြေကို တစ်လှမ်းပြီး တစ်လှမ်းလှမ်းတယ်။ လှမ်းနေတဲ့ဟာ စိတ္တဇဝါယောရုပ် အဓိကဖြစ်တယ်။

ပထဝီ၊ အာပေါ၊ တေဇောရုပ် မပါဘူးလား၊ ပါနေတယ်။ မပါဘဲ နေလို့မရပါ၊ ဘယ်သူအား ကြီးနေသလဲ။ ဝါယောရုပ်က အားကြီးနေတယ်။ ဒါကြောင့် သွားတယ် ထိတယ် သိတယ်၊ နောက်တစ်လှမ်းသွားတယ် ထိတယ် သိတယ်၊ ဒီလို မှတ်သွားရမယ်တဲ့။ ဒီလိုသွားရင် သွားခြင်းမှာ တရားလက်မလွတ်၊ သွားရာမှာ တရားလက်မလွတ်ဘူးနော်။

တရားမှတ်နေတုန်း အကယ်၍သေစေကာမူ အပါယ်မလားဘူး။ တရားအားထုတ်တဲ့အခါဖြစ်စေ၊ မိမိကိစ္စရှိတဲ့အခါမှာဖြစ်စေ၊ ဆင်ခြင် နှလုံးသွင်းပြီး တရားနဲ့ သွားရမယ်။ မဆင်ခြင်နှလုံးမသွင်း ခဲ့သည်ရှိသော် ပမာဒ (မေ့လျော့မှု) တရားဝင်သည့်အတွက်ကြောင့် မေ့လျော့သွားတယ်တဲ့။ သတိမရှိဘူး။ မမေ့မလျော့ဘဲ သတိနဲ့ သွားတယ်တဲ့။ သတိမရှိဘူး။ မမေ့မလျော့ဘဲ သတိနဲ့သွားတာက အပွမာဒခေါ်တယ်။ သတိပဋ္ဌာန်ဖြင့် သွားသောကြောင့် ကာယာနုပဿနာသတိပဋ္ဌာန်ခေါ်တယ်။ ရုပ်ကာယကို ရှုသည့်အတွက် ကာယာနုပဿနာ သတိပဋ္ဌာန်ခေါ်တယ်။ အခုပြောတာက တရားလုပ်ပုံကိုပြောပြတယ်။ အလုပ်လုပ်ပုံကို ပြောပြပါလို့ ငါ့ကိုလာ လျှောက်ထားတယ်။

တရားနဲ့ လမ်းသွားပုံ

ခြေလှမ်းသွားတိုင်း သွားတိုင်း ချတိုင်း ချတိုင်း သွားတယ် ချတယ် ထိတယ် သိတယ်မှတ်။ ဒါကခက်သေးတယ်။ လွယ်လွယ်ဆိုရင် သွားတယ် ထိတယ် သိတယ်၊ သွားတယ် ထိတယ် သိတယ်။ သိပြီးတော့ ရုပ်နာမ်တွေဟာ ဘယ်ကို ရောက်သွားသလဲ၊ နောက်တစ်လှမ်းမသွားမီအတွင်းမှာ ချုပ်ပျောက်သွားပြီး၊ ရုပ်နာမ်နှစ်ပါးသည် ဖြစ်ပြီးပျက်သွားသောကြောင့် ဖြစ်ပြီးပျက်တယ်လို့ စိတ်နဲ့သာ မှတ်လိုက်ပါ။ ဘာရုပ်နဲ့ ဘာနာမ်ဖြစ်သွားသလဲ။ သွားတဲ့ရုပ် ထိတဲ့ရုပ် သိတဲ့စိတ်တည်းဟူသော နာမ်တရားဖြစ်သွားတယ်။

ပထမခြေလှမ်းက ရုပ်နာမ်သည် ဒုတိယခြေလှမ်းသို့ မလိုက်ပါ။ ဒီခြေလှမ်းက ရုပ်နာမ် ဒီနေရာမှာပဲ ဖြစ်ပျက်သွားတယ်။ ဘယ်လိုဖြစ်ပျက်သွားသလဲ။ ရုပ်တရားက ဖောက်ပြန်တဲ့ သဘောဖြစ်ပြီး ပျက်သွားတယ်။ နာမ် တရားက ရုပ်ဖောက်ပြန်သည် အားလျော်စွာပဲ သိပြီးတဲ့နောက် ပျက်သွားတာနော်။

ဒါကြောင့် သွားတဲ့အခါ ခြေလှမ်းတိုင်း လှမ်းတိုင်း ရုပ်နာမ်တို့သည် ဖြစ်ပြီးပျက်နေတယ်။ ဘယ် ခြေလှမ်းက ရုပ်နာမ်သည် ညာခြေလှမ်းသို့မပါ၊ ညာခြေလှမ်းက ရုပ်နာမ်သည် ဘယ်ခြေလှမ်းသို့မပါ။ ဘယ်ခြေလှမ်းက ရုပ်နာမ်သည် ဘယ်ခြေလှမ်းတဲ့ နေရာမှာ ဖြစ်ပြီး ဖြစ်ပျက်သွားတယ်။ ညာ ခြေလှမ်းက ရုပ်နာမ်သည် ညာခြေလှမ်းတဲ့နေရာမှာပဲ ဖြစ်ပြီး ပျက်သွားတယ်။ ဒါ အနိစ္စ လက္ခဏာခေါ်တယ်။ ဖြစ်ပျက်ဆိုတဲ့ သဘောတရားဟာ အနိစ္စလက္ခဏာကို ခေါ်တယ်။ ဖြစ်ပျက်အမှန်ကို ပရမတ်ဓာတ်ဉာဏ်ဖြင့် အမှန်သိခဲ့သည်ရှိသော် နိဗ္ဗာန် မဂ် ဖိုလ်ကို အမှန်မျက်မှောက်ပြုနိုင်ပါလိမ့်မယ်။

ဖြစ်ပျက်သဘောသည် မုချအားဖြင့် အနိစ္စဒုက္ခ အနတ္တ လက္ခဏာပါပဲ။ ရှိသမျှ အရာဝတ္ထုအားလုံးဟာ ဖြစ်ပျက်သဘောချည်းပါပဲ။ အကျယ်ဝိတ္ထာရစကားကို အကျဉ်းချုပ် အဆိုထုတ်လိုက်တဲ့ အခါ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာ ၃ ပါးပဲနော်။ လက္ခဏာ ၃ ပါးမှာ သမ္မုတိအနိစ္စ၊ သမ္မုတိဒုက္ခ၊ သမ္မုတိအနတ္တလို့ ၃ ပါးရှိတယ်။ သမ္မုတိအနိစ္စဆိုတာ ဘာလဲ။ ခြေလှမ်းဆိုတဲ့စကားဟာ သမ္မုတိပညတ်၊ ခြေလှမ်းချတယ်ဆိုတဲ့ စကားဟာလဲ သမ္မုတိပညတ်။ အနိစ္စ အနိစ္စဆိုတဲ့ စကားဟာ

http://www.dhammadownload.com

သမ္မုတိပညတ် အနိစ္စ။ ဒုက္ခ ဒုက္ခဆိုတဲ့ စကားဟာ သမ္မုတိပညတ် ဒုက္ခ။ အနတ္တ အနတ္တဆိုတဲ့ စကားဟာ သမ္မုတိပညတ် အနတ္တဖြစ်တယ်။

ပရမတ် အနိစ္စက ဘယ်ဟာလဲ၊ ခြေလှမ်းလှမ်းတာက ဝါယောရုပ်၊ ချတဲ့အခါ ကာယဖောဋ္ဌဗ္ဗရုပ်နဲ့ ထိတာကိုသိတယ်။ အဲဒီ ထိတဲ့ရုပ် သိတဲ့ နာမ်တို့ဟာ သိပြီးနောက်ချုပ်သွားတယ်။ ဒါ ပရမတ် အနိစ္စခေါ်တယ်။ ယောဂီပုဂ္ဂိုလ်များက သွားတယ်၊ ထိတယ်၊ သိတယ်၊ ပျက်တယ်၊ သွားတယ်၊ ထိတယ်၊ သိတယ်၊ ပျက်တယ်လို့ စိတ်နဲ့ လိုက်မှတ်ပါ။ ဒါ အလုပ်လုပ်ပုံကို ပြောတယ်။ သွားတဲ့ ဣရိယာပုတ်မှာ အလုပ်လုပ်ပုံကို ပြောတယ်နော်။ ကျမ်းဂန်နဲ့ ထုတ်ပြမယ်ဆိုရင် နိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာ–

ကာယဉ္စ ပဋိစ္စဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

ကာယဉ္စ၊ ကာယပသာဒ အကြည်သဘောကို လည်းကောင်း။ ဖောဋ္ဌဗ္ဗေစ၊ အတွေ့တည်းဟူသော ဖောဋ္ဌဗ္ဗာရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ ကာယဝိညာဏံ၊ ကာယဝိညာဉ်သည်။ (ဝါ) ကာယပသာဒဉ်၌ မှီသော ကာယဝိညာဏ်တည်းဟူသော သိမှုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာသည်။ တိဏ္ဏံ၊ ကာယပသာဒ ရုပ်၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဉ် ၃ ခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းကြောင့်။ ဖဿော၊ ကိုယ်အတွေ့ဖဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ ဖဿပစ္စယာ၊ ကိုယ်အတွေ့ဖဿကြောင့်။ ဝေဒနာ၊ ခံစားမှု မခံသာမှု ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

ကာယပသာဒရုပ်နဲ့ ဖောဋ္ဌဗ္ဗရုပ်တို့ကို မှီ၍ ကိုယ်သိဟူသော ကာယဝိညာဉ် စိတ်ဖြစ်ပေါ်လာတယ်။ ကာယပသာဒ၊ ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝိညာဉ် ၃ ပါးတို့၏ ပေါင်းဆုံမှုကြောင့် တွေ့ထိမှု ဖဿဖြစ်ပေါ်လာတယ်။ တွေ့ထိမှု ဖဿကြောင့် အာရုံ၏ အရသာကို ခံစားမှု ဝေဒနာ ဖြစ်ပေါ်လာတယ်။ ကြမ်းတဲ့ အရာဝတ္ထုနဲ့ တွေ့ထိရင် နာတယ်။ ချောမွေ့တဲ့ အရာဝတ္ထုနဲ့ ထိရင် မနာဘူး ခံသာတယ်။ ဒါကြောင့် တွေ့ထိပြီးနောက် ခံသာမှု၊ မခံသာမှုဆိုတဲ့ ဝေဒနာဖြစ်ပေါ်လာတယ်။ ခံသာမှုက သုခဝေဒနာ၊ မခံသာမှုက ဒုက္ခဝေဒနာ ခေါ်တယ်။ တရားအားထုတ်ပုံကို ပြောပြနေတယ်။

သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်ဆိုတဲ့ ဣရိယာပုတ် ၄ ပါးမှာသွားတဲ့အခါ သွားတယ်၊ ထိတယ်၊ သိတယ်၊ ချုပ်တယ်၊ သွားတယ်၊ ထိတယ်၊ သိတယ်၊ ချုပ်တယ်၊ ဒီလိုစိတ်နဲ့ လိုက်မှတ်ပါ။ ဖြစ်ပျက်သွားတယ်။ ဖြစ်ပျက်သဘောဟာ အနိစ္စ လက္ခဏာ၊ ဘာဖြစ်သွားသလဲ။ ပရမတ် အစစ်ဖြစ်သော ဝါယောရုပ် ဖြစ်ပျက်သွားတယ်။ ပရမတ် အစစ်ဖြစ်သော ရွှေ့လျား ဝါယောရုပ် ဖောက်ပြန်သည်ကို နာမ်တရားက လိုက်သိတယ်။ သိပြီးနောက် ရုပ်နာမ် ၂ပါးစုံ ပျက်သွားတယ်၊ ချုပ်သွားတယ်။ ဒါကြောင့် ရှေးပညာရှိများက–

ကာယဖောဋ္ဌဗ္ဗ၊ နှစ်ပါးစုံလျှင်၊
ကာယဝိညာဉ်၊ ဖြစ်မြဲပင်၊
ဖြစ်လျှင်မလွဲ၊ ချုပ်စမြဲတည်း။

ကာယပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံ ၂ပါးစုံလျှင် ကာယဝိညာဉ်စိတ် ဖြစ်ပေါ်မြဲပင်၊ ကိုယ်အကြည်နဲ့ တွေ့ထိမှု ၂ ပါးစုံလျှင် ကိုယ်အသိစိတ် ဖြစ်ပေါ်မြဲပင်။ ထိသိပြီး ရုပ်နာမ်တွေဟာ ချုပ်စမြဲတဲ့။ အနိစ္စသဘောနော်။ သွားတဲ့အခါ သွားတယ်၊ ချတယ်။ ထိတယ်၊ သိတယ်။ သွားလိုက်၊ ချလိုက်၊ ထိလိုက်၊ သိလိုက်၊ ပျက်လိုက်။ ဒါကို စိတ်နဲ့ လိုက်မှတ်ပါ။ တရားနဲ့ လမ်းသွားတယ်၊ ခေါ်တယ်။ ဖုဿဒေဝမဏေရ်ဟာ လမ်းသွားရင်း အားထုတ်လို့ ရဟန္တာဖြစ်သွားတယ်။

တရားအားထုတ်လို့ ယခုဘဝမှာ မဂ် ဖိုလ် မရသေးရင် နောက်ဘဝ များမှာ မဂ် ဖိုလ် မြန်မြန်ရဖို့ရာ ဥပနိဿယ ပစ္စည်းဖြစ်တယ်။ ရှေးဘဝက ဥပနိဿယ ပစ္စည်းရှိခဲ့ရင် ယခုဘဝမှာ မဂ် ဖိုလ်ရဖို့

http://www.dhammadownload.com

အကြောင်းဖြစ်တယ်။ မရှိခဲ့ရင် ယခုဘဝ ဥပနိဿယ ပစ္စည်းဖြင့် (အားကြီးသော မှီရာအဖြစ်ဖြင့်) နောက် ဘဝ မဂ်ဖိုလ်ကို မြန်မြန်ရလိမ့်မယ်။

ဒါကြောင့် အဂုံတ္တရနိကာယ စတုက္ကနိပါတ ပါဠိတော်မှာ-

တဿ တတ္ထ သုခိနော ဓမ္မပဒါပလဝန္တိ၊ ဒန္ဓောဘိက္ခဝေ သတုပ္ပါဒေါ၊ အထ ခေါ သော သတ္တော ခိပ္ပ မေဝ ဝိသေသဘာဂီ ဟောတိ။

တဿ၊ ထိယောဂီ ပုဂ္ဂိုလ်အား။ တတ္ထ၊ ထို လူ့ပြည်မှ စုတေ၍ နတ်ပြည်သို့ ရောက်ခဲ့သည်ရှိသော်။ သုခိနော၊ မပင်မပန်း ချမ်းချမ်းသာသာ။ ဓမ္မပဒါနိ၊ လူ့ပြည်က အားထုတ်၍ သွားသော ရုပ်နာမ်တရားတို့သည်။ ပလဝန္တိ၊ အိပ်သောယောက်ျား နိုးသောလားကဲ့သို့ ဘွားခနဲဖြစ်ပေါ်လာကြပေကုန်၏။ ဘိက္ခဝေ၊ ချစ်သားတို့။ သတုပ္ပါဒေါ၊ ငါသည် အဘယ်ပြုဖူး ကောင်းမှုထူးကြောင့် ဤနတ်ပြည်သို့ ရောက်ရပါသနည်းဟု ဆင်ခြင် အောက်မေ့နှလုံးသွင်းခြင်းသည်။ ဒန္ဓော၊ နုံ့နေးသော်ကား နုံ့နေးသေး၏။ အထခေါ၊ စင်စစ်သော်ကား။ သောသတ္တော၊ ထိယောဂီပုဂ္ဂိုလ်သည်။ ခိပ္ပမေ ဝ၊ လျင်စွာသာလျှင်။ ဝိသေသဘာဂီ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ပြန့်ပြူးတရားအထူးကို ရနိုင်သော အဖို့ရှိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါချေ၏။

တရားအားထုတ်ရင်း လူ့ပြည်က သေလို့ နတ်ပြည်ရောက်သွားမယ်ဆိုရင် ထိုသတ္တဝါဟာ နတ်ပြည်ရောက်တယ်လို့ သိတာက နောက်ကျဦးမယ်။ တရားထူးရတာက ဒီထက်မြန်ဦးမယ်တဲ့။ အဲ့ဒီလို ကျမ်းဂန်ကပြထားတယ်။ ဒီစကားတွေဟာ သွားခြင်း ဣရိယာပုတ်မှာ အားထုတ်ပုံနော်။

ထိုင်တဲ့ ဣရိယာပုတ်မှာလည်းပဲ ထိုင်တယ်၊ ထိတယ်၊ သိတယ်၊ ချုပ်တယ်မှတ်ပါ။

ရပ်တဲ့ ဣရိယာပုတ်မှာလည်း ရပ်တယ်၊ ခြေနဲ့မြေ ထိတယ်၊ သိတယ်၊ ချုပ်တယ် မှတ်ပါ။

လျောင်းတဲ့ ဣရိယာပုတ်မှာလည်း လျောင်းတယ်၊ ထိတယ်၊ သိတယ်၊ ချုပ်တယ် မှတ်ပါ။

ပညတ်အမြင်ဖြင့် နိဗ္ဗာန်မရောက်နိုင်

ဣရိယာပုတ် ၄ ပါးမှာ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုသည် အနိစ္စလက္ခဏာ။ ရုပ်နာမ်တို့၏ အစဉ် ဖြစ်ပျက်၍ နှိပ်စက်နေမှုသည် ဒုက္ခလက္ခဏာ။ သူ့သဘောအတိုင်း ဖြစ်ပျက်နေတာကို မဖြစ်ပျက်ရအောင် သာမညလူကို မဆိုထားနဲ့၊ ဘုရားတောင်မှ တားလို့မရပါ။ ငါမပိုင် ငါမဆိုင် ငါအစိုးမရသောကြောင့် အနတ္တလက္ခဏာနော်။

ဖြစ်ပျက်မှာ အနိစ္စတစ်လုံး ပိုင်သွားရင် ဒုက္ခရော အနတ္တပါ အားလုံး(အန္တောဂဓ) အတွင်းဝင်သွားတယ်။ အဲဒါကြောင့် ဖြစ်ပျက်သိတာတယ်ပြီး တန်ဖိုးကြီးတယ်၊ ရုပ်အစစ်နာမ်အစစ်ကို တွေ့ခဲ့သည်ရှိသော် အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို တွေ့ရမယ်။ ပထဝီဆိုတဲ့ဟာ ရုပ်က အစစ်အမှန် ပရမတ်ရုပ်အစစ်ဖြစ်တယ်။ ပရမတ်ရုပ်ကို သိတဲ့နာမ်ဟာလည်း ပရမတ်နာမ် ဖြစ်တယ်။ ပရမတ် ရုပ်နာမ် ဖြစ်ပြီး ချုပ်ပျက်သွားတယ်။ ဒါဟာ အနိစ္စ လက္ခဏာ အစစ်ဖြစ်တယ်။

အနိစ္စ-အမြဲမရှိ၊ ဒုက္ခ-ဆင်းရဲခြင်း၊ အနတ္တ-အစိုးမရခြင်းဆိုတာက ပညတ်နော်။ သမ္မုတိ အနိစ္စ၊ သမ္မုတိ ဒုက္ခ၊ သမ္မုတိ အနတ္တခေါ်တယ်။ ကိုယ်ထဲမှာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တို့သည် ပရမတ်ရုပ်နာမ်အစစ်ဖြစ်တယ်။ ပရမတ်တရားတို့၏ ဖြစ်ပျက်သည် အနိစ္စ လက္ခဏာအစစ်။ ယခု ပြောနေတဲ့အနိစ္စ အမြဲမရှိပါတကား ဆိုတာကတော့ ပညတ်အနိစ္စခေါ်တယ်။ ကိုယ်ထဲမှာ ပေါ်နေတဲ့ ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို ရှုနေသော ယောဂီပုဂ္ဂိုလ်၏ ဖြစ်ပျက်မှုသည် ပရမတ်အနိစ္စအစစ်ဖြစ်တယ်။ ရုပ်အစစ်နာမ်အစစ်တို့၏ ဖြစ်ပျက်နေမှု၊ နှိပ်စက်နေမှုသည် ဒုက္ခအစစ် ပရမတ်ဒုက္ခ။ ရုပ်အစစ် နာမ်အစစ်တို့သည်

http://www.dhammadownload.com

သူ့သဘောအတိုင်း ဖြစ်ပျက်နေသည့်အတွက်ကြောင့် ကိုယ်မပိုင် ကိုယ်မဆိုင် အစိုးမရ အနတ္တအစစ် ပရမတ် အနတ္တခေါ်တယ်။ ပညတ်အနတ္တ မဟုတ်ဘူး။ အနတ္တအတု မဟုတ်ဘူးနော်။ ဒီပရမတ်အနတ္တနဲ့ နိဗ္ဗာန်ကို ဝင်နိုင်တယ်။ ပညတ်အနတ္တနဲ့ နိဗ္ဗာန်ကို မဝင်နိုင်။

သူ ငါပြောနေတဲ့ 'ညော်... အနိစ္စ...အမြဲမရှိ၊ ညော်... ဒုက္ခဆင်းရဲခြင်း၊ ညော်... အနတ္တ... အစိုးမရ' ဆိုတာက ပညတ်ခေါ်တယ်။ အနိစ္စအတု၊ ဒုက္ခအတု၊ အနတ္တအတုဖြစ်တယ်။ နိဗ္ဗာန်ကို မဝင်နိုင်ဘူး။ နိဗ္ဗာန်ကို ဝင်နိုင်ခြင်း၏ အကြောင်းတရားက တော့ ရုပ်အစစ် နာမ်အစစ်အပေါ်မှာ ဖြစ်ပျက်ကို မြင်မှ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ် လက္ခဏာသုံးပါးကို မြင်တယ်။ လက္ခဏာသုံးပါး အစစ်ကိုမြင်မှ မဂ်ဖိုလ်နိဗ္ဗာန်ဝင်နိုင်တယ်။ အဲဒီ လိုကျမ်းဂန်များမှာ ပြထားတယ်။ သို့အတွက် အနိစ္စအစစ်ကို မြင်အောင် ရှာရမယ်။

ထိုင်နေတဲ့ ယောဂီပုဂ္ဂိုလ်များသည် ထိုင်တယ် ထိတယ်၊ ထိုင်တယ် ထိတယ်၊ စိတ်နဲ့ လိုက်မှတ်နေပါ။ မိန်းမများကတော့ ဥပမာပလ္လင်ခေါ်တဲ့ ထက်ဝက် ပလ္လင်ထိုင်နည်းဖြင့်ထိုင်ပါ။ ယောကျ်ားများကတော့ အာဘုဇ ပလ္လင်ခေါ်တဲ့ ထက်ဝယ်ဖွဲ့တင် ပလ္လင်ခွေထိုင်နည်းဖြင့်ထိုင်ပါ၊ အားရသလိုသာ ထိုင်ပါ၊ ခပ်လျော့လျော့ထိုင်ပါ၊ တင်းတင်းကျပ်ကျပ် မထိုင်ပါနဲ့။ ဒါက ထိုင်ပုံ ထိုင်နည်းကို ပြောပြတယ်။ အားထုတ်ပုံ အားထုတ်နည်းကတော့ တကယ်ကျယ်ဝန်းပါတယ်။ ကျယ်ဝန်းသည့်အတွက်ကြောင့် အပြောလည်းပဲ များလိမ့်မယ်၊ လုပ်နည်းစုံအောင် ပြောမယ်ဆိုရင် များစွာပဲ ရှည်လိမ့်မယ်။

အဲဒီတော့ ထိုင်တယ် ထိတယ် သိတယ်၊ ထိုင်တယ် ထိတယ် သိတယ်၊ ထိုင်တယ် ထိတယ် သိတယ်။ စိတ်ဘယ်မှာ ထားရမှာလဲ၊ ထိုင်တဲ့ ထိတဲ့ နေရာမှာ စိတ်ထားပါ။ ထိုင်ပြီး ထိပြီး သိပြီးတော့ ရုပ်နာမ် ၂-ပါး စုံချုပ်သွားတယ်၊ ပျက်သွားတယ်၊ အဲဒါအနိစ္စအစစ်ပါ။ ထိုင်တဲ့ ရုပ်နဲ့ ထိတဲ့ရုပ်ဟာ ပရမတ်ရုပ်အစစ်။ ထိုင်ရုပ်နဲ့ ထိရုပ်ကို သိနေတဲ့ နာမ်ကလည်း ပရမတ်နာမ်အစစ်။ အဲဒီပရမတ် ရုပ်နာမ် ၂-ပါးသည် ဖြစ်ပြီး ပျက်သွားတဲ့ အတွက်ကြောင့် အနိစ္စအစစ်။ နိပ်စက်တတ်သောကြောင့် ဒုက္ခအစစ်။ အလိုသို့ မလိုက်တတ်သောကြောင့် အနတ္တအစစ် နော်။

အဲဒီ အဖြစ်အပျက်ဟာ အနိစ္စလက္ခဏာ။ ဒုက္ခ အနတ္တတို့လည်း (အန္တောဂဓ) အတွင်းဝင်နေတယ်။ အနိစ္စလက္ခဏာတစ်ပါး ထင်မြင်ရုံနဲ့လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။

ထိုင်တဲ့ ဣရိယာပုတ်နဲ့ အားထုတ်ရင် ထိုင်တယ် ထိတယ်၊ ထိုင်တယ် ထိတယ် မှတ်ရမယ်။ နောက်ပိုင်းကျမှ အားထုတ်လို့ပေါ်လာပုံကို ပြောရမယ်။ ပေါ်လာပုံကို မပြောရသေးဘူး။

ရုပ်တဲ့အခါ ရုပ်တယ် ထိတယ်၊ ရုပ်တယ် ထိတယ် ဆင်ခြင်နေပါ။

သွားတဲ့အခါ သွားတယ် ထိတယ်၊ သွားတယ် ထိတယ် ဆင်ခြင်နေပါ။

အိပ်တဲ့အခါ အိပ်တယ်၊ ကြမ်းနဲ့ကိုယ်နဲ့ မထိဘူးလား၊ ထိနေတယ်နော်။ အိပ်တယ် ထိတယ် ထိတယ် ဆင်ခြင်နေပါ။ ဒါဟာ ဣရိယာပုတ် ၄ ပါးမှာ ဆင်ခြင်ပုံ၊ အလုပ်လုပ်ပုံကို ပြောတာနော်။

ပညာဖြင့် ရူမှတ်နည်းကို ပြခြင်း

မဟာသတိပဋ္ဌာနသုတ် သမ္မဇညပဗ္ဗမှာ...

အဘိက္ကန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ။

အဘိက္ကန္တေ၊ ရှေ့သို့တက်သည် ရှိသော်။ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ရှေ့သို့ တက်တဲ့အခါ အမြဲအားဖြင့် ပညာနဲ့ သတိကပ်ပြီးတော့ လိုက်မှတ်နေပါတဲ့။ ရှေ့တက်ရင်

http://www.dhammadownload.com

တက်တယ် တက်တယ်လို့ သတိနဲ့မှတ်ပြီး တက်ပါ။ နောက်ဆုတ်ရင်လည်း ဆုတ်တယ်၊ ဆုတ်တယ်လို့ သတိနဲ့ ကပ်ပြီး ဆုတ်ပါတဲ့၊ တက်တိုင်း ဆုတ်တိုင်းမှာ ခြေလှမ်းတိုင်း လှမ်းတိုင်း တစ်လှမ်းမပျက် သတိနဲ့ ကပ်ပြီးတော့ မှတ်နိုင်ရင် သာကောင်းတယ်တဲ့။ ရှေးက သူတော်ကောင်း ပုဂ္ဂိုလ်များလည်းပဲ ရှေ့သို့ တက်ရင်း သတိလစ်သွားလို့ နောက်ပြန်မှတ်၍ တက်တယ်လို့ ကျမ်းဂန်မှာရှိတယ်။ ဒါဟာ ကမ္မဋ္ဌာန်းပျောက်လို့ ပြန်ရှာတာပဲ။ အလုပ်လုပ်ပုံကို ပြောတယ်နော်။

အာလောကိတေ ဝိလောကိတေ သမ္မဇာနကာရီ ဟောတိ။

အာလောကိတေ၊ တူရူကြည့်သည်ရှိသော်။ ဝိလောကိတေ၊ တစောင်းကြည့်သည်ရှိသော်။ သမ္မဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ရှေးရှု တူရူ ကြည့်တဲ့အခါ ဖြစ်စေ၊ တစေ့တစောင်းကြည့်၊ မော်ကြည့်၊ အောက်ကြည့်တဲ့ အခါမှာ ဖြစ်စေ သတိနဲ့မှတ်ပြီးတော့ ကြည့်ရမယ်တဲ့၊ ကြည့်လို့ မြင်ရင် မြင်တယ် မြင်တယ်လို့ မှတ်ရမယ်။ ဘာမြင်တယ်လို့ မမှတ်ရဘူး၊ မြင်တယ်လို့သာ စိတ်နဲ့ မှတ်ရမယ်။

သမိဉ္ဇိတေ ပသာရိတေ သမ္မဇာနကာရီ ဟောတိ။

သမိဉ္ဇိတေ၊ ဆန့်သောလက်ခြေကို ကွေးသည် ရှိသော်။ ပသာရိတေ၊ ကွေးသောလက်ခြေကို ဆန့်သည်ရှိသော်။ သမ္မဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ကွေးခြင်း ဆန့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

လက်ခြေတို့ကို ကွေးသော်လည်းကောင်း၊ ဆန့်သော်လည်းကောင်း၊ သတိနဲ့ မှတ်ပြီးတော့ ကွေးရမယ်၊ ဆန့်ရမယ်တဲ့။ လက်ကွေးရင်လည်း ကွေးတယ်ကွေးတယ်၊ ဆန့်ရင်လည်း ဆန့်တယ် ဆန့်တယ်လို့ မှတ်ရမယ်။ ခြေကွေးရင်လည်း ကွေးတယ် ကွေးတယ် လိုက်မှတ်ရမယ်။

အလုပ်လုပ်တဲ့ပုဂ္ဂိုလ်ကို သက်သေပြရမယ်ဆိုရင် မဟာသိဝ မထေရ်ကြီးဟာ တပည့်ငါးရာကို စာချရင်းနဲ့ တရားအဓိပ္ပာယ်ပြောနေလို့ ကမ္မဋ္ဌာန်းလက်လွတ်သွားတယ်။ အဲဒီတော့ မထေရ်ကြီးက ရပ်နားလိုက်ပြီး သူ့လက်ကို မြှောက်ပြီးတော့ အရုပ်ဆိုးစွာ လုပ်ပြရမယ်ဆိုရင် ဟောဒီလို ကွေးလိုက် ဆန့်လိုက် လုပ်နေသတဲ့။ 'အဲ့ဒါ ဘာလုပ်ပါသလဲ ဘုရား' လို့ တပည့်များက မေးတော့ 'ငါ တရားဟောနေလို့ ကမ္မဋ္ဌာန်း လက်လွတ်သွားတယ်၊ ဒါကြောင့် ငါ ကမ္မဋ္ဌာန်းပြန်ရှာတယ်'လို့ ပြောသတဲ့။ လက်ခြေတို့ကို ကွေးတဲ့အခါ ကွေးတယ် ကွေးတယ် မှတ်၊ ဆန့်တဲ့အခါ ဆန့်တယ် ဆန့်တယ်မှတ်၊ အိပ်ရာမှာ ချမ်းလို့ကွေးရင်လည်း ကွေးတယ် ကွေးတယ်မှတ်ရမယ်၊ ဆန့်ရင်လည်း ဆန့်တယ်မှတ်ရမယ်၊ အလုပ်လုပ်ပုံနော်၊ ကိုယ်အမူအရာ မှန်သမျှ အားလုံး လိုက်မှတ်ရမယ်၊ ထိတယ် တရားပြတဲ့နေရာမှာ နည်းအများကြီးကို တစ်ချိန်တည်း ပြောလို့ မရဘူး၊ ယောဂီပုဂ္ဂိုလ်များ မှတ်နိုင်အောင် တစ်ခုပြီး တစ်ခု ပြောရတယ်၊ ရုပ်နဲ့နာမ်ကိုလည်း ကွဲအောင် ခွဲပြရတယ်။ ဒီလိုခွဲပြမှ ရုပ်နာမ်ကွဲပြီး တစ်စတစ်စ တိုးတက်လာမယ်။

အရှင်ဘုရား လျှောက်ပြီး ဟောနေတာ မမှတ်နိုင်ပါဘူးဘုရားလို့ ပြောရင် နောက်ဝိုင်းကျတော့ မှတ်မိလာမယ်၊ လွယ်လာလိမ့်မယ်လို့ ဖြေရလိမ့်မယ်။ အလုပ်လုပ်ပါ၊ အလုပ်မလုပ်ရင် ခက်တယ်၊ လုပ်ရင်လွယ်သွားမယ်၊ ဒါဟာ နိဗ္ဗာန်ရောက်ကြောင်း အစစ်ပဲနော်။

သဃ်ဘဋိပတ္တာစီဝရဓာရဏေ၊ သမ္မဇာနကာရီ ဟောတိ။

သဃ်ဘဋိပတ္တာစီဝရဓာရဏေ၊ ဒုကဋ္ဌ သပိတ် သင်္ကန်းကို ဆောင်သည် ရှိသော်။ သမ္မဇာနကာရီ၊

http://www.dhammadownload.com

ပညာဖြင့် ဆင်ခြင်၍ ဒုက္ခဋ္ဌသပိတ်သင်္ကန်း ဆောင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒုက္ခဋ္ဌသင်္ကန်း၊ ကိုယ်ရုံ ဧကသီသင်္ကန်း၊ သင်းပိုင်တို့ကို ဝတ်ရုံတဲ့နေရာမှာ ဝင်္ကတယ်ရုံတယ်လို့ အမှတ်နဲ့ ဝတ်ရုံရမယ်၊ သပိန်ကို သုံးစွဲတဲ့အခါမှာလည်း အမှတ်မလွတ်စေရဘူး၊ သဃ်ာဋ္ဌိဆိုတာ ဘာလဲဆိုရင် ရဟန်းတို့မှာ နှစ်ထပ်သင်္ကန်းကို ခေါ်တယ်။ လူတို့အတွက်ကတော့ ခြုံထည်ကို ခေါ်တယ်။ ပတ္တဆိုတာက ရဟန်းတို့မှာ သပိတ်နော်၊ လူတို့အတွက် ခွက်လို့ ခေါ်တယ်။ စီဝရကတော့ ရဟန်းတို့မှာ ကိုယ်ဝတ် သင်္ကန်းနဲ့ သင်းပိုင်ကို ခေါ်တယ်။ လူတို့အတွက် လုံခြည်၊ ထဘီ၊ အင်္ကျီကို ခေါ်တယ်။ အဲဒါ သဃ်ာဋ္ဌိပတ္တစီဝရဓာရဏဆိုတာပဲ။ နှစ်ထပ်သင်္ကန်းကိုယူရင် ယူတယ် ယူတယ်မှတ်။ ဆောင်ရင်လည်း ဆောင်တယ် ဆောင်တယ်မှတ်။ ခြုံထည်ကို ယူရင်လည်း ယူတယ် ယူတယ်မှတ်၊ အဝတ်ကိုယူရင်လည်း ယူတယ် ယူတယ်၊ အင်္ကျီကို ယူရင်လည်း ယူတယ်ယူတယ်၊ ဝတ်ရင်လဲ ဝတ်တယ် ဝတ်တယ်လို့ အမူအရာ အားလုံးကို လိုက်မှတ်ရတယ်၊ အဲဒါကြောင့် သပိတ်သင်္ကန်းယူရင်ယူတယ်၊ ယူတယ်၊ ဆောင်ရင် ဆောင်တယ်ဆောင်တယ်မှတ်။ ခြုံထည်၊ ပန်းကန်၊ ခွက်၊ လုံချည်၊ ထဘီ၊ အင်္ကျီ၊ ယူရင် ယူတယ် ယူတယ်၊ ဆောင်ရင် ဆောင်တယ်၊ ဆောင်တယ်၊ ဝတ်ရင် ဝတ်တယ်ဝတ်တယ်လို့ လိုက်မှတ်မယ်၊ တရား လက်မလွတ်တဲ့နည်းနော်။

အသိတေ ပီတေ ခါယိတေ သာယိတေ သမ္မဇာနကာရီ ဟောတိ။

အသိတေ၊ စားသည် ရှိသော်။ ပီတေ၊ သောက်သည်ရှိသော်။

ခါယိတေ၊ ခဲသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်။

သမ္မဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ စားခြင်းစသည်ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

စားတဲ့အခါမှာဖြစ်စေ၊ ရေသောက်တဲ့အခါမှာ ဖြစ်စေ၊ ကိုက်စားတဲ့ အခါမှာဖြစ်စေ၊ လျှာနဲ့ လျက်တဲ့အခါမှာဖြစ်စေ၊ ပညာဖြင့်ဆင်ခြင်၍ စားရမယ် သောက်ရမယ်၊ လျက်ရမယ်တဲ့။ တရားလက်မလွတ်ရအောင် အလုပ် လုပ်ပုံကို ပြောမယ်။ တရားနဲ့လျော်တဲ့ စားနည်း သောက်နည်းနော်။

အဲဒါကြောင့်–

စားတဲ့အခါ စားတယ် စားတယ်လို့မှတ်ပြီး စားရမယ်၊ ရေသောက်ရင်လည်း သောက်တယ် သောက်တယ်လို့မှတ်ပြီး သောက်ရမယ်၊ ကိုက်စားတဲ့ခါ ကိုက်စားတယ်ကိုက်စားတယ်လို့ မှတ်ပြီး စားရမယ်။ လျှာနဲ့ လျက်ရင် လျက်တယ်လျက်တယ်လို့ သတိနဲ့ မှတ်ပြီးလျက်ရမယ်။ ပါးစပ်နဲ့ ဝါးရင်လည်း ဝါးတယ်ပဲ မှတ်ရမယ်။ အားလုံးလိုက်မှတ်နော်။

အဲဒါ တရားလက်မလွတ်ရအောင် အလုပ် လုပ်ပုံပဲ။

ဒါပြီးတော့ ဘာလဲဆိုရင်...

ဥစ္စာရ ပဿာဝ ကမ္မေ သမ္မဇနကာရီ ဟောတိ။

ဥစ္စာရ ပဿာဝ ကမ္မေ၊ ကျင်ကြီးကျင်ငယ်ကို ပြုသည်ရှိသော်။ သမ္မဇာ နကာရီ၊ ပညာဖြင့်ဆင်ခြင်၍ ကျင်ကြီးကျင်ငယ်ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဥစ္စာရဆိုတာ ကျင်ကြီး၊ ပဿာဝဆိုတာ ကျင်ငယ်၊ အဲဒီကျင်ကြီး၊ ကျင်ငယ်စွန့်တဲ့အခါ အမှတ်နဲ့ စွန့်ရမယ်တဲ့၊ ကျင်ကြီးစွန့်ချင်တဲ့အခါ ကျင်ကြီးအိမ်သို့ သွားရင် သွားတယ် သွားတယ်၊ ထိုင်ရင် ထိုင်တယ် ထိုင်တယ်၊ စွန့်ရင် စွန့်တယ် စွန့်တယ် စွန့်တယ်၊ အဲဒီလို လိုက်မှတ်နော်၊ ကျင်ငယ်စွန့်တဲ့ နေရာမှာလည်း တရားလက်မလွတ်စေရဘူး၊ ကျင်ငယ်စွန့်ရင် စွန့်တယ် စွန့်တယ်မှတ်။ ကျင်ကြီးကျင်ငယ်စွန့်တဲ့ နေရာမှာလည်း တရားလက် မလွတ်စေရဘူး။

ဂနေဠိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ

http://www.dhammadownload.com

ဘာသိတေ တုဏှိ ဘာဝေ သမ္မဇာနကာရီ ဟောတိ။ ဂနေ၊ သွားသည်ရှိသော်။ ဌိတေ၊ ရပ်သည်ရှိသော်။ နိသိန္နေ၊ ထိုင်သည်ရှိသော်။ သုတ္တေ၊ အိပ်သည်ရှိသော်။ ဇာဂရိတေ၊ နိုးသည်ရှိသော်။ ဘာသိတေ၊ စကားဆိုသည်ရှိသော်၊ တုဏှိ ဘာဝေ၊ ဆိတ်ဆိတ်နေသည် ရှိသော်။ သမ္မဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ သွားခြင်းစသည်ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

- သွားရင် သွားတယ် သွားတယ်မှတ်။
- ရပ်ရင် ရပ်တယ် ရပ်တယ်မှတ်။
- ထိုင်ရင် ထိုင်တယ် ထိုင်တယ်မှတ်။
- အိပ်ရင် အိပ်တယ် အိပ်တယ်မှတ်။
- နိုးရင် နိုးတယ် နိုးတယ်မှတ်။
- စကားပြောရင် ပြောတယ် ပြောတယ်မှတ်။
- ဆိတ်ဆိတ်နေရင် ဆိတ်ဆိတ်နေတယ်၊ ဆိတ်ဆိတ်နေတယ်မှတ်။
- စဉ်းစားရင် စဉ်းစားတယ် စဉ်းစားတယ်မှတ်။
- ကြံရင် ကြံတယ် ကြံတယ်မှတ်။

အမှုအရာအားလုံး လိုက်မှတ်ရမယ်။

အဲဒါ အလုပ်လုပ်ပုံနှော်။ ဘယ်နေရာမှာမှ နိဗ္ဗာန်ရောက်ခြင်း၏ အကြောင်း မကင်းဘူး။ နိဗ္ဗာန်မဂ်ဖိုလ် ရောက်ခြင်း၏ အကြောင်းချည်းပဲ၊ လက်လွှတ်ထားပြီး အလေ့အလာ မပြုသည့်အတွက်ကြောင့် ပမာဒတရား ဝင်တယ်။ ပမာဒတရားဝင်လို့ မေ့လျော့ပြီး တရားမှန်းမသိဘဲ ဖြစ်နေကြတယ်။

ပရမတ် ရုပ်နာမ်အစစ်ပေါ်လာပုံ

အလုပ်လုပ်ပုံကို ပြောပြီး၍ ယခုအလုပ်လုပ်လို့ ပေါ်လာပုံကို ပြောရမယ်။ ထိုင်တဲ့အခါ ထိုင်တယ် ထိုင်တယ်မှတ်။ ထိုင်လို့ တော်တော် လေးကြာရင် ယခု တရားနာနေတဲ့ ပရိသတ်များ ဟိုဘက်ကိုလှည့်လိုက်၊ ဒီဘက်ကိုလှည့်လိုက် လုပ်နေကြတယ်။ ဘယ်နှပတ်စီလောက် ရှိကြပြီလဲ၊ ဟိုဘက် ဒီဘက် ဘာဖြစ်လို့ လှည့်နေရတာလဲ၊ ဘာပေါ်လာသလဲ။

ယခုမေးတာက မိမိတို့ကိုယ်တိုင် သိကြရအောင်လို့ မေးတာနော်၊ အလုပ်လုပ်ပုံကို ပြောခဲ့ပြီ၊ ပေါ်လာပုံကို ပြောပြမယ်၊ ထိုင်လို့ တော်တော်လေးကြာရင် အညောင်းပေါ်လာတယ်။ အညောင်းပေါ်လို့ ဟိုဘက် ဒီဘက် လှည့်နေရတယ်။ ဘာကြောင့် အညောင်းပေါ်လာသလဲ၊ ခုနက ဓာတ်ကြီး ၄ပါး အချင်းချင်း ထိခိုက်ကြသည့်အတွက် အညောင်းပေါ်လာတယ်။ ရှုးဦးစွာ ဓာတ် ၄ ပါးတို့ အချင်းချင်း ထိခိုက်တယ်၊ ထိုနောက် ကာယပသာဒရုပ်မှာ လာထိခိုက်တယ်။ ကာယဝိညာဉ်တည်းဟူသော နာမ်တရားကလည်း ထိခိုက်တယ်လို့ သိလိုက်တယ်။ ညောင်းတယ်လို့ သိလိုက်တယ်။ ညောင်းတာဟာ ခံသာသလား၊ မခံသာဘူးလား မေးရင် မခံသာဘူးပြောရမယ်။ မခံသာလို့ ဟိုဘက် ဒီဘက် လှည့်နေတယ်။ အဲဒါ ထိုင်တဲ့ ဣရိယာပုတ်မှာ ဒုက္ခလက္ခဏာ မထင်ရအောင် လှည့်ပြောင်းပေးနေတယ်။

အညောင်းပေါ်လာတာ ဘာလဲလို့ စစ်ဆေးလိုက်တဲ့အခါ ရုပ်ရုပ်ချင်း ထိခိုက်တယ်၊ နာမ်တရားက လိုက်သိတယ်၊ မခံသာတဲ့အတွက် ဒုက္ခဝေဒနာခေါ်တယ်၊ နာကျင်မှုတစ်ခု ပေါ်လာမယ်၊ အဲဒါ ရုပ်ဖောက်ပြန်တယ်။ နာတယ်လို့သိတယ်။ အဲဒါ နာမ်တရား ခေါ်တယ်။ ကိုယ်ထဲမှာ ဓာတ် ၄ ပါး သဘာဝ ပေါ်လာမယ်။ ဘယ်လို ပေါ်လာမလဲ၊ ခါးထဲက ညောင်းလာ မယ်၊ အပူပေါ်လာမယ်၊ အအေးပေါ်လာမယ်၊ အပူပေါ်လာတယ်၊ အပူဆိုတာ ဘယ်သူလဲ၊ ရုပ်တရား၊ ဘာရုပ်တရားလဲ၊ တေဇောရုပ်တရား၊ တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်များမှာ အပူပေါ်လာမယ်။ ဒါဟာ တေဇောရုပ်ပဲလို့ လိုက်မှတ်နေဖို့ မလိုပါ။ ပါးစပ်နဲ့လည်း လိုက်မဆိုပါနဲ့၊ ပူရင် ပူတယ်လို့ စိတ်နဲ့ လိုက်မှတ်ပါ။

ဩော်... ရုပ်ဟာ ဖောက်ပြန်တဲ့သဘော ရှိတယ်ကိုး၊ ဖောက်ပြန်တတ်သော သဘော ပေါ်လာ

http://www.dhammadownload.com

သည့်အတွက်ကြောင့် အပူပေါ်လာတယ်။ ရုပ်တရား ပေါ်နေပြီ၊ ကိုယ်ထဲမှာပေါ်တဲ့ တရားကို ပြောရမယ် ဆိုလို့နော်။ အပူပေါ်လာတာကို ကျမ်းဂန်စကားနဲ့ ပြောရမယ်ဆိုရင် တေဇောတည်းဟူသော အပူလွန်ကဲလို့ အပူပေါ်လာရတယ်။ အအေးလွန်ကဲသည့် အတွက် အအေးရုပ် ပေါ်လာတယ်။ အေးရင် အေးတယ် အေးတယ်မှတ်။ ချမ်းလာရင်လည်း ချမ်းတယ် ချမ်းတယ်မှတ်။ လက်တစ်ဖိုင်း ခြေတစ်ဖိုင်း အေးရင် အေးတယ် အေးတယ်မှတ်။

ဒါဟာ ဘာလဲဆိုတော့ ရုပ်ဖောက်ပြန်တဲ့ သဘော၊ ပရမတ်ဖြစ်သော တေဇောရုပ် ဖောက်ပြန်တဲ့ သဘောပဲ၊ တေဇောရုပ် ဖောက်ပြန်တယ်ဆိုရင်ပဲ ပရမတ်ရုပ် အစစ်ဖြစ်နေတော့တယ်။ အအေးနဲ့ အပူကို တေဇောရုပ်ခေါ်တယ်။ နာမ်တရားကလည်း ပူတဲ့နေရာ၊ အေးတဲ့နေရာကို လိုက်သိနေတယ်။ နာမ်တရားကလည်း ပရမတ် ရုပ်အစစ်ကို မှတ်နေသည့် အတွက်ကြောင့် ပရမတ် နာမ်အစစ် ဖြစ်တယ်။

အပူပေါ်လိုက်၊ နာမ်တရားက သိလိုက်၊ ချုပ်သွားလိုက်၊ ဖြစ်ပျက်နော်။ အနိစ္စမှတ်မိရဲ့လား၊ ကိုယ်ထဲမှာ အပူပေါ်လာတဲ့အခါ ရုပ်တရား ပေါ်မယ်။ အပူရုပ်လို့ ပါးစပ်နဲ့ ဆိုမနေနဲ့၊ ပူတယ် ပူတယ်လို့ စိတ်နဲ့ လိုက်မှတ်ရတယ်။

တောက်တဲ့တောက်တဲ့ အော်နေတဲ့ အကောင်ကို ဘာကောင်လဲမေးရင် တောက်တဲ့ အော်လို့ တောက်တဲ့ပဲ ပြောရလိမ့်မယ်။ ဘုတ် ဘုတ်နဲ့ အော်တဲ့ အကောင်ကို ဘာကောင်လဲမေးရင် ဘုတ်အော်လို့ ဘုတ်ခေါ်တယ်ပဲ ပြောရလိမ့်မယ်။ အခုလည်းပဲ အပူပေါ်သည့် အတွက်ကြောင့် ပူတယ် ပူတယ်လို့ပဲ မှတ်ရလိမ့်မယ်။

အဲဒီအပူဟာ ပထမအပူ၊ ဒုတိယအပူ၊ တတိယအပူ၊ ပူတွေဆက်နေတယ်။ ရုပ်ဖောက်ပြန်လို့ ပူလာတယ်။ ဘယ်သူမှ ပူစေသည်မဟုတ်။ သူ့သဘာဝ သူ့သဘောအတိုင်း ပူလာတယ်။ ပေါ်လာပုံကို ပြောရမယ်လို့ ဆိုထားတယ်နော်။ ခါးထဲက ပူလာမယ်၊ ပေါင်ထဲက ပူလာမယ်၊ လောလော ပူလာမယ်၊ ပူတယ်လို့ ကာယဝိညာဉ်စိတ်က သိတယ်။ ပူတယ်ဆိုတဲ့ သဘောဟာ ကာယပသာဒမှာ ဖောဋ္ဌဗ္ဗာရုံနဲ့ ထိခိုက်သည့်အတွက် ကာယဝိညာဉ်စိတ်က ပူတယ်လို့ သိမှုပေါ်လာတယ်။ ပူတာက ရုပ်တရား၊ သိတာက နာမ်တရား၊ သိပြီးသည်နှင့် တစ်ပြိုင်နက် ရုပ်နာမ်တရား ၂ပါးလုံး ဖြုတ်ခနဲ ချုပ်ပျက်သွားတယ်။ ဒါဟာ ဖြစ်ပျက်သဘောတရား အနိစ္စ၊ ဒါကို စိတ်နဲ့ လိုက်မှတ်ပါ၊ ဖြစ်ပျက်နေတဲ့သဘောတရားသည် ဒုက္ခ၊ ဖြစ်ပျက် သဘောတရားသည် သူ့သဘော အတိုင်း ဖြစ်ပျက်နေသည့်အတွက်ကြောင့် ငါမပိုင် ငါမဆိုင်၊ မဖြစ်ပျက်ပါနဲ့လို့ ဘုရားသော်မှ တားမြစ်လို့မရ အနတ္တ၊ အတ္တမဟုတ်ဘူး။

လူတွေက ငါထိုင်တယ်၊ ငါသိတယ်လို့ သက္ကာယဒိဋ္ဌိ အစွဲရှိနေကြတယ်။ ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိသွားရင် ငါဆိုတာ ရှိသေးရဲ့လား၊ ငါမရှိတော့ဘူး။ ငါမရှိရင် တဏှာ မာန ဒိဋ္ဌိ ငါတွေပျောက်နေပြီ။ တဒင်္ဂ(တစ်ခဏ) ပျောက်နေတယ်၊ မဂ် ဖိုလ်သို့ တကယ်ရောက်မှ သက္ကာယဒိဋ္ဌိ အစွဲကို အကြွင်းမဲ့ (သမုစ္ဆေဒ) ပယ်နိုင်တယ်။

ဒါဟာ မဂ်ဖိုလ် နိဗ္ဗာန်ရောက်ဖို့ အကြောင်းနော်၊ တရားနာနေတဲ့ ယောဂီပုဂ္ဂိုလ်တွေမှာ ပေါ်လာတဲ့ တရားတွေဟာ ကိုယ်ထဲမှာချည်းပဲ မဟုတ်လား။ အပူပေါ်တယ်။ ကျောထဲက ပူတယ်၊ ခါးထဲက ပူတယ်၊ လက်အေးတယ်၊ ခြေအေးတယ်လို့ သူ ငါ ပြောနေတာဟာ ကိုယ်ထဲမှာချည်းပဲ။ ယားတယ်၊ ခုနက အယားပျောက်နေတဲ့ လူကို ကြည့်နော်၊ ဘယ်သူက အယားလာပေးသလဲ၊ သူ့သဘောအတိုင်း ယားလာတယ်၊ ဘယ်သူမှ လာမပေးဘူး။ ကာယပသာဒရုပ်နဲ့ ပထဝီ၊ တေဇော၊ ဝါယောဆိုတဲ့ ဖောဋ္ဌဗ္ဗရုပ်တို့ ပေါ့ပေါ့ထိခိုက်ရင် ယားလာတယ်။ ခပ်ကြမ်းကြမ်းထိခိုက်ရင် နာလာတယ်။ ယားတာ နာတာတွေ

http://www.dhammadownload.com

ကို ကာယဝိညာဉ်စိတ်က သိတယ်။ အဲဒါ ရုပ်အချင်းချင်း ထိခိုက်၍ ပေါ်လာပုံပဲ။ ထိခိုက်အောင်လည်း ဘယ်သူမှ ပြုလုပ်၍ ပေးတာမဟုတ်။ သူ့သဘာဝ ဓာတ်တို့၏ သဘောအတိုင်း ထိခိုက်တယ်။

ဥပမာနဲ့ ပြရမယ်ဆိုရင် ခဲလုံးကလေးတွေကို လက်ဝါးပေါ်တင်ပြီး ခပ်တင်းတင်းဆုပ်လိုက်ရင် ထိခိုက်မှုပြင်းသည့်အတွက်ကြောင့် နာတယ်၊ ဆန်လုံးကလေးတွေကို လက်ဝါးပေါ်တင်ပြီး ပေါ့ပေါ့ဆုပ်လိုက်ရင် မနာဘူး၊ ယားရုံပဲ။ ထိုနည်းတူစွာ အခုလည်းပဲ ဓာတ် ၄-ပါး သဘာဝတရားတို့ ထိခိုက်တဲ့အခါမှာလည်း ကြမ်းကြမ်း ထိခိုက်ရင် နာတယ်။ ပေါ့ပေါ့ထိခိုက်ရင်တော့ ယားတယ်။ သပြေရောင်ရွာက တရားအားထုတ်မည့် ယောဂီ လေးငါးယောက်တရားအားထုတ်ရန် ရောက်နေကြတယ်။ နေ့စဉ်ရက်ဆက် အားထုတ်နေကြတာ သုံးလေးရက်ရှိပြီ၊ ယောဂီတစ်ယောက်က လျှောက်တယ်။ လက်ဆစ်ခြေဆစ် ပေါင်တွေဟာ မနေနိုင်အောင် ကိုက်တယ်တဲ့။ ဒါ ဘာဖြစ်လို့ ကိုက်သလဲဆိုရင် ရုပ်ဖောက်ပြန်တယ်။ ရုပ်ဖောက်ပြန်လို့ ကိုက်တယ်။ ကိုက်ခဲတာကို ရုပ်ကသိပါသလား၊ ရုပ်ကမသိပါ။ ကာယဝိညာဉ်ဆိုတဲ့ စိတ်နာမ်ကသိတယ်။

ကိုက်တယ်ဆိုတာ တစ်ကိုယ်တည်း၊ တစ်ခုတည်း မဟုတ်ဘူး။ စစ်စစ် စစ်စစ်နဲ့ ဆက်ကာဆက်ကာ ကိုက်တယ်။

ပထမ စစ်ခနဲကိုက်လိုက် သိလိုက် ချုပ်ပျက်သွားလိုက်။

ဒုတိယ စစ်ခနဲကိုက်လိုက် သိလိုက် ချုပ်ပျက်သွားလိုက်။

တတိယ စစ်ခနဲကိုက်လိုက် သိလိုက် ချုပ်ပျက်သွားလိုက်။

ခဏိက သဘောအားဖြင့် ကိုက်သည်နှင့် တစ်ပြိုင်နက် ဖြုတ်ခနဲ ပျက်သွားတယ်။ ပထမကိုက်တာက ပထမရုပ်ဖောက်ပြန်တယ်။ ပထမနာမ်က သိတယ်။ ရုပ်နာမ်ချုပ်ပျက်သွားတယ်။ နောက်ကိုက်ခဲတာက နောက်ရုပ် ဖောက်ပြန်တယ်။ နောက်နာမ်က သိတယ်။ ရုပ်နာမ်ချုပ်ပျက်သွားတယ်။ ကိုက်ခဲအား ကြိုးလာရင် မခံသာမှုဖြစ်တယ်။ မခံသာမှုက ဒုက္ခဝေဒနာ၊ အဲဒီ ဝေဒနာကို ရှုရင် ဝေဒနာ နုပဿနာ ခေါ်တယ်။

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်၊
၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊
၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊
၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ဟူ၍ မဟာသတိပဋ္ဌာနသုတ်မှာ သတိပဋ္ဌာန် ၄-ပါးကို ဟောထားတယ်။

စာတွေ့နှင့် ကိုယ်တွေ့နှိုင်းယှဉ်ချက်

ရှုမှတ်နေတုန်းမှာ မခံသာမှုပေါ်လာရင် ဒုက္ခဝေဒနာ။

ရှုမှတ်နေတုန်းမှာ ခံသာမှုပေါ်လာရင် သုခဝေဒနာ၊

ရှုမှတ်နေတုန်းမှာ ခံသာမှုမခံသာမှုသို့ မလိုက်ဘဲ ထပ်တူညီမျှလိုက်ရှုနေရင် ဥပေက္ခာဝေဒနာ။

အဲဒါ ဝေဒနာသုံးပါးနော်။

မခံသာတဲ့ဝေဒနာ ပေါ်လာတဲ့အခါ ဒုက္ခဝေဒနာတဲ့၊ ဒုက္ခသစ္စာခေါ်တယ်၊ ကာယာနုပဿနာ ရှုမှတ်နေတုန်း မခံသာအောင် နာကျင်ကိုက်ခဲလာ ရင် နာတယ်နာတယ်၊ ကျဉ်တယ်ကျဉ်တယ် ကိုက်တယ် ကိုက်တယ်လို့ပဲ ရှုမှတ်ရမယ်။ ပထမကိုက်ခဲမှုနှင့် သိမှုတို့သည် ဒုတိယ ကိုက်ခဲမှု သိမှုတို့သို့ မပါ၊ ခဏိကသဘောအားဖြင့် ဖြုတ်ခနဲချုပ်သွားတယ်။ အနိစ္စနော်။ ဖြစ်တယ်ပျက်တယ်ဆိုတာအနိစ္စပဲလို့ သတိနှင့်လိုက်မှတ်ကြရမယ်။

ကိုက်ခဲလာရင် သတိကကိုက်တယ်လို့ မှတ်ပြီးသည်နှင့် တစ်ပြိုင်နက် ပညာအလုပ်က ဖြုတ်ခနဲဆို ချုပ်သွားတယ်လို့ သိလိုက်တယ်။ ဒါကြောင့်

http://www.dhammadownload.com

တရားကို ပညာနဲ့ရှုပါ၊ ဉာဏ်မျက်စိနဲ့ရှုပါ၊ မံသစက္ခု၊ (ပကတိမျက်လုံး) နဲ့မရှုပါနဲ့။ ဉာဏ်မျက်စိနဲ့ သာရှုပါ။ ကိုက်တယ်ဆိုတဲ့ရုပ်တရား၊ သိတယ်ဆိုတဲ့ နာမ်တရားတို့သည် ဖြုတ်ခနဲ ပျက်သွားကြတယ်၊ နောက်ကိုက်မှု တစ်ခုပေါ်လာပြန်တယ်၊ ဒါဟာနောက်ရုပ်နဲ့ နောက်နာမ်ပဲ၊ သိပြီးပျက်သွားပြန်တယ်၊ နောက်ထပ်တစ်ခါ ကိုက်ခဲမှု ပေါ်လာပြန်တယ်။ ဒါလည်း နောက်ရုပ် နောက်နာမ်ပဲ၊ သိပြီးပျက်သွားပြန်တယ်။

အရင်းအစဖြစ်တဲ့ ရုပ်နာမ်တွေဟာ ဘယ်ကလာတာတဲ့တုံး၊ ဒီနေရာမှာပဲ ဖြစ်ပေါ်လာပြီး ဒီနေရာမှာပဲ ချုပ်သွားတယ်။ ချုပ်ပျက်သွားတဲ့ တရားဟာ အနိစ္စလက္ခဏာ။ အပြင်ဘက်ထွက်၍ ပျက်သလား၊ အပြင်မှာလည်း ထွက်၍မပျက်ဘူး၊ တခြားမှာ ဝင်လာပြီး ပျက်သလား၊ မဟုတ်ပါ၊ သူ့သဘာဝ ကိုယ်ထဲမှာဖြစ်လာပြီး ကိုယ်ထဲမှာပဲ ပျက်သွားတယ်။

တရားဟာ လူတိုင်းမှာ ရှိနေတယ်၊ တရားကို မရှာတတ်လို့ အလကား ဖြစ်နေတယ်၊ ဟို ခွေးသတ္တဝါများကို ကြည့်ပါ။ ခွေးများ ရုပ်နာမ်မရှိဘူးလား၊ ရှိပါတယ်၊ ခွေးတွေဟာ အယားဖျောက်နေတာကိုကြည့်ပါ။ ရုပ်နာမ်ရှိလို့ အယားဖျောက်နေတာနော်။ ခွေးက ရုပ်နာမ်ကိုသိသလား။ မသိဘူး။ တရားနာနေတဲ့ ယောဂီပုဂ္ဂိုလ်များ ရုပ်နာမ်မသိသူကို ခွေးနဲ့နှိုင်းရင် မခံသာရှိကြလိမ့်မယ်၊ ခေါ်လည်း ဘာမသိ။ တပည့်တော်တို့လည်း ဘာမှမသိဘူးဆိုရင် ခွေးနဲ့ဘာထူးဦးမယ်။ ဒါကြောင့် ထူးအောင် လုပ်ကြပါနော်။ ဒီအလုပ်ဟာ မင်္ဂိုလ်ရောက်ဖို့ ဥပနိဿယ (အားကြိုးသောအကြောင်း) ပဲ။

ကိုယ်ထဲမှာတွေ့တဲ့ ကိုယ်တွေ့တရားကို ပြောပြနေတယ်၊ ဘာဖြစ်လို့ ကိုယ်တိုင်တွေ့သလဲ၊ ကိုယ်တိုင်အားထုတ်လို့ ကိုယ်ထဲမှာ တွေ့ရတယ်၊ ဒါကြောင့် မင်္ဂိုလ်ရောက်ကြောင်းကို ပြောပြတယ်။ ဒီဟာ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ရောက်ဖို့နော်။ ကိုယ်တွေ့တွေလို့ပြောတယ်။

အချို့ပုဂ္ဂိုလ်များလည်း ထိုင်ရင်း ထိုင်ရင်းနဲ့ စစ်စစ် စစ်စစ်နဲ့ ကိုက်လာတယ်၊ အချို့ပုဂ္ဂိုလ်များလည်း ဖျစ်ဖျစ် ဖျစ်ဖျစ်နဲ့ ယားလာတယ်၊ အချို့ပုဂ္ဂိုလ်များလည်း ကင်းများ တွားတက်လာသကဲ့သို့ ဖြစ်လာတယ်၊ တရားနာနေတဲ့ ယောဂီပုဂ္ဂိုလ်များ ဒါဟာ ရုပ်တရား၊ သဘာဝအတိုင်းဖောက်ပြန်တယ်။ ရုပ်တရားတွေ ကြမ်းကြမ်းထိခိုက်ရင် ကြမ်းကြမ်းဖောက်ပြန်တယ်။ သိသမား နာမ်တရားကလည်း ကြမ်းကြမ်းပဲ သိလိုက်တယ်၊ ခွေးတွေ၊ တိရစ္ဆာန်တွေမှာ မသိသည့်အတွက်ကြောင့် မင်္ဂိုလ်ရောက်ကြောင်း တရားတွေဟာ အလကားပဲ ဖြစ်နေရမယ်။

ဖြစ်တတ်ပျက်တတ်တဲ့ သဘောတရားကို ဥဒယဗ္ဗယဓေါတယ်၊ ဥဒယတစ်ပုဒ်၊ ဝယတစ်ပုဒ်၊ နှစ်ပုဒ်ဖြစ်တယ်။ ဥဒယ–ရုပ်နာမ်ဖြစ်ပေါ်လာတယ်၊ ဝယ–ပျက်သွားတယ်၊ အနိစ္စနော်၊ ဝိပဿနာဉာဏ်မှာ အဲဒါကို ဥဒယဗ္ဗယဉာဏ်ခေါ်တယ်။ ကိုယ့်ကိုယ်ထဲမှာ ပေါ်နေတဲ့ တရားကို ပြောနေတယ်။ ခုနက အယားဖျောက်နေတဲ့ ပုဂ္ဂိုလ်ကို ငါမြင်တယ်၊ ဒါဟာ တရား ပေါ်နေတာပဲ၊ ယောဂီပုဂ္ဂိုလ်ကို ငါမြင်တယ်၊ ဒါဟာ တရားပေါ်နေတာပဲ၊ ယောဂီပုဂ္ဂိုလ်များကို ဣန္ဒြေမဆည်ဘဲ သူငယ်ချင်းပြောပြောနေတယ်၊ ဘာဖြစ်လို့လဲဆိုရင် သက်သက်တရားဟောနေတဲ့ ကိစ္စမဟုတ်၊ အလုပ်လုပ်ပုံနှင့် တိုက်ရိုက်ပြပြီး ဟောလို့ မျက်စိနဲ့ကြည့်ပြီး ဟောနေရတယ်။ ဒီလောက်ပြောလို့မှ နားမလည်သေးဘူးဆိုရင် ဒီလူကိုလူသေလား၊ လူရှင်လား မေးရလိမ့်မယ်။ အေး... လူသေဆိုရင် ခြင်ကိုက်လို့ ကိုက်တယ်၊ နာတယ် မသိဘူး။ အခုတရားနာနေတဲ့လူတွေဟာ လူသေမဟုတ်၊ လူရှင်တွေဖြစ်လို့ ခြင်ကိုက်လို့ ကိုက်တယ်၊ နာတယ်သိကြတယ်။

ဓာတ်လေးပါးရှိနေသည့် အတွက်ကြောင့် ဓာတ်လေးပါးထိခိုက်တယ်၊ ဘယ်သူမှလုပ်မပေး၊

http://www.dhammadownload.com

သူ့သဘာဝအတိုင်း ထိခိုက်တယ်။ ထိခိုက်တာကို လိုက်ပြီးသိမှတ်နေရမယ်၊ ဖြစ်ပျက်ကို လိုက်ရမယ်၊ နိဗ္ဗာန်မဂ်ဖိုလ်ရောက်ကြောင်း အစစ်ပဲ။ ဒါလိုရင်းပဲနော်။

ဘယ်နည်းနဲ့ပဲ တရားကိုပြပြ ပြချင်သလိုပြ၊ ဝိပဿနာအားထုတ်မယ်ဆိုရင် ဖြစ်ပျက်ကို လွှဲလို့ မရဘူး။ ဒီဝိပဿနာအရာသို့ ရောက်လာရင် လွှဲလို့ကို မရဘူး။ ဉဒယဗ္ဗယဉာဏ်လို့ ရှိထားရတယ်။

ဉာဏ်စဉ် ၁၀ ပါး

၁။ သမ္မသနဉာဏ်၊
၂။ ဉဒယဗ္ဗယဉာဏ်၊
၃။ ဘင်္ဂဉာဏ်၊
၄။ ဘယဉာဏ်၊
၅။ အာဒီနဝဉာဏ်၊
၆။ နိဗ္ဗိဒါဉာဏ်၊
၇။ မုစ္စိတုကမျတာဉာဏ်၊
၈။ ပဋိသင်္ခါဉာဏ်၊
၉။ သင်္ခါရုပေက္ခာဉာဏ်၊
၁၀။ အနုလောမဉာဏ်၊

ထို့နောက် ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်သို့ရောက်ရင် နိဗ္ဗာန်ကို အာရုံပြုရပေတော့မယ်။ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ပါပေါင်းရင် ဉာဏ် ၁၆ ပါးရှိတယ်။

ခန္ဓာကိုယ်၌ တရားအမျိုးမျိုးပေါ်လာပုံ

ရုပ်နာမ်တို့ဖြစ်ပေါ်ပြီး ပျက်သွားတာကို သိတာ ဉဒယဗ္ဗယဉာဏ်ခေါ်တယ်။ သေသေချာချာ နှလုံးသွင်းရင် ပထမ ရုပ်နာမ်နှင့် ဒုတိယရုပ်နာမ်တို့သည် ကာလခြားပြီးတော့ ဖြစ်ပျက်နေတယ်။

ဥပမာအားဖြင့် ဟောဒီ စိပ်ပုတီးကို ကြည့်ပါ။ ဒီဘက်က ပုတီးတစ်လုံးနှင့် ဟောဒီဘက်က ပုတီးတစ်လုံး၊ အဲ့ဒီ စိပ်ပုတီးနှစ်လုံးအကြားမှာ အာကာသရှိတယ်၊ ကောင်းကင်ခြားနေတယ်။ ထို့အတူ ရုပ်နာမ်တရားတို့သည်လည်းပဲ ကာလခြားပြီး ဖြစ်ပျက်နေတယ်။ စိပ်ပုတီးမှာ ပထမအလုံးနှင့် ဒုတိယအလုံး၊ ဒုတိယအလုံးနှင့် တတိယအလုံးအကြားမှာ အာကာသခြားနေသလို ထို့အတူ ပထမကိုက်ခဲတဲ့ ရုပ်နာမ်နှင့် ဒုတိယကိုက်ခဲတဲ့ ရုပ်နာမ်တို့သည် ဆက်စပ်မှုမရှိဘဲ ကာလခြားပြီးဖြစ်ပျက်နေတယ်။ နောက် ရုပ်နာမ်တစ်စုံ ပေါ်လာပြန်တယ်၊ ဖြုတ်ခနဲ ပျက်သွားပြန်တယ်၊ ဒါဟာ အနိစ္စလက္ခဏာ ခေါ်တယ်။ အစဉ်အဆက်ဖြစ်ပျက်နေတဲ့ သဘောတရားကတော့ ဒုက္ခလက္ခဏာခေါ်တယ်။

ရုပ်ဓာတ်၊ နာမ်ဓာတ်တွေဟာ တစ်ခုပြီးတစ်ခု သေသေသွားတယ်။ မြန်မာလိုဆိုရင် တစ်ခုသေပြီး တစ်ခုဖြစ်တယ်လို့ပဲပြောရလိမ့်မယ်။ ကျမ်းဂန်ကတော့ ဥပါဒ်ဌီဘင်လို့ ဆိုတယ်၊ ဥပါဒ်=ဖြစ်ပေါ်လာတယ်၊ ဌီ=အို သွားတယ်၊ ဘင်=ပျက်သွားတယ်၊ ရုပ်ဓာတ်နာမ်ဓာတ်တွေ အမြဲမပြတ် ဒလစပ် သေနေကြတယ်နော်၊ သေရခြင်း ဒုက္ခထက်ကြီးတာ ရှိသေးသလား။ ဒီလို ဥပါဒ်ဌီဘင်အားဖြင့် မပြတ်နှိပ်စက်နေသောကြောင့် ဒုက္ခ လက္ခဏာခေါ်တယ်၊ ရုပ်ဖြစ်ပေါ်လာတယ်၊ ရုပ်အိုသွားတယ်၊ ရုပ်ဖြစ်ပေါ်လာသည့်အတိုင်း နာမ်ကလည်း လိုက်သိပြီးတော့ ရုပ်ရောနာမ်ရောပါ ချုပ်သွားတယ်။

ဒါကြောင့် မြတ်စွာဘုရားက အနတ္တလက္ခဏသုတ်မှာ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် မပြတ်နှိပ်စက်နေသောကြောင့် ဒုက္ခလက္ခဏာလို့ ဆိုထားတယ်၊ ရုပ်နာမ်တရားတို့သည် မဖြစ်ပေါ်ပါစေနဲ့၊ ဖြစ်ပေါ်လာပြီး ရုပ်တရားတို့သည်လည်းပဲ မပျက်ပါစေနဲ့လို့ ဘုရားသော်မှ တားမြစ်လို့မရသည့်အတွက်ကြောင့် ငါမဝိုင်၊ ငါမဆိုင်၊ အစိုးမရ၊ အနတ္တလက္ခဏာ၊ အနတ္တအစစ်နော်၊ သူ့သဘောအတိုင်းသာ ဖြစ်ပျက်နေတယ်၊ ဉဒယဗ္ဗယဉာဏ်မှာ အနိစ္စ ဒုက္ခ အနတ္တ

http://www.dhammadownload.com

လက္ခဏာ ၃ ပါးစလုံး အတွင်းဝင်နေတယ်။

ယောဂီပုဂ္ဂိုလ်များ ကိုက်တယ်ဆိုတာ ပထမအကိုက်၊ ဒုတိယအကိုက် တတိယအကိုက် အဆင့်ဆင့်ရှိတယ်၊ ကိုက်ခဲမှုကို ဘယ်သူကမှ လာမကိုက်စေဘူး၊ သူ့သဘောအတိုင်း ဒီမှာပဲကိုက်၊ ဒီမှာပဲ ပျက်သွားတယ်၊ ဒါဟာ မမြဲလို့ ဖြစ်ပြီးပျက်သွားတဲ့ တရားပဲ၊ ဖြစ်ပျက်သဘောနော်၊ တရားပေါ်ပုံကို ပြောပြတယ်၊ အမျိုးမျိုးအဖုဖုအားဖြင့် ကိုယ်ထဲမှာ အပူ ပေါ်လာမယ်၊ အအေး ပေါ်လာမယ်၊ အပူပေါ်လာရင် ပူတယ် ပူတယ်ပဲ လိုက်မှတ်ရမယ်၊ အအေးပေါ်လာရင် အေးတယ် အေးတယ်ပဲ လိုက်မှတ်ရမယ်၊ ပထမပူတယ်၊ ဒုတိယပူတယ် စသည်ဖြင့် တစ်ခုနဲ့ တစ်ခု ကွဲအောင်မှတ်ရမယ်။

ပုတီးလုံးများဟာ တစ်လုံးနဲ့တစ်လုံးခြားပြီး နေသလို ရုပ်နာမ်တရားတို့သည်လည်း ရုပ်နာမ်တစ်စုံနဲ့တစ်စုံ ကာလခြားပြီး ဖြစ်ပျက်နေကြတယ်၊ ရုပ်နာမ်တစ်စုံ ဖြစ်ပျက်လိုက် ကာလခြားလိုက်၊ ရုပ်နာမ်တစ်စုံ ဖြစ်ပျက်လိုက် ကာလခြားလိုက်နဲ့ မဆက်မစပ်ဘဲ ဖြစ်နေတယ်၊ ရုပ်နာမ်တရားတို့ကို တစ်စပ်တည်း တစ်ခုတည်းလို့ သိမြင်နေရင် သန္ဋတိ (အစဉ်) ပညတ် ဖုံးလွှမ်းနေတယ်လို့ ဆိုတယ်။

ပရမတ်ဓာတ်သဘာဝကတော့ အဆစ်အဆစ် ပိုင်းပိုင်းကွဲနေတယ်၊ တစ်ခုစီတစ်ခုစီနော်၊ ဒါကြောင့် ပရမတ် အစစ်ကို မြင်အောင် ကြည့်ကြပါ၊ ပထမစစ်ခနဲ အကိုက်ပေါ်လာတယ်၊ ပေါ်တာကိုသိပြီး ပျက်သွားတယ်၊ ဒုတိယအကိုက် ပေါ်လာတယ်၊ ပေါ်တာကိုသိပြီး ပျက်သွားတယ်၊ တတိယ အကိုက်ပေါ်လာတယ်၊ သိပြီးပျက်သွားလာတယ်၊ ပထမကိုက်ခဲမှုနဲ့ ဒုတိယကိုက်ခဲမှုဟာ တခြားစီ၊ ဒုတိယကိုက်ခဲမှုနဲ့ တတိယ ကိုက်ခဲမှုဟာလဲ တခြားစီဖြစ်တယ်။

အချို့ယောဂီပုဂ္ဂိုလ်များမှာ ခန္ဓာကိုယ်တစ်ခုလုံး ဖြစ်စေ၊ ကျောထဲက ဖြစ်စေ၊ ဦးခေါင်းကဖြစ်စေ နှမ်းများကြဲချဘိသကဲ့သို့လည်းကောင်း၊ မိုးသီးမိုးပေါက်များ ရွာချဘိသကဲ့သို့ လည်းကောင်း၊ ထမင်းအိုးများ ဆူဝေဘိသကဲ့သို့လည်းကောင်း ကိုယ်ထဲက တဖြုတ်ဖြုတ်နဲ့ ဖြစ်ပေါ်လာတယ်၊ ဒါကို ပကတိမျက်စိနဲ့ မြင်ရသည်မဟုတ်၊ ဉာဏ်မျက်စိနဲ့သာ သိမြင်တယ်၊ ကာယပဿဒ္ဓိရုပ်မှာ ဖောဋ္ဌဗ္ဗာရုံ ထိခိုက်သည့်အတွက် ကာယဝိညာဉ်စိတ်တည်းဟူသော နာမ်တရားဟာ သိနေတယ်။

ထမင်းအိုးကို မီးပေါ်မှာ တည်လိုက်တဲ့အခါ တပွက်ပွက်နဲ့ ဆူဝေပြီး တက်လာတယ်။ ဆူဝေပြီး ရေပွက်ကလေးတွေ တက်လိုက် ဖောက်ခနဲကွဲသွားလိုက်၊ နောက်တစ်လုံးတက်လိုက် ဖောက်ခနဲကွဲသွားလိုက်နဲ့ ရေပွက်ကလေးတွေ ဖြစ်တက်နေသလို ရုပ်နာမ်ခမ္မ သခါရတို့သည်လည်း မိမိတို့ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်နေကြတယ်။ အဲ့ဒါကို အနိစ္စအစစ်၊ ဒုက္ခ အစစ်၊ အနတ္တအစစ် ခေါ်တယ်။ ဒါကြောင့် မိမိတို့ကိုယ်ထဲမှာ တရားကို ရှာဖို့ပြောနေတယ်။ တခြားမှာ ရှာဖို့မဟုတ်။

'ခန္ဓာအရှိ၊ သတိကပ်ထား။

လုံ့လအားပြု၊ ဉာဏ်ဖြင့်ရှုတော့'တဲ့။

ခန္ဓာအရှိဆိုတာက ရုပ်ခန္ဓာ နာမ်ခန္ဓာ အစစ်ရှိနေတယ်တဲ့။ သတိကပ်ထားဆိုတာကတော့ ယခုပြောခဲ့တဲ့ ရုပ်နာမ်ခန္ဓာအစစ်ပေါ်မှာ သတိမလွတ်စေဘဲ သတိကပ်ထားပါတဲ့။ သတိနဲ့ ကွဲအောင်လိုက်ထား၊ လုံ့လအားပြုဆိုတာက ကြပ်ကြပ်မတ်မတ် လိုက်မှတ်နေရမယ်တဲ့။ ဉာဏ်ဖြင့် ရှုတော့ ဆိုတာက ဝိပဿနာဉာဏ်နဲ့အမြဲရှုမှတ်နေရမယ်တဲ့။ ဝိပဿနာတရားကို ရှုမှတ်နေရင် ဘာအကျိုးရမှာလဲ၊ နိဗ္ဗာန်မဂ်ဖိုလ် အကျိုးပါပဲနော်။

ဖြစ်ပျက်တရားကို အားထုတ်၍ နိဗ္ဗာန်ဝင်ပုံ

တရားထိုင်လို့ တော်တော်လေးကြာလာရင် ညောင်းလာတယ်။ ခါးထဲက စစ်စစ်ကိုက်လာတယ်။ ကျောထဲကိုယ်ထဲက နာလာတယ်။ ယခု ပြောတဲ့

http://www.dhammadownload.com

တရားတွေဟာ ကိုယ်ထဲမှာ အရှိတရားတွေနော်။

သမာဓိကြီးလာရင် တစ်ကိုယ်လုံး ဘယ်နေရာကြည့်ကြည့် ရှိနေတယ်။ ဉာဏ်မျက်စိနဲ့ ကြည့်ရင် လက်မှာကြည့်လည်း ရှိနေတယ်၊ ခြေမှာကြည့်လည်း ရှိနေတယ်။ သဘာဝရှိတဲ့တရားကို အလွတ်ရှုပြီးတော့ ကိုယ်ထဲမှာလုပ်ရတဲ့ ဥစ္စာမှမဟုတ်ဘဲ။ ကိုယ်ထဲမှာ ပေါ်လာတဲ့တရားကို ပြောနေတာပါ။ သမာဓိကြီးလို့ ထင်ရှားလာပြီဆိုရင် တစ်ကိုယ်လုံး ခန္ဓာကိုယ်အနှံ့အပြားရှိနေတယ်။ ပေါ်နေတယ်။ ဥပမာအားဖြင့် မိုးသီး မိုးပေါက်များ ရွာချဘိသကဲ့သို့ ကိုယ်ထဲမှာ ဖြစ်ပေါ်နေတယ်။ အဲဒီတရားတွေ ပေါ်လာရင် ပထမပေါ်တဲ့တရားကို ပထမပဲ သိပျက်သွားတယ်။ ဒုတိယအလုံးသို့ ပါသလား မပါဘူး။ ဒုတိယပေါ်လာတဲ့ တရားကို ဒုတိယပဲ သိတက်သွားတယ်။ ဒီနေရာမှာပဲ ဖြစ်ပေါ်ပြီး ဒီနေရာမှာပဲ တက်သွားတယ်။ ဒါ အနိစ္စတရား၊ ဖြစ်ပြီး ပျက်သွားတဲ့တရား။ ဖြစ်ပျက်တဲ့တရားဟာ အင်မတန် ခရီးကျယ်ဝန်းပါတယ်။ နိဗ္ဗာန်တံခါးသို့ ရောက်သည့်တိုင်အောင် ဖြစ်ပျက်မလွတ်ဘူး၊ အရှင်ဘုရား ဖြစ်ပျက်ကို အားထုတ်လို့ နိဗ္ဗာန်ရောက်ပါ့မလားမေးရင် ရောက်ပါတယ် လို့ ဖြေရမယ်။

ဥပမာ ယခုဇေယျဝတီတိုက်က ထွက်သွားရင် ဘုရားကြီးကို ရောက်တယ်၊ ဘုရားကြီးမှ ထွက်သွားရင် ပိန္နဲတောရပ်သို့ ရောက်သကဲ့သို့ ဖြစ်ပျက် ဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ခေါ်တယ်၊ အဲဒီ ဥဒယဗ္ဗယဉာဏ်မှ အထက်ဉာဏ်သို့တက်ရင် ဖြစ်ပျက်နဲ့ပဲ တက်ရတယ်၊ တစ်ရွာမှ တစ်ရွာ၊ စခန်းတစ်ခုမှ တစ်ခုသို့ သွားတဲ့အခါ ဘယ်လှမ်းညာလှမ်းဖြင့် သွားရသကဲ့သို့ ဉာဏ်တစ်ခုမှ ဉာဏ်တစ်ခုသို့လည်း ဖြစ်ပျက်နဲ့ တက်ရတယ်၊ ဇေယျဝတီ၊ ဘုရား ကြီး၊ ပိန္နဲတောလို့ အမည်ပေးထားတဲ့ စခန်းတစ်ခုမှ စခန်းတစ်ခုသို့ အထွက်တွင် ဘယ်လှမ်း ညာလှမ်းဖြင့် စတင်သွားရကဲ့သို့ ဘင်္ဂဉာဏ်၊ ဘယဉာဏ် စသည်ဖြင့် ဉာဏ်တစ်ခုမှ ဉာဏ်တစ်ခုသို့ အတက်တွင် ဖြစ်ပျက်ကို အားထုတ်၍ တက်ရတယ်။

သမာဓိကြီးလာရင် ဥဒယဗ္ဗယဉာဏ်အမြင်သန့်ပါတယ်။ ဖြစ်မှု ပျက်မှု ပျက်မှုတွေလည်း အလွန်လျင်မြန်လာပြီး ရိပ်ရိပ် ရိပ်ရိပ် ဖြစ်လာတယ်၊ ဖြစ်မှု ပျက်မှု လျင်မြန်လွန်းအားကြီးတော့ အဖြစ်ကို မမှတ်နိုင်ဘဲ အပျက်ကိုသာ ပျက်တယ် ပျက်တယ်လို့ မှတ်နိုင်မှတ်နိုင်တော့တယ်၊ အဖြစ်မပါဘူးလား၊ ပါတယ်၊ လျင်မြန်လွန်းတော့ မမှတ်နိုင်၊ ဒါကြောင့် ပျက်တယ်ပျက်တယ်လို့ အပျက်ကိုသာ မှတ်တယ်၊ အဲဒါ ဘင်္ဂဉာဏ် ခေါ်တယ်။

ဇေယျဝတီမှ ဘုရားကြီးသို့ ရောက်တယ်လို့ နာမည်ပေးတယ်။ ဉာဏ်စဉ်မှာလည်း ဥဒယဗ္ဗယဉာဏ်သို့ ရောက်တယ်လို့ နာမည်ပေးတယ်။ အဖြစ်ကို မမှတ်နိုင်သည့်အတွက် အဖြစ်ကိုလွတ်၍ ပျက်တယ်ပျက်တယ်လို့ အပျက်ကိုပဲ လိုက်မှတ်နေရတယ်၊ ယောဂီပုဂ္ဂိုလ်များအဖြစ် တရားလွတ်ပါသလားဆိုတော့ မလွတ်ဘူး၊ အဖြစ်ကိုမမှတ်နိုင်သည့်အတွက် အပျက်ကိုသာ လိုက်မှတ်နေရတယ်။

ကျမ်းဂန်ကဥပမာပြတယ်၊ ရေထဲသို့ မိုးသီးမိုးပေါက်များ ရွာချတဲ့အခါ အဖြစ်ရေကို မမြင်ဘဲ အပျက်ရေကိုသာ မြင်ရသကဲ့သို့ လည်းကောင်း၊ ရေတံခွန်များ ကျဘိသကဲ့သို့ လည်းကောင်း၊ မီးပန်းများကဲ့သို့လည်းကောင်း၊ မီးလျှံများကဲ့သို့ လည်းကောင်း၊ တံလျှပ်များကဲ့သို့လည်းကောင်း၊ လျင်မြန်အားကြီးလို့ အဖြစ်ကိုမမြင်ဘဲ အပျက်ကိုသာမြင်ရတယ်၊ ထို့အတူ ရုပ်နာမ်တရားတို့သည်လည်း ဖြစ်ခြင်း ပျက်ခြင်း လျင်မြန်လွန်းအားကြီးသည့်အတွက် အဖြစ်ကို မမြင်၊ အပျက်ကိုသာ မြင်ရလို့ ဘင်္ဂဉာဏ် ခေါ်တယ်။

ဘင်္ဂဉာဏ်က လွန်သွားတော့ ရုပ်နာမ်ဓမ္မသခါရတို့၏ ဖြစ်ပျက်ကို ရှုမှတ်အားကြီးသည့်အတွက် ရုပ်နာမ်တရားတွေကို ဘေးကြီးအဖြစ်ဖြင့်

http://www.dhammadownload.com

မြင်လာတယ်၊ ဥပမာ– ခန္ဓာကိုယ်ထဲမှာ မြွေပွေးမြွေဟောက်များကို ပိုက်ထားရဘိသကဲ့သို့ ယောဂီပုဂ္ဂိုလ်ဟာလည်း ရုပ်နာမ်တရားတွေကို ကြောက်မက်ဖွယ်ဆေးကြီးအဖြစ်ဖြင့် မြင်လာတယ်၊ အဲဒါ ဘယဉာဏ်ခေါ်တယ်၊ ကြောက်တယ်ဆိုတာ ဒေါသကြောင့် ကြောက်ပါသလား၊ မဟုတ်ဘူး၊ ရုပ်နာမ်တရားတို့ကို မြွေပွေးမြွေဟောက်ကဲ့သို့ ဘေးကြီးအဖြစ်ဖြင့် ထင်လာတယ်။

ဘယဉာဏ်က လွန်သွားတော့ အာဒီနဝဉာဏ်သို့ တစ်ဆင့်တက်လာတယ်။ ရုပ်နာမ်တရားတို့၏ အစဉ် ဖြစ်ပျက်နေတာကို ထင်မြင်လာလို့ ရုပ်နာမ်တရားတို့၌ အပြစ်မြင်လာတယ်၊ ဒါကို အာဒီနဝဉာဏ် ခေါ်တယ်။

အာဒီနဝဉာဏ်က လွန်သွားတော့ နိဗ္ဗိဒါဉာဏ်သို့ တစ်ဆင့်တက်လာပြန်တယ်၊ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ဓမ္မသခ်ါရတရားတို့ကို ထင်မြင်နေတော့မကြည့်ချင်၊ မရှုချင်ဘိသကဲ့သို့ စိတ်ထဲက ဖြစ်လာတယ်၊ ငြီးငွေ့လာတယ်။ ဒီလို ရုပ်နာမ်တရားတို့၏ အပေါ်မှာ ငြီးငွေ့မှု ဖြစ်ပေါ်လာတာကို နိဗ္ဗိဒါဉာဏ်ခေါ်တယ်။ (ဥဒယဗ္ဗယဉာဏ်က ဝိပဿနာအနုပိုင်း၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်က ဝိပဿနာ အလယ်ပိုင်း ခေါ်တယ်)

နိဗ္ဗိဒါဉာဏ်က လွန်သွားတော့ မုစ္စိတုကမျတာဉာဏ်သို့ ရောက်တယ်။ သုံးဆယ့်တစ်ဘုံအတွင်းမှာ ရုပ်နာမ်ဓမ္မ သခ်ါရတရားတို့သည် ဒီအတိုင်းပဲ ဖြစ်ပျက်ပြီးနေပါတကားဟု ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်သို့ ရောက်ပြီး အချုပ်နှောင်အိမ်အတွင်းမှာ ခံနေရဘိသကဲ့သို့ ရုပ်နာမ်တရားတို့မှ လွတ်လိုသောစိတ် ဖြစ်ပေါ်လာတာကို မုစ္စိတုကမျတာဉာဏ်ခေါ်တယ်။

ဥပမာ– အချုပ်အနှောင် ခံနေရတဲ့လူများ၊ ကြက်များ၊ ငှက်များဟာ အချုပ်အနှောင်မှ လွတ်လိုဘိသကဲ့သို့ ထို့အတူ ယောဂီပုဂ္ဂိုလ်များလည်းပဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ဓမ္မသခ်ါရတို့မှ လွတ်မြောက်လိုသောစိတ် ဖြစ်ပေါ်လာတယ်။ လွတ်ချင်ရင်မေ့မေ့လျော့လျော့ နေလို့မရဘူး၊ လွတ်အောင် အားထုတ်ပါ၊ ထပ်ခါ ထပ်ခါ အားထုတ်ပါ။

ဒီလိုရုပ်နာမ်ဓမ္မသခ်ါရနယ်ထဲမှ လွတ်မြောက်အောင် ထပ်ကာထပ်ခါ အားထုတ်မှုကို ပဋိသခ်ါဉာဏ်ခေါ်တယ်။ ဒီပဋိသခ်ါဉာဏ်ကို ဥပမာ ဥပမေယျနှင့် ပြောမယ်ဆိုရင် အလွန်ပဲ အရာကျယ်ပါတယ်။ အဲဒီတော့ ပဋိသခ်ါဉာဏ်သို့ ရောက်လာပြီဆိုရင် တဲငါသည် ယောက်ျားဟာ လယ်ရေး ၃ ဆင့်ရှိသော မြွေဟောက်ကြီးကို ငါးဟု ထင်မှတ်ကာ တောင်းဖြင့် အုပ်လိုက်ပြီးနောက် အရတော်လေစွယ်ဟုလက်ဖြင့် ဇက်ကိုနှိပ်ကာ ဖမ်းလိုက်တယ်။ ၎င်းမြွေဟောက်ကြီးသည် တဲငါသည်လက်၌ ပတ်လျက်သား ပါလာပါရောနော်၊ လယ်ရေးသုံးဆင့်ကို မြင်သဖြင့် မြွေဟောက်ကြီးမှန်း သိရတယ်၊ မြွေဟောက်ကြီးနဲ့ သခ်ါရတရား တူတယ်၊ လယ်ရေးသုံးဆင့်နှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တတူတယ်။ မြွေဟောက်ကြီးကို လွတ်လိုက်ရင် ငါ့ကို ပြန်ကိုက်တော့မှာပဲလို့ ရုတ်တရက် မလွတ်သေးဘဲ မြွေဟောက်ကြီးကို အားကုန်ခန်းပြီး မကိုက်နိုင်အောင် ပြုလုပ်ပြီးမှ လွတ်လိုက်တယ်။ မြွေဟောက်ကို အားကုန်ခန်းအောင်ပြုလုပ်တာနဲ့ ယောဂီပုဂ္ဂိုလ်၏ ထပ်ကာ ထပ်ကာ အားထုတ်မှုနဲ့တူတယ်။ နွမ်းနယ်အားကုန်နေသော မြွေဟောက်ကြီးဘေးမှ လွတ်လိုသောဆန္ဒကြောင့် မြွေဟောက်ကြီးကို လွတ်လိုက်တော့တယ်။ သခ်ါရတရားတို့ကို ရှေးက အားထုတ်ခဲ့သည့်အတိုင်း အားထုတ်ပြန်သော အခါ တစ်ဖန်နိစ္စ(မြဲခြင်း)၊ သုခ(ချမ်းသာခြင်း)၊ သုဘ (တင့်တယ်ခြင်း)၊ အတ္တ(ငါ့ကိုယ်) ဟု အခြင်းအရာအားဖြင့် မစွဲလမ်းတော့ဘဲ ကောင်းစွာ လွတ်လေတော့တယ်၊ ဒါကိုပဋိသခ်ါဉာဏ်ခေါ်တယ်။

မြွေဟောက်ကြီးကို လွတ်လိုက်ပြီးနောက် သစ်တစ်ပင်အရိပ်အောက်မှာ အေးချမ်းသာယာစွာ

http://www.dhammadownload.com

သွားရောက်နေထိုင်နေသလို ရုပ်နာမ်ဓမ္မ သခ်ၤါရ တရားတို့ကို လျစ်လျူရှုသောအားဖြင့် ချမ်းသာသည်၊ မချမ်းသာသည်ကို ပဓာနမပြုနိုင်ဘဲ၊ အာရုံမပြုနိုင်ဘဲ အညီအမျှ ရှုနေသည်ကို သခ်ၤါရုပေက္ခာ ဉာဏ်ခေါ် တယ်။ ဒီသခ်ၤါရုပေက္ခာဉာဏ်ဟာ မဂ်ဖိုလ်အနားရောက်နေပြီ၊ နီးစပ်နေပြီ။ ဒါကတော့ သူ့သဘာဝအတိုင်းဖြစ်ပျက်နဲ့ သခ်ၤါရုပေက္ခာဉာဏ်သို့ တက်လာပုံကို ပြောတဲ့စကားဖြစ်တယ်။ ဒီသခ်ၤါရုပေက္ခာဉာဏ်ကို ဒိဿကာကဉ်နှင့် ဥပမာပေးတယ်။ ရှေးခေတ် ကာလက ပင်လယ်ခရီးကို လှေဖြင့်သွားသော ပုဂ္ဂိုလ်များသည် ကျီးငှက်ကို ဖမ်းသွားကြတယ်။ ငှက်ကို ဒိဿကာကလို့ ခေါ်တယ်။ ဒိဿဆိုတာကတော့ အရပ်လေးမျက်နှာ၊ ကာကဆိုတာက ကျီးငှက်၊ အရပ်လေးမျက်နှာကို ပျံသန်း၍ ကမ်းကို ရှာဖွေနိုင်တဲ့ ကျီးငှက်လို့ ဆိုတယ်။

လှေသူကြီးများ ပင်လယ်ထဲမှာ အရပ်လေးမျက်နှာကို မမှတ်မိတဲ့အခါ ကျီးငှက်ကို လွှတ်လိုက်တယ်၊ ကျီးသည်အရပ်လေးမျက်နှာမှာ ကမ်းကို ကြည့်၍ မမြင်ရရင် လင်းယဉ်တိုင်ထိပ်မှာ ပြန်လာနားတယ်။ ပြန်လာတဲ့ငှက်နဲ့ မဂ်ဖိုလ်သို့ မတက်သေးတဲ့ ယောဂီနဲ့တူတယ်။ ကမ်းသို့ ရောက်ရင် မဂ်ဖိုလ်သို့ ကူးပြီး ဒါကတော့ ပေါ်တဲ့တရားကို ပြောပြပါလို့ လျှောက်ထားတဲ့အတွက် မဂ်ဖိုလ်သို့ ကူးသည့်တိုင် အောင် ပြောပြလိုက်တယ်။

မိမိတို့ကိုယ်ထဲမှာ အယားအကိုက်အခဲ အထုံအကျဉ်တွေဟာ ပေါ်လာတယ်၊ ဒီတရားတွေဟာ ရှိတဲ့တရားတွေဖြစ်တယ်၊ ရှိတဲ့အတွက်ကြောင့် ပေါ်လာတယ်၊ အဲဒါကို ဝိပဿနာရှုနည်းနဲ့ လိုက်ပြီး ရှုမှတ်ဖို့ပါပဲ။ပေါ်တဲ့တရားကို လိုက်ရှုပါ၊ ကိုယ့်ကိုယ်ထဲမှာ ဖြစ်ပေါ်လာတဲ့ အယားအကိုက် အထုံအကျဉ် တရားတွေဟာလည်းဖြစ်ပြီး ပျက်သွားတယ်။ အဲဒီ တရားတွေဟာ ကိုယ့်ကိုယ်ထဲမှာ အလိုလိုပေါ်နေတယ်၊ နှလုံးမသွင်းကြလို့ တရားကို မသိ မမြင်မိဖြစ်နေကြတယ်၊ နှလုံးသွင်းလိုက်တော့ ဖြစ်ပြီး ပျက်သွားတယ်လို့ ပညာနဲ့ယှဉ်သိလိုက်ရင် ဝိပဿနာဖြစ်သွားတယ်၊ အဲဒီဝိပဿနာ တရားကိုအားထုတ်ရင်း ဉာဏ်စဉ်တက်သွားတယ်။

သူသူငါငါ အားလုံးသော ပုဂ္ဂိုလ်တို့မှာ ဖြစ်ပျက်တရားဟာ ဖြစ်ပေါ်နေတယ်။ အခုရှိနေတဲ့လူအားလုံးမှာ ရှိကြတယ်၊ တိရစ္ဆာန်တွေမှာ ဖြစ်ပျက်တရားမရှိဘူးလား။ ရှိတယ်။ တိရစ္ဆာန်တွေက ရုပ်မှန်းနာမ်မှန်းမသိကြဘူး၊ ဖြစ်ပြီးပျက်သွားတဲ့ အနိစ္စလက္ခဏာကိုလည်း မသိကြဘူး၊ အဲဒီတော့ တရားလည်း အားမထုတ်၊ ဘာမှလည်း အားမထုတ်တော့ ရုပ်မှန်း နာမ်မှန်းလည်းမသိ၊ ဒီလို တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တိရစ္ဆာန်နဲ့ ဘာထူးဦးမှာလဲ၊ ရုပ်နာမ်တရားကို မသိလည်းရှိစေတော့၊ ဖြစ်သလို နေသွားတော့မယ်ဆိုရင် ဒီဘဝအတွက် မိမိခန္ဓာကိုယ်ကို ထိုက်ရာသွားတော့လို့ လွှတ်လိုက်တာနဲ့ အတူတူပဲ၊ ထိုက်ရာကျရာ သွားတော့လို့ မိမိခန္ဓာကိုယ်ကို မလွှက်လိုက်နဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့ သွားပါ၊ ပေါ်တဲ့ တရားကို ဉာဏ်နဲ့လိုက်ပါ၊ ခုနကဉာဏ်စဉ် တက်ပုံကို ပြောပြရာမှ ဖြစ်ပျက်တရားတွေပါသွားပြီ၊ အဆုံးကျတဲ့အခါ သခ်ၤါရ ပေက္ခာဉာဏ်တဲ့၊ သခ်ၤါရတရားတို့ကို လျစ်လျူရှုတဲ့ဉာဏ်နော်။

ရုပ်နာမ်ဓမ္မ သခ်ၤါရတရားတို့ကို လျစ်လျူရှုသည့်အတွက်ကြောင့် ဖြစ်ပျက်ကိုသိမှု စိတ်ကလေးဟာ ပျောက်သွားတော့မလိုလိုနဲ့ မပျောက်ဘဲ ပြန်ပေါ်လာလိုက်၊ ပျောက်တော့မလိုလိုဖြစ်လိုက်၊ ပြန်ပေါ်လာလိုက်နဲ့ သိမှု စိတ်နာမ်တရားဟာ ရှိနေတယ်။ တစ်ခါတစ်ရံ ပျောက်သွားမလိုလိုဖြစ်ပြီး တော်တော်ကလေးကြာရင် သိမှုကလေးဟာ ပြန်ပြီး ပေါ်လာပြန်တယ်။ လုံးဝမပျောက်သွားဘူး။ ဒိဿကာကဉ်ဟာ လင်းယဉ်တိုင်မှ ကမ်းကို ရှာဖွေရန် ပျံသွားတဲ့အခါ ရှေ့နောက်ဝဲယာ ကမ်းကိုရှာသော်လည်း ကမ်းကို မမြင်ရင် လင်းယဉ်တိုင်သို့ ပြန်လာနားတယ်။

http://www.dhammadownload.com

ကမ်းမမြင်ဘဲနဲ့ ပျံသွားရင်လည်း သေမှာကြောက်တယ်။ သိမှုစိတ် နာမ်တရားနဲ့ ၄က်နဲ့တူတယ်။ ဖြစ်ပျက် မှေးမှိန်သွားတာဟာ ၄က်ကမ်းကို ပျံတာနဲ့ တူတယ်။ ၄က်ပြန်လှည့်လာတာနဲ့ ဖြစ်ပျက်ထင်ရှားလာတာနဲ့ တူတယ် နိဗ္ဗာန်သည် ကမ်းနဲ့တူတယ်။ လင်းယဉ်တိုင်နဲ့ ဖြစ်ပျက်နဲ့ ကူတယ်။ ယောဂီပုဂ္ဂိုလ်ဟာ ဒီသစ်္ခါရုပေက္ခာဉာဏ်က တက်သွားရင် နိဗ္ဗာန်ကို ဝင်ရောက်ရတယ်။ ကမ်းကို မမြင်သေးသည့်အတွက် လင်းယဉ်တိုင်မှာ ၄က်ပြန်လာနားသလို သိမှု နာမ်တရားကလေးသည် နိဗ္ဗာန်ကို မမြင်သေးသည့် အတွက် ပြန်ပေါ်လာတယ်။ နိဗ္ဗာန်ကို မြင်လိုက်ရင် ဖြစ်ပျက် ချုပ်သွားတယ်။ သိမှု နာမ်တရားလည်း ချုပ်သွားတယ်။ နိဗ္ဗာန်ဝင်ပုံကို ပြောပြပါဆိုလို့ ပြောပြတယ်။ အချိန်ကလည်း နည်းနည်းပဲ ကျန်တော့တယ်။ နောက်ထပ် ပြောစရာတွေက တော်တော်များသေးတယ်။ ဒီဉာဏ်စဉ်တွေကတော့ သူ့သဘာဝတက်သွားလိမ့်မယ်။ သစ်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တက်သွားလိမ့်မယ်။

တောင်ပွားဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

မင်းကွန်း ပထမ ဓမ္မနာဒဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မင်းကွန်း ပထမ ဓမ္မနာဒဆရာတော်ဘုရားကြီး၏

ထေရပွတ္တိအကျဉ်း

(၁၂၄၇-၁၂၉၉)

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက် ပထမ ဆရာတော် ဦးပညာစက္ကမထေရ်သည် မြင်းခြံမြို့ သပြေပင်ရပ်၊ ခမည်းတော် ဦးတူ၊ မယ်တော် ဒေါ်အိမ်မြိတို့မှ ၁၂၄၇ခု၊ တော်သလင်းလဆန်း(၂)ရက် ကြာသပတေးနေ့တွင် ပညာဂြိုဟ်ကြီး တိုင်ထိပ်စီးလျက် မီးရှူးသန့်စင်ဖွားမြင်သော သားဦးရတနာပင်ဖြစ်ပါသည်။ ဆရာတော့် ငယ်မည်မှာ မောင်မြောက်ဖြစ်၍ မောင်ရောက်၊ မောင်မောက် ညီနှစ်ယောက်နှင့် မတင်ဟူသော နှမတစ်ယောက်ရှိပါသည်။

ရှင်သာမဏေပြု

ခုနစ်နှစ်အရွယ်ရောက်သောအခါ မိဘများက သားငယ်မောင်မြောက်ကို မြင်းခြံမြို့ မင်းကျောင်းတိုက် တနင်္ဂနွေထောင့်ကျောင်းဆရာတော် ဦးကေသရ (ဦးရီးတော်) အထံ၌ အပ်နှံ၍ ပညာသင်စေကြပါသည်။

ဆယ်နှစ်သားအရွယ်တွင် ဆရာတော် ဦးကေသရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ စက်တမျှထက်မြက်လှသော ပညာရပ်ဉာဏ်ရှိမှုကို အကြောင်းပြု၍ ရှင်ပညာစက္ကသည် ဦးရီးတော် ဦးကေသရနှင့် မင်းကျောင်းတိုက်ဆရာတော်ကြီးအထံတွင် ပိဋကတ်အခြေခံစာများနှင့် ပါဠိတော် အဋ္ဌကထာများကို သင်ယူပါသည်။

မန္တလေး ပညာသင်ကြွ

ရှင်ပညာစက္ကသည် တစ်ဆယ့်ခုနစ်နှစ်အရွယ် ရောက်သောအခါ စာချကောင်းသဖြင့် 'တောင်ပြင်မှာ ကြယ်တစ်လုံး' ဟု သာသနာတော်တစ်ရပ်လုံးက ချီးကျူးမှုကို ခံရသော မန္တလေးမြို့ တောင်ပြင်ရွှေရေးဆောင်ကျောင်းတိုက် အရှင်အာဒိစ္စရံသီခေါ် ဆရာတော်ဦးကြည်၏အထံတော်သို့ ရောက်သည်။ ထိုဆရာတော်၏အထံ၌ သာမဏေဘဝ တစ်ဆယ့်ခုနစ်နှစ်မှစ၍ ရဟန်း (၇) ဝါရသည့်တိုင်အောင် သဒ္ဒါနည်း၊ ဝါကျနည်း၊ ဝိနိစ္ဆယနည်းတို့ကို ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ကူးခတ်ပေါက်မြောက်နိုင်သည်အထိ သင်ယူပါသည်။

ဓမ္မနာဒကျောင်းတိုက်တည်

၁၂၇၄ ခုနှစ်တွင် ဥရုဝေလချောင် အဝင်ဝရှိ ဒကာကြီးဦးပု၏ ကျောင်းငယ်ကို ပြင်သည်။ ဦးပုကြီးတောင်ပေါ်၌ရှိသော အုတ်ကြွပ်မိုး စကြ်ကျောင်းကိုလည်း ရွှေ့ပြောင်း ပြင်သည်။ ထိုကျောင်းမှာ သီတင်းသုံးစဉ် စာပို့ချသည်။ ဓမ္မာစရိယဖြစ်သော ဦးပညာ

http://www.dhammadownload.com

စက္ကအား ဆရာကြီးဒေါ်ခမ္မစာရီက နံနက်ဆွမ်း၊ နေ့ဆွမ်းတို့ဖြင့် နေ့စဉ်မပြတ် (နိဗ္ဗဒတ်ထား၍) ဆက်ကပ် လှူဒါန်းသည်။ ဦးပညာစက္ကက ဆရာကြီးဒေါ်ခမ္မစာရီအား အဘိဓမ္မာ အဋ္ဌကထာ၊ နေတ္တိပါဠိတော် အဋ္ဌကထာနှင့် ပဏ္ဏာသ စသော ကျမ်းစာများကို ပို့ချပေး၍ ဓမ္မာနုဂ္ဂဟဖြင့် အတုံ့ပြန်ကာ ဆွမ်းကြွေးဆပ်တော်မူသည်။

ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို ဓမ္မနာဒဟူသော ကျောင်းတိုက်အမည်နှင့် အလွန်ဆီလျော်အောင် ပြုလုပ်တော်မူသည်။ နေ့စဉ်ပြုရမည့် နိဗ္ဗဒတ်များကိုလည်း မှန်မှန် ပြုလုပ်တော်မူသည်။ ပဋိပတ္တိတရားဘာဝနာကိုလည်း အချိန်ယူ၍ ပွားများတော်မူသည်။ ဦးပညာစက္က မင်းကွန်းနေစက ခုနစ်ဝါမျှသာရှိပြီး ဓမ္မနာဒတိုက် တည်ပြီးသောအခါ (၁၃) ဝါမျှသာ ရှိသေးသော်လည်း သက်ကြီးဝါကြီး ဆရာတော်ကြီးများသာ လုပ်နိုင်သည့် ပိုင်ပိုင်နိုင်နိုင် စာပေပို့ချမှု၊ ကြီးကျယ်သော သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်စွမ်းနိုင်တော်မူပါသည်။

ဓမ္မနာဒတိုက် တိုးတက်လာ

ဆရာကြီး ဒေါ်ခမ္မစာရီ၏ ဆက်သွယ်ပေးမှုကြောင့် သိလာရသော ဦးမြို့၊ ဒေါ်မမတို့မှာ မန်လည် ဆရာတော်ကြီး၏ တပည့်များဖြစ်ကြ၍ အပွေးမြင်အပင်သိကြရာ ဦးပညာစက္ကကို ဖူးတွေ့ရလျှင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို အလွန်ယုံကြည်ကြ၊ လေးစားကြသည်။ ဓမ္မနာဒ ကျောင်းတိုက်ဝယ်တင့်တယ်ခမ်းနားသော နှစ်ထပ်တိုက်ကြီး ဆောက်လုပ် လှူဒါန်းပြီး (၁၂၈၉) ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၀) ရက် သောကြာနေ့၌ ကျောင်းလွတ်သဘင်ကြီးကျယ်စွာဆင်ယင်၍ ရေစက်ချ လှူဒါန်းကြသည်။ ဦးမြို့၊ ဒေါ်မမ နောက်ဆက် ဒေါ်ဆင်ဆင်တို့မှာ စီးပွားရေးအဆင်ပြေပြိုင်း ကျောင်းဆောက်လုပ်လှူဒါန်းကြရာ ဓမ္မနာဒတိုက်အတွင်း သူတို့လှူသောကျောင်းများ လက်ညှိုးထိုး မလွဲလောက်အောင် များပြား၍ ကျောင်းဒကာမျှမဟုတ်၊ ကျောင်းတိုက် ဒကာများ ဖြစ်ကြသည်။

ဆရာကြီး ဒေါ်ခမ္မစာရီ၏ ဆက်သွယ်ပေးမှုကြောင့်ပင် ရန်ကုန်မြို့ သူဌေးကြီး ဆာ ဦးသွင်နှင့် ဒေါ်ဒေါ်သိန်းတို့လည်း ဓမ္မနာဒဘုန်းကြီး ဦးပညာစက္ကအား ဆည်းကပ်ကိုးကွယ်လာကြသည်။ ၁၂၉၁ ခုနှစ်တွင် စေတီတော်များ အနေကဇာတင်ခြင်း၊ ခေါင်းလောင်းလှူဒါန်းခြင်း၊ မီးစက် လှူဒါန်းခြင်း၊ ကျောင်းဆောက်ခြင်းစသော ကုသိုလ်များ ပြုလုပ်ကြသည်။

ဘာဝနာနလုံး သီတင်းသုံး

၁၂၇၄ ခု မင်းကွန်းရောက်စကပင် နေ့ပရိယတ်၊ ညပဋိပတ် အလုပ်ဖြင့် သီတင်းသုံးခဲ့ရာ ၁၂၉၇ ခုနှစ်တွင် ဆရာတော် ဦးပညာစက္က၏ သက်တော် (၅၀) ပြည့်ပြီ ဖြစ်သည်။ စာချသက်လည်း မင်းကွန်းမှာပင် (၂၃) နှစ်ရှိပေပြီ။ တိုက်တာကို စာပေအနေအထားအားဖြင့် လည်းကောင်း၊ အုပ်ချုပ်ရေးအနေအထားအားဖြင့်လည်းကောင်း လွှဲအပ်ထိုက်သော တပည့်များလည်း ရှိလာကြပြီးဖြစ်သည်။ ထိုအခါ ဆရာတော် ဦးပညာ စက္ကသည် 'ငါ့အလုပ် ငါလုပ်တော့မည်၊ ငါလည်း အသက်ငါးဆယ်ပြည့်ပြီ' ဟု မိန့်ဆိုကာ စာချဖို့အတွက် တိပိဋကဓရအလျာအရှင်ဝိစိတ္တသာရအား လွှဲအပ်၍ ကျောင်းသားငယ်၊ ရှင်ရဟန်းငယ်များကို ထိန်းဖို့အတွက် ဦးနန္ဒိယအား လွှဲအပ်ကာ တရားဘာဝနာနလုံးဖြင့် အချိန်ပြည့်အေးချမ်းစွာ သီတင်းသုံးနေတော်မူသည်။

ဓာတ်ကြီးခြောက်ပါး တရားနိဒါန်း

၁၂၉၈–ခုနှစ်၊ နွေဂျင်းတပေါင်းလတွင် ဆရာတော်ဦးပညာစက္က၏ လည်ပင်းတွင် အနာရောဂါစွဲကပ်လာသည်။ ၁၃၀၀–ခု ဦးတန်ခူးလတွင် မန္တလေး

http://www.dhammadownload.com

မြို့ ကင်းဝန်မင်းကြီးတိုက် သီရိဝေပုလ္လကျောင်းသို့ ကြွရောက် သီတင်းသုံး၍ မြန်မာဆေးပညာရှင်၊ အနောက်တိုင်းဆေးပညာရှင်တို့၏ ကုသမှုကို ခံယူသည်။ အနာမှာသက်သာသည်မရှိ၊ တစ်စတစ်စ တိုး၍တိုး၍ ဆိုးလာသည်။ ဤမျှဆိုးဝါးသော ဝေဒနာကို ခံရသော်လည်း ဆရာတော်၏ မျက်နှာမှာ မူ ရုံ့မဲ့ခြင်း၊ ဖောက်ပြန်ခြင်းမရှိသည့်အပြင် ညည်းညူမှု၊ ပင်ပန်းမှုအရိပ်အရောင် လုံးဝမရှိဘဲ ပကတိ တည်ငြိမ်အေးချမ်းစွာ သည်းခံနိုင်ပါသည်။ သီရိဝေပုလ္လဆရာတော် အရှင်ဇာဂရမထေရ်သည် ထို အခြင်းအရာကိုမြင်ရ၍ ဆရာတော်၏ သန္တာန်ဝယ် အထူးနှလုံးသွင်းထားအပ်သည့်တရားများ ဧကန်ရှိ မည်ဟု ယုံကြည်အားကိုးစွာဖြင့် တပည့်တော်များ အသက်ထက်ဆုံး နှလုံးသွင်း၍ ကောင်းမည့်တရား ကို ညွှန်ကြားတော်မူပါဟု လျှောက်ထားတောင်းပန် သည်။

ထိုအခါ ဓမ္မနာဒဆရာတော်က အကျယ် တဝင့် ရှင်းလင်းဟောပြရန် ရောဂါအခြေအနေက မပေးသဖြင့် ဦးဇာဂရ ဗလာစာအုပ် တစ်အုပ်ပေးပါ ဟု မိန့်မြွက်တော်မူကာ ဓာတ်ခြောက်ပါး သိမ်း ဆည်းပုံဟူသော စာစောင်ငယ်ကို ရောဂါနှိပ်စက် ဒဏ်ခံရင်း ရေးသားတော်မူသည်။

ကျားကိုက်သည့်ဒဏ်ချက်၊ မြားမှန်သည့် ဒဏ်ချက်တို့ကို မရေတွက်ဘဲ တရားနှလုံးသွင်း၍ ကိစ္စပြီးမြောက်သွားသည့် အရှင်မြတ်များ ဥဒါန်း ကျူးရင့်သွားကြသကဲ့သို့ ဓာတ်ခြောက်ပါး သိမ်း ဆည်းပုံ စာစောင်ငယ်သည်လည်း ပထမ ဓမ္မနာဒ ဆရာတော်ဘုရား၏လက်ဖြင့် ရေးသားသည့် ဥဒါန်း စကားဟုပင် ဆိုထိုက်ပေသည်။

ဆရာတော်ဘုရားကြီးသည် မိမိအတွက် တရားဘာဝနာကို အားရပါးရ အားထုတ်ပြီးသည့် အပြင် သာသနာတော်အတွက်ကိုလည်း ဘက်စုံ အရည်အချင်းပြည့်သည့် အရှင်ဝိစိတ္တသာရာဘိဝံသ ကို မွေးထုတ်ပေးခဲ့၍ လူ့ဘဝတွင် ကိစ္စပြီးပြည့်စုံ သည့်အားဖြင့် ၁၂၉၉ခု၊ တော်သလင်းလပြည့် ကျော် ၉ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

ထေရပုတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းပထမဓမ္မနာဒဆရာတော်ဘုရားကြီး၏
သြဝါဒတော်

သွားလိုရပ်လို၊ ထိုင်နေလို၊ အိပ်လိုစိတ်ဟုသိ။
စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှောကိုယ်ဝယ်ပြည့်။
ဝါယောဖြည့်သော်၊ ဝိညတ်ပေါ်၊ ရုပ်သော်သွားလာ၏။
ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွားဉာဏ်ဖြင့်ကြည့်။
ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ်ဉာဏ်ဖြင့်သိ။
ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင်ဉာဏ်ဖြင့်သိ။
ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ်ဉာဏ်ဖြင့်သိ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

မင်းကွန်းပထမ ဓမ္မနာဒဆရာတော်ဘုရားကြီး၏

ဓာတ် ၆ ပါး သိမ်းဆည်းပုံရှုနည်း

နမော တေ ဗုဒ္ဓဝီရ-ထွေ။

ပရမတ္ထ၊ ဟူသမျှ၊ မရ ဒြပ်ကိုယ်

ပရမတ္ထတရားမှန်သမျှ ဒြပ်ဟူလျှင် မြူကိုမျှ မရအပ်၊ ပရမတ်သို့ ဆိုက်ရောက်အောင် ကြည့်ရှုလိုလျှင် အလုံး၊ အခဲ၊ အရှည်၊ အတို၊ အပု၊ အဝိုင်းစသော စိတ်၌ထင်မြင်နေသည့်သဏ္ဍာန်များကို ပျောက်အောင် ဖျောက်ရမည်။

ဖျောက်ပုံမှာ-

ငရုတ်စေ့၌၊ စိတ်တွေ့သတ်သတ်၊ အစပ်ကိုတိ၊ သိမြင်ဘိသို့၊ သတ္တိကိုမျှ၊ ရှုကြည့်ရ၊ ပရမတ္ထကို။ ငရုတ်စေ့၌ စိတ်ဖြင့်သာ တွေ့ရှိထင်မြင်ခံစားရသော အစပ်အရသာကို ကြည့်ရှုသိမြင်ရသကဲ့သို့ ပထဝီစသော ပရမတ္ထသဘာဝဓာတ်တို့ကိုလည်း သတ္တိကိုသာ မြင်အောင်ကြည့်ရှုရာ၏။ သတ္တိကို ဉာဏ်ဖြင့် တွေ့သိမှ ပရမတ္ထသို့ဆိုက်သည်၊ အလုံး၊ အခဲ၊ အရှည်၊ အဝိုင်း၊ အပုစသော သဏ္ဍာန်ကို ထင်မြင်နေသေးသမျှ ပရမတ္ထသို့ မဆိုက်ရောက်သေးဟူ၍ မှတ်ယူရာ၏။

သဏ္ဍာန်ပျောက်အောင် ဖျောက်နည်းကား

ပထဝီစသော ကသိုဏ်းတို့ဖြင့် ဈာန်ကိုရရှိပြီးသော ဈာနလာဘီ ပုဂ္ဂိုလ်သည် ထိုပထဝီစသော ကသိုဏ်းအနေဖြင့် ထင်မြင်ချက်ကို မပျက်ပျက်အောင် အနည်းနည်း ပယ်ဖျောက်၍ ကောင်းကင်အာရုံပေါ်လာမှ ထိုကောင်းကင်အာရုံကို 'အာကာသော အနန္တော၊ အာကာသော အနန္တော' ဟု စိတ်၌ ကြည့်ရှုပွားများရသကဲ့သို့ သဏ္ဍာန်ပညတ် ပျောက်လိုသော ယောဂီပုဂ္ဂိုလ်သည်လည်း အလုံး၊ အခဲ၊ အရှည်၊ အဝိုင်း၊ အပု စသောသဏ္ဍာန်ကို နှလုံးမသွင်းဘဲ ဆိုလတ္တံ့သောအတိုင်း ခက်မာမှု စသောသတိကိုသာ (ငရုပ်စေ့၏ အဝိုင်း ပြားချပ်ချပ် သဏ္ဍာန်ကို ဖျောက်ပယ်၍ အစပ်အရသာကို ကွက်၍ ဆင်ခြင်စဉ်းစားသကဲ့သို့) ရှုဆင်ခြင်ရာသည်။

သမူဟနှင့်၊ သန္ဆတိမျှ၊ ကိစ္စအာရုံ၊ ဤလေးပုံ၊ အစုံခွဲဖျက်ဖြို။

(၁) သမူဟဃန - အပေါင်းအခဲကြီးတစ်ပုံ၊
(၂) သန္ဆတိဃန - အစဉ်ခဲကြီးတစ်ပုံ
(၃) ကိစ္စဃန - ပရမတ္ထသဘာဝတို့၏ အလုပ်ကိစ္စအစုအခဲကြီးတစ်ပုံ၊
(၄) အာရမ္မဏဃန - အာရုံအစုအခဲကြီးတစ်ပုံ။

ဤလေးပုံတို့ကို သူ့သတ္တိနှင့်သူ ပေါ်လွင်အောင် ခွဲနိုင်၊ ဖြတ်နိုင်၊ ဖျက်နိုင်စေရမည်။ ဤလေးပုံကွဲပါမှ အလုံး၊ အခဲ၊ အရှည်၊ အဝိုင်း၊ အပု စသော

http://www.dhammadownload.com

သဏ္ဌာန်အနေဖြင့် ထင်မြင်နေသမျှ ပျောက်ကွယ်၍ ပရမတ္ထစစ်စစ်သို့ ဆိုက်ရောက်ပေလိမ့်မည်။ ဤသဏ္ဌာန်ပျောက်မှ ငါ သူတစ်ပါး ယောကျ်ား မိန်းမ စသောအထင်တို့ ပျောက်လိမ့်မည်။

ဤလေးပုံလေးခဲတို့တွင်-

(၁) သမူဟဃနကား ဒြပ်ဟူသမျှနှင့် သက်ဆိုင်သည်၊

(၂) သန္တတိဃနကား ကာလနှင့်သက်ဆိုင်သည်၊

(၃) ကိစ္စဃန၊ (၄) အာရမ္မဏဃနတို့ကား ဒြပ်ကာလနှစ်ဌာနနှင့် သက်ဆိုင်သည်ဟု အကျဉ်းမှတ်ယူရာ၏။

(၁) ထိုလေးပါးတို့တွင် သမူဟဃနကို ဖြိုဖျက်ရာ၌ ခန္ဓာငါးပါးအနေဖြင့် ကြည့်၍ ဖြိုဖျက်နည်း၊ ဓာတ် တစ်ဆယ့်ရှစ်ပါးအနေဖြင့် ကြည့်၍ ဖြိုဖျက်နည်း-

စသည်ဖြင့် များပြားစွာ ရှိလေသည်။ အဘိဓမ္မာပိဋကတ်၊ သုတ္တန် ပိဋကတ်တို့၌ ဟောတော်မူသမျှသော တရားစုတို့သည် ထိုအခဲကြိုးများကို ဖြိုဖျက်ရန် ဟောကြားအပ်သည့် တရားတို့ပေတည်း။ အချုပ်အားဖြင့် သင်္ကြိုဟ်ကျမ်းတစ်ကျမ်းလုံးသည် ထိုဃနခေါ်သည့် အခဲကြိုးလေးမျိုးတို့ကို ဖြိုဖျက်ရန် နည်းကောင်းကြိုးပေတည်း။

ထိုသို့ ဖြိုဖျက်ရန် နည်းကောင်းကြိုးများစွာတို့တွင် 'ပုဂ္ဂလာဓိ' အရှင်အား ဟောကြားအပ်သော ဓာတ်ခြောက်ပါးအနေဖြင့် ကြည့်၍ ဖြိုဖျက်နည်းသည် မကျဉ်းမကျယ် မနည်းမများ ဖြစ်သဖြင့် ထိုအရှင်မြတ် အနာဂါမ် အရိယာဖြစ်၍ သုဒ္ဓါဝါသဘုံသို့ ကပ်ရောက်သွားကြောင်း ကျမ်းဂန်တို့၌ လာရှိရကား ယင်း 'ဓာတ်ခြောက်ပါးနည်း' ဖြင့် ယခင်ရှေ့သုံးခု (သမူဟဃ နှ၊ သန္တတိဃန) တို့ကို ဖြိုဖျက်ပုံပြပေအံ့-

ဓာတ်ခြောက်ပါးဟူသော်ကား-

(က) ပထဝီဓာတ်

(ခ) အာပေါဓာတ်

(ဂ) တေဇောဓာတ်

(ဃ) ဝါယောဓာတ်

(င) အာကာသဓာတ်

(စ) ဝိညာဏဓာတ်၊ ဤခြောက်ပါးတို့တည်း။

ထိုခြောက်ပါးတို့တွင်- ခက်မာ, ယိုစီး၊ ပူ, အေး, ထောက်ကန်၊ ရုပ်မှန်ပိုင်းဖြတ်၊ အာရုံဓာတ်ကို၊ တပ်တပ်မြင်သိ၊ ဤသတ္တိ၊ မှတ်သိလက္ခဏာ။

ဟူသော ဆောင်ပုဒ်လက်ံအတိုင်း-

အကြမ်း၊ အနု၊ ခက်မာမှုသတ္တိသည် ပထဝီဓာတ်၏ လက္ခဏာသဘော၊ ယိုစီးဖွဲ့စည်းမှုသည် အာပေါဓာတ်၏ လက္ခဏာသဘော၊ ပူမှု၊ အေးမှု သတ္တိသည် တေဇောဓာတ်၏ လက္ခဏာသဘော လှုပ်ရှား ထောက်ကန်မှုသတ္တိသည် ဝါယောဓာတ်၏ လက္ခဏာသဘော၊ ရုပ်ကလာပ်မှန်သမျှကို မရောယှက်အောင် ပိုင်းခြားကန့်သတ်ခြား၍ ဖြတ်၍ ပေးခြင်းသတ္တိသည် အာကာသဓာတ်၏ လက္ခဏာသဘော၊ အာရုံခြောက်ပါးကို အစိုးတရ သိမြင်မှုသတ္တိသည် ဝိညာဏဓာတ်၏ လက္ခဏာသဘော။ ဤကား လက္ခဏာကိုရှု၍ ဓာတ်ခြောက်ပါး ခွဲပုံတည်း။

ဆိုလိုရင်းကား-

ဤတစ်လံမျှလောက်သော ခန္ဓာကိုယ်၌ စမ်းသပ်၍ ကြည့်လျှင် တွေ့သိရသော အကြမ်း၊ အနု၊ ခက်မာမှု သတ္တိသဘောမှန်သမျှသည် ပထဝီဓာတ်သာလျှင် ဖြစ်၏။ (ပုဂ္ဂိုလ်သတ္တဝါမဟုတ်)၊ စိတ်ဖြင့် ကြံဆ သိရသော ယိုစီး၊ ဖွဲ့စည်းမှု သတ္တိသဘောမှန်သမျှသည် အာပေါဓာတ်သာလျှင်ဖြစ်၏။ (ပုဂ္ဂိုလ်သတ္တဝါမဟုတ်)၊ စမ်းသပ်၍ကြည့်လျှင် တွေ့သိရသော ပူမှု၊ အေးမှု၊ သတ္တိသဘောမှန်သမျှသည် တေဇောဓာတ်သာလျှင် ဖြစ်၏။ (ပုဂ္ဂိုလ်သတ္တဝါမဟုတ်)၊ စမ်းသပ်၍ကြည့်လျှင် တွေ့သိရသော လှုပ်ရှားထောက်ကန်မှု သတ္တိသဘောမှန်သမျှသည်

http://www.dhammadownload.com

ဝါယောဓာတ်သာလျှင် ဖြစ်၏။ (ပုဂ္ဂိုလ်သတ္တဝါမဟုတ်)၊ စိတ်ဖြင့် ကြံဆသိရသော ရုပ်ကလာပ် တစ်ခုနှင့်တစ်ခု မရောယှက်အောင် ပိုင်းခြား ကန့်သတ်ခြား၍ ဖြတ်၍ ပေးခြင်းသတ္တိသဘော မှန်သမျှသည် အာကာသဓာတ်သာလျှင် ဖြစ်၏။ (ပုဂ္ဂိုလ်သတ္တဝါမဟုတ်)၊ စိတ်ဖြင့် ကြံဆသိရသော အာရုံခြောက်ပါးကို အစိုးတရသိမြင်မှု သတ္တိသဘော မှန်သမျှသည် ဝိညာဏဓာတ်သာလျှင် ဖြစ်၏။ (ပုဂ္ဂိုလ်သတ္တဝါမဟုတ်)၊ ဟူ၍ ဆိုလိုသည်။

ထိုဆိုအပ်ပြီးသော ဓာတ်ခြောက်ပါးတို့တွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဤလေးပါးတို့သည် ရုပ်တရားတို့တည်း။ ထို ရုပ်ကြီးလေးပါး (မဟာဘုတ်ကြီးလေးပါး)တို့သည် နှစ်ဆယ့်တစ်ရပ် (တစ်နည်း-နှစ်ဆယ့်သုံးရပ်) ရုပ်ကလာပ်စည်းတိုင်မှာ အခြေခံမူလက မ,တည် အနေဖြင့် ပါလျက်ရှိကြ၏။ ထိုရုပ်ကြီးလေးပါး (မဟာဘုတ်ကြီးလေးပါး) တို့ကို နာနာကြည့်၍ ပွားများလျှင် ဓာတုဝဝတ္ထာန ကမ္မဋ္ဌာန်း ပေါက်ရောက်၏။

စက္ခု၊ သောတ၊ မျက်စိအကြည်ရုပ်၊ နားအကြည်ရုပ် စသည်တို့နှင့် တကွ ထိုရုပ်ကြီးလေးပါး သတ္တိလေးမျိုး တစ်တွဲတစ်တွဲ တစ်စုတစ်စုကို ရုပ်ကလာပ်ခေါ်၏။ (ထင်းချောင်းအပေါင်း အစုအစည်းကို ကဋ္ဌကလာပ ထင်းစည်းဟုခေါ်သကဲ့သို့ ရုပ်သဘာဝ သတ္တိအပေါင်း အစုအစည်းကို ရူပကလာပ ရုပ်ကလာပ်ဟုခေါ်၏။) ထိုရုပ်ကလာပ် တစ်စည်းနှင့် တစ်စည်း သဘာဝသတ္တိချင်း မရောယှက်ဖို့ရန် အာကာသဓာတ်သည် ပိုင်းဖြတ်ကန့်သတ်လျက် တည်ရှိ၏။ ထို့ကြောင့် သမူဟဃန အပေါင်းအခဲကို ဖြိုဖျက်သောအခါ ထိုအာကာသဓာတ်ကို နာနာသွင်း၍ ကြည့်ရသည်။ ထိုသို့ကြည့်နိုင်မှ အစိတ်စိတ်ကွဲပြား၍ ရုပ်သဘာဝသတ္တိများ ထင်ရှားလာနိုင်သည်။ (ဤကား ရုပ်ဓာတ်၅-ပါးအတွက်တည်း။)

အာရုံခြောက်ပါးကို အစိုးတရ သိမြင်မှုသတ္တိကား နာမ်ဓာတ်အတွက်တည်း၊ (အာရုံခြောက်ပါးကို အစိုးတရ သိမြင်မှုသတ္တိအစုသည် ဝိညာဉ်ခေါင်းဆောင်သော နာမ်တရားအစုသာဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဟု နာနာကြည့်လေဟုဆိုလိုသည်။)

ရုပ်ဓာတ်သတ္တိကလေးများသည် ပကတိလူမျက်စိဖြင့် မမြင်ရ၊ မမြင်နိုင်ဘဲ နတ်မျက်စိဖြင့်သာ မြင်ရ၊ မြင်နိုင်သည့် ပရမာဏုမြူကလေး တစ်ခုစာ၌ပင် ရုပ်ကလာပ်အစည်းပေါင်း (၄၉) လေးဆယ့်ကိုးစည်းခန့် စုဝေးနေသဖြင့် အလွန်သိမ်မွေ့ သေးဖွဲလှပေ၏။ ၄၉ စည်းအောက် ယုတ်လျော့လျှင် သန္တာန်မဆက်နိုင်ရာသောကြောင့် ပရမာဏုမြူ တစ်ခုစာ၌ ရုပ်ကလာပ် အစည်းပေါင်း အနည်းဆုံး ၄၉ စည်းခန့် စုဝေးတည်နေသည်ဟု ခန့်မှန်း ဆုံးဖြတ်တော်မူကြလေသည်။

ဤသို့ပြဆိုခဲ့ပြီးသော အကြမ်း၊ အန၊ ခက်မာမှုစသော သတ္တိလေးမျိုးတို့ မူလအခြေခံ မ-တည်လျက် ရုပ်သဘာဝသတ္တိ အစုအစည်း ရုပ်ကလာပ်တို့ ကလာပ်စည်းတစ်စည်းအားဖြင့် အစည်းပေါင်းများစွာ စုပေါင်းလျက်၊ သန်းဦးခေါင်းလောက်၊ စပါးလုံးတစ်ထောက်လောက်၊ လက်တစ်သစ်လောက်၊ တစ်ထွာလောက်၊ တစ်တောင်လောက် စသည့်တိုးတက်များပြား၍ မြင်းမိုရ်တောင်လောက်၊ မဟာပထဝီမြေကြီးလောက် ပေါင်းစုတည်နေသည်ကိုပင် သက်ရှိသဝိညာဏက အဇ္ဈတ္တသန္တာန်၌ လက်၊ ခြေ၊ ဦးခေါင်း စသည်ဖြင့် လည်းကောင်း၊ သက်မဲ့အဝိညာဏက ဗဟိဒ္ဓသဏ္ဌာန်၌ တော၊ တောင်၊ ရေ၊ မြေ သမုဒ္ဒရာ စသည်ဖြင့် လည်းကောင်း၊ အမည်ပညတ်တင်စား၍ ခေါ်ဝေါ်အပ်လေသည်။ ပြဆိုအပ်ပြီးသော အကြမ်း၊ အန၊ ခက်မာမှု စသော အခြေခံမူလ မ-တည်သည့် သတ္တိလေးမျိုး, လေးမျိုးတို့ကို နာနာကြည့်ကုန်ရာ၏။

သက်ရှိ သက်မဲ့ အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန် နှစ်ရပ်လုံး၌ပင် ထိုသတ္တိလေးမျိုးတို့ကို ဉာဏ်ဖြင့်

http://www.dhammadownload.com

တွေ့အောင်ရှု၍ 'ရုပ်တရား အစုပါတကား' ဟု နှလုံးထားပွားများရာ၏။(ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြား၍၊စကားပုံသေ၊ရုပ်ခေါ်ပေ၏)ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ ခန္ဓာလက်ံအတိုင်း အချမ်း၊ အပူ စသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် အကြောင်းတရား ပြောင်းလဲတိုင်းပြောင်းလဲတိုင်း တစ်မျိုးတစ်မျိုး ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွားတတ်သောကြောင့် ရုပ်ဟု ခေါ်သည်။

အထူးအားဖြင့် အဖျားတွင်ရှိ သဝိညာဏက သန္ဓာန်၌သာ ဖြစ်ပွားတတ်သည့် ဆိုင်ရာ အာရုံခြောက်ပါးတို့ကို မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ ကြံသိ ဟူသော သိမှုသတ္တိခြောက်မျိုးတို့ကို ဉာဏ်ဖြင့်ဆင်ခြင်၍ 'နာမ်တရား အစုပါတကား' ဟု နှလုံးထား ပွားများရာ၏။

သတ္တိရှုက၊ သမ္မာ- ယနပြု၏တည်း

(၁) သမ္မာဃန ဖြိုနည်း

ဤသို့ ရုပ်သဘာဝသတ္တိ၊ နာမ်သဘာဝသတ္တိတို့ကို အဖန်ဖန် အထပ်ထပ် ရှုကြည့်က သမ္မာဃနခေါ်သော အပေါင်းအခဲကြီး ပြိုလေ၏။ အပေါင်းအခဲကြီးပြိုလျှင် ထိုအပေါင်းအခဲကိုစွဲ၍ ပညတ်ထားသည့် လက်၊ ခြေ၊ ဦးခေါင်း စသော သဏ္ဌာန်ပြောက်၍ (ထိုသဏ္ဌာန်ကို တပ်မက်သည့်) တဏှာလောဘ မဖြစ်နိုင်ပေ။ ဤကား ဓာတ်ခြောက်ပါးအားဖြင့် သမ္မာဃနကို ဖြိုနည်းတည်း။

(၂) သန္ဓတိဃန ဖြိုနည်း

ရုပ်သဘာဝသတ္တိ တစ်စုတစ်ခုကို ရုပ်ကလာပ် တစ်စည်းတစ်စည်းဟုခေါ်၏။ မြင်မှု စက္ခုဝိညာဉ် အစရှိသော စိတ်တစ်ခုတစ်ခုနှင့် ထိုစိတ်တစ်ခုနှင့် အတူယှဉ်လျက်ဖြစ်ပေါ်လာသော နာမ်တရား တစ်စုတစ်စုကို နာမ်ကလာပ်တစ်စည်း တစ်စည်းဟုခေါ်၏။ ထိုရုပ်ကလာပ်၊ နာမ်ကလာပ်တို့သည် ဖြစ်၊ တည်၊ ချုပ်ဟူသော မိမိတို့၏ ဆိုင်ရာ ခဏငယ်သုံးချက်သာ အသက်ရှည်ကြသော တရားတို့ ဖြစ်ကုန်၏။ ထိုသို့ ခဏငယ်သုံးချက်မျှသာ အသက်ရှည်ကြသော ရုပ်တရား၊ နာမ်တရားတို့၏ အကြားမလပ် အစဉ်မပြတ် ဖြစ်ပေါ်နေခြင်းကို ရုပ်သန္ဓတိ၊ နာမ်သန္ဓတိ ဟူ၍ ခေါ်၏။ (ရုပ်သန္ဓတိသည် ခြင်္ကြောင်း ခြရေးနှင့်တူ၍ နာမ်သန္ဓတိသည် မင်ရေး မျဉ်းကြောင်းနှင့်တူ၏။) ထို သန္ဓတိ ဖုံးအုပ်ချက်ကြောင့် အနိစ္စလက္ခဏာ မထင်ရှားဘဲရှိရသည်။

ရှေးဖော်ပြရာပါ ရုပ်ဘက်ဆိုင်ရာ သတ္တိလေးမျိုး၊ နာမ်ဘက်ဆိုင်ရာ ဝိညာဉ်ဓာတ်သတ္တိများသည် လျောင်းခြင်း ကျရိယာပုတ်အခိုက်၌ တစ်သန္ဓန်၊ ထိုင်ခြင်း ကျရိယာပုတ်အခိုက်၌ တစ်သန္ဓန်၊ ရပ်ခြင်း ကျရိယာပုတ်အခိုက်၌တစ်သန္ဓန်၊ သွားခြင်း၊ ကျရိယာပုတ်အခိုက်၌ တစ်သန္ဓန် ဖြစ်ကြကုန်၏။

လျောင်းခြင်း ကျရိယာပုတ်အခိုက်၌ ဖြစ်ပေါ်ကြသောရုပ်သတ္တိ၊ နာမ်သတ္တိသဘာဝတို့သည် ကြွင်းသော ကျရိယာပုတ်သုံးပါးအခိုက်၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ ထိုင်ခြင်း ကျရိယာပုတ်အခိုက်၌ ဖြစ်ပေါ်ကြသောရုပ်သတ္တိ၊ နာမ်သတ္တိသဘာဝတို့သည် ကြွင်းသော ကျရိယာပုတ်သုံးပါးအခိုက်၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ ရပ်ခြင်း ကျရိယာပုတ်အခိုက်၌ ဖြစ်ပေါ်ကြသောရုပ်သတ္တိ၊ နာမ်သတ္တိ သဘာဝတို့သည် ကြွင်းသော ကျရိယာပုတ် သုံးပါးအခိုက်၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ သွားခြင်း ကျရိယာပုတ်အခိုက်၌ ဖြစ်ပေါ်ကြသော ရုပ်သတ္တိ၊ နာမ်သတ္တိ သဘာဝတို့သည် ကြွင်းသော ကျရိယာပုတ်သုံးပါးအခိုက်၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ ဤသို့ ကြည့်ရှု ဆင်ခြင်သိမြင်ရာ၏။ (ဤသို့ ကျရိယာပုတ်ကို ဦးတည်၍ ကြည့်ရှုခြင်းကား ရုပ်သန္ဓတိ အဓိကဖြစ်လေသည်။)

နာမ်သန္ဓတိကို အဓိကထား၍ ရှုလိုလျှင် အဆင်းကိုမြင်သော အခိုက်၊ အသံကို ကြားသိသော အခိုက်၊အနံ့ကို နမ်းရှုသောအခိုက်၊ အရသာကို စား

http://www.dhammadownload.com

သောအခိုက်၊ အတွေ့ကို တွေ့ထိသိသောအခိုက်၊ ရုပ်နာမ်သဘောကို ကြံစည် သိရှိသောအခိုက်ဟူ၍ အခိုက်အတန့် ခြောက်ပါးထား၍ ရှုရာ၏။ ။ ရှုပုံကား အဆင်းကိုမြင်သောအခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ၊ ရုပ်သတ္တိ သဘာဝတို့သည်ကြွင်းသော အခိုက်အတန့် ငါးပါးတို့၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ အသံကိုကြားသိသောအခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ၊ ရုပ်သတ္တိ သဘာဝတို့သည် ကြွင်းသော အခိုက်အတန့် ငါးပါးတို့၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ အနံ့ကိုနမ်းရှုသောအခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ၊ ရုပ်သတ္တိ သဘာဝတို့သည် ကြွင်းသော အခိုက်အတန့် ငါးပါးတို့၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ အရသာကိုစားသော အခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ၊ ရုပ်သတ္တိ သဘာဝတို့သည် ကြွင်းသော အခိုက်အတန့် ငါးပါးတို့၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ အတွေ့ကိုတွေ့ထိသိသောအခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ ရုပ်သတ္တိ သဘာဝတို့သည် ကြွင်းသောအခိုက်အတန့် ငါးပါးတို့၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ ရုပ်နာမ်သဘောကို ကြံစည်သိရှိသောအခိုက်၌ ဖြစ်ပေါ်ကြသော နာမ်သတ္တိ၊ ရုပ်သတ္တိ သဘာဝတို့သည် ကြွင်းသော အခိုက်အတန့် ငါးပါးတို့၌ မရှိကြကုန်၊ ချုပ်ပျောက်ကြလေပြီ၊ ဤသို့ ကြည့်ရှုဆင်ခြင် သိမြင်ရာ၏။ ။

ဤသို့ ဣရိယာပုတ်လေးပါး အခိုက်အတန့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ အားဖြင့်ခြောက်ပါးသော နာမ်တရားတို့၏ အခိုက်အတန့်အားဖြင့် ဖြတ်၍ ဖြတ်၍ ကြည့်ရှုလျှင်ပင် သန္တတိယနအစဉ်ခဲကြီး ပြိုတန်သမျှပြို၍ဆိုပြီးသော အခိုက်အတန့်တစ်ခုတစ်ခု၌ပင် အစပိုင်း၊ အလယ်ပိုင်း၊ အဆုံးပိုင်း သုံးပိုင်းထား၍ ဆင်ခြင်ကြည့်ရှုလျှင်ပင် ပို၍ပင် သန္တတိခဲပြိုင်နိုင်၏။ ။ ဤကား သန္တတိယန ဖြိုနည်းတည်း။

(၃) ကိစ္စယနဖြိုနည်း

ထိုထိုရုပ်ဓာတ်၊ နာမ်ဓာတ်၊ ရုပ်သတ္တိ၊ နာမ်သတ္တိတို့၏ မိမိ မိမိတို့၏ ကိစ္စကို ရွက်ဆောင်ပြုလုပ်ကြသည်ကိုပင် ပေါင်းစု၍ မိန်းမ၊ ယောကျ်ားသွား သည်၊ ရုပ်သည်၊ ထိုင်သည်၊ လျောင်းသည်၊ ကြည့်သည်၊ နားထောင်သည် စသည်ဖြင့် ပညတ်စကား ပြောကြားကြခြင်းဖြစ်သည်။ ထိုထိုရုပ်ဓာတ်၊ နာမ်ဓာတ်၊ ရုပ်သတ္တိ၊ နာမ်သတ္တိတို့၏ မိမိ မိမိတို့၏ ကိစ္စကို ရွက်ဆောင်ပြုလုပ်ကြခြင်းကို အသီးသီး ဉာဏ်ဖြင့်ခွဲစိတ်ကြည့်ရှုလျှင် မိန်းမ၊ ယောကျ်ားသွားသည်၊ ရုပ်သည်၊ ထိုင်သည်၊ လျောင်းသည်၊ ကြည့်သည်၊ နားထောင်သည် စသော ထင်မြင်မှု ကိစ္စယန ပြိုကွဲနိုင်လေသည်။ ထို့ကြောင့် ရှေးဖော်ပြရာ ဓာတ်ခြောက်ပါးတို့အနက်. . .

ပထဝီဓာတ်သည် အခြားဖြစ်ဖော်ပြဖြစ်ဖက် ရုပ်တို့၏တည်ရာကိစ္စကို ဆောင်ရွက်ပြုလုပ်သည်၊ အာပေါဓာတ်သည် အခြားဖြစ်ဖော်ဖြစ်ဖက် ရုပ်တို့၏ တိုးပွားစေမှု ကိစ္စကို ရွက်ဆောင်ပြုလုပ်သည်။ တေဇောဓာတ်သည် ရင့်ကျက်စေမှုကိစ္စကို ရွက်ဆောင်ပြုလုပ်သည်၊ ဝါယောဓာတ်သည် ရွေ့လျားစေမှုကိစ္စကို ရွက်ဆောင်ပြုလုပ်သည်။ အာကာသဓာတ်သည် ရုပ်ကလာပ်တို့ တစ်ခုနှင့်တစ်ခု ရောယှက်ခြင်း မရှိရအောင် အဆုံးအပိုင်း အခြားကိစ္စကို ရွက်ဆောင်ပြုလုပ်သည်၊ ဝိညာဏဓာတ်ခြောက်ပါး (စက္ခုဝိ ညာဉ်မြင်မှု၊ သောတဝိညာဉ်ကြားမှု၊ ဃာနဝိညာဉ် နမ်းရှုမှု၊ ဇိဝှါဝိညာဉ်လျက်မှုစားမှု၊ ကာယဝိညာဉ် တွေ့ထိမှု၊ မနောဝိညာဉ်သိမှု၊ ဤဝိညာဏဓာတ်ခြောက်ပါး)တို့သည် မြင်မှု၊ ကြားမှု စသော ကိစ္စတို့၌ ရှေ့ဆောင် ရှေ့ရွက်ရှေ့သွားပြုမှု ခေါင်းဆောင်မှုကိစ္စတို့ကို ရွက်ဆောင်ပြုလုပ်ကြသည်၊ ဤသို့ ရွှဆင်ခြင်ရာ၏၊ ထိုသို့ရွှဆင်ခြင်လျှင် ကိစ္စယန ပြိုကွဲ၍ ဓာတ်ခြောက်ပါးတို့ မိမိတို့ကိစ္စကို အသီးသီးရွက်ဆောင် ပြုလုပ်ကြသည်ကို အစိတ်စိတ်သိမြင်သဖြင့် ယောကျ်ားသွားသည်၊ မိန်းမသွားသည် စသော အထင်လွဲ အမြင်လွဲတို့ ပျောက်ကင်း

http://www.dhammadownload.com

နိုင်၏။ ။ဤကား ဓာတ်ခြောက်ပါးအနေဖြင့် ကိစ္စ ဃန၊ ကိစ္စခဲကို ဖြိုနည်းတည်း။

(၄) အာရမ္မဏဃနဖြိုနည်း

အာရမ္မဏဃန– အာရုံခဲကို ဖြိုနည်းကား– ဓာတ်ခြောက်ပါးအနေဖြင့် လိုက်ရန် မလို၊ ထင်ရှား ရှိသောအတိုင်း မိန်းမ၊ ယောကျ်ား သမုတ်ထားသော ဝတ္ထုအထည် ကိုယ် ဒြပ်ကြီးတို့၌...

မိမိ၏ စက္ခုပသာဒခေါ် မျက်စိအကြည်ဖြင့် ထိခိုက်၍ မိမိ၏ စက္ခုဝိညာဉ်အမြင်စိတ်ဖြင့် သိရသော အဖြူ အနီစသော အဆင်းရူပါရုံကို တစ်ပုံပုံ၊ မိမိ၏ သောတပသာဒခေါ် နားအကြည်ဖြင့် ထိခိုက်၍ မိမိ၏ သောတ ဝိညာဉ်အကြားစိတ်ဖြင့် သိရသော အသံမျိုးစုံ သဒ္ဒါရုံကို တစ်ပုံပုံ၊ မိမိ၏ ဃာနဝိညာဉ် နမ်းရှုစိတ်ဖြင့် သိရသော အနံ့မျိုးစုံ ဂန္ဓာရုံကို တစ်ပုံပုံ၊ မိမိဇိဝှာပသာဒခေါ် လျှာအကြည်ရုပ်ဖြင့် ထိခိုက်၍ မိမိ၏ ဇိဝှါဝိညာဉ် လျက်စိတ်၊ စားစိတ်ဖြင့် သိရသောအချို၊ အချဉ် စသော ရသာမျိုးစုံ ရသာရုံကို တစ်ပုံပုံ၊ မိမိ၏ ကာယပသာဒခေါ် ကိုယ်အကြည်ဖြင့် ထိခိုက်၍ မိမိ၏ ကာယဝိညာဉ် တွေ့ထိစိတ်ဖြင့် သိရသော အကြမ်း၊ အနုစသော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို တစ်ပုံပုံ၊ ဤအာရုံငါးပါးမှတစ်ပါး မိမိ၏ မနောဝိညာဉ် သက်သက်ဖြင့်သာ သိရသော မိန်းမ ယောကျ်ား အထည် ကိုယ်ဒြပ်အတွင်းမှာ ရှိနေသည့် ရုပ်တရား၊ စိတ်, စေတသိက်တရားတည်း ဟူသော သဘောမျိုးစုံ ဓမ္မာရုံကို တစ်ပုံပုံ၊ (အာရုံခြောက်ပါးတို့ကို ဉာဏ်ဖြင့် တစ်ပုံစီပုံ၍ ကြည့်ဟု ဆိုလို၏။) ဤအာရုံခြောက်ပါးတို့ကိုပင် မိန်းမဟူ၍ လည်းကောင်း၊ ယောကျ်ားဟူ၍ လည်းကောင်း၊ ငါဟူ၍ လည်းကောင်း၊ သူတစ်ပါးဟူ၍လည်းကောင်း၊ လောကပညတ် ခေါ်ဝေါ်တင်စား အပ်လေသည်။ ဤအာရုံခြောက်ပါးမှတစ်ပါး (အသီးအခြား) မိန်းမ၊ ယောကျ်ားဟူ၍ မရှိ၊ အလုံးအခဲအပုအဝိုင်း စသည် မရှိ။

ထိုသို့ မရှိပုံကို အဆင်းမျိုးစုံ ရူပါရုံသည် ဝိုင်းဝိုင်းလား၊ ရှည်ရှည်လား၊ ပုပုလား စသည်ဖြင့် ကိုယ့်စိတ်ကို မေးရှိကြည့်၊ အသံမျိုးစုံ သဒ္ဒါရုံသည် ဝိုင်းဝိုင်းလား၊ ရှည်ရှည်လား၊ ပုပုလား စသည်ဖြင့် ကိုယ့်စိတ်ကို မေးရှိ ကြည့်၊ အနံ့မျိုးစုံ ဂန္ဓာရုံသည် ဝိုင်းဝိုင်းလား၊ ရှည်ရှည်လား၊ ပုပုလား စသည် ဖြင့် ကိုယ့်စိတ်ကို မေးရှိကြည့်၊ ရသာမျိုးစုံ ရသာရုံသည် ဝိုင်းဝိုင်းလား၊ ရှည်ရှည်လား၊ ပုပုလား စသည်ဖြင့် ကိုယ့်စိတ်ကို မေးရှိကြည့်၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံသည် ဝိုင်းဝိုင်းလား၊ ရှည်ရှည်လား၊ ပုပုလား စသည်ဖြင့် ကိုယ့်စိတ်ကိုမေးရှိကြည့်၊ စိစစ်ရှိကြည့်။

ထိုသို့ စိစစ်ရှိကြည့်သောအခါ ဝိုင်းဝိုင်း၊ ရှည်ရှည်၊ ပုပုစသော သဏ္ဌာန်ကင်းပျောက်၍ ငရုတ်စေ့၌ အစပ်အရသာ သတ္တိကလေးကဲ့သို့ အလုံးစုံအကုန် သတ္တိချည်းဖြစ်သည်ကို သိရှိရပေလိမ့်မည်။ ထိုအခါ မိန်းမ ယောကျ်ားဟူ၍ စွဲလမ်းမှတ်ထင်နေသော ဘဏ္ဍာန်ကြီးပျောက်၍ ပရမတ်စစ်သို့ အသိဉာဏ် ရောက်လိမ့်မည်။ ထိုသို့ပရမတ်စစ်သို့ အသိဉာဏ် ရောက်သောအခါမှ ထိုပရမတ်သတ္တိသဘာဝတို့၏ မမြဲသော အနိစ္စသဘော၊ ဆင်းရဲသော ဒုက္ခသဘော၊ မစိုးပိုင်သောအနတ္တသဘောတို့ကို ဝိပဿနာ ဉာဏ် ဆယ်ဆင့်ဖြင့် အစဉ်အတိုင်းရှု ဆင်ခြင်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်သည်။ ။ဤကား အာရုံခဲကြီးကို ဖြိုဖျက်ပုံတည်း။

ဤတွင် တရားလုံးလုပ်သားကား ပြဆိုခဲ့ပြီးသော ဓာတ် ၆ ပါး၊ အာရုံ ၆ ပါးတို့တည်း။ ထိုဓာတ် ၆ ပါး၊ အာရုံ ၆ ပါးတို့ကို ဓာတ်အနေဖြင့် မြင်အောင်၊ အာရုံအနေဖြင့် မြင်အောင် အစဉ်မပြတ် နှလုံးသွင်းရာ၏။

အထူးလေ့လာမှတ်သားရန်

'မိန်းမ၊ ယောကျ်ား၊ ငါ၊ သူတစ်ပါးမဟုတ်' ဟု ဆိုရာတွင် အဋ္ဌကထာနှင့် တကွသော အလုံးစုံသော အဘိဓမ္မာပိဋကတ်တော်ကြီးသည် အထောက်

http://www.dhammadownload.com

အထား သက်သေသာဓကပင် ဖြစ်၏။ ထိုအဘိဓမ္မာပိဋကတ်ကြီးကိုကား ဆိုခြင်းငှာ မတတ်ကောင်း၊ သို့သော် အနည်းငယ်မျှသော ဥပဒေသကို ပြဆိုပါဦးအံ့...။

ဤမိန်းမ၏ ကိုယ်၊ ယောကျ်ား၏ ကိုယ် မည်သည်ကား နာမ်ရုပ်မျှသာတည်း၊ ထိုနာမ်ရုပ်တရား နှစ်ပါးတို့တွင် ရုပ်ကားတည်ရာဌာန၊ နာမ်ကား တည်တတ်သော သဘောဌာနီဖြစ်သည်။

ဥပမာ– သရက်သီးမှည့်၏အတွင်း၌ ထင်ရှားရှိသော မျိုးစေ့ဗီဇဓာတ်၏ တည်ရာကား သရက်စေ့အဆန်၊ သရက်စေ့အဆန်၏ တည်ရာကား အအိမ်၊ အအိမ်၏တည်ရာကား သရက်သီးမှည့်၊ (ၦင်းဗီဇဓာတ်အစေ့၊ အအိမ်တို့ကို စုပေါင်း၍ သရက်သီးဟု ခေါ်၏။)

ထိုသရက်သီး၏ တည်ရာကား အခွံ၊ အခွံ၏ တည်ရာကား အခက်၊ အခက်၏ တည်ရာကား ပင်စည်၊ ပင်စည်၏ တည်ရာကား အမြစ်၊ အမြစ်၏ တည်ရာကား မြေကြီး၊ မြေကြီး၌ မြေ၏အရသာရေ၏အရသာသည် အမြစ်ကို အစဉ်လျှောက်၍ ပင်စည်သို့တက်၏။ ပင်စည်သို့ အစဉ်လျှောက်၍ အခက်သို့တက်၏။ အခက်သို့ အစဉ်လျှောက်၍ အညှာသို့တက်၏။ အညှာသို့ အစဉ်လျှောက်၍ သရက်သီးသို့ ဝင်ရောက်သည်၏။

ဤသို့တည်ရာ၌ အမြစ်၊ ပင်စည်၊ အခက်၊ အခွံ၊ အသီးဟု ဆိုအပ်သော အကျိုးငါးခု အပေါင်းဖြစ်သော သစ်ပင်ကြီးအား မျိုးစေ့သည် ဖြစ်စေတတ်သော (ဇနက) သတ္တိဖြင့် ကျေးဇူးပြု၏။ မြေအရသာ၊ ရေအရသာတို့သည် မိုရာအထောက်အပံ့ (ဥပတ္ထမ္ဘက) သတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ။ဤကား သစ်ပင်ဥပမာတည်း။

ဤဥပမာ နည်းတူ ဤအတ္တဘော တည်းဟူသော နာမ်ရုပ်အစု၌ အသီးမည်သည်ကား ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့် ခံစားမှု ဝေဒနာသဘောတည်း။ (ဝေဒနာသည် သရက်သီးနှင့်တူ၏ဟု ဆိုလိုသည်)၊ ထိုဝေဒနာ၏ တည်ရာအကြောင်းကား တွေ့ထိမှု ဖဿတည်း၊ (ဖဿသည်အခွံနှင့်တူ၏ဟု ဆိုလိုသည်)။ ဖဿ၏ တည်ရာအကြောင်းကား သဠာယတန (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော အတွင်း အာယတန ၆–ပါး)တည်း၊ (သဠာယတနသည် အခက်နှင့်တူ၏ဟု ဆိုလိုသည်)၊ သဠာယတန၏ တည်ရာကား နာမ်ရုပ်တည်း။ (ရုပ်နာမ်သည် ပင်စည်နှင့်တူ၏ဟု ဆိုလိုသည်)၊ နာမ်ရုပ်၏ တည်ရာကား ဝိညာဉ် (ပဋိသန္ဓေစိတ်ဝိညာဉ်)တည်း၊ (ဝိညာဉ်သည် အမြစ်နှင့်တူ၏ဟု ဆိုလိုသည်)၊ ဤအကျိုးတရားငါးပါး (ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) အပေါင်းကိုပင် ယောကျ်ား၏ကိုယ်၊ မိန်းမ၏ကိုယ်ဟု ခေါ်ဆိုသမုတ်နေကြ၏။

တစ်နည်းမှာ ရှေးနည်းအတူပင် ဝေဒနာ၏ တည်ရာအကြောင်းကား ဖဿ၊ (ဖဿသည် အခွံနှင့်တူ၏ဟု ဆိုလိုသည်)၊ ဖဿ၏ တည်ရာ အကြောင်းကား ဝိညာဉ်၊ (ဝိညာဉ်သည် အခက်နှင့်တူ၏ဟု ဆိုလိုသည်)၊ ဝိညာဉ်၏ တည်ရာအကြောင်းကား ဝတ္ထုရုပ် ၆–ပါး၊ (ဝတ္ထုရုပ် ၆ပါးသည် ပင်စည်နှင့်တူ၏ဟု ဆိုလိုသည်)၊ ဝတ္ထုရုပ် ၆–ပါး၏ တည်ရာအကြောင်းကား ဘူတရုပ်လေးပါး၊ ဓာတ်ကြီး လေးပါးတို့တည်း၊ (ဘူတရုပ် လေးပါးတို့သည် အမြစ်နှင့်တူကုန်၏ဟု ဆိုလိုသည်)၊ ဤသို့ အာဓာရ၊ အာဓေယျ–ဌာန၊ ဌာနီ တည်ရာ, တည်တတ်အဖြစ်ဖြင့် အကြောင်းအကျိုး ဆက်သွယ်သော တည်ရှိနေသော (ရှေးနည်းအလို) ဝိညာဉ်စသောအားဖြင့် (နောက်နည်းအလို) ဘူတရုပ် စသောအားဖြင့် ပေါင်းအပ်သော သစ်ပင်နှင့်တူသော ဤအတ္တဘော ကိုယ်ကောင်ကြီးအား (မျိုးစေ့သည် သစ်ပင်အား ကျေးဇူးပြုသကဲ့သို့) ကံသည် ဇနကသတ္တိဖြင့် ကျေးဇူးပြု၏၊ (မြေအရသာ၊ ရေအရသာတို့သည် သစ်ပင်အား ထောက်ပံ့သောအနေဖြင့်ကျေးဇူးပြုသကဲ့သို့) အဝိဇ္ဇာ,

http://www.dhammadownload.com

တဏှာ ဤတရားတို့သည် ထောက်ပံ့တတ်သော ဥပထ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဤဥပမာ၊ ဥပမေယျ၌ စစ်တမ်းထုတ်၍ ကြည့်ရမည်၊ ကြည့်ပုံမှာ-

ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ (တစ်နည်း) မဟာဘုတ်၊ စက္ခု၊ ဝိညာဉ်၊ ဖဿ၊ ဝေဒနာ၊ ဤအကျိုးတရား ၅-ပါးမှ တစ်ပါး အသီးအခြား ယောက်ျား မိန်းမ အတ္တ၊ အတ္တနိယရှိသလောဟု စိစစ်လေ၊ ထိုသို့ စိစစ်သောအခါ ယခင်နည်းနှစ်ပါးလာ အကျိုးတရား ၅ပါးတို့ကိုသာ တွေ့ရပေလိမ့်မည်။ မိန်းမ၊ ယောက်ျား စသည် ရှာ၍ မတွေ့လတ္တံ့သည်သာလျှင်တည်း။

ဤအရာ၌-

'ဆိုအပ်ပြီးသော နည်းနှစ်ပါးအရ အကျိုးတရားငါးပါး အစုရှိသည် မှန်ပါစေ လက်ခံပါ၏။ ယင်း အကျိုးတရားငါးပါးတို့ကို ပြုလုပ်စီမံ ဖန်တီးတတ်သော ဖန်ဆင်းရှင်၊ လူ၊ နတ်၊ ဗြဟ္မာစသည်မှာ အခြားတစ်ပါးရှိသည်မဟုတ်လော' ဟု မေးမြန်းဖွယ် ရှိလာပြန်၏။

အဖြေကား... 'မရှိ' ဟူပေ၊ ချဲ့ဦးအံ့-ယခုဘဝ အကျိုးတရားငါးပါးတို့ ထင်ရှားဖြစ်ပေါ်ကြသကဲ့သို့ အတိတ်ဘဝ၌လည်း အကျိုးတရားငါးပါးတို့ ထင်ရှား ဖြစ်ပေါ်ခဲ့ဖူးကြလေပြီ၊ ထိုအတိတ်ဘဝ အကျိုးတရား ငါးပါးထဲ၌ (ဝါ) ငါးပါးကို အမှီပြု၍ ယခုဘဝ ပစ္စုပ္ပန်အကျိုးတရား ငါးပါးတို့ကို ဖြစ်စေဖို့ရန် ကျေးဇူးပြုကြမည့် တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရတည်းဟူသော အကြောင်းတရားစုသည် ပြီးစီး ဖြစ်ပေါ်၍ လိုက်ပါခဲ့လေသည်။ ရှေးသစ်ပင်ကြီးထဲတွင် စိတ်တစ်ခုအနေဖြင့် (နောက်သစ်ပင်တစ်ပင်ကို ဖြစ်စေမည့်) အစေ့ ဗီဇဓာတ် ပါဝင်နေသကဲ့သို့ မှတ်ရှာ၏။ အတိတ်ဘဝအကြောင်း ငါးပါးကြောင့် ယခုပစ္စုပ္ပန်ဘဝ အကျိုးငါးပါးတို့ ဖြစ်ပေါ်ကြ၏။ ထို့ကြောင့် ပြုလုပ်စီမံ ဖန်တီးပေးတတ်သူ ဖန်ဆင်းရှင် (အသီးအခြား) လူ၊ နတ်၊ ဗြဟ္မာ စသည် မရှိ။ ယခင်အတိတ်အကြောင်းငါးပါးကသာ ပစ္စုပ္ပန်အကျိုးငါးပါးကို ဖြစ်စေကြ၏။ ယခုဘဝ၌လည်း မိန်းမ ယောက်ျား ဟူ၍ သီးခြားမရှိ။ ယခင် ဖော်ပြရာပါ အကျိုးတရားငါးပါးတို့သာလျှင် ပရမတ်စစ်စစ် အနေဖြင့်ရှိ၏။

'ယခုပစ္စုပ္ပန်ဘဝ ခန္ဓာကိုယ် အတ္တဘောကို ဖန်ဆင်းရှင် မရှိဟူလျှင် ဖြစ်တန်စေ၊ လက်ခံပါ၏၊ သို့သော် ပစ္စုပ္ပန်အကျိုးငါးပါးတရားတို့မှ အသီးအခြားသွားမှု၊ လာမှု၊ ခဲမှု၊ သောက်မှု၊ ပြောမှု၊ ဆိုမှု၊ ချုပ်ချယ်မှုစသည်ကို ပြုလုပ်တတ်သောသူမှကား ရှိသည် မဟုတ်လော'ဟု မေးမြန်းဖွယ်ရှိလာ ပြန်၏။ ဤမေးမြန်းချက်အတွက် အဖြေမှာလည်း သစ်ပင်ကြီးကဲ့သို့ အဆင့်ဆင့် ကြောင်းကျိုးဆက်စပ် တည်ရှိသော အကျိုးတရား ငါးပါးတို့သည်သာလျှင် ထိုထိုကာယဝိညတ်၊ ဝစီဝိညတ် အမှုမှုတို့ကို ပြုကြ၏။ ထိုသို့ပြုကြရာ၌ စိတ်အလိုအတိုင်း အခြင်းအရာကွဲလွဲသော ကာယဝိညတ်အမျိုးမျိုး၊ အမှုအရာအမျိုးမျိုးတို့ကို စွဲ၍ သွားမှု လာမှု၊ ခဲမှု၊ သောက်မှုစသည် ခေါ်ဆို ပညတ်ခြင်းဖြစ်လေသည်။ စိတ်အလိုအတိုင်း အခြင်းအရာကွဲလွဲသော ဝစီ ဝိညတ်အမျိုးမျိုး၊ အမှုအရာအမျိုးမျိုးတို့ကို စွဲ၍ ပြောမှု၊ ဆိုမှု၊ ချုပ်ချယ်မှုစသည် ခေါ်ဆိုပညတ်ခြင်း ဖြစ်လေသည်။ အချုပ်အားဖြင့်-

၁။ အကြောင်းတရားတစ်ရပ်
၂။ အကျိုးတရားတစ်ရပ်
၃။ ဝိညတ်တရားတစ်ရပ်

ဤတရားသုံးရပ်ကို ပိုင်ပိုင်နိုင်နိုင် သိမြင်ထားပါက ယောက်ျား မိန်းမ ဖြစ်အောင် ပြုလုပ်တတ်သူလူ၊ နတ်၊ ဗြဟ္မာ ဖန်ဆင်းရှင်ဟူ၍မရှိ၊ ယောက်ျား မိန်းမ ဟူ၍လည်းမရှိ၊ သွားမှုလာမှု စသည်ကို ပြုတတ်သူ ဟူ၍မရှိ' ဟူ၍ ပိုင်ပိုင်နိုင်နိုင်ယုံမှားမရှိ သိမြင်လာလိမ့်မည်။

http://www.dhammadownload.com

အတိတ်အကြောင်းတရား ငါးပါးဟူသည်ကား 'အတီတေဟေတဝေါ ပဥ္စ' သဂြိုဟ်ပါဠိအရ အတိတ်ဘဝက ဖြစ်ခဲ့ပြီးသော အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဤတရားငါးပါးတို့တည်း။ အကျိုးတရား ငါးပါးဟူသည်ကား 'ဣဒါနိ ဖလပဉ္စက' သဂြိုဟ်ပါဠိအရ အတိတ်အကြောင်းကြောင့် ယခုဘဝ ဖြစ်ပေါ်ကြသော ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဤတရားငါးပါးတို့တည်း။ ဝိညတ်ဟူသည်ကား–ကာယဝိညတ်၊ ဝစီဝိညတ်နှစ်ပါးတို့တည်း။

ဝိညတ်အမှုအရာဖြစ်ပေါ်ပုံ၌ ဥပမာကား–မဟာသမုဒ္ဒရာကို ကူးသန်းသွားလာကြသော လှေသူကြီးတို့အဖို့ရာ လှေသည် တည်ရာဌာနဖြစ်၏။ လှေသူကြီးသည် တည်တတ်သော ဌာနီဖြစ်၏။ ထိုနှစ်မျိုးတို့တွင် လှေသူကြီး၏အလိုအတိုင်း လှေသည် ဖြစ်ပေါ်လိုက်ပါရ၏။ လှေအား လျော်စွာလှေသူကြီးသည် သွားလာရ၏။ တည်ရာလှေက လှေသူကြီးကို အစိုးမရ၊ လှေသူကြီးကသာ (လောကပညတ်အလို) လှေကို အစိုးရ၏။ ထို့ကြောင့်ပင် လှေသူကြီး အလိုအတိုင်း လှေကို ထားလိုသောအရပ်၌ ထားနိုင်၍ သွားလိုသော အရပ်သို့ သွားနိုင်၏။

ဤဥပမာ၌ လှေနှင့် ရူပကာယရုပ်ကိုယ်ကြီးသည် တူ၏။ လှေသူကြီးနှင့် စိတ်ဝိညာဉ်သည် တူ၏။ စိတ်အလိုအတိုင်း ရူပကာယရုပ်ကြီးသည် သွား၏၊ ရပ်၏၊ ထိုင်၏၊ လျောင်း၏၊ ရှေ့သို့တက်၏၊ နောက်သို့ဆုတ်၏၊ ခဲ၏၊ စား၏၊ စကားပြော ဆို၏၊ ရယ်၏၊ ငို၏၊ အယုတ်ဆုံး(စိတ်အလိုက) လက်တစ်ဆစ်တည်းလှုပ်စေလိုလျှင် လက်တစ်ဆစ်သာ လှုပ်၏၊ ကြွင်းသော ကိုယ်အားလုံးမလှုပ် (စမ်းသပ် လှုပ်ကြည့်ပါလေ။)

ဤ၌ စိတ်အလိုအတိုင်း ရူပကာယ ရုပ်ကိုယ်ကြီးသည် သွားလာလှုပ်ရှားရ၏၊ ဟူသောစကားကို အစွဲပြု၍–

'ထိုသို့ဖြစ်လျှင် စိတ်ဝိညာဉ်သည် ဖန်ဆင်းရှင် အတ္တမည်၏' ဟု စောဒကပရဝါဒီ ဆိုပြန်ခဲ့သော် (အဖြေကား) 'စိတ်ဝိညာဉ်ချည်းသက်သက် ထိုထို သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှုစသည်ကို မပြုနိုင်၊ ပဓာနနည်းအားဖြင့်သာ စိတ်အလိုအတိုင်း ရုပ်ကိုယ်ကြီး လှုပ်ရှားရာ၏' ဟုဆိုခြင်းဖြစ်သည်၊ ထို့ကြောင့် စိတ်ဝိညာဉ်သည် ဖန်ဆင်းရှင်အတ္တ မဟုတ်ပါ၊ စင်စစ်သော်ကား တရားအများပေါင်းဆုံမှသာ ထိုထိုသွားမှု၊ ရပ်မှုစသည်ကို ပြုနိုင်၏'ဟူ၍ ဖြေဆိုရပေမည်။

ပေါင်းဆုံပုံကား...စိတ်ဝိညာဉ်သည် စေတနာက စေ့ဆော်၍ပေးပါမှ၊ စေတနာသည်လည်း မနသိကာရမှ ပြီးစေပါမှ၊ မနသိကာရသည်လည်း ဆန္ဒကယူပေးပါမှ၊ ဆန္ဒကလည်း ဝိတက်က ရှေးရှုအာရုံသို့တင်ပေးပါမှ၊ ဝိတက်သည်လည်း ဝိစာရက သုံးသပ်ပေးမှ၊ ဝိစာရသည်လည်း ဝီရိယက ထောက်ပံ့ပေးမှ၊ ဝီရိယသည်လည်း ဓကဂ္ဂတာက တစ်ပေါင်းတည်းအဖြစ် ရောက်အောင် ပြုပေးပါမှ၊ ဓကဂ္ဂတာသည်လည်း ဇီဝိတက စောင့်ရှောက်ပေးပါမှ၊ ဇီဝိတသည်လည်း ဖဿက တွေ့ထိပေးပါမှ၊ ဖဿသည်လည်း ဝေဒနာက ခံစားပေးပါမှ၊ ဝေဒနာသည်လည်း သညာက မှတ်သားပေးပါမှ သညာသည်လည်း ဝိညာဉ်က သိပေးပါမှ၊ ရှေးဖော်ပြရာပါ သွားမှု၊ ရပ်မှု၊ ထိုင်မှု စသည်ကို ပြုနိုင်၏။ ထို့ကြောင့် ဝိညာဉ်ကိုလည်းကောင်း၊ စေတနာကိုလည်းကောင်း (ပ)၊ သညာကိုလည်းကောင်း ဖန်ဆင်းရှင်အတ္တဟူ၍ မဆိုရဟု မှတ်ကုန်ရာ၏။

'သိတတ်သောသဘောကလေးသည် စိတ်ဝိညာဉ် မဟုတ်၊ ဖန်ဆင်းရှင် အတ္တ ဖြစ်ပါသည်။ ဖန်ဆင်းရှင် အတ္တကလေးကသိပါသည်။ စေ့ဆော်မှု သဘောကလေးသည် စေတနာမဟုတ်၊ ဖန်ဆင်းရှင် အတ္တဖြစ်ပါသည်။ ထိုဖန်ဆင်းရှင် အတ္တကလေးက စေ့ဆော်ပေးပါသည်။ နှလုံးသွင်းမှု–သဘောကလေး

http://www.dhammadownload.com

သည် မနသိကာရမဟုတ်၊ ဖန်ဆင်းရှင်အတွ ဖြစ်ပါသည်။ ထိုဖန်ဆင်းရှင် အတ္တကလေးက နှလုံးသွင်းပါသည်။ (ပ)ဆန္ဒမဟုတ်၊ ဖန်ဆင်းရှင်အတ္တက ယူတတ်ပါသည်။ (ပ) ဝိတက်မဟုတ်၊ ဖန်ဆင်းရှင်အတ္တက ရှေးရှုတင်တတ်ပါသည်။ (ပ)ဝိစာရမဟုတ်၊ ဖန်ဆင်းရှင်အတ္တက သုံးသပ်ပါသည်။ ဝီရိယမဟုတ်၊ ဖန်ဆင်းရှင်အတ္တကထောက်ပံ့ပါသည်။ ဇီဝိတမဟုတ်၊ အတ္တက စောင့်ရှောက်ပါသည်။ ဖဿမဟုတ်၊ အတ္တက တွေ့ထိပါသည်။ ဝေဒနာ မဟုတ်၊ အတ္တကခံစားပါသည်။ သညာမဟုတ်၊ အတ္တက အမှတ်ပြု၍ သိပါသည်။ သိခြင်းသဘော ကလေးသည် စိတ်ဝိညာဉ်မဟုတ်၊ ဖန်ဆင်းရှင်အတ္တ ဖြစ်ပါသည်။ ဖန်ဆင်းရှင် အတ္တကလေးက သိပါသည်ဟု အဘိဓမ္မာကျမ်းလာ စိတ်၊ စေတသိက်၊ ပရမတ္ထတရားတို့ကို ပယ်လှန်၍ အတ္တချည်းသာ ပြောနေခဲ့ပါသော်–

သင်၏ဖန်ဆင်းရှင် အတ္တကလေးသည် 'အားလုံး ရှိရှိသမျှကိစ္စကို ပြီးစေနိုင်သည်။ သိမှုကိုပြုတတ်သည်၊ ခံစားမှုကိုလည်း သူပင်ပြုသည်' နှလုံးသွင်းမှုကိုလည်း သူပင်ပြုသည်ဟု သင်ပရဝါဒီပုဂ္ဂိုလ်ဆို၏။

အကယ်၍ သင်ဆိုသည့်အတိုင်း ဖန်ဆင်းရှင် သင်၏ အတ္တကလေးသည် အလုံးစုံသော ကိစ္စကို ပြီးစေနိုင်ခဲ့ သော် သင်၏ဖန်ဆင်းရှင်အတ္တသည်–

တစ်ခါတစ်ရံကျတော့မင်း၊
တစ်ခါတစ်ရံကျတော့ကျွန်၊
တစ်ခါတစ်ရံကျတော့ ချမ်းသာရ၊
တစ်ခါတစ်ရံကျတော့ ဆင်းရဲရ၊ အရိုက်အပုတ်၊ အနှောင်အဖွဲ့ခံရ၊
တစ်ခါတစ်ရံကျတော့ ရောဂါရှိရ၊
တစ်ခါတစ်ရံကျတော့ အနာကင်းရ ကျန်းမာရ၊
တစ်ခါတစ်ရံကျတော့ ဥစ္စာရှိရ၊
တစ်ခါတစ်ရံကျတော့ မွဲတေရ။

ဤသို့စသည်ဖြင့် အဘယ့်ကြောင့် ဖောက်ဖောက်ပြန်ပြန်ဖြစ်ရသနည်း။ ဖန်ဆင်းရှင်အတ္တသည် တစ်မျိုးတည်း ဖြစ်ပါသည်၊ အလုံးစုံ တစ်မျိုးတည်းသာ ဖြစ်ပါတော့လော၊ ယခုမူ တစ်မျိုးတည်း မဖြစ်ဘဲနှင့် အကွဲကွဲအခြားခြား ဖြစ်သောကြောင့် သင်၏ဖန်ဆင်းရှင် အတ္တဟူသည် သင်၏ ထင်မြင်ယူမှားချက်မျှသာ ဖြစ်၏။ စင်စစ် တရားသားမရှိဟု ပယ်လှန်ရာ၏။

ထို့ကြောင့် ပြဆိုခဲ့ပြီးသည့် စိတ်, ဝိညာဉ်, စေတနာ စသော တရားအစုတို့ ညီညွတ်ပေါင်းဆုံသည့်အခါ၌ စိတ်အလိုအတိုင်း သွားမူရပ်မူစသော ကာယဝိညတ် အမူအရာ ဖြစ်ပေါ်လာသည်။ ပြောမှုဆိုမှုစသော ဝစီဝိညတ် အမူအရာ ဖြစ်ပေါ်လာ၏။ ထိုစိတ်ဝိညာဉ်စသော တရားအပေါင်းသည်လည်း မမြဲသော အနိစ္စ၊ မခိုင်သော အရူဝတရားမျိုးတို့သာ ဖြစ်ကုန်၏။ အကြောင်းတို့ ပေါင်းဆုံညီညွတ်ခိုက် ဖြစ်ပေါ်၍ အကြောင်းတရားတို့သည်လည်း ပျောက်ကွယ်ချုပ်ငြိမ်းကြကုန်၏။ ဆီ၊ မီးစာ၊ မီးခွက်တို့ ရှိခိုက် မီးတောက်မီးလျှံ ဖြစ်ပေါ်၍ ထိုသုံးမျိုးတို့တွင် တစ်ခုခု ချို့တဲ့က မီးတောက် မီးလျှံ ပျောက်ကွယ်ချုပ်ငြိမ်းရသကဲ့သို့တည်းဟု သန့်ဋ္ဌာန်ကျဆုံးဖြတ်ဖြတ်မှတ်ယူကုန်ရာ၏။

သို့သော်လည်း လှည်းအိမ်၊ လှည်းဝင်ရိုးစသည်တို့၏ အပေါင်းကို လှည်းဟုခေါ်ဆိုပြောကြားသမုတ် တင်စားသကဲ့သို့ ဝိညာဉ်နာမ်ရုပ် စသည် အပေါင်းကို အတ္တကိုယ်ကောင်ဟု ရှေးသူတော်ကောင်းတို့ ခေါ်ဝေါ် လွယ်စေရန် သမုတ်ပညတ်ကြသည်။ ပရမတ္ထအားဖြင့်မူ ခဲတတ်စားတတ်၊ သွားတတ်၊ စကားပြောဆိုတတ်သော တစ်စုံတစ်ရာအတ္တမည်သည်မရှိ။ ရှေးဖော်ပြပါနာမ်တရား၊ ရုပ်တရား အစုမျှသာ ဖြစ်၏။

ထိုနာမ်ရုပ်တရားနှစ်ပါးတို့တွင် ရုပ်ကား အလေး၊ အနှေး၊ အနုံသမား၊ တစ်စုံတစ်ခုကို မသိ

http://www.dhammadownload.com

တတ်၊ အားမထုတ်တတ်၊ မပြီးစေတတ်၊ သစ်သား ရုပ်ကြွေးနှင့်တူ၏။ စိတ်ဝိညာဉ် စသည်တို့က ဝိုင်းဝန်း ခြံရံကူပုံ့ ပေးအပ်သော ရူပကာယအတွင်းရှိ စေတနာ နာမ်တရားကလေးကသာ ကြိုးကိုဆွဲ၍ ကပြသော ရုပ်သေးသမား (အရုပ်ဆွဲဆရာ) ကဲ့သို့ ရုပ်အပေါင်း ကို မောင်းနှင်၏။ ရုပ်အောင်၊ သွားအောင်၊ တည် အောင် စသည်ပြုလုပ်၏။

ဤအရာ၌–

အာရုံခြောက်ဖြာ၊ ထမ်းပိုးသာ၊ ကြိုးမှာ ဧကဂ္ဂ။
စေတနာမူ၊ မောင်းနှင်သူ၊ လှည်းမူ ရုပ်ရူပ။
ဝိ၊ စေ၊ မန၊ ဆန္ဒ တက္ကာ၊ ဝိစာ ဝိရိ၊ ဇီဝိ ဖဿာ၊
ဝေသညာ၊ ဆယ်ဖြာ နွား မှတ်ကြ. . .

ဟူသော မှတ်တမ်း ဥပမာကိုလည်း ဆောင်၍ အထူးနှလုံးသွင်းရာ၏။

ဤဥပမာ၌ အဓိပ္ပာယ်ကား ထမ်းပိုးငါးခု၊ နွား ဆယ်ကောင်က–ရသော ဝန်တင်လှည်းကြီး ရှိရာ၏။ ထိုလှည်းကြီး ပထမထမ်းပိုးနှင့် ထို ထမ်းပိုးဝယ်က သော နွားတစ်ရှဉ်းကို ဆက်မောင်းနှင်ပါက လှည်း ကြီးသည် ရွေ့မည်မဟုတ်။ ထိုအတူ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ ထမ်းပိုးနှင့် ထမ်းပိုးဝယ်ကသော နွား တစ်ရှဉ်းကိုသာ မောင်းနှင်ပါက လှည်းကြီးသည် ရွေ့မည်မဟုတ်။ စင်စစ်သော်ကား ထမ်းပိုးငါးခုတို့၌ ကသော နွားဆယ်ကောင်လုံး တညီတညွတ်တည်း မောင်းနှင်မှ လှည်းကြီးသည် ရွေ့လျားသကဲ့သို့ စိတ် ဝိညာဉ် စသော တရားဆယ်ပါးပေါင်း ဆောင်ရွက် ကြမှသာ ရုပ်၊ ကိုယ်တည်းဟူသော ဝန်တိုက်လှည်း ကြီး၏ ကာယဝိညတ် တရားသာ သွားလာလှုပ်ရှား မှု၊ ဝစီဝိညတ်တရားသာ ပြောမှုဆိုမှု စသည်တို့ ဖြစ် ပေါ်လေသည်ဟု အထူးနှလုံးသွင်း မှတ်ယူရာ၏။

နိဂုံး မာဃားချုပ်

ဤသို့လျှင် ယောက်ျား မိန်းမ စသည်ကို ပြုလုပ်စီမံတတ်သော လူ နတ် ဗြဟ္မာ စသည့် ဖန် ဆင်းရှင်၊ ယောက်ျား၊ မိန်မ၊ အထည်ဒြပ်ကြီး သွားမှု လာမှု စသော အထင်လွဲမှု ပညတ်ချက်အမျိုးမျိုးတို့ ကင်းရှင်းစေရန် ကျယ်ဝန်းစွာ ရေးသားဖော်ပြခဲ့သော် လည်း အခြေခံမူလ မ,တည်ခဲ့သော ဓာတ်ခြောက်ပါး တို့ကို ကွင်းကွင်း ကွက်ကွက် ဉာဏ်မျက်စိဖြင့် ကြည့် ရှုကုန်ရာ၏။ ထို ဓာတ်ခြောက်ပါးတို့တွင်လည်း ရုပ် ဓာတ်ငါးပါးတို့ကို ရှေးဦးစွာ ကြည့်ရှုကုန်ရာ၏။ ရုပ် ဓာတ်ငါးပါးတို့တွင်လည်း အာကာသဓာတ်ကား ဃန–အခဲကြီးများ ပြိုသွားဖို့ရန် သွင်း၍ ကြည့်ရန် ဖြစ်၏။ တရားသားရရှိသော ပထဝီစသော ဓာတ် လေးပါးတို့ကို ဉာဏ်ဖြင့်၊ စိတ်ဖြင့်တွေ့သိနေသကဲ့ သို့ ခက်မာမှုသတ္တိ စသည်တို့ကို တွေ့သိနေအောင် ကြည့်ရှုကုန်ရာ၏။

ထိုဓာတ်လေးပါးတို့တွင်လည်း လက်ဖြင့် စမ်းသပ်၍ စိတ်ဖြင့် သိရသော ခက်မာမှုသတ္တိပထဝီ ဓာတ်၊ ပူမှုအေးမှုသတ္တိ တေဇောဓာတ်၊ ဤဓာတ် နှစ်ပါးတို့သည် အထူးသဖြင့် ထင်မြင်လွယ်ကုန်၏။ ထင်မြင်လွယ်သော ဓာတ်စုတို့ကိုသာ တစ်ကိုယ်လုံး ပရမတ်ဓာတ်အား သတ်တွေ့ချည်း ဖြစ်ကုန်အောင် ကြည့်၊ မထင်နိုင်သောဓာတ်တို့ကို နောက်မှ တဖြည်း ဖြည်း ကြည့်၍ကြည့်၍ မှတ်ယူကုန်ရာ။ ။

(ဤကား ဓာတ်ကမ္မဋ္ဌာန်း တည်ထောင်ပုံတည်း။)

ပု၊ ဒိ၊ အာ နှင့် လျှင်စွာ ပြည့်စုံရပါလို၏။

[ကျေးဇူးတော်ရှင် ပထမ မဓုနာဒ ဆရာတော် ဘုရားကြီး၏ ဓာတ်ခြောက်ပါး သိမ်းဆည်းပုံကျမ်းမှ ထုတ်နှင်ဖော်ပြပါသည်။]

မင်းကွန်း ပထမဓမ္မနာဒဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
ရွှေဟင်္သာဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင် စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏

ထေရုပ္ပတ္တိအကျဉ်း

(၁၂၈၁-၁၃၅၇)

ပုသိမ် (၃၂)မြို့နယ်၌ အပါအဝင်ဖြစ်သော ယခင် ဟင်္သာတခရိုင် ယခုအခါ ဧရာဝတီတိုင်း ငဝံမြစ် အနောက်ဘက်ကမ်းပေါ်၌ တည်ရှိသော လေးမျက်နှာ အမည်ရှိသော တောမြို့ကလေး၏ အလယ်ရပ်၌ ကုန်သည်မျိုးဖြစ်သော ဦးကျောက်စိမ်း ဒေါ်ရွှေသော့တို့မှ ရွှေဟင်္သာဆရာတော် အလောင်းသတို့သားကို ဖွားမြင်သည်။ ဖွားမြင်သောနေ့ရက်မှာ သက္ကရာဇ် ၁၂၈၁ခု၊ နတ်တော်လဆန်း ၇-ရက်၊ ကြာသပတေးနေ့ ညဉ့် ၉နာရီ မိနစ် ၃၀အချိန် ဖြစ်သည်။ သားသမီး ၅ ယောက်တွင် အငယ်ဆုံးဖြစ်သည်။ ငယ်မည်မှာ မောင်သန်းဟူ၍ မှည့်ခေါ်ကြသည်။

မောင်သန်း ကျောင်းသားအရွယ်ရောက်သော အခါ လေးမျက်နှာမြို့ တာကြီးတန်း ဆရာဆင့်ကျောင်း၌ ပညာသင်ကြားရန် ပို့အပ်ကြသည်။ ထို့နောက် ဂဏန်းသချိုင်္ကပညာကို သင်ကြားစေလိုသည်တစ်ကြောင်း၊ ရှင်ပြုလိုသည်တစ်ကြောင်းတို့ကြောင့် ဂဏန်း သချိုင်္ကာအသင်အပြကောင်းသော မိကျောင်းရဲ အမည်ရှိ ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့၍ ထားသဖြင့် မိကျောင်းရဲကျောင်း၌ ဂဏန်းသချိုင်္ကနှင့်တကွ 'မကာရန္တဇေဒင်'ကို ဇာတာဖွဲ့သည့် အထိသင်ခဲ့ရသည်။

မောင်သန်း အသက် (၁၄)နှစ်တွင် မိဘများက ရှင်ပြု၍ မိကျောင်းရဲ၌ ရှင်သာမဏေအဖြစ်နှင့် တစ်နှစ်နေခဲ့ရသည်။ ထိုနောက် ရှင်လူထွက်၍ အိမ်မှာနေသည်။ အိမ်မှာလူထွက်နေစဉ် ရှင်သာမဏေပြန်ဝတ်ပြီး ဝိဋ္ဌကတ်စာပေ သင်ကြားလိုသောဆန္ဒထက်သန်စွာ ဖြစ်ပေါ်လာသဖြင့် မိဘနှင့်ဘကြီး ဒေါ်ကြီးများကို ပန်ကြားရာ တစ်လ စဉ်းစားရန် ပြော၍ တစ်လစဉ်းစား၏။ တစ်လပြည့်သော်လည်း သာမဏေပြု၍ စာပေသင်ကြားလိုကြောင်းကိုသာ ထပ်မံပြောကြားသည်ဖြစ်၍ ဘကြီး ဒေါ်ကြီးတို့က ကျဉ်းကျဉ်းထပ်မံ၍ ရှင်ပြုပေးသည်။

မော်လမြိုင်ရောက်ခြင်း

ပဋိကစာပေ သင်ကြားလိုကြောင်း လျှောက်သဖြင့် မိကျောင်းရဲဘုန်းတော်ကြီးက မော်လမြိုင်မြို့ မရမ်းကုန်းရပ်၊ ပြည်ကျောင်းသို့ ပို့ပေးသည် (အဆက်ရှိရာသို့ ပို့ပေးခြင်း ဖြစ်သည်။) လေးမျက်နှာသား ဦးဝါယမမော်လမြိုင်သို့ အပြန်တွင် လိုက်သွား၏။ ပြည်ကျောင်း ဆရာတော် အရှင်ပညာသာမိ မထေရ်သည်လည်း လေးမျက်နှာမြို့သားပင် ဖြစ်တော်မူသည်။ (နောင်အခါ ပြည်ကျောင်းဆရာတော်သည် ရန်ကုန်ကြည့်မြင်တိုင် သာဓုကျောင်းတိုက်ကပင့်၍ သာဓုကျောင်းတိုက် ဆရာတော်အဖြစ်ဖြင့် ထင်ရှားတော်မူသည်။)

http://www.dhammadownload.com

ရှင်ပဏ္ဍိတ ရန်ကုန်ရောက်ခြင်း

သာမဏေ ရှင်ပဏ္ဍိတသည် မော်လမြိုင်မြို့ ပြည်ကျောင်း၌ ၂ နှစ် နေခဲ့ရသည်။ ဗာလာဝတာရသန္ဓိ၊ နာမ်၊ အာချာတ်၊ ကိတ်လေးစောင်နှင့် နာမ်ဂိုဏ်း၊ အာချာတ်ဂိုဏ်းတို့ကို ဂိုဏ်းစဉ်ရုပ်အနက်တို့ကို ကျေညက်အောင် သင်ကြားခဲ့ရ၏။ မော်လမြိုင်၌ ၂ နှစ် ကြာသောအခါ စာချပေးသော ဦးဝါယမသည် ရှေးဦးစွာ ရန်ကုန်သို့ ပြောင်းသွားသည်။ ထို့နောက် ရှင်ပဏ္ဍိတ လာခေါ်သဖြင့် ရန်ကုန်မြို့ ဗဟန်းကျောင်းတော်ရာ ရွှေကျင်တိုက်သို့ ရောက်သည်။ ရွှေကျင်ဂိုဏ်းသို့ ပထမအကြိမ် ရောက်ခြင်းဖြစ်၏။ ၁၂၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်၌ ရောက်သည်။ ကျောင်း တော်ရာရွှေကျင်တိုက် ထန်းတပင် ဆရာတော်ကြီး သီတင်းသုံးသော ဘုံပြန်ကျောင်း၌ ပထမနေရသည်။ ရှင်ပဏ္ဍိတ၏ စာချဆရာဦးဝါယမသည် ရန်ကုန်သို့ ရောက်ကတည်းက ကိုယ်တိုင်လည်း စာမသင်၊ စာ လည်း မချ၊ စိတ်လေလွင့်နေရာက လူထွက်ပြီး မကြာမီ သေဆုံးသွားသည်။

ရှင်ပဏ္ဍိတ ညောင်တုန်းသို့ ရောက်ခြင်း

ရှင်ပဏ္ဍိတသည် တတ်နိုင်သမျှ မိမိဘာသာ ကျက်သင့်သောစာများကိုကျက်၍ စာတတ်ချင်သည်ဟု မကြာမကြာညည်းနေသည်ကို ပြာသာဒ်ကျောင်း ဆရာတော်က ကြား၍ ကိုရင် စာတတ်ချင်လျှင် ညောင်တုန်းရွှေဟင်္သာတောရတိုက်သို့သွား၊ ကျောင်းတော်ရာဆရာတော်ကြီး နယုန်လ ညောင်တုန်း ကြွလိမ့်မည်။ ကိုရင်လိုက်ချင်လျှင် အပ်ပေးလိုက်မည်ဟု အမိန့်ရှိရာ ဝမ်းမြောက်စွာဖြင့် လိုက်ပါမည်ဟု ဝန်ခံလိုက်၏။ ၁၂၇၃ခုနှစ် နယုန်လဆန်း ၁၀ရက်နေ့၌ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး ညောင်တုန်းသို့ ဝါကပ်ရန် ကြွတော်မူလျှင် ရှင်ပဏ္ဍိတသည် ပစ္စာသမဏအဖြစ်ဖြင့်လိုက်ပါရ၍ ညောင်တုန်းရွှေဟင်္သာတောရတိုက်သို့ ရောက်ရပေသည်။

ညောင်တုန်း ရွှေဟင်္သာတောရတိုက်သို့ ညဘက်၌ ရောက်သည်။ နံနက် အရုဏ်စားကြပြီး ကာလဇေတဝန်ဘုရားကျောင်းကြီးပေါ်၌ သံဃာများ စုဝေး၍ စာအံနေကြသောအသံကို ကြားသောအခါ ရှင်ပဏ္ဍိတသည် 'ငါတော့်စာတတ်တော့မဟ'ုဟု စိတ်ထဲကကြိတ်၍ ဝမ်းသာမိ၏။ ရောက်သစ်စဖြစ်သော ရှင်ပဏ္ဍိတကို ကျောင်းတော်ရာဆရာတော် ဘုရားကြီးက တိုက်အုပ်ဆရာတော် (နောင်အခါ စံကျောင်းဆရာတော်ဟု ထင်ရှားမည့် ဆရာတော်) ထံ၌ အပ်လိုက်သည်။ ထိုအချိန်ကစ၍ ရှင်ပဏ္ဍိတသည် တိုက်အုပ်ဆရာတော်နှင့် တိုက်ကြပ်ဆရာတော် (နောင်အခါ ဒုတိယ စံကျောင်းဆရာတော်) တို့၏ အနီးနေ အနွေဝါသိက တပည့်ရင်းအဖြစ်ဖြင့် ဆရာတော်များကိုယ်တိုင် စာပေပို့ချကာ ချီးမြှောက်ဘော်မူကြသည်။

သာမဏေဘဝနှင့် ရဟန်းသိက္ခာ ၂ ဝါ အတွင်း၌ ငယ်လတ်အောင်သည်၊ အကြီးတန်းဖြေဆိုချိန်၌ ကျန်းမာရေးချို့၍ စာမကျက်နိုင်သောကြောင့် အကြီးတန်းကိုကား မအောင်ခဲ့ပေ။ ၁၂၇၅ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်နေ့၌ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးသည် ဥပဇ္ဈာယ်ဆရာမြတ်အဖြစ် ချီးမြှောက်တော်မူသည်ဖြစ်၍ လည်းကောင်း၊ တိုက်အုပ်၊ တိုက်ကြပ်ဆရာတော်များက ကမ္မဝါစာဆရာအဖြစ် ချီးမြှောက်တော်မူသည်ဖြစ်၍လည်းကောင်း ရှင်ပဏ္ဍိတသည် ရွှေဟင်္သာတောရ ကျောင်းတိုက် ပထမသီလဝိသောဓနီ သိမ်တော်ကြီး၌ ရဟန်းအဖြစ်သို့ ရောက်သည်။

ဘကြီး ဒေါ်ကြီးဖြစ်သော လေးမျက်နှာပရိက္ခရာကုန်သည်ကြီး ဦးလူကြီး–ဒေါ်ငွေမှုံတို့က ခမ်းနားစွာ ရဟန်းဒကာခံ၍ ကောင်းမှုပြုကြသည်။ ဦးပဏ္ဍိတသည် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်၌ပင် စံကျောင်းဆရာတော်၊ ဒုတိယစံကျောင်းဆရာတော်၊ စံပယ်ရုံကျောင်း ဆရာတော်

http://www.dhammadownload.com

ဦးယုဂန္ဓရ၊ မြလေးရုံကျောင်း စာချဘုန်းကြီး ဦးမေဓာဝီ (သက္ကသီဟ ဓမ္မာစရိယ) (နောင်အခါ မေဓာဝီဆရာဆိုင်) တို့ထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့ကို ကိုယ်တိုင်ဆိုဝါဖြင့် သင်ကြားခဲ့သည်။

မန္တလေးတက်ခြင်း

ဦးပဏ္ဍိတသည် ရဟန်းသိက္ခာ ၄-ဝါ ရသောအခါ ဆရာတော်များထံ မန္တလေးသို့တက်၍ စာပေဆည်းပူလိုကြောင်း ပန်ကြားလျှောက်ထားရာ ဆရာတော်များက ကြည်သာစွာ ခွင့်ပြုတော်မူပြီးလျှင် ပါဠိဘာသာ စာဖြင့် ရေးသားသော အပ်နှံစာကိုပါ ချီးမြှောက်တော်မူကြသည်။ မန္တလေးမြို့အနောက်ပြင် ငါးဆူတိုက် တံဆိပ်တော်ရ ငါးဆူဆရာတော် အရှင်သဒ္ဓမ္မာ လက်ဝဲရ ခြေတော်ရင်း၌ ဆည်းကပ်၍ ဆရာတော်ထံ၌ပင် ကဝိဘေဒစိန္တာကို မိမိဆိုဝါဖြင့်သာ ဆည်းပူးရသည်။ ညဘက်၌ ပုဒ်စစ်စသည်ကို မိမိဆိုဝါဖြင့် ဆည်းပူးရသည်။ (ထိုအချိန်က ငါးဆူဆရာတော်ကြီးသည် သက်တော် ၇၅နှစ် ရှိတော်မူပြီဖြစ်သော်လည်း သုတ်စဉ်၊ သုတ်နက်၊ ပုဒ်စစ်၊ သုတ်စစ်၊ သဒ္ဒါစစ်၊ နည်းလေးဆယ်သံဝဏ္ဏနာ စသည်တို့ကို နှုတ်တက်ရလျက်ပင် ရှိသည်။) ဦးပဏ္ဍိတ ပုဒ်စစ် စသည်ဆိုစဉ်က ပုဒ်စစ်စာအုပ် မကြည့်ရမကျက်ရဟု ဆရာတော်ကြီးအမိန့်ရှိ၍ စာအုပ်မကြည့် မကျက်ရပေ၊ ဆရာတော်ကြီးကိုယ်တိုင် နှုတ်တိုက်ချပေးပြီးမှ အဓိပ္ပာယ် ပြောတော်မူသည်။ ငါးဆူတိုက် ပတ်ဝန်းကျင်ရှိ စကုတိုက်၊ ခင်မကန်တိုက်၊ တောင်သမန်တိုက်၊ ထီးလင်းတိုက်၊ မိုးကောင်းတိုက်၊ ချမ်းသာကြီးတိုက်၊ ဆင်တဲတိုက်တို့၌ ထင်ရှားသော စာချဆရာတော်များထံ၌လည်း စာလိုက်၍ လေ့လာဆည်းပူးခဲ့သည်။ များသောအားဖြင့် ဥပုသ်နေ့နှင့် စာဝါပိတ်သော နေ့ရက်တို့၌ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမကျောင်းတိုက်သို့ သွား၍နေ၏။ ဗဟုသုတလည်း ဆည်းပူးရင်း အေးချမ်းသာယာရှိသောကြောင့်လည်း သွားခြင်းဖြစ်၏။ မန္တလေး၌ နေစဉ် ဝမ်းတွင်းမြို့မြောက်ဘက် မြန်မာတိုင် ၃တိုင်ခန့်ဝေးသော ဒေါင်သူတောရ ဆရာတော်ကြီးထံ၌ နည်းနာ နိဿယခံယူရင်း ဆန်းကျမ်းကို ဆိုဝါနှင့် သင်ကြားခဲ့သည်။ မန္တလေး၌ ၂ နှစ်မျှသာ နေရသည်။ ကျေးဇူးရှင် ဆရာတော်များက ပြန်ခဲ့ရန် အမိန့်တော်ရှိ၍ ညောင်တုန်း ရွှေဟင်္သာတောရတိုက်သို့ ပြန်ခဲ့ရသည်။

စစ်ကိုင်းတောင်ရိုးသို့ ရောက်ခြင်း

၁၂၈၄ ခုနှစ်၊ ၈၆ ခုနှစ်တို့၌ နှစ်ကြိမ်မျှ စစ်ကိုင်းတောင်ရိုးသို့ ဘုရားဖူးရောက်သည်။ တစ်ခေါက်ရောက်လျှင် တစ်လစီ နေသွားရာ စစ်ကိုင်းဥတုရာသီနှင့် သပ္ပာယဖြစ်သောကြောင့် နေသမျှရက်အတွင်း ကျန်းမာရေးကောင်းသည်ကို သတိပြုမိသဖြင့် စစ်ကိုင်းတောင်ရိုး၌ နေရလျှင် ကျန်းမာမည်ဟု စိတ်၌ စွဲလမ်းကာ ကျေးဇူးရှင် ဆရာတော်များထံ ခွင့်ပန်လျှောက်ထားရာ ၃ နှစ်ကြာသော်လည်း ခွင့်မပြုကြပါ။ ၁၂၈၈ ခုနှစ်၌ ကထိန်အပြီးတွင် အမရပူရမြို့ မင်္ဂလာတိုက်ကျောင်း စာချဆရာတော် (နောင် မင်္ဂလာတိုက်သစ် တိုက်ပိုင်ဆရာတော်) ဦးဓမ္မသာမိထံ၌ ပဋ္ဌာန်းဟောရန် အကြောင်းပြပြီးလျှင် လျှောက်ထားကာ ထွက်ခဲ့သည်။ လျှောက်ထားခဲ့သည့်အတိုင်းလည်း ဦးဓမ္မသာမိထံ၌ ကိုယ်တိုင်ဆိုဝါဖြင့် သီးခြားစာဝါတောင်း၍ ပဋ္ဌာန်းကိုလည်း ဆိုရင်း၊ ဟောရင်း စစ်ကိုင်းတောင်ရိုး၌ ကျောင်းနေရာရှာပြီး ကျောင်းနေရာ ပြုပြင်ထားသည်။ တပေါင်းလမှ ညောင်တုန်းသို့ ပြန်သည်။

ရွှေဟင်္သာတိုက်သစ်ဖြစ်ပေါ်ခြင်း

ယင်းသို့ တတ်စွမ်းသမျှ အားထုတ်လာခဲ့ရာ စာသင်သားသံဃာလည်း တိုးပွားလာသည်၊ ကျောင်းသိမ် ရေကန် စသည် တည်ဆောက်လိုသော ဒကာ

http://www.dhammadownload.com

များလည်း ပေါ်ပေါက်လာရာ ရွှေဟင်္သာချောင်ဟောင်းနေရာမှာ ကျဉ်းသောကြောင့် လေးမျက်နှာမြို့ (နောက် ရန်ကုန်မြို့) ကုန်သည်ကြီး ဦးစစ်ကြူ+ဒေါ်လှိုင်၊ သမီး ဒေါ်အန်သူ၊ ဒေါ်ကြင် စသော သားသမီးတို့က ၁၂-ဒသမ ၆၀ ဧကရှိသော မြေကွက်ကို ဝယ်ယူ၍ လှူဒါန်းကြပြီးလျှင် မိမိတို့ကပင် စု၍ သိမ်တိုက်၊ ဆွမ်းစားတိုက်ကျောင်း၊ ရေကန်ကြီးတို့ကို ရှေးဦးစွာ ဆောက်လုပ်လှူဒါန်းကြသည်။ နောက်ကာလ၌ တဖြည်းဖြည်း တိုးတက်လာခဲ့သည်မှ ယနေ့ မျက်မှောက် အခြေအနေသို့ ရောက်ကာ ခိုင်မြဲ တိုးတက်လျက်ပင် ရှိပေသည်။

ကျောင်းတိုက်ကို လွှဲအပ်ခြင်း

ရွှေဟင်္သာဆရာတော်သည် သက်တော်ရွယ်တော် ကြီးလာပြီဖြစ်၍ မိမိကို အကြောင်းပြု၍ ကာလဒေသအလျောက် ဖြစ်ပေါ်လာသော စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် သာသနာကို အဓွန့်ရှည်စွာ တည်တံ့စေလိုသောဆန္ဒဖြင့် တပည့်ကြီးများနှင့် တိုင်ပင်ပြီးလျှင် ၁၃၄၀ ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၅ရက်နေ့၌ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်သို့ ထိန်းသိမ်းစောင့်ရှောက်ရန် လွှဲအပ်လိုက်သည်။

ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးသည် ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁) ရက်၊ သက်တော် (၁၀၂) နှစ်တွင် ဘဝ နတ်ထံစံလွန်တော်မူခဲ့ပါသည်။

ထေရပွတ္တိအကျဉ်းပြီး၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ရှေဟသ်ာဆရာတော်ဘုရားကြီး၏
သြဝါဒဆောင်ပုဒ်

၁။ ရုပ် နာမ် သဘာဝ၊ အနိစ္စ၊ ရှုကြဉာဏ်ဖြင့်သာ။
လောကအလုံး၊ ရှုမဆုံး၊ လုံးလုံးအနိစ္စာ။
အနိစ္စပင်၊ နိစ္စထင်၊ ဉာဏ်မြင် မဲ့၍သာ။
အနိစ္စပင်၊ အနိစ္စထင်၊ တွေ့မြင်နိဗ္ဗာန်သာ။
နိဗ္ဗာန်လိုက၊ ဤကာယ၊ ရှုကြအနိစ္စာ။ ။

၂။ ရုပ် နာမ် သဘာဝ၊ ဒုက္ခမျှ၊ ရှုကြဉာဏ်ဖြင့်သာ။
လောကအလုံး၊ ရှုမဆုံး၊ လုံးလုံးဒုက္ခသာ။
ဒုက္ခကိုပင်၊ သုခထင်၊ ဉာဏ်မြင် မဲ့၍သာ။
ဒုက္ခကိုပင်၊ ဒုက္ခထင်၊ တွေ့မြင်နိဗ္ဗာန်သာ။
နိဗ္ဗာန်လိုက၊ ဤကာယ၊ ရှုကြ ဒုက္ခသာ။ ။

၃။ ရုပ် နာမ် သဘာဝ၊ အနတ္တ၊ ရှုကြဉာဏ်ဖြင့်သာ။
လောကအလုံး၊ ရှုမဆုံး၊ လုံးလုံးအနတ္တာ။
အနတ္တပင်၊ အတ္တထင်၊ ဉာဏ်မြင် မဲ့၍သာ။
အနတ္တပင်၊ အနတ္တထင်၊ တွေ့မြင်နိဗ္ဗာန်သာ။
နိဗ္ဗာန်လိုက၊ ဤကာယ၊ ရှုကြ အနတ္တာ။ ။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

မိမိ၏ ပစ္စုပ္ပန်ကာလ၌သာ ရှုသင့်ခြင်း

ကာယာနုပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်လိုသော ယောဂီသည် မိမိကိုယ်ဟု ဆိုအပ်သော ရုပ်အစုအပေါင်းမှတစ်ပါး အခြားသော ရုပ်တို့ကို ရှုရမည်မဟုတ်၊ မိမိ၏ ပစ္စုပ္ပန် မျက်မှောက်ဖြစ်သော ရုပ်အပေါင်း၌သာလျှင် ရှုပါဟု ဆိုသည်။ မိမိ၏အဇ္ဈတ္တရုပ်ကိုရှု၍ အလေ့အလာရကာ သဘာဝကို မြင်သလောက် မြင်သော်မှ အခြားသော ဗဟိဒ္ဓရုပ်ကို မိမိရုပ်နှင့်မခြား သဘောအားဖြင့် အလားတူဖြစ်သည်ဟု ရှုသင့်သည်။

ပစ္စုပ္ပန်တည့်တည့်ကျရန် မခဲယဉ်း

ပစ္စုပ္ပန်ဖြစ်သော ရုပ်ကို ရှုရမည်ဆိုသဖြင့် ပစ္စုပ္ပန်တည့်တည့်ကျအောင် အချို့ပုဂ္ဂိုလ်တို့သည် တော်တော် ခဲခဲ ယဉ်းယဉ်း ကြံကြံ စည်စည် ပင်ပင်ပန်းပန်း ပြောဟော ရေးသားနေကြသည်ကို တွေ့ရသည်။ ပစ္စုပ္ပန်တည့် တည့်မိအောင် ရှုရမည် စသည်ဖြင့် အရေးတကြီး ပြောဆိုနေကြသည်ကိုလည်း သိရသည်။ သို့သော် ပစ္စုပ္ပန်ကျစေရန်မှာ ထိုမျှလောက် ခဲယဉ်းနေသည်ကား မဟုတ်ချေ။ မိမိ၏ အဇ္ဈတ္တ ရုပ်အပေါင်းကိုပင် ရှုသည်ဖြစ်စေ၊ ဗဟိဒ္ဓရုပ်အပေါင်းကိုပင် ရှုသည်ဖြစ်စေ ပစ္စုပ္ပန် ဖြစ်ဆဲဖြစ်သော ရုပ်တို့ကိုသာ ရှုမြင်လျက် ရှိနေခြင်းဖြစ်ပေသည်။ တပင်တပန်း အထူးတလည် ပစ္စုပ္ပန်ကို ရှာဖွေအားထုတ်၍ ပစ္စုပ္ပန်တည့်တည့်ကျအောင်၊ ပစ္စုပ္ပန်တည့်တည့် ဖြစ်အောင် အားထုတ်နေရသည် မဟုတ်ပေ။ အဘယ့်ကြောင့်နည်းဟူမူ အတိတ်ဖြစ်သော ရုပ်တို့သည် ချုပ်ငြိမ်းကြလေကုန်ပြီဖြစ်၍ ထင်ရှား မရှိကြတော့ချေ။ အနာဂတ်ဖြစ်သော ရုပ်တို့သည်လည်း မဖြစ်ပေါ်ကြသေးပေ။ ယောဂီသည် ရှုမြင်နေရသော ရုပ်တို့သည် ဥပါဒ်ဆဲ၊ ဥပါဒ်ဆဲ ဖြစ်သော ပစ္စုပ္ပန်ရုပ်တို့သာလျှင် ဖြစ်ကုန်၏။ သို့ကြောင့် ရုပ်အပေါင်းအစုကို ရှုသော ယောဂီသည် ပစ္စုပ္ပန်တည့်တည့်ဖြစ်သော ရုပ်ကိုရှုမိစေရန် ကြောင့်ကြစိုက်၍ အားထုတ်ပြုလုပ်နေရသည်မဟုတ်၊ အသစ်အသစ် ဥပါဒ်အနေဖြင့် အဆက်ဆက် ဖြစ်ပေါ်ဆဲဖြစ်သော ရုပ်အစုအပေါင်းကိုသာလျှင် ရှုမြင်လျက်သား ရှိနေသည်ကို သိရှိပါလေ။

ပလိဗောဓ ကလေးများကို ပြုပြင်ရှင်းလင်းစေပြီးလျှင် ဆွမ်းကြောင့်ဖြစ်သော လေးလံထိုင်းမှိုင်းခြင်း၊ အိပ်ချင်ခြင်း စသည်ကို ပယ်ဖျောက်ခြင်းငှာ အခိုက်အတန့် လျောင်းခြင်းဖြင့် ဖြစ်စေ၊ စင်္ကြံလျှောက်ခြင်း၊ ရေချိုးခြင်း စသည်ဖြင့်ဖြစ်စေ ငြိမ်းအေးစေ၍ သင့်တင့်လျောက်ပတ် သပ္ပာယဖြစ်သော

http://www.dhammadownload.com

နေရာ၌ မြတ်စွာဘုရားဂုဏ်တော်ကို ရှေးဦးစွာ အာရုံပြုပြီးကာလ...

မေတ္တာပို့ရန်

ဤကျောင်း၌ ရှိကုန်သော သီတင်းသုံးဖော် အပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း၊ ကြောင့်ကြ ကင်းကြပါစေကုန်သတည်း၊ ဤကျောင်း အရာမ်အတွင်း၌ရှိသော နတ်အပေါင်းတို့သည်၊ ချမ်းသာကြပါစေကုန်သတည်း၊ ကြောင့်ကြကင်းကြပါစေကုန်သတည်း၊ ဆွမ်းခံရာ၌ရှိသော အစိုးရသော ပုဂ္ဂိုလ်တို့သည် ချမ်းသာကြပါစေကုန်သတည်း၊ ကြောင့်ကြကင်းကြပါစေကုန်သတည်း၊ ဆွမ်းခံရွာ၌ နေသော လူအပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း၊ ကြောင့်ကြ ကင်းကြပါစေကုန်သတည်း၊ အရပ်ဆယ်မျက်နှာ၌ တည်နေကြကုန်သော လူ၊ နတ်၊ သတ္တဝါ အပေါင်းတို့သည် ချမ်းသာကြပါစေကုန်သတည်း၊ ကြောင့်ကြကင်းကြပါ စေကုန်သတည်း-ဟု မေတ္တာပို့ပါလေ၊ ပွားပါလေ၊ ဤသို့ မေတ္တာပွားခြင်းဖြင့်-

(၁) ချမ်းသာစွာနေရခြင်း၊
(၂) ကောင်းစွာ အစောင့်အရှောက်ရခြင်း၊
(၃) ကောင်းစွာ စောင့်ရှောက်အပ်သော ပရိက္ခရာရှိခြင်း၊
(၄) နှိပ်စက်ညှဉ်းဆဲခံရခြင်းမှ ကင်းခြင်း၊
(၅) အပိတ်အပင် အတားအဆီးမရှိ သွားလာနိုင်ခြင်း-

ဟူသော အကျိုးကျေးဇူးတို့ကို ရရှိသဖြင့် ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာယာစွာ ကမ္မဋ္ဌာန်းတရားကို အားထုတ်နိုင်ပေသည်။

ကလျာဏပုထုဇဉ်ဖြစ်ကြောင်း နာမရူပ ပရိစ္ဆေဒဉာဏ်

ယောဂီတို့သည် အန္ဓပုထုဇဉ်အဖြစ်မှ လွတ်၍ ကလျာဏပုထုဇဉ် ဖြစ်ကြစေရန် ရုပ်နာမ် ခန္ဓာတို့ကို အကျဉ်းနည်းဖြင့် အထိုက်အလျောက် နားလည်သိရှိကြအောင် ပြဆိုဦးအံ့။ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့တွင် ရုပ်အပေါင်း ရုပ်ခန္ဓာတို့ကို ပထမပြမည်ဖြစ်၍ ရုပ်၏ သဘောကို ကြိုတင် သတိပြု၍ မှတ်ကြရမည်။ ရုပ်တို့၏ သဘောသည် အအေးအပူ စသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ပူရာမှအေး၊ အေးရာမှပူ၊ ခြောက်ရာမှစို၊ စိုရာမှ ခြောက်ခြင်း အစရှိသည်ဖြင့် ဖောက်ပြန်ပျက်စီးခြင်း သဘောရှိသည်ဟု သိကြပါလေ။

အာရုံရုပ် ၇-ပါး

ရုပ်တရားသည်...

၁။ မြင်ရုပ်၊
၂။ ကြားရုပ်၊
၃။ အနံ့ရုပ်၊
၄။ အရသာရုပ်၊
၅။ အတွေ့ရုပ်

ဟူ၍ ငါးမျိုးရှိ၏။ ထို ငါးမျိုးတို့တွင်-

၁။ စက္ခုဝိညာဉ် စိတ်ဖြင့် မြင်သိသမျှ ကောင်းဆိုးမရွေး ရူပါရုံ ဟူသမျှသည် မြင်ရုပ်တို့ပေတည်း။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ အကြမ်း အနု အယုတ် အမြတ် အဝေး အနီးဖြစ်သော ရူပါရုံတို့သည် ရုပ်အစု ရုပ်အပေါင်း ရူပက္ခန္ဓာ ဖြစ်၏။

၂။ သောတဝိညာဉ်ဖြင့် ကြားသိသမျှ ကောင်းဆိုး မရွေး သဒ္ဒါရုံ ဟူသမျှသည် ကြားရုပ်တို့ပေတည်း၊ အတိတ် အနာဂတ် ပစ္စုပ္ပန် စသည်ဖြစ်သော သဒ္ဒါရုံတို့သည် ရုပ်အစု ရုပ်အပေါင်း ရူပက္ခန္ဓာ ဖြစ်၏။

၃။ ဃာနဝိညာဉ်စိတ်ဖြင့် နံသိသမျှ ကောင်းဆိုးမရွေး ဂန္ဓာရုံ ဟူသမျှသည် အနံ့ရုပ်တို့ပေတည်း၊ အတိတ် အနာဂတ် ပစ္စုပ္ပန် စသည်

http://www.dhammadownload.com

ဖြစ်သော ဂန္ဓာရုံတို့သည် ရုပ်အစု၊ ရုပ်အပေါင်း ရူပက္ခန္ဓာ ဖြစ်၏။

၄။ ဓိဂ္ဂါဝိညာဉ်စိတ်ဖြင့် လျက်သိသမျှ ကောင်းဆိုး မရွေး ရသာရုံ ဟူသမျှသည် အရသာရုပ်တို့ပေတည်း၊ အတိတ် အနာဂတ် ပစ္စုပ္ပန် စသည်ဖြစ်သော ရသာရုံတို့သည် ရုပ်အစု၊ ရုပ်အပေါင်း ရူပက္ခန္ဓာ ဖြစ်၏။

၅။ ကာယဝိညာဉ်စိတ်ဖြင့် တွေ့ထိသမျှ ကောင်းဆိုး မရွေး ဖောဋ္ဌဗ္ဗာရုံ ဟူသမျှသည် တွေ့ထိရုပ်တို့ပေတည်း၊ အတိတ် အနာဂတ် ပစ္စုပ္ပန် စသည်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံတို့သည် ရုပ်အစု၊ ရုပ်အပေါင်း ရူပက္ခန္ဓာ ဖြစ်၏။

ဤသို့လျှင် အကျဉ်းအားဖြင့် ရုပ်အပေါင်း ရူပက္ခန္ဓာကို သိမှတ်ကြရမည်။ ရူပါရုံ တစ်မျိုးတည်း သာလျှင် ရုပ်အပေါင်း ရူပက္ခန္ဓာမည်သည် မဟုတ်၊ ထိုအတူ သဒ္ဒါရုံတစ်မျိုးတည်းသာလျှင် ရုပ်အပေါင်း ရူပက္ခန္ဓာ မည်သည်မဟုတ်၊ အာရုံ ငါးပါး အပေါင်း သည်လည်း ရူပက္ခန္ဓာမည်သည် သာလျှင်တည်း၊ ထိုအတူ ရုပ်လေးပါးအပေါင်း၊ ၃ ပါးအပေါင်း၊ ၂ ပါး အပေါင်းတို့သည်လည်း အသီးသီးရုပ်အစု၊ ရုပ်အပေါင်း ရူပက္ခန္ဓာအမည် ရှိကုန်၏ဟူ၍ မှတ်ကြရကုန်၏။

ယောဂီတို့သည် ရူပါရုံစသော အာရုံအပေါင်းတို့ကို သိရှိကြရပေပြီ။ ယင်းရူပါရုံအစရှိသော ရုပ် ၇ပါးတို့ကို အာရုံရုပ်တို့ဖြစ်သောကြောင့် ပါဠိဘာသာအားဖြင့် ဝိသယရုပ်ဟူ၍ အမည်ပေးသည်။ ရူပါရုံစသည် ငါးပါးဖြစ်လျက် အဘယ့်ကြောင့် ၇ပါး ဆိုပါသနည်းဟူမူ ပဋ္ဌမမြောက်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၌ ပထဝီ၊ ဝါယော၊ တေဇောရုပ် ၃ ပါး ပါဝင်နေသောကြောင့် ဝိသယရုပ် ၇ ပါး ဆိုပေသည်။

ပသာဒရုပ် ၅ ပါး

ကဲ့ကြောင့်ဖြစ်သော မဟာဘုတ်ရုပ်တို့ကို ကြည်လင်စေတတ်သော သဘောရှိသော ရုပ်တို့သည် ပသာဒရုပ်တို့မည်ကုန်၏။ ထိုပသာဒရုပ်တို့သည်=

၁။ စက္ခု အကြည်ဓာတ်ဖြစ်သော စက္ခုပသာဒရုပ်၊

၂။သောတ အကြည်ဓာတ်ဖြစ်သော သောတပသာဒရုပ်၊

၃။ ဃာန အကြည်ဓာတ်ဖြစ်သော ဃာနပသာဒရုပ်၊

၄။ ဓိဂ္ဂါ အကြည်ဓာတ်ဖြစ်သော ဓိဂ္ဂါပသာဒရုပ်၊

၅။ကာယ အကြည်ဓာတ်ဖြစ်သော ကာယပသာဒရုပ် အားဖြင့် ပသာဒရုပ် ၅ ပါးရှိကုန်၏။

ဝတ္ထုရုပ် ၅ ပါး

ပသာဒရုပ် ၅ ပါးတို့ကို စက္ခုဝိညာဉ်စိတ်စသည်တို့၏ မှီရာဝတ္ထု ဖြစ်သောကြောင့် ဝတ္ထုရုပ်ဟူသည်လည်း အမည်ပေးသည်။ ဝတ္ထုရုပ်ဖြစ်ပုံမှာ...

၁။ စက္ခုညာဉ်စိတ်သည် စက္ခုပသာဒရုပ် အမှီပြု၍ ရူပါရုံကို သိမြင်သောကြောင့် စက္ခုညာဉ်စိတ်၏ မှီရာစက္ခုဝတ္ထုရုပ် မည်သည်။

၂။ ထို့အတူ သောတ ဝိညာဉ်စိတ်သည် သောတပသာဒရုပ်ကို အမှီပြု၍ သဒ္ဒါရုံကို ကြားသိသောကြောင့် သောတဝိညာဉ်စိတ်၏မှီရာ သောတဝတ္ထုရုပ် မည်သည်။

၃။ ဃာနဝိညာဉ်စိတ်သည် ဃာနပသာဒရုပ်ကို အမှီပြု၍ ဂန္ဓာရုံအနံ့ကို သိသောကြောင့် ဃာနဝိညာဉ်စိတ်၏မှီရာ ဃာနဝတ္ထုရုပ် မည်သည်။

၄။ ဓိဂ္ဂါဝိညာဉ်စိတ်သည် ဓိဂ္ဂါ ပသာဒရုပ်ကို အမှီပြု၍ ရသာရုံကို သိသောကြောင့် ဓိဂ္ဂါဝိညာဉ်စိတ်၏မှီရာ ဓိဂ္ဂါ ဝတ္ထုရုပ် မည်သည်။

၅။ ကာယဝိညာဉ်စိတ်သည် ကာယပသာဒ ရုပ်ကို အမှီပြု၍ ဖောဋ္ဌဗ္ဗာရုံကို သိသောကြောင့် ကာယဝိညာဉ်စိတ်၏ မှီရာ ကာယဝတ္ထုရုပ် မည်သည်။

http://www.dhammadownload.com

ဤသို့လျှင် အကြည်ဓာတ်သဘောရှိသော ပသာဒရုပ်တို့သည် သက်ဆိုင်ရာစိတ်တို့၏ မှီရာ ဝတ္ထုဖြစ်သောကြောင့် ဝတ္ထုရုပ်ဟူသော အမည်ကို ရကြကုန်သည်။

ထုတ်ဆောင်ပြဆိုအပ်သော ဝိသယရုပ် ၇ ပါး၊ ပသာဒရုပ်၊ တစ်နည်း ဝတ္ထုရုပ် ၅ ပါး၊ ပေါင်း ၁၂ ပါးသော ရုပ်တို့ကို ကြမ်းသော သဘောစသည် ရှိသောကြောင့် သြဠာရိကရုပ်၊ သန္တိကေရုပ်၊ သပ္ပဋိဃရုပ်တို့ဟူ၍ အမည်ပေးလေသည်။

၁။ အာပေါရုပ် ၁ သြဠာရိကရုပ် ၁၂ပါး နှင့်
၂။ ဣတ္ထိန္ဒြေဘာဝရုပ်
အာဟာရရုပ်အထိ ၆ ပါးကို
၃။ ပုရိသိန္ဒြေ ၂ ပေါင်းကာ ၁၈ပါးသော ရုပ်တို့ကို
၄။ ဟဒယရုပ် သဘာဝရုပ်၊ သလက္ခဏရုပ်၊
၅။ ဇီဝိတရုပ် ၁ နိပ္ပန္နရုပ်၊ ရူပရုပ်၊ သမ္မသနရုပ်
၆။ အာဟာရရုပ် ၁ ဟူ၍ အမည်ပေးသည်။
၇။ ပရိစ္ဆေဒရုပ် ၁
၈။ ကာယဝိညတ်ရုပ် ၁ ဝိညတ် ဤရုပ် ၅ပါးကို
၉။ ဝစီဝိညတ်ရုပ် ၁ ရုပ် ၂။ ဝိကာရရုပ်ဟူ၍
၁၀။ ရူပဿလဟုတာရုပ် အမည်ပေးသည်။
၁၁။ ရူပဿမုဒုတာရုပ် ၁
၁၂။ ရူပဿကမ္မညတာရုပ် ၁
၁၃။ ရူပဿ ဥပစယရုပ် ၁ ဤရုပ် ၄ပါးကို
လက္ခဏရုပ်
၁၄။ ရူပဿ သန္တတိရုပ် ၁ ဟူ၍ အမည်ပေးသည်။
၁၅။ ရူပဿ ဇရတာရုပ် ၁
၁၆။ ရူပဿ အနိစ္စတာရုပ် ၁

အမှတ် (၇) ပရိစ္ဆေဒရုပ်မှစ၍ အမှတ် (၁၆) အနိစ္စတာ ရုပ်တိုင်အောင် ၁၀ ပါးသော ရုပ်တို့ကို အနိပ္ပန္နရုပ် စသည်တို့ဟူ၍ အမည်ပေးသည်။ ဤသို့ ဘေးဖြင့် အနိပ္ပန္နရုပ် ၁၈၊ အနိပ္ပန္နရုပ် ၁၀၊ ပေါင်း ရုပ် ၂၈ ပါး ပြည့်လေပြီ။

ရူပါရုံ စည်တို့ကို ရူပကမ္မန္ဌာ ဖွဲ့ရသကဲ့သို့ ယခု ပြဆိုအပ်ပြီးသော ရုပ်တို့ကိုလည်း အတိတ် အနာဂတ် ပစ္စုပ္ပန်စသော အပေါင်းအားဖြင့် ရူပကမ္မန္ဌာ ဖွဲ့ရသည်။ ရုပ် တစ်ပါးတည်းသာ ဖြစ်သော်လည်း အတိတ် အနာဂတ်စသည် ရုပ်များ အပေါင်းဖြစ်သောကြောင့် ရူပကမ္မန္ဌာ ဖွဲ့ရသည်ဟု မှတ်ပါ။ အသင် ယောဂီတို့သည် ယခုအချိန်၌ ရူပကမ္မန္ဌာနှင့် စပ်၍ အထိုက် အလျောက် သိရှိကြရပေပြီ။

ဆောင်။ ။ တစ်ဆယ့်ရှစ်မျှ၊ အနိပ္ပန္နဲ၊ မှတ်ကြ ရူပကမ္မန်။
အနိပ္ပန္နဲ၊ တစ်ဆယ်မျှ၊ မှတ်ကြ ရူပကမ္မန်။
၂၈ပါး၊ ပေါင်းတုံငြား၊ မှတ်သား ရူပကမ္မန်။
ရုပ်ဟူသမျှ၊ ဖွဲ့ကုန်ကြ၊ မှတ်ပ ရူပကမ္မန်။

ရူပကမ္မန္ဌာပြီး၏။

× × ×

ဝေဒနကမ္မန္ဌာ

ဝေဒနကမ္မန္ဌာကို ပြပေအံ့။ ယောဂီ၏ ရှေ့၌ ပေါပေါက်လာသမျှ ကောင်း၊ မကောင်းသောအာရုံကို စက္ခုဝိညာဉ်စိတ်ဖြင့် ကြည့်ရှုကာ ထိုအာရုံ၏ အရသာကို ခံစားခြင်းသည် ဝေဒနာ၏ သဘောတည်း။ အာရုံဟူသမျှတို့၏ အရသာကို ဝေဒနာက သာလျှင် ခံစားသည်။ ဥပမာ– ဇာတ်ပွဲကြည့်သော အခါ ဇာတ်ဆောင်ဖြစ်သော မင်းသား၊ မင်းသမီး စသည်တို့သည် ရူပါရုံ ဖြစ်ကုန်၏။ လှပတင့်တယ်သော ရူပါရုံဖြစ်လျှင် နှစ်သက်ဝမ်းမြောက်စွာဖြင့် အကုသိုလ်စိတ်နှင့်ယှဉ်သော သောမနဿ ဝေဒနာ ဖြစ်၏။ ထိုသောမနဿ အကုသိုလ် ဝေဒနာက လှပတင့်တယ်သော ရူပါရုံ၏ အရသာကို ခံစား၏။ ဇာတ် ကောင်ကသူခိုး၊ ဓားပြ၊ ဘီလူးစသည်ဖြစ်၍ ဖမ်းယူနှိပ်စက်သော ရူပါရုံဖြစ်လျှင် အကုသိုလ်နှင့် ယှဉ်သော ဒေါမနဿ ဝေဒနာက အာရုံ၏ အရသာကို ခံစား၏။ ဘုရားစသော ရတနာသုံးပါးဂုဏ်ကို

http://www.dhammadownload.com

ကြည်ညိုမြတ်နိုးသောသူ၌ ရွှေတိဂုံစေတီတော် မဟာမြတ်မုနိ ရုပ်ပွားတော်တို့ကဲ့သို့သော စေတီတော်၊ ရုပ်ပွားတော်တို့ကို ဖူးမြော်ရသောအခါ ကုသိုလ်စိတ်နှင့်ယှဉ်သော သောမနဿ ဝေဒနာဖြစ်၏။ ထို သောမနဿ ဝေဒနာကအာရုံ၏ အရသာကို ခံစားခြင်း၏။ ဤသို့လျှင် ဝေဒနာဖြစ်ပေါ်လာသမျှ ရူပါရုံ အစရှိသော အာရုံ၏ အရသာကို ခံစားခြင်း သဘော ရှိ၏။

ပေါ်ပေါက်လာသမျှသော သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့၌လည်း ရူပါရုံ၌ကဲ့သို့ပင် အာရုံကောင်းမွန်ကောင်းကို ခွဲခြားရ၍ အာရုံကောင်းလျှင် သုခ သောမနဿ ဝေဒနာဖြစ်မည်၊ အာရုံမကောင်းလျှင် ဒုက္ခ ဒေါမနဿ ဝေဒနာဖြစ်မည်။ အာရုံ မထင်ရှားလျှင် သို့မဟုတ် သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ ဝေဒနာတစ်ပါးပါးမဖြစ်လျှင် ဥပေက္ခာဝေဒနာ ဖြစ်မည်။ ဤသို့လျှင် ဝေဒနာသည် အာရုံ၏အရသာကိုခံစားသော အနု ဘဝန လက္ခဏာ အားဖြင့်...

၁။ သုခဝေဒနာ၊
၂။ ဒုက္ခဝေဒနာ၊
၃။ ဥပေက္ခာဝေဒနာ

ဟူ၍ သုံးပါးရှိသည်။ ကျန်နှိုင်းယဝေဒနာ ဘေဒ အားဖြင့်...

၁။ သုခဝေဒနာ၊
၂။ သောမနဿဝေဒနာ၊
၃။ ဒုက္ခဝေဒနာ၊
၄။ ဒေါမနဿ ဝေဒနာ၊
၅။ ဥပေက္ခာဝေဒနာ–

ဟူ၍ ငါးပါးရှိသည်။ ဤဝေဒနာသည်လည်း အတိတ် အနာဂတ် ပစ္စုပ္ပန် စသော–

ဝေဒနာအပေါင်းသည် ဝေဒနက္ခန္ဓာမည်၏၊ သုခဝေဒနာသည်လည်း ဝေဒနက္ခန္ဓာမည်၏။ သောမနဿဝေဒနာသည်လည်း ဝေဒနက္ခန္ဓာမည်၏၊ ဒေါမနဿ ဝေဒနာသည်လည်း ဝေဒနက္ခန္ဓာမည်၏၊ ဥပေက္ခာဝေဒနာသည်လည်း ဝေဒနက္ခန္ဓာမည်၏– ဟူ၍ မှတ်ပါ။ ဝေဒနာချင်းကား ရောယှက်ခြင်း မရှိကြ။ သုခဝေဒနာဖြစ်လျှင် ဒုက္ခဝေဒနာမဖြစ်၊ ဒုက္ခဝေဒနာ ဖြစ်လျှင်လည်း သုခဝေဒနာမဖြစ်၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ ဝေဒနာတို့သည်လည်း ထိုနည်းတူပင် ရောယှက်ခြင်းမရှိကြကုန်။ ဤမျှသော စကားဖြင့် ယောဂီတို့သည် ဝေဒနက္ခန္ဓာကို သိရှိကြရပေပြီ။

ဝေဒနက္ခန္ဓာပြီး၏။

× × ×

သညက္ခန္ဓာ

သညက္ခန္ဓာကို ပြပေအံ့။ အနီ၊ အဝါ၊ အစိမ်းစသည်ဖြင့် အာရုံကို အမှတ်ပြု၍ သိတတ်သော သဘောလက္ခဏာရှိသော တရားသည် သညာ မည်၏။ ဤသညာသည်လည်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသော သညာအပေါင်းသည် သညက္ခန္ဓာမည်၏။ သညာသည်ကား ဘေဒအားဖြင့် ဘယ်နှပါးရှိသည်ဟု အထူးတစ်လည်မရှိပေ။ သို့သော်လည်း အနီဟူ၍ မှတ်သော သညာ၊ အဝါဟူ၍ မှတ်သောသညာ၊ ခွေးဟူ၍ မှတ်သော သညာ၊ ကြောင်ဟူ၍ မှတ်သော သညာ အစရှိသည်ဖြင့် ဆိုရမူကား ရာထောင်သိန်းသန်းမက အရေအတွက် သန်ျာလွန်အောင် များပြားလှစွာသော သညာတွေ ဖြစ်နိုင်သည်ကို သတိပြုကြရမည်။ ဤမျှဖြင့် သညက္ခန္ဓာကို သိရှိကြရပေပြီ။

သညက္ခန္ဓာပြီး၏။

× × ×

သင်္ခါရက္ခန္ဓာ

သင်္ခါရက္ခန္ဓာကို ပြပေအံ့။ ။ သင်္ခါရက္ခန္ဓာ၏ သရုပ်အရေအတွက်ကား ၅၀ ရှိ၏။ စေတသိက် ၅၂

http://www.dhammadownload.com

ပါးတို့တွင် ဝေဒနာ ဝေဒနာကွန္ဓာ ဟူ၍ ဟောတော်မူသည်။ သညာကို သညက္ခန္ဓာဟူ၍ ဟောတော်မူသည်။ ကျန်သော စေတသိက် ၅၀ ကိုကား သင်္ခါရက္ခန္ဓာဟူ၍ ဟောတော်မူသည်။

သင်္ခါရက္ခန္ဓာ ဖွဲ့ထိုက်သော (၀၊) - သင်္ခါရက္ခန္ဓာ ဖြစ်သော စေတသိက်တို့သည်ကား...

၁။ သဗ္ဗ စိတ္တသာဓာရဏ စေတသိက် (ဝေဒနာ၊ သညာကြဉ်) ၅ပါး

၂။ ပကိဏ်းစေတသိက် ၆ ပါး

ပေါင်း အညသမာန စေတသိက် ၁၁ပါးဖြစ်၏။

အကုသိုလ် စေတသိက်... ၁၄

သောဘဏသာဓာရဏ စေတသိက်... ၁၉

ဝိရတီ စေတသိက်... ၃

အပ္ပမညာ စေတသိက်... ၂

ပညိန္ဒြေ စေတသိက်... ၁

ပေါင်း ၅၀ ဖြစ်သည်။

ဤစေတသိက် ၅၀ ကို သင်္ခါရက္ခန္ဓာဖြစ်သည်ဟု အကျဉ်းအားဖြင့် မှတ်ပါ။

သင်္ခါရက္ခန္ဓာဖွဲ့ထိုက်သော ၅၀ သော စေတသိက်တို့သည် တစ်ပါး တစ်ပါးစီဖြစ်စေ၊ သဘောတူပေါင်း၍ဖြစ်စေ သင်္ခါရက္ခန္ဓာ အမည်ရှိကြသည်။ စေတသိက်တစ်ပါးစီဖြစ်သော်လည်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်စသော အပေါင်းအားဖြင့် သင်္ခါရက္ခန္ဓာ ဖွဲ့ရသည်။ သို့သော် စေတသိက်တို့သည်ကား တစ်ပါးတည်းဖြစ်သည်ဟူ၍မရှိ၊ သဘောတူရာ အဖွဲ့နှင့် ပေါင်း၍ပေါင်း၍ ဖြစ်တတ်ကြသည်။

ခန္ဓာငါးပါးရှိသည်တွင်-

၁။ ရူပက္ခန္ဓာ၊

၂။ ဝေဒနာက္ခန္ဓာ၊

၃။ သညက္ခန္ဓာ၊

၄။ သင်္ခါရက္ခန္ဓာ

တို့ကို ယောဂီတို့သည် သိရှိကြရပေပြီ။

ဝိညာဏက္ခန္ဓာ

ယခုအခါ ဝိညာဏက္ခန္ဓာကိုပြဆိုပေအံ့။ ။ ဝိညာဏက္ခန္ဓာဟူသည် စိတ်ပင်တည်း။ အာရုံကို ယူတတ်၊ အာရုံကို သိတတ်သော သဘော လက္ခဏာရှိသော တရားသည် စိတ်မည်၏။ အထူးထူး အပြားပြားသော အာရုံတို့ကို ယူတတ်သောကြောင့် ထိုစိတ်သည်ပင် ဝိညာဉ်ဟူသော အမည်ကို ရပြန်သည်၊ အတိတ် အနာဂတ် ပစ္စုပ္ပန် စသော ဝိညာဉ်စိတ် အပေါင်းစုသည် ဝိညာဏက္ခန္ဓာမည်၏။

ထို ဝိညာဉ်ဟူသော စိတ်သည် အာရုံကို ယူတတ်၊ သိတတ်သော သဘောအားဖြင့် တစ်မျိုးတစ်ပါးသာလျှင်ဖြစ်၏။ သို့ပင် တစ်မျိုးတစ်ပါးသာလျှင် ဖြစ်သော်လည်း ဖြစ်ရာဘုံအားဖြင့် ဝေဖန်လျှင်သော်လည်းကောင်း၊ မျိုးတူဇာတ်တူအားဖြင့် ဝေဖန်လျှင်သော် လည်းကောင်း၊ အကျဉ်း ၈၉၊ အကျယ် ၁၂၁ ပါး ဖြစ်လေသည်။

'ခန္ဓာငါးပါး ရှိကုန်သော လူ နတ် စသော ကာမဘုံသားတို့ သန္တာန်၌' ဟူ၍ ရှေ့နားက ပြောဆိုခဲ့သည်မှာ ယောဂီတို့နှင့်နီးသော ခန္ဓာ ငါးပါးလုံးကို ရသော သတ္တဝါတို့ကို ပြဆိုခြင်းဖြစ်သည်။ ရသလောက်ကို ပြဆိုရမူကား အသည်းသတ်နှင့် အရူးမှတစ်ပါး ရူပဗြဟ္မာတို့သည်လည်း ခန္ဓာငါးပါးရသော ပဋိသန္ဓေဝေါကာရသတ္တဝါတို့ပင် ဖြစ်သည်ကို သိထားကြပါ။ သို့ပင် ဗြဟ္မာတို့တိုင်အောင် ခန္ဓာငါးပါး ရှိကြသော်လည်း ကာမဘုံသားလူများအား ရည်ညွှန်းကာ ရေးသားသော တရားတော် ဖြစ်သောကြောင့် လူနတ် စသော ကာမဘုံသားတို့ သန္တာန်၌ဟု စကားသုံးခဲ့ခြင်း ဖြစ်သည်။

ကာမဘုံသားတို့တွင်လည်း ယောဂီတို့နှင့် အနီးကပ်ဆုံးဖြစ်သော လူတို့၏ သန္တာန်၌ ရှုရန် ထိုထက် မိမိ၏ ခန္ဓာသန္တာန်၌ ရှုစေလိုခြင်း ဖြစ်သည်။ ယောဂီတို့သည် ဆင်ခြင်၍ ဉာဏ်ဖြင့် ရှုကြစမ်းပါ၊ ကြည့်ကြစမ်းပါ၊ ယခု ပြဆိုခဲ့သော ရုပ်ခန္ဓာ နာမ်ခန္ဓာ

http://www.dhammadownload.com

တို့မှတစ်ပါး ယောဂီတို့၏ ခန္ဓာသန္တာန်အစဉ်၌ အခြားဘာများကို ရှာဖွေကြည့်ရှု၍ တွေ့မြင်ပါသေးသလဲ၊ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့မှတစ်ပါး ရုပ်ခန္ဓာ နာမ်ခန္ဓာတို့အပြင် အခြားဘာကိုမျှ မတွေ့မမြင်၊ ရုပ်တွေကိုသာ တွေ့မြင်သည်။ စိတ် စသော နာမ်တရားတွေကိုသာ တွေ့မြင်သည်ဆိုလျှင် ယောဂီတို့သည် ဝမ်းမြောက်ထိုက်လှပေပြီ။ အဘယ့်ကြောင့်နည်း မိမိ ခန္ဓာအစဉ်သူတစ်ပါး ခန္ဓာအစဉ်တို့ကို ဉာဏ်ဖြင့် ဆင်ခြင်၍ ကြည့်ရှုပါမူ အစဉ်အဆက် ဖြစ်ပျက်နေသော ရုပ်အပေါင်း၊ နာမ်အပေါင်းတို့ကိုသာ မြင်သော ဉာဏ်ကို ရသောကြောင့်ဖြစ်၏။ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရသည်ဟု ဆိုသည်။

ဆောင်ပုဒ်။ ။ ခန္ဓာဓာတ်အားအဖြာဖြာ၊ ခွဲကာ ဉာဏ်နှင့်ယှဉ်။ ပုထုဇန၊ ကလျာဏ၊ မှတ်ကြ သူ့ကိုပင်။

နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရသော ပုဂ္ဂိုလ်သည် (၀၊) ယောဂီသည် ကလျာဏ ပုထုဇဉ် အဆင့်အတန်းသို့ ရောက်ရှိလေတော့သည်။ ဉာဏ် မျက်စိကို ရသော ပုထုဇဉ် ပုဂ္ဂိုလ်ဟု ဆိုလိုသည်။

ဝမ်းမြောက်ဖွယ်ကောင်းလေစွ။

စူဠသောတာပန်ဖြစ်ကြောင်း ပစ္စယပရိဂ္ဂဟဉာဏ် အကြောင်းတရား ရှာဖွေခြင်း

အရာဝတ္ထု တစ်စုံတစ်ရာ ဖြစ်ပေါ်လာခဲ့လျှင် ၎င်းအရာဝတ္ထုသည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည် မဟုတ်၊ အကြောင်းရှိတတ်ပေသည်။ ရောဂါ ဝေဒနာတစ်ခု ဖြစ်လာလျှင်လည်း ထိုရောဂါဝေဒနာသည် အကြောင်းမဲ့မဟုတ်၊ အပူကြောင့်သော်လည်း ဖြစ်မည်၊ အအေးကြောင့်သော်လည်း ဖြစ်မည်၊ သွေး၊ သည်းခြေ၊ လေ၊ သလိပ် တစ်မျိုးမျိုးကြောင့်သော်လည်း ဖြစ်မည်။ ထိုနည်းတူပင် ယောဂီတို့သည် ခွဲခြားကာ သိမြင်ခဲ့ပြီးသော ရုပ်ခန္ဓာ နာမ်ခန္ဓာတို့သည် အကြောင်းကင်းစွာ အကြောင်းမဲ့ ဖြစ်ပေါ်လာကြသည်မဟုတ်၊ အကြောင်းရှိကြပေသည်။ ထို အကြောင်းတို့ကို ရှာဖွေကုန်အံ့၊ ကြည့်ကြကုန်အံ့။

ရုပ်တို့၏ အကြောင်းတရား၊ နာမ်တို့၏ အကြောင်းတရားတို့ကို စူးစမ်း ရှာဖွေကြည့်ရှု၍ တွေ့မြင်သိရှိကြလျှင် ယောဂီတို့သည် တစ်ဆင့်တက်၍ အတန်းအစားမြင့်ကြပေလိမ့်ဦးမည်။ ရုပ်နာမ်တို့၏ အကြောင်းတရားကို သိမြင်သော ယောဂီတို့သည် အတန်းအစားတစ်ဆင့်တိုးတက်၍ မြင့်သည့်ပြင် အားရကျေနပ်ဖွယ်ကောင်းသော ဂုဏ်ထူးတစ်ရပ်ကိုလည်း ရရှိကြပေလိမ့်ဦးမည်။ ယင်းဂုဏ်ထူးသည်ကား အခြားမဟုတ်၊ ယခုဘဝအတွက် အပါယ်တံခါးပိတ်နိုင်သော ဂုဏ်ထူးပင် ဖြစ်၏။

'ပုထုဇနာ နာမ စတ္တာရော အပါယာ သကဂေဟ သဒိသာ' ပုထုဇဉ်တို့မည်သည် အပါယ်လေးဘုံတို့သည် မိမိတို့၏ နေအိမ်သဖွယ် ဖြစ်ကုန်၏ဟု အဆိုရှိသော်လည်း ရုပ်နာမ်တို့၏အကြောင်းကို သိမြင်သော ယောဂီသည်ကား ပုထုဇဉ်ပင် ဖြစ်စေကာမူ အပါယ်သို့ မကျမရောက်မူ၍ အပါယ်တံခါးပိတ်သဖြင့် အပါယ်ဘုံမှ လွတ်မြောက်ကြသော ဂုဏ်ကျေးဇူးကို ရရှိကြပေမည်ဟု ဆိုသည်။ ကတိမြဲသော စူဠသောတာပန်ဖြစ်သည်ဟု ဆိုလိုသည်။ သို့ကြောင့် ယောဂီတို့သည် ရုပ်တို့၏ ဖြစ်ကြောင်းတရား၊ နာမ်တို့၏ ဖြစ်ကြောင်းတရားတို့ကို မြင်ထိုက်၊ သိထိုက်ကြပေသည်။ မြင်အောင် သိအောင် စိတ်အာရုံစိုက်၍ နှလုံးသွင်းကြကုန်လော့။

နာမရူပ ပရိစ္ဆေဒဉာဏ်ကို ပြစဉ်ကလည်း ရုပ်နာမ်တို့၏ ဖြစ်ကြောင်းတို့ကို အထိုက်အလျောက် ပြခဲ့ပြီ။ သို့ပင် ပြခဲ့သော်လည်း ပိုမို ကျယ်ပြန့်စွာ ဉာဏ်ပွင့်စေခြင်း ဆက်၍ ပြဉ်းအံ့။

နာမ်ရုပ်နှစ်ပါးတို့တွင် ရူပက္ခန္ဓာ ရုပ်အပေါင်း၏ အကြောင်းတရားတို့သည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ ဟူ၍ ကဲငါးပါး ရှိကုန်၏။ ထိုငါးပါးတို့တွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ

http://www.dhammadownload.com

ဤလေးပါးတို့သည် ရုပ်ကို ဖြစ်စေတတ်သော ဇနက အကြောင်း ဖြစ်ကုန်၏။ အာဟာရသည်ကား အထောက်အပံ့ဖြစ်သော ဥပထမ္ဘက အကြောင်း ဖြစ်၏။ တစ်နည်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် သုံးပါးသည် ရုပ်၏ မိုရာ မိခင်နှင့် တူ၏။ ကံသည်ကား ဖြစ်စေတတ်သော ဖခင်နှင့်တူ၏။ အာဟာရသည်ကား အထိန်းနှင့်တူ၏ ဟူ၍ ဥပမာ ပြုကုန်၏။

နာမ်ဖြစ်ကြောင်းများ

ရူပါရုံတစ်ခု ဖြစ်ပေါ်လာလျှင် ယင်း ရူပါရုံနှင့် ပြိုင်၍ ဖြစ်သော စက္ခုပသာဒရုပ်ကို အမှီပြုကာ စက္ခုပသာဒရုပ်ကို ရှေးရှုဖြစ်ခြင်းသည်ပင်လျှင် စက္ခုဝိညာဉ် စိတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်၏။ ရူပါရုံနှင့် စက္ခုပသာဒ ရုပ်ကို အကြောင်းပြု၍ စက္ခုဝိညာဉ်စိတ် ဖြစ်သည်ဟုဆိုလိုသည်။ ရုပ် ၂ ပါးသည် အကြောင်း၊ စက္ခုဝိညာဉ် စိတ်တည်းဟူသော နာမ်သည် အကျိုး ဖြစ်၏။

ထို့အတူ သဒ္ဒါရုံနှင့် သောတပသာဒ ရုပ်တို့ ရှေးရှု ဖြစ်ခြင်းသည် သောတဝိညာဉ် စိတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်၏။ သဒ္ဒါရုံနှင့် သောတပသာဒ ရုပ်ကြောင့် သောတဝိညာဉ် စိတ်ဖြစ်၏။

ဂန္ဓာရုံနှင့် ဃာနပသာဒရုပ်၊ ရသာရုံနှင့် ဇိဝှါပသာဒရုပ်၊ ဖောဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒရုပ်တို့ အသီးအသီး ရှေးရှုဖြစ်ခြင်းသည် ဃာနဝိညာဉ် စိတ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ် စိတ်တို့၏ ဖြစ်ကြောင်း ဖြစ်ကုန်၏။

ရူပါရုံစသော အာရုံငါးပါးတို့သည် အာရမ္မဏ ပစ္စည်းအဖြစ်ဖြင့် စက္ခုဝိညာဉ်အစရှိသော ပဉ္စဝိညာဉ် စိတ်တို့အား အကြောင်းပြုကုန်၏။ စက္ခုပသာဒ စသော ပသာဒရုပ် ငါးပါးတို့သည်ကား နိဿယ ပစ္စည်းအဖြစ်ဖြင့် စက္ခုဝိညာဉ်စိတ် အစရှိသော ပဉ္စဝိညာဉ်စိတ်တို့အား အကြောင်းပြုကြကုန်၏။ ဤသို့လျှင် အာရုံငါးပါးနှင့် ပသာဒရုပ် ငါးပါးတို့သည် ဒွေပဉ္စဝိညာဉ် ၁၀-ပါးတည်းဟူသော နာမ်တရားတို့အား အကြောင်း ပြုကြကုန်၏။

တစ်နည်း။ ။ယောနိသော မနသိကာရသည် ကုသိုလ်စိတ်ဖြစ်ခြင်း အကြောင်းဖြစ်၏။ အယောနိသော မနသိကာရသည် အကုသိုလ်စိတ်ဖြစ် ခြင်း၏ အကြောင်းဖြစ်၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် အကျိုးဝိပါက် စိတ်ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်၏။ ဤသို့လျှင် အကျဉ်းအားဖြင့် စိတ်နာမ်တရားတို့၏ ဖြစ်ကြောင်း တရားတို့ကို သိကြရာ၏။ စိတ်နာမ် ဖြစ်လျှင်လည်း ဆိုင်ရာ ဆိုင်ရာ စေတသိက် နာမ်တို့သည် စိတ်နှင့်ယှဉ်လျက် အတူပါဝင်ကြသည်ကိုလည်း သိကြပါလေ။

ရုပ်ဖြစ်ကြောင်းတစ်နည်း။ ။ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့သည် ရုပ်ဖြစ်ကြောင်း တရားလေးပါး ဖြစ်ကုန်၏။ လွန်ခဲ့ပြီးသော ဘဝက ပြုခဲ့သော ကံသည် ကံကြောင့်ဖြစ်သော ရူပါရုံ၊ သဒ္ဒါရုံ စသော ရုပ်တို့၏ အကြောင်းဖြစ်ကုန်၏။ ဖြစ်ဆဲဖြစ်သော (ဝါ) ပစ္စုပ္ပန်ဖြစ်သော စိတ်သည် စိတ္တဇရုပ်၏ ဖြစ်ကြောင်းဖြစ်၏။ ဥတုသည် ဥတုဇရုပ်၏ ဖြစ်ကြောင်း ဖြစ်၏။ အာဟာရတို့သည် မိမိဖြစ်၍ဌီကာလသို့ ရောက်မှ ရုပ်ကို ဖြစ်စေနိုင်ကြသည်။

ပဋိစ္စသမုပ္ပာဒ်နည်းဖြင့် ရုပ်နာမ်ဖြစ်ကြောင်း

အဝိဇ္ဇာ ဖုံးကွယ်ခြင်းကြောင့် သံသရာ ခန္ဓာအစဉ်၏ အပြစ်ကို မမြင်ကြ၊ ခန္ဓာ၏ ဒုက္ခအဖြစ်ကို မမြင်ကြသောကြောင့် သံသရာ၌ ကျင်လည်ကြောင်း ဖြစ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ပြုလုပ်ကြကုန်၏။ ဤသို့ ပြုလုပ်ကြရာ၌ အဝိဇ္ဇာသည် ကံဟူသော သခ်ါရဖြစ်ခြင်း၏ အကြောင်းဖြစ်၏။ သခ်ါရသည် အဝိဇ္ဇာကြောင့်ဖြစ်သော အကျိုးတရားဖြစ်၏။ ကံတည်းဟူသော သခ်ါရကြောင့် ပဋိသန္ဓေဝိညာဉ်နှင့်တကွ သမ္မယုတ်ဖြစ်သော စေတသိက်တရား၊ ကမ္မဇရုပ်တရားတို့ ဖြစ်ကြကုန်၏။ သခ်ါရ

http://www.dhammadownload.com

သည် အကြောင်းတရား၊ ပဋိသန္ဓေဝိညာဉ် စေတသိက်၊ ကမ္မဇရုပ်တို့သည် အကျိုးတရားတို့ ဖြစ်ကုန်၏။

ဝိညာဉ်ကြောင့် နာမ်ရုပ်တွေဖြစ်ကြကုန်၏။

နာမ်ရုပ်ကြောင့် အဖျတ္တိကာယတန ၆-ပါးတို့ ဖြစ်ကုန်၏။

အဖျတ္တိကာယတနကြောင့် ဖဿ ၆-ပါးတို့ ဖြစ်ကုန်၏။

ဖဿ ၆ ပါးကြောင့် ဝေဒနာ ၆ ပါးတို့ ဖြစ်ကုန်၏။

ဝေဒနာ ၆-ပါးကြောင့် တဏှာ ၆-ပါးတို့ ဖြစ်ကုန်၏။

တဏှာကြောင့် ဥပါဒါန်တွေဖြစ်ကုန်၏။

ဥပါဒါန်ကြောင့် (၀၂) စွဲလမ်းခြင်းကြောင့် ဘဝဖြစ်ပြန်၏။

ဘဝကြောင့် ဇာတိ။

ဇာတိကြောင့် ဇရာ၊ မရဏ စသည်တို့ဖြစ်ကြကုန်၏။

ဤသို့အားဖြင့် ရုပ်နာမ်တို့သည် အကြောင်းအားလျော်စွာ ဖြစ်ကြကုန်သည်ဖြစ်၍ ရုပ်နာမ်တို့၏ ဖြစ်ကြောင်းတရားတို့ကို ဉာဏ်ဖြင့် မြင်အောင်ကြည့်ရှုကြကုန်ရာ၏။

ပညတ်သည် သဘာဝတရားသားကင်းပုံ

အိမ်ကြီးကိုဖျက်၍ ကျောင်းဆောက်သော အခါ အိမ်ဟူသော ပညတ်ပျောက်၍ ကျောင်း ဟူသော နာမပညတ်ဖြစ်ပြန်၏။ ကျောင်းကို တစ်ဖန်ဖျက်၍ ဇရုပ်ဆောက်လျှင် ကျောင်းဟူသော နာမပညတ်ပျောက်၍ ဇရုပ်ဟူသော နာမပညတ်ဖြစ်ပြန်၏။ သစ်သားတို့သည်ကား သစ်သားတို့သာဖြစ်ကုန်၏။ အိမ်လည်းမဟုတ်၊ ကျောင်းလည်းမဟုတ်၊ ဇရုပ်လည်းမဟုတ်ကြကုန်။ ဤနည်းတူပင် လူဟူ၍ ခေါ်ဝေါ်ပညတ်ရသော ရုပ်နာမ်အစဉ်သည် ကံအလျောက် နတ်ခန္ဓာအစဉ်အဖြစ်သို့ ရောက်သွားခဲ့မူ နတ်ဟူသော အမည်နာမပညတ်ဖြင့် နတ်ဟု ခေါ်ဆိုပညတ်ခြင်းသို့ ရောက်၏။ အမည် နာမမဟုတ် ပြောင်းလွဲသွားသော်လည်း ရုပ်နာမ်အစဉ်ကား နာမ်အစဉ်သာ ဖြစ်၏။ နတ်လည်းမဟုတ်၊ လူလည်းမဟုတ်ပေ။ ရုပ်နာမ်တို့သာလျှင် ဖြစ်၏။ အကြောင်းက စသည်တို့ကြောင့် အကျိုးအနေဖြင့် ဖြစ်ပေါ်ကြခြင်းတို့သာတည်း။

ဥပမာတစ်မျိုးကား။ ။မြေညက်ကို ပန်းပုပညာရှင် တစ်ဦးသည် နွားရုပ် ပြုလုပ်၏။ ထိုအရုပ်ကို ပညတ်အားဖြင့် နွားရုပ်ဟု ခေါ်ဆိုရ၏။ နွားရုပ်ကိုဖျက်၍ တစ်ဖန် ဆင်ရုပ်ပြုလုပ်လျှင် ဆင်ရုပ်ဟု ခေါ်ဆိုရ၏။ မြေညက်ကား မြေညက်သာ ဖြစ်၏။ နွားလည်းမဟုတ်၊ ဆင်လည်းမဟုတ်ပေ။ ထို့အတူ လူဟု ဆိုရသော ရုပ်နာမ်သည်လည်း ပရမတ် ရုပ်နာမ်ပင် ဖြစ်၏။ ရုပ်နာမ်သည်ကား လူလည်းမဟုတ်၊ နတ်လည်းမဟုတ်ပေ။ ကံစသော အကြောင်းကြောင့် အကြောင်းအကျိုး ဆက်ကာဆက်ကာ အကြောင်းအားလျော်စွာ အသစ်အသစ် ဖြစ်ပေါ်နေသော ရုပ်နာမ်အစဉ်ကိုပင် သူပဲ၊ ငါပဲ၊ နတ်ပဲ လူပဲဟူ၍ ပညတ်တင်စားကာ ခေါ်ဝေါ်ပြောဆိုနေကြခြင်းသာဖြစ်သည်ဟူ၍ ပညတ်နှင့်ပရမတ်ကို ခွဲခြား၍ သိကြပါလေ။

ဤမျှလောက် ရေးသားပြဆိုခြင်းဖြင့် ရုပ်နာမ်ပရမတ်တို့သည် အကြောင်းမဲ့ ဖြစ်ကြသည်မဟုတ်၊ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန် ဘဝ စသော ဆိုင်ရာဆိုင်ရာ အကြောင်းတို့ကြောင့် ဖြစ်ကြသည်။ ဘယ်သူမှ ပြုလုပ်ကြသည်မဟုတ်၊ ဖန်ဆင်းသည်လည်းမဟုတ်၊ ပြုလုပ်သူ ဖန်ဆင်းသူမရှိ၊ အကြောင်းအလျောက် ဖြစ်ကြသည်ဖြစ်၍ အကြောင်းအကျိုးဖြစ်သော ရုပ်နာမ်တို့သာ ရှိသည်။ ငါမရှိ၊ ငါဟူသည်ကို ရှာမရ၊ ငါဟူသည်ကို ရှာမရသည်ကို သိကြသဖြင့် ယုံမှားခြင်း၊ သံသယပျောက်ကင်း၍ အပါယ်တံခါး ပိတ်စွမ်းနိုင်သူ ဖြစ်ရပါပေသည်ဟု လှိုက်လှဲ

http://www.dhammadownload.com

စွာ ဝမ်းသာသင့်ပေသည်။

ဤ ပစ္စယပရိဂ္ဂဟဉာဏ်ကိုရလျှင် ယုံမှားခြင်း ကင်းသော ကခ်ါ ဝိတရဏဝိသုဒ္ဓိ ဖြစ်၏။

ဆောင်ပုဒ်။

အဝိဇ္ဇာ–တဏှာ၊ ကံ–စိတ်– ၃ ဟာ၊ အတန်တန်။
နာမ်–ရုပ်နှစ်ခု၊ ဖြစ်ကြောင်းဟု၊ မှတ်ရှုဉာဏ်မျက်မှန်။
နာမ်–ရုပ်နှစ်ဝ၊ ကြောင်းသိက၊ ပစ္စယ ပရိဂ္ဂဟဉာဏ်။
ပရိစ္ဆေဒ၊ ပစ္စယ၊ ဉာဏရသူမှန်။
အပါယ်လေးဝ၊ လွတ်မြောက်ရ၊ စူဠသောတာပန်။
ကျမ်းဂန်အရ၊ ထုတ်ဆောင်ပြ၊ မှတ်ကြဧဝကန်။

[ရွှေဟင်္သာဆရာတော်ကြီး၏
ကာယာနုပဿနာကျမ်းနှင့် အမတဂါမိနီ
တရားတော်တို့မှ ထုတ်နုတ်ဖော်ပြပါသည်။]

ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

ဖားအောက်တောရ သစ်သီးဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဟားအောက်တောရ သစ်သီးဆရာတော်ဘုရားကြီး၏

ထေရပ္ပတ္တိအကျဉ်း

(၁၂၆၃-၁၃၃၄)

ဆရာတော်လောင်းလျာကို ၁၂၆၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ တနလာနေ့ နံနက်အရုဏ်တက် အချိန်တွင် မော်လမြိုင်မြို့နယ် ဟားအောက်ရွာနေ ဦးရာ-ဒေါ်ငြိမ်းဒူတို့မှ ဖွားမြင်တော်မူပါသည်။ မောင်ကံထူးဟု အမည်မှည့်ပါသည်။

မွေးချင်းမောင်နှမ ရှစ်ဦးရှိသည်။ ၎င်းတို့မှာ ဆရာတော်လောင်းလျာ မောင်ကံထူး၏ အောက်တွင် မတုပ်၊ မောင်ခန့်၊ မတင်၊ မောင်တီး၊ မောင်လှိုင်၊ မောင်ဘိုးမျိုင်၊ မခင်နု၊ မောင်ဆားဟင်းတို့ ဖြစ်ကြသည်။

မောင်ကံထူး သုံးနှစ်သားအရွယ်တွင် အဘိုးအဘွားဖြစ်ကြသူ ကော့ခမယ်ရွာသူကြီး ဦးချုပ်နှင့် ဒေါ်ခရော့တို့က အိမ်တွင် ခေါ်ထားပြီး ကျောင်းနေသည်အထိ အဘိုးအဘွားတို့အိမ်၌သာ နေထိုင်ခဲ့လေသည်။

ဟားအောက်ရွာ တိုက်ကျောင်းဘုန်းကြီး ဦးသီလ (ငယ်နာမည် ဦးဗြန်) ထံ၌ ပညာသင်ကြားရာ သင်ပုန်းကြီး၊ မင်္ဂလသုတ်မှစ၍ ရွေးသင်ရိုးအတိုင်း ဇာတ်တော်ကြီးများကို သင်ကြားခဲ့လေသည်။

၁၄ နှစ်သားအရွယ်တွင် အဘိုးအဘွားနှင့် မိဘနှစ်ပါးတို့က ဘုန်းတော်ကြီး ဦးဗြန်ထံတွင်ပင် သာသနာ့အမွေ ခံယူစေလျက် ရှင်အဖြစ်သို့ ရောက်တော်မူလေသည်။ ဘွဲ့တော်မှာ ရှင်ခေမာဝန္တဖြစ်သည်။ ကတိုးကော့နပ်ရွာတိုက်ကျောင်းဆရာတော် ဘုရားကြီးဖြစ်သည်။ ကတိုးကော့နပ်ရွာတိုက်ကျောင်းဆရာတော်ဘုရားကြီးက ရှင်ခေမာဝန္တကို သူ့ထံတွင် ပညာသင်ကြားရန် ခေါ်ဆောင်သွားခဲ့ပေသည်။ ရှင်ခေမာဝန္တသည် ကတိုးကော့နပ်ကျောင်း၌ ပင် ၁၄ နှစ်သားမှ ၁၉နှစ်သားအရွယ်အထိ သဒ္ဒါ၊ သဂြိုဟ်၊ ဆန်း၊ အဘိဓာန်၊ အလင်္ကာ၊ ညဝါမှစ၍ အခြေခံစာပေများကို သင်ကြားတတ်မြောက်ခဲ့ရုံမျှမက ကခ်ါဝိတရဏီ အဋ္ဌကထာနှင့် ဝိနည်းပါဠိတော်ကြီးများကိုပင် ရဟန်းတော်များနှင့် တွဲ၍ တက်ရောက်သင်ကြားနိုင်ခဲ့ပေသည်။

ထိုကျောင်းတွင် သာမဏေဘဝဖြင့် ငါးဝါဆိုပြီးနောက် ငယ်ဆရာ ဦးဗြန်၏ ကျောင်းသို့ ပြန်ရောက်ခဲ့ပြန်သည်။ ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ရက်နေ့တွင် အဘိုးအဘွားနှင့် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဟားအောက်ရွာ တိုက်ကျောင်းဆရာတော် ဦးသီလကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ရဟန်း ၂၀ါအရွယ် ပညာသင်ကြားရန်အတွက် ၁၂၈၄ ခုနှစ်တွင် စစ်ကိုင်းတောင် မဟာဂန္ဓာရုံချောင်

http://www.dhammadownload.com

သို့ ကြွရောက် သီတင်းသုံးကာ စာပေပရိ ယတ္တိကို သင်ယူခဲ့သည်။ အရှင်ခေမာဝန္တမဟာဂန္ဓာရုံသို့ ရောက်သောအခါတွင် မဟာဂန္ဓာရုံ ဆရာတော်ကြီး မရှိတော့ပြီ။ သို့သော် ဆရာတော်ကြီး၏ လက်ရင်း တပည့်ကြီးဖြစ်သူ မဟာသုခ ချမ်းအေး ဆရာတော်ကြီးထံတွင် ပရိယတ်၊ ပဋိပတ်ကို လက်ရင်းကျကျ တပည့်အဖြစ် ချီးမြှောက်ခြင်းကို ခံယူရရှိတော်မူခဲ့လေသည်။ ထို့ပြင် စံကင်းဆရာတော် ဘုရားကြီးနှင့် မြောင်းမြဆရာတော် ဘုရားကြီးထံတွင်လည်း ပရိယတ်၊ ပဋိပတ်တို့ကို သင်ယူတော်မူခဲ့သေးသည်။

အရှင်ခေမာဝန္တသည် မဟာဂန္ဓာရုံချောင်သို့ ရောက်ပြီး ပထမတစ်နှစ်တွင် ပရိယတ္တိကို သင်ယူသည်။ သို့သော် စွဲကပ်လာသော လေရောဂါကြောင့် ပရိယတ္တိ သင်ကြားမှုကို လျှော့ပေါ့၍ ပဋိပတ္တိလုပ်ငန်းခွင်သို့ ကူးပြောင်းခဲ့လေသည်။ ထိုအချိန်မှစ၍ မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ဩဝါဒအတိုင်း အသားဟင်းတို့ကို လုံးဝရှောင်ကြဉ်လိုက်လေသည်။ 'သဗ္ဗမံသံ ပရိဝဇ္ဇေမိ' ဟူသော အဓိဋ္ဌာန်ကို သန်သန်ကြီး ဆောက်တည်ရာမှ နောင်တွင် သစ်သီးဆွမ်းကို ဘုဉ်းပေးသည်အထိ တိုးတက် အားထုတ်ခဲ့ပေသည်။

၁၂၈၇ ခုနှစ်တွင် စစ်ကိုင်းတောင်မှ ဖားအောက်ရွာသို့ ပြန်လည်ကြွခဲ့သည်။ ဖားအောက်ရွာနှင့် အလှမ်းမဝေးသော တောင်ခြေတွင် ဧကစာရီ တစ်ပါးတည်း တောရဆောက်တည်ခဲ့သည်။ တောရဆောက်တည်ချိန်မှ စ၍ ဓုတင် ၁၃ ပါးကို ရဏိုင်သမျှ စွဲစွဲမြဲမြဲ အားထုတ်တော်မူခဲ့ပေသည်။

ဆရာတော်သည် လှူဒါန်းပေးကမ်းမှုဌ်လည်း မရောင့်ရဲတတ်၊ မိမိ၌ ရသမျှတို့မှ အကောင်းအမွန်မှန်သမျှ သုံးဆောင်တော်မူလေ့မရှိ။ လှူဒါန်းသည်ချည်း ဖြစ်လေသည်။ သင်္ကန်းဆိုလျှင် သုံးဆောင်တော်မူမြဲ တိစီဝရိက်မှတစ်ပါး အပိုမထား၊ချေ။ ကျောင်းကန်နှင့် ပတ်သက်လျှင်လည်း အလိုနည်းတော်မူလေသည်။ သည်းခံရာ၌လည်း သူမတူအောင် ပင် သည်းခံတော်မူလေသည်။ ကတိတည်၍ အချိန်ကိုလည်း အလွန်တရာမှပင် လေးစားတော်မူပေသည်။

ဤသို့လျှင် စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံချောင်တွင် ကမ္မဋ္ဌာန်းတရားကို အားထုတ် ကျင့်သုံးတော်မူသော ရဟန်း ၄၀၊ သင်္ကေတ ၂၄ နှစ်ကစပြီး သင်္ကသတ်လွတ် ဆားဟင်းမှ အစပြု၍ သစ်သီး၊ သစ်ဥ၊ သစ်ဖု၊ သစ်ရွက် စိမ်းကျက်မရွေး၊ အသက်မွေး လွယ်ကူ၍ ၄၈နှစ်တိုင်တိုင် သင်္ကသတ်လွတ်ကို ဘုဉ်းပေးတော်မူခဲ့သည့် ကျေးဇူးတော်ရှင် သစ်သီးဆရာတော် ဘုရားကြီး ဦးခေမာဝန္တသည် ၁၃၃၄ခုနှစ် တပေါင်းလဆန်း ၉ရက် ညနေ ၃နာရီ အချိန်တွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့လေသည်။

ထေရပ္ပတ္တိအကျဉ်းပြီး၏။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင် ဖားအောက်တောရ သစ်သီးဆရာတော်ဘုရားကြီး၏
သြဝါဒတော်

၍ ခန္ဓာရှိနေလျှင် ဝေဒနာရှိနေမှာမဆန်း၊
၍ ခန္ဓာရှိနေသရွေ့ ဒုက္ခက မလွတ်သေးဘူး။

○

http://www.dhammadownload.com

ကျေးဇူးတော်ရှင်

ဖားအောက်တောရ သစ်သီးဆရာတော်ဘုရားကြီး၏

ဝိပဿနာရှုနည်း

နိဒါန်း

အထက်ဖော်ပြပါ သစ်သီးဆရာတော် ဘုရားကြီး၏ ထေရပွတ္တိအရဆိုပါလျှင် သစ်သီးဆရာတော်ကြီးသည် ပထမ မဟာဂန္ဓာရုံဆရာတော်ကြီးကို မမီလိုက်ပါ။ သို့သော် ဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သူ ချမ်းအေးဆရာတော်၏ ခြေတော်၌ ခိုလှုံခွင့်ရခဲ့ပါသည်။ ပထမ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ နိဿရည်းအတိုင်းပင် ဗုဒ္ဓါနုဿတိဘာဝနာကို အားထုတ်ခဲ့ပါသည်။ တပည့်များကိုလည်း ထိုဘာဝနာကိုပင် ပွားများစေလျက် ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်ခဲ့ပါသည်။

ဆရာတော်ကြီးအနေဖြင့် ရှုနည်း မှတ်နည်းကို ကျမ်းတစ်စောင် ပေတစ်ဖွဲ့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ နိဗ္ဗာနမဂ္ဂဒီပနီကျမ်းမှပင် ဗုဒ္ဓါနုဿတိရှုနည်းအား အကျဉ်းချုံး၍ဖော်ပြအပ်ပါသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းနည်းအကျယ်

ဝိတ္ထာရကထာ

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန ယောဂါဝစရော၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီ ပုဂ္ဂိုလ်သည်။ လ။ ဂန္ဓေယျ၊ ရောက်ရာ၏ ဟူသည် နှင့်ညီစွာ သံသရာဘေးကြီး၊ အပါယ်ဘေးကြီး၊ ဇာတိဘေးကြီး စသည်တို့မှ မရှုနိုင် မရှိုက်နိုင်အောင် အဟုတ် ထိပ်ပျာ လွန်မင်းစွာ ကြောက်လန့်၍ သက္ကာယနယ် ပညတ်တွေ အကုန်ကွယ်ပျောက်ရန် ပရိယတ် ပဋိပတ် နှစ်လမ်းစွမ်းနိုင်သည်လောက် ကောင်းကောင်းကြီး စခန်းပေါက်ခြင်းကို လွန်မင်းစွာ အလိုရှိသော ရဟန်းရှင်လူ ယောကျ်ားမိန်းမ မဟူ အလုံးစုံသောသူတို့သည် ယေဘုယျအားဖြင့် ခုနစ်ရက်အတွင်း ယခုချက်ချင်း ယခုလက်ငင်း ကိုယ်စီကိုယ်ငင လွန်ရင်းစွာ အေးမြ၍ တစ်သက်စာလုံး တစ်သံသရာလုံး အငြိမ်းစားသုခကို မြန်မြန်ကြီး ရစေနိုင်သော ဤဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို...

ဆိတ်တင်ဖြောင့်ငါး၊ ရှေ့မြွှာ၊ ကြိုးစားဘာဝနာဟူသော အင်္ဂါခုနစ်ပါးနှင့်ပြည့်စုံစွာ အားထုတ်ရလိမ့်မည်။ သည်အတိုင်းအဟုတ် ယုံကြည်စွာ အားထုတ်က မကြာခင် ခုနစ်ရက်အတွင်း ထင်ကြ၏။ နှစ်ရက် သုံးရက်အတွင်းမှာပင် ထင်ကြ၏။ နေ့ချင်းညချင်းပင် ထင်ကြ၏။ ။

ပွားနည်းအင်္ဂါ ၇ပါး

ဆိတ်-အရ အကျယ်။ ။ ထိုတွင်ဆိတ်ဆိုသည်ကား-အလုံးစုံ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်ရခြင်းကို ဆိုသည်။

http://www.dhammadownload.com

ဤဆိတ်ဟူသော အင်္ဂါဖြင့် ကာလ-ဒေသ နှစ်ပါးကို ပြသည်။ ကာလဆိုသည်ကား ဆိတ်ငြိမ်သောအခါကို ဆိုသည်။ ဒေသဆိုသည်ကား-ဆိတ်ငြိမ်သော တောအရပ်၊ သစ်ပင်ရင်းအရပ်ကို ဆိုသည်။ တောအရပ်၊ သစ်ပင်ရင်းအရိပ်သည် များသောအားဖြင့် ဆိတ်ငြိမ်ရာကို ရတတ်၏။ တောရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ သစ်ပင်ရင်း ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်သည်သာ လိုရင်းကြီး ဖြစ်၏။ ဆိတ်ငြိမ်ရာရမှ ကာယဝိဝေက ကို ရနိုင်မည်၊ ကာယဝိဝေကရမှ စိတ္တဝိဝေက ရနိုင်မည်၊ စိတ္တဝိဝေကရမှ ဥပဓိ ဝိဝေက ရနိုင်မည်။ ထို့ကြောင့် ဆိတ်ငြိမ်ရာအရပ်ကို ပဓာနလိုရင်းကြီးမှတ်။

လူရှင်မနှော ကာမဂုဏ်အာရုံငါးပါး မပါသော တောအရပ်မှာ ကာလဒေသ နှစ်ပါးလုံးရ၏။ လူရှင်ရောနှော ကာမဂုဏ်အာရုံငါးပါးပါသော မြို့ကြီး ရွာကြီး တိုက်တာကြီးအတွင်းဖြစ်ခဲ့လျှင် လူခြေတိတ်ကစ၍ လူများထကြသည်တိုင်အောင် ဤအတွင်းမှာမှ ကာလတစ်ပါးသာ အနိုင်ရ၏။ တစ်ညလုံး၌ ညဉ့်သုံးယံရှိသည်တွင် မဇ္ဈိမယံ သန်းခေါင်အခါကြီး၌ အားထုတ်ရလိမ့်မည်။

နက္ခတ်အစဉ်တို့ဖြင့် ကြည်လင်တောက်ပ အန္ဓရာယ်မပြွမ်း ဆိတ်ချမ်းအေးမြသော ဤညဉ့်သန်းခေါင်ယံကာလကြီးသည် ပညာရှိ သူတော်ကောင်းအပေါင်းတို့မှာ ငါးပါးအာရုံ ကာမဂုဏ်ရိပ်၌ တိတ်တိတ် ဆိတ်ဆိတ် အိပ်စရာအလို့ငှာ ဖြစ်ပေါ်လာသည်မဟုတ်၊ နိုးနိုးကြားကြား အပါယ်ဘေးကြီးက လွတ်ဖို့ရန်တရားကိုသာလျှင် အားထုတ်စရာ ဖြစ်ပေါ်လာ၏။ ထို့ကြောင့် သောဏစစ်သူကြီးဖြစ်ဖူးသော ရဟန်းကို မြတ်စွာဘုရားက ဆုံးမတော်မူသည်မှာ...

နု တာဝ သုပိတုံ ဟောတိ၊ ရတ္တိ နက္ခတ္တမာလိနီ။
ပဋိဇဂ္ဂိတု မေဝေသော၊ ရတ္တိ ဟောတိ ဝိဇာနတံ။
(ထေရ-၄ ၁၊ ၄၀၅)

နက္ခတ္တမာလိနီ၊ နက္ခတ်ပန်းတို့ဖြင့် ဆန်းကြည်သော။ ရတ္တိ၊ ညဉ့်သည်။ သုပိတုံ၊ ကာမဂုဏ်ရိပ်၌ တိတ်တိတ်ဆိတ်ဆိတ် အိပ်စရာအလို့ငှာ။ နတာဝ ဟောတိ၊ လိုရင်းစင်စစ် ဖြစ်ပေါ်လာသည်မဟုတ်။ နက္ခတ္တမာလိနီ၊ နက္ခတ်အစဉ်တို့ဖြင့် ကြည်လင်တောက်ပသော။ ဧသော ရတ္တိ၊ ဆိတ်ငြိမ် ချမ်းမြေ့ ဤညဉ့်ကာလသည်။ ဝိဇာနတံ-ဝိဇာနန္တာနံ၊ သဒ္ဓါ၊ ပညာမြစ်စွာ လုံ့လဥဿာဟနှင့် ပြည့်စုံကြကုန်သော ပညာရှိတို့အား။ ပဋိဇဂ္ဂိတုမေဝ၊ နိုးနိုးကြားကြား သူတော်ကောင်းတရားကို အားထုတ်စရာ အလို့ငှာသာလျှင်။ ဟောတိ၊ လိုရင်းစစ်စစ် ဖြစ်လာ, ပေါ်လာ၏။

ဤသောဏ စစ်သူကြီးဖြစ်ဖူးသော ရဟန်းသည် မြတ်စွာဘုရားဟောတော်မူသော ဒေသနာကို ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာ ကြားနာရ၍ တရားကိုသာ အားထုတ်ရှာ၏။ ဤသောဏ စစ်သူကြီးရဟန်းသည် အဟုတ်ပညာရှိသောသူပေတည်း။ ကြောက်မက်ဖွယ်အရေးအပါယ်ဘေးကြီးကို ကောင်းကောင်းကြီး မြင်သောသူပေတည်း။ မိမိကိုယ်ကိုလည်း ကောင်းကောင်းကြီးချစ်ခင်၍ အလွန်ပင် သနားသောသူပေတည်း။ မိရင်း ဖရင်း ဗြဟ္မာမင်း အစစ် ကိုးကွယ်ရာအမှန်ဖြစ်သော ကံ-ကံ၏အကျိုးများကို ယုံကြည်ကိုးစားသောသူပေတည်း။ ပဋိညဉ်ဝန်ခံချက်ကို ဖြောင့်ဖြောင့်ကြီး ဆောင်ရွက်သောသူပေတည်း။ သို့ကလောက် ဆိတ်ငြိမ်အေးမြ၍ ချမ်းသာလှသော ဤသန်းခေါင်ယံကာလကြီး၌ အားထုတ်ရလိမ့်မည်ဆိုလျှင် ဉာဏ်အမြင်ကင်း၍ အလျှင်းအားမထုတ်လိုသူ၊ အိပ်ရေးကိုသာ အလေးပြု သူတို့က ဤအခါ အိပ်ချိန်ကာလကြီးကို တရားမရနေရတော့မှာပဲ၊ အားမထုတ်နိုင်ဟု ဆိုကြရာ၏၊ ဆိုကြလိမ့်မည်၊ မဆိုသော်လည်း တုံးခနဲ လဲ၍ အိပ်ကြလျှင် ဆိုရာရောက်၏။ မုချလည်း အိပ်ကြလိမ့်မည်။

ထိုသူတို့သည် 'ယထာသုခံ ဘုဉ္ဇန္တိ၊ ယထာသုခံ ပိဝန္တိ' အဆိုရှိသည်အလျောက် စားချင်တိုင်း၊

http://www.dhammadownload.com

သောက်ချင်တိုင်း စားသောက်၍ ကာမဂုဏ်အရိပ်၌ အိပ်ချင်တိုင်းအိပ်ကာ ပျော်ပါးကာနေကြသော သူဌေးသားလေးယောက်တို့ကဲ့သို့ အဟုတ်ပညာ မရှိသော သူတို့ပေတည်း။ လွန်မင်းစွာ ကြောက်မက်ဖွယ်အရေး အပါယ်ဘေးကြီးကို ပိတ်မမြင်သော သူတို့ပေတည်း။ မိမိကိုယ်ကိုလည်း ကောင်းကောင်းကြီး မချစ်မခင် အလွန်ပင် မသနားသော သူတို့ပေတည်း။ မိရင်းဖရင်း ဗြဟ္မာမင်းအစစ် ကိုးကွယ်ရာ အမှန်ဖြစ်သော ကံ ကံ၏ အကျိုးများကို မယုံကြည်၊ မကိုးစားသော သူတို့ပေတည်း။ ပဋိညာဉ် ဝန်ခံချက်ကို မဆောင်မရွက်ဘဲ ကိုယ်ကျိုးနည်းအောင် ဖျက်ဆီးသော သူတို့ပေတည်း။ ထို့ကြောင့် ထိုသူများနှင့် တကွ သူဌေးသားလေးယောက်တို့ကဲ့ သို့မဟုတ်၊ ပညာရှိကြီး သောဏစစ်သူကြီးရဟန်းကဲ့သို့ ဝမ်းမြောက် ဝမ်းသာဥဒါန်း ကျူးကာ ကျူးကာနှင့် ညဉ့်အခါ သန်းခေါင်ယံကာလကြီးပင်ဖြစ်သော်လည်း ကောင်းကောင်းကြီး အားထုတ်ရလိမ့်မည်။

တင်အရအကျယ်။ ။ တင်–ဆိုသည်ကား–

ထိုင်နည်းကို ဆိုလိုသည်။

ထို ထိုင်နည်းသည်–

မဟာပလ္လင်ထိုင်နည်း၊

အမှုပလ္လင်ထိုင်နည်း–

အားဖြင့် နှစ်ပါးအပြားရှိ၏။

တစ်နည်းကား–

ယောကျ်ားထိုင်နည်း၊

မိန်းမထိုင်နည်း–

အားဖြင့် နှစ်ပါးအပြားရှိ၏။ မဟာပလ္လင်ထိုင်နည်းသည် ယောကျ်ားထိုင်နည်းတည်း။ အမှုပလ္လင်ထိုင်နည်းသည် မိန်းမထိုင်နည်းတည်း။

ထိုနှစ်ပါးတို့တွင် မဟာပလ္လင်ထိုင်နည်းသည်လည်း–

ဗောဓိရိုးထိုင်နည်း၊

မဟာခွေထိုင်နည်း–

အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဗောဓိရိုးထိုင်နည်းသည် ယခု ဆင်းတုတော်များကဲ့သို့ ခြေလက်ကိုထား၍ထိုင်နည်း၊ ခြေကို ဆင်းတုတော်များကဲ့သို့ ခြေထားပြီးလျှင် ဘယ်ဘက်လက်ကို အောက်ကထား၍ ညာဘက်လက်ကို အပေါ်က တင်၍ လက်မထိပ်ချင်းထိ၍ ထိုင်နည်း။ ဤသို့အားဖြင့် နှစ်ပါးအပြားရှိ၏။

မဟာခွေထိုင်နည်းမှာလည်း ဗောရိုးထိုင်နည်းနှင့် ခြေထားပုံသာထူး၍ လက်ထားပုံမထူးသောကြောင့် နှစ်ပါးပင်အပြားရှိ၏။

ခြေထားပုံမှာ ဘယ်ဘက်ခြေကို အောက်ကထားပြီးလျှင် ညာဘက်ခြေကို အပေါ်ကတင်၍ ထားလေ။

ယောကျ်ားထိုင်နည်း (၄) မျိုးပြီး၏။

× × ×

အမှုပလ္လင်ထိုင်နည်းကား ယခု မိန်းမများထိုင်သကဲ့သို့ထိုင်ပြီးလျှင် ဘယ်ဘက်လက်ကို အောက်ကထား၍ ညာဘက်လက်ကို အပေါ်ကတင်၍ လက်မထိပ်ချင်းထိ၍ ထိုင်လျှင် အမှုပလ္လင် ထိုင်နည်းဖြစ်သည်။

မိန်းမထိုင်နည်းပြီး၏။

× × ×

ပြဆိုခဲ့ပြီးသော ထိုင်နည်းတို့နှင့် အားထုတ်၍ ညောင်းညာလှလျှင် အညောင်းအညာလည်းပျောက်၊ မရောက်သေးသော အာရုံလည်းရောက်၊ ရောက်ပြီးသော အာရုံလည်း မပျောက်စိမ့်သောငှာ အမျိုးမျိုးသော ထိုင်နည်း၊ အမျိုးမျိုးသော ကျရိယာပုတ်တို့ဖြင့် ပြောင်းလဲပြင်ဆင်၍ ထိုင်ကြ၊ အားထုတ်ကြလေကုန်။

ထိုင်နည်းရှိသရွေ့ကိုသာ စုံလင်အောင် အမျိုးမျိုးရေးလိုက်သည်။ လိုရင်းထိုင်ပုံမှာ ယောကျ်ားများ

http://www.dhammadownload.com

မှာ ရှေ့ကပါသော ဘုန်းတော်ကြီးပုံအတိုင်း ထိုင်ကြလေ၊ မိန်းမများမှာ အမှုပလွင်ထိုင်နည်းအတိုင်း ထိုင်ကြလေ။

တင်အရ အကျယ်ပြီး၏။

× × ×

ဖြောင့်–အရအကျယ်။ ။ ဖြောင့် – ဆိုသည်ကား– ခါးအထက်ကိုယ်ကို ဖြောင့်မတ်စွာထားရမည်၊ ကိုယ်ကိုကိုင်း၍ မနေရ၊ ကုန်း၍မနေရ၊ တစ်ပါးဝတ္ထုကိုမှီ၍ မနေရ၊ ဦးခေါင်းကို မော့၍မနေရ၊ စောင်း၍ မနေရ၊ ဖြောင့်ဖြောင့်မတ်မတ်ကိုယ်၊ ဦးခေါင်းတို့ကို ထားရမည် ဆိုလိုသည်။

ဖြောင့်အရ အကျယ်ပြီး၏။

× × ×

မှာထားချက် ။ ။ဤ ဒုတိယ–တတိယ အင်္ဂါနှစ်ပါးဖြင့် ထိုင်ပုံကို ပြသည်။ ဤထိုင်ခြင်းကျရိယာပုတ် တစ်ပါးကိုသာ ကမ္မဋ္ဌာန်းတိုင်းနှင့် လျောက်ပတ်၍ အင်္ဂါအထူးဆိုလိုက်သည်။ ဤမှတစ်ပါး အပွကအားဖြင့် တစ်ပါးပါးသော ကျရိယာပုတ်နှင့်လည်း ဖြစ်ပါသေး၏။

ငါးအရအကျယ် ။ ။ ငါးဆိုသည်ကား– မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဤဒွါရ ငါးပေါက်ကို လုံလုံပိတ်ဆို့ရခြင်းကို ဆိုသည်။

ထိုတွင် မျက်စိကို ပိတ်ဆိုသည်ကား– ခြေလက်စသည် အင်္ဂါ တစ်စုံတစ်ခုကိုမျှ မမြင်ရအောင် မှောင်အတိပြီးသော အရပ်၌ အားထုတ်ရမည်။ မှောင်အတိပြီးသောအရပ် မရခဲ့လျှင် မျက်စိကို မှိတ်၍ အားထုတ်ရမည်။ အဆင်းအလုံးစုံကို မမြင်ရအောင် မျက်စိကိုမှိတ် ဆိုလိုသည်။ သို့မှ မြန်မြန်ကြီး ထင်လွယ်မည်။

နားကိုပိတ် ဆိုသည်ကား– အသံဟူသမျှ မကြားသောအရပ်၌ အားထုတ်ရမည်။ အနည်းငယ်မျှ အသံကို အာရုံမပြုနှင့် ဆိုလိုသည်။ အသံကို အာရုံမပြုလျှင် မိုးကြိုးသံပင် ဖြစ်သော်လည်း မကြားရ။

နှာခေါင်းကိုပိတ် ဆိုသည်ကား– တစ်စုံတစ်ခုသော အနံ့ကိုမျှ မနမ်းရ၊ အနံ့အလုံးစုံကို အာရုံမပြုနှင့် ဆိုလိုသည်။

လျှာကိုပိတ် ဆိုသည်ကား– တစ်စုံတစ်ခုသော အရသာကိုမျှ မစား မဝါးရ၊ အရသာအလုံးစုံကို အာရုံမပြုနှင့် ဆိုလိုသည်။

ကိုယ်ကိုပိတ် ဆိုသည်ကား– ကိုယ်မလှုပ်ရ၊ လက်မလှုပ်ရ၊ ခြေမလှုပ်ရ၊ ခေါင်းမလှုပ်ရ၊ နှုတ်က အသံမထွက်ရ၊ ကမ္မဋ္ဌာန်းကိုလည်း ရွတ်၍ မပွားရ၊ ယုတ်စွအဆုံး အာရုံအချက်ကျတုန်းကျခါနီးဖြစ်လျှင်မှာ၊ ခြင်၊ သန်း၊ ကြမ်းပိုးပင် ကိုက်ငြားသော်လည်း အယားမဖျောက်ရ။

နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးကိုစွန့်ရမည်။

အပါယ် ဆင်းရဲကြီးကို ကြောက်လျှင် ဆင်းရဲကလေးကို သည်းခံရမည်–

ဟု ဆိုသော ဆရာကြီး၊ သမားကြီး၊ ပညာရှိကြီးများ ဆုံးမစကားနှင့် ညီစွာ ကောင်းကောင်းကြီး သည်းခံရလိမ့်မည်။ တစ်ကြိမ်တစ်ခါ အစလောက် သည်းခံလျှင် နောက်ကို ကိစ္စမရှိ။ သို့မှ မြန်မြန်ကြီး ထင်လွယ်မည်။ သည်းမခံပါလျှင် တစ်ခါခြောက်လျှင် ခြောက်ချင်ရင်း၊ တစ်ခါဖျောက်လျှင် ဖျောက်ချင်ရင်းနှင့် အလျှင်းပင် အားထုတ်ခွင့်မရ။ ထင်လွယ်ရန်အရေး ကွာဝေးစွာ အာရုံထင်လွယ်အောင် အချက်ကျကျ ကောင်းကောင်းကြီး အားထုတ်က ကျောက်ရုပ်နှင့်တူစွာ နေရလိမ့်မည် ဆိုလိုသည်။

ငါးအရ အကျယ်ပြီး၏။

× × ×

ရှေ့–အရအကျယ်။ ။ ရှေ့ဆိုသည်ကား– မိမိရှေ့က ငါးတောင်ကွာခန့်နေရာ၌ ဗောဓိပင်ရွေပလွင်နှင့် သက်တော်ထင်ရှား မြတ်စွာဘုရားကို

http://www.dhammadownload.com

စိတ်ဖြင့် ထားရခြင်းကို ဆိုလိုသည်။
ရှေ့အရ အကျယ်ပြီး၏။
× × ×

မြဲ–အရအကျယ် ။ ။ မြဲဆိုသည်ကား– သက်တော်ထင်ရှား၊ မြတ်စွာဘုရား၌ အမြဲ အောက်မေ့ခြင်းကို ဆိုသည်။
မြဲ အရ အကျယ်ပြီး၏။
× × ×

ပွား–အရအကျယ် ။ ။ ပွားဆိုသည်ကား– သက်တော်ထင်ရှား မြတ်စွာဘုရားကို စေ့စေ့ကြည့်၍ အရဟံ အရဟံဟု စိတ်ဖြင့် ပွားရခြင်းကို ဆိုသည်။
ပွား အရ အကျယ်ပြီး၏။
× × ×
ပွားနည်း အင်္ဂါခုနစ်ပါးပြီး၏။

ဘာဝနာကို ကြိုးစားပုံ။ ။ ကြိုးစား ဘာဝနာ အရှမှာ ဝိရိယိန္ဒြေယ် ဘာဝေန္တော ကောသဇ္ဇံ ပဇဟတိ။ ဝိရိယိန္ဒြေယ်၊ သမထ – ဝိပဿနာ ထင်မြင်လွယ်အောင် အားထုတ်ခြင်း ဝိရိယိန္ဒြေကို ။ဝါ။ ဝိရိယပါရမီရင့်၍ မဂ် ဖိုလ်နိဗ္ဗာန်လျင်မြန်စွာ ရလွယ်အောင် အားထုတ်ခြင်း ဝိရိယိန္ဒြေကို။ ဘာဝေန္တော၊ ဣရိယာပုတ်လေးပါး၌ မီးပွတ်သော ယောဂျကဲ့သို့ မနေမနား ပွားစေသောသူသည်။ 'ကောသဇ္ဇ'၊ အချမ်းပြည့်ဝန်၊ အလွန်ပူနှီး၊ မိုးချုပ်လှမော၊ စောလွန်းလှ ယောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်းဝတစ်ထွေ၊ နေက ဘာဝနာ၊ မဖြစ်ရာ' ဟု ခြောက်ဖြာသော ပျင်းရိခြင်းကို။ ပဇာဟတိ၊ လျင်မြန်စွာ စွန့်ခွာပယ်ပစ်နိုင်၏။ ဟူသည်နှင့်အညီ ဤကမ္မဋ္ဌာန်းသည် ဇကန်မုချ အဟုတ်ပဲ အမှန်ပဲဟု အလိုက်အလဲ့ အလွန်ယုံကြည်သော သဒ္ဓါ၊ သည်အတိုင်း လုပ်လိုက်၊ အားထုတ်လိုက်က မကြာခင် သူတကာတွေ နှစ်ရက် သုံးရက်နှင့် ထင်သလို ငါလည်း ဇကန် ထင်လိမ့်မည်၊ ထင်တော့မည် ဇကန်ပဲဟု မလုပ်ခင်၊ မထုတ်ခင်က မနေနိုင်၊ မထိုင်နိုင်အောင်ပင် နိမိတ်ကို အလွန်လိုချင်သော အာသာ ဆန္ဒနှင့်တကွ မလျော့သော လုံ့လ၊ မှန်ကန်သော ဝိရိယဖြင့် ကြိုးစား ပွားများ အားထုတ်ခြင်းကို ဆိုလိုသည်။

ဤစကားစုကား ဘာဝနာ ကျက်သရေ တိုက်ခန်းတွင် လိုရင်းကြီး စကားစုတည်း။

အရဟံဂုဏ်တော် ပွားနည်း။ ။ သည်အတိုင်း အဟုတ် ကောင်းကောင်းကြိုးပွားများ အားထုတ်၍ ထိုစိတ်သည် ဗဟိဒ္ဓသို့ မပျံ့မလွင့်ဘဲ မြတ်စွာဘုရား၌ အမြဲတည်၍ နေလျှင်–
စိန္တေတိစိတ္တံ၊ အာရမ္မဏဲ ဝိဇာနာတီကို အာထွော။
(အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၊ နှာ–၇၄)

ဤအရာ၌ဋီကာအလိုအတိုင်း အနက်မပေးမူ၍ –
အတ္ထပ္ပကရဏာ လိင်္ဂါ၊ ဩစိတျာ ကာလဒေသတော။
သဒ္ဒတ္ထာ ဝိဘဇီယန္တိ၊ နာ သဒ္ဒါယေဝ ကေဝလံ။

ဟူသော သဒ္ဒသာရတ္ထ ဇာလိနီဆရာ မိန့်မှာ တော်မူတိုင်း အနက်၊ အရာ၊ အသင့်၊ ကာလ၊ ဒေသကို ထောက်ချင့်၍ အရာအားလျော်စွာ ပေးရမည်။

ယံဓမ္မဇာတံ၊ အကြင်တည်ခြင်းနှင့် ယှဉ်သော သဘောတရားသည်။ အာရမ္မဏဲ၊ အာရုံအပေါင်းတို့တွင် ဘုရားတည်းဟူသော အတိုက္ကဋ္ဌာရုံကို။ အတိုက္ကဋ္ဌာရုံကို။ စိန္တေဟိ၊ သိတတ်၏။ ဣတိ၊ထို့ကြောင့်။ တံဓမ္မဇာတံ၊ ထိုတည်ကြည်ခြင်းနှင့် ယှဉ်သော သဘောတရားသည်။ စိတ္တံ၊ သမာဓိစိတ်မည်၏။ အာရမ္မဏဲ၊ အာရုံကို။ ဝိဇာနာတိ၊ သိတတ်၏။ ဣတိအတ္ထော၊ ဤကား အနက်။

ငင်း ဝစနတ္ထနှင့်အညီ မိမိရှေ့က ငါးတောင်ကွာခန့် အရပ်၌ ဗောဓိပင် ရွှေပလ္လင်နှင့် သက်တော်ထင်ရှားမြတ်စွာဘုရား သိတင်းသုံးနေတော်မူဟန်ကို ကြည်ညိုသော သဒ္ဓါတရား၊ ထင်မြင်သော စိတ်ထား

http://www.dhammadownload.com

နှင့် မနောဒွါရဖြင့် သေသေချာချာ မြင်အောင် ကြည့်ရမည်။ စိတ်ဖြင့် ကြိုး၍ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ပေးရမည်။ စိတ်ကူးလျှင် မကြာခင် လျှင် မြန်စွာ သက်တော်ထင်ရှား မြတ်စွာဘုရား အာရုံ ထင်လာလိမ့်မည်။ ဘုရားအာရုံထင်လျှင် ထင်ချင်း ဘုရားကို စေ့စေ့ကြည့်၍ စိတ်ဖြင့် အရဟံ အရဟံဟု ခပ်မြန်မြန် မနေမနား မီးပွတ်သော ယောက်ျားကဲ့သို့ လွန်စွာကြိုးကုတ် အားပါးထုတ်၍ အယုတ်ဆုံး သုံးနာရီ၊ လေးနာရီလောက်ကြာအောင် စီးဖြန်းရမည်။ ထိုနည်းတူစွာ အာရုံစွဲမြဲအောင် စီးဖြန်းရမည်။

စိတ်အလိုရှိတိုင်း အာရုံပြုပုံကိုပြဆိုချက်

ဣရိယာပုတ် ၄ပါးနှင့် မြတ်စွာဘုရား

ပုံတော် ။ ။ ထိုမှတစ်ဖန် ထင်ပြန်လျှင် မိမိဦးခေါင်းပေါ်၌ သက်တော်ထင်ရှား မြတ်စွာဘုရား ထိုင်၍ နေတော်မူဟန်ကို စိတ်ဖြင့် ကြိုး၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ပေးရမည်။ ထိုမှတစ်ဖန် ထင်ပြန်လျှင် မိမိဦးခေါင်းပေါ်၌ သက်တော်ထင်ရှား မြတ်စွာဘုရား ရပ်၍ နေတော်မူဟန်ကို စိတ်ဖြင့် ကြိုး၍ပေးရမည်။

စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ ပေးရမည်။

ထိုမှတစ်ဖန် ထင်ပြန်လျှင် မိမိဦးခေါင်းပေါ်၌ သက်တော်ထင်ရှား မြတ်စွာဘုရားစင်္ကြံကြွ၍ နေတော်မူဟန်ကို စိတ်ဖြင့်ကြိုး၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ပေးရမည်။ ထိုမှတစ်ဖန် ထင်ပြန်လျှင် မိမိဦးခေါင်းပေါ်၌ သက်တော်ထင်ရှား မြတ်စွာဘုရား လျောင်းစက်၍ နေတော်မူဟန်ကို စိတ်ဖြင့် ကြိုး၍ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင် အောင် ကူး၍ ပေးရမည်။

ဘုရားပွင့်တော်မူပုံ။ ။ ထိုမှတစ်ဖန် ထင်ပြန်လျှင် ဗောဓိပင်ရွှေပလ္လင်နှင့်တကွ သက်တော်ထင်ရှား မြတ်စွာဘုရားကို စိတ်ဖြင့်ကြိုး၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်အောင် ကူး၍ပေးရမည်။

တန်ခိုးပြာဋိဟာပြတော်မူပုံ။ ။ ထိုမှတစ်ဖန် ထင်ပြန်လျှင် သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ပင်ရင်း၌ သက်တော်ထင်ရှား မြတ်စွာဘုရား ထိုင်တော်မူ၍ ရောင်ခြည်တော်ခြောက်သွယ် လွှတ်လျက် လက်ယာဘက် မျက်လုံးတော်က ရေအလျှံ ဖွေးဖွေးထွက်ပုံ၊ လက်ဝဲဘက် မျက်လုံးတော်က မီးအလျှံအဝင်းဝင်းတောက်ပုံ၊ လက်ယာဘက်နှာခေါင်းတော်က ရေအလျှံဖွေးဖွေးထွက်ပုံ၊ လက်ဝဲဘက် နှာခေါင်းတော်က မီးအလျှံအဝင်းဝင်းတောက်ပုံ၊ လက်ယာဘက်နားတော်က ရေအလျှံဖွေးဖွေးထွက်ပုံ၊ လက်ဝဲဘက်နားတော်က မီးလျှံ ဝင်းဝင်းတောက်ပုံတို့ကို စိတ်ဖြင့်ကြိုး၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ ပေးရမည်။

အဘိဓမ္မာဟောတော်မူပုံ ။ ။ထိုမှတစ်ဖန် ထင်ပြန် လျှင် တာဝတိံသာနတ်ပြည်က ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ သက်တော်ထင်ရှား မြတ်စွာဘုရားသခင်သည် ဗြဟ္မာပရိသတ်တို့ကို တရားဟော၍ နေတော်မူဟန်ကို စိတ်ဖြင့်ကြိုး၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ပေးရမည်။

နတ်ပြည်မှဆင်းတော်မူပုံ ။ ။ ထိုမှတစ်ဖန် ထင်ပြန်လျှင် တာဝတိံသာနတ်ပြည်မှ သင်္ကန်းသနဂိုရ်ပြည်သို့ အလယ်က ပတ္တမြားစောင်းတန်းဖြင့် သက်တော်ထင်ရှား မြတ်စွာဘုရား ဆင်းတော်မူဟန်၊ လက်ယာက ရွှေစောင်းတန်းဖြင့် သိကြားမင်း ဆင်းဟန်၊ လက်ဝဲက ငွေစောင်းတန်းဖြင့် ဗြဟ္မာမင်းဆင်းဟန်၊ ဘုရားနောက်က နတ်ဗြဟ္မာ ပရိသတ် ဆင်း၍ လာဟန်တို့ကို စိတ်ဖြင့်ကြိုး၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ပေးရမည်။

တရားဟောပုံ ။ ။ ထိုမှတစ်ဖန် ထင်ပြန်လျှင် သင်္ကန်းသနဂိုရ်ပြည် စောင်းတန်းဦး၌ သက်တော်ထင်ရှား မြတ်စွာဘုရားရပ်တော်မူလျက် ဗြဟ္မာ၊ လူ၊

http://www.dhammadownload.com

နတ် ပရိသတ်တို့နှင့်တကွ သံဃာတော် တပည့်သား တို့အား တရားဟောချ၍နေတော်မူဟန်ကို စိတ်ဖြင့် ကြဲ၍ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ပေးရမည်။

ပရိနိဗ္ဗာန်စံတော်မူပုံ ။ ။ ထိုမှတစ်ဖန် ထင်ပြန် လျှင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ် အင်ကြင်းပင်ပျိုအကြား ခင်းထားအပ်သော မြသလွန် ညောင်စောင်းပေါ်၌ သက်တော်ထင်ရှား မြတ်စွာ ဘုရားသခင်သည် လျောင်းစက်တော်မူလျက် ဗြဟ္မာ လူနတ်ပရိသတ်တို့နှင့်တကွ သံဃာတော် တပည့် သားတို့အား တရားဟော၍ နေတော်မူဟန်ကို စိတ် ဖြင့် ကြဲ၍ ပေးရမည်။ စိတ်ဖြင့် ခုနစ်ရက်တိုင်အောင် ကူး၍ပေးရမည်။ ထင်သောအာရုံကို စေ့စေ့ကြည့်၍ အရဟံ–အရဟံဟု စီးဖြန်းရမည်။ နောက်ကို ဤ နည်းကဲ့သို့ တစ်သက်လုံး မြတ်စွာဘုရား အာရုံစွဲ မြဲအောင် စီးဖြန်းရမည်။

ဗုဒ္ဓါနုဿတိမှ ။ ။ တစ်သက်လုံး မြတ်စွာ ဘုရားအာရုံ ဧကန်စွဲမြဲ အဆင့်ဆင့်တက်ပုံမည်ထင်မှ သက္ကာယဒိဋ္ဌခွာနိုင်အောင်၊ အနတ္တ ထင်မြင်အောင်၊ နာမရူပပရိစ္ဆေဒဉာဏ် ထင်မြင်အောင် ရုပ်နာမ်ကို စီးဖြန်းအားထုတ်ရလိမ့်မည်။ ဝိစိကိစ္ဆာခွာနိုင်အောင်၊ ပစ္စယ ပရိဂ္ဂဟဉာဏ် ထင်မြင်အောင်၊ ရုပ်နာမ် ဖြစ် ကြောင်းကို ဆင်ခြင် အားထုတ်ရလိမ့်မည်။ အနိစ္စ–ဒုက္ခ–အနတ္တ ထင်မြင်အောင် ဘင်္ဂဉာဏ်ထင်မြင် အောင် ရုပ်နာမ်ပျက်စီးခြင်းကို စီးဖြန်းအားထုတ်ရ လိမ့်မည်။ ၎င်းအားထုတ်နည်းကို ဝိပဿနာကမ္မဋ္ဌာန်း မှာ ကြည့်လေ။

ကမ္မဋ္ဌာန်းအာရုံအမျိုးမျိုးထင်ပုံကို ပြဆိုချက်

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ် ကြသော၊ အရာအထောင်မကသော ရဟန်း–ရှင်လူ တို့အား အာရုံအမျိုးမျိုးထင်ကြသည်မှာ သက်တော် ထင်ရှား ဆင်းတုတော်၊ စေတီတော်၊ ရောင်ခြည် တော်၊ ဂန္ဓကုဋိတိုက်တော်၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်အစရှိသော ရဟန္တာ၊ ပြာသာဒ်တန် ဆောင်း၊ ဂူ၊ ကျောင်း၊ နေဝန်း၊ လဝန်း၊ နေရောင်၊ လရောင်၊ ကြယ်ရောင်၊ ပတ္တမြားလုံး၊ ပုလဲလုံး၊ ပန်းကုံး၊ တောင်ခိုး၊ တိမ်ခိုး၊ မီးခိုး၊ အရိုးစု၊ အသုဘ ကောင်၊ တောတောင်မြေရေအစရှိသော တစ်ခုခုသော အာရုံထင်ကြကုန်၏။ မြင်ကြကုန်၏။

ထင်မြင်ကြသော အာရုံကို အကုန်ရေးလျှင် ကျမ်းလေးအုံစိုး၍ မရေးလိုက်ပြီ။ အရိုးစု၊ အသုဘ ကောင် အစရှိသော တစ်ခုခုသော အာရုံ ထင်မြင် လာခြင်း၌ အဘယ့်ကြောင့် ထင်မြင်သနည်း။ သမာဓိ အဟုန်ကောင်းသော သူ၊ သမာဓိရင့်သော သူတို့မှာ သညာ အားလျော်စွာ စိတ်အလိုရှိတိုင်း၊ စိတ်က မှန်း၍ ကြည့်တိုင်း ထင်မြဲမြင်မြဲ ဖြစ်သောကြောင့်တည်း။

အရဟံဂုဏ်တော်ကို အားထုတ်လျှင် ကိလေသာမုဝေး၍ မဂ် ဖိုလ် နိဗ္ဗာန်ကို ရနိုင်ကြောင်းပြဆိုချက်

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူ သည် ငါးပါးသော အရဟံဂုဏ်ကို မဂ် ဖိုလ် နိဗ္ဗာန်ရ ကြောင်း အားထုတ်သည်မည်၏။ အဘယ်ကဲ့သို့ မည်သနည်း။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း သောသူသည် အရဟံကိုပွား၍ သက်တော်ထင်ရှား ဆင်းတုတော်၊ စေတီတော်၊ ရောင်ခြည်တော်တို့ကို ထင်မြင်သောအခါ ရာဂဒေါသ စသော ကိလေသာ တို့မှ တဒင်္ဂပဟာန်အားဖြင့် ဝေးသောကြောင့် မဂ်ဖိုလ် နိဗ္ဗာန်ရကြောင်း ပထမ အရဟံကို အားထုတ်သည် မည်၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူ သည် အရဟံကိုပွား၍ သက်တော်ထင်ရှား ဆင်းတု တော်၊ စေတီတော်၊ ရောင်ခြည်တော်တို့ကို ထင်မြင် သောအခါ ရာဂ၊ ဒေါသ စသော ကိလေသာတို့ကို တဒင်္ဂပဟာန်အားဖြင့် သတ်၍နေသောကြောင့် မဂ်

http://www.dhammadownload.com

ဖိုလ် နိဗ္ဗာန်ရကြောင်း ဒုတိယ အရဟံကို အားထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကိုပွား၍ သက်တော်ထင်ရှား ဆင်းတုတော်၊ စေတီတော်၊ ရောင်ခြည်တော်တို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါအဝိဇ္ဇာ၊ သခ်ါရ စသော သံသရာစက်၏ အကန့်တို့ကို တဒင်္ဂပဟာန်အားဖြင့် ဖျက်ဆီး၍နေသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း တတိယ အရဟံကို အားထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကိုပွား၍ သက်တော်ထင်ရှား ဆင်းတုတော်၊ စေတီတော်၊ ရောင်ခြည်တော်တို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါဝိသေသဘာဂိယ သီလ၊ ဥပစာရသမာဓိနှင့် ပြည့်စုံသည်ဖြစ်၍ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက်သောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း စတုတ္ထအရဟံကို အားထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကိုပွား၍ သက်တော်ထင်ရှား ဆင်းတုတော်၊ စေတီတော်၊ ရောင်ခြည်တော်တို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာအရပ် မရှိသောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း ပဉ္စမ အရဟံကို အားထုတ်၍ နေသည်မည်၏။

တစ်နည်းလည်း-ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကိုပွား၍ အရိုးစု၊ အသုဘကောင်စသော တစ်ခုခုသော အာရုံတို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ ရာဂ၊ ဒေါသ စသော ကိလေသာတို့ကို တဒင်္ဂပ ဟန်အားဖြင့် ဝေးသောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း ပထမ အရဟံကို အားထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကိုပွား၍ အရိုးစု၊ အသုဘကောင် စသော အာရုံတို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ ရာဂ၊ ဒေါသ စသော ကိလေသာတို့ကို တဒင်္ဂပဟာန်အားဖြင့် သတ်၍နေသောကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း ဒုတိယ အရဟံကို အားထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကိုပွား၍ အရိုးစု၊ အသုဘကောင် စသော အာရုံတို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ အဝိဇ္ဇာ၊ သခ်ါရ စသော သံသရာစက်၏ အကန့်အကွက်တို့ကို တဒင်္ဂပဟာန်အားဖြင့် ဖျက်ဆီး၍နေသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း တတိယအရဟံကို အားထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကိုပွား၍ အရိုးစု၊ အသုဘကောင်စသော အာရုံတို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ ဝိသေသဘာဂိယသီလ၊ ဥပစာရသမာဓိနှင့် ပြည့်စုံသည်ဖြစ်၍ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း စတုတ္ထအရဟံကို အားထုတ်၍ နေသည်မည်၏။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကိုပွား၍ အရိုးစု၊ အသုဘကောင်စသော အာရုံတို့ကို စွဲစွဲမြဲမြဲ ထင်မြင်သောအခါ မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာအရပ် မရှိသောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ပဉ္စမ အရဟံကို အားထုတ်၍ နေသည်မည်၏။

အရဟံနှစ်မျိုး။ ။ အရဟံသည် အာရုံအရဟံ၊ အာရမ္မဏိက အရဟံ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် သက်တော်ထင်ရှား မြတ်စွာဘုရား၊ မာတ်တော်၊ ဆင်းတုတော်၊ စေတီတော်၊ ရောင်ခြည်တော်တို့ကို ထင်မြင်သောအခါ အာရုံ အရဟံ၊ အာရမ္မဏိက အရဟံ နှစ်ပါးရ၏။

အရိုးစု၊ အသုဘကောင် စသော အာရုံတို့ကို ထင်မြင်သောအခါ အာရမ္မဏိက အရဟံ တစ်ပါးသာ ရ၏။ မြတ်စွာဘုရားသခင်သည် အရဟတ္တ မဂ်

http://www.dhammadownload.com

ဉာဏ်ဟု ဆိုအပ်သော အရဟံ ဂုဏ်တော်နှင့် ပြည့်စုံသည်နှင့်တစ်ပြိုင်နက် ကြွင်းသော ဂုဏ်တော်ရှစ်ပါးလည်း အလိုလို ပြည့်စုံသကဲ့သို့ ထိုနည်းအတူ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသောသူသည် အရဟံကို ပွား၍ ထင်မြင်လျှင် ကြွင်းသော ဂုဏ်တော်ရှစ်ပါးလည်း ထင်လွယ် မြင်လွယ်တော့သည်သာတည်း။

အထူးနလုံးသွင်းရန်များကို ပြဆိုချက်

တစ်နေ့လေးပိုင်းပိုင်း၍ ဆင်ခြင်ပုံ ။ ။ ဤ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂိပုဂ္ဂိုလ်သည် သံဝေဂဖြစ်ပွားခြင်း အကျိုးငှာ စီးဖြန်းတိုင်း စီးဖြန်းတိုင်း 'နာဘေးကြီး၊ သေဘေးကြီးမဦးခင် တရားက အလျင်ဦးအောင် ကြိုးစား၍ အားထုတ်၊ ကြိုးစား၍ အားထုတ်'ဟု နှလုံးသွင်း။

ၚင်းအရမှာ–တစ်နေ့ကို လေးပိုင်းပိုင်းရမည်။ ပိုင်းနည်းကား နေထွက်က မွန်းတည့်တစ်ပိုင်း၊ မွန်းတည့်က နေဝင်တစ်ပိုင်း၊ နေဝင်က သန်းခေါင်တစ်ပိုင်း၊ သန်းခေါင်က နေထွက်တစ်ပိုင်း။ ဤသို့ လေးပိုင်းပိုင်းရမည်။

ထိုလေးပိုင်းတို့တွင် 'လွန်လေပြီးသော သန်းခေါင်က နေအထွက်အတွင်းမှာ နာဘေးကြီး၊ သေဘေးကြီး လွတ်ခဲ့ပြီ။ ရောက်ဆဲသော နေထွက်က မွန်းတည့်အတွင်းမှာ နာဘေးကြီး၊ သေဘေးကြီး မဦးခင် တရားက အလျင်ဦးအောင် သီလ, သမထ, ဝိပဿနာတို့ကို ကြိုးစား၍အားထုတ်၊ ကြိုးစား၍ အားထုတ်။

'လွန်လေပြီးသော နေထွက်က မွန်းတည့် အတွင်းမှာ နာဘေး၊ သေဘေးကြီးလွတ်ခဲ့ပြီ။ ရောက်ဆဲသော မွန်းတည့်က နေဝင်အတွင်းမှာ နာဘေးကြီး၊ သေဘေးကြီးမဦးခင် တရားက အလျင်ဦးအောင် သီလ,သမထ,ဝိပဿနာတို့ကို ကြိုးစား၍ အားထုတ်၊ ကြိုးစား၍ အားထုတ်။

'လွန်ခဲ့လေပြီးသော မွန်းတည့်က နေဝင်အတွင်းမှာ နာဘေးကြီး၊သေဘေးကြီးလွတ်ခဲ့ပြီ။ ရောက်ဆဲသော နေဝင်က သန်းခေါင်အတွင်းမှာ နာဘေးကြီး၊ သေဘေးကြီးမဦးခင် တရားက အလျင်ဦးအောင် သီလ, သမထ, ဝိပဿနာတို့ကို ကြိုးစား၍ အားထုတ်၊ ကြိုးစား၍ အားထုတ်။

'လွန်လေပြီးသော နေဝင်က သန်းခေါင်အတွင်းမှာ နာဘေးကြီး၊ သေဘေးကြီးလွတ်ခဲ့ပြီ။ ရောက်ဆဲသော နေဝင်က သန်းခေါင်က နေထွက် အတွင်းမှာ နာဘေးကြီး၊ သေဘေးကြီးမဦးခင် တရားက အလျင်ဦးအောင် သီလ, သမထ, ဝိပဿနာ တို့ကို ကြိုးစား၍ အားထုတ်၊ ကြိုးစား၍ အားထုတ်'ဟု မိမိကိုယ်ကို တစ်နေ့ လေးကြိမ်၊ လေးကြိမ် ဆုံးမရမည်။

အပါယ်ဘေးပြစ်ဆင်ခြင်ပုံ ။ ။ 'အပါယ်ဆင်းရဲကြီးကို ကြောက်လျှင် ဆင်းရဲလေးကို ကြိုးစား သည်းခံ၊ ကြိုးစား၍ သည်းခံ'ဟု နှလုံးသွင်း။

ၚင်းအရမှာ... 'အပါယ်ဆင်းရဲကြီး စသည်ကို ကြောက်လျှင် စားချင်တိုင်းမစားရသော ဆင်းရဲကလေး၊ အိပ်ချင်တိုင်းမအိပ်ရသော ဆင်းရဲကလေး၊ မညောင်းမညာ နေချင်တိုင်းမနေရသော ဆင်းရဲကလေး၊ သွားချင်တိုင်းမသွားရသော ဆင်းရဲကလေး၊ စကားပြောချင်တိုင်း မပြောရသော ဆင်းရဲကလေး၊ ပူမှု အိုက်မှု ချွေးထွက်မှု ဆင်းရဲကလေး၊ သန်း, ကြမ်းပိုး, မှက်, ခြင်, ယင်ရဲ ကိုက်ခဲမှု ဆင်းရဲကလေး၊ ဤဆင်းရဲကလေး များကို သည်းခံရမည်။ ဤဆင်းရဲကလေးများကို သည်းခံမှ သံသရာ ဝဋ်ဆင်းရဲကြီး၊ အပါယ်ဆင်းရဲကြီးမှ လွတ်မည်။ သံသရာဝဋ်ဆင်းရဲခြင်း၊ အပါယ်ဆင်းရဲခြင်းမှ လွတ်လိုလျှင် ဤဆင်းရဲကလေးများကို ကြိုးစား၍ သည်းခံ၊ ကြိုးစား၍ သည်းခံ' ဟု မိမိကိုယ်ကို ဆုံးမရမည်။

နိဗ္ဗာန်ချမ်းသာဖြင့် ဆင်ခြင်ပုံ ။ ။ 'နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိလျှင် ချမ်းသာကလေးကို ကြိုးစား၍ ပယ်၊ ကြိုးစား၍ ပယ်'ဟု နှလုံးသွင်း။

ၚင်းအရမှာ... 'နိဗ္ဗာန်ချမ်းသာကြီးကို အလိုရှိ

http://www.dhammadownload.com

လျှင် စားချင်တိုင်း စားရသော ချမ်းသာကလေး၊ အိပ်ချင်တိုင်း အိပ်ရသော ချမ်းသာကလေး၊ မညောင်းမညာ နေချင်တိုင်း နေရသော ချမ်းသာကလေး၊ သွားချင်တိုင်း သွားရသော ချမ်းသာကလေး၊ ပြောချင်တိုင်း ပြောရသော ချမ်းသာကလေး၊ မပူမအိုက် ချွေးမထွက်လိုက်ဘဲ အေးအေးမြွမြွ နေရသော ချမ်းသာကလေး၊ သန်း, ကြမ်းပိုး, မှက်, ခြင်, ယင်ရဲ ကိုက်ခဲရာ၌ အယားဖျောက်ရသော ချမ်းသာကလေး၊ ဤချမ်းသာကလေးများကို ကြိုးစား၍ ပယ်ရမည်။ ဤ ချမ်းသာကလေးများကို ပယ်မှ နိဗ္ဗာန်ချမ်းသာကြီးကို ရမည်။ နိဗ္ဗာန် ချမ်းသာကြီးကို အလိုရှိလျှင် ဤချမ်းသာကလေးများကို ကြိုးစား၍ပယ်၊ ကြိုးစားသည်းပယ်' ဟု မိမိကိုယ်ကို ဆုံးမရမည်။

တိုက်တွန်းချက် ။ ရေခဲကြီးနှင့် တူစွာ လွန်စွာအေးမြသော သမထသုခကြီးကို မရခင် ကျဉ်းကျပ်ပူပန်ရပါသည်။ ကောင်းကောင်းကြီးရလျှင် ထိုထိုသုခများထက် သာမှန်းသိ၍ ထိုထိုသုခကလေးကို တစ်စတစ်စ စွန့်နိုင်တော့သည်။ အလျှင်းပယ်နိုင်တော့သည်။ ဘယ်ကိုထောက်၍ သိသာသနည်း။ သုခရုပ်ဌာန် နိဗ္ဗာန်ပြည်ကြီးသူများကို ထောက်၍ သိသာ၏။ ထို့ကြောင့် တစ်နပ်စားသုခကို အလျှင်းပယ်၍ သုခရုပ်ဌာန် နိဗ္ဗာန်ပြည်ကြီးသူများကဲ့သို့ တစ်သက်စာလုံး၊ တစ်သံသရာလုံး အငြိမ်းစားသုခကြီးကို ခုနစ်ရက်အတွင်း၊ တစ်ဆယ့်ငါးရက်အတွင်း၊ တစ်လအတွင်းမှာပင် လျင်လျင်မြန်မြန်ကြီးရအောင် ဤဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းနည်း ဟန်ကျကျ သံသယကင်းရှင်း ယုံကြည်ခြင်းနှင့်တကွ ကြိုးစား၍ အားထုတ်နိုင်ကြပါစေကုန်သတည်း။

ကြိုးစားဘာဝနာအရ ဥယျောဇဉ်ပြီး၏။

× × ×

[ပထမ မဟာဂန္ဓာရုံဆရာတော်ကြီး၏ နိဗ္ဗာနမဂ္ဂဒီပနီနှင့် ရဝေထွန်း၏ သစ်သီးဆရာတော် စာအုပ်မှ ထုတ်နုတ်ပါသည်။]

ဖားအောက်တောရ သစ်သီးဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်း ပြီး၏။

○